ရန်ကုန်မြို့

ထူးကြီးဆရာတော်

အရှင်ဝဏ္ဏိသာရမထေရ်

ဟောကြားအပ်သော

# ပါရာယနဝဂ် ပါဠိတော်ဟောစဉ်

## ဝိပဿနာရှုနည်းကျမ်း

ဒုတိယတွဲ

---

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၁၅ ကောဇာ ၁၃၃၃ မတ်လ ၁၉၇၂



ထူးကြီးဆရာတော်

အရှင်ဝဏ္ဏိဿရမထေရ်မြတ်

ရန်ကုန်မြို့

ထူးကြီးဆရာတော်

အရှင်ဝဏ္ဏိဿရမဟထေရ်

ဟောကြားအပ်သော

# ပါရာယနဝဂ် ပါဠိတော်ဟောစဉ်

## ဝိပဿနာရှုနည်းကျမ်း

### ဒုတိယတွဲ


မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၁၅    ကောဇာ ၁၃၃၃    မတ်လ ၁၉၇၂

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| စကားပလ္လင် .... .... .... .... | ၂၇ |
| စရဏတဆဲ့ငါးပါး .... .... .... .... | ၂၈ |
| ဆုတောင်းခြင်း .... .... .... .... | ၃၀ |
| သီလ=ပါတိမောက္ခသံဝရသီလ .... .... .... | ၃၂ |
| ဣန္ဒြိယသံဝရ .... .... .... .... | ၃၅ |
| ဥပမာသွင်း ရှင်းချက် .... .... .... | ၃၈ |
| ဘောဇနမတ္တညုတာ .... .... .... .... | ၄၁ |
| ဇာဂရိယာနုယောဂ .... .... .... .... | ၄၂ |
| အဘိဇ္ဈာ .... .... .... .... | ၄၄ |
| တရားရှာသူစိတ်ထား .... .... .... | ၄၄ |
| ဗျာပါဒ .... .... .... .... | ၄၅ |
| ထိနမိဒ္ဓ .... .... .... .... | ၄၆ |
| ဥဒ္ဓစ္စ ကုက္ကုစ္စ .... .... .... .... | ၄၆ |
| ဝိစိကိစ္ဆာ .... .... .... .... | ၄၈ |
| နီဝရဏတရား၅-ပါး .... .... .... .... | ၄၈ |
| ကာမစ္ဆန္ဒနီဝရဏ .... .... .... .... | ၄၈ |
| ကာမစ္ဆန္ဒပယ်ကြောင်း ၆-ပါး .... .... .... | ၅၁ |
| ကြွေးယူသူ ဥပမာ .... .... .... .... | ၅၁ |
| ဗျာပါဒနီဝရဏနှင့် ရောဂါသည် ဥပမာ .... .... | ၅၂ |
| တနည်း ဗျာပါဒဥပမာ .... .... .... | ၅၃ |
| ဗျာပါဒပယ်ကြောင်း ၆-ပါး .... .... .... | ၅၄ |
| ထိနမိဒ္ဓနီဝရဏ .... .... .... .... | ၅၅ |
| အကျဉ်းသား ဥပမာ .... .... .... | ၅၆ |
| ထိနမိဒ္ဓပယ်ကြောင်း ၆-ပါး .... .... .... | ၅၈ |
| ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ .... .... .... | ၅၈ |
| အစေခံကျွန် ဥပမာ.... .... .... .... | ၆၀ |
| ဥဒ္ဓစ္စ ကုက္ကုစ္စ ပယ်ကြောင်း ၆-ပါး.... .... .... | ၆၁ |
| ဝိစိကိစ္ဆာနီဝရဏ .... .... .... .... | ၆၁ |
| သံသယ ရှိစရာ တော ဥပမာ .... .... .... | ၆၃ |
| ဝိစိကိစ္ဆာပယ်ကြောင်း ၆-ပါး .... .... .... | ၆၆ |
| ဟိရီ .... .... .... .... | ၆၇ |
| ဩတ္တပ္ပ .... .... .... .... | ၆၈ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဗဟုသုတ .... .... .... .... | ၆၉ |
| ဝီရိယ .... .... .... .... | ၇၀ |
| သတိ .... .... .... .... | ၇၁ |
| ဈာန်တရား ၄-ပါး .... .... .... .... | ၇၂ |
| **ဇာတကဏ္ဍသုတ္တန် ဒုတိယပိုင်း ပြီး၏** | |
| **၁၁-ဇာတကဏ္ဍသုတ္တန် တတိယပိုင်း** | |
| တရားတော်အမည် .... .... .... .... | ၇၇ |
| ဘုရားရှိခိုး .... .... .... .... | ၇၇ |
| စကားပလ္လင် .... .... .... .... | ၇၈ |
| သုဂတဂုဏ်တော် .... .... .... .... | ၇၈ |
| အဘယရာဇကုမာရသုတ္တန် .... .... .... | ၈၁ |
| ဝါဒတင်ခိုင်းပုံ .... .... .... .... | ၈၁ |
| **ဥဘတောကဏ္ဍပုစ္ဆာ** .... .... .... .... | ၈၂ |
| ဝါဒတင်ပုံ .... .... .... .... | ၈၂ |
| ဖြေဆိုတော်မူချက် .... .... .... .... | ၈၃ |
| **စကားကြီး ၆-ခွန်း** .... .... .... .... | ၈၃ |
| ပဌမစကားတခွန်း .... .... .... .... | ၈၃ |
| ဒုတိယစကားတခွန်း .... .... .... | ၈၅ |
| တတိယစကားတခွန်း .... .... .... | ၈၅ |
| စတုတ္ထစကားတခွန်း .... .... .... | ၈၇ |
| ပဉ္စမစကားတခွန်း .... .... .... .... | ၈၈ |
| ဆဋ္ဌမစကားတခွန်း .... .... .... .... | ၈၉ |
| **လောကဝိဒူဂုဏ်တော်** .... .... .... .... | ၉၀ |
| လောက .... .... .... .... | ၉၁ |
| အဓိပ္ပါယ် .... .... .... .... | ၉၃ |
| **လောဟိတဿသုတ်** .... .... .... .... | ၉၃ |
| နတ်သားအမေး .... .... .... .... | ၉၃ |
| အဓိပ္ပါယ် .... .... .... .... | ၉၄ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဗုဒ္ဓအဖြေ | ၉၄ |
| အဓိပ္ပါယ် | ၉၅ |
| လောကဝိဒူ | ၉၅ |
| အဓိပ္ပါယ် | ၉၆ |
| နိဂုံး | ၉၆ |
| **အနုတ္တရဂုဏ်တော်** | **၉၇** |
| ဥရုဝေဠသုတ္တန် | ၉၇ |
| လူဆင်းရဲ | ၉၇ |
| ဗုဒ္ဓ ဆရာရှာပုံ | ၉၈ |
| ဗုဒ္ဓမှာ ဆရာမရှိ | ၉၉ |
| **အဂ္ဂပသာဒသုတ္တန်** | **၁၀၀** |
| အမြတ်ဆုံးဗုဒ္ဓ | ၁၀၀ |
| အတူမရှိသောဗုဒ္ဓ | ၁၀၁ |
| **ပုရိသဒမ္မသာရထိဂုဏ်တော်** | **၁၀၂** |
| ကေသိသုတ္တန် | ၁၀၃ |
| ဗုဒ္ဓ၏ အမေး | ၁၀၃ |
| ကေသိ အဖြေ | ၁၀၃ |
| ကေသိ အမေး | ၁၀၃ |
| ဗုဒ္ဓ၏ အဖြေ | ၁၀၄ |
| နူးနူးညွံ့ညွံ့ဆုံးမပုံ | ၁၀၄ |
| ကြမ်းကြမ်းဆုံးမပုံ | ၁၀၅ |
| အနုအကြမ်းဆုံးမပုံ | ၁၀၆ |
| **ဂဏမောဂ္ဂလာနသုတ္တန်** | **၁၀၆** |
| ပုဏ္ဏားလျှောက်ချက် | ၁၀၆ |
| ဗုဒ္ဓဖြေဆိုချက် | ၁၀၆ |
| **သတ္ထာဒေဝမနုဿာနဂုဏ်တော်** | **၁၀၇** |
| လှည်းကုန်သည်ကြီး | ၁၀၇ |
| မြတ်စွာဘုရား | ၁၀၇ |
| ကယ်တင်တော်မူပုံ | ၁၀၈ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဖားနတ်သားဝတ္ထု .... .... .... ... | ၁၀၈ |
| ဖား နတ်သားဖြစ် .... .... .... ... | ၁၀၈ |
| လူ့ပြည်လာ .... .... .... .... | ၁၀၉ |
| ဗုဒ္ဓအမေး .... .... .... .... | ၁၀၉ |
| နတ်သားအဖြေ .... .... .... .... | ၁၀၉ |
| အဓိပ္ပါယ် .... .... ... . | ၁၁၀ |
| နိဂုံး.... .... .... .... .... | ၁၁၀ |
| ဗုဒ္ဓဂုဏ်တော်နှင့် ဘဂဝါဂုဏ်တော် .... .... | ၁၁၁ |
| ဘုန်းတော် ၆-ပါး .... .... .... .... | ၁၁၁-၂ |
| တရားတော်အနက် .... .... .... . . | ၁၁၂ |


ဇာတကဏ္ဍသုတ္တန် တတိယပိုင်း
ပြီးပြီ

## ၁၁-ဇာတကဏ္ဍသုတ္တန် စတုတ္ထပိုင်း


| | |
|---|---|
| တရားတော်အမည် .... .... .... .... | ၁၁၄ |
| ဘုရားရှိခိုး .... .... .... .... | ၁၁၄ |
| စကားပလ္လင် .... .... .... | ၁၁၄ |
| တရားတောင်း .... .... .... .. | ၁၁၄ |
| ကာမနှစ်မျိုး .... .... .... .... | ၁၁၆ |
| ကာမဂုဏ်အပြစ်များ .... .... .... .... | ၁၁၇ |
| ဗုဒ္ဓ ကာမကိုစွန့်ပုံ .... .... .... .... | ၁၁၇ |
| ကာမကိုပိုင်းခြားသိပုံ .... .... .... | ၁၁၈ |
| သန္တိပဒအဖွင့် .... .... .... .. | ၁၁၉ |
| သန္တိပဒအရ .... .... .... .... | ၁၁၉ |
| တနည်း-သန္တိ .... .... .... .... | ၁၂၀ |
| တောင်းပန်ချက် .... .... .... . . | ၁၂၀ |
| အဖြေတရားတော် .... .... .... . .. | ၁၂၁ |
| နေက္ခမ္မ-အဓိပ္ပါယ် .... .... .... ... | ၁၂၂ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **ဝိပဿနာရှုနည်း** .... .... .... .... | **၁၂၃** |
| ရုပ်နှစ်မျိုး .... .... .... .... | ၁၂၄ |
| လက္ခဏာ ၃-ချက် .... .... .... .... | ၁၂၆ |
| ပေါ်ဉာဏ် .... .... .... .... | ၁၂၆ |
| ဘယဋ္ဌဒုက္ခ .... .... .... .... | ၁၂၇ |
| ရှုဉာဏ် .... .... .... .... | ၁၂၈ |
| **ဝေဒနာဓာတ်ဖော်နည်း** .... .... .... | **၁၂၉** |
| **သောမနဿဝေဒနာ ဝိပဿနာရှုနည်း** .... .... .... | **၁၃၀** |
| ဝမ်းမြောက်မှုပေါ်လာပုံ .... .... .... | ၁၃၁ |
| သာသနာပျက်မှုအစ .... .... .... | ၁၃၂ |
| စာပေ .... .... .... .... | ၁၃၂ |
| ဝိပဿနာလုပ်ထုံး .... .... .... .... | ၁၃၃ |
| ဝေဒနာနောက်မလိုက်ရ .... .... .... | ၁၃၄ |
| ဝေဒနာနဲ့တွေ့ရာ .... .... .... .... | ၁၃၅ |
| ဝေဒနာနဲ့တွေ့သော တရား .... .... .... | ၁၃၆ |
| ဝေဒနာကိုရှုပါ .... .... .... .... | ၁၃၈ |
| **အနိစ္စာနုပဿီပုဂ္ဂိုလ်** .... .... .... .... | **၁၃၉** |
| အနိစ္စ .... .... .... .... | ၁၄၀ |
| အနိစ္စာနုပဿနာ .... .... .... .... | ၁၄၁ |
| အနိစ္စာနုပဿီ .... .... .... .... | ၁၄၁ |


ဇတုကဏ္ဏိသုတ္တန် စတုတ္ထပိုင်း
ပြီးပြီ


| | |
|---|---|
| **၁၁-ဇတုကဏ္ဏိသုတ္တန် ပဉ္စမပိုင်း....** .... | **၁၄၂** |
| တရားတော်အမည် .... .... .... .... | ၁၄၂ |
| ဘုရားရှိခိုး .... .... .... .... | ၁၄၂ |
| **စကားပလ္လင်** .... .... .... .... | **၁၄၂** |
| **ဒုက္ခဝေဒနာဝိပဿနာရှုနည်း** .... .... .... | **၁၄၃** |
| ဝိပဿနာရှုရမည့်တရား .... .... .... | ၁၄၃ |

အကြောင်းအရာ စာမျက်နှာ


ဒုက္ခဝေဒနာပေါ်လာပုံ .... .... .... ၁၄၄
ဒေါမနဿဝေဒနာပေါ်လာပုံ .... .... .... ၁၄၆

**ဥပေက္ခာဝေဒနာ** .... .... .... .... ၁၄၈

ဥပေက္ခာဝေဒနာပေါ်ပုံ .... .... .... ၁၄၈
ဝေဒနာနောက် မလိုက်ရ .... .... .... ၁၄၉
ဝိပဿနာရှုပစ် .... .... .... .... ၁၅၀
ဝိပဿနာစည်းကမ်း .... .... .... ၁၅၄
အနိစ္စသဘော .... .... .... .... ၁၅၅

**ဝိရာဂါနုပဿီပုဂ္ဂိုလ်** .... .... .... .... ၁၅၇

ဝိရာဂါနုပဿနာ .... .... .... .... ၁၅၇
ဝိရာဂါနုပဿီ .... .... .... .... ၁၅၈
နိရောဓာနုပဿီ ပုဂ္ဂိုလ် .... .... .... ၁၅၈
ပဋိနိဿဂ္ဂါနုပဿီပုဂ္ဂိုလ် .... .... .... ၁၅၈
ပဋိနိဿဂ္ဂ ၂-မျိုး .... .... .... .... ၁၅၈
ပဋိနိဿဂ္ဂါနုပဿီ .... .... .... .... ၁၅၉

**ဝေဒနာကို ပယ်ပုံပယ်နည်း** .... .... .... ၁၅၉

မပယ်နိုင် နိဗ္ဗာန်မရောက် .... .... .... ၁၆၀

**ကြောင့်ကြမှုဖျောက်နည်း** .... .... .... ၁၆၂

အစွဲ ၃-ပါး .... .... .... .... ၁၆၃
ရှုကွက်ဖော်ပုံ .... .... .... .... ၁၆၃

**ကြောင့်ကြမှုဖျောက်ရန်(တနည်း)** .... .... .... ၁၆၅

ရှုကွက်ဖော်ပုံ .... .... .... .... ၁၆၅
မျိုးစေ့ဥပမာ .... .... .... .... ၁၆၆
သင်္ခါရစင် နိဗ္ဗာန်ဝင်.... .... .... .... ၁၆၇

**ရုပ်ကို ဝိပဿနာရှုရပုံ** .... .... .... .... ၁၆၈

ရုပ်တရား .... .... .... .... ၁၆၈
ရှုကွက်သုံးချက် .... .... .... .... ၁၆၉
ဝိဇ္ဇာဉာဏ် .... .... .... .... ၁၆၉

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အစွဲ ၃-ပါး | ၁၇၀ |
| စွဲလမ်းပုံ ရှင်းပြချက် | ၁၇၀ |
| အစွဲဖျောက်ရှုပုံ | ၁၇၁ |
| အစွဲပျောက်သွားပုံ | ၁၇၁ |
| ကိလေသာငြိမ်းပုံ | ၁၇၁ |
| အာသဝေါကုန်ပုံ | ၁၇၁ |
| တရားတော်နိဂုံး | ၁၇၂ |
| ဈွတ်တမ်းဝင်သူများ | ၁၇၂ |

ဧတုကဏ္ဍိသုတ္တန် ပဉ္စမပိုင်း ပြီး၏။

ပါရာယနဝဂ် ပါဠိတော်ဟောစဉ်

၁၂-ဘဒြာဝုဓသုတ္တန်

| | |
|---|---|
| တရားတော်အမည် | ၁၇၃ |
| ဘဒြာဝုဓသုတ္တန် အမည်ပေးရပုံ | ၁၇၃ |
| သတိနဲ့ ပညာ အဓိက | ၁၇၃ |
| ဝိပဿနာ, သမထ | ၁၇၃ |
| နိဗ္ဗာန် သွားလမ်း | ၁၇၄ |
| ဘုရားရှိခိုး | ၁၇၄ |
| **စကားပလ္လင်** | ၁၇၄ |
| **ဝိပဿနာစည်းကမ်း** | ၁၇၅ |
| **ဘဒြာဝုဓ သုတ္တန်** | ၁၇၅ |
| **ပဌမလျှောက်ထားချက်** | ၁၇၆ |
| အဓိပ္ပါယ်အကျဉ်း | ၁၇၆ |
| ဩကဉ္စဟ | ၁၇၇ |
| တဏှစ္ဆိဒ | ၁၇၇ |
| အနေဇ | ၁၇၇ |
| နန္ဒိဉ္စဟ | ၁၇၈ |
| ဩဃတိဏ္ဏ | ၁၈၀ |
| ဝိမုတ္တ | ၁၈၁ |
| ကပ္ပဉ္စဟ | ၁၈၁ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| တရားတောင်း | ၁၈၂ |
| ပဌမအဖြေတရားတော် | ၁၈၄ |
| အဓိပ္ပါယ် | ၁၈၆ |
| ဥပါဒါန် ၄-ပါး | ၁၈၇ |
| ဘုရားဖူးသွား ဥပမာ | ၁၈၉ |
| အရက်သောက်မှုအပြစ် | ၁၉၁ |
| အတ္တဝါဒုပါဒါန် | ၁၉၂ |
| ဥစ္ဆေဒဒိဋ္ဌိ | ၁၉၇ |
| သဿတဒိဋ္ဌိ | ၁၉၇ |
| ဘဝဒိဋ္ဌိ | ၁၉၇ |
| ဝိဘဝဒိဋ္ဌိ | ၁၉၇ |
| ဥပါဒါန် တရားကိုယ် | ၁၉၇ |
| ဒုတိယတရားတော်ဂါထာ | ၂၀၀ |
| အဓိပ္ပါယ် | ၂၀၁ |
| ဒေသနာတော်နိဂုံး | ၂၀၁ |

ဘဒြာဝုဓသုတ္တန် ပြီး၏

၁၃-ဥဒယသုတ္တန် ပဌမပိုင်း

| | |
| --- | --- |
| တရားတော်အမည် | ၂၀၂ |
| ဥဒယသုတ္တန်အမည်ရပုံ | ၂၀၂ |
| ဥဒယပုဏ္ဏား | ၂၀၃ |
| ပဌမလျှောက်ထားချက် | ၂၀၃ |
| ဂါထာအဓိပ္ပါယ် | ၂၀၄ |
| ဝိရဇအဓိပ္ပါယ် | ၂၀၅ |
| အာသီန | ၂၀၆ |
| ကိစ္စ ၂-မျိုး | ၂၀၆ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **ပဉ္စမအဖြေတရားတော်** | ၂၁၀ |
| ဂါထာအဓိပ္ပါယ် | ၂၁၁ |
| **ကာမစ္ဆန္ဒကိုပယ်ပုံ** | ၂၁၂ |
| ဝိပဿနာလုပ်ထုံး | ၂၁၂ |
| နွားနို့ ကောက်ကောက်ဥပမာ | ၂၁၃ |
| အလုပ်စခန်း | ၂၁၃ |
| **ဝိပဿနာရှုနည်း ၅-ချက်** | ၂၁၄ |
| ပထမနည်း | ၂၁၄ |
| ဒုတိယနည်း | ၂၁၆ |
| တတိယနည်း | ၂၁၇ |
| စတုတ္ထနည်း | ၂၁၇ |
| ပဉ္စမနည်း | ၂၁၈ |
| ကာမစ္ဆန္ဒ | ၂၁၈ |
| ကာမစ္ဆန္ဒ ဖြစ်ခြင်းအကြောင်း | ၂၁၈ |
| ကာမစ္ဆန္ဒကို ပယ်ခြင်းအကြောင်း | ၂၂၀ |
| ကာမစ္ဆန္ဒပယ်နည်း ၆-မျိုး | ၂၂၁ |
| အပြီးတိုင် ပယ်ပုံ | ၂၂၂ |
| ဈာန်ဖြင့် ပယ်နည်း.... | ၂၂၃ |
| ဖိုလ်ပေါက်ရှုနည်း | ၂၂၄ |
| နိဗ္ဗာန်ကူးပုံ | ၂၂၅ |
| နိဗ္ဗာန်သဘော | ၂၂၅ |
| နိဂုံး | ၂၂၆ |


## ၁၃-ဥဒယသုတ္တန်ဒုတိယပိုင်း


| | |
|---|---|
| တရားတော်အမည် | ၂၂၇ |
| ဘုရားရှိခိုး | ၂၂၇ |
| **စကားပလ္လင်** | ၂၂၇ |
| **ပဉ္စမအဖြေတရားတော် အဆက်** | ၂၂၈ |
| မဂ်ကပယ်ပုံ | ၂၂၈ |
| ဒေါမနဿအရ | ၂၂၈ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဒေါမနဿကုန်ရာ | ၂၂၀ |
| လျှောက်ထားချက် | ၂၂၉ |
| ဗျာပါဒတရား | ၂၂၉ |
| မှတ်ချက် | ၂၂၉ |
| ဒေါမနဿဖြစ်နေပုံ | ၂၂၉ |
| ဝိပဿနာရှုနည်း | ၂၃၀ |
| ဝိပဿနာရှုပုံ | ၂၃၂ |
| ဒေါမနဿဖြစ်ကြောင်း | ၂၃၃ |
| ဒေါမနဿပယ်ကြောင်း | ၂၃၄ |
| ဒေါသပယ်နည်း ၆-ပါး | ၂၃၅ |
| ထိနမိဒ္ဓ | ၂၃၇ |
| ဝိပဿနာရှုနည်း | ၂၃၇ |
| ထိနမိဒ္ဓဖြစ်ကြောင်း | ၂၃၈ |
| အစားကြီးသူ ၅-ယောက် | ၂၃၉ |
| အာဟာရဟတ္ထကပုဏ္ဏားမျိုး | ၂၃၉ |
| အလံသာဋကပုဏ္ဏားမျိုး | ၂၃၉ |
| တတ္ထဝဋ္ဋကပုဏ္ဏားမျိုး | ၂၃၉ |
| ကာကမာသကပုဏ္ဏားမျိုး | ၂၃၉ |
| ဘုတ္တဝမိတကပုဏ္ဏားမျိုး | ၂၃၉ |
| ထိနမိဒ္ဓပယ်ကြောင်း | ၂၄၀ |
| ဝီရိယသုံးမျိုး | ၂၄၀ |
| အဋ္ဌကထာနည်း | ၂၄၁ |
| ကုက္ကုစ္စ | ၂၄၂ |
| ကုက္ကုစ္စဖြစ်ပုံ | ၂၄၃ |
| ဝိပဿနာရှုနည်း | ၂၄၄ |
| ဥဒ္ဓစ္စကုက္ကုစ္စဖြစ်ကြောင်း | ၂၄၅ |
| ဥဒ္ဓစ္စကုက္ကုစ္စပယ်ကြောင်း | ၂၄၅ |
| အဋ္ဌကထာနည်း | ၂၄၅ |
| အညာဝိမောက္ခ | ၂၄၆ |
| ဒုတိယအဖြေတရားတော် | ၂၄၇ |
| တရားကော်အဓိပ္ပါယ် | ၂၄၇ |
| ဥပေက္ခာ | ၂၄၇ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| စတုတ္ထစျာန် | ၂၄၇ |
| အရဟတ္တဖိုလ်ဝိမောက္ခ | ၂၄၉ |
| အဋ္ဌကထာနည်း | ၂၄၉ |
| ဝိပဿနာရှုကွက် | ၂၅၀ |
| ဝိပဿနာရှုပုံ | ၂၅၁ |
| **အစွဲပျောက်ပုံ** | ၂၅၂ |
| အရဟတ္တဖိုလ်ရောက်ပုံ | ၂၅၂ |
| စူဠနိဒ္ဒေသအဓိပ္ပါယ် | ၂၅၃ |
| သာရိပုတ္တသုတ္တန် | ၂၅၄ |
| အမျိုးမျိုးတရားဟောပုံ | ၂၅၅ |
| အရှင်သာရိပုတြာလိမ္မာပုံ | ၂၅၆ |
| အဋ္ဌကထာဖွင့်ချက် | ၂၅၇ |
| အဓိပ္ပါယ် | ၂၅၉ |
| ဝိမုတ္တိ ၂-ပါး | ၂၅၉ |
| နိဂုံး | ၂၆၀ |


## ၁၃-ဥဒယသုတ္တန် တတိယပိုင်း


| | |
|---|---|
| တရားတော်အမည် | ၂၆၁ |
| ဘုရားရှိခိုး | ၂၆၁ |
| **စကားပလ္လင်** | ၂၆၁ |
| **ဥဒယပုဏ္ဏားလျှောက်ထားချက်** | ၂၆၂ |
| ဒုတိယပုစ္ဆာ | ၂၆၂ |
| ပုစ္ဆာ ၃-ချက် | ၂၆၃ |
| **ဒုတိယအဖြေတရားတော်** | ၂၆၄ |
| တရားတော်အဓိပ္ပါယ် | ၂၆၄ |
| **တဏှာသဘောတရား** | ၂၆၅ |
| တဏှာ | ၂၆၅ |
| သံယောဇဉ် | ၂၆၆ |
| သံသရာ | ၂၆၆ |
| အဝိဇ္ဇာ | ၂၆၇ |
| မမြင်နိုင်ပုံ | ၂၆၇ |

အကြောင်းအရာ စာမျက်နှာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| တဏှာလောဘ | ၂၆၈ |
| တဏှာဖြစ်ရာ | ၂၆၉ |
| သံသရာစက်ပြတ်ပုံ | ၂၇၀ |
| သံသရာရှည်ကြောင်း | ၂၇၁ |
| ကာမဩဃ | ၂၇၂ |
| ဘဝေါဃ | ၂၇၂ |
| စတုတ္ထစျာန် | ၂၇၂ |
| ပယ်ပုံဥပမာ | ၂၇၃ |
| သင်္ခါရလောက | ၂၇၃ |
| နှစ်သက်နေပုံ | ၂၇၄ |
| နန္ဒီရှိသေးပုံ | ၂၇၅ |
| တဏှာရှိသေးပုံ | ၂၇၅ |
| ဩဃကြောနှစ်မျိုး | ၂၇၅ |
| နန္ဒီကို ဖြုတ်ရမည် | ၂၇၆ |
| **ဝိတက်တရား** | ၂၇၇ |
| ဝိတက်သဘော | ၂၇၇ |
| ဝိတက်အပြား | ၂၇၇ |
| ဝိတက် ၉-မျိုး | ၂၇၈ |
| အဓိပ္ပါယ်ဖွင့်ချက် | ၂၇၈ |
| ဒွေဓာဝိတက္က | ၂၇၉ |
| ဝိတက်ကိုပယ် | ၂၈၀ |
| ဝိတက်ဖြစ်ပုံ | ၂၈၀ |
| ဝိတက်ပယ်ပုံ | ၂၈၂ |
| ကောင်းသောဝိတက် | ၂၈၃ |
| ကောင်းသောအသွင် | ၂၈၃ |
| အပြစ်မရှိ | ၂၈၄ |
| သမာဓိမရ | ၂၈၄ |
| ဝိတက်အပြစ် | ၂၈၅ |
| မကြံစည်မှုဉာဏ်ကိုရ | ၂၈၆ |
| ကြံစည်ရသည့်အရာ | ၂၈၆ |
| မကြံစည်ရခြင်းအကြောင်း | ၂၈၇ |
| ကြံစည်ရမည့်အရာ | ၂၈၇ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| နိဗ္ဗာန်တရားတော် .... .... .... .... | ၂၈၈ |
| အမေး .... .... .... .... | ၂၈၈ |
| အဖြေ .... .... .... .... | ၂၈၉ |
| အမှာ .... .... .... .... | ၂၈၉ |
| **တတိယမေးလျှောက်ချက်** .... .... .... | ၂၈၉ |
| နိဗ္ဗာန်ရောက်ကြောင်း .... .... .... | ၂၈၉ |
| အဓိပ္ပါယ် .... .... .... .... | ၂၉၀ |
| **တတိယအဖြေတရားတော်** .... .... .... | ၂၉၀ |
| ဝေဒနာ မစွဲလမ်းရ .... .... .... .... | ၂၉၁ |
| **ဝေဒနာရှုနည်း** .... .... .... .... | ၂၉၁ |
| ဝေဒနာတည်ရာ .... .... .... .... | ၂၉၂ |
| အဇ္ဈတ္တဝေဒနာ .... .... .... .... | ၂၉၂ |
| သောမနဿဝေဒနာရှုပုံ .... .... .... | ၂၉၄ |
| ဒေါမနဿဝေဒနာရှုပုံ .... .... .... | ၂၉၆ |
| ဥပေက္ခာဝေဒနာရှုပုံ .... .... .... | ၂၉၆ |
| အနိစ္စ, ဒုက္ခ .... .... .... .... | ၂၉၈ |
| မှတ်ချက် .... .... .... .... | ၂၉၈ |
| **ဒေသနာတော်နိဂုံး** .... .... .... .... | ၂၉၈ |


ဥဒယသုတ္တန် တတိယပိုင်း ပြီး၏။

## ဥဒယသုတ္တန်နောက်ဆက်တွဲ

## ဝေဒနာနုပဿနာတရားတော်

## ဝေဒနာဝါရ ပဌမပိုင်း


| | |
|---|---|
| တရားတော်အမည် .... .... .... .... | ၃၀၀ |
| ဘုရားရှိခိုး .... .... .... .... | ၃၀၀ |
| **စကားပလ္လင်** .... .... .... .... | ၃၀၀ |
| အစီအစဉ် .... .... .... .... | ၃၀၂ |
| ကမ္မဋ္ဌာန်းထိုင်ပုံ .... .... .... .... | ၃၀၂ |
| အဓိပ္ပါယ် .... .... .... .... | ၃၀၃ |

အကြောင်းအရာ | စာမျက်နှာ


| | |
|---|---|
| ဘိက္ခုဝေဒနာရကောက်ပုံ | ၃၀၃ |
| ဘုရားတရားတော် | ၃၀၃ |
| ကမ္မဋ္ဌာန်းထိုင်နည်း | ၃၀၄ |
| ကိုယ်ကိုထားနည်း | ၃၀၅ |
| ကရဇကာယ | ၃၀၆ |
| မြတ်စွာဘုရားနည်း | ၃၀၆ |
| ရုပ်တရား | ၃၀၇ |
| ဝိပဿနာရှုကွက် | ၃၀၇ |
| ဝိပဿနာရှုပုံ | ၃၀၇ |
| တရားတွေ့ပုံ | ၃၀၈ |
| တရားရပုံ | ၃၁၀ |
| ဥပမာ | ၃၁၀ |
| ရုပ်သည် လူ, သတ္တဝါ မဟုတ် | ၃၁၀ |
| ရှုမှတ်ရန် | ၃၁၁ |
| ပူတာအေးတာရုပ် | ၃၁၂ |
| ရုပ်လို့ချည်းရှု | ၃၁၃ |
| **ဝေဒနာနုပဿနာ** | ၃၁၄ |
| ရုပ်ဖောက်ပြန်ပုံ | ၃၁၄ |
| ဝေဒနာပေါ်ပုံ | ၃၁၅ |
| သုခဝေဒနာ | ၃၁၅ |
| ဒုက္ခဝေဒနာ | ၃၁၆ |
| ဖဿပဉ္စမကတရား | ၃၁၆ |
| ခံစားတတ်သူ | ၃၁၇ |
| ဝေဒနာ | ၃၁၇ |
| သုခဝေဒနာနှင့်ရာဂါနုသယ | ၃၁၉ |
| ရာဂါနုသယကို ပယ် | ၃၂၀ |
| ရှုကွက်ဖော်ပုံ | ၃၂၂ |
| ရှုနည်းပြ | ၃၂၂ |
| ဒုက္ခဝေဒနာနှင့်ပဋိဃာနုသယ | ၃၂၄ |
| ပဋိဃာနုသယ ပယ် | ၃၂၅ |
| ဒုက္ခရှုကွက် | ၃၂၆ |
| ဥပေက္ခာဝေဒနာ | ၃၂၇ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အဝိဇ္ဇာနုသယ .... .... .... .... | ၃၂၇ |
| အဝိဇ္ဇာနုသယ ပယ်.... .... .... .... | ၃၂၈ |
| **အနုသယပယ်နည်းများ**.... .... .... .... | **၃၂၉** |
| ဝေဒနာပြင်းထန် စိတ်မတည် .... .... .... | ၃၂၉ |
| ဝေဒနာလွန်က ကမ္မဋ္ဌာန်းမရ .... .... .... | ၃၃၀ |
| ရှုကွက်ရှုနည်း .... .... .... .... | ၃၃၀ |
| **ဝေဒနာပယ်နည်း** .... .... .... .... | **၃၃၁** |
| ဝေဒနာနှင့်ပုဂ္ဂိုလ် .... .... .... .... | ၃၃၁ |
| သလ္လသုတ္တန် .... .... .... .... | ၃၃၂ |
| အသုတဝါနှင့်သုတဝါပုဂ္ဂိုလ်အထူး .... .... .... | ၃၃၂ |
| ခံစားချက်တူပုံ .... .... .... .... | ၃၃၃ |
| ပုထုဇဉ်ပုဂ္ဂိုလ် .... .... .... .... | ၃၃၃ |
| ဒုက္ခဝေဒနာအဖြစ် .... .... .... .... | ၃၃၄ |
| ကာယိက,စေတသိက .... .... .... | ၃၃၅ |
| ဒုက္ခဝေဒနာပေါ်လျှင် ပဋိဃာနုသယဖြစ် .... .... | ၃၃၆ |
| သုခအစစ် .... .... .... .... | ၃၃၈ |
| သုခဝေဒနာပေါ်လျှင် ရာဂါနုသယဖြစ် .... .... | ၃၃၉ |
| ဥပေက္ခာဝေဒနာပေါ်လျှင် အဝိဇ္ဇာနုသယဖြစ် .... .... | ၃၃၉ |
| ဝေဒနာမလွတ်က ကိလေသာရှိ .... .... .... | ၃၄၀ |
| **ဆုတောင်း** .... .... .... .... | **၃၄၀** |


ဝေဒနာဝါရ ပဌမပိုင်း ပြီး၏။

## ဝေဒနာဝါရ ဒုတိယပိုင်း


| | |
|---|---|
| **တရားတော်အမည်** .... .... .... .... | **၃၄၂** |
| **ဘုရားရှိခိုး** .... .... .... .... | **၃၄၂** |
| **ဝေဒနာအမျိုးမျိုးခွဲပြချက်** .... .... .... | **၃၄၂** |
| ဝေဒနာ၆-မျိုး .... .... .... .... | ၃၄၃ |
| ဝေဒနာရှုနည်း .... .... .... .... | ၃၄၃ |
| ကမ္မဋ္ဌာန်းအခြေခံ .... .... .... .... | ၃၄၃ |



ထူးကြီးဆရာတော်

အရှင်ဝဏ္ဏိတသရမထေရ်မြတ်

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ဟောစဉ်ပုံစံ | ၃၄၄ |
| ရုပ်ကိုသိမ်းဆည်း | ၃၄၄ |
| ရုပ်ဖောက်ပြန်ပုံ | ၃၄၅ |
| ဝေဒနာသုံးမျိုး | ၃၄၆ |
| သလ္လသုတ္တန် (အဆက်) | ၃၄၆ |
| ဝေဒနာကိုနိုင်အောင်ရှုပုံ | ၃၄၇ |
| ဝေဒနာရှုကွက် | ၃၄၈ |
| သုတဝါပုဂ္ဂိုလ် | ၃၄၈ |
| ဝေဒနာတွေ့ရာဌာန | ၃၄၉ |
| မြွားဒဏ်ရာတချက်ဥပမာ | ၃၅၁ |
| ပဋိဃာနုသယမဖြစ် | ၃၅၁ |
| ရာဂါနုသယမဖြစ် | ၃၅၃ |
| အဝိဇ္ဇာနုသယမဖြစ် | ၃၅၃ |
| ဝေဒနာ၏အဿာဒ | ၃၅၄ |
| ဝေဒနာ၏အာဒီနဝ | ၃၅၄ |
| ဝေဒနာ၏နိဿရဏ | ၃၅၅ |
| သုတဝါအရိယာပုဂ္ဂိုလ်ဝေဒနာခံစားပုံ | ၃၅၅ |
| ဝေဒနာပယ်နည်း | ၃၅၆ |
| သတိနှင့်ပညာတရား | ၃၅၆ |
| ပျက်စီးရမှာကြောက် | ၃၅၇ |
| ခရီးသည်ဥပမာ | ၃၅၇ |
| သတိပဋ္ဌာန်လေးပါး | ၃၅၇ |
| သုခဝေဒနာပေါ်လာပုံ | ၃၅၈ |
| ရာဂါနုသယဖြစ်ပုံ | ၃၅၉ |
| သုခဝေဒနာကိုသိပုံ | ၃၆၀ |
| အထောက်အပံ့ပေးခြင်း | ၃၆၁ |
| သုခဝေဒနာကိုသိပုံ | ၃၆၂ |
| **တရားတက်ရန်နည်းလမ်း** | ၃၆၂ |
| ဝိပဿနာရှုရန်လမ်းစ | ၃၆၄ |
| ရှုကွက်ပေါ်ပုံ | ၃၆၆ |
| ဝိပဿနာရှုနည်း | ၃၆၆ |
| အနုသယပယ်ပုံ | ၃၆၇ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဝိပဿနာရှုပုံ .... .... .... .... | ၃၆ဂ |
| ပရိယန္တိကဝေဒနာ .... .... .... .... | ၃၆ဂ |
| **အနုပဿီ၄-မျိုးခွဲပြချက်** .... .... .... | ၃၆၉ |
| သိကြားမင်း ကစားထွက်ပုံ .... .... .... | ၃၇၀ |
| စိတ်ကူးပေါ်လာခြင်း .... .... .... | ၃၇၀ |
| အတုယူစရာ .... .... .... .... | ၃၇၁ |
| မြတ်စွာဘုရားကို မေးမြန်းပုံ .... .... .... | ၃၇၂ |
| မြတ်စွာဘုရား ဖြေဆိုချက် .... .... .... | ၃၇၄ |
| ပရိညာသုံးပါးဖြင့် တရားသိပုံ .... .... .... | ၃၇၄ |
| အနုပဿီ ၄-မျိုးဖြင့်နေပုံ .... .... .... | ၃၇၅ |
| အာသဝေါ ကင်းပုံ .... .... .... .... | ၃၇၅ |
| အနိစ္စာနုပဿီ .... .... .... .... | ၃၇၆ |
| ဝိရာဂါနုပဿီ .... .... .... .... | ၃၇၇ |
| နိရောဓာနုပဿီ .... .... .... .... | ၃၇၉ |
| ပဋိနိဿဂ္ဂါနုပဿီ .... .... .... .... | ၃၇၉ |
| ဝေါဿဂ္ဂ .... .... .... .... | ၃၇၉ |
| ယောဂီ မျက်စိလည်ပုံ .... .... .... | ၃၀၀ |
| ဝိပဿနာ ညစ်ညူးပုံ .... .... .... | ၃၀၁ |
| ဆရာကောင်းလိုပုံ .... .... .... .... | ၃၀၂ |
| တရားတက်နည်း .... .... .... .... | ၃၀၃ |
| ဝိရာဂမဂ်.... .... .... .... .... | ၃၀၃ |
| ကာယနဲ့ ဝေဒနာကိုရှုနည်း .... .... .... | ၃၀၃ |
| နိဂုံး .... .... .... .... .... | ၃၀၄ |

ဝေဒနာဝါရ ဒုတိယပိုင်း ပြီး၏

## ဝေဒနာဝါရ တတိယပိုင်း

| | |
|---|---|
| တရားတော်အမည် .... .... .... .... | ၃၀၅ |
| **စကားပလ္လင်** .... .... .... .... | ၃၀၅ |
| **ဝေဒနာနဲ့ အနုသယ ဆက်စပ်ပုံ** .... .... .... | ၃၀၇ |
| ဝေဒနာကမ္မဋ္ဌာန်း .... .... .... .... | ၃၀၇ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဝေဒနာပေါ်ချိန် | ၃၈၈ |
| ဝေဒနာ၏အပြစ်များ | ၃၈၉ |
| ဝေဒနာကြောင့် အနုသယဖြစ်ပုံ | ၃၉၁ |
| ဝေဒနာပေါ်လာပုံ | ၃၉၂ |
| ဝေဒနာကြောင့် ဥပါဒါန်စသည်ဖြစ်ပုံ | ၃၉၃ |
| ဝေဒနာချုပ်ပုံ | ၃၉၄ |
| ဝေဒနာအပြား | ၃၉၅ |
| ဝေဒနာအရကောက် | ၃၉၆ |
| ဝေဒနာဖြစ်ရာဌာန | ၃၉၇ |
| ဝေဒနာများ သုခဒုက္ခဖြစ်ပုံ | ၃၉၈ |
| ဝေဒနာနှင့်အနုသယ | ၃၉၉ |
| **အနုသယသဘောရှင်းချက်** | ၄၀၀ |
| ကြောက်စရာအနုသယ | ၄၀၀ |
| အနုသယ၏နေရာ | ၄၀၁ |
| ကိန်း, မကိန်းရှင်းချက် | ၄၀၂ |
| အနုသယခုနစ်မျိုး | ၄၀၂ |
| အနုသယဝင်လာပုံ | ၄၀၄ |
| ဝိဘင်းပါဠိတော်ကဟောထားပုံ | ၄၀၄ |
| ယမိုက်ပါဠိတော်ကဟောထားပုံ | ၄၀၆ |
| ယမိုက်အဋ္ဌကထာဖွင့်ပြချက် | ၄၀၇ |
| မူလဋီကာ၏ ရှင်းချက် | ၄၀၈ |
| အနုဋီကာ၏ ရှင်းလင်းချက် | ၄၀၉ |
| အနုသယက ပြောဟန် | ၄၁၀ |
| ဝေဒနာနောက် အနုသယရောက် | ၄၁၀ |
| ကိန်းတယ်၏အစ | ၄၁၁ |
| ဣတိဝုတ်အဋ္ဌကထာစကား | ၄၁၁ |
| ဣတိဝုတ်အဋ္ဌကထာအဖွင့် | ၄၁၂ |
| ကိန်းအောင်းနေသလို | ၄၁၂ |
| **ဝေဒနာနောက်လိုက် အနုသယများ** | ၄၁၃ |
| အနုသယ၏တရားကိုယ် | ၄၁၃ |
| အနုသယအမြဲမလိုက်ပုံ | ၄၁၄ |

အကြောင်းအရာ  စာမျက်နှာ


- ပယ်ရန်တရား .... .... .... .... ၄၁၄
- အဋ္ဌကထာရှင်းချက် .... .... .... ၄၁၇
- ဒုက္ခဝေဒနာ ဖြစ်ပုံ .... .... .... .... ၄၁၈
- သေဝိတဗ္ဗ ဒေါမနဿ .... .... .... ၄၁၉
- ဥပေက္ခာဝေဒနာ ၂- မျိုး .... .... .... ၄၂၀
- အကျဉ်းချုပ်အဓိပ္ပါယ် .... .... .... ၄၂၀

**အနုသယမပေါ်အောင် ဝေဒနာပယ်ပုံ** .... .... ၄၂၁
- ဝေဒနာ တခုသာဖြစ်ပုံ .... .... .... ၄၂၂
- ဝေဒနာ အနိစ္စဖြစ်ပုံ .... .... .... ၄၂၃

**နိဂုံး** .... .... .... .... .... ၄၂၃


ဝေဒနာဝါရ တတိယပိုင်း ပြီး၏။

## ဝေဒနာဝါရ စတုတ္ထပိုင်း


တရားတော်အမည် .... .... .... .... ၄၂၅

ဘုရားရှိခိုး .... .... .... .... ၄၂၅

**ဝေဒနာတို့နှိပ်စက်ကြပုံ** .... .... .... .... ၄၂၅
- ဝေဒနာခေါ်ရခြင်း အကြောင်း .... .... .... ၄၂၅
- ဝေဒနာ ၃-မျိုး .... .... .... .... ၄၂၇
- ဝေဒနာဖြစ်ရာဌာန .... .... .... .... ၄၂၈
- ဝေဒနာခံစားပုံ .... .... .... .... ၄၂၈
- ဝေဒနာနှိပ်စက်ပုံ .... .... .... .... ၄၂၈

**ကျစ္စစဉ်နှင့်ဉာဏ်စဉ်ကိုဖော်ပြချက်** .... .... .... ၄၂၉
- ဝေဒနာကျင့်စဉ် .... .... .... .... ၄၂၉
- ဝေဒနာကိုပွါးများပုံ .... .... .... ၄၃၀
- ဝေဒနာရှုနည်း .... .... .... .... ၄၃၃
- ဝေဒနာ ၃- မျိုး .... .... .... .... ၄၃၃
- ဝေဒနာ တလှည့်စီပေါ်လာပုံ .... .... .... ၄၃၃
- ဝိပဿနာရှုကွက် .... .... .... .... ၄၃၄
- ဝိပဿနာရှုနည်း .... .... .... .... ၄၃၅
- ဝေဒနာကို ခယ-ဝယစသည်ဖြင့်ရှုပုံ .... .... ၄၃၅
- ဉာဏ်ပေါ်လာပုံ .... .... .... .... ၄၃၇

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဝေဒနာကမ္မဋ္ဌာန်းပေါက်ပုံ .... .... .... | ၄၃၇ |
| ရေပွက်ဥပမာ .... .... .... .... | ၄၃၈ |
| ဝေဒနာဓာတ်ကိုရှုပုံ .... .... .... | ၄၄၀ |
| ဉာဏ်ထဲထင်လာပုံ .... .... .... .... | ၄၄၀ |
| ရေပွက်ဖြစ်လာပုံ .... .... .... .... | ၄၄၁ |
| ဝေဒနာဖြစ်လာပုံ .... .... .... .... | ၄၄၂ |
| ခန္ဓာဟာ ဝေဒနာတုံးဖြစ်ပုံ .... .... .... | ၄၄၂ |
| ရှုသင့်တဲ့ ဝေဒနာမှရှု .... .... .... | ၄၄၃ |
| မှီဝဲသင့် မမှီဝဲသင့် ဝေဒနာများ .... .... .... | ၄၄၃ |
| ပပဉ္စတရား .... .... .... .... | ၄၄၄ |
| တဏှာအစစ်-၁၀၈ .... .... .... .... | ၄၄၅ |
| ဝေဒနာ ၂ -မျိုးစီရှိပုံ.... .... .... .... | ၄၄၅ |
| ပပဉ္စတရားမှ လွတ်ရန် .... .... .... | ၄၄၆ |
| မမှီဝဲသင့်သော သောမနဿဝေဒနာ .... .... | ၄၄၇ |
| မှီဝဲသင့်သော သောမနဿဝေဒနာ.... .... .... | ၄၄၈ |
| မမှီဝဲသင့်သော ဒေါမနဿဝေဒနာ .... .... .... | ၄၄၉ |
| မှီဝဲသင့်သော ဒေါမနဿဝေဒနာ .... .... .... | ၄၅၀ |
| မမှီဝဲသင့်သော ဥပေက္ခာဝေဒနာ .... .... .... | ၄၅၀ |
| မှီဝဲသင့်သော ဥပေက္ခာဝေဒနာ .... .... .... | ၄၅၁ |
| ဝေဒနာများ ရုပ်မှီပြီးဖြစ်ကြပုံ .... .... .... | ၄၅၁ |
| ဝေဒနာ၏ အဖော်တရားများ .... .... .... | ၄၅၂ |
| တကယ်လုပ်ရင်ဖြစ်နိုင်ပုံ.... .... .... .... | ၄၅၃ |
| တနည်း-မှီဝဲသင့် မသင့် ဝေဒနာများ .... .... | ၄၅၄ |
| ဂေဟ-နေက္ခမ္မ-သိတ-ဝေဒနာများ .... .... .... | ၄၅၄ |
| ဂေဟသိတ ဝေဒနာ .... .... .... | ၄၅၅ |
| နေက္ခမ္မ သောမနဿ .... .... .... | ၄၅၇ |
| ဉာဏ်မှီသောမနဿ .... .... .... .... | ၄၅၈ |
| မှာထားချက် .... .... .... .... | ၄၅၉ |
| သောမနဿ ဝမ်းမြောက်ပုံ .... .... .... | ၄၅၉ |
| သမ္ဗဟုလ ဘိက္ခုဝတ္ထု .... .... .... | ၄၆၀ |
| ဥယျောဇဉ်နှင့်ပတ္ထနာ .... .... .... | ၄၆၄ |

ဝေဒနာဝါရ စတုတ္ထပိုင်း ပြီး၏

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဝေဒနာဝါရ ပဥ္စမပိုင်း .... .... | ၄၆၅ |
| **တရားတော်အမည်** .... .... .... .... | ၄၆၅ |
| ဘုရားရှိခိုး .... .... .... .... | ၄၆၅ |
| **စကားပလ္လင်** .... .... .... .... | ၄၆၆ |
| **မှိဝဲ့သင့်, မသင့် ဝေဒနာများ အဆက်** | |
| ဒေါမနဿ ၂-မျိုး .... .... .... .... | ၄၆၇ |
| မမှီဝဲသင့် ဒေါမနဿ .... .... .... | ၄၆၇ |
| မဟာသီဝထေရ်ဝတ္ထု .... .... .... | ၄၇၂ |
| ဥပေက္ခာ ဝေဒနာ ၂-မျိုး .... .... .... | ၄၇၆ |
| မမှီဝဲရ ဥပေက္ခာ ၆-မျိုး .... .... .... | ၄၇၆ |
| အညာဏုပေက္ခာ .... .... .... .... | ၄၇၇ |
| မမှီဝဲသင့် ဥပေက္ခာ .... .... .... .... | ၄၇၈ |
| မှီဝဲသင့် ဥပေက္ခာ .... .... .... .... | ၄၇၈ |
| **ဝေဒနာကို ဝေဒနာဖြင့်ပယ်နည်း။** .... .... .... | ၄၇၉ |
| တိုက်တွန်းချက်နဲ့ ရည်ရွယ်ချက် .... .... | ၄၇၉ |
| သောမနဿချင်း ပယ်နည်း .... .... .... | ၄၈၀ |
| ဒေါမနဿချင်း ပယ်နည်း .... .... .... | ၄၈၁ |
| ဥပေက္ခာချင်း ပယ်နည်း .... .... .... | ၄၈၂ |
| နေက္ခမ္မဒေါမနဿ ပယ်နည်း .... .... .... | ၄၈၂ |
| နေက္ခမ္မသောမနဿ ပယ်နည်း .... .... .... | ၄၈၃ |
| နေက္ခမ္မဥပေက္ခာ ပယ်နည်း .... .... .... | ၄၈၄ |
| **မဂ်ဝင်ဝေဒနာများအကြောင်း** .... .... .... | ၄၈၆ |
| မဂ်ဝင်ဝေဒနာ ၂-ပါး .... .... .... | ၄၈၆ |
| မဂ်ဝင်ဝေဒနာ ၁-ပါး .... .... .... | ၄၈၈ |
| ဥပေက္ခာကို ပယ်ရပုံ .... .... .... | ၄၈၈ |
| ဝဋ္ဋာနုဂါမိနိဝိပဿနာအမည် .... .... .... | ၄၈၉ |
| ဝဋ္ဋာနုဂါမိနိဝိပဿနာ .... .... .... | ၄၉၀ |
| ဝဋ္ဋာနုဂါမိနိဝိပဿနာဖြစ်ပုံ .... .... .... | ၄၉၁ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| သပိတ်ပေါက်ဥပမာ .... .... .... | ၆၉၂ |
| ဝဋ္ဋာနုဂါမိနိဝိပဿနာနှင့်ဝေဒနာ .... .... .... | ၆၉၃ |
| **သိဝကသုတ္တန်လာ ဝေဒနာအားထုတ်နည်းများ** .... .... | ၆၉၃ |
| ရှေးက မဂ်ဝင်ဝေဒနာ .... .... .... | ၆၉၃ |
| သိဝကပရိဗိုဇ်လျှောက်ပုံ .... .... .... | ၆၉၄ |
| မြတ်စွာဘုရား၏အဖြေ .... .... .... | ၆၉၅ |
| နိဂဏ္ဌဝါဒ ဝေဒနာအားထုတ်ပုံ .... .... .... | ၆၉၆ |
| လူတို့အသိဉာဏ်ကို စော်ကားခြင်း.... .... .... | ၆၉၇ |
| ဒုက္ခဝေဒနာဖြင့် မဂ်မဝင်နိုင် .... .... ... | ၇၀၀ |
| **ဝေဒနာ ၁၀၈-မျိုးနှင့် ပယ်ပုံပယ်နည်း** .... .... .... | ၇၀၀ |
| ဝေဒနာ ၁၀၈-မျိုး .... .... .... .... | ၇၀၀ |
| သူ့ဝေဒနာနှင့်သူ့အနုသယ .... .... .... | ၇၀၁ |
| အနုသယမပယ်နိုင်လျှင် နိဗ္ဗာန်မရနိုင် .... .... | ၇၀၂ |
| အနုသယတွေ ပယ်ရန်နည်းလမ်း .... .... .... | ၇၀၂ |
| အနုသယတွေပယ်မှ နိဗ္ဗာန်ရမည် .... .... .... | ၇၀၃ |


ဝေဒနာဝါရ ပဋ္ဌမပိုင်း ပြီး၏

ဝေဒနာဝါရ နိဂုံးချုပ် တရားတော်


| | |
| --- | --- |
| **တရားတော်အမည်** .... .... .... .... | ၇၀၅ |
| **စကားပလ္လင်** .... .... .... .... | ၇၀၆ |
| အစီအစဉ် .... .... .... .... | ၇၀၆ |
| **ဝေဒနာတွေကို ခွဲခြားပြီးသိပုံများ** .... .... .... | ၇၀၆ |
| ခံစားမှုဝေဒနာ .... .... .... .... | ၇၀၆ |
| ခံစားမှုသိပုံ .... .... .... .... | ၇၀၇ |
| ခံစားမှုသိပုံတနည်း .... .... .... .... | ၇၀၈ |
| အာမိသအားဖြင့် ခွဲပြချက် .... .... .... | ၇၀၉ |
| ကမ္မဋ္ဌာန်းမဖြစ်သောဝေဒနာသိပုံ .... .... .... | ၇၁၀ |
| ခံစားသူအစစ် .... .... .... .... | ၇၁၁ |
| ခွဲခြားသိဟူသည် .... .... .... .... | ၇၁၂ |
| ကာယိကဝေဒနာခေါ်ပုံ .... .... .... | ၇၁၂ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |


ဒုက္ခဝေဒနာပေါ်လာပုံ .... .... .... ၅၁၃
ဒုက္ခဝေဒနာရှုကွက် .... .... .... .... ၅၁၄
ဒုက္ခဝေဒနာရှုနည်း .... .... .... .... ၅၁၅
မဂ်ရဖိုလ်ဝင်ပုံများကို ဖော်ပြချက် .... .... .... ၅၁၆
သတိပေါ်လာပုံ .... .... .... .... ၅၁၇
ဝေဒနာပေါ်လာပုံ .... .... .... .... ၅၁၇
ဝေဒနာကိုရှုပုံ .... .... .... .... ၅၁၈
သောတာပန်ဖြစ်သွားပုံ .... .... .... ၅၁၈
အထက်မဂ်ဖိုလ်သွားလမ်း .... .... .... ၅၁၈
ဝေဒနာသိပုံ ၄-ချက် .... .... .... ၅၁၉
အယူမှန်သို့ရောက်သူ .... .... .... ၅၂၀
ဝေဒနာဖြစ်ပုံ ၆-မျိုး .... .... .... ၅၂၁
ဝေဒနာချုပ်ပုံ .... .... .... .... ၅၂၁
ဝေဒနာသိလျှင် သစ္စာလေးပါးသိ .... .... .... ၅၂၂
မဂ်နောက် ဖိုလ်ပေါက် နိဗ္ဗာန်ရောက်ပုံ .... .... .... ၅၂၃
သမ္မာဒိဋ္ဌိဉာဏ် .... .... .... .... ၅၂၃
မဂ်ဉာဏ်,ဓမ္မဉာဏ် .... .... .... .... ၅၂၃
ပစ္စဝေက္ခဏာဉာဏ် .... .... .... .... ၅၂၄
အနွယဉာဏ် .... .... .... .... ၅၂၄
သောတာပန်ပုဂ္ဂိုလ်.... .... .... .... ၅၂၅
သောတာပန်အမည်အမျိုးမျိုး .... .... .... ၅၂၆
ဝေဒနာမှ သိစရာအချက်များ .... .... .... ၅၂၇
သိစရာ ၆-ချက် .... .... .... .... ၅၂၈
ဝေဒနာကိုသိပုံ .... .... .... .... ၅၂၈
ဝေဒနာဖြစ်ကြောင်း .... .... .... ၅၂၉
ဝေဒနာတို့ရဲ့ အကျိုးပေး .... .... .... ၅၂၉
ဝေဒနာသိခြင်းရဲ့အကျိုး .... .... .... ၅၃၀
ဒုက္ခဝေဒနာဖြစ်ပြီး ကျွတ်တမ်းဝင်ပုဂ္ဂိုလ်များ .... .... ၅၃၀
ဒုက္ခခွါ၍ရှုပုံ .... .... .... .... ၅၃၀
ဆူးစူးခံရသော ရဟန်းတပါးဝတ္ထု .... .... .... ၅၃၀

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ခိုးသားတို့အရိုက်ခံရသော ကုဋ္ဌမြို့ကတိဿဝတ္ထု .... .... | ၅၃၃ |
| ကျားကိုက်ခံရသော ရဟန်းဝတ္ထု .... .... .... | ၅၃၇ |
| ပီတမလ္လထေရ်ဝတ္ထု .... .... .... .... | ၅၄၃ |
| စိတ္တလတောင်နေမထေရ်ဝတ္ထု .... .... .... | ၅၄၅ |
| **ဝေဒနာကို ဝိပဿနာရှုပုံအမျိုးမျိုး** .... .... .... | ၅၄၇ |
| ဝိပဿနာရှုနည်းတမျိုး .... .... .... | ၅၄၇ |
| ဒုတိယ ဝိပဿနာရှုနည်းတမျိုး .... .... .... | ၅၄၇ |
| ဝိပဿနာရှုခြင်းအကျိုး.... .... .... .... | ၅၄၈ |

ဝေဒနာဝါရ နိဂုံးချုပ်တရားတော် ပြီး၏။

**ဥဒယသုတ္တန် နောက်ဆက်တွဲ**
**နိဗ္ဗာန်တရားတော်**

| | |
|---|---|
| **နိဗ္ဗာန်အပြားအစားစား** .... .... .... | ၅၅၀ |
| နိဗ္ဗာန်တရား .... .... .... .... | ၅၅၀ |
| နိဗ္ဗာန်မည်ရပုံ .... .... .... .. | ၅၅၀ |
| နိဗ္ဗာနပုဒ် ... .. .... .... | ၅၅၀ |
| နိဗ္ဗာန် ၂–မျိုး .... .... .... .... | ၅၅၀ |
| သဉပါဒိသေသနိဗ္ဗာန် .... .... .... | ၅၅၁ |
| ရဟန္တာပုဂ္ဂိုလ် .... .... .... .... | ၅၅၂ |
| ရဟန္တာ သုခ ဒုက္ခ-ခံစားပုံ .... .... .... | ၅၅၃ |
| အနုပါဒိသေသနိဗ္ဗာန် .... .... .... | ၅၅၄ |
| နိဗ္ဗာန်တခုတည်းရှိပုံ .... .... .... | ၅၅၅ |
| သဉပါဒိသေသနိဗ္ဗာန်မှာ နှိပ်စက်မှုရှိပုံ .... .... | ၅၅၅ |
| အနုပါဒိသေသနိဗ္ဗာန်၌ ကာလစသည်မရှိပုံ .... .... | ၅၅၆ |
| သုညတနိဗ္ဗာန် .... .... .... .... | ၅၅၇ |
| အနိမိတ္တနိဗ္ဗာန် .... .... .... .... | ၅၅၇ |
| အပ္ပဏိဟိတနိဗ္ဗာန် .... .... .... .... | ၅၅၇ |
| တနည်း သုညတ–စသည့် နိဗ္ဗာန် ၃-မျိုး .... .... | ၅၅၈ |
| **နိဗ္ဗာန်၏သဘာဝများကိုရှင်းပြချက်** .... .... .... | ၅၅၉ |
| ပရမတ်တရား၂-မျိုး .... .... .... | ၅၅၉ |
| သင်္ခတပရမတ်တရား .... .... .... | ၅၅၉ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အသင်္ခတပရမတ်တရား | ၃၆၀ |
| ပရိညာကိစ္စ | ၃၆၀ |
| ပဟာနကိစ္စ | ၃၆၁ |
| သစ္ဆိကရဏကိစ္စ | ၃၆၁ |
| ဘာဝနာကိစ္စ | ၃၆၂ |
| နိဗ္ဗာနဒီပနီကျမ်းမိန့်ချက် | ၃၆၂ |
| ကိစ္စကြီး ၄-ချက် ဥပမာ | ၃၆၃ |
| သစ္ဆိကရဏကိစ္စ ပဓာန | ၃၆၄ |
| **နိဗ္ဗာန်ထင်ရှားရှိနေပုံ ဖော်ပြချက်** | **၃၆၅** |
| သင်္ခတပရမတ်တရားသဘော | ၃၆၅ |
| အသင်္ခတပရမတ်သဘော | ၃၆၆ |
| နိဗ္ဗာန်၏ပရိယာယ်စကားလုံးများ | ၃၆၇ |
| အကြောင်းမရှိသော နိဗ္ဗာန် | ၃၆၇ |
| အကြောင်းကင်းသော နိဗ္ဗာန် | ၃၆၈ |
| အကြောင်းကြောင့် မဖြစ်သော နိဗ္ဗာန် | ၃၆၉ |
| အကြောင်းတို့ မပြုပြင်အပ်သော နိဗ္ဗာန် | ၃၇၀ |
| နိဗ္ဗာန်ထင်ရှားရှိပုံ | ၃၇၀ |
| မဂ်ဖိုလ်တို့အာရုံ နိဗ္ဗာန် | ၃၇၃ |
| နိဗ္ဗာန် ပရမတ္ထအားဖြင့် ထင်ရှားရှိပုံ | ၃၇၃ |
| ဥပမာများဖြင့် နိဗ္ဗာန်ကို ပြချက် | ၃၇၅ |
| နိဗ္ဗာန်၌ ဓာတ်ကြီးလေးပါးမရှိ | ၃၇၅ |
| နိဗ္ဗာန်၌ ရုပ်တရား မရှိ | ၃၇၅ |
| နိဗ္ဗာန်၌ ဘဝမရှိ | ၃၇၆ |
| နိဗ္ဗာန်၌ နာမ်မရှိ | ၃၇၆ |
| နိဗ္ဗာန်သည် လောကမဟုတ် | ၃၇၇ |
| နိဗ္ဗာန်၌ အလင်းရောင်မရှိ | ၃၇၇ |
| နိဗ္ဗာန်၌ အာဂတိ-စသော သဘောမရှိ | ၃၇၈ |
| နိဗ္ဗာန်၌ တုန်လှုပ်ခြင်းစသည်မရှိ | ၃၇၉ |
| နိဗ္ဗာန်၌ မရှိသော အရာဝတ္ထုများ | ၃၈၂ |
| **နိဗ္ဗာန်သဘောပြ သုတ္တန်များ** | **၃၈၅** |
| ဒဗ္ဗသုတ္တန် | |
| ကေဝဋ္ဋသုတ္တန် | ၃၈၆ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အခိပ္ပါယ် .... .... .... .... | ၅၈၇ |
| ဝိညာဉ်ချုပ်ရာ .... .... .... .... | ၅၈၉ |
| သဗ္ဗတောပဘံကို ရှင်းလင်းပြချက် .... .... .... | ၅၉၁ |
| သဒ္ဒါနည်း ရှင်းချက် .... .... .... .... | ၅၉၄ |
| ရှင်းလင်းချက် .... .... .... .... | ၅၉၅ |
| ဝိညာဉ်ချုပ်ပုံ .... .... .... .... | ၅၉၆ |
| နိဗ္ဗာနသုခသုတ္တန် .... .... .... .... | ၅၉၇ |
| ခံစား,စံစားမှု မရှိရာ နိဗ္ဗာန်မည်ပုံ .... .... .... | ၅၉၈ |
| ဒိဋ္ဌဓမ္မနိဗ္ဗာန် .... .... .... .... | ၆၀၁ |
| ဆုတောင်းပတ္ထနာ .... .... .... .... | ၆၀၂ |

နိဗ္ဗာန်တရားတော် ပြီး၏

## ၁၄·ပေါသာလသုတ္တန် တရားတော်

| | |
|---|---|
| တရားတော်အမည် .... .... .... ... | ၆၀၃ |
| ဘုရားရှိခိုး .... .... .... .... | ၆၀၃ |
| စကားပလ္လင် .... .... .... .... | ၆၀၃ |
| ပေါ်ပေးရမဲ့တရား ... .... .... | ၆၀၄ |
| နာမ်သက်သက်တရား ... .... .... | ၆၀၄ |
| အဆင့်အတန်းမြင့်သောတရား .... .... .... | ၆၀၅ |
| ဆရာရသေ့ကြီးခွင့်လွှတ်ပုံ .... .... .... | ၆၀၆ |
| မြတ်စွာဘုရားက မေးခွင့်ပြုပုံ .... .... .... | ၆၀၆ |
| ပဌမလျှောက်ထားချက် .... .... .... .... | ၆၀၇ |
| ဂါထာအခိပ္ပါယ် .... .... .... .... | ၆၀၈ |
| အတိတ်ကို ညွှန်နိုင်ပုံ .... .... .... | ၆၀၈ |
| ဒုတိယလျှောက်ထားချက် .... .... .... | ၆၁၁ |
| ဂါထာအခိပ္ပါယ် .... .... .... .... | ၆၁၂ |
| အာကိဉ္စညာ သမာပတ် .... .... .... | ၆၁၂ |
| ပဌမအဖြေတရားတော် .... .... .... .... | ၆၁၃ |
| ပဌမဂါထာအခိပ္ပါယ် .... .... .... | ၆၁၄ |
| ဝိညာဏဋ္ဌိတိ .... .... .... .... | ၆၁၄ |
| အဘိသင်္ခါရ ဝိညာဏဋ္ဌိတိ ၄·မျိုး .... .... .... | ၆၁၅ |
| ပဌမ ဝိညာဏဋ္ဌိတိ .... .... .... .... | ၆၁၆ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဝိပဿနာ ရှုကွက် .... .... .... .... | ၆၁၆ |
| ဒုတိယ ဝိညာဏဋ္ဌိတိ .... .... .... | ၆၁၈ |
| တတိယ ဝိညာဏဋ္ဌိတိ .... .... .... | ၆၁၈ |
| စတုတ္ထ ဝိညာဏဋ္ဌိတိ .... .... .... | ၆၁၈ |
| ပဋိသန္ဓေ ဝိညာဏဋ္ဌိတိ ၇-မျိုး .... .... .... | ၆၁၉ |
| ပဌမ ဝိညာဏဋ္ဌိတိ .... .... .... .... | ၆၁၉ |
| ဒုတိယ ဝိညာဏဋ္ဌိတိ .... .... .... | ၆၁၉ |
| တတိယ ဝိညာဏဋ္ဌိတိ .... .... .... | ၆၂၀ |
| စတု-ပဉ္စ-ဆ-သတ္တမ ဝိညာဏဋ္ဌိတိ .... .... .... | ၆၂၀ |
| ဒုတိယပိုဒ် အဓိပ္ပါယ် .... .... .... | ၆၂၀ |
| လူ့ဘုံ စသည်မှ သတ္တဝါများ .... .... .... | ၆၂၂ |
| ရဟန္တာဖြစ်သော ပုဂ္ဂိုလ်များ .... .... .... | ၆၂၂ |
| တတိယပိုဒ် အဓိပ္ပါယ် .... .... .... | ၆၂၃ |
| ဒုတိယအဖြေ တရားတော် .... .... .... | ၆၂၃ |
| ဂါထာ အဓိပ္ပါယ် .... .... .... .... | ၆၂၄ |
| အာကိဉ္စညကို ဝိပဿနာရှုပုံ .... .... .... | ၆၂၄ |
| ဒေသနာတော်နိဂုံး .... .... .... .... | ၆၂၇ |


ပေါသာလသုတ္တန်တရားတော် ပြီးပြီ။

## ၁၅-မောဃရာဇသုတ္တန်တရားတော်


| | |
|---|---|
| တရားတော်အမည် .... .... .... .... | ၆၂၈ |
| ဘုရားရှိခိုး .... .... .... .... | ၆၂၈ |
| စကားပလ္လင် .... .... .... .... | ၆၂၈ |
| ပဌမလျှောက်ထားချက် .... .... .... .... | ၆၂၉ |
| ဂါထာအဓိပ္ပါယ် .... .... .... .... | ၆၃၀ |
| ဖြေတော်မမူသေးပုံ .... .... .... | ၆၃၁ |
| တတိယလျှောက်ထားချက် .... .... .... | ၆၃၁ |
| ဂါထာအဓိပ္ပါယ် .... .... .... .... | ၆၃၂ |

အကြောင်းအရာ — စာမျက်နှာ

**စတုတ္ထမေးမြန်းလျှောက်ထားချက်** .... .... .... ၆၃၂
**အမေးဂါထာအဓိပ္ပါယ်**.... .... .... .... ၆၃၃
**ပဥ္စမအဖြေတရားတော်** .... .... .... .... ၆၃၄
သတိတရား .... .... .... .... ၆၃၄
**သက္ကာယဒိဋ္ဌိအကြောင်း** .... .... .... ၆၃၅
သက္ကာယဒိဋ္ဌိ .... .... .... .... ၆၃၅
သက္ကာယဒိဋ္ဌိအဓိပ္ပါယ် .... .... .... ၆၃၅
သက္ကာယဒိဋ္ဌိ ၂၀ .... .... .... .... ၆၃၆
ရုပ်သက္ကာယဒိဋ္ဌိ .... .... .... .... ၆၃၆
ပုထုဇဉ် .... .... .... .... ၆၃၆
ရုပ်၌သက္ကာယဒိဋ္ဌိကင်းပုံ .... .... .... ၆၃၈
နာမ်သက္ကာယဒိဋ္ဌိများ .... .... .... ၆၄၁
**လောကတရားများကို သုညအဖြစ် ရှုနည်း** .... .... ၆၄၂
တတိယပါဒအဓိပ္ပါယ် .... .... .... ၆၄၂
လောကသဘော .... .... .... ၆၄၂
လောကကို ရှုနည်း .... .... .... ၆၄၄
ပလောကဓမ္မ .... .... .... ၆၄၅
လက်တွေ့တရား .... .... .... ၆၄၆
သက္ကာယဒိဋ္ဌိက တားမြစ်နိုင်ပုံ .... .... .... ၆၄၇
လောကတရား ပျက်စီးတတ်ပုံ .... .... .... ၆၄၈
လောကတရား ကိုယ့်အလိုမလိုက် .... .... ၆၄၉
ရုပ်တရား အနတ္တဖြစ်ပုံ .... .... .... ၆၅၀
နာမ်တရား အနတ္တဖြစ်ပုံ .... .... .... ၆၅၃
ရုပ်တရား အလိုမလိုက်ပုံ .... .... .... ၆၅၄
သုညအဖြစ် ရှုပုံ .... .... .... ၆၅၄
ခေတ်ပေါ် ဝါဒတမျိုး .... .... .... ၆၅၅
လောကတရားကို သုညအဖြစ် ရှုပုံ .... .... ၆၅၆
တနည်း သုညအဖြစ် ရှုပုံ .... .... .... ၆၅၇
ဖေဏပိဏ္ဍူပမသုတ် .... .... .... ၆၅၈
ရုပ်တရားကို ရှုပုံ .... .... .... ၆၆၀
သင့်သောအားဖြင့် ရှုပုံ .... .... .... ၆၆၂

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဉာဏ်၌ ထင်လာပုံ .... .... .... | ၆၆၂ |
| ဝေဒနာ ရေပွက်ဥပမာ .... .... .... | ၆၆၃ |
| သညာ တံလျှပ် ဥပမာ .... .... .... | ၆၆၄ |
| သင်္ခါရ ငှက်ပျောတုံး ဥပမာ .... .... .... | ၆၆၅ |
| ဝိညာဉ် မျက်လှည့် ဥပမာ .... .... .... | ၆၆၆ |
| ဝဇိရာသုတ္တန် .... .... .... .... | ၆၆၇ |
| ခန္ဓာငါးပါး သုညဖြစ်ပုံ .... .... .... | ၆၆၈ |
| **ဒေသနာတော်နိဂုံး** .... .... .... .... | **၆၇၀** |


မောဃရာဇသုတ္တန်တရားတော် ပြီးပြီ။

## ၁၆-ပိင်္ဂိယသုတ္တန် တရားတော်


| | |
|---|---|
| တရားတော်အမည် .... .... .... | ၆၇၁ |
| **ဘုရားရှိခိုး** .... .... .... .... | **၆၇၁** |
| **စကားပလ္လင်** .... .... .... .... | **၆၇၁** |
| **ပဌမမေးမြန်းလျှောက်ထားချက်** .... .... .... | **၆၇၃** |
| **ပဌမမေးမြန်းလျှောက်ထားချက် အဓိပ္ပါယ်** .... .... | **၆၇၄** |
| ဂါထာအဓိပ္ပါယ် .... .... .... .... | ၆၇၄ |
| **ပဌမအဖြေတရားတော်** .... .... .... .... | **၆၇၆** |
| **ပဌမအဖြေတရားတော် အဓိပ္ပါယ်** .... .... .... | **၆၇၇** |
| ရုပ်တရားများ .... .... .... .... | ၆၇၇ |
| ရုပ်တရား ဖောက်ပြန်ပုံ .... .... .... | ၆၇၇ |
| ရုပ်ကို စွဲလမ်းနေကြပုံ .... .... .... | ၆၈၃ |
| ရုပ် အနတ္တဖြစ်ပုံဥပမာ .... .... .... | ၆၈၄ |
| ပိင်္ဂိယ တရားမရ .... .... .... .... | ၆၈၅ |
| **ဒုတိယ မေးမြန်းလျှောက်ထားချက်** .... .... .... | **၆၈၆** |
| **ဒုတိယအဖြေတရားတော်** .... .... .... | **၆၈၇** |
| **ဒုတိယအဖြေတရားတော် အဓိပ္ပါယ်** .... .... .... | **၆၈၈** |
| တဏှာကြောင့် ဒုက္ခဖြစ်ပုံ .... .... .... | ၆၈၈ |
| တဏှာရှိက နိဗ္ဗာန်မရ .... .... .... | ၆၉၀ |

အကြောင်းအရာ ... စာမျက်နှာ

တဏှာကိုစွန့်ပယ်ရန် .... .... .... ၆၉၀
တဏှာကွာသွားပုံ .... .... .... .... ၆၉၁
စိတ်ချုပ်လွှင့်က တရားမရ .... .... .... ၆၉၂

ပိဋကဝါယသုတ္တန်တရားတော် ပြီးပြီ

**ပါရာယနတ္ထုတိဂါထာ တရားတော်**

**ပါရာယနတရားတော်များ ဖြစ်ပေါ်လာပုံ .... .... ၆၉၄**

တရားနာသူများ .... .... .... .... ၆၉၄
တရားဟောရာဌာန.... .... .... .... ၆၉၅
တရားတပုဒ်ဖြင့် နိဗ္ဗာန်ရောက်နိုင် .... .... .... ၆၉၅
ပါရာယနအမည် .... .... .... .... ၆၉၆
ပြဿနာမေးပုဏ္ဏားများ .... .... .... ၆၉၆

**ပါရာယနတရားတော်များကို ချီးကျူးပုံ .... .... ၆၉၆**

အဖြေတရားတော်ကို မြတ်နိုးကြပုံ.... .... .... ၆၉၇
တရားတော်ကို လိုက်နာကြပုံ .... .... .... ၆၉၇

**စက္ခုငါးမျိုး .... .... .... .... ၆၉၈**

မံသစက္ခု .... .... .... .... ၆၉၈
ဒိဗ္ဗစက္ခု .... .... .... .... ၆၉၉
ပညာစက္ခု .... .... .... .... ၆၉၉
ဗုဒ္ဓစက္ခု .... .... .... .... ၆၉၉
သမန္တစက္ခု .... .... .... .... ၆၉၉
ပါရနှင့် အပါရ .... .... .... .... ၆၉၉
ပါရနှင့် အယန .... .... .... .... ၇၀၀
ပါရာယန မည်ပုံ .... .... .... .... ၇၀၀

ပါရာယနတ္ထုတိဂါထာ တရားတော် ပြီးပြီ

**ပါရာယနာနုဂီတိတရားတော်**

**ပါရာယနဒေသနာတော်ဖြင့် ကျွတ်တမ်းဝင်ပုဂ္ဂိုလ်များ .... ၇၀၁**

ရဟန္တာဖြစ်ကြသူ .... .... .... .... ၇၀၁
အကျွတ်တရား ရသူများ .... .... .... ၇၀၁

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| သံသရာ့ လွတ်လပ်ရေးခေါင်းဆောင်ကြီး .... .... | ၃၀၂ |
| တရားနာပြီး နေရပ်ပြန်ကြပုံ .... .... .... | ၃၀၃ |
| **ပိင်္ဂိယရဟန်းကြီး မြတ်စွာဘုရားကိုချီးကျူးပုံ** .... .... | ၃၀၃ |
| ပိင်္ဂိယ ဦးကြီးဆီသွားခြင်း .... .... .... | ၃၀၃ |
| ဗာဝရီပုဏ္ဏားကြီးက နှုတ်ဆက်ပုံ .... .... .... | ၃၀၃ |
| ပိင်္ဂိယရဟန်း ခွန်းတုံ့ပြန်ချက် .... .... .... | ၃၀၃ |
| ဗာဝရီပုဏ္ဏားကြီးက ပူဇော်ပုံ .... .... .... | ၃၀၄ |
| မြတ်စွာဘုရား မုသားမဆို .... .... .... | ၃၀၄ |
| ချီးကျူးရန်စကားပျိုးပုံ .... .... .... | ၃၀၅ |
| ချီးကျူး၍ တပည့်ခံခဲ့ပုံ .... .... .... | ၃၀၅ |
| ဥပမာနှော ထပ်ဆင့်ပြောပုံ .... .... .... | ၃၀၆ |
| ရှေးဆရာများ ယောင်ဝါးဝါး .... .... .... | ၃၀၆ |
| အခုတရားရခဲ့ပုံ .... .... .... .... | ၃၀၇ |
| ဗာဝရီပုဏ္ဏားကြီးက ပြန်မေးချက် .... .... .... | ၃၀၈ |
| ဘုရားနှင့် ဝေးကွာမနေပုံ .... .... .... | ၃၀၈ |
| အမြဲတမ်း ဘုရားရှိခိုးပုံ .... .... .... | ၃၀၉ |
| ဆရာကောင်းကို တွေ့ပြီ .... .... .... | ၃၁၀ |
| မြတ်စွာဘုရား ကြွလာတော်မူပုံ .... .... .... | ၃၁၁ |
| ကျွတ်တမ်းဝင် တရားတော် .... .... .... | ၃၁၁ |
| ပိင်္ဂိယရော ဗာဝရီပါ ကျွတ်တမ်းဝင်ပုံ .... .... | ၃၁၂ |
| ပိင်္ဂိယမထေရ်လျှောက်ထားချက် .... .... .... | ၃၁၂ |
| ပါရာယနဒေသနာတော်ကြီး ပြီးဆုံးပြီ .... .... | ၃၁၄ |
| **မြတ်စွာဘုရား၏ ဩဝါဒတော်များ** .... .... .... | ၃၁၄ |
| မပျင်းရိကြရန် .... .... .... .... | ၃၁၄ |
| မငြင်းခုံကြရန် .... .... .... .... | ၃၁၅ |
| မမေ့မလျော့နေကြရန် .... .... .... | ၃၁၆ |
| ဩဝါဒသုံးခု အဓိပ္ပါယ် .... .... .... | ၃၁၇ |
| **တရားပွဲသိမ်းကြောင်း နိဂုံးဂါထာရစနာ** .... .... | ၃၁၇ |
| **ဆုတောင်းပတ္ထနာ နှစ်ဂါထာ ပါဠိအနက်** .... .... | ၃၁၈ |
| **မှတ်သားဘွယ်ရာအက္ခရာစဉ်** .... .... .... | ၃၂၁ |

သုတ္တနိပါတ်ပါဠိတော် ပါရာယနဝဂ်ဟောစဉ်

# ၁၁-ဇတုကဏ္ဏိသုတ္တန် ပဋ္ဌမပိုင်း

---

## တရားတော်အမည်

သာသနာသက္ကရာဇ် ၂၅၁၄, ကောဇာသက္ကရာဇ် ၁၃၃၂-ခုနှစ် ကဆုန်လဆန်း (၇)ရက် ရန်ကုန်မြို့ ပုဇွန်တောင်ရပ် ရွှေဘုန်းပွင့် စေတီတော်ကြီး ပရိဝုဏ် အတွင်း တည်ခင်းအပ်သော ဝိပဿနာ ဓမ္မာရုံတော်ကြီးတွင် ဓမ္မာနုပဿနာ သတိပဋ္ဌာန် အလုပ်ပေးတရားကို သရုပ်ပေါ်လွင်အောင် ဟောကြားထားသော နိကာယ်ငါးရပ် ပါဠိတော်တို့တွင် ခုဒ္ဒကနိကာယ် သုတ္တနိပါတ်ပါဠိတော် ပါရာယနဝဂ်၌လာသော ဧကောဒသမမြောက်ဖြစ်တဲ့ ဇတုကဏ္ဏိသုတ္တန်တရားတော်။

ဒီကနေ့ဟောမဲ့တရား ရှေ့ကသလောက် ဂ-နာရီခွဲအထိ ဟောမယ်။

အဲဒီ သုတ္တန်တရားဒေသနာကို ဇတုကဏ္ဏိသုတ္တန်လို့ နာမည်ပေးလိုက်တာ ကတော့ ဘာကြောင့်လဲလို့ဆိုတော့ ဗာဝရီပုဏ္ဏားကြီးရဲ့ တပည့် ရသေ့ ပညာရှိ ပုဏ္ဏားကြီး တဆဲ့ခြောက်ယောက်တို့တွင် အကျုံးဝင်တဲ့ တဆဲ့တယောက်မြောက် ဖြစ်တဲ့ ဇတုကဏ္ဏိပုဏ္ဏားရဲ့အမေးကို မြတ်စွာဘုရား ဖြေကြားသောအားဖြင့် ဟောကြားတော်မူတဲ့ သုတ္တန်ဖြစ်ခြင်းကြောင့် ဒီသုတ္တန်ကို ဇတုကဏ္ဏိသုတ္တန်လို့ အမည်ပေးလိုက်တယ်။

## ဘုရားရှိခိုး

ဘယ်သူဟောခဲ့သလဲ? မြတ်စွာဘုရားဟောခဲ့တဲ့သုတ္တန်၊ မြတ်စွာဘုရားဟော တဲ့သုတ္တန်ကို ဘုန်းကြီးတို့ တရားဟော, တရားနာ ပုဂ္ဂိုလ်တို့အနေဖြင့် ဟောရ, နာရမှာ ဖြစ်တဲ့အတွက် ဇတုကဏ္ဏိသုတ္တန်ကို ဟောကြားတော်မူတဲ့ မြတ်စွာ ဘုရားကို ရိုသေစွာ ရှိခိုးကြရအောင် ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ လက်အုပ်ချီပြီးတော့ထားကြ။

ဘုန်းကြီးက မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ ဂုဏ်တော်ကို ရွတ်ဆိုပြီးတော့ ဘုရားရှိခိုးမယ်၊ အဲဒီ ဘုရားရှိခိုးထဲမှာပါတဲ့ ဂုဏ်တော်ကို အာရုံပြုပြီးတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဒီ ဇတုကဏ္ဏိ သုတ္တန်ကို ဟောကြားတော်မူတဲ့ မြတ်စွာဘုရား၏ ဂုဏ်တော်များကို ကြည်ညို သဒ္ဓါ ပွါးများနိုင်ကြပါစေ။

**ပါရာယန (၃)-၁—ပ-မ-ဗ-သ-စ**

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အရဟတော၊ လူနတ်ဦးခိုက် ပူဇော်ခြင်းကိုခံယူခြင်းငှါ ထိုက်တော်မူသော။ အရဟတော၊ သံသရာစက်၏ အချက်အချာဖြစ်သော အဝိဇ္ဇာနှင့် တဏှာကို ဖျက်ဆီးတော် မူတတ်ပါပေထသော။ အရဟတော၊ တထောင့်ငါးရာ ကိလေသာတို့မှ ဝေးကွာတော်မူတတ်ပေထသော။ အရဟတော၊ ဆိတ်ကွယ်ရာအရပ်၌ ကိုယ်အမူအရာ, နှုတ်အမူအရာ, စိတ်အမူအရာတို့ဖြင့် မကောင်းမှုဟူသမျှကို ပြုတော်မမူတတ်ပေထသော၊ ပြောတော်မမူတတ်ပေထသော၊ ကြံစည်တော်မမူတတ်ပေထသော။ အရဟတော၊ အတွင်းမှာရှိတဲ့ တထောင့်ငါးရာ ကိလေသာရန်, အပြင်မှာရှိတဲ့ ရန်တွေကို အကြွင်းအကျန်မထားဘဲ အောင်နိုင်တော် မူပေထသော။ သမ္မာသမ္ဗုဒ္ဓဿ၊ ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ တည်းဟူသော သစ္စာလေးပါး တရားတော်မြတ်ကို ကိုယ်တော်တိုင်သာလျှင် ကောင်းစွာထိုးထွင်း၍ သိတော်မူတတ်ပါပေထသော။ ဘဂဝတော၊ ဣဿရိယ, ဓမ္မ, ယသ, သိရိ, ကာမ, ပယတ္တ-မည် ဘုန်းတော်ခြောက်လီနှင့် ပြည့်စုံတော်မူပါပေထသော။ တဿ၊ သစ္စာလေးပါး တရားတော်မြတ်ကို ကိုယ်တော်တိုင်သိသကဲ့သို့ သတ္တဝါဝေနေ့ မျှားဗိုလ်ခြေတို့အား ကိုယ်တော့်အလား သစ္စာလေးပါး တရားကို သိအောင် ဟောညွှန်တော်မူသော ထိုဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုမြတ်စွာဘုရားရှင်အား။ မေ အမှာကံ၊ တရားဟောပုဂ္ဂိုလ် တရားနာပုဂ္ဂိုလ် ဆိုကြကုန်သော ရုပ်နာမ်နှစ်ဖြာ ငါးခန္ဓာကို သူငါသမုတ် အကျွန်ုပ်တို့၏။ နမော၊ ကိုယ်နှုတ်နှလုံး သုံးပါးပျောင်းပျော့ မာန်ကိုလျှော့၍ ကန်တော့မြတ်နိုး လက်စုံမိုး၍ ရှိခိုးရခြင်းသည်။ အတ္ထု ဘဝတု၊ တရားဟော တရားနာ ဘေးရန်ကွာ၍ အန္တရာယ်ကင်းခြင်း ဟောလိုသောတရား နာလိုသောတရား ပွါးများအားထုတ်လိုသော တရားတော်၏ အရဟတ္တဖိုလ် ပေါက် အပြီး အဆုံးသို့ ရောက်ခြင်းငှါ ကောင်းစွာမသွေ ဖြစ်ပါစေသတည်း။

သာဓု - သာဓု - သာဓု

## ဇတုကဏ္ဏိသုတ္တန်တရားတော်

ဘုရားရှိခိုးထဲမှာပါတဲ့ ဆိုအပ်ခဲ့ပြီးသော ဂုဏ်တော်အပေါင်းနဲ့ ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၏အနီး ပါသာဏကနတ်ကွန်းမှာ သီတင်းသုံးနေတော်မူပါတယ်၊ သံဃာတော်အပေါင်း ခြံရံပြီးတော့ ဂေါဓာဝရီမြစ်ကနေပြီးတော့ လာကြတဲ့ ဗာဝရီပုဏ္ဏားကြီးရဲ့တပည့် ပုဏ္ဏားပညာရှိရသေ့ နောက်လိုက် နောက်ပါ တထောင် အခြံအရံရှိတဲ့ တဆဲ့ခြောက်ယောက်သော ပုဏ္ဏားကြီးတို့က "ဈာယိ ဈာနရတာ ဓီရာ၊ ပုဗ္ဗဝါသနဝါသိတာ"လို့ ဝတ္ထုဂါထာမှာ လာတဲ့အတိုင်းဘဲ ဈာန်ရပြီးတော့နေကြတဲ့ ပုဏ္ဏားပညာရှိကြီးတွေ၊ ဟိုဘက်၊ ဒီဘက် ခြောက်ယူဇနာရှိတဲ့ ပရိသတ်ကြီးအတွင်းမှာ ဘုန်းတော်သခင် သဗ္ဗညုဘုရားရှင်ကိုယ်တော်မြတ်က "ကတာဝကာသာ ပုစ္ဆဝှေါ၊ ယံ ကိဉ္စိ မနသိစ္ဆထ" တဲ့၊ သင်တို့မေးချင်တဲ့ အမေးပုစ္ဆာပြဿနာကို မေးဘို့ ငါဘုရား ခွင့်ပြုတော်မူတယ်လို့ အဲဒီအမိန့်တော်အရ ဘသူက အရင်စပြီးတော့ မေးသလဲဆိုတော့ အဇိတ၊ တိဿ၊ မေတ္တေယျ၊ ပုဏ္ဏက၊ မေတ္တဂူ၊ ဓောတက၊ ဥပသိဝ၊ နန္ဒ၊ ဟေမက၊ တောဒေယျ၊ ကပ္ပ-လို့ ဆိုကြတဲ့ ဆယ်ယောက်မြောက် ပုဏ္ဏားတွေ မေးပြီးသည်၏အဆုံး၌ ဇတုကဏ္ဏိပုဏ္ဏားက သူ့အလှည့်ကျလာတော့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရိုသေစွာရှိခိုးပြီးတော့ ပုစ္ဆာစကား မေးမြန်းလျှောက်ထားလိုသည်ဖြစ်သောကြောင့် ရှေးဦးစွာ ဂါထာရွတ်တယ်။ ဘယ်လိုလဲဆိုတော့—

သုတွာန'ဟံ ဝီရ'မကာမကာမိံ၊ ဩဃာတိဂံ ပုဋ္ဌု' မကာမ' မာဂမံ။
သန္တိပဒံ ဗြူဟိ သဟဇနေတ္တ၊ ယထာတစ္ဆံ ဘဂဝါ ဗြူဟိ မေ'တံ။

ဘဂဝါ ဟိ ကာမေ အဘိဘုယျ ဣရိယတိ၊
အာဒိစ္စောဝ ပထဝိံ တေဇီ တေဇသာ။
ပရိတ္တပညဿ မေ ဘူရိပည၊
အာစိက္ခ ဓမ္မံ ယ'မဟံ ဝိဇညံ။
ဇာတိဇရာယ ဣဓ ဝိပ္ပဟာနံ။

အမေး နှစ်ဂါထာ။

မြတ်စွာဘုရားဖြေတဲ့ဂါထာက သုံးဂါထာရှိတယ်၊ ဒီသုတ္တန်မှာ ဂါထာပေါင်း ငါးဂါထာရှိတယ် အမေးရော အဖြေရော၊ အခု အမေးနှစ်ဂါထာကို ဘုန်းကြီးရွတ်ပြီးပြီ၊ အဲဒီအမေးကို ပါဠိတွေဖွင့်ဆိုပြီးတော့ ဟောပေးရလိမ့်မယ်။

ဝိပဿနာလုပ်ကွက်တော့ဖြင့် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ပြန်ပြီးတော့ ဖြေကြားတဲ့အခါမှာ ဝိပဿနာလုပ်ကွက် ပေါ်လာလိမ့်မယ်။ ဇတုကဏ္ဏိ

ပုဏ္ဏား ရသေ့ပညာရှိမေးတဲ့ အမေးနှစ်ဂါထာကို ဘုန်းကြီး ပါဠိရွတ်ပြီးပြီ၊ အနက်ပေးရမယ်၊ ပါဠိတော်ဟောစဉ်ဆိုတာ ပါဠိရွတ်, အနက်ပေးပြီးတော့ အဋ္ဌကထာလာတဲ့ အဓိပ္ပါယ်နဲ့ ထိုထိုပါဠိတော်တွေက ထုတ်နှုတ်ပြီးတော့ အဓိပ္ပါယ်ပြောပေးပြီးတော့မှ ဝိပဿနာရှုကွက်ကို ဖော်ပေး၊ ဒီ လေးပိုင်း ပိုင်းပြီးတော့ သွားရမယ်၊ မေးတဲ့ဂါထာက ဘာမေးထားသလဲဆိုတော့—

ဝီရ၊ ကြီးသော လုံ့လဝီရိယ ရှိတော်မူပါပေသော မြတ်စွာဘုရား။ အဟံ၊ ဘုရားတပည့်တော်သည်။ အကာမကာမိံ၊ ကာမဂုဏ်တို့ကို အလိုရှိတော်မမူသော မြတ်စွာဘုရားကို။ သုတွာန၊ ဣတိပိ သော ဘဂဝါ အရဟံ သမ္မာ-သမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ စသည်ဖြင့် ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံသည်ဟု ထက်အောက်ကြေညာ ကျော်ကြားတော်မူသည့်စကားသံကို ကြားရသည်ဖြစ်၍။ ဩဃာတိဂံ၊ ဩဃလေးပါးကို လွန်မြောက်တော်မူပြီး ဖြစ်တော်မူပါပေထသော။ အကာမံ၊ ကာမဂုဏ်ငါးပါးကို လိုလားတောင့်တတော်မမူသော မြတ်စွာဘုရားကို။ ပုဋ္ဌုံ၊ မေးလျှောက်ခြင်းငှါ။ အာဂမံ၊ ရှင်တော်ဘုရားထံမှောက်သို့ လာရောက်ခစား၍ နေရပါတော့၏။ သဟဇနေတ္တ၊ ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ သဗ္ဗညုတဉာဏ်ကို အရဟတ္တမဂ်ဉာဏ်နဲ့ အတူတကွ ရတော်မူသော မြတ်စွာဘုရား။ ဘဂဝါ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရားသည်။ ယထာ-တစ္ဆံ၊ မဖောက်မပြန် ဟုတ်မှန်သောအတိုင်း။ သန္တိပဒံ၊ ငြိမ်းအေးရာ ငြိမ်းအေးကြောင်းဖြစ်တဲ့ နိဗ္ဗာန်နဲ့ နိဗ္ဗာန်ရောက်ကြောင်း တရားကို။ ဗြူဟိ၊ ဟောကြားတော်မူပါ မြတ်စွာဘုရား။

ဘဂဝါ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရားသည်။ ယထာတစ္ဆံ၊ မဖောက်မပြန် ဟုတ်မှန်သောအတိုင်း။ မေ၊ အကျွန်ုပ်အား။ တံ၊ ထိုနိဗ္ဗာန်နဲ့ နိဗ္ဗာန်ရောက်ကြောင်း တရားကို။ ဗြူဟိ၊ ဟောကြားတော်မူပါ မြတ်စွာဘုရား။ ဟိ၊ ဤကဲ့သို့ ဘုရားတပည့်တော် တောင်းပန်လျှောက်ထားခြင်းသည် သင့်လျော်လှပါပေစွ။ (ဘယ်လိုကြောင့်တုံး)။ တေဇီ၊ တန်ခိုးအရောင်နှင့် ပြည့်စုံသော။ အာဒိစ္စော၊ နေမင်းသည်။ တေဇသာ၊ မိမိရဲ့အရောင်ဖြင့်။ ပထဝိံ၊ မြေပြင်အလုံးကို။ ဣရိယတိ ဣဝ၊ လွှမ်းမိုးနိုင်သကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ ဘဂဝါ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရားသည်။ ကာမေ၊ ရူပ သဒ္ဒ-စသည်အာရုံ ကာမဂုဏ်တို့ကို။ အဘိဘုယျ၊ လွှမ်းမိုးနှိပ်စက်နိုင်သည်ဖြစ်၍။ ဣရိယတိ၊ လောကအလယ်မှာ တင့်တယ်စွာ ဖြစ်တော်မူပါပေ၏။ ဘူရိပည၊ ကြီးကျယ်များမြတ်သော မြေကြီးအထုနှင့်တူသော ပညာနှင့်ပြည့်စုံတော်မူပါပေသော မြတ်စွာဘုရား။ တံ၊ အရှင်ဘုရားသည်။ ပရိတ္တပညဿ၊ နဲ့သော

ပညာရှိသော။ မေ၊ ဘုရားတပည့်တော်အား။ ဣဓ၊ ဤ အရှင်ဘုရားရဲ့ ခြေတော်ရင်း၌။ ဇာတိဇရာယ၊ ပဋိသန္ဓေနေခြင်း, အိုခြင်းကို။ ဝိပ္ပဟာနံ၊ ပယ်စွန့်ရာဖြစ်သော။ ယံ ဓမ္မံ၊ အကြင်တရားတော်ကို။ အဟံ၊ ဘုရားတပည့်တော်သည်။ ဝိဇညံ၊ သိနိုင်ရာလောက်ပါ၏။ တံ၊ ထို နိဗ္ဗာန်နဲ့ နိဗ္ဗာန်ရောက်ကြောင်းတရားကို။ အာစိက္ခ၊ ဖြေကြား၍ ဟောကြားတော်မူပါလော့။ ဣတိ၊ ဤသို့။ အာယသ္မာ ဇတုကဏ္ဏိ၊ အရှင် ဇတုကဏ္ဏိသည်။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နဲ့ ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အာပုစ္ဆိ၊ သိလိုရေးနှင့် မေးမြန်း လျှောက်ထားပါပေသတည်း။

သာဓု – သာဓု – သာဓု

## အဓိပ္ပါယ်ဖွင့်ပြချက်

ပါဠိရွတ်ပြီးပြီ၊ အနက်ပေးပြီးပြီ၊ ပိဏ္ဍတ္ထအဓိပ္ပါယ် ပြောကြဦးစို့၊ ပြီးတော့မှ အဝယဝတ္ထ အဓိပ္ပါယ်တွေကို အစိတ်အစိတ် ပြောပေးမယ်။

ဇတုကဏ္ဏိပုဏ္ဏား ပညာရှိရသေ့က မြတ်စွာဘုရားကို ဘယ်လိုလျှောက်သလဲဆိုတော့——

"ကြီးကျယ်များမြတ်သော လုံ့လဝီရိယ ရှိတော်မူသော မြတ်စွာဘုရား ကာမဂုဏ်ချမ်းသာတွေကို လိုလားနှစ်သက်တော်မမူသော မြတ်စွာဘုရား အရှင်ဘုရားသည် အရဟံ, သမ္မာသမ္ဗုဒ္ဓေါ, ဝိဇ္ဇာစရဏသမ္ပန္နော, သုဂတော, လောကဝိဒူ, အနုတ္တရော ပုရိသဒမ္မသာရထိ, သတ္ထာ ဒေဝမနုဿာနံ, ဗုဒ္ဓေါ, ဘဂဝါ-လို့ဆိုတဲ့ ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတယ်လို့ဆိုတာ ဘုရားတပည့်တော် သတင်းကြားနေရပါတယ်ဘုရား။

သြဃလေးပါးကို လွန်မြောက်ပြီးဖြစ်သော ကာမဂုဏ်ချမ်းသာတွေကို လိုလားတောင့်တတော်မမူသော မြတ်စွာဘုရားသည် အရဟတ္တမဂ်ဉာဏ်ကို ရတော်မူသည်နှင့်တပြိုင်နက် တရားအားလုံးကို သိနိုင်တဲ့ သဗ္ဗညုတဉာဏ်ကို ရပြီးသည်ဖြစ်သောကြောင့် ဘုရားတပည့်တော်အား အရှင်ဘုရားသည် နိဗ္ဗာန်နဲ့ နိဗ္ဗာန်ရောက်ကြောင်းတရားကို ဟောကြားပေးတော်မူပါဘုရား"——လို့ တရားတောင်းတဲ့ဂါထာ။

မြတ်စွာဘုရားရဲ့ ဂုဏ်တော်တွေကို ရှေးဦးစွာချီးကျူးပြီးတော့မှ "သန္တိပဒ" လို့ခေါ်တဲ့ နိဗ္ဗာန်နဲ့ နိဗ္ဗာန်ရောက်ကြောင်းတရားကို ဟောပေးတော်မူပါတဲ့။

ဘာဖြစ်လို့ မြတ်စွာဘုရားကို သူ ဒီလို လျှောက်ထားရသလဲဆိုတော့ ဥပမာအားဖြင့် အရောင်အလင်းနှင့် ပြည့်စုံသော နေမင်းကြီးသည် မြေပြင်အားလုံး

ကို မိမိ၏အရောင်ဖြင့် အကြွင်းအကျန်မရှိ ထွန်းလင်းတောက်ပ စေနိုင်သကဲ့သို့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာလဲဘဲ ကာမဂုဏ်တွေကို လွှမ်းမိုးနှိမ်နင်းပြီးတော့ လောကအလယ်မှာ တင့်တင့်တယ်တယ် သီးတင်းသုံး နေနိုင်တော်မူပါပေတယ်။

မြေကြီးအထုကဲ့သို့ ကျယ်ပြန့်သော ပညာနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် အနည်းငယ်မျှသော ပညာရှိသော ဘုရားတပည့်တော်အား ပဋိသန္ဓေနေခြင်းနှင့် အိုခြင်းကို လွန်မြောက်နိုင်သော တရားကို ဘုရားတပည့်တော် သိနိုင်ရုံလောက် ဟောကြားပေးတော်မူပါဘုရား တဲ့။

## အရဟံဂုဏ်တော်

စကားပြေတော့ ပြောပေးပြီးပြီ၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို သူချီးကျူးထားတဲ့ ဂုဏ်ပုဒ်တွေက ဘာတွေလဲဆိုတော့ ဣတိပိ သော ဘဂဝါ အရဟံ, သမ္မာသမ္ဗုဒ္ဓေါ, ဝိဇ္ဇာစရဏသမ္ပန္နော, သုဂတော, လောကဝိဒူ, အနုတ္တရော ပုရိသဒမ္မသာရထိ, သတ္ထာ ဒေဝမနုဿာနံ, ဗုဒ္ဓေါ, ဘဂဝါ-လို့ခေါ်တဲ့ အဲဒီ ဂုဏ်တော်ကိုးပါးနဲ့ ပြည့်စုံတော်မူတယ်လို့ ဘုရားတပည့်တော် သတင်းကြားနေရပါတယ်တဲ့။

ပီးတော့ "အကာမကာမိ" မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် ကာမဂုဏ်တွေကိုလဲ လိုလားနှစ်သက်တော်မမူပါဘူးတဲ့၊ အဲဒီ "အကာမကာမိ" အပိုဒ်ကိုတော့ဖြင့် နောက်မှပြောပေးမယ်၊ အခု ရှေးဦးစွာ သူကြားနေတဲ့ သတင်းစကားကို ပြောကြဦးစို့—

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ အရဟံ, သမ္မာသမ္ဗုဒ္ဓေါ-အစရှိတဲ့ သတင်းစကားကို ဘုရားတပည့်တော် ကြားသိနေရပါတယ်၊ ဒီစကားနဲ့ပတ်သက်လို့ စူဠနိဒ္ဒေသပါဠိတော်က အစလေးပျိုးပြီး ပေးထားတယ် ဂုဏ်တော်တွေနဲ့ ပတ်သက်ပြီးတော့ ဖွင့်ဆိုဟောကြားဘို့။

ဒီပါဠိတော်ကို ဘုန်းကြီးတို့ ဟောကြားနေတဲ့အခါမှာ စူဠနိဒ္ဒေသပါဠိတော်ကို ကိုးကားပြီး ဟောကြားနေရသည်ဖြစ်တော့ စူဠနိဒ္ဒေသမှာ မှတ်ချက်တွေ ပြုပြီးတော့ ဖွင့်ဆိုထားတဲ့ အဖွင့်ကိုတော့ဖြင့် ချန်ထားလို့မဖြစ်ဘူး၊ အကုန်ဟောပေးရလိမ့်မယ်နော်။ (မှန်ပါဘုရား)။

ဘုရားကိုကိုးကွယ်နေကြတဲ့ပုဂ္ဂိုလ်တွေ, မြတ်စွာဘုရား ရှိခိုးနေတဲ့ ပုဂ္ဂိုလ်တွေ, ပုတီးစိပ်နေကြတဲ့ပုဂ္ဂိုလ်တွေ အရဟံ, သမ္မာသမ္ဗုဒ္ဓေါ အစရှိတဲ့ ဂုဏ်တော်တွေရဲ့ အနက်အဓိပ္ပါယ်ကို ပြည့်ပြည့်စုံစုံ နားလည်ဘို့ လိုပါတယ်။

ဂုဏ်တော်ကိုးပါးတော့ဖြင့် ပါဠိ လူတိုင်းရနေကြတယ် ဣတိပိ သော ဘဂဝါ အရဟံ, သမ္မာသမ္ဗုဒ္ဓေါ-စသည်ဖြင့်၊ အရဟံဆိုတာ ဘယ်လို အနက်အဓိပ္ပါယ်ရှိသလဲ, သမ္မာသမ္ဗုဒ္ဓ-က ဘာအဓိပ္ပါယ်ရှိသလဲ, ဝိဇ္ဇာစရဏ သမ္ပန္နမှာ ဝိဇ္ဇာသုံးပါး ဝိဇ္ဇာ ၈-ပါး, စရဏတဆယ့်ငါးပါးတဲ့၊ ဒီဟာတွေ ဘာခေါ်သလဲဆိုတာ ဘုန်းကြီးတို့ပရိသတ် သိဘို့ လိုပါတယ်။ အဲဒီ အချက်တွေကို စူဠနိဒ္ဒေသ ပါဠိတော်က အားလုံးဖွင့်ပြီးတော့ ပေးထားတယ်။

"အရဟံ ဂုဏ်တော်"တဲ့၊ အဲဒီ အရဟံဂုဏ်တော်ဟာ ဘယ်မှာရှိသလဲ? မြတ်စွာဘုရား ကိုယ်တော်မြတ်မှာ ရှိတယ်၊ အရဟံဂုဏ်တော် ဘယ်သူပေးလို့ ရသလဲ? လောကမှာ ဘွဲ့တံဆိပ်တွေပေးကြတယ်၊ ဟော အစိုးရက ပေးလို့ရတဲ့ ဘွဲ့တံဆိပ်တွေ, အသင်းအဖွဲ့က ပေးလို့ရတဲ့ ဘွဲ့တံဆိပ်တွေ, အဲဒီဘွဲ့တံဆိပ်တွေ မရကြဘူးလား?။　　　( ရကြပါတယ် ဘုရား )။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး အရဟံ-ဂုဏ်တော်ကြီးကို ဘယ်သူက ပေးလို့ရသလဲ ဘွဲ့ထူးတခု ဂုဏ်ထူးတခုဆိုတာ၊ အရဟံ-ဆိုတာ မြတ်စွာဘုရား၏ ဂုဏ်၊ ဂုဏ်ဆိုတာ ဘာလဲဆိုတော့ သတ္တိအထူးကို ဂုဏ်လို့ခေါ်တယ်။ အဲဒီသတ္တိ အထူးတွေကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်အား ဒီဂုဏ်တော်တွေကို ကိုးပါးစလုံးကို ဘယ်သူပေးလို့ရသလဲ? အဲဒါ မဟာနိဒ္ဒေသပါဠိတော်ကြီးက ပြောထားတယ် "ဗုဒ္ဓေါတိ နေတံ နာမံ န မာတရာ ကတံ၊ န ပိတရာ ကတံ" စသည်ဖြင့် ပြထားတာရှိတယ်။

အရဟံ-အစရှိတဲ့ ဂုဏ်တော်အပေါင်းတွေကို အမေက ပေးလို့ရတာလဲ မဟုတ်ဘူးတဲ့၊ အဖေကပေးလို့ ရတာလဲမဟုတ်ဘူးတဲ့၊ ဆွေမျိုးညာတိ မိတ်သင်္ဂဟ ညီအကို မောင်နှမ တို့က ပေးလို့ရတာလဲ မဟုတ်ဘူးတဲ့၊ လူ နတ် ဗြဟ္မာ တွေက ပေးလို့ရတာလဲ မဟုတ်ဘူးတဲ့၊ သမဏဗြာဟ္မဏတွေက ပေးလို့ ရတဲ့ဂုဏ်တော်လဲ မဟုတ်ဘူးတဲ့။

"ဝိမောက္ခန္တိကမေတံ ဗုဒ္ဓါနံ ဘဂဝန္တာနံ ဗောဓိယာ မူလေ သဟ သဗ္ဗညုတညာဏဿ ပဋိလာဘာ သစ္ဆိကာပညတ္တိ၊ ယဒိဒံ ဗုဒ္ဓေါတိ"တဲ့။

ဒီကစပြီးတော့ ရွတ်မယ်၊ ခုဒ္ဒကနိကာယ်ပြီးတော့ ဘယ်သွားမလဲ? ဒီဃနိကာယ်, မဇ္ဈိမနိကာယ်, အင်္ဂုတ္တရနိကာယ်, သံယုတ္တနိကာယ်, ဒီလို အစဉ်လိုက် လုပ်ပြီးတော့ ဟောသွားမယ်။

ခုဒ္ဒကနိကာယ်က ဒီလိုပြောထားတယ်၊ ဘယ်သူပေးလို့ရတဲ့ ဂုဏ်တော်လဲလို့၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ပါရမီ ဖြည့်ကျင့် ဆည်းပူးတော်မူလာပြီးတဲ့ နောက် သဗ္ဗညုတဉာဏ်တော်ကြီးကို ရပြီးသည်နှင့်တပြိုင်နက် အရဟံ-ဂုဏ်တော်

ကြီးဟာ တခါထဲ ပေါ်လာတာဖြစ်ပါတယ်တဲ့၊ တစုံတယောက်သော လူ, နတ်, ပြဟ္မာ, သတ္တဝါ-အသင်းအဖွဲ့က ပေးလို့ရတဲ့ ဂုဏ်ထူး မဟုတ်ပါဘူး။

ဒါဖြင့် ဒီ **အရဟံ**-ဆိုတာ ဘာလဲ? ဘာကို **အရဟံ**-လို့ ခေါ်နေတာလဲ ဆိုတော့ အကျဉ်းချုပ်အဓိပ္ပါယ်ကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာက ဂါထာ စီထားတာ ရှိတယ်၊ အကျယ်ပြောရင် အရဟံ - ဂုဏ်တော်တွေ တညပြောပေးနေရမယ် ဟုတ်လား။ ( မှန်ပါ့ဘုရား။ )

**အရဟံ မည်ပုံ။** ။"အာရကတ္တာ ဟတတ္တာ စ၊ ကိလေသာရီန သော မုနိ။
ဟတသံသာရစက္ကာရော၊ ပစ္စယာဒီန စာရဟော။
န ရဟော ကရောတိ ပါပါနိ၊ အရဟံ တေန ဝုစ္စတိ"။

သောမုနိ၊ ထိုဘုရားရှင်ကိုယ်တော်မြတ်သည်။ ကိလေသာရီဟိ၊ ကိလေသာရန်သူတို့မှ။ အာရကတ္တာ၊ ဝေးတော်မူတတ်ပါပေ၏။ တေန၊ ထို့ကြောင့်။ အရဟံ၊ အရဟံဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေတော့၏။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ လောဘ, ဒေါသ, မောဟ, မာန, ဣဿာ, မစ္ဆရိယ-စသည် သောင်းပြောင်း သိန်းသန်းကုဋေ မရေတွက်နိုင်တဲ့ ကိလေသာတို့မှ ဝေးကွာတော်မူတယ်။ ဘုန်းကြီးတို့ ပုထုဇဉ်သတ္တဝါတွေ, သောတာပန်တွေ, သကဒါဂါမ်တွေမှာ ကိလေသာတွေနဲ့ နီးစပ်နေသလား, ဝေးကွာနေသလားလို့ ကြည့်၊ ကိလေသာဖြစ်ခွင့်တွေဟာ အမြဲတမ်းနီးစပ်နေတယ်၊ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်မှာ ရူပ, သဒ္ဒ-စသည့် အာရုံတွေနဲ့ တွေ့ကြုံတဲ့အခါမှာ ကိလေသာတို့မှ ဝေးကွာတော်မူသည် ဖြစ်သောကြောင့်, မြတ်စွာဘုရားရဲ့ ခန္ဓာအစဉ်မှာ ကိလေသာဖြစ်ခွင့် မရသည်ဖြစ်သောကြောင့် ကိလေသာရန်သူတို့မှ ဝေးကွာတော်မူတယ်တဲ့၊ ဒါကြောင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို "အရဟံ"လို့ ခေါ်တယ်နော်။ (မှန်ပါဘုရား)။ **ဒါတချက်**။

**"ဟတတ္တာ စ"**ဆိုတဲ့ အပိုဒ်တခု ပါတယ်။

သောမုနိ၊ ထိုဘုရားရှင် ကိုယ်တော်မြတ်သည်။ ကိလေသာရီနံ၊ ကိလေ-သာတည်းဟူသော ရန်သူတို့ကို။ ဟတတ္တာ စ၊ အရဟတ္တမဂ် ဓား သန်လျက်ဖြင့် ထွားထွားညက်ညက် ပယ်ဖျက်ခုတ်ထွင်သုတ်သင်၍အောင်တော်မူတတ်ပါပေ၏။ တေန၊ ထို့ကြောင့်။ အရဟံ၊ အရဟံဟူ၍။ ဝုစ္စတိ၊ ဆိုရပေတော့၏။

ဟော နောက်တချက်က မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် ဗောဓိပင်နှင့် ရွှေပလ္လင်မှာ အရဟတ္တမဂ်ဉာဏ်ကြီးကို ရသည်နှင့်တပြိုင်နက်ထဲ အရ-ဟတ္တမဂ်တည်းဟူသော ဉာဏ်ဖြင့် တထောင့်ငါးရာနှင့်တကွ သိန်းသန်းကုဋေ

မရေမတွက်နိုင်သော ကိလေသာအပေါင်းတွေကို နိုင်နင်းစွာ ချိုးဖဲ့ ဖျက်ဆီး သတ်ဖြတ်တော်မူသည် ဖြစ်သောကြောင့် မြတ်စွာဘုရားသည် "အရဟံ" ဟူသော ဘွဲ့ထူးကို ရပါတယ်တဲ့။

နှစ်ချက်ရှိသွားပြီနော်။　　　( မှန်ပါ ဘုရား။ )

"ဟတသံသာရစက္ကာရော"

သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ သံသာရစက္ကာရော၊ သံသရာ စက်၏ အကန့်အကွက် အချက်အချာကို။ ဟတ၊ ဖျက်ဆီးတော်မူတတ် ပါပေ၏။ တေန၊ ထို့ကြောင့်။ အရဟံ၊ အရဟံဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

သံသရာစက် လည်နေတယ်ဆိုတာ ဘယ်သူ ခေါင်းဆောင်လည်နေသလဲ ဆိုတော့ အဝိဇ္ဇာနဲ့တဏှာ၊ ပုဗ္ဗန္တစက်က အဝိဇ္ဇာ ခေါင်းဆောင်ပြီးတော့ လည်တယ်၊ အပရန္တစက်က တဏှာခေါင်းဆောင်ပြီး သံသရာလည်တယ်၊ သံသရာဆိုတာ ဘာလဲ ?။

ခန္ဓာနဉ္စ ပဋိပါဋိ၊ ဓာတုအာယတနာန စ။
အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ၊ သံသာရောတိ ပဝုစ္စတိ—

ဆိုတဲ့ ခန္ဓာငါးပါးကို, ခန္ဓာငါးပါး ဓာတ်တဆဲ့ရှစ်ပါး အာယတန တဆဲ့နှစ်ပါးတို့ မပြတ်ဖြစ်နေတဲ့ သဘောတရားကို သံသရာလို့ခေါ်တယ်။ အဲဒီသံသရာ မပြတ် ဖြစ်ခွင့်ရနေတာဟာ ဘယ်သူ့ကြောင့်လဲဆိုတော့ အဝိဇ္ဇာနဲ့ တဏှာကြောင့်၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် အဲဒီ သံသရာစက်၏ အချက်အချာ အကန့်အကွက်ဖြစ်တဲ့ အဝိဇ္ဇာနဲ့တဏှာကို အရဟတ္တမဂ်ဖြင့် ဖျက်ဆီးပစ်လိုက်ပြီး သည်နှင့်တပြိုင်နက်ထဲ သံသရာစက်အလည်ဟာ ရပ်သွားတယ်၊ အဲသလို သံသရာ စက်ကို လည်စေနိုင်တဲ့ အချက်အချာကို ဖျက်ဆီးတော်မူပြီးသည် ဖြစ်သော ကြောင့်လဲ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို အရဟံလို့ ခေါ်ပါတယ်တဲ့။

ဘယ်နှစ်ချက် ရှိသွားပလဲ အရဟံ-အနက် ? သုံးချက်ရှိသွားပြီ။

"ပစ္စယာဒီန စာရဟော-"တဲ့

သောမုနိ၊ ထိုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည်။ ပစ္စယာဒီနံ၊ လူ့,နတ်,ဗြဟ္မာ, သတ္တဝါတို့၏ လှူဘွယ်အထူးထူးနဲ့ ပူဇော်ဘွယ်အထူးထူး တို့ကို။ အရဟော၊ ခံယူခြင်းငှါ ထိုက်တော်မူ၏။ တေန၊ ထို့ကြောင့်။ အရဟံ၊ အရဟံဟူ၍။ ဝုစ္စတိ၊ ဆိုရပေတော့၏။

ပစ္စည်းလေးပါးတို့ကို ခံယူခြင်းငှါ ထိုက်တော်မူတယ်လို့ ဆိုတဲ့ ဂုဏ်ကို ရရှိ၍ ဂုဏ်းထူးသတ္တိရှိနေပြီး ဖြစ်သောကြောင့် ဘယ်သူကလှူလိုက်တဲ့ ပစ္စည်းကို

တော့ဖြင့် မခံထိုက်ဘူးရယ်လို့ မြတ်စွာဘုရားမှာ မရှိဘူး၊ လူမင်းတွေ, နတ်မင်းတွေ, ဗြဟ္မာမင်းတွေ ဝပ်စင်းကော်ရော် ပူဇော်ဘွယ်အထူးထူးကို, လျှုဒါန်းဘွယ်အထူးထူးကို ခံယူထိုက်သည်ဖြစ်သောကြောင့် မြတ်စွာဘုရားသည် အရဟံ-ဆိုတဲ့ ဂုဏ်ထူးကိုရပါတယ်။ ဘာသူ့အပူဇော်မှ မြတ်စွာဘုရား မခံထိုက်တာရယ်လို့ မရှိဘူးတဲ့၊ လူမင်း, နတ်မင်း, ဗြဟ္မာမင်းတို့ အလှူဝတ္ထု ပူဇော်မှုကိုလဲ ခံထိုက်တယ်၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်တွေရဲ့ ပူဇော်ခြင်းကိုကော ခံထိုက်တယ်၊ အဲသလို ပူဇော်အထူးတွေကို ခံယူထိုက်သည်ဖြစ်သောကြောင့် အရဟံ-ဟူသော ဘွဲ့ထူးကြီး မြတ်စွာဘုရား ရတော်မူတယ်တဲ့။

ဘယ်နှစ်ချက်ရှိသွားပြီလဲ ? လေးချက်။

**"န ရဟော ကရောတိ ပါပါနိ"**

သောမုနိ၊ ထိုမြတ်စွာဘုရားသည်။ ပါပါနိ၊ မကောင်းမှုတို့ကို။ ရဟော၊ ဆိတ်ကွယ်ရာအရပ်၌။ နကရောတိ၊ ပြုတော်မမူ။

မကောင်းမှုဟူသရွေ့တွေကို ဆိတ်ကွယ်ရာ၌ ကိုယ်အမူအရာနဲ့ သော်လည်းကောင်း၊ နှုတ်အမူအရာနဲ့သော်လည်းကောင်း၊ စိတ်အမူအရာနဲ့သော်လည်းကောင်း ပြုတော်မမူသည်ဖြစ်သောကြောင့် အရဟံ-ဆိုတဲ့ ဘွဲ့ထူးကို ရပါတယ်တဲ့၊ (ငါးချက်။)

ဒါ အရဟံ-မည်ပုံ ငါးမျိုး ပြီးရော။ ( မှန်ပါ ဘုရား )။

## သမ္မာသမ္ဗုဒ္ဓဂုဏ်တော်

သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော် သွားကြမယ်၊ ဘာလဲ **သမ္မာသမ္ဗုဒ္ဓ** - ဂုဏ်တော် ဆိုတာ?။

သမ္မာ၊ ကောင်းစွာ။ သာမဉ္စ၊ ကိုယ်တော်တိုင်။ သဗ္ဗဓမ္မာနံ ဗုဒ္ဓတ္တာ၊ သစ္စာလေးပါး အလုံးစုံသောတရားတို့ကို သိတော်မူတယ်။

အဲဒါ ဘုန်းကြီးတို့ မဇ္ဈိမပဏ္ဏာသပါဠိတော်မှာ သေလပဏ္ဏား, ဗြဟ္မာယုပဏ္ဏား-တို့နဲ့ ပြောဆိုတဲ့အခါ ဘာဖြစ်လို့ ဘုရားဆိုတဲ့ ဘွဲ့ထူး ရသလဲလို့ ဟိုကမေးတယ်။ ဆိုလိုတဲ့ အဓိပ္ပါယ်က အရှင်ဘုရားဟာ သုံးဆယ့်နှစ်ပါးသောယောကျ်ားမြတ်တို့ရဲ့ လက္ခဏာတော်နဲ့ ပြည့်စုံပြီးတော့ လူ့ဘောင်လောကမှာ နေရင် စကြာမင်းဖြစ်ထိုက်တဲ့ ပုဂ္ဂိုလ်ဆိုတာ ဝေဒကျမ်းအရ သူတို့ သိနေပါပြီတဲ့၊ ဘုရားဖြစ်တယ်ဆိုတာ ဘယ်လိုဂုဏ်ထူးတွေရှိလို့, ဘယ်တရားကို သိလို့ ဘုရားဖြစ်ပါသလဲလို့ သူတို့ ဒီလိုမေးထားတဲ့ ပုစ္ဆာရှိတယ်။ ဒီတော့ မြတ်စွာ

ဘုရားရှင်ကိုယ်တော်မြတ်က သူတို့ကို ဒီလို ပြန်ဖြေထားတာ ရှိတယ်။ မြတ်စွာဘုရား ဖြေတဲ့ဂါထာက—

အဘိညေယျံ အဘိညာတံ၊ ဘာဝေတဗ္ဗဉ္စ ဘာဝိတံ။
ပဟာတဗ္ဗံ ပဟီနံ မေ၊ တသ္မာ ဗုဒ္ဓေါသ္မိ ဗြာဟ္မဏ။

ဗြာဟ္မဏ၊ သေလပုဏ္ဏား။ အဟံ၊ ငါဘုရားသည်။ အဘိညေယျံ၊ အထူးသဖြင့် သိထိုက်သော သစ္စာလေးပါး တရားကို။ အဘိညာတံ၊ အထူးသဖြင့် သိတော်မူအပ်ပြီ။ ဘာဝေတဗ္ဗဉ္စ၊ အထူးသဖြင့် ပွါးများအပ်သော မဂ္ဂသစ္စာတရားကိုလည်း။ ဘာဝိတံ၊ အထူးသဖြင့် ပွါးများတော်မူအပ်ပြီ။ ပဟာတဗ္ဗံ၊ ပယ်သင့်ပယ်ထိုက်သော သမုဒယ သစ္စာတရားကို။ မေ၊ ငါဘုရားသည်။ ပဟီနံ၊ ပယ်အပ်ပြီ။ တသ္မာ၊ ထို့ကြောင့်။ အဟံ၊ ငါဘုရားသည်။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည်။ အသ္မိ၊ ဖြစ်တော်မူ၏။

သမ္မာသမ္ဗုဒ္ဓဂုဏ်တော်-ဆိုတာ သစ္စာလေးပါးတရားကို သိတာကို "သမ္မာသမ္ဗုဒ္ဓဂုဏ်တော်"လို့ ခေါ်တယ်။

တေဘူမကဝဋ်ဆင်းရဲကြီးကို ကြည့်လိုက်မယ်ဆိုရင် ဘယ်သူ့ကိုဘဲ ကြည့်လိုက် ကြည့်လိုက် ဒုက္ခသစ္စာလို့ မြင်တယ်၊ လူချမ်းသာတွေကို ကြည့်လဲ ဒုက္ခသစ္စာဘဲလို့ မြင်တာဘဲ၊ အပါယ်လေးဘုံသားတွေကို ကြည့်လိုက်တော့ ဘာမြင်သလဲ? ဒုက္ခသစ္စာဘဲ မြင်ပါတယ်။ လူ့ဘုံ၊နတ်ဘုံ၊ဗြဟ္မာ့ဘုံက သတ္တဝါတွေကို ကြည့်လိုက်ရင် ဘာလို့မြင်သလဲ? ဒုက္ခလို့ မြင်ပါတယ်၊ လောကလူတွေ ရိုးရိုးသားသားမြင်နေကြတာကတော့ အပါယ်လေးဘုံသားတွေဟာ ဒုက္ခသစ္စာဖြစ်နေတယ်၊ လူတွေ၊နတ်တွေ၊ဗြဟ္မာတွေကတော့ ချမ်းသာသားဘဲလို့ ဒီလိုထင်နေကြတယ်၊ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က "အဘိညေယျတရား"သိသင့်သိထိုက်တဲ့တရားတွေကို ထူးသော သဗ္ဗညုတဉာဏ်တော်ဖြင့် သိထားသည်ဖြစ်သောကြောင့် အားလုံးသော မြင်သမျှ ခန္ဓာငါးပါးရှိနေတာ ဟူသရွေ့သည် ဒုက္ခသစ္စာ တေဘူမကဝဋ်၊ ဒီဒုက္ခသစ္စာ ဘယ်သူ့ကြောင့်ရသလဲ? သူများပေးလို့ရသလားဆိုတော့ မဟုတ်ဘူးတဲ့ တဏှာဆိုတဲ့ သမုဒယသစ္စာကြောင့်ရတာ၊ အဲဒီတဏှာဆိုတဲ့ သမုဒယသစ္စာကို ပယ်သင့်တဲ့ တရားဆိုတာလဲ မြတ်စွာဘုရား ပိုင်းခြားပြီး သိတယ်။ ဒုက္ခနဲ့သမုဒယ မရှိခြင်းကြောင့် နိရောဓသစ္စာကိုလဲဘဲ မြတ်စွာဘုရား မျက်မှောက်ပြုနိုင်တော်မူတယ်၊ "ဘာဝေတဗ္ဗ"ပွါးအပ် ပွါးထိုက်တဲ့ မဂ္ဂသစ္စာတရားကိုလည်း မြတ်စွာဘုရားသည် ပွါးများတော်မူပြီးဖြစ်သောကြောင့် ဘာလို့ခေါ်သလဲ? "သမ္မာသမ္ဗုဒ္ဓဘုရား"လို့ ခေါ်တယ်တဲ့။

အဲဒီလို သစ္စာလေးပါးတရားကို သိသည်ဖြစ်သောကြောင့် သူဟာ ဘုရားတဲ့၊ အဋ္ဌကထာဆရာကြီးကလဲ အဲသလောက်ဘဲ ဒီနေရာမှာပြောတယ်၊ သူ့မှာတော့

မကျယ်ဘူး၊ ဘယ်သူ့ကျတော့ အဋ္ဌကထာဆရာကြီးက ကျယ်ကျယ်ပြောသလဲ ဆိုတော့ "ဝိဇ္ဇာစရဏ ဂုဏ်တော်" ကျတော့ တော်တော်ကလေး ကျယ်ကျယ် ပြောတယ်။

## ဝိဇ္ဇာစရဏသမ္ပန္န ဂုဏ်တော်

အခု **ဝိဇ္ဇာစရဏသမ္ပန္န**-ဂုဏ်တော်ကို ပြောကြဦးစို့ရဲ့။

> သောဘဂဝါ၊ ထိုသမ္ဗုဒ္ဓတသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ ဝိဇ္ဇာ-စရဏသမ္ပန္နော၊ အတုမဲ့သော ဉာဏ်ပညာတော် အကျင့်သီလတော်နှင့် ပြည့်စုံတော်မူပါပေ၏။

**ဝိဇ္ဇာ**လို့ ဆိုတာကဉာဏ်၊ **စရဏ**လို့ ခေါ်တာက အကျင့်၊ အဲဒီဉာဏ် ဘယ်နှစ်ပါးရှိသလဲဆိုတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေက ဝိဇ္ဇာသုံးပါးတဲ့, ဝိဇ္ဇာရှစ်ပါးတဲ့, စရဏတဆဲ့ငါးပါးလို့ ဆိုပြီး ကြားဘူးနေကြတယ်၊ ဘာလဲ ဝိဇ္ဇာသုံးပါးဆိုတာ? ဘယဘေရဝသုတ္တန်က ပုဗ္ဗေနိဝါ-သာနုဿတိဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယဉာဏ် ဆိုတဲ့ **ဒီဉာဏ်သုံးပါးကို ဝိဇ္ဇာသုံးပါး**လို့ ခေါ်တယ်။

## ဝိဇ္ဇာ ၈-ပါး

**ဝိဇ္ဇာရှစ်ပါး**ဆိုတာက ဝိပဿနာဉာဏ်, မနောမယိဒ္ဓိဉာဏ်, ဣဒ္ဓိဝိဓဉာဏ်, ဒိဗ္ဗသောတဉာဏ်, ပရစိတ္တဝိဇာနနဉာဏ် လို့ခေါ်တဲ့ စေတော ပရိယဉာဏ်, ပုဗ္ဗေနိဝါသဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယဉာဏ်၊ အဲဒီရှစ်ပါး ရှိတယ်တဲ့။

**ဝိပဿနာဉာဏ်။** ။ကိုင်း အဲဒီဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါးကို ဝိပဿနာဉာဏ်က စပြီးတော့ ဟောကြစို့—

ဒီဃနိကာယ် သာမညဖလသုတ္တန်မှာ ဝိပဿနာဉာဏ်ရတယ်ဆိုတာ ဘယ်လို ရသလဲ? ဝိပဿနာဉာဏ်ဆိုတာ ဘယ်လိုဉာဏ်မျိုးလဲလို့ဆိုတော့ ပါဠိတော်က—

> သော ဧဝံ သမာဟိတေ စိတ္တေ ပရိသုဒ္ဓေ ပရိယောဒါတေ အနင်္ဂဏေ ဝိဂတူပက္ကိလေသေ မုဒုဘူတေ ကမ္မနိယေ ဌိတေ အာနေဉ္ဇပ္ပတ္တေ ဉာဏဒဿ-နာယ စိတ္တံ အဘိနီဟရတိ အဘိနိန္နာမေတိ။

ဒီဃနိကာယ် သီလက္ခန်ပါဠိတော် သာမညဖလသုတ္တန်က ဝိပဿနာဉာဏ် ဖြစ်ပုံကို စပြီးတော့ပြောတယ်။

> သောကုလပုတ္တော၊ ထိုအမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ ဧဝံ၊ ဤသို့။ စိတ္တေ၊ စိတ်သည်။ သမာဟိတေ၊ တည်ကြည်သည်ရှိသော်။

(စိတ်ကတည်ကြည်နေပြီ၊ ဘာနဲ့ တည်ကြည်နေသလဲ ဆိုတော့ စတုတ္ထစျာန် သမာဓိနဲ့ တည်ကြည်နေတာကို ခေါ်တယ်။ စိတ်က တည်ငြိမ်နေတယ် မပျံ့လွင့်ဘူး။) ပရိသုဒ္ဓေ၊ စင်ကြယ်သည်ရှိသော်။ ပရိယောဒါတေ၊ ဖြူစင်သည်ရှိသော်။ အနင်္ဂဏေ၊ အညစ်အကြေးကင်းလတ်သော်။ ဝိဂတူပက္ကိလေသေ။ ကင်းပြီးသော အညစ်အကြေးရှိပြီးသော်။ မုဒုဘူတေ၊ စိတ်က နူးညံ့သိမ်မွေ့၍လာသည်ရှိသော် (တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်ရဲ့စိတ်ဟာ နူးညံ့ရမယ်)။ ကမ္မနိယေ၊ ဝိပဿနာဉာဏ်ဖြစ်ဘို့ရန် သင့်လျော်လျောက်ပတ်တဲ့ အခါကို ရောက်သည်ရှိသော်။ ဌိတေ၊ တည်လတ်သော်။ အာနေဉ္ဇပ္ပတ္တေ၊ နီဝရဏတွေ ကင်းနေသည်ဖြစ်သောကြောင့် မတုန်လှုပ်ခြင်းသို့ ရောက်သည်ရှိသော်။ ဉာဏဒဿနာယ၊ ဝိပဿနာဉာဏ်ကိုရခြင်းငှါ။ စိတ္တံ၊ စိတ်ကို။ အဘိနီဟရတိ၊ ရှေးရှုဆောင်၏။ အဘိနိန္နာမေတိ၊ ရှေးရှုညွတ်၏။

ဘာပြောလဲ ဒီပါဠိတော်က? ဝိပဿနာဉာဏ်ဖြစ်ဖို့ရန်အတွက် ရှေးဦးစွာ သမာဓိတည်နေပုံကို ပြောပေးတယ် ဒီအပိုဒ်တွေက။ စိတ် ဘယ်လိုဖြစ်နေသလဲ? ဝိပဿနာရှုမဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများရဲ့ စိတ်ဟာ ဘယ်လိုဖြစ်နေရမလဲ? ဝိပဿနာရှုတော့မယ်လို့ဆိုရင် စိတ်ဟာ တည်ကြည်နေရမယ်၊ ငြိမ်ပြီးတော့နေအောင် စိတ်ကိုထားရမယ်။ အဲသလို စိတ်တည်ငြိမ်တဲ့အခါ ခန္ဓာကိုယ်လဲတည်ငြိမ်နေရမယ်၊ ခန္ဓာကိုယ်လဲမလှုပ်ရှားရဘူး။ခန္ဓာကိုယ်လှုပ်ရှားနေတဲ့ပုဂ္ဂိုလ်ဟာ စိတ်မငြိမ်တော့ဘူးတဲ့။နောက်ပြီးတော့ အင်မတန်လဲ သက်သာနေရမယ်၊ အင်မတန်လဲ ချမ်းသာနေရမယ်။ ခန္ဓာကိုယ် ပင်ပန်းနွမ်းနယ်နေတဲ့ ပုဂ္ဂိုလ်ဟာ, ဆင်းရဲဒုက္ခနဲ့ တွေ့နေရတဲ့ ပုဂ္ဂိုလ်ဟာ သမာဓိမရနိုင်ဘူးတဲ့ မြတ်စွာဘုရားက၊ စိတ်ရောကိုယ်ရော အေးအေးမြမြနဲ့ ချမ်းသာနေတဲ့ ပုဂ္ဂိုလ်မှသာလျှင် သမာဓိရနိုင်တယ်တဲ့ ပါဠိတော်က။

"သုခိနော စိတ္တံ သမာဓိယတိ" သုခိနော၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာနေတဲ့ ပုဂ္ဂိုလ်သည်သာလျှင်၊ သမာဓိယတိ၊ စိတ်တည်ကြည်နိုင်၏ တဲ့။

ကိုယ်ရောစိတ်ရော သိပ်ပြီးတော့, ပူပန်ချောက်ချားပြီးတော့ ပြင်းထန်လှုပ်ရှားနေမယ်ဆိုရင် ဒီပုဂ္ဂိုလ်ဟာ သမာဓိမရနိုင်ဘူးတဲ့ ပါဠိတော်က ဒီလိုပြထားတယ်။

အဲဒီလို စိတ်ထားတည်ကြည်ပြီး နေတဲ့အခါမှာ ဒီစိတ် ဘယ်လိုဖြစ်နေသလဲ ဆိုတော့ အင်မတန် အဲဒီစိတ်ဟာ ဖြူစင်နေတယ်၊ ကိလေသာ ဝင်ခွင့်မရတော့ဘူး၊ ကာမစ္ဆန္ဒ, ဗျာပါဒ, ထိနမိဒ္ဓ, ဥဒ္ဓစ္စကုက္ကုစ္စ, ဝိစိကိစ္ဆာလို့ခေါ်တဲ့ နီဝရဏတရားက ကင်းနေပြီဖြစ်သောကြောင့် အဲဒီစိတ်သည် အညစ်အကြေးကင်းနေတဲ့စိတ်၊ အဲ့သလို အညစ်အကြေးတွေ ကင်းနေတဲ့စိတ်အစဉ်ကို ဝိပဿနာဉာဏ်ဖြစ်ဘို့ရန်

အတွက် ရှေးရှုညွှတ်ပေးလိုက်တယ်၊ အဲဒီလို ရှေးရှုညွှတ်တဲ့အခါ ဝိပဿနာဉာဏ် ပေါ်လာတယ်၊ ဝိပဿနာဉာဏ် ဘယ်လိုပေါ်လာသလဲ? ပေါ်ပုံ—

"သော ဧဝံ ပဇာနာတိ"။

သော၊ ထိုစိတ်ထားတည်ကြည်ပြီးတော့ ကမ္မနိယ=အမှု၌ ခံ့ကျန်း၍ နေသောပုဂ္ဂိုလ်သည်။ ဧဝံ ပဇာနာတိ၊ ဤသို့ သိ၍လာပေတော့၏။

ဘယ်လို သိသာသလဲ? ဝိပဿနာဉာဏ်ပေါ်လာတယ်ဆိုတာ—

"အယံ ခေါ မေ ကာယော ရူပီ စာတုမဟာဘူတိကော မာတာပေတ္တိကသမ္ဘဝေါ ဩဒနကုမ္မာသူပစယော အနိစ္စုစ္ဆာဒနပရိမဒ္ဒနဘေဒနဝိဒ္ဓံသနဓမ္မော၊ ဣဒဉ္စ ပန မေ ဝိညာဏံ၊ ဧတ္ထ သိတံ၊ ဧတ္ထ ပဋိဗဒ္ဓန္တိ" ဝိပဿနာဉာဏ် ပေါ်ပုံ။

မေ၊ ငါ၏။ ကာယော၊ ရူပကာယကြီးသည်။ ရူပီ၊ ရုပ်ရှိ၏။

ဆိုလိုတဲ့ အဓိပ္ပါယ်က ဘယ်လိုလဲ? အဋ္ဌကထာက ပြောပေးအုံးမယ်။ ဝိပဿနာဉာဏ်ပေါ်တော့မယ်ဆိုတော့ ထိုင်လိုက်ကတဲက ဘယ်လိုလုပ်ထိုင်လိုက်သလဲဆိုတော့ တရားထိုင်တယ်ဆိုတာ ရိုးရိုးထိုင်တာနဲ့ မတူဘူး၊ ဘယ်လိုကွဲပြားသလဲ? ရိုးရိုးထိုင်တာတော့ ဘုန်းကြီးတို့ပရိသတ် သိမှာဘဲ၊ စာထဲမှာတော့ မပါဘူး၊ တရားထိုင်နည်းကတော့ ဘယ်လိုလဲဆိုတော့ တရားထိုင်တယ်ဆိုတာ—

"အတ္တနော ကရဇကာယေ ဉာဏံ ဩတာရေတွာ အတ္တဘာဝံ သမ္မသန္တော နိသီဒိ"တဲ့ တရားထိုင်နည်း။

အတ္တနော၊ မိမိ၏။ ကရဇကာယေ၊ ကရဇကာယ၌။ ဉာဏံ၊ ဉာဏ်ကို။ ဩတာရေတွာ၊ သွင်း၍။ အတ္တဘာဝံ၊ ဤခန္ဓာကိုယ် အတ္တဘောကြီးကို။ သမ္မသန္တော၊ သုံးသပ်ဆင်ခြင်ပြီးတော့။ နိသီဒိ၊ ထိုင်၏။

တရားထိုင်တယ်ဆိုတာ ဘယ်လိုထိုင်တာလဲ? ဟော မေးခွန်းထုတ်ကြည့်တော့ သူတို့ မဖြေနိုင်ကြတော့ဘူး၊ အဋ္ဌကထာဆရာကြီးက ပြောပေးထားတယ်။

**ရုပ်တရား။** ။ကရဇကာယ-ထဲ မိမိရဲ့အသိဉာဏ်ကို သွင်းလိုက်ရတယ်၊ ကရဇကာယဆိုတာ ဘယ်သူ့ကိုခေါ်သလဲဆိုတော့ ဒီခန္ဓာကိုယ်လုံးကြီးကို ပြောတယ်၊ ပရိသတ်နားလည်အောင်ပြောရရင် ဘုန်းကြီးတို့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများရဲ့ ခေါင်းကခြေဆုံး တကိုယ်လုံးကြီးကို ဘာလို့ခေါ်သလဲ? ကာရဇကာယလို့ခေါ်တယ်။ အဲဒီ ကရဇကာယထဲကို မိမိရဲ့ အသိဉာဏ်ကို သွင်းထားရမယ်တဲ့၊ အသိဉာဏ် တခြားရောက်မနေစေရဘူးတဲ့၊ အဲဒီ ကရဇကာယကြီးထဲကို မိမိရဲ့အသိဉာဏ်ကို သွင်းပြီးတော့ ဒီ

အတ္တဘောကြီးတခုလုံးကို ရှေးဦးစွာ ဉာဏ်နဲ့ ရှေးရှု သုံးသပ် ဆင်ခြင်ပြီးတော့ ကြည့်လိုက်ပါတဲ့၊ ဘာတွေ့မလဲ? နှာခေါင်းကထွက်တဲ့လေ, နှာခေါင်းထဲဝင်တဲ့ လေတို့ရဲ့ လှုပ်ရှားမှုကလေးတွေကို ရှေးဦးစွာ တွေ့မလား? မတွေ့ဘူးလား?။
(တွေ့ပါတယ်ဘုရား)။

ဒီကရဇကာယကြီးထဲကို ဉာဏ်သွင်းထားရင် ထိုင်သိုင်ချင်းတော့ပြင့် အဲဒီ နှာခေါင်းထဲက ထွက်တဲ့လေ, နှာခေါင်းထဲဝင်တဲ့လေတို့ရဲ့ လှုပ်ရှားမှုကိုဘဲ ရှေးဦး စွာတွေ့မယ်၊ တော်တော်ကလေး ထိုင်လာတော့ ပူတဲ့သဘော ပေါ်မလာ ဘူးလား?။ (ပေါ်လာပါတယ်ဘုရား)။

အေးတဲ့သဘောတွေ လှုပ်တဲ့သဘောတွေ ပေါ်မလာဘူးလား?။
(ပေါ်လာပါတယ်ဘုရား)။

ရွရွ ရွရွဆိုတဲ့ သဘောတွေ, စစ်စစ် စစ်စစ်ဆိုတဲ့ သဘောတွေ, ရှိန်းရှိန်း ရှိန်းရှိန်း, ရိပ်ရိပ် ရိပ်ရိပ်, ဖျင်းဖျင်း ဖျင်းဖျင်းတွေ, တောင့်တာ တင်းတာတွေ, လေးမှု ပေါ့မှုတွေ ပေါ်မလာဘူးလား?။ (ပေါ်လာပါတယ် ဘုရား)။

အဲဒီလိုပေါ်လာတဲ့ တရားအားလုံးတွေကို ဘာလို့ ရှုရမလဲလို့ဆိုတော့—

"အယံ ခေါ မေ ကာယော ရူပီ။"

မေ၊ ငါ၏။ အယံကာယော၊ ယခုထိုင်ပြီးတော့ ကရဇကာယကို သုံး သပ်ဆင်ခြင်နေတဲ့ ဤကိုယ်သည်။ ရူပီ၊ ရုပ်တွေရှိ၍နေ၏။

ခုနပြောလိုက်တဲ့ ထွက်လေ ဝင်လေတို့, ပူတာတို့, အေးတာတို့, လှုပ်တာတို့, ယားတာတို့, ထုံတာ ကျင်တာတို့, ကိုက်တာ ခဲတာတို့ အားလုံး ဘာတွေလဲ?။
(ရုပ်တွေပါဘုရား)။

ပြောအုံးမယ် ခုဒ္ဒကနိကာယ် ဝိဘင်းပါဠိတော်က သူ့ကို ပေါင်းထားတာ—

"တဒေကဇ္ဈံ အဘိသညူဟိတွာ အဘိသင်္ခိပိတွာ အယံ ဝုစ္စတိ ရူပက္ခန္ဓော"တဲ့။

ဒီကရဇကာယ-ထဲက ပေါ်လာတာဟူသရွေ့ကို တပေါင်းတည်းပြုပြီးတော့, ချုံးချုံးပြီးတော့ သူ့ကို ရူပက္ခန္ဓာ "ရုပ်" လို့ ရှုလိုက်ပါတဲ့။ဝိပဿနာဉာဏ် ပေါ်ပုံကို ပြောမလို့နော်၊ ဝိပဿနာဉာဏ်ဆိုတာ ဝိဇ္ဇာရှစ်ပါးထဲက ပထမဆုံးဉာဏ်၊ ဝိပဿ နာရှုကွက်ကို ဝိပဿနာဉာဏ်ပေါ်ပုံ မြတ်စွာဘုရားက ဟောပေးနေတာ၊ ဒီခန္ဓာ ကိုယ် အတ္တဘောကို သုံးသပ်ဆင်ခြင်ပြီးတော့ ထိုင်လိုက်ရင် ရှေးဦးစွာ ဘာ ပေါ်လာမလဲ? ဝါယောလေဓာတ်, ရုပ်ပရမတ္ထတရားရဲ့ တွန်းကန်လှုပ်ရှားမှုတွေ ပေါ်လာတယ်။ ထွက်လေ ဝင်လေ အင်္ဂါကြီးငယ်ကို လျှောက်နေတဲ့ အင်္ဂမင်္ဂါ-

နုသာရီ-လေ စသည်တို့ ဖြစ်ပေါ်လာမယ်၊ ပူတာပေါ်လာမယ်၊ အေးတာပေါ်လာမယ်၊ ထုံတာပေါ်လာမယ်၊ လေးတာ ပေါ့တာတွေ ပေါ်လာမယ်၊ စစ်စစ် ရွရွ မွမွတွေ ပေါ်လာလိမ့်မယ်။

အဲဒီပေါ်လာတဲ့ တရားတွေကို ဘာလို့ ရှုရမလဲ?။(ရုပ်လို့ ရှုရပါမယ်ဘုရား)။

"ဣတိ ရူပံ။"

ဓမ္မာနုပဿနာသတိပဋ္ဌာန်က ပြောဲ-ရုပ်ဆိုတာ ဒါဘဲ၊ ကြည့်နော် ဘုန်းကြီးတို့ပရိသတ်၊ နဲနဲလေး ဂရုစိုက်ပြီးကြည့်စမ်း၊ အဲဒီရုပ်နဲ့ လူနဲ့ တူရဲ့လား? အဲဒီရုပ်နဲ့ သတ္တဝါနဲ့ တူရဲ့လား?။ (မတူပါဘုရား)။

အဲဒီရုပ်နဲ့ ဗဟိဒ္ဓမှာရှိတဲ့ အရာဝတ္ထု တူရဲ့လား?။ (မတူပါဘုရား)။

အရာဝတ္ထုဆိုတာ သစ်ပင်, တောတောင်, ရေမြေ, ကျောက်ခဲ, စိန်,ရွှေ, ကျောက်, မြ-အစရှိတဲ့ အပြင်ဘက်က ဥတုဇရုပ်တွေနဲ့ကော အခုရုပ်ဟာ တူရဲ့လား?။ (မတူပါဘုရား)။

ဘယ်လိုမတူတာလဲ? မတူဘူးလို့ပြောတဲ့ဥစ္စာ ဉာဏ်မှာ တွေ့နေတယ်မဟုတ်လား?။ မတူတာကို သိနေသလား, သိမနေဘူးလား?။ (သိနေပါတယ်ဘုရား)။

ဘယ်လိုမတူတာလဲ? မဖြေတတ်ရင် အဲဒီရုပ်ကို သိတယ်ဆိုတာ ဟုတ်ကဲ့လားလို့ စစ်ကြည့်တော့၊ ကျောင်းသားကလေးတယောက် စာသင်ပေးထားတယ်၊ သူ့ အသိဉာဏ်ရ မရသိချင်တော့ ဘာလုပ်ရသလဲ၊စာမေးပွဲလုပ်ပေးရတယ်၊ စစ်ကြည့်ရတယ်၊ မေးခွန်းမဖြေနိုင်ဘူးဆိုရင် သူ ဘယ်နဲ့လဲ ? ကိုင်း ဘုန်းကြီးတို့ ပရိသတ် တွေ့လား ဒီရုပ်?။

**အယံ ခေါ မေ ကာယော ရူပီ။**

မေ၊ ငါ၏။ အယံကာယော၊ ကရဇကာယလို့ခေါ်တဲ့ ဟောဒီရုပ်ကြီးသည်။ ရူပီ၊ ရုပ်ရှိ၏။

ရုပ်ရှိတယ်တဲ့ ဝိပဿနာဉာဏ် ပြောသွားတာ၊ အဲဒီရုပ်က ဘာရုပ်လဲ၊ ထွက်တဲ့လေ, ဝင်တဲ့လေ၊ ဘာတဲ့? ရုပ်၊ ထွက်လေ, ဝင်လေရဲ့ တွန်းကန်လှုပ်ရှားမှုဟာ ဘာတဲ့လဲ၊ ရုပ်။ ထွက်လေဝင်လေရဲ့ တွန်းကန်လှုပ်ရှားမှုကို ရှုရမလား? ရုပ်လို့ ရှုရမလား ?။ (ရုပ်လို့ရှုရပါမယ် ဘုရား)

အဲဒီခန္ဓာကိုယ်ကြီးထဲက ပူလာတာ ဘာလဲ ? (ရုပ်ပါ ဘုရား)။

ပူတယ်လို့ ရှုရမှာလား ? ရုပ်လို့ ရှုရမှာလား ? (ရုပ်လို့ ရှုရပါမယ်ဘုရား)။

ဒီခန္ဓာကိုယ်ထဲက အေးလာတာ ဘာလဲ ? (ရုပ်ပါ ဘုရား)။

အေးတယ်လို့ ရှုရမှာသား? ရုပ်လို့ရှုရမလား? (ရုပ်လို့ရှုရပါမယ်ဘုရား)။

ဒီကရဇကာယကြီးထဲက ဟိုနေရာ, ဒီနေရာကနေ လှုပ်လှုပ် လှုပ်လှုပ်နဲ့ ဖြစ်နေတာဟာ ဘာလဲ? (ရုပ်ပါ ဘုရား)။

လှုပ်တယ်လို့ ရှုရမလား? ရုပ်လို့ရှုရမလား? (ရုပ်လို့ရှုရပါမယ်ဘုရား)

ပေါ့လာတယ်, လေးလာတယ်, ထုံလာတယ်, ကျင်လာတယ်၊ အဲဒါ ဘာ တွေတုံး? (ရုပ်ပါ ဘုရား)။

ပေါ့တယ်, လေးတယ်, ထုံတယ်, ကျင်တယ်လို့ ရှုရမလား? ရုပ်ကို ရှုရမလား? (ရုပ်ကိုရှုရပါမယ် ဘုရား)။

ဘယ်သူကပြောသလဲ? ပါဠိတော်က— "ရုပ္ပတိ ရုပံ"။ ဓမ္မာနုပဿနာ- သတိပဋ္ဌာန်က။

ရုပ္ပတိ၊ ဖောက်ပြန်တတ်သောသဘောသည်။ ရူပံ၊ ရုပ်မည်၏။

ရုပ်ဆိုတာ ခုပြောခဲ့တဲ့သဘောကို ခေါ်တယ်၊ ဒါဖြင့် လူနဲ့, သတ္တဝါနဲ့ ရုပ်နဲ့ကော တူရဲ့လား?။ (မတူပါ ဘုရား)။

အပြင်ဘက်မှာ မြင်ရတဲ့, ဗဟိဒ္ဓမှာ ကိုယ့်မျက်လုံးနဲ့မြင်ရတဲ့ ရုပ်အမျိုးမျိုး တွေနဲ့ကော တူသလား? မတူဘူးလား? (မတူပါ ဘုရား)။

ခုပေါ်နေတဲ့ရုပ်တွေ ဘယ်သူ့ရုပ်နဲ့ တူသလဲ? ကြည့် ဘာနဲ့တူသလဲ? ဒီရုပ် ဘယ်လိုအရာဝတ္ထုမျိုးနဲ့ တူသလဲ? တူသလား, မတူဘူးလား? (မတူပါဘုရား)။

ဘယ်လို ခြားနားနေသလဲ၊ မတူရင် အဋ္ဌကထာဆရာကြီးကလဲ ဘယ်နဲ့ ပြောထားသလဲဆိုတော့—

"ယံ ပဿတိ၊ န တံ ဒိဋ္ဌံ။ ယံ ဒိဋ္ဌံ၊ န တံ ပဿတိ။"

ဝိဘင်းပါဠိတော်ကို ဖွင့်ထားတဲ့ သမ္မောဟဝိနောဒနီအဋ္ဌကထာက။

ယံ၊ အကြင်ရုပ်ကို။ ပဿတိ၊ မျက်လုံးနဲ့မြင်၏။ တံ၊ ထိုမျက်လုံးနဲ့မြင်တဲ့ ရုပ်ကို။ န ဒိဋ္ဌံ၊ ဉာဏ်နဲ့မတွေ့။

မျက်လုံးနဲ့ မြင်တဲ့ရုပ်မျိုး ဉာဏ်နဲ့စိုက်ကြည့် တွေ့ပါမလား?(မတွေ့ပါဘုရား)။

ယံ၊ အကြင်ရုပ်ကို။ ဒိဋ္ဌံ၊ ဉာဏ်နဲ့တွေ့၍ မြင်၏၊ တံ၊ ထိုဝိပဿနာဉာဏ်နဲ့ တွေ့နေတဲ့ရုပ်ကို။ နပဿတိ၊ မျက်လုံးနဲ့ကြည့်၍ မမြင်။

ကွဲသွားပလား မတူပုံ? နှာခေါင်းထဲက ထွက်တဲ့လေ, နှာခေါင်းထဲ ဝင်တဲ့လေကို ဘာလို့ခေါ်သလဲ? (ရုပ်လို့ခေါ်ပါတယ် ဘုရား)။

လေလို့ ရှုရမလား? ရုပ်လို့ ရှုရမလား? (ရုပ်လို့ ရှုရပါမယ် ဘုရား)။

အဲဒီရုပ်နဲ့ ကိုယ့်ရုပ်နဲ့ တူသလား? မတူဘူးလား? (မတူပါ ဘုရား)။

မိမိ၏ လူကောင် ကာယကြီးနဲ့ အဲဒီ ဝါယောရုပ်နဲ့ တူ-မတူ ကြည့်၊ တူရဲ့လား? (မတူပါ ဘုရား)။

ဘယ်လိုခြားနားသလဲ? ကိုယ့်ရုပ်က ပုံသဏ္ဌာန် အမျိုးမျိုးရှိတယ်၊ ဟို ဝါယောရုပ်က ပုံသဏ္ဌာန် ရှိရဲ့လား? (မရှိပါ ဘုရား)။

ပုံသဏ္ဌာန်ရှိတဲ့ရုပ်နဲ့ ပုံသဏ္ဌာန်မရှိတဲ့ရုပ် တူသလား? (မတူပါ ဘုရား)။

ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ လောကမှာ မြင်ဘူးတဲ့ရုပ်တွေကို အများကြီး မြင်ဘူးပါလိမ့်မယ်၊ မျက်လုံးကျယ်သလောက်, ဗဟုသုတများသလောက် ရုပ်တွေ အမျိုးမျိုး မြင်ဘူးလိမ့်မယ်၊ ဒီရုပ်နဲ့ ဟိုမြင်ဘူးတဲ့ရုပ်နဲ့ တူရဲ့လား?။

ဒီရုပ်မျိုးဆိုတာ ကမ္ဘာပေါင်း ကုဋေကုဋာ လွန်မြောက်ခြားသော်လဲ တခါတရံမှ တွေ့ဘို့ အင်မတန် ခက်တယ်တဲ့ မြတ်စွာဘုရားက။ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ခု မတွေ့ရဘူးလား?
(တွေ့ရပါတယ် ဘုရား)။

သာသနာတော်နဲ့ တွေ့လို့၊ ဒါ ဝိပဿနာဉာဏ်နော်၊ အဲဒီရုပ်ကို သိနေတဲ့ အသိဉာဏ်ကို ဘာဉာဏ်လို့ခေါ်သလဲ? (ဝိပဿနာဉာဏ်လို့ ခေါ်ပါတယ်ဘုရား)။

ရှေ့ တခါသွားမယ်နော်——

**စာတုမဟာဘူတိကော=ဓာတ်ကြီးလေးပါးဖြင့် ပြီးသတဲ့။**

ဒီကရဇကာယ-ဟာ ဘာနဲ့ပြီးနေသလဲ၊ ရုပ်ရှိသော ကာယသည် ပထဝီ အာပေါ တေဇော ဝါယော ဒီဓာတ်ကြီးလေးပါးနဲ့ ပြီးနေတယ်၊ ဟုတ်လား?
(မှန်ပါ ဘုရား)။

ပထဝီဓာတ်က နှစ်ဆယ်ရှိတယ်၊ အာပေါဓာတ်က တဆဲ့နှစ်ပါးရှိတယ်၊ တေဇောဓာတ်က လေးပါးရှိတယ်၊ ဝါယောဓာတ်က ခြောက်ပါးရှိတယ်။ တခြားဘာရှိသေးသလဲ ပြောပြပါဦးတဲ့၊ ဒီကရဇကာယထဲမှာ အဲဒီလေးမျိုးသော တရားမှတပါး တခြား ဘာရှိသေးသလဲ? (မရှိပါ ဘုရား)။

ဝိပဿနာဉာဏ် ပေါ်လာတဲ့အခါကျတော့ ပထဝီဓာတ်ရယ်, အာပေါဓာတ်ရယ်, တေဇောဓာတ်ရယ်, ဝါယောဓာတ်ရယ်လို့ ကွဲကွဲပြားပြား ပေါ်လာလိမ့်မယ်။ ပေါ်တဲ့အခါ—

"ဠတိ ရူပံ"

ဠတိ၊ အဲဒီ ပထဝီ, အာပေါ, တေဇော, ဝါယော-လို့ဆိုတဲ့ ပူတဲ့အေးတဲ့ သဘော တေဇော၊ လှုပ်ရှားတဲ့သဘော ထောက်ကန်တဲ့သဘော ဝါယော၊

တောင့်တဲ့သဘော တင်းတဲ့သဘော လျော့တဲ့သဘော ပထဝီ၊ ယိုစီးဖွဲ့စည်းတဲ့သဘော အာပေါလို့ခေါ်တဲ့ သဘောတရားတွေသည်။ ရူပံ၊ ရုပ်မည်၏-လို့ ရှု။

ဒါဖြင့် အဲဒီရုပ်တွေ ဘယ်လိုပေါ်လာသလဲ? ကရဇကာယ ဖြစ်ပုံကတော့ဖြင့် မာတာပေတ္တိကသမ္ဘဝေါ=အမိအဖ နှစ်ပါးတို့၏ ဥတုတည်းဟူသော သွေးဖြင့် ပြီးတယ်တဲ့၊ ဒီရုပ် အထင်မကြီးနဲ့တဲ့၊ အမိအဖ နှစ်ပါးတို့၏ ဥတုတည်းဟူသော သွေးတုံး တွေးခဲကြီးပါတဲ့ ဟောဒီရုပ်၊ ဟုတ်ပလား?။ (မှန်ပါဘုရား)။

ဩဒနကုမ္မာသူပစယော=နေ့စဉ်နေ့တိုင်း ကျွေးကျွေးပြီးတော့ ပေးနေရတဲ့ ထမင်း မုယောမုံ့တို့ကြောင့်သာလျှင် ဒီခန္ဓာကိုယ်ရုပ်ကြီးဟာ ကြီးပွါးလာတာပါတဲ့၊ ဝိပဿနာဉာဏ်ဖြစ်ပုံကို ပြောပေးနေတာနော်။

အဲသလောက် စောင့်ရှောက်ပြီးတော့ ပြုစုလာရတဲ့ရုပ်ကြီး ပြန်ကြည့်လိုက်တော့ ဘာဖြစ်သလဲဆိုတော့ မြတ်စွာဘုရားက ရုပ်ရဲ့အဖြစ်ကိုပြတာနော်။
(မှန်ပါဘုရား)။

ဒါ ရုပ်ဖြစ်ပုံကိုပြတာ။

စာတုမဟာဘူတိကော, မာတာပေတ္တိကသမ္ဘဝေါ, ဩဒနကုမ္မာသူပစယော ဒီသုံးပိုဒ်ဟာ ဘာပြသလဲ? ရုပ်ရဲ့ဖြစ်ပုံကိုပြတာ၊ ရှေ့ကျတော့ ဘာပြောသလဲ?။

**"အနိစ္စုစ္ဆာဒန ပရိမဒ္ဒန ဘေဒန ဝိဒ္ဓံသနဓမ္မော"**

အနိစ္စ၊ အဲဒီရုပ်တရားကြီးသည် အနိစ္စ=ကုန်ခြင်း ပျောက်ခြင်းသဘော။ ဥစ္ဆာဒန၊ မကောင်းတဲ့ အနံ့တွေကို ဖုံးလွှမ်းဘို့ရန်အတွက် နံ့သာမှုန့်တို့ဖြင့် လိမ်းကျံပေးရခြင်းသဘော, မတင့်တယ်တာကို ဖုံးလွှမ်းထားဘို့အတွက် အဝတ်တန်းဆာတို့ဖြင့် ဖုံးလွှမ်းပေးရတဲ့သဘော။ ပရိမဒ္ဒန၊ ညောင်းညာကိုက်ခဲခြင်းကြောင့် နှိပ်နယ်ပေးရတဲ့သဘော၊ အဲသလောက် ပြုပြင်ပေးရပေတဲ့ ဘေဒန = ပျက်စီးခြင်း, ဝိဒ္ဓံသန = ပျိုကွဲပျက်စီးခြင်း သဘောရှိသော ရုပ်။

အဲဒါက အပျက်ပြတယ်၊ ဒီဥစ္စာက ဟုတ်လား?။ (မှန်ပါဘုရား)။

အခုပြခဲ့တဲ့ အပိုင်းတွေက ရုပ်တရားတွေရဲ့ အပျက်သဘောကို ပြတယ်၊ "အနိစ္စ" ကုန်ပျောက်သွားတယ်၊ ဘယ်လိုဘဲ နှိပ်နယ်ပေးပေး, ဘယ်လိုဘဲ ဆီမွှေးနံ့သာနဲ့ လိမ်းကျံပေးပေး, ဘယ်လိုဘဲ အဝတ်တွေနဲ့ ဖုံးလွှမ်းပေးပေး, ဘယ်လောက်ပဲ အစားအစာကို ကျွေးပေတဲ့ အနိစ္စ, ဘေဒန, ဝိဒ္ဓံသန-သဘော ရှိတယ်တဲ့ ဒီရုပ်၊ ဟုတ်သလား မဟုတ်ဘူးလား?။ (ဟုတ်ပါတယ်ဘုရား)။

အဲဒီအသိဉာဏ်ကို ဘာလို့ခေါ်သလဲ? ဝိပဿနာဉာဏ်လို့ ခေါ်ပါတယ်၊ ဒါ ကြောင့် ဒီဉာဏ်ရအောင် ရှု ဘုန်းကြီးတို့ပရိသတ်၊ နှာခေါင်းထဲကထွက်တဲ့လေ, နှာခေါင်းထဲဝင်တဲ့လေ ဘယ်ရောက်သွားသလဲ?။ (ပျောက်သွားပါတယ်ဘုရား)။

ပျောက်သွားတဲ့သဘောကို ဘာလို့ခေါ်သလဲ? "ခယဋ္ဌေန အနိစ္စံ" ကုန် တယ် ပျောက်တယ်ဆိုသောကြောင့် သူ့ကို ဘာလို့ခေါ်ရမလဲ? နိစ္စလား? အနိစ္စလား?။ (အနိစ္စပါဘုရား)။

အနိစ္စဆိုတာ ဘယ်သူ့ကို ခေါ်သလဲ? "အနိစ္စန္တိ ခန္ဓပဉ္စကံ" အနိစ္စဆိုတာ ရူပက္ခန္ဓာကိုခေါ်တယ်၊ ခုနပြောခဲ့တဲ့ရုပ်နဲ့ လူနဲ့ မတူဘူးဆိုတဲ့ ရုပ်, အရာဝတ္ထုနဲ့ မတူဘူးဆိုတဲ့ ရုပ်, ကမ္ဘာကုဋေကုဋာ လွန်မြောက်ငြားသော်လဲဘဲ တခါတရံမှ တွေ့ရခဲတယ်ဆိုတဲ့ ရုပ်, အဲဒီရုပ်ကို ဘာလို့ ခေါ်သလဲ?။
(အနိစ္စလို့ခေါ်ပါတယ်ဘုရား)။

ဘာပြုလို့ ဒီရုပ်ကို အနိစ္စလို့ ခေါ်သလဲ? ကုန်ပျောက်သွားတဲ့သဘော ရှိလို့နော်။ (မှန်ပါဘုရား)။

ဒီတော့ ကုန်ပျောက်သွားတဲ့သဘောက အနိစ္စလား? ရုပ်က အနိစ္စလား?။
(ရုပ်က အနိစ္စပါဘုရား)။

ကုန်ပျောက်သွားတဲ့သဘောက ဘာတဲ့လဲ? လက္ခဏာ၊ ရုပ်က အနိစ္စ၊ ဒီတော့ လက္ခဏာကိုရှုရမလား? ရုပ်ကိုရှုရမလား?။ (ရုပ်ကိုရှုရပါမယ်ဘုရား)။

အနိစ္စကိုရှုချင်ရင် လက္ခဏာကိုရှုရမလား? ရုပ်ကိုရှုရမလား?။
(ရုပ်ကိုရှုရပါမယ်ဘုရား)။

ဟောဒါ ဝိပဿနာရှုကွက်နော်။ (မှန်ပါဘုရား)။

ဒီတော့ လက္ခဏာကိုချည်းဘဲ သွားသွားပြီးတော့ ရှုမနေနဲ့၊ လက္ခဏာကို ရှုနေရင် ပညတ်ထဲရောက်သွားမယ်၊ ဟုတ်လား?။ (မှန်ပါ)။

ဒီတော့ ရုပ်ကို အနိစ္စလို့ရှုချင်ရင်, အနိစ္စကို မြင်အောင်ရှုချင်ရင် ဘယ်သူ့ကို ရှုရမလဲ?။ (ရုပ်ကိုရှုရပါမယ်ဘုရား)။

"အယံ ခေါ မေ ကာယော ရူပီ"လို့ ပါဠိတော်က လာတယ်၊ ရုပ်နော်။
(မှန်ပါဘုရား)။

အဲဒါ ဝိပဿနာဉာဏ်ဘဲ၊ ဒါဖြင့် ဝိညာဏ်က ဘယ်မှာလဲလို့ဆိုတော့—

"ဠာဒဉ္စ ပန မေ ဝိညာဏံ၊ ဧတ္ထ သိတံ ဧတ္ထ ပဋိဗဒ္ဓံ"ဟော ဝိညာဏ်။ ဝိညာဏ်ပြဿနာပေါ်လာပြီ ဝိညာဏ်ဆိုတာ။ ဒီခန္ဓာကိုယ်ကြီးထဲမှာ ရှိနေတာ မဟုတ်ဘူးတဲ့၊ မှီပြီးတော့နေတဲ့ တရားပါတဲ့ ဝိညာဏ်ဆိုတာ။

မေ၊ ငါ၏။ ဣဒဥ္စ ပန ဝိညာဏံ၊ ဤ ရုပ်လို့သိနေတဲ့ အသိဝိညာဏ်သည်။ ဧတ္ထ၊ ဤစာတုမဟာဘူတိကလို့ဆိုတဲ့ ရုပ်ကြီး၌၊ သိတံ နိဿိတံ၊ မှီ၍နေ၏။ ဝိညာဏ်က ဘယ်မှာနေသလဲ၊ မှီပြီးတော့နေတယ်။ ဧတ္ထ ပဋိဗဒ္ဓံ၊ အဲဒီရုပ်တရားကြီးနဲ့ စပ်ပြီးတော့နေတယ်။

ဟုတ်လား? သူဟာ တစ်ုံတခုသောရုပ်တရားကဲ့သို့ အထည်ကိုယ်ဒြဗ်နဲ့ အပြင်ဘက်မှာသူကို ခုတ်ခွဲကြည့်လို့ဖြစ်တဲ့ တရားမျိုးမဟုတ်ဘူးတဲ့၊ သိကာမျှမတ္တလေးရှိတယ်၊ အဲဒီ သိကာမျှမတ္တဖြစ်တဲ့ ဝိညာဏ်ဟာ ဘယ်မှာနေသလဲဆိုတော့ ခန္ဓာကိုယ်ကိုမှီပြီးတော့, ဒီခန္ဓာကိုယ်နဲ့ စပ်ပြီးတော့ နေပါတယ်လို့ ပါဠိတော်က ဒီလိုပြောထားတယ်၊ အဲဒီလိုမှီတဲ့ ဝိညာဏ်နဲ့ရုပ်ကို ဒီလိုသိတဲ့အသိဉာဏ်ကို ဘာဉာဏ်လို့ ခေါ်သလဲ?　　(ဝိပဿနာဉာဏ်လို့ ခေါ်ပါတယ် ဘုရား။)

ပြီးသွားပြီ ဝိပဿနာဉာဏ်၊ ဝိဇ္ဇာရှစ်ပါးထဲက တပါး ပြီးသွားပြီ။

**မနောမယိဒ္ဓိဉာဏ်။**　။ဝိပဿနာဉာဏ်ပြီးတော့ ဘာဉာဏ်လဲ? မနောမယိဒ္ဓိဉာဏ်၊ အဲသလိုဘဲ စိတ်ကတည်ကြည်ပြီးတော့ သမာဓိအင်မတန်အားကောင်းနေတဲ့အခါမှာ စိတ်ကို ဘယ့်နှယ်ညွှတ်ပေးသလဲ ဆိုတော့, မနောမယိဒ္ဓိဉာဏ်ဆိုတာ ဘာကိုခေါ်သလဲဆိုတော့ ပုံသဏ္ဌာန်တွေကို ကိုယ့်ရုပ်နဲ့တူအောင် ရုပ်တွေအများကြီး ဖန်ဆင်းနိုင်တာကို မနောမယိဒ္ဓိဉာဏ်လို့ ခေါ်တယ်၊ မနောမယ အဘိညာဏ်စိတ်ဖြင့်ပြီးတဲ့ ရုပ်၊ ဟုတ်လား? (မှန်ပါဘုရား)

အဲဒါ ဘယ့်နှယ် သူဖန်ဆင်းသလဲဆိုတော့—

> သော ဣမမှာ ကာယာ အညံ ကာယံ အဘိနိမ္မိနာတိ ရူပိံ မနော-
> မယံ သဗ္ဗင်္ဂပစ္စင်္ဂိံ အဟီနိန္ဒြိယံ—တဲ့။

ပါဠိတော်က —သော၊ ထိုသမာဓိတည်၍နေသော (စတုတ္ထဈာန်သမာဓိရောက်ပြီးမှ နော်)။ ကုလပုတ္တော၊ အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ ဣမမှာကာယာ၊ ဤခန္ဓာကိုယ်တခုမှ။ အညံ၊ တပါးသော။ ရူပိံ၊ ရုပ်ရှိသော။ သဗ္ဗင်္ဂပစ္စင်္ဂိံ၊ အလုံးစုံသော အင်္ဂါကြီးငယ်နှင့် ပြည့်စုံသော။ အဟီနိန္ဒြိယံ၊ မယုတ်လျော့သော ဣန္ဒြေရှိသော။ မနောမယံ၊ အဘိညာဉ်စိတ်ဖြင့်ပြီးသော။ ကာယံ၊ ခန္ဓာကိုယ်တခုကို။ အဘိနိမ္မိနာတိ၊ ဖန်ဆင်းလေတော့၏။

မနောမယိဒ္ဓိဉာဏ်လို့ဆိုတာဟာ စိတ်အလိုဖြင့် မိမိရုပ်နဲ့တူအောင် ရုပ်တခုဖန်ဆင်းတာကို မနောမယိဒ္ဓိအဘိညာဉ်လို့ ခေါ်တယ်၊ မနောမယိဒ္ဓိဉာဏ်လို့လဲ ခေါ်တယ်။ အဲဒီ ဖန်ဆင်းထားတဲ့ရုပ်ဟာလဲဘဲ ဘုန်းကြီးတို့ မြတ်စွာဘုရားကိုယ်တော်မြတ် တရားဟောတဲ့အခါကျတော့ နိမ္မိတရုပ်ဖန်ဆင်းတယ်ဆိုတာ ဘုရားနဲ့

အတူတူဘဲ၊ အင်္ဂါကြီးငယ်တွေလဲ အကုန်လုံး ပြည့်စုံအောင် ပါတယ်၊ ဣန္ဒြေလဲ မယုတ်လျော့ဘူး၊ မြတ်စွာဘုရားမှာ သုံးဆဲ့နှစ်ပါးသော လက္ခဏာတော်များပါ တယ်ဆိုရင် အဲဒီအတိုင်းဘဲ ဖန်ဆင်းထားတဲ့ရုပ်မှာလဲ သုံးဆဲ့နှစ်ပါးသော ယောကျ်ားမြတ်တို့ရဲ့ လက္ခဏာတွေ ပါတယ်၊ ပြည့်စုံတယ်၊ မိမိပကတိရုပ်က အသွားဖြူတယ်ဆိုရင် ဖန်ဆင်းထားတဲ့ ရုပ်ဟာလဲ အသွားဖြူတာဘဲ၊ အသွားမဲ ရင် မဲတာဘဲ၊ အတူတူဘဲ အကုန်။ အဲသလို ရုပ်အမျိုးမျိုး မိမိရုပ်နဲ့တူအောင် ဖန်ဆင်းနိုင်တဲ့ဉာဏ်ကို မနောမယိဒ္ဓိအဘိညာဉ်လို့ ခေါ်တယ်၊ အဲဒါလဲ ဉာဏ် တမျိုးဘဲ၊ နှစ်မျိုးရှိပြီနော်။ (မှန်ပါဘုရား)။

ဝိဇ္ဇာဘယ်နှယ်မျိုး ပြီးသွားပလဲ? (နှစ်မျိုးပါဘုရား။)

**ဣဒ္ဓိဝိဓအဘိညာဉ်။** ။ဣဒ္ဓိဝိဓဉာဏ် အဘိညာဉ်၊ အဲဒီ ဣဒ္ဓိဝိဓ အဘိညာဉ် ဆိုတာ ဘာတွေကို ခေါ်သလဲဆိုတော့ အထူးထူးသော တန်ခိုးတွေ အမျိုးမျိုး ဖန်ဆင်းနိုင်တာကို ဣဒ္ဓိဝိဓအဘိညာဉ်လို့ ခေါ်တယ်၊ ဒီ ဣဒ္ဓိဝိဓအဘိညာဉ်က ဘာတွေကို လုပ်ပြနိုင်သလဲဆိုတော့—

> ဧကောပိ ဟုတွာ ဗဟုဓာ ဟောတိ၊ ဗဟုဓာပိ ဟုတွာ ဧကော ဟောတိ၊ အာဝိဘာဝံ တိရောဘာဝံ တိရောကုဋ္ဋံ တိရောပါကာရံ တိရောပဗ္ဗတံ အသဇ္ဇမာနော ဂစ္ဆတိ သေယျထာပိ အာကာသေ၊ ပထဝိယာပိ ဥမ္မုဇ္ဇနိမုဇ္ဇံ ကရောတိ သေယျထာပိ ဥဒကေ၊ ဥဒကေပိ အဘိဇ္ဇမာနေ ဂစ္ဆတိ သေယျထာပိ ပထဝိယာ၊ အာကာသေပိ ပလ္လင်္ကေန ကမတိ သေယျထာပိ ပက္ခီ သကုဏော။ ဣမေပိ စန္ဒိမသူရိယေ ဧဝံမဟိဒ္ဓိကေ ဧဝံမဟာနုဘာဝေ ပါဏိနာ ပရာမသတိ ပရိမဇ္ဇတိ၊ ယာဝ ဗြဟ္မလောကာပိ ကာယေန ဝသံ ဝတ္တေတိ။

ဒါ ဣဒ္ဓိဝိဓအဘိညာဉ်ကိုပြောတာ၊ တယောက်ထဲကနေပြီးတော့ အများကြီး ဖြစ်နိုင်တယ်၊ အများကြီးကို တယောက်ထဲဖြစ်အောင် လုပ်နိုင်တယ်၊ သူ့ ဣဒ္ဓိဝိဓ အဘိညာဉ်က ဘယ်လောက်ထူးတဲ့ ဉာဏ်တွေလဲလို့ ကြည့်၊ ပညာ ပညာ။ ဝိဇ္ဇာနှစ်ပါးထဲက ဣဒ္ဓိဝိဓဉာဏ်၊ ဝိဇ္ဇာ ဝိဇ္ဇာလို့ဆိုတာ ဘယ်လောက်ထူးတဲ့ဉာဏ် ဆိုတာ ကြည့်၊ ဒီကနေ့ သိပ္ပံပညာတွေ ထွန်းကားပြီး လ-သို့ရောက်အောင် ဘယ်လောက်ဘဲ သွားနိုင်တယ်ဆိုပေမဲ့ ဒီ လူတယောက်ထဲကနေ အများကြီး ဖြစ်အောင် လုပ်နိုင်ပါ့မလား?။ (မလုပ်နိုင်ပါ ဘုရား)

အများကြီးကို တယောက်ထဲဖြစ်အောင် လုပ်နိုင်ပါ့မလား?။
(မလုပ်နိုင်ပါ ဘုရား)

ဒီလိုသာ သိပ္ပံပညာက လုပ်နိုင်မယ်ဆိုရင်ဖြင့် ခက်ကုန်လိမ့်မယ်၊ ဣဒ္ဓိဝိဓ အဘိညာဉ်သမားက လုပ်နိုင်တယ်၊ တယောက်ထဲကနေ အများကြီး, အများကြီးကနေ တယောက်ထဲ။

အာဝိဘာဝံ တိရောဘာဝံ တိရောကုဋ္ဋံ တိရောပါကာရံ တိရောပဗ္ဗတံ အသဇ္ဇမာနော ဂစ္ဆတိ။

ဟော မျက်မှောက်မှာရင်း, မျက်ကွယ်မှာရင်း, တိုက်နံရံ ကာရံထားတဲ့ အရပ်ကိုရင်း, တံတိုင်းကြီး ကာထားတဲ့အရပ်ကိုရင်း, တောင်ကြီး ကွယ်နေတဲ့ အရပ်မှာရင်း အဲဒီအထဲ ထွင်းဖောက်ပြီးတော့ သူက သွားနိုင်တယ်၊ ဟင်းလင်း အပြင်ကြီးကဲ့သို့ သူက ထွင်းဖောက်ပြီးတော့ သွားနိုင်တယ် ဣဒ္ဓိဝိဓအဘိညာဉ် ဆိုတာ၊ ပြီးတော့ ဘာလုပ်နိုင်သေးသလဲ?။

ပထဝိယာပိ ဥမ္မုဇ္ဇနိမုဇ္ဇံ ကရောတိ သေယျထာပိ ဥဒကေ။

ပထဝိယာပိ၊ မြေထဲ၌လည်း။ ဥဒကေ သေယျထာပိ၊ ရေထဲမှာကဲ့သို့။ ဥမ္မုဇ္ဇနိမုဇ္ဇံ၊ ပေါ်ခြင်း ငုတ်ခြင်းကို။ ကရောတိ၊ ပြုလုပ်နိုင်၏။

ဟောဒီမြေထဲမှာ သူက ရေထဲငုတ်သလို ငုတ်နိုင် ပေါ်နိုင်တယ်၊ ရေထဲမှာလဲ သူက မြေပေါ်မှာသွားသလို သွားနိုင်တယ်၊ ကောင်းကင်မှာ ငှက်တွေပျံနေဘိ သလိုလဲဘဲ သူက ကောင်းကင်ကိုပျံနိုင်တယ် တဲ့၊ အင်မတန် တန်ခိုးကြီးလှပါ တယ်ဆိုတဲ့ အရောင်အဝါနဲ့ ပြည့်စုံတဲ့ ဟောဒီ လ-တွေ, နေ-တွေကိုလဲ သူ့ လက်နဲ့ သွားပြီးတော့ ကိုင်နိုင်ပါတယ်, သုံးသပ်နိုင်တယ် တဲ့၊ ဘယ်လောက် ထူးတဲ့ အဘိညာဉ်လဲ ဆိုတာ ကြည့်။

ဣမေပိ စန္ဒိမသူရိယေ ဧဝံမဟိဒ္ဓိကေ ဧဝံမဟာနုဘာဝေ။

ဧဝံမဟိဒ္ဓိကေ၊ ဤသို့ အရောင်တန်ခိုး ရှိကုန်သော။ ဧဝံမဟာနုဘာဝေ၊ ဤသို့ မဟာအာနုဘော်ရှိကုန်သော။ ဣမေပိ စန္ဒိမသူရိယေ၊ ဤလ,နေ-တို့ ကိုလည်း။ ပါဏိနာ၊ လက်ဖြင့်။ ပရာမသတိ၊ သုံးသပ်ကိုင်တွယ်နိုင်၏။

ယာဝ ဗြဟ္မလောကာပိ ကာယေန ဝသံ ဝတ္တေတိ။

ဗြာဟ္မာ့ပြည်ရောက်အောင် ဒီခန္ဓာကိုယ်နဲ့ သူ သွားနိုင်တယ်၊ ဒါ ဣဒ္ဓိဝိဓ အဘိညာဉ်။ဘယ်နှစ်ပါး ရသွားပလဲ? သုံးပါး၊ ဝိဇ္ဇာရှစ်ပါးထဲက ခု ဘယ်နှစ်ပါး ကုန်သွားပလဲ?။ (သုံးပါးပါ ဘုရား)

ပြီးတော့ ဘာပြောလဲ ဒိဗ္ဗသောတ အဘိညာဉ် တဲ့၊ အဲဒါကိုတော့ အကျယ် မချဲ့ပါနဲ့တော့။

**ဒိဗ္ဗသောတအဘိညာဉ်။** ။ဒိဗ္ဗသောတအဘိညာဉ်ဆိုတာ လူပြောတဲ့ အသံကို လဲဘဲ အဝေးကနေ ကြားနိုင်တယ်၊ နတ်တွေ ပြောတဲ့ စကားသံကိုလဲ သူကြားနိုင်တယ်၊ ဟုတ်လား? (မှန်ပါ ဘုရား)

"ယေ ဒူရေ သန္တိကေ စ ဥဘော သဒ္ဒေ သုဏန္တိ" နှစ်မျိုးသောအသံတွေကို ကြားနိုင်တယ်၊ ဒိဗ္ဗသောတအဘိညာဉ်လို့ဆိုတာ ဒိဗ္ဗဝိဟာရကို မှီပြီးတော့ ဖြစ်ပေါ်တဲ့ စျာန်သမာပတ်ကြောင့် ဖြစ်ရတဲ့ နားကို "ဒိဗ္ဗသောတနား"လို့ ခေါ်တယ်၊ ဒါ ဒိဗ္ဗသောတအဘိညာဉ်၊ ဘယ်နှစ်ခုရှိသွားပလဲ? လေးပါး။ ဝိပဿနာဉာဏ်, မနောမယိဒ္ဓိဉာဏ်, ဣဒ္ဓိဝိဓဉာဏ်, ဒိဗ္ဗသောတဉာဏ်။

**စေတောပရိယဉာဏ်။** ။စေတောပရိယဉာဏ်ဆိုတာ ပရစိတ္တဝိဇာနနဉာဏ်ကို ခေါ်တယ်၊ သူကတော့ "ပရသတ္တာနံ ပရပုဂ္ဂလာနံ စေတသာ စေတော ပရိစ္စ ပဇာနာ"တိ သူတပါးတို့ရဲ့ စိတ်အကြံကို သူက သိနိုင်တယ်။

> ပရသတ္တာနံ ပရပုဂ္ဂလာနံ၊ တပါးသော ပုဂ္ဂိုလ် သတ္တဝါတို့၏။ စေတော၊ စိတ်ကို။ စေတသာ၊ မိမိစိတ်ဖြင့်။ ပရိစ္စ၊ ပိုင်းခြား၍။ ပဇာနာတိ၊ သိ၏။

ဘယ်လိုစိတ်တွေကို သိသလဲ?

> သရာဂစိတ္တံ ဝါ သရာဂစိတ္တန္တိ ပဇာနာတိ။ပ။ ဝိမုတ္တံ ဝါ စိတ္တံ ဝိမုတ္တံ စိတ္တန္တိ ပဇာနာတိ။

ရာဂစိတ်ဖြစ်နေရင် သူ့မှာ ရာဂစိတ်ဖြစ်နေတာကို သိတယ်၊ ဒေါသစိတ် ဖြစ်နေတယ်ဆိုရင် ဒေါသစိတ်ဖြစ်နေတယ်လို့ သိတယ်၊ ရာဂကင်းတဲ့စိတ်ဆိုရင် ရာဂကင်းတဲ့စိတ်လို့ သိတယ်၊ ကိလေသာက စိတ် လွတ်နေပြီဆိုရင် လွတ်နေတဲ့ စိတ်ကို သိတယ် တဲ့ တပါးသူရဲ့စိတ်ကို။ ဒါ ပရစိတ္တဝိဇာနနအဘိညာဉ် နော်။ (မှန်ပါ)

ဘယ်နှစ်ပါး ရှိသွားပလဲ? (ငါးပါးပါ ဘုရား)။

**ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်။** ။ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ကတော့ ဖြင့် ရှေးဘဝက နေဘူးတဲ့ ခန္ဓာအစဉ် တွေကို အမည် အမျိုးအနွယ်နှင့်တကွ သိနိုင်တဲ့အဘိညာဉ်ဘဲ၊ အဲဒါ ပုဗ္ဗေနိဝါ-သာနုဿတိ အဘိညာဉ်လို့ ခေါ်တယ်။

**ဒိဗ္ဗစက္ခု အဘိညာဉ်။** ။ဒိဗ္ဗစက္ခု အဘိညာဉ်ဆိုတာကတော့ ဘာကိုခေါ် သလဲ? သေတဲ့ သတ္တဝါတွေလဲ သိတယ်၊ ပဋိသန္ဓေနေတဲ့ သတ္တဝါတွေလဲ သိတယ်၊ ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့်—

ဟိနေ ပဏ္ဍိတေ သုဝဏ္ဏေ ဒုဗ္ဗဏ္ဏေ သုဂတေ ဒုဂ္ဂတေ ယထာ-ကမ္မူပဂေ သတ္တေ ပဇာနာတိ။

ကုသိုလ်ကံ အကုသိုလ်ကံအားလျော်စွာ အပါယ်လေးပါးသွားမဲ့ သတ္တဝါတွေကို သိတယ်၊ သေသွားရင် နတ်ပြည်ရောက်သွားတဲ့ သတ္တဝါတွေကိုလဲ သိတယ်၊ အဲဒါကတော့ဖြင့် ဒိဗ္ဗစက္ခုအဘိညာဉ်၊ ယထာကမ္မူပဂဉာဏ်လို့လဲ ခေါ်တယ်။ အချို့သတ္တဝါတွေ ကာယဒုစရိုက်နဲ့ ပြည့်စုံတယ်၊ ဒီပုဂ္ဂိုလ်တွေ သေသွားရင် အပါယ်လေးပါးရောက်မယ်ဆိုတာ သိတယ်၊ တချို့ပုဂ္ဂိုလ်တွေ သုစရိုက်နဲ့ ပြည့်စုံတယ်၊ အဲဒီပုဂ္ဂိုလ်တွေသေရင် နတ်ပြည်ရောက်သွားတယ် ဆိုတာလဲ သူက သိတယ်၊ ဒါကို ဒိဗ္ဗစက္ခုအဘိညာဉ်လို့ ခေါ်တယ်၊ ဘယ်နှစ်ပါး ရှိသွားပြီလဲ? ခုနစ်ပါး။

**အာသဝက္ခယဉာဏ်။** ။နောက်ပိတ်ဆုံးကျတော့ အာသဝက္ခယဉာဏ်ဆိုတာက ဘာလဲ? ဝိပဿနာဉာဏ်ကနေ တက်လာပြီးတော့ စိတ်ထားတည်ကြည် ငြိမ်သက်ပြီးတော့နေတဲ့အခါမှာ အာသဝက္ခယဉာဏ်ရတော့ မယ်လို့ဆိုတော့ ဘယ်လို ဖြစ်လာသလဲ?

“အာသဝက္ခယဉာဏာယ စိတ္တံ အဘိနိန္နာမေသိ”။

အာသဝေါတရားတွေ ကုန်ဘို့ရာအတွက် စိတ်ကိုညွတ်၍ ပေးလိုက်တော့၏။ ဘယ်လိုညွတ်ပေးလိုက်သလဲ? ခုနကတုန်းက သူရှုလာခဲ့တဲ့(ဝိပဿနာရှုလာခဲ့တဲ့) “အယံ ခေါ မေ ကာယော ရူပီ စာတုမဟာဘူတိကော”လို့ ဆိုတဲ့ ဒီရုပ်တရား ကို ဘယ့်နှယ် ရှုပေးနေသလဲဆိုတော့ “ဣဒံ ဒုက္ခန္တိ ယထာဘူတံ ပဇာနာတိ” တေဘူမကသင်္ခါရတရားတွေ ဟူသမျှ ဒုက္ခသစ္စာလို့ သူက ဒီလိုသိတယ်။

အယံ ဒုက္ခသမုဒယောတိ ယထာဘူတံ ပဇာနာတိ။

အယံ၊ ဤတဏှာသည်။ ဒုက္ခသမုဒယော၊ ဒုက္ခဖြစ်ကြောင်း တရားတည်း။ ဣတိ၊ ဤသို့။ ယထာဘူတံ၊ ဟုတ်မှန်သောအတိုင်း။ ပဇာနာတိ၊ သိ၏။ တဏှာကို ဒုက္ခသမုဒယလို့ သိတယ်။

အယံ ဒုက္ခနိရောဓောတိ ယထာဘူတံ ပဇာနာတိ။

အကြောင်းတရားနဲ့ အကျိုးတရားတို့၏ မရှိခြင်း တည်းဟူသော တရားကို နိရောဓသစ္စာလို့ ဒီလို သိတယ်။

အယံ ဒုက္ခနိရောဓဂါမိနီပဋိပဒါတိ ယထာဘူတံ ပဇာနာတိ။

မဂ္ဂင်ရှစ်ပါး အကျင့်တရားကို သံသရာ ဝဋ်ဆင်းရဲမှလွတ်ကြောင်း ကျင့်ဝတ် ပဋိပတ် အကျင့်မြတ်ဟူ၍ သိ၏။

ဣမေ အာသဝါတိ ယထာဘူတံ ပဇာနာတိ။

ဩြော်–ဒီတရားက အာသဝတရား၊ အာသဝတရားဆိုတာ လောဘ, ဒိဋ္ဌိ, မောဟ၊ အဲဒီရုပ်တရားပေါ်မှာ နှစ်သက်နေတဲ့ လောဘ၊ ဒီရုပ်တရားကို ငါလို့ စွဲထားခြင်းသည် ဒိဋ္ဌိ၊ အဲဒီရုပ်တရားပေါ်မှာ သစ္စာလေးပါးတို့ကို မသိခြင်း မောဟ၊ သူ့ကို အာသဝလို့ မြင်တယ်။

အယံ အာသဝသမုဒယောတိ ယထာဘူတံ ပဇာနာတိ။

တဏှာကို အာသဝသမုဒယလို့ မြင်တယ်။

အယံ အာသဝနိရောဓောတိ ယထာဘူတံ ပဇာနာတိ။

နိဗ္ဗာန်ကို အာသဝချုပ်ရာ နိရောဓသစ္စာလို့ မြင်တယ်၊ မဂ္ဂင်ရှစ်ပါးကို အာသဝချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်တဲ့ မဂ္ဂသစ္စာလို့ မြင်တယ်။

အဲဒီလိုမြင်တဲ့အတွက် “တဿ ကာမာသဝါပိ စိတ္တံ ဝိမုစ္စတိ” ကာမာသဝမှ လွတ်တယ်၊ ဘဝါသဝမှ လွတ်တယ်၊ အဝိဇ္ဇာသဝမှ လွတ်၍ သွား၏။ ကာမာ-သဝ, ဘဝါသဝ, အဝိဇ္ဇာသဝမှ လွတ်သွားရင် လွတ်သွားတယ်လို့ သိတဲ့ အဘိညာဏ်သည် ဖြစ်ပေါ်လေတော့၏။

“ခီဏာ ဇာတိ” ဇာတိ၊ ပဋိသန္ဓေနေခြင်းသည်။ ခီဏာ၊ ကုန်ပြီ။

“ဝုသိတံ ဗြဟ္မစရိယံ” ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ ဝုသိတံ၊ သုံး၍ပြီးပြီ။

“နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ” ဣတ္ထတ္တာယ၊ ဤလေးပါးသော မဂ်ညာဏ်အကျိုးငှါ။ အပရံ၊ တပါးသောပြုဘွယ်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိလေတော့၏။

အဲဒါကို ဘာလို့ခေါ်သလဲ? ဝိဇ္ဇာရှစ်ပါးလို့ခေါ်တယ်၊ အဲဒီ ဝိဇ္ဇာရှစ်ပါး, ညာဏ်ရှစ်ပါးနှင့် ဘုန်းတော်သခင် သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်သည် ပြည့်စုံတော်မူသည်ဖြစ်သောကြောင့် ဝိဇ္ဇာဆိုတဲ့ ဂုဏ်နဲ့ ပြည့်စုံတော်မူတယ်နော်။

(မှန်ပါဘုရား)။

နက်ဖြန်ခါကျတော့မှ စရဏတဆဲ့ငါးပါးကို ဟောပေးမယ်၊ ဟုတ်လားနော်။

(မှန်ပါ)။

ဘဂဝါ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရားသည်။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာဂုဏ်, စရဏဂုဏ်, အတုမဲ့သော ခုပြောခဲ့တဲ့ ထင်ရှားကျော်ကြားတဲ့ တပါးသော ဂုဏ်တော်နှင့် ကောင်းစွာ မသေ့ ပြည့်စုံပါပေသတည်း။

သာဓု–သာဓု–သာဓု

သုတ္တနိပါတ်ပါဠိတော် ပါရာယနဝဂ်ဟောစဉ်

# ၁၁-ဇတုကဏ္ဏိသုတ္တန် ဒုတိယပိုင်း

---

## တရားတော်အမည်

သာသနာသက္ကရာဇ် ၂၅၁၃, ကောဇာသက္ကရာဇ် ၁၃၃၂-ခုနှစ်၊ ကဆုန်လဆန်း (၈)ရက်၊ ရန်ကုန်မြို့ ပုဇွန်တောင်ရပ် ရွှေဘုန်းပွင့် စေတီတော်ကြီး ပရိဝုဏ်အတွင်း တည်ခင်းအပ်သော ဝိပဿနာဓမ္မာရုံတော်ကြီးတွင် ဟောကြားအပ်သော ခုဒ္ဒကနိကာယ်၊ သုတ္တနိပါတ်ပါဠိတော်၊ ပါရာယနဝဂ်၌လာသော ဇတုကဏ္ဏိသုတ္တန် ဒုတိယပိုင်းတရားတော်။

## ဘုရားရှိခိုး

ဒီတရားတော်ကို ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရား ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သည် ဖြစ်သောကြောင့် ထိုတရားတော်ကို ဟောကြားတော်မူတဲ့ မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးကြရအောင် ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ လက်အုပ်ချီထားကြ၊ ဘုန်းကြီးက မြတ်စွာဘုရားရှင် ဂုဏ်တော်တွေကို ရွတ်ဆိုပြီးတော့ ဘုရားရှိခိုးမယ်။ အဲဒီ ဘုရားရှိခိုးထဲမှာပါတဲ့ ဂုဏ်တော်များကို အာရုံပြုပြီးတော့ ဘုန်းကြီးတို့ တရားနာနေကြတဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ မြတ်စွာဘုရားရဲ့ ဂုဏ်တော်များကို ကြည်ညိုသဒ္ဓါ ပွါးများနိုင်ကြပါစေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(အနက် ယခင်အတိုင်း)

သာဓု သာဓု သာဓု

## စကားပလ္လင်

ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ဂုဏ်တော်တွေနဲ့ပတ်သက်လို့ ဇတုကဏ္ဏိ ပုဏ္ဏားကြီး မြတ်စွာဘုရားရှင်ကို လျှောက်ထားလိုတဲ့ အချက်က အရှင်ဘုရားမှာ အရဟံ ဂုဏ်တော်နှင့် ပြည့်စုံတော်မူပါသည်ဘုရား၊ သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်နှင့် ပြည့်စုံတော်မူပါသည်ဘုရား၊ ဝိဇ္ဇာစရဏသမ္ပန္န စသော ဂုဏ်တော်တွေနှင့် ပြည့်စုံတော်မူပါသည်ဘုရား၊ ဂုဏ်တော်ကိုးပါးနှင့်

ပြည့်စုံတော်မူတဲ့ သတင်းသံကို ကြားရသည် ဖြစ်သောကြောင့် ဘုရားတပည့်တော် သိလိုတဲ့ "သန္တိပဒ" နိဗ္ဗာန်ချမ်းသာနဲ့ နိဗ္ဗာန်ရောက်ကြောင်း တရားတွေကို ညွှန်ကြားပေးတော်မူပါဘုရား – တဲ့။

အဲဒီ လျှောက်ထားတဲ့ လျှောက်ထားချက်ထဲမှာ အရေးကြီးတဲ့အပိုဒ်က မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ဉာဏ်တော်နဲ့ သန္တိပဒ လို့ဆိုတာ အရေးကြီးတဲ့အပိုဒ်၊ အဲဒီအရေးကြီးတဲ့ အပိုဒ်ထဲက မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ဂုဏ်တော်တွေနဲ့ ပတ်သက်ပြီးတော့ ဟောကြားပြီး ပေးလာခဲ့တာ ပထမညက အရဟံ ဂုဏ်တော်ရယ်, သမ္မာသမ္ဗုဒ္ဓ-ဂုဏ်တော်ရယ်, ဝိဇ္ဇာစရဏ-သမ္ပန္န-ဂုဏ်တော်ထဲမှာ ဝိဇ္ဇာသုံးပါးနဲ့ ဝိဇ္ဇာရှစ်ပါး ပြီးခဲ့ပြီ။

ဒီကနေ့ စရဏတဆဲ့ငါးပါးကို ညွှန်ပြရလိမ့်မယ်။

ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ သိနေကြတဲ့ ဘုရားဂုဏ်တော်, လူတိုင်း လူတိုင်းရဲ့ နှုတ်ဖျားမှာ ရောက်နေကြတဲ့ ဘုရားဂုဏ်တော်ကို အဓိပ္ပါယ်သိဘို့လိုတယ်။ အရဟံဂုဏ်တော်, သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်ကိုတော့ အဓိပ္ပါယ်ပြောခဲ့ပြီးပြီ၊ ဝိဇ္ဇာစရဏသမ္ပန္န-ဂုဏ်တော်ဆိုတာကို ပြောရမယ်။

၁။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်။
၂။ ဒိဗ္ဗစက္ခုဉာဏ်။
၃။ အာသဝက္ခယဉာဏ်-တည်းဟူသော ဝိဇ္ဇာသုံးပါး။
၁။ ဝိပဿနာဉာဏ်
၂။ မနောမယိဒ္ဓိဉာဏ်
၃။ ဣဒ္ဓိဝိဓဉာဏ်
၄။ ဒိဗ္ဗသောတဉာဏ်
၅။ စေတောပရိယဉာဏ်
၆။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်
၇။ ဒိဗ္ဗစက္ခုဉာဏ်
၈။ အာသဝက္ခယဉာဏ်-လို့ခေါ်တဲ့ ဝိဇ္ဇာရှစ်ပါး။

အဲဒီအကြောင်းတွေကို ပါဠိတော် ကိုးကားချက်တို့ဖြင့် ဘုန်းကြီး ညက ဟောပေးခဲ့ပြီ။

## စရဏတဆဲ့ငါးပါး

ဒီကနေ့ စရဏတဆဲ့ငါးပါးကို ပါဠိတော်ကိုးကားပြီး ဟောပေးရလိမ့်မယ်။ စရဏတဆဲ့ငါးပါးဆိုတာ ဘာကိုခေါ်သလဲဆိုတော့–စရဏ-လို့ ဆိုတာ အကျင့်။

အဲဒီ တဆဲ့ငါးပါးသောအကျင့်ကို ကျင့်သည်ဖြစ်သောကြောင့် အသိဉာဏ်တွေ ပေါ်လာတာကို ဝိဇ္ဇာလို့ ဒီလိုခေါ်တယ်၊ စရဏတဆဲ့ငါးပါးကို ဟောပေးတာ ဘာပြုလို့ ဟောပေးရသလဲ ဆိုတော့ တရားနာနေတဲ့ တရားနာပရိသတ်တွေ ကျင့်ဘို့၊ ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကလဲ ဒီဂုဏ်တော်တွေကို ချီးကျူးပြီးတော့ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားထားတော်မူခဲ့တာ "ဒီဂုဏ်တော်တွေနဲ့ မင်းတို့ ငါကို ရှိခိုးနေရစ်ကြ"လို့ ဒီလို ပြောလိုတဲ့ အဓိပ္ပါယ် မဟုတ်ဘူး၊ ငါဘုရားမှာတော့ဖြင့် ဟောဒီလို စရဏတရား တဆဲ့ငါးပါးကို တရားကျင့်လို့ ပြည့်စုံတဲ့အတွက် ဟောဒီ ဝိဇ္ဇာဉာဏ် တည်းဟူသော, ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး တည်းဟူသော အသိဉာဏ်ကို ငါရတယ်၊ သင်ချစ်သားတို့ဟာလဲဘဲ ငါဘုရားကဲ့သို့ ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါးဆိုတဲ့ ဉာဏ်တွေနဲ့ ပြည့်စုံချင်ရင်, ရချင်ရင်, ယူချင်ရင် ငါကျင့်ခဲ့တဲ့ စရဏ တဆဲ့ငါးပါးကို ကျင့်ကြလို့ ဒီလိုဖော်ပြလိုသည် ဖြစ်သောကြောင့်သာလျှင် ဒီဂုဏ်တော်တွေကို ဟောပေးတာ၊ ဘုန်းကြီးတို့ပရိသတ် သဘောပေါက်ကဲ့လား ?။ (ပေါက်ပါတယ်ဘုရား)။

ဝိဇ္ဇာစရဏဂုဏ်တော်ကြီး မြတ်စွာဘုရား ဘာကြောင့် ဟောသလဲ?၊ ဝိဇ္ဇာစရဏသမ္ပန္န ဂုဏ်တော်ကို ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ဘယ်လိုနေရာမှာ အသုံးချရမလဲ၊ ဒါ သိဘို့လိုတယ်။ ဝိဇ္ဇာစရဏသမ္ပန္န ဂုဏ်တော် အချုပ်အဓိပ္ပါယ်က ဘာပြောလိုတာလဲ? မြတ်စွာဘုရားရဲ့အာဘော်က သူ့ကိုမှီခိုပြီးတော့ ကြည်ညိုလေးစား အားထားနေကြတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများအတွက် ချစ်သားတို့, ချစ်သမီးတို့ ငါဘုရားမှာလေ ဟောဒီ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယဉာဏ် ဆိုတဲ့ ဝိဇ္ဇာဉာဏ် သုံးပါးကို ငါဘုရား ရတော်မူတယ်။ ဒါတင် မကသေးဘူး ဝိပဿနာဉာဏ်, စေတောပရိယဉာဏ်, ဣဒ္ဓိဝိဓဉာဏ်, ဒိဗ္ဗသောတဉာဏ်, ပရစိတ္တဝိဇာနနဉာဏ်, ပုဗ္ဗေနိဝါသာနုဿတိဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယဉာဏ်လို့ ခေါ်တဲ့ အဲဒီဉာဏ်ကြီးတွေကိုလဲ ငါဘုရား ရတော်မူတယ်။

ဒီဉာဏ်တော်တွေထဲမှာ အကောင်းဆုံး ဉာဏ်က ဘယ်သူလဲ ဆိုတော့ အာသဝက္ခယဉာဏ်၊ မြတ်စွာဘုရား ရစေချင်, ယူစေချင်တာ ဘယ်ဉာဏ်ကို ရစေချင်, ယူစေချင်တာလဲဆိုတော့ အာသဝေါကုန်တဲ့ အာသဝက္ခယဉာဏ်ကို ဘုန်းကြီးတို့ ပရိသတ်ကို ရစေလိုသည် ဖြစ်သောကြောင့် ဒီ ဝိဇ္ဇာ သုံးပါး, ဝိဇ္ဇာ ရှစ်ပါးကို မြတ်စွာဘုရား ဟောပေးတာ၊ ရှိခိုးဘို့ ဟောထားတာ မဟုတ်ဘူး၊ အဲဒါကို ထိုင်ပြီးတော့ ရှိခိုးရုံ ဟောထားတာ မဟုတ်ဘူး၊ အဲဒီ အာသဝက္ခယ ဉာဏ်ကြီးကို ရအောင်, ရောက်အောင် ယူစေလိုသည် ဖြစ်သောကြောင့် ဒီ ဝိဇ္ဇာ သုံးပါး, ဝိဇ္ဇာ ရှစ်ပါး တရားကို မြတ်စွာဘုရားက ဟောပေးတာ။

ဒါဖြင့် စရဏ တဆဲ့ငါးပါး ဘာကြောင့် ဟောရသလဲ? စရဏတဆဲ့ငါးပါးကို ဟောတော်မူရခြင်းရဲ့ အကြောင်းက ချစ်သားတို့ ငါဘုရားသည် အာသဝက္ခယ ဉာဏ်ကို ရတာ, ဝိဇ္ဇာရှစ်ပါးဆိုတဲ့ အသိဉာဏ်ကို ရတာဟာ သူများပေးလို့ ရတာ မဟုတ်ဘူးတဲ့၊ တစုံတယောက်သော ပုဂ္ဂိုလ်ထံမှာ တောင်းယူလို့ ရတာ မဟုတ်ဘူးတဲ့၊ ဘာကြောင့် ရသလဲ? ငါဘုရားသည် ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး ဆိုတဲ့ အသိဉာဏ်တွေကို ရတာဟာ စရဏတဆဲ့ငါးပါးကိုကျင့်လို့ ရတာ၊ အလုပ် လုပ်လို့ ရတာတဲ့၊ သဘောကျပလား ဘုန်းကြီးတို့ပရိသတ်။ (ကျပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ပရိသတ်က ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏတဆဲ့ငါးပါး ဆိုတဲ့ အသိဉာဏ်တွေကို လိုသလား? မလိုဘူးလား?။ (လိုပါတယ်ဘုရား)။

အဲဒီလို ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး တည်းဟူသော အသိဉာဏ်, အာသဝက္ခယ ဉာဏ်တွေကို အလိုရှိသည်ဖြစ်သောကြောင့် ရွှေဘုန်းပွင့် ဘုရားကြီးမှာ ထိုင်ပြီး တော့ သေအောင်ဆုတောင်း၊ အလုပ်မလုပ်ဘဲ နေရင် ရမလား။

(မရပါဘုရား)။

**ဆုတောင်းခြင်း။** ။ဆုတောင်းတဲ့ခေတ်ကလဲ အင်မတန်ပေါလာတယ်၊ ဆုတောင်းမှ ရမယ်ဆိုပြီးတော့ အဲဒီလိုဟောတဲ့ ပုဂ္ဂိုလ်တွေကလဲ ဟောနေတယ်။ အဋ္ဌကထာကလဲ ရေးတယ် "ဆုတောင်းမှ ရမယ်တဲ့"၊ ဘယ်အဋ္ဌကထာလဲဆိုတော့ ဘုန်းကြီးတို့ ဥပရိပဏ္ဏာသပါဠိတော် သဠာယတနဝဂ္ဂ သုတ်ကိုဖွင့်တဲ့ အဋ္ဌကထာက—

ယဿ ဟိ ပဉ္စ ဓမ္မာ အတ္ထိ န ပတ္ထနာ၊ တဿ ဂတိ အနိဗဒ္ဓါ။ ယဿ ပတ္ထနာ အတ္ထိ န ပဉ္စ ဓမ္မာ၊ တဿပိ အနိဗဒ္ဓါ။ ယေသံ ဥဘယံ အတ္ထိ၊ တေသံ ဂတိ နိဗဒ္ဓါ။

ယထာ ဟိ အာကာသေ ခိတ္တဒဏ္ဍော အဂ္ဂေန ဝါ မဇ္ဈေန ဝါ မူလေန ဝါ နိပတိဿတီတိ နိယမော နတ္ထိ၊ ဧဝံ သတ္တာနံ ပဋိသန္ဓိဂ္ဂဟဏံ အနိယတံ။ တသ္မာ ကုသလံ ကမ္မံ ကတွာ ကေသ္မိံ ဌာနေ ပတ္ထနံ ကာတုံ ဝဋ္ဋတိ-တဲ့။

အဓိပ္ပါယ်ကတော့ အကြင်ပုဂ္ဂိုလ်မှာ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ-ဆိုတဲ့ တရားငါးမျိုး ရှိ၏၊ ဆုတောင်းမှု မရှိ၊ ထိုပုဂ္ဂိုလ် ဂတိမမြဲနိုင်ဘူးတဲ့။ တဦးကတော့ ဆုတောင်းရှိတယ်၊ တရားငါးမျိုး မရှိ၊ ထိုသူလဲ ဂတိမမြဲနိုင်ဘူးတဲ့။ အကြင်သူတို့အား နှစ်မျိုးစုံရှိ၏၊ ထိုသူများ ဂတိမြဲနိုင်ကြတယ်တဲ့။

ဥပမာ ကောင်းကင်ကို မြှောက်တင်လိုက်တဲ့ဒုတ်ဟာ အဖျားဖြင့်သော်၎င်း, အလယ်ဖြင့်သော်၎င်း, အရင်းဖြင့်သော်၎င်း ကျနိုင်တယ်ဆိုတဲ့ အမှတ်အသား မရှိသလိုသတ္တဝါတို့ရဲ့ ပဋိသန္ဓေနေမှုဟာလဲ မမြဲနိုင်ဘူးတဲ့၊ အဲဒါကြောင့် ကုသိုလ်

ကောင်းမှုတခုခုပြုပြီးရင်ကိုယ်လိုတဲ့တခုခုသောဌာနကို ဆုတောင်းသင့်ပါတယ်လို့ ပြောထားပါတယ်။ ဒါကတော့ အဋ္ဌကထာစကားဘဲ။

ပါဠိတော်စကားကတော့ဖြင့် ဘုန်းတော်သခင် သဗ္ဗညုတဘုရားရှင် ကိုယ်တော်မြတ်က ဆုတောင်းကာမျှဖြင့်တော့ ဒီ ဝိဇ္ဇာသုံး,ဝိဇ္ဇာရှစ်ပါးဆိုတဲ့ အသိဉာဏ်တွေ ရအောင်, အာသဝက္ခယဆိုတဲ့ အာသဝေါတရားတွေ ကုန်အောင်ဟာ ဆုတောင်းလို့ရတာ မဟုတ်ဘူးတဲ့၊ ဘာ့ကြောင့်ရသလဲ? အလုပ်လုပ်လို့ ရတာပါတဲ့၊ ဒါဖြင့် ဒီအလုပ်က ဘာအလုပ်တွေလဲဆိုတော့, အလုပ် ဘယ်နှစ်မျိုးလုပ်ရမလဲဆိုတော့ မြတ်စွာဘုရားလုပ်ခဲ့တဲ့ အလုပ်ကို ပြန်ပြောပြတယ်။ တဆဲ့ငါးမျိုးတဲ့၊ အဲဒီ တဆဲ့ငါးမျိုးကို ဘာလို့ခေါ်သလဲဆိုတော့ စရဏတရားတဆဲ့ငါးပါးလို့ခေါ်တယ်၊ ဒါဖြင့် အဲဒီ စရဏတရား တဆဲ့ငါးပါးက ဘာလဲ? ခေါင်းစဉ်ကလေး အစက အကြမ်းစဉ်မှတ်ထား။

(၁)သီလ, (၂)ဣန္ဒြိယသံဝရ, (၃)ဘောဇနေမတ္တညုတာ, (၄) ဇာဂရိယာနုယောဂ, (၅)သဒ္ဓါ, (၆),ဟိရီ (၇)ဩတ္တပ္ပ, (၈)ဗဟုသုတ, (၉)ဝီရိယ, (၁၀)သတိ, (၁၁)ပညာ, (၁၂)ပဌမဈာန်, (၁၃)ဒုတိယဈာန်, (၁၄)တတိယဈာန်, (၁၅)စတုတ္ထဈာန်ဆိုတဲ့ ဈာန်လေးပါး ထဲ့လိုက် ဘယ်လောက်လဲ?
(တဆဲ့ငါးပါးပါ ဘုရား)။

အဲဒါကို စရဏတရား တဆဲ့ငါးပါးလို့ခေါ်တယ် ခေါင်းစဉ်။ အဲဒီခေါင်းစဉ်ကို ဘုန်းကြီးတို့ အစဉ်လိုက် ပါဠိတော်နဲ့ဖွင့်ပြီး ဟောပေးရလိမ့်မယ်၊ ခေါင်းစဉ်သိရုံနဲ့ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ကိစ္စပြီးမလား?။ (မပြီးပါဘုရား။)

ဒီခေါင်းစဉ်မှာပါတဲ့ တရားတွေကို ပါဠိတော်မှာလာတဲ့အတိုင်း ဟောပေးရလိမ့်ဦးမယ်၊ ကျင့်တာ မကျင့်တာကတော့ဖြင့် တရားနာပရိသတ်ရဲ့ တာဝန်ဘဲ၊ ဟောပေးဘို့ ဘယ်သူ့တာဝန်လဲ၊ မြတ်စွာဘုရားရဲ့တာဝန်။ ဒီဘုန်းကြီးက တရားဟောတတ်တာ မဟုတ်ဘူး၊ မြတ်စွာဘုရားရှင်ရဲ့ တရားတော်ကိုယူပြီး ဟောပေးနေတာ၊ ဟုတ်ပလား?။ (မှန်ပါဘုရား)။

ဒီတော့ ကိုယ့်တာဝန်နဲ့ကိုယ် အလုပ်လုပ်ရမှာဖြစ်တော့ ဘုန်းကြီးတို့လဲ တရားနာတဲ့ပရိသတ်ထဲမှာ ပါပါတယ် မြတ်စွာဘုရားတရားတော်ကို နာနေတဲ့ ပရိသတ်ထဲမှာ၊ မြတ်စွာဘုရားကိုယ်တော်မြတ်ကတော့ဖြင့် ဒီကျင့်စဉ်တွေကို မင်းတို့ကျင့်ကြပါလို့ ဆိုပြီးတော့ မြတ်စွာဘုရားက ဟောတာ၊ တချို့ပုဂ္ဂိုလ် ကျင့်ချင်, ကြံချင်, အားထုတ်ချင်ကြပါတယ်၊ တရားမနာရတဲ့အတွက် ကျင့်ခွင့်,ကြံခွင့် မရဘူးတဲ့။

"ဓမ္မသာ အဿဝနတာယ ပရိဟာယန္တိ" ပါဠိတော်ကြီးများမှာ အဿ-ဝနတာယ၊ မှန်မှန်ကန်ကန် တရားတော်ကို မနာရသည်ဖြစ်သောကြောင့်။ ဓမ္မသာ၊ အသိဉာဏ်ခေါ်တဲ့ တရားတော်မှ။ ပရိဟာယန္တိ၊ ဆုတ်ယုတ်ဆုံးရှုံး၍ နေကြရပါကုန်၏။

အဲဒါကြောင့် ကျင့်လို့ ကြံလို့ အားထုတ်ပွါးများလိုဘဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများအတွက် စရဏဘရား တဆဲ့ငါးပါးကို မြတ်စွာဘုရားက ဟောပေးတယ်။

ထူးကြီးဆရာတော်နဲ့ ဒီတရား ဘာမှမဆိုင်ဘူး၊ ကိုယ်ကျင့်မှ ကိုယ်ရမှာ, ကိုယ်နဲ့ဆိုင်မှာ။

ကိုင်း စရဏတရား တဆဲ့ငါးပါး ဟောကြစို့။ ဘယ်သုတ္တန်ကို ကိုးကားပြီး ဟောပေးမလဲဆိုတော့ ဘုန်းကြီးတို့ မဇ္ဈိမပဏ္ဏာသပါဠိတော် သေခသုတ်မှာ လာတာကို အားကိုးအားထားပြုပြီး ဟောပေးရမယ်။

## (၁) သီလ=ပါတိမောက္ခသံဝရသီလ

စရဏတရား တဆဲ့ငါးပါးနဲ့ပတ်သက်ပြီး စရဏတရား တဆဲ့ငါးပါးနဲ့ ပြည့်စုံပုံ ဘယ်လိုဟောထားသလဲ?။

> ဣဓ မဟာနာမ အရိယသာဝကော သီလဝါ ဟောတိ ပါတိမောက္ခ-သံဝရသံဝုတော ဝိဟရတိ အာစာရဂေါစရသမ္ပန္နော အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ၊ သမာဒါယ သိက္ခတိ သိက္ခာပဒေသု။

မဟာနာမ၊ မဟာနာမ်။ ဣဓ၊ ဤငါဘုရားရှင်၏ သာသနာတော်မြတ်အတွင်း၌။ အရိယသာဝကော၊ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကို သက်ဝင်ယုံကြည်၍နေသော မြတ်စွာဘုရား၏တပည့် အရိယာသာဝကသည်။

ဘုန်းကြီးတို့ပရိသတ် ဘယ်သူ့ တပည့်လဲ?
(မြတ်စွာဘုရားရဲ့ တပည့်ပါ ဘုရား။)

ထူးကြီးဆရာတော်ရဲ့ တပည့်လား မြတ်စွာဘုရားရဲ့ တပည့်လား?
(မြတ်စွာဘုရားရဲ့ တပည့်ပါ ဘုရား။)

ထူးကြီးဆရာတော်ရဲ့ ပရိသတ်လား? မြတ်စွာဘုရားရဲ့ ပရိသတ်လား?
(မြတ်စွာဘုရားရဲ့ ပရိသတ်ပါ ဘုရား)

ထူးကြီးဆရာတော်ရဲ့ သာဝကလား, မြတ်စွာဘုရားရဲ့ သာဝကလား?
(မြတ်စွာဘုရားရဲ့ သာဝကပါ ဘုရား။)

ဒီတော့ မြတ်စွာဘုရားနဲ့ ကိုယ်နဲ့ ကြားမှာ ထူးကြီးဆရာတော် ကန့်လန့် ကန့်လန့်နဲ့ မပါပါစေနဲ့၊ ထူးကြီးဆရာတော်ကို ခပ်ဝေးဝေးမှာ ထုတ်ထား၊ ငါ့ဆရာဟာ ထူးကြီးဆရာတော်မဟုတ်ဘူး၊ မြတ်စွာဘုရား။ ဘုန်းကြီးတို့ ပရိသတ်ရဲ့ ဆရာက ဘယ်သူလဲ?

(မြတ်စွာဘုရားပါ ဘုရား။)

ဘုန်းကြီးတို့ ပရိသတ်ကို တရားပြပေးတဲ့ဆရာက ဘယ်သူလဲ ?

(မြတ်စွာဘုရားပါ ဘုရား)

စဉ်းစဉ်းစားစားနဲ့လဲ ဖြေကြနော်၊ ကိုယ်ဖြေတဲ့အသံ သူများကြားသွားရင် ဘယ်လိုဖြေနေတာလဲလို့ သူများသိသွားဦးမယ်။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က သူ့ သာဝကကို သူ တရားဟောနေတာ၊ ထူးကြီးဆရာတော်က ဘာမှမဆိုင်ဘူး၊ ဒီအထဲက ဥပမာ ဘာနဲ့တူသလဲဆို တော့ လူကြုံနဲ့ တူတာပေါ့လေ၊ ထူးကြီးဆရာတော်က လူကြုံ၊ မင်း ရန်ကုန် ရွှေဘုန်းပွင့် စေတီတော်အတွင်း ရောက်ခဲ့လို့ရှိရင် ငါ့တပည့်တွေ အဲဒီ စေတီ အတွင်းမှာ တရားနာနေတာ ရှိတယ်တဲ့၊ အဲဒီ ပုဂ္ဂိုလ်တွေကို အရသာနဲ့ပြည့်စုံတဲ့ အတ္ထရသ, ဓမ္မရသ, ဝိမုတ္တိရသ-တည်းဟူသော အရသာသုံးမျိုးရှိတဲ့ ပျားရည် ပုလင်း ပေးလိုက်ပါ ဆိုပြီး ဘုန်းကြီးကိုမှာလိုက်လို့ လာပေးတာ၊ အဲဒါကို ဘုန်းကြီးက ဒီပရိသတ်ကို စေတနာတွေ သိပ်ကောင်းပြီးတော့ လမ်းမှာ တခု ခုနဲ့ များများ စားရပါစေတော့ဆိုပြီးတော့ ရောလိုက်ရင် ဒီပျားရည်ဟာ စစ်ပါဦးမလား?　　(မစစ်တော့ပါ ဘုရား။)

ခပ်များများ, ခပ်ပေါပေါ စားရအောင်ဆိုပြီး ရောပေးတာဘဲ၊ မူရင်းစစ်စစ် ကြိုက်သလား? ရောတာကြိုက်သလား? (မူရင်းစစ်စစ် ကြိုက်ပါတယ် ဘုရား။)

အဲဒီ မူရင်းစစ်စစ်ကို ဘုန်းတော်သခင် သဗ္ဗညုဘုရားရှင်ကိုယ်တော်မြတ်က—

ဣဓ၊ ဤငါဘုရား၏သာသနာတော်၌။ အရိယသာဝကော၊ ငါဘုရား၏ တပည့်သာဝကသည်။ သီလဝါ၊ သီလနှင့်ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ (ဘာသီလနဲ့ ပြည့်စုံသလဲ?၊ သီလနှင့်ပြည့်စုံတယ်ဆိုတာ ကိုယ်ကျင့်တရား)။ ပါတိမောက္ခသံဝရသံဝုတော၊ ပါတိမောက္ခသံဝရသီလကို စောင့်ရှောက် လျက်။ ဝိဟရတိ၊ နေ၏။

ဟော ပါတိမောက္ခသံဝရသီလ, စရဏတဆဲ့ငါးပါးတို့ရဲ့ အချုပ်ဟာ ဘယ်သူ လဲ? အခြေ ဦးစွာထားတာက ပါတိမောက္ခသံဝရသီလ။ ဘာလဲ ပါတိမောက္ခ-သံဝရသီလလို့ ဆိုတာ?။

ဟော ပါတိမောက္ခသံဝရသီလပိုင်း ဆိုပြီးတော့ ဒီဃနိကာယ် သက္ကပဉ္စ သုတ္တန်မှာ မြတ်စွာဘုရား ဟောထားတာရှိတယ်၊ ကိုယ်အမူအရာ, နှုတ်အမူ အရာ၊ ကိုယ်အမူအရာကို အကြောင်းပြုပြီးတော့ အကုသိုလ်ဖြစ်မယ်ဆိုရင် အဲဒီ ကိုယ်အမူအရာကို မလုပ်နဲ့၊ ကိုယ်အမူအရာကို အကြောင်းပြုပြီးတော့ ကုသိုလ် တိုးပွါးမယ်ဆိုရင် အဲဒီ ကိုယ်အမူအရာကို လုပ်၊ နှုတ်အမူအရာနဲ့ပတ်သက်လို့ အကုသိုလ်တိုးပွါးမယ်ဆိုရင်မပြောနဲ့၊ နှုတ်အမူအရာနဲ့ပတ်သက်ပြီးတော့ ကုသိုလ် တွေ တိုးပွါးမယ်ဆိုရင် ပြောသာပြော၊ ရွာမှီးမှုမှာ ရွာတာ, ဖွေတာကို အကြောင်းပြုပြီးတော့ အကုသိုလ်တွေ တိုးပွါးလာမယ်ဆိုလို့ရှိရင် အဲဒီရွာမှီးမှု မျိုး ဘယ်လောက်ဘဲရရ မရှာနဲ့၊ ကုသိုလ်တွေ တိုးပွါးလာမယ်ဆိုရင် အဲဒီရွာမှီး မှုကို ရှာ၊ အဲဒီ သုတ္တန်နဲ့ပတ်သက်လို့ ဘုန်းကြီးတို့ ပါရာယနဝဂ်မှာ ပါတိမောက္ခ သံဝရသီလပိုင်းနဲ့ပတ်သက်လို့ နောက်အပိုင်းတွေမှာ အကျယ်ဟောပေးထား ခဲ့တာ ရှိတယ်၊ ဒီနေရာမှာ ထပ်မချဲ့နဲ့တော့ ပါတိမောက္ခသံဝရသီလကို၊ ဟုတ် လား?။ (မှန်ပါဘုရား။)

"အာစာရဂေါစရသမ္ပန္နော"။

ဝိပဿနာ အားထုတ်တော့မယ်လို့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်လိုချင်တဲ့ ပုဂ္ဂိုလ်ဟာ အကျင့် ကျက်စားရာအာရုံနဲ့ ပြည့်စုံရမယ်တဲ့ မြတ်စွာဘုရားက။

အာစရဂေါစရသမ္ပန္နော။ အကျင့် ကျက်စားရာအာရုံနှင့် ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။

အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ သမာဒါယ သိက္ခတိ သိက္ခာ- ပဒေသု။

အဏုမတ္တေသု၊ အနည်းငယ်မျှဖြစ်ကုန်သော။ ဝဇ္ဇေသု၊ အပြစ်တို့၌။ ဘယ- ဒဿာဝီ၊ ကြီးလှစွာသော ဘေးကြီးဟု ရှုလေ့ရှိသည် ဖြစ်၍။ သိက္ခာပဒေသု၊ သိက္ခာပုဒ်တော်တို့၌။ သမာဒါယ၊ ကောင်းစွာဆောက်တည်၍။ သိက္ခတိ၊ လေ့ကျင့်အားထုတ်၍ နေလေတော့၏။

အခုဆောက်တည်ထားတဲ့ သိက္ခာပုဒ် —

နိဗ္ဗာနံ ပတ္တုယန္တော ပါဏာတိပါတာ အဒိန္နာဒါနာ ကာမေသုမိစ္ဆာစာရာ မုသာဝါဒါ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိ- ယာမိ – လို့ ဆောက်တည်မထားဘူးလား။

(ဆောက်တည်ထားပါတယ်ဘုရား။)

အဲသည်အထဲက အနည်းငယ်မျှသော သိက္ခာပုဒ်ကလေးကိုတောင်မှ ကြီး စွာသောအပြစ်ကြီးကဲ့သို့ အောက်မေ့ပြီးတော့ ဒီသိက္ခာပုဒ်ကို ရိုသေစွာ ကျင့်

ထားရမယ်၊ "ဒါ ပါတိမောက္ခသံဝရသီလ"လို့ ခေါ်တယ်။ အကျင့် ကျက်စား ရာအာရုံနဲ့ ပြည့်စုံရမယ်ဆိုတာ ကိုယ်ကျင့်တရား ကောင်းရမယ်လို့ ဆိုလိုတဲ့ အဓိပ္ပါယ်၊ ကိုယ်ကျင့်တရားမကောင်းတဲ့ ပုဂ္ဂိုလ်ဟာ ဝိပဿနာအားထုတ်တယ် ဆိုပေမဲ့ ဝိပဿနာတရားသာ အားထုတ်တယ်, တဖက်က ကိုယ်ကျင့်တရားတွေ ပျက်စီးချင်တိုင်း ပျက်စီးနေမယ်ဆိုရင် ဒီပုဂ္ဂိုလ် ဝိပဿနာ အားထုတ်လို့ ရပါ ဦးတော့မလား? (မရပါဘုရား။)

ဒါကြောင့် ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ဘုန်းကြီးတို့ ဆရာသမားတွေကလဲ အင်မတန် တိုက်တွန်းနေတယ်၊ ဟောတော့ ဟောပါတဲ့ ဝိပဿနာတရားတွေကို၊ ဒါပေတဲ့ အောက်ခြေက ကိုယ်ကျင့်တရား လေးလဲ ထည့်ထည့်ပြီး ဟောပေးပါလို့ အမိန့်ပေးထားတာလဲ ရှိတယ်နော်။

( မှန်ပါ ဘုရား )

ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ဝိပဿနာဘာရား အားထုတ်တော့မယ်ဆိုရင် ရှေးဦးစွာ ကိုယ်ကျင့်တရား ကောင်းရမယ်၊ ကိုယ်ကျင့်တရား ကောင်းပါစေနော်။ ( မှန်ပါ )

အဲဒီ ကိုယ်ကျင့်တရားနဲ့ပတ်သက်လို့ နောက်ကလဲ ဟောပြီးသား ဖြစ်နေပြီ၊ ဒီနေရာ မချဲ့နဲ့တော့၊ ဟုတ်လား?။ ( မှန်ပါဘုရား )

ကိုယ်ကျင့်တရား, ရှေ့ ဘာပြောလဲ ? ပါတိမောက္ခသံဝရသီလ, ပြီးတော့ သီလနဲ့ ပြည့်စုံပုံ, ပြီးရောနော်။

ဒီတော့ ဘုန်းကြီးတို့ ပရိသတ်ကို မြတ်စွာဘုရားက ဘာ ဆုံးမထားသလဲ? ချစ်သား, ချစ်သမီး သင်သည် ငါကဲ့သို့ ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါးနဲ့ အာသဝက္ခယဉာဏ်ကြီးကို လိုချင်ရင် ကိုယ်ကျင့်တရားကောင်းအောင် သင့်ကိုယ်သင် ရှေးဦးစွာ အားထုတ်လိုက်ပါ တဲ့ မြတ်စွာဘုရားက နော်၊ ( မှန်ပါ။ )

## (၂) ဣန္ဒြိယသံဝရ

ရှေ့ ဘာတဲ့လဲ ဣန္ဒြိယသံဝရသီလ၊ ဘာလဲ "ဣန္ဒြိယသံဝရသီလ" ဆိုတာ?

ဣဓ မဟာနာမ အရိယသာဝကော စက္ခုနာ ရူပံ ဒိသွာ န နိမိတ္တဂ္ဂါဟီ ဟောတိ နာနုဗျဉ္ဇနဂ္ဂါဟီ၊ ယတွာဓိကရဏမေနံ စက္ခုန္ဒြိယံ အသံဝုတံ ဝိဟရန္တံ အဘိဇ္ဈာ ဒေါမနဿာ ပါပကာ အကုသလာ ဓမ္မာ အန္ဝာဿ-ဝေယျုံ၊ တဿ သံဝရာယ ပဋိပဇ္ဇတိ၊ ရက္ခတိ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြိယေ သံဝရံ အာပဇ္ဇတိ။

ပါဠိတော်ကြီးတွေ အင်မတန် ကြည်ညိုစရာကောင်းတယ် ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ။

မဟာနာမ၊ မဟာနာမ်။ ဣဓ၊ ဤ ငါဘုရားသာသနာတော်၌။ အရိယ-
သာဝကော၊ ငါဘုရား၏ အဆုံးအမတော်ကို လိုက်နာနေတဲ့ ငါ့ တပည့်သား
များဖြစ်တဲ့ အရိယာသာဝကသည်။

ဒါ ဘယ်သူလဲ၊ ကိုယ်လို့ မှတ်လိုက်စမ်းပါ နော်။ ( မှန်ပါ ဘုရား။ )
"အရိယသာဝက=ငါ့တပည့်"လို့ မြတ်စွာဘုရားက ပြောလိုက်တာ၊ ဘယ်သူ့
ကို ပြောလိုက်သလဲ?။ ( ကိုယ့်ကိုယ်ကို ပြောတာပါ ဘုရား။ )
"ငါ့ကိုပြောတာ"လို့ မှတ်လိုက်စမ်းပါ နော်။ ( မှန်ပါ ဘုရား။ )
မြတ်စွာဘုရားက ငါ့အတွက်, ငါ့ဘို့ ဆိုပြီး ဒီလိုနှလုံးသွင်းပြီး တရားနာ
ရမယ်။

စက္ခုနာ၊ မျက်စိဖြင့်။ ရူပံ၊ ရူပါရုံကို။ ဒိသွာ၊ မြင်သည်ရှိသော်။ နိမိတ္တဂ္ဂါ-
ဟီ၊ ယောကျ်ား မိန်းမ လှ မလှ ဆိုတဲ့ နိမိတ်အမှတ်အသားလို ယူလေ့
ရှိသည်။ နဟောတိ၊ မဖြစ်။

ကိုယ့်မျက်လုံးကလေးဟာ ကိုယ့်ဆီမှာ အမြဲတမ်း ရှိနေပါစေတဲ့ မြတ်စွာ
ဘုရားက၊ ဘုန်းကြီးတို့ပရိသတ် မျက်လုံးက ကိုယ့်ဆီမှာ ရှိရဲ့လား?။ တရား
အားထုတ်တော့မယ်ဆိုရင် ကိုယ့်မျက်လုံး ကိုယ့်ဆီမှာ ရှိနေပါစေ၊ ဘယ့်နှယ်
ဟိုကြည့် ဒီကြည့် သူဆိုင်တာက ဘယ်လိုလဲလို့? သူများကိုချည်း ကြည့်နေတယ်။
သူများဆီကိုချည်း ကိုယ့်မျက်လုံး မရောက်ပါစေနဲ့၊ ဟုတ်လား?။ (မှန်ပါ။)

ဒါပေတဲ့ မတော်လို့များ ကိုယ့်မျက်လုံး သူများဆီ ရောက်သွားမယ်ဆိုရင်
စက္ခုန္ဒြေတည်းဟူသော မျက်လုံးကလေးကို စောင့်ရှောက်လိုက်ပါ တဲ့ သတိနဲ့
နော်၊ ဘယ်လိုစောင့်ရှောက်ရမယ်ဆိုတာ မြတ်စွာဘုရား ဘယ့်နှယ်ဟောထားသ
လဲဆိုတော့ "ချစ်သား ချစ်သမီးတဲ့ သင် ရူပါရုံတခုခုကို မြင်မယ်ဆိုရင် ယောကျ်ား
ရယ်, မိန်းမရယ်, လှတာရယ်, မလှတာရယ်ဆိုတဲ့ နိမိတ်အမှတ်အသားကို မယူ
နဲ့တဲ့"။ ယောကျ်ား မိန်းမ လှတယ် မလှဘူးဆိုတဲ့ နိမိတ်အမှတ်အသားကို
မယူရဘူးတဲ့ မြတ်စွာဘုရားက၊ မြင်ရင် သတိရှိပါလို့ သတိပဋ္ဌာန်ကလဲ ဒီလို
ဟောထားတာ ရှိတယ်၊ သတိထားလိုက်ရမယ်)။

အနုဗျဉ္ဇနဂ္ဂါဟီ၊ လက် ခြေ သဏ္ဍာန် ပြုံးရယ်ဟန်ဆိုတဲ့ အသေးစိတ်
အမှတ်အသားတွေကိုလဲ ယူလေ့ရှိသည်။ နဟောတိ၊ မဖြစ်။

အသေးစိတ် အမှတ်အသားတွေ သူ့လက်ကလေးက ဘယ်လိုနေတယ်,
သူ့ခြေတောက်က ဘယ်လိုနေတယ်, သူ့မျက်လုံးက ဘယ်လိုနေတယ်, သူ့ပြုံးပုံက
လေးက ဘယ်လို,သူ့ရယ်ပုံကလေးတွေက ဘယ်လို,သူ့ထိုင်ပုံက ဘယ်လို-စသည်ဖြင့်
ဒီအသေးစိတ် အမှတ်အသားတွေကိုလဲ မယူနဲ့တဲ့ မြတ်စွာဘုရားက၊ ဘုန်းကြီး

တို့ ပရိသတ်က ဘယ်လိုလဲ? လူတယောက် ကြည့်လိုက်ပြီဆိုရင် နေပုံကိုက ဣန္ဒြေမရှိ ဖြစ်လာပြီ၊ တနည်း ကြည့်လိုက်မယ်ဆိုရင် ဩော် သူ့နေပုံကလေးက သိမ်မွေ့လိုက်တာလို့ သာယာမှုကလေးပေါ်လာတယ်၊ ဟုတ်လား? နေပုံကိုက-လို့ ဆိုကတဲက ဒေါသ၊ နေပုံကိုက-ဆိုတာ ဘာလဲ?။ (ဒေါသပါဘုရား)။

ဘုန်းကြီးတို့ ပရိသတ် အသံကြားတာနဲ့ လောဘလား, ဒေါသလား-ဆိုတာ သိတယ်၊ ဘုန်းကြီးတို့ပရိသတ်ကလဲ သိပါတယ်။ (မှန်ပါဘုရား)။

ယောကျ်ား မိန်းမ လှ-မလှ နိမိတ် မယူနဲ့တဲ့၊ နေပုံ ထိုင်ပုံ ပြုံးပုံ ရယ်ပုံ-စတဲ့ နိမိတ်အမှတ်အသားကိုလဲ မယူနဲ့တဲ့။

ယတွာဓိကရဏံ၊ အကြင်စက္ခုန္ဒြေကို ကိုယ့်ဆီမှာ မရှိဘဲနဲ့ သူများထံ ပို့ထားလို့ မစောင့်ရှောက်ခြင်းဟူသော အကြောင်းကြောင့်။ စက္ခုန္ဒြိယံ၊ မိမိရဲ့ မျက်လုံးကို။ အသံဝုတံ၊ မစောင့်ရှောက်သည်။ ဟုတ္တာ၊ ဖြစ်၍။ ဝိဟရန္တံ၊ နေလေ့ရှိသော။ နံ ဘိက္ခုံ၊ ထိုကဲ့သို့ အားထုတ်နေတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးကို။ အဘိဇ္ဈာ ဒေါမနဿာ၊ လောဘရယ်, ဒေါသရယ်ဆိုတဲ့ ရှေးရှုကြံစည်ခြင်း, စိတ်ပျက်ခြင်း ဆိုတဲ့။ ပါပကာ၊ ယုတ်မာကုန်သော။ အကုသလာ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ အန္ဝာဿဝေယျုံ၊ အစဉ်တစိုက် လိုက်၍ လာကုန်ရာ၏။

မြတ်စွာဘုရားက ချစ်သားတဲ့ သူတပါးရုပ်ကလေးကို သင် ကြည့်လိုက်မယ်ဆိုရင်တဲ့ ခုနက နိမိတ္တဂ္ဂါဟ, အနုဗျဉ္ဇနဂ္ဂါဟ-လို့ဆိုတဲ့ လက်ခြေသဏ္ဍာန်, ပြုံးရယ်ဟန်, ယောကျ်ား မိန်းမ လှ-မလှဆိုတဲ့ ဒီသဏ္ဍာန်တွေကို ကြည့်လိုက်မယ်ဆိုရင် "နေပုံကလေးကိုက"ဆိုရင် ဘာဝင်လာမလဲ? အဘိဇ္ဈာလောဘ၊ "နေပုံကိုက"ဆိုရင် ဘာဝင်လာမလဲ?။ (ဒေါသဝင်လာပါမယ်ဘုရား)။

အဲဒီတော့ ကြည့်တာကို အကြောင်းပြုပြီးတော့ အဘိဇ္ဈာနဲ့ ဒေါမနဿ ကိုယ့်မျက်လုံးထဲ ဝင်လာသလား? မဝင်လာဘူးလား?။ (ဝင်လာပါတယ်ဘုရား)။

အဘိဇ္ဈာတို့, ဒေါမနဿတို့ဆိုတာ ကုသိုလ်လား? အကုသိုလ်လား?။
(အကုသိုလ်တရားပါဘုရား)။

အပါယ်လေးပါးဆောင်မဲ့ တရားလား? နိဗ္ဗာန်ဆောင်မဲ့ တရားလား?။
(အပါယ်လေးပါးဆောင်မဲ့ တရားပါဘုရား)။

ဘုန်းကြီးတို့ပရိသတ် ပြောအုံးမယ် ဥပမာလေးတခု အင်မတန် မှတ်သားစရာကောင်းတယ်နော်၊ ဆုံးမချက်က ဘယ်ကရခဲ့သလဲလို့ဆိုတော့ ဘုန်းကြီးတို့ မြိတ်မြို့ကို ရောက်သွားတဲ့အခါကျတော့ အသက် ၉၀-ကျော်နေတဲ့ အဂ္ဂမဟာ

ပဏ္ဍိတ တောကျောင်းဆရာတော်ကြီး ဦးပဒုမတဲ့၊ အဲဒီဆရာတော်ကြီးက ဆုံးမလိုက်တယ်။

ဒီ စက္ခုပသာဒရုပ်ကလေးဟာ ဘယ်ကရသလဲ? ကုသိုလ်ကံတွေကို ကျကျနန လုပ်လာခဲ့ရသည် ဖြစ်သောကြောင့် ရတာတဲ့၊ ကုသိုလ်ကံကြောင့် ရလာတဲ့ စက္ခုပသာဒရုပ်ကလေး မဟုတ်ဘူးလား? အဲဒီ ကုသိုလ်ကံကြောင့် ရလာတဲ့ စက္ခုပသာဒရုပ်ကလေးပေါ်မှာ ကိုယ် ကြိုးကြိုးစားစား လှလှပပ မြတ်မြတ်နိုးနိုး လုပ်ထားတဲ့ စက္ခုပသာဒ ရုပ်ကလေးပေါ်မှာ အဘိဇ္ဈာနဲ့ ဒေါမနဿ ဝင်လာရင် ဘုန်းကြီးတို့ ပရိသတ် လက်ခံသလား? လက်မခံဘူးလား?။

(လက်ခံပါတယ်ဘုရား)။

**ဥပမာသွင်းရှင်းချက်။** ။အဲဒီမှာ ဆရာတော်ကြီးက ဥပမာကလေးတခု ဘယ့်နှယ် ပြောလိုက်သလဲဆိုတော့ ကိုယ်အိပ်မယ်လို့ သန့်သန့်ပြန့်ပြန့် ခင်းထားတဲ့ အိပ်ရာ နုနုထွတ်ထွတ်ကလေးပေါ်မှာ အိပ်ရာဖုံးကလေး ကျကျနန နိုင်ငံခြားက ဝယ်လာတဲ့ အိပ်ရာဖုံးကလေး ဆိုပါတော့၊ ခေါင်းအုံးကလေးကလဲ ကျကျနန ခေါင်းအုံးကလေး ဆိုပါတော့၊ လှလှပပ ခေါင်းအုံးကလေး၊ အဲဒီ ခေါင်းအုံးကလေးတွေ၊ အိပ်ရာခင်းကလေးတွေ၊ ခြင်ထောင် ဆိုတာလဲ ရှိလို့ အင်မတန်ကောင်းတဲ့ အိပ်ရာကလေးပေါ့၊ ကိုယ်အိပ်မယ်လို့ ခင်းထားတဲ့ အိပ်ရာခင်းကလေးပေါ် ခွေးဝဲစားတကောင် ဝင်အိပ်ရင် ဘယ့်နှယ်နေမလဲ? ဘယ့်နှယ်လဲ ဘုန်းကြီးတို့ပရိသတ် ဒီ စက္ခုပသာဒရုပ်ကလေးလို့ဆိုတာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ချမ်းသာကို မြင်အောင်ကြည့်မယ်ဆိုတဲ့ စက္ခုပသာဒရုပ်ကလေးကို ကုသိုလ်ကံတွေ အမျိုးမျိုးလုပ်မှ ရတဲ့ စက္ခုပသာဒရုပ်ကလေး မဟုတ်လား?။ (မှန်ပါ)။

တော်ရုံတန်ရုံနဲ့ ရရဲ့လား?။ (မရပါဘုရား)။

နိုင်ငံခြားသွားဝယ်လို့ ဒီစက္ခုပသာဒရုပ်မျိုး ရပါ့မလား?။ (မရပါဘုရား)။

အဲ့သလောက်ကို ပါရမီအမျိုးမျိုးတွေ ဖြည့်ကျင့်ဆည်းပူးပြီးတော့ ကုသိုလ်နဲ့ ဆည်းပူးပြီးတော့ ကိုယ် ကျကျနန မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ကျင့်မယ်လို့ ခင်းထားတဲ့ အိပ်ရာခင်းကလေးနဲ့တူတဲ့ စက္ခုပသာဒရုပ်ကလေးပေါ်မှာ ခွေးဝဲစားနဲ့တူတဲ့ အဘိဇ္ဈာနဲ့ ဒေါမနဿ ဝင်လာရင် ဘုန်းကြီးတို့ ပရိသတ် ဘယ်လိုတုံး? သိပ်သဘောကျနေကြတယ် မဟုတ်လား?၊ ပြုံးပြုံးကလေးတွေကို မြင်နေရရင် ကိုယ်နှစ်သက်တဲ့ ရုပ်ရုံကလေး၊ ကိုယ်နှစ်သက်တဲ့ အမျိုးသမီးကလေး၊ ကိုယ်နှစ်သက်တဲ့ အမျိုးသားကလေး မြင်နေရတော့ စိတ်ထဲ ဘယ့်နှဲ့လဲ?။

(သဘောကျနေပါတယ်ဘုရား)။

ဒီလိုသဘောကျနေတယ်ဆိုတာ ဘာဝင်လာသလဲဆိုတော့ အဘိဇ္ဈာဆိုတဲ့ အကုသိုလ်ဝင်လာတယ်၊ ဒီအဘိဇ္ဈာဆိုတဲ့ အကုသိုလ်ခွေးဝဲစား ဘယ်အပေါ် ဝင်အိပ်သလဲ? စက္ခုပသာဒနဲ့တူတဲ့ အိပ်ရာခင်းလှလှကလေးပေါ်မှာ ဝင်အိပ်တာနဲ့ မတူဘူးလား?။ (တူပါတယ်ဘုရား)။

ဒါကို ဘုန်းကြီးတို့ပရိသတ်က လက်ခံသလား? လက်မခံဘူးလား?။
(လက်ခံပါတယ်ဘုရား)။

ဟန်ကျလိုက်တာ၊ သူနဲ့ဘဲ ဝင်အိပ်လိုက်တော့တာဘဲ ခွေးဝဲစားဖက်ပြီးတော့၊ ဟုတ်လား ဘုန်းကြီးတို့ပရိသတ်?။

စက္ခုန္ဒြိယံ၊ အဲဒီကုသိုလ်ကံ အင်မတန်ကောင်းမှ ရလာတဲ့ စက္ခုန္ဒြေကို။ အသံဝုတံ၊ မစောင့်စည်းသည်ဖြစ်၍။ ဝိဟရန္တံ၊ နေလေ့ရှိသော။ နံ ဘိက္ခုံ၊ ထိုရဟန်းကို (ထိုရဟန်း၏ သန္တာန်သို့, ခုနက ထိုပုဂ္ဂိုလ်သန္တာန်သို့)။ အဘိဇ္ဈာဒေါမနဿာ၊ အဘိဇ္ဈာနဲ့ ဒေါမနဿ ဖြစ်ကုန်သော။ ပါပကာ၊ ယုတ်မာလှတဲ့ ခွေ ဝဲစားထက် ယုတ်မာလှစွာကုန်သော။ အကုသလာ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ အန္ဝာဿဝေယျုံ၊ အစဉ်တစိုက်လျှောက်ပြီးတော့ တောက်လျှောက် လိုက်၍လာကုန်ရာ၏။

အဘိဇ္ဈာနဲ့ဒေါမနဿ ဖြစ်လာပြီဆိုရင် ဒီအကုသိုလ်တင် နေရဲ့လား ?။
(မနေပါဘုရား။)

အဘိဇ္ဈာ ဒေါမနဿတင် မကဘူး၊ ဒိဋ္ဌိတို့ မောဟတို့ တထောင့်ငါးရာ ကိလေသာ သွားပြီးနေဉ်။ (မှန်ပါဘုရား။)

အဲဒီလိုသွားတော့ ဘယ်ရောက်သွားသလဲ၊ ဇာတိ, ဇရာ, ဗျာဓိ, မရဏ, သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ,ဥပါယာသ,အကုန်လုံး ရှောက်ဖြစ်ရော အကုသိုလ်တွေ၊ ပဋိစ္စသမုပ္ပါဒ် စက်ကြီးလဲ အဲဒီမှာ လည်ရော၊ နောက်ဆုံး ဒီမျက်လုံး ဘယ်ရောက်လဲ အပါယ်လေးပါး ရောက်သွားတယ်၊ အပါယ်လေးပါး မျက်လုံး ဖြစ်သွားမယ်၊ ခွေးကလေးတွေကို မျက်လုံး ဘယ်သူပေးလို့ ရတယ်ထင်သလဲ ?၊ အဝိဇ္ဇာက ပေးလို့, အဘိဇ္ဈာဆိုတဲ့ တရားက ပေးလို့ ခွေးကလေးတွေ မျက်လုံး ရတာ၊ ဘုန်းကြီးတို့ပရိသတ် ဒီအဘိဇ္ဈာကို လက်ခံထားရင် ကိုယ်လက်ခံထားတဲ့ အဘိဇ္ဈာက ကိုယ့် ဘာမျက်လုံး ပေးအုံးမှာတုံး ?။

ခွေးမျက်လုံး လိုချင်သလား ?။ (မလိုချင်ပါ ဘုရား)

မြန်မြန်မောင်းထုတ်၊ ဒီခွေးဝဲစားကို မြန်မြန်မောင်းထုတ်ဘို့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က မြင်တဲ့အပေါ်မှာ သတိထားကြည့်ပါတဲ့၊ မြင်တာက

ဘာမြင်သလဲ? ရုပ်ကိုမြင်သည်၊ အဲဒီရုပ်မှာ ယောကျ်ား မိန်းမ လှ-မလှဆိုတာ ရှိ-မရှိ?။ (မရှိပါဘုရား)

ညက ပြခဲ့ပြီနော် "ထွက်တဲ့လေ,ဝင်တဲ့လေ တည်းဟူသော ပရမတ်ရုပ် ဆိုတာယောကျ်ား မိန်းမ လှ-မလှ မရှိ, လက်ခြေသဏ္ဍာန် ပြုံးရယ်ဟန် ဆိုတာ မရှိ, မြင်အောင်ကြည့်ပါလို့"၊ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က သတိထားပါတဲ့၊ သတိထားရင် အဲဒီသတိက ပေါ်လာပါလိမ့်မယ်။

"တဿ သံဝရာယ ပဋိပဇ္ဇတိ။

တဿ၊ ထိုစက္ခုန္ဒြေကို။ သံဝရာယ၊ စောင့်စည်းခြင်းငှါ။ ပဋိပဇ္ဇတိ၊ ကျင့်၏။

"ရက္ခတိစက္ခုန္ဒြိယံ၊ စက္ခုန္ဒြိယေ သံဝရံ အာပဇ္ဇတိ"

စက္ခုန္ဒြိယံ၊ မိမိရဲ့ အိပ်ရာခင်း လှလှကလေးနဲ့ တူတယ် ဆိုတဲ့ စက္ခုန္ဒြေ, ကံကြောင့်ရတယ်ဆိုတဲ့ စက္ခုန္ဒြေ မျက်လုံးကို။ ရက္ခတိ၊ ခွေးဝဲစားနဲ့ တူတဲ့ အဘိဇ္ဈာ, ဒေါမနဿတွေ မဝင်အောင် စောင့်ရှောက်၍ ထား၏။ စက္ခုန္ဒြိယေ၊ မိမိရလာတဲ့ မျက်လုံးကလေး၌။ သံဝရံ၊ အဲဒီလို သတိဖြင့် စောင့်ရှောက်ခြင်း သို့။ အာပဇ္ဇတိ၊ ရောက်၍ နေလေတော့၏။

ဘာနဲ့ စောင့်ရှောက်သလဲ သတိ၊ ဟုတ်လား?။ (မှန်ပါ။)

ဒါကြောင့် သတိပဋ္ဌာန် ပါဠိတော်ကြီးကို မြတ်စွာဘုရား ဟောထားတာ၊ ဘယ်တော့မှ မမေ့နဲ့တဲ့ သတိ။

မြင်တဲ့အပေါ်မှာ သတိထားရင် ကိလေသာဆိုတဲ့ အဘိဇ္ဈာ ဒေါမနဿ ဝင်ခွင့်ရသေးသလား?။ (မရတော့ပါဘုရား။)

ပြီးတော့ မြင်တဲ့အပေါ်မှာ ခွေးဝဲစားနဲ့တူတဲ့ အဘိဇ္ဈာ, ဒေါမနဿ အကုသိုလ်တွေ ဝင်မလာအောင် ဘာ ထားရမလဲ?။ (သတိပါဘုရား။)

သတိထားပါတဲ့ ဟုတ်လား?။ (မှန်ပါဘုရား။)

စက္ခုန္ဒြေနော်၊ ဒါ စက္ခုန္ဒြေကို စောင့်ရှောက်ပုံ၊ သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, မနိန္ဒြေ လို့ ဣန္ဒြေခြောက်ပါးမှာ ဒီအတိုင်း စောင့်ရှောက်ရမယ်။

ရှေ့လဲသွားရဦးမယ် ဟုတ်လား?။ (မှန်ပါ။)

အဲဒီတော့ နားထဲ ခွေးဝဲစား မဝင်စေနဲ့၊ နှာခေါင်းထဲကော ခွေးဝဲစား မဝင်စေနဲ့၊ လျှာထဲကော—ဒီကနေ့ ဘာဟင်းတွေနဲ့ စားလဲ? စားလို့ကောင်း လိုက်တာဆိုရင် ဘာတဲ့လဲ? အဘိဇ္ဈာဆိုတဲ့ ခွေးဝဲစားကောင် လျှာထဲရောက် လာတာဘဲ၊ စားလို့မကောင်းပါဘူး, ဒီဟင်းတွေ ဘယ်လိုလုပ် ချက်ထားသလဲ,

ဘယ်နဲ့ဟာတွေလဲ, ဒီလိုဖြစ်လာရင် ဘယ်လိုတုံး? ဒေါမနဿတည်းဟူသော ခွေးဝဲစားတကောင် ကိုယ့်ပါးစပ်ထဲ ရောက်လာရော၊ အဲဒါ ဘုန်းကြီးတို့ ပရိသတ် သဘောကျနေကြတယ်။ ဒီခန္ဓာကိုယ်ကို မြတ်စွာဘုရားရှင် ကိုယ်တော် မြက်က သတိနဲ့စောင့်ရှောက်ပါတဲ့၊ခွေးဝဲစားမဝင်နိုင်အောင် စောင့်ရှောက်ဘို့ရန် အတွက် အကုသိုလ် = အဘိဇ္ဈာ, ဒေါမနဿဆိုတဲ့ အကုသိုတ်တွေ ဝင်မလာ အောင် ဘာနဲ့ စောင့်ရှောက်ရမလဲ?။ (သတိနဲ့ပါ ဘုရား။)

ဒါ ဣန္ဒြိယသံဝရသီလ ပြီးသွားရော။ စရဏတဆဲ့ငါးပါးထဲက ခု ဘယ်လောက် ပြီးသွားပလဲ? နှစ်ပါးပြီးသွားပြီ၊ ကိုင်း ရှေ့ တခါ သွားကြဦးစို့ရဲ့။

## (၃) ဘောဇနေ မတ္တညုတာ

"ဘောဇနေ မတ္တညုတာ" ဆိုတာ ဘာကိုခေါ်သလဲဆိုတော့ ပါဠိတော်က ပြောတယ်——

> ဣဓ မဟာနာမ အရိယသာဝကော ပဋိသင်္ခါ ယောနိသော အာဟာရံ အာဟာရေတိ နေဝ ဒဝါယ န မဒါယ န မဏ္ဍနာယ န ဝိဘူသနာယ ယာဝဒေဝ ဣမဿ ကာယဿ ဋ္ဌိတိယာ ယာပနာယ ဝိဟိံသူပရတိယာ ဗြဟ္မစရိယာနုဂ္ဂဟာယ၊ ဣတိ ပုရာဏဉ္စ ဝေဒနံ ပဋိဟင်္ခါမိ၊ နဝဉ္စ ဝေဒနံ န ဥပ္ပါဒေဿာမိ၊ ယာတြာ စ မေ ဘဝိဿတိ အနဝဇ္ဇတာ စ ဖာသုဝိဟာရော စ။

ဒါကို "ဘောဇနေမတ္တညုတာ"လို့ ခေါ်တယ်၊ မဟာပစ္စဝေက္ခဏာကြီး။

ဘုန်းကြီးတို့ ခပ်ငယ်ငယ် ရှင်သာမဏေဝတ်မယ်ကြံတော့ သင်လိုက်ရတဲ့ ပစ္စဝေက္ခဏာ လေးပုဒ်ထဲက ဒုတိယမြောက်အပုဒ်၊ ဘာပြောသလဲ အဓိပ္ပါယ်၊ စကားပြေ ပြောကြစို့–အစားအသောက်တခုခုကို စားတော့မယ်ဆိုရင် ဘာ အစာကိုဘဲ စားစား ရွာသူရွာသားတို့ ခလေးသူငယ်တို့ကဲ့သို့ မြူးထူးပျော်ပါး ကစားဘို့ရန်အတွက် မစားရဘူးတဲ့၊ ငါသည် ဒီအစာကို ရွာသူ့ရွာသား မြို့သူ့ မြို့သား ကလေးတို့ကဲ့သို့ မြူးထူးပျော်ပါး ကစားဘို့ရန်အတွက် စားတာမဟုတ် ဘူး၊ လက်ဝှေ့ထိုးတဲ့ပုဂ္ဂိုလ်တွေကဲ့သို့, နပမ်းသတ်တဲ့ ပုဂ္ဂိုလ်တွေကဲ့သို့ မာန်အား တည်းဟူသော မာန်တွေတက်လာဘို့ရန်အတွက် ဒီအစာ စားတာမဟုတ်ဘူး၊ နန်းတွင်းသူ နန်းတွင်းသားကဲ့သို့ တင့်တင့်တယ်တယ် ပြေပြေပြစ်ပြစ် ဖြစ်အောင် လို့ တန်းဆာဆင်ဘို့ရန်အတွက် ဒီအစာ စားတာမဟုတ်ဘူး၊ အသားအရေ စိုစိုပြေပြေ ဝဝဖြိုးဖြိုး ချောချောလှလှဖြစ်အောင် ဒီအစာ စားတာမဟုတ်ဘူး၊ အားတိုးအောင် စားတာ မဟုတ်ဘူးနော်။

ဒါဖြင့် ဘာလုပ်ဖို့စားသလဲ?။ ဒီခန္ဓာကိုယ်ကြီး မျှတပြီးသကာလ မျှမျှတတ ရှိပြီးတော့ မြတ်စွာဘုရား သာသနာတော်ကြီးကို ချီးမြှောက်နိုင်ဘို့ရန်အတွက်

အားရှိဘို့သာလျှင် ဒီအစာ ငါစားတာဘဲလို့ နှလုံးသွင်းစားရမယ်တဲ့ ဆိုလိုတဲ့ အဓိပ္ပါယ်က၊ ဟုတ်လား?။ ( မှန်ပါ။ )

ဒီအစာကိုစားခြင်းကြောင့် ဆာလောင်မွတ်သိပ်နေတယ်ဆိုတဲ့ အဟောင်းဖြစ်တဲ့ ဝေဒနာလဲပျောက်, ဆာလောင် မွတ်သိပ်လာခြင်းဆိုတဲ့ အသစ်ဖြစ်တဲ့ ဝေဒနာလဲ မရောက်ပါစေခြင်းအကျိုးငှါ မျှမျှတတ ချမ်းချမ်းသာသာ တရားအားထုတ်နိုင်ဘို့ရန် အတွက်သာလျှင် ဒီအစာကို ငါစားပါတယ်-ဆိုပြီး ဒီလိုဆင်ခြင်ပြီးတော့ စားရမယ်တဲ့၊ ဒါကို ဘောဇနေ မတ္တညုတာ-လို့ ခေါ်တယ်။

## (၄) ဇာဂရိယာနုယောဂ

"ဇာဂရိယာနုယောဂ"တဲ့။ ဒီအပိုင်းလေးက တော်တော် ပြောရလိမ့်မယ်၊ ဇာဂရိယာနုယောဂ-ဆိုတာ ဘာကိုခေါ်ပါသလဲလို့ ဆိုတော့ မြတ်စွာဘုရားက ဟောပေးတယ် ပါဠိတော်—

> ဣဓ မဟာနာမ အရိယသာဝကော ဒိဝသံ စင်္ကမေန နိသဇ္ဇာယ အာဝရဏီယေဟိ ဓမ္မေဟိ စိတ္တံ ပရိသောဓေတိ၊ ရတ္တိယာ ပဌမံ ယာမံ စင်္ကမေန နိသဇ္ဇာယ အာဝရဏီယေဟိ ဓမ္မေဟိ စိတ္တံ ပရိသောဓေတိ၊ ရတ္တိယာ မဇ္ဈိမံ ယာမံ ဒက္ခိဏေန ပဿေန သီဟသေယျံ ကပ္ပေတိ ပါဒေ ပါဒံ အစ္စာဓာယ သတော သမ္ပဇာနော ဥဋ္ဌာနသညံ မနသိ ကရိတွာ၊ ရတ္တိယာ မစ္ဆိမံ ယာမံ ပစ္စုဋ္ဌာယ စင်္ကမေန နိသဇ္ဇာယ အာဝရဏီယေဟိ ဓမ္မေဟိ စိတ္တံ ပရိသောဓေတိ။

မဟာနာမ၊ မဟာနာမ်။ ဣဓ၊ ဤငါဘုရားသာသနာတော်၌။ အရိယသာဝကော၊ ငါဘုရားရဲ့တပည့်သည်။

မြတ်စွာဘုရားက သူ့တပည့်သူပြောတာနော်၊ ဘယ်သူ့လဲ မြတ်စွာဘုရားရဲ့တပည့်က? ငါ ငါ၊ သူများအတွက် မဟုတ်ဘူး၊ ငါ့အတွက်ပြောနေတာ၊ ပစ္စည်းရဘို့ကျတော့ သူများအတွက် ထားသေးသလား?။ ( မထားပါဘုရား။ )

ငါ့ဘို့ချည်းဘဲ ဟုတ်လား?။ ( မှန်ပါဘုရား။ )

ဒိဝသံ၊ တနေ့ပတ်လုံး။ စင်္ကမေန၊ စင်္ကြံသွားခြင်းဖြင့် လည်းကောင်း။ နိသဇ္ဇာယ၊ ထိုင်နေခြင်းဖြင့်လည်းကောင်း။ အာဝရဏီယေဟိ၊ ဝိပဿနာတရားကို ပိတ်ဆို့တတ်ကုန်သော။ ဓမ္မေဟိ၊ တရားငါးမျိုးတို့မှ။ စိတ္တံ၊ မိမိရဲ့စိတ်ကို။ ပရိသောဓေတိ၊ သုတ်သင်၍ထား၏။

**တရားရှာသူအိပ်နည်း။** ။တနေ့လုံး ဘာလုပ်နေရမလဲ? မအိပ်ရဘူး၊ တုံးလုံးလဲ မလှဲရဘူး၊ ထိုင်ခြင်းဖြင့် သော်လည်းကောင်း, စင်္ကြံသွားခြင်းဖြင့် သော်လည်းကောင်း ဝိပဿနာဉာဏ်ကို နှောင့်ယှက်ဖျက်

ဆီးပိတ်ဆို့ထားတဲ့ ဝိပဿနာဉာဏ်ပညာ အားသေးအောင်လုပ်တတ်တဲ့ အပိတ် အဖုံးတရား ငါးမျိုးတို့မှ ကင်းအောင် လုပ်နေရမယ်တဲ့ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ဆိုတာ၊ ဘုန်းကြီးတို့ပရိသတ် တရားဝင်ဘူးကြတယ် မဟုတ်လား?။

( ဝင်ဘူးပါတယ်ဘုရား။ )

တရားဝင်ဘို့ ရိပ်သာတော့ သွားကြတာဘဲ၊ ဟိုကျတော့ တနေ့လုံး ဘယ်လို လဲ? အိပ်တဲ့အချိန်နဲ့ လမ်းလျှောက်ပြီး တရားအားတုတ်တယ်, ထိုင်ပြီးတရား အားထုတ်တယ် ဆိုတဲ့အချိန်နဲ့ ဘယ်သူကများသလဲ?၊ အိပ်တဲ့အချိန်က ဘယ် လောက်ရှိသလဲ? မြတ်စွာဘုရားက အိပ်တဲ့အချိန်လဲ ပေးထားတယ်၊ နေ့ခင်း ဘယ်နှစ်ခါအိပ်ရသလဲ? နေ့ခင်း တခါမှ မအိပ်ရဘူး၊ မြတ်စွာဘုရားက နေ့ခင်းမှာ လမ်းလျှောက်နေရမယ်၊ သို့မဟုတ် ထိုင်ရမယ်၊ ထိုင်ပြီးတော့ ဘာလုပ်ရမလဲ? ခုနက နီဝရဏတရားတွေကို ကင်းအောင်လုပ်နေရမယ်တဲ့နော်။

ရတ္တိယာ၊ ညဉ့်၏။ ပဌမံ ယာမံ၊ ပဌမယာမ်ကာလပတ်လုံး။ နိသဇ္ဇာယ၊ ထိုင်နေခြင်းဖြင့် လည်းကောင်း။ စင်္ကမေန၊ စင်္ကြံသွားခြင်းဖြင့် လည်း ကောင်း။ အာဝရဏီယေဟိ ဓမ္မေဟိ၊ အပိတ်အဖုံးဖြစ်တဲ့တရားတို့မှ။ စိတ္တံ၊ ဝိပဿနာရှုမဲ့ အမျိုးကောင်းသား, အမျိုးကောင်း သမီးများရဲ့ စိတ်ကို။ ပရိသောဓေတိ၊ သုတ်သင်၍ထားရ၏။

ညဉ့်ဦးယာမ်ကာလပတ်လုံး မအိပ်ဘဲနဲ့ ထိုင်ခြင်းဖြင့် သော်လည်းကောင်း, စင်္ကြံသွားခြင်းဖြင့် သော်လည်းကောင်း အပိတ် အဖုံး တရားတွေမှ ကင်း အောင်နေပါ၊ ဝိပဿနာတရား အားထုတ်မဲ့ပုဂ္ဂိုလ် အိပ်တော့ ဘယ်အချိန် အိပ်ရမလဲဆိုတော့—

ရတ္တိယာ၊ ညဉ့်၏။ မဇ္ဈိမံယာမံ၊ မဇ္ဈိမယာမ် ကာလပတ်လုံး။ ဥဋ္ဌာနသညံ၊ မနက်စောစော အိပ်ရာမှထမယ်ဆိုတဲ့ အမှတ်သညာကို။ မနသိကရိတွာ၊ နှလုံးသွင်းပြီးတော့။ သတော၊ နေ့ခင်း တနေ့ခင်းလုံး ကိုယ်အားထုတ်ထား တဲ့ တရား၌ ထင်ရှားသောသတိရှိသည် ဖြစ်၍။ သမ္ပဇာနော၊ အနိစ္စ, ဒုက္ခ, ဝိပရိဏာမကို ဆင်ခြင်နေသည်ဖြစ်၍။ ပါဒေ၊ လက်ျာခြေထောက်ပေါ်၌။ ပါဒံ၊ လက်ဝဲခြေထောက်ကို။ အစ္စာဓာယ၊ အနည်းငယ်လွန်ထား၍။ ဒက္ခိ-ဏေန ပဿေန၊ လက်ျာနံတောင်းဖြင့်။ သီဟသေယျံ၊ ခြင်္သေ့မင်း၏ အိပ် ခြင်းနဲ့တူသော အိပ်ခြင်းကို။ ကပ္ပေတိ၊ ပြုလုပ်ပါ။

အိပ်ပုံ မြတ်စွာဘုရား ပြတယ်၊ အိပ်တော့ ဘယ်လိုအိပ်လဲ?။ မနက်စောစော ၄-နာရီလောက်ထမယ်၊ သတိလဲရှိမယ်၊ သမ္ပဇဉ်လဲရှိမယ်၊ အဲဒီ သတိသမ္ပဇဉ်နဲ့ ယှဉ်တွဲပြီးတော့ လက်ျာနံတောင်းဖြင့် လက်ျာခြေထောက်ပေါ်မှာ လက်ဝဲ ခြေထောက်ကို အနည်းငယ်လွန်ထားပြီးတော့ ခြင်္သေ့မင်း၏ အိပ်ခြင်းကဲ့သို့

ဒီလို စဉ်းငယ်ကလေးသာ အိပ်ရမယ်တဲ့၊ ခေါင်းအုံး ခြင်ထောင် မွေ့ရာတွေနဲ့ အိပ်ရမှာ ပြောတာမဟုတ်ဘူး မြတ်စွာဘုရားက၊ ဟုတ်လား?။ (မှန်ပါဘုရား။)

ဒါ ဇာဂရိယာနုယောဂ အပိုင်းနော်။

ရတ္တိယာ၊ ညဉ့်၏။ ပစ္ဆိမံ ယာမံ၊ နောက်ဆုံး ပစ္ဆိမယာမ်ကျတော့။ ပစ္စုဋ္ဌာယ၊ စောစောထပြီးတော့။ စင်္ကမေန၊ စင်္ကြံသွားခြင်းဖြင့်လည်း ကောင်း။ နိသဇ္ဇာယ၊ ထိုင်နေခြင်းဖြင့်လည်းကောင်း။ အာဝရဏီယေဟိ ဓမ္မေဟိ၊ အပိတ်အဖုံးဖြစ်တဲ့ တရားတို့မှ။ စိတ္တံ၊ မိမိစိတ်ကို။ ပရိသောဓေတိ၊ သုတ်သင်၍ထား၏။ ဒါ ဇာဂရိယာနုယောဂ။

နေ့ခင်း တနေ့ခင်းလုံး မအိပ်ရဘူး၊ ညဉ့်ဦးယာမ် မအိပ်ရဘူး၊ မိုးသောက် ယာမ်မှာ မအိပ်ရဘူး၊ ညဉ့်အလယ်ခေါင် သန်းကောင်ယာမ်လောက်မှာ ခေတ္တ လောက်ကလေး ခြသေ့်မင်း၏ အိပ်ခြင်းကဲ့သို့ ခဏကလေး အိပ်ရမယ်တဲ့၊ ဒါဖြင့် အဲဒီ အပိတ်အဖုံးဖြစ်တဲ့ တရားတွေမှ သုတ်သင်ရှင်းလင်းတယ်ဆိုတာ ဘယ်လိုရှင်းလင်းတာလဲသို့ သိဘို့ မလိုဘူးလား?။ (လိုပါတယ် ဘုရား။)

**အဘိဇ္ဈာ။** ။အဲဒါ ပါဠိတော်တခုကို ပြောင်းပြီးတော့ ဟောပေးဦးမယ်။

သော အဘိဇ္ဈံ လောကေ ပဟာယ၊ ဝိဂတာဘိဇ္ဈေန စေတသာ ဝိဟရတိ၊ အဘိဇ္ဈာယ စိတ္တံ ပရိသောဓေတိ။

သော၊ ထို ဇာဂရိယာနုယောဂ ပွါးများနေသော အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ လောကေ၊ ဥပါဒါနက္ခန္ဓာတည်းဟူသော လော ကကြီးထဲ၌။ အဘိဇ္ဈံ၊ တစုံတခုသော အရာဝတ္ထုကို အလိုရှိတယ်ဆိုတဲ့ လောဘတရားကို။ ပဟာယ၊ ပယ်စွန့်၍။ ဝိဂတာဘိဇ္ဈေန၊ ကင်းသော အဘိဇ္ဈာရှိသော။ စေတသာ၊ စိတ်ဖြင့်။ ဝိဟရတိ၊ နေ၏။ အဘိဇ္ဈာယ၊ အဘိဇ္ဈာမှ။ စိတ္တံ၊ စိတ်ကို။ ပရိသောဓေတိ၊ သုတ်သင်၍ထား၏။

**တရားရှာသူ့ စိတ်ထား။** ။တရားအားထုတ်တဲ့ ပုဂ္ဂိုလ်လို့ဆိုတာ မိမိ ဥပါဒါ· နက္ခန္ဓာဖြစ်တဲ့ ခန္ဓာငါးပါးနဲ့ ပတ်သက်ပြီးတော့ တစုံတခု ဘာမှ လိုလားတောင့်တတာ မရှိရဘူးတဲ့၊ ဝတ်ရေး, စားရေး, နေရေး, ထိုင်ရေး, ဘာညာစသည်ဖြင့် ဘာမှအလိုမရှိရဘူး၊ အကယ်၍ အဲဒီလို အဘိဇ္ဈာ တွေ ဝင်နေမယ်ဆိုရင် ဒီပုဂ္ဂိုလ် တရားအားထုတ်လို့ ရပါဦးတော့မလား?။
( မရတော့ပါ ဘုရား။ )

ဒီတော့ ဥပါဒါနက္ခန္ဓာလောကဆိုတာ တဏှာဒိဋ္ဌိတို့ဖြင့် စွဲယူထားတဲ့ ဒီခန္ဓာ လောကကြီးကို ခေါ်တာနော်။ ( မှန်ပါ။ )

အဲဒီခန္ဓာလောကကြီးနဲ့ ပတ်သက်ပြီးတော့, ကိုယ့်ကိုယ်နဲ့ ပတ်သက်ပြီးတော့ "ဘာလေးတော့ လိုချင်သေးတယ်၊ ပိုလိုက်ပါအုံး"လို့ စသည်ဖြင့် ဒါတွေ အလို မရှိရဘူးတဲ့။ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ဆိုတာ ဖြစ်သလိုနေ, ဖြစ်သလိုစား ရမယ်, ဖြစ်သလိုအိပ်ရမယ်, ဖြစ်သလိုသွားရမယ်, ဖြစ်သလိုလာရမယ်၊ ဒီ ဥပါဒါနက္ခန္ဓာလို့ခေါ်တဲ့ ခန္ဓာငါးပါးကြီးအတွက်တော့ဖြင့် တစုံတခု အဝတ်အစား ကလေး, အိပ်ရာကလေး, ခြင်ထောင်ကလေး, စောင်ကလေး ယူသွားအုံးမှဘဲလို့ ဒီလိုမလုပ်ရဘူး၊ အဲဒါ အဘိဇ္ဈာ၊ ဟုတ်လား? (မှန်ပါ။)

အဲဒီ အဘိဇ္ဈာကို ပယ်ပြီး နေတာကိုဘဲ "ဝိဂတာဘိဇ္ဈေန စေတသာ"လို့ ခေါ်တယ်၊ အဘိဇ္ဈာကင်းတဲ့စိတ်နဲ့ နေတာတဲ့၊ ဒီလိုသုတ်သင်ရမယ် ထိုင်ရင်း စင်ကြယ်သွားရင်းနေ၎်။

ဗျာပါဒ။ ။အပိတ်အဖုံးတရား နောက်တခုရှိသေးတယ်—

ဗျာပါဒပဒေါသံ ပဟာယ အဗျာပန္နစိတ္တော ဝိဟရတိ သဗ္ဗပါဏဘူတဟိတာနုကမ္ပီ၊ ဗျာပါဒပဒေါသာ စိတ္တံ ပရိသောဓေတိ။

ဗျာပါဒပဒေါသံ၊ စိတ်ပျက်တယ် စိတ်ညစ်တယ် စိတ်ဆိုးတယ် စိတ်ကောက်တယ် ဆိုတဲ့ ဗျာပါဒပဒေါသကို။ ပဟာယ၊ ပယ်ပြီးတော့။ အဗျာပန္နစိတ္တော၊ စိတ်မပျက် စိတ်မကောက် စိတ်မဆိုး စိတ်မညစ်သော စိတ်ရှိသည် ဖြစ်၍။ သဗ္ဗပါဏဘူတဟိတာနုကမ္ပီ၊ အလုံးစုံ ကိုယ့်မိတ်ဆွေတွေ ကိုယ့်ရန်သူတွေရဲ့အပေါ်မှာ အကျိုးစီးပွါးတွေကို လိုလားသောစိတ်ရှိသည် ဖြစ်၍။ ဝိဟရတိ၊ နေရ၏။ ဗျာပါဒပဒေါသာ၊ စိတ်ပျက်တယ်, စိတ်ကောက် တယ်ဆိုတဲ့ သဘောမှ။ စိတ္တံ၊ ဝိပဿနာရှုမဲ့စိတ်ကို။ ပရိသောဓေတိ၊ စင်ကြယ်အောင်လုပ်၍ ထားရ၏။

အပိတ်အဖုံးတရား— တရားအားထုတ်ရအောင် သွားမယ်ဆိုရင် စိတ်ညစ် တယ်, စိတ်ကောက်တယ်, စိတ်ဆိုးတယ်, ဘယ်သူ့ကို မကျေနပ်ဘူး ဆိုတာ တွေ ပါသွားရမလား, ပါမသွားရဘူးလား? (ပါမသွားရပါ ဘုရား။)

ဘုန်းကြီးတို့ ပရိသတ် တရားအားထုတ်ဘို့ သွားတဲ့အခါ ဒီဟာများ ယူပြီး သွားကြသေးသလား? (မယူပါ ဘုရား။)

ဟုတ်ကဲ့လား? (ဟုတ်ပါတယ် ဘုရား)။

အဲဒီတော့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က အဲသလို "ဗျာပါဒပဒေါသ" ကို ဖယ်ထားပြီးတော့ ကိုယ့်ကို ကန့်လန့်လုပ်နေတဲ့ ရန်သူတွေကော, ကိုယ့်ကိုယ် ကို အကျိုးစီးပွါး လုပ်ပေးနေတယ်ဆိုတဲ့ မိတ်ဆွေသင်္ဂဟတွေအပေါ်မှာကော

အညီအမျှ အကျိုးစီးပွါးရွက်ဆောင်နိုင်တဲ့ စိတ်မျိုး ထားပြီးတော့ တရားအား ထုတ်ရအောင် သွားပါတဲ့ မြတ်စွာဘုရားက၊ ဘယ်သူကလဲ?

(မြတ်စွာဘုရားကပါ ဘုရား။)

ဘယ်သူ့ကိုပြောတာလဲ? (တရားအားထုတ်တဲ့သူကိုပါ ဘုရား)။

ဗျာပါဒ ပြီးသွားရော။

**ထိနမိဒ္ဓ။** ။ထိနမိဒ္ဓံ ပဟာယ ဝိဂတထိနမိဒ္ဓေါ ဝိဟရတိ အာလောကသညီ သတော သမ္ပဇာနော၊ ထိနမိဒ္ဓါ စိတ္တံ ပရိသောဓေတိ။

ထိနမိဒ္ဓံ၊ အိပ်ချင်ငိုက်မျည်းတယ်ဆိုတဲ့ ထိုင်းထိုင်းမှိုင်းမှိုင်းစိတ်ကို။ ပဟာယ၊ ပယ်၍။ ဝိဂတထိနမိဒ္ဓေါ၊ ကင်းသော ထိနမိဒ္ဓ ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေရ၏။

ထိနမိဒ္ဓမဝင်ရဘူးတဲ့၊ "ဘယ်နှဲဗျာ အိပ်ချင်တာ မအိပ်ရဘူးတဲ့" မေးစရာ မရှိဘူးလား? (ရှိပါတယ် ဘုရား။)

မြတ်စွာဘုရား ပြောထားတယ်၊ ဟော "သတော=သတိရှိပါစေ"တဲ့၊ "သမ္ပဇာနော=ပညာအဆင်အခြင် ရှိပါစေ"၊ "အာလောကသညီ=အလင်းရောင် အမှတ်အသားကလေးတွေ ရှိပါစေ"။ ဒီသုံးခုရှိရင် ထိနမိဒ္ဓ မဝင်ဘူးတဲ့ မြတ်စွာဘုရားက၊ ဟုတ်လား? (မှန်ပါ။)

အိပ်ချင်တာ ဘာပြုလို့လဲ၊ သတိမရှိလို့၊ ဝိပဿနာပညာမရှိလို့၊ အာလောက သညာမရှိလို့၊ ဟုတ်လား? (မှန်ပါ ဘုရား။)

ဒီတော့ ငါတော့ အိပ်ချင်လို့ ခေါင်းကလေးငိုက်လာပြီဆိုရင် ငါတော့ သတိမရှိတော့ဘူး၊ ပညာလဲမရှိတော့ဘူး၊ ဒီတော့ ဝိပဿနာလုပ်လို့ ဖြစ်ပါဦး တော့မလား? (မဖြစ်တော့ပါ ဘုရား။)

ထိနမိဒ္ဓါ၊ အဲဒီ ထိနမိဒ္ဓမှ။ စိတ္တံ၊ မိမိရဲ့စိတ်ကို။ ပရိသောဓေတိ၊ သုတ်သင်၍ ထားရမယ်တဲ့။

ဘာနဲ့ သုတ်သင်ထားရမလဲ၊ သတိရှိပါစေ, ပညာရှိပါစေ, အလင်းရောင် တွေကို ကြည့်ပေးနေရမယ်၊ ဟုတ်လား? (မှန်ပါ ဘုရား။)

**ဥဒ္ဓစ္စ-ကုက္ကုစ္စ။** ။ကိုင်း ရှေ့သွားရအောင် ထိနမိဒ္ဓပြီးတော့ ဘာလဲ ဥဒ္ဓစ္စ-ကုက္ကုစ္စ။

ဥဒ္ဓစ္စကုက္ကုစ္စံ ပဟာယ အနုဒ္ဓတော ဝိဟရတိ အဇ္ဈတ္တံ ဝူပသန္တစိတ္တော၊ ဥဒ္ဓစ္စကုက္ကုစ္စာ စိတ္တံ ပရိသောဓေတိ-တဲ့။

တရားအားထုတ်တဲ့ ပုဂ္ဂိုလ်လို့ဆိုတာတဲ့ စိတ်ပျံ့လွင့်ခြင်းဆိုတဲ့ ဥဒ္ဓစ္စ, နောက်က ကိုယ်လုပ်ခဲ့တဲ့ အကုသိုလ်တွေကို ပြန်ပြီးတော့ ပြောနေခြင်း, တွေးနေခြင်းဆိုတဲ့ ကုက္ကုစ္စ-သဘောတွေ မရှိရဘူးတဲ့။

"ဥဒ္ဓစ္စ"ဆိုတာ စိတ်ပျံ့လွင့်တယ်၊ "ကုက္ကုစ္စ"ဆိုတာ နောက်က ငါ ဘာတွေ လုပ်ခဲ့တယ်, အကုသိုလ်တွေ လုပ်ခဲ့တယ်, ခိုးခဲ့တယ်, ဆိုးခဲ့တယ်, ဓားပြတိုက်ခဲ့တယ်, လူသတ်ခဲ့တယ်၊ အဲတာတွေ ပြန်ပြောနေတာ ကုက္ကုစ္စလို့ခေါ်တယ်၊ ဘာလို့ခေါ်သလဲ?။　　(ကုက္ကုစ္စလို့ ခေါ်ပါတယ်ဘုရား)။

ဒီ ကုက္ကုစ္စကို ပြောနေရမှာလား, ပယ်ရမှာလား?။　(ပယ်ရမှာပါဘုရား)။

ဘုန်းကြီးတို့ ပရိသတ်က ပြောဘို့ချည်းထင်နေတယ် ဂုဏ်ရှိတယ်ထင်ပြီးတော့ ကုက္ကုစ္စဖြစ်နေတာ၊ အဲဒီဟာတွေကို ပြောတာနော်?။　　(မှန်ပါ)။

ဥပမာ ဘုန်းကြီးတို့အနေနဲ့ ဟောဒီ တရားဟောပလ္လင်ပေါ်ကထိုင်ပြီးတော့ "ရှေးက ငါ အကုသိုလ်တွေ, ဘာတွေ လုပ်ခဲ့တယ်"လို့ပြောရင် ဒီဘုန်းကြီး ဘာဖြစ်နေသလဲ?။　　(ကုက္ကုစ္စ ဖြစ်နေပါတယ်)။

အဲဒီဘုန်းကြီးရဲ့သန္တာန်မှာ ကုက္ကုစ္စတွေ ဖြစ်မနေဘူးလား?။
　　(ဖြစ်နေပါတယ်ဘုရား)။

ကုက္ကုစ္စ-ဆိုတာ ကုသိုလ်လား, အကုသိုလ်လား?။　(အကုသိုလ်ပါဘုရား)။

အဲဒါဟဲ ပရိသတ်က ဝိုင်းပြီး သဘောကျချင် ကျနေတတ်တယ် "မှန်တာတွေ ပြောတယ်"ဆိုပြီးတော့၊ အဲဒီ ဥဒ္ဓစ္စ,ကုက္ကုစ္စ လို့ဆိုတဲ့ သဘောတရား ရှိနေမယ်ဆိုရင် ဒီပုဂ္ဂိုလ် တရားအားထုတ်လို့ ရပါဦးတော့မလား?။(မရတော့ပါဘုရား)။

တရားအားထုတ်လို့ မရဘူးတဲ့၊ ဒါကြောင့် ဒီဥဒ္ဓစ္စနဲ့ ကုက္ကုစ္စကို ပယ်ပစ်ရမယ်တဲ့ မြတ်စွာဘုရားက။

အနုဒ္ဓတော၊ မပျံ့လွင့်သော စိတ်ရှိသည်ဖြစ်၍။ အဇ္ဈတ္တံ၊ မိမိ၏အတွင်းသန္တာန်၌။ ဝူပသန္တစိတ္တော၊ ငြိမ်းအေးသော စိတ်ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေရမယ်တဲ့။

ဟုတ်လား?။　　(မှန်ပါ)။

စိတ်ကို အေးပြီးတော့ "ငါ့မှာ ဘာတာဝန်မှ မရှိဘူး, ဘာ အကုသိုလ်မှ မရှိဘူး, ငါ လွတ်လပ်နေတယ်"ဆိုပြီးတော့ စိတ်ကို အနားယူတဲ့ အနေမျိုးလေးနဲ့ တရားအားထုတ်မယ်ကြံရင် စိတ်ကို အေးအေးလေးထားပြီးတော့ တရားအားထုတ်ပါတဲ့၊ ဟုတ်လား?။　　(မှန်ပါဘုရား)။

ဥဒ္ဓစ္စ-ကုက္ကုစ္စ ပြီးသွားပြီနော်။　　(မှန်ပါ)။

**ဝိဝိကိစ္ဆာ။** ။ဝိဝိကိစ္ဆံ ပဟာယ တိဏ္ဏဝိစိကိစ္ဆော ဝိဟရတိ အကထံကထီ ကုသလေသု ဓမ္မေသု၊ ဝိစိကိစ္ဆာယ စိတ္တံ ပရိသောဓေတိ။

ဝိစိကိစ္ဆံ၊ ဟုတ်မှ ဟုတ်ပါ့မလားဆိုတဲ့ ဝိစိကိစ္ဆာကို။ ပဟာယ၊ ပယ်ပြီးတော့။ တိဏ္ဏဝိစိကိစ္ဆော၊ ပယ်အပ်ပြီးသော ဝိစိကိစ္ဆာရှိသည်ဖြစ်၍။

ကိုယ်အားထုတ်တဲ့တရား မှန်မှမှန်ပါ့မလား, ဟုတ်မှ ဟုတ်ပါ့မလားလို့ ဒီလို သံသယမဝင်နဲ့၊ ဒီတရား အားထုတ်လို့ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရမှ ရနိုင်ပါ့မလား လို့ဆိုတဲ့ ဝိစိကိစ္ဆာ အသေးစားတောင် မဝင်စေနဲ့တဲ့၊ ဟုတ်လား?။ (မှန်ပါ)။

ငါ ဒီလိုကျင့်ပုံမျိုးနဲ့, ဒီလိုအားထုတ်ပုံမျိုးနဲ့ တရားအားထုတ်လို့ ရမှ ရပါ့မလားလို့ဆိုတဲ့ ဝိစိကိစ္ဆာတောင် မဝင်စေနဲ့တဲ့။

"အကထံကထီ ကုသလေသု ဓမ္မေသု"။

ကုသလေသု ဓမ္မေသု၊ ကုသိုလ်တရားတို့၌။ အကထံကထီ၊ သို့လော သို့လောနဲ့ ဟုတ်မှ ဟုတ်ပါ့မလားဆိုတဲ့ တွေးတောယုံမှားခြင်း မရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေရမယ်။ ဝိစိကိစ္ဆာယ၊ ဟုတ်မှ ဟုတ်ပါ့မလားဆိုတဲ့ ဝိစိ-ကိစ္ဆာမှ။ စိတ္တံ၊ စိတ်ကို။ ပရိသောဓေတိ၊ သုတ်သင်၍ ထားရ၏။

ဒါ ဇာဂရိယာနုယောဂပိုင်းမှာ အပိတ်အပင်, အပိတ်အဖုံးဖြစ်တဲ့ တရား ငါးမျိုးကို သုတ်သင်ရှင်းလင်းပုံကို မြတ်စွာဘုရားက ပါဠိတော်တခုကနေပြီး တော့ ဒီလိုပြတယ်။

## နီဝရဏတရား ၅-ပါး

ဒီနေရာမှာ ပကတိဖြူစင်နေတဲ့စိတ်ကို ညစ်နွမ်းစေပြီးတော့ အသိဉာဏ်ပညာ ကို အားသေး ငမှုံမှိန်စေတတ်တဲ့ နီဝရဏတရားငါးမျိုးမှ မလွတ်ကင်းတဲ့အတွက် အကျိုးဆုတ်ယုတ်ပုံနဲ့ နီဝရဏတရားငါးမျိုးမှ လွတ်ကင်းတဲ့အခါ အကျိုး သက် ရောက်ပုံတွေကို မြတ်စွာဘုရားက ဥပမာ ဥပမေယျတွေနဲ့ ဟောထားတာ ရှိ တယ်၊ အလွန် မှတ်သားဘွယ်ကောင်းပါတယ်။

**ကာမစ္ဆန္ဒနီဝရဏ။** ။ဒါကြောင့် ဘုန်းကြီး ထည့် ဟောပေးအုံးမယ်။

သေယျထာပိ မဟာရာဇ ပုရိသော ဣဏံ အာဒါယ ကမ္မန္တေ ပယောဇေယျ၊ တဿ တေ ကမ္မန္တာ သမိဇ္ဈေယျုံ၊ သော ယာနိ စ ပေါရာဏာနိ ဣဏမူလာနိ၊ တာနိ စ ဗျန္တိံ ကရေယျ၊ သိယာ စဿ ဥတ္တရိံ အဝသိဋ္ဌံ ဒါရဘရဏာယ။

တဿ ဧဝမဿ အဟံ ခေါ ပုဗ္ဗေ ဠဏာံ အာဒါယ ကမ္မန္တေ ပယောဇေသိံ၊ တဿ မေ တေ ကမ္မန္တာ သမိဇ္ဈိံသု၊ သော အဟံ ယာနိ စ ပေါရာဏာနိ ဠဏာမူလာနိ၊ တာနိ စ ဗျန္တိံ အကာသိံ၊ အတ္ထိ စ မေ ဥတ္တရိံ အဝသိဋ္ဌံ ဒါရဘရဏာယာတိ။ သော တတောနိဒါနံ လဘေထ ပါမောဇ္ဇံ၊ အဓိဂစ္ဆေယျ သောမနဿံ—

လို့ သီလက္ခန်ပါဠိတော် သာမညဖလသုတ်မှာ ဟောခဲ့ပါတယ်။

မဟာရာဇ၊ မင်းမြတ်။ သေယျထာပိ၊ ဥပမာမည်သည်ကား။ ပုရိသော၊ ယောကျ်ားသည်။ ဠဏာံ၊ ကြွေးမြီကို။ အာဒါယ၊ ယူ၍။ ကမ္မန္တေ၊ ရောင်းဝယ်မှုတို့ကို။ ပယောဇေယျ၊ လုံ့လကြိုးကုတ် အားထုတ်ရာ၏။ တဿ ပုရိသဿ၊ ထိုယောကျ်ားအား။ တေကမ္မန္တာ၊ ထိုလုပ်ငန်းကိစ္စ အမှုကြီးငယ်ဟူသမျှတို့သည်။ သမိဇ္ဈေယျုံ၊ ပြည့်စုံ လုံလောက်ကုန်ရာ၏။ သော ပုရိသော၊ ထိုယောကျ်ားသည်။ ပေါရာဏာနိ၊ ရှေးကရှိနှင့်ကုန်သော။ ယာနိစ ဠဏာမူလာနိ၊ အကြွင်အရင်းအနှီးဖြစ်သော ကြွေးတို့သည်လည်း။ သန္တိ၊ ရှိကုန်၏။ တာနိ စ ဠဏာမူလာနိ၊ ထို ကြွေးရင်းတို့ကိုလည်း။ ဗျန္တိံ၊ ပြေလည်ကင်းကွာအောင် ပေးဆပ်ပြီးသည်ကို။ ကရေယျ၊ ပြုရာ၏။ အဿပုရိသဿ၊ ထိုယောကျ်ားအား။ ဥတ္တရိံစ၊ မြတ်စွန်းပိုလွန်သော ဥစ္စာသည်လည်း။ ဒါရဘရဏာယ၊ သား မယားကို မွေးမြူခြင်းငှါ။ အဝသိဋ္ဌံ၊ ကြွင်းကျန်သည်။ သိယာ၊ ဖြစ်ရာ၏။

တဿပုရိသဿ၊ ထိုယောကျ်ားအား။ အဟံ၊ ငါသည်။ ပုဗ္ဗေ၊ ရှေး၌။ ဠဏာံ၊ ကြွေးမြီကို။ အာဒါယ၊ ယူ၍။ ကမ္မန္တေ၊ လုပ်ငန်းကိစ္စတို့ကို။ ပယောဇေသိံ၊ ယှဉ်စေရပြီ။ တဿမေ၊ ထိုငါ့အား၊ တေ ကမ္မန္တာ၊ ထိုအမှုလုပ်ငန်းတို့သည်။ သမိဇ္ဈိံသု၊ ပြည့်စုံကုန်ပြီ။ သော အဟံ၊ ထိုငါသည်။ ပေါရာဏာနိ၊ ရှေး၌ဖြစ်ကုန်သော။ ယာနိစဠဏာမူလာနိ၊ အကြွင်ကြွေးရင်းတို့သည်လည်း။ သန္တိ၊ ရှိကုန်၏။ တာနိစဠဏာမူလာနိ၊ ထိုကြွေးရင်းတို့ကိုလည်း။ ဗျန္တိံ၊ ကင်းရှင်းသည်ကို။ အာကာသိံ၊ ပြုခဲ့ပေပြီ။ မေ၊ ငါအား။ ဒါရဘရဏာယ၊ သားမယားကို မွေးမြူခြင်းငှါ။ အဝသိဋ္ဌံ၊ ကြွင်းကျန်သော။ ဥတ္တရိံ၊ ပိုလွန်မြတ်စွန်းမှုသည်။ အတ္ထိစ၊ ရှိလည်း ရှိ၏။ ဣတိဧဝံ၊ ဤသို့သော ကြံစည်မှုသည်။ အဿ၊ ဖြစ်ရာ၏။ သောပုရိသော၊ ထိုယောကျ်ားသည်။ တတောနိဒါနံ၊ ထိုသို့ ကြွေးကင်းခြင်းဟူသောအကြောင်းကြောင့်။ ပါမောဇ္ဇံ၊ ဝမ်းမြောက်တတ်သော ပီတိကို။ လဘေထသေယျထာပိ၊ ရသကဲ့သို့လည်းကောင်း။ သောမနဿံ၊ ကောင်းသော စိတ်ဖြစ်သော စေတသိကသုခဝေဒနာကို။ အဓိဂစ္ဆေယျသေယျထာပိ၊ ရသကဲ့သို့လည်းကောင်း တည်း။

အခိပ္ပါယ်က ဘာတွေပြောသလဲဆိုတော့-သူတပါးတို့ထံမှ အတိုးနှင့်ကြွေးကို ချေးယူပြီးတော့ ကုန်သွယ်ခြင်းစသော အလုပ်ကို လုပ်တဲ့ အမျိုးကောင်းသား သည် မိမိရဲ့အလုပ်က မြတ်စွန်းသည် ဖြစ်သောကြောင့် ကြွေးဟောင်းကို အတိုး နှင့်တကွ ပြန်လည်ပေးဆပ်ပြီးသောအခါမှာ မိမိ၌ သား မယား ကျွေးမွေးရန် အပိုကျန်ခဲ့တဲ့အတွက် ဝမ်းမြောက် ဝမ်းသာ ချမ်းချမ်း သာသာ နေရသလို ကာမစ္ဆန္ဒနီဝရဏမှ ကင်းတဲ့အတွက် ကြွေးကျေသောယောကျ်ားကဲ့သို့ အချုတ် အချယ်မရှိ လွတ်လွတ်လပ်လပ် ချမ်းချမ်းသာသာ နေရပါတယ်တဲ့။

နောက်ဘော့ ဥပမေယျနှင့် ဆက်ပေးမယ်၊ ဒီနေရာမှာ ဒါလောက်ပဲမှတ်ထား ခဲ့အုံး၊ ကာမစ္ဆန္ဒမှကင်းရှင်းတဲ့ ပုဂ္ဂိုလ်ကျတော့ ဘယ်လိုနေရသလဲ?။

သူတပါးတို့ရဲ့ထံမှ ကြွေးချေးပြီးတော့ ရောင်းဝယ်မှုစတဲ့ အလုပ်ကိုလုပ်လို့ အမြတ်အစွန်း ရရှိလာတဲ့အခါမှာ—

"ဣဒံ ဣဏံ နာမ ပလိဗောဓမူလန္တိ စိန္တေတွာ သဝဍ္ဎိကံ ဣဏံ နိယျာ-ဒေတွာ ပဏ္ဏံ ဖာလေယျ"တဲ့။

ဆိုလိုတဲ့အခိပ္ပါယ်က သူတပါးရဲ့ထံမှ အကြွေးတင်နေတယ်ဆိုဒါ ကြောင့်ကြ ရခြင်း, စိုးရိမ်ရခြင်းတွေ များလှတယ်, အနှောက် အယှက် တခု ဖြစ်တယ်, မလွတ်လပ်ဘူး, ကြွေးရှင် မျက်နှာကို မော်ကြည့် နေရတယ်, မြန်မြန် သူ့ကြွေးကျေမှ အေးမယ်လို့ ကြံစည်ပြီးတော့, အတိုး အရင်း ဖြစ်တဲ့ ကြွေးကို ကျေလည်အောင် ပေးဆပ်ပြီးတော့ ကြွေးယူတုန်းက ချုပ်ဆိုထားတဲ့စာချုပ်ကို ဖျက်ဆီး ဆုတ်ဖြဲပြီးတဲ့အခါမှ စပြီးတော့ လွတ်လွတ် လပ်လပ် နေရတယ်။ ကြွေးရှင်မျက်နှာကြည့်ဘို့ မလိုတော့တဲ့အတွက် သူလာရင် ကိုယ်က ထပေးလိုက ထပေး, ထမပေးလိုက ထမပေးပဲ နေနိုင်တော့တယ်၊ ဘာကြောင့်လဲဆိုတော့ ကြွေးဆိုတဲ့ ချုတ်ချယ်မှုကင်းနေလို့တဲ့၊ အဲဒီလိုပဲ ဝိပဿနာအားထုတ်လိုသော အမျိုးကောင်းသား, အမျိုးကောင်းသမီးများသည်—

"အယံ ကာမစ္ဆန္ဒော နာမ ပလိဗောဓမူလ'န္တိ စိန္တေတွာ ဆ ဓမ္မေ ဘာဝေတွာ ကာမစ္ဆန္ဒနီဝရဏံ ပဇဟတိ"တဲ့။

အခိပ္ပါယ်ကတော့ ကာမစ္ဆန္ဒဆိုတာ ကြောင့်ကြရခြင်း, စိုးရိမ်ရခြင်းတို့ရဲ့ အကြောင်းဖြစ်တယ်၊ "ဒီကာမစ္ဆန္ဒခေါ်တဲ့ တရားဆိုး ငါ့မှာရှိနေရင် လွတ်လွတ် လပ်လပ် တရားအားထုတ်ခွင့် ရမှာမဟုတ်ဘူး"လို့ စဉ်းစားပြီးတော့ ခြောက်ပါး သော တရားတို့ကိုပွါးများပြီး ကာမစ္ဆန္ဒကို ပယ်ပစ်ပါ တဲ့။

**ကာမစ္ဆန္ဒပယ်ကြောင်း ၆-ပါး။** ။အဲဒီတရားခြောက်ပါးက မဟာသတိပဋ္ဌာန သုတ်မှာ ဖွင့်တဲ့အတိုင်းပဲ "အသုဘနိမိတ်ကို သင်ယူခြင်း, အသုဘဘာဝနာကို ပွါးခြင်း, စက္ခုစတဲ့ ဣန္ဒြေကို လုံခြုံအောင် စောင့်ရှောက်ခြင်း, ဘောဇဉ်၏ အတိုင်းအတာကို ညီမျှအောင်သိတတ်ခြင်း, မိတ်ဆွေကောင်းရှိခြင်း, သင့်လျော်သော တရားစကားကို နာယူခွင့်ရခြင်း"တို့ ဖြစ်ပါတယ်။ အဲဒီတရား ခြောက်ပါးတို့ဖြင့် ကာမစ္ဆန္ဒကို ပယ်ပြီးတဲ့အခါမှာ ကြွေးကင်းသောသူသည် ကြွေးရှင်တို့ကို တွေ့ရသော်လဲ ကြွေးရှိတုန်းကကဲ့သို့ ကြောက်ရွံ့ခြင်း, တုန်လှုပ်ခြင်းမရှိသလို ကာမစ္ဆန္ဒကင်းတဲ့ပုဂ္ဂိုလ်ဟာလဲ နတ်ပြည်က ကာမဂုဏ်ကိုပင် မြင်ရ, တွေ့ရစေတော့ ကိလေသာတို့ဖြင့် မနှိပ်စက်နိုင်တော့ပဲ လွတ်လွတ်လပ်လပ်အေးအေးမြမြ တရားတော်ကို ပွါးများအားထုတ်နိုင်ပြီးတော့ မိမိလိုအပ်သော အသိဉာဏ်ပညာကို လွယ်လွယ် ကူကူ ရနိုင်တော့တဲ့အတွက် ကာမစ္ဆန္ဒကို ကြွေးနဲ့တူတယ်၊ ကာမစ္ဆန္ဒမှ ကင်းခြင်းကို ကြွေးမရှိသောသူကဲ့သို့ လွတ်လွတ်လပ်လပ် ရှိတဲ့အတွက် ကာမစ္ဆန္ဒမှ ကင်းခြင်းကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်။ ကာမစ္ဆန္ဒမကင်းတဲ့သူဟာ ကြွေးဘင်နေတဲ့သူနဲ့တူတယ်ဆိုဒါ ဘယ်လိုတူသလဲဆိုတော့ ဒီနေရာမှာ အဋ္ဌကထာဆရာကြီးက အဓိပ္ပါယ်ရှင်းလင်းချက်ကို ဖွင့်ဆိုပေးထားပါတယ်။

**ကြွေးယူသူဥပမာ။** ။အကြင်သူသည် သူတပါတို့ရဲ့ထံမှ ကြွေးကို ချေးယူမိတယ်ဆိုရင် ထိုကြွေးရှင်တို့ရဲ့ ပြောဆို ကြိမ်းမောင်းခြင်း, အကြွေးတောင်း ခံရခြင်း, ကြမ်းတမ်းတဲ့စကားဖြင့် ပြောဆိုခြင်း, ညှဉ်းဆဲခြင်း, ချုပ်နှောင်ခြင်းကို ပြုသော်လဲ ကြွေးရှင်ကို ပြန်မပြောပဲ ကြွေးရှင်ပြုလုပ်သမျှကို သည်းခံပြီးတော့ နေရတော့တာပဲ၊ ဘာကြောင့် ဒါလောက် သည်းခံရသလဲ ဆိုတော့ ကြွေးရှိနေလို့တဲ့။

ထို့အတူပဲ မိမိက တစုံတခုသောဝတ္ထု, တစုံတယောက်သောပုဂ္ဂိုလ်ကို ကာမဂုဏ်၏ အစွမ်းဖြင့် တပ်မက်နှစ်သက်နေရင် အဲဒီ ကိုယ်နှစ်သက်နေတဲ့ ပုဂ္ဂိုလ်ရဲ့ ပြောသမျှ ဆိုသမျှ နှိပ်စက်သမျှ ညှဉ်းဆဲသမျှ ချုတ်ချယ်သမျှတွေကို, အလုံးစုံ ပြုသမျှတွေကို သည်းခံအောင့်အီးပြီးတော့ နေလိုက်ရတယ်၊ အစစအရာရာ ကိုယ်ကချည်း ရှော့ပေးနေရတော့တယ်, မတင်းဝံ့ဘူး, မမာဝံ့ဘူး၊ ကြွေးရှင်နဲ့တူတဲ့ မိမိနှစ်သက်ရာပုဂ္ဂိုလ်ရဲ့ အလိုအားလုံးကို လိုက်လျောနေရတော့တယ်။ အဲဒါ ဘာကြောင့်လဲဆိုတော့ ကာမစ္ဆန္ဒဆိုတဲ့ နှစ်သက်ဘွယ်ကို အလိုရှိနေခြင်းကြောင့် ကြွေးရှင်နှိပ်စက်သမျှ ခံရသလို ကာမစ္ဆန္ဒရဲ့အလိုသို့သာ လိုက်နေရတဲ့အတွက် **ကာမစ္ဆန္ဒကို ကြွေးနှင့်တူတယ်**လို့ ဆိုသိုတယ်။

ဗျာပါဒနီဝရဏနှင့် ရောဂါသည်ဥပမာ။ ။နောက်တခါ "ဗျာပါဒ နီဝရဏ"ကို မြတ်စွာဘုရားက ဥပမာပြပါတယ်၊ ဘယ်လိုလဲဆိုတော့—

> သေယျထာပိ မဟာရာဇ ပုရိသော အာဗာဓိကော အဿ ဒုက္ခိတော ဗာဠှဂိလာနော၊ ဘတ္တဉ္စဿ နစ္ဆာဒေယျ၊ န စဿ ကာယေ ဗလမတ္တာ။

မဟာရာဇ၊ မင်းမြတ်။ သေယျထာပိ၊ ဥပမာမည်သည်ကား။ ပုရိသော၊ ယောကျ်ားသည်။ အာဗာဓိကော၊ ပြင်းစွာနှိပ်စက်သော အနာရှိသည်။ ဒုက္ခိတော၊ ဆင်းရဲခြင်းသို့ ရောက်သည်။ ဗာဠှဂိလာနော၊ အပြင်းအထန် ဖျားနာသည်။ အဿ၊ ဖြစ်ရာ၏။ တဿပုရိသဿ၊ ထို ရောဂါ နှိပ်စက်ခံရသော ယောကျ်ားအား။ ဘတ္တဉ္စ၊ ထမင်းသည်လည်း။ နစ္ဆာဒေယျ၊ မနှစ်သက် မမြိန်ရှက်ရာ။ အဿပုရိသဿ၊ ထို ရောဂါရှိသောယောကျ်ား၏။ ကာယေ၊ ကိုယ်၌။ ဗလမတ္တာ၊ အားသည်။ န စ အဿ၊ ရှိလည်းမရှိရာ။

အဓိပ္ပါယ်ကတော့ ရောဂါဝေဒနာ ပြင်းပြင်းထန်ထန် စွဲလို့ အသည်းအသန် မမာနေတဲ့သူဟာ ရောဂါစွဲနေတဲ့အတွက် ထမင်း အစာ စသည်ကို မစားနိုင်သည် ဖြစ်သောကြောင့် အင်အားဆုတ်ယုတ်နေတဲ့ ပုဂ္ဂိုလ်လို့ ဆိုလိုတယ်။

ကဲ ဒီစကားရဲ့ အဆက်ပါဠိတော်က မဆုံးသေးဘူး၊ ရှေ့သွားရအောင်—

> "သော အပရေန သမယေန တမှာ အာဗာဓာ မုစ္စေယျ၊ ဘတ္တဉ္စဿ ဆာဒေယျ၊ သိယာ စဿ ကာယေ ဗလမတ္တာ"တဲ့

သောပုရိသော၊ ထိုရောဂါစွဲနေတဲ့ ယောကျ်ားသည်။ အပရေန၊ တပါးသော။ သမယေန၊ အခါ၌။ တမှာအာဗာဓာ၊ ထိုသို့ ပြင်းထန်စွာစွဲကပ်နေသော အနာရောဂါမှ။ မုစ္စေယျ၊ ကင်းလွတ်ပါငြားအံ့။ အဿပုရိသဿ၊ ထိုယောကျ်ားအား၊ ဘတ္တဉ္စ၊ ထမင်းကိုလည်း။ ဆာဒေယျ၊ နှစ်သက်ဆာလောင်ရာ၏။ အဿပုရိသဿ၊ ထိုယောကျ်ား၏။ ကာယေ၊ ကိုယ်၌။ ဗလမတ္တာ၊ ခွန်အားသည်လည်း။ သိယာ၊ ရှိသည်ဖြစ်ရာ၏။

အဲဒီ အဓိပ္ပါယ်ကတော့ ရောဂါကင်းသွားတဲ့အတွက် စားလို့သောက်လို့ ကောင်းလာတယ်, စားလိုစိတ်ရှိလို့ စားလိုက်ရင်လဲ အစာကျေလာတယ်, ခွန်အားဗလတွေတိုးလာတယ်လို့ဆိုလိုတယ်၊ အဲဒီလိုစားကောင်း သောက်ကောင်းလို့ ခွန်အားဗလတွေ တိုးလာတော့ ထိုပုဂ္ဂိုလ်ရဲ့ စိတ်ထဲ ဘယ်လိုဖြစ်လာသလဲဆိုတော့—

> တဿ ဧဝမဿ "အဟံ ခေါ ပုဗ္ဗေ အာဗာဓိကော အဟောသိံ ဒုက္ခိတော ဗာဠှဂိလာနော၊ ဘတ္တဉ္စ မေ နစ္ဆာဒေသိ၊ န စ မေ အာသိ ကာယေ

ဗလမတ္တာ၊ သောမှိ တေရဟိ တမှာ အာဗာဓာ မုတ္တော၊ ဘတ္တဉ္စ မေ ဆာဒေသိ၊ အတ္ထိ စ မေ ကာယေ ဗလမတ္တာ” တိ။

သော တတောနိဒါနံ လဘေထ ပါမောဇ္ဇံ၊ အဓိဂစ္ဆေယျ သောမနဿံ။

တဿပုရိသဿ၊ ရောဂါကင်းရှင်းတဲ့အတွက် စားကောင်းသောကြောင့် ခွန်အား တိုးပွါးနေသော ထိုယောကျ်ားအား။ ဧဝံ၊ ဤသို့သောစိတ်အကြံသည်။ အဿ၊ ဖြစ်ရာ၏။ ကိံ၊ အဘယ်သို့ဖြစ်သနည်း။ အဟံ၊ ငါသည်။ ပုဗ္ဗေ၊ ရှေး၌။ အာဗာဓိကော၊ အနာရောဂါစွဲကပ်သည်။ ဒုက္ခိတော၊ ကိုယ်စိတ်နှစ်ပါး ဆင်းရဲသည်။ ဗာဠ္ဟဂိလာနော၊ အသည်းအသန် မမာသည်။ အဟောသိံ၊ ဖြစ်ဘူးပြီ။ မေ၊ ငါ့အား။ ဘတ္တဉ္စ၊ ထမင်းအစာသည်လည်း။ နစ္ဆာဒေသိ၊ မမြိန်ရှက်, မကျေညက်ခဲ့ပေ။ မေ၊ ငါ၏။ ကာယေ၊ ကိုယ်၌။ ဗလမတ္တာ၊ ခွန်အားဗလသည်။ နစအာသိ၊ ရှိလည်းမရှိခဲ့၊ သောအဟံ၊ ထိုငါသည်။ တေရဟိ၊ ယခုအခါ၌။ တမှာအာဗာဓာ၊ ထိုအနာရောဂါမှ။ မုတ္တော၊ လွတ်သည်။ အမှိ၊ ဖြစ်၏။ မေ၊ ငါအား။ ဘတ္တဉ္စ၊ ထမင်းသည်လည်း။ ဆာဒေသိ၊ မြိန်ရှက်, ကျေညက်၏။ မေ၊ ငါ၏။ ကာယေ၊ ကိုယ်၌။ ဗလမတ္တာ၊ ခွန်အားဗလသည်လည်း။ အတ္ထိစ၊ ရှိသည်သာတည်း။ ဣတိ၊ ဤသို့သောအကြံသည်။ အဿ၊ ဖြစ်ရာ၏။

သော၊ ထိုရောဂါကင်း၍ သန့်ရှင်းသောသူသည်။ တတောနိဒါနံ၊ ထိုသို့ ရောဂါကင်း၍ သန့်ရှင်းကြည်လင် ထမင်းဝင်သဖြင့် အားအင်တိုးပွါးခြင်း ဟူသောအကြောင်းကြောင့်။ ပါမောဇ္ဇံ၊ ဝမ်းမြောက်ခြင်းကို။ လဘေထ၊ ရရာသကဲ့သို့လည်းကောင်း။ သောမနဿံ၊ နှစ်သက်ခြင်းကို။ အဓိဂစ္ဆေယျ၊ ရရာသကဲ့သို့လည်းကောင်း တည်း။

အဓိပ္ပါယ်ကတော့ ရောဂါကင်းတဲ့အတွက် စားသောက်ကောင်းလို့ ခွန်အား ဗလတွေ တိုးပွါးလာတဲ့အခါမှာ “ဩော် ငါ့မှာ ရှေးက ရောဂါနှိပ်စက်တဲ့အတွက် အစာမစားနိုင်သောကြောင့် ခွန်အားဗလတွေ ဆုတ်ယုတ်ပျက်ဆီးပြီးတော့ နေခဲ့ရတယ်၊ ယခုတော့ ရောဂါကင်းတဲ့အတွက် စားလို့သောက်လို့ကောင်းပြီးတော့ ခွန်အားဗလတွေတိုးလာလို့ သန့်သန့်ရှင်းရှင်း ကျန်းကျန်းမာမာနဲ့ ပျော်ရွှင်စွာ နေရပေပြီ”လို့ ဝမ်းမြောက် ဝမ်းသာခြင်း ဖြစ်သလို ဗျာပါဒမှကင်း၍ စိတ်၏ ချမ်းသာပုံကို ညွှန်ပြတော်မူပါတယ်နော်။ ဒီနေရာမှာလဲ အဋ္ဌကထာဆရာကြီးက ဥပမေယျနှင့်ပတ်သက်လို့ ဖွင့်ဆိုထားဒါ ရှိပါသေးတယ်၊ ဘယ်လိုလဲဆိုတော့—

**တနည်းဗျာပါဒဥပမာ။**　။သည်းခြေပျက်သော ရောဂါနှိပ်စက်ခြင်းကို ခံနေရသောသူဟာ ပျားရေတို့, တင်းလဲတို့ စတဲ့ အင်မ

တန်အရသာရှိတဲ့, အင်မတန်ကောင်းတဲ့ အရသာတွေကို ပေးပါ, ကျွေးပါသော်လဲ သည်းခြေပျက်ရောဂါကို ခံစားနေရတဲ့အတွက် အင်မတန်ကောင်းတဲ့ အရသာတွေကို သူ ခံတွင်းမတွေ့ဘူး၊ စားလဲ မစားနိုင်ဘူး၊ ခါးတယ်ခါးတယ်နဲ့ ငြင်းနေတယ်၊ အတင်းတိုက်ကျွေးရင် အန်ထုတ်တယ်၊ အဲဒီလို ကောင်းမွန်တဲ့ အစာတွေဟာ သည်းခြေနာသမားအတွက် စပ်ခါးပြီးတော့ အော့အန်ထုတ်နေသလို ဒေါသလို့ဆိုတဲ့ ဗျာပါဒနှင့် ယှဉ်တွဲနေတဲ့သူဟာလဲ မိမိရဲ့ အရဟတ္တဖိုလ် ပေါက်ရောက်နိုင်တဲ့ လောကုတ္တရာစီးပွါး ဝိပဿနာဉာဏ်တွေကို ပွါးလာနိုင်တယ်ဆိုတဲ့ လောကီစီးပွါးတွေကို ရစေလိုတဲ့အတွက် ဆရာဖြစ်သောပုဂ္ဂိုလ်က ဆုံးမဩဝါဒပေးရင် အဲဒီဆုံးမတဲ့ စကားကို ဖြစ်စေ, တရားနှင့် စပ်တဲ့ ဩဝါဒကို ဖြစ်စေ ဗျာပါဒသမားက မနာယူဘူး၊ မနာယူရုံ မဟုတ်သေးဘူး၊ ပြန်ပြောလိုက်သေးတယ်၊ "အရှင်ဘုရားတို့ဟာ သူတပါးအပေါ် အင်မတန် ချုတ်ချယ်တယ်, နှိပ်စက်တယ်, ဘာကလေးတခုမျှ လုပ်လို့မဖြစ်နိုင်ဘူး, ဟိုဟာ မလုပ်နဲ့, ဒီဟာ မလုပ်နဲ့၊ ကြာတော့ နေစရာတောင် မရှိတော့ဘူး" စသည်ဖြင့် ပြန်ပြောပြီးတော့ ထွက်သွားရော။ အဲဒီလိုပဲ သည်းခြေရောဂါ နှိပ်စက်ခြင်းခံရတဲ့ ပုဂ္ဂိုလ်မှာ ပျား, သကာ-စတဲ့ ကောင်းမွန်သော အရသာကို မခံစားရသလို ဒေါသလို့ခေါ်တဲ့ အမျက် နှိပ်စက်တဲ့အတွက် ဈာန်ချမ်းသာ, မဂ်ချမ်းသာစတဲ့ သာသနာတော်ရဲ့ အရသာကို အဲဒီဗျာပါဒသမားများ မခံစားရတော့တဲ့အတွက် ဗျာပါဒနီဝရဏကို ရောဂါနဲ့တူတယ်လို့ မှတ်ရမယ်နော်။ (မှန်ပါဘုရား)။

ဗျာပါဒနီဝရဏကင်းနေတဲ့ ပုဂ္ဂိုလ်ကျတော့ ဘယ်လိုပြသလဲဆိုရင် သည်းခြေပျက်တဲ့ ရောဂါရှင်ဟာ ဆရာကောင်း သမားကောင်းတို့နှင့် ဆေးဝါးကုသလိုက်တဲ့အတွက် ရောဂါကင်းရှင်းသွားတဲ့အခါမှာ ပျားသကာအစရှိတဲ့ အရသာကောင်းတွေကို ဝမ်းမြောက်ဝမ်းသာ ခံစားရသလို ထို့အတူပါပဲတဲ့ ဝိပဿနာကမ္မဋ္ဌာန်းစီးဖြန်းပွါးများလိုတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများဟာလဲဘဲ——

"အယံ ဗျာပါဒေါ နာမ မဟာအနတ္ထကရော"တိ ဆ ဓမ္မေ ဘာဝေတွာ ဗျာပါဒနီဝရဏံ ပဇဟတိ" တဲ့။

အဓိပ္ပါယ်ကတော့ ဗျာပါဒဆိုတာ ကြီးစွာသော လောကီလောကုတ္တရာ အကျိုးမဲ့ကို ပြုလုပ်တတ်တယ်လို့ စဉ်းစားဆင်ခြင်ပြီး ခြောက်ပါးသောတရားတို့ကို ပွါးများပြီးတော့ ဗျာပါဒနီဝါရဏကို ပယ်စွန့်ပါတဲ့။

**ဗျာပါဒပယ်ကြောင်း၆-ပါး။** ။အဲဒီဗျာပါဒကို ပယ်နိုင်တဲ့ တရားခြောက်ပါးကတော့ မဟာသတိပဋ္ဌာနသုတ်အဋ္ဌကထာမှာ လာတဲ့အတိုင်းပဲ၊ "မေတ္တာရဲ့အကြောင်းကို ယူခြင်း, မေတ္တာဘာဝနာကို အကြိမ်ကြိမ်ပွါးခြင်း, ကံသာလျှင် မိမိဥစ္စာရှိသည်၏အဖြစ်ကို ဆင်ခြင်ခြင်း, ဒေါသနှင့်

မေတ္တာတို့၌ မဖောက်မပြန် ဟုတ်မှန်သောအားဖြင့် အကျိုးနှင့်အပြစ်ကို စုံစမ်းဆင်ခြင်တတ်သော ပုဂ္ဂိုလ်ဖြစ်ခြင်း, မေတ္တာဖြင့်နေလေ့ရှိသော ကောင်းသောမိတ်ဆွေရှိခြင်း, မေတ္တာဘာဝနာအား လျော်ကပ်သော တရားစကားကိုနာရခြင်း" လို့ဆိုတဲ့ တရားခြောက်ပါးကို ပွါးပြီးတော့ ဗျာပါဒနီဝရဏမှကင်းပုံ, ဗျာပါဒနီဝရဏကို ပယ်ပုံကို မှတ်ရမယ်၊ ဒီတရားခြောက်မျိုးတို့ဖြင့် ပယ်လိုက်တဲ့အတွက် ဗျာပါဒမှကင်းသော ပုဂ္ဂိုလ်သည် သည်းခြေရောဂါ ပျောက်သွားတဲ့အတွက် ကောင်းမွန်တဲ့အရသာတွေကို ဝမ်းမြောက်ဝမ်းသာခံစားရသလို ဗျာပါဒကင်းတဲ့ပုဂ္ဂိုလ်ဟာလဲ အာစာရသိက္ခာပုဒ်, ပညတ်တော်မူအပ်တဲ့ သိက္ခာပုဒ်တို့ကိုရင်း, သမထဝိပဿနာအလုပ်ကိုရင်း မြိန်မြိန်ရှက်ရှက် နှစ်နှစ်သက်သက်ကြီးအားထုတ်နိုင်, ကျင့်ဆောင်နိုင်ပါတော့တယ်၊ ဒါကြောင့် ရောဂါဆိုးကြီးနဲ့တူလှတဲ့ ဗျာပါဒနီဝရဏကို ပယ်ဘို့ကို ဟောကြားတော်မူခဲ့တာပါ။

**ထိနမိဒ္ဓနီဝရဏ။**　။ကိုင်း ရှေ့ကို ထိနမိဒ္ဓနီဝရဏအကြောင်း ဆက်ကြဦးစို့။ ထိနမိဒ္ဓနီဝရဏကျတော့ မြတ်စွာဘုရားက ဘာနဲ့ ဥပမာပေးထားသလဲဆိုတော့—

သေယျထာပိ မဟာရာဇ ပုရိသော ဗန္ဓနာဂါရေ ဗဒ္ဓေါ အဿ။

မဟာရာဇ၊ မင်းမြတ်။ သေယျထာပိ၊ ဥပမာမည်သည်ကား။ ပုရိသော၊ ယောကျ်ားသည်။ ဝါ၊ ယောကျ်ားကို။ ဗန္ဓနာဂါရေ၊ နှောင်အိမ်၌။ ဝါ၊ အချုပ်ထဲ၌။ ဗဒ္ဓေါ၊ နှောင်ဖွဲ့အပ်သည်။ ဝါ၊ ချုပ်ထားအပ်သည်။ အဿ၊ ဖြစ်ရာ၏။

အဓိပ္ပါယ်ကတော့ မင်းကြီး ဥပမာအားဖြင့် ယောကျ်ားတယောက်သည် အချုပ်ထောင်၌ ချုပ်နှောင်ထားခြင်းကို ခံနေရတယ်ဆိုပါတော့၊ ရှေ့ပါဠိတော်ကဘာ ဆက်ပြောသလဲဆိုတော့—

"သော အပရေန သမယေန တမှာ ဗန္ဓနာဂါရာ မုစ္စေယျ သောတ္ထိနာ အဗ္ဗယေန၊ န စဿ ကိဉ္စိ ဘောဂါနံ ဝယော"တဲ့။

သော၊ ထိုအချုပ်အနှောင်ခံရသော ယောကျ်ားသည်။ အပရေန၊ တပါးသော။ သမယေန၊ အခါ၌။ တမှာဗန္ဓနာဂါရာ၊ ထိုအချုပ်ထောင်နှောင်အိမ်မှ။ သောတ္ထိနာ၊ ချမ်းသာသောအားဖြင့်။ အဗ္ဗယေန၊ ဘေးမရှိသောအားဖြင့်။ မုစ္စေယျ၊ လွတ်ရာ၏။ အဿပုရိသဿ၊ ထိုယောကျ်ား၏။ ဘောဂါနံ၊ စည်းစိမ်ဘို့၏။ ကိဉ္စိ၊ စိုးစဉ်းအနည်းငယ်မျှလည်း။ ဝယော၊ ပျက်စီးခြင်းသည်။ နစအဿ၊ မဖြစ်ရာ။

အဓိပ္ပါယ်ကတော့ ခုပြောခဲ့တဲ့အတိုင်း အချုပ်ထောင်သို့ ကျရောက်နေတဲ့သူဟာ တခါ်နိကျတော့ ဘေးရန်ကင်းကွာ ချမ်းချမ်းသာသာနဲ့ သူ့ရဲ့ပစ္စည်း

ဥစ္စာ စည်းစိမ်ချမ်းသာတွေဟာ တခုမှ မပျက်မစီးပဲနှင့် ချောချောမောမော အချုပ်ထောင်မှ လွတ်လာတဲ့ အခါမှာ ထိုသူရဲ့ စိတ်ထဲမှာ ဘယ်လိုနေသလဲ ဆိုတော့——

တဿ ဝေမဿ "အဟံ ခေါ ပုဗ္ဗေ ဗန္ဓနာဂါရေ ဗဒ္ဓေါ အဟောသိံ၊ သောမှိ ဧတရဟိ တမှာ ဗန္ဓနာဂါရာ မုတ္တော သောတ္ထိနာ အဗ္ဘယေန၊ နတ္ထိ စ မေ ကိဉ္စိ ဘောဂါနံ ဝယော"တိ၊ သော တတောနိဒါနံ လဘေထ ပါမောဇ္ဇံ၊ အဓိဂစ္ဆေယျ သောမနဿံ။

တဿပုရိသဿ၊ ထိုသို့ အချုပ်ထောင်မှ ဘေးရန်ကင်းကွာ လွတ်၍လာသော ယောကျ်ားအား။ ဧဝံ၊ ဤသို့သော စိတ်အကြံသည်။ အဿ၊ ဖြစ်ရာ၏။ ကိံ အဿ၊ အဘယ်သို့ ဖြစ်ရာသနည်း။ အဟံ၊ ငါသည်။ ပုဗ္ဗေ၊ ရှေး၌။ ဗန္ဓနာဂါရေ၊ အချုပ်ထောင် နှောင်အိမ်၌။ ဗဒ္ဓေါ၊ နှောင်ဖွဲ့ခံအပ်သည်။ အဟောသိံ၊ ဖြစ်ဘူးပြီ။ သော အဟံ၊ ထိုငါသည်။ ဧတရဟိ၊ ယခုအခါ၌။ တမှာဗန္ဓနာဂါရာ၊ ထိုအချုပ်ထောင် နှောင်အိမ်မှ။ သောတ္ထိနာ၊ ချမ်းသာသောအားဖြင့်။ အဗ္ဘ-ယေန၊ ဘေးမရှိသောအားဖြင့်။ မုတ္တော၊ လွတ်၍လာသည်။ အမှိ၊ ဖြစ်ခဲ့၏။ မေ၊ ငါ့အား။ ဘောဂါနံ၊ စည်းစိမ်တို့၏။ ကိဉ္စိ၊ အနည်းငယ်မျှလည်း။ ဝယော၊ ပျက်စီးခြင်းသည်။ နတ္ထိစ၊ မရှိလည်း မရှိ။ ဣတိ၊ ဤသို့သော အကြံသည်။ အဿ၊ ဖြစ်ရာ၏။

သောပုရိသော၊ ထိုယောကျ်ားသည်။ တတောနိဒါနံ၊ ထိုအချုပ်ထောင် နှောင်အိမ်မှလွတ်ခြင်းကြောင့်။ ပါမောဇ္ဇံ၊ ဝမ်းမြောက်ခြင်းကို။ လဘေထ၊ ရသကဲ့သို့လည်းကောင်း။ သောမနဿံ၊ နှစ်သက်ခြင်းကို။ အဓိဂစ္ဆေယျ၊ ရသကဲ့သို့လည်းကောင်းတည်း။

အဓိပ္ပါယ်ကတော့ ငါ့မှာ ရှေးအဘို့ကအချုပ်ထောင်နှောင်အိမ်၌ ကျဉ်းကျပ်လှစွာသော နေရခြင်းမျိုးဖြင့် နေခဲ့ရတယ်၊ ယခုအခါမှာတော့ ထိုကဲ့သို့ ချုပ်နှောင်နှောင်ဖွဲ့ခြင်းမှ ချမ်းချမ်းသာသာ လွတ်မြောက်ရပေပြီဟု နှစ်သက်ခြင်း ဝမ်းမြောက်ခြင်း ရှိသကဲ့သို့ ထိနမိဒ္ဓမှ လွတ်မြောက်ခြင်းကိုလည်း ထို့အတူပဲလို့ မှတ်ရမယ်တဲ့။

ဒီနေရာမှာ အဋ္ဌကထာဆရာရဲ့ ဥပမာ ဥပမေယျ စကားကို သည့်ဟောပေး ရမယ်၊ ဘယ်လိုလဲဆိုတော့——

**အကျဉ်းသား ဥပမာ။** ။ပွဲလမ်းသဘင် ဆင်ယင်ကျင်းပနေတဲ့ အချိန်မှာ အချုပ်ထောင်အတွင်း၌ နှောင်ဖွဲ့ခြင်းကို ခံနေရတဲ့ သူဟာ အင်မတန်ကောင်းတဲ့ ပွဲလမ်းသဘင်ရဲ့ အစ, အလယ်, အဆုံးကို ကြည့်

ရှုခွင့်မရတဲ့အတွက် အစက ဘယ်လိုကောင်းတယ်, အလယ်က ဘယ်လိုဆန်းပြားတယ်, အဆုံးကျတော့ ခမ်းခမ်းနားနားနဲ့ ဘယ်လောက်ကောင်းတယ်ဆိုတာကို မကြည့်လိုက်ရ, မမြင်လိုက်ရရှာဘူး၊ ဘာ့ကြောင့်လဲဆိုတော့ အချုပ်ထောင်၌ အချုပ်ခံနေရလို့တဲ့။

ပွဲလမ်းသဘင်ပြီးတဲ့ နောက်တနေ့ကျတော့ အဲဒီ အချုပ်ခံရတဲ့ ပုဂ္ဂိုလ်ဟာ အချုပ်ထောင်က လွတ်လာတယ်၊ ဒီလိုလွတ်လာသော်လဲ ယမန်နေ့က ပွဲသဘင်ကို မမြင်, မတွေ့လိုက်ရတဲ့အတွက် သူတပါးတို့က မနေ့က က-တဲ့ပွဲဟာ "သိပ်ကောင်းတာပဲ၊ အစကလဲ ကောင်း, အလယ်ကလဲ ကောင်း, အဆုံးကျတော့လဲ သိပ်ကောင်းတာပဲ"လို့ ပြောကြသော်လဲ အချုပ်ခံရတဲ့ပုဂ္ဂိုလ်မှာ ကြားရုံသာကြားရပြီးတော့ ဘာမှ ဝေဘန်၍ မပြောနိုင်ရှာဘူး၊ ဘာကြောင့်လဲဆိုတော့ သူခမျာ ပွဲကတုန်းမှာ အချုပ်ထောင်၌ အချုပ်ခံနေရပြီး ပွဲမကြည့်ရတဲ့အတွက် ပွဲကြည့်ခွင့် မရခဲ့လို့တဲ့။

အဲဒီလိုပဲ ထိနမိဒ္ဓ နှိပ်စက်လွှမ်းမိုးခြင်းကို ခံနေရတဲ့ ပုဂ္ဂိုလ်ဟာလဲ ဆန်းဆန်းကြယ်ကြယ် နက်နက် နဲနဲ ဖြစ်တဲ့ နိဗ္ဗာန် မဂ်ဖိုလ်ရောက်ကြောင်း တရားကောင်းတွေကို နာကြားနေရသော်လဲ တရားတော်ရဲ့ အစ၏ ကောင်းခြင်း, အလယ်၏ ကောင်းခြင်း, အဆုံး၏ ကောင်းခြင်း, နက်နဲခြင်း, သိမ်မွေ့ခြင်းကို မသိရတဲ့အတွက် တရားနာပြီးလို့ ပြန်သွားတဲ့အခါမှာ တပါးသောသူတို့က တရားကောင်းကြောင်း, တရားတော်ရဲ့ နက်နဲဆန်းကြယ်ပုံဟာ အံ့သြစရာကောင်းကြောင်း, တရားတော်ရဲ့ ဥပမာပေးပုံက အံ့သြဘွယ်ကောင်းတဲ့အကြောင်း စတဲ့ တရားတော်ရဲ့ ဂုဏ်ကျေးဇူးတွေကို ချီးမွမ်းပြောဆိုကြသော်လဲ ထိနမိဒ္ဓသမားမှာတော့ ဘာမှ ပြောဆိုခွင့် မရရှာတော့ဘူး၊ ဘာကြောင့်လဲဆိုတော့ ထိနမိဒ္ဓနှိပ်စက်လွှမ်းမိုးခြင်းကို ခံနေရတဲ့အတွက် တရားတော်ရဲ့ အရသာကို သိခွင့်မရရှာဘူး၊ ဒါကြောင့် မြတ်စွာဘုရားက ထိနမိဒ္ဓသမားကို နှောင်အိမ်၌ နှောင်ဖွဲ့ခြင်းကို ခံနေရတဲ့ပုဂ္ဂိုလ်နဲ့ တူတယ်လို့ မှတ်ရမယ်လို့ မိန့်တော်မူပါတယ်။

ထိနမိဒ္ဓကိုပယ်နိုင်တဲ့ ပုဂ္ဂိုလ်ကျတော့ ဘယ်လိုအကျိုးရှိသလဲဆိုရင် ပွဲသဘင်က-နေတုန်း နှောင်အိမ်မှာ အသွင်းခံရတဲ့သူဟာ နောက်တခါ ပွဲသဘင် က-တဲ့နေ့ကျတော့ ရှေးက ငါ မေ့လျော့ခြင်းကြောင့် နှောင်အိမ်မှာ နှောင်ဖွဲ့ခံရတဲ့အတွက် ကပွဲကို မကြည့်ခဲ့ရဘူး၊ ခုတခါတော့ မမေ့မလျော့ နေပြီးတော့ ရန်သူတို့နှိပ်စက်ခွင့်မရအောင် နေတဲ့အတွက် ပွဲသဘင်ကို ကြည့်ရှုခွင့်ရတဲ့အခါ ပွဲသဘင်ဟာ အလွန်ကောင်းပါပေတယ်လို့ ဝမ်းမြောက် ဝမ်းသာ ဖြစ်ရသလို ဝိပဿနာ-ဘာဝနာကို စီးဖြန်းပွါးများ အားထုတ်လိုသော အမျိုးကောင်းသား, အမျိုးကောင်းသမီးဟာလဲ——

"ဣဒ္ဓ ထိနမိဒ္ဓံ နာမ မဟာအနတ္ထကရန္တိ ဆ ဓမ္မေ ဘာဝေတွာ ထိနမိဒ္ဓ-နီဝရဏံ ပဇဟတိ"တဲ့။

အဓိပ္ပါယ်ကတော့ အိပ်ချင် ငိုက်မျည်း ထိုင်း မှိုင်းတယ် ဆိုတဲ့ ထိနမိဒ္ဓဟာ များစွာသော လောကီ လောကုတ္တရာရဲ့ စီးပွါးမဲ့ အကျိုးမဲ့တွေကို ဖြစ်စေအောင် ပြုလုပ်တတ်တယ်လို့ စဉ်းစားပြီးတော့ တရားခြောက်မျိုးကို ပွါးပြီးတော့ ထိန-မိဒ္ဓကို ပယ်စွန့်ရမယ်။

**ထိနမိဒ္ဓပယ်ကြောင်း ၆-ပါး။** ။အဲဒီ တရားခြောက်မျိုးကတော့ မဟာဝဂ္ဂ အဋ္ဌကထာမှာပါတဲ့ "အလွန်အကျွံစားခြင်းနှင့် တိနမိဒ္ဓ၏ အကြောင်းကိုယူခြင်း, ဣရိယာပုထ်ကို ပြောင်း၍ပေးခြင်း, အလင်းရောင်ကို နှလုံးသွင်းခြင်း, လွင်တီးခေါင်အရပ်၌ နေခြင်း, ကောင်းသော မိတ်ဆွေရှိခြင်း, ထိနမိဒ္ဓကင်းကြောင်း တရားစကားကို နာယူ မှတ်သားခွင့်ရခြင်း"ဆိုတဲ့ တရားခြောက်မျိုးတို့ဖြင့် ပယ်လို့ ထိနမိဒ္ဓကင်းတဲ့ အခါမှာ အနှောင်အဖွဲ့မှ လွတ်သောပုဂ္ဂိုလ်သည် ခုနစ်ရက်ပတ်လုံး ကပ္ပသဘင်၏ အစ အလယ် အဆုံးကို ကြည့်ရှုခွင့်ရတဲ့အတွက် ဝမ်းမြောက်ရသလို ထိနမိဒ္ဓနီဝရဏမှ ကင်းပြီးတော့ နေတဲ့ ပုဂ္ဂိုလ်ဟာလဲ တရားပွဲသဘင်၏ အစ, အလယ်, အဆုံးကို ရိုသေစွာ နာယူခွင့် အားထုတ်ခွင့် ရတဲ့အတွက် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်ကို ရောက်တဲ့အတွက် ဝမ်းသာရပါတယ်, ဝမ်းမြောက်ရပါတယ်တဲ့၊ ဒါကြောင့် မြတ်စွာဘုရားက အနှောင်အဖွဲ့မှလွတ်သူကဲ့သို့ ထိနမိဒ္ဓကို ပယ်နိုင်ခြင်းကို ဥပမာထား၍ ဟောတော်မူခဲ့ပါတယ်။

**ဥဒ္ဓစ္စ-ကုက္ကုစ္စ နီဝရဏ။** ။ကိုင်း ရှေ့ဘာခါသွားရအောင် ဥဒ္ဓစ္စ-ကုက္ကုစ္စ သမား အတွက် မြတ်စွာဘုရားက ဘယ်လို ဥပမာပေးပြီး ဟောထားသလဲဆိုတော့—

"သေယျထာပိ မဟာရာဇ ပုရိသော ဒါသော အဿ အနတ္တာဓိနော ပရာဓိနော န ယေနကာမံ ဂမော"တဲ့။

မဟာရာဇ၊ မင်းမြတ်။ သေယျထာပိ၊ ဥပမာမည်သည်ကား။ ပုရိသော၊ ယောကျ်ားသည်။ ဒါသော၊ ကျွန်သည်။ အနတ္တာဓိနော၊ မိမိကိုယ်ကို အစိုးမရသည်၊(ဝါ)မိမိနှင့် မစပ်သည်။ ပရာဓိနော၊ သူတပါးတို့နှင့် စပ်သည်၊(ဝါ) သူတပါးတို့က မိမိကိုပိုင်၍နေသည်။ နယေနကာမံဂမော၊ မိမိသွားလိုသော အရပ်သို့ မသွားနိုင်သည်။ အဿ ဘဝေယျ၊ ဖြစ်ရာ၏။ (ဝါ)တနည်းကား။ ယေန ဒိသာဘာဂေန၊ အကြင် အရပ်မျက်နှာအဘို့ဖြင့်။ ဂန္တုံ၊ သွားခြင်းငှါ။ ကာမော၊ အလိုရှိသည်။ ဟောတိ၊ ဖြစ်၏။ တေနဒိသာဘာဂေန၊ ထို

အရပ်မျက်နှာ အဘို့ဖြင့်။ ကာမံ၊ အလိုရှိတိုင်း၊ (ဝါ)အလိုရှိသောအရပ်သို့။ နဂမော၊ မသွားနိုင်သည်။ အဿ၊ ဖြစ်ရာ၏။

အဓိပ္ပါယ်ကတော့ မင်းကြီးတဲ့ လောကမှာ မိမိ၏ကိုယ်ကို မိမိအစိုးမရသော သူတပါး၏ကျေးကျွန်သည် မိမိသွားလိုရာအရပ်ကို လွတ်လွတ်လပ်လပ်မသွားနိုင်၊ မိမိမသွားလိုသောအရပ်သို့ အချုတ်အချယ်နဲ့ သွားရရှာတယ်။

သော အပရေန သမယေန တမှာ ဒါသဗျာ မုစ္စေယျ အတ္တာဓိနော အပရာဓိနော ဘုဇိဿော ယေနကာမံ ဂမော”တဲ့။

သောပုရိသော၊ ထိုယောကျ်ားသည်။ အပရေန၊ တပါးသော။ သမယေန၊ အခါ၌။ တမှာဒါသဗျာ၊ ထိုကျွန်အဖြစ်မှ၊ မုစ္စေယျ၊ လွတ်ရာ၏။ အတ္တာဓိနော၊ မိမိနှင့်သာစပ်သည်။ အပရာဓိနော၊ သူတပါးတို့နှင့်မစပ်သည်။ ဘုဇိဿော၊ အများမဆိုင် ကိုယ်တိုင်သာ စားပိုင်စားနိုင်သည်။ ယေနကာမံဂမော၊ အကြင် မိမိအလိုရှိသောအရပ်သို့ သွားနိုင်သည်။ အဿ၊ ဖြစ်ရာ၏။

အဓိပ္ပါယ်က ဘာကိုပြောလိုသလဲဆိုတော့ သူတပါးတို့ရဲ့ အစေခံ ကျွန်သည် တချိန်ကျတော့ ထိုကျွန်၏အဖြစ်မှ လွတ်လပ်ခွင့်ရသွားတဲ့အခါ မိမိကိုယ်ကို မိမိ ပိုင်ဆိုင်တဲ့အခါမှာ ကိုယ်သွားချင်တဲ့နေရာကို လွတ်လွတ်လပ်လပ် သွားရတယ်၊ ကိုယ်က မသွားလိုတဲ့နေရာကို မသွားဘဲနေနိုင်တယ်၊ အဲဒီအခါကျတော့ သူ့စိတ် ထဲမှာ ဘယ်လိုအကြံ ဖြစ်လာသလဲဆိုတော့—

တဿ ဧဝမဿ “အဟံ ခေါ ပုဗ္ဗေ ဒါသော အဟောသိံ အနတ္တာဓိနော ပရာဓိနော န ယေနကာမံ ဂမော၊ သောမှိ ဧတရဟိ တမှာ ဒါသဗျာ မုတ္တော အတ္တာဓိနော အပရာဓိနော ဘုဇိဿော ယေနကာမံ ဂမော”တိ။

သော တတောနိဒါနံ လဘေထ ပါမောဇ္ဇံ၊ အဓိဂစ္ဆေယျ သောမနဿံ ။

တဿပုရိသဿ၊ ထိုယောကျ်ားအား။ ဧဝံ၊ ဤသို့သော စိတ်အကြံသည်။ အဿ၊ ဖြစ်ရာ၏။ ကိံ အဿ၊ အဘယ်သို့ဖြစ်သနည်း။ အဟံ၊ ငါသည်။ ပုဗ္ဗေ၊ ရှေး၌။ ဒါသော၊ ကျွန်သည်။ အနတ္တာဓိနော၊ မိမိကိုယ်ကို မိမိမပိုင်သည်။ ပရာဓိနော၊ သူတပါးတို့က မိမိကိုပိုင်သည်။ ယေန၊ အကြင် အရပ်မျက်နှာ အဘို့ဖြင့်။ ဂန္တုံ၊ သွားခြင်းငှါ။ ကာမော၊ အလိုရှိသည်။ ဟောတိ၊ ဖြစ်၏။ တေန၊ ထိုအရပ်ဖြင့်။ ကာမံ၊ အလိုရှိတိုင်း။ န ဂမော၊ မသွားနိုင်သည်။ အဟောသိံ၊ ဖြစ်ဘူးပြီ။ သောအဟံ၊ ထိုငါသည်။ ဧတရဟိ၊ ယခုအခါ၌။ တမှာဒါသဗျာ၊ ထိုကျွန်အဖြစ်မှ။ မုတ္တော၊ လွတ်သည်။ အတ္တာဓိနော၊ မိမိ ကိုယ်ကို မိမိပိုင်သည်။ အပရာဓိနော၊ သူတပါးတို့က မိမိကိုမပိုင်သည်။ ဘုဇိဿော၊ ကျွန်အဖြစ်မှ တော်လှန်အပ်သည်။ ယေန၊ အကြင်အရပ်ဖြင့်။ ဂန္တုံ၊

သွားခြင်းငှါ။ ကာမေ၊ အလိုရှိသည်။ ဟောတိ၊ ဖြစ်၏။ တေန၊ ထိုအရပ်ဖြင့်။ ကာမံ၊ အလိုရှိတိုင်း။ ဂမော၊ သွားရသည်။ အမ္ဘိ၊ ဖြစ်ခဲ့၏။ ဣတိ၊ ဤသို့သော အကြံသည်။ အဿ၊ ဖြစ်ရာ၏။

သောပုရိသော၊ ထိုယောကျ်ားသည်။ တတောနိဒါနံ၊ ထိုသို့ ကျွန်အဖြစ်မှ လွတ်ခြင်းဟူသော အကြောင်းကြောင့်။ ပါမောဇ္ဇံ၊ ဝမ်းမြောက်ခြင်းကို။ လဘေထ သေယျထာပိ၊ ရသကဲ့သို့လည်းကောင်း။ သောမနဿံ၊ နှစ်သက်ခြင်းကို။ အဓိဂစ္ဆေယျ သေယျထာပိ၊ ရသကဲ့သို့လည်းကောင်းတည်း။

အဓိပ္ပါယ်က ဘယ်လိုလဲဆိုတော့ ငါသည် ရှေးအခါက သူတပါးတို့ရဲ့ အစေခံကျွန်ဖြစ်နေရသောကြောင့် မိမိကိုယ်ကို မိမိမပိုင်တဲ့အတွက် ကိုယ်သွားလိုရာကို မသွားနိုင် မလာနိုင်ပဲ အချုတ်အချယ် ခံခဲ့ရတယ်၊ ခုအခါမှာတော့ သူတပါးတို့ရဲ့ ကျေးကျွန်အဖြစ်မှ လွတ်ကင်းသည်ဖြစ်သောကြောင့် မိမိကိုယ်ကို မိမိပိုင်တဲ့ အတွက် ကိုယ်သွားလိုရာကို သွားနိုင်တယ်၊ အလိုရှိသလို လွတ်လွတ်လပ်လပ် နေနိုင်တယ်၊ ဒီလို လွတ်လပ်မှု ရသည်ဖြစ်သောကြောင့် ဝမ်းမြောက်မှု နှစ်သက်မှုကို ရရှိ ခံစားရသလို ဥဒ္ဓစ္စကုက္ကုစ္စမှ လွတ်ပုံကို ဟောတော်မူတယ်။

ဒီနေရာမှာ အဋ္ဌကထာရဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်က ဘယ်လိုပြောပေးထား သလဲဆိုတော့—

**အစေခံကျွန် ဥပမာ။** ။ပျော်ပွဲရွှင်ပွဲတွေ ကျင်းပနေတဲ့အခါမှာ သူတပါးတို့ရဲ့ အစေခံနဲ့ ကျေးကျွန်အဖြစ် ခံနေရတဲ့သူသည် အရှင်သခင်တို့က အရင်စလို ပြုစရာ အလုပ်ကိစ္စရှိနေတဲ့အတွက် "သင်သည် ထိုကိစ္စကို အလျင်အမြန် ပြီးစီးအောင် အရပ်တပါးသို့သွား၍ ဆောင်ရွက်လုပ်ကိုင်ရမယ်၊ အကယ်၍ သင်မသွားခဲ့သော် သင့်ရဲ့လက်ခြေစသည်တို့ကို ဖြတ်မယ်" စသည်ဖြင့် ပြောကြားတဲ့အခါ လျင်မြန်စွာ သွားရရှာတယ်၊ ပျော်ပွဲရွှင်ပွဲရဲ့ အစ, အလယ်, အဆုံးဆိုတဲ့ ကောင်းမွန်ခြင်းကို ကြည့်ရှုခံစားခွင့်မရရှာဘူး၊ ဘာကြောင့်လဲဆို တော့ သူတပါးရဲ့အစေခံကျွန်အဖြစ်မှ မလွတ်လပ်တဲ့အတွက် ဒီလိုဖြစ်ရရှာတာ။ ထို့အတူဘဲ ဝိနည်းတရား၌ မလိမ္မာမကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်ဟာလဲ တောသို့သွား ပြီး တရားအားထုတ်နေတဲ့ အခါမှာ တစုံတရာ မိမိနှင့် အပ်သည်, မအပ်သည်ကို အနည်းဆုံး သုံးဆောင်အပ်သော အသားဟင်းကိုပင် မသုံးဆောင်အပ်သော အသားဟင်းဟု အထင်ရောက်လာတဲ့အတွက် မိမိရဲ့ဆိတ်ငြိမ်မှု, ကမ္မဋ္ဌာန်းအား ထုတ်မှု, လွတ်လပ်မှုကိုထားပြီးတော့ ဝိနယဓရဖြစ်တဲ့ပုဂ္ဂိုလ်များထံသို့ သွားရတဲ့ အခါမှာ "ဝိဝေကသုခ"ဆိုတဲ့ ဆိတ်ငြိမ်မှုချမ်းသာကို ခံစားခွင့်မရရှာတော့ဘူး တဲ့၊ ဘာကြောင့်လဲဆိုတော့ ဥဒ္ဓစ္စကုက္ကုစ္စ နှိပ်စက်တဲ့အတွက်ကြောင့်တဲ့၊ အဲဒီ

လို ကျေးကျွန်ကဲ့သို့ ဥဒ္ဒစ္စကုက္ကုစ္စကို မှတ်ရမယ်လို့ မြတ်စွာဘုရား ဟောတော်မူပါတယ်တဲ့။

ဥဒ္ဒစ္စကုက္ကုစ္စကင်းတဲ့ ပုဂ္ဂိုလ်ကျတော့ ဘယ်လိုမှတ်ရမလဲဆိုရင် သူတပါးတို့ရဲ့ အစေခံကျေးကျွန်ဟာ မိတ်ဆွေကောင်းကို အမှီပြုပြီးတော့ အရှင်သခင်တို့ကို ဥစ္စာပေးပြီး အစေခံအဖြစ်မှ ထွက်သောင်၍ လွတ်လပ်တဲ့အခါမှာ မိမိပြုလုပ်လိုရာကို လွတ်လွတ်လပ်လပ် ပြုလုပ်နိုင်ခွင့်ရှိသလို ယှဉ်အတူပါဘဲ ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းလိုသော အမျိုးကောင်းသား အမျိုးကောင်းသမီးသည်---

ဣဒံ ဥဒ္ဒစ္စကုက္ကုစ္စံ နာမ မဟာအနတ္ထကရန္တိ ဘ ဝ ပူ ဘာ ဝတွာ ဥဒ္ဒစ္စကုက္ကုစ္စံ ပဇဟတိ” တဲ့။

**ဥဒ္ဒစ္စကုက္ကုစ္စပယ်ကြောင်း ၆ ပါး။** ။အဓိပ္ပါယ်ကတော့ “ဥဒ္ဒစ္စကုက္ကုစ္စ-ဆိုတာ များစွာသော အကျိုးစီးပွါးမဲ့ကို ပြုတတ်တယ်”လို့ နှလုံးသွင်းပြီးတော့ မဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာမှာ လာတဲ့ “ပရိယတ္တိတရား ဒေသနာတော်ကို များများ နာခံမှတ်သားတဲ့ပုဂ္ဂိုလ်ဖြစ်ခြင်း, အပ်သည်-မအပ်သည်ကို မေးမြန်းတတ်သောပုဂ္ဂိုလ်ဖြစ်ခြင်း, ဝိနည်း၌ တတ်သိသော ပုဂ္ဂိုလ်ဖြစ်ခြင်း, ကြီးသောပုဂ္ဂိုလ်ကို မှီဝဲလေ့ရှိသော ပုဂ္ဂိုလ်ဖြစ်ခြင်း, မိတ်ဆွေကောင်းရှိခြင်း, ဥဒ္ဒစ္စကုက္ကုစ္စကင်းကြောင်း တရားစကားကို နာယူမှတ်သားနိုင်ခြင်း”ဆိုတဲ့ တရားခြောက်မျိုးကို ပွါးများပြီးတော့ ဥဒ္ဒစ္စကုက္ကုစ္စ နီဝရဏကို ပယ်ရမယ်၊ အဲဒီလို ဥဒ္ဒစ္စကုက္ကုစ္စကို ပယ်ပြီးတဲ့အခါမှာ မိမိသဘောအရ ပြုလုပ်လိုတာကို လွတ်လွတ်လပ်လပ်ပြုနိုင်သော သူကဲ့သို့ ကျွန်အဖြစ်မှလွတ်ပြီးသောသူကို အနိုင်အထက် မခိုင်းစေနိုင်သကဲ့သို့ ဥဒ္ဒစ္စ ကုက္ကုစ္စ-မှလွတ်ပြီးတဲ့ သူဟာလဲ “နေက္ခမ္မ”လို့ဆိုတဲ့ ဈာန်ဝိပဿနာတို့ကို ကောင်းကောင်းကြီးကျင့်နိုင်, ပွါးနိုင်တဲ့အတွက် မဂ်ဖြင့်ပယ်အပ်တဲ့ ဥဒ္ဒစ္စ ကုက္ကုစ္စ-ကို အနိုင်အထက်အားဖြင့် မဂ်ဖြင့် ပယ်ပြီးတဲ့အခါမှာ နောက်ထပ်တဖန် ထိုဥဒ္ဒစ္စကုက္ကုစ္စ နီဝရဏဖြင့် မလွှမ်းနိုင်သည်ဖြစ်သောကြောင့် မြတ်စွာဘုရားသည် ကျေးကျွန်အဖြစ်မှ တော်လှန်သော ယောကျ်ားကဲ့သို့ ဥဒ္ဒစ္စကုက္ကုစ္စ နီဝရဏကို ပယ်ခြင်းကို ဟောကြားတော်မူပါတယ်။

ဥဒ္ဒစ္စကုက္ကုစ္စနီဝရဏပြီးတော့ ဝိစိကိစ္ဆာနီဝရဏပိုင်းကို ဆက် ဟောကြရအောင် ရှေ့သွားကြစို့။

**ဝိစိကိစ္ဆာနီဝရဏ။** ။ဝိစိကိစ္ဆာနီဝရဏကို မြတ်စွာဘုရား ဘယ်လိုဥပမာပြပြီး ဟောတော်မူသလဲဆိုတော့—

“သေယျထာပိ မဟာရာဇ ပုရိသော သဓနော သဘောဂေါ ကန္တာရဒ္ဓါနမဂ္ဂံ ပဋိပဇ္ဇေယျ ဒုဗ္ဘိက္ခံ သပ္ပဋိဘယံ”—တဲ့။

မဟာရာဇ၊ မင်းမြတ်။ သေယျထာပိ၊ ဥပမာမည်သည်။ သမနော၊ ဥစ္စာနှင့်တကွ ဖြစ်သော။ သဘောဂေါ၊ စည်းစိမ်နှင့်တကွ ဖြစ်သော။ ပုရိသော၊ ယောကျ်ားသည်။ ဒုဗ္ဘိက္ခံ၊ ရခဲသော ထမင်းရှိရာ ဖြစ်သော။ သပ္ပဋိဘယံ၊ ဘေးဘျမ်းနှင့်တကွဖြစ်သော။ ကန္တာရဒ္ဓါနမဂ္ဂံ၊ ရေဖြင့်လွှန်မြောက်ရသောခရီးရှေ့သို့။ ပဋိပဇ္ဇေယျ၊ သွားရာ၏။

သော အပရေန သမယေန တံ ကန္တာရံ နိတ္ထရေယျ၊ သောတ္ထိနာ ဂါမန္တံ အနုပါပုဏေယျ ခေမံ အပ္ပဋိဘယံ။

သော ပုရိသော၊ ထိုယောကျ်ားသည်။ အပရေန၊ တပါးသော။ သမယေန၊ အခါ၌။ တံ ကန္တာရံ၊ ထိုခရီးခဲကို။ သောတ္ထိနာ၊ ချမ်းသာသောအားဖြင့်။ နိတ္ထရေယျ၊ လွှန်မြောက်ရာ၏။ သောတ္ထိနာ၊ ချမ်းသာသောအားဖြင့်။ ခေမံ၊ ဘေးကုန်ခန်းရာဖြစ်သော။ အပ္ပဋိဘယံ၊ ဘေးဘျမ်းမရှိသော။ ဂါမန္တံ၊ ရွာ၏အနီးသို့။ အနုပါပုဏေယျ၊ အစဉ်အားဖြင့်ရောက်ရာ၏။

အဓိပ္ပါယ်ကတော့ မင်းကြီး အကြင်သူတယောက်သည် ဥစ္စာထုပ်နှင့်အတူ အစာရေစာ ရှားပါးတဲ့ သူခိုးဓားပြတွေပေါလှတဲ့ ခရီးဝေးကို သွားတယ်ဆိုပါတော့၊ ထိုသူသည် ဘေးရန်တွေများလှတဲ့ ခရီးခဲမှ ဥစ္စာထုပ်နှင့်အတူ ချမ်းချမ်းသာသာ ဘေးရန်ကင်းရှင်းပြီးတော့ ဘေးရန်မှကင်းတဲ့ စိတ်ချရလောက်တဲ့ ရွာအနီးသို့ ရောက်လာတဲ့အတွက် အင်မတန်မှ ဝမ်းမြောက်ပြီးတော့ သူ့စိတ်ထဲမှာ အကြံဖြစ်လာတယ်။ ဘယ်လိုအကြံဖြစ်သလဲဆိုတော့—

"တဿ ဧဝမဿ 'အဟံ ခေါ ပုဗ္ဗေ သဓနော သဘောဂေါ ကန္တာရဒ္ဓါနမဂ္ဂံ ပဋိပဇ္ဇိံ ဒုဗ္ဘိက္ခံ သပ္ပဋိဘယံ၊ သောမှိ ဧတရဟိ တံ ကန္တာရံ နိတ္ထိဏ္ဏော၊ သောတ္ထိနာ ဂါမန္တံ အနုပ္ပတ္တော ခေမံ အပ္ပဋိဘယ'န္တိ၊ သော တတောနိဒါနံ လဘေထ ပါမောဇ္ဇံ၊ အဓိဂစ္ဆေယျ သောမနဿံ"တဲ့။

တဿပုရိသဿ၊ ထိုယောကျ်ားအား။ ဧဝံ၊ ဤသို့သော အကြံသည်။ အဿဘာဝေယျ၊ ဖြစ်ရာ၏။ ကိံ၊ အဘယ်သို့ဖြစ်သနည်း။ ပုဗ္ဗေ၊ ရှေး၌။ သဓနော၊ ဥစ္စာထုပ်နှင့်တကွဖြစ်သော။ သဘောဂေါ၊ စည်းစိမ်နှင့်တကွဖြစ်သော။ အဟံ၊ ငါသည်။ ဒုဗ္ဘိက္ခံ၊ ရခဲသော ထမင်းရှိသော။ သပ္ပဋိဘယံ၊ ဘေးဘျမ်းနှင့် တကွဖြစ်သော။ ကန္တာရဒ္ဓါနမဂ္ဂံ၊ ရေဖြင့်လွှန်မြောက်ရာဖြစ်သော အဓွန့်ရှည်သောခရီးသို့။ ပဋိပဇ္ဇိံ၊ သွားခဲ့ပြီ။ သောအဟံ၊ ထိုငါသည်။ ဧတရဟိ၊ ယခုအခါ၌။ တံကန္တာရံ၊ ထိုခရီးခဲကို။ သောတ္ထိနာ၊ ချမ်းသာသောအားဖြင့်။ နိတ္ထိဏ္ဏော၊ လွှန်မြောက်ခဲ့ပြီ။ သောတ္ထိနာ၊ ဘေးရန်ကင်းကွာ ချမ်းသာသောအားဖြင့်။ ခေမံ၊ ဘေးရန်ကင်းသော။ အပ္ပဋိဘယံ၊

ဘေးဘျမ်းမရှိသော။ ဂါမန္တံ၊ ရွာ၏အနီးသို့။ အနုပ္ပတ္တော၊ အစဉ်ရောက်သည်။ အမှို၊ ဖြစ်၏။ ဣတိ၊ ဤသို့သောအကြံသည်။ အဿ၊ ဖြစ်ရာ၏။ ဣတိ၊ ဤသို့။ ပရိဝိတက္ကယိတွာ၊ ကြံစည်စဉ်းစားပြီး၍။ သောပုရိသော၊ ထိုယောကျ်ားသည်။ တတောနိဒါနံ၊ ထိုသို့ ဥစ္စာထုပ်နှင့်တကွ ဘေးရန်မှ လွတ်သည်၏ အဖြစ်တည်းဟူသော အကြောင်းကြောင့်။ ပါမောဇ္ဇံ၊ ဝမ်းမြောက်ခြင်းကို။ လဘေထ သေယျထာပိ၊ ရသကဲ့သို့လည်းကောင်း။ သောမနဿံ၊ နှစ်သက်ခြင်းကို။ အဓိဂစ္ဆေယျ သေယျထာပိ၊ ရသကဲ့သို့လည်းကောင်း တည်း။

အဲဒီလို ဝိစိကိစ္ဆာနီဝရဏကို မှတ်သားရမယ်။ အဓိပ္ပါယ်ကတော့ ထိုဥစ္စာထုပ်နှင့်တကွ ခရီးဝေးကိုသွားတဲ့ ယောကျ်ားဟာ ငါ့သည် ဥစ္စာပစ္စည်းတွေနှင့်အတူ လူဆိုးဓားပြတွေပေါလှတဲ့ ခရီးခဲကြီးကို သွားခဲ့ရတာ ယခုတော့ ဘေးရန်ကင်းရှင်းပြီး ဘေးလွတ်တဲ့နေရာကို ဥစ္စာပစ္စည်းနှင့်အတူ ချမ်းချမ်းသာသာ ရောက်ရပေပြီဟု နှစ်သက်ခြင်း, ဝမ်းမြောက်ခြင်း ဖြစ်သလို ဝိစိကိစ္ဆာဆိုတဲ့ ယုံမှားမှု ခရီးခဲမှ လွတ်ပုံကို မှတ်ရမယ်။

**သံသယရှိစရာတော ဥပမာ။**　။ဒီနေရာမှာ အဋ္ဌကထာက အဓိပ္ပါယ်အကျယ် ဘယ်လို ဖွင့်ဆိုထားသလဲဆိုတော့— ခိုးသူ ဓားပြတွေ ပေါများလှတဲ့, ခရီးခဲကို သွားတဲ့သူဟာ လူအပေါင်းကို လုယက်သတ်ဖြတ်နေတဲ့ နေရာကို ရောက်ရင် တောင်ဝှေးသံ, ငှက်ပျံသံကို ကြားရတဲ့ အခါမှာ ခိုးသားဓားပြတွေ လိုက်လာပြီလို့ စိတ်ထဲကထင်ပြီးတော့ ကြောက်ကြောက်လန့်လန့်နဲ့ ရှေ့သွားလိုက်, နောက်ပြန်လိုက်, ရပ်နေလိုက်နဲ့ သွားရ ကောင်းမလား, မသွားဘဲ နောက်ပြန်ရ ကောင်းမလားနဲ့ ရှေ့သွားတာထက် နောက်ပြန်တာက များပြီးနေတယ်၊ ဒီတော့ ဒီပုဂ္ဂိုလ်ဟာ ခဲခဲယဉ်းယဉ်းနဲ့ဘဲ ဘေးရန်ကင်းတဲ့ နေရာကို ရောက်ချင်လဲ ရောက်နိုင်တယ်, မရောက်ချင်လဲ မရောက်ပဲရှိလိမ့်မယ်။

အဲဒီလိုဘဲ ဘုရား, တရား, သံဃာ, သိက္ခာသုံးပါးနှင့် ပုဗ္ဗန္တ, အပရန္တ, ပုဗ္ဗန္တာပရန္တ, ဣဒပ္ပစ္စယပဋိစ္စသမုပ္ပန္န- လို့ဆိုတဲ့ ရှစ်ပါးသော တရားတို့၌ ယုံမှားသံသယ ရှိနေတဲ့ ပုဂ္ဂိုလ်ဟာ ဘုရား တရား သံဃာဆိုတာ ဟုတ်မှဟုတ်ပါ့မလား, သိက္ခာသုံးပါးကို ကျင့်ရင် နိဗ္ဗာန်ချမ်းသာရတယ်ဆိုတာကော ဟုတ်မှဟုတ်ပါ့မလား- စသည်ဖြင့် ယုံမှားမှုကို မလွန်မြောက်နိုင်ပဲ သေသေချာချာ သက်ဝင်ယုံကြည်ဆုံးဖြတ်နိုင်တဲ့ သဒ္ဓါတရား မရှိတဲ့အတွက် မဂ်ကိုရင်း, ဖိုလ်ကိုရင်း မရောက်နိုင်, မရနိုင်ဘူးတဲ့။

ဥစ္စာထုပ်နှင့်အတူ ခရီးဝေးသွားတဲ့သူဟာ ခိုးသား ဓားပြတွေရှိသလား, မရှိဘူးလား, ဒီလမ်းကသွားရင် အန္တရာယ်ကင်းမလား, မကင်းဘူးလားနဲ့ တွေး

တော ယုံမှားပြီးတော့ ကြောက်ရွံ့တုန်လှုပ်ပြီး သွားသင့် မသွားသင့် မဆုံးဖြတ်နိုင်တဲ့အတွက် ဘေးရန်မရှိတဲ့ အရပ်ကို ရောက်ခြင်းရဲ့ အန္တရာယ် ဖြစ်နေသလို ထို့အတူ ဝိစိကိစ္ဆာသမားဟာလဲ ဘုရား, တရား, သံဃာ-စသည်တို့၌ တွေးတော ယုံမှားပြီးတော့ ဟုတ်မှဟုတ်ပါ့မလား, တရားကျင့်လို့ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရမှ ရပါ့မလားနဲ့ အကြိမ်ကြိမ် စဉ်းစားနေတာနဲ့ပဲ မိမိရဲ့စိတ်ကို တုန်လှုပ်ချောက်ချား စေပြီးတော့ အရိယာတို့ရဲ့ အဖြစ်ကို ရောက်ခြင်း ရခြင်းရဲ့ အန္တရာယ်ကို အဲဒီ "ဝိစိကိစ္ဆာ" ဆိုတဲ့ ယုံမှားမှုက ပြုလုပ်တော့တာဘဲ၊ ဒါကြောင့် ခိုးသားဓားပြ တွေ့ပေါလှတဲ့ ခရီးခဲကြီးကဲ့သို့ ဝိစိကိစ္ဆာရဲ့သဘောကို မှတ်သားရမယ်လို့ မြတ်စွာဘုရား ဟောတော်မူတယ်။

ဝိစိကိစ္ဆာနီဝရဏမှ ကင်းတဲ့ ပုဂ္ဂိုလ်ကျတော့ ဘယ်လို မိန့်တော်မူသလဲဆိုရင် အားခွန်ဗလနှင့် ပြည့်စုံသောသူဟာ လက်ရှိဥစ္စာကို ယူပြီးတော့ လက်နက်ကောင်း အဖော်ကောင်းတို့နှင့်အတူ ခိုးသူဓားပြပေါတဲ့ ခရီးကိုသွားတယ် ဆိုပါတော့၊ ခိုးသား, ဓားပြတွေဟာ အဖော်ကောင်း, လက်နက်ကောင်းနဲ့ လာတဲ့ လူကို မြင်လျှင် ဝေးဝေးက ရှောင်တိမ်း, ပြေးလွှား, ပုန်းအောင်း နေကြရတယ်၊ အဲဒီအခါမှာ ဥစ္စာရှင်သည် ချမ်းချမ်းသာသာနဲ့ ထိုခရီးခဲကို လွန်မြောက်ပြီး ဘေးမရှိတဲ့အရပ်သို့ ရောက်တဲ့အတွက် ဝမ်းမြောက်ရသလို ထို့အတူပဲ ကမ္မဋ္ဌာန်း အားထုတ်ရမဲ့ အမျိုးကောင်းသား-အမျိုးကောင်းသမီးများဟာလဲ—

"အယံ ဝိစိကိစ္ဆာ နာမ မဟာအနတ္ထကာရိကာ' တိ ဆ ဓမ္မေ ဘာဝေတွာ ဝိစိကိစ္ဆံ ပဇဟတိ" တဲ့။

**ဝိစိကိစ္ဆာပယ်ကြောင်း ၆-ပါး။** ။အဓိပ္ပါယ်ကတော့ "ဝိစိကိစ္ဆာ-ဆိုတာ များစွာသော လောကီ လောကုတ္တရာ အစီးအပွါးမဲ့ကို ပြုတတ်တယ်"လို့ နှစ်လုံးသွင်းပြီးတော့ "များသောအကြားအမြင် ရှိခြင်း, ရတနာမြတ်သုံးပါးကို အကြောင်းပြု၍ အကြိမ်ကြိမ် မေးမြန်းခြင်း, ဝိနည်းတရား၌ လိမ္မာကျွမ်းကျင်ခြင်း, သက်ဝင်ယုံကြည်သော သဒ္ဓါတရားရှိခြင်း, မိတ်ဆွေကောင်းရှိခြင်း, ဝိစိကိစ္ဆာကင်းကြောင်း တရားတွေကို နာယူမှတ်သား ခွင့်ရခြင်း" ဆိုတဲ့ တရားခြောက်ပါးကို ပွါးပြီးတော့ မိမိယုံမှားနေတဲ့ ဝိစိကိစ္ဆာ သဘောကို ပယ်စွန့်ရမယ်။

အဲဒီလို ဝိစိကိစ္ဆာကို ပယ်စွန့်ပြီးသောသူဟာ ယုံမှားမှု ဝိစိကိစ္ဆာတွေ ကင်းနေတဲ့အတွက် အားရှိသော ယောကျ်ားသည် လက်နက်ကောင်းကောင်း, အဖော်ကောင်းကောင်းကို ရပြီးတော့ ဘေးရန်ကို ဂရုမစိုက်တော့ပဲ ခိုးသား, ဓားပြတွေကို မြက်မှိုက်ကဲ့သို့ ထင်မှတ်ပြီးလျှင် ဂရုမစိုက်တော့ပဲ ချမ်းချမ်းသာသာ အေးအေးမြမြ ဘေးရန်ကင်းတဲ့ နေရာဌာနသို့ ရောက်သလို ယုံမှားမှု

ဝိစိကိစ္ဆာကင်းနေတဲ့ ပုဂ္ဂိုလ်ဟာလဲ ဒုစရိုက်တည်းဟူသော ခရီးခဲကို လွန်မြောက်ပြီးတော့ အလွန်မြင့်မြတ် ချမ်းသာလှတဲ့ မသေရာ နိဗ္ဗာန်ကို လွယ်လွယ်ကူကူ ရောက်ရ, မျက်မှောက်ပြုရပါတယ်တဲ့။ ဒါကြောင့် မြတ်စွာဘုရားက ဘေးမရှိသော အရပ်ကဲ့သို့ ဝိစိကိစ္ဆာနီဝရဏမှ ကင်းခြင်းကို မှတ်ရမယ်လို့ ဟောတော်မူခဲ့ပါတယ်။

ကိုင်း ရှေ့သွားရအောင်၊ ခု ဘယ်နှစ်ခုပြီးသွားပလဲ စရဏတရားတွေ ငါးပါးထဲက၊ သီလ, ဣန္ဒြိယသံဝရသီလ, ဘောဇနေမတ္တညုတာ, ဇာဂရိယာနုယောဂ, စရဏ-တရား ဘယ်နှစ်ပါးဖြစ်သွားပြီလဲ ? (လေးပါးပါဘုရား)။

စရဏတရားလေးပါးဟာ ဘာလုပ်ရမဲ့တရားတွေလဲ။ (ကျင့်ရမဲ့တရားတွေပါဘုရား)။

ဘုရားရှိခိုးတို့ ထားပစ်ခဲ့တဲ့ စရဏတွေလား, ကျင့်ဘို့ထားပစ်ခဲ့သလား ?။ (ကျင့်ဘို့ထားပစ်ခဲ့ပါတယ် ဘုရား)။

ချစ်သားတို့ ဒီစရဏတရား လေးပါးလောက်ကို မင်းတို့ ကျင့်ထားမယ်ဆိုရင် အာသဝက္ခယဉာဏ်ကြီး ရနိုင်တယ်တဲ့၊ လိုချင်ရင် ကျင့်ကြလို့ ပေးပစ်ခဲ့တဲ့ လမ်းကြောင်း၊ ဟုတ်လား ?။ (မှန်ပါဘုရား)။

အလုပ်ပေးပစ်ခဲ့တာ မြတ်စွာဘုရားက၊ အဲဒါ မလုပ်ဘဲနဲ့တော့ဖြင့် ရပါ့မလား ?။ (မရပါဘုရား)။

ကိုင်း ရှေ့တခါသွားရအောင် နော်။ (မှန်ပါ)။

**သဒ္ဓါ**။ ။ဘာတဲ့လဲ "သဒ္ဓါ"။ငါးခုမြောက်က ဘာတဲ့လဲ။ (သဒ္ဓါပါဘုရား)။

သဒ္ဓါရယ်, ဟိရီရယ်, ဩတ္တပ္ပရယ်, ဗဟုသုတရယ်, အာရဒ္ဓဝီရိယရယ်, သတိရယ်, ပညာရယ်လို့ဆိုတဲ့ ဒီတရား ခုနစ်မျိုးကို "သတ္တသဒ္ဓမ္မတရား ခုနစ်ပါး"လို့ ခေါ်ပါတယ်၊ သူတော်ကောင်းတရား ခုနစ်ပါး။ အဲဒီ သူတော်ကောင်းတရား ခုနစ်ပါးကို မြတ်စွာဘုရား ဘယ်မှာ ဟောသလဲလို့ဆိုတော့ အင်္ဂုတ္တိုရ်ပါဠိတော် သတ္တကနိပါတ်မှာ အဲဒီ ခုနစ်ပါးသော သူတော်ကောင်းတရားကို ဟောတော်မူပါတယ်။ ပါဠိဘော်လဲ ရှိတယ်—

> သတ္တိမေ ဘိက္ခဝေ သဒ္ဓမ္မာ။ ကတမေ သတ္တ? သဒ္ဓေါ ဟောတိ၊ ဟိရိမာ ဟောတိ၊ ဩတ္တပ္ပီ ဟောတိ၊ ဗဟုဿုတော ဟောတိ၊ အာရဒ္ဓ-ဝီရိယော ဟောတိ၊ သတိမာ ဟောတိ၊ ပညဝါ ဟောတိ၊ ဣမေ ခေါ ဘိက္ခဝေ သတ္တ သဒ္ဓမ္မာတိ။

ချစ်သားတို့ သဒ္ဓမ္မတရားဆိုတာ ခုနစ်ပါးရှိတယ်တဲ့၊ အဲဒီ ခုနစ်ပါးက ဘာလဲလို့ဆိုတော့—သဒ္ဓါ, ဟိရိ, ဩတ္တပ္ပ, ဗဟုသုတ, အာရဒ္ဓဝီရိယ, သတိ,

ပညာ, အဲဒီတရား ခုနစ်မျိုးကို သူတော်ကောင်းတရား ခုနစ်ပါး "သဒ္ဓမ္မတရား" လို့ ခေါ်တယ်။

အတ္တနော ဟိတကာမေန၊ သဒ္ဓမ္မော ဂရုကာတဗ္ဗော။

အတ္တနော၊ မိမိ၏။ ဟိတကာမေန၊ အရဟတ္တဖိုလ်တည်းဟူသော အစီးအပွါးကို အလိုရှိသော။ ကုလပုတ္တေန၊ အမျိုးကောင်းသား,သမီးသည်။ သဒ္ဓမ္မော၊ ယခုပြခဲ့တဲ့ သဒ္ဓမ္မတရား ခုနစ်ပါးကို၊ ဂရုကာတဗ္ဗော၊ အလေးအမြတ် ပြုအပ်သည်၊ ပြုရမယ်။

အဲဒီ သဒ္ဓမ္မတရားခုနစ်ပါးကို အစဉ်အတိုင်းဟောပေးရမယ် "သဒ္ဓါ"က ဘာလဲ? ခုနက မဟာနာမကို မြတ်စွာဘုရား ဟောတော်မူတဲ့ ပါဠိတော် သေခ-သုတ္တန်မှာ——

ဣဓ မဟာနာမ အရိယသာဝကော သဒ္ဓေါ ဟောတိ၊ သဒ္ဒဟတိ တထာ-ဂတဿ ဗောဓိံ "ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏ-သမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသဒမ္မသာရထိ သတ္ထာ ဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ"တိ။

မဟာနာမ်တဲ့ ဤသာသနာတော်မှာ ငါဘုရားရဲ့တပည့်သားဖြစ်တဲ့ အရိယာသာဝကသည် သဒ္ဓါတရားနဲ့ ပြည့်စုံတယ်တဲ့၊ သဒ္ဓါတရားနဲ့ ပြည့်စုံတယ်ဆိုတာ ဘာ ယုံကြည်သလဲ? မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ အရဟံ-အစ ဘဂဝါ-အဆုံးရှိတဲ့ သမ္မာသမ္ဗောဓိဉာဏ်တော်ကြီးကို ယုံကြည်တယ်၊ ဒါကို "သဒ္ဓါ"လို့ ခေါ်တယ်။

သဒ္ဓေါ ဟောတိ၊ သဒ္ဒဟတိ တထာဂတဿ ဗောဓိံ။

တထာဂတဿ၊ ငါးမာန်အောင်သခင် ဘုရားရှင်ကိုယ်တော်မြတ်၏။ ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်တော်ကြီးကို။ သဒ္ဒဟတိ၊ ယုံကြည်၏။

ဘုရားရှင်ရဲ့ ရွှေဉာဏ်တော်ကို အမှန်ဘဲလို့ ယုံကြည်တယ်၊ ဒါ သဒ္ဓါ။

ဒီယုံကြည်မှု သဒ္ဓါတရား ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများမှာ ရှိရမလား, မရှိရဘူးလား? (ရှိရပါမယ်ဘုရား)

ဝိပဿနာအားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ ဒီလိုယုံကြည်ချက်မျိုးရှိမှ ဖြစ်မှာလား, မရှိဘဲနေမှ ဖြစ်မှာလား? (ရှိမှ ဖြစ်မှာပါ ဘုရား)

ရှိကော ရှိရဲ့လား? (ရှိပါတယ်ဘုရား)

ရှိရင် ဟုတ်ပြီ၊ မရှိရင် မဟုတ်ဘူး။ သဒ္ဓါတရား ပြီးသွားပြီနော်။ (မှန်ပါ)

**ဟိရီ။** ။သဒ္ဓါပြီးတော့ ဘာတဲ့လဲ "ဟိရီ"။ ဟိရီ-ဆိုဘာ ဘာလဲ—

ဟိရိမာ ဟောတိ ဟိရီယတိ ကာယဒုစ္စရိတေန ဝစီဒုစ္စရိတေန မနောဒုစ္စရိတေန၊ ဟိရီယတိ ပါပကာနံ အကုသလာနံ ဓမ္မာနံ သမာပတ္တိယာ။

ဟိရိမာ၊ ရှက်ခြင်း စက်ဆုပ်ခြင်း ရှိသည်။ ဟောတိ၊ ဖြစ်၏။ (ဘာတွေ ရှက်သလဲ, ဘာတွေကို စက်ဆုပ် သလဲ။) ကာယဒုစ္စရိတေန၊ ကာယဒုစရိုက်ကို။

(ဥပယောဂတ္ထအနက်လို့ ခေါ်တယ်။) ကရိုဏ်းအနက်မှာပေးတဲ့ ဥပယောဂတ္ထအနက်၊ ဒုတိယာဝိဘတ်ကို ပြောထားတာလို့ ဆိုလိုတယ်တဲ့ အဋ္ဌကထာဆရာကြီးက။ မြတ်စွာဘုရားရဲ့ "ပါဠိတော်ကို ဟောတယ်" ဆိုတာ တလုံးတပါဒ တိမ်းစောင်းသွားလို့ ဖြစ်တာမဟုတ်ဘူး။ အကယ်၍ တိမ်းစောင်းသွားရင် မြတ်စွာဘုရားကို မဟုတ်မမှန် စွပ်စွဲရာရောက်သတဲ့၊ အင်မတန် ကြောက်စရာကောင်းတယ် "တရားဟောတယ်"ဆိုတာ။ ဒီဥပယောဂတ္ထအနက်မှာ ဘာပြောထားသလဲ ဆိုတော့—

ကာယဒုစ္စရိတေန၊ ကာယဒုစရိုက်ကို။ ဝစီဒုစ္စရိတေန၊ ဝစီဒုစရိုက်ကို။ မနောဒုစ္စရိတေန၊ မနောဒုစရိုက်ကို။ ဟိရီယတိ၊ စက်ဆုပ်၏၊ ရှက်၏။ မုသာဝါဒ, ပိသုဏဝါစာ, ဖရုသဝါစာ, သမ္ပဖ္ပလာပ-တဲ့၊ ဒါ ဝစီဒုစရိုက် လေးပါးနော်။ (မှန်ပါ)။

မနောဒုစ္စရိတေန၊ မနောဒုစရိုက်ကို။ ဟိရီယတိ၊ ရှက်၏၊ (ဝါ) စက်ဆုပ်၏။

ဘာလဲ မနောဒုစရိုက်လို့ဆိုတာ? အဘိဇ္ဈာ=သူတပါးပစ္စည်းကို ကိုယ့်ပစ္စည်းဖြစ်ရင် ကောင်းမှာဘဲလို့ လိုချင်နေတာ၊ သူတပါးမှာရှိတဲ့ ရာထူးကို ဒီရာထူး ငါရရင် ကောင်းမှာဘဲလို့ သူ့ရာထူး ကိုယ်က လိုချင်နေလျှင် အဘိဇ္ဈာလို့ ခေါ်တယ်။ ဗျာပါဒ=သူတပါးကိုပျက်စီးစေချင်နေတာ၊ မိစ္ဆာဒိဋ္ဌိတဲ့၊ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ အဲဒီလိုတရားမျိုးတွေကို ကိုယ်က စက်ဆုပ်တယ်, ရွံရှာတယ်၊ ဒါ "ဟိရီ"။

ပါပကာနံ၊ ယုတ်မာကုန်သော။ အကုသလာနံ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့သို့။ သမာပတ္တိယာ၊ ရောက်ခြင်းငှါ။ ဟိရီယတိ၊ စက်ဆုပ်၏။

ခုနက အဘိဇ္ဈာ, ဒေါမနဿဖြစ်တဲ့ အကုသိုလ် ပါပကဓမ္မတွေထဲ ကိုယ့်စိတ်အစဉ်ကလေး ရောက်သွားမှာကို, ဒီစိတ်တွေရောက်လာတော့ ကိုယ်က စက်ဆုပ်တယ်တဲ့။ အဘိဇ္ဈာဆိုတဲ့ အကုသိုလ်တွေ မိမိသန္တာန်ထဲရောက်လာတာကို

ခုနက ခွေးဝဲစားကို စက်ဆုပ်ဘိသကဲ့သို့ ကိုယ့်မျက်လုံးထဲ အဘိဇ္ဈာနဲ့ ဒေါမနဿ ရောက်လာရင် စက်ဆုပ်သလား, မစက်ဆုပ်ဘူးလား? စက်ဆုပ်ရမယ်နော်။

ဩတ္တပ္ပိ ဟောတိ၊ ဩတ္တပ္ပတိ ကာယဒုစ္စရိတေန ဝစီဒုစ္စရိတေန မနောဒုစ္စရိတေန။

ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက် တို့ကြောင့်, သူ့ကျတော့ ဟေတ္ထတ္ထအနက်၊ ဟုတ်လား? အဲဒီဒုစရိုက်တွေကြောင့် ဘာဖြစ်မှာသာ ကြောက်သလဲ? ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက်, ဒီဒုစရိုက်သုံးပါး ဖြစ်မှာသာ ကြောက်တယ်၊ တခြားဖြစ်မှာ မကြောက်ဘူး၊ ဟုတ်လား? (မှန်ပါဘုရား)။

ဩတ္တပ္ပတိ ပါပကာနံ အကုသလာနံ ဓမ္မာနံ သမာပတ္တိယာ။

ပါပကာနံ၊ ယုတ်မာကုန်သော။ အကုသလာနံဓမ္မာနံ၊ အကုသိုလ်တရားတို့သို့။ သမာပတ္တိယာ၊ ရောက်ခြင်းငှါ။ ဩတ္တပ္ပတိ၊ လန့်၍နေ၏။

ကိုယ့်မျက်လုံးထဲမျာ အဘိဇ္ဈာဝင်လာမှာကို မလန့်ဘူးလား?။ (လန့်ပါတယ်ဘုရား)။

မလန့်တဲ့အပြင် ဘိုင်စကုတ်ချည်း သွားကြည့်နေကြတယ် ပိုက်ဆံတွေပေးပြီးတော့၊ လန့်လို့လား, မလန့်လို့လား?။ (မလန့်လို့ပါဘုရား)။

သူတို့မို့ကြည့်ဝံ့တယ်။ ဘာဝင်လာသလဲ မျက်လုံးထဲ? အဘိဇ္ဈာဆိုတဲ့ အကုသိုလ်တွေ ဝင်မလာဘူးလား?။ (ဝင်လာပါတယ်ဘုရား)။

တခါတလေ ပွဲကြည့်, ဘိုင်စကုတ်ကြည့်နေရင်းပေမဲ့ စိတ်ပျံ့လွင့်မှုတွေ, ဒေါမနဿတွေ ကော ဝင်မလာဘူးလား?။ (ဝင်လာပါတယ်ဘုရား)။

အဲဒီ အကုသိုလ်တွေ ဝင်လာတာကို ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ လန့်ရဲ့လား?။ (မလန့်ပါဘုရား)။

ဒီ စရဏတရားတဆဲ့ငါးပါးနဲ့ မပြည့်စုံရင် ငါ ဘယ့်နဲ့လုပ် မဂ်ဉာဏ်,ဖိုလ်ဉာဏ် ရမလဲလို့ စဉ်းစားကြည့်ပါဦး၊ ဟုတ်လား?။ (မှန်ပါဘုရား)။

ဝိပဿနာတွေကိုတော့ အားထုတ်ပါတယ်၊ အားထုတ်ပါ, အားမထုတ်ရဘူး လို့ မဆိုလိုပါဘူး၊ သို့သော် ဒီအခြေခံတွေ ဘယ်လောက်လုံလောက်ပြီလဲ ဒီ စရဏတရား တဆဲ့ငါးပါးထဲက ကြည့်ပါလား ဘုန်းကြီးတို့ပရိသတ်? ဒါ အခြေခံတွေကို မြတ်စွာဘုရား ဟောပေးနေတာနော်။ "ချစ်သားတို့ ငါဘုရား မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရခဲ့တယ်ဆိုတာ အလကားရတာ မဟုတ်ဘူးတဲ့၊ ဒီ စရဏတရား တဆဲ့ငါးပါးကို ပြည့်စုံအောင်လုပ်လို့ရတာ သင်ချစ်သားတို့"။

နိဗ္ဗာန်ချမ်းသာလိုချင်လျှင် အဲဒီတရားနဲ့ ပြည့်စုံအောင် လုပ်ရမလား, မလုပ်ရဘူးလား?။ (လုပ်ရပါမယ်ဘုရား)။

မလုပ်ဘဲနဲ့....? (မရပါဘုရား)။

လုပ်ကဲ့လား ဘုန်းကြီးတို့ပရိသတ်?။　　　(လုပ်ပါတယ်ဘုရား)။

လုပ်တယ်ချည်းပြောနေတယ်, သူတို့ကတော့ ဒီနေရာမရှေ့ဘူး, ရှေ့သွားရအောင် ဩတ္တပ္ပပြီးသွားပြီနေ၁်။ (မှန်ပါ)။

သဒ္ဓါ, ဟိရီ, ဩတ္တပ္ပ, တရားသုံးပါး ပြီးသွားပြီ၊ နောက် လေးပါးကျန်သေးတယ် သဒ္ဓမ္မတရားထဲက။

**ဗဟုသုတ။**　။အဲဒီလေးပါးက ဘာလဲလို့ဆိုတော့ မြတ်စွာဘုရားက ပြောပေးလိမ့်ဦးမယ်၊ဘာပြောလဲလို့ဆိုတော့—

"ဗဟုသုတော ဟောတိ သုတဓရော သုတသန္နိစယော"။

အဲဒီ "ဗဟုဿုတော ဟောတိ"လို့ဆိုတဲ့ အင်္ဂုတ္တိုရ်ပါဠိတော်၊ သတ္တကနိပါတ်ကလာတဲ့ သုတ္တန်ကို ဘယ်သူက အကျယ်ဖွင့်ပေးသလဲလို့ဆိုတော့ မဇ္ဈိမပဏ္ဏာသပါဠိတော်၊ သေခသုတ္တန်က အကျယ်ဖွင့်ပေးထားတယ်၊ ဘာတဲ့လဲ?။

ဣဓ မဟာနာမ အရိယသာဝကော ဗဟုဿုတော ဟောတိ သုတဓရော သုတသန္နိစယော။

မဟာနာမ၊ မဟာနာမ်။ ဣဓ၊ ဤ ငါဘုရား သာသနာတော်၌။ သုတဝါ၊ အကြားအမြင်နဲ့ ပြည့်စုံသော။ အရိယသာဝကော၊ ငါဘုရား၏ တပည့်သား သာဝကသည်။ ဝါ၊ ငါ့သားတော်, သမီးတော်သည်။ ဗဟုဿုတော၊ များသောအကြားအမြင်ရှိသည်။ ဟောတိ၊ ဖြစ်၏။ သုတဓရော၊ ကြားနာအပ်ပြီးသော တရားတော်တို့ကို စိတ်ထဲမှာဆောင်၍ထားသည်။ ဟောတိ၊ ဖြစ်၏။ သုတသန္နိစယော၊ ကြားနာအပ်ပြီးသောတရား (ကိုယ်ဖတ်ပြီးတဲ့ မြတ်စွာဘုရားရဲ့ ပါဠိတော်ကြီး)တွေကို ကိုယ့်စိတ်ထဲမှာ စုဆောင်း၍ ထားသည်။ ဟောတိ၊ ဖြစ်လေတော့၏။

ဗဟုသုတဆိုတာ အဲဒီလို များသော အကြားအမြင်တွေ, ကိုယ်ကြားနာပြီးသားစကားတွေ, ကိုယ်စုဆောင်းပြီးသားတွေကို စုဆောင်းထားတယ်ဆိုတာ ဘယ်လိုတရားမျိုးတွေလဲလို့ ဆိုတော့—

ယေ တေ ဓမ္မာ အာဒိကလျာဏာ မဇ္ဈေကလျာဏာ ပရိယောသန-ကလျာဏာ သာတ္ထာ သဗျဉ္ဇနာ ကေဝလပရိပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ အဘိ-ဝဒန္တိ၊ တထာရူပဿ ဓမ္မာ ဗဟုဿုတာ ဟောန္တိ ဓာတာ ဝစသာ ပရိစိတာ မနသာနုပေက္ခိတာ ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါ။

ဗဟုသုတ အကြားအမြင်များတယ်ဆိုတာ ဘာကို အကြားအမြင်များတယ် ခေါ်သလဲ၊ ဒီခေတ်မှာ အမျိုးမျိုး ပရိယာယ်မာယာတွေ ကြွယ်ဝနေတာကို ဗဟုသုတများတယ်လို့ ခေါ်ရမှာလား? မဟုတ်ဘူးတဲ့၊ ဝိပဿနာလုပ်ငန်းနဲ့ ပတ်သက်ပြီး သာသနာရေးဖက်က တွက်လိုက်မယ်ဆိုရင် ဒီလိုပုဂ္ဂိုလ်မျိုး ဘယ်လိုမှ သုံးလို့မရဘူး, ဟုတ်လား?။ (မှန်ပါဘုရား)။

ဒါကို "ဗဟုသုတ"လို့ ခေါ်တာမဟုတ်ဘူးတဲ့ မြတ်စွာဘုရားက။

အာဒိကလျာဏာ၊ အစ၏ကောင်းခြင်းနှင့် ပြည့်စုံကုန်သော။ မဇ္ဈေကလျာဏာ၊ အလယ်၏ကောင်းခြင်းနှင့် ပြည့်စုံကုန်သော။ ပရိယောသာနကလျာဏာ၊ အဆုံး၏ကောင်းခြင်းနှင့်ပြည့်စုံကုန်သော။ သာတ္ထာ၊ အနက်နှင့် ပြည့်စုံကုန်သော။ သဗျဥ္ဇနာ၊ သဒ္ဒါနှင့် ပြည့်စုံကုန်သော။ ယေ တေ ဓမ္မာ၊ အကြင်တရားတို့သည်။ ကေဝလပရိပုဏ္ဏံ၊ အလုံးစုံပြည့်စုံ၍နေသော။ ပရိသုဒ္ဓံ၊ စင်ကြယ်သော။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ အဘိဝဒန္တိ၊ ပြဆိုဟောကြားကုန်၏။ တထာရူပဿ၊ ထိုသို့သော အနက်သဒ္ဒါနှင့် ပြည့်စုံ၍နေသော။ ဓမ္မာ၊ တရားတော်တို့ကို။ ဗဟုဿုတာ၊ များသောအကြားအမြင် ရှိကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်တော့၏။ ဓာတာ၊ ဆောင်၍ထားသည်။ ဟောတိ၊ ဖြစ်တော့၏။ ဝစသာ၊ နှုတ်ဖြင့်။ ပရိစိတာ၊ အမြဲတမ်း နှုတ်ဖြင့် တတွတ်တွတ်နဲ့ ကျက်မှတ်၍နေသည်။ ဟောတိ၊ ဖြစ်လေတော့၏။ မနသာ၊ စိတ်ဖြင့်။ အနုပေက္ခိတာ၊ အဖန်တလဲလဲ သုံးသပ်ဆင်ခြင်၍နေသည်။ ဟောတိ၊ ဖြစ်လေတော့၏။ ဒိဋ္ဌိယာ၊ အယူဖြင့်။ သုပ္ပဋိဝိဒ္ဓါ၊ ကောင်းစွာထိုးထွင်း၍ သိသည်။ ဟောတိ၊ ဖြစ်လေတော့၏။

ဗဟုသုတဆိုတာ အဲဒါကိုခေါ်တာဘဲတဲ့ မြတ်စွာဘုရားက၊ ဘုရားဟောထားတဲ့ ပါဠိတော်ကြီးတွေ စရဏတရား တဆဲ့ငါးပါး၌ အကျုံးဝင်တဲ့ ဗဟုသုတလို့ဆိုတာ မဂ်, ဖိုလ်, နိဗ္ဗာန် ရောက်ရေးအတွက် ဟောထားတဲ့ နိကာယ်ငါးရပ် ပါဠိတော်တွေကို လေ့လာ, ပွါးများ, ဆည်းပူး, အားထုတ်လို့ သိကျွမ်း, လိမ္မာ, တတ်သိနေတာကို ဗဟုသုတလို့ ခေါ်ပါတယ်၊ ဟုတ်လား?။ (မှန်ပါဘုရား)။

ပြီးသွားပြီ ဗဟုသုတ။

**ဝီရိယ။** ။ဝီရိယဆိုတာ ဘာလဲ?

အာရဒ္ဓဝီရိယော ဝိဟရတိ အကုသလာနံ ဓမ္မာနံ ပဟာနာယ၊ ကုသလာနံ ဓမ္မာနံ ဥပသမ္ပဒါယ၊ ထာမဝါ ဒဠှပရက္ကမော အနိက္ခိတ္တဓုရော ကုသလေသု ဓမ္မေသု။ ပါဠိတော်က။

အကုသလာနံ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့ကို။ ပဟာနာယ၊ ပယ်၍ပစ်ခြင်းငှါ။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့ကို။ ဥပ-

သမ္ပဒါယ၊ ပြည့်စုံစွာ ဖြစ်စေခြင်းငှါ။ ထာမဝါ၊ လုပ်နိုင်သော အစွမ်းနဲ့ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်ရမယ်။

ကုသိုလ်လုပ်ဖို့ကို စွမ်းနိုင်တဲ့ပုဂ္ဂိုလ် ဖြစ်ရမယ်၊ ဘယ့်နှယ်လဲ တရားနာ လိုက် အုံးမလားဆိုတော့ တရားနာတောင် မလိုက်နိုင်တဲ့ပုဂ္ဂိုလ်ဟာ ကုသိုလ်လုပ်ဖို့ကို စွမ်းနိုင်တဲ့ ပုဂ္ဂိုလ်လား, မစွမ်းနိုင်တဲ့ ပုဂ္ဂိုလ်လား? (မစွမ်းနိုင်တဲ့ ပုဂ္ဂိုလ်ပါ ဘုရား)

ဒါ ဝီရိယမရှိတဲ့ပုဂ္ဂိုလ်လို့ ခေါ်တယ်။ အဲဒီ ဥစ္စာကို, တရားအားထုတ်ဖို့ကို မလုပ်နိုင်တဲ့ ပုဂ္ဂိုလ်ဟာ စွမ်းနိုင်တဲ့ ပုဂ္ဂိုလ်လား, မစွမ်းနိုင်တဲ့ ပုဂ္ဂိုလ်လား?

(မစွမ်းနိုင်တဲ့ ပုဂ္ဂိုလ်ပါ ဘုရား)

ဒါနမှု, သီလမှု, ဘာဝနာမှုနဲ့ ပတ်သက်လို့ မပြုလုပ်နိုင်တဲ့ ပုဂ္ဂိုလ်ဟာ စွမ်းနိုင်တဲ့ ပုဂ္ဂိုလ်လား, မစွမ်းနိုင်တဲ့ ပုဂ္ဂိုလ်လား? (မစွမ်းနိုင်တဲ့ ပုဂ္ဂိုလ်ပါ ဘုရား)

အဲဒါကို ဝီရိယမရှိတဲ့ ပုဂ္ဂိုလ်လို့ ခေါ်တယ်၊ အကုသိုလ်တရားတွေ ပြည့်စုံဘို့, အကုသိုလ်တရားတွေကို ပယ်ဘို့ကို မလုပ်နိုင်ဘူး၊ "ထာမဝါ" အားအစွမ်းရှိတဲ့ ပုဂ္ဂိုလ် ဖြစ်ရမယ်တဲ့ ကုသိုလ်ကောင်းမှုလုပ်နေတဲ့ နေရာမှာ။

ကုသိုလ်လုပ်ရမယ်ဆိုတဲ့ လုပ်ငန်းတို့၌ အမြဲတမ်း တာဝန်ကို ချထားတဲ့ ပုဂ္ဂိုလ် ဖြစ်ရမယ်ဆိုရင် ကုသိုလ်ကောင်းမှုပြုရမှာကို ဘယ်တော့မှ တာဝန်မလေး ရဘူး၊ အဲဒါကို "အာရဒ္ဓဝီရိယ"လို့ ခေါ်ပါတယ်တဲ့ မြတ်စွာဘုရားက၊ ဒီ ဝီရိယ ရှိရမယ်။

သဒ္ဓါ, ဟိရီ, ဩတ္တပ္ပ, ဗဟုသုတ, ဝီရိယ, ငါးခု ပြီးသွားပြီနော်။ (မှန်ပါ ဘုရား)

အဲဒါ ကိုယ့်ကိုယ်မှာ ရှိ-မရှိ ဘုန်းကြီးတို့ပရိသတ် ကြည့်။

**သတိ။**　။သတိမာ ဟောတိ၊ ပရမေန သတိနေပက္ကေန သမန္နာဂတော ဟောတိ၊ စိရကတံပိ စိရဘာသိတံပိ သရိတာ အနုဿရိတာ။

ပါဠိတော်က သတိဆိုတာ ဘာကိုပြောသလဲဆိုတော့—

ပရမေန၊ မြတ်သော။ သတိမာ၊ အာရုံ၌ကပ်၍ ထင်ရှားပြီးတော့ မမေ့ မလျော့သော သတိရှိသည်။ ဟောတိ၊ ဖြစ်၏။

အဲဒီ သတိက ဘယ်လိုသတိလဲ, တွေ့ကရာတွေကို အမှတ်ရနေတဲ့ သတိလား? မဟုတ်ဘူး။

"ပရမေန သတိနေပက္ကေန"လို့ ဆိုတာ ပညာနဲ့ယှဉ်တဲ့ သတိနဲ့ ပြည့်စုံရမယ်လို့ ဆိုတာတဲ့၊ တွေ့ကရာသတိ မဟုတ်ဘူးနော်၊ ပညာနဲ့ယှဉ်တဲ့ သတိ၊ ပညာကလဲ ဝိပဿနာပညာနဲ့ယှဉ်တဲ့ သတိမျိုးကို ဆိုလိုတယ်။

စိရကတံပိ စိရဘာသိတံပိ၊ ရှည်မြင့်စွာသော ကာလပတ်လုံး ပြုလုပ်ထားတဲ့ လုပ်ငန်း, ရှည်မြင့်စွာသောကာလက ပြောထားတဲ့စကားတွေကို။ သရိတာ အနုသရိတာ၊ အဖန်တလဲလဲ ပြန်ပြီးတော့ အောက်မေ့နိုင်သည်။ ဟောတိ၊ ဖြစ်၏။

ဒါ သတိ၊ ဟုတ်လား? (မှန်ပါ)

တချို့ ပါဠိတော်တွေကတော့ သတိပဋ္ဌာန်လေးပါးကို ဖွင့်တယ်၊ ကဲ ဒါ ရှိပါစေ။

ပညဝါ ဟောတိ ဥဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော အရိယာယ နိဗ္ဗေဓိကာယ သမ္မာ ဒုက္ခက္ခယဂါမိနိယာ။

ပညဝါ၊ ပညာနဲ့ ပြည့်စုံသည်။ (ဘာပညာမျိုးလဲ?) ဥဒယတ္ထဂါမိနိယာ၊ ရုပ်, နာမ်, ဓမ္မ, သင်္ခါရ တရားတို့ရဲ့ ဖြစ်ခြင်းနဲ့ ပျက်ခြင်းကို ခွဲခြား၍ သိနိုင်သောပညာနဲ့ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ အရိယာယ၊ ဖြူစင်သော။ နိဗ္ဗေဓိကာယ၊ ကိလေသာတရားတို့ကို ဖောက်ခွဲဖျက်ဆီးခြင်းငှါ စွမ်းနိုင်သော။ သမ္မာ၊ ကောင်းစွာ။ ဒုက္ခက္ခယဂါမိနိယာ၊ ဒုက္ခ၏ကုန်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော။ ပညာယ၊ ဝိပဿနာပညာနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။

ပညာဆိုတာ ဝိပဿနာပညာနဲ့ ပြည့်စုံရမယ့်ပညာကို ပြောတာ။

သတ္တသဒ္ဓမ္မတရား ခုနစ်ပါး ပြီးသွားပြီ၊ ဟုတ်လား? (မှန်ပါ ဘုရား)

ဈာန်တရား ၄-ပါး။ ။စရဏတရား တဆယ့်ငါးပါးထဲမှာ ဘယ်နှစ်ပါး ရသွားပြီလဲ? တဆယ့်တပါးရသွားပြီနော်၊ နောက်ပြီးတော့ ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်လို့ ဘယ်နှစ်ပါးတုံး? (လေးပါးပါ ဘုရား)

ပထမဈာန်ဆိုတာ ဘာလဲ? ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ-တည်းဟူသော ဈာန်အင်္ဂါငါးပါးနဲ့ ပြည့်စုံတဲ့ ပထမဈာန်၊ဟောဒီ့ အင်မတန်ကောင်းနေပြန်တယ် နော်။ (မှန်ပါ ဘုရား)။

ဣဓ မဟာနာမ အရိယသာဝကော အာဘိစေတသိကာနံ ဒိဋ္ဌဓမ္မသုခ-ဝိဟာရာနံ နိကာမလာဘီ ဟောတိ အကိစ္ဆလာဘီ အကသိရလာဘီ။

အဲဒီ ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်နဲ့ ပတ်သက်ပြီးတော့ အလွန်အကျူး အထူးမွန်မြတ်လှတဲ့ စိတ်နဲ့ယှဉ်သော ဒိဋ္ဌပစ္စုပ္ပန်လောကမှာ စိတ်ချမ်းသာမှုတွေနဲ့ ယှဉ်စပ်သော ပထမဈာန်, ဒုတိယဈာန်, တတိယ

ဈာန်, စတုတ္ထဈာန်ဆိုတဲ့ ဤဈာန်လေးပါးကို အလိုရှိတိုင်း ရတယ်, မငြိုငြင် မပင်ပန်းပဲနဲ့ ရတယ်ဆိုတဲ့ အဲဒီတရားလေးပါးနဲ့ ပြည့်စုံရမယ်တဲ့ မြတ်စွာဘုရားက၊ ဟုတ်လား? (မှန်ပါ ဘုရား)။

ဒီတော့ ဈာန်လေးပါးထည့်လိုက်တော့ ဘယ်လောက် ဖြစ်သွားပြီလဲ? (တဆယ့်ငါးပါး ရှိသွားပါပြီ ဘုရား)။

ဒီစရဏတရား တဆယ့်ငါးပါးကို ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ဘာလုပ်ဖို့ထားခဲ့သလဲ? (ကျင့်ဘို့ထားခဲ့ပါတယ် ဘုရား)။

ဘုန်းကြီးတို့ ပရိသတ် ဘယ်လိုလဲ "တပည့်တော်တို့ တဆယ့်ငါးပါးကို ပြည့်စုံအောင်ကျင့်မှ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရမှာလား ဘုရား"လို့ ဒီလိုမေးစရာ မရှိဘူးလား? (ရှိပါတယ် ဘုရား)။

မြတ်စွာဘုရားက ဒါတွေကို တဆယ့်ငါးပါးလုံးဟောပစ်ခဲ့တော့ တဆယ့်ငါးပါး စလုံးကို ကျင့်စေလိုလို့ ဟောခဲ့သလား, တချို့တဝက်ကျင့်ဘို့ ဟောပစ်ခဲ့သလား? (တဆယ့်ငါးပါးစလုံး ကျင့်စေလိုလို့ ဟောပစ်ခဲ့ပါတယ် ဘုရား)။

အဲဒီတရား တဆဲ့ငါးမျိုးတို့ကို "ဝိဝိစ္စေဝ ကာမေဟိ" ခုနကပြောခဲ့တဲ့ ပထမ ဈာန်, ဒုတိယဈာန်, တတိယဈာန်တွေ၊ ကိုင်း ဒါတွေ ရှိပါစေတော့၊ ဘုန်းကြီးလဲ ဒါတွေကို နောက်က ပြောပေးခဲ့ပြီ၊ ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်နဲ့ပတ်သက်လို့ နောက်ပိုင်းမှာ ဟောထားတာရှိတယ်၊ အချိန်ကလဲ စေ့သွားပြီ၊ စရဏတဆဲ့ငါးပါးနဲ့ ဒီနေ့ အချိန်ကုန်ပြန်ရော။

ဘာတွေကျန်နေသေးသလဲဆိုတော့ အင်မတန်ကောင်းတဲ့အပိုင်းတွေ ကျန်နေတယ်၊ သုဂတ-ဂုဏ်တော်ကြီး အင်မတန်ကောင်းတယ်။ လောကဝိဒူဂုဏ်တော်ကြီး မြတ်စွာဘုရား လောကကြီးကို သိတော်မူတယ်ဆိုတာ ဘယ်လိုသိတာလဲ? ဒါတွေ ဟောဘို့ ကျန်နေသေးတယ်၊ ပါဠိတော်ကြီးတွေနဲ့ အနုတ္တရ-ဂုဏ်တော်တွေ, ပုရိသဒမ္မသာရထိ-ဂုဏ်တော်တွေ, သတ္ထာဒေဝမနုဿာန-ဂုဏ်တော်, ဗုဒ္ဓ-ဂုဏ်တော်, ဘဂဝါ-ဂုဏ်တော် ဆိုပြီးတော့ ဂုဏ်တော် ခုနစ်ပါး ကျန်သေးတယ်၊ ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ မြတ်စွာဘုရားသာသနာတော်မှာ နေပြီးတော့ ဒီဘုရားဂုဏ်တော်တွေကို တခါ တရံမှ ပြည့်ပြည့်စုံစုံကို မနာရဘူးဆိုရင် ဘယ့်နှယ်တုံး? အဲဒီဂုဏ်တော်တွေကို ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေက ပုတီးစိပ်နေကြတယ်၊ ဟုတ်လား?။ (မှန်ပါဘုရား)။

အမြဲတမ်းလဲ ဒီဘုရားဂုဏ်တော်တွေနဲ့ ဘုရားရှိခိုးနေကြတယ်၊ ဒီအထဲက ကြိုးတွေလဲသွင်းထားတော့ ဒီကြိုးတွေကို မကြာမကြာနာမယ်ဆိုရင် ဒီဘုရား

ဂုဏ်တော်တွေ ကိုယ့်ဉာဏ်ထဲမှာ ပေါ်မလာနိုင်ဘူးလား?။ (ပေါ်လာနိုင်ပါတယ် ဘုရား)။

တရားနာဝါသနာပါတဲ့လူတို့ ပုတီးစိပ်ဝါသနာပါတဲ့လူတို့ အဓိဋ္ဌာန်ဝင်တာ ဝါသနာပါတဲ့လူတို့ ပုတီးစိပ်တဲ့ပုဂ္ဂိုလ်တို့ ဒါတွေ သိဘို့မလိုဘူးလား?

(လိုပါတယ်ဘုရား)။

ဘုရားရှိခိုးတဲ့ပုဂ္ဂိုလ်တို့ ဘုရားဝတ်တက်တဲ့ပုဂ္ဂိုလ်တို့ ဘုရားဝေယျာဝစ္စကို ပြုပြင်နေတဲ့ ပုဂ္ဂိုလ်တို့ ဒီဂုဏ်တော်တွေ သိဘို့မလိုဘူးလား?။ (လိုပါတယ်ဘုရား)။

အဲဒီဂုဏ်တော်တွေကို မသိဘဲနဲ့ ပြုပြင်တာ ကုသိုလ်မရဘူးလား? ရတယ်နော်။ ဒီဂုဏ်တော်တွေကို သိပြီးမှ ဘုရားကို ပြုပြင်ရင် ဘုရားရှိခိုးရင် ဘုရားဝေယျာဝစ္စလုပ်ရင် ပိုပြီးတော့ ကုသိုလ်ရတယ်၊ အဲဒါကြောင့် ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏတဆဲ့ငါးပါးဆိုတဲ့ တရားတို့နဲ့ ပြည့်စုံတော်မူသော "ဝိဇ္ဇာစရဏသမ္ပန္န" ဂုဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို အမေးပုစ္ဆာမေးဘို့ ရောက်လာပါတယ်ဘုရားတဲ့ ဇတုကဏ္ဏိပုဏ္ဏားကြီးက။ ဇတုကဏ္ဏိပုဏ္ဏားကြီးက "ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏတဆဲ့ငါးပါးတို့နှင့် ပြည့်စုံတော်မူတယ်"လို့ ဘုရားတပည့်တော် သတင်းကြားသည်ဖြစ်သောကြောင့် အရှင်ဘုရားထံ ပုစ္ဆာမေးဘို့ ရောက်လာပါတယ်၊ သူကြားနေတဲ့သတင်း ပြောနေရုံဘဲ ရှိသေးတယ်၊ ပုစ္ဆာကတော့ မေးပြီးပြီ၊ ဒီပုစ္ဆာအကြောင်း မပြောရသေးဘူး၊ မြတ်စွာဘုရား ပြန်ဟောတဲ့တရားကိုလဲ ပြန်ပြီးဟောပေးရဦးမယ်။

အဲဒီ ဝိဇ္ဇာဂုဏ် စရဏဂုဏ် ကျင့်ထုံးကလေး ပြောကြဦးစို့ – ကိုင်း အရှင်ဘုရားဟောလို့ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်ကိုတော့ တပည့်တော်တို့ နားလည်ပါပြီဘုရား၊ ဝိဇ္ဇာသုံးပါးဆိုတာသိပြီ၊ ဝိဇ္ဇာရှစ်ပါးဆိုတာသိပြီ၊ ဒါက ဉာဏ်နော်။

(မှန်ပါ)။

အဲဒီဉာဏ်တွေ ဘယ်ကရသလဲ ဘုရား၊ ဒီ စရဏတဆဲ့ငါးပါးကြောင့် ရတာ၊ ဟုတ်လား။ (မှန်ပါဘုရား)။

ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများက ဂုဏ်တော်သုံးစွဲထုံးဆိုပြီးတော့ ဒီဂုဏ်တော်တွေကို အသုံးပြုချင်သလား မပြုချင်ဘူးလား?။ (ပြုချင်ပါတယ်ဘုရား)။

ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်ကို အသုံးပြုချင်သလား မပြုချင်ဘူးလား?။

(အသုံးပြုချင်ပါတယ်ဘုရား)။

ကိုင်း ဘယ်လိုလုပ် အသုံးပြုကြမလဲ ဝိဇ္ဇာသုံးပါး ဝိဇ္ဇာဆိုတဲ့ အာသဝက္ခယ-ဉာဏ်ရအောင်၊ ဒီအသိဉာဏ်ကို ရချင် သိချင် ယူချင်ရင် စရဏတရား တဆယ့်ငါး

ပါးကို ကျင့်ပါတဲ့ မြတ်စွာဘုရားက၊ ဘာလုပ်ဖို့ ဟောခဲ့တာလဲ? ကျင့်ဘို့၊ ဘုရား ရှိခိုးဘို့တင် ဟောခဲ့တာလား, ကျင့်ဘို့လား?။　　　　(ကျင့်ဘို့ပါဘုရား)။

ဘုန်းကြီးတို့ပရိသတ် ဘယ်လောက်ကျင့်နေသလဲ?။ ရှိခိုးရုံ ရှိခိုးနေကြတယ်၊ ဟုတ်လား?။　　　　(မှန်ပါ)။

အဲဒါကြောင့် ဘုန်းတော်သခင် သဗ္ဗညုဘုရားရှင်ကိုယ်တော်မြတ်က "ငါ ဘုရားသည် ဝိဇ္ဇာဂုဏ်နှင့်ပြည့်စုံသလို သင်ချစ်သားတို့လဲ ဝိဇ္ဇာဂုဏ်နဲ့ ပြည့်စုံချင် ကြရင် ငါဘုရားကျင့်တဲ့ စရဏတရား တဆဲ့ငါးပါးတို့ကို သင်ချစ်သား, ချစ်သမီး အပေါင်းတို့လဲဘဲ ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြကုန်သည်ဖြစ်၍ ဝိဇ္ဇာ သုံးပါး, ဝိဇ္ဇာရှစ်ပါးတည်းဟူသော ဝိဇ္ဇာဉာဏ်ရပြီးတော့ အာသဝက္ခယဉာဏ်ရ၍ နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက် ပြုနိုင်လွယ်ကြသည် ဖြစ်ကြပါစေကုန် သတည်း"။

သာဓု·သာဓု·သာဓု။

သုတ္တနိပါတ်ပါဠိတော် ပါရာယနဝဂ်ဟောစဉ်

# ၁၁-ဇတုကဏ္ဏိသုတ္တန် တတိယပိုင်း

## တရားတော်အမည်

သာသနာသက္ကရာဇ် ၂၅၁၄-ခုနှစ်, ကောဇာသက္ကရာဇ် ၁၃၃၂-ခုနှစ်၊ ကဆုန်လဆန်း ၉-ရက်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်ရပ်၊ ရွှေဘုန်းပွင့် စေတီတော်အတွင်း တည်ခင်းအပ်သော ဝိပဿနာဓမ္မာရုံတော်ကြီးအတွင်း ဝိပဿနာလုပ်ထုံးတွေကို မေးမြန်း လျှောက်ထားတာကို အဖြေပေးသောအားဖြင့် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ခုဒ္ဒကနိကာယ်၊ သုတ္တနိပါတ်ပါဠိတော်၊ ပါရာယန ဝဂ်၌ လာသော ဇတုကဏ္ဏိသုတ္တန် တတိယပိုင်းတရားတော်။

## ဘုရားရှိခိုး

ဒီ တတိယပိုင်းက မြတ်စွာဘုရားဟောတဲ့ တရားပိုင်းကို မရောက်သေးဘူး၊ မြတ်စွာဘုရားရဲ့ ဂုဏ်တော်တွေကို ချီးကျူးခန်းမှာဘဲ ရှိနေသေးတယ်၊ မြတ်စွာ ဘုရားရဲ့ ဂုဏ်တော်တွေကို ချီးကျူးပြီးမှ ဇတုကဏ္ဏိပုဏ္ဏားက မြတ်စွာဘုရားကို နိဗ္ဗာန်နဲ့ နိဗ္ဗာန်ရောက်ကြောင်းတရားကို လျှောက်ထားတဲ့အတွက် မြတ်စွာ ဘုရားက နိဗ္ဗာန်နဲ့နိဗ္ဗာန်ရောက်ကြောင်းတရားကို ပြန်ပြီးတော့ ဟောတဲ့အပိုင်းကို "ဇတုကဏ္ဏိသုတ္တန်"လို့ ဆိုပြီးတော့ ဟောပေးနေတာ၊ အခု သုံးညမြောက်မှာ တတိယပိုင်း ဘုရားဂုဏ်တော် ချီးကျူးခန်း မကုန်သေးဘူး၊ အဲဒါကြောင့် ဘုရားဂုဏ်တော် ချီးကျူးခန်းကိုဘဲ ဒီကနေ့ ဆက်ပြီးတော့ ဟောရမယ်။ အဲဒါ ကြောင့် တရားမဟောမီ ရှေးဦးစွာ တရားဟော,တရားနာပုဂ္ဂိုလ်တို့ အနေဖြင့် တရားတော်ရဲ့ ပိုင်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးကြရ အောင် အမျိုးကောင်းသား, အမျိုးကောင်းသမီးများ လက်အုပ်ချီပြီးတော့ ထားကြ၊ ဘုန်းကြီးက မြတ်စွာဘုရားရဲ့ ဂုဏ်တော်ကိုရွတ်ဆိုပြီး ဘုရားရှိခိုးမယ်။ အဲဒီဘုရားရှိခိုးထဲမှာပါတဲ့ ဂုဏ်တော်များကို အာရုံပြုပြီးတော့ ဘုန်းကြီးတို့ တရားဟော, တရားနာ ပုဂ္ဂိုလ်တို့အနေနဲ့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ဂုဏ်တော်တွေကို ကြည်ညိုသဒ္ဒါ ပွါးများနိုင်ကြပါစေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(အနက် ယခင်အတိုင်း)

သာဓု-သာဓု-သာဓု

## စကားပလ္လင်

ရှဘ်ဆို ဟောကြားအပ်ပြီးသော ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို ဇာတကဏ္ဍပဏ္ဍာကြီးက အရဟံ-အစရှိသော ဂုဏ်တော် အပေါင်းတို့နဲ့ ပြည့်စုံတော်မူတဲ့ ဂုဏ်သတင်း ကြားသိရသည် ဖြစ်သောကြောင့် ကာမဂုဏ်တို့ကို လိုလားတောင့်တတော်မမူသော မြတ်စွာဘုရား ဩဃလေးပါးမှ လွန်မြောက်တော်မူပြီးသော မြတ်စွာဘုရားကို အမေးပုစ္ဆာ ပြဿနာမေးမြန်းဘို့ ရောက်ရှိလာပါတယ်ဘုရားတဲ့။မြတ်စွာဘုရားမှာရှိတဲ့ ဂုဏ်တော်တွေ ဘာတွေလဲ?

အရဟံဂုဏ်တော်နဲ့ ပြည့်စုံပုံ ဟောပြီးပြီ။ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်နဲ့ ပြည့်စုံပုံ အကျဉ်းချုပ် ဟောပြီးပြီ၊ ဝိဇ္ဇာစရဏသမ္ပန္နလို့ ခေါ်တဲ့ ဝိဇ္ဇာဂုဏ်၊ စရဏဂုဏ်နဲ့ ပြည့်စုံပုံကို ဘုန်းကြီးတို့ ပြီးခဲ့တဲ့ညက ဟောပေးခဲ့ပြီ။

## သုဂတဂုဏ်တော်

ဒီကနေ့ သုဂတ-ဂုဏ်တော်ကြီး ဟောပေးရမယ်။

အဋ္ဌကထာဆရာကြီးက "သုဂတ"ဆိုတဲ့ ပုဒ်ကို သယ်လောက်တောင်ဖွင့် ထားသလဲ ဆိုတော့ လေးဝိကပ် ဖွင့်ဆိုပြီးထားပါတယ်၊ အဲဒီလေးဝိကပ်ထဲက ဘုန်းကြီးက နှစ်ဝိကပ်တော့ဖြင့် ပါဠိတော်နဲ့ ကိုးကားပြီး ဟောမယ်လို့ ဒီလို ရည်ရွယ်ထားတယ်။ ရှေ့ "လောကဝိဒူ"စတဲ့ ဂုဏ်တော်တွေကို သွားရမှာဖြစ်တဲ့ အတွက်။

"သုဂတော"

သော ဘဂဝါ၊ ထိုဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နဲ့ ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်။ သုဂတော၊ ကောင်းမွန် မှန်ကန်သော နိဗ္ဗာန်လမ်း ခရီးကို ကြွသွား၍ နိဗ္ဗာန်သို့ ရောက်အောင် ကြွသွားတော် မူတတ်ပါ ပေ၏။ သုဂတော၊ ကောင်းသောစကားကို ဆိုဘော်မူတတ် ပါပေ၏။

"သုဂတ"ဂုဏ်တော်ဆိုတာ—သု-ဆိုတာက ကောင်းတာ၊ ဂတ-ဆိုတာက ကြွသွားတော်မူတယ်၊ တနည်း သု-ဆိုတာက ကောင်းတယ်၊ ဂတ-ဆိုတာက လာတယ်။

ဘယ်ကလာခဲ့သလဲ မြတ်စွာဘုရား?။ ဘုန်းကြီးတို့ မြတ်စွာဘုရားရှင်ကိုယ် တော်မြတ် ဘယ်ကလာခဲ့သလဲ?၊ အဲဒါ သိဘို့လိုတယ်၊ ဒါကို သုဂတ-ဂုဏ်တော် ကြီးက ဖွင့်ဆိုပြီးပေးလိမ့်မယ်။ ဒီပင်္ကရာမြတ်စွာဘုရား ခြေတော်ရင်းမှာ နိယတ ဗျာဒိတ်ကို ပန်ဆင်တော်မူသည့်နေ့ကစပြီးတော့—

ဒါနံ သီလဉ္စ နိက္ခမံ၊ ပညာ ဝီရိယပဥ္စမံ၊
ခန္တိ သစ္စ မဓိဋ္ဌာနံ၊ မေတ္တု ပေက္ခာတိ တေ ဒသ—

လို့ဆိုတဲ့ ပါရမီဆယ်ပါးကို ကောင်းကောင်းမွန်မွန် ဖြည့်ကျင့်ပြီးသကာလ သံသရာတလျှောက်လုံး ကြွလာတော်မူခဲ့တာ ဗောဓိပင်နှင့် ရွှေပလ္လင်သို့အရောက် မြတ်စွာဘုရား ကြွချီတော်မူလာခဲ့တယ်။ ဒါ ကောင်းသောလာခြင်း။ ဒါကြောင့် "သုဂတ" ဆိုတဲ့ဘွဲ့ထူး မြတ်စွာဘုရား ရတော်မူတယ်။ ဟုတ်လား? (မှန်ပါ။)

နောက်တချက်—"သုန္ဒရံ ဌာနံ ဂစ္ဆတီတိ သုဂတော" ကောင်းမွန်မှန်ကန်တဲ့ နိဗ္ဗာန်လမ်းခရီးသို့ ကြွသွားတော်မူတယ်ဆိုတာ ဘယ်လမ်းက ကြွသွားသလဲ ဆိုတော့ ခုနက "သောဘနဂမနတ္တာ သုန္ဒရံ ဌာနံ နိဗ္ဗာနံ ဂစ္ဆတီတိ သုဂတော"။ ဘယ်လမ်းက ကြွသွားတော်မူသလဲဆိုတော့ မဂ္ဂင်ရှစ်ပါးတည်းဟူသောလမ်းဖြင့် ကြွသွားတော်မူသည် ဖြစ်သောကြောင့် သုဂတ။ အဲဒီအထဲမှာ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ တည်းဟူသော အစွန်းနှစ်ဘက်ကို မလိုက်မူ၍ ကာမသုခလ္လိကာနုယောဂ–ကာမဂုဏ်ခံစားတဲ့, တနည်းဆိုရင် သက်သက်သာသာ တည်းဟူသော လမ်းဖြင့် နိဗ္ဗာန်ကိုသွားတယ်ဆိုတဲ့လမ်းက မလိုက်မူ၍ အတ္တကိလမထာနုယောဂ-ခန္ဓာကိုယ်ကို ပင်ပင်ပန်းပန်း နွမ်းနွမ်းနယ်နယ် ရုပ်ပျက် ဆင်းပျက် ဖြစ်အောင် လုပ်ပြီးတော့ သွားတဲ့လမ်းမျိုးဖြင့် သွားတော်မမူဘဲနဲ့ မဇ္ဈိမပဋိပဒါ ခေါ်တဲ့ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ-စသော မဂ္ဂင်ရှစ်ပါး အကျင့်တရား တည်းဟူသော လမ်းမှန်လမ်းဖြောင့်ဖြင့်သာလျှင် နိဗ္ဗာန်နန်းသို့ ကြွသွားတော်မူတတ်သည် ဖြစ်သောကြောင့် "သုဂတ"။ ဒါ သုဂတ-ဂုဏ်တော်ကြီးရဲ့ အဓိပ္ပါယ်တွေ။ သုဂတ-ဂုဏ်တော်ကြီး ချီးကျူးပြီးတော့ မြတ်စွာဘုရားကို ကြည်ညိုတော့မယ်ဆိုရင် အဲဒီ သုဂတဂုဏ်တော်ကြီး အာရုံပြုပြီး အခုဟောပေးခဲ့တဲ့အတိုင်း ဘုန်းကြီးတို့အမျိုးကောင်းသား,သမီးများက ကြည်ညိုကြရမယ်။

"သမ္မာ ဂတတ္တာ သုဂတော"

သမ္မာ၊ မသွေမလွန် မြဲမြံစွာသာလျှင်။ ဂတတ္တာ၊ ကြွသွားတတ်သည်၏အဖြစ်ကြောင့်။ သုဂတော၊ သုဂတ မည်တော်မူ၏။ နောက် တတိယဝိကပ်။

အဲဒီ "သမ္မာ ဂတတ္တာ"ကျတော့ မဟာနိဒ္ဒေသ ပါဠိတော်ကြီးက ဘယ့်နှယ်ဖွင့်ဆိုပေးထားသလဲဆိုတော့၊ ပါဠိတော်ဖွင့်ဆိုချက်တခု ရောက်လာတယ်။

သောတာပတ္တိမဂ္ဂေန ယေ ကိလေသေ ပဟီနာ၊ တေ ကိလေသေ န ပုနေတိ န ပစ္စေတိ န ပစ္စာဂစ္ဆတီတိ သုဂတော-လို့—

မဟာနိဒ္ဒေသပါဠိတော်ကြီးက ဖွင့်ဆိုထားတာရှိတယ်။

သကဒါဂါမိမဂ္ဂေန ယေ ကိလေသေ ပဟီနာ၊ တေ ကိလေသေ န ပုနေတိ န ပစ္စေတိ န ပစ္စာဂစ္ဆတီတိ သုဂတော။

အနာဂါမိမဂ္ဂေန ယေ ကိလေသေ ပဟီနာ၊ တေ ကိလေသေ န ပုနေတိ န ပစ္စေတိ န ပစ္စာဂစ္ဆတီတိ သုဂတော။

အရဟတ္တမဂ္ဂေန ယေ ကိလေသေ ပဟီနာ၊ တေ ကိလေသေ န ပုနေတိ န ပစ္စေတိ န ပစ္စာဂစ္ဆတီတိ သုဂတော—

လို့ မဟာနိဒ္ဒေသပါဠိတော်ကြီးက ဒီလိုပြောထားတာရှိတယ်။

သောတာပတ္တိမဂ္ဂေန၊ သောတာပတ္တိမဂ်ဉာဏ်ဖြင့်။ ယေ ကိလေသေ၊ အကြင်ကိလေသာတို့ကို။ ပဟီနာ၊ ပယ်အပ်ကုန်ပြီ၊ တေကိလေသေ၊ ထိုသောတာပတ္တိမဂ်ဖြင့် ပယ်အပ်ပြီးသော ကိလေသာတို့သို့။ နပုနေတိ၊ တဖန် ပြန်၍ရောက်တော်မမူ။ နပစ္စေတိ နပစ္စာဂစ္ဆတိ၊ တဖန် ပြန်၍မရောက်စေ၊ မသွားစေ၊ မလာစေ။ ဣတိတသ္မာ၊ ထို့ကြောင့်။ သုဂတော၊ သုဂတ မည်တော်မူ၏ တဲ့။

ရွတ်လိုက်တဲ့ ပါဠိတော်တွေရဲ့ အဓိပ္ပါယ်က ဒီအတိုင်းဘဲ။

သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ်ဖြင့် ပယ်အပ်ပြီးသော ကိလေသာတို့ကို တဖန်ပြန်၍ ရောက်တော်မမူခြင်း တည်းဟူသော အကြောင်းကြောင့် "သုဂတ"။

ကိလေသာလမ်းကြောင်းကို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် လိုက်တော်မမူဘူး၊ ဘုန်းကြီးတို့ အမျိုးကောင်းသား-သမီးတွေ သံသရာထဲ ခရီးသွားနေတယ်ဆိုတာ ဘယ်လမ်းကြောင်းက သွားနေတာလဲဆိုတော့ ကိလေသာလမ်းကြောင်းက သွားနေတာ၊ ဟုတ်လား?　　(မှန်ပါ ဘုရား)။

ဘယ်လမ်းကြောင်းက သွားနေတာလဲ? (ကိလေသာ လမ်းကြောင်းကပါ ဘုရား။)

ဒီ ကိလေသာလမ်းကြောင်းက သွားနေတဲ့ ပုဂ္ဂိုလ်တွေဟာ ဘယ်သာ ရောက်ကြသလဲဆိုတော့ အကောင်းဆုံး ဗြဟ္မာ့ပြည်လောက် ရောက်ကြတယ်၊ ကိလေသာလမ်းကြောင်းက သွားတဲ့ပုဂ္ဂိုလ်တွေ နတ်ပြည်လဲရောက်ကြတယ်၊ လူ့ပြည်လဲ ရောက်ကြတယ်၊ အပါယ်လေးဘုံလဲ ရောက်ကြတယ်၊ ဒါ ကိလေသာ လမ်းကြောင်းက သွားနေကြတာ။ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပ တော်မူတဲ့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကတော့ဖြင့် သံသရာထဲမှာ ခရီး ကြွသွားတော်မူတဲ့ အခါမှာ, သံသရာလမ်းခရီး ကြွသွားတဲ့အခါမှာ ကိလေသာ

လမ်းကြောင်းကို လိုက်တော်မမူသည်ဖြစ်သောကြောင့် ကောင်းသော ကြွသွားခြင်းဖြင့် ကြွသွားတော်မူသည် ဖြစ်သောကြောင့်၊ သုဂတော၊ သုဂတ=မည်တော်မူ၏။

ဘုန်းကြီးတို့ပရိသတ် ဒီနေရာမှာ စဉ်းစားကြည့် "ငါ ဘယ်လမ်း သွားနေသလဲ၊ ခုငါလျှောက်နေတဲ့လမ်းဟာ ဘယ်အပေါ်မှာ လျှောက်နေသလဲ"။ ညက ဘုန်းကြီးတို့ ပြောပေးခဲ့ပြီ၊ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်ကြီးနဲ့ ပတ်သက်ပြီးတော့ ကိလေသာလမ်းကြောင်းကြီးကို လျှောက်ပြီးတော့ သွားနေကြတာ၊ ဒါနပြုတဲ့နေရာမှာ ကိလေသာလမ်းကြောင်းကြီး ပါသွားရင်, သီလဆောက်တည်တဲ့နေရာမှာ ကိလေသာလမ်းကြောင်းကြီး ပါသွားရင်, ဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်းတဲ့အခါမှာ ကိလေသာလမ်းကြောင်းကြီး ပါသွားရင် ဒါန, သီလ, ဘာဝနာအတွက်တော့ဖြင့် ဘယ်အထိ ရောက်မလဲလို့ဆိုတော့ လူ့ချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာ့ချမ်းသာထိအောင် သူက ပို့လိမ့်မယ်၊ ကိလေသာလမ်းကြောင်းကြီးက တကြောင်းဝင်ပြီး ထစ်နေသည်ဖြစ်သောကြောင့် ဘယ်ပြန်သွားမလဲ ဆိုတော့—

"ပုန အာယန္တိ ဒုဂ္ဂတိံ"——

လို့ ပါဠိတော်မှာလာတဲ့အတိုင်း အပါယ်လေးဘုံ ပြန်ပြီးတော့ သွားရလိမ့်မယ်။ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကတော့ဖြင့် သောတာပတ္တိမဂ်ဉာဏ်ဖြင့် ကိလေသာကို ပယ်ပြီးသည်ဖြစ်သောကြောင့် ထိုကိလေသာလမ်းကြောင်းကို တဖန်ပြန်၍ လိုက်တော်မမူတော့ဘူး-တဲ့။ သောတာပတ္တိမဂ်နဲ့ မပယ်ရသေးသရွေ့ ကာလပတ်လုံး ဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ-လမ်းကြောင်းကို လိုက်နေတာ၊ ဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ-လို့ ဆိုတဲ့ သဘောတရားသည် ကိလေသာလမ်းကြောင်း၊ သောတာပတ္တိမဂ်က အဲဒီ သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ-နဲ့ ဣဿာသံယောဇဉ်, မစ္ဆရိယ သံယောဇဉ်ဆိုတဲ့ ဒီကိလေသာလမ်းကြောင်းကြီးတွေကို ပယ်ပြီးပြီ။

မြတ်စွာဘုရားသည် သောတာပတ္တိမဂ်ဉာဏ်ကို ရတဲ့အခါ အဲဒီ သောတာပတ္တိမဂ်ဉာဏ်ကို ရသည့်နေ့ကစပြီးတော့ ဘုန်းတော်သခင် သဗ္ဗညုရှင်တော်မြတ်ဘုရားသည် ဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ, ဣဿာ, မစ္ဆရိယ-လို့ဆိုတဲ့ အဲဒီ လမ်းကြောင်းကြီးကို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က ဘယ်တော့မှ လိုက်တော်မမူဘဲနဲ့ ရှေ့ သကဒါဂါမိမဂ်ကို ရဘို့သာလျှင် သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ-စသော မဂ္ဂင်တို့ဖြင့် ကြွသွားတော်မူသည် ဖြစ်သောကြောင့် သုဂတော၊ သုဂတ-မည်တော်မူ၏။

သကဒါဂါမိမဂ်နဲ့ ပယ်ပြီးသားကိလေသာတို့ကိုလဲဘဲ ထို့အတူဘဲ ပြန်လည်ပြီးတော့ ကြွသွားတော်မမူဘဲနဲ့ အနာဂါမိမဂ်ကို ရဘို့ရာသာလျှင် မဂ္ဂင်ရှစ်ပါးအကျင့်တရားဖြင့် ကြွသွားတော်မူသည်ဖြစ်သောကြောင့် "သုဂတ"။ အနာဂါမိမဂ်ဖြင့် ပယ်ပြီးသားကိလေသာတွေကို တဖန် ပြန်လည်ပြီး ကြွသွားတော်မမူဘဲ မဂ္ဂင်ရှစ်ပါးအကျင့်တရားဖြင့် အရဟတ္တမဂ်သို့ရောက်အောင် ကြွချီသွားတော်မူသည်ဖြစ်သောကြောင့် "သုဂတ"။ အရဟတ္တမဂ်ဖြင့် ပယ်ပြီးသော ကိလေသာတို့ကို တဖန်ပြန်လည်၍ ကြွချီတော်မမူဘဲ အရဟတ္တမဂ်ဖြင့် ပယ်ပြီးတဲ့ကိလေသာလမ်းကြောင်းကို တဖန်ပြန်လည်၍ လိုက်တော်မမူဘဲ အသင်္ခတ, အစ္စန္တသုခ-လို့ဆိုတဲ့ နိဗ္ဗာန်ချမ်းသာကိုသာလျှင် ရောက်အောင် ကြွသွားတော်မူသည်ဖြစ်သောကြောင့် "သုဂတ"။ ဒါ တဝိကပ် ပြီးသွားပြီနော်။ ဘုန်းကြီးဟောမဲ့ နှစ်ဝိကပ်ထဲက ဒါ တဝိကပ်၊ နောက်တခု—

"သမ္မာ စ ဂဒတ္တာ သုဂတော"

သမ္မာစ၊ ကောင်းစွာသာလျှင်။ ဂဒတ္တာ၊ ဆိုတော်မူ, ပြောတော်မူ, ဟောတော်မူဘတ်သည်၏ အဖြစ်ကြောင့်လည်း။ သုဂတော၊ သုဂတ မည်တော်မူပါပေ၏။

အဲဒီသုဂတဖြင့် ကောင်းသောစကားကို ဆိုတော်မူဘတ်တယ်ဆိုတာကိုတော့ အတ္ထုပ္ပတ္တိကလေးနဲ့ပြောမှ ပိုပြီးတော့ ဘုန်းကြီးတို့ပရိသတ် နားလည်လိမ့်မယ်။ ဘယ်ပါဠိတော်ကို ကိုးကားပြီးတော့ ဟောပေးရမလဲဆိုတော့—

## အဘယရာဇကုမာရသုတ္တန်

အဘယရာဇကုမာရသုတ္တန်ဆိုတာ ရှိတယ် မဇ္ဈိမပဏ္ဏာသပါဠိတော် ဂဟပတိဝဂ်မှာ၊ အဲဒါ ဘုန်းကြီး အတ္ထုပ္ပတ္တိကလေးနဲ့ ပြောအုံးမယ် မြတ်စွာဘုရား ကောင်းသောစကားကို ဆိုတော်မူတယ်ဆိုတဲ့အကြောင်းကို။

ဝါဒတင်ခိုင်းပုံ။ ။မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်မှာ သီတင်းသုံးနေတော်မူတဲ့ အခါ အဘယရာဇလို့ဆိုတဲ့ မင်းသားငယ်က နိဂဏ္ဌနာဋ္ဋပုတ္တလို့ခေါ်တဲ့ ကချေသည်ရှဲသားဖြစ်တဲ့ နိဂဏ္ဌာတက္ကဒွန်းထံကို သွားတယ်။ နိဂဏ္ဌနာဋ္ဋပုတ္တ-က ဒီအခါမှာ ဘုရားတဲ့၊ တိတ္ထိဘုရားပေါ့လေ၊ ဒီတော့ နိဂဏ္ဌနာဋ္ဋပုတ္တ-က အဲဒီ အဘယရာဇကုမာရခေါ်တဲ့ မင်းသားကလေးကို ဘာပြောသလဲဆိုတော့ "ဟေ့ မင်းသားကလေး မင်း ရှင်ကြီးဂေါတမဆီသွားပြီးတော့ ဝါဒတင်ချေ"။

"ဟာ မတော်တာဘုရား၊ ဒါလောက် ဘုန်းတန်ခိုးအာနုဘော်တွေ ကြီးမားပြီးတော့ မြေပြင်မက ဘဝဂ်သို့တိုင်အောင် ဂုဏ်တော်တွေအနန္တနဲ့ ပြည့်စုံနေတဲ့

ပါရာယန (၃)-၆—ပ·မ·ဗ·သ·စ

မြတ်စွာဘုရားကို တပည့်တော်လို လူစားက "ဝါဒတင်"ရမယ်ဆိုတာ ဖြစ်နိုင်ပါ့မလား"။

ဖြစ်နိုင်တယ်၊ ငါသင်ပေးမယ်။ နိဂဏ္ဌက ဘယ်နှယ်သင်ပေးလိုက်သလဲဆိုတော့ "ဥဘတောကောဋိကပုစ္ဆာ"ဆိုတဲ့ နှစ်ဘက်အစွန်းမလွတ်တဲ့ ပုစ္ဆာကို သင်ပေးလိုက်တယ်။

## ဥဘတောကောဋိကပုစ္ဆာ

"ဘယ်လိုလဲ အရှင်ဘုရား၊ အရှင်ဘုရားသည် သူတပါး မနာလိုဘူး မနှစ်သက်ဘူးဆိုတဲ့ စကားကို အရှင်ဘုရား ပြောပါသလားဘုရား" လို့ သွားမေးချေ။ အကယ်၍ မြတ်စွာဘုရားက "ငါသည် သူတပါး မနာလိုဘူး, မနှစ်သက်ဘူးဆိုတဲ့ စကားကို ပြောတယ်"ဆိုရင် အရှင်ဘုရား ပုထုဇဉ်ပုဂ္ဂိုလ်တွေနဲ့ ဘာထူးသေးသလဲလို့ ပြန်ပြောခဲ့။

အကယ်၍ "ငါဘုရားသည် သူတပါး မနာလိုဘူး, မနှစ်သက်ဘူးဆိုတဲ့ စကားကို မပြောဘူး"ဆိုရင် "အရှင်ဘုရားဟာ ဒေဝဒတ်ကို ငရဲကောင်ကြီးဘဲ, ဒီကောင် ငရဲကျမဲ့အကောင်ဘဲလို့ အရှင်ဘုရားပြောတာ ဒေဝဒတ်ဟာ ဒီစကားကို မနာလိုဘူး, မနှစ်သက်ဘူး၊ ဘာပြုလို့ ဒီစကားကို ပြောသလဲ"လို့ ဝါဒတင်ခဲ့။

ဟော—ဥဘတောကောဋိကပုစ္ဆာ တဲ့ နှစ်ဘက်အစွန်း မလွတ်တဲ့စကား။ အဲဒီစကားကို သင်က ရှင်ဂေါတမကို သွားမေးရင် "ရှင်ဂေါတမဟာ ဒီစကားနဲ့ ပတ်သက်ပြီတော့ သင့်ကို မဖြေနိုင်ဘဲနဲ့ မီးရဲရဲဖုတ်ထားတဲ့ သံတွေခဲကြီးကို မျိုမိသလို မျိုလဲမချနိုင်, ထွေးလဲ မထွေးနိုင် ဖြစ်လိမ့်မယ်—တဲ့။

မြတ်စွာဘုရားကို သွားမေးရမဲ့ ပုစ္ဆာတဲ့၊ ဘုန်းကြီးတို့ပရိသတ် သဘောပေါက်ပြီနော်။ (မှန်ပါ)။

**ဝါဒတင်ပုံ**။ ။ဒီတော့ ဟုတ်ပြီထင်ပြီးတော့ ဒီအဘယရာဇကုမာရမင်းသားက ဒီလိုဆိုရင် မြတ်စွာဘုရားနှင့် တကွ နောက်လိုက် နောက်ပါ သံဃာသုံးပါးနဲ့ မြတ်စွာဘုရားကို သူ့အိမ်သို့ ဆွမ်းစားပင့်တယ်၊ ပင့်ပြီးတော့ ဒီပုစ္ဆာ မေးတယ်ဆိုပါတော့။

ဟောရင်းစွဲက ဒီသုတ္တန်ကို ဟောဘို့မဟုတ်ဘူး၊ သုဂတဂုဏ်တော်ကို ဟောရမှာ၊ ကောင်းသောစကားကို မြတ်စွာဘုရား ဆိုတော်မူတတ်ပုံကို ပါဠိတော်ကိုးကားချက်ထုတ်ပြီးတော့ ဟောချင်လို့ ဒီသုတ္တန်အချီးကလေး ပြောပေးရတာ၊ ဒီသုတ္တန်ဟောဘို့ မဟုတ်ဘူး။

ကိုင်း တိုဘ်ုပြောတော့ မြတ်စွာဘုရား ဆွမ်းစားပြီးတော့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကို ခုန အဘယရာဇကုမာရမင်းသားက မြတ်စွာဘုရားကို

လျှောက်တယ် "အရှင်ဘုရား–သူတပါး မနှစ်သက်တဲ့ စကား မျိုးကို အရှင်ဘုရား ပြောဘူးပါသလားဘုရား" တဲ့။

**ဖြေဆိုတော်မူချက်။** ။ဒီတော့ မြတ်စွာဘုရားက သူ့ကို ဥပမာလေးနဲ့ ဖြေတယ်၊ တိုတိုပြောကြစို့–အဲဒီအခါမှာ အဘယရာဇ-ကုမာရမင်းသားရဲ့ ရင်ခွင်ထဲမှာ ဘာရှိသလဲဆိုတော့ သူငယ်ကလေးတယောက် ရှိတယ်၊ ပက်လက်အိပ်တတ်ကာမျှဖြစ်တဲ့ ခလေးတယောက် ဘာမှ မသိတတ်သေးဘူး၊ မြတ်စွာဘုရားက အဲဒီခလေးကို ဥပမာပေးပြီးတော့—

"မင်းသား – သင့်ရင်ခွင်ထဲမှာ ရှိတဲ့ခလေးဟာ မတော်လို့ တစုံတခုသော အိုးခြမ်းကွဲကိုသော်၎င်း, ပုလင်းကွဲကိုသော်၎င်း ပါးစပ်ထဲ မျိုချလိုက်ရင် သင် ဘယ့်နှယ်လုပ်မလဲ? နို့ထိန်းကသော်၎င်း, သင်ကသော်၎င်း အမှတ်တမဲ့ဖြစ်နေလို့ မျိုချလိုက်ရင် ဒီခလေးကို ဘယ့်နှယ်လုပ်မလဲ၊ မျိုချတဲ့အရာဝတ္ထုကလေးကို ("ဝင်္ကဂုလိ°" လို့ ပါဠိတော်မှာရှိတယ်၊) လက်ညှိုးကလေးကောက်ပြီးတော့ ကော်တော့ထုတ်မယ်၊ ကော်မထုတ်ဘူးလား? ကော်ထုတ်လို့ ခလေးက မခံဘူး ဆိုရင်ခလေးရဲ့ခေါင်းကို နာနာကိုင်ထားပြီးတော့ ခလေးကအလိုမရှိပေမဲ့ ဟိုလည် ချောင်းထဲက သွေးတွေထွက်ရုံမကလို့ ဘာဘဲဖြစ်ဖြစ် သွေးထွက်တာကို ဂရုမစိုက်နိုင်ဘဲ မျိုချလိုက်တဲ့ အရာဝတ္ထုကို အပြင်ဘက်ထွက်လာအောင် အတင်း ကော်ထုတ်မှာမဟုတ်လား၊ ဒီတော့ ခလေးက နာလိုသည်ဖြစ်စေ, မနာလိုသည်ဖြစ်စေ ခလေးက အလိုရှိသည်ဖြစ်စေ, မရှိသည်ဖြစ်စေ ဒီပုလင်းကွဲကို ထွက်လာအောင် ကော်ထုတ်ရမှာဘဲ။ ကော်မထုတ်ရဘူးလား?။ (ထုတ်ရပါတယ်ဘုရား)။

"အဲဒီဥပမာလေးလိုဘဲ"တဲ့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဖြေတော်မူလိုက်တယ်။

## စကားကြီး ၆ ခွန်း

ဒီစကားနဲ့ပတ်သက်လို့ ပါဠိတော်မှာ "သုဂတ"လို့ဆိုတဲ့ ဂုဏ်တော်ကြီးပေါ်လာအောင်, ကောင်းတဲ့စကား ဆိုတော်မူတယ်-ဆိုတာ ပေါ်လာအောင် ပါဠိတော် ရွတ်ရလိမ့်မယ်။ လောကမှာ စကားခြောက်မျိုးရှိတယ်၊ ဘယ်နှစ်မျိုးလဲ?။ (ခြောက်မျိုးပါဘုရား)။

ဒီစကားခြောက်မျိုး ဘုန်းကြီးတို့ပရိသတ် သိလား?။ (အမိန့်ရှိပါဘုရား)။

**ပဌမစကားတခွန်း။** ။ယံ တထာဂတော ဝါစံ ဇာနာတိ အဘူတံ အတစ္ဆံ အနတ္ထသံဟိတံ၊ သာ စ ပရေသံ အပ္ပိယာ အမနာပါ၊ န တံ တထာဂတော ဝါစံ ဘာသတိ။

ဒါ ပထမစကားတခွန်း သုဂတဂုဏ်တော်ကြီးနဲ့ပတ်သက်လို့။

တထာဂတော၊ လမ်းမှန်ရောက်သခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ အဘူတံ၊ ထင်ရှားမရှိသည်ကို ဖော်ပြတတ်သော။ အတစ္ဆံ၊ မဟုတ်သည့်၊ မမှန်သည်ကို ဖော်ပြတတ်သော။ အနတ္ထသံဟိတံ၊ လောကီ လောကုတ္တရာ အကျိုး စီးပွါးနဲ့ မစပ်သော။ ယံ ဝါစံ၊ အကြင်စကားကို။ ဇာနာတိ၊ သိတော်မူ၏။ သာ စ ဝါစာ၊ ထိုစကားကိုလည်း။ ပရေသံ၊ သူတပါးတို့က။ အပ္ပိယာ အမနာပါ၊ မချစ်ခင်အပ်, မနှစ်သက်အပ်။ တထာဂတော၊ လမ်းမှန်ရောက်သခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ တံ ဝါစံ၊ ထိုကဲ့သို့သော စကားမျိုးကို။ နဘာသတိ၊ ပြောဆိုတော်မမူ။

ဒီစကားမျိုးကို မြတ်စွာဘုရား ဘယ်တော့မှ မပြောဘူး၊ ဒါ ပထမစကား တခွန်း။

ဘယ်လိုလဲ – ဒီစကားက မဟုတ်လဲမဟုတ်ဘူး, မမှန်လဲမမှန်ဘူး, အကျိုးလဲ မရှိဘူး, သူတပါးလဲ မနာလိုမနှစ်သက်ဘူး၊ ဒီစကားမျိုး မြတ်စွာဘုရား ပြောသလား, မပြောဘူးလား?။ (မပြောပါဘုရား)။

န တံ တထာဂတော ဝါစံ ဘာသတိ၊ ဒီစကားမျိုး မြတ်စွာဘုရား ဘယ်တော့မှ မပြောဘူး။ မှတ်ထားနော် ဒါ ပထမစကားတခွန်း။

ဘုန်းကြီးတို့ပရိသတ်က ဘယ့်နှယ်လဲ အကျိုးရှိရှိ, မရှိရှိ, ဟုတ်ဟုတ်, မဟုတ်ဟုတ်, မှန်မှန်, မမှန်မှန်, နာလိုလို, မနာလိုလို ကိုယ်ပြောချင်ရင် ပြောချလိုက်တာဘဲ မဟုတ်လား?။ (မှန်ပါဘုရား)။

မပြောရဘူး၊ ဒီစကားမျိုး မြတ်စွာဘုရား မပြောဘူး။ (မှန်ပါ)။

မြတ်စွာဘုရားက မပြောဘူး၊ မြတ်စွာဘုရားရဲ့ တပည့်တွေကကော ပြောရမလား?။ (မပြောရပါဘုရား)။

ရှောင်ကြဉ်စရာ ဟုတ်လား?။ (မှန်ပါ)။

တရားနာတယ်ဆိုတာ ဒီတရားထဲက ငါ ဘာမှတ်ရမလဲ, ဘာလိုက်နာရမလဲ, ဘာရှောင်ကြဉ်ရမလဲ ဆိုတာကို ပေါ်အောင် နာရမယ်နော်။ (မှန်ပါ)။

ဩော် – ဒီစကားမျိုး မြတ်စွာဘုရား ပြောတော်မမူဘူး၊ သုဂတဂုဏ်တော်ကြီးနဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားက, ငါ့ဘခင်ဖြစ်တဲ့ မြတ်စွာဘုရားကမှ မပြောရင်, ငါ့ဆရာဖြစ်တဲ့ မြတ်စွာဘုရားကမှ မပြောရင် ငါ ပြောလို့ ဖြစ်ပါဦးမလား?။ (မဖြစ်ပါဘုရား)။

ရှောင်ရမဲ့စကားမျိုးတဲ့၊ ဘယ်စကားမျိုးလဲ? အကျိုးမရှိဘူး, မဟုတ်ဘူး, **မမှန်ဘူး**, သူတပါးမနာလိုဘူးဆိုတဲ့ စကားမျိုး၊ မပြောပါနဲ့တဲ့ ဟုတ်လား?။
(မှန်ပါ)။

ဒါ ပထမစကားတခွန်း။

**ဒုတိယစကားတခွန်း။** ။ယမ္ပိ တထာဂတော ဝါစံ ဇာနာတိ ဘူတံ တစ္ဆံ **အနတ္ထသံဟိတံ**၊ သာ စ ပရေသံ အပ္ပိယာ အမနာပါ၊
တမ္ပိ တထာဂတော ဝါစံ န ဘာသတိ။

တထာဂတော၊ လမ်းမှန်ရောက်သခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ ယမ္ပိဝါစံ၊ အကြင်စကားကိုလည်း။ ဘူတံ၊ ဟုတ်၏ဟူ၍။ တစ္ဆံ၊ မှန်၏ဟူ၍။ အနတ္ထသံဟိတံ၊ အကျိုးစီးပွါးနှင့်မစပ်ဟူ၍။ ဇာနာတိ၊ သိတော်မူ၏။ သာစ၊ ထိုစကားမျိုးကိုလည်း။ ပရေသံ၊ သူတပါးတို့သည်။ အပ္ပိယာ အမနာပါ၊ မနှစ်သက်အပ်, မချစ်ခင်အပ်ကုန်။ တထာဂတော၊ လမ်းမှန်ရောက် သခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ တမ္ပိဝါစံ၊ ထိုစကားမျိုးကိုလည်း။ န ဘာသတိ၊ ပြောကြားတော်မမူ။

အဓိပ္ပါယ်ဘာတဲ့လဲ—ဟုတ်တော့ဟုတ်တယ်, မှန်တော့မှန်တယ်၊ ဒါပေတဲ့ အကျိုးမရှိဘူး, သူတပါးလဲ မနာလိုဘူး, မနှစ်သက်ဘူး၊ ဒါ ဒုတိယစကား။ အဲဒီစကားမျိုး မြတ်စွာဘုရား ပြောသလား, မပြောဘူးလားဆိုတော့ "တမ္ပိ တထာဂတော ဝါစံ န ဘာသတိ" ဒီစကားမျိုးလဲ မြတ်စွာဘုရား ပြောတော်မမူဘူးတဲ့။ ဒါဖြင့် ဘုန်းကြီးတို့ ပရိသတ်ကကော၊ မပြောရဘူး၊ ရှောင်ရမယ်နော်။ ဒီစကားမျိုး ပြောရမလား, မပြောရဘူးလား? (မပြောရပါဘုရား။)

မပြောရဘူး၊ ရှောင်ရမယ်၊ ဘယ်စကားမျိုးလဲ—ဟုတ်တော့ဟုတ်တယ်, မှန်တော့မှန်တယ်၊ ဒါပေတဲ့ အကျိုးမရှိဘူး, သူတပါး မနာလိုတဲ့စကားမျိုး၊ မပြောရဘူး၊ မြတ်စွာဘုရားလဲ ပြောတော်မမူဘူး၊ ဘယ်နှစ်ခွန်းရှိသွားပလဲ စကား?
(နှစ်ခွန်းရှိသွားပါပြီဘုရား)။

နောက် တတိယမြောက်ဖြစ်တဲ့ စကားကျတော့ ဘာလဲ?

**တတိယစကားတခွန်း။** ။ယဉ္စ ခေါ တထာဂတော ဝါစံ ဇာနာတိ ဘူတံ တစ္ဆံ အတ္ထသံဟိတံ၊ သာ စ ပရေသံ အပ္ပိယာ အမနာပါ၊
တတြ ကာလညူ တထာဂတော ဟောတိ တဿာ ဝါစာယ ဝေယျာကရဏာယ။

တထာဂတော၊ လမ်းမှန်ရောက်သခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ ယံ ဝါစံ၊ အကြင်စကားကို။ ဘူတံ၊ ဟုတ်၏ဟူ၍။ တစ္ဆံ၊ မှန်၏ဟူ၍။ အတ္ထသံဟိတံ၊ အကျိုးစီးပွါးနှင့် စပ်၏ဟူ၍။ ဇာနာတိ၊ သိတော်မူ၏။

ဒီစကားဟာ ဘယ်လိုစကားမျိုးလဲ ဟုတ်လဲဟုတ်တယ်, မှန်လဲမှန်တယ်, အကျိုးလဲရှိတယ်လို့ မြတ်စွာဘုရား သိတော်မူတယ်၊ အဲဒီစကားမျိုးကျတော့ မြတ်စွာဘုရားက ဘယ်လိုလဲ—

သာစ၊ ထို အကျိုးရှိတယ်, ဟုတ်မှန်တယ် ဆိုတဲ့ အဲဒီစကားမျိုးကိုလဲ။ ပရေသံ၊ သူတပါးတို့က။ အပ္ပိယာ အမနာပါ၊ မချစ်အပ်ဘူး, မနှစ်သက်အပ်ဘူး။

အကျိုးတော့ရှိတယ်, ဟုတ်လဲဟုတ်တယ်, မှန်လဲမှန်တယ်, သို့သော် ဒီစကားကို သူတပါးတို့က မနာလိုဘူး, မနှစ်သက်ဘူး, အဲဒီစကားမျိုးကို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က နာလိုချင် နာလို, မနာလိုချင် နေ, နှစ်သက်ချင် နှစ်သက်, မနှစ်သက်ချင် နေ, အကျိုးရှိလို့ ဟုတ်ရင် မှန်ရင်—

တတြ၊ ထို သူတပါး မနာလို မနှစ်သက်ပေမဲ့ ဟုတ်တယ် မှန်တယ်ဆိုတဲ့ စကားမျိုး၌။ တဿာဝါစာယ၊ ထိုစကားမျိုးကို။ ဝေယျာကရဏာယ၊ ပြောဆို ဟောကြားတော်မူခြင်းငှါ။ တထာဂတော၊ လမ်းမှန်ရောက်သခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ ကာလညူ၊ အခါကာလကို သိတော်မူသည်။ ဟောတိ၊ ဖြစ်၏။

အကျိုးလဲရှိတယ်, ဟုတ်လဲဟုတ်တယ်, မှန်လဲမှန်တယ် ဆိုတဲ့စကား၊ သို့သော် သူတပါးတို့ကတော့ မနာလိုဘူး, မနှစ်သက်ဘူး, ဒီစကားကို သူတပါး မနှစ်သက်, မနာလိုပေမဲ့ အကျိုးရှိတယ်, ဟုတ်တယ်, မှန်တယ်ဆိုတဲ့ စကားမျိုးကျတော့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က——

တတြဝါစာယ၊ ထိုစကားမျိုး၌—အကျိုးရှိတယ်, ဟုတ်တယ်, မှန်တယ်, သူတပါး မနာလိုဘူး, မနှစ်သက်ဘူးဆိုတဲ့ စကားမျိုး၌။ ဝေယျာကရဏာယ၊ ပြောဆိုတော်မူခြင်းငှါ။ တထာဂတော၊ လမ်းမှန်ရောက်သခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ ကာလညူ၊ အခါကာလကို သိတော်မူသည်။ ဟောတိ၊ ဖြစ်၏။

ဘာပြောသလဲ— ဒီစကားက အကျိုးရှိတယ်, ဟုတ်တယ်, မှန်တယ်, သူတပါးကတော့ မနာလိုဘူး၊ ဒီစကားမျိုးကျတော့ မြတ်စွာဘုရားက ပြောတယ်၊ ပြောပေမဲ့ ဘယ်လိုအခါ ပြောသလဲဆိုတော့ အချိန်အခါကာလကို ကြည့်ပြီးတော့ ပြောတော်မူတယ်တဲ့၊ တွေ့ကရာ ဌာနတိုင်းမှာ မပြောဘူး။ ဒါကြောင့် ဘုန်းကြီးတို့ အမျိုးကောင်းသားများ, သမီးများ တတိယမြောက်ဖြစ်တဲ့ ဒီစကားကျတော့ မြတ်စွာဘုရား ပြောသလား, မပြောဘူးလား?။ (ပြောပါတယ် ဘုရား)။

ပြောတော့ ဘယ်လိုပြောသလဲ၊ သူ့အချိန်အခါကို ကြည့်ပြီး သူ့နေရာနဲ့သူ ပြောရတယ်။ အခါကာလမဟုတ်ဘဲနဲ့ သွားမပြောနဲ့၊ ဟုတ်လား?။ (မှန်ပါ)။

ဘယ်လောက်ပဲ ဟုတ်ဟုတ်, ဘယ်လောက်ပဲ မှန်မှန်, ဘယ်လောက်ပဲ အကျိုးရှိတယ်ဆိုဆို, အချိန်အခါမဟုတ်ဘဲနဲ့ သွားပြောမိရင် ဒီစကားဟာ မအောင်မြင်တတ်ဘူး၊ ဟုတ်လား?။ (မှန်ပါဘုရား)။

စကားပြောနည်း နော်။ (မှန်ပါ)။

ဘုန်းကြီးတို့ရိသတ် နေ့တိုင်းပြောနေတယ် မဟုတ်လား စကားတွေ၊ ဒီစကားမျိုးတွေ ပါသလား? (မပါဘူး ဘုရား)

ပြောချင်တာတွေ ပြောနေကြတာဘဲနော်။ (မှန်ပါ ဘုရား)။

ဘုန်းတော်သခင် သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်ဟာ ပြောချင်တဲ့စကားတွေကို အလကားပြောနေတာ မဟုတ်ဘူး၊ အကျိုးရှိတယ်, ဟုတ်တယ်, မှန်တယ်, သို့သော် ဒီစကား သူတပါး မနာလိုဘူး, မနှစ်သက်ဘူး, အဲဒီ စကားမျိုးကို မြတ်စွာဘုရား ပြောတယ်၊ ပြောပေမဲ့ ဘယ်နေရာမျိုးမှာလဲ၊ အချိန်ကာလ ကြည့်ပြီးတော့ ပြောသင့်တဲ့နေရာ ပြောသင့်တဲ့ကာလမှာ ပြောတော်မူတယ်၊ လူတယောက်ဟာ တဖက်သား စိတ်တွေညစ်ပြီးတော့ အလုပ်တွေများနေတဲ့ ကြားထဲမှာ ကိုယ်က ဘယ်လောက်ကြီး ဟုတ်တာ, မှန်တာ, အကျိုးရှိတာ ပြောပေမဲ့ ဟိုက "ဟာ နေစမ်းပါဦး၊ ဒီစကား နားမထောင်နိုင်သေးဘူး" ဒီလို ဖြစ်မယ် မဟုတ်လား? (မှန်ပါ)။

ကိုင်း ဒီတော့ ဒီစကား မြတ်စွာဘုရား ပြောပြီနော်၊ ဒါ တခွန်း မြတ်စွာဘုရားပြောတဲ့ စကား။ တတိယမြောက်ဖြစ်တဲ့ စကားကို မြတ်စွာဘုရား ပြောတော်မူတယ်၊ ပထမနဲ့ ဒုတိယစကားကို ပြောတော်မမူဘူး။

စတုတ္ထမြောက်စကားကို ကြည့်ရအောင်—

**စတုတ္ထ စကား တခွန်း။** ။ယံ တထာဂတော ဝါစံ ဇာနာတိ အဘူတံ အတစ္ဆံ
အနတ္ထသံဟိတံ၊ သာ စ ပရေသံ ပိယာ မနာပါ၊
န တံ တထာဂတော ဝါစံ ဘာသတိ။

အကျိုးလဲ မရှိဘူး, ဟုတ်လဲ မဟုတ်ဘူး, မှန်လဲ မမှန်ဘူး-လို့ဆိုတဲ့ စကားမျိုး ရှိတယ်။ အဲဒီစကားမျိုးကို ပရိသတ်က သိပ်သဘောကျတယ်, သိပ်နှစ်သက်တယ်, သူတပါးက နာလိုတယ်, နှစ်သက်တယ်၊ ဒီစကားမျိုး မြတ်စွာဘုရား ပြောသလား, မပြောဘူးလား? (မပြောပါဘူး ဘုရား။)

လေးခွန်းမြောက်ဖြစ်တဲ့စကားကို ပြောတော်မမူဘူး။ အကျိုးမရှိဘူး, မဟုတ်ဘူး, မမှန်ဘူး, သူတပါးက နှစ်သက်တယ်, သိပ်ပြီးတော့ သဘောကျတယ်, သိပ်ပြီးတော့ ကြိုက်တယ်၊ ပရိသတ်ကြိုက် စကား၊ အကျိုးမရှိဘဲနဲ့ မဟုတ်ဘဲ

မမှန်ဘဲနဲ့ ပရိသတ်ကြိုက်တဲ့ စကားမျိုးကို ပြောရမလား, မပြောရဘူးလား? (မပြောရပါ ဘုရား။)

ပရိသတ်ကြိုက်ရင် ပြီးရောဆိုပြီးတော့ မပြောနဲ့တဲ့ မြတ်စွာဘုရားက၊ ဟုတ်လား? (မှန်ပါ ဘုရား။)

မြတ်စွာဘုရားမှ ဒီစကားမျိုးကို မပြောရင် မြတ်စွာဘုရား တပည့်တွေ ပြောဦးမလား? (မပြောပါ ဘုရား။)

ရှောင်ရမယ်နော်။ (မှန်ပါ။)

ကိုယ် ဘယ်လမ်းကိုလိုက်မလဲဆိုတာ ကြည့်၊ ဘုန်းကြီးတို့ပရိသတ် ဒီတရားကို နာနေတဲ့ကြားထဲက ငါ ဘာကိုအတုယူရမလဲ, ဘာကိုလိုက်နာရမလဲဆိုတာ သရုပ်ပေါ်လာပစေနော်။ (မှန်ပါ ဘုရား။)

ဘယ်လို သူများက ကြိုက်ကြိုက်, ဘယ်လို သူများက နှစ်သက်နှစ်သက်, အကျိုးမရှိလို့ မဟုတ်ရင် မမှန်ရင် ငါ့အဘဖြစ်တဲ့ မြတ်စွာဘုရား ပြောကြားတော်မမူဘူး၊ ငါလဲ မပြောဘူး၊ လိုက်နာရမယ်။ တရားနာတာ ဒါ့ကြောင့် နာတာ။

**ပဥ္စမ စကားတခွန်း။** ။ယံ ပိ တထာဂတော ဝါစံ ဇာနာတိ ဘူတံ တစ္ဆံ
အနတ္ထသံဟိတံ၊ သာ စ ပရေသံ ပိယာ မနာပါ၊
တမ္ပိ တထာဂတော ဝါစံ န ဘာသတိ။

ဒီစကားက ဘယ်လိုလဲဆိုတော့ ဟုတ်တော့ဟုတ်တယ်, မှန်တော့မှန်တယ်, ဒါပေတဲ့ အကျိုးမရှိဘူး ပြောလို့, ပရိသတ်ကလဲ သိပ်ပြီးကြိုက်နေတယ်၊ အဲဒီစကားမျိုး၊ ဟုတ်လား? (မှန်ပါ။)

ဟုတ်တယ်, မှန်တယ်, ပြောလို့ ဘာအကျိုးမှမရှိဘူး၊ ဟာ ဟုတ်တယ်, မှန်တယ်ဆိုတာ ဘယ်လိုလဲ၊ အမြဲတမ်း ဆိုးနေတဲ့လူ, ခိုးနေတဲ့လူ, အမြဲတမ်း ဖျက်ဆီးနေတဲ့လူ, ဟာ ဒီကောင်တွေဟာ ဆိုးနေတယ်, ခိုးနေတယ်, ဒီကောင်တွေဟာ ဖျက်ဆီးနေတယ်ဆိုတာ ဟုတ်တော့ မဟုတ်ဘူးလား? (ဟုတ်ပါတယ် ဘုရား။)

ပြောလို့ ဘာအကျိုးရှိမှာလဲ? (မရှိပါ ဘုရား။)

ဒါပေတဲ့ ဒီအသံမျိုးကို ပရိသတ်က သိပ်ကြိုက်နေတယ်၊ သိပ်နှစ်သက်တယ်၊ ဒီစကားမျိုး မြတ်စွာဘုရား ပြောသလား, မပြောဘူးလား? (မပြောပါ ဘုရား)

မြတ်စွာဘုရားမပြောရင် ကိုယ်ကကော ပြောရမလား? (မပြောရပါ ဘုရား)

ရှောင်ရမဲ့စကားတဲ့၊ ဟုတ်ပလား? (မှန်ပါ)

စကားဘယ်နှစ်ခွန်း ရှိသွားပလဲ? (ငါးခွန်းပါ ဘုရား။)

နောက်တခွန်းက ဆဋ္ဌမမြောက်ဖြစ်တဲ့ စကား—

**ဆဋ္ဌမ စကားတခွန်း။** ။ယဉ္စ ခေါ တထာဂတော ဝါစံ ဇာနာတိ ဘူတံ တစ္ဆံ အတ္ထသံဟိတံ၊ သာ စ ပရေသံ ပိယာ မနာပါ၊ တတြ ကာလညူ တထာဂတော ဟောတိ တဿာ ဝါစာယ ဝေယျာကရဏာယ။

ပါဠိတော်မှာ သိပ်ကြည်ညိုစရာ ကောင်းတယ်နော်။ (မှန်ပါ)

တထာဂတော၊ လမ်းမှန်ရောက်သခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ ခေါ၊ စင်စစ်သော်ကား။ ယံဝါစံ၊ အကြင်စကားကို။ ဘူတံ၊ဟုတ်၏ဟူ၍။ တစ္ဆံ၊ မှန်၏ဟူ၍။ အတ္ထသံဟိတံ၊ အကျိုးစီးပွါးနှင့် စပ်၏ဟူ၍။ ဇာနာတိ၊ သိတော်မူ၏။ (ပြော်-ဒီစကားတော့ ဟုတ်လဲဟုတ်တယ်, မှန်လဲမှန်တယ်, အကျိုးစီးပွါးနဲ့လဲ စပ်တယ်)။ သာစဝါစာ၊ ထိုစကားကိုလည်း။ ပရေသံ၊ တပါးသောသူတို့က။ ပိယာ၊ ချစ်ခင်အပ်ကုန်၏။ မနာပါ၊ စိတ်နှလုံးကို ရွှင်ပြုံး တိုးပွါးစေတတ်ကုန်၏။

အကျိုးလဲရှိတယ်, ဟုတ်လဲဟုတ်တယ်, မှန်လဲမှန်တယ်, ဒီစကားကို ပရိသတ်ကလဲ သိပ်ပြီးတော့ကြိုက်နေတယ်၊ ပြောမလား, မပြောဘူးလား ? (ပြောမှာပါ ဘုရား။)

ဆဋ္ဌမမြောက်ဖြစ်တဲ့ စကားနော်။ (မှန်ပါ ဘုရား)။

တတြဝါစာယ၊ ထိုသို့သောစကားမျိုး၌။ တထာဂတော၊ လမ်းမှန်ရောက် သခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ တဿာဝါစာယ၊ ထိုစကားမျိုးကို။ (ဘယ်လိုစကားမျိုးလဲ– အကျိုးရှိတယ်, ဟုတ်တယ်မှန်တယ်, သူတပါး နာလိုတယ်ဆိုတဲ့ စကားမျိုးကို)။ ဝေယျာကရဏာယ၊ ပြောကြားတော်မူခြင်းငှါ။ တထာဂတော၊ လမ်းမှန်ရောက်သခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ ကာလညူ၊ အခါကာလကို သိတော်မူသည်။ ဟောတိ၊ ဖြစ်၏။

အကျိုးရှိတယ်, ဟုတ်တယ်, မှန်တယ်, သူတပါး နာလိုတယ်ဆိုတဲ့ စကားမျိုး ပြောတော့ ပြောတယ်၊ ဒါပေတဲ့ အချိန်အခါကြည့်ပြီးတော့ ပြောတယ်။ အချိန်မဟုတ်ရင် မပြောဘူး၊ ဟုတ်လား? (မှန်ပါ ဘုရား)။

ဒါဖြင့် စကားဘယ်နှစ်ခွန်း ရှိသွားပလဲ? (ခြောက်ခွန်းပါ ဘုရား။)

မြတ်စွာဘုရား ဘယ်နှစ်ခွန်းပြောသလဲ? (နှစ်ခွန်းပြောပါတယ် ဘုရား။)

ကျန်တဲ့လေးခွန်းကိုရော? (မပြောပါ ဘုရား)။

အဲဒီ ကျန်တဲ့လေးခွန်းကို ဘယ်သူတွေပြောသလဲ၊ ဒီကျန်တဲ့ လေးခွန်းကို ဘုန်းကြီးတို့ ပရိသတ် စဉ်းစားကြည့်စမ်း— ကိုယ်ပြောနေတဲ့ စကားတွေကို၊ နေ့တိုင်း စကားပြောနေတယ်-နော်? (မှန်ပါ)။

စကားခြောက်ခွန်းထဲက ဘယ်အထဲ ကိုယ်ပြောတဲ့စကား ပါသလဲဆိုတာ မသိနိုင်ဘူးလား? (သိနိုင်ပါတယ် ဘုရား။)

သိတဲ့အချိန်ကစပြီးတော့ အော်—— တို့ပြောနေတဲ့စကားတွေဟာ လေးခွန်း ထဲပါသွားရင် ဒီလေးခွန်းကို ဒီနေ့ကစပြီး မပြောတော့ဘူး၊ ကျန်တဲ့ နှစ်ခွန်းဘဲ ပြောတော့မယ်ဆိုရင် မသက်သာဘူးလား? (သက်သာပါတယ် ဘုရား။)

အဲဒီလို ဘုန်းတော်သခင် သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်သည်——

"သမ္မာ စ ဂဒတ္တာ"

သမ္မာစ၊ ကောင်းစွာသာလျှင်။ ဂဒတ္တာ၊ စကားခြောက်မျိုးမှာ လေး မျိုးကို ပယ်ပြီးတော့ အကျိုးရှိတယ်၊ ဟုတ်မှန်တယ်၊ နာလိုတယ်ဆိုတဲ့ စကားမျိုးကို ကိုယ်တိုင် ပြောတော်မူဘတ်သည် ဖြစ်ပါသောကြောင့်။ သုဂတော၊ သုဂတ မည်တော်မူပါပေ၏။

ဒါ သုဂတဂုဏ်တော်ကြီး ပြီးရော။ (မှန်ပါ ဘုရား။)

## လောကဝိဒူ ဂုဏ်တော်

"လောကဝိဒူ"

သောဘဂဝါ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော ထို မြတ်စွာဘုရားသည်။ လောကဝိဒူ၊ လောကအကြောင်း ကောင်းကောင်းကြီး သိတော်မူ၏။

လောကဆိုတာ လူ။ မြတ်စွာဘုရား လူတွေအကြောင်း ကောင်းကောင်းကြီး သိသတဲ့၊ ခုဟောနေတဲ့ တရားတွေ (မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ဟော ဟောပေးခဲ့တဲ့ တရားတွေ)ဟာ ကိုယ်လုပ်နေတာနဲ့ ကိုယ်စိတ်ကူးနေတာတွေနဲ့ ကိုက်မနေဘူးလား? (ကိုက်နေပါတယ် ဘုရား။)

ကိုယ်လုပ်နေတဲ့ လုပ်ငန်းတွေနဲ့ကော သွားပြီး ကိုက်မနေဘူးလား? (ကိုက် နေပါတယ် ဘုရား။)

ကိုယ်ပြောနေတဲ့ အပြောနဲ့ကော သွားပြီး ကိုက်မနေဘူးလား? (ကိုက်နေ ပါတယ် ဘုရား။)

ကြည့်စမ်း—— မြတ်စွာဘုရားဟာ ကိုယ့်ကို မြင်လဲမမြင်ရဘဲနဲ့ ကိုယ်လုပ် နေတဲ့အလုပ်ကို ပြောနေတာ၊ ကြည့်စမ်း—ပြောနေလိုက်တာ ကိုယ့်အကြောင်း ကောင်းကောင်းကြီး သိလို့၊ ဟုတ်လား? (မှန်ပါ)

ဘုန်းကြီးတို့ ပရိသတ် ဒီပရိသတ်ရဲ့အကြောင်းကို ဘယ်သူအသိဆုံးလဲ၊ ဒီ ပရိသတ်ကို ဒီလူတွေဟာ ဘယ်လိုလူတွေလဲလို့ဆိုတာ မြတ်စွာဘုရား သိတယ်၊ ဒါ "လောကဝိဒူ"ဂုဏ်တော်ကြီးရဲ့ အဖွင့်နော်။ (မှန်ပါ)။

အဲဒီလူတွေဟာ ဘာတွေ စိတ်ကူးနေသလဲဆိုတာကို မြတ်စွာဘုရား မသိဘူးလား? (သိပါတယ် ဘုရား။)

ဒီလူတွေ ဘာကြံစည်နေတယ်ဆိုတာ မသိဘူးလား? (သိပါတယ် ဘုရား။)

ဒီလူတွေရဲ့သန္တာန်မှာ တရား ဘယ်လောက်ရှိတယ်-မရှိဘူးဆိုတာ မသိဘူးလား? (သိပါတယ် ဘုရား။)

ဒီသတ္တဝါတွေဟာ—

အပ္ပရဇက္ခေ မဟာရဇက္ခေ တိက္ခိန္ဒြိယေ မုဒိန္ဒြိယေ သွာကာရေ ဒွါကာရေ သုဝိညာပယေ ဒုဝိညာပယေ အပ္ပေကစ္စေ ပရလောကဝဇ္ဇဒဿာဝိနေ—

စသည်ဖြင့် ပါဠိတော်ကြီးတွေမှာ ဟောထားတဲ့အတိုင်းဘဲ ကိလေသာမှုတွေ ဘယ်လောက်ခေါင်းပါးနေတယ်, ကောင်းသောအခြင်းအရာတွေ ဘယ်လောက်ရှိတယ်, မကောင်းသော အခြင်းအရာတွေ ဘယ်လောက်ရှိတယ်, သစ္စာလေးပါးကို သိနိုင်တယ်, မသိနိုင်ဘူးဆိုတာတွေ ဒီသတ္တဝါတွေရဲ့အကြောင်းကို ကောင်းကောင်းကြီး သိတော်မမူဘူးလား? (သိပါတယ် ဘုရား။)

သတ္တဝါတို့ရဲ့အကြောင်းကို ကောင်းကောင်းကြီးသိသည် ဖြစ်ပါသောကြောင့် လောကဝိဒူ၊ လောကဝိဒူ မည်တော်မူ၏။ ဘယ်သူ့အကြောင်းဘဲ ဖြစ်ဖြစ် မြတ်စွာဘုရားက သိတာချည်းဘဲ၊ မပြောချင်လို့ နေတာ ပြောရင်လဲ ခုနက ပြောသလို အကျိုးမရှိဘူး ဆိုပြီးတော့၊ အဲသလို ဖြစ်နေတော့ အကျိုးမရှိတဲ့အတွက် မြတ်စွာဘုရားက မပြောဘူး။

အဲဒီ "လောကဝိဒူ" ဂုဏ်တော်နဲ့ ပတ်သက်ပြီးတော့ အဋ္ဌကထာဆရာကြီးက သူ ကိုးကားချက်ပြပေးထားတာကတော့ဖြင့် ရောဟိတဿသုတ်ကို ဖွင့်ပြီးတော့ ပေးထားတယ်၊ အင်္ဂုတ္တိုရ်ပါဠိတော် စတုက္ကနိပါတ်မှာပါတယ်၊ သံယုတ်ပါဠိတော်မှာတော့ဖြင့် သဂါထာဝဂ္ဂသံယုတ်ပါဠိတော် ဒေဝပုတ္တသံယုတ်မှာ ပါတယ်။ နတ်သားတယောက်က မြတ်စွာဘုရားကို မေးတယ်။ "လောကဝိဒူ" ဂုဏ်တော်ရဲ့ လောကအကြောင်းကို ပြောမလို့။

**လောက။** ။လောကကြီးဆိုတာ ဘာလဲ ဒုက္ခသစ္စာကို "လောက" လို့ ခေါ်တယ်၊ လောကဆိုတာ ဘာလဲ? (ဒုက္ခသစ္စာပါဘုရား)။

လောကဆိုတာ လူတွေ, သတ္တလောက။ အဲဒီလူဆိုတဲ့ သတ္တလောကကြီးဟာ ဒုက္ခလား, သုခလား? (ဒုက္ခပါဘုရား)

ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေ ခု လူဖြစ်လာရတာ သက်သာရဲ့လား? (မသက်သာပါဘုရား)

လူဆိုတာ သုခကောင်ကြီးလား, ဒုက္ခကောင်ကြီးလား?
(ဒုက္ခကောင်ကြီးပါဘုရား)

ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်လေးဘုံသားတွေဟာ သုခကောင်တွေလား, ဒုက္ခကောင်တွေလား? (ဒုက္ခကောင်တွေပါဘုရား)

နတ်တွေ ဗြဟ္မာတွေကော? (ဒုက္ခကောင်တွေပါဘုရား)

အဲဒါကို ဒုက္ခလို့ မြတ်စွာဘုရား သိတော်မူတယ်။

ဒါဖြင့် လူကိုတော့ ဖယ်ပစ်လိုက်။ သင်္ခါရလောကကြီး ကြည့်စမ်း။ ခန္ဓာငါးပါးရှိတဲ့လူကို ခွဲခြမ်းစိတ်ဖြာပြီး ကြည့်လိုက်ရင် ဘာတွေ့မလဲ။
(ခန္ဓာငါးပါးပါဘုရား)

တိရစ္ဆာန်တွေကို ဉာဏ်နဲ့ ခွဲခြမ်းစိတ်ဖြာပြီး ကြည့်လိုက်ရင် ဘာတွေ့မလဲ?
(ခန္ဓာငါးပါးဘဲ တွေ့ပါတယ်ဘုရား)

နတ်တွေကို ဉာဏ်နဲ့ ခွဲခြမ်းစိတ်ဖြာပြီး ကြည့်လိုက်ရင် ဘာတွေ့မလဲ?
(ခန္ဓာငါးပါးဘဲ တွေ့ပါတယ်ဘုရား)

တချို့ဗြဟ္မာတွေကို ဉာဏ်နဲ့ ခွဲခြမ်းဝေဘန်ပြီး ကြည့်လိုက်မယ်ဆိုရင် နာမ်ခန္ဓာလေးပါးဘဲ တွေ့မယ်။ တချို့ဗြဟ္မာတွေကို ဉာဏ်နဲ့ ခွဲခြမ်းစိတ်ဖြာပြီး ကြည့်လိုက်မယ်ဆိုရင် ရုပ်ခန္ဓာ တပါးသာ တွေ့မယ်။

ကေဝေါကာရ သတ္တဝါ, စတုဝေါကာရ သတ္တဝါ, ပဉ္စဝေါကာရ သတ္တဝါလို့ သတ္တဝါသုံးမျိုးကို ခွဲခြမ်းစိတ်ဖြာပြီး ကြည့်မယ်ဆိုရင် ခန္ဓာငါးပါးအပြင် ဘာတွေ တွေ့ဦးမလဲ? (ဘာမှ မတွေ့ပါဘုရား)။

ဝိဒူ။ ။အဲဒီခန္ဓာငါးပါးကို မြတ်စွာဘုရားက ဘယ့်နဲ့ ဟောခဲ့သလဲ ဆိုတော့—

"နတ္ထိ ခန္ဓသမာ ဒုက္ခာ"။

အဲဒီဒုက္ခထက် ကြီးတဲ့ဒုက္ခ မရှိတော့ဘူးတဲ့၊ မြတ်စွာဘုရားက ခန္ဓာငါးပါးထက် ကြီးတဲ့ဒုက္ခ မရှိဘူးတဲ့။ ဒီတော့ ခန္ဓာငါးပါးကို ဒုက္ခသစ္စာလို့ သိနေတော်မူတယ်။ လောကကို သိတယ်ဆိုတာ ဘယ်လို သိသလဲ? ဒုက္ခသစ္စာလို့ သိတာ၊ ဟုတ်လား? (မှန်ပါဘုရား)။

ဘုန်းကြီးတို့ ပရိသတ်လဲ လောကအကြောင်းကို ကောင်းကောင်းကြီး သိမနေဘူးလား? (သိနေပါတယ်ဘုရား)

သိနေတာက ဘယ်တော့မှ ဒုက္ခလို့ မသိဘူး, သုခလို့ချည်း သိနေကြတယ်။ ဒီကနေပြီးတော့ ဟိုကျရင် သက်သာခွင့် ရလိမ့်မယ်လို့ ဒီလို သိတယ်၊ မြတ်စွာ

ဘုရားရှင်ကိုယ်တော်မြတ်ကတော့ဖြင့် ခန္ဓာငါးပါးနဲ့ ပတ်သက်လို့ ဒုက္ခချည်းဘဲ လို့ သိထားတယ်။ အဲဒီတော့ လောကကို သိတော်မူတယ်ဆိုတာ ဘယ်လို သိသလဲဘုရားလို့ ဆိုတော့ ဒုက္ခလို့ သိတယ်။ လောကဝိဒူ-နော်။ (မှန်ပါ)။

**အဓိပ္ပါယ်။**　။ပြီးတော့ ဒီလောကကြီးကို ရောက်ကြောင်းဖြစ်တဲ့ သမုဒယသစ္စာ တဏှာလို့ ဆိုတဲ့ လောကကြီးသို့ ရောက်ကြောင်းဖြစ်တဲ့ တရား ကိုလဲ မြတ်စွာဘုရားသိတော်မူတယ်။ လောကကိုလဲ သိတော်မူတယ်။ လောကသို့ ရောက်ကြောင်းဖြစ်တဲ့ တရားကိုလဲ သိတော်မူတယ်။ ဒုက္ခသစ္စာတည်းဟူသော လောကကြီးသို့ ရောက်လာတာဟာ ဘယ်သူ့ကြောင့်လဲ၊ သမုဒယသစ္စာတဏှာ ကြောင့်၊ ဟုတ်လား? (မှန်ပါဘုရား)။

လောကကို သိတော်မူတယ်။လောကဝိဒူ=လောကသို့ ရောက်ကြောင်းကိုလဲ သိတော်မူတယ်။ လောကဝိဒူ=အဲဒီလောကမှ ထွက်မြောက်ရာဖြစ်တဲ့ နိရောဓ သစ္စာကြီးကိုလဲ သိတော်မူတယ်။ လောကဝိဒူ-ရဲ့ အဓိပ္ပါယ်နော်။ (မှန်ပါဘုရား)။

အဲဒီလောကမှ ထွက်မြောက်ရာသို့ ရောက်ကြောင်းဖြစ်တဲ့ ကျင့်ဝတ်ပဋိပတ် အကျင့်မြတ်ဖြစ်တဲ့ မဂ္ဂသစ္စာကိုလဲ သိတော်မူတယ်။ ဒါကို "လောကဝိဒူ"လို့ ခေါ်တယ်။

ဆိုလိုတဲ့အဓိပ္ပါယ်က သစ္စာလေးပါး တရားကို သိတော်မူတာကို "လောက-ဝိဒူ"လို့ ဒီလိုခေါ်တယ်။ ဟုတ်ပလား? ( မှန်ပါဘုရား။ )

အဋ္ဌကထာဆရာကြီး ကိုးကားချက်ကို ဘုန်းကြီးတို့ ပါဠိတော်ကိုးကားပြီး ပြောကြစို့ရဲ့။

## လောဟိတဿသုတ်

သစ္စာလေးပါး တည်းဟူသော လောကကြီး သိတော်မူပုံကို အဋ္ဌကထာ ဆရာကြီးက ဘယ်သူ့သက်သေ ထုတ်ပြသလဲလို့ဆိုတော့ ခုနက အင်္ဂုတ္တိုရ်ပါဠိ တော် စတုက္ကနိပါတ်မှာလာတဲ့ ရောဟိတဿနတ်သားရဲ့ အတ္ထုပ္ပတ္တိကို ထုတ်ပြီး တော့ ပါဠိတော်ကိုးကားချက် ပြတယ်။

**နတ်သားအမေး။**　။နတ်သားက မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ဆီ လာ ပြီးတော့ မေးတယ်——

> ယတ္ထ နု ခေါ ဘန္တေ န ဇာယတိ န ဇီယတိ န မီယတိ န စဝတိ န ဥပပဇ္ဇတိ၊ သက္ကာ နု ခေါ သော ဘန္တေ ဂမနေန လောကဿ အန္တော ဉာတုံ ဝါ ဒဋ္ဌုံ ဝါ ပါပုဏိတုံ ဝါတိ။

**ဒါ နတ်သားက မေးတဲ့ အမေး။**

ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းလင်း တောက်ပတော်မူသော မြတ်စွာဘုရား။ ယတ္ထ၊ အကြင်အရပ်၌။ နဇာယတိ၊ ပဋိသန္ဓေမနေရ။ နဇီယတိ၊ မအိုရ။ နမီယတိ၊ မသေရ။ နဥပပဇ္ဇတိ၊ ပဋိသန္ဓေ နေသောအားဖြင့် တဖန်မဖြစ်ရ။ တတ္ထ၊ ထိုပဋိသန္ဓေမနေရာ မအိုရာ မသေရာအရပ်သို့။ ဂမနေန၊ ခြေထောက်ဖြင့် ခြေလျင်သွားခြင်းဖြင့်။ လောကဿ၊ အဲဒီလောကကြီး၏။ အန္တော၊ အဆုံးကို။ ဉာတုံဝါ၊ သိခြင်းငှါ လည်းကောင်း။ ဒဋ္ဌုံဝါ၊ မြင်ခြင်းငှါ လည်းကောင်း။ ပါပုဏိတုံဝါ၊ ရောက်ခြင်းငှါ လည်းကောင်း။ သက္ကာနုခေါ၊ စွမ်းနိုင်ပါအံ့လော။

**အဓိပ္ပါယ်။** ။အဲဒီနတ်သားက သူ သွားဘူးနေပြီ၊ ဒီလောကကြီးရဲ့ အဆုံးကို မရောက်ဘဲနဲ့ဘဲ လမ်းခုလတ်က သေခဲ့ရတဲ့ ဘဝတွေလဲ များလှပြီတဲ့၊ ဟုတ်လား လောကကြီးရဲ့အဆုံးကို သွားနေကြတာ။ သူမေးတဲ့လောကက ဘယ်လောကလဲဆိုတော့ ဩကာသလောကကြီးရဲ့ အဆုံးကို သူကမေးတယ်။

ဒီဩကာသ လောကကြီးအတွင်းမှာ မှီတင်းပြီးတော့ နေရတဲ့သတ္တဝါတွေဟူသရွေ့ကတော့ဖြင့် ပဋိသန္ဓေလဲနေရတယ်, အိုလဲအိုရတယ်, နာလဲနာရတယ်, သေလဲသေရတယ်, နောက်တခါ ပဋိသန္ဓေနေရတယ်ဆိုတာ သူ သိနေပြီ၊ ဒီတော့ ဩကာသလောကကြီးအတွင်းမှာ ဒီလိုဖြစ်နေကြတယ် သုံးဆဲ့တဘုံအတွင်းမှာ။ ဒီတော့ ဩကာသလောကကြီးကိုများ ဆုံးအောင်သွားနိုင်လို့ရှိရင်ဖြင့် မအိုရ, မနာရ မသေရ, နောက်ထပ်တဖန် ပြန်ပြီးတော့ ပဋိသန္ဓေမနေရတဲ့ နေရာကို ခြေလျင်သွားခြင်းဖြင့် ရောက်နိုင်ပါ့မလားဘုရားလို့ မြတ်စွာဘုရားကို လာပြီးတော့ လျှောက်တယ်။

မြတ်စွာဘုရားဖြေတာက လောကချင်းတော့ အတူတူဘဲ၊ သူက ဩကာသလောကကို လျှောက်တယ်။ မြတ်စွာဘုရားက သင်္ခါရလောကကို အဓိကထားပြီး ပြန်ပြီးတော့ အဖြေပေးလိုက်တယ်။

**ဗုဒ္ဓအဖြေ။** ။ဘယ့်နှယ်ပြန်ဖြေသလဲ မြတ်စွာဘုရားက—

> ယတ္ထ ခေါ အာဝုသော န ဇာယတိ န ဇီယတိ န မီယတိ န စဝတိ န ဥပပဇ္ဇတိ၊ နာဟံ တံ ဂမနေန လောကဿ အန္တံ ဉာတေယျံ ဒိဋ္ဌေယျံ ပတ္တေယျန္တိ ဝဒါမိ။

အာဝုသော၊ ဒါယကာနတ်သား။ ယတ္ထ၊ အကြင်နိဗ္ဗာန်၌။ နဇာယတိ၊ ပဋိသန္ဓေမနေရ။ နဇီယတိ၊ မအိုရ။ နမီယတိ၊ မသေရ။ နဥပပဇ္ဇတိ၊ တဖန်ပဋိသန္ဓေနေသောအားဖြင့် မဖြစ်ရ။ အာဝုသော၊ ဒါယကာနတ်သား၊ အဟံ၊ ငါဘုရားသည်။ လောကဿ၊ သင်္ခါရလောက၏။ တံအန္တံ၊ ထိုအဆုံးဖြစ်သော နိဗ္ဗာန်ချမ်းသာကို။ ဂမနေန၊ ခြေလျင်သွားခြင်းဖြင့်။ ဉာတေယျံ၊

သိအပ်၏ဟူ၍။ ဒိဋ္ဌေယျံ၊ မြင်အပ်၏ဟူ၍။ ပတ္တေယျံ၊ ရောက်အပ်၏ဟူ၍။ နဝဒါမိ၊ ဟောတော်မမူ။

**အစိပ္ပါယ်။** ။ဒီလို လောကကြီးရဲ့ အဆုံးဖြစ်တဲ့ မအိုရာ, မနာရာ, မသေရာကို ခြေလျင်သွားခြင်းဖြင့် ရောက်တယ်ဆိုတာကို ငါဘုရား ဟော တော်မမူဘူး–တဲ့။

န ခေါ ပနာဟံ အာဝုသော အပ္ပတွာ လောကဿ အန္တံ ဒုက္ခဿ အန္တကိရိယံ ဝဒါမိ။

အာဝုသော၊ ဒါယကာနတ်သား။ လောကဿ၊ သင်္ခါရလောက၏။ အန္တံ၊ အဆုံးသို့။ အပ္ပတွာ၊ မရောက်မူ၍။ ဒုက္ခဿ၊ ဝဋ္ဋဆင်းရဲ၏။ အန္တကိရိယံ၊ အဆုံးကိုပြုခြင်းကို။ အဟံ၊ ငါဘုရားသည်။ နဝဒါမိ၊ ဟော တော်မမူ။

**အစိပ္ပါယ်။** ။လောကကြီးရဲ့အဆုံးကို ခြေလျင်သွားလို့လဲ မရောက်ဘူးတဲ့ သင်္ခါရလောကရဲ့ အဆုံးကို၊ အဲဒီသင်္ခါရလောကရဲ့ အဆုံးကို မရောက်ဘဲနဲ့လဲ ဝဋ္ဋဆင်းရဲကုန်ဆုံးတယ်လို့ ငါဘုရား ဟောတော်မမူဘူးတဲ့၊ ဒီလို ဟောတော်မူလိုက်တယ်။

**လောကဝိဒူ။** ။ပြီးတော့မှ မြတ်စွာဘုရားက လောကဝိဒူအကြောင်းကို ဘာ မိန့်တော်မူလိုက်သလဲဆိုတော့——

အပိ စ ခွါဟံ အာဝုသော ဣမသ္မိံယေဝ ဗျာမမတ္တေ ကဠေဝရေ သသညိမှိ သမနကေ လောကဉ္စ ပညပေမိ လောကသမုဒယဉ္စ လောက-နိရောဓဉ္စ လောကနိရောဓဂါမိနိဉ္စ ပဋိပဒန္တိ။

အာဝုသော၊ ဒါယကာနတ်သား။ အပိစခေါ၊ စင်စစ်သော်ကား။ သသညိမှိ၊ အမှတ်သညာနှင့်တကွဖြစ်သော။ သမနကေ၊ စိတ်နှင့်တကွ ဖြစ်သော။ ဣမသ္မိံယေဝ ဗျာမမတ္တေ ကဠေဝရေ၊ ဤတလံမျှလောက်သော ခန္ဓာကိုယ်၌သာလျှင်။ လောကဉ္စ၊ ဒုက္ခသစ္စာဆိုတဲ့တရားကိုလည်းကောင်း။ (ဒုက္ခသစ္စာဆိုတာ ဘယ်သူလဲ။(ခန္ဓာငါးပါးပါဘုရား။) ခန္ဓာငါးပါး ဟုတ်ပြီ။

လောကသမုဒယဉ္စ၊ ဒုက္ခသစ္စာဖြစ်ကြောင်းဖြစ်တဲ့ တဏှာ-သမုဒယသစ္စာ ကိုလည်းကောင်း။ လောကနိရောဓဉ္စ၊ ဒုက္ခ, သမုဒယတို့ရဲ့ မရှိရာဖြစ်သော နိရောဓသစ္စာကိုလည်းကောင်း။ လောကနိရောဓဂါမိနိံ၊ လောကရဲ့ ချုပ်ငြိမ်းရာ, ခန္ဓာငါးပါးတို့ရဲ့ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော။ ပဋိပဒဉ္စ၊ ကျင့်ဝတ်ပဋိပတ် အကျင့်မြတ်ကိုလည်းကောင်း။ ပညပေမိ၊ သိစေတော်မူ၏။

အဓိပ္ပါယ်။ ။ခန္ဓာငါးပါးကို ဒုက္ခသစ္စာ, တဏှာကို သမုဒယသစ္စာ, ဒုက္ခနဲ့ သမုဒယမရှိခြင်းကို နိရောဓသစ္စာ, မဂ္ဂင်ရှစ်ပါး အကျင့်တရားကို မဂ္ဂသစ္စာလို့ မြတ်စွာဘုရား ဒီလို ဟောပေးတော်မူလိုက်တယ်။ အဲဒါကိုပင်လျှင် လောကဝိဒူဂုဏ်တော်လို့ ခေါ်ပါတယ်။ လောကဝိဒူ ပြီးခဲ့ပြီ။ နောက်က အဓိပ္ပါယ် မြတ်စွာဘုရား ပါဠိတော်မှာ ဘာပြောထားသလဲ?

ဂမနေန န ပတ္တဗ္ဗော၊ လောကဿန္တော ကုဒါစနံ။
န စ အပ္ပတွာ လောကန္တံ၊ ဒုက္ခာ အတ္ထိ ပမောစနံ။

ဂမနေန၊ ခြေလျင်သွားခြင်းဖြင့်။ လောကဿ၊ သင်္ခါရလောက၏။ အန္တော၊ အဆုံးကို။ ကုဒါစနံ၊ တရံတဆစ်မျှ။ န ပတ္တဗ္ဗော၊ မရောက်ထိုက်။ လောကန္တံ၊ သင်္ခါရလောက၏အဆုံးသို့။ န စ အပ္ပတွာ၊ မရောက်ပဲလည်း။ ဒုက္ခာ၊ ခန္ဓာငါးပါးတည်းဟူသော ဒုက္ခသစ္စာမှ။ ပမောစနံ၊ လွတ်မြောက်ခြင်းသည်။ န အတ္ထိ၊ မရှိ။

သင်္ခါရလောကရဲ့ အဆုံးဖြစ်တဲ့ နိဗ္ဗာန်ကို မရောက်ဘဲနဲ့တော့ဖြင့် ခန္ဓာငါးပါးတည်းဟူသော ဒုက္ခသစ္စာမှ လွတ်တယ်လို့ဆိုတာ မရှိဘူးလို့ မြတ်စွာဘုရား ဒီလို ဟောပေးလိုက်တယ် နော်။ (မှန်ပါဘုရား)။

နိဂုံး။ ။တသ္မာ ဟဝေ လောကဝိဒူ သုမေဓော၊
လောကန္တဂူ ဝုသိတဗြဟ္မစရိယော။
လောကဿ အန္တံ သမိတာဝိ ဉတွာ၊
နာသီသတိ လောကမိမံ ပရဉ္စ။

တသ္မာ၊ ထို့ကြောင့်။ ဟဝေ၊ စင်စစ်။ လောကဝိဒူ၊ လောကရဲ့အကြောင်းကို ကောင်းကောင်းကြီး သိတော်မူပြီးသော။ သုမေဓော၊ ကောင်းသော ပညာနှင့် ပြည့်စုံတော်မူသော။ လောကန္တဂူ၊ လောကရဲ့အဆုံးသို့ ရောက်တော်မူပြီးသော (သင်္ခါရလောက၏အဆုံးသို့ ရောက်ပြီးသော)။ ဝုသိတဗြဟ္မစရိယော၊ ကျင့်သုံးအပ်ပြီးသော မဂ်ကိစ္စရှိသော။ သမိတာဝီ၊ ကိလေသာမီး အားလုံးငြိမ်းပြီးသော ရဟန္တာပုဂ္ဂိုလ်သည်။ လောကဿ၊ သင်္ခါရလောက၏။ အန္တံ၊ အဆုံးဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို။ ဉတွာ၊ ကိုယ်တိုင်မဂ်ဉာဏ်ဖြင့် သိရသောကြောင့်။ ဣမဉ္စလောကံ၊ ဤလောကကြီးကိုလည်းကောင်း။ ပရဉ္စလောကံ၊ တမလွန်လောကကြီးကိုလည်းကောင်း။ နာသီသတိ၊ မတောင့်တတော့။

ဣတိ၊ ဤသို့။ သတ္ထာ၊ လူနတ်တို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည်။ လောကဝိဒူ၊ လောကဝိဒူဆိုတဲ့ဂုဏ်တော်ကို။ အာစိက္ခတိ၊ ကောင်းစွာမသေ့ ဟောကြားတော်မူပါပေသတည်း။

**သာဓု သာဓု သာဓု**

လောကဝိဒူဂုဏ်တော်ကြီး ပြီးသွားပြီ၊ ခပ်မြန်မြန်ပြောရအောင်၊ ဒီကနေ့ ဒါကို ကုန်အောင်ဟောမှ ဖြစ်မယ်။

## အနုတ္တရဂုဏ်တော်

"အနုတ္တရော"

အနုတ္တရဂုဏ်တော်ကြီးတဲ့ မြတ်စွာဘုရားမှာ၊ ဇေတဝန်ကျောင်းကြီးက မြတ်စွာဘုရားမှာ အနုတ္တရဂုဏ်တော်မြတ်ကြီး ရှိတယ်ဆိုတာ ဘုရားတပည့်တော် သတင်းကြားနေပါတယ် ဘုရား – တဲ့။

"အကာမကာမိ ၊ ကာမဂုဏ်တို့ကို လိုလားနှစ်သက်တော်မမူသော မြတ်စွာဘုရားကို။ သုတ္တာန၊ အနုတ္တရောလို့ဆိုတဲ့ ဂုဏ်တော်ကြီးနဲ့ ပြည့်စုံတယ်ဆိုတာကို ကြားသိရပါသောကြောင့်" အရှင်ဘုရားထံ ပုစ္ဆာမေးရန် ရောက်လာပါတယ် ဘုရား—တဲ့။

"အနုတ္တရ"ဆိုတာ ဘာလဲ? အတုမရှိ လွန်ကဲမြင့်မြတ်တော်မူတယ်၊ ဘယ်လို အနေမျိုးနဲ့ မြတ်စွာဘုရားက သူများထက်ပိုပြီးတော့ မြတ်တာလဲ? ဘယ်လူ၊ ဘယ်နတ်၊ ဘယ်ပြဟ္မာ၊ ဘယ်သတ္တဝါ တစုံတယောက်နဲ့မှ မတူတာလဲ? အနုတ္တရ ဖြစ်တယ်ဆိုတာ၊ အလွန်အကျူး အထူးမြတ်တယ်ဆိုတာ ဘယ်လိုအနေမျိုးနဲ့ မြတ်သလဲ? အနုတ္တရဂုဏ်တော်ဖွင့်ကို ဟောပေးဘို့ရန်အတွက် ဘုန်းကြီးတို့ ပါဠိတော် ကိုးကားချက်ယူရမယ်။

## ဥရုဝေဠသုတ္တန်

ခုဟောမဲ့ သုတ္တန်က ဘယ်မှာ ပါသလဲဆိုတော့— သံယုတ်ပါဠိတော်မှာလဲ ပါတယ်၊ အင်္ဂုတ္တိုရ်ပါဠိတော်မှာလဲ ပါတယ်။ အင်္ဂုတ္တိုရ်ဆိုတော့ စတုက္ကနိပါတ် ဥရုဝေဠဝဂ်မှာ ဥရုဝေဠသုတ္တန်လို့ ခေါ်တယ်။ သံယုတ်မှာဆိုရင် ဗြဟ္မသံယုတ်မှာ ဂါရဝသုတ္တန်လို့ ခေါ်တယ်။ အင်္ဂုတ္တရနိကာယ်နဲ့ သံယုတ္တနိကာယ်ဟာ သုတ္တန် နာမည်မှည့်ပုံချင်းသာ ကွာတယ်၊ သုတ္တန်အသွားကတော့ အတူတူဘဲနော်။ (မှန်ပါဘုရား)။ ကိုင်း ဘာလဲ?

**လူဆင်းရဲ။**　။မြတ်စွာဘုရားကိုယ်တော်မြတ် ဘုရားဖြစ်ပြီးတော်မူတဲ့အခါ ကျတော့ "နဇ္ဇာ နေရဉ္ဇရာယ တီရေ" နေရဉ္ဇရာ မြစ်ကမ်း ပါးမှာ ထိုင်ပြီးတော့ မြတ်စွာဘုရား စဉ်းစားတယ်၊ စိတ်အကြံဖြစ်တယ်။ ဘယ့်နှယ်အကြံ ဖြစ်သလဲဆိုတော့—

ဒုက္ခံ ခေါ အဂါရဝေါ ဝိဟရတိ အပ္ပတိဿော၊ ကံ နု ခွါဟံ သမဏံ ဝါ ဗြာဟ္မဏံ ဝါ သက္ကတွာ ဂရုံ ကတွာ ဥပနိဿာယ ဝိဟရေယျံ။

**ပါရာယန(ဒု)·၇—ပ·မ·ဗ·သ·စ**

အဂါရဝေ၊ ရှိသေထိုက်သူမရှိဘဲ။ အပ္ပတိဿော၊ လေးစားထိုက်သော၊ မှီခိုထိုက်သော ပုဂ္ဂိုလ်မရှိဘဲ။ ဒုက္ခံ၊ ဆင်းရဲငြိုငြင်စွာ။ ဝိဟာရတိ၊ နေရ၏။

ရှိသေရမဲ့လူ မရှိဘဲ, လေးစားရမဲ့လူ မရှိဘဲနဲ့ ကိုယ်ထင်သလို ကိုယ်နေတယ်ဆိုတာ အင်မတန် ဆင်းရဲတယ်—တဲ့ မြတ်စွာဘုရားက။ ဒါကြောင့် ဘုန်းကြီးတို့အမျိုးကောင်းသား, သမီးများမှာ ဘယ်သူဘဲဖြစ်ဖြစ် ဒီအချက် ကလေးနဲ့ပတ်သက်လို့ ယောကျ်ားဘဲဖြစ်ဖြစ်, မိန်းမဘဲဖြစ်ဖြစ်, ရှင်ဘဲဖြစ်ဖြစ်, လူဘဲဖြစ်ဖြစ် ဟုတ်လား? ရှိသေရမဲ့လူဆိုတာ ရှိရမယ်၊ လေးစားရမဲ့လူဆိုတာ ရှိရမယ်။ အဲသလို ရှိသေရမဲ့လူ, လေးစားရမဲ့လူ မရှိဘဲနဲ့ ငါ့မင်း ငါ့ချင်း လုပ်နေတဲ့လူဟာ လူဆင်းရဲဘဲ—တဲ့ မြတ်စွာဘုရားက။ ဘယ့်နှယ်ဘဲပြောပြော မြတ်စွာဘုရားက ဒီအတိုင်းဘဲ ပြောထားတယ်—နော်။ (မှန်ပါဘုရား)။

**ဗုဒ္ဓ ဆရာရှာပုံ။** ။ဒီတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ရှိသေလေးစားရမဲ့ ပုဂ္ဂိုလ်မရှိဘဲနဲ့ နေရတာသည် အင်မတန် ပင်ပန်းဆင်းရဲတယ်—တဲ့။

အဟံ၊ ငါသည်။ ကံ သမဏံ ဝါ၊ အဘယ်ရဟန်းကိုသော်လည်းကောင်း။ ကံ ဗြာဟ္မဏံ ဝါ၊ အဘယ်ပုဏ္ဏားကိုသော်လည်းကောင်း။ သက္ကတွာ၊ အရိုအသေပြု၍။ ဂရုံကတွာ၊ အလေးအမြတ်ပြု၍။ ဥပနိဿာယ၊ အမှီပြု၍။ ဝိဟရေယျံ နုခေါ၊ နေရပါအံ့နည်း။

မြတ်စွာဘုရားစဉ်းစားတယ် "ငါတော့ ဘုရားဖြစ်ပြီ၊ ဘုရားဖြစ်ပြီးတဲ့အခါမှာ ရှိသေလေးစားရမဲ့ပုဂ္ဂိုလ်မရှိဘဲနဲ့ နေလို့မတော်ဘူး၊ အင်မတန် ဆင်းရဲတယ်၊ ဒီတော့ ငါ ဘယ်လိုပုဂ္ဂိုလ်မျိုး, ဘယ်လိုရဟန်းမျိုး, ဘယ်လိုသမဏမျိုး ငါ မှီဝဲ ဆည်းကပ်ပြီးနေရပါ့မလဲ"လို့ မြတ်စွာဘုရား ဒီလိုစဉ်းစားတော်မူတယ်။ အဲဒီလို စဉ်းစားတော်မူတဲ့အခါကျတော့ မြတ်စွာဘုရားဉာဏ်ထဲ ဘယ့်နှယ်မြင်လာသလဲ ဆိုတော့—

"အပရိပူရဿ" အဲဒီ အပရိပူရဿ ဆိုတာ အင်္ဂုတ္တိုရ်မှာသာ ရှိတယ်၊ သံယုတ်ပါဠိတော်ကျတော့ "အပရိပုဏ္ဏဿ"လို့ ရှိတယ်၊ မထူးပါဘူး အဓိပ္ပါယ်။

အပရိပူရဿ ခေါ အဟံ သီလက္ခန္ဓဿ ပါရိပူရိယာ၊ အညံ သမဏံဝါ ဗြာဟ္မဏံဝါ သက္ကတွာ ဂရုံကတွာ ဥပနိဿာယ ဝိဟရေယျံ။

အဟံ၊ ငါသည်။ အပရိပူရဿ၊ မပြည့်စုံသေးသော။ သီလက္ခန္ဓဿ၊ သီလကျေးဇူးကို။ ပါရိပူရိယာ၊ ပြည့်စုံလုံလောက်အောင် ဖြည့်ကျင့်ခြင်းငှါ။ အညံ၊ တပါးသော။ သမဏံဝါ၊ ရဟန်းကိုသော်လည်းကောင်း။ ဗြာဟ္မဏံ

ဝါ၊ ပုဏ္ဏားကိုသော်လည်းကောင်း။ သက္ကတ္တာ၊ အရိုအသေပြု၍။ ဂရုံကတ္တာ၊ အလေးအမြတ်ပြု၍။ ဥပနိဿာယ၊ အမှီပြု၍။ ဝိဟရေယျံ၊ နေလိုပါ၏။

ငါ့မှာ မပြည့်စုံသေးတဲ့ သီလ, သမာဓိ, ပညာ, ဝိမုတ္တိ, ဒီအတိုင်းဘဲ ဟော တယ် နော်၊ ပါဠိဝါကျတွေကတော့ သူ့အကန့်နဲ့သူ သွားတယ်။

အပရိပူရဿ ခေါ သမာဓိက္ခန္ဓဿ ပါရိပူရိယာ....

အပရိပူရဿ ခေါ ပညာက္ခန္ဓဿ ပါရိပူရိယာ....

အပရိပူရဿ ခေါ ဝိမုတ္တိက္ခန္ဓဿ ပါရိပူရိယာ အညံ သမဏံ ဝါ ဗြာဟ္မဏံ ဝါ သက္ကတ္တာ ဂရုံကတ္တာ ဥပနိဿာယ ဝိဟရေယျံ– -တဲ့ မြတ်စွာဘုရားက။

အဟံ၊ငါသည်။ အပရိပူရဿ၊ မပြည့်ကျင့်ရသေးသော။ သီလက္ခန္ဓဿ၊ သီလကျေးဇူးကို။... "သမာဓိက္ခန္ဓဿ၊ သမာဓိကျေးဇူးကို" .... "ပညာက္ခန္ဓဿ၊ ပညာကျေးဇူးကို" ...."ဝိမုတ္တိက္ခန္ဓဿ၊ ဝိမုတ္တိဂုဏ်ကျေးဇူးအထူးကို။ ပါရိပူရိယာ၊ ပြည့်စုံစေခြင်းငှါ။ အညံ၊ ငါမှတပါးသော။ သမဏံဝါ၊ ရဟန်းကိုသော်လည်းကောင်း။ ဗြာဟ္မဏံဝါ၊ ပုဏ္ဏားကိုသော်လည်းကောင်း။ သက္ကတ္တာ၊ အရိုအသေပြု၍။ ဂရုံကတ္တာ။ အလေးအမြတ်ပြုပြီးတော့။ ဥပနိဿာယ၊ အမှီပြု၍။ ဝိဟရေယျံ၊ နေလိုပါ၏။

"ငါ ဘုရားဖြစ်ပြီ၊ ငါ့မှာ မပြည့်စုံသေးတဲ့ သီလ, သမာဓိ, ပညာ, ဝိမုတ္တိ-လို့ ခေါ်တဲ့ ဒီတရားမျိုးတွေ ပြည့်စုံရအောင် ဘယ်လို သမဏမျိုး ဗြာဟ္မဏမျိုးကို မှီဝဲဆည်းကပ် အရိုအသေပြုပြီးတော့ နေရပါ့မလဲ၊ နေချင်လိုက်တာ"လို့ မြတ်စွာ ဘုရားက ကြည့်တယ်။ ဘယ်သူ့အားကိုးနေရမလဲဆိုတာကို နော်။ (မှန်ပါ)။

ဗုဒ္ဓမှာဆရာမရှိ။ ။အဲသလို ကြည့်တော်မူလိုက်တဲ့အခါ မြတ်စွာဘုရားက ဘယ်လိုမြင်သလဲ ရွှေဥာဏ်တော်ထဲမှာ——

န ခေါ ပနာဟံ ပဿာမိ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ အညံ သမဏံဝါ ဗြာဟ္မဏံဝါ အတ္တနာ သီလသမ္ပန္နတရံ....သမာဓိသမ္ပန္နတရံ.... ပညာသမ္ပန္နတရံ....ဝိမုတ္တိသမ္ပန္နတရံ၊ ယမဟံ သက္ကတ္တာ ဂရုံကတ္တာ ဥပနိဿာယ ဝိဟရေယျံ။ ပါဠိတော်။

ပန၊ ထိုသို့ပင်မပြည့်စုံသေးတဲ့ သီလ, သမာဓိ, ပညာ, ဝိမုတ္တိ-တရား တွေကို ပြည့်စုံအောင် ဖြစ်စေဘို့ရန်အတွက် တစုံတယောက်သော သမဏ, ဗြာဟ္မဏ-ကို မှီခိုကိုးစား ရိုသေလေးစားပြီးတော့ နေလိုပါသော်လည်း။ အဟံ၊ ငါဘုရားသည်။ ယံသမဏံဝါ၊ အကြင်ရဟန်းကိုသော်လည်းကောင်း။ ယံဗြာဟ္မဏံဝါ၊ အကြင်ပုဏ္ဏားကိုသော်လည်းကောင်း။ သက္ကတ္တာ၊ အရို အသေပြု၍၊ ဂရုံကတ္တာ၊ အလေးအမြတ်ပြု၍။ ဥပနိဿာယ၊ အမှီပြု၍။

ဝိဟာရေယျံ၊ နေရာ၏။ သဒေဝကေ၊ နတ်နှင့်တကွသော။ သမာရကေ၊ ဝသဝတ္တီမာရ်မင်းနှင့်တကွသော။ သဗြဟ္မကေ၊ ဗြဟ္မာ့ပြည်နှင့်တကွသော။ လောကေ၊ ဩကာသလောကကြီးအတွင်း၌။ သဿမဏဗြာဟ္မဏိယာ၊ ရဟန်းပုဏ္ဏားနှင့်တကွသော။ ပဇာယ၊ သမုတိနတ်ဟု ဆိုအပ်သော မင်း, ကြွင်းသောလူနှင့်တကွသော သတ္တလောကကြီး၌။ အတ္တနာ၊ မိမိထက်။ ဝါ၊ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ထက်။ သမ္ပန္နသီလတရံ၊ သီလဂုဏ်အားဖြင့် သာလွန်ကြီးကျယ်သော။...သမာဓိသမ္ပန္နတရံ၊ သမာဓိဂုဏ်အားဖြင့် သာလွန်ကြီးကျယ်သော။....ပညာသမ္ပန္နတရံ၊ ပညာဂုဏ်အားဖြင့် သာလွန်ကြီးကျယ်သော၊....ဝိမုတ္တိသမ္ပန္နတရံ၊ ဝိမုတ္တိဂုဏ်အားဖြင့် သာလွန်ကြီးကျယ်သော။ အညံ၊ တပါးသော။ တံသမဏံဝါ၊ ထိုရဟန်းကိုသော်လည်းကောင်း။ တံဗြာဟ္မဏံဝါ၊ ထိုပုဏ္ဏားကိုသော်လည်းကောင်း။ အဟံ၊ ငါဘုရားသည်။ န ပဿာမိ၊ ကြည့်ရှုမြင်တော်မမူ။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က သူ မှီခိုကိုးစားပြီးတော့ နေရမဲ့ပုဂ္ဂိုလ်ကို ကြည့်တော့ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်, ဝိမုတ္တိဂုဏ်-တို့ဖြင့် သာလွန်မွန်မြတ်တဲ့ပုဂ္ဂိုလ်ကို လောကကြီးတခုလုံး(သတ္တလောက, ဩကာသလောက)မှာ ကြည့်လိုက်တာ မြင်တော်မမူဘူး—တဲ့။ ဒါ့ကြောင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်တို့ဖြင့် တစုံတယောက်သော လူ နတ် ဗြဟ္မာ သတ္တဝါတို့နဲ့ တူတော်မမူသည်ဖြစ်သောကြောင့်။ အနုတ္တရော၊ အနုတ္တရမည်တော်မူပါပေ၏။ ဟုတ်ပလား?။ (မှန်ပါဘုရား)။

ဒါ ပါဠိတော်ရဲ့ ဂုဏ်တော်ဖွင့်တွေ နော်၊ ဘုန်းကြီး နှုတ်က ဖြစ်တာတွေ မဟုတ်ဘူး။

## အဂ္ဂပသာဒသုတ္တန်

ဒါတင်လားဆိုတော့ မကသေးဘူး၊ ပြောဦးမယ်— အင်္ဂုတ္တိုရ်ပါဠိတော်, ဣတိဝုတ်ပါဠိတော်တို့မှာ အဂ္ဂပသာဒသုတ္တန်လို့ဆိုတာ ရှိတယ်။ နိကာယ်ချင်းက တော့ ကွဲတယ်၊ သို့သော် သုတ္တန်ချင်းက အတူတူဘဲ၊ ကြည့်ရှုချင်တဲ့ပုဂ္ဂိုလ်များ လွယ်လွယ်ကူကူ ကြည့်ရှုနိုင်ဘို့ရန် အတွက် သာလျှင် ဘုန်းကြီးက ကျမ်းဂန်တွေ ညွှန်းညွှန်း ပေးနေတာ။

**အမြတ်ဆုံးဗုဒ္ဓ။** ။အဲဒီသုတ္တန်မှာ မြတ်စွာဘုရား ဘာ ဟောထားပြန်သလဲ ဆိုတော့—

ယာဝတာ ဘိက္ခဝေ သတ္တာ အပဒါ ဝါ ဒွိပဒါ ဝါ စတုပ္ပဒါ ဝါ ဗဟုပ္ပဒါ ဝါ ရူပိနော ဝါ အရူပိနော ဝါ သညိနော ဝါ အသညိနော ဝါ နေဝသညိ-နာသညိနော ဝါ၊ တထာဂတော တေသံ အဂ္ဂမက္ခာယတိ အရဟံ သမ္မာ-သမ္ဗုဒ္ဓေါ။

ဘိက္ခဝေ၊ ရဟန်းတို့။ ယာဝတာ၊ အကြင်မျှလောက်ကုန်သော။ အပဒါ၊ အခြေမရှိကုန်သော။ သတ္တာဝါ၊ သတ္တဝါတို့သည်လည်းကောင်း။ ယာဝတာ၊ ကုန်သော။ ဒွိပဒါ၊ အခြေနှစ်ချောင်းရှိကုန်သော။ သတ္တာဝါ၊ သတ္တဝါတို့ သည်လည်းကောင်း။ ယာဝတာ၊ ကုန်သော။ စတုပ္ပဒါ၊ အခြေလေးချောင်း ရှိကုန်သော။ သတ္တာဝါ၊ တို့သည်လည်းကောင်း။ ယာဝတာ၊ ကုန်သော။ ဗဟုပ္ပဒါ၊ အခြေများစွာရှိကုန်သော။ သတ္တာဝါ၊ တို့သည်လည်းကောင်း။ ယာဝတာ၊ ကုန်သော။ ရူပိနော၊ ရုပ်ရှိကုန်သော။ သတ္တာဝါ၊ တို့သည်လည်း ကောင်း။ ယာဝတာ၊ ကုန်သော။ အရူပိနော၊ ရုပ်မရှိကုန်သော။ သတ္တာဝါ၊ တို့သည်လည်းကောင်း။ ယာဝတာ၊ ကုန်သော။ သညိနော၊ သညာရှိကုန် သော။ သတ္တာဝါ၊ တို့သည်လည်းကောင်း။ ယာဝတာ၊ ကုန်သော။ အသညိနော၊ သညာမရှိကုန်သော။ သတ္တာဝါ၊ တို့သည်လည်းကောင်း။ ယာဝတာ၊ ကုန်သော။ နေဝသညိနာသညိနော၊ သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်း မဟုတ်ကုန်သော။ သတ္တာဝါ၊ သတ္တဝါတို့ သည်လည်းကောင်း။ လောကေ၊ လောက၌။ သန္တိ၊ ရှိကြလေကုန်၏။ တေသံ၊ ထိုပြောခဲ့တဲ့ သတ္တဝါအားလုံးတို့ထက်။ အရဟံ၊ ပူဇော်အထူးကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓေါ၊ မဖောက်မပြန် သယမ္ဘုဉာဏ်ဖြင့် ကိုယ်တော်တိုင် သစ္စာလေးပါး တရားတော်ကို ထိုးထွင်း၍ သိတော်မူသော။ တထာဂတော၊ လမ်းမှန်ရောက်သခင် ဘုရားရှင် ကိုယ်တော်မြတ်ကို။ အဂ္ဂ-အဂ္ဂေါ၊ အကြီးဆုံး, အသာဆုံး, အမြတ်ဆုံးဟူ၍။ အက္ခာယတိ၊ ဟော ကြားတော်မူအပ်၏။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က "ရှိသမျှ သတ္တဝါတွေထဲမှာ သူဟာ အသာဆုံး, အမြတ်ဆုံးဖြစ်တယ်၊ အနုတ္တရ-ဂုဏ်တော်ကို ရတော်မူပြီးသည်ဖြစ် သောကြောင့် ဘယ်သတ္တဝါနဲ့မှ တူတော်မမူဘူးတဲ့"၊ ဟုတ်လား?။ (မှန်ပါ)။

**အတူမရှိသောဗုဒ္ဓ**။ ။ဒါတင်လားဆိုတော့ မကသေးဘူး။ ခုဒ္ဒကနိကာယ် တခုမှာ လာသေးတယ်၊ မဇ္ဈိမနိကာယ်တို့မှာလဲ လာ ပါတယ် ဒီစကား—

န မေ အာစရိယော အတ္ထိ၊ သဒိသော မေ န ဝိဇ္ဇတိ။
သဒေဝကသ္မိံ လောကသ္မိံ၊ နတ္ထိ မေ ပဋိပုဂ္ဂလော။

မြတ်စွာဘုရား ဥပကတက္ကဒွန်းကြီးနဲ့ တွေ့တဲ့အခါ—

ဥပက၊ ဥပက။ သဒေဝကသ္မိံ လောကသ္မိံ၊ နတ်နှင့်တကွသော လူ အပေါင်း၌။ ဝါ၊ လူနတ်ပြဟ္မာ သတ္တဝါတို့အထဲ၌။ မေ၊ ငါ့အား။ အာစ-ရိယော၊ ဆရာဖြစ်တဲ့ပုဂ္ဂိုလ်သည်။ နတ္ထိ၊ မရှိ။

လောကုတ္တရာအရာမှာ မြတ်စွာဘုရားမှာ ဆရာမရှိဘူး။ လောကီသမာပတ်တွေနဲ့ ပတ်သက်လို့ အာဠာရ, ဥဒကတို့ကို ဆရာဆိုချင် ဆို။ နော် (မှန်ပါ)။

သစ္စာလေးပါးကို ထိုးထွင်း၍ သိတော်မူတဲ့ မြတ်စွာဘုရား လောကုတ္တရာအရာမှာ ဆရာမရှိဘူး။ "န မေ အာစရိယော အတ္ထိ"၊ မေ၊ ငါ့အား။ အာစရိယော၊ လောကုတ္တရာအရာမှာ ဆရာသည်။ နတ္ထိ၊ မရှိ။

သဒေဝကသ္မိံ လောကသ္မိံ၊ နတ်နှင့်တကွသော လောကထဲ၌။ မေ၊ ငါနှင့်။ သဒိသော၊ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်အားဖြင့် တူသောသူသည်။ နဝိဇ္ဇတိ၊ မရှိ။

ဘုရားနဲ့ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်အားဖြင့် တူတဲ့ပုဂ္ဂိုလ်များ လောကမှာ ရှိသလား?။ (မရှိပါဘုရား)။

ဒါကြောင့် အနုတ္တရလို့ဆိုတဲ့ ဂုဏ်ကော်ကို ရတယ်၊ နော်။ (မှန်ပါဘုရား)။

သဒေဝကသ္မိံ လောကသ္မိံ၊ နတ်နှင့်တကွသော လူထဲ၌။ မေ၊ ငါနှင့်။ ပဋိပုဂ္ဂလော၊ ပြိုင်ဘက် ယှဉ်ဘက်ဖြစ်သော ပုဂ္ဂိုလ်သည်။ နတ္ထိ၊ မရှိ။

မြတ်စွာဘုရားနဲ့ ပြိုင်နိုင်တဲ့ ပုဂ္ဂိုလ် ရှိကိုမရှိဘူး – တဲ့။

နိဂုံး။ ။တေန၊ ထိုကြောင့်။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်သည်။ အနုတ္တရော၊ အနုတ္တရမည်တော်မူပါပေ၏။ အနုတ္တရ-ဂုဏ်တော် ပြီးပြီလို့ ဆိုကြပါစို့။

ရှေ့သွားရအောင် ပုရိသဒမ္မသာရထိကို ပြောအုံးမယ်။

## ပုရိသဒမ္မသာရထိဂုဏ်တော်

"ပုရိသဒမ္မသာရထိ"။

ဒမ္မပုရိသ=ဆုံးမသင့်, ဆုံးမထိုက်တဲ့ပုဂ္ဂိုလ်၊ တွေ့ကရာပုဂ္ဂိုလ်ကို ပြောတာ မဟုတ်ဘူး။ မြတ်စွာဘုရားက ဆုံးမတယ်ဆိုတာ ကြည့်ပြီးတော့ ဆုံးမသင့်တဲ့ ပုဂ္ဂိုလ်မှ ဆုံးမတယ်၊ တရားဟောသင့်တဲ့ ပုဂ္ဂိုလ်မှ ဟောတယ်။ ကြည့်လိုက်တယ် "ဒီပုဂ္ဂိုလ်ကို ငါဟောလို့ ရမလား, မရဘူးလား၊ ဆုံးမလို့ ရမလား, မရဘူးလား" လို့ဆိုတာ ကြည့်လိုက်သေးတယ်။ ဆုံးမလို့မရရင် ဟောကို မဟောဘူး။ ပါရမီကုသိုလ်ကလေးလောက်ဘဲ ဖြစ်ပါစေတော့လို့ ကြည့်လိုက်တယ်၊ တွေ့ရင်တော့ ဟောလိုက်သေးတယ်၊ မတွေ့ရင် မဟောဘူး။

"ပုရိသဒမ္မသာရထိ၊" မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် သတ္တဝါတွေကို ဆုံးမတော်မူတယ်ဆိုတာ ဘယ်လိုဆုံးမသလဲ?။

ပုရိသဒမ္မသာရထိ၊ မယဉ်ကျေးသေးသော လူယောကျ်ား, နတ်ယောကျ်ား, တိရစ္ဆာန်ယောကျ်ားတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်၏။

**ကေသိသုတ္တန်။** ။ဘယ်လိုဆုံးမသလဲ ဆုံးမတယ်ဆိုတာ၊ အဲဒါနဲ့ ပတ်သက်ပြီး အင်္ဂုတ္တိုရ်ပါဠိတော် ကေသိဝဂ်မှာ "ကေသိသုတ္တန်"ဆိုတာ ရှိတယ်၊ အဲဒါ ပါဠိတော် ကိုးကားချက်နဲ့ ဘုန်းကြီး ပြောပေးအုံးမယ်။ မြင်းတွေကို မလိမ္မာ လိမ္မာအောင် ဆုံးမနေတဲ့ မြင်းဆရာလုပ်တဲ့ "ကေသိ"ဆိုတဲ့ တကာတယောက် ရှိတယ်။

**ဗုဒ္ဓ၏အမေး။** ။တနေ့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ထံမှောက်သို့ အဲဒီ ကေသိဆိုတဲ့ မြင်းဆရာက ရောက်သွားတော့ ကေသိကို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က မေးတယ် "မြင်းဆရာ ကေသိ၊ သင်ဟာ မလိမ္မာ မယဉ်ကျေးသေးတဲ့ မြင်းတွေကို ဆုံးမတဲ့အခါ ဘယ်လိုဆုံးမသလဲ"-တဲ့။

**ကေသိအဖြေ။** ။ဒီတော့ မြင်းဆရာက မြတ်စွာဘုရားကို ဘယ့်နှယ်လျှောက်သလဲဆိုတော့ "အချို့မြင်းတွေကို ယဉ်ယဉ်ကျေးကျေး သိမ်သိမ် မွေ့မွေ့ နူးနူးညံ့ညံ့က တကြိမ်, ကြမ်းကြမ်းတမ်းတမ်းက တကြိမ်, ဒီလိုရောပြီးတော့ ဆုံးမရပါတယ်ဘုရား"တဲ့။ "အဲဒီလို နူးနူးညံ့ညံ့ကော, ကြမ်းကြမ်းတမ်းတမ်းကော ဆုံးမလို့မရတဲ့မြင်းတွေကို ဘယ့်နှယ်လုပ်သလဲ"ဆိုတော့ "အဲဒီမြင်းကိုတော့ သတ်လိုက်ကရော ဘုရား"တဲ့။

ဆရာနာမည်ပျက်မှာစိုးလို့၊ ဟုတ်လား။　　(မှန်ပါ)

**ကေသိက** မြတ်စွာဘုရားကို လျှောက်ပြန်တယ်—

"ဘဂဝါပိ ဘန္တေ အနုတ္တရော ပုရိသဒမ္မသာရထိ"

ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရား။ ဘဂဝါပိ၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည်လည်း။ အနုတ္တရော ပုရိသဒမ္မသာရထိ၊ မယဉ်ကျေးတဲ့လူတွေကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်ပါပေ၏ မြတ်စွာဘုရား။

**ကေသိအမေး။** ။"ကထံ ပန ဘန္တေ ဘဂဝါ ပုရိသဒမ္မံ ဝိနေတိ"

ဘန္တေ၊ ဘုန်းတော်သခင် ရှင်တော်ဘုရား။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုရှင်တော်မြတ်ဘုရားသည်။ ကထံပန၊ အဘယ်သို့လျှင်။ ပုရိသဒမ္မံ၊ ဆုံးမသင့် ဆုံးမထိုက်တဲ့သူကို။ ဝိနေတိ၊ ဆုံးမတော်မူပါသနည်း။

ကေသိက မြတ်စွာဘုရားကိုလျှောက်တယ် "အရှင်ဘုရားတဲ့- အရှင်ဘုရား သတ္တဝါတွေကို ဆုံးမတော်မူတဲ့အခါမှာ ဘယ်ပုံဘယ်နည်း ဆုံးမတော်မူပါသလဲ ဆိုတာကို မိန့်တော်မူပါဘုရား"။

ဗုဒ္ဓအဖြေ။ ။ဒီတော့ မြတ်စွာဘုရားကလဲဘဲ သတ္တဝါတွေကို ဆုံးမတဲ့နည်းကို ပြန်ပြောတယ်—

အဟံ ခေါ ကေသိ ပုရိသဒမ္မံ သဏှေနပိ ဝိနေမိ၊ ဖရုသေနပိ ဝိနေမိ၊ သဏှဖရုသေနပိ ဝိနေမိ။

ကေသိ၊ မြင်းဆရာကေသိ။ အဟံ၊ ငါသည်။ ပုရိသဒမ္မံ၊ ဆုံးမသင့်ဆုံးမ ထိုက်တဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးနှင့် လူနတ်ဗြဟ္မာ သတ္တဝါကို။ သဏှေနပိ၊ သိမ်မွေ့နူးညံ့သော ဆုံးမခြင်းဖြင့်လည်း။ ဝိနေမိ၊ ဆုံးမတော်မူ၏။ ဖရုသေနပိ၊ ကြမ်းကြမ်းတမ်းတမ်း ဆုံးမခြင်းဖြင့်လည်း။ ဝိနေမိ၊ ဆုံးမတော်မူ၏။ သဏှဖရုသေနပိ၊ နူးညံ့ခြင်း ကြမ်းတမ်းခြင်း ဆိုတဲ့ သဘောနှစ်မျိုးဖြင့်လဲ။ ပုရိသဒမ္မံ၊ ဆုံးမသင့်ဆုံးမထိုက်တဲ့ ပုဂ္ဂိုလ်ကို။ ဝိနေမိ၊ ဆုံးမတော်မူ၏။

ကေသိ-တဲ့ ငါဘုရား ကိုယ်တော်မြတ်ဟာလဲဘဲ သတ္တဝါတွေကို ဆုံးမတဲ့ နေရာမှာ အချို့ပုဂ္ဂိုလ်တွေကျတော့ နူးနူးညံ့ညံ့နဲ့ ဆုံးမတော်မူတယ်။ တချို့ ပုဂ္ဂိုလ်ကျတော့ မြတ်စွာဘုရား ဘယ့်နှယ်လုပ်သလဲ၊ ကြမ်းကြမ်းတမ်းတမ်း ဆုံးမ တော်မူတယ်။ တချို့ပုဂ္ဂိုလ်ကျတော့ နူးညံ့တာတလှဲ့, ကြမ်းတမ်းတာတလှဲ့ ဒီလိုလုပ်ပြီးတော့ နှစ်မျိုးနဲ့ ဆုံးမတော်မူတယ်။

နူးနူးညံ့ညံ့ဆုံးမပုံ။ ။"တတြိဒံ ကေသိ သဏှသ္မိံ"

နူးနူးညံ့ညံ့ ဆုံးမတယ်ဆိုတာ ဘယ်လိုဆုံးမတာလဲ?

ကေသိ၊ မြင်းဆရာကေသိ။ တတြ၊ ထိုဆုံးမခြင်း သုံးမျိုးတို့၌။ ဣဒံ၊ ဤဆုံးမခြင်းသည်ကား။ သဏှသ္မိံ၊ နူးနူးညံ့ညံ့ ဆုံးမခြင်းသည်။ ဟောတိ၊ ဖြစ်၏။ (ဝိဘတ္တိဝိပလ္လာသ သဏှသ္မိံ-မှာ)။

နူးနူးညံ့ညံ့ ဆုံးမတယ်ဆိုတာ ဘယ်လိုဆုံးမသလဲ?

ဣတိ ကာယသုစရိတံ ဣတိ ကာယသုစရိတဿ ဝိပါကော၊ ဣတိ ဝစီ-သုစရိတံ ဣတိ ဝစီသုစရိတဿ ဝိပါကော၊ ဣတိ မနောသုစရိတံ ဣတိ မနောသုစရိတဿ ဝိပါကော၊ ဣတိ ဒေဝါ ဣတိ မနုဿာတိ။

ဒါ နူးနူးညံ့ညံ့ ဆုံးမတာ။

ကာယသုစရိတံ၊ ကိုယ်အမူအရာကို ကောင်းအောင်ကျင့်တယ်ဆိုတဲ့ ကာယသုစရိုက်သည်။ ဣတိ၊ ဤသို့သဘောရှိ၏။ (ကာယသုစရိုက်ဆိုတာ

ဒီလိုကွဲ့လို့ မြတ်စွာဘုရားဆုံးမတယ် အကျိုးကိုပြပြီးတော့။) ကာယသုစရိ-တဿ၊ ကာယသုစရိုက်၏။ ဝိပါကော၊ အကျိုးပေးခြင်းသည်။ ဣတိ၊ ဤသို့သဘောရှိ၏။ (ဝစီသုစရိုက်က ဒီလို၊ ဝစီသုစရိုက်အကျိုးပေးခြင်းက ဒီလို။ မနောသုစရိုက်က ဒီလို၊ မနောသုစရိုက် အကျိုးပေးခြင်းက ဒီလို။) ဣတိ ဒေဝါ။ နတ်ချမ်းသာဆိုတာ ဒီလို။ ဣတိ မနုဿာ၊ လူချမ်းသာဆိုတာ ဒီလို။

အဲဒီလို ကောင်းတဲ့ဘက်လှည့်ပြီးတော့ ဆုံးမတယ်။ ဒီတော့ သတ္တဝါတွေဟာ သုစရိုက်တရားကို ညွှန်ပြလိုက်သောအားဖြင့် သုစရိုက်ရဲ့ အကျိုးအာနိသံသကို သိပြီးတော့ လူနတ်တို့၏ ချမ်းသာကို လိုချင်သည်ဖြစ်သောကြောင့် ဒီသတ္တဝါတွေဟာ ယဉ်ကျေးသွားကြတယ်။ ဒါသိမ်သိမ်မွေ့မွေ့ ဆုံးမပုံ။

**ကြမ်းကြမ်းဆုံးမပုံ။**　　။တချို့ကျတော့ ကြမ်းကြမ်းတမ်းတမ်း ဆုံးမတယ်ဆိုတာ ဘယ်လိုဆုံးမသလဲ, ရိုက်နှက်ပြီးတော့ ဆုံးမတာလား မြတ်စွာဘုရားက? ဒီလိုမဟုတ်ဘူး ကြမ်းကြမ်းတမ်းတမ်း ဆုံးမတယ်ဆိုတာ—

"တတြိဒံ ကေသိ ဖရုသသ္မိံ"

ကေသိ၊ ကေသိမြင်းဆရာ။ တတြ၊ ထိုဆုံးမခြင်းတို့တွင်။ ဣဒံ၊ ဤဆိုလတံ့သည်ကား။ ဖရုသသ္မိံ၊ ကြမ်းတမ်းသော ဆုံးမခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဣတိ ကာယဒုစ္စရိတံ၊ ဣတိ ကာယဒုစ္စရိတဿ ဝိပါကော။

ကာယဒုစရိုက်ဆိုတာ ဒီလို၊ ကာယဒုစရိုက် အကျိုးပေးတယ်ဆိုတာ ဒီလိုခံရတယ်။ ဝစီဒုစရိုက်ဆိုတာ ဘယ်လို၊ ဝစီဒုစရိုက် အကျိုးပေးတယ်ဆိုတာ ဘယ်လို၊ မနောဒုစရိုက်ဆိုတာ ဘယ်လို၊ မနောဒုစရိုက် အကျိုးပေးတယ်ဆိုတာ ဘယ်လိုလို့ ဆိုပြီးတော့, ဒုစရိုက်တွေရဲ့ အပြစ်များကိုဖော်ပြပြီးတော့ မြတ်စွာဘုရားက ဆုံးမတယ်။ ဒီတော့ ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက်, ကာယဒုစရိုက်ရဲ့ အကျိုးပေး, ဝစီဒုစရိုက်ရဲ့ အကျိုးပေး, မနောဒုစရိုက်ရဲ့ အကျိုးပေးတွေကို ဟောဖော်ညွှန်ပြ ဆိုဆုံးမသောအားဖြင့် ဒီအကျိုးပေးမှုတွေနဲ့ ကာယဒုစရိုက်တွေကို စက်ဆုပ်ရွံရှာသော ပုဂ္ဂိုလ်များက ဒီ ဒုစရိုက်တရားတွေကို မရှောင်ကြဉ်ကြဘူးလား?　　(ရှောင်ကြဉ်ကြပါတယ်ဘုရား)

ဒါ "ဖရုသသ္မိံ"၊ကြမ်းကြမ်းတမ်းတမ်းဆုံးမတယ် ဆိုတာ ဒီလိုပါတဲ့ "ဣတိ တိရစ္ဆာနယောနိ၊ ဣတိ ပေတ္တိဝိသယော" အဲဒီဒုစရိုက်တရားတွေကြောင့် ဟောဒါအပါယ်လေးပါးရောက်တယ်၊ ဒီဒုစရိုက်တရားတွေကြောင့် တိရစ္ဆာန်ဖြစ်တယ်၊ ဒီဒုစရိုက်တရားတွေကြောင့် ပြိတ္တာတွေ, အသုရကာယ်တွေ ဖြစ်တယ်လို့ မြတ်စွာ

ဘုရား ဒီလို ဆုံးမတော်မူတယ်။ ဒါ ကြမ်းကြမ်းတမ်းတမ်း ဆုံးမတော်မူတာ။ အဲသလို ဆုံးမလိုက်သောအားဖြင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ တပည့်သားတွေဟာ ယဉ်ကျေးသွားကြပါတဲ့-တဲ့။ ယဉ်ကျေးမဲ့ပုဂ္ဂိုလ်တွေ ယဉ်ကျေးသွားကြတယ်။

**အနုအကြမ်းဆုံးမပုံ။** ။တချို့ပုဂ္ဂိုလ်ကျတော့ အကျိုးရော အပြစ်ရော ပြပြီးတော့—

ဣတိ ကာယသုစရိတံ ဣတိ ကာယသုစရိတဿ ဝိပါကော၊ ဣတိ-ကာယဒုစ္စရိတံ ဣတိ ကာယဒုစ္စရိတဿ ဝိပါကော။

ဟောဒါ ကာယသုစရိုက်၊ ဟောဒါ ကာယသုစရိုက်ရဲ့ အကျိုး။ ဒါ ကာယဒုစရိုက်၊ ဒါ ကာယဒုစရိုက်ရဲ့ အကျိုး-စသည်ဖြင့် ဆုံးမတော်မူတယ်။

ဟောဒါ လူချမ်းသာ၊ ဟောဒါ နတ်ချမ်းသာ-စသည်ဖြင့် အဲသလို မြတ်စွာဘုရား ဆုံးမတော်မူသည်ဖြစ်သောကြောင့် အကျိုးနဲ့အပြစ်ကို ဖော်ပြပြီး ဆုံးမတော်မူတဲ့အတွက် သတ္တဝါတွေ ယဉ်ကျေးသွားကြတယ်။ ဟုတ်လား? (မှန်ပါ)။

## ဂဏမောဂ္ဂလာနသုတ္တန်

**ပုဏ္ဏားလျှောက်ချက်။** ။ဂဏမောဂ္ဂလာနသုတ်မှာလဲ ဂဏမောဂ္ဂလာန်ပုဏ္ဏားကြီးက မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို လျှောက်တယ်၊ အရှင်ဘုရားတဲ့ တပည့်တော်တို့ ဂဏန်းအတတ်တွေကို သင်ကြားနေတဲ့ ပုဏ္ဏားဆရာကြီးဆိုတာ—

ဧက ဧကကံ, ဒွေ ဒွိကံ, တီဏိ တိကံ, စတ္တာရိ စတုက္ကံ, ပဉ္စ ပဉ္စကာ, ။ပ။ အဋ္ဌ အဋ္ဌကာ, နဝ နဝကံ။

တစ်တလီ တစ်, နှစ်နှစ်လီ လေး, သုံးသုံးလီ, လေးလေးလီ-စသည်ဖြင့် အဲဒီလို ဂဏန်းသင်္ချာအတတ်ကို သင်တဲ့ပုဂ္ဂိုလ်ဟာ အစဉ်အတိုင်း သင်ပြီးတော့ ဆုံးမသွားရပါတယ် ဘုရား။

သက္ကာ နုခေါ ဘော ဂေါတမ ဣမသ္မိံ ဓမ္မဝိနယေ အနုပုဗ္ဗပဋိပဒါ ပညပေတုံ။ အရှင်ဘုရားရဲ့ သာသနာတော်မှာလဲ သတ္တဝါတွေကို ဆုံးမတယ်ဆိုတာ ဒီလို အစဉ်အတိုင်း ဆုံးမပုံ, ဆုံးမနည်းများ ရှိပါသလားဘုရား-တဲ့။ ဟုတ်လား၊ (မှန်ပါ)။

**ဗုဒ္ဓ ဖြေဆိုချက်။** ။ဒီတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က—

“သက္ကာ ခေါ ဗြာဟ္မဏ”ရှိတယ်။ ဘယ်လိုလဲ, ခုနက မြင်းကို ဆုံးမတဲ့ အခါမှာ၊ ဟုတ်လား? (မှန်ပါ)

ရှေးဦးစွာ ဇက်ထားပုံကလေးကို ဆုံးမပြီးတဲ့အခါကျတော့မှ တဆင့်တဆင့် ခြေထားပုံ, လက်ထားပုံ, ဒီလို တဆင့်တဆင့် သင်သွားသလို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်လဲ သူတပည့်, သား, မြေးကို ဆုံးမတော်မူတဲ့အခါမှာ ရှေးဦးစွာ–

ပဌမံ ဧဝံ ဝိနေမိ "ဧဟိ တွံ ဘိက္ခု ပါတိမောက္ခသံဝရသံဝုတော ဝိဟရတိ၊ အာစာရဂေါစရသမ္ပန္နော အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ သမာဒါယ သိက္ခတိ သိက္ခာပဒေသု"။

ညကပြောခဲ့တဲ့ 'သီလ, ဣန္ဒြိယသံဝရသီလ, ဘောဇနေမတ္တညုတာ, ဇာဂရိယာ-နုယောဂ-စတဲ့ အဲဒီတရားတွေကို တခုပြီးတခု နိုင်အောင် နိုင်အောင်, အဲဒီလို အစဉ်အတိုင်းနဲ့ အရဟတ္တဖိုလ်ပေါက်အောင် အစဉ်အတိုင်း ဆုံးမတော်မူပါတယ် တဲ့ မြတ်စွာဘုရားက။ ဟုတ်ပလား? (မှန်ပါဘုရား)။

ဒါ အနုတ္တရောပုရိသဒမ္မသာရထိ၊ ဟုတ်လား၊ (မှန်ပါ)။

## သတ္ထာဒေဝမနုဿာန ဂုဏ်တော်

"သတ္ထာ ဒေဝမနုဿာနံ"။

သောဘဂဝါ၊ ထိုဘုန်းတော်နေ့ဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရားသည်။ ဒေဝမနုဿာနံ၊ နတ်လူတို့၏။ သတ္ထာ၊ ဆရာဖြစ်တော်မူ၏။

ဘယ်လိုလဲ၊ သတ္ထာဒေဝမနုဿာန-ကို ဟောဦးမယ်။

**လှည်းကုန်သည်ကြီး။**　။ဘယ်လို ဆရာဖြစ်သလဲ? လှည်းကုန်သည်ကြီးများ လှည်းသမားတွေကို ဝဋ္ဋကန္တာရ = သားရဲတိရစ္ဆာန် တွေ ပေါတဲ့ ခရီးခဲကြီး, ဒုဗ္ဘိက္ခကန္တာရ = ငတ်မွတ်ခေါင်းပါးတဲ့ ခရီးခဲကြီး, နိရုဒကကန္တာရ=ရေရှားတဲ့ ခရီးခဲကြီး, စောရကန္တာရ=ခိုးသူ ဓားပြတို့ပေါတဲ့ ခရီးခဲကြီးများမှ လှည်းကုန်သည်များသည် လှည်းသမားတွေကို လွတ်အောင် ပို့သလို–

**မြတ်စွာဘုရား။**　။ဘဂဝါ သတ္တဝါဟော သတ္တေ ကန္တာရံ တာရေတိ။ မဟာနိဒ္ဒေသ ပါဠိတော်ကြီးက––

ဘဂဝါ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နဲ့ ပြည့်စုံတော်မူသော မြတ်စွာ ဘုရားသည်။ သတ္တေ၊ လူအရပ်ရပ်, နတ်အဖြာဖြာ, သတ္တဝါမှန်သမျှတွေကို။ ကန္တာရံ၊ သံသရာခရီးခဲကြီးကို။ တာရေတိ၊ ကူးမြောက်စေတော်မူ၏။

သံသရာခရီးခဲကြီးက မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် သတ္တဝါတွေကို ကယ်တင်တော်မူတယ်-တဲ့။

**ကယ်တင်တော်မူပုံ။** ။သတ္တဝါဟု ဆိုတာ—

ဇာတိကန္တာရံ တာရေတိ၊ ဇရာကန္တာရံ တာရေတိ၊ ဗျာဓိကန္တာရံ တာရေတိ၊ မရဏကန္တာရံ တာရေတိ၊ သောကပရိဒေဝဒုက္ခဒေါမနဿု-ပါယာသကန္တာရံ တာရေတိ။

ဇာတိတည်းဟူသော ခရီးခဲကြီးက, ဇရာတည်းဟူသော ခရီးခဲကြီးက, ဗျာဓိ တည်းဟူသော ခရီးခဲကြီးက, မရဏတည်းဟူသော ခရီးခဲကြီးက, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ တည်းဟူသော ခရီးခဲကြီးက နေပြီးတော့ သတ္တဝါတွေကို မြတ်စွာဘုရား ကယ်တင်တော်မူလိုက်တယ်။

သက်သေထုတ်ပါလို့ဆိုရင် ပဋာစာရီတို့ရဲ့ သောကကန္တာရ ခရီးခဲကြီးက မြတ်စွာဘုရား ကယ်တင်တော် မမူဘူးလား။ (ကယ်တင်ပါတယ် ဘုရား။)

သန္တတိအမတ်ကြီးတို့ရဲ့ သောကပရိဒေဝ ကန္တာရ ခရီးခဲကြီးက ကယ်တင် တော် မမူဘူးလား။ (ကယ်တင်ပါတယ် ဘုရား။)

အဲဒီလို သတ္တဝါ ဝေနေယျတွေကို သံသရာတည်းဟူသော ခရီးခဲကြီးက ကယ်တင်ထုတ်ဆောင်တော်မူတတ်သည် ဖြစ်သောကြောင့် သတ္ထာ ဒေဝ မနု-ဿာနံ၊ သတ္ထာဒေဝမနုဿာန မည်တော်မူပါပေ၏”။ ဟုတ်လား? (မှန်ပါ ဘုရား။)

လူတွေ နတ်တွေတင်လား ဆိုတော့ မဟုတ်ဘူး။ လူနဲ့နတ်တို့ဆိုတာ ဒါ ဥက္ကဋ္ဌဒေသနာနည်းလို့ ခေါ်တယ်။ အဟိတ်တိရစ္ဆာန်ဖြစ်တဲ့ ပုဂ္ဂိုလ်တွေကိုတောင် မှ သံသရာဝဋ်ဆင်းရဲကြီးက မြတ်စွာဘုရား ကယ်တင်တော် မမူဘူးလား? (ကယ် တင်တော်မူပါတယ် ဘုရား။)

သက်သေပြပါလို့ဆိုတော့ အဟိတ်တိရစ္ဆာန်ကို တရားဟောပေးသောအား ဖြင့် အဲဒီ အဟိတ်တိရစ္ဆာန်တွေဟာ မြတ်စွာဘုရားတရားတော်ကို နာပြီးတဲ့ နောက် ပထမဘဝမှာ တရားမရပေမဲ့ ဒုတိယဘဝ, တတိယဘဝတွေမှာ တရားရ သွားတယ်နော်။ (မှန်ပါ)။

အဲဒါ ဘယ်သူ့ကို သက်သေပြထားသလဲဆိုတော့ အဋ္ဌကထာဆရာကြီးက မဏ္ဍူကဒေဝပုတ္တကို အကြောင်းပြုပြီးတော့ ပြထားဘယ်။

## ဖားနတ်သားဝတ္ထု

**ဖားနတ်သားဖြစ်။** ။မြတ်စွာဘုရား စမ္ပာပြည်ရဲ့အနီး ဂဂ္ဂရာအမည်ရှိတဲ့ မိဖုရား ကြီးရဲ့ ရေကန်ကြီးအနီးမှာ မြတ်စွာဘုရားကိုယ်တော်မြတ် တရားဟောနေတယ်၊ ဖားကလေးတကောင် ရေကန်ထဲက တက်လာပြီးတော့

တရားနာနေတဲ့အခါ နွားကျောင်းသားက ဖားကလေးကို ထုတ်နဲ့ထောက်လိုက်တော့ ဒီဖားကလေး ဘာဖြစ်သလဲ၊ မြတ်စွာဘုရားရဲ့ တရားသံကို အမှတ်ယူပြီးတော့ သေသွားတော့ ဟော တာဝတိံသာနတ်ပြည် သွားပြီး နတ်သားဖြစ်တယ်။ ဟာ ပေါလိုက်တဲ့နတ်သမီးတွေဆိုဒါ မပြောနဲ့တော့၊ ဘုံဗိမာန်ကြီးတွေနဲ့ ရွှေတွေ ဝင်းဝင်းတောက်လို့။

**လူ့ပြည်လာ။** ။"ဟာ ငါ ဘာဖြစ်လို့ ဒီနတ်ဗိမာန်ကြီးမှာ လာပြီးတော့ ဘယ်ကုသိုလ်ကြောင့် ဒီလို ဖြစ်တာပါလိမ့်မလဲ"လို့ နတ်သားက ကြည့်လိုက်တော့ "ဪ ဂဂ္ဂရာရေကန်အနီးမှာ မြတ်စွာဘုရား တရားဟောနေတုန်းရှိသေးတယ်၊ မပြီးသေးဘူး၊ တရားပွဲကို အဲဒီနတ်သားက ဘယ့်နှယ်လုပ်သလဲဆိုတော့ "ဟာ ဒီလောက်အကျိုးကြီးတဲ့တရားတော့ ငါ နတ်သားအဖြစ်နဲ့ သွား နာဦးမှဘဲ"ဆိုပြီးတော့ တခါထဲ ဗိမာန်ကြီးရော, နတ်ပရိသတ်အခြွေအရံတွေရော အရောင်အဝါတွေနဲ့ မြတ်စွာဘုရား ခြေတော်ရင်းမှာလာပြီးတော့ ရှိခိုးတယ်။

**ဗုဒ္ဓအမေး။** ။အဲဒီအခါ မြတ်စွာဘုရားက နတ်သားကို သိလျက်သားနဲ့ မေးလိုက်တယ်—

ကော မေ ဝန္ဒတိ ပါဒါနိ၊ ဣဒ္ဓိယာ ယသသာ ဇလံ။
အဘိက္ကန္တေန ဝဏ္ဏေန၊ သဗ္ဗာ ဩဘာသယံ ဒိသာ။

ဣဒ္ဓိယာ၊ ဤကဲ့သို့ နတ်တို့၏တန်ခိုးနှင့်။ ယသသာ၊ ဤကဲ့သို့ နတ်တို့၏ အခြံအရံနှင့်။ ဇလံဇလန္တော၊ ထွန်းလင်းတောက်ပလျက်။ အဘိက္ကန္တေန၊ အလွန်နှစ်လိုဖွယ်ရှိသော။ ဝဏ္ဏေန၊ အဆင်းဖြင့်။ သဗ္ဗာဒိသာ၊ အလုံးစုံသော အရပ်မျက်နှာတို့ကို။ ဩဘာသယံ-ဩဘာသယန္တော၊ ထွန်းလင်းတောက်ပစေလျက်။ မေ၊ ငါဘုရားရှင်ကိုယ်တော်မြတ်၏။ ပါဒါနိ၊ ခြေတော်အစုံတို့ကို။ ဝန္ဒတိ၊ ရှိခိုးတဲ့သူသည်ကား။ ကော၊ အဘယ်သူတဲ့နည်း။

သိလျက်သားနဲ့ မေးတယ်၊ "ဟာ ဒီလောက်ကြီးကျယ်တဲ့, ခမ်းနားတဲ့, ဆန်းပြားတဲ့ နတ်တို့၏ စည်းစိမ်ကြီးနဲ့ ငါရဲ့ခြေတော်အစုံကို လာပြီး ရှိခိုး၍နေတာ ဘယ်လိုလူလဲ"လို့၊ အဲဒီလို မြတ်စွာဘုရားက မေးလိုက်တယ်၊ သိလျက်သားနဲ့မေးတာ ပရိသတ်တွေ ထင်ရှားစေလို့လို့။

**နတ်သားအဖြေ။** ။ဒီတော့ ဖားနတ်သားကလေးက ပြန်ပြီးတော့ လျှောက်တယ်။ ဘယ့်နှယ် လျှောက်သလဲဆိုတော့—

မဏ္ဍူကော ဟံ ပုရေ အာသိံ၊ ဥဒကေ ဝါရိဂေါစရော။
တဝ ဓမ္မံ သုဏန္တဿ၊ အဝဓိ ဝစ္ဆပါလကော—

လို့ ဖားနတ်သားကလေးက ပြန်လျှောက်တယ်။

ဘန္တေ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နဲ့ ပြည့်စုံတော်မူသော မြတ်စွာဘုရား။ အယံ၊ ဘုရားတပည့်ဟောသည်။ ပုရေ-ပုရိမဘဝေ၊ ရှေးဖြစ်သောဘဝ၌။ ဥဒကေ၊ ရေ၌။ ဇာတော၊ ပေါက်ဖွားရှိလာသော။ ဝါရိဂေါစရော၊ ရေထဲမှာသာ ကျက်စားရှိနေသော။ မဏ္ဍူကော၊ ဖားသူငယ်သည်။ အာသိ၊ ဖြစ်ခဲ့ဘူးပါပြီ။ တဝ၊ ဘုန်းတော်ကျော်ကြား သဗ္ဗညုရှင်တော် မြတ်ဘုရား၏။ ဓမ္မံ၊ ဟောတော်မူတဲ့ တရားတော်ကို။ သုဏန္တဿ၊ နာကြား ရှိနေစဉ်။ (နာကြားနေတုန်းမှာ, အနာဒရအနက်မှာ ဆဋ္ဌီဝိဘတ် သက်ထားတာ)။ သုဏန္တဿ၊ နာကြားရှိနေစဉ်။ ဝစ္ဆပါလကော၊ နွားကျောင်းသားတယောက်သည်။ မံ၊ ဘုရားတပည့်တော်ကို။ အဝဓိ၊ ခေါင်းပေါ်မှာ တုတ်ထောက်ပြီးတော့ သတ်ဖြတ်ခဲ့ပါပေ၏ ဘုရား။

အမိပွါယ်။ ။"ဘုရားတပည့်တော်ဟာ ရှေးဘဝတုန်းက ဖားကလေးပါ၊ အရှင်ဘုရားတရား နာနေတုန်း နွားကျောင်းသားတယောက် လာပြီးတော့ တုတ်နဲ့ထောက်သည်ဖြစ်သောကြောင့် ဘုရားတပည့်တော် သေသွားပြီး တာဝတိံသာနတ်ပြည်မှာ နတ်သားဖြစ်ပါတယ်"လို့ ဆိုတော့ တရားနာရတဲ့ အကျိုးများ ကြည့်စမ်း ဘုန်းကြီးတို့ပရိသတ်၊ ဟုတ်လား။ (မှန်ပါဘုရား)။

အဲဒါနဲ့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က သစ္စာလေးပါးတရား ဟော လိုက်တော့ အဲဒီဖားနတ်သားကလေးဟာ သူ့ပရိသတ်နှင့် အတူတကွ သော တာပတ္တိဖိုလ်၌တည်တယ် ဒုတိယဘဝမှာ။

နိဂုံး။ ။ဒါကြောင့် ဘုန်းကြီးတို့ခပ်ငယ်ငယ်တုန်းက အတွင်းအောင်ခြင်းမှာ လား ပါတယ်။

သံသာရဒုက္ခကန္တာရံ၊ ကိလေသစောရပီဠိတံ။
ခေမန္တဘူမိံ တာရေသိ၊ သတ္တဝါဟော ဝိနာယကော။

ကျောင်းသားတုန်းက ကျောင်းသင်္ချာစာထဲမှာ အံလိုက်ရတဲ့ အတွင်း အောင်ခြင်း။ ကဲ အဲဒီကျောင်းသင်္ချာစာကလေး သွားပြီးတော့ အမှတ်ရတယ် ခု တရားဟောနေရင်း။

သတ္တဝါဟော၊ လှည်းမှူးကြီးသဖွယ် ဖြစ်တော်မူသော။ ဝိနာယကော၊ လူနတ်ပြဟ္မာ သတ္တဝါတို့ကို ဆုံးမညွှန်ကြား၍ ပေးတော်မူတတ်သဖြင့် ဆရာတဆူဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ကိလေသစောရပီဠိတံ၊ ကိလေသာ တည်းဟူသော ခိုးသား ဓားပြတို့၏ နှိပ်စက်ခြင်းကို ခံ၍နေကြ ရကုန်သောသတ္တဝါအပေါင်းကို။ သံသာရဒုက္ခကန္တာရံ၊ ခန္ဓာငါးပါးတို့မပြတ် ဖြစ်နေတဲ့ သံသရာဝဋ်ဆင်းရဲ တည်းဟူသော ခရီးခဲမှ။ ခေမန္တဘူမိံ၊

သောတာပတ္တိမဂ်ဉာဏ်, သကဒါဂါမိမဂ်ဉာဏ်, အနာဂါမိမဂ်ဉာဏ်, အရဟတ္တမဂ်ဉာဏ်တို့ဖြင့် မြင်နိုင်တယ်ဆိုတဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာကြီးသို့။ တာရေသိ၊ ရောက်အောင် ပို့ဆောင်ကယ်တင်တော် မူတတ်ပါပေ၏။

ဖားကလေးတောင်မှ တရားတကြိမ်နာပြီးတော့ ဒုတိယဘဝမှာ တရားလာနာတော့ သောတာပန်ဖြစ်ရတယ်။ လူဆိုရင် ဘာပြောစရာ ရှိတော့မလဲ၊ ဟုတ်လား။ (မှန်ပါ)။

အဲဒါကြောင့် ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် "သတ္ထာဒေဝမနုဿာနံ၊ သတ္တဝါတိုင်းရဲ့ ဆရာ=သတ္ထာဒေဝမနုဿာန မည်တော်မူပါပေ၏"။

## ဗုဒ္ဓဂုဏ်တော်

"ဗုဒ္ဓေါ"။

ဗုဒ္ဓေါ၊ သစ္စာလေးပါးတရားကို ကိုယ်တော်တိုင် ထိုးထွင်း၍ သိသကဲ့သို့ သတ္တဝါတွေကိုလဲ သစ္စာလေးပါးတရားကို သိအောင် ဟောတော်မူတတ်ပါပေ၏။

ဗုဇ္ဈိတာ သစ္စာနီတိ ဗုဒ္ဓေါ။ ဗောဓေတာ ပဇာယာတိ ဗုဒ္ဓေါ။

သစ္စာနိ၊ သစ္စာလေးပါးတရားတို့ကို။ ဗုဇ္ဈိတာ၊ သိတော်မူတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဗုဒ္ဓေါ၊ ဗုဒ္ဓမည်တော်မူ၏။

သစ္စာလေးပါးတရားကို ကိုယ်တော်တိုင်သိတဲ့အတွက် "ဗုဒ္ဓ"။

"ဗောဓေတာ ပဇာယာတိ ဗုဒ္ဓေါ"။

ပဇာယ၊ သတ္တဝါအပေါင်းတို့အားလဲ။ ဗောဓေတာ၊ သစ္စာလေးပါးတရားကို ကိုယ်တော်တိုင် သိသလို သတ္တဝါတွေကိုလဲ သိအောင် ဟောဖော်ညွှန်ပြပေတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဗုဒ္ဓေါ၊ ဗုဒ္ဓ မည်တော်မူ၏။

## ဘဂဝါဂုဏ်တော်

"ဘဂဝါ"။

ဘဂဝါ၊ ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တ-တည်းဟူသော ဘုန်းတော်ခြောက်ပါးနဲ့ ပြည့်စုံတော်မူပါပေသော မြတ်စွာဘုရား။

ဘဂဝါဆိုတာ ဘဂ္ဂဝါ၊ ဘာတွေကိုလဲ ဖျက်ဆီးတာ? ဘာတွေ ဖျက်ဆီးသလဲ? "ဘဂ္ဂရာဂေါ"။

**ဘုန်းတော် ၆-ပါး။**　။ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တ-လို့ ဘုန်းတော် ခြောက်ပါးရှိတယ်။

**ဣဿရိယ** ဘုန်းတော်လို့ဆိုတာလဲ ရှစ်မျိုးရှိတယ်။ အဏိမာ, လဃိမာ, ပါကမ္မ-ဘုန်းတော် စသည်ဖြင့် အဲဒီလို ဣဿရိယ ဘုန်းတော် ရှစ်မျိုးရှိတယ်။ ကဲ ဒါ ရှိပါစေတော့။

**ဓမ္မ**=ဆိုတာက လောကုတ္တရာ ကိုးပါးကို ရတာကို "ဓမ္မ" ဘုန်းတော်လို့ ခေါ်တယ်။

**ယသ**=သုံးဆယ့်တဘုံ တိုင်းတုန်အောင် ကျော်ကြားပြီးတော့နေတဲ့ ဘုန်းတော်ကို "ယသ"ဘုန်းတော်လို့ ခေါ်တယ်။

**သိရီ**=ဘုန်းတော်ဆိုတာ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီးတို့ဖြင့် တင့်တယ်သပ္ပါယ်တော်မူတဲ့ ဘုန်းတော်ကို "သိရီ"ဘုန်းတော်လို့ခေါ်တယ်။

**ကာမ**=ဘုန်းတော် အလိုရှိတဲ့သတ္တဝါတို့၏ အကျိုးကို ပြီးစီးစေနိုင်တာကို တော့ဖြင့် "ကာမ"ဘုန်းတော်လို့ ခေါ်ပါတယ်–နော်။ (မှန်ပါ)။

**ပယတ္တ**=ဘုန်းတော်လို့ ဆိုတာကတော့ဖြင့် သတ္တဝါတို့ကို အလိုရှိတိုင်း ချွေချွတ်တော်မူနိုင်တယ်လို့ဆိုတဲ့ သမ္မာဝါယာမမဂ္ဂင်ကို "ပယတ္တ" ဘုန်းတော်လို့ ခေါ်ပါတယ်။ အဲဒီဘုန်းတော်ကြီးတွေနဲ့ မြတ်စွာဘုရား ဘာတွေ လုပ်ပစ်လိုက်သလဲဆိုတော့—

ဘဂ္ဂရာဂေါ ဘဂ္ဂဒေါသော၊ ဘဂ္ဂမောဟော အနာသဝေါ။
ဘဂ္ဂဿ ပါပကာ ဓမ္မာ၊ ဘဂဝါ တေန ဝုစ္စတိ။

နိဂုံးဂါထာကလေး "ဘဂဝါ" ဂုဏ်တော်မှာ။

ဘဂ္ဂရာဂေါ၊ ရာဂကို ချိုးဖျက်တော်မူ၏။ ဘဂ္ဂဒေါသော၊ ဒေါသဟူရွေကို ဖျက်ဆီးတော်မူ၏။ ဘဂ္ဂမောဟော၊ မောဟတည်းဟူသော တရားတွေကို ချိုးဖွဲ့ဖျက်ဆီးတော်မူပါပေ၏။ အနာသဝေါ၊ အာသဝေါ ကင်းတော်မူပါပေ၏။ အဿဗုဒ္ဓဿ၊ ထိုမြတ်စွာဘုရားအား။ ပါပကာ၊ ယုတ်မာလှစွာကုန်သော။ အကုသလာဓမ္မာ၊ အကုသိုလ် သိန်း-သန်း-ကုဋေ-ကုဋာ မကနိုင်တဲ့ ကိလေသာအပေါင်းတို့ကို။ ဘဂ္ဂါ၊ ချိုးဖျက်တော်မူပါပေ၏။ တေန၊ ထိုသို့ ကိလေသာအားလုံးတို့ကို ချိုးဖွဲ့ ဖျက်ဆီး သတ်ဖြတ်တော်မူသည်၏ အဖြစ်ကြောင့်။ ဘဂဝါ၊ ဘဂဝါဟူ၍။ ဝုစ္စတိ၊ ကောင်းစွာမသေ့ ခေါ်ဆိုရပေသတည်း။

သာဓု သာဓု သာဓု

**တရားတော်အနက်။** ။အကာမကာမိံ၊ ကာမဂုဏ်တို့ကို လိုလားတောင့်တတော်မမူသော မြတ်စွာဘုရားကို။ သုတွာန၊ ခုပြောခဲ့တဲ့ ဂုဏ်တော်ဘွဲ့အတိုင်း "ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏ-

သမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသဒမ္မသာရထိ သတ္ထာ ဒေဝ မနုဿာနံ ဗုဒ္ဓေါ ဘဂဝါ”ဟူ၍ ကြားနာရပါသောကြောင့်။ ဩဃာတိဂံ၊ ဩဃလေးပါးကို လွန်မြောက်တော်မူပြီးသော။ အကာမံ၊ ကာမဂုဏ်ကို အလိုရှိတော်မမူသော မြတ်စွာဘုရားကို။ ပုဋ္ဌုံ၊ မေးလျှောက်ခြင်းငှါ။ အာဂမ္မ၊ ရောက်လာပါ၏။ သဟဇနေတ္တ၊သဗ္ဗညုတဉာဏ်နှင့် တကွဖြစ်တော်မူသောမြတ်စွာဘုရား။ သန္တိပဒံ၊ နိဗ္ဗာန်နှဲ့ နိဗ္ဗာန်ရောက်ကြောင်းတရားတော်ကို။ ဗြူဟိ၊ ကောင်းစွာ မသေ့ ဟောကြား၍ ပေးတော်မူပါစေသတည်း။

သာဓု သာဓု သာဓု

### သုတ္တနိပါတ်ပါဠိတော် ပါရာယနဝဂ်ဟောစဉ်

# ၁၁-ဇတုကဏ္ဏိသုတ္တန် စတုတ္ထပိုင်း

---

## တရားတော်အမည်

သာသနာတော်သက္ကရာဇ် ၂၅၁၄-ခုနှစ်, ကောဇာသက္ကရာဇ် ၁၃၃၂-ခုနှစ်၊ ကဆုန်လဆန်း ၁၀-ရက်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်ရပ်၊ ရွှေဘုန်းပွင့်စေတီတော် အတွင်း ကည်ခင်းအပ်သော ဝိပဿနာဓမ္မာရုံတော်ကြီးတွင် ဝိပဿနာအလုပ်ကို ထုတ်နှုတ်ဟောကြားတော်မူအပ်သော ခုဒ္ဒကနိကာယ် သုတ္တနိပါတ် ပါဠိတော် ပါရာယနဝဂ်၌လာသော ဇတုကဏ္ဏိသုတ္တန် စတုတ္ထပိုင်းတရားတော်။

## ဘုရားရှိခိုး

မြတ်စွာဘုရား ဟောကြားတော်မူတဲ့ သုတ္တန်ကို ဟောရမှာဖြစ်တဲ့အတွက် ရှေးဦးစွာ တရားဟော တရားနာပုဂ္ဂိုလ်တို့ရဲ့အနေဖြင့် မြတ်စွာဘုရားကို ရှိခိုးကြရအောင် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ လက်အုပ်ချီပြီးတော့ ထားကြ။ ဘုန်းကြီးက မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ဂုဏ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်ပြီးတော့ ဘုရားရှိခိုးမယ်။ အဲဒီ ဘုရားရှိခိုးထဲမှာပါတဲ့ ဂုဏ်တော်များကို အာရုံပြုပြီးတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ မြတ်စွာဘုရားရဲ့ ဂုဏ်တော်များကို ကြည်ညိုသဒ္ဓါ ပွါးများနိုင်ကြပါစေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(အနက် ဘုရားရှိခိုး ရှေးနည်းအတိုင်း)

သာဓု  သာဓု  သာဓု

## စကားပလ္လင်

ဇတုကဏ္ဏိ ပဏ္ဏားပညာရှိရသေ့က ကာမဂုဏ်တွေကို လိုလားတောင့်တတော်မမူသော မြတ်စွာဘုရား—အရှင်ဘုရားရဲ့ (ဂုဏ်တော်ထဲက "ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ" စသည်ဖြင့် ဘဂဝါဂုဏ်တော်သို့ တိုင်အောင် ဘုန်းကြီးတို့ ဟောပေးခဲ့တဲ့အတိုင်း)ဂုဏ်တော်ကိုးပါးတို့ဖြင့် ဘဝဂ်သို့တိုင်အောင်

ပြန်နှံ့ ကျော်ကြားပြီးနေတဲ့ သတင်းစကား ကြားရသည်ဖြစ်သောကြောင့် ဩဃလေးပါးကို လွန်မြောက်ပြီးဖြစ်တော်မူသော, ကာမဂုဏ်တွေကို လိုလား တောင့်တတော်မမူသော အရှင်ဘုရား၏ ထံမှောက်သို့ အမေးပုစ္ဆာ မေးဘို့ ရောက်ရှိလာပါသည် ဘုရား သဗ္ဗညုတဉာဏ်နှင့် တကွဖြစ်တော်မူပါပေသော မြတ်စွာဘုရား "သန္တိသုခ"လို့ခေါ်တဲ့ နိဗ္ဗာန်ချမ်းသာရောက်ကြောင်း တရား ကောင်းကို ဟောကြား၍ ပေးတော်မူပါဘုရား တဲ့။

အဲဒီအပိုင်းကို ဘုန်းကြီးတို့ ဟောပေးလာခဲ့တာ "သုဘဒ္ဒနဟံ"လို့ ခေါ်တဲ့ ဂုဏ်တော်ကိုးပါးနဲ့ ပြည့်စုံတယ်ဆိုတဲ့, သတင်းစကားကို ကြားရတယ်ဆိုတဲ့ အပိုင်း ပြီးသွားပြီ။

## တရားတောင်း

"ဩဃာတိဂံ ပုဋ္ဌု'မကာမ'မာဂမံ"။

ဩဃာတိဂံ၊ ဩဃလေးပါးကို လွန်မြောက်ပြီး ဖြစ်တော်မူပါပေထသော။

ဩဃလေးပါး။ ။မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဩဃလေးပါးကို လွန်မြောက်တော်မူတယ်၊ ဩဃလေးပါးဆိုတာ ကာမော- ဃ, ဘဝေါဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃ။

"ကာမောဃ"ဆိုတာဘာလဲ? အဋ္ဌကထာဆရာကြီးက ပြောပေးထားတယ် "ပဉ္စသု ကာမဂုဏေသု ဆန္ဒရာဂေါ ကာမောဃော နာမ" ကာမဂုဏ်ငါးပါးတို့၌ တပ်မက်တဲ့ ဆန္ဒနဲ့ရာဂကို "ကာမောဃ"လို့ ခေါ်ပါတယ်တဲ့၊ ဒီအဓိပ္ပါယ်တွေကို ဘုန်းကြီးတို့ နောက်ကလဲ ဟောပေးခဲ့ပြီးပြီ။ "ရူပါရူပဘဝေသု ဆန္ဒရာဂေါ ဈာနနိကန္တိ စ ဘဝေါဃော နာမ" ရူပဘဝနှင့် အရူပဘဝကို နှစ်သက်ပြီးတော့ ဈာန်တရားတွေကို နှစ်သက်နေတာကို ဘဝေါဃလို့ခေါ်ပါဘယ်။ "ဒွါသဋ္ဌိဒိဋ္ဌိသု ဒိဋ္ဌောဃော နာမ" ခြောက်ဆဲ့နှစ်ပါးသော မိစ္ဆာဒိဋ္ဌိ (သက္ကာယဒိဋ္ဌိအခင်အပါ) တွေကို "ဒိဋ္ဌောဃ"လို့ခေါ်ပါတယ်။ "စတူသု သစ္စေသု အညာဏံ အဝိဇ္ဇော- ဃော နာမ" သစ္စာလေးပါး မသိတာကတော့ "အဝိဇ္ဇာဃပါဘဲ တဲ့။

အဲဒီအပိုင်းတွေနဲ့ ပတ်သက်ပြီး ဘုန်းကြီးတို့ နောက်ပိုင်းက ဟောပေးခဲ့တဲ့ သုတ္တန်တွေမှာ "ဩဃ" မည်ပုံတွေ, ကာမောဃ မည်ပုံ, ဘဝေါဃ မည်ပုံ, ဒိဋ္ဌောဃ မည်ပုံ, အဝိဇ္ဇောဃ မည်ပုံ, ဩဃလေးပါး မည်ပုံတွေကို ဘုန်းကြီးတို့ ဟောပေးခဲ့ပြီ။ ဒီအခန်းကို မပြန်နဲ့တော့နော်။ (မှန်ပါ။)

ရှေ့ ဘာသွားရမလဲလို့ ဆိုတော့ "အကာမကာမိံ"—
လို့ဆိုတဲ့ မြတ်စွာဘုရားရဲ့ ဂုဏ်ပုဒ်တွေကို ဒီကနေ့ ဖော်သုတ်ပြီးတော့ ပေး ရမယ်၊ ခပ်ကျဉ်းကျဉ်း ခပ်တိုတိုဘဲ စူဠနိဒ္ဒေသပါဠိတော်က ထုတ်ပေးထားတယ်။

အကာမကာမိံ၊ ကာမဂုဏ်ကို လိုလားနှစ်သက်တော်မမူသော မြတ်စွာဘုရားကို။

ဘုန်းကြီးတို့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက ကာမဂုဏ်တွေကို လိုလားတော်မမူဘူး, နှစ်သက်တော်မမူဘူး, အလိုရှိတော်မမူဘူး။ ဘာဖြစ်လို့ လူတိုင်းလူတိုင်း နှစ်သက်နေတဲ့၊ ကာမဂုဏ်တွေကို မြတ်စွာဘုရားကိုယ်ဘော် မြတ်က နှစ်သက်တော်မမူတာလဲ, ဘာဖြစ်လို့ အလိုမရှိတာလဲ? ကာမဂုဏ် ဆိုတာကို ပုထုဇဉ် သတ္တဝါတွေဟာ အလွန် အလိုရှိတယ်။

**ကာမနှစ်မျိုး။** ။ရူပါရုံ ကာမဂုဏ်, သဒ္ဒါရုံ ကာမဂုဏ်, ဂန္ဓာရုံ ကာမဂုဏ်, ရသာရုံ ကာမဂုဏ်, ဖောဋ္ဌဗ္ဗာရုံ ကာမဂုဏ်တွေကို လူတိုင်း လူတိုင်း အလိုရှိဟယ်ဆိုတဲ့ "ကာမ"တွေကို အလိုမရှိဘူးဆိုတော့, ကာမတွေဟာ ဘယ်နှစ်မျိုးရှိသလဲဆိုတော့ စူဠနိဒ္ဒေသပါဠိတော်ကြီးက ဖွင့်ထားတယ်။

ကာမာတိ ဒွေ ကာမာ ဝတ္ထု ကာမာ စ ကိလေသကာမာ စ။

ကာမဆိုတာ ဘယ်နှစ်မျိုးရှိသလဲဆိုတော့ ဝတ္ထုကာမ, ကိလေသာကာမ တဲ့၊ ဝတ္ထုကာမလို့ဆိုတာ အလိုရှိအပ်သော တရားတွေကို "ဝတ္ထုကာမ"လို့ ခေါ်တယ်။ အလိုရှိတတ်တဲ့ တရားတွေကို "ကိလေသာကာမ"လို့ ခေါ်တယ်။ ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေ ဘာဖြစ်ဖြစ် လိုချင်စရာလေးတွေလို့ လိုချင်တယ်ဆိုရင် ကိုယ်ကလိုချင်တာလား, ကိလေသာ ကာမက လိုချင်တာလား?။ (ကိလေသာကာမက လိုချင်တာပါဘုရား။)

ကိလေသာကာမက လိုချင်တာ၊ ငါကလိုချင်တာ မဟုတ်ဘူး၊ ဟုတ်လား?။ ပရမတ္ထဒေသနာတော်နဲ့ ဟောမယ်ဆိုရင် ဒီလိုဘဲ ဟောရမယ်၊ ဝေါဟာရဒေ သနာတော် သမုတိသစ္စာနဲ့ ပြောမယ်ဆိုရင် ငါကလိုချင်တာဘဲ, မိမိကလိုချင် တာဘဲ၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ကာမဂုဏ်နှစ်မျိုးကို အလိုရှိတော် မမူဘူးလို့ ပါဠိတော်က ဒီလိုပြထားတယ်။

"အကာမကာမိံ၊ ကာမဂုဏ်တို့ကို လိုလား နှစ်သက်တော်မမူတဲ့ မြတ်စွာ ဘုရားကို"

မြတ်စွာဘုရားဟာ ကာမဂုဏ်တွေကို ဘာပြုလို့ အလိုမရှိတာလဲ? ပင်ပန်း လွန်းလို့ အဖြေက ဒါဘဲ၊ အပြစ်တွေများလွန်းလို့။ ကာမဂုဏ်တွေဘာပြုလို့အလို မရှိတာလဲ? (အပြစ်တွေ များလွန်းလို့ပါ ဘုရား။)

## ကာမဂုဏ်အပြစ်များ

အပြစ်တွေများလွန်းလို့ သာယာဘွယ်ကနဲ့ပြီးတော့ အပြစ်တွေများလွန်းလို့ ပါဠိတော်ကြီးက ဘယ့်နှယ်ပြထားတုံး။

အပ္ပဿာဒါ ကာမာ ဗဟုဒုက္ခာ, ဗဟုပါယာသာ၊ အာဒီနဝေါ
ဧတ္ထ ဘိယျော”—

လို့ ပေါ်ဋ္ဌလိယသုတ်မှာ မြတ်စွာဘုရား ဟောထားတာ ရှိတယ်။ မဇ္ဈိမ ပဏ္ဏာသပါဠိတော်။

ကာမာ၊ ကာမဂုဏ်တို့သည်။ အပ္ပဿာဒါ၊ သာယာဘွယ်က နည်းလှပါကုန်၏။ (ကာမဂုဏ် ချမ်းသာဆိုတာမှာ သာယာမှုဆိုတာ အင်မတန် နည်းပါတယ်ကဲ့)။

ဗဟုဒုက္ခာ၊ များသောဆင်းရဲခြင်းတွေ ရှိပြီးတော့။ ဗဟုပါယာသာ၊ များသောပင်ပန်းခြင်းတွေ ရှိပါတယ်·တဲ့။

ဟုတ်လား?　　( မှန်ပါ။ )

စဉ်းစားကြည့်လေ၊ ရူပါရုံ ကာမဂုဏ်ကလေးတခုကို စက္ခုနဲ့မြင်ပြီးတော့ ကာမဂုဏ်ခံစားဘို့အရေး ဘယ်လောက် ပင်ပန်းသလဲလို့ဆိုတာ ကြည့်။

ရသာရုံ ကာမဂုဏ်လေးတခု ခံစားဘို့ရန်အတွက်ဟာ ဖန်တီး လိုက်ရတယ် ဆိုတာ အင်မတန် အလုပ်တွေကများတယ်၊ မကြည့်လို့သာ မမြင်ရတာ၊ ကြည့်တတ်တဲ့ ပုဂ္ဂိုလ်ဟာ ဒီကာမဂုဏ်တွေရဲ့ အပြစ်တွေကို မြင်နေတာပါဘဲ နော်။

( မှန်ပါ။ )

ဗဟုဒုက္ခာ၊ ဗဟုပါဟာသာ၊ အာဒီနဝေါ ဧတ္ထ ဘိယျော။

ဧတ္ထ၊ ဤကာမဂုဏ်ချမ်းသာ၌။ အာဒီနဝေါ၊ အပြစ်သည်။ ဘိယျော၊ များတယ်။

ကာမဂုဏ်ဆိုတာ မပြောပလောက်တဲ့ ချမ်းသာကလေး၊ အပြစ်တွေသာ များတယ်။ ဒီလို အပြစ်တွေကိုမြင်တော်မူသည် ဖြစ်သောကြောင့် မြတ်စွာဘုရား ကာမဂုဏ်တွေကို လိုလားတော်မမူဘူး၊ ဒါ စူဠဒုက္ခက္ခန္ဓသုတ်ပါဠိတော်က လာတဲ့ စကားနော်။ (မှန်ပါဘုရား။)

**ဗုဒ္ဓ ကာမကိုစွန့်ပုံ။**　။ပြောအုံးမယ် ကာမဂုဏ်တွေကို မြတ်စွာဘုရား အလိုရှိတော်မမူပုံကို။

ဗုဒ္ဓေဿ ဘဂဝတော ဝတ္ထုကာမာ ပရိညာတာ၊ ကိလေသကာမာ ပဟီနာ။

ဒါ အဓိပ္ပါယ်ထူးလေး မှတ်သွားထားရမယ်။ ကာမဂုဏ်ကို ပယ်တယ်, စွန့်တယ်ဆိုတာ ဘယ်လို ပယ်တာစွန့်တာလဲ?။

ဗုဒ္ဓေါ၊ သစ္စာလေးပါးတရားကို ကိုယ်တိုင်သိသကဲ့သို့ သတ္တဝါတို့အား သိစေတော်မူတတ်သော။ ဘဂဝတော၊ မြတ်စွာဘုရားသည်။ ဝတ္ထုကာမာ၊ ဝတ္ထုကာမတို့ကို။ ပရိညာတာ၊ ပိုင်းခြား၍သိတော်မူအပ်ပြီ။

ဝတ္ထုကာမတို့ကို ဒုက္ခသစ္စာလို့ ပိုင်းခြားပြီးတော့ သိတယ်၊ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ ဆိုတဲ့ ကာမဂုဏ်တွေကို မြတ်စွာဘုရား ပယ်သလား၊ ပိုင်းခြားပြီးတော့ သိသလား။ (ပိုင်းခြားပြီ တော့သိပါတယ်ဘုရား)။

ဒီလို ဝတ္ထုကာမတွေကို ပိုင်းခြား၍ သိသည်ဖြစ်သောကြောင့်—

ကိလေသကာမာ၊ (ကိလေသာကာမ) ဆန္ဒနဲ့ ရာဂဆိုတဲ့ ကာမကို။ ပဟီနာ၊ ပယ်အပ်ကုန်၏။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဝတ္ထုကာမဆိုတဲ့ ကာမဂုဏ်တွေကို ဘာလုပ်သလဲ။ (ပိုင်းခြားပြီးတော့ သိပါတယ် ဘုရား။)

ပိုင်းခြားသိတယ်ဆိုတာ ဘယ်လိုသိတာလဲ။

**ကာမကို ပိုင်းခြားသိပုံ။** ။"ဒုက္ခန္တိ ပရိညာတံ=ဒုက္ခသစ္စာလို့ ပိုင်းခြားပြီး သိတယ်"။

ဆင်းရဲတဲ့ တရားတွေနော်။ (မှန်ပါ)။

ဒါဖြင့် ဘယ်ကာမဂုဏ်တွေကို မြတ်စွာဘုရားပယ်သလဲဆိုတော့ ကိလေသာကာမလို့ခေါ်တဲ့ ဆန္ဒနဲ့ရာဂကို ပယ်ပါတယ်။ ကိလေသာကာမဆိုတာ ဘာလဲ၊ ဆန္ဒနဲ့ရာဂ။

"ဆန္ဒော ကာမော၊ ရာဂေါ ကာမော၊ ဆန္ဒရာဂေါ ကာမော"

ဆန္ဒနဲ့ရာဂကို ကိလေသာကာမလို့ ခေါ်ပါတယ်တဲ့ စူဠနိဒ္ဒေသပါဠိတော်က။ အဲဒီ ဆန္ဒနဲ့ရာဂဖြစ်တဲ့ ကိလေသာကာမကို ဘုန်းတော်သခင် သဗ္ဗညု မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က၊ ပဟီနာ၊ ပယ်အပ်ပြီ။ ဝတ္ထုကာမကို ပယ်သလား၊ ကိလေသာကာမကို ပယ်သလား (ကိလေသာကာမကို ပယ်ပါတယ် ဘုရား။)

ဝတ္ထုကာမကိုတော့ မြတ်စွာဘုရားက ဘယ်လိုသိသလဲ၊ ဒုက္ခသစ္စာလို့ ပိုင်းခြားသိလိုက်တယ်၊ သဘောကျပလား၊ ဒါ အဓိပ္ပါယ်ထူးနော်။ ကာမဂုဏ်တွေကို ပယ်တယ်ဆိုတာ ဝတ္ထုကာမဂုဏ်တွေကို ပယ်ပစ်တာမဟုတ်ဘူး၊ ကိလေသာကာမဂုဏ်ကိုသာ မြတ်စွာဘုရား ပယ်တော်မူတယ်လို့ ဒီလို အဓိပ္ပါယ်ထူး မှတ်ပေးရမယ် ဒီမှာ။ ဒါ စူဠနိဒ္ဒေသပါဠိတော်ကလာတဲ့ အဓိပ္ပါယ်၊ အဲသလို ဝတ္ထုကာမကို ဒုက္ခသစ္စာလို့ ပိုင်းခြား၍ သိပြီးတော့ ကိလေသာကာမဖြစ်တဲ့ ဆန္ဒနဲ့ရာဂကို ပယ်တော်မူသည် ဖြစ်သောကြောင့်—

"ဘဂဝါ န ကာမေ ကာမေတိ"။

ဘဂဝါ၊ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ ကာမေ၊ ကာမဂုဏ်တို့ကို။ နကာမေတိ၊ လိုလားနှစ်သက်တော် မမူ။

ဒါကြောင့် "အကာမကာမိ "လို့ ပါဠိတော်က ပြောတာ။ ကိုင်း "အကာမကာမိ""ရဲ့ အဓိပ္ပါယ် တော်လောက်ပြီ။

## သန္တိပဒ အဖွင့်

ဩဃာတိဂံ ပုဋ္ဌု'မကာမ'မာဂမံ၊ သန္တိပဒံ ဗြူဟိ သဟဇနေတ္တ။

သဟဇနေတ္တ၊ သဗ္ဗညုတဉာဏ်တော်ကြီးနှင့်တကွ ဖြစ်တော်မူပါပေသော မြတ်စွာဘုရား။ (ဘယ်တုန်းက သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ တကွဖြစ်လာသလဲဆိုတော့ ကဆုန်လပြည့်နေ့ ဗောဓိပင်နှင့်ရွှေပလ္လင်မှာ ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂ-လို့ ခေါ်တဲ့ သစ္စာလေးပါးကို သိတာနဲ့တပြိုင်နက်ထဲ ဘာပေါ်သလာသလဲ? သဗ္ဗညုတဉာဏ်လို့ခေါ်တဲ့ ဉာဏ်ကြီးကို တခါထဲရလာတယ်။ ဘသူကပေးလို့မှ ရတာမဟုတ်ဘူး၊ ဒါတွေ ဘုန်းကြီးတို့ ပြီးခဲ့တဲ့ ညတွေက ပြောခဲ့ပြီ၊ အဲသလို သဗ္ဗညုတဉာဏ်နဲ့ တကွဖြစ်တော်မူသော မြတ်စွာဘုရား။) သန္တိပဒံ၊ နိဗ္ဗာန်ချမ်းသာကို။ ဗြူဟိ၊ ဟောကြား၍ ပေးတော်မူပါ ဘုရား။

**သန္တိပဒအရ။** ။ဒါ ဟောရင်းစွဲဖြစ်တဲ့ ပါရာယနဝဂ် ဇတုကဏ္ဏိသုတ်ကလာတဲ့ "သန္တိပဒ"။ အဲဒီ "သန္တိပဒ"ကို စူဠနိဒ္ဒေသပါဠိတော်ကြီးက ဘာ ဖွင့်ပေးထားသလဲ ဆိုတော့—

သန္တီတိ ဧကေန အာကာရေန သန္တိပိ သန္တိပဒမ္ပိ တံယေဝ အမတံ နိဗ္ဗာနံ၊ ယော သော သဗ္ဗသင်္ခါရသမထော သဗ္ဗူပဓိပဋိနိဿဂ္ဂေါ တဏှာက္ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာနံ။

ဆိုလိုတဲ့ အဓိပ္ပါယ်က "သန္တိ"လို့ ဆိုတာ ဘာကိုခေါ်သလဲဆိုတော့ နိဗ္ဗာန်ကို ခေါ်ပါတယ်တဲ့ အဓိပ္ပါယ်က၊ ဘာဖြစ်လို့ နိဗ္ဗာန်ကို သန္တိလို့ခေါ်သလဲဆိုတော့ "သဗ္ဗသင်္ခါရသမထ' တဲ့၊ အလုံးစုံသော သင်္ခါရတရားတွေ ငြိမ်းလို့။ ကာယသင်္ခါရ, ဝစီသင်္ခါရ, မနောသင်္ခါရတွေ မရှိဘူး။

ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရ မရှိဘူး၊ ရုပ်သင်္ခါရ, နာမ်သင်္ခါရ, ဝိညာဏ်သင်္ခါရတွေ မရှိဘူး၊ အဲသလို သင်္ခါရတရားတွေ မရှိသည်ဖြစ်သောကြောင့် သဗ္ဗသင်္ခါရသမထလို့ နိဗ္ဗာန်ကို ဒီလိုခေါ်တယ်၊ သဗ္ဗူပဓိပဋိနိဿဂ္ဂေါ၊ အလုံးစုံသော ဥပဓိတရားတွေကို စွန့်လွှတ်ရာဖြစ်သည် ဖြစ်သောကြောင့် ငြိမ်းတယ် "သန္တိ"တဲ့၊ အဲဒီ သန္တိကို နိဗ္ဗာန်လို့ ခေါ်ပါတယ်။ တဏှာက္ခယော၊ နှစ်သက် ကပ်ငြိမှုတွေ မရှိသောကြောင့်။ ဝိရာဂေါ၊ အစ္စန္တ-

ဝိရာဂဆိုတဲ့ စင်စစ် စွဲလမ်းမှု ကုန်သောကြောင့်။ နိရောဓော၊ ကိလေသာအားလုံး ချုပ်သောကြောင့်။ နိဗ္ဗာနံ၊ ရာဂမီး စသော မီးအပေါင်း ငြိမ်းခြင်းကြောင့် သန္တိသဘောကို နိဗ္ဗာန်လို့ ခေါ်ပါတယ် တဲ့။

**တနည်းသန္တိ။** ။နောက်တဝိကပ် စူဠနိဒ္ဒေသပါဠိတော်က—

အထာပရေနာကာရေန ယေ ဓမ္မာ သန္တာဓိဂမာယ သန္တိဖုသနာယ သန္တိသစ္ဆိကိရိယာယ သံဝတ္တန္တိ၊ သေယျထိဒံ? စတ္တာရော သတိပဋ္ဌာနာ စတ္တာရော သမ္မပ္ပဓာနာ စတ္တာရော ဣဒ္ဓိပါဒါ ပဉ္စိန္ဒြိယာနိ ပဉ္စဗလာနိ သတ္တ ဗောဇ္ဈင်္ဂါ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ ဣမေ ဝုစ္စတိ သန္တိပဒါ—

လို့ ဒီလို ပြောပေးထားတယ်။

"သန္တိပဒ"လို့ဆိုတာ ဘာကိုခေါ်သလဲလို့ဆိုတော့ တခုသော အခြင်းအရာအားဖြင့် ပြောမယ်ဆိုရင် "သန္တိပဒ"လို့ဆိုတာ နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ တရားတွေကို သန္တိပဒ-လို့ ခေါ်ပါတယ်တဲ့။ ဘာတွေလဲလို့ဆိုတော့ သတိပဋ္ဌာန်လေးပါး သမ္မပ္ပဓာန်လေးပါး ဣဒ္ဓိပါဒ်လေးပါး ဣန္ဒြေငါးပါး ဗိုလ်ငါးပါး ဗောဇ္ဈင်ခုနစ်ပါး မဂ္ဂင်ရှစ်ပါးလို့ ခေါ်တဲ့ ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်မျိုးကို သန္တိပဒ-လို့ ခေါ်ပါတယ်။ "ဣမေ ဝုစ္စန္တိ သန္တိပဒါ"တဲ့၊ ဒါ စူဠနိဒ္ဒေသက လာတဲ့ အဓိပ္ပါယ်။

အဲဒီ သန္တိ နဲ့ သန္တိပဒ-ကို ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ဟောကြား၍ ပေးတော်မူပါ ဘုရား။

**တောင်းပန်ချက်။** ။အရှင်ဘုရားကို ဒီလို သန္တိနဲ့ သန္တိပဒကို ဟောပေးပါလို့ တိုက်တွန်းတာ တခြားကြောင့် မဟုတ်ပါဘူး ဘုရားတဲ့၊ အရှင်ဘုရား ဥပမာ ပြရမယ်ဆိုရင် အရောင်အဝါနဲ့ပြည့်စုံသော နေမင်းသည် မိမိရဲ့အလင်းရောင်ဖြင့် အမိုက်မှောင်ဟူသရွေ့တွေကို အကြွင်းအကျန်မရှိအောင် ပယ်ဖျောက်နိုင်ဘိသကဲ့သို့ ဘုန်းတော်သခင် သဗ္ဗညု မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည်လည်း အလုံးစုံသော ကာမဂုဏ်တွေကို လွှမ်းမိုးပြီးသကာလ အဝိဇ္ဇာတည်းဟူသော အမိုက်မှောင်ကြီးကို ပယ်ဖျောက်ပြီးတော့ ဆီမီးတန်ဆောင်လို ထွန်းလင်းတောက်ပတော်မူပါသည် ဘုရား၊ ထို့ကြောင့် ကြီးကျယ်များမြတ်တဲ့ ပညာရှိတော်မူသော မြတ်စွာဘုရားသည် နည်းပါးသော ပညာရှိသော တပည့်တော်အား ပဋိသန္ဓေနေခြင်းနဲ့ အိုခြင်းကင်းရာဖြစ်တဲ့ တရားတော်ကို ဘုရားတပည့်တော် သိနိုင်လောက်အောင် ဟောကြား၍ ပေးတော်မူပါ ဘုရား။

တရားတောင်းပန်ခန်း ပြီးသွားပြီးနော်။

## အမြေ တရားတော်

**တရားဟောတော့** မြတ်စွာဘုရားက သုံးဂါထာရွတ်ပြီး ဟောတယ်၊ သူလျှောက်တာ နှစ်ဂါထာ, မြတ်စွာဘုရားဟောတာ သုံးဂါထာ, ဒီသုတ္တန်မှာ ဂါထာ ငါးဂါထာရှိတယ်။ ဒီကနေ့တော့ အရေးကြီးတယ်၊ ဝိပဿနာလုပ်ကွက်တွေ, ဝေဒနာဖော်ပုံတွေ ပါလာလိမ့်မယ်၊ အဲဒါကို ဂရုစိုက်ပြီး, သတိထားပြီး နာရပေလိမ့်မယ်။ ဝိပဿနာလုပ်ငန်း မြတ်စွာဘုရားက ဖော်ပြီးတော့ပြတယ်။

**ကာမေသု ဝိနယ ဂေဓံ၊ နေက္ခမ္မံ ဒဋ္ဌု ခေမတော။**
**ဥဂ္ဂဟိတံ နိရတ္တံ ဝါ၊ မာ တေ ဝိဇ္ဇိတ္ထ ကိဥ္စနံ။**

တရားဟောတော့မယ်ဆိုပြီးတော့ မြတ်စွာဘုရား ရှေးဦးစွာ နိဒါန်းစကား ပျိုးပြီး ပေးလိုက်တယ် တရားကျင့်မဲ့ပုဂ္ဂိုလ်တွေအတွက် နော်။ (မှန်ပါဘုရား)။

နေက္ခမ္မံ၊ ကာမဂုဏ်တို့မှ ထွက်မြောက်ရာဖြစ်တဲ့ ဈာန်, ဝိပဿနာ, နိဗ္ဗာန်,အလုံးစုံသော ကုသိုလ်ဆိုတဲ့ နေက္ခမ္မတရားကို။ ခေမတော၊ ဘေးကင်းသောအားဖြင့်။ ဒဋ္ဌု၊ ရှုခြင်းငှါ။ ကာမေသု၊ ဝတ္ထုကာမ, ကိလေသာကာမတို့၌။ ဂေဓံ၊ တပ်မက်မောခြင်းကို။ ဝိနယ၊ ပယ်ဖျောက်ပါလော့။

သင် တရားအားထုတ်မယ်ဆိုရင် ကာမဂုဏ်တို့မှာ တပ်မက်မောတဲ့ တဏှာကို ပယ်ဖျောက်ထားလိုက်ပါ-တဲ့ မြတ်စွာဘုရားက။

ဒါကြောင့် ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ တရားအားထုတ်တော့မယ်ဆိုရင် ကာမဂုဏ်ကိုတော့ဖြင့် ရှေးဦးစွာ ပယ်ထားရလိမ့်မယ် နော်?။　　(မှန်ပါဘုရား)။

အဲဒီ ကာမဂုဏ်ပယ်တာနဲ့ပတ်သက်လို့ မာရ်နတ်၏ စစ်တပ်ကြီး ၁၀-တပ်ကို ကျော်ဘို့—

"ကာမ တေ ပဌမာ သေနာ၊ ဒုတိယာ အရတိ ဝုစ္စတိ"—

စသည်ဖြင့် ဘုန်းကြီးတို့ နောက်က ဟောပေးခဲ့တာရှိတယ်။ တရားအားထုတ်တော့မယ်ဆိုရင် မြတ်စွာ ဘုရားက ရှေးဦးစွာ ဘာကို အပယ်ခိုင်းတာလဲ?။

(ကာမဂုဏ်ပါဘုရား)။

ဘုန်းကြီးတို့ ပရိသတ်က ဘယ်လိုလဲ၊ ပယ်ရင်တော့ ဟုတ်ပြီ, မပယ်ရင် မဟုတ်သေးဘူး။

ကာမဂုဏ်တို့မှ လွတ်မြောက်ခြင်း သို့မဟုတ် ဈာန်တရား, နိဗ္ဗာန်တရား, ဝိပဿနာတရား, အလုံးစုံသော ကုသိုလ်တရားလို့ဆိုတဲ့ နေက္ခမ္မကို ခေမတော၊ ဘေးကင်းသောအားဖြင့်။ ဒဋ္ဌု၊ ရှုမြင်ခြင်းငှါ။ကာမေသု၊ ဝတ္ထုကာမ, ကိလေ

သာ ကာမ ထိုနှစ်ဝတ္ထု၌။ ဂေဓံ၊ တပ်မက်မောတဲ့တဏှာကို။ ဝိနယ၊ ပယ်ဖျောက်ပါဦးလော့။

ဥဂ္ဂဟိတံ၊ တဏှာဒိဋ္ဌိတို့ဖြင့် စွဲယူ၍ ထားအပ်သော။ နိရတ္တံဝါ၊ အကျိုးမရှိ စွန့်ပစ်၍ထားအပ်သော သဘောရှိသော။ ကိဉ္စနံ၊ ရာဂ, ဒေါသ, ဒုစ္စရိတ စသော ကြောင့်ကြခြင်းသည်။ တေ၊ သင့်အား။ မာ ဝိဇ္ဇိတ္ထ၊ မဖြစ်ပါစေလင့်။

တရားအားထုတ်တော့မယ်ဆိုရင် ဘာမှ ကြောင့်ကြစရာတွေ မပါစေနဲ့တဲ့ မြတ်စွာဘုရားက၊ ဟုတ်လား?။ ရာဂအတွက် ကြောင့်ကြမှု, ဒေါသအတွက် ကြောင့်ကြမှု, ရာဂကိဉ္စန, ဒေါသကိဉ္စန, မာနကိဉ္စန, ဒိဋ္ဌိကိဉ္စန, ဒုစ္စရိတကိဉ္စန-လို့ ခေါ်တဲ့ အဲဒီလို ရာဂတို့, ဒေါသတို့, မောဟတို့နဲ့ ပတ်သက်ပြီးတော့ ကြောင့်ကြခြင်း, စိုးရိမ်ခြင်း ဘာမှမရှိစေနဲ့ တရားအားထုတ်မဲ့ပုဂ္ဂိုလ်၊ နော်။ (မှန်ပါ)။

## နေက္ခမ္မ-အဓိပ္ပါယ်

အဓိပ္ပါယ်အကျယ်ပြောဘို့က ဒီဂါထာထဲမှာ အဓိပ္ပါယ် အကျယ်ပြောပေးဘို့ ဘယ်ဟာ ပါလာသလဲဆိုတော့ "နေက္ခမ္မံ"လို့ဆိုတဲ့ ပုဒ်တခု အထူးပါလာတယ်၊ အဲဒီ နေက္ခမ္မ ဆိုတာ ဘာလဲ?၊ ဋ္ဌကထာဝုတ်ပါဠိတော်နဲ့ အဋ္ဌကထာက ဘယ့်နှယ် ဖွင့်ပေးထားသလဲဆိုတော့—

ပဗ္ဗဇ္ဇာ ပဌမံ ဈာနံ၊ နိဗ္ဗာနဉ္စ ဝိပဿနာ။
သဗ္ဗေပိ ကုသလာ ဓမ္မာ၊ နေက္ခမ္မန္တိ ပဝုစ္စရေ။

နိက္ခမ္မဆိုတာဟာတဲ့ အလုံးစုံသော မကောင်းမှု အကုသိုလ်တွေကို ရှောင်ကြဉ်ခြင်းသည် နေက္ခမ္မ၊ ပထမဈာန်သည် နေက္ခမ္မ၊ ဘာဖြစ်လို့?၊ နီဝရဏ ငါးပါးက လွတ်နေသည်ဖြစ်သောကြောင့် နေက္ခမ္မ၊ နေက္ခမ္မဆိုတာ ထွက်မြောက်တာ၊ ဘယ်က ထွက်မြောက်သလဲ? နီဝရဏ ငါးပါးက ထွက်မြောက်တယ်၊ ပဌမဈာန်ကို နေက္ခမ္မလို့ ခေါ်တယ်၊ နိဗ္ဗာန်ကိုလဲ နေက္ခမ္မလို့ခေါ်တယ်၊ နိဗ္ဗာန်ကို ဘာလို့ ခေါ်သလဲ?။ (နေက္ခမ္မလို့ ခေါ်ပါတယ်ဘုရား)။

ဘယ်က ထွက်လာလို့လဲ၊ ခန္ဓာငါးပါးက လွတ်မြောက်လို့၊ ဟုတ်လား?။
(မှန်ပါဘုရား)။

ဝိပဿနာကိုလဲ နေက္ခမ္မလို့ ခေါ်တယ်၊ ဘာကို နေက္ခမ္မလို့ ခေါ်သလဲ?။
(ဝိပဿနာကို နေက္ခမ္မလို့ ခေါ်ပါတယ်ဘုရား)။

ဝိပဿနာကို ဘာပြုလို့ နေက္ခမ္မလို့ ခေါ်သလဲဆိုတော့ နိစ္စ-စသည်တို့၏ အခြင်းအရာအားဖြင့် စွဲလမ်းတဲ့သဘောမှ လွတ်မြောက်နေသည် ဖြစ်သောကြောင့် ဝိပဿနာဉာဏ်ကို နေက္ခမ္မ-လို့ ခေါ်တယ်၊ မှတ်ထား။

သဗ္ဗေပိ၊ ခပ်သိမ်းဥဿုံ အလုံးစုံလည်းဖြစ်ကုန်သော။ ကုသလာဓမ္မာ၊ ကုသိုလ်တရားတို့ကို။ နေက္ခမ္မာတိ၊ နေက္ခမ္မဓာတ်ကြီးဟူ၍။ ဝုစ္စရေ၊ ခေါ်ဆိုရ ပေကုန်၏။

"နေက္ခမ္မဓာတ်"လို့ ဆိုတာ အလုံးစုံသော ကုသိုလ်တရားတို့ကိုလဲ နေက္ခမ္မလို့ခေါ်တယ်၊ ဘုရားရှိခိုးတာ, ပုတီးစိပ်တာ, ပန်းကပ်တာ, ဆီမီးထွန်းတာ၊ ဒါအကုန် နေက္ခမ္မဓာတ်ထဲ ပါတယ်နော်။ (မှန်ပါ)။

အဲဒီနေက္ခမ္မထဲမှာ ဝိပဿနာဉာဏ်နဲ့ ပတ်သက်တဲ့ နေက္ခမ္မဓာတ်ကို ဒီကနေ့ဘုန်းကြီး အထူးပြုပြီး ဟောပေးလိုတယ်နော်။ (မှန်ပါ။)

## ဝိပဿနာရှုနည်း

ဝိပဿနာ အားထုတ်တဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ, နှာခေါင်းထဲက ထွက်တဲ့လေ, နှာခေါင်းထဲ ဝင်တဲ့လေ ဘာလဲ? (ရုပ်ပါဘုရား။)

"ဣတိ ရူပံ"။

ဣတိ၊ ဤသဘောတရားသည်ကား။ ရူပံ၊ ရုပ်မည်၏။ ဝါ။ သူ့ကို ရုပ်လို့ရှု။

ထွက်လေ ဝင်လေလို့ ရှုရမလား, ရုပ်လို့ ရှုရမလား? (ရုပ်လို့ ရှုရမယ်ဘုရား)။

ဒီကရဇကာယကြီးကို အဲသလိုရှုနေရင် ထွက်လေ ဝင်လေရဲ့ တွန်းကန်လှုပ်ရှားမှုကို ရုပ်လို့ ရှုနေရင်း တခါတလေ ပူလာမယ်၊ ဘာလို့ ရှုရမလဲ။

(ရုပ်လို့ဘဲ ရှုရမယ်ဘုရား။)

ပူတဲ့သဘော ပေါ်လာရင် ပူတဲ့သဘောလို့ ရှုရမလား, ရုပ်လို့ ရှုရမလား?

(ရုပ်လို့ ရှုရမယ်ဘုရား)

ဓမ္မာနုပဿနာသတိပဋ္ဌာန်——ဣတိ၊ ဤပူတယ်ဆိုတဲ့ သဘောတရားသည်။ ရူပံ၊ ရုပ်မည်၏။

ပူတာ ဘာတဲ့လဲ။ (ရုပ်ပါဘုရား။)

အေးတာ ပေါ်လာရင် ဘာလို့ ရှုရမလဲ? (ရုပ်ပါဘုရား။)

လှုပ်လှုပ် လှုပ်လှုပ်နဲ့ ပေါ်လာရင် ဘာလို့ ရှုရမလဲ? (ရုပ်လို့ ရှုရမယ်ဘုရား။)

ယားတာ ပေါ်လာရင်, ကွေးတာ ပေါ်လာရင်, ဆန့်တာ ပေါ်လာရင် ဘာလို့ ရှုရမလဲ? (ရုပ်လို့ ရှုရမယ်ဘုရား။)

ဒီ အဇ္ဈတ္တ ကရဇကာယကြီး တခုလုံးကို ဘာလို့ ရှုရမလဲ? (ရုပ်လို့ ရှုရမယ်ဘုရား။)

"ဉာတိ ရူပံ" ဓမ္မာနုပဿနာ သတိပဋ္ဌာန်က ရုပ်နော်၊ အဲသလို ရုပ်လို့ ရှုနေတာဟာ နေကမ္မ။ ရုပ်လို့ ရှုနေတာဟာ ဘာတဲ့လဲ? (နေကမ္မပါဘုရား။)

ဘာပြုလို့ နေကမ္မလို့ ခေါ်သလဲဆိုတော့ ရုပ်လို့ ရှုနေလိုက်တော့ သတ္တဝါ ဆိုတဲ့ အမှတ်သညာကြီးက သူ လွတ်လပ်မနေဘူးလား? (လွတ်လပ်ပါတယ် ဘုရား။)

သတ္တဝါဟူသော အမှတ်သညာက လွတ်နေသည် ဖြစ်သောကြောင့် သူ့ကို ရုပ်လို့ ရှုနေတာသည် နေကမ္မ၊ ဟုတ်လား? (မှန်ပါဘုရား။)

ကိုင်း ဒီနေကမ္မအကြောင်း ပြောအုံးမယ်—ဒီလို ပူတယ်၊ အေးတယ်၊ လှုပ်တယ်-ဆိုတဲ့ သဘောတွေက ဘာတွေ ပေါ်လာမလဲ၊ မြင်မှုတွေ ပေါ်လာ လိမ့်မယ်၊ မြင်တယ်ဆိုတာ ဘာမြင်တာလဲ၊ ရုပ်။ ကြားရင် ရုပ်။ နံတယ်ဆိုတာ ဘာလဲ? (ရုပ်ပါဘုရား။)

လျှာပေါ်မှာ အရသာတွေ ရောက်လာတယ် ဆိုတာ ဘာလဲ? (ရုပ်ပါ ဘုရား။)

ဒီ ခန္ဓာကိုယ်မှာ တစုံတခု ဖောဋ္ဌဗ္ဗာရုံနဲ့ လာပြီးတော့ တွေ့တယ်လို့ ဆိုတာ တွေဟာ ဘာတုံး? (ရုပ်ပါဘုရား။)

ဒါကို ပါဠိတော်ကြီးက ဘယ်နှယ်ပြောထားသလဲလို့ဆိုတော့ ဘုန်းကြီးတို့ အဘိဓမ္မာပိဋကတ် ခုဒ္ဒကနိကာယ်မှာ ပါတဲ့ ဝိဘင်းပါဠိတော်က ဘာပြောသလဲ—

ရုပ်နှစ်မျိုး။ ။တဒေကဇ္ဈံ အဘိသညူဟိတွာ အဘိသင်္ခိပိတွာ အယံ ဝုစ္စတိ ရူပက္ခန္ဓော။

အပြင်ဘက်ကဖြစ်တဲ့ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံလို့ ဆိုတဲ့ အပြင်ဘက်က ရုပ်တွေကိုရော့ ခုနက အတွင်းအဇ္ဈတ္တသန္တာန်က ပူတာ၊ အေးတာ၊ လှုပ်တာ၊ ယားတာ၊ ကွေးတာ၊ ဆန့်တာ၊ အောင့်တာ၊ တောင့်တာ၊ တင်းတာ၊ ပေါ့တာ၊ လေးတာတွေ အာလုံးသည် ရုပ်။

ပူလာတယ်၊ အေးလာတယ်၊ လှုပ်လာတယ်ဆိုတဲ့ အဇ္ဈတ္တက ရုပ်၊ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ-ဆိုတဲ့ အဇ္ဈတ္တက ရုပ်။ အပြင်ဘက်က ရူပါရုံကို မြင်တယ်၊ သဒ္ဒါရုံကို ကြားတယ်၊ ဂန္ဓာရုံကို နံတယ်၊ ရသာရုံကို စားတယ်၊ ဖောဋ္ဌဗ္ဗာရုံကို ထိတယ်ဆိုတဲ့ အပြင်ဘက်ကရုပ်၊ အဲဒီအဇ္ဈတ္တ၊ ဗဟိဒ္ဓရုပ်အားလုံးကို ပေါင်းပြီးတော့—

အဇ္ဈတ္တံ ဝါ၊ အဇ္ဈတ္တ၌လည်း ဖြစ်သော။ ဗဟိဒ္ဓံ ဝါ၊ ဗဟိဒ္ဓ၌လည်း ဖြစ်သော။ တံ၊ ထိုရုပ်အားလုံးကို။ ဧကဇ္ဈံကတွာ၊ တပေါင်းတည်း ပြုပြီး

တော့။ အဘိသညူဟိတ္ဝာ၊ ရုံး၍။ အဘိသံခိပိတွာ၊ ချုံး၍။ ရူပက္ခန္ဓောတိ၊ ရူပက္ခန္ဓာဟူ၍။ ဝုစ္စတိ၊ ဆိုရပေတော့၏။

ဘာတရားတဲ့လဲ? (ရုပ်တရားပါဘုရား။)

မြတ်စွာဘုရားက ကိုယ့်ဆရာ၊ ပရိသတ်က ဘယ်သူ့တပည့်? မြတ်စွာဘုရားရဲ့တပည့်။ ထူးကြီးဆရာတော်နဲ့ ဒီပရိသတ် ဘာမှ မဆိုင်ဘူး၊ ဒါ ထူးကြီးဆရာတော်ရဲ့ ပရိသတ်မဟုတ်ဘူး၊ ထူးကြီးဆရာတော်ရဲ့ တပည့်မဟုတ်ဘူး၊ မြတ်စွာဘုရား၏ ပရိသတ်၊ မြတ်စွာဘုရား၏တပည့်လို့ ဆိုသွားတာ။ ကြည့်လေ–"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"လို့ ဆိုမထားဘူးလား? (ဆိုထားပါတယ်ဘုရား။)

"ထူးကြီးဆရာတော် သရဏံ ဂစ္ဆာမိ"လို့ ဆိုသလား? (မဆိုပါ ဘုရား။)

ဒီတော့ ဘယ်သူ့တပည့်လဲ? (မြတ်စွာဘုရားရဲ့ တပည့်ပါ ဘုရား။)

မှတ်ထားနော် "ငါ မြတ်စွာဘုရားရဲ့ တပည့်, ဘယ်သူ့တပည့်မှ မဟုတ်ဘူး" လို့၊ အဲဒီလို စိတ်ကို ဆုံးဖြတ်ချက်ချထားတော့ မြတ်စွာဘုရားက သူ့တပည့်ကို ဘာပြောသလဲ၊ အဲဒီလို အဇ္ဈတ္တကပေါ်လာတဲ့ ပူတာ အေးတာတွေ, လှုပ်တာတွေ, ယားတာတွေ, ကျေးတာတွေ, ဆန့်တာတွေ အောင့်တာ, တောင့်တာ, တင်းတာ အားလုံးသည် ဒါ အဇ္ဈတ္တကပေါ်တာ၊ ဗဟိဒ္ဓကလာခဲ့တဲ့ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ ဆိုတဲ့ ဗဟိဒ္ဓကလာခဲ့တဲ့ ရုပ်တွေအားလုံးကို အကုန်လုံးပေါင်းပြီးတော့ သူကို ဘာလို့ရှုရမလဲ။ (ရုပ်လို့ ရှုရမယ်ဘုရား)။

"ရူပက္ခန္ဓောတိ ဝုစ္စတိ"သူကို ရူပက္ခန္ဓာလို့ရှု။ ရူပက္ခန္ဓာကို ဘယ့်နှယ်ရှုရမလဲဆိုတော့ ဓမ္မာနုပဿနာသတိပဋ္ဌာန်အနေအားဖြင့် "ဣတိ ရူပံ" ဣတိ၊ ဤသဘောတရားသည်။ ရူပံ၊ ရုပ်မည်၏။ ရုပ်လို့ ရှု။ အဲဒီရုပ်နဲ့ လူနဲ့ တူ-မတူ ကြည့်၊ ဒီရုပ်နဲ့ လူနဲ့ မတူဘူး, လူရုပ်ဆိုတာက မျက်မြင်ရုပ်၊ ခုနကပေါ်လာတဲ့ ရုပ်တွေဆိုတာက ဉာဏ်မြင်ရုပ်၊ မျက်မြင်ရုပ်က ပုံသဏ္ဌာန်နဲ့၊ ဉာဏ်မြင်ရုပ်က ပုံသဏ္ဌာန်မရှိဘူး၊ ဒီလိုခြားနားတယ်၊ အဲသလို မျက်မြင်ရုပ်နဲ့ ဉာဏ်မြင်ရုပ် ပုံသဏ္ဌာန်ရှိတာနဲ့ ပုံသဏ္ဌာန်မရှိတာ ထူးခြားတယ်။ အဲသလို ဉာဏ်မြင်ရုပ်ကို ကြည့်လိုက်တဲ့အခါကျတော့ သူမှာ ဘာရှိနေသလဲဆိုတော့—

"ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ၊ ဌိတဿ အညထတ္တံ ပညာယတိ"။

ဥပ္ပါဒ=ဖြစ်တဲ့သဘော မရှိဘူးလား? (ရှိပါတယ် ဘုရား)။

ဝယ=ကုန်ပျောက်သွားတယ်ဆိုတဲ့ သဘော မရှိဘူးလား?(ရှိပါတယ်ဘုရား)

"ဌိတဿ အညထတ္တံ"လို့ ဆိုတဲ့အချက်က ဝိပရိဏာမ အချက်ကို ပြတယ်၊ ဖြစ်ပြီးတဲ့နောက် ကုန်တဲ့ ပျောက်တဲ့ဘက်ကို တရိပ်ရိပ်နဲ့ ပြောင်းနေတယ်-ဆိုတဲ့ သဘော မရှိဘူးလား? (ရှိပါတယ် ဘုရား)။

အဲဒီ အချက်သုံးချက်ကို အကုန်မြင်အောင် ကြည့်ပြီးသကာလ ရုပ်တရားတွေကို ဒီလိုကြည့်လိုက်၊ အဲဒီလို ကြည့်နေတဲ့သဘောကို ဒါက ရုပ်တရား၊ ဒီဟာက ရုပ်တရားတို့၏ ဖြစ်ခြင်း, ဒါက ရုပ်တရားတို့၏ ရွေ့ရှားခြင်း ဝိပရိဏာမအချက်, ဒါက ရုပ်တရားတို့၏ ကုန်ခြင်း, ပျောက်ခြင်းဆိုတဲ့ အနိစ္စ အချက်ဆိုတာ ဉာဏ်ထဲ ကွက်ကွက်ကွင်းကွင်း ပေါ်လာသလား, ပေါ်မလာဘူးလား? (ပေါ်လာပါတယ် ဘုရား။)

အဲဒီလို ပေါ်လာတာကို ဘာလို့ ခေါ်သလဲဆိုတော့ ဝိပဿနာဉာဏ်လို့ ခေါ်တယ်။ ဘာတဲ့လဲ။ (ဝိပဿနာဉာဏ်ပါ ဘုရား)။

အဲဒီ ဝိပဿနာဉာဏ်ကို အကြောင်းပြုပြီးတော့ သောမနဿဝေဒနာ, ဒေါမနဿဝေဒနာ, ဉပေက္ခာဝေဒနာ, ဝေဒနာသုံးမျိုး ပေါ်လိမ့်မယ်။ ဝေဒနာခေတ်ပေါ်ပုံကို ပြောချင်လို့၊ ဝေဒနာတွေပေါ်လိမ့်မယ်၊ အဲဒီ ဝေဒနာခေတ်သုံးမျိုးပေါ်ပုံကို ဘုန်းကြီး ဘာနဲ့ သရုပ်ဖော်ပေးမလဲ ဆိုတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ကြည့်၊ ဉပရိပဏ္ဏာသပါဠိတော် သဠာယတနဝိဘင်္ဂသုတ်နဲ့ သရုပ်ဖော်ပြီးတော့ ပေးရလိမ့်မယ်။

ရှုနေပြီ ရုပ်ကို၊ ဉာဏ်မြင်ရုပ် ဖြစ်လာတယ်၊ ရွေ့သွားတယ်, ကုန်ပျောက်သွားတယ်, ဝိပဿနာရှုနေတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ဒီအသိဉာဏ် ပေါ်နေလိမ့်မယ်၊ တွန်းကန်လှုပ်ရှားမှုလို့ ခေါ်တဲ့သဘော "ရုပ်ဖြစ်လာတယ်, ရွေ့လာတယ်, ကုန်ပျောက်သွားတယ်" ဒါတွေဟာ ရုပ်တရားတို့၏ သာမညလက္ခဏာလို့ ခေါ်တယ်။ အင်္ဂုတ္တိုရ်တိကနိပါတ် ပါဠိတော်ကြီးက ဘာပြထားသလဲ ဆိုတော့—

**လက္ခဏာ ၃-ချက်။** ။တီဏိမာနိ ဘိက္ခဝေ သင်္ခတဿ သင်္ခတလက္ခဏာနိ ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ၊ ဌိတဿ အညထတ္တံ ပညာယတိ။

ချစ်သားတို့ အဲဒီ ရုပ်လို့ခေါ်တဲ့ သင်္ခတတရားမှာ ဖြစ်တဲ့သဘော ဉာဏ်ထဲမှာ ထင်ရှားလာတယ်၊ ကုန်တဲ့ ပျောက်တဲ့သဘော ဉာဏ်ထဲမှာ ထင်ရှားလာတယ်၊ "ဌိတဿ အညထတ္တံ"လို့ ဆိုတဲ့ ကုန်တဲ့, ပျောက်တဲ့ သဘောဘက်ကို တရိပ်ရိပ်နဲ့ ရွေ့ပြောင်းနေတဲ့ ဝိပရိဏာမအချက် ဉာဏ်ထဲမှာ ထင်ရှားလာတယ်၊ ဒါ သင်္ခတလက္ခဏာ သုံးချက်။ ဘယ်သင်္ခတကို ကြည့်ကြည့် ဒီလက္ခဏာသုံးချက်ကို မြင်ရမယ်၊ ဘယ်သင်္ခတကိုဘဲ ကြည့်ကြည့် အဲဒီ လက္ခဏာသုံးချက်ဟာ ပေါ်နေရမယ်။

**ပေါ်ဉာဏ်။** ။ဒီတော့ အဲဒီ လက္ခဏာသုံးချက် ပေါ်လာတော့ ရုပ်ကိုလဲ ကိုယ်ကလုပ်ပြီးတော့ မရှုနဲ့, လက္ခဏာကိုလဲ ကိုယ်ကဖော်ပြီး

မရှုနဲ့၊ သူက ပေါ်တဲ့ဉာဏ်, ရှုတဲ့ဉာဏ် မဟုတ်ဘူး၊ ဘာဉာဏ်တဲ့လဲ။ (ပေါ်တဲ့ ဉာဏ်ပါ ဘုရား)။

ပေါ်တဲ့ဉာဏ်ဆိုတာ ဘယ်လိုနေရာ သုံးရသလဲဆိုတော့ ဥပမာပြရမယ်ဆိုရင် အနာတခုပျောက်ဘို့ရန်အတွက် သောက်ဆေးရယ်, လိမ်းဆေးရယ်, ဆရာက ဆေးနှစ်မျိုးပေးတယ်၊ လိမ်းဆေးကို သွားသောက်ရင် ဒီအနာပျောက်ပမလား။ (မပျောက်ပါ ဘုရား။)

ကိလေသာရောဂါကြီး ပျောက်ဘို့ရန်အတွက် ဘုန်းတော်သခင် သဗ္ဗညု မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဆေးနဲ့တူတဲ့ ဝိပဿနာဉာဏ် နှစ်မျိုး ပေး ထားတာ ရှိတယ်၊ လိမ်းဆေးနဲ့တူတဲ့ ဝိပဿနာပေါ်ဉာဏ်တမျိုး၊ သောက်ဆေးနဲ့ တူတဲ့ ဝိပဿနာရှုဉာဏ်တမျိုး ဆိုပြီးတော့ မြတ်စွာဘုရားက ဆေးနှစ်မျိုးပေး ထားတယ်။ ဘုန်းကြီးတို့ပရိသတ် အရေးကြီးသလား, မကြီးဘူးလား။ (အရေးကြီးပါတယ်ဘုရား။)

ဒီအချက်ဟာ သိပ်ပြီးတော့ အရေးကြီးတဲ့ အချက်။

အကယ်၍များ လိမ်းဆေးနဲ့တူတဲ့ ပေါ်ဉာဏ်ကို သောက်ဆေးနဲ့တူတဲ့ ရှုဉာဏ်အနေနဲ့ ရှုမိနေရင် ကိလေသာ ကွာမလား, မကွာဘူးလား (မကွာပါ ဘုရား)။

အနာ ပျောက်မလား, မပျောက်ဘူးလား လိမ်းဆေးကို သောက်ဆေးလုပ် သောက်နေရင်။ (မပျောက်ပါ ဘုရား)။

ဒီတော့ ပေါ်ဉာဏ်ဆိုတာ ဘာတဲ့လဲ? ဥပ္ပါဒ=ဖြစ်တယ်, ဝယ=ကုန်တယ် ပျောက်တယ်, အညထတ္တ=ကုန်တဲ့ ပျောက်တဲ့ဘက်ကို ရွှေ့တယ် ပြောင်းတယ် ဆိုတဲ့ အနိစ္စအချက်, ဒုက္ခအချက်, ဝိပရိဏာမအချက်၊ ဒီအချက်သုံးချက်သည် ရှုရမဲ့ဉာဏ် မဟုတ်၊ ပေါ်ဉာဏ်။

**ဘယဋ္ဌ ဒုက္ခ**။ ။သင်္ခတတရားထဲမှာ ဘယ်သခါရဘဲ ကြည့်လိုက် ကြည့်လိုက် အဲဒီ ဉာဏ်သုံးချက်ဟာ တခါထဲကပ်ပြီးတော့ ပါနေတယ်၊ သူ့ကို ဘယဋ္ဌဒုက္ခလို့ခေါ်တယ်။ ဘာဒုက္ခတဲ့လဲ? (ဘယဋ္ဌဒုက္ခပါ ဘုရား)

အနိစ္စသဘောလို့ဆိုတာ ရုပ်တရား ဖြစ်ပြီးတဲ့နောက် ကုန်ပျောက်သွားတဲ့ သဘောကို ဘုန်းကြီးတို့ပရိသတ် တွေ့သလား,မတွေ့ဘူးလား ?
(တွေ့ပါတယ်ဘုရား)

ကုန်တယ်, ပျောက်တယ်ဆိုတာဟာ လူပျောက်သွားတာလား, ရုပ်ပျောက် သွားတာလား ? (ရုပ် ပျောက်သွားတာပါဘုရား)

ဉာဏ်မြင်ရုပ် ပျောက်သွားတာလား, မျက်မြင်ရုပ် ပျောက်သွားတာလား ?
(ဉာဏ်မြင်ရုပ် ပျောက်သွားပါတယ်ဘုရား)

အဲဒီဉာဏ်မြင်ရုပ် ပျောက်သွားတယ်ဆိုတာ ဒုက္ခလား သုခလား?
(ဒုက္ခပါဘုရား)။

ပါဠိတော်က ဘယ့်နှယ်ပြသလဲ— "ယဒနိစ္စံ၊ တံ ဒုက္ခံ။"

ယံ အနိစ္စံ၊ အကြင် ကုန်ခြင်းပျောက်ခြင်းဆိုတဲ့ သဘောတရားသည်။ အတ္ထိ၊ ရှိ၏။ တံ အနိစ္စံ၊ ထို ကုန်ခြင်း, ပျောက်ခြင်းဆိုတဲ့ သဘောတရားသည်။ ဒုက္ခံ၊ ဒုက္ခသစ္စာမည်၏။

ဘယဋ္ဌဒုက္ခ မြင်အောင်ကြည့်နော်။ (မှန်ပါ)။

ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ် မြင်စေချင်တယ်ဆိုတဲ့ ဒုက္ခက အဲဒီ "ဘယဋ္ဌဒုက္ခ"ကို မြင်စေချင်တာ၊ အဲဒီ ပေါ်ဉာဏ်ကို ပေါ်အောင် ရှုပေးတာကို ဒါ လိမ်းဆေးလိမ်းတာနဲ့ တူတယ်နော်။ (မှန်ပါ ဘုရား)

ရှုဉာဏ်။ ။ရှုဉာဏ်ပေါ် လာတော့ ဘယ့်နှယ်ပေါ် လာသလဲဆိုတော့ ရှုဉာဏ်ပေါ်ပုံကလေးကို ဘုန်းကြီး ထပ်ပြီး ပြောပေးဦးမယ်။

နေတံ မမ၊ နေသောဟမသ္မိ၊ န မေ သော အတ္တာတိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

ဧတံ၊ ထိုဘယဋ္ဌဒုက္ခရှိနေသော ရူပက္ခန္ဓာသည်။ မမ၊ ငါ၏။ နသန္တကံ၊ ဥစ္စာမဟုတ်။ (ဩြော် ဒီရုပ်ဟာ ငါ့ဥစ္စာမဟုတ်ဘူး, ရှုဉာဏ်၊ ဒါက ဒီရုပ်သည် ငါမဟုတ်ဘူး။) ဧသော၊ ဤရုပ်သည်။ အဟံ၊ ငါသည်။ န အသ္မိ၊ မဟုတ်။ ဧသော၊ ဤရုပ်သည်။ မေ၊ ငါ၏။ အတ္တာ၊ ဒီ "အတ္တ"ဆိုတဲ့ ကိုယ်လုံးကြီးသည်။ န၊ မဟုတ်။

"အနတ္တ"။ အနတ္တဆိုတာ ဘာလဲ။ "န+အတ္တ=အနတ္တ"။ အတ္တာ၊ ဒီကိုယ်လုံးကြီးသည်။ န၊ မဟုတ်။ အနတ္တာ၊ ဒီကိုယ်လုံးကြီး မဟုတ်။ နှာခေါင်းထဲက ထွက်တဲ့လေ, ဝင်တဲ့လေတွေဟာ ဒီကိုယ်လုံး ဟုတ်ကဲ့လား။ (မဟုတ်ပါဘုရား)

ဒီကိုယ်လုံးကြီးက အတ္တ၊ နှာခေါင်းထဲကထွက်တဲ့ ဝင်တဲ့လေဟာ ဘာတဲ့လဲ။
(အနတ္တပါဘုရား)

ကွဲပလား အတ္တနဲ့အနတ္တ။ (ကွဲပါပြီဘုရား)

အဲဒါ ရှုဉာဏ်လား,ပေါ်ဉာဏ်လား။ (ရှုဉာဏ်ပါဘုရား)

ရှုဉာဏ် ဒီဉာဏ်က။ အဲဒီရှုဉာဏ်ဟာ သောက်ဆေးနဲ့တူတယ်၊ သူ့ကို ရှုရမယ်။

ဝေါ၊ ဤသို့။ တေ၊ ထိုရုပ်ကို။ ယထာဘူတံ၊ မဖောက်မပြန် ဟုတ်မှန်သော ရှုဉာဏ်ဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။

ရှုရမယ်တဲ့ မြတ်စွာဘုရားက၊ နော်။　　(မှန်ပါဘုရား)

## ဝေဒနာခေတ်ဖော်နည်း

အဲဒီလိုပေါ်ဉာဏ်၊ ရှုဉာဏ်တွေ ပေါ်နေတဲ့အခါမှာ နေက္ခမ္မသိတ သောမနဿ၊ နေက္ခမ္မသိတ ဒေါမနဿ၊ နေက္ခမ္မသိတ ဥပေက္ခာ....လို့ ဝေဒနာသုံးမျိုး ပေါ်တယ်၊ ဝေဒနာပေါ်ပုံကို ကြည့်၊ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ သေသေချာချာဂရုစိုက်ပြီးတော့ နားထောင်နော် ဝေဒနာသုံးမျိုးပေါ်ပုံကို၊ နေက္ခမ္မသိတနဲ့ပတ်သက်လို့ ပြောမလို့၊ နေက္ခမ္မဆိုတာ ဘာခေါ်သလဲ၊ ဝိပဿနာနော်။ "နေက္ခမ္မံ ဒဋ္ဌု ခေမတော" မြတ်စွာဘုရားဟောနေတဲ့ တရားက "အဲဒီနေက္ခမ္မကို ဘေးကင်းကြောင်းတရားဟူ၍ ရှုဘို့ရန်အတွက် ကာမဂုဏ်တွေကို ပယ်ပါ"လို့ မြတ်စွာဘုရားက ဒီလိုဟောထားတယ်၊ ကာမဂုဏ်ပယ်ပုံတွေကို နောက်ပိုင်းတုန်းက ဘုန်းကြီး အမျိုးမျိုး ဟောပေးခဲ့ပြီ သုတ္တန်အမျိုးမျိုးတွေနဲ့၊ နေက္ခမ္မခေတ်လို့ခေါ်တဲ့ ဝိပဿနာကို အခု ဟောပေးနေတယ်။

အခု ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ရှုနေတာ ရုပ်ကို နိစ္စလို့ ရှုသလား, အနိစ္စလို့ရှုသလား။　　(အနိစ္စလို့ရှုပါတယ်ဘုရား)

ဒုက္ခလို့ရှုသလား, သုခလို့ရှုသလား။　　(ဒုက္ခလို့ရှုပါတယ်ဘုရား)

အတ္တလို့ ရှုသလား, အနတ္တလို့ ရှုသလား။　　(အနတ္တလို့ရှုပါတယ် ဘုရား)

အဲဒါကို ဘာလို့ခေါ်သလဲ၊ "ဝိပဿနာ"လို့ခေါ်တယ်၊ အဲဒီဝိပဿနာကို "နေက္ခမ္မ"လို့ခေါ်တယ်၊ ဟောရင်းစွဲပါဠိက အဲဒီနေက္ခမ္မလို့ခေါ်တဲ့ စကားလေး တလုံးကို ဝိပဿနာဉာဏ်လို့ ဒီလိုမှတ်ထားလိုက်။ အဲဒီဝိပဿနာဉာဏ် ရှုနေတဲ့ အခါမှာ ဒီနေက္ခမ္မသိတလို့ခေါ်တဲ့ ဝိပဿနာဉာဏ်ကို မှီပြီးတော့ သောမနဿ ဝေဒနာပေါ်တယ်, ဒေါမနဿဝေဒနာ ပေါ်တယ်, ဥပေက္ခာဝေဒနာ ပေါ်တယ်၊ ဘယ်နှစ်မျိုးလဲ။　　(သုံးမျိုးပါဘုရား)

ဘယ်လိုပေါ်နည်းလဲ ဘုရားဖော်ပုံဖော်နည်း။ ဝေဒနာခေတ်ဖော်စမ်းပါ။ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများရဲ့ ဝေဒနာခေတ်ဖော်နည်းနဲ့ မြတ်စွာဘုရားရဲ့ ပါဠိတော်က ဝေဒနာခေတ်ဖော်နည်းနဲ့ တူချင်မှ တူမယ်နော်။　　(မှန်ပါဘုရား)

**ပါရာယန (ဒု)-၉—ပ-မ-ဗ-သ-စ**

တူချင်လဲ တူလိမ့်မယ်, အကယ်၍မတူရင် တို့ဖော်တဲ့ ဝေဒနာခေတ် ဖော်နည်းက မှန်သလား, မြတ်စွာဘုရားဖော်ပေးတဲ့ ဝေဒနာခေတ်ဖော်နည်းက မှန်သလားလို့ဆိုတာကိုတော့ ဘုန်းကြီး မဆုံးဖြတ်လိုဘူး။ ဘုန်းကြီးတို့ပရိသတ် ကိုယ်ပိုင်ဉာဏ်နဲ့ ဆုံးဖြတ်ကြနော်။ (မှန်ပါ)

ဘုန်းကြီးတို့တာဝန်က မိမိတို့ လုပ်ထုံး လုပ်ထားတဲ့နေရာမှာ ပါဠိတော်ကိုသာ ကိုးကားပြီးတော့ ညွှန်ပြဘို့တာဝန်၊ ဟုတ်လား။ (မှန်ပါ)။

ကိုးကားချက်နော် သေသေချာချာ နားထောင်၊ ပါဠိတော်ကိုးကားချက်ကို သေသေချာချာ ပြောပေးရမယ်။ ဒီမှာ ဘယ်ပါဠိတော်ကလဲ၊ ဥပရိပဏ္ဏာသပါဠိတော်၊ ဘာသုတ်လဲ? သဠာယတနဝိဘင်္ဂသုတ်၊ အဲဒီသုတ္တန်မှာ ဘာပြထားသလဲဆိုရင် နေက္ခမ္မသိတ သောမနဿ ဝိပဿနာဆိုတဲ့ နေက္ခမ္မကိုမှီတဲ့ သောမနဿဝေဒနာ, နေက္ခမ္မသိတဒေါမနဿ ဝိပဿနာဆိုတဲ့ နေက္ခမ္မကိုမှီပြီးတော့ ပေါ်လာတဲ့ ဒုက္ခဝေဒနာ, ဒေါမနဿဝေဒနာ, နေက္ခမ္မသိတဥပေက္ခာလို့ခေါ်တဲ့ ဝိပဿနာဉာဏ်ကို အမှီပြုပြီးတော့ ပေါ်လာတဲ့ ဥပေက္ခာဝေဒနာ၊ ဝေဒနာဖော်နည်း သုံးနည်းကို မြတ်စွာဘုရား ပြတော်မူတယ်။ ခုန ရှုနေတာက ရုပ်နော်။
(မှန်ပါဘုရား)

## သောမနဿဝေဒနာဝိပဿနာရှုနည်း

ရူပါနံတွေဝ အနိစ္စတံ ဝိဒိတွာ ဝိပရိဏာမဝိရာဂနိရောဓံ ပုဗ္ဗေ စေဝ ရူပါ ‌တေရဟိ စ၊ သဗ္ဗေ တေ ရူပါ အနိစ္စာ ဒုက္ခာ ဝိပရိဏာမဓမ္မာတိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ပဿတော ဥပ္ပဇ္ဇတိ သောမနဿံ၊ ယံ ဧဝရူပံ သောမနဿံ။ ဣဒံ ဝုစ္စတိ နေက္ခမ္မသိတံ သောမနဿံ။

သုခဝေဒနာပေါ်ပုံကို မြတ်စွာဘုရားပါဠိတော်က ရှေးဦးစွာ ပြတယ်၊ ဝိပဿနာရှုရင်း ဝေဒနာခေတ်ဖော်ပုံ ပါဠိတော်ကိုးကားချက်။

ရူပါနံတွေဝ၊ ရုပ်တရားတို့၏သာလျှင်။ အနိစ္စတံ၊ မမြဲသည်၏ အဖြစ်ကိုလည်းကောင်း။ ဝိပရိဏာမ ဝိရာဂနိရောဓံ၊ ဖောက်ပြန်ခြင်း, မြဲတယ်ဆိုတဲ့ သဘောမှ ကင်းခြင်း, မြဲတယ်ဆိုတဲ့သဘောမှ ချုပ်ခြင်းကိုလည်းကောင်း။ ဝိဒိတွာ၊ ဝိပဿနာဉာဏ်ဖြင့်သိ၍။ ပုဗ္ဗေ၊ ရှေးအခါ၌ ဖြစ်ကုန်သော။ ယေ ရူပါစေဝ၊ အကြင်ရုပ်တရားတို့သည်လည်းကောင်း၊ တေရဟိ၊ ယခုအခါ၌ဖြစ်သော၊ ယေရူပါစ၊ အကြင်ရုပ်တရားတို့သည်လည်းကောင်း။ အတ္ထိသန္တိ၊ ရှိကုန်၏။ သဗ္ဗေတေရူပါ၊ ထိုရုပ်တရားအားလုံးတို့သည် (ရှေ့ဖြစ်, ခုဖြစ်, နောင်ဖြစ်ဆိုတဲ့ ရုပ်တရားအားလုံးတို့သည်။) အနိစ္စာ၊ ကုန်ခြင်း ပျောက်ခြင်း သဘောရှိကြကုန်၏။ ဒုက္ခာ၊ ကုန်ခြင်း ပျောက်ခြင်း ဘယဋ္ဌဒုက္ခကြီး

ဖြစ်ကြပေကုန်၏။ ဝိပရိဏာမဓမ္မာ၊ ရိပ်ရိပ်ရိပ်ရိပ်နဲ့ ကုန်တဲ့ ပျောက်တဲ့ သဘောသို့ ပြောင်းရွှေ့ခြင်းသဘော ရှိကြကုန်၏။

ဝိပဿနာရှုပြီးတော့ နေကြတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ရုပ်ကို အနိစ္စ,ဒုက္ခ,ဝိပရိဏာမလို့ အခု ပစ္စုပ္ပန်ရုပ်ကို တွဲတွဲကြီးရှုနေတဲ့ အခါမှာ သူ့ဉာဏ်ထဲ ဘယ်လိုမြင်လာသလဲဆိုတော့ "ဩော် ဒီလို အနိစ္စအချက်, ဒုက္ခအချက်, ဝိပရိဏာမအချက်, ဝိရာဂနိရောဓအချက်တွေကို ပစ္စုပ္ပန်ရုပ်အပေါ်မှာ မြင်သည်ဖြစ်သောကြောင့် ရှေးကဖြစ်တဲ့ ရုပ်တွေ, အခုဖြစ်နေတဲ့ ရုပ်တွေဟူသရွေ့ဟာ အနိစ္စ=ကုန်တဲ့ ပျောက်တဲ့သဘောရှိတယ်,ဒုက္ခ=ကုန်ခြင်းကြောင့် ဘယဋ္ဌသဘောရှိတယ်, ဝိပရိဏာမဓမ္မ=ပြောင်းလဲခြင်း သဘောတရားရှိတယ်" လို့ အဲဒီလိုရှုတယ်၊ အဲသလိုရှုနေတဲ့အခါမှာ—

"ဝေဒမတံ ယထာဘူတံ။ပ။ သောမနဿံ"

ဧဝံ၊ ဤသို့။ ဧတံ၊ ထိုရုပ်တရားအားလုံးကို။ ယထာဘူတံ၊ မဖောက်မပြန်ဟုတ်မှန်စွာ။ သမ္မပ္ပညာယ၊ ဝိပဿနာပညာဖြင့်။ ပဿတော၊ ရှု၍နေသော အမျိုးကောင်းသား, အမျိုးကောင်းသမီးအား။ သောမနဿံ၊ နှစ်သက်ဝမ်းမြောက်ခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍လာလေတော့၏။ ဒါ ဥပရိပဏ္ဏာသပါဠိတော်။

"ယတော ယတော သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။
လဘတီ ပီတိပါမောဇ္ဇံ၊ အမတံ တံ ဝိဇာနတံ"——

လို့ဆိုတဲ့ ဓမ္မပဒပါဠိတော်နဲ့လဲ သူဟာ ညီတယ်၊ ဝိပဿနာရှုနေရင်း သူဟာ ဝမ်းကို မြောက်နေတယ် အဖြစ်နဲ့အပျက်ကို မြင်နေရတဲ့အတွက်၊ ဘယ်လိုကြောင့် ဝမ်းမြောက်နေသလဲ၊ ဝမ်းမြောက်ပုံကလေးကို "ဒါက စာစကားပါ၊ ဒီ ဘုန်းကြီးတွေ စာသာတတ်တာပါ၊ အလုပ်မလုပ်တတ်ပါဘူး" လို့ တချို့က ဒီလိုပြောသေးတယ်။ အလုပ်သဘောဘယ်လိုပေါ်သလဲဆိုတော့ ပထမ ကိုယ်ရှုပြီးတော့ နေတယ်ဆိုတဲ့ ဝမ်းမြောက်မှုပေါ်လာပုံကလေး အလုပ်သဘောပေါ်ပုံကို ပြောအုံးမယ်။

**ဝမ်းမြောက်မှုပေါ်လာပုံ။** ။ရုပ်တရားတို့ရဲ့ ဖြစ်ခြင်းကို ရှုပြီးတော့နေတဲ့ အခါ ရှေးကဝိပဿနာဉာဏ်တွေ မရင့်သန်ခင်တုန်းကတော့ အဲဒီရုပ်တရားတခု မိမိရဲ့အသိဉာဏ်ထဲမှာပေါ်လာတို့ အင်မတန်ဂရုစိုက်ရမယ်၊ ဖြစ်တဲ့သဘော ပေါ်လာတို့, ကုန်တဲ့ ပျောက်တဲ့သဘော ပေါ်လာတို့, ရွေ့တဲ့သဘောပေါ်လာဘို့ဟာ အင်မတန် ကြောင့်ကြဗျာပါရတွေ စိုက်ရတယ်။

နောက်တော့ ဝိပဿနာဉာဏ်က ထက်သန်လာလို့ ရှုသားကလေးကျလာတဲ့ အခါကျတော့ ရုပ်တရားကလဲ ကိုယ်က ရှုမပေးရဘူး၊ သူ့အလိုလိုကို အဆင်သင့်ကလေး၊ အဆင်သင့်ကလေး ရှုစရာကလေးက ရှေ့ကို ရောက်ရောက်ပြီး တော့ ပေါ်လာတယ်။ ဖြစ်တဲ့သဘောကလဲ ထိုအတူဘဲ၊ ကုန်တဲ့ပျောက်တဲ့ သဘောကလဲ ထိုအတူဘဲ၊ ရှေ့တဲ့သဘောကလဲ ထိုအတူဘဲ၊ သိပ်ပြီးတော့ ကြောင့်ကြမစိုက်ရတော့ဘဲနဲ့ လွယ်လွယ်ကူကူနဲ့ ရှုလို့လွယ်လာတဲ့အခါကျတော့ အဲဒီအခါ ဘာဖြစ်သလဲဆိုတော့ ဝမ်းမြောက်မှု ဖြစ်လာတယ်၊ ဘာဖြစ်လာသလဲ?

(ဝမ်းမြောက်မှု ဖြစ်လာပါတယ်ဘုရား)

**သာသနာပျက်မှုအစ**။ ။ဘုန်းကြီးတို့ ပရိသတ်လဲ ရှုကွက်ထဲ ဒီလိုဖြစ်ဘူးပါ လိမ့်မယ်၊ ဒါကတော့ ဟို "စာပေနဲ့ အညီပြတဲ့ ဝိပဿနာလုပ်ထုံး၊ ရှုကွက်အလုပ်မပါဘူး" လို့ ပြောလိမ့်ဦးမယ်၊ "စာတွေချည်း လျှောက်ပြီးရွတ်နေတာပါ၊ အလုပ်မပါပါဘူး" လို့ ပြောလိမ့်ဦးမယ်။ ဘုန်းကြီးတို့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများ သာသနာတော်နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်လာပြီ၊ စာမရှိ၊ ပေမရှိနဲ့ ကိုယ်ထင်ရာ ကိုယ်ရမ်းလုပ်နေတဲ့ ဝိပဿနာတွေဟာ ဒီကနေ့ ထိပ်တန်းရောက်နေပြီ၊ ဒါကို သတိရှိရမယ်၊ "သာသနာပျက်တယ်" ဆိုတာ ဒီကစပြီးတော့ ပျက်တာ။ အဲဒီ သာသနာ ပျက်တယ်ဆိုတာ ဝိပဿနာအကျင့်ကစပြီးတော့ ပျက်တာ၊ ပြီးတော့ ဘာတွေ ဖြစ်ကုန်မလဲ? မိစ္ဆာဒိဋ္ဌိတွေ ဖြစ်ကုန်ရော။

သာသနာတော်ကလဲ နှစ်ထောင့်ငါးရာက ကျော်လာပြီ ဆိုတော့ သာသနာ တော်က ကုန်တော့မယ်၊ နောင်လဲ အရိမေတ္တေယျဘုရားက ပွင့်ရဦးမယ်၊ ဒီတော့ ဒီသာသနာကုန်ဘို့ကို ဘယ်ကစပြီး အယူတွေကို ဘယ်လိုဖျက်ပေးလာသလဲ ဆိုတော့ အဲဒီဝိပဿနာလုပ်ငန်းကစပြီး အယူကိုဖျက်ပေးလာတာ။ နည်းသစ်တွေ၊ နည်းဆန်းတွေ စာတွေမဟုတ်ဘူး၊ ငါတွေ့ဝိပဿနာတွေ ပေါ်နေတယ်၊ အဲဒီလိုသာဆိုရင် မကြာတော့ဘူး ဘုန်းကြီးတို့ပရိသတ် သာသနာပျက်တော့ မယ်လို့ မှတ်။ ဆိုလိုတဲ့အဓိပ္ပါယ်က ဒီစကားဘာပြုလို့ ထည့်ပြောရသလဲ၊ ဒီလိုဘဲ အန္တရာယ်တွေကတော့ဖြင့် သာသနာတော်မှာ ပေါ်ပေါက်နေပြီ၊ စာပေတွေ အလကားဖြစ်ကုန်ပြီ၊ စာသင်တဲ့ဘုန်းကြီးတွေကဘဲ အရူးတွေလို ဖြစ်ကုန်ပြီ ခုဉ်စွာ။ ဒီတော့ ဒီလိုဝါဒတွေ ထွန်းကားလာရင် သာသနာတော့ ကွယ်ကာနီး နေပြီ၊ သာသနာ ခုရှိနေသေးတုန်းမှာ မကွယ်ခင် ငါ ကြိုးစားပြီး တရားအားထုတ် လို့ တရားရမှတော်မယ်လို့ နှလုံးသွင်းတတ်ဘို့ရန်အတွက် ဒီစကား ထည့်ပြီးတော့ ဘုန်းကြီးပြောပေးတာပါ။

**စာပေ**။ ။ပါဠိတော်က ဘယ်နှယ်ပြထားသလဲလို့ ဆိုတော့ ရုပ်တရားကို အနိစ္စလို့ရှုနေတဲ့ ပုဂ္ဂိုလ်သည် သူ့ဉာဏ်ထဲ ဘယ်နှယ်ထင်လာသလဲ

ဆိုတော့ ရှေးဒီလိုရုပ်တရားတွေရဲ့ အနိစ္စအချက်, ဒုက္ခအချက်, ဝိပရိဏာမအချက်, ဝိရာဂအချက်,နိရောဓအချက်တွေကို ရုပ်တရားပေါ်မှာ မြင်နေရတော့, ရှုကွက်ထဲမှာ မြင်နေရတော့—

"ပုဗ္ဗေ စေဝ ရူပါ ဧတရဟိ စ"။

ရှေးကဖြစ်တဲ့ရုပ်တွေလဲ ဒီလိုဘဲ ဖြစ်ကြတယ်, ကုန်ကြတယ်, ပျောက်ကြတယ်။ "ဧတရဟိစရူပါ၊ အခုဖြစ်နေတဲ့ရုပ်တွေလဲ ဒီလိုဘဲ ဖြစ်နေတာဘဲ, ကုန်နေတာဘဲ, ပျောက်နေတာဘဲ"၊ အဲသလို ရုပ်တရားတို့ရဲ့ မမြဲပုံကို သိသည်ဖြစ်သောကြောင့် ဟုတ်တိုင်းမှန်စွာ ဝိပဿနာဉာဏ်နဲ့ မြင်နေတဲ့ ပုဂ္ဂိုလ်မှာ "ဥပ္ပဇ္ဇတိ သောမနဿံ၊ သောမနဿတွေဖြစ်ပေါ်လာတယ်" တဲ့၊ ဒီသောမနဿကို စေတသိကသောနဿ ဝေဒနာလို့ ခေါ်တယ်၊ သောမနဿဝေဒနာ ပေါ်လာတယ်ဆိုတာ ဒါ ဝေဒနာ ပေါ်လာပြီ၊ အဲဒီဝေဒနာ ဘယ်နေရာမှာပေါ်သလဲ?၊ ဒီဝေဒနာနဲ့ ဘယ်သူနဲ့ ဘယ်နေရာမှာ တွေ့သလဲဆိုတော့ ဘုန်းကြီးတို့ ပါဠိတော်ကိုးကားချက်တွေနဲ့ ဝိပဿနာလုပ်ထုံးကို ဘုန်းကြီး စစ်ပေးဦးမယ်။

**ဝိပဿနာလုပ်ထုံး။** ။ရုပ်တရားကို ရှုနေတဲ့အခါ ဘာပေါ်လာမလဲ၊ အနိစ္စ, ဒုက္ခ, ဝိပရိဏာမလို့ ဒီအချက် သုံးချက် ပေါ်လာမယ်နော်၊ ပြီးတော့ ရှုဉာဏ်က ဘယ်နှယ်ပေါ်သလဲဆိုတော့ ဒီလို အနိစ္စ, ဒုက္ခ, ဝိပရိဏာမ-ဖြစ်နေတဲ့ ရုပ်တရားသည်—

"နေတံမမ၊ ငါ့ဥစ္စာမဟုတ်ဘူး။ နေသောဟမသ္မိ၊ ငါမဟုတ်ဘူး။ နမေသော အတ္တာ၊ ငါ့ကိုယ်မဟုတ်ဘူး" အဲဒါက ရှုဉာဏ်၊ "နေတံ မမ"က ရှုဉာဏ်၊ "နေသောဟမသ္မိ" က ရှုဉာဏ်၊ "န မေ သော အတ္တာ" က ရှုဉာဏ်။

အနိစ္စ, ဒုက္ခ, ဝိပရိဏာမ လို့ခေါ်တာက ပေါ်ဉာဏ်၊ ဘယ်မှာပေါ်သလဲ ရုပ်ပေါ်မှာ၊ ရုပ်ကဘယ်မှာလဲ၊ ခုနက နှာခေါင်းထဲကထွက်တဲ့လေ, နှာခေါင်းထဲဝင်တဲ့လေရဲ့ တွန်းကန်လှုပ်ရှားမှုဆိုတဲ့ သဘာဝကလေးကို ရုပ်လို့ခေါ်သည်၊ ဟုတ်လား။ (မှန်ပါ)

အဲသလို ရှုနေရင်း ရုပ်တရားတို့ရဲ့ အနိစ္စအချက်ကို မြင်နေတဲ့အခါကျတော့ "ရှေးကရုပ်တွေလဲ ဒီလိုဘဲဖြစ်တယ်, ခုရုပ်တွေလဲ ဒီလိုဘဲဖြစ်ကြ,ပျက်ကြဒါဘဲ" လို့ အဲသလို ဟုတ်တိုင်းမှန်စွာရှုလို့ ဝိပဿနာဉာဏ်ခေါ်တဲ့ နေကွမ်ပေါ်လာတော့ ဘာဖြစ်လာလဲ၊ ဝမ်းမြောက်လာတယ်၊ "ဝမ်းမြောက်တယ်ဆိုတာ စာစကားလား" လို့ ဆိုတော့ မဟုတ်ဘူး, စာနဲ့အညီ တွေ့ထားတဲ့အတိုင်းက ဘယ်လိုတွေ့ထားသလဲလို့ဆိုတော့ "ဟုတ်တယ် ဒီရုပ်တရားပေါ်ဘို့ ဟိုင်ရှေးတုန်းက မနဲ ကြိုးစားပြီး ဖြစ်ခြင်း, ပျက်ခြင်း-ဆိုတဲ့ သဘောကို ရှုတယ်၊ ခုတော့ ဝိပဿနာ

ဉာဏ် ရင့်ကျက်လာသည် ဖြစ်သောကြောင့် ခုလို အင်မတန်လွယ်နေတဲ့အခါကျတော့ ဝိပဿနာရှုရတဲ့ ပုဂ္ဂိုလ်ဟာ ဝမ်းမမြောက်ဘူးလား။ (ဝမ်းမြောက်ပါတယ် ဘုရား)

အဲဒါကို သောမနဿ ဝေဒနာလို့ ခေါ်တယ်။

"ဥပ္ပဇ္ဇတိ သောမနဿံ"။

သောမနဿံ၊ သောမနဿ ဝေဒနာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဣဒံ ဝုစ္စတိ နေက္ခမ္မသိတံ သောမနဿံ။

ဣဒံ၊ ဤကဲ့သို့ ပေါ်လာတဲ့ သောမနဿဝေဒနာလို့ ခေါ်တဲ့ သုခဝေဒနာကို။ နေက္ခမ္မသိတံ၊ ဝိပဿနာခေါ်တဲ့ နေက္ခမ္မကို မှီ၍ဖြစ်သော။ သောမနဿံ၊ သောမနဿဝေဒနာဟူ၍။ ဝုစ္စတိ၊ ကောင်းစွာမသွေ ခေါ်ဆိုရပေသတည်း။

သာဓု သာဓု သာဓု

**ဝေဒနာနောက်မလိုက်ရ။** ။ဒါ သောမနဿဝေဒနာ ပေါ်ပုံနော်။ (မှန်ပါဘုရား)။

ကောင်းပြီ သောမနဿဝေဒနာပေါ်တော့ ရှေ့အပိုဒ်ထားခဲ့အုံး၊ ဒီ သောမနဿဝေဒနာကို ဘယ့်နှယ်လုပ်ရမလဲ, ဘာလုပ်ရမလဲ သောမနဿကို၊ အဲဒီ ဝေဒနာနောက် လိုက်ရမလား,မလိုက်ရဘူးလား-ဆိုတဲ့ ပြဿနာ ပေါ်လာတယ်၊ ဒီဝေဒနာနောက် လိုက်ရမလား, မလိုက်ရဘူးလား? သောမနဿ ဝေဒနာတော့ ပေါ်လာပြီ၊ လိုက်ရမယ်တဲ့, တချို့က မလိုက်ရဘူးတဲ့၊ ဟုတ်လား? အဲဒီလို ဝါဒနှစ်ခု ပေါ်နေတယ်။ မြတ်စွာဘုရားကတော့ အဲဒီ ဝေဒနာနောက် မလိုက်နဲ့တဲ့၊ ဘယ်သူကလဲ မြတ်စွာဘုရားက၊ ဘယ်မှာ ဟောသလဲ "ဝေဒနာနောက် မလိုက်ရဘူး"လို့၊ ပါဠိတော် ကိုးကားချက်များ ရှိသလား? ရှိတယ်၊ ဒီ ဥပရိပဏ္ဏာသ ပါဠိတော်မှာဘဲ သဠာယတနဝိဘင်္ဂသုတ္တန်လို့ဆိုကာ ရှိသေးတယ်၊ အဲဒီ သဠာယတနဝိဘင်္ဂသုတ္တန်မှာ မြတ်စွာဘုရား ဘယ်လိုဟောထားသလဲလို့ ဆိုတော့—

သုခါယ ဝေဒနာယ ဖုဋ္ဌော သမာနော အဘိနန္ဒတိ အဘိဝဒတိ အဇ္ဈောသာယ တိဋ္ဌတိ၊ တဿ ရာဂါနုသယော အနုသေတိ–တဲ့။ ။

သုခါယဝေဒနာယ၊ သုခဝေဒနာနှင့်။ ဖုဋ္ဌော၊ တွေ့သည်။ သမာနော၊ ဖြစ်သည်ရှိသော်။ အဘိနန္ဒတိ၊ အလွန်နှစ်သက်၏။ အဘိဝဒတိ၊ ကောင်း

လိုက်တာလို့ စွဲလမ်းပြောဆို၍ နေ၏။ အဇ္ဈောသာယ၊ ဝမ်းထဲမှာ မျိုသိပ်၍ ထားတော့မတတ်။ တိဋ္ဌတိ၊ လွှမ်းမိုး၍ တည်နေတော့၏။

အဲသလို နေက္ခမ္မသိတ-လို့ခေါ်တဲ့ သောမနဿ ဝေဒနာဆိုတာ ဝိပဿနာ ဉာဏ်ကို မှီပြီးတော့ ပေါ်တဲ့ သောမနဿဝေဒနာ နောက်ကို အကယ်၍ လိုက် သွားလို့ရှိရင်တဲ့ အဲဒီ ဝိပဿနာရှုနေတဲ့ တရားတွေကို အဘိနန္ဒတိ=အလွန် နှစ် သက်သွားလိမ့်မယ်၊ နေ့ာ်။ (မှန်ပါ)။

အဘိဝဒတိ=ကောင်းလိုက်တာလို့ သူ့နှုတ်က ပြောလိမ့်မယ်၊ အဇ္ဈောသာ-ယ တိဋ္ဌတိ=ဝမ်းထဲ မျိုထားတော့မလောက် သိမ်းပိုက်ပြီးတော့ စွဲလမ်းထားလိမ့် မယ်တဲ့။

ဒါဖြင့် အဲဒီ သောမနဿ ဝေဒနာနောက် လိုက်သွားတဲ့ပုဂ္ဂိုလ် ဘာဖြစ်မလဲ လို့ ဆိုတော့—

တဿ ရာဂါနုသယော အနုသေတိ= သူ့မှာ ရာဂါနုသယ ဖြစ်ခွင့်ရသွားပြီ၊ ဘာအနုသယ ဖြစ်ခွင့်ရသလဲ?။ (ရာဂါနုသယပါ ဘုရား)။

“သုခါယ ဝေဒနာယ ဖုဋ္ဌော သမာနော”လို့ ပါဠိတော်က ပြတယ်၊ အဲဒီ သုခဝေဒနာနဲ့ တွေ့တယ်ဆိုတာ ဘယ်မှာ တွေ့ကြတာလဲ? အဲဒီအချက်ဟာ သိပ်အရေးကြီးပြီ၊ နေ့ာ်။ (မှန်ပါဘုရား)။

**ဝေဒနာနဲ့ တွေ့ရာ။** ။အဲဒီ သုခဝေဒနာနဲ့ ဘယ်သူနဲ့ တွေ့သလဲ ဟောဒီပုစ္ဆာ တခု ပေါ်လာတယ်၊ အဲဒီ သုခဝေဒနာနဲ့ တွေ့ပုံကလေး ကိုတော့ဖြင့် ပါဠိတော်က ပြောထားတယ် ရှုကွက်ဖော်ပေးတဲ့နေရာမှာ၊ ဒါ က တော့ ခုတင်က ဥပရိပဏ္ဏာသပါဠိတော် မဟုတ်တော့ဘူး၊ သဠာယတနဝဂ္ဂ သံယုတ်ပါဠိတော် ဝေဒနာသံယုတ်ကို ရောက်သွားပြီ။

သဠာယတနဝဂ္ဂ သံယုတ်ပါဠိတော် ဝေဒနာသံယုတ်မှာ ဂေလညသုတ္တန်လို့ ဆိုတာ နှစ်သုတ် ရှိတယ် ပဌမဂေလညသုတ္တန်နဲ့ ဒုတိယ ဂေလညသုတ္တန်လို့။ အဲဒီ ဂေလညသုတ္တန်မှာ မြတ်စွာဘုရားက သုခဝေဒနာနဲ့ တွေ့ပုံကို ဘယ်လိုဟော ထားသလဲဆိုတော့ ဒီ သုခဝေဒနာ, နေက္ခမ္မသိတ သောမနဿ သုခဝေဒနာ, စေတသိကသုခပေါ်လာရင် ဝိပဿနာရှုတဲ့ အမျိုးကောင်းသားများ, အမျိုး ကောင်းသမီးများ ဘယ်လိုလဲ။

တဿ စေ ဘိက္ခဝေ ဘိက္ခုနော ဧဝံ သတဿ သမ္ပဇာနဿ အပ္ပမတ္တဿ အာတာပိနော ပဟိတတ္တဿ ဝိဟရတော ဥပ္ပဇ္ဇတိ သုခါ ဝေဒနာ။

ထိုကဲ့သို့ သတိသမ္ပဇဉ်နဲ့ ပြည့်စုံပြီးတော့ အနိစ္စလို့ ခေါ်တဲ့ နေက္ခမ္မသိတ-သောမနဿ ကို ဝိပဿနာရှုနေတဲ့ ပုဂ္ဂိုလ်ဟာတဲ့ သောမနဿဝေဒနာပေါ်လာ ပြီ ဆိုပါတော့၊ အဲ့ဒီအခါ ဘယ်လိုရှုသလဲ ဝိပဿနာယောဂီက—

သော ဝေဝံ ပဇာနာတိ ဥပန္တာ ဓေါ မျာယံ သုခါ ဝေဒနာ၊ သာ စ ခေါ ပဋိစ္စ နေော အပ္ပဋိစ္စ၊ ကိံ ပဋိစ္စ ဣမမေဝ ကာယံ ပဋိစ္စ။

မေ၊ ငါ့အား။ သုခါဝေဒနာ၊ သုခဝေဒနာသည်။ ဥပ္ပန္နာ၊ ဖြစ်ပေါ်၍ နေ၏။ စ ခေါ၊ စင်စစ်သော်ကား။ သာ၊ ထိုသုခဝေဒနာသည်။ ပဋိစ္စ၊ တစုံတခုသော တရားကို မှီ၍, စွဲ၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ကိံ ပဋိစ္စ၊ ဘာကိုမှီပြီး တော့ ဖြစ်သလဲ။ ဣမမေဝကာယံ၊ ဤရူပကာယကိုသာလျှင်။ ပဋိစ္စ၊ စွဲ၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ရူပကာယ ဆိုတာ ဉာဏ်မြင်ရူပကာယဟာ အင်မတန်အရေးကြီးတဲ့အချက်ပါ၊ သုခဝေဒနာနဲ့ တွေ့တယ်ဆိုတာ ဉာဏ်နဲ့မြင်ထားတဲ့ ရုပ်ဆိုတဲ့ ကာယပေါ်မှာ တွေ့တာ၊ ဝိပဿနာရှုနေတဲ့ "ဣမမေဝ ကာယံ" ကိုယ်ပေါ်မှာ တွေ့တာလား, ရုပ်ပေါ်မှာ တွေ့တာလား။ (ကိုယ်ပေါ်မှာ တွေ့ပါတယ်ဘုရား)။

ဘုန်းကြီးတို့ ပရိသတ် ဝိပဿနာရှုတုန်းက ကိုယ်နဲ့ရုပ်ဟာ အတူတူလား, တခြားစီလား,။ (တခြားစီပါ ဘုရား)။

ကိုယ်က ပုံသဏ္ဌာန်ရှိတယ်, ဟိုရုပ်က ပုံသဏ္ဌာန် ရှိသလား။(မရှိပါ ဘုရား)။

ဒါဖြင့် ဝေဒနာကို တွေ့တယ်ဆိုတာ ဒူးတွေ့,လက်တွေ့ပေါ်မှာ တွေ့တာလား, ရုပ်ပေါ်မှာ တွေ့တာလား။ (ရုပ်ပေါ်မှာတွေ့တာပါ ဘုရား)။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဝေဒနာပေါ်ပုံကို, ဝေဒနာတွေ့ပုံကို ဘယ်နေရာမှာ တွေ့တယ်ဆိုတာ သေသေချာချာ ပါဠိတော်က ပြမထားဘူးလား။ (ပြထားပါတယ် ဘုရား)။

အေးကွယ် အခုခေတ်မှာ ရှုနေကြတဲ့ ဝေဒနာ ရှုနည်းနဲ့ မြတ်စွာဘုရားရဲ့ ဝေဒနာရှုနည်းကိုတော့ဖြင့် စံထိုးကြည့်ကြ၊ ဘယ်သူ့ ဝေဒနာရှုနည်းက မှန်တယ်လို့ ဘုန်းကြီး မပြောလိုဘူးနော်။ (မှန်ပါဘုရား)။

ဒူးခေါင်းမှာ တွေ့ရမယ်ဆိုတဲ့ ဝေဒနာက မှန်ချင်မှန်နေမယ်၊ ရုပ်ပေါ်မှာ တွေ့ရတယ်ဆိုတဲ့ မြတ်စွာဘုရားဝါဒက မှန်ချင် မှန်နေတယ်၊ နှစ်မျိုးတော့ မမှန်ဘူးနော်။ (မှန်ပါ)။

ဘယ်နှစ်မျိုး မှန်ရမလဲ။ (တမျိုးထဲ မှန်ရမှာပါဘုရား)။

ဒီတော့ ကိုယ့်ဘက်ကဘဲ မှန်သလား, မြတ်စွာဘုရားဘက်ကဘဲ မှန်သလား ဆိုတာတော့ ဘုန်းကြီး ဘာမှ မပြောလိုဘူးနော်။ (မှန်ပါ ဘုရား)။

**ဝေဒနာနဲ့ တွေ့သောတရား။** ။ကိုင်း ကောင်းပြီ ဝေဒနာနဲ့တွေ့ပြီ၊ ဘယ်သူနဲ့ တွေ့သလဲ၊ "ရူပကာယ"လို့ ခေါ်တဲ့ သဏ္ဌာန် မရှိတဲ့ ရုပ်တရားပေါ်မှာ ဝေဒနာနဲ့တော့ တွေ့နေပြီ၊ နေက္ခမ္မသိတသောမနဿ

ဝေဒနာနဲ့ ဘယ်သူနဲ့ တွေ့သလဲလို့ မေးရင် ဘယ့်နှယ်ပြောကြမလဲ။ ဝေဒနာ-နုပဿနာသတိပဋ္ဌာန် အရေးကြီးလွန်းလို့ ပါဠိတော် ကိုးကားချက်တွေနဲ့ ဘုန်းကြီး ဖော်ပြပြီးတော့ ပေးနေတာ၊ ကိုင်း ဘယ်သူနဲ့ တွေ့ကြသလဲ။ ဒါဘယ်ကနေပြီးတော့ ထွက်လာတဲ့ စကားလဲလို့ ဆိုတော့"နေက္ခမ္မံ ဒဠှ ခေမတော"လို့ ဆိုတဲ့ မြတ်စွာဘုရား ဟောထားတဲ့ ပါဠိတော်မှာ" နေက္ခမ္မ" လို့ ခေါ်တဲ့ ပုဒ်က ထွက်လာတဲ့စကား နော်။ (မှန်ပါ)။

ဒီ နေက္ခမ္မ ဆိုတဲ့ စကားတလုံးထဲကိုဘဲ ပြောနေတာ၊ အဲဒီ နေက္ခမ္မ ဆိုတဲ့ အထဲကလဲဘဲ ပဗ္ဗဇ္ဇနေက္ခမ္မကို မပြောဘူး, ဈာနနေက္ခမ္မကို မပြောဘူး, နိဗ္ဗာန် နေက္ခမ္မကို မပြောဘူး, အလုံးစုံသော ကုသိုလ်ဆိုတဲ့ နေက္ခမ္မတွေကို မပြောဘူး, ဝိပဿနာနေက္ခမ္မ တခုထဲကို အခု ပြောပေးနေတာ၊ ဟုတ်လား။ (မှန်ပါ)။

ကိုင်း ဒါဖြင့် နေက္ခမ္မဝိပဿနာနဲ့ တွေ့နေရာမှာ ဘယ်မှာ တွေ့သလဲဆိုတော့ သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်က—

"ပဉ္စ ဇာဂရတံ သုတ္တာ၊ ပဉ္စ သုတ္တေသု ဇာဂရာ။
ပဉ္စဘိ ရဇမာဒေတိ၊ ပဉ္စဘိ ပရိသုဇ္ဈတိ"—

လို့ ဆိုတဲ့ ဇာဂရသုတ္တန်အရ ဝိပဿနာရှုနေတယ်ဆိုဒါ ဘယ်သူက ရှုနေတာလဲ ဆိုတော့ လူကရှုနေတာလား, သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာဆိုတဲ့ ဒီတရား ငါးပါးလုံးက ရှုတာလား? (တရားငါးပါးလုံးက ရှုတာပါ ဘုရား)။

ဒါဖြင့် ဝေဒနာနဲ့ တွေ့တယ်ဆိုတာ လူနဲ့တွေ့သလား, သဒ္ဓါ-ပညာတို့နဲ့ တွေ့သလား? (သဒ္ဓါ, ပညာတို့နဲ့ တွေ့တာပါဘုရား)။

ဝိပဿနာရှုနေတဲ့ သဒ္ဓါတို့, ပညာတို့, ဝီရိယတို့, သတိတို့, သမာဓိတို့ ခေါ်တဲ့ တရားငါးပါးလုံး, စေတသိက် ငါးလုံး, နာမ်တရားငါးလုံးတို့နဲ့ တွဲပြီးတော့ ဖြစ်တဲ့ ဝိညာဉ်နဲ့တွေ့တာ ဝေဒနာနဲ့ တွေ့တယ်ဆိုတာ၊ ဟုတ်ပလား, ကိုယ်နဲ့တွေ့သလား? (မတွေ့ပါ ဘုရား)။

ဘယ်သူနဲ့ တွေ့သလဲ? (ဝိညာဉ်နဲ့ တွေ့တာပါဘုရား)။

အဲဒီဝိညာဉ်က ဘယ်သူနဲ့ တွဲဖြစ်တဲ့ ဝိညာဉ်လဲ ဆိုတော့ ဝိပဿနာရှုနေတဲ့ ရှုစိတ်ကို ခေါ်တယ်။ ဝိပဿနာရှုစိတ်ဆိုတာ ဘယ်သူနဲ့ တွဲနေရသလဲ ဆိုတော့ သဒ္ဓါနဲ့တွဲရတယ်, ဝီရိယနဲ့တွဲရတယ်, သတိနဲ့တွဲရတယ်, သမာဓိနဲ့တွဲရတယ်, ပညာနဲ့ တွဲရတယ်။

အဲဒီ စေတသိက်ငါးလုံးဆိုတဲ့ နာမ်တရားနဲ့ တွဲပြီးတော့ဖြစ်တဲ့ ကာမာဝစရ ကုသိုလ်စိတ်လို့ခေါ်တဲ့ ဝိညာဉ်နဲ့ အဲဟို ဝေဒနာနဲ့တွေ့တာ၊ လူနဲ့တွေ့သလား?။ (မတွေ့ပါဘုရား)။

ကိုယ်နဲ့တွေ့သလား? (မဟုတ်ပါဘုရား)။

အမျိုးသားတွေ့ အမျိုးသမီးတွေနဲ့ တွေ့သလား? (မဟုတ်ပါဘုရား)။

ဘယ်သူနဲ့ တွေ့သလဲ? (ဝိညာဉ်နဲ့ တွေ့ပါတယ်ဘုရား)။

ဘယ်နေရာမှာ တွေ့ကြသလဲ? ခေါင်းပေါ်မှာလား, ရင်ပတ်ပေါ်မှာလား, နှာခေါင်းထဲမှာလား, ဒူးခေါင်းထဲ, ခါးထဲ, အကြောထဲ, ခြေသလုံးထဲမှာ, ခြေဘဝါးထဲမှာ တွေ့ကြတာလား? (မဟုတ်ပါဘုရား)။

ကရဇကာယမှာ, ရူပကာယမှာ တွေ့တာ၊ ဘယ်သူနဲ့ တွေ့သလဲ? စေတသိက် ငါးလုံးလို့ခေါ်တဲ့ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ-နဲ့ ကာမာဝစရကုသိုလ်စိတ်လို့ ခေါ်တဲ့ ဝိညာဉ်နဲ့ တွေ့တာနော်။ (မှန်ပါဘုရား)။

ဘယ်နေရာမှာ တွေ့သလဲ, မျက်မြင်ရုပ်ပေါ်မှာ တွေ့တာလား, ဉာဏ်မြင် ရုပ်ပေါ်မှာ တွေ့တာလား (ဉာဏ်မြင် ရုပ်ပေါ်မှာ တွေ့တာပါဘုရား)။

အဲဒီတရားငါးလုံးနဲ့ ဝေဒနာနဲ့ သွားပြီးတွေ့တယ်၊ သောမနဿ ဝေဒနာ, ဟုတ်လား။ (မှန်ပါ)။

**ဝေဒနာကိုရှုပါ။** ။အဲဒီလို သောမနဿဝေဒနာနဲ့ တွေ့တဲ့အခါ ဘာလုပ်ရမလဲဘုရား? ဒီဝေဒနာတွေ့တဲ့နေရာကိုလဲသိပြီ-တဲ့ ဘုန်းကြီးတို့ပရိသတ်၊ ဘာသူနဲ့တွေ့တယ်ဆိုတာလဲ သိပြီ၊ ဒါဖြင့် ဘယ်လို လုပ်ရမလဲဆိုတော့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က သူ့ကို ဝိပဿနာဉာဏ်နဲ့ဘဲ,နေက္ခမ္မသိတဆိုသည် ဖြစ်သောကြောင့် နေက္ခမ္မဓာတ်နဲ့ဘဲ ပြန်ပြီးတော့ ရှုပစ်လိုက် တဲ့၊ ဝိပဿနာ ဘယ့်နှယ်ရှုရမလဲ?

> အယံ ခေါ ပန ကာယော အနိစ္စော သင်္ခတော ပဋိစ္စသမုပ္ပန္နော၊ အနိစ္စံ ခေါ ပန သင်္ခတံ ပဋိစ္စသမုပ္ပန္နံ ကာယံ ပဋိစ္စ ဥပ္ပန္နာ သုခါ ဝေဒနာ ကုတော နိစ္စော ဘဝိဿတိ—

လို့ ရှုပစ်လိုက်တဲ့၊ ဒီဝေဒနာ လာပြီးတော့, မှီပြီးတော့ဖြစ်တဲ့ ရုပ်လို့ဆိုတာ မြဲသလား, မမြဲဘူးလား? (မမြဲပါဘုရား)။

သင်္ခတတရားလား, အသင်္ခတတရားလား? (သင်္ခတတရားပါဘုရား)။

သင်္ခတတရားနော်။ (မှန်ပါ)။

ပဋိစ္စသမုပ္ပန္နတရား အကြောင်းကို စွဲပြီးတော့ ဖြစ်လာတဲ့ အကျိုးတရား၊ အဲသလို အကြောင်းတရားကို စွဲပြီးဖြစ်လာတဲ့ အကျိုးတရားဖြစ်တဲ့ ရုပ်ပေါ်မှာ လာပြီးတော့, မှီပြီးတော့ဖြစ်တဲ့ ဝေဒနာကကော မြဲဦးမလား,မမြဲဘူးလား။ (မမြဲပါဘုရား)။

"သုခါ ဝေဒနာ ကုတော နိစ္စာ ဘဝိဿတိ" အဲဒီဝေဒနာ ဘယ်မြဲလိမ့်မလဲလို့၊ အဲဒီ ရုပ်ရော့ ဝေဒနာရော ဘယ့်နှယ်ရှုပစ်ရမလဲ? အနိစ္စလို့ ရှုပစ်လိုက်။ ဘယ့်နှယ်ရှုရလဲ? (အနိစ္စလို့ရှုရပါမယ်ဘုရား)။

အဲဒီလိုရှုရင် ရာဂါနုသယကို ပယ်နိုင်တယ်၊ သဠာယတနဝဂ္ဂသံယုတ် ပဌမ ဝေလည်သုတ် ပါဠိတော်က ဘယ့်နှယ်ပြသလဲဆိုတော့—

တဿ ကာယေ စ သုခါယ စ ဝေဒနာယ အနိစ္စာနုပဿီနော ဝိဟရတော ဝယာနုပဿီနော ဝိဟရတော ဝိရာဂါနုပဿီနော ဝိဟရတော နိရောဓာ-နုပဿီနော ဝိဟရတော ပဋိနိဿဂ္ဂါနုပဿီနော ဝိဟရတော ယော ကာယေ စ သုခါယ စ ဝေဒနာယ ရာဂါနုသယော၊ သော ပဟီယတိ။

အဲဒီ ကာယ-၌လည်းကောင်း, သုခဝေဒနာ-၌လည်းကောင်း—

"အနိစ္စာနုပဿိနော၊ အနိစ္စလို့အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတော၊ နေလေ့ရှိသော ယောဂီပုဂ္ဂိုလ်အား။ ရာဂါနုသယော၊ ရာဂါနုသယကို။ ပဟီ-ယတိ၊ ကောင်းစွာမသွေ့ ပယ်အပ်ပေသတည်း။

သာဓု-သာဓု-သာဓု

## အနိစ္စာနုပဿီပုဂ္ဂိုလ်

အဲဒီနေရာမှာ—

အနိစ္စာနုပဿိနော ဝိဟရတော, ဝိရာဂါနုပဿိနော ဝိဟရတော, နိရောဓာနုပဿိနော ဝိဟရတော, ပဋိနိဿဂ္ဂါနုပဿိနော ဝိဟရတော—

လို့ ရှုပုံပေးနည်း မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် ပြထားတယ်။ အဲဒါကို မူလပဏ္ဏာသအဋ္ဌကထာ-က ဒါကို အကျယ်တဝင့် ဖွင့်ဆိုပြီးတော့ စူဠတဏှာသင်္ခယသုတ္တန်မှာ ဖွင့်ပေးထားတာ ရှိသေးတယ်၊ ဒါ အင်မတန် ကောင်းပါတယ်။

"အနိစ္စာနုပဿီ"လို့ ရှုတယ်ဆိုတာ သုံးမျိုးရှိပါတယ်၊ ဘယ်နှစ်မျိုးလဲ? (သုံးမျိုးပါဘုရား)။

"သုံးမျိုးတွေ, ဘာတွေ လုပ်မနေနဲ့တော့ အနိစ္စဆိုရင် ပြီးရော၊ ဒုက္ခဆို မမြဲတာဘဲမဟုတ်လား"လို့ ဆိုပြီးတော့ အဲဒီလိုဘဲ ပြောလိမ့်အုံးမယ်၊ အဲသလို မဟုတ်ဘူးနော်၊ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က သာသနာတော်မှာ ပရိ-ယတ္တိဟာ အင်မတန် အရေးကြီးတယ်၊ "အနိစ္စာနုပဿီ"လို့ မြတ်စွာဘုရား ဟောထားတဲ့ ပါဠိတော်ကို အဋ္ဌကထာဆရာကြီး ဖွင့်ပေးထားတာကို ဘုန်းကြီး ပြောပေးဦးမယ်။

"အနိစ္စာနုပဿိနော ဝိဟရတော" အနိစ္စာနုပဿီလို့ဆိုတာ ဘာကို အနိစ္စာနုပဿီလို့ခေါ်နေတာလဲလို့ ဆိုတော့ အဲဒီနေရာမှာ အဋ္ဌကထာ ဆရာကြီးက—

**အနိစ္စ။** ။အနိစ္စဆိုတာဘာလဲ?အနိစ္စာနုပဿနာဆိုတာဘာလဲ? အနိစ္စာနုပဿီဆိုတာဘာလဲ?လို့ သုံးမျိုးသိရမယ်တဲ့ နော်။ (မှန်ပါဘုရား)။

သုံးမျိုးရှိတယ် အနိစ္စဆိုတာ၊ နော်။ (မှန်ပါဘုရား)။

သုံးမျိုးရှိတယ်၊ အနိစ္စဆိုတာ၊ ဘာကိုအနိစ္စလို့ခေါ်သလဲ? ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ အဲဒါ သိဘို့မလိုဘူးလား? (လိုပါတယ်ဘုရား)။

အနိစ္စဆိုတာ ဘာကိုခေါ်သလဲ? "အနိစ္စန္တိ ပဉ္စက္ခန္ဓာ" အနိစ္စဆိုတာ ဘယ်သူ့ကို အနိစ္စခေါ်သလဲဆိုတော့ ခန္ဓာငါးပါးကို အနိစ္စလို့ခေါ်တယ်၊ ခန္ဓာငါးပါးကို ဘာလို့ခေါ်သလဲ? (အနိစ္စလို့ ခေါ်ပါတယ်ဘုရား)။

အဲဒီ ခန္ဓာငါးပါးထဲမှာ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေ ခုနကတုန်းက သောမနဿဝေဒနာခေါ်တဲ့ ရူပက္ခန္ဓာလို့ ခေါ်တဲ့ တရား မပါဘူးလား? (ပါနေပါတယ်ဘုရား)။

အဲဒီတော့ ဒီရုပ်ကို ဘာလို့ခေါ်သလဲ။ (အနိစ္စလို့ခေါ်ပါတယ်ဘုရား)။

အနိစ္စဆိုတာ ဘယ်သူ့ကို ခေါ်သလဲ? (ခန္ဓာငါးပါးကိုခေါ်ပါတယ်ဘုရား)။

ရုပ်ကိုခေါ်တယ် အနိစ္စဆိုတာ၊ ဘယ်သူ့ကိုခေါ်သလဲ? (ရုပ်ကို ခေါ်ပါတယ်ဘုရား)။

အဲဒါ ဘုန်းကြီးတို့ပရိသတ် ရှုနေတာက ဘယ့်နှယ် ရှုနေသလဲဆိုတော့ "မမြဲတာဟာ အနိစ္စ, မမြဲတာဟာ အနိစ္စ"လို့ ဒီလိုချည်း ပြောမနေဘူးလား? (ပြောနေပါတယ် ဘုရား)။

ဟုတ်ကဲ့လား? (ဟုတ်ပါတယ်ဘုရား)။

ဒါဖြင့် အနိစ္စဆိုတာ ဘာလဲ? (ရုပ်ပါဘုရား)။

အနိစ္စဆိုတာ ရုပ်, ခန္ဓာငါးပါး။ "အနိစ္စန္တိ ပဉ္စက္ခန္ဓာ"၊ တချို့ အဋ္ဌကထာ ကဖွင့်သေးတယ် "အနိစ္စန္တိ ခန္ဓပဉ္စကံ"။ ခန္ဓငါးပါးကို ဘာလို့ခေါ်သလဲ? (အနိစ္စလို့ခေါ်ပါတယ်ဘုရား)။

ဘာဖြစ်လို့ ခန္ဓာငါးပါးကို အနိစ္စလို့ ခေါ်ရသလဲလို့ဆိုတော့ အဋ္ဌကထာ ဆရာကြီးက ရှေ့ဆက်ပြီးတော့ ပြောပေးထားတယ်။

"တေဟိ ဥပ္ပါဒဝယဋ္ဌေန အနိစ္စာ"၊ အဲဒီခန္ဓာငါးပါးဟာ ဖြစ်ခြင်း ပျက်ခြင်း သဘောရှိသောကြောင့် အနိစ္စလို့ခေါ်တာပါ။ ခန္ဓာငါးပါးကို ဘာလို့ခေါ်သလဲ၊

အနိစ္စလို့ ခေါ်ပါတယ်၊ အနိစ္စဆိုတာ ဘယ်သူ့ ကိုခေါ်သလဲ? (ခန္ဓာငါးပါးကို ခေါ်ပါတယ်)။

ဘာဖြစ်လို့ ခန္ဓာငါးပါးကို အနိစ္စလို့ခေါ်ရသလဲ? (ဖြစ်တဲ့, ပျက်တဲ့, သဘောရှိသောကြောင့် ပါဘုရား)။

အဲဒါက အနိစ္စနော်။

**အနိစ္စာနုပဿနာ**။ ။အနိစ္စာနုပဿနာဆိုတာ ဘာလဲ? "ပဉ္စက္ခန္ဓာနံ ဥဒယ-တော ဝယတော ဒဿနဉာဏံ" အဲဒီခန္ဓာငါးပါးတို့၏ ဖြစ်ခြင်း, ပျက်ခြင်းကို မြင်နေတဲ့ဉာဏ်ကို "အနိစ္စာနုပဿနာ"လို့ ခေါ်တယ်၊ ခန္ဓာငါးပါးတွေ ဖြစ်ပျက်တယ်ဆိုတဲ့ ဖြစ်တယ်, ကုန်တယ်, ပျောက်တယ်ဆိုတဲ့ သဘောကို မြင်နေသလား, မြင်မနေဘူးလား? (မြင်နေပါတယ်ဘုရား)။

အဲဒီမြင်နေတဲ့ အသိဉာဏ်ကို ဘာလို့ခေါ်သလဲ? (အနိစ္စာနုပဿနာလို့ ခေါ်ရပါတယ်)။

**အနိစ္စာနုပဿီ**။ ။တေန ဉာဏေန သမန္နာဂတော အနိစ္စာနုပဿီတိ။

တေနဉာဏေန၊ ထိုကုန်ခြင်း, ပျောက်ခြင်းကို သိတဲ့ဉာဏ်နှင့်။ သမန္နာဂ-တော၊ ပြည့်စုံတဲ့ပုဂ္ဂိုလ်ကို။ အနိစ္စာနုပဿီတိ၊ အနိစ္စာနုပဿီ-ဟူ၍။ ဝုစ္စတိ၊ ဆိုရ၏။

အနိစ္စာနုပဿီပုဂ္ဂိုလ် နော်။ (မှန်ပါ)။

အဲဒီလို စောစောပိုင်းကပြောခဲ့တဲ့ သုခဝေဒနာပေါ်မှာရော, သုခဝေဒနာနှင့် တွေ့နေတယ်ဆိုတဲ့ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ-ဆိုတဲ့တရားနှင့် တွဲပြီး ဖြစ်တဲ့ ရူပစိတ်ကိုရော, သုခဝေဒနာနှင့် တွေ့ရာဌာနဖြစ်တဲ့ ရူပကာယကိုရော အနိစ္စ, ဒုက္ခ, ဝိပရိဏာမ-လို့ရှုရင် ဘာ ပယ်နိုင်သလဲဆိုတော့—

"ရာဂါနုသယော၊ ရာဂါနုသယကို။ ပဟီနော၊ ပယ်နိုင်သည်။ ဟောတိ၊ ကောင်းစွာမသွေ ဖြစ်ပါပေသတည်း"။

သာဓု-သာဓု-သာဓု

ပါရာယနဝဂ် ပါဠိတော်ဟောစဉ်

# ၁၁-ဇတုကဏ္ဏိသုတ္တန် ပဉ္စမပိုင်း

## တရားတော်အမည်

သာသနာသက္ကရာဇ် ၂၅၁၄, ကောဇာသက္ကရာဇ် ၁၃၃၂-ခုနှစ် ကဆုန်လဆန်း (၁၁)ရက်၊ ရန်ကုန်မြို့ ပုဇွန်တောင်ရပ် ရွှေဘုန်းပွင့် စေတီတော်ကြီးအတွင်း တည်ခင်းအပ်သော ဝိပဿနာဓမ္မာရုံတော်ကြီးတွင် ဝိပဿနာအလုပ်စခန်းကို သတိပညာပြဋ္ဌာန်းတဲ့ နည်းလမ်းတို့ဖြင့် ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားရှင်ကိုယ်တော်မြတ် ညွှန်ပြဟောကြားတော်မူအပ်သော ခုဒ္ဒကနိကာယ် သုတ္တနိပါတ်ပါဠိတော် ပါရာယနဝဂ်၌လာသော ဇတုကဏ္ဏိသုတ္တန် ပဉ္စမပိုင်းတရားတော်။

## ဘုရားရှိခိုး

ဇတုကဏ္ဏိသုတ္တန်ကို ဟောမယ်ကြံတော့ ရှေးဦးစွာ ဘုရားရှိခိုးကြရအောင် ကိုင်း----

ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ လက်အုပ်ချီပြီးတော့ ထားကြ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(အနက် ရှေးအတိုင်း)

သာဓု-သာဓု-သာဓု

## စကားပလ္လင်

ဤသို့သော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား "သန္တိပဒ" လို့ ခေါ်တဲ့ နိဗ္ဗာန်နဲ့ နိဗ္ဗာန်ရောက်ကြောင်း တရားကို ဟောကြားပေးတော်မူပါဘုရားလို့ လျှောက်တော့ မြတ်စွာဘုရားက နေက္ခမ္မဓာတ်၌ ချမ်းသာသောအားဖြင့် ရှုခြင်းငှါ ကာမဂုဏ်တို့ကို ပယ်စွန့်ရမယ်လို့ ဟောတော်မူတဲ့အပိုဒ်ထဲက ဘုန်းကြီးဟောပေးနေတာ "နေက္ခမ္မဓာတ်"၊

သဗ္ဗေ တေ ကုသလာ ဓမ္မာ၊ နေက္ခမ္မာတိ ပဝုစ္စရေ။

နေက္ခမ္မဆိုတာ ဘာကိုခေါ်သလဲဆိုတော့ အလုံးစုံသော ကုသိုလ်တရားတွေကို နေက္ခမ္မလို့ခေါ်တယ်၊ မကောင်းမှု အကုသိုလ်တွေကို ပယ်စွန့်ပြီးတော့

ထားတဲ့ ပဗ္ဗဇ္ဇလို့ခေါ်တဲ့ သဘောတရားကို, ပဗ္ဗဇ္ဇ=ပဝဇ္ဇ=အပြစ်တွေကို ရှောင်ကြဉ်တယ်ဆိုတာကိုလဲ နေက္ခမ္မလို့ခေါ်တယ်၊ ပထမဈာန်စသည်တို့ကိုလဲ နေက္ခမ္မလို့ခေါ်တယ်၊ နိဗ္ဗာန်ကိုလဲဘဲ နေက္ခမ္မလို့ခေါ်တယ်၊ ဝိပဿနာဉာဏ်ကိုလဲဘဲ နေက္ခမ္မလို့ခေါ်တယ်။ ကနေ့ဟောပေးနေတာက နေက္ခမ္မလို့ခေါ်တဲ့ ဝိပဿနာဉာဏ်ကို ဟောပေးနေတာဖြစ်တော့ အဲဒီ နေက္ခမ္မဓာတ်မှာပါလာတဲ့ ဝိပဿနာဉာဏ်ကို ဟောပေးနေတာ၊ မနေ့ကဆက်လာခဲ့တာ ဘုန်းကြီးတို့ ဝိပဿနာဉာဏ် ရုပ်တရားကို ရှုလိုက်တဲ့အခါကျတော့ ရုပ်တရားတို့ရဲ့ အဇ္ဈတ္တရုပ်, ဗာဟိရရုပ်စတဲ့ အလုံးစုံသော ရုပ်တရားတွေကို ရှုပွါးဆင်ခြင်လိုက်တဲ့အခါမှာ ရုပ်တရားတို့ရဲ့ အနိစ္စအချက်, ဒုက္ခအချက်, ဝိပရိဏာမအချက်တွေကို ထင်ရှားစွာ ပေါ်လွင်ပြီးတော့ ဝိပဿနာဉာဏ်အမြင်နဲ့ မြင်လာတယ်။ အဲသလို ဝိပဿနာဉာဏ်အမြင်နဲ့ မြင်လာတဲ့အခါမှာ မြင်လာတဲ့ ဝိပဿနာဉာဏ်ကို အကြောင်းပြုပြီးတော့ ဘာတွေ ဖြစ်လာသလဲလို့ဆိုတော့ "ဥပ္ပဇ္ဇတိ သောမနဿံ"ဆိုပြီးတော့ သောမနဿဝေဒနာတွေ ဖြစ်လာတယ်။ အဲဒီ သောမနဿဝေဒနာသည် စေတသိကသုခဝေဒနာပါဘဲ တဲ့။ ဒီစေတသိကသုခဝေဒနာနောက်ကို ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ လိုက်ရမလား, မလိုက်ရဘူးလားဆိုတဲ့ ပြဿနာနဲ့ပတ်သက်ပြီးတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က "သုခဝေဒနာ"နောက် လိုက်ရင် "ရာဂါနုသယ" ဖြစ်ခွင့်ရလိမ့်မယ်တဲ့၊ အဲဒါကြောင့် သုခဝေဒနာနောက်ကို မလိုက်ဘဲနဲ့ သုခဝေဒနာကို ဝိပဿနာရှုဘို့လို့ဆိုပြီးတော့ ဘုန်းကြီးတို့ ပြီးခဲ့တဲ့ညက သုခဝေဒနာကို ဝိပဿနာရှုကွက် ဖော်ပေးခဲ့ပြီ။

## ဒုက္ခဝေဒနာ ဝိပဿနာရှုနည်း

သုခဝေဒနာကို ဝိပဿနာရှုနေတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ သုခဝေဒနာ-သာ ပေါ်သလား, ဒုက္ခဝေဒနာတော့ မပေါ်ဘူးလား ဘုရားလို့ မေးစရာမရှိဘူးလား?။ (ရှိပါတယ်ဘုရား)။

ဒုက္ခဝေဒနာလဲ ပေါ်ပါတယ်တဲ့၊ မြတ်စွာဘုရားက သဠာယတနဝိဘင်္ဂသုတ်မှာ ဟောတယ်၊ နော်။ (မှန်ပါ)

ဝိပဿနာရှုလို့ ဒုက္ခဝေဒနာပေါ်တယ်ဆိုတာ ဘာကိုရှုလို့ ဒုက္ခဝေဒနာပေါ်တာလဲ။ ရှုပကာယနဲ့ ဝိညာဉ်,နာမ်,ရုပ်-တွေကိုရှုလို့ ဒုက္ခဝေဒနာပေါ်တာ။

**ဝိပဿနာရှုရမည့်တရား။** ။ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ဝိပဿနာရှုတယ်ဆိုတာ ဘာကို ဝိပဿနာရှုရသလဲဆိုတော့ ဥပါဒါနက္ခန္ဓာလို့ခေါ်တဲ့ ဝိညာဉ်, နာမ်, ရုပ်-ကို ဝိပဿနာ ရှုရတယ်၊ လူကို ဝိပဿနာမရှုရဘူး၊ ခေါင်းကို ဝိပဿနာမရှုရဘူး၊ နှာ

ခေါင်းကို ဝိပဿနာမရှုရဘူး၊ ရင်ဘတ်တွေ, ဝမ်းဗိုက်တွေကို ဝိပဿနာမရှုရဘူး၊ လက်တွေ, ခြေထောက်တွေ, ဒူးခေါင်းတွေကို ဝိပဿနာမရှုရဘူး၊ ဘာကိုသာ ဝိပဿနာရှုရမလဲလို့ဆိုတော့ စောစောပိုင်းက ဘုန်းကြီးပြောခဲ့တဲ့ ဝိညာဏ်, နာမ်, ရုပ်-ကို ဝိပဿနာရှုရမယ်။ ဒီတော့ ဒီကရင်ကောယကြီးအတွင်းကို မိမိဉာဏ်သွင်းပြီး ချပြီး တော့ ကျင့်လိုက်တဲ့အခါမှာ ဘာကို ရှေးဦးစွာ တွေ့ရသလဲလို့ဆိုတော့ ထွက်လေ, ဝင်လေလို့ ခေါ်တဲ့ "ဝါယော=လေ"ခေတ်၊ ရုပ်ပရမတ္ထတရား ရှေးဦးစွာ ဉာဏ်မှာထင်ရှားလာတယ် သတိကပ်လိုက်ရင်၊ ပြီးတော့မှ ပူမှုတွေ, အေးမှုတွေ, လှုပ်မှုတွေ, ယားမှုတွေ, တောင့်မှု-တင်းမှုတွေ, ပေါ့မှု-လေးမှုတွေ, ထုံမှု-ကျင်မှုတွေလို့ဆိုတဲ့, ကရဇကာယရဲ့ ဖောက်ပြန်မှုလို့ဆိုတဲ့ ရုပ္ပနလက္ခဏာရှိသော ရုပ်တရားအားလုံးတို့ ပေါ်လာကြတယ်။ အဲဒီ ပေါ်လာတဲ့ တရားအားလုံးတွေကို မြတ်စွာဘုရားက ဘာလို့ အရှုခိုင်းထားသလဲလို့ ဆိုတော့ ရုပ်လို့ရှုပါတဲ့၊ "ဠတိ ရူပံ"နော်။ (မှန်ပါ)။

မြင်မှု, ကြားမှု, နံမှု, စားမှု, တွေ့ထိမှုတွေကိုလဲဘဲ အားလုံး မြင်တယ်လို့ မရှုနဲ့၊ ကြားတယ်လို့ မရှုနဲ့၊ နံတယ်လို့ မရှုနဲ့၊ စားတယ်လို့ မရှုနဲ့၊ ထိတယ်လို့ မရှုနဲ့၊ ရုပ်လို့ဘဲရှုလိုက်ပါတဲ့ "ဠတိ၊ ဤသဘောတရားသည်။ ရူပံ၊ ရုပ်မည်၏"။ ရုပ်လို့ ဝိပဿနာရှုနေတဲ့အခါ ထိုရုပ်တရားတို့ရဲ့ သာမညလက္ခဏာလို့ ခေါ်တဲ့ အနိစ္စအချက်, ဒုက္ခအချက်, ဝိပရိဏာမအချက်လို့ဆိုတဲ့ ဒီအချက်သုံးချက်ဟာ ဉာဏ်ထဲမှာ ထင်ရှားလာတယ်, ပေါ်လာတယ်၊ ဒီအချက်သုံးချက် ပေါ်လာတာ ဘာပြုလို့ပေါ်သလဲ၊ ရုပ်ကိုရှုလို့ ပေါ်တယ်၊ အနိစ္စကိုရှုလို့ပေါ်သလား, ဒုက္ခကို ရှုလို့ ပေါ်သလား, အနတ္တကိုရှုလို့ ပေါ်သလားလို့ဆိုတော့ မဟုတ်ဘူး၊ ရုပ်ကိုရှုလို့ ဒီအနိစ္စ, ဒုက္ခ, အနတ္တ-တွေ ပေါ်လာတာနော်။ (မှန်ပါ)။

**ဒုက္ခဝေဒနာပေါ်လာပုံ။** ။အဲဒီပေါ်လာတဲ့ ဉာဏ်အပေါ် အမှီပြုပြီးတော့ ဘယ်နှယ် ဝိပဿနာ ရှုပေးလိုက်သလဲ ဆိုတော့ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေ သော အတ္တာတိ" ဒီလို ဝိပဿနာရှုပေးလိုက်တဲ့၊ ဟုတ်ပလား။ (မှန်ပါ)။

ဒီအပိုင်းကို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က ရှေ့ဂါထာကျတော့ ဆက်ပြီးတော့ ဟောပေလိမ့်အုံးမယ်။ အဲသလို ဝိပဿနာရှုနေတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ "ဥပ္ပဇ္ဇတိ သောမနဿံ=သောမနဿဝေဒနာ ဖြစ်ခဲ့တယ်"၊ သောမနဿဝေဒနာနောက် မလိုက်ရဘူး, ဝိပဿနာရှုရမယ်ဆိုတာ ဘုန်းကြီး ညကဟောခဲ့ပြီးပြီ၊ အဲဒီလိုရုပ်တရားကို ဝိပဿနာရှုနေရင် ဒုက္ခဝေဒနာ ဘယ်လိုပေါ်ပါသလဲ ဘုရား?——

ရူပါနံတွေဝ အနိစ္စတံ ဝိဒိတွာ ဝိပရိဏာမဝိရာဂနိရောဓံ ပုဗ္ဗေ စေဝ ရူပါ ဧတရဟိ စ၊ သဗ္ဗေ တေ ရူပါ အနိစ္စာ ဒုက္ခာ ဝိပရိဏာမဓမ္မာတိ ဧဝ-မေတံ ယထာဘူတံ သမ္မပ္ပညာယ ဒိသွာ အနုတ္တရေသု ဝိမောက္ခေသု ပိဟံ ဥပဋ္ဌာပေတိ "ကုဒါဿု နာမာဟံ တဒါယတနံ ဥပသမ္ပဇ္ဇ ဝိဟရိဿာမိ၊ ယဒရိယာ ဧတရဟိ အာယတနံ ဥပသမ္ပဇ္ဇ ဝိဟရန္တီ"တိ။ သဠာယတန-ဝိဘင်္ဂသုတ်။

ဘာပြောသလဲ၊ ဒါ ဒုက္ခဝေဒနာ, ဒေါမနဿဝေဒနာ ပေါ်ပုံကို ပြောမလို့ မြတ်စွာဘုရား ဒီပါဠိတော်ကို စပြီးတော့ ချီးပေးလိုက်တာ၊ "ရူပါနံတွေဝ၊ ရုပ်ဘရားတို့၏သာလျှင်" ကိုယ်ရှုနေတဲ့ ရုပ်နော်၊ ကပ်ထား၊ ရှုပြီးတော့ လိုက်လာခဲ့။

အနိစ္စတံ၊ ကုန်ခြင်း, ပျောက်ခြင်းသဘောရှိသည်၏ အဖြစ်ကို လည်းကောင်း။ ဝိပရိဏာမဝိရာဂနိရောဓံ၊ ဝိပရိဏာမ=ရုပ်ဘရားတို့၏သာလျှင် ဖောက်ပြန်ခြင်း။ ဝိရာဂ=မြဲတယ်ဆိုတဲ့သဘောမှ ကင်းခြင်း။ နိရောဓံ= မြဲတယ်ဆိုတဲ့သဘောမှ ချုပ်ခြင်းဆိုတဲ့ သဘောကိုလည်းကောင်း။ ဝိဒိတွာ၊ သိရ၍။

ဒီရုပ်တရားကို အဖန်တလဲလဲ ရှုနေတဲ့အခါကျတော့ "ဩော် ရုပ်တရားတွေဟာ ကုန်တဲ့, ပျောက်တဲ့သဘော ရှိတယ်, ရွေ့ပြောင်းတဲ့ ဝိပရိဏာမသဘော ရှိတယ်, မြဲတယ်,ချမ်းသာတယ်ဆိုတဲ့သဘောမှ ကင်းဆိတ်နေပါကလား၊ ရာဂ ကင်းနေတယ်, မြဲတယ်, ချမ်းသာတယ်ဆိုတဲ့သဘောမှ ချုပ်နေပါကလား"ဘာ တွေ့ရှိနေသလဲ? မမြဲတဲ့သဘောရှိတယ်၊ အဲဒီ မမြဲတဲ့ သဘောသည်ပင်လျှင် "ဘယဋ္ဌဒုက္ခ"လို့ ဆိုတဲ့ ဒုက္ခကြီးရှိနေတယ်၊ အဲဒီလို ရုပ်တရားတို့ရဲ့မမြဲခြင်း, ဆင်းရဲခြင်းဆိုတဲ့သဘောကို သိနေတဲ့အခါမှာ—

"ပုဗ္ဗေ စေဝ ရူပါ ဧတရဟိ စ၊ သဗ္ဗေ တေ ရူပါ အနိစ္စာ ဒုက္ခာ ဝိပရိ-ဏာမဓမ္မာတိ"။

ဒီပစ္စုပ္ပန်မှာ ကိုယ့်ဉာဏ်ရှေ့ ရောက်နေတဲ့ ရုပ်တရားတို့ရဲ့ မမြဲပုံကို သိနေတော့ ဝိပဿနာရှုနေတဲ့ ပုဂ္ဂိုလ်က ရှေ့ ဘယ်လိုဆက်သွားလိုက်သလဲ ဆိုတော့—

ပုဗ္ဗေ၊ ရှေးအခါ၌ ဖြစ်ကုန်သော။ ရူပါစေဝ၊ ရုပ်တရားတို့သည်၎င်း။ ဧတရဟိစ၊ ယခုပစ္စုပ္ပန်မှာ ဖြစ်နေသော ရုပ်တရားတို့သည်၎င်း။ (ရှေးက ဖြစ်တဲ့ရုပ်တွေ, အခုရုပ်တွေ။) သဗ္ဗေ၊ အလုံးစုံကုန်သော၊ တေရူပါ၊ ထို ရှေးကဖြစ်တဲ့ရုပ်, ယခုဖြစ်တဲ့ရုပ်တို့သည်။ အနိစ္စာ၊ ကုန်ခြင်း ပျောက်ခြင်း သဘောရှိကြကုန်၏။ ဒုက္ခာ၊ ကုန်ခြင်း ပျောက်ခြင်းတို့ဖြင့် နှိပ်စက်၍

နေသည်ဖြစ်သောကြောင့် ဘယဋ္ဌဒုက္ခကြီးတွေ ရှိကြပေကုန်၏။ ဝိပရိဏာမ-ဓမ္မာ၊ ဖြစ်ပြီးတဲ့နောက် ကုန်တဲ့ ပျောက်တဲ့ဖက်ကို ပြောင်းရွေ့ခြင်း ရိပ်ရိပ်ရိပ်ရိပ်နဲ့ ကုန်တယ်ပျောက်တယ်ဆိုတဲ့ ဝိပရိဏာမအချက်တွေ ရှိကြ ပေကုန်၏။ ဣတိဝေ၊ ဤသို့။ ဧတံ၊ ထိုရုပ်တရားကို။ ယထာဘူတံ၊ မဖောက်မပြန်ဟုတ်မှန်စွာ။ သမ္မပ္ပညာယ၊ ဝိပဿနာပညာဖြင့်။ ဒိသွာ၊ ရှုမြင် ရသောကြောင့်။

အဲဒီလိုရုပ်တရားတို့ရဲ့ အနိစ္စအချက်, ဒုက္ခအချက်, ဝိပရိဏာမအချက်တွေကို မြင်, ရှေးကရုပ်တရားကိုလဲဘဲ အနိစ္စအချက် ဒုက္ခအချက် ဝိပရိဏာမအချက် ဘဲလို ဉာဏ်ထဲမှာမြင်, အခုပစ္စုပ္ပန် ရုပ်တရားကိုလဲဘဲ အနိစ္စအချက်, ဒုက္ခအချက်, ဝိပရိဏာမအချက်တို့ဖြင့် ဉာဏ်ထဲမှာ မြင်လာတဲ့အခါကျတော့ ဝိပဿနာရှုနေတဲ့ ပုဂ္ဂိုလ်ရဲ့စိတ်ထဲမှာ ဘယ့်နှယ်ဖြစ်လာသလဲဆိုတော့ ခုနကပါဠိတော်အနက်က—

တေရဟိ၊ ယခုအခါ၌။ အရိယာ၊ အရိယာပုဂ္ဂိုလ်တို့သည်။ အနုတ္တရေ-သု ဝိမောက္ခေသု၊ အရဟတ္တဖိုလ်ဝိမောက္ခတို့၌။ ယံအယတနံ၊ အရဟတ္တဖိုလ် ဆိုတဲ့ အကြောင်းမှီရာတည်ရာကို။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေကုန်၍။ ဝိဟရန္တိ၊ နေကြ ကုန်၏။ အဟံ၊ ငါသည်။ ကုဒါဿုနာမ၊ အဘယ်မည်သောအခါ၌။ တဒါယ-တနံ၊ အရဟတ္တဖိုလ်လို့ခေါ်တဲ့ ထိုမှီရာတည်ရာကို၊ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟရိဿာမိ၊ နေရပါတော့အံ့နည်း။ ဣတိ၊ ဤသို့။ ပိဟံ၊ တောင့်တခြင်း ကို။ ဥပဋ္ဌာပေတိ၊ ဖြစ်စေတော့၏။

ဘာပြောသလဲ ဒီပါဠိတော်ကြီးရဲ့ အဓိပ္ပါယ်က? ဝိပဿနာရှုလို့ အခု ပစ္စုပ္ပန် ရုပ်တရား, အတိတ်ကဖြစ်တဲ့ ရုပ်တရားတွေရဲ့ အနိစ္စအချက်, ဒုက္ခအချက်, ဝိပရိဏာမအချက်တွေကို ဉာဏ်ထဲမှာ ပိုင်ပိုင်နိုင်နိုင်ကြီး မြင်ရတော့ သူ ဘာ တောင့်တလာသလဲဆိုတော့ အနုတ္တရဝိမောက္ခလို့ခေါ်တဲ့ အရဟတ္တဖိုလ်ချမ်း သာကို သူ တောင့်တလာတယ်၊ ဩော် ဒီပစ္စုပ္ပန်လောကမှာ အရိယာပုဂ္ဂိုလ်, ရဟန္တာပုဂ္ဂိုလ်ကြီးတွေဟာ ဒီအရဟတ္တဖိုလ် သုခကို ရရှိပြီးသကာလ နေကြရ တယ်။ ငါ့မှာ ဒီဝိပဿနာဉာဏ်တွေ မြင်လျက်သားနဲ့ ဘယ်တော့များမှ အဲဒီ အရဟတ္တဖိုလ် ဝိမောက္ခကြီးကို ရရှိပါတော့မလဲလို့ တောင့်တမှုကြီး ဖြစ်လာ တယ်။ ယောဂါဝစရပုဂ္ဂိုလ်မှာ အဲသလို တောင့်တမှု ပေါ်လာတာကို အကြောင်းပြုပြီးတော့—

ဒေါမနဿဝေဒနာပေါ်လာပုံ။ ။"ဣတိ အနုတ္တရေသု ဝိမောက္ခေသု ပိဟံ ဥပဋ္ဌာပယတော ဥပ္ပဇ္ဇတိ ပိဟာပစ္စယာ ဒေါမ-နဿံ"။ ဒေါမနဿဝေဒနာပေါ်ပုံ။

ဣတိ၊ ဤသို့။ အနုတ္တရေသု ဝိမောက္ခေသု၊ အရဟတ္တဖိုလ်လို့ခေါ်တဲ့ ဝိမောက္ခ လွတ်မြောက်ခြင်းဆိုတဲ့ အရဟတ္တဖိုလ်ချမ်းသာတို့၌။ ပိဟံ၊ တောင့်တခြင်းကို။ ဥပဋ္ဌာပယတော၊ ဖြစ်စေသောပုဂ္ဂိုလ်အား။ ပိဟပစ္စယာ၊ အရဟတ္တဖိုလ်ချမ်းသာကို တောင့်တခြင်းဟူသော အကြောင်းကြောင့်။ ဒေါမနဿံ၊ မရသေးတဲ့အတွက် စိတ်ပျက်တယ်ဆိုတဲ့ ဒေါမနဿဝေဒနာ သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍လာလေတော့၏။

"မဟာသိဝမထေရ်ကြီး ပဝါရဏာပြုတဲ့နေ့တိုင်း မျက်ရည်ကျရတယ်" ဆိုတာ ဘုန်းကြီးတို့ပရိသတ် ကြားဘူးကြပေလိမ့်မယ်နော်။ (မှန်ပါဘုရား)။

ပဝါရဏာပြုတဲ့နေ့ ကျပြီဆိုရင် တခြားပုဂ္ဂိုလ်တွေက ရဟန္တာပုဂ္ဂိုလ်တွေ ဖြစ်သွားပြီး သူ့မှာ တရားတွေ အားထုတ်နေပါလျက်သားနဲ့ ရဟန္တာပုဂ္ဂိုလ် မဖြစ်ရသေးသည်ဖြစ်သောကြောင့် စိတ်ပျက်တဲ့ ဒေါမနဿတွေ မဖြစ်လာဘူး လား? (ဖြစ်လာပါတယ်ဘုရား)။

အဲဒါ ဒေါမနဿဝေဒနာတဲ့။ ဘာဝေဒနာတဲ့လဲ။ (ဒေါမနဿဝေဒနာပါ ဘုရား)။

ဒေါမနဿဝေဒနာဆိုတာ စေတသိကဒုက္ခဝေဒနာကို ခေါ်တယ်နော်။ (မှန်ပါ)။

အဲဒီစေတသိကဒုက္ခဝေဒနာကြီး ပေါ်လာရင် ကာယိက-ကကော ဘယ့်နှယ် နေမလဲ၊ သုခလား, ဒုက္ခလား? (ဒုက္ခပါဘုရား)။

ဒါဖြင့် အဲဒီဒုက္ခဝေဒနာတွေ အဲသလိုပေါ်လာပြီ၊ ဒါ ဒုက္ခဝေဒနာပေါ်ပုံ ဝိပဿနာရှုကွက်မှာ။ ဘုန်းကြီးတို့ပရိသတ် ပါဠိတော်က ဝိပဿနာရှုလို့ ဒုက္ခဝေ-ဒနာပေါ်တယ်ဆိုတာ ဒီလိုပေါ်တာပါလို့ သဠာယတနဝိဘင်္ဂသုတ္တန် (ဥပရိ-ပဏ္ဏာသပါဠိတော်)မှာ မြတ်စွာဘုရား ဟောထားတာရှိတယ်၊ နေက္ခမ္မခေါတ်နဲ့ ပတ်သက်ပြီးတော့ ဝိပဿနာကို ဟောပေးနေတာ။ အဲသလို အရဟတ္တဖိုလ် ဝိမောက္ခကို ငါ ဘယ်တော့များမှ ခံစားရပါ့မလဲလို့ဆိုတဲ့ အရဟတ္တဖိုလ်ချမ်းသာ ကို တောင့်တခြင်းသည် ဖြစ်ပေါ်လာတယ်တဲ့၊ အဲဒီ အရဟတ္တဖိုလ်ချမ်းသာကို တောင့်တခြင်းဟူသော အကြောင်းကြောင့် သူ့မှာ အရဟတ္တဖိုလ်ကို မရသေး တဲ့အတွက် စိတ်ပျက်တယ်ဆိုတဲ့ ဒေါမနဿဝေဒနာတွေ ဖြစ်လာပါတယ်။ ဒါ ဝိပဿနာရှုရင်း ဝေဒနာပေါ်ပုံနော်။ (မှန်ပါဘုရား)။

ကိုယ်က တမင်လာ ဝေဒနာခေါ်တ်ကို ဖော်ပေးနေရတာ မဟုတ်ဘူးနော်၊ ဝိပဿနာဉာဏ်ထဲမှာ ပေါ်လာတဲ့ ဝေဒနာကို ပေါ်လာတာ ဖြစ်ခြင်းကြောင့် မြတ်စွာဘုရား ဘာပြောထားသလဲလို့ ဆိုတော့—

ယံ ဝေရူပံ ဒေါမနဿံ၊ ဣဒံ ဝုစ္စတိ နေက္ခမ္မသိတံ ဒေါမနဿန္တိ။

ယံ ဒေါမနဿံ၊ အကြင် ဒေါမနဿ ဝေဒနာလို့ခေါ်တဲ့ ဒုက္ခဝေဒနာ သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍ လာ၏။ တော်၊ ဤကဲ့သို့ ဖြစ်ပေါ်လာတဲ့ ဒေါ-မနဿ ဝေဒနာဆိုတဲ့ ဒုက္ခဝေဒနာကို။ နေက္ခမ္မသိတံ၊ ဝိပဿနာဉာဏ်ကို မှီ၍ ဖြစ်သော။ ဒေါမနဿံ၊ ဒေါမနဿ ဝေဒနာဟူ၍။ ဝုစ္စတိ၊ ကောင်းစွာ မသေ့ ခေါ်ဆိုရပါပေသတည်း။

သာဓု သာဓု သာဓု

အဲဒါ ဒေါမနဿဝေဒနာ ပေါ်ပုံ နော်။ (မှန်ပါ)

ဥပေက္ခာဝေဒနာ ဘယ်လိုပေါ်သလဲ? ပြောဦးမယ် ဒီအပိုင်း၊ ဒေါမနဿ-ဝေဒနာ ပေါ်လာပြီ နော်။ (မှန်ပါဘုရား)

## ဥပေက္ခာဝေဒနာ

ကိုင်း ဥပေက္ခာဝေဒနာ ပေါ်ပုံကို ပါဠိတော်ကလာတာ ဆက်ပြောကြစို့၊ ဟုတ်လား? (မှန်ပါ)

**ဥပေက္ခာဝေဒနာ ပေါ်ပုံ။** ။ဥပေက္ခာဝေဒနာကော မပေါ်ဘူးလား ဆိုတော့ ပေါ်တယ်၊ဘယ်လို ပေါ်သလဲ၊ ပါဠိတော်ကတော့ ခုနကပါဠိတော်အတိုင်းဘဲ၊ အဲသလို ရုပ်တရားတို့ရဲ့ ဖြစ်ခြင်း, ပျက်ခြင်း လို့ ဆိုတဲ့ အနိစ္စ, ဒုက္ခ, ဝိပရိဏာမ တရားတွေကို မြင်သည် ဖြစ်သောကြောင့် ရှေးက ရုပ်တရားတွေ, ပစ္စုပ္ပန်ဖြစ်တဲ့ရုပ်တရားတွေဟာ ဒီလိုဘဲ အနိစ္စ, ဒုက္ခ, ဝိပရိဏာမ သဘောတွေသာလျှင် ရှိကြတယ်လို့ အဲဒီလို ရှုနေတဲ့ ယောဂါဝစရ ပုဂ္ဂိုလ်မှာ "ဥပ္ပဇ္ဇတိ ဥပေက္ခာ" ဥပေက္ခာတွေ ဖြစ်လာတယ်တဲ့။

ဒီ ရုပ်တရားပေါ်မှာ ဘယ်လို ဥပေက္ခာဖြစ်လာသလဲ ဆိုတော့—

(ယထာဘူတံ သမ္မပ္ပညာယ ပဿတော ဥပ္ပဇ္ဇတိ ဥပေက္ခာ။)ယာ ဝေရူပါ ဥပေက္ခာ၊ ရူပံ သာ အတိဝတ္တတိ။ တသ္မာ သာ ဥပေက္ခာ နေက္ခမ္မသိတာတိ ဝုစ္စတိ။

ယာ ဥပေက္ခာ၊ အကြင် ရုပ်တရားကို လျစ်လျူရှုတယ်ဆိုတဲ့ တတြ-မဇ္ဈတ္တုပေက္ခာ ဆိုတဲ့ ဥပေက္ခာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ သာ ဥပေက္ခာ၊ ထို ဥပေက္ခာတရားသည်။ ရူပံ၊ ရှုနေတယ် ဆိုတဲ့ ရုပ်တရားကို။ အတိဝတ္တတိ၊ လွန်မြောက်၍ သွားလေတော့၏။ (ရုပ်တရားကို လွန်ပြီးတော့ ဖြစ်တဲ့ ဥပေက္ခာတဲ့။) တသ္မာ၊ ထို့ကြောင့်။ သာ ဥပေက္ခာ၊ ထိုဥပေက္ခာကို။

နေက္ခမ္မသိတာတိ၊ ဝိပဿနာညာဏ်ကို မှီသော ဥပေက္ခာဝေဒနာ ဟူ၍။ ဝုစ္စတိ၊ ဆိုရပေတော့၏။ ဒါ ဥပေက္ခာဝေဒနာ ပေါ်ပုံဘဲ။

**ဝေဒနာနောက် မလိုက်ရ။** ။ကိုင်း အဲဒီလို ဒုက္ခဝေဒနာတွေ ပေါ်လာပြီလို့ ဆိုတော့, ဥပေက္ခာဝေဒနာလဲ ထို့အတူဘဲ ပေါ်လာပြီဆိုပါတော့ အဲဒီ ဒုက္ခဝေဒနာနောက်ကို, ဥပေက္ခာဝေဒနာနောက်ကို လိုက်ရမလား, မလိုက်ရဘူးလား?။　　(မလိုက်ရပါဘူးဘုရား)

ဘယ်သူက ပြောသလဲ, ဘယ်လို ပြောသလဲ? အဲဒီ ဒေါမနဿဝေဒနာ နောက်ကို အကယ်၍ လိုက်မိရင်တဲ့ မြတ်စွာဘုရားက (ဝေဒနာနောက် လိုက်ရင်)—

ဒုက္ခာယ ဝေဒနာယ ဖုဋ္ဌော သမာနော သောစတိ ကိလမတိ ပရိဒေဝတိ ဥရတ္တာဠိံ ကန္ဒတိ သမ္မောဟံ အာပဇ္ဇတိ၊ တဿ ပဋိဃာနုသယော အနုသေတိ။ ။(ဆဠာယတနသုတ္တန်၊ ဥပရိပဏ္ဏာသပါဠိတော်)။

ဒုက္ခာယဝေဒနာယ၊ ဒေါမနဿဝေဒနာလို့ ခေါ်တဲ့ ဝေဒနာနှင့်။ ဖုဋ္ဌော တွေ့နေသည်။ သမာနော၊ ဖြစ်သည်ရှိသော်။ ဒုက္ခာယဝေဒနာယ၊ ဝိပဿနာကြောင့်ပေါ်တဲ့ ဒုက္ခဝေဒနာနှင့်။ ဖုဋ္ဌော၊ တွေ့၍နေသည်။ သမာနော၊ ဖြစ်သည်ရှိသော်။ သောစတိ၊ စိုးရိမ်၏။ ကိလမတိ၊ ပင်ပန်း၏။ ပရိဒေဝတိ၊ ရောင်ရမ်းမြည်တမ်း၍ ပြောဆို၏။ ဥရတ္တာဠိံ ကန္ဒတိ၊ လက်တွေ ခြေတွေ ခါပြီးတော့ ရင်လက်ခတ်တီး ပြောဆို၍ နေလေတော့၏။ သမ္မောဟံ၊ တွေဝေ မိန်းမောခြင်းသို့။ အာပဇ္ဇတိ၊ ရောက်၍ သွားလေတော့၏။ တဿ၊ ထိုကဲ့သို့ "သမ္မောဟံ အာပဇ္ဇတိ" လို့ ဆိုတဲ့ တွေဝေ မိန်းမောခြင်းသို့ ရောက်နေတဲ့ ပုဂ္ဂိုလ်အား။ ပဋိဃာနုသယော၊ ပဋိဃာနုသယသည်။ အနုသေတိ၊ အကြောင်းအားလျော်စွာ အဲဒီ ဒုက္ခဝေဒနာပေါ်မှာ ဖြစ်ပေါ်၍ နေလေတော့၏။ (ပဋိဃာနုသယ ဖြစ်သွားရော)။

ပြောအုံးမယ် ပြန်ပြီးတော့ အဓိပ္ပါယ် ရှင်းအောင်၊ အခုနက ပြောခဲ့တဲ့ "ပိဟံ ဥပဋ္ဌာပယတော ဥပ္ပဇ္ဇတိ ပိဟပစ္စယာ ဒေါမနဿံ" ဆိုတဲ့ ဒေါမနဿဝေဒနာနောက်ကို လိုက်ပြီး ဝိပဿနာရှုနေရင် "ဩော် ငါ ဘယ်အခါမျှားမှ ဒီ အရဟတ္တဖိုလ်ချမ်းသာကြီးကို ရပါတော့မလဲ, ငါ့မှာ မရနိုင်လေခြင်း" ဆိုတဲ့ ဒေါမနဿဝေဒနာဖြစ်လို့ အဲဒီ ဒုက္ခဝေဒနာနောက်ကို ရှောက်ပြီးတော့ လိုက်သွားရင် ဘာဖြစ်မလဲ ဆိုတော့ "သောစတိ၊ စိတ်ထဲမှာ စိုးရိမ်မှုတွေဖြစ်လာလိမ့်မယ်"တဲ့။ "ငါ့မှာ ဘယ်တော့ ရပါ့မလဲ, ရခဲလိုက်တာ"လို့ ဖြစ်လာတယ်၊ လူရော စိတ်ရော ပင်ပန်းလာလိမ့်မယ်တဲ့ ဝေဒနာနောက်ကို လိုက်ရင်၊ လိုက်ကြည့်မယ်ရင်၊ ပင်ပန်းလာသလား? မပင်ပန်းဘူးလား?(ပင်ပန်းလာပါတယ် ဘုရား)

လူပင်ပန်းလာရင် စိတ်ကော ပင်ပန်းမလာဘူးလား? (ပင်ပန်း လာပါတယ် ဘုရား)။

ဒါ ပါဠိတော်က ပြောတာ နော်။

ဘာပြောသလဲ မြတ်စွာဘုရားက? အဲဒီ ဒုက္ခဝေဒနာနောက်ကို လိုက်သွားရင် "သောစတိ၊ စိုးရိမ်ရ၏။ ကိလမတိ၊ ရုပ်ရော စိတ်ရော ပင်ပန်းလာတယ်"၊ လိုက်ကြည့် ပင်ပန်းသလား, မပင်ပန်းဘူးလားလို့။ (ပင်ပန်းပါတယ်ဘုရား)

"ပရိဒေဝတိ၊ ပူပန်လာတယ်, ငိုကြွေးမှုတွေ ဖြစ်လာတယ်၊ ကိုယ်ရော စိတ်ရော ပူလာတယ်၊ ဥရတ္တာဠိံ ကန္ဒတိ၊ လက်တွေ, ခြေတွေ ဖောက်ပြန်ပြီးတော့ ကမောက်ကမဖြစ်ပြီး တုန်လှုပ် ချောက်ချားပြီးတော့ လက်တွေခါ, ခြေတွေခါ ဒိုးဒိုး ဒန့်ဒန့်တွေ ဖြစ်ပြီ-တော့ မြည်တမ်းရလေတော့၏။ နောက်တော့ ဘယ်လို ဖြစ်သွားသလဲဆိုတော့– "သမ္မောဟံ အာပဇ္ဇတိ၊ မေ့မြောသွားရော"။ ဝေဒနာ နောက် လိုက်ရင် ဘာဖြစ်သွားတုန်း။ (မေ့သွားပါတယ် ဘုရား)

အဲဒီလို မေ့သွားတာ ဘာလဲ? ဒီနေရာမှာ အရေးကြီးပြန်တယ်၊ အဲဒီလို မေ့သွားတာဟာ မဂ်လား? (မဟုတ်ပါ ဘုရား)

ဝေဒနာတွေနောက်လိုက်ပြီး ဒန့်ဒန့်, ဒန့်ဒန့်-နဲ့ ဖြင်ပြီး "ဥရတ္တာဠိံ ကန္ဒတိ" ဆိုတဲ့ လက်တွေ, ခြေတွေ တုန်ရီ မြည်တမ်းပြီး တခါထဲ မူးမေ့ လဲကျသွားရော၊ ဟုတ်လား။ (မှန်ပါ)

အဲဒါ ပါဠိတော်မှာက "ဥရတ္တာဠိံ ကန္ဒတိ= လက်တွေ, ခြေတွေ ကိုးယိုး ကားယား ဖောက်ပြန် မြည်တမ်းပြီးတော့။ သမ္မောဟံ အာပဇ္ဇတိ=မေ့မြောခြင်း သို့ ရောက်သွား၏"တဲ့ ဝေဒနာလိုက်ရင်၊ ဒါဖြင့် အဲဒါ မဂ်လား-လို့ ဆိုတော့ မဟုတ်ဘူးတဲ့၊ "အဿ ပဋိဃာနုသယော အနုသေတိ" အဲဒီပုဂ္ဂိုလ် မဂ်ဇော ကျနေတာ မဟုတ်ဘူးတဲ့၊ ပဋိဃာနုသယ ဖြစ်ပေါ်နေတာတဲ့ အဲဒီ အချိန်မှာ၊ ပဋိဃာနုသယ ဆိုတာ ဒေါသ။

**ဝိပဿနာရှုပစ်။** ။ကိုင်း နေက္ခမ္မသိတကို မှီပြီးတော့ ဖြစ်တဲ့ ဒေါမနဿဝေဒနာကို ဘယ့်နှယ်လုပ်ရမလဲ၊ သောမနဿဝေဒနာတုန်းကလိုဘဲ ဒီ ဒေါမနဿဝေဒနာကို ဝိပဿနာ ရှုရမယ် နော်။ (မှန်ပါ)

ဥပေက္ခာဝေဒနာလဲ ထို့အတူဘဲ နော်၊ ဥပေက္ခာဝေဒနာကျတော့ ဒီဥပေက္ခာ ဝေဒနာရဲ့ ဖြစ်ခြင်း, ပျက်ခြင်း "အဿာဒ,အာဒီနဝ"ဆိုတဲ့ သဘောတရားတွေကို မသိစေသောကြောင့် ဒီဥပေက္ခာဝေဒနာမှာတော့ဖြင့် အဝိဇ္ဇာနုသယ ဖြစ်သွားတယ်၊ သူက ဒီအတိုင်းဘဲ၊ အဓိပ္ပါယ်အကျဉ်းချုံးပြီး မှတ်ပေတော့ နော်။ (မှန်ပါ)။

အကျဉ်းမှတ်ဖို့က–သုခဝေဒနာနောက်ကိုလိုက်ရင် ရာဂါနုသယ ဖြစ်တယ်, ဒုက္ခဝေဒနာနောက်ကိုလိုက်ရင် ပဋိဃာနုသယဖြစ်တယ်, ဥပေက္ခာဝေဒနာ နောက်ကိုလိုက်ရင် အဝိဇ္ဇာနုသယဖြစ်တယ်၊ ဟုတ်လား။ (မှန်ပါ)

အဲဒီ သုခဝေဒနာတွေ, ဒုက္ခဝေဒနာတွေ, ဥပေက္ခာဝေဒနာတွေကလဲ အခု နေကွမ္မသိတလိုခေါ်တဲ့ ဝိပဿနာဉာဏ်ကို မှီပြီးတော့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများရဲ့ ရှုကွက်ထဲမှာ ပေါ်နေသလား, ပေါ်မနေဘူးလား ?
(ပေါ်နေပါတယ်ဘုရား)။

ဘာတွေပေါ်နေသလဲ။ သုခဝေဒနာလဲပေါ်ချင်ပေါ်နေမယ်, ဒုက္ခဝေဒနာ လဲပေါ်ချင်ပေါ်နေမယ်, ဥပေက္ခာဝေဒနာလဲပေါ်ချင်ပေါ်နေလိမ့်မယ်၊ ဒီသုံးမျိုး တမျိုးမျိုးတော့ ပေါ်နေလိမ့်မယ်နော်။ (မှန်ပါ)။

အဲဒီလို ဒုက္ခဝေဒနာတွေ ပေါ်လာတဲ့အခါ, ဥပေက္ခာဝေဒနာတွေပေါ်လာတဲ့ အခါ ဘာလုပ်ရမလဲဆိုတော့ ပါဠိတော်က ပြောပေးတယ်—

> တဿ စေ ဘိက္ခဝေ ဧဝံ သတဿ သမ္ပဇာနဿ အပ္ပမတ္တဿ အာတာပိနော ပဟိတတ္တဿ ဝိဟရတော ဥပ္ပဇ္ဇတိ ဒုက္ခာ ဝေဒနာ၊ ဥပ္ပဇ္ဇတိ ဥပေက္ခာ ဝေဒနာ။

အဲသလို သတိသမ္ပဇညတရားနဲ့ ဝိပဿနာကို ရပ်တရားပေါ်မှာတင်ပြီးတော့ ရှုနေတဲ့ အမျိုးကောင်းသား,အမျိုးကောင်းသမီးများ စောစောပိုင်းက ပြော ခဲ့တဲ့ နေကွမ္မလို့ခေါ်တဲ့ ဝိပဿနာဉာဏ်ကို အမှီပြုပြီးတော့ ပေါ်လာတဲ့ သုခ ဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာကို ဒုက္ခဝေဒနာ ပေါ်လာတဲ့အခါ - "ဥပ္ပန္နာ ခေါ မျာယံ ဒုက္ခဝေဒနာ=ဩော် ဒုက္ခဝေဒနာ, ဒေါမနဿ ဝေဒနာ ပေါ်လာပြီ" ဝိပဿနာရှုကွက် ဖော်ပေးမလို့၊

"ဥပ္ပန္နာ ခေါ မျာယံ ဒုက္ခဝေဒနာ။

မေ၊ ငါ့အား။ အယံဒုက္ခဝေဒနာ၊ ဤဒုက္ခဝေဒနာဆိုတဲ့ ဒေါမနဿဝေဒနာ သည်။ ဥပ္ပန္နာ၊ ဖြစ်ပေါ်၍လာ၏။

ကိုယ်လုပ်လို့ ဖြစ်တာလား, ဝိပဿနာဉာဏ်က ဖြစ်လာတာလား။
(ဝိပဿနာဉာဏ်က ဖြစ်လာတာပါဘုရား)

ကိုယ်ဖော်လို့ ပေါ်လာတာလား, ဝိပဿနာဉာဏ်က ပေါ်လာတာလား။
(ဝိပဿနာဉာဏ်က ပေါ်လာတာပါဘုရား)

ဒီတော့ ဒုက္ခဝေဒနာ ပေါ်တယ်ဆိုတာ ကိုယ်က ဖော်ပေးရတာမဟုတ်ဘူး, ကိုယ်ကလိုက်ပေးရတာ မဟုတ်ဘူး, ဝိပဿနာဉာဏ် ရှုနေတဲ့အခါမှာ စောစော

ပိုင်းကပြောခဲ့သလို "အနုတ္တရ"လို့ခေါ်တဲ့ မဂ်,ဖိုလ်,နိဗ္ဗာန်ကို လှမ်းပြီး တောင့်တတဲ့အခါ မရသေးခြင်းကြောင့် ပေါ်လာတဲ့ ဒေါမနဿဝေဒနာကို မြတ်စွာဘုရားက ဖော်ပေးနေတာ၊ ဒါကို ဒုက္ခဝေဒနာလို့ခေါ်တယ်၊ ဟုတ်လား။

(မှန်ပါဘုရား)

နေက္ခမ္မသိတဒုက္ခဝေဒနာ=ဝိပဿနာဉာဏ်ကို မှီပြီးတော့ဖြစ်တဲ့ ဒုက္ခဝေဒနာလို့ ခေါ်တယ်၊ ဒီဒုက္ခဝေဒနာဟာ ဘာကိုမှီပြီး ပေါ်လာသလဲဆိုတော့——

"သာ စ ခေါ ပဋိစ္စ၊ နော အပဋိစ္စ၊ ကိံ ပဋိစ္စ၊ ဣမမေဝ ကာယံ ပဋိစ္စ"

စခေါ၊ စင်စစ်သော်ကား။ သာဝေဒနာ၊ ထိုဒုက္ခဝေဒနာသည်။ ပဋိစ္စ၊ တစုံတခုသောတရားကို မှီပြီးတော့မှ။ ဥပ္ပဇ္ဇတိ၊ ဖြစ်တယ်၊ နော်။ (မှန်ပါဘုရား)။

ဒီဒုက္ခဝေဒနာဟာ သူ့ဖာသာသူ ဖြစ်သလား, တစုံတခုသောတရားကို မှီဖြစ်ရသလား? တစုံတခုသောတရားကို မှီပြီးဖြစ်တယ်၊ ဘယ်တရားမှီဖြစ်သလဲဆိုတော့ ကိုယ်ဝိပဿနာရှုနေတဲ့ ရုပ်ကိုအမှီပြုပြီးတော့ ဖြစ်တဲ့ဝေဒနာ။ ရုပ်ကို အနိစ္စ,ဒုက္ခ, ဝိပရိဏာမလို့ ရှုနေတယ်မဟုတ်လား။ အဲဒီလို ရုပ်တရားကို အနိစ္စ,ဒုက္ခ, ဝိပရိဏာမလို့ရှုနေတဲ့ ရုပ်တရားကို အမှီပြုပြီးတော့ ပေါ်တဲ့ဝေဒနာ ဒီဒုက္ခဝေဒနာက။

"ဣမမေဝ ကာယံ ပဋိစ္စ"။ ဣမမေဝကာယံ၊ ဤရူပကာယကိုသာလျှင်။ ပဋိစ္စ၊ စွဲ၍။ ဥပ္ပဇ္ဇတိ၊ ဝေဒနာဖြစ်ပေါ်၍ လာလေတော့၏။

ဩြော် သူဖြစ်လာတာဟာ ဒီဒေါမနဿဝေဒနာဆိုတာ ယခုရှုနေတဲ့ ရုပ်လို့ခေါ်တဲ့တရားကို အမှီပြုပြီးတော့, ဝိပဿနာကို မှီပြီးတော့ ဖြစ်တဲ့ ဒုက္ခဝေဒနာ။ ဒါဖြင့် ဒီဒုက္ခဝေဒနာကို ဘယ့်နှယ်လုပ်ရမလဲ ? ဝိပဿနာရှုမယ်ကြံပေတော့—

အယံ ခေါ ပန ကာယော အနိစ္စော သင်္ခတော ပဋိစ္စသမုပ္ပန္နော၊ အနိစ္စံ ခေါ ပန သင်္ခတံ ပဋိစ္စသမုပ္ပန္နံ ကာယံ ပဋိစ္စ ဥပ္ပန္နာ သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာ ကုတော နိစ္စာ ဘဝိဿတိ။

သူ မှီပြီးတော့ဖြင်တဲ့ ရူပကာယဟာ နိစ္စလား,အနိစ္စလား။(အနိစ္စပါဘုရား)။

ဝိပဿနာ ရှုနေတဲ့ နေက္ခမ္မသိတလို့ခေါ်တဲ့ ဝိပဿနာဉာဏ်ကို မှီရတယ်ဆိုတော့ အဲဒီဝိပဿနာဉာဏ်ကတော့ နိစ္စလား, အနိစ္စလား။ (အနိစ္စပါဘုရား)။

အနိစ္စဖြစ်တဲ့ ရုပ်ကိုမှီပြီးတော့ ပေါ်လာတဲ့ ဒုက္ခဝေဒနာသည် မြဲသလား,မမြဲဘူးလား ? (မမြဲပါဘုရား)

ဥပေက္ခာဝေဒနာကော မြဲသလား,မမြဲဘူးလား။ (မမြဲပါဘုရား)

သုခဝေဒနာကော မြဲသလား,မမြဲဘူးလား။ (မမြဲပါဘုရား)

သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာတွေဟာ ဘယ်မြဲလိမ့်မလဲ၊ ဟုတ်လား? (မှန်ပါဘုရား)

ဒီတော့ ပါဠိတော်က ဘယ်လို ဟောတော်မူသလဲ—

> သော ကာယေ သုခါယ စ ဝေဒနာယ ဒုက္ခာယ စ ဝေဒနာယ ဥပေက္ခာယ စ ဝေဒနာယ အနိစ္စာနုပဿီ ဝိဟရတိ— တဲ့၊ ဟုတ်လား။ (မှန်ပါ)

ဒီတော့ ဒီယောဂါဝစရပုဂ္ဂိုလ်ဟာ ဘယ်လိုလဲ? ကိုယ်နဂိုကရှုနေတဲ့ ဝိပဿနာလို့ခေါ်တဲ့ နေက္ခမ္မသိတလို ဖြစ်တဲ့ရုပ်နဲ့ ဝိပဿနာရှုတဲ့ဉာဏ်ကိုရင်း ပေါ်လာတဲ့ သုခဝေဒနာ၊ဒုက္ခဝေဒနာ၊ဥပေက္ခာဝေဒနာကိုရင်း သူက ဘာလို့ရှုလိုက်သလဲ? အနိစ္စာနုပဿီလို့ သူ ရှုနေတော့တယ်၊ "အနိစ္စာနုပဿီ" အနိစ္စလို့ရှုလေ့ရှိတဲ့ ပုဂ္ဂိုလ်အဖြစ်ဖြင့် သူ တရားအားထုတ်နေတော့တယ်၊ အဲဒီနေရာမှာ ညက ဘုန်းကြီးတို့ ပြောပေးခဲ့ပြီ အနိစ္စာနုပဿီ၊ ဝိရာဂါနုပဿီ၊ နိရောဓာနုပဿီ၊ ပဋိနိဿဂ္ဂါနုပဿီ၊ လေးချက်နော်။ (မှန်ပါ)

အဲဒါကို မူလပဏ္ဏာသ အဋ္ဌကထာက ဖွင့်ဆိုတဲ့အတိုင်း ဘုန်းကြီးပြောပေးအုံးမယ်။

> အနိစ္စာနုပဿီ၊ အနိစ္စလို့ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဝိရာဂါနုပဿီ၊ မြဲတယ်ဆိုတဲ့သဘောမှ ကင်းတယ်ဆိုတဲ့ သဘောကို ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ နိရောဓာနုပဿီ၊ မြဲတယ်ဆိုတဲ့ သဘောတရားသည် ချုပ်ငြိမ်းတယ်ဆိုတဲ့ သဘောတရားဟု ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ပဋိနိဿဂ္ဂါနုပဿီ၊ မြဲတယ်ဆိုတဲ့ နိစ္စသညာကို စွန့်လွှတ်သည်ဖြစ်၍။ ဝိဟရတိ၊ နေလေတော့၏။

အနိစ္စာနုပဿီ၊ ဝိရာဂါနုပဿီ၊ နိရောဓာနုပဿီ၊ ပဋိနိဿဂ္ဂါနုပဿီ၊ ဘယ်နှစ်ချက်လဲ? (လေးချက်ပါဘုရား)

အနိစ္စာနုပဿီ၊ ဝိရာဂါနုပဿီ၊ နိရောဓာနုပဿီ၊ ပဋိနိဿဂ္ဂါနုပဿီနဲ့ ရှုနေတာ ဘယ်အပေါ်မှာလဲ? ကာယအပေါ်မှာသော်ရင်း၊ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာအပေါ်မှာသော်ရင်း အဲသလို သူ ရှုပြီးတော့ နေတော့တယ်တဲ့ ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်က၊ ဟုတ်လား? (မှန်ပါဘုရား)

အဲသလိုရှုနေတဲ့ အနိစ္စာနုပဿီဟာ ဘာလဲဆိုတော့ အဋ္ဌကထာဆရာကြီးက ပြောထားတယ်—

အနိစ္စာနုပဿီတိ ဧတ္ထ အနိစ္စံ ဝေဒိတဗ္ဗံ၊ အနိစ္စာနုပဿနာ ဝေဒိတဗ္ဗာ၊ အနိစ္စာနုပဿီ ဝေဒိတဗ္ဗော—

လို့ **အဋ္ဌကထာ**ဆရာကြီးက ပြောပေးထားတယ်။ ဒီနေရာမှာ ဝိပဿနာရှုတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ သိရမဲ့အချက် သုံးချက်ရှိတယ်၊ အနိစ္စာနုပဿီမှာ ဘယ်နှစ်ချက်လဲ ? (သုံးချက်ပါဘုရား)

ဒါ အင်မတန် အရေးကြီးတယ်၊ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများက ဝိပဿနာလုပ်ငန်းကို စည်းကမ်းတကျ လုပ်ချင်ကြတာလား? စည်းမဲ့ကမ်းမဲ့ လုပ်ချင်ကြတာလား? (စံနစ်တကျ လုပ်ချင်ပါတယ်ဘုရား)

**ဝိပဿနာစည်းကမ်း။** ။ဝိပဿနာရဲ့ စည်းကမ်းဆိုတာ ဘာလဲ? မြတ်စွာဘုရားဟောထားတဲ့ ပါဠိတော်တွေဟာ, ပရိယတ္တိတွေဟာ ဝိပဿနာလုပ်ငန်းရဲ့ စည်းကမ်းနော်။ (မှန်ပါ)

ဝိပဿနာ လုပ်ငန်းဆိုတာကတော့ လောကမှာ လုပ်ငန်းတခုကို လုပ်ရင် စည်းကမ်းဆိုတာ ရှိရသလား, မရှိရဘူးလား ? (ရှိရပါတယ်ဘုရား)

စည်းကမ်းမရှိဘဲနဲ့ လုပ်တဲ့အလုပ်သည် အမှန်နဲ့အမှား ဘယ်သူကများသလဲ။ (အမှားက များပါတယ်ဘုရား)

ဟုတ်လား? မှန်ချင်တော့မှန်မယ်၊ ဒါပေမဲ့ မှားတာကများလိမ့်မယ် စည်းမရှိ,ကမ်းမရှိ လုပ်တဲ့လုပ်ငန်း၊ ဝိပဿနာလုပ်ငန်းလို့ဆိုတဲ့ လုပ်ငန်းကိုလုပ်တဲ့အခါ စည်းကမ်းဆိုတာ မရှိရဘူးလား? (ရှိရပါတယ်ဘုရား)။

ဘာစည်းကမ်းလဲ၊ ဘုန်းကြီးတို့အမျိုးကောင်းသား,အမျိုးကောင်းသမီးတွေ ဝိပဿနာလုပ်ငန်းကို လုပ်တဲ့အခါ စည်းကမ်းဆိုတာ ဟိုရိပ်သာမှာ ချိတ်ဆွဲပြီးထားတဲ့ စည်းကမ်းမျိုးလား။ (မဟုတ်ပါဘူးဘုရား)

ရိပ်သာမှာ စည်းကမ်းကြီးတွေ ချိတ်ဆွဲထားလိုက်တာ ဘုန်းကြီးတို့စာသင်တိုက်များမှာလိုဘဲ ဆေးလိပ်မသောက်ရတို့, တယောက်နဲ့တယောက် စကားမပြောရတို့, စကားမများရတာတို့, အစားခြိုးခြံရမယ်တို့, အအိပ်ခြိုးခြံရမယ်တို့၊ အဲဒီ စည်းကမ်းမျိုးလား။ (မဟုတ်ပါဘုရား)

ဘာလဲ ဝိပဿနာလုပ်ငန်းရဲ့စည်းကမ်းဆိုတာ၊ပရိယတ္တိနော်။ (မှန်ပါဘုရား)။

ပရိယတ္တိမရှိတဲ့ ဝိပဿနာလုပ်ငန်းသည် စည်းကမ်းရှိတဲ့ ဝိပဿနာလုပ်ငန်းလား, စည်းကမ်းမရှိတဲ့ ဝိပဿနာလုပ်ငန်းလား။ (စည်းကမ်းမရှိတဲ့ ဝိပဿနာလုပ်ငန်းပါဘုရား)။

ပရိယတ္တိမပါဘဲနဲ့ လုပ်တဲ့ ဝိပဿနာလုပ်ငန်းမျိုးဟာ စည်းနဲ့ ကမ်းနဲ့ ဝိပ-ဿနာလား, စည်းမဲ့ ကမ်းမဲ့ ဝိပဿနာလား။ (စည်းမဲ့ ကမ်းမဲ့ ဝိပဿနာပါဘုရား)။

ဘုန်းကြီးတို့ပရိသတ်က ဘယ်ဝိပဿနာကို လုပ်ချင်သလဲ။ (စည်းနဲ့, ကမ်းနဲ့ ဝိပဿနာလုပ်ငန်းကို လုပ်ချင်ပါတယ်ဘုရား)။

ဒီလိုဆိုရင် ပရိယတ္တိ ပါရလိမ့်မယ်နော်။ (မှန်ပါဘုရား)။

ဒါကြောင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ပရိယတ္တိ သာသနာတော်ကြီးကို ချီးမြှောက်ထောက်ပံ့တဲ့ ရဟန်းတော်သည်သာလျှင် ငါဘုရားရဲ့ သာသနာကို စောင့်ရှောက်တဲ့ ရဟန်းမည်ပါပေတယ်၊ ပဋိပတ္တိလုပ်ငန်းကို လုပ်တယ်ဆိုတဲ့ ပုဂ္ဂိုလ်ကတော့ဖြင့် သူ့တကိုယ်ကောင်းအတွက် လုပ်သွားတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်တဲ့၊ သာသနာတော်ကို အစဉ်အဆက်မပြတ်အောင် စောင့်ရှောက်တဲ့ ပုဂ္ဂိုလ်ဟာ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ။ ပရိယတ္တိဗဟုလပုဂ္ဂိုလ်မျိုးတဲ့ အင်္ဂုတ္တိုရ်ပါဠိတော်မှာ မြတ်စွာဘုရား ဟောထားတာရှိတယ်နော်။ (မှန်ပါဘုရား)။

မြတ်စွာဘုရား ချီးမွမ်းတော်မူတယ် ပရိယတ္တိဗဟုလ ပုဂ္ဂိုလ်တွေကိုလဲဘဲ၊ ဟုတ်လား။ (မှန်ပါဘုရား)။

ဒါဖြင့် ပရိယတ္တိချည်း လုပ်ရတော့မှာလားဘုရား, ပဋိပတ္တိကို မလုပ်ရတော့ဘူးလား ဘုရားလို့ဆိုတော့ သူလမ်းနဲ့သူ လာလိမ့်မယ်၊ ဝိပဿနာလုပ်ငန်းဆိုတာလဲ လုပ်ရလိမ့်မယ်နော်။ (မှန်ပါ)။

လုပ်တဲ့အခါ ပရိယတ္တိစည်းကမ်း ပါဘို့ဆိုပြီးတော့ ပရိယတ္တိမှုကို ပြောပေးနေရတယ်၊ ခု ပရိသတ်သိဘို့ရန်အတွက်က ဝိပဿနာလုပ်ငန်းကိုလုပ်တဲ့ အမျိုးကောင်းသားတိုင်း, အမျိုးကောင်းသမီးတိုင်း သိရမဲ့အချက်က အနိစ္စနဲ့ပတ်သက်ပြီး သိရမဲ့အချက် ဘယ်နှစ်ချက်လဲ။

"အနိစ္စာနုပဿီတိ ဧတ္ထ—

အဋ္ဌကထာဆရာကြီးက ပြောပေးထားတယ် ပရိယတ္တိက စည်းကမ်းချက်ပေးထားတာ။

> အနိစ္စံ ဝေဒိတဗ္ဗံ၊ အနိစ္စာနုပဿနာ ဝေဒိတဗ္ဗာ၊ အနိစ္စာနုပဿီ ဝေဒိတဗ္ဗော။ တတ္ထ အနိစ္စန္တိ ပဉ္စက္ခန္ဓာ။"

**အနိစ္စသဘော။**　　။အနိစ္စလို့ဆိုတဲ့ အချက်နဲ့ပတ်သက်လို့ ပြမဲ့အချက် ဘယ်နှစ်ချက်လဲ။ သုံးချက်၊ ဘာတွေလဲ။

အနိစ္စာနုပဿီတိတ္တော၊ အနိစ္စာနုပဿီ-ဟူသော ဤပုဒ်၌။ အနိစ္စံ၊ အနိစ္စ ဆိုတဲ့သဘောကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ အနိစ္စာနုပဿနာ၊ အနိစ္စာနုပဿနာ ဆိုတဲ့အချက်ကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ အနိစ္စာနုပဿီ၊ အနိစ္စာနုပဿီဆိုတဲ့ အချက်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

သုံးချက်နော်။ (မှန်ပါ)။

အနိစ္စကို သိရမယ်, အနိစ္စာနုပဿနာကို သိရမယ်, အနိစ္စာနုပဿီကို သိရမယ်။

တတ္ထ၊ ထိုသုံးပါးသော တရားတို့တွင်။ (ပါဠိတော်ကို အဋ္ဌကထာက ပြောပေးတာ စူဠနိဒ္ဒေသအဋ္ဌကထာသဒ္ဓမ္မပဇ္ဇောတိကာ အင်မတန်ကောင်းတယ်၊ ဒီ အဖွင့်တွေဟာ ကျမ်းဂန် ကိုးကားချက်နဲ့ ပြောမယ်ဆိုရင် မူလပဏ္ဏာသ ပါဠိတော် စူဠနိဒ္ဒေသအဋ္ဌကထာ၏အဖွင့် မဟာယမကဝဂ်မှာ) အနိစ္စန္တိ၊ အနိစ္စဆိုတဲ့ စကားသည်ကား။ ပဉ္စက္ခန္ဓာ၊ ခန္ဓာငါးပါးတို့ပေတည်း။

ခန္ဓာငါးပါးကို ဘာလို့ခေါ်သလဲ။ (အနိစ္စလို့ ခေါ်ပါတယ်ဘုရား)။

ရူပက္ခန္ဓာကို ဘာလို့ခေါ်သလဲ။ (အနိစ္စလို့ ခေါ်ပါတယ်ဘုရား)။

ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ အတူမှတ်ပါ။ ခန္ဓာငါးပါးကို ဘာပြုလို့ အနိစ္စခေါ်သလဲဆိုတော့—

တေ ဟိ ဥပ္ပါဒဝယဋ္ဌေန အနိစ္စံ။

ဟိ၊ မှန်၏။ တေ၊ ထိုခန္ဓာငါးပါးတို့သည်။ ဥပ္ပါဒဝယဋ္ဌေန၊ ဖြစ်ခြင်း ပျက်ခြင်းတို့ ရှိသည်ဖြစ်ပါသောကြောင့်။ အနိစ္စံ၊ အနိစ္စ မည်၏။

ခန္ဓာငါးပါးကို ဘာလို့ခေါ်သလဲ။ (အနိစ္စလို့ ခေါ်ပါဘယ်ဘုရား)။

အနိစ္စဆိုတာ ဘာကို ခေါ်သလဲ။ (ခန္ဓာငါးပါးကို ခေါ်ပါတယ်ဘုရား)။

ဘာဖြစ်လို့ ခန္ဓာငါးပါးကို အနိစ္စလို့ ခေါ်သလဲ။ (ဖြစ်ခြင်း ပျက်ခြင်း သဘောရှိသောကြောင့်ပါ ဘုရား)။

ဟုတ်ပြီ ဘုန်းကြီးတို့ပရိသတ်၊ သိပ်သဘောကျတယ် အဲဒီအချက်၊ နော်။ (မှန်ပါ)။

ကိုင်း ရှေ့သွားရအောင်၊ အနိစ္စ သိသွားပြီနော်။

အနိစ္စာနုပဿနာ တေသံ ပဉ္စက္ခန္ဓာနံ ခယတော ဝယတော ဒဿန-ဉာဏံ။

တေသံပဉ္စက္ခန္ဓာနံ၊ ထိုခန္ဓာငါးပါးတို့၏။ ခယတော ဝယတော ဒဿန-ဉာဏံ၊ ကုန်ခြင်း ပျောက်ခြင်းဆိုတဲ့ သဘောတရားကို မြင်တဲ့ဉာဏ်သည်။ အနိစ္စာနုပဿနာ၊ အနိစ္စာနုပဿနာမည်၏။

"အနိစ္စာနုပဿနာ" ဆိုတာ ရူပက္ခန္ဓာ-စသော ခန္ဓာငါးပါးတို့ရဲ့ ကုန်တဲ့, ပျောက်တဲ့သဘော ရှုကွက်ထဲမှာ ပေါ်လာတာကို အနိစ္စာနုပဿနာလို့ ခေါ်တယ်တဲ့၊ အနိစ္စာနုပဿနာဆိုတာ ဘာတဲ့လဲ။ (ခန္ဓာငါးပါးတို့ရဲ့ ကုန်ခြင်း ပျောက်ခြင်းဆိုတဲ့သဘောကို မြင်တဲ့ဉာဏ်ကို ခေါ်ပါတယ် ဘုရား။)

ကုန်ခြင်း ပျောက်ခြင်းသဘော ဉာဏ်ထဲသင်လာတာ အနိစ္စာနုပဿနာ။

အနိစ္စာနုပဿီဆိုတာ ဘာလဲ?—

အနိစ္စာနုပဿီ တေန ဉာဏေန သမန္နာဂတော ပုဂ္ဂလော။

တေနဉာဏေန၊ ထိုရူပက္ခန္ဓာ၏ ကုန်ခြင်း ပျောက်ခြင်းကို သိတယ်ဆိုတဲ့ ဉာဏ်နှဲ့။ သမန္နာဂတော၊ ပြည့်စုံသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်ကို။ အနိစ္စာနုပဿီတိ၊ အနိစ္စာနုပဿီဟူ၍။ ဝုစ္စတိ၊ ဆိုရပေတော့၏။

အဲဒါ ပုဂ္ဂိုလ်ရတယ်၊ တရားအားထုတ်တဲ့ပုဂ္ဂိုလ်ဟာ "အနိစ္စာနုပဿီ" ပုဂ္ဂိုလ်တဲ့၊ အဲဒီ ပုဂ္ဂိုလ်နော်။ (မှန်ပါ)။

အနိစ္စကို သိသွားပြီ,အနိစ္စာနုပဿနာကို သိသွားပြီ, အနိစ္စာနုပဿီကို သိသွားပြီ။ သိစရာသုံးချက် ကုန်မသွားဘူးလား? နောက်ဘာလဲ? ဝိရာဂါနုပဿီ—

## ဝိရာဂါနုပဿီပုဂ္ဂိုလ်

ဝိရာဂါနုပဿီတိ ဧတ္ထ ဒွေ ဝိရာဂါ ခယဝိရာဂေါ စ အစ္စန္တဝိရာဂေါ စ။

ဝိရာဂါနုပဿီတိ ဧတ္ထ၊ ဝိရာဂါနုပဿီ ဟူသောဤပုဒ်၌။ ဝိရာဂါ၊ ဝိရာဂ တို့သည်။ ခယဝိရာဂေါ စ၊ ခယဝိရာဂလည်း။ အစ္စန္တဝိရာဂေါစ၊ အစ္စန္တဝိရာဂလည်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်မျိုးတို့ပေတည်း။

ခယဝိရာဂ,အစ္စန္တဝိရာဂ-လို့ ဝိရာဂနှစ်မျိုးရှိတယ်တဲ့။

ဝိရာဂ ၂-ပါး။ ။ခယဝိရာဂဆိုတာ ဘာကို ခေါ်သလဲ, အစ္စန္တဝိရာဂဆိုတာ ဘာကို ခေါ်သလဲ, သိဘို့မလိုဘူးလား? (လိုပါတယ်ဘုရား။)

အဋ္ဌကထာဆရာကြီးက အဓိပ္ပါယ် ဖွင့်ဆိုထားတယ်။ တတ္ထ၊ ထိုခယဝိရာဂ, အစ္စန္တဝိရာဂ နှစ်မျိုးတို့တွင်—

ဝိရာဂါနုပဿနာ။ ။သင်္ခါရာနံ ခယဝယတော အနုပဿနာပိ အစ္စန္တဝိရာဂံ နိဗ္ဗာနံ ဝိရာဂတော ဒဿနမဂ္ဂဉာဏမ္ပိ ဝိရာဂါနုပဿနာ။

သင်္ခါရာနံ၊ ထိုသင်္ခါရတရားတို့၏၊ (ဝါ) ဝိညာဏ်, နာမ်, ရုပ်, စိတ်,စေတသိက်, ရုပ်တရားတို့၏။ ခယဝယတော အနုပဿနာပိ၊ ကုန်ခြင်း ပျောက်

ခြင်းကို အဖန်တလဲလဲရှု၍နေသော ဝိပဿနာသည်လည်းကောင်း။ အစ္စန္တ-ဝိရာဂ၊ စင်စင်ကိလေသာတို့ရဲ့ ချုပ်ငြိမ်းရာဖြစ်သော။ နိဗ္ဗာန်၊ နိဗ္ဗာန်ချမ်းသာကို။ ဝိရာဂတော၊ ဝိရာဂအနေအားဖြင့်။ ဒဿနမဂ္ဂဉာဏမှ၊ မြင်သောမဂ်ဉာဏ်သည်လည်းကောင်း၊ ဝိရာဂါနုပဿနာနာမ၊ ဝိရာဂါနုပဿနာမည်၏။

အဲဒီဝိရာဂနှစ်မျိုး ခယဝိရာဂနဲ့ အစ္စန္တဝိရာဂပေါ့၊ ဟုတ်လား? (မှန်ပါ။)

**ဝိရာဂါနုပဿီ။** ။ဒီ တရားနှစ်ပါးနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကို ဘာလို့ ခေါ်သလဲဆိုတော့—

တဒုဘယသမင်္ဂီပုဂ္ဂလော ဝိရာဂါနုပဿီ နာမ။

တံဥဘယသမင်္ဂီပုဂ္ဂလော၊ ထိုခယဝိရာဂ အစ္စန္တဝိရာဂနှစ်ပါးနဲ့ ပြည့်စုံသောပုဂ္ဂိုလ်ကို။ ဝိရာဂါနုပဿီနာမ၊ ဝိရာဂါနုပဿီပုဂ္ဂိုလ်မည်၏ ဟူ၍။ ဝုစ္စတိ၊ ဆိုရပေတော့၏။

ဒီတော့ ဝိပဿနာဉာဏ်ဖြစ်နေတဲ့အခါမှာ ခယဝိရာဂ ဖြစ်မနေဘူးလား?။ (ဖြစ်နေပါတယ်ဘုရား။)

မဂ်ဉာဏ်ပေါ် လာတဲ့အခါ အစ္စန္တဝိရာဂနော်။ (မှန်ပါ။)

သိသွားပြီနော်၊ ဝိရာဂါနုပဿီ သိသွားပြီ။ (မှန်ပါ။)

## နိရောဓာနုပဿီပုဂ္ဂိုလ်

နိရောဓာနုပဿီတိ ဧသေဝ နယော=နိရောဓာနုပဿီဟာလဲဘဲ ထို့အတူပါဘဲတဲ့၊ ခယနိရောဓ, အစ္စန္တနိရောဓ နှစ်မျိုး ဒီအတိုင်းဘဲသွားတယ်။

## ပဋိနိဿဂ္ဂါနုပဿီပုဂ္ဂိုလ်

"ပဋိနိဿဂ္ဂါနုပဿီ ဝိဟရတိ" လို့ ခုနကပါဠိတော်ကို မရွတ်ဘူးလား။ (ရွတ်ပါတယ်ဘုရား)။

ဘာလဲ "ပဋိနိဿဂ္ဂါနုပဿီ"လို့ဆိုတာ အဋ္ဌကထာက ပြောပေးထားတယ်—

**ပဋိနိဿဂ္ဂ ၂-မျိုး။** ။ပဋိနိဿဂ္ဂါနုပဿီတိ ဧတ္ထ ပဋိနိဿဂ္ဂေါ ဝုစ္စတိတိ ဝေါဿဂ္ဂေါ။ ပဋိနိဿဂ္ဂ-လို့ဆိုတာ စွန့်လွှတ်ခြင်းကို ခေါ်ပါတယ်။ အဲဒီ "ပဋိနိဿဂ္ဂေါ ဝုစ္စတိ ဝေါဿဂ္ဂေါ"လို့ဆိုတဲ့ နေရာမှာလဲ "သော စ ပရိစ္စာဂဝေါဿဂ္ဂေါ, ပက္ခန္ဒနဝေါဿဂ္ဂေါတိ ဒုဝိဓော ဟောတိ"တဲ့ အဋ္ဌကထာက။ ပရိစ္စာဂ စွန့်လွှတ်ခြင်းဆိုတဲ့ ဝေါဿဂ္ဂ, ပက္ခန္ဒန-သက်ဝင်သောအားဖြင့် ဖြစ်တဲ့ ဝေါဿဂ္ဂ-လို့ ဆိုပြီးတော့ နှစ်မျိုးရှိတယ်။

"ပရိစ္စာဂဝေါဿဂ္ဂေါတိ ဝိပဿနာ"

စောစောပိုင်းကပြခဲ့တဲ့ ဝိပဿနာဉာဏ်ကို ပရိစ္စာဂဝေါဿဂ္ဂလို့ ခေါ်ပါတယ်တဲ့၊ မြဲတယ်၊ ချမ်းသာတယ်၊ ငါ့ကိုယ်ဖြစ်တယ်လို့ဆိုတဲ့ အယူအစွဲကို စွန့်လွှတ်လိုက်သည်ဖြစ်သောကြောင့် **ပရိစ္စာဂဝေါဿဂ္ဂ**။

သာ ဟိ တဒင်္ဂဝသေန ကိလေသေ စ ခန္ဓေ စ ဝေါဿဇ္ဇတိ။

ဟိ၊ မှန်၏။ သာ၊ ထိုဝိပဿနာဉာဏ်သည်။ တဒင်္ဂဝသေန၊ တဒင်္ဂ၏အစွမ်းအားဖြင့်။ ကိလေသေ စ၊ ကိလေသာတို့ကိုရှင်း။ ခန္ဓေစ၊ ခန္ဓာတို့ကိုရှင်း။ ဝေါဿဇ္ဇတိ၊ စွန့်လွှတ်၍ထားပေတော့၏။

တဒင်္ဂ၏အစွမ်းအားဖြင့် ဝိပဿနာဉာဏ်သည် ကိလေသာတွေ၊ ခန္ဓာတွေကို စွန့်လွှတ်ပြီးတော့ ထားပါတယ်။ ဒါကြောင့် သူ့ကို ပဋိနိဿဂ္ဂလို့ ခေါ်ပါတယ်။ ဝိပဿနာဉာဏ် နော်။ (မှန်ပါဘုရား)။

ပြီးတော့ အဋ္ဌကထာက ဘာပြောသလဲ ပက္ခန္ဒနဝေါဿဂ္ဂ-ကျတော့—

"ပက္ခန္ဒနဝေါဿဂ္ဂေါတိ မဂ္ဂေါ" **ပက္ခန္ဒနဝေါဿဂ္ဂ**-လို့ ဆိုတာ မဂ်ဉာဏ်ကို ခေါ်ပါတယ်တဲ့။

သော ဟိ နိဗ္ဗာနံ အာရမ္မဏံ ကတွာ အာရမ္မဏတော ပက္ခန္ဒတိ။

ဟိ၊ မှန်၏။ သော၊ ထိုမဂ်ဉာဏ်သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ အာရမ္မဏံ၊ အာရုံကို။ ကတွာ၊ ပြု၍။ အာရမ္မဏတော၊ အာရုံပြုသောအားဖြင့်။ ပက္ခန္ဒတိ၊ ပြေးဝင်၍ သွားလေတော့၏။

ဒါ "ပက္ခန္ဒနဝေါဿဂ္ဂ" ပါတဲ့၊ ဟုတ်လား? (မှန်ပါ)။

**ပဋိနိဿဂ္ဂါနုပဿီ**။ ။ဝိပဿနာဉာဏ်နဲ့ မဂ်ဉာဏ် အဲဒီဉာဏ်နှစ်ပါးလုံးနဲ့ ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်ကို "ပဋိနိဿဂ္ဂါနုပဿီ" လို့ ခေါ်ပါတယ်တဲ့၊ ပြီးရော။ ဒီအဓိပ္ပါယ် အကျယ်ပြောပြီးပြီ။

## ဝေဒနာကိုပယ်ပုံပယ်နည်း

အဲဒီလို ပက္ခန္ဒနဝေါဿဂ္ဂ၊ ပဋိနိဿဂ္ဂဝေါဿဂ္ဂ နှစ်ပါးတို့ဖြင့် ဝိပဿနာဉာဏ်ရှုသွားတဲ့အခါမှာ နေက္ခမ္မဝိပဿနာရဲ့ အချက်ဖြစ်တဲ့ သောမနဿဝေဒနာ၊ သုခဝေဒနာ၊ ဒေါမနဿဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာလို့ခေါ်တဲ့ ဝေဒနာတွေ၊ အဲဒီဝေဒနာတွေပေါ်မှာ ဒီလိုသာ အနိစ္စအနေ၊ ဒုက္ခအနေ၊ ဝိပရိဏာမ-အနေနဲ့ အနိစ္စာနုပဿီ၊ ဝိရာဂါနုပဿီ၊ နိရောဓာနုပဿီ၊ ပဋိနိဿဂ္ဂါနုပဿီ

ဆိုတဲ့ ဝိပဿနာဉာဏ်နှစ်ပါးတို့ဖြင့် ရှုပွါးပြီးတော့ သွားမယ်ဆိုရင် အဲဒီ ယောဂါဝစရပုဂ္ဂိုလ်သည် ဘယ်လိုဖြစ်သလဲ–

သော ကာယေ စ သုခါယ စ ဝေဒနာယ, ကာယေ စ ဒုက္ခာယ စ ဝေဒနာယ, ကာယေ စ ဥပေက္ခာယ စ ဝေဒနာယ, ရာဂါနုသယော ပဟီယတိ၊ ပဋိဃာနုသယော ပဟီယတိ၊ အဝိဇ္ဇာနုသယော ပဟီယတိ။

ဒီလိုရှုသွားရင် သုခဝေဒနာအပေါ်မှာ ရာဂါနုသယကို ပယ်နိုင်မယ်တဲ့၊ ဒုက္ခဝေဒနာပေါ်မှာလဲ ပဋိဃာနုသယကိုပယ်နိုင်မယ်၊ အဒုက္ခမသုခဝေဒနာလို့ခေါ်တဲ့ ဥပေက္ခာဝေဒနာပေါ်မှာလဲ အဝိဇ္ဇာနုယယကို ပယ်နိုင်မယ်တဲ့ မြတ်စွာဘုရားက။

**မပယ်နိုင် နိဗ္ဗာန်မရောက်။** ။သုခဝေဒနာပေါ်လာလို့ သုခဝေဒနာကို အမှီပြုပြီးတော့ ဖြစ်တဲ့ ရာဂါနုသယကို မပယ်နိုင်ရင်, ဒုက္ခဝေဒနာပေါ်လာလို့ ဒုက္ခဝေဒနာပေါ်မှာ ပဋိဃာနုသယကို မပယ်နိုင်ရင်, ဥပေက္ခာဝေဒနာပေါ်မှာ အဝိဇ္ဇာနုသယကို မပယ်နိုင်ရင် ဒီပုဂ္ဂိုလ် "ဒုက္ခဿန္တကရ"လို့ ခေါ်တဲ့ ဆင်းရဲကုန်ရာနိဗ္ဗာန်ကို ရောက်မလား, မရောက်ဘူးလား? (မရောက်ပါဘုရား)။

ပါဠိတော်က ဘယ့်နှယ်ပြသလဲ မရောက်ကြောင်းကို—

သောမနဿဝေဒနာကို လိုက်မိရင် ရာဂါနုသယဖြစ်မယ်၊ ပယ်နိုင်သေးလားသူ? (မပယ်နိုင်ပါဘုရား)။

ဒေါမနဿဝေဒနာလို့ခေါ်တဲ့ ဒုက္ခဝေဒနာနောက်လိုက်မိရင် ပဋိဃာနုသယဖြစ်မယ်၊ ပယ်နိုင်သေးသလား သူ? (မပယ်နိုင်ပါဘုရား)။

ဥပေက္ခာဝေဒနာနောက်လိုက်ရင် ဘာဖြစ်မလဲ? အဝိဇ္ဇာနုသယဖြစ်မယ်၊ ပယ်နိုင်သေးသလား? (မပယ်နိုင်ပါဘုရား)။

အဲဒီသောမနဿဝေဒနာမှာ ရာဂါနုသယကို မပယ်နိုင်ရင်, ဒေါမနဿဝေဒနာမှာ ပဋိဃာနုသယကို မပယ်နိုင်ရင်, ဥပေက္ခာဝေဒနာမှာ အဝိဇ္ဇာနုသယကို မပယ်နိုင်ရင် ဒုက္ခကုန်ရာနိဗ္ဗာန်ကို မရောက်နိုင်ဘူးဆိုတာကို မြတ်စွာဘုရားက ဆဠာယတနသံယုတ် ဥပရိပဏ္ဏာသပါဠိတော်မှာ ဟောထားတာရှိတယ်နော်။ (မှန်ပါ)။

ဘယ့်နှယ်ဟောထားသလဲ—

သော ဝတ ဘိက္ခဝေ သုခါယ ဝေဒနာယ ရာဂါနုသယံ အပ္ပဟာယ ဒုက္ခာယ ဝေဒနာယ ပဋိဃာနုသယံ အပ္ပဋိဝိနောဒေတွာ အဒုက္ခမသုခါယ

ဝေဒနာယ အဝိဇ္ဇာနုသယံ အသမူဟနိတွာ အဝိဇ္ဇံ အပ္ပဟာယ ဝိဇ္ဇံ အနုပ္ပါဒေတွာ ဒိဋ္ဌေဝဓမ္မေ ဒုက္ခဿန္တကရော ဘဝိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ။ ပါဠိတော်က—

ဘိက္ခဝေ၊ ရဟန်းတို့။ ဝတ ဧကန္တေန၊ စင်စစ်အားဖြင့်။ သော၊ ထိုဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်သော အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ သုခါယဝေဒနာယ၊ သုခဝေဒနာ, ခုနက သောမနဿဝေဒနာ၌။ ရာဂါနုသယံ၊ ရာဂါနုသယကို။ အပ္ပဟာယ၊မပယ်နိုင်မူ၍။ ဒုက္ခာယဝေဒနာယ၊ ဒုက္ခဝေဒနာ၌။ ပဋိဃာနုသယံ၊ ပဋိဃာနုသယလို့ ခေါ်တဲ့ သဘောကို။ အပ္ပဋိဝိနောဒေတွာ၊ မပယ်မဖျောက်နိုင်မူ၍။ အဒုက္ခမသုခါယ ဝေဒနာယ၊ အဒုက္ခမသုခဝေဒနာ၌။ အဝိဇ္ဇာနုသယံ၊ အဝိဇ္ဇာနုသယကို။ အသမူဟနိတွာ၊ မပယ်မနုတ်နိုင်မူ၍။ အဝိဇ္ဇံ၊ အဝိဇ္ဇာကို။ အပ္ပဟာယ၊ မပယ်မူ၍။ ဝိဇ္ဇံ၊ ဝိဇ္ဇာဉာဏ်ကို။ အနုပ္ပါဒေတွာ၊ မဖြစ်စေမူ၍။ ဒိဋ္ဌေဝဓမ္မေ၊ ယခုမျက်မှောက်ဘဝ၌ပင်လျှင်။ဒုက္ခဿန္တကရော၊ဒုက္ခကုန်ရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုခြင်းသည်။ ဘဝိဿတိ၊ ဖြစ်နိုင်လတ္တံ့။ ဣတိ ဧတံ ဌာနံ၊ ဤအကြောင်းသည် နဝိဇ္ဇတိ၊ မဖြစ်နိုင်။

မြတ်စွာဘုရားက ဒုက္ခဝေဒနာကိုလိုက်ရင်, သုခဝေဒနာကိုလိုက်ရင်, ဥပေက္ခာဝေဒနာကိုလိုက်ရင် တဲ့ ရာဂါနုသယ, ပဋိဃာနုသယ, အဝိဇ္ဇာနုသယကို မပယ်နိုင်ရင် ထို-ပုဂ္ဂိုလ်သည် မဂ်ဖိုလ်နိဗ္ဗာန်ကို မရနိုင်ဘူးတဲ့။ အဓိပ္ပါယ်အကျဉ်းက ဒါဘဲနော်။ (မှန်ပါ)။

**ပယ်နိုင်ရင်နိဗ္ဗာန်ရောက်မည်။** ။ခုတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်း သမီးများက ဘယ်လိုလဲ နေက္ခမ္မသိတကို မှီပြီးတော့ ဖြစ်လာတဲ့ သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာ-ဝေဒနာတွေကို အနိစ္စလို့ မရှုဘူးလား? (ရှုပါတယ်ဘုရား)။

ဝိရာဂလို့ မရှုဘူးလား? (ရှုပါတယ်ဘုရား)။

နိရောဓလို့ မရှုဘူးလား? (ရှုပါတယ်ဘုရား)။

ပဋိနိဿဂ္ဂလို့ကော မရှုဘူးလား? (ရှုပါတယ်ဘုရား)။

အဲသလို ရှုလိုက်တဲ့အတွက် ကာယ၌ရှင်း, သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာတို့၌ရှင်း ရာဂါနုသယကို မပယ်နိုင်ဘူးလား? (ပယ်နိုင်ပါတယ်ဘုရား)။

ပဋိဃာနုသယကို မပယ်နိုင်ဘူးလား? (ပယ်နိုင်ပါတယ်ဘုရား)။

အဝိဇ္ဇာနုသယကို မပယ်နိုင်ဘူးလား? (ပယ်နိုင်ပါတယ်ဘုရား)။

ပယ်တဲ့ပုဂ္ဂိုလ် ဘာဖြစ်မလဲ၊ နိဗ္ဗာန်ရောက်မယ်တဲ့ မြတ်စွာဘုရားက—

သော ဝတ ဘိက္ခုဝေ သုခါယဝေဒနာယ ရာဂါနုသယံ ပဟာယ ဒုက္ခာယ ဝေဒနာယ ပဋိဃာနုသယံ ပဋိဝိနောဒေတွာ အဒုက္ခမသုခါယ ဝေဒနာယ အဝိဇ္ဇာနုသယံ သမူဟနိတွာ အဝိဇ္ဇံ ပဟာယ ဝိဇ္ဇံ ဥပ္ပါဒေတွာ ဒိဋ္ဌေဝဓမ္မေ ဒုက္ခဿန္တကရော ဘဝိဿတီတိ ဌာနမေတံ ဝိဇ္ဇတိ။

ဘိက္ခုဝေ၊ ရဟန်းတို့။ ဝတကေနွေန၊ စင်စစ်အားဖြင့်။ သော၊ ထို ဝိပဿနာရှုနေတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ သုခါ-ယဝေဒနာယ၊ နေက္ခမ္မသိတဝိပဿနာကို မှီပြီးတော့ဖြစ်တဲ့ သုခဝေဒနာ၌။ ရာဂါနုသယံ၊ ရာဂါနုသယကို။ ပဟာယ၊ ပယ်နိုင်၍ (ဘာပြုလို့ပယ်နိုင်သလဲ၊ လိုက်လို့ မဟုတ်ဘူး, ရှုလို့၊ ဘယ်လိုရှုသလဲ၊ အနိစ္စ, ဒုက္ခ,ဝိပရိဏာမနဲ့ ရှုလို့ ပယ်နိုင်တယ်)။ ဒုက္ခာယဝေဒနာယ၊ ဒုက္ခဝေဒနာ၌။ ပဋိဃာနုသယံ၊ ပဋိဃာ နုသယကို။ ပဋိဝိနောဒေတွာ၊ ပယ်ဖျောက်နိုင်၍။ (ဘာပြုလို့ ပယ်ဖျောက် နိုင်သလဲ၊ အနိစ္စ ဒုက္ခ ဝိပရိဏာမ ဝိရာဂ နိရောဓ ပဋိနိဿဂ္ဂလို့ ရှုတဲ့အတွက်) အဒုက္ခမသုခါယ ဝေဒနာယ၊ အဒုက္ခမသုခဝေဒနာ၌။ အဝိဇ္ဇာနုသယံ၊ အဝိဇ္ဇာနုသယကို။ သမူဟနိတွာ၊ ပယ်နုတ်နိုင်၍။ (ဘာဖြစ်လို့လဲ၊ ရှုလို့၊ ဘယ်လိုရှုလို့လဲ၊ အနိစ္စ ဒုက္ခ ဝိပရိဏာမ ဝိရာဂ နိရောဓ ပဋိနိဿဂ္ဂလို့ ရှုတဲ့အတွက်)။ အဝိဇ္ဇံ၊ အဝိဇ္ဇာကို။ ပဟာယ၊ ပယ်၍။ ဝိဇ္ဇံ၊ ဝိဇ္ဇာဉာဏ်ကို။ ဥပ္ပါဒေတွာ၊ ဖြစ်စေ၍။ ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက်သောကိုယ်၏ဘဝ၌ပင်လျှင်။ ဒုက္ခဿန္တကရော၊ ဆင်းရဲဝဋ်အားလုံးဟူသော ခန္ဓာဒုက္ခ၏ ကုန်ဆုံးခြင်းကို ပြုတတ်သောနိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းသည်။ ဘဝိဿတိ၊ ဖြစ်နိုင်လတ္တံ့။ ဧတံဌာနံ၊ ဤအကြောင်းသည်။ ဝိဇ္ဇတိ၊ ကောင်းစွာမသေ့ရှိပါပေသတည်း။

သာဓု – သာဓု – သာဓု

## ကြောင်ကြမှုဖျောက်နည်း

အဲသလို နေက္ခမ္မသိတကို ဘေးကင်းတယ်ဆိုတာ မြတ်စွာဘုရားက—

ကာမေသု ဝိနယ ဂေဓံ၊ နေက္ခမ္မံ ဒဋ္ဌု ခေမတော။

နေက္ခမ္မံ၊ ခုပြောခဲ့တဲ့ ဝိပဿနာနေက္ခမ္မကို။ ခေမတော၊ ရာဂဘေး, ဒေါသဘေး, မောဟဘေးလို့ဆိုတဲ့ အဝိဇ္ဇာဘေးတို့မှ ကင်းသောအားဖြင့်။ ဒဋ္ဌု၊ ရှုမြင်နိုင်ခြင်းငှါ။ ကာမေသု၊ ဝတ္ထုကာမ, ကိလေသာကာမတို့၌။ ဂေဓံ၊ တပ်မက်မောခြင်းတဏှာကို။ ဝိနယ၊ ပယ်ဖျောက်ပါလော့။

ဥဂ္ဂဟိတံ နိရတ္ထံ ဝါ၊ မာ တေ ဝိဇ္ဇိတ္ထ ကိဥ္စနံ။

ပါရာယနဝဂ်မှာ နေ၁်။ (မှန်ပါ)။

"ဥဂ္ဂဟိတံ၊ တဏှာဒိဋ္ဌိတို့ဖြင့် စွဲလမ်းအပ်သော။"

**အစွဲ ၃-ပါး။** ။ဘယ်လိုလဲ တဏှာဒိဋ္ဌိတို့ဖြင့် စွဲလမ်းတယ်ဆိုတာ? "ဇော် မမ"လို့ စွဲလမ်းတယ်။ ဇော်၊ ဤရုပ်သည်။ မမ၊ ငါ၏။ သန္တကံ၊ ဥစ္စာပေတည်း။ "ငြော် ဒီရုပ်ဟာ ငါ့ပစ္စည်း" ဒီလို စွဲထားတာ၊ ဒါ **တဏှာစွဲ**။ ဒိဋ္ဌိနဲ့စွဲလမ်းတယ် ဆိုတာ ဘယ်လိုလဲ၊ "သောဟမသ္မိ ဧသော မေ အတ္တာ"။ ဧသော၊ ဤရုပ် သည်။ အဟံ၊ ငါသည်။ အသ္မိ၊ ဖြစ်၏။ ဒါဒိဋ္ဌိစွဲနေ၁်။ ဧသော၊ ဤရုပ်သည်။ မေ၊ ငါ၏။ အတ္တာ၊ ကိုယ်ကောင်သတ္တဝါတည်း။ ဣတိ၊ ဤသို့။ ပဿတိ၊ စွဲလမ်း တယ်။ အဲဒီလို တဏှာဒိဋ္ဌိတို့ဖြင့် စွဲလမ်းတယ်။ ဘယ်သူ့အပေါ်မှာလဲ? ရုပ်ပေါ် မှာ,ဝေဒနာပေါ်မှာ, သညာပေါ်မှာ, သင်္ခါရပေါ်မှာ, ဝိညာဉ်ပေါ်မှာ စွဲလမ်း တယ်။

အဲဒီလို စွဲလမ်းတာဟာ ဘာအကျိုးရှိသလဲ ဆိုတော့ နောက်ဆုံး စွန့်ပစ်ရတဲ့ သဘောသာ ရှိတယ်, ဘာအကျိုးမှ မရှိဘူးတဲ့။ "နိရတ္ထံဝါ"။ "အဲသလို စွန့်ပစ် အပ်တဲ့သဘောရှိတဲ့ ရုပ်တရားတွေရဲ့ အပေါ်မှာ သင်သည် ရာဂ ဒေါသ မောဟတို့ဖြင့် ကြောင့်ကြခြင်း မဖြစ်ပါစေနဲ့"လို့ မြတ်စွာဘုရားက ဒီလို ဟော ထားတယ်။

**ရှုကွက်ဖေ၁်ပုံ။** ။"ကြောင့်ကြခြင်း မဖြစ်ပါစေနဲ့-လို့ ဆိုတာကတော့ဖြင့် ဟုတ်ပါပြီဘုရား, ဘယ်လိုရှုရမလဲ,ရှုကွက်ဖေ၁်ပေးပါ"လို့ လျှောက်တော့ မြတ်စွာဘုရားက ရှေ့ပါဠိတော်တခု ဆက်ဟောပေးတယ်။

**ယံ ပုဗ္ဗေ တံ ဝိသောသေဟိ၊ ပစ္ဆာ တေ မာဟု ကိဥ္စနံ။**
**မဇ္ဈေ စေ နော ဂဟေဿသိ၊ ဥပသန္တော စရိဿသိ။**

ဇေတုကဏ္ဍိ၊ ဇေတုကဏ္ဍိ ပုဏ္ဏား ရသေ့ ပညာရှိ၊ ပုဗ္ဗေ၊ ရှေးအတိတ် သင်္ခါရတို့ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ဥပ္ပန္နံ၊ ဖြစ်ပေါ်၍လာသော။ ယံ၊ အကြင်ကိလေသာအပေါင်းသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုကိလေသာအပေါင်း ကို။ ဝိသောသေဟိ၊ ခန်းခြောက်စေလော့။

ဘုန်းကြီးတို့ အမျိုးကောင်းသား,အမျိုးကောင်းသမီးတွေ ဒီကနေ့ကစပြီး ဒီ နာရီကစပြီးတော့ ရှေ့နာရီ, ရှေ့မိနစ်, ရှေ့စက္ကန့်, ရှေ့ရက်, ရှေ့အချိန်တွေက သင်္ခါရတွေဟာ အတိတ်ချည်းဘဲ။ အဲဒီတုန်းက ဘုန်းကြီးတို့အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေမှာ သင်္ခါရတွေကို အကြောင်းပြုပြီးတော့ ကိလေသာ တွေ မဖြစ်ခဲ့ဘူးလား။ (ဖြစ်ခဲ့ပါတယ် ဘုရား)

ဘာကိလေသာတွေ ဖြစ်သလဲ? တိုတိုလေးပြောမယ်–ဒီတရားပွဲ မလာခင် တုန်းက အိမ်မှာ တယောက်နဲ့တယောက် အဆင်ပြေခဲ့ရဲ့လား၊ ကိုင်း "တရားပွဲ သွားမယ်လို့"ဆိုတော့ "မင်းတို့ဥစ္စာကလဲ ညတိုင်းတရားပွဲ သွားနေရသသား" လို့ အိမ်ကပြောရင် အဆင်မပြေဘူး၊ ဟုတ်လား။ (မှန်ပါ)

ဘာဖြစ်လို့လဲဆိုတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်း သမီးတွေ လွတ်လွတ်လပ်လပ်ဟုတ်ကဲ့လား? တချို့ သားနဲ့,သမီးနဲ့,မိနဲ့, ဘနဲ့, ခင် ပွန်းနဲ့,ဇနီးနဲ့, ဒီလိုမရှိဘူးလား? အမိနဲ့,အဖနဲ့,ဟုတ်လား? ကဲ တိုတိုပြောကြစို့ရဲ့ ဇနီးလုပ်တဲ့သူ တရားပွဲ သွားချင်တယ်၊ ခင်ပွန်းလုပ်တဲ့လူက သူ့ဇနီးကို တရားပွဲ သိပ်မလွှတ်ချင်ဘူး, တရားပွဲကို သွားမယ်လို့ မပန်ကြားရဘူးလား? သမီးက "အမေ ကျမ တရားပွဲသွားအုံးမယ်"လို့ မပန်ကြားရဘူးလား? (ပန်ကြားရပါ တယ်ဘုရား)

"ဟ နင်တို့ဟာလဲ မလွန်လွန်းဘူးလား, မိုးထဲလေထဲ နေထိုင်မကောင်း ဖြစ် နေအုံးမယ်" ဒီလိုပြောချင် ပြောအုံးမယ်။ (မှန်ပါ)။

ဒီတော့ သွားချင်တဲ့လူက သွားချင်တယ်, တားတဲ့လူက တားတယ်ဆိုတော့ အဆင်ပြေရဲ့လား,မပြေဘူးလား? (မပြေပါဘူးဘုရား)

တခါတလေ အဆင် မပြေပေတဲ့ သွားတဲ့လူက ဇွတ်သွားတယ်, ဟုတ်တယ် မဟုတ်လား? (မှန်ပါ)။

အဲသလိုသွားတော့ တခါတလေ အဆင်မပြေခဲ့ဘူး မဟုတ်လား။ (မှန်ပါ)။

မပြေတော့ စိတ်ထဲဘယ့်နှယ်နေသလဲ? စိတ်ညစ်တယ်, စိတ်ထဲထင့်နေတယ်၊ အဲဒါ ကိလေသာ၊ ဟုတ်လား? ဒါတရားပွဲမလာခင်တုန်းက ဖြစ်နေတဲ့ကိလေသာ၊ မဖြစ်ဘူးလား? (ဖြစ်ပါတယ်ဘုရား)

တခါတလေတော့လဲ ရှောရှောရှုရှုဘဲ "တရားပွဲ သွားအုံးမယ်" ဆိုတော့ မိဘဆရာသမားတွေက ကြည်ကြည်ဖြူဖြူနဲ့ ခွင့်ပြုလိုက်တယ်ဆိုပါတော့ ဒီတော့ သူ့မှာ ဝမ်းမြောက်ဝမ်းသာနဲ့ ဒီကိုမလာရဘူးလား? သောမနဿဝေဒနာလေး အကြောင်းပြုပြီးတော့, အဲဒီမှာ နှစ်သက်မှုလို့ဆိုတဲ့ သဉ်္ခါရကို အကြောင်းပြုပြီး တော့ သဉ်္ခါရတွေ, မဖြစ်ခဲ့ဘူးလား? (ဖြစ်ပါတယ်ဘုရား)။

အဲဒီတော့ အဆင်မပြေလဲ ကိလေသာ, အဆင်ပြေလဲ ကိလေသာတွေ ဖြစ် မနေဘူးလား? (ဖြစ်ပါတယ်ဘုရား)

သဉ်္ခါရတွေကို အကြောင်းပြုပြီးတော့, အဲဒါ ခုအချိန်ကနေ စဉ်းစားလိုက် မယ်ဆိုရင် ရှေးအတိတ်သဉ်္ခါရတွေကို အကြောင်းပြုပြီးတော့ ဖြစ်ခဲ့တဲ့ သဉ်္ခါရ တွေ မဟုတ်ဘူးလား? (မှန်ပါဘုရား)။

အဲဒီကိလေသာတွေ အကျိုးပေးခွင့်မရအောင် "ဝိသောသေဟိ၊ ခန်းခြောက်အောင် လုပ်လိုက်ပါ"တဲ့၊ ရှေးအတိတ်သခ်ါရက ကိလေသာကို အကြောင်းပြုပြီးတော့၊ ဟုတ်လား? (မှန်ပါ)။ ဒါ တနည်းနော်။

## ကြောင်းကြမှုဖျောက်ရန်တနည်း

ဟော စူဠနိဒ္ဒေသပါဠိတော်က တနည်းပြထားတာ ရှိသေးတယ်။

ရှေးအတိတ်က ကုသိုလ်ကောင်းမှုတွေကိုလုပ်ခဲ့တဲ့ ကမ္မာဘိသခ်ါရတွေ မရှိခဲ့ဘူးလား? (ရှိခဲ့ပါတယ်ဘုရား)

အဲဒီ ကမ္မာဘိသခ်ါရတွေဟာ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေကို အကျိုးပေးမှာလား,မပေးဘူးလား? (ပေးပါမယ်ဘုရား)

အကျိုးပေးရင် ဘာရမလဲ? ခန္ဓာရမယ်၊ အကျိုးပေးရင် ဟိုနောက်က လုပ်ခဲ့, ရဟန်းခံခဲ့တာတွေ,ရှင်ပြုခဲ့တာတွေ,မနေ့တနေ့ကဘဲ သင်္ကြန်တွင်းတုန်းက ရဟန်းခံ ရှင်ပြုခဲ့တာတွေ ပြုခဲ့ကြတယ်မဟုတ်လား? ဒုလ္လဘရဟန်းတော့ ခံခဲ့ကြဘူးမှာဘဲ၊ အဲသလို ရဟန်းခံခဲ့ရတဲ့ ကုသိုလ်တွေဟာ ကမ္မာဘိသခ်ါရထဲ အကျုံးမဝင်ဘူးလား,သခ်ါရက္ခန္ဓာထဲ အကျုံးမဝင်ဘူးလား ပုညာဘိသခ်ါရ။ (ဝင်ပါတယ်ဘုရား)

ဒါ ရှေးက လုပ်ခဲ့ဘဲ့ သခ်ါရနော်။ (မှန်ပါ)။

ရှုကွက်ဖော်ပုံ။ ။အဲဒီသခ်ါရဆိုဘဲ့ ပုညာဘိသခ်ါရကို အကြောင်းပြုပြီးတော့ ဒီပုညာဘိသခ်ါရဟာ အကျိုးပေးအုံးမလား, မပေးဘူးလား။ (ပေးပါတယ်ဘုရား)

အဲဒီပုညာဘိသခ်ါရက အကျိုးပေးရင် ဘာရမလဲ။ (ခန္ဓာရပါမယ် ဘုရား)။ ခန္ဓာရရင် သုခလား ,ဒုက္ခလား။ (ဒုက္ခပါဘုရား)။

ပါဠိတော်က ဘယ့်နှယ်ပြသလဲ—

နတ္ထိ ခန္ဓသမာ ဒုက္ခာ။

ခန္ဓသမာ၊ ခန္ဓာနှင့်တူသော။ ဒုက္ခာ၊ ဆင်းရဲသည်။ နတ္ထိ၊ မရှိ။—လို့ဆိုတော့ အဲဒီပုညာဘိသခ်ါရက အကျိုးပေးရင်, အပုညာဘိသခ်ါရက အကျိုးပေးရင်, အာနေဉ္ဇာဘိသခ်ါရလို့ခေါ်တဲ့ ရှေးကဖြစ်ခဲ့တဲ့သခ်ါရက အကျိုးပေးရင် ဘာရမလဲ။ (ခန္ဓာငါးပါးရပါမယ် ဘုရား)

ငရဲခန္ဓာ,တိရစ္ဆာန်ခန္ဓာ,ပြိတ္တာခန္ဓာ, အသုရကာယ်ခန္ဓာ, အပုညာဘိသခ်ါရက အကျိုးပေးလို့ရမယ်။ ပုညာဘိသခ်ါရကအကျိုးပေးရင် လူ့ခန္ဓာ,နတ်ခန္ဓာ, တချို့

ပြဟ္မာ့ခန္ဓာ ရမယ်။ အာနေဉ္စာဘိသင်္ခါရက အကျိုးပေးရင် အရူပပြဟ္မာ့ရဲ့ခန္ဓာဘဲ ရမယ်၊ ဟုတ်လား။ (မှန်ပါ)။

ဘယ်ခန္ဓာဘဲဖြစ်ဖြစ် ဒုက္ခလား, သုခလား? (ဒုက္ခပါ ဘုရား)

ဒါဖြင့် ဒီကနေ့က စပြီးတော့ ရှေးက ဖြစ်ခဲ့တဲ့ ပုညာဘိသင်္ခါရတွေ အကျိုးပေးစေချင်သေးသလား, မပေးစေချင်ဘူးလား? (မပေးစေချင်ပါဘုရား)

အကျိုးပေးစေချင်သေးသလား (မပေးစေချင်ပါ ဘုရား)

သိပ်တော့ နှုတ်က မသွက်ဘူး, အကျိုးပေးစေချင်သေးတယ်နဲ့ တူတယ်။ သူတို့က တယ် လိုချင်တာကိုး။ ဟုတ်လား? (မှန်ပါ)

ဘုန်းကြီးတို့ ပရိသတ် မလိုချင်ဘူးလား? ဘုန်းကြီး ဒီကနေ့ စဉ်းစားတယ်၊ ရှေးအတိတ်က ပြုလုပ်ခဲ့တဲ့ ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္စာဘိသင်္ခါရ ဆိုတဲ့ သင်္ခါရတရားတွေ ဘုန်းကြီးတို့ ပရိသတ်မှာ ရှိသလား,မရှိဘူးလား။ (ရှိပါတယ် ဘုရား)

အဲဒီ သင်္ခါရတွေက အကျိုးပေးရင် သုခရမလား, ဒုက္ခရမလား?

(ဒုက္ခရမှာပါ ဘုရား)

ဘာဖြစ်လို့လဲ? ခန္ဓာရမှာမို့လို့၊ ခန္ဓာရရင် အိုမယ်, နာမယ်, သေမယ်, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ-တွေ ဖြစ်မယ်၊ ခန္ဓာမရှိရင် အိုလဲ မအိုဘူး, နာလဲ မနာဘူး, သေလဲ မသေဘူး, သောကလဲ မရှိဘူး, ပရိဒေဝလဲ မဖြစ်ဘူး, ကိုယ်ဆင်းရဲ စိတ်ဆင်းရဲလဲ မရှိဘူး၊ ဒီတော့ ဘယ်ဒင်းက ကောင်းမလဲ? (ခန္ဓာမရှိတာက ကောင်းပါတယ် ဘုရား)။

ခန္ဓာကို ဘယ်သူက ပေးလို့ ရသလဲ? သင်္ခါရက္ခန္ဓာက ပေးလို့ ရတာ။

ဒါဖြင့် သင်္ခါရက္ခန္ဓာက သူ့ချည်း ခွဲပြီးတော့ ပေးသလား ဆိုတော့ မဟုတ်ပါဘူး, တဏှာနဲ့ တွဲပေးမှ ရပါတယ်တဲ့။

**မျိုးစေ့ဥပမာ။** ။သစ်ပင်မျိုးစေ့ကလေးတပင် ပေါက်တယ်ဆိုတာ မြေနဲ့ရေကို အမှီမရရင် ဒီသစ်ပင် ဘယ်နည်းနဲ့မှ အပင် မပေါက်နိုင်ဘူး။ ခုနက သင်္ခါရက္ခန္ဓာကလဲ ခန္ဓာဟူသော အပင်တပင် ပေါက်နိုင်တယ် ဆိုတာ အဝိဇ္ဇာနဲ့ တဏှာကို အမှီမရဘဲနဲ့ ဒီခန္ဓာဟူသော အပင် ပေါက်နိုင်ပါ့မလား?။ (မပေါက်နိုင်ပါ ဘုရား)။

အဲဒီဟာ အတိတ်က ဖြစ်ခဲ့တဲ့ သင်္ခါရက္ခန္ဓာတရားတွေ "ယံ ပုဗ္ဗေ၊ တံ ဝိသောသေဟိ" ရဲ့ အဓိပ္ပါယ် နော်။ (မှန်ပါ)

ပုဗ္ဗေ၊ ရှေး၌။ ပဝတ္တံ၊ ဖြစ်ပေါ်၍ လာသော။ ယံ၊ အကြင် ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဥ္ဇာဘိသင်္ခါရ ဆိုတဲ့ သင်္ခါရတရားသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုသင်္ခါရတရားကို။ ဝိသောသေဟိ၊ မျိုးစေ့ကို မီးနဲ့ မြှိုက်လိုက်သဖြင့် အပင် မပေါက်နိုင်အောင် ခြောက်သွားစေသကဲ့သို့ အဲဒီ ပုညာဘိသင်္ခါရတွေကို ဝိပဿနာဉာဏ်မီးဖြင့် မြှိုက်၍ ခန်းခြောက်စေလော့။

မြတ်စွာဘုရားက၊ ဟုတ်လား?　　(မှန်ပါ ဘုရား)

ဝိပဿနာ အားထုတ်ရမယ် နော်။　　(မှန်ပါ ဘုရား)

**သင်္ခါရစင် နိဗ္ဗာန်ဝင်။**　။သင်္ခါရက္ခန္ဓာ, ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဥ္ဇာဘိသင်္ခါရ တည်းဟူသော ရှေးက ဖြစ်ခဲ့တဲ့ သင်္ခါရတွေ နောင်တဖန် ခန္ဓာတည်းဟူသော အပင်တပင် မပေါက်နိုင်အောင် ဘာမီးနဲ့ မြှိုက်ရမလဲ? ဝိပဿနာဉာဏ်မီးနဲ့ မြှိုက်ပစ်ရမယ်တဲ့၊ ဟုတ်လား?(မှန်ပါ ဘုရား)။

ဝိပဿနာဉာဏ်မီးနဲ့ မြှိုက်လိုက်တော့ အဝိဇ္ဇာနဲ့ တဏှာဆိုတဲ့ မြေနဲ့ ရေ အမှီ ရသေးသလား?　　(မရတော့ပါ ဘုရား)

ဒါဖြင့် ဟို သင်္ခါရက္ခန္ဓာတွေဟာ ခန္ဓာပင် ပေါက်နိုင်ပါအုံးမလား။
(မပေါက်နိုင်တော့ပါ ဘုရား)

ခန္ဓာပင် မပေါက်နိုင်လို့ အကြောင်းတွေ, အကျိုးတွေ ငြိမ်းသွားရင် "နိရောဓ"။ ဒါကြောင့် မြတ်စွာဘုရားက—

ယံ ပုဗ္ဗေ၊ တံ ဝိသောသေဟိ။

ဇတုကဏ္ဏိ၊ ဇတုကဏ္ဏိ ပုဏ္ဏားပညာရှိရသေ့။ ပုဗ္ဗေ၊ ရှေး၌။ ဥပ္ပန္နကံ၊ ဖြစ်ပေါ်၍ နေသော။ ယံ၊ အကြင်သင်္ခါရက္ခန္ဓာခေါ်တဲ့ ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဥ္ဇာဘိ သင်္ခါရသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုထို အတိတ်က ဖြစ်ခဲ့တဲ့ သင်္ခါရတရားကို။ ဝိသောသေဟိ၊ ဝိပဿနာဉာဏ်မီးဖြင့် မြှိုက်၍ ခန်းခြောက်စေလော့။

ဟုတ်လား?　(မှန်ပါ ဘုရား)။ နောက်အပိုဒ်သွား—

"ပစ္ဆာ တေ မာဟု ကိဉ္စနံ"။

တေ၊ သင့်အား။ ပစ္ဆာ၊ နောက် အနာဂတ်ကာလ၌။ ကိဉ္စနံ၊ ခန္ဓာ ငါးပါး ရမှ ရပါအုံးမလားလို့ ဆိုတဲ့ ရာဂ, ဒေါသ တို့ဖြင့် ကြောင့်ကြခြင်းသည်။ မာအဟု, မာအဟောသိ၊ မဖြစ်ပါစေလင့်။

နောင်ဘဝ ငါ လူမှ ပြန်ဖြစ်ပါအုံးမလား, နတ်ပြည်ကို ရောက်မှ ရောက်ပါအုံးမလား, ကောင်းရာ သုဂတိကလေး လားမှ လားပါအုံးမလား-လို့ ဆိုတာ အနာဂတ်ဖြစ်တဲ့ ခန္ဓာတွေကို လှမ်းပြီး ကြောင့်ကြနေတာ မဟုတ်လား?
(မှန်ပါ ဘုရား)

မဖြစ်စေနဲ့တဲ့ မြတ်စွာဘုရားက၊ ဟုတ်လား ဘုန်းကြီးတို့ ပရိသတ်?
(ဟုတ်ပါတယ် ဘုရား)

မဇ္ဈေ စေ နော ဂဟေဿသိ၊ ဥပသန္တော စရိဿသိ။

မဇ္ဈေ၊ အလယ်ဖြစ်တဲ့ ပစ္စုပ္ပန် ခန္ဓာငါးပါး၌။ စေ နော ဂဟေဿသိ၊ အကယ်၍ တဏှာဒိဋ္ဌိတို့ဖြင့် မစွဲယူသည် ဖြစ်အံ့။ တံ၊ သင်သည်။ ဥပ-သန္တော၊ ကိလေသာမီး အားလုံးငြိမ်းအေးသည် ဖြစ်၍။ စရိဿသိ၊ နေရပေလိမ့်လတ့ံ။

ဣတိ၊ ဤသို့။ သတ္ထာ၊ လူနတ်တို့၏ဆရာဖြစ်တော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည်။ တံ ဓမ္မဒေသနံ၊ ထိုတရားဒေသနာတော်ကို။ ဒေသေတိ၊ ကောင်းစွာမသေ့ ဟောကြားတော်မူပါပေသတည်း။

သာဓု – သာဓု – သာဓု

## ရုပ်ကို ဝိပဿနာရှုရပုံ

အဲဒီ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ ပါဠိတော်မှာ "ယံ ပုဗ္ဗေ တံ ဝိသောသေဟိ"ကို အဓိပ္ပါယ် ပြောပြီးပြီ၊ "ပစ္ဆာ တေ မာဟု ကိဉ္စနံ"ဆိုတဲ့ အဓိပ္ပါယ်လဲ ခုနင်က အနက်ပေးရင်း ပြောပြီးပြီ၊ ဟုတ်လား? (မှန်ပါ ဘုရား)။

**ရုပ်တရား။** ။နောက်ဆုံး တတိယပိုဒ်ဖြစ်တဲ့ "မဇ္ဈေ စေ နော ဂဟေဿသိ။ မဇ္ဈေ၊ အလယ် ပစ္စုပ္ပန် ခန္ဓာငါးပါး၌။ စေ နော ဂဟေဿသိ၊ အကယ်၍ မစွဲယူသည် ဖြစ်အံ့" ဆိုတာ ဘယ်လိုလဲ အဓိပ္ပါယ်က? ဘုန်းကြီးတို့ အခု ရနေတဲ့ ခန္ဓာငါးပါး, အခု ကြားနေတဲ့အသံဟာ အသံလား, ရုပ်လား?
(ရုပ်ပါ ဘုရား)

အခု နံနေတဲ့အနံ့ဟာ အနံ့လား, ရုပ်လား? (ရုပ်ပါ ဘုရား)

"အတ္တနော ကရဇကာယေ ဉာဏေ ဩတာရေတွာ အတ္တဘာဝံ သမ္မသန္တော နိသီဒေယျ=မိမိရဲ့ ခန္ဓာကိုယ်အတွင်းမှာ ကရဇ ကာယကြီးထဲ ဉာဏ်သွင်းပြီး တော့ ခန္ဓာကိုယ် အတ္တဘောကြီးကို သုံးသပ်ဆင်ခြင်၍ နေတယ်"ဆိုတဲ့ အရ

ဘာတွေသလဲ၊ တွက်လေ ဝင်လေဆိုတဲ့ "ဝါယော"လေဓာတ် ရုပ်ပရမတ္ထ တရား တွေ့သလား? (တွေ့ပါတယ်ဘုရား)။

ထွက်လေ့ဝင်လေက ရုပ်လား? (ရုပ်ပါဘုရား)

အဲဒီရုပ်နဲ့ ကိုယ်နဲ့ တူသလား,မတူဘူးလား ကြည့်စမ်း? (မတူပါဘူးဘုရား)

အဲဒီရုပ်နဲ့ ကိုယ်သိမ်းထားတဲ့ပစ္စည်းနဲ့ တူသလား,မတူဘူးလား ကြည့်စမ်း? (မတူပါဘုရား)။

**ရှုကွက်သုံးချက်။** ။အဲဒါကြောင့်မို့ လို့ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ မိမိရဲ့ ခန္ဓာမှာ ဉာဏ်သွင်းပြီး တော့ ကြည့်လိုက်တဲ့ အခါ ထွက်တဲ့လေ, ဝင်တဲ့လေ ဆိုတဲ့ ရုပ် တွေ့သလား, မတွေ့ဘူးလား? (တွေ့ပါတယ်ဘုရား)

အဲဒီရုပ်နဲ့ ကိုယ့်ရုပ်နဲ့ တူသလား, မတူဘူးလား? (မတူပါဘုရား)။ ရှုကွက် တချက်။

ပြီးတော့ အဲဒီရုပ်နဲ့ ကိုယ်သိမ်းထားတဲ့ မော်တော်ကားတွေနဲ့,အိမ်နဲ့,တိုက်နဲ့, ကိုယ့်သား ကိုယ့်သမီးနဲ့, ကိုယ့်ဇနီးနဲ့, ကိုယ့်ခင်ပွန်းနဲ့, ကိုယ့်ဆရာနဲ့, ကိုယ့်တပည့်နဲ့ ကော တူရဲ့လား?(မတူပါဘူးဘုရား)

မတူဘူးနော်။ ကိုယ့်ကိုယ်လုံးနဲ့ကော တူရဲ့လား?(မတူပါဘူးဘုရား)။

ပါဠိတော်တခုက— ဣဓ ဘိက္ခဝေ ဘိက္ခု ရူပံ ပဇာနာတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤ ငါဘုရားသာသနာတော်၌။ ဘိက္ခု၊ ဝိပဿနာကမ္မဋ္ဌာန်းကို ရှုပွါးနေတဲ့ အမျိုးကောင်းသား,အမျိုးကောင်းသမီး သည်။ ရူပံ၊ ရုပ်ကို။ ပဇာနာတိ၊ လူနဲ့ ရုပ်နဲ့ ခွဲခြား၍ သိ၏။

ကွဲသလား, မကွဲဘူးလား?　　(ကွဲပါတယ်ဘုရား)

**ဝိဇ္ဇာဉာဏ်။** ။လူနဲ့ ရုပ်နဲ့ တူသလား, မတူဘူးလား? (မတူပါဘူး ဘုရား)။ တွေ့ပလား? (တွေ့ပါတယ် ဘုရား)။

လူနဲ့ ရုပ်နဲ့ ဘယ်လို မတူတာလဲ? လူက ပုံသဏ္ဌာန် ရှိတယ်, ဒီရုပ်က ပုံ သဏ္ဌာန် မရှိဘူး, အဲဒီလို ခွဲခြားသိရင်—

"ဝိတ္တာဝတာ စ ဝိဇ္ဇာဂတော ဟောတိ"

အဲဒါ ဝိဇ္ဇာဉာဏ်ဘဲတဲ့ မြတ်စွာဘုရားက၊ ဟုတ်လား? (မှန်ပါဘုရား)။

"မဇ္ဈေ စေ နော ဂဟေဿသိ"။ မဇ္ဈေ၊ အလယ်ဖြစ်တဲ့ ရုပက္ခန္ဓာဆိုတဲ့ အခု တွေ့နေတဲ့ ရုပက္ခန္ဓာတရား၌။ စေနော ဂဟေဿသိ၊ အကယ်၍ ငါ,

ငါနှင့် တူဘယ်, ငါ့ဥစ္စာနှင့် တူတယ်လို့ ဆိုတဲ့ အနေအားဖြင့် မစွဲယူသည် ဖြစ်အံ့"တဲ့။

အစွဲ ၃-ပါး။ ။ကဲ ဘုန်းကြီးဘို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ စွဲတယ်ဆိုတာဘာလဲ, ဘယ်လိုစွဲသလဲ? "ဧတံ မမ" လို့ စွဲတယ်၊ "ဧသောဟမသ္မိ"လို့ စွဲဘယ်၊ "ဧသော မေ အတ္တာ"လို့ စွဲတယ်။ အဲဒီ အစွဲသုံးခုကို အစွဲလို့ခေါ်တယ် နော်။ (မှန်ပါ ဘုရား)။

စွဲလမ်းပုံ ရှင်းပြချက်။ ။"ဧတံ မမ"ဆိုဘာ တဏှာစွဲ၊ "ဧသောဟမသ္မိ" ဆိုတာ မာနစွဲ၊ "ဧသော မေ အတ္တာ"လို့ ဆိုတာ ဒိဋ္ဌိစွဲ၊ ဟုတ်လား။ (မှန်ပါ ဘုရား)။

အဲဒီ အစွဲသုံးခုဟာ ဘယ်အပေါ်မှာ စွဲသလဲဆိုတော့ ဟောဒီ ရုပ်ပေါ်မှာ စွဲတယ်နော်။ (မှန်ပါ)။

"ရူပံ ဧတံ မမ"။ ဧတံ ရူပံ၊ ဤရုပ်သည်။ မမ၊ ငါ၏။ သန္တကံ၊ ဥစ္စာ ပါပေတည်း။

ဒီရုပ်ဟာ ငါ့ပစ္စည်းတဲ့၊ ကိုင်း အဲဒီရုပ် ကိုယ့်ပစ္စည်းဆိုရအောင် တူရဲ့လား ကိုယ့်ပစ္စည်းနဲ့။ (မတူပါဘူး ဘုရား)။

"ဧသောဟမသ္မိ"။ ဧသော၊ ဤရုပ်သည်၊ အဟံ၊ ငါသည်။ အသ္မိ၊ ဖြစ်၏။

ဒီရုပ်ဟာ ငါဘဲတဲ့၊ ကိုင်း အဲဒီရုပ်နဲ့ ငါနဲ့ တူသလား, မတူဘူးလား (မတူပါဘူး ဘုရား)။

"ဧသော မေ အတ္တာ"။ ဧသော၊ ဤရုပ်သည်။ မေ၊ ငါ၏။ အတ္တာ၊ ကိုယ်ကောင် သတ္တဝါကောင် ပေတည်း။

ဒီရုပ်ဟာ ငါဆိုတဲ့ သတ္တဝါကောင်ဘဲတဲ့၊ တူသလား, မတူဘူးလား။(မတူပါ ဘုရား)။

ခုရုပ်ကို သေသေချာချာရှုလိုက်တော့ ငါ့ကိုယ်လုံးကြီးနဲ့ မတူသည်ဖြစ်သော ကြောင့် ငါ့ပစ္စည်း ဟုတ်ပါအုံးမလား။ (မဟုတ်ပါ ဘုရား)။

ငါနှင့် မတူသည်ဖြစ်သောကြောင့် ငါကော ဟုတ်ပါ့မလား။ (မဟုတ်ပါဘူး ဘုရား)။

ငါ့ကိုယ်လုံးကြီးနဲ့ မတူသည်ဖြစ်သောကြောင့် ငါ့အတ္တကော ဟုတ်ပါအုံး မလား။ (မဟုတ်ပါဘူး ဘုရား)။

ဒါဖြင့် ဒီရုပ်ကို ဘယ်လို ရှုရမလဲ။

**အစွဲဖျောက်ရှုပုံ။** ။"နေတံ မမ"။ ဧတံ၊ ဤရုပ်သည်။ မမ၊ ငါ၏။ န သန္တကံ၊ ဥစ္စာမဟုတ်။

ဒီရုပ် ငါ့ပစ္စည်းမဟုတ်ဘူး၊ ဟုတ်လား။ (မှန်ပါ ဘုရား။)

ကိုယ့်ပစ္စည်းလား။ (မဟုတ်ပါဘူး ဘုရား)။

"န မေ သော အတ္တာ"။ သော၊ ဤရုပ်သည်။ မေ၊ ငါ၏။ အတ္တာ၊ ကိုယ်သည်။ န၊ မဟုတ်။

ဒီရုပ်ဟာ ကိုယ့်ကိုယ် ဟုတ်ကဲ့လား။ (မဟုတ်ပါဘူး ဘုရား)။

"နေသောဟမသ္မိ"။ သော၊ ဤရုပ်သည်။ အဟံ၊ ငါသည်။ နအသ္မိ၊ မဟုတ်။

အဲဒီရုပ်ဟာ ကိုယ်လား။ (မဟုတ်ပါဘူး ဘုရား)။

တူကော တူရဲ့လား။ (မတူပါဘူး ဘုရား)။

**အစွဲပျောက်သွားပုံ။** ။ဒါဖြင့် အဲဒီရုပ်ပေါ်မှာ "နေတံ မမ"လို့ ဆိုတော့ တဏှာစွဲ ကင်းမသွားဘူးလား။ (ကင်းသွားပါတယ် ဘုရား)။

"နေသောဟမသ္မိ"လို့ ဆိုတော့ ငါစွဲ ကင်းမသွားဘူးလား။ (ကင်းသွား ပါတယ် ဘုရား)။

"န မေ သော အတ္တာ"ဆိုတော့ အတ္တစွဲ ကင်းမသွားဘူးလား။ (ကင်းသွား ပါတယ် ဘုရား)။

**ကိလေသာငြိမ်းပုံ။** ။အဲဒီလို ကင်းသွားတာကို ဘုန်းတော်သခင် ရှင်တော် မြတ်ဘုရားက——

"မဇ္ဈေ စေ နော ဂဟေဿသိ"။ မဇ္ဈေ၊ အလယ်ဖြစ်သော ခန္ဓာငါးပါး၌။ စေနောဂဟေဿသိ၊ အကယ်၍ တဏှာ မာန ဒိဋ္ဌိ ဆိုတဲ့ အစွဲသုံးမျိုး တို့ဖြင့် မစွဲယူသည်ဖြစ်အံ့။ တွံ၊ သင်သည်။ ဥပသန္တော၊ ကိလေသာမီး ငြိမ်းသည်ဖြစ်၍။ စရိဿသိ၊ နေရလတံ့။

အဲဒီလိုဆိုရင် ဘာဖြစ်မလဲ။ (ကိလေသာမီး ငြိမ်းပါတယ် ဘုရား)။

ရှုကွက် ပါသွားပြီနော်။ (မှန်ပါ)။

**အာသဝေါကုန်ပုံ။** ။အဲဒီလို ငြိမ်းသွားရင် ဘာဖြစ်မလဲ——

**သဗ္ဗသော နာမရူပသ္မိံ၊ ဝီတဂေဓဿ ဗြာဟ္မဏ။**
**အာသဝါဿ န ဝိဇ္ဇန္တိ၊ ယေဟိ မစ္စုဝသံ ဝဇေ။**

ဗြာဟ္မဏ၊ ဧတုကဏ္ဏိပုဏ္ဏား။ ယေဟိ၊ အကြင် ကိလေသာ အာသဝေါ တရားတို့ကြောင့်။ သတ္တာ၊ သတ္တဝါအပေါင်းတို့သည်။ မစ္စုဝသံ၊ သေမင်း၏

နိုင်ငံသို့။ ဝဇေ၊ လိုက်ကြရကုန်၏။ သဗ္ဗသော နာမရူပသ္မိံ၊ အလုံးစုံသော ဝိညာဉ် နာမ် ရုပ်, စိတ် စေတသိက် ရုပ်တရား၌။ ဝီတဂေဓဿ၊ တဏှာစွဲ မာနစွဲ ဒိဋ္ဌိစွဲတွေ ဟောခဲ့တဲ့အတိုင်း ကင်းစင်နေသော ရဟန္တာပုဂ္ဂိုလ်အား။ တေအာသဝါ၊ ထိုအာသဝေါ တရားတို့သည်။ နဝိဇ္ဇန္တိ၊ မရှိကြလေကုန်။

**တရားတော်နိဂုံး။** ။ဣတိ၊ ဤသို့။ သတ္ထာ၊ လူနတ်တို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည်။ တံ ဓမ္မဒေသနံ၊ ထို ဇတုကဏ္ဏိသုတ္တန် တရားဒေသနာတော်ကို။ အရဟတ္တနိကူဋေန၊ အရဟတ္တဖိုလ်ကို အထွတ်တပ်ပါသဖြင့်။ ဒေသေတိ၊ ကောင်းစွာမသေွ ဟောကြားတော် မူခဲ့ပါပေ၏။

**ကျွတ်တမ်းဝင်သူများ။** ။ဒေသနာပရိယောသာနေ၊ ဒေသနာနိဂုံး ဆုံးလတ်သောကာလ၌။ သော၊ ထို ဇတုကဏ္ဏိဆိုတဲ့ပုဏ္ဏားပညာရှိရသေ့သည်။ သဟဿသိဿေဟိ၊ တထောင်သော တပည့်တို့နှင့်။ သဒ္ဓိံ၊ အတူတကွ။ အရဟတ္တဖလေ၊ အရဟတ္တဖိုလ်၌။ ပတိဋ္ဌာသိ၊ တည်လေတော့၏။ အညေသဥ္စ၊ ဇတုကဏ္ဏိပုဏ္ဏားနှင့် တပည့်ပေါင်းတထောင်မှ တပါးကုန်သော။ အနေကသဟဿာနံ၊ ထောင်ပေါင်းများစွာသော ပရိသတ်တို့အားလည်း။ ဓမ္မစက္ခုံ၊ သောတာပတ္တိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မြင်ခြင်းအစရှိသော တရားမျက်စိသည်။ ဉဒပါဒိ၊ ကောင်းစွာမသေွ ဖြစ်ကြလေကုန်သတည်း။

သာဓု သာဓု သာဓု။

## ပါရာယနဝဂ် ပါဠိတော်ဟောစဉ်

# ၁၂-ဘဒြာဝုဓသုတ္တန် တရားတော်

---

### တရားတော်အမည်

သာသနာတော်သက္ကရာဇ်-၂၅၁၄, ကောဇာသက္ကရာဇ် ၁၃၃၂-ခုနှစ်၊ ကဆုန်လဆန်း ၁၂-ရက်၊ ရန်ကုန်မြို့ ပုဇွန်တောင်ရပ် ရွှေဘုန်းပွင့် စေတီတော်ကြီးပရိဝုဏ်အတွင်း တည်ခင်းအပ်သော ဝိပဿနာဓမ္မာရုံတော်ကြီးတွင် ဝိပဿနာအလုပ်စခန်းဖွင့်၍ မြတ်စွာဘုရား ဟောကြားတော် မူအပ်သော၊ ခုဒ္ဒကနိကာယ်သုတ္တနိပါတ်ပါဠိတော် ပါရာယနဝဂ်၌လာလော ဘဒြာဝုဓသုတ္တန်တရားတော်။

**ဘဒြာဝုဓသုတ္တန် အမည်ပေးပုံ။** ။ဘဒြာဝုဓသုတ္တန်လို့ ဆိုတာကတော့ ဗာဝရီပုဏ္ဏားဆရာကြီးရဲ့ တပည့် ပုဏ္ဏားရသေ့ပညာရှိ တဆယ့်ခြောက်ယောက်တို့တွင် တဆယ့်နှစ်ယောက်မြောက်ဖြစ်တဲ့ ပုဏ္ဏားနာမည်က "ဘဒြာဝုဓ"တဲ့။ အဲဒီ ဘဒြာဝုဓပုဏ္ဏားက မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို မဂ်ဉာဏ်, ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကို အာရုံပြုဘို့ရန်အတွက် ဝိပဿနာအလုပ်စခန်းဖွင့်ပြီး တရားဟောကြားပေးတော်မူပါဘုရားလို့ ဒီလိုလျှောက်တာကို အကြောင်းပြုပြီးတော့ မြတ်စွာဘုရားက ဟောကြားတဲ့အတွက် အခုဟောမဲ့ သုတ္တန်ကို "ဘဒြာဝုဓသုတ္တန်"လို့ ဒီလို အမည်ပေးထားတယ်။

**သတိနဲ့ပညာအဓိက။** ။တဆယ့်နှစ်ယောက်မြောက်ဖြစ်တဲ့ ပုဏ္ဏားကြီးအား ဝိပဿနာ လုပ်ငန်းကို မြတ်စွာဘုရား ကိုယ်တော်မြတ်က စခန်းဖွင့်ပြီးတော့ ဟောကြားတဲ့နေရာမှာလဲဘဲ ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ သတိရှိထားရမှာက သတိနဲ့ပညာကို အဓိကထားပြီးတော့ မြတ်စွာဘုရား ဟောကြားတော်မူတယ်။

**ဝိပဿနာ,သမထ။** ။ဝိပဿနာလုပ်ငန်း ဆိုတာလဲဘဲ သတိနဲ့ ပညာသာ ပြဋ္ဌာန်းတယ်၊ သမထလုပ်ငန်းကျတော့ သတိနဲ့ သမာဓိက ပြဋ္ဌာန်းသွားတယ်။ အဲဒီ သမထ လုပ်ငန်းမှာ တော့ဖြင့် အဲဒီ ဘဒြာဝုဓဆိုတဲ့ ပုဏ္ဏားကြီးတစုက ဝတ္ထုဂါထာမှာ "ဈာယီ ဈာနရတာ ဓီရာ"လို့ဆိုထားတဲ့အဘွက် ဈာန်ဝင်စားနေကြတဲ့ ပုဂ္ဂိုလ်တွေ, ဈာန်၌ မွေ့လျော်နေကြတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်လေတော့ ဈာန်နဲ့ပတ်သက်တဲ့ ပညာတွေကတော့ဖြင့် အဲဒီ ဘဒြာဝုဓတို့ဆိုတဲ့ ပုဏ္ဏားတွေမှာ ရှိနေကြတယ်။

နိဗ္ဗာန်သွားလမ်း။ ။ဒါဖြင့် "အဲဒီ ဈာန်နဲ့ပတ်သက်တဲ့ ပညာတွေနဲ့ နိဗ္ဗာန် တည်းဟူသော ဟိုမှာဘက်ကမ်းကို ကူးသွားနိုင်ပါသလား"လို့ဆိုတော့ ဝိပဿနာပညာ မပါတဲ့အတွက် သံသရာတည်းဟူသော ဤမှာဘက်ကမ်းမှ နိဗ္ဗာန်တည်းဟူသော ဟိုမှာဘက်ကမ်းသို့ မကူးသွားနိုင်ဘူး။ အဲဒါကြောင့် ဘဒြာဝုဓက မြတ်စွာဘုရားကို ဝိပဿနာအလုပ်စခန်းဖွင့်၍ သံသရာကူးတဲ့လုပ်ငန်း ဟောကြားပေးတော်မူပါဘုရားလို့ ဒီလို လျှောက်ထားတဲ့ သုတ္တန်ဖြစ်ခြင်းကြောင့် "ဘဒြာဝုဓသုတ္တန်"လို့ခေါ်တယ်။

## ဘုရားရှိခိုး

မြတ်စွာဘုရားဟောပေးတဲ့သုတ္တန်ကို ဟောရမှာဖြစ်တဲ့အတွက် တရားဟော၊ တရားနာ ပုဂ္ဂိုလ်တို့ရဲ့အနေဖြင့် မြတ်စွာဘုရားကို ရှိခိုးသင့်တာ ရှိခိုးကြရအောင်။ ကိုင်း–ဘုန်းကြီးတို့ အမျိုးကောင်းသားများ၊ အမျိုးကောင်းသမီးများ လက်အုပ်ချီပြီးတော့ ထားကြ။ ဘုန်းကြီးက မြတ်စွာဘုရားရဲ့ ဂုဏ်တော်ကို ရွတ်ဆိုပြီးတော့ ဘုရားရှိခိုးမယ်၊ အဲဒီ ဘုရားရှိခိုးတဲ့ ဂုဏ်တော်များကို အာရုံပြုပြီးတော့ ဘုန်းကြီးတို့ တရားနာနေကြတဲ့ အမျိုးကောင်းသားများ၊ အမျိုးကောင်းသမီးများ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ဂုဏ်တော်များကို ကြည်ညိုသဒ္ဓါပွါးများနိုင်ကြပါစေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
(အနက်ယခင်အတိုင်း)
သာဓု-သာဓု-သာဓု

## စကားပလ္လင်

ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုရှင်တော်မြတ်ဘုရား ရာဇဂြိုဟ်ပြည်ပါသာဏကနတ်ကွန်း၌ သီတင်းသုံးတော်မူနေတဲ့အခါ ဗာဝရီပုဏ္ဏားကြီးရဲ့တပည့်တွေ ဒက္ခိဏပထတိုင်းမှ အဿကတိုင်း၊ မုဠကတိုင်းတို့ရဲ့ နှစ်ခုအကြားမှာရှိတဲ့ ဂေါဓာဝရီမြစ်ကနေပြီးတော့ ဘုရားပွင့်ပြီဆိုတဲ့စကား ကြားကြလို့ ဘုရားဖူး-တရားနာ ရောက်လာကြတယ်။ ဘုရားဟုတ်မဟုတ်၊မှန်မမှန် (ဝတ္ထုဂါထာလာတဲ့အတိုင်း)စစ်ဆေးမေးမြန်းလို့ ဘုရားဟုတ်မှန်းသိတဲ့အခါကျတော့ အဇိတရသေ့က စပြီးတော့ ပုစ္ဆာမေးတယ်။

ပါရာယနဝဂ်ကြီးကို ဘုန်းကြီးတို့ဟောလာခဲ့တာ ခု ဘယ်လောက် ရောက်လာပလဲဆိုတော့ ပုဏ္ဏားကြီးတဆယ့်ခြောက်ယောက်မှာ ဒီကနေ့ဆိုရင် တဆယ့်နှစ်ယောက်မြောက် ဖြစ်သွားပြီနော်။ (မှန်ပါ)

တဆယ့်နှစ်ယောက်မြောက်ဖြစ်တဲ့ ပုဏ္ဏားရသေ့ကြီးကို "ဘဒြာဝုဓ"လို့ ခေါ်တယ်၊ အဲဒီပုဏ္ဏားကြီးရဲ့အမေးကို အကြောင်းပြု၍ ဝိပဿနာလုပ်ငန်း စခန်းဖွင့်ပြီးတော့ မြတ်စွာဘုရားက ဟောလိမ့်မယ်။ ဘုန်းကြီးတို့ပရိသတ်က နာကြ၊ ဟုတ်လား။　　(မှန်ပါဘုရား)

တရားနာတယ်ဆိုတာ ဘာလုပ်ဖို့လဲ၊ တရားအားထုတ်ဘို့၊ တရားအလုပ် လုပ်ဘို့ တရားနာကြရတာ၊ တရားနာရုံနာတယ် ဆိုတာကတော့ ဓမ္မဿဝန ကုသိုလ်တိုးပွါးပြီးတော့ ဓမ္မဿဝနကုသိုလ်ကိုရတယ်။ ဓမ္မဒေသနာကုသိုလ်ကိုလဲ တရားဟောတဲ့ပုဂ္ဂိုလ်က, ဓမ္မဒါနကုသိုလ်ကြီးကိုလဲ တရားဟောပေးတဲ့ ပုဂ္ဂိုလ်က ရတယ်။ ဒါနတကာ့ ဒါနထဲမှာတော့ဖြင့် တစုံတရာ လာဘ်လာဘ ကျော်ကြားမှု တွေကို မငဲ့မကွက်ဘဲနဲ့ မြတ်စွာဘုရားရဲ့ တရားတော်ကြီးကို မှန်မှန်ကန်ကန်ဟော ကြားပေးရတဲ့ဒါနထက် မြတ်တဲ့ဒါနတော့ မရှိတော့ဘူး။ အဲဒါကြောင့် ဘုန်းကြီး က ကြိုးစားပြီးတော့ ပါဠိတော်ကြီးတွေ တရားနာပုဂ္ဂိုလ်တွေရဲ့ နားထဲရောက်ပါ စေတော့လို့ဆိုပြီးတော့,ပါဠိတော်ကြီးတွေကို ရွတ်ရွတ်ပြီးတော့ တရားဟောပေး နေရတာ။

## ဝိပဿနာစည်းကမ်း

ဝိပဿနာလုပ်ငန်းနဲ့ပတ်သက်တဲ့ စည်းကမ်းက အဲဒီပါဠိတော်ဘဲ။ သူ့ထက် နန့်နဲလေး သွားလိုက်မယ်ဆိုရင် အဋ္ဌကထာ, ဋီကာပေါ့။ အဲဒီ ပါဠိ, အဋ္ဌကထာ, ဋီကာတို့ဟာ ဝိပဿနာလုပ်ငန်းကို လုပ်ကြတဲ့ အမျိုးကောင်းသား, အမျိုး ကောင်းသမီးတိုင်းရဲ့ အရေးအကြီးဆုံးဖြစ်တဲ့ စည်းကမ်းကြီးဘဲ။ ဒီတော့ အဲဒီ စည်းကမ်းကြီးကို စံနစ်တကျရကြပါစေခြင်းအကျိုးငှါ မြတ်စွာဘုရားကိုယ်တော် တိုင် နှုတ်ကထွက်ပြီး ဟောကြားထားတော်မူဘဲ့အတိုင်း ပါဠိတော်ကြီးတွေကို ရွတ်ပြီးတော့ ဘုန်းကြီးတို့ ဝိပဿနာအလုပ်စခန်းကြီး ဖွင့်ပြီးတော့ပေးရမယ်။

## ဘဒြာဝုဓသုတ္တန်

ဘဒြာဝုဓ-က မြတ်စွာဘုရားကို ဘာ လျှောက်သလဲ၊ ဘဒြာဝုဓလျှောက်တဲ့ ဂါထာက နှစ်ဂါထာရှိတယ်။ မြတ်စွာဘုရား ပြန်ပြီးတော့ ဖြေတဲ့ဂါထာက နှစ်ဂါ ထာ ရှိတယ်။ ဒီသုတ္တန်မှာ ဂါထာပေါင်း လေးဂါထာရှိတယ် ဆိုကြပါစို့ရဲ့ အမေး နှစ်ဂါထာနဲ့ အဖြေနှစ်ဂါထာ။ ဘဒြာဝုဓ လျှောက်တဲ့ဂါထာကို ပဌမရှေးဦးစွာ ရွတ်ရမယ်။ မြတ်စွာဘုရားကို သူက ဘယ်လိုလျှောက်သလဲ—

## ပဌမလျှောက်ထားချက်

ဩကဉ္ဇဟံ တဏှစ္ဆိဒံ အနေဇံ၊
နန္ဒိဉ္ဇဟံ ဩဃတိဏ္ဏံ ဝိမုတ္တံ။
ကပ္ပဉ္ဇဟံ အဘိယာစေ သုမေဓံ၊
သုတွာန နာဂဿ အပနမိဿန္တိ ဣတော။

သုတ္တန်ပါတ်ပါဠိတော် ပါရာယနဝဂ်မှ မြတ်စွာဘုရားကို ဘဒြာဝုဓလို့ခေါ်တဲ့ ပုဏ္ဏားကြီးက လျှောက်တဲ့ ဂါထာစကား။

ဩကဉ္ဇဟံ၊ ခန္ဓာငါးပါး၌ တွယ်တာကပ်ငြိတဲ့ အာလယလို့ခေါ်တဲ့ တဏှာကိုစွန့်တော်မူပြီးဖြစ်ပေထသော။ တဏှစ္ဆိဒံ၊ ရူပ-သဒ္ဒ စသည်တွေပြား ခြောက်ပါးသော တဏှာတရားတွေကိုလဲ ဖြတ်တော်မူပြီး ဖြစ်တော်မူပေထ သော။ အနေဇံ၊ လာဘာလာဘ စသည်တန်တန် လောကဓံတို့ကြောင့် ဖောက်ပြန်တုန်လှုပ်ခြင်းဆိုတဲ့ တဏှာကိုလဲ စွန့်တော်မူပြီး ဖြစ်ပေထသော။ နန္ဒိဉ္ဇဟံ၊ အနာဂတ်၌ဖြစ်လတ္တံ့သော ရူပက္ခန္ဓာ-စသောခန္ဓာတို့ကို တပ်နှစ် သက်တယ်ဆိုတဲ့ နန္ဒီရာဂခေါ်တဲ့ တဏှာကိုလဲဘဲ ပယ်စွန့်တော်မူပြီးဖြစ်ပေ ထသော။ ဩဃတိဏ္ဏံ၊ ကာမောဃ, ဘဝေါဃ, ဒိဋ္ဌောဃ,အဝိဇ္ဇောဃ တည်း ဟူသော ဩဃလေးပါးကို လွန်မြောက်တော်မူပြီး ဖြစ်ပေထသော။ ကပ္ပဉ္ဇဟံ၊ တဏှာ၏အစွမ်းအားဖြင့် ကြံစည်ခြင်း, ဒိဋ္ဌိ၏ အစွမ်းအားဖြင့် ကြံစည်ခြင်းဆိုတဲ့ ကြံစည်ခြင်းနှစ်မျိုးကို ပယ်စွန့်တော်မူပြီး ဖြစ်ပေထသော။ သုမေဓံ၊ ကောင်းသောပညာနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အဘိယာစေ၊ အလွန်ရှိသေစွာ တောင်းပန်ပါ၏။ (ဩကဉ္ဇဟံတို့, တဏှစ္ဆိဒံ တို့,အနေဇံတို့,နန္ဒိဉ္ဇဟံတို့,ဩဃတိဏ္ဏံတို့,ဝိမုတ္တံတို့,ကပ္ပဉ္ဇဟံတို့ဆိုတဲ့ ဒီပါဠိပုဒ် တွေဟာ ဝိသေသနတွေ၊ မြတ်စွာဘုရားကို ချီးကျူးထားတဲ့ ဂုဏ်ပုဒ်တွေ)။ နာဂဿ၊ မကောင်းမှုကို ပယ်စွန့်ပြီးသည်ဖြစ်၍ ရဟန္တာဖြစ်တော်မူသော။ တဝ၊ ဘုန်းတော်ကျော်ကြား ရှင်တော်မြတ်ဘုရား၏။ ဝါစံ၊ စကားတော် ကို။ သုတွာန၊ ကြားနာကြရကုန်သည်ဖြစ်၍။ ဣတော၊ ဤပါသာဏကနတ် ကွန်းမှ။ အပနမိဿန္တိ၊ ဖဲသွားကြပါကုန်လိမ့်မည်ဘုရား။

အဓိပ္ပါယ်အကျဉ်း။ ။ပုဏ္ဏာ မပါသေးဘူး ပဌမဂါထာမှာ၊ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး တဏှာကင်းတော်မူပုံ, စွဲလမ်း ခြင်း ကင်းတော်မူပုံ, သံသရာဝဋ်က လွတ်ကင်းတော်မူပုံတွေကို ဝိသေသန ဂုဏ်ပုဒ်တွေနဲ့ ချီးကျူးပြီးတော့ အရှင်ဘုရားကို ရှိသေစွာ ရှိခိုးပြီးတော့ တောင်းပန်ပါတယ်ဘုရား၊ နာဂဿလို့ခေါ်တာ ကိလေသာတွေအားလုံး ကင်း စင်၍နေသည် ဖြစ်သောကြောင့် ရဟန္တာဖြစ်တော်မူသော မြတ်စွာဘုရား၏

တရားစကားကို ကြားနာပြီးတော့ ဇ·ယူဇနာရှိတဲ့ ပရိသတ်ကြီးဟာ အရှင်ဘုရားရဲ့ တရားတော်ကို နာခံမှတ်သားပြီးမှ ဒီ·ပါသာဏက နတ်ကွန်းလို့ခေါ်တဲ့ အရပ်က ဖဲခွါသွားကြလိမ့်မယ်ဘုရားလို့ ဒါဘဲ ရှိသေးတယ်။

အဓိပ္ပါယ်သိပ်ပြီးတော့ မပါဘူး။ အဋ္ဌကထာဆရာကြီးကလဲ သိပ်ပြီးတော့ မဖွင့်ဘူး။ စူဠနိဒ္ဒေသပါဠိတော်ကြီးကလဲ ဒီနေရာ သိပ်ပြီးတော့ မဖွင့်ဘူး။

**ဩကဉ္စဟာ။** ။သို့သော်လဲဘဲ ဩကဉ္စဟာလို့ ခေါ်တဲ့စကားကို စူဠနိဒ္ဒေသက ဘယ်လို ပြောထားသလဲလို့ ဆိုတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏလို့ခေါ်တဲ့ အဲဒီ ခန္ဓာငါးပါး တရားတို့ရဲ့အပေါ်မှာ ရာဂကင်းတော်မူတယ်တဲ့။ ဒါကြောင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို "ဩကဉ္စဟ"လို့ ခေါ်ပါတယ်။ ရုပ်ပေါ်မှာလဲ စွဲလမ်းတဲ့ ရာဂမရှိဘူး, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏလို့ဆိုတဲ့ ခန္ဓာငါးပါးတို့ရဲ့အပေါ်မှာလဲ မြတ်စွာဘုရားဟာ စွဲလမ်းတဲ့ရာဂမရှိဘူး။ အဲသလို စွဲလမ်းမှုရာဂမရှိသည်ဖြစ်သောကြောင့်, စွဲလမ်းမှုရာဂက လွတ်မြောက်၍နေသည် ဖြစ်သောကြောင့် ရာဂတွေကို ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏပေါ်မှာ စွဲလမ်းမထားဘဲ·ရာဂမှ စွန့်လွှတ်သည် ဖြစ်သောကြောင့် မြတ်စွာဘုရားကို "ဩကဉ္စဟ" လို့ ခေါ်ပါတယ်တဲ့။ စူဠနိဒ္ဒေသပါဠိတော်က ပြောတယ်။

**တဏှစ္ဆိဒ။** ။တဏှစ္ဆိဒံ=တဏှာကိုဖြတ်တယ်။ ဘယ်အပေါ်မှာ ဖြတ်သလဲ, ဘယ်တဏှာတွေလဲ, ရူပတဏှာ, သဒ္ဒတဏှာ, ဂန္ဓတဏှာ, ရသတဏှာ, ဖောဋ္ဌဗ္ဗတဏှာ, ဓမ္မတဏှာလို့ဆိုတဲ့ ခြောက်ပါးသောတဏှာကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ဖြတ်ပြီးတော့ ချိုးဖဲ့ဖျက်ဆီးတော် မူတယ်တဲ့၊ ဒါကြောင့်မြတ်စွာ ဘုရားရှင် ကိုယ်တော်မြတ်ကို "တဏှစ္ဆိဒ" လို့ခေါ်ပါဘယ်တဲ့ စူဠနိဒ္ဒေသ ပါဠိတော်က ပြောပေးထားတယ်။

**အနေဇ။** ။အနေဇံ၊ တုန်လှုပ်ခြင်းကင်းတယ်။ "ဧဇာ ဝုစ္စတိ တဏှာ"၊ တုန်လှုပ်တဲ့တဏှာ မရှိဘူးတဲ့။ တုန်လှုပ်တယ်ဆိုတာ ဘာကို ခေါ်သလဲ?၊ ပကတိဖြူစင်နေတဲ့စိတ်ဟာ တခါထဲ ယိမ်းယိုင်လှုပ်ရှားပြီးတော့ လှုပ်လိုက်ပြီဆိုရင် စိတ်ကူးထားတာတွေ, ကြံစည်ထားကာတွေဟာ အကုန်လုံး ပျက်စီးကုန်ရော၊ တခုမှ မကျန်တော့ဘူး။ တုန်လှုပ်တယ်ဆိုတာ သတ္တဝါတွေ တုန်လှုပ်တာ ဘာကြောင့် တုန်လှုပ်သလဲ? လောကဓံတရားကြောင့် တုန်လှုပ်တယ်၊ သတ္တဝါတွေတုန်လှုပ်တာ ဘာကြောင့် တုန်လှုပ်သလဲ? (လောကဓံကြောင့် တုန်လှုပ်ပါတယ်ဘုရား)

ဘာလဲ လောကဓံဆိုတာ? လာဘ, အလာဘ, ယသ, အယသ, နိန္ဒ, ပသံသ, သုခ, ဒုက္ခ,လို့ခေါ်တဲ့ လောကဓံတရား။ အဲဒီ လောကဓမ္မတရားရှစ်ပါးနဲ့ တွေ့ကြုံ

လာတဲ့အခါ မတုန်မလှုပ်တဲ့လူဆိုတာ "မြတ်စွာဘုရား"။ ဘာဖြစ်လို့ မတုန်လှုပ်သလဲ? အနေဇ၊ န+ဧဇ=အနေဇ။ "ဧဇာ"ကို ဘာလို့ ခေါ်ထားသလဲ ဆိုတော့ စူဠနိဒ္ဒေသပါဠိတော်က "ဧဇာ ဝုစ္စတိ တဏှာ" ဧဇာဆိုတာ တဏှာကို ခေါ်တယ်တဲ့။ အဲဒီတဏှာကို ပယ်ပြီးဖြစ်သောကြောင့် မြတ်စွာဘုရားသည် လောကဓံတရားတို့နဲ့ တွေ့ကြုံပေတဲ့ တုန်လှုပ်တော်မမူဘူး။ နိဒ္ဒေသ-ဆိုကြပါစို့၊ တစုံတယောက်သောပုဂ္ဂိုလ်က သိပ်ပြီးချီးမွမ်းတယ် "ဟာ-တယ် တရားဟောကောင်းတဲ့ကိုယ်တော်၊ ဒီတရားလေး နားလိုက်ရပြီဆိုရင် ရှင်းရှင်းလင်းလင်း ကွက်ကွက်ကွင်းကွင်းနဲ့ သိပ်ပြီးတော့ ရှင်းတာဘဲ၊ သိပ်တော်တဲ့ ပုဂ္ဂိုလ်ဘဲ" ဒါဘာလုပ်ဒါလဲ၊ ချီးမွမ်းတာ၊ အဲဒီလိုချီးမွမ်းတယ်ဆိုကတဲက ဒီက-ပကတိစိတ်က ဘယ့်နှယ်ဖြစ်သွားသလဲ၊ ဝမ်းမြောက်ပြီးတော့ စိတ်ဟာ တခါထဲကြွတက်သွားရော၊ ဒီတော့ ပကတိစိတ်ကလေး ပျက်သွားတယ်၊ စိတ်ပျက်သွားတယ်နော်။ ( မှန်ပါ )

အဲဒီလို ချီးမွမ်းခံရလို့ ဝမ်းမြောက်တဲ့ပုဂ္ဂိုလ်ဟာ ကဲ့ရဲ့တာကျတော့ နဲနဲကလေးမှ သည်းမခံနိုင်ဘူး၊ ဟုတ်လား။ ( မှန်ပါဘုရား )

ချီးမွမ်းတာကို ဝမ်းမြောက်မိပြီဆိုရင် အဲဒီပုဂ္ဂိုလ်ဟာ ကဲ့ရဲ့တာ နဲနဲမှ မခံနိုင်တော့ဘူး။ ကဲ့ရဲ့တယ်ဆိုတာ ဘယ်လိုလဲ ဘုန်းကြီးတို့ရဟန်းပဲသိတဲ့ ကဲ့ရဲ့တာဘဲကြရဲ့လား၊ ကဲ့ရဲ့တတ်ရင် ကဲ့ရဲ့တာကို မပြောပါရစေနဲ့တော့။ (မှန်ပါဘုရား)

ကဲ့ရဲ့တယ်ဆိုတာ သူတပါးမှာရှိနေတဲ့ သတင်းတွေကို ချိုးဖဲ့ဖျက်ဆီးပြီးတော့ ပြောကြားတာကို ကဲ့ရဲ့တယ်လို့ခေါ်တယ်။ ( မှန်ပါ )

ကဲ့ရဲ့တယ်ဆိုတာ ဘာခေါ်သလဲ သူတပါးမှာရှိနေတဲ့ သီလဂုဏ်ကိုသော်၎င်း, သမာဓိဂုဏ်ကိုသော်၎င်း, ပညာဂုဏ်ကိုသော်၎င်း ဟုတ်လား၊ တနည်းပြောမယ်ဆိုရင် ဥစ္စာဂုဏ်ကိုသော်၎င်း, အဆင်းဂုဏ်ကိုသော်၎င်း, အလိမ္မာဂုဏ်ကိုသော်၎င်း,ချိုးဖဲ့ဖျက်ဆီးပြီးတော့ ရှေ့မှာသော်၎င်း,ကွယ်ရာမှာသော်၎င်း အမျိုးမျိုးသော အတင်းတွေ ပြောဆိုပြီးတော့ နေတာကို ဘာလို့ခေါ်သလဲ။ (ကဲ့ရဲ့တယ်လို့ ခေါ်ပါတယ်ဘုရား)

သူတပါးရဲ့ဂုဏ်သတင်းကို ချိုးဖဲ့ဖျက်ဆီးပြီးတော့ ပြောကြားတာ၊ သတ္တဝါဆိုတာဟာ အခက်သားဘဲ သူကြိုက်တာနဲ့တွေ့ရင် ဘာတွေလုပ်နေနေ မကဲ့ရဲ့ဘူး၊ မကြိုက်တာနဲ့တွေ့ရင် ဘယ်လောက်ဘဲကောင်းတာကိုလုပ်နေနေ တနည်းတလမ်းရှာပြီးတော့ ကဲ့ရဲ့တယ်။ အဲ့သလောက်ကလေး နားလည်ထားရင် ဘုန်းကြီးတို့ပရိသတ်အတွက် နဲနဲသက်သာတယ်၊ ဟုတ်လား။ ( မှန်ပါဘုရား )

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကတော့ဖြင့် အဲဒီလို ကွဲ့ရှဲချင်တိုင်းကွဲ့ရှဲ၊ ချီးမွမ်းချင်တိုင်းချီးမွမ်း၊ ကွဲ့ရှဲလဲ မြတ်စွာဘုရား ကိုယ်တော်မြတ်က ဝမ်းမနည်းဘူး၊ စိတ်မပျက်ဘူး၊ ချီးမွမ်းလဲ ဝမ်းမသာဘူး၊ ဝမ်းမမြောက်ဘူး၊ ပကတိအတိုင်း မတုန်မလှုပ်ဘဲ နေနိုင်တယ်၊ အဲဒါ "အနေဇ" လို့ခေါ်တယ်။ စူဠနိဒ္ဒေသပါဠိတော်က အဓိပ္ပါယ်ဖွင့်ပေးထားတယ် နော်။ ( မှန်ပါဘုရား )

အနေဇံ၊ လာဘာ၊ လာဘ စသည်တန်တန် လောကဓံတို့ကြောင့် ဖောက်ပြန်တုန်လှုပ်ခြင်းရှိတော်မမူသော မြတ်စွာဘုရားကို။ အဘိယာစေ၊ အလွန်ရိုသေစွာ တောင်းပန်ပါ၏-လို့ ဘဒြာဝုဓက မြတ်စွာဘုရားကို လျှောက်တယ်။

**နန္ဒိဥ္စဟ။** ။ဒါနဲ့ မြတ်စွာဘုရားက တဏှာကင်းရုံ ကင်းတာလား? မဟုတ်ဘူး၊ "နန္ဒိဥ္စဟ"တဲ့။ အားထုတ်ထားတဲ့ ကုသိုလ် အကုသိုလ်တို့ကြောင့် အနာဂတ်မှာဖြစ်တဲ့ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ကိုလဲ မတောင့်တတော့ပါဘူးတဲ့ မြတ်စွာဘုရားက၊ ဘုန်းကြီးတို့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေက ဘယ်လိုလဲ ဒီကနေ့ လုပ်ထားတဲ့ ပုညာဘိသင်္ခါရ စတဲ့ ကုသိုလ်ကောင်းမှုတွေကြောင့် အကျိုးပေးစေချင်သေးတယ်၊ အနာဂတ်မှာဖြစ်မဲ့ ရုပ်တွေကို လှမ်းပြီးတော့ တောင့်တသေးတယ်။ ကြားဘူးနေတာကိုး၊ ဟုတ်လား? (မှန်ပါ ဘုရား)

အနာဂတ်ဖြစ်တဲ့ ရုပ်ဆိုတာ "ရှင်ဗာကုလတို့မျှား တယ် ရောဂါကင်းသတဲ့" ဆိုတော့ ဒီက ဘာဖြစ်သလဲ ရောဂါကင်းချင်ပြီ ဖြစ်သောကြောင့် ဘာလုပ်သလဲ လို့ဆိုတော့ "ယနေ့ ပြုလုပ်ရတဲ့ ကုသိုလ်ကောင်းမှုတွေကြောင့် ရှင်ဗာကုလကဲ့သို့ ရောဂါကင်းတဲ့ ခန္ဓာ ရပါရစေ"လို့ လှမ်းတောင့်တလိုက်တယ် အနာဂတ်ရုပ်ကို မရသေးတာကို။ ရှင်မဟာကစ္စည်းတို့ကျတော့ ဘာဖြစ်သလဲ? မြတ်စွာဘုရား သာသနာတော်မှာ အလှဆုံးဟာ ဘယ်သူလဲ? "ဒီကနေ့လုပ်တဲ့ ကုသိုလ်ကောင်းမှုတွေကြောင့် အဲဒီ ရှင်မဟာကစ္စည်းလို လှတဲ့ ရုပ်ကလေးမျှား ရပါရစေ"လို့ လှမ်းပြီးတော့ တောင့်တတယ် အနာဂတ်ရုပ်ကို။ ဟုတ်လား? (မှန်ပါ)

တရားဟောကောင်းတာ ဘယ်သူလဲ? "ပုဏ္ဏ"။ မန္တာနီပုဏ္ဏေးမကြီးရဲ့သား ဖြစ်တဲ့ ပုဏ္ဏ-မထေရ်ဟာ အင်မတန် တရားဟောကောင်းတယ်၊ အဲဒီ တရားဟော ကောင်းဘို့ဆိုတဲ့ သဘောကို လှမ်းပြီးတော့ တောင့်တလိုက်တယ်၊ ဆန်းဆန်း ကြယ်ကြယ် ပရိသတ် နားလည်အောင် တန်ဆာဆင်ပြီးတော့ ဟောကြားနိုင်တဲ့ ပုဂ္ဂိုလ်ဟာ ဘယ်သူလဲ?

"ကုမာရကဿပေါ နာမ၊ မဟေသီ စိတြဝါစကော"

ခပ်ငယ်ငယ်တုန်းက ကျောင်းသင်္ဂြိုဟ်စာထဲမှာ ကုမာရကဿပလို့ ခေါ်တဲ့ မထေရ်ကျတော့ ဆန်းဆန်းကြယ်ကြယ် ခမ်းခမ်းနားနားနဲ့ သူက တရားဟော

နိုင်တယ်၊ ဟုတ်လား? အဲဒါကိုလဲ လှမ်းပြီးတော့ တောင့်တလိုက်တယ်၊ အဲဒီလို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်မှာ ပုထုဇဉ်သတ္တဝါတွေကဲ့သို့ ပြုလုပ်အားထုတ် အပ်သော ကုသိုလ်ကံ စေတနာတို့ကြောင့် အနာဂတ်မှာ ဖြစ်လတ္တံ့ ဖြစ်တဲ့ရုပ် တွေကို လှမ်းပြီးတော့ တောင့်တတော်မမူသောကြောင့်, အနာဂတ်ကို လှမ်းပြီး တောင့်တတဲ့ "နန္ဒီ"လို့ ခေါ်တဲ့ တဏှာကိုလဲ ပယ်စွန့်တော်မူသည် ဖြစ်သော ကြောင့် "နန္ဒိဉ္ဇဟံ"။

ဘဂဝါ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာ ဘုရားသည်။ နန္ဒိဉ္ဇဟံ၊ "နန္ဒိဉ္ဇဟ"မည်တော်မူ၏။ နန္ဒိဉ္ဇဟံ၊ အနာဂတ်ဖြစ်တဲ့ ရုပ်တွေကို လှမ်းပြီးတော့ တောင့်တခြင်း ကင်းတော်မူပါပေသော မြတ်စွာ ဘုရားကို။ အဘိယာစေ၊ အလွန်ရိုသေစွာ တောင်းပန်ပါ၏။

ဒါနဲ့ မြတ်စွာဘုရားက တောင့်တခြင်း ကင်းရုံလားဆိုတော့ မဟုတ်သေးဘူး၊ "ဩဃတိဏ္ဏ"ပါတဲ့။ မြတ်စွာဘုရားကို သူယုံကြည်ချက်တွေကို လျှောက်နေတာ ဘဒြာဝုဓက၊ ဟုတ်လား? (မှန်ပါ)

ဩဃတိဏ္ဏ။ ။"ဩဃတိဏ္ဏ"လို့ ဆိုတာ ဘာပြောသလဲလို့ဆိုတော့—

ဩဃတိဏ္ဏံ၊ ကာမောဃ, ဘဝေါဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃ တည်းဟူ သော ဩဃလေးပါးမှ လွန်မြောက်ပြီး ဖြစ်တော်မူပေထသော။

မြတ်စွာဘုရားမှာ ကာမောဃ-ရှိသေးသလား ? (မရှိပါ ဘုရား)

ဘဝေါဃ (မရှိပါဘုရား)
ဒိဋ္ဌောဃ (မရှိပါ ဘုရား)
အဝိဇ္ဇောဃ (မရှိပါ ဘုရား)

ကာမောဃလို့ ဆိုတာ တဏှာ၊ ဘဝေါဃလို့ ဆိုတာ တဏှာ၊ ဒိဋ္ဌောဃလို့ ဆို တာ ဒိဋ္ဌိ၊ အဝိဇ္ဇောဃလို့ ဆိုတာ မောဟ၊ လောဘ,ဒိဋ္ဌိ,မောဟလို့ ဆိုတဲ့ အကု- သိုလ်တရား သုံးပါးလုံး မြတ်စွာဘုရားကိုယ်တော်မြတ်မှာ ရှိသေးသလား, မရှိ တော့ဘူးလား? (မရှိတော့ပါဘုရား)

အဲဒီ လောဘ,ဒိဋ္ဌိ,မောဟ လို့ ခေါ်တဲ့ ဩဃလေးပါးကို ဘုန်းတော်သခင် သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်က လွန်မြောက်သွားတော်မူပြီ ဖြစ်သော ကြောင့် သူ့ကို "ဩဃတိဏ္ဏ"လို့ ခေါ်ပါတယ်တဲ့။

ဩဃတိဏ္ဏံ၊ဩဃလေးပါးမှ လွန်မြောက်တော်မူပြီးသော မြတ်စွာဘုရား ကို။ အဘိယာစေ၊ အလွန်ရိုသေစွာ ရှိခိုးတောင်းပန်ပါ၏။

စူဠနိဒ္ဒေသက အဓိပ္ပါယ်ကို ယူပြောပေးနေတာ ဒီဥစ္စာ။

**ဝိမုတ္တ။** ။ဝိမုတ္တိ၊တထောင်ငါးရာ ကိလေသာတို့မှ လွန်မြောက်တော်မူပြီးသော မြတ်စွာဘုရားကို။ အဘိယာစေ၊ အလွန်ရိုသေစွာ တောင်းပန်ပါ၏။

မြတ်စွာဘုရားဟာ ကိလေသာအားလုံးမှ လွန်မြောက်တော်မူတယ်, လွတ်လပ်ရေး ရနေတယ် နော်။ (မှန်ပါဘုရား)

အဲဒါကို စေတောဝိမုတ္တိ, ပညာဝိမုတ္တိ လို့ ခေါ်ပါတယ်။ ဝိမုတ္တိလို့ ဆိုတာ ၂-မျိုး။ ဝိမုတ္တိ ဘယ်နှစ်မျိုးလဲ? (နှစ်မျိုးပါ ဘုရား)

စေတောဝိမုတ္တိ, ပညာဝိမုတ္တိ၊ ဒါ မှတ်ချက်ကလေး နော်။ (မှန်ပါ)

စေတောဝိမုတ္တိလို့ ဆိုတာ စိတ်၏ ကိလေသာတို့မှ လွတ်မြောက်ခြင်းကို "စေတောဝိမုတ္တိ"လို့ ခေါ်ပါတယ်၊ စိတ်၏ကိလေသာတို့မှ လွတ်မြောက်ခြင်းကို ဘာလို့ ခေါ်သလဲ? (စေတောဝိမုတ္တိလို့ ခေါ်ပါတယ်ဘုရား)

အရဟတ္တဖိုလ်ပညာ အဝိဇ္ဇာမှ လွတ်မြောက်ခြင်းကို "ပညာဝိမုတ္တိလို့ ခေါ်တယ် နော်။ (မှန်ပါ ဘုရား)

အဲသလို"ဝိမုတ္တိ"လို့ ခေါ်တဲ့ စေတောဝိမုတ္တိ ပညာဝိမုတ္တိ၊ စိတ်၏ ကိလေသာတို့မှ လွတ်မြောက်ခြင်း, အရဟတ္တဖိုလ်ပညာရဲ့ အဝိဇ္ဇာမှ လွတ်မြောက်ခြင်း ဆိုတဲ့ "ဝိမုတ္တိ"တွေနဲ့ ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အဘိယာစေ၊ အလွန်ရိုသေစွာ ရှိခိုးတောင်းပန်ပါ၏။

စူဠနိဒ္ဒေသက လာတဲ့ အဓိပ္ပါယ်ကို ပြောပေးနေတာ နော်။ (မှန်ပါဘုရား)

**ကပ္ပဉ္စဟ။** ။"ကပ္ပဉ္စဟ" ကပ္ပလို့ ဆိုတာ ကြံစည်ခြင်း၊ ကြံစည်တယ် ဆိုတာ ဘာနဲ့ ကြံစည်သလဲလို့ ဆိုတော့ တဏှာနဲ့ ကြံစည်တယ်၊ ဒိဋ္ဌိနဲ့ ကြံစည်တယ်။ တဏှာ, ဒိဋ္ဌိ။ ဘာနဲ့ ဘာတဲ့လဲ? (တဏှာနဲ့ ဒိဋ္ဌိပါ ဘုရား)

ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေ တဏှာနဲ့ ဘာနဲ့ ကြံစည်နေသလဲ? (တဏှာနဲ့ ဒိဋ္ဌိနဲ့ပါ ဘုရား)

ဟော – အဓိပ္ပါယ် ပေါ်လာပြီ နော်။ (မှန်ပါ)

တဏှာ၏အစွမ်းအားဖြင့် ဘယ်လိုကြံစည်သလဲ၊ ဒိဋ္ဌိ၏အစွမ်းဖြင့် ဘယ်လိုကြံစည်သလဲ? လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာဘဝ, လူအဖြစ်, နတ်အဖြစ်, ဗြဟ္မာအဖြစ်, အသက်ရှည်တယ်, အဆင်းလှတယ်, ခွန်အားကြီးတယ်, ချမ်းသာကြီးတယ်, ပညာကြီးတယ်၊ ဒါတွေကို လှမ်းပြီးတောင့်တတယ်။ တဏှာ၏ အစွမ်းအားဖြင့်လဲနော်။ (မှန်ပါဘုရား)

ဒိဋ္ဌိ၏ အစွမ်းအားဖြင့် ဘာတွေ လှမ်းပြီးတောင့်တသလဲ ဆိုတော့ ခန္ဓာကို တောင့်တတယ်၊"ငါ ဒီခန္ဓာမျိုးရရင် ကောင်းမှာဘဲ"၊ ဒိဋ္ဌိ၏ အစွမ်းအားဖြင့်လဲ တောင့်တတယ်။ အဲဒီလို "ကပ္ပဉ္စဟ"လို့ ခေါ်တဲ့ တဏှာဖြင့် ကြံစည်ပြီးတော့

လှမ်းပြီး တောင့်တခြင်း, ဒိဋ္ဌိဖြင့် ကြံစည် စဉ်းစားပြီးတော့ လှမ်းပြီးတောင့်တ ခြင်းကိုလဲ မြတ်စွာဘုရား စွန့်ပစ်တော်မူသည် ဖြစ်သောကြောင့်——

ကပ္ပဉ္စဟံ၊ တဏှာဒိဋ္ဌိတို့ဖြင့် ကြံစည်တောင့်တခြင်းတို့ကို စွန့်တော်မူ ပြီးသော မြတ်စွာဘုရားကို။ အဘိယာစေ၊ အလွန်ရိုသေစွာ ရှိခိုးတောင်းပန် ပါ၏။

သုတ္တာန နာဂဿ အပနမိဿန္တိ ဣတော=အရှင်ဘုရားရဲ့ တရားတော်ကို နာခံ မှတ်သားပြီးတော့ ဒီပရိသတ်ကြီးဟာ ဒီ ပါသာဏက နတ်ကွန်းမှ ဖဲခွါပြီး တော့ ထွက်ခွါသွားရပါလိမ့်မယ် ဘုရား"လို့ ဆိုတဲ့ အဓိပ္ပါယ်ကတော့ "တရား မနာရမချင်း ဒီပရိသတ်ဟာ ဒီနေရာက ထွက်သွားကြမှာ မဟုတ်ပါဘူး၊ အရှင် ဘုရား တရားဟောပေးတော်မူပါ" အဲဒီလို လျှောက်တယ် နော်။ (မှန်ပါဘုရား)

ကိုင်း–ဒီ အဓိပ္ပါယ်လောက်ဆိုရင် ပြည့်စုံ လုံလောက်ပါပြီ ။ ဒီဂါထာရဲ့ အဓိပ္ပါယ် ဆက်ပြီးတော့ တရားတောင်းပန်တဲ့ ဂါထာတခုရှိသေးတယ်။

**တရားတောင်း**

**နာနာဇနာ ဇနပဒေဟိ သင်္ဂတာ၊**
**တဝ ဝီရ ဝါကျံ အဘိကင်္ခမာနာ။**
**တေသံ တုဝံ သာဓု ဝိယာကရောဟိ၊**
**တထာ ဟိ တေ ဝိဒိတော ဧသ ဓမ္မော။**

ဒါ–ဘဒြာဝုဓက လျှောက်တဲ့ ဂါထာဘဲ၊ ဘာပြောသလဲ ဒီဂါထာက။

ဝီရ၊ ကြီးမြတ်သော လုံ့လရှိတော်မူသော မြတ်စွာဘုရား။ တဝ၊ ဘုန်းတော် ကျော်ကြား ရှင်တော်မြတ်ဘုရား၏။ ဝါကျံ၊ ဟောကြားတော် မူတဲ့ စကားတော်ကို။ အဘိကင်္ခမာနာ၊ အလွန်လိုလား တောင့်တကြကုန်သည် ဖြစ်၍။ ဇနပဒေဟိ၊ အင်္ဂ,မဂဓ-လို့ခေါ်တဲ့ အထူးထူးသော ဇနပုဒ်တို့မှ။ နာနာဇနာ၊ လူမျိုးပေါင်းစုံတို့သည်။ သင်္ဂတာ၊ ပါသာဏကနတ်ကွန်းသို့ အညီအညွတ်စုဝေး၍ ရောက်လာကြကုန်၏။ သာဓုအာယာစာမိ၊ တောင်းပန် ပါ၏။ တုဝံ၊ အရှင်ဘုရားသည်။ တေသံ၊ ဇနပုဒ်အသီးသီးက လာကြတဲ့ ထိုလူမျိုးပေါင်းစုံတို့အား။ ဝိယာကရောဟိ၊ နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ တရားကို ထင်ရှားအောင် ဟောကြားတော်မူပါလော့။ ဟိ၊ အရှင်ဘုရားကို တိုက်တွန်းသင့်စွ။ တထာ၊ သတ္တဝါတို့ ထိုတရားတော်ကို သိနိုင်လောက်သော အခြင်းအရာဖြင့်။ ဧသဓမ္မော၊ ထို နိဗ္ဗာန်နဲ့ နိဗ္ဗာန်ရောက်ကြောင်းတရားကို။ တေဘယာ၊ အရှင်ဘုရားသည်။ ဝိဒိတော၊ ကောင်းစွာမသွေ ပိုင်းခြား၍ သိတော်မူပါပေ သတည်း။

သာဓု–သာဓု–သာဓု

ဘဒြာဝုဓ-ကမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို ဘာလျှောက်ပြန်သလဲ ဆိုတော့—

ဥဠ္ဌေနိဥ္စာပိ ဝေါန္ဒံ၊ ဝေဗိသံ ဝနသဝှယံ။
ကောသမ္ဗိဥ္စာပိ သာကေတံ၊ သာဝတ္ထိဥ္စ ပုရုတ္တမံ။
သေတဗျံ ကပိလဝတ္ထုံ၊ ကုသိနာရဥ္စ မန္ဒိရံ၊
ပါဝဥ္စ ဘောဂနဂရံ၊ ဝေသာလိ မာဂဓံ ပုရံ။
ပါသာဏကံ စေတိယဥ္စ၊ ရမဏီယံ မနောရမံ—

လို့ ဝတ္ထုဂါထာမှာ လာတဲ့အတိုင်း မြတ်စွာဘုရား ငှနပုဒ်အသီးသီး, အင်္ဂတိုင်း, မဂဓတိုင်း အစရှိတဲ့ တိုင်းပြည်အသီးသီးက လာကြတဲ့လူတွေ —

အခုနင်ကရွတ်လိုက်တဲ့ ပါဠိထဲမှာ တိုင်းပြည်အသီးသီး အကုန်လုံး ပါသွားတယ်နော်။ (မှန်ပါဘုရား)

ဥဠ္ဌေနီ, ကောသမ္ဗီ, သာကေတ, သာဝတ္ထိ, သေတဗျ, ကပိလဝတ်, ကုသိနာ-ရုံ, ပါဝါ, ဝေသာလီ, မဂဓ အစရှိတဲ့ အဲဒီလို တိုင်းအသီးသီး, ငှနပုဒ် အသီးသီးက လာကြတဲ့ "နာ-နာ-ငှနာ"ဆိုတဲ့ အတိုင်း လူမျိုးပေါင်းစုံတို့ဟာ အရှင်ဘုရားရဲ့ ခြေတော်ရင်းကို ဝပ်စင်းပြီးတော့ ရောက်လာကြတာ တရားနာချင်လွန်းလို့ပါ ဘုရား တဲ့ ဘဒြာဝုဓက။

"တဝ ဝိရ ဝါကျံ အဘိသမ်မာနာ"၊

တဝ၊ ဘုန်းတော်ကျော်ကြား ရှင်တော်မြတ်ဘုရား၏။ ဝါကျံ၊ ဟောကြားတော်မူတဲ့ တရားစကားတော်ကို။ အဘိကခ်မာနာ၊ အလွန် လိုလားတောင့်တပြီးတော့ ဒီငှနပုဒ်အသီးသီးက လူတွေ လာကြတာပါ တဲ့။ အဲဒီ သတ္တဝါတွေကို အရှင်ဘုရား သနားသည်ကို အကြောင်းပြုပြီးတော့ အရှင်ဘုရား သိတော်မူထားတဲ့ နိဗ္ဗာန်နဲ့ နိဗ္ဗာန်ရောက်ကြောင်း တရားတော်ကို ဟောပေးတော်မူပါ ဘုရား။

အစိပ္ပါယ်က ဒါပါဘဲ၊ သိပ်ပြီးတော့ မရှေဘူး၊ တရားတောင်းတဲ့ ဂါထာပါဘဲ။

ဒီတော့ မြတ်စွာဘုရားဟောတဲ့တရားကို ဆက်ပြီးတော့ ဟောကြစို့ရဲ့။ ဒီ ဂါထာနှစ်ပုဒ်တို့ဖြင့် ဘဒြာဝုဓက တောင်းပန်လျှောက်ထားလိုက်တော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဂါထာနှစ်ပုဒ်တို့ဖြင့် ပြန်ပြီးတော့ ဘဒြာဝုဓ လျှောက်ထားတဲ့အတိုင်း ဟောပေးတော်မူတယ်။ အရဟတ္တဖိုလ်ပေါက် ဟောပေးတော်မူလိုက်တဲ့ တရားဘဲ။ အဋ္ဌကထာဆရာနဲ့ ဋီကာနိဒ္ဒေသပါဠိတော်တို့က အဲဒီဂါထာနှစ်ပုဒ်ကို အကျယ်ချဲ့ပြီး ပြောပေးထားပြီ။

## ပဥ္စမ အမေးတရားတော်

အာဒါနတဏှံ ဝိနယေထ သဗ္ဗံ၊
ဥဒ္ဓံ အဓော တိရိယဉ္စာပိ မဇ္ဈေ။
ယံ ယဉ္ဟိ လောကသ္မိံ မုပါဒိယန္တိ၊
တေနေဝ မာရော အနွေတိ ဇန္တုံ။

ဒါ မြတ်စွာဘုရား ပဥ္စမဟောပေးတဲ့ ဂါထာ။

ဘဒြာဝုဓ၊ ဘဒြာဝုဓ။ ဥဒ္ဓံ၊ အနာဂတ်၌ရှင်း။ အဓော၊ အတိတ်၌ရှင်း။ တိရိယဉ္စာပိမဇ္ဈေ၊ ပစ္စုပ္ပန်၌ရှင်း။

ဒါ တနည်း၊ စူဠနိဒ္ဒေသက ဒီနေရာမှာ လေး-ငါး-ခြောက်-နည်း ပြောပေးထားတယ်၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်၊ အတိတ်ပြန်ကြည့် ဘာတွေတွေ့မလဲ၊ ဝိညာဉ်, နာမ်, ရုပ်၊ အနာဂတ်မှာ ခန္ဓာရအုံးမယ်ဆိုရင် ဘာတွေရအုံးမလဲ၊ ဝိညာဉ်, နာမ်, ရုပ်၊ အခုပစ္စုပ္ပန်မှာ ရနေတာ ဘာတွေတုံး။(ဝိညာဉ်၊ နာမ်၊ ရုပ်ပါ ဘုရား)။

ဒီအပြင် ဘာရှိသေးသလဲ။ (မရှိတော့ပါ ဘုရား)။

"သဲတာ ဓမ္မာ"ဆိုတဲ့ ပဌမပုဒ်အရကို ရေတွက်ကြည့်မယ်ဆိုရင် ဒီတရားသုံးလုံးဘဲ ရှိတယ်၊ တနည်းပြောရင် စိတ်, စေတသိက်, ရုပ်၊ ဒီပြင် ဘာရှိသေးသလဲ။ (မရှိတော့ပါ ဘုရား)။

ပရမတ္ထသစ္စာ နယ်မှာတော့ဖြင့် အတိတ်, အနာဂတ်, ပစ္စုပ္ပန်လို့ ကွဲပြားပြီးနေတဲ့ ဒီတရားသုံးလုံးဘဲ ရှိတယ်။ အတိတ်ကလဲ ဝိညာဉ်, နာမ်, ရုပ်, စိတ်, စေတသိက်, ရုပ်ပဲ ရှိတယ်။ ပစ္စုပ္ပန်မှာလဲ ဝိညာဉ်, နာမ်, ရုပ်၊စိတ်, စေတသိက်, ရုပ်ပဲရှိတယ်။ အနာဂတ်မှာ ခန္ဓာရအုံးမယ်ဆိုရင်လဲ ဝိညာဉ်, နာမ်, ရုပ်, စိတ်, စေတသိက်, ရုပ်၊ ဒါဘဲရမယ် နော်။ (မှန်ပါ ဘုရား)။

အဲဒါကြောင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဘဒြာဝုဓကို—

ဥဒ္ဓံ၊ အနာဂတ်၌ရှင်း။ အဓော၊ အတိတ်၌ရှင်း။ တိရိယဉ္စာပိ မဇ္ဈေ၊ ပစ္စုပ္ပန်၌ရှင်း။

ဒါ တနည်းနော်။ (မှန်ပါ)။

အဲဒီ "ဥဒ္ဓံ အဓော တိရိယဉ္စာပိ မဇ္ဈေ"ကိုဘဲ စူဠနိဒ္ဒေသပါဠိတော်က နောက်တနည်း ပြောသေးတယ်—

ဥဒ္ဓံ၊ နတ်လောက၌ရှင်း။ အဓော၊ အပါယ်လေးပါးလို့ ခေါ်တဲ့ အောက်လောက၌ရှင်း။ တိရိယဉ္စာပိမဇ္ဈေ၊ လူ့လောက၌ရှင်း။

ဒါ တနည်း၊ နတ်လောက, အပါယ်လောက, လူ့လောက၊ "ဥဒ္ဓံ အဓော တိရိယဥ္စာပိမဇ္ဈေ" သုံးနည်းရှိသွားပြီနော်။ (မှန်ပါ)။

အတိတ်ကို အခုနကကြည့်လိုက်တော့ ဘာတွေတွေ့သလဲ၊ ဝိညာဉ်, နာမ်, ရုပ်, အနာဂတ်ကိုကြည့်လိုက်ရင်ကော။ (ဝိညာဉ်, နာမ်, ရုပ်ပါ ဘုရား)။

ပစ္စုပ္ပန်ကို ကြည့်လိုက်ရင်ကော။ (ဝိညာဉ်, နာမ် ရုပ်ပါ ဘုရား)။

ဒါဘဲရှိတယ်၊ ဟုတ်လား။ (မှန်ပါ ဘုရား)။

"အဓော"လို့ ခေါ်တဲ့ အပါယ်လောကကြီးကို ကြည့်ရင်လဲ ဘာတွေတွေ့မလဲ ။(ဝိညာဉ်, နာမ်, ရုပ်)

ဒါဘဲ တွေ့မယ်။ "တိရိယဥ္စာပိမဇ္ဈေ"လို့ ခေါ်တဲ့လူလောကကို ကြည့်ရင်လဲ ဘာတွေတွေ့မလဲ? (ဝိညာဉ်၊ နာမ်၊ ရုပ်)

ဒါဘဲတွေ့မယ်။ ဒိပြင် ဘာတွေ့အုံးမလဲ (မတွေ့ပါ ဘုရား)။

အဲဒီ "ဥဒ္ဓံ အဓော တိရိယဥ္စာပိ မဇ္ဈေ"ကို နတ်လောက, အပါယ်လောက, လူ့လောကဥ္စရင်း။ ဝါ–တနည်း။ ဥဒ္ဓံ အဓော တိရိယဥ္စာပိ မဇ္ဈေ၊ ကုသိုလ်, အကုသိုလ်, အဗျာကတတရားတို့ဥ္စရင်း။ ကုသိုလ်လို့ဆိုတော့ ကုသိုလ်တရားတွေ ပေါ့လေ ဟုတ်လား (မှန်ပါ)။

ဒါတွေလျော့ကျပြီး သရုပ်ကောက်နေမယ်ဆိုရင် ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေလဲ အဘိဓမ္မာသင်တန်း တက်ထားကြတာဘဲ၊ သိကြရောပေါ့၊ ဟုတ်လား။ (မှန်ပါ)။

ကုသိုလ်စိတ်ပြီးတော့ အကုသိုလ်စိတ်၊ အဲဒီ ကုသိုလ်, အကုသိုလ်မှ ကြွင်းသော ဝိပါက်, ကြိယာ, ရုပ်တရားတွေကို ဘာခေါ်သလဲ။(အဗျာကတ ခေါ်ပါတယ် ဘုရား)။

အဲဒါကြောင့် "ဥဒ္ဓံ အဓော တိရိယဥ္စာပိ မဇ္ဈေ"ကို ကုသိုလ်, အကုသိုလ်, အဗျာကတ တရားတို့ဥ္စရင်း-လို့ ဆိုတယ်။ ဘယ်နှစ်နည်း ရှိသွားပြီလဲ (သုံးနည်းပါ ဘုရား)

သုံးနည်းရှိသွားပြီ။ နောက်တနည်း "ဥဒ္ဓံ အဓော တိရိယဥ္စာပိ မဇ္ဈေ"

ဥဒ္ဓံ၊ အရူပဓာတ်ဥ္စရင်း။ အဓော၊ ကာမဓာတ်ဥ္စရင်း။ တိရိယဥ္စာပိ မဇ္ဈေ၊ ရူပဓာတ်ဥ္စရင်း။

အရူပဓာတ်ကိုကြည့်လိုက်တော့ ဘာတွေရှိသလဲ? ဝိညာဉ်နဲ့ နာမ်၊ အဲဒီမှာ ရုပ်မထည့်နဲ့၊ အဲဒီ အရူပဓာတ်မှာ ဝိညာဉ်နဲ့ နာမ်ဘဲ ရှိတယ်နော်။ (မှန်ပါ ဘုရား)။

ရူပခေတ်ကိုကြည့်လိုက်ရင် ဘာတွေမလဲ။ ရုပ်ပဲတွေ့မယ်နော်။ (မှန်ပါ)။ ကာမခေတ်ကိုကြည့်လိုက် ဘာတွေ့မလဲ။ (ဝိညာဉ်၊ နာမ်၊ ရုပ်ပါ ဘုရား)။

ဘယ်နှစ်နည်း ရှိသွားပြီလဲ။ (လေးနည်းပါ ဘုရား။)

နောက်တနည်း—

ဥဒ္ဓံ၊ သုခဝေဒနာ၌ရှင်း။ အဓော၊ ဒုက္ခဝေဒနာ၌ရှင်း။ တိရိယဥ္စာပိမဇ္ဈေ၊ အဒုက္ခမသုခဝေဒနာ၌ရှင်း။ နော်။ (မှန်ပါဘုရား)။

အဲဒီကျတော့ မြတ်စွာဘုရားက ဝေဒနာကိုပြတယ်။ ဒီဝေဒနာတွေကို ဟော ပြီးခဲ့ပြီနော်။ (မှန်ပါဘုရား)။

ဒီဝေဒနာခန်းကိုဟောရင်လဲ ညကဟောခဲ့တဲ့အတိုင်းဘဲ ဟောရမယ်။ ကိုင်း· ဒါဖြင့် ရှိပါစေတော့၊ ဘယ်နှစ်နည်း ရှိသွားပြီလဲ။ (ငါးနည်းပါဘုရား)။

"ဥဒ္ဓံ ပါဒလာ" အထက်ဆံပင်ဖျားကနေပြီး ခြေဖျားအထိ **ဥဒ္ဓံ၊** "အဓော" လို့ဆိုတော့ "အဓော ကေသမတ္ထကာ" အောက်ခြေဖျားကနေပြီး တော့ ဆံပင်အဆုံး၊ "တိရိယဥ္စာပိမဇ္ဈေ" ဆိုတာကတော့ "ဝေမဇ္ဈေ" တဲ့၊ အလယ်ကို သူက ပြောတယ် ခန္ဓာကိုယ်တကိုယ်လုံး၊ ဒါအတ္တဘော။

အဲဒီလို ခြောက်နည်းဖွင့်ထားတယ်။

ဥဒ္ဓံ အဓော တိရိယဥ္စာပိ မဇ္ဈေ၊ အတိတ်ခန္ဓာ, အနာဂတ်ခန္ဓာ, ပစ္စုပ္ပန် ခန္ဓာ၌ရှင်း၊ သဗ္ဗံ၊ အလုံးစုံသော။ အာဒါနတဏှံ၊ တဏှာ ဥပါဒါန်တို့ဖြင့် စွဲလမ်းခြင်းကို။ ဝိနယေထ၊ ပယ်ဖျောက်ရာ၏။ ဟိ၊ မှန်၏။ လောကသ္မိံ၊ ခန္ဓာငါးပါးတည်းဟူသော လောက၌။ ယံ ယံ၊ အကြင်အကြင်သို့သော ကမ္မာဘိသင်္ခါရကို။ ဥပါဒိယန္တိ၊ ဥပါဒါန်တဏှာတို့ဖြင့် စွဲလမ်း ၍ နေကြလေ ကုန်တော့၏။ တေနေဝ၊ ထိုကြောင့်သာလျှင်။ ဝါ၊ ထိုကမ္မာဘိသင်္ခါရကို တဏှာ, ဥပါဒါန်တို့ဖြင့် စွဲလမ်း၍ နေကြခြင်းကြောင့်သာလျှင်။ မာရော၊ ပဋိသန္ဓေနေသောအားဖြင့် ရသော ခန္ဓမာရ်သည်။ ဇန္တုံ၊ သတ္တဝါကို။ အန္ဝေတိ၊ အစဉ်လိုက်၍ နေရပေသတည်း။

သာဓု-သာဓု သာဓု။

**အဓိပ္ပါယ်။** ။အဲဒီမှာ အဓိပ္ပါယ်ပြောပေးရမယ်၊ ဘာပြောသလဲ မြတ်စွာ ဘုရားဟောလိုက်တဲ့ ပါဠိတော်က။ ပါဠိကို ရွတ်ပြီးပြီ၊ အနက်လဲ ပေးပြီးပြီ၊ အဓိပ္ပါယ် ပြောပေးရမယ်နော်။ (မှန်ပါ)။

ဒီပါဠိတော်မှာ မြတ်စွာဘုရားက ဘာပြောသလဲဆိုတော့—

ဘဒြာဝုစ–အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလသုံးပါးမှာဖြစ်တဲ့ ခုနခြောက်မျိုးသောတရားတွေ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလသုံးပါးဖြစ်တဲ့ ခန္ဓာ၊ ကာမဘဝ, ရူပဘဝ, အရူပဘဝမှာ ဖြစ်တဲ့ ခန္ဓာ၊ ကုသိုလ်, အကုသိုလ်, အဗျာကတလို့ဆိုတဲ့ ခန္ဓာ၊ ပြီးတော့ ဘာတဲ့လဲ သုခဝေဒနာ, ဒုက္ခဝေဒနာ, အဒုက္ခမသုခဝေဒနာလို့ ခေါ်တဲ့ ခန္ဓာ၊ လူလောက, နတ်လောက, အပါယ်လောကလို့ခေါ်တဲ့ ခန္ဓာ၊ ဥဒ္ဓံပါဒတလာ, အဓောကေသမတ္ထကာ, တိရိယဥ္စာပိ မဇ္ဈေ=ဝေမဇ္ဈေ”လို့ခေါ်တဲ့ အဲဒီ အထက်ဆင့် ဆံပင်ဖျားကနေ ခြေဖျားအဆုံး အားလုံးသောခန္ဓာတွေပေါ်မှာတဲ့။ အာဒါနတဏှာ၊ စွဲယူပြီးတော့ထားတဲ့ ဥပါဒါန်တည်းဟူသော တဏှာကို။ ဝိနယေထ၊ ပယ်ဖျောက်ရမယ်တဲ့။

ဒီအပေါ်မှာ တဏှာပျောက်အောင် လုပ်ရမယ်။ ဘုန်းကြီးတို့အမျိုးကောင်းသား, အမျိုးကောင်းသမီးများ အဲဒီခန္ဓာတွေအပေါ်မှာ ခုနစောစောပိုင်းက ပြောခဲ့တဲ့ ခြောက်မျိုးသောတရားတွေပေါ်မှာ ဖြစ်နေတာဟာ ဘာတွေလဲဆိုတော့ “ခန္ဓာ”။ ဘာတွေတုံး? (ခန္ဓာတွေပါဘုရား)။

အဲဒီ ခန္ဓာတွေဖြစ်နေတဲ့အပေါ်မှာ သတ္တဝါတွေက ဘယ်နှယ်ဖြစ်နေသလဲ? တဏှာဖြင့် စွဲလမ်းနေတယ်, ဥပါဒါန်ဖြင့် စွဲလမ်းနေတယ်၊ နော်။ (မှန်ပါ)။

## ဥပါဒါန် ၄-ပါး

ဥပါဒါန်ဖြင့် စွဲလမ်းနေတယ်လို့ဆိုတော့ ဥပါဒါန်ဆိုတာ ဘာတွေလဲ? ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်၊ အဲဒီရုပ်အစရှိတဲ့ အတိတ်, အနာဂတ်, ပစ္စုပ္ပန်အစရှိတဲ့ ရုပ်တရားတွေပေါ်မှာ ကာမုပါဒါန်လို့ခေါ်တဲ့ ဆန္ဒရာဂ, အစွဲ ဒိဋ္ဌုပါဒါန် ရှိတယ်, ဒီခန္ဓာတွေကိုဘဲ အကြောင်းပြုပြီးတော့—

“နတ္ထိ ဒိန္နံ၊ နတ္ထိ ယိဋ္ဌံ၊ နတ္ထိ ဟုတံ၊ နတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော၊ နတ္ထိ အယံ လောကော၊ နတ္ထိ ပရော လောကော၊ နတ္ထိ မာတာ၊ နတ္ထိ ပိတာ၊ နတ္ထိ သတ္တာ ဩပပါတိကာ၊ နတ္ထိ လောကေ သမဏဗြာဟ္မဏာ သမ္မဂ္ဂတာ သမ္မာပဋိပန္နာ၊ ယေ ဣမဉ္စ လောကံ ပရဉ္စ လောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ”—

လို့ ဟောထားတဲ့ ဒိဋ္ဌိဆယ်မျိုးကို ဒိဋ္ဌုပါဒါန်လို့ ခေါ်တယ်။ အဲဒီ ဒိဋ္ဌုပါဒါန်ကလဲ ခန္ဓာငါးပါးကို အစွဲပြုပြီးတော့ “အလှူပေးလဲ အကျိုးမရှိဘူး”လို့ ပြောတာတွေ ရှိသေးတယ် နော်။ (မှန်ပါ)။

နတ္ထိဒိန္နံ=လှူလို့အကျိုးမရှိဘူး။ပြစမ်း ဘာရသလဲ လှူလို့၊ အခုဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေ၊ ဘုန်းကြီး ဒီမှာထိုင်ပြီးတော့ တရားဟောနေထယ်၊ လိုချင်လို့တော့ ပြောတာမဟုတ်ပါဘူး၊ လက်ကိုင်ပုဝါ ကလေးတထည် အင်မတန် သဒ္ဓါတရားရှိလို့ ကြည်ညိုတဲ့အတွက် လှူတယ်ဆိုပါ တော့ "အဓိပ္ပါယ်"၊ အဲဒီလိုလှူတော့ လှူတဲ့ပုဂ္ဂိုလ် ဘာရမလဲ ခုချက်ခြင်း? (ဘာမှမရဘူး)။

အဲဒါ "နတ္ထိ ဒိန္နံ"ဘဲ၊ လှူလို့ ဘာမှမရဘူး, ပိုက်ဆံကုန်ရုံဘဲ ရှိတယ်ပေါ့၊ ဒါကြောင့် "မင်းတို့ မလှူနဲ့၊ လူပါးတွေ, လူပျင်းတွေက ညာပြီးတော့ အလှူခံ တာကို လူအ-တွေက လှူနေတာ"လို့ ဒီလို ပြောမနေကြဘူးလား?(ပြောနေကြ ပါတယ်ဘုရား)။

သာသနာတော်မှာ အဲဒီစကားတွေဟာ ဒီကနေ့ တော်တော်ခေတ်စား လာပြီ။ ကဲ–အဲဒါတွေလဲ အစွန်းတွေပေါ် လာပြန်ပြီ ပါဠိတော်အစွန်းပြောတာ ပါ၊ ဘုန်းကြီးအစွန်းမဟုတ်ပါဘူး။ "နတ္ထိဒိန္နံ=လှူလို့ အကျိုးမရှိဘူး" လှူရင် အကျိုးမရှိဘူးဆိုတာ ဘာလဲ? နတ္ထိဒိန္နံ=လှူရင်အကျိုးမရှိဘူး, နတ္ထိယိဋ္ဌံ= ပူဇော်ခြင်း, ချီးမြှောက်ခြင်းကြောင့် ဘာမှအကျိုးမရှိဘူး, နတ္ထိဟုတံ=ညှော်ဝတ် စောင်ဝတ်ကို ကျွေးမွေးအောင်လုပ်တဲ့အတွက် ဘာမျှ အကျိုးမရှိဘူး၊ နတ္ထိ သုကတဒုက္ကဋာနံကမ္မာနံ ဖလံ ဝိပါကော=မင်းလုပ်ချင်တာသာလုပ်၊ကောင်းတာ လုပ်လုပ်, မကောင်းတာ လုပ်လုပ်၊ ကောင်းတာ လုပ်ခြင်းကြောင့် ကောင်းကျိုး ချမ်းသာ ရှိတယ်ဆိုတာ မဟုတ်ဘူး မရှိဘူး၊, မကောင်းတာကို လုပ်တဲ့အတွက် သူ့အသက်ကို သတ်ချင်တိုင်းသတ်, သူများပစ္စည်းတွေ ခိုးချင်တိုင်း ခိုး, ဓမြတွေ တိုက်ချင်တိုင်း တိုက်, ကာမဂုဏ်တွေကို လွန်ကျူးချင်တိုင်း လွန်ကျူး,လိမ်ပြော ချင်တိုင်း ပြော, အရက်တွေ သောက်ချင်တိုင်း သောက်, ဟုတ်လား? (မှန်ပါ)

ဘယ်လိုလဲ? ဘာအပြစ်မှ မရှိဘူး၊ ဘယ့်နှယ်လဲ ဘုန်းကြီးတို့ ပရိသတ် ဒီ ဝါဒ မကောင်းဘူးလား၊ လုပ်ချင်တာသာလုပ်၊ ကုသိုလ်လုပ်လဲ ကုသိုလ် အကျိုး မရှိဘူး, အကုသိုလ်လုပ်လဲ အကုသိုလ်အကျိုး မရှိဘူး၊ ဘယ့်နှယ်လဲ? (မကောင်းပါဘူး ဘုရား)

မကောင်းတာသာ မကောင်းတာ၊ အဲဒီဝါဒ ရှေးတုန်းကတဲက ရှိနေတယ်၊ ရှေးကရှိနေတယ် နော်၊ မြတ်စွာဘုရားက ရှေးက ဟောခဲ့တာ လွန်ခဲ့တဲ့ နှစ် ပေါင်း နှစ်ထောင့်ငါးရာကျော်က ဒီစကား မြတ်စွာဘုရား ဟောခဲ့တာ။(မှန်ပါ)

ဒီတော့ ဒီကနေ့ ဒီဝါဒ ရှိ-မရှိတော့ ဘုန်းကြီး မပြောတတ်ဘူး၊ ရှေးကတော့ ရှိတယ်၊ ဟုတ်လား? (မှန်ပါဘုရား)

ဒီတော့ အဲဒီဝါဒတွေက တဖြည်းဖြည်းနဲ့ ခေတ်ကလဲ အင်မတန် ထွန်းကားလာပြီ မဟုတ်လား၊နော်။ (မှန်ပါ)

မြတ်စွာဘုရား သာသနာတော်ကြီးကလဲ အင်မတန် အောက်တန်း နောက်တန်း ကျလာပြီးတော့, မှေးမှိန်ပြီးတော့ သေးသိမ်နေတဲ့ အချိန်မျိုးမှာ ဒီဝါဒတွေအားလုံး သွင်းလို့ ကောင်းတော့တာပေါ့၊ ဟုတ်လား။ (မှန်ပါ)

လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီတော်တွေကို ဖြည့်ကျင့်ပြီးတော့ ဟောထားတဲ့ မြတ်စွာဘုရား စကားတော်ကို အယုံအကြည် မရှိကြတော့ဘူး၊ ဟုတ်လား။ (မှန်ပါ)

ဟို မနေ့တနေ့ကမှ ပေါ်လာတဲ့ လူတွေရဲ့စကားကျတော့ဖြင့် အောင်မယ်လေး ယုံကြည်လိုက်ကြတာ ခြိမ့်ခြိမ့်ကို မှန်းလို့၊ အဲဒါ သာသနာ ပျက်စီးနေတာဘဲ တနည်းအားဖြင့် ကြည့်မယ်ဆိုရင်နော်။ (မှန်ပါဘုရား)

အဲသလို "ကုသိုလ်ကောင်းမှုတွေပြုလို့ အကျိုးမရှိဘူး"လို့ ယူစွဲတာ ဘာလဲ၊ "ဒိဋ္ဌုပါဒါန်"လို့ ခေါ်ပါတယ်။ "မင်းတို့ အရက်တွေ သောက်ချင်တိုင်းသောက် ဘယ်တော့မှ ဘာမျှ အပြစ်မရှိဘူး" တချို့က ပြောသေးတယ်၊ "အရက်သောက်ပြီး ကိုယ့်ဘာသာ ကိုယ်အေးအေးနေပြီး အိပ်နေရင် ဘာမှ အပြစ်မရှိဘူး"လို့ ဒီလို ပြောသေးတယ် မဟုတ်လား။ (မှန်ပါ)

ပြောအုံးမယ် – ရှေးက ဆရာသမားများ ပြောဘူးတဲ့ ဥပမာလေးတခု။ ဒါကတော့ ပုံပြင်ကလေး သဘောမျိုးပါဘဲ၊ ပါဠိတော်ထဲ, ဘာထဲ တွေ့လို့တော့ မဟုတ်ဘူး။ (မှန်ပါ)

**ဘုရားဖူးသွား ဥပမာ။** ။ရှေးတုန်းက လူတယောက် မြတ်စွာဘုရားကို ဖူးမြင်ရအောင် ဆိုပြီးတော့ သွားတယ်၊ အဲဒီဘုရားမှာလဲ ဘယ်လိုလဲဆိုတော့ မုခ်ပေါက် ငါးပေါက်ရှိတယ်၊ ဘယ်နှစ်ပေါက်ရှိတုံး။ (ငါးပေါက်ပါ ဘုရား)

အဲဒီ မုခ်ပေါက် ငါးပေါက်မှာ စောင့်နေတဲ့ ဒရဝမ်တွေကလဲဘဲ ဘုရားဖူးရန်လာတဲ့လူကို သူ ဘယ့်နှယ်ပြောသလဲဆိုတော့ ပဌမမုခ်ပေါက်တခုကို သွားတော့ အစောင့်က "ခင်ဗျား ဘယ်လဲ"လို့ မေးတယ်၊ "ကျုပ် ဘုရားဖူးချင်လို့ပါ,ဝင်ခွင့်ပြုပါ"လို့ ပြောတော့ "ဒီဘုရားက ဒီလို ဖူးလို့ရတဲ့ဘုရားမျိုး မဟုတ်ဘူး" သူက အင်မတန် ဘုရားဖူးချင်နေပုံပေါ်လို့ "အဲဒီမုခ်ပေါက်က မင်း ဝင်ချင်လို့ရှိရင် သူ့အသက်ကို ရက်ရက်စက်စက် သတ်ပြီးမှ မင်းဝင်ရလိမ့်မယ်"လို့ ပြောလိုက်တယ်၊ ဒီတော့ ဘုရားဖူးချင်တဲ့ ဥပါသကာဒါယကာက "ဩော်-သူများအသက်တော့ ငါ ရက်ရက်စက်စက် မသတ်ချင်တော့ပါဘူး,ဘုရားမဖူးရရင်လဲ နေပါစေတော့လေ"

ဆိုပြီးတော့ သူမျှားအသက် မသတ်တော့ဘဲ ဟိုမုခ်ပေါက်တခုသွားပြန်ရော ဝင်ရမလားလို့၊ ဟိုကျတော့ စောင့်နေတဲ့ ဒရဝမ်က ဘယ့်နှယ် ပြောသလဲဆိုတော့ "မင်း ဘုရားဖူးမလို့လား, ဒီဘုရား ဒီလို မဝင်ရဘူး"။ "နို့ -ဘယ်လို ဝင်ရမလဲ" "ဒီ မုခ်ပေါက်က ဝင်ပြီး ခင်ဗျား ဘုရားဖူးချင်တယ် ဆိုရင် သူမျှား ပစ္စည်းကို ခိုးမှ တိုက်မှ ခင်ဗျားဝင်ရလိမ့်မယ်" အဒိန္နာဒါန်ကြီး ကျူးလွန်ပြီးမှ ဟုတ်လား။

(မှန်ပါ)

ဒီတော့ – ဥပါသကာဒါယကာကြီးက "ခြေဒ်-ဘုရားမျှား တခါဖူးဘို့အရေး သူမျှားပစ္စည်း ခိုးယူပြီးမှ ငါ ဘုရားဖူးရမယ်ဆိုရင်....ကိုင်း ဒီအပေါက်ကလဲ မဝင်ဘူး" ဆိုပြီး သွားပြန်ရော။ ဟိုဘက်မုခ်ပေါက်ကျတော့ "ဘယ်လဲခင်ဗျား"၊ "ဘုရားဖူးမယ်လို့"၊ ဘုရားဖူးမယ်ဆိုတော့ "ကောင်းပြီ ခင်ဗျား ဘုရားဖူးချင်တယ်ဆိုရင် ဒီလိုနဲ့တော့ ဝင်မဖူးရဘူး, ကာမေသုမိစ္ဆာစာရကံကို လွန်ကျူးပြီးမှ ခင်ဗျားဖူးပေတော့"လို့ ပြောလိုက်တယ်။ "ဘယ့်နှယ်လဲ"၊ "မဖြစ်ဘူး"တဲ့၊ "ကာမေသုမိစ္ဆာစာရကံကြီး ငါလွန်ကျူးပြီးမှ ဘုရားဖူးရမယ်ဆိုရင် ကာမေသု-မိစ္ဆာစာရကံကြောင့် ငါ အပါယ်လေးပါးကျလိမ့်မယ်၊အပါယ်လေးပါး ကျပြီးတဲ့နောက် တကတဲ သင်းကွပ်တွေခံရပြီး နောက် ပဏ္ဍုက်တွေ, နပုန်းတွေ,မိန်းမတွေ ဖြစ်ပြီးတော့ အင်မတန် အောက်ကျ နောက်ကျ ဘဝကြီး ငါရောက်ရလိမ့်မယ်၊ ဒီတော့ ကာမေသုမိစ္ဆာစာရကံကြီး ငါမလွန်ကျူးဘူး၊ဘုရားမဖူးရရင် နေပစေ၊ ဒိပြင်"မုခ်ပေါက်"၊ "ဟောဟိုမှာ မုခ်ပေါက်တခု ရှိသေးတယ်၊ မင်း သွားချင် သွားချေဦး"ဆိုတော့ သွားတယ်၊ ခု မုခ်ပေါက် ဘယ်နှစ်ခု ရှိသွားပြီလဲ။

(သုံးခု ရှိသွားပါပြီ ဘုရား)

နောက်တပေါက်ကျတော့ ဘယ့်နှယ်ပြောသလဲဆိုတော့ "ခင်ဗျား ဘာလုပ်လာသလဲ"၊ "ဘုရားဖူးချင်လို့"၊ "ဘုရားဖူးချင်ရင် ကံထိုက်လောက်အောင် ခင်ဗျား မုသာဝါဒ ပြောရမယ်" စတုတ္ထမုခ်ပေါက်က ဘာလုပ်ရမတဲ့လဲ? (မုသာ-ဝါဒ ပြောရမယ်ဘုရား)။

ဟာ – မုသာဝါဒကံ ဆိုတာ သေးသေးလေးမှ မဟုတ်ဘဲ မြေမျိုတဲ့ ကံမျိုး၊ စေတိယမင်းဟာ မုသာဝါဒပြောလို့ မြေမျိုဘူးတယ်၊ ဒီတော့ ဒီလောက်ကြီးတဲ့ မုသာဝါဒကံကို မြတ်စွာဘုရားကလဲ ဟောထားတယ်—

"မုသာဝါဒိနော ပန အကာတဗ္ဗအကုသလကမ္မံ နာမ နတ္ထိ" —

တဲ့၊ "လိမ်ပြောတဲ့ ပုဂ္ဂိုလ်ဟာ မလုပ်ဝံ့တဲ့ အကုသိုလ်ရယ်လို့ မရှိဘူး"တဲ့၊ မြတ်စွာဘုရား ဟောတယ်ဗျ၊ ကျွန်တော် လိမ်မပြောပါရစေနဲ့၊ "မလိမ်ရင် ခင်ဗျား ဒီဘုရား မဖူးရဘူး" "ဒိပြင် တံခါးမုခ်ပေါက် မရှိတော့ဘူးလား"၊ "ရှိသေးတယ် ဟောဟိုမှာ တပေါက် ကျန်သေးတယ်"။ ဘုရားက မုခ်ပေါက်ဘယ်နှစ်ခု ရှိတုံး?

(ငါးခုပါ ဘုရား)

အခု သူ မုခ်ပေါက် ဘယ်နှစ်ပေါက် ရောက်ပြီးခဲ့ပလဲ? (လေးခုပါ ဘုရား)

တခုမှ သူ မဝင်ခဲ့ရဘူး၊ ပဌမမြောက်ဖြစ်တဲ့ မုခ်ပေါက်ကျတော့ "ခင်ဗျား ဘယ်လဲ"၊ "ဟာ–ကျုပ် ဘုရားဖူးချင်လို့"၊ "ဘုရားဖူးချင်ရင် ဟောဒီ သေအရက်ကို သောက်မှ ခင်ဗျား ဘုရားဖူးရမယ်"၊ စိတ်ထဲ ဘယ့်နှယ် တွေးသလဲဆိုတော့ အရက်သောက်ပြီးတော့ ငါ သူများကို ဘယ့်နှယ်မှ မပြောရင် ငါ အကုသိုလ် မဖြစ်ဘူး၊ ငါဒီအရက်သောက်ပြီး ဘုရားဖူးမယ်တဲ့၊ ဘုရားကိုလဲ သိပ်ပြီးဖူးချင်နေတာကိုး၊ ဒီတော့ အဲဒီအရက် သောက်မယ် ဆိုပြီးတော့....ကိုင်း – တိုတိုဘဲ ပြောကြပါစို့၊ အရက်သောက်တာတော့ သူ့စိတ်ထဲ အပြစ် သိပ်ပြီးတော့ ကြီးလိမ့်မယ်လို့ မထင်ဘဲကိုး၊ သုရာမေရယကို "ကိုင်း – သောက်ပါတော့မယ်ဗျာ ခင်ဗျား အဲဒီလို ပြောရင်တော့ဖြင့်"တဲ့၊ ဟုတ်လား? ဘုရားဖူးချင်လွန်းလို့၊ ကိုင်း သောက်မိရော ဆိုပါတော့ အရက်။ အရက်သောက်မိလို့ နဲနဲလေးလဲ မူးသွားတာနဲ့ တပြိုင်နက်ထဲ စိတ်ထဲ ဘယ့်နှယ် ဖြစ်လာသလဲ? ခုနက လိမ်ရမယ့် အပေါက်ကိုလဲ သွားမယ် လိမ်မယ်, ကာမေသုမိစ္ဆာစာရအပေါက်ကိုလဲ သွားအုံးမယ်, အဲဒီမှာ ကာမေသုမိစ္ဆာစာရကံကို သူလွန်ကျူးအုံးမယ်, အရက်က မူးလာပြီကိုး၊ ဟုတ်လား။ (မှန်ပါ)

**အရက်သောက်မှု အပြစ်။** ။မူးလာပြီဆိုတော့ ဘယ့်နှယ်ဖြစ်လာလဲလို့ဆိုတော့ အကြောင်း အကျိုးတွေ အားလုံး သူ မသိတော့ဘူး၊ ခုန ခိုးရမယ်ဆိုဘာကိုလဲ သူခိုးတော့မယ်, သတ်ရမယ်ဆိုတာလဲ သူသတ်တော့မယ်၊ အကုန်လုံး အဲဒီ သိက္ခာပုဒ်လေးခုကို ပြန် လွန်ကျူးပြီးတော့မှ ဘုရားဝင်ဖူးတော့တယ်တဲ့၊ ဟုတ်လား။ (မှန်ပါ)

ဆိုလိုတဲ့အဓိပ္ပါယ်က အရက်သောက်တယ်လို့ဆိုတဲ့ "သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနကံ"ဟာ ဒီကံတခုကို ကျူးလွန်မိရင် ကံအားလုံးကို လွန်ကျူးနိုင်တယ်လို့ ဆိုတဲ့ သက်သေကို ထုတ်ပြတာဘဲ ဟုတ်လား။ (မှန်ပါ)

အဲဒီတော့ "ဒီ ပါဏာတိပါတကံကြီးတွေ, အဒိန္နာဒါနကံကြီးတွေ, ကာမေသုမိစ္ဆာစာရကံတွေ, မုသာဝါဒကံတွေ, သုရာမေရယတွေဆိုတာ မင်းတို့ လုပ်ပေတဲ့ အပြစ်မရှိဘူး" ဆိုတဲ့ ဒီလိုယူထားတဲ့ အယူတွေ ရှိတယ်မဟုတ်လား? (မှန်ပါဘုရား)

အဲဒါ "နတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော"လို့ ဆိုတဲ့ ဒိဋ္ဌုပါဒါန်ကြီးပါဘဲတဲ့၊ ဘယ်အပေါ်မှာ ယူစွဲသလဲ? ခုနက ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ-ကိုမှီပြီးတော့ စွဲတယ်။ ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်နော်။ (မှန်ပါ)

"သီလဗ္ဗတုပါဒါန်"တဲ့၊ **သီလဗ္ဗတုပါဒါန်** ဆိုတာကလဲ ဒိဋ္ဌိဘဲ သူက၊ ဒီ ဒိဋ္ဌိမျိုးက ဘယ်လို ဒိဋ္ဌိမျိုးလဲဆိုတော့ ခေါင်းခေါင်း ပါးပါး ကျင့်သဖြင့် သော်ငင်း၊ လူချမ်းသာကို နတ်ချမ်းသာကိုရဘို့ ကျင့်သဖြင့်သော်ငင်း အဲသလို ကျင့်တဲ့ အကျင့်မျိုးကို သီလဗ္ဗတုပါဒါန်လို့ ခေါ်တယ်။ ဒီအကျင့် ကျင့်မှသာလျှင် ကိုယ်လိုအပ်တဲ့ ကောင်းကျိုး ရရှိနိုင်မယ်လို့ အဲသလို ဖောက်ဖောက် ပြန်ပြန် မှားမှားယွင်းယွင်း ယူစွဲထားပြီး ကျင့်တဲ့ အကျင့်မျိုးကို "သီလဗ္ဗတုပါဒါန်"လို့ ခေါ်တယ်။

## အတ္တဝါဒုပါဒါန်

"အတ္တဝါဒုပါဒါန်"လို့ ဆိုတာကတော့ သက္ကာယဒိဋ္ဌိနှစ်ဆယ်ကို ခေါ်ပါတယ်တဲ့။ ဒီနေရာမှာ သက္ကာယဒိဋ္ဌိနှယ်ဆယ်နဲ့ ပတ်သက်လို့ ပါဠိတော်ကို အကိုးအကား ပြုပြီးတော့ နဲနဲ ဟောပေးအုံးမယ်။ **သက္ကာယဒိဋ္ဌိနှစ်ဆယ်**ဆိုတာ ဘယ်လိုလဲ ဆိုတော့ –

> ဣဓ ဘိက္ခဝေ အဿုတဝါ ပုထုဇ္ဇနော အရိယာနံ အဒဿာဝီ၊ အရိယဓမ္မဿ အကောဝိဒေါ အရိယဓမ္မေ အဝိနီတော၊ သပ္ပုရိသာနံ အဒဿာဝီ၊ သပ္ပုရိသဓမ္မဿ အကောဝိဒေါ၊ သပ္ပုရိသဓမ္မေ အဝိနီတော ရူပံ အတ္တတော သမနုပဿတိ၊ ရူပဝန္တံ ဝါ **အတ္တာနံ**, အတ္တနိ ဝါ ရူပံ, ရူပသ္မိံ ဝါ အတ္တာနံ၊ ဝေဒနံ အတ္တတော **သ**မနုပဿတိ၊ ဝေဒနာဝန္တံ ဝါ အတ္တာနံ, အတ္တနိ ဝါ ဝေဒနံ, ဝေဒနာယ ဝါ အတ္တာနံ၊ သညံ အတ္တတော သမနုပဿတိ၊ သညာဝန္တံ ဝါ အတ္တာနံ, အတ္တနိ ဝါ သညံ, သညာယ ဝါ အတ္တာနံ၊ သင်္ခါရေ အတ္တတော သမနုပဿတိ၊ သင်္ခါရဝန္တံ ဝါ အတ္တာနံ, အတ္တနိ ဝါ သင်္ခါရေ, သင်္ခါရေသု ဝါ အတ္တာနံ၊ ဝိညာဏံ အတ္တတော သမနုပဿတိ၊ ဝိညာဏဝန္တံ ဝါ အတ္တာနံ, အတ္တနိ ဝါ ဝိညာဏံ, ဝိညာဏသ္မိံ ဝါ အတ္တာနံ။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့၊ ဣဓ၊ ဤလောက၌။ အရိယာနံ၊ ဘုရားအစရှိသော အရိယာတို့ကို။ အဒဿာဝီ၊ ဉာဏ်ဖြင့်သိမြင်လေ့မရှိသော။ အရိယဓမ္မဿ၊ သတိပဋ္ဌာန်စသော မြတ်သောတရား၌။ အကောဝိဒေါ၊ မလိမ္မာသော။ အရိယဓမ္မေ၊ အရိယာတို့သိအပ်သောတရား၌။ အဝိနီတော၊ သင်ကြားဆုံးမအပ်ပြီးသူ မဟုတ်သော။ သပ္ပုရိသာနံ၊ ဘုရားအစရှိသော သူတော်ကောင်းတို့ကို။ အဒဿာဝီ၊ ဉာဏ်ဖြင့် သိမြင်လေ့မရှိသော။ သပ္ပုရိသဓမ္မဿ၊ သူတော်ကောင်းတို့ တရား၌။ အကောဝိဒေါ၊ မလိမ္မာသော။ **သပ္ပုရိသဓမ္မေ**၊ သူတော်ကောင်းတရား၌။ အဝိနီတော၊

ဆုံးမပြီးသူမဟုတ်သော။ အဿုတဝါ၊ အကြားအမြင်မရှိသော။ ပုထုဇ္ဇနော၊ များသော ကိလေသာဒုစရိုက် ဖြစ်ခွင့်ရှိသော ပုဂ္ဂိုလ်သည်—

(၁) ရူပံ၊ ရုပ်တရားကို။ အတ္တတော၊ အတ္တဟူ၍၊ ဝါ-သတ္တဝါကောင်ဟူ၍၊ ဝါ-သတ္တဝါကောင်၏အဖြစ်ဖြင့်။ သမနုပဿတိ၊ အဖန်ဖန်ရှု၏။

(၂) အတ္တာနံ၊ သတ္တဝါဟူသော အတ္တကို။ ရူပဝန္တံဝါ၊ ရုပ်ရှိ၏ဟူ၍သော်လည်း။ သမနုပဿတိ၊ အဖန်ဖန်ရှု၏။

(၃) အတ္တနိ၊ သတ္တဝါကောင်ဟူသော အတ္တ၌။ ရူပံဝါ၊ ရုပ်ဟူ၍သော်လည်း။ သမနုပဿတိ၊ အဖန်ဖန်ရှု၏။

(၄) ရူပသ္မိံ၊ ရုပ်တရား၌။ အတ္တာနံဝါ၊ အတ္တကောင် သတ္တဝါကောင်ဟူ၍လည်း။ သမနုပဿတိ၊ အဖန်ဖန်ရှု၏။

(၁) ဝေဒနံ၊ ခံစားမှုဝေဒနာကို။ အတ္တတော၊ အတ္တဟုဆိုအပ်သော သတ္တဝါကောင်ဟူ၍။ သမနုပဿတိ၊ အဖန်ဖန်ရှု၏။

(၂) အတ္တာနံ၊ သတ္တဝါဟူသောအတ္တကို။ ဝေဒနာဝန္တံဝါ၊ ခံစားမှု ဝေဒနာရှိ၏ဟူ၍သော်လည်း။ သမနုပဿတိ၊ အဖန်ဖန်ရှု၏။

(၃) အတ္တနိ၊ သတ္တဝါကောင်ဟူသော အတ္တ၌။ ဝေဒနံဝါ၊ ခံစားမှုဝေဒနာဟူ၍သော်လည်း။ သမနုပဿတိ၊ အဖန်ဖန်ရှု၏။

(၄) ဝေဒနာယ၊ ခံစားမှုဝေဒနာ၌။ အတ္တာနံဝါ၊ အတ္တကောင် သတ္တဝါကောင်ဟူ၍လည်း။ သမနုပဿတိ၊ အဖန်ဖန်ရှု၏။

(၁) သညံ၊ မှတ်သားမှုသညာတရားကို။ အတ္တတော၊ အတ္တကောင် သတ္တဝါကောင်ဟူ၍။ သမနုပဿတိ၊ အဖန်ဖန်ရှု၏။

(၂) အတ္တာနံ၊ သတ္တဝါဟူသော အတ္တကို။ သညာဝန္တံဝါ၊ မှတ်သားမှုသညာရှိ၏ဟူ၍သော်လည်း။ သမနုပဿတိ၊ အဖန်ဖန်ရှု၏။

(၃) အတ္တနိ၊ သတ္တဝါကောင်ဟူသော အတ္တ၌။ သညံဝါ၊ မှတ်သားမှုသညာဟူ၍သော်လည်း။ သမနုပဿတိ၊ အဖန်ဖန်ရှု၏။

(၄) သညာယ၊ မှတ်သားမှုသညာတရား၌။ အတ္တာနံဝါ၊ အတ္တကောင် သတ္တဝါကောင်ဟူ၍သော်လည်း။ သမနုပဿတိ၊ အဖန်ဖန်ရှု၏။

(၁) သင်္ခါရေ၊ ပြုလုပ်တတ်သော သင်္ခါရတရားတို့ကို။ အတ္တတော၊ အတ္တကောင်သတ္တဝါကောင်ဟူ၍။ သမနုပဿတိ၊ အဖန်ဖန်ရှု၏။

(၂) အတ္တာနံ၊ သတ္တဝါကောင်ဟူသောအတ္တကို။ သင်္ခါရဝန္တံဝါ၊ ပြုလုပ်မှု သင်္ခါရရှိ၏ဟူ၍သော်လည်း။ သမနုပဿတိ၊ အဖန်ဖန်ရှု၏။

(၃) အတ္တနိ၊ သတ္တဝါကောင် ဟူသော အတ္တ၌။ သခ်ါရေဝ၊ ပြုလုပ်မှု သခ်ါရတို့ဟူ၍သော်လည်း။ သမနုပဿတိ၊ အဖန်ဖန်ရှု၏။

(၄) သခ်ါရေသု၊ ပြုလုပ်မှုသခ်ါရတရားတို့၌။ အတ္တာနံဝ၊ အတ္တကောင် သတ္တဝါကောင်ဟူ၍သော်လည်း။ သမနုပဿတိ၊ အဖန်ဖန်ရှု၏။

(၁) ဝိညာဏံ၊ သိမှုဝိညာဉ်တရားကို။ အတ္တတော၊ အတ္တကောင် သတ္တဝါကောင်ဟူ၍။ သမနုပဿတိ၊ အဖန်ဖန်ရှု၏။

(၂) အတ္တာနံ၊ သတ္တဝါကောင်ဟူသော အတ္တကို။ ဝိညာဏဝန္တံဝါ၊ သိမှုဝိညာဉ်ရှိ၏ဟူ၍သော်လည်း။ သမနုပဿတိ၊ အဖန်ဖန်ရှု၏။

(၃) အတ္တနိ၊ သတ္တဝါကောင်ဟူသော အတ္တ၌။ ဝိညာဏံဝါ၊ သိမှုဝိညာဉ်ဟူ၍သော်လည်း။ သမနုပဿတိ၊ အဖန်ဖန်ရှု၏။

(၄) ဝိညာဏသ္မိံ၊ သိမှုဝိညာဉ်၌။ အတ္တာနံဝါ၊ အတ္တကောင်သတ္တဝါကောင်ဟူ၍သော်လည်း။ သမနုပဿတိ၊ အဖန်ဖန်ရှု၏။

အဓိပ္ပါယ်က ဘယ်လိုလဲဆိုတော့——ဒီလောကမှာ ဘုရားအစရှိတဲ့ အရိယာသူတော်ကောင်းတို့ကို မဖူးမြင်မဆည်းကပ်မူ၍ တရားထူးတရားမြတ်ကို မနာကြားရတဲ့အတွက် သူတော်ကောင်းတို့၏ တရားတော်၌ မလိမ္မာ မကျွမ်းကျင်ဘဲ ဘုရားအစရှိသော အရိယာ သူတော်စင် သူတော်မြတ်တို့ရဲ့ ဆုံးမည္ႊန်ကြားမှုကို မရရှိသောကြောင့် မလိမ္မာ မယဉ်ကျေးသော အန္ဓဗာလ ပုထုဇဉ်သည် "ရုပ်သည်ပင်လျှင် အတ္တကောင်သတ္တဝါကောင်ဖြစ်တယ်"ဟု ရုပ်နှင့် အတ္တခေါ် သတ္တဝါကောင်ကို မခွဲခြားဘဲ အတူတူဘဲလို့ရှုတယ်။ ဥပမာ ဘယ်လိုလဲဆိုရင် မီးရောင်နှင့်မီးလျှံ အတူတူဖြစ်တယ်လို့ ထင်မှားသလိုဘဲတဲ့။ အမှန်ကတော့ မီးရောင်နှင့်မီးလျှံဟာ တခြားစီဖြစ်ပါတယ်။ ထို့အတူ ရုပ်နဲ့သတ္တဝါကောင်နဲ့လဲ တခြားစီပါဘဲ၊ အဲဒါကို အတူတူလို့ ရှုနေပါတယ်တဲ့။ ဒီနေရာမှာ အဋ္ဌကထာက ဘာပြသလဲ ဆိုတော့——

ဣဓေကစ္စော ရူပံ အတ္တတော သမနုပဿတိ "ယံ ရူပံ၊ သော အဟံ၊ ယော အဟံ၊ တံ ရူပ"န္တိ၊ ရူပဉ္စ အတ္တဉ္စ အဒွယံ သမနုပဿတိ။

ဣဓ၊ ဤလောက၌။ ဧကစ္စော၊ အချို့သောသူသည်။ ရူပံ၊ ရုပ်ကို။ အတ္တတော၊ သတ္တဝါကောင်ဟူ၍။ သမနုပဿတိ၊ ရှု၏။ (ဘယ်လို ရှုသလဲ ဆိုတော့) ယံ ရူပံ၊ အကြင်ရုပ်သည်။ သောအဟံ၊ ထိုငါပင်တည်း။ ယော အဟံ၊ အကြင်ငါသည်။ တံရူပံ၊ ထိုရုပ်ပင်တည်း။ ။ဣတိ၊ ဤသို့။ ရူပဉ္စ၊ ရုပ်ကိုလည်းကောင်း။ အတ္တဉ္စ၊ သတ္တဝါကောင်ကိုလည်းကောင်း။ အဒွယံ၊ နှစ်ခုမပြုမူ၍၊ ဝါ·တခုထဲ့ တသားထဲ ဟူ၍။ သမနုပဿတိ၊ ရှု၏·တဲ့။

"ရုပ်ဟာ ငါဆိုတဲ့သတ္တဝါကောင်ဘဲ၊ ငါဆိုတဲ့သတ္တဝါကောင်ဟာ ရုပ်တရားဘဲ"လို့ ဒီလို ထပ်တူရှုတာကို "ရူပံ အတ္တတော သမနုပဿတိ"လို့ ခေါ်ပါတယ်တဲ့။ ဒီနေရာမှာ အဋ္ဌကထာက ဥပမာတခုပြထားပါတယ်။ ဘယ်လိုလဲဆိုတော့–

> သေယျထာပိ နာမ တေလပ္ပဒီပဿ ဈာယတော "ယာ အစ္စိ၊ သော ဝဏ္ဏော။ ယော ဝဏ္ဏော၊ သာ အစ္စိ"တိ အစ္စိဉ္စ ဝဏ္ဏဉ္စ အဒ္ဒယံ သမနုပဿတိ၊ ဧဝမေဝ ဣဓေကစ္စော ရူပံ အတ္တတော သမနုပဿတိ။ပ။ အဒ္ဒယံ သမနုပဿတီတိ ဧဝံ ရူပံ အတ္တာတိ ဒိဋ္ဌိပဿနာယ ပဿတိ——

လို့ ပြဆိုထားပါတယ်။

အဓိပ္ပါယ်အကျဉ်းချုပ်ကတော့ မီးရောင်နှင့်မီးတောက်မီးလျှံကို အတူတူဟု မှတ်သားသကဲ့သို့ ရုပ်နှင့်အတ္တဟူသော သတ္တဝါကောင်ကို အတူတူ တထပ်ထဲဟု မှတ်သားမှုကို "ရုပ်ကို အတ္တဟု မှားသော ရှုမြင်ခြင်းဖြင့် ရှုမြင်တယ်"လို့ ဆိုလိုတယ်။

"ရူပဝန္တံ ဝါ အတ္တာနံ"ဆိုတာကတော့——

> အရူပံ အတ္တာတိ ဂဟေတွာ ဆာယာဝန္တံ ရုက္ခံ ဝိယ တံ အတ္တာနံ ရူပဝန္တံ သမနုပဿတိ——

လို့ အဋ္ဌကထာက ညွှန်ပြပါတယ်။

အရူပံ၊ ဝေဒနာသညာသင်္ခါရဝိညာဉ်ဆိုတဲ့ နာမ်တရားကို။ အတ္တာ၊ အတ္တခေါ် သတ္တဝါကောင်တည်း။ ဣတိ၊ ဤသို့။ ဂဟေတွာ၊ မှားသောအားဖြင့် စွဲယူ၍။ ဆာယာဝန္တံ၊ အရိပ်ရှိသော။ ရုက္ခံဝိယ၊ သစ်ပင်ကဲ့သို့။ တံအတ္တာနံ၊ ထိုသတ္တဝါကောင်ဟူသော အတ္တကို။ ရူပဝန္တံ၊ ရုပ်ရှိ၏ဟူ၍။ သမနုပဿတိ၊ မှားသောအားဖြင့် အဖန်ဖန်ရှု၏။

အဓိပ္ပါယ်ကတော့ ဝေဒနာ,သညာ-စတဲ့ နာမ်တရားတွေကို အတ္တခေါ် သတ္တဝါကောင်ဘဲလို့ မှားသောအားဖြင့် ယူစွဲပြီးတော့ "အရိပ်ရှိသော သစ်ပင်"ဆိုသလို ဝေဒနာစသော နာမ်တရားတို့ကို အတ္တခေါ် သတ္တဝါကောင်လို့ အမှားယူစွဲထားတဲ့ အတ္တကို ရုပ်ရှိတယ်လို့ မှားသောအားဖြင့် အဖန်ဖန်ရှုနေတာ, ယူစွဲနေတာကို "ရူပဝန္တံ ဝါ အတ္တာနံ"လို့ ခေါ်ပါတယ်တဲ့။

"အတ္တနိ ဝါ ရူပံ"ဆိုတာကတော့——

> အရူပမေဝ အတ္တာတိ ဂဟေတွာ ပုပ္ဖသ္မိံ ဂန္ဓံ ဝိယ အတ္တနိ ရူပံ သမနုပဿတိ–တဲ့။

အရူပမေဝ၊ ဝေဒနာစသော နာမ်တရားသည်ပင်။ အတ္တာ၊ သတ္တဝါကောင် အတ္တကောင်တည်း။ ဣတိ၊ ဤသို့။ ဂဟေတွာ၊ အမှားစွဲယူ၍။

ပုပ္ဖသ္မိံ၊ ပန်း၌။ ဂန္ဓံဝိယ၊ အနံ့ကဲ့သို့။ အတ္တနိ၊ အတ္တ၌။ ရူပံ၊ ရုပ်ဟူ၍။ သမနုပဿတိ၊ မှားသောအားဖြင့် အဖန်ဖန်ရှု၏။

အဓိပ္ပါယ်ဆိုလိုရင်းကတော့ ပန်းသည်အနံ့မဟုတ်၊ အနံ့ကလဲပန်းမဟုတ်၊ အနံ့နှင့်ပန်း မတူ၊ အနံ့ကတခြား ပန်းကတခြားလို့ သိတဲ့သူဟာ အနံ့ကို ပန်းရဲ့အနံ့ဟု ယူဆဘိသကဲ့သို့ ရုပ်ကတခြား ဝေဒနာစသော နာမ်အတ္တကောင်က တခြားလို့ ရုပ်နှင့်ဝေဒနာစသောအတ္တကောင် အရ မတူဟု သိသောသူသည် ရုပ်ကို ဝေဒ-နာစသော နာမ်အတ္တကောင်၌ မှားသောအားဖြင့် ရှုတာကို "အတ္တနိ ဝါ ရူပံ" လို့ ခေါ်ပါတယ်တဲ့။

"ရူပသ္မိံ ဝါ အတ္တာနံ"ကျတော့လဲ ထို့အတူဘဲ——

အရူပမေဝ အတ္တာတိ ဂဟေတွာ ကရဏ္ဍာယ မဏိံ ဝိယ အတ္တာနံ ရူပသ္မိံ သမနုပဿတိ။

အရူပမေဝ၊ နာမ်တရားကိုသာလျှင်။ အတ္တာ၊ သတ္တဝါကောင်, အတ္တကောင်တည်း။ ဣတိ၊ ဤသို့။ ဂဟေတွာ၊ မှားသောအားဖြင့် ယူစွဲ၍။ ကရဏ္ဍာယ၊ ကြုတ်၌။ မဏိံဝိယ၊ ပတ္တမြားကဲ့သို့။ အတ္တာနံ၊ နာမ်တရားဟူသော အတ္တကောင်ကို။ ရူပသ္မိံ၊ ရုပ်၌။ သမနုပဿတိ၊ မှားသောအားဖြင့် အဖန်ဖန်ရှု၏။

အဲဒီအဓိပ္ပါယ်က ဘာကို ပြောလိုတာလဲဆိုတော့ ကြုတ်သည် ပတ္တမြားမဟုတ်၊ ပတ္တမြားသည် ကြုတ်မဟုတ်၊ ပတ္တမြားနှင့်ကြုတ်ကို တခြားစီ, တခုစီလို့ သိနေတဲ့သူဟာ ပတ္တမြားကို ကြည့်လိုက်တဲ့အခါ ကြုတ်ထဲက ပတ္တမြားဘဲလို့ သိနေသလို ရုပ်နှင့် ဝေဒနာစသော နာမ်အတ္တကောင်ဟာ မတူပါကလားလို့ သိနေသောသူသည် ဝေဒနာစသောနာမ်ကို အတ္တကောင်လို့ အမှားစွဲယူပြီး တော့ အဲဒီအတ္တကို "ရုပ်၌ ဒီဝေဒနာစသော နာမ်အတ္တကောင် သတ္တဝါကောင် ရှိတယ်လို့" မှားသောအားဖြင့် ရှုမြင်ယူဆသည်ကို "ရူပသ္မိံ ဝါ အတ္တာနံ"ဟု ခေါ်ပါတယ်လို့ အဋ္ဌကထာဆရာက ညွှန်ပြပါတယ်။

ခုပြောခဲ့တဲ့ လေးခုစလုံးကို ခြုံကြည့်လိုက်ရင် ပဌမအစွဲက ရုပ်နှင့် အတ္တကောင်, သတ္တဝါကောင်ကို အရအတူတူဘဲလို့ မှားသောအားဖြင့် စွဲယူတယ်၊ နောက် အစွဲသုံးခုကတော့ ရုပ်နှင့် အတ္တကောင် သတ္တဝါကောင်ကို အရမတူဘဲ တခြားစီလို့ မှားသောအားဖြင့် စွဲယူတယ်။

"ဝေဒနံ အတ္တတော သမနုပဿတိ"စသည်တို့မှာလဲ ထို့အတူဘဲ ရုပ်မှာ စွဲယူသကဲ့သို့ စွဲယူပုံကို သိရမယ်။

ဒီနေရာမှာ "ရူပံ အတ္တတော သမနုပဿတိ"လို့ ရုပ်ကို အတ္တလို့စွဲတယ်ဆိုတာ ရုပ်ကိုသာ အတ္တလို့စွဲတာပါတဲ့၊ ကျန်တဲ့ "ရူပဝန္တံ ဝါ အတ္တာနံ၊ အတ္တနိ ဝါ ရူပံ၊ ရူပသ္မိံ ဝါ အတ္တာနံ၊ ဝေဒနံ အတ္တတော၊ သညံ၊ သင်္ခါရေ၊ ဝိညာဏံ အတ္တတော သမနုပဿတိ"လို့ ဆိုတဲ့ ခုနစ်ဌာနမှာ အမှားယူစွဲတာကတော့ ဝေဒနာစတဲ့နာမ်တရားတွေကို အတ္တခေါ် သတ္တဝါကောင်လို့ အယူအစွဲမှားတယ်လို့ မှတ်ရမယ်။

"ဝေဒနာဝန္တံ ဝါ အတ္တာနံ"ရယ်, "အတ္တနိ ဝါ ဝေဒနံ"ရယ်, "ဝေဒနာယ ဝါ အတ္တာနံ"ရယ် သုံးခုနဲ့ နာမ်ခန္ဓာလေးပါးမှာ ခုပြောခဲ့သလိုဘဲ သုံးခုစီဆိုတော့ တဆယ့်နှစ်ဌာနရှိတယ်၊ အဲဒီ တဆယ့်နှစ်ဌာနကတော့ ရုပ်ရော နာမ်ရော ပေါင်းပြီးတော့ အတ္တကောင်, သတ္တဝါကောင်လို့ အမှားယူစွဲပုံကိုပြဆိုပါတယ်။

ဥစ္ဆေဒဒိဋ္ဌိ။ ။ဒီနေရာမှာ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်-လို့ဆိုတဲ့ ငါးဌာနမှာ အတ္တကောင်, သတ္တဝါကောင်လို့ အမှားယူစွဲတာကိုတော့ "ဥစ္ဆေဒဒိဋ္ဌိ"လို့ ခေါ်ပါတယ်။

သဿတဒိဋ္ဌိ။ ။ကျန်ဘဲ့ "ရူပဝန္တာနံ အတ္တာနံ, အတ္တနိ ဝါ ရူပံ, ရူပသ္မိံ ဝါ အတ္တာနံ, ဝေဒနာဝန္တံ ဝါ အတ္တာနံ, အတ္တနိ ဝါ ဝေဒနံ, ဝေဒနာယ ဝါ အတ္တာနံ"စတဲ့ သညာ, သင်္ခါရ, ဝိညာဉ်-တို့ကို ပေါင်းလိုက်ရင် တဆယ့်ငါးဌာနရှိတယ်၊ အဲဒီ တဆယ့်ငါးဌာနမှာ သတ္တဝါကောင်, အတ္တကောင်လို့ အမှားယူစွဲတာကိုတော့ "သဿတဒိဋ္ဌိ"လို့ ခေါ်ပါတယ်။

ဘဝဒိဋ္ဌိ။ ။အဲဒီ သဿတဒိဋ္ဌိ တဆယ့်ငါးပါးကို "ဘဝဒိဋ္ဌိ"လို့ မှတ်သားရမယ်။

ဝိဘဝဒိဋ္ဌိ။ ။ကျန်တဲ့ ငါးဌာနမှာ အယူအစွဲမှားတာကိုတော့ "ဝိဘဝဒိဋ္ဌိ"လို့ မှတ်သားရမယ်။

"န ရူပံ အတ္တတော သမနုပဿတိ"ဆိုတဲ့ အပိုင်းကျတော့ ရုပ်ကို သတ္တဝါကောင် အတ္တကောင်လို့ မယူစွဲဘူး၊ ရုပ်ကို အနိစ္စ, ဒုက္ခ, အနတ္တလို့ အမှန်ကို ယူတော့တယ်၊ ကျန်တဲ့ နာမ်ခန္ဓာတွေမှာလဲ ထို့အတူဘဲ အတ္တကောင်, သတ္တဝါကောင်လို့ အမှားကို မယူစွဲတော့ဘဲ နာမ်ခန္ဓာတွေကို အနိစ္စ, ဒုက္ခ, အနတ္တလို့ မှန်ကန်သော ဉာဏ်အမြင်ဖြင့် အယူမှန်ကို ရရှိတော့တယ်လို့ အဋ္ဌကထာဆရာများက အဲဒီလို ဖွင့်ထားတယ်။

ဥပါဒါန်တရားကိုယ်။ ။ဒီနေရာမှာ ဥပါဒါန်လေးပါးကို တရားကိုယ်ပြန်ကောက်တဲ့အခါ ဘာတွေရသလဲဆိုတော့ တဏှာ, ဒိဋ္ဌိ နှော်။ (မှန်ပါ)။

အဲဒီ တဏှာဒိဋ္ဌိတို့ဖြင့် ခန္ဓာငါးပါးအပေါ်မှာ စွဲလမ်းနေတာကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က "ဝိနယေထ၊ ပယ်ဖျောက်ပစ်ရမယ်"တဲ့ အဲဒီလို မပယ်ဖျောက်နိုင်ရင် ဘာဖြစ်မလဲ?

"ယံ ယဉှိ လောကသ္မိံ မုပါဒိယန္တိ"

ဟိ၊ မှန်၏။ လောကသ္မိံ၊ ခန္ဓာငါးပါး တည်းဟူသော လောက၌။ ယံယံ၊ အကြင်အကြင် ကမ္မာဘိသင်္ခါရလို့ခေါ်တဲ့ ကုသိုလ်ကံ အကုသိုလ်ကံကို။ ဥပါဒိယန္တိ၊ တဏှာဒိဋ္ဌိတို့ဖြင့် ဥပါဒါန်အနေအားဖြင့် စွဲလမ်းကြလေကုန်တော့၏။

ခုနကပြောခဲ့တဲ့ ဥပါဒါန်တွေကို မပယ်ဖျောက်နိုင်ဘူးဆိုရင် ကုသိုလ်ကံပေါ်မှာလဲဘဲ ဥပါဒါန်တွေစွဲတော့တာဘဲ၊ အကုသိုလ်ကံပေါ်မှာလဲဘဲ ဥပါဒါန်တွေစွဲတော့တာဘဲတဲ့။ ကိုင်း ကံဆိုတာ ဘာတွေလဲ-ကိုယ်အမူအရာနဲ့လုပ်တဲ့ကာယကံ, နှုတ်အမူအရာနဲ့ ပြောတဲ့ဝစီကံ, စိတ်အမူအရာနဲ့ ကြံစည်တဲ့မနောကံ ရှိမနေဘူးလား။ (ရှိနေပါတယ်ဘုရား)။

အဲဒီကံတွေကို ဘယ်နှယ် စွဲထားသလဲလို့ဆိုတော့ ငါတော့ ဒီကုသိုလ်ကံကို လုပ်ရင် နောင်ဘဝမှာ ကောင်းကျိုးချမ်းသာတွေ ခံစားရတော့မယ်၊ အဲဒီ ကောင်းကျိုးချမ်းသာကြီး ခံစားဘို့လို့ ဆိုပြီးတော့ ကုသိုလ်ကောင်းမှုကို လုပ်သည်ဖြစ်သောကြောင့် ဥပါဒါန်စွဲ၊ နော်။ (မှန်ပါ)။

ကံနဲ့ဥပါဒါန်နဲ့ပေါင်းရင် ဘာဖြစ်သလဲ၊ ကံကိုကံ၏အတိုင်းထားနော်၊ ကံဟာ မျိုးစေ့နဲ့တူတယ်၊ အဲဒီကံတည်းဟူသော မျိုးစေ့ကလေးကို ဥပါဒါန်မစွဲဘူးဆိုရင် အပင်ပေါက်နိုင်ပါ့မလား။ (မပေါက်နိုင်ပါဘုရား)။

ဥပါဒါန်လို့ခေါ်တဲ့ ရေတွေလောင်းပေးပြီးတော့ ရုပ်လို့ခေါ်တဲ့မြေပေါ်မှာ ချလိုက်ရင် မျိုးစေ့ ဘာဖြစ်လာလဲ။ (ပေါက်လာမယ်ဘုရား)။

အဲဒီတော့ ဒီမျိုးစေ့ဟာ ရေမလောင်းမချင်း သူ ပေါက်မလား, မပေါက်ဘူးလား? (မပေါက်ပါဘုရား)။

ရေက ဘာနဲ့တူသလဲဆိုတော့ ဥပါဒါန်နဲ့တူတယ်၊ ခုနက ကမ္မာဘိသင်္ခါရကို ဥပါဒါန်လို့ခေါ်တဲ့ တဏှာစွဲ, မာနစွဲ, ဒိဋ္ဌိစွဲလို့ခေါ်တဲ့ အစွဲကလေး ဒီကံကို စွဲလမ်းမယ်ဆိုရင် ဒီကံဟာ ဘာဖြစ်မလဲ။

"တေနေဝ မာရော အန္ဝေတိ ဇန္တုံ"

တေနေဝ၊ ထိုဥပါဒါန်စွဲလမ်းတယ်လို့ဆိုတဲ့ ကံကြောင့်သာလျှင်။ ဝါ၊ ဥပါဒါန်နဲ့ ပေါင်းတယ်ဆိုတဲ့ ကုသိုလ်ကံ, အကုသိုလ်ကံကြောင့်သာလျှင်။

မာရော၊ နောက်ထပ်တဖန် ပဋိသန္ဓေနေရသဖြင့် ရလာတယ်ဆိုတဲ့ ခန္ဓမာရ် သည်။ (ခန္ဓမာရ်=ဝိညာဉ်, နာမ်, ရုပ်၊ သူ့ကို ဘာလို့ခေါ်သလဲ၊ ခန္ဓ မာရ်လို့ ခေါ်တယ်နော်၊ ဘာပြုလို့ ခန္ဓမာရ်လို့ ခေါ်သလဲဆိုတော့ ဖြစ်ခြင်း, ပျက်ခြင်း၌ သွားပြီးတော့ ပေါင်းကြ, စုကြသည်ဖြစ်သောကြောင့် သူ့ကို ခန္ဓမာရ်လို့ ခေါ်တယ်။) ဇန္တုံ၊ သတ္တဝါကို။ အန္ဝေတိ၊ အစဉ်လိုက်၍နေလေ တော့၏။

သတ္တဝါကို တခါထဲ အစဉ်လိုက်နေတော့တာဘဲ တဲ့။ သတ္တဝါကို အဲဒီ ကံတွေဟာ, ဒီခန္ဓာဟာ သတ္တဝါကို အစဉ်လိုက်ပြီးတော့ သူ နှိပ်စက်တော့တာဘဲ၊ သတ္တဝါတွေကို ဒီကံတွေက နှိပ်စက်နေတယ်။ ခုနပြောခဲ့တဲ့ ခန္ဓာတွေ နှိပ်စက် နေတယ်ဆိုတာ ဘယ်လို နှိပ်စက်နေတာလဲ၊ "အို, နာ, သေ"လို့ ဆိုတဲ့ ဒီသုံးလုံးနဲ့ နှိပ်စက်နေတယ်။　　(မှန်ပါ)။

မြင်အောင်ကြည့်၊ ဟုတ်လား?　　(မှန်ပါ)။

ဇရာမရဏ နော်။　　(မှန်ပါ)။

ရှိနေသလား, ရှိမနေဘူးလား ပဋိစ္စသမုပ္ပါဒ်မှာ?　　(ရှိနေပါတယ်ဘုရား)။

အဲဒီဇရာမရဏဟာ ဘာပြုလို့ ရှိနေသလဲ,အဲဒီ အို-နာ-သေ-ဟာ ဘာကြောင့် ရှိနေသလဲ ၊ပဋိသန္ဓေရှိနေလို့ ဇာတိ၊ အဲဒီ ဇာတိ ဘာကြောင့်ရှိနေသလဲ၊ ကမ္မ- ဘဝရှိနေလို့၊ ဟုတ်လား?　　(မှန်ပါ)။

အဲဒီ ကမ္မဘဝလဲ ဘာကြောင့်လဲ၊ ဩော်-သူက ဥပါဒါန်ရှိနေတဲ့အတွက်၊ အဲဒီဥပါဒါန်နဲ့ ကမ္မဘဝတွဲပြီးတော့ ဘာလုပ်လိုက်သလဲဆိုတော့ ပဋိသန္ဓေအကျိုး ပေးလိုက်တော့ ဘာရလာသလဲ၊ ခန္ဓမာရ်ခေါ်တဲ့ ခန္ဓာ ရမလာဘူးလား? (ရလာပါတယ်ဘုရား)။

ဒီ ခန္ဓာရလာတာဟာ သုခလား, ဒုက္ခလား?　　(ဒုက္ခပါဘုရား)။

အို, နာ, သေ-ဆိုတဲ့ ဒုက္ခကြီးကို ရလာတာ၊ ဒါကြောင့် သတ္တဝါတွေကို လိုက်ပြီးတော့ နှိပ်စက်နေတာ။ ဘယ်သူနှိပ်စက်နေသလဲလို့ဆိုတော့ ဒီပါဠိတော် အရ ပြောမယ်ဆိုရင် ဥပါဒါန်နဲ့တွဲထားတဲ့ ကမ္မာဘိသင်္ခါရကနှိပ်စက်နေတာဘဲတဲ့ ပဋိသန္ဓေမျိုးစေ့ချချပေးပြီးတော့၊ ဟုတ်လား?　　(မှန်ပါဘုရား)။

ဒါဖြင့် အဲဒီပဋိသန္ဓေမျိုးစေ့ချပေးပုံကို ခုဟောပေးခဲ့တဲ့အတိုင်း အဲဒီအခြင်း အရာအားဖြင့် သိလာတဲ့ မြတ်စွာဘုရား၏ တပည့်သာဝကဖြစ်တဲ့ ဝိပဿနာ ယောဂါဝစရ အမျိုးကောင်းသား, အမျိုးကောင်းသမီးများက ဘယ်လိုလဲ၊ ရှေ့ကျတော့ မြတ်စွာဘုရားက ဂါထာတပုဒ်ဆက်ပြီးတော့ ဟောပေးမယ်၊ နော်။ (မှန်ပါ)။

## ဒုတိယတရားတော် ဂါထာ

**တသ္မာ ပဇာနံ န ဥပါဒိယေထ၊**
**ဘိက္ခု သတော ကိဉ္စနံ သဗ္ဗလောကေ။**
**အာဒါနသတ္တေ ဣတိ ပေက္ခမာနော၊**
**ပဇံ ဣမံ မစ္စုဓေယျေ ဝိသတ္တံ။**

ဘဒြာဝုဓ၊ ဘဒြာဝုဓ။ တသ္မာ၊ ထိုသို့ ကမ္မာဘိသင်္ခါရဆိုတဲ့ တရားသည် ဥပါဒါန်နဲ့ပေါင်းပြီးတော့ ခန္ဓမာရ်လို့ခေါ်တဲ့ ပဋိသန္ဓေအကျိုးကို ပေးသော အားဖြင့် ခန္ဓာငါးပါးလို့ခေါ်တဲ့ ခန္ဓမာရ်ကို ရတဲ့ ဇာတိ,ဇရာ,မရဏ တို့ဖြင့် နှိပ်စက်တယ်ဆိုတဲ့ အာဒီနဝတွေကြောင့်။ တေသံ၊ ထိုသင်္ခါရတရားတို့၏။ အာဒီနဝံ၊ အနိစ္စ, ဒုက္ခ, ဝိပရိဏာမလို့ခေါ်တဲ့ အာဒီနဝကို။ ပဇာနံ ပဇာနန္တော၊ ကောင်းစွာသိသော။ ဝါ-ဝိပဿနာဉာဏ်ဖြင့်သိသော။

ခန္ဓာငါးပါးကို ရှုပြီးတော့ နေတဲ့အခါမှာ ဘာတွေ တွေ့သလဲ၊ အနိစ္စ, ဒုက္ခ, ဝိပရိဏာမလို့ခေါ်တဲ့ ဝိပဿနာဉာဏ် တွေ့မနေဘူးလား? (တွေ့ပါတယ် ဘုရား)။ ဒါကို ပညာလို့ခေါ်တယ်။

သတော၊ အာရုံ၌ကပ်၍ထင်ရှားသော သတိရှိသော။ ဘိက္ခု၊ ဝိပဿနာ ကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်သော အမျိုးကောင်းသား, အမျိုးကောင်း သမီးသည်။

ဝိပဿနာပညာနဲ့ ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်များက ဘယ်လိုမြင်နေသလဲလို့ ဆိုတော့ မြင်ပုံကို မြတ်စွာဘုရားက ပြတယ်။

မစ္စုဓေယျေ ဝိသတ္တံ၊ သေခြင်း၏ တည်ရာဖြစ်သော ခန္ဓာငါးပါးကို တဏှာဒိဋ္ဌိတို့ဖြင့် ကပ်ငြိ၍နေသော။ ဣမံ ပဇံ၊ ဤသတ္တဝါအပေါင်းကို။ အာဒါနသတ္တေ၊ တဏှာဒိဋ္ဌိတို့ဖြင့် ခန္ဓာငါးပါးတို့ကို စွဲယူ၍နေကြကုန်သော သတ္တဝါတို့ဟူ၍။ ပေက္ခမာနော၊ ကောင်းစွာထင်ထင် ရှုမြင်နိုင်သည်ဖြစ်၍။ သဗ္ဗလောကေ၊ အလုံးစုံသော အတိတ်, အနာဂတ်, ပစ္စုပ္ပန်, ကာလသုံးပါး၌ ဖြစ်သော ခန္ဓာလောက၌။ ဝါ-အလုံးစုံသော ကာမလောက, ရူပလောက, အရူပလောက၌၊ ဝါ-အလုံးစုံသော ကုသိုလ် အကုသိုလ် အဗျာကတလို့ဆိုတဲ့ လောက၌၊ ဝါ- အလုံးစုံသော ရူပဓာတ်, အရူပဓာတ်, ကာမဓာတ်လို့ ခေါ်တဲ့ လောက၌၊ ဝါ-အလုံးစုံသော သုခဝေဒနာ, ဒုက္ခဝေဒနာ, အဒုက္ခမသုခဝေဒနာလို့ ခေါ်တဲ့ လောက၌။ ကိဉ္စနံ၊ တစုံတခုသော ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်လို့ခေါ်တဲ့ ခန္ဓာငါးပါးကိုမျှ။ န ဥပါဒိယေထ၊ တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းတော့ရာ။

တစ်ပွဲယ်။ ။ဘာပြောသလဲ မြတ်စွာဘုရားက၊ ဘဒြာဝုဓတဲ့ ဒုတိယဂါထာမှာ ဟောကြားခဲ့တဲ့အတိုင်း ခန္ဓာငါးပါးတို့ရဲ့ ဥပါဒါန်နဲ့တွဲနေတဲ့ ကမ္မာဘိသင်္ခါရတို့ရဲ့ အနိစ္စအချက်, ဒုက္ခအချက်, ဝိပရိဏာမအချက်ကို ဝိပဿနာ ဉာဏ်ဖြင့် ကောင်းစွာမြင်သည်ဖြစ်သောကြောင့် ဤသတ္တဝါအပေါင်းတို့သည် ကားဆိုလျှင် သေခြင်းရှိတည်းရာဖြစ်သော ခန္ဓာငါးပါးကို တဏှာဒိဋ္ဌိတို့ဖြင့် စွဲလမ်းနေကြတဲ့ သတ္တဝါတွေဘဲလို့ဆိုတာ မြင်တဲ့အတွက် အလုံးစုံသော အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါး၌ဖြစ်တဲ့ ခန္ဓာငါးပါး, ကာမ ရူပ အရူပဘဝ တို့၌ ဖြစ်တဲ့ ခန္ဓာငါးပါး၊ ဟုတ်လား? (မှန်ပါ)။

ကုသိုလ် အကုသိုလ် အဗျာကတတို့၌ ဖြစ်တယ်ဆိုတဲ့ ခန္ဓာငါးပါး၊ ကာမ ရူပ အရူပ-လို့ခေါ်တဲ့ဘုံ၌ ဖြစ်တဲ့ ခန္ဓာငါးပါး၊ လူ့လောက, နတ်လောက, အပါယ် လေးဘုံလောကလို့ခေါ်တဲ့ လောကမှာဖြစ်တဲ့ ခန္ဓာငါးပါး၊ သုခဝေဒနာ, ဒုက္ခ ဝေဒနာ, ဥပေက္ခာဝေဒနာလို့ဆိုတဲ့ အဲဒီခန္ဓာတို့၌ တစုံတခုသောခန္ဓာကိုမျှ "န ဥပါဒိယေထ၊ တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းရာ" မစွဲလမ်းတော့ဘူး၊ တဏှာလဲ မပါဘူး၊ ဒိဋ္ဌိလဲမပါဘူး၊ အဲဒီ တဏှာ ဒိဋ္ဌိ ကုန်သွားတာကိုပင်လျှင် ဘုန်းတော် သခင် သဗ္ဗညုရှင်တော်မြတ်ဘုရားက အရဟတ္တဖိုလ်ကို အထွတ်တပ်သဖြင့် ဤဒေသနာကို ဟောကြားတော် မူခဲ့ပါပေသည်။ ဘဒြာဝုဓသုတ္တန် ပြီးဆုံးပြီလို့ ဆိုကြပါစို့၊ နော်။ (မှန်ပါ)။

## ဒေသနာတော်နိဂုံး

ဣတိ၊ ဤသို့။ သတ္ထာ၊ လူနတ်တို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရား ရှင် ကိုယ်တော်မြတ်သည်။ တံ ဓမ္မဒေသနံ၊ ထိုတရားဒေသနာတော်ကို။ အရ- ဟတ္တ နိကူဋေန၊ တဏှာကုန်ရာ အရဟတ္တဖိုလ်ကို အထွတ်တပ်သဖြင့်။ ဒေသေတိ၊ ဟောကြားတော်မူ၏။ ဒေသနာပရိယောသာနေ၊ ဒေသနာနိဂုံး ဆုံးလတ်သော အခါကာလ၌။ ဘဒြာဝုဓော၊ ဘဒြာဝုဓလို့ခေါ်တဲ့ ရသေ့ပုဏ္ဏား ပညာရှိသည်။ သဟဿသိဿေဟိ၊ တထောင်သော တပည့် ရသေ့တို့နှင့်။ သဒ္ဓိံ၊ အတူတကွ။ အရဟတ္တေ၊ အရဟတ္တဖိုလ်၌။ ပတိဋ္ဌာတိ၊ တည်လေတော့၏။ (အရဟတ္တဖိုလ်ကို ရသွားတယ်)။ အညေသဉ္စ၊ ဘဒြာဝုဓလို့ခေါ်တဲ့ ပုဏ္ဏားကြီးနှင့်တကွ တထောင် သော တပည့်တို့မှ တပါးကုန်သော ပုဂ္ဂိုလ်အပေါင်းတို့အားလည်း။ ဓမ္မစက္ခု၊ "ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မံ"ဟု မြင်အပ်သော ဓမ္မစက္ခုသည်။ ဥဒပါဒိ၊ ကောင်းစွာမသေ့ ဖြစ်ရပေသတည်း။

သာဓု သာဓု သာဓု

ပါရာယနဝဂ် ပါဠိတော်ဟောစဉ်

# ၁၃-ဥဒယသုတ္တန် ပဋ္ဌမပိုင်း

## တရားတော်အမည်

သာသနာသက္ကရာဇ် ၂၅၁၄-ခုနှစ်, ကောဇာသက္ကရာဇ် ၁၃၃၂-ခုနှစ် ကဆုန်လဆန်း ၁၃-ရက်၊ ရန်ကုန်မြို့ ရွှေဘုန်းပွင့် စေတီတော်ကြီး၏ ပရိဝုဏ်အတွင်း တည်ခင်းအပ်သော ဝိပဿနာဓမ္မာရုံတော်ကြီးတွင် သမာဓိစခန်းကနေပြီးတော့ ဝိပဿနာပညာစခန်း တက်ရောက်ပုံကို အကျယ်ဖွင့်ပြ၍ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ခုဒ္ဒကနိကာယ် သုတ္တနိပါတ် ပါဠိတော် ပါရာယနဝဂ်၌ လာသော ဥဒယသုတ္တန်တရားတော်။

**ဥဒယသုတ္တန်အမည်တွင်ရပုံ။** ။တဆဲ့သုံးယောက်မြောက်ဖြစ်တဲ့ ပုဏ္ဏား၏ နာမယ်က ဥဒယ-တဲ့၊ အဲဒီဥဒယပုဏ္ဏားရဲ့ လျှောက်ထားချက်ကို မူတည်ပြီးတော့ မြတ်စွာဘုရားက ဖြေဆိုဟောကြားတော်မူသည် ဖြစ်သောကြောင့် ဒီသုတ္တန်ကို ဥဒယသုတ္တန်လို့ ခေါ်ပါတယ်။

## ဘုရားရှိခိုး

ဒီ သုတ္တန်တရားဒေသနာတော်ကိုမြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားတော်မူခဲ့ပါတယ်။ ဒီတော့ မြတ်စွာဘုရားရဲ့ တရားဒေသနာတော်ကို ဟောရမှာ ဖြစ်တဲ့အတွက် တရားဟော, တရားနာပုဂ္ဂိုလ်တို့ရဲ့အနေဖြင့် မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးကြရအောင် အမျိုးကောင်းသား, အမျိုးကောင်းသမီးများ လက်အုပ်ချီပြီးတော့ ထားကြ။

ဘုန်းကြီးက မြတ်စွာဘုရားရဲ့ဂုဏ်တော်တွေကို ရွတ်ဆိုပြီးတော့ ဘုရားရှိခိုး ဦးမယ်၊ ဘုရားရှိခိုးထဲမှာပါတဲ့ ဂုဏ်တော်များကို အာရုံပြုပြီးတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ ဂုဏ်တော်များကို ကြည်ညိုသဒ္ဓါ ပွါးများနိုင်ကြပါစေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(အနက် ယခင်အတိုင်း)

သာဓု သာဓု သာဓု

## စကားပလ္လင်

ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၏အနီး ပါသာဏက နတ်ကွန်းမှာ သီတင်းသုံးနေတော်မူစဉ်အခါမှာ ဗာဝရီပုဏ္ဏားကြီးရဲ့တပည့် ပုဏ္ဏားပညာရှိ ရသေ့ကြီး တဆဲ့ခြောက်ယောက်တို့ နောက်လိုက် နောက်ပါ မြောက်မြားစွာနှင့် မြတ်စွာဘုရားထံမှောက် ရောက်ရှိလာပြီးတော့ (နောက်က အတ္ထုပ္ပတ္တိတွေ ဟောခဲ့တဲ့အတိုင်းဘဲ) မြတ်စွာဘုရားက "သင်တို့ အလိုရှိတဲ့ ပြဿနာကို မေးလိုရာမေးကြလို့" ခွင့်ပြုတဲ့အတွက် အဇိတ-ကစပြီးတော့ မေးလာခဲ့ကြတဲ့ ပုစ္ဆာတွေ မြတ်စွာဘုရား ဖြေကြားပြီးတော့ ပေးလာခဲ့တာ ၁၃-ယောက်မြောက်ဖြစ်တဲ့ ဥဒယပုဏ္ဏားအထိ ရောက်လာပြီ၊ သူ့အလှည့်ကျတော့ ဥဒယပုဏ္ဏားက ဘာမေးသလဲ၊ စောစောပိုင်း သတိပြုထားရမှာကတော့ အဲဒီ ဥဒယပုဏ္ဏားဆိုတာ ဘယ်လိုအရည်အသွေးနဲ့ ပြည့်စုံတဲ့ပုဏ္ဏားလဲဆိုတာ သတိပြုထားဘို့လိုတယ်။

**ဥဒယပုဏ္ဏား။** ။ဥဒယပုဏ္ဏားဟာ စတုတ္ထဈာန်ကို ရနေတဲ့ ဈာနလာဘီပုဂ္ဂိုလ်ပါ၊ ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်ကိုသာ ရတယ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရနေသလားဆိုတော့ မရဘူး၊ ကိလေသာ ကုန်သလားဆိုတော့ မကုန်ဘူး၊ ကိလေသာ ကုန်ချင်တဲ့အတွက် မဂ်ဖိုလ်နိဗ္ဗာန်သို့ ရရောက်ရေးကို ရှေးရှုပြီးတော့ သူကလျှောက်တယ်၊ ဘယ်လိုလျှောက်သလဲ။

### ပဌမလျှောက်ထားချက်

**ဈာယိံ ဝိရဇမာသီနံ၊ ကတကိစ္စံ အနာသဝံ။**
**ပါရဂုံ သဗ္ဗဓမ္မာနံ၊ အတ္ထိ ပဥှေန အာဂမံ။**
**အညာဝိမောက္ခံ ပဗြူဟိ၊ အဝိဇ္ဇာယ ပဘေဒနံ။**

ဒါ ဥဒယပုဏ္ဏားက လျှောက်ထားတဲ့ ဂါထာ။

ဈာယိံ၊ ဈာန်ဝင်စားတော်မူလေ့ ရှိပေထသော။ ဝိရဇမာသီနံ၊ ရာဂကင်းတော်မူသဖြင့် ပါသာဏက နတ်ကွန်း၌ သီတင်းသုံး နေတော်မူပါပေထသော။ (ဝါ) ဝိရဇံ၊ ရာဂစသော မြူတွေကင်းတော်မူပေထသော။ အာသီနံ၊ သတ္တဝါတို့ရဲ့ ကောင်းကျိုးကို လိုလားတောင့်တတော် မူပေထသော။ ကတကိစ္စံ၊ ပြုလုပ်အပ်ပြီးသော မဂ်ကိစ္စ ရှိတော်မူပါပေထသော။ အနာသဝံ၊ အာသဝေါတရားတွေ ကင်းတော်မူပေထသော။ သဗ္ဗဓမ္မာနံ၊ ခပ်သိမ်းဉဿုံ အလုံးစုံကုန်သော တရားတို့၏။ ပါရဂုံ၊ တဖက်ကမ်းသို့ ရောက်တော်မူပါ ပေထသော။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နဲ့ ပြည့်စုံတော်

မူသော မြတ်စွာဘုရားကို။ အတ္တိပဥ္စေန၊ အမေးပုစ္ဆာပြဿနာကို မေးမြန်းလျှောက်ထားလိုပါသဖြင့်။ (ဝါ) ပဥ္စေန၊ အမေးပုစ္ဆာပြဿနာဖြင့်။ အတ္ထိ-အတ္ထိကော၊ အလိုရှိသည်။ ဟုတွာ၊ ဖြစ်၍။ အာဂမံ၊ အရှင်ဘုရားထံမှောက်သို့ ရောက်ရှိလာပါတော့၏ဘုရား။

ဘာမေးသလဲ သူမေးတာ—

ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရား။ အဝိဇ္ဇာယ၊ သစ္စာလေးပါးတရားကို မသိဘူးဆိုတဲ့ အဝိဇ္ဇာကို။ ပဘေဒနံ၊ ဖျက်ဆီးကြောင်းဖြစ်သော။ အညာဝိမောက္ခံ၊ အရဟတ္တဖိုလ်တည်းဟူသော လွတ်လပ်မှုကို။ တွံ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည်။ မေ၊ အကျွန်ုပ်အား။ အနုကမ္ပံ၊ အစဉ်သနားသည်ကို။ ဥပါဒါယ၊ ငဲ့ညှာထောက်ထားသမှုအကြောင်းပြု၍။ ပဗြူဟိ၊ ဟောကြားတော်မူပါဘုရား။ ဣတိ၊ ဤသို့။ အာယသ္မာဥဒယော၊ ရသေ့ပညာရှိ အရှင်ဥဒယသည်။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အပုစ္ဆိ၊ သိလိုသည့်အရေးနှင့် မေးမြန်းလျှောက်ထားလေသတည်း။

သာဓု သာဓု သာဓု

**ဂါထာ အဓိပ္ပါယ်။** ။အဲဒါ သူ့အမေးဂါထာ၊ ပြီးသွားပြီ တပုဒ်၊ ဘာလျှောက်သလဲ၊ မြတ်စွာဘုရားကို ဥဒယပုဏ္ဏားက "အဝိဇ္ဇာကို ဖျက်ဆီးကြောင်းဖြစ်တဲ့ အရဟတ္တဖိုလ်ဝိမောက္ခကို ဟောပြပေးတော်မူပါဘုရား။ အဝိဇ္ဇာကို ဖျက်ဆီးကြောင်းဖြစ်တဲ့ အညာဝိမောက္ခလို့ဆိုတဲ့ အရဟတ္တဖိုလ်တည်းဟူသော လွတ်လပ်ရေးကြီးကို ဟောပေးတော်မူပါဘုရား" လို့ ဆိုလိုတယ်။ ဒါဖြင့် သူလျှောက်တဲ့ဘုရားက ဘယ်လိုဂုဏ်တွေနဲ့ ဘယ်လို အရည်အသွေးတွေနဲ့ ပြည့်စုံတဲ့ဘုရားလဲ မြတ်စွာဘုရားက—

"ဈာယိံ၊ ဈာန်ဝင်စားတော်မူလေ့ ရှိပါပေထသော"။

အဲဒီ မြတ်စွာဘုရားဟာ ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်လို့ဆိုတဲ့ ဈာန်တွေကို လေ့လာကျွမ်းကျင်ပြီးတော့ ဝင်စားတော်မူလေ့ရှိတယ်တဲ့ မြတ်စွာဘုရားဟာ လောကုတ္တရာဈာန်တွေကို ဝင်စားလေ့ ရှိတော်မူတယ်တဲ့၊ ဥဒယပုဏ္ဏားလဲ ဈာန်ကိုဝင်စားနိုင်သားဘဲ၊ မြတ်စွာဘုရားမှာ ထို့ထက်ကြီးတဲ့ ဂုဏ်ထူးဝိသေသ မရှိတော့ဘူးလား ဆိုတော့—

"ဝိရဇံ၊ ရာဂကင်းတော်မူပါပေထသော၊ ဒေါသ မောဟတွေ ကင်းတော်မူပါပေထသော။ ဝိရဇံ၊ ကိလေသာတည်း ဟူသော မြူ အညစ်အကြေးတွေ ကင်းတော် မူပါပေထသော၊ မြတ်စွာဘုရားက ကိလေသာမြူ အညစ်အကြေးတွေ ကင်းတယ်"တဲ့။

ဒီတော့ ဒီ"ဝိရဇ"ရဲ့အဓိပ္ပါယ်ကို ပြောပေးရလိမ့်ဦးမယ်၊ဘာလဲ"ရဇ"ဆိုတာ? "ရာဂေါ ရဇော၊ ဒေါသော ရဇော၊ မောဟော ရဇော"တဲ့၊ကိလေသာတွေကို မြူလို့ ခေါ်တယ်၊ အညစ်အကြေးလို့ခေါ်တယ်၊ အဲဒီ မြူအညစ်အကြေးတွေ မြတ်စွာဘုရားမှာ ကင်းနေတော်မူတယ်တဲ့၊ စူဠနိဒ္ဒေသပါဠိတော်က ဘယ်လို ဟောထားသလဲ——

ရာဂေါ ရဇော န စ ပန ရေဏု ဝုစ္စတိ၊
ရာဂဿေတံ အဓိဝစနံ ရဇောတိ။
ဧတံ ရဇံ ဝိပ္ပဇဟိတွာ စက္ခုမာ၊
တသ္မာ ဇိနော ဝိဂတရဇောတိ ဝုစ္စတိ။

ရာဂေါ၊ ခန္ဓာငါးပါးတို့၏အပေါ်၌ တဏှာ ဒိဋ္ဌိ အစရှိသည်တို့ဖြင့် စွဲလမ်းတယ်ဆိုတဲ့ ရာဂကို။ ရဇော၊ မြူအညစ်အကြေးဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ရေဏု၊ ပကတိသော မြူမှုန်တွေကို။ ရဇော၊ မြူဟူ၍။ နစပနဝုစ္စတိ၊ မဆိုအပ်။ ရဇောတိဧတံ၊ ရဇောဟူသော ဤအမည်သည်ကား။ ရာဂဿ၊ စွဲလမ်းတယ်ဆိုတဲ့ ရာဂတရား၏။ အဓိဝစနံ၊ အမည်ပေတည်း။ ဧတံရဇံ၊ ထိုခန္ဓာငါးပါးပေါ်မှာ စွဲလမ်းတယ်ဆိုတဲ့ ရာဂကို။ စက္ခုမာ၊ ငါးပါးသောမျက်စိနဲ့ ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်။ ဝိပ္ပဇဟိတွာ၊ ပယ်စွန့်ကင်းလွတ်တော်မူသည် ဖြစ်၍။ ဝိဟရတိ၊ နေတော်မူ၏။ တသ္မာ၊ ထို့ကြောင့်။ ဇိနော၊ ငါးမာရ်အောင်မြင် ဘုရားရှင်ကိုယ်တော်မြတ်ကို။ ဝိဂတရဇောတိ၊ ဝိဂတရဇဟူ၍။ (ဝါ) ရာဂကင်းပြီးသော ပုဂ္ဂိုလ်ဟူ၍။ (ဝါ) ဒေါသ မောဟတွေ ကင်းပြီးသော ပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ကောင်းစွာမသေ့ ခေါ်ဆိုရပါပေသတည်း။

သာဓု သာဓု သာဓု

ဝိရဇ အဓိပ္ပါယ်။ ။မြတ်စွာဘုရားသည် ရာဂ, ဒေါသ, မောဟတည်းဟူသော ကိလေသာ မြူအညစ်အကြေးတွေ ကင်းလွတ်နေတော်မူတဲ့အတွက် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို "ဝိဂတရဇ"လို့ ခေါ်တယ်။ ဝိရဇ=ဝိ-ဆိုတာ မရှိတာ၊ ရဇ-ဆိုတာ မြူအညစ်အကြေး၊ မြူအညစ်အကြေး

ဆိုတာ ဘာတွေလဲ ဖုံတွေ အမှိုက်တွေလား, ချေးတွေ ညှော်တွေလား ဆိုတော့ မဟုတ်ဘူး။ ရာဂတို့ ဒေါသတို့ မောဟတို့ကို မြူအညစ်အကြေးဟု ခေါ်တယ်လို့ ပါဠိတော်က ဒီလိုပြတယ်။ အဲဒီ မြူအညစ်အကြေးတွေ ကင်းတော်မူသည် ဖြစ်သောကြောင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို ဝိဂတရဇ=ဝိရဇ လို့ ခေါ်တယ်။ "တသ္မာ၊ ထို့ကြောင့်။ ဇိနော၊ ငါးမာရ်အောင်မြင် ဘုရားရှင်ကို။ ဝိရဇောတိ။ ဝိရဇဟူ၍။ ဝုစ္စတိ။ ဆိုရ၏"။ "ဝိရဇ-မည်ပုံ"

အာသိန-ဆိုတာ သီတင်းသုံးနေတော်မူတယ်၊ ဘယ်မှာ သီတင်းသုံးနေတော်မူသလဲဆိုတော့ ပါသာဏက-နတ်ကွန်းမှာ သီတင်းသုံးနေတော်မူတဲ့ မြူကင်းတော်မူသော မြတ်စွာဘုရား။

ဒါတင်လား၊မြတ်စွာဘုရား ဂုဏ်ပုဒ်က မကသေးဘူး၊ ပထမ ဥဒယက မေးတဲ့ ပုစ္ဆာထဲမှာ "ကတကိစ္စံ၊ ပြုလုပ်အပ်ပြီးသောကိစ္စ ရှိတော်မူသော။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို"တဲ့၊ ပြုလုပ်အပ်ပြီးသောကိစ္စ ရှိတယ်ဆိုတာ ဘယ်လိုဟာလဲ၊ ကိစ္စ-ဆိုတာကို စူဠနိဒ္ဒေသပါဠိတော်က ဒီလိုပြတယ်—

> ဘဂဝတော ကိစ္စာကိစ္စံ ကရဏီယာကရဏီယံ ပဟီနံ ဥစ္ဆိန္နမူလံ တာလာဝတ္ထုကတံ အနဘာဝံကတံ အာယတိံ အနုပ္ပါဒဓမ္မံ၊ တသ္မာ ဗုဒ္ဓေါ ကတကိစ္စော။

ဒီ ပါရာယနဝဂ်ကို ဟောပေးနေရတာ နိဒ္ဒေသကိုမှီပြီး ဟောပေးနေရတာ ဖြစ်တော့ နိဒ္ဒေသက ပါဠိတော်ကို မရွတ်လို့မဖြစ်ဘူး၊ ဟုတ်လား။(မှန်ပါဘုရား)။

> ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုရှင်တော်မြတ်ဘုရားအား။ ကိစ္စာကိစ္စံ၊ ပြုဘွယ်ကိစ္စဟူသမျှကို။ ကရဏီယာကရဏီယံ၊ ပြုသင့် ပြုထိုက်သော ပြုဘွယ်ဟူသမျှကို။ ပဟီနံ၊ ပယ်တော်မူအပ်ပြီ။

မြတ်စွာဘုရားက ကိစ္စအမျိုးမျိုးတွေကို ပယ်ထားတယ်။ ကိစ္စနဲ့ကရဏီယတို့ အထူးကို နောက်မှပြောပေးမယ်။

> ဥစ္ဆိန္နမူလံ၊ ပြုဘွယ်ကိစ္စ အဝဝတို့၏ အမြစ်အရင်းကို ဖြတ်တောက်တော်မူ၏။ တာလာဝတ္ထုကတံ၊ ထန်းပင်ရာငုတ်ကဲ့သို့ ပြုလုပ်အပ်ပြီ။ အနဘာဝံကတံ၊ တဖန် မဖြစ်ခြင်းကို ပြုလုပ်အပ်ပြီ။ အာယတိံ၊ နောင်အခါ၌။ အနုပ္ပါဒဓမ္မံ၊ မဖြစ်ခြင်းသဘောရှိ၏။ တသ္မာ၊ ထို့ကြောင့်၊ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ ကတကိစ္စော၊ ပြုအပ်ပြီးသော ကိစ္စ ရှိတော်မူသည် မည်၏။

ကိစ္စ ၂-မျိုး။ ။ပြုအပ်ပြီးသော ကတ္တဗ္ဗကိစ္စ, ကရဏီယကိစ္စ ရှိတယ်၊ ဘာလဲ "ကတ္တဗ္ဗကိစ္စ"ဆိုတာ၊ အဲဒါ စူဠနိဒ္ဒေသ အဋ္ဌကထာက ဖွင့် ပေးတယ်—

ဣဒံ ကတ္တဗ္ဗံ, ဣဒံ န ကတ္တဗ္ဗန္တိ ဧဝံ မနသာ စိန္တေတဗ္ဗံ။

ဒီအလုပ်ဟာ လုပ်သင့်တဲ့ အလုပ်လား မလုပ်သင့်တဲ့ အလုပ်လားလို့ဆိုပြီး တော့ စိတ်ကူးတာ, ကြံစည်တာကို **ကတ္တဗ္ဗကိစ္စ**လို့ခေါ်တယ်၊ အဲဒီ ကတ္တဗ္ဗကိစ္စလို့ဆိုတာ ကုသိုလ်ကောင်းမှုကို ဆိုလိုတယ်။ အကတ္တဗ္ဗကိစ္စလို့ဆိုတာ အကုသိုလ် မကောင်းမှုကိုဆိုလိုတယ်။ ဒီတော့ မြတ်စွာဘုရား၏ စိတ်တော်အစဉ်ထဲမှာ ကုသိုလ် ကောင်းမှုသည် ပြုသင့်တဲ့တရားလား, မပြုသင့်တဲ့တရားလား, အကုသိုလ်ကံ သည် ပြုသင့်တဲ့တရားလား, မပြုသင့်တဲ့တရားလားဆိုတဲ့ စိတ်ကူးကြံစည်ခြင်း ကိစ္စ မြတ်စွာဘုရားမှာ မရှိသည်ဖြစ်သောကြောင့် ကတ္တဗ္ဗကိစ္စကို ပယ်ပြီး သား ဖြစ်နေတယ်တဲ့။

"ကရဏီယကိစ္စ"ဆိုတာ—

"ကရဏီယာကရဏီယန္တိ ကာယဒွါရေန အဝဿံ ဣဒံ ကရဏီယံ, ဣဒံ န ကရဏီယန္တိ ဧဝံ ကရဏီယာကရဏီယံ"တဲ့။

ကိုယ်အမူအရာနဲ့ လုပ်ရတဲ့အမှုကိစ္စတွေကို **ကရဏီယကိစ္စ**လို့ ခေါ်တယ်။ ဒါ စူဠနိဒ္ဒေသ အဋ္ဌကထာက ဖွင့်ဆိုပေးချက်။ အဲသလို ကိုယ်အမူအရာနဲ့ လုပ်ရတဲ့ ကရဏီယကိစ္စ ဟူသမျှတွေကိုလဲဘဲ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က အကြွင်းမဲ့ပယ်ပြီးတော့ ထားတာဖြစ်တယ်။ ဒါကြောင့် မြတ်စွာဘုရားရှင် ကိုယ် တော်မြတ်သည် "ကတကိစ္စံ၊ ပြုအပ်ပြီးသော ကိစ္စ ရှိတော်မူသော။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို"။

အဲဒီ ကတကိစ္စနဲ့ ပတ်သက်လို့ ဘုန်းကြီးတို့ သုတ္တနိပါတ်ပါဠိတော် နာလက သုတ္တန်မှာ ရှင်နာလကကို မြတ်စွာဘုရားက ဟောထားတာ ရှိသေးတယ်၊ အင် မတန် ကောင်းတဲ့အချက်ကလေး—

ယဿ စ ဝိသတာ နတ္ထိ၊ ဆိန္နသောတဿ ဘိက္ခုနော။
ကိစ္စာကိစ္စပ္ပဟီနဿ၊ ပရိဠာဟော န ဝိဇ္ဇတိ။

ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ ဝိသတာ၊ ကပ်ငြိတွယ်တာတတ်တယ်ဆိုတဲ့ တဏှာလောဘသည်။ နတ္ထိ၊ မရှိ။ (တဏှာမရှိတဲ့ပုဂ္ဂိုလ်)။ ဆိန္နသောတဿ၊ တဏှာတည်းဟူသော ရေအယဉ်ကို ဖြတ်တောက်ပြီးသော။ ကိစ္စာကိစ္စပ္ပ-ဟီနဿ၊ (အဲဒီနေရာမှာ ကိစ္စာကိစ္စ နှစ်မျိုးပါနေတယ်၊ ကတ္တဗ္ဗကိစ္စနဲ့ ကရ-ဏီယကိစ္စကို ရည်ရွယ်ပြီးတော့ပြောတာ)။ စိတ်ကူးကြံစည်တယ်ဆိုတဲ့ကိစ္စ, ကိုယ်ဖြင့် ပြုလုပ်ရတယ်ဆိုတဲ့ ကိစ္စကို ပယ်ပြီး ဖြစ်ပေသော။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ ပရိဠာဟော၊ စိတ်ရော ကိုယ်ရော ပူပန် ချောက်ချားခြင်းသည်။ န ဝိဇ္ဇတိ၊ မရှိတော့ပေ။

ဘုန်းတော်သခင် သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်က ကတ္တဗ္ဗကိစ္စနဲ့ ကရဏီယကိစ္စကို ပယ်စွန့်ထားသည် ဖြစ်သောကြောင့် မြတ်စွာဘုရားရဲ့ စိတ်တော်အစဉ်မှာ ဘယ်အခါမှ ပူပန်ချောက်ချားခြင်း ရှိတော်မမူဘူးတဲ့၊ သတ္တဝါတွေ ပူပန် ချောက်ချားနေရတယ်ဆိုတာ ဘာဖြစ်လို့လဲ၊ အဲဒီကိစ္စတွေကြောင့်လို့ ဆိုလိုတဲ့အဓိပ္ပါယ်၊ နော်။

ကတကိစ္စော၊ ပြုလုပ်အပ်ပြီးသော ကိစ္စရှိတော်မူပြီးသော ပုဂ္ဂိုလ်မှာ ပူပန်ချောက်ချားခြင်း ကင်းနေတော်မူပါတယ်တဲ့။ ဒါကြောင့် "ကတ္တဗ္ဗကိစ္စ၊ ကရဏီယကိစ္စ"။အဲဒီ ကတ္တဗ္ဗကိစ္စ ကရဏီယကိစ္စတွေကို မြတ်စွာဘုရား ပယ်တော်မူပြီး ဖြစ်နေပါတယ်ဘုရား။ ထိုကိစ္စတွေကိုပယ်တော်မူပြီးဖြစ်လို့ စိတ်ချမ်းသာခြင်းသို့ ရောက်နေတော်မူသော မြတ်စွာဘုရားကို အမေးပုစ္ဆာ ပြဿနာမေးဘို့ ရောက်ရှိနေပါတယ်ဘုရားလို့ ဆိုလိုတဲ့ အဓိပ္ပါယ်။

မြတ်စွာဘုရားရဲ့ ဂုဏ်ပုဒ်တွေဟာ ဒါတင်လားလို့ ဆိုတော့ မကသေးဘူး၊ "အနာသဝ=အာသဝေါ ကင်းတော်မူတယ်"၊ ဘာတွေကင်းသလဲ၊ ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ လို့ဆိုတဲ့ အာသဝေါ ကင်းတော်မူတယ်၊ ထိုကဲ့သို့သော အာသဝေါတရား လေးပါးတို့ကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် ပယ်ပြီးသားဖြစ်သောကြောင့် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကို အနာသဝလို့လဲ ခေါ်တယ်တဲ့ နိဒ္ဒေသပါဠိတော်ရဲ့ အဖွင့်စကား။

ပါရဂူ ၆-ပါး။ ။"ပါရဂုံ သဗ္ဗဓမ္မာနံ"။ သဗ္ဗဓမ္မာနံ၊ ခပ်သိမ်းဉဿုံ အလုံးစုံကုန်သော တရားတို့၏။ ပါရဂုံ၊ တဘက်ကမ်းခပ်အောင် ရောက်တော်မူပေထသော။ မြတ်စွာဘုရားက ပါရဂူဘွဲ့ ရတော်မူတဲ့ ပုဂ္ဂိုလ်၊ အလုံးစုံသောတရားတို့ရဲ့ ပါရဂူဘွဲ့ကို ရတယ်ဆိုတာ စူဠနိဒ္ဒေသပါဠိတော်က ဖော်ပြထားပါတယ်။ ဘယ်လိုလဲဆိုတော့—

ပါရဂုံ သဗ္ဗဓမ္မာနန္တိ ဘဂဝါ သဗ္ဗဓမ္မာနံ အဘိညာပါရဂူ၊ ပရိညာပါရဂူ၊ ပဟာနပါရဂူ၊ ဘာဝနာပါရဂူ၊ သစ္ဆိကိရိယာပါရဂူ၊ သမာပတ္တိပါရဂူ-လို့ ပါရဂူဘွဲ့ ခြောက်မျိုး မြတ်စွာဘုရား ရတော်မူတယ်။

အဲဒီ ခြောက်ပါးထဲက အဘိညာပါရဂူလို့ ဆိုတာ ဘာလဲ။

"အဘိညာပါရဂူ သဗ္ဗဓမ္မာနံ"တဲ့၊ အလုံးစုံသော တရားတို့ကို သိတော်မူခြင်း၊ အလုံးစုံသော သင်္ခါရ၊ ဝိကာရ၊ လက္ခဏာ၊ နိဗ္ဗာန်၊ ပညတ်လို့ ခေါ်တဲ့ ဉေယျဓမ်တရားငါးပါးတို့ကို သိခြင်းရဲ့ အဆုံးသို့ ရောက်တော်မူသည် ဖြစ်သောကြောင့် **အဘိညာပါရဂူ**။

ပရိညာပါရဂူဆိုတာ ဘာကို ခေါ်တာလဲလို့ဆိုတော့ "ပရိညာပါရဂူ သဗ္ဗဒုက္ခာနံ"=အလုံးစုံသော ဆင်းရဲဒုက္ခတွေကို (ပိုင်းခြားပြီး သိတော်မူလို့) လွန်မြောက်တော်မူပြီး ဖြစ်သောကြောင့် ပရိညာပါရဂူ။

ပဟာနပါရဂူ။ "ပဟာနပါရဂူ သဗ္ဗကိလေသာနံ"=အလုံးစုံသော ကိလေသာကို ပယ်တဲ့နေရာမှာ မြတ်စွာဘုရားထက် သာတဲ့ပုဂ္ဂိုလ် ဘယ်မှာမှ မရှိဘူး၊ ဒါကြောင့် မြတ်စွာဘုရားဟာ ပဟာနပါရဂူ ပါဘဲတဲ့။

ဘာဝနာပါရဂူ ဆိုတာကတော့။ "ဘာဝနာပါရဂူ စတုန္နံ မဂ္ဂါနံ"တဲ့၊ လေးပါးသော မဂ်တရားကို ပွါးများတော်မူတဲ့နေရာမှာ မြတ်စွာဘုရားသည် တဖက်ကမ်းခပ် သူတကာထက် သာလွန်မြင့်မြတ်သည် ဖြစ်သောကြောင့် ဘာဝနာ-ပါရဂူ မည်တော်မူပါတယ်။

သစ္ဆိကိရိယပါရဂူ လို့ ဆိုတာ နိဗ္ဗာန်ကို မျက်မှောက်ပြုတဲ့ နေရာမှာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်နဲ့ တူသောပုဂ္ဂိုလ် မရှိသောကြောင့် သစ္ဆိကိရိယ-ပါရဂူ။

သမာပတ္တိပါရဂူလို့ ဆိုတာ သမာပတ်တွေကို ဝင်စားတဲ့နေရာမှာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် တဘက်ကမ်းခပ်အောင် ဝင်စားနိုင်သည် ဖြစ်သောကြောင့် သမာပတ္တိပါရဂူတဲ့။

အဲဒီလို ပါရဂူခြောက်မျိုးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို အမေးပုစ္ဆာ ပြဿနာတွေ မေးဘို့ ဘုရားတပည့်တော် ရောက်ရှိလာပါတယ် ဘုရား။

ဘာမေးသလဲ၊ သူမေးတဲ့အမေးက—"အဝိဇ္ဇာကို ဖျက်ဆီးနိုင်တယ်ဆိုတဲ့ အရဟတ္တဖိုလ် လွတ်လပ်ရေးကို ဟောကြားပေးတော်မူပါ ဘုရား"တဲ့။ အဲဒီအမေးကို မေးတဲ့ ဥဒယပုဏ္ဏားဟာ ဘယ်လိုပုဏ္ဏားမျိုးလဲလို့ဆိုတော့ စတုတ္ထစျာန်ကို ရနေတဲ့ စျာနလာဘီပုဂ္ဂိုလ်နော်။ (မှန်ပါ)

အဲဒီ စတုတ္ထစျာန်ကနေပြီးတော့ ဝိပဿနာဉာဏ်ကို မတက်တတ်သည်ဖြစ်သောကြောင့် စတုတ္ထစျာန်ကနေပြီး ဝိပဿနာဉာဏ်ကို ဘယ်လိုတက်ရမလဲ ဘုရားလို့ မေးလိုတဲ့အဓိပ္ပါယ်ဘဲ၊ ပထမစျာန်ကလဲ ဝိပဿနာကို တက်လို့ရတယ်၊ ဒုတိယစျာန်ကလဲ ဝိပဿနာကို တက်လို့ရတယ်၊ တတိယစျာန်ကလဲ ဝိပဿနာကို တက်လို့ရတယ်၊ စတုတ္ထစျာန်ကလဲ ဝိပဿနာကို တက်လို့ရတယ်၊ တက်ပုံတက်နည်းကို မသိသည်ဖြစ်သောကြောင့် စျာန်သမာပတ်နဲ့ဘဲ တင်းတိမ်ရောင့်ရဲပြီးနေရတဲ့ အဲဒီဥဒယပုဏ္ဏားက ပထမစျာန်ကစပြီးတော့ အရဟတ္တဖိုလ်ပေါက်

အရဟတ္တဖိုလ်ဝိမောက္ခကို ရအောင် အဝိဇ္ဇာကို ဖျက်ဆီးပေးနိုင်တဲ့တရား ဟော ပေးတော်မူပါဘုရားလို့ လျှောက်တာ။

## ပဌမအဖြေတရားတော်

မြတ်စွာဘုရားက ပါဠိတော်မှာ ဘယ့်နှယ် ဟောတော်မူသလဲလို့ဆိုတော့—

**ပဟာနံ ကာမစ္ဆန္ဒာနံ၊ ဒေါမနဿာန စူဘယံ။**
**ထိနဿ စ ပနူဒနံ၊ ကုက္ကုစ္စာနံ နိဝါရဏံ။**
**ဥပေက္ခာသတိသံသုဒ္ဓံ၊ ဓမ္မတက္ကပုရေဇဝံ။**
**အညာဝိမောက္ခံ ပဗြူမိ၊ အဝိဇ္ဇာယ ပဘေဒနံ။**

ဒါ မြတ်စွာဘုရားဟောပေးတဲ့ နှစ်ဂါထာဘဲ၊ ဒီဂါထာနှစ်ခုကို မူတည်ပြီး မြတ်စွာဘုရားဟောပေးတယ်ဆိုတာ ဘာကြောင့်လဲဆိုတော့ အဋ္ဌကထာဆရာ ကြီးက ပြောထားတာရှိတယ်။ သုတ္တနိပါတ် အဋ္ဌကထာဆရာကြီးက "ခုမေးနေတဲ့ ဥဒယပုဏ္ဏားလို့ဆိုတာ စတုတ္ထဈာန်ကို ရနေတဲ့ ဈာနလာဘီပုဂ္ဂိုလ်ဖြစ်တဲ့အတွက် စတုတ္ထဈာန်ဝိမောက္ခမှ အရဟတ္တဖိုလ်ဝိမောက္ခကို ဟောကြားပေးတော်မူလို သည်ဖြစ်သောကြောင့် ဒီနှစ်ဂါထာကို ရွတ်ဆိုပြီးတော့ မြတ်စွာဘုရားဟော ကြားတော်မူတာပါ"တဲ့ ဒီလိုပြောတယ်။

ဥဒယ၊ ဥဒယပုဏ္ဏား။ ကာမစ္ဆန္ဒာနံ၊ ကာမစ္ဆန္ဒလို့ခေါ်တဲ့တရားတို့ကို။ ပဟာနံ၊ ပယ်ခြင်းကို။ အညာဝိမောက္ခံ၊ အရဟတ္တဖိုလ် ဝိမောက္ခဟူ၍။ အဟံ၊ ငါဘုရားသည်။ ပဗြူမိ၊ ဟောကြားတော်မူ၏။ ဒေါမနဿာနံ၊ ဗျာပါဒလို့ခေါ်တဲ့ ဒေါမနဿတွေကို။ ပဟာနံ၊ ပယ်ခြင်းကို။ အညာဝိမောက္ခံ၊ အရဟတ္တဖိုလ်ဝိမောက္ခဟူ၍။ အဟံ၊ ငါဘုရားသည်။ ပဗြူမိ။ ဟောကြား တော်မူ၏။

နှစ်ချက်ရှိပြီ၊ အဲဒီတော့ စူဠနိဒ္ဒေသတို့ သုတ္တနိပါတ်ပါဠိတော်တို့က ဒီနှစ်ပိုဒ် ကို တပိုဒ်ထဲပေါင်းထားတော့ အဋ္ဌကထာကလဲ ယူဖွင့်ပေးတာရှိတယ်။ စူဠနိဒ္ဒေသ ကလဲ နှစ်ပိုဒ်ကို တပိုဒ်ထဲလုပ်ပြီး ပေါင်းထားတယ်။ ဒီတော့ ဘုန်းကြီးတို့ ဟော တဲ့နေရာမှာလဲ အဲဒီနှစ်ပိုဒ်ကို တပိုဒ်ထဲလုပ်ပြီး ဟောရမှာဘဲ။ "ဒေါမနဿာန စူဘယံ"လို့ဆိုတော့ ကာမစ္ဆန္ဒရယ် ဒေါမနဿရယ်လို့ဆိုတဲ့ အဲဒီ ဥဘယ= နှစ်ပါးစုံကို ပယ်ခြင်းကို–

ကာမစ္ဆန္ဒာနံ၊ ကာမစ္ဆန္ဒတို့ကို။ ပဟာနံ၊ ပယ်ခြင်းကို။ ဒေါမနဿာနံ၊ ဗျာပါဒလို့ခေါ်တဲ့ ဒေါမနဿတို့ကို။ ပဟာနံ၊ ပယ်ခြင်းကို။ ဣတိ၊ ဤသို့။ ဥဘယံ၊ ကာမစ္ဆန္ဒနဲ့ဒေါမနဿနှစ်ပါးစုံကို။ ပဟာနံ၊ ပယ်ခြင်းကို။ အညာဝိမောက္ခံ၊ အရဟတ္တဖိုလ်ဝိမောက္ခဟူ၍။ အဟံ၊ ငါဘုရားသည်။ ပဗြူမိ၊ ဟောကြားတော်မူ၏။ ထိနဿစ၊ ထိနလို့ခေါ်တဲ့ သဘောတရားကိုလည်း။

ပနူဒန်၊ ပယ်နုတ်ခြင်းကို။ ကုက္ကုစ္စာနံ၊ ကုက္ကုစ္စဆိုတဲ့သဘောတရားတို့ကို။ နိဝါရဏံ၊ တားမြစ်ပိတ်ပင်၍ထားခြင်းကို။ အညာဝိမောက္ခံ၊ အရဟတ္တဖိုလ်ဝိမောက္ခဟူ၍။ အဟံ၊ ငါဘုရားသည်။ ပဗြူမိ၊ ဟောကြားတော်မူ၏။

ဥပေက္ခာသတိသံသုဒ္ဓံ၊ စတုတ္ထဈာန် ဥပေက္ခာကြောင့်ဖြစ်သော သတိ၏ စင်ကြယ်ခြင်းရှိသော။ ဓမ္မတက္ကပုရေဇဝံ၊ သမ္မာသင်္ကပ္ပ သမ္မာဒိဋ္ဌိ ဝိပဿနာ ဉာဏ်လျှင် ရှေ့သွားရှိသော၊ (ဒါ စူဠနိဒ္ဒေသအနက်အတိုင်း ပေးလိုက်တာ)။ အဝိဇ္ဇာယ၊ အဝိဇ္ဇာကို။ ပဘေဒနံ၊ ဖျက်ဆီးတတ်သော တရားတော်ကို။ အညာဝိမောက္ခံ၊ အရဟတ္တဖိုလ် ဝိမောက္ခဟူ၍။ အဟံ၊ ငါဘုရားသည်။ ပဗြူမိ၊ ကောင်းစွာမသွေ ဟောကြားတော်မူပါပေသတည်း။

သာဓု-သာဓု-သာဓု

ဂါထာအဓိပ္ပါယ်။　။"ပဟာန် ကာမစ္ဆန္ဒာနံ=ကာမစ္ဆန္ဒတို့ကို ပယ်ခြင်းကိုရင်း။ ဒေါမနဿာန စူဘယံ=ဒေါမနဿတို့ကို ပယ်ခြင်းကိုရင်း အရဟတ္တဖိုလ်ဝိမောက္ခလို့ မြတ်စွာဘုရားဟောတော်မူတယ်။ ဒီနေရာမှာ စူဠ နိဒ္ဒေသပါဠိတော်ကလဲ ဘာပြောထားသလဲဆိုတော့—

ဒေါမနဿာန စူဘယန္တိ ကာမစ္ဆန္ဒဿ စ ဒေါမနဿဿ စ ဥဘိန္နံ ပဟာနံ ဝူပသမံ ပဋိနိဿဂ္ဂံ ပဋိပ္ပဿဒ္ဓိံ အမတံ နိဗ္ဗာနန္တိ ဒေါမနဿာန စူဘယံ။

အဲဒါကို "အရဟတ္တဖိုလ်ဝိမောက္ခ"တဲ့ ဆိုလိုတဲ့ အဓိပ္ပါယ်က။

ကာမစ္ဆန္ဒရယ် ဗျာပါဒရယ် ဒီတရားနှစ်ပါးကို ပယ်လိုက်တယ်ဆိုတာ ပထမ ဈာန်တုန်းကတော့ မပယ်ဘူးလားဆိုတော့ ပယ်တော့ပယ်တယ်၊ ပယ်ပေမဲ့ ဘာနဲ့ပယ်ထားသလဲဆိုတော့ ဝိက္ခမ္ဘနပဟာန်အားဖြင့်သာ ပယ်ထားတယ်၊ သမုစ္ဆေဒပဟာန်အားဖြင့် မပယ်ဘူး၊ ဟုတ်လား၊ ဒီတော့ အဝိဇ္ဇာပျောက် သွားသလားလို့ဆိုတော့ မပျောက်ဘူး၊ ပြီးတော့ စတုတ္ထဈာန်ကိုရနေတဲ့ ဈာ-နလာဘီပုဂ္ဂိုလ်ကလဲ အဲဒီပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန် တို့ရဲ့ အခိုက်အတန့်မှာ ကာမစ္ဆန္ဒနဲ့ ဗျာပါဒကို သူ ပယ်ထားတာဘဲ၊ ဒီတော့ ဘုန်းတော်သခင် သဗ္ဗညုဘုရားရှင်ကိုယ်တော်မြတ်က အဲဒီကာမစ္ဆန္ဒနဲ့ ဗျာပါဒ ကို ပယ်တဲ့နေရာမှာ ထိနမိဒ္ဓနဲ့ ဥဒ္ဓစ္စကုက္ကုစ္စကို ပယ်တဲ့နေရာမှာ အရဟတ္တဖိုလ် ပေါက်မြင်အောင် မြတ်စွာဘုရား ဟောကြားပေးတော်မူသည် ဖြစ်သောကြောင့် နိကာယ်ငါးရပ်က ပါဠိတော်တွေကို စွမ်းနိုင်သလောက် ထုတ်ဆောင်ပြီးတော့ ဒီမှာ ဟောပေးရမယ်။

## ကာမစ္ဆန္ဒကိုပယ်ပုံ

"ပဟာနံ ကာမစ္ဆန္ဒာနံ" သွားကြစို့၊ ကာမစ္ဆန္ဒလို့ဆိုတာ ဘာလဲ—

ယော ကာမေသု ကာမစ္ဆန္ဒော ကာမရာဂေါ ကာမနန္ဒီ ကာမတဏှာ ကာမသိနေဟော ကာမပိပါသာ ကာမပရိဠာဟော ကာမမုစ္ဆာ ကာမဇ္ဈော-သာနံ ကာမောဃော ကာမယောဂေါ ကာမုပါဒါနံ ကာမစ္ဆန္ဒနီဝရဏံ။

စူဠနိဒ္ဒေသပါဠိတော်က ရူပါရုံ၊ သဒ္ဒါရုံ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံလို့ဆိုတဲ့ အာရုံငါးပါး ကာမဂုဏ်တရားကို တွယ်တာတယ် နှစ်သက်တယ် လိုလားတယ် တောင့်တတယ်ဆိုတာ **ကာမစ္ဆန္ဒတဲ့**။

ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ အမျိုးကောင်းသမီးတွေမှာ ဒီကာမ-စ္ဆန္ဒတွေ ရှိနေသလား၊ ရှိမနေဘူးလား? (ရှိနေပါတယ်ဘုရား)။

ဘယ်တော့မှ မပြတ်ဘူး၊ ရှိနေတယ် ဒီကာမစ္ဆန္ဒနီဝရဏ၊ မျက်လုံးက ကောင်းတာလေးကို မြင်ချင်တယ်၊ နားက ကောင်းတဲ့ အသံလေးကို ကြားချင်တယ်၊ နှာခေါင်းက ကောင်းတဲ့ အနံ့လေးကို နံချင်တယ်၊ လျှာကလဲ ကောင်းတဲ့ အစာလေးကို စားချင်တယ်၊ ခန္ဓာကိုယ်ကလဲ ကောင်းတဲ့ ဖောဋ္ဌဗ္ဗအထိ အတွေ့ကလေးကို ထိတွေ့ချင်တယ်ဆိုတာ အချိန်တိုင်း သူ့စက်နဲ့သူ လည်ပြီး တော့နေတယ်၊ အဲဒါ ကာမစ္ဆန္ဒစက်ကြီး တနေ့လုံးလည်နေတာနော်၊ မလည်ဘူး လား? (လည်ပါတယ်ဘုရား)။

အဲဒီကာမစ္ဆန္ဒကို ဘသူကပယ်နိုင်သလဲဆိုတော့ ကာမစ္ဆန္ဒကို ပယ်တဲ့နေရာမှာ တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘနပဟာန်၊ သမုစ္ဆေဒပဟာန်-လို့ဆိုတဲ့ ပဟာန်သုံးချက် ရှိတယ်။

ကာမစ္ဆန္ဒကို ပယ်ထားတဲ့နေရာမှာ ဈာန်ကိုရနေတဲ့ပုဂ္ဂိုလ်သည် ဝိက္ခမ္ဘန အနေအားဖြင့် ကာမစ္ဆန္ဒကို ပယ်ထားနိုင်တယ်၊ ခေတ္တခွါထားတာ။ ဝိပဿနာကို ပွါးနေတဲ့ပုဂ္ဂိုလ်သည် တဒင်္ဂအနေအားဖြင့် ကာမစ္ဆန္ဒကို ပယ်ထားနိုင်တယ်။ အရဟတ္တမဂ်ကို ရသွားတဲ့၊ အရဟတ္တဖိုလ်ဝိမောက္ခကို ရသွားတဲ့ ပုဂ္ဂိုလ်သည် ကာမစ္ဆန္ဒကို အကြွင်းမဲ့ သမုစ္ဆေဒပဟာန်ဖြင့် ပယ်နိုင်တယ်နော်။(မှန်ပါဘုရား)။

**ဝိပဿနာလုပ်ထုံး။** ။အဲဒီ ကာမစ္ဆန္ဒပယ်ပုံကို ဟောမယ်လို့၊ အဲဒီ ကာမစ္ဆန္ဒကို စ-ဟောကြစို့၊ ဘယ်က စမလဲ၊ ဒီဿနိကာယ်က စရမယ်။ ဘယ်လို စ-မလဲ ကိုယ့်သန္တာန်မှာကာမစ္ဆန္ဒရှိရင် ရှိတယ်လို့သိနေရမယ်၊ ဝိပဿနာ လုပ်ထုံး ဖော်ပေးပြီနော်၊ "ဝိပဿနာအလုပ်စခန်းဘဲ၊ အလုပ်မပါဘူး၊ စာတွေ သာ လျှောက်ရွတ်နေတယ်၊ အလုပ်မပါဘူး"လို့ ပြောတဲ့လူဟာ စဉ်းစားကြည့်၊

ဒီစာတွေဟာ အလုပ်တွေကို ဖော်ပြထားတာ၊ အလုပ်ကို ပြနေလျက်သားနဲ့ အလုပ်မပါဘူးလို့ ပြောနေတာဟာ ဘယ်လိုလဲ၊ အလုပ်ကို ပြနေလျက်သားနဲ့ အလုပ်မပါဘူး၊ စာတွေသာရွတ်နေတယ်လို့ ပြောနေတာဟာ မမြင်လို့ပြောတာ၊ အမိဝမ်းက မျက်စိနှစ်ဘက် ပါမလာတဲ့ ပုဂ္ဂိုလ်၊ ဟုတ်လား။ (မှန်ပါဘုရား)။

**နွားနို့ကောက်ကောက်ဥပမာ။** ။အမိဝမ်းက မျက်စိမပါတဲ့ ပုဂ္ဂိုလ်ဟာ နွားနို့ ကိုသူ မြင်ဘူးပါ့မလား။ (မမြင်ဘူးပါဘုရား)။

ဒီတော့ အမိဝမ်းထဲက မျက်စိမပါတဲ့ ပုဂ္ဂိုလ်က "နွားနို့ဆိုတာ ဘယ်လိုနေသလဲ"လို့ မျက်စိမြင်တဲ့ ပုဂ္ဂိုလ်ကို မေးတယ်၊ ဒီတော့ နွားနို့ကိုမြင်ဘူးတဲ့ ပုဂ္ဂိုလ်က ဘယ့်နှယ်ပြောသလဲလို့ဆိုတော့ "နွားနို့ဆိုတာ ဖြူဖြူကွ ဖြူနေတယ်" လို့ ပြောတယ်။ ဖြူတယ်လို့ဆိုတော့ နွားနို့ဖြူဖြူကို သူသိပါ့မလား။ (မသိပါဘုရား)။

ဖြူတာ သူမမြင်ဘူးတော့၊ "ဟေ့ကောင် ဖြူတာဘယ်လိုနေသလဲ"လို့ မျက်စိမမြင်တဲ့ပုဂ္ဂိုလ်က တဖန် ပြန်မေးတယ်၊ ဒီတော့ မျက်စိအမြင်ရှိတဲ့ ပုဂ္ဂိုလ်က ဘယ့်နှယ် ပြန်ပြောသလဲလို့ဆိုရင် "ဟေ့ကောင် ဖြူတယ်ဆိုတာ ဗျိုင်းလိုဘဲ"တဲ့၊

သိပါဦးမလား။ (မသိနိုင်တော့ပါဘုရား)။

သာပြီးတော့ ဝေးသွားတယ်။ ဒီတော့ ဖြူတယ်ဆိုတာ ဗျိုင်းလိုလို့ဆိုတော့ "ဗျိုင်းဆိုတာ ဘယ်လိုနေသလဲ"လို့ မေးပြန်တယ်, မျက်စိမြင်တဲ့လူက သူ့လက်ကို နူတ်သီးလေးလို ကောက်ပြီးတော့ "အဲဒါ မင်း ဗျိုင်းကို သိချင်ရင် စမ်းကြည့်စမ်း"ဆိုပြီး လက်ကို အကိုင်ခိုင်းတယ်၊ ဒီတော့ သူမေးထားတာ ဘာမေးထားလဲ၊ နွားနို့ကို မေးထားတယ်၊ ဟုတ်လား၊ မျက်စိမမြင်တဲ့သူက ဘယ့်နှယ်ထင်သလဲဆိုတော့"ဪ နွားနို့ဆိုတာ ကောက်ကောက်ကြီးဘဲ"လို့ ထင်သွားသတဲ့၊ ဟုတ်လား။

ဒီတော့ မမြင်တဲ့လူဆိုတာ ပြောလေ ဝေးလေ ဝေးတယ်၊နော်။ (မှန်ပါ)။

**အလုပ်စခန်း။** ။ကိုင်း အခု အလုပ်စခန်းဖွင့်တော့မယ်၊ မြတ်စွာဘုရား ပါဠိတော်ကို ရွတ်ပြီးတော့ အလုပ်စခန်းဖွင့်ပေးမယ်။ မြတ်စွာဘုရားပေးတဲ့ အလုပ်စခန်း၊ ဘာပေးထားသလဲ၊ ကာမစ္ဆန္ဒနော်။ (မှန်ပါ)။

ကာမစ္ဆန္ဒကို ဘာလုပ်ရမလဲ အလုပ်လုပ်ရတော့မယ်၊ ဘုန်းကြီးတို့ပရိသတ်မှာ ကာမစ္ဆန္ဒ ရှိနေသလား, ရှိမနေဘူးလား။ (ရှိနေပါတယ်ဘုရာ)။

အသံကောင်းကောင်း ကြားချင်တယ်ဆိုတာ ဘာလဲ၊ ရုပ်ရုံ ချောချော လှလှတွေ မြင်ချင်တယ်ဆိုတာ ဘာတုံး။ (ကာမစ္ဆန္ဒပါဘုရား)။

ကောင်းကောင်း စားချင်တယ်ဆိုတာ ဘာတုံး။ (ကာမစ္ဆန္ဒပါဘုရား)။

ကောင်းတဲ့ အိပ်ရာနေရာ, အိပ်ရာခင်း ကောင်းကောင်းကလေးနဲ့ အိပ်ချင်တယ်ဆိုတာ ဘာလဲ။ (ကာမစ္ဆန္ဒပါဘုရား)။

ကာမစ္ဆန္ဒ ဟုတ်လား။ (မှန်ပါ)။

ဒီကနေ့ ဆွမ်းစားလို့ မကောင်းပါဘူး နက်ဖြန်ကျရင် ဟင်းကောင်းကောင်းကလေးနဲ့, ဘာနဲ့ စားချင်ရင် အဲဒါ ဘာလဲ။ (ကာမစ္ဆန္ဒပါဘုရား)။

ကာမစ္ဆန္ဒတွေ ဘုန်းကြီးတို့ ပရိသတ်မှာ နေ့တိုင်း ရှိနေသလား, ရှိမနေဘူးလား။ (နေ့တိုင်း ရှိနေပါတယ်ဘုရား)။

ကိုင်း အဲဒီ ကာမစ္ဆန္ဒကို ဘာလုပ်ရမလဲ၊ ဒီ ကာမစ္ဆန္ဒကို ဝိပဿနာရှုရမယ်၊ ဝိပဿနာရှုတယ်ဆိုတာ ကိုယ့်မှာရှိနေတဲ့တရားကိုသာ ဝိပဿနာရှုရတယ်၊ မရှိတဲ့တရားကို ဝိပဿနာမရှုရဘူး၊ ဟုတ်လား။ (မှန်ပါ)။

ဒီတော့ ဒီအလုပ်စခန်းကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ကာမစ္ဆန္ဒ ဝိပဿနာရှုနည်းကို ပေးတော်မူမယ်။

## ဝိပဿနာရှုနည်း ၅-ချက်

ဘုန်းကြီးတို့ပရိသတ်က ထွက်လေ,ဝင်လေကိုချည်း ဝိပဿနာရှုနေတာဘဲ၊ ဟုတ်လား။ (မှန်ပါ)။

ဒါပြင် ဝိပဿနာရှုနည်း မရှိတော့ဘူးလား။ (ရှိပါတယ်ဘုရား)။

အဲဒီ ကာမစ္ဆန္ဒဆိုတာ ကိုယ့်မှာရှိနေတယ်၊ ဒီ ကာမစ္ဆန္ဒဆိုတဲ့ သဘောကို ဝိပဿနာရှုပစ်ရမယ်ဆိုတော့ မြတ်စွာဘုရားက ဓမ္မာနုပဿနာလုပ်ကွက် ဘယ်မှာ ဖော်ပေးသလဲဆိုတော့ နီဝရဏပဗ္ဗပိုင်းမှာ ဝိပဿနာရှုနည်းကို ဖော်ပေးတယ်၊ ဝိပဿနာရှုတယ်ဆိုတာ ဘာဖြစ်လို့ရှုရသလဲ၊ ဖြစ်နေတဲ့ ကာမစ္ဆန္ဒကို ပယ်ရှားနိုင်အောင်လို့ ဝိပဿနာရှုရတယ်၊ ဟုတ်လား။ (မှန်ပါဘုရား)။

မှတ်ထားနော် သေသေချာချာ ဝိပဿနာလုပ်ထုံးပြနေတာ၊ အာနာပါနထွက်သက်လေ, ဝင်သက်လေကို ရှုရှုနေတာကိုသာ ဝိပဿနာရှုနေတယ်လို့ အောက်မေ့မနေနဲ့၊ ဒါလဲ ဝိပဿနာရှုတာဘဲ၊ ပါဠိတော်မှာ ဓမ္မာနုပဿနာသတိပဋ္ဌာန်က ဘယ့်နှယ်ရှုသလဲ—

**ပထမနည်း။** ။သန္တံ ဝါ အဇ္ဈတ္တံ ကာမစ္ဆန္ဒံ အတ္ထိ မေ အဇ္ဈတ္တံ ကာမစ္ဆန္ဒောတိ ပဇာနာတိ—

ဒါတချက် ဝိပဿနာရှုနည်း။

အဇ္ဈတ္တံ၊ မိမိရဲ့သန္တာန်၌။ သန္တံ၊ ထင်ရှားရှိ၍နေသော။ ကာမစ္ဆန္ဒံဝါ၊ ကာမစ္ဆန္ဒကိုမူလည်း။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ အတွင်းသန္တာန်၌။ ကာမစ္ဆန္ဒော၊

ကာမစ္ဆန္ဒသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ လူသတ္တဝါနဲ့ ကာမစ္ဆန္ဒကို ခွဲခြား၍သိ၏။

ရှုကွက်ပေါ်ပလား　(ပေါ်ပါပြီဘုရား)။

နှစ်သက်ဖွယ်အာရုံတွေကို လိုချင်တယ်, နှစ်သက်တယ်, စားချင်သောက်ချင်နေတယ်, မြင်ချင် တွေ့ချင်နေတယ်ဆိုတာ လူသတ္တဝါလား, ကာမစ္ဆန္ဒလား။
(ကာမစ္ဆန္ဒပါ ဘုရား)။

ကွဲသွားပလား။　(ကွဲပါပြီ ဘုရား)။

ဒါဖြင့် လူသတ္တဝါကို ဝိပဿနာရှုရမလား, ကာမစ္ဆန္ဒကို ဝိပဿနာရှုရမလား။
(ကာမစ္ဆန္ဒကို ဝိပဿနာ ရှုရမယ် ဘုရား)။

အဲဒီကာမစ္ဆန္ဒ ငါ့မှာရှိနေပြီလို့ ခွဲခြားပြီးတော့သိပြီနော် လူနဲ့ ကာမစ္ဆန္ဒကို။
(မှန်ပါ)။

အဲဒီလို လူနဲ့ ကာမစ္ဆန္ဒကို ခွဲခြားပြီးတော့ သိတဲ့အခါ ဒီကာမစ္ဆန္ဒလို့ဆိုတဲ့ ဆန္ဒတရားသည် နိစ္စလား, အနိစ္စလား　(အနိစ္စပါ ဘုရား)။

ဒုက္ခလား, သုခလား။　(ဒုက္ခပါ ဘုရား)။

မပျက်မစီးဘဲနဲ့ အမြဲတည်နေတဲ့ တရားလား, ရွေ့ရှားနေတဲ့ တရားလား။
(ရွေ့ရှားနေတဲ့ တရားပါဘုရား)။

အဲဒီကာမစ္ဆန္ဒကို လူနဲ့ ခွဲခြားသိပြီးတော့ ဘာလုပ်ပေးရမလဲဆိုတော့ ဒီကာမစ္ဆန္ဒမှာ ဘာရှိသလဲလို့ ကြည့်လိုက်တော့—

ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ၊ ဌိတဿ အညထတ္တံ ပညာယတိ—

လို့ ဆိုပြီးတော့ အဲဒီကာမစ္ဆန္ဒမှာ ဖြစ်ဘဲ့သဘောရှိတယ်, ရွေ့တဲ့သဘောရှိတယ်, ကုန်တဲ့ပျောက်တဲ့သဘောရှိဟယ်၊ မရှိဘူးလား　(ရှိပါတယ် ဘုရား)။

ကုန်ပျောက်သွားတာ ဘသူလဲ　(ကာမစ္ဆန္ဒပါ ဘုရား)။

အဲဒီလို ကုန်ပျောက်သွားတဲ့အတွက် ဒီကာမစ္ဆန္ဒကို ဘာလို့ခေါ်သလဲ၊ ဝယ= အနိစ္စ၊ ကာမစ္ဆန္ဒသည် အနိစ္စနော်　(မှန်ပါဘုရား)။

ကာမစ္ဆန္ဒသည် ကုန်ပျောက်တယ်လို့ သိလိုက်ခြင်းသည် အနိစ္စာနုပဿနာဉာဏ်၊ အဲဒီကာမစ္ဆန္ဒကို အနိစ္စအနေအားဖြင့် နှလုံးသွင်းနေတဲ့ ပုဂ္ဂိုလ်သည် အနိစ္စာနုပဿီပုဂ္ဂိုလ်၊ ဟုတ်လား　(မှန်ပါဘုရား)။

ဒါ ဝိပဿနာအလုပ်ဘဲ၊ ဒါ အလုပ်စခန်းဘဲ၊ အဲသလို ကာမစ္ဆန္ဒရှိနေတာကို ခွဲခြား၍ သိရမယ် ဆိုတာ "ပဇာနာတိ = လူသတ္တဝါနဲ့ ကာမစ္ဆန္ဒကို ခွဲခြားပြီးတော့ သိ"၊ နောက်ပြီးတော့ ဒီကာမစ္ဆန္ဒမှာ အနိစ္စအချက်ရှိတယ်၊ အဲဒီအနိစ္စအချက်သည် ဒုက္ခလား, သုခလား (ဒုက္ခပါဘုရား)။

"ယဒနိစ္စံ၊ တံ ဒုက္ခံ"။

ယံအနိစ္စံ၊ အကြင်ကာမစ္ဆန္ဒရဲ့ ကုန်တယ် ပျောက်တယ်လို့ဆိုတဲ့ အနိစ္စသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုအနိစ္စဖြစ်ဘဲ့ ကာမစ္ဆန္ဒသည်။ ဒုက္ခံ၊ ပျက်စီးတဲ့ သဘောရှိသောကြောင့် ဘယဋ္ဌဒုက္ခမည်၏။

ဘာဒုက္ခတဲ့လဲ (ဘယဋ္ဌဒုက္ခပါ ဘုရား)။

ဒုက္ခသစ္စာ မြင်တဲ့အခါမှာ သမ္ပဋိပိဋ္ဌနုတ္ထ-အနက်ဆိုတာ သူ့ကိုခေါ်တယ်၊ ဟုတ်လား (မှန်ပါ)။

အဲဒီ ဒုက္ခသစ္စာဟာ ကာမစ္ဆန္ဒ ဖြစ်တိုင်းဖြစ်တိုင်း ကပ်ပြီးတော့ နှိပ်စက်တဲ့ အနေနဲ့ နှိပ်စက်နေသလား, မနေဘူးလား (နှိပ်စက်နေပါတယ် ဘုရား)။

ဒါကို ဘယဋ္ဌဒုက္ခလို့ခေါ်ပါတယ်။ မြတ်စွာဘုရား မြင်စေချင်တဲ့ဒုက္ခက အဲဒီ ဘယဋ္ဌဒုက္ခ၊ ဟုတ်လား (မှန်ပါဘုရား)။

ဝေဒယိတဒုက္ခ မဟုတ်ဘူးနော်၊ ဘယဋ္ဌဒုက္ခ။ ဒုက္ခသစ္စာကိုမြင်ဘို့ဟာ ဒီ ဘယဋ္ဌဒုက္ခကို ပြောတာ၊ ကဲ ရှေ့သွားရအောင်—

ဒုတိယနည်း။ ။အသန္တံ ဝါ အဇ္ဈတ္တံ ကာမစ္ဆန္ဒံ နတ္ထိ မေ အဇ္ဈတ္တံ ကာမစ္ဆန္ဒောတိ ပဇာနာတိ။

အဇ္ဈတ္တံ၊ မိမိရဲ့သန္တာန်၌။ အသန္တံ၊ ထင်ရှားမရှိသော။ ကာမစ္ဆန္ဒံဝါ၊ ကာမစ္ဆန္ဒကိုမူလည်း။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ အတွင်းသန္တာန်၌။ ကာမစ္ဆန္ဒော၊ ကာမစ္ဆန္ဒတရားသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ ခွဲခြား၍သိ၏။

ကာမစ္ဆန္ဒတရား ဖြစ်ပြီးတဲ့နောက် ကုန်ပျောက်သွားတဲ့အခါမှာ မဖြစ်သေး၊ သောကြောင့်လည်းကောင်း, ပယ်ပြီးသောကြောင့်လည်းကောင်း ကိုယ့်သန္တာန်မှာ ကာမစ္ဆန္ဒတရား ရှိသေးသလား, မရှိတော့ဘူးလား။ (မရှိတော့ပါဘုရား)။

ဒီအပိုဒ်ကလေးကို ကြည့်နော်၊ နောက်တခါ ပြန်ဖြစ်ရင် ကာမစ္ဆန္ဒ ရှိတယ်၊ ဖြစ်ပြီးတော့ ဒီကာမစ္ဆန္ဒ ပျောက်သွားတဲ့အခါမှာ ကိုယ့်သန္တာန်မှာ ကာမစ္ဆန္ဒ ရှိသေးသလား, မရှိတော့ဘူးလား (မရှိတော့ပါဘုရား)။

ငါနဲ့ ကာမစ္ဆန္ဒမရှိတာနဲ့ ခွဲခြား ပြီးတော့ သိရမယ်၊ ဒါ ဝိပဿနာရှုကွက်နော်၊ ဘယ်နှစ်ချက်ရှိသွားပလဲ၊ နှစ်ချက်ရှိပြီ၊ နောက်တချက် မြတ်စွာဘုရားက ဘာ ပြသလဲ၊ ကာမစ္ဆန္ဒကို ဝိပဿနာရှုချက် ငါးချက်ဖော်ထားတယ်၊ အခု ဘယ်နှစ် ချက်ပြီးသွားပလဲ (နှစ်ချက်ပါဘုရား) နောက်တချက်က ဘာတဲ့လဲ—

**တတိယနည်း။** ။ယထာ စ အနုပ္ပန္နဿ ကာမစ္ဆန္ဒဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။

စ၊ ထို့ပြင်တပါး။ အနုပ္ပန္နဿ၊ မဖြစ်သေးသော။ ကာမစ္ဆန္ဒဿ၊ ကာမ-စ္ဆန္ဒ၏။ ယထာ၊ အကြင်သို့သော အကြောင်းအားဖြင့်။ ဥပ္ပါဒေါ၊ ဖြစ်ခြင်း သည်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ ထိုကာမစ္ဆန္ဒဖြစ်ခြင်း၏ အကြောင်းကို လည်း။ ပဇာနာတိ၊ ခွဲခြား၍သိ၏။

ခုနကဖြစ်တဲ့ ကာမစ္ဆန္ဒ ဘာကြောင့်ဖြစ်သလဲဆိုတာ ခွဲခြားပြီးတော့သိတယ် တဲ့၊ ကာမစ္ဆန္ဒကိုလဲ သိတယ်, ကာမစ္ဆန္ဒဖြစ်ခြင်း၏ အကြောင်းကိုလဲ သိတယ်၊ အဲဒါဟာ ပဋိစ္စသမုပ္ပါဒ်နည်းနဲ့ ကာမစ္ဆန္ဒဟာ သူ့ဟာသူ ဖြစ်တာလား, သူ့ အကြောင်းနဲ့သူ ဖြစ်တာလား (သူ့အကြောင်းနဲ့သူ ဖြစ်လာတာပါဘုရား)။

နောက်တခု ဝိပဿနာရှုဘို့ရာ ကာမစ္ဆန္ဒဖြစ်ခြင်းရဲ့ အကြောင်းကိုလဲ ခွဲခြား ပြီးတော့ သိတယ်နော် (မှန်ပါ)။

အဲဒီကာမစ္ဆန္ဒဖြစ်ခြင်းရဲ့ အကြောင်းကို ပြီးတော့မှ ပါဠိတော်တခုနဲ့ ဖွင့်ဆို ပြီး ဟောပေးမယ်၊ ဒါ ဒီဿနိကာယ်က ပါဠိကို ဟောနေတာ။ ဘယ်နှစ်ချက် ရှိသွားပလဲ၊ သုံးချက်။

**စတုတ္ထနည်း။** ။ယထာ စ ဥပ္ပန္နဿ ကာမစ္ဆန္ဒဿ ပဟာနံ ဟောတိ၊ တဉ္စ ပဇာနာတိ။

စ၊ တနည်းကား။ ယထာ၊ အကြင်သို့သော အကြောင်းအားဖြင့်။ ဥပ္ပန္နဿ၊ ဖြစ်ပေါ်၍နေပြီးသော။ ကာမစ္ဆန္ဒဿ၊ ကာမစ္ဆန္ဒကို။ ပဟာနံ၊ ပယ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ ထိုကာမစ္ဆန္ဒကို ပယ်ခြင်း၏ အကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

ကာမစ္ဆန္ဒကို ပယ်ခြင်း၏ အကြောင်းကိုလဲ သိတယ်၊ စတုတ္ထ ဝိပဿနာရှုနည်း က ကာမစ္ဆန္ဒကို ပယ်နိုင်တယ်ဆိုတာ ပယ်ကြောင်းရှိလို့ ပယ်နိုင်တာလား, သူ့ဖာသာသူ ပယ်နိုင်တာလား (ပယ်ကြောင်းရှိလို့ ပယ်နိုင်တာပါ ဘုရား)။

ဒါဖြင့် ကာမစ္ဆန္ဒကိုပယ်တဲ့ အကြောင်းက ဘယ်သူလဲ၊ အဲဒါကိုလဲ ဝိပဿနာ ရှုတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ရှုညဏ်ထဲမှာပေါ်ပြီးတော့ သိတယ်။ ဒါကို ပါဠိတော်က ဟောပေးမယ်။

**ပဥ္စမနည်း။** ။ယထာ စ ပဟီနဿ ကာမစ္ဆန္ဒဿ အာယတိံ အနုပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။

ပယ်ပြီးသားဖြစ်တဲ့ ကာမစ္ဆန္ဒ နောင်တဖန် အသစ် ဘယ်တော့မှ မဖြစ်တာ ကိုလဲ သိတယ်တဲ့ ခွဲခြားပြီးတော့၊ ဘယ်နှစ်ချက်လဲ ဒီတော့ (ငါးချက်ပါ ဘုရား)။

ကာမစ္ဆန္ဒမှာ ငါးချက်။

"ပဟာနံ ကာမစ္ဆန္ဒာနံ"

ပါရာယနဝဂ်ပါဠိတော်မှာ "ပဟာနံ ကာမစ္ဆန္ဒာနံ" အပိုင်ကို အခု အကျယ် ချဲ့ ဟောပေးနေတာ၊ ကာမစ္ဆန္ဒကို ပယ်တယ်လို့ဆိုတဲ့ နေရာမှာ ကာမစ္ဆန္ဒရှိနေ တာကို သိရမယ်၊ ခွဲခြားပြီးတော့ ကာမစ္ဆန္ဒမရှိရင် မရှိဘူးလို့ သိရမယ်၊ ကာမ-စ္ဆန္ဒဖြစ်ခြင်းရဲ့ အကြောင်းကို သိရမယ်၊ ကာမစ္ဆန္ဒကို ပယ်ခြင်းရဲ့အကြောင်းကို သိရမယ်၊ ပယ်ပြီးသား ကာမစ္ဆန္ဒ နောင်တဖန်ပြန်ပြီးတော့ မဖြစ်ခြင်းကို သိရ မယ်တဲ့၊ သိချက် ဘယ်နှစ်ချက်လဲ (ငါးချက်ပါဘုရား)။

**ကာမစ္ဆန္ဒ။** ။အဲသလိုသိတယ်ဆိုတာ ဘာနဲ့သိရမလဲ။ ဝိပဿနာဉာဏ်နဲ့ချည်း သိရမယ်၊ ဒါ ဝိပဿနာရှုကွက်ချည်းဘဲ အကုန်လုံး။ ဝိပဿနာ လုပ်ထုံးချည်းဘဲ ဓမ္မာနုပဿနာသတိပဋ္ဌာန်။ ကိုင်း ဒီတော့ ဘုန်းကြီးတို့ အမျိုး ကောင်းသား, အမျိုးကောင်းသမီးများ ကာမစ္ဆန္ဒလို့ဆိုတာ ကာတော့ဖြင့် လိုချင်မှုတွေ နှစ်သက်မှုတွေကို ခေါ်တယ်၊ သူဟာ လူနဲ့ မတူဘူးလို့ ခွဲခြားသိပြီး ပြီနော်။ ကာမစ္ဆန္ဒမရှိတာကိုလဲ ခွဲခြားပြီးတော့ သိပြီးပြီနော်၊ ပြောလိုရင်းက ဘာလဲလို့ဆိုတော့ ကာမစ္ဆန္ဒမရှိခြင်းရဲ့ အကြောင်းရင်းဟာ ဘာလဲ, ဘာကြောင့် အဲဒီ ကာမစ္ဆန္ဒဟာ ဘုန်းကြီးတို့ ပရိသတ်မှာ ဖြစ်နေသလဲ, သိဘို့မလိုဘူးလား (လိုပါတယ် ဘုရား)။

အဲဒီတော့ ဘယ်နိကာယ် သွားရမလဲဆိုတော့ ဒီဃနိကာယ်ကနေပြီးတော့ သံယုတ္တနိကာယ်ကို ပြောင်းလိုက်၊ မဟာဝဂ္ဂသံယုတ်ပါဠိတော် အာဟာရဝဂ်ကို ဟောပေးမယ်။

**ကာမစ္ဆန္ဒဖြစ်ခြင်းအကြောင်း။** ။ကာမစ္ဆန္ဒ ဖြစ်တယ်ဆိုတာဟာ အဋ္ဌကထာ ဆရာကြီးကလဲ ပြောတယ် "တခြားကြောင့် ဖြစ်တာ မဟုတ်ဘူးတဲ့၊ နှစ်သက်ဘွယ်ရာဖြစ်တဲ့ သုဘ-တင့်တယ်တယ်ဆိုတဲ့ အာရုံ နိမိတ်တွေကို မသင့်သောအားဖြင့် နှလုံးသွင်းခြင်း=အယောနိသော မနသိကာရ ကြောင့် ကာမစ္ဆန္ဒ ဖြစ်တာပါ၊ ကာမစ္ဆန္ဒ ဘာ့ကြောင့်ဖြစ်သလဲ (သုဘ-နိမိတ်ကို မသင့်သောအားဖြင့် နှလုံးသွင်းလို့ပါ ဘုရား)။

သုဘနိမိတ်လို့ဆိုတာ ဘာတွေလဲ၊ ကိုယ့်မျက်လုံးထဲ ကြည့်ကောင်းတဲ့ အာရုံကလေးဟာ သုဘနိမိတ်, ကိုယ့်နားထဲ နားတောင်ကောင်းတဲ့ အသံကလေးဟာ သုဘနိမိတ်, ကိုယ့်နှာခေါင်းထဲ ကောင်းနေတဲ့အနံ့ကလေးဟာ သုဘနိမိတ်, ကိုယ့်လျှာပေါ်မှာ အရသာ ကောင်းနေတယ်လို့ဆိုတဲ့ အရသာကလေးတွေဟာ သုဘနိမိတ်, ကိုယ်ဝတ်လို့ကောင်းနေတဲ့ အင်မတန်လှပနေတဲ့ အဝတ်, ဘာ အဝတ်လဲ, တကဲထရှန် အစရှိတဲ့ ကောင်းတဲ့အဝတ်တွေဟာ သုဘနိမိတ်၊ ကာ-မစ္ဆန္ဒ ဖြစ်ခြင်းရဲ့ အကြောင်းက ဘာတဲ့လဲ၊ သုဘနိမိတ်ကို မသင့်သောအားဖြင့် နိစ္စ, သုခလို့ နှလုံးသွင်းခြင်းဟူသော အကြောင်းကြောင့် ကာမစ္ဆန္ဒ ဖြစ်ပါတယ်”တဲ့။

“သုဘနိမိတ်ကို မသင့်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် ကာမစ္ဆန္ဒတွေ ဖြစ်တယ်”လို့ ဒီလိုဟောတာ ပါဠိတော်ရှိပါသလားဆိုတော့ ပါဠိတော်က ခုနက မဟာဝဂ္ဂသံယုတ်ပါဠိတော်မှာ မြတ်စွာဘုရား ဘယ်လိုဟောသလဲ—

အတ္ထိ ဘိက္ခဝေ သုဘနိမိတ္တံ၊ တတ္ထ အယောနိသောမနသိကာရဗဟုလီ-ကာရော အယမာဟာရော အနုပ္ပန္နဿ ဝါ ကာမစ္ဆန္ဒဿ ဥပ္ပါဒါယ, ဥပ္ပန္နဿ ဝါ ကာမစ္ဆန္ဒဿ ဘိယျောဘာဝါယ, ဝေပုလ္လာယ။

ဘိက္ခဝေ၊ ရဟန်းတို့။ သုဘနိမိတ္တံ၊ စားလို့ကောင်းတယ် သောက်လို့ကောင်းတယ် ကြည့်လို့ ရှုလို့ ကောင်းတယ်ဆိုတဲ့ သုဘနိမိတ်သည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုသုဘနိမိတ်၌။ အယောနိသောမနသိကာရဗဟုလီကာရော၊ မသင့်သောအားဖြင့် နှလုံးသွင်းခြင်းကို အလေ့အလာ ပြုခြင်းများ၍ နေခြင်းသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤသုဘနိမိတ်ကို မသင့်သောအားဖြင့် နှလုံးသွင်းခြင်းကို အလေ့အလာ ပြုလုပ်ခြင်းများ၍ နေခြင်းသည်။ အနုပ္ပန္န-ဿ၊ မဖြစ်သေးသော။ ကာမစ္ဆန္ဒဿ၊ ကာမစ္ဆန္ဒကို။ ဥပ္ပါဒါယ၊ ဖြစ်စေခြင်းငှါ။ ဥပ္ပန္နဿ၊ ဖြစ်ပေါ်၍ နေပြီးသော။ ကာမစ္ဆန္ဒဿ၊ ကာမစ္ဆန္ဒကို။ ဘိယျောဘာဝါယ၊ တိုးပွါး၍ နေစေခြင်းငှါ။ ဝေပုလ္လာယ၊ ပြန့်ပြောခြင်းငှါ။ အာဟာရော၊ အကြောင်းအထောက်အပံ့သည်။ ဟောတိ၊ ဖြစ်ပေတော့၏။

အဓိပ္ပါယ်ကတော့——

“သုဘမ္ပိ သုဘနိမိတ္တမ္ပိ” တင့်တယ်တယ်ဆိုတဲ့ သုဘ, သုဘနိမိတ်လို့ ခေါ်တဲ့ တင့်တယ်တဲ့အကြောင်းတွေကို ကိုယ့်စိတ်ထဲက ကြိုက်နေပြီ, နှစ်သက်နေပြီဆိုရင် အဲဒါ **သုဘ**၊ ကြိုက်တယ် နှစ်သက်တယ်ဆိုတာ ဘာကိုလဲ၊ အာရုံကို၊ အဲဒီ အာရုံသည် သုဘနိမိတ်ဘဲတဲ့၊ နှစ်သက်ခြင်းရဲ့အကြောင်း။ အဲဒီလို နှစ်သက်ခြင်းရဲ့အကြောင်းကို အဖန်တလဲလဲ နှလုံးသွင်းနေခြင်းသည်

ကာမစ္ဆန္ဒဖြစ်ခြင်းရဲ့ အကြောင်းတရားဘဲတဲ့၊ ဒီတော့ ကာမစ္ဆန္ဒဖြစ်ခြင်းရဲ့ အကြောင်းကို သိပြီ။

**ကာမစ္ဆန္ဒကို ပယ်ခြင်းအကြောင်း။** ။အဲဒီ ကာမစ္ဆန္ဒကို ဘယ်လိုလုပ်ပြီး ပယ်မလဲ။

ယထာ စ ဥပ္ပန္နဿ ကာမစ္ဆန္ဒဿ ပဟာနံ ဟောတိ၊ တဉ္စ ပဇာနာတိ။

ပယ်ခြင်းရဲ့အကြောင်းကို သိရအုံးမယ်။ ကာမစ္ဆန္ဒကိုပယ်တာ ဘယ်သူက ပယ်သလဲ, ကာမစ္ဆန္ဒကို ပယ်နိုင်တယ်ဆိုတာ ဘာပြုလို့ ပယ်နိုင်သလဲဆိုတော့ မြတ်စွာဘုရားက ဟောပေးထားတယ်။ ကာမစ္ဆန္ဒကို ပယ်နိုင်တယ်ဆိုတာ အသုဘနိမိတ်ကို သင့်သောအားဖြင့် နှလုံးသွင်းခြင်း ယောနိသောမနသိကာရ ကြောင့် ကာမစ္ဆန္ဒကို ပယ်နိုင်တယ်။ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုး ကောင်းသမီးများ အနှံ့ဟူသရွေ့ မတင့်တယ်တဲ့သဘော ရှိသလား, မရှိဘူးလား ဆိုတာ ကြည့်၊ မြင်တဲ့အာရုံ, ကြားတဲ့အာရုံ, ထိတဲ့အာရုံ, စားတဲ့အာရုံဆိုတာ သာပြီးတော့ မတင့်တယ်သေးတယ်၊ ပါးစပ်ထဲရောက်လို့ ပြန်ထွေးပြီး ကြည့် ပါလား၊ ဘယ့်နှယ်နေမလဲ (မတင့်တယ်ပါ ဘုရား)။

အဲဒါ အရသာရှိတယ်ဆိုပြီး လျှာပေါ်မှာ မျက်စိနဲ့မမြင်ရလို့ ကောင်းနေတာ၊ အဲဒီ အသုဘနိမိတ်ကို နှလုံးသွင်းပေးတဲ့ပုဂ္ဂိုလ်, သင့်သောအားဖြင့် နှလုံး သွင်းခြင်းများတဲ့ ပုဂ္ဂိုလ်ဟာ ကာမစ္ဆန္ဒကို ပယ်နိုင်ပါတယ်တဲ့ ပါဠိတော်က ဒီလိုပြတယ်၊ ခုနက သံယုတ်ပါဠိတော်မှာ ဘယ့်နှယ်ပြောထားသလဲ—

အတ္ထိ ဘိက္ခဝေ အသုဘနိမိတ္တံ၊ တတ္ထ ယောနိသောမနသိကာရဗဟုလီ-ကာရော အယမာဟာရော အနုပ္ပန္နဿ ဝါ ကာမစ္ဆန္ဒဿ အနုပ္ပါဒါယ၊ ဥပ္ပန္နဿ ဝါ ကာမစ္ဆန္ဒဿ ပဟာနာယ သံဝတ္တတိ–တဲ့။

ဘိက္ခဝေ၊ ရဟန်းတို့။ အသုဘနိမိတ္တံ၊ မတင့်တယ်ဘူးလို့ နှလုံးသွင်းတဲ့ အသုဘနိမိတ်သည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုအသုဘနိမိတ်၌။ ယောနိ-သောမနသိကာရဗဟုလီကာရော၊ အနိစ္စ ဒုက္ခ ဝိပရိဏာမလို့ နှလုံးသွင်း များး၍ နေခြင်းသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤကဲ့သို့ အသုဘနိမိတ်ကို ယောနိသောမနသိကာရဖြင့် နှလုံးသွင်းများ၍ နေခြင်းသည်။ အနုပ္ပန္နဿ၊ မဖြစ်သေးသော။ ကာမစ္ဆန္ဒဿ၊ ကာမစ္ဆန္ဒကို။ အနုပ္ပါဒါယ၊ မဖြစ်စေ ခြင်းငှါ။ ဥပ္ပန္နဿ၊ ဖြစ်ပေါ်၍နေသော။ ကာမစ္ဆန္ဒဿ၊ ကာမစ္ဆန္ဒကို။ ပဟာနာယ၊ ပယ်ခြင်းငှါ။ အာဟာရော၊ အကြောင်း အထောက်အပံ့သည်။ သံဝတ္တတိ၊ ဖြစ်လေတော့၏။

ကာမစ္ဆန္ဒကို ပယ်ခြင်းရဲ့ အကြောင်းနော် (မှန်ပါ)။

ဒါ ပါဠိတော်က လာတဲ့စကား ကာမစ္ဆန္ဒ ပယ်ခြင်းရဲ့ အကြောင်းတဲ့နော်၊ ပြီးတော့— အသုဘနိမိတ်ကို အနိစ္စ, ဒုက္ခ, ဝိပရိဏာမလို့ နှလုံးသွင်းပြီးတော့ ပေးရင် မဖြစ်သေးတဲ့ ကာမစ္ဆန္ဒတွေလဲ မဖြစ်တော့ဘူး၊ ဖြစ်ပြီးသား ကာမစ္ဆန္ဒတွေကိုလဲ ပယ်နိုင်တဲ့ ပယ်နည်း။ ကာမစ္ဆန္ဒဖြစ်ခြင်းရဲ့ အကြောင်းကိုလဲ ဟောတယ်၊ ကာမစ္ဆန္ဒပယ်ခြင်းရဲ့ အကြောင်းကိုလဲ ဟောတယ် မြတ်စွာဘုရားက။

**ကာမစ္ဆန္ဒပယ်နည်း ၆-မျိုး။** ။ဒါပြင် တခြားနည်း မရှိဘူးလားဆိုတော့ ခုန ဝိက္ခမ္ဘနပဟာန် ပယ်နည်းမျိုးဖြင့် အဋ္ဌကထာဆရာကြီးက ကာမစ္ဆန္ဒပယ်နည်းကို ခြောက်နည်း ပြထားတယ်၊ ကာမစ္ဆန္ဒ ပယ်နည်း ခြောက်နည်းရှိတယ်၊ ဘယ်နှစ်မျိုးတဲ့လဲ (ခြောက်မျိုးပါ ဘုရား)။

အဲဒါကတော့ အဋ္ဌကထာနည်းဘဲ၊ ခုနက ပြောခဲ့ဘာက ပါဠိတော်နည်း၊ အဋ္ဌကထာနည်းက ခြောက်နည်းရှိတယ် ကာမစ္ဆန္ဒကို ပယ်တာ။

အပိစ ဆ ဓမ္မာ ကာမစ္ဆန္ဒဿ ပဟာနာယ သံဝတ္တန္တိ။

စင်စစ်တော့ဖြင့် ကာမစ္ဆန္ဒကို ပယ်ခြင်းငှါ ပယ်နိုင်တဲ့တရားဟာ ခြောက်မျိုး ရှိတယ်၊ နော် (မှန်ပါ)။

အဲဒီ ခြောက်မျိုးက ဘာတဲ့လဲ။

၁။ အသုဘနိမိတ္တဿ ဥဂ္ဂဟော။

အသုဘနိမိတ်ကို အဖန်တလဲလဲ သင်ယူနေခြင်း၊ နာခံမှတ်သားပြီးတော့ နေခြင်း။

၂။ အသုဘဘာဝနာနုယောဂေါ။

အသုဘဘာဝနာကို အဖန်တလဲလဲ ပွါးများ၍နေခြင်း။

၃။ ဣန္ဒြိယေသု ဂုတ္တဒွါရတာ။

မိမိရဲ့ စက္ခုန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေလို့ ဆိုတဲ့ ဣန္ဒြေတွေကို လုံခြုံအောင် စောင့်ရှောက်၍ထားခြင်း။

ကာမစ္ဆန္ဒကိုပယ်နိုင်အောင် ကိုယ့်မျက်လုံးဟာ ကိုယ့်ဆီမှာဘဲ နေပါစေ ဘာပြုလို့ သူများဆီသွားပြီး ပို့ထားရသလဲ၊ ဟုတ်လား၊ ကိုယ့်မျက်လုံးဟာ ကိုယ့်ဆီမှာ နေမယ်ဆိုရင် သူများကို နှစ်သက်တယ်ဆိုတဲ့ သုဘနိမိတ် ပေါ်အုံး မလား (မပေါ်ပါ ဘုရား)။

သုဘနိမိတ်ပေါ်တာ ဘာဖြစ်လို့လဲ၊ ဘုန်းကြီးတို့ ပရိသတ်ရဲ့ မျက်လုံးဟာ ဘယ်တော့မှ ကိုယ့်ဆီမှာမရှိဘူး, တခြားမှာချည်းဘဲ၊ နားကရော နားတစွင့်စွင့်နဲ့

နေတာဘဲ၊ နှာခေါင်းကလဲ ထိုအတူ, လျှာကလဲ ထိုအတူဘဲ, ဟုတ်လား (မှန်ပါ)။

အဲဒီသို့ "ဣန္ဒြိယေသု ဂုတ္တဒွါရတာ" စက္ခု-စသော ဣန္ဒြေတွေကို လုံခြုံအောင် စောင့်ရှောက်၍ ထားခြင်းဟာလဲ ကာမစ္ဆန္ဒကို ပယ်ခြင်းရဲ့ အကြောင်းတခုပါဘဲ။

၄။ ဘောဇနေမတ္တညုတာ

စားသောက်အပ်သော အစာ အာဟာရတွေကိုလဲဘဲ အတိုင်းအရှည်ကို ကြည့်ပြီးတော့ စားသောက်,သုံးဆောင်ပေးသော အားဖြင့်လဲဘဲ ကာမစ္ဆန္ဒကို ပယ်စွမ်းနိုင်ပါတယ်တဲ့။

၅။ ကလျာဏမိတ္တတာ

ကာမစ္ဆန္ဒကိုပယ်နိုင်အောင် ဟောပြောပေးနိုင်တဲ့ ကလျာဏမိတ္တနဲ့ ပြည့်စုံရမယ်တဲ့၊ ဒါကလဲ ကာမစ္ဆန္ဒကို ပယ်နိုင်တယ်။

၆။ သပ္ပါယကထာ

သပ္ပါယကထာလို့ဆိုတာ ဘာကိုခေါ်သလဲဆိုတော့ ကာမစ္ဆန္ဒကို ထိုင်တဲ့နေရာမှာဘဲဖြစ်ဖြစ်, မတ်တတ်ရပ်တဲ့နေရာမှာဘဲ ဖြစ်ဖြစ်, အိပ်တဲ့နေရာမှာဘဲ ဖြစ်ဖြစ် ကာမစ္ဆန္ဒကိုပယ်နိုင်ဘို့ရန်အတွက် တရားစကားကို ပြောကြား၍ ပေးနေခြင်းသည် ကာမစ္ဆန္ဒကို ပယ်နိုင်ခြင်းရဲ့ အကြောင်းတခုဘဲ။

ကာမစ္ဆန္ဒကိုပယ်နိုင်တဲ့အကြောင်း ဘယ်နှစ်ခုလဲ (ခြောက်ခုပါဘုရား)။

"ဣမေဟိ ဆဟိ ဓမ္မေဟိ ပဟီနဿ ကာမစ္ဆန္ဒဿ အရဟတ္တမဂ္ဂေန ပဟာနံ၊ တဉ္စ ပဇာနာတိ၊ ယထာ စ အနုပ္ပန္နဿ ကာမစ္ဆန္ဒဿ အာယတိံ အနုပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ"—ကို ဖွင့်ပေးတဲ့အတိုင်း နော် (မှန်ပါဘုရား)။

ဆဟိ၊ ခြောက်ပါးကုန်သော။ ဣမေဟိ ဓမ္မေဟိ၊ ဤတရားတို့နှင့်။ ပဟီနဿ၊ ပယ်ပြီးသော။ ကာမစ္ဆန္ဒဿ၊ ကာမစ္ဆန္ဒကို။ အရဟတ္တမဂ္ဂေန၊ အရဟတ္တမဂ်ဖြင့်။ ပဟာနံ၊ ပယ်ခြင်းကိုလည်း။ ပဇာနာတိ၊ ခွဲခြားပြီး တော့ သိ၏။

အပြီးတိုင်ပယ်ပုံ။ ။အဲဒီကာမစ္ဆန္ဒကို အပြီးတိုင် ပယ်နိုင်တာက အရဟတ္တမဂ်မှ အပြီးတိုင် ပယ်နိုင်တယ်တဲ့၊ ဒါကြောင့် အဲဒီ ကာမစ္ဆန္ဒကို အရဟတ္တမဂ်ဖြင့် အပြီးတိုင် ပယ်သတ်ခြင်းကိုလဲ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က—

"အညာဝိမောက္ခံ ပဗ္ဗမိ"

"အရဟတ္တဖိုလ်ဝိမောက္ခလို့ ငါဘုရား ဟောတော်မူတယ်"လို့ ဟောရင်းစွဲ ဖြစ်တဲ့ သုတ္တနိပါတ်ပါဠိတော်မှာ ဒီလိုပြန်ပြီးတော့ စပ်လိုက်၊ ဟုတ်လား (မှန်ပါ)။

ဈာန်ဖြင့်ပယ်နည်း။ ။"ပဟာန် ကာမစ္ဆန္ဒာနံ" ဟောရင်းစွဲ ပါဠိမှာ၊ ဒါဖြင့် အဲဒီ ကာမစ္ဆန္ဒကို အကြွင်းမဲ့ အရဟတ္တမဂ်နဲ့ ပယ်နိုင်အောင် ဘယ်နှယ်လုပ်ရပါမလဲ ဘုရားလို့ ဆိုတော့ ကာမစ္ဆန္ဒကို ပယ်ထားတဲ့ အကြောင်းကို နိဂုံးချုပ်အနေနဲ့ မဇ္ဈိမပဏ္ဏာသပါဠိတော် တခါ သွားလိုက်အုံး။ ကာမစ္ဆန္ဒကို ပထမဈာန်က ပယ်ထားသလား၊ ပယ်မထားဘူးလား (ပယ်ထားပါတယ်ဘုရား)။

ပထမဈာန်က ပယ်ထားတော့ အဲဒီပထမဈာန်မှာ ဘာတွေရှိသလဲဆိုတော့—

သော ယဒေဝ တတ္ထ ဟောတိ ရူပဂတံ ဝေဒနာဂတံ သညာဂတံ သင်္ခါရဂတံ ဝိညာဏဂတံ။

မဇ္ဈိမပဏ္ဏာသပါဠိတော် မာလုကျသုတ်မှာ ပထမဈာန်က ပယ်ထားတယ် ကာမစ္ဆန္ဒကို၊ ခုလို ကာမစ္ဆန္ဒကိုပယ်ထားတော့ ပထမဈာန် ဖြစ်မလာဘူးလား၊ အဲဒီပထမဈာန်သမာပတ်အတွင်းမှာ ဘယ်တရားတွေရှိသလဲလို့ကြည့်၊အရဟတ္တဖိုလ်ပေါက် ဟောရမှာကိုး ဒီကာမစ္ဆန္ဒနဲ့ ခနော်။ (မှန်ပါဘုရား)

ပထမဈာန်သည် ကာမစ္ဆန္ဒကို ပယ်လိုက်သည်နှင့်တပြိုင်နက်ထဲ ပထမဈာန်သမာပတ်ကို ရသလား၊ မရဘူးလား (ရပါတယ်ဘုရား)။

ဘာလဲ-ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာလို့ခေါ်တဲ့ ဈာန်အင်္ဂါငါးပါးနဲ့ ပြည့်စုံတဲ့ ပထမဈာန်။ အဲဒီ ပထမဈာန်သမာပတ်အတွင်းမှာ ဘာတွေရှိသလဲဆိုတော့–အဲဒီပထမဈာန်သမာပတ်အတွင်းမှာ ရုပ်ရယ်၊ ဝေဒနာရယ်၊ သညာရယ်၊ သင်္ခါရရယ်၊ ဝိညာဉ်ရယ်လို့ ခန္ဓာငါးပါး ရှိပါတယ်တဲ့၊ ဟုတ်လား (မှန်ပါ)။

ဘယ်လိုလဲ အဲဒီ ခန္ဓာငါးပါးက ပထမဈာန်သမာပတ်ကို ရသွားလို့ ကာမစ္ဆန္ဒကို ပယ်နိုင်တယ်လို့ဆိုတဲ့ ဥစ္စာဟာ ရုပ်ပေါ်မှာ ကာမစ္ဆန္ဒကို ပယ်တာယ်။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ ဒီကာမစ္ဆန္ဒတွေ မရှိဘူးလား၊ ကာမစ္ဆန္ဒရဲ့တည်ရာက ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံပေါ်မှာ၊ အဲဒီရူပါရုံပေါ်မှာ လိုချင်တယ်၊ နှစ်သက်တယ်ဆိုတဲ့ ဆန္ဒကို ပယ်ပစ်လိုက်တဲ့အခါကျတော့ ရူပါရုံမကျန်ရစ်ခဲ့ဘူးလား။ (ကျန်ရစ်ပါတယ်ဘုရား)

အဲဒီရူပါရုံဟာ ဘာလဲ၊ ရူပက္ခန္ဓာ၊နော်။ (မှန်ပါ)

ပထမဈာန် သမာပတ်အတွင်းမှာ ဖြစ်ပြီးတော့နေတဲ့ ဒီပထမဈာန်စိတ်ဆိုတဲ့ ပထမဈာန်ကို ရှုနေတဲ့ ရှုစိတ်မရှိဘူးလား။ (ရှိပါတယ်ဘုရား) ဝိညာဏက္ခန္ဓာ။

အဲဒီ ပထမဈာန်စိတ်နဲ့ယှဉ်တဲ့ စေတသိက်ပေါင်း ၃၅-လုံး မရှိဘူးလား။ (ရှိပါတယ်ဘုရား)။

ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ၊ ခန္ဓာငါးပါး ပထမဈာန်သမာပတ်အတွင်းမှာ ရမသွားဘူးလား။ (ရပါတယ်ဘုရား)

ဘုန်းကြီး မကြာမကြာပြောနေတယ်—— "သင်္ဂြိုဟ်သင်တန်းကို အဘိဓမ္မာ ပြန့်ပွါးရေးအသင်းမှာ သွားပြီးတော့ တက်ကြပါ"လို့။]

ပထမဈာန်ရတယ်ဆိုရင် အဲဒီခန္ဓာငါးပါး ပထမဈာန်ထဲ ဝင်လာပုံကို စေတသိက် ၃၅-လုံး ယှဉ်ပေးလိုက်ရင် ပေါ်လာရော၊ ဟုတ်လား။ (မှန်ပါ)

အဲဒီတော့ ပထမဈာန်သမာပတ်အတွင်းမှာ ကာမစ္ဆန္ဒခွါထားတဲ့ ရုပ်ရယ်, အဲဒီကာမစ္ဆန္ဒခွါထားတဲ့ရုပ်ကို ရှုနေတဲ့ ပထမဈာန်စိတ်ရယ်, အဲဒီပထမဈာန်စိတ်နဲ့ယှဉ်နေတဲ့စေတသိက်ပေါင်း ၃၅-လုံးရယ်၊ အဲဒီတရားအားလုံးကို ပေါင်းလိုက်ရင် ရူပဂတံ, ဝေဒနာဂတံ, သညာဂတံ, သင်္ခါရဂတံ, ဝိညာဏဂတံ-လို့ဆိုတော့ ပထမဈာန်ကို ရှုနေတဲ့အခါ ခန္ဓာငါးပါး မရဘူးလား။ (ရပါတယ်ဘုရား)

ဖိုလ်ပေါက်ရှုနည်း။ ။အဲဒီခန္ဓာငါးပါးကို ဘယ့်နှယ်လုပ်ပြီးတော့ အရဟတ္တဖိုလ်ပေါက်ရအောင် ရှုပေးလိုက်သလဲဆိုတော့——

> သော တေ ဓမ္မေ အနိစ္စတော ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော ပရတော ပလောကတော သုညတော အနတ္တတောတိ သမနုပဿတိ။

ဒီပါဠိတော်ကို အကျဉ်းချုံးပြီးတော့ အဓိပ္ပါယ်ပြောမယ်ဆိုရင် ဘာတွေပေါ်လာသလဲဆိုတော့ ဒီ ၁၁-တောကို ပေါင်းလိုက်ရင် အနိစ္စ, ဒုက္ခ, အနတ္တ-လို့ ဒီသုံးလုံးဘဲ ပါတော့တယ်၊ ခုန ပထမဈာန်သမာပတ် အတွင်းမှာရှိနေတဲ့ ခန္ဓာငါးပါးကို သူ ဘယ်လိုရှုသလဲဆိုတော့ အနိစ္စလို့ရှုတယ်, ဒုက္ခလို့ရှုတယ်, အနတ္တလို့ ရှုတယ်၊ ဟုတ်လား၊ အဲဒီလို အနိစ္စ, ဒုက္ခ, အနတ္တလို့ ရှုတဲ့အခါမှာ ပထမဈာန် သမာပတ်အတွင်းမှာ ဖြစ်နေတဲ့ ခန္ဓာငါးပါးမှာ ဥပ္ပါဒ, ဝယ, အညထတ္တ-လို့ ခေါ်တဲ့ အနိစ္စအချက်, ဒုက္ခအချက်, ဝိပရိဏာမအချက်တွေ မရှိဘူးလား၊ ဒီတော့ ပထမဈာန်သမာပတ်အတွင်းမှာရှိနေတဲ့ အနိစ္စအချက်, ဒုက္ခအချက်, ဝိပရိဏာမ အချက်တွေကို ဒီခန္ဓာငါးပါးအပေါ်မှာ မြင်လာရင် ခန္ဓာငါးပါးကို သူ နှစ်သက် အုံးမလား, မနှစ်သက်တော့ဘူးလား။ (မနှစ်သက်တော့ပါဘုရား)

မနှစ်သက်တော့ဘူးနော်၊ ဒီတော့ သူ ဘာလုပ်သလဲဆိုတော့——

သော တေဟိ ခန္ဓေဟိ စိတ္တံ ပဋိဝါပေတိ။

သော၊ ထိုယောဂါဝစရပုဂ္ဂိုလ်သည်။ တေဟိ ခန္ဓေဟိ၊ ထိုခန္ဓာငါးပါး, အနိစ္စ, ဒုက္ခ, အနတ္တ-ရှိနေတယ်ဆိုတဲ့ ခန္ဓာငါးပါး, အနိစ္စ, ဒုက္ခ, အနတ္တ-လို့ ရှုနေတယ်ဆိုတဲ့ ခန္ဓာငါးပါးတို့မှ။ စိတ္တံ၊ ဝိပဿနာရှုနေတဲ့စိတ်ကို။ ပဋိ-ဝါပေတိ၊ ဖယ်ခွါ၍ထွက်သွားစေ၏။

**နိဗ္ဗာန်ကူးပုံ။** ။မနေချင်တော့ဘူး၊ ဒီခန္ဓာငါးကခွါပြီးတော့ ဘယ်သွားသလဲ ဆိုတော့ အဲဒီစိတ်ဟာ, ဒီခန္ဓာငါးပါးကို ရှုနေတဲ့ ရှုစိတ်ဟာ ခွဲထွက်ပြီးတော့ သူ ဘယ်သွားသလဲ—

သော တေဟိ ခန္ဓေဟိ စိတ္တံ ပဋိဝါပေတွာ အမတာဓာတုယာ စိတ္တံ ဥပသံဟရတိ။ (မဇ္ဈိမနိကာယ်က)

သော၊ ထိုယောဂါဝစရပုဂ္ဂိုလ်သည်။ တေဟိ ခန္ဓေဟိ၊ ထိုခန္ဓာငါးပါးတို့မှ။ စိတ္တံ၊ စိတ်ကို။ ပဋိဝါပေတွာ၊ ဖယ်ခွါပြီး၍။ အမတာဓာတုယာ၊ အမတဓာတ်လို့ခေါ်တဲ့ အသင်္ခတဓာတ်၌။ စိတ္တံ၊ ဝိပဿနာရှုတဲ့စိတ်ကို။ ဥပ-သံဟရတိ၊ ပြေး၍ပူးကပ်လေတော့၏။

ဝိပဿနာရှုနေတဲ့စိတ် ဘယ်ရောက်သွားလဲ၊ အသင်္ခတဓာတ်ကို ပြေးပြီးတော့ ကူးလိုက်တယ်။

**နိဗ္ဗာန်သဘော။** ။ဘယ်လို ကူးနည်းလဲ၊ ကူးပုံ ကူးနည်းက—

"တံ သန္တံ, တံ ပဏီတံ"။ တံ၊ ဤသဘောတရားသည်။ သန္တံ၊ ရာဂဒေါသတို့မှ ငြိမ်သက်၏။ ဪ ဒီသဘောတရားဟာ ရာဂ, ဒေါသ မရှိဘူး။ တံ၊ ဤသဘောတရားသည်။ ပဏီတံ၊ မွန်မြတ်၏။ ဒီတော့ စိတ်က ဘယ်ပြေး ပူးလိုက်သလဲ ဆိုတော့ ခန္ဓာငါးပါးက သူဟာ သင်္ခတတရား ဆိုတော့ ရာဂတွေ, ဒေါသတွေနဲ့ မဟုတ်လား။ (မှန်ပါ)။

အသင်္ခတက ရာဂရှိသလား, ဒေါသရှိသလား။ (မရှိပါဘုရား။)

ဒီတော့ စိတ်ဟာ ရာဂမရှိ, ဒေါသမရှိတဲ့ အသင်္ခတကို ပြေးပြီးတော့ ပူးလိုက်သည်နှင့် တပြိုင်နက်ထဲ ဒီစိတ်ဟာ ရာဂစိတ် ဟုတ်သေးသလား။ (မဟုတ်ပါဘုရား။)

ဒီစိတ်ဟာ သင်္ခတစိတ်လား, အသင်္ခတစိတ်လား။ (အသင်္ခတစိတ်ပါဘုရား။)

အသင်္ခတစိတ် ဖြစ်သွားပြီ, နိဗ္ဗာန်ဝင်သွားပြီ တဲ့။

**ပါရာယန(၃)၁၅—ပ-မ-ဗ-သ-ဝ**

"တေံ သန္တံ, တေံ ပဏီတံ"။

တေံ၊ ဤသဘောတရားသည်။ သန္တံ၊ ရာဂ, ဒေါသ, မောဟတွေမှ ငြိမ်သက်၏။ တေံ၊ ဤသဘောတရားသည်။ ပဏီတံ၊ ရာဂ, ဒေါသ, မောဟတွေ မရှိသောကြောင့် မွန်မြတ်၏။

ရာဂ, ဒေါသ, မောဟတွေ မရှိပုံကို နောက် ဝါကျတခုက ပြတယ်- -

ယဒိဒံ သဗ္ဗသင်္ခါရသမထော သဗ္ဗူပဓိနိဿဂ္ဂေါ တဏှာက္ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာနန္တိ။

ယဒိဒံ၊ ရာဂ, ဒေါသ, မောဟတွေ-မရှိခြင်း အကြောင်းကား။ သဗ္ဗ-သင်္ခါရသမထော၊ အလုံးစုံသော သင်္ခါရတရားတွေ ငြိမ်း၏။

ခုနက ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်တရားတွေ ဒီမှာရှိသေးသလား။ (မရှိပါဘုရား)။

သဗ္ဗူပဓိနိဿဂ္ဂေါ၊ အလုံးစုံသော ကာမုပဓိ, ခန္ဓူပဓိ, သင်္ခါရုပဓိ-ကိလေသုပဓိလို့ ခေါ်တဲ့ ဥပဓိတွေကို စွန့်လွှတ်ရာ ဖြစ်၏။ တဏှာက္ခ-ယော၊ တဏှာကုန်ရာ ဖြစ်၏။ ဝိရာဂေါ၊ စွဲလမ်းတယ် ဆိုတဲ့ ရာဂတွေမရှိတဲ့ နေရာဖြစ်၏။ (ရာဂ, ဒေါသ, မောဟ,မရှိ) နိရောဓော၊ ရာဂ ဒေါသ မောဟ တွေ ချုပ်ရာ ဖြစ်၏။ (နိဗ္ဗာန်=နိရောဓဆိုတာ လူနိရောဓ မဟုတ်ဘူး၊ ရာဂ, ဒေါသ, မောဟနိရောဓ၊) နိဗ္ဗာနံ၊ ရာဂ, ဒေါသ, မောဟတွေ ငြိမ်း၍နေ၏။ ဣတိ၊ ဤသို့။ စိတ္တံ၊ စိတ်ကို။ ဥပသံဟရတိ၊ ကပ်၍ဆောင်၏။

အဲဒီနေရာ ကူးလိုက်တယ်တဲ့—

သော တတ္ထ ဌိတော အာသဝါနံ ခယံ ပါပုဏာတိ။

သော၊ ထိုယောဂါဝစရ ပုဂ္ဂိုလ်သည်။ တတ္ထ၊ ထိုအသင်္ခတသဘော၌။ ဌိတော၊ တည်လျက်။ အာသဝါနံ၊ အာသဝေါတရားတို့၏။ ခယံ၊ ကုန်ခြင်းသို့။ ပါပုဏာတိ၊ ရောက်လေတော့၏။

အရဟတ္တဖိုလ် ဝိမောက္ခပေါ်ပုံ၊ ဟုတ်ပလား။ (မှန်ပါဘုရား။)

နိဂုံး။ ။အဲဒါကြောင့် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က—

"ပဟာနံ ကာမစ္ဆန္ဒာနံ"။

ကာမစ္ဆန္ဒာနံ၊ ကာမစ္ဆန္ဒတို့ကို။ ပဟာနံ၊ ခုလို ထိုအရဟတ္တဖိုလ်စိတ်နဲ့ ပယ်နိုင်ခြင်းကို။ အညံ၊ အရဟတ္တဖိုလ် ဝိမောက္ခဟူ၍။ အဟံ၊ သင်တို့ဆရာငါဘုရားသည်။ ပဗြူမိ၊ ကောင်းစွာမသွေ ဟောကြားတော်မူပါပေသတည်း။

သာဓု-သာဓု-သာဓု

ဥဒယသုတ္တန် ပဌမပိုင်း ပြီးပြီ။

ပါရာယနဝဂ် ပါဠိတော်ဟောစဉ်

# ၁၃-ဥဒယသုတ္တန် ဒုတိယပိုင်း

---

## တရားတော်အမည်

သာသနာသက္ကရာဇ် ၂၅၁၄-ခုနှစ်, ကောဇာသက္ကရာဇ် ၁၃၃၂-ခုနှစ်၊ ကဆုန် လဆန်း ၁၄-ရက်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်ရပ်၊ ရွှေဘုန်းပွင့်စေတီတော်ကြီး အတွင်း တည်ခင်းအပ်သော ဝိပဿနာဓမ္မာရုံတော်ကြီးတွင် ဝိပဿနာအလုပ် တက်ပုံကို ဥဒယပုဏ္ဏား လျှောက်ထားတဲ့အတွက် မြတ်စွာဘုရား ဟောကြား တော်မူအပ်သော သုတ္တနိပါတ်ပါဠိတော် ပါရာယနဝဂ်၌ လာသော ဥဒယသုတ္တန် ဒုတိယပိုင်း တရားတော်။

## ဘုရားရှိခိုး

အဲဒီသုတ္တန်ကို မြတ်စွာဘုရား ဟောတော်မူတဲ့အတိုင်း ဟောရမှာဖြစ်တဲ့ အတွက် ရှေးဦးစွာ မြတ်စွာဘုရားကို ရှိခိုးကြရအောင် ဘုန်းကြီးတို့ အမျိုး ကောင်းသား, အမျိုးကောင်းသမီးများ လက်အုပ်ချီပြီးတော့ ထားကြ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(အနက် ယခင်အတိုင်း)

သာဓု - သာဓု - သာဓု

## စကားပလ္လင်

ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို ဥဒယပုဏ္ဏား ကြီးက "အဝိဇ္ဇာကိုဖျက်ဆီးနိုင်တဲ့ အရဟတ္တဖိုလ်ဝိမောက္ခရောက်အောင် ဟော ကြားပေးတော်မူပါဘုရား"လို့ အဲသလိုလျှောက်တဲ့အထဲမှာ ဘုန်းကြီးတို့မြတ်စွာ ဘုရားရှင် ကိုယ်တော်မြတ် ဟောကြားပေးတော်မူတဲ့ နှစ်ဂါထာကို ဟောပေး ခဲ့တာ ပြီးခဲ့တဲ့ညက ဘာကုန်ခဲ့သလဲဆိုတော့ ပထမဂါထာရဲ့ "ပဟာနံ ကာမ-စ္ဆန္ဒာနံ=ကာမစ္ဆန္ဒကို ပယ်ခြင်းကြောင့် အရဟတ္တဖိုလ်ဝိမောက္ခ ဖြစ်ပုံ"ကို ဘုန်းကြီးတို့ ဟောပေးခဲ့ပြီ။

**ပဥ္စမအဖြေတရားတော် အဆက်**

ဒီကနေ့ ဟောပေးရမဲ့ အပိုဒ်က ဘာလဲဆိုတော့—

"ဒေါမနဿာန စူဘယံ"

ဒေါမနဿာနဉ္စ၊ ဒေါမနဿကိုလည်း။ ပဟာနံ၊ ပယ်ခြင်းကိုရင်း။ ဉဘယံ၊ ကာမစ္ဆန္ဒနဲ့ ဒေါမနဿလို့ဆိုတဲ့ နှစ်ပါးစုံကို။ ပဟာနံ၊ ပယ်ခြင်းကိုရင်း။ အညာဝိမောက္ခံ၊ အရဟတ္တဖိုလ်ဝိမောက္ခဟူ၍။ အဟံ၊ ငါဘုရားသည်။ ပဗြူမိ၊ ဟောကြားတော်မူ၏။

**မဂ်ကပယ်ပုံ။** ။ပယ်တာကတော့ဖြင့် ဘယ်သူကပယ်သလဲဆိုတော့ မဂ်ကပယ်တာဘဲ၊ အရဟတ္တမဂ်က ဒေါမနဿနဲ့ ပြီးတော့ ကာမစ္ဆန္ဒကို အပြီးအပိုင်ပယ်တယ်၊ ဒေါမနဿလို့ဆိုတာကိုတော့ဖြင့် အနာဂါမိမဂ်နဲ့ သူက ပယ်ခဲ့တယ်။ ဒါပေမဲ့ အရဟတ္တဖိုလ်ဝိမောက္ခလို့ဆိုပြီးတော့ ဒီလိုပါဠိတော်မှာ ဟောထားတယ်။ အဲဒီကာမစ္ဆန္ဒကိုပယ်လို့ အရဟတ္တဖိုလ်ဝိမောက္ခဖြစ်ပုံကိုတော့ ဟောပြီးပြီ။

**ဒေါမနဿအရ။** ။ဒီကနေ့တော့ "ဒေါမနဿာန စူဘယံ" ကို ဟောတဲ့အခါမှာလဲ အဲဒီ "ဉဘယံ" လို့ ခေါ်တဲ့ စကားတလုံးပါနေသည် ဖြစ်သောကြောင့် နှစ်ပါးစုံ ကာမစ္ဆန္ဒနဲ့ ဗျာပါဒလို့ခေါ်တဲ့ ဒေါမနဿ။ ဒေါမနဿလို့ဆိုတာ ဘာကိုခေါ်သလဲဆိုတော့ စိတ်ပျက်တယ်, စိတ်ကောက်တယ်, စိတ်ဆိုးတယ်, စိတ်ညစ်တယ်-ဆိုတဲ့ သဘောတရားတွေကို ဒေါမနဿလို့ခေါ်တယ်။ အဲဒီ (ဒေါမနဿ တရားတွေလဲဘဲ ဘုန်းကြီးတို့ ပြီးခဲ့တဲ့အပတ်က ဟောပေးခဲ့တဲ့) ဒေါမနဿဝေဒနာကိုလဲ ဒေါမနဿလို့ခေါ်တယ်။

"ဒေါမနဿာန စူဘယံ" ကို စူဠနိဒ္ဒေသပါဠိတော်က ဘယ့်နှယ်ဖွင့်ပေးထားသလဲဆိုတော့—

**ဒေါမနဿကုန်ရာ။** ။ဒေါမနဿာန စူဘယန္တိ ကာမစ္ဆန္ဒဿ စ ဒေါမနဿဿ စ ပဟာနံ ဝူပသမံ ပဋိနိဿဂ္ဂံ ပဋိပဿဒ္ဓိံ အမတံ နိဗ္ဗာနန္တိ ဒေါမနဿာန စူဘယံ။

ဒေါမနဿနဲ့ ကာမစ္ဆန္ဒကို အကြွင်းမဲ့ပယ်ပြီးခဲ့လို့ရှိရင် သူ့ကို "အမတ, နိဗ္ဗာန" လို့ ခေါ်ပါတယ်လို့ ဒီလိုပြောထားတယ်၊ ဘာဖြစ်လို့လဲဆိုတော့, ပါဠိတော်နဲ့လဲ ဘယ်လိုကိုက်နေပြန်သလဲဆိုတော့ ရာဂက္ခယောနဲ့ ဒေါသက္ခယော။ ရာဂက္ခယောသည် ကာမစ္ဆန္ဒ, ဒေါသက္ခယောသည် ဒေါမနဿ။ အဲဒီရာဂကုန်ခြင်း, ဒေါသကုန်ခြင်းကိုဘဲ နိဗ္ဗာန်လို့ခေါ်တယ်ဆိုတာ နောက်ပိုင်းကျတော့ သူကပါလာမယ်၊ ဒီတော့ ဒီ ရာဂ, ဒေါသတွေ ကုန်တယ်ဆိုတာ ဘယ်မှာ

ကုန်သလဲဆိုတော့ အနာဂါမိမဂ်ခဏမှာ ဒေါသတွေကုန်တယ်။ အရဟတ္တမဂ် ခဏမှာ ရာဂတွေကုန်တယ်။ ကာမစ္ဆန္ဒအားလုံး အနာဂါမိမဂ်နဲ့ အရဟတ္တမဂ် ခဏမှာ ရာဂတွေ ဒေါသတွေ ကုန်သွားတာကို နိရောဓနိဗ္ဗာန် "ရာဂက္ခယော နိဗ္ဗာနံ, ဒေါသက္ခယော နိဗ္ဗာနံ"။

**လျှောက်ထားချက်။** ။ရာဂကုန်တာ ဘယ်နေရာမှာကုန်သလဲ, ဒေါသကုန်တာ ဘယ်နေရာမှာ ကုန်သလဲဆိုတော့ ရာဂ ဒေါသကုန်တယ် ဆိုတာ အနာဂါမိမဂ်နဲ့ အရဟတ္တမဂ်ခဏမှာ ရာဂ, ဒေါသ, မောဟ ကုန်တယ်၊ အဲဒီလိုကုန်သွားအောင် ရာဂနှင့် ဒေါသကို ဝိပဿနာရှုကွက်ဖော်ပေးတော်မူပါ။

ဒေါမနဿဖြင့် အရဟတ္တဖိုလ်ပေါက် "အညာဝိမောက္ခ" ဖြစ်အောင် (အညာ ဆိုတာ အရဟတ္တဖိုလ်၊ ဝိမောက္ခဆိုတာ လွတ်လပ်မှု) ဒီတော့ အဲဒီ "ဒေါမနဿ ကုန်အောင် ဘယ့်နှယ်လုပ်ရပါ့မလဲ ဘုရား၊ ဝိမောက္ခဖြစ်အောင် ဟောပေးတော်မူပါ" ဒီလိုလျှောက်ထားတယ်။

**ဗျာပါဒတရား။** ။အဲဒီ လျှောက်ထားချက်နဲ့ ပတ်သက်ပြီးတော့ ဘုန်းကြီး တို့ ဒီဿနိကာယ်ကို သွားကြရမယ်။ ဘာပြောသလဲ ဒီဃ- နိကာယ်က—

သန္တံ ဝါ အဇ္ဈတ္တံ ဗျာပါဒံ "အတ္ထိ မေ အဇ္ဈတ္တံ ဗျာပါဒေါ" တိ ပဇာ- နာတိ။ တချက်။

အသန္တံ ဝါ အဇ္ဈတ္တံ ဗျာပါဒံ "နတ္ထိ မေ အဇ္ဈတ္တံ ဗျာပါဒေါ"တိ ပဇာ- နာတိ။ နှစ်ချက်။

ယထာ စ အနုပ္ပန္နဿ ဗျာပါဒဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။ သုံးချက်။

ယထာ စ ဥပ္ပန္နဿ ဗျာပါဒဿ ပဟာနံ ဟောတိ၊ တဉ္စ ပဇာနာတိ။ လေးချက်။

ယထာ စ ပဟီနဿ ဗျာပါဒဿ အာယတိံ အနုပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။ ငါးချက်။

**မှတ်ချက်။** ။[ဤနေရာ၌ "ဗျာပါဒ" ဟူသောစကားကို "ဒေါမနဿ" ဟု သုံးနှုန်းသွားမည်၊ ဗျာပါဒနှင့် ဒေါမနဿကို သဒ္ဒါကွဲ အနက်တူ ဟု ယူဆရပါမည်။]

**ဒေါမနဿဖြစ်နေပုံ။** ။သတိပဋ္ဌာနသုတ္တန် ပါဠိတော်ကြီးမှာ မြတ်စွာဘုရားက ဒေါမနဿဝေဒနာရဲ့ ဝိပဿနာရှုကွက်ကို ဖော်ပေး ထားတာ ဘုန်းကြီး ညက ပြောခဲ့ပြီးပြီ၊ ဝိပဿနာရှုတယ်ဆိုတာ မိမိမှာ ထင်ရှား

ရှိနေတဲ့ တရားအားလုံးတို့ကို ဝိပဿနာရှုလို့ဖြစ်တယ်၊ ဘယ်လိုလဲ ဒေါမနဿ ဆိုတဲ့ သဘောတရားတွေဟာ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်း သမီးများမှာ ရှိရှိမနေဘူးလား။ (ရှိနေပါတယ် ဘုရား)။

ဘယ်လိုလဲ ဒေါမနဿတွေဆိုတာ မျက်လုံးနဲ့မြင်လိုက်တဲ့အခါ၊ နားနဲ့ကြား လိုက်တဲ့အခါ၊ အနံ့နံလိုက်တဲ့အခါ၊ စိတ်ပျက်မှုတွေ ဖြစ်ဖြစ်မသွားဘူးလား (ဖြစ်ပါတယ် ဘုရား)။

အဲဒီ ပကတိစိတ်ကလေး ပျက်သွားတာကိုဘဲ ဒေါမနဿလို့ခေါ်တယ်။ စိတ် ပျက်တယ်ဆိုဒါ တစုံတခုသောအာရုံကို မှီပြီးတော့ ဒေါမနဿဖြစ်နေတယ်, စိတ် ပျက်တယ်၊ အဲသလို စိတ်ပျက်မှုဆိုတာ ဘယ်သူပျက်သလဲဆိုတော့, ကိုယ်ကပျက် တာလား, ဒေါမနဿက ပျက်တာလားဆိုတော့ ဒေါမနဿဆိုတော့ စိတ်ကပျက် တာ၊ ဒေါမနဿဆိုတာ စိတ်ကိုဖျက်ဆီးပစ်တာ၊ ပကတိသောစိတ်ကို ဖျက်ဆီး ပစ်တာ ဘယ်သူလဲ (ဒေါမနဿပါ ဘုရား)။

ဒေါမနဿသည် စိတ်ကိုဖျက်ဆီးတဲ့အလုပ်ကို လုပ်သည်ဖြစ်သောကြောင့် အဲဒီ ဒေါမနဿကို သခ်ါရတရားလို့ခေါ်တယ်၊ ဘာဖြစ်လို့ ဒေါမနဿကို သခ်ါရလို့ ခေါ်သလဲဆိုတော့ အလုပ်လုပ်လို့၊ဒေါမနဿက ဘာအလုပ်ကို လုပ်သလဲ၊ပကတိ သောစိတ်ကို ပျက်စီးအောင်လုပ်တယ်၊ ပကတိဖြူစင်နေတဲ့စိတ်ကို ပျက်စီးအောင် လုပ်ပစ်တာ ဘယ်သူလဲ (ဒေါမနဿပါ ဘုရား)။

လူလား, ဒေါမနဿလား (ဒေါမနဿပါ ဘုရား)။

ကိုယ့်ကို စိတ်ပျက်အောင်လုပ်တာ ဘယ်သူလဲ (ဒေါမနဿပါ ဘုရား)။

ဒေါမနဿက လုပ်တာ။

ဘုန်းကြီးတို့ ပရိသတ်က ဘယ့်နှယ်ပြောသလဲဆိုတော့ "သူကလုပ်တယ် ချည်း" ပြောနေတယ်၊ "ကိုယ့်အိမ်သူအိမ်သားကချည်း လုပ်နေတယ်"လို့ ပြော နေတယ်။ "ကိုယ့်သားသမီးကချည်း လုပ်နေတယ်"လို့ ပြောနေတယ်၊ "ကိုယ့် မိဘကချည်း လုပ်နေတယ်"လို့ ပြောနေတယ်။ "ကိုယ့်ဆရာသမားကချည်း လုပ်တယ်"လို့ ပြောနေတယ်၊ တခါတလေ "ငါကလုပ်တယ်"လို့တောင် ပြော နေသေးတယ်။ "ငါ ဒီအလုပ် လုပ်မိလို့ စိတ်တွေပျက်နေရတယ်"လို့ ပြောနေ သေးတယ်။ ဒီတော့ ဒီနေရာမှာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က "စိတ်ပျက် တယ်"ဆိုတာ သူများလုပ်တာမဟုတ်ပါဘူးတဲ့၊ ဒေါမနဿကလုပ်တာပါလို့ မှတ် ချက်တခါထဲ ချထားလိုက်ပါတဲ့။

**ဝိပဿနာရှုနည်း။** ။ဘယ်သူလုပ်တာတုံး၊ ဒေါမနဿကလုပ်ထာ၊ ကဲ ဒါဖြင့် ကိုယ့်မှာ စိတ်ပျက်မှုဖြစ်လာရင် "ဩော် ငါ့တော့ ဒေါမ-

နသာက လုပ်နေပြီ"၊ စိတ်ပျက်နေရင် "ဒေါမနဿက အလုပ်လုပ်နေတုန်းဘဲ" ဒီတော့ မိမိသန္တာန်မှာ ဒေါမနဿမှုတွေ့ စိတ်ပျက်မှုတွေ့ စိတ်ဆိုးမှု့ စိတ်ကောက်မှုတွေ ဖြစ်လာရင် ဘယ့်နှယ်လုပ်ရမလဲ ဝိပဿနာရှုရမယ် အဲဒီ ဒေါမနဿကို၊ ဝိပဿနာရှုနည်းဆိုတာ ထွက်လေ ဝင်လေကိုသာ ဝိပဿနာရှုရတာ မဟုတ်ဘူး။

ဓမ္မာနုပဿနာသတိပဋ္ဌာန်က အဲဒီ ဒေါမနဿကိုလဲ ဝိပဿနာ ရှုရမယ်တဲ့၊ ဓမ္မာနုပဿနာသတိပဋ္ဌာန် နီဝရဏပဗ္ဗပိုင်းမှာ မြတ်စွာဘုရား ဟောသွားတယ်။ အဲဒီလို စိတ်ပျက်တယ်ဆိုတဲ့ ဒေါမနဿကို ဝိပဿနာရှုဘို့ ဘယ့်နှယ်ရှုရမလဲလို့ ဆိုတော့—

သန္တံ ဝါ အဇ္ဈတ္တံ ဗျာပါဒံ "အတ္ထိ မေ အဇ္ဈတ္တံ ဗျာပါဒေါ"တိ ပဇာနာတိ။

ကိုယ့်သန္တာန်မှာ ဒေါမနဿလို့ခေါ်တဲ့ ဗျာပါဒဖြစ်နေရင် "ငြော် ဒါ ဒေါမနဿဘဲ"လို့ ခွဲခြားပြီးတော့ သိရမယ်တဲ့၊ ဘာသူနဲ့ ခွဲခြားပြီးတော့ သိရမလဲ၊ လူနဲ့ ဒေါမနဿကို ခွဲခြားပြီးတော့ သိရမယ်၊ နော် (မှန်ပါ ဘုရား)။

ပဇာနာတိ၊ ပ=ခွဲခြားပြီးတော့။ ဇာနာတိ=သိတယ်။ ဘာနဲ့ ခွဲခြားပြီးတော့ သိရမလဲ၊ လူနဲ့ ဒေါမနဿကို ခွဲခြားပြီးတော့ သိရမယ်။ တခါတရံမှာ မိမိသန္တာန်မှာ အဲဒီလို စိတ်ပျက်တယ်, စိတ်ကောက်တယ်, စိတ်ဆိုးတယ် ဆိုတဲ့ သဘောတွေ ရှိသလား, မရှိဘူးလား (ရှိပါတယ် ဘုရား)။

တခါတရံမှာတော့ စိတ်ပျက်မှုတွေ့ စိတ်ကောက်မှုတွေ့ စိတ်ဆိုးမှုတွေ မိမိသန္တာန်မှာ မရှိတဲ့အခါကော မရှိဘူးလား (ရှိပါတယ် ဘုရား)။

အဲဒီအခါမှာ ကိုယ့်သန္တာန်မှာ ဒေါမနဿ ရှိသလား (မရှိပါ ဘုရား။)

အသန္တံ ဝါ အဇ္ဈတ္တံ ဗျာပါဒံ "နတ္ထိ မေ အဇ္ဈတ္တံ ဗျာပါဒေါ"တိ ပဇာနာတိ။

"ငြော် ငါ့သန္တာန်မှာ ဒေါမနဿ မရှိဘူး"လို့ ခွဲခြားသိရမယ်၊ ဝိပဿနာ ရှုကွက်က ဒေါမနဿကို ရှုနေရမှာ၊ နော် (မှန်ပါ)။

ရှုနေတာဟာ ဘယ်လိုရှုနေတာလဲ လူကိုရှုနေတာလား, ဒေါမနဿကို ရှုနေတာလား (ဒေါမနဿကို ရှုနေပါတယ် ဘုရား)။

ဘယ်လိုရှုသလဲ၊ "ဒေါမနဿရှိတယ်"လို့ ရှုတယ်၊ "ဒေါမနဿ မရှိဘူး"လို့ ရှုတယ်၊ လူကတော့ ရှိနေတယ်၊ လူကို မရှိဘူးလို့ ရှုလို့ရကိုမရဘူး၊ သတ္တပညတ် ကြီးဖြစ်တဲ့လူကတော့ ရှိနေတယ်။ ဒေါမနဿကို ဝိပဿနာရှုတယ်ဆိုတာ ဘယ်လို

ရှုသလဲ၊ "ဒေါမနဿ ရှိနေတယ်"လို့ ရှုတယ်၊ "ဒေါမနဿ မရှိဘူး"လို့ ရှုတယ်၊ ဒါ ရှုကွက်, ဝိပဿနာရှုကွက်နော်၊ ဒီလို အလုပ်လုပ်ပြီးတော့, နားထောင်ပြီး တော့ ရှုနေတာသည်ပင်လျှင် ဝိပဿနာရှုတာဘဲ၊ အဲဒီအခါမှာ အသက်ရှူတာ, ရှိုက်တာဟာ ဝိပဿနာရှုတာ မဟုတ်ဘူးတဲ့၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်က၊ ဟုတ်လား။ (မှန်ပါ ဘုရား)။

ဒေါမနဿကို ဝိပဿနာရှုနည်း၊ သိပလား (သိပါပြီ ဘုရား)။

ဘာကိုရှုမလဲ (ဒေါမနဿကို ရှုပါ့မယ် ဘုရား)။

ဘယ်လိုရှုမလဲ၊ ရှိတယ်, မရှိဘူး၊ ဒေါမနဿရှိနေရင် "ဒေါမနဿ ရှိတယ်" လို့ ရှုတယ်၊ ဒေါမနဿ မရှိရင် "မရှိဘူး"လို့ ရှုတယ်၊ ကဲ ဒါဖြင့် ကိုယ့်သန္တာန်မှာ ဒေါမနဿ မရှိရင် ဘာရှိနေသလဲ၊ ဟုတ်လား၊ စိတ်ညစ်မှု, စိတ်ပျက်မှု မရှိရင် သက်သာမှုလို့ဆိုတဲ့ သောမနဿတွေ မရှိဘူးလား (ရှိပါတယ် ဘုရား)။

အဲဒါကိုလဲ ရှုပစ်ရမယ်။ သူကတော့ ဘယ်ရောက်သွားသလဲ ဆိုတော့—

သန္တံ ဝါ အဇ္ဈတ္တံ ကာမစ္ဆန္ဒံ "အတ္ထိ မေ အဇ္ဈတ္တံ ကာမစ္ဆန္ဒော"တိ ပဇာနာတိ။ နောက်ကရှုခဲ့တဲ့အထဲ ပြန်ရောက်သွားပြီ (မှန်ပါ ဘုရား။)

ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ကြည့်၊ သတ္တဝါ တို့ရဲ့အလိုကို ထိုင်ကြည့်မယ်ဆိုရင်, ဘယ်သတ္တဝါကိုဘဲ ကြည့်လိုက် ကြည့်လိုက် တလောကလုံးကို ကြည့်လိုက်မယ်ဆိုရင် အလိုရှိတယ်, မရရင်စိတ်ပျက်တယ်, ဒီနှစ်ခုဘဲ များသောအားဖြင့် ရှိတယ်။ ဘာတဲ့လဲ (အလိုရှိတယ်, မရရင်စိတ် ပျက်တယ်)။

ဒီတော့ ဘာတွေကိုဘဲ အလိုရှိလာလာ ကိုယ့်အလိုဟူသရွေ့ "ကာမစ္ဆန္ဒ"ဘဲ၊ အဲဒီ ကိုယ့်အလိုမပြည့်လို့ စိတ်ပျက်နေတာ ဟူသရွေ့ကို ဘာလို့ခေါ်သလဲ (ဒေါမနဿလို့ ခေါ်ပါတယ် ဘုရား)။

အဲဒီ ဒေါမနဿကို ဝိပဿနာရှုတဲ့အခါ "ဒေါမနဿ ရှိတယ်, မရှိဘူး"လို့ ရှုနေတာကို ဒေါမနဿကိုရှုတယ်လို့ ခေါ်တယ်တဲ့ ပါဠိတော်က။

ဝိပဿနာရှုပုံ။ ။ကဲဒါဖြင့် ဒေါမနဿကို ဝိပဿနာရှုကွက်ထဲထည့်ပြီး ဝိပ- ဿနာရှုတဲ့အခါ ဘယ့်နှယ်ရှုရမလဲ ဆိုတော့—

**သမုဒယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ၊**
**ဝယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ၊**
**သမုဒယဝယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ—**

လို့ ဒီလိုရှုရမယ်။

**ဒေါမနဿသည် ဖြစ်ခြင်းသဘော ရှိတယ်,**
**ဒေါမနဿသည် ပျက်ခြင်းသဘော ရှိတယ်,**
**ဒေါမနဿသည် ဖြစ်ခြင်း ပျက်ခြင်းသဘော ရှိတယ်——**

လို့ အဲသလို သုံးချက်ရှုရမယ်တဲ့ ပါဠိတော်က။ ဟုတ်လား (မှန်ပါ)။

ဒါ ဒေါမနဿကို ဝိပဿနာရှုတာဘဲ။

**ဒေါမနဿဖြစ်ကြောင်း။** ။ကဲဒါဖြင့် မရှိသေး, မဖြစ်သေးတဲ့ ဒေါမနဿတွေ မိမိရဲ့သန္တာန်မှာ ဖြစ်လာတာ, ရှိလာတာ ဘာ့ကြောင့်လဲ၊ ဒေါမနဿဖြစ်ခြင်းရဲ့ အကြောင်းကိုလဲ သိရအုံးမယ်လို့ ပါဠိတော်က ပြတယ်၊ ဒီတော့ အဲဒီ တတိယမြောက်ဖြစ်တဲ့ အပိုဒ်မှာ——

ယထာ စ အနုပ္ပန္နဿ ဗျာပါဒဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။ မဖြစ်သေးတဲ့ ဗျာပါဒခေါ် ဒေါမနဿတွေဖြစ်ခြင်းရဲ့အကြောင်းက ဘယ်သူလဲ၊ ဒေါမနဿဖြစ်တယ်ဆိုတာ စိတ်ပျက်နေတာတွေ၊ ဟုတ်လား။ စိတ်ပျက်မှုကို, စိတ်ပျက်စရာအာရုံကို မသင့်သောအားဖြင့် အဖန်တလဲလဲ နှလုံးသွင်းမှုကြောင့် ဒေါမနဿဖြစ်တယ်၊ အဲဒါကို ပါဠိတော်ကြီးက ဘယ့်နှယ်ပြထားသလဲဆိုတော့ သံယုတ္တနိကာယ် မဟာဝဂ္ဂ သံယုတ်ပါဠိတော်က——

အတ္ထိ ဘိက္ခဝေ ပဋိဃနိမိတ္တံ၊ တတ္ထ အယောနိသောမနသိကာရဗဟုလီကာရော အယမာဟာရော အနုပ္ပန္နဿ ဝါ ဗျာပါဒဿ ဥပ္ပါဒါယ ဥပ္ပန္နဿ ဝါ ဗျာပါဒဿ ဘိယျောဘာဝါယ ဝေပုလ္လာယ။

ဘိက္ခဝေ၊ ရဟန်းတို့။ ပဋိဃနိမိတ္တံ၊ စိတ်ပျက်စရာဆိုတဲ့ အကြောင်းသည်။ (ဝါ) စိတ်ပျက်ခြင်းသည်။ အတ္ထိ၊ ရှိ၏။

"ပဋိဃမ္ပိ ပဋိဃနိမိတ္တံ, ပဋိဃာရမ္မဏမ္ပိ ပဋိဃနိမိတ္တံ"လို့ အဋ္ဌကထာက ဖွင့်ထားသည်။ ပဋိဃမ္ပိ၊ ထိပါးချုတ်ချယ်တတ်သော ဒေါသသည်လည်း။ ပဋိဃနိမိတ္တံ၊ ပဋိဃနိမိတ် မည်၏။ ပဋိဃာရမ္မဏမ္ပိ၊ ပဋိဃ၏အကြောင်း ဖြစ်သော အနိဋ္ဌာရုံသည်လည်း။ ပဋိဃနိမိတ္တံ၊ ပဋိဃနိမိတ်မည်၏။ (ဝါ) ဒေါသဖြစ်ခြင်း၏ အကြောင်းဖြစ်သော အနိဋ္ဌာရုံမည်၏။ အဲဒီ ပဋိဃနိမိတ်နဲ့ စိတ်ပျက်နေတာနဲ့ စိတ်ပျက်စရာအာရုံတွေကို အယောနိသောမနသိကာရေန=နိစ္စ,ဓုဝ, သဿတ, အဝိပရိဏာမ အနေအားဖြင့် အဖန်တလဲလဲ နှလုံးသွင်းခြင်းကြောင့် ဗျာပါဒ ခေါ်တဲ့ ဒေါမနဿဖြစ်တယ်လို့ ဆိုလိုတယ်။

အယောနိသောမနသိကာရဗဟုလီကာရော၊ နိစ္စ, ဓုဝ, သဿတ, အဝိပရိဏာမလို့ မသင့်သောအားဖြင့် နှလုံးသွင်းခြင်းကို အလေ့အလာပြုခြင်း များ၍ နေခြင်းသည်။ အနုပ္ပန္နဿ၊ မဖြစ်သေးသော။ ဗျာပါဒဿ၊ စိတ်

ပျက်ခြင်း၏။ ဥပ္ပါဒါယ၊ ဖြစ်ပေါ်၍လာခြင်းငှါ။ ဥပ္ပန္နသာ၊ ဖြစ်ပေါ်၍နေသော။ ဗျာပါဒဿ၊ ဗျာပါဒ၏။ ဘိယျောဘာဝါယ၊ ဆထက်တံပိုး တိုးပွါး၍ လာခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။

ဒေါမနဿတွေ ဖြစ်တယ်ဆိုတာ သူများကြောင့်ဖြစ်တာ မဟုတ်ဘူး၊ မိမိကိုယ်တိုင် ကိုယ်က စိတ်ပျက်မှုနဲ့ စိတ်ပျက်စရာ အာရုံတွေကိုမသင့်သောအားဖြင့် နှလုံးသွင်းနေခြင်းဟူသော အကြောင်းကို အလေ့အလာ ပြုလုပ်ခြင်းများတဲ့အတွက် မဖြစ်သေးတဲ့ ဒေါမနဿတွေ ဖြစ်တယ်၊ ဖြစ်ပြီးသား ဒေါမနဿတွေ တိုးပွါးလာတယ် တဲ့၊ အဲဒီလို ဒေါမနဿဖြစ်ခြင်းရဲ့ အကြောင်းကို သိအောင် ရှုနေတာလဲ ဝိပဿနာရှုနည်း တမျိုးဘဲ၊ ဒေါမနဿဖြစ်ခြင်းရဲ့ အကြောင်းနော်။ ဒါဟာ "ယထာ စ အနုပ္ပန္နဿ ဗျာပါဒဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ"ရဲ့ အဓိပ္ပါယ်။

**ဒေါမနဿပယ်ကြောင်း။** ။ယထာ စ ဥပ္ပန္နဿ ဗျာပါဒဿ ပဟာနံ ဟောတိ၊ တဉ္စ ပဇာနာတိ=ဖြစ်နေတဲ့ဒေါမနဿကို ပယ်ခြင်းရဲ့အကြောင်းကို သိဘို့လိုသေးတယ်။ ဘုန်းကြီးတို့ပရိတ်သတ်မှာ ဒေါမနဿတွေ မဖြစ်ဘူးဘူးလား? (ဖြစ်ဘူးပါတယ်ဘုရား)။

ပင်ပန်းသလား, သက်သာသလား? (ပင်ပန်းပါတယ်ဘုရား)။

ဒါဖြင့် ဒီဒေါမနဿကို ပယ်ထုတ်ချင်သလား, ပယ်ထုတ်မပစ်ချင်ဘူးလား? (ပယ်ထုတ်ပစ်ချင်ပါတယ်ဘုရား။)

ဘယ်အကြောင်းနဲ့ ပယ်ရမလဲ၊ ဒေါမနဿကို ပယ်တဲ့အကြောင်းကို မြတ်စွာဘုရားကိုယ်တော်မြတ်က သံယုတ္တနိကာယ်မှာ ဟောထားပါတယ်။

> အတ္ထိ ဘိက္ခဝေ မေတ္တာစေတောဝိမုတ္တိ၊ တတ္ထ ယောနိသောမနသိကာရဗဟုလီကာရော၊ အယမာဟာရော အနုပ္ပန္နဿ ဝါ ဗျာပါဒဿ အနုပ္ပာဒါယ၊ ဥပ္ပန္နဿ ဝါ ဗျာပါဒဿ ပဟာနာယ။
>
> ဘိက္ခဝေ၊ ရဟန်းတို့၊ မေတ္တာစေတောဝိမုတ္တိ၊ ကျန်းမာပါစေ, ချမ်းသာပါစေလို့ ဆိုတဲ့ မေတ္တာကြောင့် အဲဒီ ဒေါသမှ စိတ်၏လွတ်ခြင်းဆိုတဲ့ သဘောတရားသည်။ အတ္ထိ၊ ရှိ၏။ (မေတ္တာစေတောဝိမုတ္တိ) တတ္ထ၊ ထိုမေတ္တာစေတောဝိမုတ္တိတရား၌။ ယောနိသောမနသိကာရဗဟုလီကာရော၊ သင့်သောအားဖြင့် နှလုံးသွင်းခြင်းကို အကြိမ်များစွာ ပြုခြင်းဖြင့် ပြုလေ့ရှိသောသူသည်။ အနုပ္ပန္နဿ၊ မဖြစ်သေးသော။ ဗျာပါဒဿ၊ ဒေါသကို။ အနုပ္ပါဒါယ၊ မဖြစ်စေခြင်းငှါ။ ဥပ္ပန္နဿ၊

ဖြစ်ပေါ်၍ နေသော။ ဗျာပါဒသော၊ ဗျာပါဒကို။ ပဟာနာယ၊ ပယ်နိုင်ခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။

ဒေါသဖြစ်ရင် မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းပေးလိုက်ပါတဲ့ ဆိုလိုတဲ့အဓိပ္ပါယ်က၊ “ဘယ်နှယ်လဲဘုရား, ဒီလောက်ဒေါသကြီးနေတာ ဘယ်လိုလုပ်ပြီး မေတ္တာပွါးရပါမလဲ” လို့ဆိုတော့ ဒေါသဖြစ်တယ်ဆိုတာ ဘယ်သူ့ကို ဒေါသဖြစ်သလဲ တစ်ယောက်သောပုဂ္ဂိုလ်ကို ဒေါသဖြစ်တယ်။ (သို့မဟုတ်) မိမိကိုယ်ကို မိမိ ဒေါသဖြစ်တယ်။ အဲဒီ ဒေါသဖြစ်နေတဲ့ ပုဂ္ဂိုလ်ကို ဘယ်နှယ်လုပ်ရမလဲလို့ဆိုတော့ မေတ္တာပွါးပေးလိုက်။ ဟာ မပွါးနိုင်ဘူး၊ ဒီပုဂ္ဂိုလ်အပေါ်မှာ မပွါးနိုင်ရင် ကရုဏာပွါးပေးလိုက်၊ သူ့ကိုသနားစရာလေးလို့ တွေးလိုက်၊ ပယ်နည်းတွေ မြတ်စွာဘုရားဟောပေ.တာ၊ မေတ္တာပွါးပေးပါတဲ့၊ ဆိုလိုတဲ့အဓိပ္ပါယ်က မေတ္တာပွါးပေးရင် မဖြစ်သေးတဲ့ ဗျာပါဒတွေလဲ မဖြစ်ဘူး၊ ဖြစ်ပြီးတဲ့ ဗျာပါဒတွေ ဒေါသတွေလဲ ပျောက်သွားလိမ့်မယ်တဲ့၊ မြတ်စွာဘုရားက ဒီလိုဟောတယ်။

ဒေါသပယ်နည်း ၆-ပါး။ ။အဋ္ဌကထာဆရာကြီးက ပြောထားတာရှိသေးတယ်။ ဒီနေရာမှာ ပဏ္ဏာသအဋ္ဌကထာတို့, ဒီဃနိကာယ်သုတ်မဟာဝါအဋ္ဌကထာတို့က ဘာပြောထားပြန်သလဲလို့ ဆိုတော့—

အပိ စ ဆ ဓမ္မာ ဗျာပါဒဿ ပဟာနာယ သံဝတ္တန္တိ။

ဒေါသကိုပယ်တဲ့ အကြောင်း ၆-မျိုးရှိတယ်။ ဒေါသပယ်နည်း ဘယ်နှင်မျိုးတဲ့လဲ (ခြောက်မျိုးပါဘုရား)။

(၁) မေတ္တာနိမိတ္တဿ ဥဂ္ဂဟော။

မေတ္တာပွါးများနည်းကို အပန်တလဲလဲ သင်အံလေ့ကျက်ပေးခြင်း။ မေတ္တာပွါးခြင်း၏အကြောင်းကို အပန်တလဲလဲ သင်အံ လေ့ကျက်ပေးခြင်း အားဖြင့် ဗျာပါဒကို ပယ်နိုင်တယ်တဲ့။

(၂) မေတ္တာဘာဝနာနုယောဂေါ။

မေတ္တာဘာဝနာကို အပန်တလဲလဲ ပွါးများ အားထုတ်သောအားဖြင့်လဲဘဲ ဗျာပါဒကိုပယ်နိုင်တယ်တဲ့၊ မေတ္တာဘာဝနာနုယောဂ အမြဲတမ်းမေတ္တာပို့နေနေ၊ မိမိမှာရှိနေတဲ့ဒေါသတွေကို ပယ်နိုင်တယ်တဲ့ အဋ္ဌကထာဆရာကြီးက ပြောတယ်။ ဘယ်နှစ်ခုရသွားပလဲ? (နှစ်ခုပါဘုရား)။

(၃) ကမ္မဿကတာပစ္စဝေက္ခဏာ။

သတ္တဝါတယောက်ကို ဒေါသဖြစ်မယ်ဆိုရင် “ကမ္မဿကတာ” လို့ခေါ်တဲ့ သတ္တဝါတွေ သူ့ကံ သူ့ စီရင်လိမ့်မယ်၊ အဲဒီပုဂ္ဂိုလ်သတ္တဝါက ငါ့ရဲ့ စီးပွါးရေးတွေ,

ကုသိုလ်ရေးတွေကို ပျက်စီးအောင်လုပ်နိုင်တာ မဟုတ်ဘူး, ကံကသာလျှင် ပျက်စီးအောင်လုပ်နိုင်တာ။ ဝိပဿနာ ပညာဉာဏ်တွေနဲ့ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်ကို တစုံတယောက်သော ပုဂ္ဂိုလ်က ဖျက်ဆီးနိုင်ပါ့မလား? (မဖျက်ဆီး နိုင်ပါဘုရား)။

ကိုယ့်ဖြစ်နေတဲ့ ဒေါသကတော့ဖြင့် ကိုယ်တရားအားထုတ်နေတဲ့တရားတွေကို ဖျက်ဆီးပစ်လိမ့်မယ်၊ ဟုတ်လား။ (မှန်ပါဘုရား)

အဲဒီတော့ သူတပါးကို မေတ္တာမသက်နိုင်ဘူးလို့ဆိုရင် အဲဒီပုဂ္ဂိုလ်အပေါ်မှာ "ကမ္မဿကတာ"လို့ခေါ်တဲ့ အနေမျိုးဖြင့် ကံကိုသာချလိုက်ပါတဲ့၊ ဟုတ်လား။ (မှန်ပါ)

ဗျာပါဒတွေ သက်သာသွားပါလိမ့်မယ်, ပျောက်သွားပါလိမ့်မယ်၊ "ကမ္မဿ-ကတာ"ကို ဘုန်းကြီးတို့ အဲဒီသုတ္တန်နဲ့ ပတ်သက်ပြီးတော့ တော်တော်ကြီးကို ကျယ်ကျယ်ဝန်းဝန်း ဟောထားတာရှိတယ်၊ အာဃာတပဋိဝိနယ သုတ္တန်လို့ဆိုပြီး မေတ္တာအခါတော်နေ့က ဘုန်းကြီး ဟောထားတာရှိတယ်၊ ဒါကြိုးသွင်းထား တာရှိတယ်၊ အဲဒီမှာ နာကြပေါ့၊ ဟုတ်လား။ (မှန်ပါ)

ခု ဘယ်နှစ်မျိုးရပြီလဲ (သုံးမျိုးပါဘုရား)။

(၄) ပဋိသင်္ခါနဗဟုလတာ။

ဒေါသနှင့် မေတ္တာတို့ရဲ့အပေါ်မှာ မဖောက်မပြန် ဟုတ်သောအားဖြင့် အပြစ်နှင့်အကျိုးကို စုံစမ်းဆင်ခြင်ခြင်းများသောပုဂ္ဂိုလ် ဖြစ်ရမယ်။ အဲဒါ ဗျာပါဒကို ပယ်နိုင်ခြင်းရဲ့ အကြောင်းတခုဘဲတဲ့။

(၅) ကလျာဏမိတ္တတာ။

မိတ်ကောင်းဆွေကောင်းကို ပေါင်းသင်းဆက်ဆံပေးပါ။

(၆) သပ္ပါယကထာ။

ပြောသင့်တဲ့အခါတိုင်း ထိုင်တဲ့နေရာမှာ, အိပ်တဲ့နေရာမှာ, စားတဲ့သောက်တဲ့ နေရာမှာဖြစ်ဖြစ် မေတ္တာနဲ့ပတ်သက်တဲ့ စကားကို အကြိမ်ကြိမ်ပြောပေးပါတဲ့။

အဲဒီ ၆-မျိုးသော တရားတို့ဖြင့် ဗျာပါဒတရားတွေကို ပယ်နိုင်တယ်တဲ့ အဋ္ဌကထာဆရာကြီးက ပြောပေးထားတယ်။

အဲဒီလို ခုပယ်ထားတဲ့ ပယ်နည်းနဲ့ ပယ်လိုက်တာက ဘယ်မှာလဲ၊ ဝိက္ခမ္ဘန-ပဟာန်ဖြင့် ပယ်ထားတဲ့စျာန်ခန်းမှာ၊နော် (မှန်ပါ)

ဒီဒေါသကို သမုစ္ဆေဒပဟာန်နဲ့ အကြွင်းမဲ့ပယ်တာကျတော့ ဘယ်မှာလဲလို့ ဆိုတော့ အနာဂါမိမဂ်ခဏမှာ။

ဣဓမေဟိ ပန ဆယဟိ ဓမ္မေဟိ ပဟီနဿ ဗျာပါဒဿ အနာဂါမိမဂ္ဂေန အာယတိံ အနုပ္ပါဒေါ ဟောတီတိ ပဇာနာတိ။

အနာဂါမိမဂ်နဲ့ တခါထဲပယ်လိုက်ပြီဆိုတော့ ဒီဒေါသ ရှိသေးသလား။ (မရှိတော့ပါဘုရား)

အဲဒီအနာဂါမိမဂ်နဲ့ ဒေါသကိုပယ်လိုက်ပြီဆိုတော့ အနာဂါမိမဂ်နဲ့လဲ ဒေါသကိုပယ်တယ်, ခုနကပြောခဲ့တဲ့ ကာမစ္ဆန္ဒလို့ခေါ်တဲ့ မနေ့တုန်းက ပြောခဲ့တဲ့ အဲဒီကာမစ္ဆန္ဒကိုလဲ ပယ်တယ်ဆိုရင် အဲဒါ အရဟတ္တဖိုလ်ဝိမောက္ခပါဘဲ၊ "ဒေါမနဿာန စူဘယံ" ပြီးသွားပြီ။

**ထိနမိဒ္ဓ။** ။ပြီးတော့ ဘာတဲ့လဲ နောက်တပိုဒ်က "ထိနဿ စ ပန္နဒနံ၊ ကုက္ကုစ္စာနံ နိဝါရဏံ" မြတ်စွာဘုရားဟောတဲ့ ပါဠိ နှစ်ပိုဒ်ကျန်သေးတယ်။ ထိနကို ပြောသဖြင့် မိဒ္ဓပါ ဒီအထဲပါပါစေ၊ ဟုတ်လား။ (မှန်ပါဘုရား)

ကုက္ကုစ္စကို ပြောသဖြင့် ဥဒ္ဓစ္စ-ပါ ပါပါစေ၊ နော်။ (မှန်ပါဘုရား)

ထိန-လို့ဆိုတာ ဘာလဲ ပါဠိတော်တွေက ဖွင့်တယ် ထိန-ဆိုတာ စိတ်မကျန်းမာတာတဲ့၊ စိတ်ရဲ့မကျန်းမာမှုကို ဘာခေါ်သလဲ (ထိန-လို့ခေါ်ပါတယ်ဘုရား)

ထိုင်းမှိုင်းပြီးတော့ အလုပ်မလုပ်ချင်ဘူး အကမ္မညတာတဲ့၊ အလုပ်လုပ်မှု၌ စိတ်မပါဘူး, ဘာအလုပ်မှမလုပ်ချင်ဘူး, တွေ့ဝေဝေကြီးဖြစ်ပြီးတော့ အရှေ့, အနောက်, တောင်, မြောက်ကိုတောင် မသိလောက်အောင် ဖြစ်နေတယ်ဆိုတဲ့ ဘုန်းကြီးတို့ တိဿသုတ္တန်ကို ဟောထားသလိုပေါ့၊ ဟုတ်လား (မှန်ပါ)။

**ဝိပဿနာရှုနည်း။** ။အဲဒီ ထိန-သဘောတွေ ပေါ်လာရင်လဲ ထိန,မိဒ္ဓကို ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်က သိရမယ်၊ ဒီဃနိကာယ်က ဘယ့်နှယ်ပြောထားသလဲ—

သန္တံ ဝါ အဇ္ဈတ္တံ ထိနမိဒ္ဓံ "အတ္ထိ မေ အဇ္ဈတ္တံ ထိနမိဒ္ဓ"န္တိ ပဇာနာတိ။
ကိုယ့်သန္တာန်မှာ ထိနမိဒ္ဓ-ရှိနေရင် "ထိနမိဒ္ဓရှိနေတယ်"လို့ သိရမယ်တဲ့။

အသန္တံ ဝါ အဇ္ဈတ္တံ ထိနမိဒ္ဓံ "နတ္ထိ မေ အဇ္ဈတ္တံ ထိနမိဒ္ဓ"န္တိ ပဇာနာတိ။
ထိနမိဒ္ဓ-မရှိရင် "မရှိဘူး"လို့ သိရမယ်တဲ့၊ ထိနမိဒ္ဓကို ဝိပဿနာရှုနည်း။ ထိနမိဒ္ဓတွေဝင်လာရင် ဝိပဿနာရှုပစ်ရမယ်၊ ဘယ့်နှယ်ရှုပစ်ရမလဲ။

**သမုဒယဓမ္မာနုပဿီ ဝါ,**
**ဝယဓမ္မာနုပဿီ ဝါ,**
**သမုဒယဝယဓမ္မာနုပဿီ ဝါ,**

အဲဒီလိုဘဲ ရှုပစ်ရမယ်တဲ့ ပါဠိတော်က။

**ထိနမိဒ္ဓ ဖြစ်ကြောင်း။** ။ဒါဖြင့် အဲဒီ ထိနမိဒ္ဓ ဖြစ်ပေါ်ခြင်းရဲ့ **အကြောင်းက** ဘာတဲ့လဲ။

ယဿာ စ အနုပ္ပန္နဿ ထိနမိဒ္ဓဿ ဥပ္ပါဒေါ ဟောတိ၊ တဠ ပဇာနာတိ။

ထိနမိဒ္ဓဖြစ်ခြင်းရဲ့ အကြောင်းကိုလဲ သိရမယ်တဲ့၊ ဒါဖြင့် ထိနမိဒ္ဓဖြစ်ခြင်းရဲ့ အကြောင်းက ဘာလဲ၊ ဒီဃနိကာယ်က စကားကို သံယုတ္တနိကာယ်က ဖွင့်ပေးထားတာ ရှိတယ် ထိနမိဒ္ဓ ဖြစ်ခြင်းရဲ့ အကြောင်း။

သံယုတ္တနိကာယ် မဟာဝဂ္ဂသံယုတ် ပါဠိတော်မှာ—

> အတ္ထိ ဘိက္ခဝေ အရတိ တန္ဒီ ဝိဇမ္ဘိတာ ဘတ္တသမ္မဒေါ စေတသော စ လီနတ္တံ၊ တတ္ထ အယောနိသော မနသိကာရဗဟုလီကာရော အယမာဟာရော အနုပ္ပန္နဿ ဝါ ထိနမိဒ္ဓဿ ဥပ္ပါဒါယ, ဥပ္ပန္နဿ ဝါ ထိနမိဒ္ဓဿ ဘိယျောဘာဝါယ ဝေပုလ္လာယ။

ဆိုလိုတဲ့ အဓိပ္ပါယ်က—

"အရတိ=မမွေ့လျော်ခြင်း"။

**အရတိ** ဆိုတာ မမွေ့လျော်ခြင်း။ ဘာတွေ မမွေ့လျော်သလဲ၊ အလုပ်လုပ်ရမှာကို၊ ဒီ အလုပ်ထဲ၌ စိတ်မဝင်စားဘူးလို့ ဆိုလိုတယ်။ တရားနာဘို့ရာ မမွေ့လျော်ဘူး, တရားအားထုတ်ဘို့ရန် စိတ်ထဲက မမွေ့လျော်ဘူး, စိတ်မပါဘူး၊ ပြီးတော့ လူသူလေးပါး ကင်းတဲ့ နေရာမှာ ဆိတ်ငြိမ်စွာနေရဘို့ စိတ်မပျော်မွေ့ဘူး။ "ပန္တသေနာသန"လို့ ဆိုတဲ့ မြို့စွန်ရွာဖျား ကျောင်းတွေမှာ စိတ်က မမွေ့လျော်ဘူး, မပျော်ဘူးနော် အဖော်မရှိလို့၊ အဲသလို အဖော်နဲ့ ကင်းပြီးတော့ စိတ်က မမွေ့လျော် ဖြစ်နေတာကို အရတိ-လို့ ခေါ်တယ်။

"တန္ဒီ=ပျင်းတယ်။ ဥက္ကဏ္ဍိတာ=ပျင်းနေတယ်"။

ဘုန်းကြီးတို့ ပရိသတ် ပျင်းတယ်ဆိုတာ ဘာကိုခေါ်သလဲ သိလား၊ အလုပ်မလုပ်ချင်ဘူး၊ ပျင်းတာ ဘုန်းကြီးတို့ပရိသတ် သိတယ် မဟုတ်လား။(မှန်ပါ)။

"ဝိဇမ္ဘိတာ=အပျင်းဆန့်ခြင်း"။

ပျင်းတဲ့သရုပ်ကို ပေါ်အောင်လို့ "ဝိဇမ္ဘိတာ"လို့ ဆိုတယ်၊ အဓိပ္ပါယ်က ခန္ဓာကိုယ်ကို တွန့်လိမ်ပြီးတော့ အမျိုးမျိုး အပျင်းတွေလိမ်ပြီး ဆန့်နေတာကို "ဝိဇမ္ဘိတာ"လို့ ခေါ်တယ်။

"ဘတ္တသမ္မဒေါ = ထမင်းတွေ သိပ် နင်းကန်ပြီးတော့ စားတဲ့လူ"တဲ့၊

"စေတသော စ လီနတ္တံ=စိတ်၏ တွန့်တို ဆုတ်နစ်၍နေတဲ့ အဖြစ်"။

အဲဒီ ငါမျိုးဟာ ထိနမိဒ္ဓ ဖြစ်ခြင်းရဲ့ အကြောင်းဘဲ၊ နော်။ (မှန်ပါ။)

အဲဒီ နေရာမှာ ဒီ ထိနမိဒ္ဓ ဖြစ်ခြင်းရဲ့ အရတိ, တန္ဒီ, ဝိဇမ္ဘိတာ, ဘတ္တသမ္မဒေါ, စေတသော စ လီနတ္တံ၊ အဲဒီတရား ငါးမျိုး၌ အယောနိသော မနသိကာရဖြင့် မသင့်မတင့် နှလုံးသွင်းများနေတဲ့ပုဂ္ဂိုလ်မှာ မဖြစ်သေးတဲ့ ထိနမိဒ္ဓတွေဖြစ်မယ်, ဖြစ်ပြီးတဲ့ ထိနမိဒ္ဓတွေလဲ တိုးပွါးလာလိမ့်မယ် တဲ့၊ ဒါ ပါဠိတော်က လာတဲ့ ထိနမိဒ္ဓ ဖြစ်ခြင်းရဲ့အကြောင်းတွေ။

**အစားကြီးသူ ၅-ယောက်။** ။အဲဒီ ငါးမျိုးထဲက ဘတ္တသမ္မဒေါလို့ ဆိုတာ ထမင်းဆီတွေရစ်ပြီးတော့ ထမင်းအစားကြီးတဲ့ လူမှာ ဘာဖြစ်သလဲ၊ ထိနမိဒ္ဓတွေ ဖြစ်လာတယ်။

အဲဒီနေရာမှာ အဋ္ဌကထာ ဆရာကြီးက ဘယ်လောက်တောင် ပြထားသလဲ လို့ဆိုတော့ အစားကြီးတဲ့ပုဂ္ဂိုလ် ငါးမျိုးပြထားတယ်၊ ဟုတ်လား။ (မှန်ပါ။)

ထမင်း အစားကြီးတဲ့ပုဂ္ဂိုလ် ဘယ်နှစ်မျိုးလဲ။ (ငါးမျိုးပါဘုရား။)

အဲဒါ ဗဟုသုတအဖြစ်နဲ့ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်း သမီးတွေ မှတ်ထားကြ။

**အာဟရဟတ္ထက-ပုဏ္ဏားမျိုး။** ။အာဟရဟတ္ထက-ပုဏ္ဏားမျိုး ဆိုတာ ရှိတယ်၊ ဘယ်လောက်တောင် စားသလဲ ဆိုတော့ ထမင်းစားပြီးရင် မထနိုင်လို့ လက်ကို ဆွဲထူပါလို့ ပြောရလောက်အောင် စားတဲ့ ပုဏ္ဏားမျိုး။

**အလံသာဋက-ပုဏ္ဏားမျိုး။** ။စားတဲ့နေရာမှာ လုံချည်ကျွတ်ကျအောင် စားတဲ့ ပုဏ္ဏားမျိုး။

**တတ္ထဝဋ္ဋက-ပုဏ္ဏားမျိုး။** ။တတ္ထဝဋ္ဋက-ပုဏ္ဏားမျိုးဆိုတာ ဘယ်လို စားသလဲ ဆိုတော့ စားတဲ့နေရာက မထနိုင်ဘဲ အဲဒီ နေရာမှာ လူးနေရအောင်ကို စားတဲ့ပုဏ္ဏားမျိုး။

**ကာကမာသက-ပုဏ္ဏားမျိုး။** ။ခံတွင်းထဲကို ကျီးကန်းတွေ နှိုက်ပြီး စားနိုင် လောက်အောင်ကို အစားကြီးတဲ့ ပုဏ္ဏားမျိုး။

**ဘုတ္တဝမိတက-ပုဏ္ဏားမျိုး။** ။စားတဲ့ အစာတွေ ပြန်အန်ထွက်အောင် စားတဲ့ ပုဏ္ဏားမျိုး။

အဲသလို အစားကြီးတဲ့ပုဂ္ဂိုလ်တွေ ထိနမိဒ္ဓဖြစ်ခြင်းရဲ့ အကြောင်းဘဲ၊ ဟုတ် **လား** (မှန်ပါ ဘုရား)။

ထိနမိဒ္ဓဖြစ်ခြင်းရဲ့အကြောင်း မြတ်စွာဘုရား ဘယ်နှစ်မျိုးဟောထားသလဲ (ငါးမျိုးပါ ဘုရား)။

ငါးမျိုးက ဘာတွေလဲ—

၁။ အရတိ=မမွေ့လျော်ဘူး,

၂။ တန္ဒီ=ပျင်းရိတယ်,

၃။ ဝိဇမ္ဘိတာ=ခန္ဓာကိုယ်ကို အပျင်းတွေ လိမ်ပြီးတော့ အကြောတွေ ဆန့်ပြီးတော့ နေတဲ့ပုဂ္ဂိုလ် ဖြစ်ခြင်း,

၄။ ဘတ္တသမ္မဒေါ=ထမင်းဆိတွေရစ်ပြီးတော့ နေခြင်း,

၅။ စေတသော စ လီနတ္တံ=စိတ်၏ တွန့်တိုဆုတ်နစ်၍ နေခြင်း-တဲ့။

အဲဒီအကြောင်းငါးမျိုးကို မသင့်သောအားဖြင့် နှလုံးသွင်း၍နေခြင်းဟာ မဖြစ်သေးတဲ့ ထိနမိဒ္ဓတွေ ဖြစ်တယ်, ဖြစ်ပြီးသား ထိနမိဒ္ဓတွေ တိုးပွါးလာတယ် တဲ့၊ ဒါ ထိနမိဒ္ဓဖြစ်ခြင်းရဲ့အကြောင်း၊ နော် (မှန်ပါ ဘုရား)။

**ထိနမိဒ္ဓပယ်ကြောင်း။** ။ပြီးတော့ ဘာပြောသလဲ၊ ဒါဖြင့် ဒီထိနမိဒ္ဓတွေကို ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်း သမီးများ မပယ်ချင်ဘူးလား (ပယ်ချင်ပါတယ် ဘုရား)။

ပယ်ချင်တော့ ဘာလုပ်ရမလဲလို့ဆိုတော့ ထိနမိဒ္ဓပယ်ခြင်းရဲ့ အကြောင်းကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က သုံးမျိုးဟောထားတယ် ပါဠိတော်မှာ၊ ထိနမိဒ္ဓပယ်ခြင်း အကြောင်းသုံးမျိုးက ဘာတွေလဲ။

အတ္ထိ ဘိက္ခဝေ အာရမ္ဘဓာတု နိက္ကမဓာတု ပရက္ကမဓာတု၊ တတ္ထ ယောနိသောမနသိကာရဗဟုလီကာရော အယမာဟာရော အနုပ္ပန္နဿ ဝါ ထိနမိဒ္ဓဿ အနုပ္ပါဒါယ, ဥပ္ပန္နဿ ဝါ ထိနမိဒ္ဓဿ ပဟာနာယ။

**အာရမ္ဘဝီရိယ**-လို့ဆိုတာ စပြီးတော့ အလုပ်တခုကို အားထုတ်တာကို "အာရမ္ဘဝီရိယ"လို့ ခေါ်တယ်။

**နိက္ကမဝီရိယ**-လို့ဆိုတာ ပျင်းရိခြင်းမှ ထွက်မြောက်ပြီးတော့လာတဲ့ ဝီရိယ မျိုးကို "နိက္ကမဝီရိယ"လို့ ခေါ်တယ်။

**ပရက္ကမဝီရိယ**-လို့ဆိုတာကတော့ ဒီအလုပ်တခု ပြီးစီးအောင်မြင်သွားရင် နောက်တခါ တိုးတက်ပြီးတော့ ကြိုးစားအားထုတ်တဲ့ ဝီရိယမျိုးကို "ပရက္ကမဝီရိယ"လို့ ခေါ်တယ်။

ဥပမာ သောတာပန်ဖြစ်သွားရင် သကဒါဂါမ် ပုဂ္ဂိုလ်ဖြစ်အောင် ကြိုးစား ပြီးတော့ အားထုတ်သွားတာ၊ ဒါ ပရက္ကမဝီရိယလို့ ခေါ်တယ်။

အဲဒီဝီရိယခေတ် သုံးမျိုးကို အသင့်အားဖြင့် နှလုံးသွင်းနေမယ်ဆိုရင် မဖြစ်သေးတဲ့ ထိနမိဒ္ဓတွေ မဖြစ်ဘူး၊ ဖြစ်ပြီးတဲ့ ထိနမိဒ္ဓတွေလဲ ပျောက်ပျက်ကုန်တယ်–တဲ့။

**အဋ္ဌကထာနည်း။** ။အဋ္ဌကထာဆရာကြီးက ပြောတယ်——

"အပိစ ဆ ဓမ္မာ ထိနမိဒ္ဓဿ ပဟာနာယ သံဝတ္တန္တိ"။

ခြောက်မျိုးတဲ့ ထိနမိဒ္ဓပယ်ခြင်းရဲ့အကြောင်း အဋ္ဌကထာက ပြောတာ။ ထိနမိဒ္ဓကိုပယ်နိုင်တဲ့ အကြောင်းခြောက်မျိုးက ဘာတွေလဲ။

(၁) အတိဘောဇနေ နိမိတ္တဂ္ဂါဟော။

ခုနကပြောခဲ့တဲ့ ပုဏ္ဏားငါးယောက်မျိုးလို အလွန်အလွန် စားလာပြီဆိုရင် ဒါ ထိနမိဒ္ဓဖြစ်ခြင်းရဲ့ အကြောင်းဘဲလို့ သိခြင်း။ ဒီတော့ အလွန်စားသောက်မှုကို ရှောင်ခြင်းပေါ့　　(မှန်ပါ)။

အဲဒီတော့ ဘယ်လောက်စားရမလဲ——

စတ္တာရော ပဉ္စ အာလောပေ၊ အဘုတွာ ဥဒကံ ပိဝေ။
အလံ ဖာသုဝိဟာရာယ၊ ပဟိတတ္တဿ ဘိက္ခုနော။

ထမင်းစားတယ်ဆိုတာ လေးလုပ်၊ ငါးလုပ် လျှော့ပြီးတော့ စား၊ ပြီးတော့မှ ရေသောက်၊ အဲဒါ ထိနမိဒ္ဓ-မဖြစ်နိုင်ဘူး၊ တရားအားထုတ်လို့လဲ အသင့်လျော်ဆုံးဘဲ တဲ့။

အဲဒီတော့ စားကောင်းကောင်း၊ မကောင်းကောင်း မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က လေးငါးလုပ်ကို လျှော့ပြီးတော့စားပါ၊ ပြီးတော့မှ ရေသောက်ပါတဲ့။ အတော်ဘဲ တရားအားထုတ်လို့၊ အကယ်၍ ပိုစားလို့ ခုနကပြောတဲ့ ပုဏ္ဏားငါးယောက်လို ဖြစ်သွားတယ်ဆိုလို့ရှိရင် ထိနမိဒ္ဓဖြစ်ခြင်းရဲ့အကြောင်းတခုဘဲ၊ ဒီတော့ "ဩဘ် ပိုပြီးတော့ အစားကြီးခြင်းသည် ထိန-မိဒ္ဓဖြစ်ခြင်းရဲ့ အကြောင်းဘဲ"လို့ အဲဒီလို "အတိဘောဇနေ နိမိတ္တဂ္ဂါဟော= အလွန်စားခြင်းဟာ ထိနမိဒ္ဓအကြောင်းဘဲ"လို့ ယူဆပြီးတော့ အစာကိုလျှော့၍ စားခြင်းဟာ ထိနမိဒ္ဓကိုပယ်နိုင်တယ်။

(၂) "ဣရိယာပထသံပရိဝတ္တနတာ"တဲ့

အဲဒီဟာက ဣရိယာပုထ်ကို ပြောင်းလဲပေးရမယ်တဲ့၊ ဣရိယာပုထ်ကို ပြောင်းလဲပေးရင် ထိနမိဒ္ဓကို ပယ်နိုင်တယ်တဲ့၊ ဘယ်လိုလဲ၊ ထိုင်နေတဲ့ဣရိယာပုထ်နဲ့ အိပ်ချင်ရင် မတ်တပ်ရပ်လိုက်၊ မတ်တပ်ရပ်တဲ့ ဣရိယာပုထ်နဲ့ အိပ်ချင်ရင် လမ်းလျှောက်ပေးလိုက်၊ လမ်းလျှောက်တဲ့ ဣရိယာပုထ်နဲ့ အိပ်ချင်ရင် ထိုင်ပေး

လိုက်၊ ထိုင်တဲ့ဣရိယာပုထ်နဲ့ အိပ်ချင်ရင် လျှောင်းပေးလိုက်။ လျှောင်းတဲ့ ဣရိယာပုထ်နဲ့ အိပ်ချင်ရင် ထပေးလိုက်-စသည်ဖြင့် အဲသလို ဣရိယာပုထ်ကို ပြောင်းလဲပေးသောအားဖြင့် ထိနမိဒ္ဓကို ပယ်နိုင်တယ်တဲ့၊ ထိနမိဒ္ဓကို ပယ်ခြင်းရဲ့ အကြောင်းတခု အဋ္ဌကထာဆရာကြီးက ပြောပေးတယ်။ ပြီးတော့—

(၃) "အာလောကသညာမနသိကာရော"။

အလင်းရောင်ကို နှလုံးသွင်းပေးရမယ်၊ အလင်းရောင်ကို များများကြည့်ပေးရမယ်။ ထိနမိဒ္ဓပယ်ခြင်းရဲ့ အကြောင်း။ စတုတ္ထမြောက်က—

(၄) "အဗ္ဘောကာသာဝါသော"။

လွင်တီးခေါင်အရပ်မှာ နေပေးရမယ်တဲ့၊ လေတိုက်ခံပေးရမယ်၊ မျက်လုံးတို့ ဘာတို့ လေတိုးနိုင်တဲ့နေရာမျိုးမှာ နေပေးရမယ် ထိနမိဒ္ဓပယ်ဘို့အတွက်။ ဒါ အဋ္ဌကထာဆရာကြီးက ပြောတာ။ ပြီးတော့—

(၅) "ကလျာဏမိတ္တတာ"။

ကလျာဏမိတ္တတာ=ကောင်းတဲ့ မိတ်ဆွေရှိခြင်း၊ ထိနမိဒ္ဓကို ပယ်နိုင်အောင်ပြောပေးနိုင်တဲ့ ကောင်းသောမိတ်ဆွေရှိခြင်း။

(၆) "သပ္ပါယကထာ"

ထိနမိဒ္ဓကို ပယ်ခြင်းငှါ သင့်လျော်သောစကားမျိုးကို ပြောကြား၍ပေးခြင်း—လို့ဆိုတဲ့ အဲဒီ ခြောက်မျိုးသော တရားတွေဟာလဲ ထိနမိဒ္ဓကို ပယ်နိုင်တဲ့ တရားတွေပါဘဲတဲ့။

ဣမေဟိ ပန ဆဟိ ဓမ္မေဟိ ပဟီနဿ ထိနမိဒ္ဓဿ အရဟတ္တမဂ္ဂေန အာယတိံ အနုပ္ပါဒေါ ဟောတီတိ ပဇာနာတိ-တဲ့။

သမုစ္ဆေဒပဟာန်အားဖြင့် ထိနမိဒ္ဓကို ပယ်နိုင်တယ်ဆိုတာ အရဟတ္တမဂ်ဘဲတဲ့၊ အဲဒါကြောင့် အရဟတ္တမဂ်ဖြင့် ထိနမိဒ္ဓကို အကြွင်းမဲ့ ဝိပဿနာရှုပြီးတော့ ထိနမိဒ္ဓကို ပျောက်အောင် ပယ်နိုင်ခြင်းကိုလဲ အညာဝိမောက္ခ, အရဟတ္တဖိုလ် ဝိမောက္ခလို့ ငါဘုရား ဟောတော်မူ၏။ ထိနမိဒ္ဓကို ပယ်နိုင်ရင်, အကြွင်းမဲ့ ပယ်နိုင်ရင် ရဟန္တာဖြစ်ကရော၊ ဒီလို ဟောတော်မူလိုက်တယ်။ ရှုနည်းကတော့ စောစောပိုင်းက ပြောခဲ့တဲ့အတိုင်းဘဲ။

"ကုက္ကုစ္စာနံ နိဝါရဏံ။"

ကုက္ကုစ္စ။ ။ကုက္ကုစ္စလို့ဆိုတာ ဘာတွေလဲ၊ စူဠနိဒ္ဒေသပါဠိတော်က ပြောထားတယ် ကုက္ကုစ္စလို့ဆိုတာ—

"ကတံ မေ ကာယဒုစ္စရိတံ, အကတံ မေ ကာယသုစရိတံ"န္တိ ဥပ္ပဇ္ဇတိ ကုက္ကုစ္စံ စေတသော ဝိပ္ပဋိသာရော မနောဝိလေခေါ၊

ကုက္ကုစ္စ-ဖြစ်တယ်ဆိုတဲ့ ကုက္ကုစ္စဆိုတာ ဘယ်လိုလဲ စိတ်နှလုံးမသာယာဘူး, ပူပန်နေတယ်၊ ချောက်ချားနေတယ်၊ ဥဒ္ဓစ္စနဲ့တွဲပြီးတော့ စိတ်တွေပျံ့လွင့်ပြီးတော့ အမျိုးမျိုး ပူပန်ချောက်ချားနေတယ်၊ စိတ်ထဲမှာ ပူနေတယ်၊ စိတ်ပူနေတယ် ပေါ့လေ၊ ဟုတ်လား၊ အဲဒီလို စိတ်ပူနေတဲ့ သဘောတရားဟာ ဘာပြုလို့ စိတ်ပူသလဲဆိုတော့ အမျိုးမျိုးသော ဒုစရိုက်တွေကို ပြုလုပ်ခဲ့တယ် "မေမယာ၊ ငါသည်။ ကာယဒုစ္စရိတံ၊ ကာယဒုစရိုက်ကို။ ကတံ၊ နည်းမျိုးစုံအောင် ပြုခဲ့ဘူးလေပြီ"။

ကုက္ကုစ္စဖြစ်ပုံ။ ။ငါတော့ဖြင့် အကုသိုလ်တွေကို ပြုခဲ့တယ်ကွ၊ ခိုးခဲ့တယ်ကွ၊ တိုက်ခဲ့တယ်ကွ၊ ရှေးက ငါဟာ ခိုးခဲ့တယ်, ဆိုးခဲ့တယ်, လုယက်ခဲ့တယ်, လူတွေသတ်ခဲ့တယ်, ထောင်အမျိုးမျိုးတွေ ကျခဲ့တယ်, ဓားပြတိုက်ခဲ့တယ်, သူပုန်ထခဲ့တယ်လို့ အဲဒါမျိုးတွေ ပြန်ပြောနေတာသည် ကုက္ကုစ္စ။ ဒီတော့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ အဲဒါမျိုးတွေ ပြန်ပြောနေတဲ့ ပုဂ္ဂိုလ်ဟာ တရားရတဲ့ လူလား, မရတဲ့ လူလား (တရားမရတဲ့ လူပါဘုရား)။

ဒါလဲ သတိထားရမယ်၊ အဲသလို နောက်က ကိုယ်လုပ်ခဲ့တဲ့ အကုသိုလ်တွေကို ပြန်ပြီးတော့ လူလယ်ခေါင် သူလယ်ခေါင်မှာ ပြောဆိုနေတဲ့ ပုဂ္ဂိုလ်ဆိုရင် အဲဒါ တရားမရသေးတဲ့ ပုဂ္ဂိုလ် ကုက္ကုစ္စ-ဖြစ်နေတာဘဲတဲ့၊ ပါဠိတော်က ဘယ့်နှယ်ပြသလဲ——

"ကတံ မေ ကာယဒုစ္စရိတံ....ဣဒံ ဝုစ္စတိ ကုက္ကုစ္စန္တိ။

မေ မယာ၊ ငါသည်။ ကာယဒုစ္စရိတံ၊ ကာယဒုစရိုက် မျိုးစုံကို။ ကတံ၊ ပြုလုပ်ခဲ့ပေပြီ။ ဣဒံ၊ ဤကဲ့သို့ ကာယဒုစရိုက်မျိုးစုံအောင် ငါပြုလုပ်ပြီး နေခဲ့တယ်လို့ ပြောဆိုခြင်းကို။ ကုက္ကုစ္စန္တိ၊ ကုက္ကုစ္စမည်၏ ဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုရပေတော့၏။

ဒါ ကုက္ကုစ္စ၊ ဟုတ်လား (မှန်ပါ)။

အဲဒီ ကုက္ကုစ္စတွေ အားကြီးနေတဲ့ ပုဂ္ဂိုလ်ဆိုတာ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ ဝေးဝေးက ရှောင်ရမယ်တဲ့။

ဒီအချက်တွေဟာ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေ တရားရှာတာနဲ့ ပတ်သက်ပြီးတော့ အင်မတန် သတိထားရမဲ့အချက်တွေ။ တရားဟောတဲ့ပုဂ္ဂိုလ်ဟာ, တရားပြတဲ့ပုဂ္ဂိုလ်ဟာ သူ ဘာတွေ ပြောနေသလဲ,

သူပြောနေတဲ့ စကားတွေဟာ ကုသိုလ်ရေးနဲ့ ပတ်သက်တာလား, အကုသိုလ်ရေးနဲ့ ပတ်သက်တာလား, ဘယ်လိုအဖြစ်မျိုးတွေ ပြောနေတာလဲလို့ အဲဒါတွေ သိရမယ်။ အဲဒီလို စကားမျိုးတွေကို ပြန်ပြောနေရင် "ငါဘယ်လောကဘဲ တရားတွေ ရနေပါပြီ"လို့ ပြောပေမဲ့ မယုံနဲ့၊ ကုက္ကုစ္စတွေ အဲဒီဥစ္စာဟာ၊ ဟုတ်လား (မှန်ပါ)။

အဲဒါ စစ်တမ်းဘဲ။

"အကတံ မေ ကာယသုစရိတံ"။

မေမယာ၊ ငါသည်။ ကာယသုစရိတံ၊ ကာယသုစရိုက်ကို။ အကတံ၊ မပြုမိခဲ့လေ။

ဟိုတုန်းကကွာ ငါငယ်ငယ်တုန်းက ဒီလို ကာယသုစရိုက် တွေကို မပြုမိခဲ့လေခြင်းလို့ အဲဒီလို ပြန်ပြောတာဟာ ကုက္ကုစ္စ၊ နော်။

**ဝိပဿနာရှုနည်း။** ။အဲဒီ ကုက္ကုစ္စ မိမိသန္တာန်မှာ ဖြစ်ပေါ်လာရင် ဘာလုပ်ရမလဲလို့ဆိုတော့ ဝိပဿနာရှုပစ်ရမယ်တဲ့ မြတ်စွာဘုရားက။

ပါဠိတော်မှာ ဘယ်လိုရှုကွက် ပြထားသလဲဆိုတော့—

၁။ သန္တံ ဝါ အဇ္ဈတ္တံ ဥဒ္ဓစ္စကုက္ကုစ္စံ "အတ္ထိ မေ အဇ္ဈတ္တံ ဥဒ္ဓစ္စကုက္ကုစ္စ"န္တိ ပဇာနာတိ။

၂။ အသန္တံ ဝါ အဇ္ဈတ္တံ ဥဒ္ဓစ္စကုက္ကုစ္စံ "နတ္ထိ မေ အဇ္ဈတ္တံ ဥဒ္ဓစ္စကုက္ကုစ္စ"န္တိ ပဇာနာတိ။

၃။ ယထာ စ အနုပ္ပန္နဿ ဥဒ္ဓစ္စကုက္ကုစ္စဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။

၄။ ယထာ စ ဥပ္ပန္နဿ ဥဒ္ဓစ္စကုက္ကုစ္စဿ ပဟာနံ ဟောတိ၊ တဉ္စ ပဇာနာတိ။

၅။ ယထာ စ ပဟီနဿ ဥဒ္ဓစ္စကုက္ကုစ္စဿ အာယတိံ အနုပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ—

တဲ့ အဲဒီလို ဥဒ္ဓစ္စကုက္ကုစ္စကို ဝိပဿနာရှုနည်း မြတ်စွာဘုရားက ပြခဲ့ပါတယ်။ အကျဉ်းချုပ် အဓိပ္ပါယ်ကတော့—

ဥဒ္ဓစ္စကုက္ကုစ္စရှိရင် ရှိတယ်လို့ ခွဲခြားပြီးတော့ သိရမယ်, ဥဒ္ဓစ္စ ကုက္ကုစ္စ မရှိရင် မရှိဘူးလို့ ခွဲခြားပြီးတော့ သိရမယ်။ ဥဒ္ဓစ္စကုက္ကုစ္စ ဖြစ်ခြင်းရဲ့အကြောင်းကိုလဲ ခွဲခြားပြီး သိရမယ်။

**ဥဒ္ဒစ္စကုက္ကုစ္စဖြစ်ကြောင်း။** ။ဘာတွေလဲ ဥဒ္ဒစ္စကုက္ကုစ္စ ဖြစ်ခြင်းရဲ့အကြောင်းက၊ မဟာဝဂ္ဂသံယုတ် ပါဠိတော်အာဟာရသုတ်မှာ—

အတ္ထိ ဘိက္ခဝေ စေတသော အဝူပသမော၊ တတ္ထ အယောနိသောမနသိကာရဗဟုလီကာရော အယမာဟာရော အနုပ္ပန္နဿ ဝါ ဥဒ္ဒစ္စကုက္ကုစ္စဿ ဥပ္ပါဒါယ, ဥပ္ပန္နဿ ဝါ ဥဒ္ဒစ္စကုက္ကုစ္စဿ ဘိယျောဘာဝါယ ဝေပုလ္လာယ။

စိတ်ရဲ့ ပူပန်ကြောင်းတွေကို အဖန်တလဲလဲ ထပ်ပြီးတော့ တွေးနေမယ်, စိတ်ဆင်းရဲစရာတွေ, စိတ်ပျက်စရာတွေ, စိတ်ညစ်စရာတွေ, စိတ်ဆိုးစရာတွေ, စိတ်ကောက်စရာတွေ, စိတ်ပင်ပန်းစရာတွေ, စိတ်ငြိုငြင်စရာတွေကို အဖန်တလဲလဲ ထပ်ပြီးတော့ တွေးတော၍နေခြင်းဖြင့် အဖန်တလဲလဲ နှလုံးသွင်း၍ နေမယ်ဆိုရင် ထိုပုဂ္ဂိုလ်ဟာ ဥဒ္ဒစ္စကုက္ကုစ္စ ဖြစ်ခြင်းရဲ့ အကြောင်းတွေကို တွေးနေတာဘဲတဲ့၊ ဟုတ်လား (မှန်ပါဘုရား)

အဲသလို ဥဒ္ဒစ္စကုက္ကုစ္စကို တွေးနေမယ်ဆိုရင် မဖြစ်သေးတဲ့ ကုက္ကုစ္စတွေ ဖြစ်လာလိမ့်မယ်, ဖြစ်ပြီးသား ကုက္ကုစ္စတွေလဲ တိုးပွါးပြီးလာလိမ့်မယ်၊ ဟုတ်လား (မှန်ပါ)

ဒီ ဥဒ္ဒစ္စကုက္ကုစ္စကို ပယ်နိုင်တာက ဘယ်သူလဲ။

**ဥဒ္ဒစ္စကုက္ကုစ္စ ပယ်ကြောင်း။** ။အတ္ထိ ဘိက္ခဝေ စေတသော ဝူပသမော= စိတ်ကိုအနားယူတဲ့အနေမျိုးအားဖြင့်ငြိမ် ငြိမ်းအေးအေး ထားနိုင်ခြင်းသည် ဥစ္စဒ္ဒကုက္ကုစ္စကို ပယ်နိုင်ခြင်းရဲ့အကြောင်းဘဲတဲ့ ပါဠိတော်မှာ မြတ်စွာဘုရားက ဒီလိုပြောထားတယ်။

**အဋ္ဌကထာနည်း။** ။ခပ်ကျဉ်းကျဉ်း ခပ်ချုံးချုံး ဟောသွားမယ်၊ အဲသလို ကုက္ကုစ္စဖြစ်ခြင်းရဲ့ အကြောင်းတွေကို ပါဠိတော် အဋ္ဌကထာ ကိုးကားချက်တွေနဲ့ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေကို ပြောရမယ်၊ ကုက္ကုစ္စ ပယ်ခြင်းရဲ့အကြောင်း အဋ္ဌကထာဆရာကြီးက ၆-မျိုးတဲ့၊ ဟုတ်လား (မှန်ပါ)

ကုက္ကုစ္စကို ပယ်နိုင်တဲ့တရား ဘယ်နှစ်မျိုးလဲ (ခြောက်မျိုးပါ ဘုရား)။

အဲဒီ ကုက္ကုစ္စကို ပယ်နိုင်တဲ့တရား ခြောက်မျိုးက ဘာလဲဆိုတော့—

၁။ ဗဟုသုတတာ-တဲ့ အကြားအမြင်များရမယ်။

၂။ ပရိပုစ္ဆတာ-တဲ့ ကိုယ်မသိတဲ့ အချက်အလက် တွေကို ပညာရှိများထံ ချဉ်းကပ်ပြီးတော့ အမေးအဖြေ ပြုလုပ်ပေးရမယ်။

၄။ ဝိနယေ ပကတညုတာ-တဲ့ အဲဒါကတော့ ဝိနည်းတရားတို့၌ ကုသိုလ်၊ အကုသိုလ်၊ အပြစ်ရှိတယ်၊ မရှိဘူးဆိုတာမှာ ကျွမ်းကျင်လိမ်မာတဲ့ ပုဂ္ဂိုလ် ဖြစ်ရမယ်။

၅။ ဝုဍ္ဎာပစာယိတာ-တဲ့ ကိုယ့်ထက် အသက် သိက္ခာ ပညာကြီးတဲ့ ပုဂ္ဂိုလ်တွေကို မှီဝဲ ဆည်းကပ်ပြီးတော့ ပေးရမယ်။

၆။ ကလျာဏမိတ္တတာ-တဲ့ မိတ်ကောင်း ဆွေကောင်းများကို ပေါင်းသင်းရမယ်။

၆။ သပ္ပါယကထာ-တဲ့ သင့်လျော်တဲ့စကားကို ပြောကြားပြီးတော့ ပေးရမယ်။

အဲဒီ ၆-မျိုးသည် ကုက္ကုစ္စကို ပယ်ခြင်းအကြောင်း ၆-မျိုးပါဘဲတဲ့ အဋ္ဌကထာဆရာကြီးက ပြတယ်။

ဒါဖြင့် အဲဒီ ဥဒ္ဓစ္စနဲ့ ကုက္ကုစ္စကို အကြွင်းမဲ့ပယ်နိုင်တာက ဘယ်သူလဲဆိုတော့ ဥဒ္ဓစ္စကို အကြွင်းမဲ့ပယ်နိုင်တာကတော့ အရဟတ္တမဂ်၊ ကုက္ကုစ္စကို အကြွင်းမဲ့ ပယ်နိုင်တာကတော့ အနာဂါမိမဂ်၊ ဟုတ်လား (မှန်ပါ ဘုရား)

အဲဒီလို ပယ်ခြင်းတို့ရဲ့အကြောင်းတို့ဖြင့် ဒီလို ပယ်လိုက်ပြီဆိုရင် "အာယတိံ အနုပ္ပါဒေါ ဟောတိ=နောက်တဖန် အဲဒီ ကုက္ကုစ္စတွေ မဖြစ်တော့ဘူး" အရဟတ္တမဂ်နဲ့ ပယ်လိုက်ရင်၊ နော် (မှန်ပါ)

**အညာဝိမောက္ခ**။ ။အဲဒါကြောင့်—

"ကုက္ကုစ္စာနံ နိဝါရဏံ"။

ကုက္ကုစ္စာနံ၊ ကုက္ကုစ္စတို့ကို။ နိဝါရဏံ၊ အရဟတ္တမဂ်နဲ့ ပယ်နိုင်ခြင်းကို။ အညာဝိမောက္ခံ၊ အရဟတ္တဖိုလ် ဝိမောက္ခဟူ၍။ အဟံ၊ ငါဘုရားသည်။ ပဗြူမိ၊ ဟောတော်မူ၏။

ဟောရင်းစွဲ ပါဠိတော်က ဒီအတိုင်း၊ ဟုတ်လား (မှန်ပါ)။

အရဟတ္တဖိုလ် ဝိမောက္ခကို ဟောပေးပါလို့ ဆိုလို့ မြတ်စွာဘုရားက အရဟတ္တဖိုလ် ဝိမောက္ခကို ဟောပေးနေတာ အခုံ၊ ကာမစ္ဆန္ဒကို ပယ်ခြင်းသည် အရဟတ္တဖိုလ် ဝိမောက္ခတဲ့ အကျဉ်းချုပ်က။

ဒေါမနဿတွေကို အကြွင်းမဲ့ပယ်နိုင်ခြင်းသည် အရဟတ္တဖိုလ် ဝိမောက္ခ၊ အဲဒီ ထိနတို့ ဥဒ္ဓစ္စတို့ကို ပယ်နိုင်ခြင်းသည် အရဟတ္တဖိုလ်ဝိမောက္ခလို့ မြတ်စွာဘုရား ဟောပေးနေတာ၊ ဟုတ်လား? (မှန်ပါ)။

သို့သော် ဒီ ဥဒယပုဏ္ဏားရသေ့ကြီး ရောက်နေတာက စတုတ္ထစျာန်နော် (မှန်ပါ)။

အဲဒီ စတုတ္ထစျာန်ကို မြတ်စွာဘုရားက အခု ဟောတော့မယ်၊ သူ ရနေတဲ့ စတုတ္ထစျာန်ကို အညာဝိမောက္ခလို့၊ မြတ်စွာဘုရား ဟောတော့မယ် အရဟတ္တဖိုလ် ဝိမောက္ခလို့။

ဒုတိယအဖြေတရားတော်

ပါဠိတော်မှာ မြတ်စွာဘုရားက ပါရာယနဝဂ်ဟောရင်း သုတ္တန်မှာ ဘယ် လို ဟောထားတော်မူသလဲ——

**ဥပေက္ခာသတိသံသုဒ္ဓံ၊ ဓမ္မတက္ကပုရေဇဝံ။**
**အညာဝိမောက္ခံ ပဗြူမိ၊ အဝိဇ္ဇာယ ပဘေဒနံ။**

ဥဒယ၊ ဥဒယပုဏ္ဏားကြီး။ ဥပေက္ခာသတိသံသုဒ္ဓံ၊ စတုတ္ထစျာန်၌ ဖြစ်သော ဥပေက္ခာသည့် စင်ကြယ် စေအပ်သော သတိရှိသော။ ဓမ္မ-တက္ကပုရေဇဝံ၊ အရဟတ္တမဂ်ဉာဏ်နှင့် ယှဉ်သောတရားလျှင် ရှေ့သွားရှိသော။ အဝိဇ္ဇာယ၊ အဝိဇ္ဇာကို။ ပဘေဒနံ၊ ဖျက်ဆီးတတ်သော တရားကို။ အညာဝိမောက္ခံ၊ အရဟတ္တဖိုလ် ဝိမောက္ခဟူ၍။ အဟံ၊ ငါဘုရားသည်။ ပဗြူမိ၊ ကောင်းစွာမသေ့ ဟောကြားတော်မူပါပေသတည်း။

သာဓု-သာဓု-သာဓု။

ဒါဖြင့် အဲဒီအဓိပ္ပါယ်ကို ဘုန်ကြီးတို့ အကျယ်ပြောပေးရဦးမယ်။

**တရားတော်အဓိပ္ပါယ်။**　။ဥဒယပုဏ္ဏားကြီးဟာ စတုတ္ထစျာန်ကိုရနေတဲ့ ပုဂ္ဂိုလ်နော် (မှန်ပါဘုရား)။

**ဥပေက္ခာ။**　။စတုတ္ထစျာန်ရနေတဲ့ ပုဂ္ဂိုလ်ဆိုတော့ စတုတ္ထစျာန်ကို နားလည် အောင် ဘုန်းကြီးတို့ ပရိသတ်ကို ပြောပေးရမယ်။ ဘာလဲ စတုတ္ထစျာန်ဆိုတာ၊ အဲဒီ စတုတ္ထစျာန်ဟာ ဘယ်လိုအရည်အသွေးနဲ့ ပြည့်စုံသလဲ ဆိုရင် ထို ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ "သုခဿ စ ပဟာနာ, ဒုက္ခဿ စ ပဟာနာ= ကာယိကဒုက္ခလဲ မရှိဘူး, ကာယိကသုခလဲ မရှိဘူး"။ စတုတ္ထစျာန်ဆိုတာ ဘယ်လောက် ထိုင်နေနေ ကာယိကဒုက္ခ မဖြစ်ဘူး, ကာယိကသုခ=သက်သာနေ တယ်ဆိုတာလဲ မရှိဘူး။ဒီတော့ ဘုန်းကြီးတို့ပရိသတ်က စဉ်းစားမယ် "ဘယ့်နှယ် လဲ ကာယိကဒုက္ခရှိချင်ရှိ,မရှိရင် ကာယိကသုခရှိရမယ်၊ ကာယိကသုခ ရှိချင်ရှိ,မရှိ ရင် ကာယိကဒုက္ခတော့ ရှိရမယ်" ဒီလိုတော့ မစဉ်းစားဘူးလား၊ မစဉ်းစားနဲ့၊

ကာယိကဒုက္ခ မရှိဘူး, ကာယိကသုခလဲ မရှိဘူးလို့ဆိုတာ ကာယိကဒုက္ခနဲ့ ကာယိက သုခကို စတုတ္ထစျာန်နဲ့ ယှဉ်တဲ့ ဥပေက္ခာက အညီအမျှ ထားတာကိုဘဲ "သုခဿ စ ပဟာနာ, ဒုက္ခဿ စ ပဟာနာ" လို့ခေါ်တယ်။ ဘယ်လို အညီအမျှ ရှုထားတာလဲ၊ အညီအမျှ ရှုနည်းက ကာယိကသုခကိုလဲဘဲ သူ့စျာန်စိတ်နဲ့ သူက "ဩော် ဒါ ကာယိကသုခ, ကာယိကဒုက္ခကိုလဲဘဲ ဩော် ဒါ ကာယိကဒုက္ခ" လို့ သူ့စျာန် စိတ်နဲ့ သူက အညီအမျှ ရှုထားနိုင်တယ်။ အဲဒီ စိတ်မျိုးကိုရအောင် ဘယ်လောက် ကြိုးစားပြီး အားထုတ်ယူရသလဲလို့ဆိုတော့ ပဌမစျာန်, ဒုတိယစျာန်, တတိယ စျာန်-ထိအောင်၊ ဒီဟာတွေထိအောင် အားထုတ်ပြီး ယူလာတဲ့ သမာဓိတန်ခိုးလို့ ဆိုလိုတယ်၊ အဓိပ္ပါယ်က နော် (မှန်ပါ့ဘုရား)။

အဲဒီတော့ ကာယိကသုခနဲ့ ကာယိကဒုက္ခကို သူက ပယ်ထားတယ်၊ "သုခဿ စ ပဟာနာ, ဒုက္ခဿ စ ပဟာနာ, ပုဗ္ဗေဝ သောမနဿဒေါမနဿာနံ အတ္ထင်္ဂမာ။ သောမနဿဝေဒနာ, ဒေါမနဿဝေဒနာလဲ သူ့မှာ ချုပ်နေတယ်တဲ့၊ ချုပ်နေတယ် ဆိုတာ ဘယ်လိုလဲ၊ အဲဒီ သောမနဿဝေဒနာ ဝမ်းမြောက်စရာနဲ့ ဒေါမနဿ ဝေဒနာ စိတ်ပျက်စရာကို သူက အညီအမျှ ရှုထားတယ်။ အဲဒါကို ဥပေက္ခာလို့ ခေါ်တယ်။

**စတုတ္ထစျာန်။** ။အဲဒီ ဥပေက္ခာနဲ့တဲ့ပြီးတော့ဖြစ်တဲ့ စတုတ္ထစျာန်က သတိဟာ အင်မတန် စင်ကြယ်နေတယ်တဲ့၊ **စတုတ္ထစျာန်ဆိုတာ** သူ့ကို ခေါ်တယ်၊နော် (မှန်ပါဘုရား)။

စတုတ္ထစျာန်မှာ ကာယိကဒုက္ခ မရှိဘူး, ကာယိကသုခ မရှိဘူး, စေတသိက ဒုက္ခ မရှိဘူး, စေတသိကသုခ မရှိဘူး၊ သောမနဿ, ဒေါမနဿဆိုတဲ့ တရားတွေ ကို ပယ်ထားတယ်၊ နော်။ (မှန်ပါဘုရား)

ပယ်တယ်ဆိုတာ လျစ်လျူရှုထားတာကို ပြောတာ၊ ရှိနေရင်လဲ သူ့ကို ဂရု မစိုက်ဘူး၊ ဘာကို သူ ဂရုစိုက်နေသလဲ၊ သတိရဲ့ စင်ကြယ်ခြင်းကိုသာလျှင် သူက အာရုံပြုနေတယ်၊ နော်။ (မှန်ပါဘုရား။)

ကာယိကဒုက္ခ မရှိဘူးလား, ကာယိကသုခ မရှိဘူးလား, စေတသိကသုခ, စေတသိကဒုက္ခတွေ မရှိဘူးလား။ (ရှိပါတယ်ဘုရား)

ရှိပေတဲ့ ဒါတွေကို သူ အာရုံပြုရဲ့လား။ (မပြုပါဘုရား)

ဘာလုပ်ထားသလဲ၊ ဥပေက္ခာပြုထားတယ်၊ နော်။ (မှန်ပါဘုရား)

ဥပေက္ခာ ပြုတယ်ဆိုတာ သူ့ကို ဂရုမစိုက်ဘူး, သူ့ကို အလေးမပြုဘူး, သူ့ကို သတိမရဘူး, ဘယ်သူ့ကို သတိရနေသလဲ၊ အဲဒီ စတုတ္ထစျာန်သမာဓိကိုဘဲ သူ သတိရနေတယ်တဲ့၊ သတိနဲ့ သမာဓိ သူ့မှာ ရှိနေတယ်၊ နော်။ (မှန်ပါ)

ဥဒယ၊ ဥဒယပုဏ္ဏား။ ဥပေက္ခာသတိသံသုဒ္ဓံ၊ စတုတ္ထဈာန် ဥပေက္ခာသတိသည် စင်ကြယ်စေအပ်သော၊ ဓမ္မတက္ကပုရေဇဝံ၊ အရဟတ္တမဂ်ဉာဏ်နဲ့ ယှဉ်သော သမ္မာသင်္ကပ္ပစသော တရားလျှင် ရှေ့သွားရှိသော။ အဝိဇ္ဇာယ၊ အဝိဇ္ဇာကို။ ပဘေဒနံ၊ ဖျက်ဆီးတတ်သော တရားကို။ အညာဝိမောက္ခံ၊ အရဟတ္တဖိုလ်ဝိမောက္ခဟူ၍။ အဟံ၊ ငါဘုရားသည်။ ပဗြူမိ၊ ဟောတော်မူ၏။

**အရဟတ္တဖိုလ် ဝိမောက္ခ။** ။ဥဒယတဲ့ သင်ရထားတဲ့ စတုတ္ထဈာန်နှင့်ယှဉ်သော ဥပေက္ခာသည် ဖြစ်စေအပ်သော သတိ၊ အဲဒီ သတိနဲ့ယှဉ်ပြီးတော့ မဂ်နှင့်ယှဉ်သော သမ္မာသင်္ကပ္ပဆိုတဲ့ တရားလျှင် ရှေ့သွားရှိသော အဝိဇ္ဇာကို ဖျက်ဆီးတတ်သော တရားကို အရဟတ္တဖိုလ် ဝိမောက္ခလို့ ငါဘုရား ဟောတော်မူတယ်–ဆိုတော့ ဒီနေရာမှာ သူ့စတုတ္ထဈာန်ကို အဓိပ္ပါယ်ပြောပေးရမယ်။

ဥပေက္ခာသတိသံသုဒ္ဓန္တိ စတုတ္ထဈာနဥပေက္ခာသတိဟိ သံသုဒ္ဓံ=စတုတ္ထဈာန်မှာရှိတဲ့ ဥပေက္ခာနှင့်ယှဉ်တဲ့ သတိရဲ့ စင်ကြယ်ခြင်းကို "ဥပေက္ခာသတိသံသုဒ္ဓံ"လို့ ခေါ်တယ်၊ နော် (မှန်ပါ)။

ဘာဖြစ်လို့ ဒီသတိက စင်ကြယ်နေသလဲ သုခမရှိလို့, ဒုက္ခမရှိလို့, ကာယိကသုခ, စေတသိကသုခတွေ မရှိလို့ဆိုတော့ သုခဆိုတာ သောမနဿ ရာဂ, ဒုက္ခဆိုတာ ဒေါမနဿ ပဋိဃ။ အဲဒီ သောမနဿနဲ့ ဒေါမနဿတည်းဟူသော ရာဂနဲ့ ပဋိဃတွေ သူ့မှာ စင်မနေဘူးလား။ (စင်နေပါတယ်ဘုရား)

အဲဒါကို "သံသုဒ္ဓ"လို့ ခေါ်တယ်၊ ဒီလိုစင်ကြယ်နေတဲ့ သတိဖြင့် "ဓမ္မတက္ကပုရေဇဝံ"။ ဘာပြောသလဲ "ဓမ္မတက္ကပုရေဇဝံ"ကို အဋ္ဌကထာဆရာကြီးက—

**အဋ္ဌကထာနည်း။** ။"ဓမ္မတက္ကပုရေဇဝန္တိ ဉာမိနာ တဿံ စတုတ္ထဈာနဝိမောက္ခေ ဌတွာ ဈာနင်္ဂါနိ ဝိပဿိတွာ အဓိဂတံ အရဟတ္တဝိမောက္ခံ ဝဒတိ"တဲ့။

"ဓမ္မတက္ကပုရေဇဝန္တိ၊....ဇဝံ-ဟူသော။ ဉာမိနာ၊ ဤပါဠိတော်ဖြင့်။ တဿံ စတုတ္ထဈာနဝိမောက္ခေ၊ ထိုစတုတ္ထဈာန် ဝိမောက္ခ၌။

စတုတ္ထဈာန်လို့ ဆိုတော့ သုခ-ဒုက္ခက လွတ်မနေဘူးလား။ (လွတ်နေပါတယ်ဘုရား) အဲဒီ သုခ,ဒုက္ခက လွတ်နေတာကို ဝိမောက္ခလို့ ခေါ်တယ်။

ဌတွာ၊ တည်ပြီးတော့။ ဈာနင်္ဂါနိ၊ စတုတ္ထဈာန်၏ အင်္ဂါတို့ကို။ ဝိပဿိတွာ၊ အနိစ္စ,ဒုက္ခ,အနတ္တလို့ ဝိပဿနာရှုခြင်းကြောင့်။ အဓိဂတံ၊ ရရှိအပ်သော။ အရဟတ္တဝိမောက္ခံ၊ အရဟတ္တဖိုလ်ဝိမောက္ခကို။ ဝဒတိ၊ ပြောကြားတော်မူ၏။

"ဓမ္မတက္ကပုရေဇဝံ" လို့ဆိုတာဟာ စတုတ္ထဈာန်မှာ တည်ပြီးတော့ စတုတ္ထဈာန်ရဲ့ အင်္ဂါတွေကို ဝိပဿနာရှုလို့ရတဲ့ အရဟတ္တဖိုလ် ဝိမောက္ခကို ပြောတာပါလို့ အဋ္ဌကထာဆရာကြီးက ပြောပေးထားတယ်။ ဒါ"အရဟတ္တဖိုလ်ဝိမောက္ခ"။

အဲဒီ စတုတ္ထဈာန် ဝိမောက္ခကို ရှေ့မှာ အဋ္ဌကထာဆရာက တနည်း ဆက်ပြောထားတာ ရှိသေးတယ်။

အရဟတ္တဝိမောက္ခဉ္စ ဟိ မဂ္ဂသမ္ပယုတ္တသမ္မာသင်္ကပ္ပါဒိဘေဒေါ ဓမ္မတက္ကော ပုရေဇဝေါ ဟောတိ။ တေနာဟ "ဓမ္မတက္ကပုရေဇဝ"န္တိ-တဲ့။

အဓိပ္ပါယ်က အရဟတ္တဖိုလ်ဝိမောက္ခ၏ မဂ်နှင့်ယှဉ်သော သမ္မာသင်္ကပ္ပ-စတဲ့ တရားတို့ မဂ်၏ ရှေးဦးစွာဖြစ်ခြင်းကို "ဓမ္မတက္ကပုရေဇဝံ"လို့ ဆိုတာပါဘဲ။

အဝိဇ္ဇာယ ပဘေဒနန္တိ ဧတမေဝ စ အညာဝိမောက္ခံ အဝိဇ္ဇာပဘေဒနသင်္ခါတံ နိဗ္ဗာနံ နိဿာယ ဇာတတ္တာ ကာရဏောပစာရေန အဝိဇ္ဇာယ ပဘေဒနန္တိ –တဲ့။

အဝိဇ္ဇာကို ဖျက်ဆီးတယ်ဆိုတဲ့ အရဟတ္တဖိုလ်ဝိမောက္ခကို နိဗ္ဗာန်ကို မှီ၍ ဖြစ်သည် ဖြစ်သောကြောင့် ကာရဏူပစာရအားဖြင့်"အဝိဇ္ဇာယ ပဘေဒနံ"လို့ ပြောတာပါတဲ့။

ခုနက အဋ္ဌကထာဆရာကြီး ပြောထားတဲ့ စတုတ္ထဈာန် ဝိမောက္ခမှာ တည်ပြီးတော့, စတုတ္ထဈာန်အင်္ဂါတွေကို ဝိပဿနာ ရှုပြီးတော့ အရဟတ္တဖိုလ် ဝိမောက္ခကို ရတယ်။

**ဝိပဿနာရှုကွက်။** ။ကဲ ဒါဖြင့် စတုတ္ထဈာန်မှာ ဘာတွေရှိသလဲ ဝိပဿနာရှုဘို့ တရားလုံးတွေ၊ စတုတ္ထဈာန်စိတ် မရှိဘူးလား။ (ရှိပါဘယ်ဘုရား)

အဲဒီ စတုတ္ထဈာန်စိတ်နဲ့ ယှဉ်တဲ့ စေတသိက်ပေါင်း ဘယ်လောက် ရှိသလဲ။ စတုတ္ထဈာန်စိတ်မှာ စေတသိက်ပေါင်း ဘယ်လောက် ယှဉ်သလဲဆိုတော့ ဝိတက်, ဝိစာရ,ပီတိ-ကြဉ် အညသမာန်းစေတသိက် တဆယ်၊ ဝိရတီစေတသိက် သုံးခုကြဉ် သောဘနစေတသိက် နှစ်ဆယ့်နှစ်၊ အဲဒီ သုံးဆယ့်နှစ်လုံးသော စေတသိက်တွေ ယှဉ်တယ်၊ ဒါ ဘာတွေလဲ၊ နာမ်ဘရားတွေ၊ စတုတ္ထဈာန်စိတ်က ဝိညာဉ်၊ စတုတ္ထဈာန်စိတ်နဲ့ ယှဉ်တဲ့ စေတသိက်တွေဟာ ဘာတွေလဲ၊ နာမ်, အဲဒီ စတုတ္ထဈာန်စိတ်က အာရုံပြုထားတဲ့ တရားက ရုပ်၊ ပေါင်းတော့ ဘာတွဲလဲ စိတ်, စေတသိက်, ရုပ်။ တနည်း ဝိညာဉ်, နာမ်, ရုပ်၊ စတုတ္ထဈာန် သမာပတ်မှာ အဲဒီ တရားတွေ ရှိတယ်၊ နော်။ (မှန်ပါဘုရား။)

ဝိပဿနာရှုပုံ။ ။အဲဒီ တရားတွေ ရှုပုံကို ဘုန်းကြီးတို့ မဇ္ဈိမနိကာယ် မဇ္ဈိမပဏ္ဏာသပါဠိတော်က ဘယ့်နှယ် ပြောထားသလဲ—

သော ယဒေဝ တတ္ထ ဟောတိ ရူပဂတံ ဝေဒနာဂတံ သညာဂတံ သင်္ခါရဂတံ ဝိညာဏဂတံ။

အဲဒီ စတုတ္ထဈာန် ရောက်နေတဲ့ ပုဂ္ဂိုလ်ဟာတဲ့ သူ ဘာတွေ မြင်နေသလဲ ဆိုတော့ စတုတ္ထဈာန်သမာပတ်မှာ ရှိနေတဲ့ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်လို့ ဆိုတဲ့ တရားငါးမျိုးကို သူ မြင်နေတယ်။ အဲဒီ တရားငါးမျိုးကို ဘယ့်နှယ် ရှုလိုက်သလဲ ဆိုတော့—

သော တေ ဓမ္မေ အနိစ္စတော, ဒုက္ခတော, အနတ္တတောတိ သမနုပဿတိ။

အဲဒီ တရားငါးမျိုးကို သူ ဘယ့်နှယ် ရှုသလဲဆိုတော့–အနိစ္စ, ဒုက္ခ, အနတ္တလို့ သူက ရှုလိုက်တယ်၊ နော်။ (မှန်ပါဘုရား။)

ဒီတော့ စတုတ္ထဈာန်သမာပတ် အတွင်းမှာ ၎ိနေတဲ့ ခန္ဓာပါ.ပါ:သည် နိစ္စလား, အနိစ္စလား။ (အနိစ္စပါဘုရား)

ဒုက္ခလား, သုခလား။ (ဒုက္ခပါဘုရား။)

ဘာပြုလို့ ဒုက္ခလဲ၊ ပျက်ခြင်းဆိုတဲ့ တရားဖြင့် နှိပ်စက်ခြင်းကို ခံနေရသည် ဖြစ်သောကြောင့်။ ဒီသမာပတ်အတွင်းမှာ ရှိနေတဲ့ ခန္ဓာတွေသည် သုခလား, ဒုက္ခလား။ (ဒုက္ခပါဘုရား။)

ဘာ ဒုက္ခလဲ၊ ဘယဋ္ဌဒုက္ခ။ ဝေဒယိတဒုက္ခ မဟုတ်ဘူးနော်၊ ကာယိကဒုက္ခ, စေတသိကဒုက္ခကို ပယ်ပြီးသားဖြစ်နေပြီ စတုတ္ထဈာန်သမာပတ် သမားက၊ ဟုတ်ပလား။ (မှန်ပါဘုရား။)

ဒီတော့ အဲဒီ စတုတ္ထဈာန်သမာပတ်ထဲမှာ ရှိနေတဲ့ ဝိညာဉ်, နာမ်, ရုပ်, စိတ်, စေတသိက်, ရုပ်သည် နိစ္စလား, အနိစ္စလား။ (အနိစ္စပါဘုရား)

ဒုက္ခလား, သုခလား။ (ဒုက္ခပါဘုရား။)

ဘာဖြစ်လို့ ဒုက္ခလဲ၊ ပျက်ခြင်းဖြင့် နှိပ်စက်ခြင်းကို ခံနေရသည် ဖြစ်သောကြောင့် ဒီခန္ဓာသည်, ဒီ ဝိညာဉ်, နာမ်, ရုပ်-သည် ဒုက္ခ၊ ဘာဒုက္ခလဲ။ (ဘယဋ္ဌဒုက္ခပါဘုရား။)

ဝေဒယိတဒုက္ခ မဟုတ်ဘူး၊ နော်။ (မှန်ပါ။)

ဘယ်ဥဒုက္ခ၊ ဒါကို မြင်အောင်ကြည့်၊ အဲဒီလို အနိစ္စ,ဒုက္ခ ဖြစ်နေတဲ့ တရားသည် အတ္တလား, အနတ္တလား။ (အနတ္တပါဘုရား။)

အဲသလို ဖြစ်နေတဲ့ အနိစ္စ ဒုက္ခ, အနတ္တ အချက်တွေကို ခန္ဓာငါးပါးပေါ်မှာ မြင်လာရင် စတုတ္ထစျာန်ကို ရနေတဲ့ ပုဂ္ဂိုလ်သည် ဒီခန္ဓာငါးပါးကို, စတုတ္ထစျာန်မှာ ဖြစ်နေတဲ့ ခန္ဓာငါးပါးကို သူ နှစ်သက်သလား, မနှစ်သက်ဘူးလား။

(မနှစ်သက်တော့ပါဘုရား။)

ဘာဖြစ်လို့လဲ၊ အနိစ္စ, ဒုက္ခ, အနတ္တ-လို့ဆိုတဲ့ ဒီအချက်သုံးချက်ကို မြင်လို့၊ ဟုတ်ပလား။ (မှန်ပါ။)

ဒါဖြင့် အဲဒီ ခန္ဓာငါးပါးပေါ်မှာ ဒီစိတ်ဟာ ရှိဦးမလား, မရှိဘူးလား။

(မရှိတော့ပါဘုရား။)

အစ္စပျောက်ပုံ။ ။သော တေဟိ ဓမ္မေဟိ စိတ္တံ ပဋိဝါပေတိ၊ တေဟိ ဓမ္မေဟိ စိတ္တံ ပဋိဝါပေတွာ အမတာယ ဓာတုယာ စိတ္တံ ဥပသံဟရတိ "ဧတံ သန္တံ, ဧတံ ပဏီတံ၊ ယဒိဒံ သဗ္ဗသင်္ခါရသမထော သဗ္ဗူပဓိပ္ပဋိနိဿဂ္ဂေါ တဏှာက္ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာန" န္တိ။

အဲဒီလို ဝိပဿနာရှုသွားသဖြင့် ဒီစတုတ္ထစျာန်သမာပတ်ပေါ်မှာ ငါဆိုတဲ့ အခြင်းအရာ ရှိသေးသလား (မရှိတော့ပါ ဘုရား)။

ဘာမြင်လို့လဲ၊ အနိစ္စ, ဒုက္ခ, အနတ္တမြင်လို့၊ ငါ့ဥစ္စာလို့ဆိုတဲ့ အခြင်းအရာကော ရှိသေးသလား (မရှိတော့ပါ ဘုရား)။

အဲဒီ စတုတ္ထစျာန်သမာပတ်ကို အကြောင်းပြုပြီးတော့ ထောင်လွှားတက်ကြွတယ်ဆိုတဲ့ မာနာနုသယတွေကော ရှိနေလို့ရသေးသလား (မရပါ ဘုရား)။

အဲသလို စတုတ္ထစျာန်သမာပတ်ကို အကြောင်းပြုပြီးတော့ "တေဟိ ဓမ္မေဟိ၊ ထိုစတုတ္ထစျာန် သမာပတ်အတွင်းမှာဖြစ်တဲ့ ခန္ဓာငါးပါးတို့မှ၊ အနိစ္စ, ဒုက္ခ, အနတ္တ-ဖြစ်နေတဲ့ ခန္ဓာငါးပါးတို့မှ။ စိတ္တံ၊ စိတ်ကို။ ပဋိဝါပေတိ၊ ဖဲခွါ၍သွားစေတော့၏"။

စတုတ္ထစျာန်က အဲဒီ ခန္ဓာငါးပါးပေါ်ကနေပြီး ခွါပြီးတော့ ထွက်သွားတယ်၊ ခွါပုံကလေးက အင်မတန်ကောင်းပါတယ်။

အရဟတ္တဖိုလ်ရောက်ပုံ။ ။ခွါပြီးတော့ ဘယ်သွားပြီးပူးသလဲ ဒီစိတ်၊ အမတလို့ ခေါ်တဲ့ အသင်္ခတဓာတ်ကို သွားပြီးတော့ ကူးပေးလိုက်တယ်။ အသင်္ခတဆိုတာ တစုံတခု (ခုနတုန်းကပြောခဲ့တဲ့ ဝိညာဉ်, နာမ်, ရုပ်-တွေလို) ပြုပြင်စရာရှိတဲ့ တရားမဟုတ်ဘူး၊ သူက မပြုမပြင်ရတဲ့တရား။

အဲဒီ အသင်တခေတ်ကို ကူးပေးလိုက်တော့ အသင်တခေတ်ကို စိတ်နဲ့ပူးပေးလိုက်တဲ့ အခါကျတော့ ဘယ့်နှယ်ပေါ်သလဲ ရှုကွက်ထဲမှာ၊ "တေ် သန္တံ့ တေ ပဏီတံ"။ တေ၊ ဤသဘောတရားသည်။ သန္တ၊ ရာဂဒေါသတွေ ငြိမ်သက်၏။ (ရာဂမီးတွေ ဒေါသမီးတွေ ငြိမ်းတယ်။) တေ၊ ဤသဘောတရားသည်။ ပဏီတံ၊ မွန်မြတ်၏။

ဘာဖြစ်လို့ ရာဂမီးတွေ ငြိမ်းပြီးတော့ ဘာဖြစ်လို့ မွန်မြတ်သလဲ ဆိုတော့ "ယဒိဒံ၊ ငြိမ်သက်ခြင်းရဲ့ အကြောင်းကား။ သဗ္ဗသင်္ခါရသမထော၊ အလုံးစုံ သင်္ခါရတရားတွေ ငြိမ်း၏"။ [ဝိညာဉ် နာမ် ရုပ် မရှိဘူးနော် (မှန်ပါ)] သဗ္ဗူပ-ဓိနိဿဂ္ဂေါ၊ အလုံးစုံ ဥပဓိတရားတွေကို စွန့်လွှတ်ရာဖြစ်၏။ ဝိရာဂေါ၊ ရာဂကင်းရာဖြစ်၏။ နိရောဓော၊ ရာဂဆိုတဲ့တရားတွေ ချုပ်ရာဖြစ်၏။ နိဗ္ဗာနံ၊ ရာဂမီးငြိမ်းတဲ့ နေရာပေတည်း။ ဣတိ၊ ဤသို့။ စိတ္တံ၊ စိတ်ကို။ ဥပသံဟရတိ၊ ပူးကပ်၍ပေးလေတော့၏"။

အရဟတ္တဖိုလ်ဝိမောက္ခ ရောက်သွားပြီ၊ စိတ်က အရဟတ္တဖိုလ်နဲ့ လွှတ်လပ်ရေး ရသွားပြီနော်၊ ဒါအရဟတ္တဖိုလ်ဝိမောက္ခဘဲ၊ အဲဒီလို စတုတ္ထဈာန်စိတ်ကို ရှုပြီးတော့ ဓမ္မတက္ကပုရေဇဝံအရ စတုတ္ထဈာန်သမာပတ်အတွင်းမှာရှိတဲ့ ဝိညာဉ် နာမ် ရုပ်တွေကို ဝိပဿနာရှုလို့ အရဟတ္တဖိုလ်ကို ရောက်သွားတာကို အရဟတ္တဖိုလ်ဝိမောက္ခလို့ ငါဘုရား ဟောတော်မူတယ်။

**စူဠနိဒ္ဒေသအဓိပ္ပါယ်။** ။ဥဒယရသေ့ကို မြတ်စွာဘုရား ဟောတော်မူတဲ့ အဲဒီ "ဓမ္မတက္ကပုရေဇဝံ"လို့ဆိုတာ ဘာတွေလဲ၊ စူဠနိဒ္ဒေသက ပြောသေးတယ်—

ဓမ္မတက္ကော ဝုစ္စတိ သမ္မာသင်္ကပ္ပေါ၊ သော အာဒိတော ဟောတိ အညာဝိမောက္ခဿာတိ။

"ဓမ္မတက္က"လို့ဆိုတာ ဘယ်သူ့ကို ခေါ်သလဲဆိုတော့ သမ္မာသင်္ကပ္ပမဂ္ဂင်ကို ခေါ်ပါတယ်တဲ့။

သမ္မာသင်္ကပ္ပ-လို့ဆိုတာ အနိစ္စ, ဒုက္ခ, အနတ္တ-ဖြစ်အောင် ကြံစည်စဉ်းစားပေးတဲ့သဘောကို သမ္မာသင်္ကပ္ပလို့ခေါ်တယ်။ သူ့ကို အရဟတ္တဖိုလ်ဝိမောက္ခရဲ့ ရှေးဦးစွာ ဖြစ်တဲ့တရားလို့ ဆိုတယ်။

စူဠနိဒ္ဒေသက အထ ဝါ-နဲ့ တနည်းဖွင့်ပေးသေးတယ်—

"ဓမ္မတက္ကော ဝုစ္စတိ သမ္မာဒိဋ္ဌိ၊ သာ အာဒိတော ဟောတိ အညာဝိမောက္ခဿ"တဲ့။

ကမ္မဿကတာ သမ္မာဒိဋ္ဌိ, ဈာနသမ္မာဒိဋ္ဌိ, ဝိပဿနာ သမ္မာဒိဋ္ဌိ-အစရှိတဲ့ အဲဒီလို သမ္မာဒိဋ္ဌိတွေကို ဘာလို့ခေါ်သလဲဆိုတော့ "ဓမ္မတက္က"လို့ ခေါ်တယ်တဲ့၊ အဲဒီသမ္မာဒိဋ္ဌိက အရဟတ္တဖိုလ်ဝိမောက္ခရဲ့ ရှေးဦးစွာဖြစ်တယ်။ အထဝါ=နောက် တနည်း ဘာကျန်သေးသလဲဆိုတော့—

ဓမ္မတက္ကော ဝုစ္စတိ စတုန္နံ မဂ္ဂါနံ ပုဗ္ဗဘာဂဝိပဿနာ၊ သာ အာဒိတော ဟောတိ (ပ) အညာဝိမောက္ခဿ–တဲ့။"ဓမ္မတက္က"လို့ ဆိုတာဟာ သောတာ ပတ္တိမဂ်, သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ်လို့ခေါ်တဲ့ လေးပါးသော မဂ်တို့ကိုမရမီ ရှေးဦးစွာဖြစ်တဲ့ ပုဗ္ဗဘာဂ ရှေးဦးစွာ ရှေ့အဖို့ကဖြစ်တဲ့ ဝိပဿနာ-ဉာဏ်တွေကို ခေါ်တယ်တဲ့၊ အနိစ္စ, ဒုက္ခ, ဝိပရိဏာမ, ဆိုတာတွေက ဝိပဿနာ ဉာဏ်တွေ၊ ဒီတော့ ဒီဉာဏ်တွေကို ဘုန်းကြီးတို့ပရိသတ် ရှုနေတဲ့ အခါမှာ ရနေ သလား, ရမနေဘူးလား (ရနေပါတယ် ဘုရား)။

"ဓမ္မတက္ကပုရေဇဝံ"။ အဲဒီ "ဓမ္မတက္ကပုရေဇဝံ"ကြောင့် စောစောပိုင်းက ပြောခဲ့တဲ့ စတုတ္ထဈာန်တွေကို ဝိပဿနာရှုပြီးတော့ အရဟတ္တဖိုလ်ပေါက်သွားလို့ အဝိဇ္ဇာတရားတွေ ဖျက်ဆီးပစ်တာကို "အညာဝိမောက္ခံ ပဗြူမိ၊ အဝိဇ္ဇာယ ပဘေဒနံ"။ အညာဝိမောက္ခံ၊ အရဟတ္တဖိုလ်ဝိမောက္ခဟူ၍၊ အဟံ၊ ငါဘုရား သည်။ ပဗြူမိ၊ ဟောကြားတော်မူ၏။

**သာရိပုတ္တသုတ္တန်။** ။အဲဒီ ပါဠိတွေကို မြတ်စွာဘုရား အားလုံးခြုံပြီးတော့ အင်္ဂုတ္တရပါဠိတော်မှာ သုတ္တန်တခု ဟောထားတယ်။

> ပဟာနံ ကာမသညာနံ၊ ဒေါမနဿာန စူဘယံ။
> ထိနဿ စ ပနူဒနံ၊ ကုက္ကုစ္စာနံ နိဝါရဏံ။
> ဥပေက္ခာသတိသံသုဒ္ဓံ၊ ဓမ္မတက္ကပုရေဇဝံ။
> အညာဝိမောက္ခံ ပဗြူမိ၊ အဝိဇ္ဇာယ ပဘေဒနံ—

ဆိုတဲ့ ဂါထာနှစ်ပုဒ်နဲ့ ပတ်သက်ပြီးတော့ မြတ်စွာဘုရား အင်္ဂုတ္တိုရ်ပါဠိတော် တိကနိပါတ် ဒေဝဒူတဝဂ်မှာ ရှင်သာရိပုတြာကို ဟောထားတာရှိတယ် သာရိ-ပုတ္တသုတ္တန်တဲ့၊ ကိုင်း ဒီကနေ့ ဒီသာရိပုတ္တသုတ္တန်နဲ့ဘဲ နိဂုံးချုပ်မယ် ဒီအပိုဒ်ကို။

အထူးကတော့ ပါရာယနဝဂ်မှာ "ပဟာနံ ကာမစ္ဆန္ဒာနံ" လို့ ရှိပြီးတော့ ဒီသုတ္တန်မှာ "ပဟာနံ ကာမသညာနံ" လို့ ရှိနေခြင်းဘဲ၊ အဲဒါကို အဋ္ဌကထာ ဆရာကြီးက ဒီနှစ်ပုဒ်လုံးဟာ အဓိပ္ပါယ်က အတူတူပါဘဲ၊ အင်္ဂုတ္တိုရ်ဆောင် ရဟန်းတော်များက ခုလိုသံဂါယနာ တင်ခဲ့တဲ့အတွက် သဒ္ဒါအနေအထားသာ ထူးနေပါတယ်တဲ့။

**သန္ဒာယဘာသိတ**=ရည်ရွယ်ချက်နဲ့ဟောတဲ့ တရားတဲ့၊ မြတ်စွာဘုရားက ဘာဟောသလဲ—

ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။

"တခါတုန်းက မြတ်စွာဘုရား သာဝတ္ထိပြည် အနာထပိဏ်သူဌေး ဆောက်လုပ်လှူဒါန်းတဲ့ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံး နေတော်မူတယ်"တဲ့ ဒီပါဠိရဲ့ အဓိပ္ပါယ်။

အထ ခေါ အာယသ္မာ သာရိပုတ္တော ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိ၊ ဧကမန္တံ နိသိန္နံ ခေါ အာယသ္မန္တံ သာရိပုတ္တံ ဘဂဝါ ဧတဒဝေါစ။

အဲဒီ ဂါထာနှစ်ပုဒ်ကို မြတ်စွာဘုရားက သန္ဓာယဘာသိတ=ရည်ရွယ်ချက်နဲ့ ဟောတာပါတဲ့၊အဲဒီလို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတော်မူတုန်း တနေ့သောအခါ ရှင်သာရိပုတြာ ကိုယ်တော်မြတ်ကြီး မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့အထံ ရှိသေစွာချဉ်းကပ်တယ်၊ ပဉ္စပတိဋ္ဌိတ-နည်းအရဖြင့် ကျကျနနရှိခိုးပြီးတော့ ရှင်သာရိပုတြာသည် သင့်တင့်လျောက်ပတ်သော နေရာ၌ ထိုင်နေပါတယ်။

**အမျိုးမျိုးတရားဟောပုံ။** ။အဲဒီအခါမှာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ရှင်သာရိပုတြာ ကိုယ်တော်ကို တရားဟောတော်မူလိုက်တယ်၊ ဘာတဲ့——

သံခိတ္တေနပိ ခေါ အဟံ သာရိပုတ္တ ဓမ္မံ ဒေသေယျံ၊ ဝိတ္ထာရေနပိ ခေါ အဟံ သာရိပုတ္တ ဓမ္မံ ဒေသေယျံ၊ သံခိတ္တဝိတ္ထာရေနပိ ခေါ အဟံ သာရိပုတ္တ ဓမ္မံ ဒေသေယျံ၊ အညာတာရော စ ဒုလ္လဘာတိ။

မြတ်စွာဘုရားက ရှင်သာရိပုတြာကို ဟောလိုက်တဲ့တရားတော်။

သာရိပုတ္တ၊ ချစ်သားသာရိပုတြာ။ အဟံ၊ ငါဘုရားသည်။ သံခိတ္တေနပိ၊ အကျဉ်းအားဖြင့်လည်း။ ဓမ္မံ၊ တရားကို။ ဒေသေယျံ၊ ဟောငြားအံ့။ သာရိပုတ္တ၊ ချစ်သား သာရိပုတြာ။ အဟံ၊ ငါဘုရားသည်။ ဝိတ္ထာရေနပိ၊ အကျယ်အားဖြင့်လည်း။ ဓမ္မံ၊ တရားကို။ ဒေသေယျံ၊ ဟောငြားအံ့။ သာရိပုတ္တ၊ ချစ်သားသာရိပုတြာ။ အဟံ၊ ငါဘုရားသည်။ သံခိတ္တဝိတ္ထာရေနပိ၊ အကျဉ်းအကျယ်အားဖြင့်လည်း။ဓမ္မံ၊တရားကို။ ဒေသေယျံ၊ ဟောငြားအံ့။ အညာတာရောစ၊ သစ္စာလေးပါးကို သိနိုင်သော ပုဂ္ဂိုလ်တို့ကိုလည်း။ ဒုလ္လဘာ၊ ရနိုင်ခဲကုန်၏။ ဣတိ၊ ဤသို့။ သတ္ထာ၊ လူနတ်တို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည်။ အာယသ္မန္တံ သာရိပုတ္တံ၊ အရှင်သာရိပုတြာကို။ အဝေါစ၊ ကောင်းစွာမသေ့ ဟောကြားတော် မူပါပေသတည်း။

အဲဒီ သုတ္တန်ထဲမှာ မြတ်စွာဘုရားရှင်က ရှင်သာရိပုတြာကို ဘာ မိန့်တော်မူလိုက်သလဲဆိုတော့ "ချစ်သား သာရိပုတြာတဲ့ ငါဘုရားသည် တရားတော်ကို အကျဉ်းအားဖြင့်လဲ ဟောတယ်၊ တခါတရံကျတော့ အကျယ်အားဖြင့်ဝေဘန်ပြီး တော့လဲ ဟောတယ်၊ တခါတရံကျတော့ အကျဉ်းရော အကျယ်ပါ နှစ်မျိုးစလုံး ဖြင့်ဟောတယ်။ အဲသလို တရားကို အကျဉ်းရော အကျယ်ရော ဟောပေမယ့် ချစ်သား သာရိပုတြာ သစ္စာတရားလေးပါးကို သိတဲ့ ပုဂ္ဂိုလ်တွေ အင်မတန် ရခဲနေတယ်တဲ့၊ မြတ်စွာဘုရားက ဒီလို မိန့်တော်မူလိုက်တယ်။

ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေကို ဟောနေတာ, ဒီ ရွှေဘုန်းပွင့် ဓမ္မာရုံတော်ကြီးမှာ ဆရာတော် သံဃာတော်တွေ ဟောနေကြတာ အကျဉ်းချုပ်ဟောတဲ့ ဆရာတော်တွေကော မရှိဘူးလား (ရှိပါတယ် ဘုရား)။

အကျယ်ဟောတဲ့ ဆရာတော်တွေကော မရှိဘူးလား (ရှိပါတယ် ဘုရား)။
အကျဉ်းရော အကျယ်ရော ဟောတဲ့ ဆရာတော်တွေကော မရှိဘူးလား။
(ရှိပါတယ် ဘုရား)။

ဘုန်းကြီးတို့ပရိသတ် သစ္စာလေးပါး သိကြသလား (မသိသေးပါ ဘုရား)။

ဒါကြောင့် မြတ်စွာဘုရားက မိန့်တော်မူတယ် ရှင်သာရိပုတြာကို၊ငါဘုရားဟာ အကျဉ်းဟောလို့သာ သစ္စာလေးပါးကို မသိဒါဘဲဆိုပြီးတော့ အကျယ်ဟော ကြည့်တယ်နော်၊ ဘုန်းကြီးတို့လဲဘဲ အမျိုးကောင်းသား, အမျိုးကောင်းသမီး တွေကို တရားကျဉ်းကျဉ်းလေး ဟောနေတဲ့အတွက် သူတို့ သစ္စာလေးပါးများ မသိလေရော့သလား ဆိုပြီးတော့ ဒီ ပါရာယနဝဂ်ကြီးကို အကျယ်ချဲ့ပြီးတော့ ဘုန်းကြီးတို့ ဟောပေးနေရတာ နော်၊ အကျဉ်းရော အကျယ်ရောပေါ့လေ၊ ဟုတ်လား (မှန်ပါ ဘုရား)။

**အရှင်သာရိပုတြာ လိမ္မာပုံ။** ။အဲသလို ဟောပေးနေပါလျက်သားနဲ့ သစ္စာလေးပါးကို သိသွားတဲ့ ပုဂ္ဂိုလ်တွေ အင်မတန် ရခဲနေတယ်လို့ မြတ်စွာဘုရားက ဒီလို မိန့်တော်မူလိုက်တော့ ဒီစကားအရ အဋ္ဌကထာဆရာကြီးက ဒီနေရာမှာ ပြောပေးထားတယ်။

ရှင်သာရိပုတြာရဲ့ဉာဏ်ကို သွားပြီးတော့ မထိခိုက်ဘူးလား (ထိခိုက်ပါတယ်)

ဘယ်လို ထိခိုက်သလဲ၊ ရှင်သာရိပုတြာဟာ အကျဉ်းကလေး ဟောပေးတာနဲ့ သစ္စာလေးပါး သိသွားတယ်၊ မဟုတ်လား (မှန်ပါ ဘုရား)။

ဘယ်လိုအကျဉ်းကလေး ဟောသလဲ၊ ရှင်သာရိပုတြာကို ရှင်အဿဇိမထေရ် ဟောလိုက်တာ ဘယ်လောက်များ ကျယ်သလဲ၊ "ယေ ဓမ္မာ ဟေတုပ္ပဘာဝါ၊

တေသံ ဟေတုံ တထာဂတော အာဟ” အဲဒီနှစ်ပါဒနဲ့တဲ ရှင်သာရိပုတြာဟာ သစ္စာလေးပါးကို သိသွားခဲ့တာဘဲ မဟုတ်လား (မှန်ပါ)။

ဒီလို အကျဉ်းလေးကိုဟောတာနဲ့ သစ္စာလေးပါးကို သိသွားသော်လဲ “နည်းပေါင်းတရာ နည်းပေါင်းတထောင်တို့ဖြင့် သိနိုင်တဲ့အထဲ ဘုရားတပည့်တော် ပါပါတယ် ဘုရား”လို့ ရှင်သာရိပုတြာက ဒီလိုမလျှောက်ဘူး၊ ဘယ်လောက်များ ရှင်သာရိပုတြာ လျှောက်ပုံ လိမ္မာသလဲလို့ဆိုတာ ကြည့်၊ ရှင်သာရိပုတြာရဲ့ လျှောက်ထားပုံ ပြောမယ်။

တေသာ ဘဂဝါ ကာလော၊ တေသာ သုဂတ ကာလော၊ ယံ ဘဂဝါ သံခိတ္တေနပိ ဓမ္မံ ဒေသေယျ၊ ယံ ဘဂဝါ ဝိတ္ထာရေနပိ ဓမ္မံ ဒေသေယျ၊ ယံ ဘဂဝါ သံခိတ္တဝိတ္ထာရေနပိ ဓမ္မံ ဒေသေယျ၊ ဘဝိဿန္တိ ဓမ္မဿ အညာတာရောတိ။

အင်္ဂုတ္တိုရ်ပါဠိတော်မှာ မြတ်စွာဘုရားကို ရှင်သာရိပုတြာက လျှောက်ပုံ—

ဘန္တေ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နဲ့ ပြည့်စုံတော်မူပေသော မြတ်စွာဘုရား။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးဆောင် သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်သည်။ သံခိတ္တေနပိ၊ အကျဉ်းအားဖြင့်လည်း။ ဓမ္မံ၊ တရားကို။ ယံဒေသေယျ၊ အကြင့်ကြောင့် ဟောတော်မူငြားအံ့။ ဝိတ္ထာရေနပိ၊ အကျယ်အားဖြင့်လည်း။ ဓမ္မံ၊ တရားကို။ ယံဒေသေယျ၊ အကြင့်ကြောင့် ဟောတော်မူငြားအံ့။ သံခိတ္တဝိတ္ထာရေနပိ၊ အကျဉ်း အကျယ်အားဖြင့် လည်း။ ဓမ္မံ၊ တရားကို။ ယံဒေသေယျ၊ အကြင့်ကြောင့် ဟောတော်မူ ငြားအံ့။ ဓမ္မဿ၊ အရှင်ဘုရားရဲ့ သစ္စာလေးပါးတရားတော်ကို။ အညာတာ-ရော၊ သိနိုင်သော ပုဂ္ဂိုလ်တို့သည်။ ဘဝိဿန္တိ၊ ရှိနိုင်ပါကုန်လိမ့်မည် ဘုရား။

“တေသာ ဘဂဝါ ကာလော”။ ဘဂဝါ၊ ဘုန်းတော်နေဝန်း ထွန်းလင်း တောက်ပတော်မူပေသော မြတ်စွာဘုရား။ တေသာ၊ ထိုတရားတော်ကို ဟော တော်မူခြင်း၏။ ကာလော၊ အချိန်တန်ပါပြီ ဘုရား။

“တေသာ သုဂတ ကာလော”။ သုဂတ၊ ကောင်းသောတရားကိုသာ လျှင် ဟောကြားတော် မူတတ်ပါပေသော မြတ်စွာဘုရား။ တေသာ၊ ထို တရားတော်ကို ဟောတော်မူခြင်း၏။ ကာလော၊ အချိန်တန်ပါပြီ ဘုရား။

ရှင်သာရိပုတြာ လျှောက်ပုံ ကြည့်စမ်း—

အရှင်ဘုရား အရှင်ဘုရားသည် တရားတော်ကို အကျဉ်းအားဖြင့်သော်၎င်း, အကျယ်အားဖြင့်သော်၎င်း, အကျဉ်း အကျယ်အားဖြင့်သော်၎င်း ဟောကြား

ပါဠိတော် (၃)-၁၅၇—ပ-မ-ဗ-သ-ဝ

ဘို့ အချိန်တန်ပါပြီ ဘုရား၊ ဟောကြားလို့ တရားနာရရင် သစ္စာလေးပါးတရားကို သိနိုင်လွယ်တဲ့ ပုဂ္ဂိုလ်တွေ ရှိပါလိမ့်မယ် ဘုရား''တဲ့၊ အဲဒါ လျှောက်တယ် ရှင်သာရိပုတြာက၊ ဟုတ်လား (မှန်ပါ)။

ဒီတော့မှ မြတ်စွာဘုရားက ရှင်သာရိပုတြာကို တရားဟောတယ်၊ ခုနက ''သန္တာယဘာသိတ''ကို ဟောမယ်လို့။

ဘယ်လို ဟောလိုက်သလဲ—

''တသ္မာတိဟ သာရိပုတ္တ ဧဝံ သိက္ခိတဗ္ဗံ''။

''သာရိပုတ္တ၊ ချစ်သား သာရိပုတြာ။ တသ္မာ၊ ထို့ကြောင့်။ ဣဟ၊ ဤငါဘုရားသာသနာတော်၌။ ဧဝံ သိက္ခိတဗ္ဗံ၊ ဤသို့ ကျင့်ရမယ်'' တဲ့၊

ဣမသ္မိံ စ သဝိညာဏကေ ကာယေ အဟံကာရမမံကာရမာနာနုသယာ န ဘဝိဿန္တိ။

သဝိညာဏကေ၊ ဝိညာဉ်နှင့်တကွသော။ ဣမသ္မိံ စကာယေ၊ ဤခန္ဓာကိုယ်၌။ အဟံကာရမမံကာရမာနာနုသယာ၊ ဒိဋ္ဌိ, တဏှာ, မာနာနုသယတို့သည်။ နဘဝိဿန္တိ၊ မဖြစ်ကုန်လတ္တံ့။

**အဋ္ဌကထာဖွင့်ချက်။** ။အဲဒီနေရာမှာ အဋ္ဌကထာဆရာကြီး ပြောပေးထားတာ အကျယ် ဘာပြောထားသလဲ ဆိုတော့ ''ဣမသ္မိံ စ သဝိညာဏကေ ကာယေ''ဆိုတာ စိတ်နှင့်တကွသော ဒီခန္ဓာကိုယ်ကြီး မိမိရဲ့ ခန္ဓာကိုယ်ကိုရင်း, သူတပါးတို့ရဲ့ ခန္ဓာကိုယ်ကိုရင်း၊ ဒါ ''ဣမသ္မိံ စ သဝိညာဏကေ ကာယေ''လို့ ခေါ်ပါတယ်။ အဲဒီခန္ဓာကိုယ်ပေါ်မှာ ငါ,ငါ့ဥစ္စာ, မာနာနုသယတွေ မရှိရင်ကောင်းမယ် ဟုတ်လား၊ ဒါ အဋ္ဌကထာဆရာရဲ့ ညွှန်ကြားချက်၊ အကျယ်ချဲ့ပြီးဟောဘို့ တော်တော်ကောင်းပါတယ်။ ဒီသုတ္တန်ဟာလဲဘဲ ဟောရင်းစွဲ သုတ္တန်ကနေ အကျယ်ချဲ့ပြီးတော့ ဟောတာ ဖြစ်တဲ့အတွက် သူ့ကို အကျယ်ချဲ့ပြီးတော့ ဟောမပေးနိုင်တော့ဘူး။

ဗဟိဒ္ဓါ စ သဗ္ဗနိမိတ္တေသု အဟံကာရ မမံကာရ မာနာနုသယာ န ဘဝိဿန္တိ။

ဗဟိဒ္ဓါစ၊ ဤခန္ဓာကိုယ်မှအပဖြစ်သော။ သဗ္ဗနိမိတ္တေသု၊ အလုံးစုံသော ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ ပုဂ္ဂလ ဓမ္မလို့ ခေါ်တဲ့ နိမိတ်တို့၌။ (အဋ္ဌကထာရဲ့ အနက်။ အဟံကာရ, မမံကာရ, မာနာနုသယာ။ ဒိဋ္ဌိ တဏှာ မာနာနုသယတို့သည်။ နဘဝိဿန္တိ၊ မဖြစ်ကုန်လတ္တံ့။

**အဓိပ္ပါယ်။** ။ဆိုလိုတဲ့ အဓိပ္ပါယ်က ဘာတဲ့လဲ "ဗဟိဒ္ဓါ စ သဗ္ဗနိမိတ္တေသု" ဆိုတာ မိမိခန္ဓာကိုယ်မှတပါး အပြင်ဘက်က ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ပုဂ္ဂိုလ် သတ္တဝါ ခမ္မ·လို့ ခေါ်တဲ့ သဘောတရားတွေကို ဗဟိဒ္ဓနိမိတ်လို့ ခေါ်တယ်တဲ့၊ အဲဒီ ဗဟိဒ္ဓနိမိတ်တွေ အပေါ်မှာလဲဘဲ 'အဟံကာရ, မမံကာရ,မာနာနုသယတွေ တဏှာ, ဒိဋ္ဌိ, မာနာနုသယ မရှိရဘူးတဲ့၊ ဆိုလိုတဲ့ အဓိပ္ပါယ်နော်။ (မှန်ပါဘုရား။)

ဒီတော့ ဒီနေရာမှာ ဘုန်းကြီး သဘောပေါက်တဲ့ အဓိပ္ပါယ်က ဘယ်လိုလဲ၊ အဋ္ဌကထာဆရာကြီးရဲ့ အဓိပ္ပါယ်ကို ပြောပြီးပြီ။ သဘောပေါက်တဲ့ အဓိပ္ပါယ်က "သဝိညာဏကေ ကာယေ"လို့ ဆိုတဲ့ သဘောဟာ စတုတ္ထစျာန်သမာပတ်ကို ရနေသည်ဖြစ်သောကြောင့် စတုတ္ထစျာန်စိတ်နှင့်တကွသော ခုနက စေတသိက် ပေါင်း ၃၂·မျိုးကို သဝိညာဏကကာယလို့ ခေါ်သည်။ အဲဒီ စိတ်နဲ့ စေတသိက်တွေရဲ့ အပေါ်မှာ ရုပ်တရားတွေရဲ့အပေါ်မှာ ငါဆိုတဲ့ ဒိဋ္ဌိစွဲ, "ဒီတရား တွေသည် ငါ့တရားဘဲ"လို့, "ငါပိုင်ဘဲ"လို့ စွဲတဲ့ တဏှာစွဲ၊ အဲဒီ တရားကို အမှီ ပြုပြီးတော့ စိတ် ထောင်လွှား တက်ကြွနေတဲ့ မာနာနုသယတွေ မရှိရဘူး။ ဒီလို ဆိုလိုတယ်တဲ့ အဓိပ္ပါယ်။

"ဗဟိဒ္ဓါ စ သဗ္ဗနိမိတ္တေသု" ဗဟိဒ္ဓအာရုံဖြစ်တဲ့ ပထဝီကသိုဏ်း အစရှိသော အပြင်ဘက်က ရုပ်တွေအပေါ်မှာ စျာန်ကိုရအောင် အားထုတ်တဲ့အခါ အပြင် ဘက်က ပထဝီကသိုဏ်းစတဲ့ ရုပ်အပေါ်မှာ ငါ,ငါ့ဥစ္စာ, မာနာနုသယလို့ ခေါ်တဲ့ သဘောတရားတွေ မရှိရဘူးနော်။ (မှန်ပါ။)

အဲသလို ငါ, ငါ့ဥစ္စာလို့ဆိုတဲ့ မာနာနုသယတွေ မရှိရဘူးဆိုရင် အဲဒီလို အကျင့်ကို ကျင့်ရမယ်တဲ့ မြတ်စွာဘုရားက၊ ပြီးတော့ ဘာဟောသလဲ ရှေ့မှာ—

> ယဥ္စ စေတောဝိမုတ္တိံ ပညာဝိမုတ္တိံ ဥပသမ္ပဇ္ဇ ဝိဟရတော အဟံ-ကာရမမံကာရမာနာနုသယာ န ဟောန္တိ၊ တဥ္စ စေတောဝိမုတ္တိံ အညာဝိမုတ္တိံ ဥပသမ္ပဇ္ဇ ဝိဟရိဿာမာတိ။ ဧဝံ ဟိ ခေါ သာရိပုတ္တ သိက္ခိတဗ္ဗံ-တဲ့။

**ဝိမုတ္တိ ၂·ပါး။** ။ဆိုလိုတဲ့ အဓိပ္ပါယ်က ဘာတဲ့လဲ—

"စေတောဝိမုတ္တိံ ပညာဝိမုတ္တိံ"။

ဘုန်းကြီး ပြောခဲ့ပြီးပြီ စေတောဝိမုတ္တိ, ပညာဝိမုတ္တိ-ဆိုတာကို၊ စိတ်၏ ကိလေသာတို့မှ လွတ်မြောက်ခြင်းဟာ **စေတောဝိမုတ္တိ**။

အရဟတ္တဖိုလ်ပညာရဲ့ အဝိဇ္ဇာမှ လွတ်မြောက်ခြင်းဟာ **ပညာဝိမုတ္တိ၊** ဟုတ်လား။ (မှန်ပါ။)

အဲဒီ စေတောဝိမုတ္တိ ပညာဝိမုတ္တိ-ကို ရတဲ့ အခါမှာလဲဘဲ "အဟံကာရ၊ မမံကာရ၊ မာနာနုသယလို့ ခေါ်တဲ့ တဏှာစွဲ၊ မာနစွဲ၊ ဒိဋ္ဌိစွဲလို့ ဆိုတဲ့ အစွဲ သုံးပါးက လွတ်ကင်းရမယ်လို့ ဒီလို ဆိုပါတယ်၊ အဓိပ္ပါယ် ပြောတာ နော်။ (မှန်ပါ။)

"ယတော စ ခေါ **သာရိပုတ္တ** ဘိက္ခုနော"။ ချစ်သား**သာရိပုတြာ** အကြင် သို့သောအခါ၌ ရဟန်းသည် တရားအားထုတ်သော ပုဂ္ဂိုလ်သည် အဲဒီလို သဝိညာဏကကာယ ဗဟိဒ္ဓနိမိတ္တ ခုနက စေတောမုတ္တိဆိုတဲ့ တရားတွေရဲ့ အပေါ်မှာ "အဟံကာရ၊ မမံကာရ၊ မာနာနုသယလို့ဆိုတဲ့ တရားမျိုးတွေကို ပယ်ခွါနိုင်တယ်လို့ ဆိုရင်တဲ့ အဲဒီပုဂ္ဂိုလ်ရဲ့သန္တာန်မှာ "အစ္ဆိဇ္ဇိ တဏှံ=တဏှာကို အဲဒီ ပုဂ္ဂိုလ် ဖြတ်ပြီးပြီတဲ့၊ ဝိဝတ္တယိ သံယောဇနံ=သံယောဇဉ် အားလုံးတို့ ကိုလဲ ဖြေပြီးပြီတဲ့၊ သမ္မာမာနာဘိသမယာ=ကောင်းစွာ မာနလဲ ကုန်သွားပြီ တဲ့၊ အန္တမကာသိ ဒုက္ခဿ=ဆင်းရဲအားလုံးကုန်လို့ အရဟတ္တဖိုလ်ဝိမောက္ခကို ရောက်သောသူ ဟူ၍။ ဝုစ္စတိ၊ ဆိုရ၏။

နိဂုံး။ ။ဣဒဉ္စ ပန မေတံ သာရိပုတ္တ သန္ဓာယဘာသိတံ ပါရာယနေ ဥဒယ-ပဉ္ဟေ—

ပဟာနံ ကာမသညာနံ၊ ဒေါမနဿာန စူဘယံ။
ထိနဿ စ ပနူဒနံ၊ ကုက္ကုစ္စာနံ နိဝါရဏံ။
ဥပေက္ခာသတိသံသုဒ္ဓံ၊ ဓမ္မတက္ကပုရေဇဝံ။
အညာဝိမောက္ခံ ပဗြူမိ၊ အဝိဇ္ဇာယ ပဘေဒနန္တိ။

ပဟာနံ။ပ။ ပဘေဒနန္တိ၊ဒနံ-ဟူ၍။ အဟံ၊ သင်တို့ဆရာ ငါဘုရားသည်။ ပဗြူမိ၊ အဲဒီ အချက်ကို ရည်ရွယ်၍ ပါရာယနဝဂ် ဥဒယမေးတဲ့ အမေး ပုစ္ဆာ ပြဿနာမှာ 'ကာမစ္ဆန္ဒကို ပယ်ခြင်း၊ ဗျာပါဒကိုပယ်ခြင်း၊ ထိနကို ပယ်ခြင်း၊ ကုက္ကုစ္စကို ပယ်ခြင်း၊ ဥပေက္ခာသည် စင်ကြယ်စေအပ်သော သတိ၏ စင်ကြယ်ခြင်း ရှိသော စတုတ္ထစျာန်သမာပတ်ကို ဝိပဿနာရှု၍ အရဟတ္တဖိုလ်ကို ပေါက်ရောက်စေတတ်သော အဝိဇ္ဇာကို ဖျက်ဆီးခြင်း ဆိုတဲ့ ဝိမောက္ခတရားကို ကောင်းစွာမသေ့ ဟောကြားတော်မူခဲ့ ပါပေသတည်း။

သာဓု-သာဓု-သာဓု

ဥဒယသုတ္တန် ဒုတိယပိုင်း ပြီးပြီ။

ပါရာယနဝဂ် ပါဠိတော်ဟောစဉ်

# ၁၃-ဥဒယသုတ္တန် တတိယပိုင်း

---

## တရားတော်အမည်

သာသနာတော် သက္ကရာဇ် ၂၅၁၄-ခုနှစ်, ကောဇာသက္ကရာဇ် ၁၃၃၂-ခုနှစ် ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့၊ ရန်ကုန်မြို့၊ ပုဇွန်တောင်ရပ်၊ ရွှေဘုန်းပွင့် စေတီတော်ကြီးအတွင်း တည်ခင်းအပ်သော ဝိပဿနာ ဓမ္မာရုံတော်ကြီးတွင် ဝိပဿနာအလုပ်တက်ပုံကို ညွှန်ကြားပြသ ဟောကြားတော်မူအပ်သော ခုဒ္ဒက နိကာယ် သုတ္တနိပါတ်ပါဠိတော် ပါရာယနဝဂ်၌လာသော ဥဒယသုတ္တန် တတိယ ပိုင်းတရားတော်။

## ဘုရားရှိခိုး

ဒီတရားတော်ကို မြတ်စွာဘုရား ဟောကြားတော်မူတဲ့အတိုင်း ဟောရမှာ ဖြစ်တဲ့အတွက် မြတ်စွာဘုရားကို ရိုသေစွာရှိခိုးကြရအောင် အမျိုးကောင်းသား များ-သမီးများ လက်အုပ်ချီထားကြ။

ဘုန်းကြီးက မြတ်စွာဘုရား ဂုဏ်တော်ကို ရွတ်ပြီး ဘုရားရှိခိုးမယ်၊ အဲဒီ ဘုရားရှိခိုးထဲမှာပါတဲ့ ဂုဏ်တော်များကို အာရုံပြုပြီးတော့ ဘုန်းကြီးတို့ အမျိုး ကောင်းသား-သမီးများ ကြည်ညိုသဒ္ဓါ ပွါးများနိုင်ကြပါစေ၊

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

( အနက် ရှေးအတိုင်း )

သာဓု သာဓု သာဓု

## စကားပလ္လင်

ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို ဥဒယပုဏ္ဏား ရသေ့ မေးတဲ့မေးခွန်းတွေ မြတ်စွာဘုရားဖြေတာ ပထမပိုင်းတော့ ပြီးသွားပြီ၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ပြန်ပြီးတော့ ဖြေကြားတော်မူတာ အရတ္တဖိုလ်ပေါက် တခါထဲဖြေထားတယ်။

"အညာဝိမောက္ခံ ပဗြူမိ၊ အဝိဇ္ဇာယ ပဘေဒနံ"

အဝိဇ္ဇာယ၊ အဝိဇ္ဇာကို။ ပဘေဒနံ၊ ဖျက်ဆီးတတ်သောတရားကို။ အညာ-ဝိမောက္ခံ၊ အရဟတ္တဖိုလ်ဝိမောက္ခဟူ၍။ အဟံ၊ ငါဘုရားသည်။ ပဗြူမိ၊ ဟော ကြားတော်မူ၏—

လို့ဆိုပြီးတော့ အရဟတ္တဖိုလ်ပေါက်အောင် မြတ်စွာဘုရား ဒီလို ဖြေထားတယ်၊ အရဟတ္တဖိုလ်ချမ်းသာကြီးဆိုတော့ တရားဟာ အရဟတ္တဖိုလ်ပေါက် ဖြစ်နေ ရင် ရှေ့တက်စရာ ရှိသေးသလားဆိုတော့ ဒီနေရာမှာ—အဋ္ဌကထာ ဆရာက ကျမ်းတက်သဘောမျိုးနဲ့ နောက်မေးတဲ့ ဂါထာကို တက်ပေးထားတာ ရှိတယ်၊ "အရဟတ္တဖိုလ်သည် အဝိဇ္ဇာကို ဖျက်ဆီးတတ်ပြီးတော့" ဆိုတဲ့စကားဖြင့် နိဗ္ဗာန်ချမ်းသာကို ကြားနာပြီးတော့ ထိုအရဟတ္တဖိုလ်သည် ဘယ်တရားကို ပယ် ပါသလဲလို့မေးလိုသည်ဖြစ်သောကြောင့် ဒုတိယအမေးကို ဥဒယပုဏ္ဏားက ဆက် ပြီးတော့မေးတယ်တဲ့၊ နော်။ ( မှန်ပါဘုရား။ )

## ဥဒယပုဏ္ဏား လျှောက်ထားချက်

**ဒုတိယပုစ္ဆာ။** ။ဥဒယပုဏ္ဏားက ဘယ်လိုမေးသလဲ—

**ကိံသု သံယောဇနော လောကော၊**
**ကိံသု တဿ ဝိစာရဏံ။**
**ကိဿဿ ဝိပ္ပဟာနေန၊**
**နိဗ္ဗာနံ ဣတိ ဝုစ္စတိ။**

ဘန္တေ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နဲ့ ပြည့်စုံတော်မူသောမြတ်စွာ ဘုရား။ လောကော၊ လောကသည်။ ကိံသု သံယောဇနော၊ ဘယ်ကဲ့သို့ သော သံယောဇဉ် အနှောင်အဖွဲ့ ရှိပါသနည်း။ တဿ၊ ထိုလောကကြီး၏။ ဝိစာရဏံ၊ လှည့်လည် သွားလာကြောင်းဖြစ်တဲ့ သုံးသပ်ခြင်းတရားသည် ကား။ ကိံသု၊ အဘယ်တရားပါနည်း။ ကိဿဿ၊ အဘယ်မည်သောတရား ကို။ ဝိပ္ပဟာနေန၊ အကြွင်းအကျန်မရှိ အရဟတ္တမဂ်နဲ့ ပယ်ခြင်းကြောင့်။ နိဗ္ဗာနံ ဣတိ၊ နိဗ္ဗာန်ဟူ၍။ ဝုစ္စတိ၊ ဆိုရပါသနည်း။ ဣတိ၊ ဤသို့။ အာယသ္မာ ဥဒယော၊ အရှင်ဥဒယသည်။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အပုစ္ဆိ၊ သိလိုအရေး နှင့် မေးမြန်း လျှောက်ထား ပါပေသတည်း။

သာဓု သာဓု သာဓု

**ဂါထာ အစိပ္ပါယ်။** ။အဲဒါ ပါဠိနဲ့အနက်တော့ ပြီးသွားပြီ၊ အဓိပ္ပါယ်က ဘာ ပြောသလဲ၊ ဘုန်းတော်ခြောက်ပါးနဲ့ ပြည့်စုံတော်မူပေသော မြတ်စွာဘုရား၊ လောကကြီးသည် အဘယ်သို့သော အနှောင်အဖွဲ့တွေ ရှိပါသလဲ၊ အဲဒီအထဲမှာ လောကလို့ဆိုတော့ ဘုန်းကြီးတို့ နောက်ကလဲ ဟောခဲ့တယ်၊ "လောကောတိ သင်္ခါရလောကော, ခန္ဓလောကော, ဓာတုလောကော" လို့၊ နော်　(မှန်ပါ)

နိရယလောက, ပေတလောက, တိရစ္ဆာနလောက, မနုဿလောက, ဒေဝလောက, ဗြဟ္မာ့လောက၊ အဲဒီလို လောကတွေ အမျိုးမျိုးထဲမှ သင်္ခါရလောကသည် သတ္တဝါတွေဆိုတဲ့ သတ္တလောကတို့သည် အဘယ်သို့သော အနှောင်အဖွဲ့ဖြစ်သောတရားတွေနဲ့ ယှဉ်စပ်ပြီး နေကြပါသလဲ— "ကိံသု သံယောဇနော လောကော"။ "သံယောဇန" ဆိုတာ ယှဉ်စပ်ခြင်း,တွဲ၍ နေခြင်း။

ဘုန်းကြီးတို့ အမျိုးကောင်းသား, သမီးများ ဘာနဲ့နေကြသလဲ၊ သုံးဆယ့်တဘုံမှာ ကျင်လည်နေကြတဲ့ သတ္တဝါတွေဆိုတာ အဖော်ကလေးနဲ့၊ သတ္တဝါဆိုတာ အဖော်မရှိရင် မပျော်ဘူး, အဖော်နဲ့မှ သူ နေလို့ရတယ်နော်။ အဲဒီတော့ ဘယ်အဖော်နဲ့ သတ္တဝါတွေ နေကြသလဲ၊ ဘယ်သူနဲ့ ပေါင်းသင်းပြီးတော့ ဆက်စပ်နေပါသလဲ ဆိုတာကို မြတ်စွာဘုရားကို လျှောက်တယ်။

"ကိံသု တဿ ဝိစာရဏံ" အဲဒီလောကကြီးရဲ့ သုံးသပ်ဆင်ခြင်ကြောင်းဖြစ်တဲ့ တရားက ဘယ်တရားပါလဲ၊ ဘယ်တရားကိုပယ်ရင် နိဗ္ဗာန်ချမ်းသာလို့ ခေါ်ပါသလဲ ဘုရားလို့ သူမေးတဲ့အမေးက ဒါဘဲ၊ နော်။　(မှန်ပါ)။

လောကကြီးရဲ့ အနှောင်အဖွဲ့ ယှဉ်စပ်နေတဲ့ သံယောဇဉ်တရားကို ဟောပေးပါ။

**ပုစ္ဆာ ၃-ချက်။** ။ဘယ်တရားက ဘယ်တရားနဲ့ သံယောဇဉ် ဖြစ်နေသလဲ၊ လောကကြီးကို လှည့်လည်သုံးသပ်ကြောင်းဖြစ်တဲ့ တရားကို ဟောပေးတော်မူပါ၊ ဘယ်တရားက သုံးသပ်ကြောင်းဖြစ်တဲ့ တရားပါလဲ၊ ဘယ်တရားကိုပယ်ရင် နိဗ္ဗာန်ချမ်းသာလို့ ခေါ်ပါသလဲလို့ ဒါဘဲ၊ ဒီသုံးခု မေးထားတယ်။

ဥဒယပုဏ္ဏားမေးတဲ့ အမေးသုံးခုမှာ လောကကြီးနဲ့ယှဉ်စပ်နေတဲ့ သံယောဇဉ်တရား, လောကကြီးရဲ့ လှည့်လည်ကြောင်း သုံးသပ်ကြောင်းဖြစ်တဲ့ တရား, ဘယ်တရားကိုပယ်ရင် နိဗ္ဗာန်ချမ်းသာလို့ ခေါ်ပါသလဲ ဘုရားတဲ့၊ အဲဒီမေးခွန်းတွေကို ဖြေမယ်လို့ မြတ်စွာဘုရားက ဂါထာတပုဒ်ပဲ ရွတ်တော်မူတယ်။

## ဒုတိယအဖြေတရားတော်

အဲဒီ ဂါထာတပုဒ်မှာ ဘုန်းကြီးတို့ အကျယ်ချဲ့ပြီးတော့ ဟောပေးရမယ်။ မြတ်စွာဘုရား ရွတ်ပြီး ဖြေလိုက်တဲ့ ဂါထာက ဘယ်လိုလဲ—

**နန္ဒိသံယောဇနော လောကော၊ ဝိတက္ကဿ ဝိစာရဏာ။**
**တဏှာယ ဝိပ္ပဟာနေန၊ နိဗ္ဗာနံ ဣတိ ဝုစ္စတိ။**

ဥဒယ၊ ဥဒယပုဏ္ဏား ပညာရှိ ရသေ့။ လောကော၊ လောကသည်။ နန္ဒိသံယောဇနော၊ နှစ်သက်ခြင်းဆိုတဲ့ တရားလျှင် သံယောဇဉ်ရှိ၏။

လောကကြီးသည် ဘာနဲ့အမြဲတွဲနေသလဲဆိုတော့ နန္ဒီ-ဆိုတဲ့ နှစ်သက်မှုနဲ့ အမြဲတွဲနေတယ်၊ နှစ်သက်မှုမရှိရင် နေလို့မရဘူး၊ လောကမှာ သတ္တလောကမှာဘဲဖြစ်ဖြစ်, သင်္ခါရလောကမှာဘဲဖြစ်ဖြစ်, ဩကာသလောထဲမှာဘဲဖြစ်ဖြစ် နှစ်သက်မှုမရှိရင်, နှစ်သက်မှုနဲ့မှ မတွဲရရင် ဒီလောကထဲမှာ နေလို့မဖြစ်ဘူး။ ဒီတော့ လောကထဲမှာနေချင်တဲ့ ပုဂ္ဂိုလ်ဆိုတာ ဘာနဲ့တွဲနေရသလဲ (နှစ်သက်မှုပါဘုရား)

နှစ်သက်မှုကလေးနဲ့တွဲနေရတယ်၊ အဲဒီနှစ်သက်မှုကလေးတွေမရှိရင် ဘုန်းကြီးတို့ ပရိသတ် နေလို့ရသေးရဲ့လား။ (မရပါဘူး ဘုရား)

တခြားထွက်သွားလို့ မဖြစ်လို့သာ ရှိရမယ်, အဲဒီလို နေရတာကိုဘဲ စိတ်ထဲ မချမ်းသာဘူး။ ဒါကြောင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က "နန္ဒိသံယောဇနော လောကော"လို့ ဟောတော်မူတယ်။ ပြီးတော့—

အဿ လောကဿ၊ ထိုလောကကြီးကို။ ဝိစာရဏာ၊ လှည့်လည်သွားလာကြောင်း သုံးသပ်ကြောင်းဖြစ်တဲ့ တရားသည်ကား။ ဝိတက္ကော၊ ဝိတက် ပေတည်း။ တဏှာယ၊ တဏှာကို။ ဝိပ္ပဟာနေန၊ ပယ်ခြင်းကြောင့်။ နိဗ္ဗာနံဣတိ၊ နိဗ္ဗာန်ဟူ၍။ ဝုစ္စတိ၊ ဆိုရပေတော့၏။ ဣတိ၊ ဤသို့။ သတ္ထာ၊ လူနတ်တို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ဥဒယံ၊ ဥဒယ-ရသေ့ ပုဏ္ဏားပညာရှိကို။ ဝိသဇ္ဇေသိ၊ ကောင်းစွာမသေ့ ဖြေကြားတော်မူပါ ပေသတည်း။

သာဓု သာဓု သာဓု

**တရားတော်အစိပ်ပါယ်။** ။အဲဒီမှာ ပြောပေးရတော့မယ် အဓိပ္ပါယ်၊ မြတ်စွာဘုရားဟောထားတဲ့ ခုဒ္ဒကနိကာယ် သုတ္တနိပါတ် ပါဠိတော် ပါရာယနဝဂ်မှာ "နန္ဒိသံယောဇနော လောကော" ဒီအပိုဒ် တပိုဒ်, "ဝိတက္ကဿ ဝိစာရဏာ" ဒီအပိုဒ် တပိုဒ်, "တဏှာယ ဝိပ္ပဟာနေန၊ နိဗ္ဗာနံ ဣတိ

ဝုစ္စတိ” အဲဒီအပိုဒ် တပိုဒ်၊ အဲဒီ အပိုဒ်-သုံးပိုဒ်ကို ဘုန်းကြီးတို့ အကျယ်ဟော ပေးရမယ်။ ပါဠိတော်တွေကိုး။

## တဏှာသဘောတရား

တဏှာ။　။“နန္ဒိသံယောဇနော လောကော”

ဥဒယ၊ ဥဒယ။ လောကော၊ လောကကြီးသည်။ နန္ဒိသံယောဇနော၊ နှစ်သက်ခြင်းဆိုတဲ့ တဏှာလျှင် သံယောဇဉ်အနှောင်အဖွဲ့ ရှိ၏။

လောကက ဘယ်သူနဲ့ တွဲနေသလဲ၊ နှစ်သက်မှုနဲ့ တွဲနေတယ်။ စူဠနိဒ္ဒေသ ပါဠိတော်က ဘယ်နှယ်ပြောထားသလဲ “နန္ဒိ ဝုစ္စတိ တဏှာ”။ နန္ဒိဆိုတာ ဘာကို ခေါ်သလဲ၊ တဏှာကိုခေါ်တယ်။ ဘုန်းကြီးတို့ အမျိုးကောင်း သားများ-သမီး များ “တဏှာ”တဲ့၊ အဲဒီတဏှာနဲ့တွဲပြီးတော့ သတ္တဝါတွေဟာ သံသရာထဲမှာ ကျင်လည် မျောပါးပြီးနေရတယ်။ တဏှာမရှိရင်, နန္ဒိခေါ်တဲ့ နှစ်သက်မှုတဏှာ မရှိရင် သံသရာထဲမှာနေလို့ မဖြစ်ဘူး၊ အခု ကိုယ် သံသရာထဲရောက်လာတာ ဘာဖြစ်လို့လဲ၊ နှစ်သက်လို့နော် (မှန်ပါ ဘုရား)။

ဘာကိုနှစ်သက်သလဲဆိုတော့ ရူပါရုံ,သဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံ-ဆိုတဲ့ လူ့အာရုံ, လူ့ကာမဂုဏ်တွေကို နှစ်သက်မြတ်နိုးနေသည်ဖြစ်သောကြောင့် အဲဒီ နှစ်သက်မှု တဏှာနဲ့ တွဲယှဉ်ပြီးတော့ နေရတဲ့အတွက် လူ့ဘုံ လောကကြီးမှာ နေလို့ဖြစ်တာ၊ နှစ်သက်မှုတဏှာနဲ့ မတွဲရ မယှဉ်ရလို့ရှိရင် အဲဒီ လူ့ဘုံလောကကြီး မှာ နေလို့ မဖြစ်ဘူး၊ နော် (မှန်ပါ ဘုရား)။

ဒီတော့ အဲဒီ“နှစ်သက်မှုတဏှာသံယောဇဉ်နှင့်တူသော အနှောင်အဖွဲ့ သည် လောကမှာ မရှိဘူး”တဲ့ မြတ်စွာဘုရားက၊ နော် (မှန်ပါဘုရား)။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က နှစ်သက်မှုတဏှာသံယောဇဉ်နှင့်တူသော တရားသည် လောကမှာ မရှိတော့ဘူး၊ သတ္တဝါတွေ သံသရာထဲက မထွက်နိုင် တာဟာ ဘယ်သူဆွဲထားလို့လဲ၊ တဏှာဆွဲထားလို့။ ဘုန်းကြီးတို့ အမျိုးကောင်း သားများ, သမီးများ ဒီ သံသရာဝဋ်ဆင်းရဲကြီးက လွတ်မသွားချင်ဘူးလား (လွတ်သွားချင်ပါတယ် ဘုရား)။

အို-နာ-သေ-ဆိုတဲ့ ဒုက္ခဘေးကြီးတွေ အမျိုးမျိုး ရှိနေသည် ဖြစ်သော ကြောင့် ဒီ သံသရာဝဋ်ဆင်းရဲက လွတ်ချင်တယ်၊ လွတ်တော့ လွတ်ချင်တယ် တဏှာတော့ မကုန်ချင်ဘူးဆိုရင် လွတ်ပါ့မလား (မလွတ်နိုင်ပါ ဘုရား)။

အဲဒါကြောင့် အမျိုးကောင်းသားများ,သမီးများကို တွယ်တာကပ်ငြိထားတဲ့ တရားက ဘယ်သူလဲဆိုတော့ တဏှာတဲ့။

**သံယောဇဉ်။** ။မြတ်စွာဘုရားက တဏှာနှင့်တူသော သံယောဇဉ် တရားသည် မရှိဘူးလို့ ဟောထားတယ် ဣတိဝုတ်ပါဠိတော် တဏှာ-သံယောဇနသုတ္တန်မှာ—

နာဟံ ဘိက္ခဝေ အညံ ဧကသံယောဇနမ္ပိ သမနုပဿာမိ၊ ယေန သံယောဇနေန သံယုတ္တာ သတ္တာ ဒီဃရတ္တံ သန္ဓာဝန္တိ သံသရန္တိ၊ ယထယိဒံ ဘိက္ခဝေ တဏှာသံယောဇနံ။ တဏှာသံယောဇနေန ဟိ ဘိက္ခဝေ သံယုတ္တာ သတ္တာ ဒီဃရတ္တံ သန္ဓာဝန္တိ သံသရန္တိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ယေနသံယောဇနေန၊ အကြင် သံယောဇဉ်ဖြင့်။ သံယုတ္တာ၊ ယှဉ်စပ်၍ နေကြကုန်သော။ သတ္တာ၊ သတ္တဝါအပေါင်းတို့သည်။ ဒီဃရတ္တံ၊ ရှည်လျားလှစွာသော သံသရာကာလပတ်လုံး။ သန္ဓာဝန္တိယထာ၊ ပြေးသွားကျင်လည်ကြရကုန်သကဲ့သို့။ သံသရန္တိယထာ၊ တပြောင်းပြန်ပြန် ကျင်လည်ကြရကုန်သကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ ယေနသံယောဇနေန၊ အကြင် သံယောဇဉ်နှင့်။ သံယုတ္တာ၊ ယှဉ်စပ်နေကြကုန်သော။ သတ္တာ၊ သတ္တဝါအပေါင်းတို့သည်။ ဒီဃရတ္တံ၊ ရှည်လျားလှစွာသော ကာလပတ်လုံး။ သန္ဓာဝန္တိ၊ ပြေးသွားကြရကုန်၏။ သံသရန္တိ၊ ကျင်လည်ကြရကုန်၏။ တံ၊ ထိုသို့သဘောရှိသော။ အညံ၊ တဏှာ သံယောဇဉ်မှ တပါးသော။ ဧက-သံယောဇနမ္ပိ၊ တခုသော သံယောဇဉ်မျှကိုလည်း။ အဟံ၊ ငါဘုရားသည်။ နသမနုပဿာမိ၊ ကြည့်၍ မြင်တော်မမူ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဟိသစ္စံ၊ မှန်၏။ တဏှာသံယောဇနေန၊ တဏှာ သံယောဇဉ်နှင့်။ သံယုတ္တာ၊ ယှဉ်စပ်၍ နေကြကုန်သော။ သတ္တာ၊ သတ္တဝါ အပေါင်းတို့သည်။ ဒီဃရတ္တံ၊ ရှည်လျားလှစွာသော သံသရာကာလပတ်လုံး။ သန္ဓာဝန္တိ၊ ပြေးသွားကြရကုန်၏။ သံသရန္တိ၊ ကျင်လည်ကြရလေကုန်၏။

**သံသရာ။** ။သံသရာဆိုတာ ဘာလဲ၊ ခန္ဓာငါးပါး၊ နော် (မှန်ပါ ဘုရား)။

တနည်းပြောရရင် ဝိညာဉ်, နာမ်, ရုပ်၊ အဲဒီ ဝိညာဉ်, နာမ်, ရုပ်-ဆိုတဲ့ ခန္ဓာငါးပါးတို့ မပြတ်ဖြစ်နေတဲ့ သဘောတရားကို သံသရာလို့ ခေါ်ဆိုတယ်။ အဲဒီ သံသရာထဲမှာ ဘာတွေရှိသလဲလို့ ကြည့်လိုက်တော့ ဒုက္ခသာရှိတယ်၊ သုခ မရှိဘူး၊ နော် (မှန်ပါ ဘုရား)။

ဘာဖြစ်လို့ ဒုက္ခသာရှိသလဲဆိုတော့ ဖြစ်တဲ့သဘောရှိတယ်, ရွေတဲ့သဘော ရှိတယ်, ပျက်စီးတဲ့သဘော ရှိတယ်, တခြား ဘာရှိသေးသလဲ (မရှိတော့ပါ ဘုရား)။

ဒါဖြင့် အဲဒီ ဖြစ်တဲ့သဘောတွေဟာ, ကုန်တယ်, ပျောက်တယ်, ဆိုတဲ့ သဘောတရားတွေဟာ ဒုက္ခလား, သုခလား ဆိုတော့ ဒုက္ခ၊ ဘာဒုက္ခလဲ၊ ဘယဋ္ဌ ဒုက္ခ။ "ဘယဋ္ဌေန ဒုက္ခံ"၊ ဘယဋ္ဌေန၊ ပျက်စီးခြင်းဆိုတဲ့ဘေးဖြင့် အမြဲကပ်၍ နှိပ်စက်နေသည် ဖြစ်သောကြောင့်။ ဒုက္ခံ၊ ဒုက္ခမည်၏။ သမ္ပဋိပီဠနဋ္ဌ အနက်။ အမြဲတမ်းကပ်ပြီးတော့ နှိပ်စက်နေတယ်။ ရုပ်တခု မဖြစ်လိုက်နဲ့ ဖြစ်လိုက်တာနဲ့ တပြိုင်နက်ထဲ ပျက်းစီးခြင်းက ကပ်ပြီးတော့ပါလာတယ်, ခွါချလို့မရဘူး။ နာမ် တခုမဖြစ်လိုက်နဲ့ ဖြစ်လိုက်တာနဲ့တပြိုင်နက်ထဲ အဲဒီပျက်စီးမှုက ကပ်ပြီးတော့ ပါလာတယ်၊ ခွါချလို့မရဘူး။ ဝိညာဉ်တခုမဖြစ်လိုက်နဲ့ ဖြစ်လိုက်တာနဲ့တပြိုင် နက်ထဲ ပျက်စီးမှုဆိုတဲ့ သဘောတရားက တခါထဲကပ်ပြီးတော့ ပါလာတယ်၊ ခွါချလို့မရဘူး။ အဲဒီ ပျက်စီးခြင်းဆိုတဲ့ ဘယဋ္ဌဒုက္ခကြီး ကပ်ပြီးတော့ အစဉ် ပါနေသည် ဖြစ်သောကြောင့် သံသရာသည် ဒုက္ခတဲ့။ ဘာတဲ့လဲ　(ဒုက္ခပါ ဘုရား)။

**အဝိဇ္ဇာ။**　။အဲဒီဒုက္ခကို ဘုန်းကြီးတို့ အမျိုးကောင်းသားများ, သမီးများ မြင်ရဲ့လား, မမြင်ဘူး။ အဲဒီဒုက္ခကို မမြင်တာကို ဘာခေါ်သလဲ ဆိုတော့—

"ဒုက္ခေ အညာဏံ အယံ ဝုစ္စတိ အဝိဇ္ဇာ"

အဲဒါ အဝိဇ္ဇာလို့ ခေါ်တယ်-တဲ့။ ဒီဒုက္ခကို မမြင်အောင် ဘယ်သူ ဖုံးထား သလဲဆိုတော့ "အဝိဇ္ဇာယ နိဝုတော လောကော" ပါရာယနဝဂ်အစ အဇိတ- သုတ္တန် ပြန်ကြည့်ရင် အဝိဇ္ဇာဖုံးလွှမ်းထားသည် ဖြစ်သောကြောင့် အဲဒီဒုက္ခကို သတ္တဝါတွေက မမြင်ဘူး။ ဘယ်ထိအောင် မမြင်သလဲဆိုတော့ သမာဓိအားတွေ အင်မတန်ကောင်းနေတဲ့ ဗြဟ္မာကြီးတွေထိအောင် မမြင်ဘူး။ သုဒ္ဓါဝါသ ငါးဘုံ က ဗြဟ္မာတော့ ချန်ထား။ သူတောင် ကောင်းကောင်း မမြင်သည်ဖြစ်သော ကြောင့် သုဒ္ဓါဝါသ ဘုံမှာ သွားပြီးတော့ ပဋိသန္ဓေ နေလိုက်ရသေးတယ်၊ နော်။ (မှန်ပါ ဘုရား)။ အဝိဇ္ဇာ ပါးသင့်သလောက်သာ ပါးသွားသေးတာ။

**မမြင်နိုင်ပုံ။**　။သတ္တဝါတွေဟာ တဏှာသံယောဇဉ်ကို မြင်အောင်ကြည့်၊ ကြည့် လို့ကို မမြင်ဘူး။ သူတို့ ဘာဖြစ်လို့လဲဆိုတော့ သူက အကောင် အထည်နဲ့ရှိတဲ့ တရားမျိုးမဟုတ်ဘူး။ သဘာဝအနေနဲ့ရှိနေတဲ့ တရားဆိုတာ ပညာမျက်လုံးမပါရင် ပကတိမျက်လုံးနဲ့ ဘယ်လောက်ပဲကြည့်ကြည့် မမြင်ဘူး။ ဒါကြောင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ချစ်သားတို့ ဒီ ဝိညာဉ်, နာမ်, ရုပ်, စိတ်, စေတသိက်, ရုပ်လို့ခေါ်တဲ့ စိတ်ကို, စေတသိက်ကို မြင်အောင် ကြည့် ချင်ရင်—— တဏှာတို့, မာနတို့, ဒိဋ္ဌိတို့ဆိုတာက လူမဟုတ်ဘူး၊ စေတသိက် တရားတွေ–နော် (မှန်ပါ ဘုရား)။

ရုပ်လဲမဟုတ်ဘူး သူတို့က။ ဘူတရုပ်လို့ ဆိုတာကတော့ဖြင့် မျက်လုံးနဲ့ ကြည့်ရင် သူ့ကို မြင်လို့ရတယ် အမှုန်အမွှားကလေး ထိအောင်၊ သို့သော်လဲ ဉာဏ်မျက်လုံးဆိုတာကတော့ မျက်လုံးနဲ့မြင်တာမျိုး မဟုတ်ဘူး, ဟုတ်လား (မှန်ပါ ဘုရား)။

ဒီ ဝါယော = လေဓာတ် ရုပ်ပရမတ္ထတရားရဲ့ တွန်းကန်လှုပ်ရှားမှုဆိုတာ မျက်လုံးနဲ့ကြည့်လို့မြင်တဲ့ ရုပ်တရားမျိုး မဟုတ်ဘူး။ ကရဇကာယကြီး ဟောဒီ ရုပ်ကြီး ပထဝီ အစိုင်အခဲကြီးတွေ, အာပေါတွေ, ဝါယောတွေ, တေဇောတွေ ဆိုတဲ့ အစိုင်အခဲ မီးတောက် မီးလျှံကြီး တွေကိုသာ မြင်နေကြရတာ၊ နော်၊ (မှန်ပါဘုရား)။

ခုနကပြောတဲ့ တရားစုတွေက ဘုန်းကြီးတို့ ပရိသတ်တို့ မျက်လုံးနဲ့မြင်လို့ ရတဲ့ တရားမျိုးမဟုတ်ဘူး။ တိုတို ပြောမယ်ဆိုရင် ဒိဗ္ဗစက္ခုအဘိညာဉ်နဲ့တောင် မြင်လို့ရတဲ့ တရားမျိုးမဟုတ်ဘူး။ ဘာနဲ့မှ မြင်လို့ရသလဲဆိုတော့ **ပညာစက္ခုနဲ့မှ** မြင်လို့ရတယ်။ "ဥဒယတ္ထ ဂါမိနိယာ ပညာယ သမန္နာဂတော"လို့ ပြောခဲ့တယ် နောက်က။ အဖြစ်နဲ့အပျက်ကို ခွဲခြားပြီးသိတဲ့ အသိဉာဏ်ပညာမျိုးနဲ့မှ မြင်လို့ ရတဲ့ စိတ်တရား, စေတသိက်တရားတွေ၊ ဒီတရားမျိုးကို ကြည့်ချင်ရင် ဒီမျက် လုံးကိုရအောင် ကိုယ်ကလုပ်ထားရတယ်။ ဒီမျက်လုံးမရဘဲနဲ့တော့ ဒီတရားမျိုးကို မမြင်ရဘူး၊ ဟုတ်လား (မှန်ပါ ဘုရား)။

**တဏှာလောဘ။** ။တဏှာဆိုတာ တရားကိုယ်ကောက်တော့ လောဘ၊ ဟုတ် လား (မှန်ပါ ဘုရား)။

လောဘဆိုတာ ဘာလဲ၊ စိတ်လား, စေတသိက်လားဆိုတော့ စေတသိက်၊ လောဘဆိုတာ ဘာတုံး (စေတသိက်ပါ ဘုရား)။

အဲဒီ လောဘဆိုတာ ဘယ်လိုနေသလဲ ဘုန်းကြီးတို့ပရိသတ်၊ လောဘဆိုတာ လိုချင်မှု နှစ်သက်မှု ကလေးဘဲ ရှိတယ်၊ လိုချင်တဲ့အမူအရာ, နှစ်သက်တဲ့အမူ အရာဘဲ ရှိတယ်။ အဲဒီ လိုချင်တဲ့ နှစ်သက်တဲ့ အမူအရာ ကိုယ့်မှာ ရှိမနေဘူးလား (ရှိနေပါတယ် ဘုရား)။

လိုချင်တယ်, နှစ်သက်တယ်ဆိုတာ ဘယ်လိုနေသလဲ ပုံသဏ္ဌာန်နဲ့လား, မရှိဘူး၊ အရောင်အသွေးနဲ့လား, မရှိဘူး။ လိုချင်တဲ့အမူအရာကြိယာကလေးမျှ သာလျှင် သူမှာ ရှိနေသည်ဖြစ်သောကြောင့် အဲဒီ လိုချင်တယ်, နှစ်သက်တယ် ဆိုတဲ့ သဘာဝလက္ခဏာကို (လောဘတွေရှိနေရင် လိုချင်တယ်ဆိုတဲ့ သဘော ကလေးရှိတာကို) သိတာကိုပင်လျှင် "ဩော် ဒါလောဘရဲ့ သဘောဘဲ"လို့ ဆိုတာသိရတယ်၊ နော်၊ (မှန်ပါ ဘုရား)။

ဒါဖြင့် ဒီလောဘကို သေသေချာချာ မျက်လုံးနဲ့ ကြည့်ချင်ပါတယ်ဆိုရင် ဘယ်လိုကြည့်ကြည့် မမြင်ဘူး။ ပကတိမျက်လုံးနဲ့ ကြည့် မမြင်ဘူး၊နော်၊ (မှန်ပါ ဘုရား)။

ဒါဖြင့် ဘာနဲ့မြင်ရမလဲ။ သူ့လက္ခဏာကို ဖမ်းကြည့်လိုက်၊ လောဘမှာ ဘယ်လိုလက္ခဏာရှိသလဲ၊ "လုဗ္ဘတီတိ လောဘော" တွယ်တာ နှစ်သက်တတ်တယ်, လိုချင်တတ်တယ်၊ အဲဒီ နှစ်သက်မှု, လိုချင်မှု, စွဲလမ်းမှုကို လောဘလို့ ခေါ်ထားသည် ဖြစ်သောကြောင့် ဒီလောဘကို တဏှာလို့ခေါ်တယ်၊ နန္ဒီလို့ ခေါ်တယ်–တဲ့၊ စွဲနေတယ်, ကပ်နေတယ်, ဟုတ်လား (မှန်ပါ ဘုရား)။

အဲဒီ လောဘတရားနဲ့တူတဲ့, နှစ်သက်မှုတရားနဲ့တူတဲ့ သံသရာကျင်လည် ကြောင်းတရားကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က တခုသောတရားကိုမျှ ကြည့်လို့မမြင်ဘူးတဲ့၊ နှစ်သက်တဲ့အထဲမှာ သူဟာ အနှစ်သက်ဆုံးတဲ့။ နှစ်သက် တာဟာ ဘယ်သူလဲ၊ လောဘ။

**တဏှာဖြစ်ရာ။** ။နန္ဒီ-တဏှာ ဘာတွေကို သူ နှစ်သက်သလဲ၊ ဒီတဏှာဆိုတာ ဘယ်နေရာမှာ ဖြစ်သလဲ၊ "ယံ လောကေ ပိယရူပံ သာတ-ရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ" ဒီဃနိကာယ်က။ လောကမှာ ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုး ကောင်းသမီးများ နှစ်သက်စရာ, သာယာစရာ ရုပ်တွေ မရှိဘူးလား၊ ပိယရုပ်, သာတရုပ်ဆိုတာ မရှိဘူးလား၊ (ရှိပါတယ် ဘုရား)။

အဲဒီ ပိယရုပ် သာတရုပ်မှာ "ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇတိ" တဏှာ ဘယ် နေရာမှာ ဖြစ်သလဲဆိုတော့ အဲဒီ နှစ်သက်ဖွယ်ရာဖြစ်သော ပိယ, သာတ-သဘောတရားမှာ နှစ်သက်တတ်တဲ့သဘောတရားတွေ ဖြစ်တယ်–တဲ့၊ နှစ်သက်မှု တဏှာ၊ ဘုန်းကြီးတို့ အမျိုးကောင်းသားများ, သမီးများ သက်သာချင်သလား, မသက်သာချင်ဘူးလား (သက်သာချင်ပါတယ် ဘုရား)။

အဲဒီ သက်သာချင်တယ်ဆိုဒါ တဏှာဘဲ၊ ဘယ်သူမှ အပင်ပန်းမခံချင်ဘူး, ဘယ်သူမှ စိတ်ညစ်မခံချင်ဘူး, အင်မတန် သက်သာချင်တယ်။ အဲဒါကြောင့် ကိုယ့်ခန္ဓာကလေးကို ကိုယ်ပြန်ကြည့်၊ ပိယသဘော, သာတသဘော ဘယ်သူလဲ၊ ပိယရုပ်, သာတရုပ်၊ "စက္ခု လောကေ ပိယရူပံ သာတရူပံ"ခန္ဓာကိုယ် ပြန်ကပ်။

အဲဒီတော့ ဒီစက္ခုရုပ်ကလေးဟာ ကိုယ့်ရဲ့ ပိယရုပ် သာတရုပ်ကလေးဘဲ။ စက္ခုပသာဒ ရုပ်၊ စက္ခုပသာဒဟာ ရုပ်လား, နာမ်လား (ရုပ်ပါ ဘုရား)။

အဲဒီ ကိုယ့်စက္ခုပသာဒကို ကိုယ် ဘယ်လောက် နှစ်သက်နေသလဲဆိုတာ ကြည့်စမ်း။ ဘုန်းကြီးကို ပေးပါဆိုလို့ ပေးနိုင်ပါ့မလား၊ ပစ္စည်းတွေရှိသမျှ အကုန်ယူသွားပါ, မျက်လုံးတလုံးတော့ မပေးနိုင်ဘူး၊ ဟုတ်လား။ အဲဒါ ပိယ

ရုပ်, သာကရုပ်ကလေးဘဲ၊ ကိုယ် အင်မတန် နှစ်သက်နေတဲ့, မြတ်နိုးနေတဲ့ သဘော။ အဲဒီ နှစ်သက်မြတ်နိုးမှုသဘောဟာ ဘာလဲ၊ တဏှာ၊ အဲဒီ တဏှာ သံယောဇဉ်နဲ့ ယှဉ်စပ်ပြီးနေကြတဲ့အတွက် မျက်လုံးကောင်းကောင်းရအောင် လုပ်တယ်၊ နားကောင်းကောင်းရဘို့ လုပ်တယ်။ နှစ်သက်မှု တဏှာသံယောဇဉ်နဲ့ သတ္တဝါတွေ ယှဉ်စပ်နေတယ်။ ဒီတော့ အဲဒီအပေါ်မှာ နှစ်သက်နေတဲ့ပုဂ္ဂိုလ်ဟာ ဒီမျက်လုံးလောကက သူ ထွက်နိုင်ပါ့မလား။ (မထွက်နိုင်ပါ ဘုရား)။

မထွက်နိုင်ဘူး။ အဲဒါကြောင့် "နန္ဒိသံယောဇနော လောကော"။ ဥဒယ၊ ဥဒယရသေ့။ လောကော၊ လောကကြီးသည်။ နန္ဒိသံယောဇနော၊ နှစ်သက်ခြင်းတရားလျှင် ယှဉ်စပ်ခြင်း သံယောဇဉ်ရှိလေတော့၏။

**သံသရာစက်ပြတ်ပုံ။** ။မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကလဲ ခုနက ဣတိ-ဝုတ်ပါဠိတော်မှာ ဟောထားတယ်။ အဲဒီ နှစ်သက်မှု တဏှာ သံယောဇဉ်နှင့်တူတဲ့ တခုသော တရားကိုမှ ကြည့်၍မမြင်ဘူးတဲ့။ အလုံးစုံသော သတ္တဝါတွေဟာ ရှည်လျားလှစွာသော သံသရာကာလပတ်လုံး သံသရာကြီးထဲမှာ တပြောင်းပြန်ပြန် ကျင်လည်သွားနေတာ ဘယ်သူနဲ့ သွားနေတာလဲ၊ အဲဒီတဏှာနဲ့ သွားနေတာ။ ဒီကနေ့ တဏှာမရှိရင် နက်ဖြန် သံသရာခရီးသွားလို့ မရဘူး၊ ရပါ့မလား။ တဏှာတရားများရှိရင်တော့ မြတ်စွာဘုရားက ပါဠိတော်မှာ ဘယ့်နှယ် ဟောထားသလဲဆိုတော့——

တဏှာဒုတိယော ပုရိသော၊ ဒီဃမဒ္ဓါန သံသရံ။
ဣတ္ထဘာဝညထာဘာဝံ၊ သံသာရံ နာတိဝတ္တတိ။

သံသရာကို မလွန်မြောက်နိုင်တာဟာ ဘယ်သူကြောင့်လဲ၊ သံသရာဆိုတာ ခန္ဓာတွေ၊ နော် (မှန်ပါ ဘုရား)။

မလွန်မြောက်နိုင်တာ ဘယ်သူ့ကြောင့်လဲ (တဏှာကြောင့်ပါ ဘုရား)။ တဏှာကြောင့်။

တဏှာဒုတိယော၊ တဏှာလျှင် အဖော်ရှိသော။ ပုရိသော၊ သတ္တဝါသည်။ ဒီဃမဒ္ဓါနံ၊ ရှည်လျားလှစွာသော ကာလပတ်လုံး။ သံသရံ-သံသရန္တော၊ ကျင်လည်ရသည်ဖြစ်၍။ ဣတ္ထဘာဝညထာဘာဝံ၊ ဤလူ့ဘဝ၌ ဖြစ်ရခြင်း, ဘပါးသောဘဝ၌ ဖြစ်ရခြင်းဟု ဆိုအပ်သော။ သံသာရံ၊ ခန္ဓာငါးပါးတို့ မပြတ်ဆက်ကာ ဖြစ်ဖြစ်နေတယ် ဆိုတဲ့ သံသရာစက်ကြီးကို။ နာတိဝတ္တတိ၊ မလွန်မြောက်နိုင်။

အဖော်က ဘယ်တော့မှမပျောက်ဘူး ဘုန်းကြီးတို့မှာ၊ နော် (မှန်ပါဘုရား)။

ဘယ်ကိုသွားသွား ဒီတဏှာတည်းဟူသော အဖော်ကလေးက ပါပါမသွားဘူးလား။ (ပါသွားပါတယ် ဘုရား)။

တရားအားထုတ်ရအောင် သွားတဲ့အခါမှာကော (ပါပါတယ် ဘုရား)။ ပါတယ်–တဲ့၊ ဘယ်နေရာသွားသွား မနေဘူး၊ ဟုတ်လား (မှန်ပါဘုရား)။

လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်သွားတော့ကော ဘယ်သူနဲ့သွားသလဲ။ (တဏှာနဲ့ဘဲ သွားပါတယ် ဘုရား)။

အဲဒီ တဏှာတည်းဟူသော အဖော်ကလေးနဲ့ သွားနေကြတာ-တဲ့ မြတ်စွာဘုရားက။

**သံသရာရှည်ကြောင်း။** ။သံသရာရှည်တယ်ဆိုတာ ဒါနတွေ၊ သီလတွေ၊ ဘာဝနာတွေက ရှည်တာမဟုတ်ဘူး၊ ဒါန၊ သီလ၊ ဘာဝနာကို အားထုတ်တဲ့အခါမှာ တဏှာတည်းဟူသောအဖော်ကို တွဲတွဲခေါ် သွားသည် ဖြစ်သောကြောင့်။ အဲဒီလိုတဏှာတည်းဟူသော အဖော်က သံသရာရှည်နေစေတာပါတဲ့၊ ဟုတ်လား (မှန်ပါဘုရား)

ဒီတော့ ဒါနကုသိုလ်ပြုလုပ်လို့ သံသရာရှည်တယ်–တဲ့၊ တချို့က သီလကုသိုလ်တွေဆောက်တည်လို့ သံသရာရှည်သတဲ့၊ ဟုတ်လား၊ တရားအားမထုတ်လို့ သံသရာရှည်တယ်-တဲ့၊ မဟုတ်ဘူး။ ဒါနကုသိုလ်ကံက သံသရာမရှည်ဘူး၊ သီလကုသိုလ်က သံသရာမရှည်ဘူး။ မြတ်စွာဘုရားက ဘယ်လိုဟောသလဲ—

"တဏှာဒုတိယော ပုရိသော၊ ဒီဃမဒ္ဓါန သံသရံ"-တဲ့၊ တဏှာတည်းဟူသော အဖော်ရှိတဲ့ ပုဂ္ဂိုလ်သာ သံသရာ ရှည်တာပါ-တဲ့၊ ဟုတ်လား (မှန်ပါဘုရား)

ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားများ၊ အမျိုးကောင်းသမီးများ ကုသိုလ်ကောင်းမှု ပြုလုပ်တဲ့နေရာမှာလဲ တဏှာက တွဲတွဲပြီး ကပ်ပါလာတယ်၊ တရားနာတာတောင်မှ အသံကလေးကောင်းကောင်းနဲ့မှ တရားနာချင်တာကိုး၊ တဏှာက တွဲခေါ် ထားလိုက်တာ။ ဟုတ်လား (မှန်ပါဘုရား)

အဲဒီကုသိုလ်ကောင်းမှုတွေကို လုပ်တဲ့အခါမှာ တဏှာဆိုတဲ့တရားက အဖော်အဖြစ်နဲ့ ပါနေသည်ဖြစ်သောကြောင့် ကုသိုလ်ကောင်းမှု အကျိုးပေးတဲ့အခါ တဏှာက ဘာလုပ်မလဲ၊ သံသရာရှည်အောင် သွားပေးရအုံးမယ်။ သံသရာခရီးကြီးကို သွားနေတာ ဘယ်သူလဲ၊ ဘယ်သူနဲ့ သွားနေတာလဲ၊ တဏှာနဲ့သွားနေတာ။

အဲဒါကြောင့် ဥဒယပုဏ္ဏားတဲ့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က တဏှာခေါ်တဲ့ နန္ဒီဆိုတဲ့သဘောတရားသည် သံသရာထဲမှာ ယှဉ်စပ်တဲ့တရားတဲ့ သူက ယှဉ်စပ်နေတာဘဲ-တဲ့။ တဏှာ ဘယ်အပေါ်မှာပါသလဲဆိုတော့ ခုနကပြောတဲ့ တဏှာလို့ဆိုတော့ ကာမဘဝ၊ ဘဝေါဃတို့အပေါ်မှာ ဟုတ်လား (မှန်ပါ)။

**ကာမေသု။** ။ဘယ်လိုလဲ ကာမေသု ဆိုတာ—

"ပဉ္စသု ကာမဂုဏေသု ဆန္ဒရာဂေါ ကာမေသုသော" ဆိုတော့ ဆန္ဒနဲ့ ရာဂ ဆိုတာ တဏှာ၊ ကာမဂုဏ်ငါးပါးတို့ကို တွယ်တာနှစ်သက်နေတာဟာ တဏှာ၊ သူ့ကို ကာမေသုလို့ခေါ်တယ်၊ ၊ ဩဃဆိုတာ ရေအယဉ်လို့ ပြောထားတယ် မဟုတ်လား၊ (မှန်ပါ)။

ရေအယဉ်ဆိုတာ ဒီ သုတ္တန်တွေမှာဘဲ နှစ်ခါ သုံးခါ ပြောထားတာ ရှိတယ်၊ နော် (မှန်ပါ ဘုရား)။

ရေဆိုတာဘယ်လိုနေသလဲ နိမ့်တဲ့နေရာကို စီးဆင်းသွားတယ်၊ ဘယ်တော့မှ မြင့်တဲ့နေရာကို ပြန်တက်မလာဘူး၊ စီးသွားတယ်၊ စီးတော့ နိမ့်တဲ့နေရာ စီးသွားတယ်၊ တဏှာတို့ နန္ဒိတို့ဆိုတဲ့ ဩဃတရား ဆိုတာကလဲ ကာမဂုဏ်ငါးပါးကို တွယ်တာတဲ့ တဏှာဘဲ။

**ဘဝေသု။** ။ပြီးတော့ ရှိသေးတယ် ဗျာနနိကန္တိ တဏှာ-နော် (မှန်ပါ)။

ရူပါရူပဘဝေသု ဆန္ဒရာဂေါ ဗျာနနိကန္တိ စ ဘဝေသော နာမ၊

သူက ဘဝေသု၊ ဘဝေသုဆိုတာလဲ တဏှာဘဲ၊ ခနော် (မှန်ပါ)။

အခု ဥဒယတို့လူစုက ဘာတွေနှစ်သက်နေသလဲဆိုတော့ သူက စတုတ္ထဈာန်ကို ရနေတဲ့သူ ဖြစ်သောကြောင့် "ဗျာနနိကန္တိ" သူ့မှာ ရှိနေသလား, ရှိမနေဘူးလား (ရှိနေပါတယ် ဘုရား)။

**စတုတ္ထဈာန်။** ။သူ့ စတုတ္ထဈာန် နိကန္တိကလဲဘဲ ဘယ်လောက်နှစ်သက်စရာ ကောင်းသလဲဆိုတော့ ဘုန်းကြီးတို့ ပရိသတ် ကြည့်၊ဘုန်းကြီး ပြီးခဲ့တဲ့ညက ပြောခဲ့တယ် "စတုတ္ထဈာန်ဆိုတာ ဘာလဲ၊ သုခလဲမရှိဘူး၊ ဒုက္ခလဲ မရှိဘူး၊ သောမနဿလဲမရှိဘူး၊ ဒေါမနဿလဲမရှိဘူး၊ ဟုတ်လား (မှန်ပါဘုရား)။

ဒီတော့ ကာယိကသုခတွေ ကာယိကဒုက္ခတွေ မရှိဘူး ဆိုတော့ သိပ် ချမ်းသာမနေဘူးလား (ချမ်းသာနေပါတယ် ဘုရား)။

ဝမ်းမြောက်မှုလဲ မရှိဘူး, ဝမ်းနည်းမှုလဲ မရှိဘူးဆိုတော့ သိပ်ချမ်းသာနေတာဘဲ၊ ဒီတော့ အဲဒီလူမှာ ဒုက္ခရှိနေသလား, ရှိမနေဘူးလား၊ ဒီစတုတ္ထဈာန်ရနေတဲ့ ပုဂ္ဂိုလ်ဟာ ကာယိကသုခ မရှိဘူး, ဒုက္ခလဲ မရှိဘူး "သုခဿ စ ပဟာနာ ဒုက္ခဿ စ ပဟာနာ"။ စတုတ္ထဈာန်က သုခလဲ ပယ်ထားတယ်၊ ဒုက္ခလဲ ပယ်ထားတယ်၊ ဟုတ်လား (မှန်ပါ ဘုရား)။

မရှိလို့လား၊ ရှိတယ်၊ ရှိပေမဲ့ အဲဒီ သုခနဲ့ဒုက္ခကို အာရုံမပြုတဲ့အတွက် သူ့ကို ပယ်ထားတယ်လို့ ခေါ်တယ်။

**ပယ်ပုံဥပမာ။**　။ဥပမာပုံဆိုရင် ဘုန်းကြီး အခုတရားဟောနေတဲ့ အနားမှာ ပန်းပင်တွေ ဝိုင်းပြီးစိုက်ထားလိုက်တာ အင်မတန်လှတဲ့ပန်းပင်တွေ ရှိတယ်၊ ပန်းပင်တွေ ရှိမနေဘူးလား (ရှိနေပါတယ် ဘုရား)။

အဲဒီပန်းပင်တွေကို ဘုန်းကြီး အာရုံမှ မပြုဘဲ ဘုန်းကြီးရဲ့ အာရုံထဲမှာ ပန်းပင် ရှိကိုမရှိဘူး။ အနားမှာတော့ ပန်းပင်တွေရှိတယ်-နော် (မှန်ပါ ဘုရား)။

စတုတ္ထစျာန်ရှင် ပုဂ္ဂိုလ်လဲ ထို့အတူဘဲ၊ သူ့မှာ စတုတ္ထစျာန်သမာပတ်ကို ရနေပေမဲ့ ကာယိကသုခတွေ, ကာယိကဒုက္ခတွေ, သောမနဿတွေ, ဒေါမနဿတွေရှိသလား, မရှိဘူးလား (ရှိနေပါတယ် ဘုရား)။

ရှိနေပေမဲ့ အဲဒါတွေကို သူက အာရုံမပြုသည်ဖြစ်သောကြောင့် အဲဒီ သောမနဿ, ဒေါမနဿ, ဒုက္ခ, သုခတွေ အကုန်လုံးကို သူက ပယ်ထားတယ်၊ ဒုက္ခလဲ သူ့မှာမရှိဘူး၊ ဒါပေမဲ့ သူ အင်မတန် သက်သာနေတဲ့အတွက် ဒီစျာန်ကို သူ နှစ်သက်မနေဘူးလား၊ (နှစ်သက်ပါတယ် ဘုရား)။

အဲဒီ နှစ်သက်နေတာကို ဘာလို့ခေါ်သလဲဆိုတော့ "နန္ဒီ"လို့ ခေါ်တယ်။ "နန္ဒိသံယောဇနော လောကော"။

**သင်္ခါရလောက။**　။လောကလို့ဆိုတဲ့ သင်္ခါရလောကကို ကြည့်လိုက်မယ်ဆိုရင် အဲဒီ စတုတ္ထစျာန်ကို ရနေတဲ့ ဥဒယရသေ့ရဲ့ သန္တာန်မှာ သင်္ခါရလောက မရှိဘူးလား (ရှိပါတယ် ဘုရား)။

ဘာလဲ အဲဒီ သင်္ခါရလောကဆိုတာ၊ စတုတ္ထစျာန်စိတ်၊ အဲဒီ စတုတ္ထစျာန် စိတ်နဲ့ ယှဉ်တဲ့ စေတသိက်ပေါင်း ဘယ်လောက်လဲ (သုံးဆဲ့နှစ်ပါးပါ ဘုရား)။

ဟုတ်ပြီ၊ သင်တန်းများ တက်ထားကြသလား အဘိဓမ္မာသင်တန်းတွေ၊ အဲဒီသုံးဆဲ့နှစ်ပါးက ဘယ်သူတွေလဲ ဝိတက် ဝိစာရ ပီတိ ကြဉ် အညသမာန်း စေတသိက် တဆယ်၊ ဟုတ်လား (မှန်ပါ)။

ဝိရတီစေတသိက် သုံးလုံးကြဉ် သောဘနစေတသိက်-နှစ်ဆဲ့နှစ်၊ ပေါင်းတော့ ဘယ်လောက်လဲ (သုံးဆဲ့နှစ်ပါးပါ ဘုရား)။

သုံးဆဲ့နှစ်ပါး၊ အဲဒီ စေတသိက်တရားတွေကို သင်္ခါရလောကလို့ခေါ်သည်။ စတုတ္ထစျာန်စိတ်ကိုတော့ ဘာလို့ခေါ်သလဲ၊ သင်္ခါရလောကလို့ ခေါ်သည်-နော်။

အဲဒီ သင်္ခါရတွေရဲ့ စတုတ္ထစျာန်ရှင် ပုဂ္ဂိုလ်ကို သတ္တလောကလို့ခေါ်သည်။ ဒီတော့ အဲဒီ သင်္ခါရလောကနဲ့ သတ္တလောကက သုခလား, ဒုက္ခလား၊ (ဒုက္ခပါဘုရား)။

သူ မြင်ရဲ့လား (မမြင်ပါ ဘုရား)။

"နန္ဒိသံယောဇနော လောကော"ရဲ့ အဓိပ္ပါယ်ကို ပြောပေးနေတာနော်၊ စိတ်နဲ့ စေတသိက်တရားတွေဟာ ဒုက္ခ သင်္ခါရတရားတွေ၊ ဘာပြုလို့လဲဆိုတော့ အဲဒီစိတ်နဲ့ စေတသိက်တရားတွေဟာ နိစ္စလား, အနိစ္စလား၊ (အနိစ္စပါဘုရား)။

အနိစ္စသည် ဒုက္ခလား, သုခလား (ဒုက္ခပါ ဘုရား)။

"ယဒနိစ္စံ၊ တံ ဒုက္ခံ"၊ ယံ အနိစ္စံ၊ အကြင် အနိစ္စသည်။ အတ္ထိ၊ ရှိ၏။ တံ အနိစ္စံ၊ အနိစ္စဖြစ်တဲ့ ထိုသင်္ခါရက္ခန္ဓာ သဘောတရားသည်။ ဒုက္ခံ၊ ဘယဋ္ဌဒုက္ခ မည်၏၊ အဲဒီဒုက္ခတွေကို မြင်ရဲ့လား-သူ၊ (မမြင်ပါ ဘုရား)။

အဲဒီဒုက္ခကို မမြင်တာသည် ဘာလဲ၊ အဝိဇ္ဇာ၊ ဒီတော့ စတုတ္ထစျာန်ရှင် ပုဂ္ဂိုလ်မှာ အဝိဇ္ဇာ ရှိမနေဘူးလား၊ (ရှိနေပါတယ် ဘုရား)။

အဲဒီ အဝိဇ္ဇာကို ဖျက်ဆီးဘို့ဆိုပြီး မြတ်စွာဘုရား ဟောတော်မူပုံကို ပြီးခဲ့တဲ့ညက ဟောထားပြီးပြီ-နော် (မှန်ပါ)။

**နှစ်သက်နေပုံ။** ။အခု တကျာ သူ့မှာ ဘယ်လို ရှိနေပြန်သလဲဆိုတော့ ဒီသုခ, ဒုက္ခတွေ မရှိတဲ့အတွက် သူ အင်မတန်ချမ်းသာနေတဲ့, သက်သာမှုရနေတဲ့ဟာကို သူ နှစ်သက်နေသလား နှစ်သက်မနေဘူးလား (နှစ်သက်နေပါတယ် ဘုရား)။

အဲဒါကို နန္ဒီလို့ခေါ်တယ်၊ သူနှစ်သက်နေတာ ဘာကို နှစ်သက်နေတာလဲ၊ ဒုက္ခသစ္စာဖြစ်တဲ့ စတုတ္ထစျာန်စိတ်နဲ့ သမ္ပယုတ္တမှုဖြစ်တဲ့ စေတသိက်ပေါင်း ဘယ်လောက်လဲ (သုံးဆဲ့နှစ်ပါးပါ ဘုရား)။

သုံးဆဲ့နှစ်ပါး။ အဲဒီစေတသိက်ပေါင်း သုံးဆဲ့နှစ်ပါးက ဝေဒနာက္ခန္ဓာ,သညာ-က္ခန္ဓာ, သင်္ခါရက္ခန္ဓာ၊ ဘာ ဝေဒနာလဲဆိုတော့ ဥပေက္ခာဝေဒနာ နော် (မှန်ပါ)။

ဒီနေရာမှာ ဥပေက္ခာဝေဒနာဘဲ ကျန်တော့တယ်၊ ဟိုမှာ သုခဝေဒနာနဲ့ ဒုက္ခဝေဒနာက ချုပ်နေတယ်၊ အဲဒီစေတသိက်ပေါင်း သုံးဆဲ့နှစ်ပါးထဲမှာ ဝေဒနာပါတယ် ဝေဒနာက္ခန္ဓာ၊ သညာပါတယ် သညာက္ခန္ဓာ၊ ကျန်တာတွေက သင်္ခါရက္ခန္ဓာ၊ စိတ်က ဝိညာဏက္ခန္ဓာ စတုတ္ထစျာန်စိတ်က၊ ဟုတ်လား (မှန်ပါ ဘုရား)

ပြီးတော့ အဲဒီစတုတ္ထစျာန်စိတ်ရဲ့တည်ရာ ဝတ္ထုရုပ်ကတော့ ရူပက္ခန္ဓာ၊ အဲဒီ ရုပ်ခန္ဓာ, နာမ်ခန္ဓာတွေကို သူက သိပ်နှစ်သက်နေတယ်၊ သုခ ဒုက္ခမရှိလို့ သူ နှစ်သက်မနေဘူးလား (နှစ်သက်နေပါတယ် ဘုရား)။

ဘာဖြစ်လို့လဲ၊ ဒုက္ခမမြင်လို့၊ ဒုက္ခမမြင်အောင် ဘယ်သူက ဖုံးထားသလဲ၊ (အဝိဇ္ဇာပါ ဘုရား)။

အဝိဇ္ဇာပယ်ပုံကို ပြီးခဲ့တဲ့ညက ဟောပြီးပြီ။

နန္ဒီရှိသေးပုံ။ ။"နန္ဒီ"၊ အဲဒီ စတုတ္ထစျာန်စိတ်ကို နှစ်သက်နေတာဟာ နန္ဒီ၊ စတုတ္ထစျာန်စိတ်လို့ဆိုတဲ့ သခါရလောကသည် သင်နှစ်သက်နေတယ်ဆိုတဲ့"နန္ဒီ"နဲ့ယှဉ်တွဲပြီးတော့ နေတယ်တဲ့ မြတ်စွာဘုရားဟောတာ ဒါဘဲ၊ အဲဒီ နန္ဒီ-ဆိုတဲ့ နှစ်သက်ခြင်းတရားကြောင့် သံသရာထဲမှာ ကျင်လည်ပြေးသွားပြီး နေရဦးတော့မယ်၊ ဝိညာဉ်မချုပ်တော့ပြန်ဘူး။

တဏှာရှိသေးပုံ။ ။"တဏှာဒုတိယော ပုရိသော"ဆိုတော့ အဲဒီစတုတ္ထစျာန်ရှင်ပုဂ္ဂိုလ် ဥဒယပုဏ္ဏားကြီးမှာ တဏှာဆိုတဲ့ အဖော်ရှိနေသလား၊ ရှိမနေဘူးလား။ (ရှိနေပါတယ်ဘုရား)

ဘယ်အပေါ်မှာရှိသလဲ၊ စတုတ္ထစျာန်မှာ။

ဩဃကြောနစ်မျော။ ။အဲဒီတော့ သူ ဩဃကြီးဖြစ်ပြီးတော့ စတုတ္ထစျာန်ရှင် ပုဂ္ဂိုလ်ပင် ဖြစ်စေကာမူ စိတ်စေတသိက်တွေနဲ့ အတူ အဲဒီဩဃတည်းဟူသော,ဘဝေါဃတည်းဟူသော နန္ဒီဆိုတဲ့ ရေယဉ်ကြီးက မျောမသွားပေဘူးလား။ (မျောသွားပါတယ်ဘုရား)

မြုပ်မပစ်ဘူးလား။ (မြုပ်ပစ်ပါတယ်ဘုရား)

ရေအယဉ်ဆိုတာ မျောတတ်တယ်၊ မြုပ်တတ်တယ်။ အဲဒီ စတုတ္ထစျာန်ကို နှစ်သက်နေတဲ့ နန္ဒီဆိုတဲ့ စျာနနိကန္တိ-ဟာ မျောတတ်တယ်၊ မြုပ်တတ်တယ်။ ဘယ်ရောက်အောင်မျောမလဲ,မြုပ်မလဲ၊ သံသရာထဲကို မျောမယ်၊ အပါယ်လေးပါးမှာ မြုပ်မယ်၊ ဟုတ်လား။ (မှန်ပါဘုရား)

အဲဒီ စတုတ္ထစျာန်ကိုရနေတဲ့ ပုဂ္ဂိုလ်ရဲ့ "နန္ဒီသံယောဇနော လောကော"ကို သဘောပေါက်သွားပြီနော်၊ အဲဒါကြောင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဥဒယကို—

"နန္ဒီသံယောဇနော လောကော"

ဥဒယ၊ ဥဒယရသေ့။ လောကော၊ လောကကြီးသည်။ နန္ဒီသံယောဇနော၊ နှစ်သက်ခြင်းဆိုတဲ့ တဏှာလျှင် သံယောဇဉ်ယှဉ်စပ်ခြင်း ရှိလေတော့၏။

အဲဒီသံယောဇဉ်အဖော်နဲ့ သံသရာထဲမှာ သူ လျှောက်ပြီးတော့ မျောနေမှာတဲ့၊ ဟုတ်လား။ (မှန်ပါဘုရား)

စတုတ္ထစျာန်က ရှည်နေသလား၊ နန္ဒီဆိုတဲ့ သံယောဇဉ်ဖြစ်တဲ့ တဏှာက ရှည်နေသလား။ (တဏှာက ရှည်နေတာပါဘုရား)

တဏှာကရှည်သွားတာ၊အဲဒီ တဏှာရှည်တာကို ပြချင်သည်ဖြစ်သောကြောင့် မြတ်စွာဘုရားက ဂါထာဝတ်ပါဠိတော်မှာ "တဏှာဒုတိယော ပုရိသော" ဆိုတော့ စတုတ္ထစျာန်ရှင်ပုဂ္ဂိုလ်မှာ တဏှာတည်းဟူသော အဖော်ရှိနေသလား၊ ရှိမနေဘူး လား။ (ရှိနေပါတယ်ဘုရား)

တဏှာဒုတိယော၊ တဏှာတည်းဟူသော အဖော်ရှိသော။ ပုရိသော၊ သတ္တဝါ သည်။ (စတုတ္ထစျာန်ရှင် ပုဂ္ဂိုလ်ကိုတောင်မှ အပါယ်လေးပါးမျှောသေး မြုပ် သေးတယ်ဆိုရင် စတုတ္ထစျာန်မရတဲ့ ပုဂ္ဂိုလ်တွေ ဘယ် ပြောဘွယ်ရာရှိတော့မလဲ၊ စဉ်းစားကြည့်၊ ဟုတ်လား၊ နော် (မှန်ပါဘုရား)

ဒီဃမဒ္ဓါနံ၊ ရှည်မြင့်စွာသော သံသရာကာလပတ်လုံး။ သံသရံ–သံသ- ရန္တော၊ ကျင်လည်ရသည်ဖြစ်၍။ ဣတ္ထဘာဝညထာဘာဝံ၊ ဤလူ့ဘဝမှ တပါး အခြားသောဘဝ၌ ဖြစ်ရခြင်းဟုဆိုအပ်သော။ သံသာရံ၊ သံသရာကြီး ကို။ နာတိဝတ္တတိ၊ မလွန်မြောက်နိုင်။

ဒါကြောင့် "နန္ဒီ"ကို ဖြုတ်ပစ်ရမယ်၊ နော် (မှန်ပါဘုရား)

နန္ဒီကိုဖြုတ်ရမည်။ ။စတုတ္ထစျာန်ကိုဖြုတ်ပစ်ရမလား,နန္ဒီကိုဖြုတ်ပစ်ရမလား။ (နန္ဒီကို ဖြုတ်ပစ်ရမှာပါဘုရား)

နန္ဒီကိုဖြုတ်ပစ်ရမယ်၊ ဒီတော့ ဘယ့်နှယ်လုပ်ရမလဲ။

ဧတမာဒီနဝံ ဉတွာ၊ တဏှံ ဒုက္ခဿ သမ္ဘဝံ။
ဝီတတဏှော အနာဒါနော၊ သတော ဘိက္ခု ပရိဗ္ဗဇေ။

နောက်တခါ သံသရာထဲမျှောရရင် ဒုက္ခလား, သုခလား။ (ဒုက္ခပါဘုရား)

ဘယ်သူပေးလို့ရသလဲ ဒီဒုက္ခ၊ တဏှာက ပေးလို့ရတာ၊ သူတပါးပေးလို့ရတဲ့ ဒုက္ခ မဟုတ်ဘူး။ ခန္ဓာဆိုတဲ့ ဒုက္ခကြီးကိုရတာ ဘယ်သူပေးလို့ရသလဲ။ (တဏှာက ပေးလို့ပါဘုရား)

တဏှာက ပေးလို့ရတာ၊ ဒီတော့ ကိုယ့်ကို ဒုက္ခအမျိုးမျိုး ပေးနေတဲ့ လူတ ယောက်ကို ဘုန်းကြီးတို့ အမျိုးကောင်းသားများ, သမီးများ ဘယ်လိုလဲ နှစ်သက်နိုင်ပါ့မလား။ (မနှစ်သက်နိုင်ပါဘုရား)

ဒုက္ခပေးမှန်းမသိလို့သာ သူ့ကို နှစ်သက်နေရတာ။

တဏှံ၊ တဏှာသည်။ ဒုက္ခဿ၊ ဆင်းရဲခြင်း၏။ သမ္ဘဝံ၊ ဖြစ်ကြောင်း တရားပေတည်း။ ဣတိ၊ ဤသို့။ ဧတံ အာဒီနဝံ၊ ထိုတဏှာရဲ့အပြစ်ကို။ ဉတွာ၊ မြင်ကြကုန်သည်ဖြစ်၍။ ဝီတတဏှော၊ ကင်းပြီးသောတဏှာရှိသော။

အနာဒါနေ၊ တစုံတခုသော သင်္ခါရတရားကိုမှ ငါ-ငါ့ဥစ္စာဟု မာနာနုသယ တွေဖြင့် စွဲယူလေ့မရှိသော။ သတော၊ သတိနှင့်ပြည့်စုံသော။ ဘိက္ခု၊ ရဟန်းသည်။ ပရိဗ္ဗဇေ၊ သံသရာမှ ကောင်းစွာမသွေ လွတ်ရပါပေသတည်း။

သာဓု　သာဓု　သာဓု

## ဝိတက်တရား

**ဝိတက်သဘော။** ။ကိုင်း ဒါ "နန္ဒိသံယောဇနော" ပြီးသွားရော နော်၊ "ဝိတက္ကဿ ဝိစာရဏံ" သွားကြစို့—

ဝိတက်-တဲ့၊ ဝိတက်ဆိုတာ ဘာလဲ၊ ကြံစည်တယ်၊ ဝိတက္ကဿ ဝိစာရဏံ၊ တလောကလုံးကို သုံးသပ်ဆင်ခြင်ပြီးတော့ သင်္ခါရလောက၊ ဩကာသလောက တွေကို၊ သတ္တဝါအသီးသီးတွေကို သုံးသပ်ဆင်ခြင်ပြီးတော့ လှည့်လည်သွားလာ နေတာ ဘယ်သူလဲ၊　(ဝိတက်ပါဘုရား)

ဝိတက်က အမျိုးမျိုးသော တရားတွေကို သုံးသပ်ကြည့်တယ်,ဆင်ခြင်ကြည့် တယ်၊ ဟုတ်လား　(မှန်ပါဘုရား)

အဲဒီလို သုံးသပ်ဆင်ခြင်ပြီးတော့ လှည့်လည်နေတယ်ဆိုတဲ့ သဘောဟာ ဘယ်သူလဲ၊ လူ့ပြည်လောကတခုလုံး, နတ်ပြည်လောကတခွင်လုံး နှံ့စပ်အောင် သုံးသပ်ဆင်ခြင်တယ်၊ အပါယ်လေးဘုံတခွင်မှာ ဘယ်နေရာမှ ကွက်လပ်မကျန် အောင် ဘုန်းကြီးတို့ ပရိသတ် လှည့်လည် သုံးသပ်ဆင်ခြင်ဘူးတယ်၊ မဆင်ခြင် ဘူးဘူးလား။　(ဆင်ခြင်ဘူးပါပြီဘုရား)

ပြဟ္မာ့ပြည်သွားကြဘူးတယ်၊ ဟုတ်လား။　(မှန်ပါဘုရား)

အဲဒီလို လှည့်လည်သုံးသပ်ဆင်ခြင်နေတာဟာ ဘယ်သူလဲ　(ဝိတက်ပါ ဘုရား)

**ဝိတက်အပြား။** ။ကဲဒါဖြင့် ဝိတက်ဆိုတာ ဘယ်လိုဝိတက်မျိုးတွေလဲလို့ ဆို တော့ စူဠနိဒ္ဒေသပါဠိတော်ကတော့ ဝိတက်ကို ကိုးမျိုးပြ ထားတယ်။ ထိုထိုပါဠိတော်တွေမှာက ဝိတက်ခြောက်မျိုး နော်　(မှန်ပါဘုရား)

ဘုန်းကြီးတို့ ဝိတက်နဲ့ပတ်သက်လို့ ဒီဃနိကာယ် သုတ်ပါထေယျ ပါဠိတော် သင်္ဂီတိသုတ်မှာ ဝိတက်ကို သုံးမျိုးပြတယ်။ မိစ္ဆာဝိတက်က သုံးမျိုး,သမ္မာဝိတက် က သုံးမျိုး၊ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသဝိတက်, ဒါက မိစ္ဆာဝိတက်၊

သမ္မာဝိတက်ဆိုတာက နေက္ခမ္မဝိတက် (တောထွက်ဖို့ ကြံစည်နေတယ်, ကုသိုလ်ပြုဖို့ ကြံစည်နေတယ်၊ ဒါ နေက္ခမ္မဝိတက်) နော်　(မှန်ပါဘုရား)

အဗျာပါဒဝိတက် (သတ္တဝါတွေ ကြီးပွါးရာကြီးပွါးကြောင်းအတွက် မပျက်စီးအောင် ကြံစည်စဉ်းစားပြီးတော့ ပေးနေတယ်), အဝိဟိံသဝိတက် (သတ္တဝါတွေကို ကယ်ဆယ်ဘို့, သတ္တဝါတွေ သက်သာခွင့်ရဘို့ ကရုဏာနဲ့ယှဉ်တွဲပြီးတော့နေတဲ့ ဝိတက်ကလဲရှိတယ်၊ ဒီဝိတက်သုံးခုကို ကောင်းတဲ့ ဝိတက်တွေလို့ ဆိုတယ်၊ နော် (မှန်ပါဘုရား)။

ကဲ အဲဒီဝိတက်တွေကိုတော့ ဘုန်းကြီးတို့ ပါဠိတော်က ဖွင့်ပြီး ဟောပေးရဦးမယ်။ ဒီဿနိကာယ်ကတော့ ဝိတက်ကို သုံးမျိုးစီ သုံးမျိုးစီ ခွဲပြီး ဟောတယ်၊ သင်္ဂီတိသုတ်က။

မြတ်စွာဘုရားရှင် ဟောထားတဲ့ ဝိတက်ရှိသေးတယ်၊ ဝိတက်ကို စူဠနိဒ္ဒေသပါဠိတော်က သုံးမျိုးမကဘူး ကိုးမျိုးတောင် ပြထားတယ်၊ ဘယ်နှစ်မျိုးတဲ့လဲ (ကိုးမျိုးပါ ဘုရား)။ မှတ်ထား။

**ဝိတက်ကိုးမျိုး။** ။အခု စူဠနိဒ္ဒေသပါဠိတော် ခုဒ္ဒကနိကာယ်က ဝိတက်ကိုဘယ်နှစ်မျိုးပြသလဲဆိုတော့ ကိုးမျိုးပြတယ်။ အဲဒီ ဝိတက်ကို ဘုန်းကြီးတို့ပရိသတ် ရှေးဦးစွာမှတ်ထားရမှာက ဝိတက်သည် လှည့်လည်ကြောင်းဖြစ်တဲ့တရားတဲ့၊ အမျိုးမျိုးကို လှည့်လည်သုံးသပ်ဆင်ခြင်နေတာ လူ့ ဘုံ,နတ်ဘုံ, ပြဟ္မာ့ဘုံကို လှည့်လည်သုံးသပ်ဆင်ခြင်နေတာ ဘယ်သူလဲဆိုတော့ ဝိတက် – တဲ့။

အဲဒီ ဝိတက်ကိုးမျိုးက ဘာတွေလဲဆိုတော့ – ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသဝိတက်, ဇနပဒဝိတက်, ဉာတိဝိတက်, အမရာဝိတက်, ပရာနုဒ္ဒယတာပဋိသံယုတ္တဝိတက်, လာဘသက္ကာရသိလောကပဋိသံယုတ္တဝိတက်, အနဝညတ္တိပဋိသံယုတ္တဝိတက်-လို့ ဝိတက်ကိုးမျိုးရှိတယ်။

**အဝိပ္ပါယ်ဖွင့်ချက်။** ။အဲဒါ စူဠနိဒ္ဒေသပါဠိတော်က ပြတဲ့ ဝိတက်ကိုးမျိုး၊ အဲဒီ ဝိတက်ကိုးမျိုးတို့ရဲ့အဓိပ္ပါယ်က ဘာတဲ့လဲဆိုတော့—

ကာမဂုဏ်တွေကို စဉ်းစားကြံစည်နေတာကို **ကာမဝိတက်**လို့ ခေါ်တယ်။

သူတပါး ပျက်စီးအောင် ကြံစည်နေတာကို **ဗျာပါဒဝိတက်** လို့ ခေါ်တယ်။

သူတပါးကို နှိပ်စက်ဘို့ ညှဉ်းဆဲဘို့ ကြံစည်နေတာကို **ဝိဟိံသဝိတက်** လို့ခေါ်တယ်။

မြို့ရွာဇနပုဒ်နဲ့ ပတ်သက်ပြီး စည်ကားအောင် ကြီးပွါးအောင် ကြံစည်ပေးနေတာကို **ဇနပဒဝိတက်** လို့ ခေါ်တယ်။

ကိုယ့်ဆွေကိုယ့်မျိုးတွေရဲ့ ကောင်းစားရေးကို စဉ်းစားကြံစည်ပေးနေတာကို **ဉာတိဝိတက်** လို့ ခေါ်တယ်။

အဆုံးအစမရှိစဉ်းစားချင်တိုင်း စဉ်းစား, ကြံစည်ချင်တိုင်း ကြံစည်နေတာ, ဘာရယ်လို့မဟုတ်၊ မယ်မယ်ရရမရှိ၊ တောင်စဉ်ရေမရ တကတဲ ဘယ်တော့မှ မဆုံးနိုင်တာတွေကို ကြံစည်စဉ်းစားနေတာတွေကို **အမရာဝိတက်**လို့ ခေါ်တယ်။

သူတပါးကို သနားကြင်နာမှုနဲ့စပ်ပြီးတော့ဖြစ်တဲ့ ဝိတက်မျိုးကို **ပရာနုဒ္ဒယတာ ပဋိသံယုတ္တဝိတက်** လို့ ခေါ်တယ်။

လာဘ်လာဘရဘို့နဲ့ ပတ်သက်လို့ ကြံစည်စဉ်းစားနေတာမျိုးကိုတော့ **လာဘသက္ကာရသိလောက ပဋိသံယုတ္တဝိတက်** လို့ ခေါ်တယ်။

ကိုယ့်ကိုယ်ကို သူတပါးက အထင်အမြင် မသေးအောင် ကြံစည်နေတာကို **အနဝညတ္တိပဋိသံယုတ္တဝိတက်** လို့ ခေါ်တယ်–တဲ့။

အဲဒါ ဝိတက်ကိုးမျိုး စူဠနိဒ္ဒေသပါဠိတော်က ဖွင့်ပေးတာ။

**ဒွေဓာဝိတက္က**။　။ဝိတက်တွေထဲမှာ ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် ဒွေဓာဝိတက္ကကို ဘယ်လိုဟောထားသလဲ၊ အဲဒီစူဠနိဒ္ဒေသက နေပြီးတော့ ဘယ်သွားမလဲဆိုတော့ ဝိတက်နဲ့ ပတ်သက်ပြီး မြတ်စွာဘုရား ဟောထားတဲ့ သုတ္တန်တွေ တော်တော်များများရှိတယ်၊ ရှေးဦးစွာ ဒီဃနိကာယ်က ဝိတက်ကိုဟောပြီးပြီ။ ခုဒ္ဒကနိကာယ်က ဝိတက်ကို ဟောပြီးပြီ။ မဇ္ဈိမနိကာယ်- မူလပဏ္ဏာသပါဠိတော်က ဒွေဓာဝိတက္ကသုတ္တန်ကို ဘုန်းကြီး ဟောပေးအုံးမယ်။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် အလောင်းတော်ကြီးဟာ တောထွက်ပြီး သွားတော်မူတယ်၊ အဲဒီလို တောထွက်သွားတော်မူတဲ့အခါ ဥရုဝေဠတောထဲမှာ တရားအားထုတ်နေစဉ် ဘာတွေဖြစ်လာသလဲဆိုတော့ ကာမဝိတက်တွေ ဝင်လာတယ်, ဗျာပါဒဝိတက်တွေ ဝင်လာတယ်, ဝိဟိံသဝိတက်တွေဝင်လာတယ်၊ နော် (မှန်ပါ ဘုရား)။

ဒီတော့ မြတ်စွာဘုရားအလောင်းတော်ကြီး ဘယ်လိုလုပ်ထားသလဲဆိုတော့ အဲဒီဝိတက်ကို "ဒွေဓာဝိတက္က"လို့ အဲဒီလို ဝိတက်ကို နှစ်မျိုးခွဲလိုက်တယ်၊ နော်၊ (မှန်ပါ ဘုရား)

နှစ်မျိုးခွဲတာ ဘယ်လိုခွဲသလဲဆိုတော့—

ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသဝိတက်တို့က တမျိုး၊ နေက္ခမ္မဝိတက်, (ကုသိုလ်ကောင်းမှု ပြုလုပ်ဘို့ရန် တောထွက်ဖို့ရန် ကြံစည်တဲ့ဝိတက်ကို နေက္ခမ္မဝိတက်လို့ ခေါ်တယ်။) အဗျာပါဒဝိတက်, အဝိဟိံသဝိဘက်ဆိုပြီးတော့ ကောင်းတဲ့ ဝိတက်သုံးမျိုးက တမျိုးလို့ အဲဒီလိုထားပြီးတော့ နှစ်မျိုးခွဲလိုက်တယ်။

**ဝိတက်ကိုပယ်။** ။အဲဒီလိုကောင်းတဲ့ဝိတက်,မကောင်းတဲ့ဝိတက်ရယ်လို့ နှစ်မျိုး ခွဲထားပြီးတော့ ဒီဝိတက် အကုန်လုံးကို မြတ်စွာဘုရား အလောင်းတော်ကြီးဟာ ပယ်ပစ်တယ်။ ဘာဖြစ်လို့ ပယ်ပစ်သလဲ၊ ဒီဝိတက်ကို မပယ်ရင် သံသရာထဲက လွတ်မှာမဟုတ်တော့ဘူးတဲ့၊ သူဟာ သံသရာထဲမှာ လှည့်လည်ပြီး ကျက်စားနေအုံးမဲ့တရားဘဲ-တဲ့။

သံသရာထဲ လှည့်လည်ပြီး ကျက်စားနေတာ ဘယ်သူလဲ၊ ဝိတက်၊ စိတ်ကူးတယ်,ကြံစည်တယ်ဆိုတာ ဝိတက်ဘဲ၊ ဘယ်လိုနေရရင်ကောင်းမယ်, ဘယ်လိုစားရရင်ကောင်းမယ်, ဘာအလုပ်လုပ်ရရင်ကောင်းမယ်, ကုသိုလ်ရအောင် ဘယ်လိုလုပ်ရရင် ကောင်းမယ်, လူ့ပြည်က ဘယ်လောက်ကောင်းတယ်, နတ်ပြည်က ဘယ်လောက် ကောင်းတယ်, စသည်ဖြင့် အဲဒီလို ကြံစည်စဉ်းစားနေရင် တော်တော်ကြာ အကုသိုလ်ဘက် လယ်ကျသွားပြီးတော့ အကုသိုလ်ဝိတက်တွေ ဖြစ်ကုန်ပြီး အပါယ်လေးပါးကို ရောက်သွားကြရတာ သူတို့ကြောင့်ဘဲ၊ နော် (မှန်ပါဘုရား)။

ဒါကြောင့် ဝိတက်ကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က—"ဝိတက္ကဿ ဝိစာရဏံ" အဿ လောကဿ၊ ထို လောကကြီး၏။ ဝိစာရဏံ၊ လှည့်လည်သုံးသပ်ဆင်ခြင်သော သဘောတရားသည်။ ဝိတက္ကော၊ ဝိတက် တရားပေတည်း။

ဒီဝိတက်ကို ဘာလုပ်ရမလဲ၊ ပယ်ပစ်ရမယ်။ "ငါတော့ ပထမစျာန်ရနေပြီ, ဒုတိယစျာန်ရရင်ပိုပြီးတော့ ကောင်းဦးမှာဘဲ"တဲ့ ဝိတက်က၊ နော် (မှန်ပါဘုရား)။

**ဝိတက်ဖြစ်ပုံ။** ။အဲဒီလို အရာတခုကနေတခုကို ပိုကောင်းအောင် ဆိုပြီးတော့ ကြံစည် လှည့်လည်ပြီး လူ့ပြည်ကနေ နတ်ပြည်ရောက်ရင် ကောင်းမှာဘဲလို့ ကြံစည်စဉ်းစားတဲ့ ဝိတက်တွေဟာ ဘာဝိတက်လဲဆိုတော့ ကာမဝိတက်တွေ။ သူတပါးကို နှိပ်စက်ရအောင် သူတပါး ပျက်စီးအောင် ဆိုတဲ့ ဗျာပါဒ,ဝိဟိံသဝိတက်တွေ၊ ဒါက တဖုံ။

ဒီတော့ မြတ်စွာဘုရား အလောင်းတော်ကြီးဟာ အဲဒီလို ကာမဝိတက်တွေ ဝင်လာတဲ့အခါ ဘယ်လိုလုပ် ပယ်ပစ်သလဲဆိုတော့ ပါဠိတော်ရွတ်ရမယ်၊ မဇ္ဈိမနိကာယ် မူလပဏ္ဏာသပါဠိတော် ဒွေဓာဝိတက္ကသုတ္တန်မှာ မြတ်စွာဘုရား ဟောထားတာရှိတယ်။

တဿ မယှံ ဘိက္ခဝေ ဧဝံ အပ္ပမတ္တဿ အာတာပိနော ပဟိတတ္တဿ ဝိဟရတော ဥပ္ပဇ္ဇတိ ကာမဝိတက္ကော။

ချစ်သားတို့ ငါသည် တောထဲသွားပြီးတော့ ဝိပဿနာတရားတွေကို အားအားထုတ်တဲ့အခါ အပ္ပမတ္တဿ=လုံ့လ မပေါ့,မမေ့မလျော့ဘဲနဲ့ ပဟိတတ္တဿ=

နိဗ္ဗာန်ကိုစေလွှတ်သော ကိုင်းသော ရှိုင်းသော စိတ်ဖြင့် တရားအားထုတ်နေတဲ့ အခါမှာ ဥပ္ပဇ္ဇတိ ကာမဝိတက္ကော=ကာမဝိတက်တွေဖြစ်လာတယ်-တဲ့ မြတ်စွာဘုရားအလောင်းတော်ကြီးမှာ။

အဲဒီလို ကာမဝိတက်တွေ ဖြစ်လာတဲ့အခါကျတော့ ဘုရားအလောင်းတော်ကြီးက ဘယ့်နှယ်လုပ်သလဲ (ဗျာပါဒဝိတက်, ဝိဟိံသဝိတက်လဲ ထို့အတူဘဲနော်၊ ဝိတက်တခုဟောရင် ပြီးရောပေါ့)။

"ဥပ္ပဇ္ဇတိ ကာမဝိတက္ကော"၊ ကာမဝိတက်ဖြစ်တယ်။ သော ဧဝံ ပဇာနာမိ၊ သောအဟံ၊ ထိုငါသည်။ ဧဝံ၊ ဤသို့။ ပဇာနာမိ၊ သိ၍နေ၏။ ကာမဝိတက်တွေ ဖြစ်လာတဲ့အခါမှာ ကာမဝိတက်တွေဖြစ်နေပြီလို့ သူက သိတယ်၊ ဘယ်လိုသိသလဲ—

"ဥပ္ပန္နော ခေါ မေ အယံ ကာမဝိတက္ကော"၊ အယံ ကာမဝိတက္ကော၊ ဤကာမဝိတက်သည်။ မေ၊ ငါအား။ ဥပ္ပန္နောခေါ၊ ဖြစ်ပေါ်၍နေ၏။ ငါ့မှာတော့ ကာမဝိတက်တွေ ဖြစ်နေပြီ။

> သော စ ခေါ အတ္တဗျာပါဒါယပိ သံဝတ္တတိ၊ ပရဗျာပါဒါယပိ သံဝတ္တတိ၊ ဥဘယဗျာပါဒါယပိ သံဝတ္တတိ ပညာနိရောဓိကော ဝိဃာတပက္ခိကော အနိဗ္ဗာနသံဝတ္တနိကော။

စ ခေါ၊ စင်စစ်သော်ကား။ သော၊ ထိုကာမဝိတက်သည်။ ဝါ၊ ကာမဂုဏ်တွေကိုကြံစည်နေခြင်းသည်။ အတ္တဗျာပါဒါယပိ၊ မိမိပျက်စီးခြင်းငှါလည်း။ သံဝတ္တတိ၊ ဖြစ်၏။ ( ဝိတက်ဆိုတာ ကိုယ်ပျက်စီးဘို့-တဲ့ ) ပရဗျာပါဒါယပိ၊ သူတပါး ပျက်စီးခြင်းငှါလည်း။ သံဝတ္တတိ၊ ဖြစ်၏။ ဥဘယဗျာပါဒါယပိ၊ နှစ်ပါးစုံ ပျက်စီးခြင်းငှါလည်း။ သံဝတ္တတိ၊ ဖြစ်၏။

ကာမဝိတက်တွေကို ကြံစည်နေခြင်းဟာ မိမိပျက်စီးကြောင်း, သူတပါးပျက်စီးကြောင်း, မိမိ သူတပါး နှစ်ဦးသားတို့ရဲ့ ပျက်စီးကြောင်း တရားဘဲ-တဲ့။ မြတ်စွာဘုရားအလောင်းတော်ကြီးက ဆင်ခြင်တယ်-နော်။　　(မှန်ပါဘုရား)

ပညာနိရောဓိကော၊ ဝိပဿနာ ပညာဉာဏ်ကို ချုပ်ငြိမ်းကွယ်ပျောက်စေတတ်သောသဘောရှိ၏။ ကာမဝိတက်တွေ ကြံစည်နေတယ်ဆိုတာ ဝိပဿနာ ပညာဉာဏ်တွေကို ချုပ်ငြိမ်းစေကြောင်းဖြစ်တဲ့ တရားဖြစ်တော့ ပညာတွေကွယ်ပျောက်သွားနိုင်တယ်တဲ့။

ဝိဃာတပက္ခိကော၊ ပင်ပန်းခြင်းအဘို့၌ ကျရောက်၏။ အနိဗ္ဗာန သံဝတ္တနိကော။ နိဗ္ဗာန်ရောက်ကြောင်း တရားမဟုတ်။ ဝိတက်ဆိုတာ-နိဗ္ဗာန်ရောက်

ကြောင်း တရားမဟုတ်ဘူးတဲ့။ ခုနက ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသ-ဝိတက်တွေ-နော်။ ( မှန်ပါဘုရား )။

ဝိတက်ပယ်ပုံ။ ။အဲဒီလို မြတ်စွာဘုရား အလောင်းတော်ကြီးဟာ အဲဒီကာမ ဝိတက်, ဗျာပါဒဝိတက် စတဲ့ ဝိတက်တွေ ပေါ်လာတဲ့အခါ ဒီလို ဆင်ခြင်ကြည့်လိုက်တယ်။ အဲဒီလို ဆင်ခြင်ကြည့်လိုက်တော့ ဘယ်လိုဖြစ်လာသလဲ ဘုရားအလောင်းတော်ကြီးရဲ့ သန္တာန်မှာ။

ဒီဝိတက်တွေကို ကြံစည်နေရင် မိမိပျက်စီးကြောင်း ဖြစ်တယ်ဆိုတာ သိရင် ဘုန်းကြီးတို့ပရိသတ် ကြံစည်ချင်ပါဦးတော့မလား။ ( မကြံစည်ချင်ပါဘုရား )

မိမိရဲ့အကျိုးစီးပွါးကို လိုလားတဲ့ ပုဂ္ဂိုလ်မှန်လို့ရှိရင် မိမိပျက်စီးကြောင်း ဖြစ်တဲ့ ကာမဝိတက်စတဲ့ ဝိတက်တွေကို ကြံစည်ချင်ပါဦးတော့မလား။ ( မကြံစည်ချင်ပါဘူး ဘုရား )

ဗျာပါဒဝိတက်ကို ( မကြံစည်ချင်ပါဘုရား )

ဝိဟိံသဝိတက်ကိုကော ( မကြံစည်ချင်ပါဘုရား )

ဒါတွေဟာ မိမိပျက်စီးကြောင်း တရားတွေ, သူတပါးပျက်စီးကြောင်း တရားတွေ, မိမိသူတပါးနှစ်ဦးသား ပျက်စီးကြောင်း တရားတွေဘဲ။ ပညာဉာဏ်ကို ပိတ်ဆို့ ကာကွယ် ချုပ်ငြိမ်းစေတဲ့ တရားတွေတဲ့၊ ပင်ပန်းစေဘဲ့တရားတွေတဲ့။ သူကြံစည်နေရင် ပင်ပန်းရုံဘဲရှိမယ်တဲ့၊ ဟုတ်လား။ (မှန်ပါဘုရား) ကိုယ်ရော စိတ်ရော ပင်ပန်း နေတာဘဲ-တဲ့။

"အတ္တဗျာပါဒါယ သံဝတ္တတီတိပိ မေ ဘိက္ခဝေ ပဋိသဥ္စိက္ခတော အဗ္ဘတ္ထံ ဂစ္ဆတိ"။

ဘိက္ခဝေ၊ ရဟန်းတို့။ အတ္တဗျာပါဒါယ၊ မိမိပျက်စီးခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ပဋိသဥ္စိက္ခတော၊ ဆင်ခြင်သော။ မေ၊ ငါအား။ ကာမဝိတက္ကော၊ ကာမဝိတက်သည်။ အဗ္ဘတ္ထံ၊ ချုပ်ငြိမ်းခြင်းသို့။ ဂစ္ဆတိ၊ ရောက်သွား တော့၏။

ကာမဝိတက်ပေါ်လာရင်တဲ့ "ဩော် ဒီ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိ-ဟိံသဝိတက်တွေဟာ မိမိသူတပါးနှစ်ဦးသားတို့ ပျက်စီးကြောင်းဖြစ်တဲ့တရား, ပညာဉာဏ်နဲ့ပါးကြောင်း ချုပ်ငြိမ်းကြောင်း ဖြစ်တဲ့တရား, ပင်ပန်းကြောင်းဖြစ်တဲ့တရားဘဲ၊ နိဗ္ဗာန်ရောက်ကြောင်း တရားမဟုတ်ဘူး"လို့ အဲဒီလို ဆင်ခြင်လိုက်ရင် ဒီ ကာမဝိတက်တွေဟာ ချုပ်ငြိမ်းသွားရော၊ ဗျာပါဒဝိတက်,ဝိဟိံသဝိတက်တွေဟာ ချုပ်ငြိမ်းသွားတယ်တဲ့၊ ဟုတ်လား၊ ( မှန်ပါဘုရား )

ဥပ္ပန္နုပ္ပန္နံ ကာမဝိတက္ကံ ပဇဟာမေဝ ဝိနောဒမေဝ ဗျန္တမေဝ နံ အကာသိ ။

ဖြစ်လာတိုင်း ဖြစ်လာတိုင်းသော ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသ ဝိတက်တွေကို ဒီနည်းနဲ့ချည်း အကုန်လုံး ပယ်ဖျောက် ပစ်တယ်-တဲ့၊နော်
( မှန်ပါဘုရား။ )

ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်း သားများ-သမီးများ ဝိတက်သည် သံသရာထဲမှာ လှည့်လည်ကြောင်း သုံးသပ်ကြောင်းဖြစ်တဲ့ တရားဖြစ်ခြင်း ကြောင့် သူ့ကို အဲဒီလို ပယ်ပစ်ရမယ်-တဲ့။

"ဝိတက္ကသ ဝိစာရဏံ"ကို ပြောပေးနေတာ၊ နော်။　(မှန်ပါဘုရား။)

**ကောင်းသောဝိတက်။**　။နောက်တခု နေက္ခမ္မဝိတက်, အဝိဟိံသဝိတက်, အဗျာပါဒဝိတက်လို့ ဆိုပြီး ကောင်းတဲ့ဝိတက်သုံးမျိုး ကော မတွေ့ဘူးလား။ (တွေ့ပါတယ်ဘုရား။)

အဲဒီလိုဝိတက်မျိုးတွေ ဝင်လာတဲ့အခါကျတော့ ဘုရားအလောင်းတော်ကြီး က ဘယ်လိုလဲ၊ ကောင်းတဲ့ဝိတက်ကို ဒီလိုဆင်ခြင်လိုက်တယ်။

"ဥပ္ပန္နော ခေါ မေ အယံ နေက္ခမ္မဝိတက္ကော"၊ မေ၊ ငါ့အား။ အယံ နေက္ခမ္မ ဝိတက္ကော၊ ဤကုသိုလ်ကောင်းမှုကို ပြုလုပ်လိုတယ် ဆိုတဲ့ အကြံ အစည်, တရား အားထုတ်လိုတယ်, တောထွက်လိုတယ်ဆိုတဲ့ အကြံအစည် ဟူသော နေက္ခမ္မဝိတက်သည်။ ဥပ္ပန္နော၊ ဖြစ်ပေါ်၍ နေပေ၏။

ဩော်–ကောင်းတဲ့ ဝိတက်တော့ ဖြင်လာပြန်ပြီ။ အဝိဟိံသ-အဗျာပါဒ အတူတူဘဲ၊ နော်။　(မှန်ပါဘုရား။)

**ကောင်းသောအသွင်။**　။ဒီလို ကောင်းတဲ့ ဝိတက်တွေတော့ ဖြစ်နေပြီ၊ အဲဒီ ကောင်းတဲ့ ဝိတက်ကတော့ ဘယ်လိုသဘော ရှိသလဲ ဆိုတော့—

သော စ ခေါ နေဝတ္တဗျာပါဒါယပိ သံဝတ္တတိ၊ န ပရဗျာပါဒါယပိ သံဝတ္တတိ၊ န ဥဘယဗျာပါဒါယပိ သံဝတ္တတိ၊ ပညာဝုဒ္ဓိကော အဝိဃာတ- ပက္ခိကော နိဗ္ဗာနသံဝတ္တနိကော။

စ ခေါ၊ စင်စစ်သော်ကား။ သော၊ ထိုနေက္ခမ္မဝိတက်, အဝိဟိံသ ဝိတက်, အဗျာပါဒဝိတက်ဆိုတဲ့ ဝိတက်ကောင်းသုံးခုသည်။ နေဝတ္တဗျာပါဒါ- ယပိ သံဝတ္တတိ၊ မိမိအကျိုးပျက်စီးခြင်းငှါလည်း မဖြစ်ဘူး၊ ဟုတ်လား(မှန်ပါ ဘုရား။)

"နပရဗ္ဗျာပါဒါယပိ သံဝတ္တတိ၊ သူ့ဘပါ၊ ပျက်စီးခြင်းငှါလည်း မဖြစ်ဘူး။ န ဥဘယဗျာပါဒါယပိ သံဝတ္တတိ၊ မိမိသူတပါးနှစ်ဦးသားတို့ ပျက်စီးကြောင်း တရားလဲ မဟုတ်ဘူးတဲ့၊ (ဒီဝိတက်ကောင်း သုံးခုကတော့) ပညာဝုဒ္ဓိကော၊ ပညာဉာဏ် ကြီးပွါးကြောင်းတရားတွေ။ အဝိဃာတပက္ခိကော၊ ပင်ပန်းစေတဲ့တရားလဲ မဟုတ်ဘူး။ နိဗ္ဗာနသံဝတ္တနိကော၊ နိဗ္ဗာန်ကို ဖြစ်စေတတ်တဲ့တရား – တဲ့။

ဒီဝိတက်ကောင်း သုံးခုဟာ မိမိ မပျက်စီးဘူး, သူတပါး မပျက်စီးဘူး။ မိမိရော သူတပါးပါ မပျက်စီးတဲ့အပြင် ပညာဉာဏ် တိုးပွါးပြီးတော့ မပင်ပန်းတဲ့အတွက် နိဗ္ဗာန်ရောက်ကြောင်းတရား ဖြစ်ခြင်းကြောင့် ဒီဝိတက်ကောင်းသုံးခုကို နေ့တိုင်း ကြံစည်နေရမလား၊ ဘေးမဖြစ်ဘူးလားဆိုတော့—

အပြစ်မရှိ။ ။ပါဠိတော်က ရှေ့အပိုဒ်ရှိသေးတယ်၊ ပြောအုံးမယ်၊ ဘယ်လိုလဲ–

ဒိဝသံ စေပိ နံ ဘိက္ခဝေ အနုဝိတက္ကေယျ အနုဝိစာရေယျ နေဝ တတောနိဒါနံ ဘယံ သမနုပဿာမိ။

အဲဒီ နေက္ခမ္မဝိတက်ကို တနေ့လုံး ကြံစည် စဉ်းစားပြီးတော့ သုံးသပ်ဆင်ခြင်နေခြင်းကြောင့် တစုံတခုသော ဘေးဥပဒ်အန္တရာယ်မရှိဘူးတဲ့ မြတ်စွာဘုရားက၊ ဟုတ်လား။ (မှန်ပါဘုရား။)

တတောနိဒါနံ၊ ထိုနေက္ခမ္မဝိတက်ကို တနေ့လုံး ကြံစည် စဉ်းစားပြီးတော့ သုံးသပ်ဆင်ခြင် နေခြင်းကြောင့်။ ဘယံ၊ ဘေးကို။ နေဝသမနုပဿာမိ၊ ငါဘုရား ကြည့်၍ မြင်တော်မမူ။

ဒီဝိတက်ကို ကြံစည်လို့ရှိရင် ဘေးတော့ မဖြစ်ပါဘူးတဲ့၊ တညလုံး တနေ့လုံး ကြံစည်စဉ်းစား၊ (ဒီဝါကျအတိုင်းဘဲ သွားတယ်နော် ရှည်နေမှာစိုးလို့) အဲဒီလို တနေ့လုံး တညလုံး ကြံစည်စဉ်းစားနေပေတဲ့ ဒီဝိတက်ဟာ ဘယ်နည်းနဲ့မှ ဘေးမရှိတဲ့ ဝိတက်ပါ–တဲ့။ အဲဒီလိုဆို အမြဲကြံစည်နေရမလားဆိုတော့—

သမာဓိမရ။ ။"အပိ စ ခေါ" ဒီဝါကျ တက်လာတယ်။ ပါဠိတော်မှာ အပိ စ ခေါ၊ စင်စစ်သော်ကား။ သို့သော်လဲလို့ ဆိုလိုတဲ့အဓိပ္ပါယ်၊ ဟုတ်လား။

အပိ စ ခေါ မေ အတိစိရံ အနုဝိတက္ကယတော အနုဝိစာရယတော ကာယော ကိလမေယျ။

ဒီလို ကောင်းတဲ့ဝိတက်ပင် ဖြစ်ပါသော်လဲ အဖန်တလဲလဲ သူ့ကိုချည်း စဉ်းစား ဆင်ခြင်နေမယ်ဆိုရင် ဒီခန္ဓာကိုယ် ပင်ပန်းလာလိမ့်မယ်။ အဲဒီခန္ဓာကိုယ် ပင်ပန်းလာရင် ဘာဖြစ်မလဲ-—

"ကာယေ ကိလန္တေ စိတ္တံ ဥပဟညေယျ" ကာယေ၊ ခန္ဓာကိုယ်သည်။ ကိလန္တေ၊ ပင်ပန်းလာသည် ရှိသော်။ စိတ္တံ ဥပဟညေယျ၊ စိတ်ကို ထိခိုက်လာလိမ့်မယ်တဲ့။ အဲဒီလို စိတ်ကို ထိခိုက်လာရင်—

"ဥပဟတေ စိတ္တေ အာရာ စိတ္တံ သမာဓိမှာ"

သမာဓိမှ ဝေးကွာ၍ သွားလိမ့်မယ်။ စိတ်ထိခိုက်လာရင် သမာဓိပျက်သွားလိမ့်မယ်တဲ့။ ပင်ပန်းလာရင် သမာဓိရမှာ မဟုတ်ဘူး၊ ဒီတော့ မြတ်စွာဘုရားက—

"အဇ္ဈတ္တမေဝ စိတ္တံ သဏ္ဌပေမိ"

ဘာဝိတက်ကိုမှ မကြံစည်ဘဲ မိမိစိတ်ကို နိယကဇ္ဈတ္တဆိုတဲ့ ကမ္မဋ္ဌာန်းအာရုံ ဘခုထဲမှာသာလျှင် ငြိမ်အောင် ထားတော့မယ်လို့ ဒီလိုထားပါတဲ့၊ ဟုတ်လား။ (မှန်ပါ။)

ဒါ ဒွေဓာဝိတက္ကသုတ်က ဝိတက်။ သူသာလျှင် ရှောက်ပြီးတော့ လှည့်လည် စဉ်းစားနေသလား ဆိုတော့ အင်္ဂုတ္တိုရ်ပါဠိတော်က ဝိတက် အကြောင်း ရှိသေးတယ်။

**ဝိတက်အပြစ်။** ။စရသုတ္တန်လို့ဆိုပြီးတော့ ဝိတက်အကြောင်း ဟောထားတာ ရှိသေးတယ်၊ သွားနေတဲ့အခါ ကာမဝိတက် မဝင်ဘူးလား။ (ဝင်ပါတယ် ဘုရား။)

မတ်တတ်ရပ်တဲ့အခါကော။　　(ဝင်ပါတယ်ဘုရား။)

အိပ်တဲ့အခါကော။　　(ဝင်ပါတယ်ဘုရား)

ထိုင်နေတဲ့အခါ ကာမဝိတက် မဝင်ဘူးသား။　　(ဝင်ပါတယ်ဘုရား)။

အဲဒီလို ကာမဝိတက်တွေ ဝင်နေတဲ့ပုဂ္ဂိုလ်ဆိုလို့ရှိရင် သူဟာ နိဗ္ဗာန်ရောက်ကြောင်းတရားနဲ့ ဝေးနေတဲ့ ပုဂ္ဂိုလ်ဘဲတဲ့၊ နော်။　　(မှန်ပါဘုရား)။

အင်္ဂုတ္တိုရ်ပါဠိတော် စတုက္ကနိပါတ် စရသုတ္တန်—

စရံ ဝါ ယဒိ ဝါ တိဋ္ဌံ၊ နိသိန္နော ဥဒ ဝါ သယံ။
ယော ဝိတက္ကံ ဝိတက္ကေတိ၊ ပါပကံ ဂေဟနိဿိတံ။

ကုမ္မဂ္ဂပဋိပန္နော သော၊ မောဟနေယျေသု မုစ္ဆိတော။
အဘဗ္ဗော တာဒိသော ဘိက္ခု၊ ဖုဋ္ဌုံ သမ္ဗောဓိမုတ္တမံ။

စရံ ဝါ၊ သွားနေတဲ့ အခါမှာသော်၎င်း။ ယဒိ၊ ထိုမှတပါး။ တိဋ္ဌံ ဝါ၊ ရပ်နေတဲ့အခါမှာသော်၎င်း။ နိသိန္နော ဝါ၊ ထိုင်နေတဲ့ အခါမှာသော်၎င်း။ ဥဒ၊ ထိုမှတပါး။ သယံ ဝါ၊ အိပ်နေတဲ့ အခါမှာသော်၎င်း။ ဂေဟနိဿိတံ၊

ကာမဂုဏ်ဆိုတဲ့ချမ်းသာကို မှီ၍နေသော, ကာမဂုဏ်တည်းဟူသော တဏှာအိမ်ကို မှီ၍နေသော။ ပါပကံ၊ ယုတ်မာလှစွာသော။ ဝိတက္ကံ၊ ကာမဝိတက်, ဗျာပါဒဝိတက်ဆိုတဲ့ ဝိတက်ကို။ ယော၊ အကြင်သူသည်။ ဝိတက္ကေတိ၊ကြံစည်၍နေ၏။

မောဟနေယျသု၊ တွေဝေစရာဖြစ်ကုန်သော အကုသိုလ်တရားတို့၌။ မုစ္ဆိတော၊ တွေဝေ၍နေသော။ ကုမ္မဂ္ဂပ္ပဋိပန္နော၊ အဲဒီဝိတက်၏ လမ်းစဉ်လမ်းမှားကို သွား၍နေသော။ သောဘိက္ခု၊ ထိုရဟန်းသည်။ ဥတ္တမံ၊ မြတ်လှစွာသော။ သမ္ဗောဓိံ၊ အရဟတ္တဖိုလ်တည်းဟူသော ဗောဓိဉာဏ်ကို။ ဖုဋ္ဌုံ၊ ရောက်ခြင်းငှါ။ အဘဗ္ဗော၊ မထိုက်တော့သည်သာတည်း။

**မကြံစည်မှ ဉာဏ်ကိုရ။** ။အဲဒီကာမဝိတက်တွေကို ကြံစည်နေတဲ့ ပုဂ္ဂိုလ်ဟာ အရဟတ္တဖိုလ်ကို မရဘူး-တဲ့၊ အဲဒီလို အင်္ဂုတ္တိုရ်ပါဠိတော် စရသုတ္တန်မှာ ဟောထားတာရှိတယ်-နော်- (မှန်ပါဘုရား)။

ယော စ စရံ ဝါ တိဋ္ဌံ ဝါ၊ နိသိန္နော ဥဒ ဝါ သယံ။
ဝိတက္ကံ သမယိတွာန၊ ဝိတက္ကူပသမေ ရတော။
ဘဗ္ဗော သော တာဒိသော ဘိက္ခု၊ ဖုဋ္ဌုံ သမ္ဗောဓိမုတ္တမံ။

ယော စ၊ အကြင်သူသည်ကား။ စရံဝါ၊ သွားလျက်သော်လည်းကောင်း။ တိဋ္ဌံဝါ၊ ရပ်လျက်သော်လည်းကောင်း။ နိသိန္နောဝါ၊ ထိုင်လျက်သော်လည်းကောင်း။ ဥဒ၊ ထိုမှတပါး။ သယံ ဝါ၊ အိပ်လျက်သော်လည်းကောင်း။ ဝိတက္ကံ၊ ကြံစည်တယ်ဆိုတဲ့ ဝိတက်အပေါင်းကို။ သမယိတွာန၊ ဝိပဿနာဉာဏ်ဖြင့် ရှုဆင်ခြင်သည်ဖြစ်၍။ ဝိတက္ကူပသမေ၊ ဝိတက်အပေါင်း၏ ငြိမ်းရာဖြစ်သော တရားတော်၌။ ရတော၊ မွေ့လျော်ပျော်ပိုက်၍ နေ၏။ သော ဘိက္ခု၊ ထိုရဟန်းသည်။ ဥတ္တမံ၊ မြတ်လှစွာသော။ သမ္ဗောဓိံ၊ အရဟတ္တဖိုလ်ဉာဏ်ကို။ ဖုဋ္ဌုံ၊ တွေ့ထိခြင်းငှါ။ ဘဗ္ဗော၊ ထိုက်လေတော့၏။

ဝိတက်ကို မကြံစည်တဲ့ပုဂ္ဂိုလ်မှ အရဟတ္တဖိုလ် ချမ်းသာကို ရရှိနိုင်တယ်လို့ စရသုတ္တန်က ဒီလိုဟောထားတယ်။

**ကြံစည်ရသည့် အရာ။** ။ရှိသေးတယ် သံယုတ်ပါဠိတော်မှာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ကြံစည်ချင်ရင်ကြံစည်ပါတဲ့၊ မကြံစည်ရဘူးလား (ကြံစည်ရပါတယ် ဘုရား)

ကြံစည်ပါလို့ မဟာဝဂ္ဂသံယုတ်ပါဠိတော် ဝိတက္ကသုတ်မှာ ဟောထားတာရှိသေးတယ်၊ မကြံစည်ရမှာကိုလဲ ဟောထားတယ်၊ ဟုတ်လား (မှန်ပါ)။

မာ ဘိက္ခဝေ ပါပကေ အကုသလေ ဝိတက္ကေ ဝိတက္ကေယျာထ။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ တုမှေ၊ သင်တို့သည်။ ပါပကေ၊ ယုတ်မာကုန်သော။ အကုသလေဝိတက္ကေ၊ အကုသိုလ်ဝိတက်တို့ကို။ မာဝိတက္ကေယျာထ၊ မကြံစည်ကြပါကုန်လင့်။

မကောင်းတဲ့ ယုတ်မာတဲ့အကြံအစည်တွေကို မကြံစည်ကြပါနဲ့ တဲ့၊ ဟုတ်လား (မှန်ပါဘုရား)

သံသရာလည်ကြောင်း လှည့်လည်ကြောင်းကြီး ဖြစ်နေသောကြောင့် မကြံကြနဲ့-တဲ့။ သေယျထိဒံ၊ အဲဒီမကောင်းတဲ့ အကြံအစည်တွေဆိုဒါ ဘာတွေလဲ။ ကာမဝိတက္ကံ, ဗျာပါဒဝိတက္ကံ, ဝိဟိံသာဝိတက္ကံ၊ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသဝိတက်ကို မကြံစည်ပါနဲ့တဲ့-နော် (မှန်ပါ)

**မကြံစည်ရခြင်း အကြောင်း။** ။တံ ကိဿ ဟေတု၊ ထိုသို့ မကြံစည်ရခြင်း၏ အကြောင်းက အဘယ်နည်း။ ဘာပြုလို့ မကြံစည်နဲ့လို့ ဟောရပါသလဲ။

နေတေ ဘိက္ခဝေ ဝိတက္ကာ အတ္ထသံဟိတာ၊ နာဒိဗြဟ္မစရိယကာ၊ န နိဗ္ဗိဒါယ န ဝိရာဂါယ န နိရောဓာယ န ဥပသမာယ န အဘိညာယ န သမ္ဗောဓာယ န နိဗ္ဗာနာယ သံဝတ္တန္တိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဧတေဝိတက္ကာ၊ ထိုကာမဝိတက် ဗျာပါဒဝိတက် ဝိဟိံသဝိတက်တို့သည်။ န အတ္ထသံဟိတာ၊ မိမိ၏အကျိုးစီးပွါးနဲ့ မစပ်ကြကုန်။ [ကိုယ့်အကျိုးစီးပွါး မဟုတ်ဘူး။ ဟုတ်လား (မှန်ပါဘုရား)] နာဒိဗြဟ္မစရိယကာ၊ မြတ်သောအကျင့်ရဲ့ အစလဲမဟုတ်ကြဘူး။ နိဗ္ဗိဒါယ၊ ငြီးငွေ့ခြင်းငှါ။ န၊ မဟုတ်။ ဝိရာဂါယ၊ ရာဂကင်းခြင်းငှါ။ န၊ မဟုတ်။ နိရောဓာယ၊ ရာဂချုပ်ငြိမ်းခြင်းငှါ။ န မဟုတ်။ ဥပသမာယ၊ ကိလေသာမီးငြိမ်းခြင်းငှါ။ န၊ မဟုတ်။ အဘိညာယ၊ သစ္စာလေးပါးကို သိခြင်းငှါ။ န၊ မဟုတ်။ သမ္ဗောဓာယ၊ သစ္စာလေးပါးကို ကောင်းစွာသိခြင်းငှါ။ န၊ မဟုတ်။ နနိဗ္ဗာနာယ သံဝတ္တန္တိ၊ နိဗ္ဗာန်ရောက်ကြောင်းတရား မဟုတ်ကုန်။

အဲဒါကြောင့် မြတ်စွာဘုရားက မကြံစည်နဲ့လို့ ပြောတာ။

**ကြံစည်ရမည့်အရာ။** ။ဝိတက္ကေန္တာ စ ခေါ တုမှေ ဘိက္ခဝေ "ဣဒံ ဒုက္ခ"န္တိ ဝိတက္ကေယျာထ၊ "အယံ ဒုက္ခသမုဒယော"တိ ဝိတက္ကေယျာထ၊ "အယံ ဒုက္ခနိရောဓော"တိ ဝိတက္ကေယျာထ၊ "အယံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ"တိ ဝိတက္ကေယျာထ။

မာ ဘိက္ခဝေ ပါပကေ အကုသလေ ဝိတက္ကေ ဝိတက္ကေယျာထ။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ တုမှေ၊ သင်တို့သည်။ ပါပကေ၊ ယုတ်မာကုန်သော။ အကုသလေဝိတက္ကေ၊ အကုသိုလ်ဝိတက်တို့ကို။ မာဝိတက္ကေယျာထ၊ မကြံစည်ကြပါကုန်လင့်။

မကောင်းတဲ့ ယုတ်မာတဲ့အကြံအစည်တွေကို မကြံစည်ကြပါနဲ့ တဲ့၊ ဟုတ်လား (မှန်ပါဘုရား)

သံသရာလည်ကြောင်း လှည့်လည်ကြောင်းကြီး ဖြစ်နေသောကြောင့် မကြံကြနဲ့-တဲ့။ သေယျထိဒံ၊ အဲဒီမကောင်းတဲ့ အကြံအစည်တွေဆိုဒါ ဘာတွေလဲ။ ကာမဝိတက္ကံ, ဗျာပါဒဝိတက္ကံ, ဝိဟိံသာဝိတက္ကံ၊ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသဝိတက်ကို မကြံစည်ပါနဲ့တဲ့-နော် (မှန်ပါ)

**မကြံစည်ရခြင်း အကြောင်း။** ။တံ ကိဿ ဟေတု၊ ထိုသို့ မကြံစည်ရခြင်း၏ အကြောင်းက အဘယ်နည်း။ ဘာပြုလို့ မကြံစည်နဲ့လို့ ဟောရပါသလဲ။

နေတေ ဘိက္ခဝေ ဝိတက္ကာ အတ္ထသံဟိတာ၊ နာဒိဗြဟ္မစရိယကာ၊ န နိဗ္ဗိဒါယ န ဝိရာဂါယ န နိရောဓာယ န ဥပသမာယ န အဘိညာယ န သမ္ဗောဓာယ န နိဗ္ဗာနာယ သံဝတ္တန္တိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဧတေဝိတက္ကာ၊ ထိုကာမဝိတက် ဗျာပါဒဝိတက် ဝိဟိံသဝိတက်တို့သည်။ န အတ္ထသံဟိတာ၊ မိမိ၏အကျိုးစီးပွါးနဲ့ မစပ်ကြကုန်။ [ကိုယ့်အကျိုးစီးပွါး မဟုတ်ဘူး။ ဟုတ်လား (မှန်ပါဘုရား)] နာဒိဗြဟ္မစရိယကာ၊ မြတ်သောအကျင့်ရဲ့ အစလဲမဟုတ်ကြဘူး။ နိဗ္ဗိဒါယ၊ ငြီးငွေ့ခြင်းငှါ။ န၊ မဟုတ်။ ဝိရာဂါယ၊ ရာဂကင်းခြင်းငှါ။ န၊ မဟုတ်။ နိရောဓာယ၊ ရာဂချုပ်ငြိမ်းခြင်းငှါ။ န မဟုတ်။ ဥပသမာယ၊ ကိလေသာမီးငြိမ်းခြင်းငှါ။ န၊ မဟုတ်။ အဘိညာယ၊ သစ္စာလေးပါးကို သိခြင်းငှါ။ န၊ မဟုတ်။ သမ္ဗောဓာယ၊ သစ္စာလေးပါးကို ကောင်းစွာသိခြင်းငှါ။ န၊ မဟုတ်။ ननိဗ္ဗာနာယ သံဝတ္တန္တိ၊ နိဗ္ဗာန်ရောက်ကြောင်းတရား မဟုတ်ကုန်။

အဲဒါကြောင့် မြတ်စွာဘုရားက မကြံစည်နဲ့လို့ ပြောတာ။

**ကြံစည်ရမည့်အရာ။** ။ဝိတက္ကေန္တာ စ ခေါ တုမှေ ဘိက္ခဝေ "ဣဒံ ဒုက္ခ"န္တိ ဝိတက္ကေယျာထ၊ "အယံ ဒုက္ခသမုဒယော"တိ ဝိတက္ကေယျာထ၊ "အယံ ဒုက္ခနိရောဓော"တိ ဝိတက္ကေယျာထ၊ "အယံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ"တိ ဝိတက္ကေယျာထ။

အဖြေ။　။ယော ခေါ အာဝုသော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော၊ ဣဒံ ဝုစ္စတိ နိဗ္ဗာနန္တိ။

ရာဂကုန်ရင် ဒေါသကုန်ရင် မောဟ ကုန်ရင် အဲဒါ နိဗ္ဗာန်ချမ်းသာဘဲ-တဲ့။ ဒါဟာ နိဗ္ဗာန်ဘဲ-တဲ့။ ဟုတ်လား　　(မှန်ပါဘုရား)

အဲဒီလို ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က နိဗ္ဗာန်ချမ်းသာကို ဖြေပြီးပြီ၊ အခု-မကျေနပ်သေးဘူး၊ အမေးပုစ္ဆာတခု ကျန်နေသေးတယ်၊ နိဗ္ဗာန်အကြောင်းနဲ့ ပတ်သက်လို့ကတော့ဖြင့် ဟောစရာ သုတ္တန်တွေတော်တော်များတယ်။ နိဗ္ဗာန်အကြောင်းနဲ့ ပတ်သက်ပြီးတော့ ရေးထားလိုက်ထာတွေ မြို့ပြင်ကြီးဆရာတော်ကလဲ "ပရမတ္ထသရူပဒီပက"တဲ့၊ ပထမ ရွှေကျင်ဆရာတော်ကြီးကလဲ "ဂမ္ဘီရာဂမ္ဘီရမဟာပရိနိဗ္ဗုတဒီပနီ"တဲ့၊ ဒုတိယ ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးကလဲ "ပရမတ္ထသရူပဘေဒနီ"တဲ့ ရေးထားလိုက်တဲ့ နိဗ္ဗာန်ခန်းကြီးတွေဆိုတာ မနဲဘူး။ ဒီတော့ အဲဒီလောက်ဘဲ, ဘုန်းကြီးတို့ အမျိုးကောင်းသားများ, သမီးများက နိဗ္ဗာန်ဟာ ရာဂကုန်ရာ, ဒေါသကုန်ရာ, မောဟကုန်ရာဆိုတဲ့ ပါဠိတော်အရဘဲ သိထားကြဦးပေါ့၊ ဟုတ်လား။

အမှာ။　။နိဗ္ဗာန်နှင့်ပတ်သက်လို့ နောက်ဆက်တွဲ နိဗ္ဗာန်ခန်းတွင် ကြည့်ပါ။

## တတိယမေးလျှောက်ချက်

**နိဗ္ဗာန်ရောက်ကြောင်း။**　။အဲဒီ နိဗ္ဗာန်ကို ရောက်ကြောင်းဖြစ်တဲ့တရားကို မေးမြန်းလိုသည် ဖြစ်ပါသောကြောင့် အဲဒီ ဥဒယ ရသေ့က တဖန်ပြန်ပြီးတော့ မေးပြန်ပြီ၊ ဘယ့်နှယ်မေးသလဲလို့ ဆိုတော့ သူမေးတဲ့ ဂါထာတပုဒ်က—

**ကထံ သတဿ စရတော၊ ဝိညာဏံ ဥပရုဇ္ဈတိ။**
**ဘဂဝန္တံ ပုဋ္ဌု'မာဂမ္မာ၊ တံ သုဏောမ ဝစော တဝ။**

ဘန္တေ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူပါပေသော မြတ်စွာဘုရား။ ကထံ၊ အဘယ်သို့လျှင်။ သတဿ၊ သတိရှိသည် ဖြစ်၍။ (သမ္ပဇာနဿ၊ စူဠနိဒ္ဒေသကပါဠိကို ယူပြီးပေးဦးမယ်၊ ဒီမှာ မပါဘူး)။ သမ္ပဇာနဿ၊ ပညာအဆင်အခြင် ရှိသည်ဖြစ်၍။ စရတော၊ ကျင့်သောသူ အား။ ဝိညာဏံ၊ အဘိသင်္ခါရဝိညာဉ်သည်။ ဥပရုဇ္ဈတိ၊ ချုပ်ငြိမ်းပါသနည်း။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာ ဘုရားကို။ ပုဋ္ဌုံ၊ မေးလျှောက်ပါခြင်းငှါ။ အာဂမာ၊ ထံတော်မှောက်သို့ ရောက်လာပါ၏ဘုရား။ (ပါဠိမှာ ဆန်းကြောင့် "မ္မာ"ဖြစ်နေသည်။) တဝ၊

**ပါရာယန(၃) ၁၉—ပ-မ-ဗ-ဆ-စ**

ဘုန်းတော်ကျော်ကြား ရှင်တော်မြတ်ဘုရား၏။ တံဝစော၊ ထိုဟောကြားတော်မူတဲ့ တရားစကားတော်ကို။ သုဏောမ၊ နာခံမှတ်သားလိုပါကုန်၏။ ဘုရား။

**အစိပ္ပါယ်။** ။အရှင်ဘုရားတဲ့ သတိပညာနှင့် ပြည့်စုံပြီးတော့ အဘယ်သို့ကျင့်တဲ့ပုဂ္ဂိုလ်အား ပဋိသန္ဓေ နောက်ထပ်မနေရတဲ့ အဘိသင်္ခါရ-ဝိညာဉ် ချုပ်ငြိမ်းပါသနည်း၊ "ဝိညာဉ်"လို့ ဆိုတာက စက္ခုဝိညာဉ်, သောတ-ဝိညာဉ်, ဃာနဝိညာဉ်, ဇိဝှါဝိညာဉ်, ကာယဝိညာဉ်-ဆိုတဲ့ အဲဒီဝိညာဉ်တွေကို ပြောတာမဟုတ်ဘူး၊ နော်။ (မှန်ပါဘုရား)။

ဘာဝိညာဉ်လဲ၊ ပဋိသန္ဓေနေရမဲ့ ဝိညာဉ်၊ ပဋိသန္ဓေဝိညာဉ်လဲ မဟုတ်ဘူး၊ ပဋိသန္ဓေ နေတတ်တဲ့ဝိညာဉ်၊ ဟုတ်လား။ (မှန်ပါဘုရား)။

ဒီတော့ အဲဒီ ဝိညာဉ် ဘယ်လိုချုပ်ပါသလဲလို့ မေးတဲ့အမေးပေါ့၊ ဟုတ်လား။ (မှန်ပါဘုရား)။

ဒါ နောက်တော့ မြတ်စွာဘုရား ဟောတဲ့ ဝိညာဉ်ကို ဘုန်းကြီး ဆက်ဟောပေးပါဦးမယ်။

သတိပညာနဲ့ ပြည့်စုံပြီးတော့ အဘယ်သို့ ကျင့်သောပုဂ္ဂိုလ်အား ဝိညာဉ် ချုပ်သွားပါသလဲဘုရား–တဲ့။ ဝိညာဉ်ချုပ်တယ်ဆိုတာ သေတာကို ပြောတာ မဟုတ်ဘူး၊ နော်။ (မှန်ပါဘုရား)။

## တတိယအဖြေတရားတော်

"အရှင်ဘုရားရဲ့ တရားတော်ကို နာလိုပါတယ်, တရားဟောကြားပေးတော်မူပါ"ဆိုတော့ မြတ်စွာဘုရားဟောတယ် ဂါထာတပုဒ်၊ ဘယ်နှယ်ဟောသလဲ—

**အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါ စ၊ ဝေဒနံ နာဘိနန္ဒတော။**
**ဧဝံ သတဿ စရတော၊ ဝိညာဏံ ဥပရုဇ္ဈတိ။**

ဥဒယသုတ္တန် ပြီးဆုံးသွားပြီနော်။ (မှန်ပါဘုရား)။

ဥဒယ၊ ဥဒယရသေ့။ အဇ္ဈတ္တဉ္စ၊ အဇ္ဈတ္တသန္တာန်၌လည်းကောင်း။ ဗဟိဒ္ဓါ စ၊ ဗဟိဒ္ဓသန္တာန်၌လည်းကောင်း။ ဝေဒနံ၊ ဝေဒနာကို။ နာဘိနန္ဒတော၊ မနှစ်သက်သောပုဂ္ဂိုလ်အား။ ဧဝံ၊ ဤသို့။ သတဿ၊ သတိရှိသည်ဖြစ်၍။ သမ္ပဇာနဿ၊ ပညာအဆင်ခြင်ရှိသည်ဖြစ်၍။ စရတော၊ ကျင့်သောပုဂ္ဂိုလ်အား။ ဝိညာဏံ၊ အဘိသင်္ခါရဝိညာဉ်သည်။ ဥပရုဇ္ဈတိ၊ အကြွင်းမဲ့ ချုပ်ငြိမ်း၍ ရုပ်သိမ်းရလေတော့သတည်း။

သာဓု–သာဓု–သာဓု

ကိုင်း....အဲဒီမှာ ဟောပေးဘို့အချက်က "အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါ စ၊ ဝေဒနံ နာဘိနန္ဒတော" အဇ္ဈတ္တ ဗဟိဒ္ဓ ဝေဒနာကို မနှစ်သက်တဲ့ ပုဂ္ဂိုလ်သည် အာဘိသင်္ခါရဝိညာဉ် ချုပ်တယ်၊ မြတ်စွာဘုရား ဟောတဲ့အဓိပ္ပါယ် ဒါဘဲ။ ပိဋကတ္တ အဓိပ္ပါယ်က၊ နော်။　　(မှန်ပါဘုရား)။

**ဝေဒနာမစွဲလမ်းရ။**　။နောက်ကလဲ ဝေဒနာအကြောင်းနဲ့ပတ်သက်လို့ ဝေဒနာ ခါတ်ဖော်ပုံတွေ ဟောပေးပစ်ခဲ့တယ်၊ ဒါပေမဲ့ ပါဠိတော်က ဝေဒနာကို မနှစ်သက်ရဘူးလို့ဆိုတော့ အဇ္ဈတ္တ ဗဟိဒ္ဓ ဝေဒနာကို မနှစ်သက်ရဘူးလို့ ဟောပေးထားတယ်။ ဒီတော့ စူဠနိဒ္ဒေသပါဠိတော်က ဘယ့်နှယ် ပြောထားသလဲဆိုတော့——

အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါ စ ဝေဒနံ နာဘိနန္ဒတောတိ အဇ္ဈတ္တံ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရန္တော ဝေဒနံ နာဘိနန္ဒတိ နာဘိဝဒတိ န အဇ္ဈောသေတိ။

အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါ စ ဝေဒနံ နာဘိနန္ဒတောတိ၊....ဝေဒနံ နာဘိနန္ဒတော ဟူသည်ကား။ အဇ္ဈတ္တံ၊ အဇ္ဈတ္တသန္တာန်၌ဖြစ်သော။ ဝေနာသု၊ ဝေဒနာတို့၌။ ဝေဒနာနုပဿီ၊ ဝေဒနာဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရန္တော၊ နေလေ့ရှိသောသူအား။ ဝေဒနံ၊ ဝေဒနာကို။ နာဘိနန္ဒတိ၊ မနှစ်သက်။ နာဘိဝဒတိ၊ ကောင်းတယ်လို့မပြောဆို။ နအဇ္ဈောသေတိ၊ စွဲလမ်း၍မထား။

ဆိုလိုတဲ့အဓိပ္ပါယ်က ဘာပြောသလဲဆိုတော့ အဇ္ဈတ္တသန္တာန်မှာ ရှိနေတဲ့ ဝေဒနာကို ဝေဒနာလို့ ရှုနေတဲ့ပုဂ္ဂိုလ်ဟာတဲ့ ဝေဒနာကို မနှစ်သက်တော့ပါဘူးတဲ့။ နာဘိနန္ဒတော-ဖြစ်သွားပြီ၊မနှစ်သက်တော့ဘူးတဲ့၊ နော်။ (မှန်ပါဘုရား)။

ဗဟိဒ္ဓါ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရန္တော ဝေဒနံ နာဘိနန္ဒတိ နာဘိဝဒတိ န အဇ္ဈောသေတိ။

ဗဟိဒ္ဓါ၊ ဗဟိဒ္ဓသန္တာန်၌ဖြစ်သော။ ဝေဒနာသု၊ ဝေဒနာတို့၌။ ဝေဒနာနုပဿီ၊ ဝေဒနာဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရန္တော၊နေလေ့ရှိသော ပုဂ္ဂိုလ်အား။ ဝေဒနံ၊ ဝေဒနာကို။ နာဘိနန္ဒတိ၊ မနှစ်သက်။ နာဘိဝဒတိ၊ ကောင်းတယ်လို့ မပြောဆို။ နအဇ္ဈောသေတိ၊ စွဲလမ်း၍မထား။

ဟုတ်လား အဇ္ဈတ္တ ဗဟိဒ္ဓ ဝေဒနာ၊ ဒါ ပြောလိုက်ပြီ။

## ဝေဒနာရှုနည်း

ဒါဖြင့် အဇ္ဈတ္တ ဗဟိဒ္ဓဝေဒနာကို ဝေဒနာလို့ ရှုတော့ ဘယ်လိုရှုသလဲလို့ ဆိုတော့ ဋီကာပိဋကတ်ပါဠိတော်တို့က ဝေဒနာကို ဘယ့်နှယ်ပြောထားသလဲ ဆိုတော့

အဇ္ဈတ္တမှာ ဖြစ်တဲ့ ဝေဒနာက "ကိဿော ဗှေမေ ဘိက္ခဝေ ဝေဒနာ၊ ကတမာ တိဿော သုခဝေဒနာ ဒုက္ခဝေဒနာ အဒုက္ခမသုခဝေဒနာ"တဲ့ ပါဠိတော်။

အဇ္ဈတ္တမှာ ဖြစ်တဲ့ ဝေဒနာက ဘယ်နှစ်မျိုးလဲ?။ (သုံးမျိုးပါဘုရား)။
ဗဟိဒ္ဓမှာဖြစ်တဲ့ဝေဒနာက ဘယ်နှစ်မျိုးလဲ?။ (သုံးမျိုးပါဘုရား။)

ဘာတဲ့လဲ၊ သုခဝေဒနာ, ဒုက္ခဝေဒနာ, အဒုက္ခမသုခဝေဒနာ၊ အဲဒီလို ဝေဒနာတွေ ပေါ်လာတဲ့အခါ သုခဝေဒနာ အဇ္ဈတ္တမှာဘဲ ဖြစ်ဖြစ်, ဗဟိဒ္ဓမှာဘဲ ဖြစ်ဖြစ် ဘယ့်နှယ်ရှုရမလဲ မနှစ်သက်အောင်။

"သုခဝေဒနာ ဒုက္ခတော ဒဋ္ဌဗ္ဗာ" သုခဝေဒနာကို ဒုက္ခလို့ ရှုပါတဲ့ မနှစ်သက်အောင်၊ ရှုတတ်ပါ့မလား။ ဟင်–အင်မတန် ချမ်းသာနေတာကို ဆင်းရဲတယ်လို့ ရှုရမယ်။ "သုခဝေဒနာ၊ သုခဝေဒနာကို။ ဒုက္ခတော၊ ဒုက္ခအနေအားဖြင့်။ ဒဋ္ဌဗ္ဗာ၊ ရှုအပ်ကုန်၏။"

သုခဝေဒနာကို ဒုက္ခလို့ရှုမှ အဲဒီ သုခဝေဒနာကို မနှစ်သက်မှာ၊ "ဝေဒနံ နာဘိနန္ဒတော"ဖြစ်မှာ။ဘယ့်နှယ်လုပ်ရှုမလဲဆိုတော့ ဘုန်းကြီးတို့ မဇ္ဈိမနိကာယ် မူလပဏ္ဏာသပါဠိတော် စူဠဝေဒလ္လသုတ္တန်မှာ ဘယ်လိုဟောထားသလဲ။

သုခါ ပနာယျေ ဝေဒနာ ကိံ သုခါ ကိံ ဒုက္ခာ"၊

"သုခဝေဒနာလို့ဆိုတာ အဘယ့်ကြောင့် သုခမည်သနည်း။ အဘယ့်ကြောင့် ဒုက္ခ မည်သနည်း"၊ အဲဒါက အမေး၊ အဖြေက ဘယ့်နှယ်ဖြေသလဲ—

"သုခါ ဝေဒနာ ဌိတိသုခါ ဝိပရိဏာမဒုက္ခာ"

သုခါဝေဒနာ၊ သုခဝေဒနာသည်။ ဌိတိသုခါ၊ တည်နေရင် သုခ။ ဝိပရိဏာမ-ဒုက္ခာ၊ ပျက်စီးသွားရင် ပြောင်းရွှေ့သွားရင် ဒုက္ခ။

ဒီတော့ သုခဝေဒနာကို ဒုက္ခလို့ ဘယ်လိုရှုရမလဲဆိုတော့ သုခဝေဒနာရဲ့ ဝိပရိဏာမအချက်ကို မြင်အောင် ကြည့်ပြီးတော့ ရှု။ သုခဝေဒနာ ဖြစ်လာပြီးတော့ ရိပ်ရိပ် ရိပ်ရိပ်နဲ့ ကုန်တဲ့ ပျောက်တဲ့ဘက်ကို ပြောင်းရွှေ့သွားရင် ဒုက္ခလား, သုခလား? (ဒုက္ခပါဘုရား)

အဲ–သုခဝေဒနာကို ဒုက္ခလို့ ရှုတဲ့၊ ရှုကွက်ပေါ်ပြီနော်။ (မှန်ပါဘုရား)။

ဒုက္ခဝေဒနာ-ကျတော့ ဘယ့်နှယ်ရှုရမလဲ–

"ဒုက္ခဝေဒနာ သလ္လတော ဒဋ္ဌဗ္ဗာ"

ဒုက္ခဝေဒနာ၊ ဒုက္ခဝေဒနာကို။ သလ္လတော၊ ငြောင့်ကြီးသဖွယ်ဟူ၍။ ဒဋ္ဌဗ္ဗာ၊ ရှုအပ်ကုန်၏။

ဒုက္ခဝေဒနာကျတော့ ပြောင့်နဲ့တူတယ်လို့ ရှုတဲ့။ ပြောင့်စူးတဲ့ ပုဂ္ဂိုလ်လိုဘဲတဲ့။ ခန္ဓာကိုယ်ကို တစုံတခုသောအရာဝတ္ထုနဲ့ စူးရှသွားမယ်ဆိုရင်—

စူးစတုန်းကတော့ မနာဘူးလား။ (နာပါတယ်ဘုရား)။

စူးနေတုန်းကော မနာဘူးလား။ (နာပါတယ်ဘုရား)။

နှုတ်လိုက်တော့ကော မနာဘူးလား။ (နာပါတယ်ဘုရား)။

အဲဒီ ဥပမာမျိုးလိုဘဲ "ဒုက္ခဝေဒနာဆိုတာ ဖြစ်တုန်းကလဲ မသက်သာဘူး, တည်နေတော့လဲ မသက်သာဘူး, ပျက်စီးတော့လဲ မသက်သာဘူး"လို့ ရှုရမယ်တဲ့၊ ဒုက္ခဝေဒနာကို ရှုတတ်ပလား။ (ရှုတတ်ပါပြီဘုရား)။

ရှုတတ်ပြီနော်။ (မှန်ပါ)။

"အဒုက္ခမသုခါ ဝေဒနာ အနိစ္စတော ဒဋ္ဌဗ္ဗာ"

အဒုက္ခမသုခဝေဒနာဆိုတဲ့ တရားကျတော့ အနိစ္စလို့ ရှု။ ကုန်တဲ့ပျောက်တဲ့ သဘောလို့ ရှု၊ ဟုတ်လား။ (မှန်ပါဘုရား)။

ရှုတတ်သွားပြီနော်။ (မှန်ပါ)။

အဲဒီလို သုခဝေဒနာ, ဒုက္ခဝေဒနာ, အဒုက္ခမသုခဝေဒနာကို အနိစ္စလို့ရှုရင်, ဒုက္ခလို့ရှုရင်, အနတ္တလို့ရှုရင် "ဝေဒနံ နာဘိနန္ဒတိ"၊ ဝေဒနံ၊ ဝေဒနာကို။ နာဘိနန္ဒတိ၊ မနှစ်သက်တော့ဘူး။

**ဝေဒနာတည်ရာ။** ။ဒါဖြင့် အဲဒီ အဇ္ဈတ္တဝေဒနာတွေ, ဗဟိဒ္ဓဝေဒနာတွေဆိုတာ ဘယ်ကလာသလဲ၊ ဘယ်သူ့ကို အဇ္ဈတ္တ, ဘယ်သူ့ကို ဗဟိဒ္ဓလို့ ခေါ်သလဲလို့ဆိုတော့ အဋ္ဌကထာဆရာက မိမိသန္တာန်မှာဖြစ်တဲ့ သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာကိုတော့ အဇ္ဈတ္တ၊ သူတပါးသန္တာန်မှာဖြစ်တဲ့ သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာတွေကိုတော့ ဗဟိဒ္ဓဝေဒနာ ခေါ်တယ်တဲ့ အဋ္ဌကထာဆရာကြီးက ဒီလိုပြောထားတာရှိတယ်။

**အဇ္ဈတ္တဝေဒနာ။** ။ဒါဖြင့် ဘုန်းကြီးက ဒီအထဲမှာ ပြောအုံးမယ်, အဇ္ဈတ္တဝေဒနာကို သရုပ်ဖော်ပေးအုံးမယ် ဘုန်းကြီးက၊ နော်။

(မှန်ပါ)။

အဇ္ဈတ္တဝေဒနာကို မနှစ်သက်တော့ဘူးဆိုတော့ အဲဒီ အဇ္ဈတ္တဝေဒနာတွေဆိုတာ ဘယ်နေရာမှာ ရှိသလဲ? ပြီးတော့ ဝိညာဉ်ချုပ်ဖို့ဆိုတော့ ဝိညာဉ်ကလဲ ဘာဝိညာဉ်ကို ပြောထားသလဲဆိုတော့ ဝိညာဉ်ကလဲဘဲ—

ပုညာဘိသင်္ခါရဂတံ ဝိညာဏံ အပုညာဘိသင်္ခါရဂတံ ဝိညာဏံ အာနေဉ္ဇာဘိသင်္ခါရဂတံ ဝိညာဏန္တိ။ (စူဠနိဒ္ဒေသပါဠိတော်)

ဝိညာဉ်ဆိုတာ ဒီနေရာမှာ စက္ခုဝိညာဉ် သောတဝိညာဉ်စသည်တို့ကို ပြောတာ မဟုတ်ပါဘူး–တဲ့။

၁။ ပုညာဘိသင်္ခါရနှင့် တကွဖြစ်သော ဝိညာဉ်။

၂။ အပုညာဘိသင်္ခါရဆိုတဲ့ အကုသိုလ်နဲ့ တွဲဖြစ်တဲ့ ဝိညာဉ်။

၃။ အာနေဉ္ဇာဘိသင်္ခါရဆိုတဲ့ ဈာန်သမာပတ်တွေနဲ့ တွဲပြီးတော့ ဖြစ်တဲ့ ဝိညာဉ်တဲ့၊ ဟုတ်လား–နော်။ (မှန်ပါဘုရား)

**သောမနဿဝေဒနာရှုပုံ။** ။ဒီတော့ ပုညာဘိသင်္ခါရနဲ့ တွဲဖြစ်တဲ့ ဝိညာဉ်ဆိုတော့ ကာမာဝစရ ကုသိုလ်စိတ် မရှိဘူးလား။ (ရှိပါတယ်ဘုရား)။

အဲဒီ ကာမာဝစရကုသိုလ်စိတ်ကို ပုညာဘိသင်္ခါရဝိညာဉ်လို့ ခေါ်တယ်။ အဲဒီ ကာမာဝစရကုသိုလ်စိတ်က ဘာနဲ့တွဲသလဲလို့ဆိုတော့ “သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံ”လို့ဆိုတော့ အဲဒီ ပုညာဘိသင်္ခါရဝိညာဉ်ကို သောမနဿဝေဒနာနဲ့ တွဲထားသလား၊ တွဲမထားဘူးလား။ (တွဲထားပါတယ်ဘုရား)။

အဲဒီ သောမနဿဝေဒနာသည် အဇ္ဈတ္တဖြစ်တဲ့ ဝေဒနာ၊ သဘောကျပြီလား။ (သဘောကျပါပြီဘုရား)။

အဲဒီ သောမနဿဝေဒနာကို ဘယ်လိုလုပ်ရမလဲ။ “အနိစ္စတော၊ ဒုက္ခတော ဒဋ္ဌဗ္ဗာ” လုပ်မှ ဉာဏ်နဲ့သမ္ပယုတ္တ ဖြစ်မယ်၊ စေတနာစေတသိက်နဲ့ ယှဉ်တဲ့ ကာမာဝစရသောမနဿ ကုသိုလ်စိတ်၊ ရူပါဝစရကုသိုလ်စိတ်ကို ပုညာဘိသင်္ခါရလို့ ခေါ်တယ်–နော်။ (မှန်ပါဘုရား)။

အဲဒီ ပုညာဘိသင်္ခါရခေါ်တဲ့ ဝိညာဉ်က ချုပ်ရမှာ၊ ချုပ်တယ်ဆိုတာ ဘာက ချုပ်ရမလဲဆိုတော့ သူ့နောက်မှာ တွဲနေတဲ့ မျိုးစေ့ကို ပေးနိုင်တဲ့ တဏှာက ချုပ်ရမယ်။ တဏှာက ဘယ်သူနဲ့ တွဲဖြစ်သလဲဆိုတော့ သောမနဿဝေဒနာနဲ့ တွဲဖြစ်တယ်။ သောမနဿဝေဒနာဆိုတာ သုခဝေဒနာလား၊ ဒုက္ခဝေဒနာလား။ (သုခဝေဒနာပါဘုရား)။

အဲဒီ သောမနဿဝေဒနာခေါ်တဲ့ သုခဝေဒနာနဲ့ အခု ဘယ်သူနဲ့ တွေ့နေသလဲ၊ ကာမာဝစရကုသိုလ်ခေါ်တဲ့ ပုညာဘိသင်္ခါရဝိညာဉ်နဲ့ တွေ့နေသလား၊ တွေ့မနေဘူးလား။ (တွေ့နေပါတယ်ဘုရား)။

ဒီတော့ အဲဒီလိုတွေ့နေတဲ့ သောမနဿဝေဒနာသိုတဲ့ သုခဝေဒနာမှာ ဘာ အနုသယဖြစ်နိုင်သလဲ "သုခါယ ဝေဒနာယ ရာဂါနုသယော အနုသေတိ။ ရာဂါ-နုသယ ဖြစ်ခွင့်မရဘူးလား။ (ရပါတယ်ဘုရား)။

ရာဂါနုသယဆိုတာ ဘယ်သူလဲ၊ တဏှာ၊ အဲဒီ တဏှာဟာ အဖော်လေး ဖြစ်မနေဘူးလား သူ။ (ဖြစ်နေပါတယ်ဘုရား)။

"တဏှာဒုတိယော ပုရိသော" ခုနက ပါဠိတော်မှာ။ အဲဒီတော့ ဝမ်း မြောက်ထာကလေးနဲ့သာ နေမယ်ဆိုရင်တော့ ဒီကာမာဝစရကုသိုလ်ဟာ ဘယ် သူနဲ့ တွဲသွားမလဲ၊ တဏှာနဲ့ တွဲသွားပြီ။ ဒါဖြင့် အဲဒီ သောမနဿဝေဒနာ ခေါ်တဲ့ သုခဝေဒနာကို ရာဂါနုသယ ဖြစ်ခွင့်မရအောင် ဘယ်လိုလုပ်ရမလဲ၊ "သုခါ ဝေဒနာ ဒုက္ခတော ဒဋ္ဌဗ္ဗာ"၊ အဲဒီ သောမနဿဆိုတဲ့ သုခဝေဒနာကို ဒုက္ခလို့ ရှုလိုက်ပါတဲ့၊ ဘာလို့ ရှုရမလဲ။ (ဒုက္ခလို့ ရှုရမှာပါဘုရား)။

သုခဝေဒနာရဲ့ ဌိတိသုခ, ဝိပရိဏာမဒုက္ခ ဆိုတဲ့ သောမနဿဝေဒနာရဲ့ ဝိပရိဏာမအချက်ကို မြင်အောင်ကြည့်လိုက်ရင် ဒုက္ခကို မမြင်ဘူးလား။
(မြင်ပါတယ်ဘုရား)။

အဲဒီလိုမြင်တာကို ဘာလို့ ခေါ်သလဲ၊ ဉာဏ်။ သောမနဿသဟဂတံ ဉာဏ-သမ္ပယုတ္တံ အသင်္ခါရိကမေကံ=စိတ်-တခု၊ ဟုတ်လား။ (မှန်ပါ)။

အဲဒီလို သောမနဿဝေဒနာလို့ခေါ်တဲ့ ပုညာဘိသင်္ခါရနဲ့ တွဲပြီးတော့ဖြစ်တဲ့ သောမနဿဝေဒနာကို ဒုက္ခလို့ရှုလိုက်တဲ့၊ ဉာဏ်နဲ့ တွဲလိုက်တော့ရင် ဒီသောမနဿ ဝေဒနာကို နှစ်သက်ဦးမလား, မနှစ်သက်ဘူးလား။ (မနှစ်သက်ပါဘုရား)။

"ဝေဒနံ နာဘိနန္ဒတော"၊ ဝေဒနံ၊ ဝေဒနာကို။ နာဘိနန္ဒတော၊ မနှစ်သက် သော ပုဂ္ဂိုလ်အား။ ဝိညာဏံ၊ ပုညာဘိသင်္ခါရလို့ဆိုတဲ့ ဝိညာဉ်သည်။ ဉပရုဇ္ဈတိ၊ ချုပ်ငြိမ်းလေတော့၏။ ဝိပါက်လာဦးမလား။ (မလာတော့ပါဘူးဘုရား)။

နိရောဓသစ္စာ သဘောကျပလား။ (ကျပါပြီဘုရား)။

နို့ အကုသိုလ်တော့ ဘယ်လိုလဲဘုရား၊ အကုသိုလ်နဲ့တွဲတဲ့ ဝိညာဉ်စိတ် အပုညာဘိသင်္ခါရနဲ့တွဲတဲ့ ဝိညာဉ်စိတ်၊ ဟုတ်ပလား။ (မှန်ပါဘုရား)။

အဲဒီ အပုညာဘိသင်္ခါရလို့ဆိုတော့ လောဘမူစိတ် ဆိုကြပါစို့ရဲ့။ လောဘမူ စိတ်မှာ ဘာရှိသလဲ၊ "သောမနဿသဟဂတံ ဒိဋ္ဌိဂတသမ္ပယုတ္တံ အသင်္ခါရိက-မေကံ"၊ အခု ဝိညာဉ်ချုပ်ဖို့နဲ့ ပတ်သက်ပြီးတော့ လျှောက်နေတဲ့အခါမှာ ဝေဒနာခေတ်ဖော်နေတာ၊ နော်။ (မှန်ပါ)။

ဘယ်မှာတွေ့နေသလဲ ဝေဒနာ၊ အပုညာဘိသင်္ခါရနဲ့ တွဲပြီးတော့ဖြစ်တဲ့ ဝေဒနာကို မနှစ်သက်ရဘူးတဲ့။ (မှန်ပါ)။

အပါယ်လေးပါး မရောက်အောင်၊ ဟုတ်လား။ (မှန်ပါ)။

အပုညာဘိသင်္ခါရတည်းဟူသော အဘိသင်္ခါရဝိညာဉ်နဲ့ တွဲတဲ့ ဝေဒနာက ဘယ်သူလဲ၊ "သောမနဿသဟဂတံ ဒိဋ္ဌိဂတသမ္ပယုတ္တံ အသင်္ခါရိကမေကံ" စိတ်တခု၊ သောမနဿသဟဂတံ၊ သောမနဿဝေဒနာနှင့် တကွဖြစ်သော။ ဒိဋ္ဌိဂတသမ္ပယုတ္တံ၊ ဒိဋ္ဌိစေတသိက်နှင့်ယှဉ်သော။ အသင်္ခါရိကံ၊ တိုက်တွန်းခြင်းကင်းသော။ စိတ္တံ၊ လောဘမူစိတ်က။ ဧကံ၊ တခု။ အဲဒီ လောဘမူစိတ်သည် အဘိသင်္ခါရဝိညာဉ်။

အဲဒီတော့ သူ့နောက်နား ဘယ်သူရှိသလဲဆိုတော့ သောမနဿနဲ့ တွဲဖြစ်နေတာ မဟုတ်လား၊ ဒိဋ္ဌိနဲ့ တွဲဖြစ်နေတယ် မဟုတ်လား။ အဲဒီ သောမနဿဝေဒနာ မရှိဘူးလား သူ့မှာ။ (ရှိပါတယ်ဘုရား)။

ဒီတော့ အဲဒီ သောမနဿဝေဒနာကို "ဒုက္ခတော ဒဋ္ဌဗ္ဗာ"လို့ ရှုလိုက်။ အဲဒီလို ရှုရင် ဒိဋ္ဌိယှဉ်လို့ ရအုံးမလား။ (မရတော့ပါဘုရား)။

ဒိဋ္ဌိယှဉ်လို့မရရင် အဲဒီအကုသိုလ်က ဟိုဘက်မှာ အကျိုးပေးလို့ ရအုံးမလား, မရတော့ဘူးလား။ (မရတော့ပါဘုရား)။

နေရာကျလိုက်ထာ။ အဲဒါကြောင့် "ဝေဒနံ နာဘိနန္ဒတော"။ ဝေဒနံ၊ အဲဒီ သောမနဿဝေဒနာကို။ နာဘိနန္ဒတော၊ ဒုက္ခလို့မြင်နေသည် ဖြစ်သောကြောင့် မနှစ်သက်သောပုဂ္ဂိုလ်အား။ ဝိညာဏံ၊ အပုညာဘိသင်္ခါရဆိုတဲ့ ဝိညာဉ်သည်။ ဉပရုဇ္ဈတိ၊ ချုပ်ငြိမ်း၏။ ပဋိသန္ဓေမျိုးမလာတော့ဘူး။ နိရောဓသစ္စာ၊ ဟုတ်လား။ (မှန်ပါဘုရား)။

**ဒေါမနဿဝေဒနာရှုပုံ။** ။နောက်တချက် "ဒေါမနဿသဟဂတံ ပဋိဃသမ္ပယုတ္တံ အသင်္ခါရိကမေကံ" ဟုတ်လား။

(မှန်ပါဘုရား)။

သင်္ဂြိုဟ်က ဒေါသမူဒွေမှာ ဒေါမနဿဝေဒနာ မရှိဘူးလား။

(ရှိပါတယ်ဘုရား)။

အဲဒီ ဒေါမနဿဝေဒနာဟာ ဘာဝေဒနာလဲ၊ သုခဝေဒနာလား, ဒုက္ခဝေဒနာလား။ (ဒုက္ခဝေဒနာပါဘုရား)။

အဲဒီ ဒုက္ခဝေဒနာကိုရှုတော့ ဘယ့်နှယ်ရှုရမလဲ၊ ခုန ပါဠိတော်က "ဒုက္ခာ ဝေဒနာ သလ္လတော ဒဋ္ဌဗ္ဗာ၊ အဲဒီ ဒုက္ခဝေဒနာကလဲဘဲ ဖြစ်တော့ မသက်သာဘူး၊ တည်နေတော့ကော။ (မသက်သာပါဘုရား)။

ပျက်စီးသွားတော့ကော။　　　(မသက်သာပါဘုရား)။

ဒါဖြင့် အဲဒီ ဒေါမနဿဝေဒနာဖြစ်ရတာ ဘယ်မှာ သက်သာသလဲ။
(ဘယ်မှာမှ မသက်သာပါဘုရား)။

ဘယ်မှာမှ မသက်သာသည်ဖြစ်သောကြောင့် သူကို ဒုက္ခသစ္စာလို့ ရှုလိုက်ရင် ဒေါမနဿဝေဒနာကြီး ရှိအုံးမလား။　　　(မရှိတော့ပါဘုရား)။

ဒေါမနဿဝေဒနာနဲ့ မတွဲရသည်ဖြစ်သောကြောင့် အဲဒီ ဒေါသမူဒွေနှင့်ယှဉ်တဲ့ ဒေါမနဿဝေဒနာဟာ မချုပ်ပေဘူးလား။ (ချုပ်သွားပါတယ်ဘုရား)။

အဲဒီအထဲမှာ သတိနဲ့ပညာ ပါနေပြီနော်၊ ခုနက ဝေဒနာတွေကို သောမနဿ, ဒေါမနဿဝေဒနာတွေကို "အနိစ္စ, ဒုက္ခ"လို့ ရှုနေတာဟာ ဉာဏ်မဟုတ်ဘူးလား။ (မှန်ပါဘုရား)။

အဲဒါကို သမ္မာဉလို့ခေါ်တယ်။ အဲဒီ ဝေဒနာတွေကို ထင်ရှားအောင်လုပ်တာက ဘယ်သူလဲ။ (သတိပါဘုရား)။

အဲဒီ သတိနဲ့ ပညာနဲ့ ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်လို့ ဆိုလိုတယ် အဓိပ္ပါယ်က။ အဲဒါက "ဝေဒနံ နာဘိနန္ဒတော၊ အာနေဉ္စာဘိသင်္ခါရဂတံ ဝိညာဏံ"လို့ စူဠနိဒ္ဒေသက ဖွင့်ထားတယ်။ "အာနေဉ္စာဘိသင်္ခါရဂတံ"ဆိုတာ ဘယ်သူတွေလဲ၊ အာနေဉ္စာဘိသင်္ခါရ ဆိုတာ ခပ်ကျဉ်းကျဉ်းပြောရရင်တော့ ကုသိုလ်တွေပေါ့၊ ဟုတ်လား။ အဲဒီ ခုနပြောတဲ့ စတုတ္ထ အရူပဈာန်တို့ ပဥ္စမဈာန်တို့ဟာ အာနေဉ္စာဘိသင်္ခါရ မဟုတ်ဘူးလား။ (မှန်ပါဘုရား)။

**ဥပေက္ခာဝေဒနာရှုပုံ။**　။အဲဒီဈာန်စိတ်တွေမှာကော ဘာရှိနေသလဲ၊ ဥပေက္ခာဝေဒနာ ဆိုတာ ရှိမနေဘူးလား။ (ရှိနေပါတယ်ဘုရား)။

စတုတ္ထဈာန်မှာ "သုခဿစ ပဟာနာ ဒုက္ခဿစ ပဟာနာ ပုဗ္ဗေဝ သောမနဿဒေါမနဿာနံ အတ္ထင်္ဂမာ"လို့ဆိုတော့ သုခဒေနာလဲ မရှိဘူး, ဒုက္ခဝေဒနာ, သောမနဿဝေဒနာလဲမရှိဘူး, ဒေါမနဿဝေဒနာလဲမရှိဘူး၊ ဘာဝေဒနာ ရှိနေသလဲ။ (ဥပေက္ခာဝေဒနာပါဘုရား)။

ဥပေက္ခာဝေဒနာရှိနေတော့ အဲဒီ ဥပေက္ခာဝေဒနာကို ဘယ့်နှယ်ရှုရမလဲ၊ "ဥပေက္ခာဝေဒနာ အနိစ္စတော ဒဋ္ဌဗ္ဗာ" ဥပေက္ခာဝေဒနာကို အနိစ္စလို့ ရှုရမယ်တဲ့ ပါဠိတော်က ပြောထားတယ်။ ဒါဖြင့် အဲဒီ ဥပေက္ခာဝေဒနာက ဘယ်မှာလဲ၊ စတုတ္ထဈာန်မှာ ဥပေက္ခာဝေဒနာရှိတယ်၊ အဲဒီ ဥပေက္ခာဝေဒနာကို အနိစ္စလို့ ရှုလိုက်ရင် အဲဒီ ဥပေက္ခာဝေဒနာကို နှစ်သက်ပါအုံးမလား, မနှစ်သက်တော့ဘူးလား။ (မနှစ်သက်တော့ပါဘုရား)။

**အနိစ္စ,ဒုက္ခ။** ။အနိစ္စဆိုတာ ဘာလဲ "ယဒနိစ္စံ၊ တံ ဒုက္ခံ"၊ အဲဒီ အနိစ္စသည်ပင် ဒုက္ခပါဘဲတဲ့၊ ဘယဋ္ဌဒုက္ခ။ ဒီလို သောမနဿ, ဒေါမနဿဆိုတဲ့ အဇ္ဈတ္တိကဝေဒနာ, ဗဟိဒ္ဓဝေဒနာတွေကို မနှစ်သက်ဘူးဆိုရင်——

ဝိညာဏံ၊ ပုညာဘိသင်္ခါရဝိညာဉ် အပုညာဘိသင်္ခါရဝိညာဉ် အာနေဉ္ဇာဘိသင်္ခါရဝိညာဉ်သည်။ ဥပရုဇ္ဈတိ၊ အကြွင်းမဲ့ချုပ်ငြိမ်း၍ ရုပ်သိမ်းရလေတော့၏။ ဧဝံ၊ ဤသို့။ သတဿ၊ သတိရှိသည်ဖြစ်၍။ သမ္ပဇာနဿ၊ ပညာအဆင်အခြင်ရှိသည်ဖြစ်၍။ စရတော၊ သောမနဿ, ဒေါမနဿ, ဥပေက္ခာဆိုတဲ့ ဝေဒနာတွေကို ဒုက္ခ သလ္လ အနိစ္စ အနေအားဖြင့် ရှုသောပုဂ္ဂိုလ်အား။ ဝိညာဏံ၊ ပုညာဘိသင်္ခါရနှင့် တကွဖြစ်သောဝိညာဉ် အပုညာဘိသင်္ခါရနှင့် တကွဖြစ်သောဝိညာဉ် အာနေဉ္ဇာဘိသင်္ခါရနှင့် တကွဖြစ်သော ဝိညာဉ်သည်။ ဥပရုဇ္ဈတိ၊ ကောင်းစွာ မသေ့ ချုပ်ငြိမ်းရပါပေသတည်း။

သာဓု သာဓု သာဓု

**မှတ်ချက်။** ။(ဝေဒနာနဲ့ပတ်သက်လို့ အကျယ်ကို နောက်ဆက်တွဲ ဝေဒနာခန်းမှာ ရှုပါ)။

## ဒေသနာတော်နိဂုံး

ဧဝံ ဘဂဝါ ဣမမ္ပိ သုတ္တံ အရဟတ္တနိကူဋ္ဋေန ဒေသနံ နိဋ္ဌာပေသိ။

ဧဝံ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ ဣမမ္ပိသုတ္တံ၊ ဤ ဥဒယသုတ္တံကိုလည်း။ အရဟတ္တနိကူဋ္ဋေန၊ အရဟတ္တဖိုလ် အထွတ်တပ်ပါသဖြင့်။ ဒေသနံ၊ ဒေသနာတော်ကို။ နိဋ္ဌာပေသိ၊ ပြီးဆုံးစေတော်မူ၏။ ဒေသနာပရိယောသာနေ၊ ဒေသနာနိဂုံး ဆုံးလတ်သော အခါကာလ၌။ အာယသ္မာ ဥဒယော၊ အရှင်ဥဒယရသေ့သည်။ အဋ္ဌေဝါသိသဟဿေန၊ တခထောင်သော တပည့်တပန်းနှင့်။ သဒ္ဓိံ၊ အတူတကွ။ အရဟတ္တေ၊ အရဟတ္တဖိုလ်၌။ ပတိဋ္ဌာသိ၊ တည်လေတော့၏။

ဥဒယရသေ့ ရဟန္တာဖြစ်သွားပြီ နောက်လိုက် နောက်ပါ တထောင်နဲ့။

"အညေသဉ္စ အနေကသဟဿာနံ ဓမ္မစက္ခုံ ဥဒပါဒိ"။

အညေသဉ္စ၊ ဥဒယရသေ့နဲ့ တထောင်သော တပည့်တို့မှ တပါးကုန်သော။ အနေကသဟဿာနံ၊ ထောင်ပေါင်းများစွာကုန်သော ပရိသတ်အပေါင်းတို့အား။ ဓမ္မစက္ခုံ၊ "ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မံ" ဟူသော ဓမ္မစက္ခုသည်၊ ဥဒပါဒိ၊ ထင်ရှားဖြစ်ပါပေ၏။

ဣတိ၊ ဤသို့။ သတ္ထာ၊ လူနတ်တို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည်။ တံ ဓမ္မဒေသနံ၊ ထို အရဟတ္တဖိုလ်ကို အထွတ်တပ်တယ်ဆိုတဲ့ ဥဒယသုတ္တန် တရားဒေသနာတော်ကို။ ခုဒ္ဒကနိကာယေ၊ ခုဒ္ဒကနိကာယ်၌။ သုတ္တနိပါတေ၊ သုတ္တနိပါတ် ပါဠိတော်၌။ ပါရာယနဝဂ္ဂေ၊ ပါရာယနဝဂ်၌။ ဥဒယပဥှေ၊ ဥဒယပုဏ္ဏားပညာရှိ မေးအပ်သော အမေးပုစ္ဆာပြဿနာ၌။ ဒေသေတိ၊ ကောင်းစွာမသွေ ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓု

ဥဒယသုတ္တန်တတိယပိုင်း ပြီး၏။

ပါရာယနဝဂ်ပါဠိတော်ဟောစဉ် ဥဒယသုတ္တန်နောက်ဆက်တွဲ

# ဝေဒနာနုပဿနာတရားတော်

## ဝေဒနာဝါရ ပဌမပိုင်း

---

### တရားတော်အမည်

သာသနာသက္ကရာဇ် ၂၅၁၄, ကောဇာသက္ကရာဇ် ၁၃၃၂-ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၅-ရက်၊ ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားလမ်း၊ ကျားကူးဓမ္မဗိမာန်တော်ကြီးတွင် ဝိပဿနာ အလုပ်ပေးတရားနှင့် အတူတကွ ဟောကြားအပ်သော ဒီဃနိကာယ် သုတ်မဟာဝါပါဠိတော် မဟာနိဒါနသုတ် ဝေဒနာဝါရ ပဌမပိုင်း တရားတော်။

### ဘုရားရှိခိုး

ဝိပဿနာအလုပ်ပေးတရားနှင့် အတူတကွ မဟာနိဒါနသုတ် ဝေဒနာဝါရကို ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ကိုယ်တော်တိုင် ဟောကြားတော် မူခဲ့ပါတယ်။ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ သုတ္တန်ကို ဟောရမှာဖြစ်သည့်အတွက် ရှေးဦးစွာ တရားဟော, တရားနာပုဂ္ဂိုလ်တို့၏ အနေဖြင့် မဟာနိဒါနသုတ္တန်ကို ဟောကြားတော်မူသော ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို ရှိသေစွာ ရှိခိုးကြရအောင် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ လက်အုပ်ချီပြီးတော့ထားကြ။ ဘုန်းကြီးက မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ဂုဏ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်ပြီးတော့ ဘုရားရှိခိုးမယ်။ ဘုရားရှိခိုးထဲမှာပါတဲ့ ဂုဏ်တော်များကို အာရုံပြုပြီးတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်များကို ကြည်ညိုသဒ္ဓါ ပွါးများနိုင်ကြပါစေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(အနက် ယခင်အတိုင်း)

သာဓု သာဓု သာဓု

### စကားပလ္လင်

ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် ဟောကြားလတ့ံဖြစ်တဲ့ မဟာနိဒါနသုတ္တန်ဒေသနာတော်

ကြီးကို ပဋိစ္စသမုပ္ပါဒ်အခြေခံပြီးတော့ ကျယ်ကျယ်ဝန်းဝန်း ဟောကြားတော်မူခဲ့ပါတယ်။

ဟောရခြင်းရဲ့အကြောင်းက ရှင်အာနန္ဒာမထေရ်မြတ်က ပဋိစ္စသမုပ္ပါဒ်တရားသည် လွယ်တယ်လို့ လျှောက်ထားချက်ကို အကြောင်းပြုပြီးတော့ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးရဲ့ ခက်ခဲနက်နဲသိမ်မွေ့ပုံကို ဟောကြားတော်မူလိုသည် ဖြစ်သောကြောင့် မဟာနိဒါနသုတ်ကို မြတ်စွာဘုရား ဟောကြားတော်မူပါတယ်။ အဲဒီ မဟာနိဒါနသုတ်ကို ဘုန်းကြီးတို့ မနှစ်က တဝါတွင်းလုံး ဟောလာခဲ့တာ တဏှာဝါရကုန်အောင် ပြီးခဲ့တယ်။ ဒီနှစ် ဝါတွင်းကျတော့ ဝေဒနာဝါရကို ဟောပေးရမယ်။ ဝေဒနာဝါရကို ဟောပေးရမယ်လို့ဆိုတော့ ဘုန်းကြီးတို့ ပြီးခဲ့တဲ့အပတ်ကလဲဘဲ ဝေဒနာဝါရကို ဟောပေးခဲ့တယ်၊ မဆုံးသေးဘူး။

ပါဠိတော်မှာလာတဲ့ ဝေဒနာဝါရသဘောကတော့ဖြင့် ပြီးခဲ့တဲ့အပတ်ကဘဲ ဟောပေးခဲ့ပြီ၊ သို့သော်လဲဘဲ ဝေဒနာကမ္မဋ္ဌာန်းနဲ့ပတ်သက်ပြီး ကျယ်ကျယ် ဝန်းဝန်း ပါဠိတော်တွေနဲ့ စုံအောင် ဟောချင်တဲ့အတွက် ဝေဒနာဝိပဿနာ ရှုပုံကို ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ အခြေခံထားပြီးတော့မှ အဲဒီ မဟာနိဒါနသုတ်က ဝေဒနာဝါရကို တရားဟောရမယ်, တရားနာရမယ်၊ ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများက ဘာလုပ်ရမလဲလို့ဆိုတော့ တရားကို နှလုံးသွင်းရမယ်, တရားအားထုတ်ကြရမယ်၊ ခုအချိန်မှာ တရားအားထုတ်တော့မယ်လို့ဆိုတော့ တရားထိုင်ပုံ ထိုင်နည်းကိုတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများကို ဘုန်းကြီး တရားဟောတိုင်းလိုလိုဘဲ ပြောပေးထားတယ်။ ပထမဆုံး ရှေးဦးစွာ သတိပြုရမှာကတော့ မိမိ တရားအားထုတ်နေတာ, တရားနာနေတာသည် ထူးကြီး ဝိပဿနာကို တရားအားထုတ်နေတာ မဟုတ်ဘူး၊ ငါတို့ အခုတရားနာနေတာသည် ထူးကြီးဆရာတော်ရဲ့ တရားကို နာနေတာမဟုတ်ဘူး၊ အခု ငါတို့ တရားအားထုတ်နေတာသည် မြတ်စွာဘုရားရဲ့တရားကို အားထုတ်နေတယ်၊ ဝိပဿနာမှုက မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ပေးတဲ့မှု၊ ထူးကြီးဝိပဿနာမှု မဟုတ်ဘူး၊ ငါတို့ကိုယ်တိုင်ကလဲဘဲ ထူးကြီးဆရာတော်ရဲ့ တပည့်မဟုတ်ဘူး၊ မြတ်စွာဘုရားရဲ့တပည့်လို့ ကိုယ့်ကိုယ်ကို နှလုံးသွင်းထားကြ။

ဘုန်းကြီးတို့ ပရိသတ်ဟာ ထူးကြီးဆရာတော်ရဲ့တပည့်လား, မြတ်စွာဘုရားရဲ့ တပည့်လား?                    (မြတ်စွာဘုရားရဲ့ တပည့်ပါဘုရား)။

ထူးကြီးဆရာတော်ရဲ့ ဝိပဿနာမှုကို အားထုတ်ချင်တာလား, မြတ်စွာဘုရားရဲ့ ပါဠိတော်မှု ဝိပဿနာကို အားထုတ်ချင်တာလား? (ပါဠိတော်မှု ဝိပဿနာကို အားထုတ်ချင်တာပါဘုရား)။

## ဝေဒနာ တရားတော်

ကောင်းပြီ ဒီတော့ မြတ်စွာဘုရားက ဒီပရိသတ်ကို ဘာပြောပေးသလဲလို့ဆို တော့ ကိုင်း "ချစ်သား, ချစ်သမီး သင်တရားအားထုတ်တော့မယ်လို့ဆိုရင်"တဲ့၊ ကမ္မဋ္ဌာန်း ထိုင်နည်းကိုပြတဲ ပါဠိတော်ကို ရွတ်မယ်—

"ပစ္ဆာဘတ္တံ ပိဏ္ဍပါတပဋိက္ကန္တော နိသီဒတိ ပလ္လင်္ကံ အာဘုဇိတ္ဝာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ"။ သာမညဖလသုတ် ပါဠိတော်။

**အစီအစဉ်။** ။ပါဠိတော်ဟောစဉ်လို့ဆိုတာ အပိုင်းလေးပိုင်းရှိတယ်၊ ဘုန်းကြီး တို့ ပရိသတ် ဘယ်နှစ်ပိုင်းလဲ? (လေးပိုင်းပါဘုရား)။

ပဌမပိုင်းနံပါတ် (၁) က မြတ်စွာဘုရားဟောကြားတော်မူတဲ့ ပါဠိတော်ကို ရွတ်ဆိုဟောကြားရမယ်။

ဒုတိယပိုင်းနံပါတ် (၂) က မြတ်စွာဘုရားဟောကြားထားတဲ့ ပါဠိတော်ကို အနက်မြန်မာ ပြန်ဆိုပေးရမယ်။

တတိယပိုင်း နံပါတ် (၃)က အဲဒီပါဠိတော်မှာလာတဲ့ အဓိပ္ပါယ်ကို ထိုထို ပါဠိတော်, အဋ္ဌကထာတို့ဖြင့် အဓိပ္ပါယ်အကျယ်ဖွင့်ဆိုပြီးတော့ ပြော ပေးရမယ်။

စတုတ္ထပိုင်း နံပါတ်(၄)က ဝိပဿနာရှုကွက် ဖော်ပေးရမယ်။

**ကမ္မဋ္ဌာန်း ထိုင်ပုံ။** ။အခု ဘုန်းကြီးတို့ ဟောနေတဲ့တရားက ဝေဒနာ၊ ဝေဒ နာကမ္မဋ္ဌာန်းကို ဒီဝါတွင်းမှာ ဟောပေးမယ်။ ဝေဒနာကို ဘယ်နည်းနဲ့ဟောပေးမလဲလို့ဆိုတော့ ဓမ္မာနုပဿနာသတိပဋ္ဌာန် ရှုကွက်ဖော်ပြီး တော့ အဲဒီလို ဟောပေးမယ်၊ ဒီတော့ စောစောပိုင်းက ဘုန်းကြီး ပါဠိတော် ဟောစဉ်ကို မူလေးခု ချထားတဲ့အတိုင်း ပါဠိတော်တော့ ရွတ်ပြီးပြီ၊ အနက် မြန်မာ ပြန်ဆိုကြအုံးစို့—

ဘိက္ခဝေ၊ ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများ အားထုတ်လိုကြကုန် သော အို အမျိုးကောင်းသား, အမျိုးကောင်းသမီးအပေါင်းတို့။ ဘိက္ခု၊ ဝိပဿနာကမ္မဋ္ဌာန်းကိုပွါးများအားထုတ်ကြကုန်သော အမျိုးကောင်းသား, အမျိုးကောင်း သမီးသည်။ ပစ္ဆာဘတ္တံ၊ စားသောက်ပြီးတဲ့နောက်။ ပိဏ္ဍ- ပါတပဋိက္ကန္တော၊ စားသောက်တဲ့နေရာမှ ဖဲခွါ၍ လာခဲ့ပြီးသည်ရှိသော်။ ပလ္လင်္ကံ၊ ထက်ဝက်ဖြစ်တဲ့ကိုယ်ကို။ အာဘုဇိတ္ဝာ၊ ခွေ၍။ နိသီဒတိ၊ ထိုင်ရ မည်။ (ဒါ ပဌမအချက်၊ ဒုတိယ-က)ကာယံ၊ အထက်ပိုင်းဖြစ်တဲ့ကိုယ်ကို။

ဥဇုံ၊ ဖြောင့်မတ်တည်ငြိမ်စွာ။ ပဏိဓာယ၊ ထား၍။ နိသီဒတိ၊ ထိုင်ရမည်။ (တတိယအချက်က) ပရိမုခံ၊ ကမ္မဋ္ဌာန်းအာရုံသို့ ရှေးရှုသော။ သတိံ၊ သတိကို။ ဥပဋ္ဌပေတွာ၊ ထား၍။ နိသီဒတိ၊ ထိုင်ရမည်။

ပါဠိတော် ရွတ်ပြီးပြီ၊ အနက် ပေးပြီးပြီ၊ အဓိပ္ပါယ်က ဘာပြောသလဲ—

အဓိပ္ပါယ်။ ။ချစ်သားတို့ ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းလိုကုန်သော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့ ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းလိုကုန်သော အမျိုးကောင်းသား (သို့မဟုတ်) အမျိုးကောင်း သမီးများသည် ထမင်းစားပြီးတဲ့နောက် ထမင်းစားတဲ့နေရာက ဖဲခွါလာခဲ့ပြီးတဲ့အခါ ပထမ အောက်ပိုင်းဖြစ်တဲ့ခန္ဓာကိုယ်ကို တင်ပလ္လင်ခွေပြီးတော့ ထိုင်ရမယ်။ ဒုတိယ အထက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ် တည်တည်ငြိမ်ငြိမ် ထားရမယ်၊ ပြီးတော့မှ "ပရိမုခံ သတိံ ဥပဋ္ဌပေတွာ နိသီဒတိ"၊ ကမ္မဋ္ဌာန်းအာရုံကို သတိကပ်ပြီးတော့ ထိုင်ရမယ်တဲ့ မြတ်စွာဘုရားက ဒီလိုပြောတယ်။

ဘိက္ခဝေအရကောက်။ ။"ဘိက္ခဝေ"လို့ ခေါ်လိုက်တာဟာ ဘယ်သူ့ကို ခေါ်သလဲဆိုတော့ ဘုန်းကြီးတို့ပရိသတ်သိထားရမှာက ငါသည် မြတ်စွာဘုရားရဲ့ တပည့် မြတ်စွာဘုရားရဲ့ သာဝကဖြစ်သော ကြောင့် "ဘိက္ခဝေ"လို့ ခေါ်တာ ငါ့ကိုခေါ်တာလို့ မှတ်ထားရမယ်။ ဘုန်းကြီးတို့ ပရိသတ် ဘယ်သူ့ကို ခေါ်သလဲ။ (တပည့်တော်တို့ကို ခေါ်တာပါဘုရား)။

ဒါ ငါ့ကို ခေါ်တာ၊ "ဘိက္ခု"လို့ ဆိုတဲ့ "ကတ္တား"ပုဒ်ထဲမှာ "သည်" ပါရမယ်၊ "ဘိက္ခု၊ ဝိပဿနာကမ္မဋ္ဌာန်းကို ပွါးများအားထုတ်လိုသော အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်"။

ဘုန်းကြီးတို့ ပရိသတ်က ဘာလုပ်ချင်တာလဲ၊ ဝိပဿနာ အားထုတ်ချင်ကြတယ်၊ ဒီတော့ ဝိပဿနာအားထုတ်ချင်တဲ့ ဘိက္ခု-ကတ္တားထဲမှာ ဘုန်းကြီးတို့ ပရိသတ် ပါသလား, မပါဘူးလား။ (ပါပါတယ်ဘုရား)။

ဘယ်သူ့ပရိသတ်လဲ။ (မြတ်စွာဘုရားရဲ့ ပရိသတ်ပါဘုရား)။

ဘုရားတရားတော်။ ။ဘယ်သူ့တရားလဲ။ (မြတ်စွာဘုရားတရားပါဘုရား)။

ထူးကြီးဝိပဿနာလား, မြတ်စွာဘုရားရဲ့ တရားလား။ (မြတ်စွာဘုရားတရားပါဘုရား)။

ထူးကြီးဝိပဿနာမဟုတ်ဘူး၊ ထူးကြီးဆရာတော်တရား မဟုတ်ဘူး၊ ထူးကြီး ဝိပဿနာမူ မဟုတ်ဘူး။

မြတ်စွာဘုရားရဲ့ တရား၊ မြတ်စွာဘုရားရဲ့ ဝိပဿနာ၊ မြတ်စွာဘုရားရဲ့မူ ဒိဝိပဿနာက။ ဒါကြောင့် ပါဠိတော်တွေကို ရွတ်ရွတ်ပြီး, အနက်ပေးပေးပြီး တော့ မြတ်စွာဘုရားက ဒီလိုမူချထားတယ်, ဒီလိုဟောထားတယ်လို့ ပြောပေး နေရတာ၊ ဘုန်းကြီးက ကြားထဲကလူ၊ အဲဒီအထဲမှာ ထူးကြီးဆရာတော်က ကန့်လန့်ကန့်လန့်နဲ့ ခံမနေစေနဲ့၊ ဘုန်းကြီးတို့ ပရိသတ်နဲ့ မြတ်စွာဘုရား ကြားထဲ မှာ ဘုန်းကြီးကနေပြီးတော့ ဘဆင့် မြတ်စွာဘုရားရှင်ကို ဒီလိုမဆက်သွယ် ပါနဲ့, မြတ်စွာဘုရားနဲ့ တခါထဲ ဆက်သွယ်ပါ၊ အခု ဒီတရားဟာ မြတ်စွာဘုရားက ငါ့ကို ဟောနေတာ၊ အသံက ထူးကြီးဆရာတော်ရဲ့အသံ, တရားက ထူးကြီး ဆရာတော်ရဲ့ တရား မဟုတ်ဘူး၊ ဘုန်းကြီးတို့ ပရိသတ် ဒီအချက်ကို ကြပ်ကြပ် သတိထားရမယ်၊ ထူးကြီး ဝိပဿနာ မဟုတ်ဘူး, ထူးကြီးဆရာတော်ရဲ့ တရား မဟုတ်ဘူး၊ မြတ်စွာဘုရားပေးတဲ့ ဝိပဿနာမူ, မြတ်စွာဘုရားပေးတဲ့ ဝိပဿနာ နည်း, မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ တရား၊ အသံသာ ထူးကြီးဆရာ တော်ရဲ့ အသံ။ ဘုန်းကြီးတို့ပရိသတ်က အသံ ယူမှာလား, တရား ယူမှာလား။ (တရားယူပါမယ်ဘုရား)။

ဘယ်သူ့တရားလဲ။ (မြတ်စွာဘုရားရဲ့ တရားပါဘုရား)။

ဒီအချက်ကို ဘုန်းကြီးတို့ပရိသတ် သေသေချာချာ ကိုင်ထားပါနော်, ဘယ် တော့မှ မလွှတ်နဲ့။

**ကမ္မဋ္ဌာန်းထိုင်နည်း။** ။မြတ်စွာဘုရားက သူ့ပရိသတ်ကို ဘယ့်နှယ် ပြော ထားသလဲဆိုတော့ "ချစ်သား ချစ်သမီးတဲ့ သင် တရားအားထုတ်ချင်ရင် ထမင်းစားပြီးလို့ ထမင်းစားပွဲမှ ထလာပြီးတဲ့ အခုလို အခါမျိုးမှာ အောက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်ကို တင်ပလ္လင်ခွေပြီးတော့ ထိုင် ရမယ်၊ အမျိုးကောင်းသမီးဆိုတော့ ဒီလိုဘဲ ကျုံ့ကျုံ့ကလေးခွေပြီး ထိုင်ရ မယ်။ တချို့ ဝတဲ့ အမျိုးကောင်းသမီးတွေဆိုရင်လဲ တင်ပလ္လင်ခွေထိုင်လို့ ဖြစ် တယ်၊ တင်ပလ္လင်ခွေထိုင်ရမယ်လို့ ဘယ်သူပြောထားသလဲ။ (မြတ်စွာဘုရားကပါ ဘုရား)။

ဘယ်သူ့ကို ပြောသလဲ။ (တပည့်တော်ကို ပြောပါတယ်ဘုရား)။

ဒီတော့ ဘုန်းကြီးတို့ ပရိသတ်က ထိုင်ပြီးပြီလား။ (ထိုင်ပြီးပါပြီဘုရား)။

အဲဒီလို ထိုင်လိုက်ထာသည်ပင်လျှင် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ စကားကို နားထောင်သည် ဖြစ်သောကြောင့် "မြတ်စွာဘုရားရှင်ရဲ့ အဆုံးအမခံ့ တည်တဲ့ ပုဂ္ဂိုလ်"လို့ ခေါ်တယ်၊ ဟုတ်ပလား ဘုန်းကြီးတို့ပရိသတ်။ (မှန်ပါ ဘုရား)။

မြတ်စွာဘုရားရှင်ရဲ့ အဆုံးအမ၌ တည်တဲ့ပုဂ္ဂိုလ် ဖြစ်သွားပြီနော်။ (မှန်ပါဘုရား)။

**ကိုယ်ကိုထားနည်း။** ။ပြီးတော့ မြတ်စွာဘုရားက ဘာပြောထားသလဲ၊ "တင်ပလ္လင်ခွေ ထိုင်ပြီးတော့ အထက်ပိုင်း ဖြစ်တဲ့ ခန္ဓာကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ် တည်တည်ငြိမ်ငြိမ် ထားပြီးတော့ ထိုင်ရမယ်"တဲ့၊ ဆိုလိုတဲ့ အဓိပ္ပါယ်က "ချစ်သား, ချစ်သမီးတဲ့ သင် တရားအားထုတ် နေတဲ့အခါမှာ ခန္ဓာကိုယ်ကို, ချက်ကနေပြီးတော့ အထက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်ကို ငြိမ်အောင်ထားပါ၊ ခေါင်းရမ်းမနေရဘူး၊ ဘယ်ဘက်ဘေးကို မယိမ်းရဘူး၊ ညာဘက်ဘေးကို မတိမ်းရဘူး၊ ရှေ့ကို မညွတ်ရဘူး၊ နောက်ကို မယိုင်ရဘူး"တဲ့။ ပဋိသမ္ဘိဒါမဂ် ပါဠိတော်က ပြတယ်—

"ယထာရှုပေဟိ ကာယသင်္ခါရေဟိ ယာ ကာယဿ အာနမနာ ဝိနမနာ သန္နမနာ ပဏမနာ ဣဉ္ဇနာ ဖန္ဒနာ စလနာ ပကမ္ပနာ"တဲ့။

ပါဠိတော်ရဲ့ အဓိပ္ပါယ်က ဘာပြောသလဲ၊ "တရားထိုင်တဲ့ ပုဂ္ဂိုလ်လို့ဆိုတာ ထိုင်နေတဲ့အခါ ခန္ဓာကိုယ်ကို ဘယ်ဘက်ကို မယိမ်းရဘူး၊ ညာဘက်ကို မတိမ်းရဘူး၊ ရှေ့ကို မညွတ်ရဘူး၊ နောက်ကို မယိုင်ရဘူး၊ ယိမ်းထိုးပြီးတော့ ပတ်ပတ်လည်အောင် လုပ်မနေရဘူး"တဲ့။ ဒီတော့ ခန္ဓာကိုယ်ကို ဘယ်နှယ် ထားရမလဲ၊ ဖြောင့်ဖြောင့်မတ်မတ်နဲ့ ငြိမ်ပြီးတော့နေအောင် ထားရမယ်။ မျက်လုံးကလေးတွေ အောက်ချ, အကုန်လုံး မှိတ်ထား, တရား နှလုံးသွင်းထား၊ ဘုန်းကြီးတို့ ပရိသတ် ထိုင်ပြီးပလား။ (ပြီးပါပြီဘုရား)။

ခန္ဓာကိုယ်ကို ဖြောင့်ဖြောင့်ထားပြီးပလား။ (ထားပြီးပါပြီဘုရား)။

ဘယ်သူကခိုင်းလို့ အဲဒီလို လုပ်နေရသလဲ။ (မြတ်စွာဘုရားကပါဘုရား)။

ဘယ်သူ့စကားကို နားထောင်နေသလဲ။ (မြတ်စွာဘုရားစကားပါဘုရား)။

မြတ်စွာဘုရားရဲ့ အဆုံးအမ၌ တည်နေတာ၊ ပြီးတော့ ဘာပြောသလဲ။ "ပရိမုခံ သတိံ ဥပဋ္ဌပေတွာ နိသီဒတိ"။ ပရိမုခံ၊ ကမ္မဋ္ဌာန်းအာရုံသို့ ရှေးရှု။ သတိံ၊ သတိကို။ ဥပဋ္ဌပေတွာ၊ ထား၍။ နိသီဒတိ၊ ထိုင်ရမည်တဲ့။

"ကမ္မဋ္ဌာန်းအာရုံကလေးတခု နှလုံးသွင်းလိုက်ပါ"လို့ ဆိုတာကတော့—

ပရိမုခံ သတိံ ဥပဋ္ဌပေတွာတိ နာသိကဂ္ဂေ ဝါ မုခနိမိတ္တေ ဝါ သတိံ ဌပေတွာ နိသီဒတိ။

"ကမ္မဋ္ဌာန်းအာရုံတခုကို သတိထားရမယ်"ဆိုတာ ဘယ်နေရာ သတိထားရမလဲဆိုတော့ "နာသိကဂ္ဂေ ဝါ မုခနိမိတ္တေ ဝါ"လို့ ပါဠိတော်က ပြတယ်၊

"နှာခေါင်းပေါက်နားမှာဖြစ်စေ, ပါးစပ်ပေါက်နားမှာဖြစ်စေ သတိထားပြီးတော့ ထိုင်ပါ"တဲ့၊ ဒါ ပါဠိတော်စကား။

ဒီပါဠိတော်ကို ပိုပြီး ထင်ရှားအောင်ဆိုပြီးတော့ အဋ္ဌကထာဆရာကြီးက ဖွင့်ပေးတယ်၊ ဘယ်နှယ် ဖွင့်ပေးသလဲလို့ဆိုတော့ —

**ကရဇကာယ။** ။အတ္တနော ကရဇကာယေ ဉာဏေ ဩတာရေတွာ အတ္တဘာဝံ သမ္မသန္တော နိသီဒိ။

ကမ္ဘဋ္ဌာန်း အားထုတ်လိုကုန်သော အမျိုးကောင်းသား, အမျိုးကောင်း သမီးများ ဟောဒီ ဘူတရုပ်, မဟာဘုတ်ရုပ်, ပသာဒရုပ်တွေကို **ကရဇကာယ** လို့ ခေါ်တယ်၊ ပသာဒရုပ်ဆိုတာ ဘာတွေလဲ ဘုရားလို့ ဆိုတော့ မျက်လုံးတို့, နားတို့, နှာခေါင်းတို့, လျှာတို့, ခန္ဓာကိုယ်ကို ထိလို့သိတယ်ဆိုတဲ့ ရုပ်တို့, ဟဒယ ဝတ္ထုရုပ်တွေကို **ပသာဒရုပ်**လို့ ခေါ်တယ်, **ဝတ္ထုရုပ်**လို့လဲခေါ်တယ်, အဲဒီရုပ်၊ နောက်ပြီးတော့ ပထဝီရုပ်, အာပေါရုပ်, တေဇောရုပ်, ဝါယောလို့ဆိုတဲ့ ရုပ်၊ အဲဒီရုပ်တွေအားလုံးကို **ကရဇကာယ**လို့ခေါ်တယ်, **အတ္တဘော**လို့လဲခေါ်တယ်။

ကရဇကာယေ ဉာဏေ ဩတာရေတွာ အတ္တဘာဝံ သမ္မသန္တော နိသီဒိ။

ကရဇကာယေ၊ ကရဇကာယ၌။ ဉာဏေ၊ ဉာဏ်ကို။ ဩတာရေတွာ၊ ချ၍။ အတ္တဘာဝံ၊ အတ္တဘောကြီးတခုလုံးကို။ သမ္မသန္တော၊ သုံးသပ်ဆင်ခြင်လျက်။ နိသီဒိ၊ ထိုင်ရမည်။

**မြတ်စွာဘုရားနည်း။** ။ထိုင်နည်းကို မြတ်စွာဘုရားက ပြပေးတယ်။ ဒါ ထူးကြီး ဆရာတော်ပြတဲ့မူ မဟုတ်ဘူး, ထူးကြီးဝိပဿနာလဲ မဟုတ်ဘူး၊ ဘုန်းကြီးတို့ပရိသတ်က ထူးကြီးဝိပဿနာလို့ အောက်မေ့နေသလား၊ ဒီအစွဲမပြုတ်သရွေ့ ခက်မယ်။

မြတ်စွာဘုရားက "ဝိပဿနာ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်လို့ဆိုတာ ဆရာစွဲ မရှိရဘူး, ပုဂ္ဂိုလ်စွဲမရှိရဘူး"တဲ့၊ "တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ဆိုတာ အစွဲက လွတ်ရတယ်"တဲ့၊ ဘုန်းကြီးတို့ပရိသတ် ဒီအချက်ကလေးကိုတော့ဖြင့် သေသေချာချာ ကိုင်ထားပါ၊ ဒီတော့ တရားထိုင်တယ်ဆိုကတဲက ဘယ်လိုထိုင်ရမလဲဆိုတာကို ပါဠိတော်က စံနစ်ကျအောင် ပြပြီးသား၊ ဘုန်းကြီး တို့ ဘာမှ မြတ်စွာဘုရားထက် ပိုပြီးတော့ ထည့်စရာမလိုဘူး၊ ထည့်လို့လဲမဖြစ်ဘူး၊ နည်းသစ်နည်းဆန်းလဲ ဘုန်းကြီးတို့ ထွင်စရာမလိုဘူး၊ မြတ်စွာဘုရားက အပြည့်အစုံဟောပြီးသား၊ မြတ်စွာဘုရားဟောတဲ့ ပါဠိတော်ဟာလဲ "ကေဝလပရိပုဏ္ဏ=အကုန်လုံး စုံပြီးသား"တဲ့၊ ဒီတရားတော်ထဲမှာ ဘာကလေး လိုပါတယ်လို့ဆိုပြီး ထည့်စရာမလိုဘူးတဲ့ အဋ္ဌ-

ကထာက၊ ဒီတော့ ဘုန်းကြီးတို့က ဘုန်းကြီးတို့ပရိသတ်ကို ဒီကြားထဲမှာ ဘာမှ ထည့်ပြီး တစ်ုတရာ ပြောပေးစရာ မလိုတော့ဘူး၊ မြတ်စွာဘုရားက သူ့ဟာနဲ့သူ သူ့ပရိသတ်ကို ဆုံးမပြီးသား၊ ဘုန်းကြီးတို့ပရိသတ်က လိုက်နာရုံဘဲရှိတယ်၊ ဘယ်လိုဆုံးမပေးနေသလဲ။

**ရုပ်တရား။** ။"အတ္တဘောကြီးတခုလုံးဖြစ်တဲ့ စက္ခုပသာဒရုပ်, သောတပသာဒရုပ်, ဃာနပသာဒရုပ်, ဇိဝှါပသာဒရုပ်, ကာယပသာဒရုပ်, ဒါ **ကမ္မဇရုပ်တွေ**၊ နောက်ပြီးတော့ ပထဝီရုပ်, အာပေါရုပ်, တေဇောရုပ်, ဝါယော ရုပ်ဆိုတဲ့ ရုပ်တွေ၊ ဒါ **ဘူတရုပ်တွေလို့ခေါ်တယ်**, **မဟာဘုတ်ရုပ်လို့လဲ** ခေါ်တယ်၊ အဲဒီ မဟာဘုတ်ရုပ်နဲ့ အခုနကပြောတဲ့ ကမ္မဇရုပ်တွေကို ဘာလို့ခေါ်သလဲဆို တော့ "ကရဇကာယ"လို့ ခေါ်ပါတယ်တဲ့၊ "ဝတ္ထုရုပ်"လို့လဲ ခေါ်ပါတယ်တဲ့။ အဋ္ဌကထာဆရာတွေကလဲ ဖွင့်ပေးထားတယ်။

**ဝိပဿနာရှုကွက်။** ။အဲဒီ ဝတ္ထုရုပ်ဖြစ်တဲ့ ဘူတရုပ်တခုလုံး, ဒီခန္ဓာကိုယ်ကြီး တခုလုံး, အားလုံးနားလည်အောင်ပြောရင် ဟောဒီခန္ဓာ ကိုယ်ကြီးတကိုယ်လုံးထဲမှာ မိမိရဲအသိဉာဏ်ကို ထည့်ထားလိုက်ပါ၊ အဲဒီလို ကိုယ့် ခန္ဓာကိုယ် တကိုယ်လုံးထဲကို အသိဉာဏ်ထည့်ထားပြီးတော့ အတ္တဘောကို သုံး သပ်ကြည့်လိုက်မယ်ဆိုရင်, ကိုယ့်အတ္တဘောကို ကိုယ် စဉ်းစားကြည့်လိုက်မယ် ဆိုရင် ရှေးဦးစွာ ဘာတွေ့မလဲဆိုတော့ နှာခေါင်းထဲကထွက်တဲ့လေ, နှာခေါင်းထဲ ဝင်တဲ့လေကို တွေ့မယ်တဲ့ မြတ်စွာဘုရားက၊ ဘုန်းကြီးတို့ပရိသတ် တွေ့သလား, မတွေ့ဘူးလား　　(တွေ့ပါတယ်ဘုရား)

အားလုံးပြောရမယ်, တွေ့တဲ့လူတွေအားလုံး ပြောရမယ်၊ ဒီခန္ဓာကိုယ်ကို မြတ်စွာဘုရားက ပေးထားတဲ့နည်းအတိုင်း အတ္တဘောကို သုံးသပ်ကြည့်လိုက် တော့ နှာခေါင်းထဲက ထွက်တဲ့လေ, နှာခေါင်းထဲကို ဝင်တဲ့လေရဲ့ လှုပ်ရှားနေမှု ကလေးကို တွေ့သလား,မတွေ့ဘူးလား　　(တွေ့ပါတယ်ဘုရား)

တွေ့ပြီနော်　　(မှန်ပါ)

အဲဒီနှာခေါင်းထဲက ထွက်တဲ့လေ နှာခေါင်းထဲဝင်တဲ့လေကို မြတ်စွာဘုရားက ဝိပဿနာရှုကွက် ဖော်ပေးလိုက်တာကတော့—

**ဝိပဿနာရှုပုံ။** ။"ရုပ္ပတိ ရူပံ"တဲ့၊ ရုပ္ပတိ၊ ဤလှုပ်ရှားနေတယ်ဆိုတဲ့ သဘော သည်။ ရူပံ၊ ရုပ်မည်၏။ (ဝါ) ရုပ်လို့ ရှု။ ဘာတရားတဲ့လဲ (ရုပ်တရားပါဘုရား)

တွေ့သလား ရုပ်တရား　　(တွေ့ပါတယ်ဘုရား)

အဲဒီရုပ်တရားက လူနဲ့တူရဲ့လား　　(မတူပါဘူးဘုရား)

ကြည့်,ကြည့်,ကြည့်၊ ကြည့်ဆိုတာ အရှုခိုင်းထားတာ။ ဝေဒနာကို ဟောရမှာက ဒါမပါရင် ဟောလို့မဖြစ်ဘူးတဲ့ မြတ်စွာဘုရားက၊ ဒါကြောင့် အရှုခိုင်းနေရတာ၊ မြတ်စွာဘုရား ဟောထားတဲ့ ဝေဒနာနဲ့ပတ်သက်တဲ့ သုတ္တန်တွေ အများကြီးရှိတယ်၊ "ဝေဒနာသံယုတ်"လို့ဆိုတဲ့ သံယုတ်ကြီးတခုလုံး ရှိနေတယ်။ ပီးတော့ ဝေဒနာကို စူဠတဏှာသင်္ခယသုတ္တန်မှာလဲ ဟောထားတယ်၊ မဟာတဏှာသင်္ခယသုတ္တန်မှာလဲ ဟောထားတယ်၊ မဟာသတိပဋ္ဌာနသုတ္တန်မှာလဲ ဟောထားတယ်၊ မူလပဏ္ဏာသက မဟာသတိပဋ္ဌာနသုတ္တန်မှာလဲ ဟောထားတယ်၊ ရဋ္ဌပါလသုတ္တန်စတဲ့ သုတ္တန်တွေမှာလဲ ဟောထားတယ်။ အဲဒီဟောသမျှ သုတ္တန်တွေမှာ ဝေဒနာကို မြတ်စွာဘုရား ဟောတိုင်း ဟောတိုင်း ရုပ်ကို အခြေခံပြီးတော့ ဟောတယ်၊ ဒါကြောင့် ဘုန်းကြီးတို့ပရိသတ် အင်္ဂရုပ်ကို တွေ့နေသလား,တွေ့မနေဘူးလား (တွေ့နေပါတယ် ဘုရား)

ဘယ်လိုနေသလဲ၊ အဲဒီရုပ်က လူနဲ့တူရဲ့လား (မတူပါဘူးဘုရား)

ကိုယ်နဲ့ကော တူရဲ့လား (မတူပါဘူးဘုရား)

သူများနဲ့ကော တူရဲ့လား (မတူပါဘူးဘုရား)

ကိုယ့်သား,ကိုယ့်သမီး,ကိုယ့်ဇနီး,ကိုယ့်ခင်ပွန်း, ကိုယ့်ပစ္စည်းတွေနဲ့ကော အဲဒီရုပ်နဲ့ တူရဲ့လား (မတူပါဘူးဘုရား)

ဒီရုပ်ဟာ ကိုယ်နဲ့မတူရင် ကိုယ် ဟုတ်ပါ့မလား (မဟုတ်ပါဘူး ဘုရား)

ကြည့်,ကြည့်၊ ကြည့်ဆိုတာ ဝိပဿနာအရှုခိုင်းနေတာဘဲ မြတ်စွာဘုရားက။

**တရားတွေ့ပုံ။** ။"ဘိက္ခဝေ၊ ဝိပဿနာ ကမ္မဋ္ဌာန်းကို ယခု ထိုင်ပြီးတော့ ရှုပွါးနေကြကုန်သော အို အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့။ ရှုပ်၊ ထွက်လေဝင်လေရဲ့ လှုပ်ရှားမှု တည်းဟူသော ရုပ်တရားသည်။ နသတ္တော၊ သတ္တဝါနဲ့ မတူသည် ဖြစ်သောကြောင့် သတ္တဝါ မဟုတ်။"

ကြည့်လိုက် အခု ထွက်လေဝင်လေဟာ ဘာကောင်လေးနဲ့ တူသလဲ၊ ဘာကောင်နဲ့မှ မတူဘူး၊ တူတယ်ဆိုတဲ့ပုဂ္ဂိုလ် ဒီအထဲက ထပြောစမ်းပါ၊ "ဘာကောင်နဲ့တူပါတယ်"လို့၊ ပြောနိုင်တဲ့ပုဂ္ဂိုလ် ဒီအထဲမှာ ပါသလား (မပါပါဘူးဘုရား)

ဘယ်ပညာရှင်က ပြောနိုင်သလဲ ဒီထွက်လေ ဝင်လေဟူသော ရုပ်ကလေးကို ဘာကောင်ကလေးနဲ့ တူပါတယ်လို့ဆိုတာ၊ ဘယ်ပညာရှင် ပြောနိုင်သလဲ။ (မပြောနိုင်ပါဘူး ဘုရား)

ထွက်လေဝင်လေသည် တစုံတခုသော အကောင်သတ္တဝါနဲ့တူပါတယ်လို့ပြော နိုင်တဲ့, သက်သေပြနိုင်တဲ့ ပညာရှင်ပေါ်ပလား (မပေါ်ပါဘုရား)

မြတ်စွာဘုရားကတော့ဖြင့် ပေါ်ရင်ပြောစမ်းပါတဲ့၊ ဘယ့်နှယ်လဲ ဘုန်းကြီးတို့ ပရိသတ် အလုပ်လုပ်နေ (မှန်ပါ)

အလုပ်လုပ်နေ, နားထောင်ရုံ ထောင်ရမဲ့တရား မဟုတ်ဘူး၊ တရားတွေ့ နာလိုက်, နားထောင်သွား, ဟာ ကောင်းလိုက်တာလို့ ပြန်သွားပြီး ပြောတယ်၊ ဘာမှန်းလဲမသိဘူး သူတို့၊ ဘုန်းကြီးတို့ ပရိသတ် ဖြစ်နေပုံ၊ ဟုတ်လား (မှန်ပါ)

ဘုန်းကြီးတို့ပရိသတ် ရုပ်ကို တွေ့ပလား,မတွေ့သေးဘူးလား (တွေ့ပါတယ် ဘုရား)

အဲဒီရုပ်က ဘယ်လိုသတ္တဝါတောင်ကလေးနဲ့ တူသလဲ၊ ဘုန်းကြီးတို့ ပရိသတ် တွေ့ဘူး,မြင်ဘူးတဲ့ သတ္တဝါဆိုခဲ့လို့ရှိရင် ဖြုတ်ကလေးကစပြီးတော့ ဆင်ကြီးထိ အောင် ရှိတယ်၊ အဲဒီ သတ္တဝါတွေထဲမှာ ဘယ်သတ္တဝါဟာ ဒီကိုယ်မှာ တွေ့ နေတဲ့ရုပ်နဲ့ တူသလဲ, တူသလား သတ္တဝါကောင်နဲ့ (မတူပါဘုရား)

သတ္တဝါကောင်နဲ့ မတူသည်ဖြစ်သောကြောင့် မြတ်စွာဘုရားရှင် ကိုယ်တော် မြတ်က—

"ဘိက္ခဝေ၊ ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်ကြကုန်သော အို အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့။ ရူပံ၊ ယခု သင်တို့တွေ့နေရ တယ်ဆိုတဲ့ ရုပ်တရားသည်။ န သတ္တော၊ သတ္တဝါကောင် မဟုတ်။

ဟုတ်လား သတ္တဝါ (မဟုတ်ပါဘူးဘုရား)

မြတ်စွာဘုရားကလဲ မဟုတ်ဘူးလို့ ဟောတယ်, ကိုယ်ကလဲ ဒါဟာ သတ္တဝါ ကောင်မဟုတ်ဘူးလို့ သိနေသလား,သိမနေဘူးလား (သိနေပါတယ် ဘုရား)

မှန်တာ သိတာလား, မှားတာ သိတာလား (မှန်တာသိတာပါ ဘုရား)

မှန်တာသိတာသည် တရားကို သိတာလား, မတရားကို သိတာလား (တရားကို သိတာပါဘုရား)

မှန်တာတွေ့တာသည် တရားကို တွေ့တာလား, မတရားကို တွေ့တာလား (တရားကို တွေ့တာပါဘုရား)

အခု ဘုန်းကြီးတို့ ပရိသတ် တရားကိုတွေ့ပလား (တွေ့ပါပြီဘုရား)

တရားကိုတွေ့တယ်ဆိုတာ ဘာကိုတွေ့တာလဲ (မှန်တာကို တွေ့တာပါဘုရား)

မှန်တယ်လို့ ဘယ်သူက ပြောသလဲ (မြတ်စွာဘုရားက ပြောပါတယ်ဘုရား)။

ဘိက္ခဝေ၊ အခု ထိုင်ပြီးတော့ ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းနေကြကုန်သော အို အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့။ ရုပ်၊ သင်တို့တွေ့နေတယ်ဆိုတဲ့ ရုပ်တရားသည်။ န သတ္တော၊ ဘယ်သတ္တဝါကောင်နဲ့မှ မတူသည် ဖြစ်သောကြောင့် သတ္တဝါမဟုတ်။

**တရားရပုံ။** ။ဟောပြီ မြတ်စွာဘုရားက၊ ဘုန်းကြီးတို့ ပရိသတ်က သတ္တဝါ ဟုတ်တယ်လို့ ခံငြင်းအုံးမလား။ (မငြင်းပါဘုရား)။

လက်ခံသွားပလား တရားကို။ (လက်ခံပါပြီဘုရား)။

"မင်းတို့ မြတ်စွာဘုရားက ဘယ်လိုဘဲ ဟောဒီရုပ်ကလေးဟာ သတ္တဝါကောင်နဲ့ မတူဘူးလို့ ဟောထားပေမဲ့ ဒီရုပ်ဟာ ဘယ်သို သတ္တဝါကောင်ကလေးနဲ့ တူတယ်"လို့ တစုံတယောက်သောဆရာက ပြောရင် ယုံဦးမလား ဒီပရိသတ်။ (မယုံတော့ပါဘုရား)။

သူများဖျက်လို့ ပျက်ဦးမလား။ (မပျက်တော့ပါဘုရား)။

အဲဒီလို ယုံကြည်ခြင်းမျိုးကို "အဝေစ္စပသာဒသမန္နာဂတ"လို့ ခေါ်တယ်။ ဘုရား၌ မတုန်မလှုပ် ယုံကြည်ခြင်း, တရား၌ မတုန်မလှုပ် ဖျက်လို့မရအောင် ယုံကြည်ခြင်းလို့ဆိုတာ အဲဒါကိုခေါ်တယ်၊တရားရပုံရနည်းနော်။ (မှန်ပါဘုရား)။

ဒါတရားရဘာ၊ တရားရတော့ တမျိုးကြီးဘဲ ဖြစ်သွားဦးတော့မလိုလို၊ မဟုတ်ဘူး ဒီအတိုင်းဘဲ၊ အသိဉာဏ်သာ ကိုယ့်မှာ ထင်ရှားလာတာ၊ ကဲ ဥပမာပုံ ပြောကြပါဦးရှဲ။

**ဥပမာ။** ။လူတယောက် စာမေးပွဲအောင်လာလို့ ဘီအေ ဂုဏ်ထူးကြီးနဲ့ ပါရဂူ ဘွဲ့ထူးကြီး ရလာပြီ ဆိုပါတော့ ပညာတွေ တတ်လာဘယ်၊ အဲဒီ ပညာတတ်လာတဲ့ ပုဂ္ဂိုလ်တယောက်ဟာ ပညာမတတ်ခင်တုန်းက ရုပ်နဲ့ ပညာ တတ်ပြီးတဲ့ အခုရုပ်ဟာ ဘယ်လို ကွာသွားသလဲ။ (မကွာပါဘုရား)။

အဲသလိုဘဲ ဘုန်းကြီးတို့ ပရိသတ်လဲဘဲ တရားမသိသေးခင်က အမူအရာနဲ့ အခု တရားသိပြီးတဲ့ အမူအရာနဲ့ ဆိုတော့ ခုအခြေအနေမှာ ပညာနဲ့ထိုးထွင်းပြီး သိလာတာဘဲ ရှိတယ်၊ ဒါ ဥပမာကို ပြောတာ။

**ရုပ်သည် လူသတ္တဝါမဟုတ်။** ။ဒီတော့ အဲဒီရုပ်ကို မြတ်စွာဘုရားက သတ္တဝါ မဟုတ်ဘူးလို့ ဟောထားပြီ၊သတ္တဝါတင် မဟုတ်တာလား မြတ်စွာဘုရားက ဟောလိမ့်ဦးမယ် တလုံး—

ဘိက္ခဝေ၊ ဝိပဿနာကမ္မဋ္ဌာန်းကို ခုထိုင်ပြီးတော့ ရုပ်ကိုရှုနေကြတဲ့ သားတော်,သမီးတော်များ ဖြစ်ကြကုန်သော အို အမျိုးကောင်းသား,အမျိုးကောင်း

သမီး အပေါင်းတို့။ အားရလိုက်ကြစမ်းပါ "ငါဟာ မြတ်စွာဘုရားရဲ့သား, သမီး, ငါဟာ မြတ်စွာဘုရားရဲ့တပည့်, ဘယ်သူ့တပည့်မှ မဟုတ်ဘူး, မြတ်စွာဘုရားရဲ့ တပည့်၊ ငါ့ကို အခုပြောနေတယ် မြတ်စွာဘုရားက" လို့။

"ဘိက္ခဝေ၊ ဝိပဿနာကမ္မဋ္ဌာန်းကို ခုထိုင်ပြီးတော့ ရုပ်ကို စီးဖြန်းနေကြကုန်သော အမျိုးကောင်းသား, အမျိုးကောင်းသမီး အပေါင်းတို့။ ရုပ်၊ သင်တို့တွေ့နေတဲ့ ထွက်လေ ဝင်လေ တည်းဟူသော တွန်းကန်လှုပ်ရှားမှု ဆိုတဲ့ သဘောတရားကလေးသည်။ နနရော၊ လူမဟုတ်"။

ဘုန်းကြီးတို့ ပရိသတ် ကြည့်စမ်း၊ အဲဒီရုပ်ဟာ လူနဲ့တူရဲ့လား။ (မတူပါဘုရား)။

ဒီရုပ်နဲ့ တူတဲ့လူကို ဘုန်းကြီးတို့ ပရိသတ် မြင်ဘူးရဲ့လား။ (မမြင်ဘူးပါဘုရား)။

ဒါဖြင့် ဒီရုပ်ဟာ လူဟုတ်ကဲ့လား? (မဟုတ်ပါဘုရား)။

မြတ်စွာဘုရားက လူမဟုတ်ဘူးလို့ ပြောထားပြီနော်။ (မှန်ပါ)။

ဒီတော့ ဒီကနေ့ ပညာရှင် အသီးသီးထဲမှာ ဒီရုပ်သည် လူနဲ့တူပါတယ်လို့ ပြနိုင်တဲ့ ပညာရှင် ပေါ်ပလား။ (မပေါ်သေးပါဘုရား)။

မပေါ်သေးဘူးနော်။ (မှန်ပါ)။

ရှုမှတ်ရန်။ ။အလုပ်လုပ်နေ, ရုပ်ကိုကြည့်ထား၊ မြတ်စွာဘုရားက ဒီရုပ်ကို လူမဟုတ်ဘူးလို့ ပြောနေတယ်, ငါကလဲ ဒါကို လူနဲ့များ တူနေသလားလို့ ကြည့်၊ အပြင်ဘက်ကို မျက်လုံးဖွင့်ကြည့်လိုက်ရင် လူတွေ တွေ့မှာဘဲ၊ ဉာဏ်ပေါ်အောင် ကြည့်၊ ရုပ်ကျတော့ လူတွေ့သေးသလား။ (မတွေ့ပါဘုရား)။

ဘာတွေ့နေသလဲ၊ ရုပ်။ လှုပ်ရှားနေတဲ့, ရင်ထဲမှာ တလှုပ်လှုပ် ဖြစ်နေတဲ့ ထွက်လိုက်, ဝင်လိုက်, အထက်ကို တက်လာလိုက်, အောက်ကို ဆင်းသွားလိုက်နဲ့ ဒီလို လှုပ်ရှားတဲ့သဘောတွေ ရှိနေတယ်၊ ရှိမနေဘူးလား?။ (ရှိနေပါတယ် ဘုရား)။

အဲဒီတရားကို လှုပ်တယ်လို့ ရှုရမလား, ရုပ်လို့ ရှုရမလား။ ("ရုပ်" လို့ ရှုရမှာပါဘုရား)။

မြတ်စွာဘုရားက ဒီ ကရဇကာယကြီးထဲက တလှုပ်လှုပ်နဲ့ ပေါ်လာရင် "ရုပ်လို့ ရှုလိုက်"တဲ့။ လှုပ်လှုပ် လှုပ်လှုပ်နဲ့ ပေါ်လာရင် လှုပ်တယ်လို့ ရှုရမလား, ရုပ်လို့ ရှုရမလား။ (ရုပ်လို့ ရှုရမှာပါဘုရား)။

ဘယ်သူက ပြောသလဲ။ (မြတ်စွာဘုရားက ပြောပါတယ်ဘုရား)။

ဘယ့်နှယ်ပြောသလဲ၊ "ဉာတိ ရူပံ"။

ဘိက္ခု၊ ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းနေတဲ့ ချစ်သား, ချစ်သမီး။ ဉာတိ၊ ဤလှုပ်ရှားနေတယ်ဆိုတဲ့, လှုပ် လှုပ် နေတယ်ဆိုတဲ့ သဘောသည်။ ရူပံ၊ ရုပ်မည်၏။

"အဲဒါ ရုပ်လို့ခေါ်တယ် ချစ်သား"တဲ့ မြတ်စွာဘုရားက။ ရုပ်လို့ ပြောပေးထားတယ်၊ ဘာတရားတဲ့? (ရုပ်တရားပါဘုရား)။

အဲဒီ ရုပ်တရားဟာ လူနဲ့တူရဲ့လား။ (မတူပါဘုရား)။

လူဟုတ်ကဲ့လား။ (မဟုတ်ပါဘုရား)။

"ဘိက္ခဝေ၊ ရဟန်းတို့။ ရူပံ၊ ရုပ်တရားသည်။ န နရော၊ လူမဟုတ်"။ ကြည့်နေ် ရှုကွက်ထဲမှာ၊ အပြင်ဘက်မှာတော့ သတ္တဝါတွေ တွေ့မှာဘဲ, လူတွေ တွေ့မှာဘဲ၊ ဝိပဿနာ ရှုနေတဲ့ အာရုံထဲမှာတော့ဖြင့် လူလဲ မတွေ့ဘူး, သတ္တဝါလဲ မတွေ့ဘူး၊ လူစွဲ, သတ္တဝါစွဲ ပျောက်မနေဘူးလား။ (ပျောက်နေပါတယ်ဘုရား)။

နေရာကျလိုက်တာ ဘုန်းကြီးတို့ ပရိသတ်၊ လူမဟုတ်ရင်ဖြင့် ယောကျ်ားကော ဟုတ်ပါ့မလား။ (မဟုတ်ပါဘုရား)။

မိန်းမကော ဟုတ်ပါ့မလား။ (မဟုတ်ပါဘုရား)။

ကိုယ့်သား, ကိုယ့်သမီး, ကိုယ့်ဇနီး, ကိုယ့်ခင်ပွန်းကော ဟုတ်ပါ့မလား။ (မဟုတ်ပါဘုရား)။

မဟုတ်တော့ဘူး၊ မဟုတ်ရင် ဘာလဲဆိုတော့ "ရုပ်"တဲ့။

**ပူတာအေးတာ ရုပ်။** ။အဲဒီ လှုပ် လှုပ် နေတယ်ဆိုတဲ့ ရုပ်ကလေးကို ရှုနေရင်း တနေရာရာက ပူမလာဘူးလား။ (ပူလာပါတယ်ဘုရား)။

အဲဒီ ပူတဲ့သဘောကို မြတ်စွာဘုရားက ဘာလို့ ရှုရမတဲ့လဲ။ (ရုပ်လို့ ရှုရမှာပါဘုရား)။

"ဉာတိ ရူပံ"တဲ့၊ လှုပ်တာမှတပါး ဒီကရဇကာယဆိုတဲ့ ခန္ဓာကိုယ်ကြီးထဲက ပူတာပေါ်လာရင် ဘာလို့ရှုရမလဲ။ (ရုပ်လို့ ရှုရမယ်ဘုရား)။

လှုပ်တာ ပေါ်လာရင်– (ရုပ်လို့ ရှုရမယ်ဘုရား)။

ပူတာ ပေါ်လာရင်– (ရုပ်လို့ ရှုရမယ်ဘုရား)။

တခါတလေ အဲဒီခန္ဓာကိုယ် တနေရာရာက အေးစက်စက်နဲ့ အေးတဲ့သဘော တွေကော ပေါ်မလာဘူးလား။ (ပေါ်လာပါတယ်ဘုရား)။

ဘာလို့ရှုရမလဲ။ (ရုပ်လို့ရှုရမယ်ဘုရား)။

ရုပ်လို့ချည်းရှု။ ။"ဣတိ ရူပံ" မြတ်စွာဘုရားက "ချစ်သား, ချစ်သမီး အဲဒီ အေးနေတယ်ဆိုတဲ့သဘောဟာ ရုပ်၊ သတ္တဝါမဟုတ်ဘူး, လူ မဟုတ်ဘူး"တဲ့၊ ရှု,ရှု၊ ရှုကွက်။ အဲဒီလို အေးတာ ပူတာမှတပါး တခါ ဘာတွေ ပေါ်လာဦးမလဲဆိုတော့ ထုံတဲ့သဘောတွေပေါ်လာလိမ့်မယ်, ကျင်တဲ့သဘော တွေပေါ်လာလိမ့်မယ်, ကိုက်ခဲတဲ့သဘောတွေ ပေါ်လာလိမ့်မယ်, လေးတဲ့သဘော တွေပေါ်လာလိမ့်မယ်, ပေါ့တဲ့သဘောတွေပေါ်လာလိမ့်မယ်, ခန္ဓာကိုယ်အောက် ပိုင်းကြီးက လေးပြီးတော့ အထက်ပိုင်းက ပေါ့ပေါ့ကလေး ဖြစ်နေတာတွေ, နောက်ပြီးတော့ ရွရွ ရွရွနဲ့ တကထဲ ရွကောင်ကလေးတွေ ပြေးနေသလို ရွရွ ကလေးတွေ ဖြစ်နေတာတွေ, ဖွားဖွား ဖွားဖွားနဲ့ ဒီလိုဖြစ်နေတာတွေ, ဖြုံးဖြုံး ဖြုံးဖြုံးနဲ့ ခန္ဓာကိုယ်တခုလုံး ခေါင်းကနေပြီးတော့ ဖြိုချလိုက်ရင် အကုန်လုံး ပြိုကျတော့ မတတ် ဖြုံးဖြုံး ဖြုံးဖြုံးနဲ့ တခါထဲ အရိုးရယ်, အသားရယ်, အကြောရယ် ဘာမှ ဉာဏ်ထဲမှာ ရှာမရတော့ဘဲ ဖြုတ်ဖြုတ် ဖြုတ်ဖြုတ်နဲ့ ပြုတ် ကျနေသလို ခန္ဓာကိုယ်တခုလုံး ခြုံမိ ငုံမိအောင် တွေ့နေတာ အားလုံးဟာ ဘူတရုပ်နဲ့ ပသာဒရုပ်လို့ ခေါ်တဲ့ ကရဇကာယကြီး တခုလုံးဘဲတဲ့၊ အဲဒီတရား တွေအားလုံးကို "ချစ်သား ချစ်သမီး သင်ဟာ ဝိပဿနာရှုတဲ့အခါမှာ အမျိုး မျိုးလျှောက်ပြီးတော့ အာရုံတွေကို မလိုက်နဲ့၊ အဲဒီ အခု ပြောခဲ့တဲ့ ပူတာ, အေးတာ, လှုပ်တာ, ယားတာ, ရွရွနဲ့နေတာ, ဖွားဖွား ဖွားဖွားနဲ့နေတာ, ထုံတာ, ကျင်တာ, ထုံတဲ့သဘောတွေပေါ်တာ, ကျင်တဲ့သဘောတွေပေါ်တာ, ပေါ့တဲ့သဘောတွေပေါ်တာ, လေးတယ်ဆိုတဲ့သဘောတွေပေါ်တာ၊ အဲဒီတရား တွေအားလုံးကို ပေါင်းပြီးတော့ ရုပ်လို့ တခုထဲ ရှုလိုက်"လို့ ဝိဘင်းပါဠိတော်က–

"တဒေကဇ္ဈံ အဘိသညူဟိတွာ အဘိသင်္ခိပိတွာ အယံ ဝုစ္စတိ ရူပက္ခန္ဓော"တဲ့။

တံ၊ ထိုကရဇကာယမှာပေါ်နေတဲ့ ပူမှု အေးမှု လှုပ်မှု ယားမှု ရွမှု လို့ဆိုတဲ့ တရားအားလုံးကို။ ဧကဇ္ဈံကတွာ၊ ရုပ္ပနလက္ခဏာဖြင့် တပေါင်းတည်းပြု၍ပြီး တော့။ ရူပက္ခန္ဓောတိ၊ ရူပက္ခန္ဓာဟူ၍။ ဝုစ္စတိ၊ ကောင်းစွာမသွေ ခေါ်ဆို ရပါပေသတည်း။

သာဓု–သာဓု–သာဓု

## ဝေဒနာနုပဿနာ

ရုပ်ဖောက်ပြန်ပုံ။ ။ဟိုဘက်ကို ကူးတော့မလို့၊ ဘုန်းကြီးတို့ ပရိသတ် ရုပ်ကို တွေ့နေပြီနော်။ (မှန်ပါဘုရား)။

ခုနကပြောလိုက်တဲ့ ရုပ်တရားတွေ အားလုံးကို ပေါင်းပြီးတော့, ရူပ္ပနလက္ခဏာနဲ့ ပေါင်းပြီးတော့ သူ့ကို ရူပက္ခန္ဓာလို့ ခေါ်တယ်, ရုပ်လို့ ခေါ်တယ်၊ ဘုန်းကြီးတို့ပရိသတ် ခုတွေ့နေတဲ့တရားကို ရုပ်လို့ခေါ်တာ ဘာပြုလို့ ရုပ်လို့ခေါ်သလဲ၊ ဖောက်ပြန်လို့။ ဖောက်ပြန်တယ်ဆိုတာ ဘယ်လိုလဲ, ပူတာနဲ့ အေးတာနဲ့ တူသလား, မတူဘူးလား။ (မတူပါဘုရား)။

လှုပ်တာနဲ့ ယားတာနဲ့ ပူတာနဲ့ တူသလား, မတူဘူးလား။ (မတူပါဘုရား)။

တောင့်တင်းနေတာနဲ့ လေးနေတာနဲ့ ပေါ့နေတာနဲ့ တူသလား မတူဘူးလား။ (မတူပါဘုရား)။

ဒီ ခန္ဓာကိုယ်ထဲကနေပြီးတော့ ရုပ်တွေ ပူလိုက်, အေးလိုက်, တောင့်လိုက်, တင်းလိုက်, လှုပ်လိုက်, ရွလိုက်, မွလိုက်နဲ့ အမျိုးမျိုး ဖောက်ပြန်မနေဘူးလား။ (ဖောက်ပြန်နေပါတယ်ဘုရား)။

အဲဒီဖောက်ပြန်တဲ့ဒဏ်ချက်တွေကို တွေ့နေရတယ်မဟုတ်လား၊ မျက်လုံးကလဲ အမျိုးမျိုး ဖောက်ပြန်နေတယ်, နားတွေ, နှာခေါင်းတွေ, လျှာတွေ, ပြီးတော့ ခန္ဓာကိုယ်တခုလုံးကလဲဘဲ အမျိုးမျိုး လှုပ်တာတွေ, ပူတာတွေ ဆိုတဲ့ ရုပ်တရားတွေရဲ့ ဖောက်ပြန်ချက်တွေကို ဘုန်းကြီးတို့ပရိသတ် တွေ့ပြီမဟုတ်လား။ (တွေ့ပါပြီဘုရား)။

"ရုပ်ဖောက်ပြန်တယ်, ရုပ်ဖောက်ပြန်တယ်" ဆိုတာ ဘယ်လိုဖောက်ပြန်ပါသလဲ ဘုရားလို့ဆိုတော့၊ ပူတာတမျိုး, အေးတာတမျိုးနဲ့ ဒီလိုဖောက်ပြန်တယ်၊ ပူတာဟာ ပူတာချည်းဘဲ ဆက်ဖြစ်နေရင် အဲဒါကို ဖောက်ပြန်တယ်လို့ ခေါ်ပါ့မလား။ (မခေါ်ပါဘုရား)။

ပူတာကနေပြီး ဘာဖြစ်လာသလဲ? (အေးလာပါတယ်ဘုရား)။

အေးတာကနေပြီးတော့ ဘာဖြစ်လာသလဲ။ (ပူလာပါတယ် ဘုရား)။

အဲဒါကို ခန္ဓဝဂ္ဂသံယုတ် ခဇ္ဇနီယသုတ် ပါဠိတော်က——

"သီတေနပိ ရုပ္ပတိ၊ ဥဏှေနပိ ရုပ္ပတိ" တဲ့။

တခါတလေမှာ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ အစာမဆာဘူးလား? (ဆာပါတယ်ဘုရား)။

ခလေးတွေဆိုရင် မှုံဆာလာတယ်, လူကြီးတွေဆိုရင် ထမင်းဆာလာတယ်၊ အစာဆာလာတယ်, အဆာစာလာတယ်ဆိုရင် ဒီခန္ဓာကိုယ်ဟာ တမျိုးဖြစ်လာသလား, ဖြစ်မလာဘူးလား? (ဖြစ်လာပါတယ်ဘုရား)။

"ဇိဃစ္ဆာယပိ ရုပ္ပတိ" အစာဆာလို့ ဖောက်ပြန်တယ်။ တခါတလေ ရေငတ်မလာဘူးလား? (ငတ်လာပါတယ်ပါဘုရား)။

ငတ်လာတဲ့အခါမှာလဲ "ပိပါသာယပိ ရုပ္ပတိ" ရေငတ်လို့လဲဘဲ ခန္ဓာကိုယ်ဖောက်ပြန်တယ်, ပူလို့ဖောက်ပြန်တယ်, အေးလို့ဖောက်ပြန်တယ်, အဆာစာလို့ဖောက်ပြန်တယ်, ရေငတ်လို့ ဖောက်ပြန်တယ်·စသည်ဖြင့် မြတ်စွာဘုရား ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်မှာ ပြထားတာရှိတယ်။

ဝေဒနာပေါ်ပုံ။ ။အဲဒီ ဖောက်ပြန်တယ်လို့ဆိုတဲ့ ဒဏ်ချက်တွေကို ဘယ်သူခံနေရသလဲ၊ ဘယ်သူက ခံစားနေသလဲ? (ဝေဒနာပါဘုရား)။

ဟုတ်ပြီ ဘုန်းကြီးတို့ပရိသတ် ပေါ်လာပြီနော်၊ ဟောရင်းစဲ့ ပါဠိတော်က ဝေဒနာကို ဟောမယ်လို့၊ သတ္တဝါမဟုတ်တဲ့, လူမဟုတ်တဲ့, ဖောက်ပြန်နေတဲ့ ရုပ်၊ ဖောက်ပြန်တယ်ဆိုတာ လူလား,သတ္တဝါလား, ရုပ်လား? (ရုပ်ပါဘုရား)။

ကြည့်နော်, ကြည့်နော်၊ ကြည့်ဆိုတာ အရှုခိုင်းနေတာ၊ ဖောက်ပြန်တယ်ဆိုတာ လူလား, ရုပ်လား? (ရုပ်ပါဘုရား)။

ဒါဖြင့် အဲဒီရုပ်တရားတို့ရဲ့ ဖောက်ပြန်တဲ့ ဒဏ်ချက်ကို ဘယ်သူခံနေရသလဲ? (ဝေဒနာပါဘုရား)။

ဝေဒနာပေါ်လာပြီ။ ဒီတော့ မြတ်စွာဘုရားက သက္ကပဉ္စာသုတ္တန်မှာ ဝေဒနာကမ္မဋ္ဌာန်းကိုဟောတဲ့အခါ ရုပ်ကို အခြေခံပြီးတော့ ဟောတယ်။

သုခဝေဒနာ။ ။ဒီတော့ ရုပ်တရားတို့ရဲ့ ဖောက်ပြန်တဲ့ဒဏ်ချက်က နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့သုခမဖြစ်လာရင် ဝေဒနာခံစားမှုက သက်သာသလား, မသက်သာဘူးလား? (သက်သာပါတယ်ဘုရား)။ သုခဝေဒနာတဲ့။

ရုပ်တရားတို့ရဲ့ ဖောက်ပြန်တဲ့ ဒဏ်ချက်က ပြင်းထန်လာရင် သုခမလား ဩဠာရိကလား (ဩဠာရိကပါဘုရား)

အဲဒီဩဠာရိကဖြစ်အောင် ဖောက်ပြန်လာတဲ့ဒဏ်ချက်ကိုခံရတော့ သုခလား, ဒုက္ခလား။ (ဒုက္ခပါဘုရား) ဒုက္ခဝေဒနာ။

ရုပ်တရားတို့ရဲ့ ဖောက်ပြန်မှုဒဏ်ချက်က နူးညံ့ သိမ်မွေ့နေရင် သုခမ၊ ဖောက်ပြန်တဲ့ ဒဏ်ချက်က ပြင်းထန်လာရင် ဩဠာရိက။

အဲဒီ သုခမဆိုတဲ့ ဖောက်ပြန်တဲ့ ဒဏ်ချက်ကို ခံရတော့ သက်သာသလား, မသက်သာဘူးလား (သက်သာပါတယ်ဘုရား) သုခဝေဒနာ။

ဖောက်ပြန်တယ် ဆိုတဲ့ ဒဏ်ချက်က သုခမဆိုတဲ့ နူးနူးညံ့ညံ့ သိမ်သိမ် မွေ့မွေ့ ကလေး ဆိုတော့ ဘာဝေဒနာတဲ့ (သုခဝေဒနာပါဘုရား)

**ဒုက္ခဝေဒနာ။** ။ဩဠာရိက ကြမ်းကြမ်း တမ်းတမ်း ဝေဒနာကြီးကို ခံလိုက်ရတော့ ဘာဝေဒနာလဲ။ (ဒုက္ခဝေဒနာပါဘုရား)။

သုခဝေဒနာ, ဒုက္ခဝေဒနာ၊ အနုရောဓ, ဝိရောဓ ပါဠိတော်က အသုံးအနှုန်း။ အနုရောဓနဲ့ ဝိရောဓရယ်လို့ ဝေဒနာဟာ နှစ်မျိုးရှိတယ်တဲ့ မြတ်စွာဘုရားက၊ ဘုန်းကြီးတို့ ပရိသတ် ဘယ်နှစ်မျိုးလဲ။ (နှစ်မျိုးပါဘုရား)။

ဘာဝေဒနာနဲ့ ဘာဝေဒနာလဲဆိုတော့ **အနုရောဓနဲ့ ဝိရောဓ။**

"အနုရောဓ"လို့ဆိုတာက သတ္တဝါစိတ်ကြိုက်နဲ့ အဆင်ပြေနေတယ်, အလျော် ဖြစ်နေတယ်ဆိုတဲ့ သုခမဖြစ်နေရဲ့ ဖောက်ပြန်မှုကို အနုရောဓလို့ခေါ်တယ်၊ သုခဝေဒနာ။ ဘာဝေဒနာလဲ။ (သုခဝေဒနာပါဘုရား)။

"ဝိရောဓ"လို့ဆိုတာ ဩဠာရိကဖြစ်အောင် ကြမ်းကြမ်းတမ်းတမ်း ဖောက်ပြန်မှုကို ခံစားရတဲ့ ဒုက္ခဝေဒနာသည် ဝိရောဓ၊ ဟုတ်လား။ (မှန်ပါဘုရား)။

အဲဒီ အနုရောဓနဲ့ဝိရောဓလို့ခေါ်တဲ့ ဝေဒနာသည် သုခဝေဒနာ, ဒုက္ခဝေဒနာ၊ တမျိုးပြောရင် ဒိပြင် ပါဠိတော်က သမ, ဝိသမ=ညီမျှတယ်, မညီမျှဘူးတဲ့၊ ဟုတ်လား၊ ဒါ သုခဝေဒနာ, ဒုက္ခဝေဒနာ၊ ဘယ်ကိုမှီပြီးတော့ ပေါ်သလဲ အဲဒီ ဝေဒနာ၊ ပြောမယ်—ဒီဝေဒနာပေါ်နည်းကို ပါဠိတော်တွေနဲ့ ဖွင့်မယ်လို့ ပေါ်လာပြီ၊ ဘုန်းကြီးတို့ပရိသတ်မှာ ဝေဒနာပေါ်လာပြီ၊ ဒီတော့ ဝေဒနာကမ္မဋ္ဌာန်းကို မြတ်စွာဘုရား ဟောကြားတော်မူတဲ့နေရာမှာ—

**ဖဿပစ္စယကတရား။** ။ချစ်သားတို့တဲ့ တချို့ပုဂ္ဂိုလ်များမှာ ဝေဒနာခံတတ် ပေါ်တယ်လို့ဆိုတာ တချို့မှာတော့ ဖဿ ပေါ်တယ်၊ ဖဿပေါ်တဲ့အခါ တရားငါးမျိုး အကျုံးဝင်လာတယ်တဲ့ မြတ်စွာဘုရားက၊ ဖဿ ပေါ်တဲ့အခါ တရားဘယ်နှစ်မျိုး အကျုံးဝင်လာသလဲ။ (ငါးမျိုးပါဘုရား)။

ဘယ်သူတွေလဲလို့ဆိုတော့ စောစောပိုင်းကပြောခဲ့တဲ့ ကမ္မဇရုပ်တွေ, ဥတုဇ ရုပ်တွေ အချင်းချင်း လာပြီးတော့ ပေါင်းရ ဆုံရ တွေ့ကြရတာကို ဘာလို့ခေါ် သလဲ။ (ဖဿလို့ခေါ်ပါတယ်ဘုရား)။

ဖဿ။ အဲဒီ ဖဿပေါ်လာတယ်၊ အဲဒီဖဿ ပေါ်လာတဲ့အခါမှာ, ကမ္မဇရုပ်, ဥတုဇရုပ်တို့ရဲ့ အချင်းချင်း ပေါင်းဆုံကြလို့ ဖဿပေါ်လာတဲ့အခါမှာ ဒီဖဿကို

အကြောင်းပြုပြီးတော့ **ဝေဒနာ**လဲ ပေါ်လာတယ်၊ ကောင်းတယ်, မကောင်းဘူး လို့မှတ်သားတဲ့ **သညာ**လဲ ပေါ်လာတယ်၊ စေ့ဆော် တိုက်တွန်းတတ်တဲ့သဘော **စေတနာ**လဲ ပေါ်လာတယ်၊ သိနေတဲ့ ဝိညာဉ်တွေလဲ ပေါ်လာတယ်။ 'ဖဿ ပဉ္စမက'လို့ဆိုပြီးတော့ ဒီတရားငါးမျိုး မြတ်စွာဘုရားက ပြတယ်။

ပြီးတော့ အချို့ပုဂ္ဂိုလ်ကျတော့ ချစ်သားတို့ ဖဿ မထင်ရှားဘူး, ဝေဒနာ ထင်ရှားတယ်၊ ဒါ "အရူပကမ္မဋ္ဌာန်း=နာမ်ကမ္မဋ္ဌာန်း"လို့ခေါ်တယ်၊ ဝေဒနာ ထင်ရှားတဲ့ ပုဂ္ဂိုလ်မှာလဲ ထို့အတူဘဲ ဝေဒနာချည်း ထင်ရှားလာတာမဟုတ်ဘူး, ဝေဒနာလဲထင်ရှားတယ်, ဖဿလဲထင်ရှားတယ်, သညာ, သင်္ခါရ, ဝိညာဉ်လို့ ဆိုဘဲ့ တရားများလဲ ထင်ရှားတယ်၊ ဒါကို "ဖဿပဉ္စမက"လို့ ခေါ်တယ်၊ တချို့ ပုဂ္ဂိုလ်ကျတော့ စိတ်ထင်ရှားတယ်၊ အဲဒီ စိတ်ထင်ရှားတဲ့ ပုဂ္ဂိုလ်များကျတော့ လဲဘဲ ဖဿရယ် ဝေဒနာရယ် သညာရယ် စေတနာရယ်လို့ဆိုတဲ့ ဒီ နာမ်ခန္ဓာ လေးပါးစလုံး သူနဲ့တွဲပြီးတော့ ထင်ရှားလာလို့ ဖဿပဉ္စမက ဖဿတရားဘဲလို့ ဆိုပြီးတော့ အဋ္ဌကထာဆရာကြီးက အဲဒီလို ပြောထားတာရှိတယ်။ ဒီတော့ ဖဿပဉ္စမက တရားထဲမှာ ဝေဒနာ ပါလာတယ်နော်။

**ခံစားတတ်သူ။** ။ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ အခု ဖမ်းထားတာက ဘာလဲလို့ဆိုတော့ ဝေဒနာ။ ရုပ်ကို အခြေခံပြီးတော့ ဘုန်းကြီး ဟောလာခဲ့ပြီ၊ အဲဒီရုပ်တွေရဲ့ ဖောက်ပြန်မှုတွေကို ခံစားနေတာသည် ဘယ်သူတွေလဲ (ဝေဒနာတွေပါ ဘုရား)။

**ဝေဒနာ။** ဖောက်ပြန်တာက လူမဟုတ်ဘူး, သတ္တဝါမဟုတ်ဘူး၊ ဖောက်ပြန်တာက ရုပ်၊ လူနဲ့မဆိုင်ဘူး, သတ္တဝါနဲ့မဆိုင်ဘူး၊ ပြီးတော့ ဝေဒနာက ခံစားနေတယ်လို့ဆိုတော့ အဲဒီ ရုပ်တရားတွေရဲ့ ဖောက်ပြန်တဲ့ဒဏ်ချက်ကို သတ္တဝါက ခံစားသလား, လူကခံစားသလား, ဝေဒနာကခံစားသလား (ဝေဒနာက ခံစားပါတယ် ဘုရား)။

အာရမ္မဏရသံ ဝေဒယတီတိ ဝေဒနာ။

အာရမ္မဏရသံ၊ အာရုံရဲ့ ကောင်းတယ် ဆိုးတယ်ဆိုတဲ့ အရသာကို။ ဝေဒယတိ၊ ခံစားတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝေဒနာ၊ ဝေဒနာ မည်၏။

ဒါ ဝေဒနာခံစားတယ်ဆိုတဲ့ သဘော၊ လူကခံစားသလား, ဝေဒနာက ခံစား သလား (ဝေဒနာက ခံစားတာပါ ဘုရား)။

ကိုင်း ဘုန်းကြီးတို့ပရိသတ် ဒီဝေဒနာကို တွေ့သလား, မတွေ့သေးဘူးလား၊ (တွေ့ပါပြီ ဘုရား)။

ဘယ်လိုနေသလဲ ဒီဝေဒနာ၊ အဲဒီ ခံစားတဲ့သဘောပေါ်လာရင် ဘယ်က ပေါ်လာမလဲ—

"အတ္တနော ကရဇကာယေ ဉာဏေ ဩတာရေတွာ အတ္တဘာဝံ သမ္မသန္တော နိသိဒတိ"—

ဆိုတော့ ဒီကရဇကာယကြီးအတွင်းမှာဘဲ မှီပြီးတော့ ဒီ ဝေဒနာ ပေါ်လာတယ်၊ ဒီပြင် ပေါ်စရာနေရာ ရှိသေးသလား (မရှိတော့ပါ ဘုရား)။

ဒီတော့ ဝေဒနာကိုတွေ့ချင်တဲ့ပုဂ္ဂိုလ်ဟာ ဘယ်နေရာမှာ ရှာရမလဲလို့ဆိုရင် ကရဇကာယအတွင်းမှာ ရှာရမယ်။ ကရဇကာယမှာရှာတော့ ကရဇကာယဘဲ တွေ့မှာပေါ့ ဘုရားလို့ ပြောစရာရှိတယ်၊ "ဟုတ်တယ်"တဲ့ မြတ်စွာဘုရားက၊ ကရဇကာယတွေ့တော့ အဲဒီ ကရဇကာယရဲ့ ဖောက်ပြန်တဲ့ဒဏ်ချက်တွေကို ခံစားတဲ့ ဝေဒနာခတ် အဲဒီက ပေါ်လာလိမ့်မယ်။ ဝေဒနာခတ် ပေါ်လာတယ်၊ ပေါ်လာတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ သုခဝေဒနာလို့ခေါ်တဲ့ သက်သာမှု တခါတလေ တရားအားထုတ်ပြီး နေတဲ့အခါမှာ ခန္ဓာဝန်ကလေးက ပေါ့ပြီးတော့ သိပ် အားထုတ်လို့, နေလို့, ထိုင်လို့ ကောင်းပြီး တော့ ထုံတာ, ကျင်တာ, ကိုက်တာ, ခဲတာ မရှိဘဲနဲ့ တခါတလေ တရားအား ထုတ်လို့ ကောင်းသလား, မကောင်းဘူးလား (ကောင်းပါတယ် ဘုရား)။

အဲဒီ တရားအားထုတ်လို့ ကောင်းနေတယ်လို့ဆိုတာ ဘယ်သူက ပြောလိုက် သလဲ၊ ဝေဒနာကပြောလိုက်တာ သုခဝေဒနာက၊ တရားအားထုတ်လို့ ကောင်း တယ်ဆိုတာ ကိုယ်ကကောင်းတာမဟုတ်ဘူး၊ သုခဝေဒနာကကောင်းတာ၊ ဘာ ဝေဒနာတဲ့ (သုခဝေဒနာပါ ဘုရား)။

တခါတရံကျတော့ "တရားအားထုတ်ရတာ မကောင်းဘူး"ဒီလို မဖြစ်ဘူး လား (ဖြစ်ပါတယ် ဘုရား)။

ဘယ်သူက မကောင်းတာလဲ (ဒုက္ခဝေဒနာပါ ဘုရား)။

အဲဒါက ဒုက္ခဝေဒနာ။ တခါတလေကျတော့ တရားအားထုတ်တာဟာ ကောင်းတာလဲမဟုတ်, မကောင်းဘာလဲမဟုတ်၊ ကောင်းတယ် မကောင်းတယ် ဆိုတဲ့ ကြားထဲမှာ ဖြစ်နေတယ်။ အဲဒါကတော့ ဥပေက္ခာဝေဒနာဆိုတဲ့ သဘော ကလေး ပေါ်လာတာ။ ဒါကိုတော့ အဋ္ဌကထာကပြတယ် "ဒုဒ္ဒိပနာ"အင်မတန် မြင်နိုင်ခဲတယ်တဲ့ ဥပေက္ခာ ဝေဒနာဆိုတာ၊ ဒီတော့ ထင်ရှားနေတာက ဘယ်သူ လဲ၊ သုခ, ဒုက္ခ။

အဲဒီ သုခဝေဒနာတွေပေါ်လာရင်, ဒုက္ခဝေဒနာတွေပေါ်လာရင် ဘာလုပ်ရ မလဲဆိုတော့ "ချစ်သားတို့" သုခဝေဒနာမှာ ဘာပါလာသလဲလို့ ဆိုတော့ ပါဠိတော်က ပြောမလို့၊ သုခဝေဒနာနော် (မှန်ပါ)။

**သုခဝေဒနာနှင့် ရာဂါနုသယ။**　။သုခါယ ဘိက္ခဝေ ဝေဒနာယ ဖုဋ္ဌော သမာ-
နော အဘိနန္ဒတိ၊ အဘိဝဒတိ၊ အဇ္ဈော-
သာယ တိဋ္ဌတိ၊ တဿ ရာဂါနုသယော အနုသေတိ။ ပါဠိတော်။

ဘိက္ခဝေ၊ ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်း၍နေကြကုန်သော အိုအမျိုးကောင်းသား အမျိုးကောင်းသမီးအပေါင်းတို့။ သုခါယဝေဒနာယ၊ ရုပ်တရားရဲ့ ဖောက်ပြန်တဲ့ဒဏ်ချက်ကို သုခအနေအားဖြင့် ခံစားသော သုခဝေဒနာနှင့်။ ဖုဋ္ဌော၊ တွေ့၍နေသည်။ သမာနော၊ ဖြစ်သည်ရှိသော်။ (ဝါ) သုခဝေဒနာ ပေါ်လာသည်ရှိသော်။

သုခဝေဒနာဆိုတာ ချမ်းသာဘဲ၊ ဒီတော့ "သက်သာတယ်, ချမ်းသာတယ်" ဆိုတဲ့ သဘော ပေါ်လာရင် သက်သာတယ်, ချမ်းသာတယ်လို့ ရှုရမလား, ဝေဒနာလို့ ရှုရမလား။　　(ဝေဒနာလို့ ရှုရမှာပါဘုရား)။

ပြန်မေးအုံးမယ်နော်၊ ရှုကွက်ကို ပြန်မေးဦးမယ်— ပူတာပေါ်ရင် ပူတယ်လို့ ရှုရမလား, ရုပ်လို့ ရှုရမလား။　　(ရုပ်လို့ရှုရမယ်ဘုရား)။

ကရဇကာယထဲက အေးတာပေါ်ရင် အေးတယ်လို့ ရှုရမလား, ရုပ်လို့ ရှုရမလား။　　(ရုပ်လို့ ရှုရမယ်ဘုရား)။

ဒီ ကရဇကာယထဲက လှုပ်တာပေါ်ရင် လှုပ်တယ်လို့ ရှုရမလား, ရုပ်လို့ ရှုရမလား။　　(ရုပ်လို့ ရှုရမယ်ဘုရား)။

အဲဒီ ရုပ်တရားတွေရဲ့ ဖောက်ပြန်မှုဒဏ်ချက်က သက်သာလို့ သုခပေါ်လာရင် ချမ်းသာတာကို ရှုရမလား,ဝေဒနာလို့ ရှုရမလား။ (ဝေဒနာလို့ရှုရမယ်ဘုရား)။

ချမ်းသာမှုပေါ်လာရင် ချမ်းသာတယ်လို့ မရှုနဲ့၊ ဝေဒနာလို့ ရှု-တဲ့ မြတ်စွာဘုရားက၊ တခါဟရုံ ခန္ဓာကိုယ်ထဲက ဆင်းရဲမှုတွေ ပေါ်မလာဘူးလား၊ ဒုက္ခဝေဒနာဒဏ်ချက်တွေ။　　(ပေါ်လာပါတယ်ဘုရား)။

ခန္ဓာကိုယ်ထဲက ဆင်းရဲမှုဝေဒနာ ပေါ်လာရင် ဆင်းရဲတယ်လို့ ရှုရမလား, ဝေဒနာလို့ ရှုရမလား။　　(ဝေဒနာလို့ရှုရမယ်ဘုရား)။

ဘယ်နှစ်မျိုးလဲ ပေါ်တာ၊ ရုပ်နဲ့ဝေဒနာ၊ ဘယ်နှစ်မျိုး။ (နှစ်မျိုးပါဘုရား)။

ပေါ်တာ နှစ်မျိုးနော်၊ ပူရင်, အေးရင်,လှုပ်ရင်,ဘာတဲ့လဲ။ (ရုပ်ပါဘုရား)။ ချမ်းသာရင်, ဆင်းရဲရင်။　　(ဝေဒနာပါဘုရား)။

ရှုကွက်။ ဒါ ထူးကြီးဆရာတော်မှု မဟုတ်ဘူး၊ ပါဠိတော်မူ၊ မြတ်စွာဘုရားရဲ့ ဝိပဿနာ။ အသံသာ ထူးကြီးဆရာတော်ရဲ့ အသံ၊ တရားက ထူးကြီးဆရာတော်

တရား မဟုတ်ဘူး၊ ထူးကြီးဆရာတော်မှု မဟုတ်ဘူး၊ ဟုတ်ပလား ဘုန်းကြီးတို့ ပရိသတ်။ (မှန်ပါ)။

ဒါ ဘယ်သူ့တရားလဲ။ (မြတ်စွာဘုရားရဲ့ တရားပါဘုရား)။

ဘယ်သူ့မူလဲ။ (မြတ်စွာဘုရားရဲ့ မူပါဘုရား)။

ဒို့မူနဲ့ မကိုက်ပါလားဆိုရင် ဘုရားနဲ့သာ သွားပြီးငြင်းကြ၊ ဘုန်းကြီးနဲ့တော့ ဘာမှ မဆိုင်ဘူး၊ ဟုတ်ပလား။ (မှန်ပါဘုရား)။

ရှေ့သွားမယ်နော်။ (မှန်ပါ)။

အဲဒီနေရာမှာ သုခဝေဒနာနဲ့တွေ့လာတော့ ဘာပါလာသလဲလို့ဆိုရင် "ချစ်သားတို့ သတိ ကြပ်ကြပ်ထား"တဲ့ မြတ်စွာဘုရားက—

> သုခါယ ဘိက္ခဝေ ဝေဒနာယ ဖုဋ္ဌော သမာနော အဘိနန္ဒတိ အဘိ· ဝဒတိ အဇ္ဈောသာယ တိဋ္ဌတိ၊ တဿ ရာဂါနုသယော အနုသေတိ။

ဘိက္ခဝေ၊ ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်း၍ နေကြကုန်သော အမျိုးကောင်းသား အမျိုးကောင်းသမီးအပေါင်းတို့။ သုခါယ ဝေဒနာယ၊ ရုပ်တရားရဲ့ ဖောက်ပြန်တဲ့ဒဏ်ချက်ကို သက်သက်သာသာ ခံစားနေရတယ်ဆိုတဲ့, ချမ်းသာတယ်ဆိုတဲ့ သုခဝေဒနာနှင့်။ ဖုဋ္ဌော၊ တွေ့သည်။ သမာနော၊ ဖြစ်သည်ရှိသော်။ အဘိနန္ဒတိ၊ အလွန်နှစ်သက်၏။

နှစ်သက်သလား, မနှစ်သက်ဘူးလား။ (နှစ်သက်ပါတယ်ဘုရား)။

အဘိဝဒတိ၊ ကောင်းလိုက်တာလို့ နှုတ်က မြွက်ဆိုပြောကြား၏။

တရားအားထုတ်ရတာ ကောင်းလိုက်တာလို့ မပြောဘူးလား။ (ပြောပါတယ်ဘုရား)။

အဇ္ဈောသာယ တိဋ္ဌတိ၊ အဲဒီတရားကလေးမျိုး ဖြစ်စေချင်သေးတယ်လို့ တခါထဲ ဝမ်းထဲမှာ မျိုထားတော့မတတ် သိမ်းပိုက်ပြီးတော့ စွဲလမ်းထား၏။ အဇ္ဈောသာယ၊ တဏှာဖြင့် စွဲလမ်းသိမ်းပိုက်၍။ တိဋ္ဌတိ၊ အဲဒီ သုခဝေဒနာ၌ တည်၏။

ဒါဖြင့် အဲဒီ ယောဂီပုဂ္ဂိုလ် ဘယ့်နှယ်ဖြစ်နေသလဲ၊ သူ့မှာ တရားတက်နေသလားလို့ဆိုတော့ တက်တော့ တက်နေတယ်, တက်ပေမဲ့ မြတ်စွာဘုရားက—

> "တဿ ရာဂါနုသယော အနုသေတိ"။

တဿ၊ ထိုယောဂါဝစရပုဂ္ဂိုလ်သန္တာန်၌။ ရာဂါနုသယော၊ ရာဂါနုသယ သည်။ အနုသေတိ၊ ဖြစ်ပေါ်၍ နေလေတော့၏-တဲ့။

"ကောင်းလိုက်တာ"လို့ ပြောနေတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ရာဂတွေ ဖြစ်နေတယ် ချစ်သားတို့၊ ဘာတွေလဲ။ (ရာဂါနုသယပါဘုရား)။

ဒါဖြင့် အဲဒီ ရာဂါနုသယကို ဘယ့်နှယ်လုပ်ရမလဲ၊ နောက် ပါဠိတော်တမျိုး ပြောင်းမယ်၊ အခု ဘုန်းကြီးရွတ်လိုက်တဲ့ ပါဠိတော်က ဥပရိပဏ္ဏာသ ပါဠိ-တော် သဠာယတနဝဂ္ဂ သံယုတ်ပါဠိတော်ကို ပြန်ခဲ့တော့—

**ရာဂါနုသယကိုပယ်။** ။သုခါယ ဘိက္ခဝေ ဝေဒနာယ ရာဂါနုသယော ပဟာ-တဗ္ဗော။ ပါဠိတော်။

ဘိက္ခဝေ၊ ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများ အားထုတ်၍ နေကြကုန်သော အို အမျိုးကောင်းသား အမျိုးကောင်းသမီး အပေါင်းတို့။ သုခါယဝေဒနာယ၊ သုခဝေဒနာ၌။ ရာဂါနုသယော၊ ရာဂါနုသယကို။ ပဟာတဗ္ဗော၊ ပယ်အပ်၏—တဲ့။

ဒီတော့ သုခဝေဒနာဖြစ်လာတဲ့အခါမှာ ဝေဒနာကို ပယ်ရမလား, ရာဂါ-နုသယကို ပယ်ရမလား။ (ရာဂါနုသယကို ပယ်ရမယ်ဘုရား)။

ဒီနေရာမှာ သေသေချာချာကြည့်အုံးနော် ဘုန်းကြီးတို့ ပရိသတ်၊ ဘုန်းကြီးတို့ ပရိသတ် သုခဝေဒနာကိုချည်း ပယ်ပယ်ပစ်နေတတ်သေးတယ်၊ သုခဝေဒနာကို ပယ်မပစ်နဲ့တဲ့ မြတ်စွာဘုရားက၊ အဲဒီ သုခဝေဒနာမှာ ပါလာတဲ့ နှစ်သက်တယ်ဆိုတဲ့ ရာဂါနုသယကိုသာ ပယ်လိုက်တဲ့၊ သုခဝေဒနာမှာ ဘယ်သူပါလာသလဲ။ (ရာဂါနုသယပါဘုရား)။

ဒါဖြင့် ဒီရာဂါနုသယကို ဘာလုပ်ရမလဲ။ (ပယ်ရမှာပါဘုရား)။

သုခဝေဒနာ ပယ်ရမလား, ရာဂါနုသယ ပယ်ရမလား။ (ရာဂါနုသယ ပယ်ရမယ်ဘုရား)။

ဒါ မြတ်စွာဘုရားရဲ့ ပါဠိတော်မူ၊ ထူးကြီးဆရာတော်ရဲ့မူ မဟုတ်ဘူးနော်၊ အသံသာ ထူးကြီးဆရာတော်ရဲ့ အသံ၊ တရားက မြတ်စွာဘုရားရဲ့တရား၊ ကွဲပစေနော်, ရောမနေစေနဲ့၊ ကိုယ့်ဆရာဖြစ်တဲ့ မြတ်စွာဘုရားရဲ့ ကြားထဲမှာ ထူးကြီးဆရာတော် ခံမနေစေနဲ့၊ ဟုတ်ပလား။ (မှန်ပါ)။

ကိုယ်နဲ့ မြတ်စွာဘုရားရဲ့ကြားမှာ ထူးကြီးဆရာတော်ကို အဝင်မခံနဲ့၊ ကိုင်း ပါဠိတော်က ဘယ့်နှယ်ပြောထားသလဲ— "သုခဝေဒနာ ပေါ်လာရင် ရာဂါ-နုသယ ပါလာတယ် ချစ်သား"တဲ့။

**ရှုကွက်ဖော်ပုံ။** ။အဲဒီ သုခဝေဒနာမှာ ရာဂါနုသယကိုသာ ပယ်ပစ်လိုက်၊ သုခဝေဒနာကို မပယ်နှင့်၊ ဒါဖြင့် သုခဝေဒနာကို မပယ်ရရင် သုခဝေဒနာကို ဘယ့်နှယ်လုပ်ရမလဲ၊ ဒဋ္ဌဗ္ဗသုတ္တန်က—

"သုခါဝေဒနာ ဒုက္ခတော ဒဋ္ဌဗ္ဗာ"။

ရှုကွက်ပေးလိုက်ပြီ။

ဘိက္ခဝေ၊ ဝိပဿနာကမ္မဋ္ဌာန်းကို အခုထိုင်ပြီး စီးဖြန်းပွါးများ အား ထုတ် နေကြကုန်သော အို အမျိုးကောင်းသား, အမျိုးကောင်းသမီး အပေါင်းတို့။ သုခါဝေဒနာ၊ အဲဒီသုခဝေဒနာကို့, သက်သာတယ်ဆိုတဲ့ သုခ- ဝေဒနာကို။ ဒုက္ခတော၊ ဆင်းရဲလှချေရဲ့ဆိုတဲ့ အနေမျိုးအားဖြင့်။ ဒဋ္ဌဗ္ဗာ၊ ရှုအပ်ကုန်၏။

ဘုန်းကြီးတို့ ပရိသတ် အဲဒီလို ကိုယ့်ခန္ဓာကိုယ်မှာ တရားအားထုတ်လို့ သက် သာမှုဆိုတဲ့ ချမ်းသာတွေပေါ်နေရင် ဘယ့်နှယ်ရှုရမလဲ။ (ဒုက္ခလို့ရှုရမယ်ဘုရား)။

ဒုက္ခလို့ ရှုရမယ်တဲ့၊ ရှုနိုင်ပါ့မလား၊ သုခဝေဒနာကို ဘယ့်နှယ် ရှုရမယ်လို့ မြတ်စွာဘုရားက ပြောထားသလဲ—

"ချစ်သားတဲ့ ချစ်သမီးတဲ့ သင် ရုပ်ကို ရှုနေတဲ့အချိန်မှာ ရုပ်တရားတို့ရဲ့ ဖောက်ပြန်မှုကြောင့် သက်သာတယ်ဆိုတဲ့ သုခဝေဒနာ ပေါ်လာတယ်တဲ့၊ သုခ ဝေဒနာ ပေါ်လာရင် အဲဒီသုခဝေဒနာမှာ ရာဂါနုသယ ပါလာတယ်တဲ့၊ အဲဒီ ရာဂါနုသယ ပါလာတော့ သုခဝေဒနာကိုထား၊ ရာဂါနုသယကို ပယ်ပစ်လိုက်"၊ ဒါဖြင့် သုခဝေဒနာကို ဘယ့်နှယ်လုပ်ရမလဲ၊ ဒုက္ခလို့ ရှုလိုက်တဲ့၊ သုခကို ဘယ့် နှယ်လဲ ဘုန်းကြီးတို့ ပရိသတ် ဒုက္ခလို့ ရှုနိုင်ပါ့မလား၊ ဒီလောက် ချမ်းသာနေ တာကြီးကို ဘယ့်နှယ်လုပ် ဒုက္ခလို့ ထင်နိုင်မလဲ။

**ရှုနည်းပြ။** ။ဘုန်းကြီးတို့ ပရိသတ်က ကျောချမ့ မားပြမှန်းသိတဲ့ပရိသတ်၊ ဒီတော့ သုခဝေဒနာနဲ့ ကိုယ့်မှာ ချမ်းချမ်းသာသာကလေးဖြစ် နေရတာကို ဘယ့်နှယ် ဒုက္ခဝေဒနာလို့ ရှုနိုင်ပါ့မလဲ၊ အဲဒီ သုခဝေဒနာကြီးလဲ ပျက်စီးသွားရော "ဝါး"ဆိုပြီးတော့ တခါထဲ ငိုရော။ ဒီတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ကိုင်း ပါဠိတော်တခု ပြောင်းလိုက် သုခဝေဒနာကို ဒုက္ခလို့ ရှုပုံ မူလပဏ္ဏာသပါဠိတော် စူဠဝေဒလ္လသုတ်မှာ—

သုခါ ဝေဒနာ ကိံသုခါ၊ ကိံဒုက္ခာ။ (မေးခွန်း)

ဝိသာခသူကြွယ်က ဓမ္မဒိန္နာကိုမေးနေတယ် "အရှင်မဓမ္မဒိန္နာတဲ့ သုခဝေဒနာ များ ဘာဖြစ်လို့ သုခဖြစ်သလဲ, ဘာဖြစ်လို့ ဒုက္ခဖြစ်သလဲ"လို့ မေးတယ်။

ဒီတော့ ဓမ္မဒိန္နာက ပြန်ဖြေတယ်—

"သုခါ ခေါ အာဝုသော ဝိသာခ ဝေဒနာ ဌိတိသုခါ ဝိပရိဏာမဒုက္ခာ" သုခဝေဒနာဆိုတာကဲ့ တည်နေတုန်းတော့ ချမ်းသာတယ်တဲ့၊ ပျက်စီးသွားလို့ ဖောက်ပြန်သွားတဲ့အခါကျတော့ ဒုက္ခတဲ့။

ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ထန်းလျက်ခဲ တခဲကို လျှာပေါ်တင်ထားလိုက် လျှာပေါ်မှာတင်လိုက်တဲ့အခါ ဒီထန်းလျက်ရဲ့ အရသာဟာ ချိုသလား, မချိုဘူးလား? (ချိုပါတယ်ဘုရား)။

တဖြေးဖြေး လျှာပေါ်မှာပျော်ပြီးတော့ ချိုတဲ့အရသာကလေးဟာ တဖြေးဖြေး ရွေ့ရွေ့သွားပြီး နောက်တော့ ရှိသေးလား။ (မရှိတော့ပါဘုရား)။

ချိုတဲ့အရသာလေးရဲ့ ရွေ့ပြီးတော့ ပျက်နေတဲ့သဘောကို ဘာလို့ခေါ်သလဲ၊ ဝိပရိဏာမလို့ခေါ်တယ်။ အဲဒီ ဝိပရိဏာမအချက်ကို ထင်အောင်ကြည့်ပြီးတော့ ဒုက္ခလို့ရှုပါတဲ့၊ ဝိပရိဏာမဒုက္ခ ရှုတတ်ပလား? (ရှုတတ်ပါပြီဘုရား)။

ရှုနည်းနော်၊ ဒါ မြတ်စွာဘုရားပေးတဲ့နည်း၊ အဲဒီ ရှုနည်းနဲ့ သုခဝေဒနာကို ရှုရောဆိုပါတော့၊ အဲဒီလို သုခဝေဒနာကိုတော့ ရှုတတ်ပါပြီနော် ဘုန်းကြီးတို့ ပရိသတ်၊ ဒါဖြင့် ဒီသုခဝေဒနာမှာဖြစ်နေတဲ့ ရာဂါနုသယကို ပယ်ရမယ်လို့ ခုန ဟောထားတယ်၊ ဘယ့်နှယ်လုပ် ပယ်မလဲ၊ ဘုန်းကြီးတို့ပရိသတ် ပယ်တတ်ပါ့မလား၊ သုခဝေဒနာ အဲဒီလို ပေါ်လာတယ်ဆိုရင် ရာဂါနုသယ ပါလာတယ်၊ ဒီသုခဝေဒနာမှာပါလာတဲ့ ရာဂါနုသယကို ဘယ်လိုပယ်ရမလဲဆိုတော့ နောက်တော့ ဟောပေးမယ်၊ ဒုက္ခဝေဒနာ ပြောကြဦးစို့။

ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ အမျိုးကောင်းသမီးတွေမှာ သုခဝေဒနာ မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား)။

သုခဝေဒနာတင် ပေါ်သလား၊ ဒုက္ခဝေဒနာကျတော့ ဘယ်နှယ့်လုပ်ရမလဲ ဘုရား၊ ဒါလဲ ဘုန်းကြီးပြောရဦးမယ်၊ တခါတရံ ခန္ဓာကိုယ်မှာတရားအားထုတ်နေရင်း မခံသာတဲ့သဘော ပေါ်လာသလား, ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား)။

အဲဒီ မခံသာတာတွေဟာ ဘယ်သူတွေ ဘာတွေ လုပ်နေသလဲဆိုတော့ ပထဝီ အာပေါ တေဇော ဝါယောလို့ဆိုတဲ့ စောစောပိုင်းကပြောတဲ့ ဘူတရုပ် ပသာဒရုပ်တွေရဲ့ ဖောက်ပြန်တဲ့ဒဏ်ချက်ဘဲ၊ ခံသာသလား, မခံသာဘူးလား? (မခံသာပါဘုရား)။

မခံသာရင် ဒုက္ခလား, သုခလား? (ဒုက္ခပါဘုရား)။

အဲဒီဒုက္ခတွေပေါ်လာရင် ဆင်းရဲတယ်လို့ ရှုရမလား, ချမ်းသာတယ်လို့ ရှုရမလား-ဆိုတော့ ဒုက္ခဝေဒနာလို့သာ ရှုပါတဲ့၊ ခန္ဓာကိုယ်မှာ ပူတာပေါ်လာရင်,, အေးတာပေါ်လာရင်, လှုပ်တာပေါ်လာရင် ရုပ်လို့ရှု။ ချမ်းသာတာပေါ်လာရင်, ဆင်းရဲတာပေါ်လာရင် ဘာလို့ရှုရမလဲ? (ဝေဒနာလို့ ရှုရမယ်ဘုရား)။

ချမ်းသာတယ်လို့ မရှုရဘူး, ဆင်းရဲတယ်လို့ မရှုရဘူးတဲ့ မြတ်စွာဘုရားက၊ ဒီတော့ "သုခါ ဝေဒနာ ဒုက္ခတော ဒဋ္ဌဗ္ဗာ၊ ဒုက္ခာ ဝေဒနာ သလ္လတော ဒဋ္ဌဗ္ဗာ"။ ဒါကတော့ နောက် သူ လာလိမ့်မယ်။

**ဒုက္ခဝေဒနာနှင့် ပဋိဃာနုသယ။** ။ဒုက္ခဝေဒနာ ပေါ်လာတော့ ဘာဖြစ်သလဲ ချစ်သားတဲ့၊ အဲဒီလို တရားအားထုတ်နေတဲ့ အခါမှာ သင်ချစ်သားတို့ရဲ့ ကရဇကာယအတွင်းမှာ ခန္ဓာကိုယ်ရဲ့ဖောက်ပြန်ချက် ပြင်းထန်တဲ့ ဒုက္ခဝေဒနာလဲ ပေါ်လာတယ်တဲ့၊ ဒုက္ခဝေဒနာပေါ်လာရင် မပေါ့နဲ့ သင်ချစ်သားတဲ့၊ တရားအားထုတ်နေရင်း သင့်မှာ အကုသိုလ်ဝင်နေပြီတဲ့၊ ဘယ်လိုလဲ—

ဒုက္ခာယ ဘိက္ခဝေ ဝေဒနာယ ဖုဋ္ဌော သမာနော သောစတိ ကိလမတိ ပရိဒေဝတိ ဥရတ္တာဠိံ ကန္ဒတိ သမ္မောဟံ အာပဇ္ဇတိ၊ တဿ ပဋိဃာနုသယော အနုသေတိ။

ဒုက္ခဝေဒနာလိုက်တဲ့ပုဂ္ဂိုလ်တွေ အဲဒါ သတိထားရမယ်တဲ့၊ ပြောပေးအုံးမယ် ဒီကနေ့ ခပ်စုံစုံကလေး၊ ဘုန်းကြီးတို့ပရိသတ်ကို သိစေချင်တယ် ဝေဒနာနဲ့ ပတ်သက်လို့။

ဘိက္ခဝေ၊ ဝိပဿနာကမ္မဋ္ဌာန်းကို ယခုလိုထိုင်၍ စီးဖြန်းနေကြကုန်သော အို အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့။ ဒုက္ခာယ ဝေဒနာယ၊ ခန္ဓာကိုယ်မှာ မခံနိုင်ဘူးဆိုတဲ့ ဒုက္ခဝေဒနာနှင့်။ ဖုဋ္ဌော၊ တွေ့ထိသည်။ သမာနော၊ ဖြစ်သည်ရှိသော်။ (ချစ်သားတို့ ရုပ်တရားတို့ရဲ့ ဖောက်ပြန်တဲ့ ဒဏ်ချက်ကြောင့် ဒုက္ခဝေဒနာကြီးများ သင်တို့ခန္ဓာကိုယ်ထဲမှာ ပေါ်လာရင်, ဝေဒနာပေါ်လာရင် ဘယ်လိုဖြစ်သလဲလို့ဆိုတော့ အဲဒီ ဒုက္ခဝေဒနာရဲ့ပိုင်ရှင် ဖြစ်တဲ့ ပုဂ္ဂိုလ်ဟာ) သောစတိ၊ စိုးရိမ်ရ၏။ ကိလမတိ၊ ပင်ပန်းရ၏။ ပရိဒေဝတိ၊ ယောင်ရမ်းမြည်တမ်း၍လာရ၏။ ဥရတ္တာဠိံ ကန္ဒတိ၊ လက်တွေ ခြေတွေ ဖောက်ပြန်ပြီးတော့ ရင်လက်ခတ်တီး ငိုကြွေး မြည်တမ်း လာလေတော့၏။ သမ္မောဟံ၊ တွေဝေခြင်းသို့။ အာပဇ္ဇတိ၊ ရောက်ရတော့၏။

ချစ်သားတို့တဲ့ ဒုက္ခဝေဒနာတွေပေါ်လာလိမ့်မယ် ခန္ဓာကိုယ်ထဲမှာ မခံနိုင်တာတွေ၊ ဒီဒုက္ခဝေဒနာကို ဘယ့်နှယ်လုပ်ရမလဲ၊ ဒီနာနေတာကိုဘဲ စိုက်ပြီး ရှုနေ

ရမလား, ဆိုလိုတဲ့အဓိပ္ပါယ်က အဲဒီ ဒုက္ခဝေဒနာနောက် လိုက်ရမလား, မလိုက်ရဘူးလား ဒါ ပြောနေတာ၊ သုခဝေဒနာပေါ်လာတယ်, ဒုက္ခဝေဒနာပေါ်လာတယ်၊ အဲဒီဝေဒနာနောက်ကို လိုက်ရမလား, မလိုက်ရဘူးလား။ (မလိုက်ရပါဘုရား)။

လိုက်ရင် ဘာဖြစ်မလဲ၊ အဲဒီ ဒုက္ခဝေဒနာနောက်ကိုလိုက်သွားရင် "ဒုက္ခာယ ဝေဒနာယ၊ အဲဒီ ဒုက္ခဝေဒနာနှင့်။ ဖုဋ္ဌောသမာနော၊ တွေ့လာသည်ရှိသော်, ပေါ်လာသည်ရှိသော်။ သောစတိ၊ စိုးရိမ်ရမယ်။

အဲဒီ ဒုက္ခဝေဒနာနောက်လိုက်ရင် စိုးရိမ်ရမယ်တဲ့။ ကိလမတိ၊ ပင်ပန်းလာလိမ့်မယ်တဲ့၊ တရားအားထုတ်ရင်း ခန္ဓာကိုယ် ပင်ပန်းလာလိမ့်မယ်တဲ့၊ လူကို တဆတ်ဆတ်နဲ့တုန်ပြီးတော့ အမျိုးမျိုးပင်ပန်းလာလိမ့်မယ်-တဲ့ မြတ်စွာဘုရားက။ ပရိဒေဝတိ၊ ပရိဒေဝတိ-ဆိုတာ ဘယ်လိုလဲ ပါးစပ်က ယောင်ရမ်းမြည်တမ်းလာလိမ့်မယ်။ ဥရတ္တာဠိံ ကန္ဒတိ၊ လက်တွေ ခြေတွေ ဖောက်ပြန်ပြီးတော့ ရင်လက်ခတ်တီးဖြစ်လာလိမ့်မယ်, ဒိုးဒိုးဒန့်ဒန့်တွေဖြစ်လာလိမ့်မယ်တဲ့၊ ဒါဖြင့် အဲဒီပုဂ္ဂိုလ် တရားရနေသလားလို့ဆိုရင် ချစ်သားတို့ မဟုတ်ဘူးတဲ့၊ အဲဒီပုဂ္ဂိုလ်သန္တာန်မှာ ဘာဖြစ်သွားသလဲလို့ဆိုတော့၊ "သမ္မောဟံ အာပဇ္ဇတိ-တခါထဲမေ့သွားရော" တဲ့ မြတ်စွာဘုရားက၊ ဒီတော့ ဘာဖြစ်သွားသလဲ။ (မေ့သွားပါတယ်ဘုရား)။

ဒုက္ခဝေဒနာတွေ အားကြီးလာရင် နော်။ (မှန်ပါဘုရား)

သမ္မောဟံ၊ တွေဝေမိန်းမောခြင်းသို့။ အာပဇ္ဇတိ၊ ရောက်ရလေတော့၏။

အဲဒီလိုမေ့တော့ ဒီပုဂ္ဂိုလ်မှာ ဘာဖြစ်လာသလဲ မြတ်စွာဘုရားက အဆုံးအဖြတ် ပေးလိမ့်မယ်၊ မေ့သွားတဲ့ ပုဂ္ဂိုလ်မှာ "တဿ ပဋိဃာနုသယော အနုသေတိ"။ တဿ၊ ထိုဒုက္ခဝေဒနာကို လိုက်သည်ဖြစ်သောကြောင့် ဖောက်ပြန်ပြီးတော့မေ့သွားတဲ့ ပုဂ္ဂိုလ်အား။ ပဋိဃာနုသယော၊ ဒေါသခေါ်တဲ့ ပဋိဃာ-နုသယသည်။ အနုသေတိ၊ ဖြစ်ခွင့်ရလို့ ဖြစ်နေလေတော့၏။

ဘာဖြစ်နေသလဲ အဲဒီပုဂ္ဂိုလ်မှာ၊ ကုသိုလ်ဖြစ်နေတာလား, အကုသိုလ်ဖြစ်နေတာလား။ (အကုသိုလ်ဖြစ်နေတာပါဘုရား)။

ချစ်သား တရားအားထုတ်ရင် ဘုန်းကြီးတို့ပရိသတ် ရှုနော်၊ ကိုင်း ဒါဖြင့် ဒီဒုက္ခဝေဒနာပေါ်တော့ ဘာတွေဖြစ်လာသလဲ? အဲဒီဒုက္ခဝေဒနာပေါ်လာရင် ပဋိဃာနုသယတွေ ဖြစ်လာတယ်တဲ့။

**ပဋိဃာနုသယပယ်။**　　။ဒါဖြင့် ဘယ်နှယ့်လုပ်ရမလဲ၊ နောက်ပါဠိတော်တခုက——

ဒုက္ခာယ　ဘိက္ခဝေ　ဝေဒနာယ　ပဋိဃာနုသယော

ပဟာတဗ္ဗော။

ဘိက္ခဝေ၊ ဝိပဿနာကမ္မဋ္ဌာန်းကို ထိုင်ပြီးတော့ စီးဖြန်းနေကြကုန်သော အိုအမျိုးကောင်းသား, အမျိုးကောင်းသမီးအပေါင်းတို့။ ဒုက္ခာယဝေဒနာ- ယ၊ ခုပြောခဲ့တဲ့ ဒုက္ခဝေဒနာ၌။ ပဋိဃာနုသယော၊ ပဋိဃာနုသယကို။ ပဟာတဗ္ဗော၊ ပယ်စွန့်အပ်၏။

ဒုက္ခဝေဒနာပေါ်လာရင် ဒုက္ခဝေဒနာ ပယ်ရမလား, ပဋိဃာနုသယ ပယ်ရ မလား။ (ပဋိဃာနုသယ ပယ်ရမယ်ဘုရား)။

ဒုက္ခဝေဒနာကို မပယ်နဲ့နော်။ (မှန်ပါဘုရား)။

အဲဒီ ပဋိဃာနုသယကို ပယ်ရမယ်ဆိုတော့ ဒုက္ခဝေဒနာကို ဘယ့်နှယ်လုပ်ရ မလဲ, ဘယ့်နှယ်ရှုရမလဲ။

**ဒုက္ခရှုကွက်။** ။"ဒုက္ခာ ဝေဒနာ သလ္လတော ဒဋ္ဌဗ္ဗာ"။ ပါဠိတော်က—

ချစ်သားတဲ့ ဒုက္ခဝေဒနာကြီးများ ပေါ်လာရင် ငြောင့်ကြီးစူးနေသကဲ့သို့, လှံစူးဘိသကဲ့သို့, မြှားစူးဘိသကဲ့သို့ ရှုပါတဲ့၊ ဘယ်လိုလဲ ဘုန်းကြီးတို့ ပရိသတ် ဆူးများ မစူးဘူးဘူးလား။ (စူးဘူးပါတယ်ဘုရား)။

ဆူးစူးတော့ စူးစတုန်းက သက်သာရဲ့လား။ (မသက်သာပါဘုရား)။

စူးနေတုန်းကော သက်သာရဲ့လား။ (မသက်သာပါဘုရား)။

အဲဒီဆူး နှုတ်လိုက်တော့ကော သက်သာရဲ့လား။ (မသက်သာပါဘုရား)။

ဆူးစူးတဲ့ပုဂ္ဂိုလ်ဟာ စူးစတုန်းကလဲ မသက်သာ, စူးနေတုန်းကလဲ မသက် သာ, ဆူးကို နှုတ်လိုက်တော့လဲ မသက်သာ၊ သုံးချက်စလုံး မသက်သာသည် ဖြစ်သောကြောင့် ဆင်းရဲရသလို ဒုက္ခဝေဒနာဆိုတာ ဖြစ်စတုန်းကလဲ မသက် သာဘူး, ဖြစ်နေတုန်းလဲ မသက်သာဘူး, ပျက်သွားတော့လဲ မသက်သာဘူးတဲ့၊ အဲဒီလိုသုံးချက်စလုံးမှာ မသက်သာသည် ဖြစ်သောကြောင့် သူ့ကို "ဒုက္ခဒုက္ခ"လို့ ရှုပါတဲ့ မြတ်စွာဘုရားက၊ ဘာဒုက္ခလဲ?။ (ဒုက္ခ ဒုက္ခ ပါဘုရား)။

ရှုကွက်နော်။

ဒုက္ခဝေဒနာ ပေါ်လာရင် "ဒုက္ခ ဒုက္ခ"လို့ ရှု၊ အဲဒီလို ရှုရမယ်။

သုခဝေဒနာကို ဘယ့်နှယ်ရှုရမလဲ၊ ဝိပရိဏာမဒုက္ခလို့ ရှုရမယ်၊ ဒုက္ခဝေဒနာ ကို ဘယ့်နှယ်ရှုရမယ်၊ ဒုက္ခ ဒုက္ခလို့ ရှုရမယ် ပေါ်လာရင်တဲ့၊ ရှုကွက်ကို မြတ်စွာ ဘုရားက ပြနေတာ၊ အဲသလို မရှုရင်တဲ့ သုခဝေဒနာမှာ ရာဂါနုသယရှိနေတယ်၊ ဒုက္ခဝေဒနာမှာ ပဋိဃာနုသယရှိနေတယ်၊ ဒီတော့ ဝေဒနာလိုက်တယ်, ဝေဒနာ ကမ္မဋ္ဌာန်းအားထုတ်တယ်ဆိုတာ ရှုကွက်မှန်ဘို့ အရေးကြီးသလား, မကြီးဘူး လား။ (ကြီးပါတယ် ဘုရား)။

မြတ်စွာဘုရားက ဒီဝေဒနာတွေနဲ့ပတ်သက်ပြီးတော့ တော်တော်လေးကို ခပ်များများ အကျယ်တွေ ဝေဖန်ပြီးတော့ ဟောထားတဲ့ သုတ္တန်တွေ အများကြီးရှိတယ်၊ ဘုန်းကြီးက ဝေဒနာကိုသာလျှင် အဓိကထားပြီးတော့ ဟောနေတော့ စောစောတုန်းက ဝေဒနာကို လေးပတ်လောက် ဟောရင် ပြီးလိမ့်မယ်ထင်နေတာ၊ ခုတော့ ပြီးပုံမပေါ်ဘူး၊ ဝေဒနာကို တော်တော်ဟောယူရလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဟောထားတဲ့ သုတ္တန်တွေက တော်တော်ခပ်များများရှိပြီး နည်းကအမျိုးမျိုးတွေနဲ့မို့၊ ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ မြတ်စွာဘုရားဟောထားတဲ့ ပါဠိတော်ကြီးကို နည်းလဲရအောင်, နာလဲနာဘူးအောင်လို့ ဒီသုတ္တန်တွေကို ဘုန်းကြီး ပြည့်စုံအောင် ဟောမယ်လို့ ဒီလို ရည်ရွယ်ထားတယ်၊ ကဲ ဒါဖြင့် ကောင်းပြီ ရှေ့သွားရအောင်။

**ဥပေက္ခာဝေဒနာ။** ။ဒုက္ခဝေဒနာနဲ့ သုခဝေဒနာသာ ပေါ်သလား ဘုရား, ဥပေက္ခာဝေဒနာကော မပေါ်ဘူးလား ဘုရား-လို့ ဆိုတော့ ဥပေက္ခာဝေဒနာလဲ ပေါ်တယ်။ အဲဒီ ဥပေက္ခာဝေဒနာ ပေါ်လာတော့ ဥပေက္ခာဝေဒနာက ဘယ်လိုလဲ၊ အဋ္ဌကထာကတော့ ခုနက ပြောထားတယ်နော် "ဒုဒ္ဒိပနာ"တဲ့၊ အင်မတန် မြင်အောင် ပြနိုင်ခဲတယ်တဲ့။ ဥပေက္ခာဝေဒနာပေါ်နည်းကိုတော့ အဋ္ဌကထာဆရာက ဒီလိုပြပေးတယ်—

ကျောက်ဖျာပေါ်ကို သမင်သွားတဲ့ ဥပမာလိုဘဲတဲ့၊ သမင်လိုက်တဲ့ မုဆိုးဟာ ကျောက်ဖျာပေါ်ကို သမင်တက်တဲ့ ခြေရာတွေ တွေ့တယ်၊ နောက်ပြီးတော့ ဆင်းတဲ့ခြေရာတွေ တွေ့တယ်၊ ဒီတက်ရာ ဆင်းရာကို တွေ့သောအားဖြင့် သြော် ဒီကျောက်ဖျာပေါ် သမင် ဒီလိုသွားပါကလားလို့ သိရသလို သုခဝေဒနာနဲ့ ဒုက္ခ-ဝေဒနာ နှစ်ခုကို ချပြလိုက်သဖြင့် သုခဝေဒနာလဲ မဟုတ်,ဒုက္ခဝေဒနာလဲမဟုတ်တဲ့ ဥပေက္ခာဝေဒနာ ဖြစ်ရမယ်လို့ အဋ္ဌကထာဆရာက ပြထားတယ်။ ဘုန်းကြီးတို့က အဋ္ဌကထာဆရာကြီးကို ကျော်ပြီးတော့ ပြောလို့မဖြစ်ဘူး၊ ဟုတ်ပလား။ အဋ္ဌကထာဆရာကြီးက အဲဒီလိုပြထားတယ်၊ မြတ်စွာဘုရားကလဲ ဒီ ဥပေက္ခာဝေဒနာနဲ့ ပတ်သက်လို့—

"အန္ဓကာရေ၊ အမိုက်တိုက်ထဲကို။ ပဝိသနေ့ာဝိယ၊ ဝင်ရောက်ဘိသကဲ့သို့"။ သူက အင်မတန်ခက်တယ်၊ ဒါကြောင့် ရုပ်ကမ္မဋ္ဌာန်းကို အရင် ပြပြီးတော့မှ ဟောနေတာပါတဲ့။

**အဝိဇ္ဇာနုသယ။** ။ကိုင်း ဥပေက္ခာဝေဒနာ ပေါ်တဲ့အခါ ဘယ်မှာ ပေါ်သလဲ၊ ဥပေက္ခာဝေဒနာ ပေါ်လာတဲ့အခါကျတော့ ဘာတွေ ဖြစ်လာသလဲ။

သော တာသံ ဝေဒနာနံ သမုဒယဥ္စ အတ္ထင်္ဂမဥ္စ အဿာဒဉ္စ အာဒီ-
နဝဉ္စ နိဿရဏဉ္စ ယထာဘူတံ န ပဇာနာတိ၊ တဿ အဝိဇ္ဇာနုသယော
အနုသေတိ။

အဲဒီ သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာတို့ရဲ့ သမုဒယ, အတ္ထင်္ဂမ
သဘောကို မသိရင်, အဿာဒ, အာဒီနဝ, နိဿရဏ-သဘောကို မသိရင် အဝိဇ္ဇာ-
နုသယ ဝင်တယ်တဲ့၊ အဓိပ္ပါယ်က အဲဒီ ဝေဒနာသုံးမျိုးတို့ရဲ့ ဖြစ်ခြင်း, ချုပ်ခြင်း
နှင့် သာယာဘွယ် အပြစ် နိဿရဏဆိုတဲ့ လွတ်လပ်ရာတွေကို ပိုင်းခြားပြီးတော့
ဟုတ်တိုင်းမှန်စွာ မသိရင် ထိုပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ အဝိဇ္ဇာနုသယတွေ ဖြစ်ပါ
လေရော့တဲ့။ ဒါ ဥပေက္ခာဝေဒနာမှာ အဝိဇ္ဇာနုသယဝင်ပုံ နော်။

**အဝိဇ္ဇာနုသယပယ်။** ။ဘုန်ကြီးတို့ ပရိသတ် မှတ်ထားရမှာက သုခဝေဒနာ
ပေါ်လာရင် ရာဂါနုသယ, ဒုက္ခဝေဒနာ ပေါ်လာရင်
ပဋိဃာနုသယ, ဥပေက္ခာဝေဒနာ ပေါ်လာရင် အဝိဇ္ဇာနုသယ-လို့ဆိုပြီးတော့
လောဘရယ်, ဒေါသရယ်, မောဟရယ်၊ ရာဂါနုသယ ဆိုတာ လောဘ, ပဋိဃာ-
နုသယ ဆိုတာ ဒေါသ, အဝိဇ္ဇာနုသယ ဆိုတာ မောဟ, ဒီတရားသုံးလုံး ဝင်လာ
တယ်၊ ဒီတော့ အဲဒီ တရားသုံးလုံးမှာ သုခဝေဒနာ ပေါ်လာရင် သူနဲ့အတူပါ
လာတဲ့ ရာဂါနုသယကို ပယ်ပစ်။ သုခဝေဒနာကို ဒုက္ခလို့ရှု။ ဒုက္ခဝေဒနာ ပေါ်
လာရင် သူနဲ့ပါလာတဲ့ ပဋိဃာနုသယကို ပယ်ပစ်၊ ဒုက္ခဝေဒနာကို "သလ္လ, ဒုက္ခ
ဒုက္ခ"လို့ ရှု၊ ဟုတ်ပလား ရှုကွက်က။ ဥပေက္ခာဝေဒနာ ပေါ်လာရင် သူနဲ့ပါလာတဲ့
အဝိဇ္ဇာနုသယကို ပယ်ပစ်၊ ဥပေက္ခာဝေဒနာကို "အနိစ္စ"လို့ ရှု။ သင်္ခါရဒုက္ခ
သဘောကျပလား။ (ကျပါတယ်ဘုရား)။

ရှင်းကော ရှင်းရဲ့လား။ (ရှင်းပါတယ်ဘုရား)။

ဘုန်းကြီးတို့ ပရိသတ် နားလည်လောက်ပြီ နော်။ (မှန်ပါ)။

အဲဒီလို နားလည်လောက်ရင် ဘုန်းကြီးတို့ ရှေ့သွားရအောင်–

အရှင်ဘုရား သုခဝေဒနာမှာ အခု ပါဠိတော်က ဟောတာ ရာဂါနုသယကို
ပယ်ရမယ်လို့ ဟောပါတယ်ဘုရား၊ ဒုက္ခဝေဒနာမှာ ပဋိဃာနုသယကို ပယ်ရမယ်
လို့ ဟောပါတယ်ဘုရား၊ ဥပေက္ခာဝေဒနာမှာ အဝိဇ္ဇာနုသယကို ပယ်ရမယ်လို့
ဟောပါတယ်ဘုရား၊ ဘယ့်နှယ်လုပ်ပယ်ရမလဲ၊ ဘုန်းကြီးတို့ ပရိသတ် ပယ်နည်း
မလိုချင်ဘူးလား။ (လိုချင်ပါတယ်ဘုရား)။

ဘယ်သူက ပေးမလဲ။ (မြတ်စွာဘုရားက ပေးမယ်ဘုရား)။

ထူးကြီးဆရာတော်က ပေးမှာလား, မြတ်စွာဘုရားက ပေးမှာလား။ (မြတ်
စွာဘုရားက ပေးမယ်ဘုရား)။

ကိုင်း ဒါဖြင့် မြတ်စွာဘုရားက သူ့ပရိသတ်ကို ပေးလိမ့်မယ်။

## အနုသယပယ်နည်းများ

သုခဝေဒနာမှာ ရာဂါနုသယကို ပယ်နည်း, ဒုက္ခဝေဒနာမှာ ပဋိဃာနုသယကို ပယ်နည်း, ဥပေက္ခာဝေဒနာမှာ အဝိဇ္ဇာနုသယကို ပယ်နည်းလို့ ပယ်နည်း သုံးနည်း ပေးလိမ့်မယ်နော်။ (မှန်ပါ)။

ကိုင်း ဟောရမယ် ရောက်သလောက်ပေါ့နော်၊ ဒီဝေဒနာနဲ့ ပတ်သက်လို့ မြတ်စွာဘုရားက အဌသတသုတ္တန်လို့ဆိုတာ တရာနဲ့ရှစ်မျိုးတောင် ဟောထားတယ် သံယုတ်ပါဠိတော်မှာ၊ ဒီတော့ ဘုန်းကြီးတို့ ပရိသတ်ကို စုံစုံလင်လင် ကလေး ဟောပေးရမယ်။

**ဝေဒနာပြင်းထန် စိတ်မတည်။** ။"အဲဒီလို ဒုက္ခဝေဒနာများ ပြင်းထန်နေရင် ဘယ်လိုများ လုပ်ရပါ့မလဲဘုရား"လို့ဆိုတော့ တခါတလေ ဘုန်းကြီးတို့ ပရိသတ်မှာ ဒုက္ခဝေဒနာများ သိပ်ပြီးတော့ ပြင်းထန် မနေဘူးလား။ (ပြင်းထန်ပါတယ်ဘုရား)။

ဒုက္ခဝေဒနာတွေ ပြင်းထန်နေတဲ့ ပုဂ္ဂိုလ်ဟာ ဘယ့်နှယ်နေမလဲလို့ဆိုတော့ အဌကထာ တော်တော်ခပ်များများက ဆုံးဖြတ်ချက်တခု ချထားတာ ရှိတယ် ဒုက္ခဝေဒနာနဲ့ ပတ်သက်လို့၊ "ဒုက္ခဝေဒနာ ပြင်းထန်လွန်းရင် စိတ်တည်ငြိမ်မှု မရဘူးတဲ့၊ ကမ္မဋ္ဌာန်းလဲ ပျက်စီးသွားတတ်တယ်, တရားထူးလဲ မရနိုင်ဘူး"တဲ့ အဌကထာဆရာကြီး ပြောထားတာရှိတယ်၊ ဘယ်မှာလဲ အဲဒီအဌကထာက။

ဘုန်းကြီးတို့ ကျမ်းကိုး ကျမ်းကားနဲ့ ခိုင်ခိုင်လုံလုံ ပြောရမယ်ဆိုရင် မူလပဏ္ဏာသအဌကထာမှာ ရှိတယ်၊ သုတ်မဟာဝါအဌကထာမှာ ရှိတယ်၊ သမ္မောဟဝိနောဒနီအဌကထာမှာ ရှိတယ်၊ ဥဒါန်းအဌကထာမှာလဲ ရှိတယ်၊ ဘုန်းကြီး တွေ့ဘူးသလောက် အခု ဘုန်းကြီးရွတ်မဲ့ ပါဠိက—

> တတ္ထ ဟတ္ထပါဒေ အတိစိရံ သမိဉ္ဇိတွာ ဝါ ပသာရေတွာ ဝါ ခဏေ ခဏေ ဝေဒနာ ဥပ္ပဇ္ဇန္တိ၊ စိတ္တဿ ဧကဂ္ဂ န ဟောတိ၊ ကမ္မဋ္ဌာနံ ပရိပတတိ၊ ဝိသေသံ နာဓိဂစ္ဆတိ။

ဘုန်းကြီးတို့ပရိသတ် ဝေဒနာခံတတ်တွေ ပြင်းထန်လွန်းလျှင် တရားမရဘူးတဲ့။ "သမိဉ္ဇိတေ ပသာရိတေ"ကို ဖွင့်တဲ့ အဌကထာမှာရှိတယ်၊ "ဥဇုံ ကာယံ ပဏိဓာယ"ကို ဖွင့်တဲ့ အဌကထာမှာရှိတယ်။

> ဟတ္ထပါဒေ၊ လက်တွေခြေတွေကို။ အတိစိရံ၊ အလွန်ကြာမြင့်စွာ။ သမိဉ္ဇိတွာဝါ၊ ခွေ၍ဝင်း။ ပသာရေတွာဝါ၊ ဆန့်၍ဝင်း။ ဌိတဿ၊ တည် သော။ ကုလပုတ္တဿ၊ ယောဂါဝစရ အမျိုးကောင်းသား, အမျိုးကောင်း

သမိးအား။ ခဏေခဏေ၊ တော်တော်လေး ကြာလာတဲ့ အခါကျတော့။ ဝေဒနာ၊ ဝေဒနာတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်၍ လာကြကုန်၏။ (အဲဒီ ဝေဒနာတွေ သိပ်ပြီးပြင်းထန်တယ်။) တဿ၊ ထိုဝေဒနာခါတ်တွေပြင်းထန်နေတဲ့ ပုဂ္ဂိုလ်အား (၏)။ စိတ္တံ၊ စိတ်သည်။ ဧကဂ္ဂံ၊ တည်ကြည်သည်။ နဟောတိ၊ မဖြစ်။

အဲသလောက် ဝေဒနာခါတ်တွေ ခုနကပြောသလို လက်တွေခြေထောက်တွေ ကိုးယိုးကားယားတွေဖြစ်ပြီးတော့ ဖောက်ပြန်နေရင် ဒီပုဂ္ဂိုလ်ဟာ စိတ်မတည် တော့ဘူး၊ သူ စိတ်ပျံ့လွင့်နေပြီလို့ မှတ်တော့တဲ့ အဋ္ဌကထာက၊ ခန္ဓာကိုယ်ထဲက အမျိုးမျိုးတွေ ဖောက်ပြန်ပြီးတော့, ယိမ်းယိုင်လှုပ်ရှားပြီးတော့ အမျိုးမျိုး ဖောက်ပြန် လူးလိမ့်ပြီးဖြစ်နေတဲ့, ဝေဒနာခါတ်ပြင်းထန်နေတဲ့အဲဒီပုဂ္ဂိုလ်ရဲ့ စိတ် မတည်ကြည်တော့ဘူးတဲ့ အဋ္ဌကထာဆရာကြီးက ပြောတယ်၊ ဒါ ဘုန်းကြီး စကား မဟုတ်ဘူးနော်၊ ဒီစကားမကြိုက်ရင် ထူးကြီးဆရာတော်ဆီ မလာခဲ့နဲ့၊ ပါဠိတော်နဲ့ အဋ္ဌကထာတို့ဆီ သွားပြီးတော့ ရန်တွေ့ကြ။ ဘာပြောသလဲ ဒီအဋ္ဌ- ကထာက "တဿ၊ ထိုကဲ့သို့ဖောက်ပြန်ပြီးနေတဲ့ ဝေဒနာခါတ်တွေ အားကြီးနေ တဲ့ ပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ ဧကဂ္ဂံ၊ ငြိမ်သက်တည်ကြည်သည်။ နဟောတိ၊ မဖြစ်"။

**ဝေဒနာလွန်က ကမ္မဋ္ဌာန်းမရ။** ။ဒီပုဂ္ဂိုလ် စိတ်မတည်တော့ဘူး၊ ဒါတင်လား၊ မကဘူး၊ "တဿ၊ ထိုပုဂ္ဂိုလ်၏။ ကမ္မဋ္ဌာနံ၊ အားထုတ်နေတဲ့ ကမ္မဋ္ဌာန်းသည်။ ပရိပတတိ၊ ပျက်စီးပြိုကွဲ၍ သွားလေတော့ ၏။" (ကမ္မဋ္ဌာန်းအာရုံလဲ ပျက်သွားရောတဲ့၊ ဒါတင်လားဆိုတော့ မကဘူး။) "ဝိသေသံ နာဓိဂစ္ဆတိ" ဝိသေသံ၊ ထိုကဲ့သို့ပုဂ္ဂိုလ်မျိုးသည် တရားထူး တရား မြတ်ကို။ နာဓိဂစ္ဆတိ၊ မရနိုင်ဘူး"တဲ့။

**ရှုကွက်ရှုနည်း။** ။ဒီတော့ အဲဒီလို ဒုက္ခဝေဒနာခါတ်ပေါ်လာရင် သူ့မှာပါနေ တဲ့ ပဋိဃာနုသယကြောင့် တရားထူးမရနိုင်ဘူးတဲ့၊ အဲဒီ ပဋိဃာနုသယကို ပယ်ပစ်တဲ့၊ ဒုက္ခဝေဒနာကို "သလ္လတော"ဆိုပြီးတော့ ရှုပစ် ပါတဲ့၊ ဥပေက္ခာဝေဒနာကျတော့ အနိစ္စလို့ရှုရမယ်။ ဒီတော့ ဒီတရားကို လိုက်လိုက် တဲ့အခါ ခုနက ကရဇကာယတခုလုံးထဲ ကိုယ့်ဉာဏ်ကို သွင်းပြီးတော့ အာရုံပြု နေတဲ့အခါမှာ လှုပ်တာပေါ်တယ်,ပူတာပေါ်တယ်, အေးတာပေါ်တယ်, ထုံတာ ကျင်တာတွေ, ထုံတဲ့သဘော-ကျင်တဲ့သဘောတွေ ပေါ်တယ်၊ ပေါ့တယ်-လေး တယ်ဆိုတဲ့သဘောပေါ်တယ်၊ အောင့်တယ်,အင်းတယ်,တောင့်တယ်,တင်းတယ် ဆိုတဲ့သဘောတွေ ပေါ်တယ်၊ အဲဒီတရားအားလုံးက ရုပ္ပနလက္ခဏာနဲ့ရုပ်။ သူ့ကို ရုပ်လို့ ရှု။ ဒီလို ရုပ္ပနလက္ခဏာရဲ့ ဒဏ်ချက်တွေကို ဝေဒနာကခံစား၊ သုခ=

ချမ်းသာတာ ပေါ်လာရင်, ဒုက္ခ=ဆင်းရဲတာ ပေါ်လာရင် ဝေဒနာလို့ ရှု၊ ဟုတ်လား (မှန်ပါဘုရား)။

"ဥတိ ဝေဒနာ"။ ဥတိ၊ ဤ ချမ်းသာတယ်, သက်သာတယ်, မခံသာဘူး, ဆင်းရဲတယ်ဆိုတဲ့ သဘောသည်။ ဝေဒနာ၊ ဝေဒနာပါပေတည်း။ ဝေဒနာဘဲတဲ့ မြတ်စွာဘုရားက၊ ဒီတော့ အဲဒီဝေဒနာတွေထဲမှာ သုခဝေဒနာ ပေါ်လာရင် ချစ်သား ဒီ သုခဝေဒနာနောက်မှာ ရာဂလို့ဆိုတဲ့ လောဘ ပါလာတယ်၊ ဒုက္ခဝေဒနာမှာ ဒေါသလို့ဆိုတဲ့ ပဋိဃပါလာတယ်၊ ဥပေက္ခာဝေဒနာမှာ မောဟလို့ဆိုတဲ့ အဝိဇ္ဇာပါလာတယ်တဲ့။ ပါလာတော့ သုခဝေဒနာမှာ ရာဂကိုပယ်ပစ်၊ ဒုက္ခဝေဒနာမှာ ပဋိဃဆိုတဲ့ ဒေါသကိုပယ်ပစ်၊ ဥပေက္ခာဝေဒနာမှာ မောဟဆိုတဲ့ အဝိဇ္ဇာကို ပယ်ပစ်လိုက်တဲ့။

ဒါဖြင့် သုခဝေဒနာကိုတော့ "ဒုက္ခ"လို့ ရှု၊ ဒုက္ခဝေဒနာကိုတော့ "သလ္လ, ဒုက္ခ ဒုက္ခ"လို့ ရှု။ ဥပေက္ခာဝေဒနာကိုတော့ "အနိစ္စ"လို့ရှု။ ရှုကွက်ပါပြီ၊ နော် (မှန်ပါ)

## ဝေဒနာပယ်နည်း

ဒါဖြင့် သုခဝေဒနာက ရာဂနဲ့ ဒုက္ခဝေဒနာက ဒေါသနဲ့ ဥပေက္ခာဝေဒနာက မောဟကို ဘုန်းကြီးတို့ပရိသတ် မပယ်ချင်ဘူးလား (ပယ်ချင်ပါတယ် ဘုရား)

မြတ်စွာဘုရားက ဘယ့်နှယ် ဟောထားသလဲ၊ ပယ်ရမယ်တဲ့၊ ကိုင်း ဘယ့်နှယ် လုပ် ပယ်ရမလဲ၊ ပယ်နည်းမလိုချင်ဘူးလား (လိုချင်ပါတယ် ဘုရား)

ဒီတော့ ဘုန်းကြီးတို့ ဝေဒနာသံယုတ် ပါဠိတော်မှာ ဂေလညသုတ်ဆိုတာ ရှိတယ်၊ အဲဒီဂေလညသုတ္တန်မှာ မြတ်စွာဘုရားက ဘာဟောထားသလဲလို့ဆိုတော့ ဂေလညသုတ္တန်ကို မဟောသေးခင် သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာ လို့ခေါ်တဲ့ ဒီဝေဒနာသုံးမျိုးထဲမှာ ဘုန်းကြီးတို့ပရိသတ် ဘာအတွေ့များသလဲ။ ဒုက္ခဝေဒနာ အတွေ့များတယ် ဟုတ်လား (မှန်ပါ)

**ဝေဒနာနှင့်ပုဂ္ဂိုလ်။** ။အဲဒီလို ဒုက္ခဝေဒနာ အတွေ့များတော့ မြတ်စွာဘုရားက ဒီအချက်ကို ကွက်ကွက် ကွင်းကွင်း သိမြင်သည်ဖြစ်သောကြောင့် "ချစ်သားတို့ ဒုက္ခဝေဒနာအပေါ် များရင် ဒုက္ခဝေဒနာဆိုတာ ဟာ ပုထုဇဉ်ပုဂ္ဂိုလ်တွေလဲ ဒုက္ခဝေဒနာကို ခံရတယ်၊ ရဟန္တာပုဂ္ဂိုလ်တွေလဲ ဒုက္ခဝေဒနာကို ခံရတယ်၊ ပုထုဇဉ်ပုဂ္ဂိုလ်တွေကတော့ သုခဝေဒနာကို မခံစားရဘူးလား။ (ခံစားရပါတယ်ဘုရား)

ရဟန္တာပုဂ္ဂိုလ်တွေကော (ခံစားရပါတယ်ဘုရား)

ပုထုဇဉ်ပုဂ္ဂိုလ်ကကော ဥပေက္ခာဝေဒနာ မခံရဘူးလား (ခံရပါတယ်ဘုရား)
ရဟန္တာပုဂ္ဂိုလ်တွေကော (ခံရပါတယ်ဘုရား)။

**သလ္လသုတ္တန်။** ။ဒီတော့ မြတ်စွာဘုရားဟောခဲ့တဲ့ သလ္လသုတ်ကို ရှေးဦးစွာ ဟောပေးဦးမယ်၊ ဒုက္ခဝေဒနာအပေါ် များလို့ ဒုက္ခဝေဒနာ တချက်ကို အကြောင်းပြုပြီးတော့ သုခဝေဒနာနဲ့ ဥပေက္ခာဝေဒနာမှာ အနုသယ တွေပေါ်လာပုံ ဝင်လာပုံကို မြတ်စွာဘုရားက သဠာယတနဝဂ္ဂသံယုတ်ပါဠိတော် သလ္လသုတ်မှာ ဟောပေးထားတာ ရှိတယ်။ ဂေလညသုတ်ကို မဟောခင် သလ္လသုတ်ကို ဟောဦးမယ်။ တကယ်လို့ သလ္လသုတ်ကိုဟောရင်း အချိန်စေ့သွား ရင် ဂေလညသုတ်ကို နောက်တပတ်ကျမှဘဲ ဟောပေးတော့မယ်။

ခုနက စောစောပိုင်းကပြောခဲ့တဲ့ ပုထုဇဉ်နဲ့အရိယာသာဝက ပုဂ္ဂိုလ်နှစ်မျိုး သည် သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာကို ပုဂ္ဂိုလ်နှစ်မျိုးစလုံး မခံစား ရဘူးလား (ခံစားရပါတယ် ဘုရား)

**အသုတဝါနှင့် သုတဝါပုဂ္ဂိုလ်အထူး။** ။အဲဒါ ဘယ်လိုထူးသလဲ။

> အဿုတဝါ ဘိက္ခဝေ ပုထုဇ္ဇနော သုခမ္ပိ ဝေဒနံ ဝေဒယတိ၊ ဒုက္ခမ္ပိ ဝေဒနံ ဝေဒယတိ၊ အဒုက္ခမသုခမ္ပိ ဝေဒနံ ဝေဒယတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ အဿုတဝါ၊ အကြားအမြင်မရှိသော။ ပုထုဇ္ဇနော၊ ပုထုဇဉ်ပုဂ္ဂိုလ်သည်။ သုခမ္ပိဝေဒနံ၊ သုခဝေဒနာကိုလည်း။ ဝေဒယတိ၊ ခံစား၏။ ဒုက္ခမ္ပိဝေဒနံ၊ ဒုက္ခဝေဒနာကိုလည်း။ ဝေဒယတိ၊ ခံစား၏။ အဒုက္ခမသုခမ္ပိဝေဒနံ၊ အဒုက္ခမသုခဝေဒနာကိုလည်း။ ဝေဒယတိ၊ ခံစား၏။

ချစ်သားတို့ ပုထုဇဉ်ပုဂ္ဂိုလ်ဟာလဲဘဲ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာ ဝေဒနာဆိုတဲ့ ဝေဒနာသုံးမျိုးကို ခံစားတာဘဲတဲ့။

> သုတဝါ ဘိက္ခဝေ အရိယသာဝကော သုခမ္ပိ ဝေဒနံ ဝေဒယတိ၊ ဒုက္ခမ္ပိ ဝေဒနံ ဝေဒယတိ၊ အဒုက္ခမသုခမ္ပိ ဝေဒနံ ဝေဒယတိ။

ချစ်သားတို့ အရိယာသာဝကဟာလဲဘဲ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာ ဝေဒနာလို့ဆိုတဲ့ ဝေဒနာသုံးမျိုးကို ခံစားတာဘဲတဲ့။

> တတြ ဘိက္ခဝေ ကော ဝိသေသော၊ ကော အဓိပ္ပယာသော၊ ကိံ နာနာကရဏံ၊ သုတဝတော အရိယသာဝကဿ အဿုတဝတာ ပုထုဇ္ဇနေနာ။ ပါဠိတော်က—

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ တတြ၊ ပုထုဇဉ်နဲ့အရိယာတို့ ထိုဝေဒနာကို ခံစားရာ၌။ ဝိသေသော၊ ထူးခြားချက်သည်။ ကော၊ အဘယ် ပါနည်း။ အဓိပ္ပယာသော၊ ထူးခြားသောအမှုအရာသည်။ ကော၊ အဘယ်

ပါနည်း။ **နာနာကရဏံ၊** ထူးခြားချက်သည်။ ကိံ၊ အဘယ်ပါနည်း။ သုတဝတော၊ အကြားအမြင်နဲ့ ပြည့်စုံသော။ အရိယသာဝကဿ၊ အရိယာသာဝက၏။ အဿုတဝတော၊ အကြားအမြင်မရှိသော။ ပုထုဇ္ဇနေန၊ ပုထုဇဉ်ပုဂ္ဂိုလ်နှင့်။ နာနာကရဏံ၊ ထူးခြားချက်သည်။ ကိံ၊ အဘယ်ပါနည်း။

**ခံစားချက် ထူးပုံ။** ။ချစ်သားတို့ တဲ့ ပုထုဇဉ်ပုဂ္ဂိုလ်နဲ့ အရိယာပုဂ္ဂိုလ်တို့ ဝေဒနာခံစားဒါချင်း **အတူတူမှာ** ဘာများထူးသလဲတဲ့ ဒါမေးတာ မြတ်စွာဘုရားက နော် (မှန်ပါ)။

ဒီသုတ္တန်ကို ဘာလို့ ထည့်ဟောပေးရသလဲလို့ ဆိုတော့ နောက်က ဝေဒနာကမ္မဋ္ဌာန်းကို အားထုတ်နေတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများအတွက် နှလုံးသွင်းတတ်ပါစေတော့လို့ ဒီဘုရားကို ထည့်ပြီးတော့ မြတ်စွာဘုရားက ဟောပေးတာ။ ဘာပြောသလဲ ရှေ့မှာ၊ ဒီတော့ ရဟန်းတော်တွေက လျှောက်တယ် "အရှင်ဘုရား တရားကို အရှင်ဘုရားဟောရင် တပည့်တော်တို့ မှတ်သားရပါမယ် ဘုရား၊ ပုထုဇဉ်ပုဂ္ဂိုလ်များနဲ့ အရိယာပုဂ္ဂိုလ်များ ဝေဒနာခံစားကြချင်းရဲ့ ထူးခြားချက်ကို ဟောပေးတော်မူပါ"လို့ မြတ်စွာဘုရားကို လျှောက်တော့ ဟောပေးတယ်။ ဘယ့်နှယ် ဟောပေးတော်မူသလဲ—

> အဿုတဝါ ဘိက္ခဝေ ပုထုဇ္ဇနော ဒုက္ခာယ ဝေဒနာယ ဖုဋ္ဌော သမာနော သောစတိ ကိလမတိ ပရိဒေဝတိ ဥရတ္တာဠိံ ကန္ဒတိ သမ္မောဟံ အာပဇ္ဇတိ၊ သော ဒွေ ဝေဒနာ ဝေဒယတိ၊ ကာယိကဉ္စ စေတသိကဉ္စ။

ဘိက္ခဝေ၊ ဝိပဿနာ ကမ္မဋ္ဌာန်းကို စီးဖြန်း ပွါးများ အားထုတ်နေကြကုန်သော အမျိုးကောင်းသား,အမျိုးကောင်းသမီးအပေါင်းတို့။ အဿုတဝါ၊ အကြားအမြင်မရှိသော။ ပုထုဇ္ဇနော၊ ကိလေသာတွေ အများကြီး ဖြစ်ခွင့်ရှိသော ပုထုဇဉ် ပုဂ္ဂိုလ်သည်။

**ပုထုဇဉ်ပုဂ္ဂိုလ်။** ။ပုထုဇဉ်လို့ဆိုတာ ဘာကြောင့် ပုထုဇဉ်ခေါ်သလဲ၊ **ပုထု**=အများကြီး။ ဇန=ဖြစ်ခွင့်ရှိတာ၊ **ပုထုဇ္ဇန**=ကိလေသာတွေ အများကြီး ဖြစ်ခွင့်ရှိနေတဲ့ပုဂ္ဂိုလ်ကို ဘာလို့ခေါ်သလဲ (ပုထုဇဉ်ပုဂ္ဂိုလ်လို့ ခေါ်ပါတယ်ဘုရား)။

ဒါလေးကို မှတ်ထားရမယ် ပုထုဇဉ်ခေါ်ပုံကို၊ ကိလေသာတွေ အများကြီး ဖြစ်ခွင့်ရှိနေလို့။ ရဟန္တာပုဂ္ဂိုလ်ကျတော့ ကိလေသာတွေ ဖြစ်ခွင့်ရှိသေးသလား။ (မရှိတော့ပါ ဘုရား)။

သောတာပန်ပုဂ္ဂိုလ်ဆိုရင် ကိလေသာဖြစ်ခွင့် နဲမသွားဘူလား (နဲသွားပါတယ် ဘုရား)။

သကဒါဂါမ်ပုဂ္ဂိုလ်ကျတော့ (နဲပါတယ် ဘုရား)။

အနာဂါမ်ပုဂ္ဂိုလ်ကျတော့ (နဲပါတယ် ဘုရား)။

ရဟန္တာပုဂ္ဂိုလ်ကျတော့ ကိလေသာဖြစ်ခွင့် ရှိသေးသလား (မရှိတော့ပါ ဘုရား)။

ပစ္စေကဗုဒ္ဓါနဲ့ မြတ်စွာဘုရားကျတော့ ကိလေသာဖြစ်ခွင့် ရှိသေးသလား (မရှိတော့ပါ ဘုရား)။

ပုထုဇဉ်ပုဂ္ဂိုလ်ကျတော့ (ရှိပါတယ် ဘုရား)။

ကိလေသာ ဘယ်လောက်များများ ဖြစ်ခွင့်ရှိသလဲ (အများကြီး ဖြစ်ခွင့်ရှိပါတယ် ဘုရား)။

တထောင့်ငါး ကိလေသာတွေ အကုန်လုံး ဖြစ်ခွင့်ရှိတယ်။ ဘယ်သူတွေမှာလဲ၊ ပုထုဇဉ်ပုဂ္ဂိုလ်တွေမှာ။ ဒိဋ္ဌိကိလေသာတွေ ဖြစ်ခွင့်ရှိတယ်၊ ဝိစိကိစ္ဆာကိလေသာတွေ ဖြစ်ခွင့်ရှိတယ်၊ သီလဗ္ဗတပရာမာသ ကိလေသာတွေ ဖြစ်ခွင့်ရှိတယ်၊ ဣဿာ, မစ္ဆရိယလို့ ဆိုတဲ့ ကိလေသာတွေ ဖြစ်ခွင့်ရှိတယ်။

သောတာပန်ပုဂ္ဂိုလ်ကျတော့ အဲဒီ ကိလေသာတွေ ဖြစ်ခွင့် မရှိတော့ဘူး၊ အဲဒါကြောင့် ကိလေသာတွေ အများကြီး ဖြစ်ခွင့်ရှိနေတဲ့ သတ္တဝါကို ဘာလို့ ခေါ်သလဲ (ပုထုဇဉ်လို့ ခေါ်ပါတယ်ဘုရား)။

**ဒုက္ခဝေဒနာ၏အပြစ်။** ။ကိလေသာတွေက အများကြီးဖြစ်, နောက်ပြီးတော့ တရားကိုလဲ ဘယ်တော့မှ နာလေ့မရှိ, အကြားအမြင်ကလဲ မရှိဘူး။ အဲဒီ အကြားအမြင်မရှိတဲ့ ပုဂ္ဂိုလ်သည်——

ဒုက္ခာယ ဝေဒနာယ၊ ဒုက္ခဝေဒနာနှင့်၊ ဖုဋ္ဌော၊ တွေ့တည်။ သမာနော၊ ဖြစ်သည်ရှိသော်။ သောစတိ ကိလမတိ ပရိဒေဝတိ ဥရတ္တာဠိံ ကန္ဒတိ သမ္မောဟံ အာပဇ္ဇတိ၊ စိုးရိမ်း၏ ပူဆွေး၏ ငိုကြွေး၏ ရင်လက်ခတ်တီးဖြစ်၏ တွေဝေ မိန်းမောရှ်သွား၏။ သော၊ ထို ပုထုဇဉ်ပုဂ္ဂိုလ်သည်။ ဒွေ၊ နှစ်ပါးကုန်သော။ ဝေဒနာ၊ ဝေဒနာတို့ကို။ ဝေဒယတိ၊ ခံစားရလေတော့၏။

ဒီတော့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ တရားအားထုတ်ရင် ရုပ်တရားတွေရဲ့ ဖောက်ပြန်တဲ့ ကာယိကဒုက္ခ ဒဏ်ချက်တွေကို ခံရတဲ့ အသုတဝါ ပုထုဇဉ်ကျတော့ ဘယ့်နှယ်ဖြစ်သလဲလို့ ဆိုတော့——

ခုနကပြောတဲ့ "သောစတိ" မစိုးရိမ်ရဘူးလား။ (စိုးရိမ်ရပါတယ်ဘုရား)
ကိလမတိ, မပင်ပန်းရဘူးလား။ (ပင်ပန်းရပါတယ်ဘုရား)
ပရိဒေဝတိ, မမြည်တမ်းရဘူးလား။ (မြည်တမ်းရပါတယ်ဘုရား)
ဥရတ္တာဠိံ ကန္ဒတိ, ရင်လတ်ခတ်တီးဖြစ်ပြီးတော့ တခါထဲ သောကတွေမဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား)

ဒီတော့ အဲဒီပုဂ္ဂိုလ် ဘယ်နှစ်ချက် ခံစားရသလဲ—

"သော ဒွေ ဝေဒနာ ဝေဒယတိ ကာယိကဥ္စ စေတသိကဥ္စ"။

သော၊ ထိုပုထုဇဉ်ပုဂ္ဂိုလ်သည်။ ကာယိကဥ္စ၊ ကာယိက ဒုက္ခဝေဒနာကိုင်း။ စေတသိကဥ္စ၊ စေတသိကဒုက္ခဝေဒနာကိုင်း။ ဣတိ၊ ဤသို့။ ဒွေ ဝေဒနာ၊ ဝေဒနာနှစ်ချက်တို့ကို။ ဝေဒယတိ၊ ခံစား၏။

ဝေဒနာဘယ်နှစ်ချက် ခံစားရသလဲ (နှစ်ချက်ပါဘုရား)

ဘာဝေဒနာ ဘာဝေဒနာလဲ၊ ကာယိက ဒုက္ခဝေဒနာနဲ့, စေတသိက ဒုက္ခဝေဒနာကို ခံစားရတယ်။ အဲဒီတော့ ကာယိက ဒုက္ခဝေဒနာက အရင်လား, စေတသိက ဒုက္ခဝေဒနာက အရင်လား၊ ဘုန်းကြီးတို့ပရိသတ် ဝေဒနာခတ်တွေပေါ်ဘူးတယ် နော်။ (မှန်ပါဘုရား)

ဘယ်ဝေဒနာက အရင်ပေါ်သလဲ၊ တရားအားထုတ်တဲ့အခါ ဝေဒနာတွေ မပေါ်ဘူးလား။ (ပေါ်ပါတယ်ဘုရား)

**ကာယိက, စေတသိက။** ။ကာယိက ဒုက္ခဝေဒနာက အရင်ပေါ်သလား, စေတသိက ဒုက္ခဝေဒနာက အရင်ပေါ်သလား၊ ကာယိက ဒုက္ခဝေဒနာက အရင်ပေါ်တယ်၊ နောက်ဘာဝေဒနာ ပေါ်လာမလဲ၊ စေတသိကဒုက္ခဝေဒနာ ပေါ်လာမယ်။ မြတ်စွာဘုရားက ဥပမာပြပြီး ဟောတော်မူတယ်—

> သေယျထာပိ ဘိက္ခဝေ ပုရိသံ သလ္လေန ဝိဇ္ဈေယျ၊ တမေနံ ဒုတိယေန သလ္လေန အနုဝေဓံ ဝိဇ္ဈေယျ။ ဧဝံ ဟိ သော ဘိက္ခဝေ ပုရိသော ဒွိသလ္လေန ဝေဒနံ ဝေဒယတိ။

ချစ်သားတို့တဲ့ အဲဒီ ဝေဒနာပေါ်တဲ့ နေရာမှာ ငါဘုရား ဥပမာပြဦးမယ်— ယောကျာ်းတယောက်ကို မြားနဲ့ ပစ်လိုက်လို့ မြားစူးတယ်ဆိုပါတော့ အဲဒီ ယောကျာ်းဟာ မြား‌ရဲ့ ဒဏ်ချက်ကို တခါ မခံရဘူးလား။ (ခံရပါတယ်ဘုရား)

နောက်တခါ "တမေနံ၊ ထိုယောကျာ်းသို့။ ဒုတိယေန သလ္လေန၊ နှစ်ခုမြောက်သောမြားဖြင့်။ အနုဝေဓံ၊ ထပ်ဆင့်ပစ်ခြင်းကို။ ဝိဇ္ဈေယျ၊ ပစ်ရာ၏"။

နောက်တခါ လက်ဦးတချက် စူးထားတဲ့ မြှားဒဏ်ရာနဲ့ လက်နှစ်လုံးလောက် ကွာတဲ့နေရာမှာ မြှားတချက်ထပ်ပစ်တယ်။ ဒီတော့ သူ ဒဏ်ရာ ဘယ်နှစ်ချက် ခံရသလဲ။ (နှစ်ချက်ပါဘုရား)

ဧဝမေဝ ခေါ ဘိက္ခဝေ အဿုတဝါ ပုထုဇ္ဇနော ဒုက္ခာယ ဝေဒနာယ ဖုဋ္ဌော သမာနော သောစတိ ကိလမတိ ပရိဒေဝတိ ဥရတ္တာဠိံ ကန္ဒတိ သမ္မောဟံ အာပဇ္ဇတိ၊ သော ဒွေ ဝေဒနာ ဝေဒယတိ ကာယိကဉ္စ စေတသိကဉ္စ။

ချစ်သားတို့ အဲဒီ ဥပမာမျိုးလိုဘဲ အသုတဝါ ပုထုဇဉ်လို့ဆိုတာ ကာယိက ဒုက္ခဝေဒနာပေါ်လာရင် သောစတိ, ကိလမတိ, ပရိဒေဝတိ-တွေကြောင့် ဒုတိယ မြှောက်ဖြစ်တဲ့ စေတသိက ဒုက္ခဝေဒနာ ထပ်ပြီး ပေါ်လာတယ်။ ဟုတ်လား။ (မှန်ပါ)

ဒီတော့ ဘုန်းကြီးတို့ ပရိသတ်ကို ထပ်ပြီး မေးစမ်းပါရစေ၊ စောစောပိုင်းက ယောကျ်ားတယောက်ကို မြှားစူးတော့ ပထမ မြှားစူးတဲ့ဒဏ်ချက်နဲ့ အဲဒီ လက်နှစ်လုံးလောက်ကွာတဲ့ နေရာမှာ ဒုတိယ အကြိမ် မြှားထပ်စူးတာနဲ့ ဘယ် ဒဏ်ချက်က ပိုနာမလဲ၊ ပထမစူးတာနဲ့ ဒုတိယစူးတာ ဘယ်ဟာက ပိုနာသလဲ၊ ပထမစူးတဲ့နေရာမှာ အနာဒဏ်ရာက ဖြစ်နေပြီး အဲဒီအနားမှာ နောက်တချက် ထပ်စူးတော့ ဘယ့်နှယ်လဲ သာပြီးမနာဘူးလား။ (နာပါတယ်ဘုရား)

အဲဒီလိုဘဲတဲ့ မြတ်စွာဘုရားက ကာယိက ဝေဒနာဒဏ်ချက်တွေ ပေါ်လာပြီး တဲ့နောက် ပုထုဇဉ်ပုဂ္ဂိုလ်သည် "ဥရတ္တာဠိံ ကန္ဒတိ" ဝေဒနာကို မရှုမိသည်ဖြစ် သောကြောင့် စေတသိက ဒုက္ခဝေဒနာလို့ခေါ်တဲ့ ဒုတိယမြှောက် မြှားစူးတဲ့ဒဏ် ချက်ပေါ်လာရင် အဲဒီ စေတသိက ဒုက္ခဝေဒနာက ပိုပြီးတော့ မပြင်းဘူးလား။ (ပြင်းပါတယ်ဘုရား)

သဘောကျပြီနော် ဒီတော့ အဲဒီပုဂ္ဂိုလ် ဒုက္ခဝေဒနာနဲ့ တွေ့နေသလား, တွေ့ မနေဘူးလား။ (တွေ့နေပါတယ်ဘုရား)

ပေါ်ပြီနော် ဒုက္ခဝေဒနာ။ (မှန်ပါဘုရား)။

**ဒုက္ခဝေဒနာပေါ်လျှင် ပဋိဃာနုသယဖြစ်။** ။အဲဒီလို ဒုက္ခဝေဒနာပေါ်လာ တော့ ဘုန်းကြီးတို့ပရိသတ်ကို ပြောဦးမယ်၊ ဒုက္ခဝေဒနာလဲ ပေါ်လာရော—

တဿာယေဝ ခေါ ပန ဒုက္ခာယ ဝေဒနာယ ဖုဋ္ဌော သမာနော **ပဋိဃဝါ ဟောတိ။**

တဿာယေဝ ဒုက္ခာယဝေဒနာယ၊ ထိုဒုက္ခဝေဒနာနှင့်သာလျှင်။ ဖုဋ္ဌော၊ တွေ့သည်။ သမာနော၊ ဖြစ်သည်ရှိသော်။ ပဋိဃဝါ၊ အမျက်ထွက်ခြင်းသည်။ ဟောတိ၊ ဖြစ်လေတော့၏။

ဒုက္ခဝေဒနာ စစ်ခနဲ ထိလိုက်ရင် ဘယ်လိုလဲ၊ စိတ်က ဖျဉ်းကနဲ ထလာတယ် "ငါ စစ်စစ်ထိ မခံဘူး, ငါ့ ဘာမှတ်လို့လဲ"လို့၊ ဟုတ်လား၊ ဘာပေါ်လာလဲ။

(ဒေါသပေါ်လာပါတယ် ဘုရား)။

ပဋိစ္စသမုပ္ပါဒ်စက်ဆိုတာ ဒါမျိုးကို ခေါ်တာဘဲ ဘုန်းကြီးတို့ ပရိသတ်။ ဒီတော့ ဒုက္ခဝေဒနာ ဒဏ်ချက်ပေါ်လာတာနဲ့ တပြိုင်နက်ထဲ ဟိုက ပဋိဃာနုသယ ဒေါသက ဘယ့်နှယ်တုံး—

တဿာယေဝ ခေါ ပန ဒုက္ခာယ ဝေဒနာယ ဖုဋ္ဌော သမာနော ပဋိဃဝါ ဟောတိ။

တခါထဲ ပဋိဃပေါ်လာတယ်——

တမေနံ ဒုက္ခာယ ဝေဒနာယ ပဋိဃဝန္တံ ယော ဒုက္ခာယ ဝေဒနာယ ပဋိဃာနုသယော၊ သော အနုသေတိ။

အဲဒီ ဒုက္ခဝေဒနာနောက်မှာ ပဋိဃာနုသယ ပါမလာဘူးလား။

(ပါလာပါတယ် ဘုရား)။

**သုခကိုတောင့်တပုံ။** ။ဒီတော့ ဒုက္ခဝေဒနာ ပဋိဃာနုသယ ဖြစ်လာတော့ ဒုက္ခဝေဒနာဒဏ်ချက်ကို ခံနေရတဲ့ ပုဂ္ဂိုလ်သည် သက်သာမှုဆိုတဲ့ သုခကို အလိုရှိသလား, မရှိဘူးလား။(အလိုရှိပါတယ်ဘုရား)။

သမ္မောအဋ္ဌကထာက ပြထားတာရှိတယ် 'ဒုက္ခီ သုခံ ပတ္ထယတိ" ဒုက္ခီ၊ ဒုက္ခဝေဒနာနဲ့တွေ့နေတဲ့ပုဂ္ဂိုလ်သည်။ သုခံ၊ ချမ်းသာကို။ ပတ္ထယတိ၊ လှမ်း၍ တောင့်တတော့၏။

ဒုက္ခဝေဒနာဖြစ်လာတော့ ဘုန်းကြီးတို့ ပရိသတ် သက်သာမှု သုခကို မလိုချင်ဘူးလား။ (လိုချင်ပါတယ်ဘုရား)။

ဒီတော့ ပါဠိတော်ကပြတယ်၊ သုခလိုချင်တဲ့ပုဂ္ဂိုလ်ကို မြတ်စွာဘုရားက ဘယ့်နှယ်ပြသလဲ——

သော ဒုက္ခာယ ဝေဒနာယ ဖုဋ္ဌော သမာနော ကာမသုခံ အဘိနန္ဒတိ။

ဒုက္ခာယ ဝေဒနာယ၊ ဒုက္ခဝေဒနာနှင့်။ ဖုဋ္ဌောသမာနော၊ တွေ့သော။ သော၊ ထိုပုဂ္ဂိုလ်သည်။ ကာမသုခံ၊ ကာမဂုဏ်သုခကို။ အဘိနန္ဒတိ၊ အလွန်နှစ်သက်လေတော့၏။

ကာမသုခကို နှစ်သက်တယ် ပုထုဇဉ်ပုဂ္ဂိုလ်က၊ ဘာဖြစ်လို့လဲ တဲ့၊ မြတ်စွာဘုရားက "တံ ကိဿဟေတု"လို့ ပါဠိတော်မှာ ပြတယ်၊ ဘာဖြစ်လို့လဲ—

န ဟိ သော ဘိက္ခဝေ ပဇာနာတိ အဿုတဝါ ပုထုဇ္ဇနော အညတြ ကာမသုခါ ဒုက္ခာယ ဝေဒနာယ နိဿရဏံ။

ချစ်သားတို့ ဘာပြုလို့လဲလို့ဆိုတော့ အဲဒီ အသုတဝါ ပုထုဇဉ်ပုဂ္ဂိုလ်သည် ကာမဂုဏ်သုခကို ဖယ်ထားပြီးတော့ ဒုက္ခဝေဒနာရဲ့ လွတ်လပ်ရာကို မသိသည် ဖြစ်သောကြောင့် ကာမသုခကို သူ နှစ်သက်တာ။

**သုခအစစ်။** ။ဘုန်းကြီးတို့ ပရိသတ် အဲဒီ ဒုက္ခဝေဒနာရဲ့ လွတ်လပ်ရာ ဆိုတာ ဘာလဲ၊ ကာမသုခ မဟုတ်ဘူး၊ ဘုန်းကြီးတို့ ပရိသတ် သိနေတာက ခု ဆင်းရဲနေလို့ သိန်းထီကြီးပေါက်ရင် ချမ်းသာလိမ့်မယ် ဆိုပြီးတော့ သိန်းထီပေါက်ဘို့ မမျှော်ဘူးလား။ (မျှော်ပါတယ်ဘုရား)။

ကာမသုခကို မျှော်တာ၊ နော်။ (မှန်ပါ)။

ဒီတော့ ဒီပုဂ္ဂိုလ်သန္တာန်မှာ ဘာဖြစ်လာသလဲ၊ သူဟာ ဆင်းရဲဒုက္ခက လွတ်မယ်လို့ အောက်မေ့တယ် မဟုတ်လား သုခဝေဒနာပေါ်လာရင်၊ ဟုတ်လား။ (မှန်ပါ)။

ဒီတော့ မြတ်စွာဘုရားက—ချစ်သားတို့ ဒီနေရာမှာ ဒုက္ခဝေဒနာ ပေါ်လာလို့ အဲဒီ ကာမသုခကို နှစ်သက်တဲ့ပုဂ္ဂိုလ်ဟာ ဒုက္ခဝေဒနာရဲ့ လွတ်လပ်ရေးကို သူ မသိဘူးတဲ့၊ ဒုက္ခဝေဒနာရဲ့ လွတ်လပ်ရေးဟာ ဘာလဲ၊ ကာယိကဒုက္ခဝေဒနာရဲ့ လွတ်လပ်ရေးသည် စတုတ္ထစျာန်, မဂ်, ဖိုလ်၊ အဲဒီ စျာန်မဂ်ဖိုလ် တရားသည်သာလျှင် ဒုက္ခဝေဒနာရဲ့ လွတ်ကြောင်း၊ စတုတ္ထစျာန်ရရင် ကာယိကဒုက္ခဝေဒနာ ရှိဦးမလား။ (မရှိတော့ပါ ဘုရား)။

စတုတ္ထစျာန်မှာ သင်္ဂြိုဟ်သင်ထားဘူးတဲ့ပုဂ္ဂိုလ် တွေ့လိမ့်မယ်။ ပါဠိတော်က—

သုခဿ စ ပဟာနာ ဒုက္ခဿ စ ပဟာနာ ပုဗ္ဗေဝ သောမနဿဒေါမနဿာနံ အတ္ထင်္ဂမာ ဥပေက္ခာသတိပါရိသုဒ္ဓိံ စတုတ္ထံ စျာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။

စတုတ္ထစျာန်ချမ်းသာကို ရနေတဲ့ပုဂ္ဂိုလ်ဟာ ကာယိကသုခ-ဒုက္ခလဲ မရှိဘူး, စေတသိကသုခ-ဒုက္ခလဲ မရှိဘူး, သောမနဿလဲ မရှိဘူး, ဒေါမနဿလဲ မရှိဘူး ဆိုတော့ ဒုက္ခဝေဒနာ, သုခဝေဒနာက လွတ်မနေဘူးလား။ (လွတ်နေပါတယ်ဘုရား)။

လွတ်ပုံလွတ်နည်းကလေးကို ဘုန်းကြီး ပြောပေးမယ်၊ မဂ်နဲ့ဖိုလ်ကို ရရင်လဲ အဲသလိုဘဲ ဒုက္ခဝေဒနာ, သုခဝေဒနာက လွတ်သွားတယ်။

**သုခဝေဒနာပေါ်လျှင် ရာဂါနုသယဖြစ်။** ။စတုတ္ထဈာန်သည် ကာယိက-သုခ, စေတသိကသုခမှ လွတ်လပ်ရေးရတဲ့ တရား၊ မဂ်, ဖိုလ် တရားသည် ကာယိကဒုက္ခ, စေတသိကဒုက္ခမှ လွတ်လပ်ရေးရတဲ့ တရားလို့ဆိုတာကို ပုထုဇဉ်ပုဂ္ဂိုလ်က မသိသည်ဖြစ်သော ကြောင့် သူ ဘာသွားပြီး နှစ်သက်သလဲ၊ ဒီ ကာယိကဒုက္ခကြီးကြောင့် သက်သာတယ်ဆိုတဲ့ ကာမဂုဏ်သုခကို သွားပြီးတော့ တောင့်တတယ်၊ အဲဒီလို ကာမဂုဏ်သုခကို တောင့်တသည်ဖြစ်သောကြောင့် ထိုပုဂ္ဂိုလ်သန္တာန်မှာ ဘာဖြစ်လာသလဲ ဆိုတော့——

တဿ ကာမသုခဥ္စ အဘိနန္ဒတော ယော သုခါယ ဝေဒနာယ ရာဂါနုသယော၊ သော အနုသေတိ။

ဒုက္ခဝေဒနာ ဖြစ်နေသည်ဖြစ်သောကြောင့် သုခဝေဒနာကို တောင့်တသည့် အတွက် သုခဝေဒနာမှာရှိတဲ့ ရာဂါနုသယ ဖြစ်လာတယ်။ သဘောပေါက်ကဲ့ လား၊ ဘုန်းကြီးတို့ ပရိသတ် နားလည်တယ်နော်၊ ကိုင်း ရှေ့သွားရအောင်၊ ဒီတော့ ဒုက္ခဝေဒနာ တချက်ပေါ်လာတာနဲ့ ပဋိဃာနုသယ, ရာဂါနုသယ နှစ်ခု ရမသွားဘူးလား။　　(ရပါတယ်ဘုရား)။

**ဥပေက္ခာဝေဒနာပေါ်လျှင် အဝိဇ္ဇာနုသယဖြစ်။** ။ဥပေက္ခာဝေဒနာဖြစ်တော့—

တဿ တာသံ ဝေဒနာနံ သမုဒယဉ္စ အတ္ထင်္ဂမဥ္စ အဿာဒဉ္စ အာဒီ-နဝဉ္စ နိဿရဏဉ္စ ယထာဘူတံ အပ္ပဇာနတော ယော အဒုက္ခမသုခါယ ဝေဒနာယ အဝိဇ္ဇာနုသယော၊ သော အနုသေတိ။

အဲဒီ သုခဝေဒနာ, ဒုက္ခဝေဒနာတို့ရဲ့ သမုဒယ, အတ္ထင်္ဂမ, အဿာဒ, အာဒီ-နဝ, နိဿရဏလို့ ဆိုတဲ့ ဒီတရားငါးချက်ကို ဝေဒနာပေါ်မှာ မသိသည်ဖြစ်သော ကြောင့် သူ့မှာ အဝိဇ္ဇာနုသယ ဖြစ်ခွင့် ရသွားပြီတဲ့ မြတ်စွာဘုရားက၊ ဟုတ်လား။　　(မှန်ပါ)။

ဒီလို အသုတဝါ ပုထုဇဉ်ပုဂ္ဂိုလ်မျိုးကို——

သော သုခဉ္စေ ဝေဒနံ ဝေဒယတိ၊ သညုတ္တော နံ ဝေဒယတိ၊ ဒုက္ခဉ္စေ ဝေဒနံ ဝေဒယတိ၊ သညုတ္တော နံ ဝေဒယတိ၊ အဒုက္ခမသုခဉ္စေ ဝေဒနံ ဝေဒယတိ၊ သညုတ္တော နံ ဝေဒယတိ။

ထိုပုထုဇဉ်ပုဂ္ဂိုလ်သည် သုခဝေဒနာကို ခံစားလဲဘဲ ကာမဂုဏ် ကိလေသာနဲ့ ဒွန်တွဲပြီးတော့ ခံစားတာတဲ့၊ ဒုက္ခဝေဒနာကို ခံစားလဲ ကာမဂုဏ်ကိလေသာနဲ့ ဒွန်တွဲပြီးတော့ ခံစားတာတဲ့၊ ဥပေက္ခာဝေဒနာကို ခံစားလဲ ကာမဂုဏ် ကိလေသာနဲ့ ဒွန်တွဲပြီးတော့ ခံစားတာတဲ့။

ဝေဒနာမလွှတ်က ကိလေသာရှိ။ ။အယံ ဝုစ္စတိ ဘိက္ခဝေ အဿုတဝါ ပုထုဇ္ဇနော သညုတ္တော ဇာတိယာ ဇရာယ မရဏေန သောကေဟိ ပရိဒေဝေဟိ ဒုက္ခေဟိ ဒေါမနဿေဟိ ဥပါယာသေဟိ သညုတ္တော ဒုက္ခသ္မာတိ ဝဒါမိ။

ပါဠိတော်တပိုဒ် ဆုံးသွားပြီ။

ဘိက္ခဝေ၊ ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများ အားထုတ်၍ နေကြကုန်သော အမျိုးကောင်းသား, အမျိုးကောင်းသမီး အပေါင်းတို့။ အယံ၊ ဤကဲ့သို့သော ဒုက္ခဝေဒနာ သုခဝေဒနာ ဥပေက္ခာဝေဒနာကို ကိလေသာတို့နှင့် ယှဉ်တွဲ၍ ခံစားနေသော။ အဿုတဝါ၊ ပုထုဇဉ်ပုဂ္ဂိုလ်ကို။ ဇာတိယာ၊ ပဋိသန္ဓေနေခြင်းနှင့်၎င်း။ ဇရာယ၊ အိုခြင်းနှင့်၎င်း။ မရဏေန၊ သေခြင်းနှင့်၎င်း။ သောကေဟိ ပရိဒေဝေဟိ ဒုက္ခေဟိ ဒေါမနဿေဟိ ဥပါယာသေဟိ၊ စိုးရိမ်ခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်စိတ်ဆင်းရဲခြင်းဆိုတဲ့ ဥပါယာသတရားတို့နှင့်။ သညုတ္တောတိ၊ ယှဉ်စပ်နေသော ပုဂ္ဂိုလ်ဟူ၍။ ဝဒါမိ၊ ဟောတော်မူ၏။

တရားသာ အားထုတ်နေပေတဲ့ ချစ်သားတို့ အဲဒီလို ဝေဒနာတွေမှာ ဒီလို နှလုံးသွင်းပြီးတော့ နေတဲ့ ပုဂ္ဂိုလ်ကို ကိလေသာတွေနဲ့ ယှဉ်စပ်နေတဲ့ ပုဂ္ဂိုလ်လို့ ခေါ်တယ်တဲ့ မြတ်စွာဘုရားက—

"သညုတ္တော ဒုက္ခသ္မာတိ ဝဒါမိ"။

ဒုက္ခသ္မာလို့ဆိုတဲ့နေရာမှာ အဋ္ဌကထာက "ကရဏတ္ထေ နိဿက္ကဝစနံ"လို့ ဝိဘတ္တိဝိပလ္လာသ-ဟု ပြမှာထားသည်ဖြစ်သောကြောင့် ပါဠိတော်က အဲဒီ သ္မာ-ဝိဘတ်ကို "မှ"လို့ အနက်မပေးဘဲနဲ့ "နှင့်"လို့ အနက်ပေးရမယ်၊ ကရိဏ်းအနက်။

ဒုက္ခသ္မာ၊ အလုံးစုံသော ဆင်းရဲဒုက္ခအပေါင်းတို့နှင့်။ သညုတ္တောတိ၊ ယှဉ်စပ်၍နေသောပုဂ္ဂိုလ်ဟူ၍။ အဟံ၊ သင်တို့ဆရာ ငါဘုရားသည်။ ဝဒါမိ၊ ကောင်းစွာမသွေ ဟောကြားတော်မူပါပေသတည်း။

သာဓု သာဓု သာဓု

## ဆုတောင်း

အားလုံးလိုက်ဆိုကြ—

အရှင်ဘုရား အကျွန်ုပ်တို့သည် ယနေ့, ယခု ပွါးများ, အားထုတ် ပြုလုပ်ရသော သရဏဂုံ သီလကုသိုလ်ကံစေတနာ, တရားအားထုတ်ရခြင်း, တရားနာ

ရခြင်းဟု ဆိုအပ်သော ကုသိုလ်ကံစေတနာသည် သံသရာစက်၏ အချက်အချာဖြစ်သော အဝိဇ္ဇာနှင့် တဏှာကို ဖျက်ဆီးနိုင်သည်ဖြစ်၍ အရိယာအပေါင်းတို့၏ အာရုံဖြစ်သော, မဂ်ဉာဏ်၏အာရုံဖြစ်သော နိဗ္ဗာန်ချမ်းသာကို မိမိတို့ရည်ရွယ်ပန်ဆင်အပ်သော ဗောဓိဉာဏ်ဖြင့် သစ္စာလေးပါးကို သိပြီးလျှင် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကိုရ၍ နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုရပါစေသား အရှင်ဘုရား။

## အမျှဝေ

ဤကောင်းမှု၏ အဘို့ဘာဂကိုလည်း မိခင်, ဘခင်, ဆရာသခင် ကျေးဇူးရှင်များကို အစထား၍ သံဃာတော်အပေါင်း, နတ်အပေါင်း, လူအပေါင်း, သတ္တဝါအပေါင်းတို့အား အမျှပေးဝေပါကုန်၏၊ အမျှရကြကုန်သည်ဖြစ်၍ အသီးအသီး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြသည် ဖြစ်ကြပါစေသော် ။

အမျှ–အမျှ–အမျှ–ယူတော်မူကြပါကုန်လော့။

သာဓု သာဓု သာဓု

ဝေဒနာနုပဿနာ ဝေဒနာဝါရ ပဋ္ဌမပိုင်း

ပြီးပြီ။

ပါရာယနဝဂ် ပါဠိတော်ဟောစဉ် ဥဒယသုတ္တန်နောက်ဆက်တွဲ

# ဝေဒနာနုပဿနာ တရားတော်

## ဝေဒနာဝါရ ဒုတိယပိုင်း

---

### တရားတော်အမည်

သာသနာသက္ကရာဇ် ၂၅၁၄, ကောဇာသက္ကရာဇ် ၁၃၃၂ ခုနှစ် ဝါခေါင်လဆန်း (၇) ရက် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း ကျွဲကူးဓမ္မဗိမာန်တော်ကြီးတွင် ဝိပဿနာအလုပ်ပေးတရားတို့နှင့် ဆက်စပ်၍ ဟောကြားအပ်သော ဒီဃနိကာယ် သုတ်မဟာဝါ ပါဠိတော် မဟာနိဒါနသုတ်၌ လာသော ဝေဒနာဝါရ ဝေဒနာနုပဿနာသတိပဋ္ဌာန် ပွါးနည်း, ရှုနည်း ဒုတိယပိုင်း တရားတော်။

### ဘုရားရှိခိုး

ဤတရားတော်ကို ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုဘုရားရှင်ကိုယ်တော်မြတ် ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့ပါတယ်။ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ ဝေဒနာရှုပွါးနည်းကို ဟောကြားရမှာဖြစ်တဲ့အတွက် ဝေဒနာရှုပွါးနည်းကို ဟောကြားတော်မူသော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကို ရှေးဦးစွာ ရှိခိုးကြရအောင် အမျိုးကောင်းသား အမျိုးကောင်းသမီးများ လက်အုပ်ချီပြီးတော့ ထားကြ၊ ဘုန်းကြီးက မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်များကို ရွတ်ဆိုပြီးတော့ ဘုရားရှိခိုးမယ်၊ ဘုရားရှိခိုးထဲမှာပါတဲ့ ဂုဏ်တော်များကို အာရုံပြုပြီးတော့ ဘုန်းကြီးတို့ တရားနာလာကြတဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ဂုဏ်တော်များကို ကြည်ညိုသဒ္ဓါ ပွါးများနိုင်ကြပါစေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(အနက် ရှေးနည်းအတိုင်း)

သာဓု သာဓု သာဓု

### ဝေဒနာအမျိုးမျိုးခွဲပြချက်

ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်သည် မဟာနိဒါနသုတ္တန် ပဋိစ္စသမုပ္ပါဒ်အခန်းမှာ ဝေဒနာဝါရကို

ဟောကြားတော်မူခဲ့ပါတယ်။ ဝေဒနာ ဘာ့ကြောင့်ဖြစ်သလဲ၊ ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒနာ၊ ဖဿကြောင့်ဖြစ်တယ်၊ ဖဿဆိုတာဘာတွေလဲ၊ ဝိညာဉ် နာမ်ရုပ် အဲဒီတရားသုံးလုံးတို့ရဲ့ ပေါင်းစုခြင်း, စုစည်းမိခြင်း, တွေ့ဆုံမိခြင်းကို ဖဿလို့ ခေါ်တယ်။ အဲဒီဖဿကြောင့် သတ္တဝါတွေမှာ ဝေဒနာဖြစ်တယ်။

**ဝေဒနာ ၆-မျိုး။** ။မဟာနိဒါနသုတ္တန်မှာ ဝေဒနာကို ၆-မျိုးဟောထားတော်မူတယ်။

၁။ စက္ခုသမ္ဖဿဇာဝေဒနာ, ၂။ သောတသမ္ဖဿဇာဝေဒနာ, ၃။ ဃာနသမ္ဖဿဇာဝေဒနာ, ၄။ ဇိဝှါသမ္ဖဿဇာဝေဒနာ, ၅။ ကာယသမ္ဖဿဇာဝေဒနာ, ၆။ မနောသမ္ဖဿဇာဝေဒနာ–လို့ ဖြစ်ရာဌာနကို အစွဲပြုပြီးတော့ ဝေဒနာ ၆-မျိုး မြတ်စွာဘုရား ဟောကြားတော်မူတယ်။ အဲဒီ ဝေဒနာတွေကို အမျိုးမျိုး ခွဲပြီး ဟောပုံကိုတော့ ဘုန်းကြီးတို့ ဒီဝေဒနာနုပဿနာသတိပဋ္ဌာန်နဲ့ ပတ်သက်လို့ အဋ္ဌသတသုတ္တန်ကို ဟောတဲ့အခါကျတော့မှဘဲ နာကြပေါ့။

**ဝေဒနာရှုနည်း။** ။ဒီမှာတော့ဖြင့် ဝေဒနာရှုပုံရှုနည်းကို ရှေးဦးစွာဟောပေးမယ်။ ဒီအချိန်မှာ ဝေဒနာရှုပုံကို ဟောပေးနေတာဖြစ်တော့ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ ခု ဘာလုပ်ထားရမလဲဆိုတော့ ဝေဒနာခေတ်ပေါ်ပုံကို အာရုံပြုထားကြရမယ်။

ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် ကမ္မဋ္ဌာန်းတရားကို ဟောတဲ့အခါမှာ ကမ္မဋ္ဌာန်းတရား နှစ်မျိုး ဟောပေးတော်မူပါတယ်။

**ကမ္မဋ္ဌာန်းအခြေခံ။** ။ရူပကမ္မဋ္ဌာန်း, အရူပကမ္မဋ္ဌာန်းလို့ ကမ္မဋ္ဌာန်းနှစ်မျိုးရှိတယ်။ ရုပ်တရားတွေကို ဝိပဿနာရှုတာကို ရူပကမ္မဋ္ဌာန်းလို့ ခေါ်တယ်။ နာမ်တရားတွေကို ဝိပဿနာရှုတာကို အရူပကမ္မဋ္ဌာန်းလို့ ခေါ်တယ်။ ရုပ်တရားတွေကို ဝိပဿနာရှုဘို့ မြတ်စွာဘုရား ဟောတော်မူတဲ့အခါမှာ အကျဉ်းအားဖြင့် ဝိပဿနာရှုနည်းမှာရင်း, အကျယ်အားဖြင့် ဝိပဿနာရှုနည်းမှာရင်း များသောအားဖြင့် မြတ်စွာဘုရား ဘယ်ရုပ်တွေကို အခြေခံပြီးတော့ ဟောသလဲလို့ဆိုတော့—

ရုပ်ကမ္မဋ္ဌာန်းမှာ စတုဓာတုဝဝတ္ထာန်လို့ ခေါ်တဲ့ ဓာတ်ကြီးလေးပါးကို အခြေခံထားပြီး တော့ မြတ်စွာဘုရား ဟောကြား ပေးတော်မူတယ်။

နာမ်ကမ္မဋ္ဌာန်းကို ဟောကြားတော်မူတဲ့အခါကျတော့ တခါတရံမှာ ဖဿကို ဟောတယ်၊ တခါတရံမှာ ဝေဒနာကို ဟောတယ်၊ တခါတရံမှာ စိတ်ကိုဟောတယ်။

ဖဿကို အကြီးအမှူး ပြုပြီးတော့ ဟောတဲ့နေရာမှာလဲဘဲ ဖဿ ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် လို့ဆိုပြီးတော့ ဖဿပဥ္စမကတရားကို ဟောတယ်။

ဝေဒနာကို အကြီးအမှူးပြုပြီးတော့ ဟောတဲ့နေရာမှာလဲ ဝေဒနာ ဖဿ သညာ သင်္ခါရ ဝိညာဉ် လို့ဆိုပြီးတော့ ဖဿပဥ္စမကတရားကိုဘဲ ဟောတယ်။

စိတ် (ဝိညာဉ်)ကို အကြီးအမှူး ပြုပြီးတော့ ဟောတဲ့ နေရာမှာလဲဘဲ ဝိညာဉ် ဖဿ ဝေဒနာ သညာ သင်္ခါရ ဆိုပြီးတော့ ဖဿပဥ္စမက တရားကိုဘဲ ဟောတယ်။

**ဟောစဉ်ပုံစံ။** ။မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် ဝေဒနာကမ္မဋ္ဌာန်းကို ဟောတော်မူတိုင်း ဟောတော်မူတိုင်းမှာ ဘာကို အခြေခံပြီးတော့ ဟောပေးသလဲလို့ဆိုတော့ ရုပ်ကမ္မဋ္ဌာန်းကိုအခြေခံပြီးတော့ ဟောပေးတယ်၊ အဲသလို ရုပ်ကမ္မဋ္ဌာန်းတွေကို အခြေခံပြီးတော့ ဟောပေးတဲ့ သုတ္တန်တွေဆိုတာ ဒီဃနိကာယ်က မဟာနိဒါနသုတ္တန်, မဟာသတိပဋ္ဌာနသုတ္တန်, မဇ္ဈိမ-နိကာယ် မူလပဏ္ဏာသက မဟာသတိပဋ္ဌာနသုတ္တန်, စူဠဝေဒလ္လ မဟာဝေဒလ္လ ရဋ္ဌပါလ မာဂဏ္ဍိယသုတ္တန် စတဲ့ အဲဒီလို သုတ္တန်တွေနဲ့၊ ဝေဒနာသံယုတ်ကြီး တခုလုံးဘဲ။

ဝေဒနာခေတ်ပေါ်အောင် ဖော်တဲ့နေရာမှာ ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည် ရုပ်တရားကို အခြေခံထားပြီးတော့မှ ဝေဒနာကို ပေါ်အောင် ဖော်ပြီးပေးတယ်။ ဒါကြောင့်မို့ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများကို ကျားကူးခမ္မဝိမာန်တော်ကြီးမှာ ဝေဒနာခေတ်ပေါ်ပုံကို ဟောပေးနေတာဟာ ပထမရှေးဦးစွာ ရုပ်ကို အခြေခံထားပြီးတော့မှ ဝေဒနာခေတ် ပေါ်ပုံကို ဘုန်းကြီးတို့ ခုလို ပါဠိတော်တွေနဲ့ ဟောပေးနေပါတယ်။

**ရုပ်ကိုသိမ်းဆည်း။** ။အဲဒါကြောင့် ဒီကနေ့လဲဘဲ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ဝေဒနာခေတ်ဖော်ပုံကို နာကြရအောင်လို့ဆိုပြီးတော့ ရှေးဦးစွာ ဘာလုပ်ထားရမလဲ၊ ရုပ်ကမ္မဋ္ဌာန်းကို ရှေးဦးစွာ သိမ်းဆည်းထားရမယ်။ ပြီးခဲ့တဲ့ အပတ်ကလဲဘဲ ဘုန်းကြီး ပြောခဲ့ပြီးပြီ ရုပ်ကမ္မဋ္ဌာန်း သိမ်းဆည်းပုံတွေကို၊ မိမိရဲ့ ကရဇကာယလို့ ခေါ်တဲ့ ခန္ဓာကိုယ်ထဲ အသိဉာဏ်သွင်းပြီးတော့ ထိုင်လိုက်တဲ့အခါ ဒီ ကရဇကာယလို့ခေါ်တဲ့ ခန္ဓာကိုယ်ထဲက ဘာတွေပေါ်လာမလဲလို့ဆိုတော့ ရုပ်တရားတွေ ပေါ်လာလိမ့်မယ်၊ ပဌမ ရှေးဦးစွာ ထိုင်ထိုင်ချင်း ဘာပေါ်လာမလဲလို့ ဆိုတော့–များသောအားဖြင့် ထွက်လေ, ဝင်လေလို့ဆိုတဲ့ ဝါယော လေခေတ် ရုပ်ပရမတ္ထတရား ပေါ်လာမယ်၊ အဲဒီ ဝါယော လေခေတ် ရုပ်ပရမတ္ထတရားကို ရုပ်လို့ ရှုနေတဲ့အခါမှာ နှာခေါင်းတို့ နှုတ်ခမ်းတို့ ဆိုတာတွေ မပါစေရဘူး, ထွက်လေ, ဝင်လေကိုသာ ရုပ်လို့ ရှုထား

ရမယ်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်က "ဣတိ ရူပံ"တဲ့၊ ဣတိ၊ ဤကဲ့သို့ ထွက်လေ့ ဝင်လေ ဆိုတဲ့ လှုပ်ရှားတဲ့ သဘောတရားသည်။ ရူပံ၊ ရုပ်မည်၏။ သူ့ကို ရုပ်လို့ ရှုတဲ့၊ ဒါကို ကရဇကာယလို့ ခေါ်တယ်။ အဲဒီလို ကရဇကာယလို့ ခေါ်တဲ့ ရုပ်ကို သိမ်းဆည်းလိုက်ရတယ်။

ဝေဒနာရှုချင်တဲ့ ပုဂ္ဂိုလ်မှာ ထွက်လေ့ ဝင်လေ့ ပြီးတော့ များသောအား ဖြင့် ဘာတွေ ပေါ်တတ်သလဲ၊ ပူတာတွေ ပေါ်တယ်၊ အေးတာတွေ ပေါ်တယ်၊ ထုံတဲ့ကျင်တဲ့ သဘောတွေ ပေါ်လာတယ်၊ လှုပ်တဲ့သဘောတွေ ပေါ်လာတယ်၊ အဲဒီ ပေါ်လာတာ ဟူသရွေ့ကို ပြီးခဲ့တဲ့အပတ်က ဘုန်းကြီး ဟောပေးခဲ့သလိုဘဲ သူ့ကို ဘာလို့ ရှုထားရမလဲ၊ ရုပ်လို့ရှု၊ ရုပ်တရား။

ရုပ်ဖောက်ပြန်ပုံ။　။ဘာပြုလို့ သူ့ကို ရုပ်တရားလို့ ခေါ်သလဲလို့ ဆိုတော့—

"ရုပ္ပတီတိ ခေါ ဘိက္ခဝေ တသ္မာ ရူပန္တိ ဝုစ္စတိ"။

ဘိက္ခဝေ၊ ချစ်သားရဟန်း။ ရုပ္ပတိ၊ တမျိုးပြီးတမျိုး ဖောက်ပြန်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ရူပံ၊ ရုပ်ဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုရပေတော့၏။

ဖောက်ပြန်တတ်သောကြောင့် သူ့ကို ရုပ်လို့ ခေါ်တယ်၊ အဲဒီရုပ်တွေ ဘာပြုလို့ ဖောက်ပြန်နေသလဲ ဘုရားလို့ ဆိုတော့——

သီတေနပိ ရုပ္ပတိ၊ ဥဏှေနပိ ရုပ္ပတိ၊ ဇိဃစ္ဆာယပိ ရုပ္ပတိ၊ ပိပါ-သာယပိ ရုပ္ပတိ၊ ဍံသမကသဝါတာတပသရီသပသမ္ဖဿေနပိ ရုပ္ပတိ။

အေးလို့ ပူလို့ တော်ကြာ အေးရာက နေပြီး အေးမနေဘူး၊ ပူလာတယ်၊ ပူတာချည်း ဖြစ်မနေဘူး၊ တော်ကြာ အေးလာတယ်၊ ပူတာ အေးတာချည်း ဖြစ်မနေဘူး၊ တော်တော်ကြာ လှုပ်ရှားလာတယ်၊ ဒါချည်းမနေဘူး၊ တော် တော်ကြာ တောင့်လာတယ်၊ တင်းလာတယ်၊ အဲဒီလို တမျိုးပြီး တမျိုး သူက ပြောင်းရွှေ့နေတယ် လှုပ်ရှားနေတယ်၊ အဲသလို ပြောင်းရွှေ့နေတဲ့ သဘော တရားကို ရုပ္ပနလက္ခဏာလို့ ခေါ်တယ်တဲ့ မြတ်စွာဘုရားက၊ အဲဒီ ရုပ္ပနလက္ခဏာ တွေကို ပေါင်းပြီးတော့ ကိုယ့် ကာရဇကာယအတွင်းက ဒီ အတ္တဘောအတွင်း က ပေါ်လာတဲ့တရားဟူသရွေ့ကို "ဟူသရွေ့"လို့ ဆိုပေမဲ့ ပူတာ၊ အေးတာ၊ လှုပ်တာ၊ တောင့်တာ၊ တင်းတာ၊ စစ်စစ် စစ်စစ်နဲ့ နေတာ၊ ရှိန်းရှိန်း ရှိန်းရှိန်းနဲ့ နေတာ၊ ဖြုတ်ဖြုတ် ဖြုတ်ဖြုတ်နဲ့နေတာ အားလုံးတွေကို ရုပ်တရားလို့ ရှုပါ၊ ရုပ်တရားတို့ရဲ့ ဖောက်ပြန်ပုံ၊ ရုပ်တရားတွေရဲ့ ဖောက်ပြန်မှု များလာတော့ ခံစားချက်တွေ ပေါ်လာတယ်၊ ဖောက်ပြန်မှု မများလို့ ညီညွတ်နေတဲ့အခါမှာ လဲဘဲ ခံစားချက်တွေ ပေါ်လာတယ်၊ ဒါကို ဘာခေါ်သလဲ ဝေဒနာ။

**ဝေဒနာ ၃ မျိုး။** ။ရုပ်တရားတို့ရဲ့ ဖောက်ပြန်မှု ဒဏ်ချက်က ညီမျှနေရင် သုခဝေဒနာ ပေါ်လာတယ်၊ ပြီးတော့ ရုပ်တရားတို့ရဲ့ ဖောက်ပြန်မှု ဒဏ်ချက်က မညီမျှရင် ဒုက္ခဝေဒနာ ပေါ်လာတယ်၊ အဲဒီလို သုခဝေဒနာ, ဒုက္ခဝေဒနာတွေ မဟုတ်တဲ့ ကြားထဲက ဥပေက္ခာဝေဒနာလို့ဆိုပြီး ပေါ်သေးတယ်လို့ မြတ်စွာဘုရားက သုတ္တန် တော်တော် ခပ်များများမှာ ဝေဒနာ သုံးမျိုးကို အခြေခံပြီး ဟောထားတယ်။

ဘုန်းကြီးတို့ ယခုဟောပေးနေတာလဲ အဲဒီ ဝေဒနာသုံးမျိုးကိုဘဲ အခြေခံပြီး ဟောပေးနေတယ်၊ ဒါကြောင့် ဝေဒနာသုံးမျိုး ပေါ်လာတဲ့အခါ အမျိုးကောင်းသား, အမျိုးကောင်းသမီးများရဲ့ အသိဉာဏ်ထဲမှာ ထင်ရှားတာက ဘယ်ဝေဒနာသာ ထင်ရှားသလဲလို့ဆိုတော့ သုခဝေဒနာနဲ့ ဒုက္ခဝေဒနာ နှစ်မျိုးသာ ထင်ရှားတယ်။ ဒုက္ခဝေဒနာတွေ ထင်ရှားတဲ့အခါမှာ ပြီးခဲ့တဲ့အပတ်က ဟောတာလေးကို အနုသန္ဓေ ပြန်ဆက်ရအောင်လို့—

**သလ္လသုတ္တန်။** ။သလ္လသုတ္တန်က ကရဇကာယကို ရှုလို့ ရုပ်တရားတို့ရဲ့ ဖောက်ပြန်တဲ့ ဒဏ်ချက်က ပြင်းလာလို့ ဆင်းရဲမှုကို ခံစားနေရတဲ့အခါမှာ အရိယာပုဂ္ဂိုလ်တွေလဲ ဒီဖောက်ပြန်မှုဒဏ်ချက်ကို ခံနေရတယ်၊ ပုထုဇဉ်ပုဂ္ဂိုလ်တွေလဲ ဒီဖောက်ပြန်မှုဒဏ်ချက်ကို ခံနေရတယ်၊ ခံနေရတော့ မြတ်စွာဘုရားက မေးထားတယ် သံဃာတော်တွေကို၊ ကရဇကာယမှာ ဒုက္ခဝေဒနာနဲ့ တွေ့ရင်, သုခဝေဒနာနဲ့ တွေ့ရင်, ဥပေက္ခာဝေဒနာနဲ့ တွေ့ရင် ပုထုဇဉ်ပုဂ္ဂိုလ်များလဲ သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာကို ခံစားရတယ်၊ သုတဝါ အရိယာပုဂ္ဂိုလ်များလဲဘဲ သုခ, ဒုက္ခ, ဥပေက္ခာဝေဒနာ တွေကို ခံစားရတယ်၊ ထူးခြားချက် ဘယ်လိုရှိပါသလဲ ပုထုဇဉ်နဲ့ သုတဝါအရိယာပုဂ္ဂိုလ်၊ "အဿုတဝါပုထုဇ္ဇနော"နဲ့ "သုတဝါအရိယသာဝက"တို့ရဲ့ ဝေဒနာခံစားပုံ ထူးခြားချက်ကို မြတ်စွာဘုရားက မေးခွန်းထုတ်ထားတယ်။

ရဟန်းတော်များကို တရားဟောလိုတဲ့အတွက် ဒီမေးခွန်းကို ကထေတုကမျတာ ပုစ္ဆာအနေနဲ့ မေးထားသည် ဖြစ်သောကြောင့် "တရားတော်ကို အရှင်ဘုရား ဟောကြားမှ တပည့်တော်များသည် ဆောင်ယူမှတ်သားကြရပါလိမ့်မယ်ဘုရား၊ ဟောကြားပေးတော်မူပါ"လို့ ဆိုတော့ မြတ်စွာဘုရားက သုတဝါ အရိယာပုဂ္ဂိုလ်နဲ့ အသုတဝါ ပုထုဇဉ်ပုဂ္ဂိုလ်တို့ရဲ့ ဒုက္ခဝေဒနာခံစားချက် ထူးခြားပုံကို ဟောပေးတော်မူတယ်၊ ဘုန်းကြီးတို့ ပုထုဇဉ်ပုဂ္ဂိုလ်တို့ရဲ့ ဝေဒနာခံစားချက်တို့ကို ပြီးခဲ့တဲ့အပတ်က ဟောပေးခဲ့ပြီ၊အခု သုတဝါအရိယာ သာဝကတို့မှာ ဒုက္ခဝေဒနာ မပေါ်ဘူးလား၊ ပေါ်တယ်၊ တရားအားထုတ်နေတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများမှာ ဒုက္ခဝေဒနာပေါ်တယ်၊ ဒုက္ခဝေဒနာ

ဆိုတာ ဘာလဲ၊ စောစောပိုင်းက ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ သိမ်းဆည်းထားတဲ့ ရုပ်တရားများရဲ့ ဖောက်ပြန်မှုဒဏ်ချက်က ပြင်းထန်နေတဲ့အခါ သတ္တဝါတို့က အလိုမရှိအပ်, မနှစ်သက်အပ်ဘဲနဲ့ ခံနေရတဲ့ ခံစားချက်ကို ဒုက္ခဝေဒနာလို့ ခေါ်တယ်။

အဲဒီ ဒုက္ခဝေဒနာ ပေါ်တဲ့အခါ ပုထုဇဉ်ပုဂ္ဂိုလ်များမှာတော့ဖြင့် ဒုက္ခဝေဒနာကို အကြောင်းပြုပြီးတော့ မြားစူးတဲ့ပုဂ္ဂိုလ်ဟာ မြားဒဏ်ကို နှစ်ချက် အစူးခံရသလို ကာယိကဒုက္ခ စေတသိကဒုက္ခကို ခံရပါတယ်။ ဒါကြောင့် ကာယိကဒုက္ခ, စေတသိကဒုက္ခတွေကို ခံစားရတဲ့အတွက် ထို အသုတဝါ ပုထုဇဉ်ပုဂ္ဂိုလ်မှာ ပဋိဃာနုသယတွေ ဖြစ်တယ်၊ ဒုက္ခဝေဒနာကို အကြောင်းပြုပြီးတော့ ကာမသုခကို လိုလားတောင့်တမိတဲ့အတွက် သုခဝေဒနာမှာ ရာဂါနုသယတွေ ဖြစ်တယ်၊ ထို သုခ ဒုက္ခဝေဒနာတို့ရဲ့ သမုဒယ, အတ္ထင်္ဂမ သဘောတရားကို မသိသည်ဖြစ်သောကြောင့် ဥပေက္ခာဝေဒနာမှာ အဝိဇ္ဇာနုသယတွေ ဖြစ်တယ်၊ ထိုပုဂ္ဂိုလ်သည် ဇာတိ ဇရာ ဗျာဓိ မရဏတို့နဲ့ ယှဉ်စပ်နေတဲ့ ပုဂ္ဂိုလ်ဘဲလို့ဆိုတာ မြတ်စွာဘုရား ဟောပေးခဲ့ပြီ။

## ဝေဒနာကို နိုင်အောင်ရှုပုံ

ဒီကနေ့ ဘာဟောပေးရမလဲ ဆိုတော့—သုတဝါအရိယာသာဝက ပုဂ္ဂိုလ်များ ဒုက္ခဝေဒနာနဲ့တွေ့နေတဲ့အခါ အနုသယမဝင်ပုံကို ဟောပေးရမယ်၊ စောစောပိုင်းက ဟောထားတဲ့ သုတ္တန်တွေမှာ ဒုက္ခဝေဒနာပေါ်လာရင် ပဋိဃာ-နုသယပါလာတယ်၊ သုခဝေဒနာပေါ်လာရင် ရာဂါနုသယပါလာတယ်၊ ဥပေက္ခာဝေဒနာပေါ်လာရင် အဝိဇ္ဇာနုသယပါလာတယ်၊ ဒါကြောင့် သုခဝေဒနာမှာ ပယ်ရမဲ့တရားက ဘယ်သူလဲ၊ ရာဂါနုသယ၊ ဒုက္ခဝေဒနာမှာ ပယ်ရမဲ့တရားက ဘယ်သူလဲ၊ ပဋိဃာနုသယ၊ အဒုက္ခမသုခဝေဒနာမှာ ပယ်ရမဲ့တရားက ဘယ်သူလဲ၊ အဝိဇ္ဇာနုသယ နော်။ သုခ ဒုက္ခ ဥပေက္ခာဝေဒနာဆိုတဲ့ ဝေဒနာတွေကို ပယ်ရမလား, ရာဂါနုသယ ပဋိဃာနုသယ အဝိဇ္ဇာနုသယကို ပယ်ရမလား။ (အနုသယတွေကို ပယ်ရမယ်ဘုရား)။

အနုသယတွေကို ပယ်ရမယ်၊ ဒါဖြင့် သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာတွေကို ဘယ်လိုလုပ်ရမလဲလို့ဆိုတော့ သုခဝေဒနာကို ဒုက္ခလို့ရှုလိုက်၊ ဒုက္ခဝေဒနာကို သလ္လ, ဒုက္ခ ဒုက္ခလို့ ရှုလိုက်၊ ဥပေက္ခာဝေဒနာကိုတော့ အနိစ္စလို့ ရှုလိုက်။ ဝေဒနာဟာ ရှုရမဲ့တရား၊ ပယ်ရမဲ့တရားမဟုတ်ဘူး။ ဝေဒနာသည် ကုန်စေရမဲ့တရားလား, ရှုရမဲ့တရားလား။ (ရှုရမဲ့တရားပါဘုရား)။

ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ဝေဒနာသည် ကုန်အောင်လုပ်ရမဲ့တရားလား, ရှုရမဲ့တရားလား။ (ရှုရမဲ့တရားပါဘုရား)။

ဒါဖြင့် ဝေဒနာမှာ ကုန်အောင်လုပ်ရမဲ့တရားတွေက ဘယ်သူတွေလဲ၊ သုခဝေဒနာမှာ ရာဂါနုသယကို ကုန်အောင်လုပ်ရမယ်၊ ဒုက္ခဝေဒနာမှာ ပဋိဃာနုသယကို ကုန်အောင်လုပ်ရမယ်၊ ဥပေက္ခာဝေဒနာမှာ အဝိဇ္ဇာနုသယကို ကုန်အောင်လုပ်ရမယ်။

**ဝေဒနာရှုကွက်။** ။ဝေဒနာကိုတော့ ဘယ်လိုရှုရမလဲ——

သုခဝေဒနာ ဒုက္ခတော ဒဋ္ဌဗ္ဗာ။
ဒုက္ခဝေဒနာ သလ္လတော ဒဋ္ဌဗ္ဗာ။
အဒုက္ခမသုခဝေဒနာ အနိစ္စတော ဒဋ္ဌဗ္ဗာ။

ဒါ ပါဠိတော်အရ ရှုကွက်၊ သုခဝေဒနာကို ဒုက္ခလို့ရှု, ဒုက္ခဝေဒနာကို ငြောင့်တံကျင်သဖွယ်လို့ရှု၊ တံကျင်သဖွယ် ဘယ်လိုရှုရသလဲ၊ ငြောင့်စူးတဲ့ ပုဂ္ဂိုလ်ဆိုတာ စူးစတုန်းကလဲ မသက်သာဘူး၊ စူးနေတုန်းလဲ မသက်သာဘူး၊ နုတ်လိုက်တော့လဲ မသက်သာဘူး၊ ထို့အတူဘဲတဲ့ ဒုက္ခဝေဒနာလို့ဆိုဘာ ဖြစ်တုန်းကလဲ မသက်သာဘူး၊ တည်နေတုန်းလဲ မသက်သာဘူး၊ ပျက်စီးသွားတော့လဲ မသက်သာဘူးတဲ့၊ ဟုတ်ပလား။ (မှန်ပါ)။

အဲဒီလို မသက်သာသည်ဖြစ်သောကြောင့် ဆိုလိုတဲ့အဓိပ္ပါယ်က ဒုက္ခဝေဒနာကို ဒုက္ခ ဒုက္ခလို့ရှုပါ၊ သုခဝေဒနာကို ဒုက္ခလို့ရှုပါ၊ ဥပေက္ခာဝေဒနာကို အနိစ္စလို့ရှုပါတဲ့၊ ဒါက ရှုကွက်ပေးထားတာ။ အဲဒီလို ရှုကွက်ပေးတာကို ရှုလိုက်ရင် သုတဝါအရိယာသာဝကပုဂ္ဂိုလ် ဖြစ်သွားပါတယ်၊ မဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား)။

**သုတဝါပုဂ္ဂိုလ်။** ။ဒါဖြင့် သုတဝါအရိယာသာဝကက ပုဂ္ဂိုလ်က ဒုက္ခဝေဒနာနဲ့ တွေ့တော့ ဘယ်လိုဖြစ်သလဲ၊ သူမှာတော့ အသုတဝါပုထုဇဉ်ပုဂ္ဂိုလ်ကဲ့သို့ ပဋိဃာနုသယတွေ, ရာဂါနုသယတွေ, အဝိဇ္ဇာနုသယတွေ များ ဖြစ်နေသေးသလားလို့ဆိုတော့ မြတ်စွာဘုရား ဟောလိမ့်မယ် နော်၊ ကိုင်း ပါဠိတော် ရွတ်ကြရအောင်——

သုတဝါ စ ခေါ ဘိက္ခဝေ အရိယသာဝကော ဒုက္ခာယ ဝေဒနာယ ဖုဋ္ဌော သမာနော န သောစတိ၊ န ကိလမတိ၊ န ပရိဒေဝတိ၊ န ဥရတ္တာဠိံ ကန္ဒတိ၊ န သမ္မောဟံ အာပဇ္ဇတိ၊ သော ဧကံ ဝေဒနံ ဝေဒယတိ ကာယိကံ၊ န စေတသိကံ။ ပါဠိတော်မှာ——

ဘိက္ခဝေ၊ ဝိပဿနာကမ္မဋ္ဌာန်းကို ယခု ထိုင်ပြီးတော့ စီးဖြန်းနေကြကုန်သော အို အမျိုးကောင်းသား, အမျိုးကောင်းသမီး အပေါင်းတို့။ သုတဝါအရိယသာဝကော၊ အကြားအမြင်နဲ့ပြည့်စုံသော မြတ်စွာဘုရား၏

တပည့်သားသည်။ ဒုက္ခာယဝေဒနာယ၊ ဒုက္ခဝေဒနာနှင့်။ ဖုဋ္ဌော၊ တွေ့သည်။ သမာနော၊ ဖြစ်သည်ရှိသော်—

**ဝေဒနာတွေ့ရာဌာန။** ။ဒုက္ခဝေဒနာနဲ့တွေ့တာ ဘယ်မှာတွေ့သလဲ၊ ဒီအချက်ကလေးကို ဘုန်းကြီး နောက်တော့ ရှင်းပေးမယ်နော်၊ အခု တရားအားထုတ်နေတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများသည် မြတ်စွာဘုရား ဟောကြားဟော်မူတဲ့ သုတဝါအရိယာသာဝက နော်၊ မြတ်စွာဘုရား ဟောတော်မူတဲ့ တရားတော်တွေကို နာခံမှတ်သားနေကြရတဲ့ပုဂ္ဂိုလ်များမှာ အခု တရားအားထုတ်နေစဉ်အခါ ဒုက္ခဝေဒနာပေါ်လာသလား, ပေါ်မလာဘူးလား (ပေါ်လာပါတယ် ဘုရား)။

ဒုက္ခဝေဒနာ ဘယ်လိုပေါ်လာသလဲဆိုတော့ အခု ကရဇကာယက ဖောက်ပြန်နေတဲ့ဒဏ်ချက်ကို မခံသာဘူးဆိုတဲ့ သဘောတွေ ပေါ်လာသလား, ပေါ်မလာဘူးလား (ပေါ်လာပါတယ် ဘုရား)။

ဒုက္ခဝေဒနာ။ အဲဒီလို ဒုက္ခဝေဒနာပေါ်လာတဲ့ အခါကျတော့ ဒုက္ခဝေဒနာနဲ့ ဘယ်သူနဲ့ တွေ့နေသလဲလို့ဆိုတော့ ရှုစိတ်နဲ့ သွားတွေ့တယ်။ ဘယ်သူနဲ့ တွေ့သလဲ (ရှုစိတ်နဲ့ပါ ဘုရား)။

ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ဒုက္ခဝေဒနာတွေ့တာဟာ ကိုယ်နဲ့တွေ့သလား, ရှုစိတ်နဲ့တွေ့သလား (ရှုစိတ်နဲ့ပါ ဘုရား)။

လူနဲ့တွေ့တာလာ, ရှုစိတ်နဲ့တွေ့တာလား (ရှုစိတ်နဲ့ပါ ဘုရား)။

ဘယ်နေရာမှာ တွေ့ကြသလဲ၊ အဲဒါလေးက အရေးကြီးတယ်နော်၊ ဒူးခေါင်းထဲမှာ တွေ့သလား, ပေါင်ထဲမှာ တွေ့သလား, ခါးထဲမှာ တွေ့သလား, ရင်ပတ်ထဲမှာ တွေ့သလား, ကျောကုန်းထဲမှာ တွေ့သလား၊ ဘယ်နေရာမှာ တွေ့ကြသလဲ၊ ရှုစိတ်နဲ့ ဒုက္ခဝေဒနာနဲ့ တွေ့တယ်ဆိုတာ ဘယ်နေရာမှာ တွေ့ကြသလဲ။

ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ နေရာကလေးနဲ့များ တွေ့နေသလား၊ အဲဒါကလေးက အရေးကြီးတယ်နော်၊ ဘယ်နေရာမှာ တွေ့ကြသလဲဆိုတော့ သမ္မုတိသစ္စာအနေနဲ့ ပြောရမယ်ဆိုရင်–"စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ"ဆိုတော့ စက္ခုပသာဒရုပ်ပေါ်မှာ တွေ့တယ်လို့ပြောရင် မဖြစ်ဘူးလား (ဖြစ်ပါတယ် ဘုရား)။

ကာယပသာဒရုပ်ပေါ်မှာ တွေ့တယ်လို့ပြောရင်ကော (ဖြစ်ပါတယ် ဘုရား)။

ဒါ သမ္မုတိသစ္စာနယ်က ပြောရင် ဒီအတိုင်း ပြောရမယ်နော်၊ မဟာနိဒ္ဒေသပါဠိတော်ကြီးမှာ အရှင်သာရိပုတြာ ကတော့ဖြင့်–"အဒဿနတော အာယန္တိ=

လာတွေ့တဲ့နေရာဟာ ဘယ်နေရာရယ်လို့ ညွှန်ပြစရာ မရှိဘူး''လို့ ပြောသွားတယ်၊ ဟုတ်လား (မှန်ပါ)။

ဒီတော့ သမ္မုတိသစ္စာနယ်မှာ နေရာရှိပေမဲ့ ပရမတ္ထသစ္စာနယ်ကျတော့ နေရာရှိသေးသလား (မရှိပါဘူး ဘုရား)။

ပရမတ္ထတရားဆိုတာ ဘယ်နေရာမှာ ရှိပါတယ်လို့ဆိုတဲ့ နေရာမရှိဘူးနော်၊ ဘယ်ကလာသလဲ ဒီဝေဒနာ၊ တနေရာရာက လာတာမဟုတ်ဘူးနော်၊ အကြောင်းတိုက်ဆိုင်လို့ ပေါ်လာတဲ့တရား၊ ဟုတ်လား (မှန်ပါ)။

အဲဒီလို ဒုက္ခဝေဒနာနဲ့ သုဘာဝါအရိယာပုဂ္ဂိုလ်ရဲ့ ရှုစိတ်နဲ့ အကြောင်းတိုက်ဆိုင်လို့ တွေ့ကြ ပေါ်ကြတဲ့အခါ သုတာဝါအရိယာပုဂ္ဂိုလ်လို့ခေါ်တဲ့ တရားကို အားထုတ် နှလုံးသွင်းနေတဲ့ပုဂ္ဂိုလ်ဟာ ဘယ်လိုဖြစ်သွားသလဲ၊ "န သောစတိ န ကိလမတိ န ပရိဒေဝတိ န ဥရတ္တာဠိံ ကန္ဒတိ န သမ္မောဟံ အာပဇ္ဇတိ"တဲ့။

နသောစတိ၊ မစိုးရိမ်ဘူး။ နကိလမတိ၊ ပင်လဲမပင်ပန်းဘူး။ ဒီလို ဒုက္ခဝေဒနာနဲ့တွေ့ရလို့ နပရိဒေဝတိ၊ မြည်လဲမမြည်တမ်းဘူး ယောင်လဲမယောင်ရမ်းဘူးတဲ့။ နဥရတ္တာဠိံ ကန္ဒတိ၊ ရင်လက်ခတ်တီး မငိုကြွေး မမြည်တမ်းဘူး။ န သမ္မောဟံ အာပဇ္ဇတိ။ သမ္မောဟံ၊ တွေဝေမိန်းမော၍ သွားခြင်းသို့။ နအာပဇ္ဇတိ၊ မရောက်။

ဝိပဿနာရှုနေတဲ့ အမျိုးကောင်းသား,အမျိုးကောင်းသမီးများသည် ဒုက္ခဝေဒနာကို ရှုခြင်းကြောင့် ဘယ်တော့မှ မေ့ပြီးတော့လဲ မသွားဘူးတဲ့ သုတာဝါအရိယာပုဂ္ဂိုလ်ဖြစ်ရင်။ ဒါပါဠိတော်က ပြောတာ "န သမ္မောဟံ အာပဇ္ဇတိ၊ တွေဝေမိန်းမောခြင်းသို့ မရောက်ဘူး-တဲ့"။

သော ဧကံ ဝေဒနံ ဝေဒယတိ ကာယိကံ န စေတသိကံ။"

သော၊ ထိုသုတာဝါအရိယာသာဝက, ဝိပဿနာရှုနေတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ ကာယိကံ၊ ကိုယ်၌ဖြစ်သော။ ဧကံ၊ တခုသော။ ဝေဒနံ၊ ဝေဒနာကို။ ဝေဒယတိ၊ ခံစားရလေတော့၏။ စေ-တသိကံ၊ စိတ်၌ဖြစ်သော။ ဝေဒနံ၊ ဝေဒနာကို။ နဝေဒယတိ၊ မခံစားရ။

ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဝိပဿနာရှုကွက်ထဲမှာ တွေ့နေတဲ့ ဒုက္ခဝေဒနာကြောင့်တော့ဖြင့် ဘယ်တော့မှ စိတ်မဆင်းရဲရပါဘူးတဲ့ ပါဠိတော်က၊ ဟုတ်လား (မှန်ပါ)

သဘောကျပြီနော် (မှန်ပါ) ရှေ့သွားမယ်။

**မြားဒဏ်ရာ တချက် ဥပမာ။**　။ဥပမာပြတယ် မြတ်စွာဘုရားက——

သေယျထာပိ ဘိက္ခဝေ ပုရိသံ သလ္လေန ဝိဇ္ဈေယျ၊ တမေနံ ဒုတိ-ယေန သလ္လေန အနုဝေဓံ န ဝိဇ္ဈေယျ။ ဧဝံ ဟိ သော ဘိက္ခဝေ ပုရိ-သော ဧကသလ္လေန ဝေဒနံ ဝေဒယတိ။

ချစ်သားတို့ ဥပမာအားဖြင့် ယောကျ်ားတယောက်ကို မြားနဲ့ပစ်လိုက်လို့ မြားစူးသွားမယ်ဆိုရင် အဲဒီမြားတချက်ဘဲ သူ အစူးခံရမယ်တဲ့၊ ဒုတိယေန သလ္လေန အနုဝေဓံ နဝိဇ္ဈေယျ၊ နောက်တဆင့်ထပ်ပြီးပစ်လိုက်တဲ့ မြားဒဏ်ချက်ကိုတော့ သူ အစူးမခံရတော့ဘူး၊ ဟုတ်ပလား　　(မှန်ပါဘုရား)

ဧဝမေဝ ခေါ ဘိက္ခဝေ သုတဝါ အရိယသာဝကော ဒုက္ခာယ ဝေဒနာယ ဖုဋ္ဌော သမာနော န သောစတိ န ကိလမတိ န ပရိဒေ-ဝတိ န ဥရတ္တာဠိံ ကန္ဒတိ န သမ္မောဟံ အာပဇ္ဇတိ၊ သော ဧကံ ဝေဒနံ ဝေဒယတိ ကာယိကံ၊ န စေတသိကံ။

ဘာပြောသလဲ ဒီ ပါဠိတော်ရဲ့ အဓိပ္ပါယ်က၊ ချစ်သားတို့ အခုနင်က မြားစူးတဲ့ယောကျ်ားကို နောက်ထပ်တဆင့် ထပ်ပြီးတော့ နှစ်ချက်မြောက်သော မြားဖြင့် အစူးမခံရသလို သုတဝါအရိယသာဝကလို့ ဆိုတဲ့ တရားအားထုတ်လျက်ရှိသော အမျိုးကောင်းသား အမျိုးကောင်းသမီးသည် ဒုက္ခဝေဒနာနဲ့ တွေ့လာရင် ကာယိကဒုက္ခကိုသာ ခံစားရမယ်တဲ့၊ စိတ်ထဲမှာ ပင်ပန်းပါတယ်ဆိုတဲ့ စေတသိကဒုက္ခကို ဘယ်တော့မှ မခံစားရတော့ပါဘူးတဲ့၊ ဟုတ်ပလား ဘုန်းကြီးတို့ ပရိသတ်။　　(မှန်ပါဘုရား)။

အသုတဝါပုထုဇဉ်ဘဝတုန်းကဖြင့် ကာယိကဒုက္ခကို ခံရရင် ဘာဒုက္ခ ပါလာသေးသလဲ၊ စေတသိကဒုက္ခ ပါလာတယ်။ ကာယိကဒုက္ခနဲ့ စေတသိကဒုက္ခဟာ ဘယ်သူက ဒဏ်ချက် ပြင်းသလဲဆိုတော့ စေတသိကဒုက္ခက ဒဏ်ချက်ပြင်းတယ်၊ ဒါ နောက်ထပ်စူးတဲ့ မြားချက်နော်၊ ဟုတ်လား ဘုန်းကြီးတို့ ပရိသတ်။　(မှန်ပါ ဘုရား)။

**ပဋိဃာနုသယမဖြစ်။**　။အဲဒီတော့ ကာယိကဒုက္ခကိုသာ ခံစားရပြီးတော့ စေတသိက ဒုက္ခကို မခံစားရတဲ့အတွက်——

တဿာယေဝ ခေါ ပန ဒုက္ခာယ ဝေဒနာယ ဖုဋ္ဌော သမာနော ပဋိဃဝါ န ဟောတိ။

စေတသိကဒုက္ခကို မခံစားရသည်ဖြစ်သောကြောင့်—တဿာယေဝ ခေါ ပန ဒုက္ခာယ ဝေဒနာယ၊ ထိုဒုက္ခဝေဒနာနှင့်သာလျှင်။ ဖုဋ္ဌောသမာနော၊ တွေ့သည်

ရှိသော်။ ပဋိဃဝါ၊ စိတ်ဆိုးခြင်းခေါ်တဲ့ အမျက်ထွက်ခြင်းသည်။ န ဟောတိ၊ မဖြစ်တော့။

ဖြစ်သေးသလား။ (မဖြစ်တော့ပါဘုရား)။

ပဋိဃ မဖြစ်တော့ဘူးနော်။ (မှန်ပါ)။

စိတ်ပျက်သေးသလား။ (မပျက်တော့ပါဘုရား)။

ဘာပြုလို့လဲ၊ စေတသိကဒုက္ခမှ မခံစားရဘဲ ဒီတော့ စိတ်မပျက်ဘူး၊ တရားအားထုတ်နေတဲ့ သုတဝါ အရိယာသာဝက ပုဂ္ဂိုလ်ကို ပြောနေတာ။ ဒီတော့ ဝေဒနာကမ္မဋ္ဌာန်းကို တရားအားထုတ်လို့ ကာယိကဒုက္ခ ဝေဒနာတွေ ပေါ်လာပေမဲ့ စေတသိကဒုက္ခဝေဒနာ သူ့မှာ ရှိရဲ့လား။ (မရှိပါဘုရား)။

"သော ဧကံ ဝေဒနံ ဝေဒယတိ ကာယိကံ န စေတသိကံ" ကာယိကဒုက္ခကိုသာ သူ ခံနေရတာပါတဲ့၊ စေတသိကဒုက္ခ သူ့မှာ မပေါ်ပါဘူးတဲ့၊ ဟုတ်ပလား။ (မှန်ပါ)။

ဒါ ပါဠိတော်က နော်၊ အင်း နေရာကျလိုက်တာ ရှေ့သွားရအောင်၊ ဒီတော့ ဒုက္ခဝေဒနာပေါ်လာလို့ ပဋိဃအမျက်မထွက်ရင်—

"ယော ဒုက္ခာယ ဝေဒနာယ ပဋိဃာနုသယော၊ သော နာနုသေတိ"။

အဲဒီပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ပဋိဃာနုသယ ဖြစ်ခွင့်ရသေးသလား, မရဘူးလား။ (မရတော့ပါဘုရား)။

ဟော ပဋိဃာနုသယ ဖြစ်ခွင့်မရတော့ဘူး၊ ဒုက္ခဝေဒနာပေါ်ပေမဲ့ ပဋိဃာ-နုသယ ဖြစ်ခွင့်မရတော့ဘူး။ ဘာဖြစ်လို့လဲ၊ စေတသိကဒုက္ခမှမရှိဘဲ၊ ဟုတ်ပြီနော်။ ဒီလို ဒုက္ခဝေဒနာ ပေါ်လာပေမဲ့ ပဋိဃာနုသယ မဖြစ်တော့, စိတ်ကလဲ စေတသိကဒုက္ခကို မခံစားရတော့ သူ ကာမသုခကို တောင့်တပါဦးတော့မလား။ (မတောင့်တတော့ပါဘုရား)။

"သော ဒုက္ခာယ ဝေဒနာယ ဖုဋ္ဌော သမာနော ကာမသုခံ နာဘိနန္ဒတိ" ပါဠိတော်က—

သောကုလပုတ္တော၊ ထို **အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်**။ ဒုက္ခာယ ဝေဒနာယ၊ ဒုက္ခဝေဒနာနှင့်။ ဖုဋ္ဌော၊ တွေ့သည်။ သမာနော ဖြစ်သည် ရှိသော်။ ကာမသုခံ၊ ကာမဂုဏ်သုခကို။ နာဘိနန္ဒတိ၊ မနှစ်သက်ဘူး။

ဘာဖြစ်လို့လဲ၊ မနှစ်သက်ခြင်းရဲ့အကြောင်းကို "တံကိဿဟေတု"လို့ ပါဠိတော်က ဒီလို ပုစ္ဆာဝါကျ ထုတ် မေးထားတယ်၊ ဘာဖြစ်လို့ မနှစ်သက် မတောင့်

တ သလဲ ကာမသုခကို၊ ပုထုဇဉ်တုန်းကတော့ ကာမသုခကို တောင့်တတယ် မဟုတ်လား။ (မှန်ပါ)။

အခု သုတဝါအရိယာသာဝက ကျတော့ သူ ကာမသုခကို တောင့်တသေးသလား။ (မတောင့်တပါဘုရား)။

**ရာဂါနုသယမဖြစ်။** ။ဘာဖြစ်လို့လဲတဲ့——

ပဇာနာတိ ဟိ သော ဘိက္ခဝေ သုတဝါ အရိယသာဝကော အညတြ ကာမသုခါ ဒုက္ခာယ ဝေဒနာယ နိဿရဏံ။

ဘာဖြစ်လို့လဲဆိုတော့ ချစ်သားတို့တဲ့ အဲဒီ သုတဝါအရိယသာဝက ပုဂ္ဂိုလ်သည် ကာမဂုဏ်သုခမှတပါး ကာယိယဒုက္ခဝေဒနာရဲ့ လွတ်မြောက်ရာကို ဟုတ်တိုင်းမှန်စွာ သိနေလို့၊ ကာမဂုဏ်သုခမှတပါး ကာယိကဒုက္ခဝေဒနာရဲ့ လွတ်မြောက်ရာဟာ ဘယ်သူလဲဆိုတော့ သမာပတ္တိတရားရယ်, မဂ်တရားရယ်, ဖိုလ်တရားရယ်၊ သမာပတ္တိတရားဆိုဘာ ဘယ်လိုလဲ၊ စတုတ္ထစျာန်သမာပတ်ထိအောင် သွားရမယ်၊ ဟုတ်ပလား။ (မှန်ပါ)။

အဲဒါတွေ သိနေသည်ဖြစ်သောကြောင့် သူ ကာမသုခကို မတောင့်တတော့ဘူး။ ကာမသုခကို မတောင့်တသည် ဖြစ်သောကြောင့် သုတဝါအရိယာသာဝက ပုဂ္ဂိုလ်မှာ——

"ယော သုခါယ ဝေဒနာယ ရာဂါနုသယော၊ သော နာနုသေတိ" ဆိုတော့ ကာမရာဂါနုသယ ဖြစ်ဦးမလား။ (မဖြစ်တော့ပါဘုရား)။

ဟော ရာဂါနုသယလဲ သူ့မှာ မဖြစ်တော့ဘူးတဲ့——

**အဝိဇ္ဇာနုသယမဖြစ်။** ။သော တာသံ ဝေဒနာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ အဿာဒဉ္စ အာဒီနဝဉ္စ နိဿရဏဉ္စ ယထာဘူတံ ပဇာနာတိ၊ တဿ တာသံ ဝေဒနာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ အဿာဒဉ္စ အာဒီနဝဉ္စ နိဿရဏဉ္စ ယထာဘူတံ ပဇာနတော ယော အဒုက္ခမသုခါယ ဝေဒနာယ အဝိဇ္ဇာနုသယော၊ သော နာနုသေတိ။

ဘာပြောသလဲ ဒီပါဠိတော်ရဲ့ အဓိပ္ပါယ်က၊ တရားအားထုတ်နေတဲ့ သုတဝါအရိယာသာဝကပုဂ္ဂိုလ်သည် သုခဝေဒနာ, ဒုက္ခဝေဒနာတို့ရဲ့ သမုဒယ=ဖြစ်ခြင်းကို သိတယ်၊ အတ္ထင်္ဂမ=ချုပ်ခြင်း ပျက်ခြင်းကို သိတယ်။ ဆိုလိုတဲ့ အဓိပ္ပါယ်က ဝေဒနာရဲ့ ဖြစ်ခြင်း, ချုပ်ခြင်းကို သူ သိနေတယ်။ ဝေဒနာဆိုတာ ဖြစ်လာတယ်, ပျောက်သွားတယ်၊ ဒါကို ဓမ္မာနုပဿနာ သတိပဋ္ဌာန်နဲ့ ရှုလိုက်တော့ "ဣတိ ဝေဒနာ, ဣတိ ဝေဒနာယ သမုဒယော, ဣတိ ဝေဒနာယ အတ္ထင်-

မော” အော် ဒီလိုခံစားချက်တွေဟာ သူက ခံစားတာ မဟုတ်ဘူး၊ ငါက ခံစားတာ မဟုတ်ဘူ ၊ ဝေဒနာက ခံစားတာလို့ ခံစားမှုကို ဝေဒနာလို့ သိတယ်၊ လူလို့ မသိဘူး, နေရာနဲ့ မသိဘူးနော်၊ ခံစားမှု ဖြစ်လာတာကို သိတယ် “ဝေဒ-နာယ သမုဒယော”။ ပြီးတော့ ခံစားမှု ကုန်ပျောက်သွားတာကို သိတယ် “ဝေဒနာယ အတ္ထင်္ဂမော”၊ ဟုတ်လား။ (မှန်ပါဘုရား)။

ပြီးတော့ “အဿာဒဥ္စ” ဝေဒနာရဲ့ သာယာဘွယ်ကို သိတယ်၊ ဘယ်လိုလဲ ဝေဒနာရဲ့ သာယာဘွယ်က—

**ဝေဒနာ၏အဿာဒ။** ။“ယံ ဝေဒနံ ပဋိစ္စ ဥပ္ပဇ္ဇတိ သုခံဝါ သောမနဿံဝါ၊ အယံ ဝေဒနာယ အဿာဒေါ”

တရားအားထုတ်နေရင်း အဲဒီ သုခဝေဒနာကလေးဆိုတဲ့ သက်သာမှု ခံစားချက်ကို ကြည့်ပြီးတော့ ဝမ်းမြောက်မှုကလေးတွေ, သာယာမှုကလေးတွေ ဖြစ်နေသလား, ဖြစ်မနေဘူးလား။ (ဖြစ်နေပါတယ်ဘုရား)။

ယံ ဝေဒနံ၊ အကြင်ဝေဒနာကို။ ပဋိစ္စ၊ စွဲ၍။ သုခံဝါ၊ ချမ်းသာခြင်း သည်ရင်း။ သောမနဿံဝါ၊ ဝမ်းမြောက်ခြင်းသည်ရင်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အယံ၊ ဤသည်ကား။ ဝေဒနာယ၊ ဝေဒနာစေတ်၏။ အဿာဒေါ၊ သာယာဘွယ်ဘဲ-တဲ့။

ဒါလဲ သူသိတယ်၊ သုတဝါအရိယာသာဝကပုဂ္ဂိုလ်ဟာ သိဘို့ အချက်ကလေးတွေ, ဝေဒနာနဲ့ပတ်သက်လို့ သိစရာတွေထဲက ဝေဒနာရဲ့အာဒီနဝကိုလဲ သိတယ်၊ ဝေဒနာကိုလဲ သိတယ်, ဝေဒနာဖြစ်ခြင်းကိုလဲ သိတယ်, ဝေဒနာရဲ့ အဿာဒ= သာယာဘွယ်လဲကို သိတယ်။

**ဝေဒနာ၏ အာဒီနဝ။** ။ဝေဒနာရဲ့ အာဒီနဝကို သိတယ်၊ ဘယ်လို သိသလဲ၊ ပါဠိတော်က ပြောပေးထားတယ်၊ ဝေဒနာရဲ့ အာဒီနဝက ဘာလဲ၊ ဘာဝေဒနာဘဲဖြစ်ဖြစ် အဲဒီဝေဒနာမှာ အာဒီနဝနဲ့၊ အဲဒီ အာဒီနဝက ဘာလဲလို့ဆိုတော့—

“ယာ ဝေဒနာ အနိစ္စာ ဒုက္ခာ ဝိပရိဏာမဓမ္မာ၊ အယံ ဝေဒနာယ အာဒီနဝေါ”။

ဝေဒနာရဲ့ အနိစ္စအချက်, ဒုက္ခအချက်, ဝိပရိဏာမ အချက်ဟာ ဝေဒနာ ဓာတ်ရဲ့ အပြစ်=အာဒီနဝ၊ အဲဒါကိုလဲ သိတယ်၊ နော်။ (မှန်ပါဘုရား)။

နောက်ပြီးတော့ ဝေဒနာမှ လွတ်မြောက်ရာကိုလဲဘဲ သိတယ်။ ဝေဒနာမှာ အဿာဒ, အာဒီနဝ, နိဿရဏဆိုတာရှိတယ်၊ ဘာခေါ်သလဲ နိဿရဏဆိုတာ။

**ဝေဒနာ၏ နိဿရဏ။**　။"ယော ဝေဒနာယ ဆန္ဒရာဂဝိနယော ဆန္ဒရာဂပဟာနံ၊ ဣဒံ ဝေဒနာယ နိဿရဏံ"။

ဝေဒနာပေါ်မှာ ဆန္ဒနဲ့ ရာဂ၊ ဝေဒနာဖြစ်လိုခြင်း ဆန္ဒနဲ့ ဝေဒနာကိုစွဲလမ်းခြင်း ရာဂက ကင်းသွားရင် အဲဒါ နိဿရဏ သဘောဘဲ။ ဒီ နိဿရဏသဘောကို ဘာနဲ့ သိသလဲလို့ဆိုရင် ဝိရာဂ-ဆိုတဲ့ သဘောနဲ့ သိတယ်။ အဲဒီ အချက် ၇-ချက်ကို သိရင် အဒုက္ခမသုခဝေဒနာလို့ ခေါ်တဲ့ ဥပေက္ခာဝေဒနာမှာ အဝိဇ္ဇာနုသယ ဖြစ်သေးသလား, မဖြစ်တော့ဘူးလား။　　　(မဖြစ်တော့ပါဘုရား)။

"ယော အဒုက္ခမသုခါယ ဝေဒနာယ အဝိဇ္ဇာနုသယော၊ သော နာနုသေတိ"။ အဝိဇ္ဇာနုသယ မဖြစ်တော့ဘူး။

**သုတဝါ အရိယာပုဂ္ဂိုလ် ဝေဒနာခံစားပုံ။**　။ဒါဖြင့် ဒီ သုတဝါ အရိယာသာဝကပုဂ္ဂိုလ်သည် သုခဝေဒနာ, ဒုက္ခဝေဒနာ, အဒုက္ခမသုခဝေဒနာ ခေတ်တွေကို အနုသယတွေ မဝင်ရအောင် သူ ဘယ်လိုခံစားနေသလဲလို့ဆိုတော့—

> သော သုခဥ္စေ ဝေဒနံ ဝေဒယတိ၊ ဝိသညုတ္တော နံ ဝေဒယတိ၊ ဒုက္ခဥ္စေ ဝေဒနံ ဝေဒယတိ၊ ဝိသညုတ္တော နံ ဝေဒယတိ၊ အဒုက္ခမသုခဥ္စေ ဝေဒနံ ဝေဒယတိ၊ ဝိသညုတ္တော နံ ဝေဒယတိ။

သုခဝေဒနာကို ခံစားရင်လဲဘဲ ရာဂနဲ့ မယှဉ်ဘူး၊ ဒုက္ခဝေဒနာကို ခံစားရင်လဲ ပဋိဃနဲ့ မယှဉ်ဘူး၊ ဥပေက္ခာဝေဒနာကို ခံစားရင်လဲ အဝိဇ္ဇာနဲ့ မယှဉ်ဘူး၊ နော်။ (မှန်ပါဘုရား)။

အဲဒီလို ပုဂ္ဂိုလ်ကို ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားက ဘယ်လိုဟောထားသလဲလို့ ဆိုတော့—

> အယံ ဝုစ္စတိ ဘိက္ခဝေ သုတဝါ အရိယသာဝကော၊ ဝိသညုတ္တော ဇာတိယာ ဇရာယ မရဏေန သောကေဟိ ပရိဒေဝေဟိ ဒုက္ခေဟိ ဒေါမနဿေဟိ ဥပါယာသေဟိ ဝိသညုတ္တော ဒုက္ခသ္မာတိ ဝဒါမိ။

အဲဒီလိုပုဂ္ဂိုလ်မျိုးဟာတဲ့ ဝေဒနာကို ခုပြောခဲ့တဲ့အတိုင်း နိုင်အောင်ရှုနိုင်တဲ့အတွက် ဇာတိ ဇရာ ဗျာဓိ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသလို့ ဆိုတဲ့ သံသရာဝဋ်ဒုက္ခ အားလုံးတို့နဲ့ မယှဉ်စပ်သော ပုဂ္ဂိုလ်ဖြစ်တယ်လို့ ငါဘုရား ဟောတော်မူတယ်တဲ့။

ဒါ သုတဝါ အရိယာပုဂ္ဂိုလ်နော်။　　　(မှန်ပါဘုရား)။

ဒီတော့ ဝေဒနာခံစားတဲ့နေရာမှာ သုတဝါ အရိယာသာဝက ပုဂ္ဂိုလ်နဲ့ အသုတဝါ ပုထုဇဉ်ပုဂ္ဂိုလ်တို့ အဲဒီလို ခြားနားချက်ရှိတယ်။

**ဝေဒနာပယ်နည်း။** ။ဝေဒနာ ပယ်နည်း ဟောကြရအောင် နော်။ (မှန်ပါ)။

ဝေဒနာက ဘာကို ပယ်ရမလဲ၊ ရှုပုံရှုနည်းကတော့ဖြင့် သုခဝေဒနာကို ဒုက္ခလို့ ရှု။ ဒုက္ခဝေဒနာကို ဒုက္ခ ဒုက္ခလို့ ရှု၊ ဥပေက္ခာဝေဒနာကို အနိစ္စလို့ ရှုလို့ ရှုပုံကို ဟောပေးခဲ့ပြီနော်။

ရာဂါနုသယ, ပဋိဃာနုသယ, အဝိဇ္ဇာနုသယလို့ ဆိုတဲ့ ဒီ အနုသယတွေ ပယ်နည်းတွေကို ပြီးခဲ့တဲ့အပတ်က ဘုန်းကြီးတို့ မပြောခဲ့ဘူးလား။ (ပြောခဲ့ပါတယ် ဘုရား)။

ကိုင်း ဘယ်လိုပယ်ကြမလဲ၊ သုခဝေဒနာ ပေါ်လာရင် ဘာပါလာမလဲ၊ ရာဂါနုသယ။ ဒုက္ခဝေဒနာပေါ်လာရင် ပဋိဃာနုသယ ပါလာမယ်၊ အဒုက္ခမသုခ ဝေဒနာပေါ်လာရင် အဝိဇ္ဇာနုသယ ပါလာမယ်၊ အဲဒီတော့ သုခဝေဒနာမှာ ဘယ်သူ့ကို ပယ်ရမလဲ၊ ရာဂါနုသယကို ပယ်ရမယ်။ ဒုက္ခဝေဒနာမှာ ပဋိဃာနုသယကို ပယ်ရမယ်၊ ဥပေက္ခာဝေဒနာမှာတော့ အဝိဇ္ဇာနုသယကို ပယ်ရမယ်။

**သတိနဲ့ပညာတရား။** ။"ဘယ်လိုလုပ် ပယ်မလဲ၊ ပယ်နည်း"ဆိုတော့ မြတ်စွာဘုရားက ဟောပေးထားတယ်၊ မြတ်စွာဘုရားက ဘယ်လို ဟောထားခဲ့သလဲ၊ သဂါထာဝဂ္ဂ သံယုတ်ပါဠိတော် ဂေလညသုတ္တန်မှာ မြတ်စွာဘုရားက မြတ်စွာဘုရားရဲ့ တပည့်သာဝကတွေကို ဘယ်လို ဆုံးမထားသလဲဆိုတော့ ချစ်သားတို့ သတိသမ္ပဇဉ်လို့ဆိုတဲ့ တရားနဲ့ ပြည့်စုံအောင်နေကြ၊ သတိဆိုတာ သတိစေတသိက်, သမ္ပဇညဆိုတာ ပညာ၊ ဘယ်နေရာမှာ ဖြစ်ဖြစ် သတိနဲ့ ပညာ ပါပါစေ။

မြင်တဲ့ နေရာမှာ, ကြားတဲ့နေရာမှာ, နံတဲ့နေရာမှာ, စားတဲ့နေရာမှာ, ထိတဲ့ နေရာ, သိတဲ့နေရာမှာ ဘာပါရမလဲ၊ သတိနဲ့ ပညာ ပါရမယ်။ ထွက်လေ, ဝင်လေ ကို ရှုရှိုက်နေတဲ့အခါမှာ ဘာပါရမလဲ၊ သတိနဲ့ ပညာ ပါရမယ်၊ အသက်ရှုနေတဲ့ အခါ, မတ်တပ်ရပ်နေတဲ့အခါ, စင်္ကြံသွားနေတဲ့အခါ, ထိုင်နေတဲ့အခါ, အိပ်နေတဲ့ အခါ ဘာပါရမလဲ၊ သတိနဲ့ ပညာ ပါရမယ် နော်၊ ရှေ့ကို တိုးတဲ့အခါ, နောက်ကို ဆုတ်တဲ့အခါ, သွားတဲ့အခါ, ထိုင်တဲ့အခါ, လက်ကိုကွေးတဲ့အခါ, ဆန့်တဲ့အခါ, ခြေထောက်ကို ကွေးတဲ့အခါ, ဆန့်တဲ့အခါ, ခါးကို ကွေးတဲ့အခါ, ဆန့်တဲ့အခါ ဘာပါရမလဲ၊ သတိနဲ့ ပညာ။ တည့်တည့်ကြည့်တဲ့အခါ, တစောင်းကြည့်တဲ့ အခါ, ဘာပါရမလဲ၊ သတိနဲ့ ပညာ ပါရမယ်၊ မိမိအသုံးအဆောင်ပစ္စည်းတွေကို ကိုင်တွယ်တဲ့အခါ, ယူငင်တဲ့အခါ ဘာပါရမလဲ့ သတိနဲ့ ပညာ ပါရမယ်၊ ဟုတ် လား၊ ပြီးတော့ စားတဲ့အခါ, သောက်တဲ့အခါ, လျက်တဲ့အခါ, ခဲဘွယ်တွေကို ခဲတဲ့အခါ ဘာပါရမလဲ၊ သတိနဲ့ ပညာ ပါရမယ်၊ ကျင်ကြီးကျင်ငယ် စွန့်တဲ့အခါ ဘာပါရမလဲ၊ သတိနဲ့ ပညာ ပါရမယ်။

ဂတေ ဌိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ ဘာသိတေ တုဏှိဘာဝေ သမ္ပဇာနကာရီ ဟောတိ။

သွားတဲ့အခါ, ရပ်တဲ့အခါ, ထိုင်တဲ့အခါ, လျောင်းတဲ့အခါ, နိုးကြား၍ နေသောအခါ, စကားပြောတဲ့အခါ, ဆိတ်ဆိတ်နေတဲ့အခါ ဘာပါရမလဲ၊ သတိနဲ့ ပညာ ပါရမယ်။

**ပျက်စီးရမှာ စေန်။** ။ဒါကို မြတ်စွာဘုရားက ပါဠိတော်မှာ ဘယ့်နှယ် ပြထားသလဲလို့ဆိုတော့—

"သတော ဘိက္ခဝေ ဘိက္ခု သမ္ပဇာနော ကာလံ အာဂမေယျ"။

ဘိက္ခဝေ၊ ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်း၍ နေကြကုန်သော အမျိုးကောင်းသား, အမျိုးကောင်းသမီး အပေါင်းတို့။ သတော၊ သတိနှင့် ပြည့်စုံသော။ သမ္ပဇာနော၊ ပညာနဲ့ပြည့်စုံသော။ ကုလပုတ္တော၊ အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ ကာလံ၊ အချိန်ကာလ အခါသမယကို။ အာဂမေယျ၊ ငံ့လင့်၍ နေရာ၏။

ဆိုလိုတဲ့ အဓိပ္ပါယ်က—အမျိုးကောင်းသား, အမျိုးကောင်းသမီးများ တနေ့ ဘယ်သွားကြ မလဲ၊ သတ္တဝါတယောက်ရယ်လို့ ဖြစ်လာရင် ပျက်စီးရမှာ ချည်းဘဲ၊ မလွဲဘူးနော်။ (မှန်ပါ)။

**ခရီးသည်ဥပမာ။** ။အဲဒါ အခု ဘာလုပ် နေကြသလဲ၊ စောင့်နေကြတယ်၊ မီးရထား ဘူဘာရုံမှာ မီးရထားမလာသေးခင် ခရီးသည်တွေ စောင့်နေကြသလို နော်၊ ဟော ရန်ကုန်မြို့က ဘတ်စ်ကားမှတ်တိုင်တွေမှာ ကားမလာသေးမီ အတောအတွင်းမှာ ဘယ်လိုလဲ၊ ခရီးသည်တွေ စောင့်နေကြသလို၊ အဲဒီ မော်တော်ကားကြီး မလာသရွေ့ သူတို့ဟာ စောင့်နေကြတယ်။ ရန်ကုန်မြို့ အနေနဲ့ ပြောရမယ်ဆိုရင် မော်တော်ကားကြီး မလာသရွေ့ စောင့်နေရတယ်၊ တနေ့ဆိုက်မယ် မဟုတ်လား ဒီမော်တော်ကား။ (ဆိုက်မှာပါ ဘုရား)။

အဲဒီ မော်တော်ကား ဘုန်းကြီးတို့ ပရိသတ် သိတယ် မဟုတ်လား။ (သိပါတယ် ဘုရား)။

တနေ့တော့ ဒီမော်တော်ကား ဆိုက်လာမှာဘဲ ကိုယ့်အနားကို။ ဒီမော်တော်ကားပေါ် ရောက်မှာဘဲ အများအားဖြင့် ပြောရရင်။ အဲဒီလို စောင့်နေတဲ့အခါမှာတဲ့ သတိ ပညာနဲ့သာ စောင့်ပါတဲ့ မြတ်စွာဘုရားကနော်။ (မှန်ပါ)။

**သတိပဋ္ဌာန် လေးပါး။** ။အကျဉ်းချုပ် ပြောရမယ်ဆိုရင် သတိဆိုတာ သတိပဋ္ဌာန်လေးပါးထဲက ကာယာနုပဿနာသတိပဋ္ဌာန်နဲ့

ဖြစ်စေ, ဝေဒနာနုပဿနာသတိပဋ္ဌာန်နဲ့ ဖြစ်စေ, စိတ္တာနုပဿနာသတိပဋ္ဌာန်နဲ့ ဖြစ်စေ, ဓမ္မာနုပဿနာသတိပဋ္ဌာန်နဲ့ ဖြစ်စေ အဲဒီ တတိတရားနဲ့ စောင့်။

သတိ ပညာ ဆိုတာကတော့ဖြင့် (သတိက ဘာလုပ်ဖို့လဲဘုရား?) သတိက အာရုံကို ထင်ရှားပေါ်လွင်အောင် ပြုလုပ်ပေးမယ်၊ (ပညာက ဘာလုပ်ဖို့လဲ?) ပညာက အနိစ္စ, ဒုက္ခ, ဝိပရိဏာမ လို့ သူက ရှုပေးမယ်၊ ဟုတ်လား၊ အဲဒီတော့ ဝိပဿနာရှုနေရင်းက စောင့်နေကြပါတဲ့ မြတ်စွာဘုရား ဆိုလိုတဲ့ အဓိပ္ပါယ်က၊ ဟုတ်လား ဘုန်းကြီးတို့ ပရိသတ်။ (မှန်ပါဘုရား)။

အခုတော့ ဘယ်လို စောင့်နေသလဲလို့ဆိုတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများက ကာမဂုဏ်တွေကို ခံစားရင်း စောင့်နေကြတယ်။ မြတ်စွာဘုရားကတော့ဖြင့် သူ့သာဝကတွေကို ဘယ့်နှယ် ဆုံးမထားသလဲ ဆိုတော့—

"သတော ဘိက္ခဝေ ဘိက္ခု သမ္ပဇာနော ကာလံ အာဂမေယျ"

ဘိက္ခဝေ၊ ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများ အားထုတ်နေကြကုန်သော အို အမျိုးကောင်းသား, အမျိုးကောင်းသမီးများတို့။ သတော၊ သတိနှင့် ပြည့်စုံသော။ သမ္ပဇာနော၊ ပညာဉာဏ် အမြော်အမြင်နဲ့ ပြည့်စုံသော။ ဘိက္ခု၊ အမျိုးကောင်းသားသည်။ ကာလံ၊ အခါကာလကို။ အာဂမေယျ၊ ငံ့လင့် စောင့်မြော်၍ နေရာ၏။

ဘယ်အချိန်ထိ စောင့်ရမလဲ၊ အားလုံး သိကြတဲ့အတိုင်းဘဲ နော်။ အဲဒီလို စောင့်နေတဲ့ အတောအတွင်းမှာ သူ့မှာ သတိရှိမနေဘူးလား။ (ရှိနေပါတယ် ဘုရား)။

ပညာကော (ရှိနေပါတယ်ဘုရား)။

သုခဝေဒနာပေါ်လာပုံ။ ။သတိနဲ့ ပညာ ရှိနေတဲ့ အမျိုးကောင်းသား,အမျိုးကောင်းသမီးများမှာ ဘာ ပေါ်လာသလဲလို့ ဆိုတော့ ပါဠိတော်မှာ—

"တဿ စေ ဘိက္ခဝေ ဘိက္ခုနော ဝေံ သတဿ သမ္ပဇာနဿ အပ္ပမတ္တဿ အာတာပိနော ပဟိတတ္တဿ ဝိဟရတော ဥပ္ပဇ္ဇတိ သုခါ ဝေဒနာ"တဲ့။

ဆိုလိုတဲ့အဓိပ္ပါယ်က ဒီသုတ္တန် ဟောပေးနေတာ ဝေဒနာကမ္မဋ္ဌာန်းကို ဟောမယ်ဆိုပြီး ရုပ်ဘရား ကမ္မဋ္ဌာန်းအခြေခံပုံကို သိဘို့အတွက် ဟောပေးနေတာ၊ နော်။ (မှန်ပါ)။

ဘိက္ခဝေ၊ ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများ၍ အားထုတ်ကြကုန်သော အမျိုးကောင်းသား, အမျိုးကောင်းသမီးအပေါင်းတို့။ ဝေါ၊ ဤသို့။ သတော၊ သတိရှိသည်ဖြစ်၍။ သမ္ပဇာနော၊ ပညာဉာဏ် အဆင်အခြင်ရှိသည်ဖြစ်၍။ အပ္ပမတ္တဿ၊ လုံ့လမလျော့ မပေါ့မဆသော ဝီရိယ ရှိသည်ဖြစ်၍။ ပဟိတတ္တဿ၊ နိဗ္ဗာန်ဘက်ကို ကိုင်းသော ရှိုင်းသော ညွတ်သော စေလွှတ်အပ်သော စိတ် ရှိသည်ဖြစ်၍။ ဝိဟရတော၊ တရားကိုအားထုတ်၍ နေသော။ တဿ ကုလပုတ္တဿ၊ ထိုအမျိုးကောင်းသား, အမျိုးကောင်းသမီးအား။ သုခါဝေဒနာ၊ သုခဝေဒနာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍ လာလေတော့၏။

မဖြစ်ဘူးလား သုခဝေဒနာတွေ၊ ဘုန်းကြီးတို့ အမျိုးကောင်းသား,အမျိုးကောင်းသမီးများမှာ ဘယ်လိုကိစ္စတွေနဲ့ ပတ်သက်လို့ သုခဝေဒနာ ဖြစ်သလဲ၊ မြင်တဲ့နေရာမှာ မြင်ရတဲ့အတွက် ဝမ်းမြောက်တယ်ဆိုတဲ့ သုခဝေဒနာတွေ မဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား)။

နားက ကြားရတဲ့အတွက် ဝမ်းမြောက်တယ်ဆိုတဲ့ သုခဝေဒနာတွေ မဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား)။

အနံ့တွေကို နံရတဲ့အတွက် ဝမ်းမြောက်တယ်ဆိုတဲ့ သုခဝေဒနာတွေ မဖြစ်ဘူးလား။ (ဖြစ်ပါတယ် ဘုရား)။

စားရတဲ့အတွက် လျှာပေါ်မှာ အဲဒီ အရသာကလေး ရောက်လာတာကို အကြောင်းပြုပြီးတော့ ဝမ်းမြောက်ဝမ်းသာ သုခဝေဒနာတွေ မဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား)။

နူးညံ့တဲ့ ကိုယ်နှစ်သက်တယ်ဆိုတဲ့ ကိုယ်ကြိုက်တဲ့ အထည်အလိပ်ကလေးတွေကို, အိပ်ရာ နေရာတွေကို သုံးဆောင်ရတဲ့အတွက် ဝမ်းမြောက်မှုကလေးတွေကော မဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား)။

စောင့်နေရင်း ဖြစ်နေတာ နော်။ (မှန်ပါ)။

တခါတလေများ စိတ်ကူးလို့ ကောင်းလိုက်တာ၊ အဲဒါ မနောသမ္ဘဇာ ဝေဒနာတွေ ဖြစ်မနေဘူးလား။ (ဖြစ်နေပါတယ်ဘုရား)။

သုခဝေဒနာတွေ နော်၊ ဘာဝေဒနာတွေလဲ?။(သုခဝေဒနာတွေပါ ဘုရား)။

ရာဂါနုသယဖြစ်ပုံ။ ။အဲဒီ သုခဝေဒနာတွေ ဖြစ်တိုင်း ဖြစ်တိုင်း မရှုရင် ဘာတွေ ဖြစ်မလဲ၊ ရာဂါနုသယတွေ ဖြစ်မလာဘူးလား။ (ဖြစ်လာပါတယ်ဘုရား)။

အဲဒီ ရာဂါနုသယတွေဖြစ်တဲ့ ပုဂ္ဂိုလ်ဟာ ဘယ်ရောက်မလဲ, ကုသိုလ်နဲ့နေတာလား, အကုသိုလ်နဲ့ နေတာလား၊ ဖြဟ္မာမင်းကြီး ဖြစ်ပစေ အကုသိုလ်နဲ့ နေတာ၊ ဟုတ်ပလား ဘုန်းကြီးတို့ ပရိသတ်။ (မှန်ပါဘုရား)။

ကိုင်း ဒါဖြင့် ရှေ့သွားရအောင်၊ ဒီတော့ အဲဒီလို သတိတို့ ပညာတို့နဲ့ ပြည့်စုံတဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများမှာ ဘာ ပေါ်လာသလဲ၊ သုခဝေဒနာ ပေါ်လာတယ်။

သွားရင်းကော မပေါ်ဘူးလား။ (ပေါ်ပါတယ် ဘုရား)။

ထိုင်ရင်းကော– (ပေါ်ပါတယ်ဘုရား)။

မတ်တတ်ရပ်ရင်းကော– (ပေါ်ပါတယ်ဘုရား)။

အိပ်ရင်းကော– (ပေါ်ပါတယ်ဘုရား)။

ဟော သုခဝေဒနာတွေ ပေါ်တယ် ဣရိယာပုထ် လေးပါးမှာ၊ ဟုတ်လား။ စားရင်း, သောက်ရင်း, ကွေးရင်း, ဆန့်ရင်း, ကိုယ့်အဝတ်အစားတွေကို ကိုင်တွယ်ရင်း, ကျင်ကြီး-ကျင်ငယ်တွေစွန့်ရင်း သုခဝေဒနာတွေ မပေါ်ဘူးလား။ (ပေါ်ပါတယ်ဘုရား)။

ဟာ တခါတလေ ကျင်ကြီးကျင်ငယ် စွန့်ရတာ ဝမ်းမသာဘူးလား၊ ဝမ်းသာတယ်၊ ခတ်ကောင်းတယ်, ဆီး ကောင်းတယ် ဆိုပြီးတော့ ဝမ်းမသာဘူးလား။ (ဝမ်းသာပါတယ်ဘုရား)။

အဲဒါဟာ ဘာဝေဒနာလဲ သုခဝေဒနာတွေ ပေါ်နေတာ၊ ဒါ ဝေဒနာတွေ ရှုနည်းနော်။ (မှန်ပါ)။

အဲဒီလို သုခဝေဒနာတွေ ပေါ်လာရင်တဲ့ အခုနက သတိပညာနဲ့ ပြည့်စုံတဲ့ သုတဝါ အရိယာပုဂ္ဂိုလ်ကတော့ သိတယ်။

သုခဝေဒနာကို သိပုံ။ ။"သော ဝေ ပဇာနာတိ"။ သော၊ ထို သတိပညာနဲ့ ပြည့်စုံသော။ ကုလပုတ္တော၊ အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ ဝေ ပဇာနာတိ၊ ဤသို့ ခွဲခြား၍ သိ၏။ သုခဝေဒနာ ပေါ်လာတာကို ခွဲခြားသိတယ်။

ဘယ်လို ခွဲခြားသိသလဲ၊ "ချမ်းသာလိုက်တာလို့ သိတာလား" ဘုန်းကြီးတို့ ပရိသတ်လဲ သိပါတယ်၊ သုခဝေဒနာ ပေါ်လာတာကို သိပ်သဘောကျလာရင်တော့ဖြင့် "ကောင်းလိုက်တာကွာ"လို့ ဆိုပြီးတော့ ပါးစပ်ကတောင် ဖွင့်ပြောတာဘဲနော်။ (မှန်ပါဘုရား)။

အဲဒါ အသုတဝါ ပုထုဇဉ်ပုဂ္ဂိုလ်၊ ဟုတ်ပလား။ (မှန်ပါ)။

အခု ဟောပေးနေတာက ပယ်နည်းကို ဟောပေးနေတာ ဖြစ်တော့ ဒီလို သွားရင်း, လာရင်း,နေရင်း, ထိုင်ရင်း, စားရင်း, သောက်ရင်း, အိပ်ရင်း,စကား ပြောရင်း, ကြည့်ရင်း, ရှုရင်း, နားထောင်ရင်း, ကိုင်တွယ် ကြည့်ရှုရင်း, တွေး တော ကြံစည်ရင်း ပေါ်လာတဲ့ သုခဝေဒနာ=ဝမ်းမြောက်မှုတွေ ပေါ်လာရင် သူ သိတယ်တဲ့၊ ဘယ့်နှယ် သိသလဲ—

"ဥပ္ပန္နော ခေါ မျာယံ သုခါ ဝေဒနာ"။ မေ၊ ငါ့အား။ အယံ သုခါ ဝေဒနာ၊ ဤ နှစ်သက်မှုဆိုတဲ့ သုခဝေဒနာသည်။ ဥပ္ပန္နာ၊ ဖြစ်၏။

"အော် သုခဝေဒနာတော့ ဖြစ်နေပြီ"လို့၊ ဒါကို သတိပဋ္ဌာန်ပါဠိတော်ကြီးက 'သုခံ ဝေဒနံ ဝေဒယမာနော သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ"လို့ ဟောတော်မူတယ်၊ ဟုတ်ပလား　　　(မှန်ပါဘုရား)

ဘုန်းကြီးတို့ပရိသတ် သေသေချာချာ မှတ်နော်၊

**အထောက်အပံ့ပေးခြင်း။**　　။အခုဘုန်းကြီးပြောပေးနေတဲ့ ဝေဒနာနုပဿနာ-သတိပဋ္ဌာန်ကို ဘုန်းကြီးတို့ ရန်ကုန်မြို့က အမျိုး ကောင်းသားတွေ, အမျိုးကောင်းသမီးတွေ ဝိပဿနာရိပ်သာ အသီးအသီးမှာ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေချည်းဘဲ၊ ဟုတ်လား　　　(မှန်ပါ)

**မိုးညှင်း, မင်းကွန်း, စွန်းလွန်း, သာသနာ့ရိပ်သာ, ဟံသာဝတီ, ဥဏ္ဏစာဂီ, လယ်တီမူ, သဲအင်းဂူ,ကသစ်ပိုင်** စသည်တို့မှာ တရားအာ ထုတ်နေကြတဲ့ ပုဂ္ဂိုလ် တွေ၊ အဲဒီတရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေကို ဘုန်းကြီးက အခု ဘာလုပ်ပေး နေသလဲဆိုတော့ ပါဠိတော်နဲ့ ရေလောင်းပေးနေရတာပါ။ နည်းတခု ထွင်ပြနေ တာ မဟုတ်ပါဘူး။

ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေဟာ ရိပ်သာ အသီးအသီးတွေမှာ တရားအားထုတ်နေကြတယ်။ ရိပ်သာအသီးသီးမှာ တရား အားထုတ်နေကြတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေကို ဘုန်းကြီး တို့အနေနဲ့ ဘာလုပ်ပေးရမလဲ။ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားထား တော်မူတဲ့ ပါဠိတော်ကြီးတွေနဲ့ ရေလောင်းပေးရမယ်၊ မြေတောင်မြှောက်ပေး ရမယ်။ အခု ဘုန်းကြီးလုပ်နေတဲ့ လုပ်ငန်းဟာ ရိပ်သာအသီးသီးမှာ တရားအား ထုတ်နေကြတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေ အားထုတ်နေတဲ့ တရားတွေကို မြတ်စွာဘုရား ဟောထားတဲ့ ပါဠိတော်ကြီးတွေနဲ့ ရေလောင်း ပေးနေတာ,မြေတောင်မြှောက်ပေးနေတာပါ၊ မူတမျိုးထွင်ပြီးတော့,နည်းတမျိုး လုပ်ပြီးတော့ ပြနေတဲ့တရား မဟုတ်ဘူး။ မြတ်စွာဘုရားတရားတော်ကြီးနဲ့ အမျိုး ကောင်းသား, အမျိုးကောင်းသမီးများ အားထုတ်နေတဲ့တရားကို ကြီးပွါးလာ အောင်, တိုးတက်လာအောင် ဆိုပြီးတော့ ပါဠိတော်နဲ့ ရေလောင်း, မြေတောင်

မြောက်ပေးနေတာပါ။ ဒါကြောင့် ဒီပါဠိတော်တွေကို ခပ်များများ ရွတ်ပေးနေတာပါ။

**သုခဝေဒနာကို သိပုံ။** ။ကဲ-ကောင်းပြီ သုခဝေဒနာနဲ့တွေ့ပြီ၊ ဒီတော့ ဘယ့်နှယ်ဖြစ်လာသလဲ"ဉပ္ပန္နာ ခေါ မျာယံ သုခါ ဝေဒနာ"။ မေ၊ ငါ့အား။ အယံ၊ ဤသုခဝေဒနာသည်၊ သက်သာတယ်ဆိုတဲ့ သုခဝေဒနာသည်။ ဥပ္ပန္နာ၊ ဖြစ်၏။ "သုခံ ဝေဒနံ ဝေဒယမာနော သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ"။ "သုခဝေဒနာကို သုခဝေဒနာက ခံစားနေတယ်၊ သက်သာမှုကို ဝေဒနာက ခံစားနေတယ်" အဲဒီလို သူက သိတယ်၊ "ငါခံစားတယ်"လို့ သူက မသိဘူး၊ ပုဂ္ဂိုလ်က ခံစားတယ်လို့ မသိဘူး၊ သတ္တဝါက ခံစားတယ်လို့ မသိဘူး၊ ငါ့မှာ ဖြစ်တယ်လို့ မသိဘူး။ ဘယ်လိုသိသလဲ "သက်သာချက်ဝေဒနာ ကို ဝေဒနာက ခံစားနေဘယ်"လို့ သိတယ်။ ဒီဝေဒနာက ဘာကိုခံစားနေတာလဲ၊ ရုပ်တရားတွေရဲ့ ဖောက်ပြန်မှုဒဏ်ချက်နဲ့ သက်သာခွင့်ကို ဒီဝေဒနာက ခံစားနေတာ၊ ဟုတ်ပလား (မှန်ပါဘုရား)

ဒါကြောင့် ရုပ်ကိုအခြေခံပြီး မြတ်စွာဘုရားက ဟောတာ၊ ဒီတော့ အဲဒီလို သိလာတော့ ဒီယောဂီပုဂ္ဂိုလ် ရှေ့ကို ဘယ်လိုဆက်ပြီးတော့ တရားတက်ရမလဲ၊ ပါဠိတော်က တက်ပေးလိမ့်မယ်၊ တက်နည်းကို ပါဠိတော်ကြည့်။

သုခဝေဒနာတော့ ဖြင်ပြီလို့သိတယ်၊ သုခဝေဒနာခံစားနေလို့ သုခဝေဒနာ ဖြစ်တယ်လို့တော့ သိဘယ်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်က "ဉတိ ဝေဒနာ၊ ဉတိ ဝေဒနာယ သမုဒယော" အော် ဒါ သုခဝေဒနာ သဘောဘဲ၊ ဒါ သုခဝေဒနာ ဖြစ်နေတာဘဲလို့ သိတာ၊ ဒါ ဓမ္မာနုပဿနာသတိပဋ္ဌာန် နော်၊ အဲဒီလို သိတယ်၊ ရှေ့တရား ဘယ့်နှယ်လုပ် တက်မလဲဆိုတော့ ပါဠိတော်က တက်နည်းကိုပြတယ်၊ ဘယ့်နှယ်ပြသလဲ—

## တရားတက်ရန်နည်းလမ်း

သာစ ခေါ ပဋိစ္စ၊နော အပ္ပဋိစ္စ၊ ကိံ ပဋိစ္စ၊ ဣမမေဝကာယံ ပဋိစ္စ။

စခေါ၊ စင်စစ်သော်ကား။ သာသုခါဝေဒနာ၊ ထိုသုခဝေဒနာသည်။ ပဋိစ္စ၊ စွဲ၍မှီ၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

အခုဖြစ်နေတဲ့ သုခဝေဒနာသည် တစုံတခုသော တရားကိုမှီပြီးတော့, စွဲပြီး တော့ ဖြစ်နေတာလို့ ဒီလိုသိတယ်။ ရှေ့ဘယ့်နှယ်တက်လိုက်သလဲ—

ကိံ ပဋိစ္စ၊ ဘယ်တရားကို မှီပြီးတော့ ဖြစ်နေတာလဲ။

"ဣမမေဝ ကာယံ ပဋိစ္စ"၊

ပါဠိတော်က သုခဝေဒနာဖြစ်တယ်ဆိုတာ ဒီကရဇကာယကြီးကို မှီပြီးတော့ ဖြစ်တဲ့ သုခဝေဒနာတဲ့၊ ကရဇကာယကြီးဟာ ဘာတွေလုပ်သလဲ၊ မြင်တယ်, ကြားတယ်,နံတယ်, စားတယ်, သောက်တယ်, သိတယ်, သွားတယ်, မတ်တတ်ရပ်တယ်, ထိုင်တယ်,အိပ်တယ်, ထိတယ်, ကွေးတယ်, ဆန့်တယ်, ကိုင်တယ်, ယူတယ်, ထိုင်နေဘယ်, လျှောင်းနေတယ်,၊ ရှေ့ကိုဘိုးနေတယ်, နောက်ကိုဆုတ်နေတယ်။ ဒါတွေက ကရဇကာယကြီးရဲ့ အလုပ်တွေဘဲ မဟုတ်လား။ (မှန်ပါ)

အဲဒီကရဇကာယကြီးက ဖောက်ပြန်တဲ့ ဒဏ်ချက်တွေကို အမှီပြုပြီးတော့—

ဣမမေဝ ကာယံ၊ ဤကရဇကာယကို။ ပဋိစ္စ၊ စွဲ၍။ ဥပ္ပဇ္ဇတိ၊ သုခဝေဒနာ ဖြစ်လေတော့၏။

ရုပ်ကို အခြေခံပုံကို ကြည့် ဘုန်းကြီးတို့ပရိသတ်၊ ဝေဒနာပေါ်တဲ့နေရာမှာ ခုပေါ်နေတဲ့ ဝေဒနာဟာ မှီစွဲပြီးတော့ဖြစ်တယ်၊ ဘာကို မှီစွဲပြီးတော့ဖြစ်သလဲ၊ ကရဇကာယလို့ဆိုတဲ့ ဒီကိုယ်ကို မှီစွဲပြီးတော့ဖြစ်တယ်။ သိပလား (သိပါပြီ ဘုရား)

အဲဒီကနေပြီး တဆင့် ရှေ့ကို တရားတက်ရလိမ့်မယ်။ ဘယ့်နှယ်လုပ်တက်မလဲ၊ သုခဝေဒနာဖြစ်တာကို သိပြီ။

သုခံ ဝေဒနံ ဝေဒယမာနော သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။

ဟုတ်တယ် သုခဝေဒနာခံစားတာကို သိတယ်၊ သိပြီးတော့ ရှေ့ကိုတရားတက်တော့ ဘယ့်နှယ်တက်သလဲ၊ ဒီသုခဝေဒနာသည် စွဲပြီးတော့ ဖြစ်တယ်၊ ဘာကို စွဲပြီးတော့ဖြစ်သလဲ၊ ဟောဒီ ကရဇကာယကိုစွဲပြီးတော့ ဖြစ်တယ်လို့ သူက ဒီလို တရားတက်လိုက်တယ်၊ ဟုတ်လား (မှန်ပါ)

ကရဇကာယက ဖောက်ပြန်တဲ့ဒဏ်ချက်ကို ဘယ်သူကခံစားသလဲ၊ ဝေဒနာက ခံစားနေတယ်၊ နော်၊ လူကခံစားတာ မဟုတ်ဘူး, သတ္တဝါက ခံစားတာ မဟုတ်ဘူး, မိမိကခံစားတာ မဟုတ်ဘူး, သူတပါးကခံစားတာ မဟုတ်ဘူး၊ ဟုတ်ပလား (မှန်ပါဘုရား)

ဒီတော့ ရှေ့တရားတက်ရလိမ့်အုံးမယ်။ ဒီကရဇကာယရဲ့ဖောက်ပြန်တဲ့ဒဏ်ချက်ကို ဝေဒနာက ခံစားနေတယ်လို့ဆိုတာ သိတာတော့ဖြင့် ဟုတ်ပြီ၊ သတ္တသညာလဲ ကွာသွားပြီဆိုပါတော့၊ ရှေ့ တရားတက်ရအုံးမယ်၊ ဘယ့်နှယ်လုပ် တက်မလဲ၊ ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ပါဠိတော် "ပါဠိတော်"ဆိုဒါ အဲဒီလို တန်ဘိုးတွေရှိလို့ ဒီလို အရသာတွေကြောင့် ပါဠိတော်

တွေကို နိုင်နိုင်လုပ်ကြစမ်းပါ, ကိုင်ကြစမ်းပါလို့ ဘုန်းကြီးတို့ အမြဲတိုက်တွန်း နေရတာ၊ ဟုတ်လား၊ အခု ပါဠိတော်က တရားတက်နည်း ပြလိမ့်အုံးမယ်။

ပါဠိတော်က ပြတယ်ဆိုတာ ဘယ်သူကပြသလဲ မြတ်စွာဘုရားက ပြတာ နော် (မှန်ပါ)

ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများဟာ ဘယ်သူတပည့်မှ မဟုတ်ဘူး မြတ်စွာဘုရားရဲ့တပည့်၊ ဟုတ်ပလား (မှန်ပါ)

ဒီတော့ မြတ်စွာဘုရားက အခု တရားတက်နည်း ပြလိမ့်အုံးမယ်၊ ဘယ့်နှယ် တက်ကြမလဲ၊ ဝေဒနာတွေတော့ ရှိနေပြီ,ဝေဒနာပေါ်လာပြီ၊ ရှု၊ ကဲ ဝေဒနာကို ရှု၊ ကဲဝေဒနာတော့ဟုတ်ပြီ၊ "သုခံ ဝေဒနံ ဝေဒယမာနော သုခံ ဝေဒနံ ဝေဒယာ-မီတိ ပဇာနာတိ"ဆိုတဲ့ မဟာသတိပဋ္ဌာနသုတ္တန်ကြီးအရ ရှုလို့တော့ပေါ်ပြီ၊

ကိုင်း ရှေ့တရား ဘယ့်နှယ်လုပ်တက်မလဲ၊ ဒီတော့ ပါဠိတော်ကိုမှ မသွားရင်, ပါဠိတော်ကိုမှ မကိုင်ရင်, ပါဠိတော်ကိုမှ မလေ့လာရင်, ပါဠိတော်ကိုမှ တရားနာ မပေးရင် ဘုန်းကြီးတို့ပရိသတ် တက်တတ်ပါ့မလား (မတက်တတ်ပါဘူးဘုရား)

ကိုင်းဒီတော့ မြတ်စွာဘုရားက ပါဠိတော်ကနေပြီး တက်ပေးလိမ့်မယ်၊ ဘယ့်နှယ်တက်မလဲ—

**ဝိပဿနာရှုရန်လမ်းစ။** ။ဒီသုခဝေဒနာသည် ကရဇကာယကို မှီစွဲပြီးတော့ဖြစ်တယ်။ "ဖြစ်တယ်"လို့ ဆိုတာ သူ တရားတက်ပြီးပြီ၊ ရှေ့ဘယ့်နှယ် တက်ရမလဲလို့ ဆိုတော့ တက်နည်း မြတ်စွာဘုရားက ပြတယ်။

အယံ ခေါ ပန ကာယော အနိစ္စော သင်္ခတော ပဋိစ္စသမုပ္ပန္နော၊ အနိစ္စံ ခေါ ပန သင်္ခတံ ပဋိစ္စသမုပ္ပန္နံ ကာယံ ပဋိစ္စ ဥပ္ပန္နာ သုခါ ဝေဒနာ ကုတော နိစ္စာ ဘဝိဿတိ။ ပါဠိတော်က—

အယံ ခေါ ပန ကာယော၊ အဲဒီ သုခဝေဒနာ မှီစွဲပြီးတော့ ဖြစ်ရာဆိုတဲ့ ဤကရဇကာယသည်။ အနိစ္စော၊ ကုန်ခြင်း ပျောက်ခြင်း သဘောရှိ၏။

သုခဝေဒနာမှီပြီးတော့ ဖြစ်တဲ့ ကရဇကာယက မြဲသလား၊ မမြဲဘူးလား? (မမြဲပါဘုရား)။

အနိစ္စော၊ ကုန်ခြင်း ပျောက်ခြင်းသဘောရှိ၏။

တရားတက်လာတာ နော်၊ ယောဂါဝစရပုဂ္ဂိုလ် တရားတက်လာတာ။ ဝေဒနာကမ္မဋ္ဌာန်းတက်လာပုံကလေးကို ကြည့် ဘုန်းကြီးတို့ပရိသတ်။ ဟောဒီ ကရဇ-ကာယကြီးက ကုန်ခြင်း,ပျောက်ခြင်းသဘော ရှိ၏။

သခ်ဲတော၊ အကြောင်းတရားတွေ ပေါင်းစု၍ ပြုပြင်အပ်သော သဘော ရှိ၏။

ဒီ ကရဇကာယကြီးဟာ သူ့ဖာသာသူ ဖြစ်သလား ဘာပြုလို့ ဖြစ်သလဲ? (အကြောင်းတရားကို စွဲဖြစ်တာပါဘုရား)။

အကြောင်းတရားဆိုတာ ဘာလဲ၊ အကြောင်းတရားဆိုတာ ပြုလုပ်တဲ့ ဥစ္စာကို ခေါ်တာနေ့၊ ဟုတ်လား၊ ဆိုလိုတဲ့အဓိပ္ပါယ်က ကရဇကာယ ဖြစ်တယ် လို့ဆိုတာ သူ့ဖာသာသူ ဖြစ်သလား၊ ပြုလုပ်လို့ ဖြစ်သလား? (ပြုလုပ်လို့ ဖြစ်တာပါဘုရား)။

ပြုလုပ်လို့ဖြစ်တယ်၊ သခ်ဲတကို ဘယ်သူပြုလုပ်လို့ဖြင်သလဲ၊ လူဖြစ်တာ ဘယ်သူ ပြုလုပ်လို့ ဖြစ်သလဲ၊ ကံ စိတ် ဥတု အာဟာရ ဒီ ၄လေးခုက ပြုလုပ်လို့ ဖြစ်တာ၊ လူကပြုလုပ်လို့ မဖြစ်ဘူး၊ တစုံတဦးသော ပုဂ္ဂိုလ်က ပြုလုပ်လို့ မဖြစ်ဘူး၊ ကိုယ် ကပြုလုပ်လို့ မဖြစ်ဘူး၊ ဘုန်းကြီးတို့ပရိသတ် ဖြစ်ပါမလား။ (မဖြစ်ပါဘူး ဘုရား)။

ဘယ်သူ ပြုလုပ်မှုဖြစ်သလဲ၊ ကံကပြုလုပ်မှုဖြစ်တယ်, စိတ်ကပြုလုပ်မှုဖြစ်တယ်, ဥတုက ပြုလုပ်မှုဖြစ်တယ်, အာဟာရက ပြုလုပ်မှုဖြစ်တယ်၊ ဘယ်ပစ္စည်းမဆို အဲဒီ လေးခုထဲက တခုခုက ပြုလုပ်မှု ဖြစ်တယ်၊ လူကျတော့ သတ္တဝါကျတော့ ဒီလေးခု ပေါင်းပြီး ပြုလုပ်မှုဖြစ်တယ်။ စိတ် ဥတု အာဟာရ သုံးခုထဲနဲ့ ပြုလုပ်လို့မဖြစ်ဘူး၊ လူကျတော့, သတ္တဝါကျတော့ ကံမပါရင် ဖြစ်ကို မဖြစ်ဘူး၊ ဟုတ်ပလား ဘုန်းကြီးတို့ပရိသတ်၊ ပြီးတော့ ဒီကရဇကာယကြီးကို ဘယ်နှယ်ခေါ်ထားသလဲ ဆိုတော့ သခ်ဲတတဲ့၊ ဒီတရားလေးခုပေါင်းပြီးတော့ ပြုလုပ်သည်ဖြစ်သောကြောင့် "အယံ ကာယော သခ်ဲတော" ဒီကာယသည် သခ်ဲတတရား, အနိစ္စတရား, သခ်ဲတမို့ ပဋိစ္စသမုပ္ပန္နတရား။ "အယံ ခေါ ပန ကာယော အနိစ္စော သခ်ဲတော ပဋိစ္စသမုပ္ပန္နော"။ အကြောင်းကြောင့် ဖြစ်တဲ့အကျိုး ဒုက္ခသစ္စာမည်၏။

ရုပ်တရား–အဝိဇ္ဇာသမုဒယာ ရူပသမုဒယော၊ တဏှာသမုဒယာ ရူပသမုဒ-ယော၊ ကမ္မသမုဒယာ ရူပသမုဒယော၊ အာဟာရသမုဒယာ ရူပသမုဒယော၊ လေးချက်၊ ဟုတ်ပလား? (မှန်ပါ)။

အဲဒီ အဝိဇ္ဇာ တဏှာ ကံ အာဟာရလို့ခေါ်တဲ့ တရားတွေပေါင်းပြီး ပြုလုပ်သည်ဖြစ်သောကြောင့် ဖြစ်လာတဲ့တရား, အကျိုးတရားဟာ ဒုက္ခလား, သုခ လား? (ဒုက္ခပါဘုရား)။

အဲဒီလို သုတဝါအရိယသာဝကပုဂ္ဂိုလ်က, ဝေဒနာကမ္မဋ္ဌာန်းရှုတဲ့ ပုဂ္ဂိုလ်က ဒီလို တရားဆက်ပြီးတော့ မြင်လာတယ်။

ပဋိစ္စသမုပ္ပန္နော၊ အကြောင်းကိုစွဲ၍ဖြစ်သော အကျိုး ဒုက္ခသစ္စာမည်၏။ ခေါပန၊ စင်စစ်သော်ကား။ အနိစ္စံ၊ အနိစ္စဖြစ်သော။ သင်္ခတံ၊ သင်္ခတဖြစ်သော။ ပဋိစ္စသမုပ္ပန္နံ၊ အကြောင်းကိုစွဲ၍ ဖြစ်သော။ ဣမံကာယံ၊ ဤကရဇကာယကို။ ပဋိစ္စ၊ စွဲ၍ မှီ၍။ ဥပ္ပန္နာ၊ ဖြစ်ပေါ်၍လာသော။ သုခါဝေဒနာ၊ သုခဝေဒနာသည်။ နိစ္စာ၊ မြဲသည်။ ကုတော ကေနကာရဏေန၊ အဘယ်သို့သောအကြောင်းကြောင့်။ ဘဝိဿတိ၊ ဖြစ်နိုင်ပါလတ့်နည်း။

**ရှုကွက်ပေါ်ပုံ။** ။တရားတက်နည်းက "ဩော် သုခဝေဒနာရဲ့ မှီရာဖြစ်သော ကရဇကာယသည် အနိစ္စ, သင်္ခတ, ပဋိစ္စသမုပ္ပန္န-တရားဖြစ်ခြင်းကြောင့် ဒီကရဇကာယကိုမှီပြီးတော့ဖြစ်တဲ့ သုခဝေဒနာဟာလဲဘဲ ဘယ် မြဲလိမ့်မလဲ"လို့ ဟောဒီလို ရှုကွက်ပေါ်လာတယ် ဝေဒနာတရားတက်လာတော့။ ဒီနေရာမှာ တရားတက်နေပုံကို ကြည့်နော်၊ ဒီတော့ ဩော် အနိစ္စဖြစ်နေတဲ့ တရားဘဲဆိုပြီးတော့ ရှေ့ကို သူ ဘယ်လိုဆက်ပြီး ရှုသွားသလဲ၊ ဒီအသိဉာဏ်ရပြီဆိုပါတော့ ဝိပဿနာရှုလို့, ဝေဒနာကမ္မဋ္ဌာန်းရှုလို့ အဲဒီ အချပြခဲ့တာအထိ ဒီအသိဉာဏ်တွေကို ရပြီဆိုပါတော့ ရှေ့ဘယ့်နှယ်တက်အုံးမလဲ၊ ရှေ့တရားတက်ရအုံးမယ်၊ ဘယ့်နှယ်တက်မလဲ၊ ပါဠိတော်က တက်ပေးလိမ့်မယ်။

**ဝိပဿနာရှုနည်း။** ။မြတ်စွာဘုရားက ဘယ်လိုဟောတော်မူသလဲ—

သော ကာယေစ သုခါယစ ဝေဒနာယ အနိစ္စာနုပဿီ ဝိဟရတိ၊ ဝယာနုပဿီ ဝိဟရတိ၊ ဝိရာဂါနုပဿီ ဝိဟရတိ၊ နိရောဓာနုပဿီ ဝိဟရတိ၊ ပဋိနိဿဂ္ဂါနုပဿီ ဝိဟရတိ။

သော ကုလပုတ္တော၊ ထိုအမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ ကာယေ စ၊ ကရဇကာယလို့ခေါ်တဲ့ ပဋိစ္စသမုပ္ပါဒ်မှာဖြစ်တဲ့ ကရဇကာယ၌၎င်း။ သုခါယစ ဝေဒနာယ၊ သုခဝေဒနာ၌၎င်း။ အနိစ္စာနုပဿီ၊ ကုန်ခြင်းပျောက်ခြင်းကို အဖန်တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဝယာနုပဿီ၊ ပျောက်ခြင်းကို အဖန်တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ (ဘယ်သူ့ကို ကုန်တယ် ပျောက်တယ်လို့ရှုနေတာလဲ၊ ကရဇကာယနဲ့ သုခဝေဒနာကို)။ ဝိရာဂါနုပဿီ၊ ရာဂကင်းရာကို ရှု၍နေသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ နိရောဓာနုပဿီ၊ ရာဂချုပ်ရာကို ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ပဋိနိဿဂ္ဂါနုပဿီ၊ ကိလေသာကို စွန့်ရာဖြစ်တဲ့ နိဗ္ဗာန်ကိုရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

ရှုနေပြီ သူ၊ ဘာကိုရှုနေတာလဲ၊ သုခဝေဒနာကို နော်၊ သုခဝေဒနာတင်လား သူ ရှုနေတာ၊ သုခဝေဒနာကို အခြေခံထားတဲ့ ကာယမှာ ရှုနေတာ။ ကာယနဲ့ သုခဝေဒနာကို အနိစ္စ, ဝယ, ဝိရာဂ, နိရောဓ, ပဋိနိဿဂ္ဂ-လို့ ဒီငါးမျိုးနဲ့ သူ ရှုနေပါတယ်တဲ့။

အနုသယပယ်ပုံ။ ။အဲဒီလိုရှုနေတဲ့ ကုလပုတ္တ အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။

ယော ကာယေစ သုခါယ စ ဝေဒနာယ ရာဂါနုသယော၊ သော ပဟီယတိ။

ကာယေစ၊ ကရဇ ကာယ၌ရှင်း၊ သုခါယစ ဝေဒနာယ၊ သုခဝေဒနာ၌ ရှင်း၊ ယောရာဂါနုသယော၊ အကြင် ရာဂါနုသယသည်၊ အတ္ထိ၊ ရှိ၏။ သော ရာဂါနုသယော၊ ထို ရာဂါနုသယကို။ ပဟီယတိ၊ ပယ်အပ်လေတော့၏။

ဝေဒနာရှုပြီးတော့ ပယ်နည်းနော်။ (မှန်ပါ)။

ဂေလည်သုတ္တန်က ဒုက္ခဝေဒနာကျတော့လဲ ဒီအတိုင်းဘဲ။

တဿ စေ ဘိက္ခဝေ ဘိက္ခုနော ဧဝံ သတဿ သမ္ပဇာနဿ အပ္ပမတ္တဿ အာတာပိနော ပဟိတတ္တဿ ဝိဟရတော ဥပ္ပဇ္ဇတိ ဒုက္ခာ ဝေဒနာ။

ဒုက္ခဝေဒနာကော မပေါ်ဘူးလား။ (ပေါ်ပါတယ်ဘုရား)။

ပေါ်တော့ ဘယ့်နှယ်တက်မလဲ ဒုက္ခဝေဒနာကို၊ သုခဝေဒနာအတိုင်းဘဲတက်နော်၊ သုခဝေဒနာလမ်းစဉ်အတိုင်း တက်တက်ပြီးတော့ ရှုသွားရင် ဒုက္ခဝေဒနာနဲ့ ရာဂါနုသယကို မပယ်နိုင်ဘူးလား သူ။ (ပယ်နိုင်ပါတယ်ဘုရား)။

"ဒုက္ခာယ ဝေဒနာယ ပဋိဃာနုသယော၊ သော ပဟီယတိ"။ ဒုက္ခဝေဒနာမှာ ပဋိဃာနုသယကို ပယ်နိုင်တယ်တဲ့။

ရှေ့သွားရင် အဝိဇ္ဇာနုသယကိုကော၊ ဒါ ပေယျာလ လုပ် သွားရတော့မယ်၊ ရှေ့မှာ ဟောစရာသုတ္တန်တွေက ရှိနေသေးတယ် နော်။ (မှန်ပါ)။

ခုနက ဒုက္ခဝေဒနာမှာ ပါဠိရွတ်သွားသလို ဥပေက္ခာဝေဒနာမှာလဲ အဲဒီအတိုင်းဘဲ ရွတ်သွားရမယ်၊ ဥပေက္ခာဝေဒနာမှာ သူ ဘာ ပယ်လိုက်သလဲ၊ အဝိဇ္ဇာနုသယကို ပယ်တယ်။ ဘာပြုလို့ ပယ်သလဲ အဝိဇ္ဇာနုသယကို။

တာယ ဝေဒနာယ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ယထာဘူတံ ပဇာနာတိ၊ တဿ အဝိဇ္ဇာနုသယော ပဟီယတိ။

ဟုတ်လား ဥပေက္ခာဝေဒနာရဲ့ သမုဒယ, အတ္ထင်္ဂမ, အဿာဒ, အာဒီနဝကို သိရင် ဥပေက္ခာဝေဒနာမှာ ရှိနေတဲ့ အဝိဇ္ဇာနုသယကို ပယ်နိုင်တယ် နော်။ (မှန်ပါ)။

ဒါ ပယ်နည်း။ အဲဒီလိုပယ်တော့ ဒီဝေဒနာတွေ ဘယ်လိုလုပ် ရှုနေသလဲ၊ ရာဂါနုသယလဲ မရှိဘူး, ပဋိဃာနုသယလဲ မရှိဘူး, အဝိဇ္ဇာနုသယလဲ မရှိဘူး။

ဝိပဿနာရှုပုံ။ ။အဲဒီဝေဒနာတွေကို ဘယ့်နှယ်လုပ် ရှုသလဲ။

သော သုခဉ္စေ ဝေဒနံ ဝေဒယတိ၊ သာ အနိစ္စာတိ ပဇာနာတိ၊ အနဇ္ဈောသိတာတိ ပဇာနာတိ၊ အနဘိနန္ဒိတာတိ ပဇာနာတိ။ ဒုက္ခဉ္စေ ဝေဒနံ ဝေဒယတိ၊ သာ အနိစ္စာတိ ပဇာနာတိ၊ အနဇ္ဈောသိတာတိ ပဇာနာတိ၊ အနဘိနန္ဒိတာတိ ပဇာနာတိ။ အဒုက္ခမသုခဉ္စေ ဝေဒနံ ဝေဒယတိ၊ သာ အနိစ္စာတိ ပဇာနာတိ၊ အနဇ္ဈောသိတာတိ ပဇာနာတိ၊ အနဘိနန္ဒိတာတိ ပဇာနာတိ။ သော သုခဉ္စေ ဝေဒနံ ဝေဒယတိ၊ ဝိသညုတ္တော နံ ဝေဒယတိ၊ ဒုက္ခဉ္စေ ဝေဒနံ ဝေဒယတိ၊ ဝိသညုတ္တော နံ ဝေဒယတိ၊ အဒုက္ခမသုခဉ္စေ ဝေဒနံ ဝေဒယတိ၊ ဝိသညုတ္တော နံ ဝေဒယတိ။

သုခဝေဒနာပေါ်လာရင် အနိစ္စလို့ သူ ရှုတယ်၊ သုခဝေဒနာကို ဘာလို့ ရှုသလဲ။ (အနိစ္စလို့ ရှုပါတယ်ဘုရား)။

အနိစ္စလို့ ရှုတယ်။ အနိစ္စာတိ ပဇာနာတိ၊ အနဇ္ဈောသိတာတိ ပဇာနာတိ= တဏှာဖြင့် မစွဲလမ်းအပ်ဘူးလို့ ရှုတယ်။ အနဘိနန္ဒိတာတိ ပဇာနာတိ=မနှစ်သက်အပ်တဲ့ သဘောလို့ ရှုတယ် သုခဝေဒနာ ပေါ်လာရင်။ ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ သုခဝေဒနာပေါ်လာရင် နှစ်သက်အပ်တဲ့ သဘောလို့ ရှုသလား, မနှစ်သက်အပ်တဲ့ သဘောလို့ ရှုသလား၊ နှစ်သက်အပ်တဲ့ သဘောလို့ ရှုနေရင် မဟုတ်သေးဘူး, မနှစ်သက်အပ်တဲ့သဘော လို့ ရှုရမယ်။ ဘာဖြစ်လို့လဲ၊ သုခဝေဒနာမှာ အနိစ္စ, ဒုက္ခ, ဝိပရိဏာမ ရှိတယ် နော်၊ အနိစ္စ ဒုက္ခ ဝိပရိဏာမ ရှိတဲ့ တရားဟူသရွေ့ နှစ်သက်အပ်တဲ့ တရားလား, မနှစ်သက်အပ်တဲ့ တရားလား။ (မနှစ်သက်အပ်တဲ့ တရားပါဘုရား)။

အနိစ္စလို့ ရှုနေရင်း သုခဝေဒနာ ပေါ်လာရင် သူဟာ မနှစ်သက်တော့ဘူး၊ ဒုက္ခဝေဒနာ ပေါ်လာရင်လဲ ထို့အတူဘဲ၊ ဥပေက္ခာဝေဒနာ ပေါ်လာရင်လဲ ထို့အတူဘဲ ရှုတယ်နော်။ (မှန်ပါ)။

ဝိသညုတ္တော နံ ဝေဒယတိ။ သုခဝေဒနာကို ခံစားရင်လဲ တဏှာနဲ့ မယှဉ်ဘူး, ဒိဋ္ဌိနဲ့ မယှဉ်ဘူး၊ ဟုတ်လား။ ဒုက္ခဝေဒနာ ခံစားရင်ကော တဏှာဒိဋ္ဌိတို့နဲ့ မယှဉ်ဘူး၊ ဥပေက္ခာဝေဒနာ ခံစားရင်ကော တဏှာဒိဋ္ဌိတို့နဲ့ မယှဉ်ဘူး။

ပရိယန္တိကဝေဒနာ။ ။သော ကာယပရိယန္တိကံ ဝေဒနံ ဝေဒယမာနော ကာယပရိယန္တိကံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ၊ ဇီဝိတပရိယန္တိကံ ဝေဒနံ ဝေဒယမာနော ဇီဝိတပရိယန္တိကံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။

ကိုယ်လျှင် အပိုင်းအခြားရှိသော ဝေဒနာကိုခံစားရင် ဝေဒနာဟာ ကိုယ် အပိုင်းအခြားမှာသာ ရှိတယ်, တခြားမှာ ရှိသေးသလား။ (မရှိပါဘုရား)။

ကာယပရိယန္တိကဝေဒနာဆိုဒါ ဒီကိုယ်လုံးကို ခြုံပြီးတော့ ကြည့်တာနော်။ ဒီအသက်အပိုင်းအခြား အနှစ်လေးဆယ်ဘဲနေရတဲ့ ပုဂ္ဂိုလ်က အနှစ်လေးဆယ် ဘဲ ဒီဝေဒနာခံစားရတယ် "ဇီဝိတပရိယန္တိက"။ အဲဒီလို သူက ခြုံပြီးတော့ ကြည့်လိုက်တယ်။

ကာယဿ ဘေဒါ ဥဒ္ဓံ ဇီဝိတပရိယာဒါနာ ဣဓေဝ သဗ္ဗဝေဒယိတာနိ အနဘိနန္ဒိတာနိ သီတီဘဝိဿန္တိတိ ပဇာနာတိ။

ခန္ဓာကိုယ် မသေသေးခင် အတောအတွင်း, အသက် မသေသေးခင် အတောအတွင်းမှာသာ ဒီဝေဒနာတွေဟာ မနှစ်သက်ဖွယ်တွေ ဖြစ်ပြီးတော့ ခန္ဓာကိုယ် သေဆုံးသည်နှင့် တပြိုင်နက်ထဲ အဲဒီဝေဒနာတွေလဲ ဒီဘဝမှာ ငြိမ်းကုန် ကြတာဘဲလို့ အဲဒီလို သိလိုက်တော့တယ်တဲ့ သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာကို၊ ဟုတ်လား ဘုန်းကြီးတို့ ပရိသတ် (မှန်ပါဘုရား)။

အဲဒါကို မြတ်စွာဘုရားက ဥပမာကလေးတခု ပြထားတာရှိသေးတယ်။

ဆီရယ် မီးစာရယ် အဲဒီနှစ်ခုရှိနေသရွေ့တော့ မီးတောက်ကလေး တောက် မနေဘူးလား။ (တောက်နေပါတယ်ဘုရား)။

ဆီလဲ မရှိဘူး, မီးစာလဲ မရှိဘူးဆိုရင်။ (မတောက်တော့ပါဘုရား)။

အဲဒီ အတိုင်းဘဲ ကာယ=ကိုယ်, ဇီဝိတ=အသက်တို့ မရှိတော့ဘူး ဆိုရင် ဒီဝေဒနာ ရှိသေးသလား။ (မရှိတော့ပါဘူးဘုရား)။

"ဣဓေဝ သီတီဘဝိဿန္တိ=ဤပစ္စုပ္ပန် လောကဥပင် ငြိမ်းအေးခြင်းသို့ ရောက်သွားပြီ"လို့ သိလာတော့တယ်။ ဒါ ပယ်နည်း၊ ခုနပြောတဲ့ ရာဂါနုသယ, ပဋိဃာနုသယ, အဝိဇ္ဇာနုသယ ပယ်နည်းကို ဂေလညသုတ်က ဒီလို ဟောပေး ထားတယ်၊ နော်။ (မှန်ပါဘုရား)။

## အနုပဿီ ၄-မျိုးခွဲပြချက်

အဲဒီအထဲမှာ ဘာပါသွားသလဲဆိုတော့ အနိစ္စာနုပဿီရယ်, ဝိရာဂါနုပဿီ ရယ်, နိရောဓာနုပဿီရယ်, ပဋိနိဿဂ္ဂါနုပဿီရယ်-လို့ လေးခု ပါမသွားဘူးလား။ (ပါသွားပါတယ်ဘုရား)။

အဲဒီ ရှုကွက်ကလေးကို ဘုန်းကြီး အကျယ် ဟောပေးလိုသည် ဖြစ်သော ကြောင့် သုတ္တန်တခုကို ပြောင်းကြရအောင်၊ ဒီလေးခုရဲ့အကျယ်ကို ဖွင့်ဆိုထား

တဲ့ မူလပဏ္ဏာသပါဠိတော် စူဠတဏှာသင်္ခယသုတ္တန်ကို သွားကြရမယ်၊ နော်။ ဒါ အင်မတန်ကောင်းပါတယ်။

ဒီ အနိစ္စာနုပဿီရယ်, ဝိရာဂါနုပဿီရယ်, နိရောဓာနုပဿီရယ်, ပဋိနိဿဂ္ဂါနုပဿီရယ်, အဲဒီ လေးချက်ကို ကျေကျေလယ်လယ် ဟောပေးချင်သည် ဖြစ်သောကြောင့် အဲဒီစူဠတဏှာသင်္ခယသုတ္တန်ကို သွားကြရအောင်၊ အဲဒီ သုတ္တန်ကို ဟောလိုရင်းက ဒီလေးချက်ကို ဟောချင်သောကြောင့် တကြောင်း, ဝေဒနာကမ္မဋ္ဌာန်းကို မြတ်စွာဘုရား ဟောတော်မူတဲ့ နေရာမှာ ရုပ် ကမ္မဋ္ဌာန်းကို အခြေခံတာကို ပေါ်လွင်စေလိုလို့တကြောင်း အဲဒီ အကြောင်း နှစ်ကြောင်းကြောင့် ဒီ စူဠတဏှာသင်္ခယသုတ္တန်ကို ဟောပေးခြင်း ဖြစ်ပါတယ်နော်။ (မှန်ပါ)။

ကိုင်း **စူဠတဏှာသင်္ခယသုတ္တန်ကို** ဘယ်လိုဟောတော်မူသလဲ—

**သိကြားမင်းကစားထွက်ပုံ။** ။မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းတိုက် ဝိသာခါဒါယိကာမကြီး လှူဒါန်းတဲ့ မိဂါရမာတုပါသာဒ-လို့ ခေါ်တဲ့ ပြာသာဒ်ကျောင်းကြီးမှာ သီတင်းသုံး နေတော်မူပါတယ်။ အဲဒီ အချိန်မှာ ရှေးဦးစွာ အဋ္ဌကထာစကားတွေထဲက အတ္ထုပ္ပတ္တိကလေးကို ရှေးဦးစွာ ပြောပေးအုံးမယ်။

တာဝတိံသာမှာ ရှိတဲ့ သိကြားမင်းက စတုလောကပါလနတ်မင်းကြီး လေးယောက် အခြံအရံနဲ့ တာဝတိံသာနတ်ပြည်နဲ့ စတုမဟာရာဇ်နတ်ပြည် နှစ်ခုမှာ ရှိတဲ့ နတ်အပေါင်းတွေ ခြံရံပြီးတော့ တကုဋေခွဲရှိတဲ့ နတ်သမီးတွေနဲ့ ဥယျာဉ်ကစားရအောင် ထွက်တယ်၊ ဥယျာဉ်တံခါးဝကျတော့ အဲဒီ သိကြားမင်းကြီးရဲ့ စိတ်ထဲ ဘာပေါ်လာသလဲဆိုတော့ အဋ္ဌကထာက ပြောပေးတယ်—

> ကိတ္တကေန နုခေါ တဏှာသင်္ခယဝိမုတ္တော ခီဏာသဝေါ သင်္ခေပ-တော အာဂမနီယပုဗ္ဗဘာဂပဋိပဒါ ဟောတီတိ—တဲ့။

**စိတ်ကူးပေါ်လာခြင်း။** ။သိကြားမင်းစိတ်ထဲမှာ ဘယ့်နှယ် စိတ်ကူးပေါက်လာသလဲဆိုတော့ "တဏှာကုန်သွားတဲ့ ရဟန္တာပုဂ္ဂိုလ်များ ရှေးဦးစွာ အကျဉ်းချုပ်အားဖြင့် ကျင့်ရတဲ့ ကျင့်ဝတ်ဟာ ဘာပါလိမ့်မလဲ, တဏှာကုန်အောင် ကျင့်တဲ့ ကျင့်စဉ်ဟာ ဘာပါလိမ့်မလဲ"လို့ သူ့ စိတ်ထဲမှာ ပေါ်လာတယ်၊ ဒါ အခုနက ရွတ်တဲ့ ပါဠိရဲ့ အဓိပ္ပါယ်၊ စိတ်ကူးပေါ်လာတော့ သိကြားမင်းစိတ်ထဲ ဘယ့်နှယ်ဖြစ်လာပြန်သလဲဆိုတော့—

> အယံ ပဉှော အတိဝိယ သဿိရိကော၊ သစာဟံ ဣမံ ပဉှံ အနုဂ္ဂဏှိတွာဝ ဥယျာနံ ပဝိသိဿာမိ၊ ဆဒ္ဒါရိကေဟိ အာရမ္ဘဏေဟိ နိမ္မထိတော န ပုန ဣမံ ပဉှံ သလ္လက္ခေဿာမိ-တဲ့။

သိကြားမင်း စိတ်ထဲမှာ ဘယ့်နှယ်ဖြစ်လာပြန်သလဲဆိုတော့ ဒီပြဿနာဟာ အလွန်နူးညံ့ သိမ်မွေ့တယ်၊ ငါဟာ အကယ်၍ ငါ့စိတ်ထဲမှာ ပေါ်လာတဲ့ အမေး ပုစ္ဆာပြဿနာကို မဖြေရှင်းရသေးမီ အာတောအတွင်း ဥယျာဉ်ထဲကို ဝင်သွားရင် "ဆဟိ ဒွါရေဟိ အာရမ္မဏေဟိ နိမ္မထိတော" စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနလို့ဆိုတဲ့ ခြောက်ဒွါရမှ ဝင်လာတဲ့ အာရုံတွေနဲ့ ဒီအမေးပုစ္ဆာ ပြဿနာဟာ လုံးထွေးသွားလိမ့်မယ်တဲ့၊ လုံးထွေးသွားရင် နောက် ဒီအသိဉာဏ်မျိုး ပေါ်ချင်မှ ပေါ်မယ်တဲ့။ ဟုတ်လား ဘုန်းကြီးတို့ပရိသတ် (မှန်ပါဘုရား) ဒီတော့—

တိဋ္ဌတု တာဝ ဥယျာနကီဠာ၊ သတ္တ သတ္တိက် ဂန္တာ ဣမံ ပဥှံ ပုစ္ဆိတွာ ဥဂ္ဂဟိတပဥှော ဥယျာနေ ကီဠိဿာမိ။

ဒီတော့ရင် ဥယျာဉ်ထဲကို မဝင်သေးဘူးတဲ့၊ ဥယျာဉ်ကစားမှာကို၊ ပျော်ပွဲ ထွက်မှာကို ခဏ ဆိုင်းထားပြီးတော့ ရှေးဦးစွာ မြတ်စွာဘုရားထံ သွားပြီး ငါ ဒီပုစ္ဆာကို မေးမယ်၊ ပုစ္ဆာမေးလို့ ဒီပုစ္ဆာရဲ့အဖြေရတော့မှ ဥယျာဉ်ထဲဝင်ပြီး ဥယျာဉ်ကစားမယ်လို့ ဆိုပြီးတော့ တာဝတိံသာက သိကြားမင်း မြတ်စွာ ဘုရားရှင်ရဲ့ ခြေတော်ရင်းသို့ ချဉ်းကပ်ရောက်ရှိ၍ လာပါသည်။

အဲဒီ စကားထဲက ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်း သမီးများ ဘာမှတ်မလဲ, ဘာကိုနည်းယူမလဲ၊ နည်းယူဘို့၊ မှတ်သားဘို့က အမျိုး ကောင်းသား, အမျိုးကောင်းသမီးများမှာ တခါတရံ ကုသိုလ်ကောင်းမှုကို ပြုလုပ်လိုသောစိတ်, တရားအားထုတ်လိုသောစိတ်, ဥပုသ်စောင့်လိုသောစိတ်, တရားနာသွားလိုတဲ့စိတ်တွေ မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား)

ပေါ်တော့ ဘယ့်နှယ်ဖြစ်သလဲ "ဟာ ငါ့မှာ တရားနာလိုတဲ့ စိတ်ထွေတော့ ပေါ်လာပြီ၊ တရားအားထုတ်ရန်သွားလိုတဲ့ စိတ်တွေတော့ ပေါ်လာပြီ၊ ဟောဒီ ကာမဂုဏ်ကိစ္စကလေးတွေက ရှိသေးတယ်, အခုန ဧည့်ခံဘို့ကိစ္စ ဟုတ်လား၊ ပျော်ပွဲသွားဘို့ ကိစ္စတို့ ဟုတ်လား၊ စားရေး, သောက်ရေး, နေရေး, ထိုင်ရေး ဆိုတဲ့ လုပ်စရာကိစ္စကလေးတွေ ရှိနေသေးတယ်၊ ဒီ ကိစ္စကလေးတွေ ပြီးတော့မှ ဘဲ တရားနာသွားတော့မယ်"လို့ ဆိုရင် သွားဖြစ်ပါအုံးမလား။ (မသွားဖြစ် တော့ပါဘုရား)။

သိကြားမင်းကြီးက သူ့ပေါ်လာတဲ့ အမေးပုစ္ဆာပြဿနာကို ငါ ဥယျာဉ်ထဲ ဝင်ပြီးကာမှ ဘုရားထံ သွားမေးမယ်ဆိုရင် ဒီ အမေးပုစ္ဆာပြဿနာဟာ မေ့ချင် မေ့သွားမယ်တဲ့၊ အာရုံတွေနဲ့ ရောထွေးသွားပြီး နောက်တော့ ပေါ်ချင်မှ ပေါ် မှာတဲ့ ဒီစိတ်မျိုး။

**အတုယူစရာ။** ။ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်း သမီးများလဲဘဲ တရားအားထုတ်လိုတဲ့စိတ် ပေါ်လာတယ်ဆို

ရင်, ချက်ချင်းသွားပြီး တရားအားမထုတ်သေးဘူးဆိုရင် အဲဒီ အားထုတ်လိုတဲ့ စိတ်ဟာ အာရုံတွေ, ကာမဂုဏ်တွေနဲ့ လုံးထွေးမကုန်ဘူးလား။ (လုံးထွေး ကုန်မှာပါဘုရား)။

နောက် ပြန်ပေါ်သေးသလား။ (မပေါ်ပါဘူးဘုရား)။

ပေါ်ချင်မှ ပေါ်မှာ၊ ဒီတော့ ဆိုလိုတဲ့အဓိပ္ပါယ်က သိကြားမင်းကြီးတောင်မှ ဒီလိုလုပ်သေးရင်, တကုဋေခွဲလောက်ရှိတဲ့ နတ်သမီးတွေကို ခဏထားပစ်ခဲ့ပြီးတော့ မြတ်စွာဘုရားထံ ပုစ္ဆာမေးရအောင် လာသေးရင် ငါတို့လဲဘဲ တရားအားထုတ်ဘို့ စိတ်ကူးပေါ်လာရင် ဘာကိစ္စတွေရှိရှိထားပစ်ခဲ့ပြီးတော့ တရားကို အရင် သွားအားထုတ်မယ်, ပြီးတော့မှ အဲဒီကိစ္စ ပြန်လုပ်မယ်-လို့ ဒီလို နည်းယူဘို့ အတွက် ဒီအကြောင်း ထည့်ပြောတာ။ ယူမလား ဘုန်းကြီးတို့ ပရိသတ်။ (ယူပါ့မယ်ဘုရား)။

"ယူပြီးတော့ ဘာလုပ်မလဲ။ (တရားအားထုတ်ပါ့မယ် ဘုရား)။

ဒီအတိုင်း လုပ်မှာလား။ (လုပ်ပါ့မယ် ဘုရား)။

"ယူတော့ ယူမယ်, ဒီအတိုင်းတော့ မလုပ်နိုင်ဘူး"လို့ အဲဒီလို ဖြစ်လိမ့်မယ်လို့ ဘုန်းကြီး ထင်တယ် နော်၊ တရားအားထုတ်ချင်တဲ့ စိတ်ကူးကလဲ ပေါ်လာတယ်၊ ကဲ–ဥပမာတခု ဆိုကြပါစို့၊ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီး များ ရုပ်ရှင်ကလဲ တယ်ကြိုက်တယ်မဟုတ်လား။ နိုင်ငံခြားကား ကောင်းကောင်းကလေးဆိုရင် သူတို့က ရုပ်ရှင်ရုံထဲက ထွက်ချင်တာ မဟုတ်ဘူး။ ဒီတော့ ရုပ်ရှင်လက်မှတ်ကလဲ ဝယ်ပြီးပြီ၊ ရုပ်ရှင်ပြဘို့ အချိန်ကလဲ နီးနေပြီ၊ ဒီတော့ ရုပ်ရှင်ကြည့်သွားမယ်ဆိုပြီး ရုပ်ရှင်ရုံကို ဝင်ခါနီးကျတော့မှ ဖြုန်းဆို သံဝေဂဉာဏ်ကလေး ပေါ်လာမယ်တဲ့။ တရားအားထုတ်ချင်တဲ့ စိတ်ကလေး ပေါ်လာမယ်တဲ့။ ကဲ ဘယ့်နှယ်လဲ, ဘယ့်နှယ်တုံး ဘုန်းကြီးတို့ ပရိသတ်၊ အဲသလောက် သိကြားမင်းနဲ့ကွာတာဘဲနော်၊ ဟုတ်လား။ စူဠတဏှာသင်္ခယသုတ်ကို ဟောပေးမယ်လို့ အဲဒါ ချီးပေးနေတာ။

**မြတ်စွာဘုရားကို မေးမြန်းပုံ။** ။သိကြားမင်းကတော့ ဒီလိုမဟုတ်ဘူး၊ ပျော်ပွဲစားထွက်မဲ့ဟာကို ခဏရပ်ဆိုင်းပစ်ခဲ့တယ်၊ "တိဌတု တာဝ ဥယျာနကီဠာ"တဲ့၊ဥယျာဉ်ကစားဘို့ ခဏနေအုံး,ဒီပုစ္ဆာ မြန်မြန်သွားမေးမှ ဖြစ်မယ်ဆိုပြီး မြတ်စွာဘုရားထံ လာပြီးတော့ မေးတယ်၊ ကိုင်း မေးပြီဆိုကြပါစို့။

ကိတ္တာဝတာ နုခေါ ဘန္တေ ဘိက္ခု သံခိတ္တေန တဏှာသင်္ခယ-
ဝိမုတ္တော ဟောတိ အစ္စန္တနိဋ္ဌော အစ္စန္တယောဂက္ခေမီ အစ္စန္တဗြဟ္မစာရီ
အစ္စန္တပရိယောသာနော သေဋ္ဌော ဒေဝမနုဿာနန္တိ။

ဒါ သိကြားမင်း မေးတဲ့အမေး။

ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော် မူပါပေသော မြတ်စွာဘုရား။ ကိတ္တာဝတာ၊ အဘယ်မျှလောက်သောအကျင့်ဖြင့်။ ဘိက္ခု၊ ရဟန်းသည်။ (ဝါ) ကိလေသာတို့ကို ကုန်အောင် တရားအားထုတ်နေတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ သံခိတ္တေန၊ အကျဉ်းအားဖြင့်။တဏှာသင်္ခယဝိမုတ္တော၊ တဏှာ၏ကုန်ရာနိဗ္ဗာန်၌အာရုံပြုသောအားဖြင့် လွတ်မြောက်သောစိတ် ရှိသောသူသည်။ အစ္စန္တနိဋ္ဌော၊ စင်စစ်ပြီးဆုံးခြင်း ရှိသောသူသည်။ အစ္စန္တယောဂက္ခေမီ၊ စင်စစ်ယောဂလေးပါးတို့၏ ကုန်ရာဖြစ်သော နိဗ္ဗာန်ရှိသောသူသည်။ (ဝါ) ယောဂလေးပါးတို့မှ ကုန်ရာဖြစ်သော နိဗ္ဗာန်ရှိသောသူသည်။ အစ္စန္တဗြဟ္မစာရီ၊ စင်စစ် မြတ်သောအကျင့် ရှိသောသူသည်။ အစ္စန္တပရိယောသာနော၊ စင်စစ် အကျင့်ပြီးဆုံးခြင်းသို့ ရောက်သောသူသည်။ ဒေဝမနုဿာနံ၊ နတ်လူတို့ထက်။ သေဋ္ဌော၊ မြတ်သောသူသည်။ ဟောတိနုခေါ၊ ဖြစ်ပါတော့သတည်း။

အဲဒါ သိကြားမင်းက မြတ်စွာဘုရားကို မေးတာ။

အရှင်ဘုရား တဏှာကုန်သွားကြတဲ့ ရဟန္တာပုဂ္ဂိုလ်များဟာ အကျဉ်းချုပ်အားဖြင့် ဘယ်လိုကျင့်လို့တဏှာကုန်သွားကြပါသလဲဘုရားတဲ့၊ ဒီလိုမေးတာနော်၊ မြန်မြန်ဖြေတော်မူပါ ဘုရားတဲ့၊ အဋ္ဌကထာက ပြောပေးထားတယ်၊ ဘာဖြစ်လို့ မြန်မြန်အဖြေခိုင်းသလဲဆိုတော့ ပဉ္စာအဖြေရရင် ဟိုမှာ ဥယျာဉ်ကစားဘို့က ဆိုင်းငံ့ပစ်ခဲ့ရတာမို့တဲ့၊ မြန်မြန်သွားချင်လို့တဲ့၊ ဟုတ်လား (မှန်ပါဘုရား)

ဘုန်းကြီးတို့ပရိသတ် ဒီကနေ့ ဒီကိုလာပြီး တရားနာတာလဲ မြန်မြန်လား၊ ဟိုမှာ ဆိုင်းပစ်ခဲ့ရတာတွေ ရှိလိမ့်မယ်ထင်တယ်၊ ဘယ့်နှယ်ဘဲဖြစ်ဖြစ် လေးနာရီ မထိုးဘဲတော့ ဘုန်းကြီးက ဒီတရား ရပ်မှာမဟုတ်ဘူး၊ ဟုတ်လား၊ သိကြားမင်း ကတော့ဖြင့် မြတ်စွာဘုရားကို ခပ်တိုတို ခပ်ကျဉ်းကျဉ်းနဲ့ တဏှာကုန်တဲ့ ကျင့်စဉ် ကို မြန်မြန်ဟောပေးစမ်းပါဘုရားတဲ့၊ရဟန္တာပုဂ္ဂိုလ်များ အကျဉ်းချုပ် ဘယ်လို အကျင့်ကို ကျင့်လို့ တဏှာ ကုန်သွားကြပါသလဲ ဘုရားလို့ မြတ်စွာဘုရားကို သိကြားမင်းကလျှောက်တယ်။ မြန်မြန်ဟောပေးတော်မူပါတဲ့ အဋ္ဌကထာက ဖြည့်စွက် ပြောပေးတယ်။

**မြတ်စွာဘုရားဖြေဆိုချက်။** ။ဒီတော့ မြတ်စွာဘုရားကလဲ ဟောလိုက်ပါတယ် ခပ်တိုတိုဘဲ၊ ဘယ့်နှယ် ဟောသလဲဆိုတော့—

ဣဓ ဒေဝါနမိန္ဒ ဘိက္ခုနော သုတံ ဟောတိ "သဗ္ဗေ ဓမ္မာ နာလံ အဘိနိဝေသာယာ"တိ။

ဒေဝါနမိန္ဒ၊ သိကြားမင်း။ ဣဓ၊ ဤငါဘုရားရှင် သာသနာတော်မြတ်၌။ ဘိက္ခုနော၊ ရဟန်းအား။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဓမ္မာ၊ ခန္ဓာငါးပါး, အာယတနတဆဲ့နှစ်ပါး, ဓာတ်တဆဲ့ရှစ်ပါးဟု ဆိုအပ်သော အလုံးစုံသော ဝိညာဉ်, နာမ်, ရုပ်, (စိတ်,စေတသိက်,ရုပ်)တရားတို့သည်။ အဘိနိဝေသာယ၊ တဏှာဒိဋ္ဌိတို့ဖြင့် စွဲလမ်းသိမ်းပိုက်၍ ထားခြင်းငှါ။ နာလံ၊ မသင့်ကုန်။ ဣတိ၊ ဤသို့။ သုတံ၊ ကြားဘူး၍နေသည်။ ဟောတိ၊ ဖြစ်လေတော့၏။

သိကြားမင်းတဲ့ ငါဘုရားရဲ့ သာသနာတော်မှာ တရားအားထုတ်လိုသော အမျိုးကောင်းသား, အမျိုးကောင်းသမီးသည် အလုံးစုံသော ခန္ဓာငါးပါး, အာယတနတဆဲ့နှစ်ပါး,ဓာတ်တဆဲ့ရှစ်ပါးလို့ခေါ်ကြတဲ့ဝိညာဉ်,နာမ်,ရုပ်(တနည်း စိတ်,စေတသိက်,ရုပ်) အဲဒီတရားတွေကို ငါ့ဥစ္စာအနေနဲ့သော်၎င်း, ငါ့အနေနဲ့ သော်၎င်း တဏှာဒိဋ္ဌိတို့ဖြင့် မှားသောအားဖြင့် သုံးသပ်ယူစွဲခြင်းငှါ မသင့်ဘူး လို့ဆိုတာ ကြားဘူးနေတယ်တဲ့။ (မှန်ပါ)

**ပရိညာ ၃-ပါးဖြင့် တရားသိပုံ။** ။အဲဒီလို ကြားဘူးသည် ဖြစ်သောကြောင့်—

ဧဝံ စေတံ ဒေဝါနမိန္ဒ ဘိက္ခုနော သုတံ ဟောတိ "သဗ္ဗေ ဓမ္မာ နာလံ အဘိနိဝေသာယာ"တိ။ သော သဗ္ဗံ ဓမ္မံ အဘိဇာနာတိ။

အဲဒီလို ကြားဘူးနေတဲ့အတွက်— သောဘိက္ခု၊ ထိုရဟန်းသည်။ သဗ္ဗံ-ဓမ္မံ၊အလုံးစုံသော ခန္ဓာငါးပါး, အာယတနတဆဲ့နှစ်ပါး, ဓာတ်တဆဲ့ရှစ်ပါး, ဝိညာဉ်,နာမ်,ရုပ် (စိတ်,စေတသိက်,ရုပ်) တရားကို။ အဘိဇာနာတိ၊ ဉာတ-ပရိညာဟူသော ထူးသောဉာဏ်ဖြင့် သိ၏။

တီရဏပရိညာယ သဗ္ဗံမ္မေံ ပရိဇာနာတိ။

သဗ္ဗံဓမ္မံ၊ အလုံးစုံသော ခန္ဓာငါးပါးစသောတရားကို။ သဗ္ဗံဓမ္မံ၊ အလုံးစုံ သော ဝိညာဉ်,နာမ်,ရုပ် (စိတ်,စေတသိက်,ရုပ်)တရားကို။ တီရဏပရိညာယ၊ တီရဏပရိညာဟူသော ထူးသောဉာဏ်ဖြင့်။ပရိဇာနာတိ၊ အနိစ္စ,ဒုက္ခ,ဝိပရိ-ဏာမ,အနတ္တအနေအားဖြင့် ပိုင်းခြား၍ သိ၏။

သဗ္ဗံမမ္ပံ ပရိညာယ ယံကိဉ္စိ ဝေဒနံ ဝေဒေတိ သုခံဝါ ဒုက္ခံဝါ အဒုက္ခ-မသုခံဝါ။

သဗ္ဗံမမ္ပံ၊ အလုံးစုံသောတရားတွေကို။ ပရိညာယ၊ တီရဏပရိညာ-ဖြင့် ပိုင်းခြား၍ သိသောကြောင့်။ (သူ ဘာလုပ်သလဲ) သုခံဝါ၊ သုခဖြစ်သော။ ဒုက္ခံဝါ၊ ဒုက္ခဖြစ်သော။ အဒုက္ခမသုခံဝါ၊ အဒုက္ခမသုခဖြစ်သော။ ကိဉ္စိ၊ အနည်းငယ်မျှသော။ ယံဝေဒနံ၊ အကြင်ဝေဒနာကို။ ဝေဒေတိ၊ ခံစား၏။

**အနုပဿီ ၄-မျိုးဖြင့် နေပုံ။**　။ဟော ရုပ်တရားတွေကို အခြေခံထားပြီးတော့ အနိစ္စ ဒုက္ခ ဝိပရိဏာမလို့ ရှုပြီးတော့ သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာဆိုတဲ့ ဝေဒနာသုံးမျိုးမှာ တမျိုးမျိုး သူ ခံစားတယ်ဆိုပါတော့တဲ့၊ အဲဒီလို ခံစားတဲ့အခါမှာ သူ ဘယ်လိုသိနေသလဲ ဒီဝေဒနာကို။

သော တာသု ဝေဒနာသု အနိစ္စာနုပဿီ ဝိဟရတိ၊ ဝိရာဂါနုပဿီ ဝိဟရတိ၊ နိရောဓာနုပဿီ ဝိဟရတိ၊ ပဋိနိဿဂ္ဂါနုပဿီ ဝိဟရတိ။

သော၊ ထိုရုပ်တရား၌ ဉာတပရိညာ တီရဏပရိညာတို့ဖြင့် ပိုင်းခြား၍ သိပြီးသော အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ တာသု ဝေဒနာသု၊ ထိုဝေဒနာတို့၌။ အနိစ္စာနုပဿီ၊ အနိစ္စဟု ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ (အလုံးစုံသော ဝေဒနာတို့ကို ဘာလို့ရှုသလဲ၊ အနိစ္စ နေ၁) ဝိရာဂါနုပဿီ၊ ဝိရာဂဟု ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ နိရောဓာနုပဿီ၊ နိရောဓဟု ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ပဋိ-နိဿဂ္ဂါနုပဿီ၊ ပဋိနိဿဂ္ဂဟု ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

ဘယ်နှစ်ချက်လဲ (လေးချက်ပါဘုရား) လေးချက် အနိစ္စ, ဝိရာဂ, နိရောဓ, ပဋိနိဿဂ္ဂ။

**အာသဝေါကင်းပုံ။**　။သော တာသု ဝေဒနာသု အနိစ္စာနုပဿီ ဝိဟရန္တော ဝိရာဂါနုပဿီ ဝိဟရန္တော နိရောဓာနုပဿီ ဝိဟရန္တော ပဋိနိဿဂ္ဂါနုပဿီ ဝိဟရန္တော န ကိဉ္စိ လောကေ ဥပါဒိယတိ၊ အနုပါဒိယံ န ပရိတဿတိ။

ဒေဝါနမိန္ဒ၊ သိကြားမင်း။ သောကုလပုတ္တော၊ ထိုအမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ တာသု ဝေဒနာသု၊ ထိုဝေဒနာတို့၌။ အနိစ္စာနုပဿီ၊ အနိစ္စဟု ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရန္တော၊ နေလျက်။ ဝိရာဂါနုပဿီ၊ ဝိရာဂဟု ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရန္တော၊ နေလျက်။ နိရောဓာနုပဿီ၊ နိရောဓဟု ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရန္တော၊ နေလျက်။ ပဋိနိဿဂ္ဂါနုပဿီ၊ ပဋိနိဿဂ္ဂဟု ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရန္တော၊ နေလျက်။ လောကေ၊ လောက၌။ ကိဉ္စိ၊ တစုံတခုသော သင်္ခါရတရားကိုမျှ။ န ဥပါဒိယတိ၊ တဏှာဒိဋ္ဌိမာနတို့ဖြင့် မစွဲလမ်း

တော့။ (အဲဒီလို ဝေဒနာတွေပေါ်မှာ တဏှာရယ် ဒိဋ္ဌိရယ် လောဘ မာနဆိုတဲ့ တရားတို့နဲ့ မစွဲလမ်းတော့ဘူးတဲ့)။ အနုပါဒိယံ၊ ငါ ငါ့ဥစ္စာဟု မစွဲလမ်းသည် ဖြစ်၍။ န ပရိတဿတိ၊ ဝေဒနာကို မတပ်မက်တော့။ (တဏှာ ကွာသွားပြီနော်)

"အပရိတဿံ ပစ္စတ္တညေဝ ပရိနိဗ္ဗာယတိ၊ ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မ-စရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ"။

အပရိတဿံ၊ မတပ်မက်သည်ရှိသော်။ ပစ္စတ္တညေဝ၊ မိမိကိုယ်တိုင်သာလျှင်။ ပရိနိဗ္ဗာယတိ၊ ကိလေသာမီးအားလုံး ရဟန္တာဖြစ်အောင် ငြိမ်းရလေတော့၏။ (ငြိမ်းသွားပြီ ဟုတ်လား) ခီဏာ ဇာတိ၊ ပဋိသန္ဓေနေမှု ကုန်ပြီတဲ့၊ (အဲဒီပုဂ္ဂိုလ်)။ ဝုသိတံ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်လဲ ကျင့်ပြီးပြီတဲ့။ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ၊ နောက်တဖန် မဂ်ကိစ္စ ၁၆-ချက်အလို့ငှါ ကျင့်စရာမရှိတော့ဘူးလို့ သိသွားပြီတဲ့။

အဲဒီလို မြတ်စွာဘုရားက တရားတော်ကို အကျဉ်းချုပ်လဲ ဟောပြီးရော တာဝတိံသာက သိကြားမင်းလဲ—

ဘဂဝတော ဘာသိတံ အဘိနန္ဒိတွာ အနုမောဒိတွာ ဘဂဝန္တံ အဘိဝါ-ဒေတွာ ပဒက္ခိဏံ ကတွာ တတ္ထေဝန္တရဓာယိ။

ဒီနေရာတင်ဘဲ မြတ်စွာဘုရားကို အရိုအသေပြုပြီး သိကြားမင်း ပျောက်သွားရောနော်၊ အဲဒီ စူဠတဏှာသင်္ခယသုတ္တန်မှာ အဲဒါလောက်ဘဲ မြတ်စွာဘုရား ဟောတော်မူတယ်။

နောက်ပိုင်းက ဟောတာတွေကတော့ အရှင်မဟာမောဂ္ဂလ္လာန် ကိုယ်တော်ကြီး တာဝတိံသာကို လိုက်သွားတာတို့, ဘာတို့၊ ကဲ ဒါတွေတော့ ရှိပစေတော့ ဟုတ်လား၊ တရားသဘောက ဒါဘဲရှိတယ်၊ ဟုတ်လား၊ ဝေဒနာကို အခြေခံပြီးတော့ မြတ်စွာဘုရား ဟောတော်မူတာ။ အဲဒီ စူဠတဏှာသင်္ခယသုတ္တန်ကို မြတ်စွာဘုရားက ခုလို ဝေဒနာကို အခြေခံဟောတာဟာလဲဘဲ အခုနင်က ကရဇကာယရဲ့ ဉာတ, တီရဏ-လို့ခေါ်တဲ့ ပရိညာနှစ်ချက်ကို အခြေခံပြီးတော့မှ သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာဆိုတဲ့ ဒီဝေဒနာသုံးချက်ကို မြတ်စွာဘုရား ဟောတော်မူပါတယ်။

**အနိစ္စာနုပဿီ။** ။အဲဒီအထဲမှာ အနိစ္စာနုပဿီ=ဝေဒနာနဲ့ ကာယကို အနိစ္စလို့ ရှုတယ်ဆိုတာ ဘယ်လိုရှုသလဲ၊ ဒီနေရာမှာ အဋ္ဌကထာဆရာကြီးက ဖွင့်ပေးထားတယ်၊ မူလပဏ္ဏာသအဋ္ဌကထာ စူဠတဏှာသင်္ခယသုတ္တန်မှာ—

အနိစ္စန္တိ တေ္တ အနိစ္စံ ဝေဒိတဗ္ဗံ၊ အနိစ္စာနုပဿနာ ဝေဒိတဗ္ဗာ၊ အနိစ္စာ-နုပဿီ ဝေဒိတဗ္ဗော။

အနိစ္စဆိုတဲ့ စကားမှာ အနိစ္စဆိုတာ သိရမယ်၊ အနိစ္စာနုပဿနာဆိုတာ သိရမယ်၊ အနိစ္စာနုပဿီဆိုတာ သိရမယ်တဲ့၊ ဘယ်နှစ်ချက်လဲ။ (သုံးချက်ပါဘုရား)။

အနိစ္စ, အနိစ္စာနုပဿနာ, အနိစ္စာနုပဿီ၊ မှတ်မိပလား။ (မှန်ပါ)။

ကဲ ဒါဖြင့် အနိစ္စဆိုတာ ဘာလဲ။

တတ္ထ အနိစ္စန္တိ ပဉ္စက္ခန္ဓာ။ တေ ဟိ ဥပ္ပါဒဝယဋ္ဌေန အနိစ္စာ။

တတ္ထ၊ ထို အနိစ္စ အနိစ္စာနုပဿနာ အနိစ္စာနုပဿီတို့တွင်။ အနိစ္စန္တိ၊ အနိစ္စဟူသည်ကား။ ပဉ္စက္ခန္ဓာ၊ ခန္ဓာငါးပါးတို့ပေတည်း။

အနိစ္စဆိုတာ ဘယ်သူလဲ။ (ခန္ဓာငါးပါးပါဘုရား)။

ခန္ဓာငါးပါးကို ဘာလို့ခေါ်သလဲ။ (အနိစ္စလို့ခေါ်ပါတယ်ဘုရား)။

အနိစ္စဆိုတာ ဘယ်သူကိုခေါ်သလဲ။ (ခန္ဓာငါးပါးကိုပါဘုရား)။

ဟုတ်လား၊ ဘုန်းကြီးတို့ပရိသတ် သိနေတာက အနိစ္စဆိုတာ မမြဲတာကို ခေါ်တယ်ချည်း သိနေတယ်ထင်တယ်။ မမြဲတာကို ပြောတာမဟုတ်ဘူး၊ ခန္ဓာငါးပါးကို **အနိစ္စ**လို့ ခေါ်ပါတယ်တဲ့၊ အနိစ္စဆိုတာ ဘယ်သူလဲ။ (ခန္ဓာငါးပါးပါဘုရား)။

အာယတန တဆဲ့နှစ်ပါးလဲ ပါတယ်, ဓာတ် တဆဲ့ရှစ်ပါးလဲ ပါတယ်, ပဋိစ္စ သမုပ္ပါဒ်တွေလဲ ပါတယ် နော် အနိစ္စထဲမှာ။ တနည်းပြောရမယ်ဆိုရင် **အနိစ္စ** ဆိုတာ ဝိညာဉ် နာမ် ရုပ်၊ တနည်းပြောရင် စိတ်, စေတသိက်, ရုပ်၊ အဲဒီတရား တွေဟာ အနိစ္စ၊ ဘာပြုလို့ ဒီတရားတွေကို အနိစ္စလို့ခေါ်သလဲဆိုတော့—

"တေ ဟိ ဥပ္ပါဒဝယဋ္ဌေန အနိစ္စာ"။ ဟိ၊ မှန်၏။ တေ၊ ထိုခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်။ ဥပ္ပါဒဝယဋ္ဌေန၊ ဖြစ်ခြင်း ကုန်ခြင်း ပျောက်ခြင်း သဘောရှိသောကြောင့်။ အနိစ္စာ၊ အနိစ္စတို့မည်ကုန်၏။

ဘာပြုလို့ ခန္ဓာငါးပါးကို အနိစ္စလို့ခေါ်သလဲဆိုတော့ ကုန်တဲ့ ပျောက်တဲ့ သဘော,ဖြစ်တဲ့ ပျက်တဲ့သဘောရှိသည်ဖြစ်သောကြောင့်၊ ခန္ဓာငါးပါးကို ဘာလို့ ခေါ်သလဲ။ (အနိစ္စလို့ခေါ်ပါတယ်ဘုရား)။

ဟုတ်လား။ (မှန်ပါ)။

ဒီတော့ ဖြစ်ပျက်က အနိစ္စလား,ခန္ဓာငါးပါးက အနိစ္စလား။ (ခန္ဓာငါးပါးက အနိစ္စပါဘုရား)။

ဘာပြုလို့ ခန္ဓာငါးပါးကို အနိစ္စခေါ်သလဲ၊ ဖြစ်ပျက်ရှိလို့၊ ဟုတ်ပလား။
(မှန်ပါဘုရား)။
သဘောကျပြီနော်။ (မှန်ပါ)။
အနိစ္စသိသွားပြီ နော်။ (မှန်ပါ)။
**အနိစ္စာနုပဿနာ**က ဘာကိုခေါ်သလဲဆိုတော့—

အနိစ္စာနုပဿနာတိ ပဉ္စက္ခန္ဓာနံ ခယတော ဝယတော ဒဿနဉာဏံ။

ပဉ္စက္ခန္ဓာနံ၊ ခန္ဓာငါးပါးတို့အား။ ခယတောဝယတော၊ ကုန်တဲ့ ပျောက်တဲ့အနေအားဖြင့်။ ဒဿနဉာဏံ၊ မြင်သောဉာဏ်သည်။ အနိစ္စာနုပဿနာ၊ အနိစ္စာနုပဿနာမည်၏။

အနိစ္စာနုပဿနာဆိုတာ ခန္ဓာငါးပါးတို့ရဲ့ ကုန်ခြင်း ပျောက်ခြင်းကို မြင်နေတဲ့ အသိဉာဏ်ကို ဘာလို့ခေါ်သလဲ၊ အနိစ္စာနုပဿနာလို့ ခေါ်တယ်။

အနိစ္စာနုပဿီတိ တေန ဉာဏေန သမန္နာဂတော ပုဂ္ဂလော။

**အနိစ္စာနုပဿီ**ဆိုတာကတော့ အဲဒီခန္ဓာငါးပါးတို့ရဲ့ အဖြစ်အပျက်ကို မြင်နေတဲ့ ဉာဏ်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကို အနိစ္စာနုပဿီပုဂ္ဂိုလ်လို့ခေါ်တယ်၊ ဟုတ်လား။
(မှန်ပါ)။ အနိစ္စ သုံးခု ပြီးသွားပြီ။

**ဝိရာဂါနုပဿီ**။ ။ဝိရာဂဆိုတာ ဘာကိုခေါ်သလဲ၊ ပါဠိတော်က ပြောထားတယ် "ဝိရာဂါနုပဿီ ဝိဟရတိ"၊ ဝိရာဂဆိုတာ ဘာကိုခေါ်သလဲ ဆိုရင် ဝိရာဂကျတော့ ဘုန်းကြီးတို့ပရိသတ်ကလဲ "ဝိရာဂေါတိ မဂ္ဂေါ"လို့ တယ်သုံးတာကို၊ ဟုတ်လား။ အဲဒီတော့ ဝိရာဂနဲ့ပတ်သက်လို့ အဋ္ဌကထာဆရာကြီးကလဲ ဒီမှာဖွင့်ပေးထားတာရှိတယ်။ "ဝိရာဂေါတိ ဧတ္ထ ဒွေ ဝိရာဂါ ခယဝိရာဂေါ စ အစ္စန္တဝိရာဂေါ စ"ဆိုတော့ ဝိရာဂကနှစ်မျိုးရှိတယ်။ ဝိရာဂ ဘယ်နှစ်မျိုးရှိသလဲ?
(နှစ်မျိုးပါဘုရား)။

နှစ်မျိုးက ဘာလဲ၊ ခယဝိရာဂ, အစ္စန္တဝိရာဂလို့ နှစ်မျိုး။ ဘာဝိရာဂနဲ့ ဘာဝိရာဂတဲ့လဲ? (ခယဝိရာဂနဲ့ အစ္စန္တဝိရာဂပါဘုရား)။

တတ္ထ သင်္ခါရာနံ ခယဝယတော အနုပဿနာပိ အစ္စန္တဝိရာဂံ နိဗ္ဗာနံ ဝိရာဂတော ဒဿနမဂ္ဂဉာဏမ္ပိ ဝိရာဂါနုပဿနာ။ တဒုဘယသမင်္ဂီပုဂ္ဂလော ဝိရာဂါနုပဿီ နာမ၊ တံ သန္ဓာယ ဝုတ္တံ ဝိရာဂါနုပဿီတိ·တဲ့ အဋ္ဌကထာက။

အဲဒါ အဓိပ္ပါယ်ပြောမလို့·ဝိရာဂနှစ်မျိုးက ခယဝိရာဂ, အစ္စန္တဝိရာဂ။ **ခယဝိရာဂ**ဆိုတာ ဝိညာဉ် နာမ် ရုပ် (စိတ် စေတသိက် ရုပ်) တရားတို့ရဲ့ ကုန်ခြင်း

ပျောက်ခြင်းကို မြင်သောဉာဏ်သည် ခယဝိရာဂ။ ဟုတ်လား၊ ဝိပဿနာဉာဏ်သည် ခယဝိရာဂ။

စင်စစ် ရာဂကင်းရာဖြစ်သော နိဗ္ဗာန်ကိုမြင်နိုင်တဲ့မဂ်ဉာဏ်သည် **အစ္စန္တဝိရာဂ**။ ဒီတော့ "ဝိရာဂေါတိမဂ္ဂေါ"ဆိုတဲ့ နေရာမှာ ဘယ်ဝိရာဂကို မဂ်လို့ ပြောနေတာလဲ၊ အစ္စန္တဝိရာဂ-ကိုသာ မဂ်လို့ပြောတာ၊ ခယဝိရာဂကို မဂ်လို့ ပြောတာ မဟုတ်ဘူး၊ ဘုန်းကြီးတို့ပရိသတ် အဲဒါ ခွဲမှတ်ရမယ် နော်။　　(မှန်ပါ)။

ကိုင်း ရှေ့တခါသွားမယ်။

အဲဒီ ဝိရာဂနှစ်ခုစလုံးနဲ့, "တဒုဘယသမင်္ဂီပုဂ္ဂလော ဝိရာဂါနုပဿီ နာမ"။ အစ္စန္တဝိရာဂ, ခယဝိရာဂ နှစ်ပါးနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကို ဝိရာဂါနုပဿီပုဂ္ဂိုလ်လို့ ခေါ်ပါတယ်တဲ့။ ဒါ "ဝိရာဂါနုပဿီ ဝိဟရတိ"အရ နော်။

**နိရောဓာနုပဿီ**။　။"နိရောဓာနုပဿီတိ ဧသေဝ နယော"တဲ့ အဋ္ဌကထာက။ **နိရောဓာနုပဿီ** ကျတော့ အဲဒီ ဝိရာဂါနုပဿီအတိုင်းဘဲတဲ့၊

နိရောဓ-ကလဲ နှစ်မျိုးရှိပါတယ်တဲ့၊ အစ္စန္တနိရောဓနဲ့ ခယနိရောဓ နော်။

**ပဋိနိဿဂ္ဂါနုပဿီ**။　။ဝိပဿနာဉာဏ်နဲ့ မဂ်ဉာဏ်ကို အဋ္ဌကထာက ဆက်ပြောအုံးမယ်—

ပဋိနိဿဂ္ဂါနုပဿီတိ ဧတ္ထ ပဋိနိဿဂ္ဂေါ ဝုစ္စတိ ဝေါဿဂ္ဂေါ။

**ပဋိနိဿဂ္ဂဆိုတာ** ဝေါဿဂ္ဂ၊ စွန့်လွှတ်ခြင်းကို ဆိုတာတဲ့။

"သောစ ပရိစ္စာဂဝေါဿဂ္ဂေါ ပက္ခန္ဒနဝေါဿဂ္ဂေါတိ ဒုဝိဓော ဟောတိ။

အဲဒီ ဝေါဿဂ္ဂကလဲဘဲ ပရိစ္စာဂဝေါဿဂ္ဂ, ပက္ခန္ဒနဝေါဿဂ္ဂလို့ နှစ်မျိုးရှိတယ်တဲ့။

**ပဋိနိဿဂ္ဂါနုပဿီ**ဆိုတာ အဲဒီ ဝေါဿဂ္ဂနှစ်မျိုးနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ကို ခေါ်တယ်။

**ဝေါဿဂ္ဂ**။　။**ဝေါဿဂ္ဂဆိုတာ** နှစ်မျိုးရှိတယ်တဲ့ အဋ္ဌကထာက၊ ဘာရယ် ဘာရယ်တဲ့လဲ၊ ပရိစ္စာဂဝေါဿဂ္ဂ,ပက္ခန္ဒနဝေါဿဂ္ဂ။ အဲဒီ နှစ်မျိုးတို့တွင် ပရိစ္စာဂဝေါဿဂ္ဂဆိုတာ ဘာလဲ။

ပရိစ္စာဂဝေါဿဂ္ဂေါတိ ဝိပဿနာ။

**ပရိစ္စာဂဝေါဿဂ္ဂ-ဆိုတာ** ဝိပဿနာဉာဏ်ကို ခေါ်ပါတယ်။ "သာ ဟိ တဒင်္ဂဝသေန ကိလေသေစ ခန္ဓေစ ဝေါဿဇ္ဇတိ" ဝိပဿနာဉာဏ်ဆိုတာတဲ့ တဒင်္ဂ၏

အစွမ်းအားဖြင့် ကိလေသာကိုလဲ စွန့်တယ်, ခန္ဓာကိုလဲ စွန့်တယ်၊ ဒါကြောင့် သူ့ကို ပရိစ္စာဂဝေါဿဂ္ဂလို့ ခေါ်ပါတယ်တဲ့။

ဒွိဟိပိ ဝါ ကာရဏေဟိ ဝေါဿဂ္ဂေါယေဝ သမုစ္ဆေဒဝသေန ခန္ဓာနံ ကိလေသာနဥ္စ ဝေါဿဇ္ဇနတော နိဗ္ဗာနဥ္စ ပက္ခန္ဒနတော၊ တသ္မာ ကိလေသေ စ ခန္ဓေ စ ပရိစ္စဇတီတိ ပရိစ္စာဂဝေါဿဂ္ဂေါ။

ကိလေသာတွေကိုကော ခန္ဓာတွေကိုကော စွန့်သည်ဖြစ်သောကြောင့် သူ့ကို ပရိစ္စာဂဝေါဿဂ္ဂလို့ ခေါ်ပါတယ်တဲ့၊ ဟုတ်လား။ နှစ်ခုစလုံး မင်္ဂနဲ့ညီညွတ် တာချည်းဘဲ။

**ယောဂီမျက်စိလယ်ပုံ။** ။ဝိပဿနာရှုနေတဲ့အခါ ခန္ဓာကိုလဲ စွန့်ထားတယ်၊ ကိလေသာကိုလဲ စွန့်ထားတယ်၊ ဒါ ဝိပဿနာ၊ အဲဒီတော့ ဒီနေရာမှာ ဘယ်လောက် အရေးကြီးသလဲဆိုတော့ ပက္ခန္ဒနဝေါဿဂ္ဂကို မရောက်ဘဲနဲ့ အဲဒီပရိစ္စာဂဝေါဿဂ္ဂလို့ဆိုတဲ့ ဝိပဿနာနေရာမှာ မျက်စိအင်မတန် လယ်တတ်တယ်၊ ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်မှာ ဝိပဿနုပက္ကိလေသတရားတွေလို့ခေါ် တဲ့ ဩဘာသ, ပီတိ, ပဿဒ္ဓိ, သုခ, ဉာဏ-စတဲ့ တရားတွေ ပေါ်တယ်လို့ ပြောသံ မကြားဘူးဘူးလား? (ကြားဘူးပါတယ်ဘုရား)။

အဲဒီနေရာမှာ မင်္ဂလို့ထင်တယ်တဲ့ ဝိပဿနာဉာဏ်ကို၊ ဘာပြုလို့လဲ၊ တဒင်္ဂ၏ အစွမ်းအားဖြင့် ဝိပဿနာရှုနေတုန်းမှာ, ရှုနေစဉ်မှာ ကိလေသာလဲ စွန့်ထား တယ်, ခန္ဓာလဲ စွန့်ထားတယ်ဆိုတော့ ငြိမ်းမနေဘူးလား? (ငြိမ်းနေပါ တယ်ဘုရား)။

အဲဒါကို နိဗ္ဗာန်ဘဲလို့ ဒီလိုမအောက်မေ့တတ်ဘူးလား? (အောက်မေ့တတ်ပါ တယ်ဘုရား)။

အဲဒီတော့ စိတ်ကို မနှစ်သက်ဘူးလား? (နှစ်သက်ပါတယ်ဘုရား)။

သိပ်ချမ်းသာမနေဘူးလား? (ချမ်းသာပါတယ်ဘုရား)။

ပေါ်လာလိမ့်မယ်၊ ပါဠိတော်တခု ရွတ်အုံးမယ်၊ အဲဒီနေရာမှာ သိပ်အရေး ကြီးလို့ ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ သေ သေချာချာ ဂရုစိုက်ပြီးတော့ နားထောင်စမ်းပါ။ ဝိပဿနာရှုကွက်နဲ့ ပတ်သက် ပြီးတော့ ဝိပဿနာရှုနေစဉ် ပရိစ္စာဂဝေါဿဂ္ဂ ဖြစ်မနေဘူးလား။ (ဖြစ်နေ ပါတယ်ဘုရား)။

ပရိစ္စာဂဝေါဿဂ္ဂ ဖြစ်နေတယ်ဆိုတော့ ဘာတွေစွန့်ထားသလဲ၊ တဒင်္ဂ၏ အစွမ်းအားဖြင့် ကိလေသာတွေလဲ စွန့်ထားတယ် ခန္ဓာလဲ စွန့်ထားတယ်၊

ဒီတော့ ကိလေသာတွေဆိုတာက စိတ်ဆိုးတာ, စိတ်ညစ်တာ, စိတ်ကောက်တာ, စိတ်ပူတာတွေကို ကိလေသာတွေလို့ ခေါ်တယ်။

**ဝိပဿနာညစ်ညူးပုံ။** ။အဲဒါတွေကို စွန့်ထားတော့ စိတ်ချမ်းသာ မနေဘူးလား။ (ချမ်းသာနေပါတယ်ဘုရား)။

ခန္ဓာလဲ စွန့်ထားတယ်ဆိုတော့ ခန္ဓာက အဖြစ်အပျက်တွေကို စွန့်မထားဘူးလား။ (စွန့်ထားပါတယ်ဘုရား)။

ဒါ ပဋိနိဿဂ္ဂါနုပဿီရဲ့ အဖွင့်ကို ဟောပေးနေတာနော်။ (မှန်ပါ)။

ဒီတော့ ဒီကမ္မဋ္ဌာန်းအားထုတ်တဲ့ ယောဂါဝစရပုဂ္ဂိုလ်မှာ ဘယ်လို ဖြစ်လာသလဲလို့ဆိုတော့ ဝိပဿနာအားထုတ်နေရင်း ကိလေသာနဲ့ ခန္ဓာကို ဝိပဿနာဉာဏ်က တဒင်္ဂ၏အစွမ်းအားဖြင့် စွန့်ထားလိုက်တော့ စိတ်ထဲ ဘယ့်နှယ်ဖြစ်နေသလဲ၊ ဉာဏ်က အင်မတန်ကောင်းနေပြီ၊ ဝိပဿနာဉာဏ် အင်မတန် တက်နေတယ်။ နောက်ပြီးတော့ အဲဒီ ကိလေသာတွေ ခန္ဓာတွေကို တဒင်္ဂ၏အစွမ်းအားဖြင့် စွန့်ထားသည်ဖြစ်သောကြောင့် ငြိမ်းမနေဘူးလား သူ။ (ငြိမ်းနေပါတယ်ဘုရား။)

အဲဒီ ငြိမ်းမှုကလေးကို သူ သိပ် နှစ်သက်နေတယ်၊ အဲဒါ ပီတိ။ ပြီးတော့ မျက်လုံးလေး မဖွင့်ချင်တော့ဘူး၊ အဲဒီတော့ အဲဒီတရားလေးနဲ့ဘဲ နေချင်တော့တယ်။ ဟာ—ဒါဟာ နိဗ္ဗာန်ဘဲ, လူတွေကိုလဲ စကားမပြောချင်တော့ဘူး၊ စားရေး, သောက်ရေးတွေလဲ ဂရုမစိုက်ချင်တော့ဘူး၊ မိတ်ဆွေသင်္ဂဟတွေလဲ သိပ်ပြီးတော့ ဂရုမစိုက်ချင်ဘူး၊ လွတ်ရာမှာ ဒီတရားကလေးနဲ့ဘဲ နေချင်တော့တယ်ဆိုတဲ့စိတ် ပေါ်လာတယ်၊ ဒါ **ပဿဒ္ဓိသဘော**။ တကိုယ်လုံး စိမ့်ပြီးတော့ အေးငြိမ်း ပြီးတော့ သိပ်နေလို့ ကောင်းနေတယ်။ ဒါဟာ ပရိစ္စာဂဝေါသဂ္ဂဆိုတဲ့ ဝိပဿနာဉာဏ်မှာ တွေ့နေတဲ့ အတွေ့နော်။ (မှန်ပါ)။

တရားအားထုတ်တဲ့ အမျိုးကောင်းသားတွေ တွေ့ဘူးလိမ့်မယ် အဲဒီလို တွေ့လာတော့ သူ ဘာဖြစ်လာသလဲဆိုတော့ ဒီနေရာမှာ **သုခ**လို့ဆိုတဲ့ ချမ်းသာ ဝင်မလာဘူးလား။ (ဝင်လာပါတယ်ဘုရား)။

တဒင်္ဂ၏ အစွမ်းအားဖြင့် ကိလေသာတွေ,ခန္ဓာတွေ စွန့်ထားတော့ ချမ်းသာ မနေဘူးလား။ (ချမ်းသာနေပါတယ်ဘုရား)။

အဲဒီလို ချမ်းသာနေတော့ ဘာတွေ ဝင်နေသလဲဆိုတော့ ပဋိသမ္ဘိဒါမဂ်ပါဠိတော်ကြီးက ပြောထား.တယ်—

ဩဘာသေ စေဝ ဉာဏေ စ၊ ပီတိယာ စ ဝိကမ္ပတိ။
ပဿဒ္ဓိယာ သုခေစေဝ၊ ယေဟိ စိတ္တံ ပဝေဓတိ။

ဝိပဿနာစိတ်တွေ ဖောက်ပြားကုန်ပြီတဲ့၊ ဟုတ်လား၊ ဘယ်လိုလဲ အဓိပ္ပါယ်က၊ အဲဒီ ပရိစ္ဆာဂဝေါဿဂ္ဂမှာ တွေ့နေတဲ့ ပီတိ, ပဿဒ္ဓိ, သုခတို့ကြောင့် ယေဟိ၊ ယင်း ပီတိ ပဿဒ္ဓိဆိုတဲ့ တရားတို့ကြောင့်။ စိတ္တံ၊ ဝိပဿနာရှုနေတဲ့ စိတ်သည်။ ပဝေဓတိ၊ တုန်လှုပ်ချောက်ချား၍ နေလေတော့၏။

**ဆရာကောင်းလိုပုံ။** ။နှစ်နေပြီ သူ၊ မတက်တော့ဘူး၊ အဲဒီ နေရာမှာ ကမ္မဋ္ဌာန်းဆရာအင်မတန်အရေးကြီးတယ်။"ယထာဘူတဉာဏဒဿာယ သတ္ထာ ပရိယေသိတဗ္ဗာ"ကို ဒီအချက်မှာ မြတ်စွာဘုရား နာနာဟောပေးတယ်။ ဒါ ပရိစ္ဆာဂဝေါဿဂ္ဂပါတဲ့၊ ဝိပဿနာဉာဏ်လောက်ပဲ ရှိပါသေးတယ် တဲ့ဆိုလိုတဲ့အဓိပ္ပါယ်က။ ဒါဖြင့် ဘယ်ကတက်ရမလဲဘုရားလို့ဆိုတော့ တရား အဲဒီနေရာရောက်သွားရင် တရားတက်နည်း မလိုဘူးလား။ (လိုပါတယ် ဘုရား)။

ဘယ်က တက်မလဲ ဒီတရား၊ ဒီတော့ ကမ္မဋ္ဌာန်းဆရာက ပြောလိမ့်မယ် "မင်း ဒါတွေ မေးမနေပါနဲ့ကွာ တက်ဖို့တွေ, ဘာတွေကို၊ တရားသာ ကြိုးစား အားထုတ်ပါ"လို့ သူက ပြောလိမ့်မယ်။ ဘယ်လို တက်ရမလဲ ဆိုတာလဲ သူက မသိဘူး၊ ဒီတော့ အဲဒီက တရားအားထုတ်၊ နောက်ကပြန် အားထုတ်၊ ဒီနေရာမှာ နှစ်နေပြန်၊ နောက်ပြန် အားထုတ်၊ ဆရာသွားလျှောက်တယ် ဒီလိုဒီလို ဖြစ်နေပါတယ်လို့ ဆိုတော့၊ ကဲ ဒါဖြင့် နောက်ပြန်အားထုတ်၊ တက်လာခဲ့ ဒီနေရာရောက်ပြန်, နှစ်နေပြန်၊ အဲဒီလိုချည်း ခံနေလိုက်ရတာ ပါဠိတော်မသွား သရွေ့ ကာလပတ်လုံး အဲဒီလိုဘဲ ခံနေရတယ်။ ပါဠိတော်က ဒီနေရာမှာ ဘယ့်နှယ်ပြောထားသလဲ ဆိုတော့ အဲဒီနေရာမှာ ပီတိကို ခွါပစ်ပါတဲ့။ ဘာတဲ့လဲ။ (ပီတိကိုခွါရမယ် ဘုရား)။

ပီတိယာ စ ဝိရာဂါ ဥပေက္ခကော စ ဝိဟရတိ သတော စ သမ္ပဇာနော။ ပါဠိတော်။

ဒီတော့ ဒီပီတိကို ဘယ့်နှယ်လုပ်ခွါမလဲ နှစ်သက်နေတာကြီးကို၊ ဒီပီတိမှာ ဘာရှိသလဲဆိုတော့ ဥပ္ပါဒ, ဝယ, အညထတ္တ၊ မရှိဘူးလား။ (ရှိပါတယ်ဘုရား)

ပီတိမှာ ဥပ္ပါဒ=ဖြစ်တယ်, ဝယ=ပျက်တယ်, အညထတ္တ=ပြောင်းလဲတယ်, တမျိုးတဖုံဖြစ်တယ်ဆိုတော့ ဝိပရိဏာမအချက် မရှိဘူးလား။ (ရှိပါတယ်ဘုရား)

ပီတိရဲ့ ဥပ္ပါဒ,ဝယ,အညထတ္တကို မြင်အောင်ကြည့်လိုက်တော့ ဒီပီတိ နှစ်သက်အုံးမလား, မနှစ်သက်ဘူးလား။ (မနှစ်သက်ပါ ဘုရား)

**တရားတက်နည်း။** ။အဲဒီကနေ စတက်၊ နောက်ကို မပြန်နဲ့၊ တရားတက်နည်း ဆိုတာ၊ ဟုတ်ပလား ဘုန်းကြီးတို့ ပရိသတ်။ (မှန်ပါဘုရား)။

ကိုင်း ရှေ့သွားရအောင်၊ အဲဒါကို ဘာလို့ခေါ်သလဲ ဆိုတော့ ဝိပဿနာ ဉာဏ်၏ အစွမ်းအားဖြင့် တဒင်္ဂအနေအားဖြင့် ကိလေသာနဲ့ ခန္ဓာကို စွန့်ထားတဲ့ သဘောကို ပရိစ္စာဂဝေါဿဂ္ဂလို့ ခေါ်ပါတယ်တဲ့၊ နော်။ (မှန်ပါ)။

အဲဒါ ပရိစ္စာဂဝေါဿဂ္ဂ။ ကိုင်း ပက္ခန္ဒနဝေါဿဂ္ဂ ကျတော့ ဘာပြောသလဲ ဆိုတော့။

ပက္ခန္ဒနဝေါဿဂ္ဂ ဆိုတာက ဘာလဲ၊ "ပက္ခန္ဒနဝေါဿဂ္ဂေါတိ မဂ္ဂေါ"။ ပက္ခန္ဒနဝေါဿဂ္ဂလို့ဆိုတာ မဂ်ဉာဏ်ပါတဲ့၊ နော်။ (မှန်ပါ)။

"သော ဟိ နိဗ္ဗာနံ အာရမ္မဏံ အာရမ္မဏကရဏေန ပက္ခန္ဒတိ"။ ဟိ၊ မှန်၏။ သော၊ ထိုမဂ်ဉာဏ်သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ အာရမ္မဏံ၊ အာရုံကို။ အာရမ္မဏ-ကရဏေန၊ အာရုံပြုသောအားဖြင့်။ ပက္ခန္ဒတိ၊ ပြေးဝင်တတ်၏။ ဒါ ပက္ခန္ဒနဝေါဿဂ္ဂ။

**ဝိရာဂမဂ်။** ။"နိရောဓေ နိဗ္ဗာနဓာတုယာ စိတ္တံ ပက္ခန္ဒတီတိ ပက္ခန္ဒနဝေါ-ဿဂ္ဂေါ" နိရောဓသစ္စာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကြီးကို ဝိပဿနာ စိတ်အစဉ် ပြေးဝင်သွားတာကိုဘဲ ပက္ခန္ဒန ဝေါဿဂ္ဂလို့ခေါ်ပါတယ်၊ ဟုတ်လား။ (မှန်ပါ)။

"ဥဘယမ္ပေတံ မဂ္ဂေ သမေတိ"။ အဋ္ဌကထာက အဲဒီ ပက္ခန္ဒနဝေါဿဂ္ဂ နဲ့ ပရိစ္စာဂဝေါဿဂ္ဂပါ နှစ်ပါးစုံဟာ မဂ်နဲ့လျော်တဲ့ တရားတဲ့၊ ဟုတ်လား။ ဝိရာဂမဂ်ဆိုတာ ဒါကိုပြောနေတာ၊ ပြီးတော့မှ ဘာပြောသလဲ—

"တဒုဘယသမင်္ဂီပုဂ္ဂလော ဣမာယ ပဋိနိဿဂ္ဂါနုပဿနာယ သမန္နာ-ဂတတ္တာ ပဋိနိဿဂ္ဂါနုပဿီ နာမ ဟောတိ၊ တံ သန္ဓာယ ဝုတ္တံ ပဋိနိဿဂ္ဂါ-နုပဿီတိ"တဲ့။

အဲဒီ ပက္ခန္ဒနဝေါဿဂ္ဂနဲ့ ပရိစ္စာဂဝေါဿဂ္ဂ နှစ်ပါးစုံနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကို **ပဋိနိဿဂ္ဂါနုပဿီ** ပုဂ္ဂိုလ်လို့ ခေါ်ပါတယ်တဲ့ အဋ္ဌကထာဆရာကြီးက ဒီလိုပြော ပေးထားတယ်။ အဲဒီ ရှင်းချက်ကလေး ရှင်းပေးပြီးပြီ။

**ကာယနဲ့ဝေဒနာကို ရှုနည်း။** ။ဘုန်းကြီးတို့ အမျိုးကောင်း သားများ၊ အမျိုးကောင်း သမီးများ လေးနာရီကလဲ ထိုးတော့မယ်, ငါးမိနစ်လိုတော့တယ်၊ ဟုတ်လား၊ ဒီတော့ ကျန်တဲ့သုတ္တန်ပိုင်း တွေကို နောက်တပတ် ကျတော့ ဟောပေးမယ်။ နောက်တပတ် ကျတော့ ဝေဒနာဓာတ်တွေ ပေါ်လာပုံနဲ့ ဝေဒနာဓာတ်ရှုပုံတွေကို ဟောပေးအုံးမယ်။ ကဲ ဒီကနေ့တော့ အဲဒီ ပက္ခန္ဒနဝေါဿဂ္ဂ, ပရိစ္စာဂဝေါဿဂ္ဂအနေဖြင့် ကာယကို

ဋင်း, သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာဆိုတဲ့ ဝေဒနာသုံးပါးတို့ကို ဋင်း ဘယ့်နှယ်ရှုရမလဲ၊ "အနိစ္စာနုပဿီ ဝိဟရတိ၊ ဝိရာဂါနုပဿီ ဝိဟရတိ၊ နိရောဓာနုပဿီ ဝိဟရတိ၊ ပဋိနိဿဂ္ဂါနုပဿီ ဝိဟရတိ"။ အနိစ္စအနေအားဖြင့်ရှု၊ ဝိရာဂအနေအားဖြင့်ရှု၊ နိရောဓအနေအားဖြင့်ရှု၊ ပဋိနိဿဂ္ဂအနေအားဖြင့်ရှု။ အဲဒီလိုရှုပေးရင်—

သော ကာယေစ သုခါယစ ဝေဒနာယ ရာဂါနုသယော၊ သော ပဟီယတိ။ ကာယေစ ဒုက္ခာယစ ဝေဒနာယ ပဋိဃာနုသယော၊ သော ပဟီယတိ။ ကာယေစ အဒုက္ခမသုခါယစ ဝေဒနာယ အဝိဇ္ဇာနုသယော၊ သော ပဟီယတိ။ (ဝေဒနာသံယုတ် ဂေလညသုတ္တန်)။

သော၊ ထိုရှုပွါးဆင်ခြင်၍ နေသော။ ကုလပုတ္တော၊ အမျိုးကောင်းသား အမျိုးကောင်းသမီးသည်။ ကာယေစ၊ ကိုယ်၌ဋင်း။ သုခါယစ ဝေဒနာယ၊ သုခဝေဒနာ၌ဋင်း။ ရာဂါနုသယော၊ ရာဂါနုသယကို။ ပဟီနော၊ ပယ်နိုင်သည်။ ဟောတိ၊ ဖြစ်လေတော့၏။ (ပယ်နည်း) သောကုလပုတ္တော၊ ထို အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ ကာယေစ၊ ကိုယ်၌ဋင်း။ ဒုက္ခာယစဝေဒနာယ၊ ဒုက္ခဝေဒနာ၌ဋင်း။ ပဋိဃာနုသယော၊ ပဋိဃာနုသယကို။ ပဟီနော၊ ပယ်နိုင်သည်။ ဟောတိ၊ ဖြစ်လေ၏။ သောကုလပုတ္တော၊ သည်။ ကာယေစ၊ ကိုယ်၌ဋင်း။ အဒုက္ခမသုခါယ ဝေဒနာယစ၊ ဥပေက္ခာ ဝေဒနာ၌ဋင်း။ အဝိဇ္ဇာနုသယော၊ အဝိဇ္ဇာနုသယကို။ ပဟီနော၊ ပယ်နိုင်သည်။ ဟောတိ၊ ဖြစ်လေတော့၏။ (အဓိပ္ပါယ်ပြအနက်)

နိဂုံး။ ။သာဓဝေါ၊ နှလုံးပျော့ပျောင်း အိုအမျိုးကောင်းသား, အမျိုးကောင်းသမီး အပေါင်းတို့။ တုမှေ၊ သင်တို့သည်။ ဘဂဝတာ၊ ဘုန်းတော်နေဝန်း ထွန်းတောက်ပတော် မူသော မြတ်စွာဘုရားသည်။ ဒေသိတံ၊ ဟောကြားတော်မူအပ်သော။ ဣဒံ ဝေဒနာကမ္မဋ္ဌာနံ၊ ဤ ဝေဒနာကမ္မဋ္ဌာန်းကို။ သုတွာ၊ နားဖြင့် ခံယူ ပြီးကြကုန်သည် ဖြစ်၍။ ဓာရေထ၊ စိတ်မှာမှတ်သား ဆောင်ယူထားကြပါကုန်လော့။ ဘာဝေထ၊ မိမိသန္တာန်၌ ဒီကမ္မဋ္ဌာန်း ဖြစ်အောင် ပွါးများအားထုတ်ကြပါ ကုန်လော့။ ဘာဝိတတ္တာ၊ ပွါးများ အားထုတ်ရသည်ဖြစ်ပါသောကြောင့်။ နိဗ္ဗာနံ၊ ရာဂ ဒေါသ မောဟတို့၏ မရှိရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို။ သစ္စိကရောန္တု၊ ကောင်းစွာမသေ့ မျက်မှောက် ပြုနိုင်လွယ်ကြသည် ဖြစ်ကြပါစေကုန် သတည်း။

သာဓု သာဓု သာဓု

ဝေဒနာနုပဿနာ တရားတော်

ဝေဒနာဝါရ ဒုတိယပိုင်း ပြီးပြီ။

ပါရာယနဝဂ်ပါဠိတော်ဟောစဉ် ဥဒယသုတ္တန်နောက်ဆက်တွဲ

# ဝေဒနာနုပဿနာ တရားတော်

## ဝေဒနာဝါရ တတိယပိုင်း

---

### တရားတော်အမည်

သာသနာတော် သက္ကရာဇ် - ၂၅၁၄, ကောဇာသက္ကရာဇ် - ၁၃၃၂ - ခုနှစ် ဝါခေါင်လဆန်း ၁၄-ရက် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း ကျောက်ထူးဓမ္မဗိမာန်တော်ကြီးတွင် ဝိပဿနာအလုပ်ပေးတရားနှင့် ဆက်စပ်ဟောကြားအပ်သော ဒီဃနိကာယ် သုတ်မဟာဝါ ပါဠိတော် မဟာနိဒါနသုတ်၌လာသော ဝေဒနာ-နုပဿနာ တတိယပိုင်း တရားတော်။

### ဘုရားရှိခိုး

ဒီတရားတော်ကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်။ မြတ်စွာဘုရားဟောတော်မူတဲ့ ဝေဒနာခဏ်းကို တဆင့်ဟောကြားပေးရမှာ ဖြစ်တဲ့အတွက် ရှေးဦးစွာ ဝေဒနာကမ္မဋ္ဌာန်းကို ဟောကြားပေးတော်မူတဲ့ မြတ်စွာဘုရားကို တရားဟော တရားနာ ပုဂ္ဂိုလ်တို့ရဲ့အနေဖြင့် ရိုသေစွာရှိခိုးကြရအောင်။ ဘုန်းကြီးက ဘုရားရှိခိုးမယ်၊ အမျိုးကောင်း သားများ အမျိုးကောင်း သမီးများက လက်အုပ်ချီပြီးတော့ ထားကြ။ ဘုန်းကြီး ရွတ်ဆိုသွားတဲ့ ဘုရားရှိခိုးထဲမှာပါတဲ့ ဂုဏ်တော်တွေကို အာရုံပြုပြီးတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်း သမီးများက မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ဂုဏ်တော်များကို ကြည်ညိုသဒ္ဓါ ပွါးများနိုင်ကြပါစေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

( အနက်ပေး ရှေးနည်းအတိုင်း )

သာဓု သာဓု သာဓု

### စကားပလ္လင်

ဘုန်းတော်ဇနေဝန်း ထွန်းလင်း တောက်ပတော်မူသော မြက်စွာဘုရားရှင် ကိုယ်တော်မြတ်သည် ကမ္မဋ္ဌာန်းတရားကို ဟောတော်မူတဲ့အခါမှာ ရုပ်ကမ္မဋ္ဌာန်း,

နာမ်ကမ္မဋ္ဌာန်း၊ တနည်းပြောရရင် ရူပကမ္မဋ္ဌာန်း, အရူပကမ္မဋ္ဌာန်းလို့ နှစ်မျိုး နှစ်စား ဝေဘန်ပြီးတော့ မြတ်စွာဘုရား ဟောတော်မူပါတယ်။ အဲဒီလို ကမ္မဋ္ဌာန်းတရားနှစ်မျိုးကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် သတ္တဝါတို့ကို ဟောကြားပေးတော်မူတဲ့ နေရာမှာ, ရုပ်ကမ္မဋ္ဌာန်းတရားကို ဟောတော့မယ်လို့ ဆိုတော့ များသောအားဖြင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် ရုပ်ကမ္မ-ဋ္ဌာန်း ပေးတော်မူတဲ့အခါမှာ ဓာတုမနသိကာရခေါ်တဲ့ ဓာတ်ကြီးလေးပါးကို ကမ္မဋ္ဌာန်းတရားအဖြစ်ဖြင့် ဟောပေးတော်မူပါတယ်။ ဓာတ်ကြီးလေးပါးဆိုတာ အများသိကြတဲ့အတိုင်းဘဲ ပထဝီဓာတ်, အာပေါဓာတ်,တေဇောဓာတ်,ဝါယော ဓာတ်, အဲဒီဓာတ်ကြီးလေးပါးကို အခြေခံထားပြီးတော့ ကမ္မဋ္ဌာန်းတရားကို ပေး သနားတော်မူပါတယ်။ ဒါ အဋ္ဌကထာဆရာကြီးရဲ့ ပြောကြားချက်၊ ပါဠိတော် တွေမှာလဲ ဒီလိုဘဲ ကမ္မဋ္ဌာန်းပေးတဲ့ အခါတွေမှာ မြတ်စွာဘုရားရှင် ကိုယ်တော် မြတ်သည် ရုပ်တရားကို အခြေခံပြီးတော့ ကမ္မဋ္ဌာန်း ပေးတော်မူပါတယ်။

အရူပကမ္မဋ္ဌာန်းလို့ခေါ်တဲ့ နာမ်ကမ္မဋ္ဌာန်းကို ပေးတော်မူတဲ့ အခါကျတော့ ဘာကို အကြီးအမှူး အဦးပြုပြီးတော့ မြတ်စွာဘုရား ကမ္မဋ္ဌာန်း ပေးတော်မူ ပါသလဲလို့ဆိုတော့ တခါတရံမှာ ဝေဒနာ, တခါတရံမှာ ဖဿ, တခါတရံမှာ ဝိညာဏလို့ခေါ်တဲ့ စိတ်, အဲဒီတရားသုံးလုံးကို အခြေခံထားပြီးတော့ မြတ်စွာ ဘုရားရှင် ကိုယ်တော်မြတ်သည် နာမ်ကမ္မဋ္ဌာန်းလို့ ခေါ်တဲ့ အရူပကမ္မဋ္ဌာန်းကို ပေးသနားတော်မူပါတယ်။ အရူပကမ္မဋ္ဌာန်းလို့ခေါ်တဲ့ နာမ်ကမ္မဋ္ဌာန်းကို ပေး တော်မူတဲ့အခါမှာ ဝေဒနာကိုဘဲ အကြီးအမှူးပြုပြီးတော့ ကမ္မဋ္ဌာန်းပေး ပေး, ဖဿကိုဘဲ အကြီးအမှူးပြုပြီးတော့ ကမ္မဋ္ဌာန်းပေး ပေး, ဝိညာဏလို့ခေါ်တဲ့ စိတ်ကိုဘဲ အကြီးအမှူး အဦးပဓာနထားပြီးတော့ဘဲ ကမ္မဋ္ဌာန်းပေး ပေး နာမ် ကမ္မဋ္ဌာန်းဖြစ်တဲ့ ဒီကမ္မဋ္ဌာန်းသုံးမျိုးကို ပေးတော်မူတဲ့ အခါမှာ ရှေးဦးစွာ ဒီကမ္မဋ္ဌာန်းတွေ မပေးမီ ရုပ်ကမ္မဋ္ဌာန်းကို အခြေခံတော်မူပါတယ်။ များသော အားဖြင့် ဝေဒနာကမ္မဋ္ဌာန်းကို ဟောကြားတော်မူတဲ့ နေရာမှာ ဝေဒနာကို မဟောမီ ရုပ်ကမ္မဋ္ဌာန်းကို ရှေးဦးစွာ ပေးသနားတော်မူတယ်။ အကြောင်းက ဘယ်လိုလဲ၊ ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ အားလုံးသိနေကြတဲ့အတိုင်းဘဲ၊ ဝေဒနာလို့ဆိုတာ သုခ ဒုက္ခ အဒုက္ခမသုခလို့ သုံးမျိုး၊ အချုပ်အားဖြင့် ဟောနေတာ ဒီဝေဒနာသုံးမျိုးဘဲ၊ အကျယ်ချဲ့လိုက် တော့ အဲဒီဝေဒနာဟာ ၁၀၈-မျိုးရှိတယ်၊ အဲဒီဝေဒနာ တရာနဲ့ရှစ်မျိုးရှိတာကို တော့ဖြင့် ဘုန်းကြီး နောက်ဟောပေးမဲ့ အဋ္ဌသတသုတ္တန်လို့ဆိုပြီးတော့ ဝေဒ-နာနဲ့ ပတ်သက်ပြီးတော့ မြတ်စွာဘုရား ဟောပေးထားတာရှိတယ်။ အဲဒီ အခန်းကျမှ ၁၀၈ မျိုးကို ဟောပေးမယ်။ အခု ဟောပေး နေတာကတော့ဖြင့် ဒီဝေဒနာသုံးမျိုးကို အခြေခံပြီး ဟောပေးနေတာဘဲ။

## ဝေဒနာနှင့်အနုသယ ဆက်စပ်ပုံ

ဝေဒနာဆိုတာ "အာရမ္မဏရသံ အနုဘဝတီတိ ဝေဒနာ" အာရုံရဲ့အရသာကို ခံစားတဲ့သဘောကို ဝေဒနာလို့ခေါ်တယ်။ ဘယ်အာရုံတွေရဲ့ အရသာတွေကို ခံစားသလဲ "ရုပ်ကမ္မဋ္ဌာန်းကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် အခြေခံပြီးတော့ ဝေဒနာကမ္မဋ္ဌာန်းကို ဟောကြားတော်မူပါတယ်"ဆိုတဲ့ အဓိပ္ပာယ်က အာရုံလို့ဆိုတာ များသောအားဖြင့် ရုပ်အာရုံ။ ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများလဲ ထိုင်ပြီးတော့ တရားအားထုတ်နေတဲ့ အခါ တခါတရံမှာ သုခဝေဒနာ သာဟ, သုခ=သက်သာ ချမ်းသာ၊ တခါတရံမှာ တရားအားထုတ်နေရင်း အသာတ, ဒုက္ခ=မသက်သာဘူး မသာယာဘူး၊ တခါတရံမှာတော့ နေဝသာတနာသာတ, နေဝသုခနာသုခ=သက်သာတာလဲမဟုတ် မသက်သာတာလဲမဟုတ်, ချမ်းသာတာလဲမဟုတ် ဆင်းရဲတာလဲ မဟုတ်တဲ့ ကြားထဲကနေတဲ့ အဒုက္ခမသုခဝေဒနာရဲ့သဘော။ ဒီသဘောတရားတွေဟာ တရားအားထုတ်တဲ့ အမျိုးကောင်းသားတိုင်း, အမျိုးကောင်းသမီးတိုင်းမှာ ထင်ထင်ရှားရှား ပေါ်လွင်နေတယ်။ ဒီတော့ သာတနဲ့ အသာတ, သက်သာတာနဲ့ မသက်သာဘူးဆိုတာ ဘာပြောတာလဲလို့ဆိုတော့ ရုပ်တရားတွေရဲ့ ဖောက်ပြန်တဲ့ဒဏ်ချက်က ပြင်းထန်ရင် အသာတ=ဒုက္ခ။ ဒီတော့ ရုပ်တရားတို့ရဲ့ ဖောက်ပြန်တဲ့ ဒဏ်ချက်ကို ပြင်းပြင်းထန်ထန် ခံလိုက်ရရင် ဒုက္ခဝေဒနာ၊ ဖောက်ပြန်မှုဒဏ်ချက်က ညီမျှနေရင် သုခဝေဒနာဆိုတော့ ဝေဒနာ ဖမ်းချင်တဲ့ပုဂ္ဂိုလ်, ဝေဒနာခေတ်တလုံး ပေါ်အောင် ဖမ်းချင်တဲ့ပုဂ္ဂိုလ်သည် ကာယကို လက်လွှတ်လို့မရဘူး ဒီအပိုင်းမှာ၊ သို့ရာတွင် ဈာန်ခန်းတွေရောက်သွားမယ်ဆိုလို့ရှိရင် အရူပဈာန်တို့ကျတော့ဖြင့် ဟုတ်ပါတယ်၊ ဒီရုပ်တရားတွေကို ဖယ်ပစ်ခဲ့, ဝေဒနာချည်းသက်သက်နဲ့ အဲဒီမှာ သွားလို့ရတယ်၊ ဒီအပိုင်းနဲ့ပတ်သက်လို့ ဘုန်းကြီးတို့ ပါရာယနဝဂ် ဥဒယသုတ္တန်မှာ ဘုန်းကြီး တလောက ဈာန်ခန်းတွေနဲ့ ပတ်သက်လို့ ဝေဒနာရှုသွားပုံတွေကို အကျယ် ဟောထားခဲ့တာရှိတယ်။

**ဝေဒနာကမ္မဋ္ဌာန်း။** ။ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများကို ဘုန်းကြီး အခု ဟောပေးနေတာကတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် နာမ်ကမ္မဋ္ဌာန်းတရားကို ဟောတော်မူတဲ့အခါမှာ ရုပ်ကမ္မဋ္ဌာန်း တရားကိုသာလျှင် အခြေခံပြီးတော့ ဟောတော်မူပါတယ်လို့ ဆိုတဲ့ အဋ္ဌကထာဆရာ ဖွင့်ဆိုချက်ကို မူတည်ပြီးတော့ ရုပ်ကမ္မဋ္ဌာန်းကို အခြေခံပြီးတော့ ဝေဒနာခေတ်ပေါ်တဲ့ သုတ္တန်တွေကို ဘုန်းကြီးက ဟောပေးနေတာ၊ ဒါကလဲ အဋ္ဌကထာဆရာက ညွှန်ပြထားဒါဘဲ၊ ဒီကနေ့ ဟောပေးရမှာက ရုပ်ကမ္မဋ္ဌာန်းကို အခြေခံပြီးတော့ ပေါ်လာတဲ့ ဝေဒနာကမ္မဋ္ဌာန်းတွေ

အတွက် မဟာတဏှာသင်္ခယသုတ္တန်ကို ဟောပေးရမယ်, စူဠဝေဒလ္လသုတ္တန်ကို ဟောပေးရမယ်, ဒီဃနခသုတ္တန်ကို ဟောပေးရမယ်။ ဒီကနေ့ ဟောပေးရမဲ့ အပိုင်းက ဝေဒနာနဲ့ပတ်သက်လို့ ပူတာ ပေါ်လာတယ်လို့ဆိုတာ ရုပ်တရားရဲ့ ဖောက်ပြန်မှုဒဏ်ချက်ပဲ၊ သူ့ကို ပြင်းပြင်းထန်ထန် တွေ့လိုက်ရရင် ဒုက္ခဝေဒနာ၊ ရုပ်တရားရဲ့ ဖောက်ပြန်မှုဒဏ်ချက်ကို နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့ တွေ့လိုက်ရရင် သုခဝေဒနာ။ ဒီအပိုင်းမှာတော့ဖြင့် ဝေဒနာ ပေါ်တိုင်းပေါ်တိုင်း ဒီရုပ်တရားကို လက်လွှတ်လို့မရဘူး၊ အဲဒီတော့ ဒီအဓိပ္ပါယ်ကို ဘုန်းကြီးတို့ ပြောပေးဘို့လို့ ဆိုတော့ မဟာတဏှာသင်္ခယသုတ္တန်က ဘာပြောသလဲ၊ ဝေဒနာနဲ့ပတ်သက်တဲ့ အပိုင်းကိုသာ ဘုန်းကြီး ကွက်ပြီး ဟောသွားမှာ၊ တသုတ္တန်လုံးတော့ ဟောဘို့ အချိန်မရဘူး။

**ဝေဒနာပေါ်ချိန်။** ။မဟာတဏှာသင်္ခယသုတ္တန်မှာ——

> သော စက္ခုနာ ရူပံ ဒိသွာ ပိယရူပေ ရူပေ သာရဇ္ဇတိ၊ အပ္ပိယရူပေ ရူပေ ဗျာပဇ္ဇတိ၊ အနုပဋ္ဌိတကာယသတိ စ ဝိဟရတိ ပရိတ္တစေတသော။

ဆိုလိုတဲ့ အဓိပ္ပါယ်က——သတ္တဝါတယောက်ရယ်လို့ ဖြစ်လာတယ် ဆိုတော့ အမိဝမ်းက ဖွားသန့်စင်ပြီးတော့ ပြင်ဘက်ကို ရောက်လာသည်နှင့် တပြိုင်နက်ထဲ ဒီသတ္တဝါမှာ ဘာတွေပါလာသလဲလို့ဆိုတော့ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ-လို့ခေါ်တဲ့ တရားတွေ ပါလာတယ်။ ပါလာပေမဲ့ သူ့ရဲ့ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မန-တွေဟာ အာရုံကို ကျကျနန မယူနိုင်သေးသည် ဖြစ်သောကြောင့် သုခရယ်, ဒုက္ခရယ်, ဥပေက္ခာရယ်လို့ ဒီလို သူ့မှာ မပေါ်သေးဘူး၊ များသောအားဖြင့် အနုသယသဘောတွေလို ဖြစ်ခွင့်ရှိလို့ ဖြစ်ခွင့်ရရင် ဖြစ်ဘို့လို့ဆိုပြီးတော့ အနုသယသဘောတွေသာ သူ့မှာရှိတယ်၊ ဒီကနေ့ အဲဒီအနုသယတွေကိုလဲဘဲ ဘုန်းကြီး နဲ့နဲ့ ပြောပေးရမယ်။

ဝေဒနာဟာ ဘယ်အခါ ဘယ်လိုပေါ်လာသလဲလို့ဆိုတော့ တော်တော်ကလေး အသက်ကြီးလာလို့ ၁၄-၁၅-၁၆-နှစ်ကို ရောက်လာတယ်ဆိုရင်ဘဲ သူဟာ ဘယ်လိုဖြစ်လာလဲ——

သော၊ ထိုသူငယ်သည်။ စက္ခုနာ၊ စက္ခုဝိညာဉ်ဖြင့်။ ရူပံ၊ ရူပါရုံကို။ ဒိသွာ၊ မြင်သည်ရှိသော်။ ပိယရူပေ၊ ချစ်ခင်နှစ်သက်အပ်သော သဘောရှိသော။ ရူပေ၊ ရူပါရုံ၌။ သာရဇ္ဇတိ၊ ပြင်းစွာတပ်မက်လေတော့၏။ အပ္ပိယရူပေ၊ မနှစ်သက်အပ်သော သဘောရှိသော။ ရူပေ၊ ရူပါရုံ၌။ ဗျာပဇ္ဇတိ၊ အမျက်ထွက်၏။ အနုပဋ္ဌိတကာယသတိစ၊ ကိုယ်၌ထင်သော သတိမရှိသည် ဖြစ်၍။ (ဝါ) ကာယာ နုပဿနာ သတိပဋ္ဌာန် မရှိသည်ဖြစ်၍။ ပရိတ္တစေတ-

သော၊ ကိလေသာတရားသည် ထက်ဝန်းကျင်မှ ပိုင်းဖြတ်အပ်သော အကုသိုလ်စိတ် ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေရလေတော့၏။

**ဝေဒနာ၏ အပြစ်များ။** ။ဒီပုဂ္ဂိုလ် ဘယ်လိုဖြစ်လာသလဲလို့ ဆိုတော့–စက္ခုဝိညာဉ်နဲ့ ရူပါရုံ တွေ့ဆုံပြီး မြင်လိုက်ရရင်, "ပိယ-ရူပ"လို့ခေါ်တဲ့ ချစ်ခင်နှစ်သက်အပ်တဲ့သဘောနဲ့ တွေ့ကြုံလာရင် သူဟာ အဲဒီ အာရုံပေါ်မှာ ရာဂ၏ အစွမ်းအားဖြင့် ငြိုင်းစွာတပ်မက်တယ်၊ မနှစ်သက်အပ်တဲ့ သဘောရှိတဲ့ ရူပါရုံကျတော့ ဒေါသ၏ အစွမ်းအားဖြင့် ပြင်းစွာအမျက်ထွက်တော့တယ်၊ ရူပါရုံကို မြင်တဲ့အခါမှာ နှစ်သက်ဖွယ် ရူပါရုံကိုမြင်ရင် ဘာဖြစ်လို့ နှစ်သက်လာသလဲ, မနှစ်သက်တဲ့ ရူပါရုံကိုမြင်လျှင် ဘာဖြစ်လို့ ပြင်းစွာ အမျက်ထွက်လာသလဲလို့ဆိုတော့—

ကာယာနုပဿနာသတိပဋ္ဌာန် သတိမရှိလို့တဲ့၊ ပါဠိတော်က "အနုပဋ္ဌိတကာယသတိစ" ထက်ဝန်းကျင်မှ အကုသိုလ်စိတ်တို့သည် ပိုင်းဖြတ်အပ်သော အကုသိုလ်စိတ်ရှိသည် ဖြစ်၍သာလျှင် သူနေမယ်၊ ဒါကြောင့် ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ဝိပဿနာကမ္မဋ္ဌာန်းကို ပွါးများစီးဖြန်းတဲ့အခါမှာ "မြင်တဲ့နေရာမှာ မြင်တယ်လို့ သတိထားပါ"လို့ ပြောတာဟာ ဒါဘဲ။ ကာယာနုပဿနာသတိပဋ္ဌာန်။ အဲဒီသတိ မရှိသည်ဖြစ်သောကြောင့် သူသည် ရူပါရုံတခုကို မြင်လိုက်ရင် အကုသိုလ်စိတ်တို့ဖြင့် ဝန်းရံပြီးတော့ နှစ်သက်ဖွယ် ရူပါရုံကိုမြင်လိုက်ရင် သာရဇ္ဇတိ၊ ပြင်းစွာတပ်မက်တော့တယ်။ မနှစ်သက်ဖွယ် ဖြစ်တဲ့ ရူပါရုံကိုမြင်လိုက်ရရင် ဗျာပဇ္ဇတိ၊ အမျက်ထွက်တော့တယ်၊ ဘာဖြစ်လို့ အမျက်ထွက်သလဲ၊ ခုနပြောခဲ့တဲ့အတိုင်းဘဲ ကာယာနုပဿနာသတိပဋ္ဌာန်မရှိလို့၊ ထက်ဝန်းကျင်မှ ဝိုင်းဝန်း၍ ယူအပ်သော အကုသိုလ် စိတ်တို့ဖြင့်သာလျှင် သူ့မှာ နေရသည်ဖြစ်သောကြောင့်၊ ဒီတော့တရားအားမထုတ်ရင် အကုသိုလ်က တော့ဖြင့် ဖြစ်နေတော့တာဘဲ။ တရားအားမထုတ်ရင် အကုသိုလ်ဖြစ်နေတယ်တဲ့ ဒီပါဠိတော်က၊ ဒါတင် ရပ်နေသလားဆိုတော့ ရပ်မနေဘူး၊ ပါဠိတော်က ဆက်ပြီးတော့ပြောတယ်—

တဉ္စ စေတောဝိမုတ္တိံ ပညာဝိမုတ္တိံ ယထာဘူတံ နပ္ပဇာနာတိ၊
ယတ္ထဿ တေ ပါပကာ အကုသလာ ဓမ္မာ အပရိသေသာ နိရုဇ္ဈန္တိ။

အဿ၊ ထိုသူငယ်အား။ ယတ္ထ၊ အကြင်အရဟတ္တဖိုလ်သမာဓိ၌, သမာပတ်၌။ ပါပကာ၊ ယုတ်မာလှစွာကုန်သော၊ အကုသလာဓမ္မာ၊ အကုသိုလ် တရားတို့သည်။ အပရိသေသာ၊ အကြွင်းအကျန်မရှိ။ နိရုဇ္ဈန္တိ၊ ချုပ်ငြိမ်း၍ ကွယ်ပျောက်သွားကြလေကုန်၏။ တဉ္စစေတောဝိမုတ္တိံ၊ ထိုစိတ်၏ ကိလေသာတို့မှ လွတ်မြောက်ခြင်းဆိုတဲ့ အရဟတ္တဖိုလ်သမာဓိဆိုတဲ့ စေတောဝိမုတ္တိကိုလည်း။ တဉ္စပညာဝိမုတ္တိံ၊ ထိုအရဟတ္တဖိုလ်ပညာ၏ အဝိဇ္ဇာမှလွတ်

မြောက်ခြင်းလို့ခေါ်တဲ့ ပညာဝိမုတ္တိကိုရှင်း။ယထာဘူတံ၊ ဟုတ်မှန်တဲ့အတိုင်း။ နပ္ပဇာနာတိ၊ ခွဲခြားရ၍မသိ။

ပြင်းစွာအမျက်ထွက်ပြီးတော့ ရုပါရုံတခုကို မြင်လိုက်ရင်, နှစ်သက်စရာမြင်လို့ နှစ်သက်နေရင်, မနှစ်သက်တဲ့ မကြိုက်တာကိုမြင်လို့ ဗျာပဇ္ဇတိ အမျက်ထွက်နေရင် ထိုပုဂ္ဂိုလ်မှာ ကာယာနုပဿနာသတိပဋ္ဌာန်မရှိလို့ အကုသိုလ်စိတ်တွေဝန်းရံပြီးတော့နေတဲ့ စိတ်တွေနဲ့သာ သူ နေရတော့တယ်။

**ဝိမုတ္တိတရား။** ။အဲဒီ ပုဂ္ဂိုလ်သည် အလုံးစုံသောအကုသိုလ်တရားတို့ရဲ့ အကြွင်းအကျန်မရှိ ချုပ်ငြိမ်းရာဖြစ်တဲ့ အရဟတ္တဖိုလ် သမာပတ်မှာ ရှိတဲ့ စိတ်၏ (အရဟတ္တဖိုလ်စိတ်၏) ရာဂမှ လွတ်မြောက်ခြင်းဟု ဆိုအပ်သော စေတောဝိမုတ္တိ၊ သမာဓိစိတ်။ အရဟတ္တဖိုလ် ပညာန္ဒြေနှင့်ယှဉ်သော စိတ်၏ အဝိဇ္ဇာမှ လွတ်မြောက်ခြင်းဟုဆိုတဲ့ ပညာဝိမုတ္တိ၊ စေတောဝိမုတ္တိ, ပညာဝိမုတ္တိ နှစ်ပါးတို့ရဲ့ အထူးဟာလဲ ဒါပါဘဲ။

အဲဒီစေတောဝိမုတ္တိ, ပညာဝိမုတ္တိကို ဟုတ်တိုင်းမှန်စွာ ထိုပုဂ္ဂိုလ် မသိဘူးတဲ့၊ ဘာဖြစ်လို့မသိသလဲ၊ အရင်းကိုပြန်လိုက်မယ်ဆိုရင် "အနုပဋ္ဌိတကာယသတိ စ" ကာယာနုပဿနာ သတိပဋ္ဌာန် မရှိလို့တဲ့၊ ဟုတ်လား (မှန်ပါ ဘုရား)။

ရှေ့သွားမယ်၊ ဒီတော့ သူ ဘာဖြစ်နေသလဲဆိုတော့ အဲဒီ ရုပ်တရားတွေကို အခြေခံပြီးတော့ သူ့မှာ ဘာတွေဖြစ်နေလဲ၊ အလုံးစုံသော အကုသိုလ်တရားတို့ရဲ့ ငြိမ်းရာဖြစ်တဲ့ အရဟတ္တဖိုလ် ဖလသမာပတ် တည်းဟူသော စေတောဝိမုတ္တိနဲ့ ပညာဝိမုတ္တိဆိုတဲ့ ဝိမုတ္တိတို့ကိုလဲဘဲ ဟုတ်တိုင်းမှန်စွာ မသိဘူးတဲ့၊ မသိတော့ သူ ဘယ့်နှယ်ဖြစ်နေသလဲ၊ ကြည့်တဲ့အခါ စက္ခုနဲ့ ရုပါရုံကို မြင်လိုက်တိုင်း, မြင်လိုက်တိုင်း ဘယ့်နှယ်ဖြစ်နေသလဲဆိုတော့—

> သော ဧဝံ အနုရောဓဝိရောဓံ သမာပန္နော ယံကိဉ္စိ ဝေဒနံ ဝေဒေတိ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ သော တံ ဝေဒနံ အဘိနန္ဒတိ၊ အဘိဝဒတိ၊ အဇ္ဈောသာယ တိဋ္ဌတိ။ ပါဠိတော်က—

သော၊ ထိုကာယာနုပဿနာသတိပဋ္ဌာန် မထင်သဖြင့် အကုသိုလ်ကိလေသာစိတ်တွေ ဝန်းရံပြီးတော့ နေသော, အကုသိုလ်တို့ရဲ့ အကြွင်းအကျန်မရှိ ချုပ်ငြိမ်းရာဖြစ်တဲ့ စေတောဝိမုတ္တိ ပညာဝိမုတ္တိတို့ကို ဟုတ်တိုင်းမှန်စွာ မသိသောသူသည် (အရင်းခံကတော့ ကာယာနုပဿနာသတိပဋ္ဌာန်မရှိတဲ့သူ)။ ဧဝံ၊ ဤသို့။ အနုရောဓဝိရောဓံ၊ ရာဂ၏ စွမ်းအားဖြင့် လိုက်လျောခြင်း, ဒေါသ၏စွမ်းအားဖြင့် ဆန့်ကျင်ခြင်းဆိုတဲ့ သဘောသို့။ သမာပန္နော၊ ကောင်းစွာရောက်သည်။ ဟုတ္ဝာ၊ ဖြစ်၍။ သုခံ ဝါ၊ သက်သာသည်လည်း

ဖြစ်သော။ ဒုက္ခံဝါ၊ ဆင်းရဲသည်လည်းဖြစ်သော။ အဒုက္ခမသုခံဝါ၊ ဆင်းရဲသည်လည်းမဟုတ် ချမ်းသာသည်လည်း မဟုတ်သော။ ကိဥ္စိ၊ တစုံတခုသော။ ယံ ဝေဒနံ၊ အကြင်ဝေဒနာကို။ ဝေဒေတိ၊ ခံစားရလေတော့၏။ သော၊ ထိုသူသည်။ တံ ဝေဒနံ၊ ထိုဝေဒနာကို။ အဘိနန္ဒတိ၊ အလွန်နှစ်သက်လေတော့၏။ အဘိဝဒတိ၊ ကောင်းလိုက်လေစွဟု နှုတ်ကပြောဆိုစွဲလမ်း၍နေလေတော့၏။ အဇ္ဈောသာယ တိဋ္ဌတိ၊ တဏှာဖြင့် စွဲလမ်းသိမ်းပိုက်၍ တည်လေတော့၏။

ဘာပြောသလဲ ဒီ ပါဠိ ဝါကျက၊ ကိုယ်၌ထင်သော သတိ မရှိသည်ဖြစ်၍ အကုသိုလ်စိတ်တွေနဲ့ နေသော ပုဂ္ဂိုလ်သည် ထိုအကုသိုလ်စိတ်တို့ရဲ့ အကြွင်းမဲ့ ချုပ်ငြိမ်းရာဖြစ်တဲ့ စေတောဝိမုတ္တိ ပညာဝိမုတ္တိကို ဟုတ်တိုင်းမှန်စွာ မသိတဲ့အတွက် စက္ခုနဲ့ရူပါရုံကို မြင်တိုင်း မြင်တိုင်း အနုရောဓ-ဝိရောဓ-သဘောသို့ ရောက်နေတယ်တဲ့။

အနုရောဓ-ဆိုတာ ရာဂ၏အစွမ်းအားဖြင့် လိုက်လျောချက်။ ဝိရောဓ-ဆိုတာ ဒေါသ၏အစွမ်းအားဖြင့် ဆန့်ကျင်ချက်။ ဤနှစ်မျိုးဘဲ ဘုန်းကြီးတို့ပရိသတ်။

**ဝေဒနာကြောင့် အနုသယဖြစ်ပုံ။** ။ရူပါရုံကို စက္ခုပသာဒရုပ်နဲ့ တိုက်ဆိုင်လို့ စက္ခုဝိညာဉ်စိတ်ဖြင့် ရူပါရုံကို မြင်လိုက်တဲ့အခါ သတိမရှိတဲ့ ပုဂ္ဂိုလ်သည် ရာဂ, ဒေါသ၊ မိမိစိတ်ထဲက နှစ်သက်တယ်ဆိုရင် ရာဂ၊ မနှစ်သက်ဘူးဆိုရင် ဒေါသ၊ အဲဒီနှစ်မျိုးက ပြေးလို့မလွတ်ဘူး၊ ရှောင်လို့မလွတ်ဘူး။ ဒီတော့ မြင်တိုင်းမြင်တိုင်း မြင်တဲ့အပေါ်မှာ သတိမထားရင် အကုသိုလ်ဖြစ်နေသလား, ဖြစ်မနေဘူးလား။ (ဖြစ်နေပါတယ်ဘုရား)

အကုသိုလ်ဖြစ်တယ်၊ ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ မြင်တိုင်းမြင်တိုင်း မြင်တဲ့အပေါ်မှာ သတိထားရမယ်၊ ဒီစကားပိုဒ်ကို ပြောပေးလိုက်သောအားဖြင့် ကြားတိုင်းကြားတိုင်း သတိမထားရင် ဘာဖြစ်မလဲ။ (အကုသိုလ်ဖြစ်ပါတယ်ဘုရား)

နံ့တိုင်း နံ့တိုင်း သတိမထားရင် အကုသိုလ်ဖြစ်တယ်။ စားတိုင်း စားတိုင်း သတိမထားရင် အကုသိုလ်ဖြစ်တယ်။ အာရုံတခုခုနဲ့ ခန္ဓာကိုယ်ကို ထိခိုက်တိုင်း ထိခိုက်တိုင်း သတိမထားရင် အကုသိုလ်ဖြစ်တယ်။ စိတ်ကူးတဲ့အခါမှာလဲ သတိမထားရင် သိတိုင်း သိတိုင်း အကုသိုလ်ဖြစ်တယ်။ များသောအားဖြင့် ဘာ အကုသိုလ်ဖြစ်သလဲလို့ဆိုတော့ အနုရောဓနဲ့ ဝိရောဓ။

ရာဂ၏ အစွမ်းအားဖြင့် လိုက်လျောခြင်းနဲ့ ဒေါသ၏ အစွမ်းအားဖြင့် ဆန့်ကျင်ခြင်းလို့ဆိုတဲ့ ဒီတရားနှစ်မျိုး တမျိုးမျိုးဖြစ်တယ်၊ ရာဂဘဲဖြစ်ဖြစ်, ဒေါသဘဲဖြစ်ဖြစ် အနုသယ ခုနစ်ပါးစလုံး ဖြစ်သွားလိမ့်မယ်၊ ဒီအကြောင်းကို

ဘုန်းကြီး နောက်တော့ ပြောပေးလိမ့်မယ် ပါဠိတော်တွေနဲ့၊ အဲသလို အနုရောဓ-ဝိရောဓလို့ဆိုတဲ့ ရာဂ၏ အစွမ်းဖြင့် လိုက်လျောခြင်း, ဒေါသ၏ အစွမ်းဖြင့် ဆန့်ကျင်ခြင်းသို့ ရောက်ပြီးတော့နေတဲ့ အမျိုးကောင်းသား, အမျိုးကောင်း သမီးသည် ရူပါရုံနဲ့ စက္ခုပသာဒရုပ် တွေ့တဲ့အတွက် ခံစားလို့, ကြည့်လို့ ကောင်း တယ်ဆိုတဲ့ သုခဝေဒနာကိုဘဲ ခံစား ခံစား, ကြည့်လို့ မကောင်းဘူးဆိုတဲ့ ဒုက္ခ ဝေဒနာကိုဘဲ ခံစား ခံစား, အမှတ်တမဲ့နေတဲ့ ဥပေက္ခာဝေဒနာကိုဘဲ ခံစား ခံစား သူသည် အဲဒီ ဝေဒနာကို ဘယ်လိုလုပ်သလဲ၊ အဘိနန္ဒတိ-အလွန်နှစ်သက်တယ်၊ အဘိဝဒတိ-ကောင်းလိုက်တာလို့ နှုတ်က ပြောတော့တယ်၊ ဘုန်းကြီးတို့ အမျိုး ကောင်းသား, အမျိုးကောင်းသမီးတွေ ပြောနေတာဘဲ "ဒီကနေ့ ဘိုင်စကုတ် ကောင်းလိုက်တာ"တဲ့၊ ဒါအဘိဝဒတိ၊ မကောင်းဘူးဆိုရင်လဲ သူက ဒေါသ ၏ အစွမ်းအားဖြင့် "မကောင်းပါဘူး"လို့ ပြောတယ်၊ ဒါ အဘိဝဒတိ၊ အဇ္ဈော-သာယ တိဋ္ဌတိ=တခါထဲ ဝမ်းထဲမှာ မျိုထားတော့မလောက် သိမ်းပိုက်ပြီး တဏှာ နဲ့စွဲလမ်းထား, သိမ်းပိုက်ထားတော့ တာဘဲတဲ့ ဒီအာရုံကို၊ ဘယ်သူ့ကိုလဲ သုခ ဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာ၊ ဘယ်ကပေါ်လာသလဲဆိုတော့ စက္ခု ပသာဒရုပ်နဲ့ ရူပါရုံ၊ အဲဒီ အခြေက စတာ ဒီဝေဒနာဓာတ်ပေါ်လာအောင်၊ ဒါကြောင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် ဝေဒနာကမ္မဋ္ဌာန်းကို ဖော် တော့မယ်လို့ ဆိုတော့ ရုပ်ကို ရှေးဦးစွာ အခြေခံတော်မူလိုက်ရတယ်။

**ဝေဒနာပေါ်လာပုံ။** ။ဒီသနခသုတ္တန်ကို ဟောတဲ့အခါမှာလဲ ထိုအတူဘဲ ရုပ်ကို အခြေခံပြီး ဟောတော်မူတယ်။ အနုရောဓ-ဝိရောဓ၏ အစွမ်းဖြင့် ပေါ်လာတယ်။ ဘာတွေပေါ်လာသလဲ?၊ သုခဝေဒနာပေါ်လာတယ်, ဒုက္ခဝေဒနာပေါ်လာတယ်, အဒုက္ခမသုခဝေဒနာ ပေါ်လာတယ်၊ အဲဒီ ဝေဒနာ အားလုံးကို ဒီပုဂ္ဂိုလ်သည် နှစ်သက်တော့တာဘဲတဲ့၊ အဘိနန္ဒတိ-သုခဝေဒနာကို လဲ နှစ်သက်တယ်, ဒုက္ခဝေဒနာကိုလဲ နှစ်သက်တယ်။ ဥပေက္ခာဝေဒနာကိုလဲဘဲ နှစ်သက်ဘယ်။ သုခဝေဒနာနဲ့ ဥပေက္ခာဝေဒနာကို နှစ်သက်တယ်ဆိုတာ ထားပါ တော့၊ ဒုက္ခဝေဒနာကို ဘယ်လိုနှစ်သက်သလဲဆိုတော့ ဒုက္ခဝေဒနာနှစ်သက်ပုံကို ဒီနေရာမှာ အဋ္ဌကထာဆရာကြီးက ဘယ့်နှယ်ပြောထားသလဲလို့ ဆိုတော့—

အဟံ ဒုက္ခိတော၊ မမ ဒုက္ခန္တိ ဂဏှန္တော အဘိနန္ဒတိ နာမ။

အဟံ၊ ငါသည်။ ဒုက္ခိတော၊ ဆင်းရဲခြင်းသို့ ရောက်၍ နေ၏။ မမ၊ ငါ့အား။ ဒုက္ခံ၊ ဆင်းရဲခြင်းသည်။ ဟောတိ၊ ဖြစ်လေတော့၏။ တနည်း– ဒုက္ခိတော၊ ဆင်းရဲခြင်းသို့ ရောက်ခြင်းသည်။ အဟံ၊ ငါဖြစ်၏။ ဒုက္ခံ၊ ဆင်းရဲ ခြင်းသည်။ မမ၊ ငါ၏။ သန္တကံ၊ ဥစ္စာဖြစ်သော ဆင်းရဲခြင်းပေတည်း။ ဣတိ၊ ဤသို့။ ဂဏှန္တော၊ ယူခြင်းသည်ပင်လျှင်။ အဘိနန္ဒတိနာမ၊ ဒုက္ခကို နှစ်သက်သည်မည်တာဘဲ-တဲ့။

သုခဝေဒနာကိုလဲ နှစ်သက်တယ်, ဒုက္ခဝေဒနာကိုလဲနှစ်သက်တယ်, အဒုက္ခမသုခဝေဒနာကိုလဲ နှစ်သက်တယ်၊ နှစ်သက်တော့ သူ ဘာဖြစ်လာသလဲ?။

ယံကိဉ္စိ ဝေဒနံ ဝေဒေတိ၊....အဘိနန္ဒတိ၊ အဘိဝဒတိ၊ အဇ္ဈောသာယ တိဋ္ဌတိ။

ကိဉ္စိ၊ အမှတ်မရှိ တစုံတခုသော။ ယံဝေဒနံ၊ အကြင်ဝေဒနာကို။ ဝေဒေ-တိ၊ ခံစား၏။ သော၊ ထိုသူသည်။ တံဝေဒနံ၊ ထိုဝေဒနာကို။ အဘိနန္ဒတိ၊ နှစ်သက်၏။ အဘိဝဒတိ၊ ကောင်းတယ်လို့ ပြောဆို၏။ အဇ္ဈောသာယ၊ တဏှာဖြင့် လွှမ်းမိုး၍။ တိဋ္ဌတိ၊ တည်လေတော့၏။

တဿ တံ ဝေဒနံ အဘိနန္ဒတော အဘိဝဒတော အဇ္ဈောသာယ တိဋ္ဌတော ဥပ္ပဇ္ဇတိ နန္ဒီ။

တံဝေဒနံ၊ သုခ ဒုက္ခ အဒုက္ခမသုခလို့ဆိုတဲ့ ထိုဝေဒနာကို။ အဘိနန္ဒ-တော၊ အလွန်နှစ်သက်၍နေသော။ အဘိဝဒတော၊ ကောင်းတယ်လို့ ပြောဆိုစွဲလမ်း၍နေသော။ အဇ္ဈောသာယတိဋ္ဌတော၊ တဏှာဖြင့် သက်ဝင်စွဲလမ်း၍ တည်နေသော။ တဿ၊ ထိုပုဂ္ဂိုလ်အား။ နန္ဒီ၊ နှစ်သက်ခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍ နေလေတော့၏။ ဝေဒနာ, တဏှာ, နန္ဒီ-လို့ဆိုတဲ့ တရားသုံးလုံးတို့ အကြောင်းအကျိုး ဆက်စပ်ပြီးတော့ ဖြစ်လေတော့၏။

ယာ ဝေဒနာသု နန္ဒီ၊ တဒုပါဒါနံ။

ဝေဒနာသု၊ ဝေဒနာတရားတို့၌။ ယာနန္ဒီ၊ အကြင်နှစ်သက်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ သာနန္ဒီ၊ ထို နှစ်သက်ခြင်းသည်။ ဥပါဒါနံ၊ ဥပါဒါန်မည်၏။

**ဝေဒနာကြောင့် ဥပါဒါန်စသည်ဖြစ်ပုံ။** ။အဲဒီ နှစ်သက်ခြင်းသည်ပင်လျှင် ဥပါ-ဒါန်မည်ပါတယ်တဲ့။ ဥပါဒါန် ဖြစ်လာရင် ဘာဖြစ်သွားမလဲ?၊ ပဋိစ္စသမုပ္ပါဒ်က "ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ" လို့ မဟာတဏှာသင်္ခယသုတ္တန်မှာ မြတ်စွာဘုရား ဒီလို ဟောတော်မူတယ်။ ဝေဒနာကို နှစ်သက်လိုက်သည် ဖြစ်သောကြောင့် ဥပါဒါန်ဖြစ်၊ ဥပါဒါန်ကြောင့် ကမ္မဘဝဖြစ်၊ ကမ္မဘဝကြောင့် ဥပပတ္တိဘဝဖြစ်၊ အဲဒီ ဥပပတ္တိဘဝကြောင့် ဇာတိ ဇရာ ဗျာဓိ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ-လို့ ဆိုတဲ့ တရားတွေ ဖြစ်လာတယ်၊ ဒါ အားလုံး ဒုက္ခသစ္စာချည်းပါဘဲလို့ မြတ်စွာဘုရား ဒီလို ဟောတယ်၊ ဝေဒနာခေတ် ပေါ်ပုံကို ပြောပေးတာ၊ ဘယ်က ပေါ်လာတဲ့

ဝေဒနာခါတ်လဲ၊ စက္ခုနဲ့ ရူပါရုံ, သောတနဲ့ သဒ္ဒါရုံ, ဃာနနဲ့ ဂန္ဓာရုံ, ဇိဝှါနဲ့ ရသာရုံ, ကာယနဲ့ ဖောဋ္ဌဗ္ဗာရုံ, မနနဲ့ ဓမ္မာရုံ, အဲဒီတရား အဇ္ဈတ္တိကနဲ့ ဗဟိဒ္ဓ ပေါင်းဆုံတယ် ဆိုတဲ့ နေရာကနေပြီးတော့ စက္ခုဝိညာဉ်, သောတဝိညာဉ်- စသည်ဖြင့် အနုရောဓ-ဝိရောဓ၏ အစွမ်းဖြင့် ဝိညာဉ်စိတ်တွေ ဖြစ်ပြီးတော့ ပေါ်လာတဲ့ ဝေဒနာပါဘဲတဲ့။

**ဝေဒနာချုပ်ပုံ။** ။ဒါဖြင့် ဒီဝေဒနာကို ချုပ်စေချင်ရင် ဘယ့်နှယ်လုပ်ရမလဲလို့ ဆိုတော့ ပြန် ဟောပြ ထားတယ်၊ မဟာတဏှာသင်္ခယ သုတ္တန်မှာ ဘယ့်နှယ်ဟောထားသလဲ—

သော စက္ခုနာ ရူပံ ဒိသွာ ပိယရူပေ ရူပေ န သာရဇ္ဇတိ၊ အပ္ပိယ- ရူပေ ရူပေ န ဗျာပဇ္ဇတိ၊ ဥပဋ္ဌိတကာယသတိ စ ဝိဟရတိ အပ္ပမာဏ- စေတသော။

အဓိပ္ပါယ်က ဘာပြောသလဲ၊ မဂ္ဂသမင်္ဂီ ပုဂ္ဂိုလ်လို ဆိုတဲ့ မဂ်စိတ်နဲ့ ပြည့်စုံ နေတဲ့ ပုဂ္ဂိုလ်ကျတော့ ပိယရူပ, သာတရူပ ဖြစ်တဲ့ သဘောတရားတို့၌ ပြင်းစွာ နှစ်သက်ခြင်း, အမျက်ထွက်ခြင်း မဖြစ်တော့ဘူးတဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်၌ ထင်သော ကာယာနုပဿနာသတိပဋ္ဌာန် ရှိပြီးတော့ အပ္ပမာဏစေတသာ-အတိုင်း အရှည်မရှိသော မဂ်စိတ်နှင့် ပြည့်စုံသောပုဂ္ဂိုလ် ဖြစ်နေပြီ ဖြစ်သောကြောင့်တဲ့။ အဲဒီ ပုဂ္ဂိုလ်ကျတော့ ဘယ်လိုလဲ၊ အလုံးစုံသော အကုသိုလ်တရားတွေရဲ့ ချုပ် ငြိမ်းရာဖြစ်တဲ့ စေတောဝိမုတ္တိ, ပညာဝိမုတ္တိကို ဟုတ်တိုင်းမှန်စွာ သူက သိတယ်၊ စောစောပိုင်းက ပြောခဲ့ပြီးပြီ ဒီအပိုင်း။ အဲသလို စေတောဝိမုတ္တိ,ပညာဝိမုတ္တိကို ဟုတ်တိုင်းမှန်စွာ သိနေပြီဖြစ်သောကြောင့်—

အနုရောဓဝိရောဓဝိပ္ပဟီနော ဟောတိ။

ရာဂ၏ အစွမ်းအားဖြင့် လိုက်လျောခြင်း, ဒေါသ၏ အစွမ်းအားဖြင့် ဆန့် ကျင်ခြင်း ဆိုတဲ့ သဘောတရားတွေကို သူ အားလုံး ပယ်ပြီးသား ဖြစ်နေပြီ။

သော ဧဝံ အနုရောဓဝိရောဓဝိပ္ပဟီနော ယံကိဉ္စိ ဝေဒနံ ဝေဒေတိ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ သော တံ ဝေဒနံ နာဘိနန္ဒတိ၊ နာဘိဝဒတိ၊ နဇ္ဈောသာယ တိဋ္ဌတိ။

ရာဂ၏ အစွမ်းအားဖြင့် လိုက်လျောခြင်း, ဒေါသ၏ အစွမ်းအားဖြင့် ဆန့် ကျင်ခြင်း ဆိုတဲ့ တရားတွေကို မဂ်ဖြင့် အကြွင်းမဲ့ ပယ်ထားသည် ဖြစ်သော ကြောင့် သူသည် တစုံတခုသော သုခ, ဒုက္ခ, အဒုက္ခမသုခဝေဒနာကို ခံစားပေမဲ့ မနှစ်သက်လဲ မနှစ်သက်တော့ဘူး, ကောင်းတယ်လို့လဲ မပြောတော့ဘူး, တဏှာ ဖြင့်လဲ လွှမ်းမိုးပြီးတော့ တည်မနေတော့ဘူး တဲ့။

တဿာ တံ ဝေဒနံ အနုဘိနန္ဒတော အနုဘိဝဒတော အနုဇ္ဈောသာယ တိဋ္ဌတော ယာ ဝေဒနာ နန္ဒီ၊ သာ နိရုဇ္ဈတိ။

ဝေဒနာတို့၌ နှစ်သက်တဲ့ သဘောတရားဟာ ချုပ်ငြိမ်းသွားပြီတဲ့။

ဘယ်သူနဲ့ ချုပ်သွားသလဲ၊ မဂ်နဲ့။

ထိုပုဂ္ဂိုလ်မှာ နန္ဒီနိရောဓာ ဥပါဒါနနိရောဓော=ဥပါဒါန်ချုပ်တယ်။ ဥပါဒါန-နိရောဓာ ဘဝနိရောဓော=ဘဝချုပ်တယ်။ ကမ္မဘဝနော်။ ဘဝနိရောဓာ ဇာတိနိရောဓော=ဇာတိချုပ်တယ်၊ ပြီးတော့ ဇရာမရဏသောကပရိဒေဝဒုက္ခ ဒေါမနဿ ဥပါယာသတွေ အားလုံး ချုပ်သွားတယ်၊ ဒါကြောင့် မြတ်စွာ ဘုရားရှင်ကိုယ်တော်မြတ်က ဒီ သုတ္တန်ကို နိဂုံးချုပ်ပြီး ဟောတဲ့အခါမှာ—

ဣမံ ခေါ မေ တုမှေ ဘိက္ခဝေ သံခိတ္တေန တဏှာသင်္ခယဝိမုတ္တိံ ဓာရေထ။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ တုမှေ၊ သင်တို့သည်။ မေ မယာ၊ ငါဘုရားသည်။ သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ဒေသိတံ၊ ဟောတော်မူအပ်သော။ ဣမံ တဏှာသင်္ခယဝိမုတ္တိံ၊ ဤတဏှာ၏ ကုန်ရာ ဖြစ်တဲ့ ရုပ်, ဝေဒနာတို့၌ တဏှာကုန်ရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို အာရုံ ပြုသောအားဖြင့် လွတ်မြောက်ပုံ အခြင်းအရာကို။ ဓာရေထ၊ မှတ်သားကြ ကုန်လော့။

ဝေဒနာကမ္မဋ္ဌာန်း ဟောတဲ့နေရာမှာလဲဘဲ စက္ခုနဲ့ရူပါရုံ ပေါင်းဆုံတဲ့နေရာက နေပြီးတော့ ဝေဒနာဓာတ် ပေါ်လာပုံကို, အဲဒီဝေဒနာဓာတ်ကိုဘဲ စက္ခုနဲ့ ရူပါရုံကနေပြီးတော့ ပဋိစ္စသမုပ္ပါဒ်စက်နဲ့ ဖြစ်ပုံကို မြတ်စွာဘုရား မဟာတဏှာ-သင်္ခယသုတ္တန်မှာ ဒီလိုဟောတော်မူပါတယ်။

**ဝေဒနာအပြား။** ။ဟောလိုရင်း အဓိပ္ပါယ်က ဘာတွေလဲ၊ "ဝေဒနာကို ဟောရင် ရုပ်တရားအခြေခံထားတယ်"လို့ ဆိုတာကို သိစေ လိုတဲ့ အချက်၊ အဲဒါ တပိုင်း။ ဒီတော့ အဲဒီဝေဒနာနဲ့ ပတ်သက်ပြီးတော့ ဘုန်းကြီးတို့ စူဠဝေဒလ္လသုတ္တန်မှာ ဝိသာခ သူကြွယ်က ဓမ္မဒိန္နာကို မေးထားတာ ဟောပေးအုံးမယ်၊ ဘာမေးထားသလဲ—

"ကတိ ပနာယျေ ဝေဒနာတိ"။

အယျေ၊ အရှင်မ ဓမ္မဒိန္နာ။ ဝေဒနာ၊ ဝေဒနာတို့သည်။ ကတိပန၊ အဘယ်မျှ ရှိပါကုန်သနည်း။

ဝေဒနာဟာ ဘယ်နှစ်မျိုး ရှိပါသလဲတဲ့။ ဘုန်းကြီး ပြီးခဲ့တဲ့အပတ်က ဝေဒနာ ရှုပုံကို ဟောပေးခဲ့ပြီးပြီနော်၊ ဝေဒနာဟာ ဘယ်နှစ်မျိုးရှိပါသလဲလို့ မေးတော့ ဓမ္မဒိန္နာ ဘိက္ခုနီမက ဝိသာခ သူကြွယ်ကို ပြန်ပြီးတော့ ဖြေတယ်။

"တိဿော ခေါ ဣမာ အာဝုသော ဝိသာခ ဝေဒနာ သုခါ ဝေဒနာ ဒုက္ခာ ဝေဒနာ အဒုက္ခမသုခါ ဝေဒနာတိ။

အာဝုသော ဝိသာခ၊ ဒကာ သူကြွယ် ဝိသာခ။ ဝေဒနာ၊ ဝေဒနာတို့သည်။ ဣမာတိဿော၊ ဤသုံးပါးတို့ပေတည်း။ (သုံးပါးက ဘာလဲ။) သုခါဝေဒနာ၊ သုခဝေဒနာဂုဏ်း။ ဒုက္ခာဝေဒနာ၊ ဒုက္ခဝေဒနာဂုဏ်း။ အဒုက္ခမသုခါဝေဒနာ၊ အဒုက္ခမသုခဝေဒနာဂုဏ်းတည်း။

ဝေဒနာဟာ သုံးမျိုးရှိပါတယ်၊ သုခဝေဒနာ, ဒုက္ခဝေဒနာ, အဒုက္ခမသုခ-ဝေဒနာ တဲ့။

**ဝေဒနာအရကောက်။** ။ဒီတော့ ဝိသာခ သူကြွယ်က သုခဝေဒနာလို့ဆိုတာ ဘာပါလဲလို့ ဓမ္မဒိန္နာကို ပြန်ပြီးတော့ မေးလိုက်တယ်၊ ဘယ်လို မေးသလဲ—

ကတမာ ပနာယျေ သုခါ ဝေဒနာ၊ ကတမာ ဒုက္ခာ ဝေဒနာ၊ ကတမာ အဒုက္ခမသုခါ ဝေဒနာတိ။

အရှင်မဓမ္မဒိန္နာ သုခဝေဒနာဆိုတာ ဘာကို ခေါ်ပါသလဲ, ဒုက္ခဝေဒနာဆိုတာ ဘာကို ခေါ်ပါသလဲ, အဒုက္ခမသုခဝေဒနာဆိုတာ ဘာကို ခေါ်ပါသလဲဆိုတော့ ဓမ္မဒိန္နာက ပြန်ပြီးတော့ ဖြေတယ်။

ယံ ခေါ အာဝုသော ဝိသာခ ကာယိကံ ဝါ စေတသိကံ ဝါ သုခံ သာတံ ဝေဒယိတံ၊ အယံ သုခါ ဝေဒနာ။

ယံ ခေါ အာဝုသော ဝိသာခ ကာယိကံ ဝါ စေတသိကံ ဝါ ဒုက္ခံ အသာတံ ဝေဒယိတံ၊ အယံ ဒုက္ခာ ဝေဒနာ။

ယံ ခေါ အာဝုသော ဝိသာခ ကာယိကံ ဝါ စေတသိကံ ဝါ နေဝ သာတံ နာသာတံ ဝေဒယိတံ၊ အယံ အဒုက္ခမသုခါ ဝေဒနာတိ။

အာဝုသော ဝိသာခ၊ ဒကာဝိသာခ။ ကာယိကံ ဝါ၊ ပဉ္စဒွါရ၌မူလည်း ဖြစ်သော။ စေတသိကံ ဝါ၊ မနောဒွါရ၌မူလည်း ဖြစ်သော။ သုခံ၊ ချမ်းသာသော။ သာတံ၊ သက်သာသော။ ဝေဒယိတံ၊ ခံစားအပ်သော။ ယံဝေဒနံ၊ အကြင်ဝေဒနာသည်။ အတ္ထိ၊ ရှိ၏။ အယံ ဝေဒနာ၊ ဤဝေဒနာသည်။ သုခါ ဝေဒနာ၊ သုခဝေဒနာမည်၏။

အာဝုသော ဝိသာခ၊ ဒကာ ဝိသာခ။ ကာယိကံ ဝါ၊ ပဉ္စဒွါရ၌မူလည်း ဖြစ်သော။ စေတသိကံ ဝါ၊ မနောဒွါရ၌မူလည်းဖြစ်သော။ ဒုက္ခံ၊ ဆင်းရဲသော။ အသာတံ၊ မသာယာအပ်သော။ ဝေဒယိတံ၊ ခံစားအပ်သော။ ယံ ဝေဒနာ၊ အကြင် ဝေဒနာသည်။ အတ္ထိ၊ ရှိ၏။ အယံ ဝေဒနာ၊ ဤ ဝေဒနာသည်။ ဒုက္ခာဝေဒနာ၊ ဒုက္ခဝေဒနာမည်၏။

အာဝုသောဝိသာခ၊ ဒကာဝိသာခ။ ကာယိယံဝါ၊ ပဉ္စဒွါရ၌မူလည်း ဖြစ်သော။ စေတသိကံဝါ၊ မနောဒွါရ၌မူလည်းဖြစ်သော။ နေဝသာတံ နာသာတံ၊ သာယာသည်လည်းမဟုတ် မသာယာသည်လည်းမဟုတ်သော။ ဝေဒယိတံ၊ ခံစားအပ်သော။ ယံဝေဒနာ၊ အကြင်ဝေဒနာသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤဝေဒနာသည်။ အဒုက္ခမသုခါဝေဒနာ၊ အဒုက္ခမသုခဝေဒနာမည်၏။

သုခဝေဒနာဖြစ်ပုံ, ဒုက္ခဝေဒနာဖြစ်ပုံ, အဒုက္ခမသုခဝေဒနာဖြစ်ပုံကို ဓမ္မဒိန္နာက ဖြေတယ်၊ ဘယ့်နှယ်ဖြေသလဲလို့ ဆိုတော့—

ဒကာဝိသာခတဲ့ စက္ခုဒွါရ, သောတဒွါရ, ဃာနဒွါရ, ဇိဝှါဒွါရ, ကာယဒွါရလို့ ဆိုတဲ့ အဲဒီ ငါးဒွါရမှာဖြစ်တဲ့ သာယာဘွယ်သည် သုခဝေဒနာ။ မနောဒွါရမှာ ဖြစ်တဲ့ သာယာဘွယ်သည် သုခဝေဒနာ။ ငါးဒွါရဖြစ်တဲ့ ကာယ။ (ကာယလို့ ဆိုတာ ငါးဒွါရလို့ ခေါ်တယ်၊ ခန္ဓာကိုယ်ကိုပြောတာ မဟုတ်ဘူးတဲ့ အဋ္ဌကထာ ဆရာက။ "ကာယိကံ ဝါတိ ပဉ္စဒွါရိကံ သုခံ ကာယိကံ နာမ"။) ငါးဒွါရလုံးမှာ ဖြစ်တာကို ကာယိကလို့ ခေါ်တယ်။ ကိုယ်မှာ ဖြစ်တာကိုသာ ပြောတာမဟုတ်ဘူး နော်၊ ငါးဒွါရလုံးမှာ ဖြစ်တာကို ကာယိကသုခဝေဒနာ, ကာယိကဒုက္ခဝေဒနာ, ကာယိက အဒုက္ခမသုခဝေဒနာ၊ မနောဒွါရမှာဖြစ်တဲ့ သုခကို သုခဝေဒနာ, မနောဒွါရမှာဖြစ်တဲ့ဒုက္ခကို ဒုက္ခဝေဒနာ, မနောဒွါရမှာဖြစ်တဲ့ ဥပေက္ခာကို အဒုက္ခမသုခဝေဒနာတဲ့၊ ဒီတော့ အဲဒီ ဝေဒနာသုံးမျိုးကို ဟောလိုက်တော့ ငါးဒွါရလုံးမှာ ဝေဒနာ ဘယ်လိုဖြစ်သလဲ။

စောစောပိုင်းက ဘုန်းကြီးတို့ မဟာတဏှာသင်္ခယသုတ္တန်မှာ ဟောပေးခဲ့ပြီးပြီ၊ စက္ခုနဲ့ရူပါရုံ ပေါင်းဆုံမိတဲ့အခါမှာ ပိယသဘော, သာတသဘောတွေ ပေါ်လာရင် သုခဝေဒနာ၊ စက္ခုနဲ့ရူပါရုံ ပေါင်းဆုံလိုက်တဲ့အခါမှာ အပိယအသာတ သဘောတွေ ပါလာရင် ဒုက္ခဝေဒနာ၊ နှစ်သက်သည်လည်း မဟုတ် မနှစ်သက်သည်လည်း မဟုတ်လို့ ဆိုတဲ့ သဘောတွေ ပေါ်လာရင် အဒုက္ခမသုခဝေဒနာတဲ့။

**ဝေဒနာဖြစ်ရာဌာန။** ။ဒီတော့ ကာယိယ သုခဝေဒနာ, ကာယိယဒုက္ခဝေဒနာလို့ ဆိုတာဟာ ဘုန်းကြီးတို့ ခု ဟောပေးနေတဲ့ ပါဠိတော်မှူ အရဆိုရင် ခန္ဓာကိုယ်တနေရာရာက ဒူးခေါင်းတို့, လက်တို့, ခြေထောက်

တို့ လောက်သာ မခံသာနေတာကို ပြောတာမဟုတ်ဘူးတဲ့၊ ငါးဒွါရလုံးက မခံနိုင်တာကို ဒုက္ခဝေဒနာလို့ ပြောတာပါ၊ ငါးဒွါရလုံးက သာယာတာကို သုခဝေဒနာလို့ ပြောတာပါ။ ဒီတော့ ဝေဒနာခါတ် ဖမ်းရမဲ့နေရာဆိုတာ ဘယ်နေရာကဘဲ ဖမ်းဖမ်း။ ဖမ်းလို့မိတယ်။ အခု ဘုန်းကြီးတို့ ဟောနေတဲ့ တရားသံ၊ ဒီအသံကို ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများရဲ့ သောတပသာဒရုပ်မှာ လာပြီးတော့ ထိခိုက်တဲ့အခါ သောတဝိညာဉ်စိတ်ဖြင့် အသံလို့ဆိုတာကို သိတယ်။ အဲဒီ သုံးခု ပေါင်းလိုက်တဲ့အခါ ဒီအသံသည် တရားတော့ တရားသံဘဲ၊ ဒါပေမဲ့ ဒီတရားဟာ ကောင်းတယ်, ဒီတရားဟာ မကောင်းဘူး, ဒီတရားကို သဘောကျတယ်, ဒီတရားကို သဘောမကျဘူး, ဒီတရားက ရှုပ်နေတယ်, ဒီတရားက ရှင်းတယ်, ကိုယ့်စိတ်ထဲ ဒီတရားတော် နာလိုက်ရတာ အင်မတန်သဘောကျသွားတယ်, ဒီတရားနာရတာ ကောင်းတော့ ကောင်းပါတယ်, ရှုပ်တော့ နေတယ်တဲ့၊ အဲဒီလိုဖြစ်နေရင် အဲဒီပုဂ္ဂိုလ်မှာ ဘာခတွေဖြစ်နေလဲ၊ သုခဝေဒနာတွေ, ဒုက္ခဝေဒနာတွေ ဖြစ်မနေဘူးလား။ (ဖြစ်နေပါတယ်ဘုရား)။

အဲဒီ ပဉ္စဒွါရမှာဖြစ်တဲ့ ဝေဒနာကို ကာယိကဝေဒနာလို့ ခေါ်ပါတယ်။

**ဝေဒနာများ သုခဒုက္ခဖြစ်ပုံ။** ။မနောဒွါရမှာဖြစ်တဲ့ ဝေဒနာကို ဘာလို့ ခေါ်သလဲ၊မနောဒွါရဝေဒနာ၊ဟုတ်လား။ ဝေဒနာ သုံးမျိုး ဖြစ်ပုံကို အဲသလို ဟောလိုက်တယ်။ ဟောတော့ ဝိသာခ သူကြွယ်က ဝေဒနာသုံးမျိုး ဖြစ်ပုံကတော့ ဟုတ်ပါပြီလို့ ဆိုပြီး ဓမ္မဒိန္နာကို ဆက်ပြီးတော့ မေးတယ်။

သုခါ ပနာယျေ ဝေဒနာ ကိံသုခါ၊ ကိံဒုက္ခာ၊ ဒုက္ခာ ဝေဒနာ ကိံသုခါ ကိံဒုက္ခာ၊ အဒုက္ခမသုခါ ဝေဒနာ ကိံသုခါ ကိံဒုက္ခာ။

အရှင်မဓမ္မဒိန္နာ သုခဝေဒနာသည် အဘယ့်ကြောင့် သုခမည်ပါသနည်း, အဘယ့်ကြောင့် ဒုက္ခမည်ပါသနည်း။ ဒုက္ခဝေဒနာသည် အဘယ့်ကြောင့် ဒုက္ခမည်ပါသနည်း, အဘယ့်ကြောင့် သုခမည်ပါသနည်း။ အဒုက္ခမသုခဝေဒနာသည် အဘယ့်ကြောင့် သုခမည်ပါသနည်း, အဘယ့်ကြောင့် ဒုက္ခမည်ပါသနည်း——

လို့ ဒီလို ထပ်ပြီးတော့ မေးလိုက်တယ်။ ဒီတော့ ဓမ္မဒိန္နာက ထပ်ပြီးတော့ ဖြေတယ်——

သုခါ ခေါ အာဝုသော ဝိသာခ ဝေဒနာ ဌိတိသုခါ ဝိပရိဏာမဒုက္ခာ။

အာဝုသောဝိသာခ၊ ဒကာဝိသာခ။ သုခါဝေဒနာ၊ သုခဝေဒနာသည်။ ဌိတိသုခါ၊ တည်နေခြင်းကြောင့် ချမ်းသာ၏။ ဝိပရိဏာမဒုက္ခာ၊ ဖောက်ပြန်ပျက်စီး၍သွားခြင်းကြောင့် ဒုက္ခဖြစ်၏၊ ဆင်းရဲ၏။

သုခဝေဒနာဟာ တည်နေတုန်းတော့ဖြင့်, ရှိနေတုန်းတော့ဖြင့် ချမ်းသာတယ်၊ ပျက်စီးသွားပြီဆိုတော့ ဆင်းရဲတယ် ဝိပရိဏာမဒုက္ခ။ အဲဒါတော့လဲ ဘုန်းကြီးတို့ ပရိသတ် သဘောပေါက်နေပြီ၊ ဘုန်းကြီးလဲ နောက်အပတ်က ဟောခဲ့ပြီးပြီ။

ဒုက္ခဝေဒနာကျတော့ ဘယ်လိုလဲ—

ဒုက္ခာ ဝေဒနာ ဌိတိဒုက္ခာ ဝိပရိဏာမသုခါ။

ဒုက္ခဝေဒနာကျတော့ တည်ရှိနေတဲ့အတွက် ဆင်းရဲတယ်၊ ပျက်စီးသွားတဲ့အတွက် သုခ=ချမ်းသာတယ်။

အဒုက္ခမသုခဝေဒနာကျတော့—

"အဒုက္ခမသုခါ ဝေဒနာ ကိံ သုခါ၊ ကိံ ဒုက္ခာ" လို့ မေးတော့ ဓမ္မဒိန္နာက "အဒုက္ခမသုခါ ဝေဒနာ ဉာဏသုခါ အညာဏဒုက္ခာ"လို့ ဖြေတယ်။

အဒုက္ခမသုခဝေဒနာကို အနိစ္စ ဒုက္ခ ဝိပရိဏာမ အနေဖြင့် သိခြင်းကြောင့် သုခ၊ မသိခြင်းကြောင့် ဒုက္ခတဲ့။

**ဝေဒနာနှင့် အနုသယ။**　။ဒါ စာပေနယ်က လာတာကို ပြောပေးနေတာ၊ အဲဒါ ရှိပါစေ၊ ပါဠိတော်ဟောစဉ် ဒီလိုဘဲသွားကြစို့။

ဝိသာခ သူကြွယ်က မေးပြန်တယ်—

သုခါယ ပနာယျေ ဝေဒနာယ ကိံ အနုသယော အနုသေတိ၊ ဒုက္ခာယ ဝေဒနာယ ကိံ အနုသယော အနုသေတိ၊ အဒုက္ခမသုခါယ ဝေဒနာယ ကိံ အနုသယော အနုသေတိ။

အယျေ၊ အရှင်မဓမ္မဒိန္နာ။ သုခါယဝေဒနာယ၊ သုခဝေဒနာ၌။ ကိံအနုသယော အနုသေတိ၊ အဘယ်အနုသယဖြစ်ပါသနည်း။ ဒုက္ခာယ ဝေဒနာယ၊ ဒုက္ခဝေဒနာ၌။ ကိံအနုသယောအနုသေတိ။ အဘယ်အနုသယ ဖြစ်ပါသနည်း။ အဒုက္ခမသုခါယဝေဒနာယ၊ အဒုက္ခမသုခဝေဒနာ၌။ ကိံအနုသယောအနုသေတိ၊ အဘယ်အနုသယဖြစ်ပါသနည်း။

သုခဝေဒနာမှာ ဘယ်လိုအနုသယရှိသလဲ, ဒုက္ခဝေဒနာမှာ ဘယ်လို အနုသယ ရှိသလဲ, ဥပေက္ခာဝေဒနာမှာ ဘယ်လို အနုသယရှိသလဲလို့ မေးတယ်။

ဒီတော့ ဓမ္မဒိန္နာက ဖြေတယ်—

သုခါယ အာဝုသော ဝိသာခ ဝေဒနာယ ရာဂါနုသယော အနုသေတိ၊ ဒုက္ခာယ ဝေဒနာယ ပဋိဃာနုသယော အနုသေတိ၊ အဒုက္ခမသုခါယ ဝေဒနာယ အဝိဇ္ဇာနုသယော အနုသေတိ။

ဒကာဝိသာခ သုခဝေဒနာပေါ်လာရင် ရာဂါနုသယ ဖြစ်ခွင့်ရတယ်၊ ဒုက္ခဝေဒနာပေါ်လာရင် ပဋိဃာနုသယ ဖြစ်ခွင့်ရတယ်၊ ဥပေက္ခာဝေဒနာပေါ်လာရင် အဝိဇ္ဇာနုသယဟာ အကြောင်းအားလျော်စွာ ဖြစ်ပေါ်၍ လာတယ်တဲ့၊ အဲဒီလို ဖြေလိုက်တယ်။

## အနုသယသဘောရှင်းချက်

ဒီကနေ့ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ဘုန်းကြီးဟောပေးရမှာက အဲဒီအနုသယကို ဘုန်းကြီးဟောပေးရမယ်။

ဘုန်းကြီးကိုလဲ ဘာလျှောက်ထားသလဲလို့ဆိုတော့ တရားတောင်းထားတာက "အရှင်ဘုရား ဒုတိယအပတ်က ဟောခဲ့တဲ့တရားထဲမှာ—

"တဿ ရာဂါနုသယော အနုသေတိ၊ တဿ ပဋိဃာနုသယော အနုသေတိ၊ တဿ အဝိဇ္ဇာနုသယော အနုသေတိ"လို့—

ဆိုပြီးတော့ ရာဂါနုသယတွေ, ပဋိဃာနုသယတွေ, အဝိဇ္ဇာနုသယတွေ ဖြစ်တယ်လို့ဆိုတာ ဟောသွားပါတယ်။ သုခဝေဒနာရယ်လို့ ဖြစ်လိုက်ရင် ရာဂါနုသယ ပါလာတယ်တဲ့။ ဒုက္ခဝေဒနာရယ်လို့ဖြစ်လိုက်ရင် ပဋိဃာနုသယ ပါလာတယ်တဲ့။ ဥပေက္ခာ ဝေဒနာရယ်လို့ဖြစ်လိုက်ရင် အဝိဇ္ဇာနုသယ ပါလာတယ်တဲ့၊ သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာတို့ ကိုတော့ဖြင့် အနိစ္စလို့ရှု, သလ္လလို့ရှု, ဒုက္ခလို့ရှု၊ ဒီလိုရှုရမယ်။ အဲဒီပါလာတဲ့ ကာမရာဂါနုသယ, ပဋိဃာနုသယ, အဝိဇ္ဇာနုသယတွေကျတော့ ဘာလုပ်ရမလဲ၊ "ပဟာတဗ္ဗော၊ ပယ်ပစ်ရမယ်"။ ဟုတ်ပလား (မှန်ပါ)။

ဒါ ပြီးခဲ့တဲ့အပတ်က ဟောခဲ့ပြီနော် (မှန်ပါ)။

အဲဒီ အနုသယနဲ့ပတ်သက်လို့ တပည့်တော်တို့ နားမလည်ဘူး၊ အနုသယ သဘောကို ထင်ရှားအောင် ဟောပေးတော်မူပါ"တဲ့။ "အနုသယဆိုတာ ကိန်းသလား, ရှိသလား" အဲဒီလို အနုသယနဲ့ပက်သက်လို့ ဘုန်းကြီးကို အဖြေတောင်းထားတယ်။

**ကြောက်စရာ အနုသယ။** ။ဒီတော့ ပါဠိတော်မှာလဲ ဘုန်းကြီး ဟောနေတာက အနုသေတိ, အနုသေတိနဲ့ဘဲ ဟောဟောနေတော့ အနုသယသဘောတွေ ဒီကနေ့ပေါ်လာတယ်။ ဒီအနုသယအကြောင်းကို နဲနဲပြောပေးရဦးမယ်၊ အခုလဲဘဲ ဓမ္မဒိန္နာက—

> သုခါယ ခေါ အာဝုသော ဝိသာခ ဝေဒနာယ ရာဂါနုသယော အနုသေတိ၊ ဒုက္ခာယ ဝေဒနာယ ပဋိဃာနုသယော အနုသေတိ၊ အဒုက္ခမသုခါယ ဝေဒနာယ အဝိဇ္ဇာနုသယော အနုသေတိ။

ဒကာဝိသာခ မျက်လုံးနဲ့ ရူပါရုံကို မြင်လိုက်လို့ နှစ်သက်တယ်ဆိုရင် အဲဒီ သုခဝေဒနာမှာ ရာဂါနုသယ ဖြစ်ခွင့်ရှိနေပြီတဲ့၊ ပယ်ရမဲ့ ရာဂါနုသယ။ ဒီတော့ အနုသယဓာတ်လို့ဆိုတာ၊ အနုသယကိလေသာလို့ဆိုတာ တွေ့ဟာ အင်မတန် ကြောက်စရာကောင်းတယ်။ ဝီတိက္ကမတို့၊ ပရိယုဋ္ဌာနတို့လို မြင်ရတဲ့လက်နက် မဟုတ်ဘူး၊ မမြင်ရတဲ့လက်နက်၊ ဟုတ်ပလား ဘုန်းကြီးတို့ပရိသတ်၊ အန္တရာယ် တခုနဲ့ တွေ့ကြုံနေရင် မြင်ရတဲ့အန္တရာယ်နဲ့ မမြင်ရတဲ့အန္တရာယ်မှာ မြင်ရတဲ့ အန္တရာယ်ကို ရှောင်မယ်ဆိုရင် မလွတ်ဘူးလား (လွတ်ပါတယ်ဘုရား)။

မမြင်ရတဲ့ အန္တရာယ်ဆိုရင် ဘယ့်နှယ်လဲ (မလွတ်ပါဘုရား)။

ဒီတော့ မြင်ရတဲ့ ရန်သူနဲ့ မမြင်ရတဲ့ ရန်သူကို ဘုန်းကြီးတို့ အမျိုးကောင်း သား, သမီးများ ဘယ်သူ့ကို ပိုပြီးတော့ ကြောက်ရသလဲ (မမြင်ရတဲ့ အန္တရာယ်ကို ပိုပြီးကြောက်ရပါတယ်ဘုရား)။

ဘယ်သူက ပိုပြီးတော့ အားကောင်းသလဲ (မမြင်ရတဲ့ အန္တရာယ်က ပိုပြီး အားကောင်းပါတယ်ဘုရား)။

မရှောင်လဲ မရှောင်နိုင်ဘူး၊ ဘယ်နေရာမှာရှိနေမှန်းလဲ မသိဘူး၊ ဥပမာပုံ ဆိုပါတော့——

ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ သူများအသက် ကိုသတ်ရင် အကုသိုလ်ဖြစ်တယ်ဆိုတဲ့ ဝီတိက္ကမကိလေသာသဘောကို သိမနေ ဘူးလား (သိနေပါတယ်ဘုရား)။

မရှောင်ဘူးလား (ရှောင်ပါတယ်ဘုရား)။

ပရိယုဋ္ဌာန=ထကြွသောင်းကျန်းပြီး ဩောင်ငါတော့ ရာဂစိတ်တွေ ဖြစ်လာ ပြီ, ဒေါသတွေဖြစ်လာပြီ၊ ဒီစိတ်တွေဟာ မကောင်းကျိုးတွေ ပေးမှာပါကလား လို့သိရင် အပြင်ဘက်ကို ဒေါသမထွက်သေးခင် ဖြစ်နေတဲ့ ဒေါသကို သိမ်းလို့ မရဘူးလား (ရပါတယ်ဘုရား)။

**အနုသယ-၏ နေရာ။** ။အနုသယတွေက ဘယ်နေရာမှာ နေကြသလဲ။ အဲ အနု- သယ ပြဿနာက ပေါ်လာတယ်၊ အဋ္ဌကထာ,ဋီကာ တွေက ဘယ့်နှယ့်ပြသလဲဆိုတော့ အနုသယဆိုတဲ့ ကိလေသာသည် ထာမဂတ တဲ့, ထာမဂတတ္တ တဲ့။ အင်မတန် အားကောင်းတဲ့ အနုသယတဲ့။

ကိလေသာထဲမှာ အနုသယကိလေသာထက် အားကောင်းတဲ့ ကိလေသာ ရှိသေးသလား (မရှိပါဘုရား)။

**ပါရာယန(ဒု)-၂၆—ပ-မ-ဗ-သ-စ**

အဲဒါကြောင့် သူ့ကို သီလနဲ့လဲ သတ်လို့မရဘူး, သမာဓိနဲ့လဲ သတ်လို့မရဘူး၊ ဘာနဲ့မှ သတ်လို့ ရသလဲ (ပညာနဲ့ပါဘုရား)။

ပညာတောင်မှ ဝိပဿနာပညာနဲ့သတ်လို့ မရသေးဘူး၊ မဂ်ပညာနဲ့မှ သူ့ကို သတ်လို့ရတယ်။ ဒါတောင် တကြိမ်ထဲ သူ မသေဘူး၊ လေးကြိမ်လောက် သတ်ယူရတယ်၊ အနုသယက အင်မတန်ကြီးတဲ့ အကုသိုလ်ကိုး။ ဆိုလိုတဲ့အဓိပ္ပါယ်က အဲဒီနေရာမှာ အဋ္ဌကထာ,ဋီကာတွေရဲ့ အာဘော်က အနုသယထက် ကြီးတဲ့အကုသိုလ်မရှိတော့ဘူးတဲ့၊ ရှိသေးသလား (မရှိပါဘုရား)။

နို့ မြင်ရရဲ့လား (မမြင်ရပါဘုရား)။

ဘယ်လိုလုပ်ရှောင်ကြမလဲ ဘုန်းကြီးတို့ပရိသတ်၊ ဒီတော့ ကိုယ့်မှာလဲ ဖြစ်နေတာက ရာဂါနုသယတွေ, ပဋိဃာနုသယတွေ။

**ကိန်းမကိန်းရှင်းချက်။** ။မျက်လုံးနဲ့ ရူပါရုံကို မြင်ရရင် နှစ်သက်တယ်လို့ဆိုတဲ့ သုခဝေဒနာတွေ ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဘုရား)။

သုခဝေဒနာဖြစ်နေရင် ဘယ်သူ ပါလာမလဲ၊ ရာဂါနုသယ၊ ဟော အနုသယ ပါလာပြီ၊ ဒုက္ခဝေဒနာဖြစ်နေရင် ပဋိဃာနုသယက ပါလာတယ်။ ဥပေက္ခာဝေဒနာဖြစ်နေရင် အဝိဇ္ဇာနုသယက ပါလာတယ်။ ဘယ်ကလိုက်လာသလဲ, ဘယ်နေရာက ပါလာသလဲ၊ သူက ဘယ်နေရာမှာလဲ-ဆိုတော့ အဲဒီအနုသယကိုလဲဘဲ "အနုသေတိ၊ ကိန်း၏"လို့ ဒီလိုဘဲအနက်ပေးထားတယ်။

ဒီတော့ အနုသယနဲ့ ပတ်သက်တဲ့ ပြဿနာတွေ ပေါ်လာတော့ ဘုန်းကြီးလက်လှမ်းမှီသလောက် စာပေနယ်ကို လေ့လာကြည့်တဲ့အခါ အနုသယလို့ဆိုတာ ခုနစ်မျိုးရှိတယ်။ ဘယ်နှစ်မျိုးလဲ (ခုနစ်မျိုးပါဘုရား)။

ဘယ်က ပြောထားသလဲလို့ဆိုတော့ ဝိဘင်းပါဠိတော်က ပြောထားတယ်။ ကိုင်းဒီနေရာမှာ စူဠဝေဒလ္လသုတ္တန်ကို ခဏရပ်ထားပြီးတော့ ဘုန်းကြီးတို့အဘိဓမ္မာ ပိဋကတ် ဝိဘင်းပါဠိတော်ကို သွားကြဦးစို့ အနုသယ ခုနစ်မျိုးကို ပြောချင်လို့၊ ဘာပြောထားသလဲ ဝိဘင်းပါဠိတော်က၊ မှတ်ထားကြနော်။

**အနုသယခုနစ်မျိုး။** ။ကာမရာဂါနုသယ, ပဋိဃာနုသယ, မာနာနုသယ, ဒိဋ္ဌာနုသယ, ဘဝရာဂါနုသယ, ဝိစိကိစ္ဆာနုသယ, အဝိဇ္ဇာနုသယ-လို့ ခုနစ်မျိုးရှိတယ်။ ဘယ်နှစ်မျိုးလဲ (ခုနစ်မျိုးပါဘုရား)။

တရားကိုယ် ကောက်လိုက်တော့ ကာမရာဂါနုသယသည် လောဘ။ ကာမရာဂါနုသယက ဘယ်သူတုံး (လောဘပါဘုရား)။

ပဋိဃာနုသယသည် ဒေါသစေတသိက်။ ဒိဋ္ဌာနုသယက ဒိဋ္ဌိစေတသိက်။ ဝိစိကိစ္ဆာနုသယက ဝိစိကိစ္ဆာစေတသိက်။ အဝိဇ္ဇာနုသယက မောဟစေတသိက်။ မာနာနုသယက မာနစေတသိက်။ ဘဝရာဂါနုသယကတော့ဖြင့် တဏှာ=လောဘစေတသိက်။ အနုသယဟာ အမည်အားဖြင့် ၇နှစ်မျိုးရှိတယ်၊ တရားကိုယ်အားဖြင့် ခြောက်မျိုးရှိတယ်၊ ဟုတ်လား (မှန်ပါ)။

အဲဒီအနုသယတို့ရဲ့ တရားကိုယ်ဟာ ဘယ်နှစ်မျိုးရှိသလဲ (ခြောက်မျိုးပါဘုရား)။

ကြည့် ဒီ အနုသယ တရားတွေဟာ အမြဲတမ်း ကပ်ပြီးပါနေတယ်၊ အဲဒီ အနုသယတွေဖြစ်ပုံကို ပါဠိတော်က ဘယ့်နှယ်ပြသလဲလို့ဆိုတော့—

> ယံ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထ သတ္တာနံ ကာမရာဂါ-နုသယော အနုသေတိ။

> လောကေ၊ လောက၌။ ယံ ပိယရူပံ သာတရူပံ၊ အကြင် သာယာနှစ်သက်အပ်သော သဘောသည်။ အတ္ထိ၊ ရှိ၏။

ဘုန်းကြီးတို့ပရိသတ် ရှိသလား, မရှိဘူးလား (ရှိပါတယ်ဘုရား)။

မိမိစိတ်က သာယာနှစ်သက်နိုင်တဲ့ သာယာဖွယ်နှစ်သက်ဖွယ်ကလေးတွေဆိုတာ လောကမှာ ရှိနေသလား, ရှိမနေဘူးလား (ရှိနေပါတယ်ဘုရား)။

> ဧတ္ထ၊ ဤသာယာဖွယ် နှစ်သက်ဖွယ်ဆိုတဲ့ သဘောတရား၌။ သတ္တာနံ၊ သတ္တဝါတို့အား။ ကာမရာဂါနုသယော၊ ကာမရာဂါနုသယသည်။ အနု-သေတိ၊ ဖြစ်ပေါ်၍ နေလေတော့၏။

အဲဒီမှာ ကာမရာဂါနုသယတွေ ဖြစ်နေတယ်။ ဘာကို ကြည့်လိုက်ကြည့်လိုက် ကိုယ့်စိတ်ထဲမှာ နှစ်သက်ဖွယ်ကလေးဘဲလိုသာ သဘောပေါက်မိရင် အဲဒီမှာ ဘာပါသွားသလဲ၊ ကာမရာဂါနုသယ ပါသွားပါတယ်။ ဒါ အဘိဓမ္မာ ပိဋကတ်ဝိဘင်း ပါဠိတော်ထဲက ပြောထားတဲ့စကား။ ခုဒ္ဒကနိကာယ်မှာလဲ—

> ယံ လောကေ အပ္ပိယရူပံ အသာတရူပံ၊ ဧတ္ထ သတ္တာနံ ပဋိဃာ-နုသယော အနုသေတိ။

> လောကေ၊ လောက၌။ ယံအပ္ပိယရူပံ အသာတရူပံ၊ အကြင်မသာယာအပ်မနှစ်သက်အပ်သော သဘောရှိသောတရားသည်။ အတ္ထိ၊ ရှိ၏။

လောကကြီးတခုလုံး ကြည့်လိုက်ရင် ကိုယ်မနှစ်သက်တဲ့ အရာဝတ္ထုတွေကော မရှိဘူးလား?　　(ရှိပါတယ်ဘုရား)။

ဌေ၊ ဤကိုယ်မနှစ်သက်စရာဖြစ်တဲ့ အာရုံ၌။ သတ္တာနံ၊ သတ္တဝါတို့အား။ ပဋိဃာနုသယော၊ ပဋိဃာနုသယသည်။ အနုသေတိ၊ ဖြစ်ပေါ်၍ နေလေ တော့၏-တဲ့။

**အနုသယဝင်လာပုံ။** ။အာရုံတခုကို မြင်လိုက်တယ်ဆိုပါတော့ ကိုယ်ကမနှစ်သက်ဘူးဆိုရင် ဝိရောဓပေါ့၊ ဟုတ်လား။ (မှန်ပါ)

ဘာဖြစ်လာသလဲ၊ ပဋိဃာနုသယ ဖြစ်ပြီနော် (မှန်ပါ)။

ဖြစ်မှန်းကိုသိသလား၊ ကိုယ်က မကြိုက်တာဘဲသိတယ်, ကြိုက်တာဘဲသိဘယ်၊ အဲဒီ မကြိုက်တာ, ကြိုက်တာ နောက် ဘယ်သူက ပါလာသလဲလို့ဆိုတော့ အနုသယသဘော ကပ်ပါနေတယ်၊ ဘယ်ကလာသလဲ ဒီအနုသယသဘော၊ သူက ဘယ်နေရာမှာနေသလဲ၊ အနုသယဆိုဘာ ရှေးက "အနုသေတိ၊ ကိန်း၏"လို့ အနက်ပေးတော့ ကိန်းနေဘယ်, ဝပ်နေတယ်, အမြဲရှိနေတယ် ဆိုတဲ့ အဓိပ္ပါယ်မျိုး သက်ရောက်မနေဘူးလား (သက်ရောက်ပါတယ်ဘုရား)။

ဥပမာပုံ ဆိုခဲ့လို့ရှိရင် ခတ်မီးခြစ်ကို ခြစ်လိုက်လို့ရှိရင် အဲဒီမီးခြစ်ကျောက် ကလေးထဲမှာ မီးတွေကိန်းနေတယ် ဆိုတဲ့ အဓိပ္ပါယ်မျိုးလိုပေါ့၊ သွားပြီး ထိလိုက်ရင် တောက်လာတယ်၊ အဲဒီတော့ "ကိန်း နေတယ် ဆိုတဲ့ အဓိပ္ပါယ် ဟာ အခုပြောခဲ့တဲ့ အနုသယတွေ အဲဒီလိုဘဲ ကိန်းနေပါသလား"လို့ ဆိုတော့ အဋ္ဌကထာ, ဋီကာတွေက ကိန်းနေတာ မဟုတ်ဘူးတဲ့။

အဲဒီလိုဆိုတော့ အသိခက်သွားတယ်၊ ဟိုတုန်းကတော့ အဲဒီအထဲ အနုသယ ခတ်က သူဟာ နဂိုရ်ကကိန်းနေတာ၊ မထိသေးလို့ သူ မတောက်သေးတာ၊ အာရုံနဲ့ သွားပြီ ထိလိုက်ရင် သူဟာ တောက်လာလိမ့်မယ်ဆိုတဲ့ အဓိပ္ပါယ်မျိုးနဲ့ အဲဒီလိုသဘောပေါက်ထားတော့ ဒါသိပ်ပြီးတော့ အဓိပ္ပါယ်မခက်ဘူး။ ခုတော့ အဋ္ဌကထာ,ဋီကာတွေက ကိန်းနေတာ မဟုတ်ဘူးတဲ့၊ သူတို့က အဲဒီလိုပြောလိုက် တော့ အဓိပ္ပါယ် တော်တော်ခက်သွားတယ်။ ဒီကနေ့တော့ ဘုန်းကြီးတို့ အမျိုး ကောင်းသား, အမျိုးကောင်းသမီးတွေ ဒီအဓိပ္ပါယ် နဲ့နဲလေး ခက်ချင်ခက် လိမ့်မယ်။ ခက်ပေမဲ့ ဘုန်းကြီးက မဟောလို့မဖြစ်ဘူး, ဟောရမဲ့အပိုင်း ရောက် နေသည် ဖြစ်သောကြောင့် ဘုန်းကြီး နိုင်သရွေ့တော့ဖြင့် ကြိုးစားပြီးတော့ ဟောပေးသွားမယ် ဒီအနုသယသဘောကို။

**ဝိဘင်းပါဠိတော်ကဟောထားပုံ။** ။ဝိဘင်းပါဠိတော်က လောကမှာ နှစ်သက် ဖွယ်ဖြစ်တဲ့ အာရုံတွေရှိတယ်, အဲဒီအာရုံ တွေ အမှီပြုပြီး သတ္တဝါတွေမှာ ကာမရာဂါနုသယ ဖြစ်တယ်တဲ့၊ မနှစ်သက်ဖွယ်

ဖြစ်တဲ့ အာရုံတွေရှိတယ်, အဲဒါအမှီပြုပြီးတော့ သတ္တဝါတွေဟာ ပဋိဃာနုသယ ဖြစ်တယ်တဲ့။ ပြီးတော့ ဘာဖော်ပြသလဲလို့ဆိုတော့ ဝိဘင်းပါဠိတော်က——

ဣတိ ဣမေသု ဒွီသု ဓမ္မေသု အဝိဇ္ဇာနုပတိတာ တဒေကဋ္ဌော မာနော စ ဒိဋ္ဌိ စ ဝိစိကိစ္ဆာ စ ဒဋ္ဌဗ္ဗာ။

ဣတိ၊ ဤသို့။ ဣမေသုဒွီသုဓမ္မေသု၊ ဤကာမရာဂါနုသယ,ပဋိဃာနုသယ ဆိုတဲ့ တရားနှစ်ပုဒ်တို့၌။ အဝိဇ္ဇာ၊ အဝိဇ္ဇာသည်။ အနုပတိတာ၊ အစဉ် ကျရောက်၍ နေလေတော့၏။

ကာမရာဂါနုသယထဲမှာ ဘယ်သူပါသလဲ၊ အဝိဇ္ဇာပါတယ်၊ ပဋိဃာနုသယ ထဲမှာ အဝိဇ္ဇာပါတယ်၊ ဒီတော့ ကာမရာဂနုသယဖြစ်ရင် အဝိဇ္ဇာနုသယဖြစ်၊ ဟုတ်လား (မှန်ပါဘုရား)

ပဋိဃာနုသယဖြစ်ရင် အဝိဇ္ဇာနုသယဖြစ်၊ ဒါတင်လားလို့ဆိုတော့ မက သေးဘူး——

တဒေကဋ္ဌော၊ ထိုအဝိဇ္ဇာနှင့်ပေါင်း၍ တည်နေသော။ မာနောစ၊ မာနာနုသယကိုရင်း။ ဒိဋ္ဌိစ၊ ဒိဋ္ဌာနုသယကိုရင်း။ ဝိစိကိစ္ဆာစ၊ ဝိစိကိစ္ဆာ-နုသယကိုရင်း။ ဒဋ္ဌဗ္ဗာ၊ ရှိတယ်လို့ မှတ်အပ်ကုန်၏။

အဲဒီလိုဆိုတော့ အဝိဇ္ဇာပါသွားတာနဲ့ တပြိုင်နက်ထဲ မာနာနုသယ, ဒိဋ္ဌာ-နုသယ, ဝိစိကိစ္ဆာနုသယတွေလဲ ပါသွားပြီ၊ ဟုတ်လား (မှန်ပါဘုရား)။

ဒီတော့ အဘိဓမ္မာပါဠိသဘော အနေအားဖြင့် ကာမာရာဂါနုသယ ဖြစ်ရင် အဝိဇ္ဇာမပါဘူးလား (ပါပါတယ်ဘုရား)

ဝိစိကိစ္ဆာ (ပါပါတယ်ဘုရား)။

မာန (ပါပါတယ်ဘုရား)။

ဒိဋ္ဌိ (ပါပါတယ်ဘုရား)။

အဲ ပါသွားပြီ၊ အနုသယတွေ အကုန်လုံးဖြစ်တယ်နော် (မှန်ပါ)။

ဘဝရာဂါနုသယကကောလို့ ဆိုတော့ ကာမရာဂါနုသယထဲ ပေါင်းပြီးတော့ ယူလိုက်တဲ့ အဋ္ဌကထာဆရာကြီးက ပြောထားတယ်၊ သူကလဲ လောဘကိုး။ ဒီတော့ ကာမရာဂါနုသယတကြိမ်ဖြစ်ရင် အနုသယ ခုနစ်ပါးစလုံး မဖြစ်ဘူးလား (ဖြစ်ပါတယ် ဘုရား)။

ဘယ်လောက် ကြောက်စရာကောင်းသလဲ ဘုန်းကြီးတို့ပရိသတ် ကြည့်စမ်း၊ ကိုယ်လုပ်တာက တခုထဲရယ် ဖြစ်တော့ အကုသိုလ် ဘယ်နှစ်ချက် ဖြစ်သလဲ (ခုနစ်ချက် ဖြစ်ပါတယ် ဘုရား)။

ဒီအနုသယ ကြောက်စရာကောင်းပုံ၊ အနုသယကိလေသာဆိုးဝါးပုံကို ဝိဘင်းပါဠိတော်က ပြတယ်၊ နော် (မှန်ပါ)။ ကဲ ဒါရှိပစေအုံး။

**ယမိုက်ပါဠိတော်ကဟောထားပုံ။** ။အနုသယ ယမိုက်ပါဠိတော်က ဘာပြထား ပြန်သလဲလို့ ဆိုတော့—

"ယဿ ကာမရာဂါနုသယော အနုသေတိ၊ တဿ ပဋိဃာနုသယော အနုသေတီတိ၊ အာမန္တာ"တဲ့။

ယဿပုဂ္ဂလဿ၊ အကြင်ပုဂ္ဂိုလ်အား။ ကာမာရာဂါနုသယော၊ ကာမရာဂါနုသယသည်။ အနုသေတိ၊ ကိန်း၏။ ဝါ-အနုသေတိ အနုရူပံကာရဏံ လဘိတွာ ဥပ္ပဇ္ဇတိ၊ လျောက်ပတ်သော အကြောင်းကိုရ၍ ဖြစ်လေပြီး, ဖြစ်ဆဲ,ဖြစ်လတ္တံ့။ တဿ၊ ထိုကာမရာဂါနုသယကိန်းနေသော၊ ဝါ-လျောက်ပတ်သောအကြောင်းကိုရ၍ ဖြစ်ပြီး,ဖြစ်ဆဲ, ဖြစ်လတ္တံ့ဖြစ်သော ပုဂ္ဂိုလ်အား။ ပဋိဃာနုသယော၊ ပဋိဃာနုသယသည်။ အနုသေတိ၊ ကိန်းသလော, ဝါ-ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့လော။ ဣတိပုစ္ဆာယံ၊ ဤသို့သောအမေးသည်။ သတိ၊ ရှိသော်။ အာမန္တာ၊ ကာမရာဂါနုသယ ကိန်းနေသော ပုဂ္ဂိုလ်အား ပဋိဃာနုသယကိန်း၏။ ဣတိဝိသဇ္ဇနာ၊ ဤသို့ဖြေတော်မူသည်။ ဟောတိ၊ ဖြစ်၏။

ကာမရာဂါနုသယဖြစ်ရင် ဘာဖြစ်လာသလဲ၊ ပဋိဃာနုသယဖြစ်တယ်။ ကာမရာဂနုသယ, ပဋိဃာနုသယတွေ ဖြစ်လာကြရင် ခုနက ဝိဘင်းပါဠိတော်အရ အဝိဇ္ဇာနုသယကော မဖြစ်ဘူးလား (ဖြစ်ပါတယ် ဘုရား)။

ဒိဋ္ဌာနုသယ (ဖြစ်ပါတယ် ဘုရား)။

ဝိစိကိစ္ဆာနုသယ (ဖြစ်ပါတယ် ဘုရား)။

မာနာနုသယ (ဖြစ်ပါတယ် ဘုရား)။

ဘဝရာဂါနုသယ (ဖြစ်ပါတယ် ဘုရား)။

အကုန်ဖြစ်။ ဒီတော့ ဆိုလိုတဲ့ အဓိပ္ပါယ်က အနုသယတခုဖြစ်ရင် ကျန်တဲ့ အနုသယတွေ အကုန်ဖြစ်တယ်၊ ဟုတ်လား (မှန်ပါ)။

ဝိဘင်း ပါဠိတော်တုန်းက ကာမရာဂါနုသယနဲ့ ပဋိဃာနုသယကို နှစ်မျိုးခွဲပြီး ပြသေးတယ်။ ဒီ ယမိုက်ပါဠိတော်ကျတော့ အကြင်ပုဂ္ဂိုလ်မှာ ကာမရာဂါနုသယဖြစ်ရင် ထိုပုဂ္ဂိုလ်မှာ ပဋိဃာနုသယလဲ ဖြစ်နေပြီတဲ့၊ နော် (မှန်ပါ)။

ဒီတော့ ပဋိဃာနုသယဘဲ ဖြစ်ဖြစ်, ကာမရာဂါနုသယဘဲ ဖြစ်ဖြစ် အနုသယ ခုနစ်ပါးစလုံး မဖြစ်ဘူးလား (ဖြစ်ပါတယ် ဘုရား)။

**ယမိုက်အဋ္ဌကထာ ဖွင့်ပြချက်။** ။အဲဒီ အနုသယလို့ဆိုတာနဲ့ ပတ်သက်လို့ ယမိုက်ပါဠိတော်ကို ဖွင့်ထားတဲ့ ပဉ္စမဂ္ဂိုဟ်ခေါ် ပဉ္စပကြိုဏ်အဋ္ဌကထာ, အခု ခေါ်တာကတော့ ပဉ္စပကရဏအဋ္ဌကထာတဲ့။ အဲဒီယမိုက်အဋ္ဌကထာက ဘယ့်နှယ်ဖွင့်ထားသလဲ အနုသယဟာ ကိန်း, မကိန်း၊ အနုသယသည် ကိန်းနေတယ်, ဝပ်နေတယ်, ရှိနေတယ်ဆိုတဲ့ အဓိပ္ပါယ်နဲ့ ပတ်သက်ပြီးတော့ မကိန်းကြောင်း, မဝပ်ကြောင်း, မရှိကြောင်းကို ပဉ္စမဂ္ဂိုဟ် ယမိုက်အဋ္ဌကထာက ဘယ့်နှယ်ဖွင့်ထားသလဲ ဆိုတော့—

"အနုသယာတိ ကေနဋ္ဌေန အနုသယာ"

ဒါ ယမိုက်အဋ္ဌကထာက တင်လား ဆိုတော့ မကဘူး, မဟာနိဒ္ဒေသအဋ္ဌကထာတို့ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာတို့ကလဲ ဒီအတိုင်းဘဲ ဖွင့်တယ်၊ အတူတူဘဲ။

အနုသယာတိ၊ အနုသယ-ဟူသောပုဒ်၌။ ကေနဋ္ဌေန၊ အဘယ်အနက်သဘောသတ္တိ ရှိသောကြောင့်။ အနုသယာ၊ အနုသယဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပါသနည်း။

အဋ္ဌကထာက အနုသယဆိုတာ ဘယ်အနက်သဘောကြောင့် အနုသယလို့ ဆိုတာလဲလို့ မေးပြီးတော့ ပြန်ပြီး ဖြေထားတယ်—

အနုသယနဋ္ဌေန။ "အနုသယနဋ္ဌေန" လို့ဆိုတဲ့ အနက်ဟာ သေသေချာချာ မထင်ရှားသည်ဖြစ်သောကြောင့် ဒီပဉ္စမဂ္ဂိုဟ် အဋ္ဌကထာမှာဘဲ အနုသယနဋ္ဌေန ဆိုတဲ့ စကားကို "ကော သေ အနုသယနဋ္ဌော နာမ"လို့ မေးထားပြန်တယ်။

သေ ဧသော အနုသယနဋ္ဌော နာမ၊ အဲဒီ အနုသယနဋ္ဌ-လို့ ဆိုတဲ့ စကားကကော။ ကော၊ အဘယ်သို့သောအနက်ကို ဆိုပါသနည်း။ အနုသယနဋ္ဌ ဆိုတာ ဘာလဲတဲ့။

"အပ္ပဟီနဋ္ဌော"လို့ ဆိုတော့ အနုသယဆိုတဲ့ သဘောသည် ကိန်းနေတဲ့ သဘောလား, မပယ်ရသေးတဲ့ သဘောလား (မပယ်ရသေးတဲ့ သဘောပါဘုရား)

ဒါအဋ္ဌကထာ အဖွင့်၊ မပယ်ရသေးတဲ့သဘော၊ ကိန်းနေတယ်, ဝပ်နေတယ်, ဒီလိုမဟုတ်ဘူး၊ သူက မပယ်ရသေးတဲ့သဘော, မဂ်ဖြင့် မပယ်ရသေးတဲ့သဘော၊ နောက် သူ ဆက်ဖွင့်လိမ့်မယ်—

ဧတေ ဟိ အပ္ပဟီနဋ္ဌေန တဿ တဿ သန္တာနေ အနုသေန္တိ နာမ၊ တသ္မာ အနုသယာတိ ဝုစ္စန္တိ-တဲ့။ ပဉ္စမဂ္ဂိုဟ် အဋ္ဌကထာက—

ဟိ၊ မှန်၏။ ဧတေ၊ ထို ခုနစ်ပါးသော အနုသယတို့သည်။ အပ္ပဟီနဋ္ဌေန၊ မပယ်ရသေးသောအနက်သဘောကြောင့်။ တဿတဿသန္တာနေ၊ ထိုထိုခန္ဓာ

အစဉ်၌။ အနုသေန္တီတိ၊ ဖြစ်ခွင့်သင့်ရင် အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာကုန်၏။ တသ္မာ၊ ထို့ကြောင့်။ အနုသယာတိ၊ အနုသယတို့ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ပေကုန်တော့၏။

ဖြစ်ခွင့်သင့်ရင် ဖြစ်မယ်လို့ဆိုတာကို "အနုသယ"လို့ ဆိုတာပါတဲ့၊ ရှိနေတယ်, ကိန်းနေတယ်လို့ မပြောဘူး၊ အဲဒါကို အဋ္ဌကထာက ဘာ ထပ်ဖွင့်ထားပေးပြန်သလဲဆိုတော့ "အနုသေန္တိ" ဆိုတဲ့စကားကို—

အနုသေန္တီတိ အနုရူပံ ကာရဏံ လဘိတွာ ဥပ္ပဇ္ဇန္တီတိ အတ္ထော။

အနုရူပံကာရဏံလဘိတွာ၊ ဖြစ်ခွင့်သင့်သော အကြောင်းကို ရသည် ရှိသော်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်၍လာကုန်၏။ ဣတိအယံ၊ ဤသည်လျှင်။ အတ္ထော၊ အနုသေန္တိဆိုတဲ့ စကားရဲ့ အဓိပ္ပါယ်အနက်ဘဲ။

အနုသယဆိုတာ ကိန်းနေသလား,ဖြစ်ခွင့်သင့်ရင်ဖြစ်တယ်ဆိုတဲ့ သဘောကို ပြောတာလား (ဖြစ်ခွင့်ရှိရင် ဖြစ်တယ်ဆိုတဲ့သဘောကို ပြောတာပါ ဘုရား)။

ဒါဟာ အဋ္ဌကထာက ပြောထားတဲ့ စကား။

**မူလဋီကာ၏ရှင်းချက်။** ။ဒီတော့ ဒီအဋ္ဌကထာစကားကို ဘုန်းကြီးတို့ မူလဋီကာက ဘယ့်နှယ် ဖွင့်ပေးထားပြန်သလဲဆိုတော့ ဋီကာဆရာဖွင့်ပေးထားပုံကို ပြောပေးအုံးမယ်။ ဒီ ပဋ္ဌာနပါဠိကို ဖွင့်ပေးထားတာ မူလဋီကာတို့,အနုဋီကာတို့ ဆိုပြီးတော့ ဋီကာနှစ်စောင်ရှိတယ်၊ ဒီတော့ "အနုရူပံ ကာရဏံ လဘိတွာ ဥပ္ပဇ္ဇန္တီတိ အတ္ထော"၊ "အနုရူပံ၊ သင့်လျော်သောအကြောင်းကို။ လဘိတွာ၊ ရသည်ရှိသော်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏" လို့ဆိုတဲ့ ပဋ္ဌာနပါဠိ စကားကို မူလဋီကာဆရာက သယ့်နှယ်ဖွင့်ပေးထားသလဲဆိုတော့—

"အနုရူပံ ကာရဏံ လဘိတွာ ဥပ္ပဇ္ဇန္တီတိ ဧတေန ကာရဏလာဘေ ဥပ္ပတ္တိအရဟတံ ဒဿေတိ။ အပ္ပဟီနာ ဟိ အနုသယာ ကာရဏလာဘေ သတိ ဥပ္ပဇ္ဇန္တိ" လို—

မူလဋီကာက ဒီလိုဖွင့်ပေးတယ်။

အနုရူပံ ကာရဏံ လဘိတွာ ဥပ္ပဇ္ဇန္တီတိ ဧတေန၊ "အနုရူပံ ကာရဏံ လဘိ-တွာ ဥပ္ပဇ္ဇန္တိ"....ဟူသော ဤအဋ္ဌကထာ ပါဌ်ဖြင့်။ ကာရဏလာဘေ၊ ဖြစ်ခွင့်ဟူသောအကြောင်းကို ရသည်။ သတိ၊ ရှိသော်။ ဥပ္ပတ္တိအရဟတံ၊ ဖြစ်ထိုက်သည်၏အဖြစ်ကို။ ဒဿေတိ၊ ပြ၏။

ဖြစ်ခွင့်သင့်သောအခါ ဖြစ်ထိုက်တယ်လို့ဆိုတဲ့ သဘောတရားကို အနုသယလို့ ပြထားဒါ ပါတဲ့။

ဟိ၊ မှန်၏။ အပ္ပဟီနာ၊ မဂ်ဖြင့်မပယ်အပ်သေးကုန်သော။ အနုသယာ၊ အနုသယတို့သည်။ ကာရဏလာဘော၊ ဖြစ်ခွင့်သောအကြောင်းကို ရသည်။ သတိ၊ ရှိသော်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်၍ လာကြလေကုန်၏။

ရှိနေတာ မဟုတ်ဘူးတဲ့၊ ဖြစ်ခွင့်သင့်တဲ့အခါမှ ဖြစ်တယ်လို့ဆိုတော့ ရှိနေရင်တော့ ဖယ်လို့ရရဲ့၊ ဖြစ်ခွင့်သင့်မှ ပြုန်းကနဲလာပြီး ထဖြစ်တော့ ဘယ်လိုလုပ်ဖယ်နိုင်မလဲ (မဖယ်နိုင်ပါ ဘုရား)။

ဖယ်လို့မရဘူး၊ အဲဒါကြောင့် အနုသယလို့ဆိုတာ အင်မတန် အားကောင်းတယ်၊ ကြောက်စရာကောင်းတယ်-ဆိုတာ အဲဒီစကားကို ရည်ရွယ်ပြီးတော့ ပြောတာ။ ဖြစ်ခွင့်သင့်တဲ့အခါမှသာ သူက ဖြစ်တာ၊ ဒါဖြင့် မင်းနှယ် နဂိုရ်က ရှိနေသလားလို့ဆိုတော့ ရှိနေတာလဲ မဟုတ်ဘူး၊ ကိန်းနေတာလဲ မဟုတ်ဘူး၊ ဝပ်နေတာလဲ မဟုတ်ဘူး-တဲ့၊ "ဖြစ်ခွင့်သင့်တဲ့အခါ ငါ ဖြစ်မှာဘဲတဲ့" "ဒါဖြင့် မင်းဘယ်မှာနေသလဲ"လို့ ဆိုတော့ "ဖြစ်ခွင့်သင့်တဲ့ အခါကျတော့မှ ငါလာမှာ" တဲ့ ဆိုတော့ ဘယ့်နှယ်လဲ ဘုန်းကြီးတို့ ပရိသတ် ဒီအနုသယ ကြောက်စရာ မကောင်းဘူးလား၊ (ကောင်းပါတယ် ဘုရား)။

မဂ်နဲ့သတ်မှသေတဲ့ ကိလေသာ၊ ဟုတ်လား (မှန်ပါ)။

**အနုဋီကာ၏ရှင်းလင်းချက်။** ။ဘယ်မှာပိုပြီး ရှင်းသလဲလို့ဆိုတော့ အနုဋီကာဆရာ ဖွင့်ပေးတဲ့ စကားဟာ ပိုပြီးရှင်းတယ်လို့ ဘုန်းကြီးစိတ်ထဲမှာ ထင်တယ်၊ ကိန်းတာ မကိန်းတာနဲ့ ပတ်သက်ပြီး အနုဋီကာဆရာက "အနုရူပံ ကာရဏံ လဘိတွာ"ကို ဘယ့်နှယ်ဖွင့်ပေးထားသလဲဆိုတော့–

"အနုသေန္တီတိ အနုသယာ"တိ ဧတ္ထကေ ဝုတ္တေ သဒါ ဝိဇ္ဇမာနာ နု ခေါ တေ အပရိနိပ္ဖန္နာနုသယနဒွေန "အနုသယာ"တိ ဝုစ္စန္တီတိ အယမတ္တော အာပဇ္ဇတီတိ တံနိသေဓနတ္ထံ "အနုရူပံ ကာရဏံ လဘိတွာ ဥပ္ပဇ္ဇန္တီ"တိ ဝုတ္တံ။

ဒါ အနုဋီကာဆရာ ဖွင့်ပေးတဲ့စကား၊ ဘာပြောသလဲ သူ့စကားက၊ အဋ္ဌကထာမှာ "အနုသေန္တီတိ အနုသယာ"လို့ဆိုတဲ့ စကားလောက်သာ ပြောထားမယ်ဆိုရင်တဲ့ "သဒါ ဝိဇ္ဇမာနာ နု ခေါ" ဒီအနုသယဟာ အမြဲတမ်းရှိနေသလားလို့ မေးစရာဖြစ်လာလိမ့်မယ်တဲ့၊ "အနုသေန္တီတိ အနုသယာ" လောက်သာ ထားမယ်ဆိုရင်၊ "အနုရူပံ ကာရဏံ လဘိတွာ ဥပ္ပဇ္ဇန္တီတိ အတ္ထော"ဆိုတဲ့ စကားကို မပြောဘဲနဲ့ "အနုသေန္တီတိ အနုသယာ" လောက်သာ အဋ္ဌကထာ ထားခဲ့ရင် အနုသယသည် အမြဲရှိနေသလားလို့ မေးစရာဖြစ်မနေဘူးလားတဲ့၊ "သဒါ ဝိဇ္ဇမာနာ နု ခေါ တေ အပရိနိပ္ဖန္နာနုသယနဒွေန အနုသယာတိ ဝုစ္စန္တီတိ"။

သူသည် အမြဲတမ်း ကိန်းနေတဲ့ တရားလို့ ဆိုရာရောက်မှာကို မရောက်စေလိုတဲ့ အတွက် ဒီစကားကို ပယ်ဖျက်လိုခြင်း အကျိုးငှါ—

တံနိသေနေတ္ထံ၊ အဲဒီ "ကိန်း"စကားကို ပယ်ဖျက်စေခြင်း အကျိုးငှါ။ အနုရူပံ ကာရဏံ လဘိတွာ ဥပ္ပဇ္ဇန္တီတိ ဝုတ္တံ၊ သင့်လျော်သောအကြောင်း ကိုရရင်, ဖြစ်ခွင့်သင့်ရင် ဖြစ်ကြမယ်လို့ ဆိုလိုတာပါလို့ ပြောတယ်။

**အနုသယကပြောဟန်။** ။ဒီတော့ အနုသယဆိုတာသည် ကိန်းနေတယ်, ဝပ်နေတယ်, ရှိနေတယ်လို့ သူ ဒီလို ပြောတဲ့ စကား မဟုတ်ဘူး၊ ဖြစ်ခွင့်သင့်မှ ဖြစ်တဲ့တရား၊ ဒီတော့ သူမေးကြည့် အနုသယကို၊ စကားသာပြောတတ်ရင် "ဟေ့ အနုသယ မင်း ဘယ်မှာနေသလဲ"လို့ဆိုတော့ "မင်း ငါ့လိုက်မရှာနဲ့ မတွေ့နိုင်ဘူး၊ ငါ ဖြစ်ခွင့်သင့်မှ ဖြစ်မှာ"တဲ့၊ ပီးတော့ "မင်း နေဝံ့နေကြည့်စမ်း၊ တရားသာ မင်း အားမထုတ်ဘဲနဲ့, မဂ်ဉာဏ်ဖိုလ်ဉာဏ်သာ မင်း မရဘဲနဲ့ နေကြည့်၊ ဖြစ်ခွင့်သင့်က သင့်မှာ ဖြစ်မှာချည်းဘဲ"တဲ့၊ ဖြစ်ခွင့် သင့်ရင် သူက ဘယ်လိုလဲ၊ ဖြစ်မှာချည်းဘဲ၊ မျက်လုံးထဲလဲ ရှိတာမဟုတ်ဘူး၊ နားထဲမှာလဲ ရှိတာမဟုတ်ဘူး၊ နှာခေါင်းထဲမှာလဲ ရှိတာမဟုတ်ဘူး၊ ခန္ဓာကိုယ်ထဲ မှာလဲ ရှိတာမဟုတ်ဘူး၊ သို့သော် "တဿ တဿ သန္တာနေ၊ ထိုထိုသို့သောခန္ဓာ အစဉ်တွေမှာ ဖြစ်ခွင့်သင့်ရင် ဖြစ်မှာ"တဲ့၊ အဲဒါကို အနုသယလို့ ခေါ်ပါတယ်တဲ့။

ခန္ဓာအစဉ်ဆိုတော့ မျက်လုံးနဲ့ ရူပါရုံကိုမြင်ရင် ခန္ဓာအစဉ် ပါမလာဘူးလား (ပါလာပါတယ်ဘုရား)

နားနဲ့ အသံကြားရင် ခန္ဓာအစဉ် ပါမလာဘူးလား။ (ပါလာပါတယ် ဘုရား)

နှာခေါင်းနဲ့ အနံ့တွေ့ရင် ခန္ဓာအစဉ် ပါမလာဘူးလား။ (ပါလာပါတယ် ဘုရား)

လျှာနဲ့အရသာတွေ့ရင် ခန္ဓာအစဉ်တွေ ပါမလာဘူး။ (ပါလာပါတယ် ဘုရား)

အဲဒီလို ခန္ဓာအစဉ်တွေ ပါလာတယ်၊ အဲဒီလို ခန္ဓာအစဉ်တွေ ဖြစ်ခွင့်သင့် တိုင်း ဖြစ်ခွင့်သင့်တိုင်း ဖြစ်နေမှာဘဲ၊ သို့သော် ခန္ဓာအစဉ်တွေမှာတော့ မင်း မရှာနဲ့တဲ့၊ ဟုတ်ပလား။ အနုသယ သဘော ဘယ်လောက် ခက်သလဲဆိုတာ။ (မှန်ပါဘုရား)

**ဝေဒနာနောက် အနုသယရောက်။** ။ဒီတော့ ဝိပဿနာလုပ်ငန်းကို အားထုတ်တဲ့ ဘုန်းကြီးတို့, အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ဒီ အနုသယသဘောကို ပိုင်အောင်, နိုင်အောင် မတွေ့

သေးသရွေ့ ကာလပတ်လုံး သံသရာစက် ရပ်မလား, မရပ်ဘူးလား။ (မရပ်နိုင်ပါဘုရား)

သုခါယ ဝေဒနာယ ဖုဋ္ဌော သမာနော ရာဂါနုသယော အနုသေတိ။

သုခါယ ဝေဒနာယ ဖုဋ္ဌော သမာနော အဘိနန္ဒတိ အဘိဝဒတိ အဇ္ဈောသာယ တိဋ္ဌတိ၊ တဿ ရာဂါနုသယော အနုသေတိ—

လို့ဆိုရင် သုခဝေဒနာကို တရားအားထုတ်နေတာ ကောင်းတယ်ဆိုတဲ့ သဘောပေါ်လာပြီ၊ အဲဒီ သုခဝေဒနာဖြစ်လာရင် ဘာပါလာသလဲ၊ ရာဂါနုသယပါလာတယ်၊ သူ့နောက်မှာ ပဋိဃာနုသယ, အဝိဇ္ဇာနုသယ, မာနာနုသယ, ဝိစိကိစ္ဆာနုသယ, ဘဝရာဂါနုသယ, ခြောက်ခုစလုံး အကုန် ပါလာတယ်။ ဝိဘင်းပါဠိတော်အရ၊ နော် (မှန်ပါ)။

**"ကိန်းတယ်"၏အစ။** ။ဒါဖြင့် ခုသုံးနေတဲ့ အနုသယတွေ ကိန်းတယ်, ကိန်းတယ် ဆိုတဲ့ စကားက ဘယ်က ပေါ်လာသလဲလို့ ဘုန်းကြီးတို့ ပရိသတ် စဉ်းစားစရာ မလိုဘူးလား။ (လိုပါတယ်ဘုရား)

အဲဒါကို ဘုန်းကြီး လျှောက်ပြီးစဉ်းစားကြည့်တော့ ဟော အဋ္ဌကထာ နှစ်ခု တွေ့တယ်၊ ခုနဟောနေတဲ့ စူဠဝေဒလ္လသုတ္တန် အဋ္ဌကထာနဲ့ ပြီးတော့ ဋီကာဝုတ် အဋ္ဌကထာ။

**ဣတိဝုတ် အဋ္ဌကထာစကား။** ။ဣတိဝုတ် အဋ္ဌကထာမှာ ဘာတွေ့သလဲလို့ ဆိုတော့—

အနုသယာနုဋ္ဌ တတ္ထ တတ္ထ သန္တာနေ အပ္ပဟီနဘာဝေန ထာမဂမနံ။ တသ္မာ သုခါယ ဝေဒနာယ ရာဂါနုသယော အနုသေတိ။

အနုသယာနုဋ္ဌ၊ အနုသယတို့၏လည်း။ တတ္ထ တတ္ထ သန္တာနေ၊ ထိုထို ခန္ဓာအစဉ်၌။ အပ္ပဟီနဘာဝေန၊ မပ်ဖြင့်မပယ်ရသေးသည်၏အဖြစ်ကြောင့်။ ထာမဂမနံ၊ အားအစွမ်း ကောင်းကောင်းကြီးသို့ ရောက်နေသော တရား ပေတည်း။

အနုသယဆိုတာ မဂ်ဖြင့်မပယ်ရသေးသည် ဖြစ်သောကြောင့် အင်မတန် အားကောင်းတဲ့ ကိလေသာကြီးတဲ့။ နို့ ဘယ်မှာလဲလို့ ဆိုတော့ "မင်း ငါ့ မရှာနဲ့၊ ငါက ဖြစ်ခွင့်သင့်မှ ဖြစ်မယ်" ဆိုတော့ ကြည့်ပါဦး ဘယ်လောက်ခက်တဲ့ အနုသယလဲ ဆိုတာ—

ဘုန်းကြီးတို့ စာပေနယ်မှာ လက်လှမ်းမှီသလောက် ဟောပေးနေတာနော်၊ ပါဠိတော် ဟောစဉ် ဖြစ်လို့ ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့နဲ့ ဘုန်းကြီး

စွမ်းနိုင်သရွေ့ ဗဟုသုတအဖြစ် ဒီကနေ့ ဟောပေးနေတာ၊ ဝိပဿနာ ရှုကွက်ကို, ဝေဒနာ ဝိပဿနာ ရှုကွက်ကို နောက် တနင်္ဂနွေနေ့မှာ ဘုန်းကြီး အကျယ် ဟောပေးဦးမယ်၊ မဆုံးသေးဘူး ဒီ ဝေဒနာက၊ ဟောပေးစရာတွေ ရှိနေသေး တယ်။ သက္ကပဉ္စသုတ်တို့,ဘာတို့ဆိုတာ ဟောပေးစရာတွေ ရှိသေးတယ်၊ အဋ္ဌ-သတသုတ္တန်တို့ ဒါတွေ ဟောပေးရအုံးမယ်၊ နောက်တပတ်မှ ဒီဝေဒနာ ဆုံးလိမ့် မယ်လို့ ဘုန်းကြီး ထင်တယ်၊ ဒီနေ့ အနုသယနဲ့ ပတ်သက်ပြီး ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများကို——

သုခါယ ဝေဒနာယ ရာဂါနုသယော အနုသေတိ၊ ဒုက္ခာယ ဝေဒ-နာယ ပဋိဃာနုသယော အနုသေတိ၊ အဒုက္ခမသုခါယ ဝေဒနာယ အဝိဇ္ဇာနုသယော အနုသေတိ——

လို့ဆိုတဲ့ ဒီအပိုင်းကို ပြောပေးနေတာနော်။ (မှန်ပါဘုရား)။

အနုသယ ကိန်းတယ်ဆိုတဲ့ စကားလေးနဲ့ ပတ်သက်လို့ ဋီကာဝုတ် အဋ္ဌ-ကထာက——

တတ္ထ တတ္ထ သန္တာနေ၊ ထိုထိုသို့သော ခန္ဓာအစဉ်၌။ အပ္ပဟီနဘာဝေန၊ မဂ်ဖြင့် မပယ်အပ်သေးသည်၏ အဖြစ်ကြောင့်။ ထာမဂမနံ၊ အင်မတန် ကောင်းတဲ့ အားအစွမ်းကို ရောက်နေတဲ့ ကိလေသာကို ဆိုတာပါဘဲတဲ့။ တသ္မာ၊ ထို့ကြောင့်။ သုခါယ ဝေဒနာယ ရာဂါနုသယော အနုသေတီတိ၊ သုခါယ ဝေဒနာယ ရာဂါနုသယော အနုသေတိ ဟူ၍။ (ဝါ) သုခဝေဒနာမှာ ရာဂါနုသယ ဖြစ်ပေါ်၏ ဟူ၍။ ဝုစ္စတိ၊ ဆိုတာပါဘဲ။

**ဋီကာဝုတ်အဋ္ဌကထာအဖွင့်။** ။ဒါကို ပေါ်လွင် ထင်ရှားအောင်လို့ ဆိုပြီးတော့ ဋီကာဝုတ် အဋ္ဌကထာကဘဲ ပြန်ပြီး ဖွင့်ပြတယ်။

မဂ္ဂေန အပ္ပဟီနတ္တာ အနုရူပကာရဏလာဘေ ဥပ္ပဇ္ဇနာရဟော ရာဂေါ တွေ သယိတော ဝိယ ဟောတီတိ အတ္ထော။

မဂ္ဂေန၊ မဂ်ဖြင့်။ အပ္ပဟီနဘာဝေန၊ မပယ်ရသေးသည်၏ အဖြစ် ကြောင့်။ အနုရူပကာရဏံ၊ သင့်လျော်သော အကြောင်းကို။ လဘိတွာ၊ ရသည်။ သတိ၊ ရှိသော်။ ဥပ္ပဇ္ဇနာရဟော၊ ဖြစ်ခြင်းငှါ ထိုက်သော၊ ဖြစ်ခွင့် သင့်သော။ ရာဂေါ၊ ရာဂါနုသယသည်။ တွေ၊ ဤ ခန္ဓာအစဉ်၌။ သယိတော ဝိယ၊ အိပ်နေသကဲ့သို့, ကိန်းနေသကဲ့သို့။ ဟောတိ၊ ဖြစ်၏။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။

**ကိန်းအောင်းနေသလို။** ။ဆိုလိုတဲ့ အဓိပ္ပါယ်က ဘာတဲ့လဲ၊ ဒီအနုသယ ကိလေသာဟာတဲ့ မဂ်ဖြင့် မပယ်ရသေးသည် ဖြစ်သော

ကြောင့် ခန္ဓာအစဉ်မှာ ဖြစ်ခွင့်သင့်ရင် ဖြစ်ဘို့ဟာ အိပ်နေဘိသကဲ့သို့၊ ကိန်းနေဘိသကဲ့သို့သော သဘောကို ပြောတာပါလို့ အဓိပ္ပါယ်ကလေး ပြောထားတာ ရှိတယ်။ "သယိတော ဝိယ"လို့ ဆိုတဲ့ ပုဒ်ကလေး တပုဒ် ရှိတယ်။ ဥပမာဇောတကပုဒ်။ အဲဒီတော့ "သယိတော ဝိယ"လို့ ဆိုတာ အိပ်နေဘိသကဲ့သို့၊ ကိန်းနေဘိသကဲ့သို့၊ ဝပ်နေသကဲ့သို့လို့ ဆိုရာ မရောက်ပေဘူးလား။ (ရောက်ပါတယ်ဘုရား)။

ဒါဖြင့် "ကိန်းနေဘိသကဲ့သို့" လို့ ဆိုတာဟာ ကိန်းနေတာလား။ (မဟုတ်ပါဘုရား)။

"အိပ်နေသကဲ့သို့"လို့ ဆိုတာ အိပ်နေတာလား။ (မဟုတ်ပါဘုရား)။

ဒီတော့ ရှေးကအနက်ပေးတာဟာ ဒီ"သယိတော ဝိယ"ကို ကြည့်ပြီးတော့ ပေါ်လွင် ထင်ရှားအောင်လို့ လွယ်လွယ်ဘဲ "အနုသယဆိုတာ ကိန်းတယ်"လို့ ပြောလိုက်တာလားလို့ စဉ်းစားစရာကလေး တခုတော့ ပေါ်လာတယ်။ ကိန်းတယ်၊ ဝပ်တယ်ဆိုတဲ့ စကားနဲ့ ပတ်သက်ပြီးတော့ ကြည့်ရင် အဲဒီအဋ္ဌကထာမှာ ဒီ "သယိတော ဝိယ"လို့ ဆိုတဲ့ စကားလေးတခု ပါလာတယ်၊ ဒါ ဋီကာမှာ ရှိတဲ့ ဋီကာမှာ... 

## ဝေဒနာနောက်လိုက်အနုသယများ

"အနုရူပံ ကာရဏံ လဘိတွာ ဥပ္ပဇ္ဇန္တီတိ အတ္ထော"လို့ဆိုတော့ ဖြစ်ခွင့်သင့်တဲ့အခါမှာ ဖြစ်မဲ့တရားတွေ၊ "နဂိုရ်ကရှိနေတဲ့တရား မဟုတ်ဘူး" ဆိုတော့ ဝိညာဉ်တို့ နာမ် ရုပ်တို့ ဆိုတာ ရှိနေတဲ့တရား မဟုတ်လား။ (မှန်ပါဘုရား။)

**အနုသယ၏တရားကိုယ်။** ။အဲဒီတော့ ဖြစ်ခွင့်သင့်မှ ဖြစ်မယ်ဆိုထော့ အနုသယရဲ့ တရားကိုယ်တွေ ပြန်ကောက်ကြည့်၊ ဘယ်သူတွေ တွေ့သလဲ၊ လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာလို့ ဆိုတဲ့ တရားခြောက်မျိုး၊ အဲဒီတရား ခြောက်မျိုးကတော့ဖြင့် ပရမတ္ထအားဖြင့် သူ ထင်ထင်ရှားရှား ရှိမနေဘူးလား (ရှိနေပါတယ်ဘုရား။)

အဲဒီတရားခြောက်မျိုး ပရမတ္ထအားဖြင့် ထင်ထင်ရှားရှား ရှိနေသည် ဖြစ်သောကြောင့် အနုသယသဘောဟာ ဒီတရားခြောက်မျိုးဘဲဆိုပြီးတော့ အဲဒီတရားခြောက်မျိုးကို သင်္ခါရက္ခန္ဓာ၌ သွင်းပြီးတော့ "သဗ္ဗေ သင်္ခါရာ အနိစ္စာ" ဆိုပြီးတော့ ဝိပဿနာရှု ပစ်လိုက်ရင် ဒီအနုသယ လာအုံးမလား။ (မလာပါဘုရား)။

**အနုသယအမြဲမလိုက်ပုံ။** ။အဲဒီ အခိပ္ပါယ်ကို ရည်ရွယ်ပြီးတော့ စူဠဝေဒလ္လ သုတ်မှာ ဒီအကြောင်းကို ပြောလိမ့်အုံးမယ်။

သုခဝေဒနာမှာ ရာဂါနုသယ ပါတယ်, ဖြစ်တယ်၊ ဒုက္ခဝေဒနာမှာ ပဋိဃာ-နုသယ၊ ဥပေက္ခာဝေဒနာမှာ အဝိဇ္ဇာနုသယလို့ ဆိုတော့ ဝိသာခသူကြွယ်က ထပ်ပြီးတော့ မေးတယ် ဓမ္မဒိန္နာကို—

> သဗ္ဗာယ နုခေါ အယျေ သုခါယ ဝေဒနာယ ရာဂါနုသယော အနုသေတိ။ သဗ္ဗာယ ဒုက္ခာယ ဝေဒနာယ ပဋိဃာနုသယော အနုသေတိ။ သဗ္ဗာယ အဒုက္ခမသုခါယ ဝေဒနာယ အဝိဇ္ဇာနုသယော အနုသေတိ။

အရှင်မဓမ္မဒိန္နာတဲ့ သုခဝေဒနာမှာ ရာဂါနုသယ ရှိတယ်လို့ဆိုတော့ အလုံးစုံသော သုခဝေဒနာမှာ ရာဂါနုသယ ရှိပါသလား, အလုံးစုံသော ဒုက္ခဝေဒနာမှာ ပဋိဃာနုသယ ရှိပါသလား, အလုံးစုံသော အဒုက္ခမသုခဝေဒနာမှာ အဝိဇ္ဇာ-နုသယ ရှိပါသလားလို့ ဒီလိုမေးတယ်။ ဒီတော့ ဓမ္မဒိန္နာက ဖြေတယ်—

> န ခေါ အာဝုသော ဝိသာခ သဗ္ဗာယ သုခါယ ဝေဒနာယ ရာဂါ-နုသယော အနုသေတိ၊ န သဗ္ဗာယ ဒုက္ခာယ ဝေဒနာယ ပဋိဃာ-နုသယော အနုသေတိ၊ န သဗ္ဗာယ အဒုက္ခမသုခါယ ဝေဒနာယ အဝိဇ္ဇာနုသယော အနုသေတိ။

အလုံးစုံသော သုခဝေဒနာမှာ ရာဂါနုသယ မရှိဘူးတဲ့၊ ဟော ခုနတုန်းက သုခဝေဒနာမှာ ဘယ်သူရှိတယ်။ (ရာဂါနုသယ ရှိပါတယ်ဘုရား။)

အခု အလုံးစုံသော သုခဝေဒနာမှာ ရာဂါနုသယ ရှိသလားလို့ မေးတော့ အလုံးစုံသော သုခဝေဒနာမှာတော့ ရာဂါနုသယ မရှိဘူးတဲ့။ ဆိုလိုတဲ့ အဓိပ္ပါယ်က တချို့သုခဝေဒနာမှာ ရာဂါနုသယရှိတယ်, တချို့သုခဝေဒနာမှာ ရာဂါနုသယမရှိဘူး၊ တချို့ ဒုက္ခဝေဒနာမှာ ပဋိဃာနုသယရှိတယ်, တချို့ဒုက္ခ ဝေဒနာမှာ ပဋိဃာနုသယမရှိဘူး၊ တချို့ ဥပေက္ခာဝေဒနာမှာ အဝိဇ္ဇာနုသယရှိ တယ်, တချို့ဥပေက္ခာဝေဒနာမှာ အဝိဇ္ဇာနုသယမရှိဘူးတဲ့၊ ဒီလို ဖြေထားတယ်။

**ပယ်ရန်တရား။** ။နောက်ပြီးတော့ သုခဝေဒနာမှာ ဘယ်သူ့ကို ပယ်ရမလဲ၊ ရာဂါနုသယကို ပယ်ရမယ်၊ ဒုက္ခဝေဒနာမှာ ဘယ်သူ့ကို ပယ်ရမလဲ၊ ပဋိဃာနုသယကိုပယ်ရမယ်၊ အဒုက္ခမသုခဝေဒနာမှာ အဝိဇ္ဇာနုသယ ကို ပယ်ရမယ်။ ဝိသာခသူကြွယ်က မေးတယ်—

သုခါယ ပန ဝေဒနာယ ကိံ ပဟာတဗ္ဗံ၊ ဒုက္ခာယ ဝေဒနာယ ကိံ ပဟာတဗ္ဗံ၊ အဒုက္ခမသုခါယ ဝေဒနာယ ကိံ ပဟာတဗ္ဗံ။

အရှင်မ ဓမ္မဒိန္နာ သုခဝေဒနာမှာ ဘယ်သူ့ကို ပယ်ရမလဲ, ဒုက္ခဝေဒနာမှာ ဘယ်သူ့ကို ပယ်ရမလဲ, ဥပေက္ခာဝေဒနာမှာ ဘယ်သူ့ကို ပယ်ရမလဲတဲ့၊ ဆိုတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ဝိပဿနာ တရား အားထုတ်တဲ့အခါမှာ သုခဝေဒနာမပေါ်ဘူးလား။

(ပေါ်ပါတယ်ဘုရား။)

ဒုက္ခဝေဒနာကော မပေါ်ဘူးလား　　(ပေါ်ပါတယ်ဘုရား)။

ပေါ်တော့ ဒီဒုက္ခဝေဒနာကို ဘယ့်နှယ်လုပ်မလဲ၊ ဒုက္ခဝေဒနာကို ကုန်အောင်, ချုပ်အောင်ဆိုပြီးတော့ ပယ်ပစ်တဲ့သဘောမျိုး လုပ်သလား, မလုပ်ဘူးလား (လုပ်ပါတယ်ဘုရား)။

မြတ်စွာဘုရား ပါဠိတော်က သုခဝေဒနာမှာ သုခဝေဒနာကို မပယ်နဲ့, ရာဂါနုသယကိုသာ ပယ်ရမယ်တဲ့။ တရားအားထုတ်လို့ သုခဝေဒနာပေါ်လာ ရင် ဘယ့်သူ့ကို ပယ်ရမလဲ　　(ရာဂါနုသယကို ပယ်ရမယ်ဘုရား)။

ဒါဖြင့် သုခဝေဒနာကို ဘယ့်နှယ်လုပ်ရမလဲ　　(ရှုရမယ်ဘုရား)။

သုခဝေဒနာပေါ်လာလို့ရှိရင် ဘယ့်နှယ်ရှုရမလဲ၊ "ဒုက္ခတော ဒဋ္ဌဗ္ဗာ၊ ဒုက္ခလို့ ရှု" ဟုတ်လား　　(မှန်ပါဘုရား)။

ဒုက္ခဝေဒနာပေါ်လာရင် ဘယ့်သူ့ကိုပယ်ရမလဲ၊ ပဋိဃာနုသယကိုပယ်ပစ်၊ ဒုက္ခဝေဒနာကိုတော့ ဘာလုပ်ရမလဲ၊ "သလ္လ"လို့ ရှု၊ ဒုက္ခ, ဒုက္ခလို့ ရှုပစ်တဲ့။ ဥပေက္ခာဝေဒနာပေါ်လာရင် ဘယ်သူ့ကို ပယ်ပစ်ရမလဲ၊

(အဝိဇ္ဇာနုသယကို ပယ်ရမယ်ဘုရား)။

ဥပေက္ခာဝေဒနာကိုတော့ ဘာလုပ်ရမလဲ၊ "အနိစ္စ"လို့ ရှုလိုက်တဲ့။

**မပယ်အပ်သောအနုသယများ။**　　။ရှုကွက်တွေကို မြတ်စွာဘုရားက ပေးထား တယ်၊ ဒါ မြတ်စွာဘုရားပေးထားတဲ့ ရှုပုံ ရှုနည်း။ ဒီတော့ ဝိသာခသူကြွယ်က ဓမ္မဒိန္နာကို မေးနေတာက "အရှင်မ ဓမ္မဒိန္နာ သုခဝေဒနာမှာ ရာဂါနုသယပယ်ရမယ်ဆိုတော့ အလုံးစုံသော သုခ- ဝေဒနာတွေက ရာဂါနုသယကို ပယ်ပင်ရမှာလား"လို့ ဆိုတော့ ဓမ္မဒိန္နာက ပြန် ဖြေပြန်တယ်——

န ခေါ အာဝုသော ဝိသာခ သဗ္ဗာယ သုခါယ ဝေဒနာယ ရာဂါနုသယော ပဟာတဗ္ဗော။

အလုံးစုံသော သုခဝေဒနာ၌ ရာဂါနုသယကို မပယ်ရဘူးတဲ့၊ လာပြန်ပြီ၊ ဘုန်းကြီးတို့ ပရိသတ် ရှုပ်မကုန်ဘူးလား (ရှုပ်ပါတယ်ဘုရား)။

အလုံးစုံသော ဒုက္ခဝေဒနာ၌ ပဋိဃာနုသယကို မပယ်ရဘူးတဲ့၊ အလုံးစုံသော ဥပေက္ခာဝေဒနာ၌ အဝိဇ္ဇာနုသယကို မပယ်ရဘူးလို့ အရှင်မဓမ္မဒိန္နာက ပြန်ဖြေနေပြန်ပြီ၊ ရှုပ်မကုန်ဘူးလား (ရှုပ်ပါတယ်ဘုရား)

(ဘယ့်နှယ် နဂိုရ်တုန်းကတော့ သုခဝေဒနာပေါ်လာရင် ရာဂါနုသယကို ပယ်လိုက်၊ ဒုက္ခဝေဒနာပေါ်လာရင် ပဋိဃာနုသယကို ပယ်လိုက်၊ ဥပေက္ခာဝေဒနာပေါ်လာရင် အဝိဇ္ဇာနုသယကို ပယ်လိုက်တဲ့၊ ခု မဟုတ်ပြန်ဘူး, အလုံးစုံသော သုခဝေဒနာ၌ ရာဂါနုသယကို မပယ်ရပြန်ဘူး, အလုံးစုံသော သုခဝေဒနာ၌ ရာဂါနုသယ မဖြစ်ပြန်ဘူးတဲ့၊ ကိုင်း ဒါ ဘယ်လိုလုပ်ကြမလဲလို့ဆိုတော့ အရှင်မဓမ္မဒိန္နာကဘဲ ပြန်ပြီးတော့ ရှင်းပေးပြန်တယ် နော် (မှန်ပါ)။

အလုံးစုံသော သုခဝေဒနာ၌ ရာဂါနုသယမရှိပုံနဲ့ ရာဂါနုသယမပယ်ရပုံကို သူ ဘာပြောပေးသလဲ——

ဣဓာဝုသော ဝိသာခ ဘိက္ခု ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ ရာဂံ တေန ပဇဟတိ၊ န တတ္ထ ရာဂါနုသယော အနုသေတိ။

အလုံးစုံသော သုခဝေဒနာမှာ ရာဂါနုသယ မဖြစ်ပုံ, ရာဂါနုသယကို မပယ်ရပုံကို ပါဠိတော်က ညွှန်ပြပါတယ်။

အာဝုသောဝိသာခ၊ ဒကာဝိသာခ။ (ဝိသာခဆိုတာ ဘယ်သူတုံး၊ တခြားလူ မဟုတ်ဘူး နော်၊ သူက "အာဝုသော" လုပ်နေပြီ၊ ဘာဖြစ်လို့လဲ၊ ဝိသာခ သူ့ကြွယ်က ဘာတုံး၊ အနာဂါမ်။ ဓမ္မဒိန္နာက ဘာတုံး (ရဟန္တာပါဘုရား)။

ဒီတော့ မေးတဲ့လူက အနာဂါမ်, ဖြေတဲ့လူက ရဟန္တာဆိုတော့ ဒီပုစ္ဆာနဲ့ ဒီအဖြေတွေဟာ တော်တော်တော့ ခက်နေမှာဘဲ၊ ဟုတ်လား (မှန်ပါ)။

ဘုန်းကြီးတို့ တရားဟော, တရားနာနေရတဲ့ ပုဂ္ဂိုလ်တွေက သူ့ ဂိုအဆင့် ရောက်ပလား (မရောက်ပါဘုရား)။

ဒီတော့ နားထဲမှာတော့ နံနံရှုပ်ချင်ရှုပ်မယ်၊ သည်းညည်းခံပြီးတော့ နားထောင်ကြပေါ့၊ ဟုတ်လား (မှန်ပါ)။ ဘာတဲ့ သူက——

အာဝုသောဝိသာခ၊ ငါ့ရှင်ဝိသာခ။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ဝိဝိစ္စေဝကာမေဟိ၊ ကာမဂုဏ်တို့မှ ဆိတ်သုဉ်း၍သာလျှင်။ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ၊ အကုသိုလ်တရားတို့မှ ဆိတ်သုဉ်း၍သာလျှင်။

သဝိတက္ကံ သဝိစာရံ၊ ဝိတက် ဝိစာရနှင့် တကွ ဖြစ်သော။ ဝိဝေကဇံ။ နီဝရဏတရားတွေ ကင်းဆိတ်ခြင်းကြောင့်ဖြစ်သော။ ပီတိသုခံ၊ နှစ်သက်မှုဆိုတဲ့ ချမ်းသာခြင်းရှိသော။ ပဌမံဈာနံ၊ ပဌမဈာန်သို့။ ဥပသမ္ပဇ္ဇ၊ ကပ်ရောက်၍။ ဝိဟရတိ၊ နေလေတော့၏။

ပဌမဈာန်သမာပတ်ကို ရောက်နေတဲ့ ပုဂ္ဂိုလ်မှာ သုခဝေဒနာ ရှိ,မရှိ။ (ရှိပါတယ်ဘုရား)။

အဲဒီ သုခဝေဒနာမျိုးကျတော့ ရာဂါနုသယလဲ မဝင်ဘူး, မရှိဘူးတဲ့၊ အဲဒီ သုခဝေဒနာမျိုး ပယ်မပစ်ရဘူးတဲ့။

တေန၊ ထိုပဌမဈာန်သမာပတ်အတွင်းမှာရှိတဲ့ သုခဝေဒနာဖြင့်။ ရာဂံ၊ ရာဂကို။ ပဇဟတိ၊ ပယ်စွန့်၍ ပစ်လေတော့၏။ တတ္ထ၊ ထိုပဌမဈာန်သမာပတ်အတွင်းမှာရှိတဲ့ သုခဝေဒနာ၌။ ရာဂါနုသယော၊ ရာဂါနုသယသည်။ န အနုသေတိ၊ ဖြစ်ခွင့်သင့်ပေတဲ့ မဖြစ်တော့ဘူး။

**အဋ္ဌကထာဆရာရှင်းချက်။**　။ကိုင်း ဒီအဓိပ္ပါယ် ဘုန်းကြီးတို့ ပရိသတ် သဘောပေါက်ပါ့မလား၊ အင်း ဘုန်းကြီးကိုယ်တိုင် ပင်လျှင် မနဲကြီး သဘောပေါက်အောင် ကြည့်ရတယ်။ ညွှန်းတဲ့ပုဂ္ဂိုလ်က ဘယ့်နှယ် ညွှန်းသလဲလို့ဆိုတော့ "ပဌမဈာန်သမာပတ်အတွင်းမှာရှိတဲ့ သုခဝေဒနာမှာ ရာဂါနုသယမဝင်ပုံနဲ့ ရာဂါနုသယပယ်ပုံကို အဋ္ဌကထာမှာသာ ကြည့်ပေတော့" တဲ့၊ ဒါနဲ့ အဋ္ဌကထာသွားကြည့်တော့ အဋ္ဌကထာက ရှင်းတော့ ရှင်းပေးထားတယ်။ သူ ဘယ့်နှယ် ရှင်းပေးထားသလဲလို့ ဆိုတော့—

ပဌမဈာန် သမာပတ်အတွင်းမှာ သုခဝေဒနာ ရှိသလား, မရှိဘူးလား။ (ရှိပါတယ်ဘုရား)။

အဲဒီ သုခဝေဒနာမှာ ရာဂါနုသယမဖြစ်ပုံက ပဌမဈာန်သမာပတ်ကို ဝင်စားလိုက်တဲ့အခါကျတော့ ကာမစ္ဆန္ဒနီဝရဏလို့ခေါ်တဲ့ ကာမရာဂကို ခွါထားသလား, ခွါမထားဘူးလား။　　(ခွါထားပါတယ်ဘုရား)။

ဒီတော့ ဒီ ပဌမဈာန် သမာပတ်ထဲမှာ ကာမစ္ဆန္ဒလို့ဆိုတဲ့ ကာမရာဂ ပါသေးသလား။　　(မပါတော့ပါဘုရား)။

ဘာနဲ့ ခွါထားသလဲ၊ ဝိက္ခမ္ဘနသတ္တိနဲ့, ဈာန်နဲ့ ခွါထားတယ်။ ဒီတော့ အဲဒီ ပဌမဈာန် သုခဝေဒနာမှာ ကာမရာဂသဘော ရှိသေးသလား, မရှိဘူးလား။　　(မရှိတော့ပါဘုရား)။

မရှိတော့ပေမဲ့ သူက ခဏသာ ခွါထားတာ၊ ပဌမဈာန်သမာပတ်ကို ဝင်စားတယ်ဆိုတာက ဒီပဌမဈာန် သမာပတ်ထဲမှာ သုခဝေဒနာ ရှိနေတယ်၊ အဲဒီ

သုခဝေဒနာကို ဝင်စားတော့ရင် ကာမရာဂကို ခွါထားရတဲ့အတွက် ကာမရာဂ မရှိဘူးနော်။ (မှန်ပါ)။

ဒီတော့ ကာမရာဂါနုသယ ဒီမှာ ဖြစ်ခွင့်ရှိသေးသလား။ (မရှိပါဘုရား)။

"ရာဂံ တေန ပဇဟတိ"က ဒါကို ပြောတာ။

ဒီတော့ အဲဒီလို ရှုထားပြီးတော့ ပထမစျာန် သမာပတ်အတွင်းမှာ ရှိနေတဲ့ သုခဝေဒနာကို အနိစ္စ ဒုက္ခ ဝိပရိဏာမနဲ့ ကာမရာဂါနုသယကို ခွါပြီးတော့ သုခဝေဒနာကို အနိစ္စ ဒုက္ခ ဝိပရိဏာမလို့ ရှုလိုက်တော့ ဘယ်ရောက်သွားသလဲ သူ၊ အနာဂါမိမဂ် ရောက်သွားရော။ အနာဂါမိမဂ်ကျတော့ ကာမရာဂါနုသယကို အကြွင်းမဲ့ ပယ်သတ်မပစ်လိုက်ဘူးလား။ (ပယ်ပါတယ်ဘုရား)။

ဒီတော့ ပထမစျာန်သမာပတ်အတွင်းမှာရှိတဲ့ သုခဝေဒနာက ကာမရာဂါ နုသယကို ခွါပြီးတော့ သုခဝေဒနာကို အနိစ္စ ဒုက္ခ ဝိပရိဏာမဓမ္မလို့ ဝိပဿနာ ရှုတဲ့အတွက် အနာဂါမိမဂ်ကို ရောက်သွားသည်ဖြစ်သောကြောင့် အနာဂါမိ မဂ်က ဘယ်သူ့ကို ပယ်သတ်ပစ်လိုက်သလဲ၊ ကာမရာဂါနုသယကို အကြွင်းမဲ့ ပယ်မသတ်ဘူးလား။ (ပယ်သတ်ပါတယ်ဘုရား)။

အနာဂါမိမဂ်က ကာမရာဂါနုသယကို အကြွင်းမဲ့ ပယ်သတ်သော်လဲ ပထမ စျာန် သမာပတ်အတွင်းမှာ သုခဝေဒနာကို ပေါ်ဘို့ရန်အတွက် ကာမရာဂကို ခွါပြီးသား ဖြစ်နေသည် ဖြစ်သောကြောင့် အဲဒီ ပထမစျာန်သမာပတ် အတွင်း မှာ ဒီရာဂါနုသယ မဝင်ဘူးဆိုတာကိုဘဲ "ရာဂါနုသယ မရှိဘူး"လို့ ပြောတာပါလို့ အဋ္ဌကထာက ရှင်းပေးတယ်၊ အဲသလောက်ဘဲ ဘုန်းကြီးတို့ ရှင်းလို့ရတယ်။ အဲဒါ မကျေနပ်သေးတဲ့ပုဂ္ဂိုလ်များ အဲဒီအဋ္ဌကထာမှာ ကြည့်ပေါ့နော်။ (မှန်ပါဘုရား)။

ဒါ အလုံးစုံသော သုခဝေဒနာမှာ ရာဂါနုသယမရှိပုံနဲ့ ရာဂါနုသယကို မပယ် ရပုံ။

**ဒုက္ခဝေဒနာဖြစ်ပုံ။** ။ကဲ ဒါဖြင့် ရှေ့သွားရအောင် ဒုက္ခဝေဒနာကျတော့ ဘယ်လိုလဲ၊ ဓမ္မဒိန္နာက ရှင်းပေးသေးတယ်။

ဣဓာဝုသော ဝိသာခ ဘိက္ခု ဣတိ ပဋိသဉ္စိက္ခတိ "ကုဒါဿု နာမာဟံ တဒါယတနံ ဥပသမ္ပဇ္ဇ ဝိဟရိဿာမိ၊ ယဒရိယာ တေရဟိ အာယတနံ ဥပသမ္ပဇ္ဇ ဝိဟရန္တီ"တိ။ ဣတိ အနုတ္တရေသု ဝိမောက္ခေသု ပိဟံ ဥပဋ္ဌာ- ပယတော ဥပ္ပဇ္ဇတိ ပိဟပ္ပစ္စယာ ဒေါမနဿံ၊ ပဋိဃံ တေန ပဇဟတိ၊ န တတ္ထ ပဋိဃာနုသယော အနုသေတိ။

အဲဒီ အမိပ္ပါယ် စကားပြေ ပြောကြစို့ရဲ့၊ လူတယောက် တရားအားထုတ်နေပါတယ်တဲ့။ တရားအားထုတ်နေတော့ သူ့စိတ်ထဲ ဘယ်လိုကူးထားသလဲလို့ဆိုတော့ "ငါဟာ ဒီဝါဆိုလပြည့်နေ့က စပြီးတော့ သီတင်းကျွတ်လပြည့်နေ့ရောက်ရင် ရဟန္တာဖြစ်အောင် အားထုတ်မယ်" ဆိုပြီးတော့ သူ့စိတ်က ဒီလိုဆုံးဖြတ်ထားတယ်။ တရားရအောင် အားထုတ်မယ်လို့ သူ စိတ်ကူးထားတယ်။ ကြိုးစားပြီး အားထုတ်သကိုး။ ကြိုးစားပြီး အားထုတ်နေတုန်းဘဲ သူနဲ့အတူတူ အားထုတ်တဲ့သူတွေက ရဟန္တာဖြစ်သွားကြတယ်၊ သူ့မှာ ရဟန္တာမဖြစ်သေးဘူး၊ အရဟတ္တဖိုလ် မရသေးဘူး။ အဲဒီလို သူနဲ့အတူတူ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ တလလောက်ကြာတော့ ရဟန္တာဖြစ်သွား, အရဟတ္တဖိုလ်ရောက်သွား၊ နှစ်လလောက်ကြာ ရဟန္တာဖြစ်သွား, အရဟတ္တဖိုလ် ရောက်သွား၊ သုံးလလောက်ကြာ ရဟန္တာဖြစ်သွား, အရဟတ္တဖိုလ် ရောက်သွားကြတယ်။ သူ့မှာတော့ဖြင့် သုံးလကိုကြာတယ် ရဟန္တာတော့ မဖြစ်သေးဘူး။

မဟာသိဝမထေရ်ကြီးတို့လိုပေါ့၊ ဟုတ်လား　　(မှန်ပါ)။

အဲဒီတော့ ရဟန္တာ မဖြစ်တော့ သူ့စိတ်ထဲ ဘယ့်နှယ် ဖြစ်သလဲ "ငါ ဘယ်တော့များမှ ဒီအရဟတ္တဖိုလ်သုခကြီးကို ရပါ့မလဲ"လို့ တောင့်တမှု မပေါ်ဘူးလား။　　(ပေါ်လာတယ်ဘုရား)။

အဲဒီတောင့်တမှုပေါ်တာ အကြောင်းပြုပြီးတော့ သူ့မှာ ဘာတွေဖြစ်သလဲ။

ဥပ္ပဇ္ဇတိ ပိဟပ္ပစ္စယာ ဒေါမနဿံ။

တောင့်တခြင်းတည်းဟူသော အကြောင်းကြောင့် ဒေါမနဿတွေ မဖြစ်ဘူးလား　　(ဖြစ်ပါတယ်ဘုရား)။

**သေဝိတဗ္ဗဒေါမနဿ။**　　။ဒေါမနဿဝေဒနာ နော်၊ အဲဒီလို ဒေါမနဿဝေဒနာမျိုးမှာ ပဋိဃာနုသယ မဖြစ်ဘူးတဲ့၊ အဲဒီ ဒေါမနဿဝေဒနာကိုကြည့်ပြီး "ငါ့မှာ သီလများ မစင်ကြယ်လို့လား၊ သီလလဲ သူ စင်ကြယ်တယ်၊ ဝီရိယများ နဲ့နေလို့လား၊ မဟုတ်ဘူး၊ ဝီရိယလဲ အားကောင်းနေတယ်၊ ပညာများ အားနဲ့နေသလား၊ မဟုတ်ဘူး၊ ပညာလဲ အားကောင်းနေတယ်၊ ဒါဖြင့် အဲဒီလို စိတ် ပျက်ပျက်နေတယ်ဆိုတဲ့ ဒီဒေါမနဿကြောင့်ဘဲ၊ နောက်ကို ဒီဒေါမနဿမျိုး ငါ့မှာမဖြစ်စေရဘူး"လို့ ဆိုပြီးတော့ ဝီရိယကို မြဲမြဲမြံမြံ ပြုလုပ်သွားလို့ အရဟတ္တဖိုလ်ပေါက်သွားတယ်တဲ့၊ အဲဒီဒေါမနဿမျိုး၌ ပဋိဃာနုသယမရှိဘူးလို့ အဋ္ဌကထာဆရာက ပြောပေးတယ်၊ နော်၊ ဒါ သေဝိတဗ္ဗဒေါမနဿ။

နောက်တနင်္ဂနွေနေ့ကျတော့ ဒီသေဝိတဗ္ဗဒေါမနဿနဲ့ **အသေဝိတဗ္ဗဒေါမနဿ** ဟောပေးမယ်။ ဟုတ်လား (မှန်ပါ)။

ဒါ မှီဝဲရမဲ့ ဒေါမနဿ။

တတ္ထ တေသု၊ ထိုသို့သဘောရှိကုန်သော ဒေါမနဿတို့၌။ ပဋိဃာ-နုသယော၊ ပဋိဃာနုသယသည်။ နအနုသေတိ၊ မဖြစ်။

အဲဒီလို ဒေါမနဿမျိုးမှာ ပဋိဃာနုသယမဖြစ်ဘူးတဲ့၊ ရှုပ်တော့ တော်တော် ရှုပ်တဲ့စကား နော် (မှန်ပါ)။

အဲဒါကြောင့် ဓမ္မဒိန္နာဖြေတဲ့ နေရာမှာ အလုံးစုံသော ဒုက္ခဝေဒနာတွေမှာ ပဋိဃာနုသယ မရှိဘူးတဲ့၊ ပဋိဃာနုသယကို မပယ်ရဘူးလို့ ပြောတယ်၊(မှန်ပါ)။

**ဥပေက္ခာဝေဒနာ ၂-မျိုး။** ။နောက်ပြီးတော့ ဥပေက္ခာဝေဒနာမှာလဲ အဝိဇ္ဇာနုသယရှိနေတဲ့ ဥပေက္ခာဝေဒနာမျိုး ရှိတယ်၊ အဝိဇ္ဇာနုသယမရှိတဲ့ ဥပေက္ခာဝေဒနာမျိုးလဲ ရှိတယ်။

စတုတ္ထဈာန်သမာပတ်ကျတော့ ဥပေက္ခာဝေဒနာမှာ အဝိဇ္ဇာနုသယရှိသေး သလား (မရှိတော့ပါဘုရား)။

အဝိဇ္ဇာကိုခွါပြီးတော့မှ သူက စတုတ္ထဈာန်သမာပတ်ကို ဝင်စားရသည်ဖြစ် သောကြောင့် ခုနက ပထမဈာန်သမာပတ်ကဲ့သို့ဘဲ အဲဒီအဝိဇ္ဇာနုသယသည် စတုတ္ထဈာန်သမာပတ်မှာရှိနေတဲ့ ဥပေက္ခာဝေဒနာမှာ အဝိဇ္ဇာနုသယ မရှိဘူး။ အဲဒီလိုပြောထားတယ်နော် (မှန်ပါ)။

အဲဒါကို ပါဠိတော်က ဘယ့်နှယ်ဟောထားသလဲ——

> ဣဓာဝုသော ဝိသာခ ဘိက္ခု သုခဿ စ ပဟာနာ ဒုက္ခဿ စ ပဟာနာ ပုဗ္ဗေဝ သောမနဿဒေါမနဿာနံ အတ္ထင်္ဂမာ အဒုက္ခမသုခံ ဥပေက္ခာသတိပါရိသုဒ္ဓိံ စတုတ္ထံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ အဝိဇ္ဇာ တေန ပဇဟတိ၊ န တတ္ထ အဝိဇ္ဇာနုသယော အနုသေတိ။

စတုတ္ထဈာန်သမာပတ်ဖြင့် အဝိဇ္ဇာနုသယကို ဥပေက္ခာဝေဒနာက ပယ်ထား တယ်၊ ထို့ကြောင့် "အဝိဇ္ဇာနုသယသည် ဥပေက္ခာဝေဒနာမှာ မရှိပါဘူးတဲ့၊ စတုတ္ထဈာန်သမာပတ်ဖြင့်ဘဲ အဝိဇ္ဇာနုသယကို သူ ပယ်နိုင်တယ်"လို့ ဝိက္ခမ္ဘန ပဟာန်အားဖြင့် ပယ်ပုံကို သူကပြောတယ်။

**အကျဉ်းချုပ်အဓိပ္ပါယ်။** ။အကျဉ်းချုပ်အဓိပ္ပါယ်, ဘုန်းကြီးသဘောပေါက်တဲ့ အဓိပ္ပါယ်တွေကို ပါဠိတော် ကိုးကားချက်နဲ့ ယှဉ်ပြီး တော့ ပြောရမယ်ဆိုရင် ခုနက ပထမဈာန်သမာပတ်ကို အကြောင်းပြုပြီးတော့, အမှီပြုပြီးတော့ သုခဝေဒနာ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။

ဘယ်တော့ တရားရပါ့မလဲလို့ ဆိုတာကို အကြောင်းပြုပြီးတော့, တောင့်တမှုကို အကြောင်းပြုပြီးတော့ ဒုက္ခဝေဒနာမဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။

စတုတ္ထဈာန်သမာပတ်မှာ ဥပေက္ခာဝေဒနာ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။

အဲဒီ ဥပေက္ခာဝေဒနာရယ်, သောမနဿဝေဒနာရယ်, ဒေါမနဿဝေဒနာတွေရယ်ဟာ ကုသိုလ်တွေလား, အကုသိုလ်တွေလားလို့ဆိုတော့ ဒေါမနဿဝေဒနာဆိုတာ အကုသိုလ်နော်၊ အဲဒီ အကုသိုလ်ကို အကြောင်းပြုပြီးတော့ ဟိုဘက်မဂ်ကုသိုလ်ကို ဥပနိဿယသတ္တိမရနိုင်ဘူးလား (ရနိုင်ပါတယ်ဘုရား)။

ပဋ္ဌာန်းဒေသနာတော်ကဘယ့်နှယ်ပြောထားသလဲလို့ဆိုတော့“အကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော”။ အဲဒီအကုသိုလ်ကို ဥပနိဿယသတ္တိပြုပြီးတော့ ဝိပဿနာကို ကြိုးစားပြီး အားထုတ်သွားမယ်ဆိုရင် အရဟတ္တဖိုလ် မပေါက်နိုင်ဘူးလား (ပေါက်နိုင်ပါတယ်ဘုရား)။

သောမနဿဝေဒနာကို အကြောင်းပြုပြီးတော့ ဝိပဿနာ ရှုသွားမယ်ဆိုရင် အရဟတ္တဖိုလ် ပေါက်မသွားနိုင်ဘူးလား (ပေါက်နိုင်ပါတယ်ဘုရား)။

အဲဒီလို ဥပနိဿယပစ္စည်း၏ အဖြစ်ဖြင့် စောစောပိုင်းကပြောခဲ့တဲ့ ဝေဒနာတွေမှာ အနုသယမပါပုံကို ပါဠိတော်က ညွှန်ပြတာဘဲလို့ ဒီလိုသဘောပေါက်စရာဘဲနော် (မှန်ပါဘုရား)။

အနုသယခန်းပြီးရော ဆိုကြပါစို့နော် (မှန်ပါ)။

## အနုသယမပေါ်အောင် ဝေဒနာပယ်ပုံ

အဲဒီလို အနုသယခန်းပြီးတော့ ဒီလိုပေါ်လာတဲ့ ဝေဒနာတွေကို သုခဝေဒနာဘဲဖြစ်ဖြစ်, ဒုက္ခဝေဒနာဘဲဖြစ်ဖြစ်, အဒုက္ခမသုခဝေဒနာဘဲဖြစ်ဖြစ် ဒီဝေဒနာတွေ ဘာလုပ်ရမလဲ၊ ဒီဝေဒနာတွေကုန်အောင် ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ဒီဝေဒနာပေါ်မှာ ရှိနေတဲ့ အနုသယတွေ မပေါ်အောင် ဘုန်းကြီးတို့ ပရိသတ် ကျင့်ရမလား, မကျင့်ရဘူးလား (ကျင့်ရပါမယ်ဘုရား)

ဘယ့်နှယ်ကျင့်မလဲ၊ ဘုန်းကြီးတို့ သုတ္တန်တခုပြောင်းကြအုံးစို့၊ မဇ္ဈိမပဏ္ဏာသပါဠိတော်မှာ ဒီဃနခသုတ္တန်လို့ဆိုတာရှိတယ်၊ ဒီလိုသုတ္တန်တွေကို ပြောင်းပြောင်းပေးနေတာက ဘုန်းကြီးသဘောနဲ့ ဘုန်းကြီး ပြောင်းပြောင်းပေးနေတာမဟုတ်ဘူး, အဋ္ဌကထာဆရာက အဲဒီသုတ္တန်တွေကို ပြောင်းပြောင်းဟောပေး

ပါလို့ ညွှန်ပြထားတဲ့အတွက် ဘုန်းကြီးက ပြောင်းပြီး ဟောပေးနေရတာ၊ အဲဒီ ဒီဃနခသုတ္တန်မှာ ဘာပြောထားသလဲလို့ဆိုတော့——

**ဝေဒနာတခုသာဖြစ်ပုံ။** ။ယသ္မိံ အဂ္ဂိဝေဿန သမယေ သုခံ ဝေဒနံ ဝေဒေတိ၊ နေဝ တသ္မိံသမယေ ဒုက္ခံ ဝေဒနံ ဝေဒေတိ၊ န အဒုက္ခမသုခံ ဝေဒနံ ဝေဒေတိ၊ သုခံယေဝ တသ္မိံ သမယေ ဝေဒနံ ဝေဒေတိ။

ဟောရင်းစဲ့ဖြစ်တဲ့ ဒီဃနိကာယ် မဟာနိဒါနသုတ္တန်မှာလဲ ထို့အတူဘဲ ဟောကြားထားပါတယ်။

အဂ္ဂိဝေဿန၊ အဂ္ဂိဝေဿန။ ယသ္မိံသမယေ၊ အကြင် အခါ ကာလ သမယ၌။ သုခံဝေဒနံ၊ သုခဝေဒနာကို။ ဝေဒေတိ၊ ခံစား၍နေ၏။ တသ္မိံ သမယေ၊ ထိုအခါ ကာလသမယ၌။ ဒုက္ခဝေဒနံ၊ ဒုက္ခဝေဒနာကို။ နဝေဒေတိ၊ မခံစား။ အဒုက္ခမသုခံ ဝေဒနံ၊ အဒုက္ခမသုခဝေဒနာကို။ န ဝေဒေတိ၊ မခံစား။ တသ္မိံ သမယေ၊ ထိုအခါ၌။ သုခံယေဝ ဝေဒနံ၊ သုခဝေဒနာကို သာလျှင်။ ဝေဒေတိ၊ ခံစား၏။

မြတ်စွာဘုရားက အဂ္ဂိဝေဿနတဲ့ အကြင်အခါမှာ ကရဇကာယရဲ့ ဖောက်ပြန်မှုက နူးညံ့သိမ်မွေ့သည်ဖြစ်သောကြောင့် သုခဝေဒနာကို ခံစားနေရင် အဲဒီအခါမှာ သုခဝေဒနာဘဲ ခံစားနေရတယ်တဲ့။ ဒုက္ခဝေဒနာနဲ့ ဥပေက္ခာဝေဒနာကို မခံစားရတော့ဘူးတဲ့။

ယသ္မိံ အဂ္ဂိဝေဿန သမယေ ဒုက္ခံ ဝေဒနံ ဝေဒေတိ၊ နေဝ တသ္မိံ သမယေ သုခံ ဝေဒနံ ဝေဒေတိ၊ န အဒုက္ခမသုခံ ဝေဒနံ ဝေဒေတိ၊ ဒုက္ခံယေဝ တသ္မိံ သမယေ ဝေဒနံ ဝေဒေတိ။

အကြင်အခါ ဒုက္ခဝေဒနာကို ခံစားနေ၏။ အဲဒီအခါမှာ သုခဝေဒနာနဲ့ ဥပေက္ခာဝေဒနာကို မခံစားဘူးတဲ့၊ အကြင်အခါ ဥပေက္ခာဝေဒနာကို ခံစား၍ နေ၏၊ ထိုအခါ သုခဝေဒနာနဲ့ ဒုက္ခဝေဒနာကို မခံစားဘူး။

ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ခန္ဓာမှာ ပေါ်နေတာက သုခဝေဒနာနဲ့ ဒုက္ခဝေဒနာ တပြိုင်ထဲလား, တလှည့်စီလား (တလှည့်စီပါဘုရား)

သုခဝေဒနာ အနိစ္စဖြစ်ပြီးမှ ဘယ်သူပေါ်လာသလဲ ဒုက္ခဝေဒနာပေါ်လာ ပါတယ်၊ ဒုက္ခဝေဒနာအနိစ္စဖြစ်ပြီးမှ သုခဝေဒနာပေါ်လာတယ်၊ သုခဝေဒနာတွေ ဒုက္ခဝေဒနာတွေ ကုန်ပျောက်ပြီးမှ ဥပေက္ခာဝေဒနာ ပေါ်လာရတယ်။ ဒီတော့ ဝေဒနာပေါ်တယ်လို့ ဆိုတဲ့နေရာမှာ သုခဝေဒနာပေါ်နေတုန်းကိုဒုက္ခဝေဒနာက

"ဒါ ငါ့အလှည့်မရောက်သေးဘူး၊ ငါ့အလှည့်ရောက်ရင် ငါခံစားမယ်"လို့ ခံစားရဖို့အတွက် တနေရာရာက သူ စောင့်နေသလား (မစောင့်ပါဘုရား) စောင့်မနေဘူးနော်။

**ဝေဒနာအနိစ္စဖြစ်ပုံ။** ။မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဒီဝေဒနာတွေရဲ့ အနိစ္စဖြစ်ပုံကို အဲသလို သရုပ်ပြပြီးတော့မှ အဂ္ဂိဝေဿနကို—

သုခါပိ ခေါ အဂ္ဂိဝေဿန ဝေဒနာ အနိစ္စာ သင်္ခတာ ပဋိစ္စသမုပ္ပန္နာ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓဓမ္မာ၊ ဒုက္ခာပိ ခေါ အဂ္ဂိဝေဿန ဝေဒနာ အနိစ္စာ သင်္ခတာ ပဋိစ္စသမုပ္ပန္နာ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓဓမ္မာ၊ အဒုက္ခမသုခါပိ ခေါ အဂ္ဂိဝေဿန ဝေဒနာ အနိစ္စာ သင်္ခတာ ပဋိစ္စသမုပ္ပန္နာ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓဓမ္မာ။

မဟာနိဒါနသုတ္တန်မှာလဲ ဒီပါဠိနဲ့ အတူတူပဲ ဟောခဲ့ပါတယ်။

အဂ္ဂိဝေဿန သုခဝေဒနာဘဲ ဖြစ်ဖြစ် ဒုက္ခဝေဒနာဘဲ ဖြစ်ဖြစ် အဒုက္ခမသုခဝေဒနာဘဲဖြစ်ဖြစ် အနိစ္စတရားတဲ့၊ ဘာတရားလဲ (အနိစ္စတရားပါဘုရား)။

သင်္ခတတရားတဲ့၊ ဘာတရားတဲ့လဲ၊ (သင်္ခတတရားပါဘုရား)။

ပဋိစ္စသမုပ္ပန္နတရားတဲ့၊ ခယဓမ္မ=ကုန်တဲ့ ပျောက်တဲ့ သဘောရှိတဲ့ တရားတဲ့၊ ဝယဓမ္မ=ပျောက်ခြင်းသဘောရှိတဲ့ တရားတဲ့၊ ဝိရာဂဓမ္မ=နှစ်သက်စရာမှ ကင်းခြင်းသဘောရှိတဲ့ တရားတဲ့။ နိရောဓဓမ္မာတိ၊ ချုပ်ခြင်းသဘောတရား ရှိသည် ဟူ၍။ ဒဠှံ၊ ကောင်းစွာမသေ့ မှတ်သားအပ်ပါပေတည်း။

သာဓု သာဓု သာဓု

## နိဂုံး

သာဓဝေါ၊ နှလုံးပျော့ပျောင်း အို အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့။ တုမှေ၊ သင်တို့သည်။ ဘဂဝတာ၊ ဘုန်းတော်သခင် သဗ္ဗညုရှင်တော်မြတ်ဘုရားသည်။ ဒေသိတံ၊ ကောင်းစွာညွှန်ပြ ဟောကြားတော်မူအပ်သော။ ဣမံ အနုသယံ၊ ဤအနုသယတရား ဒေသနာတော်ကို။ ဣမံ ဒေသနံ၊ ဤဝေဒနာနုပဿနာတရား ဒေသနာတော်ကို။ ဣတိဣမိနာအနုက္ကမေန၊ ဤသို့ ဟောကြားတော်မူအပ်သော ဒေသနာတော်အစဉ် တရားတော် အစဉ်ဖြင့်။ အနိစ္စာ သင်္ခတာ ပဋိစ္စသမုပ္ပန္နာ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓဓမ္မာတိ၊ အနိစ္စ

သင်္ခတ ပဋိစ္စသမုပ္ပန္န ခယဓမ္မ ဝယဓမ္မ ဝိရာဂဓမ္မ နိရောဓဓမ္မ ဟူ၍။ ဥတ္တာ၊ သိနိုင်ကြကုန်သောကြောင့်။ သုခါယဝေဒနာယ၊ သုခဝေဒနာ၌။ ရာဂါနုသယံ၊ ရာဂါနုသယကို။ ပဟာယ၊ ပယ်နိုင်ကြကုန်သည်ဖြစ်၍။ ဒုက္ခာယဝေဒနာယ၊ ဒုက္ခဝေဒနာ၌။ ပဋိဃာနုသယံ၊ ပဋိဃာနုသယကို။ ပဟာယ၊ ပယ်နိုင်ကြကုန်သည်ဖြစ်၍။ အဒုက္ခမသုခါယဝေဒနာယ၊ အဒုက္ခမသုခဝေဒနာ၌။ အဝိဇ္ဇာနုသယံ၊ အဝိဇ္ဇာနုသယကို။ ပဟာယ၊ ပယ်နိုင်ကြကုန်သည်ဖြစ်၍။ နိဗ္ဗာနံ၊ နိဗ္ဗာန်ချမ်းသာကို။ သစ္စိကရောန္တု၊ ကောင်းစွာမသွေ မျက်မှောက်ပြုလွယ်နိုင်ကြသည်ဖြစ်ပါစေကုန်သတည်း။

သာဓု သာဓု သာဓု

ဝေဒနာနုပဿနာတရားတော်

ဝေဒနာဝါရ တတိယပိုင်း ပြီးပြီ။

ပါရာယနဝဂ်ပါဠိတော်ဟောစဉ် ဥဒယသုတ္တန်နောက်ဆက်တွဲ

# ဝေဒနာနုပဿနာတရားတော်

## ဝေဒနာဝါရ စတုတ္ထပိုင်း

---

### တရားတော်အမည်

သာသနာတော်သက္ကရာဇ် ၂၅၁၄-ခု, ကောဇာသက္ကရာဇ် ၁၃၃၂-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၆) ရက် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း ကျားကူး ဓမ္မဗိမာန်တော်ကြီးတွင် ဝိပဿနာအလုပ်ပေးတရားနှင့် ဆက်စပ်ဟောကြားအပ်သော ဒီဃနိကာယ် သုတ်မဟာဝါပါဠိတော် မဟာနိဒါနသုတ်၌ လာသော ဝေဒနာနုပဿနာသတိပဋ္ဌာန် ဝေဒနာဝါရ စတုတ္ထပိုင်းတရားတော်။

### ဘုရားရှိခိုး

ဒီတရားတော်ကို ဘုန်းတော်သခင် သဗ္ဗညု မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့ပါတယ်။ မြတ်စွာဘုရားရဲ့ ဝိပဿနာမူ, ဝိပဿနာလုပ်ထုံးကို ဟောပေးရမှာဖြစ်တဲ့အတွက် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို တရားဟော, တရားနာပုဂ္ဂိုလ်တို့ရဲ့ အနေဖြင့် ရိုသေစွာရှိခိုးကြရအောင် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ လက်အုပ်ချီပြီးတော့ ထားကြ။ ဘုန်းကြီးက မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ဂုဏ်တော်များကို ရွတ်ဆိုပြီးတော့ ဘုရားရှိခိုးမယ်။ အဲဒီဘုရားရှိခိုးထဲမှာပါတဲ့ ဂုဏ်တော်များကို အာရုံပြုပြီးတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်း သမီးများ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ဂုဏ်တော်များကို ကြည်ညိုသဒ္ဓါ ပွါးများနိုင်ကြပါစေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(အနက် ရှေးနည်းအတိုင်း)

သာဓု သာဓု သာဓု

### ဝေဒနာတို့နှိပ်စက်ကြပုံ

**ဝေဒနာ ခေါ် ရခြင်းအကြောင်း။** ။ဘုန်းတော်သခင် သဗ္ဗညု မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် ဝေဒနာ ကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများအားထုတ်ဖို့ ဟောကြားတော်မူတဲ့ နေရာမှာ ဝေဒနာဆိုတာ

ဘာခေါ်သလဲလို့ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ခဇ္ဇနီယဝဂ်မှာ ခဇ္ဇနီယသုတ္တန်ကို မြတ်စွာဘုရား ဟောကြားတော်မူပါတယ်။

"ကိဉ္စ ဘိက္ခဝေ ဝေဒနံ ဝဒေထ"

ဘိက္ခဝေ၊ ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများ အားထုတ်နေကြကုန်သော အို အမျိုးကောင်းသား အမျိုးကောင်းသမီး အပေါင်းတို့။ ကိဉ္စ၊ အဘယ်သို့သော အကြောင်းကြောင့်။ ဝေဒနံ၊ ဝေဒနာဟူ၍။ ဝဒေထ၊ ခေါ်ဆိုကြပါကုန်သနည်း။

ချစ်သားတို့တဲ့ တရားအားထုတ်တဲ့အခါမှာ ခန္ဓာကိုယ်တကိုယ်လုံးက ရုပ်တရားတွေရဲ့ ထိခိုက်မှုကြောင့် ပွင့်ထွက်လာတဲ့ သဘောတွေကို ဝေဒနာ, ဝေဒနာလို့ ပြောနေကြတယ်တဲ့၊ ဘယ်သဘောကြောင့် ဝေဒနာခေါ်ပါသလဲလို့ မြတ်စွာဘုရားက ပုစ္ဆာထုတ်ပြီးတော့ မေးလိုက်တယ်။ မြတ်စွာဘုရားရှင် ကိုယ်တော်တိုင်ဘဲ ဝေဒနာမည်ပုံကို ပြန်ပြီးတော့ အဖြေစကားကို ဟောတော်မူပါတယ်။

"ဝေဒယတီတိ ခေါ ဘိက္ခဝေ တသ္မာ ဝေဒနာတိ ဝုစ္စတိ"

ဘိက္ခဝေ၊ ရဟန်းတို့။ ဝေဒယတိ၊ ခံစားတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝေဒနာတိ၊ ဝေဒနာဟူ၍။ ဝုစ္စတိ၊ ဆိုရ၏။

ဝေဒနာဆိုတာ ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဘာကိုခေါ်သလဲဆိုတော့ ခံစားမှုသဘောကို ဝေဒနာလို့ ခေါ်တယ်။ ဝေဒနာဆိုတာ ဘာကို ခေါ်သလဲ (ခံစားမှုသဘောကို ခေါ်ပါတယ် ဘုရား)။

ဘာကိုခံစားသလဲ၊ ဥပမာ– တရားအားထုတ် နေတဲ့အခါမှာ ဒူးခေါင်းက သော်ဝှင်း, ရင်ပတ်ကသော်ဝှင်း, ဝမ်းဗိုက်ထဲကသော်ဝှင်း ပူပြီးတော့လာလိမ့်မယ်၊ အဲဒီပူလာတဲ့သဘောကို ဘာလို့ခေါ်သလဲ (ရုပ်လို့ခေါ်ပါတယ် ဘုရား)

အဲဒီ ပူလာတဲ့သဘောကို တော့ဖြင့် တေဇောရုပ်လို့ ခေါ်တယ်။ အဲဒီပူလာတဲ့ ဒဏ်ချက်ကိုခံစားတာကတော့ ဘာတဲ့လဲ (ဝေဒနာပါ ဘုရား)။

ဒီတော့ ပူတာဟာ ဝေဒနာလား, ခံစားတာဟာ ဝေဒနာလား(ခံစားတာဟာ ဝေဒနာပါ ဘုရား)။

ကွဲသွားပလား (ကွဲသွားပါပြီဘုရား)

ဒါကို မြတ်စွာဘုရားက –"ဝေဒယတိ၊ ပူတယ်, အေးတယ်ဆိုတဲ့ သဘောကို ခံစားတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝေဒနာတိ၊ ဝေဒနာဟူ၍။ ဝုစ္စတိ၊ ဆိုရပေတော့၏"တဲ့။

ပူတဲ့ သဘောကို ခံစားတာ ဘယ်သူလဲ (ဝေဒနာပါ ဘုရား)။

အေးတဲ့သဘောကို ခံစားတာဟာ ဘယ်သူလဲ (ဝေဒနာပါ ဘုရား)။

နာတယ် ထုံတယ် ကျင်တယ် တောင့်တယ် တင်းတယ်ဆိုတဲ့ သဘောတွေကို ခံစားတာ ဘယ်သူလဲ (ဝေဒနာပါ ဘုရား)။

ဘယ်သူ့ရဲ့ ဒဏ်ချက်တွေကို ခံစားရသလဲ? ရုပ်တရားတို့၏ ဖောက်ပြန်မှု ဒဏ်ချက်တွေကို ခံစားတယ်။ ဘယ်သူက ခံစားသလဲ (ဝေဒနာကပါ ဘုရား)။

**ဝေဒနာ ၃-မျိုး။**　။အဲဒီလို ခံစားမှုဟာ သုံးမျိုးရှိပါတယ်လို့—

ကိဉ္စ ဝေဒယတိ၊ သုခမ္ပိ ဝေဒယတိ၊ ဒုက္ခမ္ပိ ဝေဒယတိ၊ အဒုက္ခ-မသုခမ္ပိ ဝေဒယတိ။

ပူမှုကိုဖြစ်စေ၊ အေးမှုကိုဖြစ်စေ၊ ထုံမှုကျင်မှုကို ဖြစ်စေ၊ ကိုက်မှု ခဲမှုကို ဖြစ်စေ၊ တောင့်မှု-တင်းမှုကိုဖြစ်စေ ရုပ်တရားတို့ရဲ့ ဖောက်ပြန်မှု ဒဏ်ချက်ကို ခံစားတယ်ဆိုတဲ့ ဝေဒနာဟာ သုံးမျိုးရှိပါတယ်တဲ့၊ ဝေဒနာကတော့ တမျိုးထဲရယ်၊ ဒါပေမဲ့ သက်သက်သာသာ ခံစားရတာကို သုခဝေဒနာလို့ခေါ်တယ်၊ မသက်မသာ ခံစားရတာကို ဒုက္ခဝေဒနာလို့ခေါ်တယ်၊ အလယ်အလတ် အညီအမျှ ခံစားရတာကို ဥပေက္ခာဝေဒနာလို့ခေါ်တယ်-လို့ မြတ်စွာဘုရားက ဟောထားပါတယ်။ ဒီတော့ အမျိုးကောင်းသား၊ အမျိုးကောင်း သမီးများ ဒီဘဝကို ရောက်လာကြတာ အခု အမျိုးကောင်းသားများ၊အမျိုးကောင်း သမီးများ ခံစားမှုနဲ့ ကင်းကွာပြီးတော့ နေရသလား? (မနေရပါ ဘုရား)။

ဒီခံစားမှုဟာ အချိန်တိုင်း အချိန်တိုင်း ရှိနေသလား၊ ရှိမနေဘူးလား။

(ရှိနေပါတယ်ဘုရား)

ခံစားမှုတွေ အချိန်တိုင်း အချိန်တိုင်း ရှိနေတာဟာ ဝေဒနာတွေ အချိန်တိုင်း အချိန်တိုင်း ရှိနေလို့ဘဲ။ ဒီတော့ ဘုန်းကြီးတို့ ပရိသတ်က ဘယ့်နှယ် သိနေသလဲလို့ ဆိုတော့ ခံစားမှုအမျိုးမျိုးဆိုတဲ့ ဝေဒနာ ဓာတ်တွေ အချိန်တိုင်း ရှိနေတာကို "ငါက ခံစားနေရတယ်"လို့ ဒီလို သိနေကြတယ်။ ဝေဒနာက ခံစားတာလား၊ ငါက ခံစားတာလား။ (ဝေဒနာကခံစားပါတယ်ဘုရား)

ဝေဒနာမှာ ငါ မပါဘူးနော် (မှန်ပါ)

သတ္တဝါက ခံစားတာလား၊ ဝေဒနာက ခံစားတာလား။ (ဝေဒနာက ခံစားတာပါဘုရား)

ဒါလေးကိုတော့ဖြင့် ခံစားမှု ပေါ်လာတိုင်းပေါ်လာတိုင်း "ဒီခံစားမှုကလေးသည် ငါ မဟုတ်ဘူး၊ သတ္တဝါမဟုတ်ဘူး၊ ဝေဒနာဓာတ်ဘဲ"လို့ အဲဒီလို ရှုပေးရမယ်။

ဝေဒနာဓာတ် ဘယ်နေရာကပေါ်ပေါ်၊ နော် (မှန်ပါဘုရား)

**ဝေဒနာဖြစ်ရာဌာန။** ။ဒါဖြင့် အဲဒီ ဝေဒနာခတ်ပေါ်တဲ့ နေရာကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဘယ်နှယ်ဟောထားသလဲလို့ဆိုတော့ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ မန-လို့ ခြောက်ဌာန ဟောထားတယ်။

စက္ခုဆိုတာ မျက်လုံးက စက္ခုပသာဒရုပ်, သောတဆိုတာ နားက သောတပသာဒရုပ်, ဃာနဆိုတာ နှာခေါင်းက ဃာနပသာဒရုပ်, ဇိဝှါဆိုတာ လျှာက ဇိဝှါပသာဒရုပ်, ကာယဆိုတာ ခန္ဓာကိုယ် တကိုယ်လုံးက ကာယပသာဒရုပ်, မနဆိုတာ စိတ်ကူးကြံစည်မှု အားလုံး။

အဲဒီမှာ ဝေဒနာတွေဟာ တဖွားဖွားနဲ့ဖြစ်ပြီးတော့ နေတာဘဲတဲ့။

**ဝေဒနာခံစားပုံ။** ။ပေါ်နေတဲ့ ဝေဒနာကို ပေါ်လာတိုင်း ပေါ်လာတိုင်း ဝေဒနာကဘဲ ခံစားနေတယ်၊ ငါက ခံစားနေတာမဟုတ်ဘူး၊ ဘယ်လိုဖြစ်တာကို သူ ခံစားနေသလဲလို့ဆိုတော့ ရုပ်တရားတို့ရဲ့ ဖောက်ပြန်မှုကို ခံစားနေတယ်။ ရုပ်တရားဆိုတာ ငြိမ်နေလို့လား (မငြိမ်ပါဘုရား)

ရုပ်တရားများ ငြိမ်နေတယ်ဆိုတဲ့ အခါများရှိသလား (မရှိပါဘုရား)

ရုပ်တရားသည် အမြဲတမ်း ဘယ်လိုဖြစ်နေသလဲ (ဖောက်ပြန်ပျက်စီးနေပါတယ်ဘုရား)

မြင်အောင်ကြည့်ထား။ ဝေဒနာကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများအားထုတ်လိုကုန်သော အမျိုးကောင်းသားတိုင်း, အမျိုးကောင်းသမီးတိုင်း ရုပ်တရားရဲ့ ဖောက်ပြန်မှုကို မြင်အောင်ကြည့်ထားရမယ်။ ရုပ်တရားရဲ့ ဖောက်ပြန်မှုပေါ်လာမှ, တချို့နေရာမှာတော့ နာမ်တရားတို့ရဲ့ ဖောက်ပြန်မှုပေါ်လာမှ ဝေဒနာခတ်ဆိုတာ ခံစားလို့ဖြစ်တယ်။ နာမ်ရုပ်တရားတို့ရဲ့ ဖောက်ပြန်မှုကို ဝေဒနာက ခံစားတယ်၊ ဒီတော့ ဖောက်ပြန်တာက ဘယ်သူလဲ။ (ရုပ်ပါဘုရား။)

ခံစားတာက ဘယ်သူလဲ (ဝေဒနာခတ်ပါဘုရား)

ရုပ်ကို ပဓာနမူ၍ ဟောသော်လဲ ရုပ်ကိုမှီ၍ဖြစ်တဲ့ နာမ်တရားတို့ရဲ့ ဖောက်ပြန်မှုကိုပါ ယူရပါမယ်။ ဒီနှစ်မျိုးကို မြတ်စွာဘုရား ဟောထားတော်မူတယ်၊ ဝိပဿနာဉာဏ်ခန်းမှာ အဲသလို ဝေဒနာခတ်တွေ ခံစားနေတာ သတ္တဝါတိုင်း သတ္တဝါတိုင်း ဒီဘဝမှာ ခံစားမှုကလွတ်ကဲ့လား (မလွတ်ပါဘုရား)

**ဝေဒနာနှိပ်စက်ပုံ။** ။ဒီတော့ ဒီသတ္တဝါကို ဘယ်သူနှိပ်စက်နေသလဲလို့ဆိုတော့ ခံစားမှုက နှိပ်စက်မနေဘူးလား။ (နှိပ်စက်နေပါတယ်ဘုရား)

ဘယ်သူနှိပ်စက်နေသလဲ　(ခံစားမှုဝေဒနာက နှိပ်စက်နေတာဘုရား)

အဲဒါကို ပါဠိတော်က ဘယ့်နှယ်ပြထားသလဲလို့ဆိုတော့—

အဟံ ခေါ တေရဟိ ဝေဒနာယ ခဇ္ဇာမိ။

ရှုကွက်နော်၊ ဝေဒနာကို ဝိပဿနာရှုလို့ ဉာဏ်စဉ်တွေ ပေါ်လာတယ်ဆိုတာ ရှုသွားရင် ဒီဉာဏ်စဉ်တွေ ပေါ်လာမယ်။ (မှန်ပါ။)

## ကျင့်စဉ်နှင့်ဉာဏ်စဉ်ကို ဖော်ပြချက်

ဉာဏ်စဉ်ပေါ်လာအောင်ရှုတဲ့အခါ ရှုစဉ်ဆိုတဲ့ ကျင့်စဉ်ရယ်, ဉာဏ်စဉ်ရယ်လို့ နှစ်မျိုးရှိတယ်၊ အခု ပါဠိတော်က ဟောပေးနေတာ ကျင့်စဉ်။

ဉာဏ်စဉ်ဆိုတာ ဘာတွေလဲ—

သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်, ဘင်္ဂဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုဉ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ်, ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်-တွေဆိုတာ ဒါ ဉာဏ်စဉ်တွေ၊ အဲဒီ ဉာဏ်စဉ်တွေဖြစ်ပုံကလေးကို အဋ္ဌကထာတွေမှာ ပြောထားတဲ့အတိုင်းသာ ဟောသွားရရင် အင်မတန် နားထောင်လို့ ကောင်းမယ်။ ဉာဏ်စဉ်တွေကို ပြောသွားတာ အင်မတန် တရားနာလို့ ကောင်းတယ်၊ ကိုယ်ဘဲ ဒီတရားတွေကို ရသွားပလားလို့ စိတ်ထဲမှာ ထင်ရလောက်အောင်ကိုဘဲ ကောင်းပါတယ်၊ သို့သော် ကျင့်စဉ်မပါရင် ဒီဉာဏ်စဉ် ပေါ်ပါ့မလား။ (မပေါ်နိုင်ပါဘုရား)။

**ဝေဒနာ ကျင့်စဉ်။**　။ဒီတော့ ဒီ ဉာဏ်စဉ်တရားတွေကို မနာသေးခင် ကျင့်စဉ်တရားတွေကို ရှေးဦးစွာ နာပါအုံး၊ ကျင့်စဉ်တရားတွေကို ရှေးဦးစွာ လုပ်ပါအုံး-လို့ ဆိုလိုတဲ့ အဓိပ္ပါယ်၊ ဟုတ်ပလား ဘုန်းကြီးတို့ ပရိသတ်၊ ဒီတော့ ကျင့်စဉ်ကို ဘယ့်နှယ် ကျင့်ရမလဲလို့ ဆိုတော့—

အဟံ ခေါ တေရဟိ ဝေဒနာယ ခဇ္ဇာမိ။

တေရဟိ၊ ယခုအခါ၌။ ဝေဒနာယ၊ ဝေဒနာသည်။ အဟံ၊ ငါ့ကို။ ခဇ္ဇာမိ၊ ခံစားနှိပ်စက်အပ်လေတော့၏။

အခု ဒီ ခန္ဓာတွေကို နှိပ်စက်နေတာဟာ ဘယ်သူလဲ။ (ဝေဒနာပါဘုရား)။

သူများလား, ဝေဒနာလား။ (ဝေဒနာပါဘုရား)။

ကိုယ်လား, ဝေဒနာလား။ (ဝေဒနာပါဘုရား)။

ပေါ်အောင်ကြည့်၊ ကျင့်စဉ်မှာ ခန္ဓာကို နှိပ်စက်နေတာ၊ ရူပက္ခန္ဓာ၊ ဝေဒ-နာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာလို့ ဆိုတဲ့ ခန္ဓာ ငါးပါးကို နှိပ်စက်နေတာဟာ ဘယ်သူလဲ။ (ဝေဒနာပါဘုရား)။

အဟံ ခေါ တေရဟိ ဝေဒနာယ ခဇ္ဇာမိ။

တေရဟိ၊ ယခု ပစ္စုပ္ပန် အခါကာလ၌။ ဝေဒနာယ၊ ဝေဒနာသည်။ အဟံ၊ ငါ့ကို။ ခဇ္ဇာမိ၊ ခဲစားအပ်လေတော့၏။

"ခဲစားနေတယ်" ဆိုတာ နှိပ်စက်နေတာကို ပြောတာပါတဲ့ အဋ္ဌကထာက ပြောတယ်၊ ပေါ်အောင်ကြည့်၊ အခုဘဲ တနေ့ နှစ်ကြိမ် နှစ်ကြိမ် စားသောက်ပေးနေရတာဟာ ဘာပြုလို့လဲ၊ ဝေဒနာရဲ့ ခဲစားမှု နှိပ်စက်မှုကို ခံနေရလို့ အိပ်ပေးရတယ်၊ မတ်တပ်ရပ်ပေးရတယ်၊ လမ်းလျှောက်ပေးနေရတယ်၊ အမျိုးမျိုး ပြုပြင်ပေးနေရတယ်၊ မပင်ပန်းဘူးလား ဘုန်းကြီးတို့ ပရိသတ်။ (ပင်ပန်းပါတယ်ဘုရား)။

ဘယ်သူ နှိပ်စက်နေတာလဲ။ (ဝေဒနာက နှိပ်စက်နေတာပါဘုရား)။

ဒါ ဝေဒနာခန်းကို ဟောလို့ ဝေဒနာကို ဖိပြောနေတာနော်။ (မှန်ပါ)။

ဝေဒနာကချည်း နှိပ်စက်တာလား ဘုရားလို့ ဆိုတော့ မဟုတ်ဘူး၊ ရုပ်ကလဲ နှိပ်စက်တယ်၊ သညာကလဲ နှိပ်စက်တယ်၊ သင်္ခါရကလဲ နှိပ်စက်တယ်၊ ဝိညာဉ်ကလဲ နှိပ်စက်တယ်၊ အဲဒါတွေအကုန်လုံးက နှိပ်စက်တယ်၊ ဒါပေမဲ့ တရားတလုံးကိုမိအောင် ဖမ်းပြီးတော့ ရှုလိုက်ရင် ကျန်နေတဲ့ တရားတွေလဲ သူတို့ဟာ ရှုပြီးသား ဖြစ်သွားကြတယ်၊ ဘာပြုလို့လဲ ဆိုတော့ ဥပ္ပါဒ၊ ဝယလို့ ဆိုတာ ဖြစ်အတူ ပျက်အတူမို့ သူတို့က ဖြစ်၊ ပျက်တူကြတယ်။ အဲဒါကြောင့် အခု ပစ္စုပ္ပန်မှာ ဝေဒနာက ခဲစားနေတာကို၊ ဝေဒနာက နှိပ်စက်နေတာကို ဘုန်းကြီးတို့ ပရိသတ် မြင်အောင် ကြည့်ပါတဲ့ မြတ်စွာဘုရားက။

ထိုင်ပြီးတော့ တရားအားထုတ် ခန္ဓာကိုယ် တခုလုံး ဖြုန်းဖြုန်း ဖြုန်းဖြုန်းနဲ့ တခါထဲ ရုပ်တရားတွေရဲ့ ဖောက်ပြန်မှု ဒဏ်ချက်တွေကို ဝေဒနာခေတ်က လှိမ့်ပြီးတော့ ခံနေရတယ်။ ဝေဒနာက နှိပ်စက်နေတယ်၊ အဲဒီလို ပစ္စုပ္ပန် ကာလမှာ ဝေဒနာက နှိပ်စက်နေသလို—

အတီတမ္ပာဟံ အဒ္ဓါနံ ဧဝမေဝ ဝေဒနာယ ခဇ္ဇိံ သေယျထာပိ တေရဟိ ပစ္စုပ္ပန္နာယ ဝေဒနာယ ခဇ္ဇာမိ။

တေရဟိ၊ ယခုအခါ၌။ ပစ္စုပ္ပန္နာယ၊ ပစ္စုပ္ပန် ဖြစ်သော။ ဝေဒနာယ၊ ဝေဒနာသည်။ ခဇ္ဇာမိ သေယျထာပိ၊ ခဲစား နှိပ်စက်အပ်ဘိ သကဲ့သို့။

ဝေမေဝ၊ ပမာနိုင်းယူ အဲဒီ ပစ္စုပ္ပန် ဝေဒနာက ခံစားနိုပ်စက်အပ်တဲ့ ပုံအတူ သာလျှင်။ အတီတမ္ပိ အဒ္ဓါနံ၊ အတိတ်ကာလ၌လည်း။ အဟံ၊ ငါ့ကို။ ဝေဒနာယ၊ ဝေဒနာသည်။ ခဇ္ဇိံ၊ ခံစား နှိပ်စက်အပ်ဘူးလေပြီ။

အတိတ်ကို ပြန်ကြည့်လိုက်၊ အတိတ်မှာ ပျက်စီးလာခဲ့တာ ဘယ်သူက နှိပ်စက်လို့လဲ။ (ဝေဒနာက နှိပ်စက်လို့ပါဘုရား)။

ဒါ ပါဠိတော်က ကျင့်နည်းနော်၊ ရှုနည်း၊ ဒါ ဝိပဿနာရှုကွက်၊ ကျင့်စဉ်ဘဲ၊ ဝေဒနာကျင့်စဉ်။

**ဝေဒနာကိုပွါးများပုံ။** ။ယခုပစ္စုပ္ပန်မှာ ဝေဒနာတွေ နှိပ်စက်ပြီးခံနေရသလို့, ဝေဒနာရဲ့ နှိပ်စက်ခြင်းကို ခံနေရသလို့ အတိတ်ကလဲ ငါ့မှာ ဝေဒနာရဲ့ နှိပ်စက်ခြင်းကို ခံနေခဲ့ရဘူးပြီ၊ ပြန်ကြည့်တယ်၊ ပြန်ရှုတယ်။

အဟဉ္စေဝ ခေါ ပန အနာဂတံ ဝေဒနံ အဘိနန္ဒေယျံ။

ပန၊ ဒီလိုဆိုရင်။ အဟဉ္စေဝ၊ ငါသည်လည်း။ အနာဂတံ ဝေဒနံ၊ နောင် လာလတ္တံ့ဖြစ်တဲ့ ဝေဒနာကို။ အဘိနန္ဒေယျံ၊ နှစ်သက်၍ နေသည် ဖြစ်ငြားအံ့။

"ယခုပစ္စုပ္ပန်မှာလဲ ဝေဒနာနှိပ်စက်တဲ့ ဒဏ်ချက်ကို ခံနေရတယ်၊ အတိတ်တုန်းကလဲ ဝေဒနာနှိပ်စက်တဲ့ ဒဏ်ချက်ကို ခံနေရတယ်"လို့ ရှုနေတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးသည် အနာဂတ်ဖြစ်တဲ့ ဝေဒနာကို လှမ်းပြီးတော့ လိုချင်ပါအုံးတော့မလား။ (မလိုချင်တော့ပါဘုရား။)

အကယ်၍ "အနာဂတ်ဖြစ်တဲ့ ဝေဒနာကို လှမ်းပြီးတော့ ခံစားချင်တဲ့စိတ်တွေ ပေါ်လာမယ် ဆိုရင်"လဲ မြတ်စွာဘုရားက ရှုကွက် ပြပေးတယ်၊ ဘယ့်နှယ် ပြပေးသလဲဆိုတော့—

အနာဂတမ္ပာဟံ အဒ္ဓါနံ ဝေမေဝ ဝေဒနာယ ခဇ္ဇေယျံ သေယျ-ထာပိ ဧတရဟိ ပစ္စုပ္ပန္နာယ ဝေဒနာယ ခဇ္ဇာမိ။

ဧတရဟိ၊ ယခုပစ္စုပ္ပန် အခါကာလ သမယ၌။ အဟံ၊ ငါ့ကို။ ဝေဒနာယ၊ ဝေဒနာသည်။ ခဇ္ဇာမိ သေယျထာပိ၊ ခံစား၍ နေအပ်ဘိသကဲ့သို့၊ ဝါ– နှိပ်စက်၍ နေအပ်ဘိသကဲ့သို့။ ဝေမေဝ၊ ဤပစ္စုပ္ပန်မှာဖြစ်တဲ့ ဝေဒနာ နှိပ်စက်သလို။ အနာဂတမ္ပိအဒ္ဓါနံ၊ အနာဂတ်ကာလ၌လည်း။ ဝေဒနာယ၊ ဝေဒနာသည်။ အဟံ၊ ငါ့ကို။ ခဇ္ဇေယျံ၊ ခံစား နှိပ်စက်အပ် ပေလိမ့်မယ်။

နောက်ပေါ်ပေါက်လာတဲ့ ဝေဒနာလဲ ငါ့ကို နှိပ်စက်အုံးမှာဘဲ—

သော ဣတိ ပဋိသခ်ါယ အတီတာယ ဝေဒနာယ အနပေက္ခော ဟောတိ၊ အနာဂတံ ဝေဒနံ နာဘိနန္ဒတိ၊ ပစ္စုပ္ပန္နာယ ဝေဒနာယ နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ပဋိပန္နော ဟောတိ။

သော၊ ထိုအရိယာသာဝကသည်။ ဣတိ၊ ဤသို့။ ပဋိသခ်ါယ၊ အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးရပ်၌ ဖြစ်တဲ့ဝေဒနာကို ဆင်ခြင်၍။ အတီတာယ ဝေဒနာယ၊ အတိတ်၌ ဖြစ်သော ဝေဒနာ၌။ အနပေက္ခော၊ ငဲ့ကွက်ခြင်း ကင်းသည်။ ဟောတိ၊ ဖြစ်လေတော့၏။

"ဟိုတုန်းက ကွာ ငါ ဘာတွေ စားခဲ့ရတာ ကောင်းလိုက်တာ"ဆိုတဲ့ အတိတ်ဖြစ်တဲ့ ဝေဒနာတွေကို ငဲ့ကွက်ခြင်းလဲ ကင်းသွားလိမ့်မယ်၊ အတိတ်ဖြစ်တဲ့ ဝေဒနာပေါ်မှာ စွဲလမ်းတဲ့တရား၊ ဘုန်းကြီးတို့ပရိသတ် အတိတ်ကဖြစ်ခဲ့တဲ့ ဝေဒနာတွေကို ဒီကနေ လှမ်းပြီးတော့ မနှစ်သက်ဘူးလား (နှစ်သက်ပါတယ် ဘုရား။)

ဘယ်လိုလဲ၊ "မနေ့က ထမင်းစားရတာ မြိန်လိုက်တာ"လို့ဆိုတာ အတိတ်က ဖြစ်ခဲ့တဲ့ သုခဝေဒနာကို ခု လှမ်းပြီးတော့ နှစ်သက်လိုက်တာ မဟုတ်လား။ (မှန်ပါဘုရား။)

စောစောပိုင်းကရှုသလို ရှုလိုက်မယ်ဆိုရင် အဲဒီအတိတ်ကဖြစ်ခဲ့တဲ့ ဝေဒနာကို နှစ်သက်ခြင်းလဲ ကင်းကွာသွားလိမ့်မယ်တဲ့၊ အနပေက္ခော၊ ငဲ့ကွက်ခြင်းကင်းသည်။ ဟောတိ၊ ဖြစ်၏။

အနာဂတံ၊ အနာဂတ်၌ဖြစ်သော။ ဝေဒနံ၊ ဝေဒနာကို။ နာဘိနန္ဒတိ၊ လှမ်း၍ မနှစ်သက်တော့။

စောစောပိုင်းကရှုသလို ဝေဒနာကို ရှုကွက်ဖော်ပြီးတော့ ရှုလိုက်မယ်ဆိုရင် အနာဂတ်ဖြစ်တဲ့ ဝေဒနာကို လှမ်းပြီးတော့ မမက်မောတော့ပါဘူးတဲ့၊ မြတ်စွာဘုရားက ရှုသာရှုကြည့်ပါတဲ့၊ မြတ်စွာဘုရားက ဆုံးဖြတ်ချက် ပေးပြီးသား။

"ချစ်သားတို့ ယခုပြောတဲ့ အတိုင်းသာရှုရင် သင်ချစ်သားတို့လဲ အတိတ်က ဖြစ်ခဲ့တဲ့ ဝေဒနာကိုလဲ လှမ်းပြီးတော့ မငဲ့ကွက်နိုင်တော့ဘူး၊ အနာဂတ်ဖြစ်တဲ့ ဝေဒနာကိုလဲဘဲ လှမ်းပြီးတော့ မနှစ်သက်တော့ဘူး"တဲ့။

ပစ္စုပ္ပန္နာယဝေဒနာယ၊ ပစ္စုပ္ပန်ဖြစ်သောဝေဒနာ၌။ နိဗ္ဗိဒါယ၊ ငြီးငွေ့ခြင်းငှါ။ ဝိရာဂါယ၊ ရာဂကင်းခြင်းငှါ။ နိရောဓာယ၊ ရာဂချုပ်ခြင်းငှါ။ ပဋိပန္နော၊ ဝေဒနာကိုပွါး၍ ကျင့်ကြံကြိုးကုတ် အားထုတ်၍နေသော ပုဂ္ဂိုလ်သည်။ ဟောတိ၊ ဖြစ်လေတော့၏။

ဝေဒနာနုပဿနာသတိပဋ္ဌာန်ကို ရှုပွါးနေတဲ့ပုဂ္ဂိုလ်လို့ ဆိုတာ တဲ့ ပါဠိတော် ရှုနည်းက၊ စကားပြေ ပြန်ပြောပေးဦးမယ်။

**ဝေဒနာရှုနည်း။** ။အခု ပစ္စုပ္ပန်လောကမှာ ငါ့ကို ဝေဒနာတွေသည် နှိပ်စက်ပြီးတော့ နေတယ်၊ ခုပစ္စုပ္ပန်မှာ ဝေဒနာတွေနှိပ်စက်နေသလို အတိတ်တုန်းကလဲဘဲ ငါ့ကို ဒီလိုဘဲ ဝေဒနာတွေ နှိပ်စက်ခဲ့ပြီ၊ အနာဂတ်ဖြစ်တဲ့ ဝေဒနာကို ငါ လှမ်းပြီးတော့ မြှော်လင့်တောင့်တမယ်ဆိုရင် အနာဂတ်ဖြစ်တဲ့ ဝေဒနာဟာလဲဘဲ အခုပစ္စုပ္ပန်မှာရှိနေတဲ့ ဝေဒနာက ငါ့ကို နှိပ်စက်သလို အနာဂတ်ဖြစ်တဲ့ ဝေဒနာကလဲ နှိပ်စက်အုံးမှာဘဲလို့ အဲသလို မြင်အောင်ရှုနိုင်ရင် ထိုယောဂီပုဂ္ဂိုလ်သည် အတိတ်ကဖြစ်တဲ့ ဝေဒနာကိုလဲ မငဲ့ကွက်တော့ဘူးတဲ့၊ ငဲ့ကွက်ခြင်းကင်းတယ်တဲ့၊ အနာဂတ်ဖြစ်တဲ့ ဝေဒနာကိုလဲဘဲ နှစ်သက်ခြင်းကင်းသွားတယ်။ ပစ္စုပ္ပန်ဖြစ်တဲ့ ဝေဒနာပေါ်မှာ ရာဂကင်းအောင် ကျင့်နေတဲ့, တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်မည်ပါတယ်။ ဒါကျင့်နည်း၊ ရှေ့ကခါသွားရမယ်၊ ဘုန်းကြီးတို့ ပရိသတ် သဘောပေါက်လောက်ပြီ နော်　　(မှန်ပါဘုရား)။

ကိုင်း ဒါဖြင့် ရှေ့သွားရအောင်။ ဝေဒနာရှုနည်းကို ဘုန်းကြီးတို့ ဟောပြီးပြီ နော်။

**ဝေဒနာ ၃-မျိုး။** ။ခံစားတဲ့ဝေဒနာက ဘယ်နှစ်မျိုးလဲဆိုတော့ အဂ္ဂိဝေဿန ကို မြတ်စွာဘုရား ဟောထားတဲ့ ဝေဒနာ သုံးမျိုး ရှိတယ်၊ အဲဒါကတော့ မဇ္ဈိမနိကာယ် ဒီဃနခသုတ္တန်မှာ—

> တိဿော ခေါ ဣမာ အဂ္ဂိဝေဿန ဝေဒနာ သုခါ ဝေဒနာ ဒုက္ခာ ဝေဒနာ အဒုက္ခမသုခါ ဝေဒနာ။

အဂ္ဂိဝေဿန တဲ့ စောစောပိုင်းက ပြောခဲ့တဲ့ ရုပ်တရားတို့ရဲ့ ဖောက်ပြန်တဲ့ ဒဏ်ချက်ကိုခံစားတဲ့ ဝေဒနာဆိုဘာ သုံးမျိုးရှိတယ်တဲ့၊ ဘာတွေလဲ သုခ=သက်သာတယ်, ဒုက္ခ=မသက်သာဘူး, အဒုက္ခမသုခ=သက်သာတာ-မသက်သာတာ နှစ်ခုတို့ရဲ့ ကြားထဲက အဲဒီခံစားမှုလို့ သုံးခုရှိတယ်တဲ့။

**ဝေဒနာ တလှည့်စီပေါ်လာပုံ။** ။ယသ္မိံ အဂ္ဂိဝေဿန သမယေ သုခံ ဝေဒနံ ဝေဒေတိ၊ နေဝ တသ္မိံ သမယေ ဒုက္ခံ ဝေဒနံ ဝေဒေတိ၊ န အဒုက္ခမသုခံ ဝေဒနံ ဝေဒေတိ၊ သုခံယေဝ တသ္မိံ သမယေ ဝေဒနံ ဝေဒေတိ။

အဂ္ဂိဝေဿန တဲ့ အကြင်အခါ ခန္ဓာကိုယ်က ပေါ်လာတဲ့ ရုပ်တရားတို့ရဲ့ ဖောက်ပြန်တဲ့ ဒဏ်ချက်ကို ခံစားမှုဆိုတဲ့ သုခဝေဒနာ ပေါ်နေရင် သုခဝေဒနာဘဲ ခံစားနေတယ်တဲ့၊ အဲဒီအခါမှာ ဒုက္ခဝေဒနာ မရှိဘူး၊ ဥပေက္ခာဝေဒနာ မရှိဘူးတဲ့၊

ပါရာယန (ဒု)-၂၈—ပ-မ-ဗ-သ-စ

အဲဒီအခါမှာ ဘယ်သူရှိနေသလဲ၊ သုခဝေဒနာသာ ရှိနေတယ်၊ ဒီတော့ သုခဝေဒနာရှိနေတဲ့ ပုဂ္ဂိုလ်ဟာ သက်သာမှုကိုခံစားနေခြင်းသည် သုခဝေဒနာဘဲလို့သာ ရှုနေပါတဲ့၊ ဒုက္ခနဲ့ ဥပေက္ခာကို ရှုနေစရာမလိုဘူးတဲ့၊ ဘာဖြစ်လို့လဲ၊ မရှိသေးလို့၊ ဒါဖြင့် ဒုက္ခဝေဒနာနဲ့ ဥပေက္ခာဝေဒနာက သုခဝေဒနာ ခံစားနေတုန်းမှာ "ဒို့အလှည့် မကျသေးဘူး, ဒို့အလှည့်ကျရင် ဝင်မယ်"ဆိုပြီး တနေရာရာက စောင့်နေသလား (မစောင့်ပါဘုရား)။

တနေရာရာကစောင့်နေတာ မရှိဘူးနော် (မှန်ပါ)။

မရှိကြောင်း မြတ်စွာဘုရားကလဲ ဟောတော်မူပါတယ်။

**ဝိပဿနာရှုကွက်။** ။ယသ္မိံ အဂ္ဂိဝေဿန သမယေ ဒုက္ခံ ဝေဒနံ ဝေဒေတိ၊ နေဝ တသ္မိံ သမယေ သုခံ ဝေဒနံ ဝေဒေတိ၊ န အဒုက္ခမသုခံ ဝေဒနံ ဝေဒေတိ၊ ဒုက္ခံယေဝ တသ္မိံ သမယေ ဝေဒနံ ဝေဒေတိ။

သုခဝေဒနာ ပျောက်သွားတော့ ဘယ်သူပေါ်လာသလဲ၊

(ဒုက္ခဝေဒနာ ပေါ်လာပါတယ် ဘုရား)။

သုခဝေဒနာနဲ့ ဒုက္ခဝေဒနာ အတူတူတွဲပြီး ပေါ်သလား၊ (မပေါ်ပါဘုရား)။

ဒုက္ခဝေဒနာပေါ်လာတဲ့အခါ သုခဝေဒနာ ဘယ်ရောက်သွားသလဲ။

(ပျောက်သွားပါတယ်ဘုရား)။

ပျောက်ကဲ့လား။ (ပျောက်ပါတယ်ဘုရား)။

မြဲလို့ ပျောက်တာလား၊ မမြဲလို့ ပျောက်တာလား။ (မမြဲလို့ပျောက်တာပါဘုရား)။

ဒုက္ခဝေဒနာပေါ်လာမှ သူက မမြဲတာလား၊ ယခင်က မမြဲနေတာလား။

(မပေါ်ခင်က မမြဲနေတာပါဘုရား)။

မြင်အောင်ရှုနော်၊ ဘယ်ကျမှ သုခဝေဒနာရဲ့ အနိစ္စအချက် ထင်ရှားသလဲလို့ ဆိုတော့ ဒုက္ခဝေဒနာ ထင်ရှားလာရင် သုခဝေဒနာဒဏ်ချက်ရဲ့ အနိစ္စသဘောကြီးဟာ ပေါ်မလာဘူးလား။ (ပေါ်လာပါတယ်ဘုရား)။

ဒီကျမှ ပေါ်တာ မဟုတ်ဘူးနော်၊ အစထဲက, သုခဝေဒနာ ဖြစ်ပြီးကထဲက တရိပ်ရိပ်နဲ့ သုခဝေဒနာဟာ ကုန်ပျောက်ပြီးတော့နေတာ၊ ဒီတော့ သုခဝေဒနာ မမြဲဘူးလို့ဆိုတာ မထင်ရှားဘူးလား။ (ထင်ရှားပါတယ်ဘုရား)။

နိစ္စလား, အနိစ္စလား။ (အနိစ္စပါဘုရား)။

အဲဒါ ဝိပဿနာရှုကွက်ပါတဲ့ မြတ်စွာဘုရားက။

**ဝိပဿနာရှုနည်း။**　။ဒုက္ခဝေဒနာပေါ်လာတဲ့အခါမှာ သုခဝေဒနာ မပေါ်ဘူး၊ ဥပေက္ခာဝေဒနာကော။　　(မပေါ်ပါဘုရား)။

အဲဒီအခါမှာ ဘာဝေဒနာသာ ရှိနေသလဲ၊ ဒုက္ခဝေဒနာသာ ရှိနေပါတယ်။ အဂ္ဂိဝေဿနကို မြတ်စွာဘုရားက—

ယသ္မိံ အဂ္ဂိဝေဿန သမယေ အဒုက္ခမသုခံ ဝေဒနံ ဝေဒေတိ၊
နေဝ တသ္မိံ သမယေ သုခံ ဝေဒနံ ဝေဒေတိ၊ န ဒုက္ခံ ဝေဒနံ ဝေဒေတိ၊
အဒုက္ခမသုခံယေဝ တသ္မိံ သမယေ ဝေဒနံ ဝေဒေတိ။

ဒါ ပါဠိတော်က ပြတဲ့ ရှုကွက်နော်၊ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ သိအောင်သာ လိုက်ပြီးရှုခဲ့၊ အခု တရားနာနေတာဟာ နာရုံသာ နာနေတာ မဟုတ်ဘူး, ဝေဒနာကို ဝိပဿနာရှုနေတာ။

အဂ္ဂိဝေဿန အကြင်အခါ ဒီခန္ဓာကိုယ်မှာ ဥပေက္ခာဝေဒနာ ပေါ်လာမယ်တဲ့ ကာယကို မှီပြီးတော့၊ အဲသလို ဥပေက္ခာဝေဒနာပေါ်လာတဲ့အခါ သုခဝေဒနာလဲ မရှိဘူး၊ ဒုက္ခဝေဒနာလဲ မရှိဘူး၊ ဒီတော့ ဥပေက္ခာဝေဒနာ ပေါ်လာတဲ့အခါ သုခဝေဒနာနဲ့ ဒုက္ခဝေဒနာ ဘယ်ရောက်နေသလဲ။

(ကုန်ပျောက်နေပါတယ်ဘုရား)။

နိစ္စလား, အနိစ္စလား။　　(အနိစ္စပါဘုရား)။

အနိစ္စနော်၊ သုခဝေဒနာ, ဒုက္ခဝေဒနာတို့ရဲ့ အနိစ္စအချက်။ သုခဝေဒနာ, ဒုက္ခဝေဒနာ နှစ်မျိုးသဲက တမျိုးမျိုးပေါ်နေတဲ့အခါ ဥပေက္ခာဝေဒနာ ပေါ်ရဲ့လား။　　(မပေါ်ပါဘုရား)။

အနိစ္စ မြင်အောင် ကြည့်ထားနော်၊ ဟုတ်လား။　　(မှန်ပါ)။

ဒီတော့ အဲဒီ သုခဝေဒနာ ပေါ်ပေါ်, ဒုက္ခဝေဒနာဘဲ ပေါ်ပေါ်, အဒုက္ခမသုခ ဝေဒနာဘဲ ပေါ်ပေါ်တဲ့ အနိစ္စဖြစ်ပုံတွေကို မြတ်စွာဘုရားဟာပေးတယ် အဂ္ဂိဝေဿနကို၊ မိမိမှာပေါ်နေတဲ့ တရားကို ရှုထားနော်။

**ဝေဒနာကို ခယ-ဝယ စသည်ဖြင့် ရှုပုံ။**　။သုခါပိ ခေါ အဂ္ဂိဝေဿန ဝေဒနာ အနိစ္စာ သင်္ခတာ ပဋိစ္စသမုပ္ပန္နာ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓဓမ္မာ။

မိမိ အင်မတန် ကြိုက်တယ်, နှစ်သက်တယ်ဆိုတဲ့ သုခဝေဒနာ ဟာလဲဘဲ ကုန်တဲ့ ပျောက်တဲ့ သဘောရှိသောကြောင့် အနိစ္စ-တဲ့၊ ဘာတဲ့လဲ။
(အနိစ္စပါဘုရား)။

သင်္ခတတရား၊ အကြောင်းတရားတွေပေါင်းပြီးမှ ပြုလုပ်လို့ဖြစ်တဲ့ ဝေဒနာပါတဲ့၊ သူဖာသာ သူ ဖြစ်တာမဟုတ်ပါဘူး၊ အဲဒီ အကြောင်းတရားတွေ ပေါင်းပြီးပြုလုပ်ပုံကို ဘုန်းကြီး နောက်တော့ ပြောပေးအုံးမယ် ပါဠိတော်တခုနဲ့၊ သင်္ခတ=ပေါင်းပြီးတော့ ပြုလုပ်မှ ဖြစ်တဲ့တရား။ ပဋိစ္စသမုပ္ပန္န=အကြောင်းကို စွဲပြီးတော့ဖြစ်တဲ့ အကျိုးတရားပါတဲ့၊ ခယဓမ္မ=ဝေဒနာဆိုတာ အမြဲတမ်း ရှိနေတဲ့ သဘောလား၊ သို့မဟုတ် ကုန်ပျောက်တဲ့ သဘောလား။

(ကုန်ပျောက်တဲ့သဘောပါဘုရား)။

အဲဒါ မြင်အောင် ရှုရမယ်၊ ဝယဓမ္မ=ပျောက်တဲ့သဘော၊ ဝိရာဂ=မြဲခြင်းမှ ကင်းတဲ့သဘော၊ နိရောဓ=မြဲတယ်ဆိုတဲ့ သဘောမှ ဆိတ်သုဉ်းတဲ့သဘော၊ သုခဝေဒနာကို အဲဒီအတိုင်း ရှုသွား။

ဒုက္ခာပိ ခေါ အဂ္ဂိဝေဿန ဝေဒနာ အနိစ္စာ သင်္ခတာ ပဋိစ္စသမုပ္ပန္နာ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓဓမ္မာ။

ဒုက္ခဝေဒနာလဲ ထို့အတူဘဲ အနိစ္စဓမ္မ သင်္ခတဓမ္မ ပဋိစ္စသမုပ္ပန္နဓမ္မ ခယဓမ္မ ဝယဓမ္မ ဝိရာဂဓမ္မ နိရောဓဓမ္မ-ပါဘဲတဲ့။

အဒုက္ခမသုခါပိ အဂ္ဂိဝေဿန ဝေဒနာ အနိစ္စာ သင်္ခတာ ပဋိစ္စသမုပ္ပန္နာ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓဓမ္မာ။

ဘယ်ဝေဒနာဘဲဖြစ်ဖြစ် ဝေဒနာသုံးပါးသည် အနိစ္စ သင်္ခတ ပဋိစ္စသမုပ္ပန္န အကြောင်းကိုစွဲပြီး ဖြစ်တဲ့တရား, အကြောင်းတရားတွေ ပေါင်းစုပြီးတော့ ပြုလုပ်ထားတဲ့ တရားပါတဲ့၊ ပြုလုပ်လို့ဖြစ်တဲ့ တရားဟူသရွေ့ ဘယ်ဒင်းများ ခိုင်မြဲလို့လဲ (မခိုင်မြဲပါဘုရား)။

ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေ ဘယ်အရာဝတ္ထုကိုဘဲကြည့်ကြည့် ဝိုင်းပြီးတော့ လုပ်လိုက်ကြ ဘယ်လောက်ခိုင်အောင်လုပ်ထားထား၊ နောက်တော့ ဘာဖြစ်သလဲ အကုန်ပျက်ကြတာချည်းဘဲ ဟုတ်လား၊ သံမှိုတွေ မူလီတွေနဲ့ အင်မတန် ခိုင်ခိုင် ခံ့ခံ့ ကြီးကို ဆောက်လုပ်ထားတဲ့ အဆောက်အဦကြီးတွေ နောက်တော့ ဘယ်လိုဖြစ်သလဲ။

(ပျက်စီးသွားပါတယ် ဘုရား)။

ဘုန်းကြီးတို့ ခန္ဓာကိုယ်မှာရှိတဲ့ ရုပ်တရားတွေဆိုတာ ဝိုင်းပြီးတော့ ပြုလုပ်ထားလို့ ဒီခန္ဓာကိုယ်ကြီးကိုရနေတာ၊ ဒီအရာဝတ္ထုကြီးကို မှီပြီးဖြစ်တဲ့ ဝေဒနာကကော ခိုင်မြဲမလား။ (ပျက်စီးရမှာဘဲဘုရား)။

အကုန်ပျက်စီးကြမှာချည်းဘဲ,ဘာမှကျန်မှာမဟုတ်ဘူးတဲ့ မြတ်စွာဘုရားက။

**ဉာဏ်ပေါ်လာပုံ။** ။ဧဝံ ပဿံ အဂ္ဂိဝေဿန သုတဝါ အရိယသာဝကော သုခါယပိ ဝေဒနာယ နိဗ္ဗိန္ဒတိ၊ ဒုက္ခာယပိ ဝေဒနာယ နိဗ္ဗိန္ဒတိ၊ အဒုက္ခမသုခါယပိ ဝေဒနာယ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ၊ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ၊ ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ။

အဂ္ဂိဝေဿနတဲ့ အခုဟောခဲ့တဲ့အတိုင်း သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာဆိုတဲ့ ဒီဝေဒနာသုံးမျိုးကို ကိုယ့်မှာပေါ်လာတဲ့ ဝေဒနာတိုင်း ဝေဒနာတိုင်းမှာ အနိစ္စ သခိတ ပဋိစ္စသမုပ္ပန္န ခယဓမ္မ ဝယဓမ္မ ဝိရာဂဓမ္မ နိရောဓဓမ္မလို့ သိရင်တဲ့ သုခဝေဒနာမှာလဲ ငြီးငွေ့မယ်၊ ဒုက္ခဝေဒနာမှာလဲ ငြီးငွေ့မယ်၊ ဥပေက္ခာဝေဒနာမှာလဲ ငြီးငွေ့လိမ့်မယ်၊ ငြီးငွေ့တဲ့ နိဗ္ဗိန္ဒဉာဏ် ဖြစ်ပေါ်လာလိမ့်မယ်။ ငြီးငွေ့လာရင် အဲဒီဝေဒနာပေါ်မှာ ဝိရဇ္ဇတိ=အစ္စန္တဝိရာဂလို့ခေါ်တဲ့ မဂ်ဉာဏ်ဖြင့် တပ်နှစ်သက်ခြင်း ကင်းသွားလိမ့်မယ်တဲ့။ မဂ်ဉာဏ်ဖြင့် တပ်မက်ခြင်းကင်းသောကြောင့် ကိလေသာမှ လွတ်မြောက်နိုင်၏၊ လွတ်မြောက်လျှင် ကိလေသာတို့မှ လွတ်မြောက်မှုကိုသိတဲ့ အသိဉာဏ်ပေါ်လာတော့၏။ ပဋိသန္ဓေ တည်နေဖြစ်ပွါးရမှု ကုန်၏။ အကျင့်မြတ်ကို ကျင့်သုံးပြီးသည်မည်၏။ မဂ်ကိစ္စအတွက် ပြုလုပ်ဘွယ်ကို ပြုပြီးသည်မည်၏။ နောက်ထပ်တဖန် ဘုံဘဝတို့၌ ကျင်လည်ရခြင်းမရှိဟု သိနိုင်လေတော့၏ တဲ့။

**ဝေဒနာကမ္မဋ္ဌာန်းပေါက်ပုံ။** ။ဧဝံ ဝိမုတ္တစိတ္တော ခေါ အဂ္ဂိဝေဿန ဘိက္ခု န ကေနစိ သံဝဒတိ၊ န ကေနစိ ဝိဝဒတိ။

အဲသလို ဝေဒနာကမ္မဋ္ဌာန်းကို ရှုပွါးသည်ဖြစ်သောကြောင့် ဒီလိုဝေဒနာ သဘောတရားတို့ကို စွဲလမ်းနှစ်သက်မှုဆိုတဲ့ တဏှာက လွတ်မြောက်သွားတဲ့ ပုဂ္ဂိုလ်ဟာ တစုံတယောက်သောပုဂ္ဂိုလ်နဲ့ ငြင်းခုံခြင်းမရှိတော့ဘူးတဲ့။ မြတ်စွာဘုရားက ဒီလိုဟောတော်မူတယ်။ ဒါ ဝေဒနာသုံးမျိုးပေါ်ပုံ။ ကိုင်း အဲဒီဝေဒနာ သုံးမျိုး ပေါ်လာပြီးတော့ ဒီဝေဒနာ ပေါ်လာတာဟာ ဘယ်သူ့ကြောင့်လဲ ဆိုတော့ အကြောင်းတရားတွေ ပေါင်းစုပြီးတော့လုပ်လို့ ဝေဒနာပေါ်လာတယ် လို့ စောစောပိုင်းက ပါဠိတော်က မပြဘူးလား (ပြပါတယ်ဘုရား)။

အဲဒါ ပါဠိတော်တခု ဟောပေးဦးမယ်၊ အကြောင်းတရားတွေ ပေါင်းပြီးတော့ စုပြီး ဝေဒနာတွေ ဖြစ်ပေါ်အောင်လုပ်ပုံကို။ ဘယ်မှာလဲ၊ ဘုန်းကြီးတို့ ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်မှာ ဖေဏပိဏ္ဍူပမသုတ္တန်လို့ ဆိုတာရှိတယ်။ အဲဒီသုတ္တန်မှာ ဝေဒနာပိုင်းကို ဟောတဲ့အခါကျတော့ ဘယ်နှယ်ဟောထားသလဲ၊ ဥပမာကလေး နဲ့ မြတ်စွာဘုရား ဟောထားတယ်။

ရေပွက်ဥပမာ။ ။"ရုပ်တရား" ရုပ်တရားလို့ဆိုရင် ကိုယ့်ခန္ဓာကို ပြန်ကပ်ထား
နော် ဘုန်းကြီးတို့ပရိသတ် (မှန်ပါဘုရား)။

ရုပ်တရားတို့ရဲ့ ဖောက်ပြန်တဲ့ ဒဏ်ချက်ကို ခံစားရတဲ့ ဝေဒနာလို့ဆိုတာ ကွယ် ရေပြင်ပေါ်ကို မိုးရွာပြီးတော့ ချလိုက်တဲ့အခါ ရေပေါက်ကလေးတွေဟာ ပွက် ပွက်ပြီး ပေါ်လာတယ်မဟုတ်လား၊ အဲဒီရေပွက်ကလေးတွေ ပွက်နေသလောက် ရှိပါတယ်တဲ့၊ ယူလို့ရတဲ့ တရားမျိုးမဟုတ်ပါဘူးတဲ့၊ အဲဒါကို မြတ်စွာဘုရားက ဥပမာနဲ့ဟောတယ်၊ ဝေဒနာပေါ်ပုံကို ဘယ့်နှယ်ဟောသလဲ။

သေယျထာပိ ဘိက္ခဝေ သရဒသမယေ ထုလ္လဖုသိတကေ ဒေဝေ
ဝဿန္တေ ဥဒကေ ဥဒကဗုဗ္ဗုဠံ ဥပ္ပဇ္ဇတိ စေဝ နိရုဇ္ဈတိ စ။

ဘိက္ခဝေ၊ ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများ အားထုတ်လိုသော အို အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့။ သေယျထာပိ၊ ဝေဒနာ ဓာတ်ပေါ်ပုံကို ဥပမာပြရမယ်ဆိုရင်။ သရဒသမယေ၊ တန်ဆောင်မုန်းလ အခါ၌။ ထုလ္လဖုသိတကေ၊ ကြီးသောမိုးရေ မိုးပေါက်ရှိသော။ ဒေဝေ၊ မိုးသည်။ ဝဿန္တေ၊ ရွာသွန်းသည်ရှိသော။ ဥဒကေ၊ ရေပြင်ပေါ်၌။ ဥဒက-ဗုဗ္ဗုဠံ၊ ရေပွက်ကလေးသည်။ ဥပ္ပဇ္ဇတိစေဝ၊ ဖြစ်လဲ ဖြစ်ပေါ်၍ လာလေ၏။ နိရုဇ္ဈတိစ၊ ချုပ်လဲ ချုပ်ပျောက်၍ သွားလေတော့၏။

ဘုန်းကြီးတို့ပရိသတ် ကြည့်၊ ကန်တော်ကြီးထဲကိုဘဲ ဖြစ်ဖြစ်, ဟုတ်လား၊ မြစ်ထဲကိုဘဲဖြစ်ဖြစ် ရေပြင်ပေါ်မှာ မိုးရွာချလိုက်မယ်ဆိုရင် မိုးပေါက်ကလေး တွေကလဲ တော်တော်ကြီးတယ်၊ ဒီအနားတင် ဘယ်လိုဖြစ်နေသလဲလို့ ဆိုတော့ ပုဇွန်ဆိတ်ကလေးတွေခုန်နေသလို ရေပွက်ကလေးတွေ ပေါက်ပေါက်လာတာ မမြင်ဘူးကြဘူးလား (မြင်ဘူးပါတယ်ဘုရား)

ဖြစ်ပြီး ဘယ်လောက်ကြာသလဲ ဒီရေပွက်၊ (ပျောက်သွားပါတယ်ဘုရား)

ကြာကြာခံသလား (မခံပါဘုရား)

အဲဒီရေပေါက်ကလေးတွေကို ယူပြီးတော့ တစုံတရာ သင်ဖြူးတို့, ကုလားထိုင် တို့, ခေါင်းအုံးတို့ လုပ်လို့ဖြစ်ကဲ့လား (မဖြစ်ပါဘုရား)

ယူလို့ကောရပါ့မလား (မရပါဘုရား)

ဒါဖြင့် ဒီရေပွက်ကလေးတွေမှာ တစုံတရာ သုံးစွဲစရာ အနှစ်သာရဆိုတဲ့ သဘော, ရှိသလား, မရှိဘူးလား (မရှိပါဘုရား)။

တမေနံ စက္ခုမာ ပုရိသော ပဿေယျ နိဇ္ဈာယေယျ ယောနိသော ဥပပရိက္ခေယျ။

တမေနံ၊ ထိုရေပေါက်ကလေးကို။ စက္ခုမာ၊ မျက်စိအမြင်ရှိသော။ ပုရိသော၊ ယောကျ်ားသည်။ ပဿေယျ။ မြင်ရာ၏။ နိဇ္ဈာယေယျ၊ ကျကျနန ကြည့်ရှုရာ၏။ ယောနိသော၊ သင့်လျော်သော အကြောင်းအားဖြင့်။ ဥပပရိက္ခေယျ၊ ဉာဏ်ဖြင့် စူးစမ်းဆင်ခြင်ရာ၏။

မျက်စိနဲ့ကြည့်ပြီး ဒီရေပေါက်ကလေးကို ဘာလုပ်ရပါ့မလဲလို့ စဉ်းစား ဘုန်းကြီးတို့ပရိသတ် ဘာသုံးမလဲ ဒီရေပေါက်ကလေးတွေကို (အသုံးမကျပါဘုရား)

ရေပေါက်ကလေးတွေက မလှဘူးလား၊ ရေပန်းကလေးတွေကို ကြည့်လိုက်တော့ ဖြူဖြူဖွေးဖွေးကလေးနဲ့ မလှဘူးလား (လှပါတယ်ဘုရား)။

ဘုရားမှာ ပန်းတင်ဘို့ဆိုပြီး ဒီရေပွက်ကလေးတွေကို ပန်းကလေးလုပ်ရင် ဖြစ်ပါ့မလား (မဖြစ်ပါဘုရား)

ဘာသုံးလို့ရသလဲ၊ (ဘာမှသုံးလို့မရပါဘုရား)

သေသေချာချာ ကြည့်ပြီးတော့ ဒီ ရေပွက်ကလေးတွေမှာ အနှစ်သာရ ရှာလေ မတွေ့လေဘဲ။

တဿ တံ ပဿတော နိဇ္ဈာယတော ယောနိသော ဥပပရိက္ခတော ရိတ္တကညေဝ ခါယေယျ၊ တုစ္ဆကညေဝ ခါယေယျ၊ အသာရကညေဝ ခါယေယျ။ ကိံ ဟိ သိယာ ဘိက္ခဝေ ဥဒကပုဗ္ဗုဠေ သာရော။

မြတ်စွာဘုရား ဟောပေးလိုက်ဘာက—

ဘိက္ခဝေ၊ ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများအား ထုတ်၍ နေကြကုန်သော အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့။ တံ၊ ထိုရေပွက်ကလေးကို။ ပဿတော၊ တွေ့၍နေသော။ နိဇ္ဈာယတော၊ သေချာစွာရှု၍နေသော။ ယောနိသော၊ သင့်သောအကြောင်းအားဖြင့်။ ဥပပရိက္ခတော၊ အသုံးပြုလို့များရမလားလို့ စူးစမ်းဆင်ခြင်၍ နေသော။ တဿ ကုလပုတ္တဿ၊ ထိုပုဂ္ဂိုလ်အား။ (ဘာတွေသာထင်လာလဲဆိုတော့) ရိတ္တကညေဝ၊ အနှစ်မပါ ဘာလာချည်းဟူ၍သာလျှင်။ တုစ္ဆကညေဝ၊ အသုံးပြုစရာမရှိ အချည်းနှီးဟူ၍သာလျှင်။ အသာရကညေဝ၊ အနှစ်မဖက် အကာသက်သက်ဟူ၍သာလျှင်။ ခါယေယျသေယျထာပိ၊ ထင်လာသကဲ့သို့။ (ဥပမာ ဝါကျတွေ)။

ဘုန်းကြီးတို့ ပရိသတ် စဉ်းစားကြည့်စမ်း ဒီရေပွက်ကလေးမှာတော့ဖြင့် ဘာအနှစ်သာရမှ မတွေ့ရဘူးနော် (မှန်ပါဘုရား)။

သို့သော်လဲ ကမ်းပါးပေါ်က ထိုင်ကြည့်နေတဲ့ ပုဂ္ဂိုလ်ရဲ့ မျက်လုံးထဲမှာ တော့ဖြင့် လှသလိုလိုမရှိဘူးလား (ရှိပါတယ်ဘုရား)။

ရေပွက်ကလေးတွေ ဖောက်ဖောက် ဖောက်ဖောက်နဲ့ ပွင့်ဆိတ်ကလေးတွေ ခုန်နေသလိုမို့ ကြည့်ကောင်းသလိုလိုတော့ ရှိမနေဘူးလား (ရှိပါတယ်ဘုရား)။

အဲဒီလို ကြည့်ကောင်းသလိုလို ရှိနေတဲ့ ရေပွက်ကလေးတွေကို သုံးချင်ပါတယ်ဆိုပြီး ယူလို့ရပါ့မလား၊ ဘာအနှစ်သာရများ ရှိသလဲ (မရှိပါဘုရား)။

**ဝေဒနာခေတ်ကိုရှုပုံ။** ။ဝေ မေဝ၊ ပုံစံနှိုင်းယူ အဲဒီရေပွက်ကလေးနဲ့ အတူ သာလျှင်။

ကိုယ့်ခန္ဓာပြန်ကပ်၊ ဟောဒီ ခန္ဓာကိုယ် တကိုယ်လုံးက ပေါ်လာတဲ့ ဝေဒနာ ခေတ်တွေ—

> ဧဝမေဝ ခေါ ဘိက္ခဝေ ယာ ကာစိ ဝေဒနာ အတီတာနာဂတ-ပစ္စုပ္ပန္နာ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကာ ဝါ သုခုမာ ဝါ ဟီနာ ဝါ ပဏီတာ ဝါ ယာ ဒူရေ သန္တိကေ ဝါ၊ တံ ဘိက္ခု ပဿတိ နိဇ္ဈာယတိ ယောနိသော ဥပပရိက္ခတိ။

အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလ သုံးပါးနှင့်တကွ အဇ္ဈတ္တ, ဗဟိဒ္ဓ, ဩဠာရိက, သုခုမ, ဟီန, ပဏီတ, ဒူရ, သန္တိက, ဖြစ်တဲ့ ဒီကာလ တဆယ့် တမျိုးမှာဖြစ်တဲ့ ဝေဒနာခေတ်တွေကို ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ—

တံ၊ ထိုဝေဒနာခေတ်တွေကို။ ဘိက္ခု၊ ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းနေသော အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ ပဿတိ၊ ဉာဏ်မျက်စိဖြင့်ရှု၍ နေ၏။ နိဇ္ဈာယတိ၊ အမျိုးမျိုးသော ဆင်ခြင်ဉာဏ်တို့ဖြင့် ရှုစား၍နေ၏။ ယောနိသော၊ သင့်လျော်သော အကြောင်းအားဖြင့်, အနိစ္စ ဒုက္ခ ဝိပရိဏာမ အနေအားဖြင့်။ ဥပပရိက္ခတိ၊ ပညာဉာဏ်နဲ့ကပ်ပြီး ရှု၍နေ၏။

**ဉာဏ်ထဲထင်လာပုံ။** ။တဿ တံ ပဿတော နိဇ္ဈာယတော ယောနိသော ဥပပရိက္ခတော ရိတ္တကညေဝ ခါယတိ၊ တုစ္ဆကညေဝ ခါယတိ၊ အသာရကညေဝ ခါယတိ၊ ကိံ ဟိ သိယာ ဘိက္ခဝေ ဝေဒနာယ သာရော။

တံ၊ ထိုဝေဒနာကို။ ပဿတော၊ ရှု၍နေသော။ နိဇ္ဈာယတော၊ တစိန်းစိန်း ဆပ်ပြန်တလဲလဲ ကပ်ပြီးရှု၍နေသော။ ယောနိသော၊ သင့်လျော်သော အကြောင်းအားဖြင့်။ ဥပပရိက္ခတော၊ စူးစမ်းဆင်ခြင်၍နေသော။ တဿ

ကုလပုတ္တဿ၊ ထိုအမျိုးကောင်းသား, အမျိုးကောင်းသမီးဟု ဆိုအပ်သော ယောဂါဝစရ ပုဂ္ဂိုလ်အား။ ရိတ္တကညေဝ၊ နိစ္စ သုခ ဓုဝ သုဘ အတ္တလို့ ခေါ်တဲ့အနှစ်မပါ အကာဟူ၍သာလျှင်။ ခါယတိ၊ ထင်၏။ တုစ္ဆကညေဝ၊ နိစ္စ သုခ ဓုဝ သုဘ အတ္တလို့ဆိုတဲ့ အနေမျိုးအားဖြင့် အကျိုးမပြီး အချည်းနှီး ဟူ၍သာလျှင်။ ခါယတိ၊ ထင်၏။ အသာရကညေဝ၊ အနှစ်မဖက် နိစ္စ သုခ ဓုဝ သုဘ အတ္တလို့ဆိုတဲ့ အနှစ်သာရမဖက် အကာသက်သက်ပင်ဖြစ်ပေ၏ ဟူ၍သာလျှင်။ ခါယတိ၊ ဉာဏ်ထဲမှာ ထင်ရှား၍လာ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဝေဒနာယ၊ ဝေဒနာ၌။ သာရော၊ အနှစ်သာရသည်။ ကိံ ဟိသိယာ၊ အဘယ်မှာ ရှိနိုင်ပါတော့အံ့နည်း။

ခုနက ရေပွက်ကလေးတွေကို ကုလားထိုင်ဖျဉ်တို့, နေကထိုင်ဖျဉ်ကလေးတို့, ကုလားထိုင်တို့, စားပွဲတို့ လုပ်လို့မရသလို ခုခံစားနေရတဲ့ ဝေဒနာကိုလဲဘဲ တစုံတရာ နိစ္စ သုခ ဓုဝ သုဘ အတ္တလို့ဆိုတဲ့အနေနဲ့ လုပ်လို့ရရဲ့လား (မရပါဘုရား)။

ဒါဖြင့် အဲဒီလိုရှုနေတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးမှာ ဉာဏ် ဘယ်လို ပေါ်လာသလဲဆိုတော့ ယူလို့မရ, ကိုင်လို့မရတဲ့ ရေပွက်တွေကဲ့သို့ ရေပြင်မှာ ရေပွက်ကလေးတွေ ဖြစ်ကြ, ပျက်ကြသလို, ရေပွက်ကလေးဟာ ကြာကြာမတည်သလို ထို့အတူဘဲ ရုပ်တရား နာမ်တရားတို့ရဲ့ ဖောက်ပြန်တဲ့ ဒဏ်ချက်တွေကို ခံစားနေတယ်ဆိုတဲ့ ဝေဒနာ ဓာတ်သဘောဟာလဲ ဖြစ်လာလိုက်, ပျက်သွားလိုက်, ဖြစ်ပေါ်လာလိုက်, ကုန်ပျောက်သွားလိုက်နဲ့ ကြာရှေ တည်နေတဲ့ တရားမျိုး မဟုတ်ဘူးလို့ ဉာဏ်မှာ ထင်ရှားလာပါတော့တယ်တဲ့။ ဒါကို အဋ္ဌကထာကလဲ "ဧကစ္ဆရက္ခဏေ ကောဋိသတသဟဿသင်္ခါ ဥပ္ပဇ္ဇိတ္ဝာ နိရုဇ္ဈတိ"လို့ ညွှန်ပြပါတယ်။ လက်ဖြောက်တတီး ကာလ အတောအတွင်းမှာ ကုဋေတသိန်းခန့် ဝေဒနာဓာတ်တွေဟာ ဖြစ်ပြီးတော့ ချုပ်ကြ ပျောက်ကြတာဘဲလို့ သိရှိရပါတယ်တဲ့။

**ရေပွက်ဖြစ်လာပုံ။**　။ဒါဖြင့် ဒီဝေဒနာဓာတ် ဘယ်လိုပေါ်သလဲလို့ ဆိုတော့ "သင်္ခါတ၊ အကြောင်းတရားတွေ ပေါင်းပြီးတော့ ပြုတယ်"လို့ မပြောခဲ့ဘူးလား (ပြောခဲ့ပါတယ်ဘုရား)။

အဲဒါကို အဋ္ဌကထာဆရာကြီးက ဘယ့်နှယ်ဖွင့်ပေးထားသလဲလို့ဆိုတော့—

ယထာစ ပုဗ္ဗုဠော ဥဒကတလံ, ဥဒကဗိန္ဒုံ, ဥဒကဇလ္လံ, သင်္ဂဟိတွာ ပုဋံ ကတွာ ဂဟဏဝါတဉ္စာတိ စတ္တာရိ ကာရဏာနိ ပဋိစ္စ ဥပ္ပဇ္ဇတိ-တဲ့။

အဓိပ္ပါယ်ကတော့ ရေပွက်လေးတခု ဖြစ်တယ်ဆိုတာ ဘယ်အကြောင်းတွေ ပေါင်းဆုံရသလဲလို့ဆိုတော့ အကြောင်းလေးမျိုး ပေါင်းဆုံပြီးတော့မှ

ဒီရေပွက်ကလေး တခု ဖြစ်တယ်၊ အကြောင်းဘယ်နှစ်မျိုး ပေါင်းဆုံရသလဲ (လေးမျိုးပါဘုရား)။

အဲဒီအကြောင်း လေးမျိုးဆိုတာက ဘာတွေလဲ၊ ရေပြင်ကြီးကလဲ ရှိရမယ်၊ အပေါ်က ရွာသွန်းပြီးချလိုက်တဲ့ မိုးရေပေါက်ကလဲ ရှိရမယ်၊ အဲဒီရေရဲ့ အညှီလို့ ဆိုတဲ့ ရေရဲ့ အညစ်အကြေးကလဲရှိရမယ်၊ ဒီသုံးခုကို ပေါင်းစုလိုက်ပြီးတော့ အဲဒီသုံးခုပေါင်း အစုကလေးကို တွန်းကန်နိုင်တဲ့ လေလဲရှိရမယ်လို့ အဋ္ဌကထာဆရာကြီးက ပြောထားတယ်။ အဲဒီ ၄-ခုကို အကြောင်းပြုပြီးတော့ ရေပွက်ကလေးတွေ ဖြစ်တယ်တဲ့။

**ဝေဒနာဖြစ်လာပုံ။** ။ဧဝံ ဝေဒနာပိ ဝတ္ထုံ အာရမ္မဏံ ကိလေသဇလ္လံ ဖဿသံဃဋ္ဋနဉ္စာတိ စတ္တာရိ ကာရဏာနိ ပဋိစ္စ ဥပ္ပဇ္ဇတိ—

လို့ အဋ္ဌကထာဆရာကြီးက ဒီလို ဝေဒနာဓာတ်ပေါ်ခြင်းရဲ့ အကြောင်းကို ညွှန်ပြထားပါတယ်၊ အဲဒီမှာ ယခုရွတ်တဲ့ပါဠိရဲ့ အဓိပ္ပါယ်က ဘယ်လိုပြောသလဲဆိုတော့ – ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများရဲ့ ဉာဏ်မှာပေါ်နေတဲ့ ဝေဒနာဟာလဲဘဲ ကရဇကာယလို့ခေါ်တဲ့ ဝတ္ထု "ဝတ္ထု" ဆိုတာ စက္ခုဝတ္ထုရုပ်, သောတဝတ္ထုရုပ်, ဃာနဝတ္ထုရုပ်ကိုသာ ဝတ္ထုလို့ပြောတာ မဟုတ်ပါဘူးတဲ့ အဋ္ဌကထာဆရာက၊ ဒီကရဇကာယ တကိုယ်လုံးကြီးကို ပြောတာပါတဲ့။ ကရဇကာယလို့ခေါ်တဲ့ ဝတ္ထုရုပ်။ နောက်ပြီးတော့ အာရုံ ဝတ္ထုဆိုတဲ့ အာရုံရယ်, ကိလေသာတည်းဟူသော မှုအညစ်အကြေးရယ်, သဃဋ္ဋန=ထိခိုက်တယ်ဆိုတဲ့ ဖဿရယ်, အဲဒီ လေးခု ပေါင်းဆုံပြီးတော့ ပြုမှ ဝေဒနာဖြစ်လာပါတယ်, ဝေဒနာဓာတ် ပေါ်လာပါတယ်၊ ဒါကြောင့် ဒီဝေဒနာကို သခ်ိတမ္မတဲ့၊ ပေါ်ပလား ဘုန်းကြီးတို့ပရိသတ် (ပေါ်ပါပြီဘုရား)။

**ခန္ဓာဟာဝေဒနာတုံးဖြစ်ပုံ။** ။အဲဒီလိုပေါ်လာတဲ့ ဝေဒနာမှာ ပေါ်တဲ့ဝေဒနာတိုင်း ဝေဒနာတိုင်းကို ရှုလိုက်ရင် ခန္ဓာကိုယ်တကိုယ်လုံးမှာ ဝေဒနာကလွတ်တဲ့ နေရာဆိုလို့ အပ်ချစရာလောက် ရှိရဲ့လား (မရှိပါဘုရား)။

ဘယ်နေရာကိုဘဲဖြစ်ဖြစ် အပ်သွားလေးနဲ့ ထောက်ကြည့်၊ ဝေဒနာဓာတ်တွေ တဖြုန်းဖြုန်းထပြီးတော့ ပေါ်လိမ့်မယ် ဒီခန္ဓာကိုယ်ကြီးက နေပြီးတော့၊ စက္ခု သောတ ဃာန ဇိဝှါ ကာယ မန-စတဲ့ ဘယ်နေရာမှာဘဲဖြစ်ဖြစ် ဝေဒနာဓာတ်လွတ်တဲ့နေရာဆို အပ်သွားကလေးတခု ချစရာတောင် မရှိဘူး။ ဒီတော့ ခန္ဓာကိုယ်ဟာ ဘယ်လိုလဲ၊ ဝေဒနာတုံးကြီး။ ဘာတုံးကြီးတဲ့လဲ (ဝေဒနာတုံးကြီးပါဘုရား)။

ရှုသင့်တဲ့ဝေဒနာမှ ရှု။　။အဟံ ခေါ တေရဟိ ဝေဒနာယ ခဇ္ဇာမိ။

တေရဟိ၊ ယခုအခါ၌။ အဟံ၊ ငါ့ကို။ ဝေဒနာယ၊ ဝေဒနာသည်။ ခဇ္ဇာမိ၊ ခဲစားအပ် နှိပ်စက်အပ်၍ နေလေတော့၏။

ဝေဒနာရှုနည်းကို ပြနေတာနော်၊ မြတ်စွာဘုရားက၊ ကောင်းပြီ အဲသလို ဝေဒနာတွေ ပေါ်မလာဘူးလား ဘုန်းကြီးတို့ ပရိသတ်၊ (ပေါ်လာပါတယ် ဘုရား)။

ပေါ်လာတော့ အဲဒီအထဲမှာ အရေးကြီးတဲ့ အပိုင်းရောက်ပြီ။ ဒီအထဲမှာ မှီဝဲသင့် မှီဝဲထိုက်တဲ့ ဝေဒနာ၊ မမှီဝဲသင့် မမှီဝဲထိုက်တဲ့ ဝေဒနာ ခွဲရလိမ့်မယ်။ မခွဲရဘူးလား　(ခွဲရမှာပါ ဘုရား)။

ဘယ်ဝေဒနာကို မှီဝဲကြမလဲ ဘုန်းကြီးတို့ပရိသတ်။ ဝိပဿနာကိုဖြင့် နင်းကန် ပြီးတော့ ရှုနေကြတာဘဲ၊ ဝေဒနာကတော့ဖြင့် ဘယ်ဝေဒနာမှန်း မသိဘူး၊ ပေါ်သရွေ့ အကုန်နင်းကန်ပြီး ရှုပစ်နေကြတာဘဲလား၊ ပါဠိတော်ကတော့ ခွဲပေးထားတယ်။

ကိုင်း အဲဒီပါဠိတော်က ခွဲပေးတဲ့ ဝေဒနာ အပိုင်းကလေးကို ဘုန်းကြီးတို့ ဟောပေးအုံးမယ်၊ ဟုတ်လား (မှန်ပါဘုရား)။

အဲဒီအပိုင်းကို ဟောပေးတဲ့အချိန်မှာ အခု ခေတ္တနားကြဦးစို့။

### မှီဝဲသင့်သောဝေဒနာနှင့် မမှီဝဲသင့်သောဝေဒနာများ

မှီဝဲသင့်တဲ့ဝေဒနာ၊ မမှီဝဲသင့်တဲ့ဝေဒနာနဲ့ ပတ်သက်ပြီးတော့ မြတ်စွာဘုရားက သုတ်မဟာဝါ ပါဠိတော် သက္ကပဉှာသုတ်မှာ ဟောထားတယ်။

အဲဒီအပိုင်းကို ဘုန်းကြီးတို့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများ ဝေဒနာကမ္မဋ္ဌာန်းနဲ့ ပတ်သက်လို့ ဘုန်းကြီး ဟောပေးအုံးမယ်။

သိကြားမင်းက မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို လျှောက်တယ်၊ ဘယ့်နှယ် လျှောက်သလဲလို့ ဆိုတော့—

ကထံ ပဋိပန္နော ပန မာရိသ ဘိက္ခု ပပဉ္စသညာသင်္ခါနိရောဓသာရုပ္ပ-ဂါမိနိ ပဋိပဒံ ပဋိပန္နော ဟောတိ။

မာရိသ၊ ဝဋ်ဆင်းရဲမှ လွတ်ကင်းတော်မူပါပေသော မြတ်စွာဘုရား။ ကထံ၊ အဘယ်သို့လျှင်။ ပဋိပန္နော၊ ကျင့်သော။ ဘိက္ခု၊ ရဟန်းသည်။ ပပဉ္စသညာသင်္ခါနိရောဓသာရုပ္ပဂါမိနိ ပဋိပဒံ။ တဏှာမာနဒိဋ္ဌိဟု ဆိုအပ်သော ပပဉ္စတရားတို့၏ ချုပ်ငြိမ်းရာနိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော

ကျင့်ဝတ် ပဋိပတ်အကျင့်မြတ်ကို။ ပဋိပန္နော၊ ကျင့်သောရဟန်း မည်သည်။ ဟောတိ၊ ဖြစ်ပါတော့သနည်း။

သိကြားမင်းက မြတ်စွာဘုရားကို လျှောက်တဲ့စကား။

**ပပဉ္စတရား။** ။အရှင်ဘုရားတဲ့ တဏှာရယ် မာနရယ် ဒိဋ္ဌိရယ် ဆိုတဲ့ ပပဉ္စ တရား သုံးပါးရှိပါတယ်တဲ့၊ သံသရာခန္ဓာတွေကို ရှည်လျားစေတတ်တဲ့ တရားသုံးပါး၊ ဒါကြောင့် သူ့ကို "ပပဉ္စ"လို့ ခေါ်တယ်၊ အဲဒီ ပပဉ္စ တရား သုံးပါးလို့ဆိုတာ ဘယ်သူ့ကို ခေါ်သလဲဆိုတော့—"ဧတံ မမ"တဏှာ၊ "ဧသောဟမသ္မိ"မာန၊ "ဧသော မေ အတ္တာ"ဒိဋ္ဌိ၊ နော် (မှန်ပါ)။

ဒီတော့ "ဧတံ မမ"လို့ စွဲတာ ဘယ်သူ့ကိုစွဲတာလဲ၊ ဝိညာဉ်, နာမ်, ရုပ်၊ တနည်းပြောရရင် စိတ်, စေတသိက်, ရုပ်၊ အဲဒီ တရားတွေကို "ဧတံ မမ"လို့ စွဲတယ်, ငါ့ပစ္စည်းတွေလို့စွဲတယ်၊ ဒါ တဏှာစွဲ ပပဉ္စတရားတဲ့။ အဲသလိုစွဲထားရင် သံသရာရှည်လျားသွားရောတဲ့၊ ဒါ့ကြောင့် ဒီတဏှာကို ပပဉ္စတရားလို့ခေါ်တယ်။ "ဧသောဟမသ္မိ"ငါလို့ စွဲတယ်။ ဘယ်သူ့ကိုစွဲသလဲ၊ စောစောပိုင်းက ပြောခဲ့တဲ့ ဝိညာဉ် နာမ် ရုပ်။ ဝိညာဉ် နာမ် ရုပ်လို့ဆိုတာ ရုပ်တရားတွေရဲ့ ဖောက်ပြန်တဲ့ ဒဏ်ချက်ကို ခံစားနေတဲ့ ဝေဒနာက နာမ်, ရုပ်တရားတွေရဲ့ ဖောက်ပြန်တယ် ဆိုတာက ရုပ်, သိနေတာက ဝိညာဉ်၊ ပေါင်းလိုက်တော့ ဝေဒနာနုပဿနာသတိပဋ္ဌာန်မှာ ဝိညာဉ် နာမ် ရုပ် သွားပြီးတော့ ပေါ်လာတယ်။ သခ်တာဓမ္မာဒ္ဓ အကျုံးဝင်တဲ့ တရားတွေအားလုံး အကုန်လုံး ဝင်သွားတယ်။

အဲဒီတရားပေါ်မှာ ငါလို့စွဲထားတာက မာန "ဧသော မေ အတ္တာ"။ အနှစ် သာရ အတ္တအနေနဲ့, သတ္တဝါကောင်တကောင်အနေနဲ့ စွဲထားတာ၊ ဘယ်သူ့ကို စွဲထားသလဲလို့ဆိုတော့ စောစောပိုင်းက ပြောခဲ့တဲ့ ဝိညာဉ် နာမ် ရုပ်ကို စွဲထားတယ်၊ ဒီတော့ အဋ္ဌကထာဆရာကြီးက ဒီနေရာမှာ ဘယ့်နှယ် ပြောထား သလဲလို့ ဆိုတော့—

"ဧတံ မမ"လို့ ဆိုတာ တဏှာစွဲ၊ တရာ့ရှစ်ပါးသော တဏှာတွေ အကုန်လုံး ဒီအထဲ ပါသွားတယ် တဲ့။

**တဏှာအစစ်-၁၀၈။** ။"ဧတံ မမ"လို့ စွဲလိုက်ရင် တဏှာတချက်ထဲ ဖြစ်သလား ဆိုတော့ မဟုတ်ဘူးတဲ့၊ တရာ့ရှစ်မျိုး ဖြစ်ပါတယ်တဲ့။ ကာမတဏှာလဲဖြစ်တယ်, ဘဝတဏှာလဲဖြစ်တယ်, ဝိဘဝတဏှာလဲဖြစ်တယ်။ အဲဒီ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာလို့ခေါ်တဲ့ တဏှာသုံးပါးကို ရူပ တဏှာ သဒ္ဒတဏှာ ဂန္ဓတဏှာ ရသတဏှာ ဖောဋ္ဌဗ္ဗတဏှာ ဓမ္မတဏှာလို့ဆိုတဲ့ တဏှာခြောက်ပါးနဲ့ မြှောက်ပွါးလိုက်လို့ရှိရင် တဆဲ့ရှစ်ပါး ဖြစ်သွားရော၊ ကာလ

၃-ပါးနဲ့ မြှောက်လိုက်ရင် ၁၈×၃ – လီ=၅၄-ပါး ဖြစ်သွားတယ်။ အဇ္ဈတ္တသန္တာန် ဖြစ်တဲ့တဏှာ, ဗဟိဒ္ဓသန္တာန်ဖြစ်တဲ့ တဏှာ ၂-ခုနဲ့ တခါသပ်မြှောက်လိုက်တော့ ဘယ်လောက်ဖြစ်သွားမလဲ ? (တရာ့ရှစ်ခု ဖြစ်သွားပါတယ် ဘုရား)။

အဲဒီ တရာနဲ့ရှစ်ပါး အကုန်လုံးပါသွားတယ်။ "တေ မမ"လို့ ခန္ဓာကိုယ်ကို ငါ့ပစ္စည်းလို့ စွဲလိုက်တဲ့ အစွဲထဲမှာ အဲဒီ တဏှာတရာ့ရှစ်ပါး အကုန်လုံးပါသွား တယ်တဲ့။ "ဧသောဟမသ္မိ"လို့ စွဲတဲ့အထဲမှာ မာနကိုးမျိုး ပါသွားတယ်တဲ့။ "ဧသော မေ အတ္တာ"လို့စွဲတဲ့အထဲမှာ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိတွေ အကုန်ပါသွား တယ်။ နယ်ကုန်ရော အစွဲနယ်ကုန်ရော။

**ဝေဒနာတွေ ၂-မျိုးစီရှိပုံ။** ။အဲသလို နယ်ကုန်အောင် စွဲထားတဲ့ အစွဲကြီးတွေ ကိုကျွတ်အောင် လွတ်အောင် ကျင့်တဲ့ပုဂ္ဂိုလ်ဟာ ဘယ်တရားကျင့်ရပါ့မလဲဘုရားလို့ သိကြားမင်းက မြတ်စွာဘုရားကို လျှောက် တယ်။ ဒီတော့ မြတ်စွာဘုရားက ဘာဟောတော်မူလိုက်သလဲဆိုတော့—

၁။ သောမနဿံပါဟံ ဒေဝါနမိန္ဒ ဒုဝိဓေန ဝဒါမိ သေဝိတဗ္ဗမ္ပိ အသေဝိတဗ္ဗမ္ပိ။

၂။ ဒေါမနဿံပါဟံ ဒေဝါနမိန္ဒ ဒုဝိဓေန ဝဒါမိ သေဝိတဗ္ဗမ္ပိ အသေဝိတဗ္ဗမ္ပိ။

၃။ ဥပေက္ခံပါဟံ ဒေဝါနမိန္ဒ ဒုဝိဓေန ဝဒါမိ သေဝိတဗ္ဗမ္ပိ အသေဝိ- တဗ္ဗမ္ပိ။

ဒေဝါနမိန္ဒ၊ သိကြားမင်း။ အဟံ၊ ငါဘုရားသည်။ သောမနဿမ္ပိ၊ သောမနဿဝေဒနာကိုလည်း။ ဒုဝိဓေန၊ နှစ်ပါးသောအစုဖြင့်။ ဝဒါမိ၊ ဟောတော်မူ၏။ သေဝိတဗ္ဗမ္ပိ၊ မှီဝဲအပ်သော သောမနဿ ဝေဒနာကိုလည်း။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။ အသေဝိတဗ္ဗမ္ပိ၊ မမှီဝဲအပ် သော သောမနဿ ဝေဒနာကိုလည်း။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။

ဒေဝါနမိန္ဒ၊ သိကြားမင်း။ အဟံ၊ ငါဘုရားသည်။ ဒေါမနဿမ္ပိ၊ ဒေါမနဿ ဝေဒနာကိုလည်း။ ဒုဝိဓေန၊ နှစ်ပါးသော အစုဖြင့်။ ဝဒါမိ၊ ဟောတော်မူ၏။ သေဝိတဗ္ဗမ္ပိ၊ မှီဝဲအပ်သော ဒေါမနဿဝေဒနာကိုလည်း။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။ အသေဝိတဗ္ဗမ္ပိ၊ မမှီဝဲအပ် သော ဒေါမနဿဝေဒနာကိုလည်း။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။

ဒေဝါနမိန္ဒ၊ သိကြားမင်း။ အဟံ၊ ငါဘုရားသည်။ ဥပေက္ခမ္ပိ၊ ဥပေက္ခာ ဝေဒနာကိုလည်း။ ဒုဝိဓေန၊ နှစ်ပါးသော အစုဖြင့်။ ဝဒါမိ၊ ဟောတော်

မူ၏။ သေဝိတဗ္ဗမ္ပိ၊ မှီဝဲအပ်သော ဥပေက္ခာဝေဒနာကိုလည်း။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။ အသေဝိတဗ္ဗမ္ပိ၊ မမှီဝဲအပ်သော ဥပေက္ခာ-ဝေဒနာကိုလည်း။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။

သိကြားမင်းက ပပဉ္စသညာလို့ခေါ်တဲ့ တရားတွေ ချုပ်ဆုံးအောင် ဘယ်တရား ကျင့်ရပါ့မလဲ ဘုရားလို့ လျှောက်တယ်။

မြတ်စွာဘုရားက ဘာဖြေနေသလဲလို့ ဆိုတော့ - ဝေဒနာကို ဖြေနေတယ်။ ဒါယကာသိကြားတဲ့-သုခဝေဒနာလို့ခေါ်တဲ့ သောမနဿဝေဒနာကို မှီဝဲသင့်တဲ့ သောမနဿဝေဒနာ, မမှီဝဲသင့်တဲ့ သောမနဿဝေဒနာရယ်လို့ ငါဘုရား နှစ်မျိုး ခွဲပြီးတော့ ဟောထားတယ်တဲ့။

ဒုက္ခဝေဒနာလို့ခေါ်တဲ့ စောစောပိုင်းက ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေ ဝိပဿနာရှုစဉ်က ဒါ ဒုက္ခဝေဒနာလုံးကလေး ပါဘဲလို့ သိလိုက်တဲ့ ဒုက္ခဝေဒနာကိုလဲဘဲ မှီဝဲသင့်တဲ့ ဒုက္ခဝေဒနာ, မမှီဝဲသင့်တဲ့ ဒုက္ခဝေဒနာလို့ ငါဘုရား နှစ်မျိုးခွဲပြီးတော့ ဟောထားတယ်။ ဒုက္ခလဲ မဟုတ်, သုခလဲ မဟုတ်တဲ့ အဒုက္ခမသုခဝေဒနာလို့ ခေါ်တဲ့ ဥပေက္ခာဝေဒနာကိုလဲဘဲ ထို့အတူဘဲ မှီဝဲသင့်တဲ့ ဥပေက္ခာဝေဒနာ, မမှီဝဲသင့်တဲ့ ဥပေက္ခာဝေဒနာ ရယ်လို့ နှစ်မျိုး ဟောထားတယ်တဲ့။

**ပပဉ္စတရားမှလွတ်ရန်။** ။အဲဒီနေရာမှာ အဋ္ဌကထာဆရာကြီး ပြောပေးထား တာက သိကြားမင်းက ဘာ မေးထားသလဲလို့ဆိုတော့ ပပဉ္စသညာတွေက လွတ်အောင် နိဗ္ဗာန်ရောက်ကြောင်း ဘယ်တရားတွေကို ကျင့်ရပါ့မလဲလို့ မေးတယ်။ မြတ်စွာဘုရားက ဝေဒနာကို မှီဝဲသင့်, မမှီဝဲသင့် နှစ်မျိုးခွဲပြီးတော့ ဟောတယ်။ ဘာဖြစ်လို့ ဒီလို ဟောရသလဲလို့ ဆိုတော့ တာဝတိံသာက သိကြားမင်းဆိုတာဟာတဲ့ ရုပ်တရားထက် နာမ်တရားက ပိုပြီးတော့ ထင်ရှားပါတယ်တဲ့၊ နာမ်တရားထဲမှာလဲ ဝေဒနာဆိုတဲ့ နာမ်တရားက ပိုပြီးတော့ ထင်ရှားပါတယ်လို့—

> "ဒေဝတာနဉ္စ ရူပတော အရူပံ ပါကဋတရံ၊ အရူပေပိ ဝေဒနာ ပါကဋတရာ"လို့ ညွှန်ပြထားပါတယ်။

ဟိ၊ မှန်၏။ ဒေဝတာနံ၊ နတ်တို့အား။ ရူပတော၊ ရုပ်တရားထက်။ အရူပံ၊ နာမ်တရားသည်။ ပါကဋတရံ၊ အလွန်ထင်ရှား၏။ အရူပေပိ၊ နာမ် တရားတွင်လည်း။ ဝေဒနာ၊ ဝေဒနာဆိုတဲ့ နာမ်တရားသည်။ ပါကဋတရာ၊ ပိုပြီးတော့ ထင်ရှား၏။

ဘာကြောင့်လဲဆိုတော့ နတ်ဆိုတာ ကရဇကာယက သိမ်မွေ့တယ် ကံကြောင့် ဖြစ်တဲ့ရုပ်လို့ ဆိုရတဲ့ ကမ္မဇတေဇော အားကြီးတဲ့အတွက်၊ သိကြားမင်းမှာ ကရဇကာယလို့ခေါ်တဲ့ ကမ္မဇတေဇောဓာတ်က ပိုပြီးတော့ အားကောင်းတယ်။ ဆိုလိုတဲ့ အဓိပ္ပါယ်က ဝေဒနာ သူ့မှာ ထင်ရှားတယ်တဲ့၊ အဲဒါကြောင့် ဝေဒနာ ကမ္မဋ္ဌာန်းကို ဟောတာပါတဲ့၊ အကျဉ်းချုပ် ဒီလိုမှတ်ထားရမယ်။ ဝိပဿနာ ကမ္မဋ္ဌာန်းကို အားထုတ်တယ်ဆိုတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီး များဟာ ခန္ဓာငါးပါးရှိတဲ့အနက်က မိမိမှာ ထင်ရှားတဲ့ခန္ဓာကို အာရုံတခုအနေနဲ့ ပါဒကစျာန် ပြုလုပ်ပြီးတော့ အနိစ္စ ဒုက္ခလို့ ဝိပဿနာရှုပြီး သွားရတယ်လို့ ဝိပဿနာရှုတယ်ဆိုတာ။ သိကြားမင်းမှာတော့ဖြင့် အဲဒီ ဝေဒနာက ထင်ရှား နေသည် ဖြစ်သောကြောင့် မြတ်စွာဘုရားက ဝေဒနာက္ခန္ဓာကို အမှီပြုပြီး ဝေဒနာကမ္မဋ္ဌာန်းလို့ ဆိုပြီးတော့ သုတ်မဟာဝါ ပါဠိတော် သက္ကပဉ္စသုတ်မှာ တခမ်းတနား ဟောထားတာ ရှိပါတယ်။ အဋ္ဌကထာဆရာကြီးကလဲ တော်တော် ကျယ်ကျယ်ဝန်းဝန်း ဒီနေရာမှာ ဖွင့်ထားတယ်။ ဝေဒနာကမ္မဋ္ဌာန်းနဲ့ ပတ်သက်လို့ မှီဝဲသင့်တဲ့ သောမနဿဝေဒနာ, မမှီဝဲသင့်တဲ့ သောမနဿ ဝေဒနာ-လို့ နှစ်မျိုးရှိတယ်။ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်း သမီးများတွေ တရားအားထုတ်တဲ့အခါမှာ သုခဝေဒနာ မပေါ်ဘူးဘူးလား။

(ပေါ်ဘူးပါတယ် ဘုရား)။

အဲဒီ သုခဝေဒနာဆိုတာ မှီဝဲသင့်တဲ့ သုခဝေဒနာ, မမှီဝဲသင့်တဲ့ သုခဝေဒနာ လို့ ဒီလို နှစ်မျိုးရှိတယ်တဲ့။ အဲဒါကို ခွဲခြားပြီးတော့ သိရမယ်။ ဒုက္ခဝေဒနာတွေ မပေါ်ဘူးဘူးလား တရားအားထုတ်တဲ့နေရာမှာ။ (ပေါ်ဘူးပါတယ်ဘုရား)။

**မမှီဝဲသင့်သောသောမနဿဝေဒနာ။** ။ဒုက္ခဝေဒနာဆိုတာလဲဘဲ မှီဝဲသင့်တဲ့ ဒုက္ခဝေဒနာ, မမှီဝဲသင့်တဲ့ ဒုက္ခဝေဒနာ လို့ နှစ်မျိုးရှိတယ်တဲ့။ ဥပေက္ခာ ဝေဒနာလဲ ထို့အတူဘဲ မှီဝဲသင့်, မမှီဝဲသင့်-လို့ နှစ်မျိုးရှိတယ်။ ဒီတော့ မှီဝဲသင့်, မမှီဝဲသင့်လို့ ဆိုတဲ့ သုခဝေဒနာလို့ခေါ်တဲ့ သောမနဿဝေဒနာက ဘယ်လို ဝေဒနာမျိုးလဲ၊ အဲဒါကို မြတ်စွာဘုရားက ဟောမယ်လို့ ပါဠိတော်မှာ——

> တတ္ထ ယံ ဧညာ သောမနဿံ "ဣမံ ခေါ မေ သောမနဿံ သေဝ- တော အကုသလာ ဓမ္မာ အဘိဝဍ္ဎန္တိ၊ ကုသလာ ဓမ္မာ ပရိဟာယန္တီ"တိ၊ ဧဝရူပံ သောမနဿံ န သေဝိတဗ္ဗံ။

တတ္ထ၊ ထိုနှစ်မျိုးသော မှီဝဲသင့်, မမှီဝဲသင့်ဆိုတဲ့ သောမနဿဝေဒနာ တို့တွင်။ ယံ သောမနဿံ ဝေဒနံ၊ အကြင် သောမနဿဝေဒနာ, သုခ- ဝေဒနာကို။ သေဝတော၊ မှီဝဲလေ့ကျင့် ပွါးများအားထုတ်၍ နေသော။

မေ၊ ငါ့အား။ အကုသလာဓမ္မာ၊ အကုသိုလ် တရားတို့သည်။ အဘိဝဍ္ဎန္တိ၊ တိုးပွါး၍လာကြလေကုန်တော့၏။ ကုသလာဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပရိဟာယန္တိ၊ ဆုတ်ယုတ်၍ နေကြလေကုန်တော့၏။ ဣတိ၊ ဤသို့။ ဉတွာ၊ သိသည် ဖြစ်၍ငြားအံ့။ ဧဝရူပံ၊ ဤသို့ သဘောရှိသော။ သောမနဿံ ဝေဒနံ၊ သောမနဿဝေဒနာကို။ ဝါ၊ သုခဝေဒနာကို။ န သေဝိတဗ္ဗံ၊ မမှီဝဲအပ်။

သောမနဿဝေဒနာဓာတ်တခု၊ သုခဝေဒနာဓာတ်တလုံး ပေါ်လာတယ်၊ ဝမ်းမြောက်လိုက်တာ ဝမ်းမြောက်လိုက်တာဆိုတာ သောမနဿဝေဒနာ၊ ခန္ဓာကိုယ်ရဲ့ သက်သာမှုသုခဝေဒနာ၊ ကရဇကာယရဲ့ သက်သာမှုဆိုတဲ့ သုခဝေဒနာ၊ ရူပကာယရဲ့ နာမ်ကာယရဲ့ သက်သာမှုဆိုတဲ့ သုခဝေဒနာ၊ အဲဒီဝေဒနာကို အမှီပြုပြီးတော့ မိမိမှာ အကုသိုလ်တရားတွေ တိုးပွါးပြီးတော့ ကုသိုလ်တရားတွေ ဆုတ်ယုတ် ပျက်စီးကုန်မယ်ဆိုရင် အဲဒီ သောမနဿဝေဒနာမျိုး မှီဝဲရမလား, မမှီဝဲရဘူးလား။ (မမှီဝဲရပါဘုရား။)

**မှီဝဲသင့်သောသောမနဿဝေဒနာ။** ။တတ္ထ ယံ ဇညာ သောမနဿံ "ဣမံ ခေါ မေ သောမနဿံ သေဝတော အကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ကုသလာ ဓမ္မာ အဘိဝဍ္ဎန္တိ"တိ၊ ဧဝရူပံ သောမနဿံ သေဝိတဗ္ဗံ။

ဒေဝါနမိန္ဒ၊ သိကြားမင်း။ ယံ သောမနဿဝေဒနံ၊ အကြင် သောမနဿဝေဒနာလို့ခေါ်တဲ့ သုခဝေဒနာကို။ သေဝတော၊ မှီဝဲလေ့ကျင့်ပွါးများအားထုတ်၍နေသော။ မေ၊ ငါ့အား။ အကုသလာဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ပရိဟာယန္တိ၊ ဆုတ်ယုတ် ပျက်ပြား၍ သွားကြလေကုန်တော့၏။ ကုသလာဓမ္မာ၊ ကုသိုလ်တရားတို့သည်။ အဘိဝဍ္ဎန္တိ၊ တိုးပွါး၍ နေကြလေကုန်တော့၏။ ဣတိ၊ ဤသို့။ ဇညာ၊ သိသည်ဖြစ်၍ငြားအံ့။ ဧဝရူပံ၊ ဤသို့သဘောရှိသော။ သောမနဿံဝေဒနံ၊ သောမနဿဝေဒနာကို။ သေဝိတဗ္ဗံ၊ မှီဝဲအပ်, မှီဝဲထိုက်၏။

ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ တရားအားထုတ်တဲ့ အခါမှာ သောမနဿဝေဒနာလို့ဆိုတာ မပေါ်ဘူးဘူးလား။
(ပေါ်ဘူးပါတယ်ဘုရား။)

သောမနဿဝေဒနာပေါ်တယ်ဆိုတာ ဘယ်လိုဖြစ်နေသလဲ၊ တရားအားထုတ်ရင်း ခန္ဓာကိုယ်ကြီးကလဲ ပေါ့လို့၊ ကာယိကဒုက္ခမရှိဘူး၊ ကာယိကဒုက္ခမရှိရင် ဘာရှိမလဲ၊ ကာယိကသုခ ရှိနေတာပေါ့။ (မှန်ပါဘုရား။)

စိတ်ကလဲဘဲ ဝမ်းသာနေလိုက်တာ သက်သာနေလိုက်တာ စေတသိကဒုက္ခ-မရှိဘူး။ စေတသိကဒုက္ခမရှိရင် ဘာရှိသလဲ, စေတသိကသုခရှိတယ်။ အဲဒီ ကာယိကသုခနဲ့ စေတသိကသုခသည် ရုပ်တရားလား နာမ်တရားလား။
(နာမ်တရားပါဘုရား။)

ဘာနာမ်တရားတုံး၊ ဝေဒနာ၊ ပေါ်ပလား။ (မှန်ပါဘုရား။)

တရားအားထုတ်တော့ သောမနဿ ပေါ်ဘူးသလား၊ အဲဒီသောမနဿ ဝေဒနာလို့ခေါ်တဲ့ ဝမ်းမြောက်မှု, နှစ်သက်မှုကလေးကို အကြောင်းပြု ပြီးတော့ မိမိမှာ အကုသိုလ်တွေ ပျက်စီးပြီးတော့ ကုသိုလ်တရားတွေ ပွါးများ လာမယ်ဆိုရင် ဒီသောမနဿဝေဒနာမျိုးကို ဘယ့်နှယ်လုပ်ရမလဲ၊ မှီဝဲရမယ်၊ သဘောကျပလား။ (မှန်ပါဘုရား။)

မှတ်ကော မှတ်မိပလား။ (မှတ်မိပါတယ်ဘုရား။)

မှီဝဲရတဲ့ သောမနဿဝေဒနာ။ မမှီဝဲရတဲ့ သောမနဿဝေဒနာ နေဉ်း။
(မှန်ပါဘုရား။)

နောက် ဘုန်းကြီး အကျယ်ဟောပေးရအုံးမယ်၊ ဒီဝေဒနာနဲ့ ပတ်သက်လို့ ပါဠိတော်တခု ပြောင်းပြီးတော့ အကျယ်ဟောပေးအုံးမယ်၊ ခု သောမနဿ ဝေဒနာကို မှီဝဲသင့်, မမှီဝဲသင့် သိသွားပြီနေဉ်း။ (မှန်ပါဘုရား။)

**မမှီဝဲသင့်သောဒေါမနဿဝေဒနာ။** ။ဒေါမနဿလို့ဆိုတဲ့ ဒုက္ခဝေဒနာကျတော့ ကော မြတ်စွာဘုရားက စောစောပိုင်းက ခေါင်းတည်ထားတယ်၊ မှီဝဲသင့်တဲ့ ဒုက္ခဝေဒနာ, မမှီဝဲသင့်တဲ့ ဒုက္ခဝေဒနာ လို့ ဒီလို နှစ်မျိုးမဟောဘူးလား။ (ဟောပါတယ်ဘုရား။)

ဒေါမနဿဝေဒနာလဲ နှစ်မျိုး၊ အဲဒါက ဘာတွေလဲ—

> တတ္ထ ယံ ဇညာ ဒေါမနဿံ “ဣမံ ခေါ မေ ဒေါမနဿံ သေဝတော အကုသလာ ဓမ္မာ အဘိဝဍ္ဎန္တိ၊ ကုသလာ ဓမ္မာ ပရိဟာယန္တီ”တိ၊ ဧဝရူပံ ဒေါမနဿံ န သေဝိတဗ္ဗံ။

တတ္ထ၊ ထိုနှစ်မျိုးသော ဝေဒနာတို့တွင်။ ယံ ဒေါမနဿံ ဝေဒနံ၊ အကြင်ဒေါမနဿဝေဒနာကို။ သေဝတော၊ မှီဝဲအားထုတ် ပွါးများ၍ နေသော။ မေ၊ ငါ့အား။ အကုသလာဓမ္မာ၊ အကုသိုလ်တရားတို့သည်။ အဘိဝဍ္ဎန္တိ၊ တိုးပွါး၍ နေကြလေကုန်တော့၏။ ကုသလာဓမ္မာ၊ ကုသိုလ် တရားတို့သည်။ ပရိဟာယန္တိ၊ ဆုတ်ယုတ်၍ သွားကြလေကုန်တော့၏။ ဣတိ၊ ဤသို့။ ဇညာ၊ သိသည်ဖြစ်ငြားအံ့။

ကိုယ်မှီဝဲနေတဲ့ဝေဒနာကို ငါသည် ဒေါမနဿဝေဒနာကို မှီဝဲလိုက်စားနေတဲ့အတွက် ငါ့မှာ အကုသိုလ်တွေ တိုးပွါးပြီးတော့ ကုသိုလ်တွေ ဆုတ်ယုတ်နေသလားလို့ ကြည့်လို့ အကုသိုလ်တွေ တိုးပွါးပြီးတော့ ကုသိုလ်တွေဆုတ်ယုတ်နေတယ်လို့ သိခဲ့သို့ရှိရင် ဘာလုပ်ရမလဲ—

ဧဝရူပံ ဒေါမနဿံ န သေဝိတဗ္ဗံ။

အဲဒီ ဒေါမနဿဝေဒနာမျိုးကို မမှီဝဲနဲ့တဲ့၊ ဟုတ်သလား ဘုန်းကြီးတို့ပရိသတ် (မှန်ပါဘုရား)။

အင်မတန်ရှင်းတယ်နော် ဒီဥစ္စာ (မှန်ပါဘုရား)။

မခက်ပါဘူး၊ ခက်**သလား** (မခက်ပါဘုရား)။

ပါဠိတော်က ရှင်းရှင်းကလေးပြထားတယ်။ ကိုယ့်မှာဖြစ်နေတဲ့ ဝေဒနာများကို ကြည့်၊ ငါဒီဝေဒနာကို အမှီပြုပြီးတော့ ဝမ်းမြောက်တာဘဲဖြစ်ဖြစ်၊ ဝမ်းမမြောက်တာဘဲ ဖြစ်ဖြစ်၊ သုခဘဲဖြစ်ဖြစ်၊ ဒုက္ခဘဲဖြစ်ဖြစ် ငါ ဒီဝေဒနာကို အကြောင်း ပြုပြီးတော့ ကုသိုလ်တွေ ဆုတ်ယုတ်တယ်ဆိုရင် သုခဝေဒနာဖြစ်ဖြစ်၊ ဒုက္ခဝေဒနာဖြစ်ဖြစ် မှီဝဲရမလား၊ မမှီဝဲရဘူးလား (မမှီဝဲရပါဘုရား)။

ကုသိုလ်တွေ တိုးပွါးပြီးတော့ အကုသိုလ်တွေ ဆုတ်ယုတ်မယ်ဆိုရင် သုခဘဲဖြစ်ဖြစ်၊ ဒုက္ခဘဲဖြစ်ဖြစ် မှီဝဲရမလား၊ မမှီဝဲရဘူးလား (မှီဝဲရမှာပါဘုရား)။

မှီဝဲသင့်၊ မမှီဝဲသင့် နှစ်မျိုး မြတ်စွာဘုရား ဟောထားတာ၊ ကွဲသွားပြီနော် (မှန်ပါဘုရား)။

**မှီဝဲသင့်သော ဒေါမနဿဝေဒနာ။** ။တတ္ထ ယံ ဇညာ ဒေါမနဿံ "ဣမံ ခေါ မေ ဒေါမနဿံ သေဝတော အကုသလာဓမ္မာ ပရိဟာယန္တိ၊ ကုသလာ ဓမ္မာ အဘိဝဍ္ဎန္တီ"တိ၊ ဧဝရူပံ ဒေါမနဿံ သေဝိတဗ္ဗံ။

ဒေါမနဿဝေဒနာတော့ဖြစ်နေတယ်၊ ဒေါသတော့ ဖြစ်နေတယ်၊ ဖြစ်နေပေမဲ့ ဒီဒေါသကို အမှီပြုပြီးတော့ မိမိမှာ အကုသိုလ်တွေ ဆုတ်ယုတ်ပြီးတော့ ကုသိုလ်တွေ တိုးပွါးလာမယ်ဆိုရင် ဒီဒေါမနဿဝေဒနာကို မှီဝဲရမလား၊ မမှီဝဲရဘူးလား (မှီဝဲရမှာပါဘုရား)။

မှီဝဲရမယ်နော် (မှန်ပါ)။

**မမှီဝဲသင့်သော ဥပေက္ခာဝေဒနာ။** ။ဥပေက္ခာဝေဒနာမှာ—

တတ္ထ ယံ ဇညာ ဥပေက္ခံ "ဣမံ ခေါ မေ ဥပေက္ခံ သေဝတော အကုသလာ ဓမ္မာ အဘိဝဍ္ဎန္တိ၊ ကုသလာ ဓမ္မာ ပရိဟာယန္တီ"တိ၊ ဧဝရူပါ ဥပေက္ခာ န သေဝိတဗ္ဗာ။

တတ္ထ၊ ထိုနှစ်မျိုးသော ဝေဒနာတို့တွင်။ ယံဥပေက္ခံဝေဒနံ၊ အကြင် ဥပေက္ခာဝေဒနာကို။ သေဝတော၊ မှီဝဲလိုက်စား၍နေသော။ မေ၊ ငါ့အား။ အကုသလာဓမ္မာ၊ အကုသိုလ်တရားတို့သည်။ အဘိဝဍ္ဎန္တိ၊ တိုးပွါး၍လာကြလေကုန်တော့၏။ ကုသလာဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပရိဟာယန္တိ၊ ဆုတ်ယုတ်၍ သွားကြလေကုန်တော့၏။ ဣတိ၊ ဤသို့။ ဇညာ၊ သိသည် ဖြစ်ငြားအံ့။ ဧဝရူပါ၊ ဤသို့သဘောရှိသော။ ဥပေက္ခာ၊ ဥပေက္ခာ ဝေဒနာကို။ နသေဝိတဗ္ဗာ၊ မမှီဝဲအပ်, မမှီဝဲထိုက်။

ဥပေက္ခာဝေဒနာ ပေါ်လာလို့ ဒီဥပေက္ခာဝေဒနာကို ငါ လိုက်စားနေတဲ့ အတွက် ငါ့မှာ အကုသိုလ်တွေ တိုးပွါးလာပြီး ကုသိုလ်တွေ ဆုတ်ယုတ်တယ်လို့ သိရင် အဲဒီဝေဒနာ မှီဝဲရမလား, မမှီဝဲရဘူးလား (မမှီဝဲရပါဘုရား)။

**မှီဝဲသင့်သော ဥပေက္ခာဝေဒနာ။** ။တတ္ထ ယံ ဇညာ ဥပေက္ခံ "ဣမံ ခေါ မေ ဥပေက္ခံ သေဝတော အကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ကုသလာ ဓမ္မာ အဘိဝဍ္ဎန္တီ"တိ၊ ဧဝရူပါ ဥပေက္ခာ သေဝိတဗ္ဗာ။

တတ္ထ၊ ထိုနှစ်မျိုးသော ဝေဒနာတို့တွင်။ ယံ ဥပေက္ခံ ဝေဒနံ၊ အကြင် ဥပေက္ခာ ဝေဒနာကို။ သေဝတော၊ မှီဝဲသော။ မေ၊ ငါ့အား၊ အကုသလာ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ပရိဟာယန္တိ၊ ဆုတ်ယုတ်၍သွားကြလေကုန်တော့၏။ ကုသလာဓမ္မာ၊ ကုသိုလ်တရားတို့သည်။ အဘိဝဍ္ဎန္တိ၊ တိုးပွါး၍လာကြလေကုန်တော့၏။ ဣတိ၊ ဤသို့။ ဇညာ၊ သိသည်ဖြစ်ငြားအံ့။ ဧဝရူပါ၊ ဤသို့သဘောရှိသော၊ ဥပေက္ခာ၊ ဥပေက္ခာဝေဒနာကို။ ဝါ၊ အကုသိုလ်တွေ ပျက်စီးပြီးတော့ ကုသိုလ်တွေ တိုးပွါးလာတယ် ဆိုတဲ့ ဥပေက္ခာဝေဒနာမျိုးကို။ သေဝိတဗ္ဗာ၊ မှီဝဲအပ်, မှီဝဲထိုက်၏။

ဒါ မှီဝဲရမဲ့ ဥပေက္ခာဝေဒနာနော် (မှန်ပါ)။

ဘုန်းကြီးတို့ ပရိသတ် သဘောပေါက် သွားပလား (ပေါက်ပါပြီဘုရား)။

**ဝေဒနာများရုပ်မှီဖြစ်ကြပုံ။** ။မှီဝဲသင့်, မှီဝဲထိုက်, မမှီဝဲသင့်, မမှီဝဲထိုက်တဲ့ သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာ တွေဟာ ဘယ်ကပေါ်လာသလဲ၊ ဘယ်ကို မှီပြီးတော့ ဖြစ်ကြသလဲ။ (ရုပ်ကိုမှီပြီးတော့ ဖြစ်ပါတယ်ဘုရား)။

ဘယ်ရုပ်ကို မှီပြီးဖြစ်သလဲ၊ ကရဇကာယ ဝတ္ထုရုပ်ကို မှီပြီးတော့ ဖြစ်တယ်။ ဝတ္ထုရုပ်ဆိုတဲ့ နေရာမှာ အဋ္ဌကထာက ဖွင့်ပေးထားတယ်။

"ဝတ္ထုနာမ ကရဇကာယော"တဲ့။ စက္ခု သောတ ဃာန ဇိဝှါ ကာယလို့ဆိုတဲ့ ဝတ္ထုရုပ်တွေသာ မဟုတ်ပါဘူး, ကရဇကာယလို့ ခေါ်တဲ့ ဝတ္ထုရုပ်ကိုမှီပြီးတော့ ဖြစ်ပါတယ်တဲ့၊ ဟုတ်ပလား (မှန်ပါဘုရား)။

အဲဒီ ဝတ္ထုရုပ်မှီပြီးတော့ သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာတွေ ဖြစ်တယ်ဆိုတာ ဘာဖြစ်လို့လဲ။ ဝတ္ထုရုပ်ရဲ့ ဖောက်ပြန်မှုဒဏ်ချက်က ပြင်းထန်ရင် ဘာဝေဒနာတုံး (ဒုက္ခဝေဒနာပါဘုရား)။

ဒုက္ခဝေဒနာ, ဒေါမနဿဝေဒနာ၊ ဝတ္ထုရုပ်လို့ဆိုတဲ့ ရုပ်တရားရဲ့ ဖောက်ပြန်မှု ဒဏ်ချက်က နူးညံ့သိမ်မွေ့လို့ သက်သာရင်— (သုခဝေဒနာပါဘုရား)။

သုခဝေဒနာ, သောမနဿဝေဒနာနော် (မှန်ပါဘုရား)။

နောက်ပြီးတော့ ဝတ္ထုရုပ်လို့ခေါ်တဲ့ ရုပ်တရားတို့ရဲ့ ဖောက်ပြန်မှု ဒဏ်ချက်က ညီမျှနေလို့ရှိရင်— (ဥပေက္ခာဝေဒနာပါဘုရား)။

အဒုက္ခမသုခဝေဒနာ, ဥပေက္ခာဝေဒနာ၊ ဟုတ်လား (မှန်ပါ)၊

ဒီတော့ ဝေဒနာခေတ်ပေါ်တယ်ဆိုတာ ရုပ်နဲ့လွတ်လို့ ဖြစ်ကဲ့လား (မဖြစ်ပါဘုရား)။

ရုပ်အခြေခံမရဘဲနဲ့ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ဝေဒနာခေတ်ပေါ်လို့ ဖြစ်သလား (မဖြစ်ပါဘုရား)။

ဒါကြောင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဒီဝေဒနာကမ္မဋ္ဌာန်းကို ဟောတဲ့အခါမှာ ဒီဝေဒနာခေတ်တွေဟာ နာမ်တရားတွေတဲ့၊ ဘာတရားတဲ့လဲ။ (နာမ်တရားပါဘုရား)

**ဝေဒနာ၏အဖော်တရားများ။** ။ဒါဖြင့် ဝေဒနာခေတ်တွေ ဖြစ်တယ်ဆိုတာ သူ့ချည်းလားလို့ ဆိုတော့ မဟုတ်ဘူး, ဝေဒနာရယ် ဖဿရယ် သညာရယ် စေတနာရယ် ဝိညာဉ်ရယ် ဆိုတော့ ငါးခု မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။

အဲဒီတရားငါးခုက နာမက္ခန္ဓာ တရားလေးပါး၊ ဘာခန္ဓာလေးပါးလဲ။ (နာမ်ခန္ဓာလေးပါးပါဘုရား)။

ဒီနာမက္ခန္ဓာခေါ်တဲ့ နာမ်တရားတွေဟာ ဘာကိုမှီရသလဲ (ရုပ်ခန္ဓာကို မှီရပါတယ်ဘုရား)။

ရူပက္ခန္ဓာက ရုပ်တရား။ အဲသလို ရုပ်တရားနာမ်တရားတွေကို သိမ်းဆည်းပြီး တော့ ဒီရုပ်တရား နာမ်တရားတွေ ဘယ်သူ့ကြောင့် ဖြစ်သလဲလို့ အကြောင်းကို ရှာလိုက်တော့ အဝိဇ္ဇာနဲ့တဏှာကို တွေ့တယ်၊ ဟုတ်ပလား(မှန်ပါဘုရား)။

**တကယ်လုပ်ရင်ဖြစ်နိုင်ပုံ။**   ။အဝိဇ္ဇာ, တဏှာတည်းဟူသော အကြောင်းတရားကြောင့် ဒီဝိညာဉ်နာမ် ရုပ်, စိတ် စေတသိက် ရုပ်တည်းဟူသော ခန္ဓာငါးပါး အကျိုး ဒုက္ခသစ္စာတရားတွေ ဖြစ်ပေါ်လာတယ်လို့ အနိစ္စ ဒုက္ခ ဝိပရိဏာမ အနတ္တအနေနဲ့ ဝိပဿနာရှုသွား နိုင်ရင် အဋ္ဌကထာဆရာကြီးက ဒီသက္ကပဉ္ဇာသုတ်ကို ဖွင့်တော့ ဘယ့်နှယ်ပြသလဲ၊ ဒီအဋ္ဌကထာတင် မကပါဘူး, ဒိပြင် ပဏ္ဏာသအဋ္ဌကထာ ကလဲ ပြပါသေးတယ်။

> သော အဇ္ဇ အဇ္ဇာတိ ပဋိဝေဓံ အာကင်္ခမာနော တထာရူပေ ဒိဝသေ ဥတုသပ္ပါယံ ဝါ ပုဂ္ဂလသပ္ပါယံ ဝါ ဘောဇနသပ္ပါယံ ဝါ ဓမ္မဿဝနသပ္ပါယံ ဝါ လဘိတွာ ဧကပလ္လင်္ကေန နိသိန္နောဝ ဝိပဿနံ မတ္ထကံ ပါပေတွာ အရဟတ္တေ ပတိဋ္ဌာတိ။

ဘယ်လောက် အားရှိစရာ ကောင်းသလဲ၊ ဘုန်းကြီးတို့ပရိသတ် စဉ်းစားကြည့်စမ်း၊ အဲသလို အခြေခံရထားတဲ့, ခု မြတ်စွာဘုရား ဟောကြားတော်မူထားတဲ့ ပါဠိတော်မူ နားထဲကိုရောက်နေတဲ့ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ဒီလောက်အခြေခံကို ရထားတဲ့ပုဂ္ဂိုလ်ဟာ—

> သောကုလပုတ္တော၊ ထိုအမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ အဇ္ဇ အဇ္ဇ၊ ယနေ့ပင်။ အဟံ၊ ငါသည်။ ပဋိဝိဇ္ဈိဿာမိတိ၊ သစ္စာလေးပါးကို ထိုးထွင်း၍ သိအောင်လုပ်အံ့ဟူ၍။ ပဋိဝေဓံ၊ ထိုးထွင်း၍ သိခြင်းကို။ အာကင်္ခမာနော၊ အလိုရှိသည်ဖြစ်၍။ (ဒီကနေ့ ငါရအောင် အားထုတ်မယ်လို့ စိတ်ထဲကအလိုရှိလာရင် ဘာတွေရမလဲ)။ တထာရူပေ၊ ထိုသို့သဘောရှိသော။ ဒိဝသေ၊ နေ့၌။ ဥတုသပ္ပါယံ ဝါ၊ လျောက်ပတ်သော ဥတုသပ္ပါယကိုရင်း။ ပုဂ္ဂလသပ္ပါယံ ဝါ၊ လျောက်ပတ်သောပုဂ္ဂိုလ်ကိုရင်း။ ဘောဇနသပ္ပါယံ ဝါ၊ လျောက်ပတ်သော ဘောဇဉ်ကိုရင်း။ ဓမ္မဿဝနသပ္ပါယံ ဝါ၊ သင့်လျော်လျောက်ပတ်သော တရား ဒေသနာတော်ကို နာခံမှတ်သားရခြင်းဆိုတဲ့ သင့်လျော်လျောက်ပတ်တဲ့ တရားနာရခြင်းကိုရင်း။ လဘိတွာ၊ ရ၍။ ဧကပလ္လင်္ကေန၊ တင်ပလ္လင်တခွေထဲဖြင့်။ နိသိန္နောဝ၊ ထိုင်လျက်သာလျှင်။ ဝိပဿနံ၊ ဝိပဿနာကို။ မတ္ထကံ၊ အပြီးသို့။ ပါပေတွာ၊ ရောက်စေ၍။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပတိဋ္ဌာတိ။ ရောက်စေနိုင်, တည်စေနိုင်၏။

ဒီဝေဒနာကမ္မဋ္ဌာန်းကို ခုပြောခဲ့တဲ့အတိုင်း ကြိုးစားပြီးတော့ ပွါးများအားထုတ်လို့ ခုနပြောခဲ့တဲ့ သပ္ပါယလေးပါး ဥတုသပ္ပါယ, ပုဂ္ဂလသပ္ပါယ, ဘောဇန-

သပ္ပါယ, ဓမ္မဿဝနသပ္ပါယ=မြတ်စွာဘုရား ဟောပေးတဲ့ သင့်လျော်လျောက်ပတ်တဲ့ ဝေဒနာကမ္မဋ္ဌာန်း တရားစကားကို နာလိုက်ရမယ်ဆိုရင် တင်ပလ္လင်တခွေထဲနဲ့ ဝိပဿနာ အထွတ်အထိပ်ကို ရောက်ပြီးတော့ အရဟတ္တဖိုလ်ပေါက် ရဟန္တာယောကျ်ား, ရဟန္တာမိန်းမ ဖြစ်နိုင်ပါတယ်တဲ့၊ ဟုတ်ပလား ဘုန်းကြီးတို့ ပရိသတ် (မှန်ပါဘုရား)။

သို့သော် မလုပ်ရင်တော့— (မရပါဘုရား)။

စောစောပိုင်းက ပြောထားတာကိုကဘဲ ဘုန်းကြီးတို့ ပရိသတ်က ဖြေးဖြေးမှ ဆိုတာကိုး၊ ဟုတ်ပလား၊ ဘုန်းကြီးကသာ ဒီကနေ့ ရအောင် ဟောနေတာ၊ ဘုန်းကြီးတို့ ပရိသတ် လိုချင်တာက ဘယ်တော့မှ— (ဖြေးဖြေးမှပါဘုရား)။

ဖြေးဖြေးမှ သူတို့က လိုချင်တာ၊ အဲဒါ ရှိပါစေ နော် (မှန်ပါ)။

**တနည်း မှီဝဲသင့် မသင့် ဝေဒနာများ။** ။မှီဝဲသင့်, မမှီဝဲသင့်တဲ့ ဝေဒနာတွေနဲ့ ပတ်သက်လို့ ဘုန်းကြီးတို့ အကျယ်ချဲ့ပြီးတော့ ဟောပေးဦးမယ်လို့ ဆိုတာ ဘုန်းကြီး ပါဠိတော်တခု ပြောင်းပေးအုံးမယ်၊ မဇ္ဈိမနိကာယ် ဥပရိပဏ္ဏာသပါဠိတော် သဠာယတနဝိဘင်္ဂသုတ္တန်ကို သွားပြီး ကြည့်ရမယ်၊ မြတ်စွာဘုရားက ဘာဟောထားသလဲ၊ ဝေဒနာဆိုတာဟာ နှစ်မျိုးရှိတယ်တဲ့၊ ဘုန်းကြီးတို့ ပရိသတ် ဘယ်နှစ်မျိုးလဲ (နှစ်မျိုးပါဘုရား)။

သုခဝေဒနာဆိုတာလဲ နှစ်မျိုး, ဒုက္ခဝေဒနာဆိုတာလဲ နှစ်မျိုး, ဥပေက္ခာဝေဒနာဆိုတာလဲ နှစ်မျိုး၊ ခုနက သုတ်မဟာဝါပါဠိတော်က ပြတာက မှီဝဲသင့်, မမှီဝဲသင့် နှစ်မျိုးပြတယ် နော်—

မှီဝဲသင့်တဲ့ ဝေဒနာဆိုတာ ဘယ်လိုဝေဒနာမျိုးလဲ၊ သုခဝေဒနာကို ဘုန်းကြီးတို့ ပရိသတ် မမှီဝဲချင်ဘူးလား (မှီဝဲချင်ပါတယ်ဘုရား)။

ဘယ်လိုသုခဝေဒနာမျိုး မှီဝဲမလဲ၊ ခုနက သုတ်မဟာဝါပါဠိတော်အတိုင်းဆိုရင် အကုသိုလ်တွေပျက်စီးပြီးတော့ ကုသိုလ်တွေတိုးပွါးလာတဲ့ သုခဝေဒနာမျိုး— (မှီဝဲချင်ပါတယ်ဘုရား)။

ကုသိုလ်တွေပျက်စီးပြီးတော့ အကုသိုလ်တွေတိုးပွါးတယ်ဆိုတဲ့ သောမနဿဝေဒနာမျိုးကျတော့ (မမှီဝဲချင်ပါဘုရား)။

**ဂေဟ-နေက္ခမ္မ-သိတဝေဒနာများ။** ။ဒီတော့ အဲဒီဝေဒနာနဲ့ ပတ်သက်ပြီးတော့ မြတ်စွာဘုရားက သဠာယတနဝိဘင်္ဂသုတ္တန်မှာ နှစ်မျိုးခွဲပြီးတော့ ဟောထားတာရှိတယ်။ မမှီဝဲရတဲ့ သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာလို့ဆိုတာ ဘယ်သူလဲလို့ဆိုတော့ ဂေဟသိတဝေဒနာ

တဲ့။ ဂေဟသိတ ကာမဂုဏ်ချမ်းသာကို မှီဝဲတဲ့ဝေဒနာမျိုး မမှီဝဲရဘူး။ အဲဒါကို **ဂေဟသိတဝေဒနာ**လို့ ခေါ်တယ်။ ပြီးတော့ နေက္ခမ္မသိတဝေဒနာတဲ့။ နေက္ခမ္မသိတဝေဒနာလို့ဆိုတာ ဝိပဿနာဉာဏ်ကို မှီပြီးတော့ဖြစ်တဲ့ ဝေဒနာကို **နေက္ခမ္မသိတဝေဒနာ**လို့ ခေါ်တယ်၊ ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ အခုဝေဒနာကမ္မဋ္ဌာန်းကို လိုက်နေတယ်လို့ဆိုတာ ဂေဟသိတဝေဒနာကို လိုက်နေတာလား, နေက္ခမ္မသိတဝေဒနာကို လိုက်နေတာလား။

(နေက္ခမ္မသိတဝေဒနာကို လိုက်နေတာပါ ဘုရား)။

အေး ဘုန်းကြီး နဂိုရ်ကထဲကသိတယ် ဒီလိုပြောမယ်ဆိုတာ၊ကြားသာမကြားဘူးရင် ရှိရမယ်, စာစောကထဲကကို သိတယ် နော်၊ ကိုင်း ဒီတော့ အဲဒါကို ပြောရအောင် ဂေဟသိတ ဝေဒနာလို့ခေါ်တဲ့ ကာမဂုဏ် ချမ်းသာကိုမှီတဲ့ သောမနဿဝေဒနာ ဒေါမနဿဝေဒနာ ဥပေက္ခာဝေဒနာလို့ ဆိုတာ ဘယ်လို ဝေဒနာမျိုးလဲ၊ မမှီဝဲရမဲ့ဝေဒနာမျိုးနော်   (မှန်ပါဘုရား)

ဝိပဿနာဉာဏ်ကိုမှီတဲ့ သောမနဿဝေဒနာ ဒေါမနဿဝေဒနာ ဥပေက္ခာဝေဒနာလို့ ဆိုတာ ဘယ်လိုဝေဒနာမျိုးလဲ၊ မှီဝဲရမဲ့ဝေဒနာမျိုး။ အဲဒါ သိတ္တို့ မလိုဘူးလား   (လိုပါတယ်ဘုရား)

ဘုန်းကြီးတို့ပရိသတ်က ဝိပဿနာဉာဏ်ကိုမှီတဲ့ ဝေဒနာကို လိုက်တယ်လို့ ပြောတယ်၊ နော်   (မှန်ပါ)

ကိုင်း ဘယ်လိုလိုက်မလဲ၊ လိုက်နည်းသိတ္တို့ မလိုဘူးလား (လိုပါတယ်ဘုရား)

အဲဒါ ဘယ်သူက ပြောပေးမလဲ၊ မြတ်စွာဘုရား ပါဠိတော်က ပြောပေးလိမ့်မယ်၊ ဟုတ်ပလား   (မှန်ပါဘုရား)

**ဂေဟသိတဝေဒနာ**။   ။ကိုင်း အဲဒါပြောရအောင် ရှေးဦးစွာ ဂေဟသိတလို့ဆိုတာ ကိလေသာနဲ့ တဏှာကို ဂေဟ-လို့ခေါ်တယ်၊ သိတ-သူ့ကို မှီတယ်။ အဲဒီ ကိလေသာနဲ့တဏှာကို မှီပြီးတော့ ဖြစ်တဲ့ဝေဒနာကို ပြောပေးဦးမယ်၊ ရှေးဦးစွာ မမှီဝဲရမှာက—

> တတ္ထ ကတမာနိ ဆ ဂေဟသိတာနိ သောမနဿာနိ။ စက္ခုဝိညေယျာနံ ရူပါနံ ဣဋ္ဌာနံ ကန္တာနံ မနာပါနံ မနောရမာနံ လောကာမိသပဋိသံယုတ္တာနံ ပဋိလာဘံ ဝါ ပဋိလာဘတော သမနုပဿတော, ပုဗ္ဗေဝါ ပဋိလဒ္ဓ ပုဗ္ဗံ အတီတံ နိရုဒ္ဓံ ဝိပရိဏတံ သမနုဿရတော ဥပ္ပဇ္ဇတိ သောမနဿံ။ ယံ ဧဝရူပံ သောမနဿံ၊ ဣဒံ ဝုစ္စတိ ဂေဟသိတံ သောမနဿံ။ ပါဠိတော်က—

ဘိက္ခဝေ၊ ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများလိုကြကုန်သော အို အမျိုးကောင်းသား အမျိုးကောင်းသမီးအပေါင်းတို့။ (ကိလေသာကိုမှီတဲ့ သောမနဿဝေဒနာကို ပြောမလို့နော်) စက္ခုဝိညေယျာနံ၊ စက္ခုဝိညာဉ်ဖြင့် သိအပ်ကုန်သော။ ဣဋ္ဌာနံ၊ ရှာမှီးအပ်ကုန်သော။ ကန္တာနံ၊ နှစ်သက်အပ်ကုန်သော။ မနာပါနံ၊ စိတ်နှလုံးကို ရွှင်ပြုံးတိုးပွါးစေတတ်ကုန်သော။ မနောရမာနံ၊ မိမိ၏ စိတ်ရဲ့ မွေ့လျော်ရာ ဖြစ်ကုန်သော။ ရူပါနံ၊ အဆင်း ရူပါရုံတို့ကို။ ပဋိလာဘတော၊ ရခြင်းကြောင့်။ ပဋိလာဘံ၊ ရခြင်းကို။ သမနုပဿတော ဝါ၊ အဖန်တလဲလဲ နှလုံးသွင်း၍နေသောပုဂ္ဂိုလ်၏ သန္တာန်၌ဧင်း။ ပုဗ္ဗေ၊ ရှေး၌။ အတီတံ၊ လွန်ပြီးသော။ နိရုဒ္ဓံ၊ ချုပ်လေပြီးသော။ ဝိပရိဏတံ၊ ဖောက်ပြန်ပျက်စီးလေပြီးသော။ ပဋိလဒ္ဓပုဗ္ဗံ၊ ရဘူးသောနှစ်သက်ဖွယ်ဖြစ်တဲ့ ရူပါရုံကို။ သမနုဿရတော၊ အဖန်တလဲလဲ အောက်မေ့၍ နေသော ပုဂ္ဂိုလ်၏သန္တာန်၌ဧင်း။ သောမနဿံ၊ နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဝေရူပံ၊ ဤသို့သဘောရှိသော။ ယံ သောမနဿံ၊ အကြင် သောမနဿဝေဒနာသည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤ သောမနဿ ဝေဒနာကို။ ဂေဟသိတံ သောမနဿန္တိ၊ ကိလေသာနှင့် ကာမဂုဏ်ကို ယှဉ်မှီ၍နေသော သောမနဿဝေဒနာဟူ၍။ ဝုစ္စတိ၊ ဆိုရပေတော့၏။

ဘာပြောသလဲ အဓိပ္ပါယ်။ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်း သမီးများ ကိုယ်နှစ်သက်တယ်လို့ဆိုတဲ့ ရူပါရုံကိုမြင်ရတဲ့အခါ ကိုယ်နှစ်သက်တယ် ဆိုတဲ့ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံလို့ဆိုတဲ့ ဒီအာရုံခြောက်မျိုးကိုရတဲ့အခါ ဝမ်းမမြောက်ဘူးလား (ဝမ်းမြောက်ပါတယ်ဘုရား)

အဲဒီဝမ်းမြောက်မှုကို အဖန်တလဲလဲ နှလုံးသွင်းနေတဲ့ပုဂ္ဂိုလ်တို့သည် ကိုယ်နှစ်သက်ဖွယ်ကို ရလို့ အင်မတန် ဝမ်းမြောက်နေတဲ့ အခါမှာ ဘာတွေ ဖြစ်နေသလဲလို့ဆိုတော့ ဂေဟသိတ သောမနဿ ဝေဒနာ ဖြစ်နေပါတယ်တဲ့၊ အဲဒါ ဟုတ်ပလား (မှန်ပါဘုရား)။

နောက်ပြီးတော့-ရှေးကရဘူးတဲ့ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံလို့ဆိုတဲ့ အဲဒီ အာရုံခြောက်ပါးကို အမှီပြုပြီးတော့, ရှေးကရဘူးခဲ့တဲ့ အာရုံခြောက်ပါးက ရှိသေးသလား (မရှိတော့ပါဘုရား)။

မရှိပေတဲ့ ချုပ်လေပြီးသော,ကွယ်ပျောက်လေပြီးသော အတိတ်ကရခဲ့ဘူးတဲ့ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံတွေကို ပြန်စမြုံ့ပြန်ပြီးတော့ ဝမ်းမြောက်မနေဘူးလား (ဝမ်းမြောက်နေပါတယ်ဘုရား)။

အဲဒီလို ဝမ်းမြောက်တဲ့ ဝေဒနာဟာ ဂေဟသိတ သောမနဿ ဝေဒနာပါဘဲတဲ့၊ ကာမဂုဏ်ချမ်းသာကို မှီပြီးဖြစ်တဲ့ သောမနဿဝေဒနာ၊ ဟုတ်လား (မှန်ပါဘုရား)။

ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ တရားအားထုတ်တဲ့အခါ ဒီအကွက်ဝင်ဘူးသလား, မဝင်ဘူးဘူးလား(ဝင်ဘူးပါတယ်ဘုရား)။

အဲဒီ ဝေဒနာနောက်ကိုချည်း ရှောက်လိုက်နေရင် ဒီဝေဒနာသည် အကုသိုလ်တွေ တိုးပွါးပြီးတော့ ကုသိုလ်တွေ ဆုတ်ယုတ်တဲ့ ဝေဒနာ မဟုတ်လား (မှန်ပါဘုရား)။

မှီရမလား မမှီရဘူးလား (မမှီရပါဘုရား)။

လိုက်ရမလား မလိုက်ရဘူးလား (မလိုက်ရပါဘုရား)။

မှတ်ထား သဘောကျပလား (သဘောကျပါတယ်ဘုရား)။

သဘောပေါက်ပြီနော် (မှန်ပါ)။

ဘုန်းကြီးတို့ ဝိပဿနာလုပ်ငန်းကို လုပ်နေကြတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေ သဘောပေါက်ရဲ့လား (ပေါက်ပါတယ်ဘုရား)။

ပေါက်တယ်နော် (မှန်ပါဘုရား)။

**နေက္ခမ္မ သောမနဿ။** ။ပေါက်ရင် ရှေ့သွားကြဦးစို့၊ မှီဝဲသင့်တဲ့ သောမနဿဝေဒနာကို ပြောအုံးမယ်။

> ရူပါနံ တွေဝ အနိစ္စတံ ဝိဒိတွာ ဝိပရိဏာမဝိရာဂနိရောဓံ ပုဗ္ဗေ စေဝ ရူပါ တေရဟိ စ၊ သဗ္ဗေ တေ ရူပါ အနိစ္စာ ဒုက္ခာ ဝိပရိဏာမဓမ္မာတိ ဝေမေတံ ယထာဘူတံ သမ္မပ္ပညာယ ပဿတော ဥပ္ပဇ္ဇတိ သောမနဿံ၊ ယံ ဝေရူပံ သောမနဿံ၊ ဣဒံ ဝုစ္စတိ နေက္ခမ္မသိတံ သောမနဿံ။ ပါဠိတော်က——

ရူပါနံတွေဝ၊ ရုပ်တရားတို့၏သာလျှင်။ အနိစ္စတံ၊ ကုန်ခြင်းပျောက်ခြင်းသဘောရှိသည်အဖြစ်ကြောင့် မမြဲသည့်အဖြစ်ကို။ ဝိဒိတွာ၊ သိ၍။ ပုဗ္ဗေ၊ ရှေးအခါ၌ဖြစ်ကုန်သော။ ရူပါစေဝ၊ ရူပါရုံတို့သည်၎င်း။ တေရဟိ၊ ယခုအခါ၌ ဖြစ်ပေါ်၍ နေကုန်သော။ ရူပါစ၊ ရူပါရုံတို့သည်၎င်း။ အတ္ထိ၊ ရှိကုန်၏။ တေသဗ္ဗေ၊ အတိတ်ပစ္စုပ္ပန် ထိုနှစ်တန်မှာ ဖြစ်နေတဲ့ ရုပ်တရားတွေ ဟူသရွေ့တို့သည်။ အနိစ္စာ၊ ကုန်ခြင်း ပျောက်ခြင်း သဘောရှိသောကြောင့် အနိစ္စမည်ကုန်၏။ ဒုက္ခာ၊ ဖြစ်ခြင်း ပျက်ခြင်းတို့ဖြင့် နှိပ်စက်၍နေသည့်ဖြစ်သောကြောင့် ဆင်းရဲကြပေကုန်၏။ ဝိပရိဏာမဓမ္မာ၊ ဖြစ်ပြီး

တဲ့နောက် ကုန်တဲ့ ပျောက်တဲ့ဘက်ကို ပြောင်းရွှေ့၍ နေသည်ဖြစ်သော ကြောင့် ဝိပရိဏာမသဘော ရှိကြပေကုန်၏။ ဣတိ၊ ဤသို့။ သမနုပဿ-တော၊ အနိစ္စ ဒုက္ခ ဝိပရိဏာမလို့ အဖန်တလဲလဲ နှလုံးသွင်း ရှုပွါး၍နေသော အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့၏ သန္တာန်၌။ သောမနဿ-ဝေဒနံ၊ သောမနဿဝေဒနာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဝေရူပံ၊ ဤသို့သဘော ရှိသော။ ယံ သောမနဿံ၊ အကြင် သောမနဿဝေဒနာသည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤသောမနဿဝေဒနာကို။ နေက္ခမ္မသိတံ၊ ဝိပဿနာဉာဏ်ကို မှီစွဲဖြစ်သော သောမနဿဝေဒနာဟူ၍။ ဝုစ္စတိ၊ ကောင်းစွာမသေ့ ခေါ်ဆိုရ ပေသတည်း။

သာဓု – သာဓု – သာဓု

**ဉာဏ်မှီသောမနဿ။** ။ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီး များ တရားမဆုံးသေးဘူးနော် ဟုတ်လား (မှန်ပါ ဘုရား)။

ဝိပဿနာဉာဏ်ကို မှီပြီးတော့ဖြစ်တဲ့ သောမနဿ ဝေဒနာလို့ဆိုတာ ဘယ်လို သောမနဿ ဝေဒနာမျိုးလဲလို့ ဆိုတော့–ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ တရားအားထုတ်နေတဲ့အခါ ဒါရှုကွက်နော် (မှန်ပါ ဘုရား)။

တရားအားထုတ်လို့ ကောင်းလိုက်တာလို့ နှုတ်ကမပြောဘူးဘူးလား (ပြော ဘူးပါတယ်ဘုရား)။

ဘယ်လိုတွေ့လို့လဲ၊ ခန္ဓာကိုယ်ထဲမှာ နူးနူးညွှံ့ညွှံ့နဲ့ ရုပ်ဓာတ်တရားတွေရဲ့ ဖောက်ပြန်မှုကလေးတွေကို တွေ့နေရတာကိုဘဲ ဟာ စိတ်ထဲမှာ တခါထဲ သိပ်ဝမ်း မြောက်ပြီးတော့ ငါတော့ ဖြစ်တဲ့ပျက်တဲ့ သဘောတွေ တွေ့နေပြီ, ရုပ်တရား နာမ်တရားတို့ရဲ့ အဖြစ်အပျက်တွေကို တွေ့နေပြီ, အဖြစ်တွေကို တွေ့နေပြီ, အပျက်တွေကို တွေ့နေပြီ-လို့ ဆိုပြီး တရားအားထုတ်ရင်း ဝမ်းမမြောက်ဘူး ဘူးလား (ဝမ်းမြောက်ဘူးပါတယ် ဘုရား)။

ဘာဝေဒနာလဲ (သုခဝေဒနာပါဘုရား)။

သုခဝေဒနာ=သောမနဿဝေဒနာ၊ အဲဒီ သုခဝေဒနာ, သောမနဿဝေဒနာ ဘာကိုမှီပြီး ဖြစ်သလဲလို့ဆိုတော့ ဝိပဿနာဉာဏ်ကို မှီပြီးကော့ဖြစ်တဲ့ ဝေဒနာ ဖြစ်ခြင်းကြောင့် သူ့ကို နေက္ခမ္မသိတ သောမနဿဝေဒနာတဲ့၊ ဟုတ်လား (မှန်ပါ ဘုရား)။

အဲဒီ ဝေဒနာမျိုး ဘာလုပ်ရမလဲ (မှီဝဲအပ်ပါတယ်ဘုရား)။

ဒါ မှီဝဲရမဲ့ သောမနဿဝေဒနာနော် (မှန်ပါဘုရား)။

ခုနက ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံလို့ဆိုတဲ့ အာရုံခြောက်ပါးနဲ့ ကာမဂုဏ်တွေကို မှီပြီးတော့ ဖြစ်နေတဲ့ သောမနဿဝေဒနာမျိုးကျတော့——(မမှီဝဲရပါဘုရား)။

မမှီဝဲရဘူးနော် (မှန်ပါ)။

**မှတ်ထားချက်။** ။မမှီဝဲရတော့ ဘာလုပ်ရမလဲ၊ ပယ်ပစ်ရမယ်။ နောက်တော့ ဒီသုတ္တန်က ဟောလိမ့်အုံးမယ် ပယ်ပုံတွေကို၊ ဘုန်းကြီးတို့ဘာမှ ထွင်ထွင်ပြီး ဟောနေစရာမလိုဘူး၊ ပါဠိတော်မှာ သူ့ အဆင့်ကလေးနဲ့သူ ဟောပြီးသား၊ ဒီမမှီဝဲရတဲ့ ကာမဂုဏ် ဝေဒနာတွေကို ဘယ်ဝေဒနာမျိုးနဲ့ ပယ်ရမလဲဆိုရင် ဝေဒနာ ဝေဒနာချင်း ပယ်ရမယ်တဲ့ မြတ်စွာဘုရားက၊ ဝေဒနာကို ဘာနဲ့ပယ်ရမလဲ (ဝေဒနာနဲ့ပယ်ရမယ်ဘုရား)။

အဲဒီလို ဝေဒနာ ဝေဒနာချင်း ပယ်ပုံတွေကို ဟောပေးဘို့ဆိုပြီးတော့ အစီအစဉ် လုပ်ထားတာရှိတယ်။ သို့သော်လဲဘဲ အချိန်ကတော့ စေ့နေပြီ၊ ဒီတော့ ဒီအပိုင်းပြီးရင် ဘုန်းကြီးတို့ နားကြဦးစို့နော် (မှန်ပါဘုရား)။

နောက်တနင်္ဂနွေကျတော့မှ အကျယ်တွေကို ဘုန်းကြီး တခါ ထပ်ပြီး ဟောပေးအုံးမယ်၊ ဟုတ်လား ဘုန်းကြီးတို့ ပရိသတ် (မှန်ပါဘုရား)။

ဒီတော့ ဝိပဿနာလုပ်ငန်း လုပ်တာကတော့ဖြင့် မိမိတို့ကြိုက်နှစ်သက်ရာ ရိပ်သာမှာ သွားပြီးတော့ လုပ်ကြပေါ့၊ ဟုတ်လား၊ ဒီမှာတော့ဖြင့် ဝေဒနာရှုပုံ ရှုနည်း ပါဠိတော်မူကို ရအောင်ယူကြစမ်းပါ ဘုန်းကြီးတို့ပရိသတ်၊ နော် (မှန်ပါဘုရား)။

**သောမနဿဝမ်းမြောက်ပုံ။** ။အဲဒီလို သောမနဿ ဝေဒနာတွေ ဖြစ်ပေါ်လာတယ်ဆိုတာ တရား အားထုတ်ဘူးတဲ့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ ချည်းဘဲ ဘုန်းကြီးတို့ပရိသတ်က၊ ဒီတော့ တရားအားထုတ်နေရင်း ရုပ်တရား, နာမ်တရားတို့ရဲ့ အဖြစ်အပျက်တွေကို ဉာဏ်ထဲမှာတွေ့လာရင် ဥဒယဗ္ဗယဉာဏ်လို့ခေါ်တယ်။ အဲဒီဉာဏ်ကလေး ပေါ်လာရင် ဝမ်းမမြောက်ဘူးလား (ဝမ်းမြောက်ပါတယ်ဘုရား)။

ဝမ်းမြောက်တာမှ တခါထဲ လူကို အောက်ခြေနဲ့ထိမှန်းဘောင် မသိတော့ဘူး၊ ကြွပြီးတော့ ပြုံးပြုံးပြုံးပြုံးနဲ့ မျက်နှာကို ရွှင်ပြီးတော့ သောမနဿရောင်ခြည်တွေ မျက်နှာပေါ်မှာ တခါထဲသမ်းနေတယ်။ ကြည်ကြည်လင်လင်နဲ့ တခါထဲပြောချင်လိုက်တာ ဆိုတာလဲ မပြောနဲ့တော့, သူတပါးကို တိုက်တွန်းချင်လိုက်တာ,

လုပ်စမ်းပါ ကောင်းလွန်လွန်းလို့တိုက်တွန်းလိုက်ချင်တာတွေ၊ တရားအားထုတ်လို့ **ကောင်း**လိုက်တာ, တရားတွေ့ရတာ ကောင်းလိုက်တာ, ကောင်းလိုက်တာနဲ့ နှုတ်က မပြောဘူးလား (ပြောပါတယ်ဘုရား)။

ဘာကိုမှီပြီးဖြစ်တဲ့ သောမနဿဝေဒနာလဲ၊ ဝိပဿနာဉာဏ်ကို မှီပြီးဖြစ်တဲ့ **သောမနဿဝေဒနာ**။

"ရူပါနံတွေဝ အနိစ္စတံ ဝိဒိတွာ" – ရုပ်တရားတို့ရဲ့ အနိစ္စလို့ဆိုတဲ့ သဘော တရားကို သိပြီးတော့ ရှေးကရုပ်တရားတွေနဲ့ ယခု ပစ္စုပ္ပန်မှာဖြစ်တဲ့ ရုပ်တရား တွေဟာ အတူတူဘဲ၊ အနိစ္စ ဒုက္ခ ဝိပရိဏာမလို့ အသိဉာဏ် မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား)။

အသိဉာဏ်ပေါ်တဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ဒုက္ခဝေဒနာလား, သုခဝေဒနာလား (သုခဝေဒနာပါဘုရား)။ သုခဝေဒနာပေါ်တယ်။

ဒါကြောင့် ဘုန်းကြီးတို့ အမျိုး**ကောင်း**သား, အမျိုး**ကောင်း**သမီးများ ဝိပဿနာဉာဏ်နဲ့ ပတ်သက်ပြီးတော့ ပေါ်တဲ့ ဝေဒနာလို့ဆိုတာ ဘယ်အခါမှ ဒုက္ခဝေဒနာမပေါ်ရ၊ သုခဝေဒနာသာပေါ်ရမည်၊ သို့မဟုတ် ဥပေက္ခာဝေဒနာ ပေါ်ရမည်။ ဒီအကြောင်းကို ဘုန်းကြီးတို့ ပါဠိတော်နောက်ပိုင်းမှာ ပါလာ လိမ့်မယ် ဥပေက္ခာနဲ့ သောမနဿ ဝိပဿနာဉာဏ်မှာ။ ဒီတော့ အဲသလို ဝမ်း မြောက်မှု သောမနဿတွေ ပေါ်လာတာကို အကြောင်းပြုပြီးတော့ ဒီပုဂ္ဂိုလ်မှာ သုခဝေဒနာဖြစ်နေသလား ဖြစ်မနေဘူးလား (ဖြစ်နေပါတယ် ဘုရား)။

ဝိပဿနာဉာဏ်မှီပြီးတော့ သုခဝေဒနာ ဖြစ်ပြီနော် (မှန်ပါ)။

အဲဒီလို ဝိပဿနာဉာဏ်ကိုမှီပြီးတော့ သုခဝေဒနာဖြစ်တယ်ဆိုတာ ဒိပြင် ပါဠိတော်များ ရှိပါသေးသလား ဘုရားလို့ဆိုတော့ ရှိသေးတယ်။ အဋ္ဌကထာ ဆရာကြီးကလဲ ဒီ ပါဠိတော်ကို ကိုးကားပြီး, အခိုင်အမာပြုလုပ်ပြီးတော့ ဝတ္ထုကြောင်းတွေနဲ့ ဖွင့်ပေးထားတာရှိတယ်။

**သမ္ဗဟုလဘိက္ခုဝတ္ထု**။ ။ဓမ္မပဒပါဠိတော် သမ္ဗဟုလဘိက္ခုလို့ ဆိုတဲ့ ဝတ္ထု ရှိတယ်၊ ဒီဝတ္ထုကြောင်းကလဲ အကျယ်တဝင့်ဟော စရာ အကောင်းသားဘဲ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီး တွေလဲ သိသွားအောင်။

ကောဋိကဏ္ဏသောဏလို့ ဆိုတဲ့ ရဟန်းတပါးရှိတယ်၊ သူ့မယ်တော် နာမည်က **ကာဠိယာဏီ**တဲ့ သူဌေးကတော်ကြီး၊ မြတ်စွာဘုရား သီတင်းသုံးတော်မူတဲ့ ကျောင်းတိုက်ကြီးရဲ့ အတွင်းမှာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်နဲ့ တခန်းထဲ ကျိန်းပြီးတော့ သူက အခု ဘုန်းကြီးတို့ သုတ္တနိပါတ်ပါဠိတော်က အဋ္ဌကဝဂ်မှာ

သုတ္တန်ပေါင်း ၁၆-သုတ်ရှိတယ်။ အဲဒီ အင္ဂုတ္တရ တခုလုံးကို မြတ်စွာဘုရားကို သူက အသံနေ အသံထားနဲ့ ဟောပြတော့ မြတ်စွာဘုရားက သာဓုခေါ်တယ်၊ မြတ်စွာဘုရား သာဓုခေါ်တာကို အကြောင်းပြုပြီးတော့ အဲဒီ ကောဠိကဏ္ဏ-သောဏလို့ ဆိုတဲ့ မထေရ်ရဲ့ မယ်တော် **ကာဠိယာဏီ**လို့ ဆိုတဲ့ ဒါယကာမကြီး အိမ်မှာ စောင့်နေတဲ့ နတ်ကလဲ သာဓုခေါ်တယ်။

ဒီတော့ ရဟန်းတော်ရဲ့မိခင်က သင် ဘာကြောင့် သာဓုခေါ်သလဲလို့ နတ်ကို မေးတယ်၊ ဟာ သင့်ကောင်းမှု ငါ သာဓုခေါ်တာ မဟုတ်ဘူး၊ ဘယ်သူ့ကောင်းမှု သာဓုခေါ်သလဲ၊ သင့်သားနဲ့ မြတ်စွာဘုရား အတူတကွ တခန်းထဲမှာ ကျိန်းပြီးနေရင်း သင့်သားက မြတ်စွာဘုရားကို တရားဟောလို့ မြတ်စွာဘုရားက သာဓုခေါ်တယ်၊ အဲဒါကြောင့် ငါလဲ သာဓုခေါ်တာပါလို့ဆိုတော့ သူ့သား တရား သူ နာချင်နေတယ်တဲ့၊ တနေ့ကျတော့ သူ့သား သူ့ရွာပြန်ရောက်လာပြီး ညတရားပွဲကြီးလုပ်တော့ သူ့သားရဲ့တရားတော်ကို သူ သွားပြီးနာတယ်၊ အဲဒီလို တရားသွားနာနေတဲ့ အချိန်မှာ ခိုးသားတွေ ဘယ်လောက်လဲလို့ ဆိုတော့ ကိုးရာ၊ ဘယ်လောက်လဲ (ကိုးရာပါ ဘုရား)။

အဲဒီ ခိုးသားကိုးရာက ဒီအမယ်ကြီးအိမ် ဓမြတိုက်မလို့ ချောင်းနေတာ ကြာလှပြီ၊ အခွင့်မသာလို့ မတိုက်ဖြစ်တာ၊ ဒီကနေ့တော့ သူ တရားသွားနာနေတုန်း ဓမြတိုက်တော့မယ်ဆိုပြီး ခိုးသားကိုးရာစလုံးက အဲဒီအိမ် ဝိုင်းပြီး တံခါးတွေဖွင့်, ပစ္စည်းတွေယူနေတော့ အိမ်ကအစေခံ ကျွန်မကလေးက သွားပြီးတော့ ပြောတယ် "ရွှေတွေ ငွေတွေ ဓမြတွေယူကုန်ပြီ, အမေကြီးပြန်လာပါ" လို့ ဆိုတော့ "သူတို့တွေတာ သူတို့ယူလိမ့်မယ်၊ ငါတရားနာနေတာ အနှောင့်အရှက် မလုပ်နဲ့"ဆိုပြီး ပြန်လွှတ်လိုက်တယ်။ ဘယ့်နှယ်လဲ ဘုန်းကြီးတို့ ပရိသတ် (မှန်ပါ ဘုရား)။

အဲဒီအမျိုးသမီးကြီး **ကာဠိယာဏီ**ရဲ့ အိမ်မှာ ဘာဖြစ်နေသလဲ (ဓမြတိုက်နေပါတယ် ဘုရား)။

သူက ဘာလုပ်နေသလဲ (တရားနာနေပါတယ် ဘုရား)။

အိမ်မှာ ရွှေငွေတွေတော့ ဓမြတွေယူကုန်ပြီ၊ အမေကြီး ပြန်လာပါတော့ ဆိုတော့ ဘာပြောလိုက်သလဲ (တွေ့တာယူပါစေတဲ့ ဘုရား)။

ကဲ သူတို့တွေ့တာ သူတို့ယူလိမ့်မယ်တဲ့၊ ငါတရားနာနေတာ အနှောင့်အရှက် လာမလုပ်နဲ့လို့ ဆိုပြီး ပြန်လွှတ်လိုက်သလား, မလွှတ်လိုက်ဘူးလား (လွှတ်လိုက်ပါတယ် ဘုရား)။

ဘုန်းကြီးတို့ ပရိသတ်ဆိုရင် ဘယ့်နှယ်လဲ (လိုက်သွားမှာပါ ဘုရား)။

အဖွား ဖားယား ဖြစ်ကြမှာဘဲနော် (မှန်ပါ)။

သုံးကြိမ်သုံးခါ လာပြီးပြောတယ်။ နောက်တခါလာပြောရင် သင့်ကို အပြစ်ဒဏ်ပေးမယ်ဆိုတော့မှ တခါထဲ လာမပြောတော့ဘူး။ ဒါတွင်မကဘူး, အဲဒီအမယ်ကြီး တရားပွဲက ထွက်လာရင် သတ်မယ်လို့ စောင့်နေတဲ့ ခိုးသူမှူးကြီးက "ဩော် ဒီအမျိုးကောင်း သမီးကြီးရဲ့ သဒ္ဓါတရားသည် တယ်လဲ ခိုင်မြဲပါကလား၊ ဒါလောက် သဒ္ဓါတရားခိုင်မြဲတဲ့ အမျိုးသမီးရဲ့ ပစ္စည်းကိုများ ငါတို့ယူရင် ခေါင်းပေါ်မှာ မိုးကြိုးကျတာနဲ့ တူလိမ့်မယ်"လို့ စဉ်းစားပြီး သူ့ ပစ္စည်းတွေ ပြန်ထားတယ်တဲ့၊ ဟုတ်လား။

အဲဒါဟာ လိုက်သွားရင် ပစ္စည်း ပြန်ရချင်မှ ပြန်ရမှာ၊ တရားနာတဲ့အကျိုးက အကုန်ပြန်ရတယ်၊ ဟုတ်လား (မှန်ပါ ဘုရား)။

အဲဒီလိုဘဲ သူတို့က အမယ်ကြီးပစ္စည်းတွေကို ဒီလို ပြစ်မှားမိတော့ ခိုးသားကိုးရာစလုံးကနေပြီး အဲဒီအမယ်ကြီးကို တောင်းပန်ကြတယ် "ကျွန်တော်တို့ရဲ့ အပြစ်တွေကို သည်းခံပါ, ခွင့်လွှတ်ပါ၊ ကျွန်တော်တို့အားလုံး အရှင်ကောဠိကဏ္ဏာထံမှာ ရဟန်းပြုကြပါတော့မယ်"တဲ့၊ အဲဒီလို တောင်းပန်ပြီးတော့ သူ့ သားထံမှာဘဲ "ရဟန်းပြုပါရစေ" လို့ အခွင့်တောင်းပြီး အဲဒီ အမယ်ကြီးရဲ့သား ကောဠိကဏ္ဏမထေရ်ရဲ့ထံမှာ အဲဒီ ခိုးသား ကိုးရာစလုံး ရဟန်းပြုကြတယ်။ အဲဒီ ကိုးရာစလုံး ရဟန်းပြုပြီးတော့ တရားအားထုတ်နေတာကို ဘုန်းတော်သခင် ရှင်တော်မြတ်က ဟို-ကျောင်းတော်က နေပြီးတော့ ရောင်ခြည်တော်လွှတ်ရင်း တရားဟောပေးတယ်။ ဘယ်လောက်ဟောသလဲ၊ ဂါထာ ကိုးပုဒ်ဟောတယ်၊ အဲဒီ တရား ဟောတော်မူလိုက်တော့ ဂါထာ တပုဒ်တပုဒ်မှာ ရဟန်း တရာ တရာ ကျွတ်တမ်းဝင်ကြတယ်။ ကိုးပုဒ်ဆိုတော့ ရဟန်း ကိုးရာစလုံး ကျွတ်တမ်းဝင်သွားကြတယ်။ အဲဒီ ဂါထာ ကိုးပုဒ်ထဲက ဒီ သုတ္တန်နဲ့ဆိုင်တဲ့ ဂါထာနှစ်ပုဒ်ပါတယ်၊ ဘာတဲ့လဲ——

သုညာဂါရံ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော။
အမာနုသီ ရတီ ဟောတိ၊ သမ္မာ ဓမ္မံ ဝိပဿတော။

ဒီဂါထာရဲ့အဆုံးမှာ ရဟန်းပေါင်း တရာ အရဟတ္တဖိုလ်ပေါက် ရဟန္တာပုဂ္ဂိုလ်ဖြစ်ကြတယ်။

ယတော ယတော သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။
လဘတီ ပီတိပါမောဇ္ဇံ၊ အမတံ တံ ဝိဇာနတံ။

ဒီဂါထာရဲ့အဆုံးမှာလဲ ရဟန်းတော်ပေါင်း တရာ အရဟတ္တဖိုလ်ပေါက် ရဟန္တာဖြစ်သွားကြပါတယ်။

သညာဂါရံ၊ ဆိတ်ငြိမ်ရာအရပ်သို့။ ပဝိဋ္ဌဿ၊ ဝင်ရောက်၍ နေသော။ (ဆိတ်ငြိမ်တယ်ဆိုတာ ဘယ်လိုဆိတ်ငြိမ်တာလဲ၊ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံလို့ဆိုတဲ့ အဲဒီအာရုံငါးပါး ကာမဂုဏ်တရားတို့ မရှိတဲ့နေရာ ဆိတ်ငြိမ်တယ်ဆိုတဲ့ နေရာ။ အဲဒီနေရာကိုသွားပြီးတော့)သမ္မာ၊ ကောင်းစွာ။ ဝိပဿတော၊ ဝိပဿနာကို အနိစ္စ ဒုက္ခ ဝိပရိဏာမလို့ ရှုပွါးဆင်ခြင်၍နေသော။ သန္တစိတ္တဿဘိက္ခုနော၊ ဝိပဿနာအာရုံ၌ တည်ကြည်ငြိမ်သက်၍ နေသော ရဟန်းတော် အမျိုးကောင်းသား, အမျိုးကောင်းသမီးအား။ အမာနုသီ၊ လူတို့ရဲ့ မွေ့လျော်ဘွယ်ထက်လွန်မြတ်သော မွေ့လျော်ဘွယ်ဟုဆိုအပ်သော။ ရတိ၊ ပျော်ရွှင်မှုးတူးတဲ့ သောမနဿဝေဒနာတည်းဟူသော မွေ့လျော်ခြင်းသည်။ ဟောတိ၊ ဖြစ်နိုင်ပါပေ၏။

ဝိပဿနာအားထုတ်နေတဲ့ အမျိုးကောင်းသား,အမျိုးကောင်းသမီးလို့ဆိုတာ လူ့စည်းစိမ်ချမ်းသာတို့ထက်, လူ့ကာမဂုဏ် အာရုံတို့ထက် မွေ့လျော်ဘွယ်ရာ ကောင်းတဲ့ နှစ်သက်မှုမျိုးကို ရနိုင်တယ်တဲ့ ဒီပါဠိတော်ရဲ့ အဓိပ္ပါယ်က။

ဒါ ဝိပဿနာအားထုတ်ရင် သောမနဿဝေဒနာပေါ်ပုံနော် (မှန်ပါဘုရား) နောက်ဘာပုဒ်က——

ယတောယတော၊ အကြင်အကြင် သင့်လျော်ရာအခါကာလ၌။ ခန္ဓာနံ၊ ဝိညာဉ် နာမ် ရုပ်, စိတ် စေတသိက် ရုပ်ဆိုတဲ့ ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာဟု ဆိုအပ်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏။ ဥဒယဗ္ဗယံ၊ ဖြစ်တယ် ပျက်တယ်ဆိုတဲ့ သဘောကို။ သမ္မသတိ၊ ရှု၍နေ၏,ကြည့်၍နေ၏။ တတောတတော၊ ထိုထို ဝိပဿနာကို ရှုနေတဲ့ အခါကာလ သမယ၌။ ပီတိပါမောဇ္ဇံ၊ ပီတိခေါ် နှစ်သက်ခြင်း, ပါမောဇ္ဇခေါ် ဝမ်းမြောက်ခြင်းဆိုတဲ့ နှစ်သက်မှု ဝမ်းမြောက်မှု သုခဝေဒနာကို။ လဘတိ၊ ရရှိနိုင်၏။ ဝိဇာနတံ ဝိဇာနန္တာနံ၊ သတိနဲ့ပညာ ပြည့်စုံကြကုန်သော အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့အတွက်။ တံ၊ ထိုပီတိ ပါမောဇ္ဇခေါ်တဲ့ ဝိပဿနာဉာဏ်ကို မှီပြီးတော့ဖြစ်တဲ့ သောမနဿ ဝေဒနာသည်။ အမတံ၊ အမြိုက်နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်တဲ့ တရားတော်ပါပေတည်း။

သာဓု သာဓု သာဓု

ကိုင်း နားကြဦးစို့....

အမျိုးကောင်းသား, အမျိုးကောင်းသမီး အပေါင်းတို့ ဒါ ဝိပဿနာဉာဏ် ရှုနေရင်း ပီတိပါမောဇ္ဇ သောမနဿ ဝေဒနာ ဖြစ်ပုံ၊ နော် (မှန်ပါဘုရား)။

## ဥယျောဇဉ်နှင့် ပတ္ထနာ

သာဓုဝေါ၊ နှလုံးပျော့ပျောင်း အို အမျိုးကောင်းသား, အမျိုးကောင်းသမီး အပေါင်းတို့။ တုမှေ၊ သင်တို့သည်။ တံ ဓမ္မဒေသနံ၊ ထိုဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား ဟောကြားတော်မူအပ်သော ဝိပဿနာ ဒေသနာတရားတော်ကို။ သုတွာန၊ ကျကျနန ရှိသေစွာ နာခံမှတ်သားကြရကုန်ပြီးသည်ဖြစ်၍။ ဘာဝေထ၊ မိမိသန္တာန်၌ အဲဒီတရားတွေဖြစ်အောင် ကြိုးကုတ်ပွားလုပ်ကြပါကုန်လော့။ ဘာဝေတွာ၊ မိမိသန္တာန်မှာ ထိုတရားတော်တွေ ဖြစ်အောင် ရအောင် ပွါးများအားထုတ်ကြကုန်ပြီးသည်ဖြစ်၍။ တေသု ဓမ္မေသု၊ ထိုတရားတော်တို့၌။ ဥပါဒိယံ၊ စွဲလမ်းတတ်သော ရာဂါနုသယ, မာနာနုသယ, ဒိဋ္ဌာနုသယတို့ကို။ သမူဟနိတွာ၊ ပယ်ဖျောက်နိုင်ကြကုန်သည်ဖြစ်၍။ နိဗ္ဗာနံ၊ ရာဂ ဒေါသ မောဟတို့ မရှိရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသားမြတ်ကို။ သစ္ဆိကရောန္တု၊ ကောင်းစွာမသွေ မျက်မှောက်ပြုနိုင်လွယ်ကြသည် ဖြစ်ပါစေကုန်သတည်း။

သာဓု သာဓု သာဓု

ဝေဒနာနုပဿနာ တရားတော်

ဝေဒနာဝါရ စတုတ္ထပိုင်း ပြီးပြီ။

ပါရာယနဝဂ် ပါဠိတော်ဟောစဉ် ဥဒယသုတ္တန် နောက်ဆက်တွဲ

# ဝေဒနာနုပဿနာ တရားတော်

## ဝေဒနာဝါရ ပဉ္စမပိုင်း

---

### တရားတော်အမည်

သာသနာသက္ကရာဇ် ၂၅၁၄, ကောဇာသက္ကရာဇ် ၁၃၃၂-ခုနှစ် ဝါခေါင်လပြည့်ကျော် (၁၃) ရက် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း ကျားကူးဓမ္မဗိမာန်တော်ကြီးတွင် ဝိပဿနာအလုပ်ပေးတရားနှင့် ဆက်စပ်ဟောကြားအပ်သော သုတ်မဟာဝါပါဠိတော် မဟာနိဒါနသုတ္တန်မှလာသော "ဖဿပစ္စယာ ဝေဒနာ" ဟူသောအပိုင်းကဏ္ဍ၏ ဝေဒနာနုပဿနာ ရှုပွားနည်း ပဉ္စမပိုင်း တရားတော်။

### ဘုရားရှိခိုး

ဒီတရားဒေသနာတော်ကို သဗ္ဗညုမြတ်စွာဘုရားသခင် ကိုယ်တော်မြတ် ဟောကြားတော်မူခဲ့ပါတယ်။ မြတ်စွာဘုရားရဲ့ တရားတော်ကို ဟောရမှာ, နာရမှာ ဖြစ်တဲ့အတွက် တရားဟော, တရားနာပုဂ္ဂိုလ်တို့၏အနေဖြင့် ရှေးဦးစွာ ဝေဒနာနုပဿနာပိုင်းကို ဟောကြားပေးတော်မူတဲ့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကို ရှိခိုးကြရအောင် ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ လက်အုပ်ချီပြီးတော့ ထားကြ။ ဘုန်းကြီးက မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်ပြီးတော့ ဘုရားရှိခိုးမယ်၊ အဲဒီ ဘုရားရှိခိုးထဲမှာ ပါတဲ့ ဂုဏ်တော်များကို အာရုံပြုပြီးတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ဂုဏ်တော်များကို ကြည်ညိုသဒ္ဓါ ပွါးများနိုင်ကြပါစေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(အနက် ယခင်အတိုင်း)

သာဓု သာဓု သာဓု

## စကားပလ္လင်

ဘုန်းတော်သခင် သဗ္ဗညု မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် ဝေဒနာပိုင်းနဲ့ ပတ်သက်ပြီး မှီဝဲသင့် မှီဝဲထိုက်တဲ့ ဝေဒနာ, မမှီဝဲသင့် မမှီဝဲထိုက်တဲ့ ဝေဒနာလို့ နှစ်မျိုးခွဲပြီးတော့ ဟောကြားတော်မူခဲ့ပါတယ်။ သောမနဿဝေဒနာ ဒေါမနဿဝေဒနာ ဥပေက္ခာဝေဒနာလို့ ဝေဒနာသုံးပါး။ သောမနဿ ဝေဒနာဆိုတာ မှီဝဲသင့်တဲ့ သောမနဿဝေဒနာ ရှိတယ်၊ မမှီဝဲသင့်တဲ့ သောမနဿဝေဒနာ ရှိတယ်။ ဒေါမနဿဝေဒနာလို့ ဆိုတာလဲဘဲ မှီဝဲသင့်တယ်, မမှီဝဲသင့်ဘူးလို့ နှစ်မျိုး, ဥပေက္ခာဝေဒနာလဲ မှီဝဲသင့် မမှီဝဲသင့် ၂-မျိုးလို့ မြတ်စွာဘုရားဟောပြတော်မူတဲ့အတိုင်း ဟောခဲ့တာ ပြီးခဲ့တဲ့အပတ်က မှီဝဲသင့် မှီဝဲထိုက်တဲ့ သောမနဿဝေဒနာနဲ့ မမှီဝဲသင့် မမှီဝဲထိုက်တဲ့ သောမနဿ ဝေဒနာပိုင်းကို ဘုန်းကြီးတို့ ဟောခဲ့ပြီးပြီ။

စကားဆက်အနေနဲ့ ပြန်ပြီးတော့ ပြောရမယ်ဆိုရင် ကာမဂုဏ်ကို အာရုံပြုပြီးတော့ ဖြစ်တဲ့ ရှေးက ကိုယ်ရဘူးလို့ ကိုယ့်စိတ်ထဲမှာ အင်မတန် နှစ်သက်မြတ်နိုးတဲ့ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံဆိုတဲ့ အာရုံခြောက်ပါး ရရှိတာကို အကြောင်းပြုပြီးတော့ သတ္တဝါတွေ ဝမ်းမြောက်ဘူးလားလို့ ဆိုတော့ ဝမ်းမြောက်တယ်၊ ဒါ သောမနဿဝေဒနာ။ ရှေးက အဲဒီလို ရဘူးတဲ့ အာရုံခြောက်ပါးကို အစွဲပြုပြီးတော့ ပြန်တွေးကြည့်လိုက်မယ် ဆိုရင် ပြန်ပြီးတော့ ဝမ်းမြောက်တယ်၊ သောမနဿဝေဒနာ။ အဲဒီ သောမနဿဝေဒနာမျိုးသည် ကာမဂုဏ်ကို မှီသည် ဖြစ်သောကြောင့် ဂေဟသိတ သောမနဿဝေဒနာလို့ ခေါ်တယ်။ အဲဒီ ဝေဒနာမျိုး မမှီဝဲရဘူး၊ အဲဒီ ဝေဒနာမျိုးကို မလိုက်ရဘူး။ မှီဝဲသင့် မှီဝဲထိုက်တဲ့, လိုက်သင့် လိုက်ထိုက်တဲ့ သောမနဿ ဝေဒနာကဘာလဲဆိုတော့ အာရုံခြောက်ပါး တရားတွေသည် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက ဝိပဿနာ ရှုနေသည် ဖြစ်သောကြောင့် မိမိရဲ့ဝိပဿနာ ရှုကွက်ထဲမှာ ရုပ်တရားတို့ရဲ့ အနိစ္စ အချက်လို့ ခေါ်တဲ့ မမြဲမှုကို ဉာဏ်မှာ ထင်ရှားနေတဲ့ အချိန်မှာ ရှေးကဖြစ်ခဲ့တဲ့ ရူပါရုံစတဲ့ အာရုံခြောက်ပါးတို့သည်၎င်း, ယခု ဖြစ်နေတဲ့ ရူပါရုံစတဲ့ အာရုံ ခြောက်ပါးတို့သည်၎င်း အခုငါ ရှုနေတဲ့ အနိစ္စာနုပဿနာကဲ့သို့ သူတို့လဲ အနိစ္စတွေဘဲလို့ အဲဒီလို အနိစ္စာနုပဿနာဉာဏ် ထင်နေတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများမှာလဲဘဲ ဖြစ်ခြင်း ပျက်ခြင်းတို့ကို အာရုံပြုပြီးတော့ ဝိပဿနာဉာဏ်ကို အာရုံပြုပြီးတော့ ဝမ်းမြောက်မှုဆိုတဲ့ သောမနဿ ဝေဒနာ ဖြစ်တယ်တဲ့။ အဲဒီ သောမနဿဝေဒနာမျိုးကတော့ ဝိပဿနာဉာဏ်လို့ ခေါ်တဲ့ နေက္ခမ္မကို မှီသည် ဖြစ်သောကြောင့် နေက္ခမ္မသိတသောမနဿ ဝေဒနာလို့ ခေါ်တယ်။ အဲဒီ ဝိပဿနာဉာဏ်ကို

အမှီပြုပြီးတော့ ဖြစ်တဲ့ နေက္ခမ္မသိတသောမနဿ ဝေဒနာဆိုတာကိုတော့ မှီဝဲရမယ်, ပွါးများရမယ်, အားထုတ်ရမယ်၊ အဲဒီ အပိုင်းကို ပြီးခဲ့တဲ့ အပတ်က ဟောပေးခဲ့ပြီးပြီ။

## မှီဝဲသင့်,မသင့်သောဝေဒနာများ အဆက်

**ဒေါမနဿ ၂-မျိုး။**　။အခု ဒီကနေ့ ဟောပေးရမှာက ဘာလဲလို့ ဆိုတော့ ဒေါမနဿ ဝေဒနာပိုင်းကို ဟောပေးရမယ်။ မြတ်စွာဘုရား ပါဠိတော်မှာ ဟောထားတာက——

ဒေါမနဿမ္ပာဟံ ဒေဝါနမိန္ဒ ဒုဝိဓေန ဝဒါမိ သေဝိတဗ္ဗမ္ပိ အသေဝိတဗ္ဗမ္ပိ။ သက္ကပဉှာသုတ်မှာ။

ဒေဝါနမိန္ဒ၊ သိကြားမင်း။ အဟံ၊ ငါသည်။ ဒေါမနဿမ္ပိ၊ ဒေါမနဿ ဝေဒနာကိုလည်း။ ဒုဝိဓေန၊ နှစ်မျိုးပြားသောအားဖြင့်။ ဝဒါမိ၊ ဟောတော်မူ၏။ သေဝိတဗ္ဗမ္ပိ၊ မှီဝဲသင့် မှီဝဲထိုက်သော ဒေါမနဿ ဝေဒနာကိုလည်း။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။ အသေဝိတဗ္ဗမ္ပိ၊ မမှီဝဲသင့် မမှီဝဲထိုက်သော ဒေါမနဿ ဝေဒနာကိုလည်း။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။

ဒေါမနဿ ဝေဒနာကလဲ မှီဝဲသင့်တဲ့ ဒေါမနဿ ဝေဒနာ, မမှီဝဲသင့်တဲ့ ဒေါမနဿ ဝေဒနာလို့ ဒီလို နှစ်မျိုး ရှိပါတယ် တဲ့။ ဒေါမနဿ ဝေဒနာ ဆိုတာ တရားကိုယ် ကောက်လိုက်တော့ ဒေါသဘဲ။ ဒေါသများ မှီဝဲသင့်သေးသလား ဘုရားလို့ မေးစရာ ရှိတယ်။ ရှေ့ကျတော့ သူ ပေါ်လာလိမ့်မယ်။

**မမှီဝဲသင့် ဒေါမနဿ။**　။အဲသလို မှီဝဲသင့်, မမှီဝဲသင့်တဲ့ ဒေါမနဿ ဝေဒနာတို့တွင် မမှီဝဲသင့်ဘူး ဆိုတဲ့ ဒေါမနဿဝေဒနာမျိုးက ဘယ်လိုဝေဒနာမျိုးလဲလို့ ဆိုတော့ အခု ဥပရိပဏ္ဏာသပါဠိတော် သဠာယတနဝိဘင်္ဂသုတ္တန်မှာ မြတ်စွာဘုရားက ဟောထားတယ်၊ ဘယ့်နှယ်ဟောသလဲ——

တတ္ထ ကတမာနိ ဆ ဂေဟသိတာနိ ဒေါမနဿာနိ။

တတ္ထ၊ ထို ဂေဟသိတ, နေက္ခမ္မသိတဆိုတဲ့ ဝေဒနာတို့တွင်။ ဂေဟသိတာနိ၊ ကာမဂုဏ်ကို မှီကုန်သော။ ဒေါမနဿာနိ၊ ဒေါမနဿဝေဒနာတို့သည်။ ကတမာနိဆ၊ အဘယ်ခြောက်ပါးတို့နည်း။

ကာမဂုဏ်ကိုမှီပြီးဖြစ်တဲ့ ဒေါမနဿ ဝေဒနာမျိုးဆိုတာ ခြောက်ပါးရှိတယ် တဲ့၊ ဘယ်လို ဝေဒနာမျိုးတွေလဲ—

စက္ခုဝိညေယျာနံ ရူပါနံ ဣဋ္ဌာနံ ကန္တာနံ မနာပါနံ မနောရမာနံ လောကာမိသပဋိသံယုတ္တာနံ အပ္ပဋိလာဘံ ဝါ အပ္ပဋိလာဘတော သမနုပဿတော, ပုဗ္ဗေဝါ အပ္ပဋိလဒ္ဓပုဗ္ဗံ အတီတံ နိရုဒ္ဓံ ဝိပရိဏတံ သမနုဿရတော ဥပ္ပဇ္ဇတိ ဒေါမနဿံ။ ယံ ဧဝရူပံ ဒေါမနဿံ၊ ဣဒံ ဝုစ္စတိ ဂေဟသိတံ ဒေါမနဿံ။

သောတဝိညေယျာနံ သဒ္ဒါနံ၊ ဃာနဝိညေယျာနံ ဂန္ဓာနံ၊ ဇိဝှါဝိညေယျာနံ ရသာနံ၊ ကာယဝိညေယျာနံ ဖောဋ္ဌဗ္ဗာနံ။ မနောဝိညေယျာနံ ဓမ္မာနံ ဣဋ္ဌာနံ ကန္တာနံ မနာပါနံ မနောရမာနံ လောကာမိသပဋိသံယုတ္တာနံ အပ္ပဋိလာဘံဝါ အပ္ပဋိလာဘတော သမနုပဿတော, ပုဗ္ဗေဝါ အပ္ပဋိလဒ္ဓပုဗ္ဗံ အတီတံ နိရုဒ္ဓံ ဝိပရိဏတံ သမနုဿရတော ဥပ္ပဇ္ဇတိ ဒေါမနဿံ၊ ယံ ဧဝရူပံ ဒေါမနဿံ။ ဣဒံ ဝုစ္စတိ ဂေဟသိတံ ဒေါမနဿံ။

စက္ခုဝိညေယျာနံ၊ စက္ခုဝိညာဉ်ဖြင့် သိအပ်ကုန်သော။ သောတဝိညေယျာနံ၊ သောတဝိညာဉ်ဖြင့် သိအပ်ကုန်သော။ ဃာနဝိညေယျာနံ၊ ဃာနဝိညာဉ်ဖြင့် သိအပ်ကုန်သော။ ဇိဝှါဝိညေယျာနံ၊ ဇိဝှါဝိညာဉ်ဖြင့် သိအပ် ကုန်သော။ ကာယဝိညေယျာနံ၊ ကာယဝိညာဉ်ဖြင့် သိအပ်ကုန်သော။ မနောဝိညေယျာနံ၊ မနောဝိညာဉ်ဖြင့် သိအပ်ကုန်သော။ ဣဋ္ဌာနံ၊ ရှာမှီးအပ် ကုန်သော။ ကန္တာနံ၊ နှစ်သက်အပ်ကုန်သော။ မနာပါနံ၊ စိတ်နှလုံးကို ရွှင်ပြုံးတိုးပွါးစေတတ်ကုန်သော။ မနောရမာနံ၊ စိတ်နှလုံးကို မွေ့လျော် ပျော်ပိုက် နှစ်ခြိုက်စေနိုင်ကြ ကုန်သော။ လောကာမိသ ပဋိသံယုတ္တာနံ၊ လောကအာမိသနှင့် စပ်လျဉ်းကုန်သော။ (ရူပါနံ၊ ရူပါရုံတို့ကို။ သဒ္ဒါနံ၊ သဒ္ဒါရုံတို့ကို။ ဂန္ဓာနံ၊ ဂန္ဓာရုံတို့ကို။ ရသာနံ၊ ရသာရုံတို့ကို။ ဖောဋ္ဌဗ္ဗာနံ၊ ဖောဋ္ဌဗ္ဗာရုံတို့ကို။ ဓမ္မာနံ၊ ဓမ္မာရုံတို့ကို။) အပ္ပဋိလာဘံ၊ မရခြင်းကို။ အပ္ပဋိလာဘတော၊ မရသောအားဖြင့်။ သမနုပဿတော၊ အဖန်တလဲလဲ နှလုံးသွင်း၍နေသော ပုဂ္ဂိုလ်၏သန္တာန်၌၎င်း။ ပုဗ္ဗေ၊ ရှေး၌။ အပ္ပဋိလဒ္ဓပုဗ္ဗံ၊ မရအပ်ဘူးသော။ အတီတံ၊ လွန်ပြီးသော။ နိရုဒ္ဓံ၊ ချုပ်လေပြီးသော။ ဝိပရိဏတံ၊ ဖောက်ပြန်ပျက်စီးလေပြီးသော။ (ရူပံ၊ ရူပါရုံကို။ သဒ္ဒံ၊ သဒ္ဒါရုံကို။ ဂန္ဓံ၊ ဂန္ဓာရုံကို။ ရသံ၊ ရသာရုံကို၊ ဖောဋ္ဌဗ္ဗံ၊ ဖောဋ္ဌဗ္ဗာရုံကို။ ဓမ္မံ၊ ဓမ္မာရုံကို။) သမနုဿရတော၊ အဖန်တလဲလဲအောက်မေ့၍နေသော ပုဂ္ဂိုလ်၏ သန္တာန်၌၎င်း။ ဒေါမနဿံ၊ စိတ်ဆင်းရဲခြင်းဟု ဆိုအပ်သော ဒေါမနဿဝေဒနာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဧဝရူပံ၊ ဤသို့သဘောရှိသော။ ယံဒေါမနဿံ၊ အကြင်ဒေါမနဿဝေဒနာသည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤဒေါမနဿဝေဒနာကို။ ဂေဟသိတံဒေါမနဿံ၊ ကာမဂုဏ်ကိုမှီသောဒေါမနဿဝေဒနာဟူ၍။ ဝုစ္စတိ၊ ဆိုရပေတော့၏။

ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများမှာ ဒေါမနဿဝေဒနာတွေက နေ့စဉ်ဖြစ်နေတယ်။ အချိန်တိုင်း အချိန်တိုင်းမှာ ဒေါမနဿဝေဒနာတွေ ဖြစ်နေတယ် တရားကို နှလုံးမသွင်းလို့၊ ဘယ်လိုဖြစ်သလဲဆိုတော့ စက္ခုဝိညာဉ် သောတဝိညာဉ် ဃာနဝိညာဉ် ဇိဝှါဝိညာဉ် ကာယဝိညာဉ် မနောဝိညာဉ်တို့ဖြင့် မြင်အပ် ကြားအပ် နံအပ် လျက်အပ် တွေ့ထိအပ် သိအပ်သော အာရုံခြောက်ပါးကို ကိုယ်က အလိုရှိနေတယ်။ အလိုရှိတော့ မရရင် ဘယ်လိုလဲ၊ ဘုန်းကြီးတို့ ပရိသတ် စိတ်မပျက်ဘူးလား (ပျက်ပါတယ်ဘုရား)။

အဲသလို မရလို့ စိတ်ပျက်တာကို ဒေါမနဿဝေဒနာလို့ ခေါ်ပါတယ်တဲ့၊ ပြီးတော့ ကိုယ်မမြင်ဘူးပေမဲ့ ကြားဘူးနေတာနဲ့ဘဲ ရှေးကမရဘူးတဲ့ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံတွေကိုလဲဘဲ ရချင်တယ်။ မရရင် စိတ်ပျက်တယ်၊ အဲဒါလဲဘဲ ဒေါမနဿဝေဒနာဘဲ၊ ဒီအခုပြောခဲ့တဲ့ ရူပါရုံစသည်ကို မှီပြီးတော့ မရခြင်းကြောင့်ဖြစ်တဲ့ ဒေါမနဿဝေဒနာကတော့ ကာမဂုဏ်ကို မှီပြီးတော့ဖြစ်တဲ့ ဒေါမနဿဝေဒနာဖြစ်တဲ့အတွက် သူ့ကို ဂေဟာသိတဒေါမနဿဝေဒနာလို့ခေါ်တယ်။ အဲဒီဝေဒနာမျိုးကို "နသေဝိတဗ္ဗာ–မမှီဝဲရဘူး", အဲဒီဝေဒနာမျိုးကို မလိုက်ရဘူး-တဲ့။

**မှီဝဲသင့်ဒေါမနဿ။** ။မမှီဝဲရမဲ့ ဒေါမနဿဝေဒနာကို ဟောပြီးတော့ မြတ်စွာဘုရားက မှီဝဲသင့်တယ်လို့ဆိုတဲ့ သေဝိတဗ္ဗဒေါမနဿဝေဒနာကို ဟောဦးမယ်။ အဲဒီ သေဝိတဗ္ဗဒေါမနဿဝေဒနာမျိုးဆိုတာ ဘယ်ဝေဒနာမျိုးလဲဆိုတော့ ပါဠိတော်က ပြောတယ်——

> ရူပါနံ တွေဝ၊ သဒ္ဒါနံတွေဝ၊ ဂန္ဓာနံတွေဝ၊ ရသာနံတွေဝ၊ ဖောဋ္ဌဗ္ဗာနံတွေဝ၊ ဓမ္မာနံတွေဝ အနိစ္စတံ ဝိဒိတွာ ဝိပရိဏာမဝိရာဂနိရောဓံ "ပုဗ္ဗေစေဝ ရူပါ တေရဟိ စ၊ သဗ္ဗေ တေ ရူပါ အနိစ္စာ ဒုက္ခာ ဝိပရိဏာမဓမ္မာ"တိ ဝေမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒိသွာ အနုတ္တရေသု ဝိမောက္ခေသု ပိဟံ ဥပဋ္ဌာပေတိ "ကုဒါဿု နာမာဟံ တဒါယတနံ ဥပသမ္ပဇ္ဇ ဝိဟရိဿာမိ၊ ယဒရိယာ တေရဟိ အာယတနံ ဥပသမ္ပဇ္ဇ ဝိဟရန္တီ"တိ။ ဣတိ အနုတ္တရေသု ဝိမောက္ခေသု ပိဟံ ဥပဋ္ဌာပယတော ဥပ္ပဇ္ဇတိ ပိဟာပစ္စယာ ဒေါမနဿံ။ ယံ ဝေရူပံ ဒေါမနဿံ၊ ဣဒံ ဝုစ္စတိ နေက္ခမ္မသိတံ ဒေါမနဿံ။

ပါဠိတော်မှာ နေက္ခမ္မသိတဒေါမနဿဝေဒနာတဲ့၊ ဝိပဿနာကို အမှီပြုပြီးတော့ ဖြစ်တဲ့ ဒေါမနဿဝေဒနာ။ ဘုန်းကြီး ပါဠိကိုရွတ်ပြီးပြီ၊ အနက်ပေးအုံးမယ်၊ ပြီးတော့မှ အဓိပ္ပါယ် ပြောပေးမယ်။

ရူပါနံတွေဝ၊ ရုပ်တရားတို့၏သာလျှင်။ သဒ္ဒါနံ ဂန္ဓာနံ ရသာနံ ဖောဋ္ဌဗ္ဗာနံ ဓမ္မာနံတွေဝ၊ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံတို့၏သာလျှင်။

အနိစ္စတံ၊ ဖြစ်ပေါ်လာပြီးတဲ့နောက် ကုန်တဲ့ပျောက်တဲ့အတွက် မမြဲသည်၏ အဖြစ်ကို။ ဝိဒိတွာ၊ ရှုကွက်မှာ သိနေရသည်ဖြစ်၍။ ပုဗ္ဗေ၊ ရှေး၌ဖြစ်ကုန်သော။ ရူပါစေဝ၊ ရူပါရုံတို့သည်၎င်း။ သဒ္ဒါစေဝ၊ သဒ္ဒါရုံတို့သည်၎င်း။ ဂန္ဓာဝေစ၊ ဂန္ဓာရုံတို့သည်၎င်း။ ရသာစေဝ၊ ရသာရုံတို့သည်၎င်း။ ဖောဋ္ဌဗ္ဗာစေဝ၊ ဖောဋ္ဌဗ္ဗာရုံတို့သည်၎င်း။ ဓမ္မာစေဝ၊ ဓမ္မာရုံတို့သည်၎င်း။ (ပါဠိတော်မှာတော့ တပိုဒ်စီဟောထားတယ်၊ ဘုန်းကြီးကတော့ အကုန်ပေါင်းပြီးတော့ဟောလိုက်တယ်။) တေရဟိ၊ ယခုအခါ၌ဖြစ်သော။ ရူပါစ၊ ရူပါရုံတို့သည်၎င်း။ သဒ္ဒါစ၊ သဒ္ဒါရုံတို့သည်၎င်း။ ဂန္ဓာစ၊ ဂန္ဓာရုံတို့သည်၎င်း။ ရသာစ၊ ရသာရုံတို့သည်၎င်း။ ဖောဋ္ဌဗ္ဗာစ၊ ဖောဋ္ဌဗ္ဗာရုံတို့သည်၎င်း။ ဓမ္မာစ၊ ဓမ္မာရုံတို့သည်၎င်း။ အတ္ထိသန္တိ၊ ရှိကြလေကုန်၏။

ရှေးကဖြစ်ခဲ့ပြီးတဲ့ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံ, ယခုဖြစ်ဆဲ ဖြစ်နေတဲ့ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံတွေ ရှိတယ်။

သဗ္ဗံတံ၊ ထိုအလုံးစုံသော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံတို့သည်။ (ရှုကွက်က) အနိစ္စာ၊ ကုန်ခြင်း ပျောက်ခြင်းသဘောရှိသောကြောင့် အနိစ္စ မည်ကုန်၏။ ဒုက္ခာ၊ ကုန်ခြင်း ပျောက်ခြင်းတို့ဖြင့် နှိပ်စက်၍ နေသည် ဖြစ်သောကြောင့် ဒုက္ခ မည်ကုန်၏။ ဝိပရိဏာမဓမ္မာ၊ ဖြစ်ပေါ်လာပြီးတဲ့နောက် ကုန်တဲ့ ပျောက်တဲ့ဘက်ကို ပြောင်းရွှေ့၍ နေသည်ဖြစ်သောကြောင့် ဝိပရိဏာမမည်ကုန်၏။ ဣတိ၊ ဤသို့။ ယထာဘူတံ၊ မဖောက်မပြန် ဟုတ်မှန်သော ဝိပဿနာဉာဏ်ဖြင့်။ ဒိသွာ၊ ဝိပဿနာရှု၍ နေသည်ရှိသော်။ (ဘာဖြစ်လာမလဲ) တေရဟိ၊ ယခုအခါ၌။ အရိယာ၊ အရိယာ ပုဂ္ဂိုလ်အပေါင်းတို့သည်။ တံအာယတနံ၊ ထိုအရဟတ္တဖိုလ်တည်းဟူသောမှီရာကို။ ဥပသမ္ပဇ္ဇ၊ ကပ်၍။ ဝိဟရန္တိ၊ နေကြလေကုန်၏။ အဟံ၊ ငါသည်။ ကုဒါဿုနာမ၊ အဘယ်မည်သောအခါကာလ၌။ ဝါ၊ ဘယ်တော့မှ။ တေံ အာယတနံ၊ ထိုအရဟတ္တဖိုလ် ပေါက်တယ်ဆိုတဲ့ အာရုံကို။ ဥပသမ္ပဇ္ဇ၊ ကပ်ရောက်၍။ ဝါ၊ အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍။ ဝိဟရိဿာမိ၊ နေရပါတော့အံ့နည်း။ ဣတိ၊ ဤသို့။ အနုတ္တရေသုဝိမောက္ခေသု၊ အရဟတ္တဖိုလ်ဝိမောက္ခတို့၌။ ပိဟံ၊ တောင့်တခြင်းကို။ ဥပဋ္ဌာပေတိ၊ ဖြစ်စေ၏။ ဣတိ၊ ဤသို့။ အနုတ္တရေသု ဝိမောက္ခေသု၊ အရဟတ္တဖိုလ်ဝိမောက္ခတို့၌။ ပိဟံ၊ တောင့်တခြင်းကို။ ဥပဋ္ဌာပယတော၊ ဖြစ်စေသော ပုဂ္ဂိုလ်အား။ ပိဟပစ္စယာ၊ တောင့်တခြင်းဟူသော အကြောင်းကြောင့်။ ဒေါမနဿံ၊ ဒေါမနဿဝေဒနာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍လာလေတော့၏။ ဝေရူပံ၊ ဤသို့သဘောရှိသော။ ယံ ဒေါနမဿံ၊ အကြင် ဒေါမနဿဝေဒနာသည်။ အတ္ထိ၊

ရှိ၏။ ဣဒံ၊ ဤဒေါမနဿဝေဒနာကို။ နေက္ခမ္မသိတံ ဒေါမနဿံ၊ ဝိပဿနာကို မှီပြီးတော့ ဖြစ်တဲ့ ဒေါမနဿဝေဒနာဟူ၍။ ဝုစ္စတိ၊ ဆိုရပေတော့၏။

ပါဠိတော်ရွတ်ပြီးပြီ၊ အနက်မြန်မာ ပြန်ဆိုပြီးပြီ၊ အဓိပ္ပါယ်ပြောပေးဦးမယ်၊ ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဝိပဿနာရှုပြီး နေတဲ့အခါကျတော့ ရုပ်တရား နာမ်တရား ဝိညာဉ်တရားတွေရဲ့ ဖြစ်ပျက်ခြင်း ဆိုတဲ့ သဘောတရားတွေ ဉာဏ်ထဲမှာပေါ်လာတယ်။ အနိစ္စအချက် ဒုက္ခအချက် ဝိပရိဏာမအချက်လို့ခေါ်တဲ့ အဲဒီတရားတွေ မိမိအသိဉာဏ်ထဲမှာ ပေါ်လာတယ်။ သင်္ခါရတရားတွေကလဲ ဉာဏ်ထဲမှာ ထင်ထင်ရှားရှား ပေါ်လာတယ်။ သင်္ခါရ တရားတွေဆိုတာက ဘယ်သူတွေလဲ ဝိညာဉ်, နာမ်, ရုပ်, တနည်းပြောရင်တော့ ဝိညာဉ်ဆိုတာစိတ်, နာမ်ဆိုတာစေတသိက်, ရုပ်ဆိုတာရုပ်၊ စိတ်,စေတသိက်, ရုပ် တရားတို့ဟာ မိမိတို့ ရှုနေတဲ့ ကမ္မဋ္ဌာန်းမှာ တခါထဲ ပေါ်လာတယ်၊ ရုပ်တရား ပေါ်လာတယ်, သို့မဟုတ် နာမ်ဖြစ်တဲ့တရားတွေ ပေါ်လာတယ်, ဝေဒနာခေတ် တွေ ပေါ်လာတယ် ဆိုပါတော့ ခံစားမှု စေတသိက်ဆိုတဲ့ တရားတွေ=သတိတို့ ပညာတို့ကလဲဘဲ မိမိတို့ အသိဉာဏ်ထဲမှာ ပေါ်လာတယ်၊ ဖဿတရားတွေ စိတ် တရားတွေ စိတ္တာနုပဿနာကို ရှုပွါးနေတဲ့ အမျိုးကောင်းသား, အမျိုးကောင်း သမီးများ ဆိုခဲ့လို့ရှိရင် စိတ်ဆိုတဲ့ အသိကလေးဟာ ဉာဏ်ထဲမှာ ထင်ရှားနေ တယ်၊ အဲဒီ စိတ်ဆိုတဲ့အသိကလေးဟာ အနိစ္စအချက် ဒုက္ခအချက် ဝိပရိဏာမ အချက်တွေလို့ ဉာဏ်ထဲမှာ ထင်ရှားတယ်။ သူ့ချည်း ထင်ရှားနေတာမဟုတ်ဘူး၊ နာမ်ဆိုတဲ့ ဝေဒနာခေတ် ပေါ်လာပြန်တော့လဲ ဝေဒနာချည်းပေါ်နေတာမဟုတ် ဘူး၊ အနိစ္စ, ဒုက္ခ,ဝိပရိဏာမလို့ခေါ်တဲ့ ဒီအချက်တွေနဲ့ သူက တွဲပြီးတော့ အသိ ဉာဏ်ထဲမှာ ထင်ရှားတယ်။

ရုပ္ပနလက္ခဏာရှိတဲ့ ရုပ်တရားတွေ ဉာဏ်ထဲမှာ ထင်ရှားနေတာလဲ၊ ရုပ်တရား ချည်း မဟုတ်ဘူး၊ အဲဒီရုပ်တရားရဲ့ အနိစ္စအချက် ဒုက္ခအချက် ဝိပရိဏာမအချက် လို့ဆိုတဲ့ ဒီအချက် သုံးချက်နဲ့ မိမိဉာဏ်ထဲမှာတွဲပြီးတော့ ထင်ရှားတယ်။ အဲသလို မိမိရဲ့ အသိဉာဏ်ထဲမှာ အလုံးစုံသော ဝိညာဉ်, နာမ်, ရုပ်, စိတ်, စေတသိက်, ရုပ်တရားတို့ရဲ့,သင်္ခါရတရားတွေရဲ့ အနိစ္စအချက် ဒုက္ခအချက် ဝိပရိဏာမအချက် တွေ ဉာဏ်ထဲမှာ ထင်ရှားလာတော့ တရားအားထုတ်တဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများရဲ့ စိတ်ထဲမှာ ဘယ်လိုဖြစ်လာသလဲလို့ ဆိုတော့ "ငါ့မှာ တော့ ရှုနေတဲ့ ကမ္မဋ္ဌာန်းတရားရဲ့ အပေါ်မှာ ဖြစ်ခြင်းပျက်ခြင်း သဘောတရား တွေ ထင်ပြီးတော့ ဝိပဿနာဉာဏ်လဲ ထင်ရှားနေပြီ၊ ဘယ်တော့များမှ ဝိမောက္ခ ဆိုတဲ့ အရဟတ္တဖိုလ်ကို ငါရပါ့မလဲ၊မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ငါဘယ်တော့မှရပါ့မလဲ၊ တချို့ပုဂ္ဂိုလ်တွေဟာ, အရိယာပုဂ္ဂိုလ်အပေါင်းတွေဟာ, ရဟန္တာပုဂ္ဂိုလ်ကြီးတွေ ဟာ သူတို့ ဆိုင်ရာဆိုင်ရာရနေတဲ့ အရဟတ္တဖိုလ်တို့ အနာဂါမိဖိုလ်တို့ သကဒါ-

ဂါမိဖိုလ်တို့ သောတာပတ္တိဖိုလ်လို့ဆိုတဲ့ ဒီလို ဖိုလ်တွေကိုရပြီးတော့ အရိယာပုဂ္ဂိုလ်တွေအဖြစ်နဲ့ ဖလသမာပတ် ချမ်းသာကို ခံစားနေကြရပြီ။ ငါ ဝိပဿနာ အားထုတ်လို့ ဒီလိုဉာဏ်တွေ ထင်ရှားပါလျက်နဲ့ ဘယ်တော့များမှ အဲဒီအရဟတ္တဖိုလ်စတဲ့ ဖလသမာပတ်ကို ရောက်ရှိရပါ့မလဲ"လို့ အဲသလို အရဟတ္တဖိုလ်စတဲ့ ဖလသမာပတ်များကို လှမ်းပြီးတော့ တောင့်တတဲ့ သဘောတွေ ပေါ်လာတတ်တယ်။

ဆိုလိုတဲ့ အဓိပ္ပါယ်က ဘယ်တော့မှ ငါ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရပါ့မလဲလို့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို လှမ်းပြီးတော့ လိုချင်မှုဆိုတဲ့ တောင့်တမှုတွေ ပေါ်လာတယ်။ အဲသလို မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို လိုချင်လှချည်ရဲ့ဆိုတဲ့ တောင့်တမှုတွေ ပေါ်လာတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ၁၅-ရက်နဲ့လဲမရ, တလနဲ့လဲမရ, တနှစ်နဲ့လဲမရ, နှစ်နှစ်နဲ့လဲမရ, သုံးနှစ်နဲ့လဲမရတော့ နှစ်တိုင်း နှစ်တိုင်း မဟာသိဝမထေရ်ကြီးဟာ ငိုရသလို ဒေါမနဿဝေဒနာ ဖြစ်လာတယ်။ ဖြစ်မလာဘူးလား (ဖြစ်လာပါတယ်ဘုရား)

အဲဒီလို ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ဝေဒနာတွေပေါ်တယ်, ဝေဒနာတွေပေါ်တယ်ဆိုတာ ဘာကိုမှီပြီးပေါ်တာလဲလို့ဆိုတော့ ဝိပဿနာကို မှီပြီးတော့ပေါ်တဲ့ ဝေဒနာကိုသာလျှင် ဒီနေရာမှာ အလိုရှိရမယ်။ ဒီနေရာကျတော့ ဒါ အင်မတန်အရေးကြီးတဲ့ အချက်ဘဲ၊ ဝိပဿနာဉာဏ်ကို မှီပြီးတော့ သောမနဿ ဝေဒနာပေါ်ပုံကို ဘုန်းကြီး နောက်ကဟောခဲ့ပြီ၊ အခု ဝိပဿနာဉာဏ်ကို အမှီပြုပြီးတော့ ဒေါမနဿဝေဒနာ ပေါ်ပုံကို ဟောနေတာ မြတ်စွာဘုရားက။

"သြော် ဝိပဿနာတွေ အားထုတ်လို့ ငါ့မှာ ရုပ်တရား နာမ်တရားတွေရဲ့ အဖြစ်အပျက်များကို မြင်နေပါလျက်နဲ့ အရိယာပုဂ္ဂိုလ်ကြီးတွေ ဖလသမာပတ် တည်းဟူသော ဝိမောက္ခတွေကို အသီးအသီးရပြီးတော့ ခံစားနေကြရတာလို ငါ ဘယ်တော့များမှ ဖလသမာပတ် ဖိုလ်ချမ်းသာ,မဂ်ချမ်းသာကို ရပြီးတော့ ငါ ဘယ်တော့များမှ ဖိုလ်ချမ်းသာများကို ခံစားရပါ့မလဲ"လို့ အရဟတ္တဖိုလ် ဝိမောက္ခကို လှမ်းပြီးတော့ မက်မောတဲ့ တောင့်တမှုဖြစ်တယ်။ အဲဒီတောင့်တမှုကို အကြောင်းပြုပြီးတော့ ဒေါမနဿ ဝေဒနာဖြစ်တာကို ဝိပဿနာကို မှီပြီးတော့ဖြစ်တဲ့ ဒေါမနဿဝေဒနာပါတဲ့။

**မဟာသိဝထေရ်ဝတ္ထု။** ။အဲဒီလိုဖြစ်ဘူးသလားဘုရားလို့ဆိုတော့ ဘုန်းကြီးတို့ မြတ်စွာဘုရားရှင် လက်ထက်က သက်သေသာဓက ရှိတယ်၊ မဟာသိဝမထေရ်ကြီးဆိုတာ အားလုံးလဲကြားဘူးနေကြတယ်။ ဒီသက္က-ပဥှသုတ်ကို ဟောတဲ့အခါ မဟာသိဝမထေရ်ကြီးရဲ့ အတ္ထုပ္ပတ္တိကို အကျယ်

တဝင့်ထည့်သွင်းပြီးတော့ အဋ္ဌကထာဆရာကြီးက ဖွင့်ပြထားပါတယ်။ ဂိုဏ်းကြီး တဆဲ့ရှစ်ဂိုဏ်းကို ဆရာလုပ်ပြီးနေတဲ့ အင်မတန်စာတတ်တဲ့ ပုဂ္ဂိုလ်ကြီးတပါးဘဲ၊ သူ့ရဲ့ တပည့်ပေါင်း သုံးသောင်းက ရဟန္တာတွေဖြစ်လို့ သူက ရဟန္တာမဖြစ်သေးဘူး၊ ဒီတော့ သူ တရားအားထုတ်လိုက်ရင် လွယ်လွယ်ကလေးနဲ့ ရလိမ့်မယ် အောက်မေ့ပြီးနေတုန်း တနေ့တော့ တပည့်တပါးရဲ့ လျှောက်ထားချက်နဲ့ ပတ်သက်ပြီး တရားအားထုတ်တယ် "သီတင်းကျွတ်ရင် ဝိသုဒ္ဓိပဝါရဏာ ပြုမယ်" ဆိုပြီးတော့။ အဲသလို တရားအားထုတ်ပေမဲ့ အရဟတ္တဖိုလ် မပေါက်ဘူး, တရားမရဘူး။ အဲဒါ နှစ်ပေါင်း ဘယ်လောက်ကြာသလဲလို့ဆိုတော့ အနှစ်သုံးဆယ်ကြာတယ်၊ အနှစ် သုံးဆယ်ကြာလို့ တရားမရဘူး။

အနှစ်နှစ်ဆယ် အစိတ်ကျော်လို့မှ တရားအားထုတ်လို့ တရားမရရင် စိတ်ပျက်ဘို့ မကောင်းဘူးလား။ (စိတ်ပျက်ဘို့ ကောင်းပါတယ်ဘုရား)။

မပျက်ဘူး ရှေးသူတော်ကောင်းတွေ၊ အခု ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများက ဘယ်လို ဖြစ်နေသလဲလို့ ဆိုတော့ မြတ်စွာဘုရား ဟောထားတဲ့ ဝိပဿနာ လုပ်ငန်းစဉ်တွေကို ပါဠိတော်တွေနဲ့တိုက်ပြီး ဟောပေးလိုက်တယ်ဆိုတော့ ခက်လိုက်တာ ဒီ ဝိပဿနာတွေကလို့ လွယ်တာ ကြိုက်နေကြတယ်။ ဒီတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ဟောတော်မူတဲ့ ဒီတရားတွေကို ခက်ရင် ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီး တွေက လုံ့လဝီရိယနဲ့ ဇွဲနဲ့ သတ္တိနဲ့ လူစွမ်းကောင်းတွေဘဲ၊ ခက်တယ်ဆိုတဲ့ ဒီတရားကို ငါ မသိ သိအောင် ကြိုးစားမဟဲ့လို့ ဆိုတဲ့ သတ္တိမျိုး ထားဘို့ မကောင်းဘူးလား။ (ကောင်းပါတယ်ဘုရား)။

ခုတော့ ဒီလိုမဟုတ်ဘူး၊ ခက်တယ်ဆိုပြီး လွယ်တဲ့နေရာကို ရှာကြပြန်တယ်။

မဟာသိဝမထေရ်ကြီး နှစ်ဆဲ့ငါးနှစ် ရှိနေပြီ၊ တရားရရဲ့လား။ (မရပါဘုရား)။

ဟာ ဒီတရား ခက်လှတယ် ဆိုပြီး နောက်ပြန်သွားဘို့ မကောင်းဘူးလား။ (ကောင်းပါတယ်ဘုရား)။

ပြန်ရဲ့လား။ (မပြန်ပါဘုရား)။

ရှေး သူတော်ကောင်းကြီးတွေ, ရှေးက အရှင်ကောင်း အရှင်မြတ်ကြီးတွေဟာ အလုပ်လုပ်မိပြီဆိုရင်, ဝိပဿနာလုပ်ငန်းကို ဝင်မိပြီဆိုရင် ဘယ်တော့မှ နောက်မပြန်ဘူး။ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ဝိပဿနာ လုပ်ငန်းကို ဝင်ပြီးပြီ မဟုတ်လား။ (ဝင်ပြီးပါပြီဘုရား)။

ဘယ်လောက် ဝင်လိုက်သလဲ၊ ဝိပဿနာလုပ်ငန်း ဝင်ပြီးတော့ ဘယ့်နှယ်လဲ၊ နောက်ပြန်လာသေးသလား, မပြန်ဘူးလား။ (ပြန်ပါတယ်ဘုရား)။

မဟာသီဝမထေရ်ကြီးကတော့ မပြန်ဘူး။ အနှစ် ၂၅-နှစ် ရှိနေပြီ တရားအားထုတ်တာ တရားမရဘူး၊ စိတ်ပျက်ပြီးတော့ နောက်ပြန်သွားဘို့ မကောင်းဘူးလား။ (ကောင်းပါတယ်ဘုရား)။

ပြန်သွားသလား-သူ။ (မပြန်ပါဘုရား)။

ဟိုမှာ ၂၅-နှစ်တောင် တရားမရသေးဘူး, စိတ်မပျက်ဘူး၊ ဘုန်းကြီးတို့ ပရိသတ် ၁၅-ရက်လောက် တရားအားထုတ်လို့ တရားမရသေးရင် ဘယ့်နှယ်လဲ၊ စိတ်ပျက်ပြီးတော့ ရိပ်သာတခု ပြောင်းသွားပြန်ရော မဟုတ်လား။ (မှန်ပါဘုရား)။

ဘာဖြစ်လို့ ဘုန်းကြီးတို့ ဒီအကြောင်း ပြောသလဲ၊ ဘုန်းကြီး ဒီအကြောင်းပြောတဲ့ ရည်ရွယ်ချက်က ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ဝိပဿနာလုပ်ငန်း လုပ်တဲ့အခါမှာ ဘယ်ဌာနမှာဘဲလုပ်လုပ် ကိုယ့်လုပ်တဲ့ ဌာနကနေပြီးတော့ စိတ်မပျက်ဘို့ကို ပြောနေတာ၊ ဟုတ်လား။ (မှန်ပါဘုရား)။

မိမိတို့လုပ်နေကျ ဆရာသမားနဲ့ မိမိလုပ်နေတဲ့အလုပ်ကနေပြီးတော့ ဘယ်တော့မှ စိတ်မပျက်နဲ့၊ မိမိလုပ်နေတဲ့ ဌာနက စိတ်ပျက်ပြီးတော့ ဘယ်တော့မှ မလာခဲ့ကြနဲ့၊ ဒီတပတ် တရားမရရင် နောက်တပတ် ရလိမ့်မယ်။ ဟုတ်ပလား။ (မှန်ပါဘုရား)။

မဟာသီဝမထေရ်ကြီး ၂၅-နှစ်ကြာတာတောင် တရားမရသေးဘူး, ပြန်သွားသလား, တရားရသလား။ (မရပါဘုရား)။

ဆက် အားထုတ်တုန်း။ ၂၆-နှစ် ကျပြီကွဲ့၊ ရပလား။ (မရပါဘုရား)။

တရားမရရင် မဟာသီဝမထေရ်ကြီးက သီတင်းကျွတ်လပြည့်နေ့ ရောက်ရင်းမျက်ရေကျရင်း၊ ဘာဖြစ်လို့ မဟာသီဝမထေရ်ကြီး ငိုရသလဲ၊ တရားမရလို့နော်။ (မှန်ပါဘုရား)။

အဲဒီလို ငိုတယ်ဆိုတာ ဒေါမနဿဝေဒနာဘဲ၊ အဲဒီ ဒေါမနဿ ဝေဒနာကို အခြေခံထားပြီးတော့ ဘာလဲဟဲ့ ဆိုပြီး တရား အားထုတ်လိုက်တာ ၂၇-နှစ်ကျပြီ၊ ရပလား။ (မရသေးပါဘုရား)။

၂၈-နှစ် ရှိပြီ၊ ရပလား။ (မရသေးပါဘုရား)။

၂၉-နှစ်မြောက်တဲ့ ဝါမှာ ငိုပြန်ရော၊ ငိုတော့ အနားက နတ်သမီးတယောက်က အနားမှာ သူကလဲ ငိုတယ်၊ မဟာသီဝမထေရ်ကြီးက ငိုရင်း နတ်သမီးကလဲ ငိုရင်း, မထေရ်ကြီးက ငိုရင်း နတ်သမီးက ငိုရင်းဘဲ၊ အဲဒီတော့ မဟာသီဝမထေရ်

ကြီးက ဟဲ့ ငိုနေတာ ဘယ်သူလဲ၊ တပည့်တော်မ ငိုတာပါ၊ ဘာဖြစ်လို့ ငိုသလဲ၊ ငိုလို့ မဂ်ဉာဏ် ဖိုလ်ဉာဏ်များ ရမလားလို့ ဆိုပြီး တပည့်တော်မ ငိုတာပါတဲ့၊ ဒီတော့ "ဟဲ့သိဝ" မဟာသိဝမထေရ်ကြီးက သူ့ကိုယ်သူ "ဟဲ့သိဝမထေရ် နင့်ကို နတ်တွေကတောင်မှ သရော်ကုန်ကြပြီ၊ ကြိုးစားအားထုတ်ဟဲ့" ဆိုပြီး ကြိုးစား အားထုတ်တာ အနှစ် ၃၀ မြောက်တဲ့ဝါ သီတင်းလဲ ကျွတ်ကရော မဟာသိဝ မထေရ်ကြီး အရဟတ္တဖိုလ်ပေါက် ရဟန္တာပုဂ္ဂိုလ်အဖြစ်သို့ ရောက်သွားတယ်။

အနှစ် ၃၀-လုံးလုံး ရေမချိုးဘူးတဲ့၊ ကြည့်စမ်း ခြေထောက်တောင် မဆေး ဘူး၊ အနှစ် ၃၀-လုံးလုံး တခါမှ ကျောခင်း မအိပ်ဘူး၊ ညောင်စောင်းကြီးကို တခါထဲ ထောင်ထားတယ်။ ဘယ့်နှယ်လဲ ဘုန်းကြီးတို့ ပရိသတ် ဝိပဿနာ တရားအားထုတ်တာ အနှစ်သုံးဆယ်လုံးလုံး မဟာသိဝမထေရ်ကြီး ဘယ်နှစ်ခါ ကျောခင်းပြီး အိပ်ခဲ့သလဲ။ (တခါမှ မအိပ်ပါဘုရား)။

ဘုန်းကြီးတို့ ပရိသတ် ၁၅-ရက်လောက် ရိပ်သာသွားပြီး ဝိပဿနာလုပ်ငန်း ဝင်ရင် ဘယ်နှစ်ခါ အိပ်ခဲ့သလဲ၊ သွားကထဲက အိပ်ရာလိပ်နဲ့ကိုး၊ ဟုတ်လား။ (မှန်ပါဘုရား)။

တရားတော် ဆိုတာ ဒီအကြောင်းကို ဘုန်းကြီး ပြောပေးနေတာ ဘာဖြစ် လို့လဲ၊ ဘုန်းကြီးတို့ ပရိသတ်က တရားတော်ကို ပါဠိတော်မှူနဲ့ ချပေးလိုက်ရင် ခက်တယ် ခက်တယ်နဲ့ ညည်းလွန်းလို့ မဟာသိဝမထေရ်ကြီး စာပေအင်မတန် တတ်တဲ့ ပုဂ္ဂိုလ်ကြီး ဘယ်လောက် ခက်နေသလဲ ကြည့်စမ်း၊ အနှစ် သုံးဆယ် လုံးလုံး ခက်မနေဘူးလား။ (ခက်နေပါတယ်ဘုရား)။

မအိပ်ခဲ့ဘူး၊ အဲဒါ သက်သေယူဘို့အတွက် ဘုန်းကြီး ထည့်ပြောပေးတာ၊ မအိပ်ခဲ့ဘူး, စိတ်မပျက်ခဲ့ဘူး, တရားရအောင် အားထုတ်တော့ ဒေါမနဿ ဝေဒနာတော့ ဖြစ်လာတယ်၊ အဲဒီ ဒေါမနဿ ဝေဒနာကို အမှီပြုပြီးတော့ တရားအားထုတ်သွားတာ တရားမရဘူးလား။ (ရပါတယ်ဘုရား)။

သူမှာ ဖြစ်တဲ့ ဒီ ဒေါမနဿဝေဒနာက ဝိပဿနာဉာဏ်ကို မှီပြီးတော့ "ဘယ် တော့များမှ ငါ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရပါ့မလဲ" လို့ ဆိုတဲ့ အဲဒီ ဒေါမနဿဝေဒနာ မျိုးသည် ဝိပဿနာဉာဏ်ကို မှီပြီးတော့ဖြစ်တဲ့ ဒေါမနဿဝေဒနာ ဖြစ်ခြင်း ကြောင့် အဲဒီဝေဒနာမျိုး ဘယ့်နှယ်လုပ်ရမလဲ၊ မှီဝဲရမဲ့ဝေဒနာမျိုး၊ ဟုတ်ပလား၊ (မှန်ပါ ဘုရား)။

ဒေါမနဿဝေဒနာ ပြီးသွားပြီနော် (မှန်ပါ ဘုရား)။

တတ္ထ ယံ ဇညာ ဒေါမနဿံ "ဣမံ ခေါ မေ ဒေါမနဿံ သေဝတော အကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ကုသလာ ဓမ္မာ အဘိဝဍ္ဎန္တိ"တိ ဧဝရူပံ ဒေါမနဿံ သေဝိတဗ္ဗံ။ သက္ကပဥှသုတ်က။

ဒီ ဒေါမနဿဝေဒနာကို အမှီပြုပြီးတော့ အကုသိုလ်တွေဆုတ်ယုတ်ပြီး ကုသိုလ်တွေ မတိုးပွါးဘူးလား (တိုးပွါးပါတယ် ဘုရား)။

အဲဒီ ဒေါမနဿဝေဒနာကို လိုက်ရမယ်, မှီဝဲရမယ်။ နေက္ခမ္မသိတ ဒေါမနဿ ဝေဒနာမျိုးတဲ့, ဝိပဿနာနဲ့ တွဲပြီးဖြစ်တဲ့ ဒေါမနဿဝေဒနာမျိုးတဲ့၊ ဒါ လိုက်ရမဲ့ ဒေါမနဿဝေဒနာ, အားထုတ်ရမဲ့ ဒေါမနဿဝေဒနာ။ အခု ပြောခဲ့တဲ့ ဒေါမနဿ ဝေဒနာကတော့ဖြင့် မှီဝဲရမဲ့ ဒေါမနဿဝေဒနာနော် (မှန်ပါ ဘုရား)

ကိုင်း ဥပေက္ခာဝေဒနာ သွားကြမယ်နော် (မှန်ပါ)။

**ဥပေက္ခာဝေဒနာ ၂-မျိုး။** ။ဥပေက္ခာဝေဒနာလို့ဆိုတော့ ထို့အတူဘဲ ဥပေက္ခာဝေဒနာကလဲ မှီဝဲသင့်တဲ့ ဥပေက္ခာဝေဒနာ, မမှီဝဲသင့်တဲ့ ဥပေက္ခာဝေဒနာလို့ နှစ်မျိုးရှိတယ်လို့ သက္ကပဥှသုတ်မှာ ဟောခဲ့ပြီးပြီ၊ မမှီဝဲသင့်တဲ့ ဥပေက္ခာဝေဒနာမျိုးဟာ ဘယ်လိုဟာမျိုးလဲ၊ အကုသိုလ်တွေတိုးပွါးပြီးတော့ ကုသိုလ်တွေ ဆုတ်ယုတ်မယ်ဆိုတဲ့ ဥပေက္ခာ ဝေဒနာမျိုးကို မမှီဝဲရဘူး။ ဘယ်လို ဥပေက္ခာ ဝေဒနာမျိုးလဲဆိုတော့ ဥပရိပဏ္ဏာသပါဠိတော် သဠာယတနဝိဘင်္ဂသုတ်က ပြပေးတယ် မမှီဝဲရတဲ့ ဥပေက္ခာဝေဒနာမျိုး၊ ဘယ်လို ပြောသလဲ—

**မမှီဝဲရ ဥပေက္ခာ ၆-မျိုး။** ။တတ္ထ ကတမာ ဆ ဂေဟသိတာ ဥပေက္ခာ။ ဂေဟသိတ ဥပေက္ခာဆိုတာ ၆-မျိုးရှိတယ်တဲ့၊ ဂေဟသိတ-ဥပေက္ခာဆိုတာ မမှီဝဲရဘူးတဲ့။

အဲဒါက ဘာတွေလဲ—

စက္ခုနာ ရူပံ ဒိသွာ သောတေန သဒ္ဒံ သုတွာ ဃာနေန ဂန္ဓံ ဃာယိတွာ ဇိဝှါယ ရသံ သာယိတွာ ကာယေန ဖောဋ္ဌဗ္ဗံ ဖုသိတွာ မနသာ ဓမ္မံ ဝိညာယ ဥပ္ပဇ္ဇတိ ဥပေက္ခာ ဗာလဿ မူဠှဿ ပုထုဇ္ဇနဿ အနောဓိဇိနဿ အဝိပါကဇိနဿ အနာဒီနဝဒဿာဝိနော အဿုတဝတော ပုထုဇ္ဇနဿ ယာ ဧဝရူပါ ဥပေက္ခာ ရူပံ။ပ။ ဓမ္မံ သာ နာတိဝတ္တတိ၊ တသ္မာ သာ ဥပေက္ခာ ဂေဟသိတာတိ ဝုစ္စတိ။

မမှီဝဲရတဲ့ ဂေဟသိတ ဥပေက္ခာ ၆-မျိုးကို ဒီလို ဟောပေးလိုက်တယ်။ ပါဠိတော်က—

စက္ခုနာ၊ မျက်စိဖြင့်။ ရူပံ၊ ရူပါရုံကို။ ဒိသွာ၊ မြင်သည်ရှိသော်။ (တမျိုး) သောတေန၊ နားဖြင့်။ သဒ္ဒံ၊ သဒ္ဒါရုံကို။ သုတွာ၊ ကြားသည်ရှိသော်။ ဃာနေန၊ နှာခေါင်းဖြင့်။ ဂန္ဓံ၊ ဂန္ဓာရုံကို။ ဃာယိတွာ၊ နမ်းရှူမိသည်ရှိသော်။ ဇိဝှါယ၊ လျှာဖြင့်။ ရသံ၊ ရသာရုံကို။ သာယိတွာ၊ စားသည်, လျက်သည် ရှိသော်။ ကာယေန၊ ကိုယ်ဖြင့်။ ဖောဋ္ဌဗ္ဗံ၊ ဖောဋ္ဌဗ္ဗာရုံကို။ ဖုသိတွာ၊ တွေ့ထိသည် ရှိသော်။ မနသာ၊ စိတ်ဖြင့်။ ဓမ္မံ၊ ဓမ္မာရုံကို။ ဝိညာယ၊ သိ၍။ ဗာလဿ၊ မိုက်သော။ မူဠှဿ၊ တွေဝေသော။ အနောဓိဇိနဿ၊ ကိလေသာတည်းဟူသော အပိုင်းအခြားကို မအောင်မြင်သေးသော။ အဝိပါကဇိနဿ၊ ပဋိသန္ဓေနေခြင်းဟု ဆိုအပ်သော အပိုင်းအခြားတည်းဟူသော ဝိပါက်ကို မအောင်မြင်သေးသော။ အဿုတဝတော၊ အကြားအမြင်မရှိသော။ အနာဒီနဝဒဿာဝိနော၊ ရူပ သဒ္ဒ-စသည့် အာရုံတွေကို အပြစ်ဟုရှုလေ့မရှိသော။ ပုထုဇ္ဇနဿ၊ များလှစွာသော ကိလေသာတွေ ဖြစ်ခွင့်ရှိ၍ နေပေသော ပုထုဇဉ် ပုဂ္ဂိုလ်၏ သန္တာန်၌။ ဥပေက္ခာ၊ ဥပေက္ခာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်လေတော့၏။ သာဥပေက္ခာ၊ ထိုဥပေက္ခာသည်။ ရူပံ၊ ရူပါရုံကို။ သဒ္ဒံ၊ သဒ္ဒါရုံကို။ ဂန္ဓံ၊ ဂန္ဓာရုံကို။ ရသံ၊ ရသာရုံကို။ ဖောဋ္ဌဗ္ဗံ၊ ဖောဋ္ဌဗ္ဗာရုံကို။ ဓမ္မံ၊ ဓမ္မာရုံကို။ နာတိဝတ္တတိ၊ မလွန်မြောက်နိုင်။ (ဒီဥပေက္ခာမျိုးဟာ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံကို မလွန်မြောက်နိုင်ဘူးတဲ့)။ တသ္မာ၊ ထို့ကြောင့်။ သာ ဥပေက္ခာ၊ ထိုကဲ့သို့သော ဥပေက္ခာမျိုးကို။ ဂေဟသိတာတိ၊ ကာမဂုဏ်ကိုမှီသော ဥပေက္ခာဟူ၍။ ဝုစ္စတိ၊ ဆိုရပေတော့၏။

**အညာဏုပေက္ခာ။** ။အမိပ္ပါယ် ပြောအုံးမယ်၊ ကာမဂုဏ်ချမ်းသာကို မှီတဲ့ ဥပေက္ခာတဲ့ ဒီဥပေက္ခာမျိုးက၊ စက္ခုနဲ့ ရူပါရုံကိုမြင်တယ်, သောတနဲ့ သဒ္ဒါရုံကိုကြားတယ်, ဃာနနဲ့ ဂန္ဓာရုံကို နံတယ်, ဇိဝှါနဲ့ ရသာရုံကို စားတယ်, ကာယနဲ့ ဖောဋ္ဌဗ္ဗာရုံကို ထိတွေ့တယ်, မနနဲ့ ဓမ္မာရုံကိုသိတယ်၊ အဲဒီ အခါမှာ အသုတဝါ ပုထုဇဉ်ဖြစ်တဲ့ ပုထုဇဉ်ပုဂ္ဂိုလ်မှာ, ကိလေသာတည်းဟူသော အပိုင်းအခြားကို မအောင်မြင်ရသေးတဲ့ အန္ဓဗာလ ပုထုဇဉ်ပုဂ္ဂိုလ်မှာ ဥပေက္ခာ ဝေဒနာ ဖြစ်တယ်၊ အဲဒီဥပေက္ခာသည် အညာဏုပေက္ခာ မည်ပါတယ်တဲ့၊ ဉာဏ်မရှိတဲ့ ဥပေက္ခာ=**အညာဏုပေက္ခာ**။

ဒီတော့ဘုန်းကြီးတို့ အမျိုးကောင်းသား,အမျိုးကောင်းသမီးများ မျက်လုံးနဲ့ ရူပါရုံကို မြင်တိုင်း မြင်တိုင်း ဥပေက္ခာတွေ ဖြစ်နေတယ်။ အခု ဘုန်းကြီးတရား ဟောတာကို ကြားနေတိုင်း ကြားနေတိုင်းလဲဘဲ ဥပေက္ခာတွေ ဖြစ်နေတယ်၊ ဥပေက္ခာ ဝေဒနာတွေဆိုတာ ကိုယ်က သိသိ,မသိသိ အမြဲဖြစ်နေတယ်။ အဲဒီ ဥပေက္ခာက ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံကို မှီပြီးတော့ ကိလေသာ တည်းဟူသော အပိုင်းအခြားကို မလွန်မြောက်သေးတဲ့ ပုထုဇဉ်

သန္တာန်မှာ ဖြစ်တဲ့ ဥပေက္ခာ ဖြစ်ခြင်းကြောင့် ဝိပဿနာဉာဏ်နဲ့ မယှဉ်တဲ့တဲ့ အဘွက် ဒီဥပေက္ခာသည် ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံ ဆိုတဲ့ အာရုံကို မလွန်ဆန်နိုင်တဲ့ ဥပေက္ခာ။

**မမှီဝဲသင့် ဥပေက္ခာ။** ။ဥပမာ ဘယ့်နှယ် ပြသလဲဆိုတော့ တင်လဲခဲမှာ ယင်ကောင် ကပ်နေဘိသကဲ့သို့ ဘဲတဲ့၊ ပန္နက်ဆိတ်ကလေးတွေ ထန်းလျက်ခဲနား ဝိုင်းပြီးတော့ မခွါနိုင်ဘိသကဲ့သို့ အဲဒီ ဥပေက္ခာသည် ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံကို မလွန်ဆန်နိုင်သည်ဖြစ်သောကြောင့် ဒီဥပေက္ခာမျိုးကို ဂေဟသိတ-ကာမဂုဏ်ကိုမှီတဲ့ ဥပေက္ခာမျိုးလို့ ခေါ်ပါတယ်။ အဲဒီ ဥပေက္ခာသည် မမှီဝဲရမဲ့ ဥပေက္ခာဘဲ။

**မှီဝဲသင့် ဥပေက္ခာ။** ။ဥပေက္ခာဝေဒနာမှာ နောက် ဘာပြောရမလဲ၊ မှီဝဲရမဲ့ ဥပေက္ခာဝေဒနာကို ပြောဦးမယ်။

မှီဝဲရမဲ့ ဥပေက္ခာဝေဒနာက ဘာတဲ့လဲ—

> ရူပါနံတွေဝ အနိစ္စတံ ဝိဒိတွာ သဒ္ဒါနံတွေဝ ဂန္ဓာနံတွေဝ ရသာနံ-တွေဝ ဖောဋ္ဌဗ္ဗာနံတွေဝ ဓမ္မာနံတွေဝ အနိစ္စတံ ဝိဒိတွာ ဝိပရိဏာမဝိရာ-ဂနိရောဓံ "ပုဗ္ဗေစေဝ ရူပါ သဒ္ဒါ ဂန္ဓာ ရသာ ဖောဋ္ဌဗ္ဗာ ဓမ္မာ စေတရဟိ စ၊ သဗ္ဗေ တေ ရူပါ သဒ္ဒါ ဂန္ဓာ ရသာ ဖောဋ္ဌဗ္ဗာ ဓမ္မာ အနိစ္စာ ဒုက္ခာ ဝိပရိဏာမဓမ္မာ"တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ပဿတော ဥပ္ပဇ္ဇတိ ဥပေက္ခာ၊ ယာ ဧဝရူပါ ဥပေက္ခာ ရူပံ။ပ။ဓမ္မံ သာ အတိဝတ္တတိ၊ တသ္မာ သာ ဥပေက္ခာ နေက္ခမ္မသိတာတိ ဝုစ္စတိ။

ပါဠိတော်က ရုပ်တရားတွေရဲ့ မမြဲခြင်းဆိုတဲ့ တရားကို ဝိပဿနာရှုပြီးတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ဝိပဿနာရှုနေတဲ့ အခါမှာ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံလို့ ဆိုတဲ့ အာရုံတွေနဲ့ ပတ်သက်ပြီးတော့, အဲဒီအာရုံခြောက်ပါးနဲ့ ပတ်သက်ပြီးတော့ ဥပေက္ခာဝေဒနာ ပေါ်လာတယ်။ ပေါ်လာတဲ့ အခါကျတော့ အဲဒီဥပေက္ခာဝေဒနာက ဘယ်လိုလဲ၊ "ဪ— အခု ငါရှုနေတဲ့ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံတွေသည် အနိစ္စ=မမြဲဘူး, ရှေးကဖြစ်ပေါ်ဘူးတဲ့ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ စသည်တို့လဲ မမြဲဘူး, အလုံးစုံသော ရုပ်တရား ဝေဒနာတရား သညာတရား သင်္ခါရတရား ဝိညာဉ်တရားလို့ ဆိုတဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် မမြဲဘူး"လို့ အနိစ္စလက္ခဏာတင်ပြီးတော့ ရှုနေတဲ့ ပုဂ္ဂိုလ်၏သန္တာန်မှာ ဖြစ်ပေါ်တဲ့ ဥပေက္ခာဝေဒနာကတော့ဖြင့် ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံလို့ ဆိုတဲ့ အာရုံကို သူက လွန်မြောက်သွားသည် ဖြစ်သောကြောင့် အဲဒီလို ဥပေက္ခာမျိုး

ကိုတော့ ဝိပဿနာဉာဏ်ကို မှီပြီးတော့ဖြစ်တဲ့ နေက္ခမ္မသိတဥပေက္ခာမျိုးလို့ ခေါ်ပါတယ်တဲ့။ စုံသွားပြီ။

## ဝေဒနာကို ဝေဒနာဖြင့် ပယ်ပုံပယ်နည်း

အဲဒီတော့ ဝိပဿနာဉာဏ်နဲ့ တွဲပြီးဖြစ်တဲ့ ဥပေက္ခာမျိုးက မှီဝဲရမဲ့ ဥပေက္ခာ၊ ရှုရမဲ့ဥပေက္ခာ၊ လိုက်ရမဲ့ဥပေက္ခာလို့ဆိုတော့ မျိုးစုံသွားရော၊ စုံသွားတော့ ဒီဝေဒနာတွေ၊ သောမနဿဝေဒနာ၊ ဒေါမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာတွေဟာ ခြောက်မျိုးဖြစ်နေတယ်။ ခြောက်မျိုးက ဘာတွေလဲ—

ကာမဂုဏ်ကိုမှီတဲ့ သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာဝေဒနာ၊ ဝိပဿနာကိုမှီတဲ့ သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာဝေဒနာလို့ ဒီလို ခြောက်မျိုးရှိတယ်။ အဲဒီ ဝေဒနာတွေကို ဘုန်းကြီးတို့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများ ဒီလိုဘဲ ထားရတော့မလား၊ ဒီဝေဒနာတွေကို ဒီလိုဘဲ ကြည့်နေရတော့မလားလို့ ဆိုတော့ မဟုတ်ဘူးတဲ့ မြတ်စွာဘုရားက။

အဲဒီ ဝေဒနာတွေကို ပယ်ပစ်ရမယ်တဲ့၊ ဘာနဲ့ပယ်ပစ်ရမလဲ၊ ဂေဟသိတ သောမနဿဝေဒနာလို့ ဆိုတာ ဘုန်းကြီးတို့ ပရိသတ် လက်ခံထားရမလား၊ ပယ်ပစ်ရမလား　(ပယ်ပစ်ရမယ် ဘုရား)။

ဘာနဲ့ ပယ်ရမလဲဆိုတော့ မြတ်စွာဘုရားက ဝေဒနာအားလုံး ပယ်နည်းကို ဟောမယ်။ ဘယ်လို ပယ်သလဲ ပယ်နည်း။ နောက်အပတ်ကလဲ ဘုန်းကြီး ပြောခဲ့တယ်၊ အခုအပတ်မှာလဲ ဝေဒနာတွေကို ဝေဒနာချင်း ပယ်တဲ့နည်းကို ဟောမယ်လို့ဆိုတော့ အဲဒီဝေဒနာတွေကို ဝေဒနာနဲ့ဘဲ ပယ်ရမယ်တဲ့၊ ဘာနဲ့ ပယ်ရမလဲ　(ဝေဒနာနဲ့ ပယ်ရမယ်ဘုရား)။

**တိုက်တွန်းချက်နဲ့ ရည်ရွယ်ချက်။**　။ဝိပဿနာလုပ်ငန်းကို ကြိုးစားအားထုတ်နေတဲ့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေကို ဘုန်းကြီး စောစောကလဲ ပြောထားပါတယ်၊ “ဒါ ပါဠိတော်နဲ့ ရေလောင်းပေးနေတာ မြေတောင်မြှောက်ပေးနေတာ။ မူဘာခု ထွင်ပေးနေတာ မဟုတ်ဘူး”လို့၊ ဘုန်းကြီးတို့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများ အားထုတ်နေတဲ့ တရားကို ပါဠိတော်နဲ့ ရေလောင်းပေးနေတာ၊ မြေတောင်မြှောက်ပေးနေတာ။ အားထုတ်ပြီးသား တရားတွေကို ဘုန်းကြီးက ဖျက်ပစ်နေတာ မဟုတ်ဘူး၊ ပါဠိတော်တွေကို ဘုန်းကြီးတို့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများ နှလုံးသွင်းတတ်ပါစေလို့၊ “ဒို့ အားထုတ်နေတဲ့တရားကို ဒီ ပါဠိတော်တွေနဲ့ ဒီ ဘုန်းကြီးက တိုက်ဖျက်နေတာလား”လို့ အဲဒီလို မစွပ်စွဲနဲ့နော်၊ မဟုတ်ဘူး၊ ဘုန်းကြီးတို့ အမျိုးကောင်းသား၊ အမျိုးကောင်း

သမီးများ ကြိုက်တဲ့ ရိပ်သာမှာ ကြိုက်တဲ့ ဆရာသမားနဲ့ သွားအားထုတ်ပါ။ အဲဒီ အားထုတ်ပြီးသားဖြစ်တဲ့တရားတွေကို ပါဠိတော်နဲ့ ရှေလောင်းပေးနေတာ၊ မြေတောင်မြှောက်ပေးနေတာ။ ပညာစခန်းမရောက်သေးရင် ရောက်အောင် သွားကြပါ၊ ရောက်ပြီးသားဖြစ်ရင် တိုးပွါးအောင် လုပ်ကြပါ။ အဲဒီလိုရည်ရွယ်ချက်နဲ့ ဒီ ပါဠိတော်ကြီးတွေကို ဟောပေးနေတာပါ။

**သောမနဿချင်းပယ်နည်း။** ။အဲဒီ ဝေဒနာကို ဘာနဲ့ပယ်ရမလဲလို့ ဆိုတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဟောပြီ၊ ဘယ်လိုဟောသလဲလို့ဆိုတော့ သေသေချာချာ ဂရုစိုက်ပြီး တရားနာကြပါ၊ ပယ်ပုံကို မြတ်စွာဘုရားဟောပုံက—

တတြ ဘိက္ခဝေ ယာနိ ဆ နေက္ခမ္မသိတာနိ သောမနဿာနိ၊ တာနိ နိဿာယ, တာနိ အာဂမ္မ, ယာနိ ဆ ဂေဟသိတာနိ သောမနဿာနိ၊ တာနိ ပဇဟထ၊ တာနိ သမတိက္ကမထ၊ ဧဝမေတေသံ ပဟာနံ ဟောတိ၊ ဧဝမေတေသံ သမတိက္ကမော ဟောတိ။

ဘိက္ခဝေ၊ ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများ အားထုတ်၍နေကြကုန်သော အို အမျိုးကောင်းသား, အမျိုးကောင်းသမီးများ အပေါင်းတို့။ တတြ၊ ထိုဂေဟသိတဝေဒနာ, နေက္ခမ္မသိတဝေဒနာဆိုတဲ့ ဝေဒနာနှစ်မျိုးတို့တွင်။ ဆ၊ ခြောက်ပါးကုန်သော။ နေက္ခမ္မသိတာနိ၊ ဝိပဿနာဉာဏ်ကို မှီကုန်သော။ ယာနိ သောမနဿဝေဒနာနိ၊ အကြင် သောမနဿဝေဒနာတို့သည်။ အတ္ထိသန္တိ၊ ရှိကုန်၏။ တာနိ၊ ထိုဝိပဿနာဉာဏ်ကိုမှီတဲ့ သောမနဿဝေဒနာတို့ကို။ နိဿာယ၊ အမှီပြု၍။ တာနိ၊ ထိုဝေဒနာတို့ကို။ အာဂမ္မ၊ အစွဲပြု၍။ ဆ၊ ခြောက်ပါးကုန်သော။ ဂေဟသိတာနိ၊ ကာမဂုဏ်ကို မှီကုန်သော။ ယာနိသောမနဿဝေဒနာနိ၊ အကြင် သောမနဿဝေဒနာတို့သည်။ အတ္ထိသန္တိ၊ ရှိကုန်၏။ တာနိ၊ ထိုဂေဟသိတ သောမနဿဝေဒနာတို့ကို။ ပဇဟထ၊ ပယ်စွန့်ကြကုန်လော့။ တာနိ၊ ထို ဂေဟသိတ သောမနဿဝေဒနာတို့ကို။ သမတိက္ကမထ၊ လွန်မြောက်ကြကုန်လော့။ ဧဝံ၊ ဤသို့ ဝိပဿနာနှင့်ယှဉ်သော နေက္ခမ္မသိတ သောမနဿဝေဒနာဖြစ်ခြင်းဖြင့်။ ဧတေသံ၊ ထိုဂေဟသိတဖြစ်တဲ့ သောမနဿဝေဒနာတို့ကို။ ပဟာနံ၊ ပယ်ခြင်းသည်။ သမတိက္ကမော၊ လွန်မြောက်ခြင်းသည်။ ဟောတိ၊ ဖြစ်လေတော့၏။

ပါဠိတော်က ပယ်နည်းကို အဲဒီလိုပြတယ်။ အဓိပ္ပါယ်က—

ချစ်သားတို့တဲ့–သင်တို့မှာဖြစ်နေတဲ့, ကာမဂုဏ်ကို အမှီပြုပြီးတော့ ဖြစ်တဲ့ ဂေဟသိတ သောမနဿဝေဒနာကို, ဝိပဿနာဉာဏ်ကို အမှီပြုပြီးတော့ ဖြစ်တဲ့ နေက္ခမ္မသိတ သောမနဿဝေဒနာကို ဖြစ်စေသောအားဖြင့် ဂေဟသိတ သော-

မနသာဝေဒနာတွေကို ပယ်ပါတဲ့၊ သင်ချစ်သား ချစ်သမီးတို့ရဲ့ သန္တာန်မှာ ဝိပဿ-နာနဲ့တွဲပြီးတော့ဖြစ်တဲ့ သောမနဿဝေဒနာဖြစ်လာရင် ကာမဂုဏ်ကို အမှီပြုပြီး တော့ဖြစ်တဲ့ သောမနဿဝေဒနာကို ပယ်ပြီးသား ဖြစ်သွားရောတဲ့၊ ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ဝေဒနာ ဝေဒနာ ချင်း ပယ်ပုံဟာ မလွယ်ဘူးလား။ (လွယ်ပါတယ်ဘုရား)။

ကိုယ့်သန္တာန်မှာ ဂေဟသိတ သောမနဿ=ကာမဂုဏ်တဏှာနဲ့ တွဲပြီးတော့ ဖြစ်တဲ့ သောမနဿဝေဒနာတွေ ဖြစ်နေရင် ဘာနဲ့ ဖျက်ပစ်ရမလဲ၊ နေက္ခမ္မသိတ သောမနဿဝေဒနာလို့ဆိုတဲ့ ဝိပဿနာနဲ့တွဲပြီးဖြစ်တဲ့ သောမနဿဝေဒနာကို အားထုတ်လိုက်သောအားဖြင့် ဂေဟသိတ သောမနဿဝေဒနာတွေ ကုန်မသွား ဘူးလား။ (ကုန်သွားပါတယ်ဘုရား)။

ပျောက်မသွားဘူးလား။ (ပျောက်သွားပါတယ်ဘုရား)။

လွန်မြောက်မသွားဘူးလား။ (လွန်မြောက်သွားပါတယ်ဘုရား)။

**ဒေါမနဿချင်းပယ်နည်း။**　။ပါဠိတော်တွေက ဒီအတိုင်းဘဲနော်။ (မှန်ပါ)။ နောက် ဘာဟောသလဲ—

တတြ ဘိက္ခဝေ ယာနိ ဆ နေက္ခမ္မသိတာနိ ဒေါမနဿာနိ၊ တာနိ နိဿာ-ယ,တာနိ အာဂမ္မ,ယာနိ ဆ ဂေဟသိတာနိ ဒေါမနဿာနိ,တာနိ ပဇဟထ၊ တာနိ သမတိက္ကမထ။ ဧဝမေတေသံ ပဟာနံ ဟောတိ၊ ဧဝမေတေသံ သမတိက္ကမော ဟောတိ။

ဒီပါဠိတော်က ဘာပြောသလဲ၊ ပါဠိတော်ရဲ့ အနက်ကတော့ ခုနအတိုင်း ဘဲ၊ သောမနဿနဲ့ ဒေါမနဿဘဲ လွဲတယ်။

ချစ်သားတို့ ကာမဂုဏ်ကိုမှီပြီးဖြစ်တဲ့ ဒေါမနဿဝေဒနာတွေပေါ်လာရင်တဲ့ ဝိပဿနာကို အမှီပြုပြီးတော့ဖြစ်တဲ့ ဒေါမနဿဝေဒနာကို ဖြစ်စေသောအားဖြင့် ကာမဂုဏ်ကို အမှီပြုပြီးတော့ဖြစ်တဲ့ ဒေါမနဿဝေဒနာတွေကို ပယ်လိုက်ပါတဲ့၊ ချစ်သား ချစ်သမီးတို့ရဲ့ သန္တာန်မှာ ဝိပဿနာကို အမှီပြုပြီးတော့ ဖြစ်တဲ့ နေက္ခမ္မသိတ ဒေါမနဿတွေ ပေါ်လာရင် ကာမဂုဏ်ကို အမှီပြုပြီးတော့ ဖြစ်တဲ့ ဒေါမနဿဝေဒနာကို ပယ်ပြီးသား, လွန်မြောက်ပြီးသား ဖြစ်ပါတယ်တဲ့။

သောမနဿကို သောမနဿချင်း ပယ်, ဒေါမနဿကို ဒေါမနဿချင်း ပယ်၊ နော်။ (မှန်ပါ)။

ဘုန်းကြီးတို့ပရိသတ် နားလည်ပြီနော်။ (မှန်ပါဘုရား)။

ပါရာယန (ဒု) ၃၁—ပ-မ-ဗ-သ-၈

**ဥပေက္ခာချင်းပယ်နည်း။** ။ဥပေက္ခာမှာလဲ ဒီလိုဘဲ—

တတြ ဘိက္ခဝေ ယာ ဆ နေက္ခမ္မသိတာ ဥပေက္ခာ၊ တာ နိဿာယ, တာ အာဂမ္မ, ယာ ဆ ဂေဟသိတာ ဥပေက္ခာ၊ တာ ပဇဟထ၊ တာ သမတိက္ကမထ။ ဧဝမေတာသံ ပဟာနံ ဟောတိ၊ ဧဝမေတာသံ သမတိက္ကမော ဟောတိ။

ဘိက္ခဝေ၊ အိုချစ်သားတို့။ တတြ၊ ထိုသတ္တပဒတို့တွင်။ ဆ၊ ခြောက်ပါးကုန်သော။ နေက္ခမ္မသိတာ၊ ဝိပဿနာကိုမှီသော။ ယာဥပေက္ခာ၊ အကြင်ဥပေက္ခာသည်။ အတ္ထိ၊ ရှိ၏။ တာ၊ ထို နေက္ခမ္မသိတ ဥပေက္ခာကို။ နိဿာယ၊ မှီ၍။ တာ၊ ထိုဝိပဿနာကိုမှီသော ဥပေက္ခာကို။ အာဂမ္မ၊ စွဲ၍။ ဂေဟသိတာ၊ ကာမဂုဏ်ကိုမှီသော။ ဆ၊ ခြောက်ပါးကုန်သော။ ယာဥပေက္ခာ၊ အကြင်ဥပေက္ခာသည်။ အတ္ထိ၊ရှိ၏။ သာ၊ ထိုကာမဂုဏ်ကိုမှီသော ဥပေက္ခာကို။ ပဇဟထ၊ ပယ်စွန့်ကြကုန်လော့။ တာ၊ ထို ကာမဂုဏ်ကိုမှီသော ဥပေက္ခာကို။ သမတိက္ကမထ၊ လွန်မြောက်ကြကုန်လော့။ ဧဝံ၊ ဤသို့ ဝိပဿနနှင့် ယှဉ်သော ဥပေက္ခာဝေဒနာကို ဖြစ်ပေါ်စေခြင်းဖြင့်။ ဧတာသံ၊ ထို ဂေဟသိတ ဥပေက္ခာတို့ကို။ ပဟာနံ၊ ပယ်ခြင်းသည်။ ဟောတိ၊ ဖြစ်လေတော့၏။ ဧဝံ၊ ဤသို့ နေက္ခမ္မသိတ ဥပေက္ခာဝေဒနာကို ဖြစ်ပေါ်စေခြင်းဖြင့်။ ဧတာသံ၊ ထို ဂေဟသိတ ဥပေက္ခာဝေဒနာတို့ကို။ သမတိက္ကမော၊ လွန်မြောက်ခြင်းသည်။ ဟောတိ၊ ဖြစ်လေတော့၏။

ကာမဂုဏ်ကို အမှီပြုပြီးတော့ ဖြစ်တဲ့ ဥပေက္ခာဝေဒနာကို ဘာနဲ့ပယ်ရမလဲ၊ ဝိပဿနာကို အမှီပြုပြီးတော့ ဖြစ်တဲ့ ဥပေက္ခာဝေဒနာနဲ့ ပယ်ပါတဲ့၊ ဝေဒနာ ဝေဒနာချင်း ပယ်ဘို့ကို ကိုယ်ကသာ အားထုတ်၊ အားထုတ်လို့ ဝိပဿနာကို အမှီပြုပြီးတော့ ဖြစ်တဲ့ သောမနဿဝေဒနာတွေ, ဒေါမနဿဝေဒနာတွေ, ဥပေက္ခာ ဝေဒနာတွေ ပေါ်လာရင် ကာမဂုဏ်တွေကို အမှီပြုပြီးတော့ ဖြစ်တဲ့ သောမနဿ ဝေဒနာ, ဒေါမနဿ ဝေဒနာ, ဥပေက္ခာ ဝေဒနာတွေကို ပယ်ပြီးသား ဖြစ်သွားရောတဲ့ မြတ်စွာဘုရားက, လွန်မြောက် သွားရောတဲ့ ပါဠိတော်က။

**နေက္ခမ္မဒေါမနဿ ပယ်နည်း။** ။ပြီးတော့ ပြောအုံးမယ်။ ဝိပဿနာဉာဏ်ကို အမှီပြုပြီးတော့ ဖြစ်တဲ့ ဒေါမနဿ ဝေဒနာကျတော့ ဘာနဲ့ပယ်ရမလဲ၊ ဝိပဿနာဉာဏ်ကို အမှီပြုပြီးတော့ဖြစ်တဲ့ ဒေါမနဿဝေဒနာကျတော့ မြတ်စွာဘုရားက ဟောတယ်။

တတြ ဘိက္ခဝေ ယာနိ ဆ နေက္ခမ္မသိတာနိ သောမနဿာနိ၊ တာနိ နိဿာယ, တာနိ အာဂမ္မ, ယာနိ ဆ နေက္ခမ္မသိတာနိ ဒေါမနဿာနိ၊ တာနိ ပဇဟထ၊ တာနိ သမတိက္ကမထ၊ ဧဝမေတေသံ ပဟာနံ ဟောတိ၊ ဧဝမေတေသံ သမတိက္ကမော ဟောတိ။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ တတြ၊ ထို ၃၆-ပါးသော သတ္တပဒတို့တွင်။ ဆ၊ ခြောက်ပါးကုန်သော။ နေက္ခမ္မသိတာနိ၊ ဝိပဿနာဉာဏ်ကို မှီကုန်သော။ ယာနိသောမနဿာနိ၊ အကြင် သောမနဿဝေဒနာတို့သည်။ သန္တိ၊ ရှိကုန်၏။ တာနိ၊ ထိုဝိပဿနာဉာဏ်ကိုမှီကုန်သော သော-မနဿ ဝေဒနာတို့ကို။ နိဿာယ၊ မှီ၍။ တာနိ၊ ဝိပဿနာကို မှီ၍ဖြစ်သော ထိုသောမနဿဝေဒနာတို့ကို။ အာဂမ္မ၊ စွဲ၍။ ဆ၊ခြောက်ပါးကုန်သော။ နေက္ခမ္မသိတာနိ၊ ဝိပဿနာဉာဏ်ကို မှီကုန်သော။ ဒေါမနဿာနိ၊ဒေါမနဿ-ဝေဒနာတို့သည်။ သန္တိ၊ ရှိကုန်၏။ တာနိ၊ ထိုဝိပဿနာကို မှီ၍ဖြစ်ကုန်သော ဒေါမနဿဝေဒနာတို့ကို။ ပဇဟထ၊ ပယ်စွန့်ကြကုန်လော့။ တာနိ၊ ထို ဝိပဿနာကို မှီသော ဒေါမနဿဝေဒနာတို့ကို။ သမတိက္ကမထ၊ လွန်မြောက်ကြကုန်လော့။ ဧဝံ၊ ဤသို့ နေက္ခမသိတ သောမနဿဝေဒနာကို ဖြစ်ပေါ်စေခြင်းဖြင့်။ ဧတေသံ၊ ထိုနေက္ခမ္မသိတ ဒေါမနဿဝေဒနာတို့ကို။ ပဟာနံ၊ ပယ်ခြင်းသည်။ ဟောတိ၊ ဖြစ်လေတော့၏။ ဧဝံ၊ ဤသို့ နေက္ခမ္မသိတ သောမနဿဝေဒနာကို ဖြစ်ပေါ်စေခြင်းဖြင့်။ ဧတေသံ၊ ထိုနေက္ခမ္မသိတ ဒေါမနဿဝေဒနာတို့ကို။ သမတိက္ကမော၊ လွန်မြောက်ခြင်းသည်။ ဟောတိ၊ ဖြစ်လေတော့၏။

အဓိပ္ပါယ်ကတော့ စောစောပိုင်းကပြောတဲ့ ဝိပဿနာဉာဏ်ကို အမှီပြုပြီးတော့ ဒေါမနဿဝေဒနာတွေ မဖြစ်ဘူးလား　(ဖြစ်ပါတယ်ဘုရား)

ပယ်ရမလား, ပွါးနေရမလား။　(ပယ်ရမယ်ဘုရား)

သူ့ဘိုကို ဘာနဲ့ပယ်ရမလဲ။ အဲဒီ ဝိပဿနာဉာဏ်ကို အမှီပြုပြီးတော့ဖြစ်တဲ့ ဒေါမနဿဝေဒနာကို ဘာနဲ့ပယ်ရမလဲလို့ဆိုတော့ ဝိပဿနာဉာဏ်ကို မှီပြီးဖြစ်တဲ့ နေက္ခမ္မသိတသောမနဿဝေဒနာနဲ့ ပယ်ပါတဲ့။ ဝိပဿနာဉာဏ်နဲ့ ယှဉ်တွဲပြီးဖြစ်တဲ့ ဒေါမနဿဝေဒနာကို ဘာနဲ့ ပယ်ရမလဲ၊ ဝိပဿနာဉာဏ်နဲ့ ယှဉ်တွဲပြီးဖြစ်တဲ့ နေက္ခမ္မသိတ သောမနဿဝေဒနာနဲ့ ပယ်ရမယ်။ ဒီတော့ ဝိပဿနာဉာဏ်နဲ့ ယှဉ်တွဲပြီးဖြစ်တဲ့ ဒေါမနဿဝေဒနာ ရှိသေးသလား　(မရှိတော့ပါဘုရား)

**နေက္ခမ္မသောမနဿပယ်နည်း။**　။ဘာကျန် နေသေးသလဲ၊ ဝိပဿနာဉာဏ်နဲ့ တွဲပြီးဖြစ်တဲ့ သောမနဿဝေဒနာ ကျန်မနေဘူးလား။　(ကျန်နေပါတယ်ဘုရား)

ကိုင်း သူ့တော့ ဘာနဲ့ပယ်ရမလဲလို့ ဆိုတော့ မြတ်စွာဘုရားက ဟောတယ်-

တတြ ဘိက္ခဝေ ယာ ဆ နေက္ခမ္မသိတာ ဥပေက္ခာ၊ တာ နိဿာယ, တာ အာဂမ္မ, ယာနိ ဆ နေက္ခမ္မသိတာနိ သောမနဿာနိ၊ တာနိ ပဇ-ဟထ၊ တာနိ သမတိက္ကမထ၊ ဧဝမေတေသံ ပဟာနံ ဟောတိ၊ ဧဝမေ-တေသံ သမတိက္ကမော ဟောတိ။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ တတြ၊ ထိုဝေဒနာတို့တွင်။ ဆ၊ ခြောက်ပါးကုန်သော။ နေက္ခမ္မသိတာ၊ ဝိပဿနာဉာဏ်ကို မှီကုန်သော။ ယာဥပေက္ခာ၊ ယာနိဥပေက္ခာနိ၊ အကြင် ဥပေက္ခာတို့သည်။ သန္တိ၊ ရှိကုန်၏။ တာ၊ ထိုဝိပဿနာဉာဏ်ကို မှီ၍ဖြစ်ကုန်သော ဥပေက္ခာတို့ကို။ နိဿာယ၊ မှီ၍။ တာ၊ ထိုဝိပဿနာကိုမှီသော ဥပေက္ခာတို့ကို။ အာဂမ္မ၊ စွဲ၍။ ဆ၊ ခြောက်ပါးကုန်သော။ နေက္ခမ္မသိတာနိ၊ ဝိပဿနာဉာဏ်ကို မှီကုန်သော။ ယာနိသောမနဿာနိ၊ အကြင် သောမနဿဝေဒနာတို့သည်။ သန္တိ၊ ရှိကုန်၏။ တာနိ၊ ထိုဝိပဿနာနှင့် ယှဉ်ကုန်သော သောမနဿတို့ကို။ ပဇဟထ၊ ပယ်စွန့်ကြကုန်လော့။ တာနိ၊ ထိုသောမနဿဝေဒနာတို့ကို။ သမတိက္ကမထ၊ လွန်မြောက်ကြကုန်လော့။ ဧဝံ၊ ဤသို့ ဝိပဿနာနှင့်ယှဉ်သော ဥပေက္ခာဝေဒနာကို ဖြစ်ပေါ်စေခြင်းဖြင့်။ ဧတေသံ၊ ထိုဝိပဿနာနှင့် ယှဉ်ကုန်သော သောမနဿဝေဒနာတို့ကို။ ပဟာနံ၊ ပယ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့ ဝိပဿနာဥပေက္ခာကို ဖြစ်ပေါ်စေခြင်းဖြင့်။ ဧတေသံ၊ ထိုဝိပဿနာ သောမနဿတို့ကို။ သမတိက္ကမော၊ လွန်မြောက်ခြင်းသည်။ ဝါ၊ လွန်မြောက်သည်မည်သည်။ ဟောတိ၊ ဖြစ်၏။

ချစ်သားတို့ ဝိပဿနာနဲ့တွဲပြီးဖြစ်တဲ့ သောမနဿဝေဒနာကို ဝိပဿနာနဲ့ တွဲပြီးဖြစ်တဲ့ ဥပေက္ခာဝေဒနာကို ဖြစ်စေသောအားဖြင့် သောမနဿဝေဒနာကို ပယ်ပါတဲ့၊ ဟုတ်လား (မှန်ပါ)။

**နေက္ခမ္မဥပေက္ခာပယ်နည်း။** ။ဥပေက္ခာဝေဒနာကျတော့, ဝိပဿနာနဲ့ တွဲပြီးဖြစ်တဲ့ ဥပေက္ခာဝေဒနာကျတော့ ဘာနဲ့ပယ်မလဲ တဆင့်တဆင့်တက်လာတာနော်။ မြတ်စွာဘုရားက ပြတယ် ဥပေက္ခာ နှစ်မျိုးရှိတယ်တဲ့၊ ဘယ်နှစ်မျိုးတဲ့လဲ (နှစ်မျိုးပါ ဘုရား)

အတ္ထိ ဘိက္ခဝေ ဥပေက္ခာ နာနတ္တာ နာနတ္တသိတာ၊ အတ္ထိ ဧကတ္တာ ဧကတ္တသိတာ—

လို့ ဟောတော်မူတယ်၊ ဥပေက္ခာနှစ်မျိုးတဲ့။

နာနတ္တာ၊ အထူးထူးအပြားပြား များသော။ နာနတ္တသိတာ၊ အထူးထူးသော အာရုံကိုမှီသော။ ဥပေက္ခာ၊ ဥပေက္ခာသည်။ အတ္ထိ၊ ရှိ၏။ ဧကတ္တာ၊

တခုတည်းဖြစ်သော။ ကေတ္တသိတာ၊ တခုတည်းသော အာရုံကိုမှီသော။ ဥပေက္ခာ၊ ဥပေက္ခာသည်။ အတ္ထိ၊ ရှိ၏။

နာနတ္တဥပေက္ခာ, ကေတ္တဥပေက္ခာလို့ နှစ်မျိုးရှိတယ်တဲ့။ ရှင်းရှင်းအဓိပ္ပါယ်ကတော့—နာနတ္တ,ကေတ္တ-နှစ်မျိုးထဲက ကာမာဝစရ ရူပါဝစရမှာရှိတဲ့ ဥပေက္ခာကို **နာနတ္တဥပေက္ခာ** လို့ ခေါ်တယ်။ အရူပါဝစရစိတ်ထဲမှာရှိတဲ့ ဥပေက္ခာကိုတော့ဖြင့် **ကေတ္တဥပေက္ခာ**လို့ ခေါ်တယ်။ အဲဒီတော့ အဲဒီ နာနတ္တ,ကေတ္တ ဥပေက္ခာတွေကို ပယ်ဘို့ ဘယ်လို ဟောသလဲဆိုတော့ ဥပေက္ခာချင်း ပယ်ပါတဲ့။

> တတြ ဘိက္ခဝေ ယာယံ ဥပေက္ခာ ကေတ္တာ ကေတ္တသိတာ၊ တံ နိဿာယ တံ အာဂမ္မ, ယာယံ ဥပေက္ခာ နာနတ္တာ နာနတ္တသိတာ၊ တံ ပဇဟထ၊ တံ သမတိက္ကမထ၊ ဧဝမေတိဿာ ပဟာနံ ဟောတိ၊ ဧဝမေတိဿာ သမ-တိက္ကမော ဟောတိ။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ တတြ၊ ထိုဥပေက္ခာတို့တွင်။ ကေတ္တာ၊ တခုတည်းဖြစ်သော။ ကေတ္တသိတာ၊ တခုတည်းသော အာရုံကိုမှီသော။ ယာယံဥပေက္ခာ၊ အကြင် သမထ,ဝိပဿနာကိုမှီသော ဥပေက္ခာသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုဥပေက္ခာကို။ နိဿာယ၊ မှီ၍။ တံ၊ ထိုဥပေက္ခာကို။ အာဂမ္မ၊ စွဲ၍။ နာနတ္တာ၊ အထူးထူး အပြားပြား များသော။ နာနတ္တ-သိတာ၊ အထူးထူးသော အာရုံကိုမှီသော။ ယာယံ ဥပေက္ခာ၊ အကြင် (ကာမာဝစရ ရူပါဝစရအားဖြင့် ပြားသော) ဥပေက္ခာသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုဥပေက္ခာကို။ ပဇဟထ၊ ပယ်စွန့်ကြကုန်လော့။ တံ၊ ထိုသို့သော ဥပေက္ခာကို။ သမတိက္ကမထ၊ လွန်မြောက်ကြကုန်လော့။ ဧဝံ၊ ဤသို့ ကေတ္တ, ကေတ္တသိတ ဥပေက္ခာကို ဖြစ်စေခြင်းဖြင့်။ ဧတိဿာ၊ ထိုနာနတ္တ, နာနတ္တသိတဥပေက္ခာကို။ ပဟာနံ၊ ပယ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့ ကေတ္တ, ကေတ္တသိတ ဥပေက္ခာကို ဖြစ်စေခြင်းဖြင့်။ ဧတိဿာ၊ ထို နာနတ္တ,နာနတ္တသိတ ဥပေက္ခာကို။ သမတိက္ကမော၊ လွန်မြောက်ခြင်းသည်။ ဟောတိ၊ ဖြစ်လေတော့၏။

ချစ်သားတို့တဲ့ ကေတ္တဥပေက္ခာကို ဖြစ်စေခြင်းဖြင့် နာနတ္တဥပေက္ခာတွေကို ပယ်ရမယ်။ ဆိုလိုတဲ့အဓိပ္ပါယ်က ကာမာဝစရ ရူပါဝစရ ဥပေက္ခာတွေကို အရူပါ-ဝစရ ဥပေက္ခာနဲ့ ပယ်ပါတဲ့၊ ဟုတ်ပလား (မှန်ပါ ဘုရား)

**အရူပဥပေက္ခာပယ်နည်း။** ။အရူပါဝစရဥပေက္ခာကလဲ ဥပေက္ခာနှစ်မျိုးရှိတယ်။ ဒီနေရာမှာ သမထဥပေက္ခာ, ဝိပဿနာဥပေက္ခာလို့ နှစ်မျိုး။ သမထဥပေက္ခာကို သမာပတ္တိဥပေက္ခာလို့ ခေါ်တယ်။ ဝိပဿနာဥပေက္ခာကို ဝိပဿနုပေက္ခာလို့ ခေါ်တယ်။ ဒီတော့ သမထဥပေက္ခာကို ဝိပဿနုပေက္ခာ

နဲ့ ပယ်ရမယ်။ အဲဒီ ကေတ္တဥပေက္ခာကျတော့ ဘာနဲ့ပယ်ရမလဲ၊ ကေတ္တဥပေက္ခာ ပယ်နည်းကျတော့ မြတ်စွာဘုရားက ဟောဦးမယ် ဘာနဲ့ ပယ်ရမလဲလို့။

အတမ္မယတံ ဘိက္ခဝေ နိဿာယ အတမ္မယတံ အာဂမ္မ ယာယံ ဥပေက္ခာ ကေတ္တာ ကေတ္တသိတာ၊ တံ ပဇဟထ၊ တံ သမတိက္ကမထ၊ ဧဝ-မေတိဿာ ပဟာနံ ဟောတိ၊ ဧဝမေတိဿာ သမတိက္ကမော ဟောတိ။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ အတမ္မယတံ၊ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်ကို။ အာဂမ္မ၊ အစွဲပြု၍။ အတမ္မယတံ၊ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်ကို။ နိဿာယ၊ အမှီပြု၍။ ကေတ္တာ ကေတ္တသိတာ၊ တခုတည်းဖြစ်၍ တခုတည်းသောအာရုံ မှီရာရှိသော။ ယာဥပေက္ခာ၊ အကြင်ဥပေက္ခာသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုကေတ္တသိတဥပေက္ခာကို။ ပဇဟထ၊ ပယ်စွန့်ကြကုန်လော့။ သမတိက္ကမထ၊ လွန်မြောက်ကြကုန်လော့။ ဧဝံ၊ ဤသို့ ဝုဋ္ဌာန-ဂါမိနီဝိပဿနာဉာဏ်ကို ပေါ်၍လာစေခြင်းဖြင့်။ ဧတိဿာ၊ ထိုကေတ္တသိတဥပေက္ခာကို။ ပဟာနံ၊ ပယ်ခြင်းသည် ။ပ။ သမတိက္ကမော၊ လွန်မြောက်ခြင်းသည်။ ဟောတိ၊ ဖြစ်လေတော့၏။

## မဂ်ဝင်ဝေဒနာများအကြောင်း

ဥပေက္ခာပယ်နည်း။ ခုနက ဝိပဿနာဉာဏ်ကို မှီပြီးတော့ဖြစ်တဲ့ ဥပေက္ခာဝေဒနာကို ဘာနဲ့ပယ်ရမလဲ၊ ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်နဲ့ ပယ်ရမယ်။ အဲဒီနေရာမှာ ပယ်နည်းကို အဋ္ဌကထာဆရာက ဥပေက္ခာနဲ့ ပတ်သက်လို့ ဖွင့်ဆိုထားတဲ့ အပိုင်းကို ဘုန်းကြီး ထုတ်ပြီးတော့ ဟောပေးအုံးမယ်။

ဥပေက္ခာဆိုတဲ့နေရာမှာ သင်္ဂြိုဟ်သင်တန်းတက်ဘူးတဲ့ ပုဂ္ဂိုလ်တွေအတွက် တော့ အင်မတန်ကောင်းတယ်၊ ကာမာဝစရဥပေက္ခာ, ရူပါဝစရဥပေက္ခာ, အရူပါဝစရဥပေက္ခာလို့ အဲဒီလိုရှိတယ်။ ရူပါဝစရစိတ်နဲ့ ယှဉ်တဲ့ပြီးတော့ဖြစ်တဲ့ ဥပေက္ခာကို အရူပါဝစရစိတ်နဲ့ ယှဉ်တဲ့ပြီးတော့ဖြစ်တဲ့ ဥပေက္ခာနဲ့ ပယ်။

**မဂ်ဝင်ဝေဒနာ ၂-ပါး။** ။ဝိပဿနာ လုပ်ငန်းကျတော့ ဘယ်လိုသွားရမလဲလို့ ဆိုတော့ အဋ္ဌကထာဆရာကြီးက ပြောပေးတယ်။

အဋ္ဌသု ဟိ သမာပတ္တိသု ပဉ္စမာဒီနိ စ တီဏိ ဈာနာနိ သုဒ္ဓသင်္ခါရေ စ ပါဒကံ ကတွာ ဝိပဿနံ အာရဒ္ဓါနံ စတုန္နံ ဘိက္ခူနံ ပုဗ္ဗဘာဂဝိပဿနာ သောမနဿသဟဂတာ ဝါ ဟောတိ ဥပေက္ခာသဟဂတာ ဝါ၊ ဝုဋ္ဌာန-ဂါမိနီဝိပဿနာ သောမနဿသဟဂတာဝ။

ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဝိပဿနာတွေအားထုတ်လို့ ဝေဒနာတွေ သိပ်တက်လာပြီ ဆိုပြီးတော့ ဝေဒနာအားထုတ်

တဲ့ အခါမှာ မဂ်ကိုဝင်ခါနီးတော့ ဘာဝေဒနာနဲ့ ဝင်ကြသလဲ၊ ဒါသိပ်အရေးကြီးတာဘဲ၊ မဂ်ကိုဝင်သွားတဲ့ ဝေဒနာကို ဒီမှာပြမလို့၊ မဂ်ကိုဝင်တဲ့ ဝေဒနာဟာ—

ဟိ၊ ဆက်ပြီးတော့ပြောမယ်။ (ဘာတဲ့လဲ) အဋ္ဌသုသမာပတ္တိသု၊ ရှစ်ပါးသော သမာပတ်တို့တွင်။ (သမာပတ် ၈-ပါးဆိုတာ ဘာလဲ—ပဌမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် လေးခု, အာကာသာနဉ္စာယတနဈာန်သမာပတ် ဝိညာနဉ္စာယတနဈာန်သမာပတ် အာကိဉ္စညာယတနဈာန်သမာပတ် နေဝသညာနာသညာယတနဈာန်သမာပတ် လေးခု, အဲဒီသမာပတ် ရှစ်မျိုးကို အခြေခံထားပြီးတော့ ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်ကို စွဲပြီးတော့ ဟောမယ်လို့၊ မဂ်ကို ဝင်တဲ့ဝေဒနာဟာ ဘယ်ဝေဒနာမျိုးနဲ့ဝင်သလဲဆိုတာကို ပေါ်အောင်လို့ အဲဒီ သမာပတ် ရှစ်မျိုးထဲမှာ ဘာပြောထားသလဲ) ပဌမာဒီနိစ တီဏိ ဈာနာနိ၊ ပဌမဈာန် အစရှိကုန်သော သုံးပါးသော ဈာန်တို့ကိုငှင်း။ သုဒ္ဓသင်္ခါရေ စ၊ ဈာန်မပါဘဲနဲ့ သင်္ခါရတရား သက်သက်သာလျှင် ဖြစ်သော ဝိပဿနာသင်္ခါရတရား တို့ကိုငှင်း။ ပါဒကံ၊ အခြေခံကို။ ကတွာ၊ ပြု၍။ ဝိပဿနံ၊ ဝိပဿနာကို။ အာရဒ္ဓါနံ၊ အားထုတ်ကြကုန်သော။ စတုန္နံဘိက္ခူနံ၊ ရဟန်းလေးပါးတို့အတွက်။ ပုဗ္ဗဘာဂဝိပဿနာ၊ ရှေးဦးစွာ မဂ်၏ရှေ့ဦးဖြစ်တဲ့ ဝိပဿနာသည်။ သောမနဿသဟဂတာ ဝါ၊ သောမနဿဝေဒနာနှင့် တကွဖြစ်သော်ငှင်း။ ဥပေက္ခာသဟဂတာ ဝါ၊ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော်ငှင်း။ ဟောတိ၊ ဖြစ်၏။ ဝုဋ္ဌာနဂါမိနီ-ဝိပဿနာပန၊ ဝုဋ္ဌာနဂါမိနီဝိပဿနာကျတော့။ သောမနဿသဟဂတာဝ၊ သောမနဿဝေဒနာနှင့် တကွ တွဲ၍ဖြစ်သော ဝေဒနာသည် သာလျှင်။ ဟောတိ၊ ဖြစ်လေတော့၏။

မဂ်ကိုဝင်တဲ့ ဝေဒနာကိုပြတယ် အဋ္ဌကထာက၊ အဲဒီအဓိပ္ပါယ်က ဘာတွေပြောနေသလဲလို့ဆိုတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ တရားအားထုတ်တဲ့အခါ ပဌမဈာန်ကို ရှေးဦးစွာ ရအောင် အားထုတ်တယ်၊ ဒုတိယဈာန် တတိယဈာန် ဒီဈာန်သုံးပါးကို တပါးပါးရအောင် အားထုတ်တဲ့ပုဂ္ဂိုလ်လို့ သုံးမျိုးတဲ့။ ဈာန်မပါဘဲနဲ့ သင်္ခါရတရားကိုချည်း သက်သက် ခန္ဓ ဝိညာဉ် နာမ် ရုပ်, စိတ် စေတသိက် ရုပ်လို့ ဆိုပြီးတော့ ဝိပဿနာသက်သက်, သင်္ခါရတရား သက်သက်ကိုသာလျှင် အားထုတ်တဲ့ ပုဂ္ဂိုလ်နဲ့ ဆိုတော့ ၄-မျိုး။ ပဌမဈာန်အားထုတ်တဲ့ပုဂ္ဂိုလ်, ဒုတိယဈာန် အားထုတ်တဲ့ပုဂ္ဂိုလ်, တတိယဈာန် အားထုတ်တဲ့ ပုဂ္ဂိုလ်, သင်္ခါရတရားသက်သက် ကို ပါဒကပြု၍ ဝိပဿနာ အားထုတ်တဲ့ပုဂ္ဂိုလ်လို့ လေးမျိုးရှိတယ်၊ အဲဒီ ပုဂ္ဂိုလ် လေးမျိုးတို့ရဲ့ ပုဗ္ဗဘာဂဝိပဿနာရဲ့အခန်းမှာ ဘာဝေဒနာ ပေါ်ရသလဲလို့ဆိုတော့ သောမနဿဝေဒနာရယ်, ဥပေက္ခာဝေဒနာရယ်၊ ဒီနှစ်မျိုးထဲက တမျိုး

မျိုးဘဲ ပေါ်ရမယ်၊ တခြားဝေဒနာ မပေါ်ရဘူး၊ ဒုက္ခဝေဒနာ ဒီနေရာ ပါကို မပါရဘူးတဲ့—အဋ္ဌကထာက။

**မဂ်ဝင်ဝေဒနာတပါး။** ။မဂ်ကို ဝင်တော့မယ်ဆိုရင် အဲဒီပုဂ္ဂိုလ်မျိုး ဘယ်လို ဝေဒနာမျိုးနဲ့ မဂ်ကိုဝင်ရမလဲဆိုတော့ "ဝုဋ္ဌာနဂါမိနီ-ဝိပဿနာ သောမနဿသဟဂတာဝ" ဝုဋ္ဌာနဂါမိနီဝိပဿနာကျတော့ ဥပေက္ခာဝေဒနာ မပါဘူး၊ သောမနဿဝေဒနာတခုထဲနဲ့ ဝင်သွားတယ်။ မဂ်ကိုဝင်တဲ့ သောမနဿဝေဒနာ၊ ဒုက္ခမပါဘူး, ဥပေက္ခာ မပါဘူး ဒါတပိုင်း။

စတုတ္ထဈာန်မှာ—

စတုတ္ထဈာနာဒီနိ ပါဒကံ ကတွာ ဝိပဿနံ အာရဒ္ဓါနံ ပဉ္စန္နံ ဘိက္ခူနံ ပုဗ္ဗဘာဂဝိပဿနာ ပုရိမသဒိသာဝ၊ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ ပန ဥပေက္ခာသဟဂတာ ဟောတိ။

အဋ္ဌကထာက။ အဲဒါ ဘာပြောသလဲ၊ စတုတ္ထဈာန်, အာကာသာနဉ္စာယတနဈာန်, ဝိညာဏဉ္စာယတနဈာန်, အာကိဉ္စညာယတနဈာန်,နေဝသညာနာသညာယတနဈာန်ဆိုတဲ့ အဲဒီ ငါးမျိုးကို ပါဒကပြု၍ ဝိပဿနာအားထုတ်တဲ့ ပုဂ္ဂိုလ်များကျတော့ မဂ်ကိုမဝင်ခင် ပုဗ္ဗ-ဘာဂဝိပဿနာတုန်းကတော့ သောမနဿဝေဒနာလဲရှိတယ်, ဥပေက္ခာဝေဒနာလဲ ရှိတယ်၊ အဲဒီလို တရားအားထုတ်တဲ့ပုဂ္ဂိုလ် ငါးယောက်ဟာ, ဒီငါးမျိုးနဲ့ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်မျိုး မဂ်ကို ဝင်တော့မယ်ဆိုတော့ သောမနဿဝေဒ-နာလဲ မပါဘူး, ဒုက္ခဝေဒနာလဲ မပါဘူး, ဥပေက္ခာဝေဒနာနဲ့ မဂ်ကို ဝင်တယ်။

**ဥပေက္ခာကိုပယ်ရပုံ။** ။ဒီတော့ မဂ်ကို ဝင်တယ်ဆိုတဲ့ ဝေဒနာဟာ သော-မနဿဝေဒနာ, ဥပေက္ခာဝေဒနာ နှစ်ပါးဘဲ ရှိတယ်၊ ဝုဋ္ဌာနဂါမိနီဝိပဿနာမှာ ဒုက္ခဝေဒနာ မပါရဘူး၊ ဒီအချက်ကို ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ သေသေချာချာ မှတ်ထားဘို့ရန် အတွက် မြတ်စွာဘုရားက သီဝကသုတ္တန်လို့ဆိုပြီးတော့ သီဝကပရိဗိုဇ်မေးတဲ့ အမေးကို ဖြေထားတာကို ဘုန်းကြီး နောက်ပိုင်းမှာ ဟောပေးအုံးမယ်။

ဒီနေရာမှာ 'အတမ္မယ'လို့ ခေါ်တဲ့ ဝုဋ္ဌာနဂါမိနီဝိပဿနာဖြင့် ဘာကို ပယ် သလဲလို့ဆိုတော့ ဝိပဿနာနဲ့ ယှဉ်တွဲပြီးဖြစ်တဲ့ ဥပေက္ခာဝေဒနာကို ဝုဋ္ဌာန-ဂါမိနီဝိပဿနာဉာဏ်ဖြင့် ပယ်ဖျက်ရသည်၊ အဲဒီ ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်မှာ ဘာဝေဒနာ ပါသလဲဆိုတော့, သုခဝေဒနာလား, ဒုက္ခဝေဒနာလား, ဥပေက္ခာ-ဝေဒနာလား လို့ ဆိုတော့ ဥပေက္ခာဝေဒနာနဲ့ သောမနဿဝေဒနာဘဲ ပါတယ်၊ ဒုက္ခဝေဒနာ မပါဘူးတဲ့ ဝုဋ္ဌာနဂါမိနီဝိပဿနာကျတော့၊ ဒါမဂ်ကိုဝင်တဲ့ ဝေဒနာ၊ ကိုင်း ဒါဖြင့် ကောင်းပြီ ရှေ့သွားရအောင် ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ။

ဝုဋ္ဌာနဂါမိနီဝိပဿနာ ဆိုတော့ ဝုဋ္ဌာနဂါမိနီဝိပဿနာ ဆိုတာ ဘာလဲ၊ ဥပေက္ခာဝေဒနာကို ပယ်ရမဲ့တရားက ဘယ်သူနဲ့ ပယ်ရမလဲလို့ဆိုတော့—

အတမ္မယတံ ဘိက္ခဝေ နိဿာယ အတမ္မယတံ အာဂမ္မ ယာယံ ဥပေက္ခာ ဧကတ္တာ ဧကတ္တသိတာ၊ တံ ပဇဟထ၊ တံ သမတိက္ကမထ၊ ဧဝမေတိဿာ ပဟာနံ ဟောတိ၊ ဧဝမေတိဿာ သမတိက္ကမော ဟောတိ။

ချစ်သားတို့ ဥပေက္ခာဝေဒနာဖြစ်တဲ့ သမာပတ်နဲ့ယှဉ်တဲ့ ဥပေက္ခာဝေဒနာကိုသော်၎င်း, ဝိပဿနာနဲ့ယှဉ်တဲ့ပြီးဖြစ်တဲ့ နေက္ခမ္မသိတဥပေက္ခာဝေဒနာကိုသော်၎င်း ဘာနဲ့ပယ်ရမလဲလို့ဆိုတော့ "အတမ္မယ"လို့ ခေါ်တဲ့ ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်ကို ဖြစ်စေသောအားဖြင့် အဲဒီ ဥပေက္ခာကို ပယ်ရမယ်။

**ဝုဋ္ဌာနဂါမိနီဝိပဿနာအမည်။** ။ဒါဖြင့် ဝုဋ္ဌာနဂါမိနီဝိပဿနာဆိုတာ ဘာလဲလို့ ဆိုတော့ အဋ္ဌကထာက "အတမ္မယတံ"၊ ဝုဋ္ဌာနဂါမိနီဝိပဿနာက နာမည်တွေ အများကြီးဘဲ၊ ပါဠိတော် တော်တော်ခပ်များများမှာ ဝုဋ္ဌာနဂါမိနီဝိပဿနာကို နာမည်တွေ အမျိုးမျိုး သုံးထားတာ ရှိတယ်၊ ဘုန်းကြီးသိသလောက် ပြောရမယ်ဆိုရင် သီလက္ခန်ပါဠိတော် ပေါဋ္ဌပါဒသုတ္တန်ကို ဟောတဲ့နေရာမှာ, ပေါဋ္ဌပါဒပရိဗိုဇ်ကို မြတ်စွာဘုရားဟောတဲ့ အခါမှာ ဝုဋ္ဌာနဂါမိနီဝိပဿနာကို ဘယ်လိုနာမယ်နဲ့ ဟောထားသလဲလို့ဆိုတော့ သညာ ခေါ ပေါဋ္ဌပါဒ ပဌမံ ဥပ္ပဇ္ဇတိ၊ ပစ္ဆာ ဉာဏံ–လို့ ဆိုပြီးတော့ "သညဂ္ဂံ" သညာအထူးလို့ ဝုဋ္ဌာနဂါမိနီ ဝိပဿနာကို ဟောထားတယ်။

အားလုံးသိနေကြတဲ့ သုသိမ သုတ္တန်ကို ဟောတဲ့အခါကျတော့ နိဒါနဝဂ္ဂ သံယုတ်မှာ—

ပုဗ္ဗေ ခေါ သုသိမ ဓမ္မဋ္ဌိတိဉာဏံ၊ ပစ္ဆာ နိဗ္ဗာနေ ဉာဏံ–ဆိုပြီးတော့ ဝုဋ္ဌာနဂါမိနီ ဝိပဿနာကို ဓမ္မဋ္ဌိတိဆိုတဲ့ နာမည်နဲ့ ဒီလိုသုံးထားတယ်။ အဲဒီ ဓမ္မဋ္ဌိတိဉာဏ်ဆိုတာ ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်ဘဲ။

ပါထေယျပါဠိတော် ဒသုတ္တရသုတ္တန်ကို ဟောတဲ့အခါကျတော့ "ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ပါရိသုဒ္ဓိပဓာနိယင်္ဂံ"လို့ ဆိုပြီးတော့ ပါရိသုဒ္ဓိပဓာနိယင်္ဂ-လို့ ဒီလိုဟောထားတယ်။ အဲဒါ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်ကို ပြောတာ။

ပြီးတော့ ဘုန်းကြီးတို့ သဠာယတနဝိဘင်္ဂသုတ္တန်, ယခုဟောနေတဲ့ သုတ္တန်ကျတော့ "အတမ္မယ"လို့ ဒီလိုဟောတယ်။ အတမ္မယကို အဋ္ဌကထာက ဘယ်လိုဖွင့်ထားသလဲလို့ဆိုတော့, ဥပရိပဏ္ဏာသ အဋ္ဌကထာက ဘယ့်နှယ်ဖွင့်ထားသလဲ လို့ဆိုတော့—

အတမ္မယတန္တိ တ္တေ တမ္မယတာ နာမ တဏှာ၊ တဿ ပရိယာဒါန-
တော ဝုဋ္ဌာနဂါမိနီဝိပဿနာ အတမ္မယတာတိ ဝုစ္စတိ။

တဏှာကို တမ္မယလို့ခေါ်တယ်။ အဲဒီတဏှာကုန်သွားတာကိုဘဲ အတမ္မယတံ လို့ဆိုပြီးတော့ ဝုဋ္ဌာနဂါမိနီဝိပဿနာလို့ ခေါ်ပါတယ်တဲ့ အဋ္ဌကထာက ဖွင့်ထားတယ်။

အဲဒီ ဝုဋ္ဌာနဂါမိနီ ဝိပဿနာနဲ့ ဘာကို ပယ်ရမလဲလို့ဆိုတော့ ဝိပဿနာဉာဏ်ကို အမှီပြုပြီးတော့ဖြစ်တဲ့ ဥပေက္ခာဝေဒနာကို အဲဒီဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်နဲ့ ပယ်ရမယ်။ ဒီတော့ ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်ကို ပဋိသမ္ဘိဒါမဂ် ပါဠိတော်ကျတော့ နာမယ်သုံးမျိုးဟောထားတယ်။

မုဉ္စိတုကမျတာဉာဏ်ရယ်, ပဋိသင်္ခါဉာဏ်ရယ်, သင်္ခါရုပေက္ခာဉာဏ်ရယ် အဲဒီ ဉာဏ်သုံးခုသည် ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်ပါဘဲတဲ့။

ပဋ္ဌာန်းပါဠိတော်ကြီးကျတော့ နာမည်နှစ်မျိုးပြတယ် အနန္တရပစ္စည်းမှာ—

ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော၊ အနုလောမံ ဂေါတြဘုဿ, အနုလောမံ ဝေါ-ဒါနဿ အနန္တရပစ္စယေန ပစ္စယော။

ပဋ္ဌာန်းပါဠိတော်မှာ အဲဒီလို နာမယ်နှစ်မျိုးနဲ့ ဝုဋ္ဌာနဂါမိနီဝိပဿနာကိုဘဲ ဟောတယ်၊ ကဲ ဒါ ရှုပါစေတော့။

**ဝုဋ္ဌာနဂါမိနီဝိပဿနာ။** ။ဝုဋ္ဌာနဂါမိနီ ဝိပဿနာလို့ဆိုတာ ဘာကို ခေါ်သလဲ ဆိုတော့ သင်္ခါရတရားတို့မှ လွှန်မြောက်သွားတဲ့ ဝိပဿနာဉာဏ်ကို ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်လို့ခေါ်တယ်၊ ဘယ်လိုလွှန်မြောက်နည်းလဲဘုရား, ဒီဝုဋ္ဌာနဂါမိနီဝိပဿနာက ဘာကိုအာရုံပြုသလဲ ဘုရားလို့ဆိုရင် အဋ္ဌသာလိနီအဋ္ဌကထာကြီးက ပြောထားတယ်။

"ဝုဋ္ဌာနဂါမိနီ ပန ဝိပဿနာ ကိမာရမ္မဏာတိ" ဝုဋ္ဌာနဂါမိနီဝိပဿနာ·ဉာဏ်သည် ဘာကို အာရုံပြုသလဲ၊ "လက္ခဏာရမ္မဏာတိ" လို့၊ အနိစ္စ ဒုက္ခ ဝိပရိဏာမ အနတ္တလို့ခေါ်တဲ့ လက္ခဏာကို အာရုံပြုတယ်တဲ့။

အဲသလိုအာရုံပြုရင် သင်္ခါရတရားက ဘယ်လိုလုပ် လွှတ်မြောက်မလဲလို့ မေးစရာရှိသည်ဖြစ်သောကြောင့် အဋ္ဌကထာဆရာကြီးက—

လက္ခဏံ နာမ ပညတ္တိဂတိကံ နဝတ္တဗ္ဗမ္မေဘူတံ၊ ယော ပန "အနိစ္စံ ဒုက္ခမနတ္တာ"တိ တီဏိ လက္ခဏာနိ သလ္လက္ခေတိ၊ တဿ ပဉ္စက္ခန္ဓာ ကဏ္ဌေ ဗဒ္ဓကုဏပံ ဝိယ ဟောန္တိ၊ သင်္ခါရာရမ္မဏမေဝ ဉာဏံ သင်္ခါရတော ဝုဋ္ဌာတိ-တဲ့။

လက္ခဏာဆိုတာ ပညတ်ပါတဲ့၊ လက္ခဏာဟာ ပညတ်ပင် ဖြစ်ပါသော်လဲ သင်္ခါရတရားတွေကို အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ လက္ခဏာဖြင့် ဆင်ခြင်လိုက်တဲ့ အခါကျတော့ ဒီ ယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်ထဲမှာ ဘယ်လိုထင်လာသလဲ လို့ဆိုတော့ ကိုယ့်လည်ပင်းမှာ ဆွဲထားတဲ့ ခွေးကောင်ပုပ်, မြွေကောင်ပုပ်ကဲ့သို့ သင်္ခါရတရားတွေကို ဒီလို သူ ထင်လာတယ်။ အဲသလို ထင်လာသည်ဖြစ်သော ကြောင့် သင်္ခါရကို အာရုံပြုပြီးဖြစ်တဲ့ဉာဏ်သည် သင်္ခါရမှ လွတ်မြောက်သွားပါ တယ်။ သင်္ခါရာရမ္မဏံ ဉာဏံ သင်္ခါရတော ဝုဋ္ဌာတိ။ သင်္ခါရကို အာရုံပြုသည် ဖြစ်သောကြောင့် ဘာတွေပေါ်လာသလဲ၊ အနိစ္စ ဒုက္ခ အနတ္တလို့ဆိုတဲ့ လက္ခ ဏာတွေ ပေါ်လာတယ်။

ဒီတော့ သင်္ခါရကို အာရုံပြုလိုက်တဲ့အတွက် အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ လက္ခ ဏာတွေ ပေါ်လာသည်ဖြစ်သောကြောင့် သင်္ခါရတရားတို့ကို လည်ပင်းမှာ ဆွဲ ထားတဲ့ အကောင်ပုပ်ကြီးကဲ့သို့ စက်ဆုပ်ရွံရှာပြီးတော့ ဒီ သင်္ခါရတရားမှ လွတ်မြောက်သွားတဲ့ဉာဏ်ကို ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်လို့ ခေါ်ပါတယ်တဲ့။ အဲဒီ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်ခန်းမှာ ဒုက္ခဝေဒနာ နဲနဲကလေးမှ မပါရဘူး။ ဘုန်းကြီးတို့ ဝေဒနာ အဲဒီနေရာမှာ ပြင်းကို မပြင်းရဘူး၊ ဘာဝေဒနာသာ ပါရ မလဲ၊ သောမနဿဝေဒနာ ပါရမယ်၊ သို့မဟုတ် ဥပေက္ခာဝေဒနာသာ ပါရမယ်။ ဒီနှစ်မျိုးဘဲ ပါရမယ်။ ဝုဋ္ဌာနဂါမိနီ ဝိပဿနာမှာ ဒုက္ခဝေဒနာ မပါရဘူး၊ စော စောပိုင်းက အဋ္ဌကထာကို ရွတ်ပြီးပြီ။

ဒီအချက်ကို ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ကြပ်ကြပ်သတိထားရမယ်။ ဒီအချက်နဲ့ပတ်သက်လို့လဲ သီဝကသုတ္တန်မှာ ဟော လိမ့်ဦးမယ်၊ အခု ဝုဋ္ဌာနဂါမိနီဝိပဿနာကို ပြောပေးနေတာနော်။

**ဝုဋ္ဌာနဂါမိနီဝိပဿနာဖြစ်ပုံ။** ။ဝုဋ္ဌာနဂါမိနီ ဝိပဿနာဖြစ်ပုံက အမျိုးကောင်း သား, အမျိုးကောင်းသမီးများ ဝိပဿနာရှုပြီး တော့လာတဲ့ ခုနက ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ဆိုတဲ့ ခန္ဓာငါးပါးထဲက ကြိုက်တဲ့ ခန္ဓာတပါးပါးကို ဝိပဿနာရှု၊ ရှုလိုက်တော့ ဘာပေါ်လာသလဲလို့ ဆိုတော့ အနိစ္စ ဒုက္ခ အနတ္တ ဝိပရိဏာမဆိုတဲ့ သဘောတွေ ဉာဏ်ထဲပေါ်လာ မယ်။ ရုပ်တရားတွေဖြစ်လာတယ်၊ ရိပ်ရိပ် ရိပ်ရိပ်နဲ့ ကုန်တဲ့ ပျောက်တဲ့ဘက်ကို ပြောင်းသွားတယ်၊ ကုန်ပျောက်သွားတယ်။ ဝေဒနာဆိုရင်လဲ ဝေဒနာဖြစ်လာ တယ်၊ ရိပ်ရိပ် ရိပ်ရိပ်နဲ့ ဝေဒနာတွေကုန်တဲ့ ပျောက်တဲ့ဘက်ကို ပြောင်းသွား တယ်။ ပြီးတော့ ကုန်ပျောက်သွားတယ်၊ အဲဒီ အနိစ္စ ဒုက္ခ ဝိပရိဏာမလို့ ဆိုတဲ့ လက္ခဏာတွေဟာ ဝေဒနာတို့ ရုပ်တို့, ဝေဒနာတို့ သညာတို့ ဆိုပြီး အတွဲ လိုက် အတွဲလိုက် ဉာဏ်ထဲပေါ်နေတယ်။ ယောဂါဝစရပုဂ္ဂိုလ်ရဲ့ ဝိပဿနာ ဉာဏ်ထဲမှာ ဒီသုံးချက်ဘဲ မြင်စရာရှိတယ်။ တခြား မြင်စရာမရှိဘူး။

ရုပ်ကိုဘဲ ဝိပဿနာရှုရှု, နာမ်ကိုဘဲ ဝိပဿနာရှုရှု, စိတ်ကိုဘဲ ဝိပဿနာရှုရှု မြင်ရမဲ့လက္ခဏာသုံးချက်က အနိစ္စ=ကုန်ပျောက်သွားတယ်၊ ဒုက္ခ=ကုန်ခြင်း ပျောက်ခြင်းကြောင့် ဆင်းရဲတယ်၊ ဝိပရိဏာမ=ဖြစ်ပြီးတဲ့နောက် ကုန်တဲ့ ပျောက်တဲ့ဘက်ကို ရိပ်ရိပ် ရိပ်ရိပ်နဲ့ ပြောင်းရွှေ့နေတယ်၊ ဒီအချက်သုံးချက်ဘဲ မြင်ရတယ်။ အဲဒီ သုံးနဲ့ချက်စပ်ပြီး ဝုဋ္ဌာနဂါမိနီ ဝိပဿနာမည်ပုံကို ပဋိသမ္ဘိဒါ မဂ်ပါဠိတော်က ဒီသင်္ခါရတရားက လွတ်ချင်တာရယ် ဟုတ်လား, ပြီးတော့ ဒီ သင်္ခါရကလွတ်ချင်လို့ ပြန်ပြီး သင်္ခါရကို ဆင်ခြင်တဲ့ ဉာဏ်ရယ်, ဒီ သင်္ခါရတရား ကို လျစ်လျူရှုလိုက်တဲ့ သင်္ခါရုပေက္ခာဉာဏ်ရယ်ဆိုတဲ့ အဲဒီ ဉာဏ်သုံးပါးသည် ဝုဋ္ဌာနဂါမိနီ ဝိပဿနာပါဘဲလို့ ဒီလိုပြတယ်။

**သပိတ်ပေါက်ဥပမာ။** ။အဲဒီ ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်ဖြစ်ပုံကို ဘုန်းကြီးတို့ ပြောပြီးပြီ၊ ဘယ်လိုဖြစ်သလဲ၊ ဥပမာနဲ့ အဋ္ဌကထာက ပြပေးတယ်။

ယထာ ဟိ ကောာ ဘိက္ခု ပတ္တံ ကိဏိတုကာမော ပတ္တဝါဏိဇေန ပတ္တံ အာဘတံ ဒိသွာ ဟဋ္ဌပဟဋ္ဌော ဂဏှိဿာမီတိ စိန္တေတွာ ဝီမံသမာနော တီဏိ ဆိဒ္ဒါနိ ပဿေယျ၊ သော န ဆိဒ္ဒေသု နိရာလယော ဟောတိ၊ ပတ္တေ ပန နိရာလယော ဟောတိ၊ ဝေမေဝ တီဏိ လက္ခဏာနိ သလ္လက္ခေတွာ သင်္ခါ- ရေသု နိရာလယော ဟောတိ၊ သင်္ခါရာရမ္မဏောနေဝ ဉာဏေန သင်္ခါရတော ဝုဋ္ဌာတီတိ ဝေဒိတဗ္ဗံ၊ ဒုဿောာပမာယပိ ဧသေဝ နယော – တဲ့။

အဋ္ဌကထာက ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ် သင်္ခါရကလွတ်ပုံကို ပြောပေး နေတာ။

ရဟန်းတပါး သပိတ်ဝယ်မလို့ သပိတ်ဆိုင်ကို သွားပြီးတော့ ကြည့်တယ်၊ သပိတ်ဆိုင်ရောက်လို့ သပိတ်တလုံးထုတ်ပြတော့ အင်မတန် နှစ်သက်တယ်၊ ယူတော့မယ်ဆိုပြီး သေသေချာချာ စစ်ဆေးကြည့်တဲ့အခါကျတော့ အဲဒီ သပိတ် မှာ အပေါက်သုံးပေါက် သွားတွေ့တယ်၊ ဒီတော့ လိုချင်သေး သလား (မလိုချင် တော့ပါ ဘုရား)။

သပိတ်မလိုချင်တာလား, အပေါက်မလိုချင်တာလား (အပေါက်မလိုချင် တာပါဘုရား။)

အပေါက်ကို မလိုချင်တာ မဟုတ်ဘူး, သပိတ်ကို မလိုချင်တာ တဲ့။

အဲသလိုဘဲ အပေါက်သုံးပေါက်က ဘာနဲ့တူသလဲလို့ဆိုတော့ အနိစ္စ ဒုက္ခ အနတ္တလို့ဆိုတဲ့ လက္ခဏာသုံးချက်နဲ့တူတယ်၊ ဝိညာဉ် နာမ် ရုပ်, စိတ် စေတသိက် ရုပ်လို့ဆိုတဲ့ သင်္ခါရတရားက သပိတ်နဲ့တူတယ်။ ဒီတော့ သပိတ်တည်းဟူသော

သင်္ခါရတရား သုံးခုမှာ ဘာတွေရှိသလဲဆိုတော့ အပေါက်သုံးပေါက်နဲ့တူတဲ့ အနိစ္စ ဒုက္ခ ဝိပရိဏာမ အချက်သုံးချက် ရှိမနေဘူးလား (ရှိနေပါတယ်ဘုရား)။

ဒီအချက်သုံးချက်ကို မြင်ရင် ဒီသင်္ခါရတရားကို လိုချင်အုံးမလား (မလိုချင်တော့ပါဘုရား) အဲဒါကြောင့်——

"သင်္ခါရာရမ္မဏေနေဝ ဉာဏေန သင်္ခါရတော ဝုဋ္ဌာတိ" သင်္ခါရကိုအာရုံပြုတဲ့ အသိဉာဏ်သည် သင်္ခါရမှ လွတ်မြောက်သွားသည် ဖြစ်သောကြောင့် ထိုသင်္ခါရတရားပေါ်မှာ ကပ်ငြိတွယ်တာခြင်းမရှိတဲ့ အသိဉာဏ်ပေါ်လာတာကို ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်လို့ ခေါ်ပါတယ်။ အဲဒီ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်ဖြင့် စောစောပိုင်းကပြောခဲ့တဲ့ နေက္ခမ္မသိတ ဥပေက္ခာကို ပယ်ရမည်။ ပယ်နည်းပြီးရော၊ နော် (မှန်ပါဘုရား)။

**ဝုဋ္ဌာနဂါမိနီဝိပဿနာနှင့် ဝေဒနာ။** ။ကိုင်း ဒါဖြင့် အဲသလိုပယ်တော့ ဝုဋ္ဌာနဂါမိနီဝိပဿနာကျတော့ ဘာဝေဒနာတွေ ပါသွားသလဲ၊ ဒုက္ခဝေဒနာပါသေးသလား (မပါပါဘုရား)။

ဒေါမနဿဝေဒနာ ပါသေးသလား (မပါပါဘုရား။)

ဘာပါရမလဲ၊ သောမနဿဝေဒနာ သိပ်ဝမ်းမြောက်နေတယ်, ဥပေက္ခာဝေဒနာ သင်္ခါရတွေကိုလျစ်လျူရှုတယ်, ဒီနှစ်မျိုးနဲ့ဘဲ မဂ်ကိုဝင်ရတယ်။ ဘယ်တော့မှ ဒုက္ခဝေဒနာနဲ့ မဂ်ကိုမဝင်ရဘူးတဲ့၊ ဒုက္ခဝေဒနာနဲ့ မဂ်ကိုဝင်တာ အဋ္ဌကထာမှာ မရှိပါဘူး, စာပေမှာလဲ မရှိပါဘူး။

## သီဝကသုတ္တန်လာ ဝေဒနာအားထုတ်နည်းများ

**ရှေးကမဂ်ဝင်ဝေဒနာ။** ။ဘုန်းကြီးတို့ပရိသတ် ဒုက္ခဝေဒနာနဲ့ချည်း မဂ်ကို ဝင်နေတယ်ထင်တယ်။ ပြောအုံးမယ် ဒီအကြောင်းတွေနဲ့ပတ်သက်လို့——

န ခေါ သုခေန ဒုက္ခံ အဓိဂန္တဗ္ဗံ၊ ဒုက္ခေန ခေါ သုခံ အဓိဂန္တဗ္ဗန္တိ။

ရှေးက သမဏဗြာဟ္မဏတွေရှိခဲ့ပါဒါ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ဝင်တယ်ဆိုတာ ဒုက္ခနဲ့သာရတယ်, သုခနဲ့မရနိုင်ဘူးလို့ ဒီလိုပြောတယ်။ နောက်ပြီးတော့ ဒုက္ခဝေဒနာလို့ဆိုတာ ရှေးကံကြောင့်ဖြစ်တာ၊ ရှေးက ဒီလိုလုပ်ခဲ့တဲ့အတွက် အခု ဒီဒုက္ခဝေဒနာကို တရားအားထုတ်တဲ့အခါမှာ သင် ခံရတယ်၊ ရှေးက သင် ဒီလို ကြမ်းကြမ်းတမ်းတမ်း လုပ်ခဲ့တဲ့အတွက် ခု သင် တရားအားထုတ်တဲ့အခါမှာ ကြမ်းကြမ်းတမ်းတမ်း ဝေဒနာတွေ ပေါ်တယ်။

ပုဗ္ဗေကတဟေတု လို့ ဆိုပြီးတော့ ရှေးက ဒီအယူဝါဒရှိတယ်၊ ရှေးကရှိတာကို ပြောတာ၊ အခု ရှိတာ၊ မရှိတာ ဘုန်းကြီးမသိဘူး၊ ရှေးက၊ ရှေးကနော်၊ အဲဒီ အကြောင်းနဲ့ ပတ်သက်လို့ သီဝကပရိဗိုဇ်က မြတ်စွာဘုရားကို လျှောက်ထား တာကို ဘုန်းကြီးပြောပေးအုံးမယ် ပါဠိတော်၊ အယူက ဘယ်လိုရှိနေသလဲ၊ နိဗ္ဗာန်ချမ်းသာကို ရတယ်ဆိုတာ ဆင်းရဲဒုက္ခနဲ့မှ ရတယ်, သုခနဲ့မရဘူး၊ အဲဒါ ကြောင့် သင်သည် ရှေးက မကောင်းမှုတွေ, ဒီလိုကြမ်းတမ်းတဲ့ အမှုတွေ သင် ပြုလုပ်ခဲ့သည် ဖြစ်သောကြောင့် သေတဲ့အခါကျတော့ သေခါနီးမှာ ဒီဒုက္ခမှ သက်သာအောင် ခုကထဲက အလေ့အကျင့်လုပ်ပြီးတော့ ဒီဒုက္ခကို သင် ပြင်း ပြင်းထန်ထန် ခံထားလို့ ဆိုပြီးတော့ ပင်ပန်းခံ ကျင့်နေတဲ့ အကျင့်တွေရှိတယ်။ မြတ်စွာဘုရားလက်ထက်က, မြတ်စွာဘုရား မပွင့်ခင်ကထဲက ဒီဝါဒရှိနေတယ်၊ ဘုန်းကြီးတို့ ပရိသတ် သဘောပေါက်ရဲ့လား (ပေါက်ပါဘယ်ဘုရား)။

ရှေးက ဝါဒကို – (မှန်ပါဘုရား)။

ဒီတော့ သီဝကပရိဗိုဇ်က မြတ်စွာဘုရားကို သွားပြီးတော့ လျှောက်တယ်။

သီဝက ပရိဗိုဇ်က ဘယ်မှာလဲ၊ မြတ်စွာဘုရားက ဘယ်မှာလဲ၊ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်မှာ သီးတင်းသုံးနေပါတယ်။

**သီဝကပရိဗိုလ်လျှောက်ပုံ။** ။အဲဒီအခါ သီဝက ပရိဗိုဇ်က မြတ်စွာဘုရားကို ဘယ့်နှယ်လျှောက်သလဲဆိုတော့——

> သန္တိ ဘော ဂေါတမ ဧကေ သမဏဗြာဟ္မဏာ ဧဝံဝါဒိနော ဧဝံဒိဋ္ဌိနော ယံ ကိဉ္စာယံ ပုရိသပုဂ္ဂလော ပဋိသံဝေဒေတိ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ သဗ္ဗန္တံ ပုဗ္ဗေကတဟေတူတိ၊ ဣဓ ဘဝံ ဂေါတမော ကိမာဟာတိ။

သုတ္တန်ပိဋက သံယုတ္တနိကာယ် သဠာယတနဝဂ္ဂ သံယုတ်ပါဠိတော် ဝေဒနာ သံယုတ်ပိုင်းမှာ သီဝကသုတ္တန်လို့ ဆိုတာရှိတယ်။ သူ့ကို ဘာပြုလို့ သီဝကလို့ ခေါ်သလဲ၊ အဠကထာက ဖွင့်ပေးထားတယ် ဦးစွန်းရှိလို့ သီဝကပရိဗိုဇ်လို့ ခေါ် တယ်တဲ့၊ ပရိဗိုဇ်ပေတဲ့ တခြားပရိဗိုဇ်တွေလို မဟုတ်ပါဘူး၊ သူက အဝတ်ဝတ်ပါ တယ်တဲ့၊ အဲဒီ သီဝကအမည်ရှိတဲ့ပရိဗိုဇ်က မြတ်စွာဘုရားကို ရှေးက ဝေဒနာ အားထုတ်ပုံနဲ့ပတ်သက်ပြီး လျှောက်တယ်။

ဘောဂေါတမ၊ အိုရှင်ဂေါတမ။ (သူတို့ကတော့ အရှင်ဘုရားတို့, ဘာတို့ မသုံးဘူး၊ ဘုရားတပည့်မှ မဟုတ်ဘဲကိုး၊ ဒီတော့ မြတ်စွာဘုရားကို သူတို့ မိတ်ဆွေတွေလိုဘဲ ခေါ်တယ် "ဘောဂေါတမ"တဲ့) ဣဓ၊ ဤလောက၌။ အယံပုရိသပုဂ္ဂလော၊ ဤတရားအားထုတ်တဲ့ ပုဂ္ဂိုလ်သတ္တဝါသည်။ သုခံ ဝါ၊

သုခဝေဒနာကိုရှင်း။ ဒုက္ခံ ဝါ၊ ဒုက္ခဝေဒနာကိုရှင်း။ အဒုက္ခမသုခံ ဝါ၊ အဒုက္ခမသုခဝေဒနာကိုရှင်း။ ပဋိသံဝေဒေတိ၊ ခံစားရ၏။ တံ သဗ္ဗံ၊ ထို အလုံးစုံသော သုခ ဒုက္ခ အဒုက္ခမသုခဝေဒနာအားလုံးသည်။ ပုဗ္ဗေကတ-ဟေတု၊ ရှေးက ဒီဝေဒနာမျိုးလုပ်ခဲ့လို့ ခု အဲဒီဝေဒနာမျိုး သင် ခံနေရတယ်။ ဣတိ၊ ဤသို့။ ဧဝံ ဝါဒိနော၊ ဤသို့ပြောလေ့ဆိုလေ့ ရှိကြကုန်သော။ ဧဝံ-ဒိဋ္ဌိနော၊ ဤသို့အယူရှိကြကုန်သော။ သမဏဗြာဟ္မဏာ၊ ရဟန်းပုဏ္ဏား တို့သည်။ လောကေ၊ လောက၌။ သန္တိ၊ ရှိကြပါပေကုန်၏။ ဣဓ၊ ဤကဲ့သို့ ပြောကြ,ဆိုကြတဲ့ အယူ၌။ ဘဝံဂေါတမော၊ အရှင်ဂေါတမသည်။ ကိမာဟ၊ အဘယ်သို့ ဆိုပါသနည်း။

ဒါ သီဝကပရိဗိုဇ်ရဲ့အမေး၊ ပြောအုံးမယ်—

အို အရှင်ဂေါတမတဲ့ လောကမှာ ဆင်းရဲဒုက္ခခံမှ သုခကို ရမယ်လို့ အယူရှိပြီးတော့ သုခဖြင့် သုခကို မရနိုင်ဘူး, ဆင်းရဲဒုက္ခဝေဒနာနဲ့မှ သုခဖြစ်တဲ့နိဗ္ဗာန်ကို ရနိုင်တယ်ဆိုပြီးတော့ တရားအားထုတ်ကြတဲ့ ပုဂ္ဂိုလ်တွေ ရှိကြပါတယ်တဲ့။ အဲဒီ ပုဂ္ဂိုလ်တွေက တရားအားထုတ်တဲ့အခါကျတော့ သုခဝေဒနာတွေ ဒုက္ခဝေဒနာတွေ ဥပေက္ခာဝေဒနာတွေဆိုတဲ့ အထဲက တမျိုးမျိုး ပေါ်လာမယ်၊ အဲဒီလို ဝေဒနာတွေပေါ်လာတော့ ဒီဝေဒနာတွေကုန်မှ သင် ဆင်းရဲကုန်မယ်။ ဒီဝေဒနာကို ကုန်အောင်လိုက်၊ ဒီဝေဒနာမကုန်ရင် သင် ဆင်းရဲ မကုန်ဘူး၊ ဒီဝေဒနာတွေကို သင် ခုမှ ခံမထားရင် သေခါနီးကျ သင့်မှာ ဒီလို ဝေဒနာမျိုး တက်လာရင် သင် မခံနိုင်ဘဲရှိလိမ့်မယ်။ သေခါနီးကျရင် အသေကောင်းအောင် သင် ခုကဘဲ ဒီဝေဒနာကိုခံစားပြီး ကြိုးစားအားထုတ်ထားလို့ ဒီလိုဟောတဲ့ ဝါဒ ရှိပါတယ်ဘုရား တဲ့၊ ရှေးကံကြောင့် ရှေးက သင် ဒီလိုပြုလုပ်ခဲ့တဲ့အတွက် အခု သင့်မှာ ဒီလိုခံစားပြီးတော့ ဝေဒနာတွေ ပေါ်နေတယ်လို့ ဒီလိုဟောနေတဲ့ ဝါဒ ရှိပါတယ်တဲ့၊ အဲဒီဝါဒ မှန်မမှန်ကို အရှင်ဘုရား ဘယ်လို သဘောကျပါသလဲလို့ သီဝကပရိဗိုဇ်က မြတ်စွာဘုရားကို လျှောက်တယ်။ လျှောက်တာ ဘုန်းကြီးတို့ ပရိသတ် နားလည်ပြီလား (မှန်ပါဘုရား)။

**မြတ်စွာဘုရား၏အဖြေ။** ။အဲဒီတော့ မြတ်စွာဘုရားက သီဝကပရိဗိုဇ်ကို ပြန်ဟောတယ်—— သိဝကပရိဗိုဇ် ဝေဒနာ ပေါ်တယ်ဆိုတာ အကြောင်း ၈-မျိုးရှိတယ်တဲ့၊ ဘယ်နှစ်မျိုးလဲ (ရှစ်မျိုးပါး ဘုရား)။

ဘာကြောင့် ပေါ်လာသလဲ ဝေဒနာ ပေါ်လာတယ်ဆိုတာ၊ ရှစ်မျိုးသော အကြောင်းတို့ကြောင့် ဝေဒနာ ပေါ်တာတဲ့၊ အဲဒီ ရှစ်မျိုး ခေါင်းစဉ်ကလေးက ဘာလဲလို့ဆိုတော့ ပိတ္တ = သည်းခြေကြောင့်ဖြစ်တဲ့ ဝေဒနာ၊ သေမှ=သလိပ် ကြောင့်ဖြစ်တဲ့ ဝေဒနာ၊ ဝါတ=လေကြောင့်ဖြစ်တဲ့ ဝေဒနာတဲ့၊ သည်းခြေရယ်,

သလိပ်ရယ်, လေရယ်, အဲဒီသုံးမျိုးပေါင်းလို့ သန္နိပါတကြောင့် ဖြစ်တဲ့ ဝေဒနာရယ်ဆိုတော့ ဘယ်နှစ်မျိုးရှိသွားပြီလဲ (လေးမျိုးပါဘုရား)။

ဥတုဖောက်ပြန်လို့ဖြစ်တဲ့ ဝေဒနာရယ်, မသင့်မတင့်သောဝန်ကို ထမ်းလို့ ဝိသမပရိဟာရဇ=အဲဒီ သိပ်လေးတဲ့ ဝန်ထုပ်ကြီးတွေကို ရွက်လို့ ခန္ဓာကိုယ်ကို မပင်ပန်း ပင်ပန်းအောင် တမင်လာလုပ်လို့ ဖြစ်တဲ့ဝေဒနာရယ်ဆိုတော့ ဘယ်နှစ်မျိုးရှိသွားပြီလဲ (ခြောက်မျိုးပါဘုရား)။

သူတပါး လုံ့လပယောဂကြောင့် အရိုက်အနှက်ခံရလို့ဖြစ်တဲ့ ဝေဒနာရယ်, ကုသိုလ်ကံ အကုသိုလ်ကံရဲ့ အကျိုးဝိပါက်ကြောင့် ဖြစ်တဲ့ဝေဒနာရယ်လို့ ဆိုပြီး ပေါင်းလိုက်တော့ ရှစ်မျိုးရှိတယ်။

သင်ပြောတဲ့ ရှေးကံကြောင့် ဖြစ်တဲ့ဝေဒနာတခုမှ မပါဘူးတဲ့ မြတ်စွာဘုရားက၊ ဟုတ်လား (မှန်ပါဘုရား)။

**နိဂဏ္ဌဝါဒဝေဒနာအားထုတ်ပုံ။** ။ဒီတော့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ ရှေးကဝါဒကို ပြောတာနော်၊ ရှေးကဝါဒမှာ တရားကို အားထုတ်တယ်ဆိုပြီးတော့ သူတို့မှာ ပင်ပင်ပန်းပန်း ခဲခဲယဉ်းယဉ်း တကတဲ လူ့ကို မျက်လုံးပြူး လျှာထွက်မတတ်ဖြစ်ပြီးတော့ သိပ်အပင်ပန်း အဆင်းရဲခံနေရတယ်။ အဲဒါ ဘယ်မှာရှိသလဲလို့ ဆိုတော့ ဘုန်းကြီးတို့ ဂိဇ္ဈကုဋ်တောင်နားက ကာဠသိလာ အမည်ရှိတဲ့ ကျောက်ညိုကြီးပေါ်မှာ တက်ပြီးတော့ တချို့က လေးဘက်ထောက်ပြီး အပေါ်မော့လို့ လျှာတွေထွက် မျက်လုံးတွေပြူးအောင် အလွန်ပင်ပန်းပြီး သိပ်အဆင်းရဲခံနေတယ်။ အဲဒီ ဥစ္စာ နိဂဏ္ဌနာဋပုတ္တရဲ့ ဝါဒတဲ့။

အဲသလို ဝေဒနာတွေခံရတော့ သူတို့ဆရာက ဘယ့်နှယ် ပြောထားသလဲ၊ "မင်းဟာ ရှေးရှေးက မကောင်းတဲ့ အကုသိုလ်ကံတွေကို အဲဒီလိုဘဲလုပ်ခဲ့လို့ မင်း ဒီလိုခံနေရတာ, ကြိုးစားပြီးတော့ မင်းခံ၊ ဒီဝေဒနာတွေ ကုန်ရင် မင်း သေခါနီးကျတော့ အဲဒီဝေဒနာမျိုး နောက်ထပ် မခံရတော့ဘူး၊ အဲဒါကြောင့် ဒီဝေဒနာ မင်း ကြိုးစားပြီးတော့ ခံ၊ ရှေးကံကြောင့် ဖြစ်တဲ့ ဝေဒနာတွေဘဲ"လို့ ဆိုပြီးတော့ သူ့ဆရာက ပြောတဲ့စကားကို သိပြီး, သဘောကျပြီးတော့ သူတို့က အားထုတ်နေကြတယ်။ အဲသလို အားထုတ်နေကြတဲ့ ပုဂ္ဂိုလ်မျိုးရဲ့ဝေဒနာ မှန်, မမှန် မြတ်စွာဘုရားကို သီဝကပရိဗိုဇ်က လျှောက်တာ။ ဒါ ခုမဟုတ်ဘူးနော်၊ ဘုန်းကြီးတို့ ပရိသတ် ခုလား, မြတ်စွာဘုရား လက်ထက်ကလား (မြတ်စွာဘုရား လက်ထက်ကပါ ဘုရား)။

ထူးကြီးဆရာတော် ဟောနေတာဟာ အခုတရားကို ဟောနေတာလား, မြတ်စွာဘုရား လက်ထက်က တရားကို ဟောနေတာလား (မြတ်စွာဘုရား လက်ထက်က တရားကို ဟောနေတာပါဘုရား)။

မှတ်ထားနော် (မှန်ပါ)။

နောက်ပြီးတော့ ထူးကြီးဆရာတော်ရဲ့ နှုတ်ကတရားလား, မြတ်စွာဘုရား ပါဠိတော်က တရားလား (ပါဠိတော်က တရားပါဘုရား)။

အကယ်၍ ဘုန်းကြီးတို့ ပရိသတ်က ဒီတရားကို မကြိုက်လို့ စွဲချက်တင်ရင် ဘယ်သူ့ကို တင်မလဲ (မြတ်စွာဘုရားကို တင်မယ်ဘုရား)။

ဒီတရားကြိုက်လှပါတယ်, ကောင်းလှပါတယ်လို့ ချီးမွမ်းချင်ရင် ဘယ်သူ့ကိုလဲ (မြတ်စွာဘုရားကိုပါ ဘုရား)။

မြတ်စွာဘုရားထံသာ သွားကြ၊ ဟုတ်လား၊ ဘုန်းကြီးက ပါဠိတော်ရှိတာကို ဟောပေးနေရတာ။

ဒီတော့ လျှောက်နေပြီ သိဝကပရိဗိုဇ်က၊ သူလျှောက်ပုံကို ဘုန်းကြီးတို့ ပရိသတ် သဘောပေါက်ပြီ မဟုတ်လား (ပေါက်ပါပြီဘုရား)။

**ပင်ပန်းသောဝေဒနာ။** ။ဒီတော့ မြတ်စွာဘုရားက ဝေဒနာပေါ်ပုံ ရှစ်မျိုး ဟောပြီးပြီ၊ အဲဒီဝေဒနာပေါ်ပုံရှစ်မျိုးထဲက ဝေဒနာ တစ်မျိုးဘဲ ဘုန်းကြီးဟောမယ်၊ သဘောသွားတွေက အတူတူဘဲ။

ဝိသမပရိဟာရဇာနိပိ ခေါ သိဝက ဣဓေကစ္စာနိ ဝေဒယိတာနိ ဥပ္ပဇ္ဇန္တိ။

သိဝက၊ သိဝကပရိဗိုဇ်။ ဣဓ၊ ဤလောက၌။ ဝိသမပရိဟာရဇာနိပိ၊ မသင့်မတင့်သော ပင်ပန်းအောင် လုပ်သည်ဖြစ်သောကြောင့် ပင်ပန်းဆင်း ရဲ၍ လာကြကုန်သော။ ဝေဒယိတာနိ၊ ဝေဒနာတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ် ပေါ်၍လာကြကုန်၏။

သာမမ္ပိ ခေါ တေ သိဝက ဝေဒိတဗ္ဗံ၊ ယထာ ဝိသမပရိဟာရဇာနိပိ ဣဓေကစ္စာနိ ဝေဒယိတာနိ ဥပ္ပဇ္ဇန္တိ၊ လောကဿပိ ခေါ တေ သိဝက သစ္စသမ္မတံ၊ ယထာ ဝိသမပရိဟာရဇာနိပိ ဣဓေကစ္စာနိ ဝေဒယိတာနိ ဥပ္ပဇ္ဇန္တိ။

သိဝက၊ သိဝကပရိဗိုဇ်။ ဣဓ၊ ဤလောက၌။ ဝိသမပရိဟာရဇာနိပိ။ မညီမညွတ် ပင်ပန်းအောင် တမင်လာ ပြုလုပ်ဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်လာကြကုန်သော။ ဝေဒယိတာနိ၊ ဝေဒနာတို့သည်။ ဥပ္ပဇ္ဇန္တိ၊

ဖြစ်ပေါ်လာကြကုန်၏။ ဣတိပိ၊ ဤသို့လည်း။ သာမံ၊ ကိုယ်တိုင်။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

မသိဘူးလား (သိပါတယ်ဘုရား)။

ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ မပင်ပန်း ပင်ပန်းအောင် တမင်္ဂလာ အဲဒီနေရာမှာ သွားပြီးတော့ ထိုင်လိုက် ထလိုက် ခုန်ကြည့်စမ်း ဆယ်ခါလောက်၊ ပင်ပန်းလာမလား, ပင်ပန်းမလာဘူးလား (ပင်ပန်းလာပါတယ်ဘုရား)။

ဒီဝေဒနာ ရှေးကံကြောင့် ဖြစ်တာလား (မဟုတ်ပါဘုရား)။

ဘာကြောင့်ဖြစ်သလဲ ဒါ ဝိသမပရိဟာရဇလို့ ခေါ်တဲ့ မညီမညွတ်တဲ့ လုပ်ငန်းကို လုပ်သည်ဖြစ်သောကြောင့် ပေါ်တဲ့ဝေဒနာတဲ့ မြတ်စွာဘုရားက၊ ဒါကို ကိုယ်တိုင် မသိဘူးလား (သိပါတယ်ဘုရား)။

ဒါကို မြတ်စွာဘုရား ပြောနေတယ် သီဝကကို။ ခန္ဓာကိုယ်ကို မညီမညွတ် ဖြစ်အောင် လုပ်ခြင်းကြောင့် ပေါ်လာတဲ့ ဝေဒနာဟာ, ခန္ဓာကိုယ်ကို မညီမညွတ် လုပ်ခြင်းကြောင့် အဲဒီဝေဒနာတွေ ပေါ်လာတယ်ဆိုတာ ကိုယ်တိုင်ကော မသိဘူးလား (သိပါတယ်ဘုရား)။

သီဝက၊ သီဝက။ ဣဓ၊ ဤလောက၌။ ဧကစ္စာနိ၊ အချို့ကုန်သော။ ဝိသမပရိဟာရဇာနိ၊ မညီမညွတ် ပင်ပန်းအောင် ပြုလုပ်ခြင်းကြောင့် ဖြစ်ကုန်သော။ ဧကစ္စာနိ၊ အချို့ကုန်သော။ ဝေဒယိတာနိ၊ ဝေဒနာတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်၍ လာကုန်၏။ တံ၊ ထိုအကြောင်းကို။ လောကဿပိ၊ လူတိုင်းလူတိုင်းကလဲဘဲ။ သစ္စသမ္မတံ၊ မှန်၏ဟု သမုတ်အပ်၏။

**လူတို့အသိဉာဏ်ကို စော်ကားခြင်း။** ။ဒီလူ ပင်ပန်းတာ, ဒုက္ခဝေဒနာ ဖြစ်တယ်ဆိုတာ ဘာဖြစ်လို့လဲ၊ လူတိုင်း လူတိုင်းက ဒီလို တမင်္ဂလာ ပင်ပန်းအောင် လုပ်လို့ ဒီလူ ပင်ပန်းပြီး ဒုက္ခဝေဒနာ ပေါ်လာတာကို မသိဘူးလား, လူတိုင်း လူတိုင်းက မှန်တယ်လို့ကော မပြောဘူးလား (ပြောပါတယ်ဘုရား)။

ကိုယ်တိုင်ကကော မသိဘူးလား (သိပါတယ်ဘုရား)။

အဲဒီလို သိပါလျက်သားနဲ့, လူတိုင်းကလဲ မှန်တယ်လို့ ပြောနေသည် ဖြစ်ပါလျက်သားနဲ့—

တတြ သီဝက ယေ တေ သမဏဗြာဟ္မဏာ ဧဝံဝါဒိနော ဧဝံဒိဋ္ဌိနော ယံ ကိဉ္စာယံ ပုရိသပုဂ္ဂလော ပဋိသံဝေဒေတိ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ သဗ္ဗံ တံ ပုဗ္ဗေကတဟေတူတိ၊ ယဉ္စ သာမံ ဉာတံ၊ တဉ္စ အတိဓာဝန္တိ။ ယဉ္စ လောကေ သစ္စသမ္မတံ၊ တဉ္စ အတိဓာဝန္တိ။ တသ္မာ တေသံ သမဏဗြာဟ္မဏာနံ မိစ္ဆာတိ ဝဒါမိ။

သီဝက၊ သီဝက။ တတြ၊ ထိုသို့ ကိုယ်ကို မပင်ပန်း ပင်ပန်းအောင် လုပ်သည်ဖြစ်သောကြောင့် ပင်ပန်းတဲ့ဝေဒနာ ပေါ်လာတယ်ဆိုတာကို ကိုယ်တိုင်လဲသိ, လောကနေလူတို့ကလဲ မှန်တယ်လို့ သမုတ်ထားသည်ဖြစ်ပါလျက်သားနဲ့။ဧဝံ၊ အချို့ကုန်သော။ သမဏဗြာဟ္မဏာ၊ရဟန်းပုဏ္ဏားတို့က။အယံ ပုရိသပုဂ္ဂလော၊ ဤပုဂ္ဂိုလ်သတ္တဝါသည်။ သုခံ ဝါ၊ သုခလည်း ဖြစ်သော။ ဒုက္ခံ ဝါ၊ ဒုက္ခလည်း ဖြစ်သော။ အဒုက္ခမသုခံ ဝါ၊ အဒုက္ခမသုခဝေဒနာလည်း ဖြစ်သော။ ယံကိဉ္စိ၊ တစုံတခုသော။ ယံ ဝေဒနံ၊ အကြင်ဝေဒနာကို။ ပဋိသံဝေဒေတိ၊ ခံစား၏။ သဗ္ဗံ၊ အလုံးစုံသော။ တံဝေဒနံ၊ ထိုဝေဒနာသည်။ ပုဗ္ဗေကတဟေတု၊ ရှေးကံကြောင့် ဖြစ်၏။ ဣတိ ဧဝံ၊ ဤသို့။ ဧဝံဝါဒိနော၊ ဤသို့ ပြောလေ့ရှိကုန်သော။ ဧဝံ ဒိဋ္ဌိနော၊ ဤသို့ ယူလေ့ရှိကုန်သော။ တေ သမဏဗြာဟ္မဏာ၊ ထိုရဟန်း ပုဏ္ဏားတို့သည်။ ယသ္မာ၊ အကြင့်ကြောင့်။ ယဉ္စ၊ အကြင်အကြောင်းကိုလည်း။ သာမံ၊ ကိုယ်တိုင်။ ဉာတံ၊ သိအပ်၏။ တဉ္စ၊ ထိုအကြောင်းကိုလည်း။ အတိဓာဝန္တိ၊ တော်လွန်ကြကုန်၏။ ယသ္မာ၊ အကြင့်ကြောင့်။ ယဉ္စ၊ အကြင်အကြောင်းကိုလည်း။ လောကဿ၊ လူအပေါင်းက။ သစ္စသမ္မတံ၊ မှန်၏ဟု သမုတ်အပ်၏။ တဉ္စ၊ ထိုအကြောင်းကိုလည်း။ အတိဓာဝန္တိ၊ တော်လွန်ကြကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တေသံ သမဏဗြာဟ္မဏာနံ၊ ထိုသို့ ဟောကြ ပြောကြတဲ့ သမဏဗြာဟ္မဏတို့၏။ ဝါစံ၊ စကားကို။ မိစ္ဆာတိ၊ အမှားဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။

ဘုန်းကြီးတို့ ပရိသတ် ဒီစကားကို မြတ်စွာဘုရားကိုယ်တော်တိုင်က သီဝကတဲ့ ကိုယ့်ကိုယ်ကို မပင်ပန်း ပင်ပန်းအောင် တမင်လာ လုပ်တဲ့အတွက် ဝေဒနာပေါ်တယ်ဆိုတာ ဟုတ်တယ်တဲ့၊ အဲသလို ကိုယ့်ကိုယ်ကို မပင်ပန်း ပင်ပန်းအောင် လုပ်လို့ ပေါ်လာတဲ့ ဝေဒနာကို ရှေးကံကြောင့် ဖြစ်တယ်လို့ ပြောတဲ့ပုဂ္ဂိုလ်တွေ ဟာတဲ့ ကိုယ့်ကိုယ်ကို မပင်ပန်း ပင်ပန်းအောင် လုပ်လို့ ဝေဒနာပေါ်လာတာကို ကိုယ်တိုင်လဲ သိတယ်, လောကနေ လူအများကလဲ မှန်တယ်လို့ သမုတ်ပါလျက်သားနဲ့ သူတို့က ဒါ ရှေးကံကြောင့် ဖြစ်တယ်, ဒါ ရှေးကပြုလုပ်ခဲ့လို့ ယခုဒီလို ခံနေရတာပါလို့ အဲဒီလိုသူတို့ပြောရင် ဒီလိုလူတွေဟာ ကိုယ်သိတဲ့ အသိဉာဏ်နဲ့ လူတိုင်းလူတိုင်းရဲ့ အသိဉာဏ်တွေကို တော်လွန်တဲ့ပုဂ္ဂိုလ် ဖြစ်တယ်။

အဲဒါကြောင့်မို့လို့ ထိုပုဂ္ဂိုလ်တို့ရဲ့ ဝါဒ, ထိုပုဂ္ဂိုလ်တို့ရဲ့ အယူ, ထိုပုဂ္ဂိုလ်တို့ရဲ့ စကားကို မှားတယ်လို့ ငါဘုရား ဟောကြားတော်မူတယ်။

ဘုရားက မှန်တာဟောသလား, မှားတာဟောသလား (မှန်တာ ဟောပါတယ်ဘုရား)

ဝေဒနာနော် (မှန်ပါ)။

**ဒုက္ခဝေဒနာဖြင့် မဂ်မဝင်နိုင်။** ။အဲဒီ ဝေဒနာရှစ်မျိုးနဲ့ ပတ်သက်ပြီးတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ မဂ်ကိုဝင်ရင် ဘာနဲ့ ဝင်ရမလဲ၊ သုခဝေဒနာ, သောမနဿဝေဒနာနဲ့သော်ငြင်း, ဥပေက္ခာဝေဒနာနဲ့သော်ငြင်း နှစ်မျိုးထဲက တမျိုးမျိုးနဲ့ ဝင်ရမယ်၊ ဒုက္ခဝေဒနာ ပါရမလား (မပါရပါဘုရား)။

သိဝက မဂ်ကို ဝင်တယ်လို့ဆိုတာ မဂ်ချမ်းသာ ဖိုလ်ချမ်းသာ ရတယ်လို့ဆိုတာ ဒီလို ဒုက္ခဝေဒနာမျိုး မပါဘူးတဲ့၊ ဟုတ်ပလား (မှန်ပါဘုရား)။

## ဝေဒနာ ၁၀၈-မျိုးနှင့် ပယ်ပုံပယ်နည်း

**ဝေဒနာ ၁၀၈-မျိုး။** ။ကဲ ဒါဖြင့် ဒီဝေဒနာမျိုး ဘယ်လောက်ရှိသလဲလို့ ဆိုတော့ ဘုန်းကြီးတို့ ဒီနေရာမှာ စုံအောင် ဟောပေးမယ်ဆိုပြီးတော့ အဋ္ဌသတသုတ္တန်က ဝေဒနာ တရာနဲ့ ရှစ်မျိုး ရှိတယ်တဲ့။ ဘယ်နှစ်မျိုးလဲ (တရာနဲ့ ရှစ်မျိုးပါဘုရား)။

ပဌမ မြတ်စွာဘုရား ဝေဒနာ ဘယ်နှစ်မျိုး ဟောသလဲလို့ ဆိုတော့-ကာယိကဝေဒနာ, စေတသိကဝေဒနာလို့ နှစ်မျိုး၊ သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာလို့ သုံးမျိုး၊ သောမနဿဝေဒနာ, ဒေါမနဿဝေဒနာ, သုခဝေဒနာ, ဒုက္ခဝေဒနာ, အဒုက္ခမသုခဝေဒနာလို့ ငါးမျိုးနော်၊ ဝေဒနာတွေ အကုန်သိမ်းခဲ့ပြီးတော့ တခါ စက္ခုသမ္ဖဿဇာဝေဒနာ, သောတသမ္ဖဿဇာဝေဒနာ, ဃာနသမ္ဖဿဇာဝေဒနာ, ဇိဝှါသမ္ဖဿဇာဝေဒနာ, ကာယသမ္ဖဿဇာဝေဒနာ, မနောသမ္ဖဿဇာဝေဒနာလို့ ခြောက်မျိုး။ ဝေဒနာဘယ်နှစ်မျိုးလဲ (ခြောက်မျိုးပါဘုရား)။

သောမနဿဝေဒနာက ခြောက်မျိုး, ဒေါမနဿဝေဒနာက ခြောက်မျိုး, ဥပေက္ခာဝေဒနာကခြောက်မျိုး, ပေါင်းတော့ဘယ်နှစ်မျိုးလဲ (တဆဲ့ရှစ်မျိုးပါဘုရား) တဆဲ့ရှစ်မျိုး။

အဲဒီတဆဲ့ရှစ်မျိုးဟာ ကာမဂုဏ်ကိုမှီတဲ့ ဝေဒနာက တဆဲ့ရှစ်မျိုး, ဝိပဿနာဉာဏ်ကိုမှီတဲ့ နေက္ခမ္မသိတဝေဒနာက တဆဲ့ရှစ်မျိုး။ ပေါင်းတော့ ဘယ်နှစ်မျိုးလဲ၊

၃၆-မျိုး၊ အဲဒီ ၃၆-မျိုးက အတိတ်က ၃၆-မျိုး, အနာဂတ်က ၃၆-မျိုး, ပစ္စုပ္ပန်က ၃၆-မျိုး၊ ဘယ်နှစ်မျိုးလဲ(၁၀၈-မျိုးပါဘုရား)စေ့ပလား(စေ့ပါပြီဘုရား)။

အဲဒီ ၁၀၈-မျိုးသော ဝေဒနာကို ခွဲလိုက်တော့ သုခ ဒုက္ခ ဥပေက္ခာ၊နော် (မှန်ပါ)။

**သုခဝေဒနာနှင့် သုခအနုသယ။** ။သုခဝေဒနာနဲ့တွေ့ရင် ဘာဖြစ်လာမလဲ ဆိုတာ ပါဠိတော်က ပြောမယ်။

> သုခါယ ဝေဒနာယ ဖုဋ္ဌော သမာနော အဘိနန္ဒတိ အဘိဝဒတိ အဇ္ဈောသာယ တိဋ္ဌတိ၊ တဿ ရာဂါနုသယော အနုသေတိ။

သုခဝေဒနာနဲ့ တွေ့ရင် ကိုယ်က နှစ်သက်မယ်, ဝမ်းမြောက်မယ်၊ အဲဒီပုဂ္ဂိုလ်၏ သန္တာန်မှာ ဘာ အနုသယ ဖြစ်သလဲ　(ရာဂါနုသယပါဘုရား)။

ရာဂါနုသယတွေဖြစ်တယ်၊ ဟုတ်လား (မှန်ပါဘုရား)။

ဒုက္ခဝေဒနာနဲ့ တွေ့ရင်ကော –

> ဒုက္ခာယ ဝေဒနာယ ဖုဋ္ဌော သမာနော သောစတိ ကိလမတိ ပရိဒေဝတိ ဥရတ္တာဠိံ ကန္ဒတိ သမ္မောဟံ အာပဇ္ဇတိ၊ တဿ ပဋိဃာ-နုသယော အနုသေတိ။

ဒုက္ခဝေဒနာပေါ်လာရင် ပင်ပန်းမယ် ထွန့်ထွန့်လူးနေမယ် လဲသွားမယ် မေ့သွားမယ်၊ဒီပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ဘာအနုသယဖြစ်သလဲ(ပဋိဃာနုသယပါဘုရား) ပဋိဃာနုသယဖြစ်၏။

> အဒုက္ခမသုခါယ ဝေဒနာယ ဖုဋ္ဌော သမာနော တာသံ ဝေဒနာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ အဿာဒဉ္စ အာဒီနဝဉ္စ နိဿရဏဉ္စ ယထာဘူတံ နပ္ပဇာနာတိ၊ တဿ အဝိဇ္ဇာနုသယော အနုသေတိ။

ဥပေက္ခာဝေဒနာနဲ့ တွေ့ရင် ထိုဥပေက္ခာဝေဒနာရဲ့ ဖြစ်ခြင်း, ပျက်ခြင်း, သာယာဘွယ်, အပြစ်, လွတ်မြောက်ခြင်းဆိုတဲ့ ဒီငါးချက်ကို မသိသည်ဖြစ်သော ကြောင့် ထိုဥပေက္ခာဝေဒနာရဲ့ ပိုင်ရှင်မှာ အဝိဇ္ဇာနုသယဖြစ်တယ်၊ နော် (မှန်ပါဘုရား)

**အမှာ။** ။ဘုန်းကြီးတို့ နောက်တပတ်ဆိုလို့ရှိရင် ဒီဝေဒနာပိုင်း နိဂုံးချုပ်တော့မယ်။ နောက်တပတ်တော့ ဒီဝေဒနာတွေကို အကုန်ကျုံးပြီး ဟောပေးမယ်။

**အနုသယမပယ်နိုင်လျှင်နိဗ္ဗာန်မရနိုင်။** ။အဲဒီ ဝေဒနာတွေပေါ်လာတဲ့ အခါမှာ သုခဝေဒနာကို သာယာသည်ဖြစ်သောကြောင့် ရာဂါနုသယဖြစ်တဲ့ ပုဂ္ဂိုလ်ဟာ, ဒုက္ခဝေဒနာ ပေါ်တဲ့အခါမှာ ပဋိဃာနုသယဖြစ်တဲ့ ပုဂ္ဂိုလ်ဟာ, ဥပေက္ခာဝေဒနာ ပေါ်တဲ့အခါမှာ အဝိဇ္ဇာနုသယဖြစ်တဲ့ပုဂ္ဂိုလ်ဟာ ဘယ်လိုဖြစ်နိုင်သေးသလဲ။

> သော ဝတ ဘိက္ခဝေ သုခါယ ဝေဒနာယ ရာဂါနုသယံ အပ္ပဟာယ ဒုက္ခာယ ဝေဒနာယ ပဋိဃာနုသယံ အပ္ပဋိဝိနောဒေတွာ အဒုက္ခမသုခါယ ဝေဒနာယ အဝိဇ္ဇာနုသယံ အသမူဟနိတွာ အဝိဇ္ဇံ ပဟာယ ဝိဇ္ဇံ အနုပ္ပါဒေတွာ ဒိဋ္ဌေဝဓမ္မေ ဒုက္ခဿန္တကရော ဘဝိဿတီတိ၊ နေတံ ဌာနံ ဝိဇ္ဇတိ။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ဝတ ဧကန္တေန၊ စင်စစ်အားဖြင့်။ သောကုလပုတ္တော၊ ထိုကမ္မဋ္ဌာန်းအားထုတ်တဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ သုခါယ ဝေဒနာယ၊ သုခဝေဒနာ၌။ ရာဂါနုသယံ၊ ရာဂါနုသယကို။ အပ္ပဟာယ၊ မပယ်မူ၍။ ဒုက္ခာယ ဝေဒနာယ၊ ဒုက္ခဝေဒနာ၌။ ပဋိဃာနုသယံ၊ ပဋိဃာနုသယကို။ အပ္ပဋိဝိနောဒေတွာ၊ မပယ်ဖျောက်မူ၍။ အဒုက္ခမသုခါယဝေဒနာယ၊ အဒုက္ခမသုခဝေဒနာ၌။ အဝိဇ္ဇာနုသယံ၊ အဝိဇ္ဇာနုသယကို။ အသမူဟနိတွာ၊ မပယ်မနုတ်မူ၍။ အဝိဇ္ဇံ၊ အဝိဇ္ဇာကို။ အပ္ပဟာယ၊ မပယ်မူ၍။ ဝိဇ္ဇံ။ ဝိဇ္ဇာဉာဏ်ခေါ်တဲ့ ဝုဋ္ဌာနဂါမိနိဝိပဿနာဉာဏ်ကို။ အနုပ္ပါဒေတွာ၊ မဖြစ်စေမူ၍။ ဒိဋ္ဌေဝဓမ္မေ၊ ယခုမျက်မှောက်ဘဝ၌။ ဒုက္ခဿ၊ ခန္ဓာ ငါးပါးတည်းဟူသော ဆင်းရဲ၏။ အန္တကရော၊ အဆုံးကိုပြုခြင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ့်။ ဣတိတံဌာနံ၊ ဤအကြောင်းသည်။ နဝိဇ္ဇတိ၊ မရှိနိုင်။

ဘာပြောသလဲ မြတ်စွာဘုရားက၊ ချစ်သားတို့ သုခဝေဒနာမှာ ရာဂါနုသယပေါ်တယ်, ဒုက္ခဝေဒနာမှာ ပဋိဃာနုသယပေါ်တယ်, ဥပေက္ခာဝေဒနာမှာ အဝိဇ္ဇာနုသယပေါ်တယ်၊ အဲဒီ ပေါ်လာတဲ့ ရာဂါနုသယကို မပယ်ဘဲနဲ့, ပဋိဃာနုသယကို မပယ်ဖျောက်ဘဲနဲ့, အဝိဇ္ဇာနုသယကို မပယ်မနုတ်ဘဲနဲ့, ဝုဋ္ဌာနဂါမိနိဝိပဿနာဉာဏ်ကို မဖြစ်စေဘဲနဲ့, ဝိဇ္ဇာဉာဏ်ကို မဖြစ်စေဘဲနဲ့ ခန္ဓာငါးပါးတို့ရဲ့ ကုန်ဆုံးရာဖြစ်တဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ်ဆိုတာ ဒီလောကမှာ မဖြစ်နိုင်ဘူးတဲ့ မြတ်စွာဘုရားက။

**အနုသယတွေပယ်ရန်နည်းလမ်း။** ။ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ သုခဝေဒနာပေါ်လာရင် ဘာပယ်ရမလဲ၊ ရာဂါနုသယပယ်ရမယ်။ ဘယ့်နှယ်လုပ်ပယ်မလဲ၊ ဒုက္ခလို ရှုပစ်လိုက်။ ပယ်နိုင်ရော၊ ဟုတ်လား (မှန်ပါဘုရား)

ဒုက္ခဝေဒနာပေါ်လာရင် ပဋိဃာနုသယကို ပယ်နိုင်ပါ့မလား (ပယ်နိုင်ပါတယ်ဘုရား)

ဘယ်လို ပယ်ရမလဲ၊ ဒုက္ခဒုက္ခလို့ရှုလိုက်, သလ္လအနေအားဖြင့် ရှုလိုက်။

ယော သုခံ ဒုက္ခတော အဒ္ဒ၊ ဒုက္ခမဒ္ဒက္ခိ သလ္လတော။
အဒုက္ခမသုခံ သန္တံ၊ အဒက္ခိ နံ အနိစ္စတော—

လို့ ပယ်နည်း အကျဉ်းချုပ်ကလေး ပြထားတယ် မြတ်စွာဘုရားက သဠာယတန-ဝဂ္ဂသံယုတ် ဒဋ္ဌဗ္ဗသုတ်မှာ။

သုခဝေဒနာကို ဒုက္ခလို့ရှုပြီးတော့ ဒုက္ခဝေဒနာကို သလ္လအနေအားဖြင့် ရှုနိုင်ရင် ရာဂါနုသယ, ပဋိဃာနုသယကို ပယ်နိုင်ပြီ၊ နော် (မှန်ပါ)

ဥပေက္ခာဝေဒနာကျတော့ ဘယ့်နှယ်ပယ်ရမလဲ၊ အနိစ္စလို့ရှုလိုက်၊ ဟုတ်လား (မှန်ပါ)

ဘာကိုပယ်သလဲ၊ အဝိဇ္ဇာနုသယကို ပယ်တယ်။ အဲသလို သုခဝေဒနာမှာ ရာဂါနုသယကိုပယ်ပြီးတော့, ဒုက္ခဝေဒနာမှာ ပဋိဃာနုသယကို ပယ်ဖျောက်ပြီးတော့, ဥပေက္ခာဝေဒနာမှာ အဝိဇ္ဇာနုသယကို ပယ်နုတ်ပြီးတော့ ဝဋ္ဋာနုဂါမိနီ-ဝိပဿနာဉာဏ်ဆိုတဲ့ ဝိဇ္ဇာဉာဏ်ကိုဖြစ်စေတဲ့ ပုဂ္ဂိုလ်သည် ဒုက္ခကုန်ဆုံးရာဖြစ်တဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မယ်တဲ့ မြတ်စွာဘုရားက။

**အနုသယတွေပယ်မှ နိဗ္ဗာန်ရမည်။** ။သော ဝတ ဘိက္ခဝေ သုခါယ ဝေဒနာယ ရာဂါနုသယံ ပဟာယ ဒုက္ခာယ ဝေဒနာယ ပဋိဃာနုသယံ ပဋိဝိနောဒေတွာ အဒုက္ခမသုခါယ ဝေဒနာယ အဝိဇ္ဇာနုသယံ သမူဟနိတွာ အဝိဇ္ဇံ ပဟာယ ဝိဇ္ဇံ ဥပ္ပါဒေတွာ ဒိဋ္ဌေဝဓမ္မေ ဒုက္ခဿန္တကရော ဘဝိဿတီတိ၊ ဌာနမေတံ ဝိဇ္ဇတိ။

ဘိက္ခဝေ၊ ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်၍ နေကြကုန်သော အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့။ ဝတကေန္တေန၊ စင်စစ်အားဖြင့်။ သောကုလပုတ္တော၊ ထိုဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများ အားထုတ်နေတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ သုခါယ ဝေဒနာယ၊ သုခ-ဝေဒနာ၌။ ရာဂါနုသယံ၊ ရာဂါနုသယကို။ ပဟာယ၊ ပယ်နိုင်၍။ ဒုက္ခာယဝေဒ-နာယ၊ ဒုက္ခဝေဒနာ၌။ ပဋိဃာနုသယံ၊ ပဋိဃာနုသယကို။ ပဋိဝိနောဒေတွာ၊ ပယ်ဖျောက်နိုင်၍။ အဒုက္ခမသုခါယဝေဒနာယ၊ အဒုက္ခမသုခဝေဒနာ၌။ အဝိဇ္ဇာ-နုသယံ၊ အဝိဇ္ဇာနုသယကို။ သမူဟနိတွာ၊ ပယ်နုတ်နိုင်၍။ အဝိဇ္ဇံ၊ အဝိဇ္ဇာကို။

ပဟာယ၊ ပယ်ဖျက်၍။ ဝိဇ္ဇံ၊ ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်ကို။ ဥပ္ပါဒေတွာ၊ ဖြစ်စေသောကြောင့်။ ဒိဋ္ဌေဝဓမ္မေ၊ ယခု မျက်မှောက်ဘဝ၌ပင်လျှင်။ ဒုက္ခဿ၊ ခန္ဓာငါးပါးတည်းဟူသော ဆင်းရဲဒုက္ခ၏။ အန္တကရော၊ အဆုံးကိုပြုနိုင်တဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည်။ ဘဝိဿတိ၊ ဖြစ်ပေလတံ့။ ဣတိတော်ဌာနံ၊ ဤအကြောင်းသည်။ ဝိဇ္ဇတိ၊ ကောင်းစွာမသေ့ ရှိပါပေသတည်း။

သာဓု – သာဓု – သာဓု

ဝေဒနာနုပဿနာတရားတော်

ဝေဒနာဝါရ ပဌမပိုင်း ပြီးပြီ။

ပါရာယနဝဂ်ပါဠိတော်ဟောစဉ် ဥဒယသုတ္တန်နောက်ဆက်တွဲ

# ဝေဒနာနုပဿနာ တရားတော်

ဝေဒနာဝါရ နိဂုံးချုပ်

---

## တရားတော်အမည်

သာသနာသက္ကရာဇ်-၂၅၁၄, ကောဇာသက္ကရာဇ် ၁၃၃၂-ခုနှစ် တော်သလင်းလဆန်း(၆)ရက် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း ကျွဲကူးဓမ္မဗိမာန်တော်ကြီးတွင် ဝိပဿနာအလုပ်ပေးတရားတို့နှင့် ဆက်စပ်၍ ဟောကြားအပ်သော ဒီဃနိကာယ် သုတ်မဟာဝါပါဠိတော် မဟာနိဒါနသုတ်၌လာသော ဝေဒနာနုပဿနာ သတိပဋ္ဌာန်ပွါးများနည်း နိဂုံးချုပ်တရားတော်။

## ဘုရားရှိခိုး

ဒီတရားဒေသနာတော်ကို ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် ဝေဒနာခန်းနဲ့ပတ်သက်လို့ နိကာယ်ငါးရပ်ပါဠိတော်မှာ ဟောကြားတော်မူခဲ့ပါတယ်။ တရားတော်ရဲ့အရှင်သခင်ဖြစ်တော်မူတဲ့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို တရားဟော, တရားနာ ပုဂ္ဂိုလ်တို့၏အနေဖြင့် ရိုသေစွာ ရှိခိုးကြရအောင် ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ လက်အုပ်ချီပြီးတော့ ထားကြ။

ဘုန်းကြီးက မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ဂုဏ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်ပြီးတော့ ဘုရားရှိခိုးမယ်။ အဲဒီဘုရားရှိခိုးထဲမှာပါတဲ့ ဂုဏ်တော်များကို အာရုံပြုပြီးတော့ ဘုန်းကြီးတို့အမျိုးကောင်းသား,အမျိုးကောင်းသမီးများ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ဂုဏ်တော်များကို ကြည်ညိုသဒ္ဓါ ပွါးများနိုင်ကြပါစေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(အနက်ပေး ယခင်အတိုင်း)

သာဓု – သာဓု – သာဓု

## စကားပလ္လင်

ဘုန်းကြီးတို့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် မဟာနိဒါနသုတ်မှာ ဟောကြားတော်မူထားသော ဖဿပစ္စယာ ဝေဒနာလို့ဆိုတဲ့ အဲဒီအပိုဒ်ကို ဟောပေးနေတာ။ ဝေဒနာပိုင်း ဝေဒနာနုပဿနာ သတိပဋ္ဌာန် ရှုပွါးနည်းနဲ့ ပတ်သက်ပြီးတော့ ဘုန်းကြီးတို့ တော်တော်ကလေး ကျယ်ကျယ်ဝန်းဝန်း ဟောပေးလို့ထားခဲ့ပြီးပြီ ဒီဓမ္မဗိမာန်တော်ကြီးမှာ။ ဒီကနေ့တော့ဖြင့် ဒီဝေဒနာပိုင်းကို နိဂုံးချုပ်မယ်လို့ဆိုတဲ့ အနေအားဖြင့် ဟောမယ်လို့ ဘုန်းကြီး ပြီးခဲ့တဲ့အပတ်က ပြောခဲ့တယ်။

**အစီအစဉ်။** ။ဝေဒနာပိုင်းကို နိဂုံးချုပ်တော့ ဒီဝေဒနာပိုင်းကို ဘယ်ကစပြီး ဟောရမလဲလို့ဆိုတော့ ဒီကနေ့ ဒီဃနိကာယ် မဟာသတိပဋ္ဌာနသုတ္တန်မှာဟောတဲ့ ဝေဒနာဝါရ ဝေဒနာပိုင်းမှာလာတဲ့ ဝေဒနာနုပဿနာကစပြီးတော့ ဟောမယ်။ အဲဒီကပြီးတော့ ဘယ်သွားမလဲလို့ဆိုတော့ မဇ္ဈိမနိကာယ် မူလပဏ္ဏာသပါဠိတော်က သမ္မာဒိဋ္ဌိသုတ္တန်မှာဟောထားတဲ့ ဝေဒနာပိုင်းကို သွားမယ်၊ အဲဒီကပြီးတော့ ဘယ်သွားရမလဲလို့ဆိုတော့ သံယုတ္တနိကာယ် ဘုန်းကြီးတို့ နိဒါနဝဂ္ဂသံယုတ်ပါဠိတော် ဝေဒနာပိုင်းကိုသွားမယ်၊ အဲဒီကပြီးတော့ ဘယ်သွားမလဲလို့ဆိုတော့ အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဟောထားတဲ့ ဝေဒနာပိုင်းကို သွားမယ်၊ ပြီးတော့မှ ခုဒ္ဒကနိကာယ် သုတ္တနိပါတ်ပါဠိတော်မှာ ဟောထားတဲ့ ဝေဒနာဝါရပိုင်းကို အဲဒီလိုသွားမယ်၊ နိကာယ်ငါးရပ်စုံသွားအောင်၊ အဲဒီတော့ ဒီဃနိကာယ်က ဝေဒနာပိုင်း မြတ်စွာဘုရား ဟောပုံကို စကြစို့။

## ဝေဒနာတွေကို ခွဲခြားပြီး သိပုံများ

ဝိပဿနာတရားကို အားထုတ်တဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများသည် ရှေးဦးစွာ မိမိမှာရှိနေတဲ့ သီလကုသိုလ်ကို စင်ကြယ်သန့်ရှင်းအောင် ပြုလုပ်ပြီးတော့ အာရုံငါးပါးတို့ ဆိတ်သုဉ်းတဲ့ ဆိတ်ငြိမ်တဲ့ နေရာဌာနကို ချဉ်းကပ်ပြီးတဲ့အခါ ကရဇကာယလို့ခေါ်တဲ့ မိမိရဲ့ခန္ဓာကိုယ်အတွင်းကို ဉာဏ်သွင်းပြီး ခန္ဓာကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ် တည်တည်ငြိမ်ငြိမ် ထားပြီးတော့ ထိုင်ပေးရမယ်။ မိမိရဲ့ အသိဉာဏ်က ဘယ်နေရာမှာ သွင်းထားရမလဲလို့ဆိုတော့ ကရဇကာယလို့ဆိုတဲ့ အခု ဒီခန္ဓာကိုယ်ကြီးရဲ့အတွင်းမှာ မိမိရဲ့အသိဉာဏ်ကို သွင်းထားရမယ်။ ဒီခန္ဓာကိုယ်ကြီးတခုလုံးဟာ "စာတုမဟာဘူတိကော"၊ ဝိပဿနာဉာဏ်မှာ မြတ်စွာဘုရားဟောထားတာက "အယံ ခေါ မေ ကာယော ရူပီ စာတုမဟာဘူတိကော"စသည်ဖြင့် ဒီလိုဟောထားတယ်။

**ခံစားမှုဝေဒနာ။** ။ရုပ်တရားကြီးရှိနေတဲ့ ဒီခန္ဓာကိုယ်ကြီးဟာ ပထဝီ အာပေါ တေဇော ဝါယောဆိုတဲ့ ဓာတ်ကြီးလေးပါးနဲ့ ပြီးတယ်လို့

ဆိုတဲ့ အသိဉာဏ်၊ မိမိရဲ့အသိဉာဏ်ဟာ အဲဒီလိုပေါ်နေရမယ်။ ဒီတော့ အဲဒီရုပ်တရားတွေကို အာရုံပြုပြီးတော့ ထိုင်လိုက်တဲ့အခါ ရုပ်တရားတွေရဲ့ ဖောက်ပြန်တဲ့ ဒဏ်ချက်တွေ ပေါ်လာလိမ့်မယ်။ အဲဒီဖောက်ပြန်တဲ့ ဒဏ်ချက်တွေ ပေါ်လာတာဟာ ဘယ်လိုလဲ၊ ပဌမ ရုပ်တရားတွေချည်းဘဲ ပေါ်လာတယ်၊ အဲဒီ ပေါ်လာတဲ့ ရုပ်တရားတွေရဲ့ဒဏ်ချက်ကို ဘယ်သူက ခံစားနေရသလဲလို့ဆိုတော့ ဝေဒနာက ခံစားတယ်။ ဝေဒနာလို့ခေါ်တဲ့တရားတွေ ပေါ်လာတယ်။ ရုပ်တရားတို့ရဲ့ ဖောက်ပြန်တဲ့ဒဏ်ချက်ကို ခံစားနေရတယ်၊ အဲဒီ ခံစားနေတာဟာ ဘယ်သူ ခံစားနေရသလဲလို့ဆိုတာကိုမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က ဒီဃနိကာယ် သုတ်မဟာဝါ ပါဠိတော် ဝေဒနာနုပဿနာသတိပဋ္ဌာန်ခန်းမှာ ဘယ့်နှယ်ဟောထားသလဲ—

ဣဓ ဘိက္ခဝေ ဘိက္ခု သုခံ ဝါ ဝေဒနံ ဝေဒယမာနော သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ၊ ဒုက္ခံ ဝါ ဝေဒနံ ဝေဒယမာနော ဒုက္ခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ၊ အဒုက္ခမသုခံ ဝါ ဝေဒနံ ဝေဒယမာနော အဒုက္ခမသုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။

ဘိက္ခဝေ၊ ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများ အားထုတ်လိုကြကုန်သော အိုအမျိုးကောင်းသား, အမျိုးကောင်းသမီးများအပေါင်းတို့။ ဣဓ၊ ဤ ငါဘုရား၏ သာသနာတော်၌။ ဘိက္ခု၊ ကိလေသာကို ဖျက်ဆီး၍နေသော အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ ဝါ၊ ဝိပဿနာကို အားထုတ်၍နေသော အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ သုခံ၊ ချမ်းသာသော။ ဝေဒနံဝါ၊ ဝေဒနာကိုမူလည်း။ ဝေဒယမာနော၊ ခံစားသည်ရှိသော်။ အဟံ၊ ငါသည်။ သုခံ၊ ချမ်းသာသော။ ဝေဒနံ၊ ဝေဒနာကို။ ဝေဒယာမိ၊ ခံစား၍နေ၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ ခွဲခြား၍သိ၏။ ဒုက္ခံ၊ ဆင်းရဲသော။ ဝေဒနံဝါ၊ ဝေဒနာကိုမူလည်း။ ဝေဒယ-မာနော၊ ခံစား၍ နေရသည်ရှိသော်။ အဟံ၊ ငါသည်။ ဒုက္ခံ၊ ဆင်းရဲသော။ ဝေဒနံ၊ ဝေဒနာကို။ ဝေဒယာမိ၊ ခံစား၍ နေရတော့၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ ခွဲခြား၍သိ၏။ အဒုက္ခမသုခံ၊ သုခ ဒုက္ခလည်း မဟုတ်သော။ ဝေဒနံ၊ ဥပေက္ခာဝေဒနာကို။ ဝေဒယမာနော၊ ခံစားသည်ရှိသော်။ အဟံ၊ ငါသည်။ အဒုက္ခမသုခံဝေဒနံ၊ အဒုက္ခမသုခဝေဒနာကို။ ဝေဒယာမိ၊ ခံစား၍နေ၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ ခွဲခြား၍သိ၏။

ပါဠိတော်သုံးပိုဒ် ဘုန်းကြီးတို့ ရွတ်ထားတယ်၊ အနက်လဲ သုံးခု ပေးပြီးပြီ၊ အဲဒါ အဓိပ္ပါယ်ပြန်ပြောပေးမယ်၊ ပြီးတော့မှ ရှေ့အပိုဒ် တပိုဒ် သွားမယ်။

**ခံစားမှုသိပုံ။** ။စောစောပိုင်းက ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ကရဇကာယလို့ခေါ်တဲ့ ခန္ဓာကိုယ်ထဲမှာ

မိမိဉာဏ်ကိုသွင်းပြီးတော့ ထိုင်နေတဲ့အခါမှာ ရုပ်တရားတို့ရဲ့ ဖောက်ပြန်မှု ဒဏ်ချက် သက်သက်သာသာကလေး ဖြစ်လာရင် သက်သာမှုကလေးကို ခံစားတယ်၊ ရုပ်တရားတို့ရဲ့ ဖောက်ပြန်မှု ဒဏ်ချက်က ပြင်းထန်လာရင် မသက်သာတဲ့ ဒုက္ခဝေဒနာဒဏ်ချက်ကို ခံစားရမယ်၊ ဖောက်ပြန်မှုဒဏ်ချက်က ညီမျှတဲ့အခါကျတော့ရင် ဖောက်တော့ ဖောက်ပြန်နေတာဘဲ, ဒါပေတဲ့ ညီညီမျှမျှ ဖောက်ပြန်နေတဲ့အချိန်မှာတော့ ဥပေက္ခာဝေဒနာလို့ဆိုပြီးတော့ ဥပေက္ခာအနေနဲ့ ခံစားနေတယ်၊ လျစ်လျူရှုတဲ့အနေနဲ့ ခံစားနေတယ်။ အဲဒီနေရာမှာ ယောဂါဝစရပုဂ္ဂိုလ်တို့၏အနေဖြင့် သုခဝေဒနာပေါ်လာရင် သက်သာမှုကလေး ပေါ်လာတဲ့အခါ သက်သာမှုကလေးကို ခံစားနေရတယ်၊ ပြီးတော့ အဲသလို သက်သာမှုကလေးကို ခံစားနေတဲ့အခါမှာ ငါက ခံစားနေတာလား, ဝေဒနာက ခံစားနေတာလားလို့ဆိုတာကို ခွဲခြားပြီးတော့ သိရမယ်။ ဒုက္ခဝေဒနာပေါ်လာတဲ့အခါမှာလဲ ခန္ဓာကိုယ်က မသက်သာတဲ့ ကရဇကာယကြီးရဲ့ ဖောက်ပြန်မှုဒဏ်ချက်က ပြင်းထန်သည်ဖြစ်သောကြောင့် မသက်သာမှုဆိုတဲ့ ဒုက္ခဝေဒနာကို ခံစားပြန်ရင်လဲဘဲ ဒုက္ခဝေဒနာတော့ ခံစားနေရပြီ၊ ဒီ ဒုက္ခဝေဒနာကို ငါက ခံစားနေတာလား, ဝေဒနာက ခံစားနေတာလားဆိုတာကို ခွဲခြားပြီးတော့ သိရမယ်တဲ့။ အဒုက္ခမသုခဝေဒနာလို့ခေါ်တဲ့ ဥပေက္ခာဝေဒနာ ပေါ်လာရင်လဲ ထို့အတူဘဲ ငါ့မှာတော့ အဒုက္ခမသုခဝေဒနာ ပေါ်လာပြီ၊ ဒီ အဒုက္ခမသုခဝေဒနာကို ငါက ခံစားနေတာလား, ဝေဒနာက ခံစားနေတာလားလို့ဆိုတာကို ခွဲခြားပြီးတော့ သိရမယ် – တဲ့ ဒီပါဠိတော်ရဲ့အဓိပ္ပါယ်က အဲသလိုပြောတယ်။

ခံစားမှုသိပုံတနည်း။ ။သာမိသံဝါ သုခံ ဝေဒနံ ဝေဒယမာနော သာမိသံ သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ၊ နိရာမိသံ ဝါ သုခံ ဝေဒနံ ဝေဒယမာနော နိရာမိသံ သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။

သုခဝေဒနာဘဲဖြစ်ဖြစ် ဒုက္ခဝေဒနာဘဲဖြစ်ဖြစ် ဒီနေရာမှာ မြတ်စွာဘုရားက –

သာမိသံဝါ၊ ကာမဂုဏ်တဏှာကို မှီ၍နေသော။ သုခံဝေဒနံဝါ၊ သုခဝေဒနာကိုမူလည်း။ ဝေဒယမာနော၊ ခံစားရသည်ရှိသော်။ အဟံ၊ ငါသည်။ သာမိသံ၊ ကာမဂုဏ်နှင့်ဆက်စပ်သော။ သုခံဝေဒနံ၊ သုခဝေဒနာကို။ ဝေဒယာမိ၊ ခံစား၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ ခွဲခြား၍သိ၏။ နိရာမိသံ၊ တဏှာလွတ်ကင်းသော, ကာမဂုဏ်မှလွတ်ကင်းသော။ သုခံဝေဒနံဝါ၊ သုခဝေဒနာကိုမူလည်း။ ဝေဒယမာနော၊ ခံစားသည်ရှိသော်။ အဟံ၊ ငါသည်။ နိရာမိသံသုခံဝေဒနံ၊ နိရာမိသသုခဝေဒနာကို။ ဝေဒယာမိ၊ ခံစား၍နေ၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ ခွဲခြား၍ သိ၏။

**အာမိသအားဖြင့်ခွဲပြချက်။** ။ဒီ ပါဠိတော်က ဘာပြောသလဲဆိုတော့ စော စော ပိုင်းက ဘုန်းကြီးတို့ ခန္ဓာမှာ ပေါ်လာတဲ့ သုခဝေဒနာ ဒုက္ခဝေဒနာ အဒုက္ခမသုခဝေဒနာ တို့ဆိုတာ နှစ်မျိုးစီ ရှိတယ်။ သာမိသသုခဝေဒနာလို့ဆိုတာ ကာမဂုဏ်နဲ့ပတ်သက်ပြီးတော့ ခံစားတဲ့ ဝေဒနာ မျိုးကို သာမိသသုခဝေဒနာလို့ ခေါ်တယ်။ ဥပမာ စက္ခုနဲ့ ရူပါရုံကိုမြင်တဲ့အခါမှာ သာယာဖွယ်ကလေးလို့ဆိုပြီးတော့ ခံစားလိုက်ရင် ဒါ **သာမိသသုခဝေဒနာ** လို့ ခေါ်တယ်။ မိမိခန္ဓာကိုယ်မှာပေါ်လာတဲ့ သုခဝေဒနာကို သာယာဖွယ်အနေမျိုးနဲ့ ခံစားပြီးတော့နေရရင် ဒါ သာမိသသုခဝေဒနာကို ခံစားနေတာလို့ ဒီလို ခွဲခြား ပြီး သိရမယ်။ ကာမဂုဏ်နဲ့ယှဉ်တွဲတဲ့ ဝေဒနာတဲ့။

နိရာမိသသုခဝေဒနာလို့ ဆိုတာကတော့—ဝိပဿနာဉာဏ်နဲ့ ယှဉ်တွဲပြီးတော့ ဖြစ်တဲ့ သုခဝေဒနာမျိုးကိုတော့ နေက္ခမ္မသိတသုခဝေဒနာ, **နိရာမိသသုခဝေဒနာ** လို့ ခေါ်တယ်၊ အဲဒီသုခဝေဒနာကို ခံစားတဲ့အခါမှာ ဒီဝေဒနာနှစ်မျိုးကို ခွဲခြား ပြီးတော့ သိရမယ်တဲ့ မြတ်စွာဘုရားက။

> သာမိသံ ဝါ ဒုက္ခံ ဝေဒနံ ဝေဒယမာနော သာမိသံ ဒုက္ခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ၊ နိရာမိသံ ဝါ ဒုက္ခံ ဝေဒနံ ဝေဒယမာနော နိရာမိသံ ဒုက္ခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။

**သာမိသဒုက္ခဝေဒနာလို့ဆိုတာ** ရူပါရုံကိုခံစားလိုက်တဲ့အခါမှာ ကိုယ်က မနှစ် သက်ဘူး မကြိုက်ဘူး သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံဆိုတဲ့ ဒီအာရုံ တွေကို ခံစားနေတဲ့အချိန်မှာ ကိုယ်ကမနှစ်သက်ဘူး မကြိုက်ဘူး ဒါကိုမကျေနပ် ဘူး၊ အဲသလိုမနှစ်သက်မကြိုက်တဲ့ ကာမဂုဏ်နဲ့ ပတ်သက်ပြီးတော့ ခံစားတဲ့ ဒုက္ခ ဝေဒနာမျိုးကို သာမိသဒုက္ခဝေဒနာလို့ ခေါ်တယ်။ ဝိပဿနာဉာဏ်နဲ့ ယှဉ်တွဲပြီး တော့ ပြီးခဲ့တဲ့အပတ်က ဘုန်းကြီးဟောပေးခဲ့တဲ့ နေက္ခမ္မသိတ ဒေါမနဿဝေဒနာ မျိုးကျတော့ **နိရာမိသဒေါမနဿဝေဒနာတဲ့**။ ဆိုလိုတဲ့ အဓိပ္ပါယ်က ကာမဂုဏ် နဲ့ ယှဉ်တွဲပြီးတော့ ဖြစ်တဲ့ ဒုက္ခဝေဒနာ, ဝိပဿနာနဲ့ယှဉ်တွဲပြီးတော့ဖြစ်တဲ့ ဒုက္ခ ဝေဒနာ အဲဒီဝေဒနာနှစ်မျိုးကို ခံစားတဲ့အခါမှာလဲဘဲ ခွဲခြားပြီးတော့သိရမယ်။ ခွဲခြားသိပုံကို ဘုန်းကြီး ပြီးတော့ အဓိပ္ပါယ်ပြောပေးမယ်။

> သာမိသံ ဝါ အဒုက္ခမသုခံ ဝေဒနံ ဝေဒယမာနော သာမိသံ အဒုက္ခ-မသုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။ နိရာမိသံဝါ အဒုက္ခမသုခံ ဝေဒနံ ဝေဒယမာနော နိရာမိသံ အဒုက္ခမသုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။

သာမိသံ၊ ကာမဂုဏ်တဏှာနှင့်ယှဉ်တွဲသော။ အဒုက္ခမသုခံ ဝေဒနံဝါ၊ အဒုက္ခမသုခဝေဒနာကိုမူလည်း။ ဝေဒယမာနော၊ ခံစားသည်ရှိသော်။

အဟံ၊ ငါသည်။ သာမိသံအဒုက္ခမသုခံဝေဒနံ၊ ကာမဂုဏ်နှင့် ယှဉ်တွဲတဲ့ အဒုက္ခမသုခဝေဒနာကို။ ဝေဒယာမိ၊ ခံစား၍နေ၏။ ဣတိ၊ ဤသို့၊ ပဇာနာတိ၊ ခွဲခြား၍သိ၏။ နိရာမိသံ၊ ဝိပဿနာနှင့် ယှဉ်တွဲ၍နေသော။ အဒုက္ခမသုခံဝေဒနံ၊ အဒုက္ခမသုခဝေဒနာကိုမူလည်း။ ဝေဒယမာနော၊ ခံစား၍နေသည်ရှိသော်။ အဟံ၊ ငါသည်။ နိရာမိသံ၊ ဝိပဿနာနှင့်ယှဉ်တွဲ၍ နေသော။ အဒုက္ခမသုခံဝေဒနံ။ အဒုက္ခမသုခဝေဒနာကို။ ဝေဒယာမိ၊ ခံစား၍နေ၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ ခွဲခြား၍သိ၏။

**ဥပေက္ခာဝေဒနာ**မှာလဲဘဲ ကာမဂုဏ်နဲ့တွဲပြီးတော့ ဖြစ်တဲ့ ဥပေက္ခာဝေဒနာ, ဝိပဿနာနဲ့တွဲပြီးဖြစ်တဲ့ ဥပေက္ခာဝေဒနာလို့ နှစ်မျိုးရှိပါတယ်တဲ့၊ အဲဒီနှစ်မျိုးကို ဘုန်းကြီး ပြီးခဲ့တဲ့အပတ်က ဟောခဲ့ပြီ။

သာမိသဥပေက္ခာဝေဒနာ, နိရာမိသဥပေက္ခာ ဝေဒနာကိုလဲဘဲ ခွဲခြားပြီးတော့ သိရမယ်။ ဒီတော့ ဝေဒနာခံစားတဲ့နေရာမှာ သုခဝေဒနာကိုဘဲ ခံစားခံစား, ဒုက္ခဝေဒနာကိုဘဲ ခံစားခံစား, အဒုက္ခမသုခဝေဒနာလို့ခေါ်တဲ့ ဥပေက္ခာဝေဒနာကိုဘဲ ခံစားခံစား, ကာမဂုဏ်နဲ့ယှဉ်တွဲပြီးတော့ ခံစားမှု, ဝိပဿနာနဲ့ယှဉ်တွဲပြီးတော့ ခံစားမှုလို့ ဒီလို နှစ်မျိုးရှိတယ်၊ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ လိုက်ရမဲ့ လမ်းက ဘယ်လမ်းလဲလို့ဆိုတော့ ကာမဂုဏ်နဲ့ယှဉ်တွဲပြီးတော့ဖြစ်တဲ့ ဝေဒနာမျိုးကို မလိုက်နဲ့-တဲ့၊ မြတ်စွာဘုရားက မမှီဝဲရဘူးလို့ ဟောထားတယ်။

ဝိပဿနာနဲ့ယှဉ်တွဲပြီးတော့ဖြစ်တဲ့ သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာမျိုးတွေက မှီဝဲရမဲ့ဝေဒနာတွေလို့ ဒီလိုခွဲပြီးတော့ ဟောထားတယ်၊ အဲဒီလို ဝေဒနာတွေ ပေါ်လာတဲ့အခါမှာ "ဝေဒနံ ဝါ ဝေဒယမာနော ဝေဒနံ ဝေဒယာမီတိ ပဇာနာ"တိ=ခွဲခြားပြီး သိပါ-တဲ့။

**ကမ္မဋ္ဌာန်းမဖြစ်သော ဝေဒနာသိပုံ။** ။အဋ္ဌကထာ ဆရာကြီးက ဒီနေရာမှာ ဘယ့်နှယ်ပြောထားသလဲလို့ဆိုတော့—

သုခဝေဒနာကို ခံစားတယ်ဆိုတာ ပက်လက်အိပ်တတ်ကာမျှဖြစ်တဲ့ သူငယ်ကလေးသည်ပင်လျှင် အမိနို့ရည်ကို စို့ယူသောက်နေတဲ့အခါမှာ သုခဝေဒနာကို ခံစားနေတယ်ဆိုတာ သိပါတယ်။ တစုံတခု မှက်,ခြင်,ကြမ်းပိုးတို့ ကိုက်လိုက်မယ်, ရိုက်လိုက်မယ်, နှက်လိုက်မယ်ဆိုရင် နာကျင်တယ်ဆိုတဲ့ ဒုက္ခဝေဒနာကို ခံစားရတယ်ဆိုတာ အဲဒီ ပက်လက်အိပ်တဲ့ ခလေးများတောင်မှ သိတတ်ပါတယ်။ သုခဝေဒနာကို သုခဝေဒနာလို့သိတယ်၊ ဒုက္ခဝေဒနာကို ဒုက္ခဝေဒနာလို့သိတယ်လို့ဆိုတာများ ပညာလို့ပြောရမှာလား၊ ခလေးငယ်ကလေးတောင် သိနိုင်ပါတယ်၊ ဝိပဿနာဖြစ်နိုင်ပါ့မလားတဲ့။ ဒါ **အဋ္ဌကထာဆရာကြီး**ရဲ့စကား။

ဒီတော့ ဒီလိုသိတဲ့ အသိဉာဏ်မျိုးကိုပြောတာ မဟုတ်ဘူးတဲ့၊ အဲဒီလိုသိတဲ့ အသိဉာဏ်မျိုးသည် ကမ္မဋ္ဌာန်းလဲမဖြစ်ဘူး၊ ဘာဖြစ်လို့လဲ၊ သတ္တဝါလို့ဆိုတဲ့ အမှတ်သညာကို မစွန့်သည်ဖြစ်သောကြောင့် ကမ္မဋ္ဌာန်းမဖြစ်ဘူးတဲ့။ ကိုင်း အဲဒီနေရာလေးက သိပ်ပြီး အရေးကြီးတယ်။

ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ဝေဒနာခတ်တွေပေါ်လာပြီဆိုရင် ပုဂ္ဂိုလ်သတ္တဝါတယောက် အနေနဲ့ပေါ်လာရင် စောစောပိုင်းက ပြောသလို "ကမ္မဋ္ဌာန်း မဖြစ်ဘူး" တဲ့အဋ္ဌကထာဆရာကြီးက၊ ဒီတော့ ဝေဒနာခတ်ပေါ်လာတဲ့အခါမှာ ဘယ့်နှယ်ရှုနေရမလဲလို့ဆိုတော့ "ဘယ်သူ့ရဲ့ ဝေဒနာလဲ, ဘယ်သူက ဒီဝေဒနာကို ခံစားနေတာလဲ" ဒီမေးခွန်း နှစ်ခုကို အဋ္ဌကထာဆရာကြီးက ထုတ်ထားတယ်။

ကော ဝေဒယတိ၊ ကဿ ဝေဒနာ။

ကော၊ အဘယ်သူသည်။ ဝေဒယတိ၊ ခံစားသနည်း။ ကဿ၊ အဘယ်သူ၏။ ဝေဒနာ၊ ခံစားမှုဖြစ်ပါသနည်း။

ဘယ်သူ့ရဲ့ ဒုက္ခလဲ၊ ဘယ်သူ့ရဲ့ သုခလဲ၊ ဘယ်သူက သုခ,ဒုက္ခကိုခံစားသလဲလို့ ဆိုတော့ ဘယ်သူ့သုခမှမဟုတ်ဘူး, ဘယ်သူ့ဒုက္ခမှမဟုတ်ဘူး, ဘယ်သူကမှ သုခ, ဒုက္ခကို ခံစားတာမဟုတ်ဘူး-တဲ့။ "ဝေဒနာဝ ဝေဒယတိ၊ ဝေဒနာကသာလျှင် ခံစားတယ်"။ သတ္တဝါအနေနဲ့ ခံစားတာမဟုတ်ဘူး၊ ပုဂ္ဂိုလ်တယောက်အနေနဲ့ ဒီဝေဒနာပေါ်နေတာကို ရှုရတာမဟုတ်ဘူး၊ မိမိအနေနဲ့ မိမိမှာ ဒီဝေဒနာပေါ် နေတာကို ရှုရတာမဟုတ်ဘူးတဲ့၊ ငါ့ရဲ့ ဒူးခေါင်းက, ငါ့ရဲ့ လက်က, ငါ့ရဲ့ ခြေက, ငါ့ရဲ့ ပေါင်က,ငါ့ရဲ့ ခါးက, ငါ့ရဲ့ ရင်ဘတ်က, ငါ့ရဲ့ ငမ်းဗိုက်က,ငါ့ရဲ့ ခေါင်းထဲက ဝေဒနာတွေပေါ်နေတယ်လို့ ဒီလိုရှုရတာမဟုတ်ဘူးတဲ့၊ အဲဒီလို ရှုတာမျိုးသည် ကမ္မဋ္ဌာန်းမဖြစ်ဘူးတဲ့ အဋ္ဌကထာဆရာကြီးက။

ဘာဖြစ်လို့လဲလို့ သူ့ကို ပြန်မေးတော့ အဋ္ဌကထာဆရာကြီးက ပြန်ဖြေတယ်၊ သတ္တဝါဟူသော အမှတ်သညာကို မစွန့်သည်ဖြစ်သောကြောင့်-တဲ့။

**ခံစားသူအစစ်။** ။ဘုန်းကြီးတို့ ပရိသတ် ရှင်းလောက်ပြီ၊ ဒါဖြင့် ဘယ်သူ ခံစားသလဲ, ဘယ်သူ့ဝေဒနာလဲ၊ ချမ်းသာတယ်, ဆင်းရဲတယ် ဆိုတာကို ခံစားနေရတာ ဘယ်သူခံစားနေရသလဲ၊ ကိုယ်ခံနေရသလား၊ မဟုတ်ဘူး၊ ဝေဒနာက ခံစားနေရတာတဲ့။ "ဝေဒနာဝ ဝေဒယတိ။ ဝေဒနာဝ၊ ဝေဒနာကသာလျှင်။ ဝေဒယတိ၊ သုခ ဒုက္ခ အဒုက္ခမသုခကို ခံစား၍ နေရ၏"။

သာမိသဖြစ်ဖြစ်, နိရာမိသဖြစ်ဖြစ် ကာမဂုဏ်နဲ့ယှဉ်တွဲတဲ့ ဝေဒနာခံစားတယ် ဆိုတာလဲ ဝေဒနာကဘဲ ခံစားတာ, ကိုယ်ကခံစားတာ မဟုတ်ဘူး၊ ပြီးတော့

ဝိပဿနာနဲ့ယှဉ်တွဲပြီးဖြစ်တဲ့ နိရာမိသ သုခ, ဒုက္ခ, အဒုက္ခမသုခဖြစ်တဲ့ ဝေဒနာတွေကို ခံစားတယ်ဆိုတာလဲဘဲ ဝေဒနာစေတသိက်ကသာလျှင် ခံစားတာတဲ့၊ ဝေဒနာစေတသိက်ဆိုတာ သန်ါရတရားတဲ့၊ ဘာဖြစ်လို့ သန်ါရတရားလို့ ခေါ်သလဲဆိုတော့ ခံစားတဲ့လုပ်ငန်းကို လုပ်နေသည်ဖြစ်သောကြောင့် သူ့ကို သန်ါရတရားလို့ခေါ်တယ်။ ဘသူကလုပ်နေသလဲ၊ ခံစားတဲ့အလုပ်ကို ကိုယ်ကလုပ်နေသလား, လက်တွေ ပေါင်တွေ ဒူးခေါင်းတွေ ခြေထောက်တွေ ခေါင်းတွေက လုပ်နေသလား, ဝေဒနာက လုပ်နေသလားလို့ဆိုတော့ ဝေဒနာက လုပ်နေတာပါတဲ့။ ဒါကြောင့် ဒီဝေဒနာကို သန်ါရတရားလို့ ဒီလိုရှုပါတဲ့။

သုခံ ဝါ ဝေဒနံ ဝေဒယမာနော သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။

သုခံဝါဝေဒနံ၊ သုခဝေဒနာကိုမူလည်း။ ဝေဒယမာနော၊ ခံစားသည်ရှိသော်။ အဟံ၊ ငါသည်။ သုခံဝေဒနံ၊ သုခဝေဒနာကို။ ဝေဒယာမိ၊ ခံစား၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ လူနဲ့ ဝေဒနာကို ခွဲခြား၍ သိ၏၊ သတ္တဝါနဲ့ ဝေဒနာကို ခွဲခြား၍ သိ၏။

**ခွဲခြားသိဟူသည်။** ။ပဇာနာတိလို့ဆိုတဲ့ အဓိပ္ပါယ်ဟာ ရိုးရိုးသိတဲ့ အသိမျိုးမဟုတ်ဘူး၊ ခုနက ခလေးတွေသိတဲ့ အသိမျိုးက ရိုးရိုးသိနေတဲ့အသိ၊ ငါ ခံစားနေတယ်, ငါက ဒီအရသာကို ခံစားနေတယ်လို့ ရိုးရိုးသိတဲ့အသိ။ သတ္တဝါဟူသော အမှတ်သညာကို မစွန့်ဘူး၊ ဝိပဿနာကို အားထုတ်တဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများကျတော့ ဒီလိုမသိရတော့ဘူးတဲ့၊ ဘယ်လိုသိရမလဲ၊ ဝေဒနာနဲ့ လူကို, ဝေဒနာနဲ့ သတ္တဝါကို ခွဲခြားပြီးတော့ သိရမယ်။ ပ=ဝေဒနာနဲ့ လူကို ခွဲခြားပြီးတော့, သတ္တဝါနဲ့ ဝေဒနာကို ခွဲခြားပြီးတော့၊ ဇာနာတိ=သိရ၏။

အဲသလို ဝေဒနာနဲ့ လူကို ခွဲခြားပြီးသိတဲ့ အသိမျိုးသည်သာလျှင် ဝိပဿနာဖြစ်ပါတယ်, ကမ္မဋ္ဌာန်းဖြစ်ပါတယ်တဲ့၊ ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေဟာ သတ္တဝါဟူသော အမှတ်သညာကို စွန့်လွှတ်ပြီးတော့မှ ဝေဒနာရဲ့ ခံစားမှုကို “သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ”တဲ့။ ဒါ ပဇာနာတိ-ရဲ့ အဓိပ္ပါယ်။

**ကာယိကဝေဒနာခေါ်ပုံ။** ။ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ အဲသလိုချည်း သိသွားတဲ့အခါကျတော့ ဘာဖြစ်မလဲ၊ မြတ်စွာဘုရားက ပါဠိတော်မှာ ကမ္မဋ္ဌာန်း တက်ပေးထားတယ်။

ချစ်သား, ချစ်သမီး ခံစားမှုမှာ ဝေဒနာနဲ့ လူကို ကွဲသွားအောင် ကိုယ်ပိုင်ဉာဏ်နဲ့ရှု၊ ခံစားတဲ့ ဒဏ်ချက်ကို ခံစားတော့ ခံစားနေရတာဘဲ၊ သက်သာတဲ့

ခံစားချက်, သုခဝေဒနာလို့ဆိုတာ ကာယပသာဒရုပ်ကို မှီပြီးဖြစ်တာ၊ မသက်သာတဲ့ခံစားချက်, ဒုက္ခဝေဒနာလို့ဆိုတာလဲ အဲဒီ ကာယပသာဒရုပ်ကို မှီပြီးဖြစ်တာ၊ ဥပေက္ခာဝေဒနာ ဆိုတာကတော့ဖြင့် ဝတ္ထုရုပ် ၆-ပါးကို မှီပြီးဖြစ်တာ။ ဒါ ဝေဒနာရဲ့ မှီရာတွေ။

သုခဝေဒနာသည် ကာယပသာဒရုပ်ကို မှီပြီးဖြစ်သောကြောင့်, ဒုက္ခဝေဒနာသည် ကာယပသာဒရုပ်ကို မှီပြီးဖြစ်သောကြောင့် များသောအားဖြင့် သုခဝေဒနာလဲ ထင်ရှားတယ်, ဒုက္ခဝေဒနာလဲ ထင်ရှားတယ်၊ ဘယ်နေရာမှာ ထင်ရှားသလဲလို့ဆိုတော့ ကာယပသာဒရုပ် အပေါ်မှာ ထင်ရှားတယ်၊ ဒီတော့ ကာယပသာဒရုပ်နဲ့ ဝေဒနာကိုတော့ ခွဲခြားပြီးတော့ သိရမယ်။ "ပဇာနာတိ၊ ကာယပသာဒရုပ်နဲ့ သုခဝေဒနာ ဒုက္ခဝေဒနာတို့ကို ခွဲခြား၍ သိ၏"။ ကာယပသာဒရုပ်က ဘယ့်နှယ်ဖြစ်လာသလဲ၊ ကာယပသာဒရုပ်ပေါ်မှာ တေဇောဓာတ်တွေရဲ့ လောင်မြိုက်မှုက သိပ်အားကြီးလာသည်ဖြစ်သောကြောင့် ပူတဲ့သဘောတွေဖြစ်လာတယ်၊ အဲဒါက ရုပ်။ ပူတာက ဝေဒနာမဟုတ်ဘူး, ပူတာက ရုပ်။ အဲဒီပူတဲ့ဒဏ်ချက်ကို ခံစားနေရခြင်းသည်ပင်လျှင် ဝေဒနာ၊ ခံစားနေတာသည်ပင်လျှင် ဝေဒနာ ဆိုပေတဲ့ သူ့ကို ကာယိကသုခဝေဒနာလို့ ဘာကြောင့် ခေါ်သလဲလို့ဆိုတော့ သာရိပုဏ္ဏေးမ၏ သားဖြစ်သောကြောင့် ရှင်သာရိပုတြာကို သာရိပုတြာလို့ မယ်တော်ရဲ့နာမည်နဲ့တင်စားပြီး ခေါ်သလိုတဲ့၊ ဟုတ်ပလား၊ (မှန်ပါ ဘုရား)

ရှင်သာရိပုတြာရဲ့ နာမယ်ရင်းက ဥပတိဿတဲ့။ ဘာဖြစ်လို့ သာရိပုတြာလို့ ခေါ်သလဲလို့ဆိုတော့ မယ်တော်ရဲ့နာမည်က သာရိပုဏ္ဏေးမကြီးတဲ့၊ အဲဒီ သာရီပုဏ္ဏေးမကြီးရဲ့သားဖြစ်သောကြောင့် "သာရိပုတ္တ=သာရီရဲ့သား"လို့ ဆိုလိုတဲ့ အဓိပ္ပါယ်။

အဲသလိုဘဲ ဝေဒနာကို ဘာပြုလို့ ကာယပေါ်တင်ပြီး ခေါ်ရသလဲဆိုတော့ ကာယပသာဒရုပ်ပေါ်မှာ မှီပြီးတော့ဖြစ်တဲ့ ဝေဒနာမို့ သူ့ကို ကာယိကသုခဝေဒနာ, ကာယိကဒုက္ခဝေဒနာလို့ ခေါ်တာပါတဲ့ နော်၊ ရှေ့လာမဲ့ စက္ခုသမ္ဖဿဇာ ဝေဒနာမှာလဲ ထိုအတူဘဲ ဟောလိမ့်မယ်၊ မဇ္ဈိမနိကာယ်ကလဲ ဒီလိုဘဲဟောလိမ့်မယ်။ ဒါ ဒီဃနိကာယ်က ဟောတဲ့စကားကို အမျိုးကောင်းသား, အမျိုးကောင်းသမီးများသိအောင် အဋ္ဌကထာဖွင့်ပြချက်နဲ့ ညှန်ပြပေးနေတာ။

**ဒုက္ခဝေဒနာပေါ်လာပုံ။** ။ဒီတော့ ထိုင်ပြီး ဝိပဿနာရှုနေတဲ့အခါမှာ ပူလာတယ်, တောင့်လာတယ်, တင်းလာတယ်ဆိုပြီးတော့ ကာယပသာဒရုပ်အပေါ်မှာ မခံသာတဲ့သဘောတွေပေါ်လာရင် အဲဒါဟာ ဒုက္ခဝေဒနာ။

အဲဒီ မခံသာတာ ဘာကမခံသာတာလဲလို့ ဆိုတော့ ဝေဒနာကမခံသာတာ, ကာယပသာဒရုပ်နဲ့ ဘာမှမဆိုင်ဘူး။ ဒီတော့ "ပဇာနာတိ"လို့ ဆိုတဲ့စကားအရ ကာယပသာဒရုပ်နဲ့ ဝေဒနာကို ခွဲခြားပြီးတော့သိ။ ပြီးတော့ သတ္တဝါနဲ့ ဝေဒနာကို ခွဲခြားပြီးတော့သိ။ သတ္တဝါရဲ့အင်္ဂါအစိတ်အပိုင်းတွေဖြစ်တဲ့ ခေါင်းတွေ, ဒူးတွေ, ပေါင်တွေ, ခါးတွေ, လက်တွေ, ခြေထောက်တွေနဲ့ ဝေဒနာကို ခွဲခြားပြီးတော့ သိ။ အဲဒါကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ပဇာနာတိတဲ့။ ပ-ခွဲခြားပြီး တော့၊ ဇာနာတိ-သိတယ်။ ဘယ်လိုခွဲခြားသိသလဲ ယောဂါဝစရပုဂ္ဂိုလ်။ ဝေဒနာနဲ့ ပုဂ္ဂိုလ် သတ္တဝါကို ခွဲခြားပြီးတော့သိတယ်။ အဲဒီလို ဝေဒနာနဲ့ပုဂ္ဂိုလ်သတ္တဝါကို ခွဲခြားသိတာကို, ဝေဒနာနဲ့ ရုပ်ကို ခွဲခြားသိတာကို ပဇာနာတိ။ ပ-ခွဲခြားပြီး တော့, ဇာနာတိ-သိ၏။ အဲသလိုသိသလားတဲ့ မြတ်စွာဘုရားက၊ သိရင် ရှေ့ကို တရားတဆင့်တက်မယ်။ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်း သမီးများက သိ, မသိ ဆိုတာတော့ ကိုယ့်ဟာကို ကိုယ်ဘဲ ဆုံးဖြတ်ကြနော်။ သိတော့ ရှေ့ကို တရား ဘယ့်နှယ်တက်ရသလဲ။

> ဣတိ အဇ္ဈတ္တံ ဝါ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ၊ အဇ္ဈတ္တဗဟိဒ္ဓါ ဝါ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ။

ဣတိ၊ ဤသို့။ အဇ္ဈတ္တံဝါ၊ မိမိသန္တာန်၌မူလည်း။ ဝေဒနာသု၊ ဝေဒနာတို့၌။ ဝေဒနာနုပဿီ၊ ဝေဒနာဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဗဟိဒ္ဓါဝါ၊ အပသန္တာန်၌မူလည်း။ ဝေဒနာသု၊ ဝေဒနာတို့၌။ ဝေဒနာ-နုပဿီ၊ ဝေဒနာဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ အဇ္ဈတ္တ-ဗဟိဒ္ဓါဝါ၊ အဇ္ဈတ္တသန္တာန် ဗဟိဒ္ဓသန္တာန်၌မူလည်း။ ဝေဒနာသု၊ ဝေဒနာတို့၌။ ဝေဒနာနုပဿီ၊ ဝေဒနာဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

**ဒုက္ခဝေဒနာရှုကွက်။** ။ရှုကွက် ဘယ့်နှယ်ပြတားသလဲဆိုတော့ မိမိရဲ့အဇ္ဈတ္တမှာ ခန္ဓာကိုယ်ရဲ့ ဖောက်ပြန်တဲ့ ဒဏ်ချက်ရှိတဲ့ နေရာတိုင်း ခန္ဓာကိုယ်တကိုယ်လုံးဟာ ဝေဒနာတုံးကြီးလို့ ဒီလိုရှုတဲ့၊ လူလို့ မရှုတော့ဘူး, သတ္တဝါလို့မရှုတော့ဘူး, ရုပ်လို့မရှုတော့ဘူး, ဘယ်သူခံစားနေသလဲ, ငါခံစားနေ ရသလား၊ မဟုတ်ဘူး, ဝေဒနာကခံစားနေတာ။ တစုံတယောက်သော ဗဟိဒ္ဓ-သန္တာန်ကို ကြည့်လိုက်တော့ တစုံတယောက်သောပုဂ္ဂိုလ်က အင်မတန့်ကိုဘဲ ဒုက္ခကို အကြီးအကျယ်တွေ့ရပြီး အောင်မယ်လေးလို့ အော်ရအောင် ခံစား နေတဲ့ ဒုက္ခဝေဒနာကို ဘုန်းကြီးတို့ပရိသတ်က ဘယ့်နှယ်သိသလဲ၊ သတ္တဝါသညာ ကို မစွန့်ဘဲနဲ့ "သူ့ ခမြာ ပြင်းတန့်တဲ့ဒုက္ခဝေဒနာကို ခံနေရတယ်"လို့ သိတယ်၊

ဒီလိုဘဲ ပြောလဲ ပြောကြတယ်၊ တစုံတယောက်သောပုဂ္ဂိုလ် မိမိရဲ့ရှေ့မှာ ထွန့်ထွန့်လူးပြီးတော့ အင်မတန်ကိုပြင်းထန်တဲ့ ဝေဒနာဒဏ်ချက်ကို ခံနေတာ မြင်ရရင် ဘုန်းကြီးတို့ပရိသတ်က မပြောဘူးလား "ပြင်းထန်တဲ့ဒုက္ခဝေဒနာကြီး သူ့ ခမြာ ခံနေရတယ်"လို့၊ သူ့ ခမြာက ခံနေရတာလား, ဝေဒနာက ခံနေရတာ လား။ (ဝေဒနာက ခံနေရတာပါဘုရား)။

အဲဒီလို ဗဟိဒ္ဓမှာလဲဘဲ သူတပါး ခံစားနေတာကို မြင်ရင် သူတို့က ခံစားနေ တာမဟုတ်ဘူး, ဝေဒနာကခံစားနေတာပါလို့ သိရမယ်။ တခါတရံမှာ အဇ္ဈတ္တ-ရော ဗဟိဒ္ဓပါ နှစ်ပါးစလုံးမှာ ဝေဒနာလို့သိ, ဝေဒနာလို့ရှုနေပါတဲ့ ဝေဒနာလုံး ပေါ်လာအောင်။ ဘာမှ အနိစ္စတွေ ဒုက္ခတွေ အနတ္တတွေ မထည့်ဘူး မြတ်စွာ ဘုရားက။ ဝေဒနာလုံးကို ပဌမပေါ်အောင် အရှုခိုင်းတယ်။ မိမိခန္ဓာမှာ အဇ္ဈတ္တ, သူတပါးတို့ရဲ့ခန္ဓာမှာ ဗဟိဒ္ဓ, မိမိရဲ့ခန္ဓာ သူတပါးတို့ရဲ့ခန္ဓာမှာ အဇ္ဈတ္တဗဟိဒ္ဓ။ အဲဒီခန္ဓာတွေမှာ ဘာလုံးတွေ ပေါ်နေသလဲဆိုတော့ ဝေဒနာလုံးတွေ။ ခံစားနေ ရတယ်ဆိုတာ ဝေဒနာ, စံစားနေရတယ် ဆိုတာ ဝေဒနာ၊ "စံစား"လို့ဆိုတာ သုခဝေဒနာ၊ "ခံစား"လို့ ဆိုတာ ဒုက္ခဝေဒနာ။ စကားတမျိုးထဲကို လှည့်ပြီး တော့ သုံးထားတယ်။

**ဒုက္ခဝေဒနာရှုနည်း။** ။အဲသလို အဇ္ဈတ္တ, ဗဟိဒ္ဓ, အဇ္ဈတ္တဗဟိဒ္ဓမှာ ဝေဒနာလို့ ရှုနေတဲ့အခါ ဝေဒနာလုံးပေါ်ပလာတဲ့ မြတ်စွာဘုရား က။ မပေါ်မချင်း ဒီနေရာမှာချည်း ရှုနေရမယ် ဝေဒနာရှုတဲ့ ပုဂ္ဂိုလ်ဆိုတာ။ ဝေဒနာလုံး ပေါ်ပြီးတဲ့အခါကျတော့ ရှေ့တရားတက်မယ်။ ဘယ့်နှယ်တက်သလဲ–

သမုဒယဓမ္မာနုပဿီ ဝါ ဝေဒနာသု ဝိဟရတိ၊ ဝယဓမ္မာနုပဿီ ဝါ ဝေဒနာသု ဝိဟရတိ၊ သမုဒယဝယဓမ္မာနုပဿီ ဝါ ဝေဒနာသု ဝိဟရတိ။

ဝေဒနာသု၊ အဇ္ဈတ္တ ဗဟိဒ္ဓဝေဒနာတို့၌။ (လူကိုမပြောဘူးနော်၊ သတ္တဝါ ကိုမပြောဘူးနော်၊ ဒူးခေါင်းတွေ လက်တွေကို မပြောဘူးနော်) သမုဒယ-ဓမ္မာနုပဿီဝါ၊ ဖြစ်ခြင်းသဘောကို အဖန်တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

ဉာဏ်မနိုင်သေးရင် မြတ်စွာဘုရားက ဖြစ်တာချည်းရှုနေအုံးတဲ့၊ ဝေဒနာလုံး ပေါ်မှ ရှုခိုင်းနေတာ, မပေါ်ရင် မရှုခိုင်းသေးဘူး။ တရားတက်လာတာ တဆင့်, နှစ်ဆင့်, အခုပြောနေတာ သုံးဆင့်ရောက်ပြီ၊ မြတ်စွာဘုရားက တဖြေးဖြေးတက် ပေးနေတာ, တရားပြပေးနေတာ။ "သမုဒယဓမ္မာနုပဿီဝါ၊ ဖြစ်ခြင်းသဘောကို အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏"။ ဖြစ်တဲ့သဘောကိုချည်း ဝေဒနာ ခ‌ာတ်တွေ ဖြစ်လာတယ်၊ ဝေဒနာဓာတ်တွေဖြစ်လာတယ်လို့ ဒီဝေဒနာဓာတ်တွေ

ဖြစ်တာကို ရှုနေအုံးတဲ့၊ တော်တော်ကလေး ဉာဏ်နိုင်လာပြီ ဆိုတော့ ရှေ့ကို မြတ်စွာဘုရားက တလုံးတက်ပေးတယ်။

"ဝယဓမ္မာနုပဿီ ဝါ ဝေဒနာသု ဝိဟရတိ"။ ဝေဒနာသု၊ ဝေဒနာတို့၌။ ဝယဓမ္မာနုပဿီဝါ၊ ကုန်ခြင်း ပျောက်ခြင်းကို အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

ဒီဝေဒနာ ဘယ်ရောက်သွားသလဲ။ ဖြစ်လာတဲ့ ဝေဒနာ ကုန်သွားတယ်, ပျောက်သွားတယ်။ အဲဒီဝေဒနာရဲ့ ကုန်မှု ပျောက်မှုကလေးတွေကိုချည်းဘဲ ဉာဏ်ထဲမှာရှုနေအုံးတဲ့, ကြည့်နေအုံးတဲ့၊ ဝေဒနာမှာ သမုဒယသဘောလဲရှိတယ်, ဝယသဘောလဲ ရှိတယ်။ အဲဒါကို ကြည့်နေတဲ့ မြတ်စွာဘုရားက၊ ကိုယ်ကလုပ်ရမှာ မပါဘူးနော်၊ သူ့သဘာဝအတိုင်း ပေါ်နေတဲ့သဘောကို ကြည့်နေရမယ်။ တော်တော်ကလေး ဉာဏ်နိုင်လာပြီဆိုတော့—

"သမုဒယဝယဓမ္မာနုပဿီ ဝါ ဝေဒနာသု ဝိဟရတိ"။ ဝေဒနာသု၊ ဝေဒနာတို့၌။ သမုဒယဝယဓမ္မာနုပဿီဝါ၊ ဖြစ်ခြင်း ပျက်ခြင်းကို အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ပေါင်းရှုလိုက်တော့ ဒီတခါ ဉာဏ်နိုင်လာပြီ။

အဲဒီလို ဝေဒနာ ကမ္မဋ္ဌာန်းကို စီးဖြန်းလိုတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ဒီပါဠိတော်အရ ရှေးဦးစွာ ဘာလုပ်ရမလဲ၊ လူတွေ သတ္တဝါတွေ ဒူးခေါင်းတွေ ပေါင်တွေ လက်တွေ ဝမ်းဗိုက်တွေ ခေါင်းတွေ ခါးတွေနဲ့ ဝေဒနာကို ပဌမရှေးဦးစွာ ကွဲအောင် ခွဲပြီးတော့ ရှု။

ကွဲသွားပလား, ကွဲသွားပြီဆိုရင် အဇ္ဈတ္တဝေဒနာ ဗဟိဒ္ဓဝေဒနာ အဇ္ဈတ္တဗဟိဒ္ဓဝေဒနာလို့ ဝေဒနာသုံးပါး ပေါ်အောင်ရှု။ အဲဒါပြီးတော့မှ တခါ ဘာရှုရမလဲ၊ သမုဒယသဘောကိုရှု, ဝယသဘောကိုရှု, သမုဒယဝယသဘောကိုရှု။

## မဂ်ရဖိုလ်ဝင်ပုံများကို ဖော်ပြချက်

ဘာဖြစ်လို့ ဒီဝေဒနာသဘောကို ရှုနေရပါသလဲဘုရား, တပည့်တော်တို့ လိုချင်တာက ဒီ အဖြစ်တွေကို အပျက်တွေ လိုချင်တာမဟုတ်ဘူး, အဖြစ်တွေ အပျက်တွေ ရှုနေရင် ဒီအဖြစ်တွေ အပျက်တွေထဲမှာဘဲ နေရတော့မှာပေါ့လို့ မေးစရာမရှိဘူးလား (ရှိပါတယ်ဘုရား။)

လိုချင်တာ ဘာလိုချင်တာလဲဆိုတော့ မဂ်ဉာဏ်ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကို လိုချင်တာ, တဏှာစွဲ မာနစွဲ ဒိဋ္ဌိစွဲ အစွဲကင်းတာကို လိုချင်တာ၊ ဘယ့်နှယ် အဖြစ်အပျက်တွေ အရှုခိုင်းနေရသလဲလို့ ဒီလိုမေးစရာရှိတယ်။ ဘာဖြစ်လို့ ဒီဝေဒနာတွေကို, ဝေဒနာရဲ့ သမုဒယ, အတ္ထင်္ဂမသဘောတွေကို ရှုနေရသလဲလို့ဆိုတော့ ပါဠိတော်က ပြောပေးလိမ့်မယ်——

**သတိပေါ်လာပုံ။** ။“အတ္ထိ ဝေဒနာ”တိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ။

အဿ၊ ထိုကဲ့သို့ သုံးဆင့်မြောက်အောင် ရှုနေတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးအား။ ဝေဒနာ၊ ဝေဒနာသည်၊ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ သတိ၊ ဝိပဿနာနှင့်ယှဉ်တဲ့သောသတိသည်။ ပစ္စုပဋ္ဌိတာ၊ ရှေးရှု တည်၍လာသည်။ ဝါ၊ ထင်ရှားပေါ်၍လာသည်။ ဟောတိ၊ ဖြစ်လေ တော့၏။

အဲသလို ဘုန်းကြီး ပြောခဲ့တဲ့အတိုင်း သုံးဆင့်တက်ပြီးတော့ ရှုလိုက်တဲ့အခါ ကျတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများရဲ့ ဉာဏ် ထဲမှာ ဘယ့်နှယ်ထင်လာလလဲလို့ဆိုတော့ လူမရှိ, သတ္တဝါမရှိ, ခေါင်းတွေ လက်တွေ ခြေထောက်တွေ ပေါင်တွေ ခါးတွေ ဝမ်းဗိုက်တွေ မရှိ, ပုဂ္ဂိုလ် သတ္တဝါတွေမရှိ၊ ဘာရှိသလဲ၊ ဝေဒနာဘဲရှိတယ်လို့ ဉာဏ်ထဲမှာ ထင်လာလိမ့် မယ်။ ဘယ်သူ့ကြည့်လိုက်ကြည့်လိုက် ဝေဒနာတုံးကြီး, ဘာကိုကြည့်လိုက်ကြည့် လိုက် ဝေဒနာတုံးကြီး။ ဘာကို ကြည့်လိုက်ကြည့်လိုက်ဆိုတာ သတ္တဝါနဲ့ ခံစား ချက်ကို ပြောနေတာနော်၊ အပြင်ဘက်ကဟာတွေ ထား, အနိဋ္ဌာရုံဗဒ္ဓရုပ်တွေ မပါစေနဲ့။

**ဝေဒနာပေါ်လာပုံ။** ။ဒီအထဲမှာ ဝေဒနာပေါ်တဲ့ ခေတ်တွေကိုကြည့်၊ မျက် လုံးက ကြည့်လိုက်ပြန်တော့လဲ သောမနဿဝေဒနာတို့ ဒေါမနဿဝေဒနာတို့ သူတို့ကျတော့ ဘယ်မှီသလဲ သောမနဿဝေဒနာ, ဒေါမ နဿဝေဒနာဆိုတော့ ခုနပြောခဲ့တဲ့ ကာယပသာဒရုပ်ကို မမှီတော့ဘူး။ ဘယ်သူ့ သွားမှီသလဲလို့ဆိုတော့ ဟော ဟဒယဝတ္ထုရုပ်ကို သွားမှီတယ်။ မနောဒွါရမှာ သွားပြီးတော့ဖြစ်တယ်။ အဲဒီ သောမနဿဝေဒနာနဲ့ ဒေါမနဿဝေဒနာတို့က ကာယဒွါရမှာ မဖြစ်တော့ဘူး၊ ဥပေက္ခာဝေဒနာကျတော့ ဝတ္ထုရုပ် ခြောက်ခု စလုံးမှာ မှီပြီးဖြစ်တယ်လို့ ဘုန်းကြီး စောစောပိုင်းက ပြောနဲ့ပြီးပြီ။ ဒီတော့ အဲဒီလို မြင်တိုင်းမြင်တိုင်း ကြားတိုင်းကြားတိုင်း နံတိုင်းနံတိုင်း စသည့်အခါ တွေမှာလဲ, အားလုံးသော အာရုံခြောက်ပါးနဲ့ တွေ့တိုင်းမှာလဲဘဲ ဘာတွေပေါ် နေသလဲလို့ ဆိုတော့ သောမနဿဝေဒနာ, ဒေါမနဿဝေဒနာ, သို့မဟုတ် ဥပေက္ခာဝေဒနာဆိုတဲ့ ဝေဒနာ သုံးမျိုး ထဲက တမျိုးမျိုးသာ ပေါ်နေတော့ တယ်။

မြင်တိုင်းမြင်တိုင်း ဘာတွေပေါ်နေသလဲ၊ သောမနဿဝေဒနာ ပေါ်နေတယ်, သို့မဟုတ် ဒေါမနဿဝေဒနာပေါ်နေတယ်, သို့မဟုတ် ဥပေက္ခာဝေဒနာ ပေါ် နေတယ်။ ဝေဒနာ သုံးမျိုးထဲက တမျိုးမျိုးပေါ်နေတယ်။

**ဝေဒနာကိုရှုပုံ။** ။အဲဒီ သောမနဿဝေဒနာ, ဒေါမနဿဝေဒနာ, ဥပေက္ခာဝေဒနာ ပေါ်တဲ့အခါမှာ ဒီဝေဒနာသည် ကာမဂုဏ်နဲ့ ယှဉ်တဲ့ ဝေဒနာလား, သို့မဟုတ် ဝိပဿနာနဲ့ ယှဉ်တဲ့ ဝေဒနာလား ဆိုတာကို ခွဲခြားပြီးတော့သိရမယ်တဲ့။ ဒီတော့ ဝေဒနာချည်း ဉာဏ်ထဲမှာ ထင်ရှားလာတဲ့ အခါကျတော့ ဘာဖြစ်လာသလဲ။

> ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ အနိဿိတော စ ဝိဟရတိ၊ န စ ကိဉ္စိ လောကေ ဥပါဒိယတိ-လို့ ဒီဃနိကာယ် မဟာသတိပဋ္ဌာနသုတ်က ဒီလိုဟောတယ်။

ဘာဖြစ်လို့ ဒီဝေဒနာရဲ့ ဖြစ်ခြင်း ပျက်ခြင်းတွေ ရှု နေရသလဲဆိုတော့——

> ယာဝဒေဝဉာဏမတ္တာယ၊ အကြင်ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြစ်ပေါ်ခြင်းအကျိုးငှါသာလျှင်။ (အဖြစ်အပျက်ရှုနေရတာဟာ ဝိပဿနာဉာဏ်နဲ့ မဂ်ဉာဏ်အတွက်ရှုရမယ်)။ ယာဝဒေဝပဋိဿတိမတ္တာယ၊ အကြင်ဝိပဿနာဉာဏ်မဂ်ဉာဏ်တို့နှင့် ယှဉ်သောသတိ၏ ထင်လာခြင်း အကျိုးငှါသာလျှင်။ အနိဿိတောစ၊ တစုံတခုသော ပုဂ္ဂိုလ်သတ္တဝါကို မမှီမူ၍သာလျှင်။ ဝိဟရတိ၊ နေ၏။

ပုဂ္ဂိုလ်သတ္တဝါကို မမှီဘဲနဲ့ ဝေဒနာချည်းရှုပြီးတော့ အဲသလိုနေဘို့ရန်အတွက် ဝိပဿနာဉာဏ်, မဂ်ဉာဏ်တွေပေါ် လာဘို့ရန်အတွက်, ဝိပဿနာဉာဏ်နဲ့ မဂ်ဉာဏ်နဲ့ ယှဉ်ဘဲ့သတိ ထင်လာဘို့ရန်အတွက် ဝေဒနာရဲ့သမုဒယသဘော,အတ္ထင်္ဂမသဘောကို ရှုတာပါတဲ့။

**သောတာပန်ဖြစ်သွားပုံ။** ။ဒါဖြင့် အဲဒီဝေဒနာရဲ့ သမုဒယသဘောကိုရှုရင် ဘာဖြစ်လာသလဲလို့ဆိုတော့——

> န စ ကိဉ္စိ လောကေ ဥပါဒိယတိ။

ကိဉ္စိလောကေ၊ တစုံတခုသော ဥပါဒါနက္ခန္ဓာလောက၌။ နဥပါဒိယတိ၊ ငါ-ငါ့ဥစ္စာလို့ဆိုတဲ့ အတ္တ အတ္တနိယ အနေမျိုးအားဖြင့် မစွဲလမ်းနိုင်တော့ပေ။

အဲသလိုရှုသွားရင်, ဝေဒနာကို ခုပြောခဲ့သည့်အတိုင်းသာ ရှုသွားရင် အတ္တဆိုတဲ့ အစွဲနဲ့ အတ္တနိယဆိုတဲ့ အစွဲတွေ ပြုတ်သွားရော။ အတ္တနဲ့ အတ္တနိယအစွဲ ပြုတ်သွားတဲ့ ပုဂ္ဂိုလ်ကို ဘာလို့ခေါ်သလဲလို့ဆိုတော့ သောတာပန်ပုဂ္ဂိုလ်လို့ ခေါ်ပါတယ်တဲ့။

**အထက်မဂ်ဖိုလ်သွားလမ်း။** ။သောတာပန် ပုဂ္ဂိုလ်ဖြစ်လိုတဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဝေဒနာကို ဒီအတိုင်းဘဲရှုရမယ်။ ဆက်ရှုသွားရင် သကဒါဂါမ်ပုဂ္ဂိုလ် အနာဂါမ်ပုဂ္ဂိုလ်

ရဟန္တာပုဂ္ဂိုလ်သိအောင် ဖြစ်ပုံကို ဖော်ပြဘဲ့ မဇ္ဈိမနိကာယ်ကို သွားမယ်။ မဇ္ဈိမနိကာယ်က ခုပြောခဲ့တဲ့ ဝေဒနာကို ဘာပြောထားသလဲလို့ ဆိုတော့ လေးချက်ခွဲပြီး သိရမယ်တဲ့။ ဘယ်နှစ်ချက်တဲ့ (လေးချက်ပါဘုရား)

ဒီဝေဒနာကို လေးချက်ခွဲပြီး သိပုံကို မဇ္ဈိမနိကာယ် မူလပဏ္ဏာသပါဠိတော်က သမ္မာဒိဋ္ဌိသုတ္တန်ကို ရှင်သာရိပုတြာ ဟောထားတာ ပြောကြဦးမို့။ ဘယ့်နှယ် ဟောထားသလဲ ရှင်သာရိပုတြာက—

ယတော ခေါ အာဝုသော အရိယသာဝကော ဝေဒနဉ္စ ပဇာနာတိ၊ ဝေဒနာသမုဒယဉ္စ ပဇာနာတိ၊ ဝေဒနာနိရောဓဉ္စ ပဇာနာတိ၊ ဝေဒနာ-နိရောဓဂါမိနိံ ပဋိပဒဉ္စ ပဇာနာတိ။ ဧတ္တာဝတာပိ ခေါ အာဝုသော အရိယသာဝကော သမ္မာဒိဋ္ဌိ ဟောတိ။ ဥဇုဂတာဿ ဒိဋ္ဌိ၊ ဓမ္မေ အဝေစ္စပ္ပသာဒေန သမန္နာဂတော၊ အာဂတော ဣမံ သဒ္ဓမ္မံ။

အာဝုသော၊ ငါ့ရှင်တို့။ ယတော ယေန ကာလေန၊ အကြင်သို့သော အခါကာလ သမယ၌။ အရိယသာဝကော၊ စာစာပိုင်းက ဟောခဲ့တဲ့ အတိုင်း ဝေဒနာကို ဝိပဿနာကမ္မဋ္ဌာန်း ရှုပွါး၍လာသော အရိယသာဝက ဖြစ်တဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ ဝေဒနံ၊ ဝေဒနာ ကို။ပဇာနာတိ၊ လူနဲ့ဝေဒနာကိုခွဲခြား၍သိ၏။ ဝေဒနာသမုဒယဉ္စ၊ ဝေဒနာ၏ ဖြစ်ကြောင်း တရားကိုလည်း။ ပဇာနာတိ၊ ခွဲခြား၍သိ၏။ ဝေဒနာနိရောဓဉ္စ၊ ဝေဒနာ၏ ချုပ်ခြင်းကိုလည်း။ ပဇာနာတိ၊ ခွဲခြား၍သိ၏။ ဝေဒနာနိရော-ဓဂါမိနိံ ပဋိပဒဉ္စ၊ ဝေဒနာ၏ ချုပ်ရာသို့ ရောက်ကြောင်း ဖြစ်တဲ့ ကျင့်ဝတ်ပဋိပတ် အကျင့်မြတ်ကိုလည်း။ ပဇာနာတိ၊ ခွဲခြား၍သိ၏။ အာဝုသော၊ ငါ့ရှင်တို့။ ဧတ္တာဝတာ ခေါ၊ ဤမျှသော အတိုင်းအရှည် ဖြင့်။ အရိယသာဝကော၊ အရိယာသာဝကသည်။ သမ္မာဒိဋ္ဌိ၊ သမ္မာ-ဒိဋ္ဌိသည်။ ဟောတိ၊ ဖြစ်လေတော့၏။ အဿ၊ ထို အရိယာသာဝက၏။ ဒိဋ္ဌိ၊ အယူသည်။ ဥဇုဂတော၊ ဖြောင့်မှန်၍ သွားသည်။ ဟောတိ၊ ဖြစ်လေတော့၏။ ဓမ္မေ၊ မြတ်စွာဘုရား၏ တရားတော်၌။ အဝေစ္စပ္ပသာဒေန၊ မတုန်မလှုပ်သော သက်ဝင်ယုံကြည်ခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်လေတော့၏။ ဣမံသဒ္ဓမ္မံ၊ ဤသူတော်ကောင်းတို့ရဲ့ တရားသို့။ အာဂတော၊ သက်ဝင်၍လာသည်။ ဟောတိ၊ ဖြစ်လေတော့၏။

**ဝေဒနာသိပုံ ၄-ချက်။** ။ရှင်သာရိပုတြာက ဘာပြောသလဲလို့ဆိုတော့–ငါ့ရှင်တို့ ယောဂါဝစရပုဂ္ဂိုလ်လို့ခေါ်တဲ့ တရားအားထုတ်နေတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးသည် စာစာပိုင်းက ပြောခဲ့တဲ့အတိုင်း ဝေဒနာနဲ့ လူကို ခွဲခြားပြီးတော့ သိ၊ ဝေဒနာက ခံစားတယ်လို့ သိ

သလား, လူက ခံစားတယ်လို့ သိသလားလို့ဆိုတော့ ဝေဒနာက ခံစားတာကို သိတယ်လို့ ဆိုတာကို ဝေဒနာနဲ့ လူကို ခွဲခြားသိတယ်လို့ ခေါ်တယ်။

ဝေဒနာသမုဒယံ ပဇာနာတိ။ ဒီဝေဒနာ ဘယ်သူလုပ်လို့ ဖြစ်သလဲ, ကိုယ်လုပ်လို့ ဖြစ်သလား, သို့မဟုတ် ဝေဒနာဖြစ်ကြောင်းတရားကြောင့် ဖြစ်သလားလို့ ဆိုတာကို သိတဲ့အခါကျတော့ တချို့ကတော့ ဝေဒနာ ကိုယ်လုပ်လို့ ဖြစ်တယ်လို့ ဒီလို အောက်မေ့တယ်၊ ဝိပဿနာဉာဏ်သမားက အဲသလို မသိဘူး, ဝေဒနာကို အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးတရားလို့ အဲသလို ဝေဒနာဖြစ်ကြောင်းတရားကို သူက ခွဲခြားပြီးတော့ သိတယ်။

ဝေဒနာနိရောဓံ ပဇာနာတိ။ ဝေဒနာချုပ်တာကို သိတယ်၊ ဝေဒနာချုပ်တာကို ခွဲခြားသိတယ်လို့ဆိုတော့ ဘယ်လိုသိသလဲ, နဲနဲလေးတော့ သူကို ဂရုစိုက်ပြီးတော့ နားထောင်ရမယ်၊ ဝေဒနာချုပ်တယ်လို့ ဆိုတာ ကိုယ်က တမင်လာချုပ်အောင်လုပ်လို့ ပျောက်သွားတဲ့ သဘာဝနဲ့, အနုပ္ပါဒနိရောဓအဖြစ် ချုပ်သွားတာလို့ အဲဒီလို ချုပ်တာ နှစ်မျိုးကို ခွဲခြားပြီးတော့ သိတယ်။

ဥပမာပုံ ဆိုကြပါစို့ – လူတယောက်ဟာ ရောဂါဖြစ်တယ်၊ ဆေးကုလိုက်တော့ ပျောက်သွားရော၊ ဒီရောဂါပျောက်သွားတာဟာ ဒုက္ခဝေဒနာ ချုပ်သွားတာဘဲ၊ ဒါကတော့ လုပ်လို့ ပျောက်တာ။ ဝေဒနာနိရောဓလို့ဆိုတာက အနုပ္ပါဒနိရောဓတဖန် ဖြစ်ခွင့်မရသည်၏ အစွမ်းအားဖြင့် ဝေဒနာချုပ်တယ်လို့ ခွဲခြားသိတယ်၊ အဲဒီလို နှစ်မျိုးသိတာကို ခွဲခြားသိတယ်လို့ ခေါ်တယ်။

ဝေဒနာနိရောဓဂါမိနိံ ပဋိပဒဉ္စ ပဇာနာတိ။ ဝေဒနာတို့ရဲ့ ချုပ်ကြောင်းကျင့်ဝတ်ပဋိပတ် အကျင့်မြတ်ကိုခွဲခြားပြီးတော့ သိတယ်ဆိုတာ ဘယ်လိုသိတာလဲ၊ ဝေဒနာပျောက်တာ ဘာဖြစ်လို့ ပျောက်သွားသလဲ၊ ပျောက်အောင် တစုံတယောက်သော ပုဂ္ဂိုလ်က လုပ်ပေးလို့ ဒီဝေဒနာ ပျောက်သွားတယ်လို့ သိဟာရယ်, မဂ္ဂင်ရှစ်ပါး အကျင့်တရားကို ပွါးများအားထုတ်သည်ဖြစ်သောကြောင့် ဝေဒနာသည် အနုပ္ပါဒနိရောဓဖြစ်ပြီးတော့ ပျောက်သွားတာရယ်လို့ ဆိုပြီးတော့ အဲသလို နှစ်မျိုးကို သူခွဲခြားပြီးတော့ သိတယ်။

**အယူမှန်သို့ ရောက်သူ။** ။ဝေဒနာသည် ဒုက္ခသစ္စာ, ဝေဒနာသမုဒယသည် သမုဒယသစ္စာ, ဝေဒနာနိရောဓသည် နိရောဓသစ္စာ, ဝေဒနာနိရောဓဂါမိနိပဋိပဒါသည် မဂ္ဂသစ္စာ-လို့ အဲဒီလို သစ္စာလေးပါးကို သိရင် ထိုပုဂ္ဂိုလ်သည် သမ္မာဒိဋ္ဌိအယူသို့ ရောက်သွားပြီ၊ အဲဒီပုဂ္ဂိုလ်ရဲ့ အယူဟာလဲဘဲ ဖြောင့်မှန်သွားပြီ၊ အဲဒီလို ရှင်သာရိပုတြာက ဟောတော်မူတယ်။

ဒါဖြင့် ဝေဒနာဆိုတာ ဘာလဲလို့ ရှင်သာရိပုတြာကဘဲ ပုစ္ဆာထုတ်ပြီးတော့ သမ္မာဒိဋ္ဌိသုတ္တန်မှာ မေးတယ်။

ကတမာ ပနာဝုသော ဝေဒနာ၊ ကတမော ဝေဒနာသမုဒယော၊
ကတမော ဝေဒနာနိရောဓော၊ ကတမာ ဝေဒနာနိရောဓဂါမိနီ ပဋိပဒါ။

ငါ့ရှင်တို့ ဝေဒနာဆိုတာ ဘာလဲ၊ ဝေဒနာဖြစ်ကြောင်းတရားက ဘာလဲ၊ ဝေဒနာ ချုပ်တာက ဘာလဲ၊ ဝေဒနာ ချုပ်ကြောင်းတရားက ဘာလဲလို့.... မေးတယ်။

ဆယိမေ အာဝုသော ဝေဒနာ ကာယာ၊ စက္ခုသမ္ဖဿဇာ ဝေဒနာ
သောတသမ္ဖဿဇာ ဝေဒနာ ဃာနသမ္ဖဿဇာ ဝေဒနာ ဇိဝှါသမ္ဖဿဇာ
ဝေဒနာ ကာယသမ္ဖဿဇာ ဝေဒနာ မနောသမ္ဖဿဇာ ဝေဒနာ။

**ဝေဒနာဖြစ်ပုံ ၆-မျိုး။** ။ငါ့ရှင်တို့ ဝေဒနာဆိုတာ ခြောက်မျိုးရှိတယ်တဲ့၊စက္ခု-သမ္ဖဿဇာ ဝေဒနာ=မျက်လုံးနဲ့ ထိခိုက်မိသည် ဖြစ်သောကြောင့် ဖြစ်တဲ့ဝေဒနာ။ ဥပမာ–ရူပါရုံတခုကို ကြည့်ပြီးတော့ ကောင်းတယ်, မကောင်းဘူး, နှစ်သက်တယ်, မနှစ်သက်ဘူး, ကြိုက်တယ်, မကြိုက်ဘူး ဆိုတဲ့သဘော ခံစားနေတာသည် ရူပါရုံက မျက်လုံးကို လာပြီးထိခိုက်မှ ဒီခံစားမှုပေါ်တယ်၊ ဖဿဆိုတာက လာပြီးတော့ ထိခိုက်တာ၊ အသံက နားကိုလာပြီး ထိခိုက်မှ ဒီအသံ ကောင်းတယ်, မကောင်းဘူးလို့ဆိုတဲ့ ခံစားမှုပေါ်တယ်၊ မထိခိုက်ဘဲနဲ့ မပေါ်ဘူး။ အနံ့က နှာခေါင်းကို ဃာနပသာဒရုပ်ကို လာပြီး ထိခိုက်မှ ဒီအနံ့ ကောင်းတယ်, မကောင်းဘူးဆိုတဲ့ သုခ ဒုက္ခ ဝေဒနာ ပေါ်တယ်။ အရသာက လျှာကို လာပြီးတော့ထိခိုက်မှ ဒီအရသာ ကောင်းတယ် မကောင်းဘူး, ကောင်းတာ ခံစားတယ်, မကောင်းတာ ခံစားတယ်ဆိုတဲ့ အရသာ သဘောပေါ်တယ်၊ မထိခိုက်ရင် မပေါ်ဘူး။ ခန္ဓာကိုယ်ကို တစုံတခုက လာပြီးတော့ ထိခိုက်မှ အရသာပေါ်တယ်, မထိမတွေ့ရဘဲနဲ့ ပေါ်တဲ့အရသာ ရှိသလားဆိုတော့ မရှိဘူး။ အဲဒါကြောင့် အရှင်သာရိပုတြာက—

ဖဿော ဝေဒနာယ သမုဒယော။ ဖဿသည် ဝေဒနာဖြစ်ခြင်းရဲ့ အကြောင်းပါဘဲလို့ ဒီလိုသိတယ်၊ ဒီတော့ ဝေဒနာက ဒုက္ခသစ္စာ။ ဖဿက သမုဒယသစ္စာလို့ ဒီလို ရှုရမယ်၊ ရှုကွက်ကို ရှုချင်ရင် အဲဒီအတိုင်း ရှုရမယ်၊ ကိုယ်ခန္ဓာပေါ်မှာ ပေါ်နေတဲ့ ဝေဒနာတို့က ဘာတဲ့လဲ၊ ဒုက္ခ။ ဘယ်သူ့ကြောင့် ပေါ်သလဲ၊ ထိခိုက်တဲ့ ဖဿကြောင့်၊ ငါ့ကြောင့် ဒီဝေဒနာဖြစ်တာ မဟုတ်ဘူး, သူ့ဖာသာ သူဖြစ်တာ မဟုတ်ဘူး, ဖဿကြောင့် ဖြစ်တယ်လို့ အဲဒီလို ခွဲခြားပြီးတော့ သိရင် ဝေဒနာသမုဒယကို သိတာ မည်ပါတယ်။

**ဝေဒနာ ချုပ်ပုံ။** ။ဝေဒနာနိရောဓ။ ဝေဒနာဟာ မရှိဘူး, ပေါ်ကို မပေါ်ဘူး၊ ဘာဖြစ်လို့ ဒီဝေဒနာ မပေါ်သလဲ, ဘာမှ မလုပ်လို့မပေါ်သလားလို့ ဆိုတော့ မဟုတ်ဘူး၊ ဝေဒနာချုပ်ကြောင်း ကျင့်ဝတ်ကို ကျင့်တဲ့

အတွက် အနုပ္ပါဒနိရောဓ အနေအားဖြင့် တဖန် ဖြစ်ခွင့်မရသည် ဖြစ်သော ကြောင့် ချုပ်တဲ့နိရောဓသစ္စာကို ဝေဒနာနိရောဓလို့ ခေါ်တယ်။ ဒီဝေဒနာ နိရောဓ ဘယ်သူ့ကြောင့်လဲ၊ မဂ္ဂင်ရှစ်ပါးလို့ ခေါ်တဲ့ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာ-သမာဓိ။ သီလ သမာဓိ ပညာ သိက္ခာသုံးပါး အကျင့်တရားကြောင့်သာလျှင် ဝေဒနာနိရောဓ ဖြစ်တယ်။

**ဝေဒနာသိလျှင် သစ္စာလေးပါးသိ။** ။ဒီတော့ ရှင်သာရိပုတြာက အဲဒီလိုသိတဲ့ ပုဂ္ဂိုလ်ကို ဘယ်နှယ်ဟောထားသလဲလို့ ဆိုတော့ ဒီလို ဝေဒနာသိသွားရင် သစ္စာလေးပါးကို သိတယ်လို့—

ယတော ခေါ အာဝုသော အရိယသာဝကော ဧဝံ ဝေဒနံ ပဇာနာတိ၊ ဧဝံ ဝေဒနာသမုဒယံ ပဇာနာတိ၊ ဧဝံ ဝေဒနာနိရောဓံ ပဇာနာတိ၊ ဧဝံ ဝေဒနာနိရောဓဂါမိနိံ ပဋိပဒံ ပဇာနာတိ၊ သော သဗ္ဗသော ရာဂါနုသယံ ပဟာယ ပဋိဃာနုသယံ ပဋိဝိနောဒေတွာ အသ္မီတိ ဒိဋ္ဌိ-မာနာနုသယံ သမူဟနိတွာ အဝိဇ္ဇံ ပဟာယ ဝိဇ္ဇံ ဥပ္ပါဒေတွာ ဒိဋ္ဌေဝ ဓမ္မေ ဒုက္ခဿန္တကရော ဟောတိ၊ ဧတ္တာဝတာပိ ခေါ အာဝုသော အရိယသာဝကော သမ္မာဒိဋ္ဌိ ဟောတိ၊ ဥဇုဂတာဿ ဒိဋ္ဌိ၊ ဓမ္မေ အဝေစ္စ-ပ္ပသာဒေန သမန္နာဂတော၊ အာဂတော ဣမံ သဒ္ဓမ္မံ။

အာဝုသော၊ ငါ့ရှင်တို့။ ယတော၊ အကြင်အခါ၌။ အရိယသာဝကော၊ အရိယာသာဝကသည်။ ဧဝံ၊ ဤသို့ ဟောကြားအပ်ခဲ့သောအတိုင်း။ ဝေဒနံ၊ ဝေဒနာကို။ ပဇာနာတိ၊ ခွဲခြား၍သိ၏။ ဧဝံ၊ ဤသို့။ ဝေဒနာ-သမုဒယံ၊ ဝေဒနာ ဖြစ်ကြောင်းတရားကို။ ပဇာနာတိ၊ ခွဲခြား၍ သိ၏။ (လုပ်လို့ ဖြစ်တာနဲ့ အကြောင်းကြောင့် ဖြစ်တာကို ခွဲခြားပြီးသိတယ်)။ ဧဝံ၊ ဤသို့။ ဝေဒနာနိရောဓံ၊ ဝေဒနာချုပ်ခြင်းကို။ ပဇာနာတိ၊ ခွဲခြားပြီး သိ၏။ ဧဝံ၊ ဤသို့။ ဝေဒနာနိရောဓဂါမိနိံ ပဋိပဒံ၊ ဝေဒနာ ချုပ်ကြောင်း ကျင့်ဝတ်ပဋိပတ် အကျင့်မြတ်ကို။ ပဇာနာတိ၊ ခွဲခြား၍ သိ၏။ သော၊ ထိုကဲ့သို့ လေးမျိုးသော အဆင့်အားဖြင့် သိသော အရိယာသာဝကသည်။ သဗ္ဗသော၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ ရာဂါနုသယံ၊ ရာဂါနုသယကို။ ပဟာယ၊ ပယ်၍။ ပဋိဃာနုသယံ၊ ပဋိဃာ-နုသယကို။ ပဋိဝိနောဒေတွာ၊ ပယ်ဖျောက်၍။ အသ္မီတိဒိဋ္ဌိမာနာနုသယံ၊ ငါလို့စွဲတဲ့ ဒိဋ္ဌိမာနာနုသယကို။ သမူဟနိတွာ၊ ပယ်နှုတ်၍။ အဝိဇ္ဇံ၊ အဝိဇ္ဇာ ကို။ ပဟာယ၊ ပယ်၍။ ဝိဇ္ဇံ၊ ဝိဇ္ဇာကို။ ဥပ္ပါဒေတွာ၊ ဖြစ်စေ၍။ ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက်ဘဝ၌။ ဒုက္ခဿန္တကရော၊ ဒုက္ခကုန်ရာဖြစ်တဲ့ နိဗ္ဗာန်ကိုမျက် မှောက်ပြုနိုင်သည်။ ဟောတိ၊ ဖြစ်လေတော့၏။

## မဂ်နောက် ဖိုလ်ပေါက် နိဗ္ဗာန်ရောက်ပုံ

**သမ္မာဒိဋ္ဌိဉာဏ်။** ။အဲဒီလို ဝေဒနာကို ဝေဒနာရယ်, ဝေဒနာဖြစ်ကြောင်းတရားရယ်, ဝေဒနာ ချုပ်ကြောင်းတရားရယ်, ဝေဒနာချုပ်ခြင်းရယ်လို့ဆိုတဲ့ ဒီလေးမျိုးကို သစ္စာလေးပါးအနေနဲ့ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ စောစောပိုင်းက ပြောခဲ့တဲ့အတိုင်း ရှုလို့ သိသွားရင်လဲဘဲ အဲဒီပုဂ္ဂိုလ်သည် ဤပစ္စုပ္ပန်လောကမှာဘဲ မာနာနုသယတွေ ကွာပြီးတော့ အဝိဇ္ဇာပျောက် ဝိဇ္ဇာဉာဏ်တွေပေါက်ပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်တိုင် ရောက်ပြီးတော့ ဒုက္ခရဲ့မရှိရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုနိုင်တယ်တဲ့။ အဲဒါကိုဘဲ သမ္မာဒိဋ္ဌိလို့ခေါ်ပါတယ်။

**မဂ်ဉာဏ်, ဓမ္မဉာဏ်။** ။တခါ အဲဒီလိုသိတဲ့ပုဂ္ဂိုလ်သည် သောတာပန်ပုဂ္ဂိုလ် ဖြစ်နေပြီလို့ဆိုပြီး ဒီလို ဝေဒနာမှာ သိဘို့ရန်အတွက် ဉာဏ်နှစ်မျိုးရှိတဲ့အကြောင်း ဘုန်းကြီးတို့ သံယုတ္တနိကာယ် နိဒါနဝဂ္ဂသံယုတ် ပါဠိတော်မှာ ဟောထားသေးတယ်။ ဒီအတိုင်းဘဲ နောက်ဟောထားတဲ့ ဉာဏဝတ္ထုသုတ္တန်ဆိုတာက ဝေဒနာကိုသိတဲ့ဉာဏ်, ဝေဒနာသမုဒယကိုသိတဲ့ဉာဏ်, ဝေဒနာနိရောဓကိုသိတဲ့ဉာဏ်, ဝေဒနာနိရောဓဂါမိနီပဋိပဒါကို သိတဲ့ဉာဏ်-လို့ ဉာဏ်လေးမျိုးကိုဟောတယ်။ အဲဒီဉာဏ်လေးမျိုးကို စောစောပိုင်းက ဝိပဿနာဉာဏ်ကို ရှုကြတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ခွဲခြားပြီးတော့ သိသွားရင်တဲ့ သံယုတ်ပါဠိတော်က ဘယ်နှယ်ပြောထားသလဲလို့ ဆိုတော့—

> ယတော စ ခေါ ဘိက္ခဝေ ဘိက္ခု အရိယသာဝကော ဧဝံ ဝေဒနံ ပဇာနာတိ၊ ဧဝံ ဝေဒနာသမုဒယံ ပဇာနာတိ၊ ဧဝံ ဝေဒနာနိရောဓံ ပဇာနာတိ၊ ဧဝံ ဝေဒနာနိရောဓဂါမိနိံ ပဋိပဒံ ပဇာနာတိ၊ သော ဣဒမဿ ဓမ္မေဉာဏံ၊ သော ဣမိနာ ဓမ္မေန ဒိဋ္ဌေန ဝိဒိတေန ပတ္တေန အကာလိကေန ပရိယောဂါဠှေန အတီတာနာဂတေန ယံ နေတိ။

ဓမ္မဉာဏ်နဲ့ အန္ဝယဉာဏ်။ ဝေဒနာကိုသိတဲ့နေရာမှာ ဓမ္မဉာဏ်, အန္ဝယဉာဏ်လို့ နှစ်မျိုးတဲ့။ အခုပြောနေဘာ ဓမ္မဉာဏ်။ စောစောပိုင်းက ပြောသလို ဝိပဿနာ ရှုလို့ ဝေဒနာကိုခွဲခြားသိပြီးတော့ ဝေဒနာသမုဒယ=ဝေဒနာဖြစ်ကြောင်းတရားကိုသိပြီ,ဝေဒနာနိရောဓ=ဝေဒနာချုပ်ခြင်းကိုသိပြီ, ဝေဒနာချုပ်ခကြောင်းဖြစ်တဲ့ ကျင့်ဝတ်ပဋိပတ်အကျင့်မြတ်ဆိုတဲ့ မဂ္ဂသစ္စာကိုသိပြီဆိုရင်ဘဲ အဲဒီအရိယသာဝကဟာ ဘယ်လိုလဲ၊ မြတ်စွာဘုရားက ဘာဉာဏ်ကိုရတယ်လို့ ပြောသလဲဆိုတော့ ဓမ္မဉာဏ်ရပုံကို မြတ်စွာဘုရားက ပြောတယ်။

သောကုလပုတ္တော၊ ထိုအမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ ဒိဋ္ဌေန၊ ဝိပဿနာဉာဏ်ဖြင့် မြင်အပ်သော။ ဝိဒိတေန၊ မဂ်ဉာဏ်ဖြင့် ထင်

ရှားစွာသိအပ်သော။ အကာလိကေန၊ အခါမလင့်ကောင်းကျိုးကိုပေးတတ်သော။ ပရိယောဂါဠှေန၊ သူတပါးတို့က ပြောလို့မဟုတ်ဘဲနဲ့ ကိုယ့်ကိုယ်ပိုင်ဉာဏ်ဖြင့် သိးသန့်သက်ဝင်၍ ရောက်အပ်သော။ အတီတာနာဂတေန၊ အတိတ်အနာဂတ်ဖြစ်သော။ ဣမိနာ ဓမ္မေန၊ ဤသို့သစ္စာလေးပါးကို ခွဲခြား၍သိသော သစ္စာဉာဏ်ဖြင့်။ ယံ ဉာဏံ၊ အကြင်ဉာဏ်သို့။ နေတိ၊ ပို့ဆောင်၏။ (အဲဒီသစ္စာဉာဏ်ကနေပြီးတော့ အကြင်ဉာဏ်တခုသို့ ပို့ဆောင်လိုက်တယ်ဆိုတော့ ဘယ်ဉာဏ်သို့ ပို့လိုက်သလဲ၊ အဲဒီ ဉာဏ်ပို့ပုံကလေး) ဣဒံဉာဏံ၊ ဤကဲ့သို့အပို့ခံရတဲ့ဉာဏ်သည်။ တဿ၊ ထိုအရိယာသာဝက၏။ ဓမ္မေဉာဏံ၊ တရားတော်၌ သိသောဉာဏ်ပင်တည်း။

"ဓမ္မေဉာဏန္တိ မဂ္ဂဉာဏံ"တဲ့ အဋ္ဌကထာဆရာကြီးက။ စောစောပိုင်းက ပြောခဲ့တဲ့ သစ္စာလေးပါးကို သိလိုက်တဲ့ဉာဏ်ဖြင့် ကိုယ်တိုင်ထိုးထွင်းပြီးတော့ "အကာလိက=အခါမလင့် အကျိုးပေး"တဲ့တဲ့ ဒီဉာဏ်က ဘယ်ထိအောင် ပို့လိုက်သလဲ၊ သစ္စာဉာဏ်က မဂ်ဉာဏ်ထိအောင် ပို့လိုက်တယ်။ ဒါ မဂ်ဉာဏ်ဓမ္မေဉာဏ်။

**ပစ္စဝေက္ခဏာဉာဏ်။** ။အဲဒီဓမ္မေဉာဏ်ကို ရပြီးတဲ့နောက် သူ ဘယ်လို ဆင်ခြင်သလဲ၊ ပစ္စဝေက္ခဏာဉာဏ်နဲ့ ဘယ်လိုဆင်ခြင်လိုက်သလဲ ဆိုတော့—

ယေ ခေါ ကေစိ အတီတမဒ္ဓါနံ သမဏာဝါ ဗြာဟ္မဏာဝါ ဝေဒနံ အဗ္ဘညံသု၊ ဝေဒနာသမုဒယံ အဗ္ဘညံသု၊ ဝေဒနာနိရောဓံ အဗ္ဘညံသု၊ ဝေဒနာနိရောဓဂါမိနိံ ပဋိပဒံ အဗ္ဘညံသု၊ သဗ္ဗေ တေ ဧဝမေဝ အဗ္ဘညံသု သေယျထာပါဟံ ဧတရဟိ။

အတီတမဒ္ဓါနံ၊ ဟိုလွန်လေပြီးတဲ့ အတိတ်ကာလက ဖြစ်ကုန်သော။ ယေကေစိ၊ ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော။ သမဏာဝါ ဗြာဟ္မဏာဝါ၊ သမဏဗြာဟ္မဏတို့သည်။ ဝေဒနံ၊ ဝေဒနာကို။ အဗ္ဘညံသု၊ သိခဲ့ကြကုန်ပြီ။ ဝေဒနာသမုဒယံ၊ ဝေဒနာဖြစ်ခြင်းကို။ အဗ္ဘညံသု၊ သိခဲ့ကြကုန်ပြီ။ ဝေဒနာနိရောဓဂါမိနိံ ပဋိပဒံ၊ ဝေဒနာချုပ်ငြိမ်းရာသို့ ရောက်ကြောင်းဖြစ်တဲ့ ကျင့်ဝတ်ပဋိပတ် အကျင့်မြတ်ကို။ အဗ္ဘညံသု၊ သိခဲ့ကြကုန်ပြီ။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေ၊ ထိုအတိတ်ကသစ္စာလေးပါးကို သိခဲ့ကြတယ်ဆိုတဲ့ ပုဂ္ဂိုလ်အပေါင်းတို့သည်။ ဧတရဟိ၊ ယခုအခါ၌။ အဟံ၊ ငါသည်။ အဘိဇာနာမိ သေယျထာပိ၊ သိနေသကဲ့သို့။ ဧဝမေဝ၊ ဤယခု ငါသိနေတဲ့အတိုင်းသာလျှင်။ အဗ္ဘညံသု၊ သိခဲ့ကြကုန်ပြီ။

အဓိပ္ပါယ် ဘာပြောသလဲ။ ရှေးက ဝေဒနာကိုသိတယ်, ဝေဒနာသမုဒယကိုသိတယ်, ဝေဒနာနိရောဓကိုသိတယ်, ဝေဒနာနိရောဓဂါမိနီပဋိပဒါကိုသိတယ်, ဒီလို

လေးချက်ကိုသိသွားကြတဲ့ ပုဂ္ဂိုလ်တွေဟာလဲ ယခု ငါသိသကဲ့သို့ သိကြတာဘဲလို့ မဂ်ဉာဏ်ပြီးတော့ အဲဒ်လိုသိတဲ့ အသိဉာဏ်,ပစ္စဝေက္ခဏာဉာဏ် ပေါ်တယ်။

**အန္ဒယဉာဏ်။** ။ယေပိ ဟိ ကေစိ အနာဂတမဒ္ဓါနံ သမဏာ ဝါ ဗြာဟ္မဏာ ဝါ ဝေဒနံ အဘိဇာနိဿန္တိ၊ ဝေဒနာသမုဒယံ အဘိဇာနိဿန္တိ၊ ဝေဒနာနိရောဓံ အဘိဇာနိဿန္တိ၊ ဝေဒနာနိရောဓဂါမိနိံ ပဋိပဒံ အဘိဇာနိဿန္တိ၊ သဗ္ဗေ တေ ဧဝမေဝ အဘိဇာနိဿန္တိ၊ သေယျထာပါဟံ ဧတရဟိ။ (ပါဠိတော်က အန္ဒယဉာဏ်မှာ)

အနာဂတမဒ္ဓါနံ၊ နောင်အနာဂတ်ကာလ၌ဖြစ်ကြကုန်သော။ ယေကေစိ၊ ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော။ သမဏာ ဝါ ဗြာဟ္မဏာ ဝါ၊ သမဏ-ဗြာဟ္မဏတို့သည်။ (ပွင့်တော်မူလတ္တံ့ဖြစ်တဲ့ အရိမေတ္တေယျ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ရဲ့ အရိယာသာဝက ပုဂ္ဂိုလ်တွေ) ဝေဒနံ၊ ဝေဒနာကို။ အဘိဇာနိဿန္တိ၊ သိကြပေကုန်လိမ့်လတ္တံ့။ ဝေဒနာသမုဒယံ၊ ဝေဒနာ၏ဖြစ်ကြောင်းကို။ အဘိဇာနိဿန္တိ၊ သိကြပေကုန်လိမ့်လတ္တံ့။ ဝေဒနာနိရောဓံ၊ ဝေဒနာချုပ်ခြင်းကို။ အဘိဇာနိဿန္တိ၊ သိကြပေကုန်လိမ့်လတ္တံ့။ ဝေဒနာနိရောဓဂါမိနိံ ပဋိပဒံ၊ ဝေဒနာချုပ်ကြောင်း ကျင့်ဝတ်ပဋိပတ်အကျင့်မြတ်ကိုလည်း။ အဘိဇာနိဿန္တိ၊ သိကြပေကုန်လိမ့်လတ္တံ့။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေ၊ ထိုအနာဂတ်၌ ဖြစ်လတ္တံ့ကုန်သော သမဏ-ဗြာဟ္မဏဖြစ်တဲ့ ရဟန္တာပုဂ္ဂိုလ်တို့သည်။ အဟံ၊ ငါသည်။ ဧတရဟိ၊ ယခုအခါ၌။ အဘိဇာနာမိ သေယျထာပိ၊ သိသကဲ့သို့။ ဧဝမေဝ၊ ဤယခု ငါ သစ္စာလေးပါးကို သိတဲ့ အတူသာလျှင်။ အဘိဇာနိဿန္တိ၊ သိကြပေကုန်လိမ့်လတ္တံ့။ ဣဒံ၊ ဤကဲ့သို့သိတဲ့ဉာဏ်သည်။ အဿ၊ ထိုအရိယသာဝကအတွက်။ အန္ဒယေဉာဏံ၊ သင့်လျော်စွာ ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်၍သိတဲ့ အန္ဒယဉာဏ်ပါပေတည်း။

သစ္စာလေးပါးကို သိပြီးတော့ ဲလိုက်တဲ့ မဂ်ဉာဏ်-ဓမ္မဉာဏ်က အခုလို အတိတ်အနာဂတ်ကိုဆင်ခြင်ပြီးတော့ အတိတ်က ပုဂ္ဂိုလ်တွေ သစ္စာလေးပါးကို သိသွားကြတယ်ဆိုတာ အခု ငါသိသလို သိ တာဘဲ, အနာဂတ်မှာ သစ္စာလေးပါးကို သိကြမဲ့ ပုဂ္ဂိုလ်တွေလဲ ယခု ငါ သိနေသကဲ့သို့ ဒီ သစ္စာလေးပါးကို သိကြမှာဘဲလို့ အဲဒီလိုသိတဲ့ဉာဏ်သည် အန္ဒယဉာဏ်။

**သောတာပန်ပုဂ္ဂိုလ်။** ။အဲသည်လို ဓမ္မဉာဏ်နဲ့ အန္ဒယဉာဏ်နှစ်ပါးကို ပိုင်ပိုင်နိုင်နိုင်ရလို့ စင်စင်ကြယ်ကြယ် သန့်သန့်ရှင်းရှင်း သိရင် အဲဒီ ပုဂ္ဂိုလ်ကို မြတ်စွာဘုရားက သောတာပန်ပုဂ္ဂိုလ်လို့ ပြောတော့တဲ့။ ပါဠိတော်က ဘယ့်နှယ်ပြောထားသလဲ။

ယတော ခေါ ဘိက္ခဝေ အရိယသာဝကဿ ဣမာနိ ဒွေ ဉာဏာနိ ပရိသုဒ္ဓါနိ ပရိယောဒါတာနိ ဓမ္မေဉာဏဉ္စ အန္ဝယေဉာဏဉ္စ။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ယတော၊ အကြင်အခါ၌။ အရိယသာဝကဿ၊ အရိယာသာဝကအား။ ဝါ၊ ဝေဒနာကို ဝိပဿနာ ရှုနေတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးအား။ ဓမ္မေဉာဏဉ္စ။ ယခု ဟောခဲ့တဲ့ မဂ်ဉာဏ်လို့ခေါ်တဲ့ ဓမ္မဉာဏ်၌ရင်း။ အန္ဝယေဉာဏဉ္စ၊ ပစ္စ- ဝေက္ခဏာဉာဏ်လို့ခေါ်တဲ့ အန္ဝယဉာဏ်၌ရင်း။ ဣမာနိ ဒွေဉာဏာနိ၊ ဤ နှစ်ပါးသော မဂ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်တို့သည်။ ပရိသုဒ္ဓါနိ၊ စင်ကြယ် ကုန်သည်။ ပရိယောဒါတာနိ၊ ဖြူစင်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်အံ့။

ဒီဉာဏ်နှစ်ပါး သန့်ရှင်းစင်ကြယ်သွားပြီဆိုရင်တဲ့——

အယံ ဝုစ္စတိ ဘိက္ခဝေ အရိယသာဝကော ဒိဋ္ဌိသမ္ပန္နော ဣတိပိ၊ ဒဿနသမ္ပန္နော ဣတိပိ၊ အာဂတော ဣမံ သဒ္ဓမ္မံ ဣတိပိ၊ ပဿတိ ဣမံ သဒ္ဓမ္မံ ဣတိပိ၊ သေက္ခေန ဉာဏေန သမန္နာဂတော ဣတိပိ၊ သေက္ခာ- ယ ဝိဇ္ဇာယ သမန္နာဂတော ဣတိပိ၊ ဓမ္မသောတံ သမာပန္နော ဣတိပိ၊ အရိယော နိဗ္ဗေဓိကပညော ဣတိပိ၊ အမတဒွါရံ အာဟစ္စ တိဋ္ဌတိ ဣတိပိ။

အဲဒီဓမ္မဉာဏ်,အန္ဝယဉာဏ် နှစ်ပါး စင်ကြယ်နေတဲ့ အရိယသာဝကကို မြတ်စွာ ဘုရားက ဘယ့်နှယ်ပြောသလဲ။

ဘိက္ခဝေ၊ ရဟန်တော်များ အိုချစ်သားတို့။ အယံ အရိယသာဝကော၊ ဤကဲ့သို့ ဓမ္မဉာဏ်, အန္ဝယဉာဏ်နှစ်ပါး စင်ကြယ်နေတဲ့ ပုဂ္ဂိုလ်ကို။ ဒဿန- သမ္ပန္နော ဣတိပိ၊ သောတာပတ္တိမဂ်ဉာဏ်နဲ့ ပြည့်စုံသော ပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ဆိုရပေတော့၏။

ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ဒီဝေဒနာကို ခုပြောခဲ့တဲ့အတိုင်းသာ ရှုရင် မြတ်စွာဘုရားက တထိုင်ထဲနဲ့ သောတာပန်ဖြစ် တယ်လို့ ဟောထားတာ၊ ဒါထက်လွယ်တာရှိသေးသလား (မရှိပါဘူးဘုရား)

**သောတာပန်အမည် အမျိုးမျိုး။** ။ကိုယ်ကသာ ရှုပါစေ, မိမိဉာဏ်ကသာ ရောက်ပါစေ၊ တထိုင်ထဲနဲ့ သောတာပန် ဖြစ်တယ်။

ဒိဋ္ဌိသမ္ပန္နောဣတိပိ၊ ဒိဋ္ဌိသမ္ပန္နပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ဆိုရပေတော့၏။ ဒိဋ္ဌိ- သမ္ပန္နပုဂ္ဂိုလ်ဆိုတာ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ကင်းနေသဖြင့် အမြင်မှန်ရနေတဲ့ ပုဂ္ဂိုလ်ကို ဒိဋ္ဌိသမ္ပန္နပုဂ္ဂိုလ်လို့ ခေါ်တယ်။ သောတာပန်ပုဂ္ဂိုလ်ဘဲ။

ဣမံ သဒ္ဓမ္မံ၊ ဤငါဘုရားရှင်ကိုယ်တော်မြတ်ရဲ့ သူတော်ကောင်းတို့တရားဖြစ်တဲ့ သာသနာတော်ကြီးသို့။ အာဂတော႘တိပိ၊ ကောင်းစွာရောက်၍လာသော ပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ဆိုရပေတော့၏။

သာသနာတွင်းသူ သာသနာတွင်းသား ဖြစ်သွားပြီ၊ ဘယ်တော့မှ သာသနာမပျက်တော့ဘူးတဲ့၊ ဘုန်းကြီးတို့ ပရိသတ်ရဲ့ သာသနာ, ပုထုဇဉ်သာသနာဆိုတာက ဒီဘဝမှာ ဗုဒ္ဓဘာသာဆိုပေတဲ့ နောင်ဘဝကျတော့ သာသနာ့တွင်းသို့ ရောက်ချင်မှရောက်တာ။ အရိယာဆိုတာကတော့ဖြင့် သာသနာမပျက်တော့ဘူး၊ သာသနာတွင်းသို့ အဟုတ်ရောက်သွားတဲ့ပုဂ္ဂိုလ်။

ဣမံသဒ္ဓမ္မံ၊ ဤသူတော်ကောင်းတရားကို။ ပဿတိ ႘တိပိ၊ ကောင်းစွာမြင်၍နေသော ပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ဆိုရပေတော့၏။

သေက္ခေန ဉာဏေန သမန္နာဂတော ႘တိပိ၊ မြတ်သောဉာဏ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်ဟူ၍လည်း။ ဝုစ္စတိ၊ ဆိုရပေတော့။ သောတာပတ္တိမဂ်ဉာဏ်။

သေက္ခာ ယ ဝိဇ္ဇာယ သမန္နာဂတော ႘တိပိ၊ မြတ်သော သောတာပတ္တိမဂ်ပညာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ဆိုရပေတော့၏။

ဓမ္မသောတံ သမာပန္နော ႘တိပိ၊ ဓမ္မသောတသမာပန္နပုဂ္ဂိုလ်ဟူ၍။ လူပြောသူပြော သောတာပန်မဟုတ်ဘူး, ဓမ္မသောတာပန်တဲ့၊ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ သူများက ဆုံးဖြတ်ပေးတဲ့ သောတာပန် ဖြစ်ချင်သလား, ဓမ္မသောတာပန် ဖြစ်ချင်သလား (ဓမ္မသောတာပန် ဖြစ်ချင်ပါတယ်ဘုရား)။

ဓမ္မသောတံ အာပန္နော ႘တိပိ၊ အဲသလို ဓမ္မဉာဏ်, အန္ဒယဉာဏ် နှစ်ပါးစင်ကြယ်နေရင် ဓမ္မသောတာပန် ပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ကောင်းစွာမသွေ ခေါ်ဆိုရပေတော့၏။

အရိယော၊ ဖြူစင်သော။ နိဗ္ဗေဓိကပညော၊ ကိလေသာ အထုအခဲကြီးကို ဖောက်ခွဲ၍ မြင်နိုင်သော သောတာပတ္တိမဂ်ဉာဏ်နဲ့ ပြည့်စုံသော ပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ဆိုရပေတော့၏။ သောတာပန်ပုဂ္ဂိုလ်၏ ပရိယာယ်ကို ပြောပေးနေတာ။

အမတဒွါရံ၊ နိဗ္ဗာန်တည်းဟူသော တံခါးဝသို့။ အာဟစ္စ၊ ထိ ရောက်၍။ တိဋ္ဌတိ ႘တိပိ၊ တည်နေသော ပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ဆိုရပေတော့၏။

**ဝေဒနာမှုသိစရာ အချက်များ။** ။သောတာပန်ပုဂ္ဂိုလ်ပါဘဲတဲ့ ဒီဉာဏ်သိသွားရင်၊ ဒါ သံယုတ်ပါဠိတော်က ပြောတာ။
ဒါဖြင့် အဲဒီ ဝေဒနာကို နိဗ္ဗေဓိကဖြစ်သွားအောင် ဝေဒနာက သိစရာ ကျန်သေး

သလား, ကုန်သွားပြီလား, ဘာများကျန်သေးလဲဘုရားလို့ ဆိုတော့ အင်္ဂုတ္တိုရ် ပါဠိတော်မှာ ပြောထားတာ ကျန်သေးတယ်။ ဘာတွေလဲ။

**သိစရာ ၆-ချက်။** ။အင်္ဂုတ္တိုရ်ပါဠိတော် ဆက္ကနိပါတ် မဟာဝဂ်မှာ နိဗ္ဗေဓိက သုတ္တန်လို့ဆိုတာ ရှိတယ်။ အဲဒီ သုတ္တန်မှာ ဘယ့်နှယ် ဟောသလဲ—

ဝေဒနာ ဘိက္ခဝေ ဝေဒိတဗ္ဗာ၊ ဝေဒနာနံ နိဒါနသမ္ဘဝေါ ဝေဒိတဗ္ဗော၊ ဝေဒနာနံ ဝေမတ္တတာ ဝေဒိတဗ္ဗာ၊ ဝေဒနာနံ ဝိပါကော ဝေဒိတဗ္ဗော၊ ဝေဒနာနံ နိရောဓော ဝေဒိတဗ္ဗော၊ ဝေဒနာနံ နိရောဓဂါမိနီ ပဋိပဒါ ဝေဒိတဗ္ဗာ။

ခြောက်မျိုး ကျန်သေးတယ်။ ဘာတွေလဲ။

ဝေဒနာ ဝေဒိတဗ္ဗာ=ဝေဒနာကို သိရမယ်။

ဝေဒနာနံ နိဒါနသမ္ဘဝေါ=ဝေဒနာတို့ရဲ့ ဖြစ်ခြင်းကို သိရမယ်။

ဝေဒနာနံ ဝေမတ္တတာ ဝေဒိတဗ္ဗာ=ဝေဒနာတို့ရဲ့ ထူးခြားချက်ဆိုတာ ရှိသေးတယ်တဲ့၊ အဲဒါလဲသိရမယ်။

ဝေဒနာနံ ဝိပါကော ဝေဒိတဗ္ဗော=ဝေဒနာတို့ရဲ့ အကျိုးပေးဆိုတာ ရှိသေးတယ်တဲ့၊ အဲဒါကိုလဲ သိရမယ်။

ဝေဒနာနံ နိရောဓော ဝေဒိတဗ္ဗော=ဝေဒနာနိရောဓကို သိရမယ်။

ဝေဒနာနိရောဓဂါမိနီပဋိပဒါ ဝေဒိတဗ္ဗာ=ဝေဒနာ ချုပ်ကြောင်း အကျင့်တရားကို သိရမယ်။

အဲဒီ ခြောက်ချက်ထဲက ဘုန်းကြီးတို့ ပရိသတ် ဘာတွေ သိရအုံးမလဲလို့ ဆိုတော့ ဝေဒနာသိရမယ်။ ဝေဒနာဖြစ်ခြင်း၏အကြောင်း သိရမယ်။ ဝေဒနာတို့ရဲ့ ထူးခြားချက်ကော သိရမယ်။ ဝေဒနာတို့ရဲ့ အကျိုးပေးကိုလဲ သိရမယ်။

**ဝေဒနာကိုသိပုံ။** ။ခုသိစရာ ဘာကျန်သေးသလဲ၊ အဲဒီ သိဘို့ ကျန်တာကို ပါဠိတော်က ဘယ့်နှယ် ပြောထားသလဲ—

**ဝေဒနာ**—တိဿော ခေါ ဣမာ ဘိက္ခဝေ ဝေဒနာ၊ ကတမာ တိဿော၊ သုခါ ဝေဒနာ ဒုက္ခာ ဝေဒနာ အဒုက္ခမသုခါ ဝေဒနာ။

ချစ်သားတို့ ဝေဒနာသိရမယ်ဆိုတာ ဘယ်ဝေဒနာကို သိရမလဲ၊ သုခဝေဒနာ သိရမယ်၊ ဒုက္ခဝေဒနာသိရမယ်၊ ဥပေက္ခာဝေဒနာသိရမယ်။ ဒါ ဝေဒနာကိုသိတာ။

**ဝေဒနာဖြစ်ကြောင်း**—ကတမော စ ဘိက္ခဝေ ဝေဒနာနံ နိဒါနသမ္ဘဝေါ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဝေဒနာနံ၊ ဝေဒနာတို့၏။ နိဒါနသမ္ဘဝေါ၊ ဖြစ်ခြင်းရဲ့အကြောင်းသည်။ ကတမော၊ အဘယ်နည်း။

ဝေဒနာဖြစ်ခြင်းရဲ့အကြောင်းက ဘာလဲ၊ ကိုယ်လား, သူများလား, သူ့ဖာသာသူဖြစ်တာလား၊ မဟုတ်ဘူးတဲ့။

ဖဿော ဘိက္ခဝေ ဝေဒနာနံ နိဒါနသမ္ဘဝေါ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဖဿော၊ ဖဿသည်။ ဝေဒနာနံ၊ ဝေဒနာတို့၏။ နိဒါနသမ္ဘဝေါ၊ ဖြစ်ခြင်းရဲ့ အကြောင်းတည်း။

ဘာဝေဒနာဘဲ ဖြစ်လာလာ ဝေဒနာဖြစ်လာရင် ဖဿဟာ ဝေဒနာရဲ့ အကြောင်းဘဲ။ သိမ်းဆည်းထားဘို့ အကြောင်းမျိုး။ အဲဒီ အကြောင်းကို သိမ်းဆည်းပေးနေရတာ ဘာဖြစ်လို့လဲ၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်ကို သွားချင်လို့ ဒီ အကြောင်းအကျိုးကို သိမ်းဆည်းပေးနေရတာ။

**ဝေဒနာတို့ရဲ့ ထူးခြားချက်**—ဝေဒနာနံ ဝေမတ္တတာ-ဆိုတာ ဘာလဲ။

ကတမာ စ ဘိက္ခဝေ ဝေဒနာနံ ဝေမတ္တတာ။

ချစ်သားတို့ ဝေဒနာတို့ရဲ့ ထူးခြားချက်ဆိုတာ ဘာလဲ။

> အတ္ထိ ဘိက္ခဝေ သာမိသာ သုခါ ဝေဒနာ, နိရာမိသာ သုခါ ဝေဒနာ, သာမိသာ ဒုက္ခာ ဝေဒနာ, နိရာမိသာ ဒုက္ခာ ဝေဒနာ, သာမိသာ အဒုက္ခမသုခါ ဝေဒနာ, နိရာမိသာ အဒုက္ခမသုခါ ဝေဒနာ။ အယံ ဝုစ္စတိ ဘိက္ခဝေ ဝေဒနာနံ ဝေမတ္တတာ။

ဝေဒနာတို့ရဲ့ ထူးခြားချက်ဆိုတာ ကာမဂုဏ်နဲ့တွဲပြီးဖြစ်တဲ့ ဝေဒနာ, ဝိပဿနာနဲ့တွဲပြီးဖြစ်တဲ့ ဝေဒနာလို့ နှစ်မျိုးရှိတယ်, သုခဝေဒနာရဲ့ ထူးခြားချက်က ကာမဂုဏ်နဲ့တွဲပြီးဖြစ်တဲ့ ဝေဒနာကို သူက နှစ်သက်တယ်၊ ကာမဂုဏ်နဲ့ တွဲဖြစ်တယ်ဆိုတာ ဘယ်လိုလဲ၊ ရူပါရုံကို နှစ်သက်မှုအနေနဲ့ သူကခံစားနေတယ်၊ အဲဒါ သာမိသသုခဝေဒနာ, ဝိပဿနာဉာဏ်နဲ့ အနိစ္စ ဒုက္ခ ဝိပရိဏာမလို့ ရှုလိုက်သည်ဖြစ်သောကြောင့် ပေါ်လာတဲ့ သောမနဿဝေဒနာကိုတော့ နိရာမိသ သောမနဿဝေဒနာလို့ခေါ်တယ်၊ ဒုက္ခဝေဒနာ စသည်တို့မှာလဲ အတူတူဘဲ။ အဲဒါ ဝေဒနာတို့ရဲ့ ထူးခြားချက်။

**ဝေဒနာတို့ရဲ့အကျိုးပေး**—ဝေဒနာတို့ရဲ့အကျိုးပေးပုံဆိုတာက ဘယ်လိုလဲ–

**ပါရာယနနု(၃)-၃၄—ပ-မ-ဗ-သ-စ**

ကတမော စ ဘိက္ခဝေ ဝေဒနာနံ ဝိပါကော။

ဘိက္ခဝေ၊ ရဟန်းတို့။ ဝေဒနာနံ၊ ဝေဒနာတို့၏။ ဝိပါကော၊ အကျိုးပေးခြင်းသည်။ ကတမော၊ အဘယ်ပါတဲ့နည်း။

မြတ်စွာဘုရားက ပုစ္ဆာတုတ်ထားတယ်။

ချစ်သားတို့ ဝေဒနာအကျိုးပေးတယ်ဆိုတာ ဘယ်လိုပေးသလဲ၊ ဒီနေရာမှာ မြတ်စွာဘုရား ပါဠိတော်မှာ ဘယ့်နှယ်ပြောသလဲ။

> ယံ ခေါ ဘိက္ခဝေ ဝေဒနံ ဝေဒိယမာနော တဇ္ဇံ တဇ္ဇံ အတ္တဘာဝေါ အဘိနိဗ္ဗတ္တေတိ ပုညဘာဂိယံ ဝါ အပုညဘာဂိယံ ဝါ၊ အယံ ဝုစ္စတိ ဘိက္ခဝေ ဝေဒနာနံ ဝိပါကော။

မြတ်စွာဘုရားက အဲဒီလို ဟောထားတယ်။

> ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ယောကုလပုတ္တော၊ အကြင်အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ ဝေဒနံ၊ တခုခုသော ဝေဒနာကို။ ဝေဒိယမာနော၊ ခံစားသည်။ သတိ၊ ရှိသော်။ ပုညဘာဂိယံ ဝါ၊ ကုသိုလ်ကောင်းမှု၏ အစွမ်းကြောင့်ဖြစ်သော။ အပုညဘာဂိယံ ဝါ၊ အကုသိုလ်၏ အစွမ်းကြောင့်လည်းဖြစ်သော။ တဇ္ဇံတဇ္ဇံ၊ ထိုကုသိုလ်ကံ အကုသိုလ်ကံ အား လျော်သော။ ယံ အတ္တဘာဝေါ၊ အကြင်အတ္တဘောကို။ အဘိ-နိဗ္ဗတ္တေတိ၊ ဖြစ်စေ၏။ အယံ၊ ဤသဘောတရားကို။ ဝေဒနာနံ၊ ဝေဒနာတို့၏။ ဝိပါကောတိ၊ ဝိပါကဟူ၍။ ဝါ၊ ဝေဒနာတို့၏ အကျိုးပေးပုံဟူ၍။ ဝုစ္စတိ၊ ဆိုရပေတော့၏။

ဘာပြောသလဲ အဲဒါက၊ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ကိုယ်အမူအရာနဲ့ မကောင်းတာကိုလုပ်ရင် ကာယသမ္ဖဿတွေ မဖြစ်ဘူးလား၊ ကာယသမ္ဖဿဖြစ်ရင် ဝေဒနာတွေ မဖြစ်ဘူးလား၊ အဲဒီတော့ ကာယသင်္ခါရနှင့်တွဲပြီးတော့ မကောင်းတဲ့ဝေဒနာက ဘာအကျိုးပေးသလဲလို့ ဆိုတော့ အပါယ်လေးဘုံသူ, လေးဘုံသား ဒုက္ခကောင်ကြီးအဖြစ် အကျိုးပေးတယ်တဲ့၊ ဒါ ဝေဒနာတို့ရဲ့ အကျိုးပေးချက်။

ကောင်းတဲ့ကုသိုလ် သင်္ခါရတွေကို လုပ်တဲ့အခါမှာ အဲဒီ ကာယသင်္ခါရနဲ့ တွဲပြီးဖြစ်တဲ့ ဝေဒနာဆိုတာ ပါတယ်။ အဲဒီဝေဒနာက ဘာအကျိုးပေးသလဲလို့ ဆိုတော့ လူ့စည်းစိမ်ချမ်းသာ, နတ်စည်းစိမ်ချမ်းသာ, သုဘကိဏှာဗြဟ္မာ-စတဲ့ သက်သာသော ချမ်းသာသုခတွေကိုအကျိုးပေးတယ်။ ဒါ ဝေဒနာတို့ရဲ့ အကျိုးပေးပုံလို့ အဲသလို အင်္ဂုတ္တိုရ်ပါဠိတော်ကဟောတယ်။

**ဝေဒနာသိခြင်းရဲ့အကျိုး။** ။ဒီတော့ အဲဒီလို ဝေဒနာခြောက်မျိုး, ဝေဒနာမှာ သိစရာခြောက်မျိုးကို သိသွားရင် ဝေဒနာကို သိရင်, ဝေဒနာနိဒါနကိုသိရင်, ဝေဒနာဝေမတ္တကိုသိရင်, ဝေဒနာဝိပါကကို သိရင်, ဝေဒနာချုပ်ခြင်းကိုသိရင်, ဝေဒနာချုပ်ကြောင်း ကျင့်ဝတ်ပဋိပတ်ကို သိရင် ဘာဖြစ်မလဲ အဲဒီပုဂ္ဂိုလ်——

သော နိဗ္ဗေဓိကံ ဗြဟ္မစရိယံ ပဇာနာတိ ဝေဒနာနိရောဓံ။

သောကုလပုတ္တော၊ ထို အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ ဝေဒနာနိရောဓံ၊ ဝေဒနာ၏ အနုပ္ပါဒ နိရောဓသဘောဖြစ်သော။ နိဗ္ဗေဓိကံ၊ ကိလေသာကို ဖောက်ခွဲ၍ သိခြင်းငှါ စွမ်းနိုင်သော။ ဗြဟ္မစရိယံ၊ မဂ္ဂဗြဟ္မ-စရိယဆိုတဲ့ အကျင့်မြတ်ကို။ ပဇာနာတိ၊ သိလေတော့၏။

အဲသလို သိသွားပြီဆိုလို့ရှိရင် ထိုပုဂ္ဂိုလ်သည် ယခုပြောခဲ့တဲ့အတိုင်း ခြောက်မျိုးကို သိသွားရင် နိဗ္ဗေဓိက=ကိလေသာကို ဖောက်ခွဲပြီးတော့ သိနိုင်တဲ့ မဂ္ဂ-ဗြဟ္မစရိယနှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟုဆိုရမယ်လို့ အင်္ဂုတ္တိုရ်ပါဠိတော်က ဒီလိုပြတယ်။

## ဒုက္ခဝေဒနာဖြစ်ပြီး ကျွတ်တမ်းဝင် ပုဂ္ဂိုလ်များ

**ဒုက္ခခွါ၍ရှုပုံ။** ။ခု အရှင်ဘုရားဟောနေတဲ့ ဝေဒနာကို ဘုရားတပည့်တော်တို့ ရှုနေတဲ့အခါ ခန္ဓာကိုယ်က မခံနိုင်အောင် အမျိုးမျိုးသော ဒုက္ခတွေပေါ်လာတယ်၊ ဒီဒုက္ခတွေ ဘယ့်နှယ်လုပ်ရမလဲလို့ မေး၊ ဒါကို မြတ်စွာဘုရားက အဲသလို ဒုက္ခတွေပေါ်လာရင် အဲဒီဒုက္ခတွေကို ခွါပြီးတော့ ဝိပဿနာ ရှုရတဲ့သက်သေ ရှိပါသလားလို့ဆိုတော့ သက်သေရှိတယ်။ သက်သေတွေ ထုတ်ပြအုံးမယ်။

ဆူးစူးခံရတဲ့ရဟန်း, ခိုးသားငါးရာ ရိုက်အသတ်ခံရတဲ့ရဟန်း, ကျားကိုက်ခံရတဲ့ရဟန်း, မုဆိုးတွေက သမင်မှတ်ပြီးတော့ လှံနဲ့အထိုးခံရတဲ့ရဟန်း, အဲသလို ဝတ္ထုတွေ လေးမျိုးလောက်ထုတ်ထားတယ်။ အဲဒီအကြောင်းတွေ ဘုန်းကြီး ပြောအုံးမယ်၊ ဝေဒနာကို သည်းခံပြီးတော့ တရားအားထုတ်ရမယ်နော်၊ ဝေဒနာသည်းခံပြီး တရားအားထုတ်ပုံကို ဘုန်းကြီးပြောအုံးမယ်။ အချိန်လဲ ရှိပါသေးတယ်။

**ဆူးစူးခံရသောရဟန်းတပါးဝတ္ထု။** ။မြတ်စွာဘုရားလက်ထက်က ရဟန်းတော် တဆယ့်နှစ်ပါးမြတ်စွာဘုရားထံမှာ တရားယူပြီးတော့ သွားကြတယ်။ တောထဲသွားပြီး တရားအားထုတ်တဲ့အခါ အဲဒီ ရဟန်းတော် ဆဲ့နှစ်ပါး ဘယ်လိုကတိကဝတ်ထားပြီး အားထုတ်ကြသလဲ ဆိုတော့ "ငါရှင်တို့ ညနေစောင်းလို့ ခေါင်းလောင်း ထိုးလိုက်လို့ရှိရင် မိမိကမ္မဋ္ဌာန်းကို ဝင်ပြီးတော့ စင်္ကြံနဲ့ အားထုတ်တဲ့ပုဂ္ဂိုလ်က စင်္ကြံနဲ့, ထိုင်လို့ အားတုတ်တဲ့

ပုဂ္ဂိုလ်ကလဲ ထိုင်လို့ တရားအားထုတ်ကြစတမ်း၊ တယောက်နဲ့တယောက် စကားမပြောကြစတမ်း”ဆိုပြီးတော့ ဒီလိုတရားအားထုတ်ကြတယ်။ အဲသလို တရားအားထုတ်လို့ ညနေစောင်း တခုကျတော့ ရဟန်းတော်တပါး သွားပြီး တော့ တရားအားထုတ်တယ်၊ စင်္ကြံနဲ့ တရားအားထုတ်တယ်၊ စင်္ကြံနဲ့ တရား အားထုတ်တဲ့အခါမှာ မူလကမ္မဋ္ဌာန်းကိုမစွန့်ဘူးတဲ့၊ ပေးလိုက်တဲ့မူလကမ္မဋ္ဌာန်းကို အဲသလို တရားအားထုတ်နေရင်း သူ ဘယ်လို ဖြစ်သလဲ၊ စင်္ကြံပေါ်ကနေ ချော်ကျပြီးတော့ ဆူးပေါ်ကို သွားပြီး နင်းမိတယ်။ အဲဒီဆူးက ဘယ်လောက် တောင်စူးသွားသလဲလို့ဆိုတော့ ခြေဘဝါးကနေ စူးလိုက်တာ ခြေဖမိုးထိအောင် ပေါက်ထွက်သွားတယ်။

ဘုန်းကြီးတို့ပရိသတ်အနေနဲ့ ဘယ့်နှယ်လုပ်မလဲ၊ ရဟန်းတော်က စဉ်းစား တယ်။ သော စိန္တေသိ။ သော၊ ထိုတရားအားထုတ်နေရင်း ဆူးစူးခံရတဲ့ အမျိုး ကောင်းသား ရဟန်းတော်သည်။ စိန္တေသိ၊ စဉ်းစားလိုက်တယ်။ ဘယ့်နှလဲ စဉ်းစားသလဲ—

“ကိံ ဣမံ ကဏ္ဍကံ ဥဒ္ဓရာမိ၊ ဥဒါဟု ပကတိယာ ဝိဇ္ဈိတွာ ဌိတကဏ္ဍကံ။

အဟံ၊ ငါသည်။ ဣမံကဏ္ဍကံ၊ ဤယခုစူးနေတဲ့ ဆူးကို။ ဥဒ္ဓရာမိကိံ၊ နှုတ်ရအံ့လော။ ဥဒါဟု၊ ထိုသို့မဟုတ်။ ပကတိယာ၊ ပကတိသဘောအားဖြင့်။ ဝိဇ္ဈိတွာ၊ စူးဝင်၍။ ဌိတကဏ္ဍကံ၊ တည်နေသော သက္ကာယဒိဋ္ဌိဆူးကို။ ဥဒ္ဓရာမိကိံ၊ နှုတ်ရအံ့လော။

ဆူးစူးနေတဲ့ ရဟန်းက စဉ်းစားတယ် “ငါ့ခြေဖဝါးစူးနေတဲ့ဆူးကို အရင် နှုတ်ရ ကောင်းမလား, တသက်လုံး စူးနေတဲ့ သက္ကာယဒိဋ္ဌိဆူးကို အရင် နှုတ်ရကောင်းမလား”လို့၊ ဘုန်းကြီးတို့ပရိသတ် ဘယ်ဆူးနှုတ်ရမလဲ၊ ခု စူးနေတဲ့ ဆူးကို နှုတ်ရကောင်းမလား, သို့မဟုတ် တသက်လုံး စူးနေတဲ့, တသံသရာလုံးက စူးပြီးတော့ ပါလာတဲ့ သက္ကာယဒိဋ္ဌိတည်းဟူသော ဆူးကြီးကို နှုတ်ရ ကောင်း မလား။

ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ဒီတော့ ရဟန်းတော်က ဘယ့်နှယ် ပြန်စဉ်းစားမိသလဲလို့ ဆိုတော့—

ဣမိနာ ကဏ္ဍကေန ဝိဒ္ဓတ္တာ နိရယာဒီသု ဘယံ နာမ နတ္ထိ၊ ပကတိယာ ဝိဇ္ဈိတွာ ဌိတကဏ္ဍကံ ယေဝ–တဲ့

ဣမိနာ ကဏ္ဍကေန ဝိဒ္ဓတ္တာ၊ ဤယခု ဆူးစူးခြင်းကြောင့်။ နိရယာဒီသု၊ ငရဲစသည့် အပါယ်လေးဘုံတို့၌။ ဘယံ နာမ၊ ဘေးမည်သည်။ နတ္ထိ၊ မရှိ။

ပကတိယာ ဝိဇ္ဇိုတ္ဝာ ဌိတကဏ္ဍကံ ယေဝ၊ ပကတိစူးဝင်နေတဲ့ ဒိဋ္ဌိဆူးကြောင့်
သာလျှင်။ ဘယံ၊ အပါယ်စသော ဘေးသည်။ အတ္ထိ၊ ရှိ၏။

ခု စူးနေတဲ့ ဆူးက အပါယ်လေးပါးဒုက္ခကို မပေးနိုင်ဘူး၊ ပေးနိုင်ပါ့မလား
(မပေးနိုင်ပါ ဘုရား)

သက္ကာယဒိဋ္ဌိ တည်းဟူသော ဆူးကြီးကတော့ဖြင့် အပါယ်လေးပါးတည်းဟူသော ဒုက္ခကြီးကို ပေးလိမ့်မယ်။ ဒီတော့ ငါ ဒီဆူးကို မနှုတ်သေးဘဲနဲ့ သက္ကာယဒိဋ္ဌိတည်းဟူသော ဆူးကြီးကို အရင်နှုတ်မယ်လို့ ကြံစည်ပြီးတော့ ခြေဖဝါးမှာ စူးနေတဲ့ ဝေဒနာဒဏ်ချက်ကို ခွါထားပြီးတော့ မူလကမ္မဋ္ဌာန်း ပေးထားချက်အတိုင်း တရားအားထုတ်လိုက်တာ မနက်မိုးလင်းသွားရော၊ တညလုံး ဒီဆူးကို မနှုတ်ဘူး၊ မနက်မိုးလင်းကျတော့မှ အဖော်ဖြစ်တဲ့ ရဟန်းတွေကို ခေါ်ပြီးတော့ ဆူးနှုတ်ပေးကြပါလို့ဆိုတော့ "အရှင်ဘုရား ဒီဆူး ဘယ်တုန်းက စူးသလဲ"၊ ညဦးကစူးနေတာ၊ "ဘာဖြစ်လို့ အရှင်ဘုရား တပည့်တော်တို့ကို ခေါ်ပြီးတော့ ဒီဆူးအနှုတ်မခိုင်းသလဲ" ဆိုတော့ ငါ "စဉ်းစားတယ် ဒီဆူးက အပါယ်လေးပါး မရောက်နိုင်ဘူး, သက္ကာယဒိဋ္ဌိ ဆူးကိုနှုတ်မှ"ဆိုပြီးတော့ တညလုံး သက္ကာယဒိဋ္ဌိဆူးကို နှုတ်နေတာတဲ့။ ဒါဖြင့် အရှင်ဘုရား အဲဒီဆူးတွေများ ကျွတ်သွားပါသလား ဘုရားလို့ မေးတော့ ရဟန်းတော်က ကျွတ်သင့်သလောက်တော့ ကျွတ်သွားပါတယ်တဲ့၊ ရဟန္တာတော့ ဖြစ်မသွားဘူး၊ သောတာပန် သကဒါဂါမ်လောက်တော့ ဖြစ်မှာပေါ့၊ ဟုတ်လား (မှန်ပါ)။

ဒီတော့ ပေါ်လာတဲ့ ဝေဒနာဒဏ်ချက်ကို သည်းခံပြီးတော့, သူ့ကိုဖယ်ထားပြီးတော့ ကိုယ့်မူလကမ္မဋ္ဌာန်းကို ဆက်ပြီးတော့ တရားအားထုတ် သွားတာဟာ ဘုန်းကြီးတို့ ပရိသတ် ကာယိကဒုက္ခဝေဒနာနဲ့ပတ်သက်လို့ အတုယူစရာ၊ နော် (မှန်ပါ)

ဝေဒနာကို သည်းခံတဲ့ပုဂ္ဂိုလ်တွေ ပြောရအုံးမယ်၊ ဒီကနေ့ ဝေဒနာတရား နိဂုံးချုပ်မှာဖြစ်တော့ ဝေဒနာနဲ့ပတ်သက်လို့ သိသင့်သိထိုက်တာကလေးတွေကို ဘုန်းကြီး ရှောက်ပြောနေတာ၊ ရှက္ကက်တွေကိုတော့ နောက်နေ့တွေက ပြောခဲ့ပြီးပြီ။ တချို့ပုဂ္ဂိုလ် ဘယ်လို သည်းခံသလဲ ဆိုတော့—

**ခိုးသားတို့ အရိုက်ခံရသော။ ကုဋုမ္ဗိကတိဿဝတ္ထု၊**

။မြတ်စွာဘုရားလက်ထက်က ကုဋုမ္ဗိကတိဿလို့ ဆိုတာ အားလုံးလဲ သိနေကြ ပါတယ်။ ကုဋေလေးဆယ်ကြွယ်ဝချမ်းသာတဲ့ တိဿလို့ ဆိုတဲ့ တကာတယောက်ဟာ မိခင်ဘခင်တွေ ကွယ်လွန်သွားတဲ့အခါကျတော့ ညီနဲ့အတူ ကျန်ရစ်ခဲ့တယ်တဲ့။ သူ့ညီကတော့ဖြင့် အိမ်ယာတည်ထောင် လူ့ဘောင်မှာနေပြီးတော့ သားနဲ့မယားနဲ့ နေတယ်၊ သူကတော့ တောထွက်သွားပြီး

ရဟန်းပြုပြီးတော့ တောတခုထဲမှာဘဲ တရားအားထုတ်နေတယ်။ ဒီတော့ ပစ္စည်းဥစ္စာဆိုတာ တယ်ခက်တယ် ဟုတ်လား၊ အမွေခွဲပေးရမှာ စိုးတော့ ညီရဲ့ဇနီးက ဘာတော်တုံး၊ အဲဒီညီရဲ့ဇနီးက မတော်လို့များ လူထွက်လာရင် ပစ္စည်းတွေ ပြန်ခွဲပေးရမှာစိုးလို့ ခိုးသားငါးရာကို ခေါ်ပြီးတော့ တောထဲမှာ တရားအားထုတ်နေတဲ့ မဟာတိဿ မထေရ်ကြီးကို သတ်ပေးပါလို့ ပြော လိုက်ပုံက—

"ဂစ္ဆထ နံ ဇီဝိတာ ဝေါရောပေထာတိ ပဥ္စသတေ စောရေ ပေသေသိ"တဲ့။

တာတာ၊ အမောင်တို့။ တုမှေ၊ သင်တို့သည်။ ဂစ္ဆထ၊ သွားကြပါကုန် လော့။ တံ၊ ထိုမဟာတိဿမထေရ်ကြီးကို။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ။ ဝေါရော- ပေထ၊ ချကြပါကုန်လော့, အသက်ကိုသေအောင် သတ်ကြပါကုန်လော့။ ဣတိ၊ ဤသို့ပြောဆိုပြီးတော့။ ပဥ္စသတေ စောရေ၊ ခိုးသားငါးရာတို့ကို။ ပေသေသိ၊ စေလွှတ်လိုက်လေတော့၏။

ခိုးသားငါးရာကို လွှတ်လိုက်တယ်။ အဋ္ဌကထာတခုက ပြောတယ်"ငွေ-ငါးရာ ပေးလိုက်တယ်"တဲ့။ ငွေငါးရာပေးပြီးတော့ မထေရ်ကြီးကို အသတ်ခိုင်းတယ်။ ဒီတော့ လူငါးရာဝေယူတော့ ဘယ်လောက်ရမလဲ (တကျပ်စီ ရပါတယ်ဘုရား) ရှေးတုန်းကပေမဲ့ တကျပ်နဲ့လဲ လူတယောက်ကို သတ်တာဘဲနော်။ ပြော အုံးမယ် ဒါနဲ့ ခိုးသားငါးရာက တကတဲသတ်ရအောင်ဆိုပြီးတော့ သွားကြတယ်။ ဟိုကျတော့ မထေရ်ကြီးက ဘာလုပ်နေသလဲ၊ တရားအားထုတ်နေတယ်။ ဟာ ဝိုင်းကြဟဲ့, ဆီးကြဟဲ့နဲ့ မီးရှူးမီးတိုင်ကြီးတွေနဲ့ လာကြတော့ မထေရ်ကြီးက ဆီးမေးတယ်—

"ကသ္မာ အာဂတတ္ထ ဥပါသကာ"တဲ့

ဥပါသကာ၊ ဥပါသကာဒါယကာတို့။ တုမှေ၊ သင်တို့သည်။ ကသ္မာ၊ အဘယ့်ကြောင့်။ အာဂတတ္ထ၊ ဝိုင်းဝန်း၍လာကြပါကုန်သနည်း။

ဥပါသကာ ဒါယကာတို့ သင်တို့ဘာလုပ်လာကြသလဲလို့ မေးတယ်။

တရားအားထုတ်နေတဲ့ မထေရ်ကြီးကမေးတော့ ခိုးသားမှူးကြီးက—

"တံ ဇီဝိတာ ဝေါရောပေဿာမ"တဲ့

သာမဏ၊ ရဟန်း။ မယံ၊ ငါတို့သည်။ တံ၊ သင်ရဟန်းကြီးကို။ ဇီဝိတာ ဝေါရောပေဿာမ၊ အသက်ကိုသတ်ရအောင်။ အာဂတာ၊ လာရောက်ကြ ကုန်သည်။ အမှ၊ ဖြစ်ကြပါကုန်၏။

သတ်ရအောင်လာတာတဲ့၊ ဝိုင်းလဲထားပြီ၊ ပြေးနိုင်သေးသလား၊ ဒီတော့ မထေရ်ကြီးက ဘယ့်နှယ်ပြောသလဲလို့ ဆိုတော့ မထေရ်ကြီးပြောပုံကလေးက—

ပါဠိဘောဇံ မေ ဥပါသကာ ဂဟေတွာ အဇ္ဇေကရတ္တိံ ဇီဝိတံ ဒေထ။

ဥပါသကာ၊ သတ်ရအောင်လာကြတဲ့ ဒါယကာတို့။ ပါဠိဘောဇံ၊ အာမခံချက်ကို။ ဂဟေတွာ၊ ယူကြကုန်ပြီး၍။ မေ၊ ငါ့အား။ အဇ္ဇေကရတ္တိံ၊ ကနေ့တညကလေးမျှ။ ဇီဝိတံ၊ အသက်ကို။ ဒေထ၊ ပေးကြပါကုန်လော့။

သတ်မဲ့ဒကာတို့ အာမခံပေးထားပါမယ်တဲ့၊ အသက်အာမခံ ပေးထားပါ့မယ်တဲ့၊ ဟုတ်လား၊ ဒီတညကလေးလောက်ကို တရားအားထုတ်ဘို့ အခွင့်ရအောင်လို့ အသက်ကိုပေးကြပါလို့ တောင်းပန်တယ်။ ဒီတော့ ခိုးသားမှူးကြီးက ဘယ့်နှယ်ပြောသလဲလို့ဆိုတော့—

"ကော တေ သမဏ ဧဝမ္ဘိ ဌာနေ ပါဠိဘောဂါ ဘဝိဿတိ"။

ရဟန်းကြီး သင့်ကို ဒီလိုနေရာမျိုး ဘယ်သူက အာမခံမလဲ၊ ဒီတော့ ထွက်မပြေးဘူး ဆိုတာကို တိဿမထေရ်ကြီးက ပြလိုက်တယ်၊ တိဿမထေရ်ကြီးက ဘယ့်နှယ် ပြလိုက်သလဲ ဆိုတော့ ကြီးလှစွာသော ကျောက်ခဲကြီးကို ယူပြီး သူ့ပေါင်နှစ်ဘက်ကို ထုချိုးလိုက်တယ်။ တခါထဲ မပြေးနိုင်အောင် ပေါင်နှစ်ဘက် ချိုးလိုက်တော့ ပေါင်နှစ်ဘက် ကျိုးသွားရော။ ဘယ်လောက်နာလိုက်မလဲလို့ ကြည့်စမ်း ဘုန်းကြီးတို့ပရိသတ်။ အဲဒီပေါင်နှစ်ဘက် ကျိုးသွားတော့ မေးတယ် သူက—

"ဝဋ္ဋတိ ဥပါသကာ ပါဠိဘောဂေါ"တဲ့။

ဒါယကာတို့ ဒီလောက်အာမခံချက်ပေးရင် မင်းတို့ ယုံပြီလားတဲ့၊ ဘယ့်နှယ်လဲ ပေါင်နှစ်ဘက်ကျိုးနေမှတော့ဖြင့် ဘယ်ပြေးနိုင်တော့မလဲ၊ ယုံပြီ၊ ယုံတော့ ကဲ အရှင်ဘုရား ဒါဖြင့် ဒီတညတော့ အသက်ကို ပေးမယ်ဆိုပြီး ခိုးသားတွေကဝိုင်းပြီး တော့ စောင့်နေကြတယ်။ မထေရ်ကြီးက ဘာလုပ်သလဲ၊ ပေါင်ကိုကျောက်ခဲနဲ့ ထုချိုးတဲ့ ဝေဒနာကို ဝိပဿနာ တချက်ကမှ မရှုဘူး၊ ဘုန်းကြီးတို့ပရိသတ် ကြားလဲ ကြားဘူးနေတယ် ဒီဝတ္ထုကြောင်းကို။

ဘုန်းကြီးတို့ပရိသတ် ထင်နေတာက "ပေါင်ကို ကျောက်ခဲနဲ့ ထုချိုးလိုက်ပြီး ပေါင်ကဒဏ်ချက်ကို ဝေဒနာရှုပြီးတော့ ရဟန္တာဖြစ်သွားတယ်"လို့၊ ဒီလိုထင်နေကြတယ်၊ မဟုတ်ဘူး အဲဒီဥစ္စာ။ သေသေချာချာပြောထားတယ် အဋ္ဌကထာက၊ မထေရ်ကြီး ဘာလုပ်သလဲလို့ဆိုတော့ ပေါင်ကို ကျောက်ခဲနဲ့ ထုချိုးပြီးတော့ အဲဒီမထေရ်ကြီး ဘာလုပ်သလဲ—

ထေရဿ ဝေဒနံ ဝိက္ခမ္ဘေတွာ သီလံ ပစ္စဝေက္ခတော ပရိသုဒ္ဓံ သီလံ နိဿာယ ပီတိပါမောဇ္ဇံ ဥပ္ပဇ္ဇိ၊ တတော အနုက္ကမေန ဝိပဿနံ ဝဍ္ဎေန္တော တိယာမရတ္တိံ သမဏဓမ္မံ ကရိတွာ အရုဏုဂ္ဂမနေ အရဟတ္တံ ပတွာ ဣမံ ဥဒါနံ ဥဒါနေသိ။

ဝေဒနံ၊ ပေါင်ကို ကျောက်ခဲနဲ့ ထုချိုးထားတယ်ဆိုတဲ့ ကာယိကဒုက္ခ-ဝေဒနာကို။ ဝိက္ခမ္ဘေတွာ၊ နှလုံးမသွင်းမူ၍။ ဝါ၊ ခွါထား၍။ (အဲဒီဝေဒနာ ရှိလို့ မဟုတ်ဘူးတဲ့ မဟာတိဿမထေရ်ကြီး ရဟန္တာဖြစ်တာ)။ သီလံ၊ မိမိမှာရှိနေတဲ့သီလကို။ ပစ္စဝေက္ခတော၊ ဆင်ခြင်၍နေသော။ တဿ၊ ထို မဟာတိဿမထေရ်ကြီးအား။ ပရိသုဒ္ဓံသီလံ၊ အင်မတန်စင်ကြယ်တဲ့သီလကို။ နိဿာယ၊ အမှီပြု၍။ ပီတိပါမောဇ္ဇံ၊ နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းဆိုတဲ့ ပီတိပါမောဇ္ဇသည်။ ဥပ္ပဇ္ဇိ၊ ဖြစ်ပေါ်၍လာလေတော့၏။

ပေါင်ကို ကျောက်ခဲနဲ့ ထုချိုးထားတဲ့ဝေဒနာကို နှလုံးမသွင်းဘဲနဲ့ သူ့သီလကို သူပြန်ပြီးတော့ ဆင်ခြင်တယ်။ သီလဆင်ခြင်တော့ ငါ့သီလ သိပ်စင်ကြယ်နေပါ ကလားလို့ဆိုတာကို အမှီပြုပြီးတော့ ပေါင်ကို ကျောက်ခဲနဲ့ ထုချိုးတဲ့ဒဏ်ချက်က မနာတဲ့အပြင် ပီတိနဲ့ပါမောဇ္ဇလို့ခေါ်တဲ့ နှစ်သက်ခြင်း, ဝမ်းမြောက်ခြင်းတောင် ဖြစ်နေပါတယ်တဲ့၊ ပေါင်ကိုကျောက်ခဲနဲ့ ထုချိုးထားတဲ့ဝေဒနာကို ဝိပဿနာရှုလို့ ရဟန္တာဖြစ်တာ မဟုတ်ဘူးနော် (မှန်ပါဘုရား)။

ပေါင်ကိုကျောက်ခဲနဲ့ထုချိုးတဲ့ ဝေဒနာကို ဖယ်ထားပြီးတော့–ဘယ်လိုဖယ် သလဲ ဖယ်နည်းက၊ သူ့သီလကို သူပြန်ပြီး ဆင်ခြင်လိုက်တဲ့အခါမှာ ပီတိနဲ့ ပါမောဇ္ဇ ဝမ်းမြောက်ခြင်း, နှစ်သက်ခြင်းတွေ ဖြစ်လာပြီးတော့ ဒီဝေဒနာကို နှလုံးမသွင်းတော့ဘူး, ဝမ်းမြောက်နေတယ်, နှစ်သက်နေတယ်၊ အဲဒီတော့မှ—

အနုက္ကမေန၊ အစဉ်အားဖြင့်, သီလကနေပြီးတော့ သမာဓိ, ပညာစခန်းကို တက်သည့် အစဉ်အားဖြင့်။ ဝိပဿနံ၊ ဝိပဿနာကို။ ဝဍ္ဎေန္တော၊ ပွါးများ၍။ တိယာမရတ္တိံ၊ ညဉ့်သုံးယာမ်ကာလပတ်လုံး။ သမဏဓမ္မံ၊ မိမိမူလအားထုတ်နေကျဖြစ်သော ကမ္မဋ္ဌာန်းတရားကို။ ကရိတွာ၊ အားထုတ်လိုက်၍။ အရုဏုဂ္ဂမနေ၊ အရုဏ်တက်သောအခါ၌။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပတွာ၊ ရောက်သည် ဖြစ်၍။ ဣမံ ဥဒါနံ၊ ဤဥဒါန်းကို။ ဥဒါနေသိ၊ ကျူးရင့်တော်မူ၏။

အာရုဏ်လဲတက် အရဟတ္တဖိုလ်ပေါက် ရဟန္တာပုဂ္ဂိုလ်ကြီးလဲ ဖြစ်သွားပြီးရော ဒီလို ဥဒါန်းကျူးခဲ့တယ်——

ဥဘော ပါဒါနိ ဘိန္ဒိတွာ၊ သညာပေဿာမိ ဝေါ အဟံ။
အဋ္ဋီယာမိ ဟာရာယာမိ၊ သရာဂမရဏံ အဟံ။
ဧဝါဟံ စိန္တယိတွာန၊ ယထာဘူတံ ဝိပဿိသံ။
သမ္ပတ္တေ အရုဏုဂ္ဂမှိ၊ အရဟတ္တမပါပုဏိ။

ဥပါသကာ၊ သတ်ရအောင် လာကြတဲ့ ဒါယကာတို့။ ယသ္မာ၊ အကြင့် ကြောင့်။ အဟံ၊ ငါသည်။ သရာဂမရဏံ၊ ကိလေသာရာဂတွေနဲ့ အတူတွဲပြီး တော့ သေပွဲဝင်ရခြင်းကို။ အနိစ္ဆယာမိ၊ စက်ဆုပ်လှပါ၏၊ ဟရာယာမိ၊ ရှက်လဲ ရှက်လှပါ၏။

ဘုန်းကြီးတို့ ပရိသတ် အတုယူချင်စရာ မကောင်းဘူးလား၊ (ကောင်းပါ တယ်ဘုရား)။

ဘာနဲ့ သေကြမလဲ၊ မဟာတိဿမထေရ်ကြီးက ကိလေသာတွေနဲ့ သေရမှာ ကို ရှက်လွန်းလို့တဲ့၊ သတ်တဲ့လူတွေရဲ့ရှေ့မှာ ကိလေသာတွေနဲ့ တွဲပြီး သေရမှာ ရှက်လွန်းလို့။

တသ္မာ၊ ထို့ကြောင့်။ အဟံ၊ ငါသည်။ ဥဘော၊ နှစ်ဘက်ကုန်သော။ ပါဒါနိ၊ ခြေထောက်တို့ကို။ ဘိန္ဒိတွာန၊ ထွက်မပြေးနိုင်အောင် အာမခံ အတွက် အကြောင်းပြချက်အဖြစ် သက်သက် ရိုက်ချိုးပြီး၍။ (ပေါင်ကို ရိုက်ချိုးတာက ကမ္မဋ္ဌာန်း အားထုတ်ဖို့ မဟုတ်ဘူး, အာမခံပေးဘို့အတွက် ပေါင်ကို ရိုက်ချိုးတာတဲ့၊ ဒါကို ဘုန်းကြီးတို့ပရိသတ် ထင်နေတာက သက်သက် ကမ္မဋ္ဌာန်းအားထုတ်ဖို့ ပေါင်ကို ရိုက်ချိုးတယ်ချည်း ထင်နေကြ တယ်။ တချို့ကလဲ အဲဒီလိုဘဲ ပြောနေကြတယ်။) ဝေါ၊ သင် ခိုးသား တို့အား။ သညာပေယာမိ၊ မပြေးနိုင်ဘူးဆိုတဲ့ အမှတ်သညာကို သိစေ တော့အံ့။

ဣတိ ဝံ၊ ဤသို့။ အဟံ၊ ငါသည်။ စိန္တယိတွာန၊ ကြံစည်ပြီး၍။ ယထာဘူတံ၊ မဖောက်မပြန် ဟုတ်မှန်တဲ့ မူလကမ္မဋ္ဌာန်းကို။ ဝိပဿိသံ၊ ဝိပဿနာ ရှုပြီး၍။ အရုဏုဂ္ဂမှိ၊ အရုဏ်တက်ခြင်းသို့။ သမ္ပတ္တေ၊ ရောက် လတ်သည်။ သတိ၊ ရှိသော်။ အရဟတ္တံ၊ အရဟတ္တဖိုလ်ဘို့။ အပါပုဏိ၊ ကောင်းစွာမသေ့ ရောက်ပါပေသတည်း။

သာဓု　သာဓု　သာဓု

အဲဒီမဟာတိဿမထေရ် ရဟန္တာ ဖြစ်သွားတယ်၊ အရုဏ်လဲတက်, ရဟန္တာလဲ ဖြစ်, ခိုးသားငါးရာကလဲသတ်, ပရိနိဗ္ဗာန်လဲ ပြုတော်မူသွားရှာပြီ။

**ကျားကိုက်ခံရသောရဟန်းဝတ္ထု။**　　။ဝေဒနာ သည်းခံသွားကြပုံ ပြောအုံးမယ်၊ ဝတ္ထုကြောင်းတခုက——

မြတ်စွာဘုရားလက်ထက်က ရဟန်းတော်ပေါင်းသုံးဆယ် မြတ်စွာဘုရားထံမှာ ကမ္မဋ္ဌာန်းတောင်းပြီးတော့ သွားကြတယ်၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်

က မူလကမ္မဋ္ဌာန်းကို ပေးပြီးတော့ တောထဲ လွှတ်လိုက်တယ်၊ တောထဲရောက်တော့ ရဟန်းတော် သုံးဆယ်က ဘယ်လို ကတိကဝတ် ပြောထားကြသလဲ ဆိုတော့။

> အာဝုသော တိယာမရတ္တိံ သမဏဓမ္မော ကာတဗ္ဗော၊ န အညမညဿ သန္တိကံ အာဂန္တဗ္ဗံ——

လို့ တောထဲရောက်တော့ ရဟန်းတော်တွေ ကတိကဝတ် ထားကြတယ်။

> အာဝုသော၊ ငါ့ရှင်တို့။ မယံ၊ ငါတို့သည်။ တိယာမရတ္တိံ၊ ညဉ့်သုံးယာမ် ကာလပတ်လုံး။ သမဏဓမ္မော၊ ရဟန်းတွေ အားထုတ်ရမယ်ဆိုတဲ့ ဝိပဿနာ ကမ္မဋ္ဌာန်းကိုသာလျှင်။ ကာတဗ္ဗော၊ ပြုလုပ်အားထုတ်ရမယ်။ အညမညဿ၊ တယောက်သည် တယောက်၏။ သန္တိကံ၊ အထံသို့။ န အာဂန္တဗ္ဗံ၊ မလာကြစတမ်း။

ကမ္မဋ္ဌာန်း အားထုတ်တဲ့ ပုဂ္ဂိုလ်လို့ ဆိုတာ အများကြီးလား, တယောက်ထဲလား (တယောက်ထဲပါဘုရား)။

တယောက်ထဲရယ်တဲ့၊ ဟုတ်လား (မှန်ပါ)။

အများကြီးသွားပေတဲ့ သွားတုန်းက ဘယ်လောက်လဲ (သုံးဆယ်ပ၊ဘုရား)

တောထဲရောက်လို့ တရားအားထုတ်ကြတော့ တယောက်နေရာ တယောက် မလာကြစတမ်းတဲ့၊ ဟုတ်လား (မှန်ပါဘုရား)။

အဲဒီလို တောထဲမှာ တယောက်နေရာ တယောက် မလာကြစတမ်းဆိုပြီး တရားအားထုတ်နေကြတာ, ရဟန်းတော်တွေ ညမှာ တရားအားထုတ်နေလိုက်ကြတာ မနက်မိုးလင်းတော့ ဘာတွေ ဖြစ်သလဲ၊ အားထုတ်တာ တညလုံး အားထုတ်ထားတယ် ဆိုတော့ မနက် မိုးလင်းခါနီးမှာ တရားက မရကြသေးဘဲကိုး၊ အားထုတ်ခါစ ဆိုတော့ ရဟန်းတော်တွေက တဖြေးဖြေး ငိုက်ငိုက်လာတယ်၊ အဲဒီလို ငိုက်လာပြီဆိုတော့ ကျားတကောင်ကလာပြီး ရဟန်းတော်တပါးကို ကိုက်ချီသွားတယ်၊ မနက် မိုးလင်းတိုင်း ဒီကျားက ရဟန်းတော် တပါး တပါးကို နေ့တိုင်း နေ့တိုင်း ကိုက်ချီ ယူသွားပြီးတော့ စားနေတယ်၊ ရဟန်းတော်တွေ မသိဘူး၊ ဘယ်သူမှလဲ ကျားလာကိုက်တယ် ဆိုတာကို မပြောဘူး တခြား ရဟန်းတော်တွေ တရားအားထုတ်တာ ပျက်သွားမှာစိုးလို့။

အဲဒီလို ကျား လာကိုက်စားသွားပြန်ပြီ ရဟန်းတော်တပါး, တပါးနဲ့ ၁၅-ရက် မြောက်တဲ့နေ့ ဥပုသ်ပြုကြပြီ ဆိုတော့ သံဃာတွေ အားလုံး စုကြရတယ်၊ လပြည့်နေ့ပေါ့ကွယ်၊ အဲသလို လပြည့်နေ့ သံဃာတွေ အားလုံး စုကြတော့ တောထဲ လာခဲ့ကြတာ ရဟန်းတော်တွေ ဘယ်လောက်လဲ (သုံးဆယ်ပါဘုရား)။

အခု တဆဲ့ငါးပါးဘဲ ရှိတော့တယ်၊ တဆဲ့ငါးပါးဘဲ ရှိတော့ မထေရ်ကြီးက မေးတယ် "ကျန်တဲ့ ရဟန်း တဆဲ့ငါးပါး သွားကြသလဲ"၊ ကျားချီသွားပါပြီ၊ နို့ ဘာပြုလို့ မပြောကြသလဲ ကျားချီတာကို၊ တယောက်နဲ့တယောက် စကား မပြောကြစတမ်း ဆိုပြီးတော့ တရားအားထုတ်နေကြသည်ဖြစ်သောကြောင့် ကျားချီတာ မပြောကြတာပါ၊ ကိုင်း ဒါဖြင့် ဒီနေ့က စပြီးတော့ ကျားလာရင် ပြောကြစတမ်း။

အဲသလို ကတိကဝတ် ထားပြီးတော့ လပြည့်ကျော်တရက် ဖြစ်ပါလိမ့်မယ် သို့မဟုတ် လဆန်းတရက်နေ့ ဖြစ်ပါလိမ့်မယ် ဥပုသ်အထွက် တရက်နေ့မှာ တရား အားထုတ်ကြတယ်။ ရဟန်းငယ်တပါး ကျားလာပြီး ကိုက်ချီတော့ ကျားကိုက် ရင် ပြောကြစတမ်းဆိုလို့ ရဟန်းငယ်က အရှင်ဘုရားတို့ ကျားလာပြီ ဆိုတဲ့ အမှတ်သညာကို ပြတယ်။ သူ့တော့ ကျားကိုက်သွားပြီ, ချီသွားပြီ။ ရဟန်း တပါးကို ကျားချီသွားတော့ ရဟန်းတော်တွေက ဝိုင်းပြီး တောင်ဝှေးတွေနဲ့ မီးရှူးမီးတိုင်တွေနဲ့ လိုက်ကြတာပေါ့၊ လွှတ်ခဲ့အောင်လို့ ဆိုပြီးတော့ ဝိုင်း လိုက်တော့ ကျားက ဘယ်လို လုပ်သွားသလဲလို့ ဆိုတော့ အဲဒီရဟန်းတော်ကို ကိုက်ချီပြီး တောင်ချောက်ကြီးတခုကို ခုန်လွှားပြီး တောင်ချောက်ကြီးတခုရဲ့ ဟိုဘက် ရဟန်းတော်တွေ မလိုက်နိုင်တဲ့ တောင်ချောက်ကြီး တခုထဲက ကျောက်ဖျာကြီးပေါ်မှာချပြီး ခြေဖမိုးကစပြီး စားတော့မယ့်ဟန်နဲ့ ဝပ်နေ တယ်။ ရှေ့ဆက်မလိုက်နိုင်ကြတော့ ဒီဘက်က ရဟန်းတော်တွေက အဲဒီ ကျားချီ ခံရတဲ့ ရဟန်းကို ဘယ်လိုလှမ်းမှာသလဲလို့ဆိုတော့ မှာပုံကလေးက——

"ဣဒါနိ သပ္ပုရိသ အမေ့ဟိ ကာတဗ္ဗံ နတ္ထိ။ ဘိက္ခူနံ ဝိသေသော
နာမ ဧဝရူပေ ဌာနေ ပညာယတိ"တဲ့။

သပ္ပုရိသ၊ အိုသူတော်ကောင်း ရဟန်းတော်ကလေး။ ဣဒါနိ၊ ယခု အခါ၌။ အမေ့ဟိ၊ ငါတို့သည်။ ကာတဗ္ဗံ၊ ပြုအပ် ပြုသင့် ပြုထိုက်တဲ့တရား သည်။ နတ္ထိ၊ မရှိပြီ။ [ဒို့တော့ဘယ့်နှယ်မှ မတတ်နိုင်တော့ဘူးတဲ့ ရဟန်းတော် တွေက၊ တတ်နိုင်သေးရဲ့လား (မတတ်နိုင်ပါဘုရား)။ ရဟန်းတော်က ကျားပါးစပ်ထဲ ရောက်သွားပြီကိုး]။ ဘိက္ခူနံ၊ ရဟန်းတော်တို့၏။ ဝိသေ- သော နာမ၊ ထူးခြားချက်မည်သည်ကား။ ဧဝရူပေ ဌာနေ၊ ဤကဲ့သို့သော အရာဌာန၌။ ပညာယတိ၊ ထင်ရှား၏။

"လူစွမ်းကောင်းတို့ရဲ့ အသိဉာဏ်ဆိုတာ ဒီနေရာမျိုး အသုံးချရမယ်"လို့ လှမ်းပြီး မှာလိုက်တယ်။ ဒီတော့ ကျားပါးစပ်ထဲ ရောက်နေတဲ့ ကိုယ်တော် ကလေးက ဘယ်လို ဖြစ်သွားသလဲ။

သော ဗျဉ္ဇမုခေ နိပန္နောဝ တံ ဝေဒနံ ဝိက္ခမ္ဘေတွာ ဝိပဿနံ ဝဍ္ဎေန္တော ယာဝ ဂေါပ္ဖကာ ခါဒိတသမယေ သောတာပန္နော ဟုတွာ, ယာဝ ဇဏ္ဏုကာ ခါဒိတသမယေ သကဒါဂါမီ, ယာဝ နာဘိယာ ခါဒိတ-သမယေ အနာဂါမီ ဟုတွာ, ဟဒယရူပေ အခါဒိတေယေဝ သဟ ပဋိ-သမ္ဘိဒါဟိ အရဟတ္တံ ပတ္တော။ အဋ္ဌကထာမှာ——

**သော**၊ ထိုကျားကိုက်ခံရတဲ့ ရဟန်းတော်ကလေးသည်။ ဗျဉ္ဇမုခေနေဝ၊ ကျားရဲ့ခံတွင်း၌ပင်လျှင်။ တံ ဝေဒနံ၊ ထို ကျားကိုက်ခံရတဲ့ ဝေဒနာကို။ ဝိက္ခမ္ဘေတွာ၊ သီလကုသိုလ်ကို ဆင်ခြင်သဖြင့် ပီတိပါမောဇ္ဇကို ဖြစ်စေရန် ပယ်ခွါပြီး၍။ (ကျားပါးစပ်ထဲမှာ ကျားကိုက်ခံရတဲ့ ဝေဒနာကို နှလုံး မသွင်းဘဲနဲ့)ဝိပဿနံ၊ မူလကပေးလိုက်တဲ့ ဝိပဿနာကမ္မဋ္ဌာန်းကို။ ဝဍ္ဎေန္တော၊ ပွါးများ အားထုတ်သည်။ သတိ၊ ရှိသော်။ ယာဝ ဂေါပ္ဖကာ ခါဒိတသမ-ယေ၊ ခြေထောက်နှစ်ဘက်ကို စားနေတဲ့ အခါကာလသမယ၌။ (ကျားစား နေတဲ့အခါ၌) သောတာပန္နော၊ သောတာပန်ပုဂ္ဂိုလ်သည်။ ဟုတွာ၊ ဖြစ်၍။ ယာဝ ဇဏ္ဏုကာ ခါဒိတသမယေ၊ ဒူးခေါင်းနှစ်ဘက်ကို ကျားစားလာတဲ့ အခါကာလသမယ၌။ သကဒါဂါမီ၊ သကဒါဂါမ်ပုဂ္ဂိုလ်သည်။ ဟုတွာ၊ဖြစ်၍။ ယာဝ နာဘိယာ၊ ချက်သို့တိုင်အောင် ချက်နားရောက်အောင်။ ခါဒိတ-သမယေ၊ ခဲစားနေသော အခါ၌၊ အနာဂါမီ၊ အနာဂါမ် ပုဂ္ဂိုလ်သည်။ ဟုတွာ၊ ဖြစ်၍။

ခန္ဓာကိုယ် ဘယ်လောက်ကျန်တော့သလဲ (အထက်ပိုင်း ကျန်ပါသေးတယ် ဘုရား)။

အောက်ပိုင်း ကျန်သေးသလား (မကျန်တော့ပါဘုရား)

ဘယ်ရောက်ကုန်ပြီလဲ (ကျားစားလိုက်ပါပြီဘုရား)

အောက်ပိုင်း တပိုင်းလုံး ကျားစားလို့ ဒူးဆစ်ရောက်အောင် ကုန်တာနဲ့ သက္ကာယ ဒိဋ္ဌိ ဝိစိကိစ္ဆာကုန်တာနဲ့ တပြိုင်နက်ထဲဘဲ၊ ပေါင်ရောက်အောင် ခန္ဓာကိုယ် ကုန်လာတာနဲ့ သကဒါဂါမိမဂ်ကိုရတာနဲ့ တပြိုင်နက်ထဲ၊ ချက်နား ရောက်အောင် ခန္ဓာကိုယ်ကုန်တာနဲ့ ကာမရာဂ, ဗျာပါဒဆိုတဲ့ ကိလေသာတွေ အကြွင်းမရှိ ကုန်ခန်းလို့ အနာဂါမ်ပုဂ္ဂိုလ်ဖြစ်တာနဲ့ တပြိုင်နက်ထဲဘဲ၊ ကိလေ-သာတွေလဲ တခါထဲ ကုန်မလာဘူးလား (ကုန်လာပါတယ်ဘုရား)

ခန္ဓာကိုယ် ဘယ်လောတ်ကျန်တော့သလဲ အထက်ပိုင်းဘဲ ကျန်တော့တယ်၊ ကိလေသာကော ဘယ်လောက် ကျန်တော့သလဲ၊ တဝက်ဘဲ ကျန်တော့တယ်၊ အဲဒီခန္ဓာကိုယ် တဝက် ဘယ်နေရာ ရောက်ပြီလဲ ဆိုတော့——

ဟာဒယရူပေ၊ ဟာဒယနှလုံးသားကို။ အခါဒိတေဃေဝ၊ ကျားမစားသေး ခင် အတောအတွင်း၌သာလျှင်။ သဟပဋိသမ္ဘိဒါဟိ၊ ပဋိသမ္ဘိဒါလေးပါး တို့နှင့်တကွ။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပတ္တော၊ ကောင်းစွာမသေ့ ရောက်ရလေတော့၍။

ခန္ဓာကိုယ် တပိုင်းလဲကုန်ရော ဘာဖြစ်သွားသလဲ၊ ကိလေသာ တွလဲ ကုန် ရော (မှန်ပါဘုရား)

ဘုန်းကြီးတို့ပရိသတ်မှာ ခန္ဓာကိုယ် ဘယ်လောက် ကျန်သေးသလဲ (တကိုယ် လုံး ကျန်ပါသေးတယ် ဘုရား။)

ဒီတော့ ကိလေသာတွေကော (အကုန်လုံး ရှိပါသေးတယ် ဘုရား။)

အဲဒီလို ရဟန်းတော်က ကိလေသာတွေ ကုန်ပြီးတဲ့အခါကျတော့ ခန္ဓာ ကိုယ်တပိုင်းထဲနဲ့ဘဲ ဣမံ ဥဒါနံ ဥဒါနေသိ=ဂါထာရွတ်ပြီးတော့ ဥဒါန်းကျူးခဲ့ ပါတယ်။

အဲဒီ ရဟန်းတော်ကလေးက ကျားစားခံနေရင်း ဂါထာနှစ်ပုဒ် ရွတ်သွား သေးတယ် ဘုန်းကြီးတို့ ပရိသတ်အတွက်။ ကြည့်စမ်း ခန္ဓာကိုယ်တပိုင်းနဲ့ ရွတ်တဲ့ဂါထာ၊ နော် (မှန်ပါ)

သူရွတ်သွားတဲ့ ဥဒါန်းနှစ်ဂါထာက—

သီလဝါ ဝတသမ္ပန္နော၊ ပညဝါ သုသမာဟိတော။
မုဟုတ္တံ ပမာဒမန္ဝာယ၊ ဗျဂ္ဃေနောရုဒ္ဓမာနသော။

ပဉ္စရသ္မိံ ဂဟေတွာန၊ သိလာယ ဥပရိ ကတော။
ကာမံ ခါဒတု မံ ဗျဂ္ဃော၊ အဋ္ဌိယာ စ နှာရုယာ စ။
ကိလေလေ ခေပယိဿာမိ၊ ဖုသိဿာမိ ဝိမုတ္တိယံ။

အဲဒီ ဥဒါန်းဂါထာနှင့် ပတ်သက်လို့ ဘုန်းကြီးတို့ မူလပဏ္ဏာသအဋ္ဌကထာ သတိပဋ္ဌာနသုတ်အဖွင့်မှာတော့–

သီလဝါ ဝတသမ္ပန္နော၊ ပညဝါ သုသမာဟိတော။
မုဟုတ္တံ ပမာဒမန္ဝာယ၊ ဗျဂ္ဃေနောရုဒ္ဓမာနသော။

ပဉ္စရသ္မိံ ဂဟေတွာန၊ သိလာယ ဥပရိ ကတော။
ကာမံ ခါဒတု မံ ဗျဂ္ဃော၊ ဘက္ခော ကာယော အမိတ္တာနံ။
ပဋိလဒ္ဓေ ကမ္မဋ္ဌာနေ၊ မရဏံ ဟေဟိတိ ဘဒ္ဒကံ—

လို့ ရှိနေပါတယ်၊ နောက်ဆုံး သုံးပါဒလောက် မူကွဲနေပါတယ်။

ကာယော၊ ခန္ဓာကိုယ်သည်။ အမိတ္တာနံ၊ ရန်သူဖြစ်ကုန်သော ခြသေ့် သစ် ကျားစသော သတ္တဝါတို့၏။ ဘက္ခော၊ အစာဖြစ်၏။ ကမ္မဋ္ဌာနေ၊ ကမ္မဋ္ဌာန်းကို။ ပဋိလဒ္ဓေ၊ ကိုယ်လိုတဲ့ မဂ်ဖိုလ်ပေါက်အောင်ရသည်။ သတိ၊ ရှိသော်။ မရဏံ၊ သေရခြင်းသည်။ ဘဒ္ဒကံ၊ ကောင်းမြတ်သည်။ ဟောဟိတိ၊ ဖြစ်ပေလိမ့်အံ့။

သီလဝါ၊ သီလရှိသော။ (ကိုယ့်မှာ ရှိ,မရှိ ကြည့်) ဝတသမ္ပန္နော၊ ဓုတင် စသော အကျင့်နဲ့ ပြည့်စုံသော။ ပညဝါ၊ ဝိပဿနာပညာ ရှိ၍ နေသော။ သုသမာဟိတော၊ ကောင်းစွာ အာရုံ၌ထားအပ်သော သမာဓိနဲ့ တည်ကြည်သော စိတ်ရှိသော။ မုဟုတ္တံ၊ တခဏမျှ။ ပမာဒံ၊ မေ့လျော့ခြင်းကို။ ပမာဒံ၊ ငိုက်မျည်း၍နေသည်ဖြစ်သောကြောင့် မေ့လျော့ခြင်းကို။ အနွာယ၊ အစွဲပြု၍။ ဝါ၊ အစဉ်လိုက်ပြီးတော့။ ဗျဂ္ဃေန၊ ကျားသည်။ ဩရုဒ္ဓမာနသော၊ ထိပါးပုတ်ခတ်အပ်သော်လည်း ကောင်းမြတ်သော စိတ်ရှိသော၊ အဟံ၊ ငါ့ကို။ ပဥ္စရသိံ၊ ခန္ဓာကိုယ်၌။ ဂဟေတွာ၊ ကိုက်ချီပြီး၍။ သိလာယ၊ ကျောက်ဖျာ၏။ ဥပရိ၊ အထက်၌။ ကတော၊ ထားအပ်လေပြီ။

ငါ့မှာ သီလလဲရှိတယ်, အကျင့်လဲရှိတယ်, ဝိပဿနာပညာလဲရှိတယ်, သမာဓိလဲ ရှိတယ်။ ခဏလေး အိပ်ချင်လို့ မေ့သွားတဲ့ အချိန်ကလေးမှာ ငါ့ကို ကျား လာချီပြီးတော့ အခု ကျောက်ဖျာပေါ်မှာ တင်ထားပြီ၊ စားတော့မယ်။

အင္ဂယာစ၊ အရိုးဖြင့်ရင်း။ နှာရုယာစ၊ အကြောဖြင့်ရင်း။ အတ္ထိကော၊ အလိုရှိသော။ ဗျဂ္ဃော၊ ကျားသည်။ မံ၊ ငါ့ကို။ ကာမံ၊ အလိုရှိသလို။ ခါဒတု၊ စားနိုင်သမျှ စားပါစေတော့။ အဟံ၊ ငါသည်။ ကိလေသေ၊ တထောင့် ငါးရာ ကိလေသာတို့ကို။ (ခန္ဓာကိုယ် ကုန်တာနဲ့အမျှ ကိလေသာတွေကိုလဲ) ခေပယိဿာမိ၊ ကုန်အောင်ကျင့်ပေတော့အံ့။ (ကျားပါးစပ်ထဲမှာ ကိလေ-သာတွေ ကုန်အောင်ကျင့်မယ်တဲ့)။ အဟံ၊ ငါသည်။ ဝိမုတ္တိယံ၊ ကိလေသာတို့မှ လွတ်မြောက်တယ်ဆိုတဲ့ အရဟတ္တဖိုလ်ကို။ ဖုသိဿာမိ၊ ကောင်းစွာ မသေ့ ဉာဏ်ဖြင့်သိ၍ ရောက်ရပေတော့အံ့သတည်း။

အဲသလို ကျားရဲ့ပါးစပ်ထဲမှာနေပြီးတော့ တရားအားထုတ်သွားတာ ဖမျက် နှစ်ခုကို စားနေတဲ့အခါမှာ သောတာပန်ဖြစ်တယ်၊ ဒူးခေါင်းရောက်အောင် စားနေတဲ့အခါမှာ သကဒါဂါမ်ဖြစ်တယ်။ ချက်ရောက်အောင် စားလိုက်တဲ့အခါ မှာ အနာဂါမ်ဖြစ်တယ်။ နှလုံးသားကို မစားသေးမီ အတောအတွင်းမှာဘဲ ရဟန္တာပဋိသမ္ဘိဒါ ဖြစ်ပြီးတော့ ဝေဒနာကို ဒီလိုသည်းခံသွားပါတယ်။ ကျားကိုက်တဲ့ ဝေဒနာကို ဝိပဿနာရှုတာ မဟုတ်ပါဘူးနော်။

**ပီတမလ္လထေရ်ဝတ္ထု။**　။နောက် ဝေဒနာကို သည်းခံပြီးတော့ မိမိရဲ့ မူလပေး ထားတဲ့ ကမ္မဋ္ဌာန်းကို အရဟတ္တဖိုလ်ပေါက် အားထုတ်သွားတဲ့ ဝတ္ထုကြောင်းတခုရှိပါသေးတယ်။ အဲဒါကို နဲနဲပြောပေးအုံးမယ်၊ ဘယ်လိုလဲဆိုတော့—

ရွှေသော အဆင်းရှိသော အလံတံခွန်ဖြင့် ကိုယ်တိုင် ကိုင်ဆောင်တတ်သည်၏အဖြစ်ကြောင့်၎င်း, လက်ဝှေ့ထိုးဝါသနာပါသောကြောင့်၎င်း ပီတမလ္လအမည်ရှိသော မထေရ်တပါးရှိပါတယ်။ အဲဒီ မထေရ်ဟာ လူဖြစ်စဉ်အခါတုန်းက ပဏ္ဏုတိုင်း, စောဠတိုင်း, ဂေါဠတိုင်းတို့မှာ အောင်ပွဲရပြီးတော့ သီဟိုဠ်ကျွန်းကိုရောက်လာပါတယ်၊ ရှင်ဘုရင်ရဲ့ အချီးအမြှောက်ရပြီးတော့ နေပါတယ်။ တနေ့လော့ ကိလဉ္ဇကအမည်ရှိတဲ့ အိမ်ဈေးကို ဖြတ်သွားတဲ့အခါ မြတ်စွာဘုရားရဲ့ ပါဠိတော်ကို ပောနေတဲ့ တရားသံကို ကြားလိုက်ရပါတယ်။ အဲဒီတရားက ဘာတရားလဲဆိုတော့ ဘုန်းကြီးတို့ သံယုတ်ပါဠိတော်က "နတုမှာက-သုတ္တန်" ဖြစ်ပါတယ်။ ဘယ်လိုလဲဆိုတော့—

ရူပံ ဘိက္ခဝေ န တုမှာကံ၊ တံ ပဇဟထ၊ တံ ဝေါ ပဟီနံ ဒီဃရတ္တံ ဟိတာယ သုခါယ ဘဝိဿတိ---

လို့ဆိုတဲ့ တရားတော်သံကို လမ်းသွားရင်းကြားလိုက်ရပါတယ်။ အဲဒီ ပါဠိတော်ရဲ့ အနက်အဓိပ္ပါယ်က ဘာပြောတာလဲဆိုတော့—

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ရူပံ၊ ရူပက္ခန္ဓာသည်။ တုမှာကံ၊ သင်တို့၏။ နသန္တကံ၊ ဥစ္စာမဟုတ်။ တုမှေ၊ သင်ချစ်သားတို့သည်။ တံ ရူပံ၊ ထိုသင်တို့ပစ္စည်းမဟုတ်တဲ့ ရူပက္ခန္ဓာကို။ ဝါ၊ ရုပ်လျှင်တည်ရာရှိသော တဏှာကို။ ပဇဟထ၊ ပယ်စွန့်ကြကုန်လော့။ တံ ရူပံ၊ ထိုရုပ်လျှင်အကြောင်းရှိသော တဏှာကို။ ဝေါ၊ သင်ချစ်သားတို့သည်။ ပဟီနံ၊ ပယ်အပ်သည်။ သမာနံ၊ ဖြစ်သည်ရှိသော်။ ဒီဃရတ္တံ၊ ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံး။ ဟိတာယ၊ အစီးအပွါးကိုပြုခြင်းငှါ၎င်း။ သုခါယ၊ ချမ်းသာကိုပြုခြင်းငှါ၎င်း။ ဘဝိဿတိ၊ ဖြစ်ပေလိမ့်မည်-တဲ့။

အဲဒီပါဠိတော်ရွတ်သံကိုကြားပြီးတော့ စဉ်းစားတယ်၊ ဘယ်လိုစဉ်းစားသလဲဆိုတော့——

နေဝ ကိရ ရူပံ အတ္တနော, န ဝေဒနာ-လို့ စဉ်းစားလိုက်တယ်။

ရူပံ၊ ရုပ်သည်။ အတ္တနော၊ မိမိ၏။ သန္တကံ၊ ဥစ္စာပစ္စည်းသည်။ နေဝ ဟောတိ ကိရ၊ မဖြစ်ဘူး, မဟုတ်ဘူးတဲ့။ ဝေဒနာ၊ ဝေဒနာသည်။ အတ္တနော၊ မိမိ၏။ သန္တကာ၊ ဥစ္စာပစ္စည်းသည်။ နဟောတိကိရ၊ မဖြစ်ဘူး, မဟုတ်ဘူးတဲ့။

တရားသံကြားပြီးတော့ စဉ်းစားပုံက“ရုပ်တို့ ဝေဒနာတို့ဆိုတာ ကိုယ့်ပစ္စည်း ကိုယ့်ဥစ္စာ မဟုတ်ဘူး”လို့ စဉ်းစားမိတဲ့အခါ ခန္ဓာငါးပါးရဲ့ ကိုယ့်ပစ္စည်း ကိုယ့်ဥစ္စာမဟုတ်ပုံကို သဘောပေါက်ပြီးတော့ အင်မတန် မာန်တက်နေတဲ့ စိတ်ဟူသော ဆင်ရိုင်းကြီးကို နတုမှာကသုတ္တန် ဒေသနာတော်တည်းဟူသောချွန်းဖြင့် အုပ်၍ တောထွက်ပြီး မဟာဝိဟာရကျောင်းတိုက်ကြီးမှာ ရဟန်း ပြုလိုက်ပါတယ်။

ရဟန်းပြုပြီးတဲ့အခါမှာ ဒွေမာတိကာကို သင်အံလေ့ကျက်ပြီးတော့ ရဟန်းတော်သုံးဆယ်နှင့်အတူ ဂဗလဝါလိယအရပ်သို့သွားပြီး တရားအားထုတ်ပါတယ်။ ခြေဖြင့် စင်္ကြံမသွားနိုင်တဲ့အခါမှာ ဒူးခေါင်းဖြင့် စင်္ကြံကြွ၍ တရားအားထုတ်ပါတယ်။ တနေ့သော ညအခါကျတော့ မုဆိုးတယောက်က တရားအားထုတ်နေတဲ့ အဲဒီရဟန်းတော်ကို သားကောင်မှတ်ပြီးတော့ လှံနဲ့ပစ်လိုက်တာ ရဟန်းတော်ကို လှံစူးသွားပါတယ်။ အဲဒီအခါမှာ လှံကိုနုတ်ပြီး လှံစူးလိုက်တဲ့ အနာပေါက်ကို မြက်စည်းဖြင့် ဆို့ပြီးတော့ ကျောက်ဖျာပေါ်မှာ ထိုင်ကာ တရားအားထုတ်လိုက်တာ အရဟတ္တဖိုလ်ပေါက် ပဋိသမ္ဘိဒါလေးနှင့်တကွ ရဟန္တာပုဂ္ဂိုလ်အဖြစ် ရောက်သွားပါတယ်။

ဒီအခါမှာ မိမိရဲ့ ဝီရိယဖြင့် အားထုတ်တဲ့အတွက် အကျိုးရှိပုံကို သီတင်းသုံးဘော် သံဃာတော်တို့အား ပြောကြားလိုတဲ့အတွက် လေသံဖြင့် အောက်ပါ ဂါထာနှစ်ပုဒ်ကို ရွတ်ဆို ဥဒါန်းကျူးခဲ့ပါတယ်။

ဘာသိတံ ဗုဒ္ဓသေဋ္ဌဿ၊ သဗ္ဗလောကဂ္ဂဝါဒိနော။
န တုမှာကမိဒံ ရူပံ၊ တံ ဇဟေယျာထ ဘိက္ခဝေါ။

အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

ဘိက္ခဝေါ၊ ရဟန်းတို့။ ရူပံ၊ ရုပ်သည်။ တုမှာကံ၊ သင်တို့၏။ န သန္တကံ၊ ဥစ္စာမဟုတ်။ တုမှေ၊ သင်တို့သည်။ တံရူပံ၊ ထို သင်တို့ဥစ္စာ မဟုတ်တဲ့ ရုပ်ကို။ ဇဟေယျာထ၊ ပယ်စွန့်ကြကုန်လော့။ ဣဒံဝစနံ၊ ဤသို့ ဟောကြားမြတ်သောစကားသည်။ သဗ္ဗလောကဂ္ဂဝါဒိနော၊ အလုံးစုံသော သတ္တလောကအား အမြတ်ဆုံးဖြစ်သော တရားတော်ကို ဟောတော်မူတတ်သော။ ဗုဒ္ဓသေဋ္ဌဿ၊ မြတ်စွာဘုရား၏။ ဝါ၊ မြတ်စွာဘုရားသည်။ ဘာသိတံ၊ ဟောတော်မူအပ်သော စကားတော်ပေတည်း။ တယိဒံ တံ ဣဒံဝစနံ၊ န တုမှာကံ ရူပံ-အစရှိသော ထိုစကားသည်။ မေ၊ ငါ၏။ သင်္ခါရာနံ၊ တေဘူမက သင်္ခါရတို့၏။ အစ္စန္တဝူပသမကာရဏံ၊ စင်စစ် ငြိမ်းအေးခြင်း၏ အကြောင်း ပေတည်း။

သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ အနိစ္စာဝတ၊ ဖြောင့် ဖြစ်ပြီး၍ ထင်ရှား မရှိခြင်း, ပျက်စီးခြင်းကြောင့် မမြဲကုန်စွ့တကား။ ကသ္မာ၊ အဘယ့်ကြောင့်။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ အနိစ္စာ၊ မမြဲကုန်သနည်း။ ယသ္မာ၊ အ အကြင့်ကြောင့်။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ ဥပ္ပါဒဝယဓမ္မိနော၊ ဖြစ် ခြင်း, ပျက်ခြင်း သဘောရှိကုန်၏။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ကုန်ပြီး၍။ နိရုဇ္ဈန္တိ၊ ချုပ် တတ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ အနိစ္စာ ဝတ၊ မမြဲလေကုန်စွ့တကား။ တေသံ၊ ထိုသင်္ခါရတရားတို့၏။ ဝူပသမော၊ ကွယ်ပျောက်ချုပ်ငြိမ်း ရုပ်သိမ်းရာဖြစ်သော နိဗ္ဗာန်သည်သာ။ သုခေါ၊ ကောန်စင်စစ် ချမ်းသာကြီး ဖြစ်ပါပေ၏။

အဲဒီလို ဥဒါန်းစကား မြွက်ကြားပြီးတဲ့အခါမှာ သံဃာတော်များက ဘာ ပြောသလဲဆိုတော့—

သစေ ဘန္တေ သမ္မာသမ္ဗုဒ္ဓေါ အရောဂေါ အဘဝိဿာ၊ အဒ္ဓါ တေ မုဒ္ဓမတ္ထကေ ဟတ္ထံ ပသာရေတွာ သီသံ ပရာမသေယျ——

တဲ့။ ဒီစကားကတော့ မူလပဏ္ဏာသ အဋ္ဌကထာက လာတဲ့ စကားပါ၊ သုတ် မဟာဝါ အဋ္ဌကထာမှာတော့ ဒီစကားမပါဘူး၊ ကဲ ဒါ ရှိပစေ။

အဲဒီစကားရဲ့အဓိပ္ပါယ်က အရှင်ဘုရား အကယ်၍များ မြတ်စွာဘုရားရှိခဲ့ရင် အရှင်ဘုရားရဲ့ဦးထိပ်မှာ လက်တော်တင်ပြီးတော့ ဦးခေါင်းကို ပွတ်သပ်လျက် ချီးမွမ်းရာ၏-လို့ ဆိုပါတယ်။

အဲဒီ ရဟန်းတော်ဟာလဲဘဲ လုံ့စုံတဲ့ဒဏ်ချက်ကို မရှုဘဲ သည်းခံပြီးတော့ မူလကမ္မဋ္ဌာန်းကို ရှု၍ ရဟန္တာဖြစ်သွားတော်မူတာပါဘဲ။

**စိတ္တလတောင်နေမထေရ်ဝတ္ထု။** ။နောက် ဝတ္ထုတခုရှိပါသေးတယ်၊ ဘယ်လိုလဲ ဆိုတော့။

စိတ္တလတောင်မှာ သီတင်းသုံးနေတဲ့ မထေရ်တပါးဟာ မကျန်းမမာ ဖြစ်နေ တဲ့အခါမှာ ဝေဒနာနှိပ်စက်လွန်းသဖြင့် ညည်းညူပြီးတော့ လူးလိမ့်နေပါတယ်။

အဲဒီအခါမှာ ပဋ္ဌင်းငယ်တပါးက——

"ကတရံ ခေါ ဘန္တေ ဌာနံ ရုဇ္ဇတိ"တဲ့။

ဘန္တေ၊ အရှင်ဘုရား။ ဝေါ၊ အရှင်ဘုရားတို့၏။ ကတရံ၊ အဘယ် မည်သော။ ဌာနံ၊ အရပ်သည်။ ရုဇ္ဇတိ၊ နာကျင်ပါသနည်း။

အရှင်ဘုရား ဘယ်နေရာက နာကျင်ပါသလဲဘုရားလို့ မေးတယ်။

ဒီတော့ မထေရ်က ဘာပြန်ပြောသလဲဆိုတော့—

"အာဝုသော ပါဠိယေဏ္ဍ ရုဇ္ဇနဋ္ဌာနံ နာမ နတ္ထိ၊ ဝတ္ထုံ အာရမ္မဏံ ကတွာ ဝေဒနာဝ ဝေဒယတိ"တဲ့

အာဝုသော၊ ငါ့ရှင်။ ပါဠိယေဏ္ဍ၊ အသီးအခြားဖြစ်သော။ ရုဇ္ဇနဋ္ဌာနံ နာမ၊ နာကျင်သောအရပ်မည်သည်။ နတ္ထိ၊ မရှိ။ ဝတ္ထုံ၊ ဝတ္ထုရုပ်ကို။ ဝါ၊ တည်ရာဖြစ်သော ရူပ,သဒ္ဒ-စသည်ကို။ အာရမ္မဏံ၊ အာရုံကို။ ကတွာ၊ ပြု၍။ ဝေဒနာဝ၊ ဝေဒနာကသာလျှင်။ ဝေဒယတိ၊ ခံစား၏။

ငါ့ရှင် နာတဲ့နေရာရယ်လို့ ဘယ်မှာ အသီးအခြား ရှိပါ့မလဲ၊ ဝတ္ထု,အာရုံတို့ ပေါင်းဆုံပြီးတော့ ဝေနာကသာလျှင် ခံစားနေရတာဘဲလို့ ပြောလိုက်တယ်။ ဒီတော့ ပဥ္စင်းငယ်က ဘယ်လိုပြန်ပြောလိုက်သလဲ ဆိုတော့—

"ဧဝံ ဇာနနကာလတော ပဋ္ဌာယ အဓိဝါသေတုံ ဝဋ္ဋတိ နော ဘန္တေ"တဲ့။

ဘန္တေ၊ အရှင်ဘုရား။ ဧဝံ၊ ဤသို့ ဝတ္ထုကိုအာရုံပြု၍ ဝေဒနာကသာ ခံစား၏ဟူ၍။ ဇာနနကာလတော၊ သိသောအခါမှ။ ပဋ္ဌာယ၊ စ၍။ အဓိဝါ-သေတုံ၊ သည်းခံခြင်းငှါ။ ဝဋ္ဋတိနော ဝဋ္ဋတိနု၊ သင့်သည် မဟုတ်ပါလား ဘုရား-တဲ့။

အရှင်ဘုရား ဒါလောက်အသိဉာဏ်ကိုရနေရင် ဒီဝေဒနာကို သည်းခံဖို့ မသင့်ဘူးလားဘုရားတဲ့၊ ဒီတော့ မထေရ်မြတ်က ဘာပြန်ပြောသလဲ ဆိုတော့—

"အဓိဝါသေမိ အာဝုသော"တဲ့။ အာဝုသော၊ ငါ့ရှင်။ အဟံ၊ ငါသည်။ အဓိဝါသေမိ၊ သည်းခံပါ၏-လို့ ပြန်ပြောလိုက်တယ်။

ဒီတော့ ပဥ္စင်းငယ်က—

"အဓိဝါသနာ သေယျော ဘန္တေ"တဲ့။ အရှင်ဘုရား ဝေဒနာကို သည်းခံခြင်းသည် မြတ်ပါတယ် ဘုရားလို့ လျှောက်ထားလိုက်ပါတယ်။

ဒါနဲ့ မထေရ်မြတ်ကြီးဟာ ဝေဒနာကိုသည်းခံပြီးတော့ မူလကမ္မဋ္ဌာန်းကို အားထုတ်ပါတယ်။ ဒီအခါမှာ လေရောဂါက နှလုံးသားကို ဖောက်ခွဲလိုက်တဲ့ အတွက် ညောင်စောင်းပေါ်မှာ အူတွေအခွေလိုက် ထွက်ကျပြီးတော့ ပုံနေပါတယ်။ ဒီတော့ အဲဒီအူခွေကြီးကို မထေရ်မြတ်က ရဟန်းငယ်ကိုပြပြီး—

"ဝဋ္ဋတာဝုသော ဧတ္တကာ အဓိဝါသနာ" တဲ့။ အာဝုသော၊ ငါ့ရှင်။ ဧတ္တကာ၊ ဤမျှလောက် အတိုင်း အရှည်ရှိသော။ အဓိဝါသနာ၊ သည်းခံခြင်းသည်။ ဝဋ္ဋတိ၊ သင့်၏လော-တဲ့။

ငါ့ရှင် ဒါလောက်သည်းခံရင် တော်လောက်ပြီလားလို့ မေးတယ်။ ရဟန်းငယ်က ဘာမှပြန်မပြောဝံ့တော့ဘူး။ အဲဒီအချိန်မှာ မဟာထေရ်မြတ်ကြီးသည် ဝီရိယနှင့်သမာဓိကို (သဒ္ဓါနှင့်ပညာကို) ညီမျှစေပြီးတော့ ပဋိသမ္ဘိဒါလေးပါးနှင့် တကွ အရဟတ္တဖိုလ်သို့ရောက်၍ ကိလေသာလဲကုန် စုတိစိတ်လဲကျတဲ့ သမသီသီ ရဟန္တာကြီး ဖြစ်ပြီးတော့ ပရိနိဗ္ဗာန်ပြုသွားပါတယ်။

ဒီဝတ္ထုမှာလဲ ဝေဒနာကိုသည်းခံပြီးတော့ ဝီရိယနဲ့ သမာဓိကို ညီမျှအောင်အားထုတ်တဲ့အတွက် ရဟန္တာဖြစ်သွားပါတယ်။ လေရောဂါ ဝေဒနာဒဏ်ချက်ကို ဝိပဿနာ ရှုတာမဟုတ်ဘူး၊ နော်။

အဲဒီဝေဒနာကို ခွါပြီးတော့ ဝိပဿနာရှုတာ၊ ကိုင်း—ဝိပဿနာလုပ်ငန်းနဲ့ ပတ်သက်တဲ့ လုပ်ထုံးတွေ ပြည့်စုံပြီဆိုကြပါစို့ ဟုတ်လား (မှန်ပါဘုရား)။

## ဝေဒနာကိုဝိပဿနာရှုပုံ အမျိုးမျိုး

**ဝိပဿနာ ရှုနည်းတမျိုး။** ။နိဂုံးချုပ် ခုဒ္ဒကနိကာယ်ကစကားကို ပြောကြစို့။ အဲဒီလိုခံစားရတဲ့ ကာယိက သုခဝေဒနာ၊ ကာယိက ဒုက္ခဝေဒနာ၊ စေတသိက သုခဝေဒနာ၊ စေတသိက ဒုက္ခဝေဒနာ၊ အဒုက္ခမသုခ ဝေဒနာလို့ခေါ်တဲ့ ဝေဒနာ ငါးမျိုးစလုံးနဲ့ တရာ့ရှစ်မျိုးသော ဝေဒနာတွေကို ဘယ့်နှယ်ရှုရမလဲ၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်အနေဖြင့်ရှုကြရအောင်—

"ယံ ကိဉ္စိ ဒုက္ခံ သမ္ဘောတိ၊ သဗ္ဗံ ဝေဒနာပစ္စယာ"တိ အယမေကာနုပဿနာ။

ယံကိဉ္စိ၊ ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော။ ဒုက္ခံ၊ ဆင်းရဲမျိုးစုံသည်။ သမ္ဘောတိ၊ ဖြစ်၏။ သဗ္ဗံ၊ အလုံးစုံသော ဆင်းရဲဒုက္ခ ဟူသမျှသည်။ ဝေဒနာပစ္စယာ၊ ဝေဒနာဟူသော အကြောင်းကြောင့်။ သမ္ဘောတိ၊ ဖြစ်၏။ အယံ၊ ဤသည်ကား။ ဧကာ၊ တခုသော။ အနုပဿနာ၊ ဝိပဿနာ ရှုခြင်းပေတည်း။

ဓမ္မာနုပဿနာသတိပဋ္ဌာန် ပါဠိတော်က။ကိုယ့်မှာ ဆင်းရဲဒုက္ခတွေ ဘာပြုလို့ ဖြစ်သလဲ၊ ဆင်းရဲတွေဖြစ်တယ်၊ အဲဒီဆင်းရဲအားလုံး ဝေဒနာကြောင့် ဖြစ်တယ်လို့ရှုရင် ဒါ ဝိပဿနာ ရှုနည်းတမျိုးဘဲ တဲ့၊ ထွက်လေဝင်လေမှ ဝိပဿနာ ရှုရတာမဟုတ်ဘူး၊ ဒါ ဝိပဿနာရှုနည်း တမျိုးနော်—

**ဒုတိယဝိပဿနာရှုနည်းတမျိုး။** ။"ဝေဒနာနံ တွေဝ အသေသဝိရာဂနိရောဓာ နတ္ထိ ဒုက္ခဿ သမ္ဘဝေါ"တိ အယံ ဒုတိယာနုပဿနာ။

ဝေဒနာနံတွေဝ၊ ဝေဒနာတို့၏သာလျှင်။ အသေသဝိရာဂနိရောဓာ၊ အကြွင်းအကျန်မရှိ ချုပ်ခြင်းကြောင့်။ ဒုက္ခဿ၊ ဆင်းရဲအားလုံး၏။ သမ္ဘဝေါ၊

ဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိ။ အယံ၊ ဤသည်ကား။ ဒုတိယာ၊ နှစ်ခုမြောက်ဖြစ်သော။ အနုပဿနာ၊ ဝိပဿနာရှုခြင်းပေတည်း။

**ဝိပဿနာရှုခြင်းအကျိုး။** ။ဝေဒနာအားလုံး မရှိရင် ဆင်းရဲဒုက္ခ အားလုံးလဲ မရှိတော့ဘူးလို့ ရှုတဲ့ ဝိပဿနာရှုနည်းက တမျိုး။

ဧဝံ သမ္မာ ဒ္ွယတာနုပဿိနော ခေါ ဘိက္ခဝေ ဘိက္ခုနော အပ္ပမတ္တဿ အာတာပိနော ပဟိတတ္တဿ ဝိဟရတော ဒ္ဝိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝ ဓမ္မေ အညာ, သတိ ဝါ ဥပါဒိသေသေ အနာဂါမိတာတိ။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ဧဝံ၊ ဤသို့။ သမ္မာ၊ ကောင်းစွာ။ ဒ္ဝယတာနုပဿိနော၊ နှစ်မျိုးသော အစိတ်အပိုင်းရှိသော ဝေဒနာ, ဝေဒနာသမုဒယကို ဝိပဿနာ ရှုလေ့ရှိသည်ဖြစ်၍။ အပ္ပမတ္တဿ၊ လုံ့လမပေါ့ မမေ့မလျော့သော သဘောရှိသည်ဖြစ်၍။ အာတာပိနော၊ ကိလေသာကို ပူပန်စေတတ်သော လုံ့လဝီရိယရှိသည်ဖြစ်၍။ ပဟိတတ္တဿ၊ နိဗ္ဗာန်ဘက်ကို စေလွှတ်သော စိတ်ရှိသည်ဖြစ်၍။ ဝိဟရတော၊ နေလေ့ရှိသော အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ ဒိဋ္ဌေဝဓမ္မေ၊ ယခုမျက်မှောက်ဘဝ၌။ အညာဝါ၊ အရဟတ္တဖိုလ်ခေါ်တဲ့ ရဟန္တာပုဂ္ဂိုလ်ဖြစ်သော ချမ်းသာရင်း။ ဥပါဒိသေသေ၊ ဥပါဒါန်ကြွင်းသည်။ သတိ၊ ရှိသော်။ အနာဂါမိတာဝါ၊ အနာဂါမ်ပုဂ္ဂိုလ်အဖြစ်ရင်း။ ဣတိ၊ ဤသို့။ ဒွိန္နံဖလာနံ၊ နှစ်ပါးသောဖိုလ်တို့တွင်။ အညတရံဖလံ၊ တပါးပါးသောဖိုလ်ကို။ ပါဋိကင်္ခံ၊ မချွတ်ကေန် အမှန်ရလိမ့်မည်ဟူ၍ အလိုရှိအပ်၏။

အခုပြောခဲ့တဲ့အတိုင်း ဝေဒနာတွေဖြစ်တယ်, အလုံးစုံသော ဆင်းရဲဒုက္ခတွေသည် ဝေဒနာကြောင့်ဖြစ်တယ်, ဝေဒနာမရှိခြင်းကြောင့် အလုံးစုံသော ဒုက္ခတွေ ချုပ်တယ်လို့ အဲဒီနှစ်မျိုးကို ဝိပဿနာရှုနေရင်, ထပ်ခါတလဲလဲ ရှုနေရင် ဒီ ပစ္စုပ္ပန်လောကမှာ အနာဂါမ်သော်ရင်း, ရဟန္တာသော်ရင်း နှစ်မျိုးတို့တွင် တမျိုးမျိုး ဖြစ်မယ်တဲ့ မြတ်စွာဘုရားက ခုဒ္ဒကနိကာယ် သုတ္တနိပါတ်ပါဠိတော် မဟာဝဂ် ဒ္ဝယတာနုပဿနာသုတ္တန်မှာ ဟောတော်မူခဲ့ ပါတယ်။ ပြီးတော့ မြတ်စွာဘုရားက——

သုခံ ဝါ ယဒိ ဝါ ဒုက္ခံ၊ အဒုက္ခမသုခံ သဟ။
အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါ စ၊ ယံ ကိဉ္စိ အတ္ထိ ဝေဒိတံ။

ဧတံ ဒုက္ခန္တိ ဉတွာန၊ မောသဓမ္မံ ပလောကိနံ။
ဖုဿ ဖုဿ ဝယံ ပဿံ၊ ဧဝံ တတ္ထ ဝိဇာနာတိ။
ဝေဒနာနံ ခယာ ဘိက္ခု၊ နိစ္ဆာတော ပရိနိဗ္ဗုတော။

လို့မြတ်စွာဘုရားက ဒီလို ဒေသနာတော်ကို နိဂုံးချုပ်တော်မူပါတယ်။

အဇ္ဈတ္တံ ဝါ၊ မိမိသန္တာန်၌လည်း ဖြစ်သော။ ဗဟိဒ္ဓါ ဝါ၊ အပသန္တာန်၌ လည်းဖြစ်သော။ အဒုက္ခမသုခံ၊ အဒုက္ခမသုခဝေဒနာနှင့်။ သဟ၊ တကွ။ သုခံ ဝါ၊ ချမ်းသာသည်လည်းဖြစ်သော။ ယဒိ၊ ထိုမှတပါး။ ဒုက္ခံ ဝါ၊ ဆင်း ရဲသည်လည်းဖြစ်သော။ ယံကိဉ္စိ၊ ခပ်သိမ်းဥဿုံ အလုံးစုံသော။ ဝေဒိတံ၊ ခံစားမှုဆိုတဲ့ ဝေဒနာသည်။ အတ္ထိ၊ ရှိ၏။ (ဝေဒနာရှိတာကို ရှုထား)။

ယောဘိက္ခု၊ အကြင်ရဟန်းသည်။ တေံသဗ္ဗံ၊ ထို အလုံးစုံသော ဝေဒနာ ကို။ ဒုက္ခန္တိ၊ ဒုက္ခသစ္စာဟူ၍။ ဉတွာန၊ သိပါသောကြောင့်။ မောသဓမ္မံ၊ ပျက်စီးတတ်သောသဘောကို။ ပလောကိနံ၊ ဖောက်ပြန်တတ်သောသဘော ကို။ ဖုဿ ဖုဿ၊ ဉာဏ်ဖြင့် တွေ့၍ တွေ့၍။ ဝယံ၊ ဝေဒနာခတ်တို့၏အပျက် သဘောကို။ ပဿံပဿန္တော၊ ရှုသောပုဂ္ဂိုလ်သည်။ တတ္ထ၊ ထို ဝေဒနာတို့၌။ ဧဝံ၊ ဤသို့ ဒုက္ခသစ္စာအနေအားဖြင့်။ ဝိဇနာတိ၊ သိရလေတော့၏။

ဝေဒနာသည် ဒုက္ခသစ္စာ, ဝေဒနာသမုဒယသည် သမုဒယသစ္စာ, ဝေဒနာ· နိရောဓသည် နိရောဓသစ္စာ, ဝေဒနာနိရောဓဂါမိနိပဋိပဒါသည် မဂ္ဂသစ္စာလို့ အဲဒီလိုသိတယ်။

သောဘိက္ခု၊ ထိုရဟန်းသည်။ ဝေဒနာနံ၊ ဝေဒနာအပေါင်းတို့၏။ ခယာ၊ ကုန်ခြင်းကြောင့်။ နိစ္ဆာတော၊ တဏှာမရှိသည်။ ဟုတွာ၊ ဖြစ်၍။ ပရိနိဗ္ဗုတော၊ ကိလေသပရိနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန် ပြုရပေတော့၏။

ဂါထာပရိယောသာနေ စ သဋ္ဌိမတ္တာ ဘိက္ခူ တံ ဒေသနံ ဥဂ္ဂ· ဟေတွာ ဝိပဿိတွာ တသ္မိံယေဝ အာသနေ အရဟတ္တံ ပါပုဏိံသု။

ဂါထာပရိယောသာနေ၊ တရားဒေသနာ ဂါထာနိဂုံး ဆုံးလတ်သောအခါ ကာလ၌။ သဋ္ဌိမတ္တာ၊ ခြောက်ဆယ်မျှ အရေအတွက်ရှိကုန်သော။ ဘိက္ခူ၊ ဘုရားသားကျော် ရဟန်းတော်တို့သည်။ တံ ဒေသနံ၊ ထိုတရားဒေသနာ တော်ကို။ ဥဂ္ဂဟေတွာ၊ သင်ယူကြကုန်၍ (ဝါ)ခံယူကြကုန်၍။ ဝိပဿိတွာ၊ ဝိပဿနာရှုကြကုန်သောကြောင့်။ တသ္မိံယေဝအာသနေ၊ ထိုတရားနာသော နေရာ၌ပင်လျှင်။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏိံသု၊ ကောင်းစွာ မသွေ ရောက်ရှိကြလေကုန်သတည်း။

သာဓု　သာဓု　သာဓု

ဝေဒနာနုပဿနာ သတိပဋ္ဌာန်း နိဂုံးချုပ်တရားတော်

ဤတွင် ပြီးပြီ။

## ပါရာယနဝဂ်ပါဠိတော်ဟောစဉ် ဥဒယသုတ္တန်နောက်ဆက်တွဲ

# နိဗ္ဗာန်တရားတော်

## နိဗ္ဗာန်အပြား အစားစား

**နိဗ္ဗာန်တရား။** ။နိဗ္ဗာနံ ဣတိ ဝုစ္စတိ-လို့ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ နေရာမှာ လေးပါးသောမဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုအပ်သော, မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အမတ, ပရမ, သုခ, ဝိရာဂ-စသော အမည်တို့ဖြင့် ထင်ရှားရှိသော အသင်္ခတသဘောတရားသည် နိဗ္ဗာန်မည်၏။

**နိဗ္ဗာန်မည်ရပုံ။** ။အဘယ့်ကြောင့် နိဗ္ဗာန်ဟု ခေါ်ဆိုရပါသလဲ ဆိုတော့ ဝါန-သင်္ခါတာယ တဏှာယ နိက္ခန္တတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ-ဆိုတဲ့ သင်္ဂဟအဋ္ဌကထာ, ဝါနသင်္ခါတာယ တဏှာယ နိက္ခန္တံ-ဆိုတဲ့ ဋီကာကျော်စကား, ဝါနတော နိက္ခန္တတ္တာ နိဗ္ဗာနံ-ဆိုတဲ့ သင်္ဂြိုဟ်ဋီကာဟောင်း, တတော ဝါနတော နိက္ခန္တတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ-လို့ ဆိုတဲ့ အဘိဓမ္မာဝတာရအဋ္ဌကထာတို့နှင့် အညီ ဝါနဟုဆိုအပ်သောတဏှာမှ ကင်းလွတ်ထွက်မြောက်သည်၏ အဖြစ်ကြောင့် နိဗ္ဗာန်မည်၏။

**နိဗ္ဗာန-ပုဒ်။** ။ခုပြခဲ့တဲ့ အဋ္ဌကထာ,ဋီကာ အလိုအားဖြင့် "ဝါနတော နိက္ခန္တန္တိ နိဗ္ဗာနံ" ယံ ဓမ္မဇာတံ၊ အကြင်တရားသဘောသည်။ ဝါနတော၊ တဏှာမှ။ နိက္ခန္တံ၊ ကင်းလွတ်ထွက်မြောက်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံဓမ္မဇာတံ၊ ထိုတရားသဘောသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။

နိ-ပုဒ်နှင့် ဝါန-ပုဒ် နှစ်ပုဒ်တွဲ၍ နိဝါန=နိဗ္ဗာန-ဟု သမာသ်ပြီးသောကြောင့် နိဗ္ဗာန-ဟုဆိုအပ်သော သဒ္ဒါပုဒ် ထွက်ပေါ်လာ၏။ စင်စစ် တဏှာမှ ထွက်မြောက်လွတ်ကင်း၍ တဏှာမရှိခြင်းသည် နိဗ္ဗာန်မည်၏။

**နိဗ္ဗာန် ၂-မျိုး။** ။အဲဒီ နိဗ္ဗာန်ကို ဣတိဝုတ်ပါဠိတော်မှာ နှစ်မျိုးခွဲပြီးတော့ ဟောထားပါတယ်၊ ဘယ်လိုလဲဆိုတော့——

ဒွေမာ ဘိက္ခဝေ နိဗ္ဗာနဓာတုယော။ တကမာ ဒွေ၊ သဥပါဒိသေသာ စ နိဗ္ဗာနဓာတု, အနုပါဒိသေသာ စ နိဗ္ဗာနဓာတု-တဲ့။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ နိဗ္ဗာနဓာတုယော၊ နိဝါန ဟု ဆိုအပ်သော သံသရာဝဋ်ဆင်းရဲ၏ အကြောင်းဖြစ်သော တဏှာစသော

အကြောင်းတရား၏ မရှိခြင်းသဘောတရားတို့သည်။ ဣမာဒွေ၊ ဤနှစ်ပါးတို့ပေတည်း။ ဒွေ၊ နှစ်ပါးတို့ဟူသည်။ ကတမာ၊ အဘယ်သည်တို့နည်း။ သဉပါဒိသေသာ၊ တဏှာဟူသော အကြောင်းကြောင့်ဖြစ်သော ဝိပါက်ကမ္မဇရုပ် ရှိနေသေးသော။ နိဗ္ဗာနဓာတုစ၊ နိဗ္ဗာနဓာတ်လည်းကောင်း။ ဝါ၊ ခန္ဓာဟူသော သံသရာစက်၏ အကြောင်းဖြစ်သော တဏှာ၏ မရှိခြင်းသဘော လည်းကောင်း။ အနုပါဒိသေသာ၊ တဏှာကြောင့်ဖြစ်သော ဝိပါက်ကမ္မဇရုပ် အကြွင်းမရှိသော။ နိဗ္ဗာနဓာတုစ၊ တဏှာမရှိသောသဘော လည်းကောင်း။ ဝါ၊ နိဗ္ဗာနဓာတ် လည်းကောင်းတည်း။

ဒီပါဠိတော်ရဲ့ အဓိပ္ပါယ်က ဘာကိုပြောတာလဲ ဆိုတော့– တဏှာမှ လွတ်မြောက်ရာ တဏှာဟူသောတရား မရှိရာဖြစ်တဲ့ ကိလေသာမီးငြိမ်းရာ သဘောဖြစ်သော နိဗ္ဗာန်ဆိုတာ ပရမတ္ထအနေအားဖြင့် မဖောက်မပြန် ဟုတ်လဲ ဟုတ်မှန်, ရှိလဲရှိနေပါတယ်တဲ့၊ ရှိလဲရှိ, မှန်လဲမှန်ဆိုတဲ့ သဘောအားဖြင့် ခြားနားချက် မရှိသော်လဲ ပရိယာယခေါ် အကြောင်းနှင့် စပ်လျဉ်းသောအားဖြင့် သဉပါဒိသေသ, အနုပါဒိသေသခေါ် တဏှာ၏ အကျိုးဖြစ်သော ဝိပါက်ကမ္မဇရုပ် ရှိနေသေးတာနဲ့ တဏှာ၏အကျိုးဖြစ်သော ဝိပါက်ကမ္မဇရုပ်၏ မရှိခြင်းကို အစွဲပြုပြီးတော့ နိဗ္ဗာန်ကို သဉပါဒိသေသ, အနုပါဒိသေသလို့ နှစ်မျိုး ဟောတော်မူပါတယ်။

**သဉပါဒိသေသ နိဗ္ဗာန်။** ။သဉပါဒိသေသနိဗ္ဗာန်ဆိုတာ ဘာကိုခေါ်ပါသလဲ ဆိုတော့—

ဣဓ ဘိက္ခဝေ ဘိက္ခု အရဟံ ဟောတိ ခီဏာသဝေါ ဝုသိတဝါ ကတကရဏီယော ဩဟိတဘာရော အနုပ္ပတ္တသဒတ္ထော ပရိက္ခီဏဘဝသံယောဇနော သမ္မဒညာ ဝိမုတ္တော။

တဿ တိဋ္ဌန္တေဝ ပဉ္စိန္ဒြိယာနိ ယေသံ အဝိဃာတတ္တာ မနာပါမနာပံ ပစ္စနုဘောတိ၊ သုခဒုက္ခံ ပဋိသံဝေဒေတိ။

တဿ ယော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော၊ အယံ ဝုစ္စတိ ဘိက္ခဝေ သဉပါဒိသေသာ နိဗ္ဗာနဓာတု။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ဣဓ၊ ဤသာသနာတော်၌။ ခီဏာသဝေါ၊ လောဘ ဒိဋ္ဌိ မောဟဟု ဆိုအပ်သော တပ်မက်မှု ယူမှားမှု တွေဝေမှုတို့ကို ဖြစ်ခွင့်မရအောင် မဂ်ဉာဏ်မီးဖြင့် ကုန်အောင် ပယ်ဖျက်ပြီးသော။ ဝါ၊ အာသဝကုန်ပြီးသော။ ဝုသိတဝါ၊ အရိယမဂ်၌ အလေးအမြတ်ပြု၍နေသော။ ဝါ၊ အရိယာဝါသတရား ဆယ်မျိုးတို့ဖြင့် နေလေ့

ရှိသော။ ကတကရဏီယော၊ အလုံးစုံပြုအပ်ပြီးသော မဂ်ကိစ္စရှိသော။ ဝါ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရဘို့ရန်အတွက် ပြုလုပ်ဖွယ်ကိစ္စ မရှိသော။ ဝါ—

ရဟန္တာပုဂ္ဂိုလ်—တဿ သမ္မာ ဝိမုတ္တဿ၊ သန္တစိတ္တဿ ဘိက္ခုနော။

ကတဿ ပဋိစယော နတ္ထိ၊ ကရဏီယံ န ဝိဇ္ဇတိ—

ဟု အင်္ဂုတ္တိုရ်ပါဠိတော်ဆက္ကနိပါတ် မဟာဝဂ် သောဏသုတ်၌ ဟောတော်မူအပ်သော ဒေသနာတော်နှင့်အညီ မဂ်ကိစ္စအတွက် ပြုဘွယ်မရှိသော။

သမ္မာ၊ ကောင်းစွာ။ ဝိမုတ္တဿ၊ ကိလေသာတို့မှ လွတ်ပြီးသော။ သန္တ-စိတ္တဿ၊ ငြိမ်သက်သောစိတ်ရှိသော။ တဿဘိက္ခုနော၊ ထိုရဟန္တာဖြစ်သော ရဟန်းအား။ ကတဿ၊ ပြုအပ်ပြီးသော တဆဲ့ခြောက်ပါးသော မဂ်ကိစ္စကို။ ပဋိစယော၊ တဖန်ပွါးစေခြင်းသည်။ နတ္ထိ၊ မရှိ။ ကရဏီယံ၊ ပြုအပ်သော တဆဲ့ခြောက်ပါးသော မဂ်ကိစ္စသည်။ နဝိဇ္ဇတိ၊ မရှိ။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်နှင့်ညီစွာ ပြုအပ်ပြီးသော မဂ်ကိစ္စရှိသော။ ဩဟိတဘာရော၊ ခန္ဓာဝန် ကိလေသာဝန် အဘိသင်္ခါရဟုဆိုအပ်သော ကုသိုလ်ကံ အကုသိုလ်ကံဝန် တည်းဟူသော သုံးပါးသော ဝန်ထုပ်ဝန်ပိုးကို ပယ်ချစွန့်ပစ်အပ်ပြီးသော။ အနုပ္ပတ္တသဒတ္ထော၊ ရောက်အပ်ပြီးသော အရဟတ္တဖိုလ်ဟူသော မိမိ၏အကျိုးရှိသော။ ပရိက္ခီဏသံယောဇနော၊ အရဟတ္တမဂ်ဉာဏ်မီးဖြင့် ရှို့မြိုက်ကုန်ခန်းစေအပ်ပြီးသော သံယောဇဉ်ရှိသော။ သမ္မဒညာ၊ ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, လေးရပ်ကို ကောင်းမွန်မှန်ကန်စွာ သိသည်ဖြစ်၍။ ဝိမုတ္တော၊ အလုံးစုံသော ကိလေသာတို့မှ လွတ်မြောက်သောစိတ်နှင့် ခန္ဓာတို့မှ လွတ်မြောက်သော။ အရဟာ၊ ကိလေသာတို့မှ ဝေးတော်မူသော, ဝါ—

အာရကာဿ ဟောန္တိ ပါပကာ အကုသလာ ဓမ္မာ သံကိလေသိကာ ပေါနောဗ္ဘဝိကာ သဒရာ ဒုက္ခဝိပါကာ အာယတိံ ဇာတိဇရာမရဏီယာ။ ဧဝံ ခေါ ဘိက္ခဝေ ဘိက္ခု အရဟံ ဟောတိ——

ဟု မြတ်စွာဘုရား ဟောတော်မူသော မဇ္ဈိမနိကာယ် မူလပဏ္ဏာသပါဠိတော် မဟာအဿပုရသုတ္တန်၌ လာသော ပါဠိတော်နှင့် အညီ ရဟန္တာပုဂ္ဂိုလ် ဖြစ်၍ နေသော——

အဿ၊ ထိုရဟန်းသည်။ ပါပကာ၊ ယုတ်မာကုန်သော။ သံကိလေသိကာ၊ စိတ်ကို ပူပန်စေတတ် ညစ်ညူး စေတတ်ကုန်သော။ ပေါနောဗ္ဘဝိကာ၊ တဖန်ဘဝသစ်အကျိုးငှါ ဖြစ်ကုန်သော။ သဒရာ၊ ပူလောင်ခြင်းနှင့် တကွဖြစ်ကုန်

သော။ ဒုက္ခဝိပါကာ၊ ဆင်းရဲသောအကျိုး ရှိကုန်သော။ အာယတိံ၊ နောင်အခါ၌။ ဇာတိဇရာမရဏိယာ၊ ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်းကို ဖြစ်စေတတ်ကုန်သော။ အကုသလာ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ သမိတာ၊ ငြိမ်းကုန်သည်။ အာရကာ၊ ကိလေသာတို့မှ ဝေးကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏—

ဟူသော ပါဠိတော်နှင့် လျော်စွာ ရဟန္တာပုဂ္ဂိုလ်ဖြစ်၍ နေသော။ ဘိက္ခု၊ ရဟန်းသည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပါယ်ကတော့ မြတ်စွာဘုရားရဲ့ သာသနာတော်မှာ ဝိပဿနာတရားကို ကြိုးစားအားထုတ်တဲ့အတွက် အာသဝေါတရားတို့ကုန်ပြီးတော့ အရိယာမဂ်ဖြင့် နေလေ့ရှိသော မဂ်ကိစ္စကို ပြုပြီးသော ကိလေသာဝန် ခန္ဓာဝန် အဘိသင်္ခါရဝန်ကိုချပြီး၍ အရဟတ္တဖိုလ်သို့ရောက်ပြီးလျှင် သံယောဇဉ်အားလုံးကုန်ခန်းပြီးသည် ဖြစ်၍ ထူးမြတ်သော ပညာဖြင့် ခန္ဓာ အာယတန ဓာတ်တို့၏ သဘောကိုလည်းကောင်း, သစ္စာလေးပါးကိုလည်းကောင်း သိသောကြောင့် ကိလေသာတို့မှ လွတ်သော ရဟန္တာပုဂ္ဂိုလ်ဖြစ်သွားတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီး ဖြစ်တဲ့ ရဟန်းတော် သူစင်သူမြတ်——လို့ ဆိုလိုတယ်။

**ရဟန္တာ သုခ-ဒုက္ခခံစားပုံ**—အဲဒီလို ရဟန္တာပုဂ္ဂိုလ်ဖြစ်နေတဲ့ ပုဂ္ဂိုလ်ဟာ သုခ, ဒုက္ခကို ခံစားရတဲ့အခါ ဘယ်လိုနှစ်လုံးသွင်းသလဲဆိုတော့ –

တဿ၊ ထိုရဟန္တာပုဂ္ဂိုလ်၏။ တိဋ္ဌန္တေဝ၊ နောက်ဆုံးဘဝ၏ အကြောင်းဖြစ်သော ကံသည် မကုန်သေးသမျှ တည်နေစဉ်။ ဝါ၊ ပရိနိဗ္ဗာန်မစံဝင်သေးခင်။ ပဉ္စိန္ဒြိယာနိ၊ ငါးပါးသော ဣန္ဒြေတို့သည်။ အဝိဃာတတ္တာ၊ အနုပ္ပါဒ-နိရောဓဖြင့် မချုပ်သေးသည်၏ အဖြစ်ကြောင့်။ မနာပါမနာပံ၊ အလိုရှိအပ် အလိုမရှိအပ်သော။ ရူပါဒိဂေါစရံ၊ ရူပါရုံအစရှိသော အာရုံကို။ ပစ္စနုဘောတိ၊ ခံစား၏။ သုခဒုက္ခံ၊ ချမ်းသာဆင်းရဲကို။ ပဋိသံဝေဒေတိ၊ ခံစား၏။

ဆိုလိုတဲ့အဓိပ္ပါယ်က ရဟန္တာပုဂ္ဂိုလ်သည် ကိလေသာအားလုံးတို့ကို အရဟတ္တမဂ်ဖြင့် ပယ်စွန့်ပြီးဖြစ်သော်လည်း ပရိနိဗ္ဗာန်မစံသေးခင်မှာ ကံကြောင့်ဖြစ်သော စက္ခု သောတ ဃာန ဇိဝှါ ကာယလို့ဆိုတဲ့ ဣန္ဒြေငါးပါးတို့သည် အနုပ္ပါဒနိရောဓ ခေါ် တဖန်မဖြစ်သောချုပ်ခြင်းဖြင့် မချုပ်သေးသည်ဖြစ်သောကြောင့် ဣဋ္ဌာရုံ, အနိဋ္ဌာရုံဖြစ်တဲ့ ရူပါရုံစသည်ကို ခံစားရသေး၏။ ဆင်းရဲသောအတွေ့, ချမ်းသာသော အတွေ့ကို ခံစားရသေး၏–လို့ ဆိုလိုတယ်။

ဒီလို ခံစားတဲ့အခါမှာ ပုထုဇဉ် သေက္ခပုဂ္ဂိုလ်တို့နဲ့ ဘယ်လို ခြားနားသလဲ ဆိုတော့——

တဿ၊ ထိုသို့ ဣဋ္ဌ အနိဋ္ဌ သုခ ဒုက္ခကို ခံစားသော ရဟန္တာပုဂ္ဂိုလ်အား။ ယော ရာဂက္ခယော၊ အကြင်ရာဂ၏ ကုန်ခြင်းသည်။ ယော ဒေါသက္ခယော၊ အကြင်ဒေါသ၏ ကုန်ခြင်းသည်။ ယော မောဟက္ခယော၊ အကြင် မောဟ၏ ကုန်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သား တို့။ အယံ၊ ဤ ရာဂ ဒေါသ မောဟ၏ ကုန်ခြင်းကို။ သဥပါဒိသေသနိဗ္ဗာန-ဓာတု၊ ဝိပါက်ကမ္မဇရုပ်အကြွင်းရှိသော နိဗ္ဗာနဓာတ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အဓိပ္ပါယ်ကတော့ ကိလေသာအားလုံး ကုန်ပြီးဖြစ်တဲ့ ရဟန္တာပုဂ္ဂိုလ်မှာ ဝိပါက်ကမ္မဇရုပ်ဆိုတဲ့ စက္ခု သောတ စသော ဣန္ဒြေတို့က ထင်ရှားရှိနေသေးတဲ့ အတွက် အာရုံအမျိုးမျိုးကို မြင်တွေ့ခံစား၍ နေရသေးတယ်။ သို့ရာတွင် ထို ရဟန္တာပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ရာဂတွေ ဒေါသတွေ မောဟတွေ မရှိတဲ့အတွက် ရာဂ ဒေါသ မောဟတို့ ချုပ်ငြိမ်းနေမှုကို စွဲပြီးတော့ သဥပါဒိသေသ နိဗ္ဗာန်လို့ ခေါ်ပါတယ်။

အကျဉ်းချုပ်အဓိပ္ပါယ်ကတော့ ကိလေသာတွေ ချုပ်ငြိမ်းပြီးတော့ ပရိ-နိဗ္ဗာန်မစံသေးတဲ့ ရဟန္တာပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ရာဂ ဒေါသ မောဟ ငြိမ်းမှု၊ ရာဂ ဒေါသ မောဟတို့မှ လွတ်မှုကြီးကို သဥပါဒိသေသ နိဗ္ဗာန်လို့ ခေါ်ပါတယ်။

**အနုပါဒိသေသနိဗ္ဗာန်။** ။အနုပါဒိသေသ နိဗ္ဗာန်ဆိုတာကတော့ ဘယ်လို သဘောမျိုးကို ခေါ်ပါသလဲဆိုရင်——

> ကတမာ ဘိက္ခဝေ ဘိက္ခု အရဟံ ဟောတိ ခီဏာသဝေါ ဝုသိတဝါ ကတကရဏီယော ဩဟိတဘာရော အနုပ္ပတ္တသဒတ္ထော ပရိက္ခီဏဘဝ-သံယောဇနော သမ္မဒညာ ဝိမုတ္တော၊ တဿ ဣဓေဝ ဘိက္ခဝေ သဗ္ဗဝေ-ဒယိတာနိ အနဘိနန္ဒိတာနိ သီတီ ဘဝိဿန္တိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ အနုပါဒိသေသာ နိဗ္ဗာနဓာတု-လို့ ပါဠိတော်က ညွှန်ပြပါတယ်။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ဣဓ၊ ဤသာသနာတော်၌။ ခီဏာသဝေါ၊ ကုန်ပြီးသော အာသဝေါရှိသော။ ဝုသိတဝါ၊ ကျင့်သုံး အပ်ပြီးသော မဂ်ကိစ္စရှိသော။ ကတကရဏီယော၊ ပြုအပ်ပြီးသော မဂ်ကိစ္စ ရှိသော။ ဩဟိတဘာရော၊ ပယ်ချအပ်ပြီးသော ကိလေသာဝန် ခန္ဓာဝန် အဘိသင်္ခါရဝန် ရှိသော။ အနုပ္ပတ္တသဒတ္ထော၊ ရောက်အပ်ပြီးသော အရ-ဟတ္တဖိုလ်ဟူသော မိမိအကျိုးရှိသော။ ပရိက္ခီဏသံယောဇနော၊ ကုန်ပြီး သော ဘဝသံယောဇဉ်ရှိသော။ သမ္မာ၊ ကောင်းစွာ။ အညာယ၊ သိ၍။ ဝိမုတ္တော။ ကိလေသာတို့မှ လွတ်ပြီးသော။ အရဟာ၊ ရဟန္တာဖြစ်သော။ ဘိက္ခု၊ ရဟန်းသည်။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထိုရဟန္တာပုဂ္ဂိုလ်အား။ ဣဓေဝ၊ ဤကိုယ်၏ အဖြစ်၌ပင်လျှင်။ သဗ္ဗဝေဒယိတာနိ၊ အလုံးစုံသော

ဝေဒနာတို့သည်။ အနုဘိနန္ဒိတာနိ၊ မတောင့်တအပ်ကုန်သည်ဖြစ်၍။ သီတိ၊ ငြိမ်းအေးကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံနိဗ္ဗာနဓာတု၊ ဤနိဗ္ဗာနဓာတ်ကို။ အနုပါဒိသေသာနိဗ္ဗာနဓာတု၊ ဝိပါက်ကမ္မဇရုပ် အကြွင်းမရှိသော နိဗ္ဗာနဓာတ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အဓိပ္ပါယ်ကတော့ နိဗ္ဗာန်ဆိုတာ ပရမတ္ထအားဖြင့် တနည်း–အသင်္ခတ ပရမတ်အနေအားဖြင့် ဆင်းရဲမှုလွတ်လပ်မှု တခုတည်းကို နိဗ္ဗာန်လို့ခေါ်တယ်။

**နိဗ္ဗာန်တခုတည်းရှိပုံ။** ။ဒီနေရာမှာ သဉပါဒိသေသနိဗ္ဗာန်, အနုပါဒိသေသ-နိဗ္ဗာန်လို့ နိဗ္ဗာန်သံနှစ်မျိုး ထွက်နေတာကတော့——

ဉပါဒိသေသခေါ်တဲ့ ခန္ဓာရှိနေစဉ်မှာ ကိလေသာအားလုံးတို့မှ လွတ်လပ်မှုနဲ့ ပရိနိဗ္ဗာနစုတိရဲ့နောက်မှာ တဖန် မဖြစ်သောအားဖြင့် ကိလေသာ ခန္ဓာ အားလုံးတို့ ချုပ်ငြိမ်းခြင်းဟူသော ကိလေသာခန္ဓာအားလုံးတို့မှ လွတ်လပ်မှုကို စွဲပြီးတော့ နိဗ္ဗာန်သံ နှစ်မျိုး ဖြစ်နေရတာပါ။ စင်စစ်တော့ နိဗ္ဗာန်သည် အသင်္ခတ ပရမတ်အနေအားဖြင့် သင်္ခတပရမတ်မျိုး ပညတ်မျိုးကဲ့သို့ ကာလ ဒေသ ဌာန လိင် နိမိတ္တ သဏ္ဌာနမျိုးမဟုတ်ဘဲ အနုပ္ပါဒ အပ္ပဏိဟိတ သန္တိသုခ အနေအားဖြင့် ထင်ထင်ရှားရှားကြီးရှိနေတဲ့ သဘောတခုတည်းကိုသာ နိဗ္ဗာန်လို့ ခေါ်ပါတယ်တဲ့။

**သဉပါဒိသေသ နိဗ္ဗာန်မှာ နှိပ်စက်မှုရှိပုံ။** ။ဒါဖြင့် သဉပါဒိသေသ နိဗ္ဗာန်လို့ ဆိုတဲ့ နေရာမှာ ဘယ်တရားတွေမှ လွတ်လပ် ကုန်ခန်းပြီး သွားသလဲဆိုတော့— ရာဂ ဒေါသ မောဟစတဲ့ ကိလေသာ ပူပန်ဆင်းရဲမှု အားလုံးတို့မှ လွတ်လပ် ကုန်ခန်းပြီးတော့ သွားတယ်၊ အဲဒီ လွတ်လပ် ကုန်ခန်းမှုကို စွဲ၍ နိဗ္ဗာန်လို့ ဆိုရတယ်၊ သို့ရာတွင် ခန္ဓာရှိနေသေးတဲ့ အတွက် ခန္ဓာတို့ရဲ့ နှိပ်စက်မှုဒဏ်ချက်ကတော့ ရှိနေသေးတယ်။

ဉပမာဆိုရင် လူဆိုးတွေရဲ့ နှိပ်စက်မှု ဒဏ်ချက်ကို အချိန်ရှိတိုင်း ခံနေရတဲ့ သူဟာ လူဆိုးတို့ရဲ့ လက်မှ လွတ်လပ်ပါသော်လဲ နှိပ်စက်ထားတဲ့ ဒဏ်ချက် တွေက မပျောက်သေးတော့ ဒီဒဏ်ချက်တွေကို ခံစားနေရတာနဲ့ တူပါတယ်။ ထို့အတူပါဘဲ အဝိဇ္ဇာ,တဏှာစတဲ့ တရားဆိုးတွေရဲ့ နှိပ်စက်မှုဒဏ်ချက်တွေကို တသံသရာလုံး၊ ဝါ——ခန္ဓာရှိနေသရွေ့ ကာလပတ်လုံး ခံနေရတဲ့ ရုပ်နာမ်ဓမ္မ သင်္ခါရ တရားတွေဟာ အရဟတ္တမဂ်ဉာဏ် အရဟတ္တဖိုလ်ဉာဏ်ဆိုတဲ့ တရားထူး တရားမြတ်ကြောင့် အဝိဇ္ဇာ, တဏှာစတဲ့ တရားဆိုးတွေ ကုန်ခန်းသွားပေမဲ့, အဝိဇ္ဇာ, တဏှာစတဲ့ တရားဆိုးတို့မှ လွတ်လပ်သွားပေမဲ့ အဝိဇ္ဇာ, တဏှာစတဲ့ တရားဆိုးတွေကြောင့် ရရှိနေတဲ့ ခန္ဓာဆိုတဲ့ ဒဏ်ချက်က ဒီတဘဝအတွက်

ကြွင်းရှိနေသေးသောကြောင့် ခန္ဓာရဲ့ နှိပ်စက်မှုဒဏ်ချက်တော့ ရှိနေပါသေးတယ်။ အဲဒီလို အဝိဇ္ဇာ၊ တဏှာစတဲ့ ကိလေသာ တရားဆိုးတို့ဒဏ်ချက်မှ လွတ်လပ်ပြီးတော့ ခန္ဓာဒဏ်ချက် အကြွင်း ရှိနေသေးတာကို သဉပါဒိသေသ နိဗ္ဗာန်လို့ ခေါ်ပါတယ်။

**အနုပါဒိသေသနိဗ္ဗာန်၌ ကာလစသည်မရှိပုံ။** ။အနုပါဒိသေသနိဗ္ဗာန်လို့ ဆိုတဲ့နေရာမှာတော့ ကိလေသာတရားဆိုးတွေကရော ယခုရနေတဲ့ ခန္ဓာကရော အနာဂတ်ဘဝ အဆက်ဆက်တွေမှာ ရလတ္တံဖြစ်တဲ့ ခန္ဓာတွေကရော အကြွင်းအကျန်မရှိ အနုပ္ပါဒနိရောဓ အနေမျိုးဖြင့် တဖန်မဖြစ်သော ချုပ်ခြင်းကို ပရိနိဗ္ဗာနစုတိရဲ့ နောက်မှာ အားလုံးသော ခန္ဓာကိလေသာတို့မှ လွတ်လပ်ပြီးတော့ သင်္ခတပရမတ်မျိုး၊ ပညတ်မျိုးဖြစ်တဲ့ တရားတွေကဲ့သို့ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ဆိုတဲ့·ကာလ၊ အရှေ့အရပ်၊ အနောက်အရပ်၊ တောင်-မြောက်၊ အထက်-အောက်၊ အထောင့်ဆိုတဲ့-ဒေသ၊ ရှေ့က-နောက်က၊ လက်ဝဲက လက်ျာကဆိုတဲ့·ဌာန၊ အလုံးအပြား၊ အရှည်အတို၊ အကြီးအသေးစတဲ့·လိင်္ဂ၊ အဖြူအမဲ၊ အစိမ်း၊ အပြာ၊ အဝါစသော အရောင်အသွေးစတဲ့-နိမိတ္တ၊ သင်္ခတပရမတ်မျိုး၊ ပညတ်တရားမျိုးကဲ့သို့ ပုံသဏ္ဌာန်၊ အစဉ်သန္တာန်လို့ဆိုတဲ့·သဘောတို့မှ ဆန့်ကျင်ဘက် ပြောင်းပြန်အနေအားဖြင့် တည်ရှိနေသော ဟုတ်လဲဟုတ်မှန်သော သဘောတရားဖြစ်သော အသင်္ခတပရမတ်မျိုးဖြစ်တဲ့ လွတ်လပ်မှုကို အနုပါဒိသေသနိဗ္ဗာန်လို့ ခေါ်ပါတယ်။

ဥပမာပုံဆိုရင် ရှေးဦးစွာ လူဆိုးတွေရဲ့ နှိပ်စက်မှုဒဏ်ကို ခံရတဲ့ပုဂ္ဂိုလ်ဟာ ထိုလူဆိုးတို့ရဲ့လက်မှ လွတ်လပ်နေပါသော်လဲ ရှေ့မှာ ရှိနေတဲ့ လူဆိုးတွေကို မသုတ်သင် မရှင်းလင်းရသေးလျှင် ထိုလူဆိုးတို့ရဲ့ နှိပ်စက်မှုဒဏ်ချက်ကို ခံနေရအုံးမယ်။ ယခုတော့ ရှေ့မှာတွေ့လတ္တံဖြစ်တဲ့ လူဆိုးတွေကို သုတ်သင်ရှင်းလင်းထားတဲ့အတွက် ထိုလူဆိုးတွေရဲ့ ဒဏ်ချက်မှ လွတ်လပ်ပြီးသားဖြစ်သလို အဝိဇ္ဇာ တဏှာစသော တရားဆိုးတို့ကို အရဟတ္တမဂ်ဉာဏ် အရဟတ္တဖိုလ်ဉာဏ်တို့ဖြင့် မဖျက်ဆီးနိုင်ခဲ့ရင် စုတိရဲ့နောက်မှာ ခန္ဓာသစ်ကိုရပြီးတော့ အဝိဇ္ဇာ၊တဏှာစတဲ့ ခန္ဓာကိလေသာတို့ဖြင့် နှိပ်စက်ခြင်းကို ခံနေရအုံးမယ်။

ယခုတော့ အဝိဇ္ဇာတဏှာစတဲ့ တရားဆိုးတွေကို အရဟတ္တမဂ်ဉာဏ် အရဟတ္တဖိုလ်ဉာဏ်တို့ဖြင့် ဖြိုခွင်းဖျက်ဆီးပြီးသည် ဖြစ်ပါသောကြောင့် ပရိနိဗ္ဗာနစုတိရဲ့ နောက်မှာ ခန္ဓာသစ်ကို မရတော့ပဲ အဝိဇ္ဇာတဏှာစတဲ့ ကိလေသာတွေ ဖြစ်ခွင့်မရှိတော့ဘဲ ခန္ဓာကိလေသာ တရားအားလုံးတို့ဟာ အနုပ္ပါဒနိရောဓခေါ်သော တဖန်မဖြစ်သည့် ချုပ်ခြင်းဖြင့် ချုပ်ကြကုန်သည်ဖြစ်၍ ခန္ဓာ ကိလေသာတို့မှ လွတ်လပ်မှု သန္တိသုခသဘောကို အနုပါဒိသေသနိဗ္ဗာန်လို့ ခေါ်ပါတယ်။

**သုညတနိဗ္ဗာန်။** ။နောက်တနည်းအားဖြင့် နိဗ္ဗာန်သည် သုညတ အနိမိတ္တ အပ္ပဏိဟိတလို့ သုံးမျိုးပြားပြန်သေးတယ်။

အဲဒီနိဗ္ဗာန်သုံးမျိုးထဲမှာ သုညတဆိုတာက ဘာကြောင့် သုညတခေါ်ရသလဲ ဆိုတော့ သင်္ခတပရမတ်တရားတို့မှာ ကံ စိတ် ဥတု အာဟာရလို့ဆိုတဲ့ တရားတို့ က ပြုပြင်သောကြောင့် တနည်းဆိုရင် အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ကမ္မဘဝ ဆိုတဲ့ အကြောင်းတရားတို့က ပြုပြင်ကြမှသာ ဖြစ်ပေါ်ရတဲ့အတွက် ဆွေးမြေ့ ရင့်ကျက်ခြင်း, ကုန်ဆုံးပျောက်ပျက်ခြင်းတွေ ရှိနေကြသည် ဖြစ်သောကြောင့် ကြောင့်ကြရ စိုးရိမ်ရနှင့် အလုပ်ကိစ္စ ပလိဗောဓတွေ လွန်စွာမှ များပြားကြ တယ်။ နိဗ္ဗာန်ဆိုတဲ့ အသင်္ခတပရမတ်ကျတော့ ကံစသောအကြောင်း, အဝိဇ္ဇာ စသောအကြောင်းတို့က မပြုပြင်ရသည် ဖြစ်သောကြောင့် တစုံတရာ ပျက်စီး ဆွေးမြေ့ခြင်းမရှိတော့ဘဲ ပကတိ နိစ္စသဘောဖြစ်သောကြောင့် ကြောင့်ကြရ, စိုးရိမ်ရတဲ့ ပလိဗောဓ ကိစ္စအဝဝတွေ မရှိ, ဆိတ်သုဉ်းနေတဲ့အတွက် အသင်္ခတ ပရမတ်နိဗ္ဗာန်ကို သုညတလို့ ခေါ်ပါတယ်။

**အနိမိတ္တနိဗ္ဗာန်။** ။အနိမိတ္တ ဆိုတာကတော့ သင်္ခတပရမတ် တရားတွေဟာ မဂ်ဖိုလ်တရားမှာပင် ဥပ္ပါဒခေါ်သော ဇာတိ ဖြစ်ပေါ်ခြင်း ရှိသောကြောင့် သဏ္ဌာန်နိမိတ် ရှိကြ၏။ အဲဒီလို သဏ္ဌာန်နိမိတ် ရှိနေသော ကြောင့် အယုတ် အလတ် အမြတ်စသည်ဖြင့် များပြားစွာရှိ၍နေ၏။ အရဟတ္တ မဂ်,ဖိုလ်ပင် ဖြစ်သော်လည်း သဗ္ဗညုရှင်တော်ဘုရား၏ အရဟတ္တမဂ်ဖိုလ်သည် ပစ္စေကဗုဒ္ဓါ,သာဝက ရဟန္တာပုဂ္ဂိုလ်တို့၏ အရဟတ္တမဂ်ဖိုလ်ထက် သာလွန်မြင့်မြတ် ၏။ ပစ္စေကဗုဒ္ဓါ, သာဝက ရဟန္တာတို့၏ အရဟတ္တမဂ်ဖိုလ်သည် ယုတ်ညံ့၏။

ထိုအတူဘဲ ပစ္စေကဗုဒ္ဓါ၏ အရဟတ္တမဂ်ဖိုလ်နဲ့ သာဝကရဟန္တာတို့ရဲ့ အရဟတ္တ မဂ်ဖိုလ်တို့ဟာလဲ အယုတ်အမြတ်အနေဖြင့် ရှိနေကြပါသေးသည်။

အသင်္ခတ ပရမတ်နိဗ္ဗာန်မှာတော့ ဥပ္ပါဒခေါ် ဇာတိဖြစ်ပေါ်ခြင်းမရှိတော့တဲ့ အတွက် အယုတ်အလတ်အမြတ် ကွဲပြားရန်နှင့် ကာလဒေသကွဲပြားရန် သဏ္ဌာန် နိမိတ်မရှိသောကြောင့် အနိမိတ္တလို့ ခေါ်ပါတယ်။

**အပ္ပဏိဟိတနိဗ္ဗာန်။** ။အပ္ပဏိဟိတ ဆိုတာကတော့ သင်္ခတပရမတ်တရားတို့မှာ အမြဲမရှိတဲ့အတွက် ပျက်စီးသောသဘော ရှိနေသော ကြောင့် မပျက်စီးဘို့ရန် တောင့်တမှုကြီး တန်းလန်း ရှိနေပါတယ်။ ပြီးတော့ သင်္ခတပရမတ်ထက် မြတ်တဲ့ အသင်္ခတပရမတ်ကလဲ ရှိနေပြန်သောကြောင့် သင်္ခတပရမတ်ကိုပင် ရနေပါသော်လဲ ပိုပြီးတော့မြတ်တဲ့ အထက်အထက်ဖြစ်သော တရားထူးတရားမြတ်များကို လှမ်းပြီးတော့ တောင့်တနေရတဲ့အတွက် ပဏိဟိတ တရားတွေသာ ဖြစ်ပါတယ်။ အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ရနေပေမဲ့ ဒီ

အရဟတ္တမဂ် အရဟတ္တဖိုလ်လောက်နဲ့ မနေနိုင်သေးဘဲ သူထက်ပိုပြီးတော့ ခိုင်မြဲတဲ့ ကောင်းတဲ့ နိဗ္ဗာန်ကို လှမ်း၍ တောင့်တရခြင်း ရှိနေပါသေးတယ်။

နိဗ္ဗာန်ကတော့ နိစ္စ သန္တိသုခ ဖြစ်တဲ့အတွက် တခါရပြီးတဲ့အခါ ပျက်စီးသွားပြန်သောကြောင့် နောက်တခါ ရဘို့ရန် တောင့်တရခြင်းဆိုတာ မရှိသောကြောင့် နိဗ္ဗာန်ထက် ကောင်းမြတ်သော, နိဗ္ဗာန်ထက် ချမ်းသာသော တရားမရှိသောကြောင့် နိဗ္ဗာန်ကိုရပြီးသောသူဟာ တစုံတခုသော, အခြားတပါးသော ချမ်းသာကို တောင့်တရခြင်းဆိုတာ မရှိတော့ပေ။

အဲဒီလို တောင့်တရခြင်းဆိုတဲ့ တဏှာပဏိဓိ, ဆန္ဒပဏိဓိ အားလုံးတို့မှ လွတ်ငြိမ်း ရှင်းလင်းရာဖြစ်သောကြောင့် အပ္ပဏိဟိတလို့ ခေါ်ပါတယ်။

**တနည်း သုညတ-စသည့်နိဗ္ဗာန် ၃-မျိုး။** ။တနည်းအားဖြင့် သုညတ အနိမိတ္တ အပ္ပဏိဟိတ မည်ပုံကို မူလပဏ္ဏာသ အဋ္ဌကထာက—

> နိဗ္ဗာနံ ရာဂါဒီဟိ သုညတ္တာ သုညံ နာမ၊ ရာဂါဒိနိမိတ္တာဒီနံ အဘာဝါ အနိမိတ္တံ, ရာဂဒေါသမောဟပဏိဓီနံ အဘာဝါ အပ္ပဏိဟိတံ—

လို့ မိန့်ဆိုထားသည် ဖြစ်ပါသောကြောင့် နိဗ္ဗာန်သည် ရာဂဒေါသ-စသော ကိလေသာတို့မှ ဆိတ်သုဉ်းသည် ဖြစ်သောကြောင့် သုညတ မည်ပါတယ်တဲ့၊ ရာဂနိမိတ် ဒေါသနိမိတ် စသည်တို့၏ မရှိခြင်းကြောင့် နိဗ္ဗာန်သည် အနိမိတ္တ မည်ပါတယ်တဲ့၊ ရာဂ၏အစွမ်း, ဒေါသ၏အစွမ်း, မောဟစသည်တို့၏ အစွမ်းဖြင့် တောင့်တခြင်း မရှိသောကြောင့် နိဗ္ဗာန်သည် အပ္ပဏိဟိတဂုဏ်နဲ့ ပြည့်စုံသောကြောင့် အပ္ပဏိဟိတ မည်ပါတယ်လို့ အဋ္ဌကထာက ဖော်ပြပါတယ်။

ခု ဟောခဲ့တဲ့ အဲဒီ သုညတ, အနိမိတ္တ, အပ္ပဏိဟိတလို့ ဆိုတဲ့ နာမည်သုံးမျိုးဟာ နိဗ္ဗာန်၏ ဂုဏ်သုံးမျိုးကို အစွဲပြု၍သာ သုံးမျိုး ဖြစ်နေတာပါ။ သဘောလက္ခဏာအားဖြင့်ဆိုရင် နောက်က ပြောခဲ့တဲ့အတိုင်း နိဗ္ဗာန်သည် သန္တိသဘောအားဖြင့် ကိလေသာတို့မှ ခန္ဓာတို့မှ လွတ်လတ်မှုတမျိုးတည်းကိုပင် နိဗ္ဗာန်လို့ ခေါ်ဆိုရပါတယ်။ အဲဒီသုံးပါးထဲမှာ သုညတဂုဏ်နဲ့ အနိမိတ္တဂုဏ်ကို သေသေချာချာ သဘောပေါက်ပါလျှင် နိဗ္ဗာန်ဆိုတဲ့ အသင်္ခတပရမတ်ဟာ တခြားသော သင်္ခတပရမတ်မျိုးကဲ့သို့ သဏ္ဌာန်, နိမိတ်, အရိပ်အရောင်အနေနဲ့ တွေးတော ကြံစည်ခြင်းငှါထိုက်တဲ့ ပရမတ်တရားမျိုး မဟုတ်, သဏ္ဌာန်နိမိတ် အရိပ်အရောင် မရှိသော အသင်္ခတပရမတ္ထတရားမျိုးဟု သဘောပေါက်ရမည်။

အပ္ပဏိဟိတဆိုတဲ့ ဂုဏ်ကို သဘောပေါက်ပါလျှင် နိဗ္ဗာန်မှာ ခံစားစရာ ချမ်းသာသုခ မရှိ-ဆိုတဲ့ သဘောကို ပယ်စွန့်နိုင်ပေလိမ့်မယ်။ အဓိပ္ပါယ်ကတော့

အပျော်အပါး ခံစားမှုဆိုတာ တဏှာဖြင့် ဝတ်မွတ်ဆာလောင်နေသောသူတို့ အတွက်သာ ခံစားမှုဟာ အသုံးကျနေတာပါ။ အပ္ပဏိဟိတဂုဏ်နဲ့ ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်ကျတော့ တဏှာတည်းဟူသော ဝတ်မွတ် ဆာလောင်ခြင်း ကင်းနေတဲ့အတွက် အပျော်အပါးခံစားမှု သုခဝေဒနာတို့ဟာ ကြောက်လန့်ရွံမုန်းစရာတွေသာ ဖြစ်နေတော့တယ်။ အဲဒါကြောင့် ချမ်းသာသုခဆိုတဲ့ အသံကို ကြားရလျှင် ခံစားမှုဘက်သို့ စိတ်က ညွတ်ညွတ် သွားဟတ်လေသည်။ ဘာကြောင့်လဲ ဆိုတော့—တဏှာဆိုတဲ့ အငတ်အမွေ်ရှိနေလို့တဲ့၊ အပ္ပဏိဟိတ ဆိုတဲ့ ဂုဏ်နှင့်ပြည့်စုံသော နိဗ္ဗာန်ကိုရနေလျှင် ပဏိဓိဆိုတဲ့ တဏှာအငတ် ကင်းပြတ်၍ တောင့်တမှုမျိုးစုံတို့မှ လွတ်လပ်နိုင်ပါတယ်၊ အဲဒါကိုဘဲ အပ္ပဏိဟိတလို့ ဆိုပါတယ်။

## နိဗ္ဗာန်၏သဘာဝများကို ရှင်းပြချက်

ဒီနေရာမှာ နိဗ္ဗာန်ရဲ့ ပရမတ္ထသဘာဝအဖြစ်ကို နဲနဲရှင်းပြအုံးမယ်၊ အသင်္ခတ ဓမ္မဖြစ်တဲ့ နိဗ္ဗာန်ဆိုတာ သင်္ခတပရမတ်မျိုးဖြစ်တဲ့ ခန္ဓာငါးပါး, ရုပ်, နာမ်တရားတို့၏ အသစ်တဖန်ဖြစ်ပေါ်ခြင်း မရှိသည်ကို အသင်္ခတ ပရမတ္ထသဘာဝဖြစ်သော နိဗ္ဗာန်လို့ ခေါ်ပါတယ်။ ဖြစ်ပေါ်ခြင်း မရှိလျှင် တစုံတခုသော ညွှန်ပြစရာမရှိတဲ့အတွက် နိဗ္ဗာန်သည် ပရမတ်တရား မဟုတ်, ဘာမှမရှိတဲ့အတွက် အဘာဝ ပညတ်သာ ဖြစ်ပါသလောဟု မေးရန်ရှိ၏။

**ပရမတ်တရား ၂-မျိုး။** ။အဖြေကတော့ ပရမတ္ထတရားလို့ ဆိုလိုက်တာနဲ့ သင်္ခတပရမတ္ထ တရားတွေကဲ့သို့ မှတ်ထင်နေသော ကြောင့်သာ မေးခြင်းဖြစ်၏။ စင်စစ်မှာတော့ ပရမတ္ထဆိုတာ သင်္ခတပရမတ်, အသင်္ခတပရမတ်လို့ နှစ်မျိုးရှိပါတယ်။ သင်္ခတပရမတ်နှင့် အသင်္ခတပရမတ်တရား နှစ်ပါးတို့ဟာ အချင်းချင်း ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် ဖြစ်နေပါတယ်။ ဘာပြုလို့လဲဆိုတော့ သင်္ခတပရမတ်တို့၏ သဘောအခြင်းအရာသည် အသင်္ခတ ပရမတ်မျိုးမှာ မရှိနိုင်။ အသင်္ခတပရမတ်တရားမျိုးဟာလဲ သင်္ခတပရမတ်မျိုးမှာ လုံးလုံးမရှိနိုင်သောကြောင့် သင်္ခတပရမတ်နှင့် အသင်္ခတပရမတ်တရားတို့ဟာ အချင်းချင်း ဆန့်ကျင်ကြပြီးတော့ လူနှစ်ယောက် ကျောချင်းခိုင်း၍ ခရီးသွားကြတဲ့အခါမှာ သွားလေ တယောက်နဲ့ တယောက် ဝေးလေ ဝေးကြသလို သင်္ခတပရမတ်နဲ့ အသင်္ခတပရမတ်တို့ဟာလဲ အချင်းချင်း နှိုးနှောကြည့်လျှင် သဘောပေါက်ပြီး တခုနှင့်တခု ဝေးကွာ၍ သွားကြောင်း သိကြပါလိမ့်မယ်။

**သင်္ခတပရမတ်တရား။** ။အဲဒါကြောင့် သင်္ခတ ပရမတ္ထ သဘောနဲ့ အသင်္ခတ ပရမတ္ထသဘောကို စဉ်းစားလိုလျှင် သူ့လမ်းနှင့်သူ စဉ်းစားရပါမယ်။ ပရမတ္ထတရားချင်း အတူတူဘဲဆိုပြီးတော့ သင်္ခတပရမတ်ကို

အသင်္ခတပရမတ်နဲ့ သဘောချင်း နှိုင်းယှဉ်ပြီးတော့ မစဉ်းစားရဘူး။ ဘာ့ကြောင့်လဲဆိုတော့ ခန္ဓာငါးပါးလို့ခေါ်တဲ့ တနည်းဆိုရင် စိတ် စေတသိက် ရုပ်လို့ဆိုတဲ့ တနည်းဆိုရင် ဝိညာဉ် နာမ် ရုပ်လို့ဆိုတဲ့ သင်္ခတပရမတ်တရားမျိုးတွေမှာ ဖြစ်ခြင်း ပျက်ခြင်းတို့က ထင်ထင်ရှားရှားကြီး ရှိနေတဲ့အတွက် ဖြစ်မှာ ပျက်မှာကို ကြောင့်ကြနေရတဲ့ ပလိဗောဓ ထင်ရှားရှိနေပါတယ်။ ပြီးတော့ ခန္ဓာတို့ရဲ့ ရုပ္ပန=ဘောက်ပြန်တဲ့သဘော နိမိတ်, ဝိကာရ=တမျိုးမျိုး ဖြစ်တယ်ဆိုတဲ့ နိမိတ်သဘောကလဲ ထင်ရှားရှိနေပြန်ပါတယ်။ အဲဒီလို သပလိဗောဓ, သနိမိတ္တ သဘောထင်ရှားရှိနေတဲ့အတွက် သင်္ခတပရမတ်ရဲ့ သဘောကို သေသေချာချာရှုလို့ ဉာဏ်ပညာ ပွင့်လင်းလာလေလေ သဏ္ဍာန်နိမိတ် တရိပ်ရိပ်နဲ့ ထင်လေလေ ဆိုတဲ့ သဘော ထင်ပေါ်၍ လာပါတယ်။

**အသင်္ခတပရမတ်တရား။** ။အသင်္ခတပရမတ် ဖြစ်တဲ့ အနုပ္ပါဒနိရောဓ ခေါ်တဲ့ နိဗ္ဗာန်ကျတော့ သုညတ ခန္ဓာမှ ဝိညာဉ် နာမ် ရုပ်တို့မှ, စိတ်, စေတသိက်, ရုပ်တို့မှ မရှိ ဆိတ်သုဉ်းသောကြောင့်လည်းကောင်း, ရုပ္ပန,ဝိကာရဆိုတဲ့ အရိပ်နိမိတ်မှကင်းသော အနိမိတ္တသဘော ဖြစ်သောကြောင့်လည်းကောင်း အသင်္ခတပရမတ်ရဲ့ သဘောကို စဉ်းစားလို့ ပညာဉာဏ် ပွင့်လင်းလာလေလေ သဏ္ဍာန်နိမိတ်နှင့် ကွာဝေးလေလေဖြစ်ပြီး ကွာဝေးမှု ထင်ပေါ်၍ လာပါတယ်။

ဒီနေရာမှာ နိဗ္ဗာန်ဆိုတဲ့ အသင်္ခတပရမတ်ရဲ့ သဘောကို ရှာကြံစဉ်းစားမယ်ဆိုရင် ငြိမ်းခြင်းဆိုတဲ့ သန္တိသဘော ထင်ထင်ရှားရှား ရှိ,မရှိကိုသာ ရှာကြံစဉ်းစားရပါမယ်။ သန္တိသုခသဘော ထင်ရှားရှိသည်ကို မြင်တွေ့လာပါလျှင် အဲဒီသန္တိသဘောရဲ့ ပရမတ္ထသဘာဝ မှန်,မမှန်ကို ပရမတ္ထဓမ္မတို့နှင့် သက်ဆိုင်တဲ့ ပရိညာ, ပဟာန, သစ္ဆိကရဏ, ဘာဝနာဆိုတဲ့ လုပ်ငန်းကိစ္စလေးမျိုးနှင့် ချိန်ကိုက်၍သာ ကြည့်ရှုရပါမယ်။ ခုပြောခဲ့တဲ့ ကိစ္စလေးမျိုးထဲမှာ တမျိုးတမျိုးရဲ့ တည်ရာဝတ္ထု ဖြစ်ပါလျှင် ပရမတ်အစစ်ဖြစ်တယ်လို့ ယုံကြည်ရမယ်။ အဲဒီကိစ္စလေးမျိုးဟာ ပရမတ်တရားတိုင်းရဲ့ မှတ်ကျောက်သဘွယ် ဖြစ်ပါတယ်။ ဒါကြောင့် နိဗ္ဗာန်ဆိုတဲ့ အသင်္ခတပရမတ်ကိုလဲ ဒီကိစ္စကြီးလေးမျိုးနဲ့ဘဲ မှတ်ကျောက်တင်၍ ကြည့်ရှုရပါမယ်။

**ပရိညာကိစ္စ။** ။ပရိညာကိစ္စဆိုတာ လက္ခဏ ရသ ပစ္စုပဋ္ဌာန်တို့နှင့်တကွ အသီးသီးသော ဝိညာဉ် နာမ် ရုပ်, တနည်း စိတ် စေတသိက် ရုပ်လို့ဆိုတဲ့ သင်္ခတ ပရမတ်တရားတို့ကို ပစ္စတ္တခေါ် သဘာဝလက္ခဏာအားဖြင့်လည်းကောင်း, အနိစ္စ ဒုက္ခ အနတ္တအားဖြင့် ရှုဆင်ခြင်သော သာမညသဘောလက္ခဏာအားဖြင့်လည်းကောင်း ပိုင်ပိုင် နိုင်နိုင် မြင်အောင် ကြည့်ရှုဆင်ခြင်မှုလုပ်ငန်းကို ပရိညာကိစ္စလို့ ခေါ်ပါတယ်။ အဲဒီ ပရိညာကိစ္စရဲ့ တည်ရာကတော့

တဏှာလောဘမှတပါး စေ့စေ့က ပြောပြခဲ့တဲ့ တေဘူမိက ဝိညာဉ် နာမ် ရုပ်၊ တနည်း စိတ် စေတသိက် ရုပ်လို့ခေါ်တဲ့ သင်္ခတပရမတ်တရားစုတွေဘဲဖြစ်ပါတယ်။

အဲဒီတဏှာမှ တပါးသော တေဘူမိက ဝိညာဉ် နာမ် ရုပ်၊ တရားစုတွေကို ခုပြောခဲ့တဲ့ ပရိညာကိစ္စခေါ်တဲ့ သဘာဝလက္ခဏာ၊ သာမညလက္ခဏာတို့ဖြင့် ပိုင်းခြား၍ မသိပါလျှင် အပါယ်လေးပါးစသော အပြစ်ဒေါသနှင့် ယှဉ်တွဲပြီး တော့ နေပါတယ်။ ခုလို ပရိညာကိစ္စကြီးဖြင့် ပိုင်းခြားပြီး သိနိုင် မြင်နိုင်ပါလျှင် ကြီးကျယ်လှသော ကောင်းကျိုးသုခနှင့် ယှဉ်တွဲပြီး နေနိုင်ပါတယ်။

အများပြော အမှန်ဖြစ်တဲ့ ပညတ်တရား သမ္မုတိသစ္စာကတော့ အဲဒီ ခု ပြောခဲ့တဲ့ ပရိညာကိစ္စရဲ့တည်ရာ ဘူမိမဟုတ်၊ ဘာကြောင့်လဲဆိုတော့ ပရိညာ ကိစ္စကို မြင်အောင်ရှုနိုင်တဲ့အတွက် ဝိညာဉ် နာမ် ရုပ်ဆိုတဲ့ သင်္ခတပရမတ်ရဲ့ သဘော ထင်ရှားလာတဲ့အခါမှာ ပုဂ္ဂိုလ်သတ္တဝါ အရာဝတ္ထုလို့ ထင်မှတ် စွဲကပ် နေတဲ့ ပညတ်တရား ကွယ်ပျောက်သွားသောကြောင့်ပင် ဖြစ်ပါတယ်။

**ပဟာနကိစ္စ။**　။ပဟာနကိစ္စဆိုတာကတော့ အကြွင်းအကျန်မရှိ ပယ်ခြင်းကို ပဟာနကိစ္စလို့ ခေါ်ပါတယ်။ ပယ်ဘွယ်ရန်တရားကတော့ တဏှာ တရားဘဲ ဖြစ်ပါတယ်။ တဏှာဆိုတဲ့တရားသည် ပဟာနကိစ္စရဲ့တည်ရာ ဘူမိဖြစ်ပါ တယ်။ တဏှာကို ပဟာနကိစ္စဖြင့် မပယ်နိုင်ပါလျှင် အပါယ်လေးပါးစသော ကြီးစွာသော အပြစ်ဒေါသ အာဒီနဝနှင့် ယှဉ်စပ်၍၊ တဏှာကို ပဟာနကိစ္စဖြင့် ပယ်နိုင်ပါလျှင် ကြီးကျယ်စွာသော ကောင်းကျိုးသုခနှင့် ယှဉ်စပ်နေပါတယ်။ ပညတ်တရားကတော့ ပဟာနကိစ္စ၏ တည်ရာမဟုတ်။ ဘာကြောင့်လဲဆိုတော့ တကယ်ရှိတဲ့တရား မဟုတ်သောကြောင့် ပယ်ဘွယ်ရန် မရှိဘူးလို့ မှတ်ရပါမယ်။

**သစ္ဆိကရဏကိစ္စ။**　။သစ္ဆိကရဏကိစ္စဆိုတာကတော့ ဥပမာနှင့်ယှဉ်တွဲပြီး ပြော မှ ပိုပြီးတော့ ရှင်းပါတယ်။ ဘယ်လိုလဲဆိုတော့ ရောဂါ ဆိုးကြီး ဖိစီးနှိပ်စက်သဖြင့် မချမ်းသာသောသူသည် ဆေးကောင်း ဝါးကောင်း ရ၍ တခဏချင်း ရောဂါမှ ပျောက်ကင်းချမ်းသာ၍ သွားသောအခါ ထိုသူမှာ အနာရောဂါ ဒုက္ခသည် မိမိမှာ တွေ့ကြုံရသော ကိုယ်တွေ့ဒိဋ္ဌဖြစ်၏။ အဲဒီ အ နာရောဂါ၏ ပျောက်ငြိမ်းခြင်း သုခသည်လည်း မိမိရဲ့ကိုယ်မှာ တွေ့ကြုံရသော ကိုယ်တွေ့ဒိဋ္ဌဖြစ်၏။ ထို့အတူဘဲ မိမိမှာ ကိုယ်တွေ့ဒိဋ္ဌ တိုက်ဆိုင်တွေ့ကြုံရသော အမှုကိစ္စသည် သစ္ဆိကရဏကိစ္စမည်၏။

အဲဒီ သစ္ဆိကရဏကိစ္စရဲ့ တည်ရာဘူမိကတော့ နိဗ္ဗာန်ချမ်းသာဖြစ်၏။ နိဗ္ဗာန် ချမ်းသာကို သစ္ဆိကရဏကိစ္စဖြင့် မတွေ့ကြုံ မတိုက်ဆိုင်လျှင် အာဒီနဝနှင့်ယှဉ်၍ သစ္ဆိကရဏကိစ္စဖြင့် နိဗ္ဗာန်ကို တွေ့ကြုံနိုင်ပါလျှင် ကြီးစွာသော ကောင်းကျိုး

သုခနှင့် ယှဉ်၏။ တွေကြုံဆိုတာ မိမိရဲ့ကိုယ်တွင်းမှာ လောဘ ဒေါသ မောဟ ချုပ်ငြိမ်းမှုနှင့် ကိုယ်တွေ့ဒိဋ္ဌ ဖြစ်ရခြင်းကို ခေါ်ပါတယ်။

ပညတ်တရားမျိုးကတော့ သစ္ဆိကရဏကိစ္စရဲ့ တည်ရာဝတ္ထု မဟုတ်ဘူးတဲ့၊ ဘာ့ကြောင့်လဲဆိုတော့ မိမိကိုယ်သန္တာန်မှာ ကိုယ်တွေ့ ဉာဏ်တွေ့ဆိုတဲ့ အတွေ့ နှစ်မျိုးရှိသော တရားမျိုးမဟုတ်သောကြောင့်ပင် ဖြစ်ပါတယ်လို့ မှတ်ရပါမယ်။

**ဘာဝနာကိစ္စ။** ။ဘာဝနာကိစ္စကတော့ အဆင့်ဆင့် တိုးတက်၍သွားအောင် ပွါးများမှုကို ခေါ်ပါတယ်။ ဘာဝနာကိစ္စရဲ့ တည်ရာကတော့ သမ္မာဒိဋ္ဌိစတဲ့ မဂ္ဂင်ရှစ်ပါးဘဲ ဖြစ်ပါတယ်။ သမ္မာဒိဋ္ဌိစတဲ့ မဂ္ဂင်ရှစ်ပါးကို မပွါးရင် ကြီးစွာသော ဒုက္ခနှင့်တွေ့ရ၍ သမ္မာဒိဋ္ဌိစတဲ့ မဂ္ဂင်ရှစ်ပါးကိုပွါးရင် ကြီးစွာသော ချမ်းသာနှင့် ယှဉ်တွဲရပါတယ်။

သမ္မုတိသစ္စာလို့ခေါ်တဲ့ ပညတ်တရားကတော့ ဘာဝနာကိစ္စရဲ့ တည်ရာဝတ္ထု မဟုတ်ဘူးတဲ့၊ ဘာကြောင့်လဲဆိုတော့ သဘောအားဖြင့် ထင်ရှားမရှိတဲ့အတွက် ကြီးပွါးချမ်းသာခြင်း၏ အခွင့်ရှိသော တရားပင် မဟုတ်သောကြောင့်ဘဲ ဖြစ်ပါတယ်။

အဲဒီလို ပရမတ္ထတရားတို့ရဲ့ ကိစ္စကြီးလေးပါး၌ ချ၍ ကြည့်မှသာလျှင် သစ္စာ ပရမတ်မျိုး, အသစ္စာပရမတ်မျိုး, ပရမတ် မဟုတ်သော ပညတ်မျိုးလို့ သုံးပါး ကွဲပြား၍ ခြားခြားနားနား သိရှိနိုင်လေသည်။

အဲဒီ ပရမတ်ကိစ္စ လေးပါးထဲမှာ ပရိညာကိစ္စနဲ့ ဘာဝနာကိစ္စ နှစ်ပါးတို့ဟာ ပဟာနကိစ္စအတွက် ဖြစ်ပြီးတော့ ပဟာနကိစ္စသည် သစ္ဆိကရဏကိစ္စ၏ အတွက် သာ ဖြစ်တယ်လို့ ဉာဏ်အမြင် ပေါက်လာနိုင်ပါတယ်။ ဒါကြောင့် သစ္ဆိကရဏ ကိစ္စသည်သာလျှင် အချုပ်ပဓာန ဖြစ်ပါတယ်။ နိဗ္ဗာန်သည်သာလျှင် သစ္ဆိ-ကရဏကိစ္စ၏ တည်ရာဝတ္ထု, တည်ရာဘုံ အသီးအခြား ဖြစ်ပါတယ်။ အဲဒီလို ဝတ္ထု, ဘုံ အသီးအခြား ဖြစ်သောကြောင့် ငြိမ်သက် ငြိမ်းချမ်းခြင်း ဟူသော သန္တိသဘောသည် ပရမတ်သဘောအမှန် ဖြစ်ပေသည်ဟု သိအပ်၏လို့ ကျေးဇူး ရှင် လယ်တီဆရာတော်ဘုရားကြီးက နိဗ္ဗာနဒီပနီမှာ မိန့်ဆိုတော်မူခဲ့ပါတယ်။

**နိဗ္ဗာနဒီပနီကျမ်း မိန့်ချက်။** ။အဓိပ္ပါယ် အကျဉ်းချုပ်ကတော့ ပရမတ္ထ တရားတို့ဟာ သူ့ကိစ္စနှင့် သူ ထင်ရှား နေပါတယ်။ လောဘကြဉ်တဲ့ တေဘူမက ဝိညာဉ် နာမ် ရုပ် ဆိုတဲ့ သစ္စာပရမတ်မှာ အထက် ကပြဆိုခဲ့တဲ့ ပရိညာကိစ္စသာ ရှိပြီးတော့ ပဟာနကိစ္စ, သစ္ဆိကရဏကိစ္စ, ဘာဝနာ ကိစ္စ သုံးမျိုး မရှိနိုင်ဘူး။ တဏှာဆိုတဲ့ လောဘမှာလဲ ပဟာနကိစ္စသည်သာလျှင် ရှိနိုင်ပြီးတော့ ကျန်တဲ့ ပရိညာကိစ္စ, သစ္ဆိကရဏကိစ္စ, ဘာဝနာကိစ္စ သုံးမျိုး

မရှိနိုင်၊ သမ္မာဒိဋ္ဌိ စတဲ့ မဂ္ဂင်ရှစ်ပါး သင်္ခတပရမတ် တရားမှာလဲ ဘာဝနာကိစ္စ တခုတည်းသာ ရှိပြီးတော့ ပရိညာကိစ္စ, ပဟာနကိစ္စ, သစ္ဆိကရဏကိစ္စ ဆိုတဲ့ ကိစ္စသုံးပါး မရှိနိုင်, မရနိုင်ဘူး၊ အဲဒီလိုဘဲ နိဗ္ဗာန်ဆိုတဲ့ အသင်္ခတ ပရမတ်မှာလဲ သင်္ခတ ပရမတ်တွေမှာ ရနိုင်ရှိနိုင်တဲ့ ပရိညာကိစ္စ, ပဟာနကိစ္စ, ဘာဝနာကိစ္စ တွေကို မရနိုင် မရှိနိုင်တော့ဘဲ သန္တိသဘောကို ကိုယ်တိုင် တိုက်ဆိုင် တွေ့ကြုံ ရသော သစ္ဆိကရဏကိစ္စတပါးသာ ရနိုင် ရှိနိုင်ပါတယ်။

ဒါကြောင့် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားက ပရမတ္ထ တရားတွေကို စဉ်းစားကြံစည်တဲ့ အခါမှာ သင်္ခတပရမတ်, အသင်္ခတပရမတ်လို့ နှစ်မျိုး ခွဲခြား ပြီးတော့ ပရမတ္ထတရားတို့ရဲ့ ကိစ္စကြီး လေးချက်နဲ့ တိုက်ဆိုင်ပြီးလျှင် သူ့ ကိစ္စ နှင့်သူ ခွဲခြား၍ စဉ်းစားကြံစည်ရတယ်၊ သင်္ခတပရမတ်နဲ့ အသင်္ခတပရမတ်ကို ပရမတ်ဆိုတိုင်း ရောရ၍ မရှာရ, မကြည့်ရဘူးလို့ မိန့်တော်မူခဲ့ပါတယ်။

**ကိစ္စကြီး ၄-ချက် ဥပမာ။** ။ဒီနေရာမှာ အလုံးစုံသော သံသရာ ဝဋ္ဋဒုက္ခတို့၏ ငြိမ်းမှုဆိုတဲ့ တကယ့် မဟာနိဗ္ဗာနသန္တိကို မဆို ထားနဲ့ ခေတ္တငြိမ်းတဲ့ တဒင်္ဂသန္တိမှာပင် ပရိညာ,ပဟာန,သစ္ဆိကရဏ,ဘာဝနာလို့ ကိစ္စကြီးလေးပါး ထင်ရှား ရှိနေပါတယ်။ လူတယောက်မှာ ရောဂါစွဲနေလျှင် ထိုရောဂါရဲ့ ပျောက်ငြိမ်း လွတ်ကင်းမှု၌ အထက်ပါကိစ္စကြီး လေးမျိုးကို တွေ့နိုင် ပါတယ်။ ဘယ်လိုလဲ ဆိုတော့ မိမိမှာ စွဲကပ်နေတဲ့ ရောဂါဆိုးကြီး၏ လက္ခဏာ နှင့်အတူ ရောဂါဆိုးကြီး၏ ဒုက္ခအစစ် ဖြစ်နေသည်ကို သေသေချာချာ ပိုင်ပိုင် နိုင်နိုင် သိ၍နေခြင်းကို ပရိညာကိစ္စလို့ ခေါ်ပါတယ်။

အဲဒီ ရောဂါဆိုးကြီး မဖြစ်သေးတာကို ဖြစ်အောင်, ဖြစ်နေတဲ့ ရောဂါဆိုး ကြီးကို တိုးပွါးလာအောင် ပြုတတ်တဲ့ကိစ္စ အားလုံးကို လွတ်အောင် ရှောင်ရှား ပယ်စွန့်ခြင်းကို ပဟာနကိစ္စလို့ ခေါ်ပါတယ်။ ဥပမာ ရောဂါ ပြင်းပြင်းထန်ထန် နှိပ်စက်မှုကို ခံနေရတဲ့အခါမှာ ရှေးက ကိုယ် အလွန် ကြိုက်နှစ်သက်တဲ့ အစာ အာဟာရ စသည်တို့ကို ရှောင်ရှားပယ်စွန့်ခြင်းနှင့် တူပါတယ်။

ဖြစ်လတ္တံ့သော ရောဂါ၏ မဖြစ်ပေါ်ခြင်း, ဖြစ်နေတဲ့ ရောဂါရဲ့ ပျောက်ငြိမ်း ခြင်း, ရောဂါ ဖြစ်ခွင့်ရှိရင် ဖြစ်နိုင်ခြင်းနဲ့ ဖြစ်နေတဲ့ရောဂါမှ လွတ်ကင်းပျောက် ငြိမ်းခြင်းကို မိမိကိုယ်တွင် တွေ့မြင် ကြုံကြိုက်ရခြင်းကို သစ္ဆိကရဏကိစ္စလို့ ခေါ်ပါတယ်။

ဖြစ်နေတဲ့ ရောဂါ, ဖြစ်လတ္တံ့ ရောဂါတို့၏ ပျောက်ငြိမ်း လွတ်ကင်းကြောင်း ဖြစ်တဲ့ ဆေးဝါး ဓာတ်စာ စသည်တို့ကို ကောင်းမွန်စွာ မှီဝဲခြင်းကို ဘာဝနာ ကိစ္စလို့ ခေါ်ပါတယ်။

အဲဒီ ဥပမာ စကားရပ်မှာလဲ ရောဂါဆိုးကြီးရဲ့ ပျောက်ငြိမ်း လွတ်ကင်းမှုမှာ ကိစ္စလေးပါးတို့ဟာ သူ့တည်ရာနဲ့သူ အသီးသီး ဖြစ်ကြပါတယ်။ ရောဂါရဲ့ဆိုးဝါးမှု ဒုက္ခဒဏ်ချက်ကို သိနေတဲ့ ပရိညာကိစ္စမှာ ရောဂါကို တိုးပွါးစေတဲ့ အမှုကိစ္စတွေကို ရှောင်ကြဉ်စွန့်ပယ်ခြင်း ပဟာနကိစ္စ, ရောဂါမှ လွတ်ငြိမ်းမှုကို ကိုယ်တွေ့ကြုံရတဲ့ သစ္ဆိကရဏကိစ္စ, ရောဂါဆိုးကြီးကို ပျောက်ငြိမ်းစေနိုင်တဲ့ ဆေးဝါးခါတ်စာ စသည်တို့ကို မှီဝဲရတဲ့ ဘာဝနာကိစ္စတွေ မရနိုင် မရှိနိုင်၊ ထို့အတူပါဘဲ ရောဂါတိုးပွါးမှုကိစ္စတွေကို ပယ်စွန့်တဲ့ နေရာမှာလဲ ရောဂါရဲ့ဒဏ်ချက်ကို သိမှုတို့, ရောဂါမှ လွတ်ငြိမ်းမှုကို ကိုယ်တိုင်ကြုံရမှုတို့, ရောဂါမှ လွတ်ငြိမ်းကြောင်းဖြစ်တဲ့ ဆေးဝါးခါတ်စာ မှီဝဲမှုတို့ကို မရနိုင်, မရှိနိုင်ဘူးလို့ မှတ်ရပါမယ်။

ရောဂါဆိုးကြီးမှ အပြီးတိုင် လွတ်ငြိမ်းသွားတာကို ကိုယ်တိုင် တွေ့ကြုံရတဲ့ အခါမှာလဲ ရောဂါဆိုးကြီးရဲ့ ဒဏ်ချက်ကို သိနေတဲ့ ပရိညာကိစ္စ, ရောဂါတိုးပွါးအောင် ပြုလုပ်တတ်တဲ့ကိစ္စတွေကို လွတ်အောင် ရှောင်ရှားပယ်စွန့်ရခြင်းဆိုတဲ့ ပဟာနကိစ္စ, ရောဂါပျောက်အောင် ဆေးဝါးခါတ်စာတို့ကို မှီဝဲရတယ်ဆိုတဲ့ ဘာဝနာကိစ္စတို့ကို မရနိုင် မရှိနိုင်တော့ဘဲ ရောဂါဆိုးကြီးမှ လွတ်ကင်းမှု ဆိုတဲ့ သဘောကို ကိုယ်တိုင်တွေ့ကြုံရခြင်း သစ္ဆိကရဏကိစ္စကြီး တပါးတည်းသာ ရှိနိုင်, ရနိုင်ပါတော့တယ်။

ရောဂါပျောက်စေတဲ့ ဆေးဝါးစသည်ကို မှီဝဲမှုဘာဝနာကိစ္စမှာလဲ ကျန်တဲ့ ပရိညာကိစ္စ ပဟာနကိစ္စ သစ္ဆိကရဏကိစ္စတွေ မရနိုင် မရှိနိုင်တော့ဘဲ ဘာဝနာကိစ္စ တခုတည်းသာ ရရှိနိုင်တယ်လို့ မှတ်သားရပါမယ်။ အဲဒီ ခုပြခဲ့တဲ့ ရောဂါဆိုးကြီးမှ ပျောက်ငြိမ်းလွတ်လပ်မှုကို ရသလို အပါယ်လေးပါးမှ လွတ်ငြိမ်းမှုမှာလဲ အပါယ်ဘဝ ခန္ဓာတို့ရဲ့ ဆင်းရဲဒုက္ခအဖြစ်ကို ကောင်းကောင်းသိမြင်ခြင်း ပရိညာကိစ္စ, အပါယ်လေးပါးတည်းဟူသော ခန္ဓာဒုက္ခ၏ ဖြစ်ပွါးကြောင်း ဖြစ်သော ဒုစရိုက်တရား, သက္ကာယဒိဋ္ဌိ တရားတို့ကို လွတ်အောင် ပယ်ရှားစွန့်ပစ်ခြင်း ပဟာနကိစ္စ, ဖြစ်ဆဲ ဖြစ်လတ္တံ့သော အပါယ်လေးပါး တည်းဟူသော ခန္ဓာဒုက္ခ၏ လွတ်ငြိမ်းမှုကို ကိုယ်တိုင်ဒိဋ္ဌ တွေ့ကြုံရခြင်း သစ္ဆိကရဏကိစ္စ, အဲဒီ သစ္ဆိကရဏကိစ္စသို့ ရောက်ကြောင်းဖြစ်သော သုစရိုက်တရား, သမ္မာဒိဋ္ဌိ စသော မဂ္ဂင်တရားတို့ကို ပွါးများခြင်း ဘာဝနာကိစ္စလို့ အပါယ်ခန္ဓာမှ လွတ်မှုမှာလဲ ကိစ္စလေးမျိုးရှိတယ်လို့ မှတ်ရမယ်။

**သစ္ဆိကရဏကိစ္စပဓာန။** ။အပါယ်လေးပါး ခန္ဓာဒုက္ခမှ လွတ်လပ်မှု ငြိမ်းအေးမှုမှာ ကိစ္စကြီးလေးပါးရှိသလို ဝဋ္ဋကာမ ကိလေသာကာမတို့ရဲ့ တိုးပွါးစည်ပင်ရာဖြစ်သော ကာမတဆဲ့တဘုံမှာရှိသော ဝိညာဉ်နာမ် ရုပ်ဆိုတဲ့ ခန္ဓာဒုက္ခ, ဒိဋ္ဌိ ဝိစိကိစ္ဆာ အဝိဇ္ဇာတို့နှင့် တကွဖြစ်သော ရူပရာဂ

အရူပရာဂတို့ရဲ့ တိုးပွါးစည်ပင်ရာ ရူပတဆဲ့ခြောက်ဘုံ အရူပလေးဘုံမှာ ရှိကြတဲ့ ခန္ဓာဒုက္ခတို့မှ လွတ်ကင်းအေးငြိမ်းမှုတို့မှာလဲ ပရိညာကိစ္စ ပဟာနကိစ္စ ကစ္ဆိ-ကရဏကိစ္စ ဘာဝနာကိစ္စဆိုတဲ့ ကိစ္စကြီး လေးပါးစီ ရှိကြပါတယ်။ အဲဒီကိစ္စကြီး လေးပါးထဲမှာ သစ္ဆိကရဏကိစ္စသည်သာလျှင် လိုရင်းပဓာန ဖြစ်ပါတယ်။ အဲဒီ သစ္ဆိကရဏကိစ္စရဲ့ တည်ရာကလဲ ငြိမ်းချမ်းခြင်းဆိုတဲ့ သန္တိသဘောဖြစ်သော နိဗ္ဗာန်တခုတည်းသာ ဖြစ်တယ်လို့ မှတ်ရပါမယ်။

ဒီနေရာမှာ ဘဝများစွာက ပါရမီတရားတွေကို ဖြည့်ကျင့်ပြီး၍ နောက်ဆုံး ဘဝ၌ ကိစ္စကြီးလေးပါးတို့ဖြင့် အဇ္ဈတ္တသန္တာန်တွင် ထင်ထင်ရှားရှား ပေါ်ထွန်း၍ လာသော လောဘရဲ့ချုပ်ငြိမ်းမှု၊ ဒေါသ မောဟတို့ရဲ့ ချုပ်ငြိမ်းမှု၊ ဖြစ်လတံ့သော ကိလေသာ ခန္ဓာတို့ရဲ့ ချုပ်ငြိမ်းမှုဟူသော လောကုတ္တရာ မဟာသန္တိသုခ သဘောကြီးကို ကေန်စင်စစ် ပရမတ္ထ သဘာဝအမှန်ဖြစ်သည်ဟု မှတ်ယူကြရမယ်။

## နိဗ္ဗာန်ထင်ရှားရှိနေပုံကို ဖော်ပြချက်

အဲဒီ သန္တိသုခနိဗ္ဗာန်ချမ်းသာကြီးရဲ့ ပရမတ္ထအနေဖြင့် ထင်ထင်ရှားရှားကြီး တည်ရှိနေပုံကို ဥဒါန်းပါဠိတော် ပါဋလိဂါမိယဝဂ် တတိယ နိဗ္ဗာန ပဋိသံယုတ္တ သုတ္တန်၌ ဟောတော်မူသည်မှာ——

**သင်္ခတပရမတ်တရားသဘော။** ။ခပ်သိမ်းသော သင်္ခတပရမတ် တရားတို့သည် မိမိတို့ဖြစ်ပေါ်ရန်ထိုက်တန်သောအကြောင်း တရား ထင်ရှားရှိခဲ့လျှင် ကေန်မုချ ဖြစ်ပေါ်ခြင်းသဘော ထင်ရှားရှိကုန်သကဲ့သို့ ထို့အတူ ဖြစ်ပေါ်ရန် ထိုက်တန်သော အကြောင်းတရားတို့ကို အကုန်အစင် ပယ်ရှားဖျက်ဆီး၍ ပစ်လိုက်သည်ရှိသော် ထိုသင်္ခတပရမတ်တရားတို့၏ တဖန် အသစ် မဖြစ်မပေါ် အကြွင်းမဲ့ ချုပ်ငြိမ်းခြင်းဟူသော အဇာတသဘောသည် လည်း ကေန်စင်စစ် ဖြစ်သည်သာလျှင် ဖြစ်၏။

အဇာတ သဘောကား မရှိ၊ ဇာတ သဘောသာ ရှိနေသည် ဖြစ်ငြားအံ့၊ သတ္တဝါတို့၏ သန္တာန်၌ ဖြစ်ပွါး၍နေသော လောဘ ဒေါသ မောဟ အစရှိသော ကိလေသာတို့သည် အစဉ်ထာဝရ နိယာမအားဖြင့် ဖြစ်ပွါး၍သာ နေကုန်ရာ၏။ မည်သည့်တရားကို ကျင့်သုံးဆောက်တည်၍ တဒင်္ဂပဟာန် အားဖြင့် လောဘ၊ ဒေါသစသော ကိလေသာ ကင်းရှင်းသည် ဟူ၍လည်းကောင်း၊ ဝိက္ခမ္ဘန ပဟာန် အားဖြင့် ကင်းကွာသည်ဟူ၍ လည်းကောင်း၊ သမုစ္ဆေဒ ပဟာန်အားဖြင့် ပြတ်ကင်းပြီ ဟူ၍လည်းကောင်း အချင်းခပ်သိမ်း မရှိနိုင်လေရာ ထိုသို့ ကိလေ သာဝဋ် တရားတို့သည် သတ္တဝါတို့၏ သန္တာန်၌ အစဉ်ထာဝရ နိယာမအားဖြင့်

ဖြစ်၍သာ နေခဲ့ကုန်သည်ရှိသော် ကာယဒုစရိုက်စသော ကမ္မဝဋ်တရားတို့သည်လည်း အစဉ်ထာဝရ နိယာမအားဖြင့် ဖြစ်ပွါး၍သာ နေကုန်ရာ၏။ ကမ္မဝဋ်တရား အမြဲဖြစ်ပွါး၍ နေလျှင်လည်း ဝိပါကဝဋ်ဟု ဆိုအပ်သော ခန္ဓာငါးပါး, ရုပ်,နာမ် တရားတို့သည် ကမ္မာနှင့် အမျှ အစဉ်ထာဝရ နိယာမအားဖြင့် ဖြစ်ပွါး၍သာ နေကုန်ရာ၏။

ထိုသို့ကား မဟုတ်၊ လောဘစသော ကိလေသာတို့၏ တဒင်္ဂပဟာန်အားဖြင့် ပျောက်ကင်းမှု, ဝိက္ခမ္ဘနပဟာန်အားဖြင့် ခွါရှဲမှု, သမုစ္ဆေဒပဟာန်အားဖြင့် ပြတ်စဲ ချုပ်ငြိမ်းမှုသည် လောကတွင် ထင်ရှားသည်သာဖြစ်၏။

**အသင်္ခတပရမတ် သဘော။** ။ကိလေသာဝဋ် ပြတ်စဲလျှင်လည်း ကမ္မဝဋ်ပြတ်စဲသည်သာဖြစ်၏။ကမ္မဝဋ်ပြတ်စဲလျှင် ဝိပါကဝဋ် ပြက်စဲသည်သာ ဖြစ်၏။ ထို့ကြောင့် အကြောင်းတရားတို့ကို ပယ်ရှားဖျက်ဆီး၍ ပစ်လိုက်သည်ရှိသော် ခပ်သိမ်းသော သင်္ခတ ပရမတ်တရားတို့၏ တဖန်ဖြစ်ပေါ်ခြင်းမရှိ အကြွင်းမဲ့ ချုပ်ငြိမ်းခြင်း ဟူသော အဇာတ,နိဿရဏ သဘောမျိုးသည်လည်း ဧကန်စင်စစ် ပရမတ္ထအားဖြင့် ထင်ရှား ရှိသည်သာ ဖြစ်၏ဟု ယခင် ဥဒါန်းပါဠိတော်က ညွှန်ပြထားပါသည်။ ဘယ်လိုလဲဆိုတော့—

အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတံ၊ နော စေတံ ဘိက္ခဝေ အဘဝိဿ အဇာတံ အဘူတံ အကတံ အသင်္ခတံ၊ နယိဓ ဇာတဿ ဘူတဿ ကတဿ သင်္ခတဿ နိဿရဏံ ပညာယေထ၊ ယသ္မာ စ ခေါ ဘိက္ခဝေ အတ္ထိ အဇာတံ အဘူတံ အကတံ အသင်္ခတံ၊ တသ္မာ ဇာတဿ ဘူတဿ ကတဿ သင်္ခတဿ နိဿရဏံ ပညာယတီ-လို့ မိန့်တော်မူပါတယ်။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ အဇာတံ၊ တဖန်မဖြစ်ပေါ်ရသော။ အဘူတံ၊ မဖြစ်ပေါ်ရသည်ဖြစ်၍ ထင်ရှားလည်း မဖြစ်ပေါ်သော။ အကတံ၊ ထင်ရှားအောင် တစုံတရာသော ကံစိတ်ဥတု အာဟာရ အကြောင်းတရားတို့ကလည်း မပြုအပ်သော။ အသင်္ခတံ၊ ယင်းသို့ပြုပြင်မှုကင်းရာ နိဗ္ဗာန်တရားသည်။ အတ္ထိ၊ ထင်ထင်ရှားရှားကြီး ပရမတ္ထ အနေအားဖြင့် ရှိပါပေ၏။

အဓိပ္ပါယ်ကတော့ သတ္တဝါတွေဟာ ဝဋ်ဆင်းရဲလောကကို ပြုပြင်ဖန်တီးပေးနေတဲ့ ကမ္မာဘိသင်္ခါရ စိတ္တာဘိသင်္ခါရ သဘာဝါဘိသင်္ခါရ သဘောတို့မှ ကင်းလွတ်ရာဖြစ်တဲ့ နိဗ္ဗာန်သဘောကို သေသေချာချာ ထိုးထွင်း၍ မသိမမြင်နိုင်ကြကုန် မူ၍ ပဋိသန္ဓေနေခြင်း, အိုခြင်း, နာခြင်း, သေခြင်း ဖြစ်ရအောင် ကံ စိတ် ဥတု အာဟာရဟူသော အကြောင်းတရားတို့က ပြုပြင်နေသည်ကိုသာ

သိမြင်၍ နေကုန်သောကြောင့် လူအပေါင်းတို့သည် သခ်ီရဒုက္ခ၏ ကင်းလွတ်ရာ နိဗ္ဗာန်ကို အကြံအစည် မပြုလုပ်မိဘဲ ရှိနေကြသည့်အတွက် မြတ်စွာဘုရားက အကြောင်းတရားတို့ ပြုပြင်ခြင်းကင်းသဖြင့် အဇာတ, အဘူတ, အကတ, အသခ်တဖြစ်သော နိဗ္ဗာန်ချမ်းသာထူးကြီး ထင်ထင်ရှားရှားရှိသည်ဟု ပြဆိုတော်မူပါပေသည်။

**နိဗ္ဗာန်၏ ပရိယာယ် စကားလုံးများ။** ။ဒီနေရာမှာ ဥဒါန်း အဋ္ဌကထာက ဖွင့်ဆိုပုံကို အနည်းငယ် ထပ်၍ ရှင်းပြပါအုံးမယ်။

တတ္ထ အဇာတံ အဘူတံ အကတံ အသခ်တန္တိ သဗ္ဗာနိ ပဒါနိ အညမညဝေဝစနာနိ။

တတ္ထ၊ ထို အတ္ထိ ဘိက္ခဝေ-စသော ပါဠိတော်၌။ အဇာတံ အဘူတံ အကတံ အသခ်တန္တိ၊ အဇာတံ အဘူတံ အကတံ အသခ်တံ ဟူကုန်သော။ သဗ္ဗာနိ ပဒါနိ၊ အလုံးစုံသော ပုဒ်တို့သည်။ အညမညဝေဝစနာနိ၊ အချင်းချင်း နိဗ္ဗာန်ကို ဟောသော ပရိယာယ်ပုဒ်တို့ချည်း သာတည်း။

အဲဒီ အဋ္ဌကထာစကားရဲ့အရ အဇာတံ၊ အကြောင်းတရားတို့က ပြုပြင်ခြင်း ကြောင့် မဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ အဘူတံ၊ မိမိဘာသာလည်း မဖြစ်သောကြောင့် အဘူတမည်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိ၏။ အကတံ၊ တစုံတခုသော အကြောင်းသည် မပြုလုပ်အပ်သည်ဖြစ်၍ အကတမည်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ အသခ်တံ၊ တစုံတခုသော အကြောင်းသည် မပြုပြင်အပ်သည်ဖြစ်၍။ ဝါ၊ သခ်တလက္ခဏာမှ ကင်းသည်ဖြစ်၍ အသခ်တမည်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။

အဋ္ဌကထာဆရာ ဆိုလိုတဲ့ အဓိပ္ပါယ် အကျဉ်းချုပ်ကတော့ အဇာတ အဘူတ စသော လေးပုဒ်စလုံးဟာ နိဗ္ဗာန်ကို တိုက်ရိုက် ဟောညွှန်၍ ပြသော စကားလေးလုံး ဖြစ်ပါတယ်။ အဇာတဆိုတာ နိဗ္ဗာန်, အဘူတတို့ အကတတို့ အသခ်တတို့ ဆိုတာဟာလဲ နိဗ္ဗာန်ဘဲလို့ ပြောတဲ့စကားလုံးတွေပါတဲ့။

**အကြောင်း မရှိသော နိဗ္ဗာန်။** ။နောက်တနည်း အဋ္ဌကထာက ပြသေးတယ်၊ ဘယ်လိုလဲဆိုတော့—

အထ ဝါ ဝေဒနာဒယော ဝိယ ဟေတုပစ္စယသမဝါယသခ်ါတာယ ကာရဏသာမဂ္ဂိယာ န ဇာတံ န နိဗ္ဗတ္တန္တိ—

၌ **အဇာတံ**— လို့ အဇာတပုဒ် တခုကိုသာ ခွဲခြားပြီး ပြပြန်ပါတယ်။

အထ ဝါ၊ တနည်းကား။ ဝေဒနာဒယော၊ ဝေဒနာ အစရှိကုန်သော စတုဘူမက သင်္ခါရ တရားတို့သည်။ ဝါ၊ ဝေဒနာက္ခန္ဓာ အစရှိသော ခန္ဓာငါး ပါး တရားတို့သည်။ ဟေတု ပစ္စယ သမဝါယ သင်္ခါတာယ၊ ဝေးသော အကြောင်း, နီးသော အကြောင်းတို့၏ ညီညွတ်ခြင်းဟု ဆိုအပ်သော။ ဝါ၊ အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ ဟူသော ဟေတု-အကြောင်း, အာဟာရ ဖဿ ဟူသော ပစ္စယ-အကြောင်းတို့၏ ညီညွတ်ခြင်းဟု ဆိုအပ်သော။ ဝါ၊ အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံဟု ဆိုအပ်သော ဇနကအကြောင်း, အာဟာရ ဖဿဟု ဆိုအပ်သော ဥပထမ္ဘကအကြောင်းတို့၏ ညီညွတ်ခြင်းဟု ဆိုအပ် သော။ ကာရဏသာမဂ္ဂိယာ၊ အကြောင်းတရားတို့ညီညွတ်သည်၏အဖြစ်ဖြင့်။ ဇာတာဝိယ၊ ဖြစ်ကုန်သကဲ့သို့။ ယံ နိဗ္ဗာနံ၊ အကြင် ပရမတ္ထ အသင်္ခတ ဖြစ်သော နိဗ္ဗာန်သည်။ ဟေတု ပစ္စယ သမဝါယ သင်္ခါတာယ။ ဟေတု အကြောင်း, ပစ္စယအကြောင်း, ဝါ-ဇနကအကြောင်း, ဥပထမ္ဘကအကြောင်း တို့၏ ညီညွတ်ခြင်းဟု ဆိုအပ်သော။ ကာရဏသာမဂ္ဂိယာ၊ အကြောင်း တရားတို့ ညီညွတ်သည်၏အဖြစ်ဖြင့်။ နဇာတံ၊ မဖြစ်။ နနိဗ္ဗတ္တံ၊ မဖြစ်။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံနိဗ္ဗာနံ၊ ထိုပရမတ္ထ အသင်္ခတ ဖြစ်သော နိဗ္ဗာန်သည်။ အဇာတံ၊ အဇာတမည်၏။

ဆိုလိုတဲ့ အဓိပ္ပါယ်ကတော့ နိဗ္ဗာန်သည် ပရမတ္ထတရား အနေနဲ့ ထင်ထင် ရှားရှားကြီး ရှိနေပါတယ်တဲ့၊ ဒီလို ပရမတ္ထတရားအနေနဲ့ ထင်ထင်ရှားရှား ရှိနေပါလျှင် တခြားသော ဝေဒနာစတဲ့ သင်္ခတပရမတ္ထ တရားတို့ကဲ့သို့ ဟေတု အကြောင်း, ပစ္စယအကြောင်း တနည်းဆိုရရင် ဇနကအကြောင်း, ဥပထမ္ဘက အကြောင်းတို့ စုပေါင်းညီညာ ပြုပြင်ပါမှဖြစ်တဲ့ နိဗ္ဗာန်ဟာ ပရမတ်လားလို့ ဆိုတော့ မဟုတ်ပါဘူးတဲ့။ သင်္ခတပရမတ်တို့ကဲ့သို့ ဟေတု, ပစ္စယ, ဇနက, ဥပထမ္ဘက ဆိုတဲ့ အကြောင်းတရားတို့ ပြုပြင်မှ ဖြစ်တဲ့ သဘော မဟုတ် သောကြောင့် အသင်္ခတပရမတ္ထဖြစ်တဲ့ နိဗ္ဗာန်ကို အဇာတလို့ ဟောတော်မူတာ ပါလို့ အဋ္ဌကထာက ညွှန်ပြပါတယ်။

**အကြောင်းကင်းသောနိဗ္ဗာန်။** ။**အဘူတံ**ဆိုတဲ့ ပါဠိတော်ကို အဋ္ဌကထာ ဆရာက ဘယ်လိုဖွင့်ဆိုသလဲ ဆိုတော့—

**ကာရဏေန ဝိနာ, သယမေဝ ဝါ န ဘူတံ န ပါတုဘူတံ န ဥပ္ပန္နန္တိ အဘူတံ**– လို့ ဖွင့်ဆိုပါတယ်။

ယံနိဗ္ဗာနံ၊ အကြင်နိဗ္ဗာန် ပရမတ္ထ အသင်္ခတ မမွသည်။ ယသ္မာ၊ အကြင့် ကြောင့်။ ကာရဏေန၊ အကြောင်းနှင့်။ ဝိနာ၊ ကင်း၍။ သယမေဝ ဝါ။ မိမိအလိုလိုသာလျှင်လည်း။ နဘူတံ နပါတုဘူတံ၊ ဇာတသဘောအားဖြင့် ဖြစ်မှုမရှိသောကြောင့် ထင်ရှားမဖြစ်ပေါ်လာ။ နနိဗ္ဗတ္တံ၊ ထင်ထင်ရှားရှား

မဖြစ်။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံနိဗ္ဗာနံ၊ ထိုနိဗ္ဗာန်ဟူသော ပရမတ္ထ အသင်္ခတ ဓမ္မသည်။ အဘူတံ၊ အဘူတမည်၏။

ဆိုလိုတဲ့ အဓိပ္ပါယ်ကတော့ နိဗ္ဗာန်ဆိုတဲ့ ပရမတ္ထ အသင်္ခတ သဘောသည် အထက်က ပြဆိုခဲ့တဲ့ အတိုင်း အကြောင်းတရားတို့ ညီညွတ်ခြင်းကြောင့် ဝါ-အကြောင်းတရားတို့ ညီညွတ်မှု ဖြစ်သောတရားမျိုး မဟုတ်ခဲ့ရင် နိဗ္ဗာန်ဆိုတဲ့ သဘောဟာ အကြောင်းနှင့် ကင်းပြီးတော့ အကြောင်းမရှိဘဲ သူ့သဘောနဲ့သူ သူ့ဘာသာဖြစ်တဲ့ တရားမျိုး ဖြစ်လေမလားလို့ ယူမှားဘွယ် ရှိသောကြောင့် အဘူတံကို မြတ်စွာဘုရား ဆက်၍ဟောတော်မူပါတယ်လို့ အဋ္ဌကထာက ညွှန်ပြပါတယ်။ စင်စစ်မှာတော့ နိဗ္ဗာန်ဆိုတာ ဟေတု, ပစ္စယ-စသောအကြောင်းများ ပေါင်းဆုံ ညီညွတ်ခြင်းကြောင့် မဖြစ်သည်သာမဟုတ်သေး၊ အကြောင်းနှင့် ကင်း၍ အကြောင်းမရှိဘဲ မိမိရဲ့ ပကတိသဘောအားဖြင့်လည်း သူ့ဘာသာသူ သဘောအလျောက် ဖြစ်တတ်သောသဘောမျိုးလဲ မဟုတ်ဟု ဆိုလိုပါတယ်။

**အကြောင်းကြောင့် မဖြစ်သောနိဗ္ဗာန်။** ။အကတံ ဆိုတဲ့ ပါဠိတော်ကိုတော့ အဋ္ဌကထာဆရာက—

ဧဝံ အဇာတတ္တာ အဘူတတ္တာ စ ယေန ကေနစိ ကာရဏေန န ကတန္တိ အကတံ-လို့ ဖွင့်ဆိုပါတယ်။

ဧဝံ အဇာတတ္တာစ၊ ဤသို့ ဟေတု, ပစ္စယ စသော ဝေးသောအကြောင်း နီးသောအကြောင်းတို့ ပေါင်းဆုံညီညွတ်ခြင်းဖြင့် မဖြစ်သည်၏ အဖြစ်ကြောင့် လည်းကောင်း။ ဧဝံအဘူတတ္တာစ၊ ဤသို့ အကြောင်းနှင့်ကင်း၍ မိမိဘာသာလည်း မဖြစ်သည်၏အဖြစ်ကြောင့် လည်းကောင်း။ ယံနိဗ္ဗာနံ၊ အကြင် အသင်္ခတပရမတ္ထဖြစ်သော နိဗ္ဗာန်ကို။ ယေနကေနစိ၊ အကြင် အမှတ်မရှိ တစုံတခုသော။ ကာရဏေန၊ အကြောင်းသည်။ နကတံ၊ မပြု အပ်။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံနိဗ္ဗာနံ၊ ထိုအသင်္ခတပရမတ္ထဖြစ်သော နိဗ္ဗာန်သည်။ အကတံ၊ အကတ မည်၏-တဲ့။

အဓိပ္ပါယ်ကတော့ နိဗ္ဗာန်ဆိုတာ သင်္ခတပရမတ်တရားတို့ကဲ့သို့ ဟေတု,ပစ္စယ စသော အကြောင်းတရားတို့ ညီညွတ်ခြင်းကြောင့်လည်း မဖြစ်, မိမိဘာသာ လည်း မဖြစ်ဘူးလို့ ဆိုလိုပါတယ်။ ယင်းသို့ မဖြစ်ခြင်းသည် ထိုအသင်္ခတပရမတ္ထ ဖြစ်သောနိဗ္ဗာန်ကို တစုံတခုသောအကြောင်းတရားသည် ပြုလုပ်ပါလျက်သား နှင့် မဖြစ်တာလားဟု ယူဆဘွယ်ရှိသောကြောင့် အကတံကို မြတ်စွာဘုရား ဟောတော်မူပါတယ်လို့ ဆိုပါတယ်။

ဆိုလိုတာကတော့ အသင်္ခတပရမတ္ထ နိဗ္ဗာန်သည် အကြောင်းတရားတို့ ပေါင်းဆုံညီညွတ်သောကြောင့် ဖြစ်ပေါ်လာသောတရား မဟုတ်, မိမိဘာသာ

လည်း ဖြစ်သောတရား မဟုတ်တဲ့အတွက် အသင်္ခတပရမတ္ထနိဗ္ဗာန်ကို ဖြစ်စေရန် တစုံတခုသောအကြောင်းမှ မပြုလုပ်အပ်သောကြောင့် အကတလို့ ဆိုတာပါဟု မှတ်ရပါမယ်။

**အကြောင်းတို့ မပြုပြင်အပ်သော နိဗ္ဗာန်။** ။**အသင်္ခတမည်ပုံကို** အဋ္ဌကထာ ဆရာက ဘယ်လို ဖွင့်ဆိုသလဲ ဆိုတော့—

ဇာတဘူတကတသဘာဝေါ စ နာမရူပါနံ သင်္ခတဓမ္မာနံ ဟောတိ၊ န အသင်္ခတသဘာဝဿ နိဗ္ဗာနဿာတိ ဒဿနတ္ထံ အသင်္ခတန္တိ ဝုတ္တံ—

လို့ ဖွင့်ဆိုပါတယ်။

ဇာတဘူတကတသဘာဝေါစ၊ ဇာတအဖြစ် ဘူတအဖြစ် ကတအဖြစ် မည်သည်ကား။ နာမရူပါနံ၊ နာမ်ရုပ်ဖြစ်ကုန်သော။ သင်္ခတဓမ္မာနံ၊ သင်္ခတ ပရမတ်တရားတို့အား။ ဟောတိ၊ ဖြစ်၏။ အသင်္ခတသဘာဝဿ၊ အသင်္ခတ သဘောရှိသော။ နိဗ္ဗာနဿ၊ နိဗ္ဗာန်အား။ နဟောတိ၊ မဖြစ်။ ဣတိ၊ ဤသို့။ ဒဿနတ္ထံ၊ ပြတော်မူခြင်းငှါ။ အသင်္ခတန္တိ၊ အသင်္ခတဟူ၍။ ဝုတ္တံ၊ မိန့်ဆို အပ်၏။

အဓိပ္ပါယ်ကတော့ ဇာတ-ဖြစ်၊ ဘူတ-ထင်ရှားဖြစ်၊ ကတ-ပြု-ဆိုတဲ့ သုံးမျိုးဟာ သင်္ခတပရမတ်လို့ခေါ်တဲ့ နာမ် ရုပ်တရား ခန္ဓာငါးပါးမှာသာ ရကောင်းတယ်၊ ရှိကောင်းတယ်၊အသင်္ခတဖြစ်တဲ့ နိဗ္ဗာန်သဘောမှာ ဇာတဆိုတဲ့ဖြစ်သဘောမျိုး၊ ဘူတဆိုတဲ့ ထင်ရှားပေါ်လွင်ခြင်းမျိုး၊ ကတဆိုတဲ့ ပြုသဘောမျိုး မရကောင်း၊ ဒါကြောင့် အသင်္ခတဓာတ်နိဗ္ဗာန်ပရမတ်ကို အသင်္ခတလို့မိန့်ဆိုတော်မူတာပါတဲ့။

ဆိုလိုရင်းကတော့ ဇာတ၊ ဘူတ၊ ကတ-သဘောတို့ဟာ သင်္ခတဖြစ်သော ရုပ်နာမ်တရား ခန္ဓာငါးပါးတို့၏ သဘာဝသာ ဖြစ်တယ်၊ အသင်္ခတသဘော ဖြစ်သော နိဗ္ဗာန်၏ သဘောမဟုတ်ဟု ပြတော်မူခြင်းငှါ အသင်္ခတံလို့ ဟော ကြားတော်မူပါတယ်လို့ မှတ်ရပါမယ်။

**နိဗ္ဗာန်ထင်ရှားရှိပုံ။** ။အဲဒီလို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် "အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတံ"ဟု ဟောတော်မူအပ်သော ဒေသနာတော်ဖြင့် အသင်္ခတပရမတ္ထဖြစ်သော နိဗ္ဗာန်၏ ထင်ထင်ရှားရှားကြီးရှိနေပုံကို ဟောကြားတော်မူပါတယ်။ နိဗ္ဗာန်ရဲ့ထင်ရှားရှိပုံကို အကြောင်းဖြင့် ရှင်း၍ပြခြင်းငှါ—

"နော စေတံ ဘိက္ခဝေ အဘာဝိဿ-စတဲ့ ဝါကျများကို ထပ်၍ ဟောတော်မူပါတယ်။ ဘယ်လိုလဲဆိုတော့—

နော စေတံ ဘိက္ခဝေ အဘာဝိဿ အဇာတံ အဘူတံ အကတံ အသင်္ခတံ (ဥပနာဝါကျ)။

နယိဓ ဇာတဿ ဘူတဿ ကတဿ သင်္ခတဿ နိဿရဏံ ပညာယေထ (ဗျတိရေကဝါကျ)။

ယသ္မာ စ ခေါ ဘိက္ခဝေ အတ္ထိ အဇာတံ အဘူတံ အကတံ အသင်္ခတံ (အန္ဝယဝါကျ)။

တသ္မာ ဇာတဿ ဘူတဿ ကတဿ သင်္ခတဿ နိဿရဏံ ပညာယတိ (သန္နိဋ္ဌာနဝါကျ)။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ အဇာတံ၊ မဖြစ်ပွါးရသော။ ဝါ၊ ဟေတု ပစ္စယ စသော များစွာသောအကြောင်းတို့သည် ပေါင်းဆုံညီညွတ်ခြင်းကြောင့် မဖြစ်ပွါးရသော။ အဘူတံ၊ ထင်ရှားမဖြစ်ပေါ်သော။ ဝါ၊ မိမိဘာသာလည်း မဖြစ်သော။ အကတံ၊ တစုံတရာသော အကြောင်းသည် မပြုပြင်အပ်သော။ ဝါ၊ အကြောင်းတရားတို့ ပေါင်းဆုံညီညွတ်ခြင်းကြောင့်လည်း မဖြစ်၊ မိမိဘာသာလည်း မဖြစ်ခြင်းကြောင့် တစုံတခုသော အကြောင်းမျှသည် မပြုအပ်သော။ အသင်္ခတံ၊ ပြုပြင်မှုကင်းရာဖြစ်သော။ ဝါ၊ အကြောင်းတရားတို့သည် ညီညွတ်၍ မပြုပြင်အပ်သော။ ဝါ၊ အသင်္ခတသဘောရှိသော။ ဧတံနိဗ္ဗာနံ၊ ဤအသင်္ခတပရမတ္ထဖြစ်သော နိဗ္ဗာန်သည်။ နောစေအဘာဝိဿ၊ အကယ်၍ ပရမတ္ထအားဖြင့် ထင်ရှားရှိသည် မဖြစ်ခဲ့ပါအံ့။ ဧဝံသတိ၊ ဤသို့ ပရမတ္ထအားဖြင့် ထိုနိဗ္ဗာန် ထင်ရှားရှိသည် မဖြစ်ခဲ့သော် (ဥပနာဝါကျအနက်)။

ဣဓ၊ ဤလောက၌။ ဇာတဿ၊ ဖြစ်ပေါ်ပြီးသော။ ဝါ၊ ကမ္မာဘိသင်္ခါရ စသော အကြောင်းတို့ကြောင့် ဖြစ်ပေါ်ပြီးသော။ ဘူတဿ၊ ထင်ရှားပေါ်လွင်ပြီးသော။ ကတဿ၊ အကြောင်းတရားက ပြုပြင်ပြုလုပ်ပြီးသော။ သင်္ခတဿ၊ ပြုပြင်ဖြစ်ပွါးသည့် သတ္တဝါသင်္ခါရ၏။ နိဿရဏံ၊ လွတ်မြောက်ချုပ်ငြိမ်းခြင်းသည်။ ဝါ၊ လွတ်လပ် ထွက်မြောက်ကြောင်းဖြစ်သော နိဗ္ဗာန်သည်။ နပညာယေထ၊ မထင်ရှားတော့လေရာ (ဗျတိရေကဝါကျ အနက်)။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ စခေါ၊ စင်စစ်သော်ကား။ ယသ္မာ၊ အကြင့်ကြောင့်။ အဇာတံ၊ မဖြစ်ပွါးသော။ ဝါ၊ အကြောင်းတရားတို့ကြောင့် မဖြစ်သော။ အဘူတံ၊ မဖြစ်တဲ့အတွက် ထင်ရှား မဖြစ်

ပေါ်ရသော။ အကတံ၊ မပြုပြင်ရသော။ အသင်္ခတံ၊ အသင်္ခတပရမတ္ထ ဖြစ်သော နိဗ္ဗာန်သည်။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိ၏။ (အန္ဒယ-ဝါကျ အနက်)။

တသ္မာ၊ ထိုသို့ အဇာတ အဘူတ အကတ အသင်္ခတဖြစ်သော နိဗ္ဗာန်၏ ပရမတ္ထအားဖြင့် ထင်ရှားရှိသည်၏အဖြစ် တည်းဟူသော အကြောင်းကြောင့်။ ဇာတဿ၊ ဤလောကတွင် ဖြစ်ပွါးသော။ ဘူတဿ၊ ထင်ရှားဖြစ်သော။ ကတဿ၊ ပြုပြင်စီမံအပ်သော။ သင်္ခတဿ၊ ပြုလုပ်ဖြစ်ပွါးရသည့် သင်္ခတပရမတ်ဖြစ်သော သင်္ခါရတရား၏။ နိဿရဏံ၊ လွတ်လပ်ချုပ်ငြိမ်းခြင်းသည်။ ပညာယတိ၊ ထင်ရှား၏။ (သန္နိဋ္ဌာနဝါကျအနက်)။

**အဓိပ္ပါယ်အကျဉ်းချုပ်က** ဘာကိုဆိုလိုတာလဲ ဆိုတော့ ချစ်သားတို့ အဇာတ အဘူတ အကတ သဘောရှိသော အသင်္ခတဓာတ် နိဗ္ဗာန်ပရမတ်သည် အကယ်၍ မရှိခဲ့သည်ဖြစ်ငြားအံ့၊ ယခုလောကမှာ ဇာတ ဘူတ ကတ သဘော ရှိသော ရူပက္ခန္ဓာစသော ခန္ဓာငါးပါးဟု ဆိုအပ်သော သင်္ခတပရမတ်တရား တို့၏အကြွင်းအကျန်မရှိ, ထွက်မြောက်၍ လွတ်လပ်ချုပ်ငြိမ်းရာသည် မထင်ရှား, မဖြစ်ပေါ်နိုင်တော့ရာ။ စင်စစ်အားဖြင့် နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်ကို အာရုံ ပြု၍ ဖြစ်ကုန်သော သမ္မာဒိဋ္ဌိ အစရှိသော မဂ္ဂင်တရားတို့သည် အရိယမဂ် ပညာဖြင့် အလုံးစုံသော ကိလေသာတို့ကို အကြွင်းအကျန်မရှိ သမုစ္ဆေဒပဟာန် ဖြင့် ပယ်ဖြတ်ကြပါတယ်။ အဲဒီလို အရိယမဂ်ဖြင့် ကိလေသာတို့ကို အကြွင်းမဲ့ ပယ်နိုင်ခြင်းကြောင့် ရဟန္တာ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ဝဋ်ဆိုတဲ့ ဒုက္ခအားလုံး၏ မဖြစ်ခြင်းသည်, ဝဋ်ဒုက္ခအားလုံးမှ ကင်းခြင်းသည်, ဝဋ်ဒုက္ခအားလုံးမှ ထွက် မြောက်ခြင်း လွတ်လပ်ခြင်းသည် ထင်ရှားပါတယ်။

အဲဒီလို ဗျတိရေက၏ အစွမ်းဖြင့် နိဗ္ဗာနဓာတ်၏ ပရမတ္ထအားဖြင့် ထင်ရှား ရှိပုံကို ညွှန်ပြပြီးတော့ အန္ဒယခေါ် လျော်သော အားဖြင့်လဲ ထိုနိဗ္ဗာန်ရဲ့ ပရမတ္ထအားဖြင့် ထင်ရှားရှိပုံကို ပြခြင်းငှါ "ယသ္မာ စ ခေါ"ဆိုတဲ့ အထက်က ဆိုခဲ့သော အနက်ရှိသော ဝါကျများကို ဟောတော်မူပါတယ်။ အဓိပ္ပါယ် ကတော့ အနက်သဘောအားဖြင့်ပင် ထင်ရှားလောက်ပါတယ်။

စင်စစ်မှာတော့ ဖြစ်ပွါးသည်ကို **ဇာတ**-လို့ခေါ်ပါတယ်။ ပေါ်လွင်၍ လာ သည်ကို **ဘူတ**-လို့ခေါ်ပါတယ်။ ပြုပြင်စီမံခြင်းကို **ကတ**-လို့ခေါ်ပါတယ်။ အဲဒီ ဇာတ, ဘူတ, ကတ, သုံးမျိုးကို သင်္ခတလို့ခေါ်ပါတယ်၊ သင်္ခတသဘောသုံးမျိုး မဟုတ်သည်ကို အသင်္ခတနိဗ္ဗာန်လို့ခေါ်ပါသယ်။ နိဗ္ဗာန်ဆိုတာ မဖြစ်ပေါ်, မပြု လုပ်အပ်တဲ့ အသင်္ခတကိုခေါ်သည်ဟု တထစ်ချမှတ်ယူရပါမယ်။

ဆိုလိုသည်မှာ ဇာတ, ဘူတ, ကတ, သုံးမျိုးစလုံးမှာပင် အနိစ္စ, ဒုက္ခ, ဝယ, ဝိပရိဏာမ သဘောရှိသည်ကို သိရပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ပြုပြင်၍ဖြစ်သော တရားမှန်သမျှ အနိစ္စသဘော, ခယသဘောကို မလွန်ဆန်နိုင်သော ကြောင့်ပင် ဖြစ်ပါတယ်။

အဇာတ, အဘူတ, အကတ-ဆိုတဲ့ သဘောမျိုးကတော့ အနိစ္စ, ခယ, ဝယ, ဝိပရိဏာမသဘောမျိုးမှ ဆိတ်သုဉ်း ကင်းလွတ်၍နေသည် ဖြစ်ပါတယ်။ ဘာ့ကြောင့်လဲ ဆိုတော့ မပြုပြင်တဲ့အတွက် မဖြစ်တဲ့အတွက် မပျက်စီးနိုင်တဲ့ အသင်္ခတပရမတ် နိဗ္ဗာန်သဘောကို သိရှိနိုင်သောကြောင့် ဖြစ်ပါတယ်။

**မဂ်ဖိုလ်တို့ အာရုံ နိဗ္ဗာန်။**　။နောက် နိဗ္ဗာန်နဲ့ ပတ်သက်တဲ့ သဘောကို ဥဒါန်း ပါဠိတော်မှာပင် ပဌမ နိဗ္ဗာန ပဋိသံယုတ္တသုတ္တန် ဆိုပြီးတော့ ဟောထားတာရှိပါသေးတယ်။ ဒီသုတ္တန်က ဘယ်လိုလဲဆိုတော့—

အတ္ထိ ဘိက္ခဝေ တဒါယတနံ၊ ယတ္ထ နေဝ ပထဝီ,န အာပေါ,န တေဇော, န ဝါယော၊ န အာကာသာနဉ္စာယတနံ, န ဝိညာဏဉ္စာယတနံ, န အာကိဉ္စ-ညာယတနံ၊ န နေဝသညာနာသညာယတနံ၊ နာယံ လောကော, န ပရောလောကော၊ န ဥဘော စန္ဒိမသူရိယာ၊ တတြာပါဟံ ဘိက္ခဝေ နေဝ အာဂတိံ ဝဒါမိ, န ဂတိံ, န ဌိတိံ, န စုတိံ, န ဥပပတ္တိံ၊ အပ္ပတိဋ္ဌံ, အပ္ပဝတ္တံ, အနာရမ္မဏမေဝေတံ။ ဧသေဝန္တော ဒုက္ခဿ–တဲ့

အင်မတန်ကောင်းတဲ့ ပါဠိတော်ပါ။ အနက်မြန်မာ ပြန်ဆိုကြဦးစို့—

ဘိက္ခဝေ၊ ရဟန်းတော်များ အို့ချစ်သားတို့။ တဒါယတနံ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ အာရုံဖြစ်သော ထိုသို့သောတည်ရာသည်။ အတ္ထိ၊ ထင်ထင် ရှားရှားရှိပေ၏။

ဒီလိုဟောတော်မူတဲ့နေရာမှာ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓမ္မဖြစ်တဲ့ နိဗ္ဗာန်သဘာဝတရားသည် သင်္ခတပရမတ်ဖြစ်တဲ့ စိတ် စေတသိက် ရုပ်တို့ကဲ့သို့ပင် ထင်ထင်ရှားရှား ပရမတ္ထတရားအနေနဲ့ တည်ရှိနေပါတယ်လို့ ဆိုလိုတယ်။

**နိဗ္ဗာန်ပရမတ္ထအားဖြင့်ထင်ရှားရှိပုံ။**　။နောက်ပြီး ဥဒါန်းအဋ္ဌကထာက—

ဧတ္တာဝတာ စ ဘဂဝါ တေသံ ဘိက္ခူနံ အသင်္ခတာယ ဓာတုယာ ပရမတ္ထတော အတ္ထိဘာဝံ ပဝေဒေသိ။

ဧတ္တာဝတာစ၊ ဤ အတ္ထိ ဘိက္ခဝေ တဒါယတနံ-အစရှိသော စကားဖြင့်လည်း။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ တေသံဘိက္ခူနံ၊ ထိုရဟန်းတော်တို့အား။ အသင်္ခတာယဓာတုယာ၊ အသင်္ခတဓာတ် နိဗ္ဗာန်မြတ်၏။ ပရမတ္ထ-

တော၊ ပရမတ္ထအနေအားဖြင့်။ အတ္ထိဘာဝံ၊ ထင်ထင်ရှားရှားရှိသည်၏ အဖြစ်ကို။ ပဝေဒေသိ၊ သိစေတော်မူ၏။

ဒီနေရာမှာ တရားသဘော အစဉ်အားဖြင့် စိတ်စေတသိက်ရုပ်ဆိုတဲ့ သင်္ခတ-ပရမတ်တရားတို့ ထင်ရှားရှိခဲ့သျှင် ထိုသင်္ခတပရမတ်တရားတို့ရဲ့ ဆန့်ကျင်ဘက်ဖြစ်သော အသင်္ခတဓာတ် ပရမတ်တရား ထင်ရှားရှိရမယ်ဆိုတာ သဘာဝဓမ္မဖြစ်ပါတယ်၊ ထို့အတူ ဆင်းရဲရှိရင် ၎င်း၏ ဆန့်ကျင်ဘက် သုခဆိုတာ ရှိရမြဲတံသွာ ဓမ္မတာဘဲ၊ အပူရှိရင် အအေးရှိရမယ်, ပါပဓမ္မ မကောင်းတဲ့တရားရှိရင် ကလျာဏဓမ္မဆိုတဲ့ ကောင်းတဲ့တရားလဲ ရှိရမယ်ဆိုတာ တရားတော်ရဲ့ ဓမ္မတာပါဘဲ။

ဥပမာများဖြင့် နိဗ္ဗာန်ကိုပြချက်။ ။ဗုဒ္ဓဝင်ပါဠိတော်မှာလဲ——

ယထာပိ ဒုက္ခေ ဝိဇ္ဇန္တေ၊ သုခံ နာမပိ ဝိဇ္ဇတိ။
ဧဝံ ဘဝေ ဝိဇ္ဇမာနေ၊ ဝိဘဝေါပိ' စ္ဆိတဗ္ဗကော။
ယထာပိ ဥဏှေ ဝိဇ္ဇန္တေ၊ အပရံ ဝိဇ္ဇတိ သီတလံ။
ဧဝံ တိဝိဓဂ္ဂိ ဝိဇ္ဇန္တေ၊ နိဗ္ဗာနံ ဣစ္ဆိတဗ္ဗကံ။
ယထာပိ ပါပေ ဝိဇ္ဇန္တေ၊ ကလျာဏမပိ ဝိဇ္ဇတိ။
ဧဝမေဝ ဇာတိ ဝိဇ္ဇန္တေ၊ အဇာတိပိ' စ္ဆိတဗ္ဗကံ။

ဒုက္ခေ၊ ဆင်းရဲသောသဘောသည်။ ဝိဇ္ဇန္တေ၊ ထင်ရှားရှိလတ်သော်။ သုခံနာမပိ၊ ချမ်းသာသောသဘောမည်သည်လည်း။ ဝိဇ္ဇတိယထာ၊ ထင်ရှားရှိသကဲ့သို့။ ဧဝံပိ၊ ဤအတူလည်း။ ဘဝေ၊ စိတ် စေတသိက် ရုပ်ဟုဆိုအပ်သော သင်္ခတ ပရမတ်တရားတို့၏ဖြစ်ပေါ်မှုသည်။ ဝိဇ္ဇမာနေ၊ ထင်ရှားရှိလတ်သော်။ ဝိဘဝေါပိ၊ စိတ်စေတသိက်ရုပ်တို့၏ ဖြစ်ပေါ်မှုမရှိရာ ဝိဘဝသဘောဖြစ်သော နိဗ္ဗာန် အသင်္ခတ ပရမတ်တရားကိုလည်း။ ဣစ္ဆိတဗ္ဗကော၊ ထင်ရှားရှိ၏ဟု အလိုရှိအပ်၏။

ဥဏှေ၊ အပူသဘောသည်။ ဝိဇ္ဇန္တေ၊ ထင်ရှားရှိလတ်သော်။ အပရံ၊ အပူဓာတ်မှ တပါးသော။ သီတလံပိ၊ အေးသော သဘောသည်လည်း။ ဝိဇ္ဇတိ ယထာ၊ ထင်ရှားရှိသကဲ့သို့။ ဧဝံ၊ ဤအတူ။ တိဝိဓဂ္ဂိ၊ ရာဂ ဒေါသ မောဟ တည်းဟူသော မီးသုံးပါးသည်။ ဝိဇ္ဇန္တေ၊ ထင်ရှားရှိလတ်သော်၊ နိဗ္ဗာနံ၊ ရာဂမီး ဒေါသမီး မောဟမီး သုံးပါးတို့၏ငြိမ်းရာဖြစ်သော။ ဝါ၊ ငြိမ်းကြောင်းဖြစ်သော အသင်္ခတပရမတ် နိဗ္ဗာန်ကို။ ဣစ္ဆိတဗ္ဗကံ၊ ရှိ၏ဟု အလိုရှိအပ်၏။

ပါပေ ပါပဓမ္မေ၊ မကောင်းသော တရားသည်။ ဝိဇ္ဇန္တေ၊ ထင်ရှားရှိလတ်သော်။ ကလျာဏံပိ ကလျာဏဓမ္မောပိ၊ ကောင်းသော တရားသည်လည်း။ ဝိဇ္ဇတိ ယထာ၊ ထင်ရှားရှိသကဲ့သို့။ ဧဝမေဝ၊ ဤ အတူလည်း။ ဇာတိ

ဝိညာဉ် နာမ် ရုပ်တို့၏ ဖြစ်ခြင်းသည်။ ဝိဇ္ဇန္တေ၊ ထင်ရှားရှိလတ်သော်။ အဇာတိပိ၊ ဝိညာဉ် နာမ် ရုပ်တို့၏ မဖြစ်ပေါ်ခြင်း အဇာတသဘောဖြစ်သော အသခ်တပရမတ်နိဗ္ဗာန်ကိုလည်း။ ဣစ္ဆိတဗ္ဗကံ၊ ထင်ထင်ရှားရှားရှိ၏ဟု အလိုရှိအပ်၏။

အဓိပ္ပါယ်ကတော့ ဆင်းရဲရှိလျှင် ၎င်း၏ဆန့်ကျင်ဘက်ဖြစ်သောချမ်းသာ ရှိရမယ်ဆိုတာ သဘာဝဓမ္မတာဖြစ်သလို၊ ဝိညာဉ် နာမ် ရုပ်တို့ရဲ့ဖြစ်မှု ဘဝ ထင်ရှားရှိခဲ့ပါရင် ဝိညာဉ် နာမ်ရုပ်တို့ရဲ့ မရှိရာ, မဖြစ်ရာဖြစ်သော ဝိဘဝခေါ်သော သဘောသည် ရှိရမည့်ကေန် ဖြစ်၏။ ထို့အတူ အပူရှိလျှင် အအေးရှိရသလို ရာဂ ဒေါသ မောဟဆိုတဲ့မီးသုံးပါးရှိခဲ့လျှင် ရာဂမီး ဒေါသမီး မောဟမီး သုံးပါးတို့ရဲ့ ငြိမ်းရာနိဗ္ဗာန်ဆိုတာ ရှိရမည် ကေန်ဖြစ်၏။

မကောင်းသောတရားရှိလျှင် တရားကောင်းရှိရသလို ဝိညာဉ် နာမ်ရုပ်တို့ရဲ့ ဇာတိဆိုတဲ့ ဖြစ်မှုရှိလျှင် ၎င်းတို့ရဲ့ မဖြစ်ခြင်း အဇာတိဆိုတဲ့ နိဗ္ဗာန်သဘောသည် ပရမတ္ထအားဖြင့် ထင်ရှားရှိရမယ်လို့ ဆိုလိုပါတယ်။

**နိဗ္ဗာန်၌ ဓာတ်ကြီး ၄-ပါးမရှိ။** ။အဲဒီလို ရှိခဲ့ရင် သခ်တတရားတို့ကဲ့သို့ မြေ ရေ လေ မီးတို့ရဲ့ သဘာဝမျိုးလားဟု စဉ်းစားစရာဖြစ်သောကြောင့် ၎င်းကို ပယ်ခြင်းငှါ—

ယတ္ထ၊ အကြင်နိဗ္ဗာန်ဟူသော မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ တည်ရာ၌။ ဝါ-နိဗ္ဗာန်သဘော၌။ နေဝ ပထဝီ၊ မာကြောခြင်း ခက်ထန်ခြင်း ပျော့ပျောင်းခြင်းသဘောရှိသော မြေဓာတ်လည်းမရှိ၊ န အာပေါ၊ ယိုစီးခြင်း စုပေါင်းခြင်း ပူးကပ်ခြင်း သဘောရှိသော ရေဓာတ်လည်းမရှိ။ န တေဇော၊ ပူလောင်ခြင်း မြိုက်ကျွမ်းခြင်း စူးရှခြင်း ရင့်ကျက် ဆွေးမြည့်ခြင်း သဘောရှိသော မီးဓာတ်လည်းမရှိ။ န ဝါယော၊ ထောက်ကန်ခြင်း တောင့်တင်းခြင်း တွန်းတိုးခြင်း ဆွဲငင်ခြင်း သဘောရှိသော လေဓာတ်လည်းမရှိ။

ဒီ ပါဠိတော်ရဲ့ အဓိပ္ပါယ်ကတော့ အသခ်တဓာတ် ပရမတ်နိဗ္ဗာန်ဆိုတာမှာ ရုပ်တရားနှင့် ပတ်သက်၍ မြေဓာတ် ရေဓာတ် မီးဓာတ် လေဓာတ်တို့ရဲ့ သဘောများ လုံးလုံးမရှိပါဟု ဆိုလိုပါတယ်။

**နိဗ္ဗာန်၌ ရုပ်တရားမရှိ။** ။ဘူတရုပ်ဖြစ်သော ဓာတ်လေးပါးသဘောသာ မရှိတာလား, ဥပါဒါရုပ်သဘောများကော ရှိလေသေးသလားလို့ ကြံစည်ယူဆရန် ရှိနေတဲ့အတွက် ဥဒါန်း အဋ္ဌကထာက——

ဣတိ စတုမဟာဘူတာဘာဝဝစနေန ယထာ သဗ္ဗဿပိ ဥပါဒါ-ရူပဿ အဘာဝေါ ဝုတ္တော ဟောတိ တန္နိဿိတတ္တာ-လို့ ဖော်ပြပါတယ်။

ဣတိ၊ ဤသို့။ စတုမဟာဘူတဘာဘာဝဝစနေန၊ မဟာဘုတ်လေးပါး ရုပ်တရားမရှိ ဟူသောစကားဖြင့်။ သဗ္ဗသပိ၊ အလုံးစုံလည်း ဖြစ်သော။ ဥပါဒါရူပဿ၊ ဥပါဒါရုပ်၏။ ဝါ၊ အားလုံးသော ဥပါဒါရုပ်၏။ အဘာဝေါ၊ မရှိခြင်းကို။ ဝုတ္တော၊ ဟောတော်မူအပ်သည်။ ဟောတိ၊ ဖြစ်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်း။ တန္နိဿိတတ္တာ၊ ဥပါဒါရုပ်သည် ထိုမဟာဘုတ်ရုပ်ကို မှီရသော ကြောင့်တည်း။

အဓိပ္ပါယ်ကတော့ မဟာဘုတ်မှ မရှိခဲ့လျှင် မဟာဘုတ်ရုပ်ကို မှီရမှုဖြစ်သော ဥပါဒါရုပ် အားလုံးတို့ဟာလဲ မရှိနိုင်တော့ပါလို့ မှတ်ရပါမယ်။

**နိဗ္ဗာန်၌ ဘဝမရှိ။** ။ဘူတရုပ် ဥပါဒါရုပ် မရှိလျှင် နိဗ္ဗာန်သည် ပဉ္စဝေါကာရဘဝမျိုး ဧကဝေါကာရဘဝမျိုးမှ လွတ်လပ်၍ သွားပါတယ်။ ဒါကိုရည်ရွယ်၍ ဥဒါန်းအဋ္ဌကထာက—

> န ဟိ မဟာဘူတနိဿယေန ဝိနာ ပဉ္စဝေါကာရဘဝေါ ဧကဝေါကာရဘဝေါ ဝါ သမ္ဘဝတိ—

လို့ မိန့်ဆိုပါတယ်။ ပဉ္စဝေါကာရဘဝနှင့် ဧကဝေါကာရဘဝ နှစ်မျိုးသည် မဟာဘုတ်ရုပ်ကို မှီမှုနှင့်ကင်း၍ မဖြစ်နိုင်၊ ထို့ကြောင့် နိဗ္ဗာန်၌ ဘူတရုပ် ဥပါဒါရုပ် မရှိ၊ အဲဒါကြောင့် ပဉ္စဝေါကာရဘဝ, ဧကဝေါကာရဘဝ, နှစ်မျိုးလုံးမှ လွတ်လပ်သည် ဟု မှတ်ရပါမယ်။

**နိဗ္ဗာန်၌ နာမ်မရှိ။** ။အဲဒီလို ပဉ္စဝေါကာရဘဝ ဧကဝေါကာရဘဝ နှစ်မျိုးစလုံးမှ လွတ်လပ်ပြီးတော့ ဘူတရုပ်နဲ့ ဥပါဒါရုပ်တို့ အသင်္ခတ ပရမတ်နိဗ္ဗာန်မှာ မရှိဘူးဆိုရင် စတုဝေါကာရ ဘဝမျိုးဖြစ်တဲ့ နာမ်တရားတို့၌ အကျုံးဝင်တဲ့တရားများ ဖြစ်နေသေးသလားလို့ တွေးတောကြံစည်စရာ ဖြစ်လာတဲ့အတွက် ၎င်းကို ပယ်ခြင်းငှါ—

န အာကာသာနဉ္စာယတနံ၊ အဆုံးမဲ့သော ကောင်းကင်အာရုံလည်း မရှိ။ န ဝိညာနဉ္စာယတနံ၊ အဆုံးမဲ့သော ဝိညာဉ်အာရုံလည်း မရှိ။ န အာကိဉ္စညာယတနံ၊ တစုံတရာကြောင့်ကြဘွယ် ဝိညာဉ်ကင်းသော အာရုံလည်း မရှိ။ န နေဝသညာနာသညာယတနံ၊ သညာရှိ-သညာမဲ့သော အာရုံလည်း မရှိ။

အဓိပ္ပါယ်ကတော့ နိဗ္ဗာန်ဆိုတဲ့ အသင်္ခတပရမတ္ထတရားဟာ ကောင်းကင်ပညတ်အာရုံနှင့်တကွ ကုသိုလ် ဝိပါက် ကြိယာအားဖြင့် ပြားသော သုံးပါးသော အာကာသာနဉ္စာယတနစိတ္တုပ္ပါဒ်လဲ မဟုတ်၊ အာကာသာနဉ္စာယတနဘုံလဲ မဟုတ်၊ အာကာသာနဉ္စာယတန ကုသိုလ်စိတ်မျိုး ဝိပါက်စိတ်မျိုး ကြိယာစိတ်မျိုး

လဲ နိဗ္ဗာန်မှာ မရှိပါဘူးတဲ့၊ ထို့အတူဘဲ ဝိညာဉ်အာရုံနှင့်တကွ ဝိညာနဥ္စာယတန ကုသိုလ် ဝိပါက် ကြိယာ စိတ္တုပ္ပါဒ်မရှိတဲ့ သဘောကြောင့် ဝိညာနဥ္စာယတန ဘုံဘဝလဲ မဟုတ်, အာကိဉ္စညာယတန ကုသိုလ် ဝိပါက် ကြိယာ စိတ္တုပ္ပါဒ်မရှိ သောကြောင့် အာကိဉ္စညာယတနဘုံဘဝမျိုးလဲ မဟုတ်, နေဝသညာနာသညာ ယတနအာရုံနှင့်တကွ ကုသိုလ် ဝိပါက် ကြိယာ စိတ္တုပ္ပါဒ်မရှိသောကြောင့် နေဝ- သညာနာသညာယတနဘုံဘဝမျိုးလဲ မဟုတ်ဟု သိစေပါတယ်။ ဒါကြောင့် နိဗ္ဗာန်ဆိုတဲ့သဘောဟာ ဝိညာဉ်နှင့် နာမ်တရားသဘောမှ ကင်းဆိတ်ပြီးတော့ စတုဝေါကာရဘုံဘဝမျိုးမှလည်း လွတ်လပ်နေတဲ့ အသင်္ခတဓမ္မ ပရမတ္ထသဘာဝ အနေအားဖြင့် ထင်ရှားရှိနေပါတယ်တဲ့။

**နိဗ္ဗာန်သည် လောကမဟုတ်။** ။ဒီလိုဆိုရင် နိဗ္ဗာန်ဆိုတာ ဒီလောကလား, တမလွန်လောကလား, အရောင်တွေ အမှောင်တွေနဲ့လား ဆိုတော့—

> နာယံလောကော၊ ဤလောကလည်း မဟုတ်။ န ပရောလောကော၊ တမလွန်လောက,တပါးသော လောကလည်း မဟုတ်။ န ဥဘော စန္ဒိမသူရိယာ၊ လ နေ နှစ်ပါးတို့လည်း မရှိကုန်။ တဒါယတနံ၊ ထိုသို့သော မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ အာရုံဖြစ်သော တည်ရာ သဘာဝ နိဗ္ဗာန်တရားသည်။ အတ္ထိ၊ ထင်ထင်ရှားရှားကြီး ရှိပါပေ၏။

အဓိပ္ပါယ်ကတော့ အသင်္ခတဓာတ် ပရမတ္ထဖြစ်သော နိဗ္ဗာန်ဆိုတာ ယခု မျက်မှောက်ဘဝလို့ဆိုတဲ့ သင်္ခတပရမတ်ဖြစ်သော ခန္ဓာငါးပါး လောကမျိုးလဲ မဟုတ်ပါဘူးတဲ့။ ဒီဘဝမှ တပါးသော တမလွန်လောကလို့ဆိုတဲ့ ခန္ဓာငါးပါး လောကလဲ မဟုတ်ပါဘူးတဲ့။ ယခုလောက ခန္ဓာငါးပါး, တမလွန်လောက ခန္ဓာ ငါးပါးလို့ဆိုတဲ့ နှစ်ပါးစုံသော ပစ္စုပ္ပန်,တမလွန် ခန္ဓာလောကမျိုး ရောနှောနေ တဲ့ သဘောမျိုးလဲ မဟုတ်ပါဘူးတဲ့။

**နိဗ္ဗာန်၌ အလင်းရောင် မရှိ။** ။အဲဒီလို ခုလောက, တမလွန်လောကလို့ ဆိုတဲ့ ခန္ဓာလောကမျိုး မဟုတ်တဲ့အတွက် ခန္ဓာ လောကရဲ့ သဘောမှာသာ ရှိနိုင်တဲ့ အမှောင်သဘောမျိုးလဲ မရှိ, အမှောင်မရှိ တဲ့အတွက် ၎င်းကို ပယ်ဖျောက်ရန် လိုအပ်တဲ့ အလင်းရောင် ဆိုတာမျိုးဟာလဲ နိဗ္ဗာန်ဆိုတဲ့ သဘောမှာ မရှိ။ ဒါကြောင့် ပါဠိတော်က—

"န ဥဘော စန္ဒိမသူရိယာ" တတ္ထ၊ ထို နိဗ္ဗာန်၌။ ဥဘော စန္ဒိမသူရိယာ၊ လရောင်,နေရောင် နှစ်ပါးစုံသော အရောင်တို့သည်။ နသန္တိ၊ မရှိကြကုန်–လို့ မိန့်တော်မူပါတယ်။

**ပါရာယန(၃)-၇၇—ပ-မ-ဗ-သ-စ**

ဒီနေရာ၌ အနည်းငယ် ကြံဆစရာ ရှိသည်မှာ အဝိဇ္ဇာကို လက္ခဏ်ာ,သန်းခေါင်, မိုးမှောင်, တောအုပ်လို ဆိုတဲ့ အမှောင်ခေတ်အင်္ဂါလေးပါးထက် အဝိဇ္ဇာက ပို၍ မှောင်၏ လို့ ရှေး ဆရာတော်ကြီးများ တင်စား၍ မိန့်ဆိုထားချက်ကို ထောက်ထားပြီးတော့ "အဝိဇ္ဇာ မှောင်ထုကြီးကို ဖျက်ဆီး ဖောက်ခွဲနိုင်တဲ့ ဝိဇ္ဇာဉာဏ် အလင်းခေတ်ကြီး"ဟု တင်စား၍ မိန့်ဆိုတော်မူကြသလို ကိလေသာ မှောင်ထုမှ လွတ်လပ်သွားတဲ့ နိဗ္ဗာန်အလင်းခေတ်ကြီးလို့ တင်စား၍ ခေါ်ဝေါ် နိုင်ရာ၏။ "အနန္တံ သဗ္ဗတော ပဘံ"သည် ၎င်း၏ အဓိပ္ပါယ်ပင် ဖြစ်ရာ၏။

သို့ရာတွင် အသင်္ခတ ပရမတ္ထ ဖြစ်သော နိဗ္ဗာန်သည် "နာယံ လောကော၊ န ပရောလောကော" ဆိုတဲ့ ဥဒါန်းပါဠိတော်အရ လောကသုံးပါး၌ မသက်ဝင်, မပါဝင်သော သဘောအားဖြင့်သာ ထင်ရှားရှိသည်ဟု တိတိကျကျ မိန့်ဆိုထား သဖြင့် အရောင်အလင်း,အမှောင်အဆင်းတို့သည် ၎င်းပါဠိတော်မူအရ စင်ကြယ်၍ သွားရာ၏။

ဒီနေရာမှာ နိရောဓသမာပတ် သဘောမျိုးလားဟု စဉ်းစားစရာ ရှိပြန် သောကြောင့် "တတြာပါယံ" စသည် ကို မိန့်ဆိုတော်မူ၏-ဟု ဆရာတို့ ဆိုကြ ကုန်၏။

**နိဗ္ဗာန်၌ အာဂတိ-စသော သဘောမရှိ။** ။ဘိက္ခဝေ၊ ရဟန်းတော်များ အို ချစ်သားတို့။ တတြာပိ၊ ထိုသို့ သဘောရှိသော အသင်္ခတ ပရမတ္ထ နိဗ္ဗာန် တရားတော်မြတ်၌လည်း။ အာ-ဂတိံ၊ တဖန်ပြန်လာ ဖြစ်ပေါ်လာရခြင်းကိုလည်း။ နေဝဝဒါမိ၊ ငါဘုရား ဟောတော်မမူ။ ဝါ၊ တနည်းကား။ အာဂတိံ၊ ဤ လူ့ဘုံသို့ တပါးသော ဘုံမှ ပဋိသန္ဓေအားဖြင့် ပြောင်းရွှေ့၍လာသူ ရှိသကဲ့သို့ တပါးသော ဘုံ ဘဝက ပဋိသန္ဓေအားဖြင့် ပြောင်းရွှေ့လာသူ ရှိ၏ ဟူ၍လည်း။ နေဝဝဒါမိ၊ ငါဘုရား ဟောတော် မမူသည်သာလျှင်တည်း။ ဂတိံ၊ ထို၌ သွားရောက် ဖြစ်ပွါးရခြင်းကိုလည်း။ နဝဒါမိ၊ ငါဘုရား ဟောတော်မမူ။ ဌိတိံ၊ တစုံတခု သော ထောက်တည်ရာကိုလည်း။ နဝဒါမိ၊ ငါဘုရား ဟောတော်မမူ။ စုတိံ၊ ရွေလျောခြင်းကိုလည်း။ နဝဒါမိ၊ ငါဘုရား ဟောတော်မမူ။ ဥပပတ္တိံ၊ တစုံတရာ ပဋိသန္ဓေအားဖြင့် ဖြစ်ပွါးရခြင်းကိုလည်း။ နဝဒါမိ၊ ငါဘုရား ဟောတော်မမူ။ တံ၊ ဤ ငါဘုရား ဟောခဲ့သော အသင်္ခတပရမတ္ထ နိဗ္ဗာန် ၏ သဘာဝကား။ အပ္ပတိဋ္ဌံ ဧဝ၊ ထောက်တည်ရာမဲ့သာတည်း။ ဝါ၊ ဘုံ ဗိမာန် အခမ်းအနား အချိန်အတက် အရှည်အတို အလုံးအခဲ အထည်ဝတ္ထု အနေဖြင့် တည်ရာဌာန မဟုတ်သည်သာတည်း။ အပ္ပဝတ္တံ ဧဝ၊ တစုံတခု ကြောင့် မဖြစ်သည်သာလျှင်တည်း။ ဝါ၊ ဝိညာဉ် နာမ် ရုပ်ဟု ဆိုအပ်သော

ခန္ဓာငါးပါး သခ်တပရမတ် တရားတို့သည် အကြောင်းတရားတို့ကြောင့် တာရှည်တည်နေသကဲ့သို့ အကြောင်းတစုံတခုကြောင့် တာရှည်တည်နေသော အရာလည်း မဟုတ်သည်သာလျှင်တည်း။

အနာရမ္မဏံ ဧဝ၊ တစုံတရာ အာရုံ မရှိသည်သာလျှင်တည်း။ ဝါ၊ နာမက္ခန္ဓာလေးပါး သခ်တပရမတ်များကဲ့သို့ အာရုံပြုတတ်သော တရားသဘောလည်း မဟုတ်သည်သာလျှင်တည်း။ ဘိက္ခဝေ၊ ရဟန်းတော်များ အို ချစ်သားတို့။ ဧသေဝ၊ ဤ ဆိုအပ်ခဲ့ပြီးသော သဘောသည်သာလျှင်။ ဒုက္ခဿ၊ ခန္ဓာ ဝဋ်ဆင်းရဲ၏။ ဝါ၊ အဝိဇ္ဇာ-အစ ဇရာမရဏ-အဆုံးရှိသော ပဋိစ္စသမုပ္ပါဒ်၏။ အန္တော၊ ဆုံးရာ နိဗ္ဗာန်ပင်တည်း။ ဝါ၊ ပဋိစ္စသမုပ္ပါဒ် စက်ရထား၏။ အန္တော၊ မပြေးမသွား ရပ်နားပျက်ပြုန်း အစတုံးသော အမတသဘောသည်လျှင် နိဗ္ဗာန်ချမ်းသာပင်တည်း။

အဓိပ္ပါယ် အကျဉ်းချုပ်ကတော့ **အာဂတိ**ဆိုတဲ့ ပါဠိတော်စကားဖြင့် "ဤသို့ လာခြင်း"ကို ဆို၏။ **ဂတိ** ဆိုတဲ့ ပါဠိတော်စကားဖြင့် "ထိုသို့ သွားရောက်ရခြင်း"ကို ဆို၏။ ဌိတိဖြင့် "မြဲမြံစွာ တည်နေခြင်း"ကို ဆို၏။ **ဥပပတ္တိ**ဖြင့် တစုံတခု ဖြစ်ပွါးခြင်းကို ဆို၏။ ခု ပြဆိုခဲ့တဲ့ အာဂတိသဘောမျိုး, ဂတိသဘောမျိုး, ဌိတိသဘောမျိုး, ဥပပတ္တိသဘောမျိုး မရှိသည်ကို နိဗ္ဗာန်ဟု ဆိုလို၏။

အဲဒီစကားတွေထဲမှာ "အပ္ပတိဋ္ဌံ၊ ထောက်တည်ရာမရှိ။ အပ္ပဝတ္တံ၊ တစုံတခုသော အကြောင်းကြောင့်မဖြစ်။ အနာရမ္မဏံ၊ တစုံတခုသော အာရုံမရှိ"ဆိုတဲ့ ပါဠိတော်လာ စကားသုံးမျိုးဖြင့် နိဗ္ဗာန်ရဲ့ သဘောကို တိုက်ရိုက် ညွှန်ပြ၏။ ဤသည်ကား နိဗ္ဗာန်၏ သဘောပင် ဖြစ်၏။

ယခု ဟောကြားခဲ့တဲ့ ဥဒါန်းပါဠိတော် နိဗ္ဗာနပဋိသံယုတ္တ သုတ္တန်ဒေသနာတော်သည် နိဗ္ဗာန်၏ သဘာဝများကို ထင်ထင်ရှားရှားကြီး ပေါ်လွင်အောင် ဖော်ပြထားသော သုတ္တန်ဖြစ်ပါသည်။ ထို့ကြောင့် ပါဠိတော်မူကို သေသေချာချာ ကြည့်ရှုကြ၍ နိဗ္ဗာန်ရဲ့သဘောကို ပေါ်လွင်စွာသဘောပေါက်အောင် ကြံဆသိမြင်နိုင်ကြပါစေ။

**နိဗ္ဗာန်၌ တုန်လှုပ်ခြင်း စသည်မရှိ။** ။နောက်တနည်း ဥဒါန်းပါဠိတော် ပါဋလိဂါမိယဝဂ် စတုတ္ထ နိဗ္ဗာန ပဋိသံယုတ္တ သုတ္တန်မှာ နိဗ္ဗာန်ရဲ့သဘောကို မြတ်စွာဘုရားက ဟောကြားတော်မူခဲ့ပြန်ပါတယ်၊ ဘယ်လိုလဲ ဆိုတော့——

နိဿိတဿ စလိတံ၊ အနိဿိတဿ စလိတံ နတ္ထိ၊ စလိတေ အသတိ ပဿဒ္ဓိ၊ ပဿဒ္ဓိယာ သတိ နတိ န ဟောတိ၊ နတိယာ အသတိ အာဂတိဂတိ န ဟောတိ၊ အာဂတိဂတိယာ အသတိ စုတူပပါတော န ဟောတိ၊ စုတူပပါတေ အသတိ နေဝိဓ န ဟုရံ န ဥဘယမန္တရေန၊ ဧသေဝန္တော ဒုက္ခဿ–တဲ့။

ဥပရိပဏ္ဏာသပါဠိတော် ဆန္နောဝါဒသုတ္တန်, သဠာယတနဝဂ္ဂ သံယုတ် ပါဠိတော် ဆန္နသုတ္တန်, နေတ္တိပါဠိတော်, ပေဋကောပဒေသ ပါဠိတော်တို့မှာလဲ ဒီအတိုင်းဘဲ ဟောတော်မူပါတယ်။

နိဿိတဿ၊ တဏှာ မာန ဒိဋ္ဌိ တရားသုံးပါး၌ မှီသောသူအား။ ဝါ၊ ၎င်းတရား သုံးပါး၌ မှီထားသူမှာ။ စလိတံ၊ ရွေ့ရှားခြင်း, ပြောင်းရွှေ့လှုပ်ရှားခြင်းသည်။ အတ္ထိ၊ ရှိ၏။ အနိဿိတဿ၊ တဏှာ မာန ဒိဋ္ဌိ သုံးမျိုး၌ မမှီထားသူအား, မမှီထားသူမှာ။ စလိတံ၊ ရွေ့ရှားခြင်း, ပြောင်းရွှေ့လှုပ်ရှားခြင်းသည်။ နတ္ထိ၊ မရှိ။

**တုန်လှုပ်ပုံ**—အဓိပ္ပါယ်ကတော့ တဏှာ၏ အစွမ်းအားဖြင့် မြင်သမျှအာရုံ, ကြားသမျှ အာရုံ, နံသမျှ အာရုံ, အရသာခံသမျှ အာရုံ,တွေ့ထိသမျှ အာရုံတို့၌ ပြောင်းရွှေ့ လှုပ်ရှားသည်။ ဒိဋ္ဌိ၏ အစွမ်းအားဖြင့် ပုဂ္ဂိုလ် သတ္တဝါ အထူးထူးသို့ ပြောင်းရွှေ့ လှုပ်ရှားသည်။ မာန၏ အစွမ်းအားဖြင့် ထိုထိုအာရုံ သတ္တဝါဘုံဌာနများကို အတည်အတံ့ အခိုင်အမြဲ မှတ်စွဲလိုက်ခြင်းဖြင့် လှုပ်ရှား ပြောင်းရွှေ့သည်။

တဏှာဖြင့် ဘယ်လိုလှုပ်ရှား ပြောင်းရွှေ့သလဲ ဆိုရင် "ဧတံ မမ၊ ရူပါရုံ စသော အာရုံသခါရ တရားတို့ကို ငါ၏ဥစ္စာဟု စွဲလမ်းခြင်းဖြင့် တုန်လှုပ်တယ်, မာန၏ အစွမ်းအားဖြင့် ဘယ်လိုတုန်လှုပ်သလဲဆိုရင် ရူပါရုံစသော အာရုံသခါရ တရားတွေကို "ဧသောဟမသ္မိ, ဧသော၊ ဤတရားသည်။ အဟံ၊ ငါသည်။ အသ္မိ၊ ဖြစ်၏"=ငါဖြစ်၏လို့ စွဲလမ်းခြင်းဖြင့် တုန်လှုပ်တယ်။ ဒိဋ္ဌိ၏ အစွမ်းအားဖြင့် ဘယ်လို တုန်လှုပ်သလဲဆိုရင် ရူပါရုံစသော အာရုံသခါရတရားတွေကို "ဧသော မေ အတ္တာ=ဤ ရုပ်နာမ်ဓမ္မ သခ်ါတတရားတို့ဟာ ငါ၏ မှီရာအနှစ်သာရ မပျက်မစီးနိုင်တဲ့ သတ္တဝါကောင်ဖြစ်သော အတ္တသဘော ဖြစ်တယ်"လို့ ယူစွဲပြီးတော့ ပုဂ္ဂိုလ်အသီးသီးက သတ္တဝါ အမျိုးမျိုးသို့ ပြောင်းရွှေ့ လှုပ်ရှားတယ်။

**မတုန်လှုပ်ပုံ**—ဟုတ်ပါတယ်၊ တဏှာဒိဋ္ဌိ စွဲကပ်နေတဲ့ ပုဂ္ဂိုလ်အား ချမ်းသာ, ဆင်းရဲ စသော တရားတို့ ဖြစ်ပေါ်လာခဲ့ရင်, အဲဒီချမ်းသာမှု, ဆင်းရဲမှု စသည်တို့က လွှမ်းမိုးဖိစီးပြီး လာခဲ့ကြရင် ငါချမ်းသာတယ်, ငါ

ဆင်းရဲတယ်, ချမ်းသာဆင်းရဲကို ငါက ခံစားနေရတယ်, စသည်ဖြင့် တဏှာဒိဋ္ဌိ စွဲခြင်း၏အစွမ်းကြောင့် တုပ်လှုပ်ခြင်း, ပြောင်းရွေ့ခြင်းတို့ဟာ ဖြစ်လာတော့တာဘဲ။ ဒီနေရာမှာ ဖြူစင်တဲ့ ဗြဟ္မစရိယအကျင့်ကို ကျင့်ခဲ့လို့ရှိရင် သမထ ဝိပဿနာ၏ အစွမ်းဖြင့် တဏှာဒိဋ္ဌိတို့ကို ခွါပြီးတော့ အနိစ္စ-အစရှိသည်တို့၏ အစွမ်းဖြင့် သင်္ခါရတရားတွေကို ဆင်ခြင်ရှုပွါးနေတဲ့ ပုဂ္ဂိုလ်မှာ ထိုသို့လှုပ်ရှားပြောင်းရွေ့မှု မရှိနိုင်ဘူး။

စလိတေ၊ ပြောင်းရွေ့လှုပ်ရှားမှုသည်။ အသတိ၊ မရှိခဲ့သော်။ ပဿဒ္ဓိ၊ အေးမြ၍, ငြိမ်းချမ်း၏။ ပဿဒ္ဓိယာ၊ အေးမြငြိမ်းချမ်းခြင်းသည်။ သတိ၊ ရှိလတ်သော်။ နတိ၊ ထိုထိုအာရုံ ဘုံဘဝ လူနတ်အဖြစ်စသည်၌ ညွှတ်ကိုင်းခြင်းသည်။ န ဟောတိ၊ မဖြစ်။ နတိယာ၊ ညွှတ်ကိုင်းခြင်းသည်။ အသတိ၊ မရှိသော်။ အာဂတိ၊ ဤဘဝသို့ လာရခြင်းသည်၎င်း။ ဂတိ၊ ထိုဘဝသို့ လားရခြင်း သွားရခြင်းသည်၎င်း။ န ဟောတိ၊ မဖြစ်။ အာဂတိဂတိယာ၊ လားရခြင်း သွားရခြင်းသည်။ အသတိ၊ မရှိခဲ့သော်။ စုတူပပါတော၊ တဘဝမှ ရွေ့လျောရခြင်း, တဘဝ၌ ဖြစ်ပွါးရခြင်းသည်။ န ဟောတိ၊ မဖြစ်ရတော့ပေ။

**ရွေ့လျောခြင်း**—အဓိပ္ပါယ်ကတော့ တဏှာနိဿိတ ရှိနေမှု-စသည်တို့ကြောင့် အာရုံအမျိုးမျိုး၌ တပ်မက်၍ ပူလောင်ချောက်ချားခြင်းဖြစ်ရာ၏။ ထိုထိုအာရုံ အကောင်းအဆိုး အမျိုးမျိုးသို့ ပြောင်းလဲညွှတ်ကိုင်းချက်အတိုင်း ဘုံဘဝအစားစား၌ ဖြစ်ပွါးရခြင်း, သေရခြင်းဖြစ်ရသည်။ ယင်းသို့သော တဏှာနိဿိတ-စသည်တို့ မရှိခဲ့သော် ထိုထိုအာရုံ ဘုံဘဝ ပုဂ္ဂိုလ် သတ္တဝါတို့ အပေါ်၌ တပ်မက်လှုပ်ရှားခြင်း မရှိသောကြောင့် အေးမြလွတ်ငြိမ်းရသည်။ ထိုသို့ အေးမြလွတ်ငြိမ်းလျှင် ထိုသို့ မညွှတ်ကိုင်းသည်ရှိသော် ထိုထို ဘုံဘဝ တပါးသို့ ပုဂ္ဂိုလ်တယောက်အနေဖြင့် ပြောင်းလဲပေါက်ရောက်ရခြင်း မရှိ။ ထိုသို့ မရှိခဲ့သော် ဤဘဝသို့ လာခြင်း, ဘဝတခုသို့ သွားခြင်း မဖြစ်တော့ပေ။

**နိဗ္ဗာန်ရောက်သူ**—ထိုသို့ဖြစ်လျှင် ဖြစ်ပွါးခြင်း,သေလွန်ခြင်း မဖြစ်ရတော့ပေ၊ နိဗ္ဗာန်သို့ ရောက်လေတော့၏။ ဘယ်သူ နိဗ္ဗာန်ရောက်သလဲ ပရမတ္ထအားဖြင့် ပုဂ္ဂိုလ်မရောက်, သတ္တဝါမရောက်, လူမရောက်, နတ်ဗြဟ္မာလဲမရောက်, ရောက်သည်ကား အဝိဇ္ဇာစသော အကြောင်းတရားနှင့် ဝိညာဉ် နာမ် ရုပ်စသော အကျိုးတရားတို့သာ နိဗ္ဗာန်သို့ ရောက်ကုန်၏ဟု မှတ်ပါ။

ယင်းသို့အားဖြင့် တဏှာ ဒိဋ္ဌိ မာန ဖြတ်ဆေးအတွက် ရရောက်သော နိဗ္ဗာန်၏ သဘောကို ပြလိုသောကြောင့် "စုတူပပါတေ အသတိ"ဟု မြတ်စွာဘုရားမိန့်တော်မူလေသည်။

စုတူပပါတေ၊ စုတိဥပပတ်သည်။ ဝါ၊ သေခြင်း,ဖြစ်ပွါးခြင်းသည်။ အသတိ၊ မရှိခဲ့သော်။ နေဝိဓ၊ ဤ၌လည်းမဖြစ်တော့, ဤဘဝ၌လည်း မဖြစ်တော့, ဤကာမလောက၌လည်းမဖြစ်, ဤလောကကြီးသုံးပါး၌လည်း မဖြစ်တော့။ န ဟုရံ၊ ဟို၌လည်း မဖြစ်တော့, ဟိုဘဝ တမလွန်ဘဝ၌လည်း မဖြစ်တော့။ န ဥဘယမန္တရေန၊ ယင်းနှစ်ပါးတို့၏ အတွင်းအကြား၌လည်း မဖြစ်တော့။

ဤဘဝနှင့် တမလွန်ဘဝအကြား, ဤလောကနှင့် ရူပ အရူပ လောကနှစ်ပါးတို့၏ အကြား, ဤလောကကြီး သုံးပါးနှင့် ထိုနိဗ္ဗာန် အကြားများ၌လည်း မဖြစ်ရတော့ပေ။ ဘာဖြစ်သွားသလဲ—

ဧသော၊ ဤသည်ကား။ ဒုက္ခဿ၊ ဆင်းရဲ၏။ ဝါ၊ ဆင်းရဲသော ခန္ဓာလောကကြီး၏။ အန္တော၊ အဆုံးဖြစ်သော နိဗ္ဗာန်ချမ်းသာပင်တည်း။

**မှတ်သားချက်**—ဒီနေရာမှာ နေဝိဓ န ဟုရံ န ဥဘယမန္တရေန- ပုဒ်တို့၏ အနက်ကို ဥဒါန်းအဋ္ဌကထာ ဗာဟိယသုတ်အဖွင့်၌ အကျယ်ဖွင့်ဆိုထား၏။ အလိုရှိပါလျှင် ၎င်း၌ကြည့်ရှုကြပါကုန်။

**ဘဝ၌မဖြစ်ပုံ**—အကျဉ်းအားဖြင့် ဆရာတို့ ဆိုကြသည်မှာကား—

နေဝိဓ-ဟူသည် ဤပစ္စုက္ခဘဝတည်း။ နဟုရံ-ဟူသည် တမလွန်ဘဝတည်း။ နဥဘယမန္တရေန-ဟူသည် ဘဝနှစ်မျိုး တို့၏အတွင်းအကြား၌ ဖြစ်ခြင်းတည်း။ ဤသုံးမျိုး၌ မဖြစ်တော့ ဟူလို။

တနည်း နေဝိဓ-ဟူသည် ဤကာမလောကတည်း၊ နဟုရံ-ဟူသည် ထိုမှတပါးသော ရူပ အရူပ လောကတည်း၊ နဥဘယမန္တရေန-ဟူသည် ယင်းနှစ်ပါးတို့၏ အတွင်းအကြားတည်း၊ ယင်း သုံးမျိုး၌ပင် မဖြစ်ရတော့ ဟူလို။

တနည်း နေဝိဓ-ဟူသည် ဤလောကသုံးပါးတည်း၊ နဟုရံ-ဟူသည် ထိုမှတပါးသော နိဗ္ဗာန်တည်း။ နဥဘယမန္တရေန-ဟူသည် ဤလောကသုံးပါးနှင့် နိဗ္ဗာန်အကြားတည်း။ ယင်းသုံးမျိုး၌ပင် မဖြစ်တော့ဟူလို။

**နိဗ္ဗာန်၌မရှိသောအရာဝတ္ထုများ။** ။ဗာဟိယသုတ္တန်အရဆိုလျှင် နိဗ္ဗာန်ဆိုတာ အာရုံခြောက်ပါး တည်နေရာ လောကလည်း မဟုတ်၊နိဗ္ဗာန်သို့ ရောက်သူလည်း မရှိ၊ နိဗ္ဗာန်ဟု ဘုံဌာန သီးခြားလည်း မရှိ၊ ခံစားစရာအာရုံလည်း မရှိ၊ ခံစားသူလည်း မရှိ။

စင်စစ်ကား အာရုံကိုခံစားမှု မရှိ၍ အာရုံနှင့် အာရမ္မဏိကတို့ ချုပ်ငြိမ်းခြင်းမျှကို နိဗ္ဗာန်ဟု ညွှန်ပြ၏။

ဒီနေရာမှာ ဥဒါန်းဂါထာကို ဤသို့ မိန့်ဆိုတော်မူ၏။

ယတ္ထ အာပေါ စ ပထဝီ၊ တေဇော ဝါယော န ဂါဓတိ။
န တတ္ထ သုက္ကာ ဇောတန္တိ၊ အာဒိစ္စော နပ္ပကာသတိ။
န တတ္ထ စန္ဒိမာ ဘာတိ၊ တမော တတ္ထ န ဝိဇ္ဇတိ။

ယတ္ထ၊ အကြင်နိဗ္ဗာန်၌။ ဝါ၊ အာရုံခြောက်ပါး ငြိမ်းခဲ့ရာ၌။ အာပေါစ၊ ယိုစီးခြင်း လုံးစုခြင်း တွဲစပ်ခြင်း သဘောရှိသော ရေဓာတ်သည်၎င်း။ ပထဝီ စ၊ ခက်မာကြမ်းတမ်းခြင်း ပျော့ညံ့ခြင်းသဘောရှိသော မြေဓာတ်သည်၎င်း။ တေဇော စ၊ ပူလောင်ခြင်း မြိုက်ကျွမ်းခြင်း စူးရှခြင်း ဆွေးမြေ့ခြင်း သဘောရှိသော မီးဓာတ်သည်၎င်း။ ဝါယော စ၊ ထောက်ကန်ခြင်း တွန်းတိုးခြင်း တောင့်တင်းခြင်း ဆွဲငင်ခြင်းသဘောရှိသော လေဓာတ်သည်၎င်း။ နဂါဓတိ၊ ထောက်တည်ရာမရ, မထောက်တည်နိုင်, မရပ်တည်နိုင်။

**ဓာတ်ဖြပါးမရှိ**—ဆိုလိုတဲ့အဓိပ္ပါယ်ကတော့ နိဗ္ဗာန်ဆိုတဲ့ အသင်္ခတဓမ္မပရမတ္ထ တရားမှာ မြေဓာတ် ရေဓာတ် မီးဓာတ် လေဓာတ် သဘောတရားများ လုံးလုံး ထောက်တည်ရာ မရနိုင်တဲ့အတွက် ၎င်းဓာတ်သဘောများ မရှိနိုင်ဟု မှတ်ပါ၊ ၎င်းပြင် အဲဒီဓာတ်လေးနှင့် ဆက်သွယ်ဖြစ်ပွါးရသော ဝဏ္ဏခေါ် အဆင်းဓာတ် အမျိုးမျိုး, ဂန္ဓခေါ် အနံ့ဓာတ်အမျိုးမျိုး, ရသခေါ် အရသာဓာတ် အမျိုးမျိုး, ဩဇာခေါ် အဆီအစေး တိုးပွါးဓာတ်အမျိုးမျိုး, ဖောဋ္ဌဗ္ဗခေါ် အတွေ့ဓာတ်အမျိုးမျိုးနှင့် အာကာသခေါ်သော အကြားအပေါက် ဟင်းလင်းဓာတ် အမျိုးမျိုးလို့ဆိုတဲ့ ဤဓာတ်ခြောက်ပါးလည်း မရှိဟု ဆိုလိုတယ်။ ဘာကြောင့်လဲဆိုတော့ "နိဗ္ဗာနဿ အသင်္ခတသဘာဝတ္တာ" နိဗ္ဗာန်ဆိုတာ အသင်္ခတ သဘောဖြစ်သောကြောင့်ဟု ဥဒါန်းအဋ္ဌကထာက ညွှန်ပြပါတယ်။

ပီးတော့ "န ဟိ တတ္ထ သင်္ခတဓမ္မာနံ လေသောပိ သမ္ဘဝတိ"လို့ ၎င်းအဋ္ဌကထာက ပြပြန်ပါသေးတယ်။

ဟိ၊ မှန်၏။ တတ္ထ၊ ထို အသင်္ခတ ပရမတ္ထနိဗ္ဗာန်၌။ သင်္ခတဓမ္မာနံ၊ သင်္ခတ ပရမတ်တရားတို့၏။ လေသောပိ၊ အရိပ်အမြွက်မျှသည်လည်း။ န သမ္ဘဝတိ၊ မရှိသင့် မရသင့်–တဲ့။

**သင်္ခတတရားမရှိ**—ပိုပြီးတော့ ရှင်းပါတယ်၊ နိဗ္ဗာန်ဆိုတဲ့ အသင်္ခတပရမတ် သဘောမှာ သင်္ခတတရားတို့ရဲ့ အရိပ်အရောင်ကလေးမျှ မသမ်းဘူးတဲ့၊ ရှိလဲမရှိဘူးတဲ့၊ဒီတော့သင်္ခတပရမတ်ကို စွဲပြီးတော့ဖြစ်တဲ့ သမ္မုတိသစ္စာပညတ်တရားမျိုး ဆိုတာကတော့ဖြင့် ဝေးရော ဘယ်နည်းနဲ့မှ နိဗ္ဗာန်သဘာဝမှာ ပုဂ္ဂိုလ်ရိပ် သဏ္ဌာန်ရိပ် စသည်ကို မရှိနိုင်, မရနိုင်ဟု မှတ်ရပါမယ်။ ဒီအချက်ကို ရည်ရွယ်ပြီးတော့ မြတ်စွာဘုရားက——

တတ္ထ၊ ထို အသင်္ခတ ပရမတ်နိဗ္ဗာန်သဘော၌။ သုက္ကာ၊ တောက်ပသော ကြယ် ဂြိုဟ် နက္ခတ်တို့သည်။ န ဇောတန္တိ၊ မထိန်မလက် အရောင်မထွက် နိုင်ကြကုန်။ ဝါ၊ ကြယ်ရောင် စသော အရောင်တို့ မရှိကြကုန်။ အာဒိစ္စော၊ နေသည်လည်း။ န ပကာသတိ၊ မရှိသည် ဖြစ်သောကြောင့် တစုံတရာမျှ မလင်းပြနိုင်ချေ။ ဝါ၊ နေရောင်နှင့် နေ၏အရောင်မျိုးလည်း မရှိချေ။ တတ္ထ၊ ထို အသင်္ခတဓာတ် ပရမတ္ထနိဗ္ဗာန်သဘော၌။ စန္ဒိမာ၊ လသည်လည်း။ နဘာတိ၊ နိဗ္ဗာန်မှာ လ မရှိတဲ့အတွက်, နိဗ္ဗာန်သည် လ မဟုတ်တဲ့အတွက် လရောင်နှင့် လရောင်သဘောမျိုး မလင်း မလက်ချေ။ တတ္ထ၊ ထိုနိဗ္ဗာန်၌။ တမော၊ အမိုက်မှောင်သည်လည်း။ နဝိဇ္ဇတိ၊ ထင်ရှားမရှိပလေ။ ဝါ၊ နိဗ္ဗာန် ဆိုတာ အမှောင်ထုလဲမဟုတ်ပေ။

**အဝိညာဏကဓာတ်**—အဲဒီ ပါဠိတော်စကားဖြင့် အသင်္ခတ ပရမတ်နိဗ္ဗာန် တရားတော်မြတ်၌ အဝိညာဏကဓာတ် တစုံတရာမျှ မရှိကြောင်းကို သေသေ ချာချာကြီး ညွှန်ပြတော်မူလေသည်။ နိဗ္ဗာန်သည် သတ္တဝါတို့ရဲ့ တည်ရာ မှီရာ နေထိုင်ရာ ဘုံဗိမာန် ရေ မြေ တော တောင် အာကာသ တစုံတရာမျှ မဟုတ်ဟု မြတ်စွာဘုရားက သိစေတော်မူပါသည်။ အဝိညာဏကဓာတ် ကင်းမဲ့ခြင်း,မရှိခြင်း ဖြင့် သဝိညာဏကဓာတ်လည်း တစုံတရာမျှ မရှိကြောင်း သိစေတော်မူပြန်၏။

အဲဒီ အချက်ကို ထင်ရှားစေရန် နောက်တဂါထာကိုထပ်၍ မိန့်ဆိုတော်မူပြန် ပါတယ်။

> ယဒါ စ အတ္တနာ ဝေဒိ၊ မုနိ မောနေန ဗြာဟ္မဏော။
> အထ ရူပါ အရူပါ စ၊ သုခဒုက္ခာ ပမုစ္စတိ။

ယဒါ၊ အကြင် အရဟတ္တမဂ်ခဏ၌။ မောနေန၊ ထိုးထွင်း၍သိသော ဆင်းရဲလွတ်ရေး ဉာဏ်အမြင်ဖြင့်။ မုနိ၊ မဂ်ဉာဏ်ပိုင်ရှင်ဖြစ်သော။ ဗြာဟ္မ- ဏော၊ မကောင်းမှုကို စင်ကြယ်စေသော အရိယာသာဝကသည်။ အတ္တနာ၊ သူပြောတိုင်းမယုံ ကိုယ်ကြုံကိုယ်တွေ့အားဖြင့်။ နိဗ္ဗာန်၊ နိဗ္ဗာန်ကို။ ဝေဒိ၊ သိလေပြီ။ အထ၊ ထိုနိဗ္ဗာန်ကိုသိပြီးသောနောက်၌။ ရူပါ စ၊ ရုပ်မှဉ်း။ အရူပါစ၊ နာမ်မှဉ်း။ သုခဒုက္ခာစ၊ ချမ်းသာဆင်းရဲ နှစ်ပါးမှဉ်း။ ပမုစ္စတိ၊ လွတ်လပ်ရေးရ၍ ငြိမ်းအေးလေတော့၏။

ယခုဟောပေးခဲ့တဲ့ ဂါထာပုဒ်ထဲမှာ "ယဒါစ အတ္တနာ ဝေဒိ" စသော ပဌမ နှစ်ပါဒဖြင့် မဂ္ဂသစ္စာကို ညွှန်ပြတော်မူပါတယ်။ "ပမုစ္စတိ"ဆိုတဲ့ ပါဠိတော်ဖြင့် နိရောဓသစ္စာကို ပြတော်မူပါတယ်။ "ရူပါ အရူပါ စ သုခဒုက္ခာ"ဖြင့် ဒုက္ခသစ္စာ သမုဒယသစ္စာနှစ်ပါးကို ပြတော်မူပါတယ်။ အဲဒီအထဲမှာ "ဗြာဟ္မဏော"ဆို သော စကားဖြင့် သီလ သမာဓိနှင့် မဂ်လေးပါးရှိ ပုဂ္ဂိုလ်ကို ပြတော်မူပါတယ်။

ဝေဒိ-ဖြင့် ဖလက္ခဏကို ပြတော်မူပါတယ်။ "မောနေန"ဟူသော ပါဠိတော် စကားဖြင့် သီလသံဝရဉာဏ်, သမာပတ္တိဉာဏ်, ဝိပဿနာဉာဏ်,အနုလောမဉာဏ်, ဂေါတြဘူဉာဏ်, မဂ်ဉာဏ်,ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်များကို ညွှန်ပြတော်မူ ပါတယ်လို့ မှတ်ရပါမယ်။

**အဓိပ္ပါယ်၏အကျဉ်းချုပ်မှာ** နိဗ္ဗာန်ဆိုတာ မြေ ရေ လေ မီး ခတ်ကြီး လေးပါး ဥပါဒါရုပ်တရားတို့ မရှိ၊ ဘုံဗိမာန်လဲမရှိ၊ ရူပသဘော, အရူပသဘောလဲ မရှိ၊ ချမ်းသာဆင်းရဲလဲ မရှိ၊ ၎င်းတို့မှ လွတ်လပ်ရာသည်သာလျှင် အသင်္ခတ ပရမတ္ထဖြစ်သော နိဗ္ဗာန်ဟု မှတ်သားကြပါကုန်။

## နိဗ္ဗာန်သဘောပြ သုတ္တန်များ

နောက်တနည်း နိဗ္ဗာန်နှင့်ယှဉ်စပ်တဲ့ သုတ္တန်များကို ဥဒါန်း ပါဠိတော်မှာပင် မြတ်စွာဘုရား ဟောတော်မူခဲ့ပြန်ပါတယ်။ ဘာသုတ္တန်လဲတွေဆိုတော့ ဒဗ္ဗ-သုတ္တန်စတဲ့ သုတ္တန်တွေဘဲ၊ ကဲ အဲဒီသုတ္တန်တွေကို နဲနဲဆက်ပြောကြဦးစို့။

ဒဗ္ဗသုတ္တန်။ ။မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်၌ သီတင်း သုံးနေတော် မူစဉ်အခါ ရဟန်းတို့ကို ခေါ်၍ ဤသို့ မိန့် တော်မူ၏။

ချစ်သားတို့ မလ္လမင်း၏သား ရှင်ဒဗ္ဗမထေရ်ဟာ ကောင်းကင်သို့ ပျံတက်၍ ကောင်းကင်မှာပင် တင်ပလ္လင်ခွေထိုင်နေလျက် တေဇောဓာတ်ကို ဝင်စားပြီး ပရိနိဗ္ဗာန် ပြုတဲ့အခါ ရှင်ဒဗ္ဗမထေရ်ရဲ့ ကိုယ်ကောင်ကို တေဇောဓာတ် လောင်ကျွမ်းရာ ပြာတို့ မီးသွေးတို့တောင်မှ မကြွင်းကျန်ခဲ့ဘူး။ ဥပမာ ဆီတို့, ထောပတ်တို့ကို မီးလောင်တဲ့အခါမှာ ပြာတို့ မီးသွေးတို့ မကျန်ခဲ့သလိုဘဲဟု မိန့်တော်မူပြီးတဲ့အခါမှာ ဤသို့ ဥဒါန်းကျူးရင့်တော်မူပါတယ်။

အယောဃနဟတဿေဝ၊ ဇလတော ဇာတဝေဒသော။
အနုပုဗ္ဗူပသန္တဿ၊ ယထာ န ဉာယတေ ဂတိ။

ဧဝံ သမ္မာ ဝိမုတ္တာနံ၊ ကာမဗန္ဓောဃတာရိနံ။
ပညာပေတုံ ဂတီ နတ္ထိ၊ ပတ္တာနံ အစလံ သုခံ။

အယောဃနဟတဿေဝ၊ သံတုံးဖြင့် ကျောက်ကိုရိုက်ခတ်စဉ်ပင်လျှင်။ ဇလတော၊တောက်ပထိန်လင်းစွာ ထွက်ပေါ်၍လာသော။ ဇာတဝေဒသော၊ မီးပွါး မီးပေါက် မီးပွင့်ကလေး၏။ အနုပုဗ္ဗူပသန္တဿ၊ အစဉ်အတိုင်း ချုပ်ငြိမ်းခြင်း၏။ ဂတိ၊ သွားလမ်းသဘောကို။ န ဉာယတေ ယထာ၊ မသိ အပ်သကဲ့သို့။

ဇဝံ၊ ဤသို့သောနည်းအတူ။ သမ္မာဝိမုတ္တာနံ။ ဘဝတဏှာမှ ကောင်းစွာ လွတ်မြောက်ကုန်၍။ ကာမဗန္ဓေသောဃတာရိနံ၊ ကာမတဏှာ သံယောဇဉ် ဟူသော သံသရာဝဲသြဃကြီးမှ ကူးမြောက်ကြကုန်၍။ အစလံ၊ တဏှာလှုပ် ချောက်ချားခြင်း ကင်းလွတ်သည့်။ သုခံ၊ ချမ်းသာသို့။ ပတ္တာနံ၊ ရရောက် ကုန်သော ရဟန္တာတို့၏။ ဂတိ၊ လားရောက်ရာသည်။ ဝါ၊ လားရာ ရောက်ရာကို။ ပညာပေတုံ၊ ပညတ်တင်ထား ထင်ရှားဖော်ပြခြင်းငှါ။ နတ္ထိ၊ မရှိတော့ချေ။

**အစိပ္ပါယ်က**တော့ သံတူဖြင့်ရိုက်ခတ်၍ မီးခတ်ကျောက်မှ ထွက်ပေါ်သော မီးသည် ဝါ- ဓာတ်မီးခြစ်မှ ထွက်လာသော မီးပွါးမီးပွင့်ကလေးသည် လောင်စာကင်းမဲ့၍ ချုပ်ငြိမ်းပုံအတိုင်းပင် သောတာပတ္တိမဂ်မှစ၍ အစဉ်အတိုင်း ကိလေသာငြိမ်းစဲသော ရဟန္တာ၏လားရောက်ရာ ဂတိသည် ပညတ်ပြောဆိုဘွယ် မရှိ, ချုပ်ငြိမ်းလေသည်။ (သောတာပတ္တိမဂ်မှစ၍ အရဟတ္တမဂ်အထိ ကိလေသာ ငြိမ်းခဲ့ပုံကို နောက်ကပြခဲ့သော အဇိတသုတ္တန် "ဝိညာဏဿ နိရောဓေန"ဟု ဟောထားသောအပိုဒ်ကို ပြန်၍ကြည့်ပါ။)

ဤယခုပြသော ဂါထာပုဒ်ဖြင့် နိဗ္ဗာနဂတိဟု အလားမရှိကြောင်း, ခန္ဓာ ငါးပါးတို့၏ ချုပ်ငြိမ်းခြင်းသာ နိရောဓ နိဗ္ဗာန်ဖြစ်ကြောင်းကို ပေါ်ပေါ် လွင်လွင်ကြီး ညွှန်ပြသိစေတော် မူပေသည်။

**ကေဝဋ္ဋသုတ္တန်။** ။ဒီနေရာမှာ နိဗ္ဗာန်၌ အရောင်အဆင်းနှင့် ဝိညာဏနိရောဓ ဖြစ်ပုံကိုလဲ ဒီဃနိကာယ် သီလက္ခန္ဓဝဂ် ကေဝဋ္ဋသုတ္တန်မှာ မြတ်စွာဘုရား ဟောကြားတော် မူခဲ့ပါသေးတယ်။ အဲဒီသုတ္တန်ကို အကျဉ်း ချုံး၍ လိုရင်းလောက်ကို ဆက်ကြဦးစို့—

ကတ္ထ အာပေါ စ ပထဝီ၊ တေဇော ဝါယော န ဂါဓတိ။
ကတ္ထ ဒီဃဉ္စ ရဿဉ္စ၊ အဏုံ ထူလံ သုဘာသုဘံ။
ကတ္ထ နာမဉ္စ ရူပဉ္စ၊ အသေသံ ဥပရုဇ္ဈတိ။

ကတ္ထ၊ အဘယ်အရပ်ကြောင့်။ ဝါ၊ အဘယ်အရပ်သို့ ရောက်ခြင်းကြောင့်။ အာပေါစ၊ ရေဓာတ်သည်၎င်း။ ပထဝီစ၊ မြေဓာတ်သည်၎င်း။ တေဇောစ၊ မီးဓာတ်သည်၎င်း။ ဝါယောစ၊ လေဓာတ်သည်၎င်း။ နဂါဓတိ၊ ထောက်တည် ရာမရပါသနည်း။ ကတ္ထ၊ အဘယ်အရပ်သို့ ရောက်ခြင်းကြောင့်လည်း။ ဒီဃဉ္စ၊ ရှည်သော အသွင်သဏ္ဌာန်ရှိသော ဥပါဒါရုပ်သည်၎င်း။ ရဿဉ္စ၊ ထိုသော အသွင်သဏ္ဌာန်ရှိသော ဥပါဒါရုပ်သည်၎င်း။ အဏုံစ၊ သေးငယ်မှုန်မွှား သော အသွင်သဏ္ဌာန်ရှိသော ဥပါဒါရုပ်သည်၎င်း။ ထူလံစ၊ ကြီးကျယ် တုတ်ထွသော အသွင်သဏ္ဌာန်ရှိသော ဥပါဒါရုပ်သည်၎င်း။ သုဘဉ္စ၊ တင့်တယ်

လှုပသော အသွင်သဏ္ဍာန်ရှိသော ဥပါဒါရုပ်သည်ရင်း။ အသုဘဉ္စ၊ မတင့်တယ် မလှပသော အသွင်သဏ္ဍာန်ရှိသော ဥပါဒါရုပ်သည်ရင်း။ နဂါဓတိ၊ ထောက်တည်ရာ မရှိပါသနည်း။ ဝါ၊ ထောက်တည်ရာ မရပါသနည်း။ ကတ္ထ၊ အဘယ်အရပ်သို့ ရောက်ခြင်းကြောင့်။ နာမဉ္စ၊ နာမ်သည် လည်းကောင်း။ ရူပဉ္စ၊ ရုပ်သည်လည်းကောင်း။ အသေသံ၊ အကြွင်းမဲ့။ ဥပရုဇ္ဈတိ၊ ကွယ်ပျောက်ချုပ်ငြိမ်း ရုပ်သိမ်းပါသနည်း။

**အဓိပ္ပါယ်။** ။ဒီဂါထာနှစ်ပုဒ်နဲ့ မြတ်စွာဘုရားလက်ထက်မှာ ရဟန်းတော်တပါးက မြတ်စွာဘုရားကို လျှောက်တယ်၊ ဘယ်လိုလျှောက်ထားသလဲ ဆိုတော့ အရှင်ဘုရား မဟာဘုတ်လေးပါးဟာ ဘယ်နေရာမှာ အကြွင်းအကျန် မရှိ ချုပ်ငြိမ်းပါသနည်းလို့ လျှောက်ထားပါတယ်။ ဒီတော့ မြတ်စွာဘုရားက ဒီလို မလျှောက်ထားရဘူး, မဟာဘုတ်လေးပါး ဘယ်နေရာမှာ ထောက်တည်ရာ မရပါသလဲလို့ လျှောက်ထားရမယ်လို့ မိန့်တော်မူလိုက်တဲ့ ဂါထာပုဒ်ဖြစ်ပါတယ်။

မေးသောရဟန်း၏ အာဘော်မှာ နိဗ္ဗာနဓာတ်ကို ရှာကြံခြင်း ဖြစ်၍ အလွန် အဘိုးထိုက်တန်ပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက ၎င်းရဟန်း၏ အမေးကို ပြင်ဆင်ပြီး အောက်ပါဂါထာနှစ်ပုဒ်ဖြင့် ဖြေဆိုတော် မူပါတယ်။

ဝိညာဏံ အနိဒဿနံ၊ အနန္တံ သဗ္ဗတောပဘံ။
ဧတ္ထ အာပေါ စ ပထဝီ၊ တေဇော ဝါယော န ဂါဓတိ။

ဧတ္ထ ဒီဃဉ္စ ရဿဉ္စ၊ အဏုံ ထူလံ သုဘာသုဘံ။
ဧတ္ထ နာမဉ္စ ရူပဉ္စ၊ အသေသံ ဥပရုဇ္ဈတိ။
ဝိညာဏဿ နိရောဓေန၊ ဧတ္ထေတံ ဥပရုဇ္ဈတိ။

ကိုင်း ဒီနေရာမှာ အခုရွတ်ဆိုခဲ့တဲ့ ပါဠိတော်ကို ဘုန်းကြီးတို့ အာစရိယ ဝါဒနှင့် အဋ္ဌကထာဝါဒ နှစ်မျိုးစလုံး ဟောပေးရမယ်။ ရှေးဦးစွာ ပါဠိတော် မူရင်းကို အာစရိယ ဝါဒဖြင့် အနက်ယောဇနာ ပြီးတော့ အဓိပ္ပါယ်ပြော ပေးမယ်။ နောက်အဋ္ဌကထာဖွင့်အတိုင်း အနက်ယောဇနာပြီးတော့ ဋီကာဖွင့်နဲ့ အဓိပ္ပါယ်ပြောပေးမယ်။

အနိဒဿနံ၊ ဘယ်နေရာဟု ညွှန်ပြစရာမရှိမူ၍။ အနန္တံ၊ အပိုင်းအခြား အဆုံး အကန့်အသတ် ကင်းမဲ့လျက်။ သဗ္ဗတောပဘံ၊ အာရုံဟူသော အရပ် မျက်နှာအားလုံး လင်းထိန်သော။ ဝိညာဏံ၊ ဝိညာဉ်သည်။ အတ္ထိ၊ ရှိ၏။

ဒီနေရာမှာ **အဓိပ္ပါယ်က** အရူပ ဒုတိယ ဝိညာဏဉ္စာယတနသမာဓိ စိတ်ကို အာကာသာနဉ္စာယတနအာရုံ၌ ရှိတဲ့စိတ်၏ နောက်ဖြစ်သောကြောင့် အနိဒဿနံ အနန္တံ သဗ္ဗတောပဘံ-ဟု ဆိုတယ်လို့ မှတ်ရပါမယ်။ ဒီအဓိပ္ပါယ်အရဆိုရင် အနိ-

ဒဿနံရယ် အနန္တံရယ် သဗ္ဗတောပဘံရယ် ဆိုတဲ့ စကားသုံးလုံးဟာ နိဗ္ဗာန်နဲ့ မစပ်ယှဉ်တော့ပဲ ဝိညာနဉ္စာယတနသမာဓိ စိတ်နဲ့သာ ယှဉ်စပ်တယ်လို့ မှတ်ရတော့မယ်။ ဒီလိုဆိုရင် သဗ္ဗတောပဘံနဲ့ ပတ်သက်၍ နိဗ္ဗာန်မှာ အရောင်ရှိ, မရှိ လင်းပါးဘွယ် မရှိတော့ဟု မှတ်ရပါမယ်။

ေတ္ထ၊ ဤဝိညာဉ်၌။ အာပေါ စ၊ ရေဓာတ်သည်လည်း။ ဝါ၊ အာပေါကသိုဏ်း အာပေါအာရုံသည်လည်း။ ပထဝီစ၊ မြေဓာတ်သည်လည်း။ ဝါ၊ ပထဝီကသိုဏ်း အာရုံသည်လည်း။ တေဇောစ၊ မီးဓာတ်သည်လည်း။ ဝါ။ တေဇောကသိုဏ်း အာရုံသည်လည်း။ ဝါယောစ၊ လေဓာတ်သည်လည်း။ ဝါ၊ ဝါယောကသိုဏ်း အာရုံသည်လည်း။ နဂါဓတိ၊ ထောက်တည်ရာမရ,မထောက်တည်နိုင်, မရပ်တည်နိုင်။

ေတ္ထ၊ ဤဝိညာဉ်၌။ ဒီဃဉ္စ၊ အရှည်ဟူသော သညာ, ရှည်သောရုပ်သည်လည်း။ ရဿဉ္စ၊ အတိုဟူသော သညာ,တိုသော ရုပ်သည်လည်း။ အဏုံစ၊ သေးငယ်သော သညာ, သေးငယ်သော ရုပ်သည်လည်း။ ထူလံစ၊ အကြီးဟူသော သညာ, ကြီးမားသောရုပ်သည်လည်း။ သုဘံစ၊ တင့်တယ်၏ဟူသော သညာ,တင့်တယ်သောရုပ်သည်လည်း။ အသုဘံစ၊ မတင့်တယ်သော သညာ, မတင့်တယ်သောရုပ်သည်လည်း။ နဂါဓတိ၊ ထောက်တည်ရာမရ, မထောက်တည်နိုင်, မရပ်တည်နိုင်။

ခုပြောခဲ့တဲ့ ပါဠိတော်ရဲ့စကားဖြင့် ရုပ်တရားအားလုံးတို့ရဲ့ ထောက်တည်ရာမရသော ဝိညာနဉ္စာယတနသမာဓိစိတ်ကိုသာ မြတ်စွာဘုရား ပြတော်မူတယ်လို့ မှတ်ရပါမယ်။

ယခုအခါ ယင်းသည့် ရုပ်၏ ပရိယာယ်ချုပ်သည့်အဖြစ်ကို တကယ်ချုပ်သော အဖြစ်အားဖြင့် ပြတော်မူလိုသော ဘုရားရှင်ကိုယ်တော်မြတ်သည်။ ေတ္ထ နာမဉ္စ ရူပဉ္စ-စသော ဂါထာကိုမိန့်ဆို ဟောကြားတော်မူလေသည်။

ေတ္ထ၊ ဤဝိညာဉ်ချုပ်ရာနောက်၌။(နောက်၌ပြလတ္တံ့သော ဝိညာဏဿ နိရောဓေန၏ နိယမဟု မှတ်ရပါမယ်) နာမဉ္စ၊ နာမ်သည်လည်း။ ရူပဉ္စ၊ ရုပ်သည်လည်း။ အသေသံ၊ အကြွင်းမဲ့။ ဥပရုဇ္ဈတိ၊ ချုပ်ငြိမ်း၏။

ယခုအခါ ဆိုခဲ့ပြီးသော နာမ်ရုပ် ချုပ်ငြိမ်းကြောင်းကို ဝိညာဏဿ နိရောဓေန-စသည်ဖြင့် ညွှန်ပြတော်မူလေသည်။

ဝိညာဏဿ၊ ဝိညာဉ်၏။ နိရောဓေန၊ ချုပ်ခြင်းကြောင့်။ ေတ္ထ၊ ဤဝိညာဉ်ချုပ်ရာ၌။ ဧတံ၊ ဤသို့ စုံပြီးရုပ်အားလုံးသည်။ ဥပရုဇ္ဈတိ၊ အကြွင်းမဲ့ ချုပ်၏။

**ဝိညာဉ်ချုပ်ရာ။** ။ဝိညာဉ်သည် အာကိဉ္စညာယတနစျာန်၌ ချုပ်တယ်ဟု ပရိယာယ်အားဖြင့် ဆိုနိုင်၏။ နေဝသညာနာသညာယတန စျာန်၌လည်း ထို့အတူ ပရိယာယ်အားဖြင့် ဝိညာဉ်ချုပ်တယ်ဟု ဆိုနိုင်၏။ တကယ်စင်စစ်ကား နိရောဓသမာပတ်၌သာ ချုပ်၏။ သို့ရာတွင် အဆုံးသတ် ချုပ်ရာကတော့ ရဟန္တာပုဂ္ဂိုလ်၏ စုတိမှာသာချုပ်၏။ ရုပ်ကတော့ အာကာ-သာနဉ္စာယတနစျာန်၌ အာကာသသညာရှိသေးရကား ရုပ်မကွယ်သေး၊ ဝိညာ-နဉ္စာယတနစျာန်၌သာ ရူပသညာကွယ်လေသည်။ ဤကိုရည်၍—

ဧတ္ထ အာပေါ စ ပထဝီ၊ တေဇော ဝါယော န ဂါဓတိ-ဟု မိန့်ဆိုတော်မူလေသည်။

ဘုရားရှင်သည် ရုပ်သေနည်း, ရုပ်ချုပ်နည်းကို, လူတို့စုတိနောင် ချုပ်ကွယ်သောရုပ်၏ တဖြေးဖြေးချုပ်ငြိမ်းပုံ, ပကတိ အဝိညာဏကရုပ်တို့၏ ချုပ်ငြိမ်းပုံကို အကြွင်းမဲ့သိတော်မူ၏။ ဝိညာနဉ္စာယတနစျာန်၌ ရုပ်တရားတို့ ထောက်တည်ရာ မရသည်ကိုလည်း အာဠာရ ဥဒကရသေ့ကြီးများ အထံမှပင် သိခဲ့၏။ ဝိညာဉ် ချုပ်ပုံကို နေဝသညာနာသညာယတနစျာန်အရ သိခဲ့၏။ သို့သော်လဲ အကြွင်းမဲ့ ချုပ်ငြိမ်းခြင်း မဟုတ်ဟု သိတော်မူ၏။

ထို့ကြောင့် ကိုယ်တော်တိုင်ပင် အပင်ပန်းခံတော်မူ၍ ဝိညာဏနိရောဓကို ကြံစည် ပေါက်မြောက် နိဗ္ဗာန်တိုင် မျက်မှောက်ပြုကာ သဗ္ဗညု အဖြစ်သို့ ရောက်လျက် နိဗ္ဗာန်တရားတော်ကို ညွှန်ပြတော်မူခဲ့လေသည်။

ဤသည်ကား အာစရိယဝါဒ ဆရာသမားတို့ထံမှ ရရှိအပ်သော လဒ္ဓါပဒေသ ပေတည်း။

အထက်ပါ "ဝိညာဏံ အနိဒဿနံ" စသော ဂါထာပုဒ်ကို အဋ္ဌကထာ ဆရာကြီးများ ဖွင့်ဆိုရေးသားတော်မူသော အနက်ယောဇနာ နည်းမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

ဝိညာဏံ၊ ထူးသောအရိယာမဂ်ဖြင့် သိအပ်သော။ (ဝိညာဏန္တိ ဝိဇာနိ-တဗ္ဗံ ဝိညာတဗ္ဗန္တိ ဝိညာဏံဟု မူလပဏ္ဏာသအဋ္ဌကထာ, သီလက္ခန်အဋ္ဌကထာ တို့က ဖွင့်ဆိုကြ၏) အနိဒဿနံ၊ စက္ခုဝိညာဉ်ဖြင့် မမြင်အပ်ကောင်းသော (အနိဒဿနန္တိ စက္ခုဝိညာဏဿ အာပါထံ အနုပဂမနတော အနိဒဿနံ နာမ-ဟု မူလပဏ္ဏာသအဋ္ဌကထာကဖွင့်ဆို၏)။အနန္တံ၊ ဥပါဒ် ဌီ ဘင် ဟူသော အပိုင်းအခြားမရှိသော။ သဗ္ဗတောပဘံ၊ အလုံးစုံသော ကမ္မဋ္ဌာန်းကို အဦး ပြုသဖြင့် သောက်ချိုး သက်ဆင်းရာ ဆိပ်ကမ်းရှိသော။ ဝါ၊ ထက်ဝန်းကျင်မှ တောက်ပပြောင်လက် အမှောင်ပျက်အောင် ရောင်ထွက် ဝင်းထိန်သော အလင်းဓာတ်ရှိသော။ ယံနိဗ္ဗာနံ၊ အကြင်နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။

တွေ့တေသို့ နိဗ္ဗာနေ၊ ဤနိဗ္ဗာန်ကြောင့်။ ဝါ၊ ဤနိဗ္ဗာန်သို့ရောက်ခြင်းကြောင့်။ အာပေါ စ၊ ရေဓာတ်သည်၎င်း။ ပထဝီ စ၊ မြေဓာတ်သည်၎င်း။ တေဇော စ၊ မီးဓာတ်သည်၎င်း။ ဝါယော စ၊ လေဓာတ်သည်၎င်း။ န ဂါဓတိ၊ ထောက်တည်ရာမရခဲ့။

တွေ့တေသို့ နိဗ္ဗာနေ၊ ဤနိဗ္ဗာန်ကြောင့်။ ဝါ၊ ဤနိဗ္ဗာန်သို့ ရောက်ခြင်းကြောင့်။ ဒီဃဉ္စ၊ ရှည်သောအသွင်သဏ္ဌာန်ရှိသော ဥပါဒါရုပ်သည်၎င်း။ ရဿဉ္စ၊ တိုသောအသွင်သဏ္ဌာန်ရှိသော ဥပါဒါရုပ်သည်၎င်း။ အဏုဉ္စ၊ သေးငယ်သော အသွင်သဏ္ဌာန်ရှိသော ဥပါဒါရုပ်သည်၎င်း။ ထူလဉ္စ၊ ကြီးကျယ်ထူထဲသော အသွင်သဏ္ဌာန်ရှိသော ဥပါဒါရုပ်သည်၎င်း။ သုဘဉ္စ၊ တင့်တယ်သော အသွင်သဏ္ဌာန်ရှိသော ဥပါဒါရုပ်သည်၎င်း။ အသုဘဉ္စ၊ မတင့်တယ်သော အသွင်သဏ္ဌာန်ရှိသော ဥပါဒါရုပ်သည်၎င်း။ နဂါဓတိ၊ ထောက်တည်ရာမရခဲ့။

တွေ့ တေသို့ နိဗ္ဗာနေ၊ ဤနိဗ္ဗာန်ကြောင့်။ ဝါ၊ ဤနိဗ္ဗာန်သို့ ရောက်ခြင်းကြောင့်။ နာမဉ္စ၊ နာမ်သည်၎င်း။ ရူပဉ္စ၊ ရုပ်သည်၎င်း။ အသေသံ၊ အကြွင်းမဲ့။ ဥပရုဇ္ဈတိ၊ ကွယ်ပျောက်ချုပ်ငြိမ်း ရုပ်သိမ်း၏။ ဝိညာဏဿ၊ စရိမကဝိညာဉ် အဘိသင်္ခါရဝိညာဉ်၏။ နိရောဓေန၊ ချုပ်ခြင်းကြောင့်။ တွေ့ တေသို့ နိဗ္ဗာနေ၊ ဤနိဗ္ဗာန်သို့ ရောက်ခြင်းကြောင့်။ တေ နာမရူပံ၊ ဤနာမ်ရုပ်သည်။ ဥပရုဇ္ဈတိ၊ ကွယ်ပျောက်ချုပ်ငြိမ်း ရုပ်သိမ်း၏။

ကိုင်း ဘုန်းကြီးတို့ ပါဠိတော်လဲ ရွတ်ပြီးပြီး၊ အနက်မြန်မာလဲ ပြန်ဆိုပြီးပြီ၊ အဋ္ဌကထာမှာလာတဲ့ အဓိပ္ပါယ်ကို ပြောကြအုံးစို့——

**အဓိပ္ပါယ်**——အဋ္ဌကထာဆိုတော့ သီလက္ခန်အဋ္ဌကထာ, မူလပဏ္ဏာသအဋ္ဌကထာတို့မှာလာတဲ့ အဓိပ္ပါယ်ကို ပြောပေးရမယ်။

ဒီနေရာမှာ ဝိညာဏံ ဆိုတဲ့ ပါဠိတော်စကားကို "ဝိညာတဗ္ဗန္တိ ဝိညာဏံ၊ နိဗ္ဗာနဿေတံ နာမံ"လို့ အဓိပ္ပါယတ္ထနဲ့ ဖွင့်ဆိုထားပါတယ်။ ပဏ္ဏာသအဋ္ဌကထာကတော့ "ဝိညာဏန္တိ ဝိဇာနိတဗ္ဗံ"လို့ ရိုးရိုးဘဲ ဖွင့်ပါတယ်။

ယံ နိဗ္ဗာနံ၊ အကြင်နိဗ္ဗာန်ကို။ ဝိညာတဗ္ဗံ၊ ထူးသောအရိယာမဂ်ဉာဏ်ဖြင့် သိအပ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံ နိဗ္ဗာနံ၊ ထိုနိဗ္ဗာန်သည်။ ဝိညာဏံ၊ ဝိညာဏမည်၏။ ဧတံနာမံ၊ ဝိညာဏ-ဟူသော ဤအမည်သည်။ နိဗ္ဗာနဿ၊ နိဗ္ဗာန်၏။ နာမံ၊ အမည်ပေတည်း။

**အဓိပ္ပါယ်က**တော့ ဝိညာဏံ ဆိုတာဟာ နိဗ္ဗာန်ကိုခေါ်တာပါတဲ့၊ ဘာ့ကြောင့်လဲဆိုတော့ ထိုနိဗ္ဗာန်ကို ထူးသောမဂ်ဉာဏ်ဖြင့် သိအပ်သောကြောင့် နိဗ္ဗာန်

သည် ဝိညာဏ မည်ပါတယ်တဲ့။ ဒါကြောင့် ဝိညာဏဆိုတဲ့ နာမည်ဟာ နိဗ္ဗာန်ရဲ့ နာမည်ကို ဆိုတာလို့ မှတ်ပါတဲ့။

"အနိဒဿနံ"ဆိုတဲ့ ပါဠိတော်ကျတော့ "တဒေတံ နိဒဿနာဘာဝတော အနိဒဿနံ"လို့ အဋ္ဌကထာက ဖွင့်ဆိုပေးပါတယ်။

တဒေတံ တံ ဧတံ နိဗ္ဗာနံ၊ ထိုနိဗ္ဗာန်သည်။ နိဒဿနာဘာဝတော၊ စက္ခုဝိညာဉ်ဖြင့် မြင်အပ်သည်၏ အဖြစ် မရှိခြင်းကြောင့်။ ဝါ၊ ညွှန်ပြအပ်သော ဥပမာ၏ မရှိခြင်းကြောင့်။ အနိဒဿနံ၊ အနိဒဿနမည်၏။

**အဓိပ္ပါယ်**ကတော့ နိဗ္ဗာန်ဆိုတာ စက္ခုဝိညာဉ်ဖြင့် မမြင်ကောင်း, မတွေ့ကောင်းသောကြောင့် တစုံတရာ တန်းတူထုတ်ပြစရာ ဥပမာညွှန်ပြဘို့ရန် မရှိတဲ့အတွက် အနိဒဿနမည်ပါတယ်-လို့ အဋ္ဌကထာဆရာက ညွှန်ပြပါတယ်။

ဒီနေရာမှာ ပဏ္ဏာသအဋ္ဌကထာက "အနိဒဿနန္တိ စက္ခုဝိညာဏဿ အာပါထံ အနုပဂမနတော အနိဒဿနံ နာမ၊ ပဒဒွယေနပိ နိဗ္ဗာနမေဝ ဝုတ္တံ"-လို့ ဖွင့်ဆိုထားပါတယ်။ အဓိပ္ပါယ်ကတော့ စောစောက ပြောခဲ့တဲ့ သဘောမျိုးပါဘဲ။

"အနန္တံ"ဆိုတဲ့ ပါဠိတော်ကျတော့ ဘယ်လိုဖွင့်သလဲဆိုရင် "ဥပ္ပါဒန္တော ဝါ ဝယန္တော ဝါ ဌိတဿ အညထတ္တန္တော ဝါ ဧတဿ နတ္ထီတိ အနန္တံ"လို့ ဖွင့်ဆိုထားပါတယ်။

ဧတဿ နိဗ္ဗာနဿ၊ ထိုနိဗ္ဗာန်အား။ ဥပ္ပါဒန္တော ဝါ၊ ဥပါဒ်ဟုဆိုအပ်သော အဆုံးအပိုင်းအခြား အခိုက်အတန့်သည်သော်၎င်း။ ဝယန္တော ဝါ၊ ဘင်ဟုဆိုအပ်သော အဆုံးအပိုင်းအခြား အခိုက်အတန့် သည်သော်၎င်း။ ဌိတဿ၊ တည်ဆဲဖြစ်သော နိဗ္ဗာန်၏။ အညထတ္တန္တော ဝါ၊ ဥပါဒ်ဘင်တို့မှ တပါးသော အပြား၏ အဖြစ်ဟူသော ဌီဟု ဆိုအပ်သော အဆုံးအပိုင်းအခြားသည်သော်၎င်း။ နတ္ထိ၊ မရှိ။ ဣတိ တသ္မာ၊ ထိုသို့ ဥပါဒ်, ဌီ, ဘင်ဟူသော အဆုံးအပိုင်းအခြား မရှိသည်၏အဖြစ်ကြောင့်။ တံ နိဗ္ဗာနံ၊ ထိုနိဗ္ဗာန်သည်။ အနန္တံ၊ အနန္တမည်၏။

**အဓိပ္ပါယ်**ကတော့ နိဗ္ဗာန်ဆိုတဲ့ သဘောမှာ ဥပါဒ်-ဖြစ်, ဌီ-တည်, ဘင်-ပျက်-ဆိုတဲ့ သဘောသုံးမျိုး မရှိသောကြောင့် နိဗ္ဗာန်သည် အနန္တမည်၏ဟု သိစေပါတယ်။ ဖြစ်ခြင်း, တည်ခြင်း, ပျက်ခြင်း သဘောမရှိရာကို နိဗ္ဗာန်မည်၏ဟု ဆိုလိုပါတယ်။

**သဗ္ဗတောပဘံကို ရှင်းလင်းပြချက်။** ။"သဗ္ဗတောပဘံ"ဆိုတဲ့ ပါဠိတော်စကားကို အဋ္ဌကထာ ဆရာကြီးက ဘယ်လို ဖွင့်ဆိုထားသလဲဆိုတော့—

ပဘန္တိ ပန စေတံ ကိရ တိတ္ထာယ နာမံ။ တဥ္စ ပပန္တိ ဧတ္ထာတိ ပပံ၊ ပ-ကာရဿ ပန ဘ-ကာရော ကတော၊ သဗ္ဗတော ပဘမဿာတိ သဗ္ဗတောပဘံ-လို့ ဖွင့်ဆိုထားပါတယ်။

ပန၊ အဘိုတပါးကို ပြဆိုဦးအံ့။ ပဘန္တိ ဧတံ နာမံ၊ ပဘံဟူသော ဤအမည်သည်။ တိတ္ထာယ၊ သက်ဆင်းရာ ဆိပ်၏။ နာမံ၊ အမည်ပေတည်း။

ဒီနေရာမှာ "ပဘံ"ထိုတဲ့ နာမည်ဟာ ရေဆိပ်ရဲ့ အမည်ပါဘဲတဲ့။

ဟိ၊ ထင်ရှားစွာပြဦးအံ့။ တံတိတ္ထံ၊ ထိုသက်ဆင်းရာဆိပ်သည်။ ဧတ္ထ ဧတသ္မိံ တိတ္ထေ၊ ဤသက်ဆင်းရာဆိပ်၌။ ပပန္တိ၊ အပြားအားဖြင့် သောက်ကြကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ပပံ၊ ပပမည်၏။ ပန၊ အဘိုတပါးကိုဆိုအံ့။ ပ-ကာရဿ၊ ပအက္ခရာ၏။ ဘ-ကာရော၊ ဘအက္ခရာကို။ ကတော၊ ပြုအပ်ပြီ။ အဿ နိဗ္ဗာနဿ၊ ထိုနိဗ္ဗာန်အား။ သဗ္ဗသော၊ အလုံးစုံသော ကမ္မဋ္ဌာန်းကို အဦးပြုသဖြင့်။ ပဘံ၊ သောက်ချိုးသက်ဆင်းရာဖြစ်သော ဆိပ်သည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ တံနိဗ္ဗာနံ၊ ထိုနိဗ္ဗာန်သည်။ သဗ္ဗတောပဘံ။ သဗ္ဗတောပဘမည်၏။

ဆိုလိုတဲ့ **အဓိပ္ပါယ်**ကတော့ မဟာသမုဒ္ဒရာ၏အတွင်းသို့ အကြင် အကြင် အရပ်မှ သက်ဆင်းခြင်းငှါ အလိုရှိ၏။ ထိုအရပ်သည် ရေဆိပ်မည်သလို့ သမုဒ္ဒရာသို့ သက်ဆင်းရာဆိပ် မဟုတ်သော အရပ်မည်သည် မရှိသလို ထို့အတူပါဘဲ သုံးဆဲ့ရှစ်မျိုးသော ကမ္မဋ္ဌာန်းတို့တွင် အကြင်အကြင် ကမ္မဋ္ဌာန်းကို အဦးပြုသဖြင့် နိဗ္ဗာန်သို့ သက်ဝင်လိုကုန်၏၊ ထိုကမ္မဋ္ဌာန်းသည်သာလျှင် နိဗ္ဗာန်၏ဆိပ် မည်ပါတယ်တဲ့၊ နိဗ္ဗာန်၏ သက်ဆင်းရာဆိပ် မဟုတ်သော အရပ်မည်သည် မရှိ၊ ဒါကြောင့် နိဗ္ဗာန်ကို သဗ္ဗတောပဘံ-လို့ ခေါ်တာပါလို့ ဖွင့်ဆိုပါတယ်။

ဒီနေရာမှာ မူလပဏ္ဏာသအဋ္ဌကထာကတော့ သဗ္ဗတောပဘန္တိ သဗ္ဗသော ပဘာသမ္ပန္နံ-လို့ ဖွင့်ပြန်ပါတယ်။ သဗ္ဗတောပဘန္တိ၊ သဗ္ဗတောပဘံဟူသည်ကား။ သဗ္ဗသော၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ ပဘာသမ္ပန္နံ၊ အရောင်နှင့် ပြည့်စုံ၏။

**အဓိပ္ပါယ်**ကတော့ သဗ္ဗတောပဘံဆိုတဲ့ ပါဠိတော်စကားဟာ အချင်းခပ်သိမ်း အရောင်နဲ့ပြည့်စုံနေတဲ့ သဘောလို့ ဆိုလိုတယ်။ ဒီနေရာမှာ အဋ္ဌကထာက ထပ်ပြီး ရှင်ထားတာကတော့—

> နိဗ္ဗာနတော ဟိ အညော ဓမ္မော သပဘတရော ဝါ ဇောတိဝန္တတရော ဝါ ပရိသုဒ္ဓတရော ဝါ ပဏ္ဍရတရော ဝါ နတ္ထိ-တဲ့။

အဓိပ္ပါယ်ဆိုလိုရင်းက ဘာလဲလို့ဆိုတော့ နိဗ္ဗာန်ထက်ပိုပြီးတော့ လင်းတဲ့တရား, အရောင်ပိုပြီး ထွက်တဲ့တရား, ပိုပြီးတော့ စင်ကြယ်တဲ့တရား, ပိုပြီးတော့ ဖြူဖွေး ပြောင်လက်တဲ့တရား မရှိပါဘူးတဲ့၊ ဒါကြောင့် သဗ္ဗတောပဘံ-လို့ ဆိုတာပါတဲ့။

သဗ္ဗတောပဘံ-ကို အဋ္ဌကထာက နောက်တနည်း ဖွင့်ဆိုပါသေးတယ်။

သဗ္ဗတော ဝါ တထာ ပဘူတမေဝ၊ န ကတ္ထစိ နတ္ထီတိ သဗ္ဗတော-ပဘံ တဲ့။

တထာ၊ ထိုမှတပါး။ သဗ္ဗတောဝါ၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်လည်း။ ပဘူတမေဝ၊ ထင်ထင်ရှားရှားရှိသည်သာလျှင်တည်း။ ကတ္ထစိ၊ တစုံတခုသောအရပ်၌။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ နတ္ထိ၊ မရှိသည်ကား။ န၊ မဟုတ်။ အတ္ထိဝေ၊ ရှိသည်သာတည်း။ ဣတိ၊ ထို့ကြောင့်။ သဗ္ဗတောပဘံ။ သဗ္ဗတော-ပဘာ-မည်၏ တဲ့။

**အဓိပ္ပါယ်** ကတော့ အရပ်ဆယ်မျက်နှာမှာ ဘယ်နေရာမှာမဆို နိဗ္ဗာန်မရှိဘူးလို့ မဆိုရပါဘူး၊ နိဗ္ဗာန်ရှိပါတယ် တဲ့။ ဒါကြောင့် အဋ္ဌကထာက—

ပုရတ္ထိမဒိသာဒီသု ဟိ အသုကဒိသာယ နာမ နိဗ္ဗာနံ နတ္ထီတိ န ဝတ္တဗ္ဗံ—

လို့ မိန့်ဆိုပါတယ်။ ဒါကြောင့် နိဗ္ဗာန်သည် အလုံးစုံသောအရပ်မျက်နှာ၌ ရှိသည်ဖြစ်သောကြောင့် သဗ္ဗတောပဘံလို့ ဆိုရပါတယ်-ဟု ဖွင့်ဆိုပါတယ်။

ဒီ နေရာမှာ "သဗ္ဗတောပဘံ" ကို "ဝိသုဒ္ဓဋ္ဌေန ဝါ သဗ္ဗတော ပဘံ၊ ကေနစိ အနုပက္ကိလိဋ္ဌတာယ သမန္တတော ပဘဿရန္တိ အတ္ထော"-လို့ သီလက္ခန်ဋီကာဟောင်းက ဖွင့်ဆိုပါတယ်။

ဝါ၊ တနည်းကား။ ဝိသုဒ္ဓဋ္ဌေန၊ ကိလေသာညစ်ကြေး အပြစ်တေးမှ ကင်းဝေး စင်ကြယ်သည်၏ အဖြစ်ဟူသော အနက်သဘော သတ္တိကြောင့်။ သဗ္ဗတောပဘံ၊ သဗ္ဗတောပဘာ မည်၏။ ကေနစိ၊ တစုံတခုသော ကိလေသာညစ်ကြေး အပြစ်တေးသည်။ အနုပက္ကိလိဋ္ဌတာယ၊ မပူပန်စေအပ် မနှိပ်စက်အပ်သည်၏ အဖြစ်ကြောင့်။ ဝါ၊ မညစ်နွမ်းစေအပ်သည်၏ အဖြစ်ကြောင့်။ သမန္တတော၊ ထက်ဝန်းကျင်မှ။ ပဘဿရံ၊ ပြိုးပြိုးပြက်ပြက် တလက်လက် ထွက်သော အရောင်ရှိ၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ သဗ္ဗတော-ပဘံ၏ အနက်သဘောတည်း။

**အဋ္ဌကထာနည်း**အလိုကတော့ ပပံ-ဟု ဆိုလျက် ပဋ္ဌမက္ခရာ ပ-ကိုစတုတ္ထက္ခရာ ဘ-ပြု၍ ပဘံ-ဟုဆိုလိုပါတယ်တဲ့။ သဒ္ဒါဟောရင်းစွဲက ရေဆိပ်ကို ဟောပါတယ်။

**ပါရာယနနှ(ဒု)-၃၈—ပ-မ-ဗ-သ-စ**

ဠီကာနည်းအလိုကတော့ အရောင်ကို ဟောပါတယ်။ အလုံးစုံသော ကိလေသာ တည်းဟူသော အညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်သည်၏ အဖြစ်ကြောင့် နိဗ္ဗာန်မှာ ထက်ဝန်းကျင်မှ တောက်ပြောင်သော အရောင်ရှိ၏။ တစုံတခုသော ကိလေသာ အညစ်အကြေးသည် မပူပန်စေအပ် မနှိပ်စက်အပ် မညစ်နွမ်းစေ အပ်သည်၏ အဖြစ်ကြောင့် နိဗ္ဗာန်မှာ တလက်လက် တဝင်းဝင်း လင်း၍နေသော အရောင်ရှိ၏-ဟု ဆိုလိုပါတယ် တဲ့၊ ဒါက သီလက္ခန်ဋီကာ ဟောင်းက ညွှန်ပြတဲ့ စကားပါ။

**သီလက္ခန်ဋီကာသစ်**က ဘယ်လိုပြောသလဲ ဆိုတော့—

> အယံ အဋ္ဌကထာတော အပရော နယော၊ ပကာရေန ဘာသနံ ဇောတနံ ပဘာ၊ သဗ္ဗတော ပဘာ အဿာတိ သဗ္ဗတောပဘံ၊ ကေနစိ အနုပက္ကိလိဋ္ဌတာယ သမန္တတော ပဘဿရံ ဝိသုဒ္ဓန္တိ အတ္ထော—လို့။

ဖွင့်ဆို ပြောကြားထားပါတယ်။

အယံ၊ ဤဆိုလတ္တံ့သည်ကား။ အဋ္ဌကထာတော၊ အဋ္ဌကထာမှ။ အပရော၊ တပါးသော။ နယော၊ ဋီကာနည်းတည်း။ ပကာရေန၊ အပြားအားဖြင့်။ ဘာသနံ၊ တောက်ပခြင်းတည်း။ ဇောတနံ၊ ထွန်းလင်းတောက်ပခြင်းတည်း။ ဝါ၊ တောက်ပတတ်သော အရောင်တည်း။ ပဘာ၊ အပြားအားဖြင့် တောက်ပခြင်း။ ဝါ၊ အပြားအားဖြင့် တောက်ပတတ်သော အရောင်။ အဿ နိဗ္ဗာနဿ၊ ထိုနိဗ္ဗာန်အား။ သဗ္ဗတော၊ ထက်ဝန်းကျင်မှ။ ပဘာ၊ အပြားအားဖြင့် တောက်ပခြင်းသည်။ ဝါ၊ အပြားအားဖြင့် တောက်ပတတ်သော အရောင်သည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံနိဗ္ဗာနံ၊ ထိုနိဗ္ဗာန်သည်။ သဗ္ဗတောပဘံ၊ သဗ္ဗတောပဘံမည်၏။ ကေနစိ၊ တစုံတခုသော ကိလေသာ အညစ်အကြေး အပြစ်ဘေးသည်။ အနုပက္ကိလိဋ္ဌတာယ၊ မပူပန်စေအပ် မညစ်နွမ်းစေအပ်သည်၏ အဖြစ်ကြောင့်။ သမန္တတော၊ ထက်ဝန်းကျင်မှ။ ပဘဿရံ၊ ပြိုးပြိုးပြက်ပြက် တလက်လက်နှင့် အရောင်ထွက်၍နေ၏။ ဝိသုဒ္ဓံ၊ ကိလေသာအညစ်အကြေး အပြစ်ဘေးမှ ကင်းဝေးစင်ကြယ်၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ သဗ္ဗတော- ပဘံ၏ အနက်သဘောပေတည်း။

**သဒ္ဒါနည်းရှင်းချက်။** ။ဒီနေရာမှာ "ပကာရေန ဘာသနံ ဇောတနံ"ဟု ဘာဝသာဓ်ပြု၍ ပဘာ-အရ တောက်ပခြင်း ကိရိယာ, တောက်ပတတ်သော အရောင်ကို ယူရမည်ဟု ဆရာတို့ ဆိုကြကုန်၏။

သဗ္ဗတော ပဘာ အဿ ဟူသော စတုတ္ထီ ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထကြောင့် နိဗ္ဗာန်သည် "**သဗ္ဗတောပဘာ**"မည်၏။ တစုံတခုသော ကိလေသာ အညစ်အကြေး

အပြစ်ဘေးသည် မပူပန်စေအပ် မညစ်နွမ်းစေအပ်သည်၏ အဖြစ်ကြောင့် နိဗ္ဗာန်မှာ ထက်ဝန်းကျင်မှ တပြောင်ပြောင်တလက်လက် ထွက်သော အရောင်ရှိ၏ဟု ယူရပါမယ်တဲ့။

ထက်ဝန်းကျင်မှ တပြောင်ပြောင်တလက်လက် အရောင်ထွက်သည်၏ အဖြစ်ဆိုတာလည်း ကိလေသာညစ်ကြေး အပြစ်ဘေးမှ ကင်းဝေးစင်ကြယ်သည်၏ အဖြစ် ဝိသုဒ္ဓဌကိုပင် ဆိုလိုတာပါဘဲလို့ မှတ်သားရပါမယ်တဲ့။

ဒီနေရာမှာ "သဗ္ဗတောပဘံ"ဆိုတဲ့ ပါဠိတော်နဲ့ ပတ်သက်၍ နိဗ္ဗာန်အကြောင်းကို ရေးသားကြသော ပညာရှင်တို့သည် ပါဠိတော်,အဋ္ဌကထာတို့မှာလာတဲ့ စကားရပ်တို့ကို အမျိုးမျိုးအစားစား ဖော်ပြကြပါတယ်။

အချို့သော ပညာရှင်များက နိဗ္ဗာန်မှာ အရောင်ရှိတယ်လို့ ယူကြပါတယ်။ အချို့သော ပညာရှင်များက အရောင်ဆိုတာ ရူပါရုံဖြစ်တယ်၊ ရူပါရုံဆိုရင် ရုပ်တရားပင် ဖြစ်၏။ နိဗ္ဗာန်ဆိုတာ ရုပ်တရားမဟုတ် အဋ္ဌကထာဆရာများ ညွှန်ပြထားတဲ့အတိုင်း နာမ်တရားသာ ဖြစ်၏။ နာမ်တရားဆိုတာ အရောင် မရှိနိုင်၊ သန့်ရှင်းစင်ကြယ်သည်ကိုပင် အရောင်ရှိသည်ဟု ဆိုကြကုန်၏။

ဘုန်းကြီးတို့၏ ဆရာ **ပခုက္ကူဆရာတော်ကား** "ဝိသုဒ္ဓဋ္ဌေန"ဟူသော ဋီကာဟောင်းပါဌ်ကိုရင်း, "ဝိသုဒ္ဓဋ္ဌိ အတ္ထော"ဆိုတဲ့ ဋီကာသစ်ပါဌ်ကိုရင်း ထောက်ဆ၍ ပြိုးပြိုးပြက်ပြက် တလက်လက်ထွက်သော အရောင်ရှိသည်၏အဖြစ်ဟူသည် "တထောင့်ငါးရာ ကိလေသာ အညစ်အကြေး၏ အပြစ်ဘေးတို့မှ ကင်းဝေး စင်ကြယ်သည်၏ အဖြစ်သာ"ဟူသော ဝိသုဒ္ဓဌကိုပင် ယူဆရန် မိန့်ဆိုတော်မူတာကို မှတ်သားခဲ့ရဘူးပါတယ်။

**ရှင်းလင်းချက်။** ။နိဗ္ဗာန်မှာ အရောင်အလင်း ရှိမှု မရှိမှုနှင့် ဆက်စပ်၍ နဲနဲရှင်းပြကြဦးစို့—ဝိညာဏံ အနိဒဿနံ၊ အနန္တံ သဗ္ဗတောပဘံ—ဆိုတဲ့ ပါဠိတော်စကားကို နိဗ္ဗာန်ဟုယူဆတဲ့အတွက် နိဗ္ဗာန်မှာ အရောင်ရှိ, မရှိဆိုတဲ့အချက် ပေါ်ထွက်လာရခြင်းဖြစ်ပါတယ်။ ဒီစကားလုံးတွေကို ဘာ့ကြောင့် နိဗ္ဗာန်လို့ ယူရသလဲဆိုတော့ အဋ္ဌကထာဆရာကြီးရဲ့ ညွှန်ပြထားမှုက အနိဒဿနဆိုတဲ့ စကားကို နိဗ္ဗာန်လို့ဆိုပြီးတော့ ဝိညာဏံကို ဝိညာတဗ္ဗံ ဟု ကြိယာဝါစက ပြုလုပ်၍ အနက်ယောဇနာရမယ်လို့ ညွှန်ပြပါတယ်။ ပီးတော့ နိဗ္ဗာနဿေတံ နာမံ— လို့လဲ ထပ်ဆင့် ညွှန်ပြပါသေးတယ်။ ဒါကြောင့် ဝိညာဏံ အနိဒဿနံ၊ အနန္တံ သဗ္ဗတောပဘံ-တို့ဟာ နိဗ္ဗာန်ရဲ့ နာမည်ထဲကို ရောက်ကုန်ကြပါတယ်။

အဲဒီ အဋ္ဌကထာဆရာ ညွှန်ပြခဲ့တဲ့ စကားရပ်တွေကို ယူပြီးတော့ အဋ္ဌကထာအာဘော်အတိုင်း အရောင်တို့, သက်ဆင်းရာဆိပ်တို့ စသော စကားရပ်တို့ဖြင့်

ဝေဘန်ရေးသားပြောဆိုကြသဖြင့် နိဗ္ဗာန်မှာ အရောင်ရှိ, မရှိဆိုတဲ့ စကားရပ်တွေ ပေါ်လာရခြင်း ဖြစ်ပါတယ်။ အကယ်၍သာ ဝိညာဏံ အနိဒဿနံ၊ အနန္တံ သဗ္ဗတောပဘံ—ဆိုတဲ့ ပါဠိတော်က အနိဒဿနံကို အ=န=မရှိ, နိဒဿန= ညွှန်ပြခြင်း, အ+နိဒဿန=ညွှန်ပြစရာမရှိ ဆိုတဲ့ သဘောမျိုးဖြင့် ဘယ်နေရာမှာဟု ညွှန်ပြစရာ နေရာမရှိဟု ယူဆ၍ အနန္တံနဲ့ သဗ္ဗတောပဘံကို အဆုံး အကန့်အသတ်မဲ့သော အာရုံဟူသော အရပ်မျက်နှာအားလုံး လင်းသော-လို့ ဝိသေသနမူပြီးလျှင် ဝိညာဏံကို နောက်ဆိုလတ္တံ့ ဖြစ်တဲ့ ဝိညာဏဿ နိရောဓေန ဆိုတဲ့ စကားကို ထောက်ဆ၍၎င်း, ဧတ္ထ အာပေါ စ ပထဝီ၊ တေဇော ဝါယော န ဂါဓတိ–ဆိုတဲ့ စကားကို ထောက်ဆ၍၎င်း အရူပါဝစရ ဝိညာနဉ္စာယတန စိတ်ကိုယူ၍ အာကာသာနဉ္စာယတနအာရုံ၌ ရှိသောစိတ်၏နောက်၌ ဖြစ်သောကြောင့် အနိဒဿနံ အနန္တံ သဗ္ဗတောပဘံ–လို့ ယူဆခဲ့ရင် နိဗ္ဗာန်၌ အရောင်ရှိ-မရှိနဲ့ ပတ်သက်၍ အငြင်းပွါးစရာ လိုတော့မည် မဟုတ်ဟု ယူဆရာ၏။

"ဧတ္ထ အာပေါ စ ပထဝီ"ဆိုတဲ့ ပါဠိတော်ကိုတော့ အဋ္ဌကထာဆရာကြီးက "ဧတ္ထ အာပေါစာတိ ဧတ္ထ နိဗ္ဗာနေ ဣဒံ နိဗ္ဗာနံ အာဂမ္မ သဗ္ဗမေတံ အာပေါတိ အာဒိနာနယေန ဝုတ္တံ ဥပါဒိန္နက ဓမ္မဇာတံ နိရုဇ္ဈတိ အပ္ပဝတ္တံ ဟောတိ—လို့ ဖွင့်ဆိုပါတယ်။

> ဧတ္ထ တေသို့ နိဗ္ဗာနေ၊ ဤနိဗ္ဗာန်သို့ ရောက်ခြင်းကြောင့်။ ဣဒံ နိဗ္ဗာနံ၊ ဤနိဗ္ဗာန်သို့။ အာဂမ္မ၊ ရောက်ခြင်းကြောင့်။ အာပေါတိ အာဒိနာ၊ အာပေါ အစရှိသော။ နယေန၊ နည်းဖြင့်။ ဝုတ္တံ၊ ဟောအပ်ပြီးသော။ သဗ္ဗံ၊ အလုံးစုံသော။ ဧတံ ဥပါဒိန္နက ဓမ္မဇာတံ၊ ဤ ဥပါဒိန္နက တရားအပေါင်းသည်။ နိရုဇ္ဈတိ၊ ကွယ်ပျောက်ချုပ်ငြိမ်း ရုပ်သိမ်းရလေတော့၏။ အပ္ပဝတ္တံ၊ တဖန်မဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။

**အဓိပ္ပါယ်** ဆိုလိုရင်းကတော့ နိဗ္ဗာနဓာတ် သဘောမှာ အသင်္ခတ ဖြစ်သောကြောင့် ဥပါဒိန္နက တရားအားလုံး ချုပ်ငြိမ်း၍ ၎င်းတို့ တဖန် မဖြစ်ခြင်း သဘောကို နိဗ္ဗာန်ဟု ညွှန်ပြလိုရင်းပင် ဖြစ်သည်ဟု မှတ်ရပါမယ်။

**ဝိညာဉ်ချုပ်ပုံ။** ။ယခုအခါ ဝိညာဉ်၏ ချုပ်ခြင်း၏ အကြောင်းကို ပြလိုသောကြောင့် ဝိညာဏဿ နိရောဓေန၊ ဧတ္ထေတံ ဥပရုဇ္ဈတိ–ဆိုတဲ့ ပါဠိတော်စကားကို မြတ်စွာဘုရားဟောတော်မူ၏။

ဤနေရာ၌ "ဝိညာဏန္တိ စရိမကဝိညာဏမ္ပိ အဘိသင်္ခါရဝိညာဏမ္ပိ' ဟု အဋ္ဌကထာ ဆရာ ညွှန်ပြပါတယ်။ **အဓိပ္ပါယ်**ကတော့ ဝိညာဏဿ နိရောဓေန–ဆိုတာ ရဟန္တာပုဂ္ဂိုလ်၏ စုတိစိတ်, ပရိနိဗ္ဗာန်စိတ်လို့ ခေါ်တဲ့ စရိမကဝိညာဉ်နှင့်

ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရနှင့် ယှဉ်သော အဘိသင်္ခါရဝိညာဉ် နှစ်မျိုးကို ဝိညာဏလို့ ဆိုပါတယ် တဲ့။ ၎င်းဝိညာဉ် နှစ်မျိုး စလုံး ချုပ်ခြင်းကြောင့် နိဗ္ဗာန်ရောက်တဲ့အခါ နာမ် ရုပ် အားလုံး ချုပ်ငြိမ်း၏ ဟု အဋ္ဌကထာဆရာ ညွှန်ပြပါတယ်။

**မှတ်ချက်—**စရိမကဝိညာဉ်, အဘိသင်္ခါရဝိညာဉ် ချုပ်ပုံနှင့် ပတ်သက်၍ နောက်က ဟောခဲ့သော အဇိတ သုတ္တန်ကို ပြန်၍ ကြည့်ရှုလေ့လာနိုင်ပါတယ်။

ဤ ကေဝဋ္ဋသုတ္တန်အရ နိဗ္ဗာနဓာတ်သဘောသည် ရုပ် နာမ်အားလုံး ချုပ်ငြိမ်းတဲ့အတွက် ကိလေသာမှ စင်ကြယ်၍နေသော ဂုဏ်ရောင်တို့ဖြင့် တင့်တယ်ပုံကို အဋ္ဌကထာဖွင့်အတိုင်း ညွှန်ပြရခြင်း ဖြစ်ပါတယ်။ ပညာရှင်တို့ ဝေဘန်၍ ကြည့်ရှုတော်မူကြပါကုန်။

**နိဗ္ဗာနသုခသုတ္တန်။**　။ယခုအခါ ယင်းနိဗ္ဗာန်၏ ချမ်းသာပုံကို အင်္ဂုတ္တရနိကာယ နဝကနိပါတ် မဟာဝဂ်၌လာသော နိဗ္ဗာနသုခသုတ္တန်ကို နာကြားခြင်းဖြင့် သိအပ်၏။

တချိန်တုန်းက အရှင်သာရိပုတြာ မဟာထေရ်မြတ်ကြီးသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူပါတယ်။ အဲဒီအခါမှာ အရှင်သာရိပုတြာ မဟာထေရ်မြတ်ကြီးက ရဟန်းတော်များအား နိဗ္ဗာန်ရဲ့ ချမ်းသာပုံကို "သုခမိဒံ အာဝုသော နိဗ္ဗာနံ, သုခမိဒံ အာဝုသော နိဗ္ဗာနန္တိ" လို့ မိန့်တော်မူပါတယ်။

အာဝုသော၊ ငါ့ရှင်တို့။ ဣဒံ နိဗ္ဗာနံ၊ ဤနိဗ္ဗာန်သည်။ သုခံ၊ ချမ်းသာ ပါပေစွတကား။ ဣဒံ နိဗ္ဗာနံ၊ ဤ နိဗ္ဗာန်သည်။ သုခံ၊ ချမ်းသာလှပါပေစွ တကား။ ဣတိ၊ ဤသို့။ အာမန္တေသိ၊ သိစေတော်မူ၏။

အဲဒီတော့ အရှင်ဥဒါယီက အရှင်သာရိပုတြာကို လျှောက်ထားတယ်၊ ဘယ်လိုလျှောက်ထားသလဲ ဆိုတော့—

ကိံ ပနေတ္ထ အာဝုသော သာရိပုတ္တ သုခံ၊ ယဒေတ္ထ နတ္ထိ ဝေဒယိတန္တိ။

အာဝုသော သာရိပုတ္တ၊ ငါ့ရှင် သာရိပုတြာ။ ယဒေတ္ထ ယသ္မိံ ဧတ္ထ နိဗ္ဗာနေ၊ အကြင်နိဗ္ဗာန်၌။ ဝေဒယိတံ၊ ခံစားမှု စံစားမှုသည်။ နတ္ထိ၊ မရှိ။ ဧတ္ထ၊ ဤခံစားမှု စံစားမှုမရှိသော နိဗ္ဗာန်၌။ သုခံ၊ ချမ်းသာမည်သည်။ ကိံ ပန၊ အဘယ်ပါနည်း။ ဣတိ၊ ဤသို့ လျှောက်ထား၏။

ငါ့ရှင် သာရိပုတြာ နိဗ္ဗာန်ဆိုတဲ့သဘော၌ ခံစားမှု စံစားမှု မရှိဘဲနဲ့ ဘယ်လို နည်းဖြင့် ချမ်းသာနိုင်ပါ့မလဲလို့ ရှင်ဥဒါယီကလျှောက်တယ်။ ဒီတော့ ရှင်သာရိ-ပုတြာက ဘယ်လိုပြန်ပြီး ဖြေသလဲဆိုတော့။

ဧတဒေဝ ခွေတ္ထ အာဝုသော သုခံ၊ ယဒေတ္ထ နတ္ထိ ဝေဒယိတန္တိ။

အာဝုသော၊ ငါ့ရှင်ဥဒါယီ။ ဧတ္ထ၊ ဤနိဗ္ဗာန်၌။ ဝေဒယိတံ၊ ခံစားမှု စံစားမှုသည်။ ယံနတ္ထိ၊ အကြင်မရှိ။ ဧတဒေဝ၊ ထိုခံစားမှု စံစားမှု မရှိခြင်း သည်ပင်လျှင်။ ဧတ္ထ၊ ဤနိဗ္ဗာန်၌။ သုခံ၊ ချမ်းသာမှုပေတည်း။ ဣတိ၊ ဤသို့ ဖြေဆို၏။

**အဓိပ္ပါယ်ကတော့** ငါ့ရှင် ဥဒါယီ ခံစားမှု စံစားမှု မရှိခြင်းသည်ပင် နိဗ္ဗာန်ရဲ့ ချမ်းသာမှုဖြစ်တယ်လို့ ဖြေလိုက်ပါတယ်။ ဆိုလိုတာက ခံစားမှု စံစားမှုရဲ့ သဘောသည် တဏှာတည်းဟူသော ဆင်းရဲကြောင်းသဘော၏ အစွမ်းဖြင့် ဖြစ်၏။ တဏှာ၏အစွမ်းအားဖြင့် ခံစားမှု စံစားမှုရှိခဲ့လျှင် ခံစားမှု စံစားမှုကို စွဲ၍ ဒုက္ခဆင်းရဲ ရှိရမည့်, တွေ့ရမည် အမှန်ဖြစ်၏။ ထို့ကြောင့် ခံစားမှု စံစားမှု မရှိလျှင် ခံစားမှု စံစားမှုကို အကြောင်းပြု၍ဖြစ်သော တဏှာအစွမ်း ကုန်၏။ တဏှာအစွမ်းကုန်ခြင်းသည်ပင် နိဗ္ဗာန်ချမ်းသာမည်၏။ ထို့ကြောင့် ဝါနသံခါ-တာယ တဏှာယ နိက္ခန္တတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ-လို့ မိန့်ဆိုခြင်းဖြစ်၏။

**ခံစား စံစားမှု မရှိရာ နိဗ္ဗာန်မည်ပုံ** လောက၌ ချမ်းသာကို ခံစားမှု စံစားမှုသည် ရူပကာယဖြင့် ခံစားမှု, နာမကာယဖြင့် ခံစားမှုဟု နှစ်မျိုးရှိ၏။

ရူပကာယ, နာမကာယတို့ဖြင့် ချမ်းသာကို ခံစား စံစားခြင်းသည် တဏှာ၏ အစွမ်းအားဖြင့်သာလျှင် ချမ်းသာဟူသော သဘောကို သိအပ်၏။ စင်စစ် ရူပ-ကာယ, နာမကာယတို့ဖြင့် ခံစားမှု စံစားမှု ချမ်းသာအားလုံးသည် သဘော အားဖြင့် ဒုက္ခတို့သာတည်း။ အကြောင်းကတော့ ရူပကာယဖြင့် ခံစား စံစားမှု ချမ်းသာ၌ အနိစ္စ ဒုက္ခ ဝိပရိဏာမဟူသော အချက်သုံးချက်ရှိ၏။ နာမကာယ ဖြင့် ခံစား စံစားမှု ချမ်းသာ၌လည်း အနိစ္စ ဒုက္ခ ဝိပရိဏာမဆိုတဲ့ အချက် သုံးချက်ရှိ၏။ ၎င်းတို့သည် ဘယ၌ဒုက္ခတို့သာတည်း၊ စင်စစ် သုခ မဟုတ်ကြကုန်။ ထို့ကြောင့် ရူပကာယ, နာမကာယတို့ဖြင့် ခံစားမှု စံစားမှုတို့ မရှိခြင်းသည်သာ ဒုက္ခမှလွတ်လပ်ရာ အသင်္ခတ ပရမတ္ထနိဗ္ဗာန်ချမ်းသာ မည်၏။

ဒါကြောင့် ပါဠိတော်မှာ ရှင်သာရိပုတြာက နိဗ္ဗာန်ရဲ့ ခံစားမှု စံစားမှု မရှိပဲ ချမ်းသာပုံယုတ္တိကို ဆက်ပြီးတော့ ဟောပါတယ်။ ဘယ်လိုဟောသလဲ ဆိုတော့—

ဣဓာဝုသော ဘိက္ခု ဝိဝိစ္စေဝ ကာမေဟိ။ပ။ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ တဿ စေ အာဝုသော ဘိက္ခုနော ဣမိနာ ဝိဟာရေန ဝိဟရတော ကာမသဟဂတာ သညာမနသိကာရာ သမုဒါစရန္တိ၊ သွဿ- ဟောတိ အာဗာဓော—

စသည်ဖြင့် ဟောတော်မူပါတယ်။ ကိုင်း ပါဠိတော်ကို အဓိပ္ပါယ်စကားပြောဘဲ အချုပ်အားဖြင့် ပြောကြပါစို့—

တဏှာလောဘနှင့်တကွ ခံစား စံစားအပ်သော ကာမဂုဏ်ချမ်းသာသည် ရှိ၏။ ထိုကာမဂုဏ်ချမ်းသာသည် ပဌမဈာန်ကို ပွါးများ၍ရရှိနေသော ပုဂ္ဂိုလ် အတွက် အနာဆိုး ရောဂါဆိုးကြီး မည်၏။ ပဌမဈာန်ကို ပွါးများအားထုတ်သော ပုဂ္ဂိုလ်ကို ဆင်းရဲဒုက္ခရောက်အောင် လွန်စွာ နှိပ်စက်သောတရားသည် လူ ကာမဂုဏ် နတ်ကာမဂုဏ် ချမ်းသာပင် ဖြစ်၏။ ၎င်းချမ်းသာသည် ပဌမဈာန်ကို ပွါးများအားထုတ်သော ပုဂ္ဂိုလ်အတွက် ချမ်းသာမဘက် ဆင်းရဲသက်သက် ဖြစ်၏။ ပဌမဈာန် ပုဂ္ဂိုလ်အတွက်ဆိုရင် လူကာမဂုဏ် နတ်ကာမဂုဏ် ချမ်းသာ သည် ချမ်းသာမဟုတ်, ဆင်းရဲမည်၏။ ကာမတဏှာသမား အတွက်ဆိုရင် ချမ်းသာမည်၏။ ဥပမာဆိုရင် ကာမတဏှာသည် အလွန်ယားယံသော ရွှဲရွှဲစိုစို၍ နေသော နူနာကြီးနှင့်တူ၏။ လူနတ်တို့ရဲ့ နှစ်သက်မြတ်နိုးဘွယ် ရူပါရုံ သဒ္ဒါရုံ စသော ကာမဂုဏ်ချမ်းသာသည် ရဲရဲညီး ပူလောင်လှသော ရှားမီးကျီးခဲကြီးနှင့် တူလှ၏။ ပိုးလောက်တို့ကိုက်သဖြင့် အလွန်ယားယံသော နူနာစွဲကပ်၍နေသော သူသည် အလွန်တရာ ပူအိုက်လှသော နွေခေါင်ခေါင် နေပူကျဲကျဲထဲမှာပင် ရဲရဲညီးပူလောင်လှသော ရှားမီးကျီးခဲကြီးကို အိုးကင်း၌ထည့်၍ ကိုယ်အင်္ဂါတို့ကို မီးမှာကင်မြိုက်ရသည်ရှိသော် အယားအယံပြေပျောက်၍ အလွန်ကောင်းသော ဖောဋ္ဌဗ္ဗသုခကိုရရှိ ခံစားရလေ၏။ မီးနှင့်ကင်းကွာပြန်လျှင် ယားယံခြင်း ပြင်းစွာ နှိပ်စက်သဖြင့် ရပ်တည်ရာမရ မနေနိုင် မထိုင်နိုင်ဖြစ်ပြီး ဆင်းရဲရပြန်၏။

ထိုကဲ့သို့သော နူနာရောဂါမရှိသော ပုဂ္ဂိုလ်တို့မှာ ထိုသို့ ပူလှ အိုက်လှသော နွေရာသီမျိုး၌ ရဲရဲညီးသော မီးခဲကိုမြင်ရုံမျှဖြင့်ပင် ဆင်းရဲဒုက္ခ ရောက်ကြကုန်၏။ မီးကင်ဘို့ မီးနားကပ်ဖို့ကို မဆိုထားနှင့် ရဲရဲညီးသောမီးကို မြင်ခြင်းကိုမျှ အလို မရှိကြကုန် မကြည့်လိုကြကုန်။

ဒီဥပမာအရ ပူလောင်လှသောနွေရာသီမှာ အနိဋ္ဌစင်စစ် ဒုက္ခစင်စစ် ဖြစ်ကုန် သော ရဲရဲညီးပူလောင်လှသော ရှားမီးကျီးခဲတို့သည် နူနာရောဂါစွဲနေသော ပုဂ္ဂိုလ်မှာ အနာခင်းမန်းထ၍ ရပ်တည်ရာမရ ယားယံလှသောကြောင့် အလွန် ကောင်းသော ဣဋ္ဌခမ္မ ဖောဋ္ဌဗ္ဗအတွေ့ ချမ်းသာဖြစ်ရကုန်၏။

ထိုအတူ ပူပန်မှုအမျိုးမျိုးနှင့် တကွဖြစ်သော လူ့ချမ်းသာ လူ့ကာမဂုဏ်, နတ်ပြည်ခြောက်ထပ် နတ်ချမ်းသာ နတ်ကာမဂုဏ်တို့သည် ကာမတဏှာတည်းဟူသော နူနာစွဲနေသဖြင့် ရွရွစို ကျိုက်ကျိုက်ဆူနေတဲ့ စိတ်နူနာကြီး ရှိနေကြကုန်သော သတ္တဝါတို့အား ကာမတဏှာအနာက ငန်းမန်းထ၍ ရပ်တည်မရယားယံလှသည့်အတွက်ကြောင့် အကောင်းအမွန် အထွတ်အမြတ်တွေ ဖြစ်ရလေကုန်၏။ ရဲရဲညီးသော ရှားမီးကျီးခဲပူပူကြီးသည် ထိုသို့သော နူနာကြီးကင်း၍နေသော သူတို့အတွက် အနိဋ္ဌစင်စစ် ဒုက္ခစင်စစ် ဖြစ်ကုန်သကဲ့သို့,

ပဋ္ဌမစျာန်ကိုရ၍ ကာမတဏှာစိတ် နူနာကြီး ကင်းရှင်းပြီးသော သူတို့အတွက် ထိုလူတို့ရဲ့ကာမဂုဏ်, နတ်တို့ရဲ့ကာမဂုဏ်တို့သည် ရွံဘွယ် ကြောက်ဘွယ် စက်ဆုပ်ဘွယ်သော အနိဋ္ဌမှု ဒုက္ခမှုတို့သာ ဖြစ်ကြကုန်၏။ အဲဒီ နူနာကြီး ဥပမာကို မဇ္ဈိမပဏ္ဏာသပါဠိတော် မာဂဏ္ဍိယသုတ်မှာ မြတ်စွာဘုရား ဟောတော်မူပါတယ်။

ဤသို့လျှင် ထိုလူ့ကာမဂုဏ် နတ်ကာမဂုဏ်တို့သည် ကာမတဏှာ နူနာကြီးစွဲကပ်၍ ငှ်ရွရွစို ကျိုက်ကျိုက်ဆူ စိတ်နူနာကြီးအကြိုက် အားဖြင့်သာ ဣဋ္ဌ သုခဟု ထင်မှတ်ကြရကုန်သည်။ စင်စစ်အမှန်အားဖြင့်မူကား ပူပန်စေတတ် နှိပ်စက်တတ်ကုန်သော ဒုက္ခမှုတို့သာ ဖြစ်ကုန်၏။

ပဋ္ဌမစျာန်ကိုရ၍ ထိုကာမတဏှာ ကာမသညာ အနာဆိုး ရောဂါဆိုးတို့၏ ကင်းငြိမ်းခြင်းသည် အလွန်အေးမြ ငြိမ်းချမ်းသော သန္တိဋ္ဌိက နိဗ္ဗာန်တပါးမည်၏။ ဒီအချက်ကို ရည်ရွယ်၍ အရှင်သာရိပုတြာက ပါဠိတော်မှာ—

> ယော ခေါ ပနာဝုသော အာဗာဓော ဒုက္ခမေတံ ဝုတ္တံ ဘဂဝတာ၊ ဣမိနာပိ ခေါ တေံ အာဝုသော ပရိယာယေန ဝေဒိတဗ္ဗံ ယထာ သုခံ နိဗ္ဗာနံ—

လို့ မိန့်ဆိုတော်မူခဲ့ပါတယ်။

> အာဝုသော၊ ငါ့ရှင်ဥဒါယီ။ ယော အာဗာဓော၊ အကြင်ကာမဂုဏ်ကိုမှီသော သညာ မနသိကာရတို့၏ လွှမ်းမိုးခြင်းဟု ဆိုအပ်သော အကြင် နူနာရောဂါဆိုးကြီးသည်။ အတ္ထိ၊ ရှိ၏။ တေံ၊ ထိုကာမဂုဏ်ကိုမှီသော ချမ်းသာကို။ ဒုက္ခံ၊ ဆင်းရဲဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ အာဝုသော၊ ငါ့ရှင်ဥဒါယီ။ ယထာ၊ အကြင်ကာမဂုဏ်ကိုမှီသော သညာ မနသိကာရတို့၏ လွှမ်းမိုးခြင်းဟု ဆိုအပ်သော နူနာရောဂါဖြင့် ကျင်နာခြင်းတည်းဟူသော ဒုက္ခ၏ မရှိခြင်းတည်းဟူသော အကြောင်းဖြင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ သုခံ၊ ချမ်းသာလှပေ၏။ ဣမိနာပိပရိယာယေန၊

ဤသို့သော အကြောင်းဖြင့်လည်း။ တော်၊ ဤနိဗ္ဗာန်၏ ချမ်းသာခြင်းကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ကာမဂုဏ်ချမ်းသာကို ရူပကာယဖြင့် ခံစားမှုမရှိခြင်းသည် နိဗ္ဗာနသုခတမျိုး မည်၏-ဟု ဆိုလိုသည်။

နောက်တနည်းကား ဝိတက်ဝိစာရနှင့်တကွဖြစ်သော ပဌမစျာန် ချမ်းသာ သည် ရှိ၏၊ ထိုပဌမစျာန်၌ရှိသော ဝိတက် ဝိစာရတို့သည် ဒုတိယစျာန်ကို ပွါးများသောသူမှာ အနာဆိုး ရောဂါဆိုးကြီးမည်၏။ ဒုတိယစျာန်ကို ပွါးများ သောသူကို ဆင်းရဲဒုက္ခဖြစ်အောင် လွန်စွာနှိပ်စက်နိုင်ကုန်၏။

ဥပမာကတော့–နူနာကြီးနှင့် ဝိတက် ဝိစာရရှိသော ပဌမစျာန်သုခကို သာယာသော စျာနနိကန္တိတဏှာသည် တူ၏၊ ရဲရဲညီးသော ရှားမီးကျီးခဲနှင့် ပဌမ စျာန်သုခသည် တူ၏။ နူနာရောဂါ ကင်းရှင်းသောသူနှင့် ပဌမစျာနနိကန္တိတဏှာ ကင်းရှင်းပြီးသော ယောဂီပုဂ္ဂိုလ်သည် တူ၏။ ထိုပုဂ္ဂိုလ်မှာ ပဌမစျာန်သုခ၌ သာယာသောစျာနနိကန္တိတဏှာ ကင်ငြိမ်းခြင်းသည် အလွန်အေးမြ ငြိမ်းချမ်း သော သန္ဒိဋ္ဌိက နိဗ္ဗာန်တပါးမည်၏။

ခုပြခဲ့တဲ့နည်းအတိုင်း နူနာကြီး ဥပမာနှင့်တကွ ဒုတိယစျာန်ချမ်းသာ တတိယစျာန်ချမ်းသာ စတုတ္ထစျာန်ချမ်းသာ အာကာသာနဉ္စာယတနစျာန် ချမ်းသာ ဝိညာနဉ္စာယတနစျာန်ချမ်းသာ အာကိဉ္စညာယတန စျာန်ချမ်းသာ နေဝသညာ နာသညာယတန စျာန်ချမ်းသာတို့ကို မြေဲမှန်း၍ နိဗ္ဗာန်၏ခံစားမှု စံစားမှုမရှိတဲ့အတွက် ချမ်းသာပုံကို သိရာ၏။

**ဒိဋ္ဌဓမ္မနိဗ္ဗာန်။** ။နိရောဓသမာပတ်ကတော့ နှိပ်စက်ညှဉ်းပန်းမှုကို ပြတ်သော တရား မဟုတ်၍ ကေန္တသုခ ဒိဋ္ဌဓမ္မနိဗ္ဗာန် မည်၏ဟု ကျေး ဇူးရှင် **လယ်တီဆရာတော်ဘုရားကြီး**၏ နိဗ္ဗာနဒီပနီကျမ်းမှာ မိန့်ဆိုတော်မူ၏။

အဓိပ္ပါယ်အကျဉ်းချုပ်ကတော့ ဆိုခဲ့ပြီးသော ကာမဂုဏ်ချမ်းသာ ပဌမစျာန် ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန် အာကာသာနဉ္စာယတနစျာန် ဝိညာ- နဉ္စာယတနစျာန် အာကိဉ္စညာယတနစျာန်၊ နေဝသညာ နာသညာယတနစျာန် ချမ်းသာတို့ဟာ အသီးအသီး သူတို့ကို သာယာသော တဏှာရောဂါရှိခိုက်၌သာ ကေန္တသုခလို့ ထင်ရကုန်၏။

ကာမသုခထက် ပဌမစျာန သုခ-စသော အထက်အထက် တရားတို့ကို ရောက်လိုသော သူတို့မှာမူကား ဘောက်သောက်တရားဖြစ်ပေါ်၍ နေသည်ရှိ သော် ကေန္တဒုက္ခဖြစ်၏။ ဘောက်သောက်တရားတို့၏ ကင်းပြတ်ချုပ်ငြိမ်းခြင်း သည်သာလျှင် ကေန္တသုခ ဖြစ်၏။

ဘောက်သောက်တရားတို့၏ ချုပ်ငြိမ်းခြင်း မည်သည်လည်း ထိုတရားတည်းဟူသော ခံစားဘွယ် စံစားဘွယ်၏ ကင်းရှင်းခြင်း, ထိုတရားကို ခံစားစံစားသော ပီတိ သောမနဿ သုခဝေဒနာတို့၏ ကင်းရှင်းခြင်းပင်ဖြစ်၍ ခံစားဘွယ် စံစားဘွယ် ချုပ်ကွယ်ကင်းငြိမ်းမှုဟူသော **သန္တိ**သဘောမျိုးသည်ကားကေန်ချမ်းသာသော ဘဘောမျိုးဖြစ်ပေသတည်း–ဟု သိသာထင်ရှားလေသောကြောင့် ခံစား, စံစားမှုမရှိသော နိဗ္ဗာန်သည်သာ ကေန္တသုခမျိုးမှန်ကြောင်းကို ယုံကြည်လေးမြတ် မှတ်သားအပ်သည် ငါ့ရှင် ဥဒါယိ·ဟူလိုသည်ဟု **လယ်တီဆရာတော်ဘုရားကြီး**၏ နိဗ္ဗာနဒီပနီ၌ မိန့်ဆိုထား၏။

ထို့ကြောင့် နိဗ္ဗာန်သည် လောကီကာမချမ်းသာ, မဟဂ္ဂုတ်ချမ်းသာတို့ထက်သာလွန်မြင့်မြတ်သော ခံစားမှု စံစားမှုမရှိသော ကေန္တသုခအစစ်ဟူ၍ မှတ်ယူကြပါကုန်လော့။

ထို့ထက် ကျယ်ဝန်းသော နိဗ္ဗာန်၏သဘောများ, နိဗ္ဗာန်၏ ချမ်းသာပုံများကို လယ်တီဆရာတော်ဘုရားကြီး၏ နိဗ္ဗာနဒီပနီ,မြို့ပြင်ကြီးဆရာတော်၏ အဘိဓမ္မတ္ထသရူပဒီပက စသော ဆရာတော်ကြီးများ၏ ကျမ်းဂန်များနှင့် ပါဠိတော်ကြီးများမှာ ကြည့်ရှုကြပါကုန်။

နိဗ္ဗာန်၏ သဘောများကို ဤနေရာ၌ ဤမျှဖြင့် နိဂုံးချုပ်ပါတော့ သတည်း။

**ဆုတောင်းပတ္ထနာ**

နိဗ္ဗာနံ တံ ဘောန္တော တုမှေ၊ အသင်္ခတ’မနုတ္တရံ။
အရိယမဂ္ဂံ ဘာဝေတွာန၊ ပါပေထ ဣဓ သာသနေ။

ဘောန္တော၊ အိုအမျိုးကောင်းသား, အမျိုးကောင်းသမီးတို့။ တုမှေ၊ သင်တို့သည်။ ဣဓသာသနေ၊ ဤသာသနာတော်မြတ်၌။ အရိယမဂ္ဂံ၊ အရိယာသူတော်စင်တို့ သွားကြတဲ့ မဂ္ဂင်ရှစ်ပါး မြတ်တရားကို (ဝါ) မဂ္ဂင်လမ်းကြောင်းသမ္မာဒိဋ္ဌိစသော တရားအပေါင်းကို။ ဘာဝေတွာန၊ မနေမနား ပွါးများအားထုတ်ကြကုန်၍၊ (ဝါ) ပွါးများအားထုတ်ကြရပါသောကြောင့်။ အသင်္ခတံ၊ တစုံတခုသော အကြောင်းတရားတို့သည် မပြုမပြင်အပ်သော။ အနုတ္တရံ၊ မိမိထက်လွန်မြတ်သောတရားမရှိသော။ တံနိဗ္ဗာနံ၊ ထိုနိဗ္ဗာန်ချမ်းသာသို့။ ပါပေထ၊ ကောင်းစွာမသွေ ရောက်နိုင်ကြပါစေကုန် သတည်း။

### ပါရာယနဝဂ် ပါဠိတော်ဟောစဉ်

# ၁၄—ပေါသာလသုတ္တန်တရားတော်

---

### တရားတော်အမည်

သာသနာတော်သက္ကရာဇ် ၂၅၁၄, ကောဇာသက္ကရာဇ် ၁၃၃၂-ခုနှစ် ကဆုန်လပြည့်ကျော် (၁) ရက် ရန်ကုန်မြို့ ပုဇွန်တောင်ရပ် ရွှေဘုန်းပွင့်စေတီတော်ဝင်းအတွင်း တည်ခင်းအပ်သော ဝိပဿနာ ဓမ္မာရုံတော်ကြီးတွင် သမာဓိကနေပြီးတော့ ဝိပဿနာ အလုပ်တက်ပုံကို မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ခုဒ္ဒကနိကာယ် သုတ္တနိပါတ် ပါဠိတော် ပါရာယနဝဂ်၌လာသော "ပေါသာလသုတ္တန်တရားတော်"

### ဘုရားရှိခိုး

ဥဒယပုဏ္ဏားပြီးတော့ ပေါသာလပုဏ္ဏားဟာ ၁၄-ယောက်မြောက်ဖြစ်တဲ့ပုဏ္ဏားပေါ့၊ ဒီသုတ္တန်ကို မြတ်စွာဘုရား ဟောတော်မူတဲ့အတိုင်း ဟောရမှာဖြစ်တဲ့အတွက် တရားဟော, တရားနာ ပုဂ္ဂိုလ်တို့ရဲ့အနေဖြင့် ဒီတရားတော်ကို ဟောဖော်ညွှန်ပြတော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို ရိုသေစွာရှိခိုးကြရအောင် အမျိုးကောင်းသား, အမျိုးကောင်းသမီးများ လက်အုပ်ချီပြီးတော့ ထားကြ၊ ဘုန်းကြီးက မြတ်စွာဘုရားရဲ့ ဂုဏ်တော်များကို ရွတ်ဘတ်သရဇ္ဈာယ်ပြီးတော့ ဘုရားရှိခိုးမယ်၊ အဲဒီ ဘုရားရှိခိုးထဲမှာပါတဲ့ ဂုဏ်တော်များကို အာရုံပြုပြီးတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ဂုဏ်တော်များကို ကြည်ညိုသဒ္ဓါ ပွါးများနိုင်ကြပါစေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(ဘုရားရှိခိုးအနက် ရှေးအတိုင်းပင်)

### စကားပလ္လင်

ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ် ရာဇဂြိုဟ်ပြည်အနီး ပါသာဏက နတ်ကွန်း၌ သီတင်းသုံးတော်မူစဉ် ဗာဝရီပုဏ္ဏားကြီးရဲ့ကပည့်ရသေ့ပညာရှိ ပုဏ္ဏား ၁၆-ဦးတို့ မေးကြတဲ့ အမေးတွေကို မြတ်စွာဘုရားဖြေကြားပြီး ဟောကြား ပေးတော်မူခဲ့တာ ယခု ဘယ်လောက် ရောက်

လာပြီလဲလို့ဆိုတော့ ၁၄-ယောက်မြောက်ဖြစ်တဲ့ ပေါသာလပုဏ္ဏား ရောက်လာပြီ။ အဲဒီ ပေါသာလဆိုတဲ့ ရသေ့ပုဏ္ဏားကလဲဘဲ အဿကတိုင်းနဲ့ မဠကတိုင်းဆိုတဲ့ တိုင်းကြီးနှစ်ခုတို့ရဲ့ အကြားမှာရှိတဲ့ ဂေါဓာဝရီမြစ်ရဲ့အလယ်ကျွန်းမှာ ဗာဝရီပုဏ္ဏားကြီးနဲ့အတူ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်ဖြစ်လို့ ဈာန်ရနေတဲ့ ဈာနလာဘီ ပုဂ္ဂိုလ်ပါဘဲ။

**ဟောပေးရမဲ့တရား။** ။ဟောပေးနေရတာက ဈာနလာဘီ ပုဂ္ဂိုလ်တွေရဲ့တရားတက်ပုံကို ဟောပေးနေရတာ၊ ဘုန်းကြီးတို့တရားနာနေကြတဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများကတော့ ဈာနလာဘီပုဂ္ဂိုလ်တွေတော့ မဟုတ်ဘူး။ ရိုးရိုး ဝိပဿနာတရားကို အားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေဘဲ။ ဒါပေမဲ့ ဝိပဿနာလုပ်ငန်းကို သတိပဋ္ဌာန်နဲ့ ပွါးများပြီးတော့ နေကြတဲ့ ပုဂ္ဂိုလ်တွေဖြစ်တယ်။ ဟောပေးနေတဲ့တရားက ဈာန်ရပြီးသားပုဂ္ဂိုလ်ကို ဟောပေးနေတဲ့ တရားလို့ဆိုတော့ ဈာန်မရသေးတဲ့ ပုဂ္ဂိုလ်တွေအတွက် ဒီတရားဟာ တော်တော့်ကို ခက်ခက်ခဲခဲ နက်နက်နဲနဲ ဖြစ်နေတယ်။ ဘုန်းကြီး မကြာ မကြာ ပြောပေးနေတဲ့ ဝိပဿနာရှုတယ်လို့ဆိုတာ ကိုယ့်မှာ ထင်ရှားရှိနေတဲ့ တရားကိုသာ ဝိပဿနာရှုရတယ်။ ထင်ရှားမရှိတဲ့ တရားကို ဝိပဿနာရှုလို့ မဖြစ်ဘူး။ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများမှာ အခုရှိနေတာက ဝိညာဉ် နာမ် ရုပ်လို့ဆိုတဲ့တရားတွေ ရှိနေတယ်။ ထွက်လေ ဝင်လေလို့ဆိုတဲ့ ဝါယောလေဓာတ် ရုပ်ပရမတ္ထတရားလဲ ရှိနေတယ်၊ သိနေတဲ့ ဝိညာဉ်ဆိုတာလဲ ရှိနေတယ်။ ထွက်လေ ဝင်လေကို လူနဲ့ ကွဲပြားအောင် ခွဲခြားပေးထားတဲ့ ပညာဆိုတဲ့တရားကလဲ ရှိနေတယ်။ ထွက်လေ ဝင်လေကို ထင်ရှားအောင် ပြုပေးတတ်တဲ့ မမေ့မပျောက်တဲ့ အသမ္မုဋ္ဌလို့ ဆိုတဲ့ သတိတရားလဲ ရှိနေတယ်၊ အဲဒီတရားတွေဟာ ဝိပဿနာရှုရမဲ့တရားဘဲ ဘုန်းကြီးတို့ ပရိသတ်အတွက်က။

**နာမ်သက်သက်တရား။** ။အခု ဟောပေးရမဲ့ ပေါသာလပုဏ္ဏားမှာ ဆိုတော့ ရုပ်မရှိဘူး၊ ဘယ့်နှယ် အရှင်ဘုရား ဆန်းလှချည့်လားဘုရား သူမှာရုပ်မရှိဘူးလားလို့ မအောက်မေ့ကြဘူးလား၊ သူ အားထုတ်နေတဲ့ ကမ္မဋ္ဌာန်းကိုက ရူပသညာကို လွန်မြောက်နေတဲ့ ကမ္မဋ္ဌာန်းပါတဲ့၊ ဒီတော့ ရုပ်တရားနဲ့အခြေခံထားတော့ အနိစ္စ-ဒုက္ခ လုပ်လို့မဖြစ်တော့ဘူး၊ စတုတ္ထဈာန်ရနေတဲ့ ပုဂ္ဂိုလ်သည်ပင်လျှင် အနာပါနကို ဝိပဿနာရှုလို့ မဖြစ်ဘူး၊ ဘာပြုလို့လဲ၊ စတုတ္ထဈာန်ရနေတဲ့ ပုဂ္ဂိုလ်မှာ အာနာပါနလို့ဆိုတဲ့ ထွက်လေ ဝင်လေ မရှိဘူး၊ ဒီတော့ မရှိတဲ့တရားဆိုတာ ဝိပဿနာရှုလို့မရဘူး၊ ပေါသာလပုဏ္ဏားမှာက တော့ဖြင့် အဲဒီစတုတ္ထဈာန်တွင် မကသေးဘူး, သူက ဘယ်ရောက်နေသလဲဆိုတော့ အာကိဉ္စညာယတနဈာန်လို့ ခေါ်တဲ့ ဈာန်ကို ရနေတဲ့ ပုဂ္ဂိုလ်ကြီး၊ ဒီတော့

ပေါသာလပုဏ္ဏားမှာ ဘာတွေသာကျန်တော့သလဲ ဆိုတော့ ဝိညာဉ်နဲ့ နာမ်သာ ကျန်တော့တယ်၊ ပေါသာလပုဏ္ဏားမှာ ဘာတွေသာ ကျန်တော့သလဲ (ဝိညာဉ်နဲ့ နာမ်သာ ကျန်တော့တယ် ဘုရား)။

ရူပသညာဆိုတဲ့ ရုပ်အမှတ်အသားတွေ သူ့မှာရှိသေးသလား (မရှိတော့ပါ ဘုရား)။

ဒါဖြင့် ရုပ်ကို သူ ကမ္မဋ္ဌာန်းအားထုတ်လို့ ဖြစ်ပါဦးမလား (မဖြစ်ပါဘူး ဘုရား)။

ဒီတော့ ဘုန်းကြီးတို့ တရား မှတည်ထားတဲ့ ဓမ္မာနုပဿနာ သတိပဋ္ဌာန်က ဝိညာဉ် နာမ် ရုပ်နော်၊ အဲဒီ ဝိညာဉ်ရယ် နာမ်ရယ် ရုပ်ရယ်ဆိုတဲ့ တရားဟာ ဝိပဿနာရှုရမဲ့ တရားချည်းဖြစ်တယ်၊ ရုပ်ကိုချည်း ဝိပဿနာရှုသွားရင်ကော မဖြစ်ဘူးလား (ဖြစ်ပါတယ် ဘုရား)။

ဖြစ်တယ်နော်၊ အဲဒီ ရုပ်ကိုချည်း ဝိပဿနာ ရှုပုံကိုလဲဘဲ ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများကို အမြဲတမ်းလိုလို ရုပ်ကမ္မဋ္ဌာန်းတွေနဲ့ ပတ်သက်လို့ ဟောပေးနေပါတယ်။ ပြီးခဲ့တဲ့ ညတွေကလဲ ဝေဒနာကမ္မဋ္ဌာန်းတွေနဲ့ ပတ်သက်ပြီး ဘုန်းကြီး တော်တော် ကျယ်ကျယ် ဝန်းဝန်း ဟောပေးထားတာ ရှိတယ်။

**အဆင့်အတန်းမြင့်သော တရား။** ။ဒီတော့ အခု ပေါသာလပုဏ္ဏားကို ဟောပေးရမှာကတော့ ရုပ်မပါဘူး၊ သူ့မှာ ဘာရှိသလဲဆိုတော့ ဝိညာဉ်နဲ့နာမ်ဘဲ ရှိတော့တယ်၊ သူ့မှာ ရှုစရာက ဒါဘဲ ကျန်တော့တယ်၊ ဒီတော့ ဝိညာဉ်နဲ့နာမ်ချည်းထဲဘဲ ဝိပဿနာ ရှုတဲ့လုပ်ငန်းကို ဖော်ပြပြီးတော့ ဟောရတော့မယ်ဆိုတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများအတွက် ဒီတရားဟာ ဝိပဿနာလုပ်ကွက်မှ ဟုတ်ပါတော့မလားလို့တောင် အထင်ရောက်လာအောင် တရားက အဆင့်အတန်းမြင့်နေတယ်၊ ဘာပြုလို့မြင့်နေသလဲလို့ ဆိုတော့ တရားနာချင်လို့ တရားတောင်းတဲ့ ပေါသာလပုဏ္ဏား ဆိုတာကလဲ အာကိဉ္စညာယတနသမာပတ်ကို ရနေတဲ့ ဈာနလာဘီပုဂ္ဂိုလ်ကြီး ဖြစ်နေတယ်၊ အရူပဈာန်ကို ရနေတဲ့ ပုဂ္ဂိုလ်လို့ ဆိုလိုတယ်၊ သူက ရူပဈာန်တောင် လွန်သွားပြီ၊ ဒီတော့ သူနဲ့တန်အောင် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က ဟောပေးတဲ့ တရားဆိုတော့ တရားက မြင့်နေတာပေါ့၊ သမာဓိထူထောင်တဲ့ နေရာမှာ သူ့သမာဓိထက်ကြီးတာ မရှိတော့ဘူး၊ သမာဓိက သိပ်ကောင်းနေတာ၊ အဲဒီတော့ ဒီ အာကိဉ္စညာယတန ဈာန်ကို ရောက်နေတဲ့ ပေါသာလပုဏ္ဏားကြီးမှာ အာကိဉ္စညာယတနဈာန်နဲ့ သမာပတ်ကိုတော့ဖြင့် ရနေတာဘဲ၊ တရားကို ရှေ့ဆက်ပြီး ဘယ်လိုတက်ရပါဦး

မလဲလို့ဆိုတာ သူ တရားတက်ဖို့ ခက်နေတယ်၊ သူ တရားမတက်တတ်တော့ဘူး၊ သူ့ ဆရာဖြစ်တဲ့ ဗာဝရီပုဏ္ဏားကြီးကို မေးပြန်တော့လဲဘဲ ဗာဝရီပုဏ္ဏားကြီးက ဘုရားမှမဟုတ်ဘဲ ဘယ် တက်ပေးနိုင်ပါ့မလဲ။

**ဆရာရသေ့ကြီး ခွင့်လွှတ်ပုံ။** ။ဒါကြောင့် ဗာဝရီပုဏ္ဏားကြီးက သူ့တပည့်တွေကို ခေါ်ပြီးတော့——

**ယသော်သော ဒုလ္လဘော လောကေ၊ ပါတုဘာဝေါ အဘိဏှသော။**
**သွာ'ဇ္ဇ လောကမှိ ဥပ္ပန္နော၊ သမ္ဗုဒ္ဓေါ ဣတိ ဝိဿုတော။**
**ခိပ္ပံ ဂန္တွာန သာဝတ္ထိံ၊ ပဿဝှေါ ဒိပဒုတ္တမံ—**

လို့ ဘုရားဖူးသွားဖို့ ခွင့်လွှတ်လိုက်တယ်။

ဒီဂါထာရဲ့အဓိပ္ပါယ်က——"တပည့်တို့ လောကမှာ ဘုရားဆိုတဲ့ အသံကလေး ကြားရဖို့တောင် အလွန်ခဲယဉ်းတယ်၊ ယခု မြတ်စွာဘုရား ပွင့်နေပြီတဲ့၊ ဒီတော့ ကိုယ်သိချင်တာကလေးတွေ မေးရအောင် ဘုရားရှိတော်မူတဲ့ သာဝတ္ထိပြည် သွားပြီးတော့ ဖူးချေကြပါ, တရားနာချေကြပါ"တဲ့။

အဲသလို သူ့ တပည့်တွေကို ဘုရားဖူးလွှတ်လိုက်လို့ တပည့် တဆယ့်ခြောက်ယောက်နဲ့ နောက်ပါအခြံအရံတွေ တသောင်းခြောက်ထောင်သော ပုဂ္ဂိုလ်တွေ လာခဲ့ကြတဲ့အထဲမှာ အခုပြောနေတဲ့ ပေါသာလပုဏ္ဏားကြီးလဲ ပါလာတယ်၊ ဒီတော့ ပေါသာလပုဏ္ဏားကြီးကလဲ မြတ်စွာဘုရားထံမှောက်သို့ ရောက်တဲ့အခါ ဥဒယတို့ မေးသလို သူလဲ မေးဖို့အချိန်ကိုစောင့်နေတာဘဲ၊ သူ့ အလှည့်မရောက်သေးတော့ သူက မမေးရသေးဘူး၊ အခုတော့ ပေါသာလပုဏ္ဏားရဲ့ အလှည့် ဒီကနေ့ရောက်ပြီ၊ နော် (မှန်ပါဘုရား)

သူမေးချင်တာတွေကို မြတ်စွာဘုရားကို မေးတော့မယ်၊ အဲဒီ သူမေးတာ မြတ်စွာဘုရားက ပြန်ပြီးတော့ဖြေတာကို ဝိပဿနာလုပ်ထုံး အလုပ်တခုအဖြစ်နဲ့ မှတ်ပြီးတော့ ဟောပေးရမယ်၊ ဘယ်တရား မှတ်ပြီးတော့ ဟောပေးရမလဲ လို့ဆိုရင် ဝိညာဉ်နဲ့နာမ်၊ ဘာနဲ့ ဘာတဲ့လဲ (ဝိညာဉ်နဲ့ နာမ်ပါ ဘုရား)

ဝိညာဉ်ကို သဘာဝလက္ခဏာ ဖော်လိုက်မယ်ဆိုရင် သိတတ်တဲ့ ဝိဇာနန သဘော၊ နာမ်က သိအောင်ပြုလုပ်ပေးတတ်တဲ့ အဘိသင်္ခရဏသဘော၊ ပေါသာလပုဏ္ဏားက ဒီ သဘာဝလက္ခဏာတရား နှစ်ခုစလုံးရှိနေတာတော့ သိတယ်၊ ဘယ်လိုလုပ်ပြီးတော့ ရှေ့ကို ဉာဏ်တက်ရမယ်ဆိုတာကို မသိဘူး။

**မြတ်စွာဘုရားက မေးခွင့်ပြုပုံ။** ။မြတ်စွာဘုရားက ခွင့်ပြုတော် မူထားတယ် ပေါသာလပုဏ္ဏားတို့ လူစုကို၊ ဘယ်လို ခွင့်ပြုထားသလဲလို့ဆိုတော့——

**ဗာဝရိဿ စ တုယှံ ဝါ၊ သဗ္ဗေသံ သဗ္ဗသံသယံ။**
**ကတာဝကာသာ ပုစ္ဆဝှော၊ ယံ ကိဉ္စိ မနသိစ္ဆထ – တဲ့**

ဗာဝရီပုဏ္ဏားကြီးရဲ့ အတွက်ငှင်း, ဗာဝရီပုဏ္ဏားကြီးရဲ့တပည့်ဖြစ်တဲ့ သင်တို့ပုဏ္ဏား ဟဆယ့်ခြောက်ယောက်တို့ အတွက်ငှင်း မသိဟာရှိရင် မေးသာမေးကြ၊ ငါဘုရား ဖြေတော်မူမယ်-လို့ ဒီလို မြတ်စွာဘုရားကလဲ ခွင့်ပြုထားတယ်နော် (မှန်ပါဘုရား)

အဲဒီလို ခွင့်ပြုတဲ့အခါ မြတ်စွာဘုရားကို ရှိခိုးပြီးတော့ အဇိတ က စပြီးတော့ မေးခဲ့တာတွေကို "ကေနဿု နိဝုတော လောကော"လို့ စပြီးတော့ ဟောခဲ့တာ သုတ္တန်ကတော့ဖြင့် ပေါသာလသုတ္တန် ရောက်လာပြီ၊ ဒီသုတ္တန်မှာ ဂါထာလေးပုဒ်ပဲရှိပါတယ်။

## ပဌမလျှောက်ထားချက်

ပေါသာလပုဏ္ဏားက သူရောက်နေတဲ့ ဈာန်ကနေပြီး ရှေ့ကို တရားတက်ဖို့ရန်အတွက် မေးမြန်းလိုသည် ဖြစ်သောကြောင့် ရှေးဦးစွာ မြတ်စွာဘုရားကို မေးလျှောက်တဲ့ ဂါထာကို ရွတ်ပါတယ်။

**ယော အတီတံ အာဒိသတိ၊ အနေဇော ဆိန္နသံသယော။**
**ပါရဂုံ သဗ္ဗဓမ္မာနံ၊ အတ္ထိ ပဥှေန အာဂမံ။**

ပေါသာလ ပုဏ္ဏားကြီးက မေးတဲ့ အမေးဂါထာ၊ အဲဒါကို အနက်မြန်မာ ပြန်ဆိုကြဦးစို့ရဲ့၊

ယောဘဂဝါ၊ အကြင် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်။ အတီတံ၊ အတိတ်ကို။ အာဒိသတိ၊ ညွှန်ပြတော်မူနိုင်ပါပေ၏။ ယောဘဂဝါ၊ အကြင် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်။ အနေဇော၊ တဏှာကင်းတော်မူပါပေ၏။ ယောဘဂဝါ၊ အကြင် ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်။ ဆိန္နသံသယော၊ ယုံမှားသံသယ ဝိစိကိစ္ဆာတွေကို ပယ်ဖျောက်တော်မူပါပေ၏။ ယောဘဂဝါ၊ အကြင် ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော ရှင်တော်မြတ်ဘုရားသည်။ သဗ္ဗဓမ္မာနံ၊ သင်္ခါရ ဝိကာရ လက္ခဏာ နိဗ္ဗာန် ပညတ်ဟုဆိုအပ်သော ငါးယျင်းတန် တရားမှန်အားလုံးတို့ကို။ ပါရဂုံ၊ သိခြင်းငှါ စွမ်းနိုင်တဲ့ တဖက်ကမ်းခပ် တတ်မြောက်တော်မူပါပေ၏။ တံဘဂဝန္တံ၊ ထို ဆိုအပ်ခဲ့ပြီးသော ဂုဏ်တော် ကျေးဇူးတော်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ (တနည်း)

တသာ ဘဂဝတော၊ ထို ဆိုခဲ့ပြီးသော ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏။ သန္တိကံ၊ အထံတော်သို့။ အတ္ထိပဥှေန၊ အမေးပုစ္ဆာပြဿနာကို မေးလိုပါသဖြင့်။ အာဂမံ၊ ရောက်ရှိ၍လာသည်။ အမို၊ ဖြစ်ပါတော့သည် အရှင်ဘုရား။

**ဂါထာအဓိပ္ပါယ်။** ။ပထမဂါထာတပုဒ်ကို အနက်မြန်မာ ပြန်ဆိုလို့ပြီးသွားပြီ၊ အဲဒီအနက် မြန်မာပြန်က ဘာပြောသလဲဆိုတော့ ပေါသာလ မေးနေတဲ့ မြတ်စွာဘုရားက ဘယ်လိုဂုဏ်ထူးဝိသေသတွေနဲ့ ပြည့်စုံသလဲဆိုတော့ အတိတ်ကို ညွှန်ပြနိုင်တဲ့ ပုဂ္ဂိုလ်ပါတဲ့၊ နောက်ကြောင်းကို ပြန်ပြီးတော့ ပြောနိုင်တဲ့ ပုဂ္ဂိုလ်တဲ့၊ ရူပ၊သဒ္ဒ-စသည်ထွေပြား တဏှာများလဲ ကင်းတော်မူတဲ့ မြတ်စွာဘုရားပါတဲ့၊ တဏှာလဲမရှိဘူး၊ ယုံမှားသံသယတွေ ကင်းတော်မူတဲ့ မြတ်စွာဘုရား၊ အဲဒီ ပါရဂူတွေကိုလဲ ပြီးခဲ့တဲ့ညတွေက ဘုန်းကြီး ပြောပေးခဲ့ပြီးပြီ၊ အနေဇော-တဏှာကင်းတဲ့အကြောင်းတွေလဲ ပြောခဲ့ပြီးပြီ။

**အတိတ်ကို ညွှန်နိုင်ပုံ။** ။"အတီတံ အာဒိသတိ" ဆိုတာကိုတော့ နဲနဲ ပြောချင်သေးတယ်၊ အတိတ်ကို ညွှန်ပြတယ်ဆိုတာ ဘာတွေညွှန်ပြသလဲ၊ မြတ်စွာဘုရား ကိုယ်တော်တိုင်ဘဲ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်တော်ကြီးနဲ့ ပြန်ပြီးကြည့်လိုက်တော့ "ဧကမ္ပိ ဇာတိံ ဒွေပိ ဇာတိယော တိဿောပိ ဇာတိယော စတဿောပိ ဇာတိယော" စသည်ဖြင့် တဘဝ, နှစ်ဘဝ, သုံးဘဝ, လေးဘဝ, ငါးဘဝ, ဆယ်ဘဝ, ဘဝ-၂၀, ဘဝ-၃၀, ဘဝ-၄၀, ဘဝ-၅၀, ဘဝတရာ, ဘဝတထောင်, ဘဝတသိန်း, ဘဝသိန်းပေါင်းများစွာ, များစွာသော သံဝဋ္ဋကပ်, များစွာသောဝိဝဋ္ဋကပ်, များစွာသောသံဝဋ္ဋဝိဝဋ္ဋကပ်တွေကို ပြန်ပြီးတော့ ကြည့်လိုက်တော့ ငါသည် ဤမည်သော ဘဝ၌ ဧဝံနာမော-နာမယ်က ဘယ်လိုခေါ်တယ်, ဧဝံဂေါတ္တော-အမျိုးအနွယ်က ဘယ်လို အမျိုးအနွယ်, ဧဝံဝဏ္ဏော-အရောင်အသွေး အဆင်းသဏ္ဌာန်က ဘယ်လိုနေတယ်, ဧဝမာဟာရော-အစား အသောက်က ဘာတွေ စားသောက်ခဲ့ရတယ်, ဧဝံသုခဒုက္ခပဋိသံဝေဒီ-ချမ်းသာ ဆင်းရဲတွေ ဘယ်လောက်ခံစားခဲ့ရတယ်, ဧဝမာယုပရိယန္တော-အသက်အပိုင်းအခြား ဘယ်လောက်နေခဲ့ရတယ်ဆိုတာတွေကို ဘုန်းတော်သခင် သဗ္ဗညု မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဟို နောက်က အကြောင်းတွေကို ပြန်ပြီးတော့ ဟောတော်မမူဘူးလား (ဟောတော်မူပါတယ် ဘုရား)။

ဒါကြောင့် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည် အတိတ်ကိုပြန်ပြီးတော့ ညွှန်ပြနိုင်တဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ် ဘုရားတဲ့။

အဲဒီလို ဘုန်းတော်သခင် သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်ဟာ အတိတ်အကြောင်းတွေကို ပြန်ပြီးတော့ ညွှန်ပြနိုင်တဲ့ မြတ်စွာဘုရား ဖြစ်ပါတယ်။

ဘယ်လောက်တောင် ညွှန်ပြနိုင်သလဲဆိုတော့ ဘုန်းကြီးတို့ ဒီဃနိကာယ် သုတ်ပါထေယျပါဠိတော် ပါသာဒိကသုတ်မှာ——

အတီတံ ခေါ စုန္ဒ အဒ္ဓါနံ အာရဗ္ဘ တထာဂတဿ သတာနုသာရိ ဉာဏံ ဟောတိ။

စုန္ဒ၊ စုန္ဒ။ အတီတံ၊ အတိတ်ဖြစ်သော။ အဒ္ဓါနံ၊ ကာလကို။ အာရဗ္ဘ၊ အာရုံပြု၍။ တထာဂတဿ၊ လမ်းမှန်ရောက် သခင် ဘုရားရှင်ကိုယ်တော်မြတ်၏။ သတာနုသာရိဉာဏံ၊ အတိတ်ဘဝကဖြစ်ခဲ့တဲ့ သဘာဝတရားတွေကို ပိုင်းခြားပြီးတော့ သိနိုင်တယ်ဆိုတဲ့ သတိနှင့်ယှဉ်တွဲ၍ ဖြစ်သောဉာဏ်သည်။ ဟောတိ၊ ထင်ရှားမသေ့ ရှိနေပါပေ၏။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်မှာ အတိတ်ကအကြောင်းတွေကို ပြန်ပြီးတော့ သိနိုင်တဲ့သတိနှင့် ယှဉ်တွဲပြီးတော့ ဖြစ်တဲ့အသိဉာဏ် ရှိတယ်။ သုတ်ပါထေယျ ပါဠိတော်မှာ——

သော ယာဝတကံ အာကင်္ခတိ၊ တာဝတကံ အနုဿရတိ။

သော ဘဂဝါ၊ ထိုဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူပေသော ရှင်တော်မြတ်ဘုရားသည်။ ယာဝတကံ၊ အကြင်မျှလောက်သော အာရုံကို။ အာကင်္ခတိ၊ အလိုတော်ရှိ၏။ တာဝတကံ၊ ထိုမျှလောက်သော အာရုံတွေကို။ အနုဿရတိ၊ အောက်မေ့တော်မူနိုင်၏။

အတိတ်ကို ပြန်ပြီးတော့ ညွှန်ပြနိုင်တယ်နော်။　　　(မှန်ပါဘုရား။)

အနာဂတ်ကို ညွှန်နိုင်ပုံ။　　။အတိတ်ကို ညွှန်ပြနိုင်ရင် အနာဂတ်ကိုတော့ မညွှန်ပြနိုင်ဘူးလားလို့ မေးစရာမရှိဘူးလား။

(ရှိပါတယ်ဘုရား။)

ပါဠိတော်မှာတော့ "ယော အတီတံ အာဒိသတိ" လို့သာ ပါတယ်၊ အတီတံ၊ အာဒိသတိ-အရကို နိဒ္ဒေသကဖွင့်ထားတာ ရှိတယ် "အနာဂတမ္ပိ အာဒိသတိ" အနာဂတ်ကိုလဲ ညွှန်ပြနိုင်ပါသေးတယ်တဲ့၊ ဒီဃနိကာယ် သုတ်ပါထေယျမှာလဲ ဘယ်လို ပြောထားပြန်သလဲ ဆိုတော့——

အနာဂတဉ္စ ခေါ အဒ္ဓါနံ အာရဗ္ဘ တထာဂတဿ ဗောဓိဇံ ဉာဏံ ဥပ္ပဇ္ဇတိ "အယမန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ"တိ။

စုန္ဒ၊ စုန္ဒ။ အနာဂတံ၊ အနာဂတ်ဖြစ်သော။ အဒ္ဓါနံ၊ ကာလကို။ အာရဗ္ဘ၊ အာရုံပြု၍။ တထာဂတဿ။ လမ်းမှန်ရောက်သခင် ဘုရားရှင်ကိုယ်တော်

မြတ်၏။ ဗောဓိဇံ၊ ဗောဓိပင်ရင်း၌ဖြစ်သော။ ဉာဏံ၊ သဗ္ဗညုတဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဗောဓိပင်ရင်း ရွှေပလ္လင်ပေါ်မှာ နေတော်မူစဉ် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် သဗ္ဗညုတရွှေဉာဏ်တော်ကြီးကို ရခဲ့တဲ့အတွက် ၎င်းဉာဏ်ဖြင့် အနာဂတ်ကိုလဲ မြော်ပြီးတော့ ညွှန်ပြနိုင်တယ်တဲ့။ ဘယ့်နှယ် ညွှန်ပြနိုင်သလဲ ဆိုတော့ "အယမန္တိမာ ဇာတိ=ငါ့ရဲ့ ခုဘ၀ ဖြစ်ခြင်းသည် နောက်ဆုံးဘဲ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ=နောင်တဖန်ပြန်ပြီး ပဋိသန္ဓေနေရမဲ့ ဘ၀ မရှိတော့ဘူး" လို့ သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ ပြန်ပြီးတော့ ညွှန်းနိုင်တယ်တဲ့။

မြတ်စွာဘုရား အနာဂတ်ကို ညွှန်းတာ နောက်တခု ရှိသေးတယ်။

အသီတိဝဿသဟဿာယုကေသု ဘိက္ခဝေ မနုဿေသု မေတ္တေယျော နာမ ဘဂဝါ လောကေ ဥပ္ပဇ္ဇိဿတိ အရဟံ သမ္မာသမ္ဗုဒ္ဓေါ။

ဘိက္ခဝေ၊ ရဟန်းတို့။ အသီတိဝဿသဟဿာယုကေသု (ဒါက-စက္ကဝတ္တိသုတ်မှာ မြတ်စွာဘုရား ဟောတာ) အနှစ်ရှစ်သောင်းတမ်းသို့ ရောက်သော အခါကာလ၌။ မနုဿေသု၊ လူတို့တွင်။ အရဟံ၊ ပူဇော်ဘွယ်အထူးကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓေါ၊ သစ္စာလေးပါးတရားကို ကောင်းစွာ ထိုးထွင်း၍ သိတော်မူသော။ မေတ္တေယျော နာမ၊ မေတ္တေယျ အမည် ရှိသော။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညု ဘုရားရှင်သည်။ လောကေ၊ လောက၌။ ဥပ္ပဇ္ဇိဿတိ၊ ပွင့်တော်မူလိမ့်မည်။

အဲဒါအနာဂတ်ကို မြတ်စွာဘုရား ညွှန်းပုံနော် (မှန်ပါဘုရား။)

အဲဒီလို ဘုရားပွင့်လိမ့်မယ် ဆိုတာ မြတ်စွာဘုရား ညွှန်းတာ၊ အနာဂတမ္ဗိ အာဒိသတိ၊ ဟုတ်လား (မှန်ပါ့ဘုရား။)

"အနာဂတေ အင်္ဂီရသော နာမ ပစ္စေကဗုဒ္ဓေါ ဘဝိဿတိ"။

ဒေဝဒတ်ကို ညွှန်းတာ၊ ဒေဝဒတ်ဟာ ငါ့ကို အရိုးတွေနဲ့ ပူဇော်သွားတဲ့ အတွက် နောင်အခါမှာ အင်္ဂီရသအမည်ရှိတဲ့ ပစ္စေကဗုဒ္ဓါ ဖြစ်လိမ့်မယ်လို့ အနာဂတ်ကို ညွှန်းတာ။

သုမနပန်းသည်ကို ညွှန်းတာကတော့ "အနာဂတေ သုမနိဿရော နာမ ပစ္စေကဗုဒ္ဓေါ ဘဝိဿတိ"တဲ့ သုမနပန်းသည် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို ပန်းတွေ လှူသွားတယ်၊ ဒါ ဘုန်းကြီးတို့ရဲ့ ပရိသတ်လဲ သိနေကြတယ်၊ ဓမ္မပဒအဋ္ဌကထာမှာ လာတဲ့ သုမနမာလာကာရဝတ္ထု။

ပန်းတွေကို ရှင်ဘုရင့်ထံ ဆက်သမလို့ ထမ်းလာရင်း မြတ်စွာဘုရား ဆွမ်းခံကြွလာတာ လမ်းမှာတွေ့လို့ ပန်းတွေနဲ့ ပူဇော်တာ။ လက်ဦးတော့ ပန်းတဆုပ်ထဲဘဲ မြတ်စွာဘုရားကို ပူဇော်လိုက်တယ်၊ အဲဒီ ပူဇော်လိုက်တဲ့ ပန်းတဆုပ်ဟာ မြတ်စွာဘုရားရှင်ရဲ့ ခေါင်းပေါ်မှာ ပန်းဆိုင်းဆွဲထားသကဲ့သို့ ဖြစ်ပေါ်လာတဲ့အတွက် သဒ္ဓါတရားတွေ တိုးတက်ပြီးတော့ ရှိသမျှပန်းတွေကို အကုန်လုံး လှူသွားတယ်။

ဒီတော့ မြတ်စွာဘုရားက ပြုံးတော်မူတယ်၊ မြတ်စွာဘုရားက ပြုံးတော်မူတော့ ရှင်အာနန္ဒာက လျှောက်တယ် "အရှင်ဘုရား ဘာကြောင့် ပြုံးပါသလဲ" ဆိုတော့ ချစ်သား အဲဒီ သုမနပန်းသည်ကို သင်မြင်ရဲ့လား? မြင်ပါတယ်ဘုရားတဲ့၊ ငါ့ကို ပန်းနဲ့ ပူဇော်တဲ့ပုဂ္ဂိုလ်ဖြစ်သောကြောင့် သုမန ပန်းသည်သည် နောင်အခါမှာ သုမနိဿရအမည်ရှိတဲ့ ပစ္စေကဗုဒ္ဓါဖြစ်လိမ့်မယ်လို့ အနာဂတ်ကို ညွှန်ပြတော်မူလိုက်တယ်၊ ဒါ "ယော အတီတံ အာဒိသတိ" ရဲ့ အဓိပ္ပါယ်။

ဒီတော့ ပန်းနဲ့ပူဇော်တယ်ဆိုတာ ဘုရားတို့ တရားတို့ သံဃာတို့ကို ပန်းနဲ့ ပူဇော်ရတယ်ဆိုတာ ပစ္စေကဗုဒ္ဓါ ဖြစ်နိုင်တယ်။ သုမနိဿရ အမည်ရှိတဲ့ ပစ္စေကဗုဒ္ဓါ ဖြစ်လိမ့်မယ်ဆိုပြီးတော့ အနာဂတ်ကိုလဲ ညွှန်ပြတော်မူတယ်၊

## ဒုတိယလျှောက်ထားချက်

အဲဒီလို အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်တဲ့ ကာလသုံးပါးကို ညွှန်ပြတော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ထံမှောက်ကို ဘုရားတပည့်တော် အမေးပုစ္ဆာပြဿနာ မေးဘို့ ရောက်ရှိလာပါပြီဘုရား၊ မေးပါရစေလို့ ခွင့်တောင်းပြီး ပေါသာလ ရသေ့ပုဏ္ဏား ပညာရှိက မေးခွန်းပုစ္ဆာ လျှောက်ထားတယ်၊ သူမေးတဲ့ ပုစ္ဆာ ဂါထာက——

**ဝိဘူတရူပသညိဿ၊ သဗ္ဗကာယပ္ပဟာယိနော။**
**အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါ စ၊ နတ္ထိ ကိဉ္စီတိ ပဿတော။**
**ဉာဏံ သက္ကာ'နုပုစ္ဆာမိ၊ ကထံ နေယျော တထာဝိဓော။**

သက္က၊ သာကီနွယ်ဘွား ရှင်တော်မြတ်ဘုရား။ ဝိဘူတရူပသညိဿ၊ အရူပသမာပတ်ကို ရသဖြင့် ရူပသညာနဲ့ ရုပ်ပဋိသန္ဓေကို လွန်မြောက်ပြီးသော။ သဗ္ဗကာယပ္ပဟာယိနော၊ အလုံးစုံသော ရူပသညာနှင့် ရုပ်ပဋိသန္ဓေကို ပယ်စွန့်ပြီးသော။ (ဘယ်လောက်ခက်တဲ့ စကားတွေလဲဆိုတာ အဲဒါသာ ကြည့်၊ ဘုန်းကြီးတို့ ပရိသတ် ဒါတွေကို နားမလယ်ဘူး) အဇ္ဈတ္တဉ္စ၊ အဇ္ဈတ္တသန္တာန်၌၎င်း။ ဗဟိဒ္ဓါ စ၊ ဗဟိဒ္ဓသန္တာန်၌၎င်း။ နတ္ထိကိဉ္စိတိ၊ တစုံတခုသော ဝိညာဉ်မရှိဟူ၍။ ပဿတော၊ အာကိဉ္စညာယတနသမာပတ်ကို ရှု၍

နေသော။ တဿ၊ ထိုအာကိဉ္စညာယတနစျာန်ရတဲ့ စျာနလာဘီပုဂ္ဂိုလ်၏။ ဉာဏံ၊ ဉာဏ်ကို။ ပုစ္ဆာမိ၊ မေးလျှောက်ပါ၏။ တထာဝိဓော၊ ထိုသို့ သဘော ရှိသော အာကိဉ္စညာယတန စျာနလာဘီပုဂ္ဂိုလ်သည်။ ကထံ၊ အဘယ်သို့ လျှင်။ နေယျော၊ သူ့ရဲ့အသိဉာဏ်ကို ဆောင်ထိုက်ပါသနည်း အရှင်ဘုရား။

**ဂါထာအဓိပ္ပါယ်။** ။ဘာပြောသလဲ၊ အရှင်ဘုရားတဲ့ အာကိဉ္စညာယတနစျာန် ကို ရောက်နေပြီးတော့ အဲဒီ အာကိဉ္စညာယတနစျာန်က ရှေ့ကိုတက်ဘို့ ဝိပဿနာလုပ်ငန်းကို လုပ်ချင်ပါတယ်၊ ဘယ်လိုလုပ်ရပါ့မလဲလို့ မေးတဲ့ အဓိပ္ပါယ်။

အာကိဉ္စညာယတနစျာန်က သမထ၊ အာကိဉ္စညာယတနစျာန်ဆိုတာ ဘာလဲ, (သမထပါဘုရား)။

ဘာဖြစ်လို့ သမထလို့ ခေါ်သလဲဆိုတော့ အာကိဉ္စညာယတနစျာန်ကို ရောက်နေတော့ သူ့မှာ နီဝရဏတရားတွေ အကုန်ငြိမ်းနေတယ်၊ ကာမစ္ဆန္ဒ မရှိ ဘူး၊ ဗျာပါဒ မရှိဘူး၊ ထိနမိဒ္ဓ မရှိဘူး၊ ဥဒ္ဓစ္စ ကုက္ကုစ္စ မရှိဘူး၊ ဝိစိကိစ္ဆာ မရှိဘူး၊ မရှိဘူးဆိုတာ အကြွင်းမဲ့ ပယ်ပစ်တာလားဆိုတော့ မဟုတ်ဘူး၊ ဝိက္ခမ္ဘနပဟာန်အားဖြင့် ခွါသားတယ်၊ ဘာတွေသာရှိသလဲဆိုတော့ ကာမစ္ဆန္ဒနဲ့ ပတ်သက်လို့ ကာမရာဂါနုသယ ရှိတယ်၊ နော် (မှန်ပါ)

ဗျာပါဒနဲ့ ပတ်သက်လို့ ပဋိဃာနုသယရှိတယ်၊ ထိန မိဒ္ဓ ဥဒ္ဓစ္စ ကုက္ကုစ္စတို့နဲ့ ပတ်သက်လို့ ဝိစိကိစ္ဆာနုသယ ရှိနေဘယ် သူ့မှာ၊ ဟုတ်လား (မှန်ပါဘုရား)

ပရိယုဋ္ဌာန-ဝီတိက္ကမ သဘောဖြင့်သာလျှင် သူ့မှာ အဲဒီ တရားတွေ မရှိတာ၊ ဒီတော့ ဒီတရားတွေက အနုသယအနေနဲ့ ရှိနေသေးသည် ဖြစ်သောကြောင့် ထိုပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ဖြစ်ခွင့်ရှိလာရင်, သင့်လျော်သော အကြောင်းကို ရလာရင် အဲဒီ ကာမစ္ဆန္ဒ, ဗျာပါဒတွေ ပြန်ပြီးတော့ ဖြစ်လာနိုင်တယ်၊ ဒီတော့ ငြိမ်းရုံသာ ငြိမ်းနေတယ်၊ ဒီ နီဝရဏတရားတွေကို ပယ်ခွါရုံသာ ပယ်ခွါနိုင် တယ်၊ မဂ်ဉာဏ်ဖြင့် အကြွင်းအကျန်မရှိ သမုစ္ဆေဒပဟာနသတ္တိဖြင့် မပယ်သတ် နိုင်သေးသည် ဖြစ်သောကြောင့် ဘုရားတပည့်တော် ရှေ့ဆက်ပြီးတော့ အာ-ကိဉ္စညာသမာပတ်ကနေပြီး ဘယ့်နှယ်လုပ် တရားအားထုတ်ရပါ့မလဲ ဘုရားလို့ လျှောက်ထားတယ်။ (မှန်ပါဘုရား)။

**အာကိဉ္စညာသမာပတ်။** ။ရူပသညာနဲ့ တရားအားထုတ်လိုက်တယ်ဆိုရင် ရုပ် ဆိုတဲ့ အမှတ်သညာတွေ သူ့မှာ မရှိတော့ဘူး၊ ဘယ်လို ရုပ်တွေ မရှိသလဲ၊ ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာ ဆိုတဲ့ အဲဒီ ရုပ်အမှတ်သညာတွေ သူ့မှာ မရှိတော့ဘူး၊ သူက ရူပပဋိ-

သန္တေကိုလဲ ပယ်ပြီးသားဖြစ်နေတယ်၊ ဘယ်တရားနဲ့ ပယ်ထားသလဲဆိုတော့ အာကိဉ္စညာယတနသမာပတ်မှာရှိတဲ့ ပညိန္ဒြေစေတသိက်နဲ့ ပယ်ထားတာ၊ ပညာနဲ့ ပယ်ထားတာ၊ အဲဒီလို ရုပ်အမှတ်အသားတွေကို ပယ်ထားတာ ဖြစ်တယ်၊ အာကိဉ္စညာယတနသမာပတ်ဆိုတာကလဲ ဘယ်လောက်တောင် ဆန်းသလဲလို့ဆိုတော့ "နတ္ထိ ကိဉ္စိ"တဲ့၊ အာရုံက ကိဉ္စိ-တစုံတခုသောသဘောသည်၊ နတ္ထိ-မရှိ၊ တရားကို ရှုလိုက် ဘာမှမရှိဘူး၊ သူ့မှာ အဲသလိုဘဲ ဖြစ်နေတယ်၊ သို့သော် အင်မတန်ချမ်းသာနေတယ်၊ အဲဒီဘာမှမရှိတာကလေးကို ရှုနေရတာ ရူပသညာတွေကို ဘယ်လောက်တောင်လွန်သွားပလဲဆိုရင် "သဗ္ဗကာယပ္ပဟာယိနော-အလုံးစုံသော ရူပသညာတွေကို သူကပယ်ထားပြီးပြီ၊ ခုနစျာန်စိတ်တွေက ပယ်ထားပါတယ်၊ အဲဒါကတော့ဖြင့် ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ သဂြိုဟ်စိတ်ပိုင်းကို သရုပ်ကျေကျေခွဲထားတဲ့ ပုဂ္ဂိုလ်များ အတွက်ကတော့ဖြင့် ဒါ ထင်ရှားနေပါတယ်။

အဲဒီလို ရူပသညာတွေကို လွန်ပြီးတော့သွားတဲ့ အာကိဉ္စညာယတနစျာန လာဘီပုဂ္ဂိုလ်ရဲ့ ဝိပဿနာလုပ်ငန်းကို ဟောကြားပေးတော်မူပါ ဘုရားလို့ လျှောက်နေတာနော်　　(မှန်ပါဘုရား)။

## ပဋ္ဌမ အဖြေတရားတော်

ဒီတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က သိတယ် သူ့ကို "သူဟာ အာကိဉ္စညာယတနစျာနလာဘီ ပုဂ္ဂိုလ်ဖြစ်နေပြီ၊ သူဟာ အာကိဉ္စညာယတန ဘုံမှာ သွားပြီးတော့ ပဋိသန္ဓေနေရမဲ့ပုဂ္ဂိုလ်၊ အဘိသင်္ခါရဝိညာဉ်က ရှိနေတယ်"၊ အဲဒီလို သိနေသည့် ဖြစ်သောကြောင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က အပြည့်အစုံ ဟောပေးလို၍ ဘယ်လို မိန့်တော်မူလိုက်သလဲ ဆိုတော့—

**ဝိညာဏဋ္ဌိတိယော သဗ္ဗာ၊ အဘိဇာနံ တထာဂတော။**
**တိဋ္ဌန္တ' မေနံ ဇာနာတိ၊ ဝိမုတ္တံ တပ္ပရာယဏံ—တဲ့။**

ကိုင်း ပါဠိရွတ်ပြီးပြီ၊ အနက်မြန်မာ ပြန်ဆိုကြဦးစို့—

ပေါသာလ၊ ပေါသာလပုဏ္ဏား။ သဗ္ဗာ၊ အလုံးစုံကုန်သော။ ဝိညာဏဋ္ဌိတိယော၊ ဝိညာဏဋ္ဌိတိလေးမျိုး, ဝိညာဏဋ္ဌိတိခုနစ်မျိုးတို့ကို။ အဘိဇာနံ အဘိဇာနန္တော၊ သိတော်မူသော။ တထာဂတော၊ လမ်းမှန်ရောက်သခင် ဘုရားရှင် ကိုယ်တော်မြတ်သည်။ တိဋ္ဌန္တံ၊ ကမ္မာဘိသင်္ခါရ၏ အစွမ်းအားဖြင့် ပဋိသန္ဓေဝိညာဉ်ရဲ့ တည်ရာဖြစ်သော သဘောကို။ (အာကိဉ္စညာယတနစျာန လာဘီပုဂ္ဂိုလ်က အာကိဉ္စညာယတနစျာန် ကျင့်စဉ်နဲ့ အာကိဉ္စညာယတန ဘုံမှာ တည်တယ်ဆိုတဲ့ ကမ္မာဘိသင်္ခါရကို) တိဋ္ဌန္တံ၊ အဘိသင်္ခါရ၏ အစွမ်း

အားဖြင့် တည်သော။ ဝိမုတ္တံ၊ အာကိဉ္စညာယတနသမာပတ် စသည်တို့၌ နှလုံးသွင်း၍ နေသော။ တပ္ပရာယဏံ၊ ထိုအာကိဉ္စညာယတန ဟူသော ဘုံသည်သာလျှင် လည်းလျောင်းရာရှိသော။ နံ ပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ ဇာနာတိ၊ သိတော်မူ၏။

**ပဉ္စမဂါထာအဓိပ္ပါယ်။** ။ဘာပြောသလဲ ဒီဂါထာ၊ ပေါသာလတဲ့ သင့်မှာ အာကိဉ္စညာယတနစျာန်စိတ် ရှိနေသလား။ (ရှိနေပါတယ်ဘုရား)။

အဲဒီဟာ ဘာလဲဆိုတော့ အဘိသင်္ခါရဝိညာဉ်တဲ့၊

ဘာအဘိသင်္ခါရဝိညာဉ်လဲဆိုတော့ အာနေဥ္စာဘိသင်္ခါရဝိညာဉ်နဲ့ တွဲပြီးတော့ ဖြစ်နေတဲ့ ဝိညာဉ်ကို အဘိသင်္ခါရဝိညာဉ်လို့ ခေါ်တယ်။ ဒါ ဘုန်းကြီး ပြီးခဲ့တဲ့ ညကလဲ ပြောပေးခဲ့ပြီးပြီ။ သူဟာ ဒီအဘိသင်္ခါရဝိညာဉ်ကို နှစ်သက်ပြီးတော့ အာကိဉ္စညာယတနဘုံမှာ သွားပြီးတော့ ဖြစ်ရမယ်။ ဒီတော့ မြတ်စွာဘုရားက ဒီအာကိဉ္စညာယတနစျာန်ကို သိတဲ့ ဝိညာဏဋ္ဌိတိ=ဝိညာဉ်ရဲ့တည်ရာကို ငါဘုရား သိတော်မူဘယ်တဲ့၊ နော် (မှန်ပါဘုရား)။

**ဝိညာဏဋ္ဌိတိ။** ။ဝိညာဉ်တည်ရာ ဘယ်နှစ်မျိုး ရှိသလဲ၊ အဲဒါ မှတ်ထား၊ ဝိညာဏဋ္ဌိတိဆိုတာ ဘယ်နှစ်မျိုးရှိသလဲ ဆိုတော့—

> ဝိညာဏဋ္ဌိတိယော သဗ္ဗာတိ ဘဂဝါ အဘိသင်္ခါရဝသေန စတဿော ဝိညာဏဋ္ဌိတိယော ဇာနာတိ၊ ပဋိသန္ဓိဝသေန သတ္တ ဝိညာဏဋ္ဌိတိယော ဇာနာတိ——

လို့ စူဠနိဒ္ဒေသပါဠိတော်က ညွှန်ပြပါတယ်။

ဝိညာဏဋ္ဌိတိယော သဗ္ဗာတိ၊ ဝိညာဏဋ္ဌိတိယော သဗ္ဗာ ဟူသည်ကား။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဘိသင်္ခါရဝသေန၊ အဘိသင်္ခါရ၏ အစွမ်းဖြင့်။ စတဿော၊ လေးပါးကုန်သော။ ဝိညာဏဋ္ဌိတိယော၊ ကမ္မာဘိသင်္ခါရ ဝိညာဉ်ရဲ့ တည်ရာတို့ကို။ ဇာနာတိ၊ သိတော်မူ၏။ ပဋိသန္ဓိဝသေန၊ ပဋိသန္ဓေ ဝိညာဉ်၏ အစွမ်းအားဖြင့်။ သတ္တ၊ ခုနစ်ပါးကုန်သော။ ဝိညာဏဋ္ဌိတိယော၊ ဝိညာဏဋ္ဌိတိတို့ကို။ ဇာနာတိ၊ သိတော်မူ၏။

**အဓိပ္ပါယ်**ကတော့ မြတ်စွာဘုရားသည် ဝိညာဏဋ္ဌိတိရဲ့ သဘောကို ကမ္မ, ဝိပါက အရအားဖြင့် (၀ါ) ကမ္မဝိညာဉ်ရဲ့ တည်ရာ, ဝိပါကဝိညာဉ်ရဲ့ တည်ရာဟု နှစ်မျိုးခွဲပြီး သိတော်မူပါတယ်။ ဒီလို သိတော်မူတဲ့——

ကမ္မာဘိသင်္ခါရ၏ အစွမ်းအားဖြင့် ၄ မျိုး၊
ပဋိသန္ဓေ၏ အစွမ်းအားဖြင့် ၇-မျိုး——

လို့ ဆိုတဲ့ လေးမျိုးနဲ့ ခုနစ်မျိုးကို ဒီကနေ့ အကျယ်ချဲ့ပြီးတော့ ပါဠိတော်နဲ့ ဟောပေးရမယ်၊ ဒါက မချဲ့လို့ မဖြစ်ဘူး၊ ရှေးဦးစွာ ဝိညာဏဋ္ဌိတိကို ကမ္မာဘိသင်္ခါရ အစွမ်းအားဖြင့် တည်တဲ့ဝိညာဉ်၊ ပဋိသန္ဓေ အစွမ်းအားဖြင့် တည်တဲ့ ဝိညာဉ်လို့ ဒီ ဝိညာဏဋ္ဌိတိကို နှစ်မျိုး ခွဲထားတယ်၊ ရှေးဦးစွာ ဘာကို ရှင်းပေးရမလဲဆိုတော့ ကမ္မာဘိသင်္ခါရ အစွမ်းအားဖြင့် ဝိညာဉ်ရဲ့ တည်ရာ လေးမျိုးကို ရှေးဦးစွာ ရှင်းပေးမယ်။

## အဘိသင်္ခါရ ဝိညာဏဋ္ဌိတိ ၄-မျိုး

ကုသိုလ်ကံ-အကုသိုလ်ကံလို့ ခေါ်တဲ့ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရ တို့နဲ့ဘက္ခ တွဲပြီးတော့ ဖြစ်တဲ့ ဝိညာဉ်ဆိုတာ မရှိဘူးလား၊ (ရှိပါတယ်ဘုရား။)

ပုညာဘိသင်္ခါရဂတံ ဝိညာဏံ၊ အပုညာဘိသင်္ခါရဂတံ ဝိညာဏံ၊ အာနေဉ္ဇာဘိသင်္ခါရဂတံ ဝိညာဏံ တဲ့ ပုညာဘိသင်္ခါရနဲ့တွဲပြီး အတူတကွ ဖြစ်တဲ့ဝိညာဉ်ကို အဘိသင်္ခါရဝိညာဉ်၊ အာနေဉ္ဇာဘိသင်္ခါရ ဆိုတဲ့ ခုနင်က ပြောခဲ့တဲ့ ဈာန်တွေနဲ့ တွဲပြီးတော့ ဖြစ်နေတဲ့ ဝိညာဉ်ကို အဘိသင်္ခါရ ဝိညာဉ်လို့ ခေါ်တယ်။

**ဥပယအဓိပ္ပါယ်။**　။အဲဒီ အဘိသင်္ခါရဝိညာဉ်သည် ဘယ်မှာ တည်သလဲ၊ အဘိသင်္ခါရဝိညာဉ်ရဲ့ တည်ရာ ပါဠိတော် ရွတ်ရမယ်။ ခန္ဓဝဂ္ဂ သံယုက်ပါဠိတော် ဥပယဝဂ် ဥပယသုတ္တန်မှာ ဝိညာဏဋ္ဌိတိ ၄-မျိုးကို မြတ်စွာဘုရား ဟောထားတာ ရှိတယ်၊ သာဝတ္ထိပြည်မှာ သီတင်းသုံးနေစဉ် အခါ အဲဒီ ဥပယသုတ်ကို ဟောတော်မူပါတယ်။

ဥပယော ဘိက္ခဝေ အဝိမုတ္တော၊ အနုပယော ဝိမုတ္တော။

ဘိက္ခဝေ၊ ရဟန်းတို့။ ဥပယော၊ တဏှာ,မာန,ဒိဋ္ဌိတို့၏ အစွမ်းအားဖြင့် ကပ်ရောက်သော ပုဂ္ဂိုလ်သည်။ အဝိမုတ္တော၊ သံသရာက မလွတ်။ အနုပယော၊ တဏှာ,မာန,ဒိဋ္ဌိတို့ဖြင့် မကပ်ရောက်တဲ့ ပုဂ္ဂိုလ်သည်။ ဝိမုတ္တော၊ သံသရာက လွတ်၏။

ကပ်ရောက်တယ်ဆိုတာ ဘယ်အပေါ်သွားပြီး ကပ်ရောက်နေသလဲဆိုတော့ "ဥပယောတိ တဏှာမာနဒိဋ္ဌိဝသေန ပဉ္စက္ခန္ဓေ ဥပဂတော"တဲ့ အဋ္ဌကထာက၊ ခန္ဓာငါးပါးရဲ့အပေါ်မှာ တော် မမ-ခန္ဓာငါးပါးသည် ငါ့ရဲ့ဥစ္စာ, သောဟမသ္မိ-ဒိခန္ဓာငါးပါးသည် ငါကောင်,သော မေ အတ္တာ-ဒိခန္ဓာငါးပါးသည် ငါ့အတ္တလို့

အဲဒီလို တဏှာ တရားရှစ်ပါး, မာန ကိုးပါး, ဒိဋ္ဌိ ခြောက်ဆယ့်နှစ်ပါး တို့ဖြင့် ကပ်ရောက်စွဲလမ်းခြင်းကို ဥပယ-လို့ ခေါ်ပါတယ်။

**ပထမဝိညာဏဋ္ဌိတိ။** ။ယခု အဘိသင်္ခါရ၏ အစွမ်းအားဖြင့် ဝိညာဏဋ္ဌိတိကို မြတ်စွာဘုရား ဟောမလို့၊ ကုသိုလ်ကံ အဘိသင်္ခါရ ဝိညာဉ်သည်, အကုသိုလ်ကံ အဘိသင်္ခါရဝိညာဉ်သည်, အာနေဉ္ဇာဘိသင်္ခါရ ဝိညာဉ်သည် ဘယ်မှာတည်သလဲ၊ အဘိသင်္ခါရဝိညာဉ်တွေရဲ့တည်ရာ ၄-မျိုးရှိတယ်တဲ့ အဲဒီ ၄-မျိုးကို မြတ်စွာဘုရားက ဘယ်လိုဟောထားသလဲဆိုတော့—

> ရူပုပယံ ဝါ ဘိက္ခဝေ ဝိညာဏံ တိဋ္ဌမာနံ တိဋ္ဌေယျ၊ ရူပါရမ္မဏံ ရူပပ္ပတိဋ္ဌံ နန္ဒူပသေစနံ ဝုဒ္ဓိံ ဝိရူဠှိံ ဝေပုလ္လံ အာပဇ္ဇေယျ။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ဝိညာဏံ၊ ကမ္မာဘိသင်္ခါရ ဝိညာဉ်သည်။ တိဋ္ဌမာနံ၊ တည်သည်ရှိသော်။ ရူပုပယံဝါ၊ ရုပ်ကိုကပ်ရောက်သည်ဖြစ်၍လည်း။ တိဋ္ဌေယျ၊ တည်ရာ၏။ ရူပါရမ္မဏံ၊ ရုပ်လျှင်အာရုံရှိသော။ ရူပပ္ပတိဋ္ဌံ၊ ရုပ်လျှင်တည်ရာရှိသော ကမ္မဝိညာဉ်သည်။ နန္ဒူပသေစနံ၊ စွဲလမ်းခြင်း, နှစ်သက်ခြင်းဆိုတဲ့ တဏှာရေဖြင့် သွန်းလောင်းခြင်း ရှိသည်ဖြစ်၍။ ဝုဒ္ဓိံ၊ ကြီးပွါးခြင်းသို့။ ဝိရူဠှိံ၊ စည်ပင်ခြင်းသို့။ ဝေပုလ္လံ၊ ပြန့်ပြောခြင်းသို့။ အာပဇ္ဇေယျ၊ ရောက်ရာ၏။

**ဝိပဿနာရှုကွက်။** ။ကမ္မာဘိသင်္ခါရ ဝိညာဉ်တည်တာဟာ ဘယ်အပေါ်မှာ တည်သလဲဆိုတော့ ရုပ်ပေါ်မှာတဲ့၊ အဲဒီရုပ်သည် ကမ္မာဘိသင်္ခါရလို့ခေါ်တဲ့ ဝိညာဉ်ရဲ့တည်ရာဌာနကြီး၊ ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဒီ ကမ္မာဘိသင်္ခါရဝိညာဉ်ကို ဖျက်ဆီးပစ်ရမလား၊ ဘာလုပ်ရမလဲ၊ ဟောဒီနေရာမှာ ဝိပဿနာလုပ်ကွက်ကလေး ပေါ်အောင် ဖော်ပေးဘို့က ကမ္မာဘိသင်္ခါရသည် ရုပ်ပေါ်ကို အမှီရလို့ တဏှာတည်းဟူသော ရေဖြင့်သွန်းလောင်းရင် ပဋိသန္ဓေခေါ်တဲ့ ရုပ်အပင်တပင်, နာမ်အပင်တပင် ပေါက်လာမလား, ပေါက်မလာဘူးလား (ပေါက်လာပါတယ် ဘုရား)။

ဒုက္ခလား, သုခလား (ဒုက္ခပါ ဘုရား)။

ဒါဖြင့် အဲဒီ ကမ္မာဘိသင်္ခါရက ဘယ်အပေါ်မှာမှီသလဲ၊ ရုပ်ပေါ်မှာ မှီတယ်၊ ဒီတော့ အဲဒီရုပ်ပေါ်မှာ ဘယ်လိုလုပ်ရမလဲဆိုတော့ မြတ်စွာဘုရားက လုပ်ထုံးကလေးတခု ပြထားတာရှိတယ် ဒီသုတ္တန်မှာ—

ရူပဓာတုယာ စေ ဘိက္ခဝေ ဘိက္ခုနော ရာဂေါ ပဟီနော ဟောတိ၊
ရာဂဿ ပဟာနာ ဝေါစ္ဆိဇ္ဇတာရမ္မဏံ၊ ပတိဋ္ဌာ ဝိညာဏဿ န ဟောတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ရူပဓာတုယာ၊ ရုပ်ဓာတ်၌။ ရာဂေါ၊ ငါ, ငါ့ဥစ္စာ, ငါ့ကိုယ်လို့ စွဲလမ်းတယ်လို့ဆိုတဲ့ ရာဂကို။ ပဟီနော၊ ပယ်နိုင်သည်။ စေ ဟောတိ၊ အကယ်၍ဖြစ်အံ့။

**ဝိပဿနာလုပ်ထုံး။** ။ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်း သမီးများ ဝိညာဉ်ရှဲတည်ရာဖြစ်တဲ့ ရုပ်ကိုကြည့်လိုက်စမ်း။

"နေတံ မမ နေသောဟမသ္မိ"။ ဧသော၊ ဤရုပ်သည်။ အဟံ၊ ငါသည်။ နအသ္မိ၊ မဟုတ်ပါတကား။ ဝိပဿနာရှုလိုက်။ ဓမ္မာနုပဿနာသတိပဋ္ဌာန်မှာ ရုပ်ဟာ ငါဟုတ်ကဲ့လား (မဟုတ်ပါ ဘုရား)။

နေတံ မမ=န ဧတံ မမ။ ဧတံ၊ ဤရုပ်သည်။ မမ၊ ငါ၏။ နသန္တကံ၊ ပစ္စည်းမဟုတ်။

ထွက်တဲ့လေ ဝင်တဲ့လေဟာ ကိုယ့်ပစ္စည်းလား (မဟုတ်ပါဘူး ဘုရား)။

ဘာဖြစ်လို့ မဟုတ်ဘူးလို့ ပြောသလဲ၊ ဘုန်းကြီးတို့ အမျိုးကောင်းသားများ အမျိုးကောင်းသမီးများတွေမှာ ပစ္စည်းတွေ မရှိဘူးလား (ရှိပါတယ်ဘုရား)။

သားဟူသော ပစ္စည်းရှိတယ်, သမီးဟူသော ပစ္စည်းရှိတယ်, ဇနီးဟူသော ပစ္စည်းရှိတယ်, ခင်ပွန်းဟူသော ပစ္စည်းရှိတယ်, ရွှေ ငွေ စိန်ကျောက် အိုးအိမ် တိုက်တာ စတဲ့ ကိုယ့်ပစ္စည်းတွေ ကိုယ်သိမ်းထားတာ မရှိဘူးလား (ရှိပါတယ် ဘုရား)။

ဒီရုပ်တရားကို ကြည့်လိုက်လို့ ရုပ်တရားကို ဝိပဿနာရှုကွက်ထဲမှာ တွေ့နေရင် ကိုယ်သိမ်းထားတဲ့ ပစ္စည်းဟာ ဒီရုပ်နဲ့ တူရဲ့လား (မတူပါ ဘုရား)။

ဒါဖြင့် ကိုယ့်ပစ္စည်းနဲ့မတူရင် အဲဒီပစ္စည်းဟာ ကိုယ့်ပစ္စည်း ဟုတ်ပါ့မလား (မဟုတ်ပါ ဘုရား)။

ဘယ့်နှယ်ရှုရမလဲ "နေတံ မမ=ဧတံ ဤရုပ်သည်။ မမ၊ ငါ၏။ နသန္တကံ၊ ဥစ္စာမဟုတ်"၊ ဒီတော့ ရုပ်ကို ငါ့ဥစ္စာလို့စွဲနေတဲ့ တဏှာစွဲ လွတ်မသွားဘူးလား (လွတ်သွားပါတယ် ဘုရား)။

ငါစွဲ တဏှာစွဲ "န မေ သော အတ္တာ"၊ နှာခေါင်းထဲကထွက်တဲ့လေ နှာခေါင်း ထဲကို ဝင်တဲ့လေဟာ ရုပ်တရားလား, နာမ်တရားလား (ရုပ်တရားပါ ဘုရား)။

အဲဒီ ရုပ်တရားနဲ့ ကိုယ့်ကိုယ်လုံးကြီးဆိုတဲ့ ရုပ်ဟာ တူသလား, မတူဘူးလား (မတူပါ ဘုရား)။

န မေ သော အတ္တာ။ ဧသော၊ ဤရုပ်သည်။ မေ၊ ငါ၏။ အတ္တာ၊ အကောင်သတ္တဝါသည်။ န၊ မဟုတ်။

ဒီတော့ အဲဒီရုပ်တရားပေါ်မှာ အာကိဉ္စညာယတနဝိညာဉ်ရဲ့ တည်ရာဖြစ်တဲ့ ရုပ်တရားပေါ်မှာ တဏှာလို့ စွဲတယ်ဆိုတဲ့အစွဲ၊ ဒိဋ္ဌိလို့ စွဲတယ်ဆိုတဲ့အစွဲ၊ ငါလို့ စွဲတယ်ဆိုတဲ့ အစွဲတွေ လွတ်သွားသလား၊ လွတ်မသွားဘူးလား (လွတ်သွားပါတယ်ဘုရား)။

ရုပ်ခတ်၌ အဲဒီစွဲလမ်းမှု လွတ်သွားမယ်ဆိုရင် ဘာဖြစ်သွားသလဲ။ "ပတိဋ္ဌာ ဝိညာဏဿ န ဟောတိ"။ ဝိညာဏဿ၊ ကမ္မာဘိသင်္ခါရဝိညာဉ်၏။ ပတိဋ္ဌာ၊ တည်ရာသည်။ န ဟောတိ၊ မဖြစ်နိုင်တော့။

ရာဂဿ-ရာဂကို၊ ပဟာနာ-ပယ်နိုင်ခြင်းကြောင့်၊ အာရမ္မဏံ-အာရုံသည်၊ ဝေါစ္ဆိဇ္ဇတိ-ပြတ်သွား၏။ ဘာအာရုံ ပြတ်သွားသလဲ၊ တဏှာစွဲ မာနစွဲ ဒိဋ္ဌိစွဲ ဆိုတဲ့ အစွဲအာရုံတွေ ပြတ်မသွားဘူးလား (ပြတ်သွားပါတယ် ဘုရား)။

တဏှာ ပြတ်မသွားဘူးလား (ပြတ်သွားပါတယ်ဘုရား)။

ပြတ်သွားရင် အဲဒီဝိညာဉ် ဒီမှာ တည်လို့ရအုံးမလား (မရတော့ပါဘုရား)။

"တဒပ္ပတိဋ္ဌိတံ ဝိညာဏံ အဝိရူဠှံ အနဘိသင်္ခစ္စ ဝိမုတ္တံ"

အဲဒီဝိညာဉ် ဒီအပေါ်မှာ မတည်နိုင်ဘူးဆိုရင် အဲဒီဝိညာဉ်သည် ပဋိသန္ဓေ အကျိုးကို နောင်မပေးနိုင်တော့ဘူးလို့ မြတ်စွာဘုရားက ဥပယသုတ္တန်မှာ ဒီလို ဟောတယ်။ ဒါ ဝိညာဏဋ္ဌိတိတမျိုး။

**ဒုတိယဝိညာဏဋ္ဌိတိ။** ။နောက်ဝိညာဏဋ္ဌိတိတမျိုးက ဘာလဲဆိုတော့—

ဝေဒနုပယံ ဝါ ဘိက္ခဝေ ဝိညာဏံ တိဋ္ဌမာနံ တိဋ္ဌေယျ— တဲ့။

ဝေဒနာပေါ်မှာတည်တယ်တဲ့ ကမ္မာဘိသင်္ခါရဝိညာဉ် နော် (မှန်ပါဘုရား)။

အခုနကပြောခဲ့တဲ့ ဈာန်တရားတွေပေါ့၊ ဟုတ်လား (မှန်ပါဘုရား)

**တတိယဝိညာဏဋ္ဌိတိ။** ။သညုပယံ ဝါ ဘိက္ခဝေ ဝိညာဏံ တိဋ္ဌမာနံ တိဋ္ဌေယျ= သညာပေါ်မှာ တည်တယ်။

**စတုတ္ထဝိညာဏဋ္ဌိတိ။** ။သင်္ခါရုပယံ ဝါ ဘိက္ခဝေ ဝိညာဏံ တိဋ္ဌမာနံ တိဋ္ဌေယျ= သင်္ခါရပေါ်မှာ တည်တယ်တဲ့။

အဲဒါ ဝိညာဏဋ္ဌိတိ လေးမျိုး အကျဉ်း၊ အလိုရှိလျှင် ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ဥပယဝဂ်က ဥပယသုတ္တန်မှာ ကြည့်၊ ဒါ ကမ္မာဘိသင်္ခါရ၏ အစွမ်းအားဖြင့် တည်ရာလေးမျိုး ပြီးပြီ။

ရှုကွက်ကတော့ဖြင့် ခုန ရုပ်ကိုရှုတဲ့အတိုင်းဘဲ ရှုသွားရမယ်၊ ဟုတ်လား (မှန်ပါဘုရား)။

## ပဋိသန္ဓေ ဝိညာဏဋ္ဌိတိ ၇-မျိုး

ပဋိသန္ဓေ၏ အစွမ်းအားဖြင့် ပဋိသန္ဓေဝိညာဉ်တည်တာ ဘယ်နှစ်မျိုးရှိသလဲ ၇-မျိုးရှိတယ်၊

**ပဌမဝိညာဏဋ္ဌိတိ။** ။အင်္ဂုတ္တိုရ်ပါဠိတော်မှာ မြတ်စွာဘုရား ဟောတယ်၊ သတ္တဝိညာဏဋ္ဌိတိသုတ္တန် ဆုံပြီးတော့—

သန္တိ ဘိက္ခဝေ သတ္တာ နာနတ္တကာယာ နာနတ္တသညိနော သေယျထာပိ မနုဿာ ဧကစ္စေ စ ဒေဝါ ဧကစ္စေ စ ဝိနိပါတိကာ၊ အယံ ပဌမာ ဝိညာဏဋ္ဌိတိ။

အခိပ္ပါယ် လျှောက်ပြောမယ်၊ ဝိညာဏဋ္ဌိတိ ၇-မျိုးလို့ဆိုတာ—

၁။ **နာနတ္တကာယနာနတ္တသညီ**တဲ့၊ အဲဒီ နာနတ္တကာယနာနတ္တသညီဆိုတဲ့ ဝိညာဏဋ္ဌိတိက လူရယ်, ကာမာဝစရ နတ်ပြည်ခြောက်ထပ်မှာရှိတဲ့ နတ်တွေရယ်, အချို့သော ဝိနိပါတိက အသုရာလို့ခေါ်တဲ့ ဘီလူးတို့,ဝေမာနိကပြိတ္တာတို့ ဖြစ်တယ်။ အဲဒါ ဝိညာဏဋ္ဌိတိတမျိုး။

**နာနတ္တကာယ** ဆိုတာ တကမ္ဘာလုံးမှာရှိကြတဲ့ လူတွေကြည့်စမ်း တယောက်နဲ့ တယောက် တူသလား (မတူပါဘူးဘုရား)။

အဋ္ဌကထာ ဆရာကြီးကပြတယ် အမွှာပူးမွေးတဲ့ လူနှစ်ယောက်ကိုတောင် ကြည့်စမ်းပါ ရုပ်ချင်း တူတယ်ဆိုစေကာမူ ကြည့်ပုံချင်း မတူဘူးတဲ့၊ ပြောပုံချင်း မတူဘူးတဲ့၊ သွားပုံလာပုံချင်း မတူဘူးတဲ့၊ **နာနတ္တကာယ** ဟုတ်လား (မှန်ပါဘုရား)။

**နာနတ္တသညီ** ဆိုဒါကတော့ ပဋိသန္ဓေနေတဲ့ သညာဟာ တချို့က တိဟိတ်, တချို့က ဒွိဟိတ်, တချို့က သုဂတိအဟိတ်-လို့ ကွဲနေတယ်၊ အဲဒါ နာနတ္တသညီ၊ ဟုတ်လား (မှန်ပါဘုရား)။

အဲဒီလို လူတွေ, နတ်တွေ ကွဲပြီးတော့ ပဋိသန္ဓေနေတဲ့စိတ် မတူကြတာကို နာနတ္တကာယ နာနတ္တသညီ ဝိညာဏဋ္ဌိတိ-လို့ခေါ်တယ် (မှန်ပါဘုရား)။

**ဒုတိယဝိညာဏဋ္ဌိတိ။** ။သန္တိ ဘိက္ခဝေ သတ္တာ နာနတ္တကာယာ ဧကတ္တသညိနော သေယျထာပိ ဒေဝါ ဗြဟ္မကာယိကာ ပဌမာဘိနိဗ္ဗတ္တာ၊ အယံ ဒုတိယာ ဝိညာဏဋ္ဌိတိ။

၂။ **နာနတ္တကာယဧကတ္တသညီ** ခန္ဓာကိုယ်က အထူးထူး အပြားပြားရှိတယ်၊ ပဋိသန္ဓေနေတဲ့ ဝိညာဉ်ကတော့ဖြင့် တခုထဲဘဲ ပဋိသန္ဓေတူကြတယ်၊ ပဌမစျာန်

ဘုံရှိ ပြဟ္မာများနဲ့ အပါယ်လေးဘုံမှာရှိတဲ့ သတ္တဝါတွေရဲ့ ပဋိသန္ဓေလို့ မှတ်ရမယ် နော် (မှန်ပါဘုရား)။

အဲဒါ နာနတ္တကာယဧကတ္တသညီ ဝိညာဏဋ္ဌိတိ-ဘဲ။

**တတိယဝိညာဏဋ္ဌိတိ။** ။သန္တိ ဘိက္ခဝေ သတ္တာ ဧကတ္တကာယာ နာနတ္တသညိ-နော သေယျထာပိ ဒေဝါ အာဘဿရာ၊ အယံ တတိယာ ဝိညာဏဋ္ဌိတိ။

၃။ **ဧကတ္တကာယနာနတ္တသညီ** ဆိုတာ ခန္ဓာကိုယ်က အတူတူဘဲ၊ ပဋိသန္ဓေ နေတဲ့စိတ်က အဝိတက္က သဝိစာရ, သဝိတက္က အဝိစာရဆိုပြီး အဲဒီ သညာကျ တော့ သူက ထူးတယ်၊ ဒါကြောင့် ဧကတ္တကာယ နာနတ္တသညီလို့ ခေါ်တယ်၊ အဲဒါက အာဘဿရ ပြဟ္မာတို့ကို ခေါ်တယ်။ ဒုတိယစျာန်ဘုံမှာ ရှိနေတဲ့ အာဘဿရ ပြဟ္မာတဲ့၊ အဲဒါ ဧကတ္တကာယနာနတ္တသညီ-ဝိညာဏဋ္ဌိတိ-ဘဲ။

(၁) နာနတ္တကာယ နာနတ္တသညီ (၂) နာနတ္တကာယ ဧကတ္တသညီ, (၃) ဧကတ္တကာယ နာနတ္တသညီ-လို့ သုံးခုရှိသွားပြီ။

**စတု-ပဉ္စ-ဆ-သတ္တမ ဝိညာဏဋ္ဌိတိ** (၄) ဧကတ္တကာယ ဧကတ္တသညီတဲ့၊ ခန္ဓာကိုယ်ကလဲ အတူတူဘဲ, ပဋိသန္ဓေစိတ်ကလဲ အတူတူဘဲဆိုတဲ့ ဧကတ္တကာယ ဧကတ္တသညီ၊ အဲဒါက သုဘကိဏှ ပြဟ္မာတွေ။

၅။ အာကာသာနဉ္စာယတနဘုံမှာ ကပ်ရောက်နေတဲ့ပြဟ္မာတွေ၊ ဒါ ပဉ္စမ-ဝိညာဏဋ္ဌိတိ။

၆။ ဝိညာဏဉ္စာယတနဘုံမှာ ကပ်ရောက်နေတဲ့ပြဟ္မာ၊ ဆဋ္ဌမဝိညာဏဋ္ဌိတိ။

၇။ အာကိဉ္စညာယတနဘုံမှာ ကပ်ရောက်နေတဲ့ ပြဟ္မာ၊ သတ္တမဝိညာဏ-ဋ္ဌိတိ။

အဲဒီလို ပဋိသန္ဓေ၏ အစွမ်းအားဖြင့် ဖြစ်တဲ့ ဝိညာဏဋ္ဌိတိ ၇-မျိုးနဲ့ ကမ္မာဘိ-သင်္ခါရ၏ အစွမ်းအားဖြင့် ဝိညာဏဋ္ဌိတိ လေးမျိုးကို ငါဘုရားသိတော်မူတယ်၊ အခု သင်ရနေတဲ့ ဝိညာဏဋ္ဌိတိဟာ ဘယ်ကိုသွားမှာလဲဆိုတော့ အာကိဉ္စညာ-ယတန သမာပတ်ကို ရနေသည် ဖြစ်သောကြောင့် အာကိဉ္စညာယတန ဘုံမှာ ဝိညာဏဋ္ဌိတိ သွားပြီးတော့ နေရမဲ့ ပုဂ္ဂိုလ်တဲ့၊ဟုတ်လား (မှန်ပါဘုရား)။

**ဒုတိယပိုဒ် အဓိပ္ပါယ်။** ။"ဝိညာဏဋ္ဌိတိယော သဗ္ဗာ"ဆိုတဲ့ အပိုဒ်ပြီးတော့ "တိဋ္ဌန္တံ' မေနံ ဇာနာတိ"တဲ့။

တိဋ္ဌန္တံ၊ ကမ္မာဘိသင်္ခါရ၏ အစွမ်းအားဖြင့် တည်၍နေသော။ ဧနံ ပုဂ္ဂလာနံ၊ ထိုပုဂ္ဂိုလ်ကို။ ဇာနာတိ၊ သိတော်မူ၏။

ဘယ်လိုသိတော်မူသလဲ—

တိဌန္တုမေနံ ဇာနာတီတိ ဘဂဝါ ဣဓတ္ထညေဝ ဇာနာတိ ကမ္မာဘိသင်္ခါရဝသေန "အယံ ပုဂ္ဂလော ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇိဿတီ"တိ။

ကမ္မာဘိသင်္ခါရ၏ အစွမ်းအားဖြင့် အပါယ်လေးပါး လားရမဲ့သတ္တဝါ, တိရစ္ဆာန်ဖြင်မဲ့ သတ္တဝါ, ပြိတ္တာဖြစ်မဲ့ သတ္တဝါ စသည်တို့ကို သိတော်မူတယ်၊ သူ့ရဲ့ကမ္မာဘိသင်္ခါရ၏ အစွမ်းဖြင့် သူဟာ လူဖြစ်မဲ့သတ္တဝါ, နတ်ဖြစ်မဲ့သတ္တဝါ, ဗြဟ္မာဖြစ်မဲ့ သတ္တဝါဆိုတာ ငါဘုရား သိတော်မူတယ် တဲ့။

**အပါယ် ၄-ဘုံလားမဲ့ သတ္တဝါ။** ။"တိဌန္တုမေနံ ဇာနာတိ"က အဲဒီ အကြောင်းနဲ့ ပတ်သက်လို့လဲဘဲ မူလပဏ္ဏာသ ပါဠိတော် မဟာသီဟနာဒ သုတ္တန်မှာ သတ္တဝါတွေရဲ့ ကမ္မာဘိသင်္ခါရဖြစ်ပုံကို မြတ်စွာဘုရား ဟောထားတာ ရှိသေးတယ်၊ အဲဒီပါဠိတော်ကို ဟောကြဦးစို့——

ဣဓ ပနာဟံ သာရိပုတ္တ ဧကစ္စံ ပုဂ္ဂလံ ဧဝံ စေတသာ စေတော ပရိစ္စ ပဇာနာမိ "တထာယံ ပုဂ္ဂလော ပဋိပန္နော၊ တထာ စ ဣရိယတိ၊ တဉ္စ မဂ္ဂံ သမာရူဠှော၊ ယထာ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇိဿတီ"တိ။

သာရိပုတ္တ၊ ချစ်သား သာရိပုတြာ။ ဣဓ၊ ဤလောက၌။ ဧကစ္စံ၊ အချို့သော။ ပုဂ္ဂလံ၊ ပုဂ္ဂိုလ်ကို။ ယထာ၊ အကြင်သို့သော အခြင်းအရာအားဖြင့်။ ကာယဿ၊ ကိုယ်၏။ ဘေဒါ၊ ပျက်သည်ဟုဆိုရသော။ မရဏာ၊ သေသည်မှ။ ပရံ၊ နောက်၌။ အပါယံ၊ ချမ်းသာကင်းသော။ ဝိနိပါတံ၊ ပျက်စီး၍ကျရာဖြစ်သော။ ဒုဂ္ဂတိံ၊ မကောင်းသော လားခြင်းရှိသော။ နိရယံ၊ ငရဲသို့။ ဥပပဇ္ဇိဿတိ၊ ကပ်ရောက်လတ္တံ့။ ။ တထာ၊ ထိုသို့သော အခြင်းအရာအားဖြင့်။ အယံပုဂ္ဂလော၊ ဤပုဂ္ဂိုလ်သည်။ ပဋိပန္နော၊ ကျင့်၏။ တထာစ၊ ထိုသို့သော အခြင်းအရာအားဖြင့်လည်း။ ဣရိယတိ၊ လှုံ့လပြု၏။ တဉ္စမဂ္ဂံ၊ ထိုလမ်းစဉ်သို့လည်း။ သမာရူဠှောတိ၊ တက်ရောက်၏ဟူ၍။ ဧဝံ၊ ဤသို့။ စေတသာ၊ စိတ်ဖြင့်။ စေတော၊ စိတ်ကို။ ပရိစ္စ၊ ပိုင်းခြား၍။ ပဇာနာမိ၊ သိ၏။

အဓိပ္ပါယ်ကတော့ ချစ်သား သာရိပုတြာ ငါဘုရားသည် ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ဒုစရိုက်အကျင့်ကိုကျင့်၏, ဒုစရိုက်ကို အားထုတ်၏, ဒုစရိုက်လမ်းစဉ်သို့လိုက်၏၊ ထိုသို့သော ပုဂ္ဂိုလ်များသည် ခန္ဓာပျက်၍ သေဆုံးသည်မှ နောက်ကာလ၌ မကောင်းသောသူတို့ရဲ့ သွားရာဖြစ်သော ဒုဂ္ဂတိဘဝ အပါယ်ဘုံသို့ လားကြရ ရောက်ကြရ၏ဟု သိတော်မူ၏-တဲ့၊ ဒုစရိုက်ကိုကျင့်သူသည် ၎င်းဒုစရိုက်မှုကြောင့် အပါယ်ငရဲသို့ ကျရောက်ရခြင်းကို သိတော်မူပါတယ်။ ထို့အတူဘဲ အချို့သော ပုဂ္ဂိုလ်တို့သည် ဒုစရိုက်အကျင့် ဒုစရိုက်လမ်းများကို

အားထုတ်သောကြောင့် သေသည်၏ အခြားမဲ့၌ တိရစ္ဆာန် ပြိတ္တာလို့ဆိုတဲ့ မကောင်းသော ဘုံဘဝသို့လားရောက်ရ၍ ဆင်းရဲရပုံကို သိတော်မူပါတယ်-တဲ့။

**လူ့ဘုံစသည်မှ သတ္တဝါများ။** ။ဣဓ ပနာဟံ သာရိပုတ္တ ဧကစ္စံ ပုဂ္ဂလံ ဧဝံ စေတသာ စေတော ပရိစ္စ ပဇာနာမိ တထာယံ ပုဂ္ဂလော ပဋိပန္နော၊ တထာ စ ဣရိယတိ၊ တဉ္စ မဂ္ဂံ သမာရူဠှော၊ ယထာ ကာယဿ ဘေဒါ ပရံ မရဏာ မနုဿေသု ဥပ္ပဇ္ဇိဿတီတိ။ပ။ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇိဿတီတိ။

အဓိပ္ပါယ်ကတော့ ချစ်သား သာရိပုတြာ ငါဘုရားသည် ဤလောက၌ အချို့သော ပုဂ္ဂိုလ်တို့သည် သုစရိုက်တရားကိုကျင့်၍ သုစရိုက်လမ်းကြောင်းသို့ ရောက်ပြီးလျှင် သုစရိုက်တရားတို့ကို အားထုတ်၏၊ ထိုပုဂ္ဂိုလ်တို့သည်သေသည်၏ အခြားမဲ့၌ လူ့ပြည်လောက၌ဖြစ်၏ဟု သိတော်မူ၏။

ထိုအတူ ကောင်းသောအကျင့် ကောင်းသောအားထုတ်မှု ကောင်းသော လမ်းစဉ်၌ တည်ကြကုန်သောကြောင့် ဤဘဝမှ စုတေသည်၏နောက် သုဂတိဟု ဆိုအပ်သော နတ်ပြည် ဗြဟ္မာ့ပြည်လောကတို့၌ ဖြစ်လတံ့ဟု သိတော်မူ၏။

**ရဟန္တာဖြစ်သော ပုဂ္ဂိုလ်များ။** ။ဣဓ ပနာဟံ သာရိပုတ္တ ဧကစ္စံ ပုဂ္ဂလံ ဧဝံ စေတသာ စေတော ပရိစ္စ ပဇာနာမိ တထာယံ ပုဂ္ဂလော ပဋိပန္နော၊ တထာ စ ဣရိယတိ၊ တဉ္စ မဂ္ဂံ သမာရူဠှော၊ ယထာ အာသဝါနံ ခယာ အနာသဝံ စေတောဝိမုတ္တိံ ပညာဝိမုတ္တိံ ဒိဋ္ဌေဝ ဓမ္မေ သယံ အဘိညာ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ ဝိဟရတီတိ။

အဓိပ္ပါယ် အကျဉ်းချုပ်ကတော့ ချစ်သား သာရိပုတြာ ငါဘုရားသည် ဤလောက၌ အချို့သောပုဂ္ဂိုလ်ကို ဤပုဂ္ဂိုလ်သည် နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သော သမ္မာပဋိပတ် မဂ္ဂင်အကျင့်မြတ်ကို ကျင့်သောလမ်းစဉ်သို့ လိုက်၍ အားထုတ်ကျင့်ကြံ၏၊ ထိုသို့သောပုဂ္ဂိုလ်တို့၏ အာသဝကုန်မှု၊ စိတ်၏ကိလေသာ မှလွတ်မှုဟု ဆိုအပ်သော အရဟတ္တဖိုလ် သမာဓိကိုရင်း၊ ပညာ၏ အဝိဇ္ဇာမှ လွတ်မှုဟု ဆိုအပ်သော အရဟတ္တဖိုလ် ပညာကိုရင်း မျက်မှောက်သော ကိုယ်၏ အဖြစ်၌ မိမိကိုယ်တိုင် ထူးသောအသိဉာဏ်ဖြင့် မျက်မှောက်ပြု၍ ပြည့်စုံပြီး နေတယ်ဟု စိတ်အစဉ်ဖြင့် ပိုင်းခြားပြီး သိတော်မူ၏လို့ မြတ်စွာဘုရား ဟောကြားတော်မူပါတယ်။

အဲဒါတွေကိုဘဲ တိဋ္ဌန္တမေနံ ဇာနာတိ-လို့ မိန့်ဆိုတော်မူပါတယ်၊ တိဋ္ဌန္တံ၊ ကမ္မာဘိသင်္ခါရ၏ အစွမ်းဖြင့်တည်သော။ နံ ပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ ဇာနာတိ၊ သိတော်မူ၏-လို့ မိန့်တော်မူပါတယ်၊ ကိုင်း "တိဋ္ဌန္တမေနံ ဇာနာတိ"ဆိုတဲ့ ပါဠိတော်ရဲ့ အဓိပ္ပါယ် ပြီးပြီဆိုပါတော့။

**တတိယပိုဒ်အဓိပ္ပါယ်။** ။"ဝိမုတ္တံ တပ္ပရာယဏံ"ဆိုတဲ့ စကားရဲ့အဓိပ္ပါယ်ကတော့ ဝိမုတ္တံဆိုတာ "ဝိမုတ္တန္တိ အာကိဉ္စညာယတနာဒီသု အဓိမုတ္တံ-လို့ ဒီအဋ္ဌကထာကဖွင့်ပြပြီး ဓိမုတ္တန္တိ အာကိဉ္စညာယတနံ ဓိမုတ္တန္တိ ဝိမောက္ခေန ဓိမုတ္တံ တတြာဓိမုတ္တံ တဒဓိမုတ္တံ တဒါဓိပတေယျံ"——လို့ စူဠနိဒ္ဒေသပါဠိတော်က ညွှန်ပြပါတယ်။

အဓိပ္ပါယ်ကတော့ အာကိဉ္စညာယတန သမာပတ်ကို နှလုံးသွင်း၍နေသော, ကိုင်းညွတ်၍နေသော ပုဂ္ဂိုလ်လို့ ဆိုလိုပါတယ်။

**တပ္ပရာယဏ** ကျတော့ "တပ္ပရာယဏန္တိ အာကိဉ္စညာယတနမယံ တပ္ပရာယဏံ ကမ္မပရာယဏံ ဝိပါကပရာယဏံ ကမ္မဂရုကံ ပဋိသန္ဓိဂရုကံ"လို့ နိဒ္ဒေသပါဠိတော်က ပြ ါတယ်။

အဓိပ္ပါယ်အချုပ်ကတော့ ထို အာကိဉ္စညာယတန သမာပတ်ဖြင့် ပြီးသော ထိုအာကိဉ္စညာယတနသာ လည်းလျောင်းမှီခိုရာရှိသော ကမ္မာဘိသင်္ခါရ၏ အစွမ်းအားဖြင့်၎င်း, ပဝတ္တိ၏အစွမ်းအားဖြင့်၎င်း, အာကိဉ္စညာယတန စေတနာကံကို၎င်း, အာကိဉ္စညာယတန ပဋိသန္ဓေကို၎င်း အလေးအမြတ်ပြုခြင်းကို တပ္ပရာယဏလို့ ခေါ်ပါတယ်၊ ဒါကို ရည်ရွယ်လို့ ဟောရင်းစဲ့ပါဠိတော်မှာ——

တပ္ပရာယဏံ၊ထိုသည်သာ လည်းလျောင်းရာရှိသော။နေ့ပုဂ္ဂလံ၊ထိုပုဂ္ဂိုလ်ကို။ တထာဂတော၊ လမ်းမှန်ရောက်သခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ ဇာနာတိ၊ သိတော်မူ၏။

တထာဂတဆိုတာ ဘာလဲ၊ အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးမှာ ဘူတဝါဒီ, အတ္ထဝါဒီ, ဓမ္မဝါဒီ, ဝိနယဝါဒီတဲ့၊ အတိတ် အနာဂတ် ပစ္စုပ္ပန် ၃-ခုမှာ အကျိုးစီးပွါးနဲ့စပ်တဲ့စကား, စျာန်တရား မဂ်တရား ဖိုလ်တရား ဟူသော အကျိုးစီးပွါးနဲ့စပ်တဲ့ စကားတော်ကိုသာလျှင် ဟောကြားတော်မူလေ့ ရှိပါသောကြောင့် မြတ်စွာဘုရားကို **တထာဂတ**လို့ ခေါ်ပါတယ်လို့ စောစောပိုင်းက ဘုန်းကြီးပြောခဲ့တဲ့ ပါထေယျပါဠိတော်မှာ အဲဒီလို ပြောထားတယ်။

## ဒုတိယ အဖြေတရားတော်

ဒီတော့ ခုနကပြောခဲ့တဲ့ ဝိပဿနာရှုကွက်နဲ့ပတ်သက်ပြီးတော့ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားက ဝိပဿနာရှုကွက် ဖော်ပေးမလို့၊ အဲဒီ ပေါ်သာလကို သူရောက်နေတဲ့ အာကိဉ္စညာယတနစျာန်ကို ဟော ပြီ။

**အာကိဉ္စညသမ္ဘဝံ ဉတွာ၊ နန္ဒီ သံယောဇနံ ဣတိ။**
**ဧဝမေတံ အဘိညာယ၊ တတော တတ္ထ ဝိပဿတိ။**
**ဧတံ ဉာဏံ တထံ တဿ၊ ဗြာဟ္မဏဿ ဝုသီမတော။**

ပေါသာလ၊ ပေါသာလပုဏ္ဏား။ အာကိဉ္စညသမ္ဘဝံ၊ အာကိဉ္စညာယတန ဘုံသို့ ရောက်ကြောင်းဖြစ်သော ကမ္မာဘိသင်္ခါရကို။ ဉတွာ၊ ပလိဗောဓကြီး တခုဟု သိပြီး၍။

**ဂါထာအစိပ္ပါယ်။** ။အာကိဉ္စညာယတနသမာပတ်မှာ ဘာတွေရှိသလဲဆိုတော့ အာကိဉ္စညာယတနစျာန်စိတ် မရှိဘူးလား (ရှိပါတယ် ဘုရား)။

အဲဒီ အာကိဉ္စညာယတနစျာန် စိတ်က အာနေဉ္စာဘိသင်္ခါရနဲ့ တွဲပြီးတော့ ဖြစ်တဲ့ ကမ္မာဘိသင်္ခါရဝိညာဉ်၊ အဲဒီဝိညာဉ်က နေပြီးတော့ သူဟာ အာကိဉ္စ-ညာယတနဘုံကို ရောက်သွားလိမ့်မယ်ဆိုတဲ့ ပလိဗောဓကို မြတ်စွာဘုရားက သိတော်မူတယ်။

နန္ဒီ၊ အရူပရာဂ-လို့ခေါ်တဲ့ တဏှာကို။ သံယောဇနံ ဣတိ၊ ဥဒ-ဘုံမှ မလွတ်အောင် ယှဉ်စပ်ထားတဲ့ သံယောဇဉ်ဟူ၍။ ဉတွာ၊ သိရသည်ဖြစ်သောကြောင့်။ ဧတံ၊ ထိုအာကိဉ္စညာယတနသမာပတ်ဆိုတဲ့ စျာန်စိတ်ကို။ ဉတွာ၊ အာကိဉ္စညာယတနဘုံသို့ ရောက်မယ်ဆိုတာ သိတဲ့အတွက်။ ဧတံ၊ ထိုအာကိဉ္စညာယတနသမာပတ်ကို။ သမာပဇ္ဇိတွာ၊ ဝင်စား၍။ တတော၊ ထိုအာကိဉ္စညာယတနသမာပတ်မှ။ ဝုဋ္ဌာယ၊ ထ၍။ တတ္ထ၊ ထိုအာကိဉ္စ-ညာယတနသမာပတ် အတွင်း၌။ ဇာတေ၊ ဖြစ်ပေါ်၍ လာကုန်သော။ စိတ္တစေတသိကေ၊ စိတ်စေတသိက် တရားတို့ကို။ ဝိပဿတိ၊ ဝိပဿနာရှု၍ နေလေတော့၏။

**အာကိဉ္စညကိုဝိပဿနာရှုပုံ။** ။ဘာကို ဝိပဿနာ ရှုနေသလဲ၊ စိတ်နဲ့စေတသိက် တရားတွေကို ဝိပဿနာ ရှုနေတယ်၊ အာကိဉ္စ-ညာယတနသမာပတ်မှာ ဘာတွေရှိသလဲ၊ စိတ်စေတသိက် မရှိဘူးလား
(ရှိပါတယ်ဘုရား)

အဲဒီ စိတ် စေတသိက်ကို ဝိပဿနာရှုတယ်၊ ဝိပဿနာရှုတယ်ဆိုတော့ စိတ်ဆိုတဲ့ သဘောတရားမှာ ဘာရှိသလဲလို့ ကြည့်၊ "ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ၊ ဌိတဿ အညထတ္တံ ပညာယတိ" လို့ ဆိုပြီးတော့ ဥပ္ပါဒ, ဝယ, အညထတ္တ မရှိဘူးလား (ရှိပါတယ်ဘုရား)

စိတ်သည် ဖြစ်တဲ့သဘော ပျက်တဲ့သဘောရှိသည်သောကြောင့် ဘယဋ္ဌဒုက္ခ၊ ဘာဒုက္ခ—　(ဘယဋ္ဌဒုက္ခပါ ဘုရား)

စေတသိက်တရားတွေမှာလဲ ဘာရှိသလဲ ကြည့်၊ "တီဏိမာနိ ဘိက္ခဝေ သင်္ခတဿ သင်္ခတလက္ခဏာနိ ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ၊ ဌိတဿ အညထတ္တံ ပညာယတိ-အရ သူမှာလဲ ဥပ္ပါဒ, ဝယ, အညထတ္တ-ဘဲ ရှိတယ်

ဒီတော့ ဒီနေရာမှာ—

အာကိဉ္စညာယတနံ သမာပဇ္ဇိတွာ တတော ဝုဋ္ဌဟိတွာ တတ္ထ ဇာတေ စိတ္တစေတသိကေ ဓမ္မေ အနိစ္စတော ဝိပဿတိ၊ ဒုက္ခတော ဝိပဿတိ၊ ရောဂတော။ပ။ အနတ္တတော ဝိပဿတိ၊ နိဿရဏတော ဝိပဿတိ။

အာကိဉ္စညာယတနံ၊ အာကိဉ္စညာယတနစျာန်ကို။ သမာပဇ္ဇိတွာ၊ ဝင်စား၍။ တတော၊ ထိုအာကိဉ္စညာယတနစျာန်မှ။ ဝုဋ္ဌဟိတွာ၊ ထ၍။ တတ္ထ၊ ထိုအာကိဉ္စညာယတနသမာပတ်အတွင်း၌။ ဇာတေ၊ ဖြစ်ကုန်သော။ စိတ္တ-စေတသိကေ၊ စိတ် စေတသိက်ဖြစ်ကုန်သော။ ဓမ္မေ၊ ဝိညာဉ် နာမ်သဘော တရားတို့ကို။ အနိစ္စတော၊ ကုန်တဲ့ပျောက်တဲ့ အနေအားဖြင့်။ ဝိပဿတိ၊ ဝိပဿနာရှု၏။ ဒုက္ခတော၊ ဖြစ်ခြင်း, ပျက်ခြင်းဖြင့် နှိပ်စက်သော ဘယဋ္ဌ-ဒုက္ခအနေအားဖြင့်။ ဝိပဿတိ၊ ဝိပဿနာရှု၏။ပ။ အနတ္တတော၊ အနတ္တ အားဖြင့်။ ဝိပဿတိ၊ ဝိပဿနာရှု၏။ နိဿရဏတော၊ လွတ်လပ်သော အားဖြင့်။ ဝိပဿတိ၊ ရှု၏—

စသည်ဖြင့် စူဠနိဒ္ဒေသပါဠိတော်မှာ ဟောတော်မူတဲ့အတိုင်း အာကိဉ္စညာယတန သမာပတ်ကိုဝင်စားလိုက်၊အာကိဉ္စညသမာပတ်ကို ဝင်စားလိုက်တဲ့အခါကျတော့ ဘာဖြစ်လာသလဲ ဆိုတော့ အာကိဉ္စညာယတန သမာပတ်ရဲ့ အတွင်းမှာ စိတ် စေတသိက်တရားတွေ ရှိလာတယ်၊ ဒီတော့ အာကိဉ္စညာယတနစျာန်စိတ်နဲ့ယှဉ် တဲ့ စေတသိက်ပေါင်း ဘယ်လောက်ရှိသလဲ၊ ဝိတက် ဝိစာရ ပီတိကြဉ်ပြီးတော့ အညသမာန်း စေတသိက်က ၁၀-ခု မှတ်ထား, သောဘနစေတသိက် ၂၅-ခု ထဲက သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ အဲဒီ ၃-ခု, ပြီးတော့ ကရုဏာ, မုဒိတာဆိုတဲ့ အပ္ပမညာစေတသိက် ၂-ခု, ပေါင်း ၅-ခုကို ဖယ်ထားပြီးတော့ သောဘန စေတသိက်က ၂၀-ခု, ပေါင်းလိုက်တော့ ဘယ်လောက်ရှိသလဲ ၃၀ နော်၊ စိတ်-၁, စေတသိက်ပေါင်း ဘယ်လောက်လဲ　(၃၀-ပါ ဘုရား)

အဲဒီ စိတ် ၁-နဲ့ စေတသိက်ပေါင်း ၃၀ တို့ဟာ ဘာတွေလဲဆိုတော့ ဝေဒ-နာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနဲ့ ဝိညာဏက္ခန္ဓာတွေ၊ အဲဒီ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနဲ့ ဝိညာဏက္ခန္ဓာတွေဟာ ဘာတွေလဲဆိုတော့—

**ပါရာယန(ဒု)·၄၀—ပ-မ-ဗ-သ-စ**

"သဗ္ဗေ သင်္ခါရာ အနိစ္စာ" သဗ္ဗေ-အလုံးစုံကုန်သော၊ သင်္ခါရာ-သင်္ခါရက္ခန္ဓာ တရားတို့သည်၊ အနိစ္စာ-အနိစ္စ မည်ကြကုန်၏။

ယဒနိစ္စံ၊ တံ ဒုက္ခံ။ ယံ အနိစ္စံ၊ အကြင် ကုန်တဲ့ ပျောက်တဲ့ သဘောသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုကုန်တဲ့ပျောက်တဲ့ သဘောသည်။ ဒုက္ခံ၊ ဒုက္ခမည်၏။

အာကိဉ္စညာယတနသမာပတ်အတွင်းမှာ ရှိနေတဲ့ စိတ် စေတသိက်တရားတွေကို ဒုက္ခသစ္စာ-လို့ သူသိမသွားဘူးလား (သိသွားပါတယ် ဘုရား)

ဒုက္ခသစ္စာလို့ သိသွားတော့ အာကိဉ္စညာယတနသမာပတ်အတွင်းမှာ ရှိနေတဲ့ စိတ် စေတသိက်တရားတွေရဲ့ အာဒီနဝကို မြင်မသွားဘူးလား သူ။ (မြင်သွားပါတယ် ဘုရား)။ မြင်သွားပြီ။

**နိဿရဏဓာတ်။** ။"ယော သင်္ခါရေသု ဝိညာဏေသု ဆန္ဒရာဂဝိနယော ဆန္ဒ-ရာဂပဟာနံ၊ ဣဒံ သင်္ခါရာနံ ဝိညာဏဿ နိဿရဏံ"။ (ပါဠိတော်က)။

ဒီတော့ ဒီသင်္ခါရတရားတွေပေါ်မှာ ဆန္ဒနှင့် ရာဂလွတ်သွားပြီဆိုရင် အဲဒီ-သင်္ခါရတရားက လွတ်သွားသလား, လွတ်မသွားဘူးလား (လွတ်သွားပါတယ် ဘုရား)။

အဲဒီ လွတ်သွားတဲ့သဘောတရားကို နိဿရဏဓာတ်လို့ ခေါ်တယ်၊ ဘာတဲ့လဲ (နိဿရဏဓာတ်ပါ ဘုရား)။

အဲဒီ နိဿရဏဓာတ်သည် ရုပ်လား, မဟုတ်ဘူး၊ နာမ်လား, မဟုတ်ဘူး၊ စိတ်လား, မဟုတ်ဘူး၊ စေတသိက်လား, မဟုတ်ဘူး။ အဲဒီ နိဿရဏဓာတ်ကို နိဗ္ဗာန်လို့ ခေါ်တယ်၊ ဝိပဿနာရှုတယ်ဆိုတာ အဲဒီ နိဿရဏဓာတ်ပေါ်အောင် ရှုရတယ်၊ အဲဒီ နိဿရဏဓာတ်-ကို ဘယ်သူနဲ့ မြင်သလဲဆိုတော့ မဂ်ဉာဏ်နဲ့ မြင်တယ်၊ မဂ်ဉာဏ် ဘယ်ကရသလဲဆိုတော့ အာကိဉ္စညာယတနစျာန်တွေကို ဝိပဿနာရှုနေတဲ့အတွက် အာကိဉ္စညာယတနစျာန်စိတ်ကို နှစ်သက်ခြင်းဆိုတဲ့ ဆန္ဒရာဂ ကင်းသွားတာကိုပင်လျှင် **အစ္စန္တဝိရာဂမဂ်ဉာဏ်**ဘဲတဲ့ နော်၊ အဲဒီ မဂ်ဉာဏ်ဖြင့် အခုနပြောတဲ့ နိဿရဏဓာတ်ကြီးကို မြင်လိုက်တယ်၊ အဲဒီလို မြင်တဲ့ အတွက် အဆင့်ဆင့်တက်သွားပြီး ရဟန္တာဖြစ်သွားတဲ့ ပုဂ္ဂိုလ်ရဲ့ အသိဉာဏ်သည် တက်လမ်းမှန်တဲ့ အသိဉာဏ်ဖြစ်သောကြောင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ပေါသာလသုတ္တန်ကို ဒီဟာနဲ့ဘဲ နိဂုံးချုပ်ရော။ အရဟတ္တဖိုလ်ပေါက် ဟောပေးလိုက်တယ် နော် (မှန်ပါဘုရား)။

ဇေ၊ ဤသို့ ဝိပဿနာရှုသည်ဖြစ်၍။ ပဿတော၊ နိဿရဏဓာတ်ကို မြင်သော။ ဗြာဟ္မဏဿ၊ **မကောင်းမှုကို** အပပြုပြီးသော။ **ဝုသိမတော၊**

ကျင့်သုံးအပ်ပြီးသော မဂ်ကိစ္စရှိသော။ တဿ၊ ထိုရဟန္တာပုဂ္ဂိုလ်၏။ ဉာဏံ၊ နိဿရဏဓာတ်ကို မြင်တယ်ဆိုတဲ့ အသိဉာဏ်သည်။ တထံ၊ ပရမတ္ထသစ္စာအားဖြင့် မဖောက်မပြန် မှန်ကန်သည်။ ဟောတိ၊ ကောင်းစွာမသွေ ဖြစ်ပါပေသတည်း။

သာဓု သာဓု သာဓု

**ဒေသနာတော်နိဂုံး**

ဣမမ္ပိ သုတ္တံ ဘဂဝါ အရဟတ္တနိကူဋေန ဒေသနံ နိဋ္ဌာပေသိ။

ဘဂဝါ၊ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ ဣမမ္ပိသုတ္တံ၊ ဤသုတ္တန်ကိုလည်း။ အရဟတ္တနိကူဋေန၊ အရဟတ္တဖိုလ်ကို အထွတ်တပ်ပါသဖြင့်။ ဒေသနံ၊ ဒေသနာတော်ကို။ နိဋ္ဌာပေသိ၊ ပြီးဆုံးစေတော်မူ၏။

ဒေသနာပရိယောသာနေ ပေါသာလော ဗြာဟ္မဏော သဟဿ-သိယောဟိ သဒ္ဓိံ အရဟတ္တေ ပတိဋ္ဌာသိ။

ဒေသနာပရိယောသာနေ၊ ဒေသနာနိဂုံး ဆုံးလတ်သောအခါကာလ၌။ ပေါသာလော ဗြာဟ္မဏော၊ ပေါသာလပုဏ္ဏားသည်။ သဟဿသိယောဟိ၊ တထောင်သောတပည့်တို့နှင့်။ သဒ္ဓိံ၊ အတူတကွ။ အရဟတ္တဖလေ၊ အရ-ဟတ္တဖိုလ်၌။ ပတိဋ္ဌာသိ၊ တည်လေတော့၏။

ပေါသာလပုဏ္ဏားကြီး ရဟန္တာပုဂ္ဂိုလ် ဖြစ်သွားပြီနော် (မှန်ပါဘုရား)။

အညေသမ္ပိ အနေကသဟဿာနံ ဓမ္မစက္ခုံ ဥဒပါဒိ။

အညေသမ္ပိ အနေကသဟဿာနံ၊ ပေါသာလပုဏ္ဏားနှင့် တပည့်တထောင်မှတပါး ထောင်ပေါင်းများစွာကုန်သော ပုဂ္ဂိုလ် အပေါင်းတို့အားလည်း။ ဓမ္မစက္ခုံ၊ "ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗန္တံ နိရောဓဓမ္မံ"ဟူသော ဓမ္မစက္ခုသည်။ ဥဒပါဒိ၊ ကောင်းစွာမသွေ ဖြစ်ပေါ်ပါလေသတည်း။

သာဓု သာဓု သာဓု

ပေါသာလသုတ္တန် တရားတော် ပြီးပြီ။

ပါရာယနဝဂ် ပါဠိတော်ဟောစဉ်

# ၁၅-မောဃရာဇသုတ္တန်တရားတော်

## တရားတော်အမည်

သာသနာတော်သက္ကရာဇ် ၂၅၁၄, ကောဇာသက္ကရာဇ် ၁၃၃၂-ခုနှစ် ကဆုန်လပြည့်ကျော် ၂-ရက် ရန်ကုန်မြို့ ပုဇွန်တောင်ရပ် ရွှေဘုန်းပွင့်စေတီတော်ကြီးရဲ့ ပရိဝုဏ်အတွင်း တည်ခင်းအပ်သော ဝိပဿနာဓမ္မာရုံတော်ကြီးတွင် ဝိပဿနာအလုပ်စခန်း ဖွင့်ပြီးတော့ ဟောကြားတော်မူသော ခုဒ္ဒကနိကာယ် သုတ္တနိပါတ်ပါဠိတော် ပါရာယနဝဂ်၌လာသော မောဃရာဇာပုဏ္ဏား မေးတဲ့ အမေးကို ဖြေတော်မူသောအားဖြင့် ဟောကြားတော်မူအပ်သော မောဃရာဇ သုတ္တန်တရားတော်—

## ဘုရားရှိခိုး

အဲဒီသုတ္တန်တရားဒေသနာတော်ကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်၊ မြတ်စွာဘုရားရှင်ရဲ့ တရားတော်တွေကို ဟောပေးရမှာ ဖြစ်တဲ့အတွက် မြတ်စွာဘုရားကို ရှေးဦးစွာ ရှိခိုးကြရအောင် ကိုင်း အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ လက်အုပ်တွေ ချီထားကြ၊ ဘုန်းကြီးက မြတ်စွာဘုရားရဲ့ ဂုဏ်တော်များကို ရွတ်ဘတ်သရဇ္ဈာယ်ပြီးတော့ ဘုရားရှိခိုးမယ်၊ အဲဒီ ဘုရားရှိခိုး ထဲမှာပါတဲ့ ဂုဏ်တော်များကို အာရုံပြုပြီးတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ဂုဏ်တော်များကို ကြည်ညိုသဒ္ဒါ ပွါးများနိုင်ကြပါစေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(အနက် ယခင်အတိုင်း)

သာဓု သာဓု သာဓု

## စကားပလ္လင်

ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည့်ရဲ့အနီး ပါသာဏကနတ်ကွန်း၌ သီတင်းသုံးနေတော်မူစဉ် တဆယ့်ခြောက်ယူဇနာရှိ ပရိသတ်ကြီးအလယ် အဇိတအစရှိတဲ့ ပုဏ္ဏားကြီးတွေ

အသီးအသီး အမေးပုစ္ဆာမေးပြီးလို့ မြတ်စွာဘုရား ဖြေကြားတော်မူပြီးတဲ့ အခါ မောဃရာဇာလို့ခေါ်တဲ့ ရသေ့ပုဏ္ဏား ပညာရှိက မေးဖို့ သူ့အလှည့် ရောက်လာတယ်။

## ပဌမလျှောက်ထားချက်

ဒီသုတ္တန်မှာ၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို မောဃရာဇာ ပညာရှိ ပုဏ္ဏားရသေ့မေးတဲ့ အမေးဟာ ဘယ်လောက်များသလဲဆိုတော့ ဂါထာအနေနဲ့ ပြောမယ်ဆိုရင် နှစ်ပါဒဘဲရှိတယ်၊ တဂါထာတောင် မပြည့်ဘူး, ဂါထာဝက်ပဲ၊ တဂါထာမှာ လေးပါဒရှိတယ်၊ အဲဒီ လေးပါဒရှိတဲ့ အထဲက မောဃရာဇမေးထား တာဟာ တဝက်ပဲရှိတယ်ဆိုတော့ နှစ်-ပါဒဘဲရှိတယ်၊

### "ကထံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ"

ဒီစကား တခွန်းထဲ မေးတယ်၊ ဟုတ်လား (မှန်ပါ)။

ဒီတော့ မြတ်စွာဘုရား ပြန်ဖြေတာကလဲဘဲ ဘယ်လောက် များသလဲ ဆိုတော့ မောဃရာဇသုတ္တန်မှာ တဂါထာနဲ့ တဝက်၊ တဂါထာက လေးပါဒ ရှိတယ်၊ ဂါထာတဝက်က နှစ်ပါဒ ရှိတယ်၊ အားလုံး ခြောက်-ပါဒ ပေါ့၊ ဟုတ်လား (မှန်ပါ)။

ဒီတော့ မေးတာကလဲ တိုတိုလေးရယ်၊ ဖြေတာကလဲ တိုတိုလေးရယ်၊ ဘယ်နှယ်လုပ်ပြီး ဒီတညအတွက် ရှေရှေကြီး ဟောနိုင်မလဲ။

မြတ်စွာဘုရား တရားတော်ဆိုတာ ကိုယ်က ရှေချင်လို့လဲ မဖြစ်ဘူး၊ တိုချင်လို့လဲ မဖြစ်ဘူး၊ သူ့အတိုင်း သွားရလိမ့်မယ်နော် (မှန်ပါဘုရား)။

ပါဠိတော် ဟောစဉ်လို့ဆိုတာ အင်မတန် တာဝန် ကြီးတယ်၊ ဘာဖြစ်လို့လဲ၊ ပါဠိတော်ကို ရွတ်ပြီး မြတ်စွာဘုရားတရားတော့ ဟောတာဘဲ၊ ဒါပေမဲ့ ကိုယ်က မမှန် မကန်တဲ့ အဓိပ္ပါယ်တွေကို, ကိုယ်လိုချင်တဲ့ ပုံစံတွေ ထည့်သွင်းပြီးတော့ အဲဒီအထဲ ပြောနေရင် မြတ်စွာဘုရားက "အဘူတကေ္ခ အဗ္ဘာစိက္ခတိ"— ငါ့ကို မဟုတ် မမှန် စွပ်စွဲတဲ့ပုဂ္ဂိုလ်တဲ့ ဒီတရားဟော ပုဂ္ဂိုလ်ဟာ၊ ဟုတ်လား၊ ဒီတော့ တရားဟောတယ်ဆိုတာ တော်ရုံ တန်ရုံ သတ္တိနဲ့ တရားဟောလို့ ရတာ မဟုတ်ဘူး။ မတော်လို့များ ကိုယ်က သဒ္ဓါတရားနဲ့ဘဲ ပြောအုံးတော့၊ မဟုတ် မမှန်တာများ ပြောမိရင် တကတဲ "အဘူတကေ္ခ အဗ္ဘာစိက္ခတိ" မြတ်စွာဘုရား ကို စွပ်စွဲတဲ့ ပုဂ္ဂိုလ်ထဲပါဝင် သွားမယ်၊ ဟုတ်လား (မှန်ပါဘုရား)။

အခု မောဃရာဇသုတ္တန်မှာ မောဃရာဇာက မြတ်စွာဘုရားကို မေးတာ ဘယ်လောက်တောင် များသလဲဆိုတော့ ဂါထာ အနေနဲ့ ပြောမယ်ဆိုရင်

နှစ်ပါဒ ဂါထာ၀က်ပဲရှိတယ်။ မြတ်စွာဘုရား ပြန်ဖြေတာက တဂါထာနဲ့ တ၀က်, ခြောက်-ပါဒဘဲ ရှိတယ်၊ အဲဒါကို ခု ဘုန်းကြီးဟောပေးရမယ်—

### ဒုတိယလျှောက်ထားချက်

**ဒွါဟံ သက္ကံ အပုစ္ဆိဿံ၊ န မေ ဗျာကာသိ စက္ခုမာ။**
**ယာဝတတိယဉ္စ ဒေဝီသိ၊ ဗျာကရောတီတိ မေ သုတံ။**

မောဃရာဇာက မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို သူ စကားအချီးအဖြစ် လျှောက်တာ၊ **မေးတာမဟုတ်သေးဘူး။**

ဘန္တေ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ အဟံ၊ မောဃရာဇာအမည်ရှိသော ဘုရားတပည့်တော်သည်။ သက္ကံ၊ သာကီနွယ်ဘွား မြတ်စွာဘုရားကို။ ဒွေ၊ နှစ်ကြိမ် နှစ်ခါတိုင်တိုင်။ အပုစ္ဆိဿံ၊ မေးလျှောက်ခဲ့ပါပြီ။ စက္ခုမာ၊ စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်။ မေ၊ အကျွန်ုပ်အား။ န ဗျာကာသိ၊ ဖြေကြားတော် မမူခဲ့သေးပါ။ ဒေဝေါ၊ ဝိသုဒ္ဓိနတ်ဖြစ်တော်မူသော။ ဣသိ၊ သီလက္ခန္ဓ စသည် ကျေးဇူး ဂုဏ်အထူးကို ဆည်းပူး ရှာမှီးတော်မူလေ့ရှိသော မြတ်စွာဘုရားသည်။ ယာဝတတိယံ၊ သုံးကြိမ်တိုင်အောင်။ ပုဋ္ဌော။ အကျိုး အကြောင်းနှင့် ဆက်စပ်၍ မေးအပ်သည်ရှိသော်။ ဗျာကရောသိ၊ ဖြေကြားတော်မူ၏။ ဣတိ၊ ဤသို့။ မေ၊ ဘုရားတပည့်တော် မောဃရာဇာသည်။ သုတံ၊ ဂေါဓာဝရီမြစ်မှာ နေတုန်းကပင်လျှင် ကြားဘူးခဲ့သည်။ အမှို၊ မုချ မသွေ ဖြစ်ပေတော့သည် အရှင်ဘုရား။

**ဂါထာအဓိပ္ပါယ်။** ။စောစောပိုင်းက ဘုန်းကြီးရွတ်လိုက်တဲ့ ဂါထာကို အနက်မြန်မာ ပြန်ဆိုလို့ပြီးသွားပြီ၊ ဘာပြောသလဲ အဓိပ္ပါယ်——

အရှင်ဘုရားတဲ့ ဘုရားတပည့်တော် အရှင်ဘုရားကိုမေးတာ နှစ်ကြိမ်ရှိပြီ။ ဘယ်တုန်းက မေးသလဲဆိုတော့ ဒီသုတ္တန်ကို စပြီးတော့ ဟောစဉ်တုန်းက၊ ဘယ်သူအရင် စမေးသလဲဆိုတော့ အဇိတ၊ အဲဒီ အဇိတမေးခွန်းတွေကို ဖြေပြီးလို့ တရားဟောပြီးတာနဲ့တပြိုင်နက်ထဲ အဲဒီ မောဃရာဇာပညာရှိက ထပြီးတော့ မြတ်စွာဘုရားကိုမေးတယ်၊ ဒီတော့ မြတ်စွာဘုရားက တို့ဌ မောဃရာဇ= သင် ခဏနေအုံးတဲ့၊ သင် မမေးနဲ့အုံးဆိုပြီး သူ့ကို ခဏတားထားတယ်။ နေ၁။ (မှန်ပါဘုရား)။

အဲဒါနဲ့ မမေးနဲ့အုံးလို့ တားထားတုန်း ဘယ်သူ ထမေးသလဲဆိုတော့ တိဿ-မေတ္တေယျဆိုတဲ့ ရသေ့က ထပြီးမေးတယ်၊ အဲဒီ တိဿမေတ္တေယျမေးတဲ့ အမေးကို မြတ်စွာဘုရား ဖြေဆိုဟောကြားပြီးတဲ့အခါ ဆုံးတော့ မောဃရာဇာလို့

ခေါ်တဲ့ အခုမေးတဲ့ပုဂ္ဂိုလ်က တခါ ထပြီးတော့ မေးပြန်တယ်။ ဘယ်နှစ်ကြိမ်ရှိပြီလဲ သူမေးတာ (နှစ်ကြိမ်ရှိပါပြီဘုရား)။

**ဖြေတော်မမူသေးပုံ။** ။ဘာပြုလို့ မြတ်စွာဘုရားက သူ့ကို နှစ်ကြိမ်တိုင်တိုင် တားထားရလဲဆိုတော့၊ အဲဒီ မောဃရာဇသုတ္တန်မှာဘဲ အဋ္ဌကထာဆရာကြီးက ပြောထားတာရှိတယ်။

"ဘဂဝါ ပနဿ ဣန္ဒြိယပရိပါကံ အာဂမယမာနော န ဗျာကာသိ"

နှစ်ကြိမ်မေးတာ မြတ်စွာဘုရား ဘာပြုလို့ မဖြေသလဲ။

ပန၊ မဖြေခြင်းရဲ့အကြောင်းကို ပြောရမယ်ဆိုရင်။ ဘဂဝါ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်။ မောဃ-ရာဇဿ၊ မောဃရာဇပညာရှိ၏။ ဣန္ဒြိယပရိပါကံ၊ သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာဆိုတဲ့ ဣန္ဒြေငါးပါး ရင့်ကျက်ခြင်းကို။ အာဂမယမာနော၊ စောင့်ဆိုင်းငံ့လင့်တော်မူလိုသည်ဖြစ်၍။ န ဗျာကာသိ၊ ဖြေကြားတော်မမူ။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က မဖြေတာ ဘာကြောင့် မဖြေသလဲဆိုတော့ မောဃရာဇာလို့ခေါ်တဲ့ ရသေ့ပုဏ္ဏား ပညာရှိမှာ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာဆိုတဲ့ တရားငါးပါး သူမှာရှိတယ်၊ အဲဒီတရားငါးပါးလုံးက ရင့်ကျက်သေးတဲ့ တရားငါးပါး မဟုတ်သေးဘူးတဲ့။ အဲဒီ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာလို့ခေါ်တဲ့ တရားငါးပါးစလုံး မရင့်ကျက်သေးသည် ဖြစ်သောကြောင့် သူ့ကို တရားဟောပေမဲ့၊ သူမေးလို့ ပြန်ဖြေပေမဲ့ သူဟာ အကျွတ်တရားရမှာမဟုတ်သေးဘူးဆိုတာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် ဣန္ဒြိယပရောပရိယတ္တဉာဏ်၊ အာသယာနုသယဉာဏ်တော်ကြီးတို့နဲ့ သိတော်မူတယ်။ အဲဒါကြောင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က နှစ်ကြိမ်တိုင်တိုင်မေးတာကို ဖြေတော်မမူတာ။

## တတိယလျှောက်ထားချက်

အဇိတကစပြီးတော့ ပုဏ္ဏားတဆယ့်လေးယောက်မြောက် ပေါသာလပုဏ္ဏားအထိ ရောက်သွားပြီ၊ အဲဒီ တဆယ့်လေးယောက်မြောက်ဖြစ်တဲ့ ပုဂ္ဂိုလ်ကို အမေးအဖြေ လုပ်ပြီးတဲ့အခါကျတော့မှ သူ့အလှည့်ရောက်လာပြီး ဘုရားတပည့်တော် နှစ်ကြိမ်တိုင်တိုင် မေးလျှောက်ထားပါပြီဘုရား အရှင်ဘုရား တပည့်တော်ကို ဖြေကြားတော်မမူသေးပါဘူးတဲ့၊ အကျိုးအကြောင်းနဲ့စပ်ပြီးတော့ သုံးကြိမ်တိုင်အောင် မေးရင်ဖြင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် အမေးပုစ္ဆာကို ဖြေကြားတော်မူတယ်လို့ ဘုရားတပည့်တော် သတင်းကြားဘူးပါတယ်ဘုရားတဲ့၊ အခုနင်ကဂါထာက ဒါဘဲ အဓိပ္ပါယ်၊ သူမေးလိုတဲ့ အဓိပ္ပါယ်တွေကို မေးဘို့ရန်

အတွက် မြတ်စွာဘုရားကို သူ ဘယ်လိုလျှောက်ပြန်သလဲဆိုတော့ ဂါထာနောက်တပုဒ်နဲ့ လျှောက်ပြန်သေးတယ်၊ မမေးသေးဘူး။

**အယံ လောကော ပရော လောကော၊ ဗြဟ္မလောကော သဒေဝကော။**
**ဒိဋ္ဌိံ တေ နာဘိဇာနာတိ၊ ဂေါတမဿ ယသဿိနော။**

ဘန္တေ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ ယသဿိနော၊ များလှစွာသော အခြံအရံ ရှိတော်မူသော။ ဂေါတမဿ၊ ဂေါတမအနွယ် ဖြစ်တော်မူသော။ တေ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏။ ဒိဋ္ဌိံ၊ သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ သိထားတယ်ဆိုတဲ့ တရားထူး, တရားမြတ်တွေကို။ အယံ လောကော၊ ဤလူ့ပြည်လောကမှာရှိကြတဲ့ လူများအပေါင်းသည်၎င်း။ ပရောလောကော၊ လူ့ပြည်လောကမှ တပါးသောဘဝ၌ ရှိကြကုန်သော ပုဂ္ဂိုလ်အပေါင်းသည်၎င်း။ သဒေဝကော၊ ကာမာဝစရ နတ်ပြည် ငါးထပ်နှင့်တကွဖြစ်သော။ ဗြဟ္မလောကော၊ ဗြဟ္မာအပေါင်းသည်၎င်း။ နာဘိဇာနာတိ၊ မသိကြပါ။

**ဂါထာအဓိပ္ပါယ်။** ။အရှင်ဘုရားတို့၊ အရှင်ဘုရားသိထားတဲ့ သဗ္ဗညုတဉာဏ်တော်ကြီးကို လူအပေါင်း နတ်အပေါင်း ဗြဟ္မာအပေါင်းတို့က သိနေကြတာမဟုတ်ပါဘူးတဲ့၊ ဟောမှ သိမယ်လို့ဆိုတဲ့ အဓိပ္ပါယ်နော်။ (မှန်ပါဘုရား)။

## စတုတ္ထမေးမြန်းလျှောက်ထားချက်

သုံးကြိမ်လျှောက်သားလို့ မဖြေကြားတော်မမူသော်လဲ စိတ်မပျက်ဘဲ ခုတခါ ထပ်ပြီး ဒီလို လျှောက်ထားလိုက်ပြန်ပါတယ်။

**ဧဝံ အဘိက္ကန္တဒဿာဝိံ၊ အတ္ထိ ပဉှေန အာဂမံ။**
**ကထံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။**

ဧဝံ အဘိက္ကန္တဒဿာဝိံ၊ ဤသို့ အလွန်နှစ်သက်ဖွယ် ရှိသော သဗ္ဗညုတဉာဏ်တော်တည်းဟူသော ပညာဖြင့် မြင်တော်မူပြီးဖြစ်တော်မူသော မြတ်စွာဘုရားကို။ (တနည်း) ဧဝံ အဘိက္ကန္တဒဿာဝိံ၊ ဤသို့ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ အဇ္ဈာသယ-အလို, အဓိမုတ္တိ-နှလုံးသွင်း, ဂတိ,ပရာယဏ, စသော အလုံးစုံကို မြင်ခြင်းငှါ စွမ်းနိုင်သော မြတ်စွာဘုရားကို။ အတ္ထိပဉှေန၊ အမေးပုစ္ဆာ ပြဿနာကို မေးလိုပါသဖြင့်။ အဟံ၊ ဘုရားတပည့်တော်သည်။ အာဂမံ–အာဂမိ၊ ရောက်ရှိ၍လာသည်။ အမှို၊ ဖြစ်ပါတော့သည်ဘုရား။

ဘန္တေ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ လောကံ၊ လောကကို။ ကထံ၊ အဘယ်သို့လျှင်။ အဝေက္ခန္တံ၊ ရှုသောသူကို။ ဝါ၊ မြင်သောသူကို။ မစ္စုရာဇာ၊ သေမင်းသည်။ နပဿတိ၊ မမြင်နိုင်ပါသနည်း။ ဣတိ၊ ဤသို့။ အာယသ္မာ မောဃရာဇာ၊ အရှင်မောဃရာဇာ ရသေ့သည်။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အပုစ္ဆိ၊ သိလိုသည့်အရေးဖြင့် မေးမြန်းလျှောက်ထားပါပေသတည်း။

သာဓု　သာဓု　သာဓု

**အမေးဂါထာအဓိပ္ပါယ်**

ဒီဂါထာထဲက အဘိက္ကန္တဒဿာဝိံ-ကို အဘိက္ကန္တဒဿာဝိန္တိ အဂ္ဂဒဿာဝိံ-လို့ အဋ္ဌကထာဆရာကြီး ဖွင့်ထားတယ်။ "သဒေဝကဿ အဇ္ဈာသယာဓိမုတ္တိဂတိ-ပရာယဏာဒီနိ ပဿိတုံ သမတ္ထန္တိ ဒဿေတိ" မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဘာတွေကို မြင်နေတာလဲလို့ဆိုတော့ လူအပေါင်းတွေရဲ့ အဇ္ဈာသယ=နှလုံးသွင်း, လူအပေါင်းတို့ရဲ့ ဂတိ=လားရာ, လူအပေါင်း နတ်အပေါင်း ပြဟ္မာ အပေါင်းတို့ရဲ့, ပရာယဏ=လည်းလျောင်းရာ, လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့ရဲ့ သွာကာရ ဒွါကာရ သုဝိညာပယ ဒုဝိညာပယ အပ္ပရဇက္ခ မဟာရဇက္ခလို့ဆိုတဲ့ ကိလေသာမြူ နည်းပါးတာတွေ, ကိလေသာမြူ ထူထပ်တာတွေ, ကောင်းသော အခြင်းအရာတွေ, မကောင်းသော အခြင်းအရာတွေ, တရားဟောလို့ သိခဲ့တာတွေ, တရားဟောလို့ သိလွယ်တာတွေကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် မြင်တော်မူတာကို အဘိက္ကန္တဒဿာဝိံ – လို့ ခေါ်ပါတယ်။

အရှင်ဘုရား တပည့်တော် ဟိုတခါတုန်းက နှစ်ကြိမ်မေးခဲ့တာ အရှင်ဘုရား ဖြေတော်မမူဘူး၊ ဘာကြောင့် ဖြေတော်မမူသလဲဆိုတော့ ခုနက ပြောခဲ့တဲ့ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ-ဆိုတဲ့ ဣန္ဒြေတွေ မရင့်ကျက်သေးလို့ အရှင်ဘုရားဖြေတော်မမူဘူး၊ အင်မတန်ကိုမြော်မြင်တော်မူနိုင်ပါတယ်ဘုရားတဲ့၊ ဒါ**အဘိက္ကန္တဒဿာဝီ**-လို့ ခေါ်တယ်။ အရှင်ဘုရား အခု ဘုရားတပည့်တော် မေးပါပြီ၊ ဖြေတော်မူပါဘုရား-တဲ့၊ ဘာကို ဖြေရမလဲ——

"လောကကြီးကို အဘယ်ကဲ့သို့ မြင်အောင်ရှုနိုင်တဲ့သူကို သေမင်းက မမြင်နိုင်ပါသလဲ ဘုရား" ဒါဘဲ သူမေးတာနော်။　　(မှန်ပါ။)

ကထံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။

ဘန္တေ၊ ဘုန်းတော်သခင်ရှင်တော်မြတ်ဘုရား။ ကထံ၊ အဘယ်သို့လျှင်။ လောကံ၊ လောကကို။ အဝေက္ခန္တံ၊ မြင်အောင်ရှုနိုင်တဲ့သူကို။ မစ္စုရာဇာ၊ သေမင်းသည်။ န ပဿတိ၊ မမြင်နိုင်ပါသနည်း။

ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ သေမင်း မမြင်တဲ့နေရာမှာ မနေချင်ကြဘူးလား။ (နေချင်ပါတယ်ဘုရား။)

ဘယ်သွားနေမလဲ, သေမင်းမမြင်တဲ့ ပုဂ္ဂိုလ်ဖြစ်အောင် ဘယ်လို လုပ်ရပါ့မလဲ, ဘယ်လို လောကကြီးကိုရှုရပါ့မလဲလို့ မောဃရာဇာက ဒီလိုမေးထားတယ်။

### ပဥ္စမ အဖြေတရားတော်

မြတ်စွာဘုရားက ဘယ့်နှယ် ဖြေတော်မူသလဲ——

**သုညတော လောကံ အဝေက္ခဿု၊ မောဃရာဇ သဒါ သတော။**
**အတ္တာနုဒိဋ္ဌိံ ဦဟစ္စ၊ ဧဝံ မစ္စုတရော သိယာ။**
**ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။**

မောဃရာဇ၊ မောဃရာဇာရသေ့။ သဒါ၊ အခါခပ်သိမ်း။ သတော၊ အာရုံ၌ကပ်၍ ထင်ရှားသဖြင့် မမေ့မပျောက်သော သတိရှိသည်ဖြစ်၍။ အတ္တာနုဒိဋ္ဌိံ၊ သက္ကာယဒိဋ္ဌိလို့ ခေါ်တဲ့ အတ္တာနုဒိဋ္ဌိကို။ ဦဟစ္စ၊ ပယ်စွန့်ပြီးတော့မှ။ လောကံ၊ သခါရလောကကို။ သုညတော၊ ဆိပ်သုဉ်းတဲ့အနေအားဖြင့်။ ဝါ၊ မရှိတဲ့အနေအားဖြင့်။ အဝေက္ခဿု၊ ရှုလေလော့။ ဧဝံ၊ ဤသို့ ရှုသည်ရှိသော်။ မစ္စုတရော၊ သေခြင်းကို လွန်မြောက်နိုင်သည်။ သိယာ၊ ဖြစ်နိုင်ရာ၏။ ဧဝံ၊ ဤသို့။ လောကံ၊ လောကကို။ အဝေက္ခန္တံ၊ မြင်နိုင်အောင်ရှုနိုင်တဲ့သူကို။ မစ္စုရာဇာ၊ သေမင်းသည်။ န ပဿတိ၊ မမြင်နိုင်။ ဣတိ၊ ဤသို့။ သတ္ထာ၊ လူနတ်တို့ဆရာဖြစ်တော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည်။ ဝိဿဇ္ဇေတိ၊ ဖြေကြားတော်မူလေတော့သတည်း။

သာဓု သာဓု သာဓု

**သတိတရား။** ။အဲဒီအဓိပ္ပါယ်က ဘာပြောသလဲဆိုတော့——မောဃရာဇာ သင့်မှာ သတိရှိရမယ်တဲ့၊ ဘာရှိရမတဲ့လဲ။

(သတိရှိရပါမယ်ဘုရား။)

ဘာလဲ သတိဆိုတာ၊ သတိပဋ္ဌာန် လေးပါးတို့အထဲက ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ကာယာနုပဿနာ သတိပဋ္ဌာန်ကို သော်လည်းကောင်း, ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကိုသော်လည်းကောင်း, စိတ္တာနုပဿနာ သတိပဋ္ဌာန်ကို သော်လည်းကောင်း, ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကို သော်လည်းကောင်း, တမျိုးမျိုးသော သတိပဋ္ဌာန် ရှိရမယ်။ အဲဒီ သတိ

ဆိုတာ ဘာလဲ၊ ဘာလုပ်သလဲ သတိဆိုတာက၊ အာရုံတခုကို မမေ့ပျောက်အောင် ထင်ရှားစေတဲ့ သဘောသည် သတိ၊ ဘာတဲ့လဲ။　(သတိပါဘုရား။)

## သက္ကာယဒိဋ္ဌိအကြောင်း

သတိအသမ္မုဋ္ဌာ-မမေ့မပျောက်ဘူး၊ အာရုံတွေက အဲဒီ မမေ့မပျောက်တဲ့ သဘောကို ဘာလို့ ခေါ်သလဲ။

(သတိပါဘုရား။)　အဲဒါ–သတိ။

**သက္ကာယဒိဋ္ဌိ။**　။အဲဒီ သတိရှိပြီးတော့ ဘာလုပ်ရမလဲဆိုတော့ သတိရှိပြီးတဲ့ အခါ တရားအားထုတ်ဘို့ရန်၊ ဝိပဿနာရှုဘို့ရန်အတွက် ရှေးဦးစွာ ဘာလုပ်ရမလဲ ဆိုတော့ အတ္တာနုဒိဋ္ဌိကို ပယ်စွန့်ပစ်ပါတဲ့။

"အတ္တာနုဒိဋ္ဌိံ ဥဟစ္စ"၊ အတ္တာနုဒိဋ္ဌိံ၊ အတ္တာနုဒိဋ္ဌိကို။ ဥဟစ္စ၊ ပယ်နုတ်ပြီး၍။

သတိရှိပြီး ရှေ့ဘာဆက်လုပ်ရမလဲ။ အတ္တာနုဒိဋ္ဌိကို နုတ်ပစ်ရမယ်။ **အတ္တာနုဒိဋ္ဌိ**-ဆိုတာ သက္ကာယဒိဋ္ဌိကို ခေါ်တယ်၊ ဘာတဲ့။　(သက္ကာယဒိဋ္ဌိပါဘုရား။)

**သက္ကာယဒိဋ္ဌိအဓိပ္ပါယ်။**　။သ=ထင်ရှားရှိသော၊ ကာယ=ခန္ဓာငါးပါး တရားအပေါင်း၌၊ ဒိဋ္ဌိ=လူဘဲ၊ နတ်ဘဲ၊ အသက်ဘဲ၊ ဝိညာဉ်ဘဲ၊ လိပ်ပြာကောင်ဘဲလို့ မှားသောအားဖြင့် စွဲလမ်းခြင်း၊ ဟုတ်လား။
　(မှန်ပါဘုရား။)

ဒီတော့ ထင်ရှားရှိနေတဲ့ ဝိညာဉ်၊ နာမ်၊ ရုပ်၊ စိတ်၊ စေတသိက်၊ ရုပ်တရားတို့ကို လူ၊ သတ္တဝါ၊ အသက်ကောင်၊ ဝိညာဉ်ကောင်၊ လိပ်ပြာကောင်ကလေး ဖြစ်တယ်လို့ စွဲလမ်းခြင်းသည် သက္ကာယဒိဋ္ဌိ။

အဲဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားများ၊ အမျိုးကောင်းသမီးများ ဝိပဿနာရှုတော့မယ်ဆိုရင် မြတ်စွာဘုရားက ဘာပြောထားသလဲ ဆိုတော့ ရှေးဦးစွာ ဘာရှုရမလဲ။　(သတိပါဘုရား။)

အဲဒီ သတိ ရှိပြီးတဲ့နောက် သက္ကာယဒိဋ္ဌိကို ပယ်ဖျောက် ပစ်ရအုံးမယ်၊ ဝိပဿနာရှုမဲ့တရားတွေရဲ့ အပေါ်မှာ ပထမရှေးဦးစွာ ဒိဋ္ဌိကို ပယ်ပစ်ရမယ်။ ဒိဋ္ဌိဆိုတာ ဘာလဲ၊ သက္ကာယဒိဋ္ဌိ၊ သ=ထင်ရှားရှိသော၊ ကာယ=ခန္ဓာငါးပါး အပေါင်း၌၊ ဒိဋ္ဌိ=ပုဂ္ဂိုလ်၊ သတ္တဝါ၊ လူ၊ နတ်၊ ဗြဟ္မာ နိစ္စ၊ ဓုဝ၊ သုခ၊ အတ္တ-အနေအားဖြင့် သတ္တဝါကောင်၊ ဝိညာဉ်ကောင်၊ လိပ်ပြာကောင်ကလေးတွေ ဖြစ်တယ်လို့ မှားသောအားဖြင့် ယူစွဲခြင်း။ ဘာလို့ခေါ်သလဲ (သက္ကာယဒိဋ္ဌိလို့ ခေါ်ပါတယ်ဘုရား။)

သက္ကာယဒိဋ္ဌိရဲ့ အဓိပ္ပါယ်စာလုံးပေါင်းက သ-ရယ်, ကာယ-ရယ်, ဒိဋ္ဌိ-ရယ်၊ သ-က ထင်ရှားရှိတယ်၊ ကာယ က ဝိညာဉ် နာမ် ရုပ်ဆိုတဲ့ တရားအပေါင်း၊ အဲဒီထင်ရှားရှိတဲ့ ကာယကို ဒိဋ္ဌိ-က အဘိနိဝေသပရာမာသဒိဋ္ဌိ=မှားသော အားဖြင့် သူကသုံးသပ်တယ်, ယူစွဲထားတယ်၊ ဒီစာလုံးတွေ အားလုံးပေါင်း လိုက်တော့ ထင်ရှားရှိသော ခန္ဓာငါးပါးတရားအပေါင်း၌ မှားသောအားဖြင့် သုံးသပ်ယူစွဲခြင်းကို သက္ကာယဒိဋ္ဌိလို့ ခေါ်တယ်။

မှားသောအားဖြင့် သုံးသပ် ယူစွဲတယ်ဆိုတာ ဘာတ်လိုလဲ၊ ရုပ်ကို လူလို့ စွဲထားတယ်။ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်-တွေကို သတ္တဝါကောင်လေးလို့ စွဲထားတယ်၊ ဟုတ်လား။ (မှန်ပါဘုရား။)

အဲဒီလို စွဲတာကို ဘာလို့ ခေါ်သလဲ (သက္ကာယဒိဋ္ဌိလို့ ခေါ်ပါတယ်ဘုရား။)

**သက္ကာယဒိဋ္ဌိ-၂၀။** ။အဲဒီတော့ ဝိပဿနာရှုတော့မယ်ဆိုရင် သတိရှိပြီးတဲ့ နောက် အဲဒီရုပ်ပေါ်မှာ လူဆိုတဲ့အစွဲ, ပုဂ္ဂိုလ်ဆိုတဲ့အစွဲ, ယောကျ်ား, မိန်းမဆိုတဲ့အစွဲ, ဝိညာဉ်ကောင်, လိပ်ပြာကောင်, အသက်ကောင် ကလေးလို့ဆိုတဲ့ အစွဲ၊ အဲဒီအစွဲကို ဖယ်ပစ်လိုက်ပါတဲ့ မြတ်စွာဘုရားက၊ ဟုတ်လား (မှန်ပါဘုရား)။

အဲဒီ အစွဲနဲ့ပတ်သက်လို့ မြတ်စွာဘုရား ဟောထားတဲ့ ပါဠိတော်ကို ဘုန်းကြီး ဟောပေးရလိမ့်မယ်၊ သက္ကာယဒိဋ္ဌိက ဘယ်လောက်ရှိသလဲ၊ နှစ်ဆယ်-ရှိတယ်၊ ဘယ်လောက်ရှိသလဲ (နှစ်ဆယ်ပါဘုရား)။

သက္ကာယဒိဋ္ဌိ နှစ်ဆယ်-ဆိုဘာ ရုပ်ပေါ်မှာ လေး-ခု, ဝေဒနာမှာ လေး-ခု, သညာမှာ လေး-ခု, သင်္ခါရမှာ လေး-ခု, ဝိညာဉ်မှာ လေး-ခု, ပေါင်းတော့ ဘယ်လောက်လဲ (နှစ်ဆယ်ပါ ဘုရား)။

**ရုပ်သက္ကာယဒိဋ္ဌိ။** ။ရုပ်ပေါ်မှာ လေးခု ဆိုတာက ဘာလဲ။

> ဣဓ ဘိက္ခု၊ အဿုတဝါ ပုထုဇ္ဇနော ရူပံ အတ္တတော သမနုပဿတိ, ရူပဝန္တံ ဝါ အတ္တာနံ, အတ္တနိ ဝါ ရူပံ, ရူပသ္မိံ ဝါ အတ္တာနံ။ (ရုပ်ပေါ် မှာ လေးချက်)

ဘိက္ခု၊ ချစ်သားရဟန်း။ ဣဓ၊ ဤ ငါဘုရားရဲ့ သာသနာတော်၌။ အဿုဘဝါ၊ အကြားအမြင် မရှိသော။ ပုထုဇ္ဇနော၊ ပုထုဇဉ်ပုဂ္ဂိုလ်သည်။

**ပုထုဇဉ်။** ။ပြောအုံးမယ်၊ ပုထုဇဉ်ဆိုတာ ဘာလဲ၊ စူဠနိဒ္ဒေသ အဋ္ဌကထာက "ပုထု ကိလေသေ ဇနေန္တီတိ ပုထုဇ္ဇနာ"တဲ့။ ပုထု=အများကြီး၊

ဇန=ဖြစ်တယ်။ ဘာတွေလဲ၊ ကိလေသာတွေ၊ ကိလေသာတွေ အများကြီး ဖြစ်ဖြစ်နေတဲ့လူကို ဘာလို့ ခေါ်သလဲ　(ပုထုဇဉ်လို့ ခေါ်ပါတယ်ဘုရား)။

ကိုယ့်ကိုယ်ကို စဉ်းစားကြည့်စမ်း ငါ့မှာ ကိလေသာတွေ ဘယ်လောက်ဖြစ်နေသလဲလို့၊ ကိလေသာဆိုတာ ဘာတွေလဲ၊ လောဘ, ဒိဋ္ဌိ, မောဟ၊ သက္ကာယဒိဋ္ဌိသည် ကိလေသာ၊ လောဘသည် ကိလေသာ၊ ဒိဋ္ဌိသည် ကိလေသာ၊ မောဟသည် ကိလေသာ၊ အဲဒီ ကိလေသာတွေ ကိုယ့်မှာ ဘယ်လောက် များနေသလဲ ဆိုတော့ မနက်စောစော မျက်လုံးကို ဖွင့်လိုက်တာနဲ့ တပြိုင်နက်ထဲ အဲဒီ ကိလေသာတွေ ဝင်လာသလား, ဝင်မလာဘူးလား　(ဝင်လာပါတယ်ဘုရား)။

နားကကော—(ဝင်လာပါတယ်ဘုရား)။

နှာခေါင်းတို့, ပါးစပ်တို့, ခန္ဓာကိုယ်တို့ စိတ်ကူးကြံစည်တာတို့ကကော　မဝင်ဘူးလား　(ဝင်လာပါတယ်ဘုရား)။

ဒီတော့ တနေ့လုံးမှာ ကိလေသာတွေ ဝင်နေတာတွေဟာ တော်တော်မများဘူးလား　(များပါတယ်ဘုရား)။

အမြဲတမ်း ဖြစ်မနေဘူးလား၊ အဲဒါကို ပုထုဇဉ်လို့ ခေါ်တယ်။ပုထု=အများကြီး၊ ဇန–ဖြစ်နေတယ်။ ဘာတွေဖြစ်နေသလဲဆိုတော့　ကိလေသာတွေ ဖြစ်နေတယ်၊ ဟုတ်လား　(မှန်ပါဘုရား)။

အဿုတဝါ၊ အကြားအမြင် မရှိသော။ အဲဒီ ကိလေသာတွေ များနေတာ ဘာပြုလို့လဲ၊ တရားမနာလို့၊ ဒီတော့ ဘုန်းကြီးတို့ ပရိသတ် တရားနာရမယ်၊ တရားနာဘို့ မပျင်းနဲ့။

အဿုတဝါ၊ တရားနာလေ့မရှိသော။ ပုထုဇ္ဇနော၊ ကိလေသာတွေ အများကြီး ဖြစ်ခွင့်ရနေတဲ့ ပုထုဇဉ်ပုဂ္ဂိုလ်သည်။ ရူပံ၊ ရုပ်ကို။ အတ္တတော၊ သတ္တဝါဟူ၍, လူဟူ၍။ သမနုပဿတိ၊ စွဲလမ်း၍ ထား၏။ (ရုပ်ကို လူတဲ့ ပဌမတချက်။)

အတ္တာနံ ဝါ၊ အတ္တကိုမူလည်း။ ရူပဝန္တံ၊ ရုပ်ရှိ၏ဟူ၍။ သမနုပဿတိ၊ စွဲလမ်း၍ထား၏။ (အတ္တကို ရုပ်ရှိတယ်လို့ စွဲထားတယ်၊ ဒါ ဒုတိယတချက်)။

"အတ္တနိဝါ ရူပံ" အတ္တနိဝါ၊ အတ္တ၌မူလည်း။ ရူပံ၊ ရုပ်ဟူ၍။ သမနုပဿတိ၊ ရှိ၏ဟု စွဲလမ်း၍ ထား၏။ (တတိယတချက်။)

"ရူပသ္မိံ ဝါ အတ္တာနံ"၊ အတ္တာနံ၊ အတ္တကို။ ရူပသ္မိံ ဝါ၊ ရုပ်၌မူလည်း။ သမနုပဿတိ၊ ရှိ၏ဟု ရှု၍ နေ၏။ (စတုတ္ထတချက်)။

ဘယ်လိုလဲ၊ ပါဠိတော်လဲ ရွတ်ပြီးပြီ၊ အနက်လဲ ပေးပြီးပြီ၊ အဋ္ဌကထာဆရာရဲ့ အဖွင့်ကလေး ပြောအုံးမယ်။

**ရုပ်၌သက္ကာယဒိဋ္ဌိကင်းပုံ။** ။“ရူပံ အတ္တတော သမနုပဿတိ”ဆိုတာ ဘာ ခေါ်တာလဲ ဘုရား၊ ရုပ်ကို အတ္တလို့ ရှုတယ်ဆိုတာ ပုဂ္ဂိုလ်တို့, သတ္တဝါတို့ကို လူလို့ရှုတယ်။ အဲဒါကို အဋ္ဌကထာဆရာကြီးက ပြောပေး ထားတယ်။

ရူပံ အတ္တတော သမနုပဿတီတိ ဣဓေကစ္စော ယံ ရူပံ, သော အဟံ၊ ယော အဟံ, တံ ရူပန္တိ ရူပဉ္စ အတ္တဉ္စ အဒ္ဒယံ သမနုပဿတိ”။

ဣဓ၊ ဤလောက၌။ ဧကစ္စော၊ အချို့သော ပုထုဇဉ်ပုဂ္ဂိုလ်သည်။ ယံ ရူပံ၊ အကြင်ရုပ်သည်။ သော အဟံ၊ ထိုငါပင်တည်း။ ယော အဟံ၊ အကြင် ငါသည်။ တံရူပံ၊ ထိုရုပ်ပင်တည်း။ ဣတိ၊ ဤသို့။ ရူပဉ္စ၊ ရုပ်ကိုင်း။ အတ္တဉ္စ၊ ငါဆိုတဲ့ အတ္တကိုင်း။ အဒ္ဒယံ၊ နှစ်ခု မပြုမူ၍။ သမနုပဿတိ၊ ရုပ်နဲ့ ငါနဲ့ အတူတူဟု ရှု၍ နေ၏။

ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ကြည့်စမ်း၊ ဒီ ခန္ဓာကိုယ်ကြီးကို လက်ညှိုးထိုး ပြမယ်ဆိုရင်, သင် ဘယ်ဒင်းလဲလို့ မေးရင် ဘယ့်နှယ်ပြောမလဲ။ ဒီ ခန္ဓာကိုယ်ကြီးဟာ ဘယ်သူလဲလို့ ဆိုရင် ငါလို့ ပြောမယ်၊ ဒီတော့ ဒီရုပ်နဲ့ ငါဟာ အတူတူလား၊ တခြားစီလား။ (တခြားစီပါဘုရား)။

ဒီလိုဆိုတော့ သင့်ကိုယ်ဟာ ဘယ်မှာလဲလို့ မေးရင် ဘယ်ဟာကို လက်ညှိုး ထိုးပြမလဲ၊ ရုပ်ကို ပြမယ်။ မင်းရုပ် ဘယ်ဟာလဲလို့ မေးရင် ဘယ်ဟာပြမလဲ၊ ဒီ ရုပ်ကို မပြဘူးလား။ ဒီရုပ်ဟာ ဘယ်သူလဲလို့ မေးရင် ဘယ့်နှယ်ပြောမလဲ (ငါပါ လို့ ပြောမှာပါဘုရား)။

အဲဒီလိုဆိုရင် ဒီရုပ်နဲ့ ငါဟာ အတူတူ ဖြစ်နေသလား၊ တခြားစီ ဖြစ်နေ သလား။ (အတူတူ ဖြစ်နေပါတယ်ဘုရား)

ရုပ်နဲ့ ငါဟာ ကွဲသေးသလား။ (မကွဲပါဘုရား)။

မကွဲတော့ဘူး၊ အဲဒီလို ရုပ်နဲ့ ငါကို မကွဲအောင် ရှုထားတာကို “ရူပံ အတ္တတော သမနုပဿတိ”လို့ ခေါ်တယ်တဲ့ အဋ္ဌကထာဆရာကြီးက ရှင်းပေးတာနော်။

(မှန်ပါဘုရား)။

အတ္တ-ကွာဘို့ကို မပြောနဲ့ ရုပ်နဲ့ ငါကို အတူတူဖြစ်နေသလား, တခြားစီလား ဆိုတာတောင်မှ ကွဲဘို့ အတော်ခက်နေသေးတယ်၊ ဟုတ်လား (မှန်ပါဘုရား)။

ဒီတော့ နှာခေါင်းထဲက ထွက်တဲ့လေ, နှာခေါင်းထဲ ဝင်တဲ့လေကို ကြည့်စမ်း၊ ဒီရုပ်ဟာ သင် ဟုတ်ကဲ့လား။ (မဟုတ်ပါဘုရား)။

သင်ကော ဒီရုပ် ဟုတ်ကဲ့လား။ (မဟုတ်ပါဘုရား)။

ဟော–ရုပ်နဲ့ ငါဟာ ကွဲမသွားဘူးလား။ (ကွဲသွားပါတယ်ဘုရား)။

အဲဒါ "န ရူပံ အတ္တတော သမနုပဿတိ=ရုပ်မှာ အတ္တ ကွာသွားတာဘဲ"။

အဲဒီလို ရုပ်နဲ့ ငါကို ခွဲပြီးတော့မှ မြတ်စွာဘုရား ဆိုလိုတဲ့ အဓိပ္ပါယ်က "အတ္တာနုဒိဋ္ဌိံ ဦဟစ္စ" အတ္တာနုဒိဋ္ဌိံ၊ ရုပ်မှာ အဲဒီလို ငါလို့ စွဲနေတဲ့ အစွဲကို။ ဦဟစ္စ၊ ဖယ်ပြီးတော့မှ။ ရူပံ၊ ရုပ်ကို။ အဝေက္ခဿု၊ ဝိပဿနာရှုပါ။

ဝိပဿနာ ရှုတယ်ဆိုတာ ရမ်းပြီး ထင်ရာစိုင်း ရှုရတာမဟုတ်ဘူးတဲ့ ပါဠိတော်က ပြောတာ, ဘုန်းကြီးနဲ့ ဘာမှ မဆိုင်ဘူး ဒီစကားနဲ့။ ပါဠိတော်က အခု ဘာ ပြောသလဲဆိုတော့ ဝိပဿနာရှုချင်ရင် ရှေးဦးစွာ ဝိပဿနာရှုရမဲ့ရုပ်ကို ငါနဲ့ ကွဲအောင် ခွဲကြည့်လိုက်အုံးတဲ့၊ ငါဆိုတဲ့ အတ္တ၊ ရုပ်နဲ့ အတ္တကို ခွဲပြီးကြည့်ရမယ်။ ထွက်တဲ့လေ ဝင်တဲ့လေကို ကြည့်စမ်း၊ ကိုယ့်ကိုယ်နဲ့ တူရဲ့လား။ (မတူပါဘုရား)။

ဣဒံ ရူပံ၊ ဤ ထွက်တဲ့လေ, ဝင်တဲ့လေ ဆိုတဲ့ ဝါယောလေဓာတ် ရုပ်ပရမတ္ထ တရားသည်။ အတ္တာ၊ ဟောဒီ ကိုယ်လုံးကြီးသည်။ န၊ မဟုတ်။ အနတ္တာ၊ ဒီ ကိုယ် လုံးကြီး မဟုတ်။

ဒီ ကိုယ်လုံးကြီးက လူ, ဝါယောရုပ်က လူ ဟုတ်ကဲ့လား။ (မဟုတ်ပါဘုရား)

မြင်ပြီလား။ (မြင်ပါတယ်ဘုရား)။

ဒီတော့ အဲဒီ ရုပ်ပေါ်မှာ အတ္တာနုဒိဋ္ဌိဆိုတဲ့သဘော ရှိသေးသလား။ (မရှိ ပါဘုရား)။

လူကို ဝိပဿနာ မရှုနဲ့၊ရုပ်ကိုသာ ဝိပဿနာရှုပါလို့ ဒီလိုဆိုလိုတယ်၊ သဘော ကျပြီလား။ (ကျပါပြီဘုရား) ရှေ့သွားမယ်။

"ရူပဝန္တံ ဝါ အတ္တာနံ"–ကျတော့ ရုပ်ကို အတ္တလို့စွဲတာ မဟုတ်တော့ဘူး၊ အတ္တာနံ ဝါ၊ အတ္တကိုမူလည်း။ ရူပဝန္တံ၊ ရုပ်ရှိ၏ဟူ၍။ သမနုပဿတိ၊ ရှုတယ် ဆိုတာ ဘာလဲ။

ရူပဝန္တံ ဝါ အတ္တာနံတိ ဣမေကစ္စော "အရူပံ အတ္တာ"တိ ဂဟေတွာ ဆာယာဝန္တံ ရုက္ခံ ဝိယ တံ ရူပဝန္တံ အတ္တာတိ သမနုပဿတိ-တဲ့၊ အဋ္ဌကထာဆရာ ကြီးက ပြောတာ။

ဘာပြောသလဲ အဲဒီအဓိပ္ပါယ်က "ရူပဝန္တံ ဝါ အတ္တာနံ" ဆိုတာက ရုပ်ကို အတ္တလို့ ပြောတာမဟုတ်ဘူး၊ ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ဆိုတဲ့ နာမ်တရား ကို အတ္တလို့ စွဲတာနော်။ (မှန်ပါဘုရား)။

ဒီ ရုပ်ကြီးကတော့ အတ္တ မဟုတ်ဘူးတဲ့၊ ခုနတုန်းကတော့ ရုပ်ကို အတ္တလို့ စွဲတာနော်။ (မှန်ပါ)။

အခုဥစ္စာက ဒီရုပ်ကြီးကတော့ အတ္တ မဟုတ်ပါဘူးတဲ့၊ နာမ်တရားတွေက သာ အတ္တပါတဲ့၊ အဲဒီနာမ်တရားတည်းဟူသော အတ္တတွေဟာ ဒီရုပ်ကြီးထဲမှာ ရှိနေတာကို ပြောတာပါဆိုပြီး နာမ်တရားကို အတ္တလို့ သွားစွဲတယ်နော် (မှန်ပါ)။

အဲဒီတော့ နာမ်တရားသည် ပုဂ္ဂိုလ် သတ္တဝါ ဟုတ်, မဟုတ်ကို ကြည့်တော့ သိတယ်လို့ ခေါ်တဲ့ ဝိညာဏဓာတ်ကလေးဟာ လူလား။ (မဟုတ်ပါဘုရား)။

ဒါဖြင့် သိတယ်ခေါ်တဲ့ နာမ်တရားကလေးမှာ လူရှိသလား။ (မရှိပါ ဘုရား)။

ဟော ကွာသွားပြီ၊ အဲဒီလို ခွဲပြီးတော့မှ ဝိညာဉ်ကို ဝိပဿနာရှုရမယ်၊ အတ္တာနုဒိဋ္ဌိ မဖြစ်ဘူး၊ ရုပ်တရား-က နှစ်ချက် ပြီးသွားပြီ။

"အတ္တနိ ဝါ ရူပံ" အတ္တနိ ဝါ၊ အတ္တခေါ်တဲ့ တရား၌မူလည်း။ ရူပံ၊ ရုပ်ဟူ၍။ သမနုပဿတိ၊ ရှု၏။

အဲဒါကျတော့လဲ "အရူပမေဝ အတ္တာတိ ဂဟေတွာ ပုပ္ဖသ္မိံ ဂန္ဓံ ဝိယ အတ္တနိ ဝါ ရူပံ သမနုပဿတိ"တဲ့။ ပန်းမှာ အနံ့ရှိတယ်၊ ပန်းနဲ့ အနံ့နဲ့ အတူ တူလား၊ တခြားစီလား။ (တခြားစီပါဘုရား)။

ဟိုက ရုပ်ကို အတ္တလို့ ရှုတယ်ဆိုတာ, ဝိညာဉ်ကို အတ္တလို့ ရှုတယ်ဆိုတာ, နာမ်တရားကို အတ္တလို့ ရှုတယ်ဆိုတာဟာလဲဘဲ အဲဒီ အတ္တဟာ ရုပ်ထဲမှာတော့ ရှိနေတာဘဲတဲ့၊ ဒါပေမဲ့ အဲဒီ ရုပ်နဲ့ ဝိညာဉ်ဆိုတဲ့ အတ္တဟာ မတူဘူး, တခြားစီတဲ့၊ ရုပ်ကတော့ ဒီမှာ ကျန်ရစ်ခဲ့တယ်၊ ဝိညာဉ်ဆိုတဲ့ အတ္တကလေးကတော့ ဒီဘဝ က နေပြီးတော့ ဟိုဘဝသွားရောတဲ့ ဟုတ်လား။ (မှန်ပါ ဘုရား)။

လောကလန်းသဖွယ် ဝိညာဉ်တွယ် ဆိုတဲ့စကားနဲ့ သူနဲ့ သွားပြီး ကိုက်နေ တယ်၊ ဟုတ်လား။ (မှန်ပါ)။

တချို့ ပြောသေးတယ် "သေခါနီး မြောနေတဲ့အခါကျတော့ ဒီကနေပြီး အသက်ကလေးက ထွက်သွားလိုက်တာ ဒီဘက် ခန္ဓာကလေးမှာတော့ တဖက် က ကုတ်ကျန်ရစ်ခဲ့သေးတယ်၊ အဲဟို အသက်ကလေး တဘက်က ရှောက်ရှာနေ လိုက်တာ, ဟိုဘက်မှာ ကုတ်ဘို့အတွက် ရှာနေလိုက်တာ ဟိုဘက် ကုတ်ဖို့ရာ နေရာကလေးလဲ တွေ့ရော ဟိုမှာ ကုတ် ပြီး တော့မှ ဒီခန္ဓာကို ဖြုတ်ပြီးတော့ ဝိညာဉ်ချုပ်တယ်လို့ စွဲတယ်၊ အဲဒီသဘောသည် သက္ကာယဒိဋ္ဌိအယူဘဲတဲ့၊ နော် (မှန်ပါဘုရား)

ဒီတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က အဲဒီနေရာမှာ မောဃရာဇာ ကို ဟောပေးနေတာ သုံးခုမြောက်ဖြစ်တဲ့ ဝိကပ်က ဘယ့်နှယ်ပြောထားသလဲ

ဆိုတော့ အဲဒီနာမ်တရားကို အတ္တလို့ရှုတယ်ဆိုတာကိုလဲ အတ္တကိုဖြုတ်ပြီးတော့မှ ဝိပဿနာရှုပါလို့ ဒီလိုဆိုလိုတယ်၊ အမိပ္ပါယ်။

"ရူပသ္မိံ ဝါ အတ္တာနံ" နောက်ဆုံးအပိုဒ်က ဘာပြောတာလဲလို့ဆိုတော့ သူကလဲ နာမ်တရားကိုဘဲ အတ္တလို့စွဲတယ်။ အဋ္ဌကထာက "အရူပံ မေ အတ္တာတိ ဂဟေတွာ ကရဏ္ဍကေ မဏိံ ဝိယ ရူပသ္မိံ ဝါ အတ္တာနံ သမနုပဿတိ"တဲ့၊ ဆိုလိုတဲ့အဓိပ္ပါယ်က ပတ္တမြားတခုကို ကြုတ်ထဲမှာထည့်ထား၊ ကြုတ်နဲ့ပတ္တမြားဟာ အတူတူလား၊ တခြားစီလား　　(တခြားစီပါဘုရား)

ဟောဒီရုပ်ကြီးက တခြား၊ နာမ်ခေါ်တဲ့တရားက တခြား၊ ရုပ်ကြီးကိုတော့ အတ္တမဟုတ်ဘူးတဲ့၊ အဲဒီရုပ်ထဲမှာထည့်ထားတဲ့ ပတ္တမြားနဲ့တူတဲ့ ဝိညာဉ်ခေါ်တဲ့ နာမ်တရားကလေးသာလျှင် အတ္တပါဘဲလို့ အဲဒီလိုရှုတယ်၊ နော် (မှန်ပါဘုရား)

**နာမ်သက္ကာယဒိဋ္ဌိများ။**　　။ဒီတော့ ဆိုလိုတဲ့ အဓိပ္ပါယ်က သက္ကာယဒိဋ္ဌိ-နှစ်ဆယ်မှာ ဝေဒနာ　သညာ သင်္ခါရ ဝိညာဉ် ဒီအတိုင်းဘဲ နော် (မှန်ပါဘုရား)

ဧသေဝ နယောလို့ အဋ္ဌကထာကလဲ ဒီလိုဘဲ ပြောထားတယ်၊ အဲဒီနည်းအတိုင်းဘဲရှုပါတဲ့ ဝေဒနာသညာသင်္ခါရဝိညာဉ်တို့ကိုလဲဘဲ၊ ဒီတော့ သက္ကာယဒိဋ္ဌိနှစ်ဆယ်မှာ "ရူပံ အတ္တတော သမနုပဿတိ"လို့ဆိုတာ ရုပ်တခုထဲကိုသာလျှင် အတ္တလို့စွဲတာ နော်၊ "ရူပဝန္တံ ဝါ အတ္တာနံ, အတ္တနိ ဝါ ရူပံ, ရူပသ္မိံ ဝါ အတ္တာနံ၊ ဝေဒနံ အတ္တတော သမနုပဿတိ, သညံ အတ္တတော သမနုပဿတိ, သင်္ခါရေ အတ္တတော သမနုပဿတိ, ဝိညာဏံ အတ္တတော သမနုပဿတိ-ဆိုတဲ့ အဲဒီခုနစ်ခုက နာမ်တရားသက်သက်ကိုသာလျှင် အတ္တလို့စွဲတာ၊ အတ္တနိ ဝါ ဝေဒနံ,ဝေဒနာယ ဝါ အတ္တာနံ·စတဲ့ တဆယ့်နှစ်ခုက ရုပ်ရော နာမ်ရော ပေါင်းပြီးတော့ အတ္တလို့စွဲတာ၊ အဲဒီတော့ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ ခွဲလိုက်တော့မယ်လို့ဆိုတော့ သက္ကာယဒိဋ္ဌိမှာ "ရူပံ အတ္တတော သမနုပဿတိ, ဝေဒနံ အတ္တတော သမနုပဿတိ,သညံ အတ္တတော သမနုပဿတိ, သင်္ခါရေ အတ္တတော သမနုပဿတိ, ဝိညာဏံ အတ္တတော သမနုပဿတိ"ဆိုတဲ့ အဲဒီ ငါးခုသည် ဥစ္ဆေဒဒိဋ္ဌိ၊ ကျန်တဲ့တဆယ့်ငါးခုက သဿတဒိဋ္ဌိ။

အဲဒီလို အတ္တာနုဒိဋ္ဌိလို့ခေါ်တဲ့ သဿတဒိဋ္ဌိနဲ့ဥစ္ဆေဒဒိဋ္ဌိတည်းဟူသော သက္ကာယဒိဋ္ဌိကြီးကို, သက္ကာယမှာစွဲနေတဲ့ ဒိဋ္ဌိကြီးကို စွဲပြီးတော့မှ "လောကံ၊ ခန္ဓာငါးပါးတည်းဟူသော လောကကို။ သုညတော၊ သုညအနေအားဖြင့်။ အဝေက္ခဿု၊ ရှုပါလော့"။

ဒီတော့ ခန္ဓာငါးပါးမှာ, အတ္တလို့ဆိုတဲ့ သက္ကာယမှာ ဒိဋ္ဌိကိုခွါပစ်လိုက်တော့ ဘာတွေကျန်ရစ်ခဲ့သလဲ၊ သက္ကာယ မကျန်ရစ်ခဲ့ဘူးလား။ (ကျန်ရစ်ခဲ့ပါတယ် ဘုရား)

သက္ကာယဆိုတာ ဘာလဲ၊ ဝိညာဉ်-နာမ်-ရုပ်၊ သူ့ကို ဘာခေါ်သလဲဆိုတော့ လောကလို့ခေါ်တယ်၊ သူ့ကို ဘာလို့ခေါ်သလဲ (လောကလို့ ခေါ်ပါတယ် ဘုရား) "အတ္တာနုဒိဋ္ဌိံ ဦဟစ္စ"အပိုဒ် ပြီးပြီနော်။

**လောကတရားများကို သုညအဖြစ်ရှုနည်း**

**တတိယပါဒအဓိပ္ပါယ်။** ။အဲဒီလောကကို သုည=ဘာမှ မရှိဘူးလို့ ရှုလိုက်-တဲ့ မြတ်စွာဘုရားက၊ သုညဆိုတာ ဘာရှိသလဲ (ဘာမှ မရှိပါဘုရား)

"သုညတော လောကံ အဝေက္ခဿု" ရောက်သွားပြီ၊ အဲဒီလို အတ္တာနုဒိဋ္ဌိလို့ ခေါ်တဲ့တရားကို ခန္ဓာငါးပါးပေါ်က ဖယ်ရှားပြီးတော့မှ လောကံ၊ ခန္ဓာငါး ပါးကို။ သုညတော၊ သုညဖြစ်အောင်။ အဝေက္ခဿု၊ ရှုပါလော့။ အရှုခိုင်းပြီ၊ ဘယ်လိုလုပ် ရှုရမလဲ၊ အဲဒီရှုနည်းတွေ ဘုန်းကြီးတို့ပြောရမယ်။

**လောကသဘော။** ။"သုညတော လောကံ အဝေက္ခဿု" အဲဒီနေရာမှာ လောကံ၊ လောကကို။ သုညတော၊ သုညအနေအားဖြင့်။ အဝေက္ခဿု၊ ရှုပါလော့-ဆိုတော့ လောကဆိုတာဘာလဲလို့ မြတ်စွာဘုရား လက်ထက်က ရဟန်းတပါးက မေးတယ်၊ မြတ်စွာဘုရားကို ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်မှာ——

> လောကော လောကောတိ ဘန္တေ ဝုစ္စတိ၊ ကိတ္တာဝတာ နုခေါ ဘန္တေ လောကောတိ ဝုစ္စတိ။
>
> ဘန္တေ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့်ပြည့်စုံတော်မူသော မြတ်စွာ ဘုရား။ လောကောလောကောတိ၊ လောကလောကဟူ၍။ ဝုစ္စတိ၊ ဆိုအပ် ၏။ ကိတ္တာဝတာ၊ အဘယ်သို့သော အခြင်းအရာအားဖြင့်။ လောကောတိ၊ လောကဟူ၍။ ဝုစ္စတိ နုခေါ၊ ခေါ်ဆိုရပါသနည်း အရှင်ဘုရား။

အရှင်ဘုရား လောကဆိုတာ ဘာကိုခေါ်ပါသလဲ၊ ဘုန်းကြီးတို့ပရိသတ် လောကဆိုတာ ဘာကိုခေါ်သလဲဆိုတဲ့ မေးခွန်းထုတ်ပြီးပြီ။

မြတ်စွာဘုရားက ပြန်ဖြေတယ် "လုဇ္ဇတီတိ ခေါ ဘိက္ခု တသ္မာ လောကော-တိ ဝုစ္စတိ"။

ဘိက္ခု၊ ချစ်သားရဟန်း။ လုဇ္ဇတိ၊ ပျက်စီးတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ လောကော၊ လောကမည်၏။ ပျက်စီးတတ်တဲ့ သဘောရှိသောကြောင့် လောကတဲ့။

ဘယ်လောကဘဲ ကြည့်လိုက်ကြည့်လိုက် မပျက်စီးတဲ့ လောကရယ်လို့ ရှိသလား　(မရှိပါဘူး ဘုရား)

စက္ခုလောက,သောတလောက,ဃာနလောက,ဇိဝှါလောက စသည်ကိုကြည့်၊ စက္ခု မပျက်စီးဘူးလား၊　　(ပျက်စီးပါတယ်ဘုရား)

ဘုန်းကြီးတို့မျက်စိ ဟိုတုန်းကလို မဟုတ်တော့ဘူး၊ နော်　　(မှန်ပါ)

ပြောလာပြီ မဟုတ်လား၊ ဒါ ဘာဖြစ်လာသလဲ၊ ပျက်စီးတာ၊ နားကကော ဟိုတုန်းကလို ဟုတ်သေးသလား　(မဟုတ်ပါဘုရား)

နှာခေါင်း ဟိုတုန်းကလို မဟုတ်ဘူး၊ လျှာ-ခန္ဓာကိုယ် ဟိုတုန်းကလို မဟုတ်ဘူး၊ မနေ့က ခန္ဓာကိုယ်မျိုး ဒီကနေ့ ဟုတ်သေးသလား (မဟုတ်တော့ပါဘုရား)

မနေ့က ခန္ဓာကိုယ် နေထိုင်မကောင်းသလိုလို ဖြစ်နေတာ, ရာသီဥတုက အေးပြီးတော့ အမျိုးမျိုး ရုပ်ဓာတ်တွေ ဖောက်ပြန်နေတာ ဒီကနေ့ ရှိသေးသလား　　(မရှိပါဘူး ဘုရား)

ဘယ်ရောက်ကုန်သလဲ　　(ပျက်စီးသွားပါတယ်ဘုရား)

ပျက်စီးကုန်သည်ဖြစ်သောကြောင့် လောကတဲ့၊ ဘာတွေ ပျက်စီးသလဲ ဆိုတော့

> စက္ခု လုဇ္ဇတိ၊ ရူပါ လုဇ္ဇန္တိ၊ စက္ခုဝိညာဏံ လုဇ္ဇတိ၊ စက္ခုသမ္ဖဿော လုဇ္ဇတိ၊ ယမ္ပိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ တမ္ပိ လုဇ္ဇတိ—

လို့ ပျက်စီးတတ်တဲ့တရားတွေ မြတ်စွာဘုရားက ပြောထားတယ်၊ မျက်လုံးဆိုတာ ပျက်စီးတတ်တယ်၊ ရူပါရုံဆိုတာပျက်စီးတတ်တယ်၊ စက္ခုဝိညာဉ်စိတ်ဆိုတာ ဖြစ်ပြီး ပျက်စီးသွားတတ်တယ်။ စက္ခုသမ္ဖဿ အဲဒီတရားသုံးလုံး ပေါင်းလိုက်တာလဲ ဖြစ်ပြီးပျက်သွားတာဘဲတဲ့၊ ဟုတ်လား　　(မှန်ပါဘုရား)

ပြီးတော့ကော ဒီတရားသုံးလုံးပေါင်းပြီးတော့ ဖဿကြောင့်ဖြစ်တဲ့ သုခဝေဒနာ ဒုက္ခဝေဒနာ အဒုက္ခမသုခဝေဒနာဟာ ဘာဖြစ်သလဲ၊　　(ပျက်စီးသွားပါတယ်ဘုရား)

အဲဒါကြောင့် ဒီတရားစုတွေကို ဘာလို့ခေါ်သလဲ　　(လောကပါဘုရား)

ဝိညာဉ် နာမ် ရုပ်၊ တနည်း စိတ်-စေတသိက် ရုပ်။ အဲဒီ တရားစုတွေဟာ ဘာတဲ့လဲ လောက၊ ဘာဖြစ်လို့လဲ (ပျက်စီးတတ်လို့ပါဘုရား)။

မေးသေးတယ် အရှင်အာနန္ဒာက မြတ်စွာဘုရားကို "လောကော လော-ကောတိ ဘန္တေ ဝုစ္စတိ ကိတ္တာဝတာ နုခေါ ဘန္တေ လောကောတိ ဝုစ္စတိ"၊ အဓိပ္ပါယ်က အတူတူပါဘဲ။

မြတ်စွာဘုရားက ဖြေတော်မူတယ်——

ယံ ခေါ အာနန္ဒ ပလောကဓမ္မံ၊ အယံ ဝုစ္စတိ အရိယဿ ဝိနယေ လောကော။

အာနန္ဒ၊ ချစ်သား အာနန္ဒာ။ ယံ ပလောကဓမ္မံ၊ အကြင် ဖောက်ပြန် ပျက်စီးတတ်သော သဘောတရားသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤဖောက်ပြန် ပျက်စီးတတ်တဲ့ သဘောတရားတွေကို။ အရိယဿ၊ ငါဘုရား၏။ ဝိနယေ၊ အဆုံးအမတော်၌။ လောကောတိ၊ လောကဟူ၍။ ဝုစ္စတိ၊ ဆိုရ၏။ ပါဠိတော်မှာ။

ရှင်အာနန္ဒာကို မြတ်စွာဘုရားကပြောတယ် ချစ်သားအာနန္ဒာတဲ့ လောက ဆိုတာ အရိယာတို့ အသုံးအနှုန်းက ပျက်စီးတတ်တဲ့ ပလောကဓမ္မလို့ခေါ်တဲ့ ဖောက်ပြန်ပျက်စီးတတ်သော သဘောတရားဟူသမျှကို လောကလို့ခေါ်တယ်၊ ဘယ်ဟာတွေလဲဘုရားလို့ ဆိုတော့၊ ဝိညာဉ် နာမ် ရုပ်၊ တနည်း ပြောရင် ဘာတဲ့လဲ (စိတ် စေတသိက် ရုပ်ပါဘုရား)

**လောကကိုရှုနည်း။** ။နှာခေါင်းထဲက ထွက်တဲ့လေ, နှာခေါင်းထဲ ဝင်တဲ့လေဟာ ဘာလဲ၊ (ရုပ်ပါဘုရား)

လူလား, ရုပ်လား (ရုပ်ပါဘုရား)

ပူတယ်ဆိုတာ ဘာလဲ၊ (ရုပ်ပါဘုရား)

တရားအားထုတ်နေရင်း ပူတာပေါ်လာရင် ပူတယ်လို့ ရှုရမလား၊ ရုပ်လို့ ရှုရမလား။ (ရုပ်လို့ရှုရပါ့မယ် ဘုရား)

ပူတာကို ပူတယ်လို့မရှုနဲ့နော် (မှန်ပါ)

ဘာလို့ ရှုရမလဲ၊ (ရုပ်လို့ ရှုရမှာပါဘုရား)

အေးမှုပေါ်လာရင် ဘာလို့ ရှုရမလဲ (ရုပ်လို့ ရှုရမှာပါဘုရား)

အေးတာကို အေးတယ်လို့ ရှုရမလား ရုပ်လို့ ရှုရမလား (ရုပ်လို့ ရှုရမှာ ပါဘုရား)

ချမ်းသာတာတွေ ဆင်းရဲတာတွေ ပေါ်လာရင် ဘာလို့ရှုရမလဲ၊ အဲဒီကျတော့ ရုပ်လို့မရှုနဲ့တော့ ဝေဒနာလို့ ရှုရမယ်၊ ခံစားမှု၊ ဘာလို့ ရှုရမလဲ　(ဝေဒနာလို့ ရှုရမယ်ဘုရား)

ချမ်းသာတာကို ချမ်းသာတယ်လို့ ဆင်းရဲတာကို ဆင်းရဲတယ်လို့ ဒီလို မရှုရဘူး၊ ဝိပဿနာရှုတယ်ဆိုတာ ပူတာကို ပူတယ်လို့မရှုရဘူး၊ ရုပ်လို့ ရှုရမယ်။ "ဣတိ ရူပံ" မြတ်စွာဘုရားက၊ အေးတာကို အေးတယ်လို့မရှုရဘူး၊ ဘာလို့ ရှုရမလဲ (ရုပ်လို့ ရှုရမှာပါဘုရား)

လှုပ်ရင် လှုပ်တယ်လို့ ရှုရမလား (ရုပ်လို့ ရှုရမှာပါဘုရား)

လှုပ်တာပေါ်လာရင် လှုပ်တယ်လို့ မရှုရဘူး၊ ဘာလို့ ရှုရမလဲ　(ရုပ်လို့ ရှုရမှာပါဘုရား)

**ပလောကဓမ္မ။**　။"ဣတိ ရူပံ" ဣတိ၊ ဤလှုပ်တဲ့သဘောသည်။ ရူပံ၊ ရုပ်မည်၏-ဟုတ်လား (မှန်ပါဘုရား)

အဲဒီရုပ်ကို သိနေတဲ့ အသိ မရှိဘူးလား၊　(ရှိပါတယ်ဘုရား)

သိတာကို ဘာလို့ခေါ်သလဲ　(ဝိညာဉ်လို့ခေါ်ပါတယ်ဘုရား)

အဲဒီလို ပူမှု-အေးမှု-လှုပ်မှု-ထိမှု-ပေါ့မှုဆိုတဲ့ ရုပ်တရားတွေ ထင်ရှားပေါ်လွင်အောင် ပြုလုပ်နေတဲ့သဘော မရှိဘူးလား　(ရှိပါတယ်ဘုရား)

ဘယ်သူလဲ　(သတိပါဘုရား) သတိလို့ခေါ်တဲ့နာမ်တရား။

အော် ဒီရုပ်သည် လူမဟုတ်ဘူး, အဲဒီ နာမ်တရားတွေသည် လူမဟုတ်ဘူး၊ သတ္တဝါမဟုတ်ဘူး-လို့ ခွဲခြားပြီးသိတတ်တဲ့သဘော မရှိဘူးလား (ရှိပါတယ်ဘုရား)။

ခွဲခြားသိတာ ဘာသူလဲ　(ပညာပါဘုရား) ပညာတဲ့။

အဲဒီ သတိနဲ့ ပညာကို နာမ်တရားလို့ခေါ်တယ်။ ပေါင်းလိုက်တော့ ဘာနဲ့ဘာတဲ့လဲ၊ ထွက်လေဝင်လေကို လူနဲ့ခွဲခြားပြီးတော့ သိပေးနေတဲ့ ဝိညာဉ်ရယ် ထင်ရှားနေတယ်ဆိုတဲ့သတိနဲ့ ပညာတို့က နာမ်၊ ထွက်တဲ့လေ ဝင်တဲ့လေက ဘာတဲ့လဲ　(ရုပ်ပါဘုရား)

ပေါင်းလိုက်တော့ ဘာနဲ့ဘာတဲ့လဲ　(ဝိညာဉ် နာမ် ရုပ် ပါဘုရား)

တနည်းပြောရင် စိတ်, စေတသိက်, ရုပ်၊ ထွက်လေ ဝင်လေကို သိနေတာက

ဘာလဲ၊ ဝိညာဉ်၊ ထွက်လေ ဝင်လေကို ထင်ရှားအောင် လုပ်ပေးနေတာရယ်၊ ထွက်လေ ဝင်လေဟာ လူနဲ့မတူဘူးလို့ ခွဲခြားပြီးတော့ သိပေးနေတယ် ဆိုတဲ့ သတိနဲ့ ပညာက ဘာတဲ့လဲ (နာမ်ပါဘုရား)။

ထွက်လေ ဝင်လေက ဘာတဲ့လဲ (ရုပ်ပါဘုရား)။

ပေါင်းလိုက်တော့ ဘာတဲ့လဲ (ဝိညာဉ် နာမ် ရုပ်) တနည်းပြောရင် (စိတ် စေတသိက် ရုပ်)။

အဲဒီတရားတွေသည် ဖြစ်ပြီးရင် မြဲသလား, ပျက်စီး သွားသလား၊
(ပျက်စီးသွားပါတယ်ဘုရား)။

အဲဒီလိုဖြစ်ပြီးရင် ပျက်စီးသွားသည် ဖြစ်သောကြောင့် သူ့ကို ဘာလို့ခေါ်သလဲ (ပလောကဓမ္မလို့ ခေါ်ပါတယ်ဘုရား)။

ပလောကဓမ္မံ၊ ပျက်စီးတတ်သော တရားကို။ လောကော၊ လောကဟူ၍။ ဝုစ္စတိ၊ မြတ်စွာဘုရား ဟောတော်မူ၏။ အဲဒီလို လောကလို့ခေါ်နေတာဟာ ဘယ်သူ့ကို လောကလို့ခေါ်နေတာလဲ၊ ဝိညာဉ် နာမ် ရုပ် ဒီတရားကို လောကလို့ ခေါ်တယ်၊ ဘာကြောင့် ဒီဝိညာဉ် နာမ် ရုပ်ကို လောကလို့ ခေါ်ရသလဲလို့ မေးရင် ဘယ့်နှယ်ဖြေမလဲ (ပျက်စီးတတ်သောကြောင့်)

အဲဒါ ပျက်စီးသလား, မပျက်စီးဘူးလား ကြည့်လေ၊ မပျက်စီးပါဘူးလို့ တစုံတယောက်သော ပုဂ္ဂိုလ်ကပြောရင် ယုံအုံးမလား (မယုံပါဘူးဘုရား)။

ဘာဖြစ်လို့လဲ (ပျက်စီးတတ်လို့ပါဘုရား)။

**လက်တွေ့တရား။** ။ယခုခေတ် အင်မတန်ရေပန်းစားနေတဲ့ သိပ္ပံဆရာကြီးတွေက အဲဒါတွေမပျက်ပါဘူးလို့ပြောရင် ဘုန်းကြီးတို့ ပရိသတ် ယုံအုံးမလား (မယုံပါဘူးဘုရား)။

ဒီတော့ သိပ္ပံဆရာတွေပြောတာကို ယုံသလား, မြတ်စွာဘုရားပြောတာကို ယုံနေသလား အခု (မြတ်စွာဘုရားပြောတာ ယုံနေပါတယ်ဘုရား)။

ဗုဒ္ဓေ အဝေစ္စပသာဒေန သမန္နာဂတော-ဟုတ်လား (မှန်ပါဘုရား)။

ဗုဒ္ဓေ၊ မြတ်စွာဘုရား၌။ အဝေစ္စပသာဒေန၊ မပျက်စီးနိုင်သော ယုံကြည်ခြင်းဖြင့်။ သမန္နာဂတော၊ ပြည့်စုံနေပြီတဲ့၊ ဒီလိုဆိုရင် နော် (မှန်ပါ)။

တစုံတယောက်သော သိပ္ပံပညာဆရာကြီးတွေက အခုခေတ် အင်မတန် ကျော်ကြားနေတဲ့ နာမယ်ကြီးနေတဲ့ လူတွေက "ဟေ့ – မင်းတို့ ရုပ်တွေနာမ်တွေ ဆိုတာ မပျက်စီးဘူးကွ"လို့ ပြောရင် ဘုန်းကြီးတို့ပရိသတ် ယုံအုံးမလား၊
(မယုံပါဘူးဘုရား)။

မြတ်စွာဘုရားက ဘယ်နှယ်ပြောထားသလဲ၊

(ပျက်စီးတတ်တယ်လို့ ပြောပါတယ်ဘုရား)။

ပျက်စီးတတ်တယ်လို့ ပြောတာကို ဘုန်းကြီးတို့ ပရိသတ်က ယုံနေသလား, မယုံဘူးလား　　(ယုံနေပါတယ်ဘုရား)။

ဘာဖြစ်လို့ ယုံသလဲ။ သူပြောလို့ ယုံတာလား, ကိုယ်တိုင် တွေ့နေလို့ ယုံတာလား၊ (ကိုယ်တိုင်တွေ့နေလို့ ယုံတာပါဘုရား)။

အဲဒီဟာ သဒ္ဓိန္ဒြေကော၊ ဟုတ်ပလား　　(မှန်ပါဘုရား)။

**သဒ္ဓိန္ဒြေက**တဲ့၊ မြတ်စွာဘုရားက မင်းတို့ ငါပြောလို့မယုံနဲ့တဲ့၊ မင်းတို့ကိုယ်တိုင် လုပ်ကြည့်လို့ အဟုတ်ကို ပျက်တယ်ဆိုမှ–အော် ဝိညာဉ် နာမ် ရုပ်တွေဟာ ပျက်စီးတတ်တယ်ဆိုတဲ့ သဘောရှိတယ်ဆိုတာ-ယုံတဲ့။မြတ်စွာဘုရားက အတင်း အယုံမခိုင်းဘူး၊ ဟုတ်လား　　(မှန်ပါဘုရား)။

**သက္ကာယဒိဋ္ဌိက တားမြစ်နိုင်ပုံ။**　　။ကိုင်း ဒါဖြင့် ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ အဲဒီလို ပျက်စီးတတ်တဲ့ သဘောဟာ လူလား, ဝိညာဉ် နာမ် ရုပ်လား (ဝိညာဉ် နာမ် ရုပ်ပါဘုရား)။

လူနဲ့ ဝိညာဉ် နာမ် ရုပ်ဟာ အတူတူလား၊ တခြားစီလား၊

(တခြားစီပါဘုရား)။

ဟော ဒါဖြင့် ရုပ်နဲ့ လူဟာ တခုထဲရှိနေသလား၊ နှစ်ခုခွဲရှိနေသလား၊

(နှစ်ခုခွဲရှိပါတယ်ဘုရား)။

နှစ်ခုခွဲရှိတယ်ဆိုတော့ အဲဒီရုပ်မှာ အတ္တဒိဋ္ဌိ ကွာမသွားဘူးလား၊

(ကွာသွားပါတယ်ဘုရား)။

ကွာသွားတယ် နော်　　(မှန်ပါ)။

ဘာပြုလို့လဲဆိုတော့ အဲဒီအတ္တဒိဋ္ဌိဆိုတဲ့ သဘောတရားတွေက "သမဂ္ဂါဝရဏာ, နသဂ္ဂါဝရဏာ, ပထမမဂ္ဂဝဇ္ဈာ"တဲ့။

အဲဒီသက္ကာယဒိဋ္ဌိဆိုတာ မဂ်ကိုမရအောင် တားနိုင်တယ်တဲ့၊ နတ်ပြည်ကိုတော့ မတားဘူး၊ နတ်ပြည် ဗြဟ္မာ့ပြည်ကိုတော့ သူက ရောက်အောင်ပို့နိုင်သေးတယ်၊ ဒီသက္ကာယက ပို့တာမဟုတ်ဘူး၊ ကုသိုလ်ကောင်းမှုကပို့တာ၊ သက္ကာယဒိဋ္ဌိရှိနေတဲ့ အတွက် နတ်ပြည်မရောက်ရတော့ဘူးလားလို့ ဆိုတော့ မဟုတ်ဘူး၊ ကုသိုလ် ကောင်းမှုရှိရင် ရောက်တယ်၊ သက္ကာယဒိဋ္ဌိ ရှိနေတဲ့အတွက် မဂ်ရပါ့မလားလို့

ဆိုတော့ ဘယ်လောက်ပဲ ကုသိုလ်ရှိရှိ သက္ကာယဒိဋ္ဌိရှိနေတဲ့ပုဂ္ဂိုလ်ဟာ မဂ်ကို မရနိုင်ဘူး၊ ဟုတ်လား (မှန်ပါ)။

ဒါဖြင့် အဲဒီသက္ကာယဒိဋ္ဌိကို ပယ်သတ်ပစ်ရမယ်၊ ဟုတ်လား၊ (မှန်ပါ့ဘုရား)။

**လောကတရားပျက်စီးတတ်ပုံ။** ။အခုရှုနေတဲ့ ရှုကွက်မှာ ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ လောကဆိုတာ တွေ့ပလား (တွေ့ပါပြီဘုရား)။

လောကဆိုတာဘာလဲ (ဝိညာဉ် နာမ် ရုပ်)။

ဖြေးဖြေးပြောကြစမ်းပါ၊ လောကဆိုတာဘာလဲ (ဝိညာဉ် နာမ် ရုပ်)။

တနည်းပြောရင်——(စိတ် စေတသိက် ရုပ်)။

အဲဒီ ဝိညာဉ် နာမ် ရုပ်, စိတ် စေတသိက် ရုပ်ကို ဘာပြုလို့ လောကလို့ ခေါ်သလဲ (ပျက်စီးတတ်သောကြောင့်ပါဘုရား)။

ဟုတ်ကဲ့လား အဲဒါ (ဟုတ်ပါတယ်ဘုရား)။

ကြည့်စမ်းဆိုတာ အရှုခိုင်းတာ၊ ရှုကြည့်စမ်း။ ဘယ်လောက်မှ မကြာဘူး၊ နော် (မှန်ပါ)။

အဲဒါကို ဘာလို့ခေါ်ထားသလဲ၊လောကလို့ မြတ်စွာဘုရားက ခေါ်ထားတယ်၊ ဟုတ်လား (မှန်ပါ)။

ပျက်စီးတတ်တယ်တဲ့၊ မပျက်စီးဘူးဆိုရင် ဘုန်းကြီးတို့ပရိသတ် ယုံအုံးမလား (မယုံပါဘုရား)။

ဒါဖြင့် မြတ်စွာဘုရား ပြောတာကို ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ အကြွင်းမဲ့ ယုံကြည်နေကြပြီပေါ့၊ (မှန်ပါတယ်ဘုရား)။

ပြောလို့ယုံတာလား, ကိုယ်တိုင်သိလို့ ယုံတာလား၊ (ကိုယ်တိုင်သိလို့ပါဘုရား)။

ဟုတ်ပြီ အဝေစ္စပသာဒေန သမန္နာဂတ-ဆိုတာ၊ မြတ်စွာဘုရား ပြောတာကို မမှိတ်မသုံ ဖျက်လို့မရအောင် ယုံကြည်ချက်ကို ဗုဒ္ဓေ အဝေစ္စပသာဒေန သမန္နာဂတ-လို့ ခေါ်တယ်၊ ဟုတ်လား (မှန်ပါဘုရား)။

ကဲ ဒါဖြင့် အဲဒီလောကကြီး ဘာလုပ်ရမလဲ၊ ပျက်စီးတတ်တဲ့ လောကကြီး တော့ တွေ့နေပြီ၊ မတွေ့သေးဘူးလား၊ (တွေ့နေပါတယ်ဘုရား)။

တွေ့ရင် ဘာလုပ်ရမလဲ၊ ဝိပဿနာရှုရမယ်၊ ဘယ့်နှယ်ရှုရမလဲ၊ ဘယ်လိုလုပ် ရှုကြမလဲ ဘုန်းကြီးတို့ ပရိသတ်။ ပါဠိတော် ပြောမလို့၊ သုတ္တန်တခုက ရှုကွက်ကို ဘယ်လိုပြထားသလဲ ဆိုတော့၊ စူဠနိဒ္ဒေသပါဠိတော်က အဝေက္ခဿု=သုညလို့ ရှုရမယ်ဆိုတာဟာ တဲ့ "အဝသိယပဝတ္တသလ္လက္ခဏဝသေနဝါတုစ္ဆသင်္ခါရသမနု-ပဿနာဝသေန ဝါ" လို့ နှစ်မျိုးတဲ့၊ အဲဒီဝိညာဉ်နာမ်ရုပ်လို့ခေါ်တဲ့ ပျက်စီးတတ်သော လောကကို သုညဖြစ်အောင် ရှုတယ်ဆိုတာဟာ ကိုယ့်အလိုသို့ မလိုက်တဲ့ အခြင်းအရာအားဖြင့်ရှင်း, သင်္ခါရတရားတို့ရဲ့ အနှစ်မပါ ဗလာတုစ္ဆ အချည်းနှီးဖြစ်တဲ့ အနေကို သိသောအားဖြင့်ရှင်း အဲဒီ နှစ်ချက်နဲ့ ရှုရမယ်တဲ့၊ နော် (မှန်ပါဘုရား။)

**လောကတရား ကိုယ့်အလိုမလိုက်။** ။ကဲ ဒါဖြင့် ကောင်းပြီ၊ သင်္ခါရတရားတို့ရဲ့ အခု ပြထားတဲ့ လောကလို့ ခေါ်တဲ့ ဝိညာဉ် နာမ် ရုပ်တို့ မိမိအလိုမလိုက်ပုံကို—

ရူပေ ဝသော န လဗ္ဘတိ၊ ဝေဒနာယ ဝသော န လဗ္ဘတိ၊ သညာယ ဝသော န လဗ္ဘတိ၊ သင်္ခါရေသု ဝသော န လဗ္ဘတိ၊ ဝိညာဏေ ဝသော န လဗ္ဘတိ-တဲ့ (စူဠနိဒ္ဒေသပါဠိတော်)

ရူပေ၊ ရုပ်တရား၌။ ဝသော၊ မိမိအလိုသို့ လိုက်ခြင်းကို။ နလဗ္ဘတိ၊ မရအပ်။

ထွက်တဲ့လေ ဝင်တဲ့လေကလေးကို ကိုယ့်အလိုအတိုင်း ခဏကလေး ဆိုင်းနေစမ်းပါလို့ လုပ်ထားစမ်း၊ ရသလား။ (မရပါဘုရား။)

သိတဲ့ သဘောကလေးကိုကော—(မရပါဘူးဘုရား။)

ဝိညာဉ်ဆိုတာ ကောင်းတာကော မသိဘူးလား (သိပါတယ်ဘုရား။)

မကောင်းတာကော မသိဘူးလား (သိပါတယ်ဘုရား။)

ဘုန်းကြီးတို့ ပရိသတ်ရဲ့အလိုက, မိမိအလိုက ကောင်းတာ သိချင်သလား, မကောင်းတာ သိချင်သလား (ကောင်းတာ သိချင်ပါတယ်ဘုရား။)

ကောင်းတာကိုသာ ကိုယ်က သိချင်တာ၊ ဝိညာဉ်က မကောင်းတာကို မသိဘူးလား (သိပါတယ်ဘုရား။)

မိမိကိုယ်က ကောင်းတာကို သိချင်နေတယ်၊ ဝိညာဉ်က မကောင်းတာကို သိနေတယ်၊ ဒီတော့ ကိုယ့်အလို လိုက်သလား–မလိုက်ဘူးလား (မလိုက်ပါဘူးဘုရား။)

ဝိညာဏေ ဝသော န လဗ္ဘတိ–နော် (မှန်ပါဘုရား။)

ရုပ်ဆိုတာ ကိုယ့်အလိုအတိုင်း ဖြစ်-မဖြစ် ကြည့်စမ်း၊ ကိုယ့်အလို လိုက်ကဲ့လား ရုပ်က (မလိုက်ပါဘူးဘုရား။)

**အသက်ကြီးလာပြီ–ဟုတ်လား** (မှန်ပါ။)

မျက်စိတွေလဲ မှိုင်းလာပြီ၊ နားတွေလဲ ထိုင်းလာပြီ၊ ခါးတွေလဲ ကိုင်းလာပြီ၊ သွားတွေလဲ ကျိုးကုန်ပြီ၊ အရေတွေလဲ တွန့်လိပ်ကုန်ပြီ၊ ဟုတ်လား (မှန်ပါ။)

ဘယ်သူ လိုချင်သလဲ၊ အဲဒီအနေမျိုးကြီးကို (မလိုချင်ပါဘူးဘုရား။)

ဒီတော့ အဲဒီ အသက်အရွယ် ကြီးနေလို့ ပါးရေ-နားရေတွေ တွန့်လိပ်ပြီး သွားတွေကျိုး, မျက်စိတွေမှိုင်း, ခါးတွေကိုင်း, နားတွေထိုင်းပြီးတော့နေတဲ့ ပုဂ္ဂိုလ်က ကိုယ့်-အောက်ငယ်တဲ့ စိုစိုပြေပြေ ပြည့်ပြည့်ဖြိုးဖြိုး ရှိနေကြတဲ့ အမျိုးသား,၊အမျိုးသမီးကလေးတွေ မြင်လိုက်ရတော့ သူတို့လို ကိုယ်က မဖြစ်ချင်ဘူးလား (ဖြစ်ချင်ပါတယ်ဘုရား။)

ဖြစ်ကဲ့လား (မဖြစ်ပါဘူးဘုရား။)

ဒါဖြင့် ဒီရုပ် ကိုယ့်အလို လိုက်သလား၊ မလိုက်ဘူးလား (မလိုက်ပါဘူးဘုရား။)

**ရုပ်တရား အနတ္တဖြစ်ပုံ။** ။မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် သစ္စကကြီးကို ဟောတာတွေ သွားပြီးသတိရသေးတယ်၊ သစ္စက သုတ္တန်မှာ-ဟုတ်လား (မှန်ပါ။)

အဲဒီရုပ် မိမိအလိုသို့ မလိုက်ပုံကလေးကို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က ဘယ်လို သက်သေထုတ်ပြီး ပါဠိတော်မှာ ပြထားသလဲလို့ ဆိုတော့——

> ရူပံ ဘိက္ခဝေ အနတ္တာ၊ ရူပဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ၊ လဗ္ဘေထ စ ရူပေ “ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီ”တိ၊ ယသ္မာ စ ခေါ ဘိက္ခဝေ ရူပံ အနတ္တာ၊ တသ္မာ ရူပံ အာဗာဓာယ သံဝတ္တတိ၊ န စ လဗ္ဘတိ ရူပေ “ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီ”တိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ရူပံ၊ တွန်းကန်လှုပ်ရှားမှု ခေါ်တဲ့ ဝါယော လေဓာတ် ရုပ်ပရမတ္ထ တရားသည်။ [ရှုကွက်မှာ လူကို မပြောဘူးနော်၊ ခေါင်းတွေ၊ လက်တွေ၊ ခြေထောက်တွေကို မပြောဘူးနော် (မှန်ပါ)။ပူတာ၊ အေးတာ၊ လှုပ်တာကို မပြောဘူးနော် (မှန်ပါ)။ ဘယ်ဟာကို ပြောသလဲ၊

(ဝါယော ရုပ်ကိုပါဘုရား) ဝါယောတင်မကဘူး၊ ဘယ်ဟာမဆို ပူတာ၊ အေးတာ၊ လှုပ်တာ၊ တောင့်တာ၊ တင်းတာ၊ ထုံတာ၊ ကျင်တာ ရုပ်။ "တဒေကဇ္ဈံ အဘိသညူဟိတွာ အဘိသင်္ခိပိတွာ အယံ ဝုစ္စတိ ရူပက္ခန္ဓော"တဲ့—ပါဠိတော်က၊ အားလုံး ပေါင်းလိုက်တော့ ဘာတဲ့လဲ၊ (ရုပ်ပါဘုရား)] ရုပ်။ လူမဟုတ်တဲ့ ပူတာ အေးတာ လှုပ်တာတွေဆိုတဲ့ ရုပ်တရားသည်။ အနတ္တာ၊ အတ္တမဟုတ်။ ဝါ၊ မိမိကိုယ်လုံးကြီး မဟုတ်။

အဲဒီ ရုပ်ထဲမှာ လူရှိသလား (မရှိပါဘူးဘုရား။)

အဲဒီ ရုပ် ကိုယ့်အလို လိုက်သလား၊ မလိုက်ဘူးလား (မလိုက်ပါဘူးဘုရား။)

အတ္တာ၊ ကိုယ်သည်။ န၊ မဟုတ်။ အနတ္တာက ဘာတဲ့လဲ၊ န+အတ္တာ= အနတ္တာ၊ အတ္တာ၊ ကိုယ်သည်။ န၊ မဟုတ်။ အနတ္တာ၊ ကိုယ်မဟုတ်၊ မိမိမဟုတ်။ အကယ်၍ မိမိကိုယ်ဆိုရင် ငါက ထိုင်ချင် ထိုင်မယ်, ငါ သွားချင်ရင် သွားမယ်, ငါ မတ်တတ်ရပ်ချင် ရပ်မယ်, ငါ ပြောချင်ရင် ပြောမယ်, ငါ ဆိုချင်ရင် ဆိုမယ်, ငါ အိပ်ချင်ရင် အိပ်မယ်, ငါ စားချင်ရင် စားမယ်, ငါ ကွေးချင်ရင် ကွေးမယ်, ငါ ဆန့်ချင်ရင် ဆန့်မယ်ပေါ့၊ ဒါ ကိုယ့်အလိုတွေ၊ အဲဒီ ရုပ်က ကိုယ့်အလိုကို လိုက်သလား, မလိုက်ဘူးလား (မလိုက်ပါဘူးဘုရား။)

သွားချင်လို့ သွားနိုင်ရဲ့လား၊ (မသွားနိုင်ပါဘူးဘုရား။)

ပြောချင်လို့ကော ပြောနိုင်ရဲ့လား၊ (မပြောနိုင်ပါဘူးဘုရား။)

"နိဗ္ဗာန်ကို ဘဝတိုတိုနဲ့ရောက်ချင်ပါတယ်"လို့ ပြောလိုက်စမ်းပါ၊ ကိုယ့်အလို လိုက်သလား, မလိုက်ဘူးလား　　(မလိုက်ပါဘူး ဘုရား)

ကိုယ့်အလိုမလိုက်ဘူးတဲ့။ ဒါကြောင့် ကိုယ်သာဆိုရင်, မိမိသာဆိုရင် ကိုယ့်အလို, မိမိအလိုအတိုင်း ဖြစ်မှာပေါ့၊ ဒါကြောင့် မြတ်စွာဘုရားက—

"ရူပံ ဘိက္ခဝေ အနတ္တာ" ဘိက္ခဝေ၊ ရဟန်းတို့။ ရူပံ၊ ရုပ်သည်။ အနတ္တာ၊ ကိုယ်မဟုတ်။

ကိုယ်မဟုတ်ဘူးလို့ဆိုတာ မိမိမဟုတ်၊ ငါ မဟုတ်ဘူးလို့ပြောတာ။ မိမိ, ငါ ဆိုရင် မိမိအလို လိုက်မှာပေါ့၊ ဟုတ်လား　　(မှန်ပါ)

ဒါကို မြတ်စွာဘုရားက ရှေ့ကို ဆက်ပြောမယ်။ အနတ္တ-ဆိုတာ ဘာလဲ၊ န+အတ္တာ=အနတ္တာ။ အတ္တာ၊ ကိုယ်သည်။ ဝါ–မိမိသည်။ န၊ မဟုတ်။ အနတ္တာ၊ ကိုယ်မဟုတ်။ ဝါ၊ မိမိမဟုတ်။ တွန်းကန်လှုပ်ရှားမှုဆိုတာ ကိုယ်လား　(မဟုတ်ပါဘုရား)

မိမိလား　　(မဟုတ်ပါဘုရား)

သူတပါးလား (မဟုတ်ပါဘုရား)

ပုဂ္ဂိုလ်လား, သတ္တဝါလား (မဟုတ်ပါဘုရား)

ရူပံ န သတ္တော၊ နနရော၊ နပုဂ္ဂလော၊ နအတ္တာ၊ နပရော။ ရုပ်ဟာ ကိုယ်လဲ မဟုတ်, သူတပါးလဲ မဟုတ်၊ ဒါဖြင့် ကိုယ်မဟုတ်, သူမဟုတ်, ယောကျ်ားမဟုတ်, မိန်းမ မဟုတ်, လူမဟုတ်, နတ်မဟုတ်, ဗြဟ္မာမဟုတ်, သတ္တဝါမဟုတ်ရင် ဘာလဲ၊ ရုပ်၊ သဘောကျပြီလား (ကျပါပြီဘုရား)

အနတ္တလုံး ပေါ်ပလား (ပေါ်ပါပြီဘုရား)

ဒါဖြင့် အဲဒီ ရုပ်တရားသည် အနတ္တဖြစ်ပါတယ်တဲ့။

"ရူပဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ" ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒဉ္စရူပံ၊ ဤရုပ်သည်။ အတ္တာ၊ ကိုယ်သည်။ ဝါ၊ မိမိသည်။ အဘဝိဿ၊ အကယ်၍ ဖြစ်ငြားအံ့။

အကယ်၍သာ အဲဒီ ရုပ်ဟာ မိမိရဲ့ကိုယ် ဖြစ်မယ်ဆိုရင်တဲ့ "နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ" ဣဒံ ရူပံ၊ ဤရုပ်သည်။ အာဗာဓာယ၊ နာကျင်ကိုက်ခဲခြင်းငှါ။ နသံဝတ္တေယျ၊ မဖြစ်နိုင်တော့ရာ။

ချစ်သားတို့ အဲဒီရုပ်ဟာ ကိုယ်သာ ဟုတ်နေမယ်ဆိုရင်, မိမိသာ ဟုတ်နေမယ်ဆိုရင် ဒီရုပ်ဟာ နာကျင်ကိုက်ခဲပါအုံးမလားတဲ့။ ပူတာမခံနိုင်ဘူး, အေးတာမခံနိုင်ဘူး, တောင့်တာ, တင်းတာမခံနိုင်ဘူး ဆိုတာတွေဟာ ကိုယ်သာဆိုရင် ဖြစ်ပါအုံးမလား (မဖြစ်ပါဘူးဘုရား)

ကိုယ်ကတော့ နာလဲမနာချင်ဘူး, ကျင်လဲမကျင်ချင်ဘူး, ထုံလဲမထုံချင်ဘူး, ကိုက်လဲမကိုက်ချင်ဘူး, ခဲလဲမခဲချင်ဘူး, အောင့်လဲမအောင့်ချင်ဘူး, တောင့်လဲမတောင့်ချင်ဘူး၊ မဟုတ်လား (မှန်ပါ)

ဒါပေမဲ့ ရုပ်တွေက ဘယ်လိုလုပ်နေသလဲ၊ နာကျင်ကိုက်ခဲတယ်ဆိုတဲ့သဘောတွေဖြစ်လာတယ်၊ ဘာဖြစ်လို့လဲ ကိုယ်မဟုတ်လို့၊ ဟုတ်လား (မှန်ပါ)

ကိုယ်မဟုတ်ဆိုတာ မိမိမဟုတ်ဘူးတဲ့။

နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ၊ လဗ္ဘေထ စ ရူပေ "ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီ"တိ။

မေ၊ ငါ၏။ ရူပံ၊ ရုပ်သည်။ ဧဝံ ဟောတု၊ ဤသို့ဖြစ်စေသတည်း။ မေ၊ ငါ၏။ ရူပံ၊ ရုပ်သည်။ ဧဝံ၊ ဤသို့။ မာအဟောသိ၊ မဖြစ်စေသတည်း။ ဣတိ၊ ဤသို့။ ရူပေ၊ ရုပ်တရား၌။ လဗ္ဘေထစ၊ ကိုယ်တောင့်တတဲ့အတိုင်း, ကိုယ့်အလိုအတိုင်း ဖြစ်နိုင်ရာ၏။

ချစ်သားတို့ အကယ်၍ ဒီရုပ်တရားဟာ ကိုယ်ဟုတ်မယ်ဆိုရင်, မိမိသာဟုတ်မယ်ဆိုရင် ကိုယ်ဖြစ်ချင်သလို ဖြစ်နေမှာပေါ့တဲ့၊ ဟုတ်လား　(မှန်ပါ)

အခုတော့ ကိုယ်ဖြစ်ချင်သလို ဖြစ်လို့ရသလား　(မရပါဘူးဘုရား)

ကိုယ်ကတော့ အခုန ပြောသလိုဘဲ နားမထိုင်းချင်ဘူး, မျက်စိမပြာချင်ဘူး, ခါးမကိုင်းချင်ဘူး, သွားမကျိုးချင်ဘူး, ဆံမဖြူချင်ဘူး, အရေဇတွေမတွန့်မလိပ်ချင်ဘူး, အားမယုတ်ချင်ဘူး, အားခွန်ဗလတွေနဲ့ ပြည့်စုံချင်တယ်၊ တရားဟောတဲ့ ပုဂ္ဂိုလ်ကလဲဘဲ အသံမဝင်ချင်ဘူး၊ ဟုတ်လား　(မှန်ပါ)

နေ့ရဲ့လား　(မနေပါဘူး ဘုရား)

ကိုယ့်အလို လိုက်လို့လား, မလိုက်လို့လား　(မလိုက်လို့ပါဘုရား)

ရူပေ၊ ရုပ်တရား၌။ ဝသော၊ အလိုကို။ နလဗ္ဘတိ၊ မရအပ်။ အဲဒီ ရုပ်တရားက ကိုယ့်အလိုကို မလိုက်နိုင်ဘူးတဲ့၊ ဟုတ်လား　(မှန်ပါဘုရား)

"အဝသဝတ္တနသလ္လက္ခဏာဝသေန ဝါ" ဆိုတဲ့ သဘောနဲ့ သုညဖြစ်ပုံကို ရှုနေတာ၊ ကိုယ့်အလိုသို့ လိုက်တဲ့ သဘော ဒီ ရုပ်တရားထဲမှာ နဲနဲကလေးမှ မရှိသည်ဖြစ်သောကြောင့် "သုညတော လောကံ အဝေက္ခဿု" ဒီလောကကြီးက ကိုယ့်အလိုကို မလိုက်ဘူးလို့ဆိုတဲ့ သဘော, ကိုယ့်အလိုလိုက်တဲ့ သဘော မရှိဘူးလို့ ဒီအတိုင်းရှုပါတဲ့၊ ဒီ လောကကို နော်　(မှန်ပါ)

အနတ္တ ရှုနည်းကို မြတ်စွာဘုရား ပြပေးနေတယ်။

"ယသ္မာ စ ခေါ ဘိက္ခဝေ ရူပံ အနတ္တာ"၊ ဘိက္ခဝေ၊ ရဟန်းတို့။ စ ခေါ၊ စင်စစ်သော်ကား၊ ယသ္မာ၊ အကြင့်ကြောင့်။ ရူပံ၊ ရုပ်တရားသည်။ အနတ္တာ၊ အတ္တမဟုတ်ဘူး, ကိုယ်မဟုတ်ဘူး, မိမိမဟုတ်ဘူး။

"တသ္မာ ရူပံ အာဗာဓာယ သံဝတ္တတိ"၊ တသ္မာ၊ ထိုသို့ရုပ်တရားသည် ကိုယ်မဟုတ်, မိမိမဟုတ်, အတ္တမဟုတ်လေသောကြောင့်။ အာဗာဓာယ၊ တောင့်တင်းကိုက်ခဲနာကျင်ခြင်းငှါ၊ သံဝတ္တတိ၊ ဖြစ်လေတော့၏။

**နာမ်တရား အနတ္တဖြစ်ပုံ။**　။ဝေဒနာ,သညာ,သင်္ခါရ, ဝိညာဉ်တို့မှာလဲ ဒီနည်းအတိုင်းဘဲ ရှုရမယ်၊ (မှန်ပါဘုရား)

ဝေဒနာ အနတ္တာ၊ သညာ အနတ္တာ၊ သင်္ခါရာ အနတ္တာ၊ ဝိညာဏံ အနတ္တာ၊ အဲဒီအတိုင်းသွားတယ်၊ ဟုတ်လား။ "သေဝ နယော" ပေါ့နော် (မှန်ပါဘုရား) သွားအုံးမယ်ရှေ့ကို။

**ရုပ်တရားအလိုမလိုက်ပုံ။** ။ရုပ်တရားကို မိမိမဟုတ်ဘူး, ကိုယ်မဟုတ်ဘူးလို့ ဆိုတာ ဘာဖြစ်လို့ ပြောနိုင်သလဲ ဘုရားလို့ တခါ ထပ်ပြီးတော့ မေးစရာမရှိဘူးလား (ရှိပါတယ်ဘုရား)

ဘုန်းကြီး မေးစမ်းပါရစေအုံး၊ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ဒီခန္ဓာကိုယ်ကြီး တခုလုံးမှာရှိနေတဲ့ ဆံပင်, မွေးညှင်း, လက်သည်း ခြေသည်း, သွား, အရိုးဆိုတဲ့ ဒီခန္ဓာကိုယ်ကြီးကို တည်ဆောက်ထားတဲ့ ပထဝီ, အာပေါ, တေဇော, ဝါယောစတဲ့ ရုပ်တွေနဲ့ တည်ဆောက်ထားတဲ့ ဒီခန္ဓာကိုယ်ကြီးမှာ ကိုယ်လုပ်ထားတဲ့ ပစ္စည်း ဘယ်နှစ်ခုရှိသလဲ၊ (မရှိပါဘူး ဘုရား)

ခေါင်းက ဆံပင်တွေ ကိုယ့်ဟာကိုယ် လုပ်ထားသလား (မဟုတ်ပါဘူး ဘုရား)။

လက်ညှိုးကလေးတချောင်း ထောင်ကြည့်စမ်း၊ အဲဒီ လက်ညှိုးလေးဟာ ကိုယ့်ဟာကိုယ် လုပ်ထားသလား၊ (မဟုတ်ပါဘူးဘုရား)

ဒီတော့ ဒီခန္ဓာကိုယ်ကြီးတခုလုံး ဘယ်သူလုပ်ပေးထားသလဲဆိုတော့ ကိုယ်နဲ့ မဆိုင်ပုံ, ကိုယ့်အလိုသို့ မလိုက်ပုံ။ ကိုယ်လုပ်ထားတာ မဟုတ်တော့ ကိုယ့်အလို လိုက်ပါ့မလား (မလိုက်ပါဘုရား)

ပန်းချီဆေးရေး ကားကလေးဆိုရင် ပန်းချီဆရာက ကိုယ်ကိုလှအောင် ဒီလို လုပ်လိုက်အုံးမယ်ဆိုရင် သူဟာ ဖြစ်မလာဘူးလား (ဖြစ်လာပါတယ်ဘုရား)

ဒီရုပ်ကို ကိုယ်က ဘယ့်နှယ်လုပ်ပြုပြင်လို့ ရမလဲ (မရပါဘူးဘုရား)

အဲဒါကြောင့် ဒီရုပ်တရား ကိုယ့်အလိုလိုက်သလား, မလိုက်ဘူးလား (မလိုက်ပါဘူးဘုရား)

**သုညအဖြစ်ရှုပုံ။** ။အဝသဝတ္တနသလ္လက္ခဏာဝသေန ဝါ-နဲ့ ရှုနေတာနော် သုည ဖြစ်နေပုံကို၊ (မှန်ပါ)

ဝိညာဉ်, နာမ်, ရုပ်တို့၌ ကိုယ့်အလိုလိုက်တဲ့သဘော မရှိပုံကိုရှုနေတာ၊ ရုပ် တရားကိုပြောရင် ကျန်တာတွေအတွက် ကိစ္စပြီးပစေနော် (မှန်ပါ)

ဒီအတိုင်း သွားရမယ်၊ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်တွေကို တခုစီ ဒီ အတိုင်းဘဲ ရှုရမယ်၊ သဘောပေါက်ပစေနော် (မှန်ပါဘုရား)

ခန္ဓာငါးပါးကို တခုစီ ရှောက်ဟောနေရင် ပြီးရော, တော်တော်နဲ့ဆုံးမှာ မဟုတ်တော့ဘူး၊ နော် (မှန်ပါဘုရား)

ပြောအုံးမယ် အဲဒီ အဝသိယပဝတ္တသလ္လက္ခဏာသဘော = ကိုယ့်သဘော, ကိုယ့်အလို မလိုက်တဲ့သဘောကို၊ ကိုယ်လုပ်တာ ဘယ်နှစ်ခုရှိသလဲ (မရှိပါဘုရား)

ဒါဖြင့် ဘယ်သူ လုပ်ပေးတာလဲလို့ဆိုတော့ မြတ်စွာဘုရားက ဟောသေးတယ် သုတ္တန်တခု၊ ဒါကတော့ နိဒါနဝဂ္ဂသံယုတ် ပါဠိတော်က နတုမှသုတ္တန်။ အဲဒီသုတ္တန်က ဘယ်နှယ်ပြောပြန်သလဲဆိုတော့ သုညအနေအားဖြင့် ရှုပုံကို၊ ဒီ ရုပ်ထဲမှာ လူမရှိဘူး၊ နတ်မရှိဘူး၊ ဗြဟ္မာမရှိဘူး၊ သတ္တဝါမရှိဘူး၊ ပုဂ္ဂိုလ်မရှိဘူး၊ နိစ္စမရှိဘူး၊ ဓုဝမရှိဘူး၊ သုခမရှိဘူး၊ အတ္တမရှိဘူး၊ ဒါကို သုညလို့ ပြောနေတာ၊ (မှန်ပါဘုရား)

ဒီလောကကြီးထဲမှာ လူတယောက်မှ မရှိဘူး၊ သတ္တဝါတယောက်မှ မရှိဘူး၊ သုည၊ ဟုတ်လား (မှန်ပါဘုရား)

ဘာတဲ့လဲ ရွှေ၊ ငွေ၊ စိန်၊ ကျောက်၊ ပတ္တမြား မရှိဘူး၊ လောကကြီးထဲမှာ သုည၊ ပရမတ္ထသစ္စာနဲ့ ပြောနေတာနော် (မှန်ပါဘုရား)

**ခေတ်ပေါ်ဝါဒတမျိုး။** ။ဒီတော့ အစွန်းက ဝင်လာမှာလဲ စိုးရသေးတယ်၊ လူမရှိရင် အမေလဲမရှိဘူး၊ အဖေလဲမရှိဘူးဆိုပြီး အမေသတ်၊ အဖေသတ် လုပ်လာမှာ စိုးရသေးတယ် (မှန်ပါ)

ခေတ်က ခေတ်က (ဟုတ်လား)

ဘာမဟုတ် ညာမဟုတ်တဲ့ မိစ္ဆာဒိဋ္ဌိတွေရဲ့ စကားတော့ဖြင့် တယ်ယုံတယ် သူတို့၊ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး ဟောထားတဲ့ တရားတော်ကိုတော့ဖြင့် အလေးလဲမပြုဘူး၊ ဂရုလဲမစိုက်ဘူး၊ အခွင့်အရေးလဲ မပေးကြဘူး၊ အမေသတ်၊ အဖေသတ်ဆိုတဲ့ စကားကျတော့ အလေးလဲပြုကြတယ်၊ ယုံလဲယုံကြတယ်၊ ကောင်းရော့လား အဲဒါ (မကောင်းပါဘုရား)

မကောင်းကာမှနေရော အဲဒါကတော့ဖြင့် တစွန်းတစပေါ်နေပြီ၊ ဘုန်းကြီးတို့ ပရိသတ် အဲဒါ သတိသာထား၊ နော် (မှန်ပါဘုရား)

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် သာသနာကလဲ နောက်ပိုင်းရောက်လာပြီ ကိုး-နော် (မှန်ပါဘုရား)။ ကဲ ဒါ ရှုပစေအုံး။

**ရုပ်ကို ဘယ်သူမှ မပိုင်။** ။ဟောအုံးမယ် မြတ်စွာဘုရားရှင်ရဲ့ ပါဠိတော်ကို၊ ရုပ်ဟာ ကိုယ့်အလိုသို့ မလိုက်ပုံကလေးကို နိဒါနဝဂ္ဂ သံယုတ် ပါဠိတော် နတုမှသုတ်က—

နာယံ ဘိက္ခဝေ ကာယော တုမှာကံ၊ နာပိ အညေသံ။

ဘိက္ခဝေ၊ ရဟန်းတို့။ အယံ ကာယော၊ ဤခန္ဓာငါးပါး ဝိညာဉ်နာမ်ရုပ်၊ စိတ်စေတသိက် ရုပ်ဆိုတဲ့ ဤတရားအပေါင်းသည်။ နတုမှာကံ၊ သင်တို့ ဉစ္စာ မဟုတ်။ နာပိ အညေသံ၊ သူတပါး ပစ္စည်းလဲ မဟုတ်။

ချစ်သားတို့ အဲဒီ ဝိညာဉ် နာမ် ရုပ်, စိတ် စေတသိက် ရုပ်ဆိုတာ သင်တို့ပစ္စည်း မဟုတ်ဘူးတဲ့၊ ဒါဖြင့် ကိုယ့်ပစ္စည်း မဟုတ်ရင် ဘယ်သူ့ပစ္စည်းလဲ၊ အမေ့ပစ္စည်းလား အဖေ့ပစ္စည်းလား၊ (မဟုတ်ပါဘုရား)။

မဟုတ်ဘူးတဲ့ အမေ့ပစ္စည်း၊ အဖေ့ပစ္စည်းလဲမဟုတ်ဘူး၊ သားသမီးပစ္စည်း, ဇနီးပစ္စည်း ခင်ပွန်းပစ္စည်းလားဆိုတော့ မဟုတ်ဘူးတဲ့၊ ကိုယ့်ပစ္စည်းလဲ မဟုတ်ဘူး၊ သူတပါးပစ္စည်းလဲ မဟုတ်ဘူး၊ ကိုယ့်ပစ္စည်းမဟုတ်ရင် ကိုယ့်အလိုလိုက်ပါ့မလား (မလိုက်ပါဘူးဘုရား)။

သူ့ပစ္စည်း မဟုတ်တော့ သူ့အလိုကော လိုက်ပါမလား (မလိုက်ပါဘုရား)။

ဒါကလေးကလဲ တရားကွက်ကလေး, အင်မတန်ကောင်းတဲ့ အချက်ကလေး နှလုံးသွင်းပါ။ သက်သာခွင့် ရပါလိမ့်မယ်နော် (မှန်ပါ)။

ဒါဖြင့် ဘယ်ကလာသလဲ ဒီခန္ဓာကိုယ်ကြီးဟာ——

ပုရာဏမိဒံ ဘိက္ခဝေ ကမ္မံ အဘိသင်္ခတံ အဘိသဉ္စေတယိတံ ဝေဒနိယံ ဒဋ္ဌဗ္ဗံ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ ရူပံ၊ ဤရုပ်သည်။ ပုရာဏံ၊ ရှေးကဖြစ်သော။ ကမ္မံ၊ ကံကြောင့်ဖြစ်၏။ အဘိသင်္ခတံ၊ ပြုပြင်စီမံအပ်သော တရားတည်း။ အဘိသဉ္စေတယိတံ၊ စေတနာလျှင် အရင်းခံရှိ၏။ ဝေဒနိယံ၊ ခံစားမှုဝေဒနာ၏ တည်ရာဖြစ်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

**လောကတရားကို သုညအဖြစ် ရှုပုံ။** ။ဒီ ဝိညာဉ်နာမ်ရုပ်, စိတ်စေတသိက်ရုပ်တရားကြီး ဟာတဲ့ ကိုယ်လဲမဟုတ်ဘူး၊ သူတပါးလဲမဟုတ်ဘူးတဲ့၊ အဲဒါကို ပါဠိတော်က ဘယ့်နှယ်ပြသလဲဆိုတော့–

တဗြ သုတဝါ အရိယသာဝကော ပဋိစ္စသမုပ္ပါဒညေဝ ယောနိသော မနသိ ကရောတိ။

တဗြ၊ ထိုအရာ၌။ သုတဝါအရိယသာဝကော၊ အကြားအမြင်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်သည်။ ပဋိစ္စသမုပ္ပါဒညေဝ၊ ပဋိစ္စသမုပ္ပါဒ်ကိုသာလျှင်။ ယောနိသော၊ သင့်သောအကြောင်းအားဖြင့်။ မနသိကရောတိ၊ နှလုံးသွင်းလိုက်တော့၏၊ ပဋိစ္စသမုပ္ပါဒ်ကို နှလုံးသွင်းလိုက်ပါတဲ့။

ဣတိ ဣမသ္မိံ သတိ ဣဒံ ဟောတိ။

ဣတိ၊ ဤသို့။ ဣမသ္မိံ၊ ဤသို့ အဝိဇ္ဇာ အစရှိသော အကြောင်းတရားသည်။ သတိ၊ ရှိသော်။ ဣဒံ၊ ဤဝိညာဉ် နာမ်ရုပ်ဆိုတဲ့ အကျိုးတရားသည်။ ဟောတိ၊ ဖြစ်ပေါ်၍လာ၏။

ဒီအကြောင်းတရားရှိလို့ ဒီအကျိုးတရား ဖြစ်ပေါ်လာတာတဲ့၊ ကိုယ်နဲ့ဘာမှ မဆိုင်ဘူးတဲ့၊ ကိုယ့်အလိုကို ဘယ်နည်းနဲ့မှ မလိုက်နိုင်ဘူးတဲ့၊ ဟုတ်ပလား (မှန်ပါဘုရား)။

ဒီတော့ ကိုယ့်အလိုကို လိုက်တယ်ဆိုတဲ့သဘောမှ ဆိတ်သုဉ်းသည်ဖြစ်သောကြောင့် ဒီ လောကကြီးသည် ဘာတဲ့လဲ (သုညပါဘုရား)။

အဲဒီလို လောကကို သုညလို့ ရှုရမယ်၊ ရှုကွက် ဖော်ပေးနေတာနော်၊ (မှန်ပါဘုရား)။

အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကမ္မဘဝလို့ခေါ်တဲ့ အကြောင်းတရား ငါးပါးရှိရင် ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတဲ့ အဲဒီ အကျိုးတရား ငါးပါး ပေါ်လာမယ်၊ ဒီတော့ ဒီအထဲမှာ ကိုယ့်အလိုလိုက်မဲ့တရား ဘယ်နှစ်ခုရှိသလဲ (တခုမှ မရှိပါဘူးဘုရား)။

ဝိညာဉ် နာမ် ရုပ်က ကိုယ့်အလိုလိုက်သလား (မလိုက်ပါဘူး ဘုရား)။

"ရူပေ ဝသော န လဗ္ဘတီတိ" ရူပေ၊ ရုပ်တရား၌။ ဝေဒနာယ၊ ဝေဒနာတရား၌။ သညာယ၊ သညာတရား၌။ သင်္ခါရေသု၊ သင်္ခါရတရားတို့၌။ ဝိညာဏေ၊ ဝိညာဉ်တရား၌။ ဝသော၊ အလိုသို့လိုက်ခြင်းကို။ နလဗ္ဘတိ၊ မရအပ်။ တသ္မာ၊ ထိုကြောင့်။ "သုညတော လောကံ အဝေက္ခဿု"၊ ဝေမို၊ ဤသို့လည်း။ လောကံ၊ ဝိညာဉ် နာမ် ရုပ်, စိတ် စေတသိက် ရုပ်ဆိုတဲ့ လောကကို။ ဝါ-အကြောင်းတရား အကျိုးတရား တည်းဟူသော လောကကြီးကို။ သုညတော၊ ကိုယ့်အလိုသို့ မလိုက်တတ်ဆိုတဲ့ အနေမျိုးအားဖြင့်, ကိုယ့်အလိုသို့ လိုက်တယ်ဆိုတဲ့ သဘော ဆိတ်သုဉ်းသောအားဖြင့်။ အဝေက္ခဿု၊ ရှုလေလော့။

ဟုတ်လား (မှန်ပါဘုရား)။

ဒါ တဝိကပ်ပြီးသွားပြီ၊ နောက်တဝိကပ် ဆက်အုံးမယ်။

အဝသဝတ္တန-သဘောအတိုင်းတော့ ရှုပြီးသွားပြီ၊ နော် (မှန်ပါ)။

သုညတော လောကံ အဝေက္ခဿု-အရ နောက်တဝိကပ် ဘုန်းကြီးပြောပေး အုံးမယ်။

**တနည်းသုညအဖြစ်ရှုပုံ။** ။တုစ္ဆသင်္ခါရသမနုပဿနာဝသေန ဝါ၊ သင်္ခါရတရား တို့မည်သည်မှာ ဘာမှသုံးလို့မရတဲ့ အချည်းနှီးတရားတွေဘဲဆိုတဲ့ အနေမျိုးအားဖြင့် အဖန်တလဲလဲ ရှုသော နိစ္စ = မြဲတယ်ဆိုတဲ့သဘော, ဓုဝ = ခိုင်ခံ့တယ်ဆိုတဲ့သဘော, သုခ = ချမ်းသာတယ် ဆိုတဲ့သဘော, အတ္တ = ကိုယ့် အလိုလိုက်ပြီးတော့ ကိုယ်အစိုးရတယ် ဆိုတဲ့သဘော,

သဘ=တင့်တယ်တယ်ဆိုတဲ့ သဘော တရားတွေမှ ဆိတ်သုဉ်းသည် ဖြစ်သော ကြောင့်။ "သုညတော လောကံ အဝေက္ခဿု"လို့ ရှုပါတဲ့၊ ဟုတ်လား (မှန်ပါဘုရား)

ကိုင်းအခုနင်က ပြောတဲ့ ရုပ်တရားတွေထဲမှာ ကြည့်စမ်း။

"ရူပေ သာရော န လဗ္ဘတိ"၊ ရူပေ၊ ရုပ်တရား၌။ သာရော၊ အနှစ်သာရကို။ နလဗ္ဘတိ၊ မရအပ်။ ဘာအနှစ်လဲ၊ နိစ္စ-မြဲတယ်ဆိုတဲ့ အနှစ်, သုခ-ချမ်းသာတယ် ဆိုတဲ့အနှစ်, ဝသ-ခိုင်ခံ့တယ်ဆိုတဲ့ အနှစ်, အဲဒီရုပ်တရားမှာ ရှိသလား, မရှိဘူးလား၊ (မရှိပါဘုရား)။

အဲဒီလို မရှိသည် ဖြစ်သောကြောင့် လောကော၊ လောကကြီးကို။သုညတော၊ နိစ္စ, သုခ, ဝသ, သုဘ,ဆိုတဲ့ အနှစ်သာရမရှိတဲ့ အနေအားဖြင့်။ အဝေက္ခဿု၊ ရှုပါလော့။ ဝိပဿနာ ရှုကွက်ကို ပြပေးနေတာ။

**ဖေဏပိဏ္ဍူပမသုတ်။** ။ကိုင်း ဘယ်သုတ္တန်နဲ့ ရှုမလဲ၊ ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်မှာ ရုပ်တရား, ဝေဒနာတရား, သညာတရား, သင်္ခါရ, ဝိညာဉ်တရားတို့ရဲ့ အနှစ်သာရ–နိစ္စ၊ သုခ၊ သုဘ၊ အတ္တလို့ခေါ်တဲ့ အနှစ်သာရ မရှိပုံကို ဖေဏပိဏ္ဍူပမ သုတ္တန်မှာ မြတ်စွာဘုရား ဟောထားတာ ရှိတယ်၊ အဲဒီသုတ္တန်ပြောရအောင်–

မြတ်စွာဘုရားက ဘယ်မှာ သီတင်းသုံးနေသလဲ ဆိုတော့ အယုဇ္ဈပြည်မှာ သီတင်းသုံး နေတော်မူပါတယ်။ ဘယ်ပြည်မှာတဲ့လဲ ဘုန်းကြီးတို့ပရိသတ် (အယုဇ္ဈပြည်မှာပါဘုရား)။

အဲဒီ အယုဇ္ဈပြည်က ဂင်္ဂါမြစ်ကမ်းရဲ့ နဖူးမှာ၊ သီတင်းသုံးပြီး နေတော်မူတဲ့ အခါ မနက်စောစော ဂန္ဓကုဋီတိုက်က ထွက် ကြွလာတော်မူပြီးတော့ ဂင်္ဂါ မြစ်အတွင်း ကြည့်တော်မူလိုက်တော့ ဂင်္ဂါမြစ်ထဲ ဘာ မျောလာသလဲဆိုတော့ ရေမြှုပ်စိုင်ကြီးတခု မျောလာတာ မြတ်စွာဘုရား မြင်တော်မူတယ်၊ အဲဒီ ရေမြှုပ်စိုင်ကြီးကို အကြောင်းပြုပြီးတော့ ငါ့ဘုရားရဲ့သာသနာတော်မှာ ခန္ဓာ ငါးပါးတို့ရဲ့ အနှစ်သာရ မရှိပုံကို ဟောရရင်ဖြင့် တရားရှုကွက်ပေါ်လေရဲ့လို့ သိတော်မူပြီး မြတ်စွာဘုရားရှင်ကိုတော်မြတ်က ရဟန်းတော်တွေကို ဟောတယ်။

> "သေယျထာပိ ဘိက္ခဝေ အယံ ဂင်္ဂါနဒီ မဟန္တံ ဖေဏပိဏ္ဍံ အာဝဟေယျ"

ဘိက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ ဥပမာအားဖြင့်။ အယံဂင်္ဂါနဒီ၊ ဤ ဂင်္ဂါမြစ်ကြီးသည်။ မဟန္တံ၊ ကြီးစွာသော။ ဖေဏပိဏ္ဍံ၊ ရေမြှုပ်စိုင်ကြီး ကို။ အာဝဟေယျ၊ မျော၍လာရာ၏။

ဂင်္ဂါမြစ်ထဲမှာ ရေမြှုပ်စိုင်ကြီးတခု မျောလာတာ ချစ်သားတို့ မြင်ကြရဲ့လားတဲ့၊ ဘုန်းကြီးတို့ ပရိသတ် ရေမြှုပ်ခဲကြီးတော့ မမြင်ဘူးဘူးလား (မြင်ဘူးပါတယ်ဘုရား)။

ဗီးစေ့လောက်ကလေးက စပြီးတော့ တဖြေးဖြေး ကြီးကြီးပြီး လာလိုက်တာ၊ ရေထဲမျောလာလိုက်တာ တချို့တာတွေများပြည်တောင်းလောက်၊ တင်းတောင်းလုံးလောက် အကြီးကြီးတွေ၊ လူကောင်ကြီးလောက်၊ တောင်ထွတ်ကြီးလောက်တွေ မျောလာကြတယ်၊ အဲဒီရေမြှုပ်စိုင်ကြီး ကြည့်ပြီးတော့ ကမ်းပါးစပ်နားနေတဲ့လူက အော် နဲ့တဲ့ရေမြှုပ်စိုင်ကြီး မဟုတ်ပါလား၊ ဘာတွေများ ရှိနေသလဲလို့ ယူကြည့်မယ်ဆိုရင် ဘာရှိမလဲ ဒီရေမြှုပ်စိုင်ထဲမှာ (ဘာမှမရှိပါဘုရား)။

အဲဒီ ရေမြှုပ်စိုင်ကြီးများကို ယူပြီးတော့ ကျောက်ပြင်ကလေး လုပ်လို့ဖြစ်ပါ့မလား (မဖြစ်ပါဘုရား)။

လက်စွပ်ကလေး လုပ်ပြီး ကွင်းဝတ်လို့ကော ဖြစ်ပါ့မလား (မဖြစ်ပါဘူးဘုရား)။

သနပ်ခါးတုံးကလေး လုပ်လို့ကော ဖြစ်ပါ့မလား (မဖြစ်ပါဘူး ဘုရား)။

မှန်ကလေးများလုပ်လို့ကော ဖြစ်ပါ့မလား　(မဖြစ်ပါ ဘုရား)။

အဝတ်တို့၊ လုံချည်တို့ လုပ်လို့ကော ဖြစ်ပါ့မလား　(မဖြစ်ပါ ဘုရား)။

ဘာပြုလို့ မဖြစ်သလဲ　(ဘာမှမရှိလို့ပါ ဘုရား)။

ဘာအနှစ်သာရမှ မရှိလို့နော်　(မှန်ပါ ဘုရား)။

တမေန် စက္ခုမာ ပုရိသော ပဿေယျ နိဇ္ဈာယေယျ ယောနိသော ဥပပရိက္ခေယျ။

တမေန်·တံ နေ့ ဖေဏပိဏ္ဍံ၊ ထိုရေမြှုပ်စိုင်ကြီးကို။ စက္ခုမာ၊ ပညာမျက်စိနှင့် ပြည့်စုံသော။ ပုရိသော၊ ယောကျ်ားသည်။ ပဿေယျ၊ ရှုရာ၏။ နိဇ္ဈာယေယျ၊ ကပ်၍ရှုရာ၏။ ယောနိသော၊ သင့်သောအကြောင်းအားဖြင့်။ ဥပပရိက္ခေယျ၊ ကျကျနန သုံးသပ်ဆင်ခြင်၍ ကြည့်ရာ၏။

မျက်စိအမြင်နဲ့ ပြည့်စုံတဲ့ အမျိုးသားတယောက် အဲဒီ ရေမြှုပ်စိုင်ကြီးကို ကျကျနန ကပ်ပြီးတော့ ကြည့်မယ်ဆိုရင် ဘာတွေမြင်မလဲ၊ ခုနပြောသလို လုပ်စရာ ကိုင်စရာ စားပွဲ ကုလားထိုင် ဖျာ သင်ဖြူး စသည်ဖြင့် ဒီရေမြှုပ်စိုင်ကြီးမှာ ဘာမှ ပြုလုပ်စရာ မရှိသည်ဖြစ်သောကြောင့်——

တဿ တံ ပဿတော နိဇ္ဈာယတော ယောနိသော ဥပပရိက္ခတော ရိတ္တကညေဝ ခါယေယျ၊ တုစ္ဆကညေဝ ခါယေယျ၊ အသာရကညေဝ ခါယေယျ။

တံ၊ ထိုရေမြှုပ်စိုင်ကြီးကို။ ယောနိသော၊ သင့်သောအားဖြင့်။ ပဿ-တော၊ ရှုသော။ နိဇ္ဈာယတော၊ ကပ်၍ရှုသော။ ဥပပရိက္ခတော၊ ကျကျနန သုံးသပ်၍ကြည့်သော။ တဿ၊ ထိုယောကျ်ားအား။ ဉာဏော၊ ဉာဏ်ထဲ၌၊ ရိတ္တကညေဝ၊ အနှစ်မပါ ဗလာဟူ၍သာလျှင်။ ခါယေယျ၊ ထင်ရာ၏။ တုစ္ဆကညေဝ၊ အနှစ်မနီး အချည်းနှီးဟူ၍သာလျှင်။ ခါယေယျ၊ ထင်ရာ၏။ အသာရကညေဝ၊ တစုံတရာ ဝတ္ထုပစ္စည်းလုပ်လို့မဖြစ်လို့ အနှစ်သာရမရှိတဲ့ အနေအားဖြင့်သာလျှင်။ ခါယေယျ၊ ထင်ရာ၏။

ဒီရေမြှုပ်စိုင်ကြီးကို ဘာလုပ်လို့ဖြစ်မလဲ (ဘာမှလုပ်လို့ မဖြစ်ပါ ဘုရား)။
ဘာသုံးလို့ ဖြစ်မလဲ၊ (မဖြစ်ပါ ဘုရား)။
ဘာဖြစ်လို့လဲ (အနှစ်မရှိလို့ပါ ဘုရား)။

ရုပ်တရားကိုရှုပုံ။ ။အဲဒီ ရေမြှုပ်စိုင်ကြီးဟာ အနှစ်သာရ မရှိသလိုဘဲတဲ့ မြတ်စွာဘုရားက ရုပ်ကို—

ဧဝမေဝ ခေါ ဘိက္ခဝေ ယံ ကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ၊ တံ ဘိက္ခု ပဿတိ နိဇ္ဈာယတိ ယောနိသော ဥပပရိက္ခတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမေဝ၊ ပုံစံနှိုင်းယူ အဲဒီ ရေမြှုပ်စိုင်ကြီးနဲ့ အတူသာလျှင်။ ယံ ကိဉ္စိ ရူပံ အတီတာ နာဂတ ပစ္စုပ္ပန္နံ။ပ။ ယံ ဒူရေ သန္တိကေ ဝါ၊ အတိတ် အနာဂတ် ပစ္စုပ္ပန် ဖြစ်တဲ့ရုပ်, အဇ္ဈတ္တ ဗဟိဒ္ဓ ဖြစ်တဲ့ရုပ်, ဩဠာရိက သုခုမ ဖြစ်တဲ့ရုပ်, ဟီန ပဏီတ ဖြစ်တဲ့ရုပ်, ဒူရ သန္တိက ဖြစ်တဲ့ရုပ် စသည့် အားလုံးသော ရုပ်တရားသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုအလုံးစုံသော ရုပ်တရားကို။ ဘိက္ခု၊ ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းလိုသော အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ နိဇ္ဈာယတိ၊ ကပ်၍ရှု၏။ ယော-နိသော၊ သင့်သောအကြောင်းအားဖြင့်။ ဥပပရိက္ခတိ၊ ကပ်၍ ဆင်ခြင်သုံးသပ်ပြီးတော့ ကြည့်၏, ရှုပြီးတော့ နေ၏။

ရုပ်ကိုရှုတယ်ဆိုတာ သုံးမျိုးရှိတယ်၊ ဟုတ်လား (မှန်ပါဘုရား)။

သဘာဝလက္ခဏာပေါ်အောင် ရှုတာကတမျိုး, သာမညလက္ခဏာပေါ်အောင် ရှုတာကတမျိုး, နေတံ မမ၊ နေသောဟမသ္မိ၊ န မေ သော အတ္တာ-လို့ ပေါ်အောင် ရှုတာကတမျိုးဆိုတော့ ဘယ်နှစ်မျိုးလဲ (သုံးမျိုးပါ ဘုရား)။

"တံ ဘိက္ခု ပဿတိ နိဇ္ဈာယတိ"၊ တံ၊ ထိုရေမြှုပ်စိုင်နဲ့တူတဲ့ ရုပ်ကြီးကို။ ဘိက္ခု၊ ရဟန်းသည်။ ပဿတိ၊ သဘာဝလက္ခဏာ ပေါ်အောင်ရှု၏။ နိဇ္ဈာယတိ၊ သာမညလက္ခဏာဖြစ်တဲ့ အနိစ္စအချက်, ဒုက္ခအချက်, ဝိပရိဏာမအချက်တွေ ပေါ်အောင်ရှု၏။

ရုပ်ကိုရှုတာ—　(မှန်ပါ ဘုရား)။

ဝေဒနာ, သညာ, သင်္ခါရ, ၎င်းနည်းအတိုင်းဘဲနော်　(မှန်ပါဘုရား)။

**သင့်သောအားဖြင့်ရှုပုံ။**　။ယောနိသော၊ သင့်သော အကြောင်းအားဖြင့်။ ဥပပရိက္ခတိ၊ နေတံ မမ, နေသောဟမသ္မိ, န မေ သော အတ္တာ၊ ငါမဟုတ်, ငါ၏ဥစ္စာ မဟုတ်, ငါ့ကိုယ် မဟုတ်လို့ သရုပ်ပေါ် လာအောင် ရှု၏။ ရှုနည်းသုံးမျိုး　(မှန်ပါ)။

ရုပ်ကိုရှုတာ ဘယ်နှစ်မျိုးလဲ　(သုံးမျိုးပါဘုရား)။

ပထမရှုလိုက်တာက သဘာဝလက္ခဏာပေါ်အောင် ရှုတယ်။ သဘာဝလက္ခဏာဆိုတာ ဘာလဲ၊ ဝါယော လေဓာတ် ရုပ်ပရမတ္ထတရားရဲ့ တွန်းကန်လှုပ်ရှားမှု သဘာဝလက္ခဏာပေါ်အောင် ရှုတယ်။

ဒုတိယရှုနည်းက ဘယ်လိုလဲ၊ သာမညလက္ခဏာပေါ်အောင် ရှုလိုက်တယ်၊ အနိစ္စ=ကုန်ပျောက်သွားတယ်၊ ဒုက္ခ=ကုန်ခြင်း ပျောက်ခြင်းဖြင့် အနှိပ်စက်ခံရတယ်၊ ဝိပရိဏာမ=ဖြစ်ပြီးတော့ ဖွေသွားတယ်၊ အဲဒီလို သာမညလက္ခဏာ ပေါ်အောင် ရှုတယ်။

တတိယရှုကွက်က "ယောနိသော၊ ဥပပရိက္ခတိ"။ ယောနိသော၊ သင့်သော အားဖြင့်။ ဥပပရိက္ခတိ၊ "နေတံ မမ"လို့ရှုလိုက်တယ်။ "တံ၊ ဤရုပ်သည်။ "မမ၊ ငါ၏။ န သန္တကံ၊ ဥစ္စာမဟုတ်ဘူး"လို့ ရှုတယ်၊"နေသောဟမသ္မိ"၊ "ဧသော၊ ဤရုပ်သည်။ အဟံ၊ ငါသည်။ နအသ္မိ၊ မဟုတ်ဘူး"လို့ရှုတယ်။ "န မေ သော အတ္တာ"၊ "ဧသော၊ ဤရုပ်သည်။ မေ၊ ငါ၏။ နအတ္တာ၊ ကိုယ် မဟုတ်ဘူး"လို့ ရှုလိုက်တယ်၊ အဲဒီလို ပေါ်အောင်ရှုတယ်။ သုံးချက်ရှုတယ်နော် (မှန်ပါဘုရား)။

သဘာဝလက္ခဏာ, သာမညလက္ခဏာ, ယထာဘူတ၊ ဟုတ်လား　(မှန်ပါ ဘုရား)။

အဲဒီ သုံးချက်ပေါ်အောင် ရုပ်,ဝေဒနာ,သညာ,သင်္ခါရကို ရှုတယ်၊ အဲဒီလို ရှုလိုက်တော့ တရားအားထုတ်တဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးရဲ့ ဉာဏ်ထဲမှာ ဘယ်လို ထင်ရှားပေါ်လာသလဲဆိုတော့—

"တဿ တံ ပဿတော နိဗ္ဗာယတော ယောနိသော ဥပပရိက္ခတော ရိတ္တကညေဝ ခါယတိ၊ တုစ္ဆကညေဝ ခါယတိ၊ အသာရကညေဝ ခါယတိ"။

တံ၊ ထိုရုပ်တရားကို။ ပဿတော၊ သဘာဝလက္ခဏာကို ဉာဏ်ဖြင့်မြင်သော။ နိဗ္ဗာယတော၊ သာမညလက္ခဏာကို ပညာဖြင့်ကြည့်ရှုသော။ ယောနိသော၊ သင့်သောအကြောင်းအားဖြင့်။ ဝါ-အနိစ္စ ဒုက္ခ ဝိပရိဏာမ အနတ္တ အနေအားဖြင့် မြင်သည်ဖြစ်၍။ ဥပပရိက္ခတော၊ နေတံ မမ, နေသော-ဟမသ္မိ,န မေ သော အတ္တာ·ဟု ပညာဖြင့်ရှုသော။ တဿ၊ ထိုတရားအား ထုတ်သော အမျိုးကောင်းသား, အမျိုးကောင်းသမီး၏ ဉာဏ်၌။ ရိတ္တက-ညေဝ၊ နိစ္စ-မြဲတဲ့သဘော, သုခ-သက်သာတဲ့သဘော, အတ္တ-သတ္တဝါကောင် ဆိုတဲ့ အနှစ်သာရ သဘော မပါ ဗလာဟူ၍သာလျှင်။ ခါယတိ၊ ထင်၏။ တုစ္ဆကညေဝ၊ နိစ္စ, သုခ, အတ္တ, မမှီး အချည်းနှီးဟူ၍သာလျှင်။ ခါယတိ၊ ထင်လေ တော့၏။ အသာရကညေဝ၊ နိစ္စ, သုခ, အတ္တ, အနှစ်မဘက် အကာသက်သက်ဟူ၍ သာလျှင်။ ခါယတိ၊ ထင်လေတော့၏။

**ဉာဏ်၌ထင်လာပုံ။** ။ခုပြောခဲ့တဲ့ ရုပ်တရားကို သဘာဝလက္ခဏာ, သာမည လက္ခဏာနဲ့ ထင်ရှားအောင်ရှုလိုက်တော့ နိစ္စ, သုခ, အတ္တဆိုတဲ့ အနှစ်သာရမဘက် အကာသက်သက် အချည်းနှီးသော တရား, သုံးစရာ ရစရာ ယူစရာ မှီခိုစရာမရှိတဲ့ တရား, ငါ၏ဥစ္စာမဟုတ်, ငါမဟုတ်, သတ္တဝါကောင် အတ္တကောင်မဟုတ်တဲ့ တရားဘဲလို့ ဉာဏ်မှာ ထင်ရှားလာတော့ တယ်။ အဲဒီလို ထင်ရှားလာတဲ့အတွက် အဲဒီရုပ်ထဲမှာ—

"ကိံ ဟိ သိယာ ဘိက္ခဝေ ရူပေ သာရော"။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ရူပေ၊ ရုပ်တရား၌။ သာရော၊ မြဲမြံခိုင်ခံ့ တည်တံ့တယ်ဆိုတဲ့ အနှစ်သာရသည်၊ ကိံ ဟိ သိယာ၊ အဘယ်မှာ ရှိနိုင်ပါတော့မည်နည်း။

ခုန ရေမြှုပ်ကြီးထဲမှာ အနှစ်သာရမရှိသလို, ရေမြှုပ်ကြီး ဘာမှ သုံးမရသလို ဒီရုပ် ဘာသုံးလို့ရသလဲ (ဘာမှ သုံးလို့မရပါဘူး ဘုရား)။

စားပွဲ ကုလားထိုင် လုပ်လို့ရသလား (မရပါ ဘုရား)။

ဘီးတို့, မှန်တို့, ပုတီး လက်ကောက်တို့ လုပ်လို့ရသလား (မရပါဘုရား)။

ဘုန်းကြီးတို့ ပရိသတ်က ရတယ်လို့ထင်နေတာဘဲ၊ ဟုတ်လား (မှန်ပါ ဘုရား)။

အဲဒါ ဘယ်လိုထင်နေတာလဲဆိုတော့ အဋ္ဌကထာဆရာက ပြောထားတယ်၊ ကြေးလက်ကောက်ကြီးကို ရွှေလက်ကောက်လို့ ထင်နေတာနဲ့ အတူတူဘဲတဲ့၊ ဘယ်လောက်များ ရူးသလဲလို့ဆိုတာ၊ ဟုတ်လား　　(မှန်ပါဘုရား)။

**ဝေဒနာ ရေပွက်ဥပမာ။**　　။ဝေဒနာရဲ့ အသာရ အနှစ်သာရ မရှိပုံကို မြတ်စွာဘုရားက ဘယ်လိုပြထားသလဲဆိုတော့——

သေယျထာပိ ဘိက္ခဝေ သရဒသမယေ ထုလ္လဖုသိတကေ ဒေဝေ ဝဿန္တေ ဥဒကေ ဥဒကပုဗ္ဗုဠံ ဥပ္ပဇ္ဇတိ စေဝ နိရုဇ္ဈတိ စ။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ သရဒသမယေ၊ တန်ဆောင်မုန်းလ၌။ ထုလ္လဖုသိတကေ၊ ကြီးသော မိုးပေါက်ရှိသော။ ဒေဝေ၊ မိုးသည်။ ဝဿန္တေ၊ ရွာသွန်း၍လာခဲ့သည်ရှိသော်။ ဥဒကေ၊ ရေပြင်ပေါ်၌။ ဥဒကပုဗ္ဗုဠံ၊ ရေပေါက်ကလေး, ရေပွက်ကလေးသည်။ ဥပ္ပဇ္ဇတိစေဝ၊ ဖြစ်လည်း ဖြစ်၏။ နိရုဇ္ဈတိစ၊ ချုပ်လည်း ချုပ်၏။

တန်ဆောင်မုန်းလမှာ အင်မတန် ကြီးကျယ်တဲ့ မိုးရေမိုးပေါက်တွေ ပေါက်ပေါက်-ပေါက်ပေါက်နဲ့ ရေပြင်ပေါ်ကို မိုးရွာချလိုက်ရင် ဘာကလေးတွေ တွေ့သလဲ (ရေပွက်ကလေးတွေ တွေ့ပါတယ်ဘုရား)။

အဲဒီ ရေပွက်တွေဟာ ဖြစ်လာတယ်, ပျက်သွားတယ်၊ ဖြစ်လာတယ်, ပျက်သွားတယ်၊ ခဏကလေးမှ ရပ်တည်မနေဘူး၊ ဒါဖြင့် အဲဒီ ရေပေါက်ကလေးတွေကို ဘာသုံးလို့ရမလဲ။　　(ဘာမှသုံးမရပါဘုရား)။

စားပွဲ ကုလားထိုင် လုပ်လို့ ရပါ့မလား။　　(မရပါဘုရား) ဘာမှလုပ်လို့ မရဘူး။

ကိံ ဟိ သိယာ ဘိက္ခဝေ ဥဒကပုဗ္ဗုဠေ သာရော။

ဘိက္ခဝေ၊ ရဟန်းတို့။ ဥဒကပုဗ္ဗုဠေ၊ ရေပေါက်၌။ သာရော၊ အနှစ်သည်။ ကိံဟိ သိယာ၊ အဘယ်မှာ ရှိနိုင်ပါအံ့နည်း။

အဲဒီ ရေပေါက်ကလေးတွေကို ရှုနေတော့ ဘယ်လိုမြင်သလဲ၊ ရိတ္တကဥ္စေဝ တုစ္ဆကဥ္စေဝ အသာရကဥ္စေဝ ခါယေယျ၊ ဒီ ရေပေါက် ရေပွက်ကလေးတွေမှာ အချည်းနှီးဘဲ၊ အနှစ်မပါဘူး၊ ဘာမှ မရှိဘူး၊ ဒီ ရေပွက်ကလေးထဲမှာ ဘာရှိသလဲ။ (ဘာမှ မရှိပါဘုရား)။

အဲဒီ ရေပွက်ကလေးတွေမှာ 'ဘာမှမရှိလို့ တုစ္ဆကဥ္စေဝ=အလကားဘဲ, ရိတ္တကဥ္စေဝ=အနှစ်မနီး အချည်းနှီး, အသာရကဥ္စေဝ=အနှစ်သာရ မဖက်

သက်သက်သော ရေပွက်မျှသာ ဖြစ်တယ်၊ ဘာမှအနှစ်သာရ မရှိဘူးလို့ ဒီလို မမြင်ဘူးလား။ (မြင်ပါတယ်ဘုရား)။

"ဝေမေဝ ခေါ ဘိက္ခဝေ ယာကာစိ ဝေဒနာ အတီတာနာဂတပစ္စုပ္ပန္နာ၊ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယာ ဒူရေ သန္တိကေ ဝါ၊ တံ ဘိက္ခု ပဿတိ နိဇ္ဈာယတိ ယောနိသော ဥပပရိက္ခတိ၊ တဿ တံ ပဿတော နိဇ္ဈာယတော ယောနိသော ဥပပရိက္ခတော ရိတ္တကညေ၀ ခါယတိ၊ တုစ္ဆကညေ၀ ခါယတိ၊ အသာရကညေ၀ ခါယတိ၊ ကိံ ဟိ သိယာ ဘိက္ခဝေ ဝေဒနာယ သာရော"

ချစ်သားတို့ ရေပွက်ကလေးတွေနဲ့တူတဲ့ ဝေဒနာ ဆိုတာဟာလဲဘဲ တချက်ပွက်ပြီးရင် တချက်ပျက်တာဘဲတဲ့၊ အရသာဆိုတာ ခုနက စက္ခုနဲ့ ရူပါရုံ ပေါင်းဆုံပြီး စက္ခုဝိညာဉ်စိတ်ပေါ်ပြီးတော့ စက္ခုသမ္ဖဿကြောင့် ပေါ်လာတဲ့ သုခ အချက်ကလေးဟာ ရေပွက်ကလေး ပွက်ရုံလောက်ကလေးသာ ရှိတယ်၊ ဟုတ်လား၊ (မှန်ပါဘုရား)။

အဲဒီ ဝေဒနာကို ဘာသုံးလို့ ရသလဲ။ (ဘာမှ သုံးမရပါ ဘုရား)။

ဝေဒနာ၌ အနှစ်သာရ မရှိပုံ နော် (မှန်ပါဘုရား)။

အဲဒီလို ဝေဒနာက္ခန္ဓာ၌လည်း အနှစ်သာရ မရှိသည်ဖြစ်သောကြောင့်—

"ဧဝံ သုညတော လောကံ အဝေက္ခဿု"၊ ဧဝမ္ပိ၊ ဤသို့လည်း။ လောကံ၊ ဝေဒနာက္ခန္ဓာခေါ်တဲ့ လောကကို။ သုညတော၊ အနှစ်သာရမရှိတဲ့ အနေအားဖြင့်။ အဝေက္ခဿု၊ ရှုပါလော့။ ဟုတ်လား၊ (မှန်ပါဘုရား)။

**သညာတံလျှပ်ဥပမာ။** ။သညာကျတော့ ဘယ့်နှယ် ဥပမာပြသလဲ၊ တံလျှပ်၊ နော် (မှန်ပါဘုရား)။

သေယျထာပိ ဘိက္ခဝေ ဂိမှာနံ ပစ္ဆိမေ မာသေ ဌိတေ မဇ္ဈန္ဟိကေ ကာလေ မရီစိကာ ဖန္ဒတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဂိမှာနံ၊ နွေလတို့၏။ ပစ္ဆိမေ မာသေ၊ နောက်ဆုံးလသည်။ ဌိတေ၊ ရောက်လတ်သည်ရှိသော်။ မဇ္ဈန္ဟိကေကာလေ၊ မွန်းတည့်အချိန်အခါ ကာလ၌။ မရီစိကာ၊ တံလျှပ်တို့သည်။ ဖန္ဒတိ၊ တဖျတ်ဖျတ်နဲ့ တုန်လှုပ်၍ နေကြလေ၏။

ကားလမ်းပေါ်က မော်တော်ကား စီးသွားတဲ့အခါ ကားလမ်းဘေးမှာ ရေပြင်နဲ့တူတဲ့ တံလျှပ်တွေ မတွေ့ဘူးလား။ (တွေ့ပါတယ်ဘုရား)။

ဘာသုံးလို့ရသလဲ (သုံးမရပါဘုရား)။

သေသေချာချာကြည့်ရင် အဲဒီ တံလျှပ်မှာ''ရိတ္တကဥ္စေ၀ အသာရကဥ္စေ၀'' အနှစ်သာရ ရှိသလား (မရှိပါဘုရား)

အဲဒီလိုဘဲ အဖြူရယ် အနီရယ် အရွေ အ၀ါစသည်ဖြင့် မှတ်သားထားတဲ့ သညာဆိုတာလဲ ဘာမှ အနှစ်သာရ မရှိဘူးလို့ အဲဒီလို ရှုသောအားဖြင့် သုည-တော လောကံ အဝေက္ခဿု၊ သုညအနေအားဖြင့် ရှုပါတဲ့၊ (မှန်ပါဘုရား)။

**သင်္ခါရငှက်ပျောတုံးဥပမာ။**　　။သင်္ခါရ၊ သင်္ခါရက္ခန္ဓာ ငှက်ပျောတုံးကြီးဘဲ။

> သေယျထာပိ ဘိက္ခဝေ ပုရိသော သာရတ္ထိကော သာရဂဝေသီ သာရပရိယေသနံ စရမာနော တိဏှံ ကုဌာရိံ အာဒါယ ဝနံ ပဝိသေယျ။

ချစ်သားတို့ အနှစ်သာရကို အလိုရှိသည်ဖြစ်သောကြောင့် အနှစ်သာရကို ရှာတဲ့ ပုဂ္ဂိုလ်တယောက်ဟာ ထက်လှစွာသော ဓားကိုကိုင်ပြီးတော့ တောထဲ ဝင်သွားတယ်။

> သော တတ္ထ ပဿေယျ မဟန္တံ ကဒလိက္ခန္ဓံ ဥဇုံ နဝံ အကုက္ကုက-ဇာတကံ၊ တမေနံ မူလေ ဆိန္ဒေယျ။

တောထဲမှာ ဘာတွေ့သလဲဆိုတော့ အင်မတန်ကြီးတဲ့ အင်မတန် ဖြောင့်တဲ့ အထဲက အဖူးတံ မထွက်သေးတဲ့ ငှက်ပျောပင်ကြီးကို ပဿေယျ-မြင်တယ် ဆိုပါတော့၊ သူ ဘာလုပ်သလဲ၊ ဟာ သိပ်ကောင်းတဲ့ အပင်ကြီးဘဲ ဆိုပြီးတော့ အရင်းကဖြတ်၊ အဖျားကဖြတ်-မူလေ ဆေတွာ၊ အဂ္ဂေ ဆေတွာ-အရင်းတွေ အဖျားတွေ ဖြတ်ပြီးတော့ ပတ္တဝဋ္ဋိံ ဝိနိဗ္ဘုဇေယျ-ငှက်ပျောဖတ်တွေကို တထပ်စီ တထပ်စီ ခွါလိုက်၊ ဘာတွေ့သလဲ၊ (အူကို တွေ့ပါတယ် ဘုရား)။

အူတိုင်တောင် မရှိသေးဘူးဆိုတော့ ဘယ့်နှယ် အူကို တွေ့ရမလဲ။ အဲဒီ ငှက်ပျောတုံး၌ အနှစ်သာရသည် ရိတ္တကဥ္စေ၀, တုစ္ဆကဥ္စေ၀, အသာရကဥ္စေ၀ ခါယေယျ၊ အနှစ်မပါ ဗလာတဲ့ အဲဒီ ငှက်ပျောတုံးကြီးဟာ။

> ဝေမေဝ ခေါ ဘိက္ခဝေ ယေကေစိ သင်္ခါရာ အတီတာနာဂတ-ပစ္စုပ္ပန္နာ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယေ ဒူရေ သန္တိကေ ဝါ၊ တံ ဘိက္ခု ပဿတိ နိဇ္ဈာယတိ ယောနိသော ဥပပရိက္ခတိ၊ တဿ တံ ပဿတော နိဇ္ဈာယတော ယောနိသော ဥပပရိက္ခတော ရိတ္တကဥ္စေ၀ ခါယတိ၊ တုစ္ဆကဥ္စေ၀ ခါယတိ၊ အသာရကဥ္စေ၀ ခါယတိ၊ ကိံ ဟိ သိယာ ဘိက္ခဝေ သင်္ခါရေသု သာရော။

သင်္ခါရက္ခန္ဓာခေါ်တဲ့ သတိတို့ ပညာတို့ ဖဿတို့လို ဆိုတဲ့တရားတွေ, စေတနာ ဆိုတဲ့ သင်္ခါရက္ခန္ဓာ တရားတွေဟာလဲဘဲ အဲဒီ ငှက်ပျောတုံးကြီးကဲ့သို့ဘဲတဲ့၊ ခွါကြည့်လိုက်မယ်ဆိုရင် အဲဒီ အထဲမှာ မြဲတယ်, ခိုင်ခံ့တယ်, တင့်တယ် နှစ်သက်ဖွယ်ဆိုတဲ့ အနှစ်သာရ သင်္ခါရက္ခန္ဓာ၌ မရှိသည်ဖြစ်သောကြောင့် "သုညတော လောကံ အဝေက္ခဿု"၊ ဝေမို့၊ ဤသို့လည်း။ လောကံ၊ သင်္ခါရက္ခန္ဓာတည်းဟူသော လောကကို။ သုညတော၊ နှစ်သက်စရာ မရှိဟူသောအနေအားဖြင့်။ အဝေက္ခဿု၊ ရှုပါလော့။

သင်္ခါရက္ခန္ဓာ ရှုနည်း (မှန်ပါဘုရား)။

**ဝိညာဉ်မျက်လှည့်ဥပမာ။** ။ဝိညာဉ်ကို ဘယ်လို ဥပမာနဲ့ ရှုမလဲ။

ဝိညာဉ်ဆိုတာ အင်မတန် လိမ်တယ်၊ ထမင်းဆိုတာ ဘာလဲ ရုပ်မဟုတ်လား (မှန်ပါ)။

အဲဒီ ရုပ်ချည်းစားတော့ မျိုလို့ကျရဲ့လား (မကျပါဘုရား)။

ဝက်သားဆိုတာ ဘာလဲ (ရုပ်ပါဘုရား)။

ကြက်သားဆိုတာ ဘာလဲ (ရုပ်ပါဘုရား)။

ငါးဟင်း,ငါးကြော်,ပဲဟင်း,အချိုမှုန့်တို့ဆိုတာတွေကော (ရုပ်တွေပါဘုရား)။

အဲဒါတွေနဲ့ ရောပြီး စားလိုက်တော့ ဘယ်လိုလဲ (စားကောင်းပါတယ်ဘုရား)။

မျိုမကျဘူးလား (ကျပါတယ်ဘုရား)။

ရုပ် ရုပ်ချင်း ရောစားတာများ မျိုကျသတဲ့ဗျာ၊ ထမင်းဆိုတဲ့ ရုပ်ချည်းထဲ တုန်းကတော့ မျိုမကျဘူးတဲ့၊ ဘယ်လောက် ညာသလဲဆိုတာကြည့်၊ မျက်လှည့် ပြထားတာ၊ ဟုတ်လား (မှန်ပါဘုရား)။

ဘယ်သူက ပြထားတာလဲ အဲဒါ (ဝိညာဉ်ကပါ ဘုရား)။

ရွှေမဟုတ်တာကို—(ရွှေပါဘုရား)။

စိန်မဟုတ်တာကို—(စိန်ပါဘုရား)။

အဲဒီလို မျက်လှည့်ထဲက လုပ်မပြဘူးလား (လုပ်ပြပါတယ်ဘုရား)။

အဲဒီလိုဘဲ ဟုတ်လား၊ ဝိညာဉ်ဆိုတာ ဒီအတိုင်းဘဲ၊ ကိုင်း ဒီတော့ ပါဠိတော်က ဘယ်လိုဖြေထားသလဲ၊ သူ့မှာလဲ အနှစ်သာရ မရှိပုံ မြတ်စွာဘုရားက ဟောတယ်၊ ခုနက ဖေဏပိဏ္ဍူပမသုတ္တန်မှာ ဘယ်လို ဟောပေးထားသလဲ ဆိုတော့— သုညတော လောကံ အဝေက္ခဿု=ရှုဘို့နော်၊ (မှန်ပါဘုရား)။

သေယျထာပိ ဘိက္ခဝေ မာယာကာရော ဝါ မာယာကာရန္တေဝါသီ ဝါ စတုမဟာပထေ မာယံ ဝိဒံသေယျ။

ဘိက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ ဥပမာအားဖြင့်။ မာယာကာရော ဝါ၊ မျက်လှည့်ဆရာသည်ငင်း။ မာယာကာရန္တေဝါသီဝါ၊ မျက်လှည့်ဆရာ၏ တပည့်သည်ငင်း။ စတုမဟာပထေ၊ လမ်းဆုံလမ်းခွ လမ်းလေမဦ။ မာယံ၊ မျက်လှည့်ကို။ ဝိဒံသေယျ၊ ပြရှဲနေရာ၏။

တမေနံ စက္ခုမာ ပုရိသော ပဿေယျ၊ နိဇ္ဈာယေယျ၊ ယောနိသော ဥပပရိက္ခေယျ၊ တဿ တံ ပဿတော နိဇ္ဈာယတော ယောနိသော ဥပပရိက္ခတော ရိတ္တကညေဝ ခါယေယျ၊ တုစ္ဆကညေဝ ခါယေယျ၊ အသာရကညေဝ ခါယေယျ။

အဲဒီပုဂ္ဂိုလ် မျက်လှည့်ပြတာကို မျက်စိအမြင်ရှိသော ပညာဉာဏ်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်က ကြည့်မယ်ဆိုရင် ဘာအနှစ်သာရ တွေ့မလဲ (ဘာမှမတွေ့ပါဘုရား)။

ဘာမှမရှိဘူးနော်　　(မှန်ပါ)။

ဧဝမေဝ ခေါ ဘိက္ခဝေ ယံကိဉ္စိ ဝိညာဏံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ၊ တံ ဘိက္ခု ပဿတိ နိဇ္ဈာယတိ ယောနိသော ဥပ-ပရိက္ခတိ။ပ။ ရိတ္တကညေဝ ခါယတိ၊ တုစ္ဆကညေဝ ခါယတိ၊ အသာရကညေဝ ခါယတိ၊ ကိံ ဟိ သိယာ ဘိက္ခဝေ ဝိညာဏေ သာရော။

ချစ်သားတို့တဲ့ ဝိညာဉ်ဆိုတာလဲ မျက်လှည့်ပြသလိုဘဲ မကောင်းတာတွေကို ကောင်းတယ်၊ မလှတာတွေကို လှတယ်လို့ အထင်ရောက်အောင် ပြပေးနေတာ၊ ဘယ်သူ ပြပေးနေသလဲ၊ သူ ပြပေးနေတာဘဲ၊ ဟုတ်လား (မှန်ပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ အဲဒီလိုနည်းအားဖြင့်လဲ——

ဧဝမ္ပိ၊ ဤသို့လည်း။ လောကံ၊ ဝိညာဉ် နာမ် ရုပ်ကို။ သုညတော၊ နိစ္စ သုဘ သာရ သုခ အတ္တအနေအားဖြင့်-မရှိတဲ့, ဆိတ်သုဉ်းတဲ့ အနေအားဖြင့်။ အဝေက္ခဿု၊ ရှုပါလော့။

**ဝဇိရာသုတ္တန်။**　။သဂါထာဝဂ္ဂ သံယုတ်ပါဠိတော် ဘိက္ခုနီသံယုတ် ဝဇိရာသုတ္တန်မှာ ဝဇိရာထေရီလို့ဆိုတဲ့ အမျိုးသမီး ဘိက္ခုနီမတယောက်

ရှိတယ်၊ တောထဲသွားပြီး တရားအားထုတ်နေတာ၊ မာရ်နတ်က အနားရောက်လာပြီး သတ္တဝါနဲ့ပတ်သက်လို့ ဘယ်လိုပြဿနာကို မေးသလဲဆိုတော့—

သတ္တဝါဆိုတာ ဘယ်ကဖြစ်သလဲတဲ့၊ ဟုတ်ပလား ဘုန်းကြီးတို့ ပရိသတ်၊ (မှန်ပါဘုရား)။

သတ္တဝါဆိုတာ ဘယ်ကဖြစ်သလဲတဲ့, လူဘယ်ကစဖြစ်သလဲတဲ့၊ အဲဒီမေးခွန်းလေးက ဘယ်နှယ်လဲ မဆန်းဘူးလား (ဆန်းပါတယ်ဘုရား)။

ဒီခေတ်မှာလဲ ကလေးတွေက ပေါက်ပေါက်ရှာရှာ မေးတယ်လို့ ပြောသံကြားဘူးတယ်၊ လူ ဘယ်ကစဖြစ်သလဲလို့ မေးနေကြတယ်။ ဟုတ်လား၊ (မှန်ပါ)။

ဒီတော့ ဘိက္ခုနီမကလေးက ဘယ်လိုပြန်ပြီးတော့ ဖြေလိုက်သလဲဆိုတော့ ဝဇိရာထေရီတဲ့ ဝဇိရဆိုတာ စိန်ဘဲ၊ ဒီတော့ ဒီဘိက္ခုနီမရဲ့နာမယ် ဘာတဲ့လဲ၊ (စိန်ထေရီပါဘုရား)။ စိန်လိုအသွားထက်တဲ့ ဘိက္ခုနီမနော်။

အဲသလိုမေးတော့ သူက ဘာပြန်ဖြေလိုက်သလဲလို့ ဆိုတော့—

ကိံ နု သတ္တောတိ ပစ္စေသိ၊ မာရ ဒိဋ္ဌိဂတံ နု တေ။
သုဒ္ဓသင်္ခါရပုဉ္ဇော’ ယံ၊ နယိဓ သတ္တု’ပလဗ္ဘတိ။
ယထာ ဟိ အင်္ဂသမ္ဘာရာ၊ ဟောတိ သဒ္ဒေါ ရထော ဣတိ။
ဧဝံ ခန္ဓေသု သန္တေသု၊ ဟောတိ သတ္တောတိ သမ္မုတိ။
ဒုက္ခမေဝ ဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိ စ။
နာညတြ ဒုက္ခာ သမ္ဘောတိ၊ နာညံ ဒုက္ခာ နိရုဇ္ဈတိ—

တဲ့။ ကောင်းလိုက်တဲ့ သုတ္တန်ဆိုတာ မပြောပါနဲ့တော့၊ အင်မတန် ကောင်းတဲ့ အဖြေ——

မာရ၊ ဟဲ့မာရ်နတ်။ တွံ၊ သင်သည်။ ကိံ၊ အဘယ်သို့သောသဘောကို။ သတ္တောတိ၊ သတ္တဝါဟူ၍။ ပစ္စေသိ နု၊ ကြံစည်စဉ်းစားယုံကြည်၍ထားသနည်း။ (သတ္တဝါ လူဆိုတာ ဘာလဲ, ဘယ် ဒင်းကို သင်က လူလို့ ပြောနေတာလဲ, ဘယ်ဒင်းကို သင်က သတ္တဝါလို့ ပြောနေတာလဲ) တေ၊ သင်၏။ ဒိဋ္ဌိဂတံ၊ မှားသောအယူသည်။ ဟောတိနု၊ အဘယ်သို့ဖြစ်၍နေသနည်း (ဘာကို သတ္တဝါလို့ သင်က ပြောနေတာလဲတဲ့)။ အယံကာယော၊ ဤလူနတ်ပြဟ္မာ သတ္တဝါလို့ခေါ်နေတဲ့ ခန္ဓာငါးပါး တရားအစုသည်။ သုဒ္ဓသင်္ခါရပုဉ္ဇော၊ သက်သက်သော သင်္ခါရတရားအစုသည်သာတည်း။ [လူမရှိပါဘူး၊ နတ်မရှိပါဘူး၊ ဝိညာဉ်နာမ်ရုပ်ချည်း ရှိတာပါတဲ့၊ ဟုတ်လား (မှန်ပါဘုရား)]။

ဣစ၊ ဤပရမတ္ထသစ္စာအားဖြင့် ခေါ်ဝေါ်သုံးစွဲပြီးနေတဲ့ ဝိညာဉ်, နာမ်, ရုပ်, စိတ်, စေတသိက်, ရုပ်၌။ သတ္တော၊ လူဆိုတဲ့ သတ္တဝါ, နတ်ဆိုတဲ့ သတ္တဝါ, ဗြဟ္မာဆိုတဲ့ သတ္တဝါကို။ နဉပလဗ္ဘတိ၊ မရအပ်။

ဝိညာဉ် နာမ်ရုပ်ထဲမှာ သတ္တဝါရှိသလား　　(မရှိပါဘုရား)။

အဲဒီလို သတ္တဝါအနေအားဖြင့် ဒီခန္ဓာငါးပါးမှာ ဆိတ်သုဉ်းသည် ဖြစ်သောကြောင့် ဘာတဲ့လဲ "သုညတော လောကံ အဝေက္ခဿု၊ ဧဝမ္ပိ၊ ဤသို့သောနည်းအားဖြင့်လည်း။ လောကံ၊ လောကလို့ခေါ်တဲ့ သင်္ခါရလောကလို့ခေါ်တဲ့ ဝိညာဉ်နာမ်ရုပ်ကို။ သုညတော၊ သတ္တဝါမှဆိတ်သုဉ်းတဲ့အနေအားဖြင့်။ အဝေက္ခဿု၊ ရှုပါလေလော့၊ ဟောရင်းစွဲ မောဃရာဇာသုတ္တန်မှာ၊ ဟုတ်လား (မှန်ပါဘုရား)။

ဥပမာလေး ပြလိုက်သေးတယ် ဝဇိရာထေရီက၊ ဘယ်နှယ်ပြလိုက်သလဲ ဆိုတော့—

"ယထာပိ အင်္ဂသမ္ဘာရာ၊ ဟောတိ သဒ္ဒေါ ရထော ဣတိ။"

အင်္ဂသမ္ဘာရာ၊ လှည်းဘီးတို့ လှည်းဝင်ရိုးတို့ လှည်းသန်တို့ လှည်းထမ်းပိုးတို့ လှည်းထုတ်တို့ကို။ ရထောဣတိ၊ ရထား-ဟူသော။ သဒ္ဒေါ၊ ရထားဆိုတဲ့ အသံကလေးသည်။ ဟောတိ ယထာ၊ ဖြစ်ပေါ်လာသကဲ့သို့။ ဧဝံ၊ ဤအတူ။ ခန္ဓေသု၊ ခန္ဓာငါးပါးဆိုတဲ့ တရားတို့သည်။ သန္တေသု၊ ထင်ရှားဖြစ်ပေါ်လာသည်ရှိသော်။ ဝါ၊ ဝိညာဉ်, နာမ်, ရုပ်, တနည်းအားဖြင့် စိတ်, စေတသိက်, ရုပ်၊ အဲဒီတရားတွေ ထင်ရှားဖြစ်ပေါ်လာသည်ရှိသော်။ သတ္တောတိသမ္မုတိ၊ သတ္တဝါဟူသော သမ္မုတိပညတ်သည်။ ဟောတိ၊ ဖြစ်ပေါ်လာတော့၏၊

**ခန္ဓာ ၅-ပါး သုညဖြစ်ပုံ။**　။ဒီခန္ဓာငါးပါးသာ ရှိတာပါတဲ့၊ ဘာမှမရှိပါဘူး။ သတ္တဝါဆိုတာ မရှိပါဘူး။ သတ္တဝါဆိုတာ သမ္မုတိပညတ်ကြီးကို အများက ခေါ်နေတာပါတဲ့၊ လူမဟုတ်ပါဘူးတဲ့၊ နော်၊ (မှန်ပါ)

သမ္မုတိသစ္စာနယ်ကတော့ ဟုတ်ပါတယ်၊ လူတွေဘဲ၊ ပရမတ္ထသစ္စာနယ်ထဲမှာ အဲဒီလူ ရသေးသလား (မရတော့ပါဘုရား)။

ဘာတွေလဲ၊ ဝိညာဉ် နာမ် ရုပ် (တနည်း) စိတ် စေတသိက် ရုပ်၊ ဒါဖြင့် အဲဒါ ဘာတွေလဲ, ဒီတရားတွေဖြစ်နေတယ်ဆိုတာ ဘာတွေလဲဆိုတာ ပြချင်လို့—

"ဒုက္ခမေဝ ဟိ သမ္ဘောတိ" ဒုက္ခမေဝ၊ ခန္ဓာငါးပါးတည်း ဟူသော ဆင်းရဲတုံးသည်သာလျှင်။ သမ္ဘောတိ၊ ဖြစ်၍ နေပါတော့၏။

အဲဒီလို ခန္ဓာငါးပါးတို့ ဆင်းရဲတုံးကြီး ဖြစ်နေတဲ့အတွက်—

"သုညတော လောကံ အဝေက္ခဿု"၊ လောကံ၊ ခန္ဓငါးပါးဆိုတဲ့ ဆင်းရဲတုံးကြီးကို။ သုညတော၊ ချမ်းသာဟူ၍ တစက်ကမှ မရှိတဲ့အနေအားဖြင့်။ အဝေက္ခဿု၊ ရှုပါလော့-တဲ့-ဟုတ်လား (မှန်ပါဘုရား)။

"ဒုက္ခမေဝ ဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိ စ"၊

ပဋိသန္ဓေတုန်းက ဖြစ်လာတာ ဘာတဲ့လဲ၊ ဒုက္ခလား, သုခလား၊ (ဒုက္ခပါဘုရား)။

ဒုက္ခမေဝ၊ ဆင်းရဲတယ်ဆိုတဲ့ ခန္ဓာငါးပါးသည်သာလျှင်။ တိဋ္ဌတိစ၊ ယခုလဲတည်၍နေ၏။ ဝေတိစ၊ ပျက်စီးတော့လဲ အဲဒီခန္ဓာငါးပါးတို့သာလျှင် ပျက်စီးတော့၏။

သုခများ ရှိသေးသလား (မရှိပါဘုရား)။

အဲဒီ ခန္ဓာငါးပါးတည်းဟူသော ဝိညာဉ်နာမ် ရုပ်, စိတ် စေတသိက် ရုပ်မှာ သုခ-ချမ်းသာတယ်ဆိုတာများ နဲနဲကလေးရှိသလား (မရှိပါဘုရား)။

သုခမရှိရင် ဒီခန္ဓာငါးပါးဟာ သုည။ သုညလို့ဆိုတာဘာလဲ၊ မရှိဘူး၊ ဘာမရှိတာလဲ၊ ချမ်းသာမရှိဘူး။

"နာညတြ ဒုက္ခာ သမ္ဘောတိ"။ ဒုက္ခာ၊ ခန္ဓာငါးပါးတည်းဟူသော ခန္ဓာဒုက္ခကြီးကို။ အညတြ၊ ကြဉ်ထား၍။ အညော၊ တပါးသောတရားသည်။ န သမ္ဘောတိ၊ မဖြစ်။

"နာညံ ဒုက္ခာ နိရုဇ္ဈတိ"၊ ဒုက္ခာ၊ ခန္ဓာငါးပါးတည်းဟူသော ခန္ဓာဒုက္ခကြီးမှ။ အညံ၊ တပါးသောတရားသည်။ နနိရုဇ္ဈတိ၊ မချုပ်။

ချုပ်တယ်ဆိုတာ ဘယ်သူလဲ၊ ဒုက္ခ။ ဒုက္ခဆိုတာ ဘယ်သူလဲ၊ ဒုက္ခဆိုတာ ခန္ဓာကိုပြောတာ၊ ဟုတ်လား၊ (မှန်ပါဘုရား)။

အဲသလိုနည်းအားဖြင့်—— "သုညတော လောကံ အဝေက္ခဿု"၊ ဧဝမ္ပိ၊ ဤသို့သော နည်းအားဖြင့်လည်း။ လောကံ၊ သင်္ခါရလောကကြီးကို။ သုညတော၊ ချမ်းသာဟူ၍ တစက်ကမှ မရှိတဲ့အနေအားဖြင့်, သုညအနေအားဖြင့်။ အဝေက္ခဿု၊ ရှုလေလော့။

"ဧဝံ မစ္စုတရော သိယာ"၊ ဧဝံ၊ ဤသို့။ လောကံ၊ သင်္ခါရလောကကြီးကို။ အဝေက္ခန္တော၊ ချမ်းသာဟူ၍ မရှိ, ဒုက္ခချည်းသာ အပြည့်ဟူ၍ ရှုနိုင်သောသူသည်။ မစ္စုတရော၊ သေခြင်းကို လွန်မြောက်နိုင်သည်။ သိယာ၊ ဖြစ်နိုင်ရာ၏။

"ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ"။

ဧဝံ၊ ဤသို့။ လောကံ၊ သခ်ါရလောကကို။ အဝေက္ခန္တံ၊ ချမ်းသာမရှိ ဆင်းရဲအတိဖြစ်၏ဟူ၍ ရှုနိုင်သောသူကို။ မစ္စုရာဇာ၊ သေမင်းသည်။ နပဿတိ၊ မမြင်နိုင်။ ဣတိ၊ ဤသို့။ သတ္ထာ၊ လူနတ်တို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ဝိဿဇ္ဇေတိ၊ ဖြေကြားတော်မူလိုက်သတည်း။

သာဓု....သာဓု....သာဓု

**ဒေသနာတော်နိဂုံး**

ဘဂဝါ ဣမမ္ပိ သုတ္တံ အရဟတ္တနိကူဋေန ဒေသနံ နိဋ္ဌာပေသိ၊ ဒေသနာပရိယောသာနေ မောဃရာဇာ သဟဿသိဿေဟိ အရဟတ္တ-ဖလေ ပတိဋ္ဌာတိ။

ဘဂဝါ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည်။ ဣမမ္ပိ သုတ္တံ၊ ဤမောဃရာဇသုတ္တန်တရား ဒေသနာတော်ကြီးကို။ အရဟတ္တနိကူဋေန၊ အရဟတ္တဖိုလ်ကို အထွတ်တပ်ပါ သဖြင့်။ ဒေသနံ၊ ဒေသနာတော်ကို။ နိဋ္ဌာပေသိ၊ ပြီးဆုံးစေတော်မူ၏။ ဒေသနာပရိယောသာနေ၊ ဒေသနာနိဂုံး ဆုံးလတ်သော အခါကာလ၌။ မောဃရာဇာ၊ မောဃရာဇာ ပညာရှိသည်။ သဟဿသိဿေဟိ၊ တထောင် သောတပည့်တို့နှင့်။ သဒ္ဓိံ၊ အတူတကွ။ အရဟတ္တဖလေ၊ အရဟတ္တဖိုလ်၌။ ပတိဋ္ဌာတိ၊ တည်လေတော့၏။

အညေသဉ္စ အနေကသဟဿာနံ ဓမ္မစက္ခုံ ဥဒပါဒိ။

အညေသဉ္စ၊ မောဃရာဇာရသေ့နှင့် တထောင်သော တပည့်တို့မှတပါး ကုန်သော။ အနေကသဟဿာနံ၊ ထောင်ပေါင်းများစွာကုန်သော ပရိသတ် တို့အား။ ဓမ္မစက္ခုံ၊ သောတာပတ္တိမဂ်ဖြင့် နိဗ္ဗာန်ကို မြင်နိုင်တယ်ဆိုတဲ့ ဓမ္မစက္ခုသည်။ ဥဒပါဒိ၊ ကောင်းစွာမသေ့ ဖြစ်ပါပေသတည်း။

သာဓု....သာဓု....သာဓု

မောဃရာဇသုတ္တန် တရားတော် ပြီး၏။

ပါရာယနဝဂ် ပါဠိတော်ဟောစဉ်

# ၁၆-ပိင်္ဂိယသုတ္တန်တရားတော်

---

## တရားတော်အမည်

သာသနာသက္ကရာဇ် ၂၅၁၄, ကောဇာသက္ကရာဇ် ၁၃၃၂-ခုနှစ် ကဆုန်လ ပြည့်ကျော် (၃)ရက် ရန်ကုန်မြို့ ပုဇွန်တောင်ရပ် ရွှေဘုန်းပွင့်စေတီတော်ကြီး၏ ပရိဝုဏ်အတွင်း တည်ခင်းအပ်သော ဝိပဿနာဓမ္မာရုံတော်ကြီးတွင် ဝိပဿနာ အလုပ်စခန်းဖွင့်၍ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ခုဒ္ဒကနိကာယ် သုတ္တနိပါတ် ပါဠိတော် ပါရာယနဝဂ်၌ လာသော တဆယ့်ခြောက်ခုမြောက် ဖြစ်တဲ့ ပိင်္ဂိယသုတ္တန်တရားတော်——

## ဘုရားရှိခိုး

အဲဒီ သုတ္တန်တရားတော်ကို မြတ်စွာဘုရား ဟောတော်မူခဲ့ပါတယ်၊ မြတ်စွာ ဘုရား ဟောတဲ့ တရားကို တဆင့် ဟောရမှာဖြစ်တဲ့အတွက် တရားဟော, တရား နာ ပုဂ္ဂိုလ်တို့၏ အနေအားဖြင့် မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးကြရအောင် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ လက်အုပ်ချီပြီးထားကြ။ ဘုန်းကြီးက မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ ဂုဏ်တော်တွေကို ရွတ်ဆိုပြီး တော့ ဘုရားရှိခိုးမယ်၊ အဲဒီ ဘုရားရှိခိုးထဲမှာ ပါတဲ့ ဂုဏ်တော်များကို အာရုံ ပြုပြီးတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ ဂုဏ်တော်များကို ကြည်ညိုသဒ္ဓါ ပွါးများနိုင်ကြပါစေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(အနက် ယခင်အတိုင်း)

သာဓု....သာဓု....သာဓု

## စကားပလ္လင်

ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ပါသာဏကနတ်ကွန်း၌ သီတင်းသုံး နေတော်မူစဉ်အခါမှာ ပိင်္ဂိယပုဏ္ဏား ရသေ့ပညာရှိကြီး မေးမြန်းတာကို အကြောင်းပြုပြီး ပါရာယနဝဂ်

မှာ ဤ ပိင်္ဂိယသုတ္တန်တရားဒေသနာကို ဟောကြားတော်မူခဲ့ပါသည်။ ပိင်္ဂိယသုတ္တန်အစ ဗာဝရီပုဏ္ဏားကြီးရဲ့တပည့်တွေ မြတ်စွာဘုရားထံမှောက်သို့ ရောက်လို့ သင်တို့အလိုရှိတဲ့ ပြဿနာတွေကို မေးကြလို့ဆိုတော့——

## ပဉ္စမမေးမြန်းလျှောက်ထားချက်

အဇိတစတဲ့ ပုဏ္ဏားပညာရှိကြီးတွေ မြတ်စွာဘုရားကို အမေးပုစ္ဆာ ပြဿနာတွေ မေးပြီးတဲ့အခါ တဆယ့်ခြောက်ယောက်မြောက်ဖြစ်တဲ့ ပိင်္ဂိယပုဏ္ဏားရသေ့ကြီး မြတ်စွာဘုရားရဲ့ရှေ့မှောက် ပရိသတ်ကြီးအလယ်မှာ တုန်တုန်ရီရီနဲ့ ရောက်လာတယ်၊ အသံကလဲဘဲ တုန်တုန်ရီရီဘဲ့ သိပ်တော့ ကြည်ကြည်လင်လင် မဟုတ်လှဘူးလို့ ဘုန်းကြီးထင်တယ်၊ အဲဒီပိင်္ဂိယပုဏ္ဏားကြီးက မြတ်စွာဘုရားကို လက်အုပ်ချီပြီးတော့ လျှောက်တယ်—

**ဇိဏ္ဏောဟမသ္မိ အဗလော ဝီတဝဏ္ဏော၊ နေတ္တာ န သုဒ္ဓါ သဝနံ န ဖာသု။**
**မာဟံ နဿံ မောမုဟော အန္တရာဝ၊ အာစိက္ခ ဓမ္မံ ယမဟံ ဝိဇညံ။**
**ဇာတိဇရာယ ဣဓ ဝိပ္ပဟာနံ။**

ဒါ ပိင်္ဂိယရသေ့ပုဏ္ဏားက မြတ်စွာဘုရားကို လျှောက်တဲ့ ဂါထာ၊ ပါဠိတော့ ရွတ်ပြီးပြီ။ အနက် မြန်မာ ပြန်ဆိုကြဦးစို့။

ဘန္တေ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နဲ့ ပြည့်စုံတော်မူသော မြတ်စွာဘုရား။ အဟံ၊ ပိင်္ဂိယဟု နာမသမုတ် အကျွန်ုပ်သည်။ ဇိဏ္ဏော၊ အသက်တရာ့နှစ်ဆယ်ပြည့်၍ နေသည်ဖြစ်သောကြောင့် အိုမင်းသည်။ အဗလော၊ သွားလို့ လာလို့ မကောင်းအောင် ခြေလက်တွေယိုင်ပြီးတော့ ခွန်အားဗလ မရှိသည်။ ဝီတဝဏ္ဏော၊ ယယ်ယယ်ကရုပ်အဆင်းနဲ့မတူ အမူယွင်းဖောက်ရုပ်ရေရှုပကာယ ပျက်စီးခြင်းသို့ ရောက်၍နေသည်။ အသ္မိ၊ ဖြစ်ပါတော့သည် အရှင်ဘုရား။ (သူ့ဖြစ်ပုံကို လျှောက်နေတယ် မြတ်စွာဘုရားကို) ဘန္တေ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နဲ့ ပြည့်စုံတော်မူသော မြတ်စွာဘုရား။ မေ မမ၊ ဘုရားတပည့်တော်၏။ နေတ္တာ၊ မျက်စိအစုံတို့သည်။ န သုဒ္ဓါ၊ မကြည်လင်တော့ပါကုန်။ မေ-မမ၊ ဘုရားတပည့်တော်၏။ သဝနံ၊ နားသည်။ န ဖာသု၊ ချမ်းချမ်း သာသာ မကြားရတော့ပါ။

ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရား။ အဟံ၊ ဘုရားတပည့်တော်သည်။ အန္တရာ၊ အရှင်ဘုရား၏ တရားတော်ကို မနာရသည့် အကြားကာလ အတောအတွင်း၌။ မောမုဟော၊ တွေဝေမိန်းမော ကြီးဘောသောဘဝဖြင့်သာလျှင်။ မာ နဿံ၊ ပျက်စီးဘို့ဝေး မသေချင်သေးပါ။ (ပိင်္ဂိယက လျှောက်နေလိုက်တာ သနားစရာဘဲ)

**ပါရာယနု(ဒု)-၄၃—ပ-မ-ဗ-သ-စ**

ကြွခ၊ ဤ အရှင်ဘုရား၏ ခြေတော်ရင်း၌။ ဇာတိဇရာယ၊ ပဋိသန္ဓေနေခြင်း, အိုခြင်း, သေခြင်းကို။ ဝိပ္ပဟာနံ၊ ပယ်စွန့်နိုင်သော။ ယံ ဓမ္မံ၊ အကြင် နိဗ္ဗာန်နှင့် နိဗ္ဗာန်ရောက်ကြောင်း တရားတော်ကို။ အဟံ၊ ဘုရားတပည့်တော်သည်။ ဝိဇညံ၊ သိနိုင်ရာလောက်ပါ၏။ တံ ဓမ္မံ၊ ထိုဘုရားတပည့်တော် သိနိုင်လောက်သော တရားတော်ကို။ အာစိက္ခ၊ ဟောကြား၍ ပေးတော်မူပါ အရှင်ဘုရား။

## ပဌမမေးမြန်းလျှောက်ထားချက် အဓိပ္ပါယ်

**ဂါထာအဓိပ္ပါယ်။** ။ဘုန်းတော်ခြောက်ပါးနဲ့ ပြည့်စုံတော်မူသော မြတ်စွာဘုရား ဘုရားတပည့်တော်ရဲ့ ပုံသဏ္ဌာန်ကိုသာကြည့်တော်မူပါတော့၊ အရှင်ဘုရားမြင်တော်မူတဲ့အတိုင်းဘဲ အသက်က တရာ့နှစ်ဆယ်ရှိပြီး အင်မတန် အိုမင်းပြီး ယိုယွင်းနေပါပြီဘုရားတဲ့၊ အားအင်ဗလတွေကလဲ အဗလော=ကိုယ့်လက် ကိုယ့်ခြေမှ ကိုယ်မသယ်နိုင်အောင် ဖြစ်ပြီးတော့ ဘုရား တပည့်တော်မှာ ဆုတ်ယုတ်၍နေပါပြီ၊ ရုပ်ရေရူပကာယလို့ဆိုတာလဲ ငယ်ငယ်တုန်းကနဲ့မတူ အမူယွင်းဖောက် ခါးကိုင်း နားထိုင်းသလောက် အရေတွန့်လိပ်ပြီး မွဲခြောက်တွေရှုပ် အိုမင်းမစွမ်းနဲ့ ဆုတ်ယုတ်နေတဲ့ ရူပကာယကြီး ဖြစ်နေပါပြီဘုရားတဲ့၊ “နေတ္တာ န သုဒ္ဓါ=မျက်စိနှစ်လုံးကလဲ ကောင်းကောင်း မမြင်တော့ပါဘုရား”တဲ့။ အသက် တရာ့နှစ်ဆယ်လို့ဆိုတော့ မျက်စိက ကောင်းကောင်း မမြင်ဘူး၊ အိုနေတဲ့ပုံသဏ္ဌာန်ကြီး ကြည့်စမ်း မြတ်စွာဘုရားရှေ့မှာ ပိင်္ဂိယရသေ့ကြီး ရသေ့ပရိက္ခရာတွေနဲ့ အိုမင်းမစွမ်း တုန်တုန်ရီရီဖြစ်ပြီးတော့ ဟုတ်လား၊ မြတ်စွာဘုရားရှေ့မှောက်မှာ လျှောက်ထားနေပုံကို ပုံစံသရုပ်ပေါ်အောင်ကြည့်သာထား။ (မှန်ပါဘုရား)။

ဘုရားတပည့်တော် အဲသလို အိုမင်းမစွမ်းဖြစ်တော့ တပည့်တော် သေရတော့မှာပါဘုရားတဲ့၊ ဘုန်းကြီးတို့ပရိသတ် တသက်လုံး နေကြရတော့မှာလား။ (မနေရပါဘုရား)။

ဘယ်တော့ သေကြမလဲ (အားလုံးဘဲ သေရမှာချည်းပါဘုရား)။

သေခါနီးနေပါပြီဘုရား၊ ဘုရားတပည့်တော် အသက်တရာ့နှစ်ဆယ်ဆိုတော့ သေခါနီးနေပါပြီ၊ ဒီတော့ အရှင်ဘုရား၏ တရားတော်ကို မနာရခင်စပ်ကြား အတောအတွင်းမှာ တရားငင်ပြီးတော့ တွေတွေဝေဝေ မေ့မေ့မောမော မသေပါရစေနဲ့ဘုရားတဲ့၊ ဟုတ်လား (မှန်ပါဘုရား)။

ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ သူသေချင်တာက တရားငင်ပြီး သေချင်သလား, အစာငင်ပြီး သေချင်သလား၊ ပိင်္ဂိယ

ရသေ့ကြီးက တရားငတ်ပြီး မသေပါရစေနဲ့ဘုရားလို့ မြတ်စွာဘုရားကို လျှောက်ထားနေတယ်၊ နော်။

ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများကရော တရားတော့ ငတ်ချင်ငတ်ပါစေ၊ အစာတော့ ငတ်ပြီးတော့ မသေချင်ဘူးနဲ့တူတယ်၊ အိုစာ မင်းစာတဲ့၊ အောင်မယ်-အိုစာမင်းစာစုတယ်ဆိုတာ ဘာတွေစုရသလဲ ဘုန်းကြီးတို့ပရိသတ်။ ဝတ်စရာတို့, စားစရာတို့, သုံးစရာတို့ စုရတယ်။ ဒါ အိုစာ မင်းစာ မဟုတ်ဘူး၊ အိုစာ မင်းစာ စုတယ်ဆိုတာ ဘာကို စုရသလဲလို့ဆိုတော့ တရားကိုစုရတယ်၊ ဟုတ်ပလား။(မှန်ပါဘုရား)။

အိုစာမင်းစာ ဘာတွေစုကြရမတုံး၊  (တရားပါ ဘုရား)။

တရားကို ကြိုးစားပြီးတော့ နာရမယ်၊ တရားကို ကြိုးစားအားထုတ်ရမယ်၊ ဒါန သီလ ကုသိုလ်တွေ ကြိုးစားပြီး စုရမယ်၊ ကြိုးစားပြီးတော့ ဥပုသ်စောင့်ရမယ် ဝါတွင်း ဝါပမရွေး ဟုတ်လား၊ ကုသိုလ်ကောင်းမှုတွေကို ကြိုးစားပြီးတော့ လုပ်ရမယ်၊ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ အိုစာ မင်းစာဆိုတာ ရွှေ ငွေ ဘဏ္ဍာတွေ မဟုတ်ဘူး၊ တရား။ အိုစာ မင်းစာဆိုတာ ဘာလဲ  (တရားပါ ဘုရား)။

ဒါလေးတော့ အိုစာ မင်းစာလေး ထားဦးမှဆိုပြီး အဲဒီပစ္စည်းတွေ ချန်မထားနဲ့နော်  (မှန်ပါ)။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က အိုစာ မင်းစာ ရှာတယ်ဆိုတာ တရားရှာရမှာကို ပြောတာတဲ့၊ ပိင်္ဂိယ ပုဏ္ဏားရသေ့ကြီးက အသက်တရာ့နှစ်ဆယ်ရှိပြီဖြစ်သောကြောင့် တွေဝေမိန်းမောပြီးတော့ တရားငတ်ပြီး မသေပါရစေနဲ့ဘုရားတဲ့၊ တရားရချင်လွန်းလို့ အရှင်ဘုရားရဲ့ခြေတော်ရင်းမှာဘဲ ပဋိသန္ဓေနေခြင်းနဲ့ အိုခြင်းကို ပယ်စွန့်နိုင်ကြောင်းဖြစ်တဲ့ တရားကောင်းကို ဘုရားတပည့်တော် သိနိုင်ရုံလောက်ကလေး, ဘုရားတပည့်တော် လူအိုကြီးနဲ့ တန်ရုံလောက်ကလေး ဟောကြားပေးတော်မူပါ ဘုရားတဲ့၊ ဟုတ်လား  (မှန်ပါ ဘုရား)။

သူလျှောက်တာကိုက တရားကို ရှေရှေဟောဘို့မလျှောက်ဘူး၊ သူက လူအိုကြီးဆိုတော့ လူငယ်တွေလို ဖျတ်လတ်မှုမရှိဘဲ ဉာဏ်တွေကလဲ ထိုင်းနေတော့ တရားကိုသိပ်ပြီးတော့ ကျကျနန ရှည်ရှည်ဝေးဝေး မနာနိုင်ဘူး၊ ဒီတော့လူအိုနဲ့ တန်တဲ့ တရားလေး ဟောကြားပေးတော်မူပါ ဘုရားတဲ့၊ ဟုတ်လား (မှန်ပါ ဘုရား)။

ဒီတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကလဲ သူနဲ့တန်တဲ့တရားကလေး သိနိုင်ရုံလောက်ကလေးဘဲ ဟောပေးတော်မူပါတယ်  (မှန်ပါ)။

ဘယ့်နှယ် ဟောပေးသလဲ မြတ်စွာဘုရားဟောပေးတာ၊ သူတောင်းထား တဲ့တရားက ဘာတဲ့လဲ—

ပဋိသန္ဓေနေခြင်း, အိုခြင်းကို လွန်မြောက်နိုင်တဲ့ တရားများကို ဟောပေး တော်မူပါ ဘုရားလို့ တရားတောင်းထားတယ်၊ ဟုတ်လား (မှန်ပါ ဘုရား)။

ရှေးကလူတွေ တရားတောင်းပုံက သံသရာဝဋ်က မြန်မြန်ထွက်ဖို့ တရား တောင်းတယ်၊ အိုခြင်း, သေခြင်း, ပဋိသန္ဓေနေခြင်းတို့မှ လွတ်မြောက်နိုင်တဲ့ တရားကောင်းကို ဘုရားတပည့်တော်အား ဟောပေးတော်မူပါ။ ရှည်ရှည်လဲ မဟောပါနဲ့၊ ဘုရားတပည့်တော် လူအိုကြီးနဲ့ တန်ရုံလောက် သိနိုင်ရုံလောက် ကလေး ဟောပေးတော်မူပါ ဘုရား–တဲ့။

## ပဌမ အဖြေတရားတော်

ဒီတော့ မြတ်စွာဘုရား ကိုယ်တော်မြတ်က ဟောပေးတော်မူတယ်။

**ဒိသွာန ရူပေသု ဝိဟညမာနေ၊ ရုပ္ပန္တိ ရူပေသု ဇနာ ပမတ္တာ။**
**တသ္မာ တုဝံ ပိင်္ဂိယ အပ္ပမတ္တော၊ ဇဟဿု ရူပံ အပုနဗ္ဘဝါယ။**

ဒီသုတ္တန်မှာ ဂါထာ လေးဂါထာဘဲ ရှိတယ်။ ဟုတ်လား (မှန်ပါ့ဘုရား)။

မြတ်စွာဘုရားက အရဟတ္တဖိုလ်ပေါက် ဟောပေးလိုက်တဲ့ ဂါထာဘဲ၊ အနက် မြန်မာပြန် ဆိုကြဦးစို့။

ပိင်္ဂိယ၊ ပိင်္ဂိယဟု နာမတွင်ပေ့ အသက်တရာ့နှစ်ဆယ် ရှိနေတဲ့ အို ပိင်္ဂိယ ရသေ့။ ရူပေသု၊ ရုပ်တရားတို့ကြောင့်။ ဇနာ၊ လူအပေါင်းတို့သည်၊ ရုပ္ပန္တိ၊ အမျိုးမျိုးဖောက်ပြန်၍ ပျက်စီးနေကုန်တော့၏။ ရူပေသု၊ ရုပ်တရားတို့ ကြောင့်။ ဇနာ၊ လူအပေါင်းတို့သည်။ ပမတ္တာ၊ ကုသိုလ်ကောင်းမှု၌ မေ့လျော့၍ နေကြလေကုန်၏။ ရူပေသု၊ ရုပ်တရားတို့ကြောင့်။ ဝိဟည- မာနေ၊ ပင်ပန်းဆင်းရဲ၍ နေကြကုန်သော။ ဇနေ၊ လူအပေါင်းတို့ကို။ ဒိသွာန၊ မြင်ရသည်ဖြစ်သောကြောင့်။ ရုပ္ပန္တိ၊ ဖောက်ပြန်ပျက်စီး၍ နေကြ ရလေကုန်တော့၏။

ပိင်္ဂိယ၊ ပိင်္ဂိယဟု နာမတွင်ပေ့ အို ပုဏ္ဏားအိုရသေ့။ တသ္မာ၊ ထို့ ကြောင့်။ တုဝံ၊ သင်သည်။ အပ္ပမတ္တော၊ လုံ့လမပေါ့ မမေ့မလျော့သော သတိရှိသည် ဖြစ်၍။ အပုနဗ္ဘဝါယ၊ တဖန် ဘဝသစ်၌ ပဋိသန္ဓေကို မနေ ရခြင်း, မရခြင်းငှါ။ အပုနဗ္ဘဝါယ၊ တဖန် ဘဝသစ်၌ မဖြစ်ခြင်းငှါ။ ရူပံ၊ သင် ခင်မင်တွယ်တာ နှစ်သက်နေတဲ့ ရုပ်တရားကို။ ဇဟဿု၊ ပယ်စွန့်လေ

လေ၁။ ဣတိ၊ ဤသို့။ သတ္ထာ၊ လူနတ်တို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ပိဂိယံ၊ ပိဂိယဟု နာမတွင်ပေ့ ပုဏ္ဏားအိုရသေ့ကို။ ဗျာကရောတိ၊ အမေးစကားကို ဖြေကြားတော်မူ လိုက်ပါပေသတည်း။

သာဓု သာဓု သာဓု

## ပဥ္စမဖြေအတရားတော် အဓိပ္ပါယ်

**ရုပ်တရားများ။** ။ဖြေတော့ ဖြေပြီးပြီ၊ မြတ်စွာဘုရားကို ပိဂိယရသေ့က ဘုရားတပည့်တော်ကို ပဋိသန္ဓေနေခြင်း, အိုခြင်း, သေခြင်းမှ လွန်မြောက်နိုင်တဲ့တရားကို ဟောပေးတော်မူပါ ဘုရားလို့ ဒီလို မေးထားတယ်။ ဒီတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ပိဂိယတဲ့ လောကကြီးတခုလုံးကို သင် ရှောက်ကြည့်စမ်း၊ သတ္တဝါတွေ ပင်ပန်းဆင်းရဲနေတာဟာ ဘယ်သူ့ကြောင့်လဲ၊ ရုပ်တရားတွေကြောင့်။ ရုပ်တရားဆိုတာ ဘာတွေလဲတဲ့၊ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ-ပြီးတော့ ဘာတွေလဲ၊ ဘူတရုပ်နဲ့ ဥပါဒါရုပ်တွေ။ ဘူတရုပ်, ဥပါဒါရုပ်လို့ဆိုတဲ့ အဲဒီ ရုပ်တရားတွေ ဖောက်ပြန်လာပြီဆိုရင် သတ္တဝါတွေ ပင်ပန်းသလား၊ မပင်ပန်းဘူးလား (ပင်ပန်းပါတယ်ဘုရား)။

နို–အဲဒီရုပ်တရားတွေက မဖောက်ပြန်တဲ့အခါများ ရှိသေးသလား (မရှိပါဘုရား)။

ဒါဖြင့် သတ္တဝါတွေ ပင်ပန်းနေရတာ ဘသူ့ကြောင့် (ရုပ်တရားကြောင့်ပါဘုရား)။

တွေ့ပလား ရုပ်တရား (တွေ့ပါပြီ ဘုရား)။

အဲဒီ ရုပ်တရားတွေဟာ ဘာတွေလဲလို့ ဆိုတော့ စတ္တာရော မဟာဘူတာ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယရူပံ=ပထဝီ အာပေါ် တေဇော ဝါယောဆိုတဲ့ မဟာဘုတ်လေးပါးနဲ့ အဲဒီ မဟာဘုတ်လေးပါးကို အမှီပြုပြီးတော့ ဖြစ်နေတဲ့ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယလို့ခေါ်တဲ့ ပသာဒရုပ်-စသည်တွေက ဥပါဒါရုပ်။ အကျဉ်းချုပ် ဒီလိုဘဲမှတ်ထားနော် (မှန်ပါဘုရား)။

**ရုပ်တရား ဖောက်ပြန်ပုံ။** ။ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ အဲဒီ မဟာဘုတ်လေးပါးလို့ ခေါ်တဲ့ ဘူတရုပ်တွေကသဲ ဖောက်ပြန်မနေဘူးလား (ဖောက်ပြန်နေပါတယ်ဘုရား)။

ဘယ်လိုဖောက်ပြန်သလဲ၊ တော်ကြာပူလာတယ်၊ တော်တော်ကြာ အေးလာတယ်၊ တော်တော်ကြာ တောင့်လာတယ်၊ တော်တော်ကြာ တင်းလာတယ်၊

တော်တော်ကြာ တုန်လှုပ်ချောက်ချားပြီးတော့ လေတွေဖြတ်ပြီးတော့ ဟော- ဝါယောရုပ်ကြီးက- (မှန်ပါ ဘုရား)

တော်တော်ကြာ ဒဟ တေဇောဆိုပြီးတော့ လောင်မြိုက်ပြီး သတ္တဝါတွေမှာ အဖျားအနာတွေရတာ ဖောက်ပြန်နေတာနော်။ ပြီးတော့ ဘာတွေဖြစ်လာသလဲ ဆိုတော့ ဘုန်းကြီးတို့ပရိသတ်မှာ တော်တော်ကြာ မျက်လုံးက နာလာတယ်၊ နားက ကိုက်လာတယ်၊ သွားကိုက်တယ်၊ လျှာနာတယ်၊ လက် ခြေထောက် ပေါင် တို့ နာတယ်၊ ရင်ထဲကအောင့်လို့ ဗိုက်နာတယ်၊ လေနာရောဂါတွေ ထနေတယ်၊ မအီမသာကြီးဖြစ်လို့ စားလို့ သောက်လို့ မကောင်းဘူးနဲ့ အဲဒီလို ဖောက်ပြန် နေတာတွေဟာ ဘယ်သူတွေလဲ (ရုပ်တွေပါ ဘုရား)

အဲသလို "ရူပေသု၊ ရုပ်တရားတို့ကြောင့်။ ဇနာ၊ သတ္တဝါအပေါင်းတို့သည်။ ရုပ္ပန္တိ၊ ဖောက်ပြန်ပျက်စီး၍ နေကြရလေကုန်၏။" သတ္တဝါတွေ ပျက်စီးနေတယ် ဆိုတာ ဘယ်သူ့ကြောင့် (ရုပ်ကြောင့်ပါ ဘုရား)

ကြည့်နော် ရုပ်တရားကိုမြင်အောင်၊ မြတ်စွာဘုရား ပြပေးနေတာ၊ ဒီရုပ် တရားက လွတ်သွားခဲ့လို့ရှိရင်, ဥပမာ—ဘုန်းကြီးတို့ပရိသတ်မှာ ဒီရုပ်တရားက လွတ်သွားမယ်ဆိုရင် ရုပ်တရားနဲ့ ပတ်သက်တဲ့ခံစားချက်တွေ ရှိပါဦးတော့မလား (မရှိတော့ပါ ဘုရား)

သုံးဆဲ့နှစ်ပါးသော ကမ္မကာရဏ-ဆိုတာတွေ ဘုန်းကြီးတို့ ဟိုနောက်က "ကာမာနံ အာဒီနဝကထာ"ကို ဟောတုန်းက နှိပ်စက်ပုံမျိုးစုံကို ဟောခဲ့တယ်၊ မဟုတ်လား (မှန်ပါ ဘုရား)

အဲဒါ ဘယ်သူ့ကို နှိပ်စက်နေသလဲ၊ ရုပ်ကိုနှိပ်စက်နေတာ၊ ကြိုးနဲ့တုပ်တယ်၊ ကြိမ်နဲ့ရိုက်တယ်၊ ဟာ အမျိုးမျိုးလက်သဲတွေခွါတယ်၊ ရေနွေးပူနဲ့လောင်းတယ်၊ မျက်နှာပေါ်အဝတ်တွေနဲ့စည်းပြီး အပေါ်ကရေတွေနဲ့လောင်းတယ်၊ ဂျပန်ခေတ် ကနှိပ်စက်ပုံကိုပြောတာ၊ ဒီခေတ်ကို ပြောတာမဟုတ်ဘူး။ ဒါတောင် သူများ ပြောသံ ကြားဘူးတာပါ၊ ပြီးတော့ ဝါးလုံးကို ခြေသလုံးပေါ်တင်ပြီးတော့ ဟို ဘက်ဒီဘက် လူနှစ်ယောက်ကိုင်ပြီးတော့ လှိမ့်သတဲ့။ ရဲတွေနှိပ်စက်တာ၊ ရဲတွေ, ဟုတ်လား (မှန်ပါ)

တရားခံကို လုပ်နေတာလေ, အဲဒါ ဘယ်သူ့ကိုနှိပ်စက်နေတာလဲ (ရုပ်ကိုပါ ဘုရား)

"ရူပေသု၊ အဲဒီရုပ်တရားတွေ ရှိနေခြင်းကြောင့်။ ဝိဟညမာနေ၊ ပင်ပန်း ဆင်းရဲ၍ နေကြကုန်သော။ ဇနေ၊ သတ္တဝါတို့ကို။ ပေက္ခမာနော၊ သင်ရှုမြင်နေ ရတယ်မဟုတ်လားတဲ့၊ ပိင်္ဂိယကို-နော် (မှန်ပါ)

ပြီးတော့ သတ္တဝါတွေ ပင်ပန်းနေတယ်, ဆင်းရဲနေတယ်ဆိုတာ ဘာသူရှိလို့— (ရုပ်ရှိနေလို့ပါ ဘုရား)

ရုပ်က ဘာတွေလဲ၊ ဘူတရုပ်, ဥပါဒါရုပ်။ မျက်လုံးဥပါဒါရုပ်ကြောင့် ဆင်းရဲတယ်၊ နားကြောင့် ဆင်းရဲတယ်၊ နှာခေါင်းကြောင့် ဆင်းရဲတယ်၊ လျှာကြောင့် ဆင်းရဲတယ်၊ ကြည့်လေ ဘုန်းကြီးတို့အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေ ခုဆင်းရဲနေတာဟာ ရုပ်တရားတွေ နှိပ်စက်နေလို့မဟုတ်လား (မှန်ပါဘုရား)

အဲဒီ ရုပ်တရားတွေက အမျိုးမျိုး သူ့ရုပ်,ကိုယ့်ရုပ်၊ မိမိရုပ်ကလဲ မိမိကိုနှိပ်စက်တာဘဲ၊ သူတပါးရုပ်ကလဲ ကိုယ့်ကိုလာပြီး နှိက်စက်တာဘဲ၊ ဟုတ်လား (မှန်ပါ-ဘုရား)

သူ့ရုပ်ကလေး လှနေတာကို ကိုယ့်မျက်လုံး ရုပ်ကလေးက သွားတွေ့လိုက်တော့ ကြိုက်နှစ်သက်နေရော၊ မဟုတ်လား (မှန်ပါ)

နှစ်သက်နေမိပြီဆိုရင် သူပြောသမျှတွေ အကုန်ခံပြီးနေရအောင် နှိပ်စက်နေတော့တာဘဲ၊ အမျိုးမျိုးနှိပ်စက်နေတာကို မခံရဘူးလား (ခံရပါတယ် ဘုရား)

အဲဒီရုပ်တွေ နှိပ်စက်ပြီးနေကြသည်ဖြစ်သောကြောင့် သတ္တဝါတွေဟာ ရုပ်နှိပ်စက်တာတွေ ခံနေကြရတာကို မေ့လျော့ နေကြပြီး ကုသိုလ်ကောင်းမှုတွေကို သတိမရကြတာဟာ ဘယ်သူ့ကြောင့် (ရုပ်ကြောင့်ပါ ဘုရား)

ဒီရုပ်တွေက နှိပ်စက်နေလွန်းလို့ ဟုတ်လား၊ တော်တော်ကြာ ခေါင်းကိုက်နေပြန်ပြီ၊ တော်တော်ကြာ ဒူးခေါင်းနာနေပြန်ပြီ၊ ရုပ်တရားက နှိပ်စက်နေတာကြောင့် သူ့ကိုပြုပြင်နေရတာနဲ့ ကုသိုလ်ကောင်းမှုတွေ လုပ်ဖြစ်သေးသလား-(မလုပ်ဖြစ်ပါ ဘုရား)

ဘုရားရှိခိုးချိန် ဘုရားရှိမခိုးနိုင်ဘူး, တရားထိုင်ချိန် တရားမထိုင်နိုင်ဘူး, တရားအားထုတ်ချိန် တရားမထိုင်ရဘူး, တရားနာသွားချိန် တရားနာမသွားနိုင်ဘူး၊ ရုပ်က အေးလို့ မသွားပါနဲ့တဲ့၊ ဟုတ်လား (မှန်ပါ ဘုရား)

သူနှိပ်စက်နေတော့ ကုသိုလ်ကောင်းမှုတွေ မေ့မကုန်ဘူးလား (မေ့ကုန်ပါတယ် ဘုရား)

ပိဂ်ယတဲ့ ရုပ်တရားတွေရဲ့ ဖောက်ပြန်ခြင်း, ရုပ်တရားတွေရဲ့ နှိပ်စက်ခြင်း,ရုပ်တရားတွေရဲ့ ညှဉ်းဆဲခြင်းတို့ကြောင့် သတ္တဝါတွေ အမျိုးမျိုးပင်ပန်းဆင်းရဲပြီး ကုသိုလ်ကောင်းမှုတွေ မေ့လျော့ကုန်ကြရတယ်၊ ဒါကို သင်မြင်အောင်ကြည့်ပါတဲ့၊ ရုပ်တရားတို့ရဲ့ အာဒီနဝကို မြတ်စွာဘုရား ပြပေးနေတာဟုတ်လား (မှန်ပါဘုရား)

သူလျှောက်ထားတဲ့စကားက ဘုရားတပည့်တော်ရဲ့ ရုပ် အိုမင်းလှပါပြီ ဘုရား လို့ဆိုတော့ အိုမင်းလှပါပြီဆိုတဲ့စကားရဲ့ အစွန်းကလေးက ဘယ်သွားသလဲ ဆိုတော့ မအိုချင်ဘူးပေါ့ ဒီရုပ်ကို – ဆိုလိုတဲ့ အဓိပ္ပါယ်မဟုတ်လား (မှန်ပါ)

မနာချင်ဘူးပေါ့, မဖောက်ပြန်ချင်ဘူးပေါ့၊ မျက်လုံးတွေနားတွေ မကောင်း တော့ဘူးဘုရားလို့ ဆိုတဲ့စကားဟာ ဘာပြောသလဲ၊ မျက်လုံးကောင်းချင်တယ်, နားကောင်းချင်တယ်လို့ဆိုတဲ့ အဓိပ္ပါယ်ကိုဖော်ပြတာ။ တဏှာရဲ့သတ္တိကို ဖော်ပြ နေတာ၊ ဘယ့်နှယ်လဲ ဒကာကြီး, ဒကာမကြီး ဘယ့်နှယ်လဲလို့မေးရင် မပြော ပါနဲ့ဘုရား တနေ့မှကို နေလို့ကောင်းတယ်လို့ မရှိပါဘူး၊ မျက်လုံးကလဲ ဟိုတုန်း ကလို မကောင်းတော့ပါဘူး ဘုရားတဲ့၊ ဒါဘယ်ကပြောသလဲ (တဏှာက ပြော နေတာပါ ဘုရား)

ပေါ်ရဲ့လား (မှန်ပါ ဘုရား)

အဲဒီလို တဏှာကပြောနေသည်ဖြစ်သောကြောင့် ပိင်္ဂိယရသေ့ကြီးမှာ တဏှာ ကပ်နေတာကို မြတ်စွာဘုရား မသိဘူးလား (သိပါတယ် ဘုရား)

သူ စျာန်တော့ ရနေသားဘဲ (မှန်ပါ)

စျာန်ရပေမဲ့ သူ့မှာ တဏှာကပ်နေသည် ဖြစ်သောကြောင့် သံသရာထဲ လယ် အုံးမယ်ဆိုတာ မြတ်စွာဘုရား မသိဘူးလား (သိပါတယ်ဘုရား)

ခုဟာက ရုပ်ပေါ်မှာ စွဲလမ်းနှစ်သက်နေတာကို ကွာအောင်လို့ဆိုပြီးတော့ ရုပ်တရားရဲ့ အာဒီနဝတွေကို ဖော်ပြနေဘာနော် (မှန်ပါဘုရား)

ဒီတော့ ဒီရုပ်တရားဟာ ကိုယ်လား (မဟုတ်ပါဘုရား)

တနေ့က မောဃရာဇာကို ဟောခဲ့တဲ့ ရုပ်တရားဟာ—

"နာယံ ဘိက္ခဝေ တုမှာကံ"။

ချစ်သားတို့ အဲဒီ ရုပ်တရားဟာ သင်တို့လဲ မဟုတ်ဘူး, သင်တို့ဥစ္စာလဲ မဟုတ်ဘူးတဲ့၊ မဟောခဲ့ဘူးလား (ဟောခဲ့ပါတယ်ဘုရား)

ဒီတော့ အခု ပိင်္ဂိယ ရသေ့ကြီး ရနေတဲ့ မျက်စိတွေ ပြာနေပြီး, နားတွေ ထိုင်းနေပြီး, ခါးတွေ ကိုင်းပြီးတော့ မလုပ်နိုင် မကိုင်နိုင် ဖြစ်နေပြီဆိုတဲ့ ရုပ်တရား တွေဟာ သူ့ရုပ်လား (မဟုတ်ပါဘုရား)

အဲဒါကို သူက သူ့ရုပ်လို့ ထင်ပြီးတော့ နှစ်သက်နေတာကို မြတ်စွာဘုရားက ခွါချပေးချင်လို့ ရုပ်တရားရဲ့ အာဒီနဝကို ဖော်ပြပြီးတော့မှ—

"အပ္ပမတ္တော၊ လုံ့လမပေါ့ မမေ့မလျော့သည်ဖြစ်၍။ အပုနဗ္ဘဝါယ၊ တဖန် ဘဝသစ်၌ မဖြစ်ခြင်းငှါ။ ရူပံ၊ ရုပ်ကို။ ဇဟာထ၊ ပယ်စွန့်ပါလော့"။

အဲဒီ ရုပ်တရားကြီးကို ပယ်စွန့်လိုက်မယ် ဆိုရင် သင် စိတ်ချမ်းသာသွားလိမ့်မယ်၊ သင်အရဟတ္တဖိုလ်ပေါက် ရောက်သွားလိမ့်မယ်တဲ့ မြတ်စွာဘုရားက၊ ဟုတ်လား　(မှန်ပါဘုရား)

ဒါ ပါရာယနဝဂ်မှာ မြတ်စွာဘုရား ဒီအတိုင်းဘဲ အရဟတ္တဖိုလ်ပေါက်အောင် ဟောပေးလိုက်တာ။

ကိုင်း အဲဒီနေရာမှာ ရုပ်တရားကို ပယ်စွန့်ဘို့ဆိုတာနဲ့ ပတ်သက်ပြီးတော့ ဒီရုပ်ကြီးကို ဘယ်လိုလုပ်စွန့်ရမလဲ၊ မြတ်စွာဘုရားက "ဇဟာထ ရူပံ"တဲ့။ ရူပံ၊ ရုပ်တရားကို။ ဇဟာထ၊ ပယ်စွန့်ပါလော့"ဆိုတဲ့ တရားနဲ့ပတ်သက်ပြီးတော့ ဘုန်းကြီး ပါဠိတော်တခုကို ဒီနေရာမှာသွင်းပြီး ဟောပေးရမယ်၊ ရုပ်ကိုပယ်စွန့်ပါလို့ ပါရာယနဝဂ်မှာ ဒီလောက်ဘဲ ဟောထားတယ်၊ ဒီတော့ ဒီရုပ် ဘယ်လိုစွန့်မလဲ။

မျက်လုံးကို စွန့်ပါဆိုလို့ ဒီမျက်လုံး စွန့်ပစ်လိုက်ရမှာလား (မဟုတ်ပါဘုရား)

ရုပ်ကြီး စွန့်ပစ်ပါဆိုလို့ ကိုယ့်ရှိသရွေ့ ဒီခန္ဓာကိုယ်ကြီး အကုန်လုံး တခြားသွားပြီး လွှင့်ပစ်လိုက်ရတော့မှာလား　(မဟုတ်ပါဘုရား)

**ရုပ်သည် ကိုယ်မဟုတ်။**　။ဘယ်လို လုပ်ရမှာလဲ ဆိုတော့ မြတ်စွာဘုရားက ဝိပဿနာရှုကွက် ဖော်ပေးမယ်လို့။　န တုမှာက-သုတ္တန်လို့ မြတ်စွာဘုရား ဟောထားတာရှိတယ် သံယုတ်ပါဠိတော် န တုမှာကဝဂ်မှာ။ ကိုင်း အဲဒီ သုတ္တန် ဘုန်းကြီး အမြေဟောပေးဦးမယ် နော် (မှန်ပါ)

အကယ်၍ အဲဒီ သုတ္တန်ကို အမြေဟောပေးလို့မှ မရရင် နောက်တဆင့် ပိင်္ဂိယ မေးတာကို ဆက်ပြီးတော့ ဟောပေးမယ် ရုပ်ကို စွန့်ခြင်းအကြောင်းကို၊ ဘာပြောသလဲ ပါဠိတော်က—

ယံ ဘိက္ခဝေ န တုမှာကံ၊ တံ ပဇဟထ။

ဘိက္ခဝေ၊ ရဟန်းတော်များ အို့ချစ်သားတို့။ ယံ၊ အကြင် ဝတ္ထုပစ္စည်းသည်။ န တုမှာကံ၊ သင်တို့နဲ့ သင်တို့ဥစ္စာ မဟုတ်။ တံ၊ ထိုသို့ သင်တို့မဟုတ်, သင်တို့ဥစ္စာမဟုတ်တဲ့ ပစ္စည်းကို။ ပဇဟထ၊ ပယ်စွန့်ကြကုန်လော့။

ချစ်သားတို့တဲ့ အကြင်ဝတ္ထုပစ္စည်းတခုဟာ သင်လဲမဟုတ်ဘူး, သင်ရဲ့ဥစ္စာလဲ မဟုတ်ဘူး၊ အဲဒီတော့ အဲဒါကို သင် စွန့်ပစ်ပါတဲ့၊ ဟုတ်လား　(မှန်ပါ)

ကိဉ္စိ ဘိက္ခဝေ န တုမှာကံ။

ဘိက္ခဝေ၊ ရဟန်းတို့။ ကိဉ္စိ၊ အဘယ်သဘောသည်။ န တုမှာကံ၊ သင်တို့ဥစ္စာ မဟုတ်သနည်း။

သင်တို့လဲ မဟုတ်ဘူး, သင်တို့ဥစ္စာလဲ မဟုတ်ဘူးဆိုတာ ဘာလဲ။

ရူပံ ဘိက္ခဝေ န တုမှာကံ၊ တံ ပဇဟထ။

ဘိက္ခဝေ၊ ရဟန်းတော်များ အို ချစ်သားတို့။ ရူပံ၊ ဘူတရုပ်,ဥပါဒါရုပ် ဟု ဆိုတဲ့ ရုပ်တရားသည်။ န တုမှာကံ၊ သင်တို့လဲ မဟုတ်, သင်တို့ဥစ္စာ ပစ္စည်းလဲ မဟုတ်။ တံ၊ သင်တို့လဲမဟုတ်, သင်တို့ဥစ္စာလဲ မဟုတ်တဲ့ ထို ပစ္စည်းကို။ ပဇဟထ၊ ပယ်စွန့်ကြကုန်လော့။

ဘုန်းကြီးတို့ ပရိသတ် ကြည့်စမ်း၊ အဲဒီ နေရာလေးမှာ ဘူတရုပ်ကို အရင် ကြည့်ရအောင် နော်။ (မှန်ပါဘုရား)။

နှာခေါင်းထဲက ထွက်တဲ့လေ, နှာခေါင်းထဲ ဝင်တဲ့လေ ဘာရုပ်လဲ၊ ဘူတရုပ် ဝါယောလေဓာတ် ရုပ်ပရမတ္ထတရား၊ ဟုတ်လား။ (မှန်ပါဘုရား)။

အဲဒီ ဝါယောရုပ်ကို ဘုန်းကြီးတို့ ပရိသတ် ကြည့်စမ်း၊ ကိုယ် ဟုတ်ကဲ့လား။ (မဟုတ်ပါဘုရား)။

အဲဒီ ဝါယောရုပ်ဟာ သင်တို့ မဟုတ်ဘူးတဲ့ မြတ်စွာဘုရားက၊ ဝါယောရုပ် ဟာ ကိုယ်ဟုတ်ကဲ့လား။ (မဟုတ်ပါဘုရား)။

မိမိ ဟုတ်ကဲ့လား။ (မဟုတ်ပါဘုရား)။

ကြည့်, ကြည့်၊ ဒါဖြင့် အဲဒီ ဝါယောရုပ်ဟာ ကိုယ့်ပစ္စည်း ဟုတ်ကဲ့လား။ (မဟုတ်ပါဘုရား)။

ဒါကြောင့် အဲဒီ ဘူတရုပ်သည် သင်တို့မဟုတ်,သင်တို့ဥစ္စာမဟုတ်လို့ မြတ်စွာ ဘုရား ဟောတာ၊ မှန်ရဲ့လား။ (မှန်ပါဘုရား)။

ဟုတ်ကော ဟုတ်ကဲ့လား။ (ဟုတ်ပါတယ်ဘုရား)။

ယုံကော ယုံရဲ့လား။ (ယုံပါတယ်ဘုရား)။

မယုံရင် လုပ်ကြည့်စမ်း၊ နှာခေါင်းထဲက ထွက်တဲ့လေ, နှာခေါင်းထဲ ဝင်တဲ့ လေ, ဝါယောလေဓာတ် ရုပ်ပရမတ်တရားရဲ့ လှုပ်ရှားမှုကလေးဟာ ကိုယ်နဲ့ တူ သလား (မတူပါဘုရား)

ကိုယ်နဲ့ မတူရင် ကိုယ် ဟုတ်ပါ့မလား (မဟုတ်ပါဘုရား)

ကိုယ် သိမ်းထားတဲ့ ပစ္စည်းတွေနဲ့ကော တူရဲ့လား (မတူပါဘုရား)

ကိုယ့် မျက်မှန်ကလေး, ကိုယ့်အင်္ကျီကလေး, ကိုယ့် မော်တော်ကားကလေး, ကိုယ့်အိမ်, ကိုယ့်ယာ, ကိုယ့်ခြင်ထောင်ကလေး, ကိုယ့်ခေါင်းအုံးကလေး, ကိုယ့်သက်န်း, ကိုယ့်ပစ္စည်း ပရိက္ခရာတွေနဲ့ကော တူရဲ့လား (မတူပါဘုရား)

ကိုယ့်သား, ကိုယ့်သမီးနဲ့ကော တူရဲ့လား (မတူပါဘုရား)

ဒါဖြင့် အဲဒီ ဝါယောရုပ်ဟာ ကိုယ့်ဥစ္စာကော ဟုတ်ပါ့မလား (မဟုတ်ပါဘုရား)

**ရုပ်ကို စွဲသမ်းနေကြပုံ။** ။ကိုယ်မဟုတ်တဲ့, ကိုယ့်ဥစ္စာ မဟုတ်တဲ့ ဝါယောရုပ်ကို မြတ်စွာဘုရားက ဘာလုပ်ရမတဲ့လဲ၊ စွန့်ပစ်ရမယ်တဲ့။ ဘယ့်နှယ်လုပ် စွန့်ပစ်ရမလဲ၊ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများက အဲသလို ကိုယ်မဟုတ်, ကိုယ့်ဥစ္စာမဟုတ်တဲ့ ဝါယောချပ်ကို ဘယ်လို လုပ်ထားသလဲဆိုတော့——

"တံ မမ"။ တံ၊ ဤရုပ်သည်။ မမ၊ ငါ၏။ သန္တကံ၊ ဥစ္စာပစ္စည်းပါပေတည်း"လို့ ဒီလို စွဲထားတယ်။

"ဧသောဟမသ္မိ"။ ဧသော၊ ဤရုပ်သည်။ အဟံ၊ ငါသည်။ အသ္မိ၊ ဖြစ်၏။ ဒီလို စွဲထားတယ်၊ ဩြော်–ဒီရုပ်ဟာ ငါဘဲလို့ စွဲထားတယ်။ "အဒ္ဓယံ သမနုပဿတိ"လို့ ညက ပြောခဲ့ပြီနော်။

"ဧသော မေ အတ္တာ"။ ဧသော၊ ဤရုပ်သည်။ မေ၊ ငါ၏။ အတ္တာ၊ အနှစ်သာရ အားကိုးစရာဖြစ်တဲ့ အတ္တခေါ် သတ္တဝါရဲ့ အနှစ်တရားပါပေတည်း။ ဣတိ၊ ဤသို့။ သမနုပဿတိ၊ စွဲလမ်းသိမ်းပိုက်၍ထား၏။

**ရုပ်တရားကို ပယ်ရန်။** ။ဒီတော့ မြတ်စွာဘုရားက ဘယ့်နှယ်ဟောထားသလဲလို့ဆိုတော့ "ရုပ်ဟာ သင်တို့လဲ မဟုတ်ဘူး၊ သင်တို့ဥစ္စာလဲ မဟုတ်ဘူး"တဲ့၊ အဲဒါကြောင့် သင်တို့လဲမဟုတ်, သင်တို့ဥစ္စာလဲမဟုတ်တဲ့ ဒီရုပ်ကို သင်တို့က "ငါ့ဥစ္စာ, ငါ"လို့ထင်နေတဲ့ အထင်ကြီးကို စွန့်ပစ်ပါလို့ မြတ်စွာဘုရား ပြောတာ၊ ဟုတ်ပလား (ဟုတ်ပါတယ် ဘုရား)

တံ ဝေါ ပဟီနံ ဟိတာယ သုခါယ ဘဝိဿတိ။

တံ၊ သင်တို့လဲမဟုတ်, သင်တို့ဥစ္စာလဲမဟုတ်တဲ့ ရုပ်ကို။ ပဟီနံ၊ ပယ်နိုင်ကြကုန်သည်ရှိသော်။ ဝေါ၊ သင်တို့အား။ ဟိတာယ၊ စီးပွါးဖြစ်ခြင်းငှါ။ သုခါယ၊ နိဗ္ဗာန်ချမ်းသာကို ရခြင်းငှါ။ ဘဝိဿတိ၊ ဖြစ်ပေလတ့်။

"အဲဒီရုပ်တရားကို စွန့်နိုင်ရင် သင်တို့ နိဗ္ဗာန်ရရော"တဲ့ မြတ်စွာဘုရားက အရဟတ္တဖိုလ်ပေါက် ဟောလိုက်တယ်။

ဒါ-ပိင်္ဂိယလို့ခေါ်တဲ့ လူအိုနဲ့တန်တဲ့တရား၊ ဟုတ်လား (မှန်ပါဘုရား)

ရုပ်အနတ္တဖြစ်ပုံ ဥပမာ။ ။သေယျထာပိ ဘိက္ခဝေ ယံ ဣမသ္မိံ ဇေတဝနေ
တိဏကဋ္ဌသာခါပလာသံ၊ တံ ဇနော ဟရေယျဝါ၊
ဍဟေယျဝါ၊ ယထာပစ္စယံဝါ ကရေယျ၊ အပိနု တုမှာကံ ဧဝမဿ အမှေ
ဇနော ဟရတိဝါ ဍဟတိဝါ ယထာပစ္စယံဝါ ကရေယျ။

ချစ်သားတို့ ငါ ဥပမာတခုပြောမယ်တဲ့ မြတ်စွာဘုရားက—

ဘိက္ခဝေ၊ ရဟန်းတို့။ ဣမသ္မိံဇေတဝနေ၊ ဤဇေတဝန်ကျောင်းတိုက်၌။ ယံတိဏကဋ္ဌသာခါပလာသံ၊ အကြင် မြက်, ထင်း, သစ်ကိုင်း, သစ်ရွက်သည်။ အတ္ထိ၊ ရှိ၏။ တံ ထိုဇေတဝန်ကျောင်း၌ရှိသော မြက်,ထင်း,သစ်ခက်,သစ်ရွက်ကို။ ဇနော၊ သာဝတ္ထိပြည်သူ လူအပေါင်းက။ ဟရေယျဝါ၊ ဆောင်ယူမှုလည်း ဆောင်ယူငြားအံ့။ ဍဟေယျဝါ၊ မီးတိုက်မှုလည်း မီးတိုက်ငြားအံ့။ ယထာပစ္စယံ၊ အလိုရှိသလို။ ကရေယျဝါ၊ ပြုမှုလည်း ပြုငြားအံ့။

သာဝတ္ထိပြည်သူပြည်သားတွေက အဲဒီ ဇေတဝန်ကျောင်းတိုက်မှာရှိတဲ့ မြက်, ထင်း, သစ်ကိုင်း, သစ်ရွက်တွေကို လာပြီးတော့ အလိုရှိသလို ယူကြ ငင်ကြပြီး မီးနဲ့ ရှို့ကြရင်တဲ့—

တုမှာကံ၊ သင်တို့က။ အမှေ၊ ငါတို့ကို။ ဇနော၊ လူအပေါင်းသည်။ ဟရတိဝါ၊ ယူ၍လည်း သွားကြကုန်၏။ ဍဟတိဝါ၊ မီးဖြင့်လည်း ရှို့ကြကုန်၏။ ယထာပစ္စယံဝါ ကရောတီတိ၊ အလိုရှိသလိုလည်း ပြုကြကုန်၏ဟူ၍။ ဧဝံ၊ ဤသို့။ တုမှေ၊ သင်တို့က။ အပိနုအဿ၊ ဆိုကြမလား,ပြောကြမလား။

ချစ်သားတို့ ဇေတဝန်ကျောင်းတိုက်ထဲမှာရှိတဲ့ မြက်တွေ,ထင်းတွေ, အမှိုက်သရိုက်တွေကို လူတွေကလာပြီးတော့ ယူကြမယ်ဆိုရင်,မီးရှို့ကြမယ်ဆိုရင် အလိုရှိသလို လုပ်ကြမယ်ဆိုရင် သင်ချစ်သားတို့က ငါတို့ကို မြို့သူမြို့သားတွေက လာပြီးတော့ ယူကြတယ်၊ မီးတိုက်ကြတယ်,အလိုရှိသလို ပြုလုပ်ကြတယ်လို့ သင်တို့ ပြောပြမလားတဲ့၊ ဘယ့်နှယ်တုံး (မပြောပါဘုရား)

မပြောဘူးတဲ့ ရဟန်းတွေက "နော ဟေတံ ဘန္တေ၊ တံ ကိဿဟေတု၊ န ဟိ နော ဧတံ ဘန္တေ အတ္တာ ဝါ အတ္တနိယံ ဝါတိ"။

အရှင်ဘုရားတဲ့ ဘာဖြစ်လို့လဲဆိုတော့ အဲဒီ ဇေတဝန်ကျောင်းတိုက်ထဲမှာ ရှိတဲ့ မြက်တွေ,ထင်းတွေ, အမှိုက်တွေဟာ ဘုရားတပည့်တော်တို့လဲ မဟုတ်ဘူး, ဘုရားတပည့်တော်တို့ရဲ့ ဥစ္စာလဲ မဟုတ်ဘူး၊ အဲဒါကြောင့် သူတို့ အလိုရှိသလို ပြုလုပ်တာကို ကိုယ့်ကိုလုပ်တယ်လို့ မပြောပါဘူးတဲ့။ အဲဒီအတိုင်းဘဲတဲ့ ချစ်သားတို့။

**ဧဝမေဝ ခေါ ဘိက္ခဝေ ရူပံ န တုမှာကံ၊ တံ ပဇဟထ။ တံ ဝေါ ပဟီနံ ဟိတာယ သုခါယ ဘဝိဿတိ။**

အဲဒီအတိုင်းဘဲတဲ့ ရဟန်းတို့ ရုပ်တရားသည် သင်တို့လဲ မဟုတ်ဘူး, သင်တို့ ဥစ္စာလဲ မဟုတ်ဘူးတဲ့၊ အဲဒီလို သင်တို့လဲမဟုတ်, သင်တို့ဥစ္စာလဲမဟုတ်တဲ့ ရုပ်တရားတွေကို စွဲလမ်းနှစ်သက်ပြီးတော့နေတယ်ဆိုတာ ဘယ်လိုစွဲလမ်းသလဲ၊ ငါ့ ဥစ္စာလို့ စွဲနေတယ်, ငါလို့ စွဲနေတယ်,ငါ၏အတ္တလို့ စွဲနေတယ်-ဆိုတဲ့ အဲဒီအစွဲကို စွန့်ကြပါတဲ့ မြတ်စွာဘုရားက ဟောတယ်၊ နော်		(မှန်ပါ)

တံ၊ ထိုရုပ်တရားကိုစွဲနေတဲ့ အစွဲကို။ ပဟီနံ၊ ပယ်ကြကုန်သည်ရှိသော်။ ဝေါ၊ သင်ချစ်သားတို့အား။ ဟိတာယ၊ မဂ်ဆိုတဲ့စီးပွါးဖြစ်ခြင်းငှါ။ သုခါယ၊ နိဗ္ဗာန်ဆိုတဲ့ချမ်းသာခြင်းငှါ။ ဘဝိဿတိ၊ ဖြစ်ပေလိမ့်မယ်။

ကောင်းကျိုးကြီးရမယ်တဲ့၊ ဟုတ်လား		(မှန်ပါဘုရား)

**ပိဋကယတရားမရ။** ။အဲသလို ပိဋကယရသေ့ကြီးကို မြတ်စွာဘုရား ကိုယ်တော် မြတ်က အရဟတ္တဖိုလ်ပေါက် ရုပ်တရားကို စွန့်ဘို့ ဒီလို ဟောလိုက်တယ်။

ဒါပေမဲ့ ဘယ်လောက်ဘဲ ပိဋကယကိုဟောဟော ပိဋကယက နားမလည်ဘူး၊ အိုမင်းမစွမ်းရှိလို့၊ နားကလဲကောင်းကောင်းမကြားဘဲကိုး၊ ဟုတ်လား (မှန်ပါ ဘုရား)

ဆိုလိုတဲ့အဓိပ္ပါယ် အဋ္ဌကထာအာဘော်က ပိဋကယက အိုမင်းမစွမ်း ရှိနေလို့ မြတ်စွာဘုရားဟောတဲ့တရားကို သူကောင်းကောင်းနားမလည်ဘူးတဲ့၊ အရဟတ္တ ဖိုလ်ပေါက် ဟောတော်မူလိုက်တဲ့ ဒီသုတ္တန်ကို နာရပေမဲ့ ပိဋကယရသေ့ကြီး တရား မရဘူးတဲ့၊ နော်		(မှန်ပါဘုရား)

ဘယ့်နှယ်လုပ်ကြမလဲ ပရိသတ်တို့၊ အသက်ကလဲကြီး, ခါးတွေလဲကိုင်း, နား တွေကထိုင်းမို့ မြတ်စွာဘုရားကတော့ ကြိုးစားပြီးတော့ အရဟတ္တဖိုလ်ပေါက် ဟောလိုက်တာပေမဲ့ သူ တရားရရဲ့လား		(မရပါဘုရား)

ဟောတဲ့တရားကတော့ အရဟတ္တဖိုလ်ပေါက်ပဲ၊ ဟိုရှေး ပုဂ္ဂိုလ်တွေတုန်းက, အဇိတအစရှိတဲ့ပုဂ္ဂိုလ်တွေတုန်းကတော့ အရဟတ္တဖိုလ်ပေါက်တရား ဟောလိုက် ရင် တခါထဲ အရဟတ္တဖိုလ်ပေါက်ပြီးတော့ ရဟန္တာပုဂ္ဂိုလ်တွေ ဖြစ်သွားကြ တယ်။ ပိဋကယကြီးခမြာမှာ မြတ်စွာဘုရားကိုယ်တော်မြတ်က အရဟတ္တဖိုလ် ပေါက်တရားကို ဟောထားပေမဲ့ အရဟတ္တဖိုလ်ပေါက် ရဟန္တာပုဂ္ဂိုလ်အဖြစ် ရောက်သွားပလား		(မရောက်ပါဘုရား)

မရောက်ရှာသေးဘူးနော်		(မှန်ပါဘုရား)

ဘာဖြစ်လို့ အရဟတ္တဖိုလ်ပေါက် ရောက်မသွားသလဲဆိုတော့ အသက်ကြီးလို့ တဲ့အဋ္ဌကထာဆရာကြီးက။ ကဲ-မြတ်စွာဘုရားဟောတဲ့ တရားတွေကို နားထဲမှာ သူက ကောင်းကောင်းမွန်မွန် မကြားတချက်,ကြားတချက်, အဲဒီကြားထဲမှာလဲ သူက စိတ်တွေ တောင်ရောက် မြောက်ရောက် ဖြစ်နေသေးတယ်၊ ပိင်္ဂိယက တရား နာရင်း စိတ်တွေ တခြားရောက်နေတာကို ပြောတာပါ။ သူဟာ ဗျာနုလာဘီ ပုဂ္ဂိုလ်ကြီး၊ ဟုတ်လား (မှန်ပါ)။

ဘုန်းကြီးတို့ပရိသတ်က တရားနာနေတုန်း စိတ်က တခြားကို မရောက်ဘူး၊ ဟုတ်လား၊ (မှန်ပါဘုရား)။

ရောက်ပုံ မပေါ်ပါဘူး။

## ဒုတိယမေးမြန်းလျှောက်ထားချက်

အဲဒီလို ပိင်္ဂိယကြီး စိတ်တွေ တောင်ရောက်မြောက်ရောက်တော့ တရားမရ ဘူး၊ အဲဒီတော့ ပိင်္ဂိယကြီးက မြတ်စွာဘုရားကို ဒုတိယတဂါထာဖြင့် ထပ်ပြီး လျှောက်ထားပြန်တယ်၊ ဘယ်လိုလျှောက်ထားသလဲ ဆိုတော့—

**ဒိသာ စတဿော ဝိဒိသာ စတဿော၊**
**ဥဒ္ဓံ အဓော ဒသ ဒိသာ ဣမာယော။**
**န တုယှံ အဒိဋ္ဌံ အသုတံ အမုတံ၊**
**အထော အဝိညာတံ ကိဉ္စနံ မတ္ထိ လောကေ။**
**အာစိက္ခ ဓမ္မံ ယမဟံ ဝိဇညံ၊**
**ဇာတိဇရာယ ဣဓ ဝိပ္ပဟာနံ။**

ဘန္တေ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နဲ့ ပြည့်စုံတော်မူသော မြတ်စွာ ဘုရား။ ဘဂဝါ၊ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ လောကေ၊ လောကကြီး၌။ ဒိသာစတဿော၊ အရှေ့ အနောက် တောင် မြောက်လို့ဆိုတဲ့ အရပ်လေးမျက်နှာတို့ငှင်း။ ဝိဒိသာစတဿော၊ အရှေ့တောင်ထောင့်, အရှေ့ မြောက်ထောင့်, အနောက်တောင်ထောင့်, အနောက်မြောက်ထောင့်လို့ ဆိုတဲ့ အထောင့် အရပ် လေးမျက်နှာတို့ငှင်း။ ဥဒ္ဓံ၊ အထက်အရပ်ငှင်း။ အဓော၊ အောက်အရပ်ငှင်း။ ဒသဒိသာဣမာယော၊ ဤအရပ်ဆယ်မျက်နှာတို့၌။ တုယှံ၊ အရှင်ဘုရားတို့အား။ အဒိဋ္ဌံ၊ မမြင်သော။ အသုတံ၊ မကြားသော။ အမုတံ၊ မတွေ့သော။ အထော၊ ထိုမှတပါး။ အဝိညာတံ၊ မသိသော။ ကိဉ္စနံ၊ တစုံတခု သော တရားသည်။ နတ္ထိ၊ မရှိပါ။ ဣဓ၊ ဤအရှင်ဘုရား၏ ခြေတော်ရင်း၌။ ဇာတိဇရာယ၊ ပဋိသန္ဓေနေခြင်း, အိုခြင်းကို။ ဝိပ္ပဟာနံ၊ ပယ်စွန့်ရာဖြစ်သော။ ယံ ဓမ္မံ၊ အကြင်နိဗ္ဗာန်နဲ့ နိဗ္ဗာန်ရောက်ကြောင်း တရားတော်ကို။ အဟံ၊ ဘုရား

တပည့်တော်သည်။ ဝိဇညံ၊ သိနိုင်ရာလောက်ပါ၏။ တံ ဓမ္မံ၊ ထိုတရားတော်မြတ်ကို။ အာစိက္ခ၊ ဟောကြား၍ ပေးတော်မူပါဘုရား။

**ဂါထာအဓိပ္ပါယ်။** ။အရှင်ဘုရားတဲ့ ထပ်ပြီးတော့လျှောက်တယ်၊ စကားကတော့ ဒီစကားဘဲ၊ အရပ်ဆယ်မျက်နှာမှာ အရှင်ဘုရား မသိတာ, မမြင်တာ, မတတ်တာ, မကြားတာ ဘာမှမရှိပါဘူးတဲ့၊ အားလုံး အရှင်ဘုရား သိပြီးသားဖြစ်ပါတယ်။ ဒီတော့ အရှင်ဘုရားရဲ့ ခြေတော်ရင်းမှာဘဲ ဘုရားတပည့်တော် ပဋိသန္ဓေနေခြင်း, အိုခြင်းကို လွန်မြောက်နိုင်တဲ့ တရားကို နာပါရစေ၊ ဟောကြားပေးတော်မူပါဘုရားလို့ ထပ်ပြီးတော့ လျှောက်ထားလိုက်တယ်။

## ဒုတိယ အဖြေတရားတော်

ဒီတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဒီတချီတော့ ဘာတွေဟောပေးလိုက်သလဲဆိုတော့ ရုပ်ကို ဟောမပေးတော့ဘူး၊ နော်၊ (မှန်ပါဘုရား)။

ဘာ ဟောပေးလိုက်သလဲ ဆိုတော့—

**တဏှာဓိပန္နေ မနုဇေ ပေက္ခမာနော၊ သန္တာပဇာတေ ဇရသာ ပရေတေ။**
**တသ္မာ တုဝံ ပိင်္ဂိယ အပ္ပမတ္တော၊ ဇဟဿု တဏှံ အပုနဗ္ဘဝါယ။**

ပဌမအဖြေတရားတော်က "ရုပ်ကြီးကို စွန့်ပစ်လိုက်ရမယ်"ဆိုတော့ သူ့စိတ်ထဲ ဇဝေဇဝါ ဖြစ်သွားတယ်၊ မဟုတ်လား (မှန်ပါ)။

ဒီတော့ မြတ်စွာဘုရားက တဏှာကို အစွန့်ခိုင်းလိုက်ပြန်တယ်။

ပိင်္ဂိယ၊ ပိင်္ဂိယဟု နာမတွင်ပေ့ အိုရသေ့။ တဏှာဓိပန္နေ၊ တဏှာဖြင့် လွှမ်းမိုးနှိပ်စက်ခြင်းကိုခံ၍ နေကြရကုန်သော။ သန္တာပဇာတေ၊ ပဋိသန္ဓေနေခြင်း အစရှိကုန်သော မီးအပေါင်းတို့ဖြင့် လောင်မြိုက်ခြင်းကို ခံ၍ နေကြရကုန်သော။ ဇရသာ၊ အိုခြင်းဖြင့်။ ပရေတေ၊ နှိပ်စက်ခြင်းကို ခံ၍ နေကြရကုန်သော။ မနုဇေ၊ လူအပေါင်းတို့ကို။ ပေက္ခမာနော၊ သင် မြင်၍နေရသည်။ အသိ၊ ဖြစ်ပေ၏။

ပုဏ္ဏားကြီးတဲ့ တဏှာလွှမ်းမိုးနှိပ်စက်ခြင်းကို ခံရသည်ဖြစ်သောကြောင့် ပဋိသန္ဓေနေရတဲ့မီး, နာရတဲ့မီး, သေရတဲ့မီး, သော:က ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသလို့ဆိုတဲ့ အဲဒီ စိုးရိမ်ပူဆွေးရခြင်းဆိုတဲ့ မီးတွေ တောက်လောင်ခြင်းကို ခံရတဲ့, အိုခြင်းဖြင့် နှိပ်စက်ခြင်းကို ခံနေရတဲ့ သတ္တဝါတွေကို သင် မြင်နေရတယ် မဟုတ်လား၊ အဲဒီလက်ချက်က ဘယ်သူလုပ်ပေးထားသလဲဆိုတော့ တဏှာတဲ့။ ဒီရုပ်ကြီးရအောင် ဘယ်သူလုပ်ပေးသလဲ (တဏှာပါဘုရား)။

တသ္မာ၊ ထိုကြောင့်။ ပိင်္ဂိယ၊ ပိင်္ဂိယ။ တွံ၊ သင်သည်။ အပ္ပမတ္တော၊ လုံ့လမပေါ့ မလျော့သော သတိရှိသည်ဖြစ်၍။ အပုနဗ္ဘဝါယ၊ တဖန်ဘဝ သစ်၌ မဖြစ်ခြင်းငှါ။ တဏှံ၊ ရူပ,သဒ္ဒ-စသည်ထွေပြား အာရုံများကို နှစ်သက် တွယ်တာတတ်တယ်ဆိုတဲ့ တဏှာတရားကို။ ဇဟဿု၊ ပယ်စွန့်လိုက်လေလော့။ ဣတိ၊ ဤသို့။ သတ္ထာ၊ လူနတ်တို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည်။ ပိင်္ဂိယံ၊ ပိင်္ဂိယဟု နာမတွင်ပေ ပုဏ္ဏားအိုရသေ့ကို။ ဗျာကရောတိ၊ အမေးပုစ္ဆာကို ဖြေဆိုသောအားဖြင့် ဟောကြားတော် မူပါ ပေသတည်း။

သာဓု သာဓု သာဓု

## ဒုတိယအဖြေတရားတော် အစိပ္ပါယ်

**တဏှာကြောင့် ဒုက္ခဖြစ်ပုံ။** ။အဲဒီကျတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဘာဟောပေးလိုက်သလဲဆိုတော့၊ တဏှာကို စွန့်ပါလို့ ဒီလို ဟောပေးလိုက်တယ်၊ နော် (မှန်ပါ)။

တဏှာလို့ဆိုတာ ဆန္ဒနဲ့ရာဂဘဲ၊ ဘာနဲ့ ဘာတဲ့လဲ (ဆန္ဒနဲ့ရာဂပါဘုရား)။

ဆန္ဒရာဂပဟာနံ=ဆန္ဒရာဂကို ပယ်စွန့်ပါတဲ့၊ နော် (မှန်ပါ)။

ဘယ်အပေါ်မှာ ပယ်စွန့်ရမလဲလို့ဆိုတော့ ရုပ်ပေါ်မှာ နှစ်သက်တယ်ဆိုတဲ့ ဆန္ဒရာဂကို ပယ်စွန့်ရမယ်၊ ဘာပြုလို့လဲဆိုတော့ မြတ်စွာဘုရား ကိုယ်တော် မြတ်က ဒီသံယုတ်ပါဠိတော်ကြီးမှာဘဲ အဘိနန္ဒနသုတ်လို့ဆိုတာ ဟောထား တာရှိတယ်။

ယော ဘိက္ခဝေ ရူပံ အဘိနန္ဒတိ၊ ဒုက္ခံ သော အဘိနန္ဒတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ယော၊ အကြင်သူသည်။ ရူပံ၊ ရုပ်တရားကို။ အဘိနန္ဒတိ၊ အလွန်နှစ်သက်၏။ သော၊ ထိုရုပ်တရားကို အလွန်နှစ်သက်နေ သောသူသည်။ ဒုက္ခံ ဆင်းရဲကို။ အဘိနန္ဒတိ၊ အလွန်နှစ်သက်သည်မည်၏။

ဘုန်းကြီးတို့ အမျိုးကောင်းသား, သမီးတွေ ဒီ ဘူတရုပ်,ဥပါဒါရုပ်တွေကို နှစ်သက်နေသလား, နှစ်သက်မနေဘူးလား (နှစ်သက်နေပါတယ်ဘုရား)

မျက်လုံးကလေးများကို မနှစ်သက်ဘူးလား (နှစ်သက်ပါတယ်ဘုရား)

အဲဒါ ဘာကိုနှစ်သက်နေတာလဲ၊ ဥပါဒါရုပ်ကို နှစ်သက်နေတာ၊ နော် (မှန်ပါ)

နှာခေါင်းထဲက ထွက်လေဝင်လေကို နှစ်သက်မနေဘူးလား (နှစ်သက်နေ ပါတယ်ဘုရား)

ဘူတရုပ်ကို နှစ်သက်နေတယ်၊ နော်　　(မှန်ပါ)

အဲဒီလို ရုပ်ကို နှစ်သက်နေတဲ့ သူဟာ ဘာကို နှစ်သက်နေတာနဲ့ တူသလဲလို့ ဆိုတော့။

"ဒုက္ခံ သော အဘိနန္ဒတိ" သော၊ ထိုရုပ်ကို နှစ်သက်နေတဲ့ သူသည်။ ဒုက္ခံ၊ ဆင်းရဲကို။ အဘိနန္ဒတိ၊ နှစ်သက်သည်မည်လေတော့၏။

ရုပ်တို့ဆိုတာ သုခလား, ဒုက္ခလား　　(ဒုက္ခပါဘုရား)

ရူပက္ခန္ဓာဆိုတာ ဒုက္ခလား, သုခလား　　(ဒုက္ခပါဘုရား)

ဘာဖြစ်လို့ ဒုက္ခလဲ၊ ကပ်ပြီးတော့ နှိပ်စက်တဲ့အတွက် ဒုက္ခ၊ ဟုတ်ပလား။ (မှန်ပါဘုရား)

ဘာက ကပ်ပြီး နှိပ်စက်သလဲ၊ ဘယဋ္ဌဒုက္ခက။ ဘယ်လိုကပ်ပြီး နှိပ်စက်နေသလဲ။

"ယံ ရူပံ, အနိစ္စံ၊ ယဒနိစ္စံ, တံ ဒုက္ခံ"။

ယံ ရူပံ၊ အကြင်ရုပ်သည်။ အနိစ္စံ၊ ကုန်တဲ့ပျောက်တဲ့သဘောရှိ၏။ တံ၊ ထိုကုန်ခြင်းပျောက်ခြင်းသည်။ အနိစ္စံ၊ အနိစ္စမည်၏။ ယံ အနိစ္စံ၊ အကြင် ကုန်တယ် ပျောက်တယ်ဆိုတဲ့ သဘောသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုကုန်ခြင်း ပျောက်ခြင်းဆိုတဲ့ ရုပ်တရားသည်။ ဒုက္ခံ၊ ဘယဋ္ဌဒုက္ခမည်၏။

ကုန်တဲ့ပျောက်တဲ့သဘောသည် နှိပ်စက်သည်ဖြစ်သောကြောင့် ဒီရုပ်တရား ဘာတဲ့လဲ　　(ဒုက္ခပါဘုရား)

ပြောခဲ့တဲ့လေ၊ ညတိုင်းညတိုင်း ပြောနေတဲ့ဥစ္စာ၊ အနိစ္စဆိုတာ ဘယ်သူ့ကို ခေါ်သလဲ၊ အနိစ္စဆိုတာ ရူပက္ခန္ဓာကိုခေါ်တယ်။ ခုဟောနေတဲ့ တရားအတိုင်း ဆိုရင် ရူပက္ခန္ဓာကို ဘာလို့ခေါ်သလဲ　(အနိစ္စလို့ခေါ်ပါတယ်ဘုရား)

ဘာဖြစ်လို့ ရူပက္ခန္ဓာကို အနိစ္စလို့ခေါ်သလဲ၊ ကုန်တဲ့ပျောက်တဲ့သဘောရှိလို့၊ အဲဒီ ကုန်တဲ့ပျောက်တဲ့သဘောဟာ ဒုက္ခလား၊ သုခလား　(ဒုက္ခပါဘုရား)

ကုန်တာပျောက်တာဟာ ဘယ်သူလဲ၊ လူလား၊ ရုပ်လား　(ရုပ်ပါဘုရား)

ဒါဖြင့် ဒီရုပ်သည် ဒုက္ခလား၊ သုခလား　　(ဒုက္ခပါဘုရား)

အဲဒီ ရုပ်ကို နှစ်သက်နေတဲ့ ပုဂ္ဂိုလ်သည် ရုပ်ကို နှစ်သက်သလား၊ ဒုက္ခကို နှစ်သက်သလား　　(ဒုက္ခကိုပါဘုရား)

ကဲ ဘုန်းကြီးတို့ ပရိသတ် စဉ်းစားကြည့် "ငါ ဘယ်လိုလူလဲ"လို့၊ သရုပ်ပေါ် မလာဘူးလား (ပေါ်ပါတယ်ဘုရား)

ဒုက္ခကို ဘယ်လောက်ကြိုက်နေသလဲ, ဒုက္ခကို ဘယ်လောက်နှစ်သက်နေသလဲ ဘယ်လောက် အလိုရှိနေသလဲ၊ ကြည့်၊ ဟုတ်လား (မှန်ပါ)

**တဏှာရှိကနိဗ္ဗာန်မရ။** ။နှစ်သက်ပြီနော်၊ ဘုရားက ရှေ့ဆက်ပြီး ဟောလိမ့်မယ်။

"**ယော ဒုက္ခံ အဘိနန္ဒတိ**"။ ယော၊ ရဟန်းရှင်လူ မည်သူမဆို အကြင်ပုဂ္ဂိုလ်သည်။ ဒုက္ခံ၊ ရုပ်ဆိုတဲ့ဒုက္ခကို။ အဘိနန္ဒတိ၊ နှစ်သက်၏။ သော၊ ထို ရုပ်ဆိုတဲ့ ဒုက္ခကို နှစ်သက်နေတဲ့ပုဂ္ဂိုလ်သည်။ "**အပရိမုတ္တော သော ဒုက္ခသ္မာတိ ဝဒါမိ**"။ ဒုက္ခသ္မာ၊ ရုပ်ဆိုတဲ့ ဆင်းရဲဒုက္ခမှ။ အပရိမုတ္တောတိ၊ မလွတ်မြောက်နိုင်ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။

ဘယ်တော့ ဒုက္ခက လွတ်မလဲ (မလွတ်ပါဘုရား)

လွတ်ပါဦးမလား၊ နိဗ္ဗာန်ဆိုတာ ဒုက္ခကလွတ်တာကို နိဗ္ဗာန်လို့ခေါ်တယ်၊ ဒီရုပ်ကို ဒီလောက်နှစ်သက်နေရင် ဘယ်တော့ ဒီနိဗ္ဗာန်ကိုရောက်မလဲ (မှန်ပါ)

ကိုင်း ဘုန်းကြီးတို့ ပရိသတ် ဘယ်လိုလုပ်ကြမလဲ။ အဲဒီရုပ်ကို နှစ်သက်နေတယ်ဆိုတာ ဘာဖြစ်လို့လဲ၊ ဖြစ်တာနဲ့ပျက်တာကို မမြင်လို့၊ ဟုတ်လား၊ (မှန်ပါဘုရား)

ဒီတော့ ဝိပဿနာတရားကို နာနာအားထုတ်ပေးရမယ်။

**တဏှာကိုစွန့်ပယ်ရန်။** ။ပိင်္ဂိယကြီးကို အဲသလို ဟောလိုက်တဲ့အခါကျတော့ ပိင်္ဂိယက "ြော် ဒီရုပ်တရားက ဒီလောက်ဆင်းရဲ ပင်ပန်းပြီးတော့ တုန်တုန်ခိုက်ခိုက်နဲ့ မျက်လုံးတွေပြာ၊ နားတွေထိုင်း၊ ခါးတွေကိုင်းအောင်, ဒီလောက် ဆင်းရဲပင်ပန်းပြီးတော့ အားခွန်ဗလတွေနဲ့အောင် ညှဉ်းဆဲနှိပ်စက်နေတယ်"လို့ သိသွားတယ်။

ဒီရုပ်ကို ဘယ်သူထိန်းသလဲလို့ ပြန်ကြည့်လိုက်တော့ တဏှာ၊ ဒီတော့ ရုပ်ကို စွန့်ရမလား၊ တဏှာကိုစွန့်ရမလား။ (တဏှာကို စွန့်ရပါမယ်ဘုရား)

ရုပ်ကို စွန့်ပြီးတော့ တဏှာကို မစွန့်ရင် နောက် ဒီရုပ်မျိုး ပြန်မရဘူးလား (ပြန်ရပါတယ်ဘုရား)

ပြီးတော့ တဏှာကိုစွန့်လိုက်ရင် နောက် ဒီရုပ်မျိုးပြန်ရဦးမလား၊ (ပြန်မရတော့ပါ ဘုရား)

ဒီတော့ တဏှာက ဘယ်မှာလဲလို့ဆိုတော့ ဒီရုပ်ကြီးကို နှစ်သက်နေတာဟာ တဏှာ၊ ဒီရုပ်ပေါ်မှာဘဲ တဏှာက နှစ်သက်နေတာ၊ ဟုတ်လား (မှန်ပါဘုရား)

ဒီတော့ မြတ်စွာဘုရားက တဏှာကိုစွန့်ပါလို့ ဘယ်လိုဟောထားသလဲ ပါဠိတော်မှာ—

"ယော စ ခေါ ဘိက္ခဝေ ရူပံ နာဘိနန္ဒတိ၊ ဒုက္ခံ သော နာဘိနန္ဒတိ"။

ဘိက္ခဝေ၊ ရဟန်းတို့။ စ ခေါ၊ စင်စစ်သော်ကား။ ယော၊ အကြင်သူသည်။ ရူပံ၊ ရုပ်ကို။ နာဘိနန္ဒတိ၊ မနှစ်သက်။ ဘုန်းကြီးတို့ ပရိသတ် ရုပ်ကို နှစ်သက်သလား၊ မနှစ်သက်ဘူးလား　(မနှစ်သက်ပါဘုရား)

ခုနက အနိစ္စ, ဒုက္ခလို့ မြင်နေတဲ့ရုပ်ကို နှစ်သက်အုံးမလား　(မနှစ်သက်ပါဘုရား)

သော၊ ထိုသူသည်။ ဒုက္ခံ၊ ဆင်းရဲကို။ နာဘိနန္ဒတိ၊ မနှစ်သက်။

ရုပ်ကို မနှစ်သက်တဲ့ ပုဂ္ဂိုလ်ဟာ ဒုက္ခကို နှစ်သက်ပါဦးတော့မလား　(မနှစ်သက်တော့ပါဘုရား)

"ယော ဒုက္ခံ နာဘိနန္ဒတိ၊ ပရိမုတ္တော သော ဒုက္ခသ္မာတိ ဝဒါမိ"။

ယော၊ အကြင်သူသည်။ ဒုက္ခံ၊ ဆင်းရဲကို။ နာဘိနန္ဒတိ၊ မနှစ်သက်။ သော၊ ထိုဒုက္ခကို မနှစ်သက်တဲ့သူသည်။ ဒုက္ခသ္မာ၊ ဆင်းရဲမှ။ ပရိမုတ္တောတိ၊ လွတ်မြောက်၏ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ကောင်းစွာမသွေ ဟောကြားတော်မူပါပေသတည်း။

သာဓု သာဓု သာဓု

**တဏှာကွာသွားပုံ။**　။မြတ်စွာဘုရားက ပိဋကယရသေ့အိုကြီးကို ဒီလောက်တိုတို ကလေး ဟောပေးလိုက်တယ်။

ချစ်သားတို့ ရုပ်ကို နှစ်သက်တဲ့လူဟာ ဆင်းရဲကို နှစ်သက်တဲ့ လူချည်းဘဲ၊ ဆင်းရဲကို နှစ်သက်တဲ့လူဟာ ဘယ်တော့မှ ဆင်းရဲမှ မလွတ်ဘူးတဲ့။ သင် ခု ဆင်းရဲနေတာဟာ ရုပ်ကို နှစ်သက်နေလို့ ဆင်းရဲက မလွတ်တာဘဲလို့ ဟောပေးလိုက်တယ်၊ ဟုတ်လား　(မှန်ပါ)

အကြင်သူသည် ရုပ်ပေါ်မှာ အနိစ္စအချက်, ဒုက္ခအချက်, ဝိပရိဏာမအချက်တွေကို မြင်တဲ့အတွက် ရုပ်ကို မနှစ်သက်ဘူးတဲ့၊ ထိုသူသည် ဆင်းရဲကို မနှစ်သက်တဲ့လူ မည်တယ်-တဲ့။ တဏှာ ကွာမသွားဘူးလား　(ကွာသွားပါတယ်ဘုရား)။

ဆင်းရဲကို မနှစ်သက်တဲ့လူသည် ဆင်းရဲကလွတ်တယ်လို့ ဆိုပြီးတော့ အရဟတ္တဖိုလ်ပေါက် အဲဒီလို ဟောကြားလဲပေးလိုက်ရော ပိင်္ဂိယရသေ့ကြီး သဘောကျပြီးတော့—

"ဒေသနာပရိယောသာနေ ပိင်္ဂိယော အနာဂါမိဖလေ ပတိဋ္ဌာတိ။

ပိင်္ဂိယရသေ့ကြီး အနာဂါမ်ဖြစ်သွားပြီ၊ ဟုတ်လား (မှန်ပါဘုရား)။

အနာဂါမ်ပုဂ္ဂိုလ်ကြီး ဖြစ်သွားပြီး၊ ရဟန္တာတော့မဖြစ်ဘူး၊ မြတ်စွာဘုရား ဟောပေးတာက အရဟတ္တဖိုလ်ပေါက် ဟောပေးတယ်။ ဟုတ်လား (မှန်ပါ)။

**စိတ်ပျံ့လွင့်က တရားမရ။** ။သူက ဘယ်လောက်သာ သိသလဲ၊ အနာဂါမ်လောက်သာ သိတယ်၊ အရဟတ္တမဂ် မရဘူးတဲ့၊ ဘာဖြစ်လို့လဲ၊ "အန္တရန္တရာ"တဲ့။ အဲဒီလို မြတ်စွာဘုရား ဟောနေတဲ့ တရားရဲ့ အကြားအကြားမှာ သူ့စိတ်ထဲ ဘယ့်နှယ်ဖြစ်နေသလဲဆိုတော့—

စေ၀ံ ဝိစိတြပဋိဘာနံ နာမ ဒေသနံ န လဘိ မယှံ မာတုလော ဗာဝရီ သဝနာယ။

စေ၀ံဝိစိတြပဋိဘာနံနာမ၊ ဒီလို ခမ်းခမ်းနားနား ဆန်းဆန်းကြယ်ကြယ် ဟောကြားတော်မူတဲ့ တရားဒေသနာမည်သည်ကို။ မယှံ၊ ငါ၏။ မာတုလော ဗာဝရီ၊ ဦးကြီးဖြစ်တဲ့ ဗာဝရီ ပုဏ္ဏားကြီးသည်။ သဝနာယ၊ နာကြားခြင်းငှါ။ န လဘိ၊ အခွင့်မရရှာလေ။

ဒီလောက်ကောင်းတဲ့တရားတွေ ငါ့ဦးကြီးဖြစ်တဲ့ ဗာဝရီ ပုဏ္ဏားကြီး မနာယူရလေခြင်းတဲ့၊ အဲဒီ ဗာဝရီပုဏ္ဏာကြီးက ဘယ်မှာကျန်ရစ်သလဲလို့ဆိုတော့ အဿကတိုင်း မူဠကတိုင်း နှစ်ခုတို့ရဲ့အကြားက ဂေါဓာဝရီမြစ်ရဲ့ အလယ်ကျွန်းမှာ ကျန်ရစ်ခဲ့တယ်၊ ဒီလောက်ကောင်းတဲ့ တရားတွေကို ငါ့ဦးကြီးဖြစ်တဲ့ ဗာဝရီ ပုဏ္ဏားကြီး မကြားနာရလေခြင်းလို့ တရားနာနေရင်းက တရားကကောင်းလေ သူ့ဦးကြီးဆီ စိတ်ကရောက်လေလေ၊ ဟုတ်လား (မှန်ပါဘုရား)

ဘုန်းကြီးတို့ပရိသတ် အဲသလို မဖြစ်ဘူးဘူးလား (ဖြစ်ဘူးပါတယ်ဘုရား)။

တရားနာလို့ ကောင်းလေ ကိုယ့်မိတ်ဆွေတွေ သတိရလို့ နာစေချင်လေလေ၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား)။

ဩော်– ဆရာတော်ဟောနေတဲ့တရား (ဘုန်းကြီးကို ပြောတာမဟုတ်ဘူးနော်)တွေ ကောင်းလိုက်တာ၊ ဘယ်က ငါ့ဦးကြီး နာစေချင်လိုက်တာ, ဘယ်က ငါ့အဒေါ် နာစေချင်လိုက်တာလို့ ဒီလိုဟာတွေ ဖြစ်မနေဘူးလား (ဖြစ်ပါတယ်ဘုရား)။

အဲသလိုဆိုရင် ဒီပုဂ္ဂိုလ် တရားရပါ့အုံးတော့မလား (မရတော့ပါဘုရား)။

ရတောင် တဝက်လောက်ဘဲရမယ်၊ ပိင်္ဂိယရသေ့ ပုဏ္ဏားအိုကြီး ဘယ့်နှယ် ဖြစ်နေသလဲလို့ဆိုတော့ "ငြွေ ဒီလောက်ကောင်းတဲ့ တရားတော်တွေ ငါ့ဦး ကြီးဖြစ်တဲ့ ဗာဝရီပုဏ္ဏားကြီး မနာကြားရလေခြင်း"လို့ အဲဒီလို အကြား အကြားမှာ ဗာဝရီ ပုဏ္ဏားကြီးကို တရားနာစေလိုတဲ့ စိတ်တွေက ပွံ့ပွံ့ပြီး လွင့်နေသည် ဖြစ်သောကြောင့် ပိင်္ဂိယလို့ခေါ်တဲ့ ပုဏ္ဏား ရသေ့အိုကြီးဟာ မြတ်စွာဘုရားက အရဟတ္တဖိုလ်ပေါက် ဟောပေတဲ့ အနာဂါမ် ပုဂ္ဂိုလ်လောက် သာ တည်တယ့် တရားဆုံးတော့၊ဟုတ်လား (မှန်ပါ)။

သူ့တပည့်တွေက ဘာတွေ ဖြစ်ကုန်သလဲလို့ဆိုတော့ ပိင်္ဂိယရသေ့ကြီးရဲ့ တပည့်ပေါင်းတထောင်က အကုန်လုံး အရဟတ္တဖိုလ်ပေါက် ရဟန္တာတွေ ဖြစ် ကုန်ကြတယ်၊ ကိုင်း ပါရာယနဝဂ် ဒေသနာတော်ကြီး အဲဒီနေရာမှာ ပြီးဆုံး သွားပြီ။

ပိင်္ဂိယသုတ္တန်တရားတော် ပြီးပြီ။

ပါရာယနဝဂ် ပါဠိတော်ဟောစဉ်

# ပါရာယနတ္ထုတိဂါထာ တရားတော်

## ပါရာယနတရားတော်များ ဖြစ်ပေါ်လာပုံ

အဇိတ-စတဲ့ ပုဏ္ဏား တဆယ့်ခြောက်ယောက်တို့ရဲ့ အမေးရော အဖြေပါ အားလုံးကို အကျယ်ချဲ့ပြီး ဟောပြော၍ ပြီးဆုံးသွားပြီ၊ ပြီးဆုံးသွားတော့ ရှေ့ဘာဆက်ဟောရမလဲ၊ **ပါရာယနတ္ထုတိဂါထာ**တဲ့၊ ဟုတ်လား (မှန်ပါဘုရား)။

အဲဒီ ပါရာယနတ္ထုတိဂါထာက ဂါထာပေါင်း ခုနစ်ဂါထာ ရှိတယ်၊ ခုနစ်ဂါထာမှာ နှစ်ဂါထာက အဲဒီပုဏ္ဏားတွေရဲ့ နာမည်တွေကို ပြန်ပြောတာ၊ ကျန်တာ ပါရာယနတရားတော်ကို ချီးကျူးထားတဲ့ ဂါထာပေါင်းက ငါးဂါထာ ရှိတယ်၊ ဟုတ်လား (မှန်ပါ)။

ကိုင်း အဲဒီ ထုတိဂါထာကို ဟောကြရအောင်၊ ပါရာယနဝဂ်တော့ ပြီးသွားပြီနော်၊ (မှန်ပါဘုရား)။

ပိင်္ဂိယရသေ့ကြီး ဘာဖြစ်သွားသလဲ (အနာဂါမ်ဖြစ်သွားပါတယ်ဘုရား)။
သူ့တပည့် တထောင်ကတော့—(ရဟန္တာဖြစ်သွားပါတယ်ဘုရား)။

**တရားနာသူများ။** ။ဣဒမဝေါစ ဘဂဝါ မဂဓေသု ဝိဟရန္တော ပါသာဏကေ စေတိယေ၊ ပရိစာရကသောဠသန္နံ ဗြာဟ္မဏာနံ အဇ္ဈိဋ္ဌော ပုဋ္ဌော ပုဋ္ဌော ပဉှံ ဗျာကာသိ။

ဘဂဝါ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်။ ဣဒံသုတ္တံ၊ ဤပါရာယနဝဂ်၌လာတဲ့ သုတ္တန်ပေါင်း တဆယ့်ခြောက်ခုကို။ မဂဓေသု၊ မဂဓတိုင်းတို့၌။ ပါသာဏကေ စေတိယေ၊ ပါသာဏကနတ်ကွန်း၌။ ဝိဟရန္တော၊ သီတင်းသုံးနေတော်မူစဉ်။ ပရိစာရကသောဠသန္နံ၊ ဗာဝရီပုဏ္ဏားကြီးရဲ့ တပည့်ဖြစ်ကုန်သည့် တဆယ့်ခြောက်ယောက်ကုန်သော။ ဗြာဟ္မဏာနံ၊ ပုဏ္ဏားတို့အား။ အဝေါစ၊ ဟောကြားတော်မူ၏။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ဒီ ပါရာယနဝဂ်ကို ဘယ်သူ့ကို ဟောသလဲလို့ ဆိုတော့ ဗာဝရီပုဏ္ဏားကြီးရဲ့တပည့်ဖြစ်တဲ့ ရသေ့ပုဏ္ဏားပညာရှိ တဆယ့်ခြောက်ဦးကို ဟောတယ်၊ ဘယ်မှာ ဟောသလဲလို့ဆိုတော့—

**တရားဟောရာဌာန။** ။"မဂဓေသု ဝိဟရန္တော ပါသာဏကေ စေတိယေ"လို့ ဆိုတော့ မဂဓတိုင်း ရာဇဂြိုဟ်ပြည်ရဲ့အနီး ပါသာဏက နတ်ကွန်းမှာ မြတ်စွာဘုရား ဟောတော်မူပါတယ်တဲ့။

ပရိစာရကသောဠသာနံ၊ ဗာဝရီပုဏ္ဏားကြီးရဲ့ တပည့် အလုပ်အကျွေး ဖြစ်တဲ့ တဆယ့်ခြောက်ယောက်ကုန်သော။ ဗြာဟ္မဏာနံ၊ ပုဏ္ဏားကြီးတို့၏။ အဇ္ဈိဋ္ဌော၊ တောင်းပန် တိုက်တွန်းအပ်သည်ဖြစ်၍။ ပုဋ္ဌော ပုဋ္ဌော၊ မေးတိုင်း မေးတိုင်းသော။ ပဉှံ၊ အမေးပြဿနာကို။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဗျာကာသိ၊ ဖြေကြားတော်မူ၏။

မေးတိုင်းမေးတိုင်း ဒီပုစ္ဆာတွေကို မြတ်စွာဘုရား ဖြေခဲ့ပြီးပြီ၊ ဟုတ်လား (မှန်ပါဘုရား)။

**တရားတပုဒ်ဖြင့်နိဗ္ဗာန်ရောက်နိုင်။** ။ဧကမေကဿ စေပိ ပဉှဿ အတ္ထမညာယ ဓမ္မမညာယ ဓမ္မာနုဓမ္မံ ပဋိပဇ္ဇေယျ၊ ဂစ္ဆေယျေဝ ဇရာမရဏဿ ပါရံ။

ဧကမေကဿ ပဉှဿ၊ တခုတခုသော အမေးပုစ္ဆာပြဿနာ၏။ အတ္ထံ၊ ပါဠိတော်မှာ ဟောထားတဲ့ အနက်အဓိပ္ပါယ်ကို။ အညာယ၊ သိ၍။ ဓမ္မံ၊ ပါဠိတော်ကို။ အညာယ၊ သိ၍။ ဓမ္မာနုဓမ္မံ၊ လောကုတ္တရာတရား ကိုးပါးအားလျော်တဲ့ ကျင့်ဝတ်ပဋိပတ် အကျင့်မြတ်ကို။ စေပိပဋိပဇ္ဇေယျ၊ တရားနာတဲ့ ပုဂ္ဂိုလ်တွေ အကယ်၍ တရားတော်ကို ကျင့်ကြ ကြံကြ အားထုတ်ကြကုန်သည်ဖြစ်ငြားအံ့။ ဇရာမရဏဿ၊ အိုခြင်း, သေခြင်း၏။ ပါရံ၊ တဘက်ကမ်းဖြစ်သော နိဗ္ဗာန်ချမ်းသာကို။ ဂစ္ဆေယျေဝ၊ ရောက်နိုင်သည်သာ လျှင်တည်း။

ဘာပြောသလဲ ပါရာယနဝဂ်က၊ ပါရာယနဝဂ်ကို ယခုဟောထားတဲ့အတိုင်း ပါဠိတော်ကိုရောင်း, အနက်အဓိပ္ပါယ်ကိုသော်ရောင်း သိပြီးတော့ အဟုတ်ကိုကျင့်မယ် ဆိုရင် နိဗ္ဗာန်ရောက်နိုင်ပါတယ်တဲ့ မြတ်စွာဘုရားက၊ သိရဲ့တင်လား,ကျင့်ဘို့လား (ကျင့်ဘို့ပါဘုရား)။

ဒီတော့ သိ ပြီးရော, သိ ပြီးရောဆိုတဲ့ လူတွေကလဲ သတိထားရမယ်၊ ဒီ ပါဠိတော်ကို ကြည့်ပြီးတော့——

အတ္ထံ၊ အနက်ကို။ အညာယ၊ သိ၍။ ဓမ္မံ၊ ပါဠိတော်ကို။ အညာယ၊ သိပြီးတော့မှ။ [ပြီးရောလားတဲ့ (မပြီးသေးပါဘုရား)] ပဋိပဇ္ဇေယျ၊ ကျင့်ရမယ်–ဆိုတော့ ကျင့်ပါမှ "ဂစ္ဆေယျေဝ ဇရာမရဏဿ ပါရံ"တဲ့။ ဇရာမရဏဆိုတဲ့ အိုရာ, သေရာတို့ရဲ့ အဆုံးဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို ရောက်နိုင်မယ်တဲ့။

**ပါရာယနအမည်။** ။ပါရဂ်မနီယာ ဣမေ ဓမ္မာ။ ဣမေဓမ္မာ၊ ဤပါရာယနဝဂ်၌ လာသော တရားတို့သည်။ ပါရဂ်မနီယာ၊ နိဗ္ဗာန်ဟူသော တဘက်ကမ်းသို့ ရောက်ကြောင်းဖြစ်သော တရားတော်တို့ပေတည်း။

တသ္မာ ဣမဿ ဓမ္မပရိယာယဿ ပါရာယနန္တွေဝ အဓိဝစနံ။

တသ္မာ၊ ထို့ကြောင့်။ ဣမဿဓမ္မပရိယာယဿ၊ ဤတရားဒေသနာတော်ကို။ ပါရာယနန္တွေဝ၊ ပါရာယနဟူ၍သာလျှင်ဖြစ်သော။ အဓိဝစနံ၊ အမည်သည်။ ဟောတိ၊ ဖြစ်လေတော့၏။

ပါရာယနဆိုတာ ဘာကို ပါရာယနခေါ်သလဲဆိုတော့ နိဗ္ဗာန်ကိုရောက်ကြောင်းဖြစ်တဲ့ လမ်းကြောင်းကြီးကို ပါရာယနလို့ခေါ်ပါတယ်။ နိဗ္ဗာန်ရောက်ကြောင်းတရားကို ဘာလို့ခေါ်သလဲ (ပါရာယနလို့ ခေါ်ပါတယ်ဘုရား)။

**ပြဿနာမေးပုဏ္ဏားများ။** ။ပါရာယနတရားကို မေးကြသူတွေဟာ—

အဇိတော တိဿမေတ္တေယျော၊ ပုဏ္ဏကော အထမေတ္တဂူ။
ဓောတကော ဥပသီဝေါ စ၊ နန္ဒော စ အထ ဟေမကော။
တောဒေယျကပ္ပါ ဒုဘယော၊ ဇတုကဏ္ဏီ စ ပဏ္ဍိတော။
ဘဒြာဝုဓော ဥဒယော စ၊ ပေါသာလော စာပိ ဗြာဟ္မဏော။
မောဃရာဇာ စ မေဓာဝီ၊ ပိင်္ဂိယော စ မဟာဣသိ—

လို့ ဒီနှစ်ဂါထာနဲ့ ပုဏ္ဏားတဆယ့်ခြောက်ယောက်ရဲ့ နာမည်ကို ပြပါတယ်။

## ပါရာယနတရားတော်များကို ချီးကျူးပုံ

**ချဉ်းကပ်ကြခြင်း။** ။အဲဒီပုဏ္ဏားကြီးတွေ ဘာလုပ်ကြသလဲ—

ဧတေ ဗုဒ္ဓံ ဥပါဂစ္ဆုံ၊ သမ္ပန္နစရဏံ ဣသိံ။
ပုစ္ဆန္တာ နိပုဏေ ပဉှေ၊ ဗုဒ္ဓသေဋ္ဌံ ဥပါဂမုံ။

ဧတေ၊ ထိုပုဏ္ဏားပညာရှိ တဆယ့်ခြောက်ယောက်တို့သည်။ သမ္ပန္နစရဏံ၊ စရဏတရား တဆယ့်ငါးပါးနဲ့ ပြည့်စုံတော်မူသော။ ဣသိံ၊ သီလက္ခန္ဓ စသည်ကျေးဇူး ဂုဏ်အထူးကို ဆည်းပူးရှာမှီးတော်မူလေ့ရှိသော။ ဗုဒ္ဓံ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော မြတ်စွာဘုရားကို။ ဥပါဂစ္ဆုံ၊ ကပ်ရောက်ကြကုန်ပြီ။ ဧတေ၊ ထို တဆယ့်ခြောက်ယောက်သော ပုဏ္ဏားကြီးတို့သည်။ နိပုဏေ၊ သိမ်မွေ့ခက်ခဲ နက်နဲလှစွာကုန်သော။ ပဉှေ၊ အမေးပုစ္ဆာ ပြဿနာတို့ကို။ ပုစ္ဆန္တာ၊ မေးလိုကြကုန်သည်ဖြစ်၍။ ဗုဒ္ဓသေဋ္ဌံ၊ မြတ်လှစွာသော မြတ်စွာဘုရားသို့။ ဥပါဂမုံ၊ ကပ်ရောက်ကြလေကုန်၏။

အဲဒီပုဏ္ဏားကြီး တဆယ့်ခြောက်ယောက်တို့ဟာတဲ့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် စရဏတရား တဆယ့်ငါးပါးတို့နဲ့ ပြည့်စုံလို့ သီလက္ခန္ဓ ဂုဏ်ကျေးဇူးကို ရှာမှီးတော်မူလေ့ရှိတဲ့ သစ္စာလေးပါးကို သိတော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ အထံတော်မှောက်သို့ ချဉ်းကပ်ကြတယ်၊ ဘာကြောင့်လဲ၊ သုဒ္ဒသ, သုနိပုဏ=အင်မတန် သိမ်မွေ့နက်နဲလို့, အင်မတန်ခက်ခဲလို့, အင်မတန် သိမ်မွေ့ပြီးတော့နေတဲ့ အတက္ကာဝစရ=စိတ်ကူးလို့ ကြံစည်လို့ မရနိုင်တဲ့, ပဏ္ဍိတဝေဒနီယ=ပညာဉာဏ်ရှိတဲ့ပုဂ္ဂိုလ်တွေသာ သိနိုင်တယ်ဆိုတဲ့ အမေးပုစ္ဆာ ပြဿနာကြီးတွေကို မေးလိုသည်ဖြစ်သောကြောင့် မြတ်စွာဘုရားထံ ချဉ်းကပ်လာကြပါတယ်။

**အဖြေတရားတော်ကို မြတ်နိုးကြပုံ။**　။အဲဒီပုဏ္ဏားကြီး တဆဲ့ခြောက်ယောက် စလုံးဟာ မိမိတ်ရတဲ့ အဖြေတရားတော်များကို မြတ်နိုးကြတယ်။

**တေသံ ဗုဒ္ဓေါ ပဗျာကာသိ၊ ပဉှေ ပုဋ္ဌော ယထာတထံ။**
**ပဉှာနံ ဝေယျာကရဏေန၊ တောသေသိ ဗြာဟ္မဏေ မုနိ။**

ပုဋ္ဌော၊ အမေးပုစ္ဆာပြဿနာတွေကို မေးလျှောက်အပ်သော။ ဗုဒ္ဓေါ၊ သစ္စာလေးပါး တရားသိမြင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ တေသံ၊ ထိုပုဏ္ဏားပညာရှိ တဆယ့်ခြောက်ဦးတို့အား။ ယထာတထံ၊ မဖောက်မပြန် ဟုတ်မှန်သောအတိုင်း။ ပဗျာကာသိ၊ ဖြေကြားတော်မူ၏။ မုနိ၊ မုနိငါးပါးတို့၏ ရှေ့သွားခေါင်းဆောင် ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ပဉှာနံ၊ အမေးပုစ္ဆာပြဿနာတို့ကို။ ဝေယျာကရဏေန၊ ဖြေကြားတော်မူခြင်းဖြင့်။ ဗြာဟ္မဏေ၊ ပုဏ္ဏားပညာရှိ ရသေ့ကြီး တဆယ့်ခြောက်ဦးတို့ကို။ တောသေသိ၊ နှစ်သက်ဝမ်းမြောက်စေတော်မူပြီ။

မေးတိုင်း မေးတိုင်းသော အမေးပုစ္ဆာ ပြဿနာတွေကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် ယခု ဟောကြားခဲ့သည့်အတိုင်း ကောက်ခါ ငင်ကာ လွယ်ကူစွာ ဖြေကြား၍ ပေးတော်မူသည်ဖြစ်သောကြောင့် ပုဏ္ဏားပညာရှိ ရသေ့ကြီး တဆယ့်ခြောက်ဦးတို့က မြတ်စွာဘုရားကို အင်မတန် နှစ်သက်မြတ်နိုးကြပါတယ်တဲ့၊ ပါရာယနတရားကို နာရလို့ နော်။ (မှန်ပါဘုရား)။

**တရားတော်ကိုလိုက်နာကြပုံ။**　။မြတ်နိုးကြတဲ့အတိုင်းလဲ လိုက်နာကြတယ်။

**တေ တောသိတာ စက္ခုမတာ၊ ဗုဒ္ဓေနာ’ ဒိစ္စဗန္ဓုနာ။**
**ဗြဟ္မစရိယ’ မစရိံသု၊ ဝရပညဿ သန္တိကေ။**

စက္ခုမတာ၊ စက္ခုငါးပါးနဲ့ ပြည့်စုံတော်မူသော။ အာဒိစ္စဗန္ဓုနာ၊ နေမင်း၏ အဆွေဖြစ်တော်မူသော။ ဗုဒ္ဓေန၊ မြတ်စွာဘုရားရှင် ကိုယ်တော်

မြတ်သည်။ တောသိတာ၊ **အမေး**ပုစ္ဆာပြဿနာကို ဖြေကြားတော်မူခြင်းဖြင့် နှစ်သက်စေအပ်ကုန်သော။ တေ၊ ထိုပုဏ္ဏားပညာရှိ တဆယ့်ခြောက်ဦးတို့သည်။ ဝရပညဿ၊ မြတ်သော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏။ သန္တိကေ၊ အထံ၌။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ အစရိံသု၊ ကောင်းစွာမသွေ ကျင့်ကြလေကုန်သတည်း။

သာဓု သာဓု သာဓု

## စက္ခုငါးမျိုး

စက္ခုငါးပါးနဲ့ ပြည့်စုံတော်မူသော, စက္ခုငါးမျိုး ရှိတော်မူသော မြတ်စွာဘုရားတဲ့။ မြတ်စွာဘုရားမှာ မျက်လုံးငါးမျိုး ရှိသတဲ့။ စက္ခုမတာ၊ ဟုတ်လား (မှန်ပါ)။

မံသစက္ခု, ဒိဗ္ဗစက္ခု, ပညာစက္ခု, ဗုဒ္ဓစက္ခု, သမန္တစက္ခုတဲ့။ ဘယ်နှစ်မျိုးလဲ (ငါးမျိုးပါဘုရား)။

**မံသစက္ခု။** ။မံသစက္ခုဆိုတာ ဘာကိုခေါ်သလဲလို့ဆိုတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ပကတိသော မျက်လုံးကို **မံသစက္ခု**လို့ ခေါ်တယ်၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ပကတိသော မျက်လုံးမှာ အရောင်ငါးမျိုး ရှိတယ်တဲ့၊ ကြည်ညိုစရာ နီလ=ညိုပြာတဲ့ အရောင်, ပီတ=ရွှေတဲ့အရောင်, ဩဒါတ=ဖြူတဲ့အရောင်, လောဟိတ= နီတဲ့အရောင်, ကဏှ=မည်းတဲ့အရောင်လို့ အရောင်ငါးမျိုးရှိတယ်။

အဲဒီ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ပကတိမျက်လုံးတော်မှာ ဒီမျက်လုံးများရတာဟာ ထူးသလားလို့ မေးစရာမရှိဘူးလား (ရှိပါတယ်ဘုရား)။

လူတိုင်းမှာ ဒီမျက်လုံးရှိရဲ့လား (မရှိပါဘုရား)။

ဒါကြောင့် လူတိုင်းမျက်လုံးနဲ့မြတ်စွာဘုရားမျက်လုံးမတူဘူး၊ မြတ်စွာဘုရားရဲ့ ပကတိမျက်လုံးနဲ့ လူတိုင်းရဲ့ ပကတိမျက်လုံးနဲ့ မျက်လုံးချင်းတူရဲ့လား၊ (မတူပါဘုရား)။

ဘယ်လိုမတူဒါလဲလို့ ဆိုတော့ ဘုန်းကြီး ဗဟုသုတအဖြစ် ပြောဦးမယ်၊ (၁) လက္ခယ်နွေ့, (၂) သန်းခေါင်, (၃) မိုးမှောင်ကြီးကကျ, (၄) တောအုပ်ကြီးလို့ဆိုတဲ့ စတုရင်္ဂ=အင်္ဂါလေးပါးနဲ့ပြည့်စုံတဲ့ အမိုက်မှောင်ကြီး နေ၌၊ အဲဒီ အမှောင်ထုကြီးမှာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ကြည့်လိုက်မယ်ဆိုရင်, မြတ်စွာဘုရား ကိုယ်တော်မြတ်ရဲ့ ပကတိမျက်စိနဲ့ ကြည့်လိုက်မယ်ဆိုရင် တယူ

ဇနာပတ်လည်မှာ အကုန်လုံးမြင်ရတယ်၊ ကိုင်း ဘုန်းကြီးတို့ ပရိသတ်မျက်လုံး အဲဒီလိုမြင်ရရဲ့လား (မမြင်ရပါဘုရား)။

ဒီတော့ ပကတိမျက်လုံးဟာ မထူးဘူးလား (ထူးပါတယ်ဘုရား)။

ဒီမျက်လုံး ထူးတယ်နော်၊ **မံသစက္ခု**ရဲ့ ထူးခြားချက်၊ တယူဇနာပတ်လည်ကို အကုန်လုံးမြင်နိုင်တယ် နေ့ရယ် ညရယ်လို့ မရွေးဘူး၊ ဘုန်းကြီးတို့ မျက်လုံးဟာ ညကျရင် မြင်သေးသလား (မမြင်ရတော့ပါဘုရား)။

မြတ်စွာဘုရား မျက်လုံးဟာ ညကျလဲ မြင်တယ်။

**ဒိဗ္ဗစက္ခု**။ ။ဒိဗ္ဗစက္ခုမျက်လုံးဆိုတာက ဘာတွေမြင်သလဲလို့ဆိုတော့ "ယထာကမ္မူပဂေ သတ္တေ"လို့ခေါ်တဲ့ သတ္တဝါတွေရဲ့ ကုသိုလ်ကံ, အကုသိုလ်ကံ အားလျော်စွာ **အပါယ်လေးပါးလား**တဲ့ သတ္တဝါတွေ, နတ်ပြည်ရောက်တဲ့ သတ္တဝါတွေ၊ အဲဒါတွေမြင်တာကို **ဒိဗ္ဗစက္ခု**လို့ ခေါ်တယ်။

**ပညာစက္ခု**။ ။ပညာစက္ခု ဆိုတာကတော့ဖြင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ကြီးကျယ်ခမ်းနား များမြတ်လှတဲ့ အသိပညာတွေနဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကို မြင်နိုင်တဲ့ မျက်စိကို **ပညာစက္ခု**လို့ခေါ်တယ်, **ဉာဏစက္ခု**လို့လဲ ခေါ်ပါတယ်။

**ဗုဒ္ဓစက္ခု**။ ။ဗုဒ္ဓစက္ခုလို့ဆိုတာကတော့ သတ္တဝါတွေရဲ့ အလို အဇ္ဈာသယတွေ, သွာကာရ, ဒွါကာရ, သုဝိညာပယ, ဒုဝိညာပယ, အပ္ပရဇက္ခ, မဟာရဇက္ခ-စသည်တို့ဖြင့် သတ္တဝါတို့ရဲ့ အလို အဇ္ဈာသယကို သိတော်မူနိုင်တဲ့, မြင်နိုင်တော်မူတဲ့ မျက်စိကို **ဗုဒ္ဓစက္ခု**လို့ခေါ်တယ်။

**သမန္တစက္ခု**။ ။**သမန္တစက္ခု**လို့ဆိုတာကတော့ဖြင့် သဗ္ဗညုတဉာဏ်ကိုခေါ်တယ်။
ဒါ စက္ခုငါးပါးရဲ့ အဓိပ္ပါယ်အကျဉ်း ပြီးရောပေါ့နော်　　(မှန်ပါဘုရား)

အဲသလို စက္ခုငါးပါးနဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် နှစ်သက်စေတော်မူအပ်သော အမေးပုစ္ဆာ ပြဿနာတွေကို ဖြေကြားတော်မူခြင်းဖြင့် နှစ်သက်ကြည်ညိုတတ်တဲ့ ပုဏ္ဏားပညာရှိ တဆယ့်ခြောက်ယောက်တို့ မြတ်စွာဘုရားရဲ့ထံမှာ မြတ်သောအကျင့်ကို ကျင့်ကြတယ်။

**ပါရနှင့်အပါရ**။ ။**ဧကေ မေကဿ ပဉှဿ၊ ယထာ ဗုဒ္ဓေန ဒေသိတံ။**
**တထာ ယော ပဋိပဇ္ဇေယျ၊ ဂစ္ဆေ ပါရံ အပါရတော။**

ဧကမေကဿ၊ တခုတခုသော။ ပဉှဿ၊ အမေးပုစ္ဆာပြဿနာ၏။ ဗျာကရဏံ၊ ဖြေကြားတော်မူခြင်းကို။ ယထာ၊ အကြင်သို့သော အခြင်းအရာ

အားဖြင့်။ ဗုဒ္ဓေန၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည်။ ဒေသိတံ၊ ဟောကြားတော်မူအပ်ခဲ့ပြီ။ တထာ၊ ထိုသို့သော အခြင်းအရာအားဖြင့်။ ယော၊ အကြင်သူသည်။ ပဋိပဇ္ဇေယျ၊ ကျင့်ရာ၏။ သော၊ ထိုကျင့်သောသူသည်။ အပါရတော၊ သံသရာဝဋ္ဋ်တည်းဟူသော ဤမှာဘက်ကမ်းမှ။ ပါရံ၊ နိဗ္ဗာန်တည်းဟူသော ထိုမှာဘက်ကမ်းသို့။ ဂစ္ဆေ၊ ရောက်ရလေတော့၏။

**ပါရနှင့်အယန။** **။အပါရာ ပါရံ ဂစ္ဆေယျ၊ ဘာဝေန္တော မဂ္ဂ'မုတ္တမံ။**
**မဂ္ဂေါ သော ပါရံ ဂမနာယ၊ တသ္မာ ပါရာယနံ ဣတိ။**

ဥတ္တမံ၊ မြတ်လှစွာသော။ မဂ္ဂံ၊ မဂ္ဂင်ရှစ်ပါးအကျင့်တရားကို။ ဘာဝေန္တော၊ ပွါးများအားထုတ်သော ပုဂ္ဂိုလ်သည်။ အပါရာ၊ ခန္ဓာငါးပါးနဲ့ သံသရာတည်းဟူသော ဒီမှာဘက်ကမ်းမှ။ ပါရံ၊ နိဗ္ဗာန်တည်းဟူသော ဟိုမှာဘက်ကမ်းသို့။ ဂစ္ဆေယျ၊ ရောက်နိုင်ရာ၏။ သော၊ ထိုပါရာယနဝဂ်သည်။ ပါရံ၊ နိဗ္ဗာန်တည်းဟူသော တဘက်ကမ်းသို့။ ဂမနာယ၊ သွားရောက်ခြင်းငှါ။ မဂ္ဂေါ၊ လမ်းကြောင်းကြီးပါပေတည်း။ တသ္မာ၊ ထို့ကြောင့်။ ပါရာယနံ ဣတိ၊ နိဗ္ဗာန်သွားကြောင်းလမ်းကောင်းကြီးဖြစ်ပါသောကြောင့် ပါရာယန ဟူသော အမည်သည်။ ဘဝတိ၊ ဖြစ်ပါပေ၏။

ပါရာယနအမည်ရပုံ။ ။ပါရာယနဝဂ်မှာ မြတ်စွာဘုရားဟောတဲ့ တရားတော်များသည် နိဗ္ဗာန်သွားကြောင်း လမ်းကောင်း လမ်းဖြောင့်ကြီး ကေန်အမှန် ဖြစ်ပါသောကြောင့် ပါရာယန-လို့ ခေါ်ပါတယ်။

ပါရာယနထုတိဂါထာတရားတော် ပြီးသွားပြီ။

ပါရာယနဝဂ် ပါဠိတော်ဟောစဉ်

# ပါရာယနာနုဂီတိတရားတော်

ပါရာယနဒေသနာတော်ဖြင့် ကျွတ်တမ်းဝင် ပုဂ္ဂိုလ်များ

**ရဟန္တာဖြစ်ကြသူ။** ။ပါရာယနတရားတော် ဒေသနာ နိဂုံးချုပ် အဆုံးသတ်တဲ့ အခါကာလမှာ အဋ္ဌကထာဆရာကြီးက ဘာပြောပေးထားသလဲဆိုတော့ ဒီနေရာမှာ ရွတ်စရာပါဠိတွေ တော်တော်ကိုဘဲ ရှိနေသေးတယ်၊ ကဲ ဒါ ရှုပစေတော့။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် ပါရာယနဒေသနာတော်ကြီးကို ဟောကြားပေးပြီးတဲ့ အဆုံးမှာ တသောင်းခြောက်ထောင်သော ပရိသတ်ကြီးဟာ ရဟန္တာပုဂ္ဂိုလ်တွေ ဖြစ်သွားကြပါတယ်။

**အကျွတ်တရား ရသူများ။** ။အဝသေသာနဉ္စ စုဒ္ဒသကောဋိသင်္ခါတာနံ ဒေဝမနုဿာနံ ဓမ္မာဘိသမယော အဟောသိ။

ကျန်တဲ့ တဆယ့်လေးကုဋေသော ပုဂ္ဂိုလ်တွေ အကျွတ်တရား ရကုန်ကြတယ်တဲ့။

အဲဒီ တရားဒေသနာတော်ကြီး ဟောပြီးတော့ တသောင်းခြောက်ထောင်သောပရိသတ်များ ဘာဖြစ်သွားကြသလဲ (ရဟန္တာဖြစ်ကြပါတယ် ဘုရား။)

ဆယ့်လေးကုဋေသော သတ္တဝါတွေဟာ ဘာဖြစ်ကြသလဲ (အကျွတ်တရား ရကြပါတယ်။)

တဆယ့်လေးကုဋေဆိုတော့ သန်းပေါင်း ဘယ်လောက်လဲ (သန်းပေါင်း တရာ့လေးဆယ်ပါဘုရား။)

လူ သန်းပေါင်း တရာ့လေးဆယ် ကျွတ်တဲ့တရား။ ဘုန်းကြီးတို့ ဗမာပြည် လူဦးရေ သန်းပေါင်း ဘယ်လောက်ရှိသလဲ၊ နှစ်ဆယ့်ခုနစ်သန်း၊ ဟုတ်လား၊ မြတ်စွာဘုရား တရားတခါဟောလို့ ကျွတ်တဲ့ ပုဂ္ဂိုလ်တွေ ဘယ်လောက်လဲ၊ သန်းပေါင်း တရာ့လေးဆယ် ကျွတ်တယ်ဆိုတော့ အစွန်းထွက်တောင် မရှိပါလား ဗမာပြည်ကလူဦးရေဟာ၊ အဲဒီလို သန်းပေါင်း တရာ့လေးဆယ်ကျွတ်တဲ့ တရားကို မြတ်စွာဘုရားဟောလို့ "ပေါရာဏောဟိ" လို့ ဆိုပြီးတော့ အဋ္ဌကထာဆရာက ရှေးဆရာကြီးတွေရဲ့ ဂါထာကလေးတပုဒ်ကို ထဲ့ထားတာရှိတယ်။

တတော ပါသာဏကေ ရမ္မေ၊ ပါရာယနသမာဂမေ။
အမတံ ပါပယိ ဗုဒ္ဓေါ၊ စုဒ္ဒသ ပါဏကောဋ္ဌိယော။

တတော၊ ထိုအခါ၌။ ရမ္မေ၊ နှလုံးမွေ့လျော် ပျော်ဘွယ်ရာဖြစ်သော။ ပါသာဏကေ၊ ပါသာဏကနတ်ကွန်း၌။ ပါရာယနသမာဂမေ၊ ပါရာယန သုတ္တန်ကို ဟောတော်မူတဲ့ ပါရာယနတရားပွဲကြီး၌။ ဗုဒ္ဓေါ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည်။ စုဒ္ဒသ ပါဏကောဋ္ဌိယော၊ တဆယ့်လေးကုဋေသော သတ္တဝါတို့ကို။ ဝါ-သန်းတရာ့လေးဆယ်သော သတ္တဝါတို့ကို။ အမတံ၊ နိဗ္ဗာန်ချမ်းသာဆိုတဲ့ အမြိုက်ရေကို။ ပါပယိ၊ သောက်စို့စေတော်မူပါပေ၏။

**သံသရာ့လွတ်လပ်ရေး ခေါင်းဆောင်ကြီး** မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ကြည့်စမ်း သတ္တဝါတွေကို လွတ်လပ်ရေးရအောင် ယူပေးတယ်လို့ ဆိုတာ၊ ဘုန်းကြီးတို့ ဗမာနိုင်ငံကို လွတ်လပ်ရေး ရအောင် ယူပေးလိုက်တဲ့ ဗိုလ်ချုပ်အောင်ဆန်းက လွတ်လပ်ရေး ရအောင် လူပေါင်းဘယ်လောက်ကို လုပ်ပေးလိုက်သလဲ (နှစ်ဆယ့်ခုနစ်သန်းပါဘုရား။)

နှစ်ဆယ့်ခုနစ်သန်းကို လွတ်လပ်ရေးရအောင် လုပ်ပေးလိုက်တယ်၊ ကြည့်စမ်း မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက သန်းပေါင်းဘယ်လောက်၊ တရာ့လေး ဆယ်၊ ဒါ တကြိမ်ထဲ ရှိသေးတယ်၊ အကြိမ်ကြိမ် မြတ်စွာဘုရား ဟောတော် မူခဲ့တဲ့ တရားတော်တွေက လူပေါင်းမြောက်မြားစွာ ကုဋေခြောက်ဆယ်, ကုဋေ တသိန်းသော သတ္တဝါတွေကို လွတ်လပ်ရေးရအောင် လုပ်ပေးတော်မူခဲ့ တယ်၊ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး၊ ဟုတ်လား (မှန်ပါဘုရား)

ပါရာယနတရားပွဲ တပွဲထဲမှာဘဲ သန်းပေါင်း ဘယ်လောက်လဲ၊ (တရာ့ လေးဆယ်ပါဘုရား။)

သန်းပေါင်းတရာ့လေးဆယ်ကို လွတ်လပ်ရေးရအောင် လုပ်ပေးလိုက်တယ်၊ ဒီတော့ ဒီလိုပုဂ္ဂိုလ်ထူးကြီးကို ဘုန်းကြီးတို့ပရိသတ် မေ့လို့ရပါ့မလား (မရပါ ဘုရား)

ပစ်ပယ်လို့ကော ရပါ့မလား (မရပါဘုရား)

အသိအမှတ်မပြုဘဲ ထားလို့ကော ရပါ့မလား (မရပါ ဘုရား)

ဗုဒ္ဓဘာသာဝင် ဟုတ်ဟုတ်, မဟုတ်ဟုတ် ဒီကနေ့တိုင်အောင် အဲဒီဗုဒ္ဓကို ကမ္ဘာက အသိအမှတ် ပြုကြတုန်းဘဲ၊ လွတ်လပ်ရေးဗိုသုကာ ဘုရားရှင်ကိုယ်တော် မြတ်ကြီး၊ တကဲ့လွတ်လပ်ရေးကြီး, လောကလွတ်လပ်ရေးတောင် မဟုတ်သေး ဘူး၊ သံသရာ့လွတ်လပ်ရေး၊ ဟုတ်လား (မှန်ပါ ဘုရား)

**တရားနာပြီးနေရပ်ပြန်ကြပုံ။** ။အဲဒီလို အကျွတ်တရားတွေရတော့ တရားပွဲကြီးလဲ ပြီးပြီဆိုပါတော့၊ တရားပွဲကြီးပြီးတဲ့အခါ ဘယ်လိုပြန်ကြရသလဲဆိုတော့ အဲဒီသန်းပေါင်းတရာ့လေးဆယ်ဟာ ကိုယ့်နေရပ်ဌာန ကိုယ့်ခြေထောက်နဲ့ မပြန်ရဘူး၊ မိမိတို့ မြို့ရွာဇနပုဒ်အသီးသီးသို့ မြတ်စွာဘုရားရှင်ရဲ့ ဘုန်းတော်ကံတော်ကြောင့် ကိုယ့်နေရာကိုယ် အသီးသီး ပြန်ရောက်ကြတယ်၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်လဲ ရဟန္တာအပေါင်း ခြံရံပြီးတော့ အဲဒီရာဇဂြိုဟ်ပြည် ပါသာဏကနတ်ကွန်းကနေပြီးတော့ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွတော်မူပြီ-နော် (မှန်ပါ)

## ပိင်္ဂိယရဟန်းကြီး မြတ်စွာဘုရားကို ချီးကျူးပုံ

**ပိင်္ဂိယဦးကြီးဆီသွားခြင်း။** ။ဗာဝရိပုဏ္ဏားကြီးရဲ့ တူအရင်းဖြစ်တဲ့ ပိင်္ဂိယရဟန်းအိုကြီးက ပြန်ကြွခါနီးကျတော့ မြတ်စွာဘုရားကိုလျှောက်တယ် "အရှင်ဘုရားတဲ့ ဘုရားတပည့်တော် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ကို မလိုက်ပါရစေနဲ့ဘုရားတဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ဘုရားတပည့်တော်ရဲ့ ဦးကြီးဖြစ်တဲ့ ဗာဝရိပုဏ္ဏားကြီးဆီ ဘုရားပွင့်တယ်ဆိုတဲ့ အကြောင်းကို ပြန်ပြောပါရစေဘုရား"လို့ လျှောက်တော့ မြတ်စွာဘုရား ခွင့်ပြုချက်နဲ့ အနာဂါမ်တည်ပြီးသား ပိင်္ဂိယရဟန်းအိုကြီးကတော့ ဂေါဓာဝရီမြစ်ဆီ တဖန်ပြန်ပြီး သွားရပြန်ဘယ်၊ မြတ်စွာဘုရားရဲ့ ဘုန်းတန်ခိုးတော်ကြောင့်ဘဲ လွယ်လွယ်နဲ့ ရောက်သွားတယ်ဆိုကြပါစို့။

**ဗာဝရိပုဏ္ဏားကြီးကနှုတ်ဆက်ပုံ။** ။ဟိုရောက်တော့ ပုံစံက ဘယ်လိုဖြစ်လာသလဲဆိုတော့ သွားတုန်းကတော့ ရသေ့ဝတ်နဲ့ အခုပြန်လာတဲ့အခါ ရဟန်းဝတ်နဲ့ဖြစ်တော့ ဗာဝရိပုဏ္ဏားကြီးက အဝေးမှ မြင်လိုက်ရင်ဘဲ သိတယ်၊ "ဩော် လောကသုံးပါးမှာ ဘုရားပွင့်ပြီဆိုတာ အမှန်ဘဲ"လို့၊ ဟုတ်လား (မှန်ပါ)

"ကိံ ပိင်္ဂိယ ဗုဒ္ဓေါ လောကေ ဥပ္ပန္နော=ဘယ့်နှယ်လဲ လောကမှာ ဘုရားပွင့်နေပြီမဟုတ်လား"လို့ သူက ဆီးမေးတယ်။

**ပိင်္ဂိယရဟန်းခွန်းတုံ့ပြန်ချက်။** ။"ဟုတ်တယ် ဘုရားပွင့်နေပြီ၊ အဲသလို ဘုရားပွင့်နေသည်ဖြစ်သောကြောင့် မြတ်စွာဘုရားရဲ့ ထံမှာ တရားတွေနာခဲ့ရလို့ ကျွန်ုပ်လဲ တရားထူးတွေ ရလာခဲ့ပြီ၊ အဲဒီရလာတဲ့ တရားထူးတွေကို ပြန်ပြီး ဦးရီးဖြစ်တဲ့ ဗာဝရိပုဏ္ဏားကြီးကို ဟောချင်လို့ အခု ပြန်ပြီးတော့လာခဲ့တယ်"ဆိုပြီးတော့ သူက ပါရာယနအနုဂီတိဂါထာတွေ တဆယ့်ကိုးဂါထာစလုံးကို ပြန်ပြီးတော့ ဟောတယ်။

ဘယ်နှစ်ဂါထာတုံး (တဆယ့်ကိုးဂါထာပါဘုရား)

ဘယ့်နှယ်လဲ ဘုန်းကြီးတို့ပရိသတ် ဒီကနေ့ ဒီတဆယ့်ကိုးဂါထာ ဆုံးပါအုံး တော့မလား၊ ဆုံးအောင်ဘဲ ဟောရမယ်၊ နက်ဖြင်ခါလဲ ဘုန်းကြီးက မဆက်နိုင်ဘူး၊ ဟုတ်လား (မှန်ပါဘုရား)

**ဗာဝရီပုဏ္ဏားကြီးကပူဇော်ပုံ။** ။ဗာဝရီပုဏ္ဏားကြီးကို ပြန်ပြီးတော့ တရားဟော ချင်လို့ ပိင်္ဂိယရဟန်းကြီး ရောက်ရှိ၍ လာပါပြီ ဆိုတော့ ဗာဝရီပုဏ္ဏားကြီးက ပိင်္ဂိယ အနာဂါမ် တည်လာတဲ့အကြောင်း သိလို့ အဲဒီ ပိင်္ဂိယရဟန်း အနာဂါမ်ကြီးကို မြင့်မြတ်သော နေရာဌာနမှာ နေရာပေး တယ်, အမျိုးမျိုးသော ပူဇော်ဘွယ်တွေနဲ့လဲ ပူဇော်တယ်။

**မြတ်စွာဘုရား မုသားမဆို။** ။ပိင်္ဂိယရဟန်းကြီးက မြတ်စွာဘုရားကို ချီးကျူး ပြီးတော့ ဗာဝရီပုဏ္ဏားကြီးကို အနုဂီတိဂါထာ တွေအဖြစ်နဲ့ ပြန်ဟောပြပုံက—

**ပါရာယန’မနုဂါယိဿံ၊**
**ယထာ’ဒ္ဒက္ခိ တထာ’က္ခာသိ၊ ဝိမလော ဘူရိမေဓသော။**
**နိက္ကာမော နိဗ္ဗနော နာဂေါ၊ ကိဿ ဟေတု မုသာ ဘဏေ။**

အဟံ၊ အကျွန်ုပ်ပိင်္ဂိယသည်။ ပါရာယနံ၊ ပါရာယနတရားကို။ အနုဂါ-ယိဿံ၊ အစဉ်လိုက်၍ ဟောကြားပေတော့အံ့။ ဝိမလော၊ ကိလေသာတည်းဟူ သော အညစ်အကြေး ကင်းတော်မူပေထသော။ ဘူရိမေဓသော၊ ကျယ်ပြန့် သော မြေကြီးအထုနဲ့တူသော ဉာဏ်ပညာရှိတော်မူပေထသော။ နိက္ကာမော၊ ကာမဂုဏ်ဝဋ်မှ လွတ်တော်မူပြီး ဖြစ်တော်မူပေထသော။ နိဗ္ဗနော၊ ကိလေ သာတည်းဟူသော တောအုပ်မှထွက်ခဲ့သဖြင့် ကိလေသာမီး ငြိမ်းအေးတော် မူပြီး ဖြစ်တော်မူပေထသော။ နာဂေါ၊ ရဟန္တာဖြစ်တော်မူသော မြတ်စွာ ဘုရားသည်။ ယထာ ယေန၊ အကြင်သို့သော အခြင်းအရာအားဖြင့်။ အဒ္ဒက္ခိ၊ သစ္စာလေးပါးတရားကို သိမြင်တော်မူ၏။ တထာ၊ ထိုသို့ သစ္စာလေးပါး တရားကို သိမြင်တော်မူခဲ့တဲ့အတိုင်း။ အက္ခာသိ၊ ဟောကြားတော် မူပါပေ ၏။ ဗြဟ္မေ၊ အိုဗာဝရီပုဏ္ဏားကြီး။ ကိဿ၊ အဘယ့်ကြောင့်။ သောနာဂေါ၊ ထိုရဟန္တာဖြစ်တော်မူသော မြတ်စွာဘုရားသည်။ မုသာ၊ မမှန်တဲ့စကားကို။ ဘဏေ၊ ပြောဆိုရာအံ့နည်း။

ဗာဝရီပုဏ္ဏားကို ပြန်ပြောနေတယ်၊ “မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး သည် ကိလေသာတောအုပ်ကြီးက ထွက်ပြီးသကာလ သစ္စာလေးပါးတရားကို ကိုယ်တော်တိုင် သိမြင်တော်မူပြီးမှ ပြန်ပြီးတော့ ကိုယ်တိုင်သိသလို ဟောတော် မူတယ်၊ ဘယ့်နှယ်ကြောင့် မမှန်သောတရားကို ဟောတော့မှာလဲ”လို့ မုသား စကား ပြောမှာမဟုတ်တဲ့အကြောင်းနဲ့ စကားစလိုက်တယ်။

**ချီးကျူးရန် စကားပျိုးပုံ။** ။ယခုအခါ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ဂုဏ်ကျေးဇူးတွေကို ပိင်္ဂိယရဟန်းကြီးက ဗာဝရီပုဏ္ဏားကြီးရှေ့မှာ ချီးကျူး၍ပြောကြားလိုသည် ဖြစ်သောကြောင့်—

**ပဟီနမလမောဟဿ၊ မာနမက္ခပ္ပဟာယိနော။**
**ဟန္ဒာဟံ ကိတ္တယိဿာမိ၊ ဂိရံ ဝဏ္ဏူပသဉှိတံ၊**

အဟံ၊ ငါသည်။ ဟန္ဒ၊ ယခု။ ပဟီနမလမောဟဿ၊ ပယ်အပ်ပြီးသော အမိုက်မှောင်တည်းဟူသော မောဟရှိတော်မူပေထသော။ မာနမက္ခပ္ပဟာ-ယိနော၊ မာနနဲ့မက္ခကို ချိုးဖဲ့ဖျက်ဆီးတော်မူပြီးထသော။ တဿဘဂဝတော၊ ထိုမြတ်စွာဘုရား၏။ ဝဏ္ဏူပသဉှိတံ၊ ကျေးဇူးစကားနဲ့စပ်သော။ ဂိရံ၊ **စကားကို**။ ကိတ္တယိဿာမိ၊ ရွတ်ဆို ပြောကြားပေတော့အံ့။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ဂုဏ်တော်တွေကို ပြောမလို့ပါတဲ့။

**ချီးကျူး၍ တပည့်ခံခဲ့ပုံ။** ။ဗာဝရီပုဏ္ဏားကြီးကို ဘာတွေပြောကြားသလဲ—

**တမောနုဒေါ ဗုဒ္ဓေါ သမန္တစက္ခု၊ လောကန္တဂူ သဗ္ဗဘဝါ'တိဝတ္တော။**
**အနာသဝေါ သဗ္ဗဒုက္ခပ္ပဟီနော၊ သစ္စဝှယော ဗြဟ္မေ ဥပါသိတော မေ။**

ဗြဟ္မေ၊ အို ဗာဝရီ ပုဏ္ဏားကြီး။ ဗုဒ္ဓေါ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော မြတ်စွာဘုရားသည်။ တမောနုဒေါ၊ ရာဂ ဒေါသ မောဟ တည်းဟူသော အမိုက်မှောင်ကို ပယ်ဖျောက်တော်မူ၏။ သမန္တစက္ခု၊ သဗ္ဗညုတဉာဏ်ကို ရတော်မူပါပေ၏။ လောကန္တဂူ၊ လောက၏ အဆုံးအဖြစ်သော နိဗ္ဗာန်သို့ရောက်တော်မူ၏။ သဗ္ဗဘဝါတိဝတ္တော၊ အလုံးစုံသော ဘဝ, ယောနိ, ဂတိ, ဌိတိ တို့ကို လွန်မြောက်တော်မူ၏။ အနာသဝေါ၊ ကာမာသဝ, ဘဝါသဝ-စသော အာသဝေါတရားတွေ ကင်းတော်မူ၏။ သဗ္ဗ-ဒုက္ခပ္ပဟီနော၊ အလုံးစုံသော ဇာတိဒုက္ခ, ဇရာဒုက္ခ, ဗျာဓိဒုက္ခ, မရဏဒုက္ခ-စသော သံသာရဒုက္ခတွေကို ပယ်စွန့်တော်မူပါပေ၏။ သစ္စဝှယော၊ သဗ္ဗညုတဉာဏ်ကို ရတော်မူသဖြင့် မှန်ကန်သည့်ဘုရားဟူသောအမည်နှင့် ယှဉ်စပ်တော်မူပါပေ၏။ တံဘဂဝန္တံ၊ ထိုဆိုခဲ့ပြီးသော ဂုဏ်တော်အပေါင်းတို့နဲ့ ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ မေ မယာ၊ ကျွန်ုပ်သည်။ ဥပါသိတော၊ မှီဝဲ ဆည်းကပ်ခဲ့ပါလေပြီ။

ဘုန်းတော်အနန္တနဲ့ ပြည့်စုံတော်မူတဲ့ သစ္စာလေးပါးကို သိတော်မူပြီးသဖြင့် ကိလေသာ ကင်းတော်မူပြီးသော မြတ်စွာဘုရား, ဘဝအမျိုးမျိုးမှ လွန်မြောက်ပြီးတော့ ဆင်းရဲဒုက္ခတွေကို ပယ်စွန့်တော်မူပြီးတဲ့ မြတ်စွာဘုရား, အာသဝေါ ကင်းတော်မူတဲ့ မြတ်စွာဘုရား,ဘုရားအမည်နဲ့ လိုက်လျောသော သစ္စာလေးပါး

သခင် ဘုရားရှင်ကို အကျွန်ုပ် မှီဝဲဆည်းကပ်ခဲ့ပါပြီတဲ့၊ ရှေးတုန်းကတော့ ဗာဝရီ ပုဏ္ဏားကြီးရဲ့တပည့်ဘဲ၊ ခုတော့ ဘယ်သူ့တပည့် ဖြစ်သွားပြီလဲ၊ မြတ်စွာဘုရားရဲ့ တပည့်ဖြစ်သွားပြီ၊ သူက ဥပမာကလေးနဲ့ ပြောတယ်၊ ရှေးကတော့ ဆရာကြီးရဲ့ တပည့်ပါဘဲ၊ ခုတော့ သူ မြတ်စွာဘုရားရဲ့ တပည့်ဖြစ်သွားပြီ တဲ့။

**ဥပမာနေ့ာ ထပ်ဆင့်ပြောပုံ။** ။ဥပမာပြပြီး ပြောပုံက—

**ဒိဇော ယထာ ကုဗ္ဗနကံ ပဟာယ၊ ဗဟုပ္ဖလံ ကာနနံ မာဝသေယျ။**
**ဧဝမ္ပဟံ အပ္ပဒဿေ ပဟာယ၊ မဟောဒဓိံ ဟံသော'ရိဝ အဇ္ဈပတ္တော။**

ပြာဟ္မဏ၊ ရှေးက ကျွန်ုပ်ရဲ့ဆရာ ပုဏ္ဏားကြီး။ ဒိဇော၊ ငှက်သည်။ ကုဗ္ဗနကံ၊ သေးငယ်သော တောအုပ်ကို။ ပဟာယ၊ ပယ်စွန့်၍။ ဗဟုပ္ဖလံ၊ များသော သစ်သီးရှိသော။ ကာနနံ၊ တောအုပ်ကို။ အာဝသေယျ ယထာ၊ မှီဝဲသကဲ့သို့ရှင်း။ ဟံသော၊ ဟင်္သာသည်။ အပ္ပဒဿေ၊ ရေနည်းတဲ့အိုင်ကို။ ပဟာယ၊ ပယ်စွန့်၍။ မဟောဒဓိံ၊ များသောရေရှိသော အနော်တတ်အိုင်သို့။ အဇ္ဈပတ္တောရိဝ၊ သက်ဝင် ကပ်ရောက်ဘိသကဲ့သို့ရှင်း။ ဧဝံ၊ ဤအတူ။ အဟမ္ပိ၊ အကျွန်ုပ်သည်လည်း။ အပ္ပဒဿေ၊ ပညာဉာဏ် နည်းလှကုန်သော အရှင်ဆရာဖြစ်ခဲ့သော ပုဏ္ဏားကြီးတို့ကို။ ပဟာယ၊ ပယ်စွန့်၍။ မဟောဒဓိံ၊ ပညာဉာဏ် ကြီးကျယ်လှတယ်ဆိုတဲ့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို။ အဇ္ဈပတ္တော၊ သက်ဝင်၍ ကပ်ရောက်ခဲ့ပေပြီ။

ဥပမာပြရမယ်ဆိုရင် ငှက်များဟာ အသီးနဲတဲ့ တောအုပ်ကို ပယ်စွန့်ပြီး တော့ အသီးများတဲ့ တောအုပ်ကို သက်ဝင်သလို၊ ဟင်္သာများသည် ရေနဲတဲ့ ကန်များကိုစွန့်ပြီး ရေများတဲ့ ကန်ကြီးကို သက်ဝင်ဘိသကဲ့သို့ အကျွန်ုပ်ဟာ လဲဘဲ ပညာဉာဏ်နဲပါးလှတဲ့ ဆရာပုဏ္ဏားကြီးကို ပယ်စွန့်ပြီးတော့ ပညာဉာဏ် ကြီးကျယ်လှတဲ့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို ဆည်းကပ်ခဲ့ပါပြီတဲ့။

**ရှေးကဆရာများ ယောင်ဝါးဝါး။** ။ပြီးတော့ ဆက်ပြောပြန်တယ်။

**ယေ မေ ပုဗ္ဗေ ဝိယာကံသု၊**
**ဟုရံ ဂေါတမသာသနာ၊ (ဣစ္စာသိ ဣတိ ဘဝိဿတိ)။**
**သဗ္ဗံ တံ ဣတိဟီတိဟံ၊ သဗ္ဗံ တံ တက္ကဝဍ္ဎနံ။**

ဂေါတမသာသနာ။ ရှင်တော်ဂေါတမ၏ သာသနာမှ။ ပုဗ္ဗေ၊ ရှေး၌။ ယေ၊ အကြင်ဆရာကြီးတို့သည်။ တုံ၊ သင်သည်။ ဣစ္စာသိ၊ ဤသို့ဖြစ်သတဲ့။ ယေ၊ အကြင်ဆရာကြီးတို့သည်။ ဣတိ၊ ဤသို့။ ဘဝိဿတိ၊ ဖြစ်ပါလိမ့်မည်။ ဣတိ၊ ဤသို့။ မေ၊ အကျွန်ုပ်အား။ ပုဗ္ဗေ၊ ရှေးက။ ဝိယာကံသု၊ ပြော

ကြားကြပါကုန်၏။ သဗ္ဗံ တံ၊ အလုံးစုံသော ဆရာတွေပြောသမျှသည်။ ဣတိဟီတိဟံ၊ ဤသို့ဖြစ်လိမ့်မည်, ဤသို့ဖြစ်လိမ့်မည်ဟု မြွှော်လင့်တောင့်တ အပ်၏။ သဗ္ဗံ တံ၊ အလုံးစုံသောဆရာတို့ ပြောကြားချက် စကားသည်။ တက္ကဝဍ္ဎနံ၊ ကာမဝိတက်စသော ဝိတက်ကိုသာလျှင် ပွါးများစေတတ်ပါ၏။

ဆရာကြီး ကျုပ်ပြောဦးမယ်၊ ရှေးက သံသရာဝဋ်ဆင်းရဲက လွတ်ချင်လွန်းလို့ ဆရာအမျိုးမျိုးတွေကို မှီဝဲခဲ့တယ်, ဆည်းကပ်ခဲ့တယ်၊ သူတို့ ဘာပြောသလဲဆိုတော့ အဲဒီဆရာကြီးတွေက "မင်း ဘာလိုချင်သလဲ၊ မင်းလိုချင်တဲ့ကိစ္စ ဒီလို ဖြစ်သတဲ့, အဲဒီလို ဖြစ်လိမ့်မယ်"လို့ အဲသလို သူတို့ပြောတဲ့ စကားတွေကြောင့် "ဘယ်နေ့ ဖြစ်မလဲ, ဘယ်နေ့ ငါ ဘာတွေရမလဲ"လို့ မြှော်လင့်ပြီးတော့ ကာမဝိတက်, ဗျာပါဒဝိတက်တွေ ပွါးကြောင်းဖြစ်တဲ့ အကြံတွေ ဖြစ်ခဲ့ရပါတယ်တဲ့။

အခုတရားရခဲ့ပုံ။ ။ဆက်ပြီး ချီးကျူးရင်း ပြောပြန်တယ်။

**ဧကော တမောနုဒါသိနော၊ ဇုတိမာ သော ပဘင်္ကရော။**
**ဂေါတမော ဘူရိပညာဏော၊ ဂေါတမော ဘူရိမေဓသော။**
**ယော မေ ဓမ္မမဒေသေသိ၊ သန္ဒိဋ္ဌိကမကာလိကံ။**
**တဏှက္ခယမနီတိကံ၊ ယဿ နတ္ထိ ဥပမာ ကွစိ။**

ဗာဝရီ၊ ဆရာဗာဝရီပုဏ္ဏားကြီး။ ဂေါတမော၊ ဂေါတမအနွယ် ဖြစ်တော်မူသော။ ယော၊ အကြင်မြတ်စွာဘုရားသည်။ မေ၊ အကျွန်ုပ်အား။ အနီတိကံ၊ ဘေးရန်မရှိသော။ တဏှက္ခယံ၊ တဏှာကုန်ရာဖြစ်သော။ အကာလိကံ၊ အခါမလင့် ကောင်းကျိုးကိုပေးတတ်သော။ သန္ဒိဋ္ဌိကံ၊ မျက်မှောက်ပြုအပ်သော။ ဝါ၊ မျက်မှောက်ကိုယ်တိုင် သိအပ်သော။ ယဿ၊ အကြင်တရားတော်မြတ်အား။ ကွစိ၊ တစုံတခုသော အရာဌာန၌။ ဥပမာ၊ ဥပမာသည်။ နတ္ထိ၊ မရှိ။ တံ ဓမ္မံ၊ ထိုနိဗ္ဗာန်တရားတော်ကို။ အဒေသေသိ၊ ဟောကြားတော်မူပြီ။

သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဧကော၊ ပြိုင်ဘက်မပြု တဆူတည်း ဖြစ်တော်မူပေ၏။ တမောနုဒါသိနော၊ ကိလေသာ အမိုက်မှောင်တွေကို ပယ်ဖျောက်တော်မူပါပေ၏။ ဇုတိမာ၊ တန်ခိုးရှိတော်မူပါပေ၏။ ပဘင်္ကရော၊ ပညာရောင် တည်းဟူသော ဉာဏ်ရောင် ရှိတော်မူပါပေ၏။ ဂေါတမော၊ ဂေါတမအနွယ်၌ဖြစ်၍ ဂေါတမအမည် ရှိတော်မူပါပေ၏။ ဘူရိပညာဏော၊ ပညာတည်းဟူသော ဉာဏ်တံခွန် ရှိတော်မူပါပေ၏။ ဘူရိမေဓသော၊ မြေကြီးအထုနှင့် တူသော ကြီးကျယ်သော ပညာရှိတော်မူပါပေ၏။

**ဗာဝရီပုဏ္ဏားကြီးက ပြန်မေးချက်။** ။မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူးတွေကို ချီးကျူးနေတော့ ဗာဝရီပုဏ္ဏားကြီးက ပိင်္ဂိယရဟန်းကြီးကို "သင် အဲသလောက် ချီးကျူးနေတဲ့ မြတ်စွာဘုရားထံမှ ဘာဖြစ်လို့ ခွဲလာခဲ့သလဲ"လို့ မေးလိုက်တယ်။

**ကိံ နု တမှာ ဝိပ္ပဝသသိ၊ မုဟုတ္တမပိ ပိင်္ဂိယ။**
**ဂေါတမာ ဘူရိပညာဏာ၊ ဂေါတမာ ဘူရိမေဓသာ။**
**ယော တေ ဓမ္မမဒေသေသိ၊ သန္ဒိဋ္ဌိကမကာလိကံ။**
**တဏှက္ခယမနီတိကံ၊ ယဿ နတ္ထိ ဥပမာ ကွစိ။**

ပိင်္ဂိယ၊ ပိင်္ဂိယ။ ယော၊ အကြင်သူသည်။ တေ၊ သင့်အား။ သန္ဒိဋ္ဌိကံ၊ မိမိကိုယ်တိုင် ရှုအပ်သော အကျိုးရှိထသော။ အကာလိကံ၊ ကာလမခြား သဖြင့် ရောက်အပ်သော အကျိုးရှိထသော။ တဏှက္ခယံ၊ တဏှာ၏ကုန်ရာ ဖြစ်ထသော၊ အနီတိကံ၊ ကိလေသာတည်းဟူသော ဘေးဘျမ်းကင်းထ သော။ ယဿ၊ အကြင်တရားတော်အား။ ကွစိ၊ တစုံတခုသော အရာဌာန၌။ ဥပမာ၊ ဥပမာသည်။ နတ္ထိ၊ မရှိ။ တံ ဓမ္မံ၊ ထိုနိဗ္ဗာန် တရားတော်မြတ်ကို။ အဒေသေသိ၊ ဟောကြားတော်မူ၏။

ပိင်္ဂိယ၊ ပိင်္ဂိယ။ ဂေါတမာ၊ ဂေါတမအနွယ် ဖြစ်တော်မူသော။ ဘူရိပညာဏာ၊ ကြီးကျယ်သော ဉာဏ်တံခွန် ရှိတော်မူသော။ ဘူရိမေဓသာ၊ ကြီးကျယ်သော မြေကြီးအထုနှင့်တူသော ပညာရှိတော်မူသော။ တမှာ ဂေါတမာ၊ ထိုဂေါတမဘုရားမှ။ မုဟုတ္တမပိ၊ တမဟုတ်မျှလည်း။ ကိံ နု၊ အဘယ့်ကြောင့်။ ဝိပ္ပဝသသိ၊ ကင်း၍နေဘိသနည်း။

**ဘုရားနှင့် ဝေးကွာမနေပုံ။** ။ဘာပြုလို့ သင် ခွဲလာခဲ့သလဲ ပိင်္ဂိယတဲ့၊ ခဏ-ကလေးနေပြီးတော့ သင်ဘာပြုလို့ မြတ်စွာဘုရားထံက ပြန်ခဲ့သလဲတဲ့။ ဒီတော့ ပိင်္ဂိယ ရဟန်းကြီးက ပြန်ပြောတယ်။

**နာဟံ တမှာ ဝိပ္ပဝသာမိ၊ မုဟုတ္တမပိ ဗြာဟ္မဏ။**
**ဂေါတမာ ဘူရိပညာဏာ၊ ဂေါတမာ ဘူရိမေဓသာ။**

ဗြာဟ္မဏ၊ ဆရာဖြစ်ခဲ့သော ဗာဝရီပုဏ္ဏားကြီး။ အဟံ၊ ငါသည်။ ဘူရိပညာဏာ၊ မြေကြီးအထုနှင့်တူသော ပညာရှိတော်မူထသော၊ ဘူရိမေ-ဓသာ၊ ပြန့်ပြောသော ပညာရှိတော်မူထသော။ ဂေါတမာ၊ ဂေါတမအနွယ်၌ ဖြစ်တော်မူထသော။ တမှာဂေါတမာ၊ ထိုရှင်တော်ဂေါတမမှ။ မုဟုတ္တမပိ၊ တခဏမျှလည်း။ နဝိပ္ပဝသာမိ၊ ကင်း၍မနေပါ။

**အမြဲတမ်းဘုရားရှိခိုးပုံ။** ။မြတ်စွာဘုရားက ဘယ်မှာလဲ၊ သာဝတ္ထိမှာ၊ သူက ဘယ်မှာလဲ၊ ဂေါဓာဝရီမြစ်မှာ၊ ဒီလိုအနေဝေးပေတဲ့ သူဟာ မြတ်စွာဘုရားနဲ့ ကွဲမနေပါဘူးတဲ့၊ ဘယ်လိုကြောင့်လဲဆိုတော့ သူပြော ပြတယ်။

**ပဿာမိ နံ မနသာ စက္ခုနာဝ၊ ရတ္တိန္ဒိဝံ ဗြာဟ္မဏ အပ္ပမတ္တော။**
**နမဿမာနော ဝိဝသေမိ ရတ္တိံ၊ တေနေဝ မညာမိ အဝိပ္ပဝါသံ။**

ဗြာဟ္မဏ၊ ပုဏ္ဏားကြီး။ အဟံ၊ ငါသည်။ အပ္ပမတ္တော၊ မမေ့မလျော့ မပေါ့ သောသတိ ရှိသည်ဖြစ်၍။ ရတ္တိန္ဒိဝံ၊ နေ့ညဉ့်တိုကာလပတ်လုံး၊ စက္ခုနာ၊ မျက်စိဖြင့်။ ပဿာမိဣဝ၊ မြင်နေရသလို။ နံ၊ ကျွန်ုပ်၏သခင် ထိုဘုရားရှင် ကိုယ်တော်မြတ်ကို။ မနသာ၊ စိတ်အစဉ်ဖြင့်။ ပဿာမိ၊ အမြဲမသွေ တွေ့မြင် ၍နေရပေ၏။ ရတ္တိံ၊ ညဉ့်အခါ၌။ နမဿမာနော၊ ရှိခိုးသည်ဖြစ်လျက်။ ဝိဝသေမိ၊ နေပါ၏။ တေနေဝ၊ ထိုကြောင့်သာလျှင်။ အဝိပ္ပဝါသံ၊ မြတ်စွာ ဘုရားနဲ့ ခွါခွဲပြီးမနေဟူ၍။ အဟံ၊ အကျွန်ုပ်သည်။ မညာမိ၊ မှတ်ထင်ပါ၏။

မြတ်စွာဘုရားကို တရားရတဲ့နေ့ကစပြီးတော့ မြတ်စွာဘုရားနဲ့ ကွဲမနေပါဘူး တဲ့။

**သဒ္ဓါ စ ပီတိ စ မနော သတိ စ၊ နာ’ပေန္တိ မေ ဂေါတမသာသနမှာ။**
**ယံယံဒိသံ ဝဇတိ ဘူရိပညော၊ သ တေန တေနေဝ နတော’ဟ’မသ္မိ။**

မေ၊ အကျွန်ုပ်၏။ သဒ္ဓါစ၊ သဒ္ဓါတရားသည်၎င်း၊ ပီတိစ၊ ပီတိသည်၎င်း။ မနောစ၊ စိတ်အစဉ်သည်၎င်း။ သတိ စ သတိသည်၎င်း။ ဂေါတမသာသနမှာ၊ ဂေါတမဘုရား သာသနာမှ။ နာပေန္တိ၊ မကင်းကုန်။ ယံယံဒိသံ၊ အကြင် အကြင် အရပ်သို့။ ဘူရိပညော၊ မြေကြီးကဲ့သို့ ပြန့်ပြောသော ပညာရှိသော မြတ်စွာဘုရားသည်။ ဝဇတိ၊ ကြွတော်မူ၏။ သော အဟံ၊ ထိုငါသည်။ တေန တေနေဝ၊ ထိုထိုဘုရားရှိရာအရပ်သို့သာလျှင်။ နတော၊ ညွတ်သည်။ အသ္မိ၊ ဖြစ်၏။

အကျွန်ုပ်ရဲ့ သဒ္ဓါ, ပီတိ, စိတ်, သတိ-တွေဟာ ဘယ်တော့မှ မြတ်စွာဘုရားနဲ့ မခွဲပါဘူးတဲ့၊ အကြင်အရပ်မှာ မြတ်စွာဘုရားရှိ၏, ထိုအရပ်ရှိ မြတ်စွာဘုရားထံ မှောက်သို့ သူ့ရဲ့စိတ်အစဉ်ဟာ အမြဲတမ်း ရောက်နေပါတယ်တဲ့၊ ဟုတ်လား (မှန်ပါဘုရား)။

**ဇိဏ္ဏဿ မေ ဒုဗ္ဗလထာမကဿ၊ တေနဝ ကာယော န ပလေတိ တတ္ထ။**
**သင်္ကပ္ပယန္တာယ ဝဇာမိ နိစ္စံ၊ မနော ဟိ မေ ဗြာဟ္မဏ တေန ယုတ္တော။**

ဇိဏ္ဏဿ၊ အိုမင်းသော။ ဒုဗ္ဗလထာမကဿ၊ နည်းသောအားရှိသော။ မေ၊ ငါ၏။ ကာယော၊ ကိုယ်သည်။ တေနေဝ၊ ထိုသို့ ခွန်အားကင်းသဖြင့်

သာလျှင်။ တတ္ထ၊ ထိုရှင်ဂေါတမထံသို့။ နပလေတိ၊ မရောက်နိုင်။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ဟိယသ္မာ၊ အကြင့်ကြောင့်။ သက်ပ္ပယန္တာယ၊ အကြံဟူသောသွားခြင်းဖြင့်။ နိစ္စံ၊ အမြဲ။ ဝဇာမိ၊ ရောက်၍နေ၏။ တသ္မာ၊ ထိုအကြောင်းကြောင့်။ မေ၊ ငါ၏၊ မနော၊ စိတ်သည်။ တေန၊ ထိုဘုရားရှိရာ အရပ်နှင့်။ ယုတ္တော၊ ယှဉ်၏။

ပုဏ္ဏားကြီး ကျွန်ုပ်ဟာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ထံမှ ကွဲကွာကွေကွင်းနေတယ်ဆိုပေမဲ့ ခန္ဓာကိုယ်ဟာ အင်မတန်အိုမင်းပြီးသကာလ ခွန်အားဗလတွေ ယုတ်လျော့နေသည် ဖြစ်သောကြောင့် ဒီခန္ဓာကိုယ်နဲ့ မြတ်စွာဘုရားထံမှောက်သို့ ချဉ်းကပ်ပြီးတော့ မနေနိုင်ပေမဲ့ "သက်ပ္ပယန္တာယ ဝဇာမိ နိစ္စံ" = အမြဲ စိတ်အကြံတည်းဟူသော သွားရောက်ခြင်းဖြင့် မြတ်စွာဘုရားရှိတော်မူရာ အရပ်သို့ စိတ်က အမြဲညွတ်ကိုင်းလျက်ရှိနေပါတယ်၊ နေ့စဉ် ညစဉ် အမြဲဘဲ ရှိခိုး၍ နေပါတယ်၊ ဘယ်တော့မှ မြတ်စွာဘုရားနဲ့ ကွဲကွာမနေပါဘူးတဲ့။

အဲဒီတော့ "ဣတိပိ သော" အစရှိတဲ့ ဂုဏ်တော်တွေရွတ်ဆိုပြီး နေ့တိုင်း ဘုရာရှိခိုးနေတဲ့ ပုဂ္ဂိုလ်တွေ ဘုရားနဲ့ ကွဲနေသလား (မကွဲပါဘုရား)

ဘုန်းကြီးတို့ပရိသတ် ဘုရားရှိခိုးဘို့ မပျင်းကြနဲ့နော် (မှန်ပါ)

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပေမဲ့ ကိုယ်က နေ့တိုင်း ဟောဒီက ဘုရားရှိခိုးနေရင် ဘုရားနဲ့ ကွဲမနေဘူးလို့ ဟောဒီ ပါဠိတော်က ပြထားတယ်၊ ဟုတ်လား (မှန်ပါဘုရား)

### ပိင်္ဂိယရဟန်းကြီး ရဟန္တာဖြစ်ပုံ

**ဆရာကောင်းကိုတွေ့ပြီ။** ။ပိင်္ဂိယရဟန်းကြီးက ဆရာကောင်းနဲ့ တွေ့နေတဲ့ အကြောင်း ဒီလို ဆက်ပြောပါတယ်။

**ပင်္ကေ သယာနော ပရိဖန္ဒမာနော၊ ဒီပါ ဒီပံ ဥပပ္လဝိံ။**
**အထဒ္ဒသာသိံ သမ္ဗုဒ္ဓံ၊ ဩဃတိဏ္ဏမနာသဝံ။**

ပင်္ကေ၊ ကာမဂုဏ်တည်းဟူသော ညွှန်ပျောင်း၌။ သယာနော၊ အိပ်ရလျက်။ ပရိဖန္ဒမာနော၊ ကိလေသာတို့ကြောင့် တုန်လှုပ် ချောက်ချား၍ နေသော အကျွန်ုပ်သည်။ ဒီပါ၊ မှီခိုရာဖြစ်တဲ့ ဆရာတယောက်မှ။ ဒီပံ၊ မှီခိုရာဖြစ်တဲ့ ဆရာတယောက်သို့။ ဥပပ္လဝိံ၊ မျောပါ၍ နေခဲ့ရပါ၏။ အထ၊ ထိုအခါ၌။ ဩဃတိဏ္ဏံ၊ ဩဃလေးပါးကို လွန်မြောက်တော်မူပြီးသော။ အနာသဝံ၊ အာသဝေါကင်းတော်မူသော။ သမ္ဗုဒ္ဓံ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော မြတ်စွာဘုရားကို။ အဒ္ဒသာသိံ၊ ဖူးမြင်ခဲ့ရလေပြီ။

ဒီဂါထာနဲ့ ပိင်္ဂိယရဟန်းကြီးက ကျွန်ုပ်ဟာ ကိလေသာတည်းဟူသော ညွန်ပျောင်းထဲမှာ နစ်မွန်းမျောပါနေစဉ်အခါက ကိလေသာတည်းဟူသော ညွန်ပျောင်းမှ လွတ်ချင်လွန်းလို့ တဆရာမှ တဆရာ ပြောင်းပြီး အမျိုးမျိုးသော ဆရာတွေကို မှီဝဲခဲ့ရပါတယ်၊ အဲသလိုမှီဝဲနေတဲ့အခါမှာ ကံကောင်းထောက်မလို့ ဩဃလေးပါးမှ လွန်မြောက်တော်မူတဲ့ သစ္စာလေးပါးကို သိတော်မူတဲ့ မြတ်စွာဘုရားကို ဖူးမြှော်ရပေပြီလို့ ပြောပြလိုက်တယ်။

**မြတ်စွာဘုရားကြွလာတော်မူပုံ။** ။အဲဒီဂါထာကလေးဆုံးတဲ့ ဒီနေရာမှာ အဋ္ဌကထာဆရာကြီးက စကားဆက်ကလေးတခု ပြောထားတာ ရှိတယ်။

ဣမိဿာ ဂါထာယ အဝသာနေ ပိင်္ဂိယဿ စ ဗာဝရိဿ စ ဣန္ဒြိယ-ပရိပါကံ ဝိဒိတွာ ဘဂဝါ သာဝတ္ထိယံ ဌိတောယေဝ သုဝဏ္ဏောဘာသံ မုဉ္စိ။

ဣမိဿာ ဂါထာယ အဝသာနေ၊ ယခုရွတ်လိုက်တဲ့ ဂါထာ၏အဆုံး၌။ ပိင်္ဂိယဿစ၊ ပိင်္ဂိယရဟန်းကြီး၏ရင်း။ ဗာဝရိဿစ၊ ဗာဝရိပုဏ္ဏားကြီး၏ရင်း။ ဣန္ဒြိယပရိပါကံ၊ သဒ္ဓါစသော ဣန္ဒြေတို့၏ ရင့်ကျက်ခြင်းကို။ ဝိဒိတွာ၊ မြတ်စွာဘုရားက သိတော်မူပြီး၍။ သာဝတ္ထိယံ ဌိတောယေဝ၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ နေတော်မူလျက်သာလျှင်။ သုဝဏ္ဏော-ဘာသံ၊ ရွှေသောအဆင်း တဝင်းဝင်းတောက်ပသော ရောင်ခြည်တော်ကို။ မုဉ္စိ၊ အဲဒီဂေါဓာဝရီမြစ်ယံ ပိင်္ဂိယနှင့်ဗာဝရိတို့အထံသို့ လွှတ်တော်မူလိုက်လေ၏။

ဗာဝရိပုဏ္ဏားကြီးနဲ့ ပိင်္ဂိယရဟန်းတို့ ဣန္ဒြေရင့်ကျက်နေကြပြီလို့ ဆိုတာကို မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်ကနေ သိသည်ဖြစ်သောကြောင့် ရွှေအဆင်းရှိတဲ့ ရောင်ခြည်တော်ကြီးကို တခါထဲလွှတ်ပေးလိုက်တယ်၊ ဗာဝရိပုဏ္ဏားနဲ့ ပိင်္ဂိယရဟန်းကြီးတို့ ရှေ့မှောက်သို့ တခါထဲ မြတ်စွာဘုရားရဲ့ ရွှေသောရောင်ခြည်တော်ကြီး ရောက်လာတယ်၊ ဘာရောင် ဖြစ်လိမ့်မလဲလို့ ကြည့်လိုက်ကြတဲ့အခါ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ နိမ္မိတရုပ်ပွါးတော်သည်လဲ သူတို့ရှေ့၌ မားမားမတ်မတ် ရပ်တည်နေသောအားဖြင့် တခါထဲ ကြွရောက်လာပါတယ်။

**ကျွတ်တမ်းဝင်တရားတော်။** ။အဲဒီအခါ ပိင်္ဂိယရဟန်းကြီးက ဗာဝရိပုဏ္ဏားကြီးကို "ဗုဒ္ဓေါ အာဂတော =ဟော ငါ့ဆရာ ကြွလာပြီလို့" ပြောပြီးတော့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကို နေရာမှထ၍ ဖူးမြှော်ရင်း ရှိခိုးပြီးနေတယ်။ မြတ်စွာဘုရားကလဲ အဲဒီအခါမှာ တရားတပုဒ်ကို ဟောတော်မူလိုက်တယ်။

**ယထာ အဟု ဝက္ကလိ မုတ္တသဒ္ဓေါ၊**
**ဘဒြာဝုဓော အာဠဝိဂေါတမော စ။**
**ဧဝမေဝံ တွမ္ပိ ပမုဉ္စဿု သဒ္ဓံ၊**
**ဂမိဿသိ တွံ ပိင်္ဂိယ မစ္စုဓေယျဿ ပါရံ။**

ပိင်္ဂိယ၊ ပိင်္ဂိယ။ ဝက္ကလိ၊ ဝက္ကလိရဟန်းသည်၎င်း။ ဘဒြာဝုဓော၊ ဘဒြာဝုဓသည်၎င်း။ အာဠဝိဂေါတမောစ၊ အာဠဝီပြည်သား ဂေါတမသည်၎င်း။ မုတ္တသဒ္ဓေါ၊ သဒ္ဓါတရားဖြင့် ကိလေသာတို့မှ လွတ်မြောက်သည် ဖြစ်၍ သဒ္ဓါဓိမုတ္တပုဂ္ဂိုလ်သည်။ အဟုယထာ၊ ဖြစ်သကဲ့သို့။ တွမ္ပိ၊ သင်သည်လည်း။ သဒ္ဓံ၊ သဒ္ဓါတရားကို။ ပမုဉ္စဿု၊ အနိစ္စ,ဒုက္ခ, ဝိပရိဏာမလို့ နှလုံးသွင်း၍ ကျွတ်ကျွတ်လွတ်လွတ် သက်ဝင်လေလော့။ တွံ၊ သင်သည်။ မစ္စုဓေယျဿ၊ သေခြင်း၏။ ပါရံ၊ တဘက်ကမ်းဖြစ်သော နိဗ္ဗာန်ချမ်းသာသို့။ ဂမိဿသိ၊ သွားရပေလိမ့်လတ္တံ့။

ချစ်သား ပိင်္ဂိယ၊ ဝက္ကလိရဟန်းသည်၎င်း, ဘဒြာဝုဓသည်၎င်း, အာဠဝီပြည်သား ဂေါတမသည်၎င်း သဒ္ဓါဓိမုတ္တ ရဟန္တာတွေ ဖြစ်ကြတယ်တဲ့၊ သင်လဲ သင့်မှာရှိနေတဲ့ သဒ္ဓါတရားကို အနိစ္စ ဒုက္ခ ဝိပရိဏာမလို့ လက္ခဏာတင်ပြီးတော့ ရှုလိုက်ရင် သင် သဒ္ဓါဓိမုတ္တရဟန္တာ ဖြစ်လိမ့်မယ်လို့ မြတ်စွာဘုရားက ဟောတော်မူလိုက်တယ်။

**ပိင်္ဂိယရော ဗာဝရိပါ ကျွတ်တမ်းဝင်ပုံ။** ။အဲဒီဂါထာရဲ့အဆုံးမှာ ဗာဝရိပုဏ္ဏားကြီးရဲ့ တပည့်ထဲမှာပါတဲ့ (အခုတော့ မြတ်စွာဘုရားတပည့်ပေါ့လေ) ဘယ်သူလဲ၊ ပိင်္ဂိယရဟန်းကြီးသည် အဲဒီ သဒ္ဓါတရားကို အနိစ္စ,ဒုက္ခ,ဝိပရိဏာမ-လို့ လက္ခဏာတင်ပြီး ရှုသည်ဖြစ်သောကြောင့် ဒီနေရာတင်ဘဲ ရဟန္တာဖြစ်သွားတယ်၊ နော် (မှန်ပါဘုရား)။

ဒေသနာပရိယောသာနေ ပိင်္ဂိယော အရဟတ္တေ, ဗာဝရီ အနာဂါမိ-ဖလေ ပတိဋ္ဌဟိ။

အဲဒီဂါထာလဲဆုံးရော ပိင်္ဂိယရဟန်းကြီး ရဟန္တာဖြစ်ပြီး ဗာဝရိပုဏ္ဏားကြီးက အနာဂါမ်ပုဂ္ဂိုလ် ဖြစ်သွားတယ်၊ ဗာဝရိပုဏ္ဏားကြီးရဲ့ တပည့်ငါးရာကတော့ သောတာပန်တွေ ဖြစ်ကုန်ကြတယ်။

**ပိင်္ဂိယမထေရ်လျှောက်ထားချက်။** ။ရဟန္တာဖြစ်အပြီး မြတ်စွာဘုရားအား ဤသို့ လျှောက်ထားလိုက်ပါတယ်။

**သေ ဘိယျော ပသီဒါမိ၊ သုတွာန မုနိနော ဝစော။**
**ဝိဝဋ္ဋစ္ဆဒေါ သမ္ဗုဒ္ဓေါ၊ အခိလော ပဋိဘာနဝါ။**
**အမိဒေဝေ အဘိညာယ၊ သဗ္ဗံ ဝေဒိ ဝရောဝရံ။**
**ပဉှာနန္တကရော သတ္ထာ၊ ကင်္ခိနံ ပဋိဇာနတံ။**
**အသံဟီရံ အသံကုပ္ပံ၊ ယဿ နတ္ထိ ဥပမာ ကွစိ။**
**အဒ္ဓါ ဂမိဿာမိ န မေတ္ထ ကင်္ခါ၊ ဧဝံ မံ ဓာရေဟိ အဓိမုတ္တစိတ္တံ။**

သေ သော အဟံ၊ ထိုငါသည်။ မုနိနော၊ မြတ်စွာဘုရား၏။ ဝစော၊ စကားတော်ကို။ သုတွာန၊ ကြားနာရ၍။ ဘိယျော၊ လွန်စွာ။ ပသီဒါမိ၊ ကြည်လင်ပါ၏။ ဝိဝဋ္ဋစ္ဆဒေါ၊ ကိလေသာဟူသော အမိုးကို ဖျက်ဆီးပြီး ဖြစ်တော်မူထသော။ အခိလော၊ ကိလေသာဟူသော ဆူးငြောင့် ရှိတော်မမူထသော။ ပဋိဘာန ဝါ၊ ပဋိဘာန်သုံးမျိုး ရှိတော်မူပေထသော။

ပဉှာနန္တကရော၊ မေးသမျှပြဿနာတို့ကို ဖြေဆိုတော်မူပြီး ဖြစ်တော်မူသော။ ကင်္ခိနံ၊ ယုံမှားခြင်းရှိကုန်သည် ဖြစ်လျက်။ ပဋိဇာနတံ၊ ငါတို့ယုံမှား ကင်းကုန်ပြီဟူ၍ ဝန်ခံကုန်သောသူတို့၏။ သတ္ထာ၊ ဆရာဖြစ်တော်မူသော။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ အမိဒေဝေ၊ လွန်သော ဝိသုဒ္ဓိနတ် အဖြစ်ကို ပြုတတ်ကုန်သော တရားတို့ကို။ အဘိညာယ၊ ထူးသောဉာဏ်ဖြင့် သိ၍။ ဝရောဝရံ၊ အယုတ်အမြတ်ဖြစ်သော။ သဗ္ဗံ၊ အလုံးစုံသော တရားအပေါင်း ကို။ ဝေဒိ၊ ထိုးထွင်း၍သိမြင်တော်မူပြီ။

ယဿ၊ အကြင်နိဗ္ဗာန်အား။ ကွစိ၊ တစုံတခု၌။ ဥပမာ၊ ဥပမာသည်။ နတ္ထိ၊ မရှိ၊ အသံဟီရံ၊ ရာဂစသည်တို့ဖြင့် ယုံမှားခြင်းမရှိထသော။ အသံ·ကုပ္ပံ၊ ပျက်ခြင်းမရှိထသော။ တံ၊ ထိုအနုပါဒိသေသနိဗ္ဗာနဓာတ်သို့။ အဒ္ဓါ၊ စင်စစ်သဖြင့်လျှင်။ အဟံ၊ ငါသည်။ ဂမိဿာမိ၊ သွားပါအံ့။ မေ၊ ငါ့အား။ ဧတ္ထ၊ ဤနိဗ္ဗာန်၌။ ကင်္ခါ၊ ယုံမှားခြင်းသည်။ နတ္ထိ၊ မရှိတော့ပါ။ ဘန္တေ၊ အရှင်ဘုရား။ မံ၊ တပည့်တော်ကို။ ဧဝံ၊ ဤသို့။ အဓိမုတ္တစိတ္တံ၊ သဒ္ဓါဖြင့် နိဗ္ဗာန်သို့ သက်ဝင်သော စိတ်ရှိသောသူဟူ၍။ တွံ၊ အရှင်ဘုရားသည်။ ဓာရေဟိ၊ မှတ်တော်မူပါဘုရား။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ခုနဂါထာကို ဟောကြားတော်မူသည့် အတွက် ပိဋကယရသေ့ကြီးက မြတ်စွာဘုရားကို ပိုပြီးတော့ ကြည်ညိုလာတယ်တဲ့၊ အဓိပ္ပါယ်နော်။　(မှန်ပါ)။

ပြီးတော့ ဘာပြောသလဲ၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ဂုဏ်တော် တွေသည် အံ့ချီး၍ မကုန်နိုင်အောင် များပြားတဲ့အကြောင်း, မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ပညာဉာဏ်နဲ့ ပြည့်စုံတဲ့အကြောင်း, ပဋိဘာန်ဉာဏ်နှင့်ပြည့်စုံတဲ့

အကြောင်း, ယုံမှား ရှိပါသော်လည်း ခု ယုံမှားကင်းပြီလို့ ဝန်ခံတဲ့ ပုဂ္ဂိုလ်တွေရဲ့ ဆရာတဆူ ဖြစ်တော်မူတဲ့ အကြောင်း, မိမိကိုယ်တိုင် ဝိသုဒ္ဓိနတ်ဖြစ်အောင် ကျင့်တဲ့ အကျင့်တရားတွေ, မိမိသူတပါးနှစ်ဦးသားတို့ ရဟန္တာပုဂ္ဂိုလ်တွေ ဖြစ်အောင် ကျင့်တဲ့ အကျင့်တရားတွေကို သိတော်မူတဲ့အကြောင်းနဲ့ အဲဒီနိဗ္ဗာန် ရောက်ကြောင်းတရား၌လဲ ဘုရားတပည့်တော် ယုံမှားမရှိပြီ ဖြစ်သောကြောင့် ဘုရားတပည့်တော်ကို ဒီကနေ့က စပြီးတော့ "သဒ္ဓါတရားဖြင့် နိဗ္ဗာန်ကို ရောက်သော ပုဂ္ဂိုလ်" ဟူ၍ မှတ်တော်မူပါဘုရားလို့ လျှောက်ထားတယ်၊ ဒီဂါထာတွေရဲ့ အဓိပ္ပါယ်။

**ပါရာယနဒေသနာတော်ကြီး ပြီးဆုံးပြီ။** ။အဲဒီ ပါရာယနတရားဒေသနာတော်ကို ဘုန်းကြီးတို့အမျိုးကောင်းသား, သမီးများကို ရက်ပေါင်း သုံးဆယ့်လေးရက်တိုင်တိုင် ဟောပေးရတယ်၊ အဲဒီမှာ အဇိတ,တိဿ,မေတ္တေယျ,-က စပြီးတော့ ဂါထာအသီးသီး,သုတ္တန်အသီးသီး တွေကို ဟောလို့ တဆယ့်လေးကုဋေသော သတ္တဝါတွေ အကျွတ်တရားရတဲ့ တရားပွဲကြီးဖြစ်တဲ့ ပါရာယနတရားပွဲကြီး ဒီကနေ့ ပြီးပြီနော်။ (မှန်ပါဘုရား)။

## မြတ်စွာဘုရား၏ ဩဝါဒတော်များ

**မပျင်းရိကြရန်။** ။ပြီးတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား,သမီးများ မြတ်စွာဘုရားက တရားပွဲ သိမ်းတော်မူတဲ့အခါ ဘယ်လို ဩဝါဒများ ပေးလိုက်သလဲ—

**ကောသဇ္ဇံ ဘယတော ဒိသွာ၊ ဝီရိယသွာပိ ခေမတော။**
**အာရဒ္ဓဝီရိယာ ဟောထ၊ ဧသာ ဗုဒ္ဓါနုသာသနီ။**

ဘိက္ခဝေ၊ သံသရာဝဋ်ဆင်းရဲက လွတ်လိုကြကုန်သော အို-ကုလပုတ္တ အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့။ ကောသဇ္ဇံ၊ တရားအားထုတ် ရဘို့နဲ့ တရားနာရဘို့မှ ပျင်းရိခြင်းကို။ ဘယတော၊ ဘေးတွေ့တော့မှာ ပါတကားဟူ၍။ ဒိသွာ၊ ရှုမြင်မိကြကုန်သည် ဖြစ်၍။ ဝီရိယဉ္စာပိ၊ လုံ့လကြိုး ကုတ် ဝီရိယဖြင့် အားထုတ်ခြင်းကိုလည်း။ ခေမတော၊ ဘေးကင်းကြောင်း ဟူ၍။ ဒိသွာ၊ ရှုမြင်မိကြကုန်သောကြောင့်။ အာရဒ္ဓဝီရိယာ၊ အားထုတ် အပ်သော ဝီရိယရှိကုန်သည်။ ဟောထ၊ ဖြစ်ကြပါကုန်လော့၊ (မြတ်စွာ ဘုရားက တရားအားထုတ်ကြပါတဲ့၊ ပျင်းရင် ဘေးတွေ့လိမ့်မယ်တဲ့၊ တရား အားထုတ်ရင် ချမ်းသာရ ရလိမ့်မယ်။) ဧသာ၊ ဤသည်ကား။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်တို့၏။ အနုသာသနီ၊ ကောင်းစွာဆုံးမတဲ့ ဩဝါဒတော် ပါပေတည်း။

မငြင်းခုံကြရန်။ ။တရားအားထုတ်တဲ့ အခါတွေမှာလဲဘဲ မြတ်စွာဘုရားက သူ့တရားကမှန်တယ်, ငါ့တရားကမှန်တယ်, သူ့ဟာကကောင်းတယ်, ငါ့ဟာကကောင်းတယ်လို့ မငြင်းကြပါနဲ့တဲ့၊ အဲဒီလို ငြင်းခုံတတ်လွန်းလို့ မြတ်စွာဘုရားက ဩဝါဒပေးခဲ့ပါတယ်။

**ဝိဝါဒံ ဘယတော ဒိသွာ၊ အဝိဝါဒဥ္စ ခေမတော။**
**သမဂ္ဂါ သခိလာ ဟောထ၊ ဧသာ ဗုဒ္ဓါနုသာသနီ။**

မြတ်စွာဘုရားက အဲဒီလို ဩဝါဒ တခါပေးပြန်တယ် သူတပည့်တွေကို၊ ထူးကြီးဆရာတော် ပေးတဲ့ ဩဝါဒ မဟုတ်ဘူးနော်၊ ဘယ်သူ ပေးတာလဲ၊ မြတ်စွာဘုရားက ပေးတာ၊ ဒီဩဝါဒဟာ ထူးကြီးဆရာတော်ရဲ့ ဩဝါဒလား, မြတ်စွာဘုရားရဲ့ ဩဝါဒလား။ (မြတ်စွာဘုရားရဲ့ ဩဝါဒပါဘုရား။)

နားထောင်ရင် ဘယ်သူ့ဩဝါဒကို နားထောင်ရမလဲ (မြတ်စွာဘုရားရဲ့ ဩဝါဒကို နားထောင်ရမယ်ဘုရား)။

နားမထောင်ရင် ဘယ်သူ့ဩဝါဒကို နားမထောင်တာလဲ (မြတ်စွာဘုရားရဲ့ ဩဝါဒကို နားမထောင်တာပါဘုရား)။

နားထောင်ကြမလား (နားထောင်ပါမယ်ဘုရား)။

အားထုတ်ကြမလား (အားထုတ်ပါမယ်ဘုရား)။

ခုတခါ ဒီဩဝါဒကို ပေးပြန်ပြီ၊ "ငါ့ကို ဩဝါဒပေးပြန်ပြီ"လို့ မှတ်ထားကြနော် (မှန်ပါဘုရား)။

ဘိက္ခဝေ၊ ငါ၏သားတော်,သမီးတော်များ ဖြစ်ကြကုန်သော အိုအမျိုးကောင်းသား,အမျိုးကောင်းသမီးများတို့။ ဝိဝါဒံ၊ တယောက်နဲ့တယောက်, တအိမ်နဲ့တအိမ်, တရပ်ကွက်နဲ့ တရပ်ကွက်, တသင်းနဲ့တသင်း, တဖွဲ့နဲ့တဖွဲ့, တဝိပဿနာနဲ့ တဝိပဿနာ ငြင်းခုံ၍ နေကြခြင်းကို။ ဘယတော၊ ဘေးတွေ့တော့ မှာပါ တကားဟု။ ဒိသွာ၊ မြင်ကြကုန်၍။ အဝိဝါဒဥ္စ၊ တယောက်နဲ့ တယောက်, တသင်းနဲ့ တသင်း, တဖွဲ့နဲ့ တဖွဲ့ မငြင်းခုံခြင်းကိုလည်း။ ခေမတော၊ ဘေးကင်းကြောင်းဟူ၍။ ဒိသွာ၊ ရှုမြင်ကြကုန်ပြီး၍။ သမဂ္ဂါ၊ တယောက်နဲ့တယောက်, တသင်းနဲ့တသင်း, တဖွဲ့နဲ့တဖွဲ့ ညီညီညွတ်ညွတ် ချစ်ချစ်ခင်ခင် ဖြစ်ကြကုန်သည်။ သခိလာ၊ တယောက်နဲ့တယောက် ပြေပြေပြစ်ပြစ် ရှိကြကုန်သည်။ ဟောထ၊ ဖြစ်ကြပါကုန်လော့။

မြတ်စွာဘုရားက မှာလိုက်ထာ သားတွေ, သမီးတွေကို စိတ်မချလို့၊ ဒီက လူတွေကတော့ဖြင့် ရန်ချည်းဖြစ်နေသလား မသိဘူး၊ ဘယ်သူက ငါ့ကို

ဘယ့်နှယ်ပြောတယ်, နင်ကဘယ်လိုပြောတယ်, မင်းကငါ့ကို ဘယ်လိုပြောတယ်,ငါကသင့်ကို ဘယ်လို ပြောတယ်နဲ့ ရန်ဖြစ်မနေကြနဲ့၊ မြတ်စွာဘုရားက ဘယ်လိုမှာနေသလဲ။

သမဂ္ဂါ၊ ညီညွတ်ကြကုန်သည်။ သခိလာ၊ တယောက်နဲ့ တယောက် ပြေပြေပြစ်ပြစ် ချစ်ချစ်ခင်ခင် ရှိကြကုန်သည်။ ဟောထ၊ ဖြစ်ကြပါကုန်လော့။ သော၊ ဤကဲ့သို့ဆုံးမခြင်းသည်။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားရှင်တို့၏။ အနုသာသနီ၊ ဩဝါဒပေးတဲ့ အဆုံးအမတော်ပါပေတည်း။

နားထောင်ကြမလား (နားထောင်ပါမယ်ဘုရား။)

ဟုတ်ကဲ့လား (မှန်ပါဘုရား)။

မဟုတ်ဘဲနဲ့ မလုပ်ကြပါနဲ့၊ တယောက်နဲ့ တယောက် နင်ကဘယ်လို့, ငါက ဘယ့်နှယ်နဲ့ ရန်မဖြစ်ကြနဲ့၊ နော် (မှန်ပါဘုရား)။

ဘယ်သူက ပြောသလဲ (မြတ်စွာဘုရားကပါဘုရား။)

မငြင်းကြနဲ့နော်၊ တယောက်နဲ့ တယောက် ပြေပြေပြစ်ပြစ် ချစ်ချစ်ခင်ခင် နေကြပါ၊ နော်။

**မမေ့မလျော့နေကြရန်။** ။နောက်တခါ မေ့လျော့နေမှာစိုးလို့ ဩဝါဒတခု ထပ်ပေးသေးတယ်။

**ပမာဒံ ဘယတော ဒိသွာ၊ အပ္ပမာဒဉ္စ ခေမတော။**
**ဘာဝေထ'ဋ္ဌင်္ဂိကံ မဂ္ဂံ၊ သော ဗုဒ္ဓါနုသာသနီ။**

အပဒါန်ပါဠိတော်နဲ့ စရိယပိဋကပါဠိတော် နိဂုံးမှာ လာတဲ့ ဩဝါဒတွေ၊ ဘုန်းကြီးဩဝါဒ မဟုတ်ဘူးနော်။

ပမာဒံ။ ကုသိုလ်ကောင်းမှုတွေမှာ မေ့လျော့၍နေခြင်းကို။ ဘယတော၊ ဘေးတွေ့တော့မှာပါတကားဟူ၍။ အပ္ပမာဒံ၊ ကုသိုလ်ကောင်းမှု၌မမေ့လျော့ခြင်းကိုလည်း။ ခေမတော၊ ဘေးကင်းကြောင်းပါတကားဟူ၍။ ဒိသွာ၊ ရှုမြင်ကြကုန်သည်ဖြစ်၍။ အဋ္ဌင်္ဂိကံ၊ အင်္ဂါရှစ်ပါးနဲ့ပြည့်စုံသော။ မဂ္ဂံ၊ မဂ္ဂင် ရှစ်ပါး အကျင့်တရားကို။ တုမှေ၊ သင်သားတော်, သမီးတော် ဖြစ်ကြကုန်သော အမျိုးကောင်းသား, သမီးတို့သည်။ ဘာဝေထ၊ မနားမနေ ပွါးများနိုင်ကြပါစေကုန်သတည်း, ပွါးများကြပါကုန်လော့။ သော၊ ဤကဲ့သို့ဆုံးမဩဝါဒ ပေးခြင်းသည်။ ဗုဒ္ဓါနံ၊ ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြကုန်သော ဘုရားရှင်ကိုယ်တော်မြတ်တို့၏။ အနုသာသနီ၊ ချမ်းသာဘို့အရေး အဆုံးအမ ဩဝါဒ ပေးခြင်းပါပေတည်း။

သာဓု သာဓု သာဓု

**ဩဝါဒ ၃-ခု အမိပ္ပါယ်။** ။အဲဒီ ဩဝါဒ သုံးဂါထာအနက် ပထမ ဩဝါဒက မပျင်းပါနဲ့တဲ့ မြတ်စွာဘုရားက၊ ဘာတဲ့လဲ (မပျင်း ပါနဲ့တဲ့ဘုရား။)

နောက်တခုက ဝီရိယစိုက်ပါတဲ့၊ ဘယ်နှစ်ချက်လဲ (နှစ်ချက်ပါဘုရား။)

မပျင်းကြပါနဲ့၊ ဝီရိယစိုက်ကြပါ ဟုတ်လား၊ ပျင်းရင်ဘေးတွေ့မယ်၊ ဝီရိယ စိုက်ရင် ဘေးကင်းမယ်၊ ပြီးတော့ တရားအားထုတ်ရေးတဲ့ မြတ်စွာဘုရားက အာရဒ္ဓဝီရိယကို ဟောထားတယ်၊ ဘာလုပ်ကြရမလဲ ဘုန်းကြီးတို့ပရိသတ်၊ တရားအားထုတ်ကြမလား (အားထုတ်ကြပါမယ်ဘုရား)

အားထုတ်ရမယ်၊ မနက်ဖန်ကာ တနင်္ဂနွေနေ့ဆိုရင် တရားအားထုတ်တဲ့ ကျောင်းတွေမှာ တယ်ပြီးတော့ လူမမြင်ဘူး၊ မြတ်စွာဘုရားက ဝါတွင်းမှ အားထုတ်ပါလို့ ပြောသလား (မပြောပါဘုရား)။

အားထုတ်ကြပါတဲ့နော် (မှန်ပါဘုရား)။

အကျဉ်းချုပ်က မြတ်စွာဘုရား ဘာပြောသလဲလို့ဆိုတော့ အငြင်းမပွါးကြ ပါနဲ့၊ တယောက်နဲ့ တယောက် သင့်သင့် မြတ်မြတ်နေကြပါ၊ မငြင်းခုံကြပါနဲ့ ငြင်းချင်တောင်မှ ဘုရားမျက်နှာတော်ထောက်ကြပါ၊ နောက်တချက်က ကုသိုလ် ကောင်းမှု မမေ့ကြပါနဲ့၊ ကုသိုလ်ကောင်းမှုကို မေ့ရင် သင်တို့ ဘေးတွေ့လိမ့်မယ်၊ အဲဒါကြောင့် မဂ္ဂင်ရှစ်ပါး အကျင့်တရားကို ကြိုးစားပြီးတော့ ပွါးများ အားထုတ်ကြပါ၊ ဤသို့ ငါဘုရား အဆုံးမဩဝါဒ ပေးပါတယ် တဲ့။

## တရားပွဲရုပ်သိမ်းကြောင်း နိဂုံးဂါထာရစနာ

ကိုင်း တရားပွဲသိမ်းဂါထာ ရွတ်ကြစို့ —

> ဣတိ ဓမ္မံ ဒေသေန္တေန၊ ယံတံ အဓိဂတံ မယာ။
> ပုညံ တဿာနုဘာဝေန၊ လောကနာထဿ သာသနံ၊
> ဩဂါဟေတွာ ဝိသုဒ္ဓါယ၊ သီလာဒိပဋိပတ္တိယာ။
> သဗ္ဗေပိ ဒေဟိနော ဟောန္တု၊ ဝိမုတ္တိရသဘာဂိနော။

ဣတိဣမိနာအနုက္ကမေန၊ ဤသို့ ဟောကြားအပ်ပြီးသော တရားတော် အစဉ် ဒေသနာအစဉ်ဖြင့်။ ဓမ္မံ၊ သုတ္တနိပါတ်ပါဠိတော်လာ ပါရာယနသုတ္တန်မှ အဖြာဖြာသော တရားတော်ကို။ ဒေသေန္တေန၊ တရားတော်ကို လိုလားတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့အတွက် ဟောကြား၍ပေးရ သော။ မယာ၊ ငါသည်။ ယံတံ ပုညံ၊ အကြင် ဓမ္မာနုဂ္ဂဟ ဓမ္မဒေသနာ ကြီးကျယ်များမြတ်လှတဲ့ ဓမ္မဒါန မဟာကုသိုလ်ထူးကြီးကို။ အဓိဂတံ၊

ကောင်းစွာမသေ့ လှလှပပ ကျကျနနကြီး ရခဲ့ပါပေပြီ။ တဿ ပုညဿ၊ ထိုသို့ဆည်းပူး ပါရာယနသုတ္တန်ကို ဟောပေးရတယ်ဆိုတဲ့ ဓမ္မာနုဂ္ဂဟ ဓမ္မဒေသနာ ဓမ္မဒါန ကုသိုလ်အထူး၏။ အာနုဘာဝေန၊ စွမ်းပကားရှိန်စော် အာနုဘော်ကြောင့်။ သဗ္ဗေပိ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံးလည်း ဖြစ်ကုန်သော။ ဒေဟိနော၊ ခန္ဓာငါးပါး ရှိကြကုန်သော သတ္တဝါအပေါင်းတို့သည်။ လောကနာထဿ၊ လူသုံးပါးတို့၏ ကိုးစားမှီခိုရာဖြစ်သော မြတ်စွာဘုရား၏။ သာသနံ၊ မဂ်ဖိုလ်ဆုံးတိုင် ဆောင်ရွက်နိုင်ဘိ ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓ ဖြစ်သော သဒ္ဓမ္မသုံးဖြာ သာသနာတော်ကြီးကို။ ဝိသုဒ္ဓါယ၊ အထူးသဖြင့် စင်ကြယ်လှစွာသော။ သီလာဒိပဋိပတ္တိယာ၊ သီလ, သမာဓိ, ပညာ, သိက္ခာသုံးပါ အကျင့်တရားတည်းဟူသော မဂ္ဂင်ရှစ်တန် အကျင့်မှန်ဖြင့်။ ဩဂါဟေတွာ၊ သက်ဝင်ယုံကြည်ကြကုန်သည်ဖြစ်၍။ ဝိမုတ္တိရသဘာဂိနော၊ အသီးအသီး ဝိမုတ္တိရသလို့ခေါ်တဲ့ လွတ်လပ်ရေး အရသာကို ခံစား စံစား နိုင်ကြကုန်သည်။ ဟောန္တု။ ကောင်းစွာမသေ့ ဖြစ်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု

ဆုတောင်းပတ္ထနာ ၂-ဂါထာ ပါဠ်အနက်

**စိရံ တိဋ္ဌတု လောကသ္မိံ၊ သမ္မာသမ္ဗုဒ္ဓသာသနံ။**
**တသ္မိံ သဂါရဝါ နိစ္စံ၊ ဟောန္တု သဗ္ဗေပိ ပါဏိနော။**
**သမ္မာ ဝဿတု ကာလေန၊ ဒေဝေါပိ ဇဂတီပတိ။**
**သဒ္ဓမ္မနိရတော လောကံ၊ ဓမ္မေနေဝ ပသာသတု။**

ခု ဘုန်းကြီး ရွတ်လိုက်တာကတော့ အဋ္ဌကထာဆရာ အရှင်ဓမ္မပါလ ရေးတဲ့ ဆုတောင်း ပတ္ထနာ နှစ်ဂါထာဘဲ။

သမ္မာသမ္ဗုဒ္ဓသာသနံ၊ မဂ်ဖိုလ်ဆုံးတိုင် ဆောင်ရွက်နိုင်ထ သဒ္ဓမ္မသုံးဖြာ မြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီးသည်။ လောကသ္မိံ၊ လူပြည့်နတ်ရပ် လောကဓာတ်တခွင်လုံး၌။ စိရံ၊ နှစ်ပေါင်းမြားမြောင် အခေါင်ရှည်စွာ ကြာမြင့်သော အခါကာလပတ်လုံး။ တိဋ္ဌတု၊ ဘယ်သူက ဘယ်နည်းနဲ့ဖျက်ဖျက် မပျက်မစီးဘဲ တည်ရှိပါစေသတည်း။ (ဒီကုသိုလ်ကောင်းမှုကြောင့် – မှန်ပါဘုရား) သဗ္ဗေပိ၊ ကြွင်းမဲ့ဥဿုံအလုံးစုံလည်းဖြစ်ကုန်သော။ ပါဏိနော၊ ထွက်သက်ဝင်သက် မပျက်မသေ့ ရှိကြပေကုန်သော သတ္တဝါအပေါင်းတို့သည်။ တသ္မိံ၊ ထိုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီး၌။ နိစ္စံ၊ အမြဲ။ သဂါရဝါ၊ အသက်တမျှ စိတ်ကမသေ့ သာသနာတော်ကို ရိုသေလေးစားခြင်း ရှိကြကုန်သည်။ ဟောန္တု၊ ကောင်းစွာမသေ့ ဖြစ်ကြပါစေကုန်သတည်း။

ဒေဝေါပိ၊ ရွာသွန်း၍ ပေးတတ်သောမိုးသည်လည်း။ ကာလေန၊ ရွာသင့် ရွာပြန် ရွာဘို့ရန်အချိန်တန်သောအခါကာလ၌။ [မရွာသင့်တဲ့ အချိန်လဲ မရွာ ပါစေနဲ့(မှန်ပါဘုရား)]သမ္မာ၊ ကောင်းမွန်မှန်ကန်စွာ။ ပဝဿတု၊ ကောက်ပဲသီးနှံ အထွက်သန်အောင် မှန်မှန်ကြီး ရွာသွန်းပါစေသတည်း။ ဇဂတီပတိ၊ တိုင်းပြည် အုပ်ချုပ် မင်းလုပ်၍ နေကြကုန်သော ပုဂ္ဂိုလ်အပေါင်းတို့သည်လည်း။ သဒ္ဓမ္မ-နိရတော၊ သူတော်ကောင်းတရားကို လက်ကိုင်ထားနိုင်ကြကုန်သည်ဖြစ်၍။ ဓမ္မေ-နေဝ၊ မင်းကျင့်တရားဆယ်ပါး၊ သင်္ဂဟတရား လေးပါးနှင့် ညီညွတ်စွာသာလျှင်၊ လောကံ၊ တိုင်းသားပြည်သူ ဗိုလ်လူများစွာ သတ္တဝါကို။ အနုသာသတု၊ ကျော သား ရင်သား မခွဲခြားဘဲ သူလဲ ချမ်းသာ ကိုယ် ချမ်းသာအောင် ကောင်းစွာ မသေွ စောင့်ရှောက် ဆုံးမ နိုင်ပါစေသတည်း။

သာဓု သာဓု သာဓု

သုတ္တနိပါတ်ပါဠိတော် ပါရာယနဝဂ်၌လာသော

သုတ္တန်တရားတော်များ အလုံးစုံ ပြီးပြီ။

ပါရာယနဝဂ် ပါဠိတော်ဟောစဉ်

ဝိပဿနာရှုနည်းကျမ်း

ဒုတိယတွဲ

# မှတ်သားဘွယ်အက္ခရာစဉ်


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ က ] | |
| ကပ္ပဋ္ဌဟ | ၁၈၁ |
| ကမ္မဋ္ဌာန်းထိုင်နည်း | ၃၀၄ |
| ကမ္မဋ္ဌာန်းထိုင်ပုံ | ၃၀၂ |
| ကမ္မဋ္ဌာန်းမဖြစ်သော ဝေဒနာသိပုံ | ၅၁၀ |
| ကမ္မဋ္ဌာန်းအခြေခံ | ၃၄၃ |
| ကရဇကာယ | ၃၀၆ |
| ကာကမာသကပုဏ္ဏားမျိုး | ၂၃၉ |
| ကာမကို ပိုင်းခြားသိပုံ | ၁၁၇ |
| ကာမဂုဏ်အပြစ်များ | ၁၁၇ |
| ကာမနှစ်မျိုး | ၁၁၆ |
| ကာမောဃ | ၂၇၂ |
| ကာမစ္ဆန္ဒ | ၂၁၈ |
| ကာမစ္ဆန္ဒပယ်ကြောင်း ၆-ပါး | ၅၁ |
| ကာမစ္ဆန္ဒကိုပယ်ခြင်း အကြောင်း | ၂၂၀ |
| ကာမစ္ဆန္ဒကို ပယ်ပုံ | ၂၁၂ |
| ကာမစ္ဆန္ဒနီဝရဏ | ၄၈ |
| ကာမစ္ဆန္ဒပယ်နည်း ၆-မျိုး | ၂၂၁ |
| ကာမစ္ဆန္ဒဖြစ်ခြင်းအကြောင်း | ၂၁၈ |
| ကာယိက, စေတသိက | ၃၃၅ |
| ကာယနဲ့ဝေဒနာကိုရှုနည်း | ၃၈၃ |
| ကာယိကဝေဒနာ ခေါ်ပုံ | ၅၁၂ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ က ] | |
| ကိလေသာငြိမ်းပုံ | ၁၇၁ |
| ကိစ္စ ၂-မျိုး | ၂၀၆ |
| ကိစ္စကြီး ၄-ချက် ဥပမာ | ၅၆၃ |
| ကုက္ကုစ္စ | ၂၄၂ |
| ကေဝဋ္ဋသုတ္တန် | ၅၈၆ |
| ကေသိသုတ္တန် | ၁၀၃ |
| ကေသိအဖြေ | ၁၀၃ |
| ကေသိအမေး | ၁၀၃ |
| ကယ်တင်တော်မူပုံ | ၁၀၈ |
| ကိန်းတယ်၏အစ | ၄၁၁ |
| ကိန်း-မကိန်းရှင်းချက် | ၄၀၂ |
| ကိန်းအောင်းနေသလို | ၄၁၂ |
| ကောင်းသောဝိတက် | ၂၈၃ |
| ကောင်းသောအသွင် | ၂၈၃ |
| ကိုယ်ကိုထားနည်း | ၃၀၅ |
| ကျင့်စဉ်နှင့် ဉာဏ်စဉ်ကို ဖော်ပြချက် | ၄၂၉ |
| ကြံစည်ရသည့်အရာ | ၂၈၆ |
| ကြံစည်ရမည့်အရာ | ၂၈၇ |
| ကြမ်းကြမ်းဆုံးမပုံ | ၁၀၅ |
| ကြောက်စရာ အနုသယ | ၄၀၀ |
| ကြောင့်ကြမှုဖျောက်နည်း | ၁၆၂ |
| ကြောင့်ကြမှုဖျောက်ရန် | ၁၆၅ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ က ] | |
| ကျွတ်တမ်းဝင်သူများ | ၁၇၂ |
| ကြွေးယူသူဥပမာ | ၅၁ |
| [ ခ ] | |
| ခရီးသည်ဥပမာ | ၃၅၇ |
| ခံစားချက်ထူးပုံ | ၃၃၃ |
| ခံစား,စံစားမှုမရှိရာ နိဗ္ဗာန်မည်ပုံ | ၅၉၇ |
| ခံစားတတ်သူ | ၃၁၇ |
| ခံစားမှုဝေဒနာ | ၅၀၆ |
| ခံစားမှုသိပုံ | ၅၀၇ |
| ခံစားမှုသိပုံတနည်း | ၅၀၈ |
| ခံစားသူအစစ် | ၅၁၁ |
| ခန္ဓာငါးပါး သုညဖြစ်ပုံ | ၆၆၉ |
| ခန္ဓာ ငါးပါး ဝေဒနာတုံးဖြစ်ပုံ | ၄၄၂ |
| ခိုးသားတို့ အရိုက်ခံရသော ကုဋုမ္ဗိကတိဿဝတ္ထု | ၅၃၃ |
| ခွဲခြားသိ ဟူသည် | ၅၁၂ |
| [ ဂ ] | |
| ဂဏမောဂ္ဂလာနသုတ္တန် | ၁၀၆ |
| ဂေဟ-နေက္ခမ္မသိတဝေဒနာများ | ၄၅၄ |
| ဂေဟသိတဝေဒနာ | ၄၅၅ |
| [ စ ] | |
| စကားကြီး ၆-ခွန်း | ၈၃ |
| စတုတ္ထစကားတခွန်း | ၈၇ |
| စတုတ္ထဈာန် | ၂၄၈-၂၇၂ |
| စတုတ္ထနည်း | ၂၁၇ |
| စတုတ္ထ မေးမြန်းလျှောက်ထားချက် | ၆၃၂ |
| စတုတ္ထ ဝိညာဏဋ္ဌိတိ | ၆၁၈ |



| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ စ ] | |
| စတု,ပဉ္စ,ဆ,သတ္တမ ဝိညာဏဋ္ဌိတိ | ၆၂၀ |
| စရဏတဆယ့်ငါးပါး | ၂၈ |
| စာပေ | ၁၃၂ |
| စေတောပရိယဉာဏ် | ၂၄ |
| စိတ်ကူးပေါ်လာခြင်း | ၃၇၀ |
| စိတ္တလတောင်နေ မထေရ်ဝတ္ထု | ၅၄၅ |
| စိတ်ပျံ့လွင့်က တရားမရ | ၆၉၂ |
| စွဲလမ်းပုံ ရှင်းပြချက် | ၁၇၀ |
| [ ဆ ] | |
| ဆဋ္ဌမစကားတခွန်း | ၈၉ |
| ဆရာကောင်းလိုပုံ | ၃၈၂ |
| ဆရာရသေ့ကြီး ခွင့်လွှတ်ပုံ | ၆၀၆ |
| ဆုတောင်း | ၃၄၀ |
| ဆုတောင်းခြင်း | ၃၀ |
| ဆုတောင်းပတ္ထနာ ၂-ဂါထာပါဌ်အနက် | ၇၁၈ |
| ဆူးစူးခံရသော ရဟန်းတပါးဝတ္ထု | ၅၃၀ |
| [ ဇ ] | |
| ဇတုကဏ္ဏိသုတ္တန် စတုတ္ထပိုင်း | ၁၁၄ |
| ဇတုကဏ္ဏိသုတ္တန် တတိယပိုင်း | ၇၇ |
| ဇတုကဏ္ဏိသုတ္တန်တရားတော် | ၃ |
| ဇတုကဏ္ဏိသုတ္တန် ဒုတိယပိုင်း | ၂၇ |
| ဇတုကဏ္ဏိသုတ္တန်ပဌမပိုင်း | ၁ |
| ဇတုကဏ္ဏိသုတ္တန် ပဉ္စမပိုင်း | ၁၄၂ |
| ဇာဂရိယာနုယောဂ | ၄၂ |
| [ ဈ ] | |
| ဈာန်တရား ၄-ပါး | ၇၂ |
| ဈာန်ဖြင့်ပယ်နည်း | ၂၂၃ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဉ ]** | |
| ဉာဏ်ထဲထင်လာပုံ | ၄၄၀ |
| ဉာဏ်ပေါ်လာပုံ | ၄၅၃ |
| ဉာဏ်မှီသောမနသိ | ၄၅၈ |
| ဉာဏ်၌ထင်လာပုံ | ၆၆၂ |
| **[ တ ]** | |
| တကယ်လုပ်ရင် ဖြစ်နိုင်ပုံ | ၄၅၃ |
| တဏှာ | ၂၆၅ |
| တဏှာကိုစွန့်ပယ်ရန် | ၆၉၀ |
| တဏှာကွာသွားပုံ | ၆၉၁ |
| တဏှစ္စိဒ | ၁၇၇ |
| တဏှာဖြစ်ရာ | ၂၆၉ |
| တဏှာရှိက နိဗ္ဗာန်မရ | ၆၉၀ |
| တဏှာရှိသေးပုံ | ၂၇၅ |
| တဏှာသဘော | ၂၆၈ |
| တဏှာသဘောတရား | ၂၆၅ |
| တဏှာအစစ်-၁၀၈ | ၄၄၄ |
| တတိယစကားတခွန်း | ၈၅ |
| တတိယနည်း | ၂၁၇ |
| တတိယပါဒ အဓိပ္ပါယ် | ၆၄၂ |
| တတိယ ဝိညာဏဋ္ဌိတိ | ၆၁၈၊၆၂၀ |
| တတ္ထဝင္ဆကပုဏ္ဏားမျိုး | ၂၃၉ |
| တရားတပုဒ်ဖြင့် နိဗ္ဗာန်ရောက်နိုင် | ၆၉၅ |
| တရားတော်ကို လိုက်နာကြပုံ | ၆၉၇ |
| တရားတက်နည်း | ၃၈၃ |
| တရားတက်ရန် နည်းလမ်း | ၃၆၃ |
| တရားနာပြီး နေရပ်ပြန်ကြပုံ | ၇၀၂ |
| တရားနာသူများ | ၆၉၄ |
| တရားရပုံ | ၃၁၀ |
| တရားနာသူ စိတ်ထား | ၄၄ |
| **[ တ ]** | |
| တရားပွဲသိမ်းကြောင်း နိဂုံးဂါထာရစနာ | ၇၁၇ |
| တရားဟောရာဌာန | ၆၉၅ |
| တုန်လှုပ်ပုံ | ၅၈၀ |
| တောင်းပန်ချက် | ၁၂၀ |
| တိုက်တွန်းချက်နဲ့ ရည်ရွယ်ချက် | ၄၇၉ |
| **[ ထ ]** | |
| ထိနမိဒ္ဓ | ၄၆ |
| ထိနမိဒ္ဓနီဝရဏ | ၅၅ |
| ထိနမိဒ္ဓပယ်ကြောင်း | ၂၄၀ |
| ထိနမိဒ္ဓဖြစ်ကြောင်း | ၂၃၀ |
| **[ ဒ ]** | |
| ဒဗ္ဗသုတ္တန် | ၅၈၅ |
| ဒုက္ခခွါ၍ရှုပုံ | ၅၃၀ |
| ဒုက္ခရှုကွက် | ၃၂၆ |
| ဒုက္ခဝေဒနာ | ၃၁၆ |
| ဒုက္ခဝေဒနာနှင့်ပဋိဃာနုသယ | ၃၂၄ |
| ဒုက္ခဝေဒနာပေါ်လာပုံ | ၁၄၄-၅၁၃ |
| ဒုက္ခဝေဒနာပေါ်လျှင် ပဋိဃာနုသယ ဖြစ် | ၃၃၆ |
| ဒုက္ခဝေဒနာဖြစ်ပုံ | ၄၁၈ |
| ဒုက္ခဝေဒနာဖြစ်ပြီး ကျွတ်တမ်းဝင် ပုဂ္ဂိုလ်များ | ၅၃၁ |
| ဒုက္ခဝေဒနာဖြင့် မဂ်မဝင်နိုင် | ၅၀၀ |
| ဒုက္ခဝေဒနာ ဝိပဿနာရှုနည်း | ၁၄၃ |
| ဒုက္ခဝေဒနာရှုကွက် | ၅၁၄ |
| ဒုက္ခဝေဒနာရှုနည်း | ၅၁၅ |
| ဒုက္ခဝေဒနာ၏အပြစ် | ၃၃၄ |
| ဒုတိယစကားတခွန်း | ၈၅ |
| ဒုတိယနည်း | ၂၁၆ |

အက္ခရာစဉ် စာမျက်နှာ

[ ဒ ]

ဒုတိယဝိညာဏဋ္ဌိတိ ၆၁၀-၁၈
ဒုတိယဝိပဿနာရှုနည်းတမျိုး ၅၉၇
ဒေါမနဿကုန်ရာ ၂၂၀
ဒေါမနဿချင်း ပယ်နည်း ၄၀၁
ဒေါမနဿ ၂-မျိုး ၄၆၇
ဒေါမနဿပယ်ကြောင်း ၂၃၉
ဒေါမနဿဖြစ်ကြောင်း ၂၃၃
ဒေါမနဿဖြစ်နေပုံ ၂၂၈
ဒေါမနဿဝေဒနာပေါ်လာပုံ ၁၄၆
ဒေါမနဿဝေဒနာရှုပုံ ၂၈၆
ဒေါမနဿအရ ၂၂၀
ဒေါမနဿပယ်နည်း ၂၃၅
ဒိဋ္ဌဓမ္မနိဗ္ဗာန် ၆၀၁
ဒိဗ္ဗစက္ခု ၆၈၈
ဒိဗ္ဗသောတအဘိညာဉ် ၂၉
ဒွေဓာဝိတက္က ၂၇၈

[ န ]

နီဝရဏတရား ၅-ပါး ၄၀
နူးနူးညံ့ညံ့ဆိုးမပုံ ၁၀၄
နတ်သားအဖြေ ၁၀၈
နတ်သားအမေး ၈၃
နန္ဒီကိုဖြတ်ရမည် ၂၇၆
နန္ဒီရှိသေးပုံ ၂၇၅
နန္ဒိဥပဟ ၁၇၈
နာမ်တရား အနတ္တဖြစ်ပုံ ၆၅၃
နာမ်သက္ကာယဒိဋ္ဌိများ ၆၄၁
နာမ်သက်သက်တရား ၆၀၄
နိက္ကမဝီရိယ ၂၄၀
နိဂဏ္ဌဝါဒ ဝေဒနာအားထုတ်ပုံ ၄၈၆
နိဗ္ဗာနဒီပနီကျမ်း မိန့်ချက် ၅၆၂

အက္ခရာစဉ် စာမျက်နှာ

[ န ]

နိဗ္ဗာနပုဒ် ၅၅၀
နိဗ္ဗာနသုခသုတ္တန် ၅၈၇
နိဗ္ဗာန်ကူးပုံ ၂၂၅
နိဗ္ဗာန် တခုတည်းရှိပုံ ၅၅၅
နိဗ္ဗာန်တရား ၂၂၀-၅၅၀
နိဗ္ဗာန်တရားတော် ၅၅၀
နိဗ္ဗာန်ထင်ရှားရှိနေပုံ ဖော်ပြ
ချက် ၅၆၅
နိဗ္ဗာန်ထင်ရှားရှိပုံ ၅၇၀
နိဗ္ဗာန် ၂-မျိုး ၅၅၀
နိဗ္ဗာန်၌ တုန်လှုပ်ခြင်းစသည်မရှိ ၅၇၈
နိဗ္ဗာန်၌ ခတ်ကြီး ၄-ပါးမရှိ ၅၇၅
နိဗ္ဗာန်၌ နာမ်မရှိ ၅၇၆
နိဗ္ဗာန်၌ မရှိသော အရာဝတ္ထု
များ ၅၀၂
နိဗ္ဗာန်၌ ဘဝမရှိ ၅၇၆
နိဗ္ဗာန်၌ ရုပ်တရားမရှိ ၅၇၅
နိဗ္ဗာန်၌ အလင်းရောင်မရှိ ၅၇၇
နိဗ္ဗာန်၌ အာဂတိစသော
သဘော မရှိ ၅၇၀
နိဗ္ဗာန် ပရမတ္ထအားဖြင့် ထင်ရှား
ရှိပုံ ၅၇၃
နိဗ္ဗာန်မည်ရပုံ ၅၅၀
နိဗ္ဗာန်ရောက်ကြောင်း ၂၀၈
နိဗ္ဗာန်ရောက်သူ ၅၀၁
နိဗ္ဗာန်သဘော ၂၂၅
နိဗ္ဗာန်သွားလမ်း ၁၇၄
နိဗ္ဗာန်သည် လောကမဟုတ် ၅၇၇
နိဗ္ဗာန်အပြား အစားစား ၅၅၀
နိဗ္ဗာန်၏ ပရိယာယ်စကား
လုံးများ ၅၆၇

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|


[ န ]

| | |
|---|---|
| နိဗ္ဗာန်၏ သဘာဝများကို ရှင်းပြချက် | ၅၅၉ |
| နိဗ္ဗာန်သဘောပြသုတ္တန်များ | ၅၈၅ |
| နိဿရဏခေတ် | ၆၂၆ |
| နိရောဓာနုပဿီ | ၃၇၉ |
| နိရောဓာနုပဿီပုဂ္ဂိုလ် | ၁၅၈ |
| နေက္ခမ္မအဓိပ္ပါယ် | ၁၂၂ |
| နေက္ခမ္မဥပေက္ခာပယ်နည်း | ၄၈၄ |
| နေက္ခမ္မဒေါမနဿပယ်နည်း | ၄၈၂ |
| နေက္ခမ္မသောမနဿ | ၄၅၇ |
| နေက္ခမ္မသောမနဿပယ်နည်း | ၄၈၃ |
| နွားနို့ကောက်ကောက် ဥပမာ | ၂၁၃ |
| နှစ်သက်နေပုံ | ၂၇၄ |

[ ပ ]

| | |
|---|---|
| ပစ္စဝေက္ခဏာဉာဏ် | ၅၂၄ |
| ပညာစက္ခု | ၆၉၉ |
| ပဋ္ဌမစကားတခွန်း | ၈၃ |
| ပဋ္ဌမစကားတခွန်း | ၈၈ |
| ပဋ္ဌမနည်း(ရှုနည်း) | ၂၁၈ |
| ပဋိဃာနုသယ ပယ် | ၃၂၅ |
| ပဋိဃာနုသယ မဖြစ် | ၃၅၁ |
| ပဋိနိဿဂ္ဂ ၂-မျိုး | ၁၅၈ |
| ပဋိနိဿဂ္ဂါနုပဿီ | ၃၇၉ |
| ပဋိနိဿဂ္ဂါနုပဿီပုဂ္ဂိုလ် | ၁၅၈ |
| ပဋိသန္ဓေ ဝိညာဏဋ္ဌိတိ ၇-မျိုး | ၆၁၉ |
| ပဋ္ဌမ ဝိညာဏဋ္ဌိတိ | ၆၁၆ |
| ပထမနည်း (ရှုနည်း) | ၂၁၄ |
| ပပဉ္စတရား | ၄၄၄ |
| ပပဉ္စတရားမှ လွတ်ရန် | ၄၄၆ |
| ပရက္ကမဝီရိယ | ၂၄၀ |
| ပရမတ်တရား ၂-မျိုး | ၅၅၉ |
| ပရိညာကိစ္စ | ၅၆၀ |
| ပရိညာ ၃-ပါးဖြင့် တရားသိပုံ | ၃၇၄ |
| ပရိယန္တိကဝေဒနာ | ၃၆၈ |
| ပလောကဓမ္မ | ၆၄၅ |
| ပဟာနကိစ္စ | ၅၆၁ |
| ပါရဂူ ၆-ပါး | ၂၀၈ |
| ပါရနှင့်အပါရ | ၆၉၉ |
| ပါရနှင့်အယန | ၇၀၀ |
| ပါရာယနတ္ထုတိဂါထာ တရားတော် | ၆၉၄ |
| ပါရာယနအမည် | ၆၉၆ |
| ပါရာယနအမည်ရပုံ | ၇၀၀ |
| ပါရာယနာနုဂီတိတရားတော် | ၇၀၁ |
| ပီတမလ္လထေရ်ဝတ္ထု | ၅၄၃ |
| ပုစ္ဆာသုံးချက် | ၂၆၃ |
| ပုထုဇဉ် | ၆၃၆ |
| ပုထုဇဉ်ပုဂ္ဂိုလ် | ၃၃၃ |
| ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ် | ၂၄ |
| ပုရိသဒမ္မသာရထိဂုဏ်တော် | ၁၀၂ |
| ပူတာ အေးတာ ရုပ် | ၃၁၂ |
| ပေါ်ဉာဏ် | ၁၂၆ |
| ပင်ပန်းသောဝေဒနာ | ၄၉၇ |
| ပိင်္ဂိယ တရားမရ | ၆၈၅ |
| ပိင်္ဂိယ ရဟန်းကြီး မြတ်စွာဘုရားကို ချီးကျူးပုံ | ၇၀၃ |
| ပိင်္ဂိယသုတ္တန်တရားတော် | ၆၇၂ |
| ပိင်္ဂိယရဟန်း ခွန်းတုံ့ပြန်ချက် | ၇၀၃ |
| ပိင်္ဂိယ ဦးကြီးဆိသွားခြင်း | ၇၀၃ |
| ပျက်စီးရမှာ ကေန် | ၃၅၇ |
| ပြဿနာမေး ပုဏ္ဏားများ | ၆၉၆ |

အက္ခရာစဉ် စာမျက်နှာ

[ ဖ ]

ဖဿပဉ္စမက တရား ၃၁၆
ဖား နတ်သားဖြစ် ၁၀၈
ဖားနတ်သား ဝတ္ထု ၁၀၈
ဖေဏပိဏ္ဍူပမသုတ် ၆၅၈
ဖြေတော်မမူသေးပုံ ၆၃၁
ဖြေဆိုတော်မူချက် ၈၃
ဖိုလ်ပေါက်ရှုနည်း ၂၂၄

[ ဗ ]

ဗဟုသုတ ၆၉
ဗာဝရီပုဏ္ဏားကြီးကနှုတ်ဆက်ပုံ ၇၀၃
ဗာဝရီပုဏ္ဏားကြီးက ပူဇော်ပုံ ၇၀၄
ဗုဒ္ဓ ကာမကိုစွန့်ပုံ ၁၁၇
ဗုဒ္ဓဂုဏ်တော် ၁၁၁
ဗုဒ္ဓစက္ခု ၆၉၉
ဗုဒ္ဓမှာ ဆရာမရှိ ၉၉
ဗုဒ္ဓ ဆရာရှာပုံ ၉၈
ဗုဒ္ဓအဖြေ ၉၄-၁၀၄
ဗုဒ္ဓအမေး ၁၀၃-၁၀၉
ဗျာပါဒတရား ၂၂၉
ဗျာပါဒနီဝရဏနှင့်
ရောဂါသည် ဥပမာ ၅၂
ဗျာပါဒပယ်ကြောင်း ၆-ပါး ၅၄
ဗျာပါဒ ဥပမာ (တနည်း) ၅၃

[ ဘ ]

ဘဂဝါဂုဏ်တော် ၁၁၁
ဘဒြာဝုဓသုတ္တန် ၁၇၅
ဘဒြာဝုဓသုတ္တန် အမည်ပေးရပုံ ၁၇၃
ဘယဋ္ဌဒုက္ခ ၁၂၇
ဘဝဒိဋ္ဌိ ၁၉၇
ဘဝဋ္ဌိ မဖြစ်ပုံ ၆၈၂

အက္ခရာစဉ် စာမျက်နှာ

[ ဘ ]

ဘဝေါဃ ၂၇၂
ဘာဝနာကိစ္စ ၅၆၂
ဘုရားတရားတော် ၃၀၃
ဘုရားဖူးသွား ဥပမာ ၁၀၉
ဘောဇနေ မတ္တညုတာ ၄၁-၂၂၂
ဘိက္ခုဝေ အရကောက် ၃၀၃
ဘုန်းတော် ၆-ပါး ၁၁၁-၂
ဘုတ္တာဝမိတက ပုဏ္ဏားမျိုး ၂၃၉

[ မ ]

မကြံစည်မှု ဉာဏ်ကိုရ ၂၀၆
မကြံစည်ရခြင်းအကြောင်း ၂၀၇
မတုန်လှုပ်ပုံ ၅၀၀
မနောမယိဒ္ဓိဉာဏ် ၂၁
မပယ်နိုင် နိဗ္ဗာန်မရောက် ၁၆၁
မပယ်အပ်သောအနုသယများ ၄၁၅
မမြင်နိုင်ပုံ (အဝိဇ္ဇာ) ၂၆၇
မမှီဝဲရ ဥပေက္ခာ ၆-မျိုး ၄၇၆
မမှီဝဲသင့် ဒေါမနဿ ၄၆၇
မမှီဝဲသင့် ဒေါမနဿဝေဒနာ ၄၄၉
မမှီဝဲသင့်သော သောမနဿ
ဝေဒနာ ၄၄၇
မမှီဝဲသင့်သော ဥပေက္ခာ
ဝေဒနာ ၄၅၀
မမှီဝဲသင့် ဥပေက္ခာ ၄၇၀
မောဃရာဇသုတ္တန်တရားတော် ၆၂၀
မံသစက္ခု ၆၉၁
မဂ်ကပယ်ပုံ ၂၂၀
မဂ်ဉာဏ်, ဖိုလ်ဉာဏ် ၅၂၃
မဂ်နောက် ဖိုလ်ပေါက်
နိဗ္ဗာန်ရောက်ပုံ ၅၂၃

အက္ခရာစဉ် စာမျက်နှာ

[ မ ]

မဂ်ဖိုလ်တို့အာရုံ နိဗ္ဗာန် ၅၇၃
မဂ်ရ ဖိုလ်ဝင်ပုံများကို
ဖော်ပြချက် ၅၁၆
မဂ်ဝင် ဝေဒနာတပါး ၄၀၀
မဂ်ဝင် ဝေဒနာ၂-ပါး ၄၀၆
မဂ်ဝင် ဝေဒနာအကြောင်း ၄၀၆
မျိုးစေ့ဥပမာ(အဝိဇ္ဇာ တဏှာ) ၁၆၆
မြတ်စွာဘုရား(ဆရာ) ၁၀၇
မြတ်စွာဘုရားနည်း ၃၀၆
မြတ်စွာဘုရား မုသားမဆို ၇၀၄
မြတ်စွာဘုရား၏ ဩဝါဒ
တော်များ ၇၁၄
မှီဝဲသင့် ဒေါမနဿ ၄၆၉
မှီဝဲသင့်သော ဒေါမနဿ
ဝေဒနာ ၄၅၀
မှီဝဲသင့် မသင့် ဝေဒနာများ
(တနည်း) ၄၅၄
မှီဝဲသင့် မသင့်သော ဝေဒနာ
များ အဆက် ၄၆၇
မှီဝဲသင့်သော ဝေဒနာနှင့် မမှီဝဲ
သင့်သော ဝေဒနာများ ၄၄၃
မှီဝဲသင့်သော သောမနဿ
ဝေဒနာ ၄၄၀
မှီဝဲသင့်သော ဥပေက္ခာ ၄၅၁
မှီဝဲသင့် ဥပေက္ခာ ၄၇၀
မြွားဒဏ်ရာတချက် ဥပမာ ၃၅၀

[ ယ-ရ ]

ယောဂီ မျက်စိလယ်ပုံ ၃၀၀
ရဟန္တာဖြစ်သော ပုဂ္ဂိုလ်များ ၆၂၂
ရဟန္တာ သုခ ဒုက္ခ ခံစားပုံ ၅၅၃

အက္ခရာစဉ် စာမျက်နှာ

[ ရ ]

ရာဂါနုသယကို ပယ် ၃၂၁
ရာဂါနုသယ ဖြစ်ပုံ ၃၅၉
ရာဂါနုသယ မဖြစ် ၃၅၃
ရေပွက် ဖြစ်လာပုံ ၄၄၁
ရေပွက် ဥပမာ ၄၃၀
ရုပ်ကိုစွဲလမ်းနေကြပုံ ၆၀၃
ရုပ်ကိုဝိပဿနာရှုရပုံ ၁၆၀
ရုပ်ကိုသိမ်းဆည်း ၃၄၄
ရုပ်တရား ၁၄၊၁၆၀၊၃၀၇
ရုပ်တရားကိုရှုပုံ ၆၆၀
ရုပ်တရား အနတ္တာဖြစ်ပုံ ၆၅၀
ရုပ်တရား အလိုမလိုက်ပုံ ၆၅၄
ရုပ်ဖောက်ပြန်ပုံ ၃၄၅
ရုပ်နှစ်မျိုး ၁၂၄
ရုပ်ဖောက်ပြန်ပုံ ၃၁၄
ရုပ်သက္ကာယဒိဋ္ဌိ ၆၃၆
ရုပ်သည် လူသတ္တဝါမဟုတ် ၃၁၀
ရုပ်လို့ချည်းရှု ၃၁၃
ရုပ်အနတ္တာဖြစ်ပုံ ဥပမာ ၆၄၀
ရွှေလျှော်ခြင်း ၅၀၁
ရှုကွက်ပေါ်ပုံ ၃၆၆
ရှုကွက်ဖော်ပုံ ၁၆၅၊၃၂၂
ရှုကွက်ရှုနည်း ၃၃၀
ရှုကွက်သုံးချက် ၁၆၉
ရှုဉာဏ် ၁၂၀
ရှုနည်းပြ ၃၂၂
ရှုမှတ်ရန် ၃၁၁
ရှုသင့်တဲ့ဝေဒနာမှရှု ၄၄၃
ရှေးက မဂ်ဝင်ဝေဒနာ ၄၉၃

အက္ခရာစဉ် စာမျက်နှာ

[ လ ]

လူဆင်းရဲ ၉၇
လူတို့အသိဉာဏ်ကို စော်ကားခြင်း ၄၉၀
လူ့ပြည်လာ (ဖားနတ်သား) ၁၀၉
လူ့ဘုံစသည်မှ သတ္တဝါများ ၆၂၂
လောက ၉၁
လောကကို ရှုနည်း ၆၄၄
လောကတရား ပျက်စီးတတ်ပုံ ၆၄၀
လောကတရားကို သုညအဖြစ် ရှုပုံ ၆၅၆
လောကတရားကိုယ့်အလိုမလိုက် ၆၄၉
လောကတရားများကို သုညအဖြစ် ရှုနည်း ၆၄၂
လောကသဘော ၆၄၂
လောကဝိဒူ ၉၅
လောကဝိဒူဂုဏ်တော် ၉၀
လောဟိတဿသုတ် ၉၃
လက္ခဏာ ၃-ချက် ၁၂၆
လက်တွေ့တရား ၆၄၆
လှည်းကုန်သည်ကြီး ၁၀၇

[ ဝ ]

ဝဇီရာသုတ္တန် ၆၉၇
ဝိစိကိစ္ဆာ ၄၀
ဝိစိကိစ္ဆာနီဝရဏ ၆၁
ဝိစိကိစ္ဆာ ပယ်ကြောင်း ၆-ပါး ၆၄
ဝိတက်ကို ပယ် ၂၀၀
ဝိတက် ၉-မျိုး ၃၇၀
ဝိတက်တရား ၂၇၇
ဝိတက်ဖြစ်ပုံ ၂၀၀
ဝိတက်သဘော ၂၇၇
ဝိတက်အဖြစ် ၂၀၅
ဝိပဿနာစည်းကမ်း ၁၅၄၊၁၇၅
ဝိပဿနာညစ်ညူးပုံ ၃၀၁
ဝိပဿနာဉာဏ် ၁၂
ဝိပဿနာရှုကွက် ၂၅၀၊၃၀၇၊ ၄၃၄၊၆၁၆
ဝိပဿနာရှုခြင်းအကျိုး ၅၄၀
ဝိပဿနာရှုနည်း ၁၂၃၊၂၃၀၊ ၂၃၇၊၂၄၄၊၃၆၆၊၄၃၅၊
ဝိပဿနာရှုနည်း ၅-ချက် ၂၁၄
ဝိပဿနာရှုနည်းတမျိုး ၅၄၇
ဝိပဿနာရှုပစ် ၁၅၀
ဝိပဿနာရှုပုံ ၂၃၂-၂၅၁-၃၆၀
ဝိပဿနာရှုရမည့်တရား ၁၄၃
ဝိပဿနာရှုရန်လမ်းစ ၃၆၄
ဝိပဿနာလုပ်ထုံး ၂၁၂-၆၁၇
ဝိပဿနာသမထ ၁၇၃
ဝိဘာဝိဒ္ဍ ၁၉၇
ဝိမုတ္တ ၁၀၁
ဝိမုတ္တိတရား ၃၉၀
ဝိမုတ္တိ ၂-ပါး ၂၅၉
ဝိရဇအဓိပ္ပါယ် ၂၀၅
ဝိရာဂမဂ် ၃၀၃
ဝိရာဂါနုပဿနာ ၁၅၇
ဝိရာဂါနုပဿီ ၁၅၀-၃၇၀
ဝိရာဂါနုပဿီပုဂ္ဂိုလ် ၁၅၇
ဝီရိယ ၇၀
ဝေဒနာ ၃၁၇-၅၂၀
ဝေဒနာကမ္မဋ္ဌာန်း ၃၀၇
ဝေဒနာကမ္မဋ္ဌာန်းပေါက်ပုံ ၄၃၇

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဝ ]** | |
| ဝေဒနာကို ခယ,ဝယစသည်ဖြင့် ရှုပုံ | ၄၃၅ |
| ဝေဒနာကို ပယ်ပုံပယ်နည်း | ၁၅၉ |
| ဝေဒနာကိုရှုပုံ | ၅၁၈ |
| ဝေဒနာခေါ်ရခြင်းအကြောင်း | ၄၂၅ |
| ဝေဒနာကို နိုင်အောင်ရှုပုံ | ၃၄၇ |
| ဝေဒနာကို ပွါးများပုံ | ၄၃၀ |
| ဝေဒနာကို ဝိပဿနာရှုပုံ အမျိုးမျိုး | ၅၄၇ |
| ဝေဒနာကို ဝေဒနာဖြင့် ပယ်ပုံ ပယ်နည်း | ၄၇၉ |
| ဝေဒနာကိုသိပုံ | ၅၂၈ |
| ဝေဒနာကျင့်စဉ် | ၄၂၉ |
| ဝေဒနာကြောင့် အနုသယဖြစ်ပုံ | ၃၉၁ |
| ဝေဒနာကြောင့် ဥပါဒါန် စသည် ဖြစ်ပုံ | ၃၉၃ |
| ဝေဒနာ ခံစားပုံ | ၄၂၈ |
| ဝေဒနာချုပ်ပုံ | ၃၉၄၊၅၂၁ |
| ဝေဒနာ ၆-မျိုး | ၃၄၃ |
| ဝေဒနာ တခုသာဖြစ်ပုံ | ၄၂၂ |
| ဝေဒနာ ၁၀၈-မျိုး | ၅၀၀ |
| ဝေဒနာ ၁၀၈-မျိုးနှင့် ပယ်ပုံ ပယ်နည်း | ၅၀၀ |
| ဝေဒနာ တလှည့်စီပေါ်လာပုံ | ၄၃၃ |
| ဝေဒနာတည်ရာ | ၂၉၃ |
| ဝေဒနာတို့ရဲ့ထူးခြားချက် | ၅၂၉ |
| ဝေဒနာတွေကို ခွဲခြားပြီး သိပုံများ | ၅၀၆ |
| ဝေဒနာကိုရှုပါ | ၁၃၈ |
| ဝေဒနာတရားတော် | ၃၀၂ |
| ဝေဒနာတို့ နှိပ်စက်ကြပုံ | ၄၂၅ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဝ ]** | |
| ဝေဒနာတို့ရဲ့အကျိုးပေး | ၅၂၉ |
| ဝေဒနာတွေ ၂-မျိုးစီရှိပုံ | ၄၄၅ |
| ဝေဒနာ တွေ့ရာဌာန | ၃၄၉ |
| ဝေဒနာဓာတ်ကို ရှုပုံ | ၄၄၀ |
| ဝေဒနာဓာတ်ဖော်နည်း | ၁၂၉ |
| ဝေဒနာနုပဿနာ | ၃၁၄ |
| ဝေဒနာနုပဿနာ တရားတော် | ၃၀၀၊ ၃၄၂၊၃၈၅၄၊ ၂၅၊၄၆၅၊၅၀၅ |
| ဝေဒနာနဲ့တွေ့ရာ | ၁၃၅ |
| ဝေဒနာနဲ့ တွေ့သောတရား | ၁၃၆ |
| ဝေဒနာနောက် မလိုက်ရ | ၁၃၄၊၁၄၉ |
| ဝေဒနာနောက်လိုက် အနုသယများ | ၄၁၃ |
| ဝေဒနာနောက် အနုသယရောက် | ၄၁၀ |
| ဝေဒနာနှင့် ပုဂ္ဂိုလ် | ၃၃၁ |
| ဝေဒနာနှင့် အနုသယ | ၃၉၉ |
| ဝေဒနာနှင့်အနုသယဆက်စပ်ပုံ | ၃၈၇ |
| ဝေဒနာ နှိပ်စက်ပုံ | ၄၂၈ |
| ဝေဒနာ ပေါ်ချိန် | ၃၈၈ |
| ဝေဒနာ ပေါ်ပုံ | ၃၁၅ |
| ဝေဒနာ ပေါ်လာပုံ | ၃၉၂၊၅၁၇ |
| ဝေဒနာ ပယ်နည်း | ၃၃၁၊၃၅၆ |
| ဝေဒနာပြင်းထန် စိတ်မတည် | ၃၂၉ |
| ဝေဒနာ ဖြစ်ကြောင်း | ၅၂၉ |
| ဝေဒနာဖြစ်ပုံ ၆-မျိုး | ၅၂၁ |
| ဝေဒနာ ဖြစ်ရာဌာန | ၃၉၇၊၄၂၈ |
| ဝေဒနာ ဖြစ်လာပုံ | ၄၄၂ |
| ဝေဒနာ မစွဲလမ်းရ | ၂၉၁ |
| ဝေဒနာမလွတ် ကိလေသာရှိ | ၃၄၀ |
| ဝေဒနာများ ရုပ်မှိုဖြစ်ကြပုံ | ၄၅၁ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဝ ]** | |
| ဝေဒနာများ သုခဒုက္ခဖြစ်ပုံ | ၃၉၇ |
| ဝေဒနာ ရေပွက်ဥပမာ | ၆၆၃ |
| ဝေဒနာ ရှုကွက် | ၃၄၇ |
| ဝေဒနာ ရှုနည်း | ၂၉၁၊၃၄၃၊၄၃၃ |
| ဝေဒနာလွန်က ကမ္မဋ္ဌာန်းမရ | ၃၃၀ |
| ဝေဒနာဝါရ တတိယပိုင်း | ၃၇၅ |
| ဝေဒနာဝါရ ဒုတိယပိုင်း | ၃၄၂ |
| ဝေဒနာဝါရ နိဂုံးချုပ် | ၅၀၅ |
| ဝေဒနာဝါရ ပဌမပိုင်း | ၃၀၀ |
| ဝေဒနာဝါရ ပဉ္စမပိုင်း | ၄၆၅ |
| ဝေဒနာ သိခြင်းရဲ့အကျိုး | ၅၃၀ |
| ဝေဒနာသိစရာ အချက်များ | ၅၂၇ |
| ဝေဒနာ သိပုံ ၄-ချက် | ၅၁၉ |
| ဝေဒနာသိလျှင် သစ္စာ ၄-ပါးသိ | ၅၂၂ |
| ဝေဒနာ ၃-မျိုး | ၃၄၆-၄၂၇-၄၃၃ |
| ဝေဒနာ အနိစ္စဖြစ်ပုံ | ၄၂၃ |
| ဝေဒနာအပြား | ၃၉၅ |
| ဝေဒနာအမျိုးမျိုး ခွဲပြချက် | ၃၄၂ |
| ဝေဒနာ အရကောက် | ၃၉၆ |
| ဝေဒနာ၏ အပြစ်များ | ၃၇၉ |
| ဝေဒနာ၏ အဖော်တရားများ | ၄၅၂ |
| ဝေဒနာ၏ နိဿရဏ | ၃၅၅ |
| ဝေဒနာ၏ အာဒီနဝ | ၃၅၄ |
| ဝေဒနာ၏ အဿာဒ | ၃၅၄ |
| ဝေါဿဂ္ဂ | ၃၇၉ |
| ဝမ်းမြောက်မှုပေါ်လာပုံ | ၁၃၁ |
| ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော် | ၁၂ |
| ဝိဇ္ဇာဉာဏ် | ၁၆၉ |
| ဝိဇ္ဇာ ၈-ပါး | ၁၂ |
| ဝိညာဏဋ္ဌိတိ | ၆၁၄ |
| ဝိညာဉ်၏ချုပ်ရာ | ၅၇၉ |
| ဝိညာဉ် မျက်လှည့်ဥပမာ | ၆၆၆ |
| ဝုဋ္ဌာနဂါမိနီဝိပဿနာ | ၄၉၀ |
| ဝုဋ္ဌာနဂါမိနီဝိပဿနာနှင့် ဝေဒနာ | ၄၉၃ |
| ဝုဋ္ဌာနဂါမိနီဝိပဿနာ ဖြစ်ပုံ | ၄၉၁ |
| ဝုဋ္ဌာနဂါမိနီဝိပဿနာ အမည် | ၄၇၉ |
| **[ သ ]** | |
| သတိ | ၇၁ |
| သတိတရား | ၆၁၄ |
| သတိနဲ့ပညာတရား | ၃၅၆ |
| သတိနဲ့ပညာ အဓိက | ၁၇၃ |
| သတိပဋ္ဌာန်လေးပါး | ၃၅၇ |
| သတိပေါ်လာပုံ | ၅၁၇ |
| သပိတ်ပေါက်ဥပမာ | ၄၉၂ |
| သမန္တစက္ခု | ၆၉၉ |
| သမာဓိမရ | ၂၇၄ |
| သဉပါဒိသေသနိဗ္ဗာန် | ၅၅၁ |
| သဉပါဒိသေသနိဗ္ဗာန်မှာ နှိပ်စက်မှုရှိပုံ | ၅၅၅ |
| သာရိပုတ္တာသုတ္တန် | ၂၅၄ |
| သာသနာပျက်မှုအစ | ၁၃၂ |
| သိစရာ ၆-ချက် | ၅၂၈ |
| သိကြားမင်း ကစားထွက်ပုံ | ၃၇၀ |
| သီလ=ပါတိမောက္ခသံဝရသီလ | ၃၂ |
| သိဝကပရိဗိုဇ်လျှောက်ပုံ | ၄၉၄ |
| သိဝကသုတ္တန်လာ ဝေဒနာ အားထုတ်နည်းများ | ၄၉၃ |
| သုတဝါပုဂ္ဂိုလ် | ၃၄၇ |
| သုခအစစ် | ၃၃၇ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ သ ]** | |
| သုတဝါအရိယာပုဂ္ဂိုလ် ဝေဒနာခံစားပုံ | ၃၅၅ |
| သုခဝေဒနာ | ၃၁၅ |
| သုခဝေဒနာကို သိပုံ | ၃၆၀-၂၆၂ |
| သုခဝေဒနာ ပေါ်လာပုံ | ၃၅၈ |
| သုခဝေဒနာနှင့် ရာဂါနုသယ | ၃၁၉ |
| သုခဝေဒနာပေါ်လျှင် ရာဂါနုသယ ဖြစ် | ၃၃၉ |
| သုဂတဂုဏ်တော် | ၇၈ |
| သုခဝေဒနာနှင့် သုခအနုသယ | ၅၀၁ |
| သေဝိတဗ္ဗ ဒေါမနဿ | ၄၁၉ |
| သောတာပန်ပုဂ္ဂိုလ် | ၅၂၅ |
| သောတာပန်ဖြစ်သွားပုံ | ၅၁၈ |
| သောတာပန်အမည်အမျိုးမျိုး | ၅၂၆ |
| သောမနဿချင်းပယ်နည်း | ၄၈၀ |
| သောမနဿဝေဒနာ ရှုပုံ | ၂၉၄ |
| သောမနဿဝေဒနာ ဝိပဿနာ ရှုနည်း | ၁၃၀ |
| သောမနဿ ဝမ်းမြောက်ပုံ | ၄၅၉ |
| သံယောဇဉ် | ၂၆၆ |
| သံသယရှိစရာ တောဥပမာ | ၆၃ |
| သံသရာ | ၂၆၆ |
| သံသရာ့လွတ်လပ်ရေး ခေါင်းဆောင်ကြီး | ၇၀၂ |
| သံသရာစက် ပြတ်ပုံ | ၂၇၀ |
| သံသရာရှည်ကြောင်း | ၂၇၁ |
| သက္ကာယဒိဋ္ဌိ | ၆၃၅ |
| သက္ကာယဒိဋ္ဌိက တားမြစ်နိုင်ပုံ | ၆၄၇ |
| သက္ကာယဒိဋ္ဌိ ၂၀ | ၆၃၆ |
| သက္ကာယဒိဋ္ဌိအကြောင်း | ၆၃၅ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ သ ]** | |
| သက္ကာယဒိဋ္ဌိ အမိပွါယ် | ၆၃၅ |
| သင်္ခတပရမတ်တရား | ၅၅၉ |
| သင်္ခတပရမတ် တရားသဘော | ၅၆၅ |
| သင်္ခါရ ငှက်ပျောတုံး ဥပမာ | ၆၆၅ |
| သင်္ခါရစင် နိဗ္ဗာန်ဝင် | ၁၆၇ |
| သင်္ခါရလောက | ၂၇၃ |
| သညာ တံလျှပ် ဥပမာ | ၆၆၄ |
| သစ္စိကရဏကိစ္စ | ၅၆၁ |
| သစ္စိကရဏကိစ္စ ပဓာန | ၅၆၄ |
| သတ္တာဒေဝမနုဿာန ဂုဏ်တော် | ၁၀၇ |
| သဿတဒိဋ္ဌိ | ၁၉၇ |
| သန္တိပဒအဖွင့် | ၁၁၉ |
| သန္တိပဒအရ | ၁၁၉ |
| သန္တိပဒအရ (တနည်း) | ၁၂၀ |
| သန္ဒာယဘာသိတ | ၂၅၄ |
| သဗ္ဗတောပဘံ·ကို ရှင်းလင်းပြချက် | ၅၉၁ |
| သမ္ဗဟုလဘိက္ခုဝတ္ထု | ၄၆၀ |
| သမ္မာဒိဋ္ဌိဉာဏ် | ၅၂၃ |
| သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော် | ၁၀ |
| သလ္လသုတ္တန် | ၃၃၂၊၃၄၆ |
| သင့်သောအားဖြင့် ရှုပုံ | ၆၆၁ |
| သုညတစသည့် နိဗ္ဗာန် ၃·မျိုး တနည်း | ၅၅၈ |
| သုညတနိဗ္ဗာန် | ၅၅၇ |
| သုညအဖြစ်ရှုပုံ | ၆၅၄ |
| သုညအဖြစ်ရှုပုံ (တနည်း) | ၆၅၇ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ဟ ] | |
| ဟိရီ | ၆၇ |
| ဟောစဉ်ပုံစံ | ၇၄၄ |
| ဟောပေးရမဲ့တရား | ၆၀၄ |
| [ အ ] | |
| အကျွတ်တရားရသူများ | ၇၀၁ |
| အကြောင်းကင်းသော နိဗ္ဗာန် | ၅၆၈ |
| အကြောင်းကြောင့်မဖြစ်သော နိဗ္ဗာန် | ၅၆၉ |
| အကြောင်းတို့မပြုပြင်အပ်သော နိဗ္ဗာန် | ၅၇၀ |
| အဂ္ဂပသာဒသုတ္တန် | ၁၀၀ |
| အစေခံကျွန် ဥပမာ | ၆၀ |
| အစားကြီးသူ ၅-ယောက် | ၂၃၉ |
| အစွဲပျောက်ပုံ | ၂၂၅ |
| အစွဲပျောက်သွားပုံ | ၁၇၁ |
| အစွဲပျောက်ရှုနည်း | ၁၇၁ |
| အစွဲ ၃-ပါး | ၁၇၀ |
| အဆင့်အတန်းမြင့်သောတရား | ၆၀၅ |
| အဇ္ဈတ္တဝေဒနာ | ၂၉၃ |
| အညာဏုပေက္ခာ | ၄၇၇ |
| အညာဝိမောက္ခ | ၂၄၆ |
| အတုယူစရာ | ၃၇၁ |
| အတုမရှိသော ဗုဒ္ဓ | ၁၀၁ |
| အတိတ်ကိုညွှန်နိုင်ပုံ | ၆၀၈ |
| အတ္တဝါဒုပါဒါန် | ၁၉၂ |
| အထက်မဂ်ဖိုလ်သွားလမ်း | ၅၁၈ |
| အထောက်အပံ့ပေးခြင်း | ၃၆၁ |
| အနိစ္စ | ၁၄၀ |
| အနိစ္စ,ဒုက္ခ | ၂၉၈ |
| အနိစ္စသဘော | ၁၅၅ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ အ ] | |
| အနိစ္စာနုပဿနာ | ၁၄၁ |
| အနိစ္စာနုပဿီ | ၁၄၁၊၃၇၆ |
| အနုတ္တရဂုဏ်တော် | ၉၇ |
| အနိမိတ္တနိဗ္ဗာန် | ၅၅၇ |
| အနုပါဒိသေသနိဗ္ဗာန် | ၅၅၄ |
| အနုပါဒိသေသနိဗ္ဗာန်၌ ကာလစသည် မရှိပုံ | ၅၅၆ |
| အနုပဿီ ၄-မျိုး ခွဲပြချက် | ၃၆၉ |
| အနုပဿီ ၄-မျိုးဖြင့် နေပုံ | ၃၇၅ |
| အနုသယပယ်နည်းများ | ၃၂၉ |
| အနုသယတွေပယ်မှ နိဗ္ဗာန်ရမည် | ၅၀၃ |
| အနုသယတွေပယ်ရန်နည်းလမ်း | ၅၀၂ |
| အနုသယက ပြောဟန် | ၄၁၀ |
| အနုသယ ခုနစ်မျိုး | ၄၀၂ |
| အနုသယပယ်ပုံ | ၃၆၇ |
| အနုသယပေါ်အောင် ဝေဒနာပယ်ပုံ | ၄၂၁ |
| အနုသယမပယ်နိုင်လျှင် နိဗ္ဗာန်မရနိုင် | ၅၀၂ |
| အနုသယဝင်လာပုံ | ၄၀၄ |
| အနုသယသဘော ရှင်းချက် | ၄၀၀ |
| အနုသယ အမြဲမလိုက်ပုံ | ၄၁၄ |
| အနုသယ၏ တရားကိုယ် | ၄၁၃ |
| အနုသယ၏ နေရာ | ၄၀၁ |
| အနုအကြမ်း ဆုံးမပုံ | ၁၀၅ |
| အနွယဉာဏ် | ၅၂၅ |
| အပါယ် ၄-ဘုံ သွားမဲ့ သတ္တဝါများ | ၆၂၁ |
| အပြီးတိုင် ပယ်ပုံ | ၂၂၂ |
| အဘယ ရာဇကုမာရ သုတ္တန် | ၈၃ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အဘိသင်္ခါရ ဝိညာဏဋ္ဌိတိ ၄-မျိုး | ၆၁၅ |
| အဘိဇ္ဈာ | ၄၄ |
| အမျိုးမျိုး တရားဟောပုံ | ၂၅၅ |
| အမျှဝေ | ၃၄၀ |
| အယူမှန်သို့ ရောက်သူ | ၅၂၀ |
| အရတိ | ၂၃၉ |
| အရဟတ္တဖိုလ် ဝိမောက္ခ | ၂၄၈ |
| အရဟတ္တဖိုလ် ရောက်ပုံ | ၂၅၂ |
| အရဟံ ဂုဏ်တော် | ၆ |
| အရဟံ မည်ပုံ | ၉ |
| အရူပဥပေက္ခာ ပယ်နည်း | ၄၉၅ |
| အရက်သောက်မှု အပြစ် | ၁၈၁ |
| အရှင်သာရိပုတြာ လိမ္မာပုံ | ၂၅၆ |
| အလံသာဠက ပုဏ္ဏားမျိုး | ၂၃၈ |
| အလုပ်စခန်း | ၂၁၃ |
| အဝိဇ္ဇာ | ၂၆၇ |
| အဝိဇ္ဇာနုသယ | ၃၃၇ |
| အဝိဇ္ဇာနုသယ ပယ် | ၃၂၉ |
| အဝိဇ္ဇာနုသယ မဖြစ် | ၃၅၃ |
| အဝိညာဏကခေတ် | ၅၉၄ |
| အသင်္ခတ ပရမတ်တရား | ၅၆၀ |
| အသင်္ခတ ပရမတ်သဘော | ၅၆၆ |
| အသုတဝါနှင့် သုတဝါပုဂ္ဂိုလ် အထူး | ၃၃၂ |
| အပ္ပဏိဟိတ နိဗ္ဗာန် | ၅၅၇ |
| **[ အာ ]** | |
| အာကိဉ္စညကို ဝိပဿနာရှုပုံ | ၆၂၄ |
| အာကိဉ္စညာ သမာပတ် | ၆၁၂ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အာ ]** | |
| အာရမ္မဏဝီရိယ | ၂၄၀ |
| အာသဝေါ ကင်းပုံ | ၃၇၅ |
| အာသဝေါ ကုန်ပုံ | ၁၇၁ |
| အာသီန | ၂၀၆ |
| အာဟာရဟတ္ထက ပုဏ္ဏားမျိုး | ၂၃၈ |
| အာသဝက္ခယ ဉာဏ် | ၂၅ |
| **[ ဣ ]** | |
| ဣဒ္ဓိဝိဓ အဘိညာဉ် | ၂၂ |
| ဣန္ဒြိယသံဝရ | ၃၅ |
| **[ ဥ ]** | |
| ဥစ္ဆေဒဒိဋ္ဌိ | ၁၈၂ |
| ဥဒယ ပုဏ္ဏား | ၂၀၃ |
| ဥဒယပုဏ္ဏား လျှောက်ထားချက် | ၂၆၂ |
| ဥဒယသုတ္တန် ဒုတိယပိုင်း | ၂၂၇ |
| ဥဒယသုတ္တန် တတိယပိုင်း | ၂၆၁ |
| ဥဒယသုတ္တန် ပထမပိုင်း | ၂၀၂ |
| ဥဒယသုတ္တန် အမည်တွင်ရပုံ | ၂၀၂ |
| ဥဒ္ဒစ္စ ကုက္ကုစ္စ | ၄၆ |
| ဥဒ္ဒစ္စကုက္ကုစ္စ နီဝရဏ | ၅၉ |
| ဥဒ္ဒစ္စကုက္ကုစ္စ ပယ်ကြောင်း | ၂၄၅ |
| ဥဒ္ဒစ္စကုက္ကုစ္စ ပယ်ကြောင်း ၆-ပါး | ၆၁ |
| ဥဒ္ဒစ္စကုက္ကုစ္စ ဖြစ်ကြောင်း | ၂၄၅ |
| ဥပမာများဖြင့် နိဗ္ဗာန်ကိုပြချက် | ၅၇၄ |
| ဥပါဒါန် တရားကိုယ် | ၁၈၇ |
| ဥပါဒါန် ၄-ပါး | ၁၉၇ |
| ဥပေက္ခာ | ၂၄၇ |
| ဥပေက္ခာချင်း ပယ်နည်း | ၄၉၂ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဥ ]** | |
| ဥပေက္ခာကို ပယ်ရပုံ | ၄၈၈ |
| ဥပေက္ခာ ဝေဒနာ | ၁၄၈၊၃၂၇ |
| ဥပေက္ခာ ဝေဒနာ ၂-မျိုး | ၄၂၀၊၄၇၆ |
| ဥပေက္ခာဝေဒနာ ပေါ်ပုံ | ၁၄၈ |
| ဥပေက္ခာပေါ်လျှင် အဝိဇ္ဇာနုသယ ဖြစ် | ၃၃၉ |
| ဥပေက္ခာဝေဒနာ ရှုပုံ | ၂၉၇ |
| **[ ဥ ]** | |
| ဥဘတောဘာဂ ပုစ္ဆာ | ၈၂ |
| ဥယျောဇဥ်နှင့် ပတ္ထနာ | ၄၆၄ |
| ဥရုဝေဠသုတ္တန် | ၉၇ |
| **[ ဩ ]** | |
| ဩကဥ္စဟာ | ၁၇၇ |
| ဩဃတိဏ္ဏာ | ၁၀၀ |
| ဩဃကြော နစ်မျော | ၂၇၅ |
| ဩတ္တာပ္ပ | ၆၈ |


**အက္ခရာစဉ် ပြီး၏။**

ပ·မ·ဗ·သ-စ—၁၄၈၀—၂၃-၃ ၇၂—၂၀၀၀·အုပ်    (၂)